www.burmeseclassic.com

အတွဲ (၁၈) အမှတ် (၈)
ကဝေဂဒုနှစ် ဩဂုတ်လ

ပုလဲလွှာ

မဂ္ဂင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

Authorized Distributer
B&H Co.,Ltd.

Model: WB 5000KG

1KG=2.205LB 1INCH=25.40MM

Model		WA	
Capacity	Q(kg)	5000	5000
Lowered fork height	h_{13}(mm)	88	75
Steering wheel	mm	ϕ 200	ϕ 180
Fork wheel single	mm	~	~
Fork wheel tandem	mm	ϕ 85x80	ϕ 75x80
Max. lift height	h_3(mm)	205	195
Total height	h_{14}(mm)	1253	1243
Overall length	l_1(mm)	1544/1614	1544/1614
Fork length	l(mm)	1150/1220	1150/1220
Width overall forks	b_5(mm)	550/685	550/685
Ground clearance, centre of wheelbase	m_2(mm)	24	14
Aisle width for pallets 1000x1200 crossways	A_{st}(mm)	1744/1814	1744/1814
Aisle width for pallets 800x1200 crossways	A_{st}(mm)	1794/1814	1794/1814
Turning radius	W_a(mm)	1300/1370	1300/1370
Service weight	kg	103-110	103-110

Heavy Duty

Showroom

H-၃၆၊ သီရိရတနာစျေး၊ သုဓမ္မာလမ်းမကြီး
အဝေးပြေးကားဂိတ်အရှေ့ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၁၇၃၈၈၁၁၊ ၀၉-၉၇၂၁၇၂၇၅၁၊ ၀၉၂၅၉၅၇၆ ၂၈၈

BURMESE CLASSIC .com

5000KG

715,000 K



Heavy duty type pallet truck

- High reliability and long service life of 5 years.
- Double lifting speed when loads under 600kg, which turns back to regular speed when above it.
- Impact free lifting ensures safety of cargo loading.
- The lifting system is equipped with overloading protection valve to ensure the safe operation.
- The utilized structural design guarantees the convenience of assembling and disassembling.
- Light-weight fork frame, made from high rigidity steel plate.
- Compact appearance, complete rocker arm, ensure the whole truck evenly pressed.
- There is a finger hole in the connection of handle and pump, easy to assemble.

www.burmeseclassic.com

www.burmeseclassic.com

နံမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

၂၀၀၁ ခုနှစ် ငန်နဝါရီလ ပုစ္ဆာထုတ်ဝေသည်။

ဘုရင်

မဂ္ဂင်း

အတွဲ (၁၈) အမှတ် (၈) ၂၀၀၁ ခုနှစ် ဩဂုတ်လ

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



ဘာသာရေးဆောင်းပါးများ

၆ အနန္တကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားစီရင်အပ်သော
ဓမ္မအမွေ
(ဓမ္မဒါယာဒကထာ)
မဟာဗောဓိမြိုင်
ဆရာတော်ဘုရားကြီး

၁၄ အင်းတော်မြို့နယ်
မိုးယူဆည်ကြီးတောင်တောရ
ဆရာတော်ဘုရားကြီးအမှတ်တရ
တင်အောင်(စက်မှုတက္ကသိုလ်)

၁၇ ထားဝယ်သမိုင်းတင်
သာဂရခေတ်ဦးမှ
ကြက်ဦးတွန်စေတီနှင့်မယ်ဇောစေတီ
မောင်စိမ်းထွေး(ထားဝယ်)

၂၂ သိကြားမင်း၏ဘုရားရှိခိုးဂါထာ
စံ-ကေတု

၂၉ ပြင်ဦးလွင် ကျင်ဂနိုင်ရွာဦးက
အမတသုခ သမ္မုဒ္ဓေ
ကမ္ဘာငြိမ်းချမ်းရေး
ကပ်ကျော်စေတီတော်ကြီး
ကိုအေးမြင့်(မဟာဗီဇွား ရှား-သု)

၄၁ သာသနာ့ဂုဏ်ရောင်
ထွန်းတောက်ပြောင်သည့်
ကြီးလေးကြီးတည်ရာဌာန
မင်းကွန်းဒေသသို့ပူတော်မှုခရီး
အာကာသ(သာစည်)

၅၁ မကျန်းမာသူများနာကြားသင့်သော
ဗောဇ္ဈင်္ဂသုတ်တော်
နတ်မောက်မင်းသန့်နိုင်

၅၃ ငြိမ်းချမ်းရေးနိမိတ္တရုပ်ပွားတော်မြတ်
ကမာကူရ သက္ကဝတီအောင်မြေမှာ
အောင်အတိတ်ဆောင်ပြီ
အောင်သာကျော်

၆၀ ပဉ္စမမြောက်စွယ်တော်လမ်းက
မဟာဗောဓိစေတီတော်
ရဲမင်းထွန်း(မြင်းကပါ)

၆၅ ဝန်းသိမ်မြို့ ဆံတော်ရှင် စူဠာမုနိ
ကျောက်လှုပ်လက်စေတီတော်
မောင်ညီစု(ဝန်းသို)

၇၅ ရွှေနတ်တောင်စေတီ
စိုးရာဇာကျော်

၇၉ တောင်းတိုင်းရ တတိုင်းပြီးစေနိုင်သော
ဂျစ္ဆာပူရဏာမဂီလာ
ပုတီးစိပ်ဂါထာတော်
ငြိမ်းဆုသွင်

၈၅ ရှင်ပင်သာဒွန်းဦးဘုရား
ဦးစန္ဒိမာ(စလင်း)

၉၀ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
အားပူဇော်ခြင်း
မြဝင်း(ဒဿန)

၉၅ သမိုင်းကပြောသည့်
အဖေကိုချစ်သောသားများ
ကျော်လင်း(မြစ်ခြေ)

၉၈ မိုးကုတ်အနောက်ဝိုင်း ကျပ်ပြင်မြို့ရှိ
ဒေါ်နုန်းကြည့်တောင်တော်
ရတနာရုန်အောင် မြည်လုံးချမ်းသာ
ဆုတောင်းပြည့်စေတီတော်
နေသုဓွလိုင်(မိုးကုတ်)

၁၁၇ မော်လိုက်မြို့တစ်ခွင်ရောက်ခဲ့စဉ်က
စေမိသွင်(ရန်ကုန်)

၁၂၉ မပြီးသေးသောပန်းချီကားတစ်ချပ်
သို့မဟုတ်
ရွှေကံကူမိသားစုမှ ဒုတိယမြောက်
တည်ထားကိုးကွယ်မည့်
အောင်ကြစေရန်
မြသိန်းတန်စေတီတော်
ဘိုဘို(ရွှေကံကူ)

သုတရသဆောင်းပါး

၂၇ ပြုသည့်ကောင်းမှု
တောင်းဆုအထွေထွေ (၁၆)
ဦးဉာဏ်တော်
(သာမဏေကျော်၊ ဓမ္မာစရိယ၊ M.A)

၄၉ ဗုဒ္ဓ၏မဟာပုရိသလက္ခဏာသုံးပါးနှင့်
အကြောင်းကံအကျိုးဆက်များ
ကိုရွှေမြသန်း(သမိုင်း)

၆၃ ပဉ္စာနန္တရိယကံကြီးထိုက်ကြသူများ
တင်ထွန်း(စက်မှု-၂ ငြိမ်း)

၇၂ ခန္ဓာကို ယထာဘူတဉာဏ်နှင့်
ကြည့်မိခြင်း
မောင်မောင်အောင်မင်း(ဓဿနိုက)

၈၀ ကွဲကြေပျက်စီးသွားသောမြေအိုးများ
မင်းဘူး-ဗိုလ်ဥတ္တမ

၈၈ ချမ်းသာချင်ရင်အနေပြင်
ဓေါက်တာအရှင်လာဘသာမိ
(မြတ်မွေ)

၉၃ သံယောဇဉ်ကြိုး(၁၀)ချောင်း
ချောင်းဆုံဆုန်းသွင်

၁၀၄ ရောင်းပန်းသာစေ ဝယ်ပန်းလှစေ
နတ်မောက်မှတ်ကျောက်

၁၁၄ ဘုရားရှင်၏
ဂုဏ်တော်အာနုဘော်များကြောင့်
မောင်လင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com

၁၂၃ မြည်မြို့ ရွှေဆံတော်ဘုရားရင်ပြင်ပေါ်မှ
ဘီလပ်ပြန်ခေါင်းလောင်း
မျိုးဝင်း(မြည်)

၁၂၇ ဝါတွင်းကာလ
အထူးဆောင်ရွက်ကြလျှင်
ဘုန်းခေါင်

၁၄၃ လျှောက်သာလျှောက်နေပါ
ရောက်ပါလိမ့်မယ်
ရေနံသာအောင်ချမ်းတော်

၁၅၉ မီနယ်ဗ်၏ဒိုင်ယာရီထဲက
ပါတော်မူပြီးစ
မြန်မာနိုင်ငံအခြေအနေ(၁၄)
ကျော်ဝင်း
(ရန်ကုန်တက္ကသိုလ်)

၁၈၃ သစ်ခွပန်းသူခိုးကို ရက္ခစိုးဆုံးမ
ဓာတ်ပုံမောင်မောင်အေး

၁၉၂ ရသစုံလင် အတိတ်လွင်ပြင်
ငွေထသာ(တွံတေး)

၁၉၆ အသက်ရှည်ရာ (၅)
ချောင်းဆုံအုန်းသွင်

၂၁၀ ရုပ်ပွားတော်စေတီပုထိုးများ
အပါအဝင် ဓာတ်တော်မွေတော်များ
တစ်နေရာမှတစ်နေရာ၊ တစ်ဆူမှ
တစ်ဆူသို့ပြောင်းရွှေ့ခြင်းများကြောင့်
ဖြစ်ပေါ်တတ်သည့်ဓာတ်ခိုက်မှုများ(၂)
ဆရာဦးဆက်ထွန်းလင်း
(အာယုမွေဒ)

၂၁၄ အတိတ်ဘဝ၊ ပစ္စုပ္ပန်ဖြစ်စဉ်နှင့်
အနာဂတ်ဘုံ
ကိုချို(မြကိုင်း)

၂၂၃ အဏ္ဏဝါရေအောက်
ကွယ်ပျောက်သွားသော
ဂမ္ဘီရနိုင်ငံတော်
လှမိုး(ပညာရေး)

၂၃၉ အောင်ဘာလေထီ
ပေါက်စေမည့်အကြောင်း
နည်းလမ်းကောင်း
ဆုံကြွယ်

၂၄၂ ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး၏
တပည့် မဟာပဏ်ဍိတာ၏
မြေပြင်ဂိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၄၁)
ပဏ်ဍိတဆရာဦးအေးရှေ

၂၅၂ အမွပါလီ၏ဝဋ်ဒုက္ခ
ယောဂီတိုးအောင်

၂၅၅ ဂန္ဓာရီလမ်းပေါ်က
အံ့ဖွယ်ထူးဆန်းများ(၂)
ဘုန်းခေါင်

၂၆၆ မိုးကြိုးပစ်၍
စက်ကွင်းမိကြလေသောအခါ
မကွေးဝင်းမြင့်

၂၆၈ ပုဂံခေတ် ကျန်စစ်သားမင်းလက်ထက်
ထင်ရှားသောလူဝင်စားပုဂ္ဂိုလ်များ
လှမြင့်(ရန်ကုန်တက္ကသိုလ်)

၂၇၆ ဗေဒင်နှင့်ယတြာ
မောင်သန်းဆွေ(ထားဝယ်)

၂၇၉ ကျွန်တော်သိသော ဗေဒင်ပညာ
ချစ်ဖို(မော်ကွန်း)

၃၀၁ ပုဂံခေတ်ရေးထိုး
မြင်းမူမြို့ကကျောက်စာများ
ရေနံမြေ-သွမ်းစု

၃၀၆ မြတ်စွာဘုရားရုပ်ပွားတော်နှင့်
ဗိဿနိုးနတ်ရုပ်တို့တန်ခိုးပြိုင်ပွဲကြီး
အောင်စင်ကြာ-အရှင်သုမေဓာရ

၃၁၁ စစ်ကြီးခေတ် မြန်မာရုပ်ရှင်ဇာတ်ကား
တစ်ကား သို့မဟုတ်
အေဝမ်းဒါရိုက်တာဦးလွန်းဖေ၏
မင်းမဟာဂီရိဇာတ်တော်ကြီး
ကိုတိုး(ရန်ကင်း)

၃၄၁ ပဉ္စဂဒါယကာနှင့်
ဦးဦးဖျားဖျားထူးခြားတဲ့အလှူ။
နေအောင်လင်း(စလေ)

၃၆၈ ပသပူဇော်အနောက်ကတော်
ရွှေနွယ်ရိုး

၃၇၈ မြန်မာစာပေကျေးဇူးရှင်ကြီးများ
မောင်ပွင့်ဉာဏ်(မောရ)

၃၉၃ စုန်းကိုးဆယ့်ကိုး ဘယ်လိုမျိုးရှိပါစေ
ဟသ်တမင်းခန့်ဟိန်း

၃၉၆ အရှင်ဇနကာဘိဝံသဆရာတော်ဘုရား
ကြီး၏ဗြဟ္မစိရ်တရားလေးပါး
မေတ္တာပို့နည်း
ရဲရဲထွန်း(ဟသ်တ)

၄၁၉ ကောင်းကျိုးဝေဖြာ အစွမ်းထက်သော
သမ္မတ္တိစက်ဂါထာတော်ကြီးအစွမ်း
အံ့မခန်း
ဆရာဦးသီဟ(တိုင်းရင်းဆေး)

၄၀၁ မိဘကိုရှင်ပြုပေးပါ
ပခန်းအောင်ကိုသန်း
(M.C.R.A) စလေရုံးခွဲ



www.burmeseclassic.com

www.burmeseclassic.com



သူရဇ္ဇတိုင်းရင်းဆေး

၂၆ အာသီးရောင်ပျောက်ကင်းစေမည့် ရေသရဖ်သီးအစွမ်း
နေဝင်းဝင်း(ထွန်ဆေး)

၃၄ ကျွန်တော်နှင့်ဝက်ခြေးပန်း
ဆထိုင်းဇွန်သိန်း(ရမည်းသင်း)

၈၄ ဟင်းနုနုယ်အရိုင်းပင်ရဲ့အစွမ်း
နေပြည်တော်ကျော်ကျော်စိုး

၉၂ သရက်သီးမှည့်ဟာ ဝမ်းလျှောတတ်တယ်၊ ကုသဖို့ဆေးက လွယ်လွယ်လေး
ဓန်းမော်ညီညာ

၁၂၆ ကင်းပုံပင် ဆေးဖက်ဝင်ပုံ
သိန္ဓိဌေး(ထယ်တွင်း)

၁၂၈ ကိုယ်တွေ့အကြောပြေအနှိုးထုတ်နည်း
ဈာယီ

၁၄၈ တင်းတိပ်ဆို ဘယ်လိုကုမလဲ
ဈာယီ

၁၆၂ မြွေပွေးအကိုက်ခံရသော်လည်း ကတိသစ္စာတည်သောအခါ ကျွန်တော်မသေပါ
စိုးမင်း(မြောက်ဧည်း-ရွာသစ်)

၁၉၅ မြွေဆိပ်ကို ခေတ္တဟန့်တားထားနိုင်သော မှရိုးပင်
ရဲမျိုးသူ(ဟောမိမြို့)

၂၅၇ ဆီးရောဂါအတွက် သဘော်ရွက်
တင်နိုင်ဝင်း(ထမင်းစော်မြို့)

၂၉၁ သခွတ်ရယ်တဲ့ပွင့်ချိန်တန်
ဝေစည်(ရွှေဘို)

၂၉၆ စပါးကြီး၏သည်းခြေဓာတ်
ရဲမျိုးသူ(ဟောမိမြို့)

၃၄၀ ဆီပူ၊ ရေနွေးပူ၊ ထမင်းရည်ပူလောင်ခဲ့လျှင်
စိုးမင်း (မြောက်စည်း-ရွာသစ်)

၃၄၂ တည်ငြိမ်နှင့် တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာ
ဓေါ်နေနေနိုင်ရည် (တိုင်းရင်းဆေးပညာ)

၃၄၅ ကျွန်တော်နဲ့ခံတက်ရွက်
ဆထိုင်းဇွန်သိန်း(ရမည်းသင်း)

၃၆၃ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(မန်းတက္ကသိုလ်)

၃၆၄ ဒူလာမြင်းသရိုက် အတွင်းအပြင်လိပ်ခေါင်းရောဂါ သတိပြုဆင်ခြင်ဖွယ်ရာများ အပိုင်း(၁)
ဦးမင်းဇင်(ရွှေနဝင်း)

၃၈၆ ကျွန်ုပ်နှင့် အိမ်တွင်းမင်းမဟာဂီရိနတ်မင်း
သန့်ဇင်

၃၉၀ မိုးသုံးမိုးနှင့်ဦးဝင်းမောင်
အဏ္ဍဝါလှိုင်း

၃၇၄ ပြကျောက်(၂၀)
နေပြည်တော်ကျော်ကျော်စိုး

၂၁၀ သင်္ဘောအင်းမှနတ်မြွေကြီး
ကိုကိုလတ်(ဆည်မြောင်း)

၂၄၆ အချစ်ကြီး၍ အမျက်ကြီးသူ
မင်းဟိန်းထိပ်

၂၅၀ ဓားပြ လူမိုက် ဗိုက်ပြဲရဲမောင် လူကြမ်းကြီးကျတဲ့မျက်ရည်
ကိုကော်ဝင်း(လှတော)

၂၇၀ ယပ်တောင်လေးတစ်ချောင်း
နေပြည်တော်ကျော်ကျော်စိုး

၂၈၂ အမနုဿသွေးစုပ်ဖုတ်ကောင်နှင့် ကိုယ်ယောင်ဖျောက်လူသတ်သမား
သီရိရောင်ညီရောင်

၂၉၄ သို့ပေမယ့် သေနိုင်ရီးလား
အောင်မြိမ့်မိုး

၃၁၈ ခေတ်မီဆေးသိပ္ပံနည်းပညာရပ်နှင့် ဂမ္ဘီရလောကကုထုံး ပူးပေါင်းစစ်ဆင်ရေး
ခင်ချို(ပညာရေး)

၃၂၆ ပြေးတမ်းလိုက်တမ်း
ဈာန်လင်းထက်
(စာပေဗိမာန်ဝတ္ထုရှည်စာမူဆု၇)

၃၄၄ သူများမကောင်းကြံကိုယ်သာခံ
သော်တာအောင်
(ကျောက်တောင်)

၃၄၆ လိုတာကိုရမည် သို့သော် တန်ဖိုးကိုပေးပါ
အောင်မြင့်ထွန်း(မသုံးလုံး)

၃၅၄ မြေကြမ်းအန္တရာယ်ဆိုးနှင့်တိုးတဲ့ ဇနီးမောင်နှံ
အောင်ဆန်းလင်း(ဘီ-အေ)

၃၅၈ အရိပ်ပမာ
အိုအေစစ်(မအူပင်)

၃၇၀ သူကြီးဦးဘိုးသင်း
ထောင်မှူးကြီးသိန်းဝင်း

၃၇၄ တမလွန်မှ ဗစ်တိုးရီးယားဘုရင်မကြီးနှင့် တွေ့ဆုံခြင်း
သုသုသ

၃၈၈ ဘဝဟောင်းပြန်ခဲ့ရလေသူ၏ အဖြစ်မှန်ဇာတ်လမ်းတစ်ပုဒ်
နေဝင်းဝင်း(လွန်ဆေး)

သူရဇ္ဇဝတ္ထုတို

၁၀၆ ကျွန်ုပ်နှင့် အိမ်တွင်းမင်းမဟာဂီရိနတ်မင်း
သန့်ဇင်

၁၅၀ မိုးသုံးမိုးနှင့်ဦးဝင်းမောင်
အဏ္ဍဝါလှိုင်း

၁၇၄ ပြကျောက်(၂၀)
နေပြည်တော်ကျော်ကျော်စိုး

၂၁၀ သင်္ဘောအင်းမှနတ်မြွေကြီး
ကိုကိုလတ်(ဆည်မြောင်း)

၂၄၆ အချစ်ကြီး၍ အမျက်ကြီးသူ
မင်းဟိန်းထိပ်

၂၅၀ ဓားပြ လူမိုက် ဗိုက်ပြဲရဲမောင် လူကြမ်းကြီးကျတဲ့မျက်ရည်
ကိုကော်ဝင်း(လှတော)

၂၇၀ ယပ်တောင်လေးတစ်ချောင်း
နေပြည်တော်ကျော်ကျော်စိုး

၂၈၂ အမနုဿသွေးစုပ်ဖုတ်ကောင်နှင့် ကိုယ်ယောင်ဖျောက်လူသတ်သမား
သီရိရောင်ညီရောင်

၂၉၄ သို့ပေမယ့် သေနိုင်ရီးလား
အောင်မြိမ့်မိုး

၃၁၈ ခေတ်မီဆေးသိပ္ပံနည်းပညာရပ်နှင့် ဂမ္ဘီရလောကကုထုံး ပူးပေါင်းစစ်ဆင်ရေး
ခင်ချို(ပညာရေး)

၃၂၆ ပြေးတမ်းလိုက်တမ်း
ဈာန်လင်းထက်
(စာပေဗိမာန်ဝတ္ထုရှည်စာမူဆု၇)

၃၄၄ သူများမကောင်းကြံကိုယ်သာခံ
သော်တာအောင်
(ကျောက်တောင်)

၃၄၆ လိုတာကိုရမည် သို့သော် တန်ဖိုးကိုပေးပါ
အောင်မြင့်ထွန်း(မသုံးလုံး)

၃၅၄ မြေကြမ်းအန္တရာယ်ဆိုးနှင့်တိုးတဲ့ ဇနီးမောင်နှံ
အောင်ဆန်းလင်း(ဘီ-အေ)

၃၅၈ အရိပ်ပမာ
အိုအေစစ်(မအူပင်)

၃၇၀ သူကြီးဦးဘိုးသင်း
ထောင်မှူးကြီးသိန်းဝင်း

၃၇၄ တမလွန်မှ ဗစ်တိုးရီးယားဘုရင်မကြီးနှင့် တွေ့ဆုံခြင်း
သုသုသ

၃၈၈ ဘဝဟောင်းပြန်ခဲ့ရလေသူ၏ အဖြစ်မှန်ဇာတ်လမ်းတစ်ပုဒ်
နေဝင်းဝင်း(လွန်ဆေး)

သူရဇ္ဇအခန်းဆက်ဝတ္ထုရှည်

၂၀၂ ဒုတိယကွန်ရင်မြို့တော်
ဖိုးကျော့

၂၃၀ ကျွန်ုပ်နှင့်ဓာတ်တော်ဘုရားကုန်း
ရွှေပြည်နိုး(မိုးကုတ်)

www.burmeseclassic.com

www.burmeseclassic.com



သူရဿ ပညာရပ်

၁၁၂ စိတ်သောကကင်းစေဖို့
ခုနစ်ရက်စဉ်ရောင်ကြစို့
ထင်ကျော်ဇော
(ဂန္ဓိရဂ္ဂာဝု)

၁၈၆ လက်တွေ့ကောင်းကျိုးဝေဖြာယဉ်ကြာ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၁၉၈ နလုံးသားအလှနှင့်
မင်းပြည့်

၂၂၈ ကိုယ်တွေ့ကြားမြင်သုတဖြစ်ခဲ့ရသော
အဂ္ဂိရတ်လောကမှ
ထူးထွေဆန်းပြားဇာတ်လမ်းများ(၅)
မင်းချမ်းမြေ(ပုသိမ်)

၂၆၂ မင်းတုန်းမင်းတရားလက်ထက်
နန်းတွင်းသုံး မြန်မာ့ဂီးရာ
ရှေးဟောင်းရပ်ပုံဟောဗေဒင်ပညာမှ
နွားလားဥသဘဗေဒင်
ရာမည-သွေးမွန်

၃၀၄ လက်တွေ့အသုံးကျလက္ခဏာပညာ
ဦးအောင်လှိုင်(သုဝဏ္ဏ)

သူရဿ စာပေများ

၁၄၉ ၂၀၁၀ခုနှစ်၊ သြဂုတ်လအတွက်
အတွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဗေဒဟား
ဦးအောင်စောလှိုင်
(ပုသိမ်)

၂၉၃ ၂၀၁၀ ခုနှစ်၊ သိဟ်ရာသီပြောင်း
မန်ဒိန်းတာတာဟောကိန်း
မင်းရှိန်အောင်

၃၂၅ ၂၀၁၀ ခုနှစ်၊ သြဂုတ်လအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
မင်းရှိန်အောင်

၃၆၆ ထီ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၆၇ ၂၀၁၀ ခုနှစ်၊ သြဂုတ်လအတွက်
နေသီဖွိနက္ခတ်မင်္ဂလာအခါတော်
ရှိန်းအောင်
(ဂန္ဓိရ)

၄၀၂ ၂၀၁၀ ခုနှစ်၊ သြဂုတ်လ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
ဖေါ်ခင်စံသူ(B.Sc)

၄၀၆ လက်ဝယ်ပိုင်ပိုင်ရစေဖို့
သူရဿလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၄၁၀ ၂၀၁၀ ခုနှစ်၊ သြဂုတ်လ
ကံမြင့်ကံပွင့်အစီအရင်
ပြည်သိန်းကျော်

၄၁၃ ၂၀၁၀ ခုနှစ်၊ သြဂုတ်လအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

နာယကကြီး
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
စာတည်းချုပ်
ဦးအောင်မြတ်
အုပ်ချုပ်မှုစာတည်း
ဖေါ်သန်းသန်း(ခ)
ဖေါ်ချောသီရိခိုင်
စာတည်းအဖွဲ့
ကျော်မင်းထွဋ်
ဝေလဲ့လဲ့ထွဏ်း

ကွန်ပြူတာစာစီ
စုစုလှိုင်၊ ချမ်းမြေကျော်၊
နင်းသန္တာကျော်၊ ဆန်းထွန်းမြင့်
ရုံးအဖွဲ့
အေးအေးဝန်း၊ နန္ဒယဉ်
ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး စာမူနှင့်ကြော်ငြာ
၀၁-၃၈၈၇၁၈

မျက်နှာဖုံးနှင့် အတွင်းပန်းချီ
စိုးအောင်
သူရဿစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
ထုတ်ဝေသူ
ဦးအောင်မြတ်
(၀၀၀၇)
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (၀၀၀၇၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၊၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၈၆၇၄

မန္တလေး
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်ဦးစာပေ
နေပြည်တော်ပျဉ်းမနား-
သော်တာစန်း သရဖူ၊ ရွှေရည်ဝင်း
မော်လမြိုင်-ကျော်ကျော်စာပေ
ရှမ်းတောင်ကယား-ဂဂိန်း မိလုံမှာ
ပဲခူး- သဇင်စာပေ
ဟသံာတ-တာလေးမောင်၊ ရွှေမောင်း
မကွေး -ရွှေပြည်စိုး
တောင်ငူ-ဦးထွန်း ဦးလှမောင်
မြန်အောင်-လူထုမေတ္တာ
အုပ်ရေ ၁၀၀၀
လက်ကားဖြန့်ရေး (၃၅၀၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com



အာနန္ဒကျောင်းတော်ရှင်
မဟာဗောဓိပြုင်ဆရာတော်ဘုရားကြီး
ရေးသားပို့ချအပ်သော

ဓမ္မအမွေ

(ဓမ္မဒါယာဒကထာ)

▪ ကြည့်မှန်

ပြဒါးနောက်ခံရှိ ကြေးမုံမှန်ပြင်သည်. . . အကြည်ဓာတ်အဖြစ်ပြောင်းလဲပြီး သူ့ရှေ့ဝင်လာသမျှတို့ကို ပုံဖမ်းပေးနိုင်စွမ်းရှိ၏။ သို့ကြောင့် ယင်းကို အလှပြင်ချင်သူများကလည်း ကြည့်မှန်အဖြစ်သုံး၏။ အပြစ်အနာအဆာသိလိုသူများလည်းသုံး၏. . . ပမာ ကိုယ့်အကြောင်းကိုယ်ကောင်းကောင်းသိလိုသူ၊ ကိုယ့်အပြစ်ကိုယ်စိစစ်အရေးယူလိုသူ၊ ဓမ္မဝါဒီသမားဘုရားသားသမီးများလည်း ဓာတ်နောက်ခံရှိ မိမိခန္ဓာအကြည်ပြင်ကိုလျှင် ကြည့်မှန်အဖြစ် အသုံးပြုကြသည်။

ထိုစဉ် ပြဒါးကြည့်မှန်က မျက်နှာကြည့်အရွယ်အစားဆိုက မျက်နှာလောက်သာပေါ်၏။ ကိုယ်လုံးပေါ်ဆိုက ကိုယ်လုံးအထိသာ ဖော်ပြနိုင်၏။ ထိုပေါ်သော အဖော်များကလည်း ပြင်ပလောက်သာ ကြည့်သိခွင့်ရ၏။ အတွင်းဟဲ့ဆို အဝတ်ဖုံးထားသည်ကိုပင် ကြည့်သိခွင့်မပေးနိုင်။

ဤဓာတ်သားကြည့်မှန်ကား. . . သတိ၏ထွင်းအားလိုက်၍လည်း ထိုးမြင်ခွင့်ရ၏။ အသိ၏ဆင်းအားလိုက်၍လည်း ထွင်းမြင်ခွင့်ရ၏။ ဝီရိယ၏နောက်ထောက်အားလိုက်၍လည်းဖောက်မြင်ခွင့်ရ၏။ သို့ကြောင့် ဤဓာတ်သားကြည့်မှန်သည် မိမိခန္ဓာဖြစ်စဉ်တစ်ခုလုံးကို ဆံစမှ ဖဝါးအထိလည်း မြင်နိုင်၏။ အပြင်ဝမှ အတွင်းထားအထိလည်း မြင်နိုင်၏။ မျက်မြင်ဆတ်ဆတ်ကိုသတိထပ်၍ နောက်နောက်အကြောင်းကိုလည်း ကောင်းကောင်းမြင်၏။ ရှေ့ရှေ့အကြောင်းကိုလည်း ကောင်းကောင်းမြင်၏။

ခန္ဓာကို ယ်စိုက် ဝေဒနာလိုက်. . . ။

ဤဥပမာကား အစစ်ခံ ကြည့်မှန်အဖြစ် ကာယတစ်ခုတည်းကိုသာ ပေးအပ်ထားမည်။ တစ်ခုသိက အားလုံးမိပြီး ဖြစ်သောကြောင့်။ တစ်ဖန်. . . သမထရှုရှု၊ ဝိပဿနာရှုရှု တစ်ခုတည်းဖြင့် နှစ်ခု၊ သုံးခု ပြီးစီးနိုင်သော အာနာပါနရှုနည်း တစ်ခုတည်းကိုသာပေးအပ်မည်။ အာနာပါနဖြင့် အပ္ပနာရောက်။ ကျန်အားလုံးလည်း လမ်းပေါက်ပြီးသား ဖြစ်သွားသောကြောင့်။

ကဲ. . . မှန်ကြည့်ရဖို့ မှန်ရှိရာဘက် ခရီးထွက်ကြစို့။ ထိုစဉ် မှန်ရှိရာဘက် ခရီးထွက်ရန် ရှေ့ပြေးအဖြစ် ဤအချက်များကို ဦးစွာ ပြုစုပေးပါ။ ယင်းမှာ. . .

(က) ဆိတ်ငြိမ်နေရာချဉ်းကပ်ပါ။

(ခ) တင်ပျဉ်ခွေ၊ ခါးဖြောင့်၊ ခေါင်းတည့်ပေးပါ။

မှတ်ချက် ။ ။ ဤထိုင်နည်းကကြာကြာထိုင်ခွင့်ပေး၏။ လျောင်း၊ ထိုင်၊ ရပ်၊ သွား ဤလေးပါးတွင် ဤထိုင်နည်းက ရှေးဦးအလုပ်သင်အဖြစ် တာဝန်ယူပေး၏။

ကိုလည်း ကောင်းကောင်းမြင်၏။

ဓာတ်က မျက်လှည့်ပြ၍ ဓာတ်ဖွဲ့ခန္ဓာက ဓာတ်တည့်လျှင် အကောင်း၊ မတည့် အဆိုး အငြိုးအတေး ထားရာမှ ဖြစ်သော သုခ၊ နိစ္စ၊ အက္ကာ အထင်မှား၊ အမြင်မှား အားလုံးကိုလည်း အဖြစ်မှန် အတိုင်း အရိပ်ပြ၏။ သို့ကြောင့် ဤဓမ္မကြည့်မှန် (ဓမ္မာဒါသ) သည် ကိုယ့်အကြောင်း ကောင်းကောင်းသိလိုသူများလက်မလွတ်သင့်။ ကိုယ့်အပြစ် စိစစ်လိုသူများလည်း လက်မလွတ်သင့်။

လက်မလွတ်က ဓာတ်စွပ်ဝင်ဖမ်ကျွတ်ခွင့်ရ၏။

လက်လွတ်က ဘဝကို ဓာတ်လက်ဝကွက်အပ်ရ၏။

သင့်ကိုယ်သင် လွတ်ချင်၊ မလွတ်ချင် အလျှင်မေး။ လွတ်ချင်ပြီ အဖြေပေးက ဤကြည့်မှန် လက်ခံထားလိုက်ပါ။

▪ ရှုလိုသည့် ရှုကွက်သည် သင့်ကြည့်မှန်

ကိုယ့်ခန္ဓာ အပြစ် ကိုယ်စိစစ်ရန် အတွက်. . . ဘုရားရှင်က နည်းလေးမျိုး ပေးသနားတော်မူခဲ့၏။ ကာယ၊ ဝေဒနာ၊ စိတ်၊ ဓမ္မ ဟူ၍. . . ။

တစ်ဖန်. . . စရိုက်လိုက်၍လည်း နည်းများစွာ ပေးထား၏။ စိတ်ငြိမ်ရန် အတွက် နည်းလေးဆယ်။ ငြိမ်စိတ်ဖြင့် ရှုရာ၌ကား တစ်ခုတည်းသာ။ ယင်းမှာ

www.burmeseclassic.com

www.burmeseclassic.com

(၇) အာရုံလုံဖို့မျက်စိမှိတ်ပေးပါ။
မှတ်ချက်။ ။မျက်စိမှိတ်ထားခြင်းဖြင့် မိမိထားလိုရာ အာရုံဆီသို့ စိတ်တည့်မတ်စွာသွားစေ၏။

(ဃ) ရှုကွက်အဖြစ် ထားရာ နှာဝသို့ သတိပို့ပေးပါ။

ဤရှေ့ပြေးလေးချက် အကွက်ချပေးပြီးသည်နှင့် . . . နှာဝသို့ ဝင်လေတိုးဝင်လာချိန် ပြင်ပနေ ပွားပို့သတိက လေနှင့် နှာဝ ထိနေသမျှ ဝင်သည်ဟု

မှတ်ချက် ယူပေးလိုက်ပါ။ ထိုစဉ် နှာဝအတွင်းနေ အောက်မေ့ သတိကလည်း . . . ဝင် ဘယ်လို ခံစားရသလဲဆိုသည်ကို စူးစမ်းဆင်ခြင်စိတ်သွင်းပေးထားပါ။ တစ်ဖန် . . . နှာဝသို့ ထွက်လေတိုးလာချိန်တွင်လည်း အထက်ဝင်လေ ဝင်စဉ်က ပွားပို့သတိ၊ အောက်မေ့သတိ ထိုနှစ်ခုတို့ ရှုကြည့်နည်းအတိုင်း ထွက်သည် ဘယ်လို ခံစားရသလဲ နှစ်ဖက်ညှိပ်၍ သုံးသပ်ပေးပါ။

သို့ဖြင့် တစ်ထိုင်ကို အနည်းဆုံး (၁) နာရီနှုန်းဖြင့် တစ်နေ့ အနည်းဆုံး (၈) ကြိမ် ထိုင်စစ်ပေး။ ရှေ့ (၁) နာရီနောက် (၁) နာရီတို့အကြား စကြံကမ္မဋ္ဌာန်းဖြင့် ဆန္ဒအားဖြည့်ပေး။ ယင်းသည် ဓမ္မမှန် ပြဒါးသုတ်ပေးနေသည် မှတ်။ အချို့ တစ်ပတ်၊ အချို့ (၁၀၊ ၁၅) ရက်ကြာ၏။

ထိုအခါ ဤမှန်ကြည့်သမားဌ် . . . .

ပထမ . . . ဝင်၊ ထွက်ဌ် အေး၊ နွေးသိ သိ၏။

နောက် . . . အေးလှုပ်၊ နွေးလှုပ် သိ ခရီးဆက်၏။

နောက် . . . လှုပ်ပုံကို သဏ္ဌာန်

www.burmeseclassic.com

www.burmeseclassic.com



အနုပ္ညာကျော်ပူးတော်ရှင်မဟာဓောဓိမြို့ဆရာတော်ဘုရားကြီး
သက်တော်(၇၇)နှစ်ပြည့် မုတ်တမ်းတင်ဓာတ်ပုံ

နိမိတ်ဖြင့် ကြည့်ခွင့်ရ၏။

ဓမ္မမှန်ပြင့် အကြည် ဝင်လာပြီ မှတ်။ ယင်းကို. . .

သဏ္ဌာန်နိမိတ် ထိုင်တိုင်းတွေ့ အထိ မွေး။

သဏ္ဌာန်နိမိတ် ထူးခြားတွေ့ အထိ မွေး။

ထိုစဉ် . . . ထိုင်၍ မိနစ်ပိုင်း အတွင်းပေါ် နေပြီ။ အာရုံမှား၍ ပျောက်ရှ ခဏအတွင်း ပြန်ပေါ်မည်။ စိတ်ပြောင်းသလို နိမိတ်ကလိုက်ပြောင်းပြနေသည်။ ထိုအချက်များနှင့် ပြည့်စုံကရင့်ကျက်လာပြီမှတ်။ သမာဓိတည်ပြီး သမထအောင်ပြီ ဆိုကြ၏။ ဤသမာဓိကို ဥပစာရ သမာဓိ အမည်ပေး၏။

သမထအောင်လျှင် ဝိပဿနာ ဘက်ကူး။

သမာဓိတည်လျှင် ဝိရိယတို့ ကူ။ ထိုစကားနှစ်လုံး အဓိပ္ပာယ်ကျ အတူတူ။

ဤမှနေ စွာန်တွင်ဉာဏ်ဝင်တော့မည်ဖြစ်ရာ. . . ဉာဏ်စူးနစ်အားလိုက်၍ သွေးပြောင်းမည်။ သွေးပြောင်းသလောက် စိတ်ပြောင်းမည်။ စိတ်ပြောင်းသလောက် ရုပ်လည်းပြောင်းသည်။

ဤ၌ ရုပ်ပြောင်းပုံသည် မျက်နှာ၌ ထင်ရှား၏။ သွားလာလှုပ်ရှားကိုယ်အမူရာများ၌လည်း ထင်ရှား၏။ ပြောဆိုရာနှုတ်အမူရာများ၌လည်း ထင်ရှား၏။ ခန္ဓာဖြစ်စဉ်၏ အတွင်းရုန်းဖြစ်၍ ဖုံးထား၍မရ။ သင်ကိုယ်တိုင်က စိတ်ပြောင်းသည်ကိုသာ သိ၏။ ဆရာနှင့် အများဝန်းကျင်က အမူရာနှင့် စကားပါသိ၏။ အတွင်းစိတ်ကို အမူရာကြည့်၍ သိကြ၏။

ကဲ . . . ရှေ့ဆက် စိုက်ကြည့်ကြည့်ပေးပါ။

ထိုစဉ် အတည်နှင့် အစိုက် မည်သို့က ဖွာကျဲသွားတတ်၏။ ဖွာကျဲသွားသော်

www.burmeseclassic.com

www.burmeseclassic.com

ဝိရိယလျော့၍ ရှုမြဲအတိုင်းရှု။ ရှု၍ပြန်တည်လာသော် ဖြည်းဖြည်းချင်းစိုက်ရှု။

ဝိပဿနာက ဉာဏ်လုပ်ငန်း ဉာဏ်ပါပါစေ။

ဝိပဿနာက စိတ်လုပ်ငန်း စိတ်ဝင်တစားရှိပါစေ။

စိတ်ကြည်နေလျှင် အားစိုက်သွင်း. . . ၊ သမာဓိတည်လျှင် ဝိရိယပင်း. . . ဆိုသော်လည်း. . . ဉာဏ်ဝင်မစမ်းဆင်ကန်းတောတိုး ကွပိုးသွေးစုပ် တဇောက်တန်းအလုပ်မျိုးမဟုတ်။ ကျမ်းကျင်သောကားမောင်းသမား၏လမ်းသာလျှင် လီဟာသာသာတို့ ချော့မောင်း၊ လမ်းမသာလျှင် ကလပ် ဘရိတ် တော့၍တော့၍မောင်း. . . ပမာ. . . သွေးအထိုင်မကျ၊ (စိတ်အထိုင်မကျ) သို့မဟုတ် အထိုင်ကျစအကြည်ဓာတ်အရင့်မပြမီ. . . သမထ (သမာဓိ) ဘက် အားပိုဖြည့်ပေး။ ဝိရိယကို သာသာတိုးတိုးထိုးပေး။ အကယ်တိတိ ဝိရိယတွန်းထိုး ထိုးလည်း စိတ်အကြည်မပျက်။ သဏ္ဌာန်နိမိတ် မကလက်တော့ဆိုပါလျှင် ဝိရိယတိုးခွင့်ရသလောက်တိုးပေး။ သည်နေရာ. . . ဝိရိယလိုသော် ဆွဲ့လိမ့်မည်။ ဝိရိယလွန်သော် ပျံ့လိမ့်မည်။

သမထမှ ဝိပဿနာအကူး သတိထား။

သမာဓိမှ ပညာအကူး လိမ္မာပါးနပ်။

ဆန္ဒ၊ ဇွဲ၊ ဉာဏ် သည်သုံးတန်နေရာမှန်မှန်ထား။

ဆန္ဒ . . . အားထုတ်လိုသောဆန္ဒမှတစ်ပါး အခြားမရှိစေရာ။

ဝိရိယ . . . သမ္မပဓာန်မှ တစ်ပါးအခြားမရှိစေရ။

ဉာဏ်. . . မှန်ထဲပြ အရိပ် စိတ်ကို သိပ်၍ အရိပ်ပြ၏စကားနားထောင်ခြင်းမှတစ်ပါး အခြားမရှိစေရ။

မှတ်ချက်။ ။မှန်၌ပေါ်နေသည် ဖြစ်ရိပ်၊ ပျက်ရိပ် နိမိတ်ထဲ၌ စိတ်စိုက်ထားမှအရိပ်ကြားမှ ရုပ်၊ နာမ် နှစ်ပါးကွဲထွက်လာမည်။ သို့ကြောင့် ဤ၌ ပွားအားရော အောက်မေ့အားပါ အထူးလိုအပ်သည်။ အကင်းအညှာပါး ဉာဏ်ကား သာ၍ပင် လိုအပ်၏။

သို့ ဆန္ဒ၊ ဇွဲ၊ ဉာဏ် နေရာမှန်ဖြစ်လာသော် ရှုကွက်ဆိုသော ကြည့်မှန်ထဲကပင် အထိနှင့်အသိ တခြားစီသိခွင့်ရလိုက်သည်။ ကြည့်မှန်ထဲရှိ ဖြစ်၊ ပျက် (သဏ္ဌာန်နိမိတ်) ကြားကပင် ထိတခြား၊ သိတခြား ဘွားခနဲပေါ်လာသည်။ သင်သရုပ်ခွဲရသည် မဟုတ်။ သူ့အလိုလိုကွဲသွားခြင်းသာ။ သင်ရှာယူရသည် မဟုတ်။ ကြည့်မှန် စိုက်ကြည့်ရုံလေးသာ။ သင့်တာဝန်ကား မှန်နှင့် မျက်စွက်အတည့် လျင်မျက်စိဖြင့် စိုက်ကြည့်နေဖို့သာ. . . ။

သည်သို့ အရှိ ထိ၊ သိ ကြည့်ခွင့်ရခြင်းသည် ပေါ်နေသော သဏ္ဌာန်နိမိတ်ကြားမှ မြုပ်နေသော ထိ၊ သိ အရှိတရားကို သတိ(အသိ) က ဆွဲထုတ်ပြလိုက်၍ပင်။

သည်နေရာအရောက် . . . သင့်စိတ်. . . ငါလုပ်လိုက်သည်ဖြင့် အတွေးဒိဋ္ဌဆွဲခ်ိတ် မခံရသောကြောင့် အားမလိုအားမရဖြစ်လာရာ. . . သွေးပြောင်းနေပြီ။ သွေးနှင့်အတူ မျက်နှာလည်းပြောင်းသွားပြီ။ မျက်နှာနှင့်အတူ အမူရာပါပြောင်းသွားပြီ။

ထိုစဉ် . . . သွေး၌ ဒိဋ္ဌတွေးအတွန်းလေးသွား၏။ သို့ကြောင့် သွေးရောင်ပြ မျက်နှာညိုးလာနေ၏။ သွေးစက်ကျ ကိုယ်အမူရာဥတူတုိင်တိုင်တိုင် ဖြင့် အသွားအလာ လေးကန်လာသည်ကို တွေ့ရ၏။ သို့ ဖြစ်၊ ပျက်နေလည်း ဆက်ရှု၊ မှန်ကိုသာ မှန်မှန်ကြည့်၊ သင့်အရှိ အတည့်သိလာ၏။

သဘာဝမမွှေခေါ် ဓာတ်သဘာဝတို့ဖြင့် တည်ဆောက်ထားသော ခန္ဓာသည် မည်သည့်သတ္တဝါမဆို သည်နေရာဒါကား သဘာဝအတိုင်း ရှိစမြဲ။ သို့ဖြစ်ရာ သင်ကသာ မှန်ဆက်ကြည့်၊ အရှိနှင့် အကြည့်တည့်သည့်နေရာ အသိဝင်လာရ၏သာ။

ယခု ထိတခြား၊ သိတခြားတို့ကို ကွဲပြားစွာ အသိရှိပြီးနောက် တောက်လျှောက် ဆက်ကြည့်သောအခါ. . . မရှုလိုက်ခင်က ရှုရှိုက်လိုသည့်စိတ်ဦးလေးများက မှန်ထဲပြေးပြေးဝင်လာသည်ကိုသာ တွေ့ရ၏။ တစ်ဖန်. . . ရှုခြင်း၊ ရှိုက်ခြင်းများက နောက်မှပါလာကြ၏။ တစ်ဖန် အရှုအရှိုက်တို့၏ ဖြစ်၊ ပျက်ပုံအစုံသိက လိုက်သိနေပြန်၏။

စိတ် ထောက်ခံ၍ ရုပ် ဖောက်ပြန်နေရ၏။

ရုပ် ဖောက်ပြန်၍ စိတ်က သိသိပေးနေရ၏။

စိတ်နှင့်ရုပ် အပြန်အလှန် ပွဲထုတ်နေပုံများကို သည်သို့ တွေ့သိခွင့်ရလာသောအခါ. . . ဘဝကို ထာဝရဘုရားသခင်က ဖန်ဆင်းပေးတာလား. . . အဖေနှင့်အမေတို့ကြားက ဖြစ်လာတာလား. . . စသည့် သူဆိုသော ဖန်ဆင်းရှင် ဝင်ခွင့်မပေးတော့။

သည့်အတူ . . . ယခင်ဘဝနှင့် ယခုဘဝ ဘယ်သူက စေ့စပ်ပေးထားကြသလဲ။ ယခုနှင့် နောင်ဘဝကိုလည်း ဘယ်သူက ဝင်စေ့စပ်ပေးဦးမှာလဲ. . . စသည့် သံသယလွင်ပြင်လည်း ဝင်ခွင့်မပေးတော့။

သို့ကြောင့် ထိုသည့်စိတ် ဝိစိကိစ္ဆာနှင့်ပါ တွဲချိတ်ခွင့်မရတော့ရာ သိပ်မကျေနပ်နှင့် ထိုမကျေနပ်စိတ်ကြောင့် မကျေမနပ်သွေးများထကြွလာရာ မျက်နှာ၌ ဒေါသသွေးများဖြင့် နီရဲပြနေမည်။ ရံတစ်ခါ နှုတ်ကပါ ဘုဆတ်ဆတ်ပြောတတ်လာမည်။ နှုတ်အထိ သွေးမစည်းစိတ်ထဲမှာကား ဒေါသဝင်နေပြီ။

ယင်းဖြစ်အင် သင့်ကြောင်းမဟုတ်။ သင်လုပ်ထားတာ မဟုတ်။ သတိ (အသိ) ဦးဆောင်သော မျက်စိတို့က အပြကို ထိုးဖောက်၍ (အပြနောက်အရှိအတည့်)ကြည့်ပေးနေသောကြောင့်။ သို့ ဖြစ်၊ ပျက်နေလည်း မှန်ကိုသာစိုက်ရှု၊ သင့်တာဝန်ကား မှန်နှင့် အကြည့်တည့်နေဖို့သာ။

သတိသည် ကိလေသာ ယင်ကောင် ဝင်မနားရဲသော မီးကျီးခဲ။

အသိသည် ကိလေသာ ခြအုပ်တောင်ပို့ ဝင်မလုပ်ရဲသော စကျင်ကျောက်တုံး။

သို့ဖြစ်ရာ ထိုသတိ၊ ထိုအသိတို့သည် နောက်တွန်း ဝိရိယ၏ ထိုးနှက်ရာ၌ ထိုးတိုင်းစိုက် စိုက်တိုင်းထွင်းဖြင့် စခန်းချ နှာဝမှ ခန္ဓာတွင်းဆင်းလာပြီဖြစ်ရာ. . . ခန္ဓာရှိ ရုပ်၊ နာမ်များ၏ ဖြစ်၊ ပျက် သူ့ရောဂါ သူ့လက္ခဏာတို့နှင့် တွဲဖက်လျက် ထွက်ပြပေးလာရတော့သည်။

ဤ၌ ပြီးခဲ့သော ဉာဏ်နှစ်ဆင့်တို့က အေးခဲနေသော ဒိဋ္ဌသွေးဝိစိကိစ္ဆာသွေးများကို အာတာပီ အပူပေး၍ခွဲဖျက်ပစ်လိုက်သောကြောင့် ငါ၊ သူဆိုသော အတွေး၊ အထင်များ လွင့်စဉ်ပြေးလွှားနေကြရ၏။ ဘဝဆက်ဆက်စွဲမက်ခဲ့ရသော အတ္တကောင် ရှောင်သွား၏။ အာရုံငွေ့၏အတွေ့များကလည်း တန်းစဉ်ပျက် အသက်မဲ့သွား၏။

သို့ဖြင့် ငါ၊ သူ နာမပညတ်၊ ဖြစ်စဉ် သန္တတိပညတ်၊ အပေါင်းစု သမူဟပညတ်များရှိသွားကြတော့ရာ . . . အရှိအရှိအတိုင်းသော လက္ခဏာများ ထင်ရှားလာခြင်းပင်။

ရှေ့ပျက်၊ နောက်ဝင်တို့ဖြင့် ဖြစ်တိုင်

www.burmeseclassic.com

www.burmeseclassic.com

ယျက်နေကြ၍ . . . မမြဲ။

သခ်ီရ လေးချက်တို့ အထိုး၊ အဖျက် ခံနေရ၍ . . . မကောင်း။

အင်္ဂေ့ချင်းဆက် အသက်ဝင်နေ၍ ပိုင်ရှင်ပါ ပြောခွင့် မရ။

ငါမှ ငါမဲ့၊ အမြဲထင်မှ မမြဲအမြင်၊ အကောင်းထင်မှ အဖျက်အမြင်၊ အတ္တ ကိုယ်ထည်ရှိ အထင်မှ အနတ္တ အင်္ဂေ့ အသက်မျှ အမြင်. . . သည်သို့ အမြင်ပြောင်းမည့် အချိန်. . . သတိ၊ အသိတို့၏ ထိုးဖောက် ထွင်းကြည့်ဒဏ် မခံနိုင်တော့သော လည်ပတ်သွေး၊ သုက်သွေး၊ သည်းခြေသွေး၊ နှလုံးသွေးများအတွင်း ခိုအောင်းနေကြသည့် မြွေ၊ ကောင်း၊ ပိုင် အစွဲများ. . . တစ်ဖန် ဉာဉ် စရိုက်သွေးများ. . . ကုလားသိုက် ကျားဝင်ကိုက်သော ပမာလည်းကောင်း၊ ပုရွက်ဆိတ် အုံထဲ ခဲကျသော ပမာလည်းကောင်း၊ အလန့်တကြား ပြေးလွှား ဟစ်အော် ရှုန်းရင်းဆန်ခတ်အခြေရောက်ကြပြီဖြစ်ရာ. . . ရာဂဉာဉ် စရိုက်အလိုက်များနေသူဆိုက ဆန့်ကျင်ဘက် ဝိသဘာဝ လိင်ရုပ်များဖြင့် ဖော်ပြတတ်၏။

ယောကျ်ားဆို မိန်းမလှလှလေးများဖြင့် ဖော်ပြနေမည်။

မိန်းမဆို ယောကျ်ားလှလှလေးများဖြင့် ဖော်ပြနေမည်။

သို့တည်းမဟုတ် . . . . ရာဂ၏ ဆန့်ကျင်ဘက် အသုဘ အပျက်များဖြင့်လည်း ဖော်ပြတတ်၏။ ယင်းသည် အခြားမဟုတ်. . . သွေးက။

တစ်ဖန် ဒေါသဉာဉ်၊ ဒေါသစရိုက် အလိုက်သန်သူဆိုက ကြောက်စရာ သွေးရဲရဲသံရဲရဲများ ကိုယ်တွင်းမှနေ ပြဿဒါးလည်းရှိ၏။ အပြင်ပြလည်း ရှိ၏။ ယင်းသည် အခြားကမဟုတ်. . . သွေးက။

တစ်ဖန် . . . မောဟ ဝိတက်၊ ဉာဉ်၊ စရိုက် အလိုက်သန်သူဆိုက ပုံပန်းမကျသော ရုပ်အသွင်များ မြင်ကြရ၏။ မဲခြောက် မှုန်ရီနေသော ရုပ်သွင်များ မြင်ကြရ၏။ ယင်းသည် အခြားကမဟုတ်. . . သွေးက။

မှတ်ချက်။ ။ပညာသမား၌ အစွဲရိပ် ချိတ်ခွင့်မရ။

အထက်ပါ ဉာဉ်၊ စရိုက် မျက်ပွင့်မျိုးစုံတို့သည် အားကြီးလွန်းသူများ၌သာ ပေါ်၏။ သာမန်၌ မပေါ်။

တစ်ဖန်. . . သမာဓိတည်ကြောင်း နိမိတ်ပြစမှုနေ သခ်ီရုပေက္ခာအထိ လိုက်ပါနှောင့်ယှက်နေတတ်ပြီး ဤသမုဒယသစ္စာ ပိုး၍ဖော်ပြတတ်သည်။ ယင်းကို အကောင်းတွေ့က. . . အိပ်မက်ထဲပေါက်သောထိအဖြစ်မှတ်။ အဆိုးတွေ့ကသော် . . . အိပ်မက်ထဲအထိုးခံရသောဓားအဖြစ်မှတ်။ ကြောက်တတ်စရာ၊ ကြိုက်တတ်စရာကို ဆင်ခြင်သတိအသိတို့ဖြင့် မကြောက်၊ မကြိုက်ဘက် ပြောင်းပေး။

သမ္မသန နေရာသည် သွေးအပြောင်းအလွဲ နေရာ။

သမ္မသန နေရာသည် လက္ခဏာဖော်ထုတ်သော နေရာ။

ထိုအပြောင်းအလဲသည် သင့်ကြောင့်မဟုတ်။ သတိ၊ အသိတို့၏ အရှိန်အဟုန်များကြောင့်။ သင့်တာဝန်က ကြည့်မှန်သန်သန် စိုက်ကြည့်ပေးဖို့သာ။

သည့်နောက် သတိ၊ အသိ အရှိန်များခန္ဓာတွင်းဆင်းသွားသည့်အလျောက် ခန္ဓာတွင်း၏ ဖြစ်ပုံ၊ ပျက်ပုံများ ရှုစားခွင့်ရကြတော့ရာ ဝင်လေတစ်ချက် တွန်းဖျက်ကြောင့် အတွင်း၌ ဝရုန်းသုန်းကားဖြစ်ပေါ်သွားသော အဖြစ်မြန်အပျက်မြန်များတွေ့ရမည်။ ထွက်လေတစ်ချက် ဆောင့်ဖျက်ကြောင့် အတွင်း၌အဖြစ်မြန် အပျက်မြန်များကိုလည်း တွေ့ရမည်။ ကြည့်ရင်း လှိုင်းစီးသလို မူးလာတတ်သေးသည်။

ထိုစဉ် အားလုံး လိုက်မမှတ်တော့ဘဲ မီသလောက်သာမှတ်ဖြင့်လည်း ကြည့်နိုင်သည်။ သိရုံလေး သိသိပေးရုံဖြင့်လည်း ပြီးစီးနိုင်သည်။ သည်နေရာသွေးထဲ သဒ္ဓါရှိန်အင်္ဂေ့ဝင်စပြုလာပြီ။ 'တကယ်လုပ်အဟုတ်ဖြစ်မည်' ထိုအတွေး သဒ္ဓါ အရည်ဝင်ကြောင်းပြသော အတွေး။

ထိုစဉ် မျက်နှာသည် သဒ္ဓါကြောင့် ရွှင်လာတတ်၏။ တရားသဘောပြောချင်ဆိုချင် တိုက်တွန်းချင်လာ၏။ ကိုယ်၊ နှုတ်အမူရာများကား လန်းဆန်းတက်ကြွနေတတ်၏။ ယင်းတို့လည်း သွေးကပြောသောစကားများပင်။ တစ်ဖန် သည်နေရာ အနိစ္စအချက် အလင်းလက်ဆုံးနေရာ။ အရိပ်ပျောက်၊ ရွှေ့ပျောက်၊ ငုတ်တုတ်ပျောက်များဖြင့် ခန္ဓာတွင်း၏ အခင်းအကျင်း ထင်းထင်းပြသပေးနေ၍။ မိုးရိပ်ကင်းကင်း ဟင်းလင်းပြင်သို့ သွေးစင်ကြယ်နေ၍။ ယင်းသည် သင့်အစွမ်းမဟုတ်. . . သတိ၏အစွမ်း။

သင့်တာဝန်က မှန်ချပ်နှင့် မျက်စိတည့်ပေးနေဖို့သာ။

သည့်နောက် သတိထိုးဖောက်အား ဝမ်းဗိုက်၏ လဟာပြင်ထဲအထိ ရောက်သွားသောကြောင့် . . . ခန္ဓာဖြစ်စဉ် အဖြစ်မတွေ့. အပျက်ချည်းတွေ့ရမည်။ သာယာစိုပြည်မရှိ ခြောက်ကပ်ကပ်ချည်းတွေ့ရမည်။ အားကိုးစရာမရှိ တွယ်ရာမဲ့ချည်းသာ တွေ့ရမည်။

သို့ကြောင့် သည်နေရာ (သည်ဘင်္ဂအုပ်စု) ရောက် ထိုသည့်သင် ရာဂဖြင့် ထုံမွမ်းစရာ ဘယ်မှာမှတွေ့တော့မည် မဟုတ်။ ဒေါသဖြင့် အရေးယူစရာ၊ မောဟဖြင့် မေ့မက်နေစရာများလည်း ဘယ်မှာမှတွေ့တော့မည်မဟုတ်။ သို့ဖြစ်ရာ သင့်ထံရှိ သွေးအမျိုးအစားတွင် ရာဂ ဒေါသကြောင့်ဖြစ်သော တက်သွေးများ တန့်ကျန်နေခဲ့မည်။ မောဟကြောင့်ဖြစ်သော မက်သွေးများ လန့်ကျန်နေခဲ့မည်။ အနုယသယဘူမိမှ ပညာဘူမိသို့ နယ်ကူးသွေး ဝင်ခွင့်ရသော နေရာ မှတ်။ အနိစ္စနှင့် အနတ္တအကြား စည်ခြားပေးသော နေရာ မှတ်။ သင့် အစွမ်းကြောင့် မဟုတ်. . . သတိ၏အစွမ်း။

သင့်အစွမ်းက မှန်အရှိ စိုက်ကြည့်နေခြင်းမျှသာ။

ထိုသည့်နောက် သတိထိုးဖောက်အားက နှလုံးသွေးဝင်းထဲ အထိ တည့်တည့်ကြီး ရောက်သွားတော့ရာ. . . အပျက်မြင်မှ ဖြစ်၊ ပျက်မြင်ဘက်ကူးဆက်လာမည်။

သို့သော်. . . အောက်ပိုင်းတုန်းက မြင်ပုံမျိုးမဟုတ်။ နှူးညံ့ပြီး သိမ်မွေ့သောဖြစ်၊ ပျက် မြင်မျိုးသာ။ ပြချက် နိမိတ်ကလည်း ရောင်ပြန်ဖြစ်သဖြင့် လင်းလက်တောက်ပြောင်သော အနုစားမျှသာ။ မှတ်ချက်ဖြင့် ရှုသွင်းရှိုက်ထုတ်ပေးနေစရာမလို။ သိသိပေးနေရုံလေးဖြင့် အောက်မေ့ပေးနေရုံလေးသာ။

သို့ကြောင့်. . . သည်နေရာ သင့်ထံရှိ သွေး ပညာသွေး ဖြစ်လာတော့ရာ . . . တက္ကသိုလ်ပါမောက္ခချုပ် အထက်က အဓိပတိနေရာ ရထားပြီ။ ခန္ဓာဖြစ်စဉ် သိလိုရာကြည့် အသေးစိတ် သိနိုင်၏။ ဓာတ်လေးပါးအလုပ်လုပ်နေပုံကြည့် အသေးစိတ်သိနိုင်၏။ သည်နေရာ ဓာတ်သွေးများ အပူစင်၍ အတားဝင်ခွင့် မရသောနေရာ ဖြစ်သောကြောင့် သွားသာ၏။

သို့တစေလည်း . . . စွာန်များကြောင့် ဝိုလ်ဖြစ်လာကြသော သဒ္ဓါနှင့် ပညာ၊ သမာဓိနှင့် ဝီရိယတို့ အားညီညာနေကြခြင်းကြောင့် ဖြစ်၊ ပျက်ခြင်းမှ ဖြစ်၊ ပျက်မဲ့သို့ ရုတ်တရက် မသွားသာ။

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖန် ထို ဖြစ်၊ ပျက်မဲ့နေရာက သွားနေကျမဟုတ်သဖြင့် ရုတ်တရက်မသွားသာ။ သို့ကြောင့် သင့်ထံရှိ သွေးသည် ပညာကြောင့် ကြည်လင်ခြင်းမျှသာရှိပြီး သဒ္ဓါအထိ ပြီးသော ဝင်းဝါရွှင်သက်ကြည်လက်သောသွေးအဆင့်ထိမရောက်သေး။ သို့ကြောင့် . . . ထိုသည့်သင်ဗိုလ်ငါးပါး မည်သည့်ဗိုလ်မျှ နယ်ကျဲမသွားအောင် တစ်ထိတည်း ထိနေရာ ဈာန်သိတည်းသိသိပေးနေပါလေ။စားစားသွားသွား နားနား နေနေ သိသိပေးနေပါလေ. . . ။

မတင်းနှင့်. . . တင်း. . . မြင်ကွင်း ပြယ်သွားတတ်၏။

မလျှော့နှင့် . . လျှော့ . . . မြင်ကွင်း မှိန်သွားတတ်၏။

သည်နေရာ ရှုမှတ်သတိအစားအောက်မေ့သတိ ခိုင်းစားပေးတတ်ပါစေ။

နိုးထအသိ အမြဲရှိ
လွှဲ၏ ဖြစ်၊ ပျက်ဆုံး။
အောက်မေ့အသိ အမြဲရှိ
တွဲ၏ ဗိုလ်အားလုံး။

သို့ သင် ပါးနပ်စွာ ခိုင်းစားတတ်ခဲ့သော်. . . အသွားတို့ဘက်က အရှိန်များ တဖွားဖွား ထိုးတက်သွားချိန်. . . ဘဝများစွာတို့က စွဲခဲ့သော ဥပါဒါန် ငါစွဲအရှိန် အချိန်ကြာစွာ တောင့်ခံ မထားနိုင်တော့ရာ. . . ပုံမှန်စိတ်မှ သွက်လက်စိတ် ရုတ်တရက်အထ ရုပ်၊ နာမ် ဖြစ်၊ ပျက် အရှိလည်း တိခနဲ ပြတ်ကျသွားလိမ့်မည်။

အကယ်တိတိ. . . အသွားများ အားမကောင်းခဲ့သော်. . . သွက်လက်ပြီးနောက် ရှေ့တောက်လျှောက်ကူးမသွားဘဲ နောက်လန် ပြန်ကျများလည်း ဖြစ်တတ်သေး၏။ သည်နေရာရောက်ဖူးပြီးသူများလည်း ဖြစ်တတ်သေး၏။ ဒီနေရာရောက်ဖူးပြီးသူများလည်း သည်နေရာအရောက် (သွက်လက်နေရာအရောက်) . . . အချို့ ဟုတ်ပြီ ဒါပဲ ဒါပဲ ဆိုသော အတွေး ဝင်အဖျက်ခံလိုက်ရ၍ လန်ကျလာ၏။ အချို့တင်ထားအား လျှော့ချလိုက်မိ၍ လန်ကျလာ၏။ အချို့ ပြင်ပအနှောင့်အယှက်(ရုန်းရင်းဆန်ခတ်အသံစသည်များ) ဝင်လာ၍ လန်ကျ၏။

အသွားအားကောင်း ဘာအကြောင်းနှင့်မှ မပျက်။

ထိုစဉ်. . .

ရုပ်၊ နာမ်တို့ ချုပ်ပြတ်သွားခြင်းက. . . နိဗ္ဗာန။

ချုပ်၊ ပြတ်သွားပုံ သိလိုက်ခြင်းက. . . မဂ္ဂ။

အငြိမ်းဓာတ် ဆက်လိုက်လာခြင်းက. . . ဖလ။

သွေးထဲရှိ ဒိဋ္ဌဇွေ့ အပြီးပျက်ပြယ်သွားရာမှ ဖြစ်ပေါ်လာသည့် အကျိုးရလဒ်များ. . . ။

သည်သို့ လမ်းဆုံးပေါက်တောက်လျှောက်ရောက်ပြီးသူ၏ သွေးသည်ရာဂ၊ ဒေါသတို့အစား သဒ္ဓါ၊ ပညာတို့ကသာ လွှမ်းမိုးနေတော့ရာ. . . ဝါဝင်းလင်းလက်ခြင်းက အချက်ပြနေသည်။ နီ၊ မည်း၊ မွဲ အရောင်များ နေရာမရတော့ပါ။

ရှေ့တစ်ဆင့်တက် သည့်ထက်သည် (သဒ္ဓါ၊ ပညာအားများ) ရင့်ကျက်လာသော် ဝါဝင်းလင်းလက်ခြင်းများကပို၍ နေရာရလာကြပြီး နီ၊ မည်း၊ မွဲများပို၍အရောင်ပါးသွားကြလိမ့်မည်။

အကယ်တိတိ သဒ္ဓါ၊ ပညာများ အဆုံးဆင့်အထိ ရင့်မှည့်သွားသော် ဝါဝင်းလင်းလက်ခြင်းများက အဆုံးထိ နေရာရကြပြီး နီ၊ မည်း၊ မွဲများက အဆုံးအောက် လုံးလုံးပျောက်တော့သည်။

ဤ၌. . . သင့်အား ငါတို့အမွေပေးလိုခဲ့သည်မှာ. . .

ကမ္မဋ္ဌာန်းတရား အမြဲရှုပွားနေသူ၌ စိတ်ပြောင်းသလောက် သွေးပြောင်းနေသည်။ သွေးပြောင်းသလောက် အရောင်ပြောင်းနေသည်။ စိတ်သွေးအရောင်ပြောင်းသလောက်လည်း ကိုယ်လှုပ်၊ နှုတ်ဖွင့် အမူရာများကပါ လိုက်လံကာ ပြောင်းလဲနေကြသည်ဆိုသော အချက်များပင်။

တစ်ဖန်. . . သည်သို့ပြောင်းလဲစေရန်အတွက် သင်တာဝန်ယူရသည့် လုပ်ကွက်မှာ . . . သင့်ခန္ဓာရှိ ရှုကွက်ခေါ် ကြည့်မှန်ထဲသို့ သင့်သတိအမြဲရှိနေဖို့ပင်။ ထိုစဉ်. . .

သတိရှိရာ အသိလာ၏။

အသိဝင်သလောက် အမြင်ပေါက်၏။

အမြင်ဆောင်းသလောက် သွေးပြောင်း၏။

သွေးပြောင်းသလောက် အားလုံးလိုက်ပြောင်းရ၏။

ယင်းသည်လည်း သင့်အား ငါတို့ပေးလိုသော ဒုတိယအမွေ။

သင်ကသာ ပေးထားခဲ့သော အမွေ သေတစ်ပန်သက်တစ်ဆုံး အသုံးချခဲ့သော်၊ ရထားသောအမွေ ပွားသည် ထက်ပွား အားထားရလောက်သော် . . . သာသနာတော်သည် သင့်ကြောင့် သက်တော်ပိုရှည်လာမည်မှာ မြေကြီးလက်ခတ်မလွဲ။

သင့်အမူရာ သူတကာတို့ အတုခိုးအံ့။

သင့်အမူရာကြောင့် သူတကာတို့ သဒ္ဓါတက်အံ့။

အတုခိုးခြင်းက ပညာ။

ယုံကြည်ခြင်းက သဒ္ဓါ။

သဒ္ဓါ၊ ပညာ ထိုနှစ်ဖြာကား သာသနာတော်၏ ရေသောက်မြစ်။

သာဝကာနံ ဒေဿံ မမ၊
ဒါယာဒိမံ လောဟိတုပ္ပံ၊
သဂ္ဂံဝါ မဂ္ဂဖလဋ္ဌကံ၊ တေန တုမှေ
ပဋိဂ္ဂဏှာ။

မမ-ငါ၏၊ **သာဝကာနံ**-ယုံကြည်နေသူတို့အား. . . ။

မမ - ငါ၏၊ **ဒါယာဒါ**-ဓမ္မအမွေအဖြစ်ဖြင့်၊ **ဖြံမံ (လောဟိတုပ္ပံ)**-သွေးဖြစ်စိတ်ဖြစ် အမူရာဖြစ်တို့၏ သနစ်စုံကို၊ **ဒေဿံ**-ကမ္မဋ္ဌာန်းနှင့်တွဲ၍ အမွေလွှဲပေးခဲ့ပါအံ့။

တေ-ဤအမွေက၊ **သဂ္ဂံဝါ**-နတ်ဖြစ်ဖြစ်၊ **မဂ္ဂံဝါ**-အရိယာဖြစ်ဖြစ်၊ **ဖြဋ္ဌကံ**-အားစိုက်လိုက်ပါ ထိုက်ရာရာကို၊ **ဒေဿံ**-ပေးနိုင်စွမ်းပါ၏။

တေန - သို့ ပေးနိုင်စွမ်းသောကြောင့်၊ **တုမှေ** - လူနှင့် သာသနာပတ်ပင်းတိုးလာသော သင်တို့သည်၊ **တေ**-ထိုအမွေကို၊ **ပဋိဂ္ဂဏှာ**-ခံယူလိုက်ပါ။

၁၃၇၃-ခုနှစ်၊
တန်ဆောင်မုန်းလစေ့နေ့၊
သောကြာနေ့။

■ တစ်လမ်းမောင်း(ဆက်တွဲအမွေ)

မင်၊ ဖိုလ်နိဗ္ဗာန်သည် မဂ္ဂင်လမ်းမှတစ်ပါး အခြားလမ်းများမှ သွားခွင့်မရ။ သို့ကြောင့် တစ်လမ်းမောင်းခရီးသည် နိဗ္ဗာန်သို့သွားလိုသူများအတွက် တစ်ခုတည်းသော လမ်း၊ လမ်းကြောင်းတည်းသောလမ်း။

သို့ နိဗ္ဗာန်သွားရာ၌ သရဏာဂုံခံယူစဉ်ကတည်းက ပူးတွဲလက်ခံခဲ့သော အပ္ပမာဒသတိသည် သတိပဋ္ဌာန်မှနေဗိုလ်၊ ဣန္ဒြေ၊ ဗောဇ္ဈင်၊ မဂ္ဂင်အားလုံးတို့ ၌ပင် ဦးစီးအဖြစ် ပါဝင်နေရရာ. . .

သတိသည် လမ်းဖောက်သမား။
အသိသည် လမ်းလျှောက်သမား။
သို့ကြောင့် ထိုသတိဖောက်ပေး

www.burmeseclassic.com

www.burmeseclassic.com

၏။

သို့မဟုတ်. . . သတိ၊ ဝိရိယတို့၏ ကျောထောက်နောက်ခံများ ဖြစ်ကြသော. . .

သဒ္ဓါ. . . ကျင့်စဉ်အပေါ်၊ ဆရာ့အပေါ်၊ မိမိသတ္တိအပေါ် မယုံကြည်. . . ယုံသော်ကော အားနည်းလွန်းနေခြင်း. . . ။

ဆန္ဒ. . . တရားကျင့်လိုမှုထက် ရလိုမှုဘက် အားထားနေခြင်း သို့မဟုတ် အမှတ်ထက် အတွေးဘက်က များနေခြင်း. . . ။

ဤအချက်များကလည်း ငုတ်တုတ်ထိုင်ကို အားပေးနေတတ်၏။

သည်သို့ မတိုးမဆုတ် ငုတ်တုတ်ဖြစ်နေခဲ့သော် . . . ထို ဝိရိယ၊ သတိ၊ အသိတို့ကိုသာ တွင်တွင်ခိုင်းပေး။

တစ် ခံနေသော ထိုမြင်ကွင်းကို ထိုးဖောက်သူက အတွင်ထိုးဖောက်၊ ထောက်သူက အတွင်ထောက်၊ ကောက်သူက အထွင်ကောက်ယူ သိမ်းပေးခဲ့လျှင်. . . ငုတ်တုတ်က အလှုပ်၊ အလှုပ်က အတိုးဖြစ်လာတော့သည်။

တစ်ဖန် . . . အသိအမြင်က မြင်နေကျလောက်ပင် မသဲကွဲ။

တဖြည်းဖြည်း မှိန်ဖျော့ကာ လျော့တျ သွားတတ်ပြန်၏။ ယင်းကို နောက်ဆုတ်ထိုင် အမည်ပေးကြ၏။

ယင်းမှာ. . . ရလာသော အခွင့်အရေးနောက် မေ့လိုက်နေရာမှလည်း ဖြစ်တတ်၏။ စိတ် မစည်းလုံးမီ ဝိရိယ အသုံးများရာမှလည်း ဖြစ်တတ်၏။ သဒ္ဓါ၊ ဆန္ဒအားများ ကျဆင်းသွားရာမှလည်း ဖြစ်တတ်၏။

ယင်းတို့ကို ကုစားရာ၌လည်း . . . သည် ဝိရိယ၊ သတိ၊ အသိသုံးချက်ကိုသာ အသုံးပြုပေး. . . ။ သူတို့ဆဲချက်သာလျှင် အလိုလိုတက်လာ၏။ ငါတွေးဝင် ငါကိုယ်တိုင် ပြင်မဟဲ့ မလုပ်လေနှင့်။

သည်သို့ ငုတ်တုတ်ထိုင်၊ နောက်ဆုတ်ထိုင်တို့ဖြင့် မဂ္ဂင်တိုင် ယိုင်နေခဲ့လျှင်လည်း. . . ဝိရိယ၊ သတိ၊ အသိ သည် သုံးပါးတို့မှတစ်ပါး အခြားအားကိုးစရာ မရှိ။

သို့ကြောင့် ဤမဂ္ဂင်လမ်းသည် တစ်လမ်းမောင်း. . . ။

တစ်ဖန်. . . ရှုကွက်ထား မြင်ကွင်းက အသိသွက်လက် အမြင်ထက်သဖြင့် ဖြစ်၊ ပျက်တို့ကို ဖြစ်ပုံ၊ ပျက်ပုံ သူနိမိတ်ပုံသွင်ပါ ထင်ထင်ထွန်းထင်းဖြစ် သော လမ်းဖြင့်သာ နိဗ္ဗာန်သို့ ကြွသွားပြီးဖြစ်သော ဘုရားကား မနည်းတော့။

သည့်အတူ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အရှင်မြတ်တို့လည်း ဂဏန်းဖြင့်ရေတွက်ပြစရာ နေရာလပ်ပင်မရှိ။ သည်မျှစွမ်းအားကြီးမားလှသော ထိုသတိကို သင်သည် မရှိမသေ မဆက်ဆံလေနှင့်။

ထိုသတိက. . . သညာအမှတ်ကဲ့သို့ ဝေဒနာပြောတိုင်း လက်မခံ။ ဝေဒနာက ကောင်းအချက်ပြလျှင် 'ဘာကောင်းတာလဲ' ဆိုသည်ကို အကြောင်းခံ ကောင်းပုံ ကောင်းနည်းအထိ နှီးကြည့်ပြီးမှ လက်ခံ၏။ တစ်ဖန် ဝေဒနာက အဆိုးအဖြစ် အချက်ပြလျှင်လည်း 'ဘာဆိုးတာလဲ' ဆိုသည်ကို သတိဖြင့် ကိုယ်တိုင်ဝင်၍ ဆိုးပုံ၊ ဆိုးနည်း ဖော်ကြည့်ပြီးမှ လက်ခံ၏။ တစ်ဖန် ထိုသတိက သညာကဲ့သို့ အတွေးဖြင့် လက်မခံဘဲ ပက်ပင်းတွေ့ကိုသာ လက်ခံ သုံးသပ်ပေး၏။

ထိုစဉ်. . . အပြင်ကတွေ့ အပြင်၌ မှတ်ချက်ဝင်ပေး၏။ အတွင်းရောက် အတွင်းတွေ့ ခရေစေ့တွင်းကျ မှတ်ပေး၏။ သူနှင့် (သတိနှင့်) ဝေးနေ၍၊ နီးလွန်း၍ ဆင်ခြေမပေး။ အခြားသော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်အုပ်စုတို့ သဘောကျ လက်ခံတိုင်းလည်း သူက ခေါင်းမညိတ်။ သူကိုယ်တိုင်လိုက် သူကိုယ်တိုင်နှိုက် သူကိုယ်တိုင်ပိုက် မဟုတ်သမျှ သူက လက်မခံတတ်ချေ။

ထိုသတိ. . . ဝိရိယကို နောက်က လုပ်ဖော်ကိုင်ဖက်အဖြစ် လိုက်ပါခွင့်ပြု၏။ အသိကို နောက်က ပစ္စည်းထီန်းအဖြစ် လိုက်ပါခွင့်ပြု၏။ ဤဝိရိယ၊ သတိ၊ အသိ သုံးယောက်ပေါင်း လောင်းကျော်မည်။ အသေလောင်းမှ မသေပေါ် ကျော်တက်ကြမည်။

သို့ဖြစ်ရာ ရာဂ၊ ဒေါသ၊ မောဟတို့လက်ချက်ဖြင့် အသက်မထွက်လိုသူ သာသနာ့နှောက်နှောင်းဖွား ရတနာတွဲဖက် လက်တက်ပွားများသည်. . . သညာ အမှတ်မှာ သတိ အမှတ်ကို ထပ်ပိုးပေးစမ်းပါ။ သညာ အသိမှာ ပညာအသိ ထပ်ပိုးပေးထားပါ။ ထိုစဉ်. . . သညာက မြင်သည်နှင့် ဘာညာနာမပညတ်တို့ဖြင့် လမ်းသလားလို၏။ သတိက မြင်မြင်သည်ဖြင့် တစ်ချက်နှင့်အပြီးသတ်။ ကြား၊ နံ့ စသည်များ၌လည်း နည်းတူ။ တစ်ဖန် သညာက အတွေးဖြင့် ဟိုပြေး၊ သည်ပြေး အရေးဆို၏။ သတိက တွေးသည်ကို တွေးသည်ဖြင့်ပင် အပြီးသတ်။

အကယ်တိတိ. . . ရုပ်၊ နာမ်တို့၏ ဖြစ်မှု ပျက်မှု စစ်ကြပြီ ဆိုပါစို့။ ကြိုက်၊ မကြိုက် မသိတို့၏ အပြစ်တို့ကို စစ်ကြမည်ဆိုပါစို့။ သတိသည် တရားသူကြီးနေရာက နေကာ ပင်တိုင်အဖြစ်ထားသော နေရာ၌ အတိုင်ချနေ. . . ၊ ဆိုပါစို့ နှာသီးဝ လေဝင် လေထွက်နေရာ. . . ထိုအခါ ဝင်လေက နှာဝကို တွန်းထိုး တိုးဝင်၊ သတိက ဝင်သည်ဖြင့် မပြီးမချင်း မှတ်ချက်ယူ၊ ဝိရိယက အဝင်နှင့် အမှတ် ကပ်မိနေအောင် ဖိပေးထား။ အသိက. အဝင်ထဲမှာ ဘာ ဘယ်လိုပဲ အသိပေး။ အထွက်တွင်လည်း နည်းတူမှတ်။ သည့်အတူ ခန္ဓာ တစ်နေရာရာမှ နာကျင်ခဲခက်၊ မခက် မသိလိုက် မသိဘာသာ စွက်ဖက်မှု စသည်များ ပေါ်လာလျှင်လည်း. . .

သတိက ရှေ့ကမှတ်။

ဝိရိယက အရှုနှင့် အရှုခံထပ်ပေး။

သည်သို့သောသုံးချက် လက်ဆက် မပျက်စေနှင့်။

သတိပဋ္ဌာန်ဆိုသဖြင့် သတိပြဋ္ဌာန်း၏။

သမ္မပဓာန်ဆိုသဖြင့် ဝိရိယက ပဓာန ကျ၏။

သမ္မာပညာဆိုသဖြင့် အမှန်သိက ဥပဒေအရ ရှိနေရာကနေ၏။ ရှုကွက်ရှုနေရင်းက. . . 'မှားမျှားနေသလား' သံသယဝင်လာလျှင်လည်း သည်ဆုံးဖြတ်ချက်တို့ဖြင့်ရှုသော် အဖြေပေါ်၏။ 'လိုနေသလား' သံသယဝင်လာလျှင်လည်း သည်သုံးချက်တို့ဖြင့် ရှုကြည့်ကွက်တိပြန်ဖြစ်၏။ 'ပိုနေသလား' သံသယဝင်လျှင်လည်း သည်သုံးချက်တို့ဖြင့်သာ ရှုကြည့်ကွက်တိပြန်ဖြစ်၏။

အနုသယဘူမိနှင့် ပညာဘူမိ အကြား သည်သုံးပါးမှတစ်ပါး အခြားမရှိ။

ဝါနနှင့် နိဝါနတို့အကြား သည်သုံးပါးတို့မှတစ်ပါး အခြားလမ်းမရှိ။

သို့ကြောင့် တစ်လမ်းမောင်း. . . ။

တစ်ဖန်. . . ကမ္မဋ္ဌာန်းအလုပ်အားထုတ်နေရင်းကပင် အသိအမြင် ရှေ့မတိုးနောက်မဆုတ် ငုတ်တုတ်အဖြစ် ဖြင့်တွေနေတတ်၏။ ယင်းကို ငုတ်တုတ်တိုင် အမည်ပေးကြ၏။ ယင်းမှာ. . . တစ်ဖက် ခုခံအားက ပြင်းထန်နေခြင်းကြောင့်လည်း ဖြစ်နိုင်၏။ သတိ၊ ဝိရိယထိုးဖောက်အားညံ့နေခြင်းလည်း ဖြစ်နိုင်

www.burmeseclassic.com

www.burmeseclassic.com

နေရာမှ. . . ရုပ်၊ နာမ် ကွဲကြောင်းကျိုးသိ လက္ခဏာမြင်. . . နောက်ဆုံး မဂ်ဝင် ဖိုလ်ဝင် နိဗ္ဗာန်ဝင် ဝင်လိုခဲ့လျှင်လည်း ဝိရိယ၊ သတိ၊ အသိမှတစ်ပါး အခြားလမ်းမရှိ။

သူတို့သုံးဦးနောက်၌ မဂ္ဂင်အားလုံး စုံရုံးလိုက်ပါနေ၏။ ဈာန်၊ ဗိုလ်၊ ဣန္ဒြေ၊ ဗောဇ္ဈင်များလည်း စုံရုံးလိုက်ပါနေကြ၏။ သီလ၊ သမာဓိ၊ ပညာနှင့် ဣဒ္ဓိပါဒ်များလည်း ပါဝင်နေ၏။

သို့ကြောင့် ယင်းတို့သည် တစ်လမ်းမောင်း. . . ။

ဝိရိယ၊ သတိ၊ အသိမှ တစ်ပါးအခြားလမ်း မရှိ။

သဏ္ဌာန် ဝိသုဒ္ဓိယာ . . . သည် သူတို့ကို ညွှန်း၏။

သည့်အတူ. . .

သောက ပရိဒေဝါနံ သမတိက္ကမာယ၊

ဒုက္ခ ဒေါမနဿနံ အတ္ထင်္ဂမာယ၊

ဉာဏဿ အဓိဂမာယ၊နိဗ္ဗာနဿ သစ္ဆိကရိယာယ. . . ။

ထိုအားလုံးလည်း သည်သုံးဦးတို့ကိုပင် လက်ညှိုးထိုးပြနေကြသည်။

သင်သည်. . . ဓာတ်ဉာဉ်ခိုးများဖြစ်ကြသော ရာဂ၊ ဒေါသ၊ မောဟမှိုင်းများ၏အညစ်အကြေးမှ ကင်းဝေးစင်ကြယ်လိုလျှင် လည်းကောင်း၊ စိုးရိမ်ပူဆွေးငိုကြွေးခြင်းများကို ကျော်လွှားလိုလျှင် လည်းကောင်း၊ ကိုယ်နှာစိတ်နာထိုနှစ်ဖြာတို့ချုပ်ငြိမ်းစေလိုလျှင် လည်းကောင်း၊ မဂ်၊ ဖိုလ်ဉာဏ် ကေန်ရလိုလျှင် လည်းကောင်း ဘဝဇာတ်သိမ်းခန်းအားလုံးမှ အငြိမ်းရရာသို့ မျက်မှောက်ပြုလိုလျှင် လည်းကောင်း ဤဝိရိယ၊ သတိ၊ အသိတို့ကိုသာ အားကိုးလေ. . . ။

သင်းသတ်၊ ကိုင်းချိုင်၊ အပင်လှဲ၊ အမြစ်နုတ်တို့ဖြင့် ဘဝပင်စည် အနုသယအလီလီတို့ကို ဖြုတ်ပယ်လိုသူများ. . . ထို သုံးပါးတို့မှတစ်ပါး အခြားရွေးစရာလမ်းမရှိ။

ထို သုံးပါးတို့ကပင် အမှုစုံ အကုန်စစ်မေးပေး၏။

ထိုသုံးပါးတို့ကပင် အမှုရှင် အကုန်သုတ်သင်ပေး၏။

ထို သုံးပါးတို့ကပင် မရှိရာမှလာသူ မရှိရာ ပြန်ပို့ပေးကြ၏။

ဤ၌ ထိုသုံးပါးတို့အကြောင်းထပ်ဆောင်းပြဦးမည်။ 'သတိသည် လမ်းဖောက်၊ အသိသည် လမ်းလျှောက်' . . . သည်စကား စကတည်းက ဆိုခဲ့ပြီ။ ဝိရိယကား သတိနောက်လိုက်ဖြစ်၍ ဤ၌ စာမဖွဲ့လိုတော့ပြီ။ သတိနှင့်အသိ . . . သို့ အခြေနေရှိရာထွင်. . .

သတိသည်သာ ဦးဆောင် ဖြစ်၏။ ဆရာနေရာ၌ ပါဝင်၏။

အသိကား ဆရာထားရာနေစေရာသွားမျှသာ။

သို့ဖြင့် ထိုအသိက ဤအသိနေရာချပေးတော့မည်ဖြစ်ရာ. . .

ပထမသီလခဲယူစေ၏။ သိစိတ်၏ ဝိတိက္ကမလမ်း ဖမ်းပိတ်ပေးထားလိုက်သည်။ ဒုတိယ . . . အာရုံမှန်တစ်ခု ဖန်ဆင်းပေးပြီး ရှိသမျှ စုစည်းပေးထားလိုက်၏။ ပရိယုဋ္ဌာန်လမ်း ဖမ်းပိတ်ပေးရန်အတွက် ဖြစ်၏။

ထိုစဉ်. . . ကိုယ်သို့လာတွေ့သမျှ အာရုံများထဲမှ နှာဝနှင့်လေတို့ ထိရာမှ အတွေ့အာရုံသည် နှာသီးဝရှူသူ၏အာရုံမှန်ပင်ဖြစ်တော့ရာ. . . ထိုအတွေ့အာရုံအား မလွတ်တမ်းသိသိနေစေရန် သတိက ဖန်ဆင်းပေးထားခြင်းသည် အာရုံမှန်ဖန်ဆင်းခြင်းလည်းမည်၏။ စိတ်စုစည်းခြင်းလည်းမည်၏။

အကယ်တိတိ. . . ကိုယ့်ဘက်က နောက်လိုက် ဝိရိယကလည်း အားနည်း၊ သူဘက်နေ ဉာဉ်ကလည်း အားကြီးနေခဲ့လျှင် နှာသီးဝ ပင်တိုင်ထား ပေါ်ရာပေါ်ရာ လိုက်မှတ်သားပေးခြင်းနည်းဖြင့် စိတ်စုစည်း။ ကိုယ်၊ ဝေဒနာ၊ စိတ်၊ ဓမ္မလေးဌာနပေါ်ရာ သွားခွင့်ပေး၍ သူ့ကျေအေးမှ ပင်တိုင်ပြန်အံနေခိုင်း။

ကိုယ့်ဘက်နေ ဝိရိယက အားကြီး. . . ။ သူဘက်ဝင် ဉာဉ်က သာမန်ဆိုခဲ့သော် ထိုဌာနလေးကွက် နှာဝတစ်ချက်တည်းနှင့် ပြီးစီး၏။

နှာဝသည် တစ်ကိုယ်လုံး၏အသက်နေ အညာ။

နှာဝနှင့်လေ အထိတွင် ဝေဒနာသုံးပါး အမြဲကျက်စား။

နှာဝနှင့်လေ အထိတွင် သိဆိုသောစိတ်လည်း ပါပြီးသား။

နှာဝနှင့်လေ အထိတွင် ဓမ္မအားလုံး အဆုံးထိ ရှိပြီးသား။

သို့ကြောင့် တစ်လမ်းမောင်း တစ်ကြောင်းသွား လမ်းညွှန်းသော ဤ၌ ထိုနှာဝရှုကွက် တစ်ကွက်တည်းကိုသာ ပြခဲ့မည်။

ထိုစဉ်. . . မည်သည့်ဌာနက ရှုရှု. . . ဝိရိယ၊ သတိ၊ အသိ သုံးယောက်ပေါင်းမှ လောင်းကျော်ခွင့် ရမည်ကို လည်း တထစ်ချမှတ်ထားခဲ့ဦး။

ကဲ. . . ရှေ့လျှောက်လမ်းဖောက်ကြရအောင်. . . ။

ဝင်ပြီ. . . နှာဝသို့ ပြင်ပလေကတွန်းဖို၍။

ထွက်ပြီ နှာဝသို့ အတွင်းလေကတွန်းကန်၍. . .

ထိုအခိုက် သတိဉာဏ်မနေစေရန် နောက်ကူ ဝိရိယက ကြောင့်ကြအားပို၍ တို့အပေး. . . သတိကလည်း ဝင်၊ ထွက်အတိုင်း မှတ်ချက် ပေးလိုက်ပြီ။ အသိကလည်း ဝင်ဝင်မှန်းသိ၊ ထွက်ထွက်မှန်းသိဖြင့် အသိလုပ်ပေးလိုက်ရသည်။ သို့ဖြင့် ထိုအသိ အခြား မတွေးဖြစ်၊ မပြေးဖြစ်တော့၊

ပစ္စုပ္ပန် အတွေ့ညွှတ်၍ အတွေးလက်လွှတ်ပေးရ၏။

ပရမတ်နောက်ပါ၍ ပညတ်ကွာပေးလိုက်ရ၏။

သည်နည်းဖြင့် သမာဓိ အခြေပြုပေးရ၏။

သည်နည်းဖြင့် သမာဓိ နယ်သစ်ဖွင့်စေရ၏။

သည်နည်းဖြင့် သမာဓိခေတ်ထွန်းသစ်စေရ၏။

ဤ၌ သမာဓိခေတ် ထွန်းသစ်၏ဆိုခြင်းသည် အပွနာ သမာဓိ အဖြစ်တင်စားထားသော စိတ်စုစည်းအားခိုင်မာတောင့်တင်းခြင်းပင် ဖြစ်ရာ. . . သည်နေရာရောက် မဂ်၊ ဖိုလ် နိဗ္ဗာန်တို့၏တံခါးပေါက်ဝ စိတ်နေရာချထားခွင့်ရသွား၏။

သည်နေရာသည် တစ်လမ်းမောင်း၊ တစ်ကြောင်းသွား လမ်း၏အဆုံး. . . စိတ် စုရုံးခွင့် ရသွားပြီ။

ဤကား ငါတို့ပေးခဲ့ချင်သော ဆက်တွဲအမွေ. . . ။

သင်ရိုရိုသေသေ သုံးတတ်၊ သိမ်းတတ်လျှင်. . .

သင့်အတွက်လည်း အကျိုးထူး။

အများအတွက်လည်း အကျိုးထူး။

သာသနာတော်အတွက်လည်း အကျိုးထူး. . . ။

ဤအကျိုးထူးများ ရရှိခံစားရမည်ကို ငါတို့ ရဲရဲတင်းတင်း တာဝန်ခံသည်။

ဝန်ဝါသီ

၁၃၇၃ ခုနှစ်၊

နတ်တော်လဆန်း ၁ ရက်၊

စနေနေ့

မဟာဗောဓိမြင့်ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

မိုးယူဆည်ကြီးတောင်တောရဆရာတော်ဘုရားကြီး

တင်အောင်(စက်မှုတက္ကသိုလ်)
အင်းတော်မြို့နယ်
မိုးယူဆည်ကြီးတောင်တောရဆရာတော်ဘုရားကြီး
ဝါဒပတိတရ

■ ထွန်စက်မောင်းသမားဖြစ်ခဲ့

ငယ်စဉ်ဘဝတွင် မိရိုးဖလာ တောင်သူလယ်ယာလုပ်ငန်း၌ မိဘများနှင့်အတူလုပ်ကိုင်သည်။ အရွယ်ရောက်သည့်အခါ စက်မှုလယ်ယာဦးစီးဌာနတွင် ထွန်စက်မောင်းအဖြစ် အမှုထမ်းသည်။ အင်းတော်မြို့နယ် မန်လည်အုပ်စုတွင် တာဝန်ကျရာ ဝါးဖြူတောင်သူ ဒေါ်ခင်သောင်းနှင့် အိမ်ထောင်ကျသည်။

သားသမီး(၎)ဦးထွန်းကားသည်။

မိုးယူဆည်ကြီးတောင်တောရဆရာတော်၏ ဘွဲ့တော်မှာ ဦးဣန္ဒဝံသ ဖြစ်ပါသည်။ မိုးယူဆည်ကြီးတောင်ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နှင့် (၄)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ မန္တလေး-မြစ်ကြီးနားရထားလမ်းဖြင့်သွားလေလျှင် အင်းတော်ဘူတာမှဆင်းသွားရပါသည်။

■ မွေးဖွားရာဇာတိ

ဆရာတော်လောင်းလွှာ၏ ငယ်မည်မှာ မောင်အောင်သာ ဖြစ်ပါသည်။ မောင်အောင်သာကို အေဒီ ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် (၁၃၀၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၅ ရက်) တနင်္ဂနွေနေ့ နေ့လယ် (၁၂) နာရီ၊ (၅) မိနစ်တွင် ဖွားမြင်သည်။

(မှတ်ချက်။ ။ စာရေးသူ၏ ဖခင် စာရေးဆရာကြီးဦးရန်အောင်က မြန်မာနှစ်နှင့် အင်္ဂလိပ်နှစ်မှာ (၆၃၈) နှစ်ကွာကြောင်း ၁၃၀၀ ပြည့်အရေးတော်ပုံနှင့် ၁၉၃၈ ခုနှစ်ကို ယှဉ်ကာ စာရေးသူအား သင်ကြားပေးခဲ့လေသည်။)

■ ဗန်းမော်မြို့နယ် ချောင်းဝရွာဇာတိ

ခမည်းတော်မှာ ဦးမောင်ဖြူ။ မယ်တော်မှာ ဒေါ်အေးဖြူ ဖြစ်ပါသည်။ မွေးဖွားရာဇာတိမှာ ဗန်းမော်မြို့နယ် ချောင်းဝရွာဖြစ်သည်။ မြစ်ရေတိုက်စား၍ မန်ရေးရွာသို့ ပြောင်းရွှေ့နေထိုင်သည်။

သားသမီးများအရွယ်ရောက်သည့်အခါ ဇနီးအား ခွင့်တောင်းပြီး အေဒီ ၁၉၉၀ ပြည့်နှစ် (၁၃၅၂ ခုနှစ်) တွင် မန်လည်တောင်ကျောင်း စတုတ္ထဆရာတော် ဦးယဉန္ဒရကို ဥပဇ္ဈာယ်ပြု၍ ပဉ္စမဆရာတော် ဦးဉာဏဝံသကို အနုသာသနာ့ဆရာတော်အဖြစ်ထား၍ မြင့်မြတ်သောသာသနာ့ဘောင်ရဟန်းအဖြစ်သို့ရောက်ခဲ့သည်။ ရဟန်းဘောင်သို့ရောက်ရှိချိန်တွင် အသက် (၅၂) နှစ်ရှိပြီ ဖြစ်သည်။

ဘွဲ့တော်မှာ ဦးဣန္ဒဝံသ ဖြစ်ပါသည်။

မန်လည်တောင်ကျောင်းတွင် ရဟန်း (၃) ဝါ ၁၉၉၃ ခုနှစ် (၁၃၅၅ ခုနှစ်) အထိ သီတင်းသုံးခဲ့သည်။ ၎င်းနောက် တရားဓမ္မများရှာဖွေရင်း သီတင်းသုံးခဲ့ပါသည်။

ထို့နောက် ဗန်းမော်မြို့ နမ္မားကျွန်းပင်သာ၌ (၂) ဝါ။ ၁၉၉၅ ခုနှစ် (၁၃၅၇ ခုနှစ်) အထိ သီတင်းသုံးခဲ့လေသည်။

၎င်းနောက် ကသာမြို့သို့ရောက်သွားပြန်သည်။ ၁၉၉၆ ခုနှစ် (၁၃၅၈ ခုနှစ်) အထိ (၁)ဝါမျှကြာခဲ့သည်။ ထိုသို့လှည့်လည်၍ တရားရှာရင်း သီတင်းသုံးခဲ့လေသည်။

၎င်းနောက် မန်လည်တောင်ကျောင်းသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ထိုအခါ မန်လည်တောင်ကျောင်းတွင် ၁၉၉၇ ခုနှစ် (၁၃၅၉ ခုနှစ်) အထိ (၁) ဝါ သီတင်းသုံးခဲ့ပါသည်။

အေဒီ ၁၉၉၈ ခုနှစ် (၁၃၆၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၄ ရက်နေ့) တွင် သစ္စာအောင်တော်မူဘုရားတောင်ရိုး၌ တောရဆောက်တည် သီတင်းသုံးခဲ့ပါသည်။ ထိုနေရာသည် မိုးယူဆည်ကြီးတောင်တော်ပင် ဖြစ်ပါသည်။

မိုးယူတောင်သည်ကား ဆရာတော်၏အောင်မြေဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မိုးယူတောင်သို့ရောက်ရှိ၍ ၂၀၀၀ ပြည့်နှစ် (၁၃၆၂ ခုနှစ်) အထိ (၂) နှစ်တာကာလမျှ တရားအားထုတ်သောအခါ မိုးယူတောင်ဆရာတော်သည် ဟိုးလေးတကျော်ဖြစ်လာပါသည်။ ကြည်ညိုပူဇော်သူလည်းများလာသည်။

မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တို့၏ ဘုံးစံလိုဖြစ်နေသော တရားရနံ့ကိုရလျှင် အလွန်အနံ့ခံကောင်းကြသည်ဟုဆိုလျှင် ရုတ်တရက်အားဖြင့် မယုံကျေးရာရောက်ကောင်းရောက်နိုင်ပါပေသည်။ သို့သော်လည်း တကယ့်ကိုအမှန်ဖြစ်ပါသည်။ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ၏ကောင်းသတင်းရနံ့ကို ရောက်ရာအရပ်

www.burmeseclassic.com

www.burmeseclassic.com

မှာပင် သတင်းပေးသတင်းယူကြလျက် နေတတ်ကြသော ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်ဖြစ်ရသည်မှာ အလွန်ပင်ကုသိုလ်ထူးကြသည်။ ကံကြီးကြပေသည်။

အေဒီ ၂၀၀၀ ပြည့်နှစ် (၁၃၆၂ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်) တနလာနေ့ နေ့လယ် (၁၂) နာရီအချိန်ကစ၍ အကျော်တစောရှိလာလေ၏။ ထို့ကြောင့် ထိုနှစ်၊ ထိုလ၊ ထိုနေ့၊ ထိုနာရီ၊ ထိုအချိန်သည် မိုးယူဆရာတော်ကြီး တရားထူးတရားမြတ်များရသောအချိန်ဖြစ်မလားဟု အချို့ကလည်း တွေးတောပြောဆိုကြလေသည်။

ဤသို့ဖြင့် နေ့စဉ်မပြတ် လူအလွန်စည်ကားလာခဲ့ပါသည်။ထို့ကြောင့်လည်း ဆရာတော်သည် အောင်တော်မူဘုရား၏ တောင်ဘက်သို့ ပြောင်းရွှေ့သွားလေတော့သည်။ ထိုနေရာသည်လည်း မိုးယူဆည်ကြီးအထက်ပိုင်း ဖြစ်ပါသည်။ ချောင်းကမ်းပါး၏အထက်ပိုင်းတွင်ရှိသောနေရာသို့ ပြောင်းရွှေ့သီတင်းသုံးခြင်းဖြစ်ပါသည်။ ဒုတိယကျောင်းသခ်မ်းဖြစ်သည်ဟုဆိုရပါတော့မည်။

ဆရာတော်သည် ကိုယ်တော်တိုင် ဆွမ်းခံကြွသည်။ ရွာများသို့ အလှည့်ကျ ဆွမ်းခံကြွခြင်းဖြင့် ဖူးမြော်သူများကို အဆင်ပြေစေသည်။ ဆရာတော်ဆွမ်းခံကြွသည့်ရွာများမှာ မိုးယူအောက်ကျင်းရွာ၊ မိုးယူတောင်ပေါ်ကုန်းရွာ၊ နောင်ရင်းကျေးကလေးရွာ၊ တောင်းကုန်းရွာ၊ ကျော်ရွာ၊ နားနောင်ရွာဟူသောရွာများဖြစ်ကြသည်။ ဤသို့ဖြင့် ဆရာတော်သည် တစ်နေ့တစ်ရွာ အလှည့်ကျဆွမ်းခံကြွတော်မူပါသည်။ သို့သော်လည်း တစ်ခါတစ်ရံတွင် အင်းတော်မြို့ပေါ်အထိ ဆွမ်းခံကြွတော်မူလေသည်။

■ မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၏ ဥပနိဿယအတိုင်းကျင့်ကြံခြင်း

ဆွမ်းခံကြွသည့်အခါမှာလည်း ရောက်ရာအရပ်တွင် ဝိပဿနာတရားများကို ဟောပြောပြသလေသည်။ မိုးယူဆရာတော်ကြီးဟောပြသောတရားများမှာ ရဟန္တာအရှင်မြတ်ကြီးဖြစ်သော မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၏ ဥပနိဿယအတိုင်းဖြစ်လေသည်။ ဤသို့ဖြင့် မိုးယူဆရာတော်ကြီး၏တရားတော်ကိုနာယူကြသောပရိသတ်တို့မှာ အင်းတော်မြို့ပေါ်မှာ အုန်းအုန်းကျွက်ကျွက်ရှိလာကြသည်။

ဆရာတော်ကြီးသည် အေဒီ ၂၀၀၀ ပြည့်နှစ် (၁၃၆၂ ခုနှစ်) သို့ရောက်သည့် ဝါတွင်းကာလမှစ၍ နေ့တိုင်းညတိုင်း၊ နေ့စဉ်ညစဉ်ပင် တရားပြသခဲ့လေသည်။ သို့နှင့် (၂)နှစ်တာကြာသွားလေသည်။

အေဒီ ၂၀၀၂ ခုနှစ် (၁၃၆၄ ခုနှစ်) သို့ရောက်သောအခါ မဟာသက္ကိန်အချိန်ကာလများတွင်ပင်လျှင် (၇) ရက်တရားစခန်းများကို စတင်ဖွင့်လှစ်ခဲ့သည်။ ဥပုသ်ရက်များတွင် လေးကြိမ်တရားပြလေသည်။

ထို့နောက် အေဒီ ၂၀၀၃ ခုနှစ် (၁၃၆၅ ခုနှစ်) သို့ရောက်သောအခါ တစ်နေ့လျှင် (၂) ကြိမ်သာ တရားဟောတရားပြလေသည်။

အေဒီ ၁၉၉၀ ပြည့်နှစ်မှစတင်၍ ရဟန်းဘဝသို့ရောက်သဖြင့် အေဒီ ၂၀၀၃ ခုနှစ်တွင် ရဟန်းဝါ(၁၃)ဝါမျှသာရှိပါသေးသည်။ သို့သော်လည်း အေဒီ ၂၀၀၄ ခုနှစ် (၁၃၆၆ ခုနှစ်)သို့ရောက်လာသောအခါ ဆရာတော်၏အနေအထားများမှာ သိသိသာသာပြောင်းလဲလာကြောင်း အနီးနေတပည့်ရင်းများက ပြောကြားကြပါသည်။

ဆရာတော်ကြီး နောက်ဆုံး ထိုတရားဟောပြောခဲ့သောနေ့မှာ ထိုအေဒီ ၂၀၀၄ ခုနှစ် (၁၃၆၆ ခု၊ တပို့တွဲလပြည့်နေ့နှင့် လပြည့်ကျော် (၁)ရက်နေ့) ဖြစ်ကြောင်းသိရပါသည်။ ထိုနေ့က မှတ်မှတ်ရရအားဖြင့် ထူးထူးခြားခြားစကားတစ်ခွန်းဟောကြားခဲ့ပါသည်။

ထိုစကားမှာ ဆရာတော်အမြဲသုံးသောစကားဖြစ်သည်။ ထိုစကားထူးမှာ 'ခြားနားသည်' ဟူသော စကားကလေးဖြစ်ပါသည်။ ထို့နောက်ပိုင်းတွင်ကား အခြေအနေများထူးခြားပြောင်းလဲလာပါသည်။

ထိုစဉ်က ယောဂီတို့သည် ဆရာတော်ကြီးအား အုန်းရည်များကပ်ကြသည်။သို့သော်လည်း ထိုနေ့က အုန်းသီးကိုခွဲပြီးနောက် အုန်းရည်မှာမကောင်းဟုထင်သဖြင့် ကပ်လှူခြင်းမပြုချေ။

ထိုနေ့တွင် ဆရာတော်က -

"ငါ့ကိုကပ်ရင်အုန်းရည်တစ်ပိဿာခွဲခန့်ရမှသာကပ်ရမယ်။ ဒီတပေါင်းလမှာ ဒီထက်လူတွေနှစ်ဆမကလာလိမ့်ဦးမယ်။ စည်ကားလိမ့်ဦးမယ်။ ဒီလိုဆိုရင် မင်းတို့ထမင်းကျွေးနိုင်ကြမလား။ အေး-ဒီတပေါင်းလမှာ ငါတရားမဟောတော့ဘူး။ လူချင်းပဲဟောရတော့မယ်"

ဟူ၍ မိန့်တော်မူပါသည်။

ထင်းနောက်လည်း -

"နဂါးကြီးရေမချတာ (၃)ရက်ရှိပြီ။ မင်းတို့လည်းပြန်ကြပေတော့၊ ရေချပြီး နဂါးကြီးအိုးလွှင့်ဦးမယ်"

စသည်ဖြင့် အထူးအဆန်းတွေ မိန့်တော်မူပါသည်။

သို့သော်လည်း တပည့်များကဘာဆိုလိုမှန်းမသိ။ ဘာမှလည်းရိပ်စားမိခဲ့ခြင်းမရှိဟုသိရသည်။ နောင်သောအခါမှာ ပြန်လည်စဉ်းစား၍ပြောဆိုကြသည်မှာ ထိုစကားများသည် မိမိခန္ဓာဝန်ချတော့မည့်အကြောင်းတရားနိမိတ်ပုံများတင်စားခြင်းဖြစ်ကောင်းဖြစ်နိုင်သည်ဟုပြောဆိုကြပါသည်၊

ထို ၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်နေ့တွင် ဆရာတော်သည် မကျန်းမမာဖြစ်လာသည်။ ဆေးတိုက်သော်လည်း လက်ခံခြင်းမရှိပေ။

ထို ၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ စနေနေ့ ညနေ(၆)နာရီလောက်တွင် တောရဆောက်တည်သည့်ကျောင်း၏ခေါင်မိုးပေါ်မှ မီးခိုးတန်းကြီးထွက်သွားသည်ကို လူများစွာတို့တွေ့မြင်ကြရသည်။

ထို ၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် အင်္ဂါနေ့နံနက် (၉)နာရီတွင် ဆရာတော်ကြီးမိန့်တော်မူခဲ့သောစကားကြီးမှာ 'ငါလွတ်တော့မယ်' ဟူ၍ဖြစ်ပါသည်။

တပည့်များက အဓိပ္ပာယ်ကို အသေအချာမသိကြပါ။ သို့သော်လည်း ထိုနေ့ည(၉)နာရီတွင်ကား အဓိပ္ပာယ်သိကြပါတော့သည်။ အဘယ်ကြောင့်ဆိုသော် ထိုနေ့ည (၉) နာရီ (၇)မိနစ်တွင် မိုးယူဆရာတော်ကြီးသည် တစ်ဘဝသံသရာချုပ်ငြိမ်း၍ ခန္ဓာဝန်ချတော်မူသောကြောင့် ဖြစ်ပါသည်။

၁၃၆၆ ခုနှစ်၊ တပို့တွဲလကွယ်နေ့ ညနေ (၄) နာရီတွင် ဆရာတော်၏ရုပ်ကလာပ်တော်ကို မူလတောကျောင်းဓမ္မာရုံအနီး စံကျောင်းတော်သို့ ပင့်ဆောင်တော်မူခဲ့ကြလေသည်။

■ နဖူးသွေးကြောများရှင်နေခြင်း

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို (၇) ရက်တိုင်တိုင်ထားသော်လည်း အနှံ့ထွက်ခြင်းလုံးဝမရှိပါ။ အနီးကပ်ဖူးရသူတို့၏ပြောကြားချက်အရ နဖူးတော်တွင် သွေးကြောကြီးနှစ်ခုကိုမြင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ဘေးတွင် စိုက်ထူထားသော ဌက်ပျောပင်များသည် (၇) ရက်လုံးလုံး ညှိုးနွမ်းခြင်းမရှိချေ။

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ တနလာနေ့၊ ညနေ (၄) နာရီတွင် ရုပ်ကလာပ်တော်ကို မီးလောင်တိုက်သို့ပင့်ဆောင်ကြသည်။ ၎င်းနောက် ညနေ (၄) နာရီ မိနစ် (၃၀) တွင် မီးသင်္ဂြိဟ်ကြပါသည်။ (၁၀)မိနစ်ခန့်ကြာသောအခါ ထူးဆန်းသောရောင်ခြည်တော်တို့သည် ဦးခေါင်းတော်မှဖြာ၍ဖြာ၍ထွက်လာလေသည်။

ရောင်ခြည်တော်များသည် ရောင်စုံဖြာလျက် သစ်ပင်များကြားကွန့်မြူးပြီးနောက် နေမင်းရှိရာ အာကာသသို့တက်သွားပြီးလျှင် ရောင်ခြည်တော်များနှင့်တကွ ရုပ်ပုံတော်များဖြစ်သွားသည်ကို လူများဖူးတွေ့ကြသည်။

၎င်းနောက် တပေါင်းလဆန်း ၆ ရက်၊ အင်္ဂါနေ့ နံနက် (၅) နာရီတွင် မိုးများသည်းထန်စွာရွာသွန်းလေသည်။

ထို့ကြောင့်ပင်လျှင် ကြွင်းကျန်ရစ်ခဲ့သော ဓာတ်တော်များဖြစ်ကြသော အရိုးတော်၊ သွားတော်၊ စွယ်တော်၊ အံတော်များကိုရေဆေးပြီးသားကောက်ယူပူဇော်နိုင်ပါတော့သည်။

ထိုအရိုးတော်၊ သွားတော်တို့မှာလည်း ခရမ်းရောင်ရောင်ခြည်တန်းများဖြစ်ပေါ်နေကြောင်း တွေ့ရပါသည်။

၎င်းနောက် ကောက်ယူရရှိသော စွယ်တော်၊ အရိုးတော်၊ သွားတော်တို့ကို သပိတ်ကြီးထဲထည့်ရာ ဓာတ်တော်အပြည့်ရပါသည်။ ထိုသပိတ်တော် ဓာတ်တော်တို့ကို မှတ်တမ်းတင်သောအခါ သပိတ်တော်အနီးတွင် နေလုံးသဏ္ဌာန် အလင်းရောင်အဝိုင်းကြီးဖြစ်ပေါ်တည်ရှိနေကြောင်း တွေ့ရှိကြရပါသည်။

ကောက်ယူရရှိသောသွားတော်မှာ (၂၉) ချောင်းရှိပါသည်။ အုန်းရည်ဖြင့်ဆေးကြောသောအခါ လက်ဖဝါးပေါ်တွင် ရောင်ခြည်များဖြာထွက်လျက်ရှိကြောင်း တွေ့ကြရပါသည်။

ဆရာတော်ကြီးရုပ်ကလာပ်ကို မီးသင်္ဂြိဟ်သောအခါ မျက်မှောက်အထင်အရှားရှိကြသော ဆရာတော်များမှာ လယ်ပြင်ဆရာတော်ကြီးဦးပညာသာမိ၊ ရွာဟောင်းဆရာတော်၊ နန့်ကင်းဆရာတော်၊ နားခါးဆရာတော်၊ နားနောင်ဆရာတော်ဦးပဉ္ဇာနန္ဒ၊ မိုးယူဆရာတော် ဦးသုမန၊ ဦးကိတ္တိနှင့် ဦးဇဋိလ၊ ရေတွင်းကုန်းဆရာတော်တို့ ဖြစ်ကြလေသည်။

ဆရာတော်ကြီးခန္ဓာဝန်ချပြီးသောအခါမှာ တွေ့ရသည့် ဒိုင်ယာရီထဲတွင်ကား ပိုမိုကြည်ညိုဖွယ်ရာများပါလေသည်။ ဆရာတော်ကြီး၏လက်ရေးမူဖြင့် ရေးထားသောစာသားများဖြစ်လေသည်။

ဖတ်ကြည့်ပါက -

၁။ ၁၃၆၁ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉၊ ၁၀၊ ၁၁ ရက် (၃၁) ဘုံဝင်္ဂ ဒုက္ခ၌ ဉာဏ်အမြင်ရှင်းလင်းသည်။

၂။ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့ ရုပ်နာမ်နှစ်ပါး အတွင်းအပြင်၌ အဟောင်းချုပ်၍အသစ်မြင်ကြောင်း၊ သုညဓာတ်သဘာဝသာတွေ့သည်။ ခန္ဓာသမုဒယတွယ်တာမှုကင်းသည်။ ဉာဏ်မြင့်သည်။

၃။ သီတင်းကျွတ်လဆန်း ၁၂ ရက် ညဥ့်၌ သစ္စာရှင်းလင်းသည်။ ခန္ဓာကင်းချုပ်သည်။

ဆရာတော်ခန္ဓာဝန်မချမီက မိန့်ခဲ့ဖူးသည်မှာ -

"လေးသစ္စာအောင်တော်မူဘုရား၊ တောင်ရိုးအရောက်မှ သစ္စာဉာဏ်လမ်းကြောင်း မှတ်သားခဲ့ရပါသည်"

ဟူ၍ဖြစ်ပါသည်။

■ အထူးအဆန်းကျောက်ခဲပုံစေတီလေးများ ရာထောင်

ဆရာတော်ကြီးတရားအားထုတ်ခဲ့ရာ တောတောင်ပတ်ဝန်းကျင်တွင် အထူးအဆန်းများနှင့်ပြည့်နေလေသည်။ တောတောင်အနှံ့တွင် အထူးခြားဆုံးမှာ ဉာဏ်တော်တစ်ပေခွဲခန့် စေတီငယ်လေးများ ဖြစ်သည်။ ထိုစေတီငယ်ကလေးများမှာ ထိုအနီးအနားတစ်ဝိုက်တွင် အဆူပေါင်းရာနှင့်ချီ၍ရှိလိမ့်မည်။ ပို၍ထူးခြားသည်မှာ ဆရာတော်ကြီး၏ ကျောင်းသခင်မ်းအနီး ချောင်းရိုးအတွင်း ရေကသိုက်ရှာရာနေရာ၌ ကျောက်ပုံစေတီငယ်များ ရာနှင့်ချီ၍ရှိနေသည်။ ချောင်းထဲရေဆင်းသောက်ကြသော ကျွဲနွားများ တိုက်လဲ့သွားခြင်းမရှိ။ ယင်းကျောက်ပုံစေတီလေးများကိုရှောင်ကွင်း၍သွားကြသည်။

ဉာဏ်တော်တစ်ပေခွဲခန့်စေတီငယ်များတည်နေပုံမှာ အဆင့်ဆင့်ကျောက်ခဲလေးများစီထားသည်။အပေါ်ဆုံးဒုတိယကျောက်ခဲမှာ အောက်တတိယကျောက်ခဲအထက်မှာ ဒေါင်လိုက်ထပ်ထားသည်။

ကျောက်ခဲနှစ်ခုထိချက်မှာ မြေပဲဆန်အစေ့လောက်သာရှိ၍ ထိချက်အလယ်မှာလွတ်နေပြန်သည်။ ဘေးနှစ်ဖက်တွင် အင်မတန်သေးငယ်သည့်ထိချက်လေးနှင့်သာရပ်တည်လျက်ရှိသည်။သူ့အပေါ်တွင် ထီးသဖွယ် ကျောက်ခဲအသေးလေးတစ်လုံးတင်ထားပြန်သည်။ သာမန်ပုဂ္ဂိုလ်များတည်ထားခြင်းမဟုတ်သည်မှာ ထင်ရှားလှပေသည်။

ဆရာတော်ဘုရားကြီး၏ကျန်ရှိခဲ့သောဓာတ်တော်များအား ဓာတ်ပေါင်းစုံလွမ်းစေတီအဖြစ် ၁၃၆၆ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်၊ နံနက် (၉) နာရီတွင် စတင်အုတ်မြစ်ချတည်ထားလေသည်။

တင်အောင်(စက်မှုတက္ကသိုလ်)

(ဤဆောင်းပါးဖြင့် မိုးယူဆည်တောင်ဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်အား ဦးခိုက်လျက်)

ကျမ်းကိုး -

၁။ မိုးယူဆည်ကြီးတောင်ဆရာတော်ဦးဣန္ဒာဝံသ ပုံလွန်တော်မူ၍ မီးသင်္ဂြိဟ်ရာမှ ရောင်ခြည်တော်များ ထူးဆန်းအံ့ဩဖွယ် ကွန့်မြူးခြင်း
(ကျောင်းတော်ရာမောင်လှ၊ သူရဋ္ဌ မဂ္ဂဇင်း၊ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ)

၂။ အင်းတော်မြို့နယ် မိုးယူဆည်ကြီးတောရဆရာတော်ဦးဣန္ဒာဝံသ (မောင်ဗဟိန်း-အင်းတော်၊နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ)

၃။ မိုးယူဆည်ကြီးတောရဆရာတော်ဦးဣန္ဒာဝံသ (ကိုမင်း-အင်းတော်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ)

၄။ မြန်မာနိုင်ငံရဟန္တာနှင့်ရဟန်းထူးများ (ပထမတွဲ)
(မောင်ပန်းမွှေး-ပြုစုသည်)

၅။ သာသနာ့တန်ဆောင်ဆရာတော်ကြီးများနှင့် အံ့မခန်းဖြစ်ရပ်ဆန်းများ
(တင်အောင်သွင်)
(တိုးထက် စီစဉ်၍ ရန်အောင်မာပေမှ ထုတ်ဝေသည်။)

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၅ ခုနှစ် နှစ်ဦးပိုင်းအချိန်။ နိုင်ငံ့ဝန်ထမ်း အရာရှိပေါက်စ စာရေးသူဟာ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်မှာ ဌာနဆိုင်ရာတာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။ အဲဒီကာလ ပုလောမြို့နယ်အနေနဲ့ ငြိမ်းချမ်းမှုအပြည့်အဝမရှိသေးတာကြောင့် သွားရေးလာရေးအဆင်မပြေပါဘူး။ ဟိုရွာဝင်ဒီရွာထွက်တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းသတင်းများကြောင့် လုံခြုံရေးကန့်သတ်နယ်မြေပြင်ပသွားလာမယ်ဆိုရင် မိမိအစီအစဉ်အရမဟုတ်ဘဲ အာဏာပိုင်များထံခွင့်ပြုချက်ရယူပြီး လုံခြုံရေးယာဉ်တန်းနဲ့သွားလာရပါတယ်။လုပ်ငန်းလိုအပ်ချက်အရ စာရေးသူဟာ ခရိုင်မြို့ဖြစ်တဲ့ မြိတ်သို့ ရေလမ်း၊ ကုန်းလမ်းအလှည့်သင့်သလို အခက်အခဲများအကြားမှ မကြာမကြာခရီးသွားရလေ့ရှိပါတယ်။

ဒီလို မြိတ်နဲ့ ပုလောကူးချည်သန်းချည်သွားလာရင်းက မြို့နှစ်မြို့ရဲ့ကားလမ်းပိုင်းရှိ မြိတ်မြို့နယ်အပိုင် သမုတ်ကျေးရွာအုပ်စုမှာ အလောင်းဘုရားရွာနဲ့ အောင်ဇေယျရွာဆိုတဲ့ ရွာငယ်လေးနှစ်ရွာဆက်စပ်တည်ရှိနေတာကို သတိပြုမိပါတယ်။ အိမ်ခြေမများပါဘူး။ အလွန်ဆုံးရှိ (၂၅/၃၀) လောက်ပါပဲ။ ဒါနဲ့ စိတ်ဝင်စားလို့မေးမြန်းကြည့်တော့ ဒီရွာငယ်လေးနှစ်ရွာဟာ အလောင်းဘုရားတောင်လို့ခေါ်တဲ့ တောင်ခြေရှိရွာတွေဖြစ်ကြောင်း၊ တောင်ပေါ်မှာ စေတီပျက်ကြီးတစ်ဆူလည်းရှိကြောင်း၊ အလောင်းမင်းတရားကြီး ရှမ်းပြည်(ယိုးဒယား)စစ်ချီလာစဉ်က ဒီတောင်ပေါ်ဘုရားတည်ထားရစ်ခဲ့တာလို့ ဒေသခံတွေအစဉ်အဆက်ယုံကြည်ကြောင်း၊ အလောင်းမင်းတရားရဲ့မက်တစ်ဦးကျန်ရစ်ခဲ့ရာကနေ မျိုးနွယ်ဆက်များရှိသေးကြောင်း၊ အဲဒါကြောင့်မို့ အလောင်းဘုရားရွာ၊ အောင်ဇေယျရွာ၊ အလောင်းဘုရားတောင်၊ အလောင်းဘုရားစေတီတွင်နေကြောင်း စာရေးသူ စပ်စပ်စုစု သိရှိမှတ်သားခဲ့ရပါတယ်။

မောင်စိမ်းထွေး(ထားဝယ်)

ထားဝယ်သမိုင်းတင် သာဂရခေတ်ဦးမှ

ကြက်ဦးတွန်စေတီနှင့်မယ်ဇောစေတီ



ဖိုးရွှမ်းကမ်းခြေဘုရား



အနီးကပ် ဖူးမြော်စဉ်



ဘုရားကုန်းတော်ပေါ်

www.burmeseclassic.com

www.burmeseclassic.com

အဝေးမှ ဖူးမြော်ရုပ်



တဝဂ္ဂ

စောင်းတန်းတော်ကြီး



နဂိုးထေးကောင်ခံ တံခွန်တိုင်တော်

ကုန်းတော်အတက်

ဒီအကြောင်းအရာတွေကို မေ့မေ့ပျောက်ပျောက် (၂၃) နှစ်ကြာပြီးတဲ့နောက်မှာ အကြောင်းတိုက်ဆိုင်လာတော့ စာရေးသူရင်ထဲမှာ အတွေးတွေတဝေဝေတရိပ်ရိပ်နဲ့တိုးဝင်လာပါတယ်။ (စာရေးသူတစ်ဦးရဲ့ စိတ်နေစိတ်ထားထင်ပါရဲ့)တိုက်ရိုက်မဟုတ်ပေမယ့်လည်း ရိုးရိုးလေးအမှတ်သညာမှသည် စိတ်ခရီးတသီတတန်းနောက်ဝယ် အလောင်းမင်းတရားကြီးရဲ့ ခြေရာတစ်စွန်းတစ်စနဲ့ ပတ်သက်နေတာ သွားတွေ့ရလို့ပါ။

စာရေးသူဟာ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားယူပြီးနောက် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းတစ်ခုမှာလုပ်ကိုင်ရင်းတစ်ဖက်မှာ ဝါသနာပါရာ စာတိုပေစရေးသားနေသူဖြစ်ပါတယ်။ ၁၁-၃-၂၀၁၈ တနင်္ဂနွေနေ့ စာရေးသူတို့ရုံးဝန်ထမ်းများလုပ်ငန်းကိစ္စနဲ့ဆက်နွယ်လို့ ပုဂံဒေသမြို့ရောက်ရှိပါတယ်။ ကိစ္စဝိစ္စပြီး ညမင်းစားတော့ နေလယ်(၁၁)နာရီခွဲလို့ ဘယ်သူက

www.burmeseclassic.com

www.burmeseclassic.com

ချွန်တွန်းလိုက်သည်မသိ ဖိုးရှမ်းတမ်းခြေသွားကြမတဲ့။ ဝန်ထမ်းတွေစုရုံးစုရုံးလာပြောကြတယ်။ ပုလော - ထားဝယ်ခရီး မိုင် (၁၀၀) ကားမောင်းချိန် (၄)နာရီကို တွက်ဆပြီး စာရေးသူလည်း ရုံးဝန်ထမ်းများအလိုကိုဖြည့်ပေးရတော့တယ်။

သံကူကွန်ကရစ်ပုလောတံတားကြီး ထိပ်မှ အနောက်စူးစူးချိုးလိုက်ရင်ပဲ ရှပ်ပုံရွာသွားလမ်းဆိုတာ ဟိုတုန်းကတည်းက မှတ်မိပါတယ်။ ရှပ်ပုံကျော်ပြီး အသစ်ဖောက်လမ်းအတိုင်း ပင်လယ်ဘက်ဆက်ဆင်းရင် ဖိုးရှမ်းကမ်းခြေရောက်တယ်လို့ ကားဆရာကပြောတယ်။ တံတားထိပ်ကနေ (၆) မိုင်လောက် ဝေးတယ်လို့ လည်းသိရတယ်။ ရှပ်ပုံက ရွာကြီးပါ။ အိမ်ခြေထူတယ်။ အရင်ရော အခုပါ စည်စည်ကားကားရှိတယ်။ ရှပ်ပုံရွာထဲကိုရောက်တော့ ညီအစ်ကိုလိုခင်တဲ့ ကိုတင်ဆန်း (ပညာရေး)အား သတိရမိတယ်။ အချိန်မရတော့လို့ ဝင်နှုတ်ဆက်မဖြစ်တော့ဘူး။

"ဟိုမြင်ရတဲ့မော်ထိပ်တောင်ကို ကျော်ရင်ရောက်ပြီ"

ရှည်မျောမျောသဏ္ဌာန်တောင်ကို ကားဆရာက လက်ညှိုးထိုးပြပါတယ်။ တောင်ခြေရှိ သမုတ်တောင်ရွာကိုပတ်ပြီး တောင်ကြားလမ်းကိုဖြတ်ဝင်တဲ့အခါမှာ အတက်အဆင်းနေရာအချို့၌ ကားဘီးလမ်းကို ကွန်ကရစ်ခင်းထားတာတွေ့ရတယ်။ ကား၊ ဆိုင်ကယ်သွားလာရတာ အဆင်ပြေအောင်ပေါ့။ ဒီနေရာမှာ ကြားဖြတ်ပြောချင်တာတစ်ခုရှိပါတယ်။ စာရေးသူ မှတ်သားထားတဲ့ မြိတ်-ပုလောအကြား သမုတ်ရွာနဲ့ အခုရောက်နေတဲ့ သမုတ်တောင်ရွာဆိုတာပါ။ သမုတ်ရွာနဲ့ သမုတ်တောင်ရွာနှစ်ရွာဟာ တောင်နဲ့မြောက်တစ်နေရာစီဆိုပေမယ့် နာမည်ဆင်တူနေလို့ မျက်စိလည်စရာဖြစ်တယ်။ ကပ္ပလီပင်လယ်ကမ်းရိုးတန်းတစ်နေရာ မော်ထိပ်တောင်ခြေရင်း ကွမ်းခြံ၊ အုန်းခြံ၊ ဥယျာဉ်ခြံစိမ်းစိမ်းစိုစိုနဲ့ သမုတ်တောင်ရွာဟာ ပုလောမြို့နယ် ရှပ်ပုံကျေးရွာအုပ်စုမှာ တည်ရှိပါတယ်။

ဖိုးရှမ်းကမ်းခြေရောက်ပါပြီ။

အားလပ်ရက် တနင်္ဂနွေနေ့ဖြစ်လို့ လာသူသွားသူ အတော်များပါတယ်။ ကားတွေ၊ ဆိုင်ကယ်တွေတဖွဲဖွဲရောက်လာတယ်။ (၂)ဖာလုံသာသာ ကမ်းခြေလေးပါ။ သောင်ပြင်လည်း သိပ်မကျယ်လှပါဘူး။ သူအရပ်နဲ့ သူဇာတ်ပဲပေါ့။ အထည်ဆိုင်၊ စားသောက်ဆိုင်၊ ဒေသ



သစ်သားတံတားအေား မြင်တွေ့ရပုံ



ဘုရားကုန်းတော်မှ ပင်လယ်ရှုခင်း

ကမ်းခြေရှုခင်းတစ်နေရာ

www.burmeseclassic.com

www.burmeseclassic.com

ဖိုးရွှမ်းကမ်းခြေသဘာဝအလှ



ကုန်းတော်အောက်ခြေ ထူသွားလမ်းကလေး



ကုန်းတော်ပေါ်မှ မြင်ကွင်းတစ်ခု

ထွက်ပစ္စည်းရောင်းဆိုင်၊ အအေးဆိုင် များစုံရှိတယ်။ ခရုကမာအရုပ်ကလေးတွေ ရောင်းတာလည်းတွေ့ရတယ်။ နေရှိန် ပြင်းလို့ထင်ပါရဲ့။ ရေကူးရေစိမ်သူနည်း တယ်။ စာရေးသူတို့ ရုံးဝန်ထမ်းများက တော့ သစ်ရိပ်အောက် သစ်သားခုံဝိုင်း ပေါ်ထိုင်၊ အုန်းစိမ်းရည်သောက်၊ ပင်လယ် လေညင်းခံတာသဘောတွေ့နေကြတယ်။

"ယနေ့ ပြုလုပ် လှူဒါန်းရသော ကောင်းမှုကုသိုလ်သည် နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်ပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ကောင်းကျိုး မင်္ဂလာအဖြာဖြာ ပြည့်စုံနိုင်ကြပါစေ"

အသံချဲ့စက်အသံလာရာလှမ်း ကြည့်လိုက်တော့ ပင်လယ်နီးနေဒေသ သားတို့အခေါ် 'မော်' ဆိုတဲ့ ကမ်းခြေ အပြင်ဘက်စွန်းစွန်းတိုးထွက်တည်ရာ ကုန်းကမ္ဘပေါ် ဘုရားစေတီတစ်ဆူ။ အအေးဆိုင်အရောင်းသမလေးက ဖိုးရှမ်း ကမ်းခြေဘုရား ဘက်စုံမွမ်းမံပြင်ဆင်ရန် အတွက် အလှူခံတာလို့ပြောပါတယ်။ ဒါနဲ့ စာရေးသူတို့လည်း နေပူပူသောင်ခုံ ကိုဖြတ်ပြီး ဘုရားကုန်းတော်ဘက်လျှောက် သွားကြတယ်။ ကုန်းတော်အတက် အလှူခံဌာနမှာ နဝကမ္မအလှူငွေထည့် ဝင်ကြပါတယ်။

ဘုရားကုန်းတော်ပေါ်တက်ရတာ သက်သောင့်သက်သာရှိပါတယ်။သပ်သပ် ရပ်ရပ်စောင်းတန်းအတိုင်း လှေကားထစ် (၂၀)တက်လိုက်ရင်ပဲ စေတီရောက်ပြီ။ ရှစ်မြောင်ပလ္လင်ငါးဆင့်ခံစေတီတော်ဟာ ဥဏ်တော်(၁၂)တောင်ရှိမယ်လို့ ခန့်မှန်း ရပါတယ်။ စောင်းတန်းထိပ်တည့်တည့် စေတီခြေရင်းမှာတော့ (၄) ပေကျယ် တစ်ဝဋ်တစ်ဂူရှိပြီး ၁၃၄၀ ပြည့်နှစ် ဘုရားဒကာကြီး ဦးသာအူး-(ဒေါ်ကျာ အေး) မိသားစုကောင်းမှုစာတန်းဖတ်ရ ပါတယ်။ (၄) ပေအမြင့်အုတ်ဖိနပ်တော် တစ်နေရာမှာလည်း ကုသိုလ်ရှင်တွေ အမည်ကို ထွင်းစာလုံးရေးထားတယ်။

ဦးစုကမ်း- ဒေါ်ချစ်ဝင်း
အလှူငွေ (၅၀၀)
ဦးဖထူး - တမျှားရပ် ရှပ်ပုံ
အလှူငွေ (၇၅)
မောင်အေးလွင် - လူပျိုဖော့
အလှူငွေ (၁၅၀) ကျပ်
ပန်းရန် အောင်ချို
လုပ်အား (၅) ရက် နှင့် (၂၀၀)
ပန်းရန်အလုပ်သင်လှိုင်းကြီး
လုပ်အား (၅) ရက်
ဦးပိုလို- ဒေါ်ဆန်းကြည် (၁၀၀၀)

www.burmeseclassic.com

www.burmeseclassic.com

ခရစ်နှစ် ၂၀၁၀ ပြည့်နှစ် စေတီတော် မွမ်းမံပြင်ဆင်ပြီး ၂၀၁၁ ခုနှစ် ရွှေထီးတော်တင် လှူဒါန်းနိုင်ခဲ့တယ်။ ရွှေထီးတော်အလှူရှင် ဒေါ်အင်နွေးလှိုသိရတယ်။ အရံစေတီ (၄) ဆူအပါအဝင် ဖိုးရွှမ်းစေတီတော်မြတ်ဟာ ရွှေသင်္ကန်း ဝင်းဝင်းဝါဝါနဲ့မို့ သပ္ပာယ်တင့်တယ်လှစွာ စာရေးသူတို့ ဖူးမြော်ခွင့်ကြုံရပါပေတယ်။ စေတီတော် တနင်္္ဂနွေထောင့်မှာ မြန်မာနှစ် ၁၃၆၉ ခုနှစ် အလှူရှင် ဦးမျိုးဝင်း-ဒေါ်အေးအေးမာ၊ သမီးမအေးသဏ္ဌာခိုင်၊ မမျိုးသဏ္ဌာခိုင်မိသားစုမြတ်ဒါနတံခွန်တိုင်တော် တွေ့မြင်ရပါတယ်။

ရှုပ်ပုံကျောင်းကြီးဆရာတော်ဦးဝိစိတ္တ၊ သမုတ်တောင်ကျောင်းဆရာတော်တို့ အနီးကပ်ထိန်းသိမ်းစောင့်ရှောက်ထားပြီး ဘုရားဝေယျာဝစ္စကိုတော့ ဂေါပကအဖွဲ့က အလှည့်ကျတာဝန်ယူလျက်ရှိပါတယ်။ ဘုရားကုန်းတော်ခြေရင်းတိုင် ဒီရေရောက်တာမို့ ဘုရားဖူးများအချိန်မရွေးသွားလာနိုင်အောင် ပေ (၄၀၀) အရှည် သစ်သားလူကူးတံတားဆောက်လုပ်ခဲ့တာ (၆)နှစ်လောက်ရှိပြီလို့ဆိုပါတယ်။ ကုန်းတော်ပင်လယ်ဘက် ဆင်ခြေလျှောမှာတော့ ကျောက်မိကျောင်းကြီး အတက်တစ်ကောင်၊ အဆင်းတစ်ကောင်နှင့် သစ်ပင်သစ်မြစ်ဆုံအတွင်းအလိုအလျောက်နတ်ရေတွင်းစတဲ့ ထူးထူးခြားခြားနေရာတွေကိုတော့ အချိန်မရတာနဲ့ စာရေးသူ မရောက်တော့ဘူး။ ယခင် ဒီဘုရားပေါ် အလှူအတန်းလုပ်ရင် သီလဆောက်တည် အဓိဋ္ဌာန်ပြုပြီး အိုးခွက်ပန်းကန်ခွက်ယောက်ဇွန်းငှားရမ်းရကြောင်း၊ ဒါပေမယ့် နောက်ပိုင်းတွင် ကတိသစ္စာမတည်တဲ့ အတွက်ငှားမရတော့ကြောင်း လူကြီးသူမ ပြောစမှတ်ကြားဖူးတယ်လို့ ဦးအေးကို (ရှုပ်ပုံ) ပြောတာ စိတ်ဝင်တစားရှိရပါတယ်။

■

မြန်မာ့သမိုင်းမှာ ခရစ်နှစ် ၁၇၅၂ မှ ၁၈၈၅ အထိ (၁၃၃) နှစ်ရှည်ကြာတဲ့ ကုန်းဘောင်ခေတ် ပထမဆုံးမင်း အလောင်းမင်းတရားဘွဲ့ခံ ဦးအောင်ဇေယျ(ခရစ် ၁၇၅၂-၁၇၆၀)ဟာ အညာအကြေနှစ်ဌာနေစလုံးသို့ စစ်ကြောင်းများစွာချီတက်ကာ ပြည်လှေးပြည်မှားနှင့် တိုင်းတစ်ပါးရန်သူတို့ကို ချေမှုန်းခဲ့ရာမှ ရှမ်း(ယိုးဒယား)တို့ ထားဝယ်ကျေးလက်စွန်ဖျားအရပ်အချို့နှောင့်ယှက်ထိပါးခဲ့နေတာကိုဆုံးမဖို့ ခရစ်နှစ် ၁၇၅၉ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ထားဝယ်စစ်ကြောင်းချီတော်မူတယ်။ ထားဝယ်မင်းနဲ့လူလည်း သားမယားအခြွေအရံအစုံအညီနဲ့ လက်နက်ချသစ္စာတော်ခံယူဖို့ ကလိန်အောင် - ကျားခုန်ရွာသွားပြီး ကြိုရှာပါတယ်။ ဒါပေမယ့် မင်းတရားကြီးကို မတွေ့လိုက်ရဘဲ စစ်တံခွန်ရဲမက်တွေက ဦးဦးဖျားဖျားစစ်ဦးဘီလူးစီးကွပ်မျက်ပစ်လိုက်တယ်။ မြန်မာနှစ် ၁၁၂၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက် နန်းသက် (၉) နှစ် မင်းနဲ့လှက်ကုန်ပြီးနောက် အလောင်းမင်းတရားကြီးတပ်တော်က ထားဝယ်ကို သိမ်းပိုက်တယ်။

အဲဒီအချိန်ဟာ ခရစ် ၁၇၄၀ ပြည့်နှစ်ကတည်းက တနင်္္သာရီဒေသကို ယိုးဒယားတွေ သူတို့လက်အောက်ခံအဖြစ် သတ်မှတ်ထားခဲ့တာ အနှစ်(၂၀) လောက်ရှိနေပြီ။ ဒါကို မင်းတရားကြီး စိတ်ထဲဘွင် ကြိတ်မနိုင်ခဲမရရှိဟန်တူပါတယ်။ ဒါနဲ့ ထားဝယ်မှာတင်ရပ်မနေဘဲ တနင်္္သာရီချီဖို့ စိုင်းပြင်းပါတော့တယ်။ လူသူလက်နက်ရိက္ခာဖြည့်တင်းပြီး တရကြမ်းချီတက်သွားလိုက်တာ ပုလော၊ တနင်္္သာရီနယ်တောက်လျှောက် မြို့ရွာတွေကို ၁၇၆၀ ပြည့်နှစ်မှာ ပြန်လည်သိမ်းပိုက်ရယူခဲ့ရုံမက အယုဒ္ဓယမြို့တော်တိုင် ချီတက်တိုက်ခိုက်ပါလေရော။ အလောင်းမင်းတရားလက်ထက် မြန်မာနိုင်ငံတော်၏အကျယ်အဝန်းဟာဆိုရင် အရှေ့မြောက် ယူနန်၊ အရှေ့ဘက် ဇင်းမယ်၊ အရှေ့တောင် အယုဒ္ဓယ၊ အနောက်မြောက် မဏိပူရ၊ အာသံအထိ ဩဇာအာဏာသက်ရောက်တယ်။

ရှေးရှေးအခါကစလို့ တနင်္္သာရီတိုင်းဒေသကြီးနေသူတွေနှုတ်ကျိုးနေတာက ယိုးဒယားကို ရှမ်းခေါ်တာ ယခုထိပဲ။ စောစောကပြောသလို အလောင်းမင်းတရားတပ်တော်စစ်ချီရာ ပုလောမြို့နယ်အတွင်း ပြည်ခြားရွာ၊ ထမင်းမစားရွာ၊ စစ်ပြင်ကြီးရွာ၊ ဘုရင့်တောင်ရွာ၊ နန်းတောင်ရွာ၊ မင်းပြင်ရွာ၊ မင်းကုန်းရွာ၊ မင်းထိန်ရွာ၊ အလောင်းဘုရားရွာ၊ အောင်ဇေယျရွာဆိုပြီး နာမည်တွေ တခုတ်တရတွင်ကျန်ရစ်တယ်လို့ဆိုပါတယ်။ တနင်္္သာရီမြို့မနီးမဝေးတောင်စောင်းတစ်နေရာမှာတော့ အလောင်းမင်းတရားကြီးရဲ့ စစ်သည်ရဲမက်များမားသွေးခဲ့သည်ဆိုသော မားသွေးချောင်းရှိတယ်။ ၂၀၀၅ ခုနှစ်က အဲဒီနေရာကို စာရေးသူရောက်ဖူးပါတယ်။

အလောင်းမင်းတရားရဲ့ရှေ့ပြေး တပ်ချီတက်လာပြီးဆိုတဲ့သတင်းသိုးသိုး သန့်သန့်လည်းကြားရော ဘာပြောကောင်းမလဲ။ ရှမ်းအရပ်သားတွေ ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ထိတ်လန့်ကုန်ကြပြီး မော်ထိပ်တောင်ကမ်းခြေဘက်ပြေးပုန်းကြတဲ့အတွက် ရှမ်းပုန်းရွာ၊ ထိုမှရှုပ်ပုံရွာပြောင်းလဲလာတယ်လို့ဆိုပါတယ်။ နောက်မှကွဲတစ်ခုက အလောင်းမင်းတရားစစ်သည်တွေဟာ ရှမ်းဆိုရင် တွေ့ရာသချိုင်း ဓားမဆိုင်း အငြိုးတကြီး သုတ်သင်တာကြောင့် ရှမ်းအလောင်းတွေ ချောင်းတွင်းသို့ ဒီရေနဲ့မျှောဝင်လာရောက်စုပုံတာကိုအစွဲပြုပြီး ရှမ်းပုံမှ ရှုပ်ပုံပြောင်းလာတယ်လို့လည်း ဆိုပါတယ်။ ဘာပဲဖြစ်ဖြစ် အလောင်းမင်းတရားတပ်သားတွေ လက်သံပြောင်မှာကိုတော့ငြင်းနိုင်စရာမရှိပါဘူး။ နောက်တော့ ရှမ်းတွေ အသက်အန္တရာယ်စိုးရိမ်ပြီး ဒရောသောပါး ရှမ်းပြည်ပြန်ပြေးကြတဲ့အခါ (၃)နှစ်သား မြန်မာယောကျ်ားကလေးငယ်တစ်ဦးကိုပါ ခေါ်ဆောင်သွားတယ်လို့ပြောစမှတ်ရှိတယ်။

အဲဒီရှမ်းပြည်ရောက်ကလေးဟာ ရှမ်းပြည်မှာကြီး၊ နောက်သူဘဝအမှန်သိရှိ(ခေါ်ဆောင်သူပြောမယ်ထင်ပါတယ်) ဇာတိရွာအရောက်ပြန်လာ၊ အမိမဲ့အဖမဲ့တစ်ကိုယ်တည်း ကမ်းခြေမှာနေ၊ တံငါအသက်မွေး၊ လူအများခပ်လွယ်လွယ်ဖိုးရှမ်းလို့ခေါ်၊ မိဘကျေးဇူးသတိရအောက်မေ့ဆပ်တဲ့အနေနဲ့ စိတ်လိုလက်ရ စေတီတစ်ဆူတည်ထားရစ်။ ဘုရားဘွဲ့တော်မသဘဲ ဖိုးရှမ်းကမ်းခြေဘုရားတွင် နေခဲ့တာခုထိပဲ။ ယခု စေတီတော်သက်တမ်း (၂၀၀) ထက်မနည်းဘူးလို့ဆိုပါတယ်။ ခေတ်ကာလဘယ်လိုပြောင်းပြောင်း ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတွေဟာ မိမိချွေးနဲ့စာ တစ်ဖဲ့တစ်ဆုပ် တတ်အားသမျှပါဝင်လှူဒါန်းဒါနပြုစုပေါင်းပြီး သာသနာမည်းမနွမ်း ကြည့်ညှိဖွယ်ဖြစ်အောင် အစဉ်အဆက်ပြုပြင်မွမ်းမံလာခဲ့ကြတာဖြင့် လက်ရှိဖူးမြော်ရသောစေတီတော်အတိုင်းပါပဲလေ။

■ ကုန်းဘောင်ခေတ်ဦး
အလောင်းမင်းတရားကြီးခြေရာ
တစ်စွန်းတစ်စနှင့်
ပုလောမြို့ ဖိုးရှမ်းကမ်းခြေဘုရား
လှိုင်းပုတ်သံတွေများ
ခေါ်သံလေလား။ ။

မောင်စိမ်းထွေး (ထားဝယ်)

www.burmeseclassic.com

www.burmeseclassic.com

စံ-ကေတု

သိကြားမင်း၏ ဘုရားရှိခိုးဂါထာ

ကိုယ့်အသက်ကိုလျှူခြင်း - ဒါန

၄။ ပညာပါရမီ- ပညာဖြင့်အများအကျိုးသယ်ပိုးခြင်း။ (လောကီ၊ လောကုတ္တရာပညာများကို သင်ကြားပို့ချခြင်း)

၅။ ဝီရိယပါရမီ - ကြိုးစားအားထုတ်ခြင်း။

၆။ ခန္တီပါရမီ - သည်းခံခြင်း။

၇။ သစ္စာပါရမီ - မှန်ကန်သောစကားကိုသာပြောဆိုခြင်း။

၈။ အဓိဋ္ဌာနပါရမီ - စိတ်ဓာတ်ဖြေမုံခိုင်ခဲ့အောင် ဆောက်တည်ခြင်း။

၉။ မေတ္တာပါရမီ - မေတ္တာဓာတ်အပြည့်အဝထားခြင်း (သတ္တဝါအားလုံး

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဘဂဝတော - ဘုန်းတော်ကြီးတော်မူသော၊

အရဟတော - ပူဇော်အထူးကိုခံယူတော်မူထိုက်သော၊

သမ္မာသမ္ဗုဒ္ဓဿ - ဆရာမရှိ မိမိအလိုလို . ကိုယ်တော်တိုင်သိတော်မူသော၊

တဿ - ထိုမြတ်စွာဘုရားအား၊

နမော - ရှိခိုးပါ၏။

အဆိုပါ ဂါထာတော်သည် တာဝတိံသာသိကြားမင်းမှ မြတ်ဗုဒ္ဓသခင်အား ကြည်ညိုသဒ္ဓါလွန်ကဲစွာဖြင့် ရွတ်ဆိုပူဇော် ရှိခိုးဦးခိုက် နှုတ်တိုက်ဆိုလိုက်သည့် ပါဠိဂါထာတော်ဖြစ်ပါသည်။

မြတ်ဗုဒ္ဓအရှင်သည် ဤဘဒ္ဒကမ္ပာမှ ပြန်၍ရေတွက်သော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက် သုမေဓာရှင်ရသေ့ဘဝ၌ဖြစ်ခဲ့ရသည်။ ဒီပင်္ကရာမြတ်စွာဘုရားခြေတော်ရင်း၌ ကိုယ်တော်တစ်ဦးတည်း နိဗ္ဗာန်ချမ်းသာကို ရနိုင်သော်လည်း သြဃလေးဖြာသံသရာ၌ နစ်မွန်းမျောပါနေကြကုန်သောဝေနေယျသတ္တဝါအပေါင်းတို့အပေါ်၌ မဟာကရုဏာတော်ပွားကြင်နာသနားတော်မူလှသဖြင့် နိဗ္ဗာန်ချမ်းသာကို ယူတော်မမူခဲ့ပါပေ။

သုမေဓာရှင်ရသေ့ဘဝမှ ဝေဿန္တရာမင်းဘဝတိုင်အောင် မရေမတွက်နိုင်သည့် များစွာသောဘဝတို့၌ -

ရွှေ၊ ငွေ၊ ဆင်၊ မြင်း အစရှိသည်တို့ကိုလှူခြင်း ဒါနပါရမီ။

ခြေ၊ လက်၊ နား၊ နှာခေါင်း အစရှိသည်တို့ကိုလှူခြင်း ဒါနဥပပါရမီ။

ကိုယ့်အသက်ကိုလှူခြင်း - ဒါန ပရမတ္ထပါရမီ အစရှိသော ပါရမီသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူခဲ့လေသည်။

■ အလောင်းတော်တို့ ဖြည့်ကျင့်ဆည်းပူးအပ်သော ပါရမီ (၁၀) ပါး

၁။ ဒါနပါရမီ - စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း (စည်းစိမ်ဥစ္စာ၊ ကိုယ်အင်္ဂါနှင့် အသက်ကိုစွန့်လှူခြင်း)

၂။ သီလပါရမီ - ကိုယ့်ကျင့်သီလကောင်းအောင်စောင့်ထိန်းခြင်း။

၃။ နေက္ခမ္မပါရမီ - တောထွက်ခြင်း (မကောင်းမှုမှ ရှောင်ကြဉ်ခြင်း)

www.burmeseclassic.com

www.burmeseclassic.com

တို့ကို ချမ်းသာစေချင်၊ ကောင်းစေချင် သောစိတ်အမြဲတည်ရှိခြင်း)

၁၀။ ဥပေက္ခာပါရမီ - လျစ်လျူရှုခြင်း (ဘက်မလိုက်ဘဲ မျှတစွာကျင့်သုံးခြင်း)။ (မိတ်ဆွေရန်သူနှစ်ဦးတို့အပေါ်၌ ချစ်စိတ်မုန်းစိတ်မရှိခြင်း။)

■ **စွန့်ခြင်းကြီး (၅)ပါး**

၁။ ဓနပရိစ္စာဂ - ပဒေသရာဇ်၊ ဧကရာဇ်၊ စကြာမင်းတို့၏ စည်းစိမ်၊ ဥစ္စာရတနာကိုစွန့်ခြင်း။

၂။ ပုတ္တပရိစ္စာဂ - သားသမီးကိုစွန့်ခြင်း။

၃။ ဘရိယပရိစ္စာဂ - မယားကိုစွန့်ခြင်း။

၄။ အင်္ဂပရိစ္စာဂ - ခြေ၊လက်၊နား၊ နှာခေါင်းအစရှိသည့် အင်္ဂါကြီးငယ်ကို စွန့်ခြင်း။

၅။ ဇီဝိတပရိစ္စာဂ- ကိုယ့်အသက်ကိုစွန့်ခြင်း။

အထက်ပါ ပါရမီတော် (၁၀)ပါး၊ စွန့်ခြင်း (၅) ပါးတို့ကို ဘဝပေါင်းများစွာ ဖြည့်ကျင့်တော်မူခဲ့ပြီးနောက် ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်၌ သေတကေတုမည်သော နတ်သားဖြစ်ခဲ့လေသည်။ စကြဝဠာတိုက်တစ်သောင်းမှ နတ်ငြဟာအပေါင်းတို့က 'ဘုရားဖြစ်ချိန်တန်ပါပြီ၊ လူပြည်သို့သက်ဆင်း၍ ဘုရားဖြစ်တော်မူပါ' ဟု ဘုရားအလောင်းတော်နတ်သားအား တောင်းပန်ကြလေသည်။ သို့ဖြစ်၍ ဘုရားအလောင်းတော် သေတကေတုနတ်သားသည် - ကြည့်ခြင်းကြီးငါးပါးတို့ကို ကြည့်ရှုတော်မူလေသည်။

■ **အလောင်းတော်တို့၏ကြည့်ခြင်းကြီးငါးပါး**

၁။ ကာလ - ဘုရားဖြစ်ရာအချိန်ကာလ။

၂။ ဒီပ-ဘုရားဖြစ်ရာကျွန်းအရပ်။

၃။ ဒေသ - ဘုရားဖြစ်ရာအရပ်ဒေသ။

၄။ ကုလ - ဘုရားဖြစ်ရာအမျိုးအနွယ်။

၅။ မာတုအာယုပရိစ္ဆေဒ - ဘုရားအလောင်းတော်၏ မယ်တော်ဖြစ်မည့်သူ၏သက်တမ်းအပိုင်းအခြား။

■ **ဗုဒ္ဓဝင်အကျဉ်း**

ဿကရာဇ် ၆၇ ခု၊ ဝါဆိုလပြည့်ကြာသပတေးနေ့၌ ကပိလဝတ်ပြည့်ရှင်ဘုရင် သုဒ္ဓါဒနမင်းကြီး၏ တောင်ညာဒေဝီမိဖုရားကြီး မယ်တော်မာယာဝမ်း၌ ဘုရားအလောင်းတော် နတ်သားသည် စုတေ၍ ပဋိသန္ဓေတည်နေတော်မူလေသည်။

မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့် သောကြာနေ့ဝယ် ဒေဝဒဟပြည့်နှင့် ကပိလဝတ်ပြည်တို့အကြား ရှိလုမ္ဗိနီသာမော အင်ကြင်းတော၌ မယ်တော်မာယာဝမ်းမှ ဘုရားအလောင်းတော်မှာ မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။ သိဒ္ဓတ္ထ အမည်ရ၏။

(၁၆) နှစ်အရွယ်ရောက်သော် ယသောဓရာမင်းသမီးနှင့် ထိမ်းမြားလက်ထပ်၍ (၂၉) နှစ်အရွယ် သားတော် ရာဟုလာမင်းသား မွေးဖွားပြီးနောက် နိမိတ်ကြီးလေးပါးကို မြင်တော်မူသဖြင့် မင်းစည်းစိမ်ခံစားနေရာမှ သားမယားနှင့်တကွ စည်းစိမ်တို့ကိုစွန့်ခွာ၍ တောထွက်တော်မူလေသည်။

အလောင်းတော်သည် အလွန်ပြုနှိုင်ခဲသော ဒုက္ကရစရိယာအကျင့်ကို ရဟန်းအဖြစ်နှင့် (၆) နှစ်ပတ်လုံးကျင့်တော်မူခဲ့သည်။ သုဇာတာသူဌေးသမီး လျှုဒါန်းသော နို့ဃနာဆွမ်းကို အဇပါလညောင်ပင်ရင်း၌ အလျှံခံဘုဉ်းပေးပြီး မဟာဗောဓိပင်သို့ ကြွသွားတော်မူသည်။ လမ်းခရီး၌တွေ့ရသည့် မြက်ထမ်းသမား လျှူသည့် မြက်ရှစ်ဆုပ်ကို အလျှံခံတော်မူပြီး မဟာဗောဓိပင်ရင်း၌ ကြဲဖြန့်ခင်းလိုက်ရာ ထိုမြက်ရှစ်ဆုပ်သည် အပရာဇိတပလ္လင်ဖြစ်ထွန်းပေါ်လာတော့၏။

ဘုရားအလောင်းတော်မြတ်သည် အပရာဇိတပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူပြီး ဘုရားမဖြစ်က မထပြီဟု နှလုံးသွင်းလျက် တရားကျင့်တော်မူသော် နေမဝင်မီ ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူ၏။ ညဉ့်ဦးယံတွင် ရှေးဠာနေခဲ့ဖူးသော၊ ဖြစ်ခဲ့ဖူးသော ခန္ဓာစဉ်ကို အောက်မေ့တတ်သိတတ်သော 'ပုဗ္ဗေနိဝါသာနုဿတိဉာဏ်' ကို ရတော်မူသည်။ သန်းခေါင်ယံ၌ နတ်တို့၏မျက်စိနှင့်တူသော ဉာဏ်မျက်စိဖြင့် စုတေခါနီး သောသတ္တဝါ စသည်တို့ကိုမြင်တတ်သော ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူသည်။ မိုးသောက်ယံ၌ အာသဝေါတရားတို့၏ကုန်ခြင်းကိုပြုတတ်သော အာသဝက္ခယဉာဏ်ကိုရတော်မူသည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ မိုးသောက်ယံ အသက် (၃၅) နှစ်အရွယ်၌ လောကသုံးပါးတွင် အတုမရှိသော သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

သုံးလွှာသခင် သဗ္ဗညုတဘုရားရှင်သည် (၄၅) နှစ်တာ ကာလပတ်လုံး လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါဝေနေယျတို့အား ဓမ္မစကြာစသည့် တရားဓမ္မတို့ကို ဟောကြားဆုံးမ သတ္တဝါတို့၏ အကျိုးစီးပွားကို မနေမနားဆောင်ရွက်တော်မူခဲ့လေသည်။ သက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့် အင်္ဂါနေ့ဝယ် သက်တော် (၈၀) ပြည့်ပြီးနောက် ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ဥယျာဉ်၌ ပရိနိဗ္ဗာန်ဝင်စံတော်မူလေသည်။

(ဤကား ဗုဒ္ဓဝင်အကျဉ်းမျှတည်း။)

■ **သိကြားမင်း၊ ပဉ္စသိခနှင့် ဗေလုဝနတ်စောင်းအကြောင်း**

မြတ်ဗုဒ္ဓအရှင် သက်တော်ထင်ရှားရှိစဉ်အခါက ရာဇဂြိုဟ်မြို့၏ အရှေ့ဘက်ရှိ သရက်ပင်စုရွာ (အမွသက္ကရွာ)၌ ပုဏ္ဏားမျိုးနွယ်များနေထိုင်ကြသည်။ ထိုရွာကြီး၏အနီးရှိ တောင်နှစ်လုံးတို့အကြားတွင် နဘဲပင်ပေါက်ရာ ဂူလိုဏ် (ဂုန္ဇသာလဂူ) ရှိ၏။ ထိုဂူ၌ မြတ်ဗုဒ္ဓအရှင်သီတင်းသုံးနေတော်မူစဉ် တာဝတိံသာနတ်တို့၏အရှင် သိကြားမင်း၏တမန်တော် ဗေလုဝစောင်းသခင်ပဉ္စသိခနတ်သားရောက်ရှိလာသည်။ အကြောင်းရင်းကား မကြာမီ နတ်သက်ကုန်၍ တာဝတိံသာမှ စုတေရတော့မည်ကို သိကြားမင်းကသိမြင်သဖြင့် မြတ်ဗုဒ္ဓအရှင်အား ဖူးမြော်လိုသည့်ဆန္ဒများနိုးကြားလာသဖြင့် ရှေးဦးစွာ ကြိုတင်လျှောက်ထားစေရန် ပဉ္စသိခနတ်သားအား မြတ်ဗုဒ္ဓအရှင်ထံ နတ်တမန်အဖြစ် စေလွှတ်လိုက်ခြင်းပင်ဖြစ်လေသည်။

ပဉ္စသိခနတ်သားသည် ဘုရားရှင်နှင့် ကျွမ်းဝင်သူဖြစ်၏။ အလုပ်အကျွေးလည်းဖြစ်၏။ မကြာမကြာတရားနာ၍ ပြဿနာများကိုလည်း မေးမြန်းလျှောက်ထားလေ့ရှိသူဖြစ်လေသည်။ ပဉ္စသိခနတ်သားမှာ သျှောင်ငါးကွင်း (သျှောင်ထုံးငါးခု) ရှိသူဖြစ်သောကြောင့် ပဉ္စသိခဟု အမည်ရခြင်းပင်။ ၎င်းတီးခတ်သည့်စောင်းကို ဗေလုဝနတ်စောင်းဟုခေါ်လေသည်။ ထိုစောင်းကို သိကြားမင်းကပေးအပ်ထားခြင်း ဖြစ်သည်။ စောင်း၏အမည်အပြည့်အစုံမှာ ဗေလုဝပဏ္ဏာဖြစ်၏။ ယင်းနတ်စောင်း၏ မူလပိုင်ရှင်မှာ ဝဿဝတီနတ်ပြည်မှ မာရ်နတ်ကြီးပင်ဖြစ်ပေသည်။ ယင်းမာရ်နတ်ကြီးမှာ

www.burmeseclassic.com

www.burmeseclassic.com

ကား စသည်တို့မောင်းနှင်ရာ၌ ထလာသော မြူမှုန် ဖြစ်၏။) (လူတို့၏ပကတိမျက်စိဖြင့် မြင်နိုင်သောမြူမှုန်ဖြစ်သည်။)

ရထရေမြူ (၃၆) ခုအစုသည် တစ်လိက္ခာဖြစ်၏။

လိက္ခာ (၇)ခုအစုသည် တစ်သန်းဖြစ်၏။ (သန်းငယ်တစ်ကောင်ပမာဏာသာ)

သန်း(၇)ခုအစုသည် တစ်ယောမဖြစ်၏။ (စပါးတစ်စေ့ခန့်သာ)

ယောမ (၇) ခုကို စိတန်းလိုက်သော် တစ်လက်သစ်ရ၏။

လက်သစ် (၁၂) ခုအလျားသည် တစ်ထွာဖြစ်၏။

(၂) ထွာအလျားသည် တစ်တောင်ဖြစ်၏။

(၇) တောင်အလျားသည် တစ်တာဖြစ်၏။

(၂၀)တာအလျားသည် တစ်ဥသဘာဖြစ်၏။

(၈၀) ဥသဘာအလျားသည် တစ်ဂါဝုတ်ဖြစ်၏။

(၄) ဂါဝုတ်အလျားသည် တစ်ယူဇနာတည်း။

လူအတောင်အားဖြင့် (၄၅၁၂၀) ရှိသည်။

ဝိသုဒ္ဓိမဂ်ဋီကာ သာဓိနဒ္ဒေသ (၄၄၇) ၌ကား ကေစိဆရာတို့တွက်ပုံမှာ တစ်လက်သစ်၏ ရှစ်စိတ်တစ်စိတ်သည် တစ်မုယော (စပါးတစ်လုံး)၊ တစ်မုယော၏ ရှစ်စိတ်တစ်စိတ်သည် တစ်လိက္ခာ၊ တစ်လိက္ခာ၏ ရှစ်စိတ်တစ်စိတ်သည် ရထရေဏုမြူ၊ ထိုရထရေဏုမြူ၏ ရှစ်စိတ်တစ်စိတ်သည် တဇာရီမြူ။ ထိုတဇာရီမြူ၏ ရှစ်စိတ်တစ်စိတ်သည် အဏုမြူ၊ ထိုအဏုမြူ၏ ရှစ်စိတ်တစ်စိတ်သည် ပရမာဏုမြူဖြစ်၏ဟုတွက်သည်။ အဋ္ဌကထာအလိုကား ခုနစ်စိတ်ဖြင့်သာယူသည်။

လူတို့၏သက်တမ်းနှစ်(၁၀၀)သည် တာဝတိံသာနတ်အသက် (၁) ရက်သာဖြစ်တည်သည်ဟုဆိုရာ ဗေလုဝနတ်စောင်းသံသည် လူပြည်၌ (၄) လတိုင်အောင် တစ်ကြိမ်တီးခတ်တိုင်း သာယာနာပျော်ဘွယ်အသံတည်သည်ဟုဆိုရာ၌ တုသိတာနတ်မြည်၌ကား (၄. ၈)မိနစ်မျှသာ ရှည်ကြာပေလိမ့်မည်ဟု တွက်၍ရသည်။ ပဋ္ဌသိခနတ်သားသည် ဤဗေလုဝနတ်စောင်းကို သံစဉ် (၇)ပါး၊ သုတိ(၂၂)ပါး၊ တီးခြင်း(၅၀)ဖြင့် သီဆိုတီးခတ်ခြင်းဖြစ်ပေသည်။

မတင်မီတွင် လေးတောင့်တစ်ထွာအလျားရှိ၏ (ကိုးထွာ)။ လေးညှိုတင်လိုက်လျှင် လေးတောင်အလျားရှိ၏။ (ရှစ်ထွာ)။ ထိုညှိုတင်လေးတောင် (ရှစ်ထွာ) အရှည်ကို တစ်တာခေါ်၏။ နှစ်ထွာတစ်တောင်၊ လေးတောင်တစ်တာ၊ တာနှစ်ဆယ် တစ်ဥသဘာ၊ ဥသဘာရှစ်ဆယ် တစ်ဂါဝုတ်၊ လေးဂါဝုတ် တစ်ယူဇနာဖြစ်ပေသည်။ တာတိုမျိုးဖြစ်၍ အရည်ဝါသီတောရကျောင်းများကို တိုင်းတာရာ၌ အသုံးပြုလေသည်။ တာပေါင်း (၅၀၀×၄= ၂၀၀၀) အတောင်ဝေးရာနေရာကို တစ်ကောသဟုခေါ်၏။ လူတို့၏တစ်ခေါ်ခရီးအကွာအဝေးပင် ဖြစ်သည်။ ရှေးဆရာများအဆိုအရ မြို့ရွာနှင့်တစ်ကောသလောက်ဝေးမှ တောရအဖြစ်သတ်မှတ်ရသည်။ မြို့ရွာ၏အထွက်တံခါးခုံမှစ၍ တိုင်းတာရသည်။ ထိုကျောင်းမျိုးသာလျှင် တောရကျောင်းအစစ်ဖြစ်ပေ၏။

■ မြင်းမိုရ်တာနည်း

ခုနစ်တောင်တစ်တာဖြင့်ဖွဲ့ရသောတာမျိုးဖြစ်သည်။ တောင်စဉ်ခုနစ်ထပ်၊ ဟိမဝန္တာတောင်၊ ဇမ္ဗုသပြေပင် စသောသစ်ကြီးခုနစ်ပင်၊ ဘုရား၊ စေတီ၊ ပြာသာဒ်၊ ကျောင်း၊ အဆောက်အအုံတို့ကို တိုင်းတာရာ၌ အသုံးပြုပေသည်။

■ စက္ကဝါတာနည်း

ဆယ်တောင်လျှင် တစ်တာဖြင့်ဖွဲ့သောတာမျိုးဖြစ်၏။ စကြဝဠာ၊ ရေတွင်း၊ ရေကန်၊ အင်း၊ အိုင်၊ ချောင်း၊ မြောင်း၊ သမုဒ္ဒရာတို့ကို တိုင်းတာရာ၌ အသုံးပြုပေသည်။

■ ပရမဏုမြူမှစ၍ ယူဇနာထိတွက်နည်း

ပရမာဏုမြူဆိုသည်မှာ ပကတိလူမျက်လုံးဖြင့်မမြင်နိုင်။ ဒိဗ္ဗစက္ခုအဘိညာဉ် သို့မဟုတ် မိုက်ကရိုစကုတ်မှန်ပြောင်းဖြင့်ကြည့်မှ မြင်နိုင်သောရေဖြစ်၏။

ပရမာဏုမြူ (၃၆) ခုအစုသည် အဏုမြူတစ်ခုဖြစ်၏။ (နေရောင်တိုးဝင်သည့် နံရံအပေါက်၊ သံပေါက်တို့မှဝင်လာသော အလင်းရောင်တွင်မြင်ရသည့် မြူမှုန်ဖြစ်၏။)

အဏုမြူ(၃၆)ခုအစုသည် တဇာရီမြူတစ်ခုဖြစ်၏။ (ပြတင်းပေါက်၊ မှန်တင်ခုံ၊ စားပွဲပေါ် တို့၌တင်နေသည့်မြူမှုန်ဖြစ်၏။) တဇာရီမြူ (၃၆) ခုအစုသည် ရထရေဏုမြူတစ်ခုဖြစ်၏။ (ရထား၊

မြတ်ဝုဒ္ဓအရှင်အပေါ် အလောင်းတော်ဘဝက (၆)နှစ်၊ ဘုရားစင်စစ်ကောန်ဖြစ်ပြီး (၁) နှစ်၊ ပေါင်း (၇) နှစ်တိုင်တိုင် အပြစ်တစ်စုံတစ်ရာ တွေ့သိရအောင် တရံမပြတ်လိုက်လံဆောင်းမြောင်းခဲ့သည်၊ ရှာဖွေခဲ့သည်။ မြတ်ဝုဒ္ဓအရှင်အား နှောင့်ယှက်ခြေဖျက်ဖို့ရာ အပေါက်အကြားကို ရှာဖွေပါသော်လည်း တစ်စုံတစ်ရာမျှ မတွေ့မမြင်ရသဖြင့် မိမိချိုင်းကြားဌာသွားလေရာပါနေသည့် ဗေလုဝပဏ္ဏာနတ်စောင်းကြီး လျှောက်ကျက်နေရစ်သည်ကိုပင်မသိတော့။ စိတ်နှလုံးထိခိုက်လျက် မြတ်ဝုဒ္ဓအရှင်နားမှ ကွယ်ပသွားရရှာသည်။ ထိုမာရ်နတ်ကြီးကျက်နှံခဲ့သည့် ဗေလုဝပဏ္ဏာနတ်စောင်းကြီးကို သိကြားမင်းမှကောက်ယူ၍ တမန်တော်ပဋ္ဌသိခနတ်သားအား ပေးအပ်ထားခဲ့ခြင်းဖြစ်လေသည်။

ဗေလုဝပဏ္ဏာနတ်စောင်းကြီးသည် သုံးဂါဝုတ်မျှအတိုင်းအရှည်ရှိ၏။ စောင်း၏အိုးမှာ တစ်ဂါဝုတ်ရှိ၏။ စောင်းကြိုးတို့ဖွဲ့ချိထားသည့် စောင်း၏လက်ရုံးသည် တစ်ဂါဝုတ်ရှိ၏။ လက်ရုံးအဖျားပိုင်းသည်လည်း တစ်ဂါဝုတ်ရှိ၏။ ထိုဗေလုဝနတ်စောင်း၏ စောင်းအိုးသည် ရွှေဖြစ်ပြီး၏။ စောင်းလက်ရုံးသည် ဣန္ဒနီလာကျောက်ဖြင့်ပြီး၏။ စောင်းညှိုကား ငွေဖြင့်ပြီး၏။ စောင်းကြိုးရစ်ရာခင်တံ (မှင်ရိုး) ကား သန္တာဖြင့်ပြီး၏။ ပါဠိတော်များ၌ ဗေလုဝပဏ္ဏာဝိကာဟုလာ၏။ ဥသျစ်သီးမှည့်ကဲ့သို့ ဖျော့တော့ဝါဝင်းသောအရောင်အဆင်းရှိသည့်စောင်းဟု ဆိုလေသည်။ ထိုဗေလုဝနတ်စောင်းအား တစ်ကြိမ်တီးခတ်လိုက်လျှင် လေးလတိုင်တိုင် ငြိမ့်ညောင်းသောအသံစဉ်သည် ပျံ့လွင့်ထွက်ပေါ်နေသည်ဟူ၍ သုတ္တန်ပါတ်အဋ္ဌကထာ (၁၁၂) ၌ ဖွင့်ဆိုထားပေသည်။

ဗေလုဝပဏ္ဏာနတ်စောင်း၏အတိုင်းအတာမှာ လူသားတို့၏အတောင်အားဖြင့် (၁၉၂၀၀) မျှရှိပေသည်။ ဤအတိုင်းအတာပမာဏကား လူ့ဌာန်ရှေးစား လေးတောင်တာ သတ်မှတ်ချက်အရဖြစ်သည်။ လူတို့ဌာနေအသုံးအားဖြင့် ထိုတာမှာ (အတိုင်းအထွာ) နည်းပေါင်း (၃)မျိုး ကွဲပြားလျက်ရှိပေသည်။ ၎င်းတို့မှာ-

■ ကုလလေးတာနည်း

ဆရာကိုင်လေးကို ကုလလေး (အာစရိယဓနု) ဟုခေါ်လေသည်။ ညှိုး

www.burmeseclassic.com

www.burmeseclassic.com

■ သံစဉ် (၇) ပါး

၁။ ဥဘသ - နွားမင်းသံ - သုံးပေါက်၊ ပြည်တော်ပြန်။

၂။ ဓေဝတ - မြင်းမင်းသံ - ခြောက်ပေါက်၊ ခြောက်သွယ်ညွှန့်။

၃။ ဆဇ္ဇ - ဥဒေါင်းမင်းသံ - ငါးပေါက်၊ မြင်းစိုင်း၊ ကြေးခရာ။

၄။ ဂန္ဓာရ - ဆိတ်သံ - နှစ်ပေါက်၊ ဒုရကဒွေး။

၅။ မဇ္ဈိမ - ကြိုးကြာသံ -ပုလဲသဖြန်၊ ပုလဲသံဖျား၊ တော်ရာ။

၆။ ပဉ္စမ - ဥဩသံ - လေးပေါက်၊ အောက်ပြန်။

၇။ နိသာဒ - ဆင်မင်းသံ -ညှင်းလုံး၊ သံရိုးခုနစ်သံ။

■ သုတိ (၂၂) ပါး

တာရ - အလွန်မြင့်သောအသံ၊

ကလ - အက္ခရာပုဒ်ဗျည်းမထင်လျားသော်လည်း သုတိ - သာသောအသံ။

မဒ္ဒ - နက်သောအသံ။

ကာကလိ - သိမ်မွေ့ချိုသာသောအသံ ဟူ၍ လေးမျိုးရှိသည်။

၁။ ဆဇ္ဇ - ဥဒေါင်းမင်း၊ နိသာဒ-ဆင်မင်း၊ ဂန္ဓာရ - ဆိတ်တို့၌ သုတိ(၄)ပါးစီရသဖြင့် (၃ × ၄ = ၁၂) ၌ သုတိ (၁၂) ပါး ဖြစ်ရ၏။

၂။ ဥဘသ - နွားမင်း၊ မဇ္ဈိမ - ကြိုးကြာမင်းတို့၌ သုတိ (၃)ပါးစီရသဖြင့် (၂ × ၃= ၆) သုတိ (၆)ပါးရ၏။

၃။ ဧဝတ - မြင်းမင်း၊ ပဉ္စမ - ဥဩတို့တွင် သုတိ (၂) ပါးစီရသဖြင့် (၂×၂= ၄) သုတိ (၄) ပါးရ၏။

ထို့ကြောင့် (၁၂+၆+၄=၂၂) သုတိ (၂၂) ပါးတည်း။

တီးခြင်း (၅၀)

အသံတို့၏အပေါင်းကို ဂါမဟုခေါ်သည်။ ဗေလုဝပဏ္ဍုစောင်းကြီး၏ လက်ရုံးကိုသုံးပိုင်းပိုင်း၍ အထက်ပိုင်းကို ဆဇ္ဇဂါမ၊ အလယ်ပိုင်းကို မဇ္ဈဂါမ၊ အောက်ပိုင်းကို ဂန္ဓာရဂါမဟု ဆိုသည်။ ထိုအသံအပေါင်းကား သုံးပါးတည်း။ အသံတို့ကို အနိမ့်၊ အမြင့်လွှတ်ခြင်းဟူသော သီဆိုတီးမှုတ်ခြင်းအထူးသည် မူဆွ နာမည်၏။ ထိုအသံအနိမ့်၊ အမြင့် သီဆိုတီးမှုတ်ခြင်းသည် (သံစဉ် (၇) ပါး× ဂါမ (၃) ပါး) = (၇ × ၃ = ၂၁) ပါးရှိ၏။ ထိုအနိမ့်အမြင့်သီဆိုတီးမှုတ်ခြင်းပါဝင်အောင် အမျိုးမျိုးသောအသံကို ပြောင်းလဲချိတ်ထွင် သီဆိုတီးမှုတ်ခြင်းကား (၄၉) မျိုးရှိလေသည်။ အသံတစ်ပါးတစ်ပါးစီကို သံစဉ်ခုနစ်ပါးဖြင့် မြောက်ပွားပါက (၇ × ၇ = ၄၉) ကို နည်း (၄၉) မျိုးရ၏။ ယနေ့ သီဆိုတီးမှုတ်နေကြသည့် သံစဉ်တီးမှုတ်ခြင်းများပင်တည်း။

ထို(၄၉)မျိုးတွင် သံစဉ်ကူးပြောင်းသည့် ကြားသံတစ်သံ (အန္တရသရ) တစ်ခုကိုထည့်သွင်း၍ နှတ်ပြည်၌တီးမှုတ်ခြင်းဖြစ်၏။ ထို့ကြောင့် တီးခြင်း (၅၀) ဟုဆိုသည်။ မန်လည်ဆရာတော်ဘုရားကြီး၏ မယဒေဝလင်္ကာသစ်ကျမ်း၊ အလင်္ကာနိဒါန်းအဖွင့်၊ အပိုဒ် (၁၁) (ဂ) တွင် 'နွားလားသုံးပေါက်၊ မြင်းသံခြောက်နှင့်၊ ထို့နောက် သံညောင်း၊ ဥဒေါင်းငါးဆစ်၊ ဂန္ဓာရနှစ်က၊ မဇ္ဈိမပုလဲ၊ ခေါ်မြဲသမြန်၊ အောက်ပြန်ပဉ္စမ၊ လေးပေါက်မျှလျက်၊ နိသာဒ- ညှင်းလုံးပေါင်းရိုးညိုးညံ့၊ ခုနစ်သံတွင်၊ တစ်သံခုနစ်မျိုး၊ လေးဆယ့်ကိုး၌၊ တီးရိုးမယွင်း၊ နောက်တစ်သွင်း၍ တီးခြင်းငါးဆယ်၊ နှတ်ပြည်ဝယ်တည့်' ဟု ဖော်ညွှန်းထားခဲ့လေသည်။

ပဉ္စသိခနတ်သားသည် သိကြားမင်း၏ နှတ်တမန်အဖြစ် မြတ်ဗုဒ္ဓအရှင်သီတင်းသုံးနေရာ ဣန္ဒသာလဂုဟန်း၊ မြတ်ဗုဒ္ဓအရှင်ကြားလောက်သောနေရာမှနေ၍ ဗေလုဝနတ်စောင်းဖြင့် သီချင်းတစ်ဆယ့်လေးပုဒ်ကို သီကျူးဟစ်ဆိုတီးခတ်ပူဇော်လေသည်။ ရှင်တော်မြတ်ဘုရားအကြောင်း၊ မြတ်ဗုဒ္ဓအရှင်ဟောကြားတော်မူသောတရားတော်အကြောင်း၊ မြတ်ဗုဒ္ဓအရှင်၏ တပည့်သာဒုရဟန္တာအရှင်မြတ်တို့နှင့်စပ်အပ်သည့် သံယာအကြောင်းနှင့်တကွ ပဉ္စသိခနတ်သားမှတစ်ဖက်သတ် စွဲလမ်းချစ်ခင်နေသည့် တိဗ္ဘရုနတ်မင်းကြီး၏ သမီးတော် ဘဒ္ဒါအမည်ရှိ သူရိယဝစ္ဆသာနတ်သမီး၏ အလှဘွဲ့များဖြင့်ရောမွှေကာ ဗေလုဝပဏ္ဍုနတ်စောင်းဖြင့် နတ်တို့၏သီဆိုတီးခတ်ခြင်းနည်း (၅၀) ဖြင့် သီဆိုတီးခတ်ပူဇော်ခြင်း ဖြစ်ပေသည်။

မြတ်ဗုဒ္ဓရှင်တော်မှ ပဉ္စသိခနတ်သားအား -

"အို-အချင်းပဉ္စသိခ၊ သင်၏တေးသံသည် စောင်းနှင့် လိုက်ဖက်ညီပေစွ။ သင်သည် ဤတေးစုကို ဘယ်အချိန်အခါက ဖွဲ့ဆိုတီးခတ်ခဲ့ပါသနည်း"

ဟု လိုက်လိုက်လျောလျောမေးတော်မူလေသည်။

ပဉ္စသိခနတ်သားသည်-

"အို-ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ အရှင်ဘုရား ဘုရားဖြစ်ပြီးစအချိန် အဇပါလဆိတ်ကျောင်းညောင်ပင်၌ သီတင်းသုံးစဉ်ကပင် ဖြစ်ပါသည် ဘုရား။

ဘုရားတပည့်တော်သည် တိမ္ဗရုနတ်မင်းကြီး၏ သမီးတော် သူရိယဝစ္ဆသာနတ်သမီးကို အရူးအမူးစွဲလမ်းနှစ်သက်နေပါသည်ဘုရား။

သူရိယဝစ္ဆသာနတ်သမီးမှာ မာတလိနတ်သား၏ သားတော် သိခဏ္ဍီနတ်သားကိုသာ အရေးပေး၍ ချစ်လမ်းဖွင့်ခဲ့ပါသည်ဘုရား။

ဘုရားတပည့်တော်သည် သူမ၏အချစ်ကို ဘယ်လိုမှမရယူနိုင်အောင်ဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် ဤတေးစုကိုရေးဖွဲ့၍ တိမ္ဗရုနတ်မင်းကြီး၏ ဗိမာန်အနီးတွင် ဗေလုဝနတ်စောင်းကိုတီးခတ်ကာ ဤသီချင်းများကို သီဆိုခဲ့ပါသည်ဘုရား။

ဘုရားတပည့်တော် အရူးအမူးစွဲလမ်းချစ်ခဲ့ရသူ သူရိယဝစ္ဆသာက 'အစ်ကို ဘုရားကိုတော့ တစ်ခါမှမတွေ့မမြင်ဘူးပါ။ တာဝတိံသာကပွဲသဘင်မှာတော့ ရှင်တော်မြတ်ဘုရားအကြောင်းကိုကြားရဖူးပါသည်။ ဘုရားဂုဏ်တော်များကို ထုတ်ဖော်ကျူးရင့်တဲ့အတွက် ဒီတစ်ခါတော့ တွေ့ဆုံခွင့်ပေးပါမည်' ဆို၍ အခွင့်ပေးခဲ့သဖြင့် ယင်းတစ်ကြိမ်သာ ပေါင်းဆုံခွင့်ရခဲ့ပါသည်။ ယနေ့အထိ နောက်ထပ် တွေ့ဆုံခွင့်မရပါဘုရား"

ဟု လျှောက်ထားလေသည်။

ဤသို့ မြတ်ဗုဒ္ဓရှင်တော်နှင့် ပဉ္စသိခနတ်သားတို့ တရင်းတနှီးပြောဆိုလျှောက်ထားနေသည်ကို သိရလေမှ သိကြားမင်းက နတ်ပရိသတ်နှင့်တကွ မြတ်ဗုဒ္ဓအရှင်၏ ခြေတော်အစုံကိုဦးခိုက်လျက်ရှိပါကြောင်း လျှောက်ထားစေတော့သည်။ သိကြားမင်းလည်း မြတ်ဗုဒ္ဓရှင်တော်ထံ လျှောက်ထားဖွယ်ရှိသည့် ပြဿနာများကို မေးလျှောက်လေတော့၏။ မြတ်ဗုဒ္ဓရှင်တော်မှလည်း သိကြားမင်း၏ လျှောက်ထားချက်များကို ဖြေကြားတော်မူလေ၏။ မြတ်ဗုဒ္ဓရှင်တော် ဖြေကြားတော်မူသော တရားတော်များကို နာယူကြကုန်သည့် ဒေဝတာနတ်ပရိသတ်ရှစ်သောင်းနှင့်အတူ သိကြားမင်းလည်း သောတာပန်အရိယာအဖြစ်သို့ ဆိုက်ရောက်ခဲ့လေသည်။

မြတ်ဗုဒ္ဓအရှင်ကိုယ်တော်မြတ်ကြီး၏ရှေ့မှောက်၌ပင် သိကြားမင်းမှာ တရားထူးရ၍ တုံ့နေရာ၌ပင် စုတေ

www.burmeseclassic.com

www.burmeseclassic.com

နေဝင်းဝင်း(လွှန်ဆေး)
အာသီးရောင်ပျော်ကင်းစေမည့် ရေသရှားသီးအစွမ်း

တစ်ရက်တွင် စာရေးသူနှင့် တစ်ဌာနတည်းတာဝန်ထမ်းဆောင်နေသူ ညီငယ်တစ်ဦးဖြစ်သူ ကိုသန်းဇော်မှာ အာသီးရောင်ဝေဒနာခံစားနေရသဖြင့် စုံးမတက်နိုင်ပါ။ စာရေးသူနေထိုင်သည့် မြို့နယ်အတွင်းရှိ တာဂွတဲကြီးကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်ဇော်ဝင်းက နေ့လယ်တွင် ရုံးသို့ဖုန်းဆက်လာပါသည်။ ဌာနသို့ တင်ပြထားသော သူ၏လုပ်ငန်းတစ်ခုအတွက် ခွင့်ပြုမိန့်ကျ/မကျ ကျပြီဆိုပါက လာရောက်ယူလိုကြောင်းပြောလာသည်ကို စုံစမ်းကြည့်သည့်အခါ အာသီးရောင်၍ ခွင့်ယူထားသော ကိုသန်းဇော်၏ ဌာနစုက ဆောင်ရွက်ပေးရမည့်လုပ်ငန်းဖြစ်နေ၍ အကျိုးအကြောင်းရှင်းပြရပါသည်။ ထိုအခါ ဦးခင်ဇော်ဝင်းမှ အာသီးရောင်ရောဂါအတွက် သူထံတွင် ဆေးနည်းရောဆေးပါရှိသဖြင့် ညနေသုံးနာရီလောက်လာခဲ့မည်ဖြစ်ကြောင်း ပြောပြလာပါသည်။

ထိုအခါ စာရေးသူအနေဖြင့် အာသီးရောင်နေ၍ ရုံးမတက်နိုင်သော ကိုသန်းဇော်ကို ဆိုင်ကယ်တစ်စီးဖြင့် တစ်ယောက်လွှတ်ကာ ရုံးတွင်အသင့်ခေါ်ထားရပါသည်။ အာသီးရောင်နေသည့် ညီငယ်လည်း ရောဂါပျောက်ကင်း၊ စာရေးသူလည်း ဆေးနည်းတစ်နည်းရလျှင်တော့ စာဖတ်သူများသို့ တင်ပြနိုင်ပြီဆိုသော ရည်ရွယ်ချက်ကလည်းရှိနေသောကြောင့် ဖြစ်ပါသည်။

ညနေ (၃) နာရီကျော်ကျော်တွင် တာဂွတဲကြီးကုန်းအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်ဇော်သိန်း ရောက်ချလာပါသည်။ သူလက်ထဲတွင်လည်း အမျိုးအမည်မသိရသေးသော အသီးဖြူဖြူစိမ်းစိမ်းလေးများပါလာတာတွေ့ရပါသည်။ဦးခင်ဇော်သိန်းက ထိုအသီးလေးများကို လက်နှင့်ဆုပ်ယူပြီး ငရုတ်ဆုံသန့်သန့်တွင်ထည့်ကာ လေးငါးချက်ခပ်ဆတ်ဆတ်လေးထောင်းလိုက်ပြီး ဇွန်းတစ်ချောင်းနှင့်ထောင်းပြီးသည်များကို ခပ်ယူလိုက်ပါသည်။ထို့နောက် ဆယ်ယူထားသည်များကို လက်နှင့်ယူကာ လက်ဖက်ရည်ကြမ်းပန်းကန်လုံးလေးထဲသို့ ညှစ်ထည့်လိုက်ပါသည်။ ရရှိသောအရည်များ (စတီးဇွန်း နှစ်ဇွန်းစာခန့်) ကို အာသီးရောင်ဝေဒနာခံစားနေရသော ကိုသန်းဇော်ကိုတိုက်ပါသည်။ ဦးခင်ဇော်ဝင်းက ကိုသန်းဇော်ကို ယနေ့ ညတွင်းချင်း သက်သာပျောက်ကင်းပါလိမ့်မည်ဟု ရဲရဲပင်အာမခံချက်ပေးလိုက်ပါသေးသည်။ ဦးခင်ဇော်ဝင်း၏ လုပ်ငန်းကိစ္စကိုလည်း ကိုသန်းဇော်နှင့် စာရေးသူနှစ်ဦးပေါင်း၍ ဆောင်ရွက်ပေးလိုက်သည့်အတွက်ကြောင့် သူလည်း အဆင်ပြေပြေနှင့် ရွာပြန်သွားခဲ့ပါသည်။

သူသုံးစွဲကုသပေးသောဆေးနည်းမှာ ရေသရှားသီးကို အရည်ညှစ်တိုက်ကျွေးခြင်းဖြစ်ပြီး အချိန်ပိုင်းနှင့် လျင်မြန်စွာပင် သက်သာပျောက်ကင်းကြောင်း ရှင်းလင်းပြောပြခဲ့ပါသည်။ ရေသရှားသီးမှာ ရှားဖြူသီးလိုအသီးလေးများသာဖြစ်ပါသည်။ ရှားဖြူသီးထက် အလုံးအရွယ်အနည်းငယ်မျှသေးငယ်ပါသည်။ ရှားဖြူသီးပင်လိုအပင်ကြီးမျိုးဖြစ်ပါသည်။

နောက်တစ်ရက်တွင် ကိုသန်းဇော်လည်း ရုံးတက်လာနိုင်တာတွေ့မြင်ရပါသည်။ ဆေးသောက်ပြီးအပြန် ယမန်နေ့ည(၈)နာရီခန့်ကပင် အာသီးရောင်လုံးဝမရှိတော့ဘဲ ပျောက်ကင်းခဲ့ကြောင်းနှင့် ဆေးစွမ်းထက်မြက်ထိရောက်ကြောင်း ဝမ်းသာအားရပြန်လည်ဖောက်သည်ချရှင်းပြပါလေသည်။ သို့အတွက် သူရဲ့စာဖတ်ပရိသတ်များကိုယ်တိုင်သော်လည်းကောင်း၊ အသိမိတ်ဆွေများသော်လည်းကောင်း အာသီးရောင်ဝေဒနာခံစားနေရပါလျှင် ရေသရှားသီးကိုရှာဖွေရယူလျက် ဆေးကြောကာ သန့်စင်ထုထောင်း အရည်ညှစ်သောက်သုံးပါက နာရီပိုင်းအတွင်း သက်သာပျောက်ကင်းချမ်းသာခြင်းကို လက်တွေ့ခံစားရမည်ဖြစ်ပါကြောင်း ရေးသား တင်ပြအပ်ပါသည်။

နေဝင်းဝင်း(လွှန်ဆေး)

နတ်သက်ကြွေ၏။ ထိုနေရာ၌ပင် ချက်ချင်း သိကြားမင်းဘဝကို ပြန်လည်ရရှိခဲ့ပြန်တော့သည်။ ထိုသို့ သိကြားမင်းကြီးစုတေ၍ပြန်ဖြစ်သည်ကိုပင် အခြားသော နတ်ပရိသတ်အဖော်များမှာ မသိလိုက်ကြပေ။ ထို့ကြောင့် သိကြားမင်းက အလွန်ကျေးဇူးတင်သဖြင့် ပဉ္စသိခနတ်သားအား -

"အမောင် ပဉ္စသိခ၊ သင့်ကို အဖ အရာထားရှိပါမည်"

"ဂန္ဓဗ္ဗနတ်မင်းကြီးအဖြစ် ထားရှိပါမည်"

"ဘဒ္ဒါအမည်ရှိ သူရိယဝစ္ဆသာနတ်သမီးကိုလည်း သင့်အားအပ်နှင်းပါမည်။ သူမသည် သင့်ကို မျှော်လင့်လိုလားလျက်ရှိနေပါသည်"

ဟူ၍ ဆုသုံးမျိုးကိုပေးလိုက်တော့သည်။

ထို့နောက် သိကြားမင်းကြီးသည် ဝမ်းမြောက်ဝမ်းသာဖြစ်သောအခါ မိမိသူငယ်ချင်းအား လက်ဖြင့်ပုတ်သကဲ့သို့လည်းကောင်း၊ မြေကြီးသည် မတုန်မလှုပ်သကဲ့သို့ လည်းကောင်း မြတ်ဗုဒ္ဓရှင်တော်အပေါ်၌ သူ၏သက်ဝင်ယုံကြည်ကိုးကွယ်မှုမှာလည်း မတုန်လှုပ်တော့ကြောင်းကို သက်သေပြသကဲ့သို့ မဟာပထဝီမြေကြီးကို မိမိလက်ဖြင့်ပုတ်ခတ်လျက် ဗုဒ္ဓရှင်တော်ရှိရာသို့လက်အုပ်ချီမိုးကာ-

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ဟု သုံးကြိမ်သုံးခါ ဝမ်းသာအားရမြွက်ဆိုရှိခိုး ဥဒါန်းကျူးရင့်လိုက်ပါလေတော့သတည်း။

မေတ္တာဖြင့်

စံ-ကေတု

ကျမ်းကိုး -

၁။ သာသနာရေးဝန်ကြီးဌာနထုတ် ဗုဒ္ဓဘာသာတရားတော်(အခြေခံအဆင့်) စာအုပ်

၂။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ထုတ် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာစာအုပ်

၃။ မဃဒေဝလင်္ကာသစ်အဖွင့် ကျမ်း(သီတဂူကမ္ဘာဗုဒ္ဓတက္ကသိုလ်ဦးစံလှ(ဒုရဲမှူး(ငြိမ်း)အုပ်ချုပ်ရေးမှူး၊ဆရာတော်အရှင်မဟာသဓမ္မဇောတဖွင့်ဆိုသည်။)

www.burmeseclassic.com

www.burmeseclassic.com

(သာပဏ္ဍောကျော်၊ ဓမ္မာစရိယ၊ M.A)
ဦးဘာထော်ဇော်
ပြုသည့်ကောင်းမှု
တောင်းဆုနာထွေထွေ (၁၆)

■ **မဟာဝိဇယာရာမဆရာတော်၏ ဆုတောင်း**

အင်းဝခေတ် သက္ကရာဇ် ၉၆၀ ပြည့်နှစ်ခန့်တွင် ထင်ရှားသော သံဃရာဇာဖြစ်တော်မူသော အရှင်သုဝဏ္ဏရံသီမထေရ်သည် အင်းဝမြို့ မဟာဝိဇယာရာမကျောင်းတိုက်ကြီးကိုအုပ်ချုပ်ကာ သာသနာပြုတော်မူခဲ့သည်။ အရှင်သုဝဏ္ဏရံသီမထေရ်သည် ဂါထာပေါင်း (၉၃)ဂါထာရှိသော ဂန္ဓာဘရဏကျမ်း၏ အဖွင့်ဋီကာကို သုံးလကြာမျှအချိန်ယူ၍ ရေးသားတော်မူခဲ့သည်။ ထိုဋီကာ၏မူလအမည်မှာ ဂန္ဓာဘရဏဒီပနီ၊ ဂန္ဓာဘရဏဝဏ္ဏနာဖြစ်သည်။ မန္တလေးခေတ်တွင် မန္တလေးတောင်ပြင်ဘုရားကြီးတိုက်ဆရာတော် အရှင်ဇာဂရမထေရ်၏ ဂန္ဓာဘရဏဋီကာမေါ်လာသဖြင့် ဂန္ဓာဘရဏဋီကာဟောင်းဟု သတ်မှတ်ခေါ်ဆိုကြသည်။ ဂန္ဓာဘရဏဋီကာဟောင်းနိဂုံးလာ အရှင်သုဝဏ္ဏရံသီမထေရ်၏ ဆုတောင်းများကို ဖော်ပြပေးလိုက်ပါသည်။

'ကျမ်းဂန်ပြုစုကြောင်းမှုကြောင့် မင်းနှင့်ပြည်သူအပေါင်းသည် မြတ်စွာဘုရား၏ သာသနာတော်ကို အားတက်သရော စောင့်ရှောက်နိုင်ကြပါစေ။ သူတော်ကောင်းတရား၌ လိမ္မာသူဖြစ်ရပါလို၏။ ဖြစ်လေရာဘဝတိုင်း၌ ဉာဏ်ပညာထက်မြက်သူ၊ မြင့်မြတ်သူ၊ ဥစ္စာရှိသူ၊ ချစ်ခင်မြတ်နိုးခံရသူ၊ လူအပေါင်းကလိုလားသူ၊ ရန်သူအပေါင်းက ရန်မပြုနိုင်သူ၊ အနာရောဂါကင်းသူ၊ အသက်ရှည်သူဖြစ်ရပါလို၏။ ပါရမီသုံးဆယ်သုံးသွယ်စရိယ စာဂငါးခု မြတ်ကောင်းမှုတို့ကို ဖြည့်ကျင့်တော်မူပြီး သတ္တဝါဘုရား အဖြစ်သို့ ရောက်ရပါလို၏'

မင်းနှင့်ပြည်သူအပေါင်းသည် မြတ်စွာဘုရား၏ သာသနာတော်ကို အားတက်သရော စောင့်ရှောက်နိုင်ကြပါစေဟူသော ဆန္ဒတော်ကို လေးစား အတုယူ ကြည်ညိုနေမိသည်။

■ **စလင်းဦးလှဲ၏ ဆုတောင်း**

ကင်းဝန်မင်းကြီး၏ ကိုးကွယ်ခြင်းကိုခံရသဖြင့် ကင်းဝန်မင်းကြီးဆရာတော် စလင်းဇာတိဖြစ်ပြီး (နောက်ပိုင်းတွင်) စလင်းဗိမာန်ဘုံသာကျောင်းတိုက်တွင် သီတင်းသုံးသောကြောင့် စလင်းဆရာတော်ဟု ကျော်ကြားသော ဆရာတော် အရှင်ပညာသီဟသည် ကင်းဝန်မင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်လှူဒါန်းထားသော ကင်းဝန်မင်းကြီးကျောင်းတိုက်၏ ဒုတိယမြောက် မဟာနာယကဖြစ်တော်မူသည်။ ဆရာတော်သည် ကင်းဝန်မင်းကြီးကျောင်းတိုက်ကို အုပ်ချုပ်သာသနာပြုရင်း သုသာနဘူမိဝိနိစ္ဆယ၊ သံယိကနာသနဝိနိစ္ဆယ စသော ဝိနိစ္ဆယပေါင်း (၂၀)ကျော် ပြုစုတော်မူခဲ့သည်။ထိုဝိနိစ္ဆယများကိုစုပေါင်း၍ တိပိဋကမေဒရာသီကျမ်းအမည်ဖြင့် ၁၂၆၂ ခုနှစ်တွင် စွေးချိုတော်မြောက်ဘက် အိန္ဒိယစာပုံနှိပ်တိုက်၌ အုပ်ရေ (၁၀၀၀) ထုတ်ဝေခဲ့ပါသည်။ ထိုဝိနိစ္ဆယများတွင် ကျောင်းဒကာ ကင်းဝန်မင်းကြီး လျှောက်ထားသဖြင့် ဖြေဆိုရသောဝိနိစ္ဆယများလည်း ပါဝင်ပေသည်။ကင်းဝန်မင်းကြီး ဆရာတော်သည် နောင်တွင် လူဝတ်လဲလိုက်သောကြောင့် စလင်းဦးလှဲဟု အမည်တွင်ရပြန်သည်။

ဆရာတော်လူထွက် စလင်းဦးလှဲဘဝဖြင့် ဓိတရောဝါဒပျို့ကိုရေးသားပြန်ရာ အလွန်ကောင်းမွန်ထူးခြားသောပျို့တစ်စောင်ဖြစ်လာခဲ့သည်။ အမေတစ်ယောက်က ကိုယ့်သမီးကို အနီးကပ်သွန်သင်နေသည့်ပမာ အကြောင်းအရာစုံလင်၍ အချက်ကျကျတင်ပြနိုင်သောပျို့ဖြစ်သည်။

ကျမ်းပြုဆရာတော် အရှင်ပညာသီဟသည် စလင်းမြို့ ဝိမာန်ဘုံကျောင်းကျောင်းဒကာသီတင်းသုံးနေစဉ် သက္ကရာဇ် ၁၂၃၇ ခုနှစ်တွင် ရေးသားပြီးစီးခဲ့သော ကာယဂတာသတိဘာဝနက္ကမပကာသနီကျမ်းနိဂုံး၌ လိုလားသောဆန္ဒများကို အောက်ပါအတိုင်း ထုတ်ဖော်ထားခဲ့ပေသည်။

'ကျမ်းစာပြုရ မြတ်ပုညကြောင့် ကောင်းစွာစင်ကြယ်သန့်ရှင်းသောဘေးအပေါင်းတို့၏ ခေါင်းပါးကုန်ဆုံးချမ်းသာရာဟု ဘုရားမြတ်စွာတို့ ချီးမွမ်းအပ်သောနိဗ္ဗာန်သို့ ရောက်ရပါလို၏။ မှတ်မိပြီးသော အတတ်ပညာတို့ကို အသက်ထက်ဆုံး လေ့လာနိုင်သည်ဖြစ်၍ မမေ့မလျော့ဘဲ ကျောက်သား၌ ရေးသားထားသကဲ့သို့ ဆောင်နိုင်ရပါလို၏။ တစ်ပါးသူတို့ မသိမတတ်နိုင်သော ခက်ခဲသောအရာများကိုလည်း ထင်ထင်ရှားရှား ဟုတ်မှန်သည့်အတိုင်းသိရ၍ ယုံမှားသံသယကို ပယ်ဖျောက်နိုင်ရပါလို၏။ အတိုင်းမသိသောဂုဏ်တို့ဖြင့် ကျော်စောသူ၊ ဂုဏ်ရှိသူတို့ထက်ထင်ရှားသူ၊ မြင်ကာကြားကာမျှဖြင့် သဘောကျခြီးမွမ်းခံရသူဖြစ်ပေါ်လို၏။ ဆွေမျိုးအားလုံးတို့ထက် ပညာအစွမ်းဖြင့် သာလွန်သူ၊ ခွန်အားကြီးသူ၊ တန်ခိုးကြီးသူ၊ အဆင်းလှသူ၊ လွှမ်းမိုးနိုင်သူဖြစ်ရပါလို၏'။

■ **ကင်းဝန်မင်းကြီး၏ဆုတောင်း**

သေနတ်ဝန်ကြီး၊ လယ်ကိုင်းမြို့စားကြီး၊ မင်းကြီးသက်တော်ရှည်ဟုခေါ်ဝေါ်ကြသော ကင်းဝန်မင်းကြီးသည် ကျမ်းအတတ်အကျော် ကျမ်းပြုအကျော် ပုဂ္ဂိုလ်မွန်ဖြစ်သည့်အပြင် ကျောင်းအလှူရှင်၊ ပဋိဂတ်အလှူရှင်လည်းဖြစ်လေသည်။ ကင်းဝန်မင်းကြီး၏ ပေစာကမ္ဘဝါကြိုးစားပါဆုတောင်းများကို ဖော်ပြပေးလိုက်ပါသည်။

'သုံးသွယ်အမြတ် ပဋိဂတ်နှင့် ဥတ်ကမ္ဘဝါ၊ ဒေသနာကို အကွာရာတစ်ဆူသယမ္ဘူဖျား တစ်ပါးပါးကို မှတ်သားကော်ရော် ရေးပူဇော်ပြီး ဝဲမော်ဂယက် ကုမဂ်မှန်ဘီ လေးအကိုဂည့် မှေးညို့တတ်စွာ ဝဋ်သုံးဖြာမှ ခေမာအာဘယနန်းဌာနသို့ ဘဝမခြား လျှင်လျားတောက်တပို နောင်ရလိုဟု နှုတ်ဆိုသံတင် ဆုပန်ဆင်သည် သုံးခွင်ဘုံလူကြည်ဖြူလူထု ဤကောင်းမှုကို သာမုအပြိုင် မွှေက်စေသော်. . .

မဂ်ဉာဏ်လေးပါးတို့ဖြင့်ဝဋ်သုံးပါးမှလွတ်မြောက်၍ ဘေးရန်အပေါင်းကင်းရာနိဗ္ဗာန်သို့ ဘဝမခြားဘဲ ဤဘဝမှာပင်ရပါလို၏။ ဤဘဝ၌ မရခဲ့သော် နောင်ဘဝတွင်ရပါလို၏ဟု ဆိုလိုပေသည်။

■ **ပထမမြတ်တောင်ဆရာတော်၏ဆုတောင်း**

ရာဇဂုရုဘွဲ့တံဆိပ် (၃) ထပ်ဆက်ကပ်ခြင်းခံရသော မြတ်တောင်ဆရာတော် အရှင်အာလောကမထေရ်သည် သင်္ကာဆရာတော်ကြီး၏တပည့် ဖြစ်သည်။ မြတ်တောင်မြို့စား စုဖုရားလတ်၏ ဆရာလည်းဖြစ်လေသည်။ အရှင်အာလောကမထေရ်သည် စုဖုရားလတ်လှူဒါန်းသော မြတ်တောင်ကျောင်းတိုက်ကြီး၌ သီတင်းသုံး သာသနာပြုတော်မူရင်း ဝိပဿနာရှုဖွယ်ကျမ်း စသော ကျမ်းပေါင်းများစွာကို ပြုစုရေးသားတော်ခဲ့သည်။ ထိုကျမ်းစာများတွင် ရှုပကာသနီကျမ်း၊ အာဒျာတ်ပဒမာလာကျမ်း၊ ဂဏသံသဂ္ဂဟတော်စဉ်ကျမ်းများကို သီပေါမင်း တောင်းပန်၍ ၁၂၄၅ ခုနှစ်တွင် ရေးသားတော်မူသည်။ ဝိပဿနာရှုဖွယ်ကျမ်းကိုမူ စုဖုရားလတ် တောင်းပန်သဖြင့် ၁၂၄၆ ခုနှစ်တွင် ရေးသားတော်မူခဲ့သည်။ ၁၂၂၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်နေ့တွင် ရေးသားပြီးစီးသော ဗာလာဝတာရနိဿယနိဂုံး၌ ဖော်ပြထားသော ဆရာတော်ကြီး၏ဆုတောင်းမှာ တစ်မူထူးခြားလှပေသည်။

'ကျမ်းဂန်ပြုရ ကုသလကြောင့် အရိမေတ္တေယျမြတ်စွာဘုရားထံမှောက်တွင် ဟိတိကဘုရဟန္တာဖြစ်ရပါလို၏။ ထိုအခါ မြန်မာပြည်၌ ကျော်ကြားထင်ရှားလှသော ဆရာဖြစ်သူ ကျေးလူးရှင် သင်္ကာဆရာတော်ဘုရားကြီးအားမြတ်နိုးပူဇော်ရပါလို၏' ဟု တောင်းဆုခြွေသောရာဇဂုရုဘွဲ့တံဆိပ်သုံးထပ်ရ မင်းဆရာတစ်ပါး၏စိတ်နှလုံးမှာ အားကျအတုယူဖွယ်ရာ ဖြစ်ပေသည်။

■ **တတိယမြတ်တောင်ဆရာတော်၏ဆုတောင်း**

ပုဂံမြို့အရှေ့တောင်ဘက် ဖွားစောရွာဇာတိ တတိယမြောက် မြတ်တောင်ဆရာတော် အရှင်ဝိစာရမထေရ်သည် စာပေပို့ချရင်း အာနာပါနရှုဖွယ်ကျမ်း၊ မဏိစလဏ္ဌေရုပ္ပတ္တိကျမ်း စသောကျမ်းပေါင်းများစွာကို ပြုစုတော်မူခဲ့ပါသည်။ ဆရာတော်အရှင်ဝိစာရသည် သံသရာ၌ လွန်စွာငြီးငွေ့စိတ်ပျက်၍ ထွက်လမ်းရှာနေသောမထေရ်မြတ်ဖြစ်ကြောင်းကို ကျမ်းစာများနိဂုံးစကားအရ သိရှိကြည်ညိုမိပါသည်။ ဆရာတော်အရှင်ဝိစာရသည် အာနာပါနရှုဖွယ်ကျမ်းနိဂုံး၌ -

'ဤစာရေးရ မြတ်ပုညကြောင့် ဤဂေါတမသာသနာတော်၌ပင် အာသဝအလုံးစုံကို ချေမှုန်းသုတ်သင် စင်ကြယ်အောင်ဆေးလျှော်ကာ အရိယာအပေါင်းသူတော်ကောင်းတို့ ပုန်းအောင်းကွန်းထောက်ရောက်ရာဖြစ်သည့် အမတမည်ရွှေပြည်နိဗ္ဗာန်သို့ ရောက်ရပါလို၏'

ဟု ဆုတောင်းထားခဲ့ပေသည်။

ဦးဉာဏ်ဆောင်
(သာမဏေကျော်၊ မဇ္ဈိမစိရိယ၊ M. A)

www.burmeseclassic.com

www.burmeseclassic.com

ပြင်ဦးလွင်၊ ကျင်ဂနိုင်ရွာဦးက အမတသုခ သမ္မုဒ္ဓေ ကမ္ဘာငြိမ်းချမ်းရေးကပ်ကျော်စေတီတော်ကြီး

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

ဒီနှစ်သင်္ကြန်အလွန်မှာ ပြင်ဦးလွင်ကို မမျှော်လင့်ဘဲရောက်သွားခဲ့ပါတယ်။ သင်္ကြန်လက်ဆေးမိုးရွာခဲ့ပြီး ပြင်ဦးလွင်မြို့ဖြစ်နေတာတောင်မှ ဒီမှာလည်း ရာသီဥတုက အိုက်စပ်စပ်ပါ။ လွန်ခဲ့တဲ့ ရာစုနှစ်တစ်စိတ်လောက်က ရောက်ခဲ့တဲ့ ပြင်ဦးလွင်နဲ့တော့ အတော့်ကို ကွာခြားသွားခဲ့ပါပြီ။ ချယ်ရီတွေသိပ်မပွင့်တော့သလို ငုစပ်နဲ့ စိန်ပန်းပြာတို့ကလည်း ကျိုးတိုးကျဲတဲ့ရယ်ပါ။ မြို့ပြင်က ထင်းရှူးတောတွေမှာတော့ အကွက်တွေချပြီး ခြံကွက်တွေဖော်၊ အိမ်တွေအပြိုင်အဆိုင် ဆောက်ပြီးရောင်းနေကြလို့ ထင်းရှူးသီးတစ်လုံးလောက် အမှတ်တရကောက်ဖို့ တောင်ရှာမရဖြစ်နေရဲ့။ မြင်းခွာသံ တဒေါက်ဒေါက်နဲ့ ရထားလုံးလေးတွေက တော့ ဆိုင်ကယ်သံတဗုန်းဗုန်းကြားမှာ အသက်လုပြီးရှောင်နေကြပေါ့။

'ပြင်ဦးလွင်ချစ်သူများ' ကလည်း မြေကွက်တွေကို အသည်းအသန်ချစ်နေကြသူတွေကို မလွန်ဆန်နိုင်တော့ဘူးထင်ရဲ့။ ဒီလိုနဲ့ စိမ်းစိုသာမောဖွယ် တောတောင်အလှဟာ မြို့ကွက်တွေအဖြစ် အစိတ်စိတ်အမြွှာမြွှာ တစ်စစီကျိုးပဲ့နေပေါ့။ တိုးတက်နေတာလား၊ ဆုတ်ယုတ်နေတာလားလို့ မဝေခွဲနိုင်ဖြစ်နေမိပါတယ်။ နွေအပူရှောင်ပြီး ပြင်ဦးလွင်သို့ တက်လာသူတွေလည်း ယပ်တောင်တဖျတ်ဖျတ်ခတ်နေကြတယ်။ ပန်းကမ္ဘာလို့တင်စားခေါ်ခဲ့ကြရတဲ့ အတိတ်ကိုမှန်းပြီးလွမ်းဖို့ကတော့ အရင်တစ်ရက်နှစ်ရက်လောက်ကရွာထားတယ်ဆိုတဲ့မိုးနဲ့အတူပွင့်နေတဲ့မိုးကြိုပန်းလေးတွေပဲရှိပါတော့တယ်။ ပန်းနုရောင်အပွင့်လေးတွေက ပြင်ဦးလွင်မြို့လမ်းတွေဘေးက ကျန်သမျှမြေလေးမှာ အားခဲပြီးပွင့်နေရှာရဲ့။ ရန်ကုန်မှာ နှင်းပန်းလို့ခေါ်တဲ့ အဲဒီပန်းလေးတွေဟာ ပြင်ဦးလွင်မှာတော့ ရန်ကုန်မှာထက် အပွင့်လည်းပိုကြီးလို့ ပိုလှပါတယ်။

ပြင်ဦးလွင်မြို့ရောက်ပြီးနောက် တစ်ရက်မှာ ခဏတာတည်းခိုခဲ့ရာ အိမ်ရှင် 'အေး-မက်မန်း'လုပ်ငန်းပိုင်ရှင် ဒေါ်ဝင်းက 'ပြင်ဦးလွင် (၃၁) မိုင် ကျင်ဂနိုင်ရွာမှာ သမ္မုဒ္ဓေစေတီပုံဘုရားအသစ်ကြီး တစ်ဆူတည်ထားတာပြီးစီးနေပြီး အလွန်လည်း ခံ့ညားထည်ဝါပြီး သပ္ပာယ်လှတယ်။ မကြာခင်မှာ ဆွမ်းလောင်းပွဲနဲ့ ပါမောက္ခချုပ်ဆရာတော်ကြီးရဲ့တရားပွဲလည်း ကျင်းပမယ်။ ဘုရားပွဲလည်း ဆွမ်းလောင်းကြ၊ တရားပွဲအတွက်ပြင်ဆင်ပေးရမယ်။ စီစဉ်စရာစီစဉ်ဖို့သွားကြည့်မှာမို့ လိုက်ခဲ့ပါခေါ်လို့ သူကားနဲ့ပဲလိုက်သွားပါတယ်။ကွေ့ကွေ့ကောက်ကောက်လမ်းလေးတွေကိုဖြတ်ကျော်ပြီး ဒေါ်ဝင်းတို့အိမ်ဝင်းရှိရာ မိုးကြိုးရပ်ကွက်ကနေ အတော်လေးသွားမိတဲ့အခါ စေတီတော်သစ်ကြီးဆီကို ရောက်ပါတယ်။

'အမတသုခသမ္မုဒ္ဓေကမ္ဘာငြိမ်းချမ်း

ပြင်ဦးလွင် (၃၁) မိုင် ကျင်ဂနိုင်ရွာထိပ်က အမတသုခ သမ္မုဒ္ဓေကမ္ဘာငြိမ်းချမ်းရေးစေတီတော်

ပြင်ဦးထွင် (၃၁) မိုင် ကျင်ဂနိုင်ရွာထိပ်က အမတသုခ သမ္မုဒ္ဓေကမ္ဘာငြိမ်းချမ်းရေးစေတီတော်

www.burmeseclassic.com

www.burmeseclassic.com

ရေးစေတီတော်'သစ်ကြီးဟာ ပြင်ဦးလွင်မြို့အတက်၊ မန္တလေး-ပြင်ဦးလွင် လမ်းမကြီးပေါ်မှာ ရှိပါတယ်။ မန္တလေးကနေတက်အလာ ရင်ဖို့ဖွယ်အကွေ့အကောက်တွေကိုကျော်ရင် (၂၁) မိုင်ကို ရောက်တယ်။ (၂၁) မိုင်ရဲ့ ကြွပ်ကြွပ်ရွရွရှိလှလို့ နာမည်ကျော်တဲ့အကြော်ဖို့တွေကိုလွန်ပြီးကားနဲ့ ဆက်လက်တက်လာခဲ့ရင်တော့ (၁၀) မိုင်လောက် ကားထပ်မောင်းလိုက်တဲ့အခါ လမ်းရဲ့ လက်ဝဲဘက်မှာ အဲဒီစေတီတော်တည်ထားတဲ့ တောင်ကုန်းလေးကို လမ်းနဲ့ကပ်လျက်မှာ တွေ့ရပါမယ်။ ဒါပေမယ့် စေတီတော်ကအသစ်မို့ အမှတ်တမဲ့နဲ့ လူတွေသိပ်မသိကြသေးပါဘူး။

စေတီတော်သစ်ကြီးကို ရန်ကုန်ဝင်ဒါမိယာက သီလရှင်ဆရာကြီးတစ်ပါးက ဦးဆောင်တည်ထားတာဖြစ်ပြီး သီလရှင်ကြီးဟာ ဂျပန်နိုင်ငံမှာလည်း သာသနာသွားပြုပြီး ဘုရားတွေတည်နေတာလို့ လမ်းမှာ ဒေါ်ဝင်းကပြောပြပါတယ်။ ဘုန်းတော်ကြီးတစ်ပါး ဦးဆောင်တည်တာမဟုတ်ဘဲ သီလရှင်ကြီးကတည်တာဆိုလို့ စိတ်ဝင်စားသွားမိပါတယ်။

လမ်းဘေးက တောင်ကုန်းလေးကို ကွေ့တက်လိုက်တာနဲ့ စေတီတော်သစ်ကြီးကို တောင်ကုန်းလေးပေါ်မှာ ဘွားခနဲဖူးမြင်လိုက်ရပါတယ်။ မြင်နေကျ စေတီတော်ပုံမဟုတ်ဘဲ အောက်ခံတိုက်ကျောင်းပေါ်မှာ စေတီရုံလေးတွေထပ်တင်ပြီးမှ အလယ်မှာ စေတီထပ်ပေါက်ထားတာပါ။ စေတီတော်တွေမှာကပ်လှူထားတဲ့ရွှေဆေးရောင်သင်္ကန်းအပြင် အဆောက်အအုံအသစ်မှာ သုတ်လိမ်းအရောင်ခြယ်ထားတဲ့ ဆေးရောင်လေးတွေကလည်း ခရမ်းနုရောင်၊ အဝါရောင်၊ ပန်းနုရောင်၊ အစိမ်းနုနုတွေမို့ အရောင်စုံပြီး အမြင်တော့တစ်မျိုးဆန်းနေပါတယ်။ ရင်ပြင်တော်ကို အတော်လေးကျယ်ကျယ်နေရာယူထားကာ ဘေးမှာလည်း တည်ဆောက်မွမ်းမံလက်စ အဆောက်အအုံတွေကတိုးလို့တန်းလန်းမို့ တောင်တစ်တောင်လုံးကိုတော့ အတော်လေးဖြိုကာ မြေညှိရပြီး တောင်ပေါ်မှာရှိနေဆဲ အပင်တွေကိုလည်း အများကြီးရှင်းခဲ့ရမှာလို့ တွေးကြည့်နေလိုက်မိတယ်။ ရင်ပြင်တော်အုတ်ခုံနံဘေးမှာ ရေးထိုးထားတဲ့ စေတီတော်ရဲ့ 'ကမ္ဘာငြိမ်းချမ်းရေး' ဆိုတဲ့ ဘွဲ့တော်နဲ့လိုက်အောင် ကမ္ဘာလုံးပုံပေါ်မှာတည်ထားတဲ့ မျှော်စင်

အမတသုခ သမ္မုဒ္ဓေ ကမ္ဘာငြိမ်းချမ်းရေးစေတီတော်ကြီးအတွင်းက ပန်းအထု။

အမတသုခ သမ္မုဒ္ဓေ ကမ္ဘာငြိမ်းချမ်းရေးစေတီတော်ကြီးအတွင်းက ပန်းအလှ။

အမတသုခ သမ္မုဒ္ဓေ ကမ္ဘာငြိမ်းချမ်းရေးစေတီတော်ကြီးအတွင်းက ပန်းအထု။

www.burmeseclassic.com

www.burmeseclassic.com



အမတသုခ သမ္မာဒ္ဓေစေတီတော်ကြီးအတွင်းရှိ ဂန္ဓကုဋိတိုက်



အမတသုခ သမ္မာဒ္ဓေစေတီတော်ကြီးအတွင်းရှိ ဂန္ဓကုဋိတိုက်



အမတသုခ သမ္မာဒ္ဓေစေတီတော်ကြီးက ကမ္ဘာလုံးဘုရား



အမတသုခ သမ္မာဒ္ဓေစေတီတော်ကြီးအတွင်းရှိ ဂန္ဓကုဋိတိုက်



အမတသုခ သမ္မာဒ္ဓေစေတီတော်ကြီးအတွင်းရှိ ဂန္ဓကုဋိတိုက်

အမတသုခ သမ္မာဒ္ဓေစေတီကြီးရဲ့ အရံစေတီတော်များမှ (၈-၀-၀-၀) သင်္ကေတများ

အမတသုခ သမ္မာဒ္ဓေစေတီတော်ကြီးဘေးက နဂါးရုံဘုရား

လို အဆင့်ဆင့်အထပ်ထပ်နဲ့စေတီ၊ နန်းမြင့်ပုံစေတီ၊ နဂါးရုံဘုရား၊ နတ်ကွန်းနဲ့ နတ်နန်းတွေလည်း တည်ဆောက်ထားတာမို့ အတော်ကြီးမားတဲ့တည်ဆောက်မှုတစ်ခုပါပဲ။ စေတီတော်နဲ့ ကျောင်း၊ ဇရပ်တွေ ထပ်ဖြည့်တည်ဆောက်ပြီးတဲ့အခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ရော စေတီတော်ဝန်းကျင်သာယာတင့်တယ်ရေးအတွက်ပါ သစ်ပင်တွေတော့ အတော့်ကို ထပ်ပြီးစိုက်ရဦးမှာပဲလို့ စိတ်ထဲမြင်ယောင်နေမိရဲ့။ ဒါပေမယ့် အပွင့်ရဲရဲလေးတွေနဲ့ စိန်ပန်းပင်တွေ မြေယာအခင်းအကျင်းအတွက် အလှစိုက်ထားတဲ့ အပင်ပုတွေလည်း တွေ့နေရလို့ ဘုရားတည်သူတွေလည်း ဒီအချက်ကိုဖြင့် သတိထားမိကာ ဂရုစိုက်ခဲ့ပုံရပါတယ်။

ဒေါ်ဝင်းတို့နဲ့အတူ စေတီတော်အတွင်းပိုင်းကိုဝင်ခဲ့ပါတယ်။ အခုနောက်

www.burmeseclassic.com

www.burmeseclassic.com



အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးဘေးက နဂါးရုံဘုရားအား ဘေးမှဖူးမြင်ရစဉ်



အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးရဲ့ အတွင်းလိုက်ပတ်လမ်း



အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးရဲ့ အတွင်းလိုက်ပတ်ထမ်း



အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးရဲ့ အတွင်းလိုက်ပတ်လမ်း

ပိုင်းတည်တဲ့ စေတီတွေမှာ အောက်ခံလိုက်ကိုထည့်ဆောက်တတ်ကြတော့ အထဲမှာလည်း အများပြည်သူတွေဝင်ဖူးလို့ရသလို စေတီတော်ရဲ့ အလေးချိန်၊ စေတီတော်ရဲ့ကိုယ်ထည်ထဲကိုထပ်ဖြည့်ရမယ့် မြေသားနဲ့အုတ်တွေကိုလည်း လျော့ပြီးသားဖြစ်သွားတာကို သတိပြုမိပါတယ်။ အတွင်းဘက်ဆုံး လိုက်ထဲကို ရောက်ဖို့ အပြင်မှာ လိုက်ပတ်လမ်းနှစ်ထပ်ရှိပါတယ်။ အတွင်းလိုက်ရဲ့အလယ်မကျိုင်ကို ညောင်ပင်ကြီးတစ်ပင်လို လုပ်လိုက်ပြီး ညောင်ပင်ပတ်လည်မှာ ပလ္လင်တော်တွေ ဝန်းရံကာ ဆင်းတုတော်လေးဆူပတ်ရံထားပါတယ်။နောက်တစ်ခါ ထပ်မံသတိထားမိတာက ယနေ့ခေတ် စေတီဘုရားတွေမှာ အင်္ဂတေပန်းလက်ရာတွေ၊ ဆင်းတုရုပ်တုတွေလည်း များများထည့်လာကြပြီး နံရံတွေကိုလည်း ဆေးရောင်စုံတွေနဲ့ ပန်းချီတွေ

အမတသုခ သမ္မုဒ္ဓေဝတီကြီးအတွင်း
လိုထဲနံရံမှ ဆင်းတုတော်ဘုတ်ချပ်များ

အမတသုခ သမ္မုဒ္ဓေ
စေတီတော်ကြီးအတွင်းက ဖူးအလှူ။

www.burmeseclassic.com

www.burmeseclassic.com



အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးရဲ့ အတွင်းလိုဏ်ပတ်လမ်း



အမတသုခ သမ္မုဒ္ဓေ ကမ္ဘာငြိမ်းချမ်းရေးစေတီတော်ကြီးအတွင်းက ပန်းအလှ။



အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးရဲ့ အရံစေတီတော်များမှ နေကြာပန်းများ



ရေးဆွဲကာ သရုပ်ဖော်လာကြတာပါပဲ။ ပန်းရန်ကို ပန်းပု၊ ပန်းခြံတွေနဲ့ ရောထားတဲ့သဘောပါ။ အခုလည်း ဗောဓိညောင်ပင်ကြီးကို ညောင်ရွက်စိမ်းတွေ၊ ညောင်မြစ်အတွန့်အခေါက်တွေနဲ့ဖြည့်စွက်ကာ တကယ့်ညောင်ပင်ကြီးလို ပန်းချီဆေးပါခြယ်ထားပါတယ်။

ဒါပေမယ့် ပုဂံခေတ်စေတီတော်တွေရဲ့လိုဏ်တွေလို လေးမျက်နှာဝင်ပေါက်ကို ဆင်းတုတော်ကြီးတွေနဲ့ တည့်တည့်မှာ အပေါက်ကြီးကြီးမဖောက်ဘဲ နံရံတစ်မျက်နှာကိုနှစ်ပေါက်ဖောက်ထားတာမို့ ဝင်လာရင်းနဲ့ ဆင်းတုတော်ကို မဖူးမြင်နိုင်ပါဘူး။ ဝင်ပေါက်နှစ်ပေါက်ကြားက နံရံကိုသာ ဦးတိုက်နေရပါတယ်။

မဟာဗောဓိညောင်ပင်ရဲ့ပတ်လည်က စကျင်ကျောက်သားဆင်းတုတော်တွေဟာ အတော်လက်ရာကောင်းပြီး မျက်နှာတော်များလည်း သပ္ပာယ်လှတယ်။ ဆင်းတုတော်တွေရဲ့ မုဒြာဟန်များကလည်း မဟာပထဝီမြေကြီးကို တိုင်တည်နေဟန် ဘူမိဖဿမုဒြာ၊ ဓမ္မစက္ကာတရားတော်ဟော်တော်မူနေဟန် ဓမ္မစက္ကရမုဒြာ၊ သတ္တဝါများအပေါ် ကရုဏာသက်ဟန် မဟာကရုဏိကမုဒြာစတာတွေမို့ ဖူးမြော်ရင်းနဲ့ပဲ ကျေနပ်ပီတိဖြစ်ရပါသေးတယ်။ အခုခေတ်မှာ လောဘမောဟနဲ့ လိုအင်ဆန္ဒရမက်ကြီးများလွန်းလှတဲ့ ဒကာတော်တွေရဲ့လက်ချက်နဲ့ အမြင်မတော်တဲ့ မဟုတ်မတရားတွေကို ဘုရားဆင်းတုတော်တွေမှာထုလုပ်ထားကြတာ မြင်မြင်နေရလို့ ဘဝင်မကျ ခံစားနေရတတ်လို့ပါ။ တချို့ပုံတော်တွေမှာများ ဘုရားရှင်ရဲ့လက်တော်ဟာ နောက်ပြန်ပစ်လိမ်ပြီး လန်နေသေးရဲ့။ ညောင်ပင်ကြီးက (၄၅) သိန်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးရဲ့ အရံစေတီတော်များမှ
နေကြာပန်းများ

အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးဝင်ပေါက်မှ
ဆောင်စေ့ဝိုင်စေအထိမျှား



အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးမှ
ကမ္ဘည်းကျောက်စာတိုင်များ



အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးမှ
ကမ္ဘည်းကျောက်စာတိုင်များ



အရံစေတီတော်များမှ
(စ-ဝ-ဗ-ဝ) သင်္ကေတများ



အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးမှ
ကမ္ဘည်းကျောက်စာတိုင်များ



အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးမှ
ကမ္ဘည်းကျောက်စာတိုင်များ

အိမ်ရှင် ဒေါ်ဝင်းတို့အဖွဲ့ ဘုရားရှိခိုးနေကြစဉ်မှာပဲ ကိုယ်လည်း စေတီတော်အပြင်ဘက်မှာ စိုက်ထူထားတဲ့ ကျောက်စာကိုသတိရပြီး အဲဒီမှာတော့ စေတီနဲ့ဆိုင်တဲ့သတင်းအချက်အလက်တွေပါမှာပဲရယ်လို့ အပြင်ထွက်ခဲ့ပါတယ်။ စေတီရဲ့အုတ်ဖိနပ်ခုံအစပ် ကုန်းတော်ပေါ်မှာစိုက်ထူထားတဲ့ကျောက်စာကြီးကို အေးအေးဆေးဆေးဖတ်ကြည့်မိတယ်။

အောင်စေ အရဟံ ပိုင်စေ
အမတသုခ သမ္မုဒ္ဓေကမ္ဘာငြိမ်းချမ်းရေး ကပ်ကျော်ဆုတောင်းပြည့်စေတီတော် (မေမြို့) ကမ္ဘည်းကျောက်စာနှင့်သမိုင်းအကျဉ်းချုပ်

မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ သုံးတောင်ကျေးရွာအုပ်စု၊ ကျင်ဂနိုင်ကျေးရွာတွင်၊ ပြင်ဦးလွင်-မန္တလေးလမ်းမကြီးမှ မြောက်တိုင်အမှတ်

ဆင်းတုတော်တွေက တစ်ဆူကို သိန်း (၅၀) လောက်ကုန်ကျတယ်လို့ ပြောသံကြားမိပါတယ်။ လက်ရာနဲ့ကျောက်သားအရည်အသွေးတွေကောင်းလို့ တန်ပါတယ်လို့ပဲ တွေးနေမိတယ်။ တစ်ခါတုန်းက အရမ်းကြီးမားပြီးအရည်အသွေးလည်း

အလွန်ကောင်းတဲ့ စပယ်ရှယ်စကျင်ကျောက်တုံးကြီးတစ်တုံးကို စကျင်တောင်ကနေ ခဲရာခဲဆစ်သယ်ယူပြီးမှ ဆင်းတုတော်ထုဆစ်ရာမှာ မျက်နှာတော်မှာအတော့်ကို မတင့်မတယ်ဖြစ်ခဲ့တာကို သတိရမိလို့ပါ။

www.burmeseclassic.com

www.burmeseclassic.com

(၃၁) အနီးတွင် အမတသုခ သမ္မုဒ္ဓေ ကမ္ဘာ့ငြိမ်းချမ်းရေးကပ်ကျော်ဆုတောင်း ပြည့်စေတီတော် (မေမြို့) ကို ခုနစ်ရက် သားသမီးနှိုင်ငံသူနှိုင်ငံသားများနှင့် ကမ္ဘာ သူကမ္ဘာသားများ တတိယကမ္ဘာစစ်ဘေး မှကင်းဝေးစေရန်နှင့် မြန်မာနှိုင်ငံသူနှိုင်ငံ သားများအားလုံး စည်းလုံးညီညွတ်၍ တိုင်းပြည် စည်ပင်သာယာဝပြောပြီး ဘာသာသာသနာ့နေလိုလိုထွန်းလင်း တောက်ပ ပြန့်ပွားစေရန် အကျိုးမျှော်၍ တည်ထားကိုးကွယ်ပါသည်။

ကျင်ဂနိုင်ကျေးရွာနေ အဘဦးထွန်း၏ ဉယျာဉ်ခြံမြေအဖြစ် အသုံးပြုခွင့်ရှိသော မြေ(၈.၅)ကေအား ခရစ်သက္ကရာဇ် ၂၀၀၈ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့တွင် ဆရာကြီးဒေါ်ခေမာစာရီအား လှူဒါန်းသဖြင့် မေတ္တာရှေ့ထား အလှူခံတော်မူပြီး ၂၀၁၀ ခုနှစ်၊ မတ်လ(၉)ရက်နေ့တွင် ဦးမောင်ခိုင်အမည်ဖြင့် သာသနာတော်အတွက်အသုံးပြုရန် အခွန်လွတ် သာသနာ့ဂရန်မြေအား နှိုင်ငံတော်ထံမှ ရရှိပါသည်။ အနန္တောအနန္တငါးပါးနှင့် တကွ ဆရာသခင်ကျေးဇူးရှင်တို့၏ဂုဏ် ရည်ကို အာရုံပြုလျက် ဝိဇ္ဇာအပေါင်း သူတော်ကောင်းများပါမကျန် ဘိုးတော်







အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးရဲ့ ကျောက်စာတိုင်က ဂါထာတော်များ



အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးအနီးက ကိုးမြို့ရှင်ဟော်နှန်း

အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးအနီးက ကိုးမြို့ရှင်ဟော်နှန်း



အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးအနီးက ကိုးမြို့ရှင်ဟော်နှန်း



တည်ဆောက်ဆဲ သာသနိကအဆောက်အအုံများ

www.burmeseclassic.com

www.burmeseclassic.com

အမတသုခစေတီကြီး ဦးဆောင်တည်ထားသူ
ဒေါ်ခေမာစာရီ



ကမ္ဘာငြိမ်းချမ်းရေးစေတီတော်ကြီးအတွင်းက
ပန်းအထူ

အမတသုခစေတီကြီးဦးဆောင်တည်ထားသူ ဒေါ်ခေမာစာရီနဲ့ ဓါယကာ၊ ဓါယိကာမများ



အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးအား ရှမ်းရိုးရာဆိုးစည်ဝိုင်းနဲ့ ပူတော်ကြသူများ

အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးအား ရှမ်းရိုးရာဆိုးစည်ဝိုင်းနဲ့ ပူတော်ကြသူများ

အောင်မင်းခေါင်နှင့် အတိတ်ဘဝပစ္စုပ္ပန်ဘဝတော်စပ်ခဲ့ကြကုန်သော ဆွေတော်မျိုးတော်အပေါင်းအား အမျှဝေထား၍ ငှင်းမြေပေါ် တွင် ဤအမတသုခ သမ္မုဒ္ဓေကမ္ဘာငြိမ်းချမ်းရေးကပ်ကျော်ဆုတောင်းပြည့်စေတီတော်(မေမြို့)ကို မြတ်နိုဗာန်ကိုရည်သန်လျက် ဆရာကြီး ဒေါ်ခေမာစာရီ၏ ဦးဆောင်မှုဖြင့် မြေနှင့် မတည်ပင်မအံလျှဉ်ရှင် ဘုရားဒကာ ဦးမောင်ချို မိသားစုမှကြီးမှူးပြီး ခုနစ်ရက်သားသမီးများမှ စုပေါင်းအကုန်အကျခံလှူဒါန်းမှုဖြင့်အကျိုးတော်ဆောင်များဖြစ်ကြသော သူရဦးသောင်းလွင်၊ ဦးကျော်မြင့်၊ ဦးခင်မောင်သန်း၊ ဦးခင်မောင်အေး၊ ဦးမျိုးသက်နှင့် အင်ဂျင်နီယာဦးမျိုးအောင်တို့မှ

www.burmeseclassic.com

ရွှေတိုးငွေတိုးများ၊ ရွှေငွေကျောက်သံ ပတ္တမြားများဖြင့် မြည့်စုံစွာ အဆင့်ဆင့် ဌာပနာသွင်း၍ အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ကြပါသည်။

၁၃၇၀ပြည့်၊ တပေါင်းလပြည့်နေ့ (၁၀-၀၃-၂၀၀၉) အင်္ဂါနေ့မနက်ပိုင်းတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဇေယျသီဒို စာသင်တိုက်၏ ဦးစီးနာယကဖြစ်သော မဇ္ဈိမနိကာရကောဝိဒအသျှင်ဝေရောစန မဟာဓမ္မဒီပကာဘိဝံသဓဇမဟာသာသနဓဇ ဦးဆောင်၍ ပန္နက်တင်ခြင်း၊ ဌာပနာသွင်းခြင်းနှင့် ၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၁)ရက် (၂၄-၁၁-၂၀၁၀)စနေနေ့တွင် ဒုတိယဌာပနာသွင်းခြင်း၊ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် (၁၇-၁၁-၂၀၁၃) တနင်္ဂနွေနေ့တွင် တတိယဌာပနာသွင်းခြင်းတို့အား ဆောင်ရွက်ပြီး ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၄) ရက် (၁၄-၀၅-၂၀၁၄) တနင်္ဂနွေနေ့နံနက် (၈) နာရီ (၄၅) မိနစ်အချိန်တွင် ထီးတော်၊ ဌက်မြတ်နားတော်၊ စိန်ဖူးတော်များအား ရတနာပန်းရထားဖြင့် ပန်းတမော့ပညာရှင် ဦးမောင်ကြီးနှင့် သားများအစရှိသော ပညာရှင်အသီးသီးမှ ကြိုးကြပ်ဆောင်ရွက်၍ ကျင်ဂနိုင်ကျေးရွာသူကျေးရွာသားများ၏ ကူညီပံ့ပိုးမှုဖြင့် ပြီးစီးပါသည်။

ဘုရားနှင့်ရဟန္တာတော်များ၊ ဦးစီး၍ အင်ကျင်နီယာဦးညွှန့်သိန်း၊ ဦးကျော်ဇေယျတို့၏ အနီးကပ်ကြီးကြပ်ပြီး အလှူရှင် ဦးမြင့်သိန်း၏ပုံစံ-ဒီဇိုင်းများအား မန္တလေး ရုန်ကုန်မှ ကျွမ်းကျင်လုပ်သားများဖြင့်တည်ဆောက်ပြီး မြန်မာမှုပန်းတော့ပညာရှင် ဦးမြတ်စိုးသက်၊



အမတသုခ သမ္မုဒ္ဓေဇေတီတော်ကြီးအား
ရှမ်းရိုးရာအိုးစည်ဝိုင်းနဲ့ ပူတော်ကြသူများ



အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးအား
ရှမ်းရိုးရာအိုးစည်ဝိုင်းနဲ့ ပူတော်ကြသူများ

ရှမ်းရိုးရာအိုးစည်ဝိုင်းနဲ့ ပူတော်ကြသူများ



အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးမှ အလှူပွဲလှုံ့ဆော်ရေးမိန့်များ



အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးအား
ရှမ်းရိုးရာအိုးစည်ဝိုင်းနဲ့ ပူတော်ကြသူများ



အမတသုခ သမ္မုဒ္ဓေစေတီတော်ကြီးအား
ရှမ်းရိုးရာအိုးစည်ဝိုင်းနဲ့ ပူတော်ကြသူများ

www.burmeseclassic.com

www.burmeseclassic.com

အောင်သမ္မဒွေ

၅။ သမ္မဒွေ အဌဝီသဒ္ဓ၊ မမဂန္ဓဟိ ပုရတော။ ပဒ္မဝုဒွါ မဟာတေဇာ၊ ဓမ သီသေ နီသေသတိ။

ဒိဗ္ဗတိတခ် ရက္ခန္တု။ မေဇ္ဈမင်္ဂလံ အဂ္ဂံ။ သဗ္ဗေပိ မေ နမဿာမိ၊ ဂုဏော အာပတ္တိ ပုဂ္ဂလေ။

အရိယာနဉ္စ သဗ္ဗေသံ၊ သာဝကာ နဉ္စ သဗ္ဗေသော။

ကျောက်စာထက်က အဲဒီသမ္မဒွေ ဂါထာတွေဟာ ကိုယ်ငယ်ငယ်ကတည်း ၇အလွတ်ရပြီး မကြာခဏရွတ်ဆိုခဲ့တဲ့ သမ္မဒွေတွေနဲ့မတူလို့ အကြောကြီးဖတ် ကြည့်နေမိပါတယ်။ အောင်သမ္မဒွေ ဂါထာအဆုံးမှာတော့ ထောင့်မှန်စတုဂံ ပုံအကွက်မှာ အင်းကွက်လို အကွက်ချ ပြီး စာလုံးတွေကို အင်းကွက်တွေထဲမှာ ရောပတ်လည်မှာပါ ရေးထိုးထားတာ လည်း ဆက်လက်တွေ့ရတယ်။ အဲဒီရဲ့ အောက်မှာတော့ ကျောက်စာမဆုံးသေး ဘဲ ဂါထာတွေ ထပ်ပြီးရေးထိုးထားပြန် ပါသေးတယ်။ ဂါထာတစ်ပုဒ်ကတော့ 'မြေငလျင်ကာကွယ်ဂါထာ' ပါတဲ့။ ဤ ဂါထာကို အရကျက်ထားပါ။ အိမ်၌ရေး ဆွဲထားပါလို့လည်း သတိပေးထားပါ တယ်။

မြေငလျင်ကာကွယ်ဂါထာ

ယော‌ဒေတိ ဒေဝ ဒေဝေါဂ္ဂ၊
ဓမ္မ မဂ္ဂ ဖလံ ဒဒေါ၊
နမာမိတံ အရဟံ
မဂ္ဂနောသော ပါလေသု ပါတုရ
ဟော။

နောက်ဂါထာတစ်ပုဒ်ကတော့ -
'ဥပစ္ဆေဒကံမှကင်းလွတ်သော ဂါထာ' ဖြစ်ပါတယ်။

ဥပစ္ဆေဒကံမှ ကင်းလွတ်သောဂါထာ

ဥုတိဇ္ဇေယျ၊ အန္တလိက္ခသမိ၊
ဇယုသဝေါ၊ သမ္မာပန္နော၊
တဒေဝစနံ သစ္စံ၊
ဝန္ဒေတ လောကနာယကံ၊
ဇတေန သစ္စေန ပုညေန၊
ဟော တု မေ ဇယျ မင်္ဂလံ။
(ဆရာကြီး ဒေါ်ခေမာစာရီနှင့် ဉရက်သားသမီးများ၏ခမ္မဒါန) ပါတဲ့။

ကျောက်စာရဲ့တစ်ဖက်မှာ အလှူ ရှင်များရဲ့အလှူတော်များကို မှတ်မှတ်တမ်းတင်ပေးထားပါကယ်။

စေတီတော်ကြီးရဲ့အောက်ခံတိုက် မြောက်ကျွန်းသမ္မဒွေ၊ အနောက်ကျွန်း သမ္မဒွေ၊ တောင်ကျွန်းသမ္မဒွေနဲ့ အောင် ကျွန်းသမ္မဒွေလို့ ခွဲခြားဖော်ပြထားလို့ ကိုယ်အလွတ်ရတဲ့သမ္မဒွေအပြင် အခြား သမ္မဒွေတွေလည်းရှိပါသေးလားလို့ သိ လိုက်ရတယ်။ အဲဒါနဲ့ ကျောက်စာကြီး ကို ဓာတ်ပုံရိုက်ယူလိုက်မိပါတယ်။

- ကျောက်စာမှာဖော်ပြထားတာတွေ ကဇေတော့ . . .

အောင်စေ သာသနာတော် ၂၅၆၁နှစ်

အရဟံ ကောဏသက္ကရာဇ် ၁၃၇၉နှစ်

ပိုင်စေ ဘုဂ္ဂနှစ်

အရှေ့ကျွန်းသမ္မဒွေ

၁။ သမ္မဒွေ အဌဝီသဒ္ဓ၊ သဗ္ဗ တေဇ သဗ္ဗဂုဏံ။ သဗ္ဗသုခံ လဘတုမေ၊ ဆရာဝိ ဆရာ ဆရီဆ ဆာယံ။

ပဒ္မဗုဒ္ဓံ မဟာတေဇံ၊ သဗ္ဗညုတာ ဉာဏဝရံ။ သဗ္ဗသတ္တာရု သဗ္ဗဘယံ၊ ဝိနဿန္တု အသေသတော။

မြောက်ကျွန်းသမ္မဒွေ

၂။ သမ္မဒွေ အဌဝီသဒ္ဓ၊ ပဒ္မသက သဟသာနီ။ ဒွါဒသဒ္ဓ သဟသာကေ၊ ဂင်္ဂါယံ ဝါဠုကာ စုဏ္ဏော။

ပရာဇေတွာ မဟာဖုဏ္ဍော၊ နမာမိ သိရသာမဟံ။ တေသံ ဓမ္မဒ္ဓ သံဃဒ္ဓ၊ အာဒရေန နမာမဟံ။

နမက္ကရာ နုဘာဝေန၊ ဟိတ္ဝာ သဗ္ဗေ ဥပဒ္ဒဝေ။ အနေက အန္တရာယာဝိ၊ ဝိနဿန္တု အသေသတော။

အနောက်ကျွန်းသမ္မဒွေ

၃။ သမ္မဒွေ အဌဝီသဒ္ဓ၊ ဒွါဝီသဒ္ဓ ကိုမေ ပုဒ္ဓါ။ ဧကတိံသ သဗ္ဗေပုဒ္ဓါ၊ ဒွတ္တိံသစ မဟာပုဒ္ဓါ။

ပဒ္မဝီသာ ပုဒ္ဓါ နေတ္တိ၊ တေတ္တိံသ ပုဒ္ဓါဘဝနာ။ တေန ပုဒ္ဓဂုဏေန တေသံ ဓမ္မဒ္ဓ သံဃဒ္ဓ၊ အာဒရေန နမာမဟံ။

နမက္ကရာ နုဘာဝေန၊ ဟိတ္ဝာ သဗ္ဗေ ဥပဒ္ဒဝေ။ အနေက အန္တရာယာဝိ၊ ဝိနဿန္တု အသေသတော။

တောင်ကျွန်းသမ္မဒွေ

၄။ သမ္မဒွေ အဌဝီသဒ္ဓ၊ ဒွါဒသဒ္ဓ သဟဿကတော။ သဒ္ဓသတ သဟဿနီ၊ နမာမိ သိရသာမဟံ။

အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဒ္ဓုတာ ဇိနာ။ တေသံ ဓမ္မဒ္ဓ သံဃဒ္ဓ၊ အာဒရေန နမာမဟံ။

နမက္ကရာ နုဘာဝေန၊ ဟိတ္ဝာ သဗ္ဗေ ဥပဒ္ဒဝေ။ အနေက အန္တရာယာဝိ၊ ဝိနဿန္တု အသေသတော။

အနောက်ကျွန်းသမ္မဒွေ

၅။ သမ္မဒွေ အဌဝီသဒ္ဓ၊ ဒွါဒသဒ္ဓ သဟဿကတော။ သဒ္ဓသတ သဟဿနီ၊ နမာမိ သိရသာမဟံ။

အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဒ္ဓုတာ ဇိနာ။ တေသံ ဓမ္မဒ္ဓ သံဃဒ္ဓ၊ အာဒရေန နမာမဟံ။

နမက္ကရာ နုဘာဝေန၊ ဟိတ္ဝာ သဗ္ဗေ ဥပဒ္ဒဝေ။ အနေက အန္တရာယာဝိ၊ ဝိနဿန္တု အသေသတော။

တောင်ကျွန်းသမ္မဒွေ

၆။ သမ္မဒွေ အဌဝီသဒ္ဓ၊ ဒွါဒသဒ္ဓ သဟဿကတော။ သဒ္ဓသတ သဟဿနီ၊ နမာမိ သိရသာမဟံ။

အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဒ္ဓုတာ ဇိနာ။ တေသံ ဓမ္မဒ္ဓ သံဃဒ္ဓ၊ အာဒရေန နမာမဟံ။

နမက္ကရာ နုဘာဝေန၊ ဟိတ္ဝာ သဗ္ဗေ ဥပဒ္ဒဝေ။ အနေက အန္တရာယာဝိ၊ ဝိနဿန္တု အသေသတော။

တောင်ကျွန်းသမ္မဒွေ

၇။ သမ္မဒွေ အဌဝီသဒ္ဓ၊ ဒွါဒသဒ္ဓ သဟဿကတော။ သဒ္ဓသတ သဟဿနီ၊ နမာမိ သိရသာမဟံ။

အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဒ္ဓုတာ ဇိနာ။ တေသံ ဓမ္မဒ္ဓ သံဃဒ္ဓ၊ အာဒရေန နမာမဟံ။

နမက္ကရာ နုဘာဝေန၊ ဟိတ္ဝာ သဗ္ဗေ ဥပဒ္ဒဝေ။ အနေက အန္တရာယာဝိ၊ ဝိနဿန္တု အသေသတော။

တောင်ကျွန်းသမ္မဒွေ

၈။ သမ္မဒွေ အဌဝီသဒ္ဓ၊ ဒွါဒသဒ္ဓ သဟဿကတော။ သဒ္ဓသတ သဟဿနီ၊ နမာမိ သိရသာမဟံ။

အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဒ္ဓုတာ ဇိနာ။ တေသံ ဓမ္မဒ္ဓ သံဃဒ္ဓ၊ အာဒရေန နမာမဟံ။

နမက္ကရာ နုဘာဝေန၊ ဟိတ္ဝာ သဗ္ဗေ ဥပဒ္ဒဝေ။ အနေက အန္တရာယာဝိ၊ ဝိနဿန္တု အသေသတော။

အောက်ခြေခံတိုက်ပတ်လည်မှာ ဆင်ခြေဖုံးတွေ ရှိပါတယ်။ ဆင်ခြေဖုံး တွေကြားမှာ ဆင်ခြေဖုံးတစ်ခုစီမှာ ဆင်ခြေဖုံးတစ်ခုစီကို ဆင်ခြေဖုံး ဘယ်နှစ်ခုစီ ရှိသလဲ ဆိုတာကို ကျောက်စာမှာ ဖော်ပြထားတာတွေ့ရပါတယ်။ ဆင်ခြေဖုံးတွေကြားမှာ ဆင်ခြေဖုံး တစ်ခုစီမှာ ဆင်ခြေဖုံးတစ်ခုစီကို ဆင်ခြေဖုံး ဘယ်နှစ်ခုစီ ရှိသလဲ ဆိုတာကို ကျောက်စာမှာ ဖော်ပြထားတာတွေ့ရပါတယ်။ ဆင်ခြေဖုံးတွေကြားမှာ ဆင်ခြေဖုံး တစ်ခုစီမှာ ဆင်ခြေဖုံးတစ်ခုစီကို ဆင်ခြေဖုံး ဘယ်နှစ်ခုစီ ရှိသလဲ ဆိုတာကို ကျောက်စာမှာ ဖော်ပြထားတာတွေ့ရပါတယ်။

တင်လျူပုဇော်၏ သံယာတော်အရှင် သူမြတ် (၁၈) ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ ကျင်းပပါသည်။ သံယာတော်အရှင်သူမြတ် (၁၂၀) ပါး အား သံယာ့ဒါနဆွမ်းလောင်းခြင်း၊ အဘိုးအဘွား (၁၈၀) ဦးအား သက်ကြီး ပူဇော်ခြင်း၊ ညီပရိသတ် (၁၈၀၀) ဦး အား စံတုဒိသာကျွေးမွေးလှူဒါန်းခြင်း တို့အား ဆောင်ရွက်ပြီး သုံးညတိုင်တိုင် တရားပွဲများစည်ကားစွာကျင်းပပါသည်။

အလှူး (၁၁၀) ပေ၊ အနံ (၁၁၀) ပေ၊ အမြင့် (၃၁) ပေရှိ၊ ဂန္ဓကုဋိတိုက် အပေါ်တွင် (၃၆) ပေရှိစေတီတော်နှင့် အရံစေတီအကြီး (၈၀) ဆူ၊ အရံစေတီ အသေး (၁၈၄) ဆူအား တည်ထားပြီး ကျောင်းတိုက်ကြီး၏အတွင်းတွင် (Clay Tile) ဖြင့်ပြုလုပ်ထားသော နံရံကပ်ရုပ် ပွားတော် (၅၈၂၃၆၃) ဆူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမရုပ်ပွား တော်ကြီး (၄)ဆူ၊ ထိုင်တော်မူရုပ်ပွား တော် (၂၀)ဆူ၊ ရပ်တော်မူရုပ်ပွားတော် ကြီး (၃၆)ဆူ၊ ရုပ်ပွားတော်အသေး (၆၄)ဆူ၊ အောင်ခြင်းရှစ်ပါးရုပ်ကြွပန်းချီ (၈)ချပ်တို့အား တည်ထားကိုးကွယ်ပါ သည်။ ကျောင်းတိုက်ကြီး၏ အပြင်ပတ် လည်တွင် (၄၅)ပေအမြင့်ရှိ ကမ္ဘာဓာတ် တိုင်၊ တံခွန်တိုင်ကြီး (၄)ဆူ၊ တံခွန်တိုင် အသေး (၈)ဆူ၊ ပန်းစေတီ (၂၈)ဆူတို့ အား ပြည့်စုံစွာ တည်ထားကိုးကွယ် ပါသည်။

ဤကောင်းမှုအဖို့ဘာဂကို အနန္တ စကြဝဠာအတွင်း မှီတင်းနေထိုင်ကြ ကုန်သော အနန္တသတ္တဝါအပေါင်းတို့ အား အကျွန်ုပ်နှင့်အတူတကွ ထပ်တူ ညီမျှ အမျှရကြပါစေကုန်သတည်း။

နိဗ္ဗာန်ဆု၊ နတ်၊ လူ၊ ဝိဇ္ဇာ သာဓု ခေါ်စေသောဝ်

သာသနာတော်-၂၅၆၁ နှစ်
ကောဏသက္ကရာဇ်-၁၃၇၉နှစ်

. . . စသဖြင့် အပြည့်အစုံရေးထိုး ထားတာကို ကျောက်စာမျက်နှာပြင်မှာ ဖတ်ရှုလိုက်ရပါတယ်။ ကျောက်စာတွေ ရဲ့တန်ဖိုးဟာ ဒါပဲလေ။ တစ်ဦးတစ် ယောက်ကိုမှမမေးနေစရာမလိုဘဲ ကျောက် စာတွေကပြောပြနေတတ်ပါတယ်။ အဲဒီ စေတီတော်မှတ်တမ်းကျောက်စာရဲ့ဘေး မှာလည်း နောက်တပ် ကျောက်စာကြီး တစ်ချပ်ရှိနေပါသေးတယ်။ အဲဒီမှာ တော့ သမ္မဒွေဂါထာတော်တွေကို ရေး ထိုးထားပါတယ်။ အရှေ့ကျွန်းသမ္မဒွေ၊

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတော်ပတ်လည်ကိုလည်း လှည့်ပတ်ကြည့်ရှုခဲ့ပါတယ်။ ပတ်လည်ကအရံစေတီလေးတွေကို လေးထောင့်လိုဏ်တွေခံထားပြီး လိုဏ်အတွင်းမှာတော့ ဆင်းတုတော်တွေထည့်သွင်းပူဇော်ထားပါတယ်။ လိုဏ်တွေရဲ့အပြင်နံရံတွေမှာ အချို့က နေကြာပန်းပုံကြိုးတွေနဲ့ တန်ဆာဆင်ထားပြီး အချို့မှာတော့ (စ-ခ-ဇ်-ဝ) စာလုံးကြီးတွေကို အကြွေးထုံးထားပါတယ်။ စေတီတော်အပြင်စကြံ့ကနေ စေတီတော်အတွင်းဝင်တဲ့ အဝင်ပေါက်တွေရဲ့ထိပ်မှာတော့ အင်္ဂတေသား နဲ့ 'အောင်စေ၊ ပိုင်စေ' ဆိုတဲ့ အလံလွှင့်ထားပုံလေးတွေပြုလုပ်စိုက်ထူထားပါတယ်။

စေတီတော်ရဲ့အနိမ့်ပိုင်းတောင်စောင်းမှာတော့ နတ်ကွန်းတစ်ခု တွေ့ရပါတယ်။ 'ကိုးမြို့ရှင်ဟော်နန်း'ပါတဲ့။

ရှမ်းပြည်နယ်ရောက်တိုင်းတွေ့ရလေ့ရှိတဲ့ နတ်ကွန်းပါပဲ။ အုတ်တိုက်အသစ်လေးလုပ်ထားပေမယ့် ရက်စွဲကတော့ (၁၃၅၇) ခုနှစ် (၁၁-၆-၀၅) ဖြစ်ပါတယ်။ စေတီတော်မတည်ခင် (၁၂) နှစ်ကျော်ကတည်းက ဒီနေရာမှာ ဒီနတ်ကွန်းလေးရှိခဲ့ပုံပါပဲ။ ခုတော့ နတ်ကွန်းကိုမွမ်းမံပြီး အသစ်တည်ထားပေးပုံရပါတယ်။ ရှမ်းတို့ဒေသမို့ ဟော်နန်းလို့ရေးထိုးပေးတာဖြစ်မယ်။ သူ့အရပ်နဲ့သူ့ဇာတ်ပါပဲ။

ကိုးမြို့ရှင်နတ်ကွန်းဘေးမှာလည်း နှမတော်ရဲ့ နတ်နန်းဆောင်လေးတစ်ဆောင်ရှိပါသေးတယ်။

နတ်ကွန်းတွေကိုကျော်ပြီး ဆက်ဆင်းသွားတဲ့အခါ နဂါးရုံဘုရားတစ်ဆူတွေ့ရပါတယ်။ ရေကန်ငယ်လေးထဲမှာတည်ထားတဲ့ဘုရားပါ။ နဂါးကိုးကောင်က အရှေ့၊ ဘေးနှစ်ဖက်မှာ နှစ်ကောင်၊ ဆင်းတုတော်ရဲ့ဘေးတစ်ဖက်တစ်ချက်စီမှာ သုံးကောင်စီနဲ့ ဘုရားရဲ့အထက်မှာ ပါးပျဉ်းကြိုးဖြန့်ကာအုပ်မိုးထားတဲ့ နဂါးတစ်ကောင်ဖြစ်ပါတယ်။ အင်္ဂတေရုပ်တုတုံလုံးသူပညာရှင်ရဲ့ လက်စွမ်းပြ နဂါးရုပ်တွေဖြစ်ပေမယ့် အဓိပ္ပာယ်တစ်စုံတစ်ရာကိုဆောင်နေပုံတော့ မရပါဘူး။ နဂါးအမြီးတွေ ရစ်ခွေထပ်နေတဲ့ ပလ္လင်တော်ပေါ်က ဆင်းတုတော်ကတော့ သီးခြားဝယ်ယူပြီး ထည့်ထားပုံရပါတယ်။ စကျင်ကျောက်ဆင်းတုတော်ဖြစ်နေလို့ပါ။

စေတီတော်ဘက်ကိုပြန်တက်လာခဲ့ပြီး ထောင့်တစ်နေရာမှာရှိနေတဲ့ ကမ္ဘာလုံးပုံပေါ်က စေတီတော်ကို လေ့လာမိပြန်ပါတယ်။ အောက်ခံတင်ခုံပေါ်မှာ ကမ္ဘာ့တိုက်ကြီးမျှားပုံကို ဆေးရောင်စုံခြယ်ထားတဲ့ ကမ္ဘာလုံးပုံကြိုးရှိပြီး အဲဒီပေါ်မှာမှ လေးထောင့်ပုံ အုတ်တိုက်ရှစ်တိုက်ကို ကြိုးရာမှ အနည်းငယ်သေးပြီး တစ်ဖြောင့်တည်းဆင့်ထားတာပါ။ စတုရန်းပုံလေးဖက်နဲ့အုတ်တိုက်မျှော်စင်ကြိုးပေါ့။ အဲဒါရဲ့ အထက်မှာတော့ အုတ်တိုက်သီးခြားနဲ့ စေတီငယ်တစ်ဆူကို အထွတ်တင်တည်ထားပါတယ်။ အုတ်တိုက်ရှစ်ဆင့်ရဲ့ မျက်နှာစာအရပ်လေးမျက်နှာမှာမုခ်ကပ်လေးတွေရှိပြီး ဆင်းတုတော်လေးတွေ ထည့်လှူပူဇော်ထားတယ်။ အုတ်တိုက်ရဲ့ထောင့်တွေတိုင်းမှာတော့ နတ်သိကြားရုပ်၊ ဝတ်စုံဖြူနဲ့ဘိုးတော်ရုပ်၊ ဇော်ဂျီရုပ်၊ သူငယ်တော်ရုပ်၊ သပိတ်ပိုက်-တောင်ဝှေးဆွဲ ရဟန်းရုပ်၊ ဘိုးသူတော်ရုပ်၊ လူမင်း, နတ်မင်းရုပ်တွေအပြင် ထူးထူးခြားခြား မတ်တတ်ရပ်နေတဲ့ မဟာပိန္နဲနတ်ရုပ်တောင်ပါရှိနေတာတွေ့ရပါတယ်။ ကိုယ်များ မျက်စိမှောက်နေသလားလို့ သတိထားကြည့်မိပြန်တော့ မဟာပိန္နဲရဲ့ခေါင်းတော်ဟာ ဆင်ခေါင်းဖြစ်နေပြီး လက်တွေလည်း အများကြီးရှိနေတာကိုပါအတိအကျတွေ့လိုက် ရပါတယ်။ စေတီတည်သူတွေရဲ့ အစီအမံလား၊ ပန်းရန်ဆရာ၊ အင်္ဂတေပန်းပု ဗညားရှင်၊ ပန်းတော့၊ ပန်းတမော့ ပညာရှင်များရဲ့ဉာဏ်ကွန့်ချက်တွေလေလားလို့ စဉ်းစားစရာပါ။ ကိုယ်ကတော့ ဗုဒ္ဓဘာသာ-ဘာသာရေးကနေဆက်နွယ်ထွန်းကားလာတဲ့ပိဿုကာ၊ ပန်းပု၊ ပန်းချီ၊ အဆိုအကအနုပညာတွေကိုပါ လေ့လာနေသူ ရှေးဟောင်းသုတေသီတစ်ဦးမို့ ရုပ်တုဆင်းတုတွေမှာ ထိရောက်လေးနက်ပြီး အဓိပ္ပာယ်တစ်စုံတစ်ရာဆောင်တဲ့ မုဒ္ဒြာတွေ၊ အာသနတွေ၊ အဆင်တန်ဆာတွေ၊ သင်္ကေတအမှတ်လက္ခဏာတွေရှိစေချင်တာပါပဲလေ။

စေတီတော်ကြီးဘေးဆီကို ပြန်တက်လာတဲ့အခါ ပိန်ိုင်းဆိုင်းဘုတ်ကြီးတစ်ခု ထောင်ထားတာကို အားရပါးရတွေ့လိုက်ရပါတယ်။ မကြာခင်ရက်ပိုင်းမှာ ကျင်းပမယ့် အလှူအတွက် လှုံ့ဆော်ထားတာပါ။

အမတ်သုခ သမ္မုဒ္ဓေ ကမ္ဘာငြိမ်းချမ်းရေး ကပ်ကျော်ဆုတောင်းပြည့်စေတီတော်

(မေမြို့)

အဘဘိုးမင်းခေါင်အား အမှူး ထား၍ သီလရှင်ဆရာကြီး ဒေါ်ခေမာစာရီ (ဝင်ဒါမီယာ) ရန်ကုန်၏ ဦးဆောင်မှုဖြင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ ဒုတိယအကြိမ် အလှူတော်မင်္ဂလာလို့ ရေးထိုးထားပါတယ်။

၆-၅-၂၀၁၈(တနင်္ဂနွေနေ့) မနက် ပိုင်းမှာ သံဃာတော်အပါး (၁၂၀) အား ဆွမ်းဆန်စိမ်းလောင်းလှူပြီး အဘိုး (၁၀၈) ဦး၊ အဘွား (၁၀၈) ဦးကိုလည်း လှူဒါန်းပါမယ်တဲ့။ နောက်နေ့ ၇-၅-၂၀၁၈ (တနလ်ာနေ့) ည(၇)နာရီမှာတော့ ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသဆရာတော်ဘုရားကြီးရဲ့ကရားပွဲကို နာကြားရမှာဖြစ်ပါတယ်။ သြော် - အဲဒါကြောင့် ဒီတရားပွဲဟာ ဒုတိယအကြိမ်ဖြစ်ပြီး မနှစ်က စေတီတော်ကြီးတည်ပြီးစမှာ ပထမအကြိမ်တရားပွဲလုပ်တော့ မိုးတွေရွာလာလို့ ဒီနှစ်တော့ စေတီတော်ရဲ့ လိုဏ်ထဲမှာပဲ တရားဟောမယ်၊ လူတွေလည်း လိုဏ်ပတ်လမ်းတွေကနေ တရားနာမယ်လို့ပြောနေတာကိုး။ အဲဒီနောက်မှာတော့ စေတီတော်လိုဏ်အတွင်းကို ဒေါ်ဝင်းတို့နဲ့ပြန်ဆုံဖို့ ပြန်ဝင်လာခဲ့ပါတယ်။ ဒီလိုနဲ့ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသရဲ့တရားပွဲမှာ ဝိုင်းဝန်းကူညီဖို့ ဒေါ်ဝင်းက အကူအညီတောင်းတာနဲ့ ရန်ကုန်မပြန်ဖြစ်သေးဘဲ ဒေါ်ဝင်းတို့ 'အေး-မက်မန်း' အိမ်မှာ ဆက်လက်နေဖြစ်ပါတယ်။

နောက်ရက်တွေမှာလည်း အမတသုခစေတီကြီးကို အခေါက်ခေါက်ပြန်ရောက်ရပြီး မေလ (၄) ရက်နေ့ညမှာတော့ စေထီကြီးရဲ့အလယ်လိုဏ်ထဲမှာ ဘုရားပန်းတွေအလှဆင်ပေးခဲ့ရပါတယ်။ ဒေါ်ဝင်းက သူတို့ခြံထဲမှာစိုက်ထားတဲ့ ဂန္ဓမာပန်းခင်းက ပန်းတွေ၊ ပြင်ဦးလွင်မြို့မနက်ဈေးမှာ အစောကြီးထဝယ်ထားတဲ့ပန်းတွေ၊ အလှူရှင် ဒေါ်ကြေးမုံတို့အဖွဲ့ယူလာတဲ့ ဂန္ဓမာပန်းတွေအများကြီးနဲ့မို့ ညဥ့်သန်းခေါင်ကျော်တဲ့အထိ မနားမနေ ပန်းအလှဆင်ခဲ့ရပါတယ်။ ဒေါ်ဝင်းရဲ့ခင်ပွန်း ဦးသိန်းထွန်းကလည်း နောက်တစ်နေ့ကူးတဲ့အထိ အိပ်ပျက်ခံပြီး ကူညီကာ အိမ်အပြန်ကို သူ့ကားနဲ့စောင့်ခေါ်ရွာပါတယ်။ အမတသုခစေတီတော်သစ်ကြီးရဲ့ အကွင်းမဏ္ဍိုင်အလယ်ခန်းမှာ မန်းကမ္ဘာမျှော်စင်ကြီးဖြစ်သွားအောင် အလှတန်ဆာဆင်နှိုင်ခဲ့ပါပြီ။ ဒေါ်ဝင်း ရှားရှားပါးပါးယူလာပေးတဲ့ လီလီပန်းဖြူတစ်မျိုး (Calla Lily)

www.burmeseclassic.com

www.burmeseclassic.com

ဟာ ရန်ကုန်မှာမြင်ရခဲတဲ့ပန်းဖြစ်ပြီး ဖြူစင်ဝါပွင့်ဖတ်ကြီးနဲ့ အလွန်လှတာမို့ စကျင့်ကျောက်သားဖြူဖြူဆင်းတူတော်ကြီးတွေကြားမှာ အထူးပန်ရလှတယ်။ စေတီတော်ကြီးထဲမှာ အချိန်အတော်ကြာနေဖြစ်တာမို့ စေတီကြီးအကြောင်းကိုလည်း အသေးစိတ် ဆက်လက်လေ့လာဖြစ်ခဲ့ပါတယ်။

စေတီတော်တည်ရှိရာ တောင်ကုန်းမြေဟာ (၈) ကေခွဲကျယ်ပြီး ၂၀၀၈ ခုနှစ် ဇွန်လ (၁၂)ရက်နေ့မှာ သီလရှင် ဆရာကြီး ဒေါ်ခေမာစာရီကို ဒေသခံ ဒကာကြီး ဦးထွန်းက လှူဒါန်းခဲ့တာပါ။ ၂၀၁၀ ပြည့်နှစ်မှာတော့ ဦးမောင်ချိုက သာသနာတော်အကျိုးအတွက် အသုံးပြုဖို့ အခွန်လွတ်သ ဘနဉ်ဂရန်မြေအဖြစ် နိုင်ငံတော်မှ လျှောက်ယူခဲ့ပါတယ်။ အဲဒီနောက် ဒေါ်ခေမာစာရီ ဦးဆောင်မှုနဲ့ မတည်ပင်မအလှူရှင်ဦးမောင်ချိုမိသားစုမှကြီးမှူးပြီး ခုနစ်ရက်သားသမီးများမှစုပေါင်း အကုန်အကျခံ လှူဒါန်းကာ ဘုရားတည်ခဲ့ကြတယ်။ အလှူရှင်ဦးမြင့်သိန်းရဲ့ပုံစံ-ဒီဇိုင်းများကို မန္တလေး၊ ရန်ကုန်မှ ကျွမ်းကျင်လုပ်သားများဖြင့် တည်ဆောက်ပြီး မြန်မာမှုပန်းတော့ပညာရှင် ဦးမြတ်စိုးသက်၊ ပန်းတမော့ပညာရှင် ဦးမောင်ကြီးနဲ့ သားများမှ ကြီးကြပ်ဆောင်ရွက်ကာ ကျင်ဂနိုင် ကျေးရွာသူကျေးရွာသားများကလည်း ကူညီပံ့ပိုးခဲ့ကြပါတယ်။

၁၀-၃-၂၀၀၉ နေ့မှာ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဇေယျသိဒ္ဓိစာသင်တိုက် ဦးစီးနာယကအဿင်ဝေရောစနမှ ဦးဆောင်ပြီး ပန္နက်တင်၊ ဌာပနာသွင်းခဲ့ပါတယ်။ အလျား (၁၁၀) ပေ၊ အနံ (၁၁၀) ပေ၊ အမြင့် (၃၁) ပေရှိ ဂန္ဓကုဋိတိုက်ပေါ်မှာ ဉာဏ်တော် (၃၆) ပေရှိ ပင်မစေတီတော်နဲ့ အရံစေတီကြီး (၈၀) ဆူ၊ အရံစေတီငယ် (၁၈၄) ဆူကို ထပ်မံတည်ထားခဲ့ကြတယ်။ ကျောင်းတိုက်ကြီးရဲ့မဏ္ဍိုင် အတွင်းနံရံပတ်လည်မှာတော့ Clay Tile ဖြင့်ပြုလုပ်ထားတဲ့ နံရံကပ်ရုပ်ပွားတော် (၅၈၂၃၆၃) ဆူကို ကပ်ထားလိုက်ပါတယ်။ ဂန္ဓကုဋိတိုက်ဟာ နံရံကပ်ဆင်းတုတော်လေးတွေကြောင့် ရွှေရောင်လွှမ်းပြီး ဆေးလည်းသုတ်စရာမလိုတော့ပါဘူး။ ဆင်းတုတော်ပုံ အုတ်ချပ်လေးတွေကို အောက်ခြေအထိ မဟုတ်ဘဲ နံရံအထက်ပိုင်းမှာသာဝင်ကပ်ထားလို့။ လူတွေရဲ့လုံခြုံတွေ၊ ခြေတွေနဲ့လည်း ပွတ်တိုက်မိမှာကိုလည်း မစိုးရိမ်ရတော့ပေ။

အလယ်မဏ္ဍိုင်ပတ်လည်မှာတော့ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဗုဒ္ဓ စတဲ့ ပင်မရုပ်ပွားတော်ကြီး (၄) ဆူရှိပါတယ်။ ဒါ့အပြင် အလယ်ဂန္ဓကုဋိတိုက်ရဲ့ထောင့်တွေမှာ၊ လိုဏ်ပတ်လမ်းတွေရဲ့ထောင့်တွေမှာလည်း ထိုင်တော်မူရုပ်ပွားတော်ကြီး အဆူ (၂၀)၊ ရပ်တော်မူရုပ်ပွားတော်ကြီး (၇၆) ဆူ၊ ရုပ်ပွားတော်အသေး (၆၄) ဆူတို့ကို ထားရှိ ပူဇော်ပါသေးတယ်။ ထိုမျှမက အောင်ခြင်းရှစ်ပါးရုပ်ကြွပန်းချီ(၈)ချပ်ကိုလည်း ပြုလုပ်ကိုးကွယ်ထားပါတယ်။ စေတီအောက်က ပင်မကျောင်းတိုက်ကြီးရဲ့ အပြင်ပတ်လည်တွင်တော့ (၄၅) ပေအမြင့်ရှိ ကမ္ဘာ့ဓာတ်တိုင်တစ်တိုင်၊ တံခွန်တိုင်ကြီး (၄) ဆူ၊ တံခွန်တိုင်အသေး (၈) ဆူနဲ့ ပန်းစေတီ(၂၈)ဆူတို့အားလည်း ပြည့်စုံစွာ တည်ထား ကိုးကွယ်ပါသေးတယ်။ တံခွန်တိုင်တွေဟာ လေးထောင့်စပ်စပ်ဖြစ်ပြီး မျက်နှာပြင်လေးခုပတ်လည်မှာ ဆင်းတုတော်ပုံအုတ်ခွက်လေးတွေသာကပ်ထားပါတယ်။ တံခွန်တိုင်ကြီးတွေရဲ့ထိပ်မှာတော့ ဆင်းတုတော်ငယ်လေးတွေ ထည့်သွင်းထားတဲ့ ကျောင်းဆောင်တွေနဲ့ တံခွန်တိုင်ငယ်လေးတွေရဲ့ထိပ်မှာတော့ ဆွမ်းအုပ်ပုံလေးတွေကိုပဲ အထွတ်တင်ထားတာပါ။ မြင်နေကျ တံခွန်တိုင်တွေလို ဟင်္သာရုပ်တွေမရှိပါဘူး။ အဲဒါတွေမြင်ရတဲ့အခါ စေတီတော်တွေတည်ရင် ဦးဆောင်ဆရာတော်၊ သီလရှင်ကြီးတွေက ပင်မပုံသဏ္ဌာန်ကိုပဲချပေးပြီး ကျန်တဲ့ အကွန့်အညွှန့်တွေကိုတော့ ပန်းတော့၊ ပန်းတမော့ပညာရှင်တွေကသာ သူတို့စိတ်ကူးရှိသလို လက်စွမ်းပြပြုလုပ်သွားသလားလို့ ထင်မိပါတယ်။

စေတီတော်ကြီးရုပ်လုံးပေါ်လာပြီး အတော်အသင့်ပြီးစီးတဲ့ (၁၄-၅-၂၀၁၇) တနင်္ဂနွေနေ့မှာတော့ ထီးတော်၊ ငှက်မြွတ်နားတော်၊ စိန်ဖူးတော်များတင်လှူပူဇော်ကာ ဗုဒ္ဓဘိသေကအနေကဖာတင်ပွဲကျင်းပနိုင်ခဲ့ပါတယ်။ စေတီတော်တစ်ဆူတည်ဖို့ (၁၀) နှစ်နီးပါးအချိန်ယူခဲ့ရပေမယ့် အခုထိလည်း ကျောင်းကန်ဇရပ်တွေက မပြီးသေးပါဘူး။ စာရေးဆရာ၊ မင်းသားကြီး မောင်သင်ရဲ့ ဝတ္ထုခေါင်းစဉ်အတိုင်းပြောရရင်တော့ 'ဆက်ရန်ရှိနေသေးသည်' ပေါ့။

၅-၅-၁၈ ရက်နေ့ မနက်မှာတော့ သီလရှင်ဆရာကြီး ဒေါ်ခေမာစာရီနဲ့အဖွဲ့တွေ အမတသုံခစေတီတော်ကြီးကိုကြွရောက်လာကြပါတယ်။ ဆရာကြီးဒေါ်ခေမာစာရီကို ဖူးမြင်ရတဲ့အခါမှာ ငြိမ်းအေးတဲ့အသွင်သဏ္ဌာန်နဲ့ လေးစားကြည်ညိုဖွယ်ကောင်းတာကို တွေ့ရှိပါတယ်။ ဩော် - သီလရှင်တစ်ပါးအနေနဲ့ ဘာသာရေးအတွက် အတော်ကလေးစွမ်းဆောင်နိုင်တာပဲလို့ အံ့ဩချီးကျူးမိပါရဲ့။ ဆရာကြီးဒေါ်ခေမာစာရီနဲ့စကားဆိုနေစဉ်မှာပဲ ရှမ်းအဖွဲ့တွေကလည်း သူတို့ရဲ့ရိုးရာရှမ်းအိုးစည်တွေတီးခတ်ပြီး စေတီတော်လိုဏ်ပတ်လမ်းတွေနဲ့ စေတီတော်အပြင်မှာလှည့်ပတ်ပူဇော်နေကြပါကယ်။

နောက်နေ့ ၆-၅-၁၈ (တနင်္ဂနွေနေ့) မနက်ပိုင်းမှာတော့ သီလရှင်ဆရာကြီး ဒေါ်ခေမာစာရီနဲ့ ရှမ်းရိုးရာဝတ်စုံတွေ ဆင်တူဝတ်ဆင်ထားတဲ့ ဆရာကြီးရဲ့အဖွဲ့ဝင်တွေဟာ စေတီတော်ဘေးကဆောက်လုပ်ဆဲကျောင်းတော်မှာ သံဃာတော်အပါး (၁၂၀) ကို ဆွမ်းဆန်စိမ်းလောင်းလှူကြပါတယ်။ ရွာနီးချုပ်စပ်က အဘိုး (၁၀၈) ဦး၊ အဘွား (၁၀၈) ဦးကိုလည်း ပင့်ဖိတ်ပြီး အလှူပစ္စည်းတွေ၊ ငွေတွေလှူဒါန်းကြတယ်။ နောင်ချိုဘက်ကရှမ်းရိုးရာအကအဖွဲ့တွေပါ အားဖြည့်ရောက်ရှိလာပြန်ပြီး ကိန္နရာအကပါကပြနေကြရဲ့။ ရှမ်းအိုးစည်သံတည်ညံနဲ့ ပျော်ရွှင်ကြည်နူးစရာဖြစ်ရပါတယ်။ မိုးလေလည်း ကင်းစင်ပြီး ကြည်ကြည်လင်လင်မို့ ဒေါ်ဝင်းတို့အဖွဲ့လည်း အားပါးတရ ဝင်ရောက် လောင်းလှူနေပါတော့တယ်။

၇-၅-၂၀၁၈ (တနလ်ာနေ့) ည (၇) နာရီမှာတော့ ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာ နန္ဒမာလာဘိဝံသရဲ့တရားပွဲကို နာကြားကြရပါတယ်။ ဩော် - အဲဒီလိုနဲ့ မမျှော်လင့်ဘဲ ရောက်ရှိဖူးမြော်ရင်း ဘုရားပွဲမှာ လုပ်အားဒါနပြုခဲ့ရတဲ့ ပြင်ဦးလွင်မြို့ (၃၁) မိုင်၊ ကျင်ဂနိုင် ရွာထိပ်က အမတသုခ သမ္မုဒ္ဓေကမ္ဘာ့ငြိမ်းချမ်းရေးကပ်ကျော်ဆုတောင်းပြည့် စေတီတော်အသစ်ကြီးကို မကြာခဏ ပြန်လည်မြင်ယောင်ကြည်နူးပီတိဖြစ်ရင်း ပြင်ဦးလွင်ကို အလည်ရောက်ကြသူများလည်း သွားရောက် ဖူးမြော်ကြည်ညိုနိုင်ကြစေဖို့ သတင်းစကားပါးလိုက်ရပါတယ်။

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ဓနုဆူး)

စာကိုး -

ကျောက်စာအလောက်အထားနဲ့
လူကြီးသူမများရဲ့အပြော

www.burmeseclassic.com

www.burmeseclassic.com

အာကာသ(သာစည်)

သာသနာ့ဂုဏ်ရောင် ထွန်းတောက်ပြောင်သည့် ကြီးလေးကြီးစာညီရာဌာန

မင်းကွန်းဒေသသို့ ပူဇော်မှုခရီး

စာရေးသူတို့သည် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ပြင်ဦးလွင်တွင် ဘုရားဖူးလှည့်လည်ပြီးနောက် ဆင်းပြန်လာကြသည်။ မန္တလေး၊ ရှမ်းစု၊ ဇီးဘန်နီတိုက် သီဒို့အောင်ကျောင်းသို့ ညနေ (၅) နာရီတွင် ရောက်ရှိကြသည်။ ထိုကျောင်း၌ တစ်ညအိပ်၍ မနက်ဖြန်တွင် စစ်ကိုင်းနှင့် မင်းကွန်းတို့ကိုသွားကြမည် ဖြစ်သည်။ ဆရာတော်က သက်သောင့်သက်သာနားနေနိုင်ရန် ကျောင်းအပေါ်ထပ်၌ နေရာချထားပေးသည်။

ထို့နောက် မဟာမြတ်မုနိဘုရားကြီးအား ဦးဦးဖျားဖျားဖူးမြော်ရန် ဆရာတော်ကို ဝတ်ပြုပြီး ကျောင်းမှ ခြေကျင်လျှောက်၍ထွက်လာကြသည်။ ရှမ်းစုဇီးဘန်နီတိုက်နှင့်ဘုရားကြီးကား သိပ်ပြီးမဝေးလှချေ။ ကျောင်းမှထွက်၍ ရထားသံလမ်းကိုကျော်လိုက်သည်နှင့် ဘုရားကြီးအရှေ့မုခ်တည့်တည့်ရောက်သောကတ္တရာခင်းလမ်းပေါ် သို့ရောက်ရှိသည်။

ဘုရားကြီး၏ စံကျောင်းတော်ကို ရှုပ်လုံးပေါ်လွင်အောင် လျှပ်စစ်မီးများ ရောင်စုံခြယ်လျက် ပူဇော်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားဆန်းပြားသော မြန်မာ့လက်ရာဖြင့် မြသိန်းတန်စေတီတော်

ပုထိုးတော်ကြီးရှေ့ မြေးလေးစုဝေပြုး အမှတ်တရ



ဘိုးတော်ဗုဒ္ဓမင်းတရားကြီး တည်တော်မူသည့် ပုထိုးတော်ကြီး



မြသိန်းတန်စေတီတော်အထက်လိုဏ်အတွင်းမှ ရှင်ပြုဘုရားရုပ်ပွားတော်



မြသိန်းတန်စေတီတော် အဝင်မုခ်ဦး

ဘိုးတော်ဗုဒ္ဓမင်း၏ သားတော် အိမ်ရှေ့မင်း

ဘုရားကြီးစောင်းတန်းထိပ်လမ်းအဆုံးတွင် ကား၊ ဆိုင်ကယ်များ၊ ကူးလူးသွားလာနေသူများနှင့်ရှုပ်ယှက်ခတ်နေသည်။ နယ်ပယ်စုံအသီးသီးမှ ဘုရားဖူးလာကြသူများသည် လင်းအားနည်းသောမီးရောင်အောက်တွင် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ဖြတ်ကူးနေကြသည်။

မဟာမြတ်မုနိဘုရားကြီး အမရပူရနေပြည်တော်သို့ ကြွရောက်ပြီးသော် အတိုင်းအတာမှာ စမွခဏ်မှမကိုဋ္ဌတော် အဆုံး ဉာဏ်တော် (၁၅) ပေတိတိရှိသည်။ ဘုရားကြီးအား တည်ထားကိုးကွယ်ရန်အတွက် ဘိုးတော်ဘုရားက အတွင်းဝန်နန္ဒကျော်ထင်ကို မောင်းထောင်ဆရာတော်ထံ မေးလျှောက်စေသည်။ မြို့တော်နှင့် မနီးမဝေး အလားအလာကောင်းသည့်အရပ်တွင် ကိုးကွယ်သင့်ကြောင်း မိန့်ကြားတော်မူသဖြင့် လက်ရှိရှမ်းစုအရပ်တွင် ဂန္ဓကုဋိတိုက်တည်ကိုးကွယ်ခဲ့ကြသည်။

ထိုတိုက်တော်မှာ ရခိုင်ပြည်မှ ဘုရားကြီးပင့်ခဲ့ပြီးနောက် နှစ်တစ်ရာမြောက်၌ သီပေါဘုရင်လက်ထက်တွင် မီးလောင်ပျက်စီးခဲ့သည်။ မီးခစဉ်၌ ရုပ်ပွားတော်ပကတိမှာ တစ်စုံတစ်ရာမျှ ချွတ်ယွင်းပျက်စီးခြင်းမရှိခဲ့ချေ။ မကိုဋ္ဌတော်၊ နားပန်တော်၊ စလွယ်တော်နှင့် ရွှေသင်္ကန်းတော်များသာပျက်ယွင်းသွားသည်။ မီးခရ်ကျသောရွှေများကို အရာရှိမူးမတ်တို့ ကြီးကြပ်သိမ်းဆည်းပြီး ခိုင်တွယ်ရာ ရွှေခိုင်ပိသာ (၅၄၅၀) ကျော် ရရှိလေသည်။

၁၂၄၆ ခု၊ ဝါဆိုလဆုတ် ၉ ရက်နေ့တွင် ငွေသိန်းပေါင်း (၃၀) တန်သော ရွှေမကိုဋ္ဌတော်နှင့် တုရင်တင်လျှကာ မျက်နှာတော်ဖွင့်သည်။ အရှင်နှစ်ပါး ရေစက်ချတော်မူသည်။ ၁၂၆၀ ခြောက်နှစ်တွင် အနာထပိဏ်မည်သော ဗဟုပတိသူမြတ်က လက်ရှိအုတ်ပြာသာဒ်ကြီးကို

www.burmeseclassic.com



မင်းကွန်းဆရာတော်ဘုရားကြီးရှစ်တုတော်
တည်ထားရာ စံကျောင်းတော်



မင်းကွန်းခေါင်းလောင်းတော်ကြီး တည်ရှိရာ
ဘုံဗိမာန်ကို ကားဆင်းပေါ်မှ မြင်ရစဉ်

မင်းကွန်းခေါင်းလောင်းကြီးအား
ထာရောက်ထေ့ထားနေကြသောရဟန်းငယ်များ



မင်းကွန်းခေါင်းလောင်းကြီး ချိတ်ဆွဲထားရှိရာ ဘုံဗိမာန်



မင်းကွန်းခေါင်းလောင်းတော်ကြီးကျောက်စာ



မင်းကွန်းဆရာတော်ဘုရားကြီးရှစ်တုတော်ရှေ့မှ
စာရေးသူ

စာရေးသူတို့မိသားစု
မင်းကွန်းရောက်အမှတ်တရ

လှုဒါန်းတော်မူသည်။ ၁၂၇၈ ခုနှစ်၌ ထီးတော်လေခ၍ မြေသို့ကျရာတွင် မိုင်းပြင်းရပ်စောက်စော်ဘွားကြီးက အသစ် လှူသည်။ ငှက်မြတ်နားနှင့် စိန်ဖူးတော်ကို ဆာဘွဲ့ရညောင်ရွှေစော်ဘွားကြီးက လှူဒါန်းပါသည်။

မဟာမြတ်မုနိဘုရားကြီး ဂန္ဓကုဋီတိုက်၏တန်ဆောင်းတော်၌ ဝတ်ပြုသူသံဃာတော်၊လူပုဂ္ဂိုလ်များနှင့်ပြည့်လျက်ရှိသည်။ စာရေးသူတို့လည်း ဘုရားကြီးရှေသင်္ကန်းတော်အတွက်အလှူငွေထည့်ဝင်ခြင်း၊ ပန်းကပ်လှူခြင်း စသည့်ပြုဖွယ်တို့ကိုဆောင်ရွက်ပြီး ဝတ်ပြုဆုတောင်းကြသည်။ ထို့နောက် လက်ယာရစ်တစ်ပတ်လှည့်လည်၍ ပူဇော်ခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ယေယေပမာဏရှိသော ခြသေ့ကြီးနှစ်စီးအား ကျောဘက်မှ မြင်ရစဉ်

ခြသေ့ပျက်လုံး စကျင်ကျောက်တုံးကြီး



မြေထျင်စပြီးနောက် ကျန်နေသေးသည့် ခြသေ့ကြီး၏အစိတ်အပိုင်း

■ မင်းကွန်းဒေသို့

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသသည် ဗုဒ္ဓသာသနာထွန်းတောက်ရာဌာနဖြစ်၍ ထင်ရှားလျက်ရှိသည်။ ဘိုးတော်ဗဒုံမင်းတည်သော ပုထိုးတော်ကြီး၊ ခြသေ့ကြီးနှစ်စီး၊ ခေါင်းလောင်းကြီး၊ ကြက်ထောက်ကန်တော်ကြီး စသည့် ကြီးလေးကြီးသည် လည်းကောင်း၊ မြေးတော် စစ်ကိုင်းမင်းတည်သော မြသိန်းတန်စေတီတော်သည် လည်းကောင်း မအံ့သြဘဲမနေနိုင်အောင် ပင် ဆန်းပြားခမ်းနားထုထည်ကြီးမားကြသည်။ ထို့ပြင် ကမ္ဘာတွင် ဉာဏ်အကောင်းဆုံး ဂင်းနစ်မှတ်တမ်းဝင်မင်းကွန်းဆရာတော်ဘုရားကြီးဟူ၍ ပေါ်ပေါက်တော်မူသဖြင့် ကျော်ကြားလျက်ရှိနေလေသည်။

ဟိုစဉ်ရှေးက မင်းကွန်းဒေသို့ ရောဝတီမြစ်ကြောင်းအတိုင်း ရေလမ်းခရီးကိုသာ အားထားပြီးသွားလာကြရသည်။ ယခုအခါ စစ်ကိုင်းမှနေ၍ မင်းကွန်းဒေသို့ ရောဝတီမြစ်နှင့်ယှဉ်လျက် ကားလမ်းပေါက်နေလေပြီ။ ကားဖြင့်သွားရင်း စစ်ကိုင်းဌိုင်ရောက်ပြီး တန်ခိုးကြီးဘုရားများကိုဖူးနိုင်ပါသေးသည်။

စာရေးသူတို့သည် စစ်ကိုင်းမြို့စစ်ကိုင်းချောင်တို့ကို ဖြတ်သန်း၍ အားလေးအားမောင်းလာခဲ့သည်။ လမ်းကား အကွေ့အကောက်များ၍ ကုန်းမြောင်းလှသည်။ လမ်းဘေးရှိ နံရံများတွင်

www.burmeseclassic.com

www.burmeseclassic.com



ခြသေ့ကြီးနေရာမှ မြင်ရသော ဧရာဝတီမြစ်



ခြသေ့ကြီးများဟုသိစေရန် ရေးဆွဲထားသော ဆိုင်းဘုတ်

မင်းကွန်းဒေသတို့ညွှန်ပြသောဆိုင်းဘုတ်ငယ်များကို တောက်လျှောက်လိုလိုတွေ့နေရသည်။ ဧရာဝတီမြစ်နှင့်မြောင်၍ ဖောက်ထားသောနေရာအရောက်တွင် သောင်ထွန်းနေသည့်မြစ်ကြီးကို တွေ့ရသည်။ အနိမ့်အမြင့်ထူပြောသောလမ်းဖြစ်၍ ပြေပြေဆင်းပြေပြေတက်များလှသည်။

လမ်းတစ်လျှောက်၌ သစ်တောသစ်ပင်ဟူ၍ ကြီးကြီးမားမားမတွေ့ရ။ ကျေးလက်ရွာငယ်လေးများကို မကြာမကြာဖြတ်သန်းသွားသည်။ ခိုတောင်ရွာ၌ ကားစက်အေးရင်း ခဏနားပြီး မုန့်ဟင်းခါးစားကြ၏။ ဘိုးတော်ဗဒုံမင်း၏ ကြီးလေးကြီးတွင် အပါအဝင်ဖြစ်သော ကြက်ထောက်ကန်တော်ကြီးကို ကြက်ထောက်ရွာကားလမ်းဘေး၌တွေ့ရသည်။ လမ်းကား ပြန့်ပြူးခြောမောလာပြီး မကြာမီ မင်းကွန်းသို့ရောက်ရှိလေသည်။

■ ကုန်းဘောင်မင်းတို့ထဲက ဘိုးတော်ဗဒုံမင်းတရား

ကုန်းဘောင်မင်း(၁၁)ဆက်ရှိရာ မင်း(၆)ဆက်မြောက်၌ နံနံးတက်သော မောင်ဝိုင်း(ခေါ်)ဗဒုံမင်း(ခေါ်) ဘိုးတော်မင်းတရားသည် နန်းသက်အရှည်ဆုံးမင်းဖြစ်သည်။ ၁၁၄၇ ခုနှစ်တွင် နန်းတက်၍ (၃၇) နှစ်တိုင် နန်းစံတော်မူခဲ့သည်။

ထိုမင်းသည် -

ကုန်းဘောင်ခေတ်မင်းအပေါင်းတို့၌ အကျယ်ပြန့်ဆုံးသော မြန်မာနိုင်ငံတော်ကိုစိုးစံခဲ့သူ။

မြန်မာပြည်၌ အကြီးဆုံးပုထိုးတော်ကြီးနှင့် ခြသေ့ကြီးနှစ်စီးကိုတည်တော်မူခဲ့သူ။

အာရှတိုက်၌ အကြီးဆုံးခေါင်းလောင်းကြီးကိုသွန်းလုပ်တော်မူခဲ့သူ။

သီရိပဝရ ဝိဇယ နန္တယသ တြိဘဝနာ ဒိတျာ မိပတိပဏ္ဍိတ မဟာဓမ္မရာဇာဟူသည့် (၃၃) လုံးပါ အရှည်လျားဆုံးဘွဲ့တံဆိပ်နာခံတော်ခံယူတော်မူခဲ့သူဖြစ်သည်။

သက္ကရာဇ် ၁၁၁၄ ခုနှစ်မှ ၁၂၄၇ ခုနှစ်အထိ သက်တမ်း(၁၃၃)နှစ်ကြာမြင့်ခဲ့သော ကုန်းဘောင်ခေတ်သည် အစမှအဆုံးတိုင်အောင် ဘုန်းမီးနေလတောက်ပခဲ့သည်မဟုတ်ချေ။ကုန်းဘောင်သက်တမ်းတစ်ဝက်သည် အထွတ်အထိပ်ကာလဖြစ်၍ နေထွက်ချိန်ဖြစ်ပြီး ကျန်တစ်ဝက်သည်ကား နေဝင်ချိန်ဟု ဆိုရချေမည်။ ထို့ကြောင့် ဘိုးတော်ဗဒုံမင်းတရားနန်းစံသောကာလတစ်လျှောက်သည်အထွတ်အထိပ်ဆုံးဖြစ်ခဲ့သည်။

ဘိုးတော်ဗဒုံမင်းသည် သာသနာရေး၊ ပညာရေးနှင့် တိုင်းပြည်သာယာဝပြောရေးတို့ကို အားပေးတော်မူသောမင်း ဖြစ်သည်။ အောင်ပင်လယ်ကန်၊ နန္ဒာကန်၊ မိတ္ထီလာကန် စသည်တို့ကို ထပ်မံဆည်ဖို့ကာ ပြုပြင်တော်မူသည်။ ၁၁၄၅ ခုနှစ်တွင် နိုင်ငံတော်စစ်တမ်းများကို စီစဉ်ရေးသား၍ စစ်တမ်းများကောက်ယူတော်မူသည်။ ထိုနှစ်မှာပင် အမရပူရမြို့သစ်တည်၍ အင်းဝမှရွှေ့ပြောင်း၍ စံတော်မူသည်။

ဘိုးတော်ဗဒုံမင်းသည် မြို့ပေါင်း(၆၅) မြို့သို့ပိဋကတ်တော်အစုံနှင့် တစ်မြို့လျှင် သံဃာ (၅) ပါးစီ သာသနာပြုစေလွှတ်တော်မူသည်။ ထို့ပြင် မှူးမတ်ပညာရှိများကို အိန္ဒိယနိုင်ငံသို့စေလွှတ်၍ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်းအစရှိသော ကျမ်းပေါင်းတစ်ရာကျော်ကို ဆောင်ယူစေပြီး မြန်မာဘာသာသို့ပြန်ဆိုစေခဲ့သည်။

သက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် သားတော်အိမ်ရှေ့မင်းအား စေလွှတ်၍ ရခိုင်ပြည်ကို သိမ်းပိုက်အောင်မြင်တော်မူသည်။ မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီးကို နေပြည်တော်သို့ပင့်ဆောင်တော်မူခဲ့သည်။ ဘိုးတော်ဗဒုံမင်းလက်ထက်တော်တွင် ငွေဒင်္ဂါးများစတင်သွန်းလုပ်ခဲ့သည်။

■ ဘိုးတော်ဗဒုံမင်းနှင့်မင်းကွန်းဒေသ

ဘိုးတော်ဗဒုံမင်းသည် နန်းတက်တော်မူ၍ (၁၀) နှစ်ခန့်အကြာတွင် မင်းကွန်းဒေသ၌ သာသနာပြုလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



စေတီတော်အထက်ပစ္စယံပနေ၍ ရှခင်းများကိုကြည့်နိုင်သည်



ဘိုးတော်ဗဒုံမင်း၏ ကြီးသေးကြီးမှ ကြီးတစ်ကြီးအပါအဝင်ဖြစ်သော ကြက်ထောင့်ကန်ကြီး

များ စတင်၍ဆောင်ရွက်တော်မူသည်။ ၁၁၅၂ ခုနှစ် နတ်တော်လဆန်း ၁၅ ရက်နေ့တွင် ဧရာဝတီမြစ်ကို ဆန်တက်ပြီး မြစ်၏ အနောက်ဘက်ကမ်း၌ရှိသော မင်းရွာသို့ ရောက်ရှိတော်မူလာသည်။ မင်းရွာကို မင်းကွန်း ဟူ၍ သမုတ်တော်မူလေသည်။

မင်းကွန်းဒေသည် ဘူမိဗေဒ၊ မနုဿဗေဒအချက်အလက်များတို့အရ ပထမကျောက်ခေတ်ဦးကတည်းက လူနေဒေသဖြစ်ခဲ့သည်။ ၎င်းအထောက်အထားအတွက် ကျောက်ဖြစ်ရုပ်ကြွင်းများ



ပစ္စာန်းပွဲကျင်းပရန် ပြင်ဆင်ထားသည်ကို ကျဉ်သို့တွေ့ရစဉ်



ပုထိုးတော်ကြီးကို လှည့်ပတ်ပူဇော်နေသော အလှူတော်စုံမြင်ကွင်း

တွေ့ခဲ့ကြပြီ။ ထို့နောက် ပျူခေတ်၌ ပျူဒေသ အပါအဝင်ဖြစ်ခဲ့သည်။ ပုဂံခေတ်တွင်လည်း လူနေရပ်ရွာများရှိခဲ့လေသည်။

အင်းဝခေတ်၊ ညောင်ရမ်းခေတ်တို့တွင် မင်းဂေါင်ရွာအမည်နှင့် စည်စည်ကားကားရှိခဲ့ဖူးသည်။ ကုန်းဘောင်ခေတ်ဦးတွင် မင်းရွာအမည်နှင့် သာသနာထွန်းကားရာဒေသကြီးဖြစ်လာခဲ့ပြီ။ ဤဒေသအား ဘိုးတော်ဗဒုံမင်းတရားကြီး အနေဖြင့် မိမိဘဝ၏ မဟာကုသိုလ်ထူးကြီးဆည်းပူးရာဒေသအဖြစ်ဖြင့်သတ်မှတ်တော်မူခဲ့လေသည်။

သက္ကရာဇ် ၁၁၅၂ ခုနှစ်သည် ဗဒုံမင်းတရားကြီး၏နန်းစံနှစ် (၂) နှစ် ဖြစ်သည်။ ပုထိုးတော်ကြီးကို စတင်၍ အုတ်မြစ်ချတော်မူသည်။ ဗဒုံမင်းကြီး

www.burmeseclassic.com

www.burmeseclassic.com

သည် ဧရာဝတီမြစ်အတွင်းရှိ နန်းတော်ကျွန်းတွင် ယာယီနန်းဖြင့်စံမြန်း၍ တည်ဆောက်ရေးလုပ်ငန်းများတို့ကို ကိုယ်ဖိရင်ဖိကြပ်မတ်၍ စီမံတော်မူသည်။ ဗဒုံမင်းကြီး နန်းစံနှစ် (၃၇)နှစ်တွင် မင်းကွန်းဒေသ၌ (၁၅) နှစ် နန်းစံခဲ့သည်ဟုဆိုရချေမည်။

ဘိုးတော်ဗဒုံမင်းသည် မင်းကွန်းစံနန်းဖော်တွင် ၁၁၅၂ ခု၊ နတ်တော်လဆန်း ၁၅ ရက်မှ ၁၁၅၃ ခု၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့အထိ (၅)လနှင့် (၁၀) ရက် စံမြန်းတော်မူသည်။ ၁၁၅၃ခု၊ ပြာသိုလဆန်း ၁၂ ရက်နေ့မှ ၎င်းနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက်နေ့အထိ (၃)လနှင့် (၇)ရက် စံမြန်းတော်မူသည်။ ၁၁၅၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလဆန်း ၆ ရက်နေ့အထိ (၂) လနှင့် (၂၀) ရက် စံမြန်းတော်မူသည်။ ၁၁၅၅ ခု၊ ပြာသိုလဆန်း ၁ ရက်နေ့မှ ၁၁၅၇ ခု၊ နယုန်လပြည့်ကျော် ၁၃ ရက်နေ့အထိ (၁) နှစ်နှင့် (၆) လ၊ (၂၈) ရက် စံမြန်းတော်မူသည်။ ၁၁၅၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်မှ မင်းကွန်းပုထိုးတော်ကြီး ဌာပနာပြီးဆုံးသည့် ၎င်းနှစ် တပေါင်းလကုန်သည်အထိ (၅) လ စံမြန်းတော်မူလေသည်။

ထို့နောက် (၄) နှစ်ခန့်ခြားပြီး ၁၁၆၂ ခု ပြာသိုလပြည့်ကျော် ၂ ရက်နေ့မှ ၁၁၇၄ ခု၊ နတ်တော်လပြည့်ကျော် ၁၃ ရက်နေ့အထိ (၁၂)နှစ်ခန့်မျှ စံမြန်းတော်မူသည်။ ဘိုးတော်ဗဒုံမင်း၏ နန်းစံ (၃၇) နှစ်တွင် (၁၅) နှစ်ခန့်မျှသည် မင်းကွန်းနန်းတော်ကျွန်းတွင် စံမြန်းတော်မူသွားခြင်းဖြစ်သည်။ မြို့တော်အမရပူရ၌ သားတော်အိမ်ရှေ့မင်းကို ကိုယ်စားလွှဲအပ်ခဲ့၍ မင်းကွန်းဒေသသို့ကြွရောက်ပြီး စံမြန်းခြင်း ဖြစ်သည်။

ဘိုးတော်မင်းတရားကား မင်းကွန်းနန်းတော်ကျွန်း၌ပင် နိုင်ငံခြားသံတမန်များကို လက်ခံတွေ့ဆုံတော်မူသည်။ မိဖုရားခေါင်ကြီး မယ်လွမ်းမယ်နှင့် ဘုရင့်အကြီးတော် တွင်းသင်းမင်းကြီး မဟာစည်သူတို့ မင်းကွန်း၌ ကွယ်လွန်ခဲ့ကြသည်။ ဒေသအသီးသီးမှ ဆက်သသော သမီးကညာတို့ကို မင်းကွန်း၌ပင် လက်ခံတော်မူလေသည်။

■ မင်းကွန်းပုထိုးတော်ကြီး

သက္ကရာဇ် ၁၁၅၂ ခု၊ တပို့တွဲလဆန်း ၅ ရက်၊ ကြာသပတေးနေ့တွင် ပုထိုးတော်ကြီးကို စတင်၍ တည်တော်မူသည်။ ဘိုးတော်မင်းတရားသည် ပုထိုးတော်ကြီးကို မူလက ပေ (၅၀၀) တိတိ မြင့်စေရမည်ဟု ရည်မှန်းထားသည်။ ၎င်းစေတီကြီးကို တရုတ်ပြည်ကပင်မြင်စေရမည်ဟုလည်း ကြုံးဝါးထားခဲ့သည်။

ပုထိုးတော်ကြီး၏ အောက်ခြေပစ္စယံကား ပေ (၄၅၀) အဝန်းရှိသည်။ (၁၀) နှစ်ကြာမျှ တည်ထားဆောက်လုပ်သောအခါ (၁၆၅) ပေအမြင့်ရှိသော အောက်ပိုင်းဝိမာန်ပြီးစီးခဲ့လေသည်။ ထိုစေတီကြီးအနီးတွင် (၁၅)ပေအမြင့်ရှိသော စေတီငယ်ပုံစံတူတစ်ဆူရှိသည်။ ၎င်းပုံစံအတိုင်း တည်ထားခဲ့ကြသည်။ စေတီတော်ကြီးတည်ထားရာ၌ တစ်နိုင်ငံလုံးမှပြည်သူတို့၏လုပ်အားဒါနဖြင့်တည်ခဲ့ခြင်းဖြစ်သည်။ ကြာလတ်သော် ပြည်သူပြည်သားတို့ မျှားစွာပင်ပန်းကြလေသည်။

ထိုအတောအတွင်း ကောလာဟလစကားများ 'ဘုရားလည်းပြီး၊ ပြည်ကြီးကလည်း ပျက်လတ္တံ့၊ မင်းကွန်းဘုရားကြီး အပြီးသတ် မုဆိုးသုညကပ်' ဟူသောတဘောင်များပေါ်ထွက်လာလေသည်။ ထို့ကြောင့် ဘိုးတော်မင်းတရားသည် ဘုရားကြီးအားအပြီးတိုင်တည်ထားရေးကို ပယ်ဖျက်လိုက်လေသည်။

မင်းကွန်းပုထိုးတော်ကြီးသည် ဤသို့ ပျက်စီးယိုယွင်းသောအခြေအနေ၌ပင် ထုထည်အလွန်ကြီးမားပြီး ခံ့ညားလျက်ရှိသေးသည်။ ပါးစပ်ရာဇဝင်အရ ပုထိုးတော်ကြီးတွင် ဌာပနာထည့်ရာ၌ ရွှေလှည်းကိုးစီး၊ ငွေလှည်းကိုးစီး၊ ပတ္တမြားလှည်းကိုးစီးရှိသည်ဟုဆိုကြ၏။ မြေငလျင်လှုပ်စဉ်က ပုထိုးတော်ကြီး ကွဲအက်ပြိုကျပြီး ထွက်ကျလာသော ဌာပနာပစ္စည်းများကို တစ်နယ်လုံးအလုအယက်ကောက်ယူကြသည်ဆို၏။

■ ခြသေ့ကြီးနှစ်စီး

မင်းကွန်းပုထိုးတော်ကြီးတည်၍ သုံးနှစ်အရောက်တွင် ခြသေ့ကြီးနှစ်စီးကို စတင်တည်ဆောက်ခြင်း ဖြစ်သည်။ မူလက ပုထိုးတော်ကြီးအရှေ့ဘက်မုခ်မှ ရောဝတီမြစ်ဆိပ်သို့ စောင်းတန်းရှိခဲ့သည်။ ၎င်းစောင်းတန်းထိပ်၌ ကမ်းနဖူးတွင် ခြသေ့ကြီးနှစ်စီးကို မြစ်ဘက်သို့လှည့်၍ တည်ထားသည်။ ခြသေ့နှစ်စီးလုံးသည် ရှေ့လက်နှစ်ဖက်နှင့် တင်ပါးဆုံလောက် သာကျန်တော့သည်။ ခြသေ့အသွင်မှန်းဆနိုင်ရုံသာရှိပြီး တောင်ငယ်ငယ်တစ်လုံးစီလောက် မပြုကျဘဲကျန်နေသေးသည့် အုတ်ခဲအုတ်စိုင်များသာရှိတော့သည်။

သက္ကရာဇ် ၁၁၅၅ ခုနှစ်က ခြသေ့ကြီးနှစ်စီးကိုတည်ရာ၌ အုတ်ပေါင်းရှစ်သိန်းခန့်ကုန်သည်ဟုဆို၏။ ၁၂၀၀ ပြည့်နှစ် စစ်ကိုင်းမြေငလျင်တွင် ခြသေ့ကြီးများ သက်တမ်း (၄၅) နှစ်အရောက်၌ ပြိုပျက်ခဲ့သည်။ ခြသေ့ကြီးများတွင် မျက်လုံး၊ ခြေသည်း၊ လက်သည်းတို့ကို အုတ်အင်္ကျီဖြင့် ပြုလုပ်ခြင်းမဟုတ်ဘဲ စက္ကူငင်ကျောက်တို့ဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။

ခြသေ့ကြီးနှစ်စီး၏အရပ်အမြင့်မှာ အတောင် (၆၀) ရှိသည်ဟု ဆိုသည်။ မျက်လုံး၏ပမာဏမှာ လုံးပတ်အဝန်း (၉) ပေမျှရှိ၍ အချင်း (၃) ပေရှိသည်။ ဤမျှကြီးမားလှသော မျက်လုံးများကို အတောင်ခြောက်ဆယ်မြင့်သောခြသေ့ကြီးတို့တွင် မည်သို့တပ်ဆင်သနည်းဟု အံ့ဩဖွယ်ရာဖြစ်ရလေသည်။

■ မင်းကွန်းခေါင်းလောင်းတော်ကြီး

သက္ကရာဇ် ၁၁၇၀ မြည့်နှစ် ကဆုန်လဆန်း ၅ ရက်နေ့တွင် ပုထိုးတော်ကြီး၏အဆင်တန်ဆာအဖြစ် ခေါင်းလောင်းတော်ကြီးကို သွန်းလုပ်စေခဲ့လေသည်။ ဘိုးတော်မင်းကြီးအမိန့်ဖြင့် ပန်းတဲ့ဝန်မဟာနန္ဒကျော်သူက နန်းတော်ကျွန်းလေးအနီး စွန်းလွန်းရွာတွင် သွန်းလုပ်ခဲ့ခြင်း ဖြစ်သည်။ ကြေးညိုကို မဏ္ဍိုင်ထား၍ ၎င်းထဲ၌ ရွှေစ၊ ငွေစ၊ ကြေးနီကြေးဝါများ၊ ဘော်၊ သံ၊ ကြွပ် စသည်သတ္တုများ ပါဝင်သည်။

ခေါင်းလောင်းကြီးသွန်းလုပ်ရာ၌ အလေးချိန်ပိသာလွယ်ကူစွာမှတ်မိနိုင်ရန် မင်း၊ ဖြူ၊ မှန်၊ မှန်၊ ပြော ဟူ၍ သင်္ကေတထွင်ခဲ့သည်။ ၎င်းသင်္ကေတအရ ခေါင်းလောင်းကြီး၏ပိသာချိန်မှာ (၅၅၅၅၅) ဖြစ်သည်။ ခေါင်းလောင်းကြီးကို ဧရာဝတီတစ်ဖက်ကမ်း စွန်းလွန်းရွာမှ မင်းကွန်းသို့ရောက်အောင် ချောင်းတူး၍ ခဲရာခဲဆစ် သယ်ယူရသည်။ ရေတက်ချိန်တွင် မင်းခမ်းမင်းနားပွဲသဘင်မျိုးစုံကျင်းပကာ ကဲရဝိက်ဖောင်တော်နှစ်စီးဖြင့်သယ်ယူပြီး ပုထိုးတော်ကြီးမြောက်ဘက်၌ ချိတ်ဆွဲပူဇော်ခဲ့သည်။

မူလက ခေါင်းလောင်းတော်ကြီးကို အုတ်တိုင်ပေါ်တွင် သစ်သားရက်မဖြင့် ချိတ်ဆွဲခဲ့သည်။ မြေငလျင်ဒဏ်ကြောင့် ခေါင်းလောင်းတော်ကြီးပြုတ်ကျကာ မြေခဲ့ဖူးသည်။ ထိုစဉ်က ကြေးချိန် (၅) ပိသာခန့် ပဲ့ထွက်သွားခဲ့သည်။ ခရစ်နှစ် ၁၉၀၄ ခုနှစ်တွင် ရောဝတီသင်္ဘောကုမ္ပဏီမှ သံရက်ဓ၊ သံတိုင်တို့

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် တပ်ဆင်ပေးခဲ့သည်။ ခေါင်းလောင်းတော်ကြီး၏ အတိုင်းအတာမှာ အဝအချင်း (၁၆) ပေ (၉) လက်မ၊ လုံးပတ်အချင်း (၅၁) ပေ (၃)လက်မ၊ ဇောက် (၂၀)ပေ (၃)လက်မ၊ အထူ (၁)ပေ (၇) လက်မနှင့် အမြင့် (၂၇)ပေ (၈)လက်မတို့ ဖြစ်သည်။

ခေါင်းလောင်းသည် လွန်ခဲ့သောနှစ်ပေါင်းလေးထောင်ကျော်က တရုတ်ပြည်ဒေသ၌ စတင်ပေါ်ပေါက်ခဲ့သည်ဟု ဆို၏။ မူလက ဘုရားကျောင်းအစရှိသည်တို့၌ အချက်ပေးကိရိယာအဖြစ် အသုံးပြုရာမှ ဘာသာရေးကိစ္စများ၊ နန်းတက်ပွဲ၊ လက်ထပ်ပွဲတို့တွင် အသုံးပြုလာကြသည်။

ကမ္ဘာပေါ်တွင်ရှိသောခေါင်းလောင်းများအနက် ရုရှားနိုင်ငံ မော်စကိုမြို့ ကရင်မလင်နန်းတော်ရှိ ခေါင်းလောင်းကြီးသည် တန်ချိန် (၂၀၀) ကျော်၍ ကမ္ဘာ့အကြီးဆုံးခေါင်းလောင်း ဖြစ်သည်။ (၁၂၈) တန်ရှိသော ဒုတိယအကြီးဆုံးခေါင်းလောင်းကြီးမှာလည်း မော်စကိုမြို့၌ပင်ရှိသည်။ မင်းကွန်းခေါင်းလောင်းကြီးကား တန်ချိန် (၉၀) ကျော်ရှိသဖြင့် တတိယအကြီးဆုံးဖြစ်သည်။ ရုရှားနိုင်ငံရှိ ခေါင်းလောင်းတို့မှာ မင်းကွန်းခေါင်းလောင်းထက် ပိုမိုကြီးသော်လည်း တီးခေါက်၍မရချေ။ မင်းကွန်းခေါင်းလောင်းကြီးကသာ တီးခေါက်နိုင်ရုံသာမက ၎င်းမြည်သောအသံကား တစ်မိုင်ပတ်လည်ကပင် ကြားနိုင်သည်။ ထို့ကြောင့် တီးနိုင်ခေါက်နိုင်သောခေါင်းလောင်းတို့တွင် မင်းကွန်းခေါင်းလောင်းသည် ကမ္ဘာ့အကြီးဆုံးခေါင်းလောင်း ဖြစ်သည်။

■ ကြက်ထောက်ကန်တော်ကြီး

ဘိုးတော်မင်းတရားကြီးတည်တော်မူသော ကြီးလေးကြီးတို့တွင် ကြက်ထောက်ကန်တော်ကြီးသည်လည်း အပါအဝင်ဖြစ်သည်။ ၎င်းကန်တော်ကြီးကား စစ်ကိုင်း-မင်းကွန်းကားလမ်းပေါ်ရှိ ကြက်ထောက်ရွာ၌ တည်ရှိသည်။ ၁၁၇၉ နှစ်.ဘိုးတော်မင်းကြီး နန်းစံသက် (၃၆) နှစ်အရောက်၌ တူးဖော်ခြင်း ဖြစ်သည်။ မင်းတရားကြီးသည် တစ်အိမ်တည်းရွာအရောက် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း အစရှိသည်တို့ကိုလည်း ပြုလုပ်တော်မူခဲ့လေသည်။

■ မြသိန်းတန်စေတီတော်

မြသိန်းတန်စေတီတော်ကား ပုဂံခေတ် အလောင်းစည်သူမင်းကြီး၏ ကောင်းမှုတော် ဖြစ်သည်။ ရှင်ဖြူဘုရားရှစ်တုတောင်ကိုအစွဲပြု၍ ရှင်ဖြူဘုရားဟုခေါ်သည်။ ပထိုးတော်ကြီးအား ဘိုးတော်ဗဒုံမင်းတည်တော်မူစဉ်ကပင် မြေးတော်စစ်ကိုင်းမင်းသားလေးက ပျက်စီးနေသော ရှင်ဖြူဘုရားတန်ဆောင်းကိုပြုပြင်လိုကြောင်း လျှောက်ထားသည်။ ခွင့်ပြုတော်မူသဖြင့် ပြုပြင်မွမ်းမံ၍တည်တော်မူသည်။

ဘိုးတော်မင်းတရားကြီး၏အချစ်ဆုံးမြေးတော် ဆင်ဖြူမယ်မင်းသမီးလေးမှာ စစ်ကိုင်းမင်းသားလေး၏ ကြင်ရာတော်ဖြစ်သည်။ ဘုရားတည်စဉ်အတွင်း မင်းသမီးလေး နတ်ရွာစံ ကံတော်ကုန်သွားရှာသည်။ ဘုရားပြီးသည့်အခါ မင်းသမီးလေးအား အမှတ်တရအနေဖြင့် ရှင်ဖြူမယ်ဘုရားဟု သမုတ်တော်မူသည်။ ဌာပနာတော်သွင်းရာတွင်လည်း မင်းသမီးလေးဝတ်ဆင်အပ်သော တစ်သိန်းတန်မြရတနာကိုဌာပနာထည့်သွင်းတော်မူသည်။ ၎င်းကိုအစွဲပြု၍ မြသိန်းတန်ဘုရားဟုအမည်တွင်သည်။ ထို့ကြောင့် ရှင်ဖြူဘုရား၊ ဆင်ဖြူမယ်ဘုရား၊ မြဆိန်းတန်ဘုရားဟူ၍ အမည်သုံးမျိုးဖြင့် တန်ခိုးကြီးမားလေသည်။

မြသိန်းတန်စေတီတော်ကြီးသည် အောက်ခြေမှ တရွေ့ရွေ့မြင့်တက်လာသော ရေလိုင်းတွန့်သဏ္ဌာန်ပစ္စယာခုနစ်ဆင့်မှာ သီတာခုနစ်တန်၊ တောင်ရံခုနစ်လုံးကို ရည်ရွယ်ထားသည်။ အထက်ဥမင်လိုဏ်ဂူတော်အတွင်း၌ မူလဘုရား ဒါယကာအလောင်းစည်သူမင်း လှူဒါန်းပူဇော်အပ်သော ရှင်ဖြူရုပ်ပွားမြတ်ကြီး စံပယ်တော်မူလျက်ရှိသည်။ ပတ်ပတ်လည်မှ ပြာသာဒ်များကား သုံးကျိပ်သုံးပါးသောနတ်မှူးများ၏ ဗိမာန်များကို ရည်ရွယ်ထားသည်။

ဘုရားပေါ်သို့ ရောက်အောင် စောင်းတန်းသုံးသွယ်ဖြင့်တက်ရသည်။ ဘုရားရှင်သည် အဘိဓမ္မာတရားဟောတော်မူပြီးနောက် တာဝတိံသာနတ်ပြည်မှ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းဖြင့် ဆင်းကြွတော်မူလာသည်။ ၎င်းအားရည်ရွယ်ပြီး စောင်းတန်းသုံးသွယ်ပေါက်ထားခြင်းဖြစ်သည်။

သက္ကရာဇ် ၁၁၆၃ ခု၊ စစ်ကိုင်းမင်းသားလေး သက်တော် (၁၂) နှစ်အရွယ်တွင် ဘုရားဒါယကာအဖြစ် ခံယူတော်မူခဲ့သည်။ ၁၁၆၄ ခုနှစ်၊ တပို့တွဲလတွင် ဆင်ဖြူမယ်မင်းသမီးလေးနှင့် လက်ထပ်တော်မူသည်။ ၁၁၆၆ ခု၊ ဝါဆိုလဆန်း ၂ ရက်၊ သောကြာနေ့တွင် ဌာပနာပိတ်ပွဲကျင်းပတော်မူသည်။ ဌာပနာတိုက်ပေါင်း (၁၆) တိုက်ရှိသည်။ ၁၁၆၉ ခုနှစ်တွင် ဘုရားပြီးစီး၍ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်၊ သောကြာနေ့၌ အနေကဇာတင်ရေစက်သွန်းချပွဲကြီးကိုကျင်းပတော်မူသည်။

မြသိန်းတန်စေတီတော်မြတ်ကြီး၏ဖိနပ်တော်မှာ အချင်း (၂၁၄) တောင်ရှိသည်။ ဘုဏ်တော်အမြင့် (၃၂၁)ပေရှိသည်။ ၁၂၀၀ ပြည့်နှစ်တွင် ငလျင်ဒဏ်ကြောင့် စေတီတော်ကြီးပျက်စီးချို့ယွင်းခဲ့ရာ ရတနာပုံခေတ် မင်းတုန်းမင်းကြီးက ထပ်မံပြုပြင်လှူဒါန်းတော်မူသည်။ မြသိန်းတန်စေတီတော်ကား ရိုးရိုးနှင့် အလွန်ဆန်းကြယ်လှသည်။ အရှေ့ဘက်မှ မုခ်တစ်ခုသာရှိ၍ ဘုံအဆင့်ဆင့်မှ အရပ်မျက်နှာများသို့ တစ်မြင်တစ်ခေါ် ကြည့်ရှုနိုင်လေသည်။

သက္ကရာဇ် ၁၁၆၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့တွင် သားတော်အိမ်ရှေ့ရွှေတောင်မင်းကြီးက ပါဒနက်သန် စက်တော်ရာစေတီကို တည်တော်မူသည်။ ၁၁၆၆ ခု၊ နယုန်လတွင် ရွှေထီးတော်အထွတ်တင်လှူ၍ အနေကဇာသဘင်ဆင်ယင်ကျင်းပတော်မူသည်။

ဘိုးတော်ဗဒုံမင်းတရားကြီးသည် သားတော်၊ မြေးတော်တို့၏ ကုသိုလ်တော်များပြီးစီးသွားသော်လည်း ပုထိုးတော်ကြီးမှာ အပြီးမသတ်နိုင်ဘဲဖြစ်၍ အခက်တော်တွေ့နေရသည်။ ၎င်းအခက်အခဲအတွက် သာသနိကမြေတော်အဝင်ဦး၌ ပုထိုးတော်ပုံစံတူစေတီကို ၁၁၆၉ခု၊ ကဆုန်လအတွင်း အပြီးတည်တော်မူပြီး ဦးစွာ ပွဲကြီးခံတော်မူ၍ နောင်တော်ကြီးဘုရားဟုဘွဲ့နှင်းဆက်ကပ်တော်မူသည်။

မင်းကွန်းဒေသကား ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်များနှင့် ပြည့်လျှမ်းလျက်ရှိနေသည်။ ထို့ပြင် မိုးမိတ်ကုန်းမြေ၊ မိုးမိတ်စေတီတော်၊ မင်းကွန်းတိပိဋကဓရဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသ၊ ဒေါ်ဦးစွန်း၏ သူအိုရုံ စသည်စသည်တို့ကား ပုဒ္ဓဘာသာတို့လောက၌ အတုယူဖွယ်၊ နည်းယူဖွယ်များဖြစ်ကြလေသည်။

အာကာသ(သာစည်)

မှီငြမ်း -

ညိုမြ၏ ကုန်းဘောင်ရာဇဝင်တော်
အရှင်စန္ဒဇောတိ (ပါဠိဘာရဂူ)၊ ပိဋကတ်တစ်ပုံဆောင်၏ သမိုင်းထဲက မင်းကွန်း
ကိုယ်တိုင်ရောက်ရှိဖူးမြော်ခြင်း

www.burmeseclassic.com

ကိုရွှေမြသန်း (ဆရာဇော်)

ဝုဒ္ဓ၏မဟာပုရိသလက္ခဏာသုံးပါးနှင့် အကြောင်းကံ အကျိုးဆက်များ

ဝုဒ္ဓ၏ မဟာပုရိသလက္ခဏာတော်များအနက်မှ လက္ခဏာတော်သုံးပါးတို့၏ သဘောအဓိပ္ပာယ်နှင့် အကြောင်းကံအကျိုးဆက်များကို မိမိဖတ်မှတ်သိရှိထားရသည့် ဝုဒ္ဓဓမ္မစာပေများမှနေ၍ ပြန်လည်ကောက်နုတ်၍ ဓမ္မဗဟုသုတအဖြစ် စာဆင့်ကမ်းဖူးပွင့်ဝေလိုက်ပါ၏။

၁။ ဆဒ္ဒန်ဆင်မင်းပမာ အဓိမ်ဖြင့်ဖုံးလွှမ်းအပ်သောယောကျ်ားနိမိတ်ရှိတော်မူခြင်း လက္ခဏာတော်၏ သဘောအဓိပ္ပာယ်

နွားလားဥဘသမင်း၊ ဆင်မင်းစသည်တို့၏ အင်္ဂါဇာတ်နိမိတ်တို့ကဲ့သို့ အလောင်းတော်သူမြတ်၏ အင်္ဂါဇာတ်နိမိတ်မှာလည်း ရွှေပဒုမ္မာကြာချပ်နှင့်တူသောအဓိမ်ဖြင့် ဖုံးလွှမ်းအပ်ပေ၏။

အလိုက်သင့်တိုင်း၍ ကောင်းစွာချုပ်လုပ်အပ်သော ကမ္ဗလာအိတ်၊ ကတ္တီပါအိတ်၊ သင်္ကလတ်အိတ်တို့၌ ထည့်သွင်းထားသကဲ့သို့ကောင်းစွာလုံခြုံသောအဖုံးအလွှမ်းရှိသည့်နိမိတ်ဟုဆိုလိုခြင်း ဖြစ်သည်။

'အဓိမ်ဖြင့် ဖုံးလွှမ်းအပ်သည့် ယောကျ်ားနိမိတ်ရှိတော်မူခြင်းအကြောင်းကံအကျိုးဆက်များသည်ကား . . . .

အလောင်းတော်သူမြတ်သည် ရှေးဘဝများစွာတို့က ကြာမြင့်စွာကွဲကွာကွေ့ကွင်းနေကြကုန်သောအမျိုးအဆွေ၊ ခင်ပွန်းတို့ကို အညီအညွတ်ဖြစ်အောင် ရွက်ဆောင်စေ့စပ်ပေးတော်မူခဲ့၏။

အမိနှင့်သား စိတ်ဝမ်းကွဲပြားနေလျှင်သော်လည်းကောင်း၊ အဖနှင့်သား စိတ်ဝမ်းကွဲနေလျှင်သော်လည်းကောင်း၊ ညီအစ်ကိုချင်း မောင်နှမချင်း စိတ်ဝမ်းကွဲပြားနေလျှင်သော် လည်းကောင်း အညီအညွတ်ဖြစ်အောင် ရွက်ဆောင်ပေးတော်မူခဲ့၏။

ထိုသို့ ရွက်ဆောင်ပေးသဖြင့် မိတ်ဆွေခင်ပွန်းချင်း၊ သားနှင့်အမိ၊ သားနှင့်အဖ၊ ညီနှင့်အစ်ကို၊ မောင်နှင့်နှမ ညီအစ်မတို့ ညီညွတ်၍နေကြသည်ကိုလည်း အလွန်ဝမ်းမြောက်တော်မူ၏။

ထိုကောင်းမှုကုသိုလ်ကံကြောင့် နတ်စည်းစိမ်တို့ကိုခံစားတော်မူပြီးနောက် လူအဖြစ်သို့ရောက်တော်မူပြီးသောအခါ ဆဒ္ဒန်ဆင်မင်းပမာ အဓိမ်ဖြင့် ဖုံးလွှမ်းအပ်သောယောကျ်ားနိမိတ်ရှိတော်မူခြင်း ဟူသော မဟာပုရိသလက္ခဏာတော်ကို ရတော်မူ၏။

အလောင်းတော်သူမြတ်သည် ထိုလက္ခဏာတော်နှင့် ပြည့်စုံတော်မူသည့်အတွက် လူဘောင်၌နေလျှင် စကြာမင်းဖြစ်၍ ရန်သူစစ်သည်တစ်ဖက်ကိုညက်ညက်ချေမှုန်းနိုင်သည့် သူရသတ္တိပြည့်ဝသော ရာထောင်မကသည့် သားကောင်းတို့ကို ရရှိခြင်းဟူသောအကျိုးဆက်ကိုရတော်မူ၏။

ဤတွင် ဆွေမျိုးများသည် တစ်ဦးနှင့်တစ်ဦး ညီညွတ်နေကြလျှင် တစ်ယောက်သည် တစ်ယောက်၏ အပြစ်ကို ဖုံးလွှမ်းကြကုန်၏။

ထိုဆွေမျိုးများသည် ခိုက်ရန်ငြင်းခုံမှုဖြစ်သောအခါ တစ်ယောက်ယောက်၏အပြစ်ဒေါသ ဖြစ်ပေါ်လာလျှင်လည်း သူတစ်ပါးတို့ မသိစေကြကုန်။

ဤကား ထိုသူ၏အပြစ်တည်းဟု ပြောဆိုလာပါကလည်း ဘယ်သူမြင်သနည်း၊ ဘယ်သူကြားသနည်း၊ ငါတို့ဆွေမျိုးထဲ၌ ဤအပြစ်မျိုးပြုလုပ်တတ်သူမည်သူမျှမရှိဟု စသည်ဖြင့် အပြစ်ကို ဖုံးလွှမ်းကြကုန်၏။

အလောင်းတော်သူမြတ်သည်လည်း ရှေးဘဝများစွာတို့က ဆွေမျိုးအချင်းချင်း အပြစ်ကိုဖုံးလွှမ်းနိုင်အောင် စိတ်ဝမ်းကွဲနေသည်ကို ညီညွတ်အောင်စေ့စပ်ပေးခြင်းဖြင့် အပြစ်ကို ဖုံးလွှမ်းမှု ပြုအပ်သည်မည်ပေ၏။

ထို့ကြောင့် အလောင်းတော်သူမြတ်မှာ ဆွေမျိုးအချင်းချင်း အပြစ်ကို ဖုံးလွှမ်းနိုင်အောင်၊ စိတ်ဝမ်းကွဲသည်ကို ညီညွတ်အောင်၊ စေ့စပ်မှုပြုတော်မူခဲ့ကြောင်း နတ်လူအပေါင်းတို့သိစေလိုသော

www.burmeseclassic.com

www.burmeseclassic.com

ဟု ထင်ရှားဖော်ပြသည့်ပမာ အပြစ်နှင့် တူသော ယောကျ်ားနိမိတ်တော်သည် အဘိမ်ဖြင့်ဖုံးလွှမ်းလျက် ဖြစ်ပေါ်လာခြင်းဖြစ်ပေ၏။

ဤလက္ခဏာတော်နှင့် သက်ဆိုင်သည့် ဘုရားရှိခိုးလက်ာမှာ -

မိသားအဖ မောင်နှမဟု သဟာယချင်း ကွေကွင်းခဲ့ရာ တွေ့အောင်ရှာ၍ ကောင်းစွာထက်ကြပ် ပေါင်းစပ်ခဲ့ဖူး ကောင်းမှုထူးကြောင့် ဆင်မျှူးဆဒ္ဒန် ပုံသဏ္ဌာန်သို့ နေဟန်တင့်ဆုံး အိမ်ဖုံးစေ့စပ် သပ်ရပ်ထင်ရှား ယောကျ်ားနိမိတ် တံဆိပ်ပြီစွာ လက္ခဏာဖြင့် များစွာစုပေါင်း ထောင်သောင်းမက သားကောင်းရတော်မူပါသော မြတ်စွာဘုရား၊ မြတ်စွာဘုရား. . .

ဟူ၍ဖြစ်ပါ၏။

၂။ အရပ်တော်နှင့် အလံတော်ညီမျှသဖြင့် ပညောင်ပင်အဝန်းကဲ့သို့ဝန်းသော(လုံးခြေသော) ကိုယ်တော်ရှိခြင်းလက္ခဏာတော်၏ သဘောအဓိပ္ပာယ်

အတောင်ငါးဆယ် သို့မဟုတ် အတောင်တစ်ရာအားဖြင့် ညီမျှသော ပင်စည်အံကိုင်းအခက်ရှိသော ပညောင်ပင်သည် အရှည် (ထောင်လျက်မတ်ရပ်) အားဖြင့် လည်းကောင်း၊ ဖီလာကန့်လန့် အပြန့်အကျယ်အားဖြင့် လည်းကောင်း၊ တူမျှသော ပမာဏရှိသကဲ့သို့ လည်းကောင်း၊ ထို့အတူ အလောင်းတော်သူမြတ်သည်လည်း အရပ်တော် အလံတော်တို့သည် (ကိုယ်တော်မြတ်၏ လေးတောင်စီ) တူညီသောပမာဏရှိကြကုန်၏။ (တစ်ပါးသူတို့မှာကား အလံနှင့် အရပ် မညီမျှသည်ကသာများကုန်၏။) ဟူသည်တို့မှာ ဤလက္ခဏာတော်၏ သဘောအဓိပ္ပာယ်ပင်ဖြစ်ပါခြေ၏။

၃။ ရပ်တော်မူလျက်ပင် ကိုယ်တော်ကို မကိုင်းညွတ်ဘဲ လက်ဖဝါးတော်နှစ်ဖက်ဖြင့် ပုဆစ်ဒူးဝန်းနှစ်ဖက်ကို သုံးသပ်ထိတွေ့နိုင်ခြင်းလက္ခဏာတော်၏ သဘောအဓိပ္ပာယ်

အခြားတစ်ပါးသောသူတို့သည် ကုန်းသော်မူ ကုန်းလျက်ရှိနေတတ်ကြ၏။ ကွသော်မူ ကွလျက်ရှိနေတတ်ကြကုန်၏။

ကုန်းသောသူတို့မှာ အောက်ပိုင်း ကိုယ်ထက် အထက်ပိုင်းကိုယ်ကတို့သောကြောင့် ကိုယ်အင်္ဂါပြည့်စုံလျောက်ပတ်ခြင်းမရှိကြကုန်။ ကွသောသူတို့မှာ အထက်ပိုင်းကိုယ်ထက် အောက်ပိုင်းကိုယ်ကတို့နေသောကြောင့် ကိုယ်အင်္ဂါပြည့်စုံလျောက်ပတ်ခြင်းမရှိကြလေကုန်။ (ကုန်းသူတို့မှာ အထက်ပိုင်းကတို့၍ ကွသူတို့မှာ အောက်ပိုင်းကတို့၍ ဖြစ်ပါသည်။) ယင်းသို့ ကိုယ်အင်္ဂါမပြည့်စုံမလျောက်ပတ်ခြင်းကြောင့် ထိုသူတို့သည် မိမိတို့၏ ပုဆစ်ဒူးနှစ်ဖက်တို့ကို မကိုင်းမညွတ်ဘဲ မသုံးသပ်နိုင်ကြခြေ။

အလောင်းတော်သူမြတ်မှာမူကား ထိုသို့မဟုတ်ပေ။ အထက်ပိုင်းကိုယ်တော်သည်လည်းမကုန်း၊ အောက်ပိုင်းကိုယ်တော်သည်လည်းမကွ၊ အထက်အောက်ကိုယ်တော်နှစ်ရပ်စလုံး အချိုးပြေပြေအနေကျကျ ပြည့်စုံလျောက်ပတ်ကြကုန်၏။

ထို့ကြောင့် ရပ်တော်မူလျက်ပင် ကိုယ်တော်ကို မကိုင်းမညွတ်ဘဲ လက်ဖဝါးတော်နှစ်ဖက်ဖြင့် ပုဆစ်ဒူးဝန်းနှစ်ဖက်ကို သုံးသပ်ထိတွေ့တော်မူနိုင်ခြင်းသည်ကား ဤလက္ခဏာတော်၏ သဘောအဓိပ္ပာယ်တို့ပင်ဖြစ်ပါသည်။

အလံအရပ်ညီမျှ၍ ရပ်တော်မူလျက် မညွတ်ဘဲ ဒူးဝန်းတော်ကိုသုံးသပ်တော်မူနိုင်ခြင်း၏ အကြောင်းကံအကျိုးဆက်မှာ -

အလောင်းတော်သူမြတ်သည် ရှေးဘဝများစွာတို့က မိမိ၏ အခြံအရံလူအပေါင်းတို့ကို ချီးမြှောက်ခြင်းအမှုပြုတော်မူသည်ရှိသော် ပညာရှိသူ၊ မရှိသူ၊ ဂုဏ်ကျေးဇူးရှိသူ၊ မရှိသူတို့ကို ကိုယ်တိုင်သိအောင်စုံစမ်း၍ ပုဂ္ဂိုလ်တို့၏အရည်အချင်းကို အမှန်အတိုင်းသိရှိတော်မူပြီးကာ -

ဤသူကား ဤမျှပူဇော်သက္ကာရကိုခံထိုက်ပြီး ဤသူသည် ဤမျှပူဇော်သက္ကာရကိုခံထိုက်၏ဟု အရည်အချင်းအလိုက် ချီးမြှောက်တော်မူခဲ့၏။

ဤတွင် တစ်ကျပ်တန်သူအားကျပ်ဝက် (ငါးမူး- ပြားငါးဆယ်) ကိုပေးလျှင် ထိုပေးသူသည် အပေးခံရသူ၏ကျပ်ဝက်ကို ဖျက်ဆီးသည်မည်၏။ တစ်ကျပ်တန်သူအား နှစ်ကျပ်ပေးလျှင်လည်း ထိုပေးသောသူသည် မိမိပိုင်တစ်ကျပ်ကို ဖျက်ဆီးပစ်သည်မည်၏။

ထို့ကြောင့် အလောင်းတော်သူမြတ်သည် ထိုနှစ်မျိုးစလုံးကိုပြုတော်မမူဘဲ (တိုး၍လျော့၍မချီးမြှောက်ဘဲ) တစ်ကျပ်တန်သူအား တစ်ကျပ်ချီးမြှောက်တော်မူ၏။ နှစ်ကျပ်တန်သူအား နှစ်ကျပ်ချီးမြှောက်တော်မူ၏။

ထိုကောင်းမှုကုသိုလ်ကံတို့ကြောင့် နတ်စည်းစိမ်တို့တိုခံစားတော်မူပြီးနောက် လူအဖြစ်သို့ ရောက်တော်မူသောအခါ အရပ်တော်နှင့် အလံတော်ညီမျှသဖြင့် ပညောင်ပင်အဝန်းကဲ့သို့ ဝန်းသော (လုံးချောသပ္ပာယ်သော) ကိုယ်တော်ရှိခြင်းတည်းဟူသော လက္ခဏာနှင့်ရပ်တော်မူလျက်ပင် ကိုယ်တော်ကိုမကိုင်းညွတ်ဘဲ လက်ဖဝါးတော်နှစ်ဖက်ဖြင့် ပုဆစ်ဒူးဝန်းတော်နှစ်ဖက်ကို သုံးသပ်ထိတွေ့နိုင်ခြင်းတည်းဟူသော လက္ခဏာတော်တို့ကိုရတော်မူ၏။

အလောင်းတော်သူမြတ်သည် ထိုလက္ခဏာတော်ကြီးနှစ်ပါးတို့နှင့် ပြည့်စုံတော်မူသည့်အတွက် လူ့ဘောင်၌နေလျှင် စကြာမင်းဖြစ်၍ (စည်းစိမ်ဥစ္စာရတနာရွှေငွေအသုံးအဆောင်များပေါများခြင်းဟူသော အကျိုးဆက်ကို ရတော်မူ၏။

ရှင်ရဟန်းပြုလျှင် သဗ္ဗညုမြတ်စွာဘုရားဖြစ်၍ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီဩတ္တပ္ပ တည်းဟူသော သူတော်ကောင်းဥစ္စာတို့ကို လွန်စွာပေါများခြင်းဟူသော အကျိုးဆက်ကို ရတော်မူ၏။

ဤလက္ခဏာတော်နှစ်ပါးနှင့်သက်ဆိုင်သော ဘုရားရှိခိုးအလက်ာမှာ -

ပုဂ္ဂိုလ်ယုတ်မြတ်၊ ရွေးချယ်လတ်၍၊ လျောက်ပတ်သင့်လျော်၊ ပူဇော်ခံဟန်၊ ကောင်းမှုကံကြောင့်၊ အလံအရပ်၊ ညီလတ်ရွှန်းရွှန်း၊ ပညောင်ဝန်းသို့၊ ဝန်းသောကိုယ်တော်၊ ရပ်သော်စူးစူး၊ မညွတ်ဦးဘဲ၊ ရွှေဒူးဝန်းပေါ်၊ လက်ဝါးတော်ဖြင့်၊ သုံးသော်မီလောက်၊ ကိုယ်ထက်အောက်လည်း၊ အပေါက်အံဆက်၊ ညီလျက်အမျှ၊ ကုန်းမကွတည့်၊ ပုဏ္ဏကာယ၊ လက္ခဏာဖြင့်၊ သဒ္ဓါသီလ၊ သုတ စာဂ၊ ပညာ ဟိရီ၊ ဩတ္တပ္ပဟု၊ ခုနစ်လီဥစ္စာ၊ ရတနာသာရ၊ မြတ်ဓနဖြင့်၊ ကြွယ်ဝခမ်းသာတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား. . .

ဟူ၍ပင် ဖြစ်ပါသည်ဟု ဟူ၍သာ. . ။

ကိုရွှေမြသန်း (သမိုင်း)

မှီငြမ်း -

မဟာဗုဒ္ဓဝင် (ဒုတိယတွဲ)
လက္ခဏာတော် (၃၂)ပါး ဘုရားရှိခိုးအလက်ာ (သခင်းကျောင်းဆရာတော် ဦးဇေဝသိတ)

www.burmeseclassic.com

www.burmeseclassic.com

နတ်မောက်မင်းသနှိုင်
မကျန်းမာသူများနာကြားသင့်သော
ဟောဇျော်သုတ်တော်

. . . တပည့်ကျော်စုန္ဒက ညဉ့်ကာလအချိန် ဦးနှိမ်ညွတ်တွား၊ အခစားဝင်သည်တွင် သုံးလူရှင်ထိပ်ထားက -

ချစ်သားစုန္ဒ၊ ငါဘုရားသင်ပြသည့် ဟောဇျော်သုတ္တန်ကို၊ ပုဒ်ပါဠိမှန်မချွတ်၊ ယခုပင်ရွတ်လေ

ဟု နှုတ်ခွန်းခြွေစေခိုင်းသဖြင့် ဌာန်ကရိဏ်းပယ်တ် ပုဒ်ပါဠိမလိုစေဘဲ တရိုတသေရွတ်လျှင် သုတ်ဟောဇျောင်ဆုံးသည်နှင့် ဖုံးအုပ်သည့်တိမ်အတွင်းမှ လွတ်ကင်းသည့်လပမာ ခဏတာချိန်အတွင်း ထိန်လင်းလန်းဖြာ၍ ကျန်းမာပကတိ ချမ်းသာစွာရှိတော်မူလေသတည်း။

ထိုပြင်တစ်ရပ် အတ္ထုပ္ပတ်မှာ ဂိလျကုဋ္ဌတောင်ယံဝယ် နိယံမပြတ် အကျင့်မြတ်ဓုတင်နှင့် ဖိုလ်ဝင်၍စွာန်ဟား တရားနှင့်ပျော်မွေ့ စံနေလေ့ရှိပေသော ဣဒ္ဓိမယူမတန်၊ ဧတဒဂ်တွဲ့ခံသည့် လက်ဝဲယံထေကျော် မောဂ္ဂလာန်ကိုယ်တော်၌ ဖြစ်ပေါ်သည့်ရောဂါ ခံပြင်းသည့်ဝေဒနာ ဖောဇျော်သုတ်တော်သည် ပရိတ်ကြီး (၁၁) သုတ်တွင် ပါဝင်ပြီး နံပါတ် (၁၀) သုတ် ဖြစ်ပါသည်။ ထိုဟောဇျော်သုတ်တော်ကို လူတိုင်းအလွတ်မရနိုင်သော်လည်း သိဖူးကြားဖူးနာဖူးကြမည်သာ ဖြစ်ပါသည်။

ဟောဇျော်သုတ်တော်နှင့်ပတ်သက်ပြီး အမွမ်းကိုဖော်ပြလိုပါသည်။

အခါတစ်ပါးတွင် လူသုံးပါးတို့၏ မကိုင်ရှ သုံးတိုက်လုံးမန်ကူ သယမ္ဘူရှင်စောသည် တစ်ရံရောကာလအခါတွင် မဂဓတိုင်းဗဟို ရာဇဂြိုဟ်ဖြည်မြတ်၏ တောင်အရပ်မျက်နှာ ခက်ရွက်ဖြာအုပ်ဆိုင်း မိုင်းညို့ညို့ဝေဝေဆာ ချမ်းမြေ့သာပြန့်ကျယ် မွေ့လျော်ဖွယ်လွန်ကောင်းသည့် ဝေဠုဝန်ရွှေကျောင်း၌ ကိန်းအောင်းတော်မူနေခိုက် လေမလိုက်သွေးမညီ ဓာတ်လေးလီမညီမျှ၍ ကဲ့ရဲ့ကာယအလွန်တာသန္တာန်ဝယ် ပြင်းထန်သည့်ရောဂါဝေဒနာငြိလေသော် . . .

ကို ကရဏာတော်သခင် ဘုရားရှင်ကိုယ်တော်တိုင် ခြောက်ရောင်ဆိုင်ပတ်ရံအလျှံတော်တဖိတ်ဖိတ်ဖြင့် ဂိလျကုဋ္ဌတောစခန်းသို့ ကြွမြန်းတော်မူလျက် ဟောဇျောစက်သုတ်ခမွကို နှုတ်ဟကျူးရင့်လေသော် မထေရ်ကျော်ခန္ဓာတွင်းမှ ပြင်းပြသည့်ဝေဒနာသည် ပိန်းကြာဖက်ရေအသွင် လွင့်စဉ်လျော့ဆင်း၍ ချက်ချင်းချမ်းသာ ကျန်းမာတော်မူလေသတည်း။

ထိုမှသီးခြား နည်းတစ်ပါးဖြစ်ရပ်မှာ ညောင်ကြွတ်ပင်ရောက်ရာ လိုဏ်ဂူဟာစက်မှ၌ တေရသဓုတင်ဘက် ဧတဒဂ် ရရှိသည့် တိတိယသာဝက ရှင်မဟာကဿပသည် ဓာတ်မမျှဖောက်ပြန်၍ ထောက်မတန်ညှိုးနွမ်း မခံကျန်းရှိနေရာ သမ္မာသမ္ဗုဒ္ဓ၊ အနုတ္တရမြတ်စွာက ဖော်မပါတစ်ကိုယ်တည်း၊ ကောင်းကင်ယံခရီးဖြင့် တပည့်ကြီးကဿပ တည်နေရာဌာနသို့ မြန်းကြွတော်မူပြီးကာ ထံနီးချဉ်းကပ်လျက် ပြဟ္မာသရစ်ကျော့ အသံတော်အဋ္ဌင်္ဂဖြင့် ဟောဇျော်သုတ်ရတနာကို ကုမုဒ်ကြာရနံ့သင်းသည့် ခံတွင်းမှလွှတ်ခြွေရွတ်လေသောကာလ ခဝါချပုဆိုးနွမ်းရေဖျန်းသည့်မီးရှိန် မိုးတိမ်ကိုလေ့ဝှေ့နေခြည်တွေ့ဆီးနှင်းပေါက် လွင့်ပျောက်သည့်ဥပမာ ကိုယ်ခန္ဓာခံကျန်း၍ လန်းဆန်းတော်မူလေသတည်း။

ဤသို့ နတ်ဆေးဝါး နတ်မန္တရားထက် စွမ်းပကားထူးလှ စူးရှရုံမက စုန်တဝဆန်တဖြာ ဘုံဘဝသံသရာ ကြုံသမျှခန္ဓာကို ဖန်ခါခါလောင်ဝါးလာသည့် ထောင်ငါးရာမီးကိလေသကို ငြိမ်းသေစေတတ်ဘိ သတ္တိရှိသကဲ့သို့ သဗ္ဗဒုက္ခဝိနာသနေဟု ကဝိဆရာကွေအမွမ်းတင်ကြသော ဟောဇျော်မကွပါဠိသုတ်အမြတ်ပရိတ်တော်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ဟန် သဘာဝအစစ်အမှန်ဖြင့် ရှုပ်နာမ်၌ဆင်ခြင်ဉာဏ်ထင်အောင်သုံးသပ်၊ ဝိပဿနာ

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့နာန်း စီးဖြန်းမှုအဆုံးသတ်ပြီး ပုဒ်ပါင်ငှေ့နေမှန်မှန် ပယထ်ဌာန်ကရိဏ်း၊ ကိုဏ်းဂဏာတောဒည်း ဘရဟ္မည်းပီသဗျစ္စနဝုဒ္ဓိအသံ တရံမ္ဘချွတ်ယွင်း မမှားစေဘဲ လောကလူသားအများတို့ ရွတ်ဆိုပွားကြပါစို့'

ဗောဓိရုက်သုတ်အမွှမ်းကိုကြည့်ရုံဖြင့်ပင် ဘုရားရှင်သည် လည်းကောင်း၊ လက်ဝဲရံထေရ်ကျော် မောဂ္ဂလာန်ကိုယ်တော်ကြီးသည် လည်းကောင်း၊ ရှင်မဟာကဿပသည် လည်းကောင်း၊ ဗောဓိရုက်သုတ်တော်ကိုနာကြားပြီး ကျန်းမာခြင်းတရားရရှိစေခဲ့သည်ကို အထင်အရှားသိမြင်နိုင်ပါသည်။

လက်တွေ့အားဖြင့်လည်း ကျွန်ုပ်၏ ညီတော် မောင်အောင်သွေးသည် အူဆောင်ငန်းဖုံးဖြစ်ပြီး အရည်သက်သက်မျှ တစ်လကျော်မှီဝဲဆေးဝါးကုသမှုခံယူခဲ့ရပြီး ဆေးရုံမှဆင်းခဲ့ရပါသည်။

ဆေးရုံမှဆင်းပြီးနောက် နေအိမ်ပြန်ရောက်သောအခါတွင်လည်း ညီဖြစ်သူမှာ ကောင်းစွာ ထူထူထောင်ထောင်မဖြစ်သေးဘဲ တရှောင်ရှောင်တပိန်ပိန်တလိမ်လိမ်ဖြစ်နေသဖြင့် အထူးကုဆေးခန်းများသို့ ဆက်လက်ပြသခံယူနေရပါသည်။ စားဆေးများတစ်လစာပေးလိုက်ပြီး နေအိမ်တွင်မှီဝဲနေစဉ် တစ်နေ့သောကာလ၌ ကျွန်ုပ်၏နေအိမ်သို့ နတ်မောက်မြို့ ဘုရားကြီးကျောင်းမှ ဆရာတော်အရှင်ဇနပတိကြွရောက်လာပြီး အိပ်ရာထက်ပက်လက်အနေအထားဖြစ်နေသော ညီဖြစ်သူကို ဤဗောဓိရုက်သုတ်တော်ရွတ်ပွားပေးပြီး နာကြားစေခဲ့ပါသည်။ ဆရာတော်မှ ရွတ်ပွားပေးသည်ကို ကက်ဆက်ဖြင့် အသံဖမ်းယူထားပြီး ညီတော်ကို နောက်နေ့များတွင်လည်း ကက်ဆက်ကိုဖွင့်၍ နာယူစေခဲ့ပါသည်။ သုံးရက်မြောက်နေ့တွင် ကျွန်ုပ်၏ညီလေး မောင်အောင်သွေးမှာ ကျန်းမာပကတိချမ်းသာစွာရှိခဲ့သည်ကို ကျွန်ုပ်ကိုယ်တိုင် မျက်ဝါးထင်ထင် လက်တွေ့သိမြင်ကြုံတွေ့ခဲ့ရပါသည်။

သို့အတွက် ဆေးမတိုးသောလူနာများ၊ နာတာရှည်ရောဂါသည်များ၊ အဖျားအို အဖျားတာရှည်နေသူများအဖို့ ဘုရားဆေး၊ တရားဆေး၊ သံဃာဆေးဟူဆိုနိုင်သော ဤဗောဓိရုက်သုတ်တော်ကိုနာကြားကြစေလိုပါသည်။ သို့မဟုတ် ကျန်းမာသူက အနားတွင်ထိုင်၍ ရွတ်ဖတ်ပေးစေသင့်ပါသည်။ အလွတ်မရလျှင်လည်း စာအုပ်ကြည့်၍ ရွတ်ပွားပေးနိုင်သည်။

ဆေးကုသနေသော ဆရာများလည်း မိမိ၏လူမမာလူနာများအတွက် ရွတ်ပွားပေးသင့်ပါသည်။ အဝေးရောက်နေသူ မကျန်းမာလျှင်လည်း ထိုမကျန်းမာသော သားသမီး၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးမွေးချင်း၏ဓာတ်ပုံ သို့မဟုတ် သုံးစွဲတပ်ဆင်ဖူးသောအင်္ကျီ၊ သဘက်တို့ကို ပခုံးတွင်တင်၍လည်းကောင်း၊ ဓာတ်ပုံရှိလျှင် ဓာတ်ပုံကိုကြည့်မြင်၍ လည်းကောင်း ရွတ်ပွားပေးနိုင်ပါသည်။

ကျွန်ုပ် မန္တလေးတွင် တာဝန်ထမ်းဆောင်စဉ်က မိခင်ကြီး အသည်းအသန် မကျန်းမာကြောင်း အမြန်လာရန်သံကြိုးစာရရာ ချက်ချင်းခွင့်မရဘဲ သုံးလေးရက်ကြန့်ကြာနေခဲ့ရပါသည်။ထိုသုံးလေးရက်အတွင်း ကျွန်ုပ် အမြဲဆောင်ယူထားသော မိခင်ကြီး၏ဓာတ်ပုံနှင့်လုံချည်ကို ပခုံးထက်တွင်တင်ပြီး ဗောဓိရုက်သုတ်ကို ရွတ်ပွားပေးခဲ့ပါသည်။ ကျွန်ုပ်ခွင့်ရ၍ မိခင်ကြီးနေထိုင်ရာ နတ်မောက်သို့ ရောက်သွားသောအခါ မိခင်ကြီးမှာ ဆေးရုံမှဆင်း၍ ကျန်းမာချမ်းသာစွာ နေအိမ်သို့ပြန်ရောက်နေပြီကို လက်တွေ့သိမြင်တွေ့ကြုံခဲ့ရသဖြင့် ဝမ်းမြောက်ကြည်နူးနိုင်ခဲ့ရပါသည်။ သို့အတွက် မကျန်းမာသူအတွက် ဗောဓိရုက်သုတ်တော် ရွတ်ပွားပေးပါက နာကြားပေးကြပါဟု တင်ပြရေးသားအပ်ပါသည်။

ဗောဓိရုက်သုတ်တော်မှာ (၁၁) ပိုဒ် ပါရှိပြီး (၁၁)မီးငြိမ်းစေသည်ဟုဆိုချင်ပါသည်။ ရွတ်ပွားပေးမည်ဆိုပါလျှင် ရှေးဦးစွာ နမောတဿဿုံးကြိမ်ရွတ်ပွားပြီးမှ ဗောဓိရုက်သုတ်ကို အသံဌာန်ကရိဏ်း ပီပြင်ကျနစွာ ရွတ်ပွားပေးရပါမည်။ တစ်ခေါက်တစ်ကြိမ်မျှဖြစ်ပါစေ ပီပြင်သော ရွတ်ပွားမှုဖြစ်ဖို့သာလိုပါသည်။

ဗောဓိရုက်သုတ်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခ
ဓိနာသနေ။
သတ္တ ဓမ္မေ စ ဗောဇ္ဈင်္ဂေ၊ မာရ
သေနာပ မဒ္ဒနေ။

၂။ ဗုဇ္ဈိတ္တာ ယေ စိမေ သတ္တာ၊ တိဘဝါ
မုတ္တကုတ္တမာ။
အဇာတိ မဇရာဗျာဓိ၊ အမတံ နိဗ္ဗာယံ
ဂဓာ။

၃။ ဧဝမာဒိဂုဏူပေတံ၊ အနေက ဂုဏာ
သင်္ဂဟံ။
ဩသဓဉ္စ ဣမံ မန္တံ၊ ဗောဇ္ဈင်္ဂဉ္စ
ဘဏာမ ဟေ။

၄။ ဗောဇ္ဈင်္ဂေ သတိသင်္ခါတေ၊ ဓမ္မာနံ
ဝိစယော တထာ။
ဝီရိယံ ပီတိ ပဿဒ္ဓိ၊
ဗောဇ္ဈင်္ဂါ စ တထာ ပရေ။

၅။ သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ၊
သတ္တေ, တေ သဗ္ဗဒဿိနာ။
မုနိနာ သမ္မဒက္ခာတာ။
ဘာဝိတာ ဗဟုလီကတာ့။

၆။ သံဝတ္တန္တိ အဘိညာယ၊ နိဗ္ဗာနာယ
စ ဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ
ဟောတု သဗ္ဗဒါ။

၇။ ဧကသ္မိံ သမယေ နာထော၊ မောဂ္ဂ
လ္လာနဉ္စကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊ ဗောဇ္ဈင်္ဂေ
သတ္တ ဒေသယိ။

၈။ တေ စ တံ် အဘိနန္ဒိတွာ၊ ရောဂါ
မုစ္စိသု တင်္ခဏေ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိတေ
ဟောတု သဗ္ဗဒါ။

၉။ ဧကဒါ ဓမ္မရာဇာပိ၊ ဂေလညေနာ
ဘိပီဠိတော။
စုန္ဒတ္ထေရေန တံ်ယော၀၊ ဘဏာ
ပေတွာန သာဒရံ။

၁၀။ သမ္မောဒိတွာန အာဗာဓာ၊
တမှာ ဝုဋ္ဌာသိ ဌာနသော။
ဧတေန သစ္စ ဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၁။ ပဟီနာ တေ စ အာဗာဓာ၊
တိဏ္ဏာန္နမ္ပိ မဟေသိနံ။
မဂ္ဂဟတာ ကိလေသာဝ၊
ပတ္တာ နုပ္ပတ္တိဓမ္မတံ
ဧတေန သစ္စ ဝဇ္ဇေန သောတ္ထိ
တေ ဟောတု သဗ္ဗဒါ။

မကျန်းမာသူများအတွက် အမှတ်တရ သတိတရ ရွတ်ပွားပေး ရွတ်ပွားလျက် အကျိုးကျေးဇူးများနိုင်ရန် စေတနာတရား၊ မေတ္တာတရား၊ သူတော်ကောင်းတရားဖြင့် ရေးသား တင်ပြလိုက်ရပါသည်။

ကျန်းမာချမ်းသာလန်းဖြာကြပါစေ

နတ်မောက်မင်းသန့်နိုင်

ကျမ်းကိုး -

ခေတ်မီစုံလင်ဘုရားရှိခိုးစာအုပ်
ဝတ်ရွတ်စဉ်

www.burmeseclassic.com

www.burmeseclassic.com

ဒေါင်သာကျော်

ငြိမ်းချမ်းရေးနိုဗယ်ဆုရပ်ပွားတော်မြတ်ကမာကူရ

သတ္ထုဝဏ်းတိုက်ဆရာတော်ဘုရားကြီး ဆရာတော်တစ်ပါးတို့

တိုက်ကြီးမြို့နယ်အတွင်းသို့ မကြာခဏာရောက်ဖြစ်ခဲ့ဖူးသော်လည်း ပထမဆုံးရာဦးလေးခိုင်က အောင်မြေမှန်ရာနေရာကို အမွေဆက်ခံခွင့်ရှိနေခဲ့သည့် ဆရာတော်တစ်ပါးထံပါးသွားရန်ရှိနေသဖြင့် အဖော်အဖြစ်လိုက်ခဲ့ရန်ခေါ်၍ လေကိုခွင်းပြီးသွားနေသည့် မြားတစ်စင်းနှယ်အသောနှင်နေသော ပါရာဒိုကားပေါ်ပါလာခဲ့ခြင်းပင် ဖြစ်သည်။ ကားက တိုက်ကြီးမြို့နယ်အတွင်းရှိ အောင်မြေအောင်ရပ်ဝန်းမှန်ရာ သက္ကဝတီ ကျိုးဖြူတောင်တော်ဆီသို့ ဦးတည်ပြေးလွှားနေခြင်းပင်ဖြစ်သည်။ တိုက်ကြီးမဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီးသီတင်းသုံးတော်မူရာစေတီတော်ကျောလာပြီးသည်နှင့် အရှေ့အရပ်ဆီဦးတည်နေသောလမ်းချိုးအတိုင်းဝင်သွားဖြစ်တော့သည်။ မကြာခဏလာဖြစ်သည့်လမ်းဖြစ်သည့်အတွက် နောက်ထပ်မိနစ်နှစ်ဆယ်ခန့်သွားမိပါက အောင်မြေမှန်ရာသက္ကဝတီကျိုးဖြူတောင်သာသနာ့နယ်မြေသို့ရောက်တော့မည်ဟု အမှတ်သတိက ရင်ထဲဝင်လာသည်။ ပထမံဆရာဦးလေးခိုင်ပြောပြမှ သိခွင့်ရသည်မှာ အောင်မြေတွင် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်တံဆောင်သည့် ကမာကူရရုပ်ပွားတော်မြတ်ကြီးတစ်ဆူသီတင်းသုံးတော်မူနေဖြစ်ပြီး ကျိုးဖြူအဖေကြီးဦးအေးဖေဟူတပည့် ဒါကာ၊ ဒါယိကာမများအသိများကြသည့် သက္ကဝတီကျိုးဖြူသာသနာပြုဆရာတော်ဘုရားကြီး ဘဒ္ဒန္တအဂ္ဂသာရာတည်ထားတော်မူရန် လမ်းညွှန်ထားတော်မူသည့် ငြိမ်းချမ်းရေးစေတီတော်ထီးတော်တင်လှူရေးပြင်ဆင်မှုပြုရန်ကိစ္စ

ကမာကူရရုပ်ပွားတော်



ကမာကူရရုပ်ပွားတော်

ရွှေဟောင်းဆင်းတုတော်

www.burmeseclassic.com

www.burmeseclassic.com



အိုးပေါ်စေတီတော်

အိုးပေါ်စေတီတော်



ကောင်းမှုတော်ပုံစေတီ

ရွှေဟောင်းဆင်းတုတော်

ဝိပဿနာတရားအားထုတ်ရန်တရားစခန်းများ၊ ဗုဒ္ဓဖြစ်တော်ပေါင်းစေတီတော်များ၊ အောင်ခြင်းရှစ်ပါးရုပ်ကြွပုံတော်များ၊ မြနန်းဘုံစံကျောင်း၊ အမေ့အိမ်ဇရပ်၊ နဂါးနီကန်တော်ကြီး၊ ရတနာဘုံကျောင်း၊ အရိယာသူတော်စင်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့၏ရုပ်တုများနှင့် ဓာတ်ကျောင်းတော်၊ မြတ်စွာဘုရားသီတင်းသုံးရာဂန္ဓကုဋီတိုက်နှင့်မဟာသဒ္ဓမ္မဇောတိကစံကျောင်းတော်၊ ဘုရားသမိုးတော်များ၊ ဘုရားရွေပဟိုရ်စည်တော်ကြီးတို့ တည်ရှိနေခဲ့ကြသည်မှာ အဘိုးကျိုးဖြူဆရာတော်ဘုရားကြီး ဦးအာဒိစ္စဝံသနှင့် သားတော်ဦးရင်းဖြစ်ရပ်များအတွက် လက်ရှိအောင်မြေအောင်စခန်း၏ အမွေခံသားတပည့်ဖြစ်သည့် ဆရာတော်ထံသို့သွားကြရမည်ဆိုသည်ကို သိလိုက်ရတော့သည်။

သက္ကဝတီကျိုးဖြူသာသနာပြုအောင်မြေစခန်းသည် ဝိဇ္ဇာလမ်းလျှောက်လှမ်းကျင့်ကြံကြသူ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်၊ သူတော်စင်သူမြတ်လောင်းတို့မွေ့ပျော်ရာ နေရာတစ်နေရာပင်ဖြစ်သည်။ သက္ကဝတီကျိုးဖြူတောင်တော်တန်းသည် ဝိဇ္ဇာလမ်းလျှောက်လှမ်းနေကြသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့အတွက် အောင်လမ်းပွင့်စေသည့် အောင်မြေမှန်ရာနေရာတစ်နေရာဖြစ်သည်။ မှိုင်းညို့ညို့တောင်တန်းတွေနှင့် စိမ်းစိုလန်းဆန်းနေသော တောအုပ်ငယ်လေးတစ်ခုက ရွှေကျိုးဖြူရေကန်သာ၏မြရည်ညိုရောင်သန်းနေမှုကြောင့် သာယာတင့်မောဖွယ်ကောင်းလို့နေသည်။ သက္ကဝတီကျိုးဖြူတောင်တော်အောင်မြေအတွင်းဝယ် ရှင်ဥပဂုတ္တရေကန်တော်၊ လင်းလွန်းပင်ဘုရား၊ နဂါးရုံဘုရားသီတင်းသုံးရာရေကန်တော်၊ မင်္ဂလာရေကန်တော်၊

www.burmeseclassic.com



သားတော်များစေတီ



ဆရာတော်ဓာတ်ခန်းအတွင်းရှိ ရွှေဟောင်းဆင်းတုတော်များ

ငြိမ်းချမ်းရေးစေတီတော်နှင့် ကမာကူရရုပ်ပွားတော်မြတ်

ရွှေဟောင်းဆင်းတုတော်များ

ဆရာတော်အရှင်အာစီဝဏ္ဏနှင့်
ပထမဆရာကြီးဦးလေးခိုင်တို့
ကမာကူရရွှေတွင် အမှတ်တရ

တော်မူသော သက္ကဝတီဂျိုးဖြူသာသနာပြုဆရာတော်ဘဒ္ဒန္တအဂ္ဂသာရတို့ကြိုးပမ်းတည်ထောင်ကာ သာသနာပြုလုပ်ငန်းများဆောင်ရွက်တော်မူခဲ့ကြရာမှ သီးပွင့်လာခဲ့ကြသည့် သာသနာ့မှတ်တိုင်များပင် ဖြစ်လေသည်။

သက္ကဝတီဂျိုးဖြူတောင်တော်မြတ်သာယာပုံတို့ကို မြင်တွေ့ခံစားမိရသည့် အရှင်နန္ဒဓဇက -

■ သက္ကဝတီ ရဂုံဖြာဖြာ စုံဝနာအကြားတွင်ဖြင့် မယုံစရာ ပုံပမာအလားကဲ့သို့ သိကြားကိုယ်တိုင်ဖန်သည့် နှယ် အံ့ဖွယ်မြတ်ပုထိုးနှင့် တောင်ရိုးမှာ ဝေဝေစီ၍ ရွှေစေတီမြို့ခေါ်လောက်အောင်ဖြင့် ထိန်တောက်ကာ ဝင္ဆာရဂုံက ဘာတာဖုံဖုံခိုလာကြသည့်ပြင် ရေမီးစုံ လိုရာရတဲ့ အောင်တေဇာကွန်မြူး စွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်ထူးရှိရာလည်း ဖြစ်ပါပေသည်'

www.burmeseclassic.com

www.burmeseclassic.com

ဟု စပ်ဆိုသွားခဲ့သည်။

အမှန်တကယ်လည်း ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ကို စဉ်ဆက်မပြတ်ကြိုးပမ်းကျင့်ကြံပွားများအားထုတ်သွားကြကာ အောင်လမ်းသို့မြန်းမကြွမီမှာပင် အောင်မြေမှန်ရာသာသနာ့နယ်မြေကြီးပွင့်ထွန်းဝေစည်လာအောင် ကြိုးပမ်းအားထုတ်သွားခဲ့ကြခြင်းပင်ဖြစ်သည်။ ရှေးဦးပထမဆုံး ကျိုးဖြူအဘိုးဆရာတော်ဘုရားကြီးဟု ဝိဇ္ဇာလမ်းလျှောက်လှမ်းနေကြသော သူတော်စင်သူမြတ်လောင်းပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည့်ဦးအာဒိစ္စဝံသက စတင်ကြိုးပမ်းတည်ထောင်ခဲ့ခြင်းပင်ဖြစ်သည်။ အဘိုးကျိုးဖြူဆရာတော်ဘုရားကြီး ဦးအာဒိစ္စဝံသသည် ဝိဇ္ဇာလမ်းကျင့်စဉ်များကို ကျင့်ကြံပွားများအားထုတ်တော်မူခဲ့ရာ လွန်စွာခရီးပေါက်မြောက်ကာ အောင်ပန်းများပွင့်လာခဲ့ရာက ဝိဇ္ဇာဆရာတော်ကြီးတစ်ပါးအဖြစ် ထင်ရှားလာခဲ့သည်။ ဆရာတော်ဘုရားကြီး၏ကျင့်စရာစွမ်းပကားများကလည်း လက်တွေ့ကြုံတွေ့ မြင်တွေ့သိခွင့်ရကြသူများလှသည်။ ဆရာတော်ဘုရားကြီး အောင်လမ်းဆီသို့ မြန်းတော်မမူမီ သာသနာနယ်မြေထွန်းလင်းဝေစည်ကာ အရှည်တည်တံ့နိုင်ရေး ဆက်လက်ဆောင်ရွက်နိုင်မည့်ပုဂ္ဂိုလ်ကို ဝိဇ္ဇာတို့အတတ်ပညာဖြင့် ဖွေရှာတော်မူခဲ့သည်။

အဘိုးဆရာတော်ဘုရားကြီး ဦးအာဒိစ္စဝံသ၏ သားတပည့်ရင်းဖြစ်လာခဲ့သူမှာ ဆရာတော်ဘဒ္ဒန္တအဂ္ဂသာရပင်ဖြစ်သည်။ ဆရာတော် ဘဒ္ဒန္တအဂ္ဂသာရဖြစ်လာမည့် အဖေကြီးဦးအေးဖေ (MA. BL) အား အိပ်မက်ပေးကာ အဘိုးကျိုးဖြူဆရာတော်ဘုရားကြီးက သက္ကဝတီကျိုးဖြူတောင်တော် သာသနာ့အောင်မြေသို့ အရောက်ခေါ်ဆောင်ခဲ့သည်။ဆရာကြီးဦးအေးဖေသည် ၁၉၉၅ ခုနှစ်တွင် အရာထမ်းအဖြစ်မှ အငြိမ်းစားယူခဲ့သူဖြစ်သည်။ ၁၉၈၃ ခုနှစ်မှ ၁၉၈၉ အထိ ကျပန်နိုင်ငံ အိုဆာကာတက္ကသိုလ်တွင် ဥပါမောက္ခအဖြစ် မြန်မာစာသင်ကြားရန်တာဝန်ပေးစေလွှတ်ခြင်းခံရသူတစ်ဦးလည်းဖြစ်သည်။ ဆရာကြီးဦးအေးဖေ (MA.BL) သည် အဓိဋ္ဌာန်ပါရမီအနေဖြင့် ဂါထာတော်များ၊ ပရိတ်တရားတော်များရွတ်ဖတ်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်းတို့ကို နေ့စဉ်စဉ်ဆက်မပြတ် အဓိဋ္ဌာန်တင်နေဖြစ်ခဲ့သူပင်ဖြစ်သည်။

တစ်နေ့ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၌ အဓိဋ္ဌာန်ဝင်နေစဉ်ရက်

မုန့်လိန္နာရေကန်တော်



ဆရာတော်အရှင်အာစိဏ္ဏ

ပထမဆရာကြီးဦးလေးခိုင်မှ ဆရာတော်အရှင်အာစိဏ္ဏအား သက်နှံဆက်ကပ်စဉ်

www.burmeseclassic.com

www.burmeseclassic.com

အတွင်း ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ် တစ်ဦးက မွေစကြာရွတ်၍ ရက်ပေါင်း (၉၀) အဓိဋ္ဌာန်ဝင်ရန် ပြောဆိုကာ ဆေး တိုက်ခဲ့သည်။ ထို့နောက် ကိုးလုံးပုတီး ပေးကာ သာသနာပြုလော့ဟုဆိုပါသည်။

ထိုအဖြစ်အပျက်မှာ ဆရာကြီးဦးအေးဖေ (MA.BL) အိပ်မက်ထဲတွင် အထင်အရှား မြင်တွေ့ခဲ့သည့်အကြောင်းအရာပင် ဖြစ်လေသည်။

အိပ်မက်မြင်မက်ပြီးသည့်ရက်ပိုင်း အတွင်းမှာပင် ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်တွင် ပထမံဆရာကြီးဦးဘဆင်ဆိုသည့် ပုဂ္ဂိုလ်ထူးနှင့်ဆုံတွေ့ခဲ့ရကာ ဆေးလုံးတိုက်ပြီး ကိုးလုံးပုတီးချီးမြှင့်ခဲ့သည်။ ပတ္တမြားမျက်ရှင်ဘုရားတွင် ကျွန်ုပ် နွေဝါထာ ရွတ်ဖတ်ပေးရန် မှာကြားခဲ့သည်။ ချီးမြှင့်မှာကြားသမှုပြုပြီးသည်နှင့် ငါကိစ္စရှိတယ်၊ ငါသွားတော့မယ်ဟုပြောဆိုကာ ထွက်သွားတော့သည်။

ဂုဏ်တော်များပွာများခြင်း၊ ဓမ္မစကြာရွတ်ဖတ်ပွားများခြင်းများတို့ကို အဓိဋ္ဌာန်တင်ကာ ပွားများကျင့်ကြံနေခဲ့ရာ ရက်ပေါင်း (၂၇၀) အကြာတွင် ထူးခြားလှသော အိပ်မက်ထူးတစ်ခုကို မြင်မက်ရပြန်သည်။ အိပ်မက်ထဲတွင် အညိုရောင်ဝတ်ထားသည့် သူတော်စင် ပုဂ္ဂိုလ်ကြီးတစ်ဦး ရောက်ရှိလာပြီး အနီရောင်ဆေးလုံးသုံးလုံးတိုက်သဖြင့်သောက်လိုက်ရသည်။ အိပ်မက်ထဲမှာပင် တောနက်ကြီးတစ်ခုအတွင်း ရောက်ရှိသွားကာ မေတ္တာဘာဝနာပွားနေမိစဉ်မှာပင်လျှင် ကောင်းကင်မှ ဘုန်းတော်ကြီးများနှင့် ပုဂ္ဂိုလ်ထူးများ စျာန်ဖြင့်ကြွတော်မူနေကြ

အဖေကြီး ထျောင်းစက်ရာ ကျောင်းတော်



တော်ကျိန့်ဆင်တော်

ရွှပ်တုတော်

ရေကန်တော်

ရေကန်တော် ကမ္ပည်းစာ

www.burmeseclassic.com

www.burmeseclassic.com

အဘိုးကျိုးဖြူဆရာတော်ကြီးရုပ်တု

ရင်သွက်ဦးခန္တီရုပ်တု

ဆရာတော်ဦးအဂ္ဂသာရရုပ်တုတော်

ရင်္ကန်းစင်တောင်ဦးဩဘာသရုပ်တုတော်

အဘရာကျော်ဆရာတော်ရုပ်တု

စာတ်ခန်းအတွင်း ဆရာတော်အရှင်အာစီဏ္ဏ

သည်ကို ဖူးတွေ့လိုက်ရသည်။ ထိုအထဲမှ ဆရာတော်ကြီးတစ်ပါးဆင်းသက်လာကာ ဓာတ်လုံးတစ်လုံးနှင့် ဆေးလုံးကိုးလုံးကို ချီးမြှင့်တော်မူပြီး ကောင်းကင်သို့ပြန်လည်ကြွသွားခဲ့သည်။ ဆေးလုံးများမချီးမြှင့်မီ ပြုံးပြသော ဆရာတော်ဘုရားကြီး၏မျက်နှာတော်ကို အိပ်မက်မှန်းထလာခဲ့သည့်တိုင်အောင် ပြက်ပြက်ထင်ထင်မှတ်မှတ်သားသားရှိနေမိဖြစ်သည်။

နောက်တစ်နေ့တွင် ပညာသင်တပည့်တစ်ဦးဖြစ်သူက ကျိုးဖြူတောင်တော်သို့သွားရန်ရှိလေရာ အဖေကြီးဦးအေးဖေ (M.A. BL) အား လိုက်ခဲ့ပါရန် ခေါ်သဖြင့် လိုက်ပါသွားဖြစ်သည်။ အဘိုးကျိုးဖြူဆရာတော်ကြီးဦးအာဒိစ္စဝံသထံတော်ရောက်သည်နှင့် အံ့အားတသင့်ဖြစ်သွားမိရသည်။ အိပ်မက်ထဲတွင် ဆေးလုံးချီးမြှင့်သွားသော ဆရာတော်ကြီးဖြစ်နေသောကြောင့်ပင်။ ဆရာတော်ဘုရားကြီးဦးအာဒိစ္စဝံသက ဆဲရာကြီးဦးအေးဖေကိုမြင်တွေ့လိုက်ရသည်နှင့်-

"ငါ မင်းကိုစောင့်နေတာ၊ မင်းဘာနေ့သားလဲ"

"တနင်္ဂနွေသားပါ ဘုရား"

"အဘိုးက ကျိုးဖြူတောင်မှာ သာသနာပြုနေတာ"

ဤသို့ဖြင့် အဖေကြီးဦးအေးဖေသည် ကျိုးဖြူတောင် (သင်္ကဝတီကျိုးဖြူတောင်တော်) ဟု လူသိများနေသည့် သင်္ကဝတီကျိုးဖြူသာသနာ့အောင်မြေရှိ အဘိုးကျိုးဖြူဆရာတော်ဘုရားကြီး ဦးအာဒိစ္စဝံသ၏ သားတပည့်အဖြစ် ခံယူကာ အောင်မြေမှန်ရာ သင်္ကဝတီကျိုးဖြူတောင်တော်၏ သာသနာတော်ပွင့်ထွန်းအရှည်တည်တံ့ရေးအတွက် ဆောင်ရွက်နေခဲ့တော့သည်။

အဖေကြီးဦးအေးဖေသည် ကျိုးဖြူဆရာတော်ဘုရားကြီး ဦးအဂ္ဂသာရ၊ ဘဒ္ဒန္တအဂ္ဂသာရအဖြစ် ဆက်လက်ရပ်တည်ကာ အဘိုးကျိုးဖြူဆရာတော်ဘုရားကြီး ဦးအာဒိစ္စဝံသ အစပျိုးတည်ထောင်ခဲ့သော အောင်မြေမှန်ရာ သင်္ကဝတီကျိုးဖြူတောင်တော် သာသနာ့နယ်မြေဝေစည်ပွင့်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။ ရှေးနှစ်ပေါင်းများစွာကတည်းကပင် ရှေးမင်းတို့အစဉ်အဆက်၊ ဆရာတော်ကြီးများ အစဉ်အဆက် ကိုးကွယ်ဆည်းကပ်ခဲ့ကြသည့် ရှေးဟောင်းရုပ်ပွားဆင်းတုတော်များ၊ သိုက်နန်းရှင်တို့ လာရောက်ဆက်သကြသော သိုက်နန်းရှင်တို့ ကိုးကွယ်ဆည်းကပ်နေသည့်ရုပ်ပွားဆင်းတုတော်များ တစုတဝေးတည်း ရောက်ရှိနေသဖြင့် သင်္ကဝတီကျိုးဖြူတောင်အောင်မြေဆီသို့ ဝိဇ္ဇာလမ်းသို့လျှောက်လှမ်းနေကြသည့် သူတော်စင်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ ဓာတ်ပိုင်၊ သိုက်ပိုင် စိတ်ဝင်တစားရှိနေကြသူများ စဉ်ဆက်မပြတ်အရောက်လာနေခဲ့ကြခြင်းဖြင့် ကျိုးဖြူတောင်အောင်မြေမှန်ရာ၊ သာသနာ့နယ်မြေသည် ပွင့်ထွန်းဝေစည်တိုးပွားလာနေခဲ့ခြင်းပင်ဖြစ်သည်။

ထိုအသိများက ရင်ထဲလှုပ်ခတ်

www.burmeseclassic.com

www.burmeseclassic.com

နေရာယူနေမိစဉ်မှာပင် အဘပထမ်ဆရာဦးလေးခိုင်က -

"ကိုအောင်သာကျော်ရေ၊ လာလာ ဟိုရှေးကကျောင်းထဲမှ ဆရာတော်အရှင်အာစိဏ္ဏာ သီတင်းသုံးတယ်။ ဂျီးဖြူ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တအဂ္ဂသာရ ရဲ့သားတပည့်ရင်းပေါ့"

ဟု ဆိုလာသဖြင့် ကားပေါ်မှဆင်းကာ ဘိုက်ကျောင်းအတွင်းဝင်သွားမိဖြစ်ကြသည်။ ဆရာတော်အရှင်အာစိဏ္ဏာမှာ ဂျီးဖြူဆရာတော်ဘုရားကြီးများဖြစ်တော်မူကြသည့် ဂျီးဖြူအဘိုးဆရာတော်ဘုရားကြီးဦးအာဒိစ္စဝံသနှင့် ဆရာတော်ဘဒ္ဒန္တအဂ္ဂသာရတို့ အဆင့်ဆင့်တိုးတက်ဝေစည်ပွင့်ထွန်းအောင်ဆောင်ရွက်တော်မူခဲ့ကြ၏။ သက္ကဝတီဂျီးဖြူတောင်တော်သာသနာ့နယ်မြေကို ဆက်လက်တာဝန်ယူရသည့် ဆရာတော်ပင် ဖြစ်သည်။ အဘိုးဆရာတော်ဘုရားကြီးအောင်လမ်းသို့မြန်းကြွသွားတော်မူသည့်နောက်ပိုင်းတွင် ဂျီးဖြူတောင်ဆရာတော်ဘဒ္ဒန္တအဂ္ဂသာရက ဆက်လက်တာဝန်ယူရသကဲ့သို့ ယခုလည်း အောင်လမ်းသို့ မြန်းကြွသွားတော်မူပြီဖြစ်သည့် ဘဒ္ဒန္တအဂ္ဂသာရ၏ သာသနာတော်ဝေစည်ပွင့်ထွန်းလာစေရေးဆောင်ရွက်မှုတို့ကို အရှင်အာစိဏ္ဏာက တာဝန်ယူနေရပြီပင် ဖြစ်သည်။

ဆရာတော်ဘဒ္ဒန္တအရှင်အာစိဏ္ဏာသည် ခမည်းတော် ဦးကျော်သန်းနှင့် မယ်တော်ဒေါ်အေးပိုတို့က မြန်မာနှစ် ၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၇ ရက် တနင်္ဂနွေနေ့တွင်ဖွားမြင်ခဲ့ပြီး ငယ်နာမည် အောင်ကျော်မြင့်ဟူတွင်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ် (၁၀) ရပ်ကွက်တွင် ဖွားမြင်ခဲ့သူဖြစ်သည်။ ၁၃၆၀ ပြည့်နှစ်တွင် လူဝတ်ဖြင့်ပင် ဂျီးဖြူသာသနာပြုဆရာတော်ဘုရားကြီးဘဒ္ဒန္တအဂ္ဂသာရထံတော်ပါးချဉ်းကပ်ကာ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၁၃၇၂ ခုနှစ်၊ ဝါဆိုလဆုတ် ၁၅ ရက်နေ့တွင် ရဟန်းဒါကာ ဦးသိန်းအောင်၊ ရဟန်းအမ ဒေါ်ခင်မေစန်း (ရွှေရည်ပွင့်စိန်ရွှေရတနာဆိုင်) မှ ရဟန်းခံပေးခဲ့ရာက သာသနာ့ဘောင်သို့ ရောက်ရှိခဲ့သည်။ တစ်ဖန် ဗုဒ္ဓဂယာမြန်မာဘုန်းတော်ကြီးကျောင်းတွင် ဂျီးဖြူဆရာတော်ဘုရားကြီး ဘဒ္ဒန္တအဂ္ဂသာရနှင့် သိက္ခာထပ်ခဲ့သည်။

ဆရာတော် အရှင်အာစိဏ္ဏာသည် ဆရာတော်ဘဒ္ဒန္တအဂ္ဂသာရ အဖေကြီး ဦးအေးဖေ (M.A BL) နှင့်အတူ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့တွင် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် သာမက မြဝတီမြို့ရှိ ရွှေတိဂုံပုံစံစေတီတော်မြတ်ကိုလည်း ဆရာတော်ဘဒ္ဒန္တအဂ္ဂသာရနှင့်အတူ ရွှေထီးတော်တင်လှူခဲ့သည်။ ဆရာတော်ဘုရားကြီးဆန္ဒတော်အတိုင်း ရှေးဟောင်းဆင်းတုတော်များ သိုက်ဘုရားများအား ပင့်ဆောင်ပူဇော်လိုသည့် ဒါကာ၊ဒါယကာမများအိမ်များသို့ အပူဇော်ခံနိုင်ရန် လိုက်ပါဆောင်ရွက်ပေးလျက်ရှိနေခဲ့သည်။

ယခုအခါ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တအဂ္ဂသာရမှာ အောင်လမ်းသို့မြန်းကြွတော်မူသွားပြီဖြစ်ရာ သက္ကဝတီဂျီးဖြူတောင် သာသနာ့နယ်မြေပွင့်ထွန်းဝေစည်ရေးသည် အရှင်အာစိဏ္ဏာတာဝန်ကျနေပြီပင်ဖြစ်သည်။

ဂျီးဖြူဆရာတော်ဘုရားကြီးအောင်လမ်းသို့မြန်းကြွသွားတော်မူခဲ့သည်မှာ ၂၁-၃-၂၀၁၈ တွင် နှစ်နှစ်ပြည့်ခဲ့ပြီဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တအဂ္ဂသာရအောင်လမ်းသို့ မြန်းမကြွမီကတည်းက စီစဉ်ဆောင်ရွက်လက်စသာသနာပွင့်ထွန်းရာလုပ်ဆောင်ချက်တို့ကို ဆရာတော်အရှင်အာစိဏ္ဏာဆောင်ရွက်နေသည်များကလည်း အားရဖွယ်ကောင်းလွန်းလှသည်။ ပြည်လုံးချမ်းသာကမ္ဘာအေးစေတီတော်မှာလည်း ထီးတော်တင်လှူရန်အဆင့်သို့ရောက်ရှိနေပြီဖြစ်သည်။ ကမာကုရ(ငြိမ်းချမ်းရေး) ရုပ်ပွားတော်မြတ်ကြီးသည်လည်း သက္ကဝတီဂျီးဖြူအောင်မြေ ဆီသို့ရောက်ရှိနေကာ အနေကဇာတင်ရန် စီစဉ်သမှုပြုနေပြီးပင်ဖြစ်သည်။ပြည်လုံးချမ်းသာကမ္ဘာအေးစေတီတော်မြတ်မှာ ဥဏ်တော်(၂၇)ပေအမြင့်ဆောင်လျက်ရှိပြီး ကမ္ဘာငြိမ်းချမ်းရေးနိမိတ္တရုပ်ပွားတော်မြတ် (ကမာကုရ)မှာ ဥဏ်တော်အမြင့်(၁၅)ပေရှိသည်ဟု သိရသည်။ ဂျပန်နိုင်ငံ ကမာကူရပုံတူ ကမာကူရငြိမ်းချမ်းရေးနိမိတ္တရုပ်ပွားတော်မြတ်ကြီးသည် စက္ကင်ကျောက်သားဖြင့်ထုဆစ်ထားလေရာ တန်ချိန်(၄၀)လေးကြောင်းနှင့် မတ္တရာမြို့မှ စက္ကင်ကျောက်သားဖြင့်ထုဆစ်ထားပြီး မြကျောက်ကျောင်း(မန္တလေး) ဆရာတော်ထံတွင် တစ်ည၊ နေပြည်တော်တွင်တစ်ည၊ တိုက်ကြီးမြို့နယ်လုံးဆိုင်ရာမမွာရုံကြီးတွင်တစ်ည၊ တိုက်ကြီးမြို့နယ် သံဃနာယကကျောင်းတွင်တစ်ည အပူဇော်ခံထားရှိမှု ၂၀၁၈၊ ဇန်နဝါရီလအတွင်း သက္ကဝတီဂျီးဖြူတောင်သာသနာ့အောင်မြေသို့ ခက်ခက်ခဲခဲပင့်ဆောင်ထားခဲ့ကြရသည်ဟု သိရသည်။

ပထမဆရာဦးလေးခိုင်နှင့် ဆရာတော်အရှင်အာစိဏ္ဏာတို့ စေတီတော်ရွှေထီးတော်တင်ရေးနှင့် ကမ္ဘာငြိမ်းချမ်းရေးနိမိတ္တတမာကူရရုပ်ပွားတော်မြတ်ကြီး အနေကဇာတင်ရေးကိစ္စများတိုင်ပင်နေကြသည်။ ပထမဆရာဦးလေးခိုင်မှာ ဂျီးဖြူတောင်အောင်မြေ၏ ဓာတ်ပိုင်းဆိုင်ရာကိစ္စရပ်များကို ဆရာတော်ဘုရားကြီးဘဒ္ဒန္တအဂ္ဂသာရလက်ထက်ကတည်းက ဆရာတော်ဘုရားကြီးညွှန်ပြသည့်အတိုင်းဆောင်ရွက်နေသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ဦးပင် ဖြစ်သည်။ ဆရာတော်ဘုရားကြီးအောင်လမ်းအောင်စခန်းမမြန်းကြွမီတစ်ပတ်အလိုက ဆရာတော်ဘုရားကြီးနှင့် အတွင်းစခန်းဆိုင်ရာကိစ္စရပ်များကို ဆရာတော်ဘုရားကြီး၏ အခန်းတွင်နှစ်ဦးသားတွေ့ဆုံကာပြောမိဖြစ်ကြသေးသည်။ ထိုစဉ်က စာရေးသူ ကျောင်းခန်းအပြင်တွင်နာရီဂုက်သာသာခန့်ထိုင်စောင့်နေခဲ့ရသည်။

ပထမဆရာဦးလေးခိုင်နှင့် စာရေးသူကို စေတီတော်မြတ်နှင့် ကမာကူရရုပ်ပွားတော်တည်ရာသို့ ဆရာတော်အရှင်အာစိဏ္ဏာက လိုက်လံပြသသည်။ ကြည်ညိုဖွယ်ကောင်းလှကာ ရင်တွင်းသို့အေးငြိမ်းသည့်ဓာတ်များလွှင့်ပျံ့လာလေပြီလား ထင်မှတ်မှားမိရအောင် စေတီတော်မြတ်မှာလည်း အချိုးအစားကျနကာ သေသေသပ်သပ်ဖူးမြင်ရလေအောင် တည်ထားသည်ကို တွေ့ရသည်။ မည်သို့ပင်ဆိုစေ ငြိမ်းချမ်းရေးနိမိတ်ဆောင်ရာသက္ကဝတီဂျီးဖြူတောင်တော်မြတ်ဝယ် ထပ်ဆင့်ဆိုသလို ငြိမ်းချမ်းရေးဓာတ်များ ပေါ်ပေါက်ဖြစ်တည်လာခြင်းသည် ကောင်းမွန်လွန်းလှသည့် မင်္ဂလာနိမိတ်ကောင်းတစ်ခုဟု ဆိုရမည်ပင်ဖြစ်သည်။

ရှေးမင်းအစဉ်အဆက်ကိုးကွယ်ခဲ့သည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ သိုက်ဘုရားများ မိမိတို့အိမ်သို့ ပင့်ဆောင်ပူဇော်လိုကြပါက -

အရှင်အာစိဏ္ဏာ ဖုန်း ၀၉-၄၃၁၀ ၈၃၆၇၂ နှင့် ၀၉- ၇၉၉၄၉၁၃၅၅၁တို့ကို ဆက်သွယ်၍ အောင်မြေမှန်ရာ သက္ကဝတီဂျီးဖြူတောင်သာသနာ့အောင်မြေသို့ လာရောက်လျှောက်ထားပင့်ဆောင်နိုင်ကြပါသည်။

အောင်သာကျော်

www.burmeseclassic.com

www.burmeseclassic.com

ရဲမင်းထွန်း(မြင်းကပါ)
ပဌမမြောက်စွယ်တော်လမ်းက
မဟာဗောဓိစေတီတော်

ပုဂံကိုရောက်ဖူးသူတိုင်း မြတ်စွယ်တော် (၄) ဆူကို အများသိကြပါသည်။ အမှန်မှာ စွယ်တော် (၅)ဆူ ဖြစ်ပါသည်။ ကျောက်ဆည်နယ် ပြက္ခရွှေတောင်ထိပ်မှ စွယ်တော်မြတ်စေတီလည်း တစ်ဆူအပါအဝင် ဖြစ်သည်။ ထိုပဌမမြောက်စွယ်တော်ကြွခဲ့ရာလမ်း တစ်လျှောက် စာရေးသူ ရောက်ရှိသွားပါသည်။

စာရေးသူရောက်ရှိနေသောနေရာမှာ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် တံတားအနောက်ရွာသို့ ရောက်ရှိနေခြင်း ဖြစ်ပါသည်။ ဆရာတော် ဦးဇောတိကကျောင်းသို့ အလည်ရောက်၍ ဦးစွာ ဆရာတော်ကို ဖူးတွေ့၍ လှူဖွယ်များ ဆက်ကပ်လိုက်သည်။

"စာရေးဆရာ၊ နေကောင်းတယ်နော်"

"ဆရာတော် ပို့သသော မေတ္တာကြောင့် ကျန်းမာပတီ ချမ်းသာစွာရှိပါတယ်ဘုရား"

စာရေးသူရောက်လျှင်ရောက်ချင်း ကျောင်းပတ်ဝန်းကျင်ကို လေ့လာကြည့်လိုက်သည်။ အရင်ရောက်တုန်းကနှင့် ဘာမဆိုင်။ သုခိတာဓမ္မဗိမာန်ကြီး၊ မဟာဗောဓိစေတီတော်ကြီး၊ အထက်တန်းကျောင်းကြီးတွေနှင့် ရွာကျက်သရေကိုဆောင်လျက်ရှိသည်ကို အံ့သြစွာတွေ့လိုက်ရသည်။

"စာရေးဆရာ၊ဘာတွေတအံ့တသြလိုက်ကြည့်နေတာလဲ။ အရာရာဟာတိုးတက်ပြောင်းလဲနေတာ သဘာဝပဲ မဟုတ်လား"

"မှန်ပါတယ် ဘုရား၊ တပည့်တော် အံ့သြဝမ်းသာမိတာတော့အမှန်ပါဘုရား။ ဒါထက် ဒီမဟာဗောဓိစေတီကြီး ဖြစ်မြောက်ပေါ် ပေါက်လာပုံနဲ့ ရွာရဲ့ရာဇဝင်တော့ တပည့်တော် ဒီတစ်ခေါက်သိသွားပါရစေဘုရား"

"သိရမှာပေါ့ ဒကာရယ်၊ ဒီညတော့ ကျောင်းကို တစ်ည‌လောက်တော့ အနားယူအိပ်စက်သွားပါဦး။ညကျတော့ ဘုန်းဘုန်းပြောပြပါမယ်"

"တင်ပါဘုရား၊ တပည့်တော် ရွာထဲကမိတ်ဆွေတွေရဲ့အိမ်ကိုအလည်သွားလိုက်ပါဦးမယ် ဘုရား"

တံတားအနောက်ရွာထဲမှမိတ်ဆွေအိမ်မှာ ညနေစာစားသုံးပြီး ဆရာတော်ကျောင်းသို့လာခဲ့ပါသည်။ (၆)နာရီအချိန်တွင် ဘုန်းတော်ကြီးကျောင်းမှ မီးစက်ဖြင့် တစ်ရွာလုံးမီးပေးနေသည်ကို တွေ့ရသည်။

ဆရာတော်ဘုရားကဝတ်ပြုနေ၍ ကျောင်းအောက်ခုတင်ပေါ် မှစောင့်နေရသည်။ မကြာပါ၊ ဆရာတော်ကျောင်းအောက်သို့ဆင်းလာသည်ကိုတွေ့ရသည်။

"စာရေးဆရာစောင့်နေတာကြာပြီလား။ ရွာထဲကမိတ်ဆွေအိမ်ကဘာချက်နဲ့ ထမင်းကျွေးလိုက်သလဲ"

"မှန်ပါ၊ ဝက်သားချက်နဲ့ကျွေးလိုက်ပါတယ်ဘုရား။ ဆရာတော်ဘုရား ဒီရွာရဲ့ရာဇဝင်နဲ့ မဟာဗောဓိစေတီတော်ဖြစ်ပေါ် လာပုံကိုသိပါရစေဘုရား"

"အေးပေါ့၊ ပြောပြရမှာပေါ့၊ ဒကာရယ်၊ ဒီရွာကအစနာမည်က ကန်ရွာလို့ခေါ်တယ်။ တံတားအနောက်ရွာကိုပြောတာ။ မန္တလေးရတနာပုံနေပြည်တော် ဒုတိယနန်းစံ သီပေါမင်းလက်ထက် ကောဇာနှစ် ၁၂၄၃ ခုနှစ်မှာ ဖိုးဒွေ





www.burmeseclassic.com

www.burmeseclassic.com

ပထမဇနီး မဘု၊ ဒုတိယဇနီး မဘေတဲ့။ ညီမနှစ်ယောက်စလုံးကိုယူထားတာကို ယခုအချိန်အထိ တံတားနယ်မှာ 'ဘုလင်နေ ဘေအဆစ်ထည့်'လို့ ဆိုရိုးစကားရှိခဲ့တယ်။ ဒီရွာကို ဖိုးဒွေ၊ ဖိုးရွှေညီအစ်ကိုနှစ်ယောက်တို့ကစတင်ပြီး ရွာကိုတည်ခဲ့တယ်။ ဒီရွာအနီး ရေကန်ရှိတာကြောင့် ကံရွာလို့ ခေါ်တယ်။ ကံရွာတည်သက္ကရာဇ်ကို ဦးကံဝင်စည်ကန်ရွာတည်လို့ ရှေးစာမှတ်တမ်းဟောင်းရှိတယ်။တံတားအရှေ့ရွာနဲ့ တံတားအနောက်ရွာလို့ နှစ်ရွာရှိတယ်။ တံတားအရှေ့ရွာ မြန်မာမင်းများလက်ထက်က အခုရွာအိုခေါ်သောအရပ်မှာရွာတည်ခဲ့တယ်။ သောက်သုံးရေထွက်တဲ့ချောင်းနဲ့ ဝေးကွာခြင်း၊ အင်္ဂလိပ်အစိုးရက ဝဲလောင်မှ ငါသရောက်ကို လမ်းဖောက်တဲ့အခါ လမ်းမနဲ့ဝေးကွာသောက်သုံးရေရရှိတဲ့ချောင်းနဲ့လည်းနီးလမ်းမပေါ် လည်းကျခဲ့တဲ့ အဲဒီနေရာကို ၁၂၅၇ နှစ်က ပြောင်းရွှေ့ရွာတည်ခဲ့တယ်။ ဘုန်းကြီးသိရသလောက်တော့ ရွာရဲ့ရာဇဝင်ကိုပြောပြရတာပါ။ စာရေးဆရာလေ့လာသိရှိရသလောက်လည်း ပြောပြပါဦးနော"

"တင်ပါ့ဘုရား၊ တပည့်တော်လူကြီးသူမတွေပြောပြခဲ့တဲ့ပါးစပ်ရာဇဝင်ကိုကြားခဲ့မှတ်ခဲ့သမျှပြောပြရမယ်ဆိုရင် ပုဂံစွယ်တော်လေးဆူကနေပွားလာခဲ့တဲ့ တစ်ဆူသောစွယ်တော်ပွားကို အနော်ရထာမင်းက ဆင်ဖြူတော်ပေါ် တင်ပြီး အဓိဋ္ဌာန်လွှတ်လိုက်တော့ စွယ်တော်တင်ဆောင်ထားတဲ့ ဆင်ဖြူတော်က ငါသရောက်ရွာကနေ ခုဘုန်းကြီးတို့နေခဲ့တဲ့ ရွာလမ်းကနေ ကျောက်ဆည်နယ်မှာရှိတဲ့ ပြက္ခရွှေတောင်ထိပ်မှာသွားပြီး ဝပ်တည်ဆိုပြန်တဲ့ယ်။ ဆင်ဖြူတော်သွားရာတစ်လျှောက်မှာ မှူးကြီးမတ်ရာသေနာပတိ ပန်းရန်အစ်ရှိတဲ့ပုဂ္ဂိုလ်မျိုးလည်း လိုက်ပါရတယ်ဆိုပါတယ်။ ပြက္ခရွှေတောင်ထိပ်မှာ ဆင်ဝပ်တဲ့နေရာကို စွယ်တော်ပွားဌာပနာပြုပြီး စေတီတစ်ဆူတည်ပြီး ပုဂံနေပြည်တော်ကိုပြန်အလာမှာ ဆင်ကြီးက နေထိုင်မကောင်းဘူးထင်တယ်။ ဆင်ထိန်းတွေက နေပြည်တော်ရောက်အောင် အမြန်အသွားခိုင်းလေတော့ နေမကောင်းရတဲ့အထဲ ဇတ်အသွားခိုင်းတော့ ဆင်ကြီးက မုန်ယိုပြီးကြမ်းတယ်ဆိုပဲ။ အဲဒီကြမ်းတဲ့နေရာကို ခုထိ မုန်ယိုရွာလို့ရှိတယ်ဆိုပဲ။ ဆင်ထိန်းများ ချော့မော့ပြန်လည်ခေါ်ဆောင်လာတော့ လမ်းခုလတ်မှာ နေမကောင်းတော့ လဲချလိုက်လိုက်တယ်။ဆင်ကြီးလဲချလိုက်တာမြင်တွေ့တော့ မှူးမတ်များသွားရောက်ကြည့်တဲ့အခါ ဆင်ကြီးကခေါင်းထောင်ကြည့်တယ်ဆိုပဲ။အဲဒီနေရာကို ဆင်ဂေါင်းထောင်ဆိုပြီး ခုချိန်အထိ ဒီနာမည်ရှိတယ်လို့ပြောသံကြားဖူးတယ်။ ဆက်လက်ပြီးချော့မော့ခေါ်ဆောင်လာတော့ ချောင်းအဖြတ်မှာ ဆင်ကြီးကလဲကျသေဆုံးသွားတော့ အဲဒီချောင်းကို ဆင်သေချောင်းလို့ အမည်တွင်တယ်ဆိုပဲ"

"စာရေးဆရာပြောခဲ့တဲ့ မုန်ယိုရွာ၊ ဆင်ဂေါင်းထောင်၊ ဆင်သေချောင်း အဲဒီနာမည်တွေ ဒီနယ်မှာရှိတယ်လေ။ ဒါဖြင့် ဒီနာမည်တွေဟာ အနော်ရထာမင်းစောလက်ထက်ကရှိခဲ့တာပေါ့။ စွယ်တော်လမ်းမှာဆိုတော့ ဖြစ်နိုင်ခြေရှိတယ် ဆက်ပါဦး"

"တင်ပါ့ဘုရား၊ ဆင်ကြီးသေဆုံးတော့ ဆင်ပေါ်မှာစွယ်တော်မြတ်ကိန်းဝပ်ဖို့ပြုလုပ်ထားတဲ့ ရွှေကထားကြီးကို မင်းမှူထမ်းတွေနဲ့ အမတ်တွေယူဆောင်လာတော့ ရွှေကထားကြီးကလေးဟန်ရှိတယ်တူပါတယ်ဘုရား။ ရွှေကထားကြီးကို ခေတ္တချထားပြီး အနားယူရာမှ ရွှေကထားရွာ၊ ရွှေကထားကနေ ကာလကြာတော့ တံတားဖြစ်နိုင်ခြေရှိပါ့တယ်ဘုရား"

"အေး - စာရေးဆရာပြောတာသဘာဝကျပါတယ်လေ။ ဒီနာမည်က ပုဂံခေတ်ကတည်းကရှိခဲ့တယ်ဆိုတော့ ပိုပြီးရွှာအတွက်ဂုဏ်ရှိတာပေါ့ ဒကာရယ်"

"မှန်ပါ့ဘုရား၊ တပည့်တော်ကြားခဲ့မှတ်ခဲ့သမျှ ပြန်လည်ဖောက်သည်ချတဲ့သဘောပါဘုရား။ အဲဒီနာမည်ရှိနေတဲ့နေရာကို တပည့်တော် မရောက်ဖူးပါဘူးဘုရား။

တပည့်တော်ပြောပြပြီးပြန်တော့ ဘုန်းဘုန်းက မဟာဗောဓိစေတီတော်ရဲ့ဖြစ်ပေါ်တည်ဆောက်ခဲ့တဲ့အတွေ့အကြုံလေးကို မိန့်ကြားပါဦး ဘုံရား"

"ပြောပြရတာပေါ့ စာရေးဆရာရယ်။ အရင်တုန်းကလည်း ဘုန်းကြီးရဲ့ကျောင်းကိုရောက်ဖူးတယ်ဆိုတော့ကာ ကျောင်းရှေ့ကစေတီလေးနဲ့ ခြံသေ့လေးကောင်ပါတာကို မှတ်မိမှာပေါ့။ အဲဒီမြေစိုက်စေတီလေးကို တောင်သာမြို့နယ် မီးပေါက်ရွာက ဦးဖိုးကာ - ဒေါ်ဗလို့ မိသားစုက ၁၂၆၃ ခု တံတားအနောက်ကျောင်းအတွင်း ဆရာတော် ဦးနန္ဒိယ လက်ထက်မှာ စေတီတော်ကို စိန်ဖူးတော်အထိ ဥဏ်တော်(၂၂) ပေအမြင့်တည်ခဲ့တယ်။ ဒုတိယကမ္ဘာစစ်ဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းတဲ့စေတီတော်ကို ဘုရားဒါယကာရဲ့သားကြီး အုန်းကျင်ရွာဦးဖေ-ဒေါ်ဖွားအုံမိသားစုက ပြုပြင်လှူဒါန်းခဲ့ပြန်တယ်။ ၁၃၅၇ ခု၊ တော်သလင်းလမှာ ဓမ္မာစရိယအဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဒီတံတားအနောက်ရွာသား ဓမ္မဒီပဆရာတော် ဦးစက္ကိန္ဒ အမှူးထားပြီး ပခုက္ကူအမှတ် (၁၃) ရပ်ကွက်နေ ဒေါ်ဘေနဲ့ ဘူမဦးသန်းလွင်-ဒေါ်သန်းမြတို့က ထပ်မံပြုပြင်လှူဒါန်းခဲ့ပြန်တယ်။ ၁၃၇၁ ခု၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့မှာ ပန်းတော်တင်ပြီး မန္တလေးမြို့ ဇရာထွန်းမြို့သစ်အောင်သုခသစ်စက်ပိုင် - ပထမဘုရားဒါယကာရဲ့မြစ်၊ ဒုတိယဘုရားဒါယကာရဲ့မြေး ဦးဘိုးသီ-ဒေါ်တင်ရီမိသားစုနဲ့ မန္တလေးမြို့၊ မြင်းခြံမြို့တို့မှာရောက်နေကြတဲ့ တံတားရွာရဲ့အနွယ် တော်ဝင်ကုသိုလ်ရှင်များနဲ့ တံတားရွာသူရွာသားများ၊ ကျောင်းဆရာမနဲ့ ကျောင်းသားကျောင်းသူများ ငွေအား၊ လုပ်အားဒါနတို့ကိုမူတည်ပြီး ဤမဟာဗောဓိစေတီတော်ကြီးအား မြင်းခြံမြို့ တန်ဆောင်ကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် သာသနဓဇ ဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အရှင်ဦးစက္ကိန္ဒနဲ့ တံတားအနောက်ရွာကျောင်း သတ္တမမြောက်ဆရာတော် ဦးဇောတိကတို့က ဓမ္မဝိနယနဲ့အညီ ဝတ္ထုကံအလှူငွေဖြင့် လည်းကောင်း၊ လုပ်အားဒါနများဖြင့် လည်းကောင်း တည်ဆောက်ပူဇော်ခဲ့ရာ သာသနာနှစ် ၂၅၅၄၊ ကောဇာနှစ် ၁၃၇၃ ခုနှစ် တန်ခူးလနှစ်ဆန်း ၂ ရက် တနလ်ာနေ့ မနက် (၉) နာရီမှာ ဌာပနာသွင်းမင်္ဂလာပြုလုပ်ခဲ့တယ်။ ၁၃၇၁၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့မှာ ပန်းတော်တင်ခဲ့ပြီး ၁၃၇၃ ခုနှစ် တန်ခူးလဆန်း ၄ ရက်နေ့ တနလ်ာနေ့မှာ ရွှေသင်္ကန်းကပ်ခြင်း၊ ကြွေပြားကပ်ခြင်းလုပ်ငန်းများ အားလုံးပြီးစီးအောင်မြင်ခြင်းကို ရောက်ခဲ့တယ် ဒကာရဲ့"

"ထီးတင် စိန်ဖူးတော်တင် အနေကဇာတင်အလှူရက်ကကော ဘယ်နေ့ပါလဲ ဘုရား"

"၁၃၇၄ ခု၊ ကဆုန်လ ၉ ရက်နေ့မှစတင်ပြီး သံဃာတော်အရှင်သူမြတ်များ တံတားအရှေ့ရွာ၊ ချင်းလျားတောင်ရွာ၊ တံတားအနောက်ရွာမှ နိကာယ်ငါးရပ်၊ ပိဋကတ်၊ ပရိတ်တော်၊ ဓမ္မစကြာ၊ ပဋ္ဌာန်းတွေကို အသံမစဲရွတ်ဖတ်ပူဇော်ကြပြီး ကဆုန်လဆန်း ၁၄ ရက်နေ့ (၅) နာရီ (၁၉) မိနစ်တိတိအချိန်မှာ မုခ်လေးမုခ်ပလ္လင်ပေါ် သို့ ရုပ်ပွားတော်လေးဆူပလ္လင်တက်ပွဲပြုလုပ်ခဲ့ပြီး ကဆုန်လပြည့်ဗုဒ္ဓဟူးနေ့ နံနက် (၇)နာရီ (၈)နာရီအတွင်း ရွှေထီးတော်၊ ငွက်မြတ်နားတော်၊ စိန်ဖူး

www.burmeseclassic.com

www.burmeseclassic.com

တော်များကို လည်းကောင်း လှူဒါန်းမှု အစုစုတို့ကို ရေစက်ချပြီး (၈) နာရီမှာ ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပြီး (၁၀)နာရီ အချိန်မှာ အနောက်ဇာတင်လှူမင်္ဂလာသဘင်ဆင်ယင်ကျင်းပခဲ့တယ် ဒကာရဲ့"

"ဒါထက် ဆရာတော်ဘုရား အထက်ကွန်းထောင်ထဲမှာကိန်းဝပ်စံပယ်တဲ့ ဗုဒ္ဓကျောက်ဆင်းတုရုပ်ပွားတော်တွေက ဘယ်နှဆူရှိပါသလဲဘုရား"

"အထက်ကွမ်းထောင်မုခ်ချိုင့်တွေထဲမှာကိန်းဝပ်တဲ့ဗုဒ္ဓကျောက်ဆင်းတုအဆူရေ (၁၃၇) ဆူရှိပါတယ်။အောက်တိုက်မမုခ်လေးမုခ်ထဲက (၄)ဆူပေါင်းရင်(၁၃၇) ဆူရှိတယ်။ အဲဒီအလှူရှင်တွေက နယ်စုံကလှူတာလည်းပါတယ်ပေါ့လေ"

ဆရာတော်နှင့် စာရေးသူ စကားတပြောပြောနှင့် ကျောင်းဝင်းထဲမှနေ၍ မဟာဗောဓိဘုရားကြီးဘက်သို့ထွက်၍ လာခဲ့သည်။ ဘုရား၏ အရှေ့ဘက်တွင်လည်း မဟာဗောဓိညောင်ပင်ကိုစိုက်ပျိုးထားသည်ကို တွေ့ရပြန်သည်။ ကျောင်းဆရာနှစ်ဦးဖြင့်လည်း မိတ်ဆက်ပေးသည်။ အရပ်ပုပု၊ အသားညိုညိုနှင့် ဆရာချစ်။ နာမည်အပြည့်အစုံမှာ ဦးချစ်ဆွေ။ တစ်ဦးက ကျောက်ပန်းတောင်းနယ်ဘက်က ဆရာဦးသန်းထွန်းဆိုသူဖြစ်သည်။ နှစ်ဦးစလုံးမှာ အထက်တန်းပြဆရာများဖြစ်ပြီး ဤစေတီတော်ကြီးတည်ထားဆောက်လုပ်စဉ်က လုပ်အားဒါနအပြည့်အဝပေးသူများဖြစ်ကြောင်း ဆရာတော်မှပြောပြသည်။ ဆရာနှစ်ဦးကျောင်းတက်တော့မည့်အချိန်ဖြစ်သဖြင့် ဘုန်းတော်ကြီးအား နှုတ်ဆက်ဝတ်ချပြီး အထက်တန်းကျောင်းဘက်သို့ထွက်၍ သွားတော့သည်။

"ဆရာတော်ဘုရား ဒီဗောဓိပင်ပျိုက အလှူရှင်က ဘယ်မြို့ကလဲဘုရား၊ စိုက်ပျိုးပူဇော်ထားတာ မကြာသေးဘူးထင်ပါတယ်ဘုရား"

"ဟုတ်တယ် ဒကာရဲ့၊ ဒီမဟာဗောဓိပင်စိုက်တဲ့နေရာဟာ ဒီအပင်နဲ့ဆို (၂)ပင်ရှိပြီလေ။ ပထမစိုက်ခဲ့တဲ့ ဆရာတော် ဦးဥက္ကံသကြီးမှူးပြီးစိုက်ခဲ့တာပါ။ ဘာလို့သိရသလဲဆိုတော့ ကျွပ်ထိုင်ခဲ့တဲ့ကျောင်း ဒုတိယဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလမဟာထေရ်မှတ်စုထဲမှာ 'တံတားဇာတိ ရန်ကုန်ပိုလ်တထောင် တာဝတိံကျောင်းဆရာတော် ဦးဥက္ကံသသည် ဗုဒ္ဓဂယာမှ ဘုရားဖူးအပြန် ဖွားဖက်တော်ဗောဓိညောင်ပင်မှ ညောင်မျိုးစေ့ကိုယူခဲ့၍ ဗောဓိပင်စိုက်ပျိုးကြောင်း၊ ဤဗောဓိပင်အောင်မြင်ရှင်သန်လျှင် ကဆုန်ညောင်ရေသွန်းပွဲပြုလုပ်မည်။ လက်ရှိစေတီကိုငုံပြီး မဟာဗောဓိစေတီပုံတူတည်မည်ဟု မှတ်တမ်းရေးသားခဲ့၍ မြင်ခဲ့မိ၊ ကျောင်းများဒကာ ဦးရှိန်-ဒေါ်ပုလေးတို့သမီး သုခိတာဒေါ်ချိုချိုဝင်းမေမွဒီပကျောင်းသို့လာခိုက် ဆရာတော်ဦးစက္ကိန္ဒမှမိန့်ကြားခဲ့ခြင်းကြောင့် သုခိတာဒေါ်ချိုချိုဝင်းသည် အိန္ဒိယနိုင်ငံ SAKART ယူနီဗာစတီ ဗာရာဏသီတက္ကသိုလ်၌ အမ်အေဘွဲ့ယူရန်ပညာသင်ကြားနေသော ဦးခေမာသီရိထံ ဗောဓိပင်မျိုးစေ့ရရေးအကူအညီဖြင့် ဖွားဖက်တော်ဗောဓိပင်မျိုးစေ့ရရှိ၍ စိုက်ပျိုးရှင်သန်လာသောဗောဓိပင်အား သာသနာနှစ် ၂၅၅၃၊ ကောဇာနှစ် ၁၃၇၁ ခု၊ တန်ခူးလဆန်း ၁၀ ရက်၊ ၂၄-၃-၂၀၁၀ ဗုဒ္ဓဟူးနေ့ (၉) နာရီ (၄၉) မိနစ်တွင် မင်္ဂလာအခါယူ၍ လျှပ်စစ်ဝန်ကြီးဦးမျိုးမြင့်ကိုယ်တိုင် ဗောဓိညောင်ပင်စိုက်ပျိုးခြင်း မင်္ဂလာကိုပြုလုပ်ခဲ့သည်'။

ဒီသုခိတာ ဦးရှိန် - ဒေါ်ပုလေး မိသားစုက အထက်တန်းကျောင်းဆောင်သစ်လှူခြင်း၊ သုခိတာဓမ္မဗိမာန်ကြီးတည်ဆောက်လှူဒါန်းခြင်း၊ရွာသူရွာသားအကျိုးအတွက် လောကီရေးရာရော လောကုတ္တရာအတွက်ပါ ထောက်ပံ့ကူညီလှူဒါန်းမှုများပြုလုပ်တာ စာရေးဆရာအမြင်ပဲလေ"

မဟာဗောဓိစေတီတော်မြောက်ဘက်မုခ် အာစီသိမ်တိုက်အသစ်ကိုလည်း ကုသိုလ်ရှင်(၃)ဦးမှ လှူဒါန်းထားသောကမ္ဘည်းကိုလည်း တွေ့ရသည်။ ဦးဇော်တိကနှင့် စာရေးသူ ဘုရားဘက်မှကျောင်းသို့ပြန်ရောက်ချိန်တွင် ရွာထဲမှနာရေးတစ်ခုပေါ် ပေါက်သဖြင့် ဆရာတော်အားလျှောက်ထားသည်ကိုတွေ့ရသည်။ ဆရာတော်မှ သင်္ဂြိဟ်စရိတ်နှင့် ကုလားပဲ၊ ငါးခြောက်များပေးစွန့်နေသည်။ ဝက်သား၊ အမဲသားများနှင့်ည့်ခံမည်စိုးသောကြောင့်ပေးဘဲသည်ဟု မိန့်သည်။ မရှိနွမ်းပါးသောသူကိုထောက်ပံ့သင်္ဂြိဟ်ပေးသော ဆရာတော်အားလေးစားကြည်ညိုမိသည်။

ဆရာတော်၏ စကားတစ်ခွန်းမှာ မှတ်သားလေးစားမိသည်။

"ကျောင်းမှာ ရှေးဟောင်းယွန်းအုပ်ကြီးများ၊ စတိုက်ကြီးများကို ကြေးကောင်းပေးပြီးဝယ်ကြတယ်။ ဒါပေမယ့် ဘုန်းကြီးမရောင်းဘူး။ ဘာလို့လဲဆိုတော့ ရှေးအဆက်ဆက်က ဆရာတော်ကြီးများ ထိန်းသိမ်းစောင့်ရှောက်လာခဲ့တဲ့ပစ္စည်းကို ကျွပ်လက်ထက်ကျမှ ရောင်းလိုက်တယ်ဆိုရင် ကျွပ်လောက်မိုက်တဲ့သူရှိမှာမဟုတ်လို့ဘဲ။ ကျွပ်သေပျော်ပြီ ဒကာ။ ဘုရားကြီးလည်းပြီးမြောက်အောင်မြင်ပြီ။ ကျောင်းဓမ္မဗိမာန်အားလုံး ပြီးမြောက်ခဲ့ပြီ။ ဒီရွာတိုးတက်ရာတိုးတက်ကြောင်းနဲ့ ကောင်းရာကောင်းကြောင်းကိုပဲ အလေးထားစဉ်းစားနေခဲ့တယ်။ အများကျွန်လည်းခံခဲ့ပြီ။ ဆက်ပြီး ရှင်သန်နေမယ့်ဘဝမှာ ဘုရားကျွန်ခံဖို့ဆုံးဖြတ်လိုက်ပြီ။ တရားကိုပဲ ကျင့်ကြံအားထုတ်တော့မယ် ဒကာရယ်"

တံတားအနောက်ကျေးရွာတွင် တောင်ယာလုပ်ငန်းလုပ်ကိုင်၍ အသက်မွေးသူဖြစ်ကြသည်။ အိမ်ခြေ (၄၀၀) ရှိသည်။ ဆေးပေးခန်း၊ အထက်တန်းကျောင်းဆောင်များမှာ မြို့ပေါ်မှ ကျောင်းများထက် ခေတ်မီ၍ သပ်ရပ်စွာဆောက်လုပ်ထားသည်ကို တွေ့ရသည်။ ယမန်နှစ်က ဆယ်တန်းအောင်ချက်ကောင်းကြောင်းသိရသည်။ မိဘဆရာအသင်းနှင့် ကျောင်းကော်မတီတို့က ညီကျောင်းဖွင့်၍ထားသည်။ ကျောင်းလခငွေပေးရန်မလိုပေ။ ဆရာ၊ဆရာမများကအားကြိုးမာန်တက် ဖိဖိစီးစီးသင်ကြားပေးနေသည်ကို စာရေးသူကိုယ်တိုင်မြင်တွေ့ခဲ့ရသည်။ ပညာခေတ်တွင် ပညာရေးကို ကျေးရွာမှအားပေးပံ့မှာ အားရကျေနပ်ဖွယ်ကောင်းလှသည်။ ကျောင်းသားများ ကျူရှင်တက်ရန်မလိုတော့ပေ။ မိဘဆရာအသင်းမှလည်း သင်ကြားပေးသော ဆရာ၊ ဆရာမများအားထိုက်တန်သောပညာရေးဝန်ဆောင်ခချိုးမြှင့်သည်ဟု သိရပါသည်။

တံတားရွာမှ မြို့ကြီးပြကြီးများရောက်၍ ကောင်းစားသွားသောသူများမှ မိမိမွေးဖွားရာဒေသကို တတ်အားသရွေ့ထောက်ပံ့လှူဒါန်းကြသော တံတားအနွယ်တော်များအား အတုယူစရာကောင်းလှပါတော့သည်။ ခေါင်းလောင်းသံ၊ ကြေးစည်သံများဖြင့် တရားမမွေ့လျော်ရန် မမ္မာရုံ၊ မဟာဗောဓိစေတီတော်၊ ဘုန်းတော်ကြီးကျောင်း၊ အထက်တန်းကျောင်း၊ ရေကန်ကြီးတို့ဖြင့် တင့်တယ်လှပသော တံတားအနောက်ရွာကို လေးစားအားကျအတုယူစရာကောင်းလှသဖြင့် စာရေးသူဆောင်းပါးရေးသား၍ သူရဇ္ဇမဂ္ဂဇင်းသို့ ပေးပို့မည်ဟု ဆုံးဖြတ်လိုက်သည်။ 'ပဉ္စမြောက်စွယ်တော်လမ်းမှ မဟာဗောဓိစေတီ' ဟုအမည်ပေးလိုက်မည်။

ဤဆောင်းပါး ရေးသားရန် တံတားရွာသို့ ခေါ်ဆောင်ခဲ့သော မြင်းကပါရွာမှ ပန်းရန်ဆရာဦးမောင်စန်း၊ ဦးသန်းဌေးတို့အား ကျေးဇူးတင်ရှိကြောင်း။

ရဲမင်းထွန်း (မြင်းကပါ)

www.burmeseclassic.com

www.burmeseclassic.com



တင်ထွန်း
(စက်မှု-၂)ဒြပ်မှူး

ပဉ္စာနန္တရိယကံကြီးထိုက်ကြသူများ

စာရေးသူသည် ဖြစ်ရပ်မှန် ဆောင်းပါးများကို ရေးလေ့ရေးထရှိပါသည်။ဖြစ်ရပ်မှန်ဆောင်းပါးများရေးသားရခြင်း၏ အဓိကအကြောင်းအချက်ကယနေ့ခေတ်လူငယ်များ လမ်းလွဲလိုက်နေကြတာကို ကွက်ကွက်ကွင်းကွင်းတွေ့မြင်နေရ၏။ လမ်းလွဲလိုက်နေကြသူများသည် ဆိုးရွားသောအကျိုးဆက်ကို ဖြစ်ပေါ်စေရုံမကကာ သူနှင့်သက်ဆိုင်သည့် မိဘ၊ မောင်နှမများ၊ ဆွေမျိုးသားချင်းများကိုပါ ထိခိုက်ပျက်စီးနေကြတာကို တွေ့မြင်ရလျှင် ပြည်သူများအားသိရှိစေရန်အတွက် ရေးသားဖော်ပြနေခြင်းလည်းဖြစ်ပါသည်။ လူငယ်ဆိုတာ ဗဟုသုတ၊ လူမှုအတွေ့အကြုံများနည်းပါးသည့်အတွက်ကြောင့် သူတို့လုပ်ဆောင်ကြသည့် တချို့လုပ်ရပ်များသည် မိဘ၊ ဆွေမျိုးများကိုသာ ဒုက္ခပေးနေခြင်းမဟုတ်ဘဲ သူတို့နှင့် ဆက်နွယ်သည့် မိတ်ဆွေအပေါင်းအသင်းကိုပါ ဒုက္ခပေးတာနှင့်တူနေပါသည်။

ယခုရေးသားဟင်ပြမယ့် ဖြစ်ရပ်မှန်ကား -

စာရေးသူရဲ့ဖခင်မှာ အစ်ကိုကြီးတစ်ယောက်ရှိပါတယ်။ သူ့အမည်ကဦးသိန်းအောင် ဖြစ်ပါတယ်။ သူ့အလုပ်အကိုင်ကတော့ ပဲခူးတိုင်းဒေသကြီးနကျောက်တံခါးမြို့နယ်မှ ဆန်စက်ပိုင်ရှင်တစ်ဦးဖြစ်ပြီး သူ့မှာ သားသမီးအရင်းအချာမရှိလို့ ကိုတို့မသား(ခေါ်) မွေးစားသားတစ်ဦးကို အတိတ်ကာလက မွေးစားခဲ့ပါတယ်။ ငယ်စဉ်ကာလက ထိုကိုတို့မသားဟာ ဆိုးသွမ်းခြင်းမရှိခဲ့သော်လည်း အရွယ်ရောက်လာတဲ့အခါ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အပေါင်းအသင်းများနဲ့ အရက်သေစာသောက်သုံးခြင်း၊ ပြည့်တန်ဆာများနဲ့ အပျော်အပါးလိုက်စားတဲ့ မကောင်းမှုမှန်သမျှကို တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ပါတယ်။

မိဘကို မည်မျှဒုက္ခပေးခဲ့သလဲဆိုရင် ဖခင်ဖြစ်သူပိုင်ဆိုင်တဲ့ မီးခံသေတ္တာထဲထည့်သွင်းထားတဲ့ငွေကြေးအမြောက်အမြားကို ခိုးယူသုံးစွဲပြီး သူငယ်ချင်းအပေါင်းအသင်းများနဲ့မလိုအပ်တဲ့နေရာများမှာ ငွေကြေးအမြောက်အမြားသုံးစွဲတာတွေကြောင့် ဖခင်ဖြစ်သူမှာလည်း စီးပွားရေးကျဆင်းလာခဲ့ပါတယ်။ ဖခင်ဖြစ်သူစီးပွားရေးကျဆင်းလာခဲ့ပြီးနောက် ကာလမှာ ငွေကြေးသုံးစွဲစရာမရှိလို့ ဇနီးဖြစ်သူရဲ့ လက်ဝတ်ရတနာများကို ရောင်းချခဲ့သော်လည်း ဒီငွေတွေကို မိဘဖြစ်သူတို့လုံးဝမသုံးစွဲရဘဲ ကိုတို့မသားဖြစ်သူက စီးပွားရေးလုပ်ငန်းတစ်ခုကို အကြောင်းပြပြီး ဖခင်ဖြစ်သူအားယုံကြည်အောင်ပြောဆိုပြီး အပေါင်းအသင်းများနဲ့ သုံးဖြုန်းလိုက်ပါတယ်။

ဖခင်ဖြစ်သူမှာ ဆန်စက်ပိုင်ရှင်အဝမှ.ဆင်းရဲသားဘဝသို့ရောက်ရှိခဲ့ပြီးနောက် ရေကြည်ရာမြက်နုရာအနေဖြင့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ဘက်ပြောင်းရွှေ့သွားခဲ့ပါတယ်။ ဖြူးမြို့ရောက်ရှိလာခဲ့တဲ့ကာလမှာလည်း စားစရာနဲ့ နေစရာမရှိလို့ ဟိန္ဒူအမျိုးသားတစ်ယောက်က အိမ်စရာနှင့် စားစရာပေးနေထိုင်စေပြီးနောက် မွေးစားမိဘဖြစ်သူတို့မှာ ကိုယ်ပိုင်ငွေကြေးတစ်ကျပ်တစ်ပြားပင်မရှိတော့က ဆင်းရဲချို့တဲ့စွာဖြင့် ဖြူးမြို့၌နေထိုင်ရင်း မွေးစား ဖခင်နဲ့မိခင်တို့မှာ ဟိန္ဒူအမျိုးသားတစ်ဦးရဲ့နေအိမ်မှာ ကွယ်လွန်ခဲ့ပါတယ်။

မိဘများဆင်းရဲနွမ်းပါးခဲ့တဲ့အချိန်ကာလမှာ မွေးစားသားဖြစ်သူမှာလည်း မိဘအနားမရှိတော့ဘဲ ရန်ကုန်မြို့မှာ လေလွင့်လူငယ်တစ်ဦးပမာ အိမ်ခြေမဲ့ယာခြေမဲ့အဖြစ်ရောက်ရှိသွားပါတယ်။ ခရစ်နှစ် ၁၉၈၂ ကိုရောက်ရှိခဲ့တဲ့ကာလမှာ စာရေးသူလည်း အိမ်ထောင်ကျပြီး ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် တံတားလေးရပ်ကွက်မှာ နေထိုင်ခဲ့စဉ်ကာလဘကြီးဖြစ်သူရဲ့မွေးစားသားဖြစ်သူဟာ နေစရာမရှိလို့ စာရေးသူတို့ဌားရမ်းထားတဲ့နေအိမ်မှာ လာရောက် တည်းခိုပါတယ်။ စာရေးသူတို့နေအိမ်မှာတည်းခိုနေစဉ်ကာလမှာ စာရေးသူက မွေးစားသားဖြစ်သူအား -

"မင်း မိဘကိုဒုက္ခပေးခဲ့တာ အော်

www.burmeseclassic.com

www.burmeseclassic.com

မောင်နှံနှစ်ယောက်စလုံး သေဆုံးခဲ့ကြပါတယ်။

ဆောင်ပုဒ်ရဲ့အဓိပ္ပာယ်က ခြေနှစ်ချောင်းဆိုတဲ့ သက်ရှိသတ္တဝါများဖြစ်ကြတဲ့ မကောင်းကြံသောသူများအားကယ်တင်မိပါက လူမှုဒုက္ခများကျရောက်တတ်ကြသလို မင်းလေ့မျော်လည်းမဆယ်နဲ့ဆိုတဲ့အဓိပ္ပာယ်က ရှေးဘုရင်များလက်ထက်က မင်းပြစ်မင်းဒဏ်သင့်ကြသူများကို ကယ်တင်မိပါက ကယ်တင်တဲ့သူပါ မင်းပြစ်မင်းဒဏ်သင့်တတ်ကြောင်းကို ဖော်ပြရေးသားလိုပါတယ်။

ဒါကြောင့် ယနေ့ခေတ် လူငယ်များ ဒီဆောင်းပါးကိုဖတ်ရင်း အသိတရားတစ်ခုကိုရရှိစေလိုတဲ့ မေတ္တာစေတနာနဲ့ ရေးသားခြင်းဖြစ်ပါတယ်။

ဒုတိယမြောက်ဖြစ်ရပ်မှန်ဆောင်းပါးက -

စာရေးသူမှာ ငယ်ပေါင်းသူငယ်ချင်းတစ်ဦးရှိပါတယ်။ စီးပွားရေးလုပ်ငန်းတစ်ခုကိုလုပ်ဆောင်ခဲ့ရာမှ အောင်မြင်ကြီးပွားပြီး ချမ်းသာနေပါတယ်။ သူမှာတစ်ဦးတည်းသောသားတစ်ယောက်ရှိပြီး မိဘတို့မှာ သားတစ်ယောက်တည်းရှိလို့ အလွန်အလိုလိုက်ပါတယ်။ ဆယ်ကျော်သက် အရွယ်ရောက်ရှိလာခဲ့တဲ့ကာလမှာ အပေါင်းအသင်းမှားပြီး မူးယစ်ဆေးဝါးသုံးစွဲခဲ့တဲ့အပြစ်ကြောင့် မိဘတို့မှာ စီးပွားရေးနဲ့ အက်နွယ်တဲ့ လူမှုဒုက္ခများကျရောက်ခဲ့ပြီး သားဖြစ်သူမှာလည်း မူးယစ်ဆေးဝါးကို လက်မောင်းအတွင်း သို့ထိုးသွင်းရာ မူးယစ်ဆေးဝါးမှာ အကြောဆေးဖြစ်လို့ အသားထဲရောက်သွားပြီးအဲပ်တန်းလန်းနဲ့ ပွဲချင်းပြီးသေဆုံးခဲ့ရတာကို ထောက်ရှုခြင်းအားဖြင့် မိဘတို့အား နည်းမျိုးစုံဖြင့်ဒုက္ခပေးခဲ့ရာမှ ပစ္စာနုန္တရိယကံကြီးထိုက်ပြီး သေဆုံးခဲ့ရပါတယ်။

တတိယဖြစ်ရပ်က မြစ်ဝကျွန်းပေါ်ဒေသက ဖြစ်ရပ်တစ်ခုဖြစ်ပါတယ်။

အတိတ်ကာလတုန်းက စာရေးသူရက်တစ်ရက်မှာ ဧရာဝတီတိုင်းအတွင်း ရှိရွာတစ်ရွာကို ရောက်ရှိခဲ့ပါတယ်။ အဲဒီရွာမှာ နေထိုင်တဲ့ စာရေးသူရဲ့ ကျောင်းနေဖက်သူငယ်ချင်းဖြစ်သူရဲ့ ဖိတ်ကြားချက်အရ ရောက်ရှိခဲ့ပါတယ်။ စာရေးသူရွာသို့ရောက်ရှိခဲ့ပြီး သုံးရက်ခန့်အကြာမှာ မိခင်ကို မကြာခဏရိုက်နှက်တတ်တဲ့လူငယ်တစ်ဦးဟာ အဲဒီနေ့က အရက်သေစာသောက်စားပြီး မိခင်ဖြစ်သူက အရက်မသောက်ဖို့ တားဆီးဆုံးမတာကို မကျေနပ်လို့ မိခင်ကို နှစ်တစ်လက်မတုတ်နဲ့ရိုက်ပြီး နေအိမ်ပေါ်ကအဆင်းမြွေပွေးတစ်ကောင်အား တက်နင်းမိခဲ့လို့ မြွေပွေးကိုက်ခံရပြီးနောက် ဆေးမမီဘဲသေဆုံးခဲ့ပါတယ်။

ဒီဖြစ်ရပ်ကို စာရေးသူကိုယ်တိုင် အဲဒီရွာရောက်ရှိနေခဲ့ချိန် မျက်မြင်တွေ့ရှိခဲ့ရလို့ ပြန်လည်ရေးသားဖော်ပြခြင်းဖြစ်ပါတယ်။

မြန်မာစကားဆောင်ပုဒ်တစ်ခုရှိပါတယ်။ 'ရှေးကဝိပါက်ခုနစ်ရက်၊ ယနေ့ဝိပါက်နောက်ပိုးတက်' ဆိုသလို ရှေးကဝဋ်ကြွေးဆိုတာက ခုနစ်ရက်ပြည့်မှပြန်လည်ခံစားရသော်လည်း ယနေ့ဝိပါက်ကတော့ ခုနစ်ရက်မဆိုင်းဘဲ ဝဋ်ကြွေးကို ချက်ချင်းပြန်လည်ပေးဆပ်ရတဲ့သဘောရှိပါတယ်။

ရှေးခေတ်အခါက လူဖြစ်ခါစအချိန်မှာ မိခင်နို့သောက်သုံးပြီးကြီးပြင်းခဲ့သော်လည်း ယနေ့ခေတ်ကာလလူငယ်များဟာ များသောအားဖြင့် မိခင်နို့ကို မသောက်သုံးကြရလို့ ရိုင်းစိုင်းတဲ့စိတ်များပေါ် ပေါက်နေကြခြင်းဖြစ်ကြောင်း ထင်မြင်ယူဆမိပါတယ်။

စာရေးသူတို့ ယေစဉ်ကာလက လူသတ်မှုများ၊ ရက်စက်ကြမ်းကြုတ်တဲ့မှုခင်းများကို တစ်နှစ်နေလို့ တစ်ခါမျှ ပင်မကြားခဲ့ရပေမယ့် ယနေ့ခေတ်ကာလမှာ လူသတ်မှုများ၊ မုဒိန်းမှုများ၊ ရက်စက်ကြမ်းကြုတ်သည့်အမှုများကို မကြာခဏကြားသိနေရသည့်အတွက်ကြောင့် ယနေ့ခေတ်လူငယ်များ ငယ်စဉ်ကာလက မိခင်နို့ကို မသောက်သုံးရဘဲ တိရစ္ဆာန်နို့များကို သောက်သုံးခဲ့ကြခြင်းကြောင့် ဆိုးသွမ်းနေကြခြင်းလည်းဖြစ်နိုင်ကြောင်းကို ဖော်ပြရေးသားရင်း ဤဆောင်းပါးကို အဆုံးသတ်လိုက်ပါတယ်။

တောင်ထွန်း (စာပေဗိမာန်-၂၊ ဇွဲမိုး)

တော်လွန်နေပြီ။ မင်းရဲ့မွေးစားအဖေနဲ့ အမေလည်း ကုန်းကောက်စရာမရှိ အောင်ဆင်းရဲသွားပြီ။ ဆုံးသွားတော့လည်း ဟိန္ဒူအမိုးသားတစ်ဦးက ကုသိုလ်ဖြစ်အနေနဲ့ ဖြူးမြို့သုသာန်မှာသင်္ဂြိုဟ်ပေးလိုက်ရတာ မင်းသိရဲ့လား"

ဆိုတော့ စကားတစ်ခွန်းမျှပင် ပြန်မပြောနိုင်ပါ။ စာရေးသူက အင်္ဂါဝိဇ္ဇာပညာကို အနည်းငယ်တတ်မြောက်လို့ သူမျက်နှာကိုကြည့်ပြီး -

"မင်း အသက်အန္တရာယ်နဲ့နီးနေတယ်လို့ ငါမြင်နေတယ်"

ဆိုတော့ -

"မဖြစ်နိုင်ဘူးနဲ့တူတယ် အစ်ကို၊ ကျွန်တော့်မှာ ရန်ငြိုးရန်စလည်းမရှိပါဘူး။ အစ်ကိုအင်္ဂါဝိဇ္ဇာကြည့်တာမှားနေပြီနဲ့တူတယ်"

"မင်းမှာ ရန်ငြိုးရန်စရှိတာမရှိတာတော့ ငါမသိဘူး။ ငါမြင်တွေ့တာကိုပြောတာ"

မကြာမီကာလမှာ သူလည်း စာရေးသူရဲ့နေအိမ်က ပြန်လည်ထွက်ခွာသွားခဲ့ပါတယ်။

၁၉၈၄ ခုနှစ်မှာ စာရေးသူလည်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်မှာ ဌားရမ်းနေထိုင်ခဲ့တဲ့နေအိမ်ကနေ ဗဟန်းကို ပြောင်းရွှေ့ခဲ့ပြီးနောက် မကြာမီကာလမှာ သူ့ရဲ့နာရေးသတင်းကို ဆွေမျိုးတစ်ဦးက ပြောကြားခဲ့လို့ သိရှိရပါတယ်။ သူသေဆုံးရတဲ့အခြေအနေမှာ (၉၆) ပါးရောဂါနဲ့ သေဆုံးခဲ့ခြင်းမဟုတ်ဘဲ ခရစ်နှစ် ၁၉၈၄၊ ကဆုန်လပြည့်ညမှာ အပေါင်းအသင်းတစ်ယောက်နဲ့အတူ သွားလာရင်း ကမ္ဘာအေးဘုရားလမ်းပေါ်မှာ မော်တော်ယာဉ်တစ်စီးနဲ့ တိုက်မိပြီး ပွဲချင်းပြီးသေဆုံးခဲ့ပါတယ်။

သူ့ရဲ့ဖြစ်ရပ်က အရှိအတိုင်းရေးသားတင်ပြရရင် ပစ္စာနုန္တရိယကံထိုက်ပြီး အသေဆိုးနဲ့သေဆုံးခဲ့ရခြင်းဖြစ်ပါတယ်။ ပစ္စာနုန္တရိယကံငါးပါးမှာ တစ်ပါးပါဝင်တဲ့မိဘကို နည်းမျိုးစုံပြစ်မှားဒုက္ခပေးခဲ့လို့ အသေဆိုးနဲ့ သေဆုံးရခြင်း ဖြစ်ကြောင်းကိုဖော်ပြရေးသားလိုက်ပါတယ်။ နောင်လာနောက်သားများအနေနဲ့ဖြစ်ရပ်ကိုကြည့်၍ ကံငါးပါးကို မပြစ်မှားမိဖို့ အထူးသတိထားကြရမှာ ဖြစ်ပါတယ်။ စာရေးသူဘကြီးဖြစ်ရပ်က 'ခြေနှစ်ချောင်းလည်းမကယ်နဲ့၊ မင်းလေ့မျော်လည်းမဆယ်နဲ့' ဆိုတဲ့ဆောင်းပုဒ်အတိုင်း ခြေနှစ်ချောင်းကိုကယ်မိခဲ့ရာ လူမှုဒုက္ခများကျရောက်ခဲ့ပြီး ဘဝပျက်ကာ ဇနီး

www.burmeseclassic.com

www.burmeseclassic.com

ဝန်းသိုမြို့
ဆံတော်ရှင် စူဠာမုနိကျောက်လှုပ်လက်စေတီတော်

မောင်ညီစု(ဝန်းသို)

ဆံတော်ရှင်စူဠာမုနိကျောက်လှုပ်လက်စေတီသည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပေါ်ရှိ ဝန်းသိုမြို့၏ အနောက်ဘက် (၄)မိုင်ခန့်ကွာဝေးသော မင်းလယ်တောင်ထိပ်တွင် တည်ရှိပါသည်။ ဝန်းသိုမြို့သည် တောင်ကုန်းတောင်တန်းများဖြင့် ဝိုင်းရံလျက်ရှိပြီး ဝန်းသိုမြို့၏ အနောက်ဘက်တွင် ကျောက်တိုက်တောင်၊ မင်းလယ်တောင်၊ မှန်ကင်းတောင်တို့တည်ရှိသည်။ ထိုမင်းလယ်တောင်၊ မှန်ကင်းတောင်တို့သည် မြောက်ဘက်သို့ ရှည်လျားစွာသွယ်တန်းလျက် ဗုံထောင်စကြာတန်ခိုးနှင့် နတ်မြို့ဖန်တီးထားသည့် မိုင်းသုံဘိုးဘိုးစံမြန်းရာ မိုင်းသုံတောင်မကြီးအထိတည်ရှိပါသည်။

မင်းလယ်တောင်၏ ခြေရင်းတွင် မွန်ဖားရွာ၊ လက်မန်ကျင်းရွာ၊ အောက်စုရွာတို့တည်ရှိပြီး ၎င်းရွာများ၏အနီးဝန်းကျင်တွင် ဒီးဒုတ်ကုန်းရွာ၊ ပြန့်ကြီးရွာ၊ ကျောက်မြောင်းရွာတို့ တည်ရှိသည်။

မင်းလယ်တောင်ခြေရှိရွာများသည် တောင်ကြားထဲတွင်တည်ရှိပြီး လယ်ယာလုပ်ရန် မြေပြန့်မရှိသဖြင့် မင်းလယ်တောင်ပေါ်တက်၍ သာ တောင်ယာခုတ်၍ စပါးနှင့်သီးနှံများစိုက်ပျိုးကြရသည်။ နှစ်စဉ် တောင်ယာများပြောင်းရွှေ့ခုတ်လာခဲ့ကြရာ တဖြည်းဖြည်း မင်းလယ်တောင်ထိပ်သို့ ရောက်ရှိလာကြသည်။

ထိုစဉ် တောင်ထိပ်၌ ကျောက်တုံးကြီးတစ်တုံးပေါ်တွင် ကျောက်နှစ်လုံးဆင့်လျက် ထူးဆန်းစွာတွေ့ရှိကြရသည်။ အပေါ်ကျောက်တုံးကိုတွန်းလိုက်လျှင် လှုပ်လက်လှုပ်လက်ဖြစ်နေသည်။တွန်းချလျှင်လည်း ကျမသွားပါ။ ထိုအတွက်ကြောင့် ထိုကျောက်နှစ်လုံးဆင့်ကို အများက ကျောက်လှုပ်လက်ဟုခေါ်ကြသည်။

တစ်ရက်မှာ သစ်ခုတ်သမားတစ်ဦးသည် သစ်ခုတ်ရန် ခွန်(ပုဆိန်)ကိုထမ်း၍ ကျောက်လှုပ်လက်အနီးသို့ရောက်သော အခါ တစ်လုံးပေါ်တစ်လုံးထပ်နေသော ကျောက်လှုပ်လက်ကို တောင်အောက်သို့တွန်းချရန် စိတ်ကူးပေါ်လာပြီး အနီးရှိမိုးကြီးဟုခေါ်သော ဆယ်တောင်ပတ်လည်သစ်ပင်ကြီးကို ကျောက်လှုပ်လက်ပေါ်လွဲကျရန်ချိန်ပြီးခုတ်ချလိုက်ပါသည်။ ကျောက်လှုပ်လက်သည် မိုးကြီးသစ်ပင်ကြီး၏ ရိုက်ချလိုက်သောအရှိန်ကြောင့် တောင်အောက်သို့ လွင့်စဉ်ကျမသွားဘဲ တုံးလုံးသာလဲကျသွားပြီး မူလအတိုင်းထောင်မြဲထောင်လျက်ရှိနေပေသည်။ လဲကျသွားသောမိုးကြီးသစ်ပင်ကြီးသာ အပိုင်းပိုင်းပြတ်သွားသည်။ သစ်ခုတ်သမားသည် ခံပြင်းသဖြင့် နောက်ထပ်မိုးကြီးသစ်ပင်ကြီးတစ်ပင်ကို ကျောက်လှုပ်လက်ပေါ်သို့ ထပ်မံခုတ်လွဲချပြန်ရာ တုံးလုံးသာလဲကျပြီး မူလအတိုင်းထောင်မြဲထောင်လျက်ရှိနေပြန်သည်။ ထိုအခါ သစ်ခုတ်သမားသည် ကြောက်လန့်သွားပြီး ဆက်လက်၍ သစ်ပင်ကိုမခုတ်လွဲချဝံ့တော့ဘဲ ပြန်ပြေးပါသည်။

ထိုသတင်းသည် ထိုကျောက်လှုပ်လက်အနီးရှိ တောင်ယာတဲများနှင့်

www.burmeseclassic.com

www.burmeseclassic.com

မင်းလယ်တောင်ခြေရှိရွာများသို့ ပျံ့နှံ့သွားသည်။ တစ်ရက်မှာ စွန်ဖားရွာကဦးနီတာသည် သစ်ခုတ်ရန် ဓားမကြီးကို ထမ်းလျက် မင်းလယ်တောင်ထိပ်သို့ တက်ခဲ့သည်။ကျောက်လှုပ်လက်အနီးသို့ ရောက်သောအခါတွင် ထိုကျောက်လှုပ်လက်၏ထူးဆန်းသောဖြစ်ရပ်ကိုကြားသိထားသဖြင့် စူးစမ်းလိုသောကြောင့် အနီးသို့ကပ်သွားပြီး ထမ်းလာသော သစ်ခုတ်ဓားမကြီးကို ကျောက်လှုပ်လက်နှင့် အောက်ခံကျောက်တုံးကြားထဲ ဓားဦးကိုသွင်း၍ကန့်လန့်လိုက်ရာ အပေါ်ကျောက်လှုပ်လက်သည် ဂလောက်ဟူသော အသံမြည်လျက် တစ်ဖက်သို့ အနည်းငယ်စောင်းသွားသည်။ ထိုစဉ် ဓားမကြီးနှင့်မ၍ ဟ,နေသောကျောက်ကြားမှ အတွင်းသို့ကြည့်လိုက်သောအခါ ကျောက်တုံး၏ ဘေးပတ်ပတ်လည်ကြားထဲမှဝင်နေသောအလင်းရောင်ကြောင့် အောက်ကျောက်တုံး၏ အလယ်ခွက်ထဲတွင် ရဲရဲနီသောကလပ်အတွင်း၌ လူသာမန်ဆံပင်ထက် အနည်းငယ်ကြီးသောဆံတော်တစ်ဆူကိုတွေ့ရှိရပါတော့သည်။ ထိုဆံတော်သည် ဗုဒ္ဓမြတ်စွာဘုရား၏ဆံတော်မှလွဲ၍ မည်သည့်ဆံတော်မျှမဖြစ်နိုင်ပါ။ ဆံတော်ဓာတ်သည် မြတ်ဗုဒ္ဓတွင်သာရှိပါသည်။

ဤဆံတော်၏ တန်ခိုးကြောင့် ကျောက်လှုပ်လက်ကို မိုးကြိုးသစ်ပင်ကြီးများနှင့်ခုတ်လဲတွန်းချသော်လည်း တောင်အောက်သို့လွှင့်ကျမသွားဘဲ မူလအတိုင်းရှိမြဲရှိနေခြင်း ဖြစ်ပါသည်။

(မြတ်ဗုဒ္ဓဆံတော်သည် ကျောက်နှစ်လုံးကြားတွင် အကြောင်းမဲ့ရောက်နေသည်မဟုတ်။အကြောင်းတစ်ခုခုကြောင့် ရောက်ရှိနေခြင်းဖြစ်သည်။ အခြေအနေအရပ်ရပ်ကို သုံးသပ်ကြည့်သောအခါ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀)ကျော်က ဤမင်းလယ်တောင်၌သီတင်းသုံးနေထိုင်သွားကြသောရသေ့သူတော်စင်တို့သည် မဇ္ဈိမသို့ရောက်ရှိကြပြီး ဘုရားပွင့်သည်နှင့်ကြုံ၍ ဖူးတွေ့ကြရသဖြင့် ဆံတော်တစ်ဆူချီးမြှင့်ပေးသနားခဲ့ခြင်းဖြစ်သည်ဟု ယူဆရသည်။ မင်းလယ်တောင်သို့ရောက်သောအခါ နတ်တို့၏အကူအညီနှင့် မင်းလယ်တောင်ထိပ်ရှိ ကျောက်ဖျာပုံသဏ္ဌာန်ကျောက်တုံးပေါ်တွင် အောက်ခံသပိတ်ပုံကျောက်တုံးနှင့် ၎င်းအပေါ်ကရသေ့ဒေါက်ခြာပုံစံကျောက်တုံးကိုထပ်လျက် ၎င်းနှစ်ခုကြား သပိတ်ပုံကျောက်တုံးထဲတွင် ဗုဒ္ဓဆံတော်ဓာတ်ကို ပတ္တမြားကလပ်နှင့် နတ်တို့ကခံယူပြီး ထည့်သွင်းဌာပနာ၍ ကျောက်စေတီအဖြစ်ထည့်ထားခဲ့ကြသည်ဟု ခန့်မှန်းရပါသည်။ စာရေးသူ)

ဤကျောက်လှုပ်လက် (ကျောက်စေတီ) သည် ဗုဒ္ဓ၏ဆံတော်ကိန်းဝပ်ရာကျောက်စေတီဖြစ်သည်ကို သိရှိသူများသည် ဂန္ဓာရီဝိဇ္ဇာခိုရ်ပုဂ္ဂိုလ်များနှင့် နတ်

ဆံတော်ရှင်စူဠာမုနိကျောက်လှုပ်လက်စေတီနှင့် ပတ်ဝန်းကျင်



ဆံတော်ရှင်စူဠာမုနိကျောက်လှုပ်လက်စေတီ ညရှုခင်း



ဆံတော်ရှင် စူဠာမုနိ ကျောက်ထူပ်ထက် စေတီတော် တည်ထားသည့် ကျောက်တုံးနှင့် အောက်ခံကျောက်ဖျာပုံကျောက်တုံးတို့ လွတ်နေသည်ကို တွေ့ရစဉ်

တပို့တွဲလပြည့်နေ့ ဆံတော်ရှင် စူဠာမုနိကျောက်လှုပ်လက်စေတီတော် ပတ္တမြားရွတ်ဖတ်ပူဇော်ပွဲနှင့် ဆွမ်းဆက်ကပ်လှူစဉ်နေကြစဉ်

ဘုရားပွဲလာပရိသတ်များ အသုံးပြုရန် အတွက် ပေ (၁၀၀၀) လောက်ရေတွင်းသာ တောင်ပေါ်ချောင်းမြစ်ရှိကို တောင်ထိပ်စုပ်တင်ပေးထားသည်ကို တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

တပို့တွဲလပြည့်နေ့
ဘုရားပွဲလာပရိသတ်များအား
ထမင်းကျွေးမွေးနေကြစဉ်



တပို့တွဲလပြည့်နေ့ ဘုရားဖူးများ
ဖိုးဝိုးကားများဖြင့်
တက်ရောက်ဖူးမြော်လာကြစဉ်

မင်းလယ်တောင်ပေါ်ရှိ ကားရပ်နားစခန်း

များသာလျှင်ရှိပါသည်။

■ **ဂန္ဓာရီဝိဇ္ဇာမိုရ်တို့ ကျောက်လှုပ်လက် (ကျောက်စေတီ) ကိုဖူးမြော်ရန်ရောက်ရှိလာကြခြင်း**

၁၂၉၉ ခုနှစ်လောက်က ဖြစ်ပါသည်။ ဝန်းသိုမြို့ ဆီဆုံကုန်းရပ်ကွက်တွင် မြောက်ဘက်မှလူတစ်ယောက်ဝင်လာပြီး 'ညွန့်၊ မို့' ပါသောအိမ်များမရှိကြဘူးလားဟုမေးလေသည်။ ထိုအခါ သိရှိသူများက ဦးဘညွန့်-ဒေါ်ဝါမို့တို့အိမ်ကို လိမ်ပို့ကြသည်။ ၎င်းအမည်မှာ ဦးမောင် (ဘိုးမင်းခေါင်) ဟု ခေါ်ကြောင်းပြောပါသည်။ စကားများများမပြောပါ။ တစ်ရက်ကို ထမင်းတစ်နပ်သာစားပါသည်။ (၃) ရက်စေ့သောအခါ ဦးမောင် (ဘိုးမင်းခေါင်) သည် ကျေးဇူးဆပ်လိုသို့ အိမ်သားများအား ငွေပြားမရှိကြဘူးလားဟုမေးရာ ကြေးပြားသာရှိကြောင်းပြောပြ၍ ကြေးပြားကိုပေးလိုက်သည်။ ထိုကြေးပြားကို လက်ဖွဲ့(နှစ်)လုံးထိုးပြီးပေးသွားပါသည်။ ၎င်းလက်ဖွဲ့သည် ဦးဘညွန့်-ဒေါ်ဝါမို့ သားသမီးများဖြစ်ကြသော ဦးသိန်းမောင်၊ (ဦးသန်းလှ) ဇနီး ဒေါ်မြိုင်တို့ထံတွင်ရှိကြသေးကြောင်းသိရသည်။ ဦးမောင် (ဘိုးမင်းခေါင်) သည် ပြန်တော့မည်ပြော၍ လိုက်ပို့ကြရာ ဝန်းသိုမြို့အနောက်တောင်ဘက်ဆီသို့ ဦးတည်သွားသည်။ ဘယ်သွားမှာလဲဟုမေးသောအခါ သာသနာပြုသွားမည်ဟုပြောသည်။ ဘယ်မှာသာသနာပြုမှာလဲဟုမေးရာ အနောက်တောင်မှာပြုရမည်ဟုပြော၍ မင်းလယ်တောင်ဘက်သို့ ထွက်သွားသည်။

ၚင်းပြောသွားသောစကားများမှာ မကြာမီ ဘုရားဒကာပေါ် လိမ့်မည်၊ ဘုရားပွဲတော်တွေဖြစ်လိမ့်မည်ဟု ဖြစ်ပါသည်။ ဦးမောင် (ဘိုးမင်းခေါင်) သည် ဝန်းသိုမြို့မှတစ်ဆင့် မင်းလယ်တောင်သို့ တက်ရောက်၍ ကျောက်လှုပ်လက် (ကျောက်စေတီ)အား ဖူးမြော်ပြီး တောင်ပေါ်ကအဆင်းတွင် တောင်ခြေရှိစွန်ဖားရွာသို့ရောက်ရှိသွားပြီး ဒေါ်ထူး၏အိမ်တွင် တည်းခိုသည်။ ၎င်းသည် နေ့ပူပူထဲတွင် ဖျာခင်း၍ စောင်ခြုံပြီး နေ့စဉ်ခွေးအောင်းသည်။ ခါးမှရင်ဘတ်အထိတိုင် ခါးပတ်ပေါင်း (၂၀)လောက်ပတ်ထားသည်ကို တွေ့မြင်ရသည်။

စွန်ဖားရွာမှ ဦးထွန်းကြိုင်သည် ဝိုက်နာပြီးလူးနေရ၍ ဦးမောင် (ဘိုးမင်းခေါင်) က ခါးပတ်တစ်ခုဖြုတ်ပေးသဖြင့် ခါးပတ်ပေးလိုက်ရာ ချက်ချင်းဝိုက်နာတာပျောက်သွားသည်ကို ထူးဆန်းစွာမြင်ကြရသည်။

ဦးမောင် (ဘိုးမင်းခေါင်) ၏နှုတ်မှလည်း တိုင်းပြည်လည်းပျက်တော့မည်၊ ငါကလည်းကျပ်လှပြီကွယ်ဟုမကြာမကြာပြောသည်။ ဘုရားပွဲတော်တွေအများကြီးဖြစ်မည်။ ဂရုစိုက်ရစ်ကြပါဟုမှာကြားထားခဲ့သည်။ စွန်ဖားရွာတွင် (၃) ရက်ခန့်နေထိုင်ပြီး ဦးမောင် (ဘိုးမင်းခေါင်) သည် ပျောက်ကွယ်သွားပါသည်။ ၎င်းသည် ဂန္ဓာရီဝိဇ္ဇာမိုရ်ပင်ဖြစ်ပါသည်။

၎င်းနောက် ဂန္ဓာရီဝိဇ္ဇာမိုရ်ဘိုးပေါ်၊ ဘိုးခန့် နှစ်ဦးတို့သည်လည်း မင်းလယ်တောင်ထိပ်သို့တက်ရောက်ပြီး ကျောက်လှုပ်လက်(ကျောက်စေတီ)အား ဖူးမြော်သွားကြသည်။

တစ်ရက် လက်ပန်ကျင်းကျောင်းသို့ ဦးဩဘာ (ယင်္ကန်းစင်တောင်ဆရာတော်) ဂန္ဓာရီဝိဇ္ဇာမိုရ်ရောက်ရှိလာပြန်သည်။ ၎င်းသည် ကျောင်းတိုင်များတွင် ဝလုံးများရေးနေသည်ကို တွေ့မြင်ရသည်။

ဦးဩဘာ (ယင်္ကန်းစင်တောင်ဆရာတော်) သည် မင်းလယ်တောင်သို့ တက်ရောက်ပြီး ကျောက်လှုပ်လက် (ကျောက်စေတီ) အား ဖူးမြော်၍ ပြန်အဆင်းတွင် ပြန့်ကြီးကျောင်းဆရာတော် ဦးသုဓမ္မစာရီအား ကျောက်လှုပ်လက် (ကျောက်စေတီ)၏ထိပ်တွင် ဘုရားတည်ရန် အမိန့်ရှိပါသည်။

(ပြန့်ကြီးကျောင်းဆရာတော်ကြီး ဦးသုဓမ္မာစာရီသည်ဂန္ဓာရီပုဂ္ဂိုလ်ဖြစ်သည်။ သီလ၊ သမာဓိ၊ ပညာ၊ သစ္စာနှင့်ပြည့်စုံ၍ ကျောင်းတွင်း ခိုးသားဓားပြများအကြိမ်ကြိမ်ဝင်ရောက်ရန်ကြိုးစားခဲ့သော်လည်း ကျောင်းဝင်းအတွင်းမဝင်နိုင်ဘဲပြေးကြရကြောင်းကို ဓားပြများက တောင်ဘက်ဆည်ကြီးရွာလူကြီးများအား ပြောပြ၍ တစ်ဆင့်သိကြရပါသည်။ ဆေးဝါးမန္တရားကို တစ်ဖက်ကမ်းခပ်တတ်မြောက်ကြောင်းသိရသည်။ ဦးသုဓမ္မစာရီပျံလွန်သောအခါ မီးသင်္ဂြိုဟ်ခါနီးတွင် မိုးကြီးရွာရန်ဆင်လာရာ လူတစ်ယောက်ရောက်လာပြီး -

"မရွာပါဘူး၊ မီးသာသင်္ဂြိုဟ်ပါ"

ဟုပြောပြီး မိုးများကို လက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ပြောပြီး ဦးမောင် (ဘိုးမင်းခေါင်) ကိုပင့်ရာလိုက်သွားလေသည်။ ထိုအချိန်မှစ၍ ဦးမောင်(ဘိုးမင်းခေါင်)မပေါ်လာတော့ပါ။

ဒေါ်ဆန်သည် ဘုရားတည်ပြီး ဘုရားတန်ခိုးကြောင့် အခြွေအရံများနှင့် ချမ်းသာစွာနေရ၍ တစ်နှစ်အတွင်း ဦးမောင်(ဘိုးမင်းခေါင်)ပြောသည့်အတိုင်း အုပ်ရှစ်ခုံရွာမိမိနေအိမ်တွင် ခြေထောက် အနာပေါက်ပြီး သားများ၊ ချွေးမများပြုစုကြရင်း ကွယ်လွန်သွားပါတော့သည်။

ကျောက်လှုပ်လက်(ကျောက်စေတီ)ပေါ် စေတီတည်ရှိရာ တွန်းလိုက်လျှင် လှုပ်ခါသွားသောကြောင့် ၎င်းအပေါ်၌ တည်ထားသောစေတီပြုကျသွားမည်စိုး၍ ၎င်းအောက်သပိတ်ပုံကျောက်တုံးတို့ နှစ်ခုကြား မာနေသောကျောက်ကြားများကို အင်္ဂတေနှင့်ဆို့ပိတ်လိုက်ကြသည်။ ထိုကဲ့သို့ ဆို့ပိတ်လိုက်သောကြောင့် ကျောက်လှုပ်လက် (ကျောက်စေတီ) ကို ကျောက်တုံးတစ်တုံးတည်းဟု ထင်ရပါသည်။ ၎င်းအတွင်းထည့်သွင်းဌာပနာထားသော ဗုဒ္ဓ၏ဆံတော်မာတ်ကို မဖူးကြရတော့ပါ။

ထိုအချိန်ကစ၍ ကျောက်လှုပ်လက် (ကျောက်စေတီ) ပေါ် တည်ထားသောစေတီကို စူဠာမုနိဟု ဘွဲ့တော်ပေးခဲ့ကြသည်။

■ ဖြန့်ကြီးဘုန်းတော်ကြီး ဦးသုဓမ္မစာရီနှင့် ဘုရားအမ ဒေါ်ဆန်တို့ ဘုရားအနီးတွင်စိုက်ထူထားခဲ့သည့်ကျောက်စာ

၁၃၀၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၅ ရက်နေ့တွင် ဖြန့်ကြီးရွာ ဦးသုဓမ္မစာရီကို အမှူးထား၍ စူဠာမုနိမြတ်စွာဘုရားကို ကိုးကွယ်တော်မူရစ်ကြရန် ရွှေအုတ်ချ၍ ပြီးစီးထမြောက်အောင်မြင်ပါကြောင်း၊ ထို့နောက် တပေါင်းလဆန်း ၁၅ ရက်မှစ၍ တပေါင်းလဆုတ် ၁၄ရက်အထိ ဘုရားစေတီနှင့်တကွ ပြီးစီးထမြောက်၍ (၁၄) ရက်တည်းနှင့် ထီးတော်တင်၍ပြီးစီးထမြောက်အောင်မြင်ခြင်းသို့ရောက်ပါကြောင်း၊ ၎င်းလဆုတ် ၁၅ ရက် တနင်္ဂနွေနေ့ဘုရားအနေကဇာတင်ပြီးစီးထမြောက်အောင်မြင်ပါကြောင်း။

ဆောင်ရွက်သူ မှန်ကင်းသူကြီး ဦးမြိုင်အမှူးထား၍ ရွာရပ်အသက်ကောင်းမှု၊ သပြေသာရွာ ဦးဖိုးပြူ အမှူးထား၍ အမျှားရွာသားများ၊ ဘွဲ့နာဖားရွာ ဦးအောင်ဖြူ၊ ဦးပေါကြွေ၊ ရွာသားများ လက်ပန်ကျင်းရွာ၊ ဆရာညီ၊ ဆရာထွန်း၊ ဖယ်ရွာ၍ ၎င်းကိုယ်တိုင်ကိုင်တွယ်မီးသင်္ဂြိဟ်ပြီး မကြာမီ ပျောက်ကွယ်သွားပါသည်။)

ဖြန့်ကြီးကျောင်းဆရာတော်ကြီး ဦးသုဓမ္မစာရီသည် ဦးသြဘာ (ယင်္ကန်းစင်တောင်ဆရာတော်) ၏ မိန့်မှာစကားအရ ကျောက်လှုပ်လက်(ကျောက်စေတီ) ထိပ်၌ စေတီတည်ထားရန် ဘုရားဒကာရှာသောအခါ ဝန်းသိုမြို့နယ် အုပ်ရှစ်ခုံရွာမှ နယ်လှည့်ရင်းဆေးကုပေးနေသောဆေးဆရာအမျိုးသမီးကြီးဒေါ်ဆန်အားတွေ့ရှိ၍ တိုင်းပြည်တွင်ဆန်စပါးပေါများရန်ဟု အတိတ်ကောက်ပြီး ဒေါ်ဆန်အား ဘုရားဒကာအဖြစ် တည်ထားကိုးကွယ်ရန် တိုက်တွန်းပါသည်။ ဒေါ်ဆန်သည် ပါရမီမာတ်ခံရှိသည့်အားလျော်စွာ ဝမ်းမြောက်ဝမ်းသာ တာဝန်ယူပါတော့သည်။

(ဒေါ်ဆန်တွင် သားနှစ်ယောက်ဖွားခဲ့သည်။ သားကြီးမှာ မောင်ဝန်ဖြစ်၍ သားငယ်မှာ မောင်ဘရုံး ဖြစ်သည်။ မောင်ဝန်မှာ ၎င်းရွာက မအေးတုပ်နှင့် အိမ်ထောင်ကျ၍ သားငယ်မှာ လူပျိုလူလွတ်ဖြစ်ပါသည်။)

ထိုအချိန်တွင် ဂန္ဓာရီဝိဇ္ဇာခိုရ်ဦးမောင် (ဘိုးမင်းခေါင်သည် ဒေါ်ဆန်အိမ်တွင်ရောက်ရှိနေသည်။ ၎င်းသည် အခြားမြင်သူများအထင်မကြီးအောင် ဖြစ်သလိုနေ၍ ဖြစ်သလိုအိပ်ပါသည်။ အိမ်မှကျွေးသည့်ထမင်းဖြင့်သာ ကြေးမများဘဲစားသည်။ တခြားအိမ်များမှလာကျွေးလျှင်စားသည်။ ဘယ်အိမ်မှလိုက်စားလေ့မရှိပါ။ လက်ဖက်ရည်ကြမ်းကို အမြဲသောက်သည်။ ကွမ်းစားသည်။ တင်ပျဉ်ခွေ၍ ဒူးတစ်ဖက်ပေါ်ခြေတင်ပြီး အမြဲထိုင်လေ့ရှိသည်။ တိုက်ပုံပင်နီအင်္ကျီနှင့်ကွက်ထောက်ပုဆိုးခပ်ညစ်ညစ်ဝတ်သည်။ လူနာများလာလျှင် မိမိထံ ရောဂါကူး၍ ကုသပေးသည်။ လိုက်ပြီးကုလေ့မရှိ။ ဆေးဝါးမရှိ မျက်စိကျိန်းလျှင် ဦးထုပ်ချွတ်၍ဆောင်းပေး၏။ ဖျားလျှင် ခြေထောက်ချင်းထိ၍ အဖျားကူးယူလျှင် ပျောက်ကင်းသွားကြသည်ကို တွေ့ရသည်။ မိုးရွာစေလိုလျှင် ဆံပင်ဖြေချ၍ ခေါင်းလျှော်သောအခါ မိုးရွာလာသည်ကိုမြင်ကြရသည်။

အုပ်ရှစ်ခုံရွာသို့ ဂျပန်စစ်တပ်ကြီးတောင်ဘက်ကောလင်းမှလာနေကြောင်းကြားသိသောအခါ ရွာတောင်ဘက်နေပြုကြီးထဲ လယ်ကွင်းပြင်မှာပက်လက်အိပ်၍ တစ်နေ့လုံးနေလှန်းသည်ကို မြင်ရသည်။ ဂျပန်စစ်တပ်ကြီးလည်း ရွာသို့ရောက်မလာသည်ကို တွေ့ကြရသည်။

ဒေါ်ဆန်အိမ်၏ အဂ်ါထောင့်တွင် အဖျားအောက် အရင်းကအပေါ်ထား၍ သစ်သားဓာတ်ဟိုင်ကြီး အမိုးအကာမရှိ အမိုးအပြင်ဘက်တွင် စိုက်ထူထားသည်ကို မပျက်မဆွေးတည်ရှိနေပါသည်။ ၎င်းဓာတ်တိုင်ကို မဖျက်ဆီးဖို့မှာထားခဲ့ပြီး မိုးရွာစေလိုလျှင်သော် လည်းကောင်း၊ သောကပူပန်လျှင်သော် လည်းကောင်း ဓာတ်တိုင်ကို ရေလောင်းဖို့မှာခဲ့၍ ရေလောင်းလျှင် မိုးရွာပြီး စိတ်အေးချမ်းသည်ကို လက်တွေ့ မိသားစုတို့ ခံစားကြရပါသည်။

ဓာတ်တိုင်ကြီးစိုက်ထူစဉ် ထူးခြားသည်မှာ ရွာမှလူများကိုခေါ်၍ ပျော်ပျော်ပါးပါး စိုက်ထူစေ၏။ လာသူများနှင့် အိမ်သားများအား ရေလောင်းခိုင်းသည်ကိုသိရသည်။ဓာတ်တိုင်သို့လာသူများကို ထမင်းကျွေးရန် ဦးမောင် (ဘိုးမင်းခေါင်)က ပြော၏။ အစီအစဉ်မရှိ၍ ဟင်းချက်ကျွေးစရာမရှိကြောင်းပြောရာ ထမင်းသာချက်ပါ။ ဟင်းလာပါလိမ့်မည်ဟုပြောပြီး မကြာမီ တခြားရွာမှ ဟင်းများအော်လာရောင်းသည်ကိုကြားရမှ ဝယ်ချက်ပြုတ်ကျွေးသဖြင့် အများကအံ့သြကြရသည်။

ဒေါ်ဆန်သည် မင်းလယ်တောင်ထိပ်ကျောက်လှုပ်လက်(ကျောက်စေတီ)ပေါ်တွင် စေတီတစ်ဆူတည်ထားပါသည်။ ထိုသို့ စေတီတည်ရာ၌ လိုအပ်သောပစ္စည်းများဝယ်ရန် ဝန်းသိုကိုဆင်းလိုက် တောင်ပေါ်တက်လိုက်၊ ရွာပြန်လိုက်နှင့် လူးလားခေါက်ပြန်သွားရသည်။ ထိုစဉ် ဦးသြဘာ (ယင်္ကန်းစင်တောင်ဆရာတော်) သည်လည်း စေတီမတည်မီနှင့် တည်နေစဉ်အတွင်း တောင်ပေါ်တက်လိုက်တောင်အောက်ဆင်းလိုက်နှင့် စောင့်ရှောက်တော်မူပါသည်။

၁၃၀၀ ပြည့်နှစ် စေတီတော်ပြီးစီးသောအခါ ဦးသြဘာ(ယင်္ကန်းစင်တောင်ဆရာတော်) ကိုမတွေ့ရတော့ပါ။

ဒေါ်ဆန်သည် ဘုရားတည်ပြီး၍ အုပ်ရှစ်ခုံသို့ပြန်လာသည်။ ထိုအခါ ဦးမောင် (ဘိုးမင်းခေါင်) က -

"မယ်ဆန်ဟာ မိန်းမတန်မဲ့ ဘုရားတည်တာ ခြေထောက်မှာအနာပေါက်ပြီးသေလိမ့်မယ်'

ဟု ပြောထားခဲ့၍ ရွာ၏အရှေ့တောင်အရပ်က လှည်းတစ်စီးလူတစ်ယောက်ရောက်လာပြီး -

'ဆရာလာပင့်လာတာပါ"

www.burmeseclassic.com

www.burmeseclassic.com

ဝန်းသိုမြို့ထီးဒကာဦးညာဏ်ကြီးသားတစ်စု၊ အုပ်ရှစ်ခုံ ဒေါ်ဆန်သား မောင်ဘရုံး၊ ဝန်းသို ဦးဘိုလာ၊ ဒေါ်မြ၊ ဒေါ်မျှင်၊ ဒေါ်မင်းကွယ်၊ ဒေါ်မှဲ့၊ မတော်မယ်၊ တော်ရွေး၊ မခဲ၊ မဆွဲ၊ မစော၊ ဆီဆုံကုန်း ဦးဘိုးလှ - ဒေါ်ကျန်တို့ကောင်းမှုဟူ၍ ရေးထိုးထားသည်။

ၚင်းကျောက်စာမှာ ရှေးလက်ရေးမူဖြင့် ယခုတိုင်တည်ရှိပါသည်။

■ စေတီတော်နှင့် အောက်ခံကျောက်တုံးတို့၏အတိုင်းအထွာ

စူဠာမုနိစေတီတော်သည် - ဘုရားတော်လေးပေခြောက်လက်မ ရှိသည်။ စေတီလုံးပတ် ရှစ်ပေ၊ အောက်ခံရသေ့ဒေါက်ခြာပုံ (ကျောက်လှုပ်လက်) သည် အမြင့် ငါးပေတစ်လက်မ။

ၚင်းနှင့်တစ်ဆက်တည်းထပ်လျက် သပိတ်ပုံကျောက်သည် အမြင့် နှစ်ပေ၊ ဆယ့်တစ်လက်မ။

ကျောက်တုံးနှစ်ခုပေါင်း အမြင့် သည် ရှစ်ပေ။

လုံးပတ် တစ်ဆယ့်ခြောက်ပေ။

အောက်ဆုံးရှိ ကျောက်ဖျာပုံ ကျောက်တုံးကြီးသည် လုံးပတ် ငါးဆယ့်တစ်ပေ။

■ စူဠာမုနိကျောက်လှုပ်လက်စေတီတော် ထပ်မံပြုပြင်ခြင်း

၁၃၀၀ ပြည့် စူဠာမုနိကျောက်လှုပ်လက်စေတီတော်တည်ထားပြီးနောက် ခေတ်အဆက်ဆက်ပြောင်းလဲလာသည်။ နှစ်ကြာလာသောအခါ လူသူအရောက်အပေါက်နည်းလာသဖြင့် စေတီတော်အား တဖြည်းဖြည်း ဝါးပင်များ၊ သစ်ပင်များ၊ ချုံပင်များ ဖုံးလွှမ်းသွားပါသည်။

ထိုသို့ ဖြစ်ပေါ်နေပြီးနောက် ၁၃၄၅ ခုနှစ်ရောက်သောအခါ ဝန်းသိုမြို့ ဆီဆုံကုန်းရပ်ကွက်မှ ဦးသန်းလှ-ဒေါ်မြိုင် ဇနီးမောင်နှံတို့သည် စွန်းဖားရွာ အနောက်ဘက် ဝါးပေါရာ မင်းလယ်တောင်သို့ ရောက်ရှိလာပါတော့သည်။ ဝါးတောများမှ မျှစ်များကိုခုတ်၍ပြုတ်ပြီး နေလှန်းလျက် မျှစ်ခြောက်များကို မြို့သို့သွင်းရပါသည်။ ထိုသို့ပြုလုပ်ကြရင်း တစ်စခန်းပြီးတစ်စခန်း မျှစ်ပေါရာ ဝါးတောများရှိရာသို့ ပြောင်းရွှေ့လာခဲ့ကြသည်။ မင်းလယ်တောင်ထိပ်ရှိ ငါးပါးအိုင်စခန်းသို့ ဦးသန်းလှက ထပ်မံနေရာရွှေးချယ်ပြီး ဇနီးဒေါ်မြိုင်၊ စွန်းဖားရွာမှ ဦးလှဖေ-ဒေါ်အုန်းညွန့်တို့နှင့်အတူ မျှစ်လုပ်ငန်းကို စီးပွားတူလုပ်ကိုင်ကြပါသည်။

ယခုနေရာသည် ရေနီးသဖြင့် မျှစ်ပြုတ်ရန် အဆင်ပြေသည်။ နေရောင်ရသဖြင့် မျှစ်နေလှန်းရန်လည်း အဆင်ပြေသည်။ ဦးသန်းလှတို့တတွေ နေရေးထိုင်ရေးမှစ၍ စိတ်ချမ်းသာသဖြင့် စိတ်တိုင်းကျသောစခန်းဖြစ်သည်။ ညအိပ်ရာဝင် အိပ်ရာထမှာလည်း ရတနာသုံးပါးဆည်းကပ်ခြင်း၊ ရှိခိုးခြင်းနှင့် တောစောင့်နတ်၊ တောင်စောင့်နတ်တို့အား ပူဇော်ပသခြင်း၊ မေတ္တာပို့ခြင်း၊ အမျှဝေခြင်းများကို ပြုလုပ်နေထိုင်ကြပါသည်။

တစ်နေ့ ဦးသန်းလှ-ဒေါ်မြိုင်တို့သည် စခန်းချရာ ငါးပါးအိုင်စခန်းမှ အထက် သုံးလေးဖာလုံခန့်တက်သွားရာ မင်းလယ်တောင်ထိပ်သို့ ရောက်သွားပြီး ရှုခင်းသာယာလှသဖြင့် များစွာကြည်နူးမိသည်။ ထိုစဉ် ပတ်ဝန်းကျင်ကိုကြည့်လိုက်သောအခါ ဝါးရုံပင်ကြီးဖုံးအုပ်နေသော ထူးခြားသည့်စေတီတစ်ဆူကိုတွေ့ရှိရပါသည်။ ထီးတော်မှာ ပြိုပျက်ပြီး ရွှေမရှိတော့ဘဲမည်းနေပါသည်။ စေတီကိုဖူးတွေ့ရတော့ ကြည်ညိုသောစိတ်များ တဖွားဖွားဖြစ်ပေါ်လာသည်။

ဦးသန်းလှ - ဒေါ်မြိုင်တို့သည် စခန်းသို့ပြန်ရောက်သောအခါ ဦးလှဖေအား ပြောပြသည်။ ထိုအခါ ဦးလှဖေက ထိုစေတီသည် စူဠာမုနိကျောက်လှုပ်လက်စေတီဖြစ်ကြောင်း၊ ၚင်းစေတီ၏ တန်ခိုးကြီးပုံ ထူးခြားပုံများကို မိမိမှတ်မိသလောက်ပြောပြလိုက်ရာ ဦးသန်းလှ-ဒေါ်မြိုင်တို့သည် ထိုစေတီတည်စဉ်က မိမိတို့၏ အမိ၊ အဖ၊ အဘိုးအဘွားများပါနေ၍ မိမွေဖမွေဖြစ်တာကြောင့်တစ်ကြောင်း၊ ကြည်ညိုတာကတစ်ကြောင်းကြောင့် ထိုစေတီကိုပြုပြင်မို့ရန် ဦးလှဖေ - ဒေါ်အုန်းညွန့်တို့ကို တိုင်ပင်ပါသည်။ အားလုံးက သဘောတူ ဝမ်းမြောက်ဝမ်းသာ လက်ခံကြ၍ မျှစ်လုပ်ငန်းမှရရှိသောငွေများကို ခြိုးခြံချွေတာစွာသုံးစွဲကြသည်။ စုဆောင်းကြသည်။

၁၃၄၅ ခု နှစ်ဝက်နီးပါးသို့ရောက်သောအခါ စုဆောင်းရငွေတစ်ထောင်ကျော်ဖြင့် မန္တလေးသို့ဆင်း၍ ရွှေထီးတော်ဝယ်ယူခဲ့ကြပြီး ဝန်းသိုမြို့ ဆီဆုံကုန်းရပ် ဦးသန်းလှ - ဒေါ်မြိုင်တို့၏ နေအိမ်တွင် ရပ်နားကိန်းအောင်းသည်။

ထိုအခါ ခန္ဓီးစာသင်တိုက် တိုက်အုပ်စာချဆရာတော် ဦးကုသလအား လျှောက်ထားပြီး ထီးတော်ကို ဝန်းသိုမြို့မှ ဒီးဒုတ်ကုန်းရွာ၊ ၚင်းမှ လက်ပန်ကျင်းကျောင်းသို့ (၆)လတာရပ်နားပင့်ဆောင်ပူဇော်ထားသည်။ ထီးတင်ပွဲနီးလာသောအခါ လက်ပန်ကျင်းရွာကျောင်းမှတစ်ဆင့် မင်းလယ်တောင်ပေါ်သို့ တပေါင်းလဆုတ် ၉ ရက်နေ့ နံနက်တွင် ရွှေထီးတော်ကို လူထုပရိသတ်ဖြင့် စည်ကားသိုက်မြိုက်စွာ ငြောအဖွဲ့၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ကြာရုပ်၊ ပန်းတောင်း၊ ငွေပေါက်ပေါက်ကြဖြန့်၍ ကနက္ကဒဏ်ထီး ရွှေထီးမျှားမိုးလျက် တဖြည်းဖြည်း လက်ပန်ကျင်းရွာမှ စွန်ဖားရွာ၊ စွန်ဖားရွာမှ မင်းလယ်တောင်ထိပ်သို့ စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်ခဲ့ကြသည်။ နံနက်(၉)နာရီသို့ရောက်သောအခါ ထီးတော်စပြီးတင်ကြသည်။ လူထုလက်မှသံဃာတော်များလက်သို့အပ်ကာတင်လျှပြီး ဒီးဒုတ်ကုန်းကျောင်းဆရာတော်ဦးသုဇာတက စိန်ဖူးတော်ကို နောက်ဆုံးပူဇော်ပါသည်။ ထီးတော်တင်ရာတွင် လက်ပန်ကျင်းကျောင်းဆရာတော်ဦးဝိမလနှင့်ဆရာတော်သံဃာတော်များဦးဆောင်ခဲ့ကြသည်။ တပေါင်းလဆုတ် ၉ ရက်နေ့တွင် ထီးတော်တင်ကပ်လှူခြင်းအောင်မြင်ခဲ့သည်။

တပေါင်းလဆုတ် ၁၀ ရက်နေ့တွင် ခန္ဓီးစာသင်တိုက်မှ သံဃာများ၊ ဒီးဒုတ်ကုန်း၊ လက်ပန်ကျင်းဆရာတော်၊ ဂိုဏ်းသံဃာတော်များဘုရားအနေကဇာတင်၍ ပြီးစီးအောင်မြင်ခြင်းသို့ရောက်ပါသည်။

ဦးသန်းလှ-ဒေါ်မြိုင်၊ ဦးလှဖေ-ဒေါ်အုန်းညွန့်တို့က ရဟန်းဒကာအဖြစ် ခံယူပြီး မင်းလယ်တောင်ထိပ်ချောင်း၌ ရေသိမ်ဖြင့် လက်ပန်ကျင်းရွာမှ ဦးရဲကျော်၊ စွန်ဖားရွာက ဦးကျော်တို့အား ဒုလ္လဘရဟန်းများအဖြစ် ကံဆောင်၍ သံဃာတော်များက ပင်ပန်းခက်ခဲစွာ ဆောင်ရွက်ပေးတော်မူကြသည်။

ဘုရားဒါယကာ၊ဘုရားဒါယိကာမများသည် ဘုရားထီးတော်တင်ခြင်း၊ ဘုရားအနေကဇာတင်ခြင်း၊ ရဟန်းခံခြင်း၊ ရပ်နီးရပ်ဝေးမှ လူထုပရိသတ်များအားကျွေးမွေးကျေးဇူးခံခြင်း၊ သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်းများတို့ကို ၁၃၄၅ ခု၊ တပေါင်းလဆုတ် ၉ ရက်၊ (၁၀) ရက် (၂) ရက်တိုင်တိုင် ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

လူများနှင့်အတူ ဦးသန်းလှ - ဒေါ်မြိုင်တို့၏ မြင်းမလေး မနီလာသည် (၃) မိုင်ခရီးဝေးသောတောင်ပေါ်တောင် အောက် အခေါက်ခေါက်အခါခါ ရိက္ခာ

www.burmeseclassic.com

www.burmeseclassic.com

မှားသယ်ပို့ကူညီဆောင်ရွက်ပေးရှာသည်။ ဘုရားပွဲပြီး၍ ညနေရောက်သောအခါ မြင်းမလေးမနီလာတို့ပြန်ကြရန် ဒေါ်မြိုင်ကသွားခေါ်ရာ ထိုစဉ် မြင်းမကလေး မနီလာသည် ပါးစပ်မှ အမြှုပ်တစီစီကျလျက် နားရွက်များစွင့်ကာစွင့်ကာနှင့် မြေကြီးကိုခွာဖြင့်ကုတ်ကာခြစ်ကာဖြင့် သနားစဖွယ် မကျန်းမမာဖြစ်နေသည်ကို တွေ့ရသည်။ ဒေါ်မြိုင်က ဝန်းသိုပြန်ကြရအောင်ဟုပြောသောအခါ မျက်ရည်တွေကျဆင်းလာပြီး ဒေါ်မြိုင်ကိုတစ်လှည့်၊ ဘုရားကိုတစ်လှည့် အကြိမ်ကြိမ်ကြည့်ပြီး ဝိုင်းဝိုင်းလဲကျသွားသည်။ ထို့နောက် ဘုရားဘက်သို့ မျက်နှာတဖြည်းဖြည်းလှည့်ပြီး သေဆုံးသွားပါသည်။

ဦးသန်းလှ - ဒေါ်မြိုင်တို့ကလည်း ၎င်းတို့ပြုလုပ်ခဲ့သမျှကောင်းမှုကုသိုလ်အားလုံးတို့ကိုအမျှပေးဝေပြီး မြင်းမလေးမနီလာ၏သမီး မြင်းမလေးအားခေါ်၍ ကြေကွဲဝမ်းနည်းစွာပြန်ခဲ့ကြသည်။

ဝန်းသိုမြို့သို့မရောက်မီ စွန်ဖားရွာလက်ပန်ကျင်းရွာ၊ ဒီးဒုတ်ကုန်းရွာများမှ လူများက မြင်းမလေးမနီလာဘယ်မှာလဲဟုမေးကြသောအခါ မပြောချင်သော်လည်း အကျိုးအကြောင်းကို ဒေါ်မြိုင်ကပြောပြရသည်။ ထိုစဉ် ကြားရသူများက ဝမ်းနည်းမဆုံး ကြေကွဲကြလျက် မြင်းမလေးမနီလာ၏ လိမ္မာပုံများကိုပြောကြားကြပြီး မျက်ရည်ကျကြရပါသည်။

မင်းလယ်တောင်ထိပ် စူဠာမုနိကျောက်လှုပ်လက်ဘုရားမှာ သေဆုံးခဲ့သော မြင်းမလေးမနီလာသည် ဝန်းသိုမြို့ဆီဆုံကုန်းရပ်ကွက်ရှိ ဦးသန်းလှနေအိမ်သို့ ညအချိန် ဟီဟီဟီဟီနှင့်အသံပေးပြီးဝင်လာသည်ကိုကြားကြရ၍ နှစ်ကြိမ်တိုင်ဆင်းကြည့်ရာ ဘာမှမတွေ့ပါ။ သုံးကြိမ်မြောက်အသံကြား၍ဆင်းကြည့်လိုက်သောအခါတွင် မြင်းခြေရာသုံးခုထင်ထင်ရှားရှားပြထားခဲ့သည်ကို မိသားစုအားလုံးမြင်ကြရပါသည်။

စူဠာမုနိကျောက်လှုပ်လက်ဘုရားထီးတော်တင်ပြီး သုံးလအကြာတွင် ဦးသန်းလှသည် ရုတ်တရက်မကျန်းမမာဖြစ်လာသည်။ ဒေါ်မြိုင်က သင့်တင့်သောဆေးဝါးများဖြင့် ကြိုးစား၍ကုသသော်လည်း တစ်နေ့တခြား မထူးခြားဘဲဖြစ်နေပါသည်။

ဦးသန်းလှက ဇနီးဒေါ်မြိုင်အားခေါ်၍ -

"မမြိုင်ရေ၊ ငါမနေရတော့ဘူး။ လိုက်ရတော့မယ်"

"ဘယ်ကိုလိုက်ရမှာလဲ" ဟုမေးရာ-

"မြင်းမလေး မနီလာခေါ်နေပြီ။ ဘုရားကိုလိုက်ရတော့မယ်" ဟုပြောလေသည်။

"မမြိုင်ရေ၊ တို့ထီးတင်ခဲ့တဲ့ တန်ဆိုးကြီးစူဠာမုနိကျောက်လှုပ်လက်ဘုရားဟာ ထီးတော်တင်ပြီးတဲ့ ၁၀ ရက်နေ့နံနက်စောစောထတော့ တင်းတောင်းလောက်ရှိတဲ့မီးလုံးကြီးများဟာ မိုင်းသုံတောင် (နတ်မြို့တည်ရှိသည်) က မီးလုံးကြီးတစ်လုံး၊ အရှေ့ဘက် ခန္ဓီးရိပ်သာကျောင်းတောင် (ရဟန်းသာသီတင်းသုံးသောနေရာ) ဆီက မီးလုံးကြီးတစ်လုံး၊ မြောက်မျှော်စင် (ထိုနေရာမှလည်း နတ်မြို့တည်ရှိသည်) က မီးလုံးကြီးတစ်လုံး မီးလုံးကြီးသုံးလုံးဟာ တစ်ပြိုင်တည်းတက်လာပြီးတော့ တရွေ့ရွေ့နဲ့ ကျောက်လှုပ်လက်ဘုရားအနားမှာ ကျလာပြီး ပျောက်ကွယ်သွားတာကိုမြင်လိုက်ရတယ်" ဟူ၍ လည်းကောင်း -

"မိုင်းသုံးတောင်ဘက်ဆီက လူ (၂၀)လောက် မီးတုတ်တွေနဲ့လာနေကြလို့ ဘုရားကိုကြိုပြီးသွားကြည့်တော့လည်း လူများရောက်မလာလို့ ပြန်လာတဲ့အခါ သာဓုခေါ်သံ၊ဆူညံသံများကြားရပြီး ပြောသံ၊ စည်သံ၊ ကြေးစည်သံများကြားရတယ်"

ဟူ၍ လည်းကောင်း ပြောပြပါသည်။

ဦးသန်းလှက ဒေါ်မြိုင်ကို နောက်ဆုံးမှာကြားခဲ့သည်မှာ -

စူဠာမုနိကျောက်လှုပ်လက်ဘုရားကို အမြဲကြည်ညိုရစ်ပါ။ စောင့်ရှောက်ရစ်ပါ။ အများပြည်သူသိအောင် ဂေါပကဖွဲ့လို့ ဘုရားပွဲတွေ နှစ်စဉ်ဖြစ်အောင် စွမ်းဆောင်နိုင်မယ့်ရဟန်းရှင်လူများကို အသိပေးအားကိုးပြီး ဆောင်ရွက်ရစ်ပါ" ဟု မှာကြားပြီး နောက်ဆုံး -

"ဘယ်သူမှမရောက်ရင်တောင် ဒေါ်မြိုင်တစ်ယောက် တစ်နှစ်တစ်ခေါက်အရောက်သွားပြီး ဆွမ်းကပ်ရစ်ပါ။ ပြီးတော့ ရှင်မပြုရသေးတဲ့သားလေးလူမမယ်သုံးယောက်ကိုရှင်ပြုပြီး သာမဏေဝါဝါဘဝနဲ့ပဲ စူဠာမုနိကျောက်လှုပ်လက်ဘုရားမှာ ဆုတောင်းအမျှဝေလိုက်ပါ"

ဟု နောက်ဆုံးထပ်မံမှာကြားပြီး သတိချို့ယွင်းမှုမရှိဘဲ ထီးတော်တင်ပွဲမှာ အမှတ်တရရိုက်ခဲ့သော စူဠာမုနိကျောက်လှုပ်လက်ဘုရားပုံတော်ကို ရင်ဘတ်ပေါ်တင်ပြီးကြည်ညိုရင်း ဘုရား ဘုရား ဘုရားဟု သုံးခွန်းတချီ ကွယ်လွန်သွားပါသည်။

ဘုရားအမခေါ်မြိုင်သည် သမီး (၃)ယောက်၊ သား(၃)ယောက် ပေါင်း (၆)ယောက်တို့၏ စားဝတ်နေရေးပညာရေးတို့ကို လုပ်ကိုင်ဆောင်ရွက်ပေးရင်း တစ်ဖက်မှ စူဠာမုနိကျောက်လှုပ်လက်စေတီတိုးတက်ရေးကို အစဉ်မပြတ်ကြံစည်လှုပ်ကိုင်သည်။ ဦးသန်းလှကလည်း ညည်းတွင် တစ်လတစ်ခေါက်ဆိုသလို မြင်းစီးချသံတလွင်လွင်နှင့် အိမ်သို့သတင်းပေးရောက်လာပါသည်။

ဒေါ်မြိုင်သည် ပါရမီရှင်ပြည်သူများနှင့်လက်တွဲပြီး ၁၃၄၆ ခုနှစ်နှင့် ၄၇-၄၈ ခုနှစ်များတွင် ဘုရားပွဲတွေကျင်းပနိုင်ခဲ့သည်။ ထာဝရဘုရားပွဲကျင်းပနိုင်ရန်လည်း အားခဲလျက်ရှိပါသည်။

ဦးသန်းလှ-ဒေါ်မြိုင်တို့ကွယ်လွန်ပြီးနောက်ပိုင်း မင်းလယ်တောင်ပေါ်ရှိ စူဠာမုနိကျောက်လှုပ်လက်စေတီ၌ ပဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဘုရားပွဲတော်ကျင်းပခြင်းကို ကျန်ရစ်သူသားသမီးများက ဦးဆောင်၍ ကျင်းပခဲ့ရာ (၂၄) နှစ်ရှိသွားပြီဟု သိရသည်။

ယခုအခါ မင်းလယ်တောင်ပေါ်ရှိ စူဠာမုနိကျောက်လှုပ်လက်စေတီတော်အား ကားဖြင့်တက်ရောက်ဖူးမြော်နိုင်ကြရန်အတွက် ဝန်းသိုမြို့ လယ်တောတောင်ဦးဂေါပကအဖွဲ့၊ မင်းလယ်တောင်ခြေရှိ စွန်ဖားရွာ၊ လက်ပန်ကျင်းရွာ၊ ဒီးဒုတ်ကုန်းရွာများမှ ရွာသူရွာသားများနှင့် စုပေါင်းဆောင်ရွက်ခဲ့သည်။ ကုန်ကျစရိတ်များကိုလည်း လှူဒါန်းခဲ့သည်။ နှစ်စဉ် လမ်းပြုပြင်ရန်အတွက်လည်း လှူဒါန်းပေးသည်။

ယခုအခါ မင်းလယ်တောင်ပေါ်၌ အလှူး (၄၅) ပေ အနံ (၁၈) ပေရှိ သွပ်မိုးနှင့် ဓမ္မာရုံကြီးတစ်လုံး၊ ရေဂါလန် (၃၀၀၀) ဆံ့ ရေကန်ကြီးတစ်ကန်တည်ဆောက်ပြီးစီးနေပြီ ဖြစ်သည်။

ရှေ့ဆက်၍ မင်းလယ်တောင်ပေါ်ရှိ စူဠာမုနိကျောက်လှုပ်လက်စေတီတော်၌ ရင်ပြင်တော်ခင်းရန်လုပ်ငန်း၊ အာရုံခံတန်ဆောင်းဆောက်လုပ်ရန်လုပ်ငန်း၊ သံဃာဆောင်ဆောက်လုပ်ရန်လုပ်ငန်း၊ ဧည့်ဆောင်ဆောက်လုပ်ရန်လုပ်ငန်း၊ ဆွမ်းစားဆောင်ဆောက်လုပ်ရန်လုပ်ငန်း၊ မီးဖိုဆောင်ဆောက်လုပ်ရန်လုပ်ငန်း၊ အိမ်သာဆောက်လုပ်ရန်လုပ်ငန်းများ စသည်ဖြင့် ကျန်နေပါသေး

www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုအဆောက်အအုံများအတွက် ရပ်ဝေးရပ်နီးမှအလှူရှင်များ လိုအပ်လျက်ရှိနေပါသည်။ အားလုံးပါဝင်လှူဒါန်းနိုင်ရန်အတွက် နိုးဆော်အပ်ပါသည်။

■ **ဆံတော်ရှင်စူဠာမုနိကျောက်လှုပ်လက်စေတီတော်ဟု ဘွဲ့တော်တွင်လာခြင်း**

ယခင်က စူဠာမုနိကျောက်လှုပ်လက်စေတီတော်ဟု အမည်တွင်နေရာမှ ပုဒ္ဓ၏ ဆံတော်ဓာတ်ကို ဌာပနာထားသောစေတီဖြစ်ခြင်းကြောင့် ယခုအခါ 'ဆံတော်ရှင်စူဠာမုနိကျောက်လှုပ်လက်စေတီ' ဟု ဘွဲ့တော်တွင်ခဲ့ပါသည်။

■ **မင်းလယ်တောင်၌ လေ့လာစရာများ**

မင်းလယ်တောင်၏တောင်တက်ရာလမ်းတစ်လျှောက်တွင် ပထမ ကြာဆန်းရေတံခွန်၊ ဒုတိယ ညောင်ပင်ရေဆိပ်၊ ကျောက်ဆင်နှစ်ကောင်၊ သိင်္ဂံတ္တရကုန်း၊ တတိယငါးပါးရေအိုင်ကျောက်လှည်းဘီး၊ ကျောက်မိုးကြီး၊ မြောက်မျှော်စင်၊ တောင်မျှော်စင်၊ ကျောက်ညီနောင်၊ ခွန်သစ်ညောင်၊ ကျောက်သင်္ဘော၊ ကန်သာယာ စသော ဇဟုသုတရစရာများ လေ့လာနိုင်ပါသည်။

■ **ဆံတော်ရှင်စူဠာမုနိကျောက်လှုပ်လက်စေတီ၏ ထူးခြားချက်**

၁။ အရေးကကြည့်ကြည့်၊ အနီးကကြည့်ကြည့် စေတီလုံးပတ်ဉာဏ်တော်တူနေခြင်း။

၂။ အောက်ခံကျောက်တုံးပုံကျောက်ဖျာနှင့် စေတီတည်ထားသည့် ကျောက်တုံးတို့မထိဘဲလွတ်နေခြင်း။

၃။ စေတီတည်ထားသောကျောက်တုံးကို လူမည်မျှလှုပ်လှုပ် အဓိဋ္ဌာန်ပြည့်သူမှလှုပ်၍ရခြင်း။

၄။ စေတီပုံသည် တစ်ဖက်တစ်ပုံထူးခြားစွာထွက်ပေါ်နေခြင်း။

၅။ ဆံတော်ရှင် စူဠာမုနိကျောက်လှုပ်လက်စေတီ၌ လပြည့်၊ လကွယ်နေ့တိုင်း မီးလုံးများထွန်းညှိထားသည်ကိုမြင်ရခြင်း။ ရောင်ခြည်တော်ကွန့်မြူးသည်ကို ဖူးတွေ့ကြရခြင်း။

၆။ မွန်ပြည်နယ် ဆံတော်ရှင် ကျိုက်ထီးရိုးနှင့် ဝန်းသိုဆံတော်ရှင် စူဠာမုနိကျောက်လှုပ်လက်စေတီတော်တို့၏ ပတ်ဝန်းကျင် ရေ၊ မြေ၊ စိမ့်စမ်းတူညီခြင်း၊ ကျိုက်ထို ဆံတော်ရှင် ကျိုက်ထီးရိုးမှာရသေ့၏ ဦးခေါင်းပုံ၊ ဝန်းသိုဆံတော်ရှင် စူဠာမုနိကျောက်လှုပ်လက်စေတီတော်မှာ ရသေ့ဒေါက်ခြာပုံဖြစ်ပြီး ဗုဒ္ဓ၏ဆံတော်



ရှင်များ ဌာပနာထားသည့်စေတီများဖြစ်ကြခြင်း။

■ **ဆံတော်ရှင်စူဠာမုနိကျောက်လှုပ်လက်စေတီအား ပြစ်မှားမိသူများထွက်ပြေးကြရခြင်း**

တစ်ခါက မင်းလယ်တောင်ခြေရှိ စွန်ဖားရွာမှ ဦးသန်းမောင်နှင့် ရွာသားများ ဆံတော်ရှင် စူဠာမုနိကျောက်လှုပ်လက်စေတီအား ထုံးသင်္ဃန်းကပ်ကြသည်။ ထိုစဉ် ဦးသန်းမောင်က ထုံးလိမ်းနေသည့်စုတ်တံတုတ်ဖြင့် စေတီကျောက်တုံးအား 'သိုက်ဆရာငကြွား၊ ရှိတာအကုန်ပေး' ဟုပြောပြီး ရိုက်၍တောင်းရာ နေပူကဲ့ကဲ့ မိုးကြိုးများထစ်ချုန်း၍ မြည်ဟည်းပြီး လေမိုးများကျလာသဖြင့် အားလုံး ထွက်ပြေးခဲ့ကြရသည်ဟု သိရသည်။

တစ်ရက်မှာ ဆင်ပိုင်ကိုထွန်းခင်-မလှခင်တို့၏ ဆင်ဦးစီးငြိမ်းမောင်နှင့် စံအောင်တို့သည် မင်းလယ်တောင်တွင် လွတ်ထားသောဆင်ကိုဖမ်းရန် တောင်ထိပ်သို့တက်ခဲ့ကြသည်။ ဆင်ကိုဖမ်း၍ရသောအခါ ဆံတော်ရှင်စူဠာမုနိကျောက်လှုပ်လက်စေတီနားဖြတ်လာရင်း စေတီတော်ကိုတွန်းချရန် စိတ်ကူးပေါ်လာပြီး ဆင်ကို စေတီဘက်သို့မောင်းရာ မသွားဘဲ နောက်ပြန်လှည့်ပြီး တောင်ပေါ်မှ ဆင်းပြေးလေသည်။ လူနှစ်ဦး ဆင်ပေါ်မှခုန်ဆင်း၍နေလိုက်ရသည်။ ဆင်ပျောက်သွားသဖြင့် ပြစ်မှားမိသည်ကို ဆိုင်ရာသို့ကန်တော့ပွဲပေးပြီး တောင်းပန်မှ (၁၀) မိုင်လောက်ဝေးသောကောလင်းဘက်တွင် ဆင်ကိုတွေ့ရှိ၍ ဖမ်းခေါ်လာခဲ့ရပါသည်။

■ **မင်းလယ်တောင်တွင် အထူးလိုက်နာရမည့်အချက်များ**

၁။ မင်းလယ်တောင်တွင် အနက်မဝတ်ရ။
၂။ ထီးမဆောင်းရ။
၃။ နတ်သံမပြစ်ရ။
၄။ အော်သံညာသံမပြုရ။
၅။ ခွေးကြောင်တို့ကို ဆော့မကစားရ။
၆။ မြွေကိုမသတ်ရ။
၇။ မျှော်စင်နား ကျင်ကြီးကျင်ငယ် မစွန့်ရ။

■ **မင်းလယ်တောင်၌ မျက်စိလည်သူ တစ်ယောက်အကြောင်း**

ဗြန်ကြီးရွာက ဦးပေဖူးသည် မင်းလယ်တောင်ကိုတက်ရင်း မျက်စိလည်လမ်းမှားပြီးလိုက်သွားရာ ဝတ်ဖြူစင်ကြယ်နှင့်အဘိုးကြီးတစ်ဦးကဲ့တွေ့ပြီး ခေါ်သွားသည်။ ၎င်းသည် မြောက်နန်းတော်၊ တောင်နန်းတော်ကြီးတွေ၊ ကျောင်းတိုက်တာကြီးတွေ၊ သာယာသောလမ်းမကြီးများ နတ်ဘုံအလား အံ့သြဖွယ်ရာထူးဆန်းစွာတွေ့ခဲ့ပါသည်။ ထိုနေရာသည် နတ်မြို့ ဖြစ်ပါသည်။

ဆံတော်ရှင်စူဠာမုနိကျောက်လှုပ်လက်စေတီနှင့်ပတ်သက်၍ သာသနာ့အကျိုးတော်ဆောင်တစ်ဦးက အောက်ပါအတိုင်း ကာရန်မဲ့ကဗျာစပ်ဆိုထားပါသည်။

ဝန်းသိုမြို့
ဆံတော်ရှင်စူဠာမုနိ
ကျောက်လှုပ်လက်စေတီတော်

■ *ဘုရားကယေ်ယေ်*
တန်ခိုးကကြွယ်
ငယ်သာယေ်
ပြည်ကယ်မယ့်ဘုရား
တိုင်းပြည်သူလူအများ
ပျော်ရွှင်ကြစေသား
ဖူးလိုက်ကြပါစို့
တို့ပြည်သူအများ။

မောင်ညီစု (ဝန်းသို)

ကျမ်းကိုးစာရင်း

စူဠာမုနိကျောက်လှုပ်လက်စေတီတော်သမိုင်း
ဦးကုသလ(တ)ခန္ဓီးစာ သင်တိုက်နှင့် ရိပ်သာဆရာတော် ဝန်းသို့မြို့

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ဝိပဿနာတရားမလုပ်မီက ခန္ဓာကိုယ်ကြီးကို အဝိဇ္ဇာနှင့် တလှဲ့ဘ၊ လောဘဖုံးလွှမ်းနေသောကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံတွေကို ကျူးလွန်ခဲ့မိကြောင်း၊ ယခုအခါ ဝိပဿနာတရားလုပ်မိသည့်အခါမှသာ ကျွန်ုပ်ကိုယ် ကျွန်ုပ်သိခဲ့ရတော့သည်။ အမှန်ကိုဝန်ခံရပါလျှင် လောဘ၊ ဒေါသ၊ မောဟတွေ မကင်းကဲ့ရိုးအမှန်ပါ။ တရားမသိတော့လည်း ပုထုဇဉ်ပီပီ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လိုမှကင်းနိုင်ခဲ့ခြင်း မရှိပါ။ ကုသိုလ်လား၊ အကုသိုလ်လား ဆိုလား ဆိုသည်ကိုပင် စဉ်းစားခြိန်မရလောက်အောင် အဝိဇ္ဇာနှင့် တဏှာ၊ လောဘက ဖုံးလွှမ်းနေခဲ့ပါသည်။ ယခုတော့ တရားသက်ရှည်ကြာခဲ့သည့်အတွက် မိမိ၏ ရင်တွင်းဖြစ်လာသည့် စိတ်ကလေးဟာ ကုသိုလ်စိတ်လား၊ အကုသိုလ်စိတ်လားဆိုသည်ကို ချက်ချင်းသိလို့နေပါပြီ။ အကုသိုလ်စိတ်ဖြစ်လျှင် ချက်ချင်းထုတ်ပစ်လိုက်ပါသည်။ ထို့အကုသိုလ်စိတ်ကလေးကင်းစင်သွားလျှင် ပင်ကိုမူလဖြူစင်နေသည့်စိတ်လေးကြောင့် ရင်ထဲ၌ ကြည်လင်အေးမြမှုကိုဖြစ်စေခဲ့ပါသည်။

ထို့ကြောင့် ကျွန်ုပ်သည် ယခုဆိုလျှင် အရာရာကိုသတိဖြင့်ဆင်ခြင်တတ်နေပြီဟုဆိုရပါမည်။ လောဘမဖြစ်အောင်လည်း သတိထားလို့နေမိပါသည်။ ဒေါသကတော့ အနည်းအကျဉ်းရှိနေပါဦးသည်။ ဒေါသနှင့်သေ ငရဲပြည်ဟု ဆိုထားခြင်းကြောင့် ဒေါသဖြစ်လျှင် ချက်ချင်း ထိုဒေါသစိတ်ကို ထုတ်ပစ်လိုက်ပါသည်။ ငရဲသို့ကျရောက်မည်ကိုတော့ ကျွန်ုပ်တကယ်ကြောက်မိပါသည်။ ငရဲသို့ကျရောက်သွားပါက အကုသိုလ်ကံတွေမကုန်မချင်း ငရဲပြည်၌ နှစ်ပေါင်းများစွာဒုက္ခခံစားနေရမည် ဖြစ်ပါသည်။ ယခုဝိပဿနာဘာရားအလုပ်ကိုလုပ်ခဲ့ခြင်းမှာလည်း ငရဲကျရောက်မည်ကို စိုးရိမ်မိပြီး နိဗ္ဗာန်ချမ်းသာကိုရောက်လိုသောသစ္စာသိဖြင့်သိပြီးလုပ်ခဲ့ခြင်းဖြစ်ပါသည်။ တကယ်တရားအလုပ်ကိုလုပ်ပြီဆိုတော့လည်း မတရားအလုပ်ကိုလုံးဝလုပ်ချင်သောစိတ်ဆန္ဒမရှိတော့ပါ။

အလှူအိမ်၌လည်းကောင်း၊ မိမိ၏အိမ်၌လည်းကောင်း၊ စားသောက်သည့်အခါ သတိနှင့်စားပါသည်။ တဏှာလောဘနှင့်စားမိသွားမည်ကို စိုးရိမ်မိပါသည်။ ဟင်းဖတ်ကြီးကြီးရွေးပြီး ဆယ်ယူစားမိလျှင် လောဘတဏှာနှင့်စားမိမည်ကို စိုးရိမ်မိခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကုသိုလ်စိတ်လည်း အစားအသောက်စားရာ၌ပင် သတိနှင့်စားမိပါသည်။ ဝိပဿနာတရားအလုပ်ကာလည်း မိမိ၏စိတ်ကို အမြဲသတိနှင့်အကဲခတ်နေရသည့်တရားအလုပ် ဖြစ်ပါသည်။ ဝိပဿနာတရားမလုပ်မီကထိုသတိတရားတွေမရှိခဲ့ပါ။ မောဟနှင့်နေအိုလျှင်လည်း မောဟစိတ်ကိုချက်ချင်းသိလိုက်ပါသည်။ ကုသိုလ်စိတ်လည်းမဟုတ်၊ အကုသိုလ်စိတ်လည်းမဟုတ်၊ ဟိုတွေးဒီတွေးဖြင့်နေခဲ့မိသည်။ ထိုမောဟစိတ်ကို ချက်ချင်းထုတ်ပစ်ခဲ့သဖြင့် အနိစ္စကိုလည်း ရှုမှတ်တတ်နေပါသည်။ ခန္ဓာကိုယ်ကြီးက ဖြစ်ခြင်းနှင့် ပျက်ခြင်းမှတစ်ပါး ဘာမှမရှိသည်ကိုလည်း ယုံယုံကြည်ကြည်နှင့် ရှုမြင်တတ်နိုင်ခဲ့ပါသည်။

တစ်ခါတစ်ရံ ကျွန်ုပ်သည် ဝိပဿနာတရားအလုပ်ကိုမလုပ်မီကျော်ဖြတ်ခဲ့ရသည့်အတိတ်ဘဝကိုပြန်လည်စဉ်းစားဆင်ခြင်မိသည့်အခါ အဝိဇ္ဇာသခါရအလုပ်တွေကိုသာလုပ်ခဲ့မိကြောင်း တွေ့ရပါသည်။ မသိဘဲလုပ်နေတာက အဝိဇ္ဇာဦးစီးပြီးလုပ်ခြင်းဖြစ်ပြီး သိပြီးလုပ်နေမိတာက တဏှာဦးစီးလုပ်နေခြင်း ဖြစ်ကြောင်းကို ဆရာတော်ဒေါက်တာနန္ဒမာလာဘိစံသ၏တရားကို နာကြားရသည့်အခါ ကျွန်ုပ်သည် ဝိပဿနာတရားအလုပ်ကိုမလုပ်မီက ထိုနှစ်ခုစလုံးကိုလုပ်ခဲ့မိကြောင်း ဆင်ခြင်သုံးသပ်မိပါသည်။ ယခု ထိုအဝိဇ္ဇာသခါရအလုပ်တွေကို သမ္မာဒိဋ္ဌိအမြင်နှင့် ကောင်းစွာသိမြင်လို့နေပါပြီ။ တရားအလုပ်မလုပ်ဘဲ မတရားအလုပ်လုပ်နေခြင်းက လူမိုက်အလုပ်ဖြစ်ကြောင်း မိုးကုတ်ဆရာတော်ဘုရားကြီး၏ လူမိုက်နှင့်လူလိမ္မာကွာခြားပုံတရားတော်ကို နာယူမှတ်သားခဲ့မိသဖြင့် မိမိကိုယ်မိမိသုံးသပ်ခဲ့မိပါသည်။ ဝိပဿနာအလုပ်သည် ပညာမဂ္ဂင်ကို အသုံးချလုပ်ရကြောင်း ကောင်းစွာသဘောပေါက် နားလည်ခဲ့မိပါသည်။

ကျွန်ုပ်တို့သည် အတိတ်ဘဝကလည်း အဝိဇ္ဇာနှင့် တဏှာကို မပယ်သတ်နိုင်ခဲ့လို့ ယခုဘဝ ဒုက္ခသစ္စာဆိုသည့် လက်ရှိဘဝခန္ဓာကိုယ်ကြီးကိုရခဲ့ပါသည်။ သစ္စာတရားမသိလို့ ယခုပစ္စုပ္ပန်ဘဝ၌ မဂ္ဂင်ဖြစ်ရိယအကျင့်ကို မကျင့်ခဲ့ပါက အနာဂတ်ဘဝ၌လည်း ဒုက္ခသစ္စာဆိုသည့် ဘဝခန္ဓာကြီးကိုပြန်ရဦးမှာပဲဖြစ်ပါ

ဖောင်ဖောင်အောင်မင်း

(ဘာသာပြန်)

ခန္ဓာကို ယထာဘူတဉာဏ်နှင့်ကြည့်ပံခြင်း

သူရဿတ္ထဂြိုဟ်
(ပုဂံခေတ် အဝတွဲ(၁၂)ထပ်မှတဲ့(ပ))

www.burmeseclassic.com

www.burmeseclassic.com

သည်။ ဘဝခန္ဓာသံသရာစက်ဝန်းကြီးထဲက ဘယ်လိုမှလွတ်မြောက်နိုင်တော့မည်မဟုတ်ပါ။ သံသရာလည်ပြီးရင်းလည်နေကြမည်ပဲဖြစ်ပါသည်။

နွေစဉ် တရားမထိုင်မီ ငါသည် မုချသေရမည်၊ အချိန်ပိုင်းသာလိုတော့သည်ဟုဆိုနေရသဖြင့် ကျွန်ုပ်သည် မိမိကိုယ် မိမိ အမှန်တကယ်သေဖို့က အချိန်ပိုင်းသာလိုတော့သည်ဟု ယုံကြည်လျက်ရှိပါသည်။ အသက်ကို ဉာဏ်စောင့်ဆိုသည့်စကားနှင့်အညီနေထိုင်ခဲ့လို့ ယခုအသက် (၇၀) ကျော် နေထိုင်ခဲ့ရပြီးဖြစ်ပါသည်။ လူဘဝသက်တမ်းကို (၇၅)နှစ်သတ်မှတ်ထားသဖြင့် သက်တမ်းအရဆိုရပါလျှင် သတ်မှတ်သက်တမ်းပြည့်နေပြီဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်ကျွန်ုပ် မကြာမီ လူ့လောကကြီးက ထွက်ခွာသွားရန်နီးနေပြီဟု အမြဲဆင်ခြင်နေမိပါသည်။ လက်ရှိ မိမိနှင့်အတူ နေထိုင်လျက်ရှိနေသည့် မိသားစု၊ မိတ်ဆွေအပေါင်းအသင်းသူငယ်ချင်းများနှင့် သက်ရှိ၊ သက်မဲ့အရာအားလုံးကို ခွဲခွာစွန့်လွှတ်ပြီး နောက်ထပ်ဘဝခန္ဓာတစ်ခုကိုရရှိသွားမှာဖြစ်ပါသည်။ထိုအဖြစ်ကို ဘုရားပေးသောယထာဘူတဉာဏ် ဖြင့်သိမြင်နေခြင်း ဖြစ်ပါသည်။

ယခု ကျွန်ုပ်သည် အိုခြင်းတရားနှင့်လည်း ရင်ဆိုင်နေရပါပြီ။ အိုခြင်းတရားနှင့်အတူ နာခြင်းတရားကလည်း အပြိုင်အဆိုင် ရင်ဆိုင်လို့နေရပါပြီ။ မကြာမီ အိုခြင်းတရားနှင့် နာခြင်းတရားကို သေခြင်းတရားက စိုးမိုးအနိုင်ယူသွားမည် ဖြစ်ပါသည်။ ဇာတိရှိလျှင် ဇရာ၊ မရဏာက အလိုလိုဒွန်တွဲပါလာပြီမဟုတ်ပါလား။ မွေးလာကတည်းက မိနစ်မခြား၊ စက္ကန့်မခြား မရဏာမှတ်တိုင်ကိုသွားလျက်ရှိနေသည်မှာ နှစ်ပေါင်းခုနစ်ဆယ်ကျော်လာခဲ့ပြီမို့ မရဏာမှတ်တိုင်သို့ ရောက်လုနီးနေပါပြီ။

ထိုသို့သိနေရသည်မှာ သူများပါးစပ်ပြောဖြင့်သိခဲ့ခြင်းမဟုတ်ပါ။ တရားများများနာခဲ့ရသောကြောင့် သိနေခြင်းဖြစ်ပါသည်။ ကိုယ်တိုင်ကျင့်ကြံပွားများအားထုတ်၍ သိလာခဲ့ရသောသစ္စာသိဖြစ်ပါသည်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဆိုသည့် ဘုရားဟောကြားခဲ့သော ပညာမဂ္ဂင်နှစ်ပါးကြောင့် သိခဲ့ရခြင်းပဲ ဖြစ်ပါသည်။ တရားသင်္ချည်ကြာလာခဲ့သည့်အတွက် သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုသောသံမာဓိမဂ္ဂင်(၃)ပါးကလည်း အထိုက်အလျောက် ပညာမဂ္ဂင်(၂)ပါးနောက်သို့လိုက်ခဲ့ပြီး ဖြစ်ပါသည်။ ယခု ကျွန်ုပ်သည် ဥပုသ်နေ့တိုင်း ဥပုသ်စောင့်ခဲ့ပြီး ငါးပါးသီလကိုလည်း နေ့စဉ်မပျက်ရလေအောင် ကံငါးပါးကိုလုံအောင်သတိတရားနှင့် ထိန်းကျောင်းနေထိုင်တတ်လာပါပြီ။ စင်ကြယ်သည့် သီလဆိုသည့် သီလဝိသုဒ္ဓိဖြစ်အောင်လည်း ထိန်းသိမ်းနိုင်အောင် ကြိုးစားနေမိပါသည်။

ကျွန်ုပ်၏ ဦးခေါင်းၨ အနည်းငယ်ဖြူနေသောဆံပင်ကို အမြဲညှပ်နေသည့် ဆံသဆိုင်မှ ဆံပင်ညှပ်ဆရာ ဦးဉာဏ်မြင့်မှ ဆံပင်သွားညှပ်လျှင် အခကြေးငွေ မယူဘဲ ဆံပင်အနက်ဆေးဆိုးပေးမည်ဟု ဆိုပါသည်။ ကျွန်ုပ်က ပိုက်ဆံနှမြောလို့မဟုတ်ကြောင်း၊ သဘာဝအလျောက် ဖြူလာနေသည့် ဆံပင်ကို ဆေးဆိုးလျှင် သေမင်းကိုလိမ်ရာရောက်ကြောင်းနှင့် လူပတ်ဝန်းကျင်ကိုလည်း လိမ်လည်ရာရောက်ကြောင်း ရှင်းပြခဲ့ပါသည်။ ကျွန်ုပ်၏အိမ်ရှင်မကလည်း ကျွန်ုပ်၏ဆံပင်ကို ဆေးဆိုးပေးမည်ဟုဆိုရာ ကျွန်ုပ်လက်မခံခဲ့ပါ။

ကျွန်ုပ်သည် အပါယ်ငရဲကျမှာကို တော့အလွန်ကြောက်မိပါသည်။ သိပ်ကြောက်နေမိခြင်း ဖြစ်ပါသည်။ သောတာပန်တည်လျှင် အပါယ်ငရဲမကျရောက်နိုင်တော့ကြောင်း သိရသဖြင့် သောတာပန်တော့တည်ချင်မိပါသည်။ အပါယ်ငရဲသို့ ကျရောက်သွားပါက ဒယ်အိုးထဲ ငရဲသက်တမ်းမကုန်မချင်း ထွက်နိုင်တော့မည်မဟုတ်ပါ။ ဒယ်အိုးဆရာတော်၏တရားများကို နာကြားခဲ့ရ၍ ငရဲကိုအလွန်ကြောက်နေမိပါသည်။ ထို့ကြောင့် တရားအလုပ်ကိုလုပ်နေမှတော့ မတရားအလုပ်ကိုလုပ်ရန် လုံးဝစိတ်ထဲမရှိတော့ပါ။ မကြာမီ တောင်ဆွယ်နေကွယ်ရတော့မည်။ ကျန်ရှိနေသည့် အခိုက်အတန့်ဘဝလေးၨ မေတ္တာတရားပွားများပြီး ဝိပဿနာတရားအလုပ်နှင့် ဘဝနေဝင်ချိန်ကို အဆုံးသတ်သွားရန် ခိုင်မာသည့်ဆုံးဖြတ်ချက်ကိုလည်း လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုကတည်းက ဆုံးဖြတ်ပြီး ဖြစ်ပါသည်။

သံသရာမှလွတ်မြောက်ဖို့နှင့် သုံးဆယ့်တစ်ဘုံမှလွတ်မြောက်ဖို့က ဝိပဿနာဘာဝနာတရားအလုပ်ကသာ တစ်ခုတည်းသော မဂ္ဂင်လမ်းဖြောင့်ကြောင်းထွက်ရာပေါက်လမ်းဖြစ်ပါသည်။ နိဗ္ဗာန်လမ်းသည် ဒုက္ခခပ်သိမ်းချုပ်ငြိမ်းသည့်လမ်းဖြစ်ပါသည်။ အသက် (၇၀) ကျော်နေခဲ့ရသည့်ကာလအတွင်း ခန္ဓာဒုက္ခလောက်ဘယ်ဒုက္ခကမှမကြီးကြောင်းကိုလည်း ယထာဘူတဉာဏ်ဖြင့် သိမြင်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

ဘဝခန္ဓာကြီးရရှိနေသမျှ ဇာတိ၊ ဇရာ၊ မရဏာက ဘယ်လိုမှကျော်ဖြတ်နိုင်စရာ လုံးဝမရှိပါ။ အိုခြင်း၊ နာခြင်း၊ သေခြင်းနှင့်သာ မလွဲမသွေရင်ဆိုင်နေကြရမည်ဖြစ်ပါသည်။ ယခု စာရေးနေသူ ကျွန်ုပ်သည် ဇရာက စက္ကန့်မခြားနှိပ်စက်ခဲ့လို့ အိုခြင်းကိုလက်ဝယ်ပိုင်ပိုင်ရရှိထားနေပြီး ဖြစ်ပါသည်။ ထိုအိုခြင်းနောက်သို့ နာခြင်းကလည်း ထက်ကြပ်မကာလိုက်ခဲ့လို့ ခန္ဓာကိုယ်ကြီးတစ်ခုလုံးကို အိုခြင်းနှင့် နာခြင်းတို့က စစ်တလင်းခင်းလို့နေပါပြီ။

ဇာတိ ဆိုသည့် ဒုက္ခသစ္စာဆင်းရဲခြင်းအမှန်ခန္ဓာကြီးကို ယထာဘူတဉာဏ်နှင့်ကြည့်လျှင် ဇာတိရရှိနေသမျှ ဇရာ၊ မရဏာကို ဘယ်လိုမှ ရှောင်လွှဲလို့မရနိုင်ပါ။ အိုခြင်းဆိုး၊ နာခြင်းဆိုး၊ သေခြင်းဆိုးများနှင့်သာနေကြရပြီး မွေးလိုက်သေလိုက်၊ သေလိုက်မွေးလိုက်ဖြင့်သာ သံသရာရေလျှဉ်ကြောမှာ မျောလိုက်မြုပ်လိုက်ဖြင့် သံသရာလည်ပြီးနေသွားရမည်သာ ဖြစ်ပါသည်။ ယခု ကျွန်ုပ်သည် ပင်လျှင် ဇရာက နှိပ်စက်နေလို့ အိုခြင်းဆိုးအခြေအနေသို့ရောက်ရှိလို့နေပါပြီ။ နာခြင်းဆိုးကလည်း အိုခြင်းဆိုးနှင့် အပြိုင် သူနိုင်ကိုယ်နိုင်အပြိုင်ကြလို့ ခန္ဓာကိုယ်ကြီးကို နှိပ်စက်နေပါပြီ။ မျက်လုံးနှစ်လုံးခွဲစိတ်ကုသခဲ့ရမှုအပါအဝင် (၈) ကြိမ်တိတိ ခွဲစိတ်ကုသခံခဲ့ရပါသည်။ မရဏာတောင်ကို အကြိမ်ကြိမ်ကျော်ဖြတ်နိုင်ခဲ့လို့ မိမိကိုယ်မိမိသေနေ့မစေ့သေးလို့ဟု အံတွေးရောက်ခဲ့မိသော်လည်း ယခုအသက် (၇၀) ကျော်အရွယ်ဆိုသည်က အိုမင်းရင့်ရော်နေသည့် ဇရာအိုအရွယ်ဖြစ်နေပါပြီ။ အသက် (၇၅) နှစ်သက်တမ်းဆိုသည်က လူဘဝသက်တမ်းသတ်မှတ်ထားသည့်အတွက် သက်တမ်းကုန်နေပါပြီ။ အိုပယ်ဘဝကိုလည်းရောက်ရှိနေပါပြီ။

ဝိပဿနာဉာဏ်နှင့် ဆင်ခြင်ကြည့်ပါက ခန္ဓာငါးပါး ရုပ်တရား၊ နာမ်တရားတို့ကို သခ်ါရအနိစ္စကစက္ကန့်မခြားနှိပ်စက်ထားလို့ အိုမင်းရင့်ရော်နေရခြင်းပဲမဟုတ်ပါလား။ သေမင်းနှင့်တူသည့် စစ်သူကြီးက ယာလည်းသတ်၊ ကြက်လည်းဖမ်းဆိုသည့်အချိန်အခါကို မျက်လုံးဒေါက်ထောက်ပြီးကြည့်လို့နေပါပြီ။ အိုခြင်းဆိုး၊ နာခြင်းဆိုးတို့က ခန္ဓာကိုယ်တစ်ခုလုံးကို နှိပ်စက်လို့နေပါပြီ။ ထိုင်လိုက်တိုင်း နှူတ်မှကျွတ်ကျွတ်၊ ထလိုက်တိုင်းကျွတ်ကျွတ်ဟူမြည်ကွန်တောက်တီးလို့နေရပါပြီ။ မကြာမီ အိပ်ရာထဲလဲပြီး ဧကျောနှင့်အိပ်ရာခွာမရနိုင်တော့သည့်

www.burmeseclassic.com

www.burmeseclassic.com

ဆလိုင်းဌွန်သိန်း(ရမည်းသင်း)
ကျွန်တော်နဲ့ဝက်ခြေးပန်

သတ္တဝါရယ်လို့ဖြစ်လာကြရင် တံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် တစ်ခု မဟုတ်တစ်ခု ရောဂါတွေဖြစ်တတ်ကြ ပါတယ်။ လူတွေကတော့ ရောဂါထွေ အများဆုံးဖြစ်ကြရတာပဲ။ ရှေးရှေးတုန်း ကလူကြီးတွေက ,သူတို့ကိုသွားကန်တော့ ရင် (၉၆) ပါးရောဂါတွေကင်းဝေးကြပါ စေလို့ဆုပေးတတ်ကြတယ်။ အခုခေတ် မှာတော့ ရောဂါတွေက (၉၆) ပါးမက တော့ဘူး (၁၀၀) ကျော်သွားပြီ။ ဖြစ်ပြီး ရင် ပျက်တယ်ဆိုတဲ့စကားက သိပ်မှန်ပါ တယ်။ ဘာတစ်ခုမှမမြဲပါဘူး။ လူတွေ ကတော့ မစ္စည်းထွေပျက်ရင် ပြင်လို့ရ တာကြုံဖူးတော့ မိမိမှာရောဂါဖြစ်လို့ တစ်ခုခုချို့ယွင်းသွားရင်ပြင်လို့ရလိုရငြား ပြင်ကြည့်ကြတာပေါ့။ အနာသီရင် ဆေး ရှိတယ်လို့ပြောကြတာကိုး ဆရာဝန်ဆီ သွားတာပေါ့။ ဆရာဝန်ကလည်း ရောဂါ စစ်ဆေးပြီး သင့်တော်တဲ့ဆေးနဲ့ကုတာ ပေါ့။ အနောက်တိုင်းဆရာဝန်တွေက လည်း အနောက်တိုင်းဆေးတွေနဲ့ ကုသ လို့၊ ခွဲစိတ်ဖို့လိုအပ်ရင်လည်း ခွဲစိတ်ပြီးကု ကြပါတယ်။ မြန်မာတိုင်းရင်းသမားတော် ကြီးတွေကလည်း နွယ်မြက်သစ်ပင်ဆေး ဖက်ဝင်တယ်ဆိုပြီး ဆေးတွေဖော်ပြီး ကုကြပါတယ်။ တချို့ရောဂါတွေက ကုလို့မရပါဘူး။ တဲ့ချို့ရောဂါတွေက တော့ သက်သာ ပျောက်ကင်းသွားပါ တယ်။ တချို့ရောဂါတွေကတော့ အစားအသောက်အနေအထိုင်ဆင်ခြင် ရင်သက်သာပြီး အစားမှားအနေမှားတာ နဲ့ ရောဂါတွေပြန်ဖြစ်တတ်ပါတယ်။

အဲဒီလိုရောဂါတွေထဲမှာ ဆီးချို ရောဂါလည်း တစ်ခုအပါအဝင်ဖြစ်ပါ တယ်။ ဆီးချိုရောဂါဖြစ်ပြီဆိုရင် ပျောက် ဖို့ရာအတော်ခဲယဉ်းပါတယ်။ ကြာတော့ လူတွေကလည်း အစားအသောက် မရှောင်နိုင်ကြတော့ဘူး။ ရောဂါဖြစ် တော့ တာပဲပေါ့။ ဆီးချိုရောဂါဖြစ်ရင် တော်တော်ဒုက္ခရောက်ပါတယ်။ တချို့ က တစ်ကိုယ်လုံးနေရာအနှံ့ယားလာတတ် တယ်။ ခြေင်းတွေလေးလာတယ်။ ဇက် ကြောတွေတင်းလာတယ်။ အနာဖြစ်ရင် လည်း တော်တော်နဲ့မပျောက်တော့ဘူး။ အချို့အဆိမ့်တွေလည်း မတည့်ဘူး။ ထမင်းတောင်များများစားလို့မရဘူး။

ကျွန်တော်တို့အမေက ရောဂါတွေ စုံပါတယ်။ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ တွေရှိပါတယ်။ နှလုံးရောဂါကြောင့် မန္တလေးဆေးရုံမှာ တက်ရောက်ကုသ ရပါတယ်။ အဆင်မပြေချင်တော့ ဆေး ထိုးတဲ့တင်ပါးမှာ အနာဖြစ်ပါတယ်။ ပြည်စုနာဖြစ်တာလို့ပြောပါတယ်။ ခွဲစိတ် ကုသမှုပျောက်မှာမို့ ခွဲစိပ်ဖို့စိစဉ်ပါတယ်။ ခွဲခါနီးမှာ ဆီးချိုစစ်ရတာမို့ ဆီးစစ်တဲ့ အခါမှာ ဆီးချိုတက်နေတာမို့ မခွဲဖြစ် ပြန်ပါဘူး။ ဒီလိုနဲ့ သုံးကြိမ်တိုင်တိုင် မခွဲ ဖြစ်ဘဲဖြစ်နေပါတယ်။

တစ်နေ့တော့ အမေ့ခုတင်နားက လူနာကိုလာမေးတဲ့ တောကဦးကြီးတစ် ယောက်က ဆီးချိုအတွက် ဆေးနည်း ပေးသွားပါတယ်။ တောထဲမှာအလေ့ ကျပေါက်တဲ့ ဝက်ခြေးပန်းပင်ကို ရေဆေး ပြီး ပဉ္စငါးပါးကို သုံးခွက်တစ်ခွက်တင် ကျိုသောက်ရမယ်လို့ ပြောပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ဝက်ခြံးပန်းပင်ရအောင် ရှာပြီး အမေ့ကိုဆေးတိုက်လိုက်ပါတယ်။ နောက်တစ်နေ့ ဆီးချိုလာတိုင်းတော့ ဆီးချိုပုံမှန်အတိုင်းဖြစ်သွားပြီမို့ အဲဒီနေ့ မှာပဲ အမေ့ရဲ့တင်ပါးကအနာကို ခွဲစိတ် ကုသပါတယ်။ ကျွန်တော်လည်း နေ့တိုင်း ဝက်ခြေးပန်းပင်ကို ကျိုပြီးတိုက်ပါတယ်။

ဝက်ခြံးပန်းပင်ကို တချို့ဒေသတွေ မှာ တံမြက်စည်းပင်လို့ ခေါ်ကြပါတယ်။ အရွက်တွေကြွေသွားရင် အပင်က တံမြက် စည်းလှည်းလို့ရပါတယ်။ နေရာတိုင်း အရပ်ဒေသတိုင်းမှာရှိပါတယ်။ မြန်မာ ပြည်မှာတော့ ပေါများတဲ့အပင်ပါပဲ။ စကားစပ်မိလို့ အင်္ဂလန်မှာ ဆေးကုသွား တဲ့အရာရှိကြီး တစ်ယောက်နဲ့ တွေ့ဖူးပါ တယ်။ အင်္ဂလန်မှာ ပူအိုက်စွတ်စိုတဲ့ ရာသီ ဥတုဖန်တီးပြီး ဝက်ခြေးပန်းပင်ကို စိုက်ရတယ်လို့ပြောပါတယ်။ ဆီးချို အတွက် ဆေးဖော်စပ်တဲ့အခါမှာ အဓိက အသုံးပြုရတယ်လို့ပြောပါတယ်။

မနှစ်ကပေါ့။ ကျွန်တော့်ညီက အသက် (၆၃) နှစ်ရှိပြီ။ သူက အမေ့ဆီ က ဆီးချိုရောဂါအမွေရတယ်။ သူမှာ ဆီးချိုရောဂါရှိတယ်။ သူက (ဟာနီယာ) အူကျတဲ့ရောဂါရှိတယ်။ ဆပ်ပယ်အိတ် ထဲကိုအူကဆင်းလာတာ။ ဒီရောဂါကုသ ပါတယ်။ ခွဲစိတ်ဖို့စီစဉ်ပေမယ့် ဆီးချို တက်နေလို့ မခွဲစိတ်ရဘဲ စောင့်နေရပါ တယ်။ ကျွန်တော့်ဆီဖုန်းဆက်လို့ လိုက် သွားပြီး အမေ့တုန်းကလိုပဲ ဝက်ခြေးပန် ပင်ကို သုံးခွက်တစ်ခွက်ကင်ကျိုတိုက် လိုက်ပါတယ်။ နောက်တစ်နေ့မှာ ဆီးချို ကျသွားပါပြီ။ ပုံမှန်ဖြစ်သွားပြီမို့ ခွဲစိတ် ကုသမှုအောင်မြင်သွားပါတယ်။ ဒီဆီးချို ရောဂါနဲ့ ဒီဆေးနည်းတိုက ကျွန်တော့် ရဲ့လက်တွေ့ကုထုံးပါပဲ။ ဒီဆေးနည်း အတိုင်း ပုံမှန်သောက်သွားပြီး အစား အသောက် အနေအထိုင် ဆင်ခြင်ရင် ဆီးချိုရောဂါပျောက်ကင်းသွားနိုင်ပါ တယ်။ ကျွန်တော်နဲ့တွေ့သမျှ ဆီးချို ရောဂါသည်တွေတော့ ဒီဆေးနည်းနဲ့ သက်သာသွားကြပါတယ်။ စိတ်ချလက်ချ သုံးကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

ကိုယ်စိတ်နှစ်ပါးချမ်းသာပါစေ

ဆလိုင်းဌွန်သိန်း(ရမည်းသင်း)

ပက်လက်အနေအထားရောက်မည်ကိုလဲ ကြိုသိလို့နေပါပြီ။ အိုခြင်းဆိုးနှင့် နာခြင်း ဆိုးတို့ စစ်တလင်းခင်းလို့ အပြိုင်ကြပြီး ပါက စစ်သူကြီးနှင့်တူသည့်သေခြင်းဆိုး က ခန္ဓာကြီးကို မပင်မပန်းဘဲ ဝါးမျိုစား သွားမှာပဲဖြစ်ပါသည်။ နိဗ္ဗာန်ချမ်းသာ သို့မရောက်နိုင်သေးသမျှ ကျွန်ုပ်တို့အား လုံး ထိုကဲ့သို့ မုန့်လုံးစက္ကူကဲ့သို့ ဖြစ်ရ သံသရာလည်လို့နေကြရမည်သာ။

ထို့ကြောင့် ကျွန်ုပ်တို့အားလုံး သံသရာအဆက်ဆက် သေမင်း၏ ဝါးမျိုခြင်းကိုခံသွားမလား၊ သေမင်းလက်မှ လွတ်သည့် နိဗ္ဗာန်ချမ်းသာကို ဝိပဿနာ ဘာဝနာတရားတို့ အားထုတ်ပွားများပြီး အရောက်သွားမလားဆိုသည်ကိုစဉ်းစား ကြရပါမည်။

မိုးကုတ်ဆရာတော်ဘုရားကြီးက တော့ ကိုယ်အသေလွတ်မည့်ကိစ္စကိုမှ ကြိုးစားအားမထုတ်လျှင် သေခြင်းဆိုး နှင့်သာ အမြဲသေသွားဖို့ရှိတော့သည်ဟု ဟောကြားဆုံးမသွားခဲ့သည်ကို နာကြား ခဲ့ရပါသည်။ သို့ပါ၍ ကျွန်ုပ်တို့အားလုံး မိမိကိုယ်မိမိ သနားကြလျှင်ဖြင့် သေ မင်းလက်က အမြဲလွတ်ရလေအောင် ရုပ်နာမ်ဓမ္မသဘါရချုပ်ငြိမ်းရာ ဒုက္ခခပ် သိမ်းချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်ရှိပြီး တည်ရှိချမ်းသာသုခနှင့်နေ နိုင်မည့်မဂ္ဂင်ဗြဟ္မစရိယအကျင့်ကို ကျင့်ကြံ ပွားများကာအားထုတ်သင့်လှပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

ငါသည် မုချသေရမည်၊
အချိန်ပိုင်းသာလျှင်ရှိတော့သည်
မောင်မောင်အောင်မင်း(ဒဿနိက)

www.burmeseclassic.com

www.burmeseclassic.com

ရွှေနတ်တောင်စေတီတော်သည် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် တည်ရှိပါသည်။ ရန်ကုန်-ပြည်မော်တော်ကားလမ်းမှ ကျီးသဲ - ညောင်စာရေးသွားမော်တော်ကားလမ်းအတိုင်းဝင်ရောက်ပြီး လမ်းဆုံသို့ရောက်လျှင် ရွှေနတ်တောင်စေတီသို့သွား မော်တော်ယာဉ်လမ်းအတိုင်း သွားရောက်ပါက ဒေဝါဂိရိတောင်ထိပ်တွင် တည်ရှိပါသည်။ ပထဝီဝင်အရ အရှေ့လောင်ကျိုက္ခ (၉၅) ဒီဂရီ (၁၂) မိနစ်၊ မြောက်လတ္တီကျူ (၁၈)ဒီဂရီ (၃၇) မိနစ်တွင်ရှိပြီး ရွှေတောင်မြို့မှ (၄) မိုင်ခန့် ကွာဝေးပါသည်။

စာရေးသူ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလက ရောက်ရှိခဲ့ပြီး ရွှေနတ်တောင်စေတီဂေါပကအဖွဲ့နှင့် တွေ့ဆုံခဲ့ပြီး စေတီတော်၏သမိုင်းကို ရေးသားခွင့်ပြုပါရန် တောင်းဆိုခဲ့ပြီး ခွင့်ပြုချက်အရ ရွှေနတ်တောင်စေတီတော်သို့ မရောက်ရှိကြသောဘုရားဖူးများအတွက် ရေးသားလိုက်ရပါသည်။

၁။ စေတီတော်၏ သမိုင်းစဉ်မှာ ဗုဒ္ဓရုပ်ပွားတော် နမ်းတရွှေနတ်ရုပ်ကို အပေါ်မှ ဖုံးလွှမ်းခြုံ(ဌာပနာ)၍ တည်ထားခြင်း ဥဒ္ဒိဿကစေတီအဖြစ်ပူဇော်ခြင်း။

၂။ သရေခေတ္တရာခေတ် ဒွတ္တဘောင်မင်းလက်ထက်တွင် မာတ်တော် (၁၈၂) ဆူကို ဌာပနာခဲ့ခြင်း၊ ရွှေတောင်မြို့ မန္တလေးကျောင်းဆရာတော်က စိန်ဖူးတော်တွင် မာတ်တော်များထည့်သွင်း၍ မာတုစေတီပူဇော်ခြင်း။

၃။ ၁၉၄၈ ခုနှစ်တွင် စေတီလုံးတော်တွင် ကြေးပြားသင်္ကန်းချပ်များကပ်လှူရာတွင် ကြေးပြားများ၏ နောက်

ဝိုးရာဇာကျော်
ရွှေနတ်တောင်စေတီ



စိန်ဖူးနှစ်ထပ် ရွှေနတ်တောင်စေတီတော်

စောင်းတန်းနှင့် ဓာတ်လှေကား



အာရုံခံတန်ဆောင်းအတွင်းမှရုပ်ပွားတော်

www.burmeseclassic.com

www.burmeseclassic.com

အောရံခံတန်ဆောင်းများမှ ဗုဒ္ဓရုပ်ပွားတော်များ

စေတီတော်၏ကုန်းတော်မှ ဝင်္ကပါဝရုဝ်ကြီး

ရင်ပြင်တော်ရှိ ခေါင်းလောင်းများ

ကျောဘက်တွင် ဝဋ္ဋသုတ်ပရိတ်၊ မောရသုတ်ပရိတ် စသော ဝိဋ္ဌကတ်စာပေများ ရေးသား၍ ဓမ္မစေတီအဖြစ်ပူဇော်ခြင်း တို့ဖြင့် စေတီသုံးမျိုးပူဇော်ခြင်း ဖြစ်ပါသည်။

မရွိမဒေသတွင် ဦးစွာမင်းပြုတော်မူသော မဟာသမ္မတမင်းမှ (၂၈) ဆက်မြောက်သော အစ္စိမမင်းလက်ထက် ခါဝယ် အဂ္ဂမဟေသီမိဖုရားကြီးမှ သူရတပဟူသော သားတော်တစ်ပါးမွေးဖွားလာခဲ့သည်။ သူရတပမင်းသားသည် တောကစားထွက်ရန်အတွက် ဝိဇ္ဇာဥဒိတော

ရွှေနှတ်တောင် တောင်ဝိုင်ဘိုးဘိုးကြီး

ရင်ပြင်တော်ရှိ ခေါင်းလောင်းများ

www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်တော်ရှိ ခေါင်းလောင်းများ

ရွှေဟောင်းအလှူခံ မြွေသေတ္တာ



ရွှေဟောင်းအလှူခံ ဟားသေတ္တာ



စောင်းတန်းစကြံ့လမ်း

အုပ်သို့ရောက်ရှိခဲ့ပြီး ထိုတောအုပ်မှနေ၍ ကဠနာဂီရိတောင်ကို လှမ်းမြင်ရပြီး ကျက်စားနေထိုင်ကြသော ကျေးငှက်သာရကာတို့နှင့်အတူ သားရဲတိရစ္ဆာန်များကိုတွေ့ရှိရာ အလွန်သာယာသောဤတောကို မစွန့်ခွာနိုင်သည်ကိုတွေ့ရှိရပြီး လူတို့အဖို့တွင် ပို၍ပင်နှစ်သက်နိုင်မည်ဟု ခိုးမွမ်းပြောဆိုခဲ့ပါသည်။ သူ၏တပမင်းသားသည် တောအုပ်အနီးတွင် မြို့ပြတည်ထောင်ရန်အလို့ငှာ ပညာရှိများနှင့်တိုင်ပင်ပြီး ကောင်းမွန်သော အရပ်နေရာကိုရွေးချယ်၍ ကဠနာဂီရိမြို့ကို တည်ထောင်ခဲ့သည်။ တပို့တွဲလသို့ရောက်သောအခါ နက္ခတ်သဘင်ဆင်နွှဲလိုကြောင်း ပညာရှိများကိုတိုင်ပင်ရာ တပေါင်းလမှသာ ကျင်းပပြုလုပ်သင့်သည်ဟုအဆိုအရ ကဠာနာဂီရိမြို့သားအပေါင်းတို့သည် ဒေဝါဂီရိနတ်တောင်သို့ နက္ခတ်သဘင်ပွဲဆင်နွှဲခဲ့ဖြစ်ကြသည်။ ဤသို့ဖြင့် ကဠနာဂီရိမြို့သည် နောင်တွင် ရွှေတောင်မြို့ဖြစ်လာခဲ့ပြီး ဒေဝါဂီရိနတ်တောင်သည် ရွှေနတ်တောင်ဘုရားပွဲဆင်ယင်ကျင်းပလာခဲ့ရာ ယနေ့အချိန်အထိ ဖြစ်ပါသည်။

သူရတပမင်းကြီးသည် သားတော် (၂) ပါး၊ သမီးတော် (၂)ပါးဖွားမြင်ခဲ့ပြီး နောက် မင်းစည်းစိမ်ကို မခံစားလိုဘဲ ရသေ့ပြုကာ ရသေ့တောင်သို့ထွက်ခွာခဲ့ပြီး ထီးနန်းကို သားတော်များသို့လွှဲအပ်ပြီးအုပ်ချုပ်စေခဲ့ရာ (၃၃) ဆက်မြောက် တနလ်ံနံမင်းလက်ထက်တွင် ကဠဂီရိမြို့ကြီးသည် ပျက်စီးသွားခဲ့ပြီး ဇနပုဒ်နိုဂုံးရွာအဖြစ်သို့ ရောက်ရှိခဲ့ရသည်။

ဗုဒ္ဓမြတ်စွာသည် မဟာသက္ကရာဇ် ၁၀၄ ခုနှစ်၊ BC ၅၈၇ တွင် ရွှေဉာဏ်တော်ကွန်ရက်ဖြန့်ရာ ကဠနာဂီရိနိုဂုံးရွာကိုတွေ့မြင်ရပြီး တစ်ပါးတည်းကြွရောက်ခဲ့သည်။ ဤအခါတွင် မြန်မာနိုင်ငံသည် နတ်ကိုးကွယ်သောအယူဝါဒသာကျင့်သုံးသောကာလဖြစ်သဖြင့် နတ်သားအသွင်ဖန်ဆင်းပြီး ကြွရောက်သောအခါ ရွှေနတ်တောင်တွင် သိကြားမင်းဖန်ဆင်းအပ်သောရတနာပလ္လင်တွင် သီတင်းသုံးစံတော်မူ၍ ညချမ်းအခါ နတ်၊ ဗြဟ္မာများကို တရားဟောခဲ့ရာတွင် ရောင်ခြည်တော်ကွန့်မြူးတော်မူရာ တောင်အရပ်ခွင်အားလုံး ရွှေရောင်တောက်ပလင်းထိန်ခဲ့ပါသည်။ နေ့အခါတွင် နိဂုံးရွာသားများလာရောက်ကြသောအခါ သရဏဂုံ (၃) နှင့် ငါးပါးသီလကို စောင့်ထိန်းကြရန် တရားရအောင်တိုက်ကျွေး ဆိုဆုံးမခဲ့သည်ကို အကြောင်းပြုပြီး မြတ်စွာဘုရားကို တောင်စောင့်နတ်ဟု မှတ်ယူကိုးကွယ်ကြပြီး ရွှေနတ်တောင်ဟူ၍ ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။ မြတ်စွာဘုရားသည် ဤတောင်တော်တွင် (၈) ရက်မျှသီတင်းသုံးပြီးနောက် ဝေဠုဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူခဲ့သည်။

ကဠနာဂီရိနိုဂုံးသားတို့သည်ကား မြတ်စွာဘုရား၏ နိမ္မိတရွှေရုပ်နတ်သားအသွင်ထားရှိခဲ့သည်ကို စေတီတော်အဖြစ်ဌာပနာပြီး ဉာဏ်တော် (၇)တောင်ခန့်ရှိ ဥဒ္ဒိဿကစေတီအဖြစ် ကိုးကွယ်ကြသည်။ တည်ဆောက်ပုံမှာ နေ့ဘက်တွင် လူတို့က အုတ်တစ်ထပ်၊ ညအခါတွင် နတ်တို့က အုတ်တစ်ထပ်ဖြင့်တည်ထားခြင်းဖြစ်သည်ဟုအဆိုအရ 'လူနတ်နှစ်လီ တစ်ရစ်စီ စေတီရွှေနတ်တောင်' ဟု သမိုင်းတွင်ခဲ့ပါပေသည်။

သာသနာတော်နှစ် ၁၀၁၊ ဘီစီ ၅ ရာစုခေတ် ဒွတ္တဘောင်မင်းကြီးလက်ထက်တွင် တောင်နန်းမတော်အပိုင်စားရသော ကဠနာဂီရိ(ခေါ်)ရွှေတောင်မြို့သို့ ခရီးထွက်ခဲ့ရာ ရွှေနတ်တောင်ပေါ်သို့ ရောက်ရှိခဲ့ပြီး ဘုရားဒါယကာပြုထိုက်ပါက ဓာတ်တော်မွေတော်များကို ဖူးတွေ့ရပါစေသားဟု အဓိဋ္ဌာန်ပြုရာ ဓာတ်တော်များကြွတက်လာသည်ကိုတွေ့ရှိရပြီး မင်းကြီးက လက်ဖြင့်သုံးသပ်လိုက်ရာဝယ် ဓာတ်တော် (၆) ဆူရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်တော်ကို ရွှေကြုတ်အတွင်းထည့်ထားပူဇော်ခဲ့သည်။

ပိဿနိုးမိဖုရားနှင့်စန္ဒာဒေဝီမိဖုရားတို့သည် ဘုရင်ထံတွင် ဓာတ်တော်များကိုတောင်းခံပြီး နှစ်ပေါင်းများစွာပြုပျက်နေသော လူတစ်ရပ်ခန့်သာရှိပါသော စေတီတော်ကိုပြုပြင်ပြီး ဌာပနာလိုပါကြောင်းလျှောက်ထားကြရာ (၁၅)တောင်အမြင့်အုတ်စေတီတည်ပြီး ဓာတ်တော်များကို ဌာပနာခဲ့ကြသည်။

ဒွတ္တာဘောင်မင်းဆက်မှ သားတော်ရန်ဘောင်မင်းသားလက်ထက်တွင်လည်း ပျက်စီးယိုယွင်းသောစေတီကိုပြုပြင်ခဲ့ကြသည်။ သာသနာတော်နှစ် (၂၃၀)ဖြစ်ပြီး ရန်ဘောင်မင်းမှာ ပါဠိလိပုတ်ပြည့်ရှင် သီရိမဓမ္မာသောကမင်းကြီး၏ နယ်ပယ်တွင်ပါဝင်သဖြင့် သီရိမဓမ္မာသောကမင်းကြီး၏အမိန့်ဖြင့် ပြုပြင်ရသည်။

ကောဇာနှစ် ၆၇၈ နှစ် ပုဂံမင်းဆက်၏(၂၅)ဆက်မြောက်သောစောမွန်နစ်မင်းသည်လည်း ရွှေနှတ်တောင်စေတီကို ပြုပြင်ခဲ့ရသည်။

နရသီဟပတေ့မင်း (တရုတ်ပြေးမင်း) လက်ထက်တွင် ပုသိမ်သို့ ခရီးထွက်ရာမှအပြန်တွင် ရွှေနှတ်တောင်စေတီသို့ ဝင်ရောက်ဖူးမြော်ပြီး ပုဂံသို့ပြန်ရာ ပြည်မြို့တွင် ဝင်ရောက်ရပ်နားစဉ် သားတော်သီဟသူက စားတော်ပွဲကို အဆိပ်ခတ်ပြီး လုပ်ကြံခဲ့သည်။ နရသီဟပတေ့က သားတော်အဆိပ်ခတ်ထားသောပွဲတော်အုပ်ကို မသုံးဆောင်သည်ကို သီဟသူသိရှိသောအခါ စစ်သည်များဝန်းရံလျက် မင်းကြီး၏ဖောင်တော်ကို ဝိုင်းရံထားကြသည်။ ဤအချိန်တွင် မိဖုရားဖွားစောက လက်နက်များဖြင့် သွေးသံရဲရဲသေရခြင်းထက် အဆိပ်ခတ်ထားသောပွဲတော်အုပ်ကို သုံးဆောင်သေရခြင်းကမြတ်ပါသည်လျှောက်ထားရာ နရသီဟပတေ့မင်းသည် မိမိ၏လက်စွပ်တော်ကိုပေးအပ်ပြီး ရွှေနှတ်တောင်စေတီတွင် ပြုပြင်ရေစက်ချပေးပါဟုသားတော်သီဟသူကိုမှာကြားပြီး အဆိပ်ခတ်ပွဲတော်အုပ်ကိုသုံးဆောင်ပြီး နတ်ရွာစံခဲ့ရာ သီဟသူက လက်စွပ်ကိုရောင်းချပြီး စေတီတော်ဉာဏ်တော် (၄၄)တောင်အထိပြုပြင်ခဲ့သည်။

တပင်ရွှေထီးခေတ် ကောဇာနှစ် ၈၉၂ ခုနှစ်တွင် ပြည်မြို့ကိုသိမ်းပိုက်ပြီး ရွှေနှတ်တောင်စေတီကို ပြင်ဆင်၏။ ရွှေသင်္ကန်းကပ်လှူပြီး တပေါင်းပွဲကိုကျင်းပခဲ့သည်။

အင်းဝခေတ် မင်းဆက် (၂၉) ဆက်မြောက် ဟံသာဝတီမင်းလက်ထက် မြောက်နန်းစံမိဖုရားမဟာနန္ဒီအပိုင်စားရသော ရွှေတောင်မြို့တွင် ရွှေနှတ်တောင်စေတီကိုလည်း ပြုပြင်ခဲ့ရပါသည်။

ကုန်းဘောင်ခေတ် ဘိုးတော်ဗဒုံမင်းလက်ထက်တွင် သားတော်မောင်ဒင်္ဂါးကို ရွှေတောင်မြို့ကိုစားစေခဲ့ရာမှ အိမ်ရှေ့မင်းအဖြစ်သို့ရောက်ရှိပြီး ကောဇာနှစ် ၁၁၄၆ ခုနှစ်တွင် ရာဇိုင်ပြည်သို့ သွားရောက်ပြီးအပြန်ခရီးတွင် ရွှေနှတ်တောင်စေတီတော်သို့ရောက်ရှိရာ ကြည်ညိုသဖြင့် စောင်းဓာန်း၊ အာရုံခံတန်ဆောင်းတို့ကို ဆောက်လုပ်ခဲ့ပြန်သည်။ သာယာဝတီမင်းလက်ထက်တွင်လည်း ကျီးသဲရွာကျောင်းဆရာတော် အရှင်လာဘဝရမထေရ်သည် ဒေသဝန်းကျင်ပရိသတ်များကို တရားရေအေးတိုက်ကျွေးပြီး စေတီတော်ကို ကျောက်အင်္ကျီဖြင့်မွမ်းမံပြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခဲ့သည်။ ကုန်းဘောင်မင်းဆက် (၉) ဆက်မြောက် ပုဂံမင်းလက်ထက်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲဖြစ်ပွားပြီး အင်္ဂလိပ်တို့ မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းယူခဲ့ပြီး နယ်နိမိတ်အဖြစ် မြေထဲမြို့ (ယခု အောင်လံမြို့) အဖြစ် သတ်မှတ်ထားရာ မြန်မာနှစ် ၁၂၂၀ ပြည့်နှစ်တွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မိုးကြိုးပစ်ခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး ရွှေနှတ်တောင်စေတီတော်သည် ဌက်ပျောဖူး၊ ဖောင်းရစ်နှင့် ထီးတော်ပါ ပျက်စီးပြီး မြေသို့ခခဲ့ရသည်။ ဤသို့ဖြင့် ရွှေတောင်မြို့သူမြို့သားများကပြန်လည် ပြုပြင်ခဲ့ရာ ဉာဏ်တော် (၅၅) တောင်အထိ ရောက်ရှိခဲ့ရပြန်ပါသည်။ မြန်မာနှစ် ၁၂၅၅ အရောက်တွင်လည်း တပေါင်းလဆို မြောက်ဘက်စောင်းတန်းနှင့်အတူ ဇရပ်များ၊ ပြာသာဒ်များပါ မီးသင့်ခံခဲ့ရသောအခါ ပြန်လည်ပြုပြင်ခဲ့ရပြန်ရာ ပျက်စီးယိုယွင်းမှုအားလုံးကို ပြုပြင်ခဲ့ပြီးရာ ပလ္လင်တော်မှ စိန်ဖူးတော်အထိ (၈၁) တောင်(၁)ထွာရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် (၂၁၄) ပေရှိကြောင်း တိုင်းတာသိရှိခဲ့ရသည်။

မြန်မာနှစ် ၁၂၆၁ ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့တွင် စေတီတော်ကို ထပ်မံတိုးချဲ့မွမ်းမံရာတွင် ရွှေသားအုတ်ချပ် (၅) ချပ်ဖြင့် ပန္နက်တင်မင်္ဂလာပြုပြီး သံဃာတော်များက မင်္ဂလသုတ်၊ မေတ္တာသုတ်၊ ပဋိစ္စသမုပ္ပာဒ်ကျမ်း၊ အာဘိဓမ္မာကျမ်းများကို ရွတ်ဖတ်ပူဇော်ကြပြီး သေနတ်မြင့်သုံးချက်ဖောက်ပူဇော်ကြရာတွင် တောင်တော်မြည်ဟည်းခြင်း၊ စည်မောင်းသံများကြားရခြင်း၊ မိုးသည်းစွာရွာသွန်းခြင်း၊ လျှပ်စစ်မိုးကြိုးများ ကွန့်မြူးခြင်းနှင့် ကောင်းကင်ယံတွင် စိမ်း၊ နီ၊ ဝါ၊ ပြာရောင်စုံဖြာထွက်ပြီး နတ်တကာအပေါင်းတို့ပူဇော်ကြခြင်းဖြစ်ခဲ့ရပါသည်။

မြန်မာနှစ် ၁၂၆၉ ခုနှစ်တွင် ရွှေတောင်မြို့မှ လူကြီးမင်းများနှင့် ဂေါပကအဖွဲ့တို့က ရွှေတောင်မြို့နေပြည်သူများကို ဖိတ်ကြားပြီးနောက် ရင်ပြင်တော်တစ်ခုလုံးအင်္ကျီတခင်းခြင်းနှင့် ဘက်စုံပြုပြင်ခဲ့ရာ မြန်မာနှစ် ၁၂၇၁ ခုနှစ်တွင် စေတီတော်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခဲ့ကြသည်။

ဂျပန်ခေတ် BC ၁၉၄၂ ခုနှစ်တွင် ဂျပန်စစ်က အင်္ဂလိပ်စစ်တပ်ကို တိုက်ခိုက်နှင်ထုတ်ခဲ့ရာ ရွှေတောင်မြို့တွင် တိုက်ပွဲများဖြစ်ပွားခဲ့ရပြီး မြို့ပျက်စီးခဲ့ရာတွင် ရွှေတောင်မြို့မှ ရွှေနှတ်တောင်သို့ စစ်ဘေးခိုလှုံသူများရောက်ရှိခဲ့ရပြီး ပြည်ခရိုင်မှ ဌာနဆိုင်ရာများပင် ရွှေနှတ်တောင်တွင် လာရောက် ရုံးစိုက်ရသည့်အထိ အေးချမ်းသောစစ်ဘေးမဲ့သောတောင်တော်ဖြစ်ခဲ့ရသည်။

BC ၁၉၅၅ ခုနှစ်တွင် ရွှေနှတ်တောင် တောင်တော်ကွဲအက်လာသဖြင့် မန္တလေးမြို့မှ နဂါးဆေးလိပ်ခုံပိုင်ရှင် ဒေါ်ဦး အမှူးပြု၍ ပြည်သူများလှူဒါန်းငွေဖြင့် ဘက်စုံပြုပြင်ခဲ့ရပါသည်။ BC ၁၉၆၁ ခုနှစ်တွင် ယိုယွင်းနေသော ထီးတော်ကို အသစ်လှူဒါန်းရာ ၂၈-၂-၁၉၆၁ ရက်နေ့တွင် ပူဇော်နိုင်ခဲ့ပါသည်။

မြန်မာနှစ် ၁၃၃၀ ပြည့်နှစ် ၂၂- ၃-၇၀ ရက်နေ့တွင် မိုးကုတ်မြို့မှ အလှူရှင်များစုပေါင်းပြီး စိန်ဖူးတော်လှူဒါန်းခဲ့ရာ ယခင်လှူဒါန်းခဲ့သော စိန်ဖူးတော်ကို ရောင်းတော်ဖွင့်ပြီး မိုးကုတ်မှ လှူဒါန်းသော စိန်ဖူးတော်အတွင်းသို့ ထည့်သွင်းပြီး နှစ်ထပ်စိန်ဖူးတော်အဖြစ် ရွှေနှတ်တောင်စေတီတော်သို့ BC ၁၉၉၁ ခုနှစ်တွင် ဆက်ကပ်လှူဒါန်းခဲ့ရသည်။

ဆက်ကပ် လှူဒါန်းပြီးသော် နှစ်ထပ်စိန်ဖူးတော်သည် ၁၀-၆-၁၉၉၂ ရက်နေ့တွင် စိန်ဖူးအထက်မှ (၂) ပေ၊ (၃) ပေမြင့်တက်ပြီး စက်ဝိုင်းသဏ္ဌာန်ရောင်ခြည်ကွန့်မြူးခဲ့သည်ကို ပြည်သူများတွေ့ ရှိခဲ့ရသည်။

၁၉၉၈ - ၉၉ လုံးလောက်ပြည့် ရွှေသင်္ကန်းကပ်လှူရာ စိန်ဖူးတော်ကို ည

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းဆုသျှင်
တောင်းတိုင်းရဲ့ တတိုင်းပြိုးစေနိုင်သော ကျဆ္ဆာပူရဏာမင်္ဂလာပုတီးစိပ်ဂါထာတော်

သစ်တံခါးဆရာတော်၏ မေတ္တာရိပ်၊ ကရုဏာရိပ်၊ အငြိမ်းရိပ်တို့ကို ခဏခဏသွားရောက်၍ ခိုလှုံဖြစ်၏။ အပြန်တွင်လည်း ဆရာတော်မှ တစ်ခုမဟုတ် တစ်ခုပေးလိုက်စမြဲ။ ဒီတစ်ခေါက်မှာလည်း မပြည့်စုံတဲ့ဘဝမှာ တောင်းတိုင်းရတတိုင်းပြိုးနိုင်ဖို့ ဆရာတော်မှ 'ကျဆ္ဆာပူရဏာမင်္ဂလာပုတီးစိပ်ဂါထာတော်' ကို ချီးမြှင့်လိုက်ပြန်ပါပြီ။ ဒီခေတ်ဒီအခါထဲမှာ မပြည့်စုံတဲ့သူတွေများနေတာကို ဆရာတော်ရိပ်စားမိ၍ ဖြစ်ချေမည်။

မိမိအား ဤဂါထာတော်ကြီးကို ချီးမြှင့်ခါနီးမှာ ဆရာတော်က -

ဂါထာတော်ကို သေချာရွတ်ဖတ်အဓိဋ္ဌာန်ပြီး ပုတီးစိပ်ပွားများပါက စိတ်ကြဲစည်သမျှအောင်မြင်ရပြီး တောင်းတတိုင်းဆုလည်းပြည့်စေကာ ခက်ခဲမှန်သမျှကျော်လွန်ရကာ အောင်မြင်မှုပေါင်းသရဖူဆောင်းပြီး စိတ်ရှင်လန်းဝမ်းသာစေမှာ အမှန်ပါပဲ။ ဒီနေ့စိုက်ဒီနေ့စား၍ မရပါ။ အထုံဖြစ်၍ တည်အောင်ကြိုးစားဆောင်ရွက်နေမှ ကောင်းလှုပါ၏။ လက်တွေ့အဓိဋ္ဌာန်၍ ဆောင်ရွက်ကြည့်ပါ။

ဤဂါထာတော်အား အဓိဋ္ဌာန်ပွားများည့်သူသည် မိမိ၏မွေးနေ့ (၁၀)နာရီ (၁၀) မိနစ်မှစပွားပါ။ ဆွမ်း၊ ပန်း၊ ဆီမီးကပ်လှူပါ။ (၁၀)ရက်တိတိ အဓိဋ္ဌာန်ပါ။ တပည့်တော်ကို အခက်အခဲအကျပ်အတည်းမှ ဆယ်မကာ ကျော်လွှားအောင်မြင်ပါစေဟု ဆုတောင်းပါ။ ဂါထာပုတီး (၁၀) ပတ်စိပ်ပွားပါဟု မိန့်ကြားပြီးမှ အောက်ပါအတိုင်း ဂါထာတော်ကို ချီးမြှင့်လိုက်ပါ၏။

ကျဆ္ဆာ ပူရဏာ မင်္ဂလာ
ပုတီးစိပ်ဂါထာတော်ကြီး

■ ကျစ္ဆန္တော သာသပဂဗ္ဘေ
စက်မတိ ကျတောစိတော။
စကျဝါဠမွိ သကလံ
အတ္တ ဘာဝေန ဆာဒယိ။
ဧဝံ ကျဆ္ဆာသယ သမ္ပန္နံ
လောက ဇေဋ္ဌ နမာမဟံ။
ဧတေန သစ္စ ဝဇ္ဇေန
ကျဆ္ဆာ ပူရေတု မေ သဒါ။ ။

ဘဂဝါ - ဘုန်းတော်ခြောက်ပါး သခင်ရှင်တော်မြတ်ဘုရားသည်၊ **ကျစ္ဆန္တော** - အလိုရှိသည်ရှိသော် (ဝါ) အလိုရှိခဲ့ပါမူ၊ **သာသပဂေဗ္ဘေ** - မုန်ညင်းစေ့တွင်း ၌ (ဝါ) မုန်ညင်းစေ့ထဲ၌၊ **ကျတောစိတော** - ထိုမှဤမှ (ဝါ) ဟိုဟိုဒီဒီ လူးလားခေါက်ပြန်၊ **စက်မတိ** - စကြဝဠာကြီးကိုပင်သော်လည်း၊ **အတ္တ သကလံ** - အလုံးစုံသော၊ **စကျဝါဠမွိ** - စကြာဝဠာကြီးကိုပင်သော်လည်း၊ **အတ္တ ဘာဝေန** - အတ္တဘောဖြင့် (ဝါ) အတ္တဘော တည်းဟူသော မိမိ၏ခန္ဓာကိုယ်ဖြင့်၊ **ဆာဒယိ** - ဖုံးလွှမ်း၍ထားတော်မူနိုင်၏။ **ဧဝံ** - ဤသို့၊ **ကျဆ္ဆာယ** - အလိုနှင့်၊ **သမ္ပန္နံ** - ပြည့်စုံသော၊ **လောကဇေဋ္ဌ** - တစ်လောကလုံးတွင် အသာဆုံး၊ အမြင့်ဆုံး၊ အမြတ်ဆုံးဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို၊ **အဟံ** - တပည့်တော်တို့သည်၊ **နမာမိ** - ရိုသေမြတ်နိုး လက်စုံမိုး၍ လွန်အားကိုးကာ ရှိခိုးပါ၏ အရှင်ဘုရား။ **ဧတေန သစ္စ ဝဇ္ဇေန** - ဤသို့ နှုတ်သံဖော်ထုတ်ပြန်၍ ဟုတ်မှန်သောစကားကိုဆိုရခြင်းကြောင့်၊ **သဒါ** - အခါခပ်သိမ်း၊ **မေ** - တပည့်တော်၏၊ **ကျဆ္ဆာ** - အလိုဆန္ဒဟူသမျှသည်၊ **ပူရေတု** - မုချမသွေ ပြီးပြည့်စုံပါစေသား အရှင်မြတ်ဘုရား။

အထူး သိသာ ထင်ရှားစေရန် အနက်ကိုပါ ထည့်ရေးထားပါသည်။ ဤမျှ အားထားစရာကောင်းလှုပါသည်။ အဓိဋ္ဌာန်တင်၍ ဆောင်ရွက်ပြီး အလိုရှိတိုင်းပြည့်၍ အောင်မြင်မှုရနိုင်ကြပါစေဟု ဆန္ဒပြုရင်းဖြင့်။

ငြိမ်းဆုသျှင်

အခါတွင် မီးခံသေတ္တာအတွင်းထည့်သွင်းထားပြီး အစောင့်အရှောက်များဖြင့် ထားခဲ့ပါသည်။

ဤကဲ့သို့ အစဉ်အဆက်မွမ်းမံခဲ့ရာ ၂၀၀၇ ခုနှစ်တွင် စိန်ဖူးတော်ကို သံစကာအုပ်၍ ကျေးဇူးသာရကာတို့နားခိုခြင်းကင်းလွတ်စေရန် ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ တပို့တွဲလတွင် လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်ခြင်း၊ ထီးတော်စိန်ဖူးတော်ရောင်တော်ဖွင့်ခြင်းကို နောက်ဆုံးပြုလုပ်ခဲ့ပြီး ရွှေသင်္ကန်းကပ်လှူခြင်း၊ ရောင်တော်ဖွင့်ခြင်းတို့ကို (၈)နှစ်လျှင် (၁)ကြိမ်ကျပြုလုပ်ကြောင်း သိရှိခဲ့ရပါသည်။

ရွှေနတ်တောင်စေတီတော်သည် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဤတောင်တော်ပေါ် သို့ ကြွရောက်သီတင်းသုံးခဲ့ပြီး နိမိတ်ရုပ်ပွားအဖြစ် ရွှေနတ်ရုပ်ကို ကိုယ်ပွားထားခဲ့သည့်စေတီတော်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဤကာလကဗုဒ္ဓဘာသာအယူဝါဒမရှိသေးဘဲ နတ်ကိုးကွယ်မှုအယူဝါဒယုံကြည်သက်ဝင်သောကာလဖြစ်ပါ၍ နိမိတ်ရွှေနတ်ရုပ်ကိုထားခဲ့ခြင်း ဖြစ်ပါသည်။

ရွှေနတ်တောင်စေတီတော်ဆီသို့ ရန်ကုန် - ပြည်မော်တော်ကားလမ်း ရွှေတောင်မြို့သို့မဝင်မီ (ရန်ကုန်ဘက်မှလာလျှင်) ရွှေနတ်တောင်စေတီတော်မုခ်ဦးကြီး စိုက်ထူထားပါသည်။ မော်တော်ကားလမ်းမကြီးမှ ရွှေနတ်တောင်စေတီတော်သို့ (၀၀း၄၅)နာရီခန့်ဖြင့်ရောက်နိုင်ပါသည်။

တပေါင်းလပွဲတော်တွင် ဇာတ်ပွဲများ၊ ဆိုင်ခန်းများဖြင့် စည်ကားလှုပြီး ဝင်းကျင်ကျေးလက်မှ အုပ်ပေါင်းနွားလှည်းများဖြင့် လာရောက်ကြသော ဓလေ့သည်လည်း ထူးခြားလှပါပေသည်။

မြတ်စွာဘုရား၏နိမိတ်ရွှေနတ်ရုပ် ဌာပနာထားရာ ရွှေနတ်တောင်စေတီသို့ အခွင့်အခါကြုံပါက လာရောက်ဖူးမြော်နိုင်ပါရန် လမ်းညွှန်ရေးသားပူဇော်လိုက်ရပါသည်။

စိုးရောဇာကျော်

www.burmeseclassic.com

www.burmeseclassic.com



မင်းဘူး-ဝိုလ်ဥတ္တမ
ကွဲကြေပျက်စီးသွားသော မြေအိုးများ

'သေ' ဆိုသောအသံကို ကြားရသည်နှင့် တချို့က တီကောင်ကို ဆားနှင့် တို့လိုက်သည့်အလားတွန့်သွားကြသည်။ သေသည်ဆိုခြင်းမှာ ခန္ဓာရှိသူတိုင်း ရင်ဆိုင်ကြုံတွေ့ရမည့်အရာမဟုတ်လား။ ကျွန်တော်သည် ကာလတစ်ခုမျှ တရုတ်ပြည်တောင်ပိုင်း မကာအိုဆိုသောမြို့လေးတွင် နေထိုင်အလုပ်လုပ်ကိုင်ခဲ့ဖူးသည်။ ထိုဒေသမှတရုတ်လူမျိုးတို့သည် သေဆိုသောအရာကို စက်ဆုပ်ကြသည်။ မည်မျှစက်ဆုပ်သနည်းဟူမူ သံတူကြောင်းကွဲ လေးဂဏန်းကိုပင် လက်မခံလိုကြပါ။ လေးဂဏန်းကို ကွမ်တုံတရုတ်လို သေဟုခေါ်သည်။ လူသေသော သေကိုလည်း ကွမ်တုံတရုတ်လို သေဟုခေါ်သည်။ တချို့စားသောက်ဆိုင်တွင် စားပွဲနံပါတ်လေးမထားပါ။ စားပွဲနံပါတ်သုံးပြီးသော် ငါးရောက်သွားသည်။ မထားပေမယ့်လည်း လေးဟာ လေးပဲမဟုတ်ပါလား။

၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း(မြောက်)ရပ်ကွက် ကုံကော်လမ်းဓမ္မသဘင်၌ဖြစ်သည်။ တရားဟော ဓမ္မကထိကသည် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာကောဝိဒ ဖြစ်သည်။ ဆရာတော်ဘုရားက ဤတရားသဘင်တွင် 'သတိ၊ အချိန်တိုင်း သင်္ကြန်ကျနေသည်'တရားတော်ကိုဟောသည်။ ဆရာတော်၏တရားသည် သေခြင်းတရားကို နှလုံးသွင်းရှုမှတ်ရန်ကောင်းလှပါသဖြင့် ဤစာမျက်နှာပေါ်ကနေ စာဖတ်သူအားကျွန်တော်က မျှဝေခံစားလိုက်ပါသည်။

မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်စဉ် ဖြစ်သည်။ ရက်တစ်ရက်၏ နေ့လယ်ခင်း နေပူရှိန်ပြင်းပြချိန်၌ ကောသလမင်းကြီးသည် မျက်နှာမသာမယာ လေးလံသောခြေလှမ်းများနှင့် ဘုရားထံဖူးမြော်ဝင်ရောက်လာခဲ့သည်။

မြတ်စွာဘုရားက -

"မင်းကြီး၊ ဘာမျှားဖြစ်လာသလဲ"

ဟု မေးမြန်းတော်မူခဲ့သည်။

ထိုအခါ ကောသလမင်းကြီးက-

"မှန်လှပါ။ တပည့်တော်အဘွား သည် အသက် (၁၂၀)အရွယ်တွင် ကွယ်လွန်သွားပါကြောင်း၊ တပည့်တော်သည် အဘွားဖြစ်သူကို လွန်စွာချစ်ခင်ပြီး အဘွားကွယ်လွန်သွားသဖြင့် တပည့်တော်သည် တိုင်းရေးပြည်ရေးကိုပင် မစီမံ နိုင်တော့လောက်အောင်ပူဆွေးသောကဖြစ်ရပါကြောင်း၊ သို့နှင့် တပည့်တော်၏ ကြည်ညိုအားထားရာ အရှင်ဘုရားထံ လာရောက် ဖူးမြော်ခြင်းဖြစ်ပါကြောင်း၊ အဘွားသာ အသက်ပြန်ရှင်မည်ဆိုပါက မည်သည့်အရာနှင့်မဆို တပည့်တော်လဲလှယ်ရန် အသင့်ရှိပါကြောင်း"

ဖြင့် လျှောက်ထားလေသည်။

ထိုအခါ မြတ်ဗုဒ္ဓက -

"မင်းကြီး၊ ရေထည့်တဲ့အိုးကို ဘာနဲ့လုပ်သလဲ"

ဟု မေးတော်မူ၏။

ကောသလမင်းကြီးက -

"မှန်လှပါ၊ မြေကြီးနဲ့လုပ်ပါတယ် ဘုရား"

ဟု ဖြေလေ၏။

"မင်းကြီး၊ မြေကြီးကို ရေနဲ့နယ်လို့ ရှဲ့ဖြစ်အောင်လုပ်ကာ ဦးစွာ အိုးပုံသဏ္ဌာန်ဖြစ်အောင်လုပ်ရတယ်။ အဲဒီမခြောက်သွေ့ခင် ရှဲ့နဲ့လုပ်တဲ့အိုးမဟုတ်ပဲ တချို့အိုးဟာပျက်စီးရတယ်ဆိုပြီးတော့ ဒီအိုးကို အခြောက်ခံတယ်။ အခြောက်ခံတဲ့ဘဝမှာလည်း အိုးတချို့ဟာ ပျက်စီး

www.burmeseclassic.com

www.burmeseclassic.com

ရတယ်။ ခြောက်တဲ့အိုးကို မီးဖိုထဲသွင်းလို့ အိုးဖြစ်အောင်ဖုတ်ရပြန်တယ်။ အဲဒီမီးဖိုထဲမှာပဲ တချို့အိုးဟာပျက်စီးရပြန်တယ်။ မီးဖိုထဲကထုတ်ပြီး အသုံးပြုလို့ရတဲ့ဘဝကိုရောက်လာခဲ့ပြီး သယ်ရင်းပြုရင်း တချို့သောအိုးဟာ ပျက်စီးရပြန်တယ်။ အသုံးပြုမယ့်လူရဲ့လက်ထဲကိုရောက်သွားတဲ့အိုးဟာလည်း ဘယ်တော့မှ မပျက်စီးသည်မရှိ။ တစ်နေ့ အိုးသက်တမ်းကုန်တဲ့အခါမှ ပျက်စီးရပြန်တယ်။ နောက်ဆုံးမှာတော့ မြေကြီးနဲ့လုပ်ထားတဲ့အိုးဟာ မြေမှုန့်ဘဝကိုပြန်ရောက်ရပြန်တယ်။ အဲဒီလိုပဲမင်းကြီး။

မိဘနှစ်ပါးရဲ့သွေးနဲ့ ကလလရေကြည်ဖြစ်လာရတယ်။ တချို့ဟာ အဲဒီကလလရေကြည်ဘဝမှာပဲ ပျက်စီးရတယ်။ မပျက်စီးတဲ့ ကလလရေကြည်ဟာ သန္ဓေသားဖြစ်လာတယ်။ တချို့ဟာ သန္ဓေသားဘဝမှာပဲပျက်စီးရတယ်။ မပျက်စီးတဲ့သန္ဓေသားဟာ နေ့စေ့လစေ့တဲ့အခါ အမိဝမ်းထဲကနေ အပြင်ကိုရောက်လာရတယ်။ တချို့ဟာ အပြင်ကိုရောက်ရောက်ချင်းပဲပျက်စီးရတယ်။ မပျက်စီးတဲ့ကလေးဟာ - လူအဖြစ်နဲ့ ရှင်သန်လှုတယ်။ ဒါပေမယ့် တချို့ဟာ ငယ်ရွယ်စဉ်ဘဝမှာပဲ ပျက်စီးရတယ်။ ငယ်ရွယ်စဉ်ဘဝမှာ မပျက်စီးလို့ ကြီးပြင်းလာပြန်ရင်လည်း ကံကုန်လို့ သက်တမ်းကုန်လို့၊ ကံရောသက်တမ်းရောကုန်လို့ ဒါမှမဟုတ် မမျှော်လင့်ဘဲ ကံကိုဖြတ်တဲ့ဥပဓ္ဓဒကကံကြောင့်သေရတယ်ဆိုတဲ့ သေခြင်း(၄)မျိုးအနက် တစ်မျိုးမျိုးနဲ့ သေရတာပဲ။ အခု မင်းကြီးရဲ့အဘွားဟာ သက်တမ်းကုန်လို့ ပျက်စီးရတဲ့ မြေအိုးပမာ အသက် (၁၂၀) ထိအောင်နေရပြီးတော့ ဘဝတစ်ပါးကို ပြောင်းရွှေ့ထွက်ခွာလို့သွားခဲ့ပြီ။ မင်းကြီး၊ ငါဘုရားလည်း သေရ (ပရိနိဗ္ဗာန်) မှာပဲ။ မင်းကြီးလည်း သေရမှာပဲ။ သခ်ၤါရတရားတို့မည်သည် မည်သူတစ်ဦးတစ်ယောက်မှ ရှောင်လွှဲလို့မရသောအရာသာဖြစ်တယ်မင်းကြီး။ သခ်ၤါရတရားရဲ့ မမြဲသောသဘောကို၊ သခ်ၤါရတရားရဲ့ ဆင်းရဲသောသဘောကို၊ သခ်ၤါရတရားရဲ့အစိုးမရသောသဘောကို မင်းကြီးနှလုံးသွင်းဆင်ခြင်ပါလော့”

ဟု မိန့်တော်မူလေ၏။

ထိုအခါမှ ကောသလမင်းကြီးလည်း -

“မှန်လှပါ၊ တပည့်တော်သဘောပေါက်ပါပြီဘုရား”

ဟု မြတ်စွာဘုရားကို လျှောက်ထားလေ၏။

ဆရာတော် ဒေါက်တာ ကောဝိဒက သင်္ကြန်ဟူသည် သက်နှ-ပြောင်းလဲခြင်း ဟူသော အဓိပ္ပာယ်ဖြစ်ကြောင်း၊ ဘဝသင်္ကြန် - ဘဝ၏ပြောင်းလဲခြင်းကို လူတိုင်းတစ်နေ့ကြုံကြရမည်ဖြစ်ကြောင်း၊ ဒါတွင်မက လတိုင်း၊ရက်တိုင်း၊နာရီတိုင်း၊ မိနစ်တိုင်း၊ စက္ကန့်တိုင်းတွင် မိမိခန္ဓာကိုယ်သည် မတည်မြဲ၊ ဖြစ်လိုက်ပျက်လိုက်၊ ပျက်လိုက်ဖြစ်လိုက်ဖြင့် ဖောက်ပြန်ပြောင်းလဲနေသည်ကို နှလုံးသွင်းဆင်ခြင်ကြရမည်ဖြစ်ကြောင်းဖြင့် ဆုံးမတရားဟောကြားတော်မူခဲ့ပါသည်။

သေခြင်းတရားဆိုတော့ ကျွန်တော်ငယ်စဉ် (၆) တန်းကျောင်းသားဘဝ အတန်းထဲက ဘိုသိန်းဆိုသော သူငယ်ချင်းသေတာကို သတိရမိသည်။ ဘိုသိန်းသည် မင်းဘူးမြို့မြောက်ဘက်တစ်မိုင်ခန့်အကွာ မကျီးချောင်းရွာကဖြစ်သည်။ ဖျားပြီးသေခြင်းဖြစ်သည်။ ဘိုသိန်းသေတော့ သူ့အဖေက ကြေကွဲမဆုံးဖြစ်ကာ နှလုံးပူဆွေးပြီးသေပြန်သည်။ ဘိုသိန်း၏အမေသည် သားရောလင်ပါ တစ်နေ့တည်းဆုံးရကာ အသုဘကို နှစ်လောင်းပြိုင်ချရလေသည်။ နောက် ဆယ်တန်းမူထမနှစ်ဖြစ်သော ၁၉၆၃ ခုနှစ်တွင် အတန်းထဲမှ အုန်းသော် ဆိုသော သူငယ်ချင်းက ရောဝတီမြစ်တွင်ရေဆင်းကူးရင်း ရေနစ်သေသည်။ အုန်းသော်သည် မင်းဘူးမြောက်ဘက်ရွာတစ်ရွာကနေ မင်းဘူးမြို့ရှိဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် လာရောက်နေထိုင်ကာ ကျောင်းတက်နေသူ ဖြစ်သည်။ အုန်းသော်သေလို့ဟူသောသတင်းရ၍ ကမ်းနားသွားကြည့်တော့ အလောင်းကို ဆယ်ထားပြီး ကမ်းပေါ်တင်ထားသည်။ ရောင်၍ အသားတွေဖောင်းပွကာ မျက်နှာသည် ပြာနှမ်းနှမ်းဖြစ်နေသည်။ ၁၉၆၄ ခုနှစ် မန္တလေးတက္ကသိုလ်တွင် ပထမနှစ်သင်တန်းတက်နေခိုက် နေထိုင်ရာရပ်ကွက်ထဲက သူငယ်ချင်းခင်မောင်ဝင်းသေဆုံးသည်။

ဒုတိယနှစ်တွင် တိုက်ဖိုက်ရောဂါဖြစ်၍ မန္တလေးဆေးရုံကြီးတက်နေစဉ်မှာပဲ ရန်ကုန်ရှိ တူဖြစ်သူ ဆန်နီ (ခေါ်) သူရကို ကင်ဆာရောဂါနှင့် ကွယ်လွန်ခဲ့သည်။ တူဆိုသော်လည်း ကျွန်တော့်ထက် နှစ်နှစ်ပဲငယ်သည်။ သည့်နောက်တော့ ကျွန်တော်၏ ပတ်ဝန်းကျင်တွင် သေခြင်းတရားနှင့် ခေတ္တမျှဝေးကွာလို့နေခဲ့သည်။ ၁၉၇၀ ပြည့်နှစ် ဇူလိုင်လတွင် ရုံးတစ်ရုံး၌ ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့သည်။ ရုံး၌ အတူလုပ်ဖော်ကိုင်ဖက်များထဲက အချိန်မစေ့ခင် ကွယ်လွန်သူမရှိခဲ့ပါ။ ၁၉၈၂ ခုနှစ်တွင်မတော့ မင်းဘူးမြို့ရှိ အသက် (၇၆) နှစ်အရွယ် ဖခင်ကွယ်လွန်သဖြင့် ဖခင်၏အသုဘပို့ရန် မင်းဘူးမြို့သို့ပြန်ရသည်။ ဖခင်က ၁၉၈၂ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကွယ်လွန်သည်။ မည်သည့်ရောဂါမှမရှိ။ 'မင်းတို့အဖေက ငါ့သေတော့မယ်ဆိုပြီး လဲ့သေသွားသလိုပဲ' ဟု အမေကပြောသည်။ ည (၈) နာရီတွင် ရေဒီယိုထဖမ်းနေသေးသည်။ ည (၁၁) နာရီတွင် ညနေကစားသော သြဇာသီးခွဲကျပ်ကာ ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။ ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် ရန်ကုန်ရှိ တူဖြစ်သူ တေဇကို ကွယ်လွန်ခဲ့သည်။ သူသေတော့ အသက်(၂၈) နှစ်ရှိပါပြီ။ သမီးလေးကျန်ရစ်ခဲ့သည်။ ထိုနှစ်သည် မြန်မာသက္ကရာဇ် ၁၃၄၄ခုနှစ်ဖြစ်သည်။ မြန်မာသက္ကရာဇ်တစ်နှစ်ထဲတွင် ကျွန်တော့်ပတ်ဝန်းကျင်၌ လူနှစ်ယောက် ပျောက်ကွယ်၍သွားခဲ့ရပါသည်။

၁၉၈၇ ခုနှစ်တွင်မတော့ တစ်ချိန်က အင်မတန်မှ ခင်မင်ရင်းနှီးခဲ့သော သူငယ်ချင်းအောင်အောင် ကွယ်လွန်ခဲ့သည်။ ဖခင်ဖြစ်သူ ခရိုင်ပညာဝန်နှင့်အတူ မင်းဘူးမြို့သို့ ၁၉၆၂ ခုနှစ်တွင် ရောက်ရှိလာခဲ့ပြီး ကိုးတန်း၊ ဆယ်တန်းနှစ်တွေတွင် တပူးတွဲတွဲရှိနေခဲ့သူ ဖြစ်သည်။ ရုပ်ရည်ကချောမောပြီး ထိုစဉ်ကခေတ်စားနေသော အဆိုတော်ရုပ်ရှင်မင်းသားဝင်းဦးနှင့် ခပ်ဆင်ဆင်မို့ နုပျိုချောမောသောသူက မိန်းကလေးများအလယ်တွင် ရေပန်းစားခဲ့သူ၊ ၁၉၆၃ ခုနှစ် ဆယ်တန်းစာမေးပွဲကို သူရောကျွန်တော်ပါကျရုံးခဲ့ပေမယ့် ၁၉၆၄ ခုနှစ်မှာတော့ သူရောကျွန်တော်ပါအောင်မြင်ခဲ့သည်။ သူက ရန်ကုန်တက္ကသိုလ်တက်၍ ကျွန်တော်က မန္တလေးတက္ကသိုလ်တက်ခဲ့သည်။ ၁၉၆၄ ခုနှစ် ရန်ကုန်သို့ ခေတ္တကျွန်တော်ဆင်းလာခဲ့စဉ် ဘောက်ထော်ရှိ သားချင်းအိမ်သို့မသွားတတ်ခဲ့ပေရာ ရန်ကင်းရှိသူကပဲ လိုက်ပို့ပေးခဲ့သည်။ ကျော်ပြီးတော့ ခေတ္တတွေ့ကြသေး၏။ သို့သော် ကျွန်တော်က အိမ်ထောင်ကျပြီး ရုံးတစ်ရုံးတွင်ဝင်လုပ်ခဲ့သည်။ သူကမူ သမဝါ

www.burmeseclassic.com

www.burmeseclassic.com

ယမတွင်ပဲဝင်ခဲ့လေသလား ကောင်းစွာမမှတ်မိတော့ဘူး။ ယခု သူဆုံးကြောင်းနာရေးသတင်းတွေ့တော့မှ လိပ်စာပါအတိုင်းသွားရသည်။ နေအိမ်တွင်ပြင်ထားသောရုပ်ကလာပ်ကိုကြည့်ဖို့ကြိုးစားပေမယ့်လူအုပ်ကိုမတိုးနိုင်သဖြင့် သူငယ်ချင်း၏မျက်နှာကိုပင် နောက်ဆုံးအကြိမ်မကြည့်ခဲ့ရတော့ပါ။ သူ့အစ်မကိုမေးကြည့်တော့ နှလုံးရောဂါဟုသိရသည်။ စိတ်နှလုံးသားနူးညံ့ပျော့ပျောင်းသူမို့ပဲ နှလုံးရောဂါစွဲကပ်ရလေသလား။ ဆွေမျိုးထဲက ဘဝတစ်ပါးကူးသွားသူကလွဲသော် သူသည် ကျွန်တော်၏ အရင်းနှီးဆုံးပုဂ္ဂိုလ်တစ်ဦး တစ်ခါကဖြစ်ခဲ့ဖူးပေသည်။

၁၉၉၄ ခုနှစ် ကျွန်တော်က မကာအိုဌ် အလုပ်လုပ်ကိုင်နေစဉ်ပဲ ယောက်ဖကြီးကွယ်လွန်ခဲ့သည်။ သူကွယ်လွန်တော့ အသက် (၇၄)နှစ်ရှိပါပြီ။ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲဝင်ပုဂ္ဂိုလ်၊ ဖဆပလအဖွဲ့နိုင်ငံရေးသမား သခင်မြလေး။ ကျွန်တော် နိုင်ငံခြားထွက်သောနေ့က သူက လေဆိပ်သို့လိုက်ပို့ခဲ့သည်။ ယခုသူ၏နောက်ဆုံးခရီးကိုမူ ကျွန်တော်က လိုက်ပါပို့ဆောင်ခွင့်မရတော့။ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲဝင်သခင်မြလေးအား အလေးပြုဟူ၍ သူ၏ နောက်ဆုံးခရီးကို ခမ်းနားစွာစည်ကားသိုက်မြိုက်စွာကျင်းပနေဆဲ မိုးရွာထဲမှာပဲ သူရဲကောင်းကထွက်ခွာလို့သွားခဲ့ပြီ။

ည(၁၀)နာရီမတ်တင်းတွင် ညစာထမင်းအိုးတည်ထားစဉ် သတင်းစာကိုဖတ်သည်။ ည (၉) နာရီကမှ အလုပ်ဆင်းခဲ့သောကျွန်တော် မကာအိုတွင်ဖြစ်သည်။ သတင်းခေါင်းစဉ်ကြောင့် စာပေဝါသနာရှင် ကျွန်တော်က စိတ်ဝင်စားသွားသည်။ ရန်ကုန်ကဆရာမြသန်းတင့်ကွယ်လွန်သောသတင်းကို ဟောင်ကောင်ထုတ်သတင်းစာက သံတင်းတိုလေးဖော်ပြသည်။ ဩော် - ဆရာကွယ်လွန်သွားပါပကော။ ဆရာမြသန်းတင့်သည် ကျွန်တော့်ကိုမသိပါ။ ကျွန်တော်က ဆရာ၏စာဖတ်ပရိသတ်တစ်ဦးမျှသာဖြစ်၏။ ဆရာက မြသန်းတင့်အရင် မြသန်းကဲလောင်နာမည်နှင့်ပဲ 'လိုက်ခဲ့တော့ မြနန္ဒာ'၊ 'အမှောင်ရိပ်ဝယ်'၊ 'ဆယ်ကြိမ်မြောက်အလဲည်ရောက်ခြင်း' ဝတ္ထုတွေရေးခဲ့သည်။ မဂ္ဂဇင်းဝတ္ထုတိုများဖြစ်သောအညတြရုပ်ပုံလွှာကို ကျွန်တော်ကြိုက်နှစ်သက်သည်။ ယခု မိမိချစ်ခင်လေးစားဆောဆရာကွယ်လွန်၍လည်း အဝေးမှာရောက်နေသောကျွန်တော်က လိုက်မပို့နိုင်။ ထမင်းစားရင်း ရှိုက်ကြီးတငင်ကျွန်တော်ငိုမိသည်။

အချောင်။ လူဝမ်ကျွန်းစည်ပင်သာယာမှ ကျွန်တော့်မိတ်ဆွေအချောင်။ အချောင်နှင့် ကျွန်တော်တို့သည် ၁၉၄၆ ခုနှစ်ပိုင်း တစ်နှစ်တည်းသမားတွေဖြစ်သည်။ ကင်ဆာရောဂါဖြစ်တော့ အချောင်သည် ဆောက်တည်ရာမရဖြစ်သည်။ ကြောင်သတ်စားလျှင် ကင်ဆာရောဂါပျောက်မည်ထင်၍ သတ်စားသည်။ အချောင်နှင့်သူဇနီးတို့က ကျွန်တော်အမြဲတမ်းတာဝန်ကျရာ လူဝမ်ဘဏ်တွင် ပူးတွဲငွေစာရင်းလာဖွင့်တာတွေ့ရတော့ စိတ်မကောင်း။ မသေခင်မှာ ကြိုတင်ပြင်ဆင်နေရသောမိတ်ဆွေ။ သေတော့မည်ကို သိပြီးသကာလ သေလျှင်ရမည့်ငွာနာဆိုင်ရာလျော်ကြေး၊ ပင်စင်လစာတွေကို ကျန်ရစ်သူတွေခံစားနိုင်ဖို့ရာ သူလုပ်ပေးနေခဲ့ရသည်။ မကြာမီပဲ အချောင်ကွယ်လွန်သွားသည်။

မိုးတိုးမတ်တတ်နှင့်လူတစ်ယောက်ဖြုန်းဆို လဲသေသွားသည်ကို မြင်ဖူးမိသလား။ ကျွန်တော်မြင်ဖူးသည်။ ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီ ဖြစ်သည်။ ထိုနေ့တွင် ကျွန်တော်ကသက်သတ်လွတ်စားသောနေ့မို့ ပုဒ္ဓဟူးဖြစ်သည်ကို ကောင်းစွာမှတ်မိသည်။ နံနက် (၁၂) နာရီခန့်တွင် ဘဏ်ဘေးလမ်းကြားကနေ ခြေသံကြားသည်မို့ ကျွန်တော်က ငဲ့စောင်းကြည့်လိုက်သည်။ ဘဏ်လုံခြုံရေးသည် အမြဲသတိရှိရသည်။ ခြေသံရှင်မှာ လူဝမ်တစ်ဖက်ကမ်း တရုတ်ပြည်ပိုင် ဝမ်ခမ်ရွာက ဤဘက်ကမ်းစားသောက်ဆိုင်တွင်လာ၍ အလုပ်လုပ်သော အသက် (၆၀)ခန့် တရုတ်အမျိုးသားကြီးဖြစ်သည်။ ခန္ဓာကိုယ်က, ဇတောင့်တင်းကြံ့ခိုင်သည်။ ထိုနေ့က သူအားလပ်ရက်မို့ ပထမကျွန်းတိုင်ပါတွင် စျေးသွားဝယ်ကြဟန်တူသည်။ သူဇနီးလည်းပါ၏။ ဘဏ်မျက်စောင်းထိုးက မာကျောက်ပိုင်းအိမ်ရှေ့ခုံတန်းမှာ ဇနီးမောင်နှံက ဝယ်လာသမျှစျေးတွေကိုနေကြသည်ကို ဘဏ်တံခါးဝရှိကျွန်တော်ကမြင်နေရသည်။

နေ့ခင်း (၁) နာရီတွင် ထမင်းစားရန် ဘဏ်ပိတ်သည်။ (၁) နာရီထိုးတွင် သံလိပ်တံခါးကို ကျွန်တော်ကဆွဲချပြီး ထမင်းသွားဝယ်သည်။ တယ်လီဖုန်းဆက်၍မှာပြီးသားမို့ ပိုက်ဆံပေးထမင်းဘူးဆွဲ၍ပြန်လာရုံသာ။ အသွား(၁)မိနစ် ခွဲအပြန်(၁)မိနစ်ခွဲသာကြာ၏။ သံတံခါးဆွဲချတော့ ထိုလူကြီးထိုင်နေတာမြင်ရသည်။ ထမင်းယူပြီးပြန်အလာ ဘဏ်တံခါးဝရောက်တော့ ဆေးပေးခန်းတွင်းလှည်းပေါ်မှာ ထိုလူကြီးက ဇက်ကိုကြူးကြနေလျက်ပါသွားသည်။ ထမင်းစားနေဆဲသူမိန်းမက မျက်ရည်တရှဲရှဲနှင့်ပြန်သွားတာတွေ့ရသည်။ ပြီးသွားပြီ။ လူတစ်ယောက်က (၃)မိနစ်ဆိုသောကာလမှာပဲ နှိုးချွတ်၍သွားခဲ့ပြီ။ မြင်တွေ့ရသည်ကို စိတ်မကောင်းသဖြင့် စားလက်စထမင်းဘူးကိုပိတ်၍ အမှိုက်ပုံးထဲပစ်ထည့်လိုက်သည်။ ထိုနေ့သည် ပုဒ္ဓဟူးနေ့။ ထိုစဉ်ကမွေးနေ့မှာ ကျွန်တော်က သက်သတ်လွတ်စားသည်။ (၃) မိနစ်ကမှကြာလှပါသေးသကော။ မြတ်ပုဒ္ဓက ကွေးသော်လက်ကိုမဆန့်မီ၊ ဆန့်သောလက်ကိုမကွေးမီ သေခြင်းတရားကိုရင်ဆိုင်တွေ့နိုင်ပါသည်ဟု ဟောကြားခဲ့သည်မဟုတ်လော။ ဦးနှောက်သွေးကြောပြတ်သွားဟန်တူပါ၏။

ခင်မျိုးဝင်း (နာမည်လွဲထားသည်) မကာအိုတွင်တွေ့ဆုံခင်မင်ခဲ့ရသောသမီးငယ် ခင်မျိုးဝင်း။ သူကလည်း မလေးရှားပြန်မို့ မလေးပြန်ကျွန်တော်က အားလုံးသော တူ၊တူမတွေထဲတွင် သူကိုသံယောဇဉ်ပိုမိတာအမှန်။ သူက ဗီစီဒီစက်ရုံမှာလုပ်သည်။ တစ်လကို ပါတာကပ်ငါးထောင်ခန့်ရသည်။ ပါတာကပ်ငါးထောင်သည် သူတို့ကျွန်တော်တို့လို ရွှေပြောင်းအလုပ်သမားအတွက်က မက်လောက်သောလခ ဖြစ်သည်။ ဗီစီဒီစက်ရုံမှာလုပ်ရင်း အက်စစ်ငွေ့ထိသည်။ ခင်မျိုးဝင်းနေမကောင်းဖြစ်သည်။ ရန်ကုန်ပြန်သွားသည်။ မျက်စိမမြင်ရတော့၊ နားမကြားရတော့ဆိုသောသတင်းတွေကြားရသည်။ သူကွယ်လွန်သောသတင်းကိုကြားရသောနေ့မှာ ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၈ ရက်နေ့ ဖြစ်သည်။ သိပ်မကြာပါ။ သူ၏နာရေးကြော်ငြာပါသတင်းစာရသည်။ 'ခင်မျိုးဝင်း အသက် (၃၆)နှစ်၊ ဘီအက်(စ်)စီ (ဓာတုဗေဒ)'။ သမီးလေးဆုံးပါးသောသတင်းကို ကြားရသောနေ့က ကျွန်တော်မျက်ရည်ကျသည်။ နောင်ဖြစ်လေရာဘဝမှာ ငွေအတွက် တိုင်းတစ်ပါးမှာကြုံရာလုပ်ရတဲ့အဖြစ်ကနေ သမီးခင်မျိုးဝင်း ကင်းလွတ်ပါစေ ဆုမွန်တောင်းမေတ္တာဖို့ပါ၏။

ဦးလေးနောင်၊ နောင်ကြီး ဦးလေး

www.burmeseclassic.com

www.burmeseclassic.com

နောင်။ မကာအိုရှိ ပတ်(စ်)ပို့ကိုင်မြန်မာထဲမှာ သူနှင့် ကျွန်တော်တို့က အသက်အကြီးဆုံးဖြစ်သည်။ ပြီးတော့ ဂတ်(ဒ်)ဖို့(စ်)လုံခြုံရေးကုမ္ပဏီမှာ အလုပ်လုပ်ဖက်လည်းဖြစ်သည်။ စိတ်သဘောထားနူးညံ့သည်။ အဲ့ပေါင်းအသင်းများသည်။ လူချစ်လူခင်ပေါသည်။ ကျွန်တော်ကမူ ဘဏ်သမားမို့ ပင်ပန်းသည်။ အိမ်ပြန်ရောက်သောအခါကျန်က ည (၉) နာရီခွဲမို့ မည်သည့်အိမ်ကိုမျှမလည်နိုင်။ အလုပ်သွားအိမ်ပြန် အိမ်နှင့်ပဲဖြစ်သည်။ဦးလေးနောင်သည် သဘော်သားဟောင်းဖြစ်သည်။ သဘော်ပေါ်တွင် ကဲရိန်းပြုတ်ကျရာက ဦးခေါင်းတွင်ဒဏ်ရာရခဲ့သည်။ အတွင်းဒဏ်ရာက ပုံမှန်ပြန်မဖြစ်ခဲ့။ တစ်ခါတလေ နှာချေရာက သတိလစ်သွားတတ်သည်။ အနားတွင်လူရှိလျှင်တော့ကိစ္စမရှိ။ နှိပ်နယ်ပေးရာကပြန်သတိရလာသည်။ သို့သော် အနားတွင်လူမရှိဘဲ တစ်ဦးတည်းစောင့်ရသောအလုပ်မျိုးတွင်မတော့။

အစိုးရရုံးတစ်ရုံးတွင် ညဘက်တစ်ဦးတည်း လုံခြုံရေးစောင့်နေသောဦးလေးနောင်ကို နောက်နေ့မနက်ရုံးတက်ချိန်တွင်ခေါ်၍မရတော့။ မီးသတ်နှင့်ရဲခေါ်ပြီး တံခါးဖျက်ဝင်ကြရသည်။ အထဲတွင် လုံခြုံရေးဦးလေးနောင်က သေဆုံးလို့နေသည်။ လုံခြုံရေးဆိုတာ အဲဒီလိုဘဝဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ ၅ ရက်နေ့ အမိမြန်မာပြည်တွင် တစ်ပြည်လုံး နှစ်ကူးသကြိန်ကို ပျော်ရွှင်စွာရေကစားနေသည့်အချိန်ဝယ် ကျွန်တော့် မိတ်ဆွေကြီးဦးလေးနောင်သည် မကာအို တစ်ဖက်ကမ်း တရုတ်ပြည် ကုန်းပေရပ်က ဟတ်လော်ခန်းသုသာန်မီးသင်္ဂြိုဟ်စက်ဝယ် ခန္ဓာနီဂုံးချပ်ခဲ့ရပါပြီကော။

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလတွင် အဲမိမြေသို့ ကျွန်တော်ပြန်လာခဲ့သည်။ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် မကွေးမြို့ရှိ အသက် (၉၈) နှစ်အရွယ် (၉၉ ရောက်ခါနီး) မိခင်ကြီးကွယ်လွန်ခဲ့သည်။ သီလမြဲသောမိခင်သည် ဖခင်ထက် လူလောကတွင် (၂၄) နှစ်ပို၍နေခဲ့သည်။

မြေးမလေးအား -

"သမီးလေး၊ အဘွားကို ညာဘက်ကိုစောင်းပေး"

ဆိုသဖြင့် မြေးမလေးက ညင်သာစွာပွေ့,မ၍ ညာဘက်သို့စောင်းပေးလိုက်သည်။ ညာဘက်သို့စောင်းပြီးသော် မိခင်ထံမှ ကျွတ်ကျွတ်ဟု စုတ်သပ်သံထွက်လာခဲ့သဖြင့် မြေးမလေးက -

"အဘွားနေသာရဲ့လား"

ဆိုတော့ မိခင်ထံက အသံထွက်မလာခဲ့တော့။ မီးစာကုန်ဆီခန်းအဖြစ် မိခင်ကကွယ်လွန်ခဲ့ခြင်း ဖြစ်သည်။

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် သူငယ်ချင်းကိုအောင်သိန်းဆုံးပါးခဲ့သည်။ ၁၉၇၆ ခုနှစ် စာပြုဖြစ်ချိန်မှသည် ၁၉၈၈ ခုနှစ် အလုပ်အတူတူပြုတ်ကြသည်အထိ တပူးပူးတွဲတွဲရှိနေခဲ့သူ၊ ခင်မင်ခဲ့သော (၁၂) နှစ်တာတွင် တစ်ခါဖူးမျှ သူ့အတွက် စိတ်အနှောင့်အယှက်မဖြစ်ခဲ့ရသူ၊ စိတ်သဘောထားနူးညံ့သိမ်မွေ့သူ၊ စိတ်သဘောထားနူးညံ့သူမို့ပဲလား ဇနီးဖြစ်သူဆုံးပြီး တစ်လမှမပြည့်သေးခင် သူကနှလုံးရောဂါနှင့်ကွယ်လွန်ခဲ့ပြန်သည်။ ဇန်နဝါရီ ၈ ရက်နေ့ သူ့အိမ်သို့ ကမန်းကတန်းပြေးတော့ သက်ပျောက်ဆွမ်းကပ်နေတာကြုံရသည်။ ကျွန်တော် စိတ်မထိန်းနိုင် ရှိုက်ကြီးတငင်ပဲငိုမိသည်။ ၉ ရက်နေ့ သူ့အသုဘတွင်မတော့ သူငယ်ချင်း၏ရုပ်ကလာပ်တင်ရာလှည်းကို မီးသင်္ဂြိုဟ်စက်အဝထိတွန်းပို့ကာ ချစ်သောသူငယ်ချင်းကိုကျွန်တော် နှုတ်ဆက်ခဲ့ပါ၏။ သူကွယ်လွန်တော့ အသက် (၅၈)နှစ်ပဲရှိပါသေးသည်။

ကိုပြူးသည် ကျွန်တော်၏ ငယ်ပေါင်း သူငယ်ချင်းမဟုတ်ပါ။ အရှင်းဆုံးဆိုရသော် ကျွန်တော့်အသက် (၃၉) နှစ်ခန့်မှ တွေ့ဆုံခင်မင်ရသူ ဖြစ်သည်။ တစ်ရက်တော့ ရှစ်မိုင်လက်ဖက်ရည်ဆိုင်တွင် ကျောင်းတုန်းက ရွှေပြည်ဆောင်တွင် အတူနေခဲ့သောသူငယ်ချင်းတစ်ဦးနှင့် ပြန်တွေ့သည်။ ယင်းကျောင်းတုန်းက သူငယ်ချင်းကပဲ သူ့မိတ်ဆွေအသိုင်းအဝန်းထဲသို့ ခေါ်သွင်းသွားခဲ့သည်။ သူ့မိတ်ဆွေအသိုင်းအဝန်းဆိုသည်က ကိုပြူးတို့၏အသိုင်းအဝန်းဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များဖြစ်သလို စက်မှုပညာရှင်များလည်း ဖြစ်သည်။ ၁၉၈၉ ခုနှစ်တွင် နေထိုင်ရာရုံးလိုင်းကို ဖယ်ပေးခဲ့ရတော့ ကိုပြူး၏စက်ရုံတွင် တစ်လခွဲခန့်နေပြီးမှ နှိုင်ငံခြားသို့ ကျွန်တော်ထွက်ခဲ့သည်။ ပြန်လာပြီးတော့လည်း အပတ်စဉ်သွားရောက်လည်ပတ်သည်။ တစ်ခါတစ်ရံ ကျွန်တော်နေမကောင်းဖြစ်သည့်အခါမျိုး၌ 'နေမကောင်းရင် တစ်ယောက်ထဲကြိတ်ခံမနေနဲ့၊ တယ်လီဖုန်းဆက်လိုက်ကားနဲ့လာခေါ်မယ်' ဟုပြော၏။

၂၀၀၉ ခုနှစ်ထဲမှာပဲ ကိုပြူးကင်ဆာရောဂါဖြစ်နေကြောင်းသိရသည်။ ငွေကြေးတတ်နိုင်သူမို့ စင်ကာပူမှာသွားရောက်ကုသည်။ စင်ကာပူက ဆရာဝန်က ခုနစ်လပဲခံမည်ဟုပြောကြားသည်။ သို့သော် စိတ်မာတ်ကြံခိုင်သော ကိုပြူးက တစ်နှစ်နှင့်လေးလနေသွားသည်။ စင်ကာပူဆေးသွားကုရင်းက ကျွန်တော့်အတွက် စာအုပ်ဝယ်လာခဲ့သေးသည်။ အလှူဒါနလည်း လက်နဲ့မပြတ်ခဲ့သူပါ။ သာသနာရေးဒါနသာမက လူမှုရေးဒါနများစွာပြုခဲ့သူ၊ နေမကောင်းနေသည့်ကြားက ဧရာဝတီတိုင်းနှင့် ခရမ်းသုံးခွတို့တွင် နာဂစ်ဒုက္ခသည်များကို သူကလှူခဲ့တန်းခဲ့သည်။ ရေတွင်းများစွာတူးပေးခဲ့သည်။ စာသင်ကျောင်းတွေဆောက်ခဲ့သည်။ တံတားတွေဆောက်ခဲ့သည်။ ကင်ဆာရောဂါသည် လာခြင်းကောင်းသောပုဂ္ဂိုလ်တစ်ဦးအား ရွေးချယ်ခေါ်သွားခဲ့ပါသည်။ ည (၁၀) နာရီ တရားပွဲကအပြန်မှာ ကိုပြူးဆုံးတာကို သိရတော့ ထမင်းပန်းကန်ရှေ့ထားကာ ကျွန်တော် ချိုးပွဲချင့်မိပါသည်။ လောကတွင် မိခင်ဟူသောပုဂ္ဂိုလ်ကလွဲလျှင် ကျွန်တော့်အတွက် ချစ်ခင်မြတ်နိုးဖို့ရာအကောင်းဆုံးမှာ မိတ်ဆွေအပေါင်းအသင်းသာပဲဖြစ်လေသည်။

မြေအိုးများ။

မြတ်စွာဘုရားသခင်က ဥပမာပေးဟောကြားခဲ့သော မြေအိုးများ၊ မီးမဖုတ်ခင်၊ မီးဖုတ်ဆဲ၊ မီးဖုတ်ပြီး၊ သယ်ယူသုံးနေဆဲကွဲကြေပျက်စီးရသောမြေအိုးများ ဒါမှမဟုတ် သက်တမ်းကုန်လျှင်ကွဲကြေးပျက်စီး၍ မြေပြန်ဖြစ်ရသောမြေအိုးများ အလားတူစွာ ဇာတိကိုရသည်နှင့် မရဏာ ဟူသော ပျက်စီးခြင်းတရား (၀၊) သေခြင်းတရားက တစ်ပါတည်း ပူးတွဲ၍ပါလာခဲ့သည်မဟုတ်ပါလား။ သေခြင်းတရားကို အဖန်ဖန်နှလုံးသွင်းဆင်ခြင်မှုကို မရဏာနုဿတိဟုခေါ်သည်။ မရဏာနုဿတိရှုဖန်များသော် ငါဟူသောတဏှာပါးလာမည်။ ငါဟူသောမာနပါးလာမည်။ ငါအတ္တဟူသောဒိဋ္ဌိပါးလာမည်။ ဤသို့ တဏှာ၊ မာန၊ ဒိဋ္ဌိပါးလာခြင်းဖြင့် ဘဝနာလမ်းပေါ်သို့ ရောက်စေသည်။ ထိုအခါဧသမဂ္ဂေါဝိသုဒ္ဓိယာဟူသည့် ဤသို့နှင့် စင်ကြယ်ခြင်းလမ်းပေါ်သို့ရောက်ခြင်းပဲဖြစ်ပါ၏။

မင်းဘူး-ဗိုလ်ဥတ္တမ

www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကော်ကော်ကိုး
ဟင်းနုနယ်အရိုင်းပင်ရဲ့နာဂစ်မီး

နှစ်စဉ်နှစ်တိုင်း အားကစားလလို့ ခေါ်တဲ့ ဒီဇင်ဘာလမှာ မနက်စောစော ဆိုရင် နေပြည်တော် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရုပ်ကွက်ထိပ်က ဧရာဝါပန်းအိုင်းကြီးမှာ လမ်းလျှောက်သူ၊ သွေးပူလေ့ကျင့်ခန်းလုပ်သူတွေနဲ့ပြည့်နေတတ်တယ်။ ဒီဇင်ဘာလလယ်လောက်မှာကျတော့ လူတွေနည်းသွားပြီး ဒီဇင်ဘာလကုန်လောက်ဆိုရင် မလာကြတော့ပါဘူး။ ဒီအခါ အမြဲလမ်းလျှောက်တဲ့လူအနည်းစုလေးသာကျန်ပါတော့တယ်။

၂၀၁၇ရဲ့ မတ်လလယ်လောက်မှာ အပူကဲလာတာကြောင့် လမ်းလျှောက်သူ သိသိသာသာလေးဦးသာ ကျန်ပါတော့တယ်။ အပေါ်ဆုံးလျှောက်လမ်းမှာ ကျွန်တော်ရယ်၊ ကျွန်တော့်ဦးလေး ကိုရင်မောင်ရယ်နှစ်ယောက်တည်း လျှောက်နေတာပါ။ ရောက်ပေါင်ပေါ်မှာထိုင်ပြီးတော့ နှစ်ယောက်သားနားကြတဲ့အချိန်မှာတော့ စကားစမြည်ပြောဖြစ်ကြပါတယ်။ အဲဒီမှာ ကိုရင်မောင်က သူ့ကျန်းမာရေးကိစ္စတင်ပြလာပါတယ်။

"အစ်ကိုလေး ကျွန်တော် ဆီးရောဂါဖြစ်နေတာဗျ"

"ဘယ်လိုဖြစ်တာတုံး"

"အစ်ကိုလေးရေ၊ ဆီးကျင်ပြီးဆီးချုပ်နေတာပါ"

ဆီးခဏခဏသွားပေမယ့် တစ်ခါသွားမှ တစ်စက်နှစ်စက်ပါဗျာ။ အဲဒီလိုသွားရင် ဆီးလမ်းကြောင်းကအရမ်းကျင်တာဗျ"

"ဘယ်နှရက်ရှိပြီလဲ"

"နှစ်ရက်ရှိပြီ"

"ဆေးခန်းသွားမပြဘူးလား"

"မပြချင်ဘူး အစ်ကိုလေးရေ။ မြန်မာ့နည်းနဲ့ကုမယ်လို့ ဆုံးဖြတ်ထားလို့ပါ။ မနေ့က အစ်ကိုလေးနဲ့မတွေ့လိုက်ရလို့။

"မနေ့က ကျွန်တော်အစောကြီးပြန်သွားတာပါ။ ကိုတင်ထွန်းနဲ့ ခရီးဝေးသွားစရာရှိလို့လေ။ အဲဒါကြောင့်မတွေ့တာပါ"

"ဘာဆေးသောက်ရမယ်ဆိုတာ ညွှန်ပေးပါဦး"

ဆိုတော့ ကျွန်တော်အပြေးအလွှားစဉ်းစားရပါတယ်။ ဒီရေဒီမြေမှာရှိပြီး ပေါများတဲ့ သဘာဝပေါက်ပင်တွေကို ဝိတ်နဲ့အမြန်စိစစ်ပြီး အနာနဲ့ဆေးထည့်နှိုင်တဲ့အရာကို ချက်ချင်းညွှန်ရပါတယ်။

"ကိုရင်မောင်၊ လမ်းဘေးတွေတောင်ယာတွေမှာပေါက်လေ့ရှိကြတဲ့ ဟင်းနုနယ်ဆူးပေါက်အရိုင်းပင်တွေကို သိတယ်မဟုတ်လား။ ဝက်စာကျွေးရင် တောက်တောက်စဉ်းပြီးထည့်ကျွေးကြတယ်ဗျာ"

"သိတာပေါ့ဗျာ၊ သိတာပေါ့"

"အေးဗျာ - အဲဒီအပင်တွေကို အမြစ်ပါရအောင်နုတ်ပြီး ရေစင်စင်ဆေးတောက်တောက်စဉ်းပြီးကျွေးစမ်းပါဗျာ။ ခင်ဗျားရဲ့ဝဒနာယူပစ်သလိုပျောက်ပါတယ်ဗျ။ အပင်တွေပေါတယ်ဆိုရင်တော့ သူ့အမြစ်တွေချည်းယူပြီး တောက်တောက်စဉ်းပြုတ်သောက်ရင် ပိုစွမ်းတယ်ဗျ"

"ဟုတ်ကဲ့-ကျွန်တော်ရအောင်ရှာဖြီး သောက်ပါ့မယ်"

"မယုံမရှိနဲ့နော်၊ သောက်ကြည့်သိလိမ့်မယ်။ ဆီးကျင်တယ်ဆိုတာ ဆီးလမ်းကြောင်းထဲပိုးဝင်တာပါ့။ စာမဖွဲ့လောက်တဲ့ ဝဒနာပါဗျာ။ သောက်ရင် ခဏနဲ့ပျောက်ပါတယ်"

လို့ အာမခံရဲရဲနဲ့ ညွှန်လိုက်ပါတယ်။ ဒီလိုပြောလိုက်တော့ အပြောခံရတဲ့ဝဒနာသည်ဟာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အားရှိသွားတာပေါ့ဗျာ။ ဘာလို့ရဲရဲအာမခံရဲလဲလို့မေးရင် ဒီဆေးနဲ့ပျောက်ခဲ့သူတွေရှိခဲ့ဖူးလို့ပါပဲ။ သမားတော်ကြီး ဇီဝကက ဆေးဖက်မဝင်တဲ့အပင်လုံးဝမရှိဘူးလို့ဆိုခဲ့တာပဲလေ။ အပင်တွေတိုင်းမှာ သူ့ဂုဏ်သတ္တိနဲ့သူအစွမ်းတွေကိုယ်စီရှိနေကြတာပါ။အနာနဲ့ဆေးတည့်အောင်ပေးဖို့သာလိုပါတယ်။ အနာနဲ့ဆေးတည့်အောင်ပေး ပျောက်ရေးမခက်ပြီလို့ဆိုထားတာပဲဗျာ။

ကိုရင်မောင်က အဖေနဲ့ညီအစ်ကို ဝမ်းကွဲတော်တယ်။ ကျွန်တော့်ဦးလေးပါ။ ဒါပေမယ့် သူ့ထက် ကျွန်တော်က သုံးနှစ်ကြီးပါတယ်။ သူက ဝါကြီးတယ်၊ ကျွန်တော်က အသက်ကြီးပါတယ်။ ဒီတော့ သူ့ကို ကိုရင်မောင်လို့ ကျွန်တော်ကခေါ်တယ်။ သူက အများခေါ်သလို အစ်ကိုလေးလို့ခေါ်တာပါ။ မှန်ကျောင်းမှာအတူနေခဲ့တဲ့ ကျောင်းနေဖက်တွေပါ။ လမ်းလျှောက်ပြီးတော့ထိုင်ကြတယ်။

"အစ်ကိုလေးရေ၊ ဆီးကျင်တာ မနေ့ကတည်းက ပျောက်သွားပြီဗျ။ ဟင်းနုနယ်အရိုင်းပင်က အဝေးကြီး တောင်သွားမရှာရပါဘူးဗျာ။ ဘိုဘိုဟန်တို့အိမ်ရှေ့လမ်းဘေးကပဲရတယ်။ အဲဒါ ပြုတ်ပြီး ဖန်ခွက်ကြီးတစ်ခွက် မနက်ပိုင်းမှာပဲသောက်လိုက်တယ်။ အစ်ကိုလေးရေ ဆီးကအားရပါးရကိုသွားတော့တာ။ ဒီတော့ ဆီးလည်းမကျင်တော့ဘူးဗျ။ နေ့လယ်တစ်ခွက်၊ ညတစ်ခွက်ဆက်တိုက်သောက်ပစ်လိုက်တယ်။ ပျောက်သွားတော့ နောက်ထပ်မသောက်လည်းရတယ် မဟုတ်လား"

"ပျောက်သွားပြီပဲဗျာ၊ သောက်စရာဘယ်လိုတော့မှာလဲ"

"အေးဗျာ ဟန်ကျလိုက်တာ.ခုမှနေရထိုင်ရတာ အဆင်ပြေတော့တယ်"

လို့ပြောပြီး ကျန်းမာရေးကိစ္စဘေးချိတ်ကာ ရပ်ကြောင်းရွာကြောင်းတွေပြောဖြစ်ကြပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာ ဒုက္ခရောက်နေတဲ့လူတွေ တစ်ဦးကိုကယ်ခွင့်ရလိုက်လို့ ပီတိတွေဖြစ်နေရတာပါ။

ဟင်းနုနယ်ဆူးပေါက်အရိုင်းပင်တွေဟာ တောင်ပေါ်မြေပြန့်အနှံ့ ပေါက်ရောက်ပါတယ်။ မြေမရွေးတာကြောင့် ပူပြင်းခြောက်သွေ့တဲ့ အညာမြေတွေမှာတောင်ပေါက်ကြတယ်။ ဆီးနဲ့ပတ်သက်တဲ့ ဝေဒနာဟူသမျှ ဆီးကျင်၊ ဆီးအောင့်၊ ဆီးချုပ်၊ ဆီးကျောက်တည် ဘာမဆိုအကုန်ရပါတယ်။ ဆီးကျောက်ကျတော့ ကျောက်မကြေမချင်းသောက်ပေးဖို့လိုပါတယ်။ ဟင်းရွက်ပြုတ်ရည်မို့ လူကိုဘေးမဖြစ်စေပါဘူး။ ဘေးထွက်ဆိုးကျိုးလည်းမရှိနိုင်ပါဘူး။ သူ့အရွက်နုလေးတွေ ကတ်ကြေးနဲ့လိုက်ညှပ်ပြီးကြော်စားရင်လည်း ခံတွင်းမြိန်တဲ့ဟင်းရွက်ကြော်တစ်ခွက်ပါ။ အပင်တွေပေါပါတယ်။ သို့သော်လည်း အဲဒီဟင်းနုနယ်အရိုင်းပင်တွေဟာ ဆီးရောဂါတွေပျောက်ကင်းနိုင်တာမို့ တန်ဖိုးအနှုတ်ရတနာလို့ဆိုလိုက်ပါရစေ။

ချမ်းမြေ့ကြည်ပါစေ

နေပြည်တော်ကော်ကော်ကိုး

www.burmeseclassic.com

www.burmeseclassic.com

အမေ့ကျေးဇူးဆပ်သူတွေထဲမှာ တောင်ဖီလာဆရာတော်(ခေါ်)ဓားမကူး ဆရာတော်ကြီးက ထူးထူးလည်လည် ပိုင်ပိုင်နိုင်နိုင်ရှိလှပါတယ်။ ဖတ်ကြည့်လေ ဆရာတော်ကြီးတည်ခဲ့တဲ့ဘုရားဘွဲ့တော်က ရှင်ပင်သာဒွန်းဦးဘုရားတဲ့။ ဘယ်လောက်ခေါ်ဝေါ်ရွတ်ဆိုလို့ကောင်းလိုက်သလဲ။ ရိုးရိုးလေးနဲ့ကိုဆန်းနေတဲ့ဘွဲ့တော်ပါ။ သာဒွန်းဦး အဓိပ္ပာယ်မှာ သာမဉီးလို့လည်း အဓိပ္ပာယ်ရပါသတဲ့။ အရိမေတ္တေယျဘုရားပွင့်တော်မူတဲ့အခါ အဦးဆုံးဖူးမြော်ရပြီး အဦးဆုံးသာဓုခေါ်နိုင်ဖို့ ရည်ရွယ်ချက်နဲ့ သာဒွန်းဦးဘုရားဘွဲ့တော်သမုတ်ကြကြောင်းလည်း မှတ်သားရဖူးပါတယ်။ သာဒွန်းဦးဘုရားဘွဲ့တော်နဲ့ စေတီပုထိုးတွေ အနယ်နယ် အရပ်ရပ်မှာရှိနေလေရဲ့။ စလင်းမြို့က စေတီပုထိုးတွေပေါများသလောက် ဘုရားဘွဲ့တော်တွေကလည်း ထူးဆန်းလှပါတယ်။ ရှင်ပင်ကျိန်ဆဲဘုရား၊ ရှင်ပင်ဘုံမကျန်ဘုရား၊ ရှင်ပင်နန္ဒရစ်-ရှင်ပင်သီလရာဇ်ဘွဲ့တော်တွေအပြင် စလင်းမြို့အရှေ့တောင်မြို့အထွက် ထိန်ကုန်းရပ်အစွန်းမှာ ရှင်ပင်ဖိုးသားဒွန်းဘုရားဆိုတာလည်း ရှိရဲ့။ ဦးသာဒွန်းက သူ့ကိုအလှူအတန်းဖိတ်ရင် သွားဖူးတဲ့အလှူမှာ ကူမယ့်ငွေဒင်္ဂါးကို စုဘူးထဲထည့်ထားသတဲ့။ များလာတဲ့အခါ သူနာမည်နဲ့ ဖိုးသာဒွန်းဘုရားတည်ခဲ့ပါတယ်။အဲဒီဘုရားအနောက်တောင်နားက လယ်ထဲမှာ ဖိုးလန်းဘုရားဆိုတာလည်းရှိရဲ့။ ဖိုးသားဒွန်းညီ ဖိုးလန်းတည်တဲ့ဘုရားပါတဲ့။

တောင်ဖီလာဆရာတော်အကြောင်း ပြန်ဆက်ရရင် ဆရာတော်ဟာ သာလွန်မင်းလက်ထက်မှာပဲ နှစ်ပေါင်း (၁၂၇)၊ မင်းပေါင်း (၉) ဆက်တိုင် ချုံနွယ်ပိတ်

ဦးစန္ဒီမာ(စလင်း)
ရှင်ပင်သာဒွန်းဦးဘုရား



ရှင်ပင်သာဒွန်းဦးဘုရား



ရှင်ပင်သာဒွန်းဦးဘုရားနှင့်တန်ဆောင်း

ရှင်ပင်သာဒွန်းဦးဘုရားရုပ်ပွားတော်

www.burmeseclassic.com

www.burmeseclassic.com

ပေါင်းတွေဖုံးအုပ်တိမ်မြုပ်နေတဲ့ မင်းဘူးမြို့နယ်က ဗုဒ္ဓခြေတော်ကိုရှာဖွေဖော်ထုတ်ပူဇော်ခဲ့တဲ့ကျေးလူရှင်ကြီးပါ။ ဒါတင်မက ခေတ်အဆက်ဆက် ဘယ်တုံးကမှ မြန်မာပြည်မှာ မရှေးသားနိုင်ခဲ့တဲ့ ဝိနယလက်ာရဂိုကာကျမ်းကြီးကို ရွှေဦးအစ ကနဉီးရေးသားစီရင်တဲ့ ကျေးလူရှင်ကြီးပါ။ ဒီကျမ်းမပေါ်ထွက်ခင်ကဆိုရင် အိန္ဒိယနဲ့ သီဟိုဠ်ကသာ ရေးသားနိုင်တာပါ။ မြန်မာပြည်က မရှေးသားနိုင်ပါဘူးရယ်လို့ အထင်အမြင်သေးခံနေရတဲ့အဖြစ်ကို ပထမဦးဆုံးချိုးဖြတ်တော်လှန်ပြောင်းလဲပစ်နိုင်ခဲ့တဲ့ဆရာတော်ပါ။

ဆရာတော်ဟာ ရှင်ပင်သာဒွန်းဦးဘုရားကို ၉၉၆ခုနှစ် မန်းရွှေစက်တော်ရာအပြန် မွေးရပ်မြေ စလင်းမြို့ကိုကြွရောက်ပြီးတည်ခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဆရာတော်ရဲ့ သက်တော် (၅၆) နှစ်ရှိနေပါပြီ။

ဆရာတော်အလောင်းအလျာကို စလင်းမြို့ ပုထိုးဖြူရပ်၌ ၉၄၈ ခုနှစ်၊ ကြာသပတေးနေ့မှာ ဦးစာကြီး၊ ဒေါ်သာဒွန်းဦးတို့မှ မွေးဖွားခဲ့ပါတယ်။ ဆရာတော်ဟာ စလင်းမြို့မှာ (၁၃) နှစ်ပဲနေခဲ့ရပါတယ်။ ဘဏ်ကောင်းသူ၊ ထူးချွန်သူ ပီပီ သူ့ကို စလင်းမြို့စား မင်းကြီးနှောင်က မွေးစားကာ (၁၃)နှစ်သားအရွယ်မှာ ရှင်မုနိန္ဒယောသဘွဲ့အမည်ရပြီး သာမဏေဘဝနဲ့ ပြည်မြို့ကိုပင့်ဆောင်ခဲ့ပြီး (၁၅)နှစ်သားမှာ ဝေဿန္တရာပျို့ကိုရေးသားတော်မူခဲ့ပါတယ်။

၉၅၉ ခုနှစ်မှာ မင်းကြီးနှောင်ကိုသားဖြစ်သူ ရန်နိုင်မှူးက လုပ်ကြံပြီး ထီးနန်းစိုးစံတော့လည်း ရှင်မုနိန္ဒယောသကို ကိုးကွယ်မြဲကိုးကွယ်ရာက ရဟန်းခံခဲ့ပါသည်။ အနောက်ဘက်လွန်မင်းက ပြည်မြို့ကို သိမ်းပိုက်ပြီး ရန်နိုင်မှူးကို စစ်နိုင်တော့ အခြားဘာကိုမှမမက်မောဘဲ ရှင်မုနိယောသနဲ့ ငထင်ငယ်ကိုရလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ရှင်တစ်ဆူ၊ လူတစ်ယောက်ရယ်လို့ဝမ်းမြောက်ဂုဏ်ယူမဆုံးဖြစ်ခဲ့တယ်။ သာလွန်မင်းကလည်း ဆရာတော်ကို ဆည်းကပ်ကိုးကွယ်ခဲ့ပါတယ်။

ဘုရားဆုပန်ဖြစ်တဲ့ဆရာတော်ဟာ မာတုဂါမနဲ့ ပတ်သက်ပြီး လုံးဝကင်းရှင်းကာ သီလစင်ကြယ်ကြောင်းကို မင်းပရိသတ်ဗိုလ်ပုံအလယ်မှာ သက်သေခံအဖြစ် သက်မဲ့မားမက ရေပေါ်ကူးပြရတဲ့ထိအောင် ထင်ရှားခဲ့သူဖြစ်တယ်။ ကျမ်းပေါင်း (၂၇) ကျမ်းပြုစုခဲ့သလို -

ရှင်ပင်သာဒွန်းဦးဘုရားပရဝုဏ်



ရှင်ပင်သာဒွန်းဦးဘုရားပရဝုဏ်ထဲ



၁။ (၁၅)နှစ်သားအရွယ်မှာ ဝေဿန္တရာပျို့ကိုရေးသားခဲ့လို့သာမဏေကျော်။
၂။ အင်းဝပဉ္စင်းကျော်နဲ့ပညာပြိုင်စကားစစ်ထိုးရာမှာကျော်ခဲ့လို့ ပြည်ပဉ္စင်းကျော်။
၃။ တိပိဋကဓရဘွဲ့၊ မဟာတိပိဋကဓရဘွဲ့၊ ဘွဲ့တံဆိပ်(၂)ထပ်ရလို့ တိပိဋကာလင်္ကာအကျော်။
၄။ ဓားမကရေပေါ်ကူးပြခဲ့လို့ ဓားမကူးဆရာတော် တောင်ဖီလာအကျော်(၄)ကျော်ရခဲ့သလို ဘွဲ့ကျော့(၈)ဘွဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com

၃။ ရွှင်မုနီနွယောသတွဲ့၊
၄။ ရွှင်ဥမါလိတွဲ့၊
၅။ လိပ်ဋ္ဌကာလင်္ကာရတွဲ့၊
၆။ မဟာလိပ်ဋ္ဌကာလင်္ကာရတွဲ့၊
၇။ သာမညောကျော်ဘွဲ့၊
၈။ ပြည်ဝဥ္စင်းကျော်ဘွဲ့၊
၉။ ဓားမကူးဆရာတော်ဘွဲ့တို့ ဖြစ်ပါတယ်။

အဲဒီလို ကြည်ညိုရာအဖုံဖုံ၊ အံ့ဩခြီးမွမ်းစရာတွေအစုံစုံ ထူးခြားတဲ့ဂုဏ်တွေနဲ့ပြည့်စုံတဲ့ တောင်ဖီလာဆရာတော်က ဒီရှင်ပင်သာဒွန်းဘုရားကို ၉၉၆ ခုမှာ တည်ခဲ့တာပါ။ ဒီဘုရားဟာ စလင်းမြို့ရဲ့ အရှေ့မြောက်အရပ်မှာ တည်ရှိပြီး စလင်း-ဓင်းဘူး ပေ (၁၀၀) ကားလမ်းမကြီးရဲ့တောင်ဘက်မှာ အထင်းသားဖူးတွေ့နိုင်ပါတယ်။



ရွှင်ငင်သာဒွန်းဘုရားနှင့်တန်ဆောင်း

ဒီဘုရားပရိဝုဏ်အတွင်းမှာ စေတီပုထိုးချည်း (၁၄) ဆူရှိတယ်။ ဝါတွင်းဥပုသ်နေ့တိုင်းလည်း ဝတ်ရွတ်တယ်။ ဆောင်းကာလများမှာ (တန်ဆောင်မုန်းလပြည့်နေ့တိုင်း) နှစ်စဉ်ဆွမ်းလောင်းလှူတယ်။ မကြာသေးခင်ကမှ ဘုရားကိုလည်း ပြုပြင်မွမ်းမံထားသလို တိုက်တန်ဆောင်းလည်း တည်ဆောက်ပြီးပြီမို့ တင့်တယ်သပ်ပသယ်စွာဖူးတွေ့နိုင်ပါပြီ။

စာရေးသူကတော့ ရှင်ပင်သာဒွန်းဘုရားဖူးလေတိုင်း၊ ဒီဘုရားအနီးကလမ်းပေါ်မှာဖြတ်လေတိုင်း တောင်ဖီလာဆရာတော်ကြီးကို မှန်းဆမြင်ယောင်မိပါတယ်။ အမှေကျေးဇူးဆပ်တဲ့နေရာမှာ နောင်လာနောင်သားတွေ အတုယူမှတ်သားနိုင်အောင် အမှေနာမည်ပါအောင်ဘွဲ့တော်သမုတ်ခဲ့ပုံလေးကိုလည်း ခြီးကျူးကြည်နူးမဆုံးဖြစ်ရပါတယ်။

■ *အမိနာမည်၊ ဂုဏ်ရည်အထူးကျေးဇူးဆပ်ဘိ၊တည်တည့်ဘုရားဖြစ်ရပ်များကို၊ ထပ်မွားသဒ္ဒါ ဂုဏ်ယူပါသည် နောင်လာနောက်သားစွဲစေသော် ကမ္ဘာတည်သရွေ့မြဲစေသော်။*

ဦးစန္ဒိမာ(စလင်း)



www.burmeseclassic.com

www.burmeseclassic.com

(၁)

ပုထုဇဉ်သဘာဝ သံယောဇဉ်ဆွဲအား ကိလေသာမီးများနဲ့ ခန္ဓာရထားကြီးစီးသွားနေရတာ ပျော်ရွှင်နှစ်သက်ပါတယ်။ အပူမီးငွေ့တထောင်းထောင်းနဲ့ သွားလာရတာ ခုံမင်နေတတ်ပါတယ်။ အဲဒီအသွင်ကို ခင်မင်တွယ်တာလျက် ငွေရောင်ဖြန်းတဲ့နေ့သစ်ဆန်း၊ ရွှေရောင်ဖြန်းတဲ့နေ့သစ်ဆန်းလို့ သူတို့မြင်တတ်ပါတယ်။ အဲလိုနေ့ရက်များကို နေ့စဉ်ရက်ဆက်ခံစားလိုပါတယ်။

အနီးဆုံးဆွဲအားနဲ့အတူ အာရုံငါးပါးကာမဂုဏ်များကိုချည်နှောင်လျက် အဆင်းကြိုက်သူက အဆင်းအာရုံ၊ သီချင်းကြိုက်သူက သီချင်းအာရုံ၊ ရနံ့နမ်းရှူလိုသူက အနံ့အာရုံ၊ အစားခုံမင်သူက အရသာရုံ၊ ထိတွေ့မှုသာယာလိုသူက အထိတွေ့အာရုံ စသဖြင့် ခုံမင်ပျော်ရွှင်နေတတ်ပါတယ်။ ကသူကက၊ ရယ်သူကရယ်၊ သောက်သူကသောက်၊ စားသူကစား၊ ဆိုသူကဆို၊ ငိုသူကငို၊ ခုန်သူကခုန် စုံနေတာပါပဲ။ အကောင်းဘဝကနေ အဆိုးဘဝဘက်ဆီဦးတည်လျက် ဘုရားမှော်၊ တရားမှော်၊ သံဃာမှော်၊ တိုသိုလ်မှော်ကာ ပျော်ရွှင်နေကြပါတယ်။

အဲဒါ တရားနဲ့ ပျော်ရွှင်နေတာပါ။ တရား ဆိုတာ ချစ်ခင်တွယ်တာစုံမက်ခြင်းပါပဲ။ ဇနီးမယား၊ သံမီးသား၊ ပစ္စည်းများကို ဟွယ်ဖက်ထားတာပါ။ အဲဒီချစ်ခင်ခြင်းတရားက အဆိပ်ခတ်ထားတဲ့ အဖျော်ယမကာနဲ့ အလားတူပါတယ်။ သောက်ခါစမှာ ချိုချိုမွေးမွေးအရသာလေးရှိနေပါလိမ့်မယ်။ ခဏအကြာ အဆိပ်ဒဏ်ခံရတဲ့အခါ အသက်ပါသေကျေပျက်စီး ဒုက္ခလှလှကြီးရောက်နိုင်ပါတယ်။

အဲဒီလိုပါပဲ၊ သံယောဇဉ်ဆွဲအားနဲ့အတူ ကာမဂုဏ်တရားတွေက အစပိုင်းမှာ ပြုံးရွှင်နိုင်သော်လည်း အချိန်ကြာသည်နှင့်အမျှ မပြုံးနိုင်မပျော်နိုင်ပါဘူး။ ဒုက္ခအဆိပ်ငွေ့တွေမှုတ်ထုတ်ခံရတဲ့အခါ မျက်ရည်များလဲ့လည်း မသိမ်းနိုင်တော့ပါဘူး။ သားအတွက်ပူ၊ သမီးအတွက်ပူ၊ ကိုယ့်ကျန်းမာရေးကစ စားဝတ်နေရေး စီးပွားရေး၊ လူမှုရေးကိစ္စအဝဝပါ ဆင့်ကဲ ဆင့်ကဲ ပူပန်ရပါတယ်။ ဒုက္ခအလီလီများလည်း ခံစားရပါတယ်။

(မြို့တော်မှူး)

ဒေါက်တာအရှင်လာဘသာမိ

ချမ်းသာချင်ရင် အနေပြင်

www.burmeseclassic.com

www.burmeseclassic.com

အဲဒါ ချစ်ခင်စုံမက်ခြင်းကြောင့် သောက ရောက်ရတာပါ။

မကောင်းတဲ့ လမ်းကြောင်းပေါ်ကို ရောက်အောင်ဆွဲတင်ပေးတာက အဝိဇ္ဇာတဏှာဖြစ်ပါတယ်။ ဒီတရားနှစ်ပါးက အနာဂတ်သံသရာကျင်လည်ခြင်းရဲ့ အကြောင်းများလည်းဖြစ်ပါတယ်။ ဒုက္ခဖြစ်ခြင်းရဲ့အကြောင်းတရားတွေပါ။ ဘဝအစ သံသရာအစလည်း ဒီတရားတွေပါပဲ။ လက်ရှိဘဝရောက်ရှိခဲ့တာက အဝိဇ္ဇာဖြစ်ပါတယ်။ အနာဂတ်သံသရာခရီးပို့ဆောင်ပေးမှာက တဏှာဖြစ်ပါတယ်။

(၂)

သံသရာအဆက်ဆက်၊ ဘဝအဆက်ဆက်ကပါလာတဲ့ အဆင်းအာရုံ၊ အသံအာရုံ၊ အနံ့အာရုံ၊ အရသာရုံ၊ အတွေ့အာရုံများခံစားရတာ ပြည့်စုံတယ်ဆိုတာ ပုထုဇဉ်တို့မှာမရှိပါဘူး။ အလိုပြည့်တယ်ဆိုတာမရှိပါဘူး။အဝိဇ္ဇာအမှောင်ထုက ဖုံးကွယ်ထားတော့ တဏှာအရောင်ကို ရွှေရောင်အဆင်းအထင်မှားပြီး တဏှာရေအိုးထဲ ကာမဂုဏ်တွေအပြည့်လောင်းထည့်လိုပါတယ်။ လူဘဝနဲ့လည်း အဲဒီတဏှာရေအိုးကို လောင်းထည့်ခဲ့တယ်။ နတ်ဘဝနဲ့လည်း လောင်းထည့်ခဲ့တယ်။ ပြဟ္မာဘဝနဲ့လည်း ထည့်သွင်းခဲ့တယ်။ ပြိတ္တာဘဝနဲ့လည်း ဖြည့်တင်းခဲ့တယ်။ တိရစ္ဆာန်ဘဝနဲ့လည်း လောင်းထည့်ခဲ့တယ်။ လက်ရှိဘဝလည်း လောင်းထည့်နေတုန်းဖြစ်ပါတယ်။ ဘယ်လောက်ထည့်ထည့် အမြင်တဏှာအိုး၊ အကြားတဏှာအိုး၊ အနံ့တဏှာအိုး၊ အရသာတဏှာအိုး၊ အတွေ့အထိတဏှာအိုးများက မပြည့်ခဲ့ပါဘူး။ သံသရာခရီးသွားရင်း ဆာလောင်နေဆဲဖြစ်ပါတယ်။

အဲဒီတဏှာအိုးက ကတော့နဲ့တူပါတယ်။ တဖြည်းဖြည်းနဲ့ အဝကကျယ်လာပါတယ်။ လိုချင်တပ်မက်မှုသဘောလည်း ရလေလိုလေ အိုတစ္ဆေပါပဲ။ အလိုဆန္ဒပြည့်တယ်ဆိုတာ မရှိပါဘူး။ အခင်မှားတော့ တဏှာအသွင်လိုက်ပါတတ်တယ်။ အမြင်မှားတော့ အမှားတစ်သိုက်လိုက်ပြန်ပါတယ်။ ခင်မင်တွယ်တာတာက တဏှာ၊ အမှန်မသိတာက အဝိဇ္ဇာဖြစ်ပါတယ်။ အမှန်မသိတော့ မှားယွင်းတဲ့အကုသိုလ်အမိုက်တရားပြုမှားတတ်ပါတယ်။ မိုက်မှုရှိရင်တော့ မိုက်ပြစ်ခံရမှာပါ။ ကိုယ်တိုင်ဖောက်တဲ့လမ်းတွေပါပဲ။

ခန္ဓာရထားကြီးက ဒုက္ခမီးကိလေသာမီးတွေ တောက်လောင်နေပါတယ်။ ပျော်စရာထင်မှတ်ပြီး အခင်မှားတဲ့ တဏှာက လောင်စာဆီတွေ ခဏခဏ ထည့်ပေးနေပါတယ်။ ပျော်စရာကောင်းတဲ့ ငါမှငါဆိုတဲ့ဒိဋ္ဌိလောင်စာဆီ၊ ထောင်လွှားတက်ကြွတဲ့ မာနလောင်စာဆီ၊ ငါဇနီး၊ ငါသမီး၊ ငါသား၊ ငါမယားဆိုတဲ့ တဏှာလောင်စာဆီများကြောင့် လောင်ကျွမ်းခဲ့ရတဲ့ဘဝတွေလည်း မရေတွက်နိုင်အောင်ပါဘဲ။ သံသရာတစ်လျှောက် ကျခဲ့ရတဲ့မျက်ရည်ပေါက်တွေလည်းများပြားလှပါပြီ။

အမြင်မှား အခင်မှား အစွဲမှား အပြုမှား အတွေးမှားများနဲ့ မဆင်မခြင် နေထိုင်ခဲ့မိလို့ မိုက်ပြစ်မိုက်ကြွေးများတော့ခံရဦးမှာပါ။ တဏှာလက်ချက်၊ ဒေါသလက်ချက်၊ မောဟလက်ချက်၊ မာနလက်ချက်၊ ဒိဋ္ဌိလက်ချက်များကြောင့် မျက်ရည်များလည်းကျရဦးမှာပါ။ သောကမျက်ရည်တွေမသိမ်းနိုင်တာ အတိတ်ဆီကမိုက်ပွဲတွေ ဆင်နွှဲခဲ့လို့ပါ။ တဏှာပေမကို ထွေးပိုက်မှားခဲ့လို့ သောကမီးတွေ တောက်လောင်ခံနေရတာပါ။

(၃)

မြတ်ဗုဒ္ဓလက်ထက်က ပဋ္ဌာစာရီဆိုတဲ့အမျိုးသမီးတစ်ဦးရှိခဲ့ဖူးပါတယ်။ သူမရဲ့ လင်ယောကျ်ားက မြွေကိုက်လို့သေရတယ်။ သားအကြီးက ရေနစ်လို့သေဆုံးတယ်။ သားအငယ်က စွန့်ချီလို့သေရတယ်။ 'ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ' ဆိုသလို သူမရဲ့အဖေ၊ အမေ၊ အစ်ကိုတွေလည်း မြေပိတိုက်ပိလို့သေကြတယ်။ သူမမှာ အားကိုးရာမဲ့ ခိုကိုးရာမဲ့ဖြစ်သွားပါတယ်။ သူမရင်မှာ သောကပရိဒေဝဒုက္ခတွေ အကုန်ပေါင်းစုပြီး မျက်ရည်တွေမဆည်နိုင်ဘဲ အရှုးမကြီးဖြစ်သွားပါတယ်။ ရှုးတာမှ တကယ်ရှုးသွားတာပါ။ သူမကိုယ်ပေါ်မှာ အဝတ်အစား တစ်စုံတစ်ရာမရှိအောင် ရှုးသွားတာပါ။ အဲဒါ ဒုက္ခမီး၊ သောကမီးတွေ လောင်ကျွမ်းခံနေရတာပါ။

တစ်နေ့ မြတ်ဗုဒ္ဓတရားဟောနေရာ သူမရောက်သွားခဲ့ပြီး ပရိသတ်အစွန်ဖျားမှာ တခြားသူတွေထိုင်သလိုထိုင်နေရင်း မြတ်ဗုဒ္ဓက 'ချစ်သမီး ပဋ္ဌာစာရီလား' လို့မေးတော့အရှုးပြေသွားပါတယ်။ အဲဒီအခါ အသိဝင်လာပြီး ရှက်စိတ်ဝင်ကာ လူတွေကမ်းပေးတဲ့အဝတ်ကိုဝတ်ရုံလျှက် ရှင်တော်ဘုရား တပည့်တော်မကို ကယ်တော်မူပါ။ တပည့်တော်မတစ်ယောက် တည်းရှိပါတော့တယ်။ လင်ယောကျ်ားက မြွေကိုက်လို့သေတယ်။ သားကြီးက ရေမျောလို့သေတယ်။ သားငယ်က စွန့်ချီလို့သေတယ်' စသည်ဖြင့် လျှောက်ထားပါတဲ့ယ်။

သားရှိရင် သားအတွက်ပူပန်ရတယ်၊ သမီးရှိရင် သမီးအတွက်ပူပန်ရတယ်။ ပစ္စည်းရှိရင် ပစ္စည်းအတွက် ပူပန်ရတယ်။ ပူပန်မှုများနဲ့ကျေနပ်နေတာဖြစ်ပါတယ်။ အဲဒါကြောက်လို့ ကျေနပ်နေတာပါ။ တချို့က သောကပရိဒေဝဒုက္ခတွေနဲ့ ပူပန်နေရတာကို ဒုက္ခမှန်းမသိတော့ ဂုဏ်ယူဝင့်ကြွားလျက်ပင် ကျေနပ်နေပါသေးတယ်။ ဒုက္ခကို သုခထင်အောင် အဝိဇ္ဇာက ဖုံးအုပ်နေတာဖြစ်ပါတယ်။

(၄)

ချမ်းသာချင်ရင် အနေပြင်ရမှာပါ။ ဘယ်လိုပြင်မလဲ။ အပျော်အပါးတွေ နည်းပါးအောင်ပြင်ဆင်ရမှာပါ။ ကြမ်းတမ်းတဲ့အကုသိုလ်တွေ သိမ်မွေ့အောင်ပြင်ဆင်ရမှာပါ။ များပြားတဲ့အကုသိုလ်တွေနည်းပါးအောင် ပြင်ဆင်ရမှာပါ။ မည်းညစ်တဲ့ကိလေသာအမိုက်တွေသန့်ရှင်းအောင် ပြင်ဆင်ရမှာပါ။ များပြားတဲ့ကုသိုလ်တွေဖြစ်အောင်ပြင်ဆင်ရမှာပါ။ စိတ်ထားတွေဖြောင့်မတ်အောင်ပြင်ဆင်ရမှာပါ။

မြတ်ဗုဒ္ဓက -

'ချစ်သမီး ပဋ္ဌာစာရီ အခုလိုပဲ သံသရာအဆက်ဆက်ဘဝအဆက်ဆက် မှာငိုကြွေးခဲ့ရတဲ့မျက်ရည်တွေစုထားလိုက်မယ်ဆိုရင် သမုဒ္ဒရာထဲကရေထက်ပိုများပါတယ်။ အဲဒီသဘော တရားတွေကို အနိစ္စ ဒုက္ခ အနတ္တရှုမှတ်ရမယ်' လို့ မိန့်ဆိုခဲ့ပါတယ်။

ငါမဟုတ်ဘူး ငါ့ဟာမဟုတ်ဘူးလို့ ဆင်ခြင်လျက် တဏှာဖယ်ရှားနိုင်အောင် ပြင်ဆင်ရမှာပါ။ ငါမဟုတ်ဘူးလို့ နှလုံးသွင်းလျက် မာနဖယ်ရှားနိုင်အောင် ပြင်ဆင်ရမှာပါ။ ငါ့ရဲ့အတ္တမဟုတ်ဘူးလို့ဆင်ခြင်လျက် ဒိဋ္ဌိဖယ်ရှားနိုင်အောင် ပြင်ဆင်ရမှာပါ။ အနိစ္စရှုမှတ်က မာနကွာပါတယ်။ ဒုက္ခရှုမှတ်က တဏှာကွာပါတယ်။ အနတ္တရှုမှတ်က ဒိဋ္ဌိကွာပါတယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိမရှိလျှင် ငြိမ်းချမ်းခြင်းဆီ ရောက်ရှိတော့မှာဖြစ်ပါတယ်။

ဒေါက်တာအရှင်လာဘသာမိ

(မြတ်ဗုဒ္ဓ)

www.burmeseclassic.com

www.burmeseclassic.com

မြဝင်း(ဒဿန)

မဟာဗောဓိမြို့ဆရာတော်ဘုရားကြီးအားပူဇော်ခြင်း ဝါန နှိ ဝါနတို့ ပုန်ကန်ခြားနားခြင်းစကား

ဝါတွင်းတစ်မနက်ခင်းတွင် ကျွန်တော်သည် မဟာဗောဓိမြို့ဆရာတော်ဘုရားကြီးရေးသားစီရင်တော်မူသော 'ဝါနနိဝါနတို့၏ ပုန်ကန်ခြားနားခြင်းစကား (ဝါန နိဝါနပဋိပက္ခကထာ)' စာအုပ်ကို ဖတ်နေပါသည်။

ထိုသို့ဖတ်နေစဉ် ရွှေဆံတော် စေတီတော်သို့သွားရန် ချိန်းဆိုထားသော ဓမ္မမိတ်ဆွေရောက်လာပါသည်။ ထိုဓမ္မမိတ်ဆွေသည် ရောက်လျှင်ရောက်ချင်း ဤသို့စကားစပါသည်။

"ဆရာကတော့ အချိန်ကိုအလကားမထားဘဲ စာဖတ်နေတော့တာပဲ။ ဘာစာအုပ်ဖတ်နေတာလဲ ဆရာ"

"မဟာဗောဓိမြို့ဆရာတော်ဘုရားကြီး ရေးသားတော်မူတဲ့ ဝါနနိဝါနတို့၏ ပုန်ကန်ခြားနားခြင်းစာအုပ်ပါဗျာ"

"ကျွန်တော်တော့ စာအုပ်နာမည်ကို နားမလည်ဘူး ဆရာ"

"ဝါန ဆိုတာက တဏှာကိုပြောတာ။ နိဝါနဆိုတာကတော့ နိဗ္ဗာန်ကိုပြောတာပါ။ ဝါနကို တော်လှန်ပြီး၊ ပြောနေကျစကားနဲ့ပြောရရင် တဏှာကို တော်လှန်ပြီး နိဝါနခေါ်တဲ့ နိဗ္ဗာန်ဘုံတည်ဆောက်ခြင်းကိုပြဆိုထားတဲ့စာအုပ်ပါ"

"ဆရာပြောပြလို့သာ သိရတယ်၊ စာအုပ်ဆိုင်ရောက်လို့ အဲဒီစာအုပ်တွေ့ရင်တောင် ဘာဆိုလိုမှန်းမသိလို့ ကိုင်ကြည့်ဖြစ်မှာမဟုတ်ဘူး"

"စာအုပ်နာမည်ကြည့်ပြီး နာမည်ရဲ့အဓိပ္ပာယ်ကိုနားမလည်တာနဲ့ စာအုပ်ကိုကိုင်မကြည့်ဘဲမနေပါနဲ့ဗျာ။ နိဒါန်းတို့ နိဂုံးတို့ကိုလှန်ကြည့်လိုက်ဦးပေါ့။ အဲဒီလိုကြည့်လိုက်ရင် ဒီစာအုပ်က ဘာကိုဆိုလိုတယ်၊ ဘာအကြောင်းကိုရေးထားတယ်ဆိုတာ ခပ်ရေးရေးတော့သိလာမှာပေါ့။ ကျွန်တော်တို့လည်း အဲဒီလိုကြည့်ရတာ၊ ဆရာတော်ဘုရားကြီးက ဒီစာအုပ်ကို ရည်ရွယ်ချက်အတော်ကြီးကြီးမားမားထားပြီးရေးထားတာ။ စာအုပ်နိဂုံးမှာ ဘယ်လိုရေးထားသလဲ ဆိုတော့ ဒီစာအုပ်ဟာ ဘုရားသားတော်၊ သမီးတော်တွေကို ဝါနခေါ်တဲ့တဏှာကို ပုန်ကန်ခြားနားဖို့သင်ပေးသတဲ့။ ပြီးတော့ နိဝါနဆိုတဲ့ နိဗ္ဗာန်အငြိမ်းဓာတ်ကို ရှာဖွေဆည်းပူးတတ်ဖို့လည်း သင်ပေးသတဲ့။

နောက်ဆရာတော်ဘုရားကြီး ရေးထားတာရှိသေးတယ်။ ဝါနနိဝါနပဋိပက္ခကထာကျမ်းကို သင့်ကိုပေးလိုက်ပါပြီတဲ့။ အဲဒီကျမ်းထဲမှာပါတဲ့ အချက်အလက်များကိုသင်ခြင်း၊ ကျင့်ခြင်း၊ အရဆောင်ခြင်းတို့ကိုပြုလုပ်ပြီး သင့်ခန္ဓာမှာ မင်းမူနေတဲ့ ဝါနကို ပုန်ကန်ခြားနားနိုင်ပါစေတဲ့။ နောက် ဤ(ခေါ်) နိဝါနအသင်းအပင်းများကို စုပြုံစည်းပြီး သိမ်းဆည်းပြီးဖြစ်ပါစေတဲ့။ နောက် ဓာတ်အညစ်အကြေးမပြု ဖွေးဖွေးဖြူ လူစင်စစ်ဖြစ်ပါစေတဲ့။ မကောင်းမတုန်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းမဖြုတဲ့ ကိုအေးကြူ မအေးကြူ တွေဖြစ်ပါစေတဲ့။

"မကောင်းမတဲ့၊ ကောင်းမဖြူဆိုတဲ့ စကားလေးက ကျစ်လျစ်ပြီးလှလိုက်တာ ဆရာရယ်။ဆရာပြောတာနာလိုက်ရတာနဲ့ပဲ အဲဒီစာအုပ်ကိုဖတ်ချင်စိတ်ပေါ်လာပါပြီ"

"ဖတ်ချင်စိတ်ပေါက်လာရင် ဖတ်ဖြစ်အောင်ဖတ်ပါလို့ တိုက်တွန်းပါတယ်။ ကြိုးစားပြီးဖတ်ကြည့်ပါ။ အတော်လေး ဖတ်မိတာနဲ့ ဆရာတော်ဘုရားကြီးက ဆရာ့ကိုဆွဲခေါ်သွားမှာပါ။ ဓမ္မဟာလေးနက်ပြီး နားလည်ဖို့ခက်ပေမယ့် ဆရာတော်ဘုရားကြီးက နားလည်အောင်ရှင်းပြလိမ့်မယ်။ ရှင်းပြရာမှာလည်း လောကသဘာဝ၊ လူဘဝတွေကို ဥပမာပေးပြီးရှင်းပြလိမ့်မယ်။ပြောလက်စနဲ့ပြောပါဦးမယ်။ ဆရာတော်ဘုရားကြီးဟာ ရပ်မှုရွာမှုလောကမှုတို့ကိုလည်း အင်မတန်နှံ့စပ်တယ်။ ရပ်မှုရွာမှုလောကမှုတို့ကိုသိတဲ့နေရာမှာလည်း စာသိ၊ တစ်ဆင့်သိတို့နဲ့ သိတာမျိုးမဟုတ်ဘဲ ကိုယ်တိုင်သရုပ်ဆောင်ပါဝင်ပြီး သိတဲ့အသိမျိုးနဲ့သိတာ။ အခွင့်ကြုံတုန်း သား ရှင်ပြုမင်္ဂလာပွဲမှာ ဝါနနဲ့နိဝါနတို့ တိုက်ပွဲဝင်ပုံနဲ့ပတ်သက်လို့ ဆရာတော်ဘုရားကြီးရေးထားတာကိုဖတ်ပြဖို့မယ်။ အဲဒီမှာ ဆရာတော်ဘုရားကြီး ရပ်မှုရွာမှုလောကမှုမှာ ဘယ်လောက်နှံ့စပ်တယ်ဆိုတာ တွေ့ရလိမ့်မယ်"

"အချိန်ရပါသေးတယ်ဆရာ၊ ဖတ်ပြပါ"

"ဖတ်ပြပါ့မယ်ဗျာ"

(ကျွန်တော်သည် မှတ်ထားသောစာမျက်နှာကိုလှန်၍ ဖတ်ပြပါသည်။)

"ဓလေ့သည် ဓာတ်၏အလေ့အထအရ လူပ်ရှားပြုရခြင်းဖြစ်ရာ ထုံးစံသည် ရှေးမိဘမျိုးရိုးတို့၏ အရိုက်အရာကို လက်ဆင့်ခံခြင်းဖြစ်ရာ တောရွာများတွင် ထိုဓလေ့ထုံးတမ်းအရ ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာများကျင်းပလေ့ရှိကြ၏။ ဘုရားသွားကျောင်းတက်၊ ဥပုသ်သီလဘဲကလည်း မပျက်ကွက်ကြ။ သို့ကောင်းမှုများဖြင့် လူဘဝကိုဆင့်တိုးဆင့်တိုးမြှင့်တင်ကြရာ ရှေးခေတ်က ရှင်ပြုပွဲများကျင်းပရာတွင် ဘုရားရှင်ကသားတော် ရာဟုလာအား ရှင်ပြုပေးသောထုံးနှလုံး ဟူ၍ အခမ်းအနားဘာမှမရှိ။ ပရိသတ်အသိုင်းအဝိုင်းလုံးဝမပါ။

အမေကဆွမ်းတော်အုပ်ခေါင်းဖြင့် ရွာက်၊ သားငယ် လက်တွဲခေါ်၍ အဖေက သပိတ်လွယ်၊ ယပ်နှင့်သင်္ကန်းပရိက္ခာလက်မှကိုင်၍ ဘုန်းတော်ကြီးရှိရာ ကျောင်းသို့သွား၍ ရှင်ဖြစ်စေခဲ့ကြသည်။ ထိုမှနောက် ရှင်လည်းပြု၊ မိမိအိမ်မြေ၌လည်း ကောင်းမှုမျိုးချဆိုကာ အိမ်ဝိုင်းတွင်းဝယ် မဏ္ဍပ်ကြီးများထိုး၍ ရှင်ပြုပွဲကြီးဆင်နွဲလာကြသည်။

ထို့စဉ် . . .

ရှင်ပြုကား. . . အရှင်ဘဝ(သခင်ဘဝ) နှင့် ရှင်ဘဝသို့ပို့ပေးခြင်း။

ဤ၌ လူဘဝ၊ နတ်ပြဟ္မာတို့ဘဝ၊ အရိယာဘဝများသည် ပါရမီများရှင်သန်သောအားဖြင့် အပင်မှနေ အခက်အလက်၊ အရွက်၊ အပွင့်၊ အသီးများဖြစ်ထွန်းစေခြင်းကြောင့် ရှင်ဘဝဆိုရသည်။ တစ်ဖန် ခုနစ်နှစ်သား သာမဏေလေးဖြစ်သော်မှလည်း လူရော နတ်ရော ပြဟ္မာရောက ဦးခိုက်ကြရသည်ချည်းဖြစ်ခြင်းကြောင့် ရှင်ဖြစ်ထိုသာမဏေသည် ရှင်အရာလည်းဝင်၏။ တစ်ဖန် အိမ်ဝိုင်းအတွင်း အလှူမင်္ဂလာဆင်ယင်ကျင်းပခြင်းကသည်ဝိုင်းတွင်းမှာ

သံဃာတော်များတစုတဝေးကြွချီအဖူးမြော်ခံခြင်း၊

သီလတရားများချီးမြှင့်ပေးသနားခြင်း၊

မိသားစုများ(ရေစက်ဆုံရာအဖြစ်)အတူရေစက်ချ လှူဒါန်းခွင့်ရခြင်း၊ ရှေးဘီဘင်တို့၏ကောင်းလိုက်တဲ့ဓလေ့၊ သို့သော် ယနေ့၏နက်ဖြန်ဆိုသော ငါတို့ခေတ် မျက်မှောက်ရောက်သောအခါတွင်ကား ပါရမီတန်းဝင် ဇာတ်သွေးကို ဓာတ်သွေးကလွှမ်းမိုးလာတော့ကာ စိတ်ကို -

တဏှာ - အလှူပုံရိပ် (ခေါ်)အာဂုံ၌ တပ်မက်ခြင်းက စီးပိုးနေ၏။

မာန - ဂုဏ်တုဂုဏ်ပြိုင် သူထက်ငါ နိုင်လိုခြင်းက သွေးထိုးပေးနေ၏။

ဒိဋ္ဌိ - ဒိဋ္ဌငါ၊ မာနငါ၊ တဏှာငါ ငါသုံးငါထပ်၍ အရပ်ပတ်ပြုလိုခြင်းကမင်းမူနေ၏။

သူက ငါးခြောက်ဟင်းကျွေး၍ အလှူပေးတော့ ငါက အမဲသားကျွေး၍ အလှူပေးအံ့။ နောက်တစ်ယောက်က ငါက ဝက်သားကျွေး၍ အလှူပေးအံ့။ သည့်အတူ သူထက်သူ (လူတကာ အကြိုက်လိုက်၍) ကုသိုလ်ကိုအကုသိုလ်နှင့်ပြိုင်ကာ လိုက်ပွဲဝင်ကြကုန်၏။

"ဝါနနဲ့ နိဝါန တိုက်ပွဲဝင်လာပြီနော်"

"ဆက်ဖတ်ပြပါဦးမယ်"

"ဖတ်ပါ ဆရာ၊ သဘောပေါက်လာလို့ပြောလိုက်တာပါ"

"မှတ်ချက်။ ။ ငါတို့ သာစည်ရွှေကျောင်းကုန်းက ဂရုတ်သီးထွက်ရာရွာတစ်ရွာက အသား၊ ငါးဟင်းခွက်ငါးမျိုးတို့ဖြင့် အလှူပွဲတိုးသတဲ့။ မှတ်ထား။ အများက တစ်ခွက်မှအနှိုင်နှိုင်ဖြစ်ရာသူကား အများထက်သာရန်အတွက်ပင်။

တစ်ဖန် အလှူပွဲများတွင် ရှေးကလူသာမုခေါ်၊ နတ်သာမုခေါ်ရန်ဆိုကာ ပြောရိုက်ကာ အလှူပွဲဝင်ကြ၏။ ယခုသော် ငွေမတတ်နိုင်သူက မဏ္ဍပ်တွင်းအငြိမ့်ပွဲသွင်းကြ၏။ ငွေတတ်နိုင်သူများက ရွာပြင်၌ ဇာတ်ပွဲကြီးများဖြင့် ပွဲခံ၏။ ယင်းမှာ သွေးအေး၍ စိတ်ကြည်ရန် သတိပညာဖြင့် သမာဓိမွေးမြူနေသောကုသိုလ်စိတ်ကို သွေးကြွ၍ စိတ်ထစေသော ကာမစ္ဆန္ဒဖြင့် ပွဲလှုံ့နေခြင်းတည်း။

သို့ဖြင့် လူဘဝနှင့်အတူပါလာကြသော သောဘဏအုပ်စု၏ သဒ္ဓါသတိစသည့် ဇာတ်ဝင်များကို ခန္ဓာနှင့်အတူပါလာကြသည့် အကုသိုလ်အုပ်စု၏ လောဘ စသည့် ဓာတ်ပွင့်စိတ်များကလိုက်လံ၍လည်း ပုန်ကန်ခြားနားကြလေကုန်၏။ ဆီးကြို၍လည်း ပုန်ကန်ခြားနားကြလေကုန်၏။ ပူးဝင်၍လည်း ပုန်ကန်ခြားနားကြလေကုန်၏။

သားရှင်ပြုရန် တိုင်ပင်ပါသည်ကို အရက်ဝိုင်း၊ ထန်းရည်ဝိုင်းပွဲချကာတိုင်ပင်သည်ကိုလည်း တွေ့ခဲ့ရဖူး၏။ တစ်ဖန် ကျောင်းဒကာ ကျောင်းဆောက်ရန် မြေနေရာလာရောက်ရှင်းလင်းပေးနေသူများအား သူသောက်နေကျ နိုင်ငံခြားအရက်ဖြင့် ဧည့်ခံသည်ကိုလည်း တွေ့ခဲ့ရဖူး၏။ တစ်ဖန် စီလိုင်စင်ရ ဝက်ကုန်သည်က ဘုရားဒကာ၊ ဘုရားအမခံယူခြင်း၊ ကျောင်းဒကာ၊ ရဟန်းဒကာစသည် ခံယူခြင်းများကို တွေ့ခဲ့ရဖူး၏။ ဇာတ်ဝင်နှင့်ဓာတ်ညဉ်တို့ သူတင်ကိုယ်စင်ပွဲဝင်နေကြခြင်းများ"

(ကျွန်တော်သည် စာဖတ်သည်ကို ရပ်လိုက်ပါသည်။ ရပ်လိုက်သည်နှင့် ခမ္မမိတ်ဆွေက ဤသို့ပြောပါသည်။)

"ဟုတ်လိုက်တာ ဆရာရယ်၊ ကျွန်တော်တို့ဆီက ရှင်ပြုအလှူပွဲတွေမှာလည်း အဲဒီအတိုင်းပဲ။ ဂုဏ်တုဂုဏ်ပြိုင်ချဲ့လိုက်ကြတာတော့ မပြောပါနဲ့တော့"

"အချိန်ရပါသေးတယ်နော်"

"ရပါသေးတယ် ဆရာ"

"အချိန်ရသေးတယ်ဆိုရင် မြို့နေသူတို့ဘဝနဲ့ပတ်သက်လို့ ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

ဝန်းမော်ညီသူ

သရက်သီးမှည့်ဟာ ဝမ်းလျှောတတ်တယ် ကုသိုဖို့ဆေးက လွယ်လွယ်လေး

တန်ခူး၊ ကဆုန်၊ နယုန်ဆိုရင် သရက်သီးမှည့်တွေဟာ မြန်မာပြည်အနှံ့ လှိုင်လှိုင်ပေါတော့မယ်။ မြန်မာတိုင်းရင်းသားလူမျိုးတွေဟာ သရက်သီးမှည့်ကို အလွန်ကြိုက်ကြပါတယ်။သရက်သီးစိမ်းဆိုရင် ငါးပိထောင်းနဲ့စားကြတယ်။ သရက်သီးမှည့်ဆိုရင် ဖျော်ရည်လုပ်သောက်ကြတယ်။ အခွံနွာပြီး သရက်သီးမှည့်ကိုစားကြပါတယ်။ စျေးထဲကိုသွားလိုက်ရင်လည်း သရက်သီးမှည့်စျေးသည်တွေက အပြိုင်အဆိုင်ပါပဲ။ မြန်မာစကားမှာလည်းရှိတယ်လေ။ အသီးမှာ သရက်၊ အသားမှာ ဝက်၊ အရွက်မှာ လက်ဖက်မဟုတ်လား။ အင်မတန်အရသာရှိပြီး လူတွေရဲ့ခံတွင်းကိုတွေ့စေတဲ့ပစ္စည်းတွေပေါ့။ ဒါကြောင့် သရက်သီးဟာ အလွယ်တကူ စားသောက်ရတဲ့ပစ္စည်း (အသီး) ဖြစ်နေလို့ ရာသီပေါ်ချိန်မှာ လူတွေဟာ သရက်သီးကိုတအားစားကြပါတယ်။

တချို့သရက်သီးတွေဟာ မှည့်လာရင် သရက်သီးအမှည့်ထဲကို ပိုးများဝင်နေတတ်ပါတယ်။ သရက်မှည့်ဟာ အရမ်းပျော့ပြီးနေရင် ကြောက်စရာကောင်းပါတယ်။ အဲဒီအသီးထဲမှာပိုးရှိနေလို့ စားမိရင် ဗိုက်နာပြီးဝမ်းလျှောတတ်ပါတယ်။ဝမ်းခဏခဏလျှောနေရင် မကြောက်ပါနဲ့။ သရက်သီးအပင်ရဲ့အခေါက်ကိုခွာပြီး ရေနဲ့ပြုတ်ပါ။သုံးခွက်တစ်ခွက်တင်ပြုတ်ရည်ကို သောက်ပါ။ ဗိုက်နာသက်သာပြီး ဝမ်းလျှောလည်း တစ်ခါတည်းရပ်သွားပါမယ်။ သရက်သီးကြောင့်ဖြစ်လာတဲ့ဝမ်းလျှောမှုကို သရက်ပင်အခေါက်က ပြန်ရပ်စေတာဆိုတော့ ကက်ကင်းဓာတ်ကြောင့်လား။ ဒါမှမဟုတ် သရက်ပင်ရဲ့အပွင့်၊ အသီး၊ အရွက်နဲ့ အခေါက်များဟာ သတ္တိချင်းမတူလို့များလားဆိုတာ စဉ်းစားစရာဖြစ်ခဲ့ပါတယ်။ ဘယ်လိုဖြစ်ဖြစ် သရက်သီးမေ်ာခြိန်မှာ အားရပါးရမစားမိအောင်နဲ့ စားမိလို့ ဝမ်းလျှောလာရင် သရက်သီးပင်အခေါက်ကိုပြုတ်ပြီးသောက်ကြပါလို့ အကြံပြုလိုက်ပါတယ်။

ဝန်းမော်ညီသူ

ဘုရားကြီးရေးထားတာကို ဖတ်ပြမလို့ပါ"

"ဖတ်ပြပါ ဆရာ"

"ကဲ - နာပေတော့"

"မြို့သည် သူများအိတ်ထဲက ပိုက်ဆံကိုယ့်ထဲပြန်ကျလာရန်ဖန်ရသောအလုပ်။ သို့ဖြစ်ရာ ကြက်သည်မသည် အရှင်ရောင်းရက ဆန်များ၊ အစာများကျွေးပြီးမှရောင်းသည်။ အသေရောင်းရက ရေထိုးပြီးမှရောင်း၏။ ထိုအထဲနံနက်နှင့် ညနေပိုင်းများတွင် ကြက်သားရောင်းချ၍ ညပိုင်းကျလျှင်ကား ပုတီးဖြင့် အဓိဋ္ဌာန်ဝင်လိုက်သေးသည်။ ငါတို့တွေ့ခဲ့ဖူးသောကြက်သည်မအကြောင်း။ သည်အထဲ ပွဲများတွင် အလှူအတန်းလည်းလုပ်ဖြစ်လိုက်သေး၏။ ဇာတ်အမူအရာ၊ဓာတ်အမူအရာနှစ်ကိုယ်ခွဲသရုပ်ဆောင်တည်း။

သည့်အတူ ဝက်သည်မကလည်း သူ့နည်းသူ့ဟန်ဖြင့် အသားတိုးနှုန်းမြှင့်၏။ လက်ဖက်ခြောက်သည်ကလည်း ကမာရွက် စသည်ဖြင့် အတိုးနှုန်းတိုးမြှင့်၏။ ငရုတ်သီးသည်က ရေဆွတ်၍အတိုးနှုန်းတိုးမြှင့်၏။ ငါးပိသည်က ဖွဲနုစသည်တို့ဖြင့် အတိုးနှုန်းတိုးမြှင့်၏။ ဆန်သည်က အကောင်းစားဆန်တွင် အညံ့ဆန်ရောကာ အတိုးနှုန်းတိုးမြှင့်၏။ နှမ်းဆီကို ဆီဖြူနှင့်ရောရ၍ ပဲဆီဖြစ်ရန်ဖန်တီးသည်။ မြို့တွင် ပဲဆီသည် အကြော်ဆီအဖြစ် တွင်ကျယ်၏။ လက်ဖက်ခြောက် အကောင်းစားအကျစ်ထဲ အပွစားမသီ မသာရောရ၍ အတိုးနှုန်းတိုးမြှင့်၏။

ပန်းထိမ်ဆရာသည် ရွှေကိုကြေးစပ်၍ အတိုးနှုန်းတိုးမြှင့်၏။ အကြောင်းပြချက်က ရွှေချည်းဆို ပျော့လွန်း၍ ဂဟေဆက်မရ။ ကြေးနှင့်ရောမှသာ ဂဟေဆက်ရသောဟူ၏။ ထိုအကြောင်းပြချက်ဖြင့်ပင် မြို့လယ်ကပန်းထိမ်ဆိုင်တစ်ဆိုင်သည် တစ်နှစ် ကြေးလင်ပန်းတစ်ချပ်ကုန်သောဟူ၏။

အထည်ရောင်းသူက ကိုက်တိုင်းရာတွင်ဆွဲတိုင်း၍ရောင်း၏။ထိုအထည်စအိမ်ရောက်၍ပြန်တိုင်းကြည့်က အနည်းဆုံး သုံးလက်မမျှလျော့၏။ ယင်းမှာ အထည်သည်က ကိုက်ဆွဲပညာဖြင့် အတိုးနှုန်းတိုးမြှင့်လိုက်ခြင်းပင်။ ငရုတ်သီးဒိုင်က ပယ်ထည်ဖြစ်သော ဖလံဖြူ ငရုတ်သီး (အမှည့်ရောင်မလိုက်သော ငရုတ်သီးပျက်) များကို အလကားနီးနီးစေးဖြင့်ဝယ်ယူ၏။ ပြီးသော် သူ့နည်းသူ့ဟန်များပြုပြင်ကာ ရောင်းတန်းဝင် အကောင်းစားထဲရောထည့်၍ အတိုးနှုန်းတိုးမြှင့်၏။ ယင်းကို ငါတို့သာစည် ရွှေကျောင်းကုန်းတောင်နေတုန်းကကြားခဲ့ရ၏။

အထက်က ဆိုခဲ့များသည်လည်း ဘာသာရေးနှင့်မကင်းသူများချည်းဖြစ်ကြလေရာ ဇာတ်ကုသိုလ်မျိုးတိုးပွားရာကုသိုလ်ပွဲများ၌လည်း ပါလိုက်ကြသေးသည်။ အဆောက်အအုံ၊ ဆေး၊ ယာဉ်စသည်များလည်း လှူလိုက်ကြသေးသည်။ မီးစတစ်ဖက်ရေမှုတ်တစ်ဖက် လက်နှစ်ဖက်စလုံးအသုံးချသူများတည်း"

"ကျေးဇူးကြီးလှပါတယ်ဆရာရယ်၊ ဆရာတော်ဘုရားကြီး လူရေးလူမှု ဘယ်လောက်နှံ့စပ်တယ်ဆိုတာလည်း မြင်သွားပါပြီ။ နေ့စဉ်နှင့်အမျှ ဝါနနဲ့နိုဝါနတို့ ပုံနှိပ်ခြားနားနေတာလည်း မြင်သွားပါပြီ"

"ဆက်ဖတ်ပြစရာထွေအများကြီးကျန်သေးတယ်။ နောက်တော့မှ ဖတ်ပြပါ့မယ်။ သီလပွဲမမိဖြစ်နေလိမ့်မယ်။ သွားကြူရအောင်"

ဟုတ်ကဲ့ပါ ဆရာ"

သို့ဖြင့် ကျွန်တော်နှင့်ဓမ္မမိတ်ဆွေတို့သည် ရွှေဆံတော်စေတီတော်မြတ်ကြီးဆီသို့ထွက်ခဲ့ကြပါသတည်း။

ပြည်ငြိမ်း(ဒဿန)

www.burmeseclassic.com

www.burmeseclassic.com

"မနေ့က ခင်ဗျား သံယောဇဉ်ကြိုး (၁၀) ချောင်းအကြောင်း ဒီနေ့ပြောမယ်လို့ ပြောထားတယ်"

နောက်နေ့ တရားဆွေးနွေးရန် ဦးထွန်းရောက်လာတော့ သူက ကျွန်တော်ပြောရမည့်အကြောင်းအရာကို သတိရရန်၊ မလွဲမမှားရန် အထက်ပါအတိုင်း သတိပေးပါသည်။ တစ်နည်းအားဖြင့် သူကကြားပြီး မေ့လိုက်ခြင်းမဟုတ်ဘဲ စွဲမြဲမှတ်သားထားကြောင်း ထင်ရှားစေလို၍လည်း ဖြစ်ဟန်တူပါသည်။ သူသည် အသက်(၈၅)နှစ်ပြည့်လူသေခါနီးမှ တရားစစ်တရားမှန်ကို သိပြီးမှားယွင်းသော မိစ္ဆာဒိဋ္ဌိအယူကိုစွန့်ကာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်လာရသဖြင့် ဗုဒ္ဓ၏တရားတော်ကို နှစ်နှစ်ကာကာယုံကြည်ပြီး စွဲမြဲမှတ်သားလိုက်နာသူလည်း ဖြစ်ပါသည်။

ကျွန်တော်က -

"သံယောဇဉ်ကြိုး (၁၀) ချောင်းကို လည်ပင်းမှာချည်တဲ့ကြိုးက (၅)ချောင်း၊ ခြေထောက်မှာချည်တဲ့ကြိုး (၅)ချောင်း လို့ပြောခဲ့တယ်နော်။ ခြေထောက်မှာချည်တဲ့ (၅)ချောင်းကို အရင်ပြောမယ်။

ခြေထောတ်မှာချည်ထားတဲ့ကြိုး (၅)ချောင်းက (၁) ကာမရာဂ၊ (၂) ဗျာပါဒ၊ (၃) ဒိဋ္ဌ၊ (၄) ဝိစိကိစ္ဆာ၊ (၅) သီလပွတပရာမာသလို့ခေါ်တယ်။

ကာမဆိုတာက လိုချင်စရာကာမဂုဏ်အာရုံတွေ၊ ရာဂဆိုတာ လိုချင်တပ်မက်တာ၊ လိုချင်စရာကို လိုချင်တာပေါ့။ ကာမဂုဏ်အာရုံ(၆)ပါးအကြောင်းကို စောစောကပြောခဲ့ပြီးပြီ။ အဲဒီအပေါ်မှာ တွယ်တာနေတာ၊ စွဲလမ်းနေတာ၊ သူ့အရင်းခံတဏှာက လောဘပဲ။ သူက ပုံစံအမျိုးမျိုးနဲ့ အရင့်စား၊ အလတ်စား၊ အနုစားအဆင့်ဆင့်ပြောင်းပြီး သတ္တဝါမှာတွယ်ကပ်နေတယ်။ အရင့်စားက္ပတော့ အပါယ်ကိုဆွဲခေါ်လောက်အောင်ကြမ်းတယ်။အလတ်စားက အပါယ်မကျတော့ဘူး။ ကာမသုဂတိ(၇)ဘုံမှာ တွယ်ကပ်နေသေးတယ်။ တော်စိမ်တစ်ဖိုလ်ရလို့ သောတာပန်ဖြစ်တဲ့အထိ တွယ်ကပ်နေတယ်။ သောတာပန်တွေဟာ အိမ်ထောင်ပြုတယ်၊ စီးပွားရှာတယ်။ ဒါပေမယ့် အပါယ်ကျစေတဲ့မတရားသဖြင့် စီးပွားရှာခြင်းအမှုကိုတော့ မပြုတော့ဘူး။ အနုစားကျတော့ အနာဂါမ်အထိ တွယ်ကပ်နေသေးတယ်။ သံယောဇဉ်တွယ်စရာမရှိရင် ကိုယ်ရထားတဲ့တရားအပေါ်၊ သမာဓိအပေါ် သာယာပြီး တွယ်ကပ်နေသေးတယ်။ ရဟန္တာဖြစ်မှ လွတ်ကျွတ်တော့တယ်။

နောက်ဝါစ်မျိုးက ဗျာပါဒတဲ့။ ဗျာပါဒဆိုတာ မုန်းတီးခြင်း၊ ဒေါသကို ပြောတာပဲ။ ဒေါသက ပြင်းထန်တယ်၊ ရက်စက်တယ်။ လောဘနဲ့ ဒေါသဟာ ရွဲ့နွှဲနဲ့ဆီလိုပဲ။ ဒေါသက ရွဲ့နွှဲနဲ့တူတယ်။ ပေရင် ရုပ်ပျက်ဆင်းပျက်ပဲ။ ဒါပေမယ့် ဆေးရလွယ်တယ်၊ ပျောက်ပြယ်လွယ်တယ်။ ဆီကတော့ ရုပ်မဆိုးဘူး။ ပေမှုန်းတောင် မသိရဘူး။ ဒါပေမယ့် ဆပ်ပြာနဲ့ဆေးတောင် တော်ရုံနဲ့မစင်ဘူး။

ဒေါသဟာ တောမီးနဲ့တူတယ်။ တောမီးဟာ အရှိန်ပြင်းတယ်။ ဘယ်သူမျက်နှာမှ မထောက်ဘူး။ အကုန်လုံးကို လောင်ကျွမ်း ဖျက်ဆီးလိုက်တာပဲ။ ဒေါသဟာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရဲ့သာသနာတော်ကို ဝင်ခွင့်လျှောက်တယ်။ ရတယ်။ သူတို့ဟာ ပါရမီရှင်တွေပဲ။ ဒါပေမယ့် ဆရာစစ် ဆရာမှန်နဲ့မတွေ့လို့ သေရင် အပါယ်ကျရတော့မှာ။ ဆရာစစ်အမှန်ဖြစ်တဲ့ ဘုရားထံရောက်ပြီး သာသနာတော်ကို ဝင်ခွင့်ရလို့ဝင်ပြီး တရားစစ်တရားမှန်ကို ကျင့်ကြံအားထုတ်လိုက်ကြတော့ ရဟန္တာဖြစ်ပြီး ကျွတ်တမ်းဝင်သွားကြတယ်။

က) - ဒါလောက်ဆိုရင် အောက်ကြိုးငါးချောင်းအကြောင်းပြီးပြီ။ အထက်ကြိုးငါးချောင်းအကြောင်း ဆက်ပြောရအောင်။ အထက်ကြိုးငါးချောင်းက-

(၁) ရူပါဝါစရ၊ (၂) အရူပါဝါစရ၊ (၃) မာန၊ (၄) ဥဒ္ဓစ္စ၊ (၅) အဝိဇ္ဇာလို့ ခေါ်တယ်။ (၁ နဲ့ ၂) က ဗြဟ္မာဘုံ၊ (၃) က ကိုယ့်အရည်အချင်း ကိုယ်တွယ်တာနေတဲ့ မာန၊ (၄) စိတ်ပျံ့လွင့်ခြင်း၊ (၅) က မောဟပဲ။

ကာမဂုဏ်အာရုံတရားတွေကိုပယ်ခွာစွန့်ပစ်ပြီး ရူပ၊ အရူပဆိုတဲ့ ဗြဟ္မာဘုံမှာဖြစ်စေတဲ့ စျာန်စိတ်တွေပွားများအောင်မြင်ပေါက်မြောက်တဲ့အတွက် ရူပ၊ အရူပဆိုတဲ့ ဗြဟ္မာဘုံတွေမှာသွားဖြစ်ရတော့ အဲဒီမှာ ပီတိနဲ့ ချမ်းသာစွာနေရတဲ့ အဲဒီရူပ အရူပဘဝကို တွယ်တာနေမိပြန်ရော။ ဒါက အထက်ကြိုးနှစ်ချောင်း။

ပြီးတော့ ငါသမာဓိကောင်းသူ၊ စျာန်အဘိညာဉ်ရသူဆိုပြီး ရထားတဲ့ သမာဓိနဲ့စျာန်အဘိညာဉ်တွေအပေါ်မှာ ဂုဏ်ပူပြီး ကိုယ်တိုင်တောင်မသိလိုက်တဲ့ မာနကဖြစ်နေပြန်ရော။ ဒါက တတိယ အထက်ကြိုးတစ်ချောင်း။

သောတာပတ္တိမဂ်နဲ့ တစ်ကြိမ်၊ သကဒါဂါမိမဂ်နဲ့တစ်ကြိမ် ကိလေသာတွေကိုပယ်ခဲ့တော့ အချို့ကိလေသာတွေဟာ လုံးဝပြတ်တောက်သွားပြီး အချို့ကိလေသာတွေဟာ အလွန်သေးဖွဲ့ပါးလွှာစွာကျန်နေတယ်။ အဲဒီအထဲမှာ ဥဒ္ဓစ္စဆိုတဲ့ စိတ်ပျံ့လွင့်ခြင်း၊ အဝိဇ္ဇာ မောဟဆိုတဲ့ တွေဝေခြင်းဟာ အလွန်မှုန်မွှားစွာကျန်နေတယ်။ အဲဒါ စတုတ္ထနဲ့ ပဉ္စမမြောက် အထက်သံယောဇဉ်ကြိုးပဲ။ အဲဒါတွေကို အရဟတ္တမဂ်နဲ့ပယ်မှ အပြီးတိုင် အကြွင်းမဲ့သေတယ်။ ဒါဆိုရင် သံယောဇဉ်ကြိုး (၁၀) ချောင်း (ယောဂ) အကြောင်းအသင့်အတင့်သိပြီ။

ဒီနေ့တော့ ဒီမှာပဲနားကြစို့။

ချောင်းဆုံအုန်းသွင်

လည်း ပြင်းထန်လာရင် ဘာမှမမြင်တဲ့ဘူး။ တောမီးဟာ တောကိုပဲ ဖျက်ဆီးတယ်။ သူမှာစွဲတဲ့မီးဟာ သူ့ကိုပဲ အကျည်းတန် အရုပ်ဆိုးအောင် ဖျက်ဆီးတယ်။ မီးလောင်ထားတဲ့ တောဟာ ဘယ်လောက်ရုပ်ဆိုးသလဲ။

ဒေါသဟာလည်း ဒေါသဖြစ်သူကိုပဲ ဖျက်ဆီးတာ၊ ဒေါသဖြစ်သူဟာ စိတ်ရော ရုပ်ရောပျက်စီးသွားတာ။ စိတ်ကပုံမှန်မဟုတ်လို့ သွေးလည်ပတ်မှုတောင် ဖောက်ပြန်ပြီး အသက်ဆုံးတဲ့အထိဖြစ်ရတယ်။ ရုပ်ကိုလည်းကြည့်၊ ဒေါသကြီးနေသူရဲ့မျက်နှာဟာ ဘီလူးနဲ့တူတယ်။ သူ့မျက်နှာသူ မှန်ထဲမှာမြင်ရင် လန့်သွားနိုင်တယ်။ ဒါပေမယ့် သူက သဂဒါဂါမ်အထိပဲလိုက်နိုင်တယ်။ အနာဂါမ်ဖြစ်ရင် သူလုံးဝချုပ်ငြိမ်းသွားပြီ။

နောက်ကြိုးတစ်ချောင်းက ဒိဋ္ဌပဲ။ ဒိဋ္ဌရဲ့အဓိပ္ပာယ်က အမြင်ပဲ။ ဒီအမြင်က ပကတိမျက်စိနဲ့ မြင်တာကိုပြောတာမဟုတ်ဘူး။ ဉာဏ်နဲ့သိမြင်ယုံကြည်တာကိုပြောတာ။ ဒီအကြောင်းကို ယုံကြည်ကိုးကွယ်မှုအကြောင်းမှာ ကျွန်တော် ပြောခဲ့ပြီးပြီ။ ထပ်မပြောတော့ဘူး။ အကြမ်းအားဖြင့် ထပ်သတိရဖို့တော့ ပြောရဦးမယ်။ ဒိဋ္ဌကို သုဂတိဘုံကိုမရနိုင်တဲ့ဒိဋ္ဌနဲ့ မဂ်ဖိုလ်ကိုမရနိုင်တဲ့ဒိဋ္ဌဆိုပြီး (၂)မျိုးကွဲတယ်။

သုဂတိဘုံကိုမရောက်နိုင်မရနိုင်တဲ့ အပါယ်အကျိုးကိုသာပေးတဲ့ဒိဋ္ဌကို နတ္ထိကဒိဋ္ဌလို့ခေါ်တယ်။ သူရဲ့မယုံကြည်ချက် (၁၀)မျိုးကို ကျွန်တော်ပြောပြီးခဲ့ပြီ။ ချုပ်လိုက်ရင် ကံကံရဲ့အကျိုးကို မယုံကြည်ခြင်းဘဲ။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုမရနိုင်တဲ့ဒိဋ္ဌကိုတော့ သက္ကာယဒိဋ္ဌလို့ခေါ်တယ်။ ခန္ဓာငါးပါးနဲ့ဖွဲ့စည်းထားတဲ့ မြင်လို့ရကိုင်လို့ရ ရှိလည်းရှိ သိလည်းသိတဲ့ ဒီကိုယ်ကာယကြီးကို မရှိတဲ့ငါလို့ လွဲမှားယူတာပဲ။ ငါစွဲတာပဲ။ အဲဒီအစွဲက သောတာပန်ဖြစ်မှပျောက်တယ်။ သောတာပတ္တိမဂ်နဲ့မှ ပယ်နိုင်တယ်။ သာမန်အသိနဲ့ကတော့ ခဏသိခဏပျောက်ပြီး ချက်ချင်းပြန်ရောက်လာတာပဲ။

နောက်ကြိုးတစ်ချောင်းကတော့ ဝိစိကိစ္ဆာတဲ့။ ဝိစိကိစ္ဆာဆိုတာ ယုံမှားသံသယဖြစ်ခြင်းလို့ အဓိပ္ပာယ်ရတယ်။ ဟုတ်ရဲ့လား၊ ဟုတ်ပါ့မလားဆိုတဲ့ သို့လော သို့လောအတွေးမျိုးကိုပြောတာ။

ဘုရားဟောကရားတွေထဲကအချို့ကို ဒါဟာ ဘုရားဟောထားတယ်ဆိုတာ ဟုတ်ရဲ့လား၊ ဟုတ်ပါ့မလား၊ ဒါအမှန်ပဲလားဆိုတဲ့ သံသယစိတ်မျိုးကိုပြောတာ။

ကျွန်တော်တို့လို ပုဒ္ဓတရားကို နှစ်နှစ်ကာကာ ယုံကြည်သူများဟာ ငါတို့မှာ အဲဒီလိုသံသယမျိုးမရှိဘူး။ ဝိစိကိစ္ဆာမရှိဘူးလို့ပြောတတ်ကြတယ်။ ဒါပေမယ့် သောတာပန်မဖြစ်သေးရင် ရှိနေတယ်၊ မကြုံသေးလို့ ကိုယ့်ကိုယ်ကိုယ်ထင်နေတာ။

ဒိဋ္ဌပြုတ်ရင် ဝိစိကိစ္ဆာလည်းပြုတ်တယ်။ ဒိဋ္ဌ (သက္ကာယဒိဋ္ဌ) နဲ့ ဝိစိကိစ္ဆာဟာ သောတာပန်ဖြစ်ရင် တွဲပြီးပြုတ်တယ်လို့ဆိုတယ်။ သောတာပန်ဖြစ်မှ ပြုတ်ကြတာ။

(၅)ချောင်းမြောက်နောက်ဆုံးကြိုးက သီလပတ္တပရာမာသဆိုတဲ့ကြိုးပဲ။ သူက ခွေးလိုန္ဒားလိုနေထိုင်ကျင့်ကြံခြင်းဖြင့် သံသရာကလွတ်မြောက်နိုင်တယ်ဆိုတဲ့ အယူနဲ့ကျင့်တာပဲ။

မြတ်စွာဘုရားပွင့်တော်မမူမီနဲ့ ပွင့်ပြီးကာလမှာ အိန္ဒိယနိုင်ငံမှာ ဂိုဏ်းဆရာအမျိုးမျိုးဟာ အယူဝါဒအမျိုးမျိုးနဲ့ သံသရာလွတ်မြောက်ကြောင်းအကျင့်တွေကို မှားယွင်းစွာကျင့်ကြတယ်။ မှားယွင်းကာက စိတ်ကူးပေါ်ရာ ထင်ရာမြင်ရာပြောကြတဲ့ ဆရာတွေကြောင့်ပဲ။ လိုအပ်တဲ့ပါရမီဖြည့်မထားတော့ သဘာဝတရားအမှန်ကို သိဉာဏ်မရဘူးပေါ့။ ဒီတော့ ထင်ရာပဲပြောရလုပ်ရတာပေါ့။

အဲဒီအထဲမှာ ခွေးလိုန္ဒားလိုကျင့်တဲ့အကျင့်လည်းပါတယ်။ ခွေးလိုကျင့်သူက ခွေးပုံစံကို သေသေချာချာလေ့လာပြီး အဝတ်မဝတ်ဘဲ ခွေးနေလို၊ ခွေးစားသလို ခွေးအိပ်သလို စသဖြင့်ကျင့်တာပေါ့။ ခွေးအိပ်တော့ ကိုယ်ကိုလှည့်ပတ်ပြီးအိပ်တယ်မဟုတ်လား။ အဲဒါ့အထိတူအောင်အိပ်တယ်။ ခွက်ထဲမှာထည့်ထားတဲ့အစားအစာကို လက်နဲ့မကိုင်ဘဲ ပါးစပ်နဲ့ဟပ်ပြီးစားတယ်။ နွားပုံစံကျင့်သူကလည်း နွားအတိုင်းပေါ့။ အဲဒီအထဲက ခွေးလိုနဲ့နွားလိုကျင့်သူနှစ်ဦးဟာ မြတ်စွာဘုရားရှင်ဆီရောက်လာပြီး 'ဒီအကျင့်ကြောင့်ဘာဖြစ်မလဲ' မေးတဲ့ယ်။

မြတ်စွာဘုရားက ခွေးလိုကျင့်သူဟာ ခွေးဘဝကိုနှစ်သက်စွဲလမ်းပြီးသေတော့ ခွေးဖြစ်တာပေါ့။ နွားလိုကျင့်သူကလည်း အလားတူ နွားဖြစ်တာပေါ့လို့ ဖြေကြားတယ်။ သူတို့နှစ်ယောက်က ငါတို့ဟာ မှားယွင်းတဲ့အကျင့်နဲ့ အချိန်တွေကို အချည်းအနှီးကုန်စေခဲ့တာ နှမြောစရာပဲဆိုပြီးငိုကြတယ်။ ပြီးတော့ မြတ်စွာ

www.burmeseclassic.com

www.burmeseclassic.com

ပုဂံသို့ရောက်ဖူးကြသောပြည်တွင်း၊ ပြည်ပခရီးသည်များ ပုဂံမြင်းကပါအရပ်ရှိ မြစေတီဘုရားသို့ မရောက်ဘူးသူရှိကြမည်မထင်။ ထိုမြစေတီဘုရားရှိ မြစေတီကျောက်စာမှာ ဖခင်တစ်ယောက်အပေါ် သားတစ်ယောက်ကထားရှိသည့်ချစ်ခြင်းတရားကိုဖော်ပြထားသည့် ကမ္ဘာကျော်ကျောက်စာတစ်ချပ်ပင် ဖြစ်သည်။

ကျန်စစ်သား၏ အကြောင်းကို သိကြသူတိုင်း/ သင်ကြားဖူးသူတိုင်း

သမိုင်းကပြောသည့် အလေကိုချစ်သောသားများ

ကျော်လင်း(မြစ်ချေ)



ရတနာမာန်အောင်စေတီတော် (ဖခမည်းတော်၏အိမ်တော်ရာဌာနသည့်စေတီတော်)

ဥသာပဲခူးမှ စစ်ကူအပြန် ပဲခူးဘုရင်မှ အနော်ရထာဘုရင်မင်းမြတ်အားဆက်သလိုက်သည့် သမီးတော်မဏိစန္ဒာ (ခေါ်) ခင်ဦးနှင့် လမ်းခရီး၌ဖောက်ပြန်ခဲ့သည်ဟု သတင်းစကားအရ အနော်ရထာဘုရင် အမျက်တော်ရှပြီး အရိန္ဒမာလုံဖြင့်ထိုးသော်လည်း လူကိုမထိုးမီ ချည်နှောင်ထားသည့်ကြိုးကိုသာထိုးမိ၍ ကြိုးပြတ်လွတ်မြောက်ထွက်ပြေးနိုင်ခဲ့သည်။ ထို အချိန်မှစ၍ ကျန်စစ်သားမှာ နန်းတော်နှင့်ဝေးကွာခဲ့ရသည်။ ထိုသို့လွတ်မြောက်ထွက်ပြေးစဉ်ကာလ၌ ကျောင်းဖြူအရပ်မှ မထီးတူမ သမ္ဘုလနှင့် ငြိစွမ်းချစ်ကြိုက်ခဲ့ကြသည်။ အေဒီ ၁၀၇၇ ၌ အနော်ရထာမင်းနတ်ရွာစံပြီး စောလူးမင်းနန်းတက်သည့်အခါမှ မှူးကြီးမတ်ရာတို့၏တိုးလျှိုးလျှောက်ထားမှုကြောင့် စောလူမင်းက ကျန်စစ်သားကို ပုဂံနန်းတော်သို့ ပြန်လည်ခေါ်ယူခဲ့သည်။ ထိုသို့ခေါ်ယူခြင်းခံရသည့်အချိန်တွင် မထီးတူမသမ္ဘုလတွင် ကျန်စစ်သားနှင့် ကိုယ်ဝန်အရင့်အမာကျန်ခဲ့သည်။ ကျန်စစ်သားက သမ္ဘုလအား မိမိ၏ လက်ဝတ်ရတနာလက်စွပ်တော်ကိုချွတ်၍ သမီးမိန်းကလေးမွေးပါက ထိုလက်ဝတ်ရတနာကိုရောင်းချစားသောက်၍ သားယောကျ်ားလေးမွေးပါက လက်စွပ်ကို ယူဆောင်လျက် ပုဂံရွှေနန်းသို့လိုက်လာရန်မှာခဲ့လေသည်။

အနော်ရထာဘုရင် နတ်ရွာစံပြီးနောက် စောလူးမင်းသည် အေဒီ ၁၀၇၇မှ ၁၀၈၄ တိုင်အောင် (၇) နှစ်ကြာ ပုဂံရွှေနန်းတွင် စံမြန်းခဲ့သည်။ ထို (၇) နှစ်တာကာလအတွင်း ကျန်စစ်သားထံသို့ သမ္ဘုလမရောက်လာသလို ကျန်စစ်သားကလည်း သမ္ဘုလရှိရာအရပ်သို့ ရောက်ဟန်မတူ။ သို့ရာတွင် ကျန်စစ်သားထွက်သွားစဉ်က သမ္ဘုလတွင်ရှိသောကိုယ်ဝန်ကမူ မီးဖွားပြီးဖြစ်ပေမည်။

အေဒီ ၁၀၈၄ ခု စောလူးမင်းနတ်ရွာစံပြီး (၂) နှစ်အကြာ အေဒီ ၁၀၈၆ ခုနှစ်တွင်မှ ပုဂံရွှေနန်းကို သိမ်းပိုက်စိုးစံတော်မူသည်။ ကျန်စစ်သားနှင့် မိဖုရားအပယ်ရတနာတို့တွင် တစ်ဦးတည်းသော သမီးတော်ရွှေအိမ်စည်ရှိနေပြီးဖြစ်သည်။ ပုဂံထီးနန်းကိုစိုးစံပြီးမှ သမီးတော်ရွှေအိမ်စည်ကို ကုလားမင်းသား ပဋိက္ကရားနှင့် မညားစေရန်အလို့ငှာ စောလူးမင်း၏ သားတော် စောယွင်းမင်းနှင့် စုံဖက်ပေးစားတော်မူရာ အလောင်းစည်သူကို ထိုသမီးနှင့်သမက်တို့မှ မွေးဖွားသည်။ မြေးတော်ကို ချစ်မြတ်နိုးတော်မူလွန်း၍ ငါ့မြေး၏ထီးနန်းကိုငါစောင့်ပါရဟုဆိုပြီး ရင်ခွက်ပိုက်အုပ်ချုပ်ခြင်းပြုသည်ဟုသမိုင်းကဆိုပါသည်။

ထိုစဉ်ကာလအတွင် သမ္ဘုလမှ ကျန်စစ်သားပေးခဲ့သောလက်ဝတ်ရတနာနှင့်အတူ သားတော်ကိုလက်ဆွဲလျက် နန်းထဲသို့ဝင်လာခဲ့ပါသော်လည်း မြေးတော်ကို ထီးနန်းလွှဲပြီးဖြစ်နေသည်။ ကျန်စစ်သားမင်းက သားကအဖျား မြေးကအရင်းဖြစ်ချေပြီဟုကျူးရင့်လျက်

www.burmeseclassic.com

www.burmeseclassic.com

မဟာမောဓိရုပ်ပွားတော်



ရာကေမာရဏ်ကျောက်စာရှိသည့်မြစေတီဘုရား

စနေမင်း ခေါ်မဟာသီဟသူရမင်း၏ကောင်းမှု မဟာမောဓိဘုရား

မင်းရဲဒီမွ သချိုင်းတော်ရာတွင်တည်ထားသည့် မဟာမောဓိဘုရား

သားတော်ကို ရာဇကုမ္မာဟူသောဘွဲ့နှင့် တောင်စဉ်ခုနစ်ရိုင်းကို ပေးသနားတော်မူသည်။ ထိုအခါနှင်က ရာဇကုမ္မာမင်းသားမှာ အနည်းဆုံး အသက်ကိုးနှစ်မကရှိလောက်ပြီး ဖြစ်သည်။

ကျန်စစ်မင်းကြီးတွင် သမီးတော် ရွှေအိမ်စည်မှလွဲ၍ သားယောကျ်ားမရှိခဲ့ပါ။ သမ္ဘူလမိဖုရားရောက်လာမှ တစ်ဦးတည်းသောသားဖြစ်သူရှိမှန်း သိရလေသော်လည်း ရာဇကုမ္မာမင်းသားမှာ အိမ်ရှေ့အရာကိုပင်မရရှာလေခဲ့။ တူတော်မောင်ဖြစ်သူ အလောင်းစည်သူက ရင်ခွင်ပိုက်ဘုရင်ဖြစ်နှင့်နေပြီးဖြစ်သည်။ စိတ်နာမည်ဆိုပါက စိတ်နာစရာပင်။

သို့ရာတွင် ရာဇကုမ္မာမင်းသားမှာ မကျေမနပ်မဖြစ်ရုံသာမက ဖခမည်းတော် ကျန်စစ်သားမင်းကြီး အသက်ကြီး၍ နာမကျန်းဖြစ်နေစဉ် ရွှေကိုသွင်းထုထားသော ဘုရားတစ်ဆူပြုလုပ်ပြီး ဖခမည်းတော်၏ ကုသိုလ်တော်အဖြစ် ရေစက်သွန်းချအမျှပေးဝေစေခဲ့ပါသည်။ ထိုစဉ်အခါက ကျန်စစ်သားမင်းအပေါ် သူထားရှိသည့်စေတနာမေတ္တာချစ်ခြင်းတရားတို့ကို ပေါ်လွင်ဖော်ပြခဲ့သည်။ မြစေတီကျောက်စာကို ဘာသာရပ်လေးမျိုးဖြင့် ထွင်းထုစိုက်ထူတော်မူခဲ့သည်။ ကျောက်စာ၏အဓိပ္ပာယ်ကိုသိရှိသွားကြကုန်သော ကမ္ဘာအရပ်ရပ်မှ ဘုရားဖူးရှင်လူများအနေဖြင့် ဖခင်အပေါ်ထားရှိသည့် ရာဇကုမ္မာမင်းသား၏ ချစ်မြတ်နိုးမှု၊ နားလည်မှုတို့ကို မချိုးကျူးမအံ့သြဘဲနေနိုင်ကြမည်မဟုတ်ပါ။

အလားတူပင် ဖခင်ကိုချစ်မြတ်နိုးသည့် အခြားသားတစ်ယောက်လည်း ပုဂံခေတ်မှာရှိခဲ့ဖူးပါသော်လည်း လူသိအလွန်နည်းလှသည့် မထင်မရှားမင်းသားတစ်ပါးရှိပါသေးသည်။ ၎င်းမှာ ဘုရင်တစ်ဦး၏ တစ်ဦးတည်းသောသားပင်ဖြစ်ပါသော်လည်း ထီးမွေနန်းလျာကို ဆက်ခံခွင့်မရရှာခဲ့။ ယုတ်စွအဆုံး အိမ်ရှေ့မင်းသားပင်မဖြစ်လိုက်ရသူ ဖြစ်၏။ ထိုမင်းသားက ရာဇကုမ္မာမင်းသား၏ ယောက်ဖတော် စောယွင်းမင်းသားပင်တည်း။

စောယွင်းမင်း၏ ဖခင် စောလူးမင်းသည် သူ၏ ဖခမည်းတော် အနော်ရထာမင်းသွားလေရာ ဆည်၊ မြောင်း၊ ကန်၊ ချောင်းတို့ရှိလေရာအရပ်တကာသို့ ဖခမည်းတော်နှင့်အတူ လိုက်ပါလေ့ရှိသည်။ သူရောက်လေရာအရပ်တို့၌ ရွှေစောလူးဟူသောဘွဲ့တော်နှင့် ဘုရားများကိုတည်ထားခဲ့သည်။ လယ်တွင်းကိုးခရိုင်အပါအဝင် မြစ်သားမြို့သို့ ရောက်သည့်အခိုက် သီရိခမ္မာသောကမင်းကြီး၏ ရွှေမုဋ္ဌောဘုရားနှင့်မနီးမဝေးတွင် ရွှေစောလူးဘုရားတစ်ဆူကို တည်ထားခဲ့၏။ စောလူးမင်းသည် နို့စို့ဖက်ဖြစ်သူ ဥဿာပဲခူးစား ငရမန်ကန်းကလုပ်ကြံသတ်ဖြတ်သဖြင့် နတ်ရွာစံကံကုန်တော်ခဲ့ရသူဖြစ်သည်။

သားတော် စောယွင်းမင်းက ကျန်စစ်သား၏သမီးတော် ရွှေအိမ်စည်နှင့် ထိမ်းမြားလက်ထပ်ပြီးနောက်ပိုင်း စောလူးမင်းက မကျွတ်မလွတ်သောဘဝတွင်ရှိနေပါကြောင်း အိပ်မက်ပေးသည်ဆို၍ ယောကျ်ာမတော် ကျန်စစ်သားမင်းအား လျှောက်ထားရာ ကျန်စစ်သားမင်းက ရွှေပိဿာ (၃၀) ထုတ်ပေးသဖြင့် မြစ်သားမြို့ရှိ ဖခမည်းတော် စောလူးမင်း၏ရွှေစောလူးဘုရားအနီး၌ ရွှေစောပူးဟူသောဘွဲ့တော်နှင့် ဘုရားတစ်ဆူတည်၍ ဖခမည်းတော်စောလူးမင်းအား အမျှအတန်းပေးဝေခဲ့သည့်အတွက် မကျွတ်မလွတ်ဖြစ်နေသည့် စောလူးမင်းမှာ

www.burmeseclassic.com

www.burmeseclassic.com

ကောင်းရာဘုံဘဝသို့ရောက်ရာသည်ဟု ဆို၏။

စောလူးမင်း၏သားတော် စောယွင်းမင်းသားသည်လည်း ရာဇကုမ္ဘာရမင်းသားကဲ့သို့ လူသိထင်ရှားမကျော်ကြားသော်လည်း ဖခမည်းတော်အပေါ် သူထားရှိသည့်ချစ်ခြင်းမေတ္တာဓာတ်ကား ရာဇကုမ္ဘာရမင်းသားထက် လျော့နည်းမည်မဟုတ်သည်ကို သက်သေပြသွားသူ ဖြစ်၏။

မင်းသား(၂)ပါးစလုံးသည် ဘုရင်မင်းမြတ်တစ်ဦးစီ၏ တစ်ဦးတည်းသောသားများပင်ဖြစ်ကြပါသော်လည်း ဘုရင်မဖြစ်လိုက်ကြရသူများဖြစ်ကြသည့်အပြင် အိမ်ရှေ့မင်းသားပင်မဖြစ်လိုက်ရသည့် ကံတူအကိုးပေးတူသော ဖခင်အားချစ်ကြသူများဖြစ်ကြပါပေသည်။

မြန်မာ့သမိုင်းတစ်လျှောက်တွင် ဖခင်ကိုချစ်သောသားများစာရင်းတွင် တတိယမြောက်ဖြစ်သူမှာ ဒုတိယအင်းဝခေတ် ညောင်ရမ်းမင်းဆက်၏ (၉)ဆက်မြောက် သို့မဟုတ် ဒုတိယနောက်ဆုံးမင်းဖြစ်သည့် မဟာသီဟသူရ (ခေါ်) စနေမင်း (၁၀၆၀-၁၀၇၆) လည်း တစ်ပါးအပါအဝင်ဖြစ်သည်။ သူ့ကို ဖခမည်းတော် မင်းရဲကျော်ထင်နှင့် စန္ဒာဒေဝီရှင့် မိဖုရားတို့မှ ဖွားမြင်သည်။

သူသည် သက္ကရာဇ် ၁၀၆၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်၊ အင်္ဂါနေ့၌ နန်းတက်ပြီး (၉) လအကြာ ဖခမည်းတော်နေထိုင်ခဲ့ရာ နန်းတော်ရာ (အိမ်တော်ရာနေရာ) ၌ ဖခမည်းတော်၏ ကျေးဇူးတရားကို အောက်မေ့သောအားဖြင့် ဘုရားတည်ရန် မြေနေရာပြုပြင်ခြင်း စသည့် လိုအပ်သောအမှုကိစ္စတို့ကို စတင်ဆောင်ရွက်ခဲ့သည်။ ပုဂံခေတ်မှသည် ပင်းယ၊ စစ်ကိုင်းခေတ်၊ ပထမအင်းဝခေတ် စသည်တို့တွင် ဖခမည်းတော်၏ အရိုက်အရာထီးနန်းစည်းစိမ်ကို အမှားအားဖြင့် ဘုရင်တို့၏ သားတော် အိမ်ရှေ့စံသူများ သို့မဟုတ် အခြားညီနောင်များရှိခဲ့ကြသော်လည်း ဖခမည်းတော် သို့မဟုတ် မိမိ၏အရင် ထီးနန်းစိုးစံခဲ့သည့် ဘုရင်မင်းမြတ်တို့ အတွက်ရည်စူး၍ ဘုရားတည်ခြင်းအမှုတို့ကိုပြုခဲ့သည်ဟု မတွေ့ရပါ။ ခြွင်းချက်အနေဖြင့် စောလူးမင်းတစ်ပါးသာ ဖခမည်းတော်ကျွေးခတ်ခံရသဖြင့် ကံတော်ကုန်ခဲ့ရာ အောင်သာမြစ်ခြေအရပ်၌ ရွှေစောလူးဘုရားတစ်ဆူကိုတည်ခဲ့သလို သူ့သားတော်စောယွင်းမင်းသားကလည်း ဖခမည်းတော်စောလူးမင်း၏ကျေးဇူးတော်ကို အောက်မေ့တသသည့်အနေဖြင့် မြစ်သားပြို့ရှိ ဖခမည်းတော်ကောင်းမှုတော် ရွှေစောလူးဘုရားအနီး၌ ရွှေစောယွင်းဘွဲ့တော်ရှိဘုရားတည်ထားခဲ့ကြောင်းသာ တွေ့ရှိရသည်။

စနေမင်း (ခေါ်) မဟာသီဟသူရမတိုင်မီက အင်းဝတွင် ညောင်ရမ်းမင်းတရားကြီး၏အစဉ်အဆက် (၇)ဆက်မှ နန်းတက်ခဲ့ပါသော်လည်း ထိုသို့ ဖခမည်းတော်၏ကျေးဇူးတရားကို အောက်မေ့တသသိတတ်သည့်အနေဖြင့်လည်း မည်သူမျှ ထိုအထိမ်းအမှတ်အဖြစ် ဘုရားတည်ထားကိုးကွယ်သည့်အမှုကို မပြုခဲ့ကြပါ။

မဟာသီဟသူရ (စနေမင်း)အနေဖြင့် နန်းတက်ပြီး (၉)လအကြာမှစတင်၍ ဖခည်းတော်၏ နန်းတော်ဟောင်းနေရာ၌ မာန်အောင်ရတနာဘွဲ့တော်ရှိ ဘုရားကိုတည်ထားရန် အစီအမံရှိခဲ့သည့်အတိုင်း အောက်ခြေတွင် လေးထောင့်ပလ္လင်ခုံ၊ ပစ္စယာများနှင့် ၎င်းအထက်တွင် လှုပသည့် စိန်တောင် (၃) ဆင့်နှင့် အလွန်တရာ တင့်တယ်လှုပသည့်ဘုရားကို တည်ထားခဲ့လေသည်။

သူအကြောင်း နိဂုံးချုပ်တွင် သူသည် ရက်စက်ကြမ်းကြုတ်သူဟု သမိုင်းဆရာတို့ကစာတင်ခဲ့သော်လည်း ဘာသာသာသနာအတွက်ကိုမူ မြောက်မြားစွာဆောင်ရွက်ခဲ့သူဟုပြောရပါမည်။ အင်းဝလိုနေရာမှ ကွာဝေးသော မုတ္တမလိုနေရာမျိုးရှိ ပြုပြုပျက်နေသော ဣသရိုးဘုရားကိုလည်းပြုပြင်၍ ထီးတော်တင်ခဲ့သည်။

အထူးပြုသည့် သူ၏ကောင်းမှုတော်အား ပဋ္ဌကတ်သုံးပုံတွင် နိဿရည်းမရှိသောကျမ်းဂန်တို့ကို အောင်မြေဘုံကျောင်းဆရာတော်၊ နေမျိုးနော်ရထာကျောင်းဆရာတော် အစရှိသော တံဆိပ်ရဆရာတော်အပေါင်းတို့ကို ပင့်ဖိတ်ကာ နိဿရည်းစီရင်စေသောကောင်းမှုပင်ဖြစ်သည်။

သူပြုခဲ့သော ကောင်းမှုတို့သည်ကား -

စကြ်ိမုတ္တာမဟိရဂ်ဏာဘုရားတည်ခြင်း။

လယ်ကြီးကျောင်းတော်တည်ခြင်း၊

တောင်ပြုန်းကြီး ဆုတောင်းပြည့်ဘုရားမှန်ကင်းလှူခြင်း။

ညောင်ရမ်းမင်းတရားကြီးအစ ပထမတည်ခဲ့သော မဟာမြတ်မုနိ (ယခုအင်းဝစန္ဒာမုနိဘုရား)ထီးတော်တင်ခြင်း။

မင်းဝံလေးထပ်ကျောင်းဆောက်လှူဒါန်းခြင်း။

လေးထပ်ကျောင်းနှင့် တောင်ဖီလာကျောင်းဆောက်လုပ်လှူဒါန်းခြင်း။

ဥမင်တော်ဦးကျောင်းဆောက်ခြင်း။

နဲလက်ာကျောင်းတော်ကိုဆောက်ခြင်း စသည့် ကုသိုလ်ကောင်းမှုများစွာကိုပြုခဲ့သည့်မင်းဖြစ်သည်။

ဖခမည်းတော်၏အိမ်တော်ရာတွင် တည်ဆောက်သော တင့်တယ်လှပသည့် ရတနာမာန်အောင်စေတီတော်ကို ဇရပ်၊ တန်ဆောင်း၊ တံတိုင်း ကာရံခြင်းအမှုတို့ကို အလုံးစုံပြီးမြောက်သည့်အခါ ထီးတော်တင်ပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပတော်မူခဲ့လေသည်။

၎င်းအပြင် ဖခမည်းတော်၏ အလောင်းတော်ကိုသင်္ဂြိဟ်ရာ အင်းဝဘလဲဘအရပ်၌ ရတနာမာန်အောင်ဘုရားထီးတော်တင်သည့်နှစ်မှာပင် မဟာဗောဓိဟူသောဘုရားကိုတည်ရန် စတင်သည်။ ထိုနှစ်အတွင်းမှာပင် တူရွင်းတောင်ထိပ်၌ မူလသီရိခမ္ဘာသောကမင်းကြီး၏ကောင်းမှုတော်စေတီ၊ သက်တော်ရှည်စေတီ၊ မြစည်းခုံစေတီ၊ တံတားဦးမင်္ဂလာစေတီ၊ စေတနာကြီးစေတီစသည့်ဘုရားခြောက်ဆူပြိုပျက်သည်ကို ကောင်းမွန်စွာလုပ်ထားတော်မူ၍ ရွှေထီးတင်တော်မူသည်ဟု သမိုင်းတွင်ဖော်ပြထားသည်ကို ဖတ်ရှုရသည်။

ပုဂံခေတ်မှသည် ဒုတိယအင်းဝ(ညောင်ရမ်းခေတ်)အတွင်း ဖခင်အပေါ် ချစ်မြတ်နိုးမှုကိုပြောပြသော မင်းသား(၂)ပါးနှင့် ဘုရင်တစ်ပါးတို့ရှိခဲ့လေရာ ကမ္ဘာကျော်သည့်အထိ ထင်ရှားသော မြစေတီကျောက်စာကို စိုက်ထူခဲ့သည့် ရာဇကုမ္ဘာရမင်းသား၏ ချစ်ခြင်းကား ယနေ့ထက်တိုင် အလွန်ထင်ရှားတောက်ပြောင်လှသော်လည်း စောယွင်းမင်းသားနှင့် စနေမင်း (ခေါ်) မဟာသီဟသူရမင်းတို့၏ ဖခင်အပေါ်ထားရှိကြသည့် ချစ်ခြင်းတရားတို့မှာ လွန်စွာမှ လူသိနည်းလှပေသည်။

ကျော်လင်း (မြစ်ခြေ)

ကျမ်းကိုး -

ဦးကုလားမြန်မာရာဇဝင်
ပ၊ ဒု၊ တ
မှန်နန်းမဟာရာဇဝင်
ပ၊ ဒု၊ တ

www.burmeseclassic.com

www.burmeseclassic.com

နေသူဇလိုင်(မိုးကုတ်)
မိုးကုတ်အနောက်ဝိုင်း ကျင်ပြင်မြို့ရှိ
ဒေါ်နုနုးကြည်တောင်တော်

ရတနာရုန်အောင် ပြည်လုံးချမ်းသာ ဆုတောင်းပြည့်စေတီတော်

မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားသည့် နိုင်ငံတစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံ၌ လူဦးရေ သန်းပေါင်း (၅၀)ခန့်ရှိရာ (၇၀)ရာခိုင်နှုန်း ခန့်မှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ ထိုကြောင့် ဗုဒ္ဓဘာသာနှင့်ပတ်သက်သော ဘာသာရေးပွဲတော်များတွင် ပွဲအစဦး၌ နမောတဿသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်လေ့ရှိသကဲ့သို့ ပွဲ၏နိဂုံးတွင် 'ဗုဒ္ဓသာသနာနံ စိရံ တိဋ္ဌတု' ဟူ၍ ရွတ်ဆိုလေ့ရှိကြသည်။

'ဗုဒ္ဓသာသနံစိရံတိဋ္ဌတု' ဟူသော စကားလုံးသည် ပါဠိဘာသာစကားဖြစ်ပြီး အဓိပ္ပာယ်မှာ ဗုဒ္ဓမြတ်စွာ၏သာသနာအစွန့်ရှည်ပါစေ၊ နေလိုလိုထွန်းတောက်ပါစေ ဟူ၍ ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့တွင် ဤကဲ့သို့ ဥဒါန်းကြွေးရွတ်ဆိုဆုတောင်းမှုများပြုလုပ်သည့်ဓလေ့များရှိသည့်အပြင် ထိုရွတ်ဆိုမှုများအတိုင်းဖြစ်မြောက်အောင်မြင်လာစေရန်အတွက် လုပ်ဆောင်ရသော ကာယကံမြောက်ကျင့်ကြံရသည့်ကျင့်စဉ်များလည်းရှိကြသည်။ ဗုဒ္ဓဘာသာတွင် ဗုဒ္ဓမြတ်စွာဘုရား၏သားတပည့်မျာဖြစ်ကြသော ရဟန်းသံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင်လူပုဂ္ဂိုလ်များဟူ၍ နှစ်မျိုးနှစ်စားရှိသည်။ ဗုဒ္ဓမြတ်စွာ၏ဆုံးမသွန်သင်ထားသော ဓမ္မတရားများကို ထိုနှစ်မျိုးသော ပုဂ္ဂိုလ်တို့သည် သဒ္ဓါယုံကြည်မှုဖြင့် လိုက်နာကျင့်ကြံအားထုတ်ကြရသည်။ ထိုအထဲတွင် ရဟန်းသံဃာတော်များ၏ ဓမ္မဆိုင်ရာတာဝန်ဝတ္တရားများမှာ ကြီးလေးများပြားလှ၏။ ရဟန်းသံဃာတော်တို့သည် သာသနာကို စောင့်ရှောက်ထိန်းသိမ်းကြသူများဖြစ်ကြရာ မိမိအကျိုးစီးပွားအတွက်ရော ဒကာ၊ ဒကာမများ၏အကျိုးစီးပွားအတွက်ကိုပါ ပွားစီးစေသော အဓိကလုပ်ဆောင်ရမည့် တာဝန်ကြီး (၃)ရပ်ရှိနေပါသည်။

၁။ ပရိယတ္တိသာသနာ (၂) ပဋိပတ္တိသာသနာ (၃) ပဋိဝေဓသာသနာ ဟူ၍ ဖြစ်ပါသည်။

ပရိယတ္တိသာသနာဟူသည်ကား ဗုဒ္ဓစာပေများကိုကျွမ်းကျင်တတ်မြောက်အောင်သင်ကြားရခြင်း၊ သင်ကြားပြီးအမှုကို သာသနာအတွင်းရှိ ရဟန်း၊ သာမဏော၊ သီလရှင်၊ လူပုဂ္ဂိုလ်တို့အားပြန်လည်သင်ကြားပို့ချရခြင်း၊ တရားဓမ္မသဘင်များဆောင်ယင်ကျင်းပဟောကြားရခြင်း၊ တရားဓမ္မများကို အများနားလည်သဘောပေါက်နိုင်စေရန် ဗုဒ္ဓစာပေများအဖြစ် အဋ္ဌကထာ၊ ဋီကာအဖွင့်ကျမ်းစသည်တို့ ရေးသားရခြင်းတို့ ဖြစ်သည်။

ဒုတိယအချက်ဖြစ်သော ပဋိပတ္တိသာသနာဆိုသည်မှာ ဗုဒ္ဓမြတ်စွာ၏သွန်သင်ချက်၊ လမ်းညွှန်ချက်များကို လက်တွေ့နေ့ယ်ပယ်တွင် ခန္ဓာကာယ်ရောက်အဖြစ် အမှန်တကယ်သိမြင်လာစေရန် ကျင့်ကြံအားထုတ်ရခြင်းတို့ ဖြစ်သည်။ ထိုကျင့်ကြံအားထုတ်မှုတွင် သမထဘာဝနာ၊ ဝိပဿနာဘာဝနာဟူ၍ နှစ်ဖြာကွဲထွက်သွားကာ မိမိအလိုဆန္ဒနှင့် ကိုက်ညီသော ကျင့်စဉ်တစ်ခုကို ရွေးချယ်အားထုတ်ရန်ပင် ဖြစ်တော့၏။ ထိုကျင့်စဉ်တို့၏ဦးတည်ရာကား တစ်ဖန် ပဋိသန္ဓေမနေရသောနိဗ္ဗာန်ကိုမျက်မှောက်



ပတ္တမြားစေတီ



ကန့်ကုဋိတိုက်

www.burmeseclassic.com

www.burmeseclassic.com

ဓေါ်နှုန်းကြည့်တောင်တော် နှတ်ရောက်



မင္ဂဠာ



ကမ္ဘာ့ဘုန်းကျော်ဆောင်များ

ရတနာရုံအောင်စေတီတော်နှင့် စာရေးသူ

ဓေါ်နှုန်းနှတ်နှုန်းနှင့် စာရေးသူ

တန်ဆောင်း၊ ဇရပ်များတည်ဆောက်ခြင်း၊ အလှူဒါနပြုအမျှဝေခြင်း၊ ပဋ္ဌာန်းပါဠိတော်များ၊ ပရိတ်တရားတော်များ ရွတ်ဆိုပူဇော်ခြင်းတို့ ဖြစ်ကြပါသည်။ ပရိယတ္တိနယ်၏ ဖွံ့ဖြိုးတိုးတက်လာစေရေးအစိတ်အပိုင်းတစ်ရပ်အဖြစ် ဗုဒ္ဓဘာသာဝင်တိုင်း မဖြစ်မနေဆောင်ရွက်ကြသောကိစ္စများ ဖြစ်ကြသည်။

ဗုဒ္ဓဘာသာ၏ သမိုင်းကြောင်းကို ကြည့်လျှင် ဗုဒ္ဓမြတ်စွာပွင့်ထွန်းပေါ် ပေါက်လာသည်မှ ယနေ့တိုင် ဘာသာသာသနာနှင့်ပတ်သက်၍ မည်သို့သောအကြမ်းဖက်နည်းကိုမျှမသုံးဘဲ မဂ္ဂင်ရှစ်ပါးနှင့် မေတ္တာတရားကို အခြေခံသောကျင့်စဉ်လမ်းစဉ်များအပေါ် တွင်သာ အခြေခံခဲ့သည်။ ဗုဒ္ဓဘာသာကိုးကွယ်ဆည်းကပ်ယုံကြည်ခဲ့ကြသော အုပ်စိုးသူမင်းအပေါင်းတို့နှင့် လူပုဂ္ဂိုလ်များသည် လူ့

ပြုရေးပင်ဖြစ်တော့သည်။

တတိယအချက်ဖြစ်သောပဋိဝေသာသနာမှာ ဖော်ပြပါအချက်များကို ကျင့်ကြံအားထုတ်လေ့ကျင့်ရာမှ ပြီးပြည့်စုံလာသောအခြေအနေပင်ဖြစ်တော့၏။ တစ်နည်းဆိုရလျှင် အဝိဇ္ဇာနှင့်တဏှာကို ချုပ်ငြိမ်းစေပြီး မဂ်လေးတန်၊ ဖိုလ်လေးတန်ကို မျက်မှောက်ပြုရရှိသွားခြင်းပင်ဖြစ်ပါတော့သည်။

ဖော်ပြခဲ့ပါ သာသနာသုံးရပ်ထဲတွင်ပါသော ပရိယတ္တိသာသနာနယ်တွင် အခန်းကဏ္ဍပေါင်းများစွာပါဝင်၍ ကျယ်ဝန်းလှသည်။ ရဟန်းသံဃာတော်တို့တွင်သာမကဘဲ လူပုဂ္ဂိုလ်တို့ပါ ပါဝင်ဖြည့်ကျင့်ရသောကဏ္ဍများ ဖြစ်ကြသည်။ ၎င်းတို့မှာ ဘုရားကျောင်းကန်၊

www.burmeseclassic.com

www.burmeseclassic.com

၁။ အဲဒီဘာသာဟာ ထာဝရဘုရားအယူအဆကို လွှမ်းမိုးသွားလိမ့်မည်။
၂။ တစ်ယူသန်ဝါဒမဟုတ်။
၃။ တရားသေဝါဒမဟုတ်။
၄။ သဘာဝတရားနှင့်လည်းကိုက်ညီမည်။
၅။ ရုပ်နာမ်နှစ်ပါးကို ကိုယ်တွေ့ခံစားသိမြင်နိုင်မည်။
၆။ အဓိပ္ပာယ်ပြည့်ဝတဲ့ ပေါင်းစည်းညီညွတ်မှုအပေါ်မှာ အခြေခံလိမ့်မည်။
၇။ သိပ္ပံနည်းကျမှတ်ကျောက်အတင် ခံနိုင်လိမ့်မည်။

ဂင်းအချက်များနှင့် ပြည့်စုံပြီး နောင်တစ်ချိန်ချိန်မှာ စကြဝဠာတစ်ခုလုံး ကိုးကွယ်တဲ့ ဘာသာတရားဟာ ဗုဒ္ဓဘာသာပဲဖြစ်လိမ့်မည်။

အထက်ဖော်ပြပါအချက်များသည် ဗုဒ္ဓဘာသာအပေါ် ပတ်ဝန်းကျင်အသိုင်းအဝိုင်းတို့၏ နှုမြောသုံးသပ်ချက်များဖြစ်ကြသည်။

သမိုင်းအကွေ့အလှည့်များတွင် စစ်ပွဲတို့ကို မလွဲသာမရှောင်သာ ဆင်နွှဲခဲ့ကြရသော်လည်း ဗုဒ္ဓမြတ်စွာ၏ဆုံးမလမ်းညွှန်ချက်များနှင့်အညီ လုပ်ကိုင်ခဲ့ရပါသည်ဟု မည်သည့်မင်း၊ မည်သည့်ပုဂ္ဂိုလ်မှ စောဒကမတက်ခဲ့ကြပါ။ ဆင်ခြေများလည်းမပေးခဲ့ကြပါ။ စစ်ပွဲများ၏အနိဋ္ဌာရုံနှင့် သတ္တဝါတို့၏ သေကျေပျက်စီးမှုကို ဝမ်းမြောက်ဝမ်းသာဖြစ်ကာ 'ငါတို့သည် ငါတို့ ဘာသာသာသနာ၏ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ကြပြီးပါတကား' ဟု မကျူးရင့်ကြပါ။ စိတ်နှလုံးမချမ်းမြေခြင်းကိုသာ ခံစားခဲ့ကြရပါသည်။

ခရစ်နှစ် ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ဂျီနီဗာမြို့၌ နိုင်ငံတကာပေါင်းစုံပါဝင်သော ဘာသာရေးပွဲတော်တစ်ခုကျင်းပခဲ့ပါသည်။ ဘာသာစုံခေါင်းဆောင် (၂၀၀)ကျော်တက်ရောက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံမှ သီတဂူဆရာတော်ဒေါက်တာအရှင်ဥာဏိဿရတက်ရောက်ခဲ့သည်။ထိုပွဲတော်ကြီးတွင် တက်ရောက်ခဲ့ကြသောသူများအထဲ၌ ဗုဒ္ဓဘာသာဆို၍ အနည်းငယ်မျှသာ ပါဝင်နိုင်ခဲ့သည်။ ပွဲတော်ကြီးမှာ ကမ္ဘာ့ဘာသာတို့၏ အမွန်မြတ်ဆုံးဘွဲ့ကို မဲဆန္ဒပေးရွေးချယ်ခဲ့ကြရာ ဗုဒ္ဓဘာသာသည် ထိုဘွဲ့ကို အများစုမဲဆန္ဒနှင့် ရရှိခဲ့သည်။ ဤကား ဗုဒ္ဓဘာသာ၏ နှုးညံ့သိမ်မွေ့မှုကို မှတ်ကျောက်အတင်ခံရခြင်းပင်ဖြစ်ပေသည်။ ထို့အတူ လွန်ခဲ့သော နှစ်ပေါင်းများစွာဖြစ်သော ၁၉၃၉ ခုနှစ်၊ မေလ ၁၉ ရက်နေ့ကလည်း ၂၀ရာစု၏ အကြီးကျယ်ဆုံးသိပ္ပံပညာရှင်ကြီးဖြစ်သည့် အိုင်စတိုင်းမှ အမေရိကန်တက္ကသိုလ်တစ်ခုတွင် ဟောပြောချက်တစ်ခုပြုခဲ့ပါသည်။

ဂင်းကား -

နောင်တစ်ချိန်မှာ စကြဝဠာကြီးတစ်ခုလုံး ဘာသာတရားတစ်ခုတည်းကိုသာ ကိုးကွယ်ကြလိမ့်မည်။



ပထမဆရာတော်ဦးဥတ္တမ

ဒုတိယဆရာတော်ဦးဇဋိလ



ရဟန္တာရုပ်တုတော်များ

တတိယဆရာတော်ဦးဉာဏောဘယ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ထူးများ



နတ်မင်းကြီးလေးပါးနှင့် သူရဿတီမယ်တော်



ဓေါ်နှုန်းကြည့်တောင်တော်ပန်းချီကား



ဓေါ်နှုန်းရပ်တ



ဓေါ်နှုန်းကြည့်တောင်ခြေမုခ်ဦး

ပြုခဲ့ကြသည်။ စာမျက်နှာ(၆၀၀၀)ကျော်ရှိ ပိဋကတ်သုံးပုံတို့အား အာဂုံဆောင်၊ ရေးဖြေ၊ အနက်အဓိပ္ပာယ်ပြည့်စုံစွာနှားလည်တတ်ကျွမ်းသိရှိကြသောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ ပေါ်ထွန်းခဲ့ခြင်းရှိခဲ့၏။။ ယနေ့ခေတ်တွင်လည်း မြန်မာနိုင်ငံအရပ်ရပ်၌ သာသနာအစွန့်ရှည်ကြာမှုကို အထောက်အကူဖြစ်စေသည့် စေတီပုထိုးများတည်ခြင်း၊ တရားဘာဝနာစခန်းများဖွင့်ခြင်း စာသင်စာချခြင်း၊ တရားဓမ္မများဟောကြားခြင်းတို့ အများအပြားပင်ရှိခဲ့ကြသည်။

မိုးကုတ်မြို့နယ်သည် ထိုသို့သောသာသနာ့ပြုလုပ်ငန်းများ ထွန်းကားခဲ့ရာမြို့နယ်တစ်နယ်အဖြစ် နှစ်ပေါင်းများစွာရပ်တည်လာခဲ့သည်။ ထိုသာသနာပြုလုပ်ငန်းထဲမှတစ်ခုဖြစ်သော မိုးကုတ်အနောက်ပိုင်း ကျပ်ပြင်မြို့ရှိ ဒေါ်နှုန်းကြည့်တောင်တော်၏သာသနာပြုဖြစ်စဉ်များကို တင်ပြလိုပါသည်။

မိုးကုတ်မြို့ကို အရှေ့ပိုင်း၊

ပုဒ္ဓဘာသာဝင်တို့၏ တဲကယ့်ယုံကြည်ချက်မှာ ပတ်ဝန်းကျင်၏ ထောက်ခံမှု၊ ကန့်ကွက်မှုတို့သည် လောကဓံတရားသဘောမျှသာဟုယူဆကြပြီး ပုဒ္ဓဝါဒ၏အနှစ်သာရမှာ သရဏာဂုံတည်မှု၊ မိမိကိုယ်ကိုမိမိယုံကြည်ကိုးစားမှု၊ ကိုယ်ကျင့်သီလထိန်းသိမ်းခြင်းမှု၊ တရားဘာဝနာကျင့်ကြံအားထုတ်နိုင်မှုတို့ကသာ အဓိကကျသည်ဟု ခံယူကြပါသည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံအပါအဝင် ထေရဝါဒပုဒ္ဓဘာသာနိုင်ငံများတို့သည် အခြားသောဘာသာလူပုဂ္ဂိုလ်တို့အား တစ်စုံတစ်ရာထိခိုက်မှုမပါသောသာသနာပြုလုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် သံဂါယနာတင်ခြင်း၊ ပိဋကတ်သုံးပုံစာပေများပို့ချခြင်း၊ သင်ယူဖြေဆိုခြင်း၊ ဘုရားတည်၊ ကျောင်းဆောက်၊ အလှူဒါနပြုခြင်းများကို စဉ်ဆက်မပြတ်

www.burmeseclassic.com

အနောက်ပိုင်းဟူ၍ နှစ်ပိုင်းခွဲခြားပြောလေ့ရှိကြသည်။ မိုးကုတ်အနောက်ပိုင်းသည် မန္တလေး၊ သပိတ်ကျင်း၊ မိုးကုတ်ကားလမ်းအတိုင်းတက်လာပါက ပထမဦးစွာတွေ့ရသောမြို့ဖြစ်သည်။ ကျပ်ပြင်မြို့ဟုခေါ်သည်။ မိုးကုတ်အရှေ့ပိုင်း မိုးကုတ်မြို့မှာ ကျပ်ပြင်မြို့မှ (၈)မိုင်ခန့် အကွာ တောင်အောက်ချိုင့်ဝှမ်းအရပ်တွင် တည်ရှိသည်။ ကျပ်ပြင်မြို့တွင် ကသည်း၊ လူးထ၊ ဂေါင်းဦးပါ။ ပန်းမ၊ အောင်သုခ၊ ကျပ်ပြင်စျေး စသည့် ရပ်ကွက်ပေါင်းများစွာ ပါဝင်ဖွဲ့စည်းထားသည်။ ယခု ရေးသားလတ်တံ့သော ဒေါ်နန်းကြည့်တောင်သည် ကျပ်ပြင်မြို့မရပ်ကွက်နှင့် ကျပ်ပြင်စျေးရပ်ကွက်တို့၏ ဂေါစရဂံဒေသပင်ဖြစ်တော့၏။ ထို့ကြောင့် ဒေါ်နန်းကြည့်တောင်တော်၏ သာသနိကအဆောက်အအုံများ၊ စေတီဘုရားပုထိုးများ ကြည်ညိုဖွယ်ရာဖွံ့ဖြိုးတိုးတက်လာမှုတွင် ဖော်ပြပါရပ်ကွက်နှစ်ခုတို့၏ ကြိုးပမ်းအားထုတ်မှုများတို့က အဓိကအခန်းကဏ္ဍအဖြစ် ပါဝင်နေပါသည်။

ဒေါ်နန်းကြည့်တောင်၏ ဖြစ်စဉ်မှာ ဤသို့ဖြစ်ပါသည်။

မြန်မာနှစ် ၁၀၂၃ ခု၊ ညောင်ရမ်းခေတ် ငါးဆူဒါယကာ ပင်းတလဲမင်းထီးနန်းစိုးစံစဉ်ကာလတွင် ယခု ကျပ်ပြင်မြို့အမည်တွင်သောဒေသမှာ ကျေးလက်တစ်ခုသာ ဖြစ်၏။ ဒေသခံများသည် ရိုးရာတောင်ယာလုပ်ခြင်း၊ ခြံစိုက်ခြင်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ တစ်နေ့တွင် ငမောက်ဆိုသူတစ်ယောက်သည် ကျပ်ပြင်အင်းစောင်းအရပ်တွင် တောင်ယာစိုက်ခင်း ပြုလုပ်ရင်း မြေကြီးတူးဆွရာမှ ပတ္တမြားကြီးတစ်ပွင့်ကိုရခဲ့သည်။ အရွယ်ကလည်းကြီး၊ အလွန်လှပပြီး တန်ဖိုးကလည်းကြီးသောကြောင့် နှစ်ခြမ်းခွဲကာ တစ်ခြမ်းကို တရုတ်ပြည်သို့ သွားရောက်ရောင်းစေပြီး တစ်ခြမ်းကို မြန်မာဘုရင် ပင်းတလဲမင်းအား ဆက်သခဲ့သည်။

ဘုရင်မင်းမြတ်မှ အားရကျေနပ်နှစ်သက်တော်မူ၍ ပတ္တမြားကြီးကို ငမောက်ပတ္တမြားဟု အမည်ခေါ်ဝေါ်စေကာ ဆုဘောလာဘ်တော်များလည်း ချခဲ့သည်။ ထိုအချိန်နှင့် မရှေးမနှောင်းမှာပင် တရုတ်ပြည်၌ မင်းဆက်ပျက်ပြီး တိုင်းပြည်မငြိမ်မသက်ဖြစ်ကာ တရုတ်တို့ မြန်မာပြည်ထဲသို့ ထွက်ပြေးလာခဲ့ရ၏။ ၎င်းပြေးလာသူများနှင့်အတူ ငမောက်အရောင်းခိုင်းလိုက်သော ပတ္တမြားကြီးတစ်ခြမ်းကပါလာသည်။တရုတ်တို့သည် ထိုပတ္တမြားကြီးအား ပင်းတလဲမင်းထံဆက်သခဲ့ကြပြန်သည်။ ထိုပတ္တမြားကြီးသည် ဘုရင်မင်းမြတ်တွင်ရှိနေသော ပတ္တမြားနှင့်တူလွန်းသဖြင့်ဆက်စပ်ကြည့်ရာ တစ်ပွင့်တည်းမှန်းသိသွားသည်။

ဘုရင်မင်းမြတ် အမျက်ဒေါသထွက်ပြီး ငမောက်တို့တစ်ဆွေတစ်မျိုးလုံးအား မီးလောင်တိုက်သွင်းသတ်သည်။ ထိုအထဲတွင် ငမောက်၏ အစ်မဖြစ်သူ ဒေါ်နန်းမပါဘဲ လွတ်မြောက်သွားသည်။ ဒေါ်နန်းသည် သူ့ဆွေမျိုးများမီးလောင်တိုက်သွင်းရာမှထွက်ပေါ်လာသောမီးခိုးမှိုင်းများကို လှမ်းမျှော်ကြည့်ရှုရင်း ရင်ကွဲနာကျသေခဲ့ရသည်။ နတ်စိမ်းဖြစ်သွား၏။ ဒေါ်နန်းမျှော်ကြည့်ရာတောင်ထွတ်ကို ဒေါ်နန်းကြည့်တောင်ဟုခေါ်ကြပြီး ယခု ကျပ်ပြင်မြို့တွင် အထင်အရှားရှိနေပါသည်။ မီးရှို့သတ်သည့်နေရာတွင် လောင်းစင်ရှာဟုခေါ်ဝေါ်သောရွာတစ်ရွာရှိပါသည်။ ကျပ်ပြင်မြို့မှ (၁၃)မိုင်ခန့်ကွာဝေးပါသည်။

ဖော်ပြခဲ့ပါအဖြစ်အပျက်တို့သည် ရှေးအတိတ်ကာလမှ ယနေ့တိုင် အစဉ်အဆက် ရေးသား ပြောဆိုခဲ့ကြသော အချက်အလက်များဖြစ်ကြသည်။မြန်မာနိုင်ငံ၏ သမိုင်းစာမျက်နှာများထဲတွင် ငမောက်ပတ္တမြားကြီးသည် သီပေါဘုရင်နှင့် မိဖုရားစုဖုရားလတ်တို့ထံမှ အင်္ဂလိပ်နယ်ချဲ့စစ်ပိုလ်ကဲ့နယ်စလေဒင်မတရားသိမ်းယူသွားခဲ့သောပစ္စည်း ဖြစ်သည်။ ရတီခိုန် (၉၀) ခန့်ရှိပြီး အလွန်လှပစင်ကြယ်၍ တန်ဖိုးကြီးလှသည်ဟုဆိုကြသည်။ ထိုပတ္တမြားကြီးသည် အင်းဝခေတ်မှ ကုန်းဘောင်ခေတ်တိုင် နန်းစဉ်နန်းဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသောရတနာကြီးပင် ဖြစ်သည်။

ဗိုလ်ချုပ်နေဝင်း၏ တော်လှန်ရေးကောင်စီလက်ထက်တွင် အင်္ဂလိပ်တို့သိမ်းယူသွားခဲ့သော မြန်မာ့နန်းစဉ်ရတနာအချို့ကို ပြန်လည်ရရှိခဲ့သည်။ ထိုအထဲတွင် ငမောက်ပတ္တမြားကြီးမပါဝင်ခဲ့ပါ။ ကာနယ်စလေဒင်၏မိသားစုပိုင်ပစ္စည်းအဖြစ် သိုဝှက်တိမ်မြုပ်ခဲ့ရသည်။ ကာနယ်စလင်ဒင်ယူသွားသောပတ္တမြားကြီးသည် ငမောက် ဆက်သသော ငမောက်ပတ္တမြားကြီးပင် ဖြစ်ဟန်တူပါသည်။ သို့ဖြစ်လျှင် ငမောက်တစ်ခြမ်းခွဲ၍ တရုတ်တို့အားရောင်းလိုက်သော ပတ္တမြားတစ်ခြမ်းကား အဘယ်မှာနည်း။

သမိုင်းပျောက်နေပါသည်။ အခြားသောအမည်နှင့် နန်းစဉ်ပတ္တမြားတစ်ပွင့်ဖြစ်သွားပြီလော။ သို့မဟုတ်ပါက တရုတ်တို့အားရောင်းလိုက်သောပတ္တမြားအခြမ်းနှင့်ပတ်သက်သည့် ဒေါ်နန်း၏နတ်ဖြစ်စဉ်သည် ဒဏ္ဍာရီလောဟု စဉ်းစားစရာဖြစ်လာပါသည်။ ထိုသို့ဆိုရအောင်ကလည်း ဒေါ်နန်းတက်၍ ရှမ်ျောကြည့်ရာတောင်ထွတ်သည် ယခု ကျပ်ပြင်မြို့တွင် အမည်နှင့်တကွ အခိုင်အမာတည်ရှိနေပါသည်။ မည်သို့ဖြစ်စေကာမူ ဒေါ်နန်းနတ်သည် မြန်မာနိုင်ငံ၌ ထင်ရှားသော (၃၇) မင်းစာရင်းဝင်နတ်မဟုတ်သော ဒေသန္တရနတ်အဖြစ် မိုးကုတ်မြို့နယ်တွင် ယုံကြည်ကိုးကွယ်မှုကို ခံယူနေရပြီဖြစ်ပါသည်။ မိုးကုတ်ဒေသခံတို့သည် အလှူပွဲ၊ မင်္ဂလာပွဲများမှအစ အထွေထွေကိစ္စများတွင်ပါ ဒေါ်နန်းကြည့်မယ်တော်ကြီးဟူသောအမည်နှင့် အားကိုးယုံကြည်နေကြသည်မှာကား ဒိဋ္ဌအခြေအနေများပင် ဖြစ်တော့၏။

ဒေါ်နန်းကြည့်တောင်တော်ပေါ်ရှိ ရတနာရန်အောင် ပြည်လုံးချမ်းသာဆုတောင်းပြည့်စေတီတော်ဘုရားကြီး၏ သမိုင်းဖြစ်စဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။

ဒေါ်နန်းကြည့်တောင်တော်ပေါ်ရှိ ရတနာရန်အောင် ပြည်လုံးချမ်းသာဆုတောင်းပြည့်စေတီကြီးမှာ မြန်မာနှစ် ၁၂၉၉ ခုနှစ်တွင် ပထမဆရာတော်ဦးဥတ္တမမှ တောင်ပေါ်၌ တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ရာ ဒေါ်နန်းတို့၏ဖြစ်စဉ်များနှင့် နှစ်ပေါင်း (၂၅၀) ကျော်ခန့်ကွာခြားသည်။ စစ်ကြီးခေတ် အင်္ဂလိပ်အစိုးရလက်ထက်လောက်ကဟု မှန်းဆရသည်။ တစ်ဖန် ဒုတိယဆရာတော်ဦးဇဋိလအား ရပ်မိရပ်ဖများနှင့် ကျပ်ပြင်ငါးကျောင်းဆရာတော်များမှနေ၍ တောင်တော်ကို စောင့်ရှောက်ထိန်းသိမ်းစေသောနှစ်မှာ ၁၃၄၉ ခုနှစ်က ဖြစ်သည်။ ထို့ကြောင့် ပထမဆရာတော်နှင့် ဒုတိယဆရာတော်တို့၏ တောင်တော်ပေါ်တွင် သာသနာပြုကြသည့်ကာလမှာ နှစ်(၅၀)ခန့်ကွာခြားသွားခဲ့ပြန်ပါသည်။ ယခု ပစ္စုပ္ပန်ကာလ တတိယဆရာတော်နှင့် ဒုတိယဆရာတော်တို့၏ သာသနာပြုခရီးမှာ နှစ်ကွာခြားမှုမရှိဘဲ တစ်ဆက်တည်းဖြစ်လာခဲ့သည်။ တောင်တော်၏ သာသနိကအဆောက်အအုံများနှင့် သာယာလှပမှုများ၊ အဖွံ့ဖြိုးအတိုးတက်ဆုံးအချိန်များဟုဆိုရပေမည်။ ထိုသို့ကိုးတက်လာစေ

www.burmeseclassic.com

www.burmeseclassic.com

ရန် အရှုန်းကန်ရဆုံးနှင့် အခက်အခဲများကိုအကျော်ဖြတ်ရဆုံးတို့မှာ ပထမဆရာတော်နှင့်ဒုတိယဆရာတော်တို့၏ အကူးအဆက်ကြားကာလပင်ဖြစ်တော့၏။

ဒုတိယဆရာတော်ဦးဇဋိလသည် ကျပ်ပြင်မြို့မရပ်မိရပ်ဖများ၊ ကာလသားခေါင်းဆောင် ဦးကျော်အုံးနှင့် လူငယ်များ၊ မိန်းမလတ်၊ လူလတ်၊ ဧည့်ခံလူကြီးများ စသည့် ဒကာ၊ ဒကာမများ၏ ကူညီဝိုင်းဝန်းပံ့ပိုးမှုဖြင့် တောင်တော်သာယာဖွံ့ဖြိုးရေးကို ကြိုးပမ်းခဲ့ရသည်။ ကျပ်ပြင်စျေးရပ်ကွက်မှလည်း ထိုနည်းအတိုင်း ပါဝင်ကူညီခဲ့ကြရသည်။ တောင်တော်သည် အမြင့်ပေ (၅၂၇၇) တွင်တည်ရှိသဖြင့် ရေရရှိရေးအခက်အခဲများကြုံတွေ့ခဲ့ရသည်။ ၎င်းအခက်အခဲကို ကျပ်ပြင်မြို့မရပ်မှ လူငယ်များဖြစ်ကြသည့် ကိုဝိုလ်ထွေး၊ ကိုစိုးမြင့်၊ ကိုကျော်အေး၊ ကိုပေါ်၊ မောင်ကိုလေး၊ မောင်ကိုကြီးတို့မှ ဖြေရှင်းပေးနိုင်ခဲ့ကြသည်။ တောင်တော်၏ တောင်ဘက်ခြမ်း တောင်ထိပ်နှင့် ပေ (၁၅၀)ခန့်အကွာအဝေးရှိ ရေစမ်းငယ်လေးမှရေကို တုံကင်နှင့် ရယူနိုင်ခဲ့ကြသည်။ ထို့နောက် မီးရရှိပြီး မော်တာတပ်ဆင်နိုင်ခဲ့ကြသည်။ ထို့အတူ တောင်တော်၏အရှေ့ဘက်ခြမ်း တောင်ခုလတ်ရှိစိမ့်စမ်းရေများကို စုံစည်းကာ နတ်ရေကန်အမည်ဖြင့် ကန်တည်နိုင်ခဲ့သည်။ ဝေါင်းဦးပါရပ်မှ ဦးစံမြင့် ဦးဆောင်ခဲ့ပါသည်။ ဦးစံမြင့်သည် နှစ်ပေါင်းများစွာ ရက်မပျက်တမ်း ကာယလုပ်အားဖြင့် တောင်တော်သာယာရေးကို ကြိုးပမ်းခဲ့သူ ဖြစ်သည်။ ချုံရှင်းခြင်း၊ လမ်းဖောက်ခြင်း၊ အဆောက်အအုံနှင့် တံတိုင်းများကာရံခြင်းတို့တွင် ကိုယ်တိုင်စီမံကိုယ်တိုင် လုပ်အားဒါနပြုခဲ့သူတစ်ဦး ဖြစ်သည်။ တောင်တော်သာယာရေးနှင့်သာသနိကအဆောက်အအုံများကို အများပြည်သူများ၊ တစ်သီးပုဂ္ဂလအလှူရှင်များ၏ ငွေသား၊ စေတနာအားများဖြင့် ဒါနပြုတည်ဆောက်ခဲ့ကြရာ စေတီပုထိုးများ၊ မုခ်ဦးများ၊ ဂန္ဓကုဋိတိုက်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ တရားဘာဝနာအားထုတ်ရန် အဆောက်အအုံများ၊ ဂူများ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့၏ပုံတော်များ၊ နတ်မင်းကြီးလေးပါးနှင့် သူရဿတီမယ်တော်ရုပ်တုများ၊ ဒေါ်နန်းရုပ်တုနှင့် နတ်နန်းများတို့ ပေါ်ပေါက်လာခဲ့ရပါသည်။ ရဟန်းတော်များ သိမ်ဝင်နိုင်ရန် သိမ်တော်တစ်ခုလည်းလှူဒါန်းတည်ဆောက်နိုင်ခဲ့ကြသည်။ ထောင်တော်၏ အောက်ခြေမှ တောင်ထိပ်အထိ ကတ္တရားလမ်းများခင်းခဲ့ကြပြီး လျှပ်စစ်မီးပါတပ်ဆင်နိုင်ခဲ့ကြပါသည်။

ယခုဖူးတွေ့နေရသောစေတီတော်မြတ်မှာ ယခင်က ရှေးဟောင်းစေတီကို ငုံ၍တည်ထားသောစေတီ ဖြစ်ပါသည်။ မူလစေတီ၏ပုံသဏ္ဌာန်မှာ အင်္ဂလိပ်ခေတ်နှောင်းပိုင်းလက်ရာဖြစ်ပြီး ယခုစေတီတော်၏ပုံသဏ္ဌာန်မှာ ဗုဒ္ဓဂယာရှိစေတီ၏ပုံသဏ္ဌာန်ကိုယူထားပါသည်။ ခရစ်နှစ် ၁၉၉၇ ခုနှစ်တွင် စေတီတော်ထီးတော်တင်လှူခြင်း၊ အနေကဇာတင်ခြင်းတို့ကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့သည်။ ဇာတ်သဘင်များ၊ ကျပ်ပြင်မြို့မ၏ ပတ္တမြားလုလင်တီးဝိုင်းဖျော်ဖြေမှုများ၊ ကျပ်ပြင်မြို့မ၏ ခေတ်ပေါ်တီးဝိုင်းဖျော်ဖြေမှုများ၊ ခြင်းပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲများကိုထည့်သွင်းကျင်းပနိုင်ခဲ့ကြသည်။ နှစ်စဉ်နှစ်တိုင်း တပို့တွဲလတွင် ဘုရားပွဲတော်ကျင်းပ၍ ထမနဲများကျွေးမွေးလှူဒါန်းပြီး အသံမစဲပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲများကိုပါ သာသနာပြုလုပ်ငန်းအဖြစ်ပြုလုပ်နိုင်ခဲ့ကြပါသည်။ ဤသို့တောင်တော်ကြီး၏ သာသနာတော်ဖွံ့ဖြိုးတိုးတက်ရေးကို ရရှိရောက်ရှိအောင်ကြိုးပမ်းအားထုတ်ခဲ့ကြသည့် ကျပ်ပြင်ငါးကျောင်းဆရာတော်ဘုရားကြီးများနှင့် ကျပ်ပြင်မြို့မ၊ ကျပ်ပြင်စျေးဒကာ၊ဒကာမ အပေါင်းတို့အား ချီးကျူးဂုဏ်ပြုထိုက်သောပုဂ္ဂိုလ်များအဖြစ် မှတ်တမ်းတင်အပ်ပါသည်။ ထိုပုဂ္ဂိုလ်အပေါင်း၏ ကျေးဇူးပြုမှုအသီးအပွင့်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းမှ မိုးကုတ်မြို့ကိုလာရောက်ခဲ့သည့်ည့်သည်များအတွက် မဖြစ်မနေဝင်ရောက်ဖူးမြော်ရသည့် ဘုရားတစ်ဆူအဖြစ် ဂုဏ်ယူဖွယ်ရာ တွေ့ရပါသည်။

ဤတွင် ဤဆောင်းပါး၏ နိဂုံးအဖြစ် ကျပ်ပြင်မြို့ ဒေါ်နန်းကြည့်တောင်ရန်အောင်ရတနာ ပြည်လုံးချမ်းသာဆုတောင်းပြည့် စေတီတော်မြတ်ကြီး' အား ထိန်းသိမ်းစောင့်ရှောက်၍ သာသနာပြုခဲ့ကြသော ဆရာတော်ကြီး(၃)ပါး၏ အတ္ထုပ္ပတ္တိဖြင့် ပူဇော်ရေးသားသွားပါမည်။

■ ပထမဆရာတော်အသျှင်ဦးဥတ္တမ

ကျပ်ပြင်မြို့ အရှေ့တောင်အရပ်ဒေသတွင် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း (၅၂၇၇) အမြင့်ရှိသော ဒေါ်နန်းကြည့်တောင်တော်မြတ်၌ သာသနာတော်စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည့် ဆရာတော်ဦးဩဘာသ၏တပည့်၊ ငယ်နာမည် မောင်အောင်ဘ (ခေါ်) တောင်ပေါ်ကျောင်းဆရာတော်ဦးဥတ္တမသည် မိုးကုတ်မြို့အနောက်ပိုင်းကျပ်ပြင်ကျေးရွာ အဆု ဦးလွယ်၊ အမိ ဒေါ်အိမ်တို့မှ ကောဇာနှစ် ၁၂၅၂ ခုနှစ်၊ ဝါဆိုလတွင် မီးရှူးသန့်စင်ဖွားမြင်တော်မူ၍ ၁၂၇၂ ခုနှစ်၊ တပေါင်းလတွင် ရဟန်းအဖြစ်သို့ရောက်ရှိပြီး သက်တော် (၄၈) နှစ်၊ ဝါတော် (၂၉) ဝါအရတွင် ဤတောင်ထိပ်ပေါ်၌ မြတ်စွာဘုရား၏ သရီရဓာတ်မွေတော်ဓာတ်တို့ကိန်းဝပ်မွေ့လျော်စံပျော်ရာဖြစ်သော စေတီမြတ်တို့ကို တည်ထားကိုးကွယ်လိုသောမနောစိတ္တဖြင့် သာသနာတော်နှစ် ၂၄၈၁ ခု၊ ကောဇာနှစ် ၁၂၉၉ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ အင်္ဂါနေ့ နံနက် (၁၀) နာရီ၊ (၁၀)မိနစ်အချိန်တွင် (ရတနာရန်အောင်) စေတီတော်ကို လည်းကောင်း၊ ပြာသိုလဆန်း ၂ ရက်၊ တနင်္ဂနွေနေ့တွင် ကျိုက်ထီးရိုးပုံစေတီတော်ကိုလည်းကောင်း၊ တပေါင်းလဆန်း ၂ ရက်နေ့တွင် ကျောက်သပွန်စေတီတော်ကို လည်းကောင်း၊ ၁၃၀၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ရက် ဗုဒ္ဓဟူးနေ့တွင် နံနက် (၁၀) နာရီ၊ (၄၀) မိနစ်အချိန်တွင် ရှစ်မျက်နှာစေတီတော်ကို လည်းကောင်း၊ တပို့တွဲလဆန်း၁၄ရက် ကြာသပတေးနေ့ နံနက် (၁၀) နာရီ (၅၀) မိနစ်တွင် အောင်ချမ်းသာစေတီတော်ကို လည်းကောင်း၊ တပေါင်းလဆန်း ၁၄ ရက်၊ သောကြာနေ့ နေမွန်းတည့်ချိန်တွင် ပတ္တမြားစေတီကိုလည်းကောင်း၊ နှောင်းတန်ခူးလဆန်း (၁၄) ရက် (၁၁)နာရီအချိန်တွင် မြသပိတ်စေတီတော်ကို လည်းကောင်း တည်ထားကိုးကွယ်ကာ သာသနာတော်အတွက် လိုအပ်ချက်များကို ဆက်လက် ဆောင်ရွက်တော်မူစဉ် ဤဒေါ်နန်းကြည့်တောင်တော်၌ပင် ကောဇာနှစ် ၁၃၀၅ ခုနှစ်၊ ပြာသိုလသက်တော် (၅၃)၊ ဝါတော် (၃၃) ဝါအရတွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

■ ဒုတိယဆရာတော် အသျှင်ဦးဇဋိလ

ကောဇာနှစ် ၁၃၀၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် အင်္ဂါနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် သပိတ်လဲကျေးရွာ၌ မယ်တော်ဦးချစ်အေး၊ မယ်တော်ဒေါ်ချစ်မြင့်တို့မှ မီးရှူးသန့်စင်ဖွားမြင်ခဲ့သော တစ်ဦးတည်းသောသားရတနာ ဖြစ်သည်။

၁၃၂၁ ခုနှစ်တွင် သပိတ်ဇာ

သူရဇဉ်မဂ္ဂဇင်း
ဘာဒုန်၊ ခြောက်လ၊ အတွဲ(၁၈)အမှတ်(၈)

www.burmeseclassic.com

www.burmeseclassic.com

နတ်မောက်မှတ်ကျောက်
ရောင်းပန်းသစ် ဝယ်ပန်းလှစေ

ကျွန်ုပ်ထံသို့ နေ့စဉ်လိုလို လာရောက်အကူအညီတောင်းသူများမှာ ရောင်းဝယ်ဖောက်ကားစေ့းသည်များနှင့် ကုန်သည်ပွဲစားများ အများဆုံးဖြစ်ပါသည်။ ပွဲစားဆို၍ ပြောရဦးမည်။ ကားပွဲစား၊ ဆိုင်ကယ်ပွဲစားအများဆုံးပင်။ အရင်းအနှီးအချို့အဝက်နှင့် ဝယ်ရောင်းပွဲစားရှိသလို ငွေကြေးအရင်းအနှီးလုံးဝမပါဘဲ လက်ဖက်ရည်ဖိုး၊ ဆေးလိပ်၊ ကွမ်းယာဖိုးလောက် အရင်းအနှီးနှင့် ကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တ ရေဝတဆံတွင် ရှင်သာမဏေပြုခဲ့သည်။ ၁၃၂၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက် နံနက် (၁၀) နာရီအချိန်တွင် သပိတ်လဲကျောင်း ခဏ္ဍသိခ်တော်၌ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တရေဝတကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စုန္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ရဟန်းအဖြစ်သို့ ရောက်ရှိပြီး ကျပ်ပြင်ရွှေမြင်ဝင်းကျောင်းတွင် သိတင်းသုံးနေထိုင်စဉ် ကျပ်ပြင်ဝါးကျောင်းဆရာတော်များမှ ဒေါ်နန်းကြည့်တောင်တော်ကို စောင့်ရှောက်ထိန်းသိမ်းပြုပြင်မည့် ပုဂ္ဂိုလ်မရှိသေး၍လည်းကောင်း၊ တောင်တော်ကို ထိန်းသိမ်းပြုပြင်ရန် ဦးဇင်္ဂီလအား တာဝန်ပေးချက်အရ ၁၃၄၉ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ သောကြာနေ့တွင် ကျပ်ပြင်ရွှေမြင်ဝင်းကျောင်းတိုက်မှ ဒေါ်နန်းကြည့်တောင်ပေါ်သို့ စတင်ကြွရောက်သာသနာပြုတော်မူခဲ့ပါသည်။

စေတီဟောင်းများနှင့်တန်ဆောင်းကြီးငယ်တို့ကို မွမ်းမံပြုပြင်ပြီး စေတီအဆူဆူ၊ ကျောင်းဆောင်အခန်းခန်း၊ ကားလမ်းများပါမကျန် ဘက်စုံဖွံ့ဖြိုးရေး၊ သာယာလှပပသာဒဖြစ်အောင် တစ်သက်တာ သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်တော်မူသွားခဲ့ပါသည်။

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့ သက်တော် (၆၃)နှစ် ၀ါတော် (၄၄) ဝါအရတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။

နှုတ်ဖျားဝစီပွဲစားတွေလည်းရှိပါသည်။

သူတို့လာလိုက်၍ အများဆုံးညည်းညူသည်မှာ -

"အရောင်းအဝယ်တွေကလည်းပါးလိုက်တာ ဆရာကျောက်ရယ်၊ လူတွေဘာစားနေသလဲမသိပါဘူး။ ရေသောက်ဗိုက်မှောက်အိပ်နေကြသလားဗို့ထင်ရတယ်"

ဤသည်မှာ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ငါးပိ၊ ငါးခြောက် စားကုန်သောက်ကုန်ရောင်းနေသောဆိုင်ကြီးရှင်စေ့းသည်၏စကားဖြစ်ပါသည်။

"ရယ်ဒီမိတ်တွေပေါ်လာတော့လက်ဖက်ရည်၊ ကော်ဖီကရောင်းမကောင်းဘူး ဆရာကျောက်ရဲ့။ လာလိုက်ရင် လေးငါးယောက်လာထိုင်၊ လက်ဖက်ရည်နှစ်ခွက်လောက်မှာပြီး ရေနွေးလေးငါးခရားဝိုင်းထိုင်သောက်ကြတော့တာ။ ရေဖိုးတောင်မမြတ်ပါဘူးဗျာ။ ဘာလုပ်ရကောင်းမလဲတွေးနေရတယ်"

■ **တတိယဆရာတော် အသျှင်ဉာဏဝေါဒယ**

ယခုအခါ ဒေါ်နန်းကြည့်တောင်တော် သာသနာအရှည်တည်တဲ့ပြန့်ပွားရေးအတွက် 'အနာဂတေသာသနံလဒ္ဓီရက္ခိဿတိ' နောင် အနာဂါမ်သာသနာဝယ်လဒ္ဓီထေရ်မွန် သီလဝန်ကျော်သံယာတော်တို့ ထိန်းသိမ်းစောင့်ရှောက်ကြလိမ့်မည်ဟူသော ဒေသနာတော်အရ အနာဂါတ်သာသနာတော် အရှည်တည်တဲ့ပြန့်ပွားအောင် ဆောင်ရွက်နိုင်မည့် လဒ္ဓီထေရ်မွန် သီလဝန်ဖြစ်တော်မူသော ဦးဉာဏဝေါဒယအရှင်သူမြတ်အား ကျပ်ပြင်ဝါးကျောင်းဆရာတော်များက ပြုလုပ်ဆောင်ရွက်ရမည့် တာဝန်အရပ်ရပ်ကို အဖန်ဖန်အထပ်ထပ်သုံးသပ်ညှိနှိုင်းတိုင်ပင်တော်မူကြကာ ဒေါ်နန်းကြည့်တောင်ပေါ်ရှိ ဂရုဘဏ်၊ လဟုဘဏ် အာရာမ်တိုက်တာအားလုံးကို လွှဲပြောင်းအပ်နှံ၍ တာဝန်တစ်ရပ်ပေးခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ 'အာဂတောအာရောအဝံသမဝဟိတဇ္ဈော'ကိုယ်နှင့်ထိုက်တန်၍ ကိုယ်ထံရောက်လာသောတာဝန်စတ္တာရားများကို မချွတ်မယွင်းဆောင်ရွက်ရပေလိမ့်မည်ဟူသော ကျမ်းဂန်စကားအရ ပေးအပ်လာသည့် တာဝန်အရပ်ရပ်ကို ဆောင်ရွက်ရင်း မူရန္ဒစ်ပါးဦးထိပ်မှာထား၍ ဒေါ်နန်းကြည့်တောင်တော်ပေါ်တွင် ဆက်လက်၍သာသနာပြုလျက်ရှိပါသည်။

ဆရာတော်လောင်းလျာသူငယ်ကို မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ ကျပ်ပြင်စေ့းရပ် ခမည်းတော် ဦးရွှေကျင်း၊ မယ်တော် ဒေါ်ယုံလှတို့မှ ၁၃၂၃ ခု၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ ၂၀-၂-၁၉၆၂ အင်္ဂါနေ့တွင် ဖွားမြင်သည်။ မွေးချင်း(၇)ယောက်တို့တွင် အငယ်ဆုံးသားရတနာဖြစ်သည်။ ဆရာတော်၏ မွေးရပ်ဇာတိမှာ မိုးကုတ်မြို့စေ့းဟောင်းရပ် ဖြစ်သည်။

၁၉၈၄ ခုနှစ်တွင် '၁၉၈၃ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေကိုလေ့လာခြင်း' ဟူသော ကျမ်းငယ်ဖြင့် ဥပဒေနောက်ဆုံးနှစ်ကို အောင်မြင်ခဲ့သည်။

၁၃၄၆ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက် ၄-၁-၁၉၈၅ သောကြာနေ့တွင် မဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကိုဥပဇ္ဈာယ်ပြု၍ ကာရကသံဃာ (၈၁) ပါးတို့၏ ချီးမြှောက်မှုဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

နေသုဒ္ဓလှိုင် (မိုးကုတ်)

ကျမ်းကိုး -

၁။ အေးစေတီတောင်ကျောင်းဆရာတော်ဘဒ္ဒန္တဉာဏိတိက္ခစာရ(သာသနဓရဓမ္မာစရိယနှင့် ဦးဉာဏောဘာသတို့၏ မိန့်ဆိုချက်များ

၂။ ရတနာရုန်အောင်ပြည်လုံးချမ်းသာဆုတောင်းပြည့်စေတီတော်ကြီး၏ အစဉ်အဆက်သာသနာပြုဆောင်ရွက်ချက်မှတ်တမ်းစာစောင် (ဂေါပကအဖွဲ့)

၃။ မောင်လှိုင်သစ်(မိုးကုတ်)၏ မိုးကုတ်ကျောက်မျက်ရတနာလောကဆောင်းပါးများ

www.burmeseclassic.com

www.burmeseclassic.com

တာကြောပြီ"

ဤသည်မှာကား လက်ဖက်ရည်ဆိုင်ရှင်များ၏စကားဖြစ်ပြီး -

"ဝယ်ပန်းလှပြီဆိုတော့လည်း နို့ဘီး၊ အရွှမ်ဘီးဖြစ်မှာစိုးရိမ်ရသေးတယ်။ သက်တမ်းကျော် လိုင်စင်အောက်ခဲ့ညားမှာလည်း ပူပန်ရတယ်။ သွားရလာရထိုးဖြူဖိနပ်ပါး စရိတ်ကုန် ဇလုံပွန်းနဲ့ ရောင်းပန်းမလှဖြစ်ရရင်သွားရော။ အိတ်စိုက်ဖြစ်ရော ဆရာကျော်ရဲ့"

ယင်းစကားမှာ သိပြီးဖြစ်သည့်အတိုင်း ဆိုင်ကယ်၊ ကား ရောင်းဝယ်ပွဲစား၏ အညည်းစကားပင်ဖြစ်ပါသည်။

ရောင်းခြင်း၊ ဝယ်ခြင်း အရောင်းအဝယ်လုပ်ငန်းနှင့်ပတ်သက်၍ မြတ်စွာဘုရားသခင်က အတိအလင်းဟောဖော်ညွှန်ပြခဲ့သည်မှာ ကောင်းရောင်းကောင်းဝယ်လုပ်ရမည်ဟု သံဒိတ်အနှစ်ချုပ်ဟောခဲ့ပါသည်။

အကြမ်းအားဖြင့် 'အလေးမှန်၊ စွေးမှန်၊ ပစ္စည်းမှန်' ဆိုသည့် 'မှန်သုံးမှန်' ပြည့်စုံဖို့လိုသည်ပင်။

ကျမ်းပြုဆရာတစ်ဦးက ဆိုသည်မှာ-

'အရောင်းအဝယ်လုပ်သူတိုင်းသည် အချိန် (ရက်၊ လ၊ နာရီ၊ မိနစ်) နှင့် နေရာကိုသာ အရောင်းအဝယ်လုပ်တတ်ကြသည်။ အချိန်နှင့်နေရာကိုသာအရောင်းအဝယ်လုပ်တတ်သူသည် မုချသေချာပေါက်ကြီးပွားလိမ့်မည်ဟု မဆိုသာပေ။

အချိန်ကိုမူတည်၍ အရောင်းအဝယ်လုပ်ခြင်းဆိုသည်မှာ မြေပဲ၊ နှမ်း၊ စပါး စသည်ဖြင့် သီးနှံပင်များစိုက်ပျိုးချိန်အပင်ဘဝတွင် ကြိုတင်ငွေပေးဈေးဖြတ်ဝယ်ယူထားပြီး မြေပဲ၊ နှမ်း၊ စပါးများသီးနှံဖြစ်လာသောအချိန်အခါတွင် ဈေးကောင်းဈေးမြင့်နှင့် ရောင်းချခြင်းသည် အချိန်ကိုကုန်ကူးခြင်း အရောင်းအဝယ်ပြုခြင်းပင်ဖြစ်သည်။

နေရာကိုမူတည်၍ အရောင်းအဝယ်လုပ်ခြင်းဆိုသည်မှာ အထက်မြန်မာပြည်မှထွက်သော မြေပဲ၊ နှမ်း၊ ထန်းလျက်၊ သနပ်ခါးတို့ကို အောက်မြန်မာပြည်သို့ သယ်ယူရောင်းချပြီး အောက်မြန်မာပြည်မှထွက်သော ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ပုစွန်ခြောက်များ အထက်မြန်မာပြည်သို့ သယ်ယူရောင်းချခြင်းသည် နေရာကိုကုန်ကူးခြင်းပင်ဖြစ်ပါသည်။

လောကဥစ္စာကြီးပွားအောင်မြင်သူတို့သည် လူတို့၏စိတ်ကို ကုန်ကူးနိုင်သူများပင်ဖြစ်လေသည်။ လူတို့၏စိတ်ကို အရောင်းအဝယ်လုပ်နိုင်ကြသူတို့သည် ထာဝရကြီးပွားတိုးတက်သူများဖြစ်လေသည်။

'ဒီဆိုင်က ဒီပွဲရဲ့က အလေးမှန်တင်းမှန်၊ စွေးမှန်၊ ပစ္စည်းမှန်တယ်။ ခွေးလည်ပင်းမှာ စာဆွဲပြီးဝယ်ခိုင်းလည်းရတယ်။ ရောင်းခိုင်းလည်းရတယ်။ သမာဓိရှိတယ်။ တည်ကြည်တယ်။ မဟုတ်တာမမှန်တာမလုပ်ဘူး။ ကောင်းရောင်းကောင်းဝယ်သမားတွေ'

ဟု ထိုသို့ ထိုသို့ မိမိထံရောင်းသူ၊ မိမိထံဝယ်သူများစိတ်တွင် ယုံကြည်စွဲထင်နေအောင် အရောင်းအဝယ်ပြုနိုင်သူ ဈေးသည်ကုန်သည်ပွဲစားများသည် ဘဝတစ်လျှောက်လုံး ထိပ်တန်းရောက်အောင်မြင်ကြီးပွားသူများဖြစ်ပါသည်။ (ထိုမှ နွယ်ယှက်၍ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ အနုသုခုမပညာတို့တွင်လည်း ပြည်သူပြည်သား ပရိသတ်လူအများ၏စိတ်တွင် ယုံကြည်စွဲထင်အောင်ပြုနိုင်ကြသူများထိပ်တန်းရောက် အောင်မြင်နေသည်ကို တွေ့ရပေမည်။)

ဤသို့ အမြွက်မှု ဥပမာဥပမေယျတင်ပြလျှင် ရောင်းဝယ်ပွဲစား လူရည်လည်များအနေဖြင့် ပြက်ပြက်ထင်ထင် သိတတ်မြင်တတ် နားလည်တတ်ပြီဟု ယုံကြည်မိပါသည်။

ယခု ကျွန်ုပ်တင်ပြလိုသည်မှာ - လောက၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးလည်းရစေပြီး လက်ရှိပစ္စုပ္ပန်တွင်လည်း ရောင်းဝယ်ဖောက်ကားကုန်သည်ပွဲစားတိုင်း ရောင်းပန်းသာဝယ်ပန်းလှစေသည် နေ့စဉ်ဝတ်မပျက် ကျင့်စဉ်ဂါထာဖြစ်ပါသည်။

အချို့သူများမှာ ဂါထာမန္တန်ရွတ်ဖွားရမှာ ဝါသနာမထုံ မပါသည့်အပြင် ရွတ်ဖွားသူများကိုပင် ကဲ့ရဲ့စကား၊ အမနာပစကားများ ပြောတတ်လေသည်။ သို့သော် ယခု ကျွန်ုပ်တင်ပြမည့်ကျင့်စဉ်ဂါထာကို (၉) ရက်မျှရွတ်ဖွားကျင့်ကြည့်ပါ။ မုချထူးခြားစေရပါမည်။ မယုံလျှင်ရွတ်ကြည့် ကျင့်ကြည့်ပါဟုသာ တိုက်တွန်းချင်ပါသည်။

လူတို့သည် တစ်နေ့တာပင်ပန်းခဲ့သမျှအတွက် တစ်ညတာအိပ်စက်အနားယူနေသည့်အချိန်တွင် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတပ္ပ တည်းဟူသော ကိလေသာတရားတို့အနည်းပါးဆုံးအချိန်ဟုဆိုရပါမည်။ နောက်နေ့နံနက်လင်းအိပ်ရာမှနိုးလျှင်နိုးချင်း ဘာကိုမှမစဉ်းစားမိ။ မျက်စိနှစ်လုံးပွင့်သည်နှင့် နှုတ်ဝစီမှ ဘာစကားမှမဆိုမိတွင် သရဏာဂုံသုံးပါးကို ဦးစွာရွတ်ဖွားလိုက်ပါ။

■ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ။
(ဒုတိယမ္ပိ. . . ၊ တတိယမ္ပိ. . . ရွတ်ပါ။)

ထိုသို့ သရဏာဂုံတည်ပြီးနောက် မိမိ၏ နေအိမ်တံခါးများဖွင့်သည့်အခါအောက်ပါ လာဘ်ဖွင့်လာဘ်ပွင့်ဂါထာတော်ကို မပျက်ရွတ်ပြီး အသာအယာဖွင့်ပါ။

■ ဧဟိ မိတ္တဲ
ဧဟိ ဓနံ
ဧဟိ လာဘံ
ဧဟိ သုခံ
ဧဟိ ဇေယ္ယ သုခံ မင်္ဂလံ။

နေအိမ်တံခါးပေါက်များဖွင့်တိုင်း တံခါးတစ်ပေါက်စီတိုင်း ထိုသို့ရွတ်ဖွားခြင်းသာသာယာယာဖွင့်ပါ။ (အကယ်တန်ဈေးဆိုင်၊ ဆိုင်ခန်းတံခါးဖွင့်လျှင်လည်း အထက်ပါ '၉' ငါးချက်ဂါထာရွတ်ဆိုဖွင့်ပါ။)

ထို့နောက် ကိုယ်လက်သန့်စင်မျက်နှာသစ်ပြီး မျက်နှာသုတ်ပြီးသောအခါ မှန်ထဲမှ မိမိအရိပ်ကိုကြည့်၍ အောက်ပါဂါထာရွတ်ပွားပါ။

■ ဇယစင်္ကော ဇယင်္ဂလောယော၊
ဇယိတဗ္ဗေ ဇယာသနေ။
ဇယာပေသိ ဇယေသိနံ၊
ဇယံဒေတု ဇယုတ္တရော။

ပြီးမှ လက်ဖက်ရည်သောက်၊ နံနက်စာစား မိမိလုပ်ရန်ရှိသည်များလုပ်ပါ။

ပါရမီအနုအရင့်လိုက်၍ (၉)ရက်သို့မဟုတ် (၉) လ သို့မဟုတ် (၉) နှစ်အတွင်း ထူးခြားထင်ရှားသိသာစွာ ရောင်းပန်းသာဝယ်ပန်းလှ၍ လောကအကျိုး၊ သာသနာအကျိုး၊ ဘာသာအကျိုးသယ်ပိုးနိုင်ပြီး သာသနာ့ဒါယကာဒါယိကာမဘွဲ့ထူးဂုဏ်ထူးများ ဆွတ်ခူးနိုင်သူများဖြစ်လာပါလိမ့်မည်။

ချမ်းသာထီပေါက် နိဗ္ဗာန်ရောက်ပါစေ။

မပင်မပန်း ရွှင်လန်းစွာ ရွတ်ဖွားကျင့်ကြံနိုင်ကြပါစေသတည်း။

နတ်မောက်မှတ်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် မြန်မာလူမျိုးတစ်ဦးဖြစ်၏။ ကျွန်ုပ်တို့မြန်မာလူမျိုးများတွင် မိရိုးဖလာကိုးကွယ်ကြသည့် (၃၇) မင်းနတ်များရှိကြသည်။ ထို့အတူ တရုတ်၊ ကုလားလူမျိုးများ၊ တိုင်းရင်းသားမျိုးနွယ်စုများကြားတွင်လည်း သူ့မိရိုးဖလာအလိုက် တရုတ်နတ်၊ ကုလားနတ်၊ တိုင်းရင်းသားတို့၏ ရိုးရာနတ်များရှိကြသည်။ တချို့တွေကျတော့ ဘာမိရိုးဖလာနတ်မှမရှိ၊ မကိုးကွယ်ကြပါ။ ကိစ္စမရှိပါ။ မူလအစကတည်းကမကိုးကွယ်လျှင် ဘာမှမဖြစ်။ သို့သော် မြတ်စွာဘုရားရှင်ကပင် အတိအလင်းဟောကြားထားသော (၃၁) ဘုံရှိသည်။ လူလောက၊ နတ်လောက၊ ဗြဟ္မာလောက၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံသားများရှိသည်ဟု မိန့်ကြားခဲ့သည်မဟုတ်လော။ သို့အတွက် စတုမဟာရာဇ်နတ်ဘုံစာရင်းဝင် (၃၇) မင်းနတ်တို့အား မကိုးကွယ်လျှင်နေပါ၊ မစော်ကားမိဖို့လိုပါသည်။ ထိုဘုံလောကနတ်စာရင်းဝင်တို့သည် သူ့နေရာသူ့ဒေသအလိုက် အပိုင်စားရထားသော အရပ်အဝန်းအတွင်း ကိုးကွယ်ကြသောလူသားတို့အား တစ်နည်းတစ်ဖုံဖြင့် ကူညီစောင့်ရှောက်ကြ၏။ အကြောင်းမည်သည်တို့၏ သူတို့အား စော်ကားလာလျှင် နတ်ကြမ်းများပီပီ သည်းခံခွင့်လွှတ်ခြင်းမရှိကြ။ တစ်နည်းမဟုတ်တစ်နည်းဖြင့်အပြစ်ပေးကြသည်။

မိတ်ဆွေ၊ သင် အာကယ်၍ မယုံကြည်လျှင် စမ်းသပ်ဖို့မတိုက်တွန်းလိုသော်လည်း လုပ်ကြည့်လျှင် လုပ်ကြည့်နိုင်ပါသည်။ ပြဿနာဖြစ်လာလျှင်တော့ သင့်တာဝန်ပင်ဖြစ်ချေတော့မည်။ ပုပ္ပားတောင်နယ်မြေ၊ မန္တလေးတိုင်းဒေသကြီးမတ္တရာ တောင်ပြုံးနယ်မြေ၊ ပခုက္ကူ၊ ပခန်းနယ်မြေ၊ မုံရွာခရိုင် ဆားလင်းကြီးယင်းမာပင်ရှိ အမေရေယဉ်ကတော်နယ်မြေများတွင် ဆိုင်ရာပိုင်ရာ (၃၇)မင်းနတ်များအား စော်ကားမော်ကားပြောဆိုကြည့်ပါ။ ဘာတွေဖြစ်လာမည်ကိုတော့ ကျွန်ုပ် မခန့်မှန်းတတ်။ ကျွန်ုပ်၏အတွေ့အကြုံများအရတော့ဖြင့် လူသေ၊ ဘေးဒုက္ခအန္တရာယ်ဖြစ်၊ စီးပွားပျက်၊ သားမယားကွဲဖြင့်ဘဝပျက်သွားကြသည်ကို တွေ့ကြုံမြင်တွေ့ခဲ့ရ၍ မကိုးကွယ်လျှင်နေပါ၊ မစော်ကားမိဖို့လိုပါသည်ဟု ဆိုခဲ့ခြင်း ဖြစ်သည်။

■

တစ်ခါတစ်ရံ၌ အဖြစ်အပျက်တို့သည် တိုက်ဆိုင်မှုမဟုတ်၊ လွန်စွာဆန်းကြယ်၏။ အံ့သြဘနန်းဖြစ်ရသည်။ သူလုပ်နေတာမှဟုတ်ရဲ့လားဟု စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com

ရောဝတီမြစ်ကြီးအား အစုန်အဆန်သွား နေကြသောမော်တော်များရှိ၏။ဟိုဘက် ကမ်းသို့ ကူးသန်းနေကြသော ကူးတို့ စက်လှေများလည်းရှိသည်။ ထိုရေယာဉ် များအား အုပ်ချုပ်စီမံရန် လုပ်ငန်းရှင် တစ်ဦးဖြစ်သော ကိုသောင်းကို မြို့နယ် အဆင့်အရာရှိဦးစီးများက ရေယာဉ် ဥက္ကဋ္ဌခန့်ထားခြင်း ဖြစ်ပါသည်။ သူသည် အရက်သေစာသောက်စားခြင်းမရှိ လူချစ် လူခင်ပေါများသည်။ မြို့နယ်မှာ သူ့အား ရောဝတီတိုင်းဒေသကြီးအဝင် ရောဝတီ မြစ်ကမ်းနဖူးတွင် မြို့တစ်မြို့ရှိ၏။ လယ် ယာစိုက်ပျိုးရေး၊ ရေလုပ်ငန်းများဖြင့် ဖွံ့ဖြိုးတိုးတက်သော မြို့နယ်တစ်ခုဖြစ် သည်။

ကိုသောင်းသည် ထိုမြို့နယ်မှ ရေယာဉ်ဥက္ကဋ္ဌဖြစ်သည်။ ထိုမြို့နယ်တွင် ရက္ခပ်သော ပြဿနာများ တွေ့ကြုံမြင် တွေ့ခံစားခဲ့ရဖူးပါသည်။ သူများဖြစ်တာ လည်း မြင်တွေ့ရဖူး၏။ ကိုယ်တိုင်လည်း တွေ့ကြုံခံစားခဲ့ရပါသည်။ ဖြစ်စဉ်များ အား တစ်ခန်းတစ်ကန့်ချင်းတင်ပြပါမည်။ စာဖတ်ပရိသတ်ကြီးဖတ်ရှုပြီး နမူနာယူ၍ ရှောင်နိုင်၊ ဆောင်နိုင်ခဲ့လျှင် ကျွန်ုပ် ရေးရကျိုးနပ်ပြီ ဖြစ်၏။

ရန်ကုန်တိုင်းဒေသကြီးမှအထွက်

သန့်ဇင်

ကျွန်ုပ်နှင့် အိမ်တွင်းမင်းမဟာဂီဂိုနတ်မင်း

www.burmeseclassic.com

www.burmeseclassic.com

မသိသူမရှိသလောက်ဖြစ်သည်။

တစ်နေ့...

ထိုမြို့နယ်တွင် ဘုရားပွဲကျင်းပ၏။ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့လယ်စေတီကြီး၏ဘုရားပွဲဖြစ်သည်။ မြို့နယ်အဆင့် ဦးစီးအရာရှိများက ပွဲတော်ကျင်းပရာ ကွင်းပြင်ရှိ ကြီးကြပ်ရေးမဏ္ဍပ်မှာထိုင်ပြီး စကားပြောနေကြသည်။

ထိုစဉ် မဏ္ဍပ်သို့ ကိုသောင်းရောက်လာသည်။ ထူးထူးဆန်းဆန်း မသောက်စဖူးအရက်တွေသောက်ထားပြီးမူးလာ၏။ သူအား ခင်မင်သော ပြန်/ဆက်အရာရှိဦးဝင်းနိုင်က -

"ကိုသောင်း၊ ဘယ်လိုဖြစ်လာတာလဲ။ တစ်ခါမှလည်းမသောက်ဘူးဘဲနဲ့ ဘယ်သူတိုက်လွှတ်လိုက်တာလဲ"

"ဟိုဘက်ရွာက ကျော်နိုင်နဲ့ ဘုရားပွဲလာရင်း ကွင်းထဲမှာ အရက်ပုလင်းတွေ့တာနဲ့ယူပြီးနည်းနည်းသောက်လာတာ မူးလိုက်တာဗျာ"

"ခင်ဗျားက အရက်မသောက်တတ်တော့ အူရိုင်းဆိုတော့ မူးမှာပေါ့။ ထိုင်၊ အမူးပြေမှအိမ်ပြန်ပေါ့"

သူမဏ္ဍပ်မှာထိုင်နေ၏။ မျက်လုံးတွေက ကြောင်စီစီဖြစ်နေ၏။ လူကြီးတွေက တစ်ခါမှ အရက်မသောက်သူ အရက်မူးနေသဖြင့် သဘောကျပြီးကြည့်နေကြသည်။ သောက်တတ်သည့် ဦးစီးအရာရှိတွေက နောက်နေ့တွေမှာ အရက်သောက်ဖို့ အဖော်တစ်ယောက်တိုးပြီဟု မှတ်ချက်ချကြသည်။

ထိုစဉ်မှာပင် ရုတ်တရက် သူမဏ္ဍပ်ထဲမှာထွက်သွား၏။ ကိုယ့်မြို့နယ်ဘုရားပွဲမှာ မြို့နယ်ရေယာဉ်ဥက္ကဋ္ဌတစ်ယောက်အနေဖြင့် ဘာမှမဖြစ်နိုင်ဟု သဘောပိုက်ပြီး လွှတ်ပေးလိုက်ကြသည်။ မကြာမီမှာတော့ ပွဲခင်းထဲမှ ဆူဆူညံညံအသံတွေကြားလာရ၏။ ပွဲကြည့်နေသည့်လူအုပ်ကြီးပြိုဆင်းလာသည်။ ပွဲပျက်လေပြီတည်း။ ထွေအုပ်ရုံးမှ ဒုဦးစီးမှူးနှင့် စခန်းမှူးတို့က အရန်မီးသတ်တွေကို ဝိစီမှုတ်ပြီးတော့ ဆင့်ခေါ်ရသည်။ ရုတ်ရုတ်သဲသဲဖြစ်နေသောလူအုပ်ကြီးအား အရန်မီးသတ်နှင့် ရဲတွေ မနည်းထိန်းယူရသည်။ ပွဲခင်းပျက်အောင် ဆူပူသောင်းကျန်းသော သူ့အား အရန်မီးသတ်တွေက ထိန်းပြီးခေါ်လာကြသည်။

ထိုသူကား ကိုသောင်းပင် ဖြစ်တော့သည်။ သူသည် အရန်မီးသတ်တွေကြားမှာ ရုန်းကန်အော်ဟစ်ရင်း လိုက်ပါလာသည်ကိုတွေ့ရသည်။ ထိုသူတို့၏နောက်မှာကား မြို့နယ်စစ်ထောက်လှမ်းရေးက အေးဆေးငြိမ်သက်စွာလိုက်ပါလာသည်။ ကိုသောင်းကို ပွဲတော်ကြီးကြပ်ရေးဗဟိုမဏ္ဍပ်မှာထိုင်ခိုင်းရသည်။ သူမျက်လုံးများက ဝင်းဝင်းတောက်နေပြီး နှုတ်မှလည်းဘာတွေပြောနေသည်မသိ ဗလုံးဗထွေးဖြစ်နေသည်။ စခန်းမှူးနှင့် ဦးစီးအရာရှိတွေ ကိုသောင်းကိုကြည့်ပြီး စိတ်ပျက်နေကြသည်။

"ကဲ - ဗိုလ်ထောက်လည်းရှိတယ်ဆိုတော့ ဘယ်လိုတွေဖြစ်ကြတာလဲ။ ဗိုလ်ထောက်ရှင်းပြပါဦး"

မြို့နယ်စစ်ထောက်လှမ်းရေးကို ဗိုလ်ထောက်ဟုခေါ်ကြသည်။

"ကိုသောင်းနဲ့ပြဿနာဖြစ်တာက ကျွန်တော်နဲ့ပါ"

"ဟေ - ဘယ်လိုတွေဖြစ်ကြတာလဲ။ တစ်ယောက်နဲ့တစ်ယောက် မသိတဲ့သူတွေလည်းမဟုတ်ဘူး"

"အဲဒါခက်တာပေါ့ စခန်းမှူး၊ ဒီလူဘာတွေဖြစ်လာတာလဲမသိဘူး။ ကျွန်တော်က ဘူးသီးကြော်ဆိုင်မှာထိုင်နေတာ။ ဆိုင်ထဲကိုဝင်လာပြီးဘလိုင်းကြီးရန်စတယ်။ ကျွန်တော်က ကိုသောင်း၊ ခင်ဗျားမူးနေတယ်ထင်တယ်။ အိမ်ပြန်အိပ်တော့။ ကျွန်တော်လိုက်ပို့ပေးရမလားမေးတာကို မင်းက ဘာကောင်လဲ၊ မင်းလွယ်အိတ်ထဲကသေနတ်နဲ့ ငါကိုပစ်ဆိုပြီး ပွဲခင်းထဲမှာ အော်ဟစ်ရမ်းတော့တာပဲ။ လွယ်အိတ်ကိုအတင်းလုပြီး သေနတ်နဲ့ သူ့ကိုအပစ်ခိုင်းတယ်။တခြား

တစိမ်းဆိုရင် ကျွန်တော်ရိုက်ပြီးအချေပဲထဲထည့်လိုက်မှာ။ ခုဟာက ကိုသောင်းဖြစ်နေတယ်။ တစ်ခါမှလည်း ဒီလိုမျိုးဖြစ်တာမတွေ့ဖူးဘူး။ မနည်း သေနတ်ကိုပြန်လုထားရတယ်။ ပွဲခင်းထဲကပရိသတ်ကသူပုံကိုကြည့်ပြီးကြောက်ပြီးပြေးကြရင်းပွဲပျက်သွားတာ။ ဘာကြောင့်ဖြစ်တယ်ဆိုတာ ကျွန်တော်မစဉ်းစားတတ်တော့ဘူး။ နေ့လယ်ခင်းကတောင် လက်ဖက်ရည်ဆိုင်မှာတွေ့တော့ အကောင်းသား။ ရယ်လားမောလားနဲ့ စကားပြောနေကြသေးတယ်။ အခုကျတော့ တကယ့်ရန်သူကြီးတွေကျနေတာပဲ စခန်းမှူး"

မြို့နယ်စစ်ထောက်လှမ်းရေးကား စကားအရှည်ကြီးပြောရသဖြင့် မောသွားဟန်တူသည်။ရေနွေးကြမ်းတစ်ခွက်ငဲ့သောက်၏။ ကိုသောင်းကိုကြည့်လိုက်တော့ စားပွဲပေါ်မှာ ခေါင်းငိုက်စိုက်ကျပြီး ဘာတွေရွတ်နေသည်မသိပါ။

ထိုစဉ် ကျော်နိုင်ရောက်လာ၏။

"စခန်းမှူးကြီး၊ကျွန်တော်တို့တော့မှားပြီနဲ့တူတယ်"

"အေး - ကျော်နိုင် ပြောစမ်းပါဦး။ မင်းနဲ့ ကိုသောင်း အရက်အတူတူသောက်လာတာဆို"

"မဟုတ်ဘူးဗျ၊ သောက်တာက ကိုသောင်းတစ်ယောက်တည်း။ ကျွန်တော် မလုပ်ဖို့တားပါသေးတယ်။ သူကဂရုစိုက်စရာမလိုပါဘူး၊ ဘာဖြစ်လဲ ယူသောက်တယ်ကွာဆိုပြီး ပုလင်းကိုဆွဲလာတာ"

"ဘယ်က အရက်ပုလင်းလဲ ဘယ်ဆိုင်ကလဲ"

"ဆိုင်ကမဟုတ်ဘူးဗျ၊ ကွင်းထဲမှာကွင်းပိုင်ကိုဆက်ထားတဲ့ အရက်ပုလင်းနဲ့ ကြက်သားဟင်းအိုးတင်ထားတဲ့စားပွဲပေါ်ကပုလင်းကိုယူမော့ပြီး ပုလင်းကိုလွှင့်ပစ်ထားခဲ့တာ"

ကျော်နိုင်က အဖြစ်အပျက်ကို ဤသို့ရှင်းပြ၏။

ကျော်နိုင်တို့ရွာကား မြို့၏မြောက်ဘက် မြစ်ကမ်းနားတွင်ရှိသည်။ ထိုမြို့၏မြစ်ကမ်းနားတစ်လျှောက် တာရိုးကြီးကားရှည်လျား၏။ နှစ်စဉ် ဧရာဝတီမြစ်ရေကြီးသောအခါ ထိုတာရိုးကြီးကြောင့် မြို့နယ်တစ်ခုလုံး ရေမလွှမ်းခြင်းဖြစ်သည်။ ဒါတောင် တစ်ခါတစ်ရံ တာကျိုးပြီး မြို့နယ်မှာ ရေဘေးဒုက္ခခံစားရသေးသည်။ ကျော်နိုင့်မှာ စက်လှေတစ်စင်းရှိ၏။ မြို့နယ်ရေယာဉ်းသင်းဥက္ကဋ္ဌဖြစ်သော ကိုသောင်းနှင့်ပေးခင်နေ၍

www.burmeseclassic.com

www.burmeseclassic.com

ကိုသောင်းမှာ ကျော်နိုင့်လက်ထဲမှ ရုန်းကန်အော်ဟစ်နေပါသည်။ ပြဿနာဖြစ်ရာနေရာသို့ အရန်မီးသတ်များဝင်လာသည်။ ဗိုလ်ထောက်က ကိုသောင်းကို ချုပ်ပြီး ပွဲခင်းကြီးကြပ်ရေးမဏ္ဍာပ်သို့ ခေါ်သွားရန် အမိန့်ပေးသည်။

■

"သူဘာတွေဖြစ်လာလဲဆိုတာတော့ ကျွန်တော်မသိဘူး။ ဒါပေမယ့် ကိုသောင်း ပုံမှန်မဟုတ်တာတော့သေချာတယ်"

စစ်ထောက်လှမ်းရေးက ထွေအုပ်ဦးစီးမှူးအား ရှင်းပြ၏။

"မင်းတို့ကွာ မလုပ်သင့်မလုပ်ထိုက်တာကိုသွားလုပ်လာကြတယ်။ သွား-အဲဒီကွင်းကိုအမြန်သွားပြီး အရက်တစ်ပုလင်းဝယ်ပြန်ဆက်၊ တောင်းပန်လိုက်။ မီးသတ်နှစ်ယောက်ခေါ်သွား။ ဒီကိစ္စကို မနက်ဖြန်မှ ဦးစီးတွေနဲ့တိုင်ပင်ပြီးဆုံးဖြတ်မယ်"

ထွေအုပ်ဦးစီးက ဆုံးဖြတ်ချက်တစ်ခုအားအမြန်ချပြီး အမိန့်ပေးသည်။ ကျော်နိုင်တို့အုပ်စု ကိုသောင်းကိုထိန်းပြီး အရက်တစ်ပုလင်းအမြန်ဝယ်ကာ လယ်ကွင်းဘက်သို့ ထွက်ခွာသွားပါသည်။ ကွင်းရောက်တော့ ကိုသောင်းငြိမ်ကျသွားသည်။ သူမူလအသိစိတ်ပြန်ဝင်လာပြီဖြစ်ပါသည်။ ကျော်နိုင်ကာ အဖြစ်အပျက်ကိုပြောပြပြီး ကိုသောင်းကို အရက်ပြန်ဆက်ခိုင်း၏။

"ကွင်းပိုင်ကြီးခင်ဗျာ၊ ကျွန်တော် မသိနားမလည်လို့ အမှားလုပ်မိတာပါ။ နောက်နောင် ကွင်းပိုင်ကြီးကိုမစော်ကားတော့ပါဘူး။ အခုလည်း ကွင်းပိုင်ကြီး အတွက် အရက်ပုလင်းအသစ်ဆက်ပါတယ်။ သောက်တော်မူပါ၊ အမိုက်အမဲလေးတွေကို ဇွေမယူပါနဲ့ ကွင်းပိုင်ကြီးခင်ဗျား"

ကွင်းစပ်တွင် စားပွဲပေါ်၌ ကြက်သားဟင်းအိုးနှင့် ပန်းကန်များကရှိနေကြသေးသည်။ ကျော်နိုင် ဖယောင်းတိုင်သုံးတိုင်ထွန်းညှိပြီး ကိုသောင်းကို ကန်တော့ခိုင်း၏။ ကိုသောင်းကား ကွင်းစပ်မှာ မမြင်ရသောကွင်းပိုင်အား ကန်တော့နေပြီဖြစ်ပါသည်။

ပြီးနောက် ကိုသောင်းကို သူ့အိမ်ပြန်လိုက်ပို့ကြသည်။ အခြေအနေမှာ တည်ငြိမ်သွားပြီဖြစ်၍ ကိုသောင်းတစ်ယောက် လွန်စွာရှက်နေဟန်တူသည်။ မိန်းမဖြစ်သူကလည်း သူ့ကိုဆူ၏။ တစ်ခါမှမသောက်ဘူးသည့်အရက်တွေသောက်

ကိုသောင်း၏ စားအိမ်သောက်အိမ်လည်းဖြစ်သည်။ ကျော်နိုင်တို့ရွာသို့ ကိုသောင်းတစ်ယောက် ညနေခင်းက တည်းကရောက်နေ၏။ ထမင်းစားသောက်ပြီး ညဦးပိုင်း လသာသာမှာ စာရိုးအိတိုင်းလျှောက်လာကြပြီး ဘုရားပွဲရှိရာသို့ ဦးတည်ကြ၏။

"ဟေ့ကောင် ကျော်နိုင်၊ ကွင်းစပ်မှာ ဖယောင်းတိုင်မီးတွေ ဘယ်သူထွန်းထားတာလဲ ဆင်းကြည့်ရအောင်"

ကျော်နိုင်ကြည့်လိုက်တော့ လယ်ကွင်းစပ်မှာ စားပွဲတစ်လုံးခင်းထားပြီး အိုးခွက်ပန်းကန်များနှင့် ပုလင်းတစ်လုံး၊ ဖန်ခွက်တစ်ခွက်၊ ဖယောင်းတိုင်မီးများ ထွန်းထား၏။

"သြော် - ကွင်းပိုင်ကိုဆက်ထားတာဗျ။ ဒီရွာပတ်ဝန်းကျင်မှာ ဒီကွင်းပိုင်က နည်းနည်းကြမ်းတယ်။ အမှားမခံဘူး။ ဒီကွင်းမှာ စပါးစိုက်တဲ့သူတွေနှစ်စဉ် အရက်နဲ့ ကြက်သားဟင်းတင်ပေးရတယ်ဗျ"

"အောင်မာ- ကြီးကြီးကျယ်ကျယ် လုပ်လို့ လူကြမ်းရင် နုတ်ကြမ်းခံနိုင်မလား"

"လာပါဗျာ ကိုသောင်းရာ၊ သူဟာသူ ကွင်းပိုင်တင်မြှောက်ထားတာ ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့"

"နေစမ်းပါ၊ ငါကလည်းစမ်းချင်နေတာ။ မင်းကြောက်ရင် ဒီမှာနေခဲ့"

ကိုသောင်း ပြောပြောဆိုဆိုဖြင့် တာရိုးပေါ်မှ ကွင်းစပ်သို့ဆင်းသွားသည်။ စားပွဲနားရောက်တော့ ဖန်ခွက်ကိုယူပြီး ပုလင်းတဲမှအရက်ကိုငဲ့လိုက်သည်။ ခွက်ထဲမှ အရက်အား အကုန်မော့သောက်လိုက်ပြီး ပုလင်းကိုလွှင့်ပစ်လိုက်၏။

"သောက်တော့ ဘာဖြစ်လဲ၊ ဘာလုပ်ရဲသလဲ ဟား ဟား ဟား"

ကိုသောင်း၏ ရယ်သံကား ကွင်းပြင်တစ်ခုလုံး ပျံ့နှံ့သွားပါတော့သည်။ အနီးရှိ ကုက္ကိုပင်ကြီးမှ အိပ်တန်းတက်နေသောကျီးတို့ပြုပြီး တအားအားအော်ဟစ်ကာ လန့်ပျံကြလေသည်။

သူတို့နှစ်ယောက် မြို့ထဲရောက်လာပြီး ဘုရားပွဲကျင်းပရာကွင်းပြင်သို့ရောက်၏။ ထိုစဉ်မှာပင် ကိုသောင်း ဖောက်လာပြီး ဘာတွေပြောမှန်းမသိပြောလာတော့သည်။ ပွဲခင်းထဲမှာ ဟိုလူကိုဝင်တိုက်ဒီလူကိုဝင်တိုက်လုပ်တော့သည်။

"ကိုသောင်း၊ ကျွန်တော်တို့ ဘူးသီးကြော်ဆိုင်မှာ အကြော်စားရင်း ခဏလောက်ထိုင်ကြရအောင်လား"

ကိုသောင်းကိုကြည့်ပြီး ကျော်နိုင်ကြောက်လာ၏။ ကိုသောင်းကား မျက်ထောက်နီကြွနှင့်ဖြစ်နေလေပြီတည်း။ အကြော်ဆိုင်ထဲဝင်တော့ ထိုင်နေသည့် စစ်ထောက်လှမ်းရေးနှင့်တွေ့တော့သည်။ နဂိုကပင် ရင်းနှီးနေတော့ ဗိုလ်ထောက်က နှုတ်ဆက်သည်။

"ကိုသောင်းကြီး၊ မူးလာပြီနဲ့တူတယ်။ တစ်ခါမှလည်း မသောက်ဖူးဘဲနဲ့"

"ငါဟာငါသောက်တာ မင်းအပူပါလား။ မင်းကဘာကောင်လဲ၊ စစ်ထောက်လှမ်းရေးဆိုပြီးလေကျယ်တာလား"

"ဟာ - ကိုသောင်းကြီး ဘယ်လိုဖြစ်လာတာလဲ။ ကိုကျော်နိုင် ခင်ဗျားလူတော်တော်မူးလာတယ်ထင်တယ်"

"မဟုတ်ပါဘူး ဗိုလ်ထောက်ရယ်၊ သောက်တာက တစ်ခွက်တည်း။ သူဘာဖြစ်နေမှန်းကိုမသိဘူး။ ကျွန်တော် ကြောက်လာပြီ"

ကိုသောင်းကား ကျော်နိုင်နှင့် ဗိုလ်ထောက်ကို ဘုကြည့်ကြည့်ပြီး အကြော်ဆိုင် အပြင်ဘက်သို့ထွက်လိုက်သည်။

"ဟေ့ကောင် ထောက်လှမ်းရေး၊ မင်းသတ္တိရှိရင် ဆိုင်ပြင်ထွက်လိုက်၊ မင်းနဲ့ ငါ စာရင်းရှင်းမယ်။ လာလေကွာ-ဘာလုပ်နေတာလဲ"

အကြော်ဆိုင်ထဲမှသူတွေက သူတို့ကိုဝိုင်းကြည့်နေကြသည်။ စစ်ထောက်လှမ်းရေးမှာ ရှက်သွားဟန်တူသည်။ ဆိုင်ပြင်သို့ထွက်လိုက်၏။

"ကိုသောင်း ခင်ဗျားမူးနေရင် အိမ်ပြန်အိပ်၊ မနက်မိုးလင်းမှ ခင်ဗျားအိမ်ကို ကျွန်တော်လာခဲ့မယ်။ ကိုကျော်နိုင် ခေါ်သွားဗျာ"

"အောင်မာ - ဟေ့ကောင် မင်းလွယ်အိတ်ထဲကသေနတ်ကိုထုတ်၊ ငါ့ကိုပစ်။ သတ္တိရှိရင် ပစ်စမ်းပါ။ ပစ်လေကွာ"

ကိုသောင်း အော်ဟစ်ပြောဆိုပြီးပြေးလာ၍ ဗိုလ်ထောက်၏ လွယ်အိတ်ကိုလုတော့၏။ ကျော်နိုင်က ကိုသောင်းကိုဝင်ဆွဲ၏။ ဗိုလ်ထောက်က သူ့လွယ်အိတ်ကိုအပါမခံ။ ပွဲခင်းလာပရိသတ်များမှာ ကိုသောင်းကိုလည်းသိ၊ ဗိုလ်ထောက်ကိုလည်းသိကြသည်။ မျက်မြင်အခြေအနေမှာ ရုန်းရင်းဆန်ခတ်ဖြစ်နေသဖြင့် ကြောက်သည့်သူတွေစပြေးရာမှ ပွဲခင်းပျက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရမလားဟု ပြောဆိုနေပါသည်။ နောက်နေ့မနက်မှာဖြင့် မြို့နယ်ဦးစီးအရာရှိတွေဆုံပြီး ထိုင်နေ့ကျလက်ဖက်ရည်ဆိုင်တွင် ထွေအုပ်၊ တရားရေး၊ ရဲစခန်း၊ သစ်တော၊ ပြန်ဆက်၊ ဆောက်လုပ်ရေး အစရှိသော မြို့နယ်အရာရှိတွေဆုံကြ၏။ ကိုသောင်းကို အပြစ်မပေးလို့မရ။ အပြစ်ပေးရမည်ဖြစ်သည်။ အပြစ်ကတော့ မြို့နယ်ရေယာဉ်အသင်းဥက္ကဋ္ဌအဖြစ်မှနုတ်ထွက်စေလိုက်ခြင်းပင်တည်း။

မမြင်ရပေမယ့် မစော်ကားအပ်သည့် ကွင်းပိုင်၊ မြို့တော်ရှင်၊ ရွာတော်ရှင်များအား စော်ကားမိလိုက်သည့်အတွက် တိုသောင်းတစ်ယောက် နောင်တအကြီးအကျယ်ရသွားပါတော့သည်။

■ အိမ်တွင်းမင်းမဟာဂီရိနတ်

ဆရာဆီသို့ ပေဒင်လာမေးကြသည့် ပရိသတ်ထဲတွင် အချို့သူတို့၏ ပြဿနာများကား မိသားစုအတွင်း တကျက်ကျက်ရန်ဖြစ်နေမှု၊ လင်မယားအဆင်မပြေမှု၊ အိမ်တွင်းစီးပွားရေးရုတ်တရက်ကျသွားမှုတို့ကို တွေ့ရ၏။ ကျွန်ုပ်သည် ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား) ထံမှောက်ခံ ဗေဒင်ပညာသင်ယူနေသည်မှာ နှစ်ပေါင်းများစွာရှိခဲ့ပြီဖြစ်၏။ ဆရာသည် ကျွန်ုပ်၏ ကံ့ကူလက်လှည့်ဆရာရင်း ဖြစ်၏။ ကျွန်ုပ်နှင့်ပတ်သက်လာလျှင် သားသမီးအရင်းကဲ့သို့ စိတ်ပူပင်တတ်၏။ အကောင်းဆုံး ဓာတ်ယတြာများဖြင့် ဖြေရှင်းပေးလေ့ရှိသည်။ ထိုအခါ ကျွန်ုပ်ရင်ဆိုင်နေရသော ကျန်းမာရေး၊ အလုပ်အကိုင်များ ချောမွေ့အဆင်ပြေသွား၏။ ဆရာဝန်က ရောဂါရှာမရဘဲ ဘာမှန်းမသိသောဝေဒနာများသည် ဆရာ၏ အကောင်းဆုံး ဓာတ်ရိုက်ဓာတ်ဆင်မှုကြောင့် ပိန်းကြာရွက်တွင်ရေမတင်သကဲ့သို့ ခဏနှင့်ပျောက်ကင်းသွားသည်ကို အကြိမ်ကြိမ်ကြုံတွေ့လာရသောအခါ ကျွန်ုပ်သည် ဆရာ့ပညာအား မခန့်မှန်းရဲတော့။ ဆရာသင်ပေးသမျှအား ပို၍အာရုံစိုက်ပြီး လေ့လာခဲ့ပါတော့သည်။ ဤမျှ သတိထားနေရင်းကြားထဲကပင် ကျွန်ုပ် သတိမထားမိဘဲ ဂရုမစိုက်မှုကြောင့် ပြဿနာအချို့သည် ကျွန်ုပ်အိမ်ပေါ်သို့ မဖိတ်ခေါ်ဘဲရောက်လာခဲ့ရပါတော့သည်။

ထိုပြဿနာသည် ကျွန်ုပ်၏အိမ်တွင် ကိုးကွယ်ထားသော အိမ်တွင်းမင်းမဟာဂီရိနှင့်တိုက်ရိုက်ပတ်သက်နေသလို ကျွန်ုပ်၏ ဂြိုဟ်စားသက်ရောက်အရ မဝင်သင့်မဝင်ထိုက်သည့်ခြေနှစ်ချောင်းအိမ်ပေါ်သို့ ရောက်လာရခြင်းကြောင့် ဖြစ်ပါသည်။

ဆန်းကျမ်းပညာရပ်တွင် ဆရာ့ဩဝါဒအလိုအရ တနလ်ာသက်ရောက်တွင် အိမ်ပေါ်သို့ လူမဝင်ရပါ။ မွေးစားသားကအစ လက်ခံ၍မရသလို ခွေး၊ ကြောင်၊ ကြက်မှအစပြုပြီး တန်ဖိုးနည်းကျောက်များပါဝင်လို့မရ။ ငွေနှင့် တန်ဖိုးကြီးကျောက်မျက်ရတနာမှလွဲ၍ ဘာမှအဝင်မခံနှင့် ဟူ၍ဖြစ်သည်။ နောက်ပြီး ဆန်းကျမ်းပညာတွင် သက်ရောက်နှစ်တစ်နှစ်မှာ လွန်စွာသတ် သားရသောတိုင်ထိပ်၊ တန်းစီး၊ နာမ်တွဲ၊ နိစ်ပြဂြိုဟ်အတွဲများ၏ လူ၊ ပစ္စည်းများအဝင်ခံ၍မရ။ ဝင်လာခဲ့သော် ပြဿနာပေါင်းသောင်းခြောက်ထောင်သည် တစ်ခုပြီး တစ်ခုတက်လာလိမ့်မည်ဟုဖြစ်ပါသည်။

ဤသို့ဖြင့် သီတင်းကျွတ်လရောက်သည်နှင့် ကျွန်ုပ်၏သက်ရောက်သည် တနလ်ာဂြိုဟ်ထဲဝင်လာခဲ့၏။ ဤမှာပင် ဇနီးဖြစ်သူက သူတူအား မိတဆိုးလေးဟုဆိုပြီး အိမ်ပေါ်ခေါ်တင်လာ၏။ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းအားဝိုင်းကူလုပ်ရင်း အိမ်မှာပင်နေစေပါသည်။ ကျွန်ုပ်လည်း အမှတ်တမဲ့ဖြစ်နေ၍ ဘာမှမပြောမိပါ။ ထိုကောင်လေး၏ နာမည်မှာ ကျွန်ုပ်၏သက်ရောက်တိုင် နိစ်ပြဂြိုဟ်နာမ်တွဲကြီးဖြစ်နေပါသည်။ တနင်္ဂနွေ-ပုဒ္ဓဟူးနာမ်တွဲဖြစ်ပါသည်။ အဆိုးဆုံးဂြိုဟ်နာမ်တွဲသည် ကျွန်ုပ်၏ အိမ်ပေါ်သို့ရောက်လာခဲ့ပြီဖြစ်၏။ ကျွန်ုပ်သတိမထားမိသော်လည်း အိမ်မှာ ခြေနှစ်ချောင်းဝင်လာခြင်း၏ လက်စွမ်းပြနေပြီ ဖြစ်ပါတော့သည်။ မြဿနာကြီးကြီးမားမားမရှိဘဲ ဇနီးမောင်နှံနှစ်ယောက်မျက်နှာချင်းဆိုင်၍မရတော့ပါ။ တစ်နေကုန်နေလို့မှ စကားတစ်ခွန်းမပြောမိကြ။ ကျွန်ုပ်မှာလည်း ဘာအကြောင်းမှန်းမသိဘဲ စိတ်လက်ပျော်ရွှင်မှုမရှိတော့။ အိမ်အပြင်မှာပဲထွက်၍နေမိသည်။ မကြာခဏလည်း လင်မယားစကားများရ၏။

ဤသို့ဖြင့် နှစ်လခန့်အကြာမှာ တစ်ညဥ့် အိပ်ပျော်နေရင်း အိပ်မက်ဆိုးကွေမက်၍လန့်နိုးလာခဲ့သည်။ အိပ်မက်ထဲမှာက ပုဆိုးကွက်ကဲ့၊ ရင်ဖုံးအင်္ကျီဝတ်ပြီး သွယ်ဝှာင်ထုံးကြီးနှင့်လူကြီးက -

"ငါ့ကို စော်ကားနေတာ အိမ်ထောင်ဦးစီးဖြစ်ပြီး မင်းမသိဘူးလား။ မင်းတို့အိမ်ကို ငါစောင့်ရှောက်နေတာ။ အခု ငါ့ကိုစော်ကားနေတယ်။ မင်းဘာမှမသိဘူး"

ဟု လက်ညှိုးငေါက်ငေါက်ထိုးပြီး ကျွန်ုပ်အား ဆူပူနေသောလူကြီးကြောင့် ကျွန်ုပ်အိပ်ပျော်နေရာမှ လန့်နိုးသွားသည်။ ဆက်အိပ်၍မရတော့သဖြင့် ည့ဲခန်းထဲမှာထိုင်ပြီး ကုလားကားဗီဒီယိုအခွေထိုး၍ ဇာတ်လမ်းအား မိုးလင်းသည်အထိကြည့်ပါသည်။ ကျွန်ုပ်ဇနီး၏ တဖြစ်သူကတော့ အိမ်ရှေ့ည့ဲခန်းမှာ အိမ်တွင်းအုန်းနတ်စင်အနီး ခြင်ထောင်ထောင်ပြီးအိပ်နေပါသည်။

နောက်တစ်နေ့ ညခင်းအချိန်ကိုးနာရီခန့်တွင် ဇနီးဖြစ်သူနှင့် သူတူတို့ဆိုင်သိမ်းပြီးအိမ်ပြန်လာကြသည်။ သူတို့ထမင်းစားသောက်ကြပြီး ထုံးစံအတိုင်း ကောင်လေးက ဘုရားခန်း နတ်စင်အနီးမှာအိပ်ရာခင်း၏။ ကျွန်ုပ်က ကုလားကား ဘာဟုဘာလီအား စိတ်ဝင်တစားကြည့်နေပါသည်။ ထိုသို့ ဗီဒီယိုကြည့်နေရင်း ကျွန်ုပ်မျက်စိထဲမှာ ဝင်းခနဲလက်သွား၏။ ထို့ကြောင့် အမှတ်တမဲ့ ဘေးသို့ငဲ့စောင်းကြည့်လိုက်ရာ ကောင်လေးသည် နတ်စင်အနီး ဝမ်းလျားမှောက်၍ ဗီဒီယိုကြည့်နေရာမှ ခြေနှစ်ချောင်းအားထောင်ပြီး ခါယမ်းနေပါသည်။ သူ့ခြေထောက်သည် လိုက်ကာအနီစကာထားသော အိမ်တွင်းဖခင်ကြီးနတ်စင်အား သွားသွားထိနေ၏။

"မိန်းမရေ ခဏလာဦး၊ မင်းတူကိုပြောစမ်း။ သူ့ခြေထောက်က အိမ်တွင်းနတ်စင်ကိုသွားသွားပြီးထိနေတယ်"

မိန်းမက မျက်နှာမသာမယာနှင့် ထွက်လာပြီး သူတူကိုဟန့်ရှဲ့အိမ်ခန်းတွင်းပြန်ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ထိုကောင်လေးသည် ထောင်ထားသော ခြေနှစ်ချောင်းအား ပြန်ချလိုက်ပါသည်။ သို့ဖြင့် ကျွန်ုပ်လည်း ဗီဒီယိုဆက်ကြည့်၏။ ကုလားရုပ်ရှင် ဘာဟုဘာလီကလည်းကောင်းမှကောင်း ဖြစ်နေ၍ စိတ်ဝင်စားနေမိပါသည်။ ထိုစဉ်မှာပင် ကျွန်ုပ်စိတ်ထဲ မသက််ာဖြစ်လာ၍ ကောင်လေးဘက်သို့ လှည့်ကြည့်မိပါသည်။ သူ့ခြေနှစ်ချောင်းပြန်ထောင်လာပြီးလှုပ်ခါနေပြန်၏။ ခြေထောက်တွေက နတ်အုန်းအား သွားထိနေပြန်၏။

"ဟေ့ကောင် မင်းဘာလုပ်တာလဲ၊ လူကြီးတွေက မသင့်တော်လို့တားတာကို ဆက်ဆက်လုပ်နေပါလား။ ဒီဘက်ကိုတိုးပြီးအိပ်"

ကျွန်ုပ်ဟောက်လိုက်မှ သူ့အိပ်ရာအား နတ်စင်နှင့်ဝေးသည့်ဘက်သို့ရွှေ့၏။ ကောင်လေးမျက်နှာက ကျွန်ုပ်အား မကြည့်လင်သောအကြည့်ဖြင့်ကြည့်၏။ အိမ်မှာ သူ့အဒေါ်ကိုပိုင်လျှင် ကျန်သည့် သူများအား ဂရုစိုက်စရာမလိုဟူသော အကြည့်ဖြစ်သည်။ ကျွန်ုပ်လည်း ဗီဒီယိုအား ဆက်မကြည့်လိုတော့ဘဲ အိပ်ခန်းအတွင်းဝင်လာခဲ့၏။ အိပ်ရာပေါ်မှာ ကြိုးစားအိပ်သော်လည်းအိပ်လို့ကမပျော်ပါ။ သို့ဖြင့် ည(၁၂)နာရီထိုးမှာ ဆေးလိပ်သောက်ချင်လာသဖြင့် ဧည့်ခန်းသို့ထွက်လာခဲ့သည်။ ထိုကောင်လေးမအိပ်သေးပါ။ ဗွီဒီယိုကြည့်နေ၏။ ခြေနှစ်ချောင်းကထုံးစံအတိုင်း ထောင်ပြီးလှုပ်ခါနေ၍ အိမ်တွင်းနတ်စင်ကို သွားသွားထိနေသည်ကိုတွေ့လိုက်ရ၏။ ကျွန်ုပ်လည်း ညသန်းခေါင်ယံအချိန်ကြီးမှာ ကောင်လေးအား ပိုးဆိုးပက်စက်ဆူ၏။ အိမ်ဖော်ကောင်မလေးက မအိပ်သေးပါ။ဟန်းဖုန်းပွတ်နေရာမှထလာပြီး -

"ဟဲ့- နင်ကလည်း ဦးလေး ဒီလောက်ပြောနေတာတောင် ဂရုမစိုက်ဘူး ဆက်လုပ်နေတယ်။ ဒီဘက်ကိုတိုးအိပ်"

ကျွန်ုပ်လည်း အားရအောင်ဆူပြီး အိပ်ရာထဲဝင်ခဲ့၏။ ထိုညမှာ အိပ်မက်ဆိုးတွေကမက်လိုက်သည့်ဖြစ်ခြင်း။

■

မနက်ခင်း အိပ်ရာထကြတော့ ထုံးစံအတိုင်း မိန်းမနှင့် သူတို့ဆိုင်သို့သွားဖို့ပြင်နေကြသည်။ ကျွန်ုပ်ထိုကောင်လေးကိုမြင်လိုက်ရသောအခါ စိတ်ထဲမှာ အလိုလိုဒေါသဖြစ်လာ၏။

"မင်းက ငါ့အိမ်မှာလည်းလာနေသေးတယ်။ ငါစကားကို နားမထောင်ဘဲ ပမာမခန့်လုပ်တာလား ဟေ့ကောင်ပြောလေကွာ"

ကောင်လေးက ဘာမှပြန်မပြောသေးလည်း ဂျစ်ကန်ကန်အကြည့်ဖြင့်ကြည့်၏။ ကျွန်ုပ်ဒေါသထွက်ပြီးအသားတွေတဆတ်ဆတ်တုန်လာ၏။ ထို့နောက် ဘာမှမစဉ်းစားနိုင်တော့ဘဲ အိပ်ခန်းအတွင်းမှ ကင်ဒိုဂျပန်ဓားအား ပြေးယူလိုက်ပါသည်။ ဓားကိုင်၍ထွက်လာပြီး ဓားကို ဓားအိမ်ထဲမှဆွဲထုတ်သည်။

"ငါ့ကိုစော်ကားတဲ့အကောင်သေပေတော့"

ကောင်လေးက ဓားကိုမြင်တော့ ကြောက်ပြီးထအပြေးမှာ ကျွန်ုပ်ကလည်း ဓားကိုစုံကိုင်၍ ခုတ်ထည့်လိုက်သည်။

"ဝိုး. . . ဖြောင်း"

ကောင်လေးကိုမထိဘဲ တိုက်ခန်းနံရံသို့ ဓားချက်ကရောက်သွားသည်။

"အဖေ မလုပ်နဲ့ အဖေ"

သားကပြေးလာပြီး လက်ထဲမှဓားရှည်အား အတင်းလုယူသွား၏။ ကျွန်ုပ်မှာ အသားဆတ်ဆတ်တုန်နေပြီး မျက်လုံးများက မီးဝင်းဝင်းတောက်သကဲ့သို့ဖြစ်နေပါသည်။ ကောင်လေးမှာ တိုက်ခန်းထောင့်တွင်ရပ်နေလျက် ကြောက်ရွံ့နေသည်ကိုတွေ့ရ၏။

"ငါ့ကိုစော်ကားတဲ့ကောင် ဘယ်မှာလဲ၊ အောင်မာ - စော်ကားတုန်းက စော်ကားပြီးမှ ခုမှကြောက်ချင်ယောင်ဆောင်နေတယ် လာခဲ့"

ကျွန်ုပ်သည် နှုတ်မှကြိမ်းဝါးပြီး ထိုကောင်လေးရှိရာသို့ပြေးဝင်သွား၏။ ကျွန်ုပ်၏ဇနီး၊သားသမီးများ ကျွန်ုပ်အား ဝင်မဆွဲရဲကြပါ။ ကျွန်ုပ်၏ လက်သီး၊ လက်ဝါးများမှာ ထိုကောင်လေး၏ မျက်နှာထက်သို့ တရစပ်ရိုက်နှက်နေမိသည်။ ခြေထောက်ဖြင့်လည်း အချက်ပေါင်းများစွာဆောင့်ကန်၏။

"ယောကျ်ား ရှင်လွန်မယ် တော်တော့။ ဝေလင်းအောင်၊ နင်ဆိုင်ကိုသွားတော့"

ကောင်လေးမျက်နှာမှာ ဖူးရောင်၍နေပါချေပြီ။ သူငိုပြီးအိမ်အပြင်ထွက်သွား၏။ ထိုအချိန်ကျမှ ကျွန်ုပ်အသိစိတ်ပြန်လည်လာပြီး ပက်လက်ကုလားထိုင်မှာ ထိုင်ချလိုက်သည်။ စောစောတုန်းကအဖြစ်အပျက်များသည် ဘယ်လိုကြောင့်ဖြစ်သွားရသည်ကို ကျွန်ုပ်စဉ်းစား၍မရပါ။ ကောင်လေးကိုမြင်လိုက်သည်နှင့် ကျွန်ုပ်၏အသိစိတ်များပျောက်သွားပြီး ဒေါသတကြီးဖြင့် ရိုက်ချင်နှက်ချင်စိတ်များသာဖြစ်ပေါ်နေသည်ကိုသတိထားမိလာသောအခါ ကျွန်ုပ်ကိုယ်မှာ အိမ်တွင်းမင်းမဟာဂီရိနတ်ပူးဝင်နေသည်ဟု ခံစားမိလာပါတော့သည်။

■

ဘိုကလေးစျေးအနီးရှိ အထူးကုဆေးခန်းကြီးတစ်ခုအတွင်း၌ဖြစ်ပါသည်။ ဆေးခန်းပိုင်ရှင်ဆရာဝန်လင်မယားက ကျွန်ုပ်နှင့် လွန်စွာရင်းနှီး၏။ မိသားစုဆရာဝန်များလည်းဖြစ်ပါသည်။

"ကိုသန့်ဇင်၊ ခင်ဗျားမှာက သွေးတိုး၊ ဆီးချိုလည်းမရှိ၊ အသည်း၊ အဆုတ်၊ အစာအိမ်အားလုံးကောင်းတယ်။ သွေးပေါင်ချိန်ကလည်း (၁၂၀/၈၀)။ ခုဟာက ဘယ်လိုဖြစ်နေတာလဲဆိုတာ ကျွန်တော်မစဉ်းစားတတ်အောင်ဖြစ်နေပြီ။ ကိစ္စတော့မရှိပါဘူး။ ကျွန်တော် အားဆေးသွင်းပေးလိုက်မယ်။ စိတ်ငြိမ်ဆေးလည်းပေးလိုက်မယ်"

ကျွန်ုပ်မှာ ခေါင်းမထူနိုင်အောင်မူးနောက်နေပြီး လူမှာအားမရှိသလိုခံစားနေရသည်။ လမ်းလျှောက်လျှင်ပင် သတိထားလျှောက်နေရ၏။ မိန်းမကကျွန်ုပ်ကိုကြည့်ပြီး တစ်စုံတစ်ခုဖြစ်နေပြီဟု သံသယဝင်နေပါတော့သည်။

ဆေးခန်းမှအပြန် -

"ယောကျ်ား၊ ပုဇွန်တောင်စျေးဘက်သွားရအောင်။ အိမ်တွင်းအုန်းကို ဗောင်းတော်၊ နတ်ဆိုင်းကအစ အသစ်လဲရအောင်"

ကျွန်ုပ်က သဘောတူကြောင်းခေါင်းညိတ်ပြလိုက်ပါသည်။ စျေးမှ နတ်ဆိုင်း၊ ဘောင်းတော်၊ ရွှေဆိုင်းအသစ်အုန်းသီး၊ ရှားပန်းနီစ၊ ယပ်အသစ်များဝယ်ပြီး ပြန်လာခဲ့ကြသည်။ အိမ်ရောက်တော့ ချက်ချင်းပင် အိမ်တွင်းအုန်းအားအသစ်လဲကြသည်။ စံပယ်ပန်းတွေဝေနေအောင်ချိတ်ဆွဲ၍ နှင်းဆီပန်းအနီရောင်အား ပန်းအိုးမှာထိုး၏။ ကွမ်းဆေးလက်ဖက်များလည်း ဆက်ကပ်ရပါသည်။ အမွှေးနံ့သာရည်များပက်ဖျန်း၍ ယပ်ဖြင့်ခပ်ပေးနေစဉ်မှာပင် ကျွန်ုပ်က စကားပြောပြီး တောင်းပန်ရ၏။

"အိမ်တွင်းဖခင်ကြီး မင်းမဟာဂီရိ နတ်မင်းခင်ဗျား၊ သားတော်ကြီးတို့ဟာ အိမ်တွင်းမင်းမဟာဂီရိကို မိရိုးဖလား

www.burmeseclassic.com

www.burmeseclassic.com

ထင်ကျော်စွာ(ဂျီရာဇာစု)

စိတ်သောကကင်းစေဖို့ ခုနစ်ရက်စဉ်ရှောင်ကြဉ်

လောကလူသားတို့အတွက် နေ့စဉ်သွားလာလုပ်ကိုင်ဆောင်ရွက်မှုအစုစုတွင် အောင်မြင်ပြီးမြောက်ကြစေရန်အလို့ငှာ ဆောင်ရန်၊ရှောင်ရန်ဟူ၍ လောကီအယူအဆများ လက်ကိုင်ထားခဲ့ကြပါသည်။ ဆောင်ရန်တစ်ခုတည်းနှင့် မပြီးမြောက်နိုင်ပါ။ ရှောင်ရန်ကိစ္စကို ခြွင်းချန်ထားသော် တံ့ဆိုင်းကြန့်ကြာနေဦးမည်သာဖြစ်ပါသည်။ ဤအဆိုကို ကမ္ဘာ့ဖြစ်ရပ်တစ်ခုဖြင့် တင်ပြပါမည်။

၁၉၆၇ ခုနှစ်တွင် ပြိတိသျှဘုရင်မကြီးအယ်လိဇာဘက်သည် မဟူရာကျောက်နှင့်ပြုလုပ်ထားသော လက်ဝတ်တန်ဆာကိုဝတ်ပြီး အင်္ဂလန်ကျွန်းအား ကားဖြင့် တိုင်းခန်းလှည့်ရာ တစ်နေရာအရောက်တွင် ကျောက်က အရောင်တွေထွက်ပြီး တလက်လက်တပြောင်ပြောင်ဖြစ်လာလို့ ရှေ့ဆက်မသွားတော့ဘဲ ပြန်လှည့်ခိုင်းပါသည်။ အဲသည်အချိန်မှာပဲ သူ့ရှေ့ကိုက် အနည်းငယ်မှာ မိုင်းဗုံးထပေါက်တော့တာဖြစ်ပါသည်။ သူ့အသက်ကိုကယ်တဲ့ မဟူရာကျောက်ကို အမြတ်တနိုး တန်ဖိုးထားသွားသည်ဟု သိရပါသည်။ ခရီးစဉ်ကတော့ ပျက်သွားသည်ဟုဆိုရပါမည်။ အဆောင်ကြောင့် အသက်ကယ်ခဲ့သလို အရှောင်မပါလို့ တိုင်းခန်းလှည့်တဲ့အစီအစဉ်ပျက်သွားရပါသည်။

သည်နေရာမှာ ရှင်းလင်းအောင် တင်ပြရလျှင် ရပ်ဝေးခရီးမသွားရသေးနေ့၊မသွားသင့်သောနေရာတို့ ရှောင်ရန်ကိစ္စများ မရှောင်ကြဉ်ဘဲသွားခဲ့လို့ အကြုံအစည်ပျက်၊ လုပ်ငန်းစဉ်ပျက်တယ်လို့ ပြောချင်တာဖြစ်ပါသည်။

တစ်ဆက်တည်းပဲ ဗဟုသုတဖြစ်အောင်ပြောပြလိုပါသည်။ မဟူရာမီးပေါက်ကျောက်ကို အနောက်နိုင်ငံသားတွေက ပတ္တမြားအနက်ဟု တင်စားခေါ်ဝေါ်ကြပါသည်။ မဟူရာမှာ မည်းနက်သောကျောက်ဟု မူရင်းအဓိပ္ပာယ်ရှိပါသည်။ မဟူရာကျောက်နှစ်မျိုးရှိသည့် အနက် တစ်မျိုးက.(အပိတ်)အမျိုးအစားဖြစ်ပါသည်။ နေရောင်မှာထောင်ကြည့်ဂီရိကို ပမာမခန့်လုပ်ကြ၍ စီးပွားပျက်၊ လင်မယားကွဲသွားကြသော သူ့ဆီမှာ ဗေဒင်လာမေးကြသည့်သူတွေ့ချို့၏အတွေ့အကြုံများကိုပြောပြ၏။ မူလအစကတည်းက မကိုးကွယ်လျှင် ဘာမှမဖြစ်ပါ။ မိရိုးဖလာကိုးကွယ်ထားမိပြီဆိုလျှင် မစွန့်လွှတ်အပ်၊ မရိုမသေမလုပ်အပ်သော အိမ်ကိုစောင့်ရှောက်နေသည့် (၃၇) မင်းနတ်မှ တန်ခိုးကြီးနတ်စာရင်းဝင်ဖြစ်ကြောင်းရှင်းပြသည်။

ခုတော့ ကျွန်ုပ်အိမ်မှာ လင်မယားတကျက်ကျက်ရန်ဖြစ်ခြင်းလည်းမရှိတော့။ ဆိုင်မှာလည်းစျေးရောင်းကောင်း၍ မိန်းမဖြစ်သူမှာ ပျော်နေပါသည်။ သူလည်းအခြေအနေအရပ်ရပ်ကို နားလည်သဘောပေါက်သွားပြီဖြစ်ပါသည်။ သူတို့အားလည်း အိမ်သို့ ယောင်လို့မှ ခြေဦးမလှည့်စေတော့ပါ။

အိမ်တွင်းမင်းမဟာဂီရိနတ်အားကိုးကွယ်ထားသူများ သတိထား၍ မဆင်မခြင် မရိုမသေမလုပ်မိကြစေရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

ဒဂုန်ဇင

www.burmeseclassic.com

အောင်စည်	(၁-၃)	တနင်္ဂနွေနေ့	အင်္ဂါနံ့
ကျော်ဟိန်း	(၂-၆)	တနင်္လာနေ့	သောကြာနံ့
စိမ်းလဲ့	(၃-၄)	အင်္ဂါနေ့	ပုဒ္ဓဟူးနံ့
ဝင်းဝါ	(၄-၄)	ပုဒ္ဓဟူးနေ့	ပုဒ္ဓဟူးနံ့
ရွာ၏	(၈-၁)	ပုဒ္ဓဟူးနေ့လယ် (၁၂ နာရီအထက်ချိန်)	တနင်္ဂနွေနံ့
မြောက်တောင်	(၅-၀)	ကြာသပတေးနေ့	စနေနံ့
သောင်ဝယ်	(၆-၂)	သောကြာနေ့	တနင်္လာနံ့
ထွန်းပ	(၀-၅)	စနေနေ့	ကြာသပတေးနံ့

လျှင် အနက်ရောင်ကတစ်မျိုးဖြစ်ပြီး အနီရောင်သန်းသည်ကတစ်မျိုးဖြစ်ပါသည်။ ချထားလျှင်တော့ အနက်သာဖြစ်သည်။

မဟူရာမီးပေါက်ကျောက်ထွက်သည်မှာ ဗီယက်နမ်၊ လာအို၊ သီရိလင်္ကာ၊ အိန္ဒိယနှင့် မြန်မာတို့ဖြစ်သည်။ မြန်မာတွင် မိုးကုတ်၊ မိုးမိတ်တို့မှထွက်သည်။ ၁၈၅၂ ခုနှစ်တွင် မစ္စတာပိန်းဆိုသူက စတင်တွေ့ရှိပါသည်။ ပိန်းနက်ကျောက်လို့လည်းခေါ်ပါသည်။ ၁၈၈၆ ခုနှစ်တွင် မစ္စတာဘရောင်းက ထပ်တွေ့ခဲ့သည်။ သည်ကျောက်အစွမ်းမှာ သွေးပြီးလိမ်းလျှင် မြွေဆိပ်ပြေသည်။ ဆောင်ထားလျှင် အသက်ရှည်သည်။ ရောဂါဆိုးမကျရောက်နိုင်ဟု ကျောက်ထွက်ရာဒေသခံတွေမှ ယုံကြည်ကြသည်ဆို၏။ ရေစိမ် ပြီးတိုက်လျှင် အမှောင့်ပယောဂ၊ မကောင်းဆိုးဝါး၊ နာနာဘာဝတွေမကပ်နိုင်၊ အစိမ်းသရဲတွေပင်ကြောက်ရသည့် ကျောက်ဟုဆိုသည်။ကမ္ဘာ့မှတ်တမ်းတွင် အသက်ကယ်ကျောက်အဖြစ်ထင်ရှားပါသည်။ အဆောင်ကျောက်အကြောင်း ဗဟုသုတအဖြစ်တင်ပြပြီး၍ ဆောင်ရန်၊ ရှောင်ရန်အကြောင်းဆက်ရပါမည်။

လူတို့နေ့စဉ်ကြုံတွေ့ရသောကာလကို နှစ်၊ လ၊ ရက်ဟူ၍ သတ်မှတ်လင့်ကစား ရက်သတ္တာ(၇)ရက်စဉ်လှည့်လည်နေခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် တနင်္ဂနွေမှ စနေအထိ (၇) ရက်စဉ် ဆောင်ရန်၊ ရှောင်ရန် ပိုင်းခြားသတ်မှတ်ခြင်းကို လောကီပညာရပ်တို့က ပိုင်းဖြတ်ထားခြင်း ဖြစ်ပါသည်။

ဘယ်သူမဆို နေ့အလိုက်ရှောင်ဖို့၊ မဆက်ဆံဖို့ မဝယ်ဖို့ မရောင်းဖို့ လက်မခံဖို့၊ အာမမခံဖို့၊ ဖယ်ရှားဖို့ကိစ္စရပ်များကို ရှေးက လက်ာသီကုံးခဲ့ပါသည်။

ယင်းမှာ -

'အောင်စည်၊ ကျော်ဟိန်း၊ စိမ်းလဲ့၊ ဝင်းဝါ၊ ရွာ၏၊မြောက်တောင်၊ သောင်ဝယ် ထွန်းပ၊ ရှောင်ရှားကြ'

ဟူ၍ ဖြစ်ပါသည်။

တနင်္ဂနွေနေ့

အင်္ဂါနံ့စက်ပစ္စည်းအသစ်မဝယ်နှင့်။ ဆရာဆို ဆရာအတုဖြစ်မည်။ ဆန့်စက်၊ ဆီစက်ဝယ်ရောင်းမလုပ်ရ။ ဤနေ့တွင် အင်္ဂါနံဝင်လာလျှင် စွပ်စွဲခံရတတ်သည်။ ဆေးမှားတတ်သည်။ မိန်းမတွင်လင့်ဒုက္ခခံရမည်။

တနင်္လာနေ့

အဆောက်အအုံ၊ အိမ်၊ အမိုးအတွက် သွပ်မမိုးရ။ သွပ်မဝယ်ရ။ ဇိမ်ခံပစ္စည်း၊ အသံထွက်ပစ္စည်း၊ တီဗွီ၊ ဆောင်းဘောက်မဝယ်ရ။ သစ်လုပ်ငန်းရောင်းဝယ်ဖောက်ကားခြင်းမပြုရ။ ရပ်ဝေးခရီးသည်လက်မခံရ။ ခရီးသွားလုပ်ငန်းရှောင်ပါ။ သောကြာနံ့ မြို့ရွာများမသွားမလာရ။

အင်္ဂါနေ့

ရွှေငှား၊ ရွှေပေါင်ခြင်း၊ ရွှေရောင်းဝယ်ခြင်းမပြုရ။ လယ်မြေစာချုပ်ခြင်း၊ ရောင်းဝယ်ခြင်းမပြုရ။ အလုပ်သမားဝင်ခြင်း၊ ခန့်ထားခြင်းမပြုရ၊ မမြဲ။

ဗုဒ္ဓဟူးနေ့ (မနက်)

နေ့ (၁၂)နာရီမကျော်မီ နံနက်ပိုင်းလူဝင်လူထွက် သတိထားရမဲ့ည်။ ထွက်ပြေးတတ်သည်။ သို့မဟုတ် ခိုးယူတတ်သည်။

ဗုဒ္ဓဟူးနေ့ (နေ့လယ်၊ ညနေ၊ ည)

အုန်းပင်မစိုက်ရ။ အုတ်ဖိုမစိုက်ရ၊ အုတ်မဝယ်ရ။ အိမ်သစ်မဆောက်ရ။ အိမ်မပြင်ရ။ အိမ်ထောင်ဦးစီး စိတ်သောကတွေ့တတ်သည်။ အမူးအရူးသတိထား။

ကြာသပတေးနေ့

အနက်ရောင်အဝတ်အစားကြောင့် စိတ်ဆင်းရဲရတတ်။ အနောက်တောင်မှ ဝင်လာသူ ဒုက္ခပေးတတ်သည်။

သောကြာနေ့

ငွေရေးကြေးရေးဂရုစိုက်ပါ။ အိမ်နှင့်ပတ်သက်၍ ဒုက္ခများတတ်သည်။ စေ့စပ်ပွဲမလုပ်ရ။ အကြံအစည်ပျက်တတ်သည်။

စနေနေ့

မြေကိစ္စ၊ အမွေကိစ္စ ဆောင်ရွက်ရန်မကောင်းပါ။ ပညာရေးတွင် အပြိုင်အဆိုင်ကြုံရတတ်သည်။ သုံးတောင်ဝတ် အမျိုးသမီးဒုက္ခပေးတတ်သည်။ ပဝါဝင်လျှင် မကောင်းပါ။

ခုနစ်ရက်စဉ်ဆင်ခြင်နိုင်ပါစေ

ထင်ကျော်စွာ (ဂမ္ဘီရဉာဏ်)

www.burmeseclassic.com

www.burmeseclassic.com

ကိုမင်းဒင်သည် အလွန်တော်သော ရွှေနေတစ်ယောက်ဖြစ်သည်။ သူနှင့်သိရသည်မှာ တက္ကသိုလ်နန္ဒမိတ်ကြောင့်ဖြစ်သည်။ ကျွန်တော်၏ဇနီးဖြစ်သူနှင့်အိမ်ထောင်ကွဲကြတော့ အကြောင်းအကြောင်းသောအကြောင်းများကြောင့် အမှုအခင်းဖြစ်ကြရာ ဆရာတက္ကသိုလ်နန္ဒမိတ်နှင့် ပေါင်းသင်းခင်မင်နေကြသူမို့ အမှုခင်းဖြစ်တော့ ရွှေနေရှာရသည်။ သူက ရှာပေးသည်။ သူ၏မိတ်ဆွေကြီး ရွှေနေဦးခင်အောင် (သခင်စိုး၏အမှုကိစ္စတွင် ဦးကိုယုနှင့်အတူ အမှုလိုက်ခဲ့သူ)နှင့် မိတ်ဆက်ပေးရာ ဦးခင်အောင်မှတစ်ဆင့် သူတပည့်ကိုမင်းဒင်နှင့်လွှဲပေးသည်။

ကိုမင်းဒင်သည် အလွန်လျှောက်လဲချက်ကောင်းသူတစ်ဦးအဖြစ်သိရတော့သည်။ သို့သော် သူသည် အရက်အလွန်ကြိုက်သူဖြစ်သည်။ ရုံးချိန်းပြီးသည်နှင့် အရက်ဆိုင်သို့တန်းသွားလေတော့သည်။ သူနှင့်ပေါင်းတော့မှ ချောင်တကာ့ချောင်၊ ဘားတကာ့ဘားရောက်ဖူးတော့သည်။ ပိုက်ဆံတတ်နိုင်လျှင် ပန်းဆိုးတန်းမှ နဂါးနီ၊ မရှိလျှင် (၄၂) လမ်း၊ ဘုန်းကြီးလမ်း (၁၆)လမ်း၊ လွစ္စလမ်း (ဆိပ်ကမ်းသာလမ်း) အလုံထော်လီကွေ့၊ လမ်းကြိုလမ်းကြား လမ်းဘေးဆိုင်တွေ အကုန်ရောက်သည်။ အမှုအခင်းလျှောက်လဲရာတွင် အလွန်တော်သည်။ ဝါးလုံးကို ဝါးခြမ်းဖြစ်အောင်ပြောတတ်သည်။ ဝါးခြမ်းကို ဝါးလုံးဖြစ်အောင် ပြောတတ်သည်။ အမှုတစ်ခုကိုနိုင်မည်၊ ရှုံးမည်ကို ခန့်မှန်းတတ်သည်။ သူတွင် အကျင့်တစ်ခုရှိသည်။ ထိုအကျင့်ကို ကျွန်တော် မကြိုက်ပါ။ လူချင်းခင်မင်လာပြီမို့ မကောင်းကြောင်းပြောသည်။ မရပါ။ အမှုနိုင်မည်ဟု သေချာပေါက်တွက်မိလျှင် အမှုသည်ကို ကျွန်တော့်အိမ်ခေါ်လာသည်။ မဟုတ်မဟတ်တွေလုပ်တော့သည်။ ကျွန်တော့်မှာလည်း အိမ်ထောင်ကွဲနေသဖြင့် လွတ်လပ်သူဖြစ်နေပြီမို့ သူလုပ်ချင်ရာလုပ်တော့သည်။

သူသည် ဝတ်လုံရွှေ့နေမလုပ်ခင်က မြန်မာအရက်ချက်စက်ရုံတွင် အလုပ်လုပ်ခဲ့ရာ ထိုစဉ်ကပင် အရက်သောက်တတ်လာခဲ့သည်။ ငွေကိုလည်းရအောင် ရှာခဲ့သည်။ အရက်တွေကို ရေရောပြီး ရေမရောသည့်အကောင်းကို အပြင်ထုတ်ရောင်းသည်။ ရေရောဖို့ရေခဲပေးရသည့်လူတစ်ယောက် စိတ်ကြောင်သွားပြီး ပုဇွန်တောင်မြစ်ကူးတံတားပေါ်တွင် ငွေစက္ကူတွေကိုဖြန့်ကြဲပြီး နှုတ်မှလည်း-

ရောကဖြစ်တဲ့ငွေတွေ၊ ရောကဖြစ်တဲ့ငွေတွေ"

ဟု ဆိုကာ အော်ဟစ်နေလေသည်။ ရေထမ်းပေးရသည့်အတွက် တစ်ပတ်တစ်ပတ်ထောင်နှင့်ချီ၍ရသည်။ ထိုစဉ်က ငွေ (၅)ကျပ်ဆိုလျှင် တစ်အိမ်လုံး ထမင်းစားရသည့်အချိန်မို့ တစ်ပတ်တစ်ပတ် ထောင်ချီရသောအခါ စိတ်မထိန်းနိုင်တော့ဘဲ - ပေါက်ကွဲသွားလေတော့သည်။

ကိုမင်းဒင်ပြန်ပြောသည်မှာ -

"ကျွန်တော့်မှာလိုက်လိုက်ရတာဗျာ။ ဒီလူ စိတ်ရောဂါဖြစ်နေလို့ သူပြောချင်ရာပြောနေတာပါ။ ဒီလူစိတ်ဝေဒနာရှင်ပါလို့ ဆရာဝန်နဲ့ပေါင်းပြီး ရှုန်းထွက်လိုက်ရတယ်ဗျာ"

နောင်တွင် ဥပဒေသင်တန်းတက်ပြီး ရွှေနေဖြစ်လာတော့သည်။ သူတွင် သောက်တတ်သည့်အကျင့်ပါလာခဲ့ပြီမို့ အလုပ်ချိန်ပြီးလျှင် ဘားထဲသို့တန်းရောက်သွားလေတော့သည်။ အပြောကလည်းကောင်းသည်မို့ အမှုကနိုင်သည်ကများသည်။ တစ်ခါတွင် ရန်ကုန်နှင့် မိုင်(၅၀)မျှဝေးသည့်မြို့တစ်မြို့တွင် လူသတ်မှုတစ်ခုဖြစ်သည်။ ပန်းဆိုးတန်းရှိသူတို့ရွှေ့နေများရှိရာသို့ အမှုသည်ရောက်လာသည်။ သူဆရာဦးခင်အောင်ကိုအမှုအပ်သည်။ သူဆရာက ကိုယ်တိုင်မလိုက်ဘဲ သူတပည့်ကိုမင်းဒင်ကို ထည့်လိုက်သည်။

"မင်းဒင်၊ မင်းလိုက်သွား"

ဒါပဲပြောသည်။

ကိုမင်းဒင်လိုက်သွားသည်။ အမှုသွားအမှုလာကို စစ်ဆေးကြည့်လိုက်သည်။ နေဝင်ရီတရော ညီအစ်ကိုမသိတသိအချိန်တွင် တရားခံက သေနတ်ဖြင့် (၆)ချက်ပစ်သည်။ လူအတော်များများ မြင်တွေ့လိုက်သည်။ အမှုက ရှုံးပြီးသားဖြစ်နေသည်။ ကိုမင်းဒင်ကြံရာမရ စဉ်းစားသည်။ အမှုကရှုံးပြီးသား၊ လူတွေလည်းမြင်တွေ့ကြသည်မို့ ထုချေရခက်လှသည်။ သို့သော် အကြံမလျှော့။ 'ငါဘယ်လိုလုပ်ရပ့ါမလဲ'။ အရက်သောက်သော်လည်း အကြံကတော့ ရအောင်ထုတ်သည်။ အမှုချိန်းမတိုင်မီ တစ်ရက် အမှုသည်အိမ်မှာ ထိုင်နေရင်း တောင်မြောက်လှည့်ကြည့်၍ စဉ်းစားခန်းဝင်နေသည်။ အမှုသည်၏အိမ် လမ်းတစ်ဖက်တွင် ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိသည်။ သူ့ခေါင်းထဲ လင်းခနဲ အလင်းတစ်ခုပေါ်သွားသည်။ အမှုသည်ကိုမေးသည်။

"ဟိုကျောင်းကဘုန်းကြီးနဲ့ သိကျွမ်း ရင်းနှီးပါသလား"

"ရင်းနှီးပါတယ် ဆရာ။ အဲဒါကျွန်မတို့ကိုးကွယ်တဲ့ ဆရာ တော်ပါဆရာ။ ဘာကိစ္စရှိပါလို့လဲ"

"ခင်မင်ရင်းနှီးရင် ကျွန်တော် ဆရာတော်နဲ့တွေ့ချင်တယ်၊ ဆရာတော် ဆီလိုက်ပို့ပါ"

ကိုမင်းဒင်ခိုင်းသည့်အတိုင်း ဆရာတော်ဆီလိုက်ပို့သည်။ ဆရာတော်နှင့်တွေ့တော့ အကျိုးအကြောင်းပြောပြ

မောင်လင်းခိုင်
ဘုရားရှင်၏
ဂုဏ်တော်အာနုဘော်များကြောင့်

www.burmeseclassic.com

www.burmeseclassic.com

သည်။

"ဆရာတော် တပည့်တော်တို့မှာ အမှုကရှုံးဖို့များနေတယ် ဘုရား။ ဆရာတော်ကယ်ရင်တော့ နိုင်နိုင်ချေရှိပါတယ်။ ဆရာတော် သက်သေအဖြစ် လိုက်ခဲ့ပါ ဘုရား"

"ဒကာ ရဟန်းသံဃာတို့မှာ မုသာဝါဒမသုံးရဘူးဒကာ။ အပြစ်ကသိပ်ကြီးတယ် မဖြစ်နိုင်ဘူးထင်တယ်"

"အရှင်ဘုရား၊ ဆရာတော်စကား အများကြီးပြောစရာမလိုပါဘူးဘုရား၊ တပည့်တော်လျှောက်လဲချက်ပေးရာမှာ တပည့်တော်က သက်သေအဖြစ် ဆရာတော်ကိုပြရုံပါဘုရား။ ဆရာတော်ကို ဘာမှထိခိုက်အောင် အပြစ်ရအောင် တပည့်တော်မလုပ်ပါဘူးဘုရား"

"အေး - ဒကာ၊ ဘုန်းကြီး ဘာမှ အပြစ်မဖြစ်နိုင်ဘူးဆိုရင် လိုက်ပေးပါ့မယ်။ ဒကာကတိတည်ပါစေ"

"အရှင်ဘုရား တပည့်တော် ကတိတည်ပါတယ်။ ဆရာတော် ဘယ်လိုမှ အပြစ်မဖြစ်စေရပါဘူးဘုရား။ ဆရာတော်မကယ်ရင် ဒီဒကာမယောကျ်ားထောင်ကျဖို့သေချာနေပါပြီဘုရား"

"ဒကာ၊ ဘုန်းကြီးသိပ်မလိုက်ချင်ဘူး။ ဒါပေမယ့် ဒကာရင်းဆရာရင်း ဒုက္ခနဲ့ကြုံလာတော့ လိုက်ပေးပါ့မယ်။ ဒကာအပြောအဆိုလိမ္မာပါစေ"

"တင်ပါ့ဘုရား၊ ကောင်းပါပြီဘုရား"

အမှုရုံးခြံနှံးနေ့တွင် တရားသူကြီးနှင့် ရှေ့နေသက်သေစုံစုံလင်လင်ရောက်ရှိနေကြပြီဖြစ်သည်။ တရားခံဘက်မှ ဘုန်းကြီးတစ်ပါး သက်သေပါလာသဖြင့် ထူးထူးဆန်းဆန်း လူတွေဝိုင်းကြည့်နေကြသည်။ အမှုစစ်သောအခါ တရားလို ရှေ့နေက ဒီတရားခံဟာ သေသူကို သေနတ်နဲ့ (၆) ချက်တိတိ ပစ်ခတ်ပါတယ်။ လူတွေအားလုံးမြင်ပါတယ်ဟု လျှောက်လဲသည်။

ထိုအခါ ကိုမင်းဒင်က ပြန်လည်၍ လျှောက်လဲချေပသည်။

"မဟုတ်ပါဘူး၊ ဒီတရားခံဟာ သေနတ်နဲ့ပစ်တာမဟုတ်ပါဘူး။ အခင်းဖြစ်တဲ့အချိန်က ဒီတရားခံဟာ ဒီဆရာတော်နဲ့ တရားဆွေးနွေးနေပါတယ်။ ဆရာတော်ကို သက်သေအဖြစ်တင်ပြပါတယ်"

တစ်ဖက်ရှေ့နေက ပြန်လည်၍ ထုချေလျှောက်လဲချက်ပေးသည်။

"ဘာနဲ့တရားဆွေးနွေးပါသလဲ၊ အရက်နဲ့ ကြက်သားနဲ့ တရားဆွေးနွေးနေပါသလား"

တရားလိုရှေ့နေ၏လျှောက်လဲချက်မှာ တရားခံကို တဲ့တဲ့ထိမှန်စေသော လျှောက်လဲချက်ဖြစ်သည်။ သို့သော် ထိုလျှောက်လဲချက်သည်ပင် တရားခံကို ချည်နှောင်ထားသောကြိုးများကိုလည်း ပြေသွားစေသည့် လျှောက်လဲချက်ဖြစ်နေသည်။ တရားလိုရှေ့နေ၏လျှောက်လဲချက်ကို ဆရာတော်က တစ်ခွန်းတည်းပြန်လည်၍ ဖြေကြားလိုက်သည်။

"ဒကာ၊ ရဟန်းသံဃာတို့မည်သည် မွန်းလွဲညစာစားသည်ကို ဒကာကြားဖူးပါသလား၊ မြင်ဖူးပါသလား"

ဆရာတော်၏ စကားတစ်ခွန်းတည်းနှင့်အမှုပြီးဆုံးသွားခဲ့သည်။ တရားလိုရှေ့နေ မည်သို့မျှပြန်လည်မချေပနိုင်တော့ပေ။ ရဟန်းသံဃာတို့မည်သည် မွန်းလွဲညစာစားသည်ကိုမည်သူမြင်ဖူးတွေ့ဖူးပါသနည်း။ တွေ့ဖူးပါသည်ဟုဆိုလျှင် မုသာဝါဒသုံး၍ လိမ်ညာပြောဆိုခြင်းသာဖြစ်ပါသည်။ မတွေ့ဘူးပါဟုဆိုလျှင်လည်း အမှုကရှုံးပြီ။ သည်မှာတင် အမှုက ကွင်းလုံးကျွတ်လွတ်သွားခဲ့သည်။ သေနတ်ဖြင့် (၆)ချက်တိတိပစ်ခဲ့သည်ကို လူအများမြင်တွေ့ခဲ့ကြသည်။ သေနတ်ဒဏ်ရာကလည်း (၆) ချက်တိတိ တွေ့ရှိထားသည်။ သို့သော် တရားခံရှေ့နေ၏ မေးမြန်းချက်စကားတစ်ခွန်းကြောင့် သို့မဟုတ် ကိုမင်းဒင်၏ လျှပ်တစ်ပြက် ဦးနှောက်စဉ်းစားဉာဏ်ကောင်းမှုကြောင့် အမှုမှ ကွင်းလုံးကျွတ်လွတ်ခဲ့သည်။ ဆရာတော်မှာလည်း မည်သို့မျှအပြစ်တစ်စုံတစ်ရာမရရှိခဲ့ချေ။

သို့သော် ကိုမင်းဒင်မှာ ခုံခုံမင်မင် စွဲစွဲလမ်းလမ်းသောက်သုံးနေသည့် သူရာရည်ကြောင့် ဘဝပျက်ရလေတော့သည်။

ရှုံးနေသည့်အမှုကို နိုင်အောင် လျှောက်လဲနိုင်ခဲ့သော်လည်း သူရာရည်၏ ဖမ်းဆီးခြင်းကိုတော့ လွတ်အောင် မရှုန်းထွက်နိုင်ခဲ့ချေ။ အရက်အလွန်အကျွံသောက်သဖြင့် လေဖြတ်သလိုဖြစ်ကာ မလှုပ်နိုင်မရှားနိုင်။ တကုန်တုန်ဖြစ်၍ အိပ်ရာထဲလဲလေတော့သည်။ အနှိပ်သည်ကနှိပ်၊ အင်္ကလိပ်ဆေးကသောက်၊ မြန်မာဆေးကလည်းတစ်ဖက်နှင့် စုပြုံ၍ ကုလေရာ သေကံမရောက်ဘဲ ပြန်၍ ထူထူထောင်ထောင်ဖြစ်လာပြန်သည်။ ဆေးရုံပေါ်တွင်ပင် လနှင့်ချီကြာခဲ့သည်။ သူနာလန်ထလာတော့ ဆရာဝန်ကပြောသည်။

"ဦးမင်းဒင်၊ ဒီအရက်ကိုဖြတ်ပါ။ ဆက်ပြီးမသောက်ပါနဲ့။ ဒီတစ်ခါဖြစ်ရင် ကုလို့လွယ်မှာမဟုတ်တော့ဘူး။ သတိထားဆင်ခြင်ပါ"

ဟု ပြောလိုက်သည်။

သို့သော် ဟိုသတ္တဝါအမြီးကျည်တောက်စွပ်သလို စွပ်တုန်းခဏာသာဖြောင့်နေပြီး ကျည်တောက်ချွတ်လိုက်သည်နှင့် ပြန်ပြီးကောက်သွားသလို နည်းနည်းနာလန်ထလာတော့ ပုံမှန်အတိုင်း ယစ်ရွှေရည်အိုးထဲခေါင်းထိုးဝင်သွားပြန်လေတော့သည်။ အမှုလိုက်လိုက် ယစ်ရွှေရည်သောက်လိုက်နှင့်ပျော်မြူးနေလေသည်။ (၆)လကျော်လောက်ရှိသောအခါ ရောဂါဟောင်းပြန်ထပြန်လေတော့သည်။ သည်အခါအရင်တစ်ခါလိုမဟုတ်။ လက်ပါတုန်ပြီးခြေလှမ်းမမှန်ချင်ဖြစ်လာသည်။ သွားလိုက်လျှင် တောင်တစ်လှမ်းမြောက်တစ်လှမ်းနှင့် ခရီးလမ်းဖြောင့်အောင်မလျှောက်နိုင်တော့ပေ။ အမှုလည်းမလိုက်နိုင်တော့ချေ။ တစ်ခါတစ်ရံ ဝူးဝါးနှင့်ထပြီးအော်တတ်သည်။ အစားလည်း ပုံမှန်မစားနိုင်တော့ချေ။

ကော်ဖီတစ်ခွက်၊ မုန့်တစ်ခုနှင့်ပြီးသည့်နေ့တွေပင်ရှိလေသည်။ ချောမော့ကျွေးမှ ကြောင်တစ်ကောင်စာစားသည်။ တစ်ခါတစ်ခါ ညကြီးသန်းခေါင်ထပြီးအော်နေတတ်သည်။ အိမ်ရှင်မမှာလည်း ကောင်းကောင်း မအိပ်နိုင်မစားနိုင်။ ကြားဖူးနားဝဖီနှောဆေးတွေကတစ်မျိုး၊ သမားတော်ကြီးများထဲမှ မြန်မာဆေးများ ဆေးရုံဆေးခန်းမှ စားဆေးလိမ်းဆေးတွေနှင့်ကုသရင်း မပဋ္ဌာမြေလူးသလို လင်သည်အတွက်ပူပုံပန်း၍ ဗျာများနေရလေတော့သည်။အရက်အသောက်လွန်လျှင် အရက်ကြောင်သည်ဟုဆိုစကားအတိုင်း ထပြီးပြေးဖို့လုပ်သည်။ ထပြီးအော်ဟစ်နေတတ်သည်။ လူတော်ဟစ်ယောက်က ဤကဲ့သို့ဖြစ်ပျက်သွားရခြင်းကို စုတ်တဲသပ်သပ်နှင့်နှမြောမဆုံးဖြစ်နေကြသည်။

ကိုမင်းဒင် အရက်ကြောင်နေစဉ်သူ အမှုလိုက်ပေးခဲ့၍ နိုင်သွားသော တရားခံ၏ခင်ပွန်းနှင့်ဇနီးသည်တို့ရောက်လာကြသည်။ သူတို့နှင့်အတူ သက်သေလိုက်ပေးခဲ့သော ဆရာတော်လည်းပါလာသည်။

"ကျွန်မတို့ဆရာ မကျန်းမာဖြစ်နေတဲ့သတင်းကြားလို့ ဆရာတော့်ကိုပြောပြတော့ ဆရာတော်က သူပါလိုက်မယ်ဆိုလို့ ဆရာတော်ပါခေါ်လာခဲ့တယ်။ဆရာအခုလိုဖြစ်နေတာကြာပြီလား"

နည်းနည်းကြာသွားပြီဆိုပါတော့၊ အရင်တစ်ခါဖြစ်ဖူးပြီး နေ့ကောင်းသွားပြီးမှ ခုတစ်ခါပြန်ဖြစ်တာ"

"ဒကာကြီး၊ အသောက်အစားရှိပါသလား"

ဆရာတော်ကဝင်၍မေးသည်။

"တင်ပါ့ဘုရား၊ သူက အသောက်

www.burmeseclassic.com

www.burmeseclassic.com

ကရိုပါတယ်ဘုရား။ အလုပ်ချိန်ပြီးတာနဲ့ အရက်ကိုသောက်တော့တာပဲ။ အရင် တစ်ခါဖြစ်တုန်းကလည်း အရက်ကြောင့် ပဲဖြစ်တာ။ ဆရာဝန်က ဆက်မသောက် ပါနဲ့လို့ပြောတာ သူက ပြန်သောက်တာ အရက်သောက်များလို့ ဖြစ်သွားတယ် ထင်တာပဲဘုရား"

"အင်း-ဖြစ်လာမှတော့ကုရတော့ မှာပေါ့။ ဒကာကြီးကို ဖြင်ပဆေးနဲ့လည်း ကု၊ ဘုရားဆေးနဲ့လည်းကုရတော့မှာပဲ။ ဘုန်းကြီး ဒကာကြီးကို ရေမန်းနည်းနည်း တိုက်မယ်။ ပြီးတော့ ဦးပဉ္စင်းဖော်စပ် ထားတဲ့ နှလုံးငြိမ်ဆေးလည်းတိုက်မယ်။ သူနည်းနည်းကျန်းမာလာရင် ပရိတ်ရေ တိုက်ပြီး ပရိတ်တရားနာခိုင်းရမယ်။ ပြီးတော့ သူဆိုနိုင်ပြောနိုင်ရင် ၂၄ပစ္စည်း ပဋ္ဌာန်းကို ဆိုနိုင်သမျှဆိုခိုင်းရမယ်။ နည်း နည်းတိုးပြီးကျန်းမာလာရင် ဦးပဉ္စင်းက တော့ တရားထိုင်ခိုင်းချင်တယ်။ သူထိုင် နိုင်သလောက်ပေါ့"

"ဆရာတော်ကောင်းသလိုဆောင် ရွက်ပါဘုရား။ တပည့်တော်တို့ ဆရာ တော့်ကိုအပ်ပါတယ်ဘုရား"

"ဦးပဉ္စင်း၊ ဒီနားကအသိမိတ်ဆွေ ဘုန်းကြီးကျောင်းမှာတည်းပြီး ဒကာကြီး ကိုကြည့်ပါ့မယ်"

"တင်ဖို့ပါဘုရား"

ဆရာတော်က ကိုမင်းဒင်ကို ပရိတ်ရေ(ဂါထာမန်းထားသည့်ရေ)တိုက် သည်။ ပြီးတော့ သည်းခြေငြိမ်ဆေး တိုက်သည်။ ကိုမင်းဒင် ဆရာတော့်ဆေး များသောက်ပြီးအိပ်သည်။ ကိုမင်းဒင် အိပ်ရာကနိုးလာတော့ တည်တည်ငြိမ်ငြိမ် လေးရှိလာသည်။ အားလုံးက ဝမ်းသာ ပီတိနှင့်ပြုံးနိုင်လာကြသည်။ ဆရာတော့် ကိုလည်း ကျေးဇူးတင်မဆုံးရှိကြသည်။ ဆရာတော်က တစ်နေ့တစ်ကြိမ်နှလုံးငြိမ် ဆေးတိုက်ကျွေးသည်။တစ်ပတ်လောက် ရှိတော့ ကိုမင်းဒင်တည်တည်မှန်မှန်လေး ဖြစ်လာ၏။ အစားလည်း အသင့်အတင့် စားနိုင်လာသည်။ ကိုမင်းဒင်ထူထူထောင် ထောင်ကလေးမြင်ရသော ဆရာတော် က ကိုမင်းဒင်ကို ပဋ္ဌာန်း၂၄ပစ္စည်း အကျဉ်းလိုက်ဆိုခိုင်းသည်။ ဆရာတော် ရွေ့မှဆိုပြသည်။ ကိုမင်းဒင်က နောက် ကလိုက်ဆိုသည်။ ဆိုစက တစ်ခွန်းဆို လိုက်ရပ်သွားလိုက် မဆိုဘဲနေလိုက်နှင့် ရှိနေသည်။ ဆရာတော်က ခဏခဏဆို ခိုင်းတော့ ကိုမင်းဒင် ဆရာတော်ဆို သလို ဆိုနိုင်လာသည်။ တစ်ခေါက်ဆုံး သွားပြီးနောက် ဆရာတော်က ရပ်ထား လိုက်သည်။ ကိုမင်းဒင်ကိုကြည့်ပြီး ပဋ္ဌာန်းအကျယ်ကိုရွတ်သည်။

ကိုမင်းဒင် ကျန်းမာရေးစိတ်ချရ သောအခါ ကိုမင်းဒင်ကို တင်ပျဉ်ခွေ ထိုင်ခိုင်းသည်။ ပြီးတော့ စိတ်ကိုငြိမ် အောင်ထိန်းခိုင်းသည်။ အသက်ကို မှန်မှန် ရှူခိုင်းသည်။ တရားထိုင်ခိုင်းခြင်း ပင် ဖြစ်သည်။ ငါးမိနစ်၊ ဆယ်မိနစ် ထိုင်နိုင်သမျှထိုင်ခိုင်းသည်။ တော်တော် လေးတည်ငြိမ်လာသောအခါ ဆရာတော် က ကိုမင်းဒင်ကို မေတ္တာသုတ်လိုက်ဆိုခိုင်း သည်။ ဆရာတော်က ရှေ့ကဆိုပေး သည်ကို မင်းဒင်ကလိုက်ဆိုရသည်။ ရပ် သွားလိုက်ပြန်ဆိုလိုက်နှင့် မေတ္တာသုတ်ကို အကြာကြီးရွတ်ရသည်။ ကိုမင်းဒင် ဆိုနိုင်သမျှ အဆိုခိုင်းသည်။ မဆိုနိုင်လျှင် ရပ်နေသည်။ ဆရာတော်က ပြုံးပြီးသာ ကြည့်နေသည်။ ကိုမင်းဒင် အရင်ကနှင့် မတူ ထူထူထောင်ထောင်ရှိလာသဖြင့် အားလုံးက ဝမ်းသာကြသည်။ ဆရာ တော်ကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြသည်။ ဆရာတော်က ဘာမှပြန် မပြော။ သူလုပ်စရာရှိတာသာဆက်လုပ် သည်။ ကိုမင်းဒင် အိပ်ချင်လျှင်အိပ်ခိုင်း သည်။ သူကတော့ နှုတ်မှ ဘုရား၏ ဒေသနာတော်များကိုရွတ်ဆိုနေသည်။ ပဋ္ဌာန်း၊ မာရဏာပရိတ်၊ မေတ္တာသုတ်တို့ကို တစ်ခုပြီးတစ်ခုရွတ်နေသည်။ ကိုမင်းဒင် ကိုလည်း သူထိုင်နိုင်သမျှ တရားထိုင်ခိုင်း သည်။ စိတ်ကိုငြိမ်အောင်ထားခိုင်းသည်။ တစ်လလောက်ကြာသောအခါ ကိုမင်းဒင် အခြေအနေမှာတော်တော်တိုးတက်လာ သည်။ တရားထိုင်ခြင်း ငါးမိနစ်၊ ဆယ် မိနစ်မှ နာရီဝက်လောက်ထိုင်နိုင်လာ သည်။ မေတ္တာသုတ်ကိုလည်း ရွတ်လာနိုင် သည်။

ပဋ္ဌာန်းကိုလည်းရွတ်လာနိုင်သည်။ ဆရာတော်သင်ပေးသမျှဆိုလာနိုင်သည်။ ဒီဝါတပတိ၊ အဋ္ဌာနမေတံ၊ မေတ္တာသုတ် တို့ကို ဆရာဟော်မပါဘဲဆိုလာနိုင်သည်။ အားလုံးက ဆရာတော်ကို ကျေးဇူးတင် ပြီး ဝမ်းသာနေကြသည်။ပစ်လိုက်ရတော့ မည်ဟု သတ်မှတ်ထားသူက ရှင်သန် ထမြောက်လာသဖြင့် ဆရာတော်ပေး သည့်အသက်သာရှိတော့သည်ဟုဆိုကြ သည်။

"ဆရာတော့်ကို ကျေးဇူးတင်ပါ တယ်ဘုရား။ တပည့်တော်တို့က ရေစုန် မျောပြီလို့သတ်မှတ်ထားတာ ဆရာ တော့်ကျေးဇူးကြောင့် လူဘဝနယ်မြေထဲ ပြန်ဝင်လာတာဘုရား"

"ဒီလိုလည်းမဟုတ်သေးဘူးလေ၊ သူကံကရှိသေးတယ်လေ။ လူဘဝမှာ အကြာကြီးနေရဦးမှာ။ သူ့ဇာတာက ဟိုဘက်ကိုရောက်ဖို့မလိုသေးဘူးလေ။ ဒါကြောင့်ပြန်ထလာတာပေါ့"

ကိုမင်းဒင်မှာ အရင်လိုကြမ်းကြမ်း တမ်းတမ်း ခုန်ပေါက်ခြင်းမရှိတော့ဘဲ အစားအသောက်မှန်လာသည်။ ဆရာ တော့်ဆေးကလည်းစွမ်းသည်။ ငါးမိနစ်၊ ဆယ်မိနစ်မှ နာရီဝက်မျှထိုင်နိုင်လာ သည်။ ပဋ္ဌာန်းကိုလည်း ဆရာတော် တိုင်မပေးဘဲဆိုနိုင်လာသည်။ မေတ္တာ သုတ်ကိုလည်းဆိုလာနိုင်သည်။ ဓာရဏာ ပရိတ်ကိုမူ နှုတ်တိုက်မဆိုနိုင်သဖြင့် စာအုပ်ကြည့်ပြီးဆိုရသည်။ ဆရာတော် မှာ ကိုမင်းဒင်ကျန်းမာရေးကောင်းလာ သဖြင့် သူ့ရွာကျောင်းသို့ပြန်သည်။ (၁၅) ရက်လောက်မှတစ်ခါလာသည်။ တစ်ခါတစ်ခါတစ်လလောက်မှလာတော့ သည်။ ကိုမင်းဒင်ကျန်းမာရေးကောင်း လာသဖြင့် ဆရာတော်က ကိုမင်းဒင်ဆီ က ကတိတစ်ခုတောင်းသည်။

"ဒကာကြီးကျန်းမာရေးကောင်းလာ ပြီ။ ဒကာကြီးဆီက ဘုန်းကြီးကတိ တစ်ခုတောင်းမလို့ ဒကာကြီးပေးနိုင်ပါ့ မလား"

"ဘာကတိလဲဘုရား"

"ကတိကတော့ လွယ်လွယ်လေး ပါ။ ဒကာကြီးပေးနိုင်၊မပေးနိုင်သာသိဖို့ လိုတယ်"

"တပည့်တော်ပေးနိုင်ရင်ပေးပါ့ မယ်ဘုရား၊ ဘယ်လိုကတိမျိုးပါလဲ"

"ဒကာကြီးအရက်လုံးဝမသောက် တော့ပါဘူးဆိုတဲ့ကတိပါပဲ"

ကိုမင်းဒင် ဆရာတော်ကို မော့ ကြည့်ပြီး ပြုံးလိုက်ကာ -

"တပည့်တော်ကတိပေးပါတယ် ဘုရား။ ဒီအရက်ကို တပည့်တော် အသက်ရှင်နေသမျှကာလပတ်လုံး လုံးဝ မသောက်တော့ပါဘူးဘုရား"

"ဒကာကြီးကတိတည်ပါစေနော်။ ဒီအရက်ဟာ မသောက်ရင် ဘာမှမဖြစ် ဘူး။ သောက်ရင်သာ အန္တရာယ်ပေး တတ်တာ။ ဒကာကြီးကောင်းဖို့အတွက် ဘုန်းကြီးကတိတောင်းရတာပါ။ ဘုန်း ကြီးသာမုခေါ်မယ်နော်"

ကိုမင်းဒင်ပြုံးလိုက်သည်။ထို့အပြုံး သည် အဓိပ္ပာယ်အများကြီးပြန့်ပွားစေ သော အပြုံးများပင်ဖြစ်ပါသည်။ ကုန် မရတော့ဘူးဟူ၍ ဆုံးဖြတ်ချက်ချထားခဲ့ ရာမှ ဘုရား၏ဂုဏ်တော်အာနုဘော် များကြောင့် ကိုမင်းဒင်တစ်ယောက် သေမင်းနိုင်ငံမှ ပြန်ရောက်လာရခြင်းသာ ဖြစ်လေသည်။

ကိုမင်းဒင်သည် အရက်ကို လုံးဝ မသောက်တော့ဘဲ အလင်းတိုင်များ ထွန်းကာ ဘုရားခြေတော်ရင်း၌ ဝင်္ကစင်း နေလေတော့သည်။

ရမာင်လင်းခိုင်

www.burmeseclassic.com

www.burmeseclassic.com

မဲ့ရွာမြို့ကနေ မော်လိုက်မြို့လေး ကိုသွားဖို့ ရွှေမော်လိုက်ကားဂိတ်ကို ရောက်ရှိခဲ့ပါတယ်။ ကားဂိတ်ကနေ မနက်ကိုးနာရီကျော်မှကားထွက်ပြီး မဲ့ရွာနယ်နိမိတ်ကျော်လာတာနဲ့ မြို့နာမည်လေးတွေကို လိုက်မှတ်ခဲ့ပါတယ်။ ဘုတလင်ကြောင်ပန်းတောရဆိုင်းဘုတ်ကို လည်းတွေ့ခဲ့ရတယ်။ မော်လိုက်မြို့ကို ရောက်ဖို့ ဒီပဲရင်းမြို့နယ်ကိုလည်းဖြတ်ရပါတယ်။ ပြီးတော့ ရေဦးရောက်ပါတယ်။ တန့်ဆည်ကိုရောက်တော့ (၁၁) နာရီ (၂၅) မိနစ်ရှိပါပြီ။

မော်လိုက်ကိုသွားဖို့ လမ်းနှစ်သွယ်ရှိပါတယ်။ ကားလမ်းနဲ့ ရေလမ်းပါ။ ရေလမ်းကတော့ မဲ့ရွာဆိပ်ကမ်းကနေ ရှစ်ပြေးယာဉ် ရှော်တယ်တွေနဲ့သွားလို့ရပေမယ့် ကားလမ်းကိုပဲရွေးသွားခဲ့ပါတယ်။ ကားလမ်းမှာ ယာကြီး-ကလေးဝလမ်းနှင့် မဟာမြိုင်တောလမ်း လမ်းနှစ်သွယ်ရှိရာ ရေဦးမှ ခရီးသည်လေးဦးပါလို့ မဟာမြိုင်တောထဲကသွားခဲ့ရပါတယ်။ ဝင်းသင်းကျေးရွာကျော်တာနဲ့ သစ်တောဌာနမှကပ်ထားတဲ့ဆိုင်းဘုတ်တွေကိုဖတ်ကြရပါတယ်။ မြေမတူးရ၊ ကျောက်မထုတ်ရ၊ သစ်မခုတ်ရတို့အပြင် တောမီးမရှို့ရဆိုတဲ့ဆိုင်းဘုတ်လေးတွေကို သစ်ပင်ကြီးတွေမှာကပ်ထားတာကိုတွေ့ခဲ့ရပါတယ်။ ရွာမုန်တောင်ကြီးဝိုင်းကိုလည်းဖြတ်ခဲ့ရပါတယ်။ တောကျင်ကျေးရွာကို ရောက်တော့ (၂)နာရီ (၂၀) မိနစ်ရှိပါ ပြီ။

ပိဿနိုးမယ်တော်ကြီးနတ်နန်းကို မဟာမြိုင်တောကြီးထဲမှာတွေ့ခဲ့ရတယ်။ နတ်နန်းကိုကျော်ခဲ့တာနဲ့ အကွေ့အကောက်တွေများလာပါတယ်။ ဘေးတစ်ဖက်မှာ တောင်ကြီးတွေရှိပြီး တစ်ဖက်

စောမိသွင်-ရန်ကုန်
မော်လိုက်မြို့တစ်ခွင်ရောက်ခဲ့စဉ်က

မော်ထိုက်ကန်းမှာဘုရား

နဂါးရုံဘုရား

ဓီပင်္ကရာပြတ်စွာဘုရား

www.burmeseclassic.com

www.burmeseclassic.com

မှာတော့ ချောက်ကြီးတွေပါ။ သစ်ပင်ကြီးတွေဝါးပင်တွေက အောက်ချောက်ထဲကနေပေါက်နေကြတာပါ။ တချို့အပင်တွေကတော့ တောင်တွေပေါ်မှာပါ။ ကိုယ်မရောက်ဘူးတဲ့အရပ်မို့ ဘေးပတ်ဝန်းကျင်ကို ကြည့်သွားခဲ့ပါတယ်။

သစ်ရွက်တွေက နွေဦးပေါက်တော့မှာမို့ အနီတွေ၊ ရွှေအိုရောင်တွေ အစိမ်းရောင်တွေနဲ့ လှပလို့နေပါတယ်။ 'သစ်ရွက်ရော်ရီ ဣန္ဒနီဝယ် သိဂီတစ်ဝက် ဘက်၍ဆေးစုံ ခြယ်သောပုံသို့' ဆိုတဲ့ ကဗျာလေးကိုတောင် သတိရမိလိုက်ပါတယ်။ တောတောင်ထဲ ခရီးသိပ်မသွားဘူးလို့ မြင်မြင်သမျှ သစ်ပင်သစ်ရွက်တွေ ရှုခင်းတွေကအစလှနေတာပါပဲ။ ဒါကြောင့်လည်း ကျွန်မတို့မိုင်းက ပန်းချီဆရာကိုစံဝင်းဖေကိုတောင် သတိရမိပါရဲ့။ သူသာဆိုရင် တောတောင်တွေရဲ့အလှကို ပန်းချီကားချပ်အဖြစ် စုတ်ချက်တွေနဲ့ ခြယ်မှုန်းနိုင်မှာပါ။

ကလေးခရိုင် မင်းကင်းမြို့နယ်ကလေးဝ သက်ကယ်ကျင်းကျေးရွာတွေကိုလည်းဖြတ်ပြီး တစ်လမ်းလုံး တောင်တွေ ချောက်ကမ်းပါးတွေရှိတဲ့လမ်းကနေသွားကြရပါတယ်။ နေဝင်ခါနီးအချိန်မှာ တောင်တွေနောက်ခံနဲ့ ရှုခင်းအလှတွေကိုမြင်ရပါတယ်။ မော်လိုက်မြို့မရောက်ခင် လမ်းမှာပဲမှောင်သွားပြီး ကားဆရာက ကားကို ဖြည်းဖြည်းမောင်းပါတယ်။ ကားက ချင်းတွင်းမြစ်နဲ့ယှဉ်ပြီး မောင်းရပေမယ့် ညဘက်ဆိုတော့ မြစ်ထဲမှာ မီးထွန်းထားတဲ့ ရွာတယ်တွေ၊ မော်တော်တွေကလွဲရင် ပတ်ဝန်းကျင်ကို မမြင်ရတော့ပါ။ မော်လိုက်မြို့မရောက်မချင်း တစ်လမ်းလုံး တောင်တွေချောက်တွေ တံတားလေးတွေနဲ့ချည်းတိုးနေတာပါပဲ။ မော်လိုက်မြို့ကိုရောက်တော့ ည ရှစ်နာရီထိုးခါနီးနေပါပြီ။ ကျွန်မတို့ ချင်းတွင်းမြစ်ဆိပ်ကမ်းနားကထမင်းဆိုင်မှာ ထမင်းသွားစားကြတာ ဟင်းချက်ကောင်းပါတယ်။ အဝစားမှ နှစ်ထောင်ပါ။

ခမွေစကြာဘုရား

ဓိပကံရာတောင်တော်ပေါ်မှ ညွှေတော်

ဗျာဓိတ်ပေးဘုရား

မဟာရံထဲမှ ပန်းချီကားများ

www.burmeseclassic.com

www.burmeseclassic.com



ရွေးဟောင်းအိမ်ကြီး



မော်လိုက်ကမ်းပေါ်မှမြင်ရသည့် ချင်းတွင်းမြစ်အတွင်းရှုခင်း



လက်ဆေးတော်ကန်

ချင်းတွင်းမြစ်အနီးက မော်လိုက်မြို့လေးဟာ တစ်နေ့လုံး မီးမရတဲ့အပြင် ညနေခြောက်နာရီမှ ညဆယ်နာရီအထိသာ မီးပေးပါတယ်။ အင်္ဂလိပ်ခေတ်ကတည်းက အထက်ချင်းတွင်းရဲ့ခရိုင်မြို့တော်ဖြစ်ခဲ့တဲ့ မော်လိုက်မြို့လေးဟာ အခုထက်ထိတော့ မီးစက်နဲ့ပေးတာပါ။ ညဘက် မီးမလာဘူးဆိုတာကြိုသိထားလို့ လက်နှိပ်မီးဆောင်သွားကြပါတယ်။ ညဘက်မှာ သိပ်အေးတာမို့ စောင်နှစ်

ဒီပင်ကျောတောင်ထစ်ချွန်မြေပုံ



ယွားစွဲဆင်ထိန်းသိမ်းရေးစခန်း

ထပ်ခြုံရပါတယ်။

"ဒါအအေးပေါ့သွားတာ။ ဒီနှစ်မှာ (၄)ဒီဂရီအထိတောင်ရောက်သွားတာသိပ်အေးတာပဲ"

မြို့ခံလူတွေက သူတို့မြို့လေး အေးကြောင်းပြောပြကြပါတယ်။ မနက်ခုနစ်နာရီလောက်မှာ တိုက်ပေါ်ကနေခြံပြင်ကိုကြည့်လိုက်တော့ နှင်းတွေကျနေလိုက်တာ ပတ်ဝန်းကျင်ကိုမမြင်ရပါဘူး။ နှင်းထုနဲ့ပိတ်နေပါတယ်။ မော်လိုက်စျေးထဲ မုန့်သွားစားကြတဲ့အခါ မြစ်ဆိပ်နားကနေသွားကြရလို့ မြစ်ကမ်းပေါ်ကနေ ချင်းတွင်းမြစ်ထဲကိုကြည့်တဲ့အခါ ရေတွေကျပြီး သောင်တွေထွန်းနေပါတယ်။ ရှော်တယ်စီးလာတဲ့သူတွေက သောင်ပြင်ကိုဖြတ်လာရမှာဖြစ်ပြီး ဝါးတံတားလေးလုပ်ထားတာကိုလည်းတွေ့ရပါတယ်။ ရေတော်တော်ကျတာမို့ ရှော်တယ်စီး

www.burmeseclassic.com

www.burmeseclassic.com

လာရင် သောင်ပြင်ကြီးကို အဝေးကြီး လျှောက်ကြရမှာပါ။ ရှော်တယ်နဲ့မလာ ဖြစ်တာတော်သေးတယ်လို့ တွေးလိုက်မိ ပါတယ်။ မော်လိုက်မြို့ပေါ်ကိုရောက်ဖို့ သောင်ပြင်ကိုဖြတ်ပြီးတာနဲ့မပြီးဘဲ ကမ်း ပါးအပေါ်ရောက်ဖို့ ကျောက်လှေကား အထစ်ခုနစ်ဆယ်ကျော်ကို တက်ရဦးမှာ ပါတဲ့။ ကိုယ်သာဆိုရင် ဒီလောက်လှေ ကားထစ်ကိုတက်နိုင်မယ်မထင်ပါဘူး။ သောင်ပြင်ကြီးကိုဖြတ်ပြီး မြို့ကိုလာနေ ကြတဲ့လူလေးတွေကို သေးသေးလေးပဲ မြင်ကြရပါတယ်။

တချို့ထမင်းဆိုင်တွေက ရှော်တယ် တို့၊ စက်လှေတို့ဆိုက်ကပ်တဲ့နေရာအထိ သောင်ပြင်ကိုဖြတ်ပြီး ဈေးသွားမရောင်း နိုင်ဘူး။ မြစ်ကမ်းပေါ်မှာပဲရောင်းကြပါ တယ်။ အောက်အထိသွားရောင်းရင် တော့ ပိုရောင်းကောင်းပါတယ်တဲ့။ မိုးတွင်းဆိုရင်တော့ ရေက မြစ်ကမ်းပါး အထိတက်လာလို့ မော်တော်တွေက

ကျောဘက်မှမြင်ရပုံ

နှင်းမှုန်အတွင်းမှ ဓာတ်ပေါင်းစေတီ

ဆင်စာကျွေးသည့်နေရာမှ
ဆင်မလေးငြိမ်းဝင်းဝင်းနှင့် မိခင် ဆင်မ

ဆင်အသုံးအဆောင်ပစ္စည်းများ

ဆင်စီးရပညှဲနေရာ

ပျားစွဲဆင်စခန်း

www.burmeseclassic.com

www.burmeseclassic.com

မော်လိုက်မြို့မှာပဲ ညအိပ်နားကြလို့ ထမင်းဆိုင်တွေ ပိုရောင်းကောင်းကြပါတယ်။

တည်းတဲ့အိမ်ကြီးကနှစ်ထပ်တိုက်ကြီး။ အောက်ထပ်မှာ သဲသွင်းထားပြီး မိုးမကျခင် ကျောက်ပြားခင်းမည်လို့ဆိုပါတယ်။ မြစ်ရေကြီးတဲ့အခါ သူတို့အိမ်ထဲ အထိရေဝင်လို့ မြို့ထဲကို လှေနဲ့သွားကြရကြောင်းသိခဲ့ရပါတယ်။ ကုန်းမြင့်တဲ့ အိမ်များကတော့ ရေမဝင်ပါ။ မော်လိုက်မြို့ရှိအိမ်များမှာ သစ်ပေါ၍လားမသိ။ အိမ်ကြီးအိမ်ကောင်းများ များပြားပြီး တချို့နှစ်ပေါင်းကြာလို့ ယိမ်းယိုင်နေတဲ့ အိမ်များကိုဖျက်ပြီး အိမ်သစ်ဆောက်နေကြပါတယ်။ ထိုမြို့လေးမှာ လွန်ခဲ့သော အင်္ဂလိပ်ခေတ်ကတည်းက ဆောက်ထားသော ရှေးဟောင်းအိမ်များရှိကြပါတယ်။ နှစ်ပေါင်းတစ်ရာကျော်ပြီလို့ ဆိုကြပါတယ်။ ကိုလိုနီခေတ်ကတည်းက အဆောက်အအုံများများစားရှိပြီး ကိုးကျင်းရိုက်ဂေါက်ကွင်းလည်းရှိပါတယ်။

မော်လိုက်မြို့လေးကို မင်္ဂလာဆောင်ကိစ္စနှင့်လာတာမို့ နေရာအတော်များများကို အချိန်မပေးနိုင်လို့ မရောက်ရှိခဲ့ရပါဘူး။ မင်္ဂလာဆောင်က မနက်ခုနစ်နာရီကနေ နေ့လယ်ဆယ့်တစ်နာရီအထိမို့ နေ့လယ်ဆယ့်နှစ်နာရီလောက်မှာမှ ဘုရားဖူးထွက်ဖြစ်ခဲ့ပါတယ်။ သွားဖူးဖြစ်ခဲ့တဲ့နေရာကတော့ မော်လိုက်မြို့အနီးနားမှာရှိတဲ့ ဒီပင်္ကာရာတောင်က ဒီပင်္ကာရာမြတ်စွာဘုရားကြီးဖြစ်ပါတယ်။

■ ဘုရားကြီးရဲ့သမိုင်းအကျဉ်းကတော့

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့ စွယ်တော်ရပ်ကွက် အနောက် (၂) ဖာလုံခန့်ကွာဝေးသော နေရာတွင် ဒီပင်္ကာရာမြတ်စွာဘုရားကိန်းဝပ်စံပယ်တော်မူတဲ့ ဒီပင်္ကာဘုရားတောင်တော်ရှိပါတယ်။ ဒီပင်္ကာဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးထုလုပ်မယ့် ကျွန်းပင်ကြီးဟာ မြန်မာနှစ် ၁၁၉၈ ခုနှစ်၊ သာသနာနှစ် ၂၃၈၀ ပြည့်နှစ်၊ ခရစ်နှစ် ၁၈၁၆ ခုနှစ်မှာ မော်လိုက်မြို့အနောက်ဘက်မှစီးဆင်းလာတဲ့ ယခင် ပန်းချောင်းအခုမော်လိုက်ချောင်းအတွင်းထောင်လျက် မျောပါလာခဲ့ပါတယ်။ ကျွန်းပင်ကြီးဟာ ယခင် အင်ကြင်းတောင်၊ ယခု ဒီပင်္ကာရာတောင်အရှေ့ဘက်မှာ အောက်ဘက်သို့မမျောဘဲ ချောင်းအတွင်းဆန်တက်နေတာကို ယခင် အုတ်နန်းပုတ် ယခု စွယ်တော်ရပ်ကွက် ရပ်ကွက်သူရပ်ကွက်သားတို့မှဆယ်ယူပြီး ဒီပင်္ကာဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဟာဒီတိပေးဟန်ပုံတော်ကို ထွင်းထုပူဇော်ခဲ့ကြပြီး ၎င်းအင်ကြင်းတောင်ကိုလည်း ဘုရားကိုအစွဲပြုပြီး ဒီပင်္ကာရာတောင်လို့ ခေါ်တွင်ခဲ့ပါတယ်။ သာသနာတော်မြတ်ကြီးအစွန့်ရှည်ကြာတည်တံ့စေရန်ရည်သန်ပြီး မော်လိုက်မြို့နယ်ဒါယကာဒါယိကာမများ၊ မြို့နယ်အတွင်းရှိ ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာ အသီးသီးမှပုဂ္ဂိုလ်များ၊ ရပ်နီးရပ်ဝေးမှ ဒါယကာဒါယိကာမများကိုးကွယ်ခဲ့သောနှစ်မှာ နှစ်ပေါင်း (၁၈၀)နှစ်ရှိခဲ့ပြီဖြစ်ပါတယ်။ ရှေးယခင်က တစ်နှစ်လျှင် တစ်ကြိမ် ဓာတ်တော်များကွန့်မြူးခဲ့တယ်လို့ သိရှိရပါတယ်။

မော်လိုက်မြို့ စွယ်တော်ရပ်ကွက်အတွင်းရှိ ကွယ်လွန်ကြကုန်ပြီဖြစ်သော ဘုရားဒါယကာ၊ဒါယိကာမများထိန်းသိမ်းခဲ့ကြသော ဒီပင်္ကာရာမြတ်စွာဘုရားကြီးနှင့်တကွ သာသနိကအဆောက်အအုံများအား ကျန်ရှိသူများက ဆက်လက်ထိန်းသိမ်းခဲ့ကြပါတယ်။ သက္ကရာဇ် ၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်မှ တန်ခိုးကြီးဘုရားများဖော်ထုတ်ခဲ့ပြီး သမိုင်းဝင်ဘုရားများ ဘက်စုံမွမ်းမံဆောင်ရွက်ခဲ့ရာ မြန်မာနှစ် ၁၃၅၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၄ ရက် (၉-၂-၁၉၈၉) နေ့တွင် တစ်ကြိမ်၊ မြို့မဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဓမ္မာရုံကြီးတွင် မော်လိုက်မြို့နယ်လုံးမှ သြဝါဒါစရိယဆရာတော်ကြီးများနဲ့မြို့နယ်သံဃနာယကဆရာတော်ရှားပင်ကျောင်းတိုက်မှ ဘဒ္ဒန္တဥဋ္ဌိဂရသုခဆရာတော်ကြီးနဲ့မြို့မကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဥဋ္ဌိပရမအမှူးပြုသော ဆရာတော်သံဃာတော်ကြီးများနဲ့ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဂေါပကအဖွဲ့ဝင်များ၊ စွယ်တော်ရပ်ကွက်မှ ဂေါပကအဖွဲ့များ၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဓမ္မစကြာအသင်းများမှ ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ပါတယ်။

ထို့နောက် ဆုံးဖြတ်ချက်များအရ မြို့နယ်ငြိမ်ဝပ်ပိပြားရေးအဖွဲ့မှ ၁၃၅၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၀ ရက် (၁၅-၂- ၁၉၈၉) နေ့တွင် မော်လိုက်မြို့နယ်လုံးဆိုင်ရာ တန်ခိုးကြီးဘုရားအဖြစ် သတ်မှတ်ခဲ့ကြပါတယ်။ ၎င်းနောက် အောက်ဖော်ပြပါ သာသနာတော်မှတ်တမ်းဝင်ဆုံးအဖြစ် အချက်ကြီး(၂)ရပ်ကို ချမှတ်ခဲ့ပါတယ်။

၁။ မော်လိုက်မြို့နယ်လုံးဆိုင်ရာ တန်ခိုးကြီးဘုရားသတ်မှတ်ရေး၊

၂။ မော်လိုက်မြို့နယ်လုံးဆိုင်ရာ ဓမ္မစကြာတရားနှင့်အသင်းများပြန့်ပွားရေးဆိုပြီးတော့ပါ။

မြို့နယ်ငြိမ်ဝပ်ပိပြားရေးအဖွဲ့မှ ဦးဆောင်၍ မြို့နယ်ဂေါပကနှင့်အဖွဲ့ဝင်များ၊ တစ်မြို့နယ်လုံးရှိ ဒါယကာ၊ ဒါယိကာမများ၊ ဓမ္မစကြာအဖွဲ့များ၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများမှ ဒီပင်္ကာရာတောင်တော်ပေါ်တွင် သာသနိကအဆောက်အအုံများတည်ဆောက်ရာ -

၁။ ဓမ္မစကြာရုပ်တုရုပ်လုံးနှင့်ဓမ္မာရုံ

၂။ နဂါးရုံဘုရားနှင့်ဓမ္မာရုံ

၃။ ဗျာဒိတ်ပေးဘုရားနှင့်ရဟန္တာ

၄။ တောင်ခြေမှ မုခ်ဦးပြာသာဒ် (၃) ခု

၅။ မီးစက်ရုံနှင့် မီးစက်တို့ကို ဆောင်ရွက်ခဲ့ပါတယ်။

နှစ်စဉ် တပေါင်းလပြည့်နေ့တွင် သံဃာတော်အပါး (၁၅၀) ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူပြီး ဘုရားပွဲကျင်းပကြပါတယ်။ ဘုရားပွဲရက်များမှာ အငြိမ့်ပွဲဇာတ်ပွဲများနဲ့ စည်ကားသိုက်မြိုက်စွာ ထည့်သွင်းကျင်းပကြကြောင်းလည်း သိရပါတယ်။

၁၉၉၉ ခုနှစ်မှ စတင်ပြီး မြို့နယ်အတွင်းရှိကျေးရွာများနဲ့ မြို့ပေါ်ရပ်ကွက်တို့မှ မိမိတို့ရပ်ကွက်ကျေးရွာများတွင် ဘုရားပွဲများ၊ ဆွမ်းလောင်းပွဲများ ပြုလုပ်နေကြပြီဖြစ်လို့ စွယ်တော်ရပ်ကွက်သို့ ဒီပင်္ကာရာမြတ်စွာဘုရားကြီး ဘက်စုံလုပ်ငန်းနဲ့ ဘုရားပွဲတော်တို့ကို လွှဲပြောင်းပေးခဲ့ပါတယ်။ စွယ်တော်ရပ်ကွက်မှ နှေးအစဉ်အလာမပျက်စေရန် စောင့်ရှောက်ထိန်းသိမ်းပြီး နှစ်စဉ် တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလဆန်း ၁၄ ရက်နေ့အထိ နေ့ညအသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ပြုလုပ်ခဲ့ကြပါတယ်။ တပေါင်းလဆန်း (၁၄)ရက်မှ (၁၅)ရက် လပြည့်နေ့တွင် သံဃာအပါး (၁၂၀) ကျော်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အခုအချိန်အထိကျင်းပခဲ့ကြောင်း မြတ်စွာဘုရားသမိုင်းအကျဉ်းကို ဖတ်ရှုသိရှိခဲ့ရပါတယ်။

ဒီပင်္ကာရာမြတ်စွာဘုရား တောင်တော်ပေါ်မှကြည့်ရာ၊ မြတ်စွာဘုရားနှင့် ရဟန္တာများ ကြွချီလာသည်ကို သုမေဓာရှင်ရသေ့မှ မြေပေါ်သို့မှောက်၍ ပူဇော်နေသည့်ဗျာဒိတ်ပေးဘုရားနှင့် ရဟန္တာများပုံထုလုပ်ထားသည်ကိုလည်း ဖူးခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ စောင်းတန်းကြီးများဖြင့်ပြုလုပ်ထားသော အုတ်လှေကားမှနေထိုင်နေရာကိုဆင်းဖူးနိုင်ပါတယ်။ ဓမ္မစကြာဘုရားကိုလည်း စောင်းတန်းလှေကားမှဆင်းဖူးခဲ့ရပါတယ်။ ထိုစောင်းတန်းမှ အောက်သို့ဆက်ဆင်းပြီး နဂါးရုံဘုရားသို့သွားဖူးကြပါတယ်။ တန်ဆောင်းအတွင်းမှ ပန်းချီကားများကိုတြည့်ရှုကြပြီး တောင်တော်ပေါ်ရှိ စည်ကြီးပုံကိုမတ်ပုံရိုက်ခဲ့ပြီး တောင်တော်ပေါ်မှပြန်ဆင်းကာ ဆင်စခန်းသို့သွားခဲ့ကြပါတယ်။

ဆင်စခန်းကား ဒီပက်ရာတောင်တော်နဲ့ နှစ်မိုင်ခန့်ကွာဝေးပါတယ်။ ဆင်စခန်းအဝင်ဆိုင်းဘုတ်မှာ ပျားစွဲဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းလို့ ရေးထားပါတယ်။ ဆင်တွေထားထားတဲ့နေရာကို အပေါ်ကုန်းမြင့်လေးကနေကြည့်တဲ့အခါမှာ တစ်ဖက်ကတောင်နံရံကြီးကာနေပြီး ချောင်းရေတွေထဲမှာ ဆင်တွေရေချိုးနေကြပါတယ်။ဆင်ပေါက်စမလေးကတော့ ရေငုပ်လိုက်ဆော့လိုက်နဲ့ တကယ့်ကလေးလေးလိုပါပဲ။ သူနာမည်လေးက ငြိမ်းဝင်းဝင်းဖြစ်ပြီး အမိနောက်လိုက်ဆင်မလေးပါ။ ၂၀-၆-၂၀၁၆ မှာ ဆင်မကြီး မြင့်တောမယ်ကမွေးခဲ့တာပါ။ အတန်းအစားကတော့ ဆဋ္ဌမတန်းစားပါ။ သူမိခင် လှတောမယ်ကိုမခင်ဘဲ နို့ထိန်းအမေကိုပဲကပ်တယ်လို့ ဆင်ထိန်းတွေက ပြောပြပါတယ်။

ဒီမှာထိန်းသိမ်းထားတဲ့ဆင်တွေရဲ့ အမည်ကတော့ မွန်၊ အေးဒိုး၊ ရွှေမော်ကူး၊ ရွှေမြထွေး၊ မြလေး၊ တိုးပိုင်၊ မြင့်တော မယ်နဲ့ ငြိမ်းဝင်းဝင်းတို့ဖြစ်ကြပါတယ်။ ဧည့်သည်တွေလာတဲ့အတွက် သူတို့ကိုရေချိုးပေးပြီး ကုန်းပေါ်ခေါ်လာခဲ့တာ ဆင်ပေါက်လေးငြိမ်းဝင်းဝင်းကတော့ ကုန်းမြင့်ပေါ်မတက်ဘဲ ဆော့နေလို့ သူအမေက တင်ပါးကနေ တွန်းတင်တင်ပေးနေရပါတယ်။ ဆင်တွေကိုပြတဲ့အခါ လူတွေနဲ့ ဆင်ကြားမှာ တန်းတွေခံထားတာကို ငြိမ်းဝင်းဝင်းက ရှေ့ခြေထောက်လေးနှစ်ချောင်းစလုံး တန်းတွေပေါ်တင်ပြီး အစာတောင်းပါတယ်။ သူတို့ကို ဆီးဝမ်းမှန်စေဖို့ မန်ကျည်းသီးမှည့်အလုံးတွေကျွေးနေတာကို တွေ့ခဲ့ရတယ်။ နွားမောင်းတယမ်းယမ်းနဲ့ အစာတောင်းနေကြလို့ ကြံရောင်းဖို့ပြောတဲ့အခါမှ စိုက်ထားတဲ့ကြံပင်တွေထဲကနေ တစ်ထွာကျော်ကျော်အရွယ် ကြံချောင်းဆယ်ချောင်းကျော်ကျော်ပါတဲ့တစ်ပုံးကို တစ်ထောင်နဲ့ရောင်းပါတယ်။ ကျွေးချင်သလောက်ဝယ်မရပါ။ ငြိမ်းဝင်းဝင်းကို ကျွေးဖို့ရာ သူမလေးက အတင်းတောင်းနေပေမယ့် သူ့အမေဆင်မကြီးနဲ့ တခြားဆင်မကြားမှာမို့ ယမ်းနေတဲ့နှာမောင်းကြားထဲကနေဝင်မကျွေးရဲလို့ ဆင်ထိန်းတွေက ကျွေးပေးကြပါတယ်။

ဆင်တွေရဲ့ အသိဉာဏ်ကတော့ စံထားလောက်စရာပါပဲ။ ရတဲ့ကြံချောင်းကို အရင်မစားသေးဘဲ ပါးစောင်းရင်းမှာ ကန့်လန့်တင်သိမ်းထားပြီး ထပ်ထပ်တောင်းပါတယ်။ ဆင်မလေးငြိမ်းဝင်းဝင်းက ချစ်စရာသနားစရာကောင်းလွန်းလို့ သူ့ပုံတွေကို အများကြီးရိုက်ခဲ့မိပါတယ်။ ဆင်စီးချင်ရင် ဘစ်ခါစီးသုံးထောင်ဆိုပေမယ့် အမျိုးသမီးတွေက ဆင်ထီးတွေကိုစီးရင် ကန်တော့ပြီးမှစီးရတယ်ဆိုလို့ မစီးဖြစ်ကြပါ။ စီးရင် စခန်းတစ်ပတ်ပတ်ပေးပါတယ်တဲ့လေ။ ဓာတ်ပုံရိုက်ကြ၊ အစာတွေကျွေးပြီးတာနဲ့ ဆင်တွေကို သူတို့ကိုထားတဲ့ ချောင်းရေရှိတဲ့ တောင်ကုန်းအောက်ကိုပြန်ခေါ်သွားခဲ့ပါတယ်။ ဆင်တွေထားတဲ့နေရာမှာ သဲပြင်ကြီးတွေနှင့် သစ်ပင်တွေလည်းရှိနေပါတယ်။ တောင်ကမ်းပါးယံကြီးတွေကတော့ သိပ်လှပါတယ်။

ဆင်အတွက်သုံးတဲ့ပစ္စည်းတွေကိုပြထားတဲ့နေရာကိုသွားကြည့်တဲ့အခါ မြီးသိုင်းကြိုး၊ ဒိုးနွယ်၊ ဆူးရစ်၊ ဝမ်းပတ်ကြိုး၊ ရင်သိုင်းကြိုး၊ ခလောက်၊ လည်ပတ်၊ ထူး၊ ခွေးခြေတို့ကို တွေ့မြင်ခဲ့ရပါတယ်။ ချောင်းလေးရဲ့တစ်ဖက်မှာ တောင်နံရံတွေနဲ့ကာထားတဲ့ ဆင်စခန်းလေးကသာယာလှပါတယ်။ ဆောင်းအခါမို့ ရေကျလို့ သဲပြင်တွေနဲ့ပါ။ ဆင်တစ်ကောင်ဟာ ပေါင် (၆၅၀)လောက်စားနိုင်ပြီး စားထားတဲ့အစာရှိနေရင် ပေါင် (၃၅၀)လောက်ကို အလျင်မီအောင်စားနိုင်ပါတယ်။ သူတို့ကို ညဘက်ဆို တောထဲမှာ လွှတ်ထားပြီး ငှက်ပျော၊ ဝါးနုလေးတွေ၊ သစ်ဖုသစ်ဥလေးတွေကို ရှာစားကြပါတယ်။ ယခင်က သစ်ထုတ်လုပ်မှုများတော့ ဆင်တွေကို သစ်ထုတ်ဖို့အတွက် ခိုင်းကြရပြီး ယခုအခါတော့ သစ်ထုတ်မှုသိပ်မရှိတော့တဲ့အတွက် ထိန်းသိမ်းစောင့်ရှောက်ထားကြရတာပါ။ လွန်ခဲ့တဲ့ (၂)နှစ်ကျော်လောက်က တောဆင်ထီးတစ်ကောင်ဟာ သစ်ထုတ်လုပ်ရေးစခန်းပြောင်းတော့ သူကြိုက်နေတဲ့ဆင်မပါသွားလို့ ပြောင်းသွားတဲ့နေရာကိုလိုက်ရှာပြီး လမ်းကအိမ်လေးတွေကိုပါဖျက်ဆီးခဲ့လို့ လူလည်းသေပါတယ်။

ဆင်တွေကို သစ်ထုတ်လုပ်မှုမရှိတော့တဲ့အခါ ဒီတိုင်းလွှတ်ထားရင် ကားလမ်းမပေါ်တက်ကာ ဆိုင်ကယ်တွေ ကားတွေရှေ့က ကာထားပိတ်ထားပြီး အထူးသဖြင့် ဆိုင်ကယ်တွေကိုရန်လုပ်တတ်လို့ ထိန်းသိမ်းစောင့်ရှောက်ထားကြကြောင်း လည်းသိခဲ့ရပါတယ်။ ဆင်စခန်းကနေ ရေနွေးကြမ်း၊ လက်ဖက်သုပ်တို့နှင့် ည့်ခံတာကို ကျေးဇူးတင်စွာစားခဲ့ကြပါတယ်။ အကူအညီလိုအပ်တာရှိရင်လည်း ကူညီမည်ဖြစ်ကြောင်း စခန်းတာဝန်ခံက နှုတ်ဆက်ကြရင်းပြောပါတယ်။

ဆင်စခန်းကပြန်ထွက်ပြီး မြတ်စွာဘုရားရဲ့လက်ဆေးတော်ကန်ကိုသွားဖို့ ကြိုးစားခဲ့ကြပေမယ့် သွားရတဲ့ခရီးမှာ ချောက်ကမ်းပါးအကွေ့ခြောက်နေရာ ခြောက်ထပ်တွေကိုဖြတ်ရမှာဖြစ်ပြီး ဒီအချိန်မှသွားရင် ညဘက်မှ မော်လိုက်မြို့ကိုပြန်ရောက်မယ်လို့ ပြောတာနဲ့ မသွားဖြစ်ခဲ့ပါ။ မြို့ခံလူ မသီရိဗိုလ်ရဲ့ ပြောပြမှုနဲ့ ဓာတ်ပုံတွေကိုပြလို့ မရောက်ရှိခဲ့ပေမယ့် လက်ဆေးတော်ကန်အကြောင်းသိခဲ့ရပါတယ်။ လက်ဆေးတော်ကန်ဟာ မြတ်စွာဘုရား ထိုနေရာကိုကြွလာစဉ် လက်တော်ဆေးခဲ့တဲ့ကန်ဖြစ်ပြီး ဗျာဒိတ်တော်လည်းပေးခဲ့တယ်လို့ ဆိုကြပါတယ်။ အမြင့်ပေလေးထောင်လောက်မှာရှိနေတဲ့ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ကိုသွားတဲ့လမ်းမှာပါ။ သစ်ပင်တွေ ကန်ဘေးမှာရှိတာကို သစ်ရွက်တစ်ရွက်မှ ကန်ထဲမှာမရှိဘဲ ကန်ထဲကရေဟာ ကြည်လင်နေပါတယ်လို့ ပြောပြကြပါတယ်။ ရောက်ဖူးဆိုက်ရင်တော့ နောက်တစ်ခါရောက်မှာပါ။

မော်လိုက်မြို့ကနေ မနက် ဆယ်နာရီလောက်မှာ မဟာမြိုင်လမ်းထက်မိုင်လေးဆယ်ကျော်လျှောတဲ့ ယာကြီးကလေးဝလမ်းကနေ ပြန်ခဲ့ကြပါတယ်။ လမ်းခရီးတစ်လျှောက်လုံး ယာဉ်မောင်းကဘေးပတ်ဝန်းကျင်က စခန်းတွေ၊ ချောင်တွေ၊ တောင်တွင်းချောင်မှာ ရေတံခွန်ရှိတာတွေကိုလည်းပြောပြသွားလို့ ဗဟုသုတများစွာရရှိခဲ့ပါတယ်။ ဒါကြောင့် မုံရွာကို ညခုနစ်နာရီကျော်လောက် ရောက်ရှိခဲ့ပါတယ်။

(ကူညီပေးခဲ့ကြသူအားလုံးနှင့် မသီရိဗိုလ်တို့မိသားစုကို အထူးကျေးဇူးတင်ရှိပါကြောင်း)

စောမိသင်္ဘ(နေကုန်)

www.burmeseclassic.com

www.burmeseclassic.com

မျိုးဝင်း(ဖြည့်)

ပြည်မြို့ ရွှေဆံတော်ဘုရားရင်ပြင်ပေါ်မှ ဘိလပ်ပြန်ခေါင်းလောင်း

ဘိလပ်ပြန်ခေါင်းလောင်းသည် အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲမှ အကြောင်းအရင်းခံခဲ့လေ၏။ ခရစ်နှစ် ၁၈၅၂-၅၄ တွင် ပုဂံမင်းလက်ထက်မှ အစပြုပြီး အင်္ဂလိပ်နှင့် မြန်မာတို့ စစ်မက်ဖြစ်ပွားလာခဲ့ကာ ပုဂံမင်းအား ညီတော်ဖြစ်သော မင်းတုန်းမင်းမှနန်းချထားစဉ် ပြောင်းလဲစိုးစံခဲ့ပြီး အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲလည်း အဆုံးသတ်လိုက်ကြသည်။

မြန်မာတို့မှာ စစ်ရပ်ဆိုင်းလိုက်သော်လည်း အနှုန်းနှင့်ရပ်လိုက်ရသည်ဖြစ်ရာ စစ်တို့၏ထုံးစံအတိုင်း စစ်နိုင်သောတိုင်းပြည်သည် စစ်နှုန်းငံတို့မှ ယဉ်ကျေးမှုပစ္စည်းနှင့် အဖိုးတန်ပစ္စည်းမှန်သမျှတို့ကို သိမ်းကျုံးယူငင်ကြစမြဲမှာ သမိုင်းခေတ်တစ်လျှောက်လုံးပင်ဖြစ်ခဲ့၏။ သို့ဖြစ်ရာ စစ်နိုင်ပစ္စည်းအဖြစ် သိမ်းဆည်းယူငင်ကြသည်မှာ မဆန်းသောကိစ္စဖြစ်သောကြောင့် အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲအပြီးတွင် အင်္ဂလိပ်ကြည်းတပ်မတော်ကို အုပ်ချုပ်ရသော စစ်ဗိုလ်ချုပ်ကြီး ဆာဝီလျံဝမ်းအား ပဲခူးမြို့တွင်ရှိသော အကြီးဆုံးခေါင်းလောင်းကြီးတစ်လုံးကို မြန်မာပြည်ရောက်စစ်သည်တော်များက လက်ဆောင်ပဏ္ဏာအဖြစ်ဆက်သခဲ့၏။

အလားတူ ကြည်းတပ်ဗိုလ်ချုပ်ကြီး ဆာသောမက်ဂေါ်ဒဝင်ကိုလည်း ပြည်မြို့မှ စစ်သည်တော်များက ခေါင်းလောင်းတစ်လုံးကို အမှတ်တရ ဆက်သကြပြန်လေ၏။ ဂေါ်ဒဝင်သည် မြန်မာပြည်စစ်မြေပြင်ကို ကွပ်ကဲအုပ်ချုပ်ရန်ရောက်လာခဲ့သောဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သည်။ သူ့အား လက်ဆောင်အဖြစ်ပေးအပ်ခဲ့သော ခေါင်းလောင်းသည် ပြည်မြို့ ရွှေဆံတော်ရင်ပြင်ပေါ်မှယူဆောင်သွားသည့် ခေါင်းလောင်းပင် ဖြစ်လေသည်။ ယင်းခေါင်းလောင်းဘေးပတ်လည်တွင် အလှူရှင်၏လှူဒါန်းမှုအား ကမ္ပည်းထိုးထားကြောင်း ဤသို့တွေ့ရှိရပါသည်။ 'အမရပူရမြို့ ဇေယျကျော်ထင်ဘွဲ့ခံ မောင်အောင်သူနှင့် ဇနီးရှင်မင်းယောက်၊ သမီးရှင်ဘုန်နှင့် ရှင်ထုန်တို့ ကောင်းမှုတော်ဟု ဖြစ်ပါသည်။

စစ်ဗိုလ်ချုပ်ကြီး ဂေါ်ဒဝင်သည် စစ်မက်ရေးရာတာဝန်များပြီးဆုံးသွား၍ အင်္ဂလန်သို့ပြန်သွားသောအခါ ဘိလပ် (အင်္ဂလန်) သို့ယူဆောင်သွားပြီးနောက် သူ၏ဆွေစဉ်မျိုးဆက်ရှေးဟောင်းပစ္စည်း မြန်မာပြည်စစ်မြေပြင်အောင်မြင်မှုအထိမ်းအမှတ်လက်ဆောင်အဖြစ် ဂုဏ်ဝင့်တယ္ဓသိမ်းဆည်းပြသထားသည်။ မြေးဖြစ်သူ၏လက်ထက်ရောက်ခဲ့သည့်အခါ ထိုမြေးဖြစ်သူမှာလည်း စစ်မှုထမ်းတစ်ဦးဖြစ်ပြီး လက်ဖတင်နှင်ကာနယ်အိပ်ဂေါ်ဒဝင် အော်စတင်ဖြစ်ကြောင်းသိရှိပြီး ပဲခူးခရိုင် ဝန်ရှင်တော်မင်းကြီးထံသို့ စာအားဖြင့် အကြောင်းကြားပြီးလျှင် အင်္ဂလန်မှ တစ်ဆင့် ပြည်မြို့အရေးပိုင်ထံပေးပို့၍ နေရာဟောင်းဖြစ်သောပြည်ရွှေဆံတော်ဘုရားရင်ပြင်တွင်ထားပေးရန်အကြောင်းကြားခဲ့သည်။ နှစ်ပေါင်းများစွာကြာခဲ့ပြီးမှ ဘုရားရင်ပြင်ပေါ်သို့ ပြန်လည်ပေးပို့လိုကြောင်း စာအဆက်အသွယ်ပြုလာသဖြင့် အားလုံးဝမ်းလည်းသာ အံ့လည်းအံ့သြကြရသည်။

အဘိုးဖြစ်သူ၏ မြန်မာပြည်စစ်မြေပြင်မှတ်တမ်းဒိုင်ယာရီအဟောင်းများကို တရိုတသေသိမ်းဆည်းဖတ်ကြည့်မိရာမှ ဤခေါင်းလောင်းသမိုင်းကို ခြေရာခံမိခဲ့ပြီး ယခုလိုပြန်လည်ပို့ဆောင်ရခြင်းဖြစ်ကြောင်းသိရသည်။ နောက်တစ်ချက်ကား အဘိုးလက်ထက်မှ အိမ်သို့ရောက်ရှိလာခဲ့သော ဤခေါင်းလောင်းလေးသည် အတော်ဖြိုဖျက်မွေခဲ့သည်ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com





စီးပွားပျက်ခြင်း၊ အသေဆိုးဖြင့်သေခြင်း၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ခြင်း၊ ခိုက်ရန်အမြဲဖြစ်ပွားခြင်း စသည်တို့ အမြဲတစေဖြစ်ပေါ်သဖြင့် ဤခေါင်းလောင်းလေးကခိုက်သည်ဟုယူဆလျက် အပြစ်တို့သူအပေါ် စုပုံချကြသည်။ အဘိုး၏အမှတ်တရပစ္စည်း၊ စစ်အောင်ပစ္စည်း၊ ဂုဏ်ယူဝင့်ကြွားသောပစ္စည်းဖြစ်သဖြင့် မစွန့်ပစ်ရက်ဘဲ ဆက်လက်ထားရှိခဲ့သော်လည်း အိပ်မက်ဆိုးများ၊ အဖြစ်ဆိုးများ၊ ထိတ်လန့်စရာများနှင့် ပြွမ်းတီးနေခဲ့သောကြောင့် မြေးဖြစ်သူလက်ထက်တွင် ခေါင်းလောင်းအား မူရင်းနေရပ်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်ရခြင်း ဖြစ်သည်။

မိမိတို့အိမ်တွင် ဆက်လက်ထားရှိပါက အကျိုးမရှိသည့်တိုင် ဆုတ်ယုတ်ပျက်စီး ထိတ်လန့်မှုများအမျိုးမျိုးပေးနေသောကြောင့် ကျိန်စာသင့်ခေါင်းလောင်းလေးကို မူရင်းဒေသသို့ ပြန်ပို့ရန်သာ စိတ်စောနေကြတော့၏။ မြန်မာပြည်ရှိလူသူအများကမူ ဤခေါင်းလောင်းလေးအား လေးစားယုံကြည်စွာ ထိုးနှက်ကူသိုလ်ယူကြမည်မှာမလွဲဖြစ်၍ ပြန်ပို့ခြင်းသည်သာလျှင် သင့်တော်ကြောင်း စိတ်ပိုင်းဖြတ်ခဲ့သည်။ ဘိလပ်၌ ဤခေါင်းလောင်းလေး၏ ဘေးပေးသောဆိုးကျိုးအန္တရာယ်အသွယ်သွယ်ကိုသိကြသောကြောင့် ပေး၍လည်းမယူရဲကြ၊ လှူ၍လည်းလက်မခံ၊ စွန့်ပစ်၍လည်းမပြုရဲနောက်ဆုံး မြစ်ထဲပစ်ချအဆုံးသုတ်ရန် ကြံစည်ကြသော်လည်း ခေါင်းလောင်းလေး ရေတွင်မြုပ်ရသကဲ့သို့ သင်တို့ဆွေစဉ်မျိုးဆက်ရေနစ်သေဆုံးရပါလိမ့်မည်ဟူသောအိပ်မက်ဆိုးကြီးမက်သဖြင့် ဘာမှမဆက်မလုပ်ရဲခဲ့ပေ။ သို့ကြောင့် မြေးဖြစ်သူ ဂေါ်ဒဝင်အော်စတင်လက်ထက်တွင် မြန်မာပြည်သို့ဆက်သွယ်ပြီး ဤခေါင်းလောင်းလေးအား မူရင်းဒေသပြည်ရွှေဆံတော်စေတီပေါ်သို့ ပေးပို့လိုကြောင်းနှင့် ကုန်ကျမည့်စရိတ်စကကို မိမိတို့သာခံယူမည်ဖြစ်၍ လက်ခံမခံအကြောင်းပြန်ကြားရန် ဆက်သွယ်လာခဲ့သည်။

ဤခေါင်းလောင်းလေး၏ရာဇဝင်အား မူရင်းအင်္ဂလိပ်ဘာသာမှ မြန်မာပြန်ဆိုရေးသား၍ ဖိုင်တွဲထားသောကိုလိုနီခေတ်စာဟောင်းပေဟောင်းများအကြားတွင် ဤသို့တွေ့ရှိရသည်။

စာအုပ်ရှု မြန်မာပြည်ဘုရင်ခံ၏ ကိုယ်ရေးကိုယ်တာကိစ္စများကိုဆောင်ရွက်ရသော အတွင်းရေးအတွင်းဝန်ထဲပေးသည့်စာဟု ဖော်ပြပါရှိသည်။

ယင်းစာ၏ အပြည့်အစုံကား ဤသို့တည်း။

အဆွေတော်ခင်ဗျား. . .

ယခု ကျွန်တော်ရေးသားမည့် အကြောင်းကို အဆွေတော်မှတစ်ပါး အခြားသူများသိနိုင်မည်မဟုတ်သဖြင့် နှောင်ယှက်ခြင်းပင်ဖြစ်ပါသော်လည်း တောင်းပန်၍ရေးလိုက်ပါသည်။ ကျွန်ုပ်သည် ၁၈၅၁ ခုနှစ်၊ ၁၈၅၃ ခုနှစ်တွင် ပဲခူးနှင့်ရန်ကုန်မြို့များကိုသိမ်းယူသောတပ်မတော်တွင် အုပ်ချုပ်ခဲ့ရသော စစ်ဗိုလ်ချုပ်ကြီးဆာသောမက်ဂေါ်ဒဝင်၏မြေး ဖြစ်ပါသည်။ ၁၈၅၃ ခုနှစ်တွင် ကျွန်ုပ်၏အဘိုးစစ်ဗိုလ်ချုပ်ကြီးဂေါ်ဒဝင်၏သက်တော်စောင့်အဖြစ်နှင့် အမှုတော်ကိုထမ်းပါသည်။ ဤကဲ့သို့ အမှုမထမ်းမီ အခါက ရွှိုင်ရယ်အိုင်ရစ်တပ်တွင် အမှုထမ်းရာ ကျွန်ုပ်သည် ပြည်မြို့သို့ရောက်ရှိ၍ အသက်အားဖြင့် (၁၉)နှစ်သာရှိခဲ့ပါသေးသည်။

ယခုပေးသောစာ၏အကြောင်းရာမှာ တစ်ရံရောအခါက ပြည်မြို့ ရွှေဆံတော်ဘုရားကုန်းတော်ပေါ်တွင်ဆွဲထားသည့် မြန်မာလူမျိုးတို့သွန်းလုပ်သော ခေါင်းလောင်းများတွင် စံပြလောက်အောင် အလှပဆုံးသော ခေါင်းလောင်းတစ်လုံးဖြစ်ကြောင်းပင် ဖြစ်ပါသည်။ အရေးတော်မပြီးမီ မြန်မာပြည်ရှိ အင်္ဂလိပ်စစ်သည်တော်တပ်က ခေါင်းလောင်း

www.burmeseclassic.com

www.burmeseclassic.com

မစွတာဒဗလျူအက်ဖ်ဂရေဟမ်
(အိုင်စီအက်(စ်)
ပဲခူးဝန်ရှင်တော်မင်းကြီး၊
ရန်ကုန်။

ပေးစာ၊ ပြန်စာများ ဆက်လက်မတွေ့ရတော့သော်လည်း တစ်နေ့သဘ်ထင်းရှူးသေတ္တာကြီးတစ်လုံးဖြင့် အော်စတင်ပြန်လည်ပေးပို့လိုက်မည်ဖြစ်သော ခေါင်းလောင်းလေးသည် ဆိုက်ဆိုက်မြိုက်မြိုက် အင်္ဂလန်မှ ရန်ကုန်မြို့သို့ ရောက်လာတော့သည်။ ရန်ကုန်မြို့မှ တစ်ဆင့် ပြည်မြို့အရေးပိုင်ရုံးသို့ပို့လိုက်ကြောင်း၊ အရေးပိုင်ရုံးမှတစ်ဆင့် ပြည်မြို့ကမ်းနားလမ်းရှိ စာဖတ်ရုံရှိသောနေရာဘုရင်မပန်းခြံသို့ပို့ထားခဲ့လေသည်။

အချို့မှတ်တမ်းများ၌ ခေါင်းလောင်းကို ပြန်လည်ပေးပို့သောစရိတ်ကုန်ကျငွေကို အော်စတင်မှပင်ကျခံခဲ့ပြီး ပြည်မြို့သို့ ခေါင်းလောင်းပြန်လည်ရောက်ရှိသော အချိန်၌ အရေးပိုင်မင်းခရီးထွက်နေခိုက်နှင့်ကြုံနေသဖြင့် ပြည်မြို့ငွေတိုက်တွင် (၁၀) ရက်ခန့်မျှ သိမ်းဆည်းထားရကြောင်း ဖော်ပြထားသည်။ ထို့နောက် ထိုခေါင်းလောင်းလေးအား အဆောင်အယောင်တို့ဖြင့် မြို့ကိုလှည့်ပတ်ကာ ရွှေဆံတော်ကုန်းတော်ပေါ်သို့ ပို့ဆောင်ထားခဲ့ကြသည်။

စစ်အောင်နိုင်သူအဖို့ အမှတ်တရပစ္စည်းအဖြစ် သိမ်းဆည်းယူဆောင်သွားခဲ့သော်လည်း နိမိတ်ဆိုး၊ အတိတ်ဆိုးနှင့်ကဲကြမ္မာဆိုးများကိုမခံစားနိုင်တော့သည့်နောက် ဤခေါင်းလောင်းလေးသည် မူရင်းမြန်မာပြည်သို့ ပြန်လည်ရောက်ခဲ့ရတော့သည်။ ကျိန်စာသင့်ခဲ့ခေါင်းလောင်းလေးသည် မြန်မာပြည်သူပြည်သားရဟန်းသံဃာများအတွက်တော့ ဟုတ်မည်မထင်ပေ။ ထိုးလိုက်လျှင် အသံသာချိုအေးသောသူ၏ပင်ကိုသံသည် အေးချမ်းခြင်းနိမိတ်ကို ဖော်ကျူးနေဟန်ရှိသည်။ အများပြည်သူနှင့် သုတေသီများလက်တွေ့ထိုးကြည့်နိုင်ရန် ပြည်မြို့ရွှေဆံတော်ဘုရား ရာဟုထောင့်အနီးတွင် ယခုတိုင်ရှိနေသည်။

မိတ်ဆွေ သွားရောက်ထိုးကြည့်ပြီး ကုသိုလ်ယူကြည့်နိုင်ပါသည်။

မျိုးဝင်း(ပြည်)

စာကိုး -

ကျိန်စာသင့်တဲ့ သမိုင်းပုံရိပ်များ
သံန်းထွန်း (လှည်းကူး)



ထားရမည်သာဖြစ်ပါသည်။ ၁၈၅၁ ခုနှစ်နှင့် ၁၈၅၃ ခုနှစ်တို့မှ ဤပြည်မြို့ခေါင်းလောင်းအဖြစ်အပျက်ကို သိမီသူတစ်ယောက်မျှရှိလေမည်လည်း မဟုတ်ပါ။ ထို့ကြောင့် ဤခေါင်းလောင်းနှင့်ပတ်သက်၍ ကျွန်ုပ်ထံ ပြန်ကြားစေလိုပါကြောင်း။ ။ ။

လက်ဖတင်နင်ကာနယ်အိပ်ဂေါ်ဒဝင်အော်စတင်ထံမှ မြန်မာပြည်ဘုရင်ခံ၏ ကိုယ်မှုကိစ္စဆောင်ရွက်တော်မူသော အပါးတော်မြဲအတွင်းဝန်ထံပေးပို့သောစာဖြစ်သည်။ ဘီလပ်သို့ပြန်ကြားခဲ့သောစာတစ်စောင်ကိုလည်း တိုတိုနှင့်လိုရင်းကို အကျဉ်းမျှရေးသားပို့ထားသည်ကို ဤသို့တွေ့ရပြန်သည်။

နေ့စွဲ။ ။ ၁၉၁၈ ခုနှစ်၊
စက်တင်ဘာလ ၂၃ ရက်

မိတ်ဆွေကြီးပင်နယ်

ကျွန်ုပ်ထင်မြင်ချက်မှာ ပြည်မြို့သူမြို့သားတို့က သင့်အဘိုးဂေါ်ဒဝင်ထံရောက်နေသောခေါင်းလောင်းအကြောင်းကို နှစ်ရှည်လများကြာခဲ့ပြီဖြစ်သဖြင့် သိကြလိမ့်မည်မထင်သည့်အပြင် ကာနယ်ဂေါ်ဒဝင် ပြန်လည်ပေးပို့မည်ကိုလည်း လိုလိုချင်ချင်ရှိကြလိမ့်မည်မဟုတ်ဟု သဘောရသည်။ ထိုကဲ့သို့ သဘောအရသော်လည်း အမှန်ဟုတ်ကောင်းမှဟုတ်ပါဦးမည်။ ဘုရင်ခံသဘောမှာ ပြည်မြို့သူမြို့သားတို့နှင့် တိုင်ပင်ဆွေးနွေးစေလိုသေးသဖြင့် အထူးသဖြင့် ပြည်ရွှေဆံတော်ဘုရား ဘက္ကာတော်ထိန်းအဖွဲ့လူကြီးများအား အလိုရှိမရှိ တိုင်ပင်စေလိုပါသည်။ တိကျသောအဖြေရမှသာ အကြောင်းပြန်ပါမည်။

တော် (၂) ခုကို လက်ဆောစ်ပက္ကာအဖြစ်ဖြင့် ဆက်သကြသည်။

တစ်ခုမှာ ပဲခူးမြို့တွင်ရှိသော အကြီးဆုံးခေါင်းလောင်းဖြစ်၍ ထိုစဉ်က ဗိုလ်ချုပ်ကြီး ဆာဝီလျံဝမ်းကို ဆက်သသောခေါင်းလောင်း ဖြစ်ပါသည်။ ထိုခေါင်းလောင်းသည် ဘီလပ်နိုင်ငံ လန်ဒန်တာဝါ (ခေါ်) ရဲတိုက်အတွင်း၌ ယခုတိုင်အောင်ရှိပါသေးသည်။ အခြားခေါင်းလောင်းတစ်ခုမှာ ဤစာနှင့်သက်ဆိုင်သည့် ပြည်မြို့မှ ခေါင်းလောင်းကို စစ်ဗိုလ်ချုပ်ကြီးဂေါ်ဒဝင်သို့ ဆက်သကြ၏။ ထိုဗိုလ်ချုပ်ကြီး ဂျင်နရယ်ဂေါ်ဒဝင်ဆိုသူမှာ ကျွန်ုပ်၏အဓိမှဆက်နွယ်သောအဘိုးတော်သူဖြစ်သဖြင့် ယခု ကျွန်ုပ်တို့ဆွေမျိုးနွယ်ကို ဂေါ်ဒဝင်အော်စတင်ဟု ခေါ်တွင်ပါသည်။

ကျွန်ုပ်သည် ခေါင်းလောင်းကို ပြည်မြို့သို့ ဗုဒ္ဓဘာသာဝင်လူအပေါင်းအား ပြန်၍ပေးအပ်ရန် သင့်လျော်လိမ့်မည်ဟု မကြာခဏ စဉ်းစားတွေးတောမိပါသည်။ ရှေးဘိုးစဉ်ဘောင်ဆက်ခေါင်းလောင်းဖြစ်သဖြင့် မြန်မာဗုဒ္ဓဘာသာလူစုတို့က ပြန်၍လိုချင်ကြမည်ထင်ပါသည်။ ထိုသို့လိုချင်ကြပါလျှင် အကောင်းဆုံးနည်းမှာ ခေါင်းလောင်းကို သူ့နေရာဟောင်းသို့ ပြန်ပို့ရန်သာ ဖြစ်ပါသည်။ မြန်မာပြည်သူပြည်သားတို့၏ စိတ်ဝမ်းထဲ၌ မည်ကဲ့သို့ရှိကြမည်ကို စုံစမ်း၍ ကျွန်ုပ်အား အကြံပေးစေလိုပါသည်။ မြန်မာလူမျိုးများအား ကျွန်ုပ် မြန်မာပြည်တွင်ရှိစဉ်ကနှင့် ယခုများစွာပြောင်းလဲကြကုန်ပြီဟု ကောန်မဆိုသာပါ။ ပြည်မြို့မှ လူသူအများသည် ဤခေါင်းလောင်းအကြောင်းကို တရေးတယူလုပ်ကြပါဦးမည်လော။

ကျွန်ုပ်တို့ယူဆောင်လာခဲ့သည်မှာ နှစ်အတော်ပင်ကြာမြင့်ခဲ့ပြီးဖြစ်သဖြင့် ထိုခေါင်းလောင်း၌ ယခင်ကတည်ရှိခဲ့သော တန်ခိုးအာနိသင် ယခုအထိရှိဦးမည်လော။ ပြည်မြို့လူထုသည် ဤခေါင်းလောင်းအား စုံမက်စွာပြန်လိုချင်ကြပါမူ ကျွန်ုပ် ပြန်လည်ပေးပို့လိုက်ပါမည်။ သို့ရာတွင် ကျွန်ုပ်တောင်းပန်လိုသောအရာမှာ ဘီလပ်မှ ပြည်မြို့ရောက်လျှက် ရွှေဆံတော်ဘုရားကုန်းတော်နေရာဟောင်းသို့ ပြန်ထားကြစေလိုပါသည်။ အကယ်၍ ခေါင်းလောင်းကို အလိုမရှိတော့၍ ပြန်မယူလိုကြပါလျှင် ဂင်းလဖို့အနီး (ရှားလဖို့အိမ်တော်) တွင် ဆွေစဉ်မျိုးဆက် ရှေးဟောင်းပစ္စည်းအဖြစ် သိမ်း

www.burmeseclassic.com

www.burmeseclassic.com

သီဒိုင်းဒေး(လယ်တွင်း)
ကင်းပုံပင်
ဆေးဖက်ဝင်ပုံ



သက်ပြီး (၂) မျိုးရှိတယ်။ ကျွန်တော်သိသလောက်ပြောတာနော်။ ကျွန်တော်မသိတာတွေလည်းရှိသေးတယ်။ အခုခင်ဗျားသားမှာဖြစ်နေတာက ရေယုန်ခါးပတ်လို့ခေါ်တယ်။ တချို့က ကျောမွာပေါက်တယ်ဗျ။ ဖြစ်တာနဲ့ နီးစပ်ရာဆရာ၊ ဘရာမတွေကိုပြုပြီး အမြန်ဆုံးကုသပါလို့ပြောချင်တယ်"

လူနာရောက်လာတော့ ကျွန်တော်ကြည့်ပါတယ်။ ကျွန်တော်က အသင့်ယူလာတဲ့ကင်းပုံလက်ခြားကို ဇလုံတစ်လုံးတောင်းပြီး ဇလုံထဲထည့်ပြီးညက်နေအောင်နယ်ပါတယ်။ လူနာရဲ့အကျီကိုချွတ်၊ ပုဆိုးကို လှပ်ထားပြီး အောက်ပါ ဂါထာကိုဆိုရပါတယ်။

'ဥု ငါက ကင်းပုံ နင်က ရေယုန်' ဆိုပြီး ခုနစ်ခါမန်းပြီး သုတ်လိမ်းပေးလိုက်ပါတယ်။

တစ်နေ့ကို သုံးကြိမ်လိမ်းပေးလိုက်ရင် ပျောက်ကင်းသွားပါလိမ့်မယ်။ နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ်လိမ်းလိုက်ရုံဖြင့် ပျောက်ကင်းသွားပါလိမ့်မယ်လို့ပြောပြီး ပြန်လာခဲ့ပါတယ်။

နောက်ငါးရက်လောက်ကြာတော့ ဦးကျော်သောင်းတို့သားအဖ ကျွန်တော့်ဆီရောက်လာပါတော့တယ်။ သူ့သားရဲ့ခါးကိုလှန်ပြခိုင်းလိုက်တယ်။ ကျွန်တော်ကြည့်လိုက်တော့ ခြောက်ကပ်သွားတာကို တွေ့လိုက်တယ်။ ကျွန်တော်လည်းကျေနပ်မိတိုင်းဖြစ်သွားတယ်။ ဦးကျော်သောင်းကလည်း ကျွန်တော့်ကိုကျေးဇူးတင်ကြောင်းပြောပါတယ်။

"ဦးကျော်သောင်း၊ နောက်ကို ရေယုန်ပေါက်တဲ့သူ တွေ့ရင် အခုလို ရေယုန်ပျောက်ဂါထာနဲ့ 'ဥု ငါက ကင်းပုံ၊ နင်ကရေယုန်' လို့ ခုနစ်ခေါက်မန်းပြီးကုကြပါလို့ မှာကြားလိုက်ပါတယ်။

သီဒိုင်းဒေး (လယ်တွင်း)

ကျွန်တော်တို့ငယ်ငယ်က အမေက ကျွန်တော်ရဲ့ညီလေး၊ ညီမလေးများကို ချော့သိပ်တဲ့အခါ သီချင်းလေးဆိုပြီး ချော့သိပ်ပါတယ်။ သီချင်းလေးကတော့ အောက်ပါအတိုင်းပါ။

'ကင်းပုံသီးဆီပြန်ကြော်×××× ဖွားလေးနှတ်ကတော်×××ကိုကိုကြီးက×××ဝုံတော်တီး ××× ငါသမီးနှတ်သမီး ×××'

လို့ ဆိုပြချော့သိပ်တတ်ပါတယ်။

ကင်းပုံသီးကို ဆီပြန်ကြော်ချက်စားရပါတယ်။ ဟင်းချိုချက်လည်းစားရပါတယ်။ ကင်းပုံသီးကိုချက်မယ်ဆိုရင် ထုတောင်းချက်ရပါတယ်။ ကင်းပုံသီးဟာ အချိုရော အခါးရော နှစ်မျိုးရှိပါတယ်။

အခါးမျိုးဟာ သုံးမျိုးရှိပါတယ်

ဆူးပုပ်ရွက်နဲ့တူတဲ့အပင်၊ ကြက်ဟင်းခါးရွက်နဲ့တူတဲ့အပင်၊ လူတွေရဲ့လက်ချောင်းလေးများနဲ့တူတဲ့အပင်ရယ်ဖြစ်ပါတယ်။

ကင်းပုံသီးအချိုဟာ ထုထောင်းစရာမလိုပါ။ လေးစိတ်ထိုး၊ လှီးပြီးချက်လိုက်ရုံပါပဲ။

ကင်းပုံသီးဟာ လေနာ၊ လေထိုး၊ လေအောင့်ရောဂါတွေကိုလည်း ကုသလို့ရပါတယ်။ ထို့အတူ ရေယုန်ပေါက်တဲ့ရောဂါရှင်များလည်း ကုသလို့ရပါတယ်။

ကင်းပုံပင်များဟာ ကျေးရွာရှိခြံစည်းရိုးများ၊ ချုံပုတ်များ၊ မိုးနှံ့ချုံများမှာ ပေါက်လေ့ပေါက်ထရှိပါတယ်။

တစ်နေ့ ကျွန်တော် မော်လမြိုင်ဆရာကြီးဦးမြစ်ရေးသားခဲ့သော စာအုပ်လေးကိုဖတ်နေတုန်း တစ်ရွာတည်းနေဦးကျော်သောင်းဆိုသူရောက်လာတယ်။

ကျွန်တော်က -

"ဘယ်လာတာလဲ"

လို့မေးလိုက်တယ်။

သူက -

"ဆရာ့ဆီလာတာပါ"

"ဘာအကြောင်းပေါ်လာလို့လဲ"

"ဒီလိုဗျာ၊ ကျွန်တော့်သားလေးရဲ့ခါးမှာ မီးပူရှပ်တာလိုလို အရေပူလုံးထတာလိုလိုဖြစ်နေတာဗျာ။ ယားတယ်လို့လည်းပြောတယ်၊ ပူတယ်လို့လည်းပြောတယ်။ မရှိမသေလိုက်ကြည့်ပေးပါဦး"

လို့ပြောတယ်။

"ကလေးက အိမ်ထဲကအိမ်ပြင်ကို မထွက်ဘူးဗျ။ ပုဆိုးလည်းမဝတ်နိုင်ဘူး"

လို့ ဆက်ပြောတယ်။

ကျွန်တော်က -

"ကဲကဲ - လိုက်ခဲ့မယ်"

တစ်ဆက်တည်း ကျွန်တော်က -

"ခင်ဗျားအရင်ပြန်နှင့်၊ ကျွန်တော် ဆေးပင်သွားရှာလိုက်ဦးမယ်"

သူက -

"ဟုတ်ကဲ့"

လို့ပြောပြီး ပန်သွားတယ်။

သူပြန်သွားတော့ ကျွန်တော်လည်း ကင်းပုံပင်လိုက်ရှာတော့တာပဲ။ ရှာပြင်ခပ်လှမ်းလှမ်းရောက်တော့ ကင်းပုံပင်ကိုတွေ့ပါတယ်။ ကင်းပုံလက်ခြားပင်များ ဖြစ်ပါတယ်။ ကင်းပုံလက်ခြား အရွက်လက်တစ်ဆုပ်ကိုခူးယူပြီး ခုနက ဝေဒနာရှင်ရဲ့အိမ်ကို ကျွန်တော်သွားပါတယ်။ အိမ်ကိုရောက်တော့ ခရီးဦးကြိုပြုကြပါတယ်။

ဦးကျော်သောင်းက ကျွန်တော့်ကို သူ့သားလေးရဲ့အခြေအနေကိုကြည့်ပါဦးလို့ပြောပါတယ်၊

ကျွန်တော်က -

"ကြည့်စရာမလိုဘူး။ ခင်ဗျားသားမှာ ရေယုန်ပေါက်နေတာဗျ"

"ဟုတ်လို့လား ဆရာ"

"ဟုတ်ပါတယ်ဗျာ၊လူတစ်ယောက်ရဲ့ခန္ဓာကိုယ်မှာ အပူအအေးမမျှရင်ဖြစ်တတ်ပါတယ်။လူတိုင်းဖြစ်တဲ့ရောဂါလည်းမဟုတ်ဘူးဗျ။ ဒါပေမယ့် ကျွန်တော် သတိပေးမယ်။ ရေယုန်ရောဂါမှာ ခါးပတ်၊ စလွယ်ဆိုပြီး ရေယုန်နဲ့ပတ်

www.burmeseclassic.com

www.burmeseclassic.com

၁၃၇၈ ခုနှစ် မဟာသင်္ကြန်အတက်နေ့တွင် အလွန်အမင်းပူနေရာမှ မိုးလုံးစပ်မျှ မိုးဖွဲမိုးသေးမြိုင်မြိုင်ဆိုင်ဆိုင် ရွာချလိုက်ပါသည်။ တစ်နေ့တည်းမှာပင် ရွာလိုက်နားလိုက်နှင့် သုံးလေးကြိမ်ရွာပြီး ညဘက်မှာလည်း ညလုံးပေါက်နီးပါး မိုးဖွဲတစိမ့်စိမ့်ရွာနေသဖြင့် အလွန်တရာ ပူပြင်းရာမှ အနေအထိုင်အတော်ကောင်းမွန်လာပါသည်။

ကျွန်ုပ်တို့မြို့ဒေသတွင် ခရစ်နှစ်မေလဆန်းတွင် မိုးမရွာပါက မေလ ၂၀ရက်နေ့ကျော်လွန်မှ မိုးရွာသွန်းလေ့ရှိပါသည်။ ပူလိုက်ပုံကဆိုလျှင် အဆောက်အအုံအတွင်းတွင်ရှိသောပရိဘောဂများကို ထိရကိုင်ရသည့်အခါများတွင် အသားအရေများပူလောင်သည့်ဝေဒနာကိုခံစားရမြဲ ဖြစ်ပါသည်။

ယနေ့ သိပ္ပံခေတ်ဥတု၏ စေစားရာကို သတ္တဝါအားလုံး အလူးအလဲခံစားနေရပြီဖြစ်သည်။ ရှေးရှေးက စာပေပညာရှင်များဆိုစကားနှင့် စာဆိုတော်ဦးကြင်ဥ၏ ကဆုန်လတွဲ့လေးချီးသဖြန်တွင်ဖော်ကျူးခဲ့သည်နှင့် အတော်ကိုဝေးလှပါသည်။

စာဆိုတော် ဦးကြင်ဥ၏လေးချီးသဖြန်တွင် -

- ခွေနုံးတဲ့ဗျာသီ၊ သူလဲမြင်တော်လာနှင့်၊
  ကန္တာမှာမန်ရာကြုံ့ပါဘီ၊ လွမ်းပုံ့ပွေလီ။
  ထီးတရာပဏ္ဏာကြို့ပါတဲ့၊ မင်းနေမြို့ဌာနီ၊
  သည်ဆီထင့်ရော်ရမ်း၊ နယ်ရှစ်ခွင်နတ်စစ်ကယ် ဗျူဟာဆင်လို့၊
  မြော်အမြင်
  ထင်အတွေးနှင့် ဝေးကမောင်ပန်း။

ဦးကြင်ဥ

စာဆိုရှင်ဦးကြင်ဥက သူ့ခေတ်သူ့အခါကဖြစ်တည်ခဲ့သည့် ကာလပန်းချီကားတစ်ချပ်အနေဖြင့် ဖော်ကျူးထားသည့်အတွက် ကျွန်ုပ်တို့ စာရှုသူများပင် အရပ်ရှစ်မျက်နှာလုံးတွင် လျှပ်စီးလျှပ်ပန်းများနှင့် မိုးချုန်းသံတို့ပါပေါင်းစပ်ပြီး မျက်နှာမည်းကြီးငိုနေသည်ကို ပကတိခံစားနေရဘိသကဲ့သို့ စီးမြောခံစားနေမိပါတော့သည်။

ယခုလက်ရှိ အခြေအနေတွင် လေရိပ်မိုးရိပ်ဟူသမျှတို့ကို တွေ့ရရန် မြင်ရရန် အလွန်ခဲယဉ်းလှသောအချိန်ဖြစ်ပါသည်။

ကဆုန်လပြည့်နေ့ဖြစ်သည့်အတိုင်း အလုပ်နားရက်ဖြစ်၍ ကျွန်ုပ်၏တပည့်မောင်စောလှမြင့် ရောက်ရှိလာပါသည်။ အလုပ်စားပွဲတွင်ဝင်ထိုင်ပြီး ဥတုကတော့ အတော့်ကိုပူတယ်နော်ဟု စကားစတင်ပြောပါတော့သည်။ ခေတ္တမျှနားပြီး အောက်ပါအတိုင်း ဆက်၍ စကားဆိုပြန်ပါသည်။

"ဆရာ၊ ဝါဆိုလကစပြီး သီတင်းကျွတ်လပြည့်နေ့အထိ ဆုံးလလုံးလုံးနေ့စဉ် ဆောင်ရွက်နိုင်မယ့်ထူးခြားကျင့်စဉ်တစ်ခုကို ရချင်လို့ပါ"

ဟု ပြောပါလေတော့သည်။

"ဝါဆိုလပြည့်နေ့မှစပြီး သီတင်းကျွတ်လပြည့်တိုင်အောင် တို့ထေရဝါဒဗုဒ္ဓဘာသာဝင်တွေ အထူးထားပြီး သီတင်းနေ့များတွင် ဥပုသ်သီတင်းစောင့်ထိန်းနေကြတဲ့ကာလလည်း ဖြစ်တယ်။ နေ့စဉ်ရက်ဆက်တော့ အဋ္ဌင်္ဂဥပုသ်၊ နဝင်္ဂဥပုသ်တို့ကိုစောင့်ထိန်းကြတဲ့သူအတော်ရှားပါတယ်။ အထူးဥပုသ်တွေကို မစောင့်ထိန်းနိုင်သော်လည်း ငါးပါးသီလကိုလုံခြုံအောင် စောင့်ထိန်းနေတဲ့ယောဂီ

ဘုန်းခေါင်
ဝါတွင်းကာလ
အထူးဆောင်ရွက်ကြလျှင်

ကို လေးစားကြည်ညိုရမှာပါ။

ဝါတွင်းကာလမှာ ပေါ့ပေါ့ပါးပါးနဲ့ ထူးထူးခြားခြားကျင့်နိုင်တဲ့ကျင့်စဉ်တစ်ခုကိုပေးပါ့မယ်။ တကယ်လုပ်ဖို့ကောလို့တယ်နော်။ ယုံယုံကြည်ကြည်နဲ့ တကယ်လုပ်မယ်ဆိုရင် စကားနဲ့ပြောပြမှာတွေစာနဲ့ရေးပြတာတွေထက် ပိုမိုကျယ်ပြန့်ပြည့်စုံတဲ့အသိဉာဏ်တွေ၊ လာဘ်လာဘတွေ၊ ဩဇာအာဏာတွေကို မုချရမှာလို့ပြောချင်တယ်ကွ။

သေသေချာချာ မှတ်သားပါ။ နေ့စဉ်ပြုရမယ့်ကိစ္စက မင်းနီစွာဘတ်ဝတ်အနေနဲ့ ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုမွန်တောင်းခြင်း၊ မေတ္တာပို့သခြင်း၊

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တွေ့အကြောပြေအခိုးထုတ်နည်း

လူသည် နိစ္စဓူဝစားဝတ်နေရေးအတွက် လှုပ်ရှားနေရသောသတ္တဝါဖြစ်သည့်အားလျော်စွာ နေ့ပူမရှောင်မိုးရွာမရှောင်သွားလာနေရသည်မို့ ခန္ဓာကိုယ်တွင် အကြောတင်းအခိုးငုပ်ခြင်းတို့ဖြစ်ပေါ်နေတတ်ပေသည်။

ခန္ဓာကိုယ်က တောင့်တင်းနေသဖြင့် နေထိုင်ရအဆင်မပြေခြင်းတို့ခံစားရသည့်အခါ အောက်ပါနည်းအတိုင်း ဆောင်ရွက်ပေးရပါမည်။

နာနတ်ရွက်သုံးလေးရွက်၊
ဆားလက်သုံးခြောင်းနှိုက်ပြီးတော့

(၂) ကြိမ်မျှယူထားပေးပါ။

အဝတ်သန့်သန့်တစ်ခုတို့ဖြစ်သည်။

ထုခြေရန် တစ်တောင်ခန့်ရှိ တုတ်တစ်ချောင်းတို့ ဖြစ်သည်။

ပထမဦးစွာ နာနတ်ရွက်ကို ဇောင်းဘက်မှဆူးငုတ်များကိုသန့်စင်ပြီး လက်လေးလုံးခန့် ငါးခု၊ ခြောက်ခုဖြတ်လိုက်ပါ။

ပြီးနောက် ထိုဖြတ်ထားသော နာနတ်ရွက်များကို ထုထောင်းပြီး ကြေညက်စေရမည်။ ထိုအခါ အရည်ရွှမ်းလာပါလိမ့်မည်။

ပြီးသော် ခြေလက်အစုံ ရေဆေးပြီးသောသူအား ခြေဆင်းထားရပါမည်။ ရေများကို အဝတ်ဖြင့်သုတ်ပါ။ ပြီးလျှင် ခြေဖဝါးကိုဆားပွတ်ပြီးနောက် ထုထောင်းထားသောနာနတ်ရွက်ဖြင့် နှဲ့အောင်ပွတ်တိုက်ရပါမည်။

ခြေဖဝါးပွတ်တိုက်ပြီးသော် ခြေခုံ၊ ခြေမျက်စိ စသည်ဖြင့် စုံအောင်ပွတ်တိုက်ပေးပါ။ ပြီးပါက အဝတ်သန့်ဖြင့် ရေများခြောက်သွားအောင်သုတ်ပေးရမည်။ ခြောက်သွားသောအခါ ခြေဆင်းလျက်ခဏနေရပါမည်။ - ခန္ဓာကိုယ်မှ အခိုးအပူတို့တရှိန်ရှိန်တက်လာပြီးနောက် မနကောင်းထိုင်သာရှိသွားပါလိမ့်မည်။

နောက်တစ်နေ့ နံနက်ရောက်သောအခါ အကြောပြေအနေကောင်းပါလိမ့်မည်။ အညောင်းအညာမရှိတော့ဘဲ ရင်ပြည့်ရင်ကယ်နေသောခံစားမှုများ ပပျောက်လျက် အိပ်ပျော်စားဝင်လာပါလိမ့်မည်။

ဤကဲ့သို့ တစ်ပတ်လျှင် နှစ်ကြိမ်မျှ ဆောင်ရွက်ပေးခြင်းဖြင့် မျက်စိပါကြည်လင်ပြီး ခန္ဓာကိုယ်ပေါ့ပါးသွက်လက်လာပါလိမ့်မည်။

ဤကား စာရေးသူ၏ ကိုယ်တွေ့အခိုးအပူထုတ်နည်းကလေးပင် ဖြစ်ပါတော့သည်။

လိုအပ်ပါကလည်း အခါအားလျော်စွာ ဆောင်ရွက်ပေးနိုင်ပါသည်။

(ဤစာစုကို ဒေးဒရဲမြို့နယ် မော်ဘီကျေးလက်ရှိဆေးဆရာ ဦးအုန်းလွင်၏ နည်းလေးပင်ဖြစ်ပါသည်။ ဆရာ၏ ပြောပြချက်ကို ဖတ်ကောင်းစေရန် ပြန်လည်ရေးသားထားခြင်းဖြစ်သည်။)

(၇) ရက်သားသမီးတို့ အိပ်ပျော်စားဝင်ရောဂါစင်ကြပါစေ

စာယိ

ကုသိုလ်အမျှပေးဝေခြင်းတို့လုပ်နေကျမို့ ထူးပြီးအားစိုက်စရာမလိုတဲ့ကျင့်စဉ်တစ်ခုပါ။ အကယ်၍များ ဂုဏ်တော်ပုတီးစိပ်နေတယ်ဆိုရင်တော့ ယခု ဆရာပေးတဲ့ပုတီးစိပ်နည်းအရ ပုတီးလေးပတ်တော့ ပိုပြီးစိမ်ရမှာပေါ့ကွာ။

ဆရာ့ဆန္ဒကိုပြောရရင် ယခုပေးတဲ့ပုတီးစိပ်နည်းကို စိပ်တဲ့နေ့မှစ၍ (၉) ရက်တစ်ကြိမ် (ဝါရငယ် တစ်ဝါရ) အဓိဋ္ဌာန်ထားပြီး စိပ်စေချင်တယ်။

ပုတီးစိပ်ရန်မှာ -

- ပထဝီ နိစ္စံ၊ ဟိသစ္စံ ဇိန် မေ ဘဝိသတိ။
- တေဇော နိစ္စံ၊ ဟိသစ္စံ ဇိန် မေ ဘဝိသတိ။
- အာပေါ နိစ္စံ၊ ဟိသစ္စံ ဇိန် မေ ဘဝိသတိ။
- ဝါယော နိစ္စံ၊ ဟိသစ္စံ ဇိန် မေ ဘဝိသတိ။

ပဲ ဖြစ်ပါတယ်"

အထက်တွင် ဖော်ပြခဲ့သော လေးဂါထာကို မဟာဘူတဂါထာတော်ဟု ဆိုပါသည်။ ထိုဂါထာတော်များကို အဓိဋ္ဌာန်တင်၍ ဝင်ရောက်မည်ဆိုလျှင် ဖော်ပြထားသည့်ဂါထာများမှ ဂါထာတစ်ပုဒ်ကို ပုတီးစေ့တစ်လုံးချပြီး (၁၀၈) ဂုဏ်တော်ပုတီးတစ်ပတ်စိပ်ရပါမည်။ ထိုနည်းစနစ်အတိုင်း ဂါထာတစ်ပုဒ်လျှင် ပုတီးတစ်ပတ်ကျခြင်းဖြင့် ပုတီးလေးပတ်စိပ်ရမည်ဖြစ်ပါသည်။ နေ့စဉ် အဓိဋ္ဌာန်ကိစ္စကို ပြီးမြောက်အောင်ဆောင်ရွက်ပြီးတိုင်း မိမိပြုခဲ့သော သီလသမာဓိစသည့် ကုသိုလ်များကို သစ္စာပြု၍ မိမိလိုလားနှစ်သက်သောဆုကို တောင်းဆိုရန် ဖြစ်ပါသည်။ ဤနည်းစနစ်အဟိုင်း အောင်မြင်ပြီးမြောက်အောင်ဆောင်ရွက်နိုင်သော ယောဂီအနေဖြင့် အနှိုင်းမဲ့အကျိုးထူးကို ခံစားရမည် ဖြစ်ပါသည်။

"မောင်စောလှမြင့်ရေ၊ မင်းကပြောလို့သာ ဝါတွင်းကာလကျင့်စဉ်အနေဖြင့်ပေးရတာကွ။ တကယ်ကျတော့ မူလဆရာဖြစ်တဲ့ သီဒ္ဓိရာဇာဆရာ့အောင်ကသိတဲ့အချိန်ကစပြီး ဆောလျင်စွာကျင့်အပ်သောကျင့်စဉ်ဖြစ်သည်လို့ ဆိုထားတယ်ကွ။ တို့ကလည်း တစ်သဘောတည်းပါပဲ။ တကယ်မှ ဆန္ဒရှိရင် ဝါမဝင်သေးလို့ဆိုတဲ့ဆင်ခြေပေးတာမျိုးနဲ့ ဝါကျွတ်ပြီးသွားပြီလို့ ဆင်ခြေပေးတဲ့နည်းကိုတော့ မနှစ်သက်ဘူးကွ။ နေ့ရက်အချိန်တွေမစောင့်ကျင့်သင့်တဲ့ကျင့်စဉ်လို့ ပြောရမှာပါ"

ဟု ရှည်လျားစွာပြောပြလိုက်ရပါတော့သည်။

ထူးထူးခြားခြား ကျင့်စဉ်များကို နှစ်သက်သဘောကျသည့် စာချစ်သူမိတ်ဆွေများ၊ ဝါသနာရှင်များ၊ မောင်စေလှမြင့်ကဲ့သို့ ကြိုးစားပမ်းစားဆောင်ရွက်လိုကြသည့် လူငယ်လူရွယ်များ ကျင့်ကြံဆောင်ရွက်နိုင်ကြစေရန် ကျွန်ုပ်ဖြတ်သန်းခဲ့သော ဝိဇ္ဇာဓရ ဂမ္ဘီရလမ်းကြောင်းပေါ်မှ ကိုယ်တွေ့ကျင့်စဉ်များကို ရေးသားဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်သည် မျက်စိကျန်းမာရေးအရ ယခုလတ်တလော စာရေးကျဲနေသော်လည်း ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်ပယ်မှ ကိုယ်တွေ့ဖြစ်စဉ်များနှင့် ကိုယ်တိုင်ကျင့်ကြံခဲ့သည့်ကျင့်စဉ်များကိုဆက်လက်ရေးသားဖော်ပြပါဦးမည်။

ပညာတိုးပွား၍ အကျိုးများကြပါစေ

ဘုန်းဆင်

မှီငြမ်း -

သီဒ္ဓိရာဇာဆရာဆောင်၏
လက်ရေးမူကျမ်း

www.burmeseclassic.com

www.burmeseclassic.com

မပြီးသေးသောပန်းချီကားတစ်ချပ် ဆိုသဖွယ်
ရွှေကျွမ်းသားဝမ္မ ဒုတိယမြောက်တည်ထားကိုးကွယ်မည့်
အောင်ကြစေရန် မြသိန်းတန်စေတီတော်
ဘိုဘို(ရွှေကုံ)

(ယခင်လမှအဆက်)

မည်သို့ပင်ဖြစ်စေကာမူ မယ်တော်ကြီးသည် မှတ်စုစာအုပ်တွင် နေ့စဉ်၊ အချိန်၊ နေရာနှင့်တကွ ထိုအကြောင်းအရာကို မှတ်တမ်းတင်ရေးမှတ်လိုက်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ကျောင်းတော်ကြီးဆောက်လုပ်လှူဒါန်းနိုင်ရန် ယခုအချိန်မှစ၍ သီလကိုလည်း ဖြူစင်သည်ထက် ဖြူစင်အောင် စရဏကိုလည်းများသည်ထက်များအောင် ကြိုးစားဆောင်ရွက်ပါမည်ဟုပင် မှတ်တမ်းတင်ထားရှိလိုက်သည်။ တကယ်တော့ စာရေးသူတို့တွင် မြို့ပေါ်မှ ဘုံဆွမ်းလောင်းအသင်းများနှင့် ပရဟိတကျောင်းများသို့ လစဉ် ဆန် (၁၀) ပိုင်လှူဒါန်းခဲ့သည်မှာ (၅) နှစ်ခန့်ရှိပြီဖြစ်ပြီး ယခုထက်တိုင် လှူဒါန်းနေပါသည်။ ထို့အပြင် ရုပ်ရှင်တော်မြတ်အောင်မြေတွင် ပြန်လည်ကြွရောက်တော်မူလျက်ရှိသည်ဖြစ်စေ၊ ဒေသစာရီကြွမြန်းတော်မူလျက်ရှိသည်ဖြစ်စေ အောင်ပွဲအောင်ပန်းများ မပြတ်တမ်း မြိုင်ဆိုင်ဝေဆာလျက်ရှိအောင်လှူဒါန်းပူဇော်ထားရ၏။ ထိုအတွက်လည်း နေ့စဉ်ကုန်ကျစရိတ်ရှိသည်။

ဆရာတော်ဘုရားကြီး ဦးတိက္ခ၏ တောင်တန်းသာသနာပြုအဖွဲ့သို့လည်း နှစ်စဉ်လှူဒါန်းမှုပြုရသည်။ အခါအားလျော်စွာ ဖြစ်ပေါ်ကျရောက်လေ့ရှိသော မီးဘေး၊ လေဘေး၊ ရေဘေး၊ ငလျင်ဘေးတို့တွင်လည်း လှူဒါန်းရသည်။ စဉ့်ကိုင်မြို့နယ် သံဃနာယကမှ ကြီးမှူးကျင်းပသော စာဖြေပွဲ၊ ဆုပေးပွဲတို့တွင်လည်း ပါဝင်လှူဒါန်းရသည်။ နှစ်စဉ် (၉) ရက်၊ (၉) လရွှေကံကူပုဒ္ဓပူဇနိယပွဲတော်ကြီးကိုလည်း သိန်း(၁၀၀)ထက်မနည်း အကုန်အကျခံ၍ ကျင်းပရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် နှစ်စဉ်ကထိန်တစ်ခုကိုလည်း တာဝန်ယူထားသည်။ စာရေးသူတို့တည်ထားကိုးကွယ်ခဲ့သော ရွှေကြက်ယက်တောင်ပေါ်ရှိ ရွှေကံကူဆံတော်ရှင် စွယ်တော်ရှင် ကြိုဖလစေတီတော်သို့လည်း လစဉ် အင်္ဂလိပ်လ ၈ ရက်နေ့ ရောက်တိုင်း ပွဲများ၊ ပန်းများ မပျက်မကွက် သွားရောက်ကာ ပူဇော်ရသည်။ ထို့ကြောင့် စာရေးသူတို့တွင် ကုန်ကျစရိတ်လစဉ်ရှိနေသည်ဖြစ်၍ သိန်း(၅၀၀၀) ကျော်ကုန်ကျမည့် ကျောင်းတော်ကြီး ဆောက်လုပ်လျှဒါန်းနိုင်ရေးမှာ လွယ်ကူမည်မဟုတ်ပါ။ သို့သော် အခွိုန်အတော် ကြာကျန်ရှိနေသေး၍ သည်ကြားထဲမှာ အဆင်ပြေအောင်မြင်နိုင်မည့်အကြောင်း တရားများ ပေါ်ပေါက်လာမည်ဟု မျှော်လင့်ရပါ၏။

ဤသို့ဖြင့် ၂၀၁၇၊ (၁၀) လပိုင်းသို့ ရောက်ရှိလာခဲ့သည်။ သည်ကြားထဲတွင် စာရေးသူတို့သည် အုန်းတကူးသို့ မကြာမကြာသွားရောက်ခဲ့ကြသည်။ ဤသို့ဖြင့် (၁၁) လပိုင်းသို့ ရောက်ရှိလာခဲ့ပြန်၏။ ယခုတိုင် ဘုရားတည်ရန်ခွင့်ပြုမိန့်ကျမလာသေးပါ။ ယခု နေ့/ည အတွင်း ခွင့်ပြုမိန့်ကျလျှင်သော်မှ လမ်းဖောက်ရန် တစ်လမက ကြာမြင့်ဦးမည်ဖြစ်ရာ ၃-၁၂-၂၀၁၇ နေ့တွင် 'အောင်မြင်စေရန် မြသိန်းတန်' ရွှေကံကူကြိုဖလစေတီတော်ပန္နက်တင်မင်္ဂလာပြုဖြစ်ရန် မည်သို့မျှ မိနိုင်တော့မည်မဟုတ်ဟု။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလျှင် ၃-၁၂-၂၀၁၅ နှင့် ၃- ၁၂-၂၀၁၆ (၂)နှစ်ဆက်တိုက် စာရေးသူ၏မွေးနေ့ရက်တွင် ဘုရားပန္နက်၊ကျောင်းပန္နက်တို့တင်လာနိုင်ခဲ့ပြီး ယခုနှစ်မွေးနေ့တွင် ဘာပန္နက်မှမတင်ရဘဲ အစဉ်အလာပျက်သွားတော့မည်လားဟု စိုးရိမ်မကင်းဖြစ်မိသည်။

"ကောင်းတဲ့အစဉ်အလာဆိုတာ တည်ခဲတယ်ကွ။ ပျက်ဖို့ရာလည်းလွယ်သလို ပျက်သွားရင်လည်း ပြန်စနိုင်ဖို့ခက်တယ်ကွ။ အဲဒီတော့ ဒီလိုလုပ်ရအောင်။ မင်းရဲ့မွေးနေ့အစဉ်အလာမပျက်ရအောင် ဒီနှစ် မစိုးရိမ်တိုက်ထဲမှာ စာသင်တိုက်ကြီးဆောက်လိုက်ကြရအောင်။ တစ်ခါတည်းတော့ အပြီးမဆောက်နိုင်ဘူးပေါ့ကွာ။ တစ်နှစ်တစ်ထပ်နှုန်းဆောက်တာပေါ့။ ရေရှည်စီမံကိန်းပေါ့ကွာ။ (၅) နှစ်လျာထားတာ (၃)နှစ်နှင့်လည်း ပြီးချင်ပြီးသွား မှာပေါ့။ အဲဒီတော့ ၂၀၁၇- ၁၂ လပိုင်း- ၃ ရက်နေ့မှာ ပန္နက်ရိုက်မယ်ဆိုတဲ့အကြောင်း မစိုးရိမ်ဆရာတော်ဘုရားကြီးကိုလျှောက်ထားချေ"

ဟုပြောပါသည်။

ထို့ကြောင့် စာရေးသူလည်း မန္တလေးမှ တပည့်လေး မောင်ဝင်းနိုင်ကို စာရေးသူတို့ ဆရာတော်ဘုရားကြီးနှင့် တွေ့ဆုံနိုင်ရန် စီစဉ်စေပါသည်။

"မောင်ဝင်းနိုင်ရေ၊ အခု ငါတို့

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဆောက်လှူမယ့် ကုသိုလ်တွေ မင်းလည်း ထပ်တူထပ်မျှရမှာကွ"

"ဟုတ်လို့လား ဆရာ၊ ကျွန်တော်မှ ကုသိုလ်မပါဝင်နိုင်တာ ကုသိုလ်ရနိုင်ပါ့မလားဆရာ"

"ဒီလိုလေကွာ၊ ငါတို့နဲ့ မစိုးရိမ်ဆရာတော်ဘုရားကြီးက မင်းကို အကြောင်းပြပြီးမှသိရတာကိုး။ အဲဒီတော့ အခုကျောင်းဆောက်လှူဒါန်းတာလည်း မင်းကိုအကြောင်းပြပြီး လှူရသလိုဖြစ်သွားတာလေ။ တကယ်လို့ မင်းနဲ့သာ အကြောင်းမစပ်ရင် ငါတို့အခုချိန်ထိတောင် ဆရာတော်ကြီးနဲ့ခင်ချင်မှခင်ဦးမယ်"

"ဟုတ်ပါပြီဆရာ၊ အခု ဆရာတို့လှူမှာကို ကျွန်တော်လှူရသလိုဝမ်းသာနေပါတယ်။ ကျွန်တော် ဦးပဉ္စင်းကို လျှောက်ထားပေးပါ့မယ်"

ဟု ဆိုပါသည်။

မောင်ရွှေသီး(ခေါ်)မောင်ဝင်းနိုင်နှင့် မစိုးရိမ်ဆရာတော်ဘုရားကြီးပတ်သက်ပုံမှာ ဤသို့ဖြစ်သည်။မောင်ရွှေသီး၏ ညီဝမ်းကွဲမှာ ဦးအာသဖဟုတ္တဲ့အမည်ရပြီး သက်တော် (၃၀) ကျော်မျှသာရှိသေးကာ မစိုးရိမ်ဆရာတော်ဘုရားကြီး၏အတူနေတပည့်ရင်းဖြစ်သည်။ ဦးအာသဖသည် ဆရာတော်ဘုရားကြီး၏ စာရွက်စာတမ်း၊ ဓာတ်ပုံမှတ်တမ်းအစရှိသည့်တို့ကို ဆောင်ရွက်ရခြင်းနှင့် အနီးကပ်ဝေယျာဝစ္စမှန်သမျှတို့ကို ဆောင်ရွက်ပေးရခြင်းဖြစ်သည်။ အားလပ်သောအချိန်များတွင် ဦးပဉ္စင်းလေးသည် မောင်ဝင်းနိုင်တို့နေအိမ်တွင်သာအနေများ၏။ ထို့ကြောင့် ဦးပဉ္စင်းလေးသည် မယ်တော်ကြီးကိုလည်း သိရှိခင်မင်နေပြီး ဦးပဉ္စင်းလေးမှတစ်ဆင့် မောင်ဝင်းနိုင်တို့ရွှေကံကူရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခြင်း၊ မယ်တော်ကြီးကို လေးစားကြည်ညိုခြင်းတို့ကိုလည်း ဆရာတော်ဘုရားကြီးကသိနေပါသည်။

တစ်ခါသော် ဆရာတော်ဘုရားကြီးက မောင်ရွှေသီးအား -

www.burmeseclassic.com

www.burmeseclassic.com









"မင်းတို့ရွှေကံကူမယ်တော်ကြီးနဲ့ တစ်ခါက လေယာဉ်ပေါ်မှာဆုံဖူးတယ်ကွ။ မှတ်မိမလားတော့မသိဘူး"

ဟု မိန့်တော်မူရာ မောင်ရွှေသီးက ချက်ချင်းပင် စာရေးသူတို့ထံ လာရောက်ပြောကြားပါသည်။

ထိုအခါ မယ်တော်ကြီးက -

"မှတ်မိတာပေါ့ကွာ၊ လွန်ခဲ့တဲ့ (၄) နှစ်လောက်ကပေါ့ကွာ။ ဆရာတော်ကြီးတွေသုံးလေးပါး လေယာဉ်ပေါ်မှာခုံချင်းကပ်နေရာရတယ်။ မန္တလေးကနေ ရန်ကုန်အသွားပေါ့။ ကျန်တဲ့ဆရာတော်ကြီးတွေကတော့ စကားပြောပါတယ်။ မစိုးရိမ်ဆရာတော်ကြီးကတော့ စကားတစ်ခွန်းမှမပြောဘဲ သက်န်းကို ခေါင်းမြီးခြုံထားတယ်။ သိလည်းမသိပါဘူး။ ဘေးဆရာတော်ကြီးတွေက အဲဒါ မန္တလေးတိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ မစိုးရိမ်ဆရာတော်ကြီးပဲလို့ ပြောမှသိရတာပါ။ ဒါနဲ့ ရန်ကုန်လေဆိပ်မှာဆင်းတော့လည်း အတူတူဖြစ်နေပြီး ဆရာတော်ကြီးက အခုတစ်လောနာမည်ကြီးနေတဲ့ ရွှေကံကူမယ်တော်ကြီးဆိုတာ ခင်ဗျားလားလို့မေးတယ်။ တင်ပါ့ဘုရား ဆိုတော့ လမ်းမှန်အောင်လျှောက်ဖို့ တော့လိုသနော်လို့ ထပ်မိန့်တယ်။ တင်ပါ့ တပည့်တော် ချော်မနင်းပါဘူးဘုရား၊ လမ်းမှန်အတိုင်းသာသွားနေပါတယ်လို့ လျှောက်လိုက်တယ်။ ဆရာတော်ကြီးက ငါ့ကိုစိတ်မဆိုးဘဲကိုး။ အေးလေ၊ သူတော်ကောင်းတွေဟာအမှန်ကိုကြိုက်တာကိုး။ ဒါကြောင့် စိတ်မဆိုးတာပေါ့"

ဟု ဆရာတော်ဘုရားကြီးနှင့်တွေ့ဆုံရပုံကိုပြောပြပါသည်။

(၁၀) လပိုင်းထဲမှာပင် စာရေးသူတို့ မစိုးရိမ်ဆရာတော်ဘုရားကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com

သွားရောက် တွေ့ဆုံဖြစ်ပါသည်။

ညနေ (၃)နာရီခန့်တွင်ဖြစ်သည်။ မစိုးရိမ်ဆရာတော်ဘုရားကြီးနှင့်အတူ လက်ထောက်ဆရာတော် ဦးပညာသာမိ၊ ဦးပဉ္စင်းလေး ဦးအာသဖတို့ရှိနေကြပြီး စာရေးသူတို့အဖွဲ့တွင် စာရေးသူ၏ အစ်ကို ဦးဝင်းကို၊ မောင်ဝင်းနိုင်၊ ဦးအေးကိုကိုသွန်း၊ မောင်နိုင်တို့ပါဝင်၏။

မောင်ဝင်းနိုင်သည် စာရေးသူတို့ကျောင်းဆောက်လုပ်လှူဒါန်းကြမည့် အကြောင်းကို ကြိုတင်လျှောက်ထားခြင်းပြုမထားဝါ။ စာရေးသူကလျှောက်ထားလိုက်သောအခါ ဆရာတော်ဘုရားကြီးသည် အံ့သြမှင်တက်မိသွား၏။-

"ဟေ - ဟုတ်သလား၊ (၅)ထပ်ကျောင်းကြီးဆောက်မှာ မယ်တော်ကြီးက ဘယ်တော့လဲ"

ဟုမေးပါသည်။ (၁၂)လပိုင်းတွင် ဆောက်လုပ်မည်ဟုလျှောက်ထားလိုက်သောအခါ-

"ဒါဆို ခဏနေဦး၊ တိုက်အုပ်ဆရာတော်တွေ၊ ကျောင်းအကျိုးဆောင်အဖွဲ့တွေခေါ်လိုက်ဦးမယ်။ ဒါမှ တစ်ခါတည်းသိသွားတာပေါ့"

ဟု ဆရာတော်ဘုရားကြီးက မိန့်တော်မူပါသည်။ ချက်ချင်းပင် ဦးပညာသာမိက ဖုန်းဖြင့်အားလုံးထံဆက်သွယ်လိုက်ရာ မကြာမီမှာပင် တိုက်အုပ်ဆရာတော်ဘုရားကြီးများ ကြွရောက်လာပြီး ကျောင်းအကျိုးဆောင် (၅) ဦးလည်း ရောက်ရှိလာသည်။

အားလုံးစုံညီသောအခါ ဆရာတော်ဘုရားကြီးက စာရေးသူတို့ကျောင်းဆောက်လှူဒါန်းမည့်အကြောင်းကိုပြောကြားလိုက်သည်။ (၅) ထပ်ကျောင်းဆောက်မည်။ တစ်နှစ်တစ်ထပ်နှုန်းဆောက်မည်။ ယခုလာမည့် ဒီဇင်ဘာ ၃ ရက် ပန္နက်ရိုက်မည်ဟု စုံလင်စွာပြောပြလိုက်ပါသည်။ ထိုသို့ပြောကြားတော်မူပြီးမှ စာရေးသူတို့ဘက်သို့လှည့်ပြီး -

"ဆရာတို့ဘို့၊ ဒီကျောင်းမှာ မူရှိတယ်။ ဒီကျောင်းဝင်းထဲမှာ ကျောင်းဟောင်းကြီးတွေကိုဖျက်ပြီး ဆောက်စရာပဲရှိတယ်။ မူလကျောင်းဒါယကာတွေကလည်း ယခုလက်ရှိကျောင်းထက်ကောင်းအောင်ဆောက်မည်ဆိုပါက ဤကျောင်းများကို အချိန်မရွေးဖျက်နိုင်ပါကြောင်း ခွင့်ပြုထားခဲ့တယ်။ အဲဒီလိုဖျက်ပြီး ဆောက်မယ်ဆိုရင်လည်း မူလပုံသဏ္ဌာန် မူလအချို့တွေအတိုင်း ရှေးမူရှေးဟန် မပျက်ဆောက်ရမယ်။ ဒါကြောင့်(၅)ထပ်ဆောက်ချင်လို့မရပါဘူး။ (၂) ထပ်ကျောင်းသာဆောက်ရပါမယ်။ နေရာလွတ်လည်းမရှိတဲ့အတွက် သက်တမ်းအနှစ် (၁၀၀) ကျော်ရှိပြီဖြစ်တဲ့ သုတ္တန္တနယူပဒေသတစ်ထပ်ကျောင်းကိုဖျက်ရမယ်။ အဲဒီကျောင်းနဲ့ဂုပ်လျက် ဓမ္မနယူပဒေသကျောင်းကို နမူနာယူပါ။ အဲဒီကျောင်းပြီးတာ (၂)နှစ်လောက်ပဲရှိသေးတယ်။ မသိရင် ရှေးကျောင်းကြီးလို့ထင်ရမယ်"

ဟု မိန့်တော်မူပါသည်။

ဆရာတော်ဘုရားကြီးများကလည်း ဝမ်းသာနေကြ၏။ ကျောင်းအကျိုးဆောင်များကလည်း ဝမ်းသာနေကြပါသည်။

"အဲဒီ ဓမ္မနယူပဒေသကျောင်းကြီးက တစ်ဦးတည်းအလှူရှင်မဟုတ်ဘူးဗျ။ စုပေါင်းစပ်ပေါင်းဆောက်ရတာဆိုတော့ အခက်အခဲတွေအများကြီးတွေ့ရတယ်။ ကျွန်တော်တို့ဦးစီးပြီးဆောက်ခဲ့တယ်။ ဝမ်းသာဂုဏ်ယူပါဗာယ် ကျောင်းဒကာ။ ကျွန်တော်တို့လည်း တတ်နိုင်သမျှ ကူညီဝိုင်းဝန်းပါ့မယ်"

ဟုပြောကြပါသည်။

ဆရာတော်ဘုရားကြီးများနှင့် အတန်ကြာသည်အထိ စကားပြောနေကြပြီး-

"ကဲ - မောင်မြဇော်၊ သုတ္တန္တနယူပဒေသကျောင်းနဲ့ ဓမ္မနယူပဒေသကျောင်းတွေကို လိုက်ပြလိုက်"

ဟု မိန့်တော်မူသဖြင့် စာရေးသူတို့လည်း ကျောင်းအကျိုးတော်ဆောင်များ၏နောက်သို့ လိုက်ခဲ့ရပါသည်။

ကျောင်းဝင်းကြီး၏တောင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းတွင်ရှိသည်။ မစိုးရိမ်ကျောင်းတိုက်ကြီးတည်ဆောက်ထားပုံမှာ စနစ်တကျရှိလှသည်။ အလယ်တည့်တည့်တွင် အလျားအရှေ့အနောက်ရှိသောကျောင်းတိုက်မကြီးရှိပြီး လေးဖက်လေးတန်ကျောင်းတိုက်ကြီးဆီသို့သွားသောလမ်းမကြီးများမှာ ကျောင်းဝင်းပေါက်မှ ကျောင်းတော်ကြီးလှေကားထိဖြစ်သည်။ ပတ်ပတ်လည်တွင်မှ ကျောင်းစည်းရိုးအုတ်တံတိုင်းတစ်လျှောက် နှစ်ထပ်ကျောင်းတိုက်ကြီးများကို တစ်ပုံစံတည်းဆောက်လုပ်ထားရှိခြင်းဖြစ်သည်။

မမွှနယူပဒေသကျောင်းတော်ကြီးသည် အလျား (၇၃)ပေ၊ အနံ (၅၃)ပေရှိပြီး တစ်ထပ်အမြင့်မှာ (၁၆)ပေရှိသည်။ အုတ်နံရံကြီးမှာလည်း (၁၈)လက်မရိုး၊ (၁၄)လက်မရိုးတို့ဖြစ်၍ ထူထဲလှသည်။ ပြတင်းတံခါးများနှင့် ဝင်ပေါက်တံခါးမကြီးများမှာလည်း အရပ်မြင့် (၈) ပေရှိသည်။ တံခါးကြီးခွေပေါင်များမှာလည်း (၆×၄)လက်မ၊ (၆×၃) လက်မဆိုဒ်ကြီးများဖြစ်သည်။ လှေကားလက်ရန်းနှင့် တိုင်ကြီးများမှာလည်း ခွံထည်သောဆိုဒ်ကြီးများဖြစ်သည်။ လှေကားအကျယ်မှာလည်း (၅)ပေခွဲရှိ၏။ (၂)ထပ်လုံး လျှာထိုးကြမ်းခင်းဖြစ်၏။ တိုင်ဖုံးများ၊ ခါးပတ်များ၊ စိန်တောင်၊ ပန်းတောင်များတွင်လည်း ကောင်းမွန်သော အင်္ဂတေလက်ရာများဖြစ်ပေ၏။ စာရေးသူတို့သည် ခေါင်မိုးပေါ် အထိတက်ကြည့်ကြသည်။ အောက်မှကြည့်လျှင် ခေါင်မိုးနှုတ်ခမ်းပတ်လည်တွင်တင်ထားသော နဖူးစည်းခေါ်မလား၊ စိန်တောင်ခေါ်မလား၊ လက်ရန်းခေါ်မလား ထိုအကာအရံ၏အမြင့်မှာ လူ၏ခါးလောက်သာမြင့်မည်ဟု ထင်မှတ်ရသည်။ တကယ်တွင်မူ လူ၏လက်ခုတ်တစ်ဖောင်ထက်ပင်ကျော်သေးပြီး ကြီးမားသော R.C ကျောက်သေးလောင်းထားသော ထုထည်ကြီးဖြစ်၏။

နဂိုက စာရေးသူသည် (၅)ထပ်ကျောင်းကြီးဆောက်ခွင့်မရဘဲ (၂)ထပ်ကျောင်းမျှသာ ဆောက်လုပ်ခွင့်ပြုမည်ဟုသိရ၍ အားမရပါ။ ယခု ဤမမွှနယူပဒေသကျောင်းတိုက်ကြီးကို ခမ်းနားထည်ဝါစွာမြင်တွေ့လိုက်ရသောအခါမှ အားရကျေနပ်သွားပါတော့သည်။ (၂)ထပ်တိုက်ဟုသာဆိုရသော်လည်း ယခုခေတ် တိုက်ပုံစံဆိုလျှင် (၅)ထပ်တိုက်မျှ ကုန်ကျမည်ဖြစ်သည်။ ဤကျောင်းမျိုး ဆောက်လုပ်လျှဒါန်းမှသာလျှင် တကယ့်ကျောင်းဒါယကာဖြစ်ပေတော့မည်။ တစ်မြန်နှစ်ကမှ ဆောက်လုပ်ပြီးစီးထားသော်လည်း လွန်ခဲ့သော နှစ် (၁၀၀)ခန့် ကဆောက်ထားသောကျောင်းတိုက်ကြီးလောဟု ထင်မှတ်ကြပေမည်။ ဆေးရောင်ကလည်း ရိုးရိုး၊ တံခါးပေါက်များကလည်း ရိုးရိုးပင်ဖြစ်သည်။ စာရေးသူတို့လည်း အားရအောင်ကြည့်ပြီးသောအခါ မစိုးရိမ်ကျောင်းမှ ပြန်ခဲ့ကြပါသည်။

ထိုရက်များက မယ်တော်ကြီးနှင့် အန်တီအေးတို့မှာ မြစ်ကြီးနားသို့ရောက်ရှိနေပါသည်။ ရုပ်ရှင်တော်မြတ်အားမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေမိသားစုနှင့်တိုင်းတပ်ရင်း၊ တပ်ဖွဲ့များမှ ပင့်ဆောင် ပူဇော်လျက်ရှိသောကြောင့်ဖြစ်သည်။

စာရေးသူက အန်တီအေးနှင့် မယ်တော်ကြီးကိုဖုန်းဖြင့်အကျိုးအကြောင်းပြောပြလိုက်ပါသည်။ ပထမသော် အန်တီအေးနှင့် မယ်တော်ကြီးသည် (၂)ထပ်ကျောင်းဆောင်သာဆောက်လုပ်ခွင့်ရရှိမည်ဆို၍ ဘဝင်မကျဖြစ်သွားကြသေးသည်။ ဆောက်လုပ်ရမည့်အနေအထားကို ပြောပြလိုက်သောအခါမှ ဝမ်းသာသွားကြပါသည်။

မယ်တော်ကြီးက -

"ဆရာတော်ဘုရားမိန့်ထားတာ (၁၀)လပဲရှိသေးတယ်။ ငါတို့အခု လှူတော့မယ်ဘိုတော့ မြန်မြန်ဆန်ဆန်လှူနိုင်တာ ဝမ်းသာလိုက်တာ"

ဟုပြောပါသည်။

"မင်းတို့ကိုယ်တိုင်ဦးစီးပြီးမဆောက်နဲ့။ ကိုယ်တိုင်ကြီးကြပ်တာ အကုန်အကျသက်သာတယ်ဆိုပေမယ့် စိတ်ချိုင်း

www.burmeseclassic.com

www.burmeseclassic.com

မကျတိုင်းပြန်လုပ်ရတော့ အင်ဂျင်နီယာ အပ်တာထက်ပိုကုန်တယ်။ မြို့သာ စာသင်ကျောင်းလက်တွေ့ပဲ။အင်ဂျင်နီယာရှာကြ"

ထိုသို့ မယ်တော်ကြီးကပြောသဖြင့် စာရေးသူတို့လည်း စာသင်တိုက်ကြီးအပ်နှံရန် အင်ဂျင်နီယာရှာကြပါသည်။

ယခုအခါမှ ရွှေကံကူအိမ်တော်ကြီးကိုဆောက်လုပ်ပေးသွားသော ကြံတိုင်းအောင် (K.T.A) ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင်များဖြစ်သော ကိုသန်းအောင်နှင့် မုခင်စိုးသူတို့ကို တမ်းတမိသည်။ စာရေးသူတို့၏ ရွှေကံကူအိမ်တော်ကြီးမှာ ပုံစံအားဖြင့်လည်း ကျနသည်။ အရည်အသွေးလက်ရာအားဖြင့်လည်း ကောင်းမွန်သည်။ အိမ်ကိုရောက်လာသူအပေါင်းက အဆောက်အအုံကြီးကောင်းလိုက်တာ၊ ဘယ်ကုမ္ပဏီဆောက်တာလဲဟုမေးကြသည်။ တော်တော်ကုန်မှာပဲဟုဆိုကြသောအခါ ဤ၍ဤမျှကုန်ကျကြောင်းပြောလျှင် အဲဒါ သူတို့အတွက် မပါလောက်ဘူး။ အဲဒီလောက်ငွေနဲ့ ဒီအဆောက်အအုံမျိုး ဘယ်ရနိုင်မှာလဲ။ မယ်တော်ကြီးတို့တန်တာပေါ့ဟုဆိုကြပါသည်။

ယခုမူ ကိုသန်းအောင်-မခင်စိုးသူတို့သည် ဘယ်မြို့ရွာဘယ်ဒေသသို့ ရောက်ရှိနေပြီမသိပါ။ လုံးဝဆက်သွယ်၍မရရှိတဲ့ဖြစ်နေပါသည်။ ကိုသန်းအောင်-မခင်စိုးသူတို့သည် ၂၀၀၄ ခုနှစ်ခန့်က ရန်ကုန်-မန္တလေးကားလမ်းပေါ် မန္တလေးမြို့၏တောင်ဘက် (၁၂) မိုင်အကွာရှိ မြစ်ငယ်တံတားဆောက်လုပ်စဉ်အခါက ဆောက်လုပ်ရေးဝန်ထမ်းတာဝန်ဖြင့် ရောက်ရှိလာကြသူများဖြစ်၏။ မြစ်ငယ်တံတားသည်လည်း အကြီးစားဆောက်လုပ်ရေးတစ်ခုပင်ဖြစ်၍ ရုံးဝန်ထမ်းအင်အားမှာ အတော်များပါသည်။ ဆောက်လုပ်ရေးဝန်ထမ်းများတို့သည် ရောက်ရှိရာအရပ်ဒေသတို့တွင် အလုပ်နားရက်များ၌ ဒေသန္တရဟုသုတအဖြစ်လည်းကောင်း၊ ဤဒေသရှိ တန်ခိုးကြီးဘုရားများကိုလည်းကောင်း လှည့်လည်ဖူးမြော်ရင်း သွားကြလေ့ရှိ၏။ ဤသို့ဖြင့် ၎င်းတို့သည် စာရေးသူတို့နေအိမ်သို့ ရောက်ရှိလာကြခြင်းဖြစ်သည်။

ရုံးတစ်ဖွဲ့လုံးရောက်ရှိလာကြခြင်းဖြစ်သည်။ ထိုသူများထဲမှ အချို့သည် တစ်ခေါက်သာရောက်၏။ တချို့ သုံးခေါက်မျှအထိသာ ရောက်ရှိလာပြီး နောက်ထပ်ပေါ်မလာတော့ပါ။ ကိုသန်းအောင်-မခင်စိုးသူတို့ကတော့ အလုပ်အားသည်နှင့် ရောက်ရှိလာကြ၏။ စာရေးသူတို့နှင့်မခင်သေးပါ။ ဒီမှာလာနေတာ စိတ်ထဲမှာအေးလွန်းလို့ နေပါရစေဟုဆိုကာ အကြာကြီးထိုင်နေကြပြီးမှ ပြန်လေ့ရှိသည်။ သို့ဖြင့် ရွှေကံကူမိသားစုဝင်များကဲ့သို့ ဆွေမျိုးရင်းချာပမာ ခင်မင်ရင်းနှီးလာခဲ့သည်။ (၃)နှစ်ခန့်ကြာသောအခါ ၎င်းတို့နှစ်ယောက်လုံး အလုပ်ထွက်လိုက်ကြပြီး ကိုယ်ပိုင်ဆောက်လုပ်ရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြသည်။

ထိုနှစ်ဆိုအချိန်မှစတင်၍ ရုပ်ရှင်တော်မြတ်၏ ရန်ကုန်မြို့ခရီးစဉ်သို့ ကြွခဲ့ချိတော်မူသည့်အခါတိုင်း ၎င်းတို့၏ ကုမ္ပဏီရုံးခန်းနှင့် နေအိမ်သို့ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်သည်။ ထို့ပြင် ၎င်းတို့နှစ်ဦးစလုံးမှာ ပုသိမ်မြို့ဇာတိများဖြစ်ကြ၍ နှစ်ဖက်မိဘများ၏နေအိမ်များရှိရာ ပုသိမ်မြို့သို့ နှစ်စဉ်ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခဲ့လေသည်။ ရန်ကုန်မြို့ပေါ်တွင် ရုပ်ရှင်တော်မြတ်ကြွမြန်းတော်မူနေသရွေ့လည်း ကြွရောက်ရာနေအိမ်တိုင်းနီးပါး သွားရောက်ပြီး မယ်တော်ကြီးတို့ လိုအပ်တာမှန်သမျှ ဆောင်ရွက်ပေးကြသည်။၎င်းတို့အထက်ပိုင်းသို့ ရောက်ရှိသည့်အခါတိုင်းလည်း အောင်မြေသို့ဝင်ရောက်ကြသည်။ အားကိုးရသောသာဝကအရင်းအချာများဖြစ်ကြပါ၏။

မယ်တော်ကြီးတို့ လိုအပ်သမျှကိုလည်းလျှဒါန်းကြပြီး မယ်တော်ကြီးကို SURF ကားတစ်စီးလျှဒါန်းပါသည်။ ရွှေကံကူရုပ်ရှင်တော်မြတ်တွင် ငွေကြေးချမ်းသာကြွယ်ဝသော သာဝကအရင်းအချာများ များစွာရှိပါသည်။ သို့သော် ဤဆောင်းပါးရေးနေချိန် ၂၇-၃-၂၀၁၈ နေ့အထိ ရွှေကံကူရုပ်ရှင်တော်မြတ်အားအကြောင်းပြုပြီး မယ်တော်ကြီးကို ကားလျှဒါန်းသူမှာ ကိုသန်းအောင်နှင့်မခင်စိုးသူတို့သာရှိပါသေးသည်။

ထိုသို့ဖြင့် ၂၀၁၃ ခုနှစ်တွင် ရွှေကံကူအိမ်တော်ကြီးဆောက်လုပ်ရန် ကိုသန်းအောင် - မခင်စိုးသူတို့ကိုအပ်နှံလိုက်သည်။ ထိုအခါ ကိုသန်းအောင်-မခင်စိုးသူတို့သည် စေတနာအပြည့်အဝထား၍ အကောင်းဆုံးဖြစ်အောင် ဆောက်လုပ်ကြသည်။ သို့သော် လိုအပ်ချက်တွေရှိကြောင်း ပတ်ဝန်းကျင်မှဝိုင်းပြောကြသောအခါ စာရေးသူလည်း ၎င်းတို့စကားကို နားယောင်မိပါတော့သည်။ တကယ်တော့ စာရေးသူ သတိချွတ်ယွင်းသွားခဲ့ခြင်းသာ ဖြစ်ပါသည်။ ကိုသန်းအောင်တို့ကို ပြစ်တင်ဝေဖန်ပြောဆိုကြသူတို့မှာ ဆောက်လုပ်ရေးပညာရှင်များမဟုတ်ကြပါ။ ထို့ကြောင့် သူတို့စကားကိုမယုံကြည်သင့်ပါ။ ၎င်းတို့သည် စေတနာနှင့် စေတနာအရင်းခံ၍ ရိုးသားစွာဖြင့် ၎င်းတို့၏ ထင်မြင်ယူဆချက်ကို ပြောကြခြင်းပါတကားဟု စာရေးသူသတိချပ်သင့်လှပါ၏။

သို့သော် စာရေးသူသည် ထိုသို့မဟုတ်ပါဘဲ ကိုသန်းအောင်တို့ကိုပြောမိဆိုမိသည်။ စာရေးသူဖြစ်စေချင်သည်တို့ကိုပြောခဲ့သည်။ ဆောက်လုပ်ရေးနည်းစနစ်အရ လိုက်လျောမရသောအရာတို့ဖြစ်၍ ၎င်းတို့က ငြင်းပယ်ခဲ့သည်။ ထိုအခါ စာရေးသူနှင့် ဆက်ဆံရေးမပြေမလည်ဖြစ်ရတော့သည်။

"ကျွန်တော်တို့ရဲ့ စေတနာကို မယ်တော်ကြီးတို့ နောင်ကျရင်သိပါလိမ့်မယ်"

ဟု ကိုသန်းအောင်က မကြာမကြာပြောပါသည်။ ဆက်ဆံရေးအဆင်မပြေသော်လည်း အဆောက်အအုံကြီးကို ပြီးစီးသည်အထိ ဆောက်လုပ်သွားခဲ့ပါသည်။ ၂၀၁၄-ဇူလိုင်း-စရက်နေ့တွင်မှ လုံးဝပြီးစီးခြင်းသို့ ရောက်ရှိပြီး ဇူရက်-ဇူလ-၂၀၁၄ ရွှေကံကူဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ကျောင်းတော်အသစ်ကြီးဖြင့် ပူဇော်ကျင်းပနိုင်ခဲ့ပါသည်။

ဆောက်လုပ်ပြီးစီးခါစတွင် အိမ်တော်ကြီး၏ဖွဲ့စည်းပုံစနစ်ကျမှု၊ အဆင်ပြေမှု၊ ကောင်းမွန်သန့်ရှင်းမှုတို့ကို သတိမပြုမိပါ။ အနေကြာလာသည်နှင့်အမျှ ကျောင်းတော်ကြီး၏ တန်ဖိုး၊ ကိုသန်းအောင်တို့၏စေတနာကို နားလည်လာရပါတော့သည်။ ၎င်းတို့သည် တကယ့်စေတနာမေတ္တာအပြည့်ဖြင့် ဆောက်လုပ်ပေးသွားခဲ့ခြင်း ဖြစ်သည်။ မြို့သာတွင် စာသင်ကျောင်းဆောင်ကြီး ဆောက်လုပ်စဉ်ကလည်း သတိရမိသည်။ ယခုလည်း သတိရမိသည်။ သို့သော် ကိုသန်းအောင်-မခင်စိုးသူတို့သည် ၂၀၁၄ ခုနှစ် ပုဒ္ဓပူဇနီယပွဲတော်တွင် ကျောင်းတော်ကြီးကို စာရေးသူတို့ထံအပ်နှံပြီးကတည်းက ယနေ့အချိန်တိုင် ဆက်သွယ်၍မရဘဲရှိနေပါသည်။ အကယ်၍သာ ကိုသန်းအောင်-မခင်စိုးသူတို့နှင့် စာရေးသူ ပြန်လည်ဆုံတွေ့ရပါလျှင် ထိုစဉ်က စာရေးသူ၏ပြောစကားတို့

www.burmeseclassic.com

www.burmeseclassic.com

မှားယွင်းပါကြောင်း၊ အထူးအမြင်လွဲမှား မိပါကြောင်း ဝန်ခံအသိပေးပြောကြား ချင်လှပါ၏။

စာရေးသူတို့သည် ကိုသန်းအောင် မခင်စိုးသူတို့နှင့် ကွဲကွာသွားခဲ့ရသော်လည်း စာရေးသူတို့ကျောင်းတော်တွင် အလှဆင်သော မြန်မာမှုသစ်ထွင်းပန်းပု ဆရာမောင်မင်းမင်း (မန္တလေး-တမွဝတီ) နှင့်အဆက်အသွယ်မပြတ်ပါ။ ရွှေကံကူ ရုပ်ရှင်တော်ကြီးအတွက် ကရဝိက်ဖောင် တော်အပ်နှံခြင်း၊ တစ်တုံးတည်းသား သွင်းပလွှင်အပ်နှံခြင်းစသောအကြောင်း တို့ဖြင့် မကြာခဏာရောက်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းတော်ကြီးပြီးစီး သွားသော်လည်း စာရေးသူတို့သည် မောင်မင်းမင်းထံ တစ်နှစ်လျှင်(၃)ခေါက် မျှရောက်လေ့ရှိပါသည်။ ထို့အတူပင် ကိုသန်းအောင်တို့သည်လည်း အခြား သော ဟိုတယ်ကြီးများအတွက် ၎င်းထံ မြန်မာမှုပန်းပုများမှာကြားနေဆဲဖြစ်၍ ၎င်းတို့လည်း မောင်မင်းမင်းထံ လာ ရောက်လေ့ရှိကြောင်းသိရ၏။ သို့သော်လည်း ဆက်သွယ်မရရှိသဖြင့် စာရေးသူ တို့လည်း လက်လျှော့လိုက်ရပြီး အင်ဂျင် နီယာရှာဖွေကြရပါတော့သည်။

၂၀၁၇ ခုနှစ်၊ (၅) လပိုင်းတွင် ရုပ်ရှင်တော်မြတ်အား မန္တလေးတိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိုးဝင်း မိသားစုမှနေ၍ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ပါသည်။ ၂၀၁၇ ခုနှစ်၊ (၈) လပိုင်းတွင် ရုပ်ရှင်တော်မြတ်အား မန္တလေးတိုင်းဒေသကြီး ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးခင်ဇော်မိသားစုမှ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ပါသည်။ ရဲမှူးကြီးခင်ဇော်၏နေအိမ်မှ ရဲမှူးကြီး၏ ဇနီးနှင့် ညီအစ်မတော်သော မန်းမြို့စွေး အနီးရှိ သီရိရွှေစင်ရွှေဆိုင်မိသားစုမှ ရုပ်ရှင်တော်မြတ်ကို ဆက်လက်ပင့် ဆောင်ပါသည်။ ဤမိသားစုသည် ရုပ်ရှင်တော်မြတ်အား သိရှိကြည်ညို လျက်ရှိသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ပြီး ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်လိုကြသော်လည်း မည်သို့ဆက်သွယ် ပင့်ဆောင်ရမည်ကိုမသိသဖြင့် ပူဇော်ခွင့် မရဘဲရှိနေရာမှ မောင်ကျော်မင်းသိန်း - မသင်းသင်းလှိုင်(စိန်ကြယ်-အထည်ဆိုင်) ၏ ဆက်သွယ်ပေးမှုဖြင့် ယခုကဲ့သို့ ပင့်ဆောင်ခွင့်ရရှိခြင်း ဖြစ်သည်။

ထိုနေအိမ်ပြီးသောအခါ (၄၂) လမ်း (၃၂×၃၃)လမ်းကြား၌ ရွှေပြည်သာ ဝတီဆောက်လုပ်ရေး မောင်တင်ဦးခိုင် မိသားစုနှင့် မိဘများက ရုပ်ရှင်တော် မြတ်အား ဆက်လက်ပင့်ဆောင်ပူဇော် ကြသည်။ မောင်တင်ဦးခိုင်သည်လည်း ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ဇနီး နှင့် မောင်နှမအရင်းဖြစ်နေပြီး သီရိရွှေ စင်ရွှေဆိုင်နှင့်လည်း မောင်နှမများဖြစ် ကြသည်။ မောင်တင်ဦးခိုင်သည်လည်း မယ်တော်ကြီးကို ယခုမှသိရသော်လည်း လွန်ခဲ့သော (၈)နှစ်ခန့်ကတည်းက မယ် တော်ကြီး၏ ပဋ္ဌာန်းနဂါးစမကျင့်စဉ်ကို ရရှိထားပြီး ကျင့်စဉ်ကို နှစ်သက်သဖြင့် နဂါးစမကို ကြေးပြားချပ်တွင်ရေးသွင်း လျက် တစ်နေ့မပြတ် ပူဇော်လျက်ရှိ သည်မှာ ယနေ့ထိတိုင်ဖြစ်ကြောင်းသိရ သည်။

မောင်တင်ဦးခိုင်သည် ရွှေကံကူ မယ်တော်ကြီးကိုမမြင်ဘူးပါ။ ကြားရုံသာ ကြားဖူးပါသည်။ ပဋ္ဌာန်းနဂါးစမလက် ဝယ်ရရှိကတည်းက မယ်တော်ကြီးကို ရည်မှန်း၍ ညစဉ်ကန်တော့လျက်ရှိ ကြောင်းသိရသည်။ ယခု မမျော်လင့်ဘဲ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခွင့် ရရှိလိုက်သောအခါ ဝမ်းသာမဆုံးဖြစ်ရ ပြီး တစ်ကြိမ်တည်းနှင့် သာဝကရင်း သဖွယ်ဖြစ်သွားသည်။ သို့ဖြင့် စာရေးသူ တို့နှင့် မောင်တင်ဦးခိုင်၏မိဘများနှင့်ပါ ရင်းနှီးသွားခဲ့ပါသည်။

ယခု ကျောင်းကြီးဆောက်ရန် အင်ဂျင်နီယာရှာမည်ပြုသောအခါတွင် မောင်တင်ဦးခိုင်ကို သတိရမိသည်။ ထို့ကြောင့် မောင်ကျော်မင်းသိန်းမှ တစ်ဆင့် မောင်တင်ဦးခိုင်ကို ခေါ်ယူတွေ့ ဆုံပြီး အကျိုးအကြောင်းပြောပြကာ ကုန်ကျစရိတ်ကို တွက်ချက်စေသည်။

စာရေးသူ၏ တပည့်ဖြစ်သူ မောင်နိုင်မှလည်း ၎င်း၏အသိ အင်ဂျင် နီယာကိုခေါ်လာ၏။ ထိုအင်ဂျင်နီယာကို လည်း ကုန်ကျစရိတ်ကို တွက်ချက်စေ ၏။ ထို့အပြင် ကျောင်းအကျိုးဆောင် တို့၏ အင်ဂျင်နီယာကိုလည်းတွက်ခိုင်း မည်။ (၃)ဦး၏စျေးနှုန်းကိုမူတည်၍ ရွေး ချယ်မည်ဟု ဆုံးဖြတ်လိုက်သည်။

ထိုသို့စီစဉ်ရာမှ နောက်ဆုံးတွင် မောင်တင်ဦးခိုင်သားအဖတည်ထောင် သော ရွှေပြည်သာဝတီဆောက်လုပ်ရေး ကုမ္ပဏီကို သိန်းနှစ်ထောင်ငါးရာကျပ်နှင့် အပ်နှံရန် ရွေးချယ်လိုက်သည်။ စျေးနှုန်း၊ အင်ဂျင်နီယာ သေချာပြီဖြစ်သောအခါ မစိုးရိမ်ဆရာတော်ဘုရားကြီးထံသို့သွား ရောက်ကြပြီ မယ်တော်ကြီးမှ နှစ်ထပ် ကျောင်းဆောက်လုပ်လှူဒါန်းရခြင်းကို နှစ်သက်ပါကြောင်း၊ ၉-၁၂-၂၀၁၇ နေ့ တွင် ပန်းတင်မင်္ဂလာပြုလုပ်မည်ဖြစ် ပါကြောင်း၊ တစ်နှစ်တစ်ထပ်နှုန်းဆောက် လုပ်မည်မဟုတ်တော့ဘဲ တစ်ခါတည်း အပြီးဆောက်လုပ်မည်ဖြစ်ပါကြောင်းတို့ ကို လျှောက်ထားလိုက်ပါသည်။ ဆရာ တော်ဘုရားကြီးသည် ဝမ်းသာလျက်ရှိ နေပြီး ဦးပညာသာမိက -

"စုပေါင်းဆောက်ရတာ တော် တော်ကို စိတ်ပျက်စရာကောင်းတယ်။ စုပေါင်းဆောက်ရမယ်ဆိုကြောက်နေပြီ။ မယ်တော်ကြီးက အခုလို တစ်ဦးတည်း ဆောက်မယ်ဆိုတော့ သာဓုပါဗျာ။ ဆရာဘို မယ်တော်ကြီးကိုပြောလိုက်ပါ။ ကျွန်ုပ်တို့က ဘုရားရှိခိုးတိုင်းဆုတောင်းပါ တယ်။ မယ်တော်ကြီးတို့ ရွှေကံကူမောင် နှမတစ်တွေ ကျန်းမာကြပါစေ၊ ချမ်းသာ ကြပါစေဗျာ။ မယ်တော်ကြီး ဒို့ကျန်းမာ မှ သာသနာတော်ကြီးကို လှူဒါန်း ထောက်ပံ့နိုင်မှာ"

ဟု မိန့်တော်မူပါသည်။

ဤသို့ဖြင့် (၁၁) လပိုင်း လဆန်း ရက်ထဲတွင် စာရေးသူတို့ကျောင်းအပ်နှံ ခြင်းစာချုပ် ချုပ်ဆိုမည်။ စာချုပ်ချုပ်ဆို သောအခါတွင်လည်း ဤကျောင်းမှာပင် ဆရာတော်ဘုရားကြီးများ၏ရှေ့မှောက် ၌ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ လူများကို သက်သေထားရှိပါမည်ဟု လျှောက်ထားလိုက်ပါသည်။ ထို့နေ့တ မောင်တင်ဦးခိုင်ကိုပါ ကျောင်းသို့ခေါ် ဆောင်သွားကာ ဆရာတော်များနှင့် မိတ်ဆက်ပေးလိုက်ပါသည်။

ထိုရက်နောက်ပိုင်းမှစ၍ စာရေး သူတို့လည်း ကျောင်းကြီးဆောက်လုပ်ရန် အတွက် အာရုံစိုက်ကာ လိုအပ်သည်တို့ ကိုလည်း ဆောင်ရွက်ရင်း အခ်ိန်ခန့် စရာကျင့်စဉ်တို့ကိုလည်း တိုးမြှင့်ရပါ တော့သည်။ ထို့နောက် (၁၁)လပိုင်း လ ဆန်း (၂)ရက်နေ့တွင် မစိုးရိမ်ကျောင်း တိုက်အတွင်း၌ ရွှေပြည်သာဝတီကုမ္ပဏီ နှင့် စာချုပ်ချုပ်ဆိုလိုက်ကြပါသည်။

"အခုလက်ရှိ သုတ္တန္တနယူပဒေသ ကျောင်းဟောင်းကိုလည်း ဆရာဘိုဘို့ ကပဲဖျက်ပေးပါ။ အဲဒီကျောင်းဟောင်း ကပစ္စည်းတွေကိုလည်း သုံးရသလောက် ကျောင်းအသစ်ထဲကို ထည့်သုံးပေးပါ။ မူလကျောင်းဒါယကာတွေလည်းကုသိုလ် ဆက်ပြီးရအောင်လို့ပါ"

ဟု ဆရာတော်မှ မိန့်ကြားပါ သည်။

သုတ္တန္တနယူပဒေသကျောင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com

အဟောင်းမှာလည်း အလျားပေ (၇၀)၊ အနံ ပေ (၅၀)ရှိသည်။ တစ်ထပ်ကျောင်းဟုဆိုသော်လည်း မြေတိုက်ခန်းပါရှိပြီး တစ်ထပ်သည်ပင် လှေကား (၅)ထစ်ခန့် ရှိသည်။ (၁၈)လက်မအုတ်ရိုးနံရံနှင့်ဖြစ်သည့်အပြင် တံခါးမကြီးနှင့် ပြတင်းပေါက်တို့မှာလည်း ဆိုဒ်ကြီးများဖြစ်သည်။ တံခါးသံတိုင်များမှာလည်း ရှေးခေတ်က အင်္ဂလန်နိုင်ငံမှလာသော သံမဏိတိုင်များဖြစ်၍ အကောင်းပကတိ အတိုင်းရှိနေပါသေးသည်။ ထိုခေတ်က အာစီကျောက်သေးလောင်းသောစနစ်မပေါ်သေးပါ။ တိုင်နေရာများတွင် အုတ်တိုင်များသာပါရှိပြီး နံရံအားပြုစနစ်ဖြစ်၏။ R.C မပေါ်ပေါက်သေး၍ ခေါင်မိုးတွင် (၁၈)လက်မပတ်လည်ကျွန်းသားချောင်းကြီးများဖြင့် ထုပ်တန်းနှင့်ရက်များထားရှိပါသည်။ တုပ်တန်းများကို တစ်ပေမျှသာခြားကာ ခပ်စိပ်စိပ်တင်ထားပြီး ထိုတန်းများပေါ်သို့ အထူးစီမံထုတ်လုပ်ထားသော ခေါင်မိုးအုတ်ပြားကြီးများတင်ထားပါသည်။ ထိုအုတ်ပြားကြီးများပေါ်မှ ထုံးနှင့်သဲတို့အင်္ကတေအချောကိုင်ထားသည်။

ဤထုပ်တန်းကျွန်းတုံးကြီးများကို ကြည့်၍ ထိုခေတ်က သံစျေးနှင့်သစ်စျေးကွာဟမှုကို ခန့်မှန်းနိုင်ပေမည်။ ယနေ့အချိန်တွင် ဤကျွန်းတုံးတစ်တုံး၏တန်ဖိုးက သံထုပ်တန်းများထက် (၅)ဆမျှကြီးမြင့်နေပြီဖြစ်သည်။ နှစ်ကာလကြာပြီဖြစ်သောအခါ မိုးယိုစိမ့်ပုံရသည်။ တန်းထိုးပြီး သွပ်မိုးထားသည်။ ထိုသွပ်တို့၏သက်တမ်းသည်ပင် နှစ်ပေါင်းလေးငါးဆယ်ကြာလောက်ပေပြီ။ သွပ်ပြားများမှာ သံချေးများတက်လျက်ရှိပြီဖြစ်၏။

အဆောက်အအုံကြီးမှာ ထုထည်၊ အမြင့်နှင့် အလျား၊ အနံတို့ပါ ကြီးမားသည်ဖြစ်ရာ ဖျက်သိမ်းဖို့ရန်ပင် လွယ်ကူမည်မဟုတ်ပါ။ ဤကျောင်းဟောင်းကို ဖျက်သိမ်းရန် လူရှာရင်းဖြင့် နောက်ဆုံးတွဲ့တော့ မောင်တင်ဦးခိုင်၏ပန်းရန်အဖွဲ့နှင့်ပင် အဆင်ပြေသွားပါသည်။ ဖျက်သိမ်းကုန်ကျစားရိတ်မှာ ကျောင်းဆောက်လုပ်သောလုပ်ငန်းစာချုပ်ထဲတွင် မပါဝင်သဖြင့် စာရေးသူတို့မှပင်ကျခံရမည်ဖြစ်သည်။ (၂၅) သိန်းနှင့် ဈေးတည့်ပါသည်။

ပန်းရန်ဆရာကိုဝင်းဆွေက ဖျက်သိမ်းချိန် (၃)ပတ်ကြာမည်ဟုခန့်မှန်းရာ အချိန်သိပ်မရှိတော့ပါ။ အနီးကပ်ဆုံးရက်ကောင်းရက်သာ ရွေးချယ်လိုက်ပါသည်။ တကယ်တော့ ရှေးကျောင်းဟောင်းကိုဖျက်ရသည်မှာ လောကီသဘောအရေးအရသာ်မက လုပ်ငန်း၏သဘာဝကပါ အန္တရာယ်များသောအလုပ်ဖြစ်သည်။ လုပ်ငန်းခွင်တွင် ထိခိုက်အန္တရာယ်ရှိနိုင်၏။ ထို့အပြင် ဓာတ်သဘောအရလည်း စာရေးသူတို့မိသားစုကိုခိုက်နိုင်၏။ မူလကျောင်းဒါယကာ၊ဒါယိကာမများသည် တမလွန်ဘဝသို့ ရောက်ရှိနေကြပြီဖြစ်၏။ ထို့ပြင် သက်တမ်းနှစ်ရာခွဲနေပြီဖြစ်သော ဤကျောင်းကြီးထဲတွင် မမြင်အပ်သော အစောင့်အရှောက်များ၊ မမြင်အပ်သော မှီတင်းနေထိုင်ကြသူများလည်းရှိမည်သာဖြစ်၏။ ပြန်လည်အသစ်တည်ဆောက်ရန်အတွက် ဖြိုဖျက်ခြင်းဖြစ်သော်လည်း လတ်တလောအနေနှင့်မူ ခိုအောင်းနေထိုင်စရာကင်းမဲ့သွားမည်ဖြစ်၍ ကျေနပ်ကြပါမည်လား။

ထိုကြောင့် စာရေးသူသည် ကျောင်းကြီးဖျက်မည့်နေ့၌ ကန်တော့ပွဲအောင်ပန်း၊ အလင်းတိုင်၊ နံ့သာတိုင်များ ပူဇော်ပြီး မူလကျောင်းဒါယကာများနှင့် အစောင့်အရှောက်ပုဂ္ဂိုလ်များကို ဖိတ်ကြား၍ ပူဇော်ကန်တော့စေသည်။ မေတ္တာရပ်ခံပန်ကြားသည်။ မေတ္တာပို့သည်။ အမျှအတန်းပေးဝေသည်။ သာသနာစောင့်နတ်မင်းကြီး (၄)ပါးနှင့် သမ္မာဒေဝနတ်များ၊ သိဒ္ဓိရှင်၊ မတိဒ္ဓိရှင် ပုဂ္ဂိုလ်များကိုအပ်နှံသည်။ မေတ္တာခံယူသည်။ ထို့နောက် ပန်းရန်ဆရာ ကိုဝင်းဆွေနှင့်အဖွဲ့သားအားလုံးတို့ကို ဘုရားကန်တော့စေသည်။ ဤကျောင်းတော်ကြီးသည် စာရေးသူတို့ထက် အသက် (၂) ဆမကကြီးသည့်အပြင် နှစ်ပေါင်း (၁၀၀) ကျော်အတွင်း၌ ဤကျောင်းတော်အတွင်းတွင် နေထိုင်သီတင်းသုံးတော်မူသွားသော သံဃာအရေအတွက်မှာလည်း နည်းမည်မဟုတ်တော့ပါ။ ထို့ပြင် ဤကျောင်းတိုက်အတွင်း၌ သင်ကြားပို့ချခဲ့သော ပိဋကတ်တရားတော်တို့မှာလည်း များပြားလှပြီဖြစ်ပါသည်။ ထိုကြောင့် ဤကျောင်းကြီးကိုဖျက်ရမည့်အတွက် တာဝန်ကြီးလေးလှပါ၏။

ဤနေ့တွင်လည်း မယ်တော်ကြီးတို့ အဝေးသို့ရောက်ရှိနေသည်ဖြစ်ပါ၍ ဖုန်းဖြင့်ပင် အဝေးမှ မယ်တော်ကြီးက တိုင်ပေးခြင်းဖြစ်သည်။

အပေါ်နဖူးစည်းများဖြိုချပြီးသော အခါ ခေါင်မိုးသွပ်များဖြုတ်သည်။ ထို့နောက် အမိုးပြားပေါ်ရှိ အင်္ကတေများကို ထိုးခွာသည်။ ထို့နောက် အမိုးအုတ်လေးထောင့်ပြားကြီးများကိုဖြုတ်သည်။ ထိုအခါ ရက်မနှင့်ထုပ်တန်းကြီးများပေါ်လာသည်။ အသားချောင်းကြီးများမှာ (၁၈)လက်မပတ်လည်ရှိပြီး ပေ(၂၀)ရှည်သဖြင့် လူအားနှင့်ချ၍မရပါ။ ကရိန်းဌားပေးပါ၊ ဖျက်ခ(၂၅)သိန်းမှာလည်း တကယ်တမ်းဖျက်ရသောအခါ မျှော်မှန်းသည်ထက် လူအင်အားပိုသုံးရသဖြင့် မကိုက်ပါ။ ထို့ကြောင့် က ရိန်းဌားခကို စာရေးသူတို့မှပင် ကျခံပေးပါဟု ပန်းရန်ဆရာကိုဝင်းဆွေကပြောသည်။ တကယ်လည်းဟုတ်နေ၍ စာရေးသူတို့ကပင် ကရိန်းဌား၍ ထုပ်တန်းများကိုချပေးလိုက်ပါသည်။ ကရိန်းဌားခ (၁၅၀၀၀) ပေးလိုက်ရသည်။

စာရေးသူလည်း ထိုရက်များက မန္တလေးသို့ နေ့တိုင်းသွားရပါသည်။ တကယ်တမ်းဖျက်သောအခါ (၃) ပတ်နှင့်မပြီးပါ။ (၄)ပတ်မျှပင်ကြာသွားပါသည်။ အောက်ခြေပိုင်းသို့ရောက်သော အန္တရာယ်ကင်းသွားပြီဖြစ်၍ နေ့တိုင်းမသွားရောက်တော့ပါ။ စာရေးသူတို့အားသာသနာစောင့်ပုဂ္ဂိုလ်များက စောင့်ရှောက်သည်မှာ သေချာပါသည်။ ဤမျှအန္တရာယ်ကြီးမားလှသောလုပ်ငန်းဖြစ်သော်လည်း တစ်စုံတစ်ယောက်မှ ထိခိုက်မှုမရှိပါ။ သွေးထွက်သံယိုမဖြစ်ပါ။

"ဆရာတို့ ဒီကျောင်းကြီးကိုဖျက်လိုက်တာကောင်းတယ်။ ကျွန်းသားထုတ်တန်းကြီးတွေက အင်္ကတေနဲ့ထိတဲ့နေရာတွေမှာ ဆွေးပြီးပြတ်နေတာ။ ထိလိုက်တာနဲ့ လှုပ်လိုက်တာနဲ့ကိုပြုတ်ကျမှာ။ ဒါကြောင့် ကရိန်းခေါ်ရတာပါ"

ဟု ပန်းရန်ဆရာ ကိုဝင်းဆွေမှပြောသည်။

ဤသို့ဖြင့် နိုဝင်ဘာ ၂၈ ရက်နေ့ကို ရောက်ရှိလာသည်။ ထိုနေ့က ရုပ်ရှင်တော်မြတ်သည် ပြင့်ဦးလွင်၊ နောင်ချို ခရီးစဉ်မှပြန်လည်ကြွမြန်းတော်မူလာပြီး မန္တလေးမြို့ စက်မှု(၂)ရှိ ရတနာပုံသတင်းစာ စာတည်းချုပ်နှင့် တပ်မှူးဗိုလ်မှူးဆန်းဝင်းနှင့် ဒေါ်နန်းစိုးတို့နေအိမ်တွင် ကြွမြန်းတော်မူလျက်ရှိသည်။ ဆောင်းဦးလွန်မြောက်လာပြီဖြစ်သည့်တိုင် ရာသီဥတုသည် ပြောလောက်အောင်မအေးသေးပါ။ နေထိုင်ကောင်းရုံသာရှိသည်။ ထိုနေ့ နံနက်က စာရေးသူ၏အိမ်သို့ မောင်နိုင်သည် ၎င်း၏အလုပ်အပိုက်ရှိရာ မန္တလေးမြို့ ဂေါဝိန်ဆိပ်တွင်ရောက်ရှိနေပြီး-

www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့ မစိုးရိမ်ကျောင်းသွားဦးမှာ မို့လားဆရာ။ ခေါ်ချင်တဲ့အချိန်ဖုန်းဆက်ပါ။ ကျွန်တော် ချက်ချင်းလာခဲ့ပါ့မယ်"

ဟုပြောသဖြင့် ညနေ (၃)နာရီခန့် မှသာလာခဲ့ရန်မှာကြားထားသည်။ နေ့လယ်နေ့ခင်း တစ်ရေးလောက်တော့ အိပ်ဦးမည်ဟုစဉ်းစားကာ (၁)နာရီခန့်တွင် အခန်းထဲသို့ဝင်ပြီး လဲလျောင်းနေလိုက်သည်။

ရှေ့တံခါးပေါက်များကို အကုန်ပိတ်ထားလိုက်သည်။ နောက်အိမ်ထဲတွင် အစ်မကြီးဒေါ်နွဲ့နွဲ့ရီက ပဌာန်းရွတ်နေပါသည်။

စာရေးသူသည် အိပ်မပျော်သေးပါ။ သို့သော် ငိုက်မျဉ်းချင်သလိုလိုတော့ ဖြစ်လာပေပြီ။ ထိုစဉ် အစ်မကြီး ပဌာန်းရွတ်သံရပ်သွားပြီး -

"ဘုရားမရှိဘူး၊ မန္တလေးမှာ"

ဟု ပြောသံကြားလိုက်ရ၏။ အစ်မကြီးသည် နောက်ဖေးဝင်းတံခါးကို ဖွင့်ပေးဟန်မတူပါ။ ထို့ကြောင့် တစ်ဖက်မှပြောသည့်အသံမကြားရဘဲ -

"ဘုန်းကြီးပါလည်းမတတ်နိုင်ဘူး။ မန္တလေးသာလိုက်သွားကြပေတော့"

ဟု ပြောလိုက်ပြန်၏။ ထို့နောက် အသံတိတ်သွား၏။ ဧည့်သည်တွေပြန်သွားဟန်တူ၏။

'အစ်မကြီးကတော့နော် ဘုရားဖူးဧည့်သည်တွေကို သိမ်သိမ်မွေ့မွေ့လည်း မပြောဘူး။ ဆရာတော်ပါတယ်ဆိုတော့ ပိုပြီးတောင်အားနာစရာကောင်းနေပြီ'

ဟုတွေးနေဆဲ -

"ဆရာဘို့ ဆရာဘို့ ထဦး၊ ဗန်းမော်ဆရာတော်ကြီးကြွလာတယ်"

ဟု ဆိုကာ တံခါးကို တဗုန်းဗုန်း ပုတ်ပါသည်။ စာရေးသူလည်း အိပ်မပျော်သေးသည်ဖြစ်၍ အလျင်အမြန်ထကာ တံခါးကိုဖွင့်လိုက်ပါသည်။

"အစ်မကြီးကလည်း ဟုတ်ရဲ့လား၊ ဘယ်မှာကြွလာတာတုံး၊ TV ထဲမှာလား"

"ဟိုမှာ အိမ်ရှေ့ရောက်နေပြီ။ မြန်မြန်တံခါးပွင့်ချေ"

ဟု ကမန်းကတန်းပြောသဖြင့် စာရေးသူလည်း အိမ်ရှေ့တံခါးမကြီးနှင့် ဝင်းတံခါးကြီးတို့ကို အမြန်ဖွင့်လိုက်ပါသည်။

အစ်မကြီးပြောသည်မှာမှန်ပါ၏။ စာရေးသူလည်း ခြံဝင်းတံခါးကြီးကိုဖွင့်လိုက်သည်နှင့် ဗန်းမော်ဆရာတော်ဘုရားကြီးသည် လင့်ခရုဇာကားသစ်ကားနက်ကြီးပေါ်မှ တံခါးဖွင့်ပြီး ဆင်းလာပါသည်။ စာရေးသူသည် ဗန်းမော်ဆရာတော်ဘုရားကြီးအား အပြင်တွင် တစ်ကြိမ်တစ်ခါမှမမျှော်ဘူးပါ။ တီဗွီထဲတွင်ဖူးဘူးသည်။ မယ်တော်ကြီးတို့၏ဖုန်းထဲတွင် ဖူးဖူး၏။ အပြင်တွင် ပကတိဖူးတွေ့ရသည်မှာ ပို၍ပင် ကြည်ညိုဖွယ်သပ္ပာယ်တော်မူလှပါသည်။

ဆရာတော်ကြီးသည် သက်တော် (၈၉) နှစ်ရှိပြီဖြစ်သော်လည်း ဖျတ်လတ်ပေါ့ပါးလျက်ရှိပါသေး၏။ မျက်စိမမှုန်သေး၊ နားမထိုင်းသေး၊ ခါးမကိုင်းသေးပါ။ အသားအရေမှာလည်း တင်းရင်းလျက်ရှိနေပြီး အထုံးသဖြင့် မျက်လုံးတို့မှာ အရောင်တဖျပ်ဖျပ်လက်လျက်ရှိပါသည်။ စာရေးသူသည် ဆရာတော်ဘုရားကြီးကို တီဗွီထဲတွင် အမြဲလိုဖူးတွေ့နေရ၍ ရင်းနှီးနေသည်မှာမဆန်းသော်လည်း ဆရာတော်ဘုရားကြီးအနေနှင့်မူ စာရေးသူနှင့် အစ်မကြီးတို့ကို ယခုမှမြင်ဖူးခြင်းဖြစ်ပါ၏။ သို့သော် ဆရာတော်ဘုရားကြီးသည် စာရေးသူတို့ကိုမစိမ်းပါ။ ရင်းနှီးဖော်ရွေလို့က်လဲစွာ ဆက်ဆံပါသည်။ ဆရာရင်းဒါယကာရင်း၊ မြေးအဘိုးများပြန်လည်ဆုံတွေ့ကြရသကဲ့သို့ နွေးထွေးလှကာ စကားများပြောမကုန်အောင်ရှိပါသည်။

ဆရာတော်ကြီးတွင် ကားဒရိုင်ဘာ မောင်မျိုးသူကျော်နှင့် ဆရာတော်ကြီး၏ တူမ မဌေးဝင်းတို့သာပါရှိသည်။ စာရေးသူတို့နှင့် ဆရာတော်ဘုရားကြီးတို့ အတန်ကြာစကားပြောကြပြီးနောက် ဆရာတော်ဘုရားကြီး ဘုရားကန်တော့၏ ။ ထိုအခါ မောင်မျိုးသူကျော်က ဆရာတော်ဘုရားကြီး (မောင်မျိုးသူကျော်တို့က ဘဘုန်းဟုခေါ်သည်) သည် မနေ့ညနေကမှ မန္တလေးသို့ပြန်လည်ကြွရောက်တော်မူကြောင်း၊ ယနေ့မနက်ဆွမ်းစားချိန်တွင် -

"မျိုးသူကျော်ရေ၊ ဆွမ်းစားပြီးရင် ခဏကျိန်းလိုက်ဦးမယ်။ (၁)နာရီထိုးတာနဲ့ ခရီးထွက်မယ်။ အဆင်သင့်ပြင်ထား"

ဟု မိန့်ကြားတော်မူသည်။ မဌေးဝင်းကိုလည်း ညည်းလည်းလိုက်ခဲ့ဟု မိန့်တော်မူ၏။ ဘယ်သွားမည်ဟုမသိရပါ။ မိန့်တော်မမူပါ။ ၎င်းတို့လည်း ဆရာတော်ဘုရားကြီး၏ခရီးစဉ်များရေးထားသောဝိုက်ဘုတ်ကိုကြည့်ကြသည်။ ဤနေ့ နေ့လယ်တွင် မည်သည့်ခရီးစဉ်မျှ ရေးမထားပါ။ ဤသို့ဆိုလျှင် ယခု ဆရာတော်ဘုရားကြီး ကြွရောက်တော်မူမည့် ခရီးမှာကြိုတင်မဝင့်လျှောက်၍ကြွရောက်ရသောခရီးမျိုးမဟုတ်။ ဆရာတော်ဘုရားကြီး၏အာရုံနှင့် ကြွမြန်းတော်မူသော ဂန္ဓာရီဆန်သော ထူးခြားသော ခရီးမျိုးဖြစ်မည်ဟုသိနေကြ၏။

(၁) နာရီမထိုးမီ မောင်မျိုးသူကျော် ကျောင်းသို့ရောက်ရှိလာပြီး ကားကို အဆင်သင့်ထုတ်ထားလိုက်သည်။ ဆရာတော်ဘုရားကြီးသည်လည်း အချိန်တိကျ၏။ အဆင်သင့်ဖြစ်နေကာ ကားပေါ်သို့တက်ထိုင်လိုက်၏။

မောင်မျိုးသူကျော်က -

"ဘဘုန်း၊ ဘယ်ကိုကြွမှာပါလဲဘုရား"

ဟု လျှောက်သောအခါမှ -

"ကဲ - စဉ့်ကိုင် သိတယ်မဟုတ်လား၊ စဉ့်ကိုင်က ရွှေကံကူဘုရားကို မောင်းကွာ။ ရွှေကံကူဘုရားကို တအားဖူးချင်နေတာ"

ဟု မိန့်ပါသည်။

ထို့ကြောင့် ယခုကဲ့သို့ မမျှော်လင့်ဘဲရောက်ရှိလာကြောင်းပြောပါသည်။

"ဘဘုန်းကဗျာ ဒီစဉ့်ကိုင်တစ်ခါမှ မရောက်ဘူးဘဲနဲ့ကို လမ်းညွှန်နိုင်တာအံ့သြတာပဲ"

ဟု မဌေးဝင်းကပါ ဝင်ပြောပါသည်။

ထို့နောက် စာရေးသူတို့ ဆရာတော်ဘုရားကြီးနှင့် စကားလက်ဆုံပြောမကုန်အောင်ရှိပါသည်။

"ဘုန်းဘုန်းဘုရား၊ အစ်မကြီးက ကျန်းမာရေးသိပ်မကောင်းလို့ အစ်မကြီးကို မေတ္တာပို့ပေးပါဦးဘုရား"

ဟု လျှောက်ထားလိုက်ရာ ဆရာတော်ဘုရားကြီးက -

"လာ - ဒီနားလာ"

ဟု ဆိုစာ အစ်မကြီး၏ဦးခေါင်းပေါ် လက်ဖဝါးတင်ထားပြီး 'ကျန်းမာစေ ချမ်းသာစေကျား' ဟု မေတ္တာပို့သပေးပါသည်။

"အေးကွာ - စကားပြောလို့တော့ ကောင်းသားကွ။ ဒါပေမယ့် ဘုရားမဖူးရသေးဘူးကွ။ ဘုရားဖူးချင်သေးတယ်။ ဘုရာကြွနေတဲ့နေရာပြောဦး။ လိုက်ဖူးမလို့"

ဟု မိန့်ကြားပါသည်။

စာရေးသူက ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူလျက်ရှိသော ရတနာပုံသတင်းစာတိုက်၏ လိပ်စာကို ပြောပြလိုက်ပါသည်။

ဤနေ့သည် တကယ့်ကို ထူးခြား

www.burmeseclassic.com

www.burmeseclassic.com

တိုက်ဆိုင်သောနေ့ဖြစ်ပါ၏။ ရုပ်ရှင်တော်မြတ်သည် မန္တလေးမြို့ပေါ်တွင်သာဖြစ်သော်လည်း အခြားနေရာများဆိုလျှင်ပင် ရှာဖွေရလည်းခဲယဉ်းမည်။ စဉ့်ကိုင်အပြန်လမ်းနှင့်လည်းသင့်ချင်မှသင့်ပေမည်။ တစ်ဖန် မန္တလေးမြို့မဟုတ်ဘဲ အခြားမြို့ဆိုလျှင်တော့ ဆရာတော်ကြီးသည် မည်သို့မျှ သွားရောက်ဖူးမြော်နိုင်မည်မဟုတ်ပါ။ ယခုရတနာပုံသတင်းစာတိုက်ကတော့ ရန်ကုန်-မန္တလေးလမ်းနှုတ်ခမ်းပေါ်တွင်သာရှိနေ၍ ဝင်ရောက်ဖူးမြော်ရန် လွယ်ကူလှပါ၏။

"ဒါဆို ခဏလေးစောင့်ပါဦးဘုရား။ တပည့်တော် သက်နံးတစ်စုံလျှော်လိုပါဘုရား"

စာရေးသူနှင့်အစ်မကြီးတို့ ဆရာတော်ဘုရားကြီးကို ရိုသေလေးမြတ်စွာ သက်နံးကပ်လှူလိုက်ကြ၏။ ထို့နောက် ဆရာတော်ဘုရားကြီးကို ရိုသေစွာ ကန်တော့လိုက်ကြသည်။ ဆရာတော်ဘုရားကြီးလည်း စာရေးသူတို့အား ဆုမွန်ကောင်းများတောင်းပေးပြီးပြန်လည်ကြွမြန်းတော်မူပါသည်။

ဗန်းမော်ဆရာတော်ဘုရားကြီး စာရေးသူတို့နေအိမ်သို့ ကြွရောက်တော်မူလာခြင်းမှာ အိပ်မက်လေလား၊ ဟု ထင်မှားရပါ၏။ မည်သို့မှထင်မှတ်ထားစရာအကြောင်းမရှိပါ။ ဗန်းမော်ဆရာတော်ဘုရားကြီးသည် သံဃာဦးသျှောင် နိုင်ငံတော်သံဃနာယကဥက္ကဋ္ဌဆရာတော်ဖြစ်ပါ၏။ သံဃရာဇာဟုပင် တင်စားခေါ်ဆိုနိုင်မည်ဖြစ်ပေ၏။ ထို့ကြောင့် စာရေးသူသည် အတိုင်းမသိ ဝမ်းသာကြည်နူးကာ ပီတိဖြစ်၍မဆုံးနိုင်အောင်ရှိနေပါ၏။ ဤကဲ့သို့သော အဓိပတိဆရာတော်ဘုရားကြီး မပင့်မလျှောက်ပါဘဲ မိမိတို့နေအိမ်သို့ ကြွရောက်တော်မူလာခြင်းမှာ အလွန်ပင်ကံထူးလှပါသည်။ အရင်းစစ်ဖြတ်ပါက အမြစ်မြေက ဟူသောစကားအတိုင်း ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်နှင့် ကျေးဇူးတော်တို့ပင် ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်၏ ဂုဏ်တော်ကျေးဇူးတော်တို့ကြောင့်ပင် မိမိနေအိမ်သို့ ဆရာတော်ဘုရားကြီး ကြွရောက်တော်မူလာခြင်းဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး ကြွသွားတော်မူသောအခါ စာရေးသူလည်း ချက်ချင်းပင် မယ်တော်ကြီးကို ဖုန်းဆက်လိုက်သည်။ ခါတိုင်းနေ့များတွင် မယ်တော်ကြီးနှင့် အန်တီအေးတို့သည် နေ့ခင်း (၁၂)နာရီခန့်မှစ၍ ဖုန်းပိတ်ထားလေ့ရှိကြပြီး ညနေ (၅) နာရီခန့်မှသာ ဖုန်းဖွင့်ပါသည်။ ယနေ့မူ မယ်တော်ကြီးက ဆိုက်ဆိုက်မြိုက်မြိုက် ဖုန်းကိုင်ပါသည်။ စာရေးသူလည်း ဝမ်းသာအားရပင် ဗန်းမော်ဆရာတော်ဘုရားကြီး ကြွရောက်တော်မူလာကြောင်း၊ ယခု ရတနာပုံသတင်းစာတိုက်သို့ ကြွရောက်တော်မူနေပြီဖြစ်၍ မယ်တော်ကြီးက နေရာထိုင်ခင်းမှအစ ကြိုတင်စီစဉ်ပြင်ဆင်ထားနိုင်ရန် အကြောင်းကြားခြင်းဖြစ်ကြောင်း ပြောလိုက်သည်။ မယ်တော်ကြီးလည်း အံ့သြဝမ်းသာမဆုံးဖြစ်နေ၏။

"မင်းနှယ်ကွာ၊ နိုင်ငံတော်ဥက္ကဋ္ဌဆရာတော်ဘုရားကြီး ကိုယ့်အိမ်ကြွလာပြီး ကိုယ့်ဘုရားလာဖူးတာတောင် မင်းက လိုက်မပို့ဘူးလား။ အခုမိသေးတယ်၊ နောက်ကလိုက်ခဲ့လိုက်"

ဟု ပြောပါသည်။

ထို့ကြောင့် စာရေးသူလည်း စံပြတွင်နေသော ကိုဝင်းကိုအား သွားရောက်ခေါ်ယူပြီး ရတနာပုံသတင်းစာတိုက်သို့ လိုက်ခဲ့သည်။ စာရေးသူတို့ရောက်ရှိသွားသောအခါ ဆရာတော်ဘုရားကြီးမှာ မယ်တော်ကြီးတို့နှင့် စကားလက်ဆုံကျလျက်ရှိပါသည်။ ဗိုလ်မှူးနှင့် မနန်းစိုးတို့လည်း ဝမ်းသာလျက်ရှိကြပြီး တပ်တွင်းမှ ရဲဘော်၊ ရဲမေများလည်း ဆရာတော်ဘုရားကြီးကို လာရောက် ဖူးမြော်နေကြသည်။ ဆရာတော်ဘုရားကြီးသည် ဧရွေကံကူရုပ်ရှင်တော်မြတ်အား ရန်ကုန်မြို့တွင် (၅)ကြိမ်ထက်မနည်း အနေကဇာတင်ဖူးပါသည်။ ထို့ပြင် ဆရာတော်ဘုရားကြီးမှ မယ်တော်ကြီးကို သီဟိုဠ်နိုင်ငံ ပုဒ္ဓစွယ်တော်ပွားလည်း ချီးမြှင့်တော်မူဖူးပါသည်။ သို့သော် ရုပ်ရှင်တော်မြတ်ကိုသာ မှတ်မိပြီး ရုတ်တရက် မယ်တော်ကြီးကို မမှတ်မိဘဲရှိပါသည်။ အတန်ကြာသောအခါမှသာ မယ်တော်ကြီးကို မှတ်မိသွားသည်။

မယ်တော်ကြီးက ဘုန်းဘုန်းကြီးဦးတိက္ခကို ဗန်းမော်ဆရာတော်ကြီးဘုရား လာဖူးနေကြောင်း၊ လျှောက်ထားလိုက်ကြောင်း၊ ထို့ကြောင့် ဘုန်းဘုန်း ဦးတိက္ခလည်း ကြွရောက်တော်မူလာနေပြီဖြစ်ကြောင်းပြောပါသည်။ဆရာတော်ဘုရားကြီးသည် အသက်အရွယ်ကြီးရင့်သော်လည်း ပေါ့ပါးလန်းဆင်လျက်ရှိ၏။

"ရန်ကုန်မှာဆို ဆရာတော်ဘုရားကြီးက လေးငါးလွှာတိုက်ခန်းတွေကိုကြွလို့ရှိရင် လှေကားထစ်တွေကို တစ်ထစ်ကျော်နင်းပြီးတက်တာ။ ဆရာတော်ကြီးက တောင်တွေးလည်းမကိုင်ဘူး။လူလည်းမတွဲရဘူး။ အပေါ်ရောက်တော့ တခြားဆရာတော်ကြီးတွေက မောနေတာ ဆရာတော်ကြီးက မမောဘူး။ အဲဒါဘာလို့လဲဘုရား"

ဟု မယ်တော်ကြီးက လျှောက်ထားလိုက်သည်။

ထိုအခါ ဆရာတော်ဘုရားကြီးက-

"ကျုပ်မှာ ဆေးရှိတယ်ဗျ။ အဲဒီဆေးကြောင့် အခုလိုဖြစ်နေတာ၊ ဆေးနာမည်က အသက်ရှည်ဆေးလို့ခေါ်တယ်။ ကိုယ့်ဘဝသာဖော်သောက်လို့လည်းရတယ်။ ဒီဆေးထဲမှာပါတာတွေက မြင်းခွာဥအမှုန့် (၁၀)ကျပ်သား၊ ပျားရည်စစ်စစ် (၁၅)ကျပ်သား၊ ပုတီးဖြူရွက်မှုန့်လက်ဖက်စားဇွန်းတစ်ဇွန်း၊ ဟိုင်းရာဇာဥအမှုန့် လက်ဖက်စားဇွန်းတစ်ဇွန်းနဲ့ ငရုတ်ကောင်းမှုန့် မန်ကျည်းစေ့ခန့်တို့ကို ရောပြီး သမအောင်မွှေရမှာ။ ပြီးရင် မနက် (၆)နာရီ၊ ညနေ (၆)နာရီ တစ်နေ့ (၂) ကြိမ် လက်ဖက်စားဇွန်း (၁) ဇွန်း မောက်မောက်ရေအေးနဲ့သောက်ရတယ်။ ရက်ရှည်လရှည်စွဲသောက်လို့ရှိရင် ထုံကျဉ်ကိုက်ခဲတာတို့၊ လေးလံထိုင်းမှိုင်းတာတို့၊ ခြေသလုံးကြွက်စက်တာတို့၊ အရိုးကျိုးပေါင်းတက်တာတို့၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ လေးဖက်နာ၊ လေငန်းစတဲ့ရောဂါတွေလည်း ပျောက်ကင်းတယ်။ အစာကြေညက်အားလည်းကောင်းတယ်။ အိပ်ကောင်းမယ်၊ စားကောင်းမယ်။ နှစ်နဲ့ချီမြိုးစွဲသောက်ရင်တော့ ဖြူနေတဲ့ဆံပင်တွေတောင် ပြန်နက်လာလိမ့်မယ်"

ဟု မိန့်တော်မူပါသည်။

ခဏနားပြီး ဆရာတော်ဘုရားကြီးသည် ရေနွေးတစ်ခွက်မျှ ဘဉ်းပေးလိုက်ပြီး ဆက်လက်မိန့်တော်မူသည်မှာ-

"ဟိုးလွန်ခဲ့တဲ့ အနှစ် (၂၀)ကျော်လောက်က ကျုပ်ရဲ့ဒါယကာရင်း သခင်ဘဂသာင်းဆိုတာရှိတယ်။ သူက ကျောင်းရောက်လာပြီး 'ဆရာတော် တပည့်တော် အသက် (၁၄၀) ရှည်တဲ့ဆေးတွေ့ပြီဘုရား' လို့လျှောက်တယ်။ အဲဒါနဲ့ ဆရာတော်က 'ဒကာကြီးရာ အဲဒီလိုဆေးမျိုး တကယ်ရှိလို့လား'ဗျာ။ ဟုတ်ရဲ့လား' လို့မေးတော့ 'အဲဒါ အခုသွားကြည့်မှာပဲဘုရား။ အဝေးကြီးမဟုတ်ဘူးဘုရား မန္တလေးအရှေ့ဘက် (၁၂)မိုင် (၅)ဖာလုံအကွာမှာရှိတဲ့ ထုံဖိုရွာကားလမ်းမကြီးမှာပဲဘုရား' လို့လျှောက်တာနဲ့ 'ဒါလို့ဆိုရင်ဖြင့် ကျုပ်လည်းလိုက်မယ်လေ။

www.burmeseclassic.com

www.burmeseclassic.com

ဒကာကြီးနဲ့အတူတူသွားကြတာပေါ့' ဆိုပြီး ဆရာတော်တို့ ထုံးဖိုရွာကိုထွက်ခဲ့ကြတယ်။

လိပ်စာအတိအကျနဲ့သွားတာဆိုတော့ မရှာလိုက်ရပါဘူး။ ကားလမ်းရဲ့ တောင်ဘက်မှာ ကိုစိုးပိုင်ရဲ့အိမ်ကိုတန်းတွေ့တာပဲ။ ကိုစိုးပိုင်လည်း ဆရာတော်ကိုမြင်လိုက်ရတော့ ဝမ်းသာနေတာပေါ့။ သခင်ဘသောင်းက အသက်ရှည်ဆေးသတင်းကြားလို့လာရောက်တဲ့အကြောင်းပြောလိုက်တော့ 'ဟုတ်ပါတယ်၊ တပည့်တော်စိုးပိုင်ပါဘုရား' လို့ဆိုပြီး အဲဒီဆေးရဲ့အကြောင်းတွေကိုပြောပြတယ်။ ကိုစိုးပိုင်က အသက် (၄၀)ကျော်လောက်မှာ ဆံပင်တွေက တစ်ခေါင်းလုံးဖြူနေပြီ။ ဒါကြောင့် သူနဲ့သိတဲ့လူတွေက သူ့ကို ကိုစိုးပိုင်လို့မခေါ်ကြတော့ဘဲ ခေါင်းဖြူလို့ ခေါ်ကြလို့ သူနာမည် ခေါင်းဖြူလို့တွင်နေတယ်။

ဒီလိုနဲ့ တစ်နေ့ကျတော့ ညနေနေဝင်ရီတရောအချိန်ပေါ့။ ကိုစိုးပိုင်ရဲ့အိမ်ရှေ့ကို ရှမ်းအဘိုးကြီးတစ်ယောက်ရောက်လာတယ်။ နယ်လှည့်ပြီးဆေးမြစ်ရောင်းတာနဲ့တူပါရဲ့။ ဝါးခြင်းတောင်း (၂) လုံးကို ထမ်းပိုးနဲ့ထမ်းလာတယ်။ တောင်းထဲမှာလည်း ဆေးမြစ်တွေဆေးဥတွေနဲ့ ဆေးမှုန့်ဘူးတွေနဲ့ ကိုစိုးပိုင်ကိုမြင်တော့ 'ငါ့တူ ဦးလေး ဒီညတည်းချင်လို့၊ ဇရပ်ဘယ်နားရှိသတုံး။ သုသာန်ဇရပ်ဖြစ်ဖြစ်ပေါ့ကွာ။ လုံခြုံရင်ပြီးတာပါပဲ' လို့ပြောတော့ 'ဦးလေး ဒီအနီးနားမှာဇရပ်မရှိဘူး။ တည်းဖို့ရာအတွက် ဇရပ်ရှာမနေပါနဲ့တော့။ ကျွန်တော့်အိမ်မှာတည်းပါ။ တစ်ညမကပါဘူး၊ နေချင်သလောက်နေပါ။ ကျွန်တော်တို့က ဆင်းရဲပါတယ်။ ဒါပေမယ့် ဦးလေးကစ်ယောက်စာအတွက်ကတော့ အပန်းမကြီးပါဘူး။ ကျွန်တော်တို့အိမ်မှာပဲစားပါ' လို့ ပြန်ပြောလိုက်သတဲ့။

ဒီလိုနဲ့ အဲဒီရှမ်းဆေးဆရာကြီးကိုစိုးပိုင်တို့အိမ်မှာတည်းဖြစ်သွားတယ်။ လေးငါးရက်လောက် အနီးအနားကရွာတွေကိုလှည့်ပြီးဆေးကုတယ်။ ပြန်မယ့်ညကျ တော့ 'ငါ့တူ ငယ်ငယ်လေးနဲ့ ဆံပင်တွေဖြူလှချေလား။ဦးလေးတောင် အသက် (၇၀) ကျော်နေပြီ၊ ဆံပင်မဖြူသေးဘူး' လို့ ပြောလိုက်တော့ 'ဟုတ်ပါတယ် ဦးလေး၊ ဒါကြောင့် ကျွန်တော့်မှာ မူရင်းနာမည်ပျောက်ပြီး ခေါင်းဖြူလို့တွင်နေတာ' လို့ ဖြေလိုက်သတဲ့။ အဲဒါနဲ့ ရှမ်းဆေးဆရာကြီးက 'ဒါဆို ငါ့တူ ဆေးပေးခဲ့မယ် စွဲသောက်။ ဆေးနည်းပါပေးခဲ့မယ်။ ကုန်ရင် ဖော်ပြီးသောက်။ ဒီဆေးဟာ အရွယ်တင်နုပျိုစေတယ်။ အသက် (၂၀)လောက်ကသာစသောက်လာမယ်ဆိုရင် အသက် (၁၄၀)ထိရှည်နိုင်တယ်။ ဘယ်လို လူမဆို ဒီဆေးကိုသောက်ရင် အသက်(၄၀)သမားကို (၂၀)လို့ထင်ရမယ်။ (၆၀) သမားကို (၄၀)လို့ထင်ရမယ်။ (၈၀) သမားကို (၆၀) လို့ထင်ရမယ်။ နှစ် (၂၀) လောက်နုသွားမယ်။ ဆံပင်မဖြူဘူး' လို့ ပြောပြီး ဆေးတွေပေးတယ်။ နောက်ရက်မှာ ဆေးဆရာကြီး ကိုစိုးပိုင်အိမ်က ပြန်သွားတယ်။

ကိုစိုးပိုင်လည်း ရှမ်းဆရာကြီးပေးသွားတဲ့ဆေးကုန်တော့ အညွှန်းအတိုင်း သူဘာသာသူဆေးဖော်ပြီးသောက်တယ်။ အဲဒီလိုနဲ့ (၂) နှစ်လောက်ရှိသွားတော့ တစ်နေ့ ဆံပင်ညှပ်တဲ့အခါမှာ ဆံပင်ညှပ်ဆရာက 'ဟာ- ဦးစိုးပိုင် ခင်ဗျားဆံပင်တွေက ထူးဆန်းလိုက်တာဗျာ။ အပေါ်က တစ်ခေါင်းလုံးဖြူနေပြီး အောက်ခြေတွေကနက်နေတာဗျာ။ အဖြူတစ်ထပ် အနက်တစ်ထပ်ဖြစ်နေတယ်' လို့ပြောသံတဲ့။ ကိုစိုးပိုင်လည်း ဝမ်းသာသွားတာပေါ့။ ရှမ်းဆရာကြီးရဲ့ဆေးကတော့ တကယ်စွမ်းပြီလို့ပေါ့။ ဒါနဲ့ သုံးဇေးခါလည်း ဆံပင်ညှပ်ပြီးရော အဖြူတွေကုန်သွားပြီး အနက်တွေချည်းဖြစ်သွားသတဲ့"

ထိုအချိန် တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီးဘုန်းဘုန်းဦးတိက္ခကြွရောက်တော်မူလာသဖြင့် ထိုအကြောင်းအရာ ထိုနေ့ရာမှာပင် ရပ်သွားပါသည်။

အားလုံး လှုပ်လှုပ်ရွရွဖြစ်သွားပြီး နေရာထိုင်ခင်းများ ပြင်ဆင်ကြသည်။ ဦးတိက္ခနှင့်အတူ အာဂန္တုဆရာတော် တစ်ပါးလည်းပါရှိလာသည်။ဆရာတော်ကြီးနှစ်ပါး အပြန်အလှန်ရှိသေလေးစားစွာ နှုတ်ဆက်ကြပြီး သာကြောင်းမာကြောင်းမေးကြမြန်းကြသည်။ ဤဆရာတော်ကြီးနှစ်ပါးလုံးမှာ များပြားလှသော၊ ကြီးလေးလှသော သာသနာတာဝန်များကို ထမ်းဆောင်နေကြရသည်ဖြစ်သဖြင့် တစ်ပါးနှင့်တစ်ပါးမှာ ဆုံခဲလှပါသည်။ ဗိုလ်မှူးဆန်းဝင်းနှင့် မနန်းစိုးတို့လည်း တကယ့်ဆရာတော်ကြီးများ မိမိတို့နေအိမ်သို့ကြွရောက်တော်မူလာသည့်အတွက် ဝမ်းသာပျော်ရွှင်လျက်ရှိကြ၏။ အာဂန္တုဆရာတော်က ဗန်းမော်ဆရာတော်ဘုရားကြီးကို ရှိခိုးကန်တော့ပြီး -

"တပည့်တော်က အရိယာလမ်းပြကျောင်းတိုက် ပြင်ဦးလွင်ကပါဘုရား"

ဟု လျှောက်ထားသည်။

ထို့နောက် -

"တပည့်တော်က အရှင်ဘုရားရဲ့ တပည့်ပါဘုရား။ တပည့်တော်မြင်တာလေးတွေလျှောက်ခွင့်ပြုပါဘုရား"

ဟု ခွင့်တောင်းခံလိုက်သည်။

ဗန်းမော်ဆရာတော်ဘုရားကြီးက -

"ကိုယ်တော်မြင်တာလျှောက်ပါ"

ဟု ခွင့်ပြုလိုက်လျှင် အရိယာလမ်းပြဆရာတော်သည် ရွှေကံကူဘုရားနှင့် ပတ်သက်သော အကြောင်းအရာများ၊ ဂုဏ်တော်၊ အကျင့်သီလ၊ စရဏမဂ္ဂင်လမ်းစဉ် အစရှိသည်တို့နှင့်ပတ်သက်ပြီး အတိတ်တဘောင်သဘောမျိုး၊ လက်ာသဘောမျိုး၊ သံပေါက်သဘောမျိုး၊ အသံနေအသံထားဖြင့် အသံဩဇာကောင်းမွန်စွာဖြင့် ရွတ်ဆိုတော်မူ၏။ တစ်ပုဒ်ပြီးသွားတိုင်း မိမိဘာသာ ပြန်လည်အားရတော်မူလျက် -

"အရှင်ဘုရား မှန်ရဲ့လားဘုရား"

ဟု ဗန်းမော်ဆရာတော်ကြီးကို တိုင်တည်၏။ ဗန်းမော်ဆရာတော်ဘုရားကြီးက-

"ဟုတ်ပါတယ်ဘုရား၊ မှန်ပါတယ်ဘုရား"

ဟု ထောက်ခံလိုက်လျှင်-

"တပည့်တော်က အရှင်ဘုရားရဲ့ တပည့်ပဲဘုရား မည့်ပါဘူး"

ဟု ဆိုလျက် နောက်တစ်ကြိမ် လက်ာတစ်ပုဒ်ရွတ်ပြန်၏။ အရိယာလမ်းပြဆရာတော်သည် ထန်၊ မာန်အပြည့်ဖြင့် အသံနေအသံထားမှန်ကန်စွာရွတ်ဖတ်တော်မူရာ ဘုရားခန်းအတွင်း၌ ဟိန်းလျက်ရှိ၏။

အတန်ကြာသော်အခါမှ ဆရာတော်ဘုရားကြီးများလည်း ပြန်လည်ကြွမြန်းတော်မူရန်ပြင်ဆင်ကြ၍ စာရေးသူတို့အားလုံး ဆရာတော်ဘုရားကြီးများကို ရှိသေစွာ ကန်တော့လိုက်ကြပြီး မော်တော်ယာဉ်များပေါ် အထိ လိုက်ပါပို့ဆောင်ပေးလိုက်ကြပါသည်။ဆရာတော်ဘုရားကြီး ဒေါက်တာအရှင်ကုမာရာဘိဝံသက-

"ဘိုဘို၊ မင်းနဲ့ငါက ဆရာရင်းဒါယကာရင်းဖြစ်သွားပြီ။ မင်း ဘာရှိရှိပင့်နော်။ နို့ဆီဆေးတော်ပွဲတွေနဲ့မတိုက်လို့ကတော့ ကြွပေးမယ်"

ဟု မိန့်တော်မူသွားပါသေးသည်။

ဆရာတော်ဘုရားကြီးများ၏ကားများ တပ်ပေါက်မှထွက်ခွာသွားသော

www.burmeseclassic.com

www.burmeseclassic.com

အခါမှ စာရေးသူတို့လည်း ဘုရားခန်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြပြီး စောစောက အကြောင်းအရာများကို ပြော၍ မဆုံးနိုင် အောင်ရှိနေကြပါ၏။ အားလုံးဝမ်းသာ ပျော်ရွှင်လျက်ရှိသည်။

"မင်းမလာခင်တ ပြင်ဦးလွင်မှာ အင်္ဂလိပ်သူတော်စဉ်ကြီးနဲ့ တွေ့ခဲ့တဲ့ အကြောင်း ဆရာတော်ကြီးကိုလျှောက် လိုက်သေးတယ်။ ဆရာတော်ကြီးက 'မယ်တော်ကြီး အကျင့်သီလ၊ စရဏ တွေအားကောင်းလို့ ဝိဇ္ဇာတွေနတ်တွေ ကလည်း လူတွေအတွက်အကျိုးပြုမည့် အရာတွေကိုပေးတာပြောတာ။ မယ် တော်ကြီးကတစ်ဆင့် လူတွေကိုသိစေ ချင်တာ။ ဒါကြောင့် မယ်တော်ကြီး အဲဒီ ဟာကို စာရိုက်ပြီးဖြန့်ဝေပါ။ ရရှိတဲ့လူ တွေလည်း မိမိတို့နေအိမ်တွေမှာကပ် ထားကြဖို့ပြောလိုက်ပါလို့ မှာသွားတယ် ကွ"

ထိုအကြောင်းအရာမှာ ဤသို့ဖြစ် သည်။ ရုပ်ရှင်တော်မြတ်သည် လွန်ခဲ့ သော (၇)နှစ်ခန့်မှစ၍ နှစ်စဉ် ပြင်ဦးလွင် မြို့မှ ပင့်ဆောင်ပူဇော်မှုကို ခံယူတော်မူ ခဲ့ရ၏။ ရုပ်ရှင်တော်မြတ်အား ဝတ္ထုဌေ အမျှားဆုံး လှူဒါန်းသော မိသားစုဟု မှတ်တမ်းတင်ထားရှိရသော ကိုဇော်နိုင် (အင်္ဂျင်နီယာမှူးကြီး၊လမ်း/တံတား အထူး)-မအေးအေးမြတ် (အေးမေတ္တာ ဆေးဆိုင်၊ မြစ်သားမြို့) တို့သည် အစောပိုင်းနှစ်များက နှစ်စဉ် မြစ်သား မြို့နေအိမ်သို့ ပင့်ဆောင်ပူဇော်ခဲ့ကြ၏။ လွန်ခဲ့သော (၂)နှစ်မှစတင်၍ ပြင်ဦးလွင် မြို့နေအိမ်သစ်သို့ ပင့်ဆောင်ပူဇော်ခဲ့ကြ သည်။ ထိုနေအိမ်မှာ ပြင်ဦးလွင်မြို့ လားရှိုးလမ်းမကြီးပေါ် နာရီစင်မီးပွိုင့် အလွန်ရှိ ပုလဲဖြူဆွယ်တာဆိုင်ကြီး၏ နံဘေး သာလျှံန်ဟဲဟိုတယ်လမ်းကြား ကလေးအတိုင်းလိုက်သွားလျှင် လမ်းမ တန်းနှင့် (၅)အိမ်ခန့်ခြားသောနေရာတွင် ရှိသည်။ ထိုနေရာသည် ရှေးက အင်္ဂလိပ် လူမျိုးများ စုဝေးနေထိုင်သွား၏။ ယခု တိုင် ဥရောပပုံစံအဆောက်အအုံဟောင်း များကို တွေ့နေရပါသေးသည်။

ကိုဇော်နိုင်သည် ရပ်ကွက်ရှိ ခြံ ကြီးတစ်ခြံကိုဝယ်လိုက်သည်။ နဂိုပါရှိ သော ရှေးဟောင်းအဆောက်အအုံကြီး ကိုဖြိုဖျက်လိုက်ပြီး ခေတ်မီနှစ်ထပ်တိုက် ကြီး ဆောက်လိုက်သည်။ ထိုတိုက်ပြီးစီး သောအခါ ရုပ်ရှင်တော်မြတ်အား ပင့် ဆောင်ပူဇော်ပြီး တိုက်တက်မင်္ဂလာပြု လုပ်သည်။ ထို့နောက် နှစ်စဉ် ရုပ်ရှင် တော်မြတ်အား ဤတိုက်သစ်ကြီးသို့ ပင့် ဆောင်ပူဇော်ခဲ့သည်မှာ ယခုဆိုလျှင် (၃) နှစ်မြောက်သို့ ရောက်ရှိခဲ့ပေပြီ။

ယခင်နှစ်များက ကိုဇော်နိုင်သည် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့ တွင် တာဝန်ထမ်းဆောင်နေရသည်။ ရုပ်ရှင်တော်မြတ် ပင့်ဆောင်ပူဇော်သော ရက်များတွင် ပြင်ဦးလွင်သို့ လာရောက် ၏။ မအေးအေးမြတ်သည်လည်း ရုပ်ရှင် တော်မြတ်အား ပင့်ဆောင်ပူဇော်သော အခါမှသာ မြစ်သားမြို့မှလာရောက်ရ ခြင်းဖြစ်သည်။ ကျန်သောရက်များတွင် ၎င်းတို့မိသားစု ဤအိမ်ကြီးမှာမနေကြ ပါ။ ခြံစောင့်နှင့်သာထားပါသည်။ ဤ နေရာတွင်လည်း ရှေးယခင်က အင်္ဂလိပ် လူမျိုးများ နေထိုင်သွားသည်ဟုသိရပါ သည်။

ဤအိမ်ကြီးဆောက်လုပ်နေစဉ် တုန်းကလည်း အေးအေးမြတ်က မယ် တော်ကြီးကိုပင့်ဆောင်ပြီး မယ်တော်ကြီး ဒီမှာဘာရှိသလဲလို့ အာရုံခံပေးပါဟု ပြောသဖြင့် မယ်တော်ကြီးလည်း အာရုံ ခံလိုက်ပြီး သစ်ပင်ကြီးတစ်ပင်လဲလိုက် သလားဟုမေး၏။ အေးအေးမြတ်က လဲ လိုက်မိကြောင်းဝန်ခံလျှင် အဲဒါဆိုရင် သစ်ပင်တစ်ပင်အစားစိုက်ပေးလိုက်ဟု မယ်တော်ကြီးကပြောလိုက်ပြီး ဒါနဲ့ ဘာ ဖြစ်လို့မေးတဲ့လဲဟုဆိုလိုက်ရာ အေး အေးမြတ်က အခုရက်ပိုင်း ပန်းရန်တွေ၊ အလုပ်သမားတွေ သိပ်အဆင်မပြေသ လိုဖြစ်နေလို့မေးကြည့်တာပါဟု ပြောဖူး သည်။

ယခုနှစ်လည်း ဘုရားကြွလာ သောအခါ အေးအေးမြတ်တို့၏မြောက် ဘက်ကပ်လျက် ပြည်လုံးချမ်းသာ လျှပ်စစ်ပစ္စည်းဆိုင်မှ ဟိန္ဒူအမျိုးသမီး ဘုရားလာဖူးသည်။ဤအမျိုးသမီးသည် ဘုရားတရားလည်းမြဲ၏။ ရုပ်ရှင်တော် မြတ်ကိုလည်း ကြည်ညိုး၏။ ထို့ကြောင့် နှစ်စဉ်လာရောက်ဖူးမြော်၏။ ရုပ်ရှင် တော်မြတ် ဤအိမ်တွင် သီတင်းသုံး တော်မူသရွေ့ နေ့စဉ်လာရောက်ဖူးမြော် ၏။

ယခုနှစ်တွင် ထူးထူးခြားခြား အေးအေးမြတ်ကို ဤသို့မေး၏။

"ဒီအိမ်နဲ့ပတ်သက်ပြီး မယ်တော် ကြီးက ဘာပြောသံကြားရတုံး"

အေးအေးမြတ်က -

"ထွေထွေထူးထူးတော့မပြောပါ ဘူး။ ဟိုတစ်ခါတော့ အစောင့်တွေရှိ တယ်။ သစ်ပင်အစားပြန်စိုက်လိုက်ပါ" ဟူ၍ ပြောဖူးကြောင်း ပြောပြ လိုက်၏။

"ရှေးတုန်းက ကျွန်မတို့နဲ့ မအေး အေးမြတ်တို့က တစ်ခြံတည်းဖြစ်မယ်။ ဒီအထဲမှာ အင်္ဂလိပ်သူတော်စင်ကြီးရှိ တယ်။ အမြဲတမ်းတော့မဟုတ်ဘူး။တခါ့ ညတွေမှာ ကျွန်မဆီကိုလာပြီးစကား ပြောတယ်"

ဟု ဆို၏။

ထိုအကြောင်းကို အေးအေးမြတ် က မယ်တော်ကြီးအား ပြောပြလိုက်၏။

ထိုအခါ မယ်တော်ကြီးက -

"ဟုတ်ပြီ၊ သေချာပြီ။ မနေ့ညက အိပ်မက်လိုလိုတကယ်လိုလိုနဲ့ အင်္ဂလိပ် အဘိုးကြီးတစ်ယောက်ပေါ် လာပြီး Ever Smile, Never Cry, Weather Fine ဆို တာကို အသံနေအသံထားနဲ့ ဂါထာရွတ် သလိုရွတ်နေတာ အဲဒီသူတော်စင်ကြီး ဖြစ်မယ်။ ပြီးတော့ ကောင်းတဲ့အတိတ် နိမိတ်ပဲလေ။ အမြဲတမ်းပြုံးပျော်နိုင်ပါ စေ၊ ဘယ်တော့မှမငိုကြွေးရပါစေနဲ့၊ ရာသီဥတုနဲ့တူတဲ့ စီးပွားရေး၊ ငွေရေး ကြေးရေး၊ အလုပ်အကိုင်၊ ကျန်းမာရေး၊ လူမှုရေး အားလုံးကောင်းမွန်ပါစေလို့ မေတ္တာပို့ပေးတာပဲ။ ဒါကြောင့် ငါ့သမီး တို့ ဘာမှမပူနဲ့။ ဒီသူတော်စင်ကြီးက ငါ့သမီးတို့ကိုစောင့်ရှောက်နေပြီ"

ဟု မယ်တော်ကြီးကပြောခဲ့၏။

ယခု ထိုအကြောင်းအရာတို့ကို မယ်တော်ကြီးက ဗန်းမော်ဆရာတော် ဘုရားကြီးအား လျှောက်ထားလိုက်ခြင်း ဖြစ်၏။

ထို့နောက် စာရေးသူတို့လည်း ဗိုလ်မှူးတို့အိမ်မှာပင် ထမင်းစားကြ သည်။ နှစ်စဉ် ဘုရားကြွသည့်အခါတိုင်း မနန်းစိုးက စာရေးသူအား ထမင်းဖိတ် ကျွေးမြဲဖြစ်ပါသည်။ မနန်းစိုးသည် ကရင်ပြည်နယ် သာမညဇာတိဖြစ်သော် လည်း ရှမ်းပအို့ဝ်ဖြစ်ပါသည်။သက်သတ် လွတ်ဟင်းချက်လက်ရာကောင်းလှပြီး မျှစ်ကြော်နှင့် မန်ကျည်းသီးစိမ်းကြော် တွင် စားဖူးသမျှ၌ အကောင်းဆုံးဖြစ်၏။ ထမင်းစားပြီး အတန်ငယ်နေပြီးနောက် စာရေးသူလည်း စခ့်ကိုင်သို့ ပြန်ခဲ့ပါ တော့သည်။

(ဆက်ရန်)

ဘိုဘို(ရွှေတံကူ)

www.burmeseclassic.com

www.burmeseclassic.com

ရေနံသာဒေါင်ချပ်းဇော်

လျှောက်သာလျှောက်နေပါ ရောက်ပါလိမ့်မယ်

ကြပါတယ်။ ဇာတ်ဆရာ မိတ်ကျေးကလေး (၂၀၀၅) တော်ကာ ယွေးရောင်းရင်း စာတိုက်ဟာ စာနှစ်စောင်ပို့ခ ဝါသနာပါလွန်းလို့ ဇာ (၆၀၀) စုံစုံပေါင်း (၁၅၀၀) လောက် ရင်းနှီးလိုက်ရတယ်။ တစ် နေ့ဝင်ငွေကမှ ထောင်ကျော်ရုံလေးရှိ တာ။ ဒုက္ခဆိုးဆိုဖို့ ဟင်းချက်စရာဖိုးတ ရှိသေးတယ်။ ရောင်းရသမျှလေးထဲက မြစ်မယ်ထင်သလောက်လေးဖယ်၊ ကျန် တာကို ကုန်ဖစ္စည်းလေးတွေ ပြန်ဝယ် ထင်ရတာပဲ။ စားဖို့မှာအနိုင်နိုင် (၁၀၀၀) (၁၅၀၀)အပိုသုံးဖို့ကမရှိဘူး။ ဒီကြားထဲ တစ်ခါတလေ အသက်ကြီးလာတော့ ကျန်းမာရေးတ မကောင်းဘူး။ ဗုဒ္ဓး လိုက်နာလိုက်၊ ချောင်းဆိုးလိုက်၊ အာစာ မကြေလိုက်နဲ့ ဆေးဖိုးမတတ်နိုင်တော့ တိုင်းရင်းဆေးမြီးတိုလေးတွေနဲ့ ဖြစ်သလို ကုရတယ်။ မနေ့နိုင်မဟိုင်နိုင် စာရေးဖို ပြန်တော့ စာလွှတ်ဖိုးတောင် ကားခက မကုန်မဖြစ် ကုန်လာတယ်။

ဦးလေးကြီး၊

ကိုလှဝင်းနိုင်တ ဆိုစတက် ကိုသောပါဦးလို့ မှာလိုက် တယ်

ကျွန်တော့် ဇွေးဆိုင်ရှေ့မှာ ဇွေး ပြန် အရှိးသမိုးတစ်ယောက်က လှမ်း အော်သွားလို့ ကျွန်တော် တအံ့တသြ ထိတ်လန့် တုန်လှုပ်သွားရပါတယ်။ ရင် ခဲမှာလည်း စိုးရိမ်ပူပန်စိတ်တွေဝင်လာ တယ်။ ဒုက္ခပါပဲ၊ ဘယ်လိုလှုပ်ရှုပ်လဲ အတွေးတွေနဲ့ ဖိတ်ရှဲရှဲသွားတယ်။

ကိုလှဝင်းနိုင်၊ မရွှေဥတို့ ဇနီး မောင်နှံဆိုတာက ဘဲ့တေဒီပလိုမာတွေ ရထားကြပြီး ရပ်ကွက်ထိပ် လမ်းမကြီး ပေါ်မှာ ကမ္ဘာကျော်ပျံတာမီတာဆိုပြီး ထားကြသူတွေပါ။ သူတို့က ကျွန်တော့် ဇွေးဆိုင်လေးနဲ့ (၂) လမ်းကျော်မှာနေ ထိုင်ကြလို့ တစ်ရပ်ကွက်သားချင်း ခင်မင် ရင်းနှီးပါတယ်။ ကျွန်တော့်ဇွေးဆိုင်လေး မှာ ဖွကြာစတာတွေးလာရင်

www.burmeseclassic.com

www.burmeseclassic.com

ဈေးအသွား မိတ္ထူဝင်ကူးပြီး မိတ္ထူကူးခ (၂၀၀) ပေးခါနီး လက်တွေ့ကတုန်နေတယ်။ ဒါကို ကိုလှဝင်းနိုင်ကမြင်တော့ -

"ဦးလေး၊ မိတ္ထူကူးခနောက်မှပေးလေ။ စာတိုက်မှာ စာပို့ခက မပေးမဖြစ်ပေးရဦးမှာ။ အပြန် ပိုမှ မိတ္ထူကူးခပေးပေါ့"

ဒီလိုနဲ့ မိတ္ထူကူးခအကြွေးရမှန်းသိတော့ (၄၀၀)၊ (၆၀၀)၊ (၈၀၀)၊ (၁၀၀၀) အကြွေးတင်စပြုလာတယ်။ ကိုလှဝင်းနိုင်ဆိုင်ရောက်တိုင်း ကွန်ပျူတာတွေ ဒီဂျစ်တယ်မိတ္ထူစက်တွေငေးကြည့်ရင်းကနေ ကွန်ပျူတာရိုက်တတ်ချင်စိတ်တွေ တလိပ်လိပ်တက်လာပြန်တယ်။ကွန်ပျူတာကြီး၊ မိတ္ထူကူးစက်ကြီး၊ ပရင့်ထုတ်စက်တွေပါလိုချင်လာတယ်။ ကိုလှဝင်းနိုင်ဆိုင်ရဲ့ အမှိုက်ပုံးထဲမှာလည်း စာရွက်တွေအများကြီးတွေ့ရတယ်။ မေးကြည့်တော့ တစ်ဖက်လွတ်ရိုက်ပျက်တွေပါ။ပိသာခြိန်နဲ့လည်းရောင်းမဖြစ်ဘူး။ တချို့စာတွေက အပြင်ရောက်လို့မကောင်းဘူး။ အဲဒါကြောင့် မီးရှို့ဖျက်ဆီးပစ်ရတာ။ စာကြမ်းရေးချင်ရင် တစ်ဖက်လွတ်အကောင်းတွေယူသွားပါလားဆိုလို့ အဖိုးတစ်ဖက်လွတ်စာရွက်တွေတပွေ့တပိုက်သယ်လာခဲ့တယ်။ စာမူရေးဖို့ စာရွက်ဖိုးမကုန်တော့ဘူး။ ဒါပေမယ့် ကိုလှဝင်းနိုင်က ဦးလေး စာမူတွေကွန်ပျူတာနဲ့ရိုက်ပို့ပါလားဆိုလို့ စာမူရေးပြီးရင် ကွန်ပျူတာစာစီဖို့အပ်လိုက်မိတယ်။

စာစီရိုက်ခက တစ်မျက်နှာ(၃၀၀)၊ (၁၀) မျက်နှာဆိုရင် (၃၀၀၀)၊ မိတ္ထူကူးခက(၂၀၀)၊ အားလုံး (၃၂၀၀) အရင်က (၂၀၀) ပဲကုန်တာ။ အခု (၃၀၀၀) ပိုကုန်လာပြီ။ ဒါလည်း ကိုလှဝင်းနိုင်က ဦးလေး နောက်တော့ အဆင်ပြေမှပေးပါဆိုတော့ (၃၂၀၀) ကနေ (၆၄၀၀)၊ (၉၆၀၀) တဖြည်းဖြည်းနဲ့ ကမ္ဘာကွန်ပျူတာဆိုင် ကိုလှဝင်းနိုင်ကိုပေးဖို့အကြွေးက ငါးသောင်းလောက်ဖြစ်လာတယ်။ စာမူတွေကလည်း တစ်ပုဒ်မှမပါ။ စာမူခဆိုတာလည်း တစ်ပြားမှမရ။ စာရေးဆရာဖြစ်ချင်မိမှ ကြွေးငါးသောင်းကျော်တင်တော့တယ်။ (၁၀၀-၁၀၀၀) ကြွေးလောက်တောင်မဆပ်နိုင်တဲ့ဘဝ ကြွေး (၅၀၀၀၀) ကျော်တင်လာတော့ မျက်လုံးပြူးပြီး အသက်ရှူရပ်မတတ်ဖြစ်လာတယ်။ ကိုလှဝင်းနိုင်ရဲ့ ကမ္ဘာကွန်ပျူတာမိတ္ထူဆိုင်ရှေ့လည်းဖြတ်မလျှောက်ရဲတော့ဘူး။ ဘာစာမှလည်းဆက်မရေးရဲတော့ဘူး။

အခု ကိုလှဝင်းနိုင်က သူ့ဆိုင်လာဖို့ လူကြုံနဲ့လှမ်းမှာနေပြီ။ အကြွေးတွေတောင်းတော့မယ်။ ဒုက္ခပဲ၊ ပေးစရာကလည်းတစ်ပြားမှမရှိ။ ရောင်းစရာပေါင်စရာကလည်း ဘာပစ္စည်းမှမရှိ၊ ရင်တွေပူရ အထိတ်တလန့် တုန်လှုပ်ရပြီ။ ထိုင်နေရင်းအကောင်းသား ထပြီးစာတွေရေးမိမှ အကြွေးလည်ပင်းခိုက်ပြီ။ ရေးချင်ဦးဟဲ့စာ၊ ဖြစ်ချင်ဦးဟဲ့ စာရေးဆရာမှတ်ပြီလား လို့ ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်မိတယ်။ ဘာပဲဖြစ်ဖြစ် ရင်ဆိုင်ရတော့မှာပဲ။ ရှောင်နေလို့လည်းပြီးမှာမဟုတ်ဘူး။ မတတ်သာတဲ့အဆုံး မျက်နှာငယ်နဲ့ ခြေသလုံးဖက်တောင်းပန်ရတော့မှာပဲ။ ကိုယ့်သားသမီးအရွယ်တွေပေမယ့် ကိုယ့်ဘက်ကပျက်ကွက်တာ အောက်ကျခံတောင်းပန်ရတော့မယ်။ သက်ပြင်းချပြီး လေးလံတဲ့ ခြေလှမ်းတွေနဲ့ ခေါင်းငိုက်စိုက်ကျပြီး ကိုလှဝင်းနိုင်ရဲ့ ကမ္ဘာကွန်ပျူတာမိတ္ထူဆိုင်ထဲဝင်လိုက်ရတယ်။

"ဟာ - ဦးလေး ဘယ်လိုဖြစ်နေတာလဲ။ မလာတာလည်းကြာပြီ။ ကျွန်တော်တို့လည်းမအားတာနဲ့ ဦးလေးဆိုင်ဘက်ကိုမရောက်ဘူး။ နေမကောင်းဘူးလား"

ကျွန်တော် ဘာကစဘယ်လိုပြောရမှန်းမသိလို့ သက်ပြင်းချခိုန် -

"ဦးလေးက ကြွေးတွေမပေးနိုင်လို့ မလာတာလား။ ဒုက္ခပါပဲဦးလေးရယ်၊ အခုဘာစာမှလည်းမရေးတော့ဘူးလား။ စာရေးဆရာဖြစ်ချင်တဲ့သူဆိုတာ စာများများရေးနေမှပေါ့။ စာမရေးဘဲ စာရေးဆရာ ဘယ်လိုလုပ်ဖြစ်မှာလဲ။ ဦးလေး ကျွန်တော့်ကိုပေးစရာရှိတဲ့ ကြွေးဆိုတာ လေးငါးသောင်းပါ။ စာရေးဆရာဖြစ်လို့ စာမူခတွေရလာရင် ကြွေးလေးငါးသောင်းဆိုတာ လေးငါးပုဒ်နဲ့ကျေပါတယ်ဗျာ။ ဆက်ရေးစမ်းပါ။ ကွန်ပျူတာစာရိုက်ခကုန်မှာစိုးရင် အရင်ကလိုပဲ လက်ရေးနဲ့ရေး၊ မိတ္ထူတော့လာကူးထား၊ မိတ္ထူကူးခတွေလည်းမပေးနဲ့ဦး၊ အကြွေးဆက်မှတ်ထားလို့ရပါတယ်ဦးလေးရယ်"

ကျွန်တော်ထင်ထားသလိုမဟုတ်ဘဲ ကိုလှဝင်းနိုင်စကားတွေကြားရတော့ သူ့ကို ကျွန်တော် တအံ့တသြမော့ကြည့်နေမိပါတယ်။

"ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ဆိုရင် စာပေလောကထဲတိုးဝင်ခါစက သူ့ရဲ့စာမူ (၇၅)ပုဒ်တောင် ရှုမဝကပယ်လို့ စိတ်ဓာတ်တွေကျပြီး စာရေးရပ်သွားဖူးတယ်တဲ့။ (၅) နှစ်လောက် စာမရေးဘဲ စာတွေဖတ်နေဖြစ်ရာက စာမရေးရမနေနိုင်အောင်ဖြစ်လာပြီး စာပြန်ရေးဖြစ်တယ်။ ပို့ဖို့ရည်ရွယ်ပြီးရေးတာမဟုတ်ဘူး။ မရေးရမနေနိုင်အောင်ဖြစ်လို့ရေးတာ။ အဲဒီတစ်ပုဒ်တည်းနဲ့ ဟိုးလေးတကျော်အောင်မြင်သွားတာတဲ့။ ဦးလေးရေးခဲ့တာ ဘယ်နှပုဒ်ရှိသေးလို့လဲ၊ စောင့်ရမှာပေါ့။ ကြွေးလေးလေးငါးသောင်းတင်တာနဲ့စာရေးတာရပ်ရတယ်လို့ ဦးလေးရယ်။ ဆက်ရေးစမ်းပါ၊ ကြွေးတစ်သိန်းတင်လည်းဘာဖြစ်လဲ။ ကျွန်တော့်ကို အားမနာပါနဲ့၊ ရှိတော့မှပေးမရှိရင်မပေးနဲ့"

ကိုလှဝင်းနိုင်ရဲ့ဆိုင်ကအပြန်မှာ ရင်ထဲမှာ ဝမ်းနည်း၊ ဝမ်းသာခံစားရလွန်းလို့ မျက်ရည်များပင်လည်ခဲ့ရပါတယ်။ ကျွန်တော်စာရေးချင်စိတ်လည်းမရှိ၊ စွဲးရောင်းချင်စိတ်လည်းမရှိ။ စိတ်တွေလေပြီး ဧရာဝတီမြစ်ကမ်းတစ်လျှောက် လမ်းလျှောက်နေမိတယ်။မြစ်ပြင်ကဖြတ်သန်းတိုက်ခတ်လာတဲ့ လေနုအေးတွေတဝကြီးရှူရှိုက်မိရင်း မြသလွန်စေတီမြတ်ကြီးလှမ်းမြင်ရတော့ ဘုရားဖူးချင်စိတ်တွေပေါ်လာမိတယ်။ ဒါကြောင့် မြသလွန်ဘုရားပေါ်တဲ့ဘုရားဖူးပြီး ဧရာဝတီမြစ်ပြင်နဲ့ဟိုတစ်ဖက်ကမ်း မင်းဘူးမြို့နဲ့ တောင်တန်းပြာပြာကြီးကို အတန်ကြာငေးကြည့်နေမိတယ်။ ဘုရားပေါ်က အပြန် ကားလမ်းအတိုင်းဆင်းလာရင်း အိမ်မပြန်ချင်သေးတာနဲ့ မြသလွန်စေတီတော်အရှေ့ဘက် အောင်ဘုံ (အေးမြသာယာ) သွားရာ ကားလမ်းအတိုင်းမရောက်တာကြာပြီမို့ လမ်းလျှောက်နေမိတယ်။

အတော်ကလေးလျှောက်မိတော့ အောင်ဓမ္မရက္ခိတကျောင်းတိုက်ဆိုတဲ့ အုတ်တံတိုင်းနဲ့ မုခ်ဦးကြီးတွေ့လို့ တအံ့တသြ ရပ်ကြည့်မိတယ်။ လွန်ခဲ့တဲ့(၂)နှစ်(၃) နှစ်နီးပါးက ဒီနေရာမှာ ဇရပ်အိုကျောင်းပျက်တောရိုင်းမြေကြီးပါ။ အခုသစ်လွင်တောက်ပတဲ့ ဓမ္မာရုံကြီးတွေ၊ သိမ်တွေ၊ စိမ်းလန်းစိုပြည်တဲ့သစ်ပင်တွေနဲ့ဖြစ်နေလို့ အံ့သြပြီး ကျောင်းထဲဝင်မိတယ်။

ကျောင်းဝိုင်းထဲမှာက ရှင်းနေပြီး သစ်လွင်တောက်ပခန့်ညားတဲ့ဓမ္မာရုံကြီးတွေနဲ့ သိမ်တော်ကြီးနားမှာ ဘုန်းကြီးအိုကြီးတစ်ပါး တံမြက်စည်းလှည်းနေတယ်။ သစ်ဘားကျောင်းလေးတစ်ခုနဲ့ ဝါးကျောင်းလေးတစ်ခုလည်းမြင်တွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဗောဓိညောင်ပင်ကြီးအောက်မှာတော့ ရဟန်းပျိုတစ်ပါး တည်ငြိမ်စွာထိုင်ပြီး ပရိတ်တော်များကို အာရုံပြုရွတ်ဖတ်ပူဇော်နေတာကလွဲပြီး တခြားရဟန်းသံဃာ ကိုရင် ကျောင်းသားမတွေ့ရဘဲ တိတ်ဆိတ်ငြိမ်သက်နေတယ်။

"ဘာကိစ္စများရှိလို့ပါလဲခင်ဗျာ"

ရုပ်ရည်သန့်သန့် အသားဖြူဖြူ ခပ်ဝဝလူတစ်ယောက် ကျွန်တော့်အနားရောက်လာပြီးမေးပါတယ်။

"ဘာကိစ္စမှမရှိပါဘူးခင်ဗျ။ ဒီနားမရောက်တာကြာလို့ပါ။ (၂)နှစ် (၃)နှစ်အတွင်း အဆောက်အအုံ၊ ဗိမာန်တွေ ရုတ်တရက်ကြီးဖြစ်လာလို့ အံ့သြပြီးဝင်ကြည့်နေတာပါ။ ကျောင်းထိုင်ဆရာတော်ကြီးဖူးခွင့်ရရင် ဖူးချင်လို့ပါ"

"ဗောဓိပင်အောက်မှာထိုင်နေတာက ကျောင်းထိုင်ဆရာတော်ပါ"

"ဟာ- ဆရာတော်က သက်တော်ငယ်ငယ်လေးပဲရှိသေးတာပဲနော်။ ဘွဲ့တော်များမသိရဘူးလား"

"ဘွဲ့တော်က ရှင်ပညာဗလပါ။ ဝေဠုဝန်မဟာသုတသောမကျောင်းတိုက် ဆရာတော်ဘုရားကြီးရဲ့တပည့်ပါ။ ဝေဠုဝန်ဆရာတော်ဘုရားကြီးက တာဝန်ပေးစေခိုင်းလို့ ဒီမှာကျောင်းထိုင်တော်မူတာပါ"

"အခုိန်ကာလတိုတိုအတွင်းမှာ ဇရပ်အိုကျောင်းပျက်တောရိုင်းမြေကြီးကနေ ရုတ်တရက် ဗိမာန်မမှာရုံကြီးတွေဖြစ်လာတာ ကျောင်းထိုင်ဆရာတော်ဦးပဉ္စင်းလေးတော်တော်တော်တာပဲဗျာ"

"သင်္ကန်းသုံးထည်၊သပိတ်တစ်လုံးနဲ့ ဆရာသမားတာဝန်ပေးလို့ ဒီနေရာရောက်လာတာပဲ။ ဦးပဉ္စင်းလေးရဲ့ သီလသမာဓိပညာရယ်၊ ဝေဠုဝန်ဆရာတော်ဘုရားကြီးရဲ့ ဘုန်းတန်ခိုးအရှိန်အဝါလည်းပါတာပေါ့လေ။ အံ့သြလောက်စရာ ခုလိုဖြစ်လာတာပဲ။ ဒီအဆောက်အအုံတွေဟာ အလှူရှင်တစ်ဦးတည်းကလှူဒါန်းတာတွေပဲ"

"ဒါနဲ့ ခင်ဗျားက ဒီကျောင်းတိုက်က ကပ္ပိယကြီးလား"

"ကပ္ပိယကြီးဆိုလည်းဟုတ်ပါတယ်။ အခု ကျောင်းထိုင်ဆရာတော် ရှင်ပညာဗလ ဝေဠုဝန်ကျောင်းတိုက်ကြီးမှာ စာသင်သားဘဝက ကျွန်တော်ကလည်း မကြာခဏ ဒုလ္လဘဝတ်ဖြစ်တယ်။ ဆရာတော်နဲ့ ဆွမ်းခံဖော်ဆွမ်းခံဖက်ဖြစ်ခဲ့ဖူးတယ်။ အခု ဆရာတော် ကျောင်းထိုင်ဖြစ်လာတော့လည်း သံယောဇဉ်ဖြစ်နေတော့ ဆရာတော်ဆီလာပြီးပြုစုလုပ်ကျွေးနေတာပါ။ ကျွန်တော်က ပဒေသာစတိုးက ဦးတင်မောင်ရီပါ"

"အေးဗျာ- ခင်ဗျားကလည်းပါရမီထူးပေတာကိုး။ ဆရာတော် ပရိတ်တရားတော်ပူဇော်နေတာ ကြာပြီလား။ ပြီးခါနီးရင် စောင့်ပြီးဖူးချင်လို့ပါ။ စကားလေးဘာလေးပြောလျှောက်ထားချင်လို့ပါ"

"ဆရာတော်က ဆွမ်းဘုဉ်းပေးချိန်လောက်ကလွဲပြီး စကားသိပ်မပြောဘူး။ အချိန်ရတိုင်း တရားအားထုတ်ပြီး ရွတ်ဖတ်ပူဇော်နေတာ ကြာဦးမယ်ဗျ။ အခုလည်း အဓိဋ္ဌာန်မပျက် ဥပ္ပါတသန္တိသုတ်တော်ပူဇော်နေတာ"

"ဥပ္ပါတသန္တိသုတ်တော်ဆိုတာ ကျွန်တော်မသိသေးဘူးဗျ။ ကျွန်တော်လည်း နေ့စဉ် တရားနာပုတီးစိပ်ပြီး ပရိတ်တော်တွေ ဂါထာတော်တွေရွတ်ဖတ်ပူဇော်နေတာတော့ကြာပါပြီ။ ဥပ္ပါတသန္တိသုတ်တော်ကို ကျွန်တော် လုံးဝကို မသိဘူးဗျာ။ ဦးတင်မောင်ရီသိရင်ပြောပြစမ်းပါဗျာ။ ကျွန်တော်လည်း ရွတ်ဖတ်ပူဇော်ချင်ပါတယ်"

"ကျွန်တော်လည်း ဥပ္ပါတသန္တိသုတ်တော်ကို အဓိဋ္ဌာန်နဲ့ပူဇော်လာတာနှစ်အတော်ကြာပြီ။ ဝေဠုဝန်ဆရာတော်ဘုရားကြီး အမြဲမပြတ်ရွတ်ဖတ်ပူဇော်နေတဲ့သုတ်တော်ပဲ။ ခင်ဗျားရွတ်ဖတ်ပူဇော်ချင်ရင် ဓမ္မဒါနအဖြစ် ကျွန်တော်စာအုပ်လှူပါ့မယ်။ တစ်ကြိမ်ရွတ်ဖတ်ပူဇော်ရင် တစ်နာရီလောက်တော့ကြာမယ်ဗျ။ စာအုပ်မှာက ပါဠိနဲ့အသံထွက်ရွတ်ဖတ်နည်းပါပါတယ်။ ဥပ္ပါတသန္တိသုတ်တော်ကြီးဟာ အင်မတန်အစွမ်းထက်ပါတယ်။ အခု ဒီနေရာမှာ မြင်ရတာတွေ အံ့သြလောက်စရာဖြစ်လာတာလည်း ဥပ္ပါတသန္တိသုတ်တော်ကြီးရဲ့ တန်ခိုးအစွမ်းဆိုတာ ခင်ဗျားမျက်မြင်ကိုယ်တွေ့ပဲလေ။ ဥပ္ပါတသန္တိသုတ်တော်ဖြစ်ပေါ်လာပုံကဒီလိုဗျ။

ဥပ္ပါတသန္တိကျမ်းမှာက ဥပ္ပါတနဲ့ သန္တိနှစ်ပိုဒ်ခွဲထားတယ်။ ဥပ္ပါတ + သန္တိ (ဥ + ပတ + ဏ) + (သမု+တိ) ဥပ္ပါတ-ကျဲရောက်သော ဘေးရန်အတိတ်ဆိုးနိမိတ်ဆိုးကပ်ဆိုးဘေးဆိုးလို့ အဓိပ္ပာယ်ရပြီး သန္တိ- ငြိမ်းအေးချုပ်ပျောက်စေခြင်းဖြစ်တယ်။ အတိတ်ဆိုး၊ နိမိတ်ဆိုး၊ ကပ်ဆိုး၊ ဘေးဆိုးတို့မှ ကင်းပျောက်ငြိမ်းအေးစခြင်းလို့ အဓိပ္ပာယ်ရတယ်။ ဥပ္ပါတသန္တိသုတ်တော်ကြီးဟာ မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့သုတ်တော်မဟုတ်ပါဘူး။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ပေါင်း (၂၀၀၀) ကျော်မှ ပေါ်ပေါက်လာတဲ့သုတ်တော်ပါ။ ဘုရားရှင်ရဲ့ ဒေသနာတော်ပိဋကတ်သုံးပုံထဲက ထုတ်နုတ်စီရင်ထားတာပါ။ ကောဇာနှစ် ၇၆၇ ခုနှစ်မှာ ဇင်းမယ်၊ ဇင်းရဲ၊ ဇင်းရှည်သုံးမည်ရ အဲရိဘုဉ္ဇတိုင်းပြည်ကို အင်အားကြီးမားတဲ့ တိုင်းတစ်ပါးစစ်တပ်ကြီးတွေလာတိုက်တော့ ပြန်မခုခံနိုင်ဘဲ ဝိုင်းဝန်းပိတ်ဆို့ထားတဲ့ကြားမှာ ဒုက္ခကြုံနေကြရတယ်။ အဲဒီအခါမှာ ဇင်းမယ်ဘုရင်မင်းမြတ်ကိုးကွယ်တဲ့ အရှင်မဟာသီလဝံသရဟန္တာမြတ်ကြီးက ဂါထာပုဒ်ရေ (၂၇၁) ပုဒ်ပါတဲ့ ဥပ္ပါတသန္တိသုတ်တော်ကြီးကို စီရင်ရေးသားတော်မူခဲ့တယ်။ နှန်းတော်အတွင်း ရဟန်းရှင်လူပြည်သူအများကိုလည်း ရွတ်ဖတ်သရဇ္ဈာယ်ပွားများစေပြီး နှန်းတော်ပြင်ပနေပြည်တော်အတွင်း အာယုအရပ်၊ တေဇအရပ်၊ သီရိအရပ် စတဲ့ အရပ်သုံးနေရာမှာ သံဃာတော်အရှင်သူမြတ်တွေနဲ့ တိုင်းသူပြည်သားတွေကို သုံးရမ်းသုံးဌာန တစ်ပြိုင်နက်တည်း ရွတ်ဖတ်ပူဇော်စေခဲ့တယ်။ အင်အားကြီးမားတဲ့ ရန်သူစစ်တပ်ကြီးတွေဟာ ကြောက်လန့်တကြား ဖရိုဖရဲအလိုအလျောက်ဆုတ်ခွာသွားကြတယ်။ ဘေးအန္တရာယ်အပေါင်းက ကင်းရှင်းခဲ့တယ်။

မြန်မာပြည်တွင်းကို သက္ကရာဇ် ၈၀၀ လောက်က ဥပ္ပါတသန္တိသုတ်တော်ရောက်ပြီး ရွတ်ဖတ်ပူဇော်ကြတယ်လို့ ခန့်မှန်းရတယ်။ ဒါကလည်း သက္ကရာဇ် ၈၄၂ ခုနှစ် အင်းဝ ဗားမဲ့ဆရာတော် ဘုရားကြီးစီရင်ခဲ့တဲ့ မဟာသိဒ္ဓိကျမ်းရင်းကြီးမှာ ဥပ္ပါတသန္တိသုတ်တော်အစီအရင်တွေကိုတွေ့ရတယ်။ သက္ကရာဇ် ၉၉၁ ခုနှစ်နှန်းတက်တဲ့ သာလွန်မင်းတရားကြီးလက်ထက်မှာ ဥပ္ပါတသန္တိသုတ်တော်ကြီးကို စီရင်ရွတ်ဖတ်ခဲ့ကြောင်းလည်းတွေ့ရတယ်။ သက္ကရာဇ် ၁၀၃၄ ခုနှစ် ဝမ်းဘဲအင်းစံမင်းတရားကြီးလက်ထက် နန်းတွင်းအရေးတော်ပုံကြောင့်သေကျပျက်စီးရသူတွေမကျွတ်မလွတ်ဘဲခြောက်လှန့်နေကြလို့ ဇရနံနတ်စက်ရောင်ဆရာတော်ကြီးက ဥပ္ပါတသန္တိသုတ်တော်အစီရင်တော်ကြီးကို ရွတ်ဖတ်စီရင်ခဲ့ကြောင်းလည်းသိရပါတယ်။

ကုန်းဘောင်ခေတ် ဘကြီးတော်မင်းနဲ့ သာယာဝတီမင်းဆက်အကြားထီးပြောင်းနန်းလွှဲမှာ တိုင်းပြည်ဆူပူလှုပ်

www.burmeseclassic.com

www.burmeseclassic.com

ရှားတဲ့ သက္ကရာဇ် ၁၁၉၈ မှာ သြောင်ကန်ဆရာတော်ဦးဗုဒ္ဓက ဥပ္ပါတသန္တိကျမ်းနီသယကို ရေးသားစီရင်ပြီး သံဃာတော်တွေနဲ့ ပြည်သူတွေကို ရွတ်ဖတ်ပူဇော်စေခဲ့လို့ ဘေးအန္တရာယ်တွေက ပယ်ရှောက်ပြီး ငြိမ်းအေးချမ်းသာခြင်း ရောက်ခဲ့တယ်။ သက္ကရာဇ် ၂၇၀ပြည့်နှစ် မော်လမြိုင် ကျိုက်သံလံတောင်ထိပ် အောင်လံတိုင်ကျောင်းတိုက်မှာ ဝါကပ်တော်မူတဲ့ လယ်တီဆရာတော်ဘုရားကြီးဟာ ရတနာဘုံမြင့်ဆရာတော်ကြီးနဲ့ တိုင်ပင်တော်မူပြီး အဲဒီနယ်တစ်ဝိုက်မှာ ဖြစ်ပေါ်နေတဲ့ ကပ်ရောဂါဆိုးတွေ ပယ်ရှောက်သွားလို့ မဟာအာဋာနာဋိယသုတ်၊ မဟာသမယသုတ်နဲ့ ဥပ္ပါတသန္တိသုတ်တော်တွေကို ရွတ်ဖတ်သရဇ္ဈာယ်စေပြီး ဘေးအန္တရာယ်များကင်းလွတ်ချမ်းသာခဲ့ရကြောင်းကို လယ်တီဆရာတော်ဘုရားကြီးရေးသားတဲ့ ရောဂန္တရဒီပနီကျမ်းမှာ ဖော်ပြထားတယ်။

ဥပ္ပါတသန္တိကျမ်းတော်ပါအကြောင်းအရာတွေဟာ ဘုရားရှင်အဆူဆူတို့ရဲ့ ဂုဏ်တော်ကျေးဇူးတော်များ၊ တရားတော်၊ သံဃာတော်ကျေးဇူးတော်ဂုဏ်တော်များ တန်ခိုးလက္ခဏာပါဒဿကြီးများကြွတဲ့နတ်၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ အသုရာ၊ ယက္ခာတို့ရဲ့ကျေးဇူးတော်တွေ၊ ဗြဟ္မာ့မင်းတို့ရဲ့ကျေးဇူးတော်တွေ ပါဝင်ရေးဖွဲ့ထားတယ်။ ဗုဒ္ဓဝင်၊ ထေရီအပဒါန်၊ ဇာတ အပဒါန် အဂ်ုတ္တိရ်၊ အဋ္ဌကထာ၊ သုတ္တန်ပိဋကတ်၊ သုတ်မဟာဝါ အဘိဓမ္မာပိဋကတ် ပိဋကသုံးပုံစတဲ့ ဆိုင်ရာပါဠိအဋ္ဌကထာများမှ ထုတ်နုတ်ထားတာဖြစ်ပါတယ်။ ဥပ္ပါတသန္တိကျမ်းတော်မြတ်မှာ (၂၇၁) ပုဒ် ပါဝင်ပြီး ပဏာမလေးပိုဒ်၊ ဂါထာ (၁) မှ (၅၆) အထိ နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်ဂုဏ်တော်ကျေးဇူးတော်များ၊ ဂါထာ (၅၇) နဲ့ (၅၈) က ပရိနိဗ္ဗာန်စံဝင်ပြီးသော ဘုရားရှင်အားလုံးတို့အကြောင်း၊ (၅၉) ဂါထာက ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျမြတ်စွာဘုရားအား ရည်ညွှန်းထားပါတယ်။

ဂါထာ (၆၀) နဲ့ (၆၁)တို့က ပစ္စေကဗုဒ္ဓါတို့ရဲ့ ဂုဏ်ကျေးဇူးများ၊ ဂါထာ (၆၂ - ၆၃)က တရားဂုဏ်တော်ကျေးဇူးများ၊ (၆၄)မှ (၁၇၀)အထိက အရှင်ကောဏ္ဍညရဟန္တာမထေရ်မြတ်ကြီးမှ အရှင်အဂ်ုလိမာလအဆုံး (၁၀၀) မျှလောက်သော ရဟန္တာအရှင်မြတ်များရဲ့ကျေးဇူးတွေကို ပါဠိဂါထာများဖြင့် သီကုံးဖွဲ့နွဲ့ပူဇော်ထားပါတယ်။ ဂါထာ (၁၇၁) မှ (၁၈၆) အထိက မိထွေးတော်ဂေါတမီအစရှိတဲ့ တေဒဂ်ရဟထေရီမယ် ရဟန္တာမကြီး (၁၃)ပါးကို ဂုဏ်ပြုထားပါတယ်။ (၁၈၇) မှ (၂၇၁) အထိက နတ်၊ နဂါး၊ ဗြဟ္မာ၊ အသုရာတို့ရဲ့အမည်အရှည်တွေကို မဟာသမယသုတ်ဆန်ဆန်ဖော်ပြထားပါတယ်။

ဒီလို ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာသာဝကတွေနဲ့ ထေရဝါဒပိဋကတ်တော်လာ နတ်၊ ဗြဟ္မာတွေကို စုစည်းဖော်ပြထားတဲ့ ဥပ္ပါတသန္တိကျမ်းဟာ ဆေရဝါဒသာသနာတော်အတွင်းဝင် ကျမ်းစာဖြစ်လို့ အထူးအလေးထားပြီး ရွတ်ဖတ်ဂုဏ်သင့်ပါတယ်။ ကပ်သုံးပါးကိုကျော်လွှားနိုင်ပြီး ကျရောက်လာမယ့် ဘေးဥပဒ်အန္တရာယ်တွေက ကင်းဝေးလွတ်မြောက်နိုင်တယ်။ စည်းစိမ်ချမ်းသာအဖြာဖြာကြွယ်ဝပြီး လိုအင်ဆန္ဒတွေလည်း ပြည့်ဝနိုင်ပါတယ်။ ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာရရှိခံစားနိုင်ပါတယ်။ ရန်သူမျိုးငါးပါးဘေးက ကင်းဝေးတယ်။ ဂြိုဟ်စီးဂြိုဟ်နင်း ဒသာကံကြမ္မာနဲ့ ဇာတာစန်းလင်းမှေးမှိန်ခြင်းတို့က ကင်းဝေးစေတယ်။ အတိတ်ဆိုး၊ နိမိတ်ဆိုး၊ ဘေးဥပဒ်ဆိုးနဲ့ ထိတ်လန့်စရာဘေးတွေ ကင်းဝေးစေတယ်။ စစ်ချီစစ်ထွက်သွားတိုင်း ရွတ်ဖတ်သရဇ္ဈာယ်ရင် စစ်ပွဲတိုင်းလည်းအောင်နိုင်တယ်။ အိမ်သစ်၊ ဆိုင်သစ်၊ လုပ်ငန်းသစ်မင်္ဂလာပြုလုပ်တဲ့အခါ ရွတ်ဖတ်ပူဇော်ပါက လာဘ်လာဘရွှင်လန်းစေတယ်။ ဘုန်းတန်ခိုးကျက်သရေမင်္ဂလာတိုးပွားပြီး ဥစ္စာစိမ်ဥစ္စာပြည့်စုံစေတယ်။ စိတ်ချမ်းသာအဖြာဖြာကြွယ်ဝပြီး လိုအင်ဆန္ဒတွေလည်း ပြည့်ဝနိုင်ပါတယ်။ ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာရရှိခံစားနိုင်ပါတယ်။ ရန်သူမျိုးငါးပါးဘေးက ကင်းဝေးတယ်။ ဂြိုဟ်စီးဂြိုဟ်နင်း ဒသာကံကြမ္မာနဲ့ ဇာတာစန်းလင်းမှေးမှိန်ခြင်းတို့က ကင်းဝေးစေတယ်။ အတိတ်ဆိုး၊ နိမိတ်ဆိုး၊ ဘေးဥပဒ်ဆိုးနဲ့ ထိတ်လန့်စရာဘေးတွေ ကင်းဝေးစေတယ်။ စစ်ချီစစ်ထွက်သွားတိုင်း ရွတ်ဖတ်သရဇ္ဈာယ်ရင် စစ်ပွဲတိုင်းလည်းအောင်နိုင်တယ်။ အိမ်သစ်၊ ဆိုင်သစ်၊ လုပ်ငန်းသစ်မင်္ဂလာပြုလုပ်တဲ့အခါ ရွတ်ဖတ်ပူဇော်ပါက လာဘ်လာဘရွှင်လန်းစေတယ်။ ဘုန်းတန်ခိုးကျက်သရေမင်္ဂလာတိုးပွားပြီး ဥစ္စာစိမ်ဥစ္စာပြည့်စုံစေတယ်။ စိတ်ချမ်းသာ ကိုယ်ကျန်းမာလိုရာဆန္ဒ တောင့်တတိုင်း ပြည့်ဝစေတယ်။ တန်ခိုးကြီးမားတဲ့ သိကြား၊ ဗြဟ္မာ၊ နတ်အများတို့ ချစ်ခင်မြတ်နိုးနှစ်သက်လို့ ကူညီစောင့်ရှောက်ခြင်းတွေ ရစေနိုင်တယ်”

“အေးဗျာ၊ ဦးတင်မောင်ရီ အခုလို ပြည့်ပြည့်စုံစုံပြောပြရှင်းပြတာ ကျေးဇူးတင်မဆုံးပါဘူး။ အခုမှတွေ့ အခုမှမြင် ဖူးကြသူတွေပေမယ့် ညီရင်းအစ်ကိုလို စေတနာထားဆက်ဆံတာ ဝမ်းသာမဆုံးပါဘူး”

ကျွန်တော့်ကိုယ်ကျွန်တော် အဲဒီတော့မှ မိတ်ဆက်စကားပြောဖြစ်တော့တာပါ။ ဦးတင်မောင်ရီက သစ်သားကျောင်းပေါ်တက်သွားပြီး ပြန်လာတဲ့အခါ ပလတ်စတစ်အဖုံးနဲ့သပ်သပ်ရပ်ရပ်ဖုံးထားတဲ့ ဥပ္ပါတသန္တိသုတ်ပါဋ္ဌိ (အသံထွက်ရွတ်ဖတ်နည်း) သီရိသုဓမ္မ စုဆောင်းပူဇော်သည် ဆိုတဲ့စာအုပ်ကို လက်နှစ်ဖက်နဲ့ပင့်မြှောက်ပြီး ရိုရိုသေသေ ကျွန်တော့်ကိုပေးပါတယ်။

ကျွန်တော်လည်း ဦးတင်မောင်ရီလက်ထဲက ဥပ္ပါတသန္တိသုတ်စာအုပ်ကို လက်နှစ်ဖက်နဲ့ ရိုရိုသေသေ မျက်စိမှိတ်အာရုံပြုပြီး လက်ခံယူလိုက်ပါတယ်။ အဲဒီအချိန် ကျွန်တော့်နားထဲမှာ အောင်စည်အောင်မောင်းတီးခတ်သံတွေ၊ ကြေးစည်နဲ့စည်တော်တီးသံတွေ၊ ခရုသင်းမှုတ်သံတွေဝေဝေဆိတ်ကြားလိုက်မိလို့ ကြက်သီးဖြန်းဖြန်းထသွားမိပါတယ်။ တကယ်တော့ ကျွန်ထော်ဟာ အသက်ကြီးမှ လေဖြတ်နေတဲ့ဒုက္ခိတရေနစ်သလို မကူးနိုင်မခပ်နိုင် မအော်နိုင်တော့တဲ့ဘဝပါ။ သီလကို လုံခြုံအောင်စောင့်ထိန်းပြီး တတ်နိုင်သမျှလည်း ဒါနပြုပါတယ်။ နေ့စဉ်ကောင်းမှုတွေလည်းပြုနေပါတယ်။ ဓာရဏာပရိတ်တော်၊ ပရိမိတ္တာဇာလသုတ်၊ အာဋာနာသုတ်၊ မေတ္တာသုတ် စတဲ့ ပရိတ်တရားတော်တွေလည်း နေ့စဉ်ရွတ်ဖတ်ပူဇော်နေပါတယ်။ အဓိဋ္ဌာန်ပုဒီးစိပ်နေတာလည်း နှစ်ကြာခဲ့ပါပြီ။ နေ့စဉ် ညအိပ်ရာဝင် နံနက်အိပ်ရာထ ဘုရားရှိခိုးအမျှဝေမေတ္တာပို့မပျက်ခဲ့ပါဘူး။

ဒါပေမယ့်လည်း အတိတ်အဟိတ်တွေက အကုသိုလ်တွေဘယ်လောက်ကြီးခဲ့မှန်းမှမသိတာ။ အကုသိုလ်အကျိုးပေးနေတာ နှစ်ပေါင်းကြာခဲ့ပါပြီ။ပင်လယ်သမုဒ္ဒရာရေထဲကို ဆားတစ်ပိဿာသွန်းလောင်းချရုံနဲ့ ပိုပြီးငန်မသွားသလို ရေသန့်ဂါလန် (၁၀၀၀) ရှိတဲ့ ကန်ထဲ သကြားတစ်ပိဿာထည့်လိုက်လို့ ချိုမသွားနိုင်ပါဘူး။ သို့သော်လည်းပဲ ဇွဲမလျှော့ဘဲ ကောင်းမှုကုသိုလ်တွေကို စဉ်ဆက်မပြတ်လုပ်ဖြစ်နေပါတယ်။ စိတ်ဆိုတာကလည်း လူမှာ တစ်စိတ်တည်းနဲ့ အသက်ရှင်ဝါဖြစ်ပါတယ်။ လူတစ်ယောက်စာထိုင်သာရုံနေရာမှာ လူနှစ်ယောက် တစ်ပြိုင်နက်ထိုင်မရနိုင်ပါဘူး။ ဒီလိုပဲ အကုသိုလ်နေရာမရအောင် ကုသိုလ်တွေအမြဲနေရာယူနေနိုင်အောင် ဝိပဿနာပွားများမဲနေနိုင်သေးတော့ ဓမ္မာနုဿာတိပွားများနေရပါတယ်။ ဘာပဲဖြစ်ဖြစ် ကုသိုလ်တွေနဲ့ ပိတ်ဆို့တားဆီးထားတော့ အကုသိုလ်တွေရှေ့တိုးဖို့အင်အားချည့်နဲ့သွားတယ်။

“ဆရာတော် ရှင်ပညာဇဋေဟာစာသင်သားဘဝနဲ့ ဝေဠုဝန်ဆရာတော်ဘုရားကြီးထံမှာနေပုံ ရဟန်းတော်တွေပျံလွန်တော်မူတဲ့အခါ မီးပူဇော်

www.burmeseclassic.com

www.burmeseclassic.com

သင်္ကြံဟုတ်တဲ့ ဝေဠုဝန်ကျောင်းတိုက်အနီး က အဂ်ိဂေတုဗီမာန်နဲ့ အုတ်ဂူတွေပေါ်မှာ တရားအားထုတ်ခဲ့တယ်။ ဝိပဿနာတရားကို တောရဆောက်တည်ပြီးလည်း အားထုတ်ခဲ့တယ်။ သက်တော်ကငယ်သေးတော့ အားမာန်အပြည့်ဇွဲနဲ့ကြိုးစားခဲ့တယ်။ ခုတော့ ဝေဠုဝန်ဆရာတော်ဘုရားကြီး တာဝန်ပေးစေခိုင်းတဲ့ သာသနာ့တာဝန်ကို ဘုရားသားတော် ပီပီ ဝိနည်းတော်နဲ့အညီ ကျင့်ကြံနေထိုင်ဆောင်ရွက်နေတယ်။ ဒီတော့လည်း ပါရမီဖြည့်လိုသူတွေ ပဌာန်းရေစက်ရှိတဲ့ ဒကာ၊ ဒကာမတွေ၊ အလှူရှင်တွေ ရောက်လာကြတာပေါ့။ ပြီးတော့ ဆရာတော်ဟာ စာသင်သားဘဝထဲက ဥပ္ပါတသန္တိသုတ်တော်ကို အမြဲရွတ်ဖတ်ပူဇော်ခဲ့တယ်။ ဆရာတော်က သက်တော်လည်းငယ် ခေတ်အမြင်၊ ခေတ်အတွေးလည်းရှိ၊ စာပေဗဟုသုတလည်းရှိတော့ သာသနာပြုရင်း ပရဟိတလုပ်ငန်းတွေကို အားခဲပြီးလုပ်တယ်။ သူကျွန်ဖြစ်ခဲ့ရတာ စာမတတ်လို့၊ ဆင်းရဲမွဲတေရတာ စာမတတ်လို့၊ လူအောက်ကျရတာ စာမတတ်လို့ ဒါကြောင့် စာတတ်မြောက်ရေး စာဖတ်ရှုနိုင်မြင့်တင်ရေးတွေလည်း လုပ်ပေးတယ်။ အမျိုးဘာသာသာသနာနဲ့ ယဉ်ကျေးမှုတွေ မတိမ်ကောမပျောက်အောင်က ကလေးသူငယ်တွေလက်ထဲရှိတာမို့ ယဉ်ကျေးလိမ္မာမျိုးဆက်သစ်သင်တန်းတွေကို အရှိန်မပျက်လုပ်ဆောင်ပေးနေတယ်။ ဆရာတော်ရဲ့ဆန္ဒတွေပြည့်ဖို့ကလည်း ဖြစ်ဖြစ်လာတယ်။ အခုလည်း မြင်တဲ့အတိုင်းပဲ။ နွေ မိုးဆောင်း အဓိဋ္ဌာန်မပျက် မဟာဗောဓိပင်အောက်မှာ ဥပ္ပါတသန္တိသုတ်တော်ကို အမြဲရွတ်ဖတ်ပူဇော်တယ်။ခင်ဗျားလည်း ရွတ်ဖတ်ပူဇော်ပေါ့ဗျာ။ ဆရာတော်က ဆုံးမဖူးတယ်။ လိုချင်တာတွေ၊ ဖြစ်ချင်တာတွေ၊ ရချင်တာတွေဆိုတာ ရှေ့တန်းတင်ရမှာမဟုတ်ဘူး၊ ပယ်သတ်ရမှာတွေတဲ့"

"ကျေးဇူးတင်လိုက်တာ ဦးတင်မောင်ရီရယ်၊ ကဲ - အချိန်လည်းတော်တော်ကြာသွားပြီ။ ပြန်ဦးမယ်ဗျာ"

ကျွန်တော် ဦးတင်မောင်ရီကို နှုတ်ဆက်ပြီး မဟာဗောဓိပင်အောက်မှာ တည်ငြိမ်စွာထိုင်ပြီး ဥပ္ပါတသန္တိသုတ်တော်ကို ရွတ်ပွားပူဇော်နေတဲ့ ဆရာတော်ရှင်ပညာဗလအနီး ဦးချကန်တော့ကာ 'ပြန်ခဲ့ပါတပ်'။ အပြန်ခရီးမှာ ရွှေထုပ်ကြီးကောက်ရထားသူပမာ ကြည်နူးဝမ်းသာစွာ ပေါ့ပါးသွက်လက်ပြီး ပြန်ခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ ဥပ္ပါတသန္တိသုတ်တော်ကို အဓိဋ္ဌာန်မပျက်အားခဲပြီး ရွတ်ဖတ်ပူဇော်ခဲ့တယ်။

(၉၉) ရက်ကြာတဲ့အခါ ကမ္ဘာကွန်ပျူတာမိတ္တူဆိုင်ပိုင်ရှင် ကိုလှဝင်းနိုင်သုံးဘီးတက္ကစီကားနဲ့ ကျွန်တော့်ဆီရောက်လာပြီး သူသယ်ယူလာတဲ့ ကွန်ပျူတာစက်ပစ္စည်းအစုံကိုထမ်းကာ ပိုးကာသယ်မပြီး ကျွန်တော့်စာကြည့်စားပွဲပေါ်မှာ ကွန်ပျူတာစက်တွေကို တပ်ဆင်နေပါတော့တယ်။ ကျွန်တော်လည်း ဘာမှန်းမသိလို့ ကြောင်တောင်တောင်ငေးကြည့်နေမိပါတယ်။အားလုံးတပ်ဆင်ပြီးတော့ -

"ဦးလေးတော့ ဆန္ဒတွေပြည့်ပြီ၊ ထီပေါက်ပြီ။ကျွန်တော့်ဆိုင်မှာ ဟိုအရင်က စာတွေအမြဲအပ်နေတဲ့ စာရေးဆရာကိုကိုလတ် (ဆည်မြောင်း) ဆိုတဲ့သူ နောက်ပိုင်းမှာ ကွန်ပျူတာသင်တန်းတွေတက်၊ ကွန်ပျူတာစက်တွေဝယ်ပြီး စာတွေရေးနေတယ်။ မလာတာကြာပြီ။ ဆရာကိုကိုလတ်က ဆည်မြောင်းဦးစီးအရာရှိ ဦးလေးရဲ့။ သူက အလှူဒါနအပေးအကမ်းသိပ်ရက်ရောတာ။သဘောသိပ်ကောင်းတယ်။ ရိုးတယ်၊ မာန်မာနမရှိဘူး။ကျွန်တော်က ဦးလေးအကြောင်းစကားစပ်မိလို့ သူ့ကိုပြောပြဖူးတယ်။ သူစိတ်မကောင်းဖြစ်ပြီး ဦးလေးအပေါ်တော်တော်ကရုဏာသက်နေပုံရတယ်။ ဦးလေးဆိုင်ကို နှစ်ခါသုံးခါသူလာတယ်။ ဦးလေးစွေးဝယ်ထွက်နေလို့ ဆိုင်ပိတ်ထားတာကြောင့် တစ်ခါမှမတွေ့ဖြစ်ဘူး။ ဆရာကိုကိုလတ် မကွေးမှာ တာဝန်ကျတာ (၈) နှစ်နီးပါးကြာတယ်။ အခု သူပင်စင်ယူပြီး သူ့ဇာတိ မန္တလေးကို အပြီးပြောင်းတယ်။ အိမ်တွင်းပရိဘောဂအသုံးအဆောင်ပစ္စည်းတွေကို နီးစပ်ရာခင်မင်ရာသူတွေဝေပေးပစ်တယ်။ မန္တလေးကို မသယ်ချင်လို့တဲ့။ ဒီကွန်ပျူတာစက်တွေအားလုံးကိုတော့ တစ်ခါကကျွန်တော်ပြောပြဖူးတဲ့ ဦးလေးကို ပေးလိုက်ပါ။ သူသိပ်လိုချင်ကိုင်ချင်တာသုံးပါစေဗျာလို့ပြောပြီးပေးသွားတယ်"

ကျွန်တော် ကိုလှဝင်းနိုင်ပြောပြတာတွေနားထောင်ရင်း ကွန်ပျူတာစက်အစုံကို တအံ့တသြငေးငိုင်ကြည့်နေမိတယ်။ မယုံနိုင်လောက်အောင် အိမ်မက်ဆန်လွန်းလို့ ကျွန်တော် ဘာစကားမှမပြောနိုင်ဘဲဖြစ်နေပါတယ်။

"ဦးလေး၊ ဒီကွန်ပျူတာစက်က အားလုံးအပြည့်အစုံပဲ။ မော်ဒယ်လည်းမြင့်တယ်။ အနည်းဆုံး (၄) သိန်းကျော်လောက်တန်တယ်။ ဦးလေးပဲတာပဲ။ မမြင်ဘူးတဲ့လူက ဦးလေးသိပ်လိုချင်နေတဲ့ပစ္စည်းကိုပေးသွားတယ်။ ကျွန်တော် အချိန်အားရတိုင်း နည်းနည်းချင်းပြပေးသွားမယ်။ ဦးလေး အရင်က ရုံးမှာ လက်နှိပ်စက်တွေဘာတွေရိုက်ဖူးတယ် မဟုတ်လား။ ပြီးတော့ ဦးလေးက တခြားဘာမှမသုံးဘဲ ဝတ္ထုရေးဖို့ ကွန်ပျူတာရိုက်တတ်ရုံပဲမဟုတ်လား။ ရတယ် ကျွန်တော် တစ်ပတ်လောက်ကွန်ပျူတာသုံးပုံလာပြပေးမယ်"

ဒီလိုနဲ့ တစ်ပတ်(၁၀)ရက်လောက်ကြာတော့ ကွန်ပျူတာဖွင့်တတ်ပိတ်တတ်သိမ်းတတ် စာလေးငါးမျက်နှာလောက်ကိုယ်တိုင်ရိုက်နိုင်ပြီး ကွန်ပျူတာကိုယ်ပိုင်ဘဝရောက်မှန်းမသိရောက်ခဲ့ရပါတယ်။ မကြာခင်မှာ ပြည်ပကိုရောက်နေတာ (၁၀)နှစ်ကျော်လောက်ရှိနေတဲ့သားအငယ် ဖြုန်းခနဲရောက်လာပြီး မကွေးမှာ တစ်ညအိပ်သွားတယ်။ ပြန်မယ့်နေ့မှာ -

"အဖေက အသက်လည်းကြီးပြီ၊ စက်ဘီးစုတ်လေးတစ်စီးတောင်မရှိဘူး။ ခြေကျင်သွားနေတာဒုက္ခပါပဲ"

ဆိုပြီး မော်တော်ဆိုင်ကယ်အသစ်တစ်စီးဝယ်ပေးပြီး ကန်တော့သွားတယ်။

တစ်လခန့်ကြာတဲ့အခါ နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာနမှာ အလုပ်လုပ်နေတဲ့ ညီမအလတ်က သူပြည်ပနိုင်ငံ မြန်မာသံရုံးမှာတာဝန်ကျလို့ မကြာခင် နိုင်ငံခြားကို မိသားစုနဲ့ပြောင်းကြရတော့မှာဖြစ်ကြောင်း၊ မသွားခင်မှာ ရွှေစက်တော်ဘုရားဖူးဖို့ မကွေးကို မိသားစုလိုက် ရောက်လာကြတယ်။ မကွေးမှာ တစ်ညအိပ်သာနေသွားကြပြီး မြဿလွန်စေတီတော်ဖူးကြတယ်။ ပြန်ခါနီးမှာ အဝတ်အစား၊ အစားအသောက်နဲ့ ငွေအပြင် သူသုံးနေတဲ့ စီဒီအမ်အစဝဝ၊ ဝ၉-၇၃၀ နဲ့ စတဲ့ လက်ကိုင်ဖုန်းတစ်လုံးပေးပြီး ကန်တော့သွားတယ်။ အဲဒီလက်ကိုင်ဖုန်းကိုလည်း ဘယ်လိုသုံး၊ ဘယ်လိုပြော၊ ဘယ်လိုနားထောင်ရမှန်းမသိလို့ ကမ္ဘာကွန်ပျူတာဆိုင်က ကိုလှဝင်းနိုင်ဆီသွား အနီးကပ်သင်တန်းတက်လိုက်ရသေးတယ်။

အခုတော့လည်း စွေးဆိုင်လေးက အသင့်အတင်းရောင်းကောင်းလာလို့ စားဝတ်နေရေးလေး ပြေလည်စပြုပါပြီ။ စွေးရောင်းကောင်းလာပြန်တော့ နေ့

www.burmeseclassic.com

www.burmeseclassic.com

စာယီ
တင်းတိပ်ဆို ဘယ်လိုကုမလဲ

ကျွန်ုပ်တို့တစ်တွေသည် မနက်လင်းသည်ဆိုကတည်းက ဝမ်းစာအတွက် ဇာတ်ရုပ်မျိုးစုံအောင် လှုပ်ရှားနေကြရပေသည်။

ဤသို့ နေပူမရှောင် မိုးရွာမရှောင် လှုပ်ရှားနေကြရသောကြောင့်၊ မျက်နှာ၊ မေးရိုးပေါ်၌ လည်းကောင်း၊ တင်းတိပ် (ခပ်ညိုညိုအကွက်ကလေး) ပေါ်လာတတ်ပေသည်။ အထူးသဖြင့် မိန်းမတွေအသက် (၄၀) ကျော်လျှင် အဖြစ်များကြပေသည်။ သွေးသားနှင့်ချွေးတို့မှ ပေါင်းစပ်၍ဖြစ်ပေါ်လာသော တင်းတိပ်များကို သနပ်ခါးလိမ်းသူတွေက သနပ်ခါးထူထူတို့ဖြင့် လိမ်းဖိထားကြပြန်သည်။ သို့သော် ယာယီစိတ်ဖြေမှုများသာဖြစ်၏။

ကျွန်ုပ်တို့ငယ်စဉ် အဒေါ်ဖြစ်သူများ (၄၀) ကျော်ခန့်ရှိမည်။ ပြောဆိုသံများ၊ ပြုမူလှုပ်ရှားနေမှုတို့ကို တွေ့ရပေသည်။

ရွာထဲမှ အမျိုးသမီးခေါင်းဆောင် ဒေါ်ကျင်မြိုင်က -

"ဟဲ့မိန်းကလေးတွေ ပါးပေါ် တင်းတိပ်ပေါက်ရင်တော့ ငါတဲ့က ကြက်ဖင်နဲ့ပွတ်ဟေ့"

ဟု ရယ်မောဖွယ်ပြောဆိုတတ်ပါသည်။ ပြောပြောဆိုဆိုပင် သူတဲ့မှ (တင်းထဲက ကြက်မဆင်းခဏ်) ပူပူနွေးနွေးကြက်ဥကိုယူပေးပြီး တင်းတိပ်ပေါက်ရာ မေးရိုးနှင့် မျက်စပ်ထောင့်ကိုပွတ်စေပါသည်။

"တစ်ခါမပျောက်၊ နှစ်ခါမပျောက် လေးငါးခါပွတ်ပျောက်စေရောဟဲ့"

ဟုပင် သူကတိုင်ပေးပြန်ပါသည်။

ဘေးမှ ပရိသတ်များက ရယ်စရာလုပ်နေသည်ဟု ထင်နေကြပါသည်။ ရယ်စရာမဟုတ်ပါ။ တစ်လကျော် နှစ်လခန့်ကြာသောအခါ ဒေါ်ကျင်မြိုင် ကြက်ဥပေးသော မိအေးပါးပေါ်က တင်းတိပ်သည် မတွေ့ရတော့ပေ။

ဤကား စာရေးသူ၏ လက်တွေ့မျက်တွေ့များပါပေ။

တင်းတိပ်ပျောက်ရန် နောက်တစ်နည်းမှာကား -

ခဲရာခဲဆစ်မဟုတ်ပေ။ ကျွန်ုပ်တို့နိစ္စဓုဝတွေ့မြင်နေကြရသော အုန်းမှုတ်ခွက်အခွံကို ဦးစွာရှာပါ။ လတ်ဆတ်သန့်ရှင်းသော အုန်းမှုတ်ခွက်ဖြစ်က ပို၍ကောင်းပါသည်။ သံပရာရည်နှင့်အုန်းမှုတ်ခွက်ကို သောက်ရေသန့်သန့်ဖြင့် ကျောက်ပျဉ်ပေါ်တွင် မိမိလိမ်းလို သလောက်သွေးပြီး မိမိလိမ်းလိုသော တင်းတိပ်ပေါ်ကို ခြောက်သည်အထိ ဖြည်းညင်းစွာ ပွတ်သပ်ကာ လိမ်းပေးရပါမည်။

သံပရာရည်မှာ (အက်စစ်တစ် အက်စစ်) ဖြစ်၍ လိမ်းခါစ၌ အနည်းငယ်စပ်ဖျဉ်းဖျဉ်းနိုင်ပါလိမ့်မည်။ ပျောက်မည့်အရေးတွေးပြီးသည်းညည်းခံရာ၏။ မနက်၊ နေ့လယ်၊ အိပ်ရာဝင် သုံးကြိမ်လိမ်းပေးရပါမည်။

သို့ဖြင့် မျက်နှာပေါ်မှာ အမည်းရောင်၊ အညိုရောင်ဖြစ်သော တင်းတိပ်မှာ တဖြည်းဖြည်းပါးလွှာလျက် မိမွေးတိုင်းဖမွေးတိုင်း ရှုပကာမျက်နှာအလှကို တစ်သက်တာပြန်ရပြီဟုသာ ဆိုနိုင်ပါတော့သည်။

အနာကင်း၍
အဆင်းလှကြပါစေ

စာယီ

ဖက်အခိုန်အားသိပ်မရှိတော့ဘူး။ စျေးဆိုင်သိမ်းပြီး ညဘက် ဝါသနာပါတဲ့စာလေးတွေရေးနေဖြစ်ပါတယ်။ ဦးတင်မောင်ရီကလည်း မကြာခဏဖုန်းဆက်ပြီး ကျန်းမာရဲ့လား၊ ရောင်းကောင်းရဲ့လား ဂရုတစိုက်မေးရှာပါတယ်။ အောင်ဓမ္မရက္ခိတကျောင်းတိုက် ဆရာတော်ရှင်ပညာဗလနဲ့လည်း ဆရာတပည့်တရင်းတနှီးဖြစ်လာလို့ ဆရာတော်က အလှူအတန်းရှိတဲ့အခါ ဒကာကြီး အလှူရှိတယ်၊ လာစားလှည့်ဦးလို့ခေါ်တဲ့အခါ မော်တော်ဆိုင်ကယ်လေးနဲ့ ပြေးပြီးစားလိုက်ပါသေးတယ်။

ဆရာတော်က -

"ဒကာကြီး၊ အခုစာရေးဆရာကြီးဖြစ်နေပြီ။ စာရေးနေရုံနဲ့ မပြီးသေးဘူး။ ဟောတတ်ပြောတတ်ဖို့ကလည်းလိုသေးတယ်။ ကျပ်ကျောင်းမှာ ယဉ်ကျေးလိမ္မာသင်တန်းတစ်ချိန်ဖြစ်ဖြစ်လာပြီးဟောပြောပါ"

မိန့်ကြားလာလို့ မော်တော်ဆိုင်ကယ်လေးမောင်းသွားပြီး ဟောလိုက်ပြောလိုက်ပါသေးတယ်။

မကွေးစာတိုက်ကလည်း မကြာခဏဖုန်းဆက်ခေါ်ပါတယ်။ ခါးမှာချိတ်ထားတဲ့လက်ကိုင်ဖုန်းလေးမြည်လာလို့ နားထောင်လိုက်ရင် 'မကွေးစာတိုက်ကပါ။ မဂ္ဂဇင်းတိုက်က စာမူခပို့တာရောက်နေလို့ လာထုတ်ပါရှင်' ဆိုတာ မကြာခဏကြားရသလို သီလဝ၊ သူရဇ္ဈ၊ လပြည့်ဝန်း၊ ကလျာ၊ ရုပ်ရှင်တေးကဗျာ၊ မေတ္တာရှင်၊ ဂန္ဓာရီ၊ မဟေသီ စတဲ့ မဂ္ဂဇင်းတိုက်တွေကပို့ပေးတဲ့ စာမူခငွေတွေကို ကမ္ဘာကွန်ပျူတာမိတ္တူဆိုင်က ကိုလှဝင်းနိုင်ထံ အကြွေးသွားဆပ်နိုင်ခဲ့ပါတယ်။

ကိုလှဝင်းနိုင်က -

"ဦးလေး၊ အကြွေးတွေကျေပြီ။ နောက်လာမပေးနဲ့တော့။ နောက်ထပ်လည်း ကြွေးတင်စရာမရှိတော့ပါဘူး'

လို့ ဝမ်းသာအားရပြောလာပါတယ်။ စာတိုက်ကတစ်ဆင့် မကြာခဏပို့လာတဲ့၊ မဂ္ဂဇင်းတိုက်တွေကပေးတဲ့ ကျွန်တော့်စာမူပါတဲ့မေတ္တာလက်ဆောင် မဂ္ဂဇင်းစာအုပ်တွေလည်း ကြို့ကြားကြို့ကြားရောက်လာပါတယ်။ ကျွန်တော်ကလည်း စာမူသစ်တွေကို ကွန်ပျူတာနဲ့ကိုယ်တိုင်မပြတ်ရိုက်နေသလို ကျွန်တော့်စွေးဆိုင်လေးထဲမှာလည်း ဥပုသ်တွေသုတ်တော်ကို အမြဲရွတ်ဖတ်ပူဇော်နေလျက်ရှိပါတော့တ

ရေနံသာအောင်ချမ်းတော်

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ခုနှစ်၊ ဩဂုတ်လ

အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသောအခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏အလိုရှိရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန်ရည်ရွယ်၍ ဤ အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

ရက်	စန်းယှဉ်နက္ခတ်	အမြင်အကန်း	နက္ခတ်ပြောင်းချိန်	စုတ်ညှပ်ခြင်း	ဝင်ထွက်ခပ်ခြင်း
၁	ပြဋ္ဌဘဒြပိုဒ်	၂ ကန်း	၁၀း၅၆း၅၁	သိဒ္ဓိ	ဝင်
	ဥတ္တရဘဒြပိုဒ်	၂ ကန်း		ဝရ	ခပါဒ်
၂	ဥတ္တရဘဒြပိုဒ်	၂ ကန်း	၁၂း၀၀း၀၀	ကာဏ	ထွက်
	ရေဝတီ	၁ ကန်း		အမြီတ္တ	ဝင်
၃	ရေဝတီ	၁ ကန်း	၁၂း၃၆း၃၇	ဝရ	ခပါဒ်
	အသဝနီ	၁ ကန်း		ဥပါဒ်	ထွက်
၄	အသဝနီ	၁ ကန်း	၁၂း၄၈း၀၀	အမြီတ္တ	ဝင်
	ဘရဏီ	၂ မြင်		လာဘ	ဝင်
၅	ဘရဏီ	၂ မြင်	၁၂း၂၃း၁၄	ဥပါဒ်	ထွက်
	ကြတ္တိကာ	၂ ကန်း		မိတ္တာ	ထွက်
၆	ကြတ္တိကာ	၂ ကန်း	၁၁း၃၆း၄၆	လာဘ	ဝင်
	ရောဟဏီ	၂ မြင်		သိဒ္ဓိ	ဝင်
၇	ရောဟဏီ	၂ မြင်	၁၀း၄၀း၀၀	မိတ္တာ	ထွက်
	မိဂသီ	၁ ကန်း		ကာဏ	ထွက်
၈	မိဂသီ	၁ ကန်း	၀၉း၂၂း၃၀	သိဒ္ဓိ	ဝင်
	အဒြ	၂ မြင်		ဝရ	ခပါဒ်
၉	အဒြ	၂ မြင်	၀၇း၄၅း၁၄	ကာဏ	ထွက်
	ပုနဗ္ဗသု	၂ ကန်း		အမြီတ္တ	ဝင်
၁၀	ပုနဗ္ဗသု	၂ ကန်း	၀၆း၀၀း၀၀	ဝရ	ခပါဒ်
	ဖုဿ	၂ ကန်း		ဥပါဒ်	ထွက်
၁၁	ဖုဿ	၂ ကန်း	၀၄း၃၀း၀၀	အမြီတ္တ	ဝင်
	အသလိဿ	၁ ကန်း		လာဘ	ဝင်
၁၂	အသလိဿ	၁ ကန်း	၀၃း၀၀း၀၀	ဥပါဒ်	ထွက်
	မာဃ	၁ ကန်း		မိတ္တာ	ထွက်
၁၃	မာဃ	၁ ကန်း	၀၁း၃၀း၀၀	လာဘ	ဝင်
	ပြုဗ္ဗဖလဂုနီ	၂ မြင်		သိဒ္ဓိ	ဝင်
၁၄	ဥတ္တရဖလဂုနီ	၂ ကန်း	၂၃း၁၃း၃၃	ကာဏ	ထွက်
	ဟဿတ	၂ မြင်		အမြီတ္တ	ဝင်
၁၅	ဟဿတ	၂ မြင်	၂၂း၂၇း၀၆	ဝရ	ခပါဒ်
	စိတြ	၁ ကန်း		ဥပါဒ်	ထွက်

ရက်	စန်းယှဉ်နက္ခတ်	အမြင်အကန်း	နက္ခတ်ပြောင်းချိန်	စုတ်ညှပ်ခြင်း	ဝင်-ထွက်ခပ်ခြင်း
၁၆	စိတြ	၁ ကန်း	၂၁း၃၆း၀၀	အမြီတ္တ	ဝင်
	သွာတီ	၂ မြင်		လာဘ	ဝင်
၁၇	သွာတီ	၂ မြင်	၂၁း၅၇း၅၈	ဥပါဒ်	ထွက်
	ဝိသာခါ	၂ ကန်း		မိတ္တာ	ထွက်
၁၈	ဝိသာခါ	၂ ကန်း	၂၃း၃၅း၁၀	လာဘ	ဝင်
	အနုရာဓ	၂ ကန်း		သိဒ္ဓိ	ဝင်
၁၉	အနုရာဓ	၂ ကန်း	မပြောင်း	မိတ္တာ	ထွက်
၂၀	အနုရာဓ	၂ ကန်း	၀၀း၅၁း၂၆	လာဘ	ဝင်
	ဇေဋ္ဌ	၁ ကန်း		သိဒ္ဓိ	ဝင်
၂၁	ဇေဋ္ဌ	၁ ကန်း	၀၂း၃၄း၁၇	မိတ္တာ	ထွက်
	မူလ	၁ ကန်း		ကာဏ	ထွက်
၂၂	မူလ	၁ ကန်း	၀၄း၂၆း၄၀	သိဒ္ဓိ	ဝင်
	ပြုဗ္ဗာသာဠှ	၂ မြင်		ဝရ	ခပါဒ်
၂၃	အဘိဇိ	×	၀၇း၀၆း၄၀	အမြီတ္တ	ဝင်
	ဥတ္တရာသာဠှ	၂ ကန်း		လာဘ	ဝင်
၂၄	ဥတ္တရာသာဠှ	၂ ကန်း	၀၉း၄၆း၄၀	ဥပါဒ်	ထွက်
	သရဝဏ်	၂ မြင်		မိတ္တာ	ထွက်
၂၅	သရဝဏ်	၂ မြင်	၁၂း၁၃း၀၅	လာဘ	ဝင်
	ဓနသိဒ္ဓ	၁ ကန်း		သိဒ္ဓိ	ဝင်
၂၆	ဓနသိဒ္ဓ	၁ ကန်း	၁၄း၂၄း၀၀	မိတ္တာ	ထွက်
	သတဘိသျှ	၂ မြင်		ကာဏ	ထွက်
၂၇	သတဘိသျှ	၂ မြင်	၁၆း၃၄း၅၅	သိဒ္ဓိ	ဝင်
	ပြုဗ္ဗဘဒြပိုဒ်	၂ ကန်း		ဝရ	ခပါဒ်
၂၈	ပြုဗ္ဗဘဒြပိုဒ်	၂ ကန်း	၁၈း၂၅း၄၃	ကာဏ	ထွက်
	ဥတ္တရဘဒြပိုဒ်	၂ ကန်း		အမြီတ္တ	ဝင်
၂၉	ဥတ္တရဘဒြပိုဒ်	၂ ကန်း	၁၉း၂၆း၅၄	ဝရ	ခပါဒ်
	ရေဝတီ	၁ ကန်း		ဥပါဒ်	ထွက်
၃၀	ရေဝတီ	၁ ကန်း	၂၀း၁၆း၃၃	အမြီတ္တ	ဝင်
	အသဝနီ	၁ ကန်း		လာဘ	ဝင်
၃၁	အသဝနီ	၁ ကန်း	၂၀း၂၄း၀၀	ဥပါဒ်	ထွက်
	ဘရဏီ	၂ မြင်		မိတ္တာ	ထွက်

ဤဇယားတွင်-
ပြုဗ္ဗာသာဠှနက္ခတ် နောက်ဆုံး (၁)ပါဒ်နှင့် ဥတ္တရာသာဠှနက္ခတ် အစဆုံး (၁)ပါဒ်တို့ကို အဘိဇိနက္ခတ်ဟုယူကာ တွက်ထားပါသည်။
၁၁-စ-၂၀၁၈၊ စနေနေ့ ညနေ ၁၆း၅၀း၀၉ နာရီတွင် လကွယ်သည်။
၂၆-စ-၂၀၁၈၊ တနင်္ဂနွေနေ့ ညနေ ၁၈း၀၀း၀၀ နာရီတွင် လပြည့်သည်။

အသုံးတည့်နိုင်ကြပါစေ

ဦးအောင်စောလှိုင် (ပုသိမ်)

www.burmeseclassic.com

www.burmeseclassic.com

အဏ္ဏဝါလှိုင်း

မိုးသံမိုးနှင်းဦးဝင်းမောင်

(ယခင်လမှအဆက်)

■ **ရဲသီဟာဘွဲ့ရ ဦးလှမောင်နှင့် မိုးမိတ်မြို့ မိုးမိတ်မြို့သို့ပြောင်းရခြင်း**

ကိုဝင်းမောင်သည် မိုးနဲမြို့တွင် (၇)နှစ်ခန့် နေရသည်။ ဝန်ထမ်းဘဝနှင့် နေရသောမိုးနဲမြို့မှာ မိမိနှင့် သဟဇာတ ဖြစ်နေ၏။ လူတိုင်းကသိ၏။ ရင်းရင်းနှီးနှီးရှိနေကြ၏။ ပတ်ဝန်းကျင်တွင် မိတ်ကောင်းဆွေကောင်းများဖြင့်ပြည့်နေ၏။ မြို့နာဟင်းကောင်း၊ ခင်ရာဆွေမျိုးဟု ဆိုရိုးစကားလို ခင်ရာမင်ရာတွေက ဆွေမျိုးများပင် ဖြစ်နေကြပါသည်။

အုပ်ချုပ်ရေးအဖွဲ့ဌာနဆိုင်ရာအားလုံး မိုးနဲမြို့လေးကျဉ်းကျဉ်းမှာ လာရောက်တာဝန်ထမ်းဆောင်ရသဖြင့် ဘဝတူများစုနေကြရသလို ပို၍ခင်မင်ရင်းနှီးကြလေသည်။ ဘဝခရီးကို အတူသွားကြရ၏။ အားအတူပူအမျှ စည်းလုံးနေကြလေသည်။ ဘာသာရေးတွင်လည်း မြို့လုံးကျွတ် ကထိန်ခင်းခြင်း၊ ဆွမ်းလောင်းခြင်း၊ ပဌာန်းပွဲကျင်းပခြင်းများကို မိမိဦးဆောင်ပြုလုပ်ပေးရ၏။ အားလုံးက 'ကိုဝင်း'ချင်းထပ်အောင်ခေါ်ပြီးရင်းနှီးကြလေသည်။

စီးပွားရေးအရ လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်ဖွင့်ထားသဖြင့် လစာထက် (၂) ဆမက အပိုဝင်ငွေရနေ၏။ အစစအရာရာ အဆင်ပြေသော ဤမြို့ကလေးကို သံယောဇဉ်တွယ်နေပါတော့သည်။ အနေကြာလာတော့လည်း ဘယ်မှမပြောင်းချင်ပါ။ သားနှင့်သမီးပင် အတော်ကြီးနေလေပြီ။ မိသားစုများသိုက်သိုက်ဝန်းဝန်းနှင့် စိုစိုပြည်ပြည်ရှိ၏။ မတောင့်မတ မကြောင့်မကြနေနိုင်သည့် ဘဝမှာ အေးချမ်းနေလေသည်။

သို့သော် တစ်နေ့သောအခါ မမျှော်လင့်သောသတင်းကို ကြားလိုက်ရ၏။

"ဦးဝင်း"

"ဟုတ်ကဲ့"

"ခင်ဗျားအပြောင်းအရွှေ့ပါတယ်"

"ဘယ်ပြောင်းရမှာလဲ"

"မိုးမိတ်ကိုပြောင်းရမှာ"

"ဗျာ"

ဒီလောက်မြန်လိမ့်မည်လို့ ထင်မထားဘူး။ ကျွန်တော်မပြောင်းချင်ပါ။ ဒီမြို့လေးမှာ ကျွန်တော် အခြေကျနေပြီလေပြီ။ ကျွန်တော့်မိသားစုလေးနှင့် ပျော်ပျော်ရွှင်ရွှင် ဘဝသစ်မှာ အခြေကျနေလေပြီ။ အခုတော့ ပြောင်းရတော့မည်။ ဝန်ထမ်းမဟုတ်လား။ မိမိဘဝကို မိမိ မပိုင်ဘူးလေ။ အစိုးရကပိုင်တာ။ သူ့ဆန်စားရဲမှဆိုသလို သတ္တိရှိရမှာပေါ့။ အင်း - ပျော်ရာမှာမနေရ၊ တော်ရာမှာ နေရ ဆိုတဲ့စကားလည်း အရှိသားပဲ။ တော်ရာမှာနေရမှာပေါ့။

"ကိုဝင်း"

"ဗျာ"

"ဘာတွေစဉ်းစားနေတာလဲ၊ ခေါ်နေတာကြာပြီ"

www.burmeseclassic.com

www.burmeseclassic.com

"ပြောင်းရမယ်ဆိုတော့ ထိတ်သွားတာ"

"အစ်ကိုက အထက်လူကြီးတွေပိုင်ပါတယ်။အထက်လူကြီးတွေကလည်း အစ်ကိုဝင်းကိုချစ်ပါတယ်။ အစ်ကိုပြောရင် ရမှာပေါ့"

"အေးကွ၊ ငါဒီမှာအခြေကျနေပြီ မပြောင်းချင်သေးဘူး"

"ဒါဆို တောင်ကြီးတိုင်းရုံးကို ဖုန်းဆက်ပြီးမေးကြည့်ပါလား"

"အေး-ဟုတ်တယ်၊ တောင်ကြီးမှာ ငါ့ဆရာရှိတယ်။ အကျိုးအကြောင်းသိအောင် ဖုန်းဆက်မေးရမယ်"

ဦးဝင်းသည် လူပျိုလူလွတ်ဘဝကနေရာဒေသ ရွှေ့ပြောင်းခဲ့၏။ အခုလို မတုန်လှုပ်ပေ။ ကျရာနေရာပျော်၏။ မည်းမည်းဝန်ထမ်းခဲ့၏။ မြို့ပေါင်းများစွာပြောင်းခဲ့၏။ အခုအိမ်ထောင်ကျပြီး သားသမီးလေးတွေရှိနေပြီလေ။ သူတို့လေးတွေကိုငဲ့ရမည်။ 'အစ်ကိုရယ်၊ အထက်လူကြီးတွေကိုပြောလို့ရရင် ပြောပေးပါ။ ကျွန်မတို့မိသားစု ဒီမှာနေရတာ ပျော်တယ်' ဇနီးဖြစ်သူ၏ တောင်းပန်စကားကိုလည်း ကြားယောင်နေမိ၏။ တောင်ကြီးမှာ ဆရာဦးဘသောင်း ရှိ၏။ မိမိကို မိုးနဲပို့ခဲ့ပြီး ယခု မိုးမိတ်ပို့ပြန်ပြီ။ အကျိုးအကြောင်းသိရအောင် ဖုန်းဆက်မေးဦးမှပဲ။ ကြေးနန်းရုံးသို့သွားသည်။ တောင်ကြီးသို့ဖုန်းဆက်ရ၏။

"ဟလို"

"အေး- ဘယ်သူလဲ"

"ကျွန်တော်ဝင်းမောင်ပါ ဆရာ"

"ဟာ - ဝင်းမောင်၊ မိုးနဲက ဝင်းမောင် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဆရာ့တပည့် ဝင်းမောင်ပါ"

"အေးအေး- ငါသိပြီ၊ ဘာပြောချင်တာလဲ"

"ဆရာ ကျွန်တော့်ကို မိုးနဲပို့စဉ်ကမိုးနဲကလူအသုံးမကျလို့ ပြဿနာဖြစ်နေလို့ တပည့်သွားလိုက်ပါဆိုပြီး မိုးနဲပြောင်းရွှေ့ရတယ်။ အခု မိုးမိတ်ကို အပြောင်းအရွှေ့ထွက်လာတယ်"

"အေးကွာ၊ မိုးနဲမှာလည်း မင်းသွားတော့ ဘာပြဿနာမရှိဘူး။ အဆင်ပြေသွားတယ်။ အခု မိုးမိတ်မှာ မီးမပေးနိုင်ဘူး။ မြို့နယ်မှူးဆိုတဲ့ကောင်လည်း ဆီရောင်းစားတယ်ဆိုပြီး အချုပ်ခန်းထဲမှာထည့်ထားတယ်။ မင်းမသွားရင် ငါတို့ EPC က သိက္ခာကျစရာတွေဖြစ်မယ်။ အာဇာနည်သူရဲကောင်းကိုရွေးတာ မင်းပဲ ပြေးမြင်တယ်"

"ဟာ - ဆရာရယ်၊ ပြဿနာရှိတိုင်း ကျွန်တော့်ကိုလွှတ်ရင် ဘယ်မှာကျွန်တော်နားရမှာလဲ။ အရင်က လူပျိုလူလွတ်ကိစ္စမရှိပေမယ့် အခုကျွန်တော့်မှာ အိမ်ထောင်ကျနေပြီ။ သားသမီးတွေတောင်ရနေပြီ"

"အေးကွာ၊ နောက်မင်းပြောင်းချင်တဲ့နေရာကို ငါတို့ချက်ချင်းပြောင်းပေးမယ်။ အခုတော့ ငါတို့ကို ကူညီတဲ့အနေနဲ့ပြောင်းရွှေ့ပေးလိုက်ပါ"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

"မင်းရဲ့တာဝန်ကျေမှုကို ငါတို့အသိအမှတ်ပြုပါတယ်"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

တကယ်တော့ ကျွန်တော်က အစိုးရဝန်ထမ်းပဲ။ ထားရာနေစေရာသွားဘာမှပြန်ပြောလို့မှမရတာ။ သို့သော် ဘာမှမသိ ဘာမှနားမလည် ခိုင်းတော့လည်း အချိုးကျအောင်မလုပ်တတ်တဲ့ ဝန်ထမ်းတွေကျတော့ ပြဿနာဖြစ်မှာစိုးလို့ဆိုပြီး ဘယ်မှမပြောင်းရွှေ့ဘူး။ နယ်စွန်နယ်ဖျား အညိုရောင်နယ်မြေရောင်စုံသူပုန်တွေရှိတဲ့နေရာဆို ဘယ်သူမှ မပြောင်းချင်ကြဘူး။ ဒါတွေသိနေတော့ ကျွန်တော့်စိတ်က ငြိုငြင်တာပေါ့။ ခိုင်းကောင်းတဲ့နွားမို့ခိုင်းတယ်လို့ မိမိကိုယ်ကို မကျေမနပ်ဖြစ်နေရုံမှတစ်ပါး မတတ်နိုင်တော့။

"ညီမရေ"

"ဟုတ်ကဲ့ - အစ်ကို"

"အစ်ကိုတို့ မိုးမိတ်ကို ပြောင်းရမယ်။ တောင်ကြီးကိုဖုန်းဆက်မေးပြီးပြီ။ မပြောင်းလို့မရဘူး၊ ပြောင်းရမယ်တဲ့"

"ဟုတ်ကဲ့ - အစ်ကို"

"အေးကွာ၊ သိမ်းစရာရှိရင် သိမ်းထား။ကြိုကြိုတင်တင်ပြင်ဆင်ထားပေါ့"

"ဟုတ်ကဲ့ - အစ်ကို"

ကိုဝင်းမောင်တစ်ယောက် မိုးနဲမြို့က ဆရာတော်ဘုရားထံသို့ သွားရောက်နှုတ်ဆက်ပါသည်။ မိုးကုတ်ဆရာတော်၏တရားတော်များကို ရင်ထဲအသည်းထဲရောက်အောင် ပို့ဆောင်ပေးသောကျေးဇူးရှင်ဆရာတော် ဖြစ်သည်။

"ဆရာတော်ဘုရား"

"ဟဲ့ - ဒကာဝင်း၊ မျက်နှာလည်းမကောင်းပါလား"

"တပည့်တော်မိုးမိတ်ပြောင်းရမယ်ဘုရား။ ဆရာတော်ကို လာနှုတ်ဆက်တာ"

"ဒကာကြီးတို့က ဝန်ထမ်းပဲ။ တာဝန်ဝတ္တရားရှိတာမို့ ပြောင်းရမှာပေါ့ ဒကာကြီး"

"ဘုရား"

"လောကဓံတရားဆိုတာရှိတယ်။ အကောင်းလောကဓံတရား(၄)ပါး၊အဆိုးလောကဓံတရား(၄)ပါး၊ ပေါင်း(၈)ပါးရှိတယ်။ လောကီလူသားမှန်သမျှ ဒီ(၈)ပါးနဲ့ကြုံတွေ့ရမှာပဲ။ လူတွေဟာ အကောင်းနဲ့ တွေ့ကြုံရင် ပြုံးပြုံးလေးရင်ဆိုင်နိုင်သော်လည်း အဆိုးလောကဓံနဲ့ ကြုံရင်တော့ ခံနိုင်ရည်မရှိကြဘူး"

"တင်ပါ့"

www.burmeseclassic.com

www.burmeseclassic.com

"ဖုဋ္ဌဿ လောက ဓမ္မေဟိ စိတ္တံ ယသ နကမွတိ အသောကံ ဝိရဇံ ခေမံ ဧတံ မင်္ဂလ မုတ္တမံလို့ မင်္ဂလသုတ်မှာ ဘုရားရှင်ဟောထားတယ်။ လောကဓံတရားနဲ့ ရင်ဆိုင်တွေ့သော်လည်း မတုန်မလှုပ်ခံနိုင်ရည်ရှိခြင်းဟာမင်္ဂလာတစ်ပါးလို့ ဟောထားတာ"

"ဘယ်လိုပုဂ္ဂိုလ်တွေက မတုန်မလှုပ်တာလဲ ဘုရား"

"ပုထုဇဉ်ကတော့ တုန်လှုပ်တာပေါ့။ အရိယာပုဂ္ဂိုလ်တွေကျတော့ လောကဓံတရားကိုမတုန်လှုပ်တော့ဘူး။ ရှင်မောဂ္ဂလာန်(မထေရ်ကြီး) ခိုးသား(၅၀၀) အရိုက်ခံရမယ့်ဘေးနဲ့ လာတွေ့နေတာ ရှောင်လို့မရဘူး။ သူက ပြုံးပြုံးလေးအရိုက်ခံလိုက်တယ်"

"ဘုရားတပည့်တော်ရင်ထဲမှာ ဒီအပြောင်းအရွှေ့ကြောင့် သောက ရောက်နေတာပါ ဘုရား"

"ဒကာကြီး ရင်ထဲမှာ တကယ် တရားမကိန်းသေးလို့ပါ။ တရားကိန်းအောင် ရှုမှတ်ပါ။ နောင်ဒကာကြီးက လောကဓံကိုအနိုင်ရသွားလိမ့်မယ်"

"တပည့်တော် ဆရာတော်အဆုံးအမကို နာခံပါမယ် ဘုရား"

ဦးဝင်းသည် ဆရာတော်ကို ဝတ်ပြု၍ နှုတ်ဆက်ထွက်ခွာလာသည်။ မိုးနဲ့မြို့မှ နှုတ်ဆက်ရမည့်သူများအားလုံး လိုက်လံနှုတ်ဆက်ပြီး မိုးမိတ်မြို့သို့ ပြောင်းရွှေ့လာပါတော့သည်။ မိသားစုများ ကားအဆင့်ဆင့်စီးပြီးသွားရ၏။ တောင်ကြီး၊ မိတ္ထီလာ၊ မန္တလေး၊ မိုးကုတ်မြို့များသို့ ဖြတ်သန်းသွားရ၏။ မကြာမီ ဆိုင်းဘုတ်ကိုတွေ့ရ၏။

ကြုံဆိုပါ၏ မိုးမိတ်မြို့။

မိုးမိတ်မြို့သည် ရှမ်းပြည်နယ်ထဲတွင် တည်ရှိ၏။ မန္တလေး၊ မိုးကုတ်မှ တစ်ဆင့် မိုးမိတ်သို့ဆက်သွားရ၏။ မိုးကုတ်နှင့် မိုးမိတ်မှာ (၂၈) မိုင်ဝေး၏။ မိုးမိတ်မြို့သည် မြေပြန့်လွင်ပြင်ဖြစ်၏။ မြေညီညာပြန့်ပြူး၏။ ရွှေလီမြစ်ဝှမ်းဖြစ်၍ စပါးစိုက်ပျိုးသောဒေသ ဖြစ်၏။ ပူအိုက်စွတ်စိုသည့်ရာသီဥတု ဖြစ်၏။ ကျွန်တော်တို့ အညာဒေသ မကွေးတိုင်းဒေသကြီးရာသီဥတုနှင့်ဆင်တူလေသည်။ မြို့တည်နေပုံမှာ နမိတ်ချောင်း၊ နမောင်းချောင်း၊ ချောင်းနှစ်ခုအလယ်တွင်တည်ရှိ၏။ ထိုချောင်းနှစ်ခုဆုံးရာတွင် စေတီတစ်ဆူရှိ၏။ မိုးမိတ်မှ ဆွေမျိုးဘိုးဘွားတို့မှ တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်၏။ ပုဒ္ဓဘာသာဝင်အများဆုံးရှိသောမြို့ဖြစ်၏။ ပုဗ္ဗာရုံကျောင်းသည် မိုးမိတ်မြို့၏ ပရိယတ္တိစာသင်တိုက်ကြီးပင် ဖြစ်ပါတော့သည်။ ထိုစဉ်က ပုဗ္ဗာရုံကျောင်းဆရာတော်မှာ နိုင်ငံတော်ဗဟိုဝန်ဆောင်ဆရာတော်ဖြစ်ပါသည်။

မိုးမိတ်မြို့သည် ရှေးယခင်က စော်ဘွားနန်းစိုက်ရာမြို့ ဖြစ်လေသည်။ မိုးမိတ်စော်ဘွား၊ ညောင်ရွှေစော်ဘွား၊ မိုးနဲစော်ဘွား ဟူ၍ ထင်ပေါ်ကျော်ကြားခဲ့သည်။ ဟော်နန်း၊ ဟော်ကုန်း စသဖြင့် ထင်ရှားစွာရှိနေဆဲ ဖြစ်၏။ ယခုအခါ စော်ဘွားနန်းစိုက်ရာ စော်ဘွားဟော်နန်း အဝန်းအဝိုင်းအား တပ်မတော်မှတပ်စွဲထားလေသည်။ မန္တလေးနန်းမြို့ကို တပ်မတော်မှ တပ်စွဲထားသကဲ့သို့ ဟော်နန်းတော်ကုန်းတစ်ခုလုံး တပ်မတော်တပ်ရင်းများမှ အလှည့်ကျ တပ်စွဲ၍ထားလေသည်။

မိုးမိတ်မြို့မှဆက်သွားပါက မဘိန်းသို့ရောက်ပါသည်။ မဘိန်းသည် ရွှေလီဖြစ်၏။ တစ်ဖက်ကမ်းတွင်တည်ရှိ၏။ မဘိန်းမှဆက်သွားပါက ကိုးကန့်နယ်မြေဖြစ်၏။ မြန်မာပြည်ကွန်မြူနစ်ပါတီကြီးစိုးရာဒေသ ဖြစ်၏။ ဗကပနယ်မြေ ဖြစ်ပါသည်။ ထို့ကြောင့် မိုးမိတ်သည် ရန်သူနယ်မြေနှင့်ဆက်စပ်လျက်ရှိသော အညိုရောင်နယ်မြေလည်းဖြစ်ပါတော့သည်။ ထို့ကြောင့် စစ်တပ်မှ မြို့ပေါ်တွင် တပ်စွဲထားပြီး မြို့လုံခြုံရေးကိုကာကွယ်ပေးနေရ၏။

ကျွန်တော်တာဝန်ထမ်းဆောင်ရမည့် EPC သည် တပ်မတော်သားများတပ်စွဲထားသော ဟော်နန်းဟော်ဝန်းနှင့် အလွန်နီးကပ်လျက်ရှိ၏။ EPC နှင့် ဟော်ဝန်းသည် သမဝါယမဂိုဒေါင်တစ်လုံးသာခြားလေသည်။ EPC ဝင်း၏ နောက်ကျောတွင် ကျောက်တိုင်ကွင်းရှိ၏။ ကွင်းဘေးတွင် ကချင်မိသားစုများ နေထိုင်ကြ၏။ မိုးမိတ်မြို့၏ပြည်သူ့ဆေးရုံမှာ ဟော်ဝန်းနှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိ၏။ ကြားတွင် မဟာရေကန်ကခြားထား၏။

မိုးမိတ်မြို့ဝန်းကျင်တွင် လယ်ကွင်းများဖြင့် ဝိုင်းရံထားလေသည်။ မိုးမိတ်ချိုင့်ဝှမ်းမှဆန်ကို ရှမ်းပြည်နယ်တွင်အားပြုစားသုံးနေရလေသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဖြစ်၏။ ဆန်ကိုတစ်နယ်မှ တစ်နယ်သို့ သယ်ယူခွင့်ပိတ်ထား၏။ ဗကပ၏ ဆန်ရိက္ခာလိုအပ်ချက်ကို ဖြတ်တောက်ထားလေသည်။ ထို့ကြောင့် ဗကပသည် မိမိတို့ရိက္ခာဆန်ရရှိရေးအတွက် မိုးမိတ်ဆန်ကို ရရှိရေးစိမ်ချက်ရေးဆွဲနေကြလေပြီ။

■ **အုပ်ချုပ်ရေးပညာ**

ကျွန်တော်သည် EPC ရုံးဝန်ထမ်းများကို စုဝေးပြီး မိတ်ဆက်၏။ ယခင်အဖြစ်အပျက်များကို စုံစမ်းမေးမြန်း၏။ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

"မိုးမိတ် EPC မှာ မြို့နယ်မှူးအဖြစ် တာဝန်ထမ်းဆောင်မယ့် ဦးဝင်းမောင် ဖြစ်ပါတယ်"

"ဟုတ်ကဲ့"

"မိုးမိတ်မှာ EPC က နာမည်ဆိုးနဲ့ကျော်ကြားနေတယ်။ မြို့မီးမလင်းဘူး၊ မြို့ကဌာနဆိုင်ရာတွေ၊ ဘဏ်တွေ၊ ဆေးရုံတွေ မီးနဲ့အလုပ်လုပ်ရတဲ့ဌာနတွေအားလုံးမှောင်နေပြီ။ ပြည်သူတွေအ မှောင်ထဲမှာနေရတော့ EPC ကို မျက်စောင်းထိုးတယ်။ ဒီလိုအမြင်မကြည်နေတဲ့အချိန်မှာ ခင်ဗျားတို့က ဆီခိုးရောင်းတော့ ပြဿနာကပိုကြီးထွားတာပေါ့။ ကဲ - ကျွန်တော်ပြောမယ်။ အရင်က နာမည်ပျက်နေတဲ့ EPC ကို နာမည်ကောင်းရအောင်ပြန်ရေးရမယ်။ ဝန်ထမ်းတွေအားလုံး ကျွန်တော်နဲ့ လက်တွဲလုပ်နိုင်ပါမလား။ ကျွန်တော့စကားနားထောင်ပြီး ကျွန်တော့်ခေါင်းဆောင်မှုအောက်မှာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ လိုက်ကြမလား"

"ဟုတ်ကဲ့ - လိုက်ပါ့မယ်"

"ကောင်းပြီ။ ဒါဆို ကျွန်တော်မေးမယ်။ 64 KW DEUTZ ENGIN ကဘာလို့ပျက်နေတာလဲ"

"လိုင်းမင်းတွေက အလုပ်မလုပ်ဘူး။ ဓာတ်အားလိုင်း Clear မဖြစ်ဘူး။ သစ်ပင်တွေ၊ သစ်ကိုင်းတွေနဲ့ငြိနေတယ်။ ရှော့ဖြစ်နေလို့ စက်ပျက်သွားတာ"

"မဟုတ်ဘူး ဆရာ။ စက်မောင်းစက်ပြင်အဖွဲ့က ဆီပဲရောင်းစားနေတာ။ ကိုယ်စက်ထဲမှာ အင်ဂျင်ဝိုင်ရှိ၊ မရှိ မသိဘူး။ ဒွတ်မောင်းလို့ အင်ဂျင်ထိုးရပ်သွားတာ"

"ကဲ - တော်ကြတော့ ကျွန်တော်သိပြီ။ ခင်ဗျားတို့က ဓာတ်အားလိုင်းအဖွဲ့နဲ့ စက်အဖွဲ့ (၂) ဖွဲ့ကွဲနေတာ။ တစ်ဖွဲ့နဲ့တစ်ဖွဲ့မတည့်ကြတော့၊ တိုင်တာတောတာတွေလုပ်ကြတော့ ပြဿနာတက်ကြပေါ့။ အတွင်းစည်းကမ်းတော့ ပျက်တော့တာပေါ့"

"ဟုတ်ကဲ့ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်က စက်ပြင်ဘဝကလာတာ။ ဒီရပ်ထားတဲ့စက်ကိုပြင်မယ်။ လိုတဲ့ပစ္စည်းကို အထက်ဌာနကို တင်ပြပြီးတောင်းမယ်။ စက်ကောင်းအောင်ပြင်ဖို့ ကျွန်တော်တာဝန်ယူမယ်။ စက်ကောင်းလို့ မီးလင်းနိုင်အောင် ဓာတ်အားလိုင်းအဖွဲ့က သစ်ပင်အကိုင်းတွေဖယ်ရှင်းပေးပါ။ ဆွေးနေတဲ့ ပစ္စည်းတွေလဲပေးပါ"

"ဟုတ်ကဲ့"

"နောက်တစ်ခုက ဒီဇယ်ရောင်းတဲ့ကိစ္စ။ အခုကျွန်တော်ရောက်တဲ့နေ့ကစပြီး ဒီဇယ် (၁) စက်မှ မရောင်းရဘူး။ ပိုရင် နိုင်ငံတော်ပြန်အပ်မယ်"

"ဟုတ်ကဲ့ ဆရာ"

ကျွန်တော်သည် EPC ဝန်ထမ်းများကို တရားဟော စည်းရုံး၏။ လုပ်ငန်းတစ်ခုအောင်မြင်ရေးသည် အဓိကစည်းရုံးရေးစွမ်းရည်မြင့်မားဖို့လို၏။ စည်းရုံးရေးစွမ်းရည်မရှိပါက ဝန်ထမ်းများအုပ်ချုပ်၍မရပါ။ သူတစ်လူငါတစ်မင်း ဖြစ်နေမည်။ ဦးနင်းတော့ ပဲ့ထောင်၊ ပဲ့နင်းတော့ ဦးထောင်ဆိုသလို ဖြစ်တတ်၏။ မိမိအပ်နှင်းထားသော လုပ်ကိုင်ခွင့်အာဏာတစ်ခုတည်းဖြင့် အုပ်ချုပ်၍ မရပါ။ သက်သာချောင်ချိရေးဖြင့် စည်းရုံးမည်၊ ဘာသာရေးအသိဖြင့် စည်းရုံးရမည်။ အုပ်ချုပ်ရေးစွမ်းရည်ဖြင့် စည်းရုံးရပေမည်။ အုပ်ချုပ်ရေးဟု လွယ်လွယ်သုံးနေသော်လည်း လက်တွေ့မလွယ်သော ပညာရပ်ဖြစ်၏။ ကျွန်တော့်ဆရာတစ်ယောက်က ပြောဖူးသည်။

"ဟေ့ကောင် ဝင်းမော်င်"

"ဗျာ"

"လောကမှာ ဘယ်ပညာအခက်ဆုံးလဲကွ"

"ဆရာဝန်ပညာတို့၊ အင်ဂျင်နီယာပညာတို့ အခက်ဆုံးလို့ထင်ပါတယ်"

"မဟုတ်ဘူးကွ။ ဒီပညာက သင်ရင်ရတယ်၊ သင်တဲ့ကျောင်းလည်း ရှိတယ်။ လောကမှာ အခက်ဆုံးက အုပ်ချုပ်ရေးပညာပဲကွ။ ဒီပညာဟာ အခက်ဆုံးပဲ။ဘယ်ကျောင်းမှမသင်ဘူး။ သီးသန့်သင်တဲ့ကျောင်းလည်းမရှိဘူး။ နောက်ပြီး ဒီပညာက ကျယ်ဝန်းတယ်။ ပြောလို့သင်လို့မဆုံးဘူး။ ဆရာပြောတာလွန်တယ်လို့ထင်တယ်။ ငါဥပမာတစ်ခုပြောပြမယ်၊ မင်းနားထောင်မလား"

"ဟုတ်ကဲ့ ဆရာ"

"ငါငယ်ငယ်က ကံသာဆိုတဲ့ ရွာလေးမှာမွေးတယ်။ ဒီရွာလေးမှာကြီးပြင်းခဲ့ရတယ်။ အညာဒေသက ရွာလေးတစ်ရွာပေါ့ကွာ"

"ဟုတ်ကဲ့"

"တစ်နေ့မှာတော့ ငါတို့ရွာက အပျိုတစ်ယောက်ကို အခြားရွာကကာလသားက လှာပိုးတာ၊ လူပျိုလှည့်တာ"

"ဟုတ်ကဲ့"

"တခြားရွာသားကို ဒီရွာသားတွေက မကြည်ဘူး။ မျက်စိစပါးမွေးစူးတယ်ပေါ့ကွာ။ သူတို့ချင်းချစ်ကြတာတော့ ဘာမှမတတ်နိုင်ဘူး"

"ဟုတ်တယ် ဆရာ။ ရွာဓလေ့ကတော့ ဒီသဘောရှိတယ်"

"တစ်နေ့မှာတော့ တခြားရွာသားက အရက်မူးပြီး ကံသာရွာသားတွေကို ဆဲတာ။ မူးနေတော့ မကျေနပ်တာလည်းရှိတော့ ကံသာရွာသားတွေကို ဆဲပါလေရော"

"ဟာ - ပြဿနာပဲ"

"ပြဿနာကအကြီးကြီးတက်တာ။ တစ်ရွာလုံး မားတွေတုတ်တွေဆွဲပြီးဝိုင်းလိုက်တာ ဒီကောင်အိမ်တစ်အိမ်ပေါ် တက်ပြေးတာ။ ဒီအိမ်ကလည်း ခြံစည်းရိုးလုံတယ်။ တံခါးတွေကခိုင်ခံ့တော့ ရွာသားတွေ အထဲဝင်လို့မရဘူး။ တစ်ရွာလုံး သံချောင်းခေါက်မောင်းတီးပြီးရွာလုံးကျွတ်ဝိုင်းလာတာ"

"ဟာ - ပြဿနာတော့အကြီးအကျယ်တက်ပြီ"

"ဒီကောင်နဲ့ရန်စရှိတဲ့ကာလသားတွေကလည်း အရက်တွေမူးနေတော့ မားတွေနဲ့ခုတ်သတ်မယ်ဆိုပြီး ဆဲဆိုနေတာ။ ဒေါသထွက်နေတဲ့ လူအုပ်ကြီးကို တားမရဆီးမရဖြစ်နေပြီ"

"ဟုတ်ကဲ့ ဆရာ"

"ဒီအချိန်မှာ ရွာသူကြီးရောက်လာတယ်။ အကျိုးအကြောင်းမေးတော့ သိရတော့တာပေါ့"

"ရွာသူကြီးက ဘယ်လိုဆုံးဖြတ်သလဲ ဆရာ"

"အေး- မင်းသာရွာသူကြီးဆိုရင် မင်းဘယ်လိုဆုံးဖြတ်ချက်ပေးမလဲ"

"ကျွန်တော်သာ ရွာသူကြီးဆိုရင် ဟိုကောင်ကိုထုတ်ပေးမှာပေါ့"

"ဒါဆို ရွာသားတွေ ဝိုင်းရိုက်လို့ သေမယ်။ လူသေမှုဖြစ်မယ်။ ဒေါသထွက်နေတဲ့ရွာသားတွေကို မဆုံးမဘဲ အလိုတူအလိုပါ အမှုပတ်မယ်"

"ဒါဆို မသိချင်ဟန်ဆောင်နေမှာပေါ့"

"မင်းဟာ ကိစ္စတစ်ခုကြုံလာရင် ရဲရဲရင့်ရင့်မဖြေရှင်းတတ်ဘဲ ခေါင်းရှောင်နေမယ်ဆိုရင် ဒီပြဿနာပြီးမှာလား"

"ဟာ - ကျွန်တော်မဖြေရှင်းတတ်ဘူးဆရာ"

"ဒါ- အုပ်ချုပ်ရေးနည်းပညာ ဆိုတာ ဒါကိုပြောတာ။ ရွာသားတွေလည်း ကျေနပ်ရမယ်၊ တစ်ဖက်ရွာသားလည်း လူသတ်မှုအထိမဖြစ်အောင် တားနိုင်ရမယ်"

"ဆရာ ဘယ်လိုဖြေရှင်းလိုက်လဲဆရာ"

"ရွာသူကြီးက ကြားဝင်ဖြေရှင်းပေးရတာပေါ့။ ရွာသားတွေ မင်းတို့က ဘာဖြစ်ချင်တာလဲပြောလို့ ရွာသူကြီးကလို့မေးတာ

'ကျွန်တော်တို့ ဒီကောင်ကို ထုတ်ပေး'

'အေး- ထုတ်ပေးရင် ဘာလုပ်မှာလဲ'

'ထုတ်ပေးရင် ကျွန်တော်တို့ရွာကို စော်ကားတဲ့အတွက် သတ်ပစ်မယ်လို့ ဖြေတယ်'

'တာ - မင်းတို့တကယ်သတ်မှာလား' လို့ ဆက်မေးတာ။ 'ဟုတ်တယ်' လို့ ဖြေတာ။ ရွာသူကြီးက ဒီအဖြေအပေါ် မူတည်ပြီးဆုံးဖြတ်ပေးတာ။

'ရတယ်၊ ငါတာဝန်ယူတယ်။ ငါကိုယ်တိုင်ထုတ်ပေးမယ်။ ဒါပေမယ့် ငါ့စကားကိုနားထောင်' လို့ ပြောတာ။

'ဟုတ်ကဲ့၊ နားထောင်မယ်' လို့ ဖြေကြတယ်။

'ပြဿနာဆိုတာ ဒေါသနဲ့ မဖြေရှင်းရဘူး။ အလျင်စလိုမဖြေရှင်းရဘူး။ အမှားပါတတ်တယ်။ မင်းတို့တကယ် သတ်ချင်ရင် မနက်ဖြန်နေ့ (၁၂) နာရီထိုးရင် ဒီအိမ်ကိုလာကြ' လို့ ပြောလိုက်တယ်။ 'ဒါဆိုထွက်ပြေးမှာပေါ့' လို့ ရွာသားတွေက ပြန်ဖြေတယ်။

'မင်းတို့ဝိုင်းထားတာပဲ ဒီကောင်ထွက်မပြေးရဲပါဘူး။ ထွက်ပြေးရင်လည်း မင်းတို့လက်ချက်နဲ့သေမှာပဲ' လို့ ရွာသားကြီးကို ပြောတာ။

'ဒါဆို မနက်ဖြန်(၁၂) နာရီတိတိ ငါကိုယ်တိုင်ထုတ်ပေးမယ်' လို့ ရွာသူကြီးက ကတိပြုတယ်။ 'မယုံဘူး' လို့စောဒကတက်တယ်။ 'မင်းတို့မယုံဘူးဆိုရင် ငါကိုယ်တိုင် ကတိဝန်ခံချက်ထိုးပြီး မင်းတို့ကိုပေးမယ်။ ငါမင်းတို့ရဲ့သူကြီးပါ။ ငါမင်းတို့ကို မညာဘူး' လို့ ရွာသူကြီးကဆိုတယ်။

ရွာသူကြီးကိုယ်တိုင် ဆယ်အိမ်

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းတွေရှေ့မှာ ကတိဝန်ခံချက်ရေးထိုးပြီး စာချုပ်ကိုပေးလိုက်တယ်။

ဒီကောင်ကလည်း ခြင်းထဲကကြက်ဖြစ်နေသောကြောင့် ဘယ်အချိန်ရှိတ်သတ်သတ်ရတယ်။ ရွာသူကြီးကိုလည်း သနားငဲ့ညှာသောအားဖြင့် ရွာသားများ ပြန်သွားကြတာပေါ့ကွာ။ တဖြည်းဖြည်း ဒေါသတွေပြေသွားကြတယ်။ ရွာသားများ မိမိတို့အိမ်နေရာအသီးသီးကိုပြန်သွားကြလို့ လူအတော်ရှင်းသွားတယ်။ ရွာသူကြီးကိုယ်တိုင် တစ်ဖက်ရွာသားနေတဲ့အိမ်မှာ စောင့်အိပ်ပေးရတယ်။ ဟိုတစ်ရွာသားလည်း သေရတော့မယ်သူလို့ထင်ပြီး စိတ်သောကရောက်နေတာပေါ့။

မနက်ဖြန် (၁၂) နာရီထိုးရင် ငါအသတ်ခံရတော့မယ် ဆိုပြီး တစ်ညလုံးအိပ်မပျော်ဘူးပေါ့။ ဒီလိုနဲ့ နောက်နေ့နံနက်ရောက်တော့ ညကဒေါသထွက်နေတဲ့ရွာသားတွေ ဒေါသမရှိတော့ဘူး။ သွေးပူတုန်းသာ ဒေါသထွက်တာ။ သွေးအေးသွားတော့ ဒေါသကမလာတော့ဘူး။ ရွာသားတွေလည်း လှည်းတွေ၊ နွားတွေနဲ့ ကိုယ့်တောင်သူလုပ်ငန်းခွင်ကို သွားကြပေါ့။ ဒီကောင့်ကိစ္စကို တချို့လူတစ်စုလောက်သာကျန်နေတာပေါ့။ နေ့ (၁၂)နာရီထိုးတော့ တစ်ဖက်ရွာကကောင်လေးရဲ့မိဘတွေ၊ ရွာဦးကျောင်းဆရာတော်တွေကြွလာတာပေါ့။တောင်းပန်တာပေါ့။ သူတို့ရွာသားကို မသတ်ဖို့အသနားခံတာပေါ့။ ရွာသူကြီးက မကျေနပ်တဲ့ရွာသားတချို့ကိုခေါ်ပြီး ကဲ - ငါကတိပေးတဲ့အတိုင်း မင်းတို့သတ်ကြဆိုတော့ လူတစ်ယောက်ကို သွေးအေးအေးနဲ့သတ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ မသတ်ရက်ဘူး။ ဟိုကောင်လည်း ကျွန်တော်မှားပါပြီဆိုပြီး ရွာသားတွေကိုဦးချကန်တော့နေတာ သနားဖို့ကောင်းတယ်။ ကျွန်တော်တို့မသတ်တော့ဘူး။ ဒီကောင့်ကို နောင်ကြဉ်အောင် သူကြီးပဲဆုံးမပေးပါဆိုပြီး ပြန်သွားတာပေါ့ကွာ။ ရွာသူကြီးလည်း ဒီကောင်ကို ကတိဝန်ခံချက်တွေရေးထိုးပြီး သူ့ရွာကဘုန်းကြီးရယ်၊ ရွာသူကြီးရယ်၊ မိဘတွေထံပြန်အပ်လိုက်တယ်"

"ဟာ - ရွာသူကြီးရဲ့အုပ်ချုပ်ရေးပညာကို ကျွန်တော်လေးစားသွားပြီ"

"အေးကွ၊ လောကမှာ အခက်ဆုံးတ အုပ်ချုပ်ရေးပညာပဲကွ"

ဟု ပြောသွားသော ဆရာသမား၏ စကားကို ကြားယောင်နေပါသည်။

ကျွန်တော်လည်း EPC ဝန်ထမ်း(၁၀) ယောက်လောက်ကို မအုပ်ချုပ်နိုင်ပါကညှဉ်းဖျင်းရာရောက်ပေမည်။

EPC ဝန်ထမ်းများ၏ စားဝတ်နေရေးသက်သာချောင်ချိရေး၊ မိသားစုအရေးများကို ထဲထဲဝင်ဝင်ကြည့်၏။ စောင့်ရှောက်၏။ မီးစက်ကိုကိုယ်တိုင်ပြင်၏။ လိုအပ်ချက်ကို တောင်းကြီးသို့မှာ၏။ စက်အပိုပစ္စည်းများရရှိသောအခါ စက်မှာ ကောင်းသွားလေသည်။ စက်နှိုးလို့ရသောအခါ မီးလင်းအောင်ဆောင်ရွက်ရ၏။ လမ်းဘေးသစ်ပင်များကို မီးစက်ဝန်ထမ်းမှန်သမျှ အကုန်လွှတ်၍ ဆောင်ရွက်စေ၏။ မီးလိုင်းတာဝန်၊ စက်သမားတာဝန်ဟူ၍ မခွဲခြားတော့ပါ။ ကိုယ်တိုင်ရှေ့ကဆောင်ရွက်သောအခါ ဝန်ထမ်းများနောက်ကလိုက်လာ၏။ EPC ဝန်ထမ်းများ၏လှုပ်ရှားမှုမှာ မြို့ပေါ်မှလူများ၊ ဌာနဆိုင်ရာဝန်ထမ်းများက တအံ့တသြကြည့်နေကြ၏။ အလုပ်လုပ်သူတွေမို့ မြို့သူမြို့သားများက မုန့်ပဲသရေစာဖြင့် ကျေးဇူးဆပ်ကြ၏။ တစ်ပတ်ကြာသောအခါ မီးလိုင်းအားလုံးမှာ သန့်ရှင်းသွား၏။ လိုင်းဖော့မဖြစ်နိုင်တော့ပါ။ ထိုအခါမှ မြို့ကို မီးပေးလိုက်ရာ တစ်မြို့လုံးထိန်ထိန်လင်းသွားပါတော့သည်။ ဌာနဆိုင်ရာများကလည်း ယခုရောက်သောမြို့နယ်မှူးအသစ်ကို ထောမနာပြုကြ၏။ ကောင်းချီးပေးကြ၏။ မြို့သူမြို့သားများလည်း ပြုံးပြုံးရွှင်ရွှင်ဖြစ်သွားကြ၏။

တစ်လခန့်ကြာသောအခါ EPC နှင့် မိုးမိတ်သည် သဟဇာတဖြစ်သွားပါတော့သည်။ ပြဿနာအားလုံးလည်း ရှင်းသွားပါတော့သည်။ မိမိလည်း ခုမှစိတ်အေးလက်အေး မိုးကုတ်ဆရာတော်ဘုရား၏တရားကိုနာပြီး (၁)နာရီတရားထိုင်ဖြစ်ပါတော့၏။ ခန္ဓာဉာဏ်ရောက်တရားကို နေ့စဉ်အချိန်မှန်မှန်အားထုတ်နိုင်ပါတော့သည်။

■ ဦးလှမောင်ဘဝ

ကချင်မကြီးတစ်ယောက်သည် နေ့စဉ် ဟင်းရွက်ဟင်းသီးတွေ ပလိုင်းနှင့်ထမ်းပြီး စျေးရောင်း၏။ ကျွန်တော်တို့အိမ်နီးနားချင်းလည်းဟုတ်၏။ အိမ်ကအမျိုးသမီးက အမြဲတမ်း ဝယ်နေကျဖောက်သည်လည်းဖြစ်သည်။ ထို့ကြောင့် မိမိတို့မိသားစုနှင့် ကချင်မကြီးမှာ ခင်မင်ရင်းနှီးနေလေသည်။

"မမိုင်"

"ရှင်"

"ဒီနေ့ ပဲညွှန့်၊ ဘူးညွှန့်တွေကောင်းတယ်၊ မျှစ်လေးနည်းနည်းလည်းရောင်းခဲ့ဦး"

"ဟုတ်ကဲ့"

"ဒါနဲ့ မမိုင်က ဘယ်မှာနေတာလဲ"

"ဆရာကတော်ရယ်၊ မိုင်တို့က ဒီအိမ်နောက်ကျောမှာလေ။ ကျောက်တိုင်ကွင်းဘေးမှာနေတာလေ။ ကျွန်မယောကျ်ားက လေယာဉ်ကွင်းမှာလုပ်တယ်လေ"

"ဩော်- ဟုတ်လား။အမည်ဘယ်လိုခေါ်လဲ"

"ဦးလှမောင်လို့ခေါ်တယ်"

"ဦးလှမောင်လည်း အိမ်လာလည်ဦးလို့ပြောပေးပါ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဦးလှမောင်သည် ကချင်တိုင်းရင်းသားဖြစ်၏။ မိုးမိတ်လေယာဉ်ကွင်းတွင် အစောင့်ဓာဝန်ယူရ၏။ ကွင်းစောင့်ဖြစ်၏။ တစ်ခါတစ်ရံမီးစက်နှိုးပေးရ၏။ မြက်ရှင်းရ၏။ ကွင်းစောင့်လစာအပြင် အပို ဝင်ငွေရ၏။ အချိန်အားသောအခါ ကျွန်တော့်အိမ်လာလည်၏။ ကျွန်တော်လည်း ဦးလှမောင်အိမ်သို့သွားလည်၏။ အိမ်နီးနားချင်းမိတ်ဆွေရင်းများဖြစ်သွားကြ၏။

"ဦးလှမောင်"

"ဟုတ်ကဲ့ ဆရာ"

"ခင်ဗျားက မိုးမိတ်လေယာဉ်ကွင်းမှာလုပ်တာပေါ့။ တစ်ခါလောက်လိုက်လည်မယ်လေ"

"ဟာ - လိုက်ခဲ့လေ။ ကျွန်တော်တို့လေယာဉ်ကွင်းကမြို့အထွက်မှာလေ"

"ဟုတ်ကဲ့"

မိုးမိတ်လေယာဉ်ကွင်းသည် မိုးမိတ်မြို့နှင့် အတော်ကွာဝေး၏။ မြို့ပြင်ဘက်ထွင်တည်ရှိ၏။ မိုးကုတ်သွားရာလမ်းတွင်တည်ရှိ၏။ ကျွန်တော်နှင့် ဦးလှမောင်တို့အတော်လမ်းလျှောက်လိုက်သောအခါ လေယာဉ်ကွင်းသို့ရောက်၏။ အဝင်တွင် တံခါးရှိ၏။ တံခါးဝကိုဖြတ်ကျော်ပြီး ခရီးသည်များပစ္စည်းစစ်သောဂိတ် ဖြစ်၏။ ထိုမှတစ်ဆင့် လေယာဉ်လက်မှတ်စစ်သောနေရာရုံးကိုတွေ့ရ၏။ ကျွန်တော်တို့နှစ်ယောက်တည်း လေယာဉ်ကွင်းတာဝန်ခံရုံးဘက်သို့ ဆက်သွားကြ၏။ လေယာဉ်များဆင်းလို့ရမရ ကွင်းတာနှခံမှ ကြိုးမဲ့လေဒီယိုစက်ဖြင့် ခွင့်ပန်ဆက်ပြောရသည်။ ရာသီဥတု မကောင်းဘူး၊ ကွင်းထဲဆင်းလို့မရဘူး/ ရှိတယ် စသည်

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ပြောပေးရသည့်နေရာ ဖြစ်၏။ လေယာဉ်ကွင်းအချင်းချင်းလည်းပြောလို့ရ၏။

"ဆရာဝင်း"

"ဟုတ်ကဲ့"

"ဒါက ရေဒီယိုစက်ပဲ။ လေယာဉ်ကွင်းမှာ ဒီစက်မရှိရင် ဆင်းလို့မရဘူး"

"ဒါဆို လေယာဉ်ကွင်းနဲ့လေယာဉ်နဲ့ပြောလို့ရတာပေါ့"

"ဟုတ်တယ်၊ လေယာဉ်ကွင်းအချင်းချင်းလို့ပြောလို့ရတယ်"

"ဒါကွင်းပိုင်ကြီးဦးအေးမောင်ပါ"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့၊ အခုလိုလာလည်တာ ကျေးဇူးတင်ပါတယ်။ နောင်လည်း လာလည်ပါဦး"

"ဟုတ်ကဲ့၊ ကျွန်တော်က ဦးဝင်းမောင်ပါ။ EPC ကမြို့နယ်မှူးပါ"

"ဟုတ်ကဲ့၊ တွေ့ရတာဝမ်းသာပါတယ်"

"မြို့က ကျွန်တော့်ဝန်ထမ်းတွေကနည်းတယ်။ အမြဲဆုံနေကျလစဉ်အစည်းအဝေးမှာပဲ ဆုံဖြစ်တယ်လေ။ ဒါကြောင့် မျက်နှာတန်းမိနေတာ"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ EPC လည်း လာလည်ပါဦး"

"ဟုတ်ကဲ့"

"ဒီဝါယာလက်စကားပြောစက်တွေက ဘယ်ထရီနဲ့သုံးလို့ရသလား"

"အမှန်တော့ မီးနဲ့သုံးရတာ။ စက်က အမေရိကန်စက်တွေပါ။ အရေးပေါ်ဆိုရင် ဘက်ထရီနဲ့သုံးလို့ရအောင် စီစဉ်ထားရတာပေါ့"

"ဟုတ်ကဲ့"

"ဒီမြို့မှာ မီးက(၂၄)နာရီမရဘူး။ ဒါကြောင့် ကိုယ်ပိုင်မီးစက်ဆောင်ရတာ။ ဘက်ထရီကအရေးပေါ်မှသုံးရတာ"

"ဟုတ်တယ်။ ကျွန်တော်တို့ဌာနလည်း (၂၄)နာရီမီးမပေးနိုင်ဘူး။ ဒီဇယ်နဲ့ မောင်းရတာဆိုတော့ ခွင့်ပြုချက်၊ ကန့်သတ်ချက်တွေရှိတာပေါ့ဗျာ"

"ဟုတ်ပါတယ်"

ကျွန်တော်သည် လေယာဉ်ကွင်းသို့ မကြာခဏလာရောက်၏။ ဦးလှမောင်နှင့်တတွဲတွဲဖြစ်နေ၏။ ဦးလှမောင်ကလည်း အားရင် ကျွန်တော်တို့ EPC သို့လာလည်လေသည်။ သို့ဖြင့် မိုးမိတ်မြို့၌ အရင်းနှီးဆုံးမိတ်ဆွေကောင်းတစ်ယောက်တိုးလာပါတော့သည်။

■ ဗကပ၏ အကြံအစည်စိမ်ချက်

၁၉၇၇ ခုနှစ်က ဖြစ်ပါသည်။ မြန်မာပြည်ကွန်မြူနစ်ပါတီသည် ပဲခူးရိုးမတွင် အခြေမလှခဲ့။ သခင်သန်းထွန်း၊ သခင်ဇင်၊ သခင်ချစ်တို့ ကျဆုံးကုန်လေပြီ။ ဗကပအားလုံး ချုပ်ငြိမ်းသွားလေသည်။ သခင်ဗသိန်းတင်သည် တရုတ်ပြည်သို့သွားပြီး သင်တန်းတက်၏။ တရုတ်အကူအညီဖြင့် ဗကပမျိုးဆက်သစ်ကိုတည်ထောင်ဖို့ ကြံစည်လေသည်။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ချုပ်ကျော်ဇောသည် ဗကပနှင့်အဆက်အသွယ်ရှိသဖြင့် တပ်မတော်မှ ထုတ်ပယ်လိုက်သည်။ ဗိုလ်ချုပ်ကျော်ဇောသည် တောခိုပြီး တရုတ်ပြည်သို့ ရောက်ရှိနေထိုင်လေသည်။ ဗိုလ်ချုပ်ကျော်ဇောက စစ်ရေးတာဝန်ယူ၏။ သခင်ဗသိန်းတင်က ပါတီကိုတာဝန်ယူလေသည်။ တရုတ်၏အကူအညီဖြင့် တရုတ်နယ်စပ်မှ ကိုးကန့်နှင့် ဝဒေသမှလူငယ်များကို စစ်ပညာသင်ပေး၏။ကိုးကန့်မှ ဖုန်းကြားရှင်၊ ဖုန်းကြားဖူး၊ ဝနယ်မှ ပေါက်ယူချမ်းတို့ကို စစ်ရေးခေါင်းဆောင်အဖြစ်ခန့်အပ်၏။ တရုတ်ပြည်တွင်းမှာ လက်နက်စာပို့ဆင်ပြီးလွှဲကျင့်ကြ၏။ နောက်ကိုးကန့်နှင့် ဝနယ်အားလုံးကို တစ်ပြိုင်တည်း စစ်ဆင်ရေးပြုလုပ်၏။ စစ်တပ်များကို ၎င်းတို့နယ်မှ မောင်းထုတ်ပစ်ကြ၏။ ထိုအချိန်မှစ၍ မြန်မာပြည်မြေပုံမှာ ကိုးကန့်နှင့် ဝဒေသသည် ဗကပလက်အောက်သို့ ကျရောက်သွားပါတော့သည်။

ဗကပနယ်မြေကိုရရှိသော်လည်း အားရတင်းတိမ်ခြင်းမရှိ၊ မြန်မာပြည်တစ်ပြည်လုံးကို သိမ်းပိုက်ဖို့ ကြံစည်နေလေသည်။ အကဲစမ်းသည့်အနေဖြင့် ကွမ်းလုံမြို့ကို သိမ်းပိုက်ဖို့ အလုံးအရင်းနှင့် တိုက်ခိုက်လေသည်။ ကွမ်းလုံရက် (၄၀) စစ်ပွဲမှာ မြန်မာ့သမိုင်းတွင် ထင်ကျန်ရစ်လေသည်။ ကွမ်းလုံတိုက်ပွဲမအောင်မြင်သဖြင့် နောက်ထပ်တိုက်ခိုက်ဖို့ဆင်ကြံကြံနေပါတော့သည်။

ဗကပ၏ နောက်ထပ်စီမံကိန်းမှာ မိုးမိတ်မြို့ကို သိမ်းပိုက်ရေး ဖြစ်သည်။ မြို့ကိုသိမ်းပိုက်ပြီး ဘဏ်မှငွေများသယ်မည်။ လိုအပ်သောဆေးဝါးများ ဆေးရုံမှရမည်။ ဆန်နှင့်ရိက္ခာကို သမဂ္ဂဒေါင်မှရမည်။ ဗကပ၏ မဟာဗျူဟာအဖြစ် မိုးမိတ်မြို့ကိုသိမ်းပိုက်ပြီး အစိုးရကိုသိက္ခာချမည်ဖြစ်သည်။ သတ်မှတ်ရက်မှာ ၁၉၇၇ ခုနှစ်၊ ဧပြီလ ၁၁ ရက် နံနက်(၅) နာရီဖြစ်၏။

နည်းဗျူဟာအဖြစ် စစ်သုံးမြေပုံကြီးကိုချပြီး ဗိုလ်ချုပ်ကျော်ဇောမှ အသေးစိတ်စီမံလေသည်။ ကိုးကန့်၊ ဝတို့မှ ဗိုလ်မှူးများဖြစ်သော ဖုန်းကြားရှင်၊ ဖုန်းကြားဖူး၊ ရန်စိုးလှဲနှင့် ပေါက်ယူချမ်းတို့မှာ ဗိုလ်ချုပ်ကျော်ဇော၏ စီမံချက်တွင် ပါဝင်ဆွေးနွေးကြ၏။အမှန်တကယ် စစ်တိုက်မည့် စစ်ခေါင်းဆောင်များနှင့် ညွှန်ကြားသူတို့ ဦးတိုက်ဆွေးနွေးနေကြခြင်း ဖြစ်သည်။

"သတင်းရယူချက်တင်ပြပါ"

"မိုးမိတ်မှခလရ(×××)ရှိပါတယ်"

"လမ်းကြောင်းမှာရှိတဲ့တပ်မတော်စခန်းတွေတင်ပြပါ"

"လက်နက်ကြီးက (၈၂) မမ အမြောက်ယူသွား"

"သွားရာလမ်းကြောင်းက"

"မဘိန်းမှတစ်ဆင့် ရွှေလီမြစ်ကိုဖြတ်ပြီး မိုးမိတ်ကို သတ်မှတ်ရက်၊ သတ်မှတ်နာရီမှာ အပြီးသိမ်းပါ။ ဒီဘက်က သတင်းမပေါက်ကြားအောင် ဘယ်လို စီမံမလဲ။ လမ်းကြောင်းခရီးမှာ ညဘက်ကို အသုံးပြုပါ။ အတတ်နိုင်ဆုံး ရွာတွေ၊ မြို့တွေကိုရှောင်ပါ။ တွေ့တဲ့ရွာသား၊ လူမှန်သမျှ စစ်ဆင်ရေးမပြီးမချင်း သတင်းမပေါက်ကြားအောင် ထိန်းထားပါ။ သယ်ယူပို့ဆောင်ရေးအတွက် လားတွေယူသွားပါ"

စသဖြင့် မိုးမိတ်မြို့သိမ်းတိုက်ပွဲကို အသေးစိတ် ညွှန်ကြားလေသည်။

"စစ်တပ်က ဒီဟော်ဝင်းထဲမှာ စခန်းချတယ်။ စစ်ကြောင်း (၁) အင်အားပဲရှိတယ်။ စစ်ကြောင်း(၂)က ဒီနမိတ်ချောင်း၊ နှာမောင်းချောင်း ပတ်ဝန်းကျင်မှာ လှည့်ပတ်နေတယ်။ သတင်းအရ စစ်ကြောင်း(၂)က ဧပြီလ ၁၁ ရက်နေ့ ပြန်ဝင်လိမ့်မယ်။ စစ်ကြောင်း (၂) ကြောင်းပေါင်းမိမှ မြို့ကိုသိမ်း၊ စစ်ကူလာစရာ မန္တလေးကတပ်တွေပဲလာစရာရှိတယ်။ စစ်ကူလာချိန်မှာ ငါတို့ ရည်ရွယ်ချက်အောင်မြင်သွားပြီ။ လက်နက်ငယ်များဖြင့် ဒီနေရာကနေရာယူပစ်ပါ။ ဆေးရုံဘက်က (၈၂) မမနဲ့ ရန်သူကို ချေမှုန်းပါ။ နံနက်(၈း၃၀)မှာ စစ်ဆင်ရေးပြီးဆုံးချိန်ပဲ။ အားလုံးစနစ်တကျ ပြန်ဆုတ်မယ်။ ဆုတ်ရာလမ်းကြောင်းမှာ ရန်သူဘက်မှကားများ၊ မြို့ပေါ်ကကားများပစ္စည်းတင်၍ ပြန်ဆုတ်ရန် ရွှေလီမြစ်ရောက်ပါက အဖွဲ့(၃)ဖွဲ့ခွဲပြီး ဆုတ်ခွာရာလမ်းကြောင်းကိုဖျောက်ရန် ရန်သူ

www.burmeseclassic.com

www.burmeseclassic.com

လိုက်လာပါက အသေခံအဖွဲ့ (၂)ဖွဲ့ဖြင့် မဆုတ်တမ်း ခံစစ်ဆင်၍ ဟန့်တားထားပါ"

စသဖြင့် အသေးစိတ် စီစဉ်လေသည်။ အစိုးရ၏ဂုဏ်သိက္ခာကိုချကြတော့မည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် သမ္မတကြီးမှာ ဦးနေဝင်းဖြစ်ပါသည်။ ပါတီဥက္ကဋ္ဌမှာ ဦးစန်းယုက တာဝန်ယူသည့်အချိန် ဖြစ်သည်။ ထိုစဉ်က တပ်မတော်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှာ ဗိုလ်ချုပ်ကျော်ထင် ဖြစ်ပါသည်။

မိုးမိတ်မြို့သည် တိတ်ဆိတ်နေသည်။ အေးချမ်းနေ၏။ မိုးမိတ်မြို့သူမြို့သားများသည် ၎င်းတို့ကြုံကြမွာကို မသိရှာကြ။ သွားကြလာကြ လှုပ်ရှားကြရင်း ပျော်ပျော်ရွှင်ရွှင်နေထိုင်ကြ၏။ မိုးမိတ်မြို့ မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌမှာ ဦးခင်မောင်ဖြစ်ပြီး အတွင်းရေးမှူးမှာ ဒေါ်မြမြ ဖြစ်ပါသည်။ ကောင်စီဥက္ကဋ္ဌမှာ ဦးကြီးမောင်ဖြစ်ပြီး မိုးမိတ်မြို့ကိုအုပ်ချုပ်ပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် သမဝါယမစနစ်ဖြင့် စီးပွားရေးတည်ဆောက်နေချိန်ဖြစ်၏။ မြို့လယ်သ/မဂိုဒေါင်တွင် ဆန်၊ ဆီနှင့် အထည်အလိပ်မျိုးစုံရှိ၏။ မြို့နယ်ပါတီယူနစ်ရုံးရှိ၏။ ယူနစ်ကော်မတီများဖြင့် ဖွဲ့စည်းထား၏။ မြို့နယ်ကောင်စီက အုပ်ချုပ်ရေးကို တာဝန်ယူအုပ်ချုပ်လေသည်။ ကောင်စီဥက္ကဋ္ဌသည် မိုးမိတ်မြို့တွင် အကြီးဆုံးဖြစ်၏။

ဦးဝင်းမောင်သည် မိမိတာဝန်ကျရာ မိုးမိတ်မြို့နှင့် သဟဇာတဖြစ်အောင်နေရလေသည်။ ဝန်ထမ်းဖြစ်၍ အုပ်ချုပ်ရေးအဖွဲ့နှင့်တွဲ၍ အတူတကွ တာဝန်ထမ်းဆောင်ရလေသည်။ နေ့စဉ်ဆရာတော်ကြီး၏ တရားကိုနာရင်း မိမိကိုယ်ကို ရင့်ကျက်အောင် ပြုစုပျိုးထောင်ပေးနေလေ၏။ မိမိ၏ကံကြမ္မာဖတ်သူအောင်ပန်းဆရာတော်မှ ဟောလိုက်သည်။ ဒုတိယမိုးဆည် မိမိဘဝအတွက် အဆိုးဆုံးမိုး ဖြစ်၏။ သေကံပင်ဆိုက်ရောက်နိုင်၏။ ဤမိုးတွင် ငါကဘာတွေဖြစ်မှာလဲ။ ဘာအနိဋ္ဌာရုံတွေနဲ့ ကြုံရမှာလဲ။ သေဘေးဆိုတာလည်း ရေးရေးမှမမြင် တရားကိုသာ နှလုံးသွင်းနေရပါတော့သည်။

ဘုရား... ဘုရား... ဘုရား... ဝုဏ်တော်(၉)ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ တပည့်တော်၏ ဝိပါက်ဂံကြမ္မာကို တပည့်တော် မသိပါဘုရား။ မလွဲမရှောင်သာကြုံတွေ့ပါက တပည့်တော်၏ အသက်ကို ကယ်တင်တော်မူပါဘုရား။

■ မိုးမိတ်မြို့ကို ဗကပ သိမ်းပိုက်ခြင်း

ဗကတို့မှချမှတ်ထားသော မဟာဗျူဟာအရ ဗကပအင်အား (၁၀၀၀) ခန့်ကို ကိုးကန့်ဒေသ လောက်ကိုင်ကုန်းကြမ်းမှတစ်ဆင့် မဘိန်း - ရွှေလီမြစ်ကို ဖြတ်ပြီး ခရီးရှည်ထိုးဖောက်လာကြ၏။ ရွှေလီမြစ်ကိုဖြတ်ပြီး မိုးမိတ်ကို တစ်ညလုံးဝိုင်းထားကြ၏။ မိုးမိတ်မြို့တွင် တမခ (×××)လက်အောက်ခံတပ်ရင်း ဖြစ်သော ခလရ(×××)တပ်ရင်းရှိ၏။ စစ်ကြောင်း(၁) နှင့် ရုံးအဖွဲ့အား တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ကြီးမောင်ဦးစီး၍ အထိုင်ချလျက်ရှိသည်။ စစ်ကြောင်း(၂)ဗိုလ်မှူးစန်းမောင်ဦးစီးစစ်ကြောင်း(၂)သည် မြို့ကို ဝိုင်း၍ လှုပ်ရှားဆောင်ရွက်၏။ ဘာသတင်းမှ မရကြပါ။ ဗကပ၏ စစ်ရေးသတင်းများ ခါးဆက်ပြတ်နေ၏။ စစ်ကြောင်း (၂) ၏ ပုံမှန်လှုပ်ရှားမှုများဆောင်ရွက်ပြီး မိုးမိတ်မြို့သို့ ပြန်ဝင်ပြီး စစ်ကြောင်း (၁) နှင့် ပူးပေါင်းကြလေသည်။ ဗကပတို့သည် စစ်ကြောင်း(၂) ၏ လှုပ်ရှားမှုကို အကဲခတ်စောင့်ကြည့်ပြီးနောက် စစ်ကြောင်း(၂)နောက်မှကပ်၍လိုက်ပါသွားလေသည်။ စစ်ကြောင်း(၁)၊ (၂) ပူးပေါင်းသောအခါ မြို့ကို ဝိုင်းဝန်းပိတ်ဆို့ထားလေတော့သည်။

၁၉၇၇ ခုနှစ်၊ ဧပြီလ ၁၀-ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ မြို့နယ်ပါတီယူနစ်၏ အတွင်းရေးမှူးမှာ ဒေါ်မြမြ ဖြစ်သည်။ ဒေါ်မြမြ၏ အမာခံဆဲများ ပြည်သူစစ်ခေါင်းဆောင်များက ဗကပ၏ လှုပ်ရှားမှုသတင်းကိုရကြ၏။ ထိုသတင်းကို စစ်တပ်သို့ တိုက်ရိုက်မပေးပို့ရကြပါ။ တစ်ဖက် ဗကပကိုလည်း ကြောက်ရသေး၏။ ထို့ကြောင့် ပါတီယူနစ်အတွင်းရေးမှူး ဒေါ်မြမြထံ လာရောက်သတင်းပို့ကြလေသည်။

"အစ်မကြီး၊ ကျွန်တော်တို့ အရေးကြီးသတင်းလာပို့တာပါ"

"ဟုတ်ကဲ့ ကိုကံမောင် ပြောပါ"

"ဗကပသတင်းဖြစ်တယ်။ စစ်ရေးကိစ္စဆိုတော့ စစ်တပ်ကို သတင်းပို့ရမှာဖြစ်ပေမယ့် ကျွန်တော်မပို့ရဲဘူး။ တစ်ဖက်ကလည်းဗကပကိုကြောက်ရသေးတယ်"

"ဟုတ်ကဲ့ ပြောပါ။ ကျွန်မစစ်တပ်ကိုသွားပြောပေးပါမယ်"

"ဗကပအင်အားအများကြီး ခရီးရှည်ထိုးဖောက်လာတယ်။ ညဘက်မှာ တိတ်တဆိတ်လှုပ်ရှားကြတယ်။ညဘက်တောမှာတဲထိုးနေတဲ့သူက ညဘက်မှာ မြင်ရတာ"

"ဟုတ်ကဲ့"

"သူတို့အဖွဲ့ မိုးမိတ်ကို လာတိုက်တာဖြစ်မယ်။ သိပ်အရေးကြီးလို့ သူတို့ မရောက်ခင် လာသတင်းပို့တာပါ"

"ကိုကံမောင်မပြန်ဘဲနေရင်ကောင်းမယ်။ လမ်းမှာ ဗကပနဲ့တွေ့ရင် သတင်းပေးစပိုင်ဆိုပြီးသတ်ပစ်လိမ့်မယ်။ ကိုယ်ဘေးမတွေ့အောင်ကြည့်ရှောင်နေ"

"ဟုတ်ကဲ့ အစ်မ၊ ကျွန်တော်ပြန်ဦးမယ်"

"ဟုတ်ပြီ ဟုတ်ပြီ"

ဒေါ်မြမြသည် အရေးကြီးသတင်းကို ကြားကြားချင်း စစ်တပ်ရှိရာသို့ အပြေးလာခဲ့၏။ဟော်ဝင်းထဲတွင် ခလရ (×××) ရှိ၏။ အဝင်ဝတွင် လုံခြုံရေးရဲဘော်က ကင်းစောင့်နေ၏။

"ရပ်"

"ဟုတ်ကဲ့-ရဲဘော်လေး၊ ငါတပ်ရင်းမှူးနဲ့တွေ့ပါရစေ။ အရေးကြီးသတင်းပို့စရာရှိလို့"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ အစ်မကြီးဝင်သွားပါ"

ဒေါ်မြမြသည် ကင်းစောင့်ရဲဘော်လေးညွှန်းသည့်အတိုင်းအဆောက်အအုံထဲသို့ဝင်သွား၏။ ဧည့်ခန်းတစ်ခုတွင် ဗိုလ်ကြီးတစ်ယောက်ကို တွေ့ရ၏။

"ဗိုလ်ကြီး ဗိုလ်ကြီး၊ ကျွန်မ ပါတီယူနစ်အတွင်းရေးမှူး ဒေါ်မြမြပါ"

"ဟုတ်ကဲ့"

"တပ်ရင်းမှူးကြီးနဲ့ တွေ့ပါရစေ။ စစ်ရေးသတင်းပို့စရာရှိလို့ပါ"

"တပ်ရင်းမှူးကြီး အိပ်နေတယ်။ သတင်းပို့စရာရှိရင် ကျွန်တော်ပြောခဲ့ပါ။ ကျွန်တော်က အိုင်အိုပါ။ ဗိုလ်ကြီးစိုးဝင်းလို့ခေါ်ပါတယ်"

"ဗကပတွေဟာ အလုံးအရင်းခရီးရှည် ထိုးဖောက်လာတယ်လို့ သတင်းကြားရပါတယ်"

"ဘယ်သူလာပို့လာလဲ"

"ကျွန်မတို့ရဲ့ အမာခံပြည်သူတွေက လာပို့တာပါ"

"ဒါဆိုလည်း သတင်းပို့တဲ့သူကို တွေ့ချင်တယ်"

"သတင်းပို့တဲ့သူက စစ်တပ်ကိုကြောက်တယ်။ သူကသတင်းပို့ပြီဆိုပြီး ဗကပ သိရင်လည်း သူလျှို့ဆိုပြီးအသတ်ခံရမှာကြောက်တယ်။ ဒါကြောင့် ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com

ကိုပြောပြပြီး ပြန်သွားပြီ"

"စစ်ရေးသတင်းဆိုတာ ခိုင်မာမှု ရှိ၊ မရှိ စိစစ်ရမယ်။ သတင်းလာပို့တိုင်း ဟုတ်တယ် မှန်တယ်ဆိုလို့ ယူဆလို့မရ ဘူး။ ဒါကြောင့် တွေ့ချင်တာပါ"

"ဒါတော့ ဗိုလ်ကြီးတို့လုပ်ရမယ့် ကိစ္စပါ။ ကျွန်မလုပ်ရမယ့်ကိစ္စကသတင်း ပေးရုံပဲ ကျွန်မပြန်မယ်"

ဒေါ်မြမြသည် 10 ဗိုလ်ကြီးစိုးဝင်းကို ဗကပသတင်းပြောပြီး အိမ်သို့အပြေး ပြန်လေသည်။ အိမ်ရောက်သော အခါ အရေးကြီးစာရွက်စာတမ်းများ၊ ရွှေ၊ ငွေ၊ ရတနာများကို လွယ်အိတ်ထဲထည့်ပြီး မိုးမိတ်မြို့မှ ဝေးရာသို့ ထွက်ပြေးသွား လေသည်။ လူသည် မိမိကိုယ်ကို အချစ် ဆုံးဖြစ်တဲ့ မိမိအသက်ကို အသေမခံနိုင် ပါ။ ပါတီကိစ္စ၊ တိုင်းပြည်ကိစ္စသည် မိမိ အသက်ထက် အရေးမကြီး။ ထို့ကြောင့် မိုးကုတ်ဘက်သို့ ထွက်ပြေးတိမ်းရှောင်ပါ တော့သည်။

၁၉၇၇ ခုနှစ်၊ ဧပြီလ(၁၁)ရက်နေ့ နံနက်(၅)နာရီတွင် ဗကပများ မိုးမိတ် မြို့ကိုဝိုင်းထားကြ၏။ ခလရ(×××)ရှိရာ ဟော်ကုန်းသို့ မျက်နှာချင်းဆိုင်ဆေးရုံ ဘက်မှ လက်နက်ငယ်များဖြင့် စတင် ပစ်ခတ်ပါသည်။ M-22 နှင့် M -23 ရန်သူသေနတ်သံများသည် နံနက်စော စော အရုဏ်တက်ချိန်တွင် ဆူညံသွား လေသည်။ ကလတက်ခေါက်သံ၊ ဘုရား ရှိခိုးသံတို့အစား သေမင်းတမန်သေနတ် သံက အစားထိုး၍ ထွက်ပေါ်လာကြ သည်။

"တောက်... တောက်... တောက်"

"ဒိုင်း... ဒိုင်း... ဒိုင်း..."

တပ်မတော်မှ G-3, G-4 သေနတ် သံများ ဆူညံစွာ ထွက်ပေါ်လာသည်။

"တောဝက်တွေ သေချင်ရင်တက် ခဲ့။ တပ်မတော်ကွ၊ ဘယ်တော့မှလက်နက် မချဘူး"

"ဒိုင်း... ဒိုင်း.... ဒိုင်း"

"မိုးမိတ်မြို့ကို ငါတို့ဝိုင်းထားတယ်။ မင်းတို့ပြေးပေါက်မရှိဘူး။ လက်နက်ချ ပါ။ အဖမ်းခံပါ"

"တောက်... တောက်... တောက်"

M-22-23 သေနတ်သံများ ဆူညံ စွာထွက်ပေါ်လာလေသည်။ မိုးမိတ်မြို့ သည် တစ်ခဏအတွင်း ငရဲတွင်းသို့ကျ ရောက်သွားပါတော့သည်။အပြန်အလှန် သေနတ်သံများဖြင့် ဆူညံနေလေသည်။



ခဏအတွင်း စစ်ပွဲဖြစ်တာကို မတွေ့ဘူး၊ မမြင်ဘူး၊ မကြုံဘူးသော မြို့သူမြို့သား များ အထုပ်အပိုးဆွဲပြီး ကျည်ဆန်လွတ် ရာသို့ ထွက်ပြေးတိမ်းရှောင်ကြလေ သည်။ ခွေးသည် မြေကြီးပေါ်တွင် အိပ် ၏။ မြေကြီးကို ကျင်းဖွဲ့၍နေ၏။ လူ သည် အမြင့်တွင်တက်အိပ်၏။ယခုအခါ လူတွေအားလုံး ခွေးနေရာကိုလု၍ မြေ ကြီးတွင်ပြားပြားဝပ်နေကြပါတော့သည်။

စစ်တပ်နှင့် EPC သည် သ/မ ဂိုဒေါင်သာ ခြား၏။ ရန်သူလက်နက် ငယ်များ မိမိတို့နေအိမ်ထဲသို့ ထိုးဖောက် ဝင်ရောက်လာကြသည်။ ဆူညံနေသော သေနတ်သံကြောင့် ဦးဝင်းမောင်သည် ၎င်း၏ဇနီးနှင့် ကလေးနှစ်ယောက်ကို ခေါ်ပြီး အိမ်ပေါ်မှဆင်းလာကြ၏။ အိမ်အောက်သို့ဇွတ်တိုးထွက်လာပြီးဝပ် နေလေသည်။ သေနတ်သံများက မိမိတို့ ခေါင်းပေါ်တရှိုးရှိုးဖြင့်ဖြတ်သန်းနေလေ ပြီ။ နေရတာမလုံပေ။ ဘယ်တော့ ငါ့ကို လာမှန်မလဲမသိဘူးဟု ကြောက်စိတ်က ငယ်ထိပ်ရောက်နေ၏။ ဒူးတွေတုန်နေ ၏။

"ကိုဝင်း"

"ဘာလဲကွာ အရေးထဲ"

"ဒီနေရာက မလုံခြုံဘူးနဲ့တူတယ်၊ ဟိုဘက်နိမ့်တဲ့နေရာပြောင်းရအောင်"

"အေး- ဟိုဘက်ကန်ဘေးက နိမ့် တယ်။ သစ်ပင်ကြီးလဲနေတာပဲရှိတယ်။ ငါတို့ သွားကြရအောင်"

မိသားစု (၄) ယောက်သည် ကျည်လွတ်မြေသို့ လေးဖက်ထောက်၍ သွားကြလေသည်။ မိမိတို့သွားရာဘက် သည် ရန်သူဗကပတို့တန်းစီ၍ပစ်သည့် နေရာဖြစ်သည်။ ကလေးသာသာ ယူနီ ဖောင်းအစိမ်းရောင်ဝတ်ပြီး M-22 ဖြင့် ပစ်နေလေသည်။ တစ်ဖွဲ့တက်လိုက်၊ တစ်ဖွဲ့ရပ်လိုက်ဖြင့် ရှေ့သို့ တစ်ဖွဲ့ပြီး တစ်ဖွဲ့တက်နေလေသည်။ G-3/ G-5 ကျည်ဆန်မှန်၍ ကျသွားသူ၊ အော်နေ သူများလည်းရှိ၏။

မိမိတို့မိသားစုသည် သစ်ပင်ကို အကာအကွယ်ယူပြီး လျှိုမြောင်ချိုင့်ဝှမ်း ကြားကနေ ကျည်လွတ်မည့်နေရာသို့ တရွေ့ရွေ့ထွက်ပြေးနေပါတော့သည်။ ဗကပဗိုလ်သည် မိမ်တို့မိသားစုကိုတွေ့ သောအခါ-

"လာ၊ ဒီဘက်ကိုလာ"

ဟုခေါ်၏။ ပြီးတော့ ကျည်လွတ် မည့်နေရာကို လက်ညှိုးထိုးဖြပြီး သွား ခိုင်းလေသည်။ သူတို့၏ ပစ်မှတ်သည် အရပ်သားများကိုမထိခိုက်စေရ။ စစ်တပ် ကိုပင် ဦးတည်၍ တိုက်ခိုက်နေကြလေ သည်။

မကြာမီ 'ဂျိမ်း' ဆိုသောမိုင်းကွဲ သံကြီးကို ကြားရ၏။ ရန်သူဗကပသည် (၈၂) မမအမြောက်နှင့် စစ်တပ်ဝင်းထဲသို့ လှမ်းပစ်နေ၏။ လေကွဲကျည်များက သစ်ပင်နှင့် ထိတွေ့ပြီး ပေါက်ကွဲလေ တော့သည်။

"ဂျိမ်း"

စစ်တပ်သည် လက်နက်ကြီးထု သည့်ဒဏ်ကိုအလူးအလဲခံရ၏။ ခလရ (×××)တပ်ရင်းမှူးကြီး ဒုတိယဗိုလ်မှူးကြီး ကြီးမောင်လည်း လက်နက်ကြီးကျည် ဆန်ထိမှန်၍ တိုက်ပွဲကျသွားလေသည်။ စစ်ကြောင်း (၂)မှ ဗိုလ်မှူးက ယာယီ တပ်ရင်းမှူးတာဝန်ကို ဆက်လက်ထမ်း ဆောင်ပြီး တိုက်ပွဲကို ဆက်လက်တိုက် ခိုက်လေတော့သည်။

"အမေရယ်၊ သားကိုကယ်ပါဦး။ ဒီတစ်ခါမှသားမသေရင် မသေတော့ဘူး။ သား မိဘနှစ်ပါးအပေါ်မှာ ကျေးဇူးကို သိတတ်ပါသည်။ ထိုကျေးဇူးကိုအောက် မေ့ပြီး ကျေးဇူးဆပ်ခဲ့ပါသည်။ ထိုစကား သည် မှန်ကန်သော သစ္စာစကား ဖြစ် ပါသည်။ ဤမှန်ကန်သော သစ္စာစကား ကြောင့် ကျွန်တော်တို့မိသားစု အသက် အန္တရာယ်မှ ကင်းဝေးရပါလို၏"

"ဂျိမ်း"

"ဘုရား... ဘုရား... ဘုရား"

"ကိုဝင်း... ကိုဝင်း... ကိုဝင်း ကိုဝင်း"

"အရေးထဲ ဘာလဲကွာ"

"သားကြီးကိုပွေ့ထားပါဦး"

"အေးအေး- ပေး ပေး"

"ဘုရားစာလေးရွတ်ပေးပါဦး"

"ဘာရွတ်ရမှာလဲ"

"ဘုရားစာ"

"ပုဒ္ဓါ ပုဒ္ဓါ ပုဒ္ဓါ"

www.burmeseclassic.com

www.burmeseclassic.com

"တော့် ပုဒ္ဓါတစ်လုံးပဲရသလား"

"ကျန်တာမေ့နေပြီကွ။ အစဖော်လို့မရတော့ဘူး"

"အရဟံပါတော်"

"အရဟံ ပုဒ္ဓါ အရဟံ ပုဒ္ဓါ"

အရဟံအမြီးခေါင်းမတည့် ရွတ်ဖတ်နေပါတော့သည်။ လက်နက်ကြီးလက်နက်ငယ်များလည်း မပြတ်ကြားနေရ၏။ မိမိနှင့်အတူ အခွေလိုက်ဝပ်နေသော ဦးလှမောင်အိမ်ကခွေး၊ အလွန်ကိုက်တဲ့ခွေး၊ အလွန်ဆိုးတဲ့ခွေး အခုတော့ ငါလိုပဲ အကြောက်လွန်၍ ခွေနေလေသည်။ ခွေးကိုမောင်းထုတ်သော်လည်း နည်းနည်းမှမလှုပ်တော့။ အခွေမပျက် သေနေသလို ငြိမ်နေသည်။ ခွေးကို ခြေထောက်နှင့်ကန်ပြီး နေရာရွှေ့သော်လည်း အခွေမပျက် ရွှေ့သွားလေသည်။ ဩော်. . . ခွေးလည်း ကြောက်တတ်တာပဲ။

ပကဝ အင်အား (၂၀၀) ခန့်မှာ (၁၀)ယောက်တစ်ဖွဲ့စီ၍ တက်စေ၏။ စစ်တပ်နှင့်ရင်ဆိုင်ပစ်၏။ ၎င်းတို့ကျသွားပါက နောက်ထပ် (၁၀)ယောက်တက်လာ၏။ ဧရယိုင်းတက်သလို တစ်ဖွဲ့ပြီး တစ်ဖွဲ့တက်၍ ပစ်ကြ၏။ တပ်မတော်၏ G-3/G-4 သေနတ်၏. ပစ်အားကို လွန်ဆန်၍မရဖြစ်နေ၏။ ထိခိုက်ဒဏ်ရာရသူများ ဆွဲခေါ်လာ၏။ မိမိတို့နားကျည်လွှတ်မြေတွင် ပကပဆေးအဖွဲ့မှ ဆေးကုသပေး၏။ ဒဏ်ရာပြင်းထန်၍ ဆေးကုသမှုမရနိုင်သူများကို ပကပဗိုလ်လုပ်သူက ပစ္စတိုဖြင့် နားထင်တေ့၍ပစ်လေ၏။

ကောင်စီဥက္ကဋ္ဌ ဦးမြဦး၊ အတွင်းရေးမှူး ဦးထွန်ခင်တို့အုပ်ချုပ်ရေးအဖွဲ့လည်း လေယာဉ်ကွင်းဘက်သို့ ဖိနပ်ခါးထိုး၍ထွက်ပြေးကြ၏။ ခါးထိုးထားသော ဖိနပ်လည်းထွက်ကျပြီး လုံချည်ကိုကွင်းသိုင်း၍နောက်ကျတဲ့ခြေထောက်သစ္စာဖောက်ဆိုပြီး ထွက်ပြေးကြလေတော့သည်။ ပထမဆုံးတွေ့သောကွေ့ကြီးရွာသည် မိုးမိတ်နှင့်နီးသည်။ မလုံခြုံသေး၍ဆက်ပြေးနေ၏။ ကွေ့ကြီးရွာကိုကျော်ပြီး ဒီထက်ဝေးသောသာယာကုန်းရွာသို့ရောက်လာ၏။ ဘုန်းကြီးကျောင်းတွင်ရောက်ပြီး. အမောလွန်နေသဖြင့် စကားမပြောနိုင်။ ဤရွာမှ ရွာသူကြီးသည် မိမိ့အား ကောင်စီဥက္ကဋ္ဌ ဆိုတာသိလေသည်။ မိမိရွာသို့ ထွက်ပြေးတိမ်းရှောင်လာသော မိုးမိတ်ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးကို လိုလေသေးမရှိပြုစုလေသည်။ အခြားအဖွဲ့ဝင်တွေ ဘယ်ရွာရောက်သည်မသိပါ။ ခုထိ အကြောက်မပြေသေးပါ။ သေနတ်သံတွေက ကြားနေဆဲဖြစ်၏။

ဦးဝင်းသည် နံနက်မိုးလင်းလျှင်ရေအဝသောက်၏။ မကြာမီ အလေးသွားတက်၏။ ယခုရေအဝသောက်ပြီး အလေးသွားရန် စောင့်နေဆဲ သေနတ်သံကြား၍ ထွက်ပြေးခဲ့ရခြင်းဖြစ်သည်။ ယခုနေသားကျမှ ပိုက်ကနာသလိုလိုဖြစ်လာ၏။

"ဒုက္ခပါပဲ အရေးထဲ အိမ်သာတက်ချင်တယ်"

"တော့်နှယ် အရေးထဲ အိမ်သာတက်ချင်ရတယ်လို့။ အိမ်သာတက်ရင် သေနတ်မှန်လိမ့်မယ်။ အခုဝပ်နေတာတောင်. ကျည်ဆန်တွေက ခေါင်းပေါ်လာပုံနေတာ"

"အေးကွာ၊ ကလေး ခဏခေါ်ထား"

ကျွန်ုပ်သည် နာနေသောဗိုက်ကို ကျေနပ်အောင်လုပ်ပေးရမည်။ ထ၍ အိမ်သာမတက်နိုင်သော်လည်း မှောက်လျက်ဝပ်လျက်အနေအထားနှင့်အိမ်သာတက်လိုက်ရ၏။ ဇနီးဖြစ်သူက ကျွန်ုပ်အားကြည့်၍ ငိုအားထက်ရယ်အားသန်ဖြစ်နေပါတော့သည်။

ပကပတို့၏ M-22/23 လက်နက်ငယ်ပစ်အားနှင့် တပ်မတော်၏. G-3/G-4 ပစ်အားမှာ မယှဉ်နိုင်ပါ။ G-3/G-4 ပစ်အား ပေါက်ကွဲအားမှာ ပကပတို့၏ M-22/M-23 ထက် များစွာသာလေသည်။ အကာအကွယ်မဲ့ဇုတ်တက်လာသဖြင့် တပ်မတော်၏ ပစ်ကွင်းထဲတွင် သေကြလေ၏။ သို့သော် ပကပ၏ (၈၂) မမ အမြောက်များက အဆက်မပြတ် ပစ်ခတ်သဖြင့် သစ်ပင်များ၊ ဓာတ်ကြိုးများ၊ တိုက်တာအဆောက်အအုံများထိမှန်ကုန်၏။ ကျဆုံးစစ်သည်များ တစ်စတစ်စများလာ၏။ ရန်သူ၏အင်အားနှင့် မိမိတို့၏အင်အားထက် များစွာသာလွန်နေလေသည်။ ဆက်သွယ်ရေးစက်သည် သေနတ်ထိမှန်ပြီး ဖွာလန်ကြဲပြီး ဆက်သွယ်လို့မရအောင် ဗျက်စီးသွားလေသည်။ စစ်ကြောင်း(၂) မှ ဗိုလ်မှူးကလေယာဉ်ကွင်းဘက်ကို ဖောက်ထွက်ရန် အမိန့်ပေးလေသည်။ အားလုံးစနစ်တကျနှင့်ခွာစစ်ဆင်၍ဆုတ်ခွာသွားလေသည်။ မကြာမီ တပ်မတော်ဘက်မှ သေနတ်သံများ လုံးဝချုပ်ငြိမ်းသွားလေသည်။ နံနက် (၈)နာရီ၊ (၃၀) တွင် မိုးမိတ်မြို့မှာ ပကပလက်သို့ကျရောက်သွားပါတော့သည်။

လက်နက်ငယ်များအပစ်ရပ်သွားသဖြင့် တိုက်ပွဲပြီးဆုံးသွားပြီဟု ထင်ပါသည်။ မိမိသည် ဝပ်နေရာမှထထိုင်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်သောအခါ တရုတ်ယူနီဖောင်းဝတ်ပြီး ဦးထုပ်မှာ ကြယ်နီတပ်ထားသော စစ်ဘားများ စိမ်း၍နေ၏။ ဒဏ်ရာရသူများ ဆေးရုံသို့ခေါ်လာပြီး ဆေးကုသပေး၏။ EPC နှင့် ဟော်ကုန်းကြားက သ/မဂိုဒေါင်ကို ဖွင့်ပြီး ပေါ်တာများ၊ အရပ်သားများကို ဝေပေးနေ၏။ ကြိုက်နှစ်သက်ရာကို တစ်ထမ်းစာယူ၏။ ပကပခေါင်းဆောင်က မြန်မာ့စီးပွားရေးဘဏ်မှ သိန်းပေါင်းများစွာသောငွေများကို ကားများဖြင့် သယ်သွားကြလေသည်။

ဘေလုံးကွင်းထဲတွင် အရေးထဲဘေလုံးကန်နေသဖြင့် ထူးထူးဆန်းဆန်းဖြစ်နေသည်။ သေသေချာချာကြည့်သောအခါတွင် ပကပများနှစ်ဖွဲ့ခွဲပြီး ဘေလုံးကန်နေခြင်းဖြစ်သည်။ မိုးမိတ်မြို့မှ ကားများအားလုံး ချောဆွဲ၏။ ကားပေါ်တွင် အရေးကြီးပစ္စည်းများ၊ ဘဏ်မှငွေများ၊ လူနာများကိုတင်ပြီး မဘိန်းဘက်ကို ဆက်လက်ထွက်ခွာကြပါသည်။

ပကပတို့သည် မိုးမိတ်မြို့မှ ပြန်လည်မဆုတ်ခွာမီ နံနက် (၈း၃၀) တွင် ပကပများအားလုံး စုစည်းပြီး တပ်ရင်းဌာနချုပ်ထိပ်တွင် ပကပစစ်ဆင်ရေးမှူးမှ မိန့်ခွန်းပြောကြားပါသည်။ မိမိတို့စစ်ဆင်ရေးအောင်မြင်ကြောင်း၊ အောင်မြင်အောင်တိုက်ပွဲဝင်ကြသည့် စစ်သည်များအားလုံး ဂုဏ်ပြုပါကြောင်း ပြောကြားပြီး ခွာစစ်ဆင်၍ ပြန်လည်ထွက်ခွာသွားကြသည်။

တပ်မတော်မှ နောက်က လိုက်တိုက်ပါက အင်အား(၅၀)အဖွဲ့တစ်ဖွဲ့ကို (၇)မိုင်တွင် မထုတ်တမ်းခံစစ်ချထားခဲ့၏။ ၎င်းအဖွဲ့အပြင် နောက်ထပ် (၈၅) ဦးဖြင့် (၁၅) မိုင်တွင် ဒုတိယခံစစ်အဖွဲ့ကို လက်နက်အပြည့်အစုံဖြင့် ခံစစ်ချထားခဲ့၏။ အားလုံးဘေးကင်းစွာဖြင့် ချောချောမောမော ရွှေလီမြစ်ကိုဖြတ်ပြီး ပကပဗဟိုသို့ ပြန်ဆုတ်သွားကြလေသည်။

(ဆက်ရန်)

အောင်ကြာဝါလှိုင်း

www.burmeseclassic.com

www.burmeseclassic.com

ဘဲ၃၊ ဖေဖော်ဝါရီ။

ညနေပိုင်းတွင် ရေကန်များပတ်လည်သို့ သွားရောက်သည်။ ၎င်းရေကန်များသည် ရွှေတိဂုံဘုရားအနီးတွင်ရှိသည်။ ရေကန်များကို ဥယျာဉ်များကဝိုင်းရံထားသဖြင့် ပန်းခြံနှင့်တူနေသည်။ ရန်ကုန်မြို့ကိုလေ့လာကြည့်လျှင် ဥရောပတိုက်သားတို့၏ ရှုပ်ထွေးမှုများကို ပို၍အံ့အားသင့်ဖွယ် မြင်တွေ့ရမည်ဖြစ်သည်။ ယနေ့တွင် ဥရောပနှင့်အီန္ဒိယတို့မှစာများရရှိသည်။ နေအိမ်မှလာသောသတင်းများအားလုံးကလည်း မကောင်းလှပေ။ ကျွန်ုပ်၏နှမ ပြင်းစွာနာမကျန်းဖြစ်နေကြောင်း ကြားသိရသည်။

မောင်ဖိုးမှင်ထံသွားသည်။ ကျွန်ုပ်သည် သူ့အား စာပေနှံစပ်သောသူဟုယူဆမိသည်။ သို့ရာတွင် သူသည် ပါဠိစာပေနှင့်ပတ်သက်၍ အနည်းငယ်သာသိရှိကြောင်း သိသာလာသည်။ မောင်ဖိုးမှင်၏ ဓပြောပြချက်အရ ရဟန်းတို့သည် ၎င်းတို့၏အနာဂတ်နှင့် ဗုဒ္ဓသာသနာ၏အနာဂတ်အတွက် ပူဆွေးသောကရောက်နေကြောင်းသိရသည်။ မောင်ဖိုးမှင်၏ ပြောကြားချက်များတွင် အစိုးရကိုတော်လှန်နေသောမျိုးချစ်များတွင် ရှမ်းတိုင်းရင်းသားတို့ပါဝင်ကြောင်း၊ တော်လှန်ရေးသမားများကို မင်းလောင်းများကခေါင်းဆောင်နေကြောင်းတို့ ပါဝင်သည်။ ဗုဒ္ဓဘာသာသည် အကျဘက်သို့ရောက်နေသည်။ လောကီဆန်သောလူပုဂ္ဂိုလ်တို့သည် ဗုဒ္ဓဘာသာကို သိလိုစိတ်မရှိသကဲ့သို့ ပါဠိဘာသာကိုလည်း လေ့လာလိုစိတ်မရှိချေ။ သို့ရာတွင် အင်္ဂလိပ်စာကို လေ့လာနေကြသည်။ ဤကဲ့သို့တုန်လှုပ်ဖွယ်ကောင်းသောအခြေအနေတို့ကို မည်သို့ဖယ်ရှားကြမည်နည်း။ မောင်ဖိုးမှင်ကမူ ၎င်း၏နိုင်ငံသားများအား ဥရောပတိုက်သားတို့၏ ဗုဒ္ဓဘာသာအပေါ် အမြင်ကိုသိရှိစေဖို့ ကြိုးစားနေသည်။

ဘဲ၄၊ ဖေဖော်ဝါရီလ။

သတင်းစာများတွင် မားပြများအကြောင်းသာတွေ့ရှိရသည်။ ဗြိတိသျှတို့အနေဖြင့်မူ မြန်မာနိုင်ငံတွင် မကြာမီငြိမ်းချမ်းရေးရတော့မည်ဟု မျှော်လင့်နေသည်။

ဗြိတိသျှတို့သည် သာသနာပိုင်အား Bishop. အဆင့်သို့ တိုးမြှင့်ပေးလိုက်သည်။ ဗုဒ္ဓဘာသာဝင်များ၏ Bishop ပင် ဖြစ်သည်။ ၎င်းသည် ရဟန်းသံဃာများရော လူပုဂ္ဂိုလ်များ၏ကြည်ညိုမှုကိုမရပေ။ သာသနာပိုင်၏ ကြည်ညာချက်အား လက်မခံကြပေ။ သာသနာပိုင်တောင်တော်ဆရာတော်က ဗုဒ္ဓဘာသာဝင် ရဟန်းတော်များအား ဗြိတိသျှတို့အား သစ္စာစောင့်သိကြရန်နှင့် နယ်ချဲ့ဗြိတိသျှဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် မပါဝင်ကြဖို့ အထူးကြေညာချက်ထုတ်ပြန်ခဲ့သည်ဟု မီနယဲ့(ဗ်)၏မှတ်တမ်းတွင် ဖော်ပြထားသည်။

သာသနာပိုင်သည် မြန်မာမင်း၏အထောက်အပံ့ကိုရယူထားသော်လည်း ဗြိတိသျှတို့နှင့် မိတ်ဆွေဖွဲ့နေသည်။ အမှန်စင်စစ်မှာမူ ၎င်းသည် ဗြိတိသျှတို့ကို လိုလားဟန်မရှိပေ။ ဆရာတော်အနေဖြင့် သူယုံကြည်ကိုးကွယ်သော ဗုဒ္ဓသာသနာသည် မှေးမှိန်တော့မည်ကို ကောင်းစွာသိထားပြီ ဖြစ်သည်။

အကွပ်မျက်ခံရသောသူတို့အား ဓာတ်ပုံရိုက်ယူခြင်းအားမည်သို့သောစိတ်ကူးဖြင့်ပြုလုပ်ကြသည်ကို နားမလည်ပါ။ ဗြိတိသျှတို့တွင် ရိုင်းစိုင်းမှုအတော်အတန်ရှိနေ၏။ အချို့က ဓာတ်ပုံဆရာအရာရှိအား အပြစ်တင်နေကြသည်။ သို့ရာတွင် ဒေသခံသတင်းစာများက သူတို့ဘက်ကလိုက်၍ ဖော်ပြပေးနေသည်။

ဧနက်ဖြန့်တွင် မော်လမြိုင်မြို့ထွက်ခွာမည့် Rangoon မီးသင်္ဘောသို့ သွားရောက်သည်။

သင်္ဘောကုန်းပတ်ပေါ်တွင်ထိုင်နေသည်။ ထိုနေရာနှင့်အနည်းငယ်အလှမ်းဝေးသော ဗြိတိသျှစစ်သင်္ဘောပေါ်တွင် သံစုံတီးဝိုင်းက ဖျော်ဖြေနေသည်။ ကျွန်ုပ်အိန္ဒိယမှ မထွက်ခွာမီ ၁၈၇၅ ခုနှစ်က ဘုံဘေမြို့တွင်ရှိစဉ် နှောက်ဆုံးညကို အမှတ်ရစေသည်။ ကျွန်ုပ်အနေဖြင့် ဝမ်းနည်းကြေကွဲမှုဖြစ်မိသည်။ မိမိအနေဖြင့် အိန္ဒိယသို့ နောက်ထပ်နှစ်ကြိမ်လာရဦးမည့်အရေးကို မစဉ်းစားမိပါ။

မောင်ဘိုးမှင်ထံယနေ့သွားရောက်သည်။ သူသည် ကြင်နာမှုရှိသည်။ သို့ရာတွင် နှံ့နှံ့စပ်စပ်သိသူမဟုတ်ပေ။

ဗိုလ်ချုပ် ပရင်ဒါဂတ်(စ်)နှင့်ပတ်သက်ပြီး ဒေသထုတ်သတင်းစာတစ်စောင်က ၎င်းသည် စီဇာနှင့် တူသည်ဟု ဒေါသတကြီးဖြင့်

ကျော်ဝင်းစိုး
(ရန်ကုန်တက္ကသိုလ်)

မီနယဲ့ပ်၏နိဂုံးယာဒိယကပါတော်မူပြီးစ မြန်မာနိုင်ငံအခြေနေ ၁၅

www.burmeseclassic.com

www.burmeseclassic.com

စွပ်စွဲသည်။ သီပေါမင်းအနေနှင့် ပရင်ဒါဂတ်(စ်)သည် ၎င်းအား ဆန့်ကျင်လိမ့်မည်ဟု ယူဆဟန်မတူပေ။ သီပေါမင်းသည် ၎င်း၏အင်အားကိုအထင်ကြီးပြီး အန္တရာယ်ကို သက်ဆိုးအမြောက်အဖြစ် သာမြင်သည်။ သို့ရာတွင် သူ၏တွက်ဆမှုများသည် ထင်သလိုဖြစ်မလာပေ။ သူ့အနေဖြင့် ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့နှင့်ကုန်သွယ်ရေးစာချုပ်များချုပ်ဆိုခြင်းဖြင့် အချိန်ရနိုင်လိမ့်မည်ဟုယူဆသည်။ သီပေါမင်းအနေဖြင့် သံတမန်ဆိုင်ရာဝင်ရောက်စွက်ဖက်မှုဖြင့် လွတ်လပ်ရေးကို ကာကွယ်နိုင်မည်ဟု တွက်ဆထားသည်။ သို့ရာတွင် ဗြိတိသျှတို့သည် ၎င်းတို့ ပို့ထားသော ရာဇသံကို ပြန်ကြားရန် အချိန်ဆွဲမှုကိုခွင့်မပြုပေ။ သီပေါမင်း၏ အသေးစိတ်တွက်ချက်မှုများနှင့် သူ၏ မင်းမြောင်ကပ်ပါးရပ်ပါးတို့၏ ကြိုးပမ်းချက်များလည်း အရာမထင်ပေ။

ဖော်ချမ်မာသည် ပေစာတစ်ထုပ်ကို ကျွန်ုပ်အားပြဖို့ ငြင်းဆိုခဲ့သည်။ စတင်ဆွေးနွေးစဉ်က ပေစာ၏အမည်ကို ပင်မပြောနိုင်ပေ။ ၎င်းပေမူကို ပုံနှိပ်ထုတ်ဝေမည်ဟုလည်းပြောသည်။ နောက်ပိုင်းတွင် ၎င်းစာပေ၏ ကျမ်းအမည်မှာ ကေသာဓာတုဝံသဖြစ်ကြောင်းပြောကြားသည်။

၁၆၊ ဖေဖော်ဝါရီ။

သင်္ဘောပေါ်တွင် ယနေ့နေ့လယ်စာစားစဉ် ဘုံဘောဘားမားသစ်ကုမ္ပဏီအကြောင်းဆွေးနွေးဖြစ်သည်။ သင်္ဘောကပ္ပတိန်က ကုမ္ပဏီ၏ ကလိမ်ကျမှုများကို ပြောပြသည်။ ရန်ကုန်မြို့တွင် ကုန်သည်များက သစ်ထုတ်ခွင့်စာချုပ်ကို ဖျက်သိမ်းဖို့ပြောဆိုနေကြသည်။ ထိုသစ်ကိစ္စကြောင့်ပင် သီပေါမင်းနန်းချခံရပြီး မြန်မာနိုင်ငံသည်လည်း ဗြိတိသျှလက်အောက်ခံဖြစ်သွားခဲ့ရသည်။

မန္တလေးရွှေမြို့တော် ဗြိတိသျှပိုင်ဖြစ်သွားပြီး မကြာမီမှပင် ကမ္ဘာလှည့်ခရီးသွားအများအပြားရောက်ရှိလာကြသည်။ အိန္ဒိယနှင့် ဥရောပမှ ဗြိတိသျှလူမျိုးများ မန္တလေးတွင် အများအပြားတွင် တွေ့ရသည်။

၁၇၊ ဖေဖော်ဝါရီ။

မော်လမြိုင်။

ယမန်နေ့က မော်လမြိုင်မြို့သို့ ရောက်ရှိသည်။ မဒမ်ဆကွမ်ဒိုမိုင်ဆိုသူ အမျိုးသမီးတစ်ဦး၏ အဆောင်တွင် တည်းခိုသည်။ စင်စစ် ၎င်းတည်းခိုဆောင်သည် အပြစ်ပြောစရာမရှိပေ။ အိပ်ခန်းများကိုကန့်ထားသဖြင့် တစ်ခန်းတွင်ဖြစ်ပေါ်နေသော အကြောင်းအရာများကို အခြားအခန်းများက မကြားနိုင်ပေ။ ယမန်နေ့က ကျွန်ုပ်သည် တစ်ညလုံးအိပ်မပျော်ချေ။ အဆောင်ပတ်ပတ်လည်တွင် သစ်ပင်တစ်ပင်မှမရှိချေ။

မနေ့က မောင်နုသည် သင်္ဘောပေါ်တွင်ရှိနေသည်။ ညနေတွင်လည်း မတွေ့ရပေ။ နံနက်ပိုင်းကျမှသာလျှင် မောင်နုကိုတွေ့ရသည်။ နံနက် (၈) နာရီတွင် ဦးတုံကိုတွေ့ရန်သွားရောက်သည်။ ၎င်းအား သူ၏အိမ်တွင် မတွေ့ရပေ။ ဘုန်းကြီးကျောင်းသို့ သွားရောက်နေသည်။ ဦးတူ၏ မြေးယောကျ်ားလေးသည် အင်္ဂလိပ်စကားအနည်းငယ်ပြောတတ်သည်။ အသက်ဆယ်နှစ်အရွယ်ရှိ မြေးမလေးမှာမူ အင်္ဂလိပ်လိုမေးခွန်းများကို ကျကျနနပြန်ဖြေတတ်သည်။

မော်လမြိုင်တွင် ကားဖြင့်သွားရောက်လေ့လာသည့်အခါ အလွန်လှပသောမြို့တစ်မြို့ဖြစ်ကြောင်းတွေ့ရသည်။ လမ်းများတွင် ဥက္ကပျောပင်များနှင့် အုန်းပင်များကိုတန်းစီစိုက်ထားရာ မြို့၏ဆန်းကြယ်သောမြင်ကွင်းကို ဖြစ်ပေါ်စေသည်။

တောင်ရိုးတန်းသည် မော်လမြိုင်မြို့ကို မြောက်မှ တောင်သို့ ဖြတ်သွားသည်။ တောင်ရိုးတန်းမှကြည့်လျှင် စိတ်ဝင်စားဖွယ်ရာမြင်ကွင်းကို တွေ့မြင်ရသည်။ မြို့သည် ဝင်လုဆဲနေရောင်၏ အလင်းဖြင့် လှုပ်နေသည့်မြင်ကွင်းကို ကျွန်ုပ်သည် ဘုန်းကြီးကျောင်းတစ်ကျောင်းမှ လှမ်းမြင်ရသည်။ ထိုဘုန်းကြီးကျောင်းတွင် ဆံတော်ဘုရား သို့မဟုတ် ဦးဇနဘုရားရှိသည်။ တောင်ရိုးကိုလည်း နာဂဒတ္တာဟုခေါ်သည်။ ထိုအတြောင်းကို ကျွန်ုပ်အား မွန်တိုင်းရင်းသားတို့က ပြောကြားခဲ့ခြင်းဖြစ်သည်။ ထိုနေရာတွင် ကျွန်ုပ်သည် နာရီဝက်ကြာခန့်ထိုင်နေရာ မွန်ဘာသာဖြင့် ပြန်ဆိုထားသော ပုဒ္ဓကျမ်းစာတစ်စောင်ကို လက်ဆောင်ရရှိသည်။ ရဟန်းအိုကြီးသည် ဝတ္ထုငွေကိုလည်းကောင်း၊ မည်သည့်လက်ဆောင်ပစ္စည်းမှ လက်မခံချေ။ ၎င်းက ထိုကျမ်းကို နှံ့နှံ့စပ်စပ်ဖတ်ရှုရန်နှင့် သူ့အနေနှင့် ထိုကျမ်းမှအပ မည်သည့်လက်ဆောင်ပစ္စည်းကိုမှမပေးနိုင်ဟုပြောကြားခဲ့သည်။

ထိုနေရာတွင်ပင် ထိုင်နေသော မွန်အမျိုးသားတစ်ဦးသည် အင်္ဂလိပ်ဘာသာဖြင့်ပြောဆိုသည်။ သူသည် ခေါင်းတုံးရိတ်မထားဘဲ ဆံပင်ရှိသည်။ ရဟန်းအဝတ်ကို ဝတ်ဆင်ထားသော်လည်း သင်္ကန်းအရောင်မှာပန်းရောင်ဖြစ်သည်။ ကျွန်ုပ်က သူ့အား မည်သူနည်းဟုမေးမြန်းသောအခါ ရသေ့ဖြစ်သည်ဟု ပြန်ဖြေပါသည်။

၁၇၊ ဖေဖော်ဝါရီ။

မော်လမြိုင်။

ကျွန်ုပ်က ရသေ့အား hermit ဟူသောဝေါဟာရကို မြန်မာဘာသာသို့ ပြန်ဆိုပေးရန်ပြောဆိုသည်။ Jalila ဟု သူမဆိုင်းမတွပြန်ဖြေသည်။ ကျွန်ုပ်က Jalila သည် ပုဒ္ဓဘာသာဝင်များမဟုတ်ကြောင်းပြောဆိုသည်။ ကျွန်ုပ်၏ ပြောကြားချက်ကို အဆိုပါရသေ့က လက်မခံဘဲ Jalila နှင့် ဘုန်းကြီးမှာ အတူတူပင်ဖြစ်သည်ဟု ပြန်လည်ပြောဆိုသည်။ ထူးဆန်းသောနိုင်ငံဖြစ်သည်။ ရဟန်းတော်က အင်္ဂလိပ်ဘာသာဖြင့်ပြောကြားသည်ကိုတွေ့ရသည်။

ထိုနေရာတွင်ပင် မဒရပ်ဆီလူမျိုးအချို့သည် ပါမောက္ခ Fawet ရေးသားသော နိုင်ငံရေးဘောဂဗေဒစာအုပ်ကို ကိုင်ဆောင်ထားသည်ကိုတွေ့ရပြန်သည်။ အနည်းငယ် မြင့်မားသောနေရာသို့ ဆက်လက်တက်ရောက်သွားသောအခါ စေတီတစ်ဆူတည်နေသည်ကို တွေ့ရသည်။ အမျိုးသမီးအလုပ်သမအုပ်စုသည် အုတ်များကို ခေါင်းပေါ်တွင်ရွက်လျှက်သွားနေကြ၏။ အလုပ်သမတစ်ဦးသည် ကြီးမားသောအုတ်ခြောက်ခုကို ခေါင်းပေါ်တွင်သယ်ဆောင်နိုင်သည်။ ၎င်းတို့သည် လှုပသော်အဝတ်အစားကို ဝတ်ဆင်ထားကြသည်။ ပိုးထည်များကို ဝတ်ဆင်ထားခြင်းဖြစ်၏။ တောင်အောက်မှပြန်အဆင်း လမ်းတွင် အမျိုးသမီးအုပ်စုတစ်စုအား အိုးများကို ခေါင်းပေါ်တွင်ရွက်လျှက်တွေ့ရသည်။ ၎င်းတို့အားမြင်တွေ့ရသည်မှာ ကြည်နူးစရာပင်ဖြစ်သည်။

ထိုမှတစ်ဆင့် ကျိုက်သံလန်ဘုရားသို့သွားရောက်သည်။ ထိုဘုရားသည် တောင်ကုန်းပေါ်တွင်တည်ရှိသည်။ ထိုနေရာမှ မော်လမြိုင်မြို့ကို အပေါ်မှမြင်နိုင်သည်။ အေဒီ ၈၇၅ ခုနှစ်တွင် တည်ထားခြင်းဖြစ်၏။ ကျိုက်သန်လန်ဘုရားသို့ သွားရောက်သော်လည်း တောင်ထိပ်ပေါ်သို့ မရောက်ခဲ့ပေ။

မော်လမြိုင်မြို့ကိုပတ်၍ ကားဖြင့်လှည့်လည်ကြည့်ရှုသည်။ ထို့နောက် တည်းခိုသည့်နေရာသို့ ပြန်လာသည်။ ဇာတ်းခိုဆောင်တွင် မစ္စတာအာဒမ်နှင့်

www.burmeseclassic.com

www.burmeseclassic.com

တွေ့သည်။ မစ္စတာအဒမ်မှာ ရန်ကုန်မြို့ ရှိ ပြိတိသျှစာသင်ကျောင်း၏ ဒါရိုက်တာ ဖြစ်သည်။ ဂီ(လ်)ဘတ်၏ တပည့်တစ်ဦး လည်း ကျွန်ုပ်ထံလာရောက်သည်။ ၎င်း တို့နှစ်ဦးက ရန်ကုန်မြို့တွင် မားပြများက ကြေးနန်းကြိုးများကို ဖျက်ဆီးခဲ့ကြသည် ဟုပြောပြသည်။ ရန်ကုန်၌ ပြိတိသျှတပ် များမရှိဘဲ ဆီပွိုင်းတပ်များသာရှိသည်။

၁၈၊ ဖေဖော်ဝါရီ။

ယနေ့တွင် ကျီးကန်းကျွန်းသို့သွား ရောက်ကြသည်။ ဂီ(လ်)ဘတ်က ကျွန်ုပ် အား ကျီးကန်းကျွန်းသို့ မပျက်မကွက် သွားရောက်ရန်အကြံပေးသည်။ထိုကျွန်း သို့ရောက်သွားသည့်အခါ ဂီ(လ်)ဘတ် ပြောသကဲ့သို့ စိတ်ဝင်စားဖို့မကောင်း ကြောင်းတွေ့ရသည်။ ကျွန်းသို့ လှေဖြင့် သွားရောက်သည်။ ကျွန်းပေါ်တွင် ငှက် ပျောပင်များ၊ အုန်းပင်များ၊ စေတီပုထိုး နှင့် ဘုန်းကြီးကျောင်းများရှိသည်။ ကျီး ကန်းများမတွေ့ရဘဲ ကျွန်ုပ်တို့ကိုမြင် သည့်အခါ ခွေးများကဟောင်ကြသည်။ ကျွန်ုပ်နှင့်အတူ မြန်မာလူမျိုးနှစ်ဦးလည်း အဖော်လိုက်ပါသည်။ ထိုနေ့သည် လပြည့်နေ့ဖြစ်သည်။ ဧည့်ဂေဟာတွင် မြန်မာမိသားစုအနည်းငယ်ကို တွေ့ရှိရ သည်။ ၎င်းတို့သည် ကျွန်းပေါ်တွင် အနားယူသည့်ပုံစံဖြင့် လမ်းလျှောက်ကြ သည်။ ထိုကျွန်းတွင် ရေတွင်းနှစ်တွင်း တွေ့ရသည်။ မြန်မာမင်းများဘိသိက်ခံ ရာတွင် ၎င်းရေတွင်းများမှရေကို ယူငင် သုံးစွဲသည်ဟုသိရှိရသည်။ ၎င်းရေတွင်း နှစ်တွင်းမှအပ အခြားစိတ်ဝင်စားဖွယ်ရာ မတွေ့ရပါ။

ကျွန်းပေါ်တွင် လမ်းလျှောက်ပြီး နောက် မော်လမြိုင်မြို့သို့ ပြန်လည်ထွက် ခွာခဲ့သည်။

ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ ပြန်သည်။ ညနေပိုင်းတွင် ဇာပေါက်ဆင် သည့်အလုပ်သမားများကိုရှာဖို့ အပြင် ထွက်သည်။ အချိန်အတော်ကြာရှာဖွေ ပြီးမှ အလုပ်သမားနှစ်ဦးကိုတွေ့ရှိသည်။ ၎င်းအလုပ်သမားတို့၏အနုပညာလက်ရာ မှာ ပြောင်မြောက်လှသည်။ သို့ရာတွင် ဈေးနှုန်းမှာလည်း မြင့်မားလှသည်။ အသင့်ပြုလုပ်ထားသောပစ္စည်းမတွေ့ရ သဖြင့် မဝယ်ဖြစ်ခဲ့ပါ။

ထိုနေရာမှတစ်ဆင့် ကျိုက်သန် လန်ဘုရားသို့ သွားရောက်ခဲ့သည်။ သံဃာရာဇာသီတင်းသုံးသည့်နေရာသို့ ရောက်သည်။ သံဃာရာဇာသည် အသက် အရွယ်ကြီးရင့်နေသဖြင့် မှတ်ဉာဏ်သိပ် မကောင်းတော့ပေ။ သီပေါမင်းလက် ထက်ဖြစ်ပွားခဲ့သောစစ်ပွဲနှင့်ပတ်သက်ပြီး မေးမြန်းသောအခါ ၎င်းက ဖြေဆိုရန် ငြင်းဆိုခဲ့သည်။ သီပေါမင်းသည် ပညာ တတ်တစ်ဦးဖြစ်ပြီး ပါဠိစာပေကိုလည်း နှံ့နှံ့စပ်စပ် လေ့လာထားကြောင်းကိုမူ ဆရာတော်က ပြောကြားခဲ့သည်။ သီပေါ မင်းနှင့်ပတ်သက်ပြီး ပြိတိသျှတို့ပြောဆို ရေးသားမှုများသည် မှန်ကန်မှုရှိမရှိကို မေးမြန်းသောအခါ ပြန်လည်ဖြေကြား ခြင်းမရှိပေ။ ဆရာတော်သည် ခရီး အတော်များများသွားဖူးသည်။ အိန္ဒိယ နိုင်ငံသို့ရောက်ဖူးပြီး ဗုဒ္ဓဂယာနှင့် ဗာရာ ဏသီသို့လည်း အလည်အပတ်သွား ရောက်ခဲ့သည်။ ဆရာတော်၏ တပည့် ဖြစ်သူ ရဟန်းငယ်တစ်ပါးသည် အင်္ဂလိပ် စကားကိုအသင့်အတင့်ပြောတတ်သည်။ ဆရာတော်က ဆလံ (Salam) ဆိုသော ဝေါဟာရမှာ အဉ္ဇလီမှ ပျက်ယွင်းလာ သောစကားသာဖြစ်ကြောင်း ပြောဆိုခဲ့ သည်။ လူတို့အနေဖြင့် အဓိပ္ပာယ်မှန်ဖြစ် သော အရိုအသေပြုခြင်းကို မေ့လျော့ပြီး လိုရာဆွဲပြီး မမှန်မကန်ပြောခြင်းသာဖြစ် ကြောင်း၊ လက်ချောင်းဖြင့် အရိုအသေ ပေးခြင်းအစား လက်နှစ်ချောင်းဖြင့်သာ အရိုအသေပေးခြင်းဖြစ်ကြောင်းပြောကြား ခဲ့သည်။

၁၉၊ ဖေဖော်ဝါရီ။

ရန်ကုန်။

ကျော်ဒန်သင်္ဘောပေါ်သို့ရောက်ရှိ ပြန်သည်။ သင်္ဘောပေါ်တွင် မားပြနှစ်ဦး၏ဦးခေါင်းများကို မော်လမြိုင်သို့ရောက် ရှိလာကြောင်းပြောနေကြသည်။ မားပြ တစ်ဦး၏ ဦးခေါင်းတစ်လုံးကို ရူပီး ငွေ (၁၀၀၀၀) သတ်မှတ်ထားသည်ဟုသိရှိရ သည်။

ယမန်နေ့ညက အဆိုပါသင်္ဘော ပေါ်တွင်ပင် အချိန်ကုန်ခဲ့သည်။နေ့ဘက် တွင် တစ်နေ့လုံး အပူဒဏ်ခံရပြီးနောက် လေပြည်လေညင်းကိုထိတွေ့ရသောအခါ အလွန်နှစ်လိုမိသည်။ တိမ်ကင်းစင်သော ကောင်းကင်ပြင်အောက်တွင် ငှက်ပျော ပင်နှင့်အုန်းပင်များ၏ပုံရိပ်ကိုတွေ့မြင်နေ ရသည်။ အဝေးတစ်နေရာတွင် စကား ပြောသံများ၊ ရယ်မောသံများနှင့် သီချင်း သံများကိုကြားရသည်။သင်္ဘောပေါ်တွင် တိတ်ဆိတ် ငြိမ်သက်လျက်နေသည်။ လှေများ၏ လှော်ခတ်သံများကိုသာ မကြာခဏကြားနေရသည်။

ရွှေတိဂုံစေတီသို့သွားရောက်ပြန် သည်။ ရထားတစ်စီးဖြင့် ဘုရားသို့သွား ရောက်ခြင်းဖြစ်သည်။ ရွှေရောင်တဝင်း ဝင်းဖြင့်ရှိသော စေတီတော်ကြီးသည် ရန်ကုန်မြို့ထက် မြင့်မားသောနေရာတွင် တည်ရှိသည်။ ရန်ကုန်မြို့ရှိ မည်သည့် နေရာကမဆို စေတီကိုတွေ့မြင်ရသည်။ အလွန်မြင့်မားသော ကျောက်လှေကား ဖြင့် စေတီ၏အထက်စကြံသို့ရောက်ရှိ နိုင်သည်။

ထိုနေရာတွင် ဘုရားအားပူဇော် နိုင်ရန်လျှဖွယ်ပစ္စည်းများကိုတွေ့ရသည်။ ဈေးသည်များက ၎င်းပစ္စည်းများကို ခင်း ကျင်းပြသထားသည်။ အထက်စကြံသို့ သွားရောက်ရာလမ်းတစ်လျှောက်သည် ဈေးနှင့်တူသည်။ လူအုပ်စုကြီးသည် ဘုရားပေါ်သို့တက်ရောက်နေသည်ကို တွေ့ရသည်။

ငြိတိသျှသင်္ဘောသားများ၏နောက် တွင် အဝါရောင်သင်္ကန်းဝတ်ထားသည့် ရဟန်းများ၊ သီလရှင်များကိုတွေ့ရပြီး မျက်လွှာချ၍ သွားလာနေကြသည်။

စောင်းတန်းတစ်ဖက်တစ်ချက်တွင် ဖယောင်းတိုင်များ၊ ရောင်စုံစက္ကူထီးများ၊ ပန်းစသည့် လှျဖွယ်ပစ္စည်းအများအပြား ကိုတွေ့နိုင်သည်။

စေတီတော်၏အပေါ်ဆုံးရင်ပြင် တော်ပေါ်တွင် တန်ဆောင်းအများ အပြားရှိသည်။ ထိုနေရာတွင် အားလပ် ရက်အတွင်း ဘုရားလာဖူးသူများ၊ ဘုရားကို ဝတ်ပြုဆုတောင်းနေသူဘုရား ဖူးများကိုတွေ့ရသည်။ နေရာဒေသမျိုးစုံ မှ လာရောက်ကြခြင်း ဖြစ်သည်။ ယနေ့ တွင် သီဟိုဠ်(သီရိလင်္ကာ)မှ ရဟန်းတော် သုံးပါးကိုလည်းတွေ့ရသည်။ ၎င်းတို့ထဲမှ တစ်ပါးသည် အင်္ဂလိပ်နှင့်ပါဠိစကားကို ပြောဆိုနိုင်သည်။ ကျွန်ုပ်အနေနှင့် ဘာသာစကားနှစ်မျိုးစလုံးဖြင့်ပြောဆိုဖြစ် သည်။

လှေကားထစ်အတိုင်းတက်ရောက် သွားလျှင် တိုင်လုံးများသည် အချိန်ကာလ ကြာမြင့်ပြီဖြစ်၍ ပျက်စီးနေသည်ကို တွေ့ရသည်။လှေကားထစ်များကျိုးပဲ့နေ ပြီး ဘုရားတန်ဆောင်းများရှိ ဇာပေါက် အဆင်များလည်းပျက်စီးနေသည်။ သို့ဖြစ် ၍ လျှစ်လျူရှုခြင်းခံနေရသည်ကို သက်သေပြနေသည်။ အထက်ပစ္စယံ တွင်မူ တန်ဆောင်းအသစ်များ ရွှေချ ထားသည့်ဆင်းတုများကိုတွေ့ရသည်။ ရွှေတိဂုံဘုရားသည် ရွှေခေါင်းလောင်းပုံ သဏ္ဌာန်နှင့်တူသည်။

ဆက်လက်ဖော်ပြမည်

ကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

1.P.Minayeff, Travels in and Diaries of India and Burma, Calcutta.

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၀ ပြည့် ဆောင်းအကုန် နွေအကူး နေ့ပူညချမ်းတပေါင်းလဆန်းထဲ သို့ရောက်နေပြီ။ သားအကြီးလေး တစ်နှစ်သုံးလပြည့်လို့ အရက်သမားဘဝ အပြီးတိုင်ကျွတ်ခါစ (၃) လလောက် သာရှိပါသေးတယ်။

မြင်းကသာဘူတာမှာ ဂျမဒါဆိုတဲ့ အလံပြဘဝနဲ့ အသက်မွေးနေချိန် ရွှေဘို မြို့က ဆေးဆရာကြီးထံမှ လောကီပညာ သင်ခါစအချိန် ဖြစ်ပါတယ်။ လောကီ ပညာသင်ထားလို့ အထင်တော့မကြီးနဲ့။ ပညာပေးတဲ့ဆရာကြီးက ကိုစိုးကိုစိတ်ချ လက်ချယုံကြည်မှုမရှိသေးဘူး။

ဘယ်ယုံကြည်မှုရှိပါ့မလဲ။ ဒီက အရက်စွဲနေတဲ့ အရက်သမားကိုးဗျ။ တပည့်ဖြစ်သူ ကိုစိုးကို သစ္စာရေကျိန်စာ တောင်မတိုက်ဘူး။ စည်းကမ်းဖောက်ရင် ဒုက္ခတွေ့မှာစိုးလို့ထင်ပါရဲ့။ ဆရာပေး ထားတဲ့ပညာက နည်းနည်းလေးပါ။ စေပိုင်အဆင့် တစ်နည်းအားဖြင့် ကိုယ်ခံ သဘောမျှသာရှိပါတယ်။

ဒီပညာလေးယူပြီးလို့ ပုတီးလေး စိပ်တတ်ခါစ၊ ဆေးဆရာပေါက်စ အသက် (၂၅) နှစ်အရွယ်မှာ ဒီပညာရပ် အပေါ် အားကိုးအားထားဖြစ်စရာ ယုံကြည်မှုတစ်ခု ပထမဆုံးစတွေ့လိုက်ရ တယ်။

အိမ်နံဘေးက မဦး ဆိုတဲ့ သား သည်မအေဟာ တဟီးဟီးနဲ့ငိုသံအတိုင်း သားကြားနေရတယ်။ မဦးက အိမ်က ရှမ်းမနဲ့ အသက်တူရွယ်တူ။ သူတို့နှစ် ယောက်က ညီအစ်မတွေလိုတတွဲတွဲ။ အိမ်ကလူက သားလေးမွေး၊ မဦးက သမီးလေးမွေး ရက်ပိုင်းပဲကွာတာပေါ့။

မဦးတို့အိမ်က လိုင်းခန်းက လှမ်း ကြည့်ရင် အထင်းသားမြင်ရတယ်။ ခု မဦးငိုသံ ကိုစိုးတို့လင်မယားကြားပေမယ့် ဇနီးသည်က မနေနိုင်ရှာဘူး။ ကိုစိုးကို သတိပေးတယ်။

"အစ်ကို မဦးငိုသံကြားတယ်၊ လင်မယားလုံးပြန်ပြီထင်တယ်"

"မဖြစ်နိုင်တာကွာ၊ မနက်က သူ့လင်အလုပ်သွားတာ ငါမြင်တယ်"

သူ့လင်ကုလားက သံလမ်းအလုပ် သမားလေ။ ညနေမှ အိမ်ပြန်ရောက်နေ ကျ။ ဒါဆို ဘာဖြစ်လို့ငိုနေရတာလဲ။ ကျွန်မသွားကြည့်လိုက်ဦးမယ်"

"အေးအေး - မင့်သားလည်း အိပ်နေတာ သွားမေးကွာ"

ရှမ်းမက မဦးတို့အိမ်သွားပြီ။ (၁၅) မိနစ်လောက်ကြာမှ အိမ်ပြန်ရောက် တယ်။ အိမ်ရောက်တာနဲ့ ရှမ်းမမျက်နှာ ကတစ်မျိုးကြီးနဲ့ပြောပြတယ်။

"အစ်ကို မဦးလေ ဟို ဟို ဟိုဒင်း ဖြစ်နေတာအစ်ကိုရဲ့"

မိမိလည်း ကြောင်အမ်းအမ်း စကားကအစအဆုံးမပါဘဲဝုက်နေလေ တော့ -



စိုးမင်း

(ပြောက်စည်း-ဂျာသစ်)

ပြုပြေးအကုတ်ခံရသော်လည်း ကတိသစ္စာတည်သောအခါ ကျိန်တော်မသေပါ

၁၆၂

သူရဇ္ဇမဂ္ဂဇင်း

ကုဒ်ဒုနှစ် ခြံဂုတ်လ ဘတ္ဒါ(၁၀)အမှတ်(ဂ)

www.burmeseclassic.com

www.burmeseclassic.com

"ကဲ-မိန်းမ တဟိုဟိုနဲ့ပြောစရာရှိ တာပြောလေကွာ"

"ဘယ်ကနေစပြောရမှန်းမသိဘူး အစ်ကိုရဲ့။ ကြောက်စရာကြီး"

ဇနီးသည် စကားဆန်းနေတယ်။ သေချာအောင်မေးလိုက်ရတယ်။

"နင်ကလည်းပြောမယ့်စကားဝေ နေပြန်ပြီ ပြောပါဟာ"

"အဲ-ကျွန်မ အားနာနာနဲ့ အစ်ကို ပြောရမှာ၊ မရှိသေစကား ကန်တော့နော် အစ်ကိုရဲ့၊ မဦးငိုနေတာ တခြားမဟုတ်ဘူး အစ်ကိုရဲ့။ သူရဲ့မိန်းမအင်္ဂါ တစ်ဖက်စောင်းကြီးဖြစ်နေတာ။ ပေါင်ရင်းဘေးတိုက်ကပ်နေတာအစ်ကိုရဲ့။ မထိုင်နိုင်ဘူး။ မတ်တတ်လည်းမရပ်နိုင်ဘူး။ လေးဖက်ကုန်းအော်ငိုနေတာ။ အဲဒါ ဘယ်လိုလုပ်ပေးရင်ကောင်းမလဲ အစ်ကိုကူပါဦး"

ကိုစိုးလည်း အံ့သြမိတယ်။ ဒီလို စကား ပထမဆုံးကြားဖူးတာပဲ။ မယားကအကူအညီတောင်းတော့ ပြန်ပြောမိတယ်။

"အေးပါ - ဘယ့်နယ်ဖြစ်တာလဲကွာ၊ သူ့ယောကျ်ားမရှိဘူးလား"

"အလုပ်သွားတယ် အစ်ကိုရဲ့"

"ဒါဆို ခဏနေဦး၊ ဆရာသမားဆီ ရထားမေးလိုက်ဦးမယ်။ ရွှေဘိုဆေးရုံသွားရမှာ"

မိမိက ပလတ်ဖောင်းပေါ်တက် ဘူတာထဲဝင် ဆရာသမားရထားမေးတော့ ကြားရထားတစ်စင်းမှမရှိ။ နေ့လယ်မှ ခေါက်ပြန်လာမှာ။ ဒီရထားပဲ မျှော်ရတော့မယ်။ အခုအချိန်က မနက်(၈)နာရီပဲရှိသေးတယ်။ အိမ်ပြန်ရောက်တော့ ဇနီးသည်ပြောပြလိုက်တယ်။

"ခုလောလောဆယ် ရထားမရှိသေးဘူး။ နေ့လယ်ခေါက်ပြန်နဲ့ပဲ သွားရတော့မယ်။ မင်းက ကူနိုင်တာကူပေးလိုက်ပေါ့ကွာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ဒါဆို ကျွန်မ မဦးတို့အိမ်သွားတော့မယ်"

"အေးအေး"

ဇနီးသည်ဆင်းသွားတော့ မဦးအတွက် စိတ်မကောင်းဖြစ်မိနေ၏။ ကိုစိုးက သားလေးထိန်းရင်း ကျန်ရစ်ခဲ့တာ။ မကြာဘူး အိမ်ကလူ အိမ်ပေါ် တက်လာတယ်။

"အစ်ကို အနာကမခံနိုင်အောင် နာနေတယ်။ လေးဖက်ထောက်ကြီးနဲ့အော်ငိုနေတာ။ ကလေးက နို့ဆာနေပြီ၊ နို့လည်းတိုက်လို့မရဘူး။ အဲဒါ အစ်ကို့ ရေမန်းလေးဘာလေးတိုက်ရင် မကောင်းဘူးလား"

မယားမျက်နှာကြည့်လို့ ကြက်သေသေသွားတယ်။ ဒီစကားလည်း ခုမှ စကြားဖူးတာ။ ကိုစိုးဆီက ရေမန်းတဲ့။ ဒီကရေမန်းမှမလုပ်တတ်တာဘဲ။ ဒီမိန်းမ ဘယ်ကဘယ်လို စိတ်ပေါ်တယ်မသိဘူး ကြားဖူးနားဝရှိတာနဲ့ ရေမန်းတဲ့။

ဒီက အရက်ပြတ်တာ လပိုင်းရှိသေးတယ်။ ယူထားတဲ့ပညာတောင် ဘာမှန်းမသိသေးဘူး။ ဆေးမင်ကြောင်အရုပ်ကလေးတွေလုတာနဲ့ သင်ထားမိတာ။ ရည်ရွယ်ချက်ကြီးကြီးဘာမှမရှိဘူး။ ခု ဇနီးက တစ်စခန်းထပြီ ရေမန်းတဲ့။ မိမိက သူပြောတဲ့ ရေမန်းကို ဘယ်ကဘယ်လိုစရမလဲတောင် မသိဘူး။ ဒါလောက် အနနေတဲ့သူ။ အဲ - သတိထားမိတာက ဇနီးသည်က ရေမန်းဆိုတဲ့ အသံကြား

www.burmeseclassic.com

လိုက်တာနဲ့ မိမိတစ်ကိုယ်လုံး ကြက်သီး ဖြန်းသွားပြီ ဘာကြောင့်လဲတော့မသိ ဘူး။ မယားက ရှမ်း၊ သူက ဘွင်းဘွင်း ရှင်းရှင်းပြောတဲ့သူ။ သူပြောတဲ့ ရေမန်း ဘယ်လိုလုပ်ရမလဲ မေးလိုက်တယ်။

"မင်းပြောတဲ့ရေမန်း ငါမလုပ် တတ်ဘူးဟ။ မလုပ်ရဲဘူး"

ဆိုတော့ ဇနီးက မြောက်ပင့်ပြန် တယ်။ သူ့လိုဘရအောင်လို့ပဲ။

"အစ်ကိုက ဆေးဆရာပဲ ဘာညာ ကိုကွရွတ်ရင် ရေမန်းပဲ။ အခုလုပ်လိုက်"

"လွယ်လိုက်တာကွာ၊ ငါကဘယ် ကစရွတ်ရမှာလဲကွ၊ မင်းသိလို့လား'"

"အစ်ကိုရယ်၊ သမ္မာဒေဝတို့ ဩကာသတို့ ရွတ်လိုက်ပါ ရပါတယ်"

ဇနီးက မြောက်ပြီး ဒီကမလုပ်ရင် လည်း ပွစိပွစိလုပ်ပြန်မယ်။ ဒါနဲ့ သူ ပြောသလို ရေတစ်ခွက်ကို တတ်ယောင် ကားမန်းလို့ပေးလိုက်ရပြီ။ မယားက ရေခွက်လေးကိုင် မဦးတို့အိမ်သွားလေ ပြီ။

ရေမန်းပေးလိုက်မိတဲ့သူက အိမ် မှာ ဒုံးတုန်နေပြီ။ တစ်ခါမလုပ်ဘူးကဲ့ အလုပ်လုပ်ပေးမိပြီ။ ကိုယ်လုပ်တာ ဟုတ်သလားလည်းမသိ။ တွေးလို့စိတ်ပူ မိလေတယ်။ နာရီဝက်လောက်ကြာ တော့ ဇနီးသည် အသံစွာစွာနဲ့ အိမ်ပေါ် တက်လာတယ်။

"အစ်ကိုရေ၊ သက်သာသွားပြီ။ လေးဖက်ကုန်းက ထိုင်နိုင်သွားပြီ။ အဲဒါ ရေမန်းကြောင့်ပဲ။ ဒီလိုဆိုတော့ ငါ့ ယောကျ်ားက ဘယ်ဆိုးလို့လဲ။ ကုသိုလ် ရတာပေါ့"

မယားကမြောက် ဒီကမမြောက် ရဲ့။ မသိသလို မေးမိပြန်တယ်။

"နင်က မမြောက်နဲ့ဟ၊ ငါတောင် ဘာမှမသိဘူး၊ ဆေးရုံသွားဖို့ပြောသေး လား"

"မသွားတော့ဘူးလို့ပြောတာဘဲ။ စောစောကလို မခံမရပ်နိုင်အောင်မနာ တော့ဘူးပြောတာဘဲ"

"ဒါကတော့ သူတို့သဘောပဲ လေ။ မင်းကကူနိုင်သလောက်ကူလိုက် ပေါ့"

"အဲပါ ကျွန်မ ထမင်းသွားချက် ကူလိုက်မယ်"

"အေးအေး- မင်းသားပါခေါ်သွား ကွာ"

ဇနီးက သူ့သားခေါ်လို့ မဦးတို့ အိမ်သွားကူညီပေးရှာတယ်။ တစ်နာရီ လောက်ကြာတော့ ဇနီးသည် အိမ်ပြန် ရောက်တယ်။

"အစ်ကိုရေ၊ သက်သာပြီ၊ တော် တော်ကောင်းသွားပြီ။ သက်သာတာနဲ့ ပြန်ခဲ့တော့တာ"

"အေးအေး-ဒါဆိုလည်း မြို့မသွား ရတော့ဘူးပေါ့ကွာ"

ဇနီးသည် အိမ်ရောက်လို့မှမကြာ မဦးက ကလေးငယ်ပွေ့လို့ အိမ်ပေါ် တက် လာတယ်။ စကားလည်းမပြော၊ ကလေး ငယ်ဘေးချ ဘုရားရှေ့ထိုင်ကန်တော့ နေတယ်။ ဒီကလင်မယားက ကြောင် တောင်တောင်ကြည့်နေဆဲမှာပဲ မဦးက မျက်နှာဘေးတစ်မျိုးနဲ့ ပြုံးစိစိ လက်အုပ် ကလေးချီ မျက်လုံးလေးမှေးလို့ စကား ပြောတယ်။

"ဘာကြည့်နေတာလဲ ဆရာလေး ရဲ့ အလည်လာတာပါဆို"

မဦးစကားကြောင့် လင်မယား နှစ်ယောက်ပင် ကြောင်သွားသေးတယ်။

မယားက သတိစပေးတယ်။

"အစ်ကို၊ မဦးပုံစံက တစ်မျိုးကြီး နော်။ ပြုံးစိစိနဲ့ မရိုးသားဘူး တစ်ခုခု ဖြစ်နေသလိုပဲ"

မိန်းမသတိပေးတော့ ဟုတ်တုတ် တုတ်။ မဦးပုံစံက အရင်ပုံစံနဲ့တခြားစီ ကနဲ့ကလျ မျက်နှာပေးတွေနဲ့အံ့သြစရာ ဖြစ်နေတာ။

"အေး - ဟုတ်တယ်ဟ၊ မဦးက ဘယ်လိုပုံစံမှန်းမသိ တစ်မျိုးကြီးပဲ"

"ဟုတ်မှာ အစ်ကိုရဲ့၊ ဧကန္တ မဦး စုန်းတွေနတ်တွေပူးနေတာထင်တယ်"

ဒါနဲ့ ဟုတ်သော်ရှိမဟုတ်သော်ရှိ တီးခေါက်လိုက်တယ်။

"မဦး မဦး နင်ဘာဖြစ်နေတာလဲ"

ဆိုတော့ မဦးက ပြန်ပြောတယ်။

"ဆရာလေးကလည်း ကျွန်မက မဦးမှမဟုတ်တာ ဟီဟီ"

ဗုဒ္ဓရေ မဦးမဟုတ်ဘူးတဲ့။ ဒီက ကြက်သီးထလို့ကြောက်လာပြီ။ မယား ကလည်း သူ့ကလေးပွေ့လို့ စိုးရိမ်တဲ့ မျက်နှာသန်းနေပြီ။ ဒါနဲ့ ဆက်မေးလိုက် တယ်။

"မဦးမဟုတ်ရင် ဘယ်သူလဲဟ ပြောစမ်းပါဦး"

"ဆရာလေးကလည်း သိရဲ့သားနဲ့ နာမည်ပြောရင် ကျွန်မအရှက်ကွဲမှာ ပေါ့လို့"

ကိုစိုးပင် မဦးကိုပြုံးကြည့်နေရ တယ်။ ကျွန်မဆိုတဲ့သူ ဘယ်သူမှန်းမသိ ဘူးလေ။ မှန်းရမ်းထပ်မေးလိုက်တယ်။

"အေး-ဟုတ်သားပဲ၊ အခု နင်က ဘာကိစ္စနဲ့လာတာလဲ"

ဒါလည်း မှန်းမေးတာ၊ သူဘာပူး နေသလဲ မသိဘူးလေ။

"ဆရာလေး မခေါ်ခင် ကျွန်မက ကြိုလာတာလေ ဟီဟီ။ အခု မဦးကို ကျွန်မလုပ်လိုက်တာ၊ အခု သက်သာ သွားပါပြီ"

အလိုလေး မဦးကို သူလုပ်တာ တဲ့။ ကျွန်တော့်ကိုလည်း ဆရာလေးတဲ့။ သူ့စကားထဲမှာ ကိုစိုးက သူ့ကိုခေါ်မယ့် ပုံစံပြောသေးတယ်။ ဒီက ဘာမှကိုမသိ ဘူး။

"ကဲ-ဒါဖြင့် မဦးကိုလုပ်ထားတာ ဆိုရင် ပြန်နုတ်ပေးလေ၊ သူ့ခမျာမနက် က အော်ကြီးဟစ်ကျယ် အော်ငိုနေတာ သနားစရာဟ"

"သေအောင် မလုပ်ပါဘူး ဆရာ လေးရဲ့။ သူကိုလုပ်မှ ဆရာလေးနဲ့ကျွန်မ ခဏခဏတွေ့ရမှာ။ ခုဟာက ကြိုတင် မိတ်ဖွဲ့တာပါ"

ကြက်သီးတဖြန်းဖြန်းထမိတယ်။ မိတ်ဖွဲ့ချင်လို့တဲ့။

"အေးပါ၊ ငါလည်း ဘာမှမတတ် သေးပါဘူး။ နင်က မိတ်ဆွေဖွဲ့တော့ လည်း ငါကလက်ခံပါတယ်"

"ဟုတ်ပြီ၊ ဒါဆို နောက်တစ်ခါ ကျွန်မနဲ့တွေ့ရင် ရိုက်တာနှက်တာမလုပ် ရဘူးနော်။ ဆရာလေးနဲ့ ကျွန်မ ခဏ ခဏတွေ့နေရဦးမှာ ဒါပဲ။ ကဲ-ကျွန်မကို ရေအေးအေးလေး တိုက်စမ်းပါ ကျွန်မ ပြန်မယ်"

"အေးအေး-ရော့သောက်"

ရေသောက်အပြီး မဦးကကြောင် ကြောင်ကြည့်ရင်း မေးပြန်တယ်။

"ဟင် - ကျွန်မ ဘာဖြစ်တာလဲ။ ဟော့တော့ ကျွန်မ ဒီအိမ်ကို ဘယ်လို ရောက်"

မဦးက အံ့သြတကြီးပြောမှ ကိုစိုး တို့လင်မယားလည်း မှန်းရမ်းပြောရ တယ်။ မယားက စပြောတာပေါ့။

"မဦး စောစောက နင်ဘာဖြစ် တာလဲ"

"ဟောတော့ - သိပါဘူးဆို၊ ခုမေး နေတာပဲ"

"နင်က စုန်းပူးသလိုလိုဖြစ်နေ တာဟဲ့။ ငါတောင်ကြောက်တယ်"

"ဟုတ်ကဲ့လား မရှမ်းမရဲ့၊ ကျွန်မ ဘာမှမသိလိုက်ဘူး။ လူက မူးနောက် နောက်ဖြစ်သွားတာပဲသိလိုက်တယ်"

"နင့်ကိုဝင်ပူးတဲ့သူကလည်းလုပ်တာ တဲ့။ မှန်မှန်ပြောစမ်း၊ နင် မနက်

www.burmeseclassic.com

www.burmeseclassic.com

စောစောတယ်သွားသေးလဲ"

"ငါ ရွာထဲ စက်ဘီးနဲ့သွားသေးတယ်။ ရွာလယ်မှာ ငါသူငယ်ချင်းအိမ်ရှေ့အရောက် စက်ဘီးပစ်လဲတယ်။ အဲဒါဖြစ်ပြီး ငါ မနည်းအိမ်ပြန်ခဲ့ရတာ"

"အေး ဒါဆို နင့်ကိုလုပ်တာ နင့်သူငယ်ချင်းများလား"

"ဒီကောင်မက ငါနဲ့ရန်သူမှမဟုတ်တာ"

"သိဘူးလေ၊ နင့်ကအဲဒီအိမ်ရှေ့ဖြစ်မှာဆိုတော့ မှန်းပြောကြည့်တာပေါ့"

မယားရဲ့ခန်းမှန်းခြေက နီးစပ်သော်လည်း တထစ်ချမပြောနိုင်ပေ။ ကျွန်တော် ဆက်မေးကြည့်တယ်။

"မဉီး နင့်သူငယ်ချင်းက ရိုးရဲ့လားဟာ"

"ရိုးပါတယ်တော့၊ ကျုပ်နဲ့ကျောင်းနေဖက်ပါ"

"နင်က ရိုးဇာယ်ပြောတာ ဟိုကသူလုပ်တာတဲ့။ သူ အခုလိုလုပ်မှ ငါနဲ့တွေ့ရမှာတဲ့။ သေချာပြောသွားတာဟာ"

အဲဒီအခါမှ မဉီး မျက်လုံးလေးကလယ်ကလယ်နဲ့ပြောရှာတယ်။

"အဲတော့ ခုမှသတိရတယ်။ ကျုပ် စက်ဘီးလဲတာ ပစ်ပစ်ခါခါမလဲဘူးတော့ အသာလေးလဲတာ။ လဲလို့ထလိုက်တော့ ကျွန်မခွကြားတအားနာနေတာသိလိုက်တယ်။ အဲဒီနေရာ စက်ဘီးနဲ့ မဆောင့်မိဘူးတော့"

"ကဲ - နင်အခုသက်သာသွားပြီမို့လား ပြန်တော့။ငါအလုပ်ဆင်းရဦးမယ်"

မဉီးအိမ်ပြန်သွားတော့ ဇနီးသည်ရဲ့စိတ် ဘယ်လိုရှိမယ်မသိ ကိုစိုးက အတွေးပရပွနဲ့ အဖြေလည်းမသိ၊ မသိပြုံးနဲ့ကျေနပ်မိနေတယ်။ နောက်ရက်တွေ နှစ်ခါလောက် မဉီးကို ရေမန်းလုပ်ပေးရတယ်။ ဒါကလည်း ကလေး ညည မအိပ်ဘဲ အော်ငိုနေလို့။ မအေရောဂါမပြတ်ရင် နို့စို့အရွယ်ရှိရင် အဲဒီကလေးမအေဆီက ဓာတ်ကူးလို့ ထိခိုက်တယ်။ တချို့သားသည်မအေတွေ မအေတစ်လှည့် ကလေးတစ်လှည့် စုန်းပူး၊ နတ်ပူး၊ ပယောဂတွေခံနေရတာတွေတစ်ပုံကြီး။ ကုတဲ့ဆရာက သေချာမကုတတ်တော့ စက်ကူးတယ်ခေါ်တာပေါ့။

အခု မဉီးကို ဆေးကုတာဆိုပေမယ့် ဇနီးသည်မြောက်ပေးလို့ ရေမန်းဆိုတာလေးပဲ ပေးမိတယ်။ ပညာသည် ကဝင်စီးတယ်။ ဒါပထမဆုံးကြုံတွေ့ခြင်းပဲ။ ဘာဆိုဘာမှမသိသေးဘဲ ပညာသည်က ဆရာလေးတဲ့။

ကိုစိုးနေတဲ့ရွာက အိမ်ခြေ(၉၀) ကျော်ရှိတယ်။ ပယောဂဆရာသက်ကြီးသက်လတ် (၁၀) ယောက်လောက်ရှိတယ်။ ဒီအထဲမှာ ကိုစိုးက အသက်အငယ်ဆုံးနဲ့ ပညာနုဆုံးပါပဲ။ မဉီးကတစ်ဆင့် ဟိုကဒီကခေါ်လာတယ်။ ဆေးကုခိုင်းတယ်။ ရေမန်းလေးပေးရင်းက တစ်ရွာလုံးက ဆရာလေးခေါ်လာကြတယ်။

အမှန်က ရွာကလူတွေက အထင်ကြီးနေတာ။ ဒီက ဆေးဘယ်လိုကုရသလဲဆိုတာ မသိဘူး။ စစ်ဆေးတာလည်းမသိဘူး။ ရောဂါပျောက်သလားမပျောက်ဘူးလား ဒါလည်း တိတိကျကျမသိဘူး၊ ရမ်းကုသက်သက်ပါပဲ။

ဒီစကားက ပညာနုစဉ်မှာ တတ်ယောင်ကားကုခဲ့ဖူးလို့ ဝန်ခံတာပါ။ ဒီလို အမျှားက ဆရာလေးခေါ်လာတော့ မိမိရဲ့သီလမည်းအောင်ထားရပြီ၊ ညစ်ညမ်းတဲ့အသားတွေမစားတော့ဘူး။ ပုတီးစိပ်တာတောင် ကြောက်ကြောက်နဲ့စိပ်ရတာ။ အဲ-ထူးခြားတာက မိမိရဲ့ရေမန်းလေးက သက်သာသွားလေတော့ အာစက်လျှာစက်မိတယ်ထင်ပါရဲ့၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအားကောင်းလာတဲ့အချိန်ဖြစ်လာပြီပေါ့။ ဒီအချိန်မှာ ကြမ္မာဆိုးစဝင်လာပြီ။

၁၉၉၀ ပြည့်၊ တပေါင်းလဆန်း နေ့ပူညချမ်း ရာသီဝင်ပေါ့။ ရွှေဘိုမြို့နယ်ထဲက မြင်းကသာဘူတာ ဂျမဒါအလံပြဘဝနဲ့ တာဝန်ကျချိန်။

ဒီဘူတာမှာ ရုံပိုင်ကြီးက ဦးတင်မောင်အေး (ယခုအငြိမ်းစား) ခေတ္တတာဝန်ကျချိန် ရုံပိုင်လေးက ကိုခင်မောင်သန်း၊ ဂျမဒါ ကိုအေးသောင်း. (ယခုပင်စင်စား)နဲ့ ကျွန်တော်တို့ပါပဲ။ ဝန်ထမ်းလေးယောက်ထဲပေါ့။

မူလရုံပိုင်ကြီးက ကျန်းမာရေးမကောင်းလို့ ခင်ဦးက လမ်းလျှောက်ရုံပိုင်ဦးတင်မောင်အေးက ခဏလာဆင်းတာပေါ့။ ဒီနေ့ည ဂျူတီရုံပိုင် ဦးတင်မောင်အေးနဲ့ ကိုစိုးပေါ့။ ညဦးပိုင်း (၈) နာရီကျော်တော့ မန္တလေး-မြစ်ကြီးနား (၄၁) အဆန်အမြန်ရထား ရွှေဘိုက ထွက်လာပြီ။ တာဝန်ခံက လမ်းရှင်းလက်မှတ် ကြိမ်ကွင်းစွပ်လို့ ကိုစိုးကိုပေး၊ ရထားသွင်းသို့ပို့ဆောင်ခဲ့တယ်။

ဒီဘူတာက နဘား၊ မန္တလေး၊ ကောလင်း၊ ရွာထောင် လော်ကယ်ရထားနှစ်စီးကလွဲလို့ ကျန်တဲ့လူစီးရထားတွေမရပ်ဘူး။ အခု အမြန်ရထားလည်း သရူးလွှတ်မယ့်ရထားပေါ့။

လမ်းရှင်းကြိမ်ကွင်းလေးကိုင် သံလမ်းနဲ့ တူရွှေမျှော်ကြည့်တော့ ရထားမီးဝါကြင်ကြင်ရွှေဘိုထန်းတောကွေ့လွန်ရင့် ရထားမီးကမြင်နေကျ။ အဲဒီထန်းတောကွေ့က မြင်းကသာ ခင်ဦးအထိ ရထားလမ်းက တစ်ဖြောင့်တည်းပဲ။ တွေ့တဲ့နေရာမရှိဘူး။ (၁၄)မိုင်လောက် အဖြောင့်ပေါ့။

တပေါင်းလဆန်းမို့ နေ့ခင်းကျစ်ကျစ်ပူနေပြီ။ ညဦးကျ ချမ်းပြန်တယ်။ လရောင်ကမရှိ၊ မှောင်မည်းနေတယ်။ မိမိရှေ့ဓာတ်မီးကလေးထိုးရင်း ရထားအမှီ ပို့ဝိုင့်ကိုအရောက်သွားရမှာမို့ အနွေးထည်အိပ်ကပ်ထဲက နီစိမ်းပလတ်စတစ်ဖိုက်ဘာအပြားလေးနှိုက်ရင်း ဓာတ်မီးကအောက်ကိုမထိုးဘဲ အိတ်ကပ်ထိုးလမ်းလျှောက်နေတုန်းမှာ စူးစူးနစ်နစ်ခံစားလိုက်ရလို့အားခနဲအော်လိုက်မိတယ်။

ပလက်ဖောင်းထိပ် စာတိုင်အနီးပဲရောက်သေးတယ်။ ဘယ်ဘက်ခြေဖမိုးစူးစူးရှရှအထိုးခံလိုက်ရပြီး မျက်လုံးတွေရုတ်ခြည်းပြာဝေနေပြီ။ မျက်စိစုံမှိတ်လို့ဖွင့်ပြန်တော့ မီးတောက်ဝါဝါတွေတဝင်းဝင်းပြေးထွက်နေတယ်။

ခန္ဓာကိုယ်မှာကြက်သီးတွေထလို့ ဒယီးဒယိုင်ဖြစ်ပြီး မူးနောက်နောက်ဖြစ်သွားတယ်။ သတိထားမိနေတာက ခြေချင်းဝတ်မှာ အကောင်တစ်ကောင်ရစ်ပတ်ထားသလိုလိုမို့ ခြေထောက်ခါချတော့ ချက်ချင်းမပြုတ်ဘူး၊ ဓာတ်မီးနဲ့ထိုးကြည့်ချိန်မရှိဘူး။ ရထားမီးက နီးနီးလေးရောက်နေပြီ၊ ရထားမီးရောင်က ခါတိုင်းလိုမဟုတ်။ မိမိမျက်စိကဝါးနေတာ။ လမ်းရှင်းကွင်းကို မှန်းရမ်းပေးလိုက်ရတာ တော်သေးတယ်။ စက်ဝိုလ်တော်လို့နို့မို့ဆိုမလွယ်။ ရထားသာ ဒီဘူတာရပ်လို့ကတော့ သိတယ်မဟုတ်လား။ နှစ်တိုးအဖြတ်ခံရမှာ။ အရင်နှစ်က ကြွေးကျန်တောင်မကျေသေးဘူး။ အမြန်တွေ၊ စာပို့တွေ အပြင်အလံတိုင်ရပ်တာနဲ့ နှစ်တိုး (၃) ကျပ် (၆) လ (၃) လမဖြတ်ခံရတာပဲ။ ခုလည်း ဒီရထားလူကြီးပါရင် နှစ်တိုးအဖြတ်ခံရဦးမှာပဲ။ ရထားဦးဆောင်သွင်းရမှာက ပိုင့်ကလေ။ ခုရထားသွင်းတာ ပို့ဝိုင့်မှမရောက်။ ပလတ်ဖောင်းထိပ်ကပေးရတာ ဥပဒေဖောက်တာပေါ့။ စက်ဝိုလ်သဘောကောင်းလို့ ဒီလမ်းပိုင်းမှာ ဒီဘူတာက ဆင်းရဲတယ်။ ဒါကို စက်ဝိုလ်အတော်များများကသိတယ်။ တစ်ခါတလေ ချို့ယွင်းချက်ရှိတာ သူတို့က

www.burmeseclassic.com

www.burmeseclassic.com

အလိုက်သိသိကူညီတဲ့သဘောပါပဲ။ ဒီဘူတာက ဘာပစ္စည်းမှအတင်အချမရှိပါဘူး။ ရထားဆုံဖို့အတွက်လောက်ပဲဖွင့်ထားတာပါ။ ဒီဘူတာမှာ ဂျမဒါဘဝန့်ငါးနှစ်နီးပါး ကိုစိုးနေခဲ့ရပါတယ်။ ဆင်းရဲတဲ့အကြောင်းပြောရရင် ပြီးမှာတောင်မဟုတ်တော့ပါဘူး။ ကန်စွန်းရွက်ကို ရေနဲ့ကြော်စားခဲ့ရတဲ့အထိ ဆန်ကွဲထမင်း (၄) လကျော်စားခဲ့ရတယ်။ ဒါက ကိုစိုးတို့လင်မယား ဖြတ်သန်းခဲ့ရတဲ့ဘဝပါ။ ဒီထက်ဆက်ပြောရင်လည်း ကောင်းခန်းမရှိပါခင်ဗျား။

ရထားကငြာသံပေးလို့ ဘူတာကတောက်လျှောက်ဖြတ်သွားပြီး မူးနောက်နောက်ဖြစ်နေတဲ့ ကိုစိုးက ဘူတာတန်းမပြန်သေးဘူး။ အကိုက်ခံရတဲ့နေရာထက်ရှေ့ဝါးသုံးလေးပြန်လောက်ရောက်နေတော့ ပြန်လှည့်ရှာရတယ်။ ကိုက်တဲ့အကောင်မသိသေးဘူး။ ခြေတံကောက်ကွေးမှာ ရစ်ပတ်နေတာ။ သုံးကြိမ်လောက်ခါချမှပြုတ်ထွက်တာ။ ဒီလိုခါနေတာနဲ့ ရထားကိုမီးစိမ်းပြနေတာနဲ့ တစ်ပြိုင်နက်မို့ ဘာကောင်ကိုက်မှန်းမသိတာ။ ဓာတ်မီးနဲ့ရှာရင်း တွေ့ပြီ။ လမ်းနံဘေးနှစ်တောင်လောက်မှာ ခေါင်းကထောင်နေတဲ့ လက်သန်းအရွယ် မြွေပွေးလေးပါပဲ။

မြွေပွေးကိုက်ပြီဆိုတော့ ကြိုးစည်းဖို့ အရင်ဆုံးလုပ်ရမယ်။ စိတ်ရောက်နေတာက ခြေဖမိုးဟာ ပူလို့ သွေးကြောလေးတွေ၊ ဆီအပူလောင်သလိုဖြစ်လာပြီး ဦးဆုံးလုပ်လိုက်တာက ခြေမျက်စိရဲ့အထက် နှစ်လက်မလောက်အကွာ မိမိတံတွေးနဲ့စတိကြိုးအဖြစ်ရစ်လိုက်တယ်။ အဆိပ်ဒီထက်မတတ်ပါစေနဲ့လို့ ပြောလိုက်အပြီး ဘူတာပြန်လာခဲ့တယ်။

ဒီမြွေဝေးဝေးမပြေးနိုင်ဘူးဆိုတာ အလိုလိုသိတယ်၊ အထူးသဖြင့် လူကိုကိုက်ပြီးတဲ့မြွေပွေးဟာ ကိုက်တဲ့နေရာနဲ့ရှစ်တောင်၊ ဆယ်တောင်လောက်ထက်ပိုမပြေးနိုင်ပါဘူး။ ဒီမြွေဟာ လူဆိပ်မိသွားလို့ဖြစ်ပါတယ်။

အကယ်လို့ ကိုက်တဲ့မြွေ ရှာမရဘူးဆိုရင် တိုက်မြွေ၊ နတ်မြွေထဲကလို့ မှတ်ယူနိုင်တယ်။ ယခု လူကိုက်ထားတဲ့မြွေပွေးဟာ လမ်းနံဘေးနှစ်ထောင်လောက်အကွာမှာပဲရှိပါတယ်။ ဘူတာထဲဝင်တော့ ရုံပိုင်ကြီးကိုအသိပေးလိုက်တယ်။

"ပိုင်ကြီး၊ ကျွန်တော် မြွေကိုက်ခံရတယ်"

ဆိုတော့ ရုံပိုင်ကြီးခမျာ ပျာပျာသလဲဖြစ်သွားတယ်။

"ဟေ - မြွေကိုက်တာ ဘာမြွေလဲ ပြစမ်း ပြစမ်း"

သူက ခြေထောက် ဓာတ်မီးနဲ့ထိုးကြည့်တော့ ခြေဖမိုးခုံ ခြေသူကြွယ်အထက်နားမှာ သွေးစို့နေတဲ့နှိနှိအပေါက်လေးတစ်ပေါက်ထဲ သေသေချာချာ ဓာတ်မီးနဲ့ထိုးတော့ မိမိတောင်အံ့သြနေတယ်။ အစွယ်ရာနှစ်ပေါက်ဖြစ်ရမှာ အစွယ်တစ်ပေါက်က အသားထဲဝင်တယ်။ ကျန်အစွယ်တစ်ပေါက် သားရေဖိနပ်သဲကြိုးအပြားထိတာ သဲကြိုးက မြွေစွယ်ငွေ့လို့ ချက်ချင်းမပြုတ်ဘဲ တံကောက်ကွေးပတ်နေတာ ခုမှရှင်းရှင်းသိတော့တယ်။ သဲကြိုးအနားက မြွေစွယ်ကြောင့် အမွေးတွေထလို့ဖွာနေတယ်လေ။

ရုံပိုင်ကြီးခမျာ စိုးရိမ်တကြီးနဲ့ ဒူးအောက်ခြေသလုံးမှာကြိုးစည်းပေးတယ်။ ငွေအိတ်ပိတ်တဲ့ ဂုန်နီကြိုးနဲ့စည်းပေးရှာတယ်။ ဘယ်လိုကိုက်တာလဲမေးတယ်။

"ဘယ်လိုကိုက်တာလဲ ပြောစမ်း"

"ရထားမီးစိမ်းပြမလို့ အိတ်ထဲက နိစိမ်းအပြားနှိုက်လိုက်တာနဲ့ကိုက်တာ"

"မင်းက အောက်ကိုသေချာမထိုးဘူးလား"

"ထိုးတယ် ပိုင်ကြီး၊ ဒီနေရာမှ မထိုးမိလို့က်တာ"

"နေ့ခင်းဒါလောက်ပူနေတာသိရက်နဲ့ကွာ မင်းအတော်ပေါ့တဲ့ကောင်။ အခုအနာဘယ်နှယ်နေသေးလဲ"

မိမိ ခြေဖမိုးကြည့်တော့ ဖားပြုပ်လို မို့ရောင်နေပြီ။ ကျဉ်ပူနေတဲ့ဝေဒနာခံစားနေရတယ်။ ခြေမျက်စိအောက် ခြေထောက်တစ်ခုလုံးထုံနေပြီ။ လတ်နဲ့ဆိတ်ကြည့်တော့မနာတော့ဘူး။ အသားတွေထုံသွားပြီ။

"ခြေဖမိုးတွေမနာတော့ဘူး၊ ထုံနေပြီ ပိုင်ကြီး"

"ဟုတ်တယ်၊ သေချာတယ်။ ဒါမွေ့ကိုက်ခံရတာပဲ။ လာကွာ မွေ့လိုက်ကြည့်မယ်"

နှစ်ယောက်သား မြွေကိုက်တဲ့နေရာသွားကြတယ်။ သိပ်မဝေးပလတ်ဖောင်းထပ်နားဆိုရောက်ပြီ။ မြွေရှိတဲ့နေရာမှတ်ထားပြီမို့ မခက်ပေ။ နေရာနီးတော့ နှစ်ယောက်သား တုံ့ဆိုင်းလို့ဖြည်းဖြည်းရှာတယ်။ တွေ့ပြီ၊အခွေသစ်နဲ့သူမဟုတ်သလို မူလနေရာနဲ့နှစ်တောင်လောက်အကွာ ခွေခွေကလေးမေးတင်ထားပြီး ရုံပိုင်က သေချာကြည့်ပြီး -

"ဟုတ်တယ်ကွာ၊ အဲဒါမြွေပွေးပဲ။ လာလာ - ရထားက ခင်ဦးရောက်တော့မယ်။ ခင်ဦးရောက်ရင် အကူအညီတောင်းကြည့်မယ်"

ရုံပိုင်ကြီးက ခပ်သုတ်သုတ်၊ ကိုစိုးကခြေတွဲလဲနှင့်။ ဘယ်ခြေထောက်ကလေးလာပြီ၊ သိပ်မကြွနိုင်ဘူး။ ခြေမျက်စိအောက်ပိုင်းတစ်ခုကလွဲလို့ ကျန်ခန္ဓာကိုယ်တစ်ခုလုံးက အကောင်း။ ဘာဆိုဘာမှမဖြစ်ပေ။ ဒီအချိန်ထိ လိုင်းခန်းမှာနေတဲ့ဇနီးသည်ကို အသိမပေးသေးဘူး။ ဇနီးသည်ဟာ ဒီတုန်းက အခါလည်သားလေးတစ်ယောက်ရပြီးအချိန်ဖြစ်ပါတယ်။

အမြန်ရထား ခင်ဦးရောက်ပြီထင်ပါရဲ့။ မိမိက အိမ်ခန်းပြန်လို့ ရှေးဦးသူနာပြုနည်းနဲ့ကုဖို့ စတင်လိုက်တယ်။ ဇနီးနဲ့ ကလေးက ခြင်ထောင်ထဲမှာ။ စိတ်ပူမှာစိုးလို့မပြောဖြစ်သေး။ သားကြီးခေါင်းတုံးတုံးတဲ့ ဘရိတ်ဓားတစ်ချောင်းကို ဖယောင်းတိုင်နဲ့ မီးကင်လိုက်တယ်။

ဘရိတ်ဓားအအေးခံပြီး ခြေဖမိုးခုံမွှေကိုက်တဲ့နေရာတည့်တည့် စပါးလုံးတစ်ထောက်လောက် ဖိနှိပ်ချလိုက်တယ်။ညှိမည်းမည်းသွေးတွေဆက်တိုက်ညစ်ထုတ်အပြီး ဘုရားကျောင်းဆောင်ဘက် ဦးတိုက်လိုက်တယ်။ ဘုရားမီးလှူ။ ငါးပါးသီလခံ၊ ကွမ်းရွက်တစ်ရွက်နဲ့ ရေတစ်ခွက် ဘုရားမှာသစ္စာပြုလိုက်တယ်။

"ဘုရားတပည့်တော် ဒီပညာယူသည့်အချိန်မှ ယခုအချိန်ထိ သူများသားမယားအပေါ် မပြစ်မှားမိခဲ့ပါဘုရား။ အရက်သေစာတို့မသောက်ခဲ့ပါဘုရား။ ဒီသစ္စာမှန်ကန်ခဲ့ပါက တပည့်တော်ထံ၌ရှိသောမြွေဆိပ်တို့သည် မူလပိုင်ရှင် မြွေထံသို့ အလုံးစုံပြန်လည်ရောက်ရှိပါစေသား။ တပည့်တော်ထံမှ လူဆိပ်တို့သည် ဤမြွေထံသို့မထိခိုက်ပါစေသား"

ကွမ်းတစ်ရွက်ဝါးစား၊ ရေစင်နဲ့အနာသုတ်၊ သောက်လိုက်တယ်။ အတော်တော်လန်းသွားပြီ။ အနာရှိတဲ့ခြေထောက်တစ်ခုလုံးက အပူလည်သလိုထွက်နေတယ်။ ပုံစံက အခိုးထွက်သလိုပဲ။

ဒီအချိန် ရုံပိုင်ကြီး ကျွန်တော့်အိမ်ရောက်လာတယ်။ ရထား ခင်ဦး ရောက်ပြီပေါ့။

"မောင်စိုးမင်း၊ ရထား ခင်ဦးရောက်ပြီ။ အဲဒီရထား စက်ခေါင်းဖြတ်ပြီး မင်းကိုလာခေါ်မယ်။ ခင်ဦးဆေးရုံတက်ရမယ် အဆင်သင့်ပြင်ထား"

ရုံပိုင်ကြီးရဲ့စေတနာအားပေါ် မိမိကန်ဖိုးထားပါတယ်။ မိမိမှာ သစ္စာတစ်ခုအကြောင်းနဲ့ မိမိရဲ့အသက်အား အလဲ

www.burmeseclassic.com

www.burmeseclassic.com

အလှယ်လုပ်ထားပြီးဖြစ်ပါတယ်။

မြွေကိုက်ခံရရင် သေဖို့များတယ်။ မိမိသိပါ့မလားတယ်။ မိမိရဲ့အသက်အလဲ အလှယ်လုပ်တာက အကြောင်းရှိတယ်။ သင်ထားတဲ့ လော်ကီပညာက အဆိပ်နှိုင်တယ်လို့ပြောထားတယ်။ အဆိပ်ပြီးတာမဟုတ်ဘူးနော်။ အဆိပ်ကိုနှိုင်တာပြောတာ။ ပြီးတာနဲ့ နှိုင်တာ အဓိပ္ပာယ်မတူဘူး။ ပြီးတယ်ဆိုတာက ဘာဆိုဘာမှမဖြစ်မှ ပြီးတာ။ အခုမြွေကိုက်ခံရတာက လူအရိုက်ခံရတာထက်နာတယ်။ ရှင်းအောင်ပြောရတာ။

ဒီတော့ သင်ထားတဲ့ ဆေးပညာဘယ်လောက်ကောင်းသလဲ မိမိရဲ့သီလ၊ သစ္စာဘယ်လောက်လုံခြုံသလဲ၊ ရပ်ထဲရွာထဲက ခေါ်နေကြတဲ့ ဆရာလေးဆိုတဲ့နာမည်ဂုဏ်လေးနဲ့လိုက်လျောညီထွေမှုရှိရဲ့လားဆိုတာနဲ့ အလဲအလှယ်လုပ်လိုက်ပြီ။ ကိုစိုးကို ဘယ်သူမှတရားလာချလို့မရတော့ဘူး။ ဘယ်သူ့ဆေးအကုမှမခံတော့ဘဲ ဒုသေခံဖို့ဆုံးဖြတ်ပြီးသာဖြစ်နေပါပြီ။

"ကျွန်တော်တော့ မလိုက်ဘူးပိုင်ကြီး။ စက်ခေါင်းဖြတ်လို့မလာခိုင်းပါနဲ့တော့"

"ဟကောင်ရ၊ ဟိုမှာစီစဉ်နေပြီကွ။ ဆေးရုံမသွားလို့မရဘူး"

"ကျွန်တော် တကယ်ပြောတာပါ။ လာမခေါ်ဖို့ပြန်ပြောပေးပါ ပိုင်ကြီး"

"ဟေ့ကောင်-ဒါဆို မင်းကိုယ်တိုင်ပြော၊ ဘူတာထဲလိုက်ခဲ့ကွာ"

ဒါနဲ့ ဆရာတပည့် ဘူတာထဲရောက်တော့ တယ်လီဖုန်းက အော်နေပြီ။ (၄၁) အဆန်စက်ပိုလ်ကြီးကလည်း စက်ခေါင်းဖြတ်လို့ ကိုစိုးကိုလာခေါ်ပေးမယ်။ တာဝန်ခံရုံပိုင်ကြီးကလည်း ကူညီမယ်လို့ ပြောရှာတယ်။ ဒါကို ကိုစိုးက အပြီးတိုင်ငြင်းဆန်လိုက်တယ်။

"မလာခေါ်ကြပါနဲ့တော့ ဆရာသမားတို့ရယ်။ ကျွန်တော်သက်သာနေပါပြီ"

ဆိုတော့ စက်ပိုလ်ကြီးရဲ့အသံ ရုံပိုင်ကြီးရဲ့အသံတွေနဲ့ ဖုန်းထဲမှာဆဲနေကြပြီ။ သူတို့ခမျာ ကျွန်တော့်အတွက် စိတ်တိုနေကြပြီ။ စက်ပိုလ်ကြီးက ကျွန်တော် ဘူတာဖြတ်တုန်းက ဒယီးဒယိုင်လမ်းရှင်းပေးလိုက်တာကို သူမြင်တယ်။ သူက အစိုးရိမ်ဆုံးပဲ။ နောက်ဆုံးတော့ သူတို့တစ်ဖွဲ့လုံးဆဲဆိုပြီး ရထားဆက်ထွက်သွားတယ်။ ဒီတုန်းက စက်ပိုလ်ကြီးနဲ့ ရုံပိုင်တွေကို ခုထိ ကျေးဇူးတင်တုန်းပါပဲ။ စက်ခေါင်းဖြတ်လွှတ်ဖို့ကိစ္စနဲ့ ဒီရထားတောင် အချိန်အနည်းငယ်ထိုသွားသေးတယ်။ ရထားက ခင်ဦးဘူတာထွက်သွားပြီ။ ကိုစိုး အိမ်ပြန်လာခဲ့တယ်။

အိမ်ရောက်တော့ ဘုရားမီးပူဇော်လို့ ဒုတိယအကြိမ် သစ္စာထပ်ပြုသေးတယ်။ အံ့သြစရာက ခြေထောက်က မထုံမကျဉ်တော့ဘူး။ အရောင်လည်းလျော့သွားပြီ။ ဆိတ်ကြည့်ရင် ညာဘက်လိုနာတယ်။ ပုံမှန်နာခြင်းမျိုးပါပဲ။ ခန္ဓာကိုယ်ဖျားခြင်သလိုလို ချွေးသီးချွေးပေါက်အစက်ဖြစ်သေးတယ်။ ခုခန္ဓာကိုယ်က အေးသွားပြီ စိတ်ထဲကအကြိမ်ကြိမ်တွေးလို့စစ်နေတယ်။ ကိုယ်ခန္ဓာမှာ ဘယ်နေရာတွေနာသလဲ။ တစ်နေရာမှမနာတော့ဘူး။ ဘရိတ်ခားခွဲတဲ့နေရာကလွဲလို့ အကောင်းအတိုင်းဖြစ်နေပြီ။

ဒီတစ်ခါတော့ ဇနီးသည်က ခြင်ထောင်ထဲကထွက်လို့ အကျိုးအကြောင်းမေးတယ်။ မြွေကိုက်တဲ့အကြောင်းပြောတော့ ဇနီးက မဟုတ်ဘူးတဲ့။ သူမျက်နှာစိုးရိမ်စိတ်တစိတ်တောင်မပြ။ မစိုးရိမ်ဆို အတူနေလင်မယားမို့ မယုံတာလည်းပါမှာပေါ့။ ဒါက သူ့အပိုင်းပဲလေ။ ဒီကလုပ်စရာရှိတာလုပ်ပြီးပြီ။

လက်က နာရီကြည့်တော့ ည (၉) နာရီထိုးသွားပြီ။ ရုံပိုင်ကြီး အိမ်ပေါ်ရောက်လာပြန်တယ်။

"မောင်စိုးမင်း ရွှေဘိုက ကားထွက်လာပြီ။ မင်းကိုလာခေါ်လိမ့်မယ်။ ဆေးရုံတက်ဖို့ အဆင်သင့်ပြင်ထား"

"ဟောဗျာ - ရွှေဘိုက ဘယ်လိုသိတာလဲ ဆရာသမားရဲ့"

"ဟ-ငါပြောတာပေါ့ကွ။ မင်းအသေမခံနိုင်လို့ မင်းသူငယ်ချင်းတွေအကုန်ပါတယ်"

"ရုံပိုင်ကြီး ဦးဆောင်းတင်ကို ငါအကူအညီတောင်းလိုက်တာ"

"ခက်လိုက်တာဆရာသမားရယ်၊ ဒီက ကောင်းနေပြီပဲဟာ"

"ကဲ - အပိုတွေပြောမနေနဲ့ကွာ၊ မင်းအစား အေးသောင်းအလုပ်ဆင်းလိမ့်မယ်"

တာဝန်ခံ အော်ကဆင်းသွားတော့ သေတ္တာထဲက ငွေလေး မိန်းမ အစစ်ခံခိုင်းလိုက်တယ်။ ရှိစုမဲ့စု (၁၅၅) ကျပ်။ ဒီအချိန် ရွာထဲက မိတ်ဆွေတွေဖြစ်တဲ့ ကိုမှတ်တင်နဲ့ ကိုညိုဝင်းရောက်လာတယ်။

"ကိုစိုးမင်း မြွေကိုက်တာဆို"

"ဟုတ်တယ်"

"ဘာမြွေကိုက်တာလဲ၊ မြွေပွေးလား"

"ဟုတ်တယ် ပြောတာပဲ"

"ဟောဗျာ - မြွေကိုက်တာ ပေါ့လို့မရဘူးလေ။ ခင်ဗျားပုံက ဘာမှမဖြစ်သလိုကြီးနဲ့"

"အဲဒီကိုက်တဲ့မြွေရလား"

"ကိုအေးသောင်းက ပြခိုင်းလို့ပြပေးတာ။ သူက ရိုက်သတ်လိုက်ပြီ။ မြွေသေက ဘူတာထဲမှာ"

ဒါနဲ့ သုံးဦးသား ဘူတာထဲဝင် မြွေအသေကောင်ကြည့်ကြတယ်။

ကိုမှတ်တင်က -

"ဟုတ်တယ်၊ ဒါမြွေပွေးအစစ်ပဲ။ မြွေကိုက်တော့ ဒီလိုနေလို့ဘယ်ရမလဲ။ ဆေးရုံသွားရမှာပေါ့ဗျာ။ ကျွန်တော်တို့လိုက်ပို့မယ်"

"နေပါစေဗျာ၊ ကျွန်တော့်ဟာ ကျွန်တော်ကုပြီးလို့ပျောက်ပါပြီ"

ထိုစဉ် ဘူတာအရှေ့ မဟာနန္ဒာကန်ပေါင်ရိုးပေါ်မှာ မီးရောင်တဖွေးဖွေးနဲ့ ကားလေးတစ်စီး တရိပ်ရိပ်ပြေးနေတော့ မိမိကစပြောလိုက်တယ်။

"ကိုမှတ်တင်၊ ကိုညိုဝင်း အဲဒီကန်ပေါင်ရိုးပေါ်က ကားလေးဟာ ဇကန္ဓကျွန်တော့်လာခေါ်တာထင်တယ်။ ရွှေဘိုက ကားလွှတ်လိုက်တယ်ပြောတယ်ဗျ"

မကြာလိုက်ပါ။ ဒီကားလေးဟာ ဘူတာနောက်ကျောကပ်ဆိုက်လိုက်ပြီး ဟိုင်းလတ်အသံစက်ကလေး။ ကားပိုင်ရှင်က ရွှေဘိုဘူတာ ရှာလယ်လယ်ကွမ်းယာဆိုင်က ကားချောဆွဲခဲ့တာ။ ကားပေါ်က ဆင်းလာတာ ကျွန်တော့်သူငယ်ချင်းတွေ။

ကိုခင်မောင်စိန်၊ ကိုနေဝင်း၊ ကိုသိမ်းလှ၊ ကိုချိုထူး အကုန်လုံးဘဝတူ ဂျမဒါတွေ။ ကားပေါ်ကဆင်းတာနဲ့ ဆူတို့အဖွဲ့က အော်ကြပြီ။

"ဘယ်မလဲ ဟိုကောင်၊ မြွေကိုက်တာ အပေါက်ကလေးနဲ့က သေမှာကွ။ အခုကားပေါ်တက်။ ဟေ့-ရှမ်းမ၊ နင့်ယောကျ်ားကို ရွှေဘိုဆေးရုံပို့ဖို့လာခေါ်တာ"

သူတို့တစ်ယောက်တစ်ပေါက်အော်တော့ မယားက ဘာမှတော့မတား။ မလိုက်ချင်ဘူးပြောတော့ လက်သီးနဲ့ထိုးမယ်တကားကား။ သူတို့အဖွဲ့က ကိုစိုးကိုငယ်နိုင်။ တအားချစ်ကြတယ်။ ဆင်းရဲလို့ချစ်တာ့လည်းပါမှာပေါ့ဗျာ။

ခေါင်းအုံးလေးတစ်လုံးနဲ့ စောင်တစ်ထည်ကလွဲလို့ အပိုဘာမှမပါ။ အိမ်မှာ စောင်နှစ်ထည်နဲ့ ခေါင်းအုံးနှစ်လုံးပဲရှိတယ်လေ။ ဓာတ်ဘူးကတော့ မကြာဘူးတော့မရှိ။ ရွာက ကိုမှတ်တင်နဲ့ ကိုညို

www.burmeseclassic.com

www.burmeseclassic.com

ဝင်းက အဖော်လိုက်ပါရင်း ရွှေဘိုကို ခရီးဆက်ရပြန်ပြီ။ ကားလေးက ယာယီ နံပါတ်အသစ်စက်စက်။ ပြေးလိုက်တာ။ မဟာနန္ဒာကန်ပေါင်ရိုး မြေနီနီလမ်းပေါ် မှာတရိပ်ရိပ်နဲ့ပြေးရင်းက မိနစ် (၂၀) လောက်အကြာမှာ ရွှေဘိုမြို့ဝင်ပါပြီ။ ည (၁၀) နာရီထိုးခါနီး ဆေးရုံရောက်ပါတယ်။ လမ်းမှာ ရွှေဘိုလမ်းဆုံ (၁၀) မိုင်ကဖေးအနီးက ဘုန်းကြီးကျောင်းမှာ ဇာတ်ပွဲကနေတာ ဘုရားပွဲထင်ပါရဲ့။

လူနာပါတယ်အော်တော့ အံဝင်သံတံခါးစောင့်ဘိုးတော်ကြီးတစ်ယောက်က အလိုက်သင့်တံခါးဖွင့်ပေးတယ်။ အထဲရောက်တော့ သူနာဆောင်ထဲကလူနာစောင့်တွေ၊ သက်သာတဲ့သူတွေ အတော်များများလာကြည့်တယ်။

ကိုစိုးက ရုံးခန်းအပြင်ခုံတန်းလျားမှာ တစ်ယောက်တည်းထိုင်နေတယ်။ သူငယ်ချင်းတွေက ညစောင့်ဆရာမတွေ အကျိုးအကြောင်း ပြောပြနေတယ်။ ကိုစိုးကဝေဒနာမခံစားရတော့ အကောင်းအတိုင်းဖြစ်နေပြီ။ဒီတော့ သူတို့ဘာလုပ်မလဲသိချင်တော့ သွားကြည့်တာပေါ့။ ဒီအချိန် အဖွဲ့တွေက ဝိုင်းချပ် လှုပ်လှုပ်ရှားရှားမလုပ်ရဘူးတဲ့။ မြွေကိုက်တဲ့သူဟာ ငြိမ်ငြိမ်ကလေးနေရမယ်တဲ့။

မြွေကိုက်တဲ့သူနာမှန်း ဘေးကလူတွေအကုန်သိသွားတော့ ဝိုင်းအုံလာပြီ။ ပါးစပ်က ဟိုတစ်ခွန်းဒီတစ်ခွန်း ခန့်မှန်းပြောကြပြီး အများဝိုင်းကြည့်နေတော့ ဒီကစိတ်မငြိမ်တော့ဘူး။ ဟိုသွားဒီသွားလုပ်လိုက်တယ်။ ဝိုင်းဖမ်းကြပြန်တယ်။ အဲဒီမယ် အသံတွေထွက်လာပြီ။ ဘွားတော်ကြီးတစ်ယောက်က -

"ဟယ် - ငယ်ငယ်ရွယ်ရွယ်နဲ့ ရူးသွားရှာပြီ နှမြောစရာ။ အဆိပ်ကတစ်ကိုယ်လုံးပြန့်သွားပြီ။ဦးနှောက်ပျက်သွားရှာပြီ မရတော့ပါဘူး"

မျက်နှာစေ့စေ့ကြည့်လို့ ဒီလိုပြောတော့ ကိုစိုးက ဘယ်ခံမလဲ ပြန်အော်တာပေါ့။

"ဘွားတော်ဘာတွေလာပြောနေတာလဲ။ ကျွန်တော်ဘာမှမဖြစ်ဘူး။ အကောင်းပါဗျ"

ဆိုတော့ ဒီဘွားတော်က အကွန့်တက်ပြန်တယ်။

"အဲတော် - ဟုတ်ပါပြီ၊ ငါထင်တဲ့အတိုင်း ဒီကလေး ရူးရှာပြီ"

ဒီဘွားတော်ဟာ ကိုစိုးအမေလောက်ရှိတယ်။ တကယ့်စိတ်တိုစရာ။ သူစကားက တော်တော်ကို သည်းမခံနိုင်စရာ။

- "ဘွားတော်၊ ကျွန်တော်မရူးဘူး။ ဘာမှမဖြစ်ဖူးဗျ၊ သွားပါတော့ဗျာ"

"အေးပါ အေးပါ၊ ကြီးတော်စိတ်မကောင်းလို့ပါကွယ်"

ဒီဘွားတော် လူနာဆောင်ထဲပြန်ဝင်သွားပြီး သူနဲ့ဘေးမှာတော့ (၁၀) ယောက်လောက်က အကဲခတ်နေတုန်းပဲ။ အသက် (၅၀) ကျော် ဘိုးတော်တစ်ယောက်က မျက်နှာကြည့်လို့ ပြောပြန်တယ်။

"အေးကွ၊ ဘွားတော်ကြီးပြောသလို ဒီကောင်လေးသွေးပျက်သွားပြီ။ ရူးသွားရှာပြီ"

မျက်လုံးလေးလှန်ကြည့်လိုက်တော့ ဒီလူကြီးလည်း ကိုယ့်အဖေအရွယ်မို့ သည်းခံလိုက်ရတာ။ တော်တော်စိတ်တိုမိလို့ ပြန်အော်မိသေးတယ်။

"ဘိုးတော်ဘာတွေလာပြောနေတာလဲဗျ။ ကျွန်တော်အကောင်းပါ။ ဘာမှမဖြစ်ပါဘူး"

"အေး-အဲဒီလိုစကားပြောနေတာကိုက မင်းဟာအကောင်းမဟုတ်တော့တာကွယ့်"

"ဟောဗျာ-ဒီလိုစကားမပြောလို့ ကျွန်တော်က ဘယ်လိုစကားပြောရမှာလဲဗျ။ စကားကို စဉ်းစဉ်းစားစားပြောပါဗျာ"

"သွားပြီ၊ ပြောလေကဲလေ မန်းလေပြွတ်လေဆိုတာ ဒါမျိုးထင်ပါရဲ့။ ငါ့တူက မြွေအကိုက်ခံထားရတာမို့လား။ ပလူးပလဲဖြစ်နေရမယ့်သူက အကောင်းလို့ပြောတော့ ဦးကြီးက စိတ်မကောင်းဖြစ်မိလို့ပြောတာပါကွာ"

"ဒါဖြင့် ကျွန်တော်က အမလေးနာလှချေရဲ့၊ ကိုက်လှချေရဲ့၊ ပူလှချေရဲ့ ကယ်ကြပါဦးလို့ တကြော်ကြော်အော်နေရမှာလားဗျ"

ဒီအချိန် ဝိုင်းကြည့်နေတဲ့လူတွေ အကုန်လုံး ရယ်ကြတယ်ဗျာ။ တဝါးဝါးနဲ့။ သူတို့စိတ်ထဲမှာ ကိုစိုးဟာ တကယ့်အရူးဖြစ်နေပုံပဲ။ တစ်ယောက်တစ်ပေါက်ပြောနေကြတယ်။

"သွားပြီ၊ ရူးသွားပြီ၊ ကြောင်သွားပြီ၊ သွေးပျက်သွားတော့တာ။ ငယ်ငယ်ရွယ်ရွယ်နဲ့ နှမြောစရာ"

သူတို့အသံတွေစုံနေတာနားနဲ့မဆုံအောင်ပါပဲ။

ဒီအချိန် အသက်ရွယ်တူအနီဝတ် ဆရာမ ကိုစိုးရှေ့ရောက်လာတယ်။ သူလက်ထဲ ဆေးထိုးအပ်နဲ့မို့ ရင်ထိတ်သွားတယ်။

ဆရာမက-

"လက်ပေး"

"ဘာလုပ်မလို့လဲဗျ"

"သွေးစစ်မလို့"

ဒီမှသက်ပြင်းချရတယ်။ အမလေးတော်ပါသေးရဲ့။ ဆေးထိုးရင်တော့ ဒီကလောပြီ။ ညာလက်ဖျံက သွေးစုပ်ယူသွားတယ်။ ခဏအကြာ ဒီဆရာမက လာပြောပြန်တယ်။

"ကိုက်တဲ့မြွေဘယ်မှာလဲ"

"မြွေက ကိုအေးသောင်းသတ်လို့သေပြီ၊ မယူခဲ့ဘူး"

"မြွေက သေပြီ မယူခဲ့ဘူးဗျ"

"အဲဒါခက်တာပဲ၊ ယူခဲ့ရတယ်ရှင့်"

ထိုအချိန်မှာ ရွာကလိုက်လာတဲ့ကိုမှတ်တင်က အလိုက်သိဝင်ပြောတယ်။

"မြွေကပါတယ်ဆရာမ၊ကျွန်တော်ယူခဲ့တာ ဒီမှာ"

ပလတ်စတစ်အိတ်နဲ့ မြွေသေးကို ကိုမှတ်တင်က သေချာထုပ်ယူခဲ့လို့ အဆင်ပြေသေးတယ်။ ဆရာမက မြွေကိုသေချာကြည့်တယ်။ သူနာစောင့်တွေ သူငယ်ချင်းတွေအားလုံး မြွေပွေးသေကို ဝိုင်းကြည့်ပြီး ဆရာမက -

"ကဲ - သူနာရှင် ဘယ်သူတုန်း"

"ကျွန်တော်တို့ အကုန်လုံးပါပဲ ဆရာမ"

ကိုခင်မောင်စိန်တို့အုပ်စုတစ်စုလုံးက ကိုစိုးကို အာမခံသူနာရှင်ပေါ့။ အင်္ကျီပ်လိုရေးထားတဲ့စာရွက်လေးတစ်ရွက်မှတ်မှတ်ရရ ထိုးဆေး (၉) လုံးတိတိဝယ်ရမယ်။ ဈေးကမသိ။ ဆရာမကို သူငယ်ချင်းတွေဝင်မေးတော့ ဆေးတစ်လုံးတစ်ရာ။အားလုံးကိုးရာဖိုးဝယ်ရမယ်တဲ့။

ဒီအသံကြားတော့ကိုစိုးဘုရားတ, ရပြီ။ အိမ်ရှိငွေ (၁၅၅) ကျပ် မယားအတွက် (၅) ကျပ်ချန်လို့ အိတ်ကပ်ထဲမှာ ငွေ (၁၅၀) ပဲရှိတယ်။ ဘယ်လိုလိမ်ရပါ့။ ငွေကမလောက်တော့ဘူး။ တတ်နိုင်ဘူး။ မီးစင်ကြည့်ကဖို့ဆုံးဖြတ်လိုက်ပြီ။

ကိုစိုး လျှို့ဝှက်ကြံစည်လိုက်ပြီ။ ရွာကလိုက်လာတဲ့ ကိုမှတ်တင်နဲ့ ကိုညိုဝင်းကို တိုးတိုးလေးခေါ်တိုင်ပင်လိုက်တယ်။

"ကဲ - ကိုယ့်လူတို့၊ ကျွန်တော်အမှန်အတိုင်းပြောမယ်။ ကျွန်တော်ဘာမှမဖြစ်ဘူး။ ဆေးကိုးလုံးလည်းမထိုးမခံနိုင်ဘူး။ ဝယ်စရာပိုက်ဆံလည်းမပေးဘူး။ လစ်တာနဲ့ ကျွန်တော်ထွက်ပြေးမှာ။ ခင်ဗျားတို့နှစ်ယောက်က (၁၀) မိုင်ကဖေးရောက်အောင်လာခဲ့။ အဲဒီမှာဘုရားပွဲရှိတယ်၊ ဇာတ်ကနေတာ။ ဒီဆိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com

သုံးဦးသား လက်ဖက်ရည်၊ပဲနံပြား စားအပြီး ညဉ့် (၁၂) နာရီ ဘူတာသို့ ခြေကျင်လျှောက်ကြရင်း မိနစ် (၂၀) လောက်အကြာ ဘူတာတောင်ဘက် အလုပ်သမားဆောင်မှောင်ရိပ်မှာ တိတ် တိတ်ပုန်းနေရတော့တယ်။ နေ့ခင်းတစ် နေကုန် အလုပ်ဆင်းထားရတော့ ပင်ပန်း လှပြီ။ ကိုမှတ်တင်နဲ့ ကိုညိုဝင်း အမှေ စောင့်ကြိုခိုင်းရင်း ခဏအိပ်လိုက်တာ ရထားဥဩသံကြားမှ လန့်နိုးတယ်။ မနက် (၂) နာရီကျော်ကျော်ပဲရှိသေး တယ်။

ကိုမှတ်တင်နဲ့ ကိုညိုဝင်းက ရထား မှာပါလာမယ့်အမှေကို မမြင်ဖူးကြဘူး။ အဲဒါကြောင့် သူတို့ကို ကိုမှတ်တင်ကို ကျွန်တော့်ခေါင်းအုံးပေး၊ ကိုညိုဝင်းကို ကျွန်တော့်စောင်ပေးပြီး အရှာခိုင်းထား တာ။

ကျွန်တော့် ခေါင်းအုံးနဲ့စောင်က လူပျိုကတည်းက ကိုစိုးငယ်ငယ်ကလေး ထဲကသုံးတဲ့ပင်တိုင်ပစ္စည်း။ ဒါကို မြင် တာနဲ့အမေက လှမ်းခေါ်မှာ အသေအ ချာပဲ။ ကိုစိုးကိုယ်တိုင်သွားရှာရင် ဘူတာ အလုပ်ဆင်းနေတဲ့သူငယ်ချင်းတွေတွေ့ တာနဲ့ ဖမ်းချုပ်ဆေးရုံပြန်ပို့မှာစိုးလို့ ကိုယ် တိုင်သွားမကြုံရတာ။

အမြန်ရထားဆိုက်တော့ ကိုမှတ် တင်တို့နှစ်ယောက်က ခေါင်းအုံး၊ စောင် လေးပွေ့ပြီး တံခါးပေါက်တွေကြည့်ရင်း အမှေရှာတာပေါ့။ ပြောတဲ့အတိုင်း အမေကစမြင်တာ။ ကိုစိုးရဲ့ခေါင်းအုံးနဲ့ စောင်မြင်လိုက်တာနဲ့ အမေမျက်ရည်ကျ လို့ ပါးစပ်ကအသံထွက်လာပြီး-

"ဟောဟိုက ကောင်လေးကိုင် ထားတာ ငါ့သားခေါင်းအုံး၊ ဟိုကောင် လေးပွေ့ထားတာ ငါ့သားစောင်၊ ဟုတ် ပါပြီ ငါ့သားလေး သေရှာပါပြီ။ ဆေးရုံ မှာ ငါ့သားသေလို့ ငါလာကြုံကြတာ အီး ဟီး ဟီး"

မျက်ရည်တွေကျဉ်နေတဲ့အမေဟာ စိတ်မထိန်းနိုင်တော့ဘဲ ကိုမှတ်တင်တို့ ကိုအော်ခေါ်လိုက်တယ်။

"ဟဲ့ - လူလေး၊ မင်းကိုင်ထားတာ ငါ့သားခေါင်းအုံး၊ ဟိုဟာက ငါ့သား စောင်။ ငါ့သားသေလို့ ငါလာစောင့်ကြ တာလား အီး ဟီး ဟီး"

အမေငိုတော့ ကိုမှတ်တင်တို့က တားရတယ်။

"မငိုနဲ့ အန်တီကြီး၊ ကိုစိုးမင်း မသေပါဘူး။ ကျွန်တော်တို့ အကြုံခိုင်း လို့လာကြုံတာ။ တောင်ဘက်အလုပ် သမားတဲနားမှာရှိတယ်"

"ဟေ့ကောင်၊ မပြေးနဲ့လိုက်လိုက်"

သူငယ်ချင်းတွေ ငြာသံပေးလို့ဝိုင်း လိုက်တာ ည (၁၀) နာရီခွဲဆိုတော့ မှောင်မည်းနေပြီ။ ဆေးရုံလမ်းအတိုင်း ပြေးရင်မိမှာ။ ဒီကပါးပါးလေးပဲ။ ရွှေဘို မှာ ကောလိပ်(၂)နှစ်တက်ခဲ့တာ မရောက် ဘူးတဲ့နေရာမရှိဘူးလေ။ လမ်းကြိုလမ်း ကြားတွေကွေ့ပတ်ပြေးရတာ အောင်ဇေ ယျဘောလုံးကွင်းဘက်ကိုရောက်တော့ နောက်က သူငယ်ချင်းတွေ မရှိတော့ ဘူး။ မှောင်ရိပ်လမ်းအတိုင်းပုန်းလာရင်း (၁၀) မိုင်ကဖေးကို ရောက်တော့ ည (၁၁) နာရီ။ ရွာကနှစ်ယောက်ကို အသင့် ထိုင်စောင့်နေလိုက်တယ်။

မကြာပါ (၅) မိနစ်လောက်မှာပဲ ရွာက ကိုမှတ်တင်နဲ့ ကိုညိုဝင်း ဆိုင်ထဲ ဝင်လာပြီ။ ကိုမှတ်တင်တ ကျွန်တော့် ခေါင်းအုံးလေးပွေ့၊ ကိုညိုဝင်းက စောင် လေးပွေ့လို့ ကိုစိုးထိုင်တဲ့ဝိုင်းလာထိုင် ကြတယ်။

ကိုမှတ်တင်က -

"ခုလေးတင် ကားပြန်သွားတာ။ တစ်ဖွဲ့လုံး ကားနဲ့ပတ်ရှာကြတာ နှစ်ခု နေတာပဲ။ ဒီနားမရောက်ခင် ကျွန်တော် တို့ဆင်းလိုက်တာ။ အကုန်လုံး ဒေါကန် နေကြတယ်ဗျ"

"ဒေါကန်လည်းမတတ်နိုင်ဘူးဗျာ။ ကဲ - ခင်ဗျားတို့လည်း ပင်ပန်းသွားပြီ။ လက်ဖက်ရည်၊ ပလာတာ၊ နံပြားကြိုက် တာမှာစားဗျာ။ ပွဲကြည့်ပြီးမှပြန်တာပေါ့"

ကိုမှတ်တင်နဲ့ ကိုညိုဝင်းဟာ ကိုစိုး အတွက် တကယ်စိတ်ပူရှာကြတယ်။ ကိုညိုဝင်းက မျက်နှာငယ်လေးနဲ့ပြော ပြန်တယ်။

"ကိုစိုးမင်းကြီး ဖြစ်ပါ့မလားဗျာ။ ဆေးရုံတက်ရအောင်ပါဗျ။ ပြန်သွားရ အောင်"

"ဟုတ်တယ်ဗျ။ ကျွန်တော်လည်း စိတ်ပူတယ်။ ခင်ဗျားမိန်းမနဲ့ကလေး လည်း ကျွန်တော့်မိန်းမနဲ့ကလေးတွေ စောင့်ရှောက်နိုင်ပါတယ်။ ဆေးရုံပြန်ရ အောင်ဗျာ။ ဒီကိစ္စ ဘွားတော် အန်တီ ကြီးသိနိုင်တယ်ဗျ။ ဖုန်းတွေဆက်ကြမှာ"

ဒီအခါမှ ကျွန်တော် သတိလည် ပြန်တယ်။ ဟုတ်တယ်။ ကန့်သလူက အမှေဆီ ဖုန်းဆက်ကြမှာ။ ဒါဆို ဒီနေ့ မနက်ပိုင်း အမြန်ရထားနဲ့ အမေလိုက် လာနိုင်တယ်။

"အဲဗျ-ကိုမှတ်တင်ပြောမှသတိရ တာဟုတ်တယ်။အမေလိုက်လာမှာ။ ကဲ- စားစရာရှိတာစားပြီးရင် ဘူတာပြန်မယ်။ အမေကိုကြုံရအောင်"

သူရဇင်မဂ္ဂဇင်း

လက်ဖက်ရည်သောက်ရင်း ကျွန်တော် စောင့်မယ်"

ဆိုတော့ သူတို့နှစ်ယောက်က လည်း သနားစရာ စိတ်ပူကြပြန်တယ်။

"ဟုတ်ပါ့မလားဗျာ။ မြွေကိုက်တဲ့ ကိစ္စကြီးနော်။ ပြန်လာလို့မရတော့ဘူး။ ဆေးရုံတက်လိုက်ပါဗျာ။ ကျွန်တော်တို့ စောင့်ကူပါမယ် မပြေးပါနဲ့"

"မဖြစ်ဘူး၊တကယ်မဖြစ်လို့ပါဗျာ။ ဒီဆေးတွေထိုးရင် ကျွန်တော်သေလိမ့် မယ်ဗျ။ ကဲ - ဖြစ်သမျှအကြောင်း ကျွန်တော့်ခေါင်းသာပုံဗျာ။ မပူကြနဲ့။ မှာတဲ့အတိုင်းသာလုပ်ဗျာ"

ကိုမှတ်တင်တို့တို့ အသိပေးပြီး ပရိယာယ်ဆင်ပြီး -

"ကျွန်တော် အပေါ့သွားချင်တယ် တံခါးဖွင့်ပေး"

ဆိုတော့ သူငယ်ချင်းတွေ ဝိုင်းအုံ လာပြီး -

"ဟေ့ကောင်၊ ငြိမ်ငြိမ်နေ၊ ဉာဏ် မမျှားနဲ့။ ဆီးအိုးရှိတယ်၊ ဒီမှာပဲသွား"

ရှေ့တည့်တည့်လာချတော့ အကြံ အိုက်သွားပြန်ပြီ။

သူငယ်ချင်းတွေက -

"မင်းရိုးတီးယားတားမလုပ်နဲ့နော်၊ မင်းသေမှာစိုးလို့ ဒီကိုခေါ်လာတာ။ အခုဆေးဝယ်သွားရမယ်၊ မင်းမှာ ပိုက်ဆံ ပါလား။ ကိုးရာလောက်ကျမယ်ပြော တယ်ပေး"

"ပေးပါမယ်ဗျ၊ ခဏနေပါဦး။ ဒီမှာ အပေါ့သွားချင်လို့ လိမ်နေပြီ"

"ဟေ့ကောင် ဒီမှာသွားလေကွာ၊ ဘာကြောင်နေတာလဲ"

"လူတွေ အမျှားကြီး၊ အပြင်ထွက် မှာ"

"ဒီကောင် ဉာဏ်များတယ်ကွာ၊ ဟေ့ကောင်တွေ ဒီကောင်ကို သေချာ ကြည့်ထားနော်။ ကြောင်တောင်တောင် ဖြစ်နေပြီ"

ကိုနေဝင်းက စိတ်တိုတိုနဲ့ ပါလာ တဲ့သူငယ်ချင်းတွေတပ်လှန့်ထားတယ်။ ဒီအချိန် အပေါက်စောင့်ဘိုးတော်ကြီးကို ကိုခင်မောင်စိန်က အကူအညီတောင်း လိုက်တယ်။

"ကဲ-ဘိုးတော်တံခါးဖွင့်ပေးပါဦး ဗျာ အပေါ့စွန့်ချင်လို့တဲ့"

ဘိုးတော်က အလိုက်သင့်ဖွင့်ပေး အပြီး အပြင်ရောက်တာနဲ့ လက်မောင်း နှစ်ဖက်ကိုင်ထားတဲ့ လက်လွတ်လိုက် တာနဲ့ တစ်ချိုးတည်းထွက်ပြေးလိုက် တယ်။နောက်မှာအော်သံတွေဆူညံသွား တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟေ-ငါသားမသေဘူး၊ အမလေး ဝမ်းသာလိုက်တာ။ အခု ငါသားဆီ သွားစို့"

ရထားဘီးလှိမ့်တော့ အမေနဲ့ ကိုမှတ်တင်တို့ ကိုစိုးဆီရောက်ကြပြီ။ အမေက ကျွန်တော့်တစ်ကိုယ်လုံးကိုင် စမ်းကြည့်၊ ခန္ဓာကိုယ်အေးနေတော့ စိုးရိမ်ရှာပြီး အမေကလည်း ကိုစိုးကိုမယုံရဲပေ။

"ငါသား နင် စိုးမင်းဟုတ်ပါတယ်နော်"

ကျွန်တော်ပင် ဒီမေးခွန်းကြောင့် ကြောင်သွားမိတယ်။

"ဟုတ်ပါတယ် အမေရဲ့၊ ဘာဖြစ်လို့လဲ"

"နင် ဖုတ်တွေ၊ သရဲတွေ၊ တစ္ဆေတွေ ဝင်ပူးမတားပါဘူးနော်"

'ဆိုလိုက်ဟဲ့မေးခွန်း ဘာဖြေရမှန်း တောင်မေ့သွားတယ်။

"အမေ ဘာတွေမေးနေတာလဲ။ အမေ့သားဟုတ်ပါတယ်ဗျ၊ တကတဲ"

"ဟဲ့-တချို့က သေပြီးရင် ဖုတ်ဝင်တတ်လို့ဟဲ့"

"အဲဒါက သူများ၊ အခုဟာက ကျွန်တော် ဘာဆိုင်သလဲ အမေရယ်။ ဖုတ်ဝင်ရင် ဒီလိုစကားတွေပြောမလားဗျာ"

"ဒီလူလေးတွေပြောတော့ နင် ဆေးရုံကထွက်ပြေးလာတာဆို"

"ဟုတ်တယ်၊ ဆေးမကုချင်လို့"

"ဟဲ့ - ဆေးမကုချင်လို့ ဘယ်ဖြစ်မလဲ၊ ဆေးရုံပြန်သွားရမှာပေါ့"

"မသွားတော့ဘူး၊ ကျွန်တော့်ဟာ ကျွန်တော် ကုပြီးပြီ ပျောက်ပြီ"

"ဘယ်-ဘယ်ဖြစ်မလဲ ငါသားရဲ့။ နင်က ဘာပညာမှတတ်တာလဲမဟုတ်"

"အမေကလည်းဗျာ၊ ကျွန်တော် အရက်မသောက်တာ (၆) လလောက်ရှိပြီဗျ။ လောကီပညာသင်ထားတာ . ဒီပညာဘယ်လောက်စွမ်းသလဲသိချင်လို့ လက်တွေ့စမ်းတာ။ ဆေးရုံမသွားတော့ဘူး"

"ဒါဖြင့် နင်က ဒီအတိုင်းနေတော့မှာလား"

"ဒီအတိုင်းနေမှာပေါ့ အမေရဲ့။ မနက်ခေါက်ပြန်နဲ့ပြန်မယ်"

"နင့်မိန်းမနဲ့ ငါမြေးရော ဒီကိစ္စသိရဲ့လား"

"သိတယ်၊ အမေ့ခွေးမက မြွေကိုက်တာမယုံဘူး၊ အမေ့မြေးနေကောင်းတယ်"

"နင် မြွေကိုက်တာ တကယ်ကော ဟုတ်ရဲ့လားဟယ်"

"အမေ ဒါလိမ်စရာလား။ အကောင်ထဲမှာ ဒီလောက်ပြင်းတဲ့ အကောင် ဒီတစ်ခါပဲကြုံဖူးသေးတယ်။ မျက်လုံးကမီးတွေပွင့်တယ်အမေရဲ့"

"ကဲ-အမေကြည့်ချင်ရင် ကိုက်တဲ့မြွေပွေးပြမယ်၊ ကိုမှတ်တင်မြွေပါခဲ့သေးလား"

"ပါတယ်၊ ဆရာမက စိတ်တိုတိုနဲ့ ပြန်ပေးလိုက်တာ"

ပလတ်စတစ်အိတ်ထဲက မြွေပွေးအသေအား ဓာတ်မီးဖြင့်သေချာထိုးကြည့်လေတော့ -

"အေးဟဲ့ အကောင်က မြွေပွေးအစစ်ပဲ။ ကောင်လေး နင်ဒီမြွေကိုက်ရင် သေမှာနော်။ ရှင်လမ်းမရှိဘူး၊ ဟုတ်မှလည်းလုပ်ဦး"

အမေကလည်း ကိုစိုးအပေါ် သေးသေးမှမယုံပေ။ သူမွေးထားတဲ့သားအစွမ်းအစမရှိမှန်း သူသိတယ်လေ။ ခက်တာက ဒီက လောကီပညာသင်ထားတာ ဂုဏ်မဖော်ချင်လို့ ကျိတ်ကုလိုက်တာ ဆရာက အဆိပ်မပြီးဘူး၊ အဆိပ်နှိုင်တယ်။ ကိုယ့်အတွက်လည်းလုံတယ်။ ကျန်တဲ့ (၇) ရက်သားသမီးအတွက်လည်းလုံတယ်၊ အသက်ချမ်းသာမယ်။ တွေ့ရင် ကယ်တင်ပေးရမယ်လို့ သေချာမှာထားတယ်။

ကိုစိုး သတိကြီးကြီးထားပါတယ်။ အဆိပ်တက်တာတွေမှတ်မိတယ်။ မှတ်မှတ်ရရ တံတွေးစုပ်၊ စတိကြိုးစည်း အမိန့်ပြန်ထားတဲ့ ခြေမျက်စိအောက်၊ ခြေဖမိုးတစ်ပြင်လုံး မိနစ် (၂၀) အတွင်းမှာပဲ အဆိပ်ပြန့်လို့ထုံသွားတယ်။ ဒီထက်အပေါ်ပိုင်း ဘာဆိုဘာမှမခံစားရခဲ့ဘူး။

ကိုစိုးရဲ့မိုက်ရူးရဲတဇောက်ကန်းစိတ်နေရာ တစ်ပါးသူဝင်ကြည့်ပါ။ ရွာထဲမှာ စုန်းပူး၊ နတ်ပူး ကလေးတွေ တဒိုင်ဒိုင် တရယ်ရယ် မျက်စိကျိန်း၊ မှက္ခရု ဟိုက ခေါ်ဒီကခေါ် ရွာထဲမှာ နာမည်ရဆေးဆရာ (၁၀) ယောက်လောက်ရှိတယ်။ ဒီအထဲက ကိုစိုးက ပညာအနုဆုံးအသေးဆုံး အထက်လမ်းပညာဆိုတာသိရုံလေးပဲ။

ဖင်တကြွကြွဖြစ်နေတဲ့အချိန် ခုလို ဒုက္ခနဲ့ကြုံပြန်တော့ ဒီပညာအပေါ် ထားတဲ့ မိမိရဲ့ယုံကြည်စိတ်ဘယ်လောက်အားကောင်းသလဲ။ သီလ၊သစ္စာဘယ်လောက်တည်မလဲ။ ရတနာသုံးပါး၊ မိဘ၊ ဆရာသမားဦးထိပ်ထားတဲ့ ပင်ကိုစိတ်တွေပေါင်းစပ်လို့ မြွေပွေးကိုက်တာကို အသက်နဲ့ထပ်လို့ သက်သေထူပြလိုက်တာပါပဲ။

မှတ်ချက်အနေနဲ့ ရင်ဖွင့်ရရင် နောင် ဒုတိယဆရာနဲ့ တွေ့တဲ့အချိန်မှာ ထိုစဉ်ကကိုက်တဲ့မြွေဟာ ရိုးရိုးမြွေမဟုတ်ဘဲ ပညာသည်တိုက်တဲ့ တိုက်မြွေဖြစ်တဲ့အကြောင်း၊ ကုရာဆေးမရှိကြောင်း၊ ကုသရင်လည်း ဆေးမမီကြောင်း နတ်မြွေ၊ တိုက်မြွေကိုက်ရင် အထက်လမ်းဆရာ (အစစ်)တွေသာကုသနိုင်ကြောင်း၊ နိုင်နင်းကြောင်း ဆရာမှပြောပြပါတယ်။

ဒီနေ့မနက်ပိုင်း တောင်ဘက်ပလက်ဖောင်းထိပ်တွင် စကားပြောရင်းမိုးလင်းခဲ့ရတယ်။ မနက်လင်းတော့ ရုံပိုင်ကြီး ဦးဆောင်းတင်တို့အိမ် ကျေးဇူးတင်စကားသွားပြောပေးတယ်။ ရုံပိုင်ကြီးကညက သူလည်းစိတ်မချလို့ သတင်းရတာနဲ့ ကားလွှတ်ပေးတဲ့အကြောင်း၊ နှင့်သားက ဆေးမကုဘဲ ဆေးရုံကထွက်ပြေးတဲ့အကြောင်း ငါတို့လည်း နှင့်သားဟာအဆိပ်မွှန်လို့ရူးကြောင်ကြောင်ဖြစ်သွားပြီမို့ထင်ကြောင်းပြောရှာတယ်။

ဆေးရုံသွားဖို့ အမေခကာခကာပြောတယ်။ ဒီကမလှုပ်တော့ အမေလက်လျှော့ပြီ။ နေမြင့်ခဲတော့ ဘူတာမြောက်ဘက်ပို့ဂိုဒေါင်အနီး ရေစင်နားမှာပုန်းနေရပါတယ်။ ပလက်ဖောင်းပေါ်တက်ရင် ဝိုင်းဖမ်းမှာစိုးလို့ မသွားရဲပါဘူး။ ဒီနေ့မနက်ပိုင်း ခေါက်ပြန်နဲ့ရွာပြန်ခဲ့တယ်။

ရွာရောက်တော့ အမေက စိတ်မချပြန်ဘူး။ မြို့ကိုလိုက်ခဲ့ရမယ်တဲ့။ ဇနီးနဲ့သားလေးအတွက် ကိုမှတ်တင်တို့မိသားစုက ဖေးမကူမယ် လိုက်သွားဆိုတာနဲ့ ကန့်ဘလူရောက်ပြန်ပြီ။

တစ်နေကုန် တစ်ညလုံးပင်ပန်းထားတော့ အမေ့အိမ်မှာ စိတ်ချလက်ချ အိပ်လိုက်ပြီး ည (၁၀) နာရီလောက်မှာ ပေါင်တွင်းကြောအသားနာအောင်အဆိတ်ခံရလို့ လန့်အော်ရတယ်။ ဆိတ်တဲ့သူက တခြားလူမဟုတ် အမေပဲ။

"ဘာလို့ဆိတ်တာလဲအမေရဲ့ နာတယ်"

"နှင်သေမျှားနေပြီလားလို့ဟဲ့"

"အမေကလည်းဗျာ၊ မသေပါဘူးဗျ။ အကောင်းပါ"

"အေးအေး ငါသား၊ အိပ်အိပ် အမေစိုးရိမ်လို့"

အမေ သူ့အခန်းထဲဝင်အိပ်ပြန်တယ်။ ညဉ့် (၁၂) လောက်တစ်ကြိမ်၊ မနက် (၂) နာရီတစ်ကြိမ်၊ ပေါင်းကြောလာဆိတ်တာ ကောင်းကောင်းမအိပ်ရဘူး။ မနက်လင်းတော့ ဆေးရုံသွားဖို့ခေါ်ပြန်တယ်။ ကျွန်တော်အလိုက်အခံငြင်း

www.burmeseclassic.com

www.burmeseclassic.com

ရတယ်။

နောက်နေ့ည‌လည်း အမေ သုံးခါ ဆိတ်တယ်။ သုံးညမြောက်နေ့ ကျွန်တော် အမေ့ဆီမနေချင်တော့ဘူး။ ညကောင်း ကောင်းမအိပ်ရလို့ဘဲ။ နောက်နေ့ အမေ့ ထံမှ‌ရွာကိုပြန်ခဲ့ရတယ်။

မြွေပွေးအပြင် တခြားမြွေတွေနဲ့ ထိတွေ့ခဲ့ပုံတွေလည်းပြောပြပါဦးမယ်။ နောက်ဆုံးမှာ အဆိပ်ရှိတဲ့ ကင်းသုံးမျိုးနဲ့ အဆုံးသတ်ပါရစေ။

မူလတန်းအရွယ်မှာ သူငယ်ချင်း ကျန်းဆိုတာရှိတယ်။ သူက ကိုစိုးနဲ့ ကျောင်းသွားဖက်။ သတ္တိသိပ်ကောင်း တယ်။ ကျောင်းသွားလို့ လမ်းမှာတွေ့တဲ့ မြွေဖမ်းလေ့ရှိတယ်။ သူအမြဲတမ်းဖမ်းတဲ့ မြွေက မြွေစိမ်း၊ မြွေစိမ်းအာနီ၊ မြက်ရှော၊ မြက်ရှောအာနီ၊ ထန်းမြွေ၊ စပါးကြီး၊ စပါးအုံး၊ အကောင်သေးသေးလေးတွေ တွေ့ရင် သူကအလွတ်မပေးပါဘူး။ မြွေ ခေါင်းကို လက်ကလေးနဲ့ဖိအုပ် ဖမ်းပြီး တာနဲ့ သူလွယ်အိတ်ထဲထည့်ထားလေ့ရှိ ပါတယ်။

ကျန်းမြွေဖမ်းတာ အနီးကပ် ကိုစိုး တစ်ယောက်ပဲသိတယ်။ ကိုစိုးက မြွေကို ကြောက်ကြောက်နဲ့ဖမ်းတော့ ခဏခဏ အကိုက်ခံရပါတယ်။ သူကတော့မြွေပြီး သလိုမျိုးဖမ်းတတ်တယ်။ သူလည်းမြွေ ခဏခဏအကိုက်ခံရတယ်။ ဘာဆေးမှ မလိမ်းဘူး၊ ဒီမြွေတွေက အဆိပ်မပြင်း ဘူး၊ အကိုက်ခံရရင် နည်းနည်းပဲရောင် ပါတယ်။

မြွေစိမ်းတို့၊ မြက်ရှောတို့က တော် ရုံတန်ရုံမကိုက်ပါဘူး။ သူကိုနာအောင်၊ ဒေါသထွက်အောင်စရင် စိတ်ဆိုးဆိုးနဲ့ ပြန်ကိုက်ပါတယ်။ ဒဏ်ရာက သွေးစို့ တယ်။ တစ်ခါတလေ အသားပဲ့တယ်။ ကျန်းက မြွေကို သူ့လက်ဖဝါးမေါ်တင်ပြီး စတာ။ ဟိုက စိတ်တိုလို့ကိုက်တာ မြင် ပါများတော့ ကိုစိုးပင် မကြောက်စိတ် အားကောင်းလာတယ်။

အတန်းထဲက ကျောင်းသား ကျောင်းသူတွေ ကျန်းကိုလန့်တယ်။ သူက မထင်ရင် လူမသိအောင် လွယ်အိတ်ထဲ မြွေထည့်ပေးလိုက်တာ ကျောင်းဆင်းချိန် မှလုပ်တာ။

ဒါက ငယ်ငယ်ဘဝ သူငယ်ချင်းနဲ့ မြွေစိမ်း၊ မြက်ရှောအကိုက်ခံခဲ့ရတဲ့ အရသာကတစ်မျိုး။ အသက်ကလေးရ လာတော့ အရွှေးထတယ်ပြောမလားပဲ။

ဖြစ်ပုံက ဒီလိုဗျ။

ယောနယ်က လူတွေက မြွေစိမ်း ကို အတော်ကြောက်တယ်။ ဒီနယ်မှာ အဆိပ်ပြင်းတဲ့ မြွေဟောက်၊ ငန်းစောင်း သိုလေးမွှာစတဲ့မြွေတွေရှိတယ်။ ဒါက တောထဲတောင်ထဲမှာပေါတာ။ မြွေစိမ်း ကတော့ နေရာတကာပေါတယ်။ မြွေစိမ်း တွေ့ရင် တစ်ခါတည်းရိုက်သတ်တာများ တယ်။ မသတ်နဲ့တားတာမရဘူး။ တကယ့် လူတွေ၊ ကိုယ့်မကိုက်ရင် သူများကိုက်မှာ တဲ့။ ဒီမြွေတွေက ထိရုံနဲ့မကိုက်ဘူး။ သူတို့အသားနာမှကိုက်တာ။ သူတို့ အပြောက မြွေစိမ်းက အဆိပ်တအား ပြင်းတယ်ပေါ့။

လွန်ခဲ့တဲ့ (၂) နှစ်လောက်က တောထဲ ထင်းခွေသွားတာ အိမ်သုံးဖို့။ နေ့စား လူငယ်လေးနှစ်ယောက်နဲ့ အား လုံးသုံးယောက် ညအိပ်သွားတာပေါ့။ ကောင်လေးနှစ်ယောက်ကတော့ဝရီး။ အကြီး က အသက် (၃၀) လောက်၊ အငယ်က (၂၀) လောက်ပေါ့။

အငယ်ကောင်နဲ့ ကိုစိုးက တုံးတို ဖြတ်၊ ကြီးတဲ့သူက ခွန်နဲ့သစ်ပင်လဲဖြတ် ပေါ့။ ဒီအချိန်မှာ ဘယ်ဘက်ခြေမနား ပူခနဲခံစားလိုက်ရတယ်။

"အားရိုးရိုး - တွယ်တယ်ဟ"

ပါးစပ်က လွှဲဆွဲရင်းအော်တော့ ရှေ့က ကောင်လေးကမေးတယ်။

"ဘာဖြစ်တာလဲ ဦးလေး"

"အကောင်ကိုက်တာကွ၊ သေချာ ကြည့်ဦးမယ်"

ခေါင်းငုံ့ရှာတော့ မြွေစိမ်းလေး။ ခဲတံချောင်းလောက်။ အမြီးဖျားက အနီ စွပ်ကလေးနဲ့ ခေါင်းယိမ်းလို့ မာန်ဖီနေ တယ်။ ခြေမနဲ့ သူ့ခေါင်းက သုံးလက်မ လောက်အကွာမှာပေါ့။

"သြော် - မင်းကိုဗျ၊ အံမယ် - သူကလည်းကိုက်သေး၊ ရန်ထောင်နေ သေးတယ်"

"ဘာကောင်လဲဦးလေးရဲ့ ပြောပါ ဦး"

"မြွေစိမ်းလေးပါကွာ"

"ကျွန်တော်ကြည့်မယ်"

ကောင်လေးက သေချာလာငုံ့ ကြည့်တော့ အံ့သြစွာပြောတော့တယ်။

"ဦးလေး မဖြစ်ဘူး၊ ရွာပြန်ရမယ်။ ဆေးရုံသွားရမယ်ဗျ"

ကောင်လေးက မနောက်ဘူး၊ မျက်လုံးပြူးမျက်ဆန်ပြူးပြောတာ။ မြွေ စိမ်းကိုက်တဲ့သူဟာ ဆေးရုံသွားနေကျ ထင်ပါရဲ့။

"မသွားပါဘူးကွာ၊ ဘာမှမဖြစ်ပါ ဘူး"

"အာ-ဒါဆို ဦးလေး မြွေစိမ်းကိုက် တာမဟုတ်လို့ဘဲ"

"လာလာ - သေချာကြည့် ငါပြ မယ်"

မြွေစိမ်းရဲ့ခါးကို မနာတနာခြေမ နဲ့ဖိပြပေးလိုက်တယ်။ တောက်ခနဲခြေ ဖမိုးကိုထိတယ်။

အားခနဲ အသံထွက်အော်လိုက် တယ်။ ဒီအခါ ကောင်လေးပိုအံ့သြသွား တယ်။

"ဦးလေး တကယ်အကိုက်ခံတာ လားဗျ"

"မင်းပဲ ကိုက်တာမဟုတ်ဘူးဆို၊ မြင်တယ်မို့လား။ နာတယ်ကွ၊ နာလို့ အော်ရတာ"

"ဦးလေး ဒီလိုကိုက်ရင် ဘာမှမဖြစ် ဘူးလား"

"နာတော့နာတယ် လူထဲရှိတဲ့ အဆိပ်ကို သူဆီပြန်လွှဲတ်ပေးရင် ခဏပဲ ကွ။ သူကိုလူဆိပ်မတက်အောင်လည်း မေတ္တာပို့ပေးတယ်။ မင်းတို့ ယောက မြွေ စိမ်းဆိုတာနဲ့ ဆေးရုံပြေးတာပဲ ဟုတ် တယ်မို့လား"

"အဲဗျာ - ဟုတ်တယ်ဗျ"

"ကဲ - ဆွဲစရာရှိတာဆွဲကွာ"

လွှဲဆက်ဆွဲတော့ သူဦးလေးက အနားရောက်ပြန်တယ်။

"စောစောက ဘာဖြစ်တာလဲ ဦးလေး"

"မင်းတူပါကွာ၊ မြွေစိမ်းကိုက်တာ ဆေးရုံသွားဖို့ပြောလို့စတာပါ"

"မြွေစိမ်းက ဦးလေးကိုက်တာ လား"

"အေးလေ - ဘာဖြစ်လို့လဲ"

"မြွေစိမ်းကိုက်ရင်တော့ ဆေးရုံ သွားရမှာနော် ဦးလေး"

လာပြန်ပြီ နောက်တစ်ယောက်၊ မယုံပြန်ဘူး။

"လာလာ - မြွေက ဘယ်မှမပြေး သေးဘူး။ ခြေထောက်ဘေး ခြောက် လက်မအကွာမှာပဲခွေနေတာ"

ခြေမနဲ့နာအောင်ထပ်ဖိလိုက်တယ်။ ဖောက်ခနဲကိုက်တယ်၊ အားခနဲအော် ရတယ်။

ဦးလေးတူဝရီး နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့် လို့အံ့သြနေတယ်။

"ကဲ-မြင်ပြီလား၊ မင်းတို့ပြရတာနဲ့ ငါသုံးခါရှိပြီ တော်တော့ကွာ"

ထင်းဆက်ဖြတ်ကြတယ်။ ဒီတူ ဝရီး သို့လောသို့လောဖြစ်နေကြမယ်။ မိမိကအကိုက်ခံထားရတာဆိုတော့ စိတ် ကအဆိပ်တွေ သူ့မြွေထံပြန်ပို့နေရတာ။ (၁၀) မိနစ်လောက်ဆိုရင် လုံးလောက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဘာဆိုဘာမှမဖြစ်ပေ။ မြွေလည်း မနုံးတော့ဘူး လန်းဆန်းသွားပြီ။ သူလည်း မသေ၊ ကိုယ်လည်းဘာမှမဖြစ်။

ညသန်းခေါင်ရောက်တော့ ဒီတူဝရီးနှစ်ယောက်ဒုက္ခပေးပြန်တယ်။ မိုးကာတဲထဲမှာ ကိုစိုးက အလယ်ကအိပ်တာ။ အငယ်ကောင်လေးက ခြေသလုံးအရင်လာဆိတ်တာ လန့်နိုးတယ်။

အာလို့ဆိတ်တာလဲမေးတော့ -

"ဦးလေး၊ သေပြီလားလို့ စမ်းကြည့်တာ"

"မင်းနှယ်ကွာ၊ အိပ်ရေးပျက်တယ်အိပ်"

အဲ-ညသန်းခေါင်ကျော်တော့ ခြေသလုံးတစ်ခါဆိတ်ပြန်တယ်။

ဘယ်သူဆိတ်တာလဲကွမေးတော့ ဦးလေးဖြစ်သူပဲ့။ ဒါလည်း ကိုစိုးသေပြီလားလို့စမ်းတာတဲ့။ ဒီတူဝရီးက တကယ့်လူရိုးလေးတွေပါပဲ။

နောက်ဆုံး အဆိပ်ရှိတဲ့အကောင်ကကင်း။

လူတစ်ယောက်ဟာ ကင်းသုံးကင်း တစ်ကင်းပြီးတယ်လို့ ပြောကြတယ်။ ဒီစကားဟာ မမှန်ပါဘူး။ ကိုစိုးဟာ ကင်းသုံးကင်းလည်း မပြီးပါဘူး။ နောက်ဆုံး ပင့်ကူပေါက်စလေးတောင် မပြီးပါဘူး။ လက်တွေ့ကျကျပြောပါရစေ။

ကင်းမြီးကောက်လို့ခေါ်တဲ့ ဝါတာတာဖြူတူတူအကောင်သေးသေးကလေးတွေအပြေးလည်းမြန်တယ်။ သူအကိုက်ခံရရင် တကယ်လောတယ်။ ဥပမာ ညာဘက်ခြမ်းတစ်နေရာရာကိုက်ရင် အဲဒီညာဘက်ခြမ်း တစ်နေ့လယ်လောက်ထုံကျဉ်နေတယ်။ ကိုက်တဲ့နေရာ အထိမခံနိုင်ဘူး။ ကိုစိုးဟာ ဒီကင်းကိုက်ခံရရင် သုံးလေးရက်လောက် ဝေဒနာခံစားရတယ်။ ဒီကင်းက အိပ်ရာထဲအကိုက်ခံရတာများတယ်။

နောက် ကင်းမြီးကောက်(ခ)ကင်းပုစွန် (ခ) ကင်းမလက်မည်းခေါ်တဲ့ မည်းပြာပြာအကောင်။ ငယ်ငယ်က တစ်ခါမှ အကိုက်မခံရသေးဘူး။ အခုကြီးမှ သေချာအကိုက်ခံကြည့်တာ။ နေ့ခင်းပူ၊ ညနေမိုးလေးဖျန်းတော့ ဒီကောင်တွေထွက်လာပြီ။

အကောင်ကြီးတစ်ကောင် ဝါးခြမ်းပျော့နဲ့ စိတ်တိုအောင်စလိုက်တယ်။ ရှေ့ပိုင်းဖိရင် နောက်က အညှောက်ကထိုးတာ။ အဲဒီအချိန်မှာ လက်ညှိုးနဲ့ သူကျောကုန်းဖိလိုက်တာ။ တွယ်သမျှ အားခနဲအော်ရတယ်။ နာတယ်၊ ပြင်းတယ်၊ တစ်ရက်လောက်အထိမခံနိုင်ဘူး။ ကင်းမြီးကောက်သေးသေးလေးထက် အဆိပ်နည်းနည်းပဲပျော့တယ်။

နောက်ဆုံး ကင်းခြေများက (၆) လက်မလောက်ရှည်တယ်။ သူက အမြီးကထိုးတာမဟုတ်ဘူး။ ပါးစပ်က အစွယ်နှစ်ချောင်းနဲ့ကိုက်တာ။

တစ်ရက် အိမ်နောက်ဖေးမှာ ကင်းခြေများကြီးတစ်ကောင်ကပြေးနေတယ်။ သမီးကြီးက ပန်းကန်ဆေးနေတယ်။ ကျွန်တော်က ကင်းခြေများနောက် ထိုင်လိုက်ထလိုက်လိုက်နေတာ ဒီကင်းတော့ပြီးမှာပဲဆိုတဲ့စိတ်ကပြေးနေတယ်။ ရှေ့က ကင်းနှစ်ကင်းမပြီးတော့ ဒီကင်းကိုပြီးမယ်ထင်တာပါ။

သမီးကြီးက ပန်းကန်ဆေးရင်း တပြုံးပြုံးနဲ့ကြည့်နေတာ။ သူ့ကို အစကမကိုက်ရဲသေးဘူး။ နှိုးပြားနဲ့ အရင်ဖိထားလိုက်တယ်။ ရှေ့နောက်ရုန်းကန်နေပြီ။ သူ့ကိုကိုင်ဖမ်းမယ်လုပ်တော့ သမီးက လှမ်းအော်တယ်။

"အဖေ ကင်းခြေများကြီး ဘာလုပ်မလို့လဲ"

"ဖမ်းပြီးအကိုက်ခံမလို့သမီးရဲ့"

"အဖေရယ် ကိုက်ရင်နာမှာပေါ့ အဖေရဲ့"

"အေး - နာရင်နာပါလေစေ။ ဒီကင်းပြီးသလား သိချင်လို့ သမီးရဲ့"

သမီးကဘာမှဝင်မပြော။ အလိုက်သင့်ကြည့်နေစဉ်မှာ ကိုစိုးက ကင်းခြေများရဲ့ခါးတည့်တည့်မှာလက်နဲ့ကိုင်လိုက်တာ တွယ်သလားမမေးနဲ့ တအားအားအော်ယူရတယ်။ လက်မနဲ့ လက်ညှိုးတွေအကိုက်ခံရတာ။ အဲဒီနေ့ ညာဘက်ခြမ်းထုံနေတယ်။ နောက်နေ့မှ ပျောက်တာပါ။

ကင်းသုံးကင်း တစ်ကင်းမှမပြီးပါဘူးခင်ဗျား။ နောက်ဆုံး ပင့်ကူရှပ်ကင်းဆိုတဲ့အကောင်။ လူပေါ်ပြုတ်ကျရင် သူ့ခြေထောက်နဲ့ထိတဲ့နေရာရောင်သေးတယ်။ ခဲလည်း ကင်းသုံးကင်းတစ်ကင်းပြီးသလားသိချင်လို့ စမ်းသပ်တာပါ။

ထူးခြားမှုရှိတာ တွေ့ဖူးတယ်။ အရက်သမား၊ ဘိန်းစားတွေ မြွေစိမ်းကိုက်ရင် သာမန်လူနဲ့မတူဘူး။ ဖောရောင်ကိုင်းနေတာ။ လက်တွေ၊ ခြေထောက်တွေအက်ကွဲမတတ်ရောင်တယ်။ တစ်ခါက ဆင်းရဲသား အရက်သမား မြွေစိမ်းအကိုက်ခံရတယ်။ ညာဘက်လက်တစ်ချောင်းက အက်ကွဲလုမတတ်ရောင်နေတာ။ သူကမနေ့ကတည်းကအကိုက်ခံရတာ။ ပိုက်ဆံလည်းမရှိဘူးဆိုတော့ ကိုစိုးဆီမှာ အကူအညီတောင်းရှာတာ။ ကယ်ပေးရတယ်။ သုံးရက်နေတော့ ကျေးဇူးတင်ကြောင်းလာပြောရှာတယ်။

ယခု စာစုလေးအပေါ် စာဖတ်သူရဲ့အမြင်တွေရှိပါမယ်။ ကြွားဝါလိုစိတ်နဲ့ ရေးတာမဟုတ်ကြောင်း ဦးစွာမေတ္တာရပ်ပါတယ်နော်။

တစ်လောက စာရေးဆရာတစ်ယောက်မြွေကိုက်တာ သူ့အသက်မသေတဲ့အကြောင်းဖတ်ရတယ်။ အဲ - သူမှာမြွေကိုက်ခံရပြီးတဲ့နောက် ထုံတဲ့နေရာ၊ ကျဉ်နေတဲ့နေရာ၊ နာတဲ့နေရာတွေရှိတယ်။ ဒါအဆိပ်ကျန်နေတာ။ ဘွေးကအဆိပ်နဲ့ရောနေတာ။ လွယ်လွယ်လေးပါ။ မခက်ပါဘူး။

ကိုစိုး မြွေပွေးကိုက်တာ အသက် (၂၅) နှစ်၊ ယခု (၅၄)။ ခန္ဓာကိုယ်မှာ ပူတာ၊ ထုံတာ၊ ကျဉ်တာ တစ်နေရာမရှိအကောင်းအတိုင်းပါပဲ။ ဒီပညာနဲ့ နောက်ထပ်မြွေကိုက်သူနာ (၃) ဦးအကြောင်းဆက်ရေးရရင် ပြီးမှာမဟုတ်တော့ပါဘူး။ ကြုံမှဆက်ရေးပါမယ်။

မိမိရဲ့ သီလ၊ သစ္စာ မည်းရင်အဆိပ်နှိုင်ပါတယ်။ လောကီပညာကောင်းကောင်းသင်ယူထားရင် အဆိပ်နှိုင်ပါတယ်။ ယခုအဆိပ်နှိုင်ခဲ့ခြင်းဟာ သီလ၊ သစ္စာ၊ လောကီပညာတွေကြောင့်ဆိုတာမျက်မြင်ပါပဲ။

ကိုစိုးရဲ့စာလေးတွေ သူရဇ္ဈမဂ္ဂဇင်းကြီးကနေ ဆက်တိုက်ဖော်ပြပေးနေတဲ့အတွက် ကျေးဇူးအထူးတင်ရှိပါတယ်။ ယခုဆို အနယ်နယ်အရပ်ရပ်က ဖုန်းတွေလာပါတယ်။ အကူအညီတောင်းကြပါတယ်။ တတ်သလောက်အကျိုးဆောင်ပေးနေပါတယ်။

တချို့ကငွေကြေးများစွာကုန်ကျမှာကြို့တင်စိုးရိမ်နေကြပါမယ်။ ဒါကလည်း ခံထားရတဲ့သူကများလေတော့ အပြစ်မမြင်တတ်ပါဘူး။ ဖြစ်တတ်တဲ့သဘာဝ ပါ။

အဆိပ်ရှိတဲ့သတ္တဝါအကိုက်ခံရလို့ ခန္ဓာကိုယ်မသန့်သေးရင် ကူညီနိုင်ပါတယ်။ ပယောဂနဲ့ပတ်သက်လို့ သံသယမကင်းသေးရင် အကြံတောင်းပါ။ ငွေကြေးမပေးရဘဲ ကိုစိုးက မေတ္တာနဲ့ကူညီပေးပါမယ်။

သာသနာပြုဆုပန်ထားသူမို့ မိမိတတ်သလောက်ပညာလေးနဲ့ အသက်ကယ်ရတာပါ။ ကုသိုလ်ယူရင်း ကျေးဇူးဆပ်ဖြည့်နေပါတယ်။

စိုးမင်း(မြောက်မြည်း-ရွာသစ်)

www.burmeseclassic.com

www.burmeseclassic.com

သူရဇ္ဇမဂ္ဂဇင်းစာရေးသူနှင့်စာဖတ်သူများသို့ -

သူရဇ္ဇမဂ္ဂဇင်းရုံးခန်းနှင့်ဖြန့်ချိရာနေရာပြောင်းရွှေ့ခြင်း

သူရဇ္ဇမဂ္ဂဇင်းရုံးခန်းနှင့် ဖြန့်ချိရာနေရာအား ၁ ဇူလိုင်လ ၂၀၁၈ မှ စတင်၍

အမှတ်(၁၁၄)၊ စိန်ရတီလမ်း၊ ရတနာကျွန်းရိပ်သာ၊
(၄)ရပ်ကွက်၊ မြောက်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်မြို့

သို့ ပြောင်းရွှေ့မည် ဖြစ်ပါသည်။
စာမူကိစ္စများနှင့်ပတ်သက်၍
အထက်ဖော်ပြပါလိပ်စာ (သို့မဟုတ်)
သူရဇ္ဇမဂ္ဂဇင်း စာတိုက်သေတ္တာအမှတ် (၁၀၄၃) (သို့မဟုတ်)
အီးမေးလိပ်စာ thurizza2001@gmail.com
Viber ဖုန်း ၀၉- ၄၂၀၅၈၇၉၅၆ / ၀၉- ၇၆၉၁၃၄၄၂၀
သို့
ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း
အသိပေး အကြောင်းကြားအပ်ပါသည်။

စာမူခချီးမြှင့်ငွေများအား နယ်မှစာရေးသူများသို့ ယခင်အတိုင်း စာတိုက်ငွေပို့လွှာဖြင့် လည်းကောင်း၊ ရန်ကုန်စာရေးသူများအား ဖော်ပြပါလိပ်စာ (သို့မဟုတ်) Online Banking စနစ်ဖြင့် ဆက်သွယ် ဆောင်ရွက်နိုင်ပါကြောင်း။

စာတည်းချုပ်
ဦးအောင်မြတ်

www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျောက်ကျောစိုး

ပြကျော်

ကျောက်ကြီးကျောက်ကောင်းတို့သည် နတ်ပစ္စည်းဟု ရှေးလူတို့ဆိုကြ၏။ ကျောက်စစ်ကျောက်ကောင်းတို့ ပြုရံသာပြကာ မရသည်လည်းရှိကြသလို လက်ဝယ်ပိုင်ပိုင်ရရှိကြပါသော်လည်း အကျိုးခံစားခွင့် လုံးဝမရသူတို့လည်း များစွာရှိကြပါသည်။ ကျောက်ကြီးကျောက်ကောင်းတို့ဟူသည် လူနှင့် ကျောက်မတန်သောအခါ ထိုကျောက်သည် ပြကျောက်သက်သက်သာဖြစ်ရလေသည်။

ဘာသာတရားနှင့်ကြည့်ပါက ထိုလူတို့သည် အတိတ်ကံနည်းသူတို့ဟု ဆိုနိုင်ကောင်းပါသည်။ ကံအစွမ်းအစနည်း၍ ဆင်းရဲကံပါလာသူတို့အတွက်မူ ကျောက်ကြီးကျောက်ကောင်းတို့အား လက်ဝယ်ပိုင်ပိုင်ရရှိထားပါကလည်း ထိုကျောက်သည် ထိုလူအတွက် တန်ဖိုးမရှိဖြစ်လေ့ရှိတတ်ပါသည်။ ထိုကဲ့သူမှာ ကျောက်ကုန်သည်ဖြစ်တတ်ပါသည်။ ရလာသော တွင်းသမားမှာမူ ကုန်သည်အတွက် ကျောက်ရှာပေးရသော ကြားခံအလုပ်သမားသက်သက်သာဖြစ်လေ၏။ မိုးကုတ်၌ ထိုသာဓကတို့များစွာရှိကြပါသည်။

■ နတ်ပစ္စည်း

မိုးကုတ်ကျောက်မျက်ရတနာဖြစ်သည့် ကျောက်နီပတ္တမြားနှင့် ကျောက်ပြာပတ္တမြားတွေတို့သည် ကျောက်ကြီးကျောက်ကောင်းဖြစ်ပါက တန်ဖိုးကြီးမားသဖြင့် လူတိုင်းနှင့်မထိုက်ပေ။ ပတ္တမြားရတနာထိုက်ပါမှ အကျိုးခံစားခွင့်ရကြ၏။ မထိုက်ခဲ့ပါမူ ထိုပတ္တမြားသည် ထိုလူအတွက် ပြကျောက်သက်သက်သာဖြစ်ကာ အကျိုးခံစားခွင့်မရတတ်ပေ။

ကျောက်တူးသူတွင်းသမားတို့ဟူသည် ကျောက်၏ တန်ဖိုးအား နားလည်သူများမဟုတ်ကြပါ။ အောက်ကျောက် (ခေါ်)ထမင်းစားကျောက်တို့ကို နားလည်တတ်သော်လည်း အဆင့်မြင့် ကျောက်ကြီးများရသောအခါ ရမ်းတောင်းရမ်းရောင်းတို့သာများကြပါသည်။ ထိုအခါထိုကျောက်သည် ကုန်သည်အတွက်သာ ဖြစ်ရလေ၏။

မိမိတို့ရမ်းတောင်းရမ်းရောင်းလိုက်သောကျောက်၏တန်ဖိုးကား မိမိရောင်းပေးလိုက်သည်မှာ ပွဲခမျှပင်မရှိကြောင်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ပြန်လည်ကြားရသော် ကျောက်ပိုင်ရှင်သည် စိတ်မကောင်းခြင်းကြီးစွာဖြစ်နေရသည်တို့လည်း များစွာရှိကြပါသည်။ ထိုအခါကမှ ထိုကျောက်ကြီးသည် မိမိအားလွမ်းအောင်ပြုလုပ်သွားသောပြကျောက်မှန်းသိကြ၏။

ပြရုံပြလျက် ပွဲခမျှပင်မရဘဲ အလကားပေးလိုက်သကဲ့ ရောင်းလိုက်ရသောကျောက်မျိုးကားရှားပါသည်။ သို့သော် ထိုအဖြစ်မျိုးသည် ရှားရှားပါးပါးရှိခဲ့ဖူးပါသည်။

ကျွန်ုပ် ကျောက်ဖျာရွာလေးတွင် တွင်းထောင်ကာ ကျောက်တူးနေစဉ်ကာလကဖြစ်ပါသည်။ ထိုအဖြစ်ကို ကြားရသိရသောအခါတွင်မူ ကျောက်သည် နတ်ပစ္စည်းဖြစ်ကြောင်း ပိုမိုသဘောပေါက်ရလေ၏။

■ ရှမ်းတရုတ်ဦးစောမောင်

မိုးကုတ်မြို့ ဘီးတောင်ရပ်သည် ရှေးအခါက မိုင်းသာ (ခေါ်) ရှမ်းတရုတ်များစုဝေးနေထိုင်ရာအရပ် ဖြစ်သည်။ မိုင်းသာတရုတ်တို့သည် နက်ပြာရောင် အဝတ်များဝတ်လေ့ရှိကာ ရှေးလူတို့သည် ရိုးရာဝတ်စုံကိုဝတ်လေ့ရှိသော်လည်း ခေတ်လူငယ်တို့မှာမူ မဝတ်ကြပေ။

မိုင်းသာ (ခေါ်) ရှမ်းတရုတ်တို့သည် အများအားဖြင့် ဈေးရောင်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ဝက်သားရောင်း၏။ အမျိုးသမီးတို့က ဝက်ဝမ်းတွင်းသားရောင်းသည်။ မုန်ညင်းချဉ်၊ တို့ဟူးချဉ်၊ ပဲပင်ပဲပြား၊ မုန်ညင်းချဉ် စသည်ရောင်၏။ မုန်ညင်းပေါင်း၊ မှိုပေါင်း၊ တိုဟူးပျော့၊ တိုဟူးစသည်ရောင်း၏။လူငယ်တို့မှာမူ မိုးကုတ်ထုံးစံ တွင်းလုပ်ကြပါသည်။ မိုင်းသာတို့သည် တရုတ်မျိုးနွယ်များဖြစ်၍ ဖြူဖွေး၍ လှပကြ၏။

ကျောက်ဖျာရွာမှ ဦးစောမောင်မှာမူ မိုင်းသာရှမ်းတရုတ်မျိုးနွယ်မဟုတ်ပါ။ သူဖခင် တရုတ်သည် ကျောက်ပြဿဒ်သူရှမ်းမနှင့်အိမ်ထောင်ကျလျက် ဦးစောမောင်ကိုမွေးဖွားရာ ရှမ်းနှင့်တရုတ်သွေးရောနှောသဖြင့် ရှမ်းတရုတ်ဟု ခေါ်ဆိုခြင်းဖြစ်သည်။ ဦးစောမောင်သည် ရှမ်းနှင့်တရုတ်ရောနှောသဖြင့် ဖြူဖွေးသောအသားအရေကို ပိုင်ဆိုင်သော်လည်း ရုပ်ရည်ကမူ လှသည်ဟု မဆိုနိုင်ပေ။

ဦးစောမောင်သည် ကျောက်ဖျာရွာ၌နေထိုင်သော ကလေးတစ်ယောက်အမေ မုဆိုးမဒေါ်အေးနှင့် အိမ်ထောင်ကျပါသည်။ ဒေါ်အေးသည် မိုးကုတ်ဇာတိမဟုတ်ပါ။ ကျောက်ဖျာသား

www.burmeseclassic.com

www.burmeseclassic.com

ဦးမောင်ရွှေသည် ဇော်တိရှမ်းမျိုးနွယ် ဒေါ်အေးကို ရှမ်းပြည်နယ်ဘက်သွားလည်ရာမှ ရယူခဲ့ခြင်းဖြစ်ပြီး သားဦးလေး မောင်ဘိုက်လှံကို မွေးဖွားအပြီး ဆုံးပါးသွားခဲ့ခြင်းဖြစ်၏။ သားတစ်ယောက် အမေမုဆိုးမ ဒေါ်အေးသည် ဦးစောမောင်နှင့်အိမ်ထောင်ကျပြီးသော် သားတစ်ယောက်၊ သမီးနှစ်ယောက် ထပ်မံမွေးဖွားပါသည်။

ဦးစောမောင်-ဒေါ်အေးမိသားစုသည် ရွာလယ်ရေကန်၏ အနောက်ဘက်တွင် အိမ်မြင့်မြင့်ဖြင့်နေထိုင်ကြပါသည်။ အိမ်အသင့်အတင့်ကောင်းမွန်သော်လည်း စီးပွားရေးအနေနှင့်မူ ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်ဟူဘိသို့ ဖြစ်ပါသည်။ ဦးစောမောင်က တွင်းလုပ်၏။ ဒေါ်အေးက ကနယ်ဆေး၏။ အကြီးဆုံး ဘိုက်လှံမှာ မိုးကုတ်မြို့မှ လီဆူးသူတစ်ဦးနှင့် အိမ်ထောင်ကျကာ မိုးကုတ်၌နေ၏။ သမီးနှစ်ယောက်မှာ အရွယ်ငယ်သေးသော်လည်း ကနယ်ဆေးထွက်ကြ၏။ သို့သော် ရတနာရှာရသောအလုပ်သည် ကံကိုယုံ၍ ပုံပြီးလုပ်ကြရသောအလုပ်ဖြစ်ရာ အတိတ်ကံနည်းသော ငါးကျပ်၊ တစ်ဆယ်မျှပင်ရရန် လွယ်ကူသောအလုပ်မဟုတ်ပေ။

အိမ်ထောင်တစ်ခုတွင် ယောကျ်ားတွင်းလုပ်သော် မိန်းမဖြစ်သူက ဟုတ်ဟုတ်ခြားခြား ကျောက်ရောင်း ကျောက်ဝယ်လုပ်နိုပ်ပါမှ အဆင်ပြေကြ၏။

လင်ရော မယားပါ ကျောက်ရှာဖွေခြင်းလုပ်ငန်းဖြင့် ရပ်တည်ပါက စားဝတ်ကိစ္စ လွန်စွာပင် ဒုက္ခရောက်တတ်ကြလေ၏။ ကံအစွမ်းအစပါခဲ့သူတို့အနေနှင့်မူ သွားလေရာ ကျောက်ရှိသဖြင့် ခက်ခဲခြင်းမရှိတတ်ပေ။ သို့သော် ထိုသို့သောကံအောင်သူဟူသည် လွန်စွာပင်ရှားပါးလေ၏။

■ **တွင်းသားမမွေးနိုင်ခဲ့သော်**

စားရေးအတွက်ခက်ခဲသူတို့အနေနှင့် သို့တည်းမဟုတ် စီးပွားရေးမပြေလည်သူတို့အနေနှင့် တွင်းသားမွေးမြူနိုင်ရန်မလွယ်ကူပါ။ တွင်းသားမွေးပါက ထိုတွင်းသား၏စားဝတ်နေရေးကို ပေါလဲမှဖြေရှင်းပေးရပါသည်။ သို့အတွက် တွင်းသား (ခေါ်) အလုပ်သမားမွေးမြူရသည်မှာလည်း လွယ်ကူသည်တော့ မဟုတ်ပေ။

အိုက်လှံလူပျိုတက်စ၌ ဦးစောမောင်သည် သူ၏သားအိုက်လှံကူညီနေသည့်အတွက် တွင်းလုပ်ဖော်ရှိသော်လည်း အိုက်လှံအိမ်ထောင်ကျသွားသောအခါ အဖော်မရှိတော့ပါ။ သို့အတွက် တွင်းလုပ်ရာ၌ တစ်ယောက်တည်းသာ

သူရဇ္ဇမဂ္ဂဇင်း
၂၀၁၁ခုနှစ်၊ ဩဂုတ်လ အတွဲ(၁၀)အမှတ်(၈)

www.burmeseclassic.com

www.burmeseclassic.com

တောင်တွန်းလျှို့ရပ်ကွက်သည် ချောင်းတစ်လျှောက်သာဖြစ်ရာ လုပ်ကွက်ကျဉ်းမြောင်းပါသည်။ ရှေးအစဉ်အဆက် လုပ်ခဲ့သောလုပ်ကွက်ဖြစ်ရာ ဘယ်နေရာကြည့်ကြည့် အဟောင်းချည်းသာဖြစ်သည်။ ထို့အဟောင်းတို့ကို အပြန်ပြန် အထပ်ထပ် ခေတ်အဆက်ဆက် မျှောတိုက်ကြခြင်းဖြစ်ရာ ကျောက်အလွန်ပါးရှားသောလုပ်ကွက်ဖြစ်သည်။ ထို့ကြောင့် ထိုလုပ်ကွက်၌ အခြေချလုပ်ကိုင်သူတို့သည် ထမင်းစားကျောက်သော်မှ ရရန်မလွယ်ကူတတ်ပေ။

ကျောက်ဖျာမှ ကိုလေရင်ပြောတတ်သောစကားကို သတိရမိတတ်၏။

"ဒီလုပ်ကွက်ကတော့ ဖြူန်းဆိုတာ ဘုရားချွေးထက်ရှားပါတယ်ဗျာ"

ဟူသောစကား ဖြစ်သည်။

အမှန်လည်း တောင်တွန်းလျှို ဖြူန်းမြေဟူသည် တွေ့ရန်မြင်ရန် လုံးဝမလွယ်ကူပါ။ ကျောက်ဟူသည် ဖြူန်းမြေထဲတွင်နေလေ့ရှိရာ ဖြူန်းစစ်စစ်ဆေးရပါက အနည်းနှင့်အများပါတတ်ပါသည်။ သူများပစ်ထားသောအဟောင်းထဲကမှ သူများမြင်၍ပါသွားပါမှ ကျောက်ကျန်ရစ်သဖြင့် ရရန်ခဲယဉ်းလှချေ၏။

ကံကျောက်တည်းဟူသောကျောက်ကြီးကျောက်ကောင်းတို့မှာမူ ထိုလူကံထိုက်လာသောတစ်နေ့ နတ်က ထိုလူမမြင်မြင်အောင်၊ မရရအောင်ထည့်ပေးထားတတ်ရာ ထိုအခါ အလွယ်တကူ ကျောက်ကြီးကျောက်ကောင်းရတတ်၏။ ထိုကျောက်အား မမြင်မြင်အောင်ထည့်ပေးသဖြင့် ပြကျောက်ဟု ဆိုကြ၏။

ကျောက်ကြီးကျောက်ကောင်းလက်ဝယ်ပိုင်ပိုင်ရရှိခဲ့ပါသော်လည်း ထိုလူနှင့်မထိုက်သော် ထိုကျောက်သည် ထိုလူအတွက် ပြကျောက်သာဖြစ်တတ်လေ၏။ သာဓကများစွာအနက်မှ သာဓကတစ်ခုအဖြစ် ဦးစောမောင်ကို တင်ပြပါမည်။

■ ကျောက်ကြီးကျောက်ကောင်းရပြီ

လေးပင်၊ ကိုးပင်၊ ဖောက်တွင်း၊ အင်းပြုတို့၌ လူအုပ်စုနှင့်လုပ်မှ အဆင်ပြေလေ၏။ မျှောတွင်းမှာမူ တစ်နှိုင်တစ်ပိုင်တိမ်သောလုပ်ကွက်တို့၌တစ်ယောက်တည်းလုပ်၍ရလေ၏။

ဦးစောမောင်သည် တောင်တွန်းလျှို လုပ်ကွက်၌ ကုန်းစောင်းကမ်းသာအတိမ်တောတွင် တစ်ယောက်တည်း မျှောတွင်းလုပ်လျက်ရှိပါသည်။

တောင်တွန်းလျှို့ရပ်ကွက်သည် ချောင်းတစ်လျှောက်သာဖြစ်ရာ လုပ်ကွက်ကျဉ်းမြောင်းပါသည်။ ရှေးအစဉ်အဆက် လုပ်ခဲ့သောလုပ်ကွက်ဖြစ်ရာ ဘယ်နေရာကြည့်ကြည့် အဟောင်းချည်းသာဖြစ်သည်။ ထို့အဟောင်းတို့ကို အပြန်ပြန် အထပ်ထပ် ခေတ်အဆက်ဆက် မျှောတိုက်ကြခြင်းဖြစ်ရာ ကျောက်အလွန်ပါးရှားသောလုပ်ကွက်ဖြစ်သည်။ ထို့ကြောင့် ထိုလုပ်ကွက်၌ အခြေချလုပ်ကိုင်သူတို့သည် ထမင်းစားကျောက်သော်မှ ရရန်မလွယ်ကူတတ်ပေ။

ကျောက်ဖျာမှ ကိုလေရင်ပြောတတ်သောစကားကို သတိရမိတတ်၏။

"ဒီလုပ်ကွက်ကတော့ ဖြူန်းဆိုတာ ဘုရားချွေးထက်ရှားပါတယ်ဗျာ"

ဟူသောစကား ဖြစ်သည်။

အမှန်လည်း တောင်တွန်းလျှို ဖြူန်းမြေဟူသည် တွေ့ရန်မြင်ရန် လုံးဝမလွယ်ကူပါ။ ကျောက်ဟူသည် ဖြူန်းမြေထဲတွင်နေလေ့ရှိရာ ဖြူန်းစစ်စစ်ဆေးရပါက အနည်းနှင့်အများပါတတ်ပါသည်။ သူများပစ်ထားသောအဟောင်းထဲကမှ သူများမြင်၍ပါသွားပါမှ ကျောက်ကျန်ရစ်သဖြင့် ရရန်ခဲယဉ်းလှချေ၏။

ကံကျောက်တည်းဟူသောကျောက်ကြီးကျောက်ကောင်းတို့မှာမူ ထိုလူကံထိုက်လာသောတစ်နေ့ နတ်က ထိုလူမမြင်မြင်အောင်၊ မရရအောင်ထည့်ပေးထားတတ်ရာ ထိုအခါ အလွယ်တကူ ကျောက်ကြီးကျောက်ကောင်းရတတ်၏။ ထိုကျောက်အား မမြင်မြင်အောင်ထည့်ပေးသဖြင့် ပြကျောက်ဟု ဆိုကြ၏။

ကျောက်ကြီးကျောက်ကောင်းလက်ဝယ်ပိုင်ပိုင်ရရှိခဲ့ပါသော်လည်း ထိုလူနှင့်မထိုက်သော် ထိုကျောက်သည် ထိုလူအတွက် ပြကျောက်သာဖြစ်တတ်လေ၏။ သာဓကများစွာအနက်မှ သာဓကတစ်ခုအဖြစ် ဦးစောမောင်ကို တင်ပြပါမည်။

■ ကျောက်ကြီးကျောက်ကောင်းရပြီ

လေးပင်၊ ကိုးပင်၊ ဖောက်တွင်း၊ အင်းပြုတို့၌ လူအုပ်စုနှင့်လုပ်မှ အဆင်ပြေလေ၏။ မျှောတွင်းမှာမူ တစ်နှိုင်တစ်ပိုင်တိမ်သောလုပ်ကွက်တို့၌တစ်ယောက်တည်းလုပ်၍ရလေ၏။

ဦးစောမောင်သည် တောင်တွန်းလျှို လုပ်ကွက်၌ ကုန်းစောင်းကမ်းသာအတိမ်တောတွင် တစ်ယောက်တည်း မျှောတွင်းလုပ်လျက်ရှိပါသည်။

လုပ်ရလေ့ရှိပြီး တွင်းဆေးသောနေ့ဖြစ်သည့် ဈေးအဖိတ်နေ့တွင်မူ အိမ်သူသက်ထား ဒေါ်အေးကို အကူအညီခေါ်ရတတ်ပါသည်။

တောရွာတို့၏မလေ့သည် ဈေးအဖိတ်နေ့၌ တွင်းဆေးကာ ညနေပိုင်းကျောက်ရောင်း၍သောငွေနှင့် ဈေးသွားဝယ်သောအလေ့ရှိကြလေ၏။ ထိုသို့ဈေးသွားဝယ်ရန် အနည်းငယ်မျှရသောကျောက်ကို ထမင်းစားကျောက်ဟုဆိုကြလေ၏။ ကံအလျှဉ်းမသင့်သော် ထိုထမင်းစားကျောက်ပင် ရရန်မလွယ်ကူပါ။ ထိုအခါ မရှိမဖြစ်သော ငါးရက်စာဈေးဝယ်ရန်အတွက် ချေးရငှားရပါတော့သည်။ ကျေးလက်များ၌ ဆန်ကို အိတ်လိုက်ဝယ်သောအလေ့ရှိသဖြင့် ဆန်အိတ်ကုန်လုနီးပါက ရှိသောအိမ်တို့မှာ မထောင်းတာလှသော်လည်း မရှိသောအိမ်တို့မှာမူ ဆန်အိတ်တစ်အိတ်ဝယ်ယူရန် ပူပင်သောကဖြစ်ကြရပါသည်။ ချမ်းသာသောအိမ်တို့မှာ ဆန်ကို တစ်မိုးစာ၊ တစ်ဆောင်းစာ၊ တစ်နွေစာဝယ်၍သိုလှောင်နိုင်ကြသော်လည်း မရှိသူတို့မှာ ဆန်တစ်အိတ်ပြီးတစ်အိတ် အလျင်မီရန် မနည်းကြိုးစားကြရပါသည်။

'လုပ်ရင်းထမင်းငတ်သည်'ဆိုသောစကားသည် အခြားဒေသ၌ မရှိနိုင်ပါ။ မိုးကုတ်မြေ၏ပတ္တမြားရှာဖွေသောအလုပ်ကား မြေကြီးထဲမှရတနာကို ကံကိုယုံ၍ပုံအပ်ကား တူးဖော်ကြရသဖြင့် အတိတ်ဘဝ၊ပစ္စုပ္ပန်ဘဝပြုကြသောကံအလျောက် အကျိုးပေးမှ အကြောင်းထင်တတ်ရာ အတိတ်ကံနည်းသူတို့သည် အောက်ကျောက်ပင် အလွန်ခက်ခဲတတ်လေ၏။ သို့အတွက် ကျောက်တွင်းအလုပ်ကား ကြောက်စရာအလွန်ကောင်း၏ဟု ဆိုရိုးပြုကြပါသည်။

ထို့ပြင် အရွယ်သုံးပါးပိုင်း၍ပြုခဲ့သောစေတနာကံသည် ပုဗ္ဗစေတနာ အကျိုးပေးက ပထမအရွယ်၌ အကျိုးပေး၏။ မုဉ္စစေတနာအကျိုးပေးပါက ဒုတိယအရွယ်၌ အကျိုးပေး၏။ ပရစေတနာအကျိုးပေးပါက တတိယအရွယ်၌ အကျိုးပေးတတ်၏။ စေတနာသုံးတန်ပြည့်စုံခဲ့ပါမူ မွေးကတည်းက သေသည်အထိအကျိုးပေးကာ ချမ်းချမ်းသာသာဖြစ်တတ်ပါသည်။ ထိုစေတနာသုံးတန်၏ပိုင်းဆစ်မှုတို့အား မိုးကုတ်၌ အထင်အရှားမြင်တွေ့ရလေ့ရှိသည်။ ယနေ့မဲ့နေသော်လည်း နက်ဖြန် ကျောက်ကြီးကျောက်ကောင်းရကာ ထ၍ချမ်းသာနေတတ်၏။ မိုးကုတ်ကား လူတစ်ဦးကို တစ်သမတ်တည်းတွက်၍မရစေကောင်းပါ။ စေတနာသုံးတန်ပေါ်မူတည်၍ အကျိုးပေးခြင်း ဖြစ်သည်။

ကျွန်ုပ်သည်ကား ပထမအရွယ်၌ အတော်ကလေးအဆင်ပြေ၏။ ဒုတိယအရွယ်၌မူ အတော်လေးအဆင်မပြေဖြစ်ကာ တွင်းသားတစ်သိုက်နှင့် ဘယ်မှာသွားလုပ်လုပ် တစ်နှစ်လုံး ငါးကျပ်ပင် မဝင်သောနှစ်တို့ရှိခဲ့ဖူးပါသည်။ ဆွေမျိုးမရှိသော ကျောက်ဖျာ၌ ကိုကျော်တင်-မခင်စန်းလှိုင်၊ ကိုဘစိုး-မတင်ကြည်တည်းဟူသောမိတ်ကောင်းဆွေကောင်းတို့ရှိ၍ သာတော်တော့၏။ ကိုကျော်တင့်တို့က နေစရာပေး၏။ ကိုဘစိုး-မတင်ကြည်တို့က စားစရာပေး၏။ ထို့ကြောင့် ကျောက်ဖျာတွင် နှစ်ပေါင်း(၃၀)တိုင်တိုင် နေနိုင်ခြင်း ဖြစ်ပေ၏။ (ဤကား စကားချပ်ဖြစ်၏။)

■ တောင်တွန်းလျှို

တောင်တွန်းလျှိုချောင်းသည်ကား ဆင်ခွာရွာခြေမှ ချောင်းဖျားခံကာ ကျောက်ပြဿဒ်ရွာအရှေ့ဘက်ကပ်လျက် စီးဆင်းပြီး ကျောက်ဖျာရွာ၏အရှေ့ဘက်၌ ကျောက်ဖျာချောင်းရိုး၌လာ၍ပေါင်း၏။ မျှောတိုက်ခြင်းတည်းဟူသော မျှောတွင်းတို့သည် ရေကိုအမှီပြု၍ လုပ်ကိုင်ကြရရာ တောင်တွန်းလျှိုတစ်လျှောက်၌လည်း မျှောတွင်းတို့ အဆင့်ဆင့်လုပ်ကိုင်ကြပါသည်။

တောင်တွန်းလျှိုဟူသောအမည်သည် ကျောက်ဖျာရွာကားလမ်း၏ အောက်ဘက်တစ်ခွင်ကိုခေါ်ခြင်းဖြစ်ပြီး တောင်ကမ်းပါးများအတွန်းကြမ်းသဖြင့် တောင်တွန်းလျှိုဟုခေါ်ခြင်း ဖြစ်၏။ ကျောက်ပြဿဒ်ရွာ၏ အရှေ့ဘက်၌မူ ကျောက်ပြဿဒ်ချောင်းရိုးဟုခေါ်ကြ၏။

ချောင်းတစ်ချောင်းတည်းကိုပင် ရေအေးရွာဝန်းကျင်၌ ရေအေးချောင်းရိုးဟု ခေါ်၏။ ကျောက်ဖျာဝန်းကျင်၌ ကျောက်ဖျာချောင်းရိုးဟုခေါ်ပြီး ငွေးပင်ရွာဝန်းကျင်၌ ငွေးပင်ချောင်းရိုးဟုခေါ်ပြန်ပါသည်။ ထို့အတူ သစ်ဆိမ့်ကုန်းရွာရောက်ပြန်တော့လည်း သစ်ဆိမ့်ကုန်းချောင်းရိုးဟုခေါ်ကြပြန်ရာ ထိုချောင်း၌ အမည်တစ်သမတ်တည်းမရှိပေ။ ထိုချောင်းသည် ကင်းရောက်သော် ကင်းချောင်းဖြစ်သွားပြန်ရာ ချောင်းတစ်ချောင်းတည်းနှင့် အမည်နာမအမျိုးမျိုးရ၏။ ဆန်းပေစွ။

www.burmeseclassic.com

www.burmeseclassic.com

တောင်တွန်းလျှိုကား မစားရ အလျှင်း၊ စားရဆီထမင်းဟူဘိသို့ ကျောက်ရရန်ခဲယဉ်းသော်လည်း ရခဲ့သော် ရာဇဝင်စာတင်လောက်သော ကျောက်ကြီးကျောက်ကောင်းတို့ ရတတ်လေ၏။ ထွက်ခဲ့ဖူးသမျှကျောက်တို့သည် အနီဖြစ်စေ၊ အပြာဖြစ်စေ အရွယ်၊ အရည်၊ အသား၊ ပုံစံပြောစရာမလိုအောင် ပြည့်စုံတတ်လေ၏။ နီလာကြီးများဆိုပါက ပိန္နဲစေ့အရွယ်နှင့် ၎င်းအထက်ထွက်လေ့ရှိရာရာပါက ချမ်းသာသွားတတ်ကြပါသည်။

"မအေးရေ၊ ငါ ဒီနေ့ တွင်းဆေးမှာ၊ အဲဒါ ငါ့ကိုလိုက်ကူပါဦး"

ဟုပြောသော် စကားအလွန်နည်းသောဒေါ်အေးက ခေါင်းညိတ်ပြလေ၏။ ဟုတ်ကဲ့ ဟူသော စကားမျှပင်မဆိုပါ။ ထိုမျှစကားနည်းလေ၏။ ဆေးလိပ်တဖွာဖွားသောက်ကာ သူ့ဟာသူနေတတ်သောအကျင့်သည် ပုံစံသေ၍နေလေ၏။ စကားများက အမှားဟိတတ်သဖြင့် ဇာတိရှမ်းမျိုးဖြစ်သော ဒေါ်အေးသည် ဘယ်သူနှင့်မှ စကားဖက်၍ပြောလေ့မရှိပါ။ ဤသည်မှာ နာမည်နှင့်လိုက်ဖက်သော သူ့စရိုက်ဖြစ်လေ၏။

ဒေသခံတို့သည် ရှမ်းများဖြစ်ကြသော်လည်း ကျောက်ဖျာတွင် ရှမ်းစာတတ်သူဦးမြင့်နှင့်ဒေါ်အေးတို့နှစ်ယောက်သာရှိပါသည်။ ကျန်လူတို့မှာ ရှမ်းစကားပြောနေကြသော်လည်း ရှမ်းစာမတတ်ကြပါ။ ဤသည်မှာ ဤရွာတွင် ရှမ်းဘုန်းတော်ကြီး ကျောင်းမထိုင်၍ ဖြစ်သည်။ အစဉ်အလာအားဖြင့် ပလောင်နှင့်ဗမာဘုန်းတော်ကြီးတို့သာ ကျောင်းထိုင်ခဲ့ပါသည်။ သို့အတွက် ရှမ်းစာမသင်ရခြင်းဖြစ်၏။

တွင်းဆေးသောနေ့သည် အလွန်ကြီးပင်ပန်းသည်ဟုမဆိုသာသော်လည်း အလုပ်အလွန်ရှုပ်လေ၏။ သဲရွှဲသွားအောင် ရေအလောတော်ချ၍ မြောင်းမြီးအစအဆုံးလှန်ရ၏။ ပြီးလျှင် သဲဆွဲချ၍ဆေးရ၏။ စလုတ်တွင်ထိုင်ကာ ဆန်ခါခေါက်၍ ကျောက်ဖြူန်းများ စောကူထဲထည့်ရ၏။ စောကူထဲ၌ ကျောက်ပါမပါလှန်လှောရှာဖွေရ၏။ စောကူပြည့်သော် ပစ်စာများပစ်သောနေရာ၌သွားသွန်ရ၏။ စလုတ်ကို အထပ်ထပ်အခါခါ၍သွန်ရ၏။ စလုတ်ကို အထပ်ထပ်အခါခါပင် ဆန်ခါထိုး၍ လောက်စာလုံးခန့် ကျောက်ဖြူန်းတို့ကို သန့်စင်ရ၏။ ပြီးလျှင် သဲစစ်များကျန်စေရန် မုန်တို့ကိုပေါက်ပြားဖြင့်ဆွဲလှန်ကာ ခြေဖြင့်ခတ်၍ သဲထိန်းပြီး မုန်ထုတ်ရ၏။ သဲစစ်ချည်းကျန်မှ စောကူထဲသို့ သဲပက်ထည့်ရ၏။ တစ်ခါပက်သော် တစ်ခါကြည့်ရ၏။ ကြည့်ခြင်းဖြင့် ကျောက်တွေ့သော် ထောင်ထားသော ဝါးပေါက်ထဲသို့တောက်ထည့်ရ၏။ သဲကျူးပြီးသော် သဲဖတ်ခုံ၌သွားပုံရ၏။

ထိုသို့ တစ်စလုတ်ပြီးတစ်စလုတ် သဲ မကုန်မချင်းဆေးရပါသည်။ မြောင်းထဲ၌ သဲတစ်စေ့မှမကျန်အောင် ရေကို ခြေဆောင့်ကာ ခြေထောက်ဖြင့်လှဲချရ၏။ ထို့အတူပင် စလုတ်ထဲ၌လည်း သဲတစ်စေ့မှမကျန်အောင် ကျူးရပါသည်။ ထိုကျန်နေသောသဲစေ့သည် ပတ္တမြားဖြစ်နေခဲ့သော်ဟူသောအတွေးက တွင်းသမားတိုင်း၌ရှိ၏။ အမှန်တကယ်လည်း နောက်ဆုံးသဲတစ်စေ့သည် ပတ္တမြားဖြစ်နေတတ်သည်ကို တွင်းသမားဖြစ်သော ကျွန်ုပ်တို့ များစွာကြုံဖူးပါသည်။

တွင်းလုပ်ခြင်းဟူသည် အနည်းဆုံး နှစ်ဦး၊ သုံးဦးလုပ်ပါမှ တော်ရုံကျ၍ တွင်ကျယ်ပါသည်။ တစ်ဦးတည်းလုပ်ပါက မတွင်ကျယ်ပါ။ သို့သော် လက်တွဲဖော်မရှိခြင်း၊ သားထောက်သမီးခံမရှိခြင်း၊ တွင်းသားမမွေးနိုင်ခြင်း၊ အမျှားနှင့်မတည့်ခြင်း၊ တစ်ယောက်တည်းရယူမယ်ဟူသောစိတ်မာတ်မွေးခြင်း၊ ကျောက်ခိုးတတ်ခြင်းကြောင့်၊ ပတ်ဝန်းကျင်မှမတွဲခြင်း၊ တစ်ယောက်တည်း စိတ်အေးချမ်းသာ လွတ်လွတ်လပ်လပ်လုပ်ကိုင်လိုခြင်း စသောအကြောင်းတို့ကြောင့် တစ်ယောက်တည်းလုပ်ကိုင်ကြရခြင်းဖြစ်သည်။

သို့ကြောင့် တစ်ယောက်တည်းလုပ်ကိုင်နေသော ဦးစောမောင်သည် တွင်းဆေးသောနေ့များ၌ ဇနီးဒေါ်အေးကိုခေါ်ရခြင်း ဖြစ်သည်။ နှစ်ယောက်သား တကုပ်ကုပ်နှင့်ဆေးနေကြသည်မှာ တစ်ဦးနှင့်တစ်ဦးစကားတစ်လုံးသော်မှမပြောဖြစ်ကြပါ။ ဒေသအလုပ်ဖြစ်၍ အားလုံးသိထားနားလည်ပြီးသားဖြစ်ကာ ကိုယ်ဘာလုပ်ရမည်ဆိုသည်ကို ပြောစရာလုံးဝမလိုပေ။ စက်ရုပ်များသဖွယ် ပုံမှန်လည်ပတ်လျက်ရှိ၏။

သဲပေါ်များကုန်သွားပေပြီ။နောက်ဆုံးကျန်သောသဲတို့သည် သဲလေးများဖြစ်ကာ ကျောက်စစ်ကျောက်ကောင်းတို့သည် ဘယ်မှမရွေ့လျောဘဲ သဲစစ်ထဲ၌နေလေ့ရှိ၏။ ထို့ကြောင့် နောက်ဆုံးသောသဲတို့ချပြီးတိုင်း ဆန်ခါကို ရေထဲမှဖော်ကာ ပြူးပြဲ၍ကြည့်တတ်ကြ၏။ ပြီးလျှင် အကြိမ်ကြိမ်လှည့်ပတ်ခေါက်ကာ ကျောက်ပါမပါကြည့်ရပြန်၏။ ထိုသို့လှည့်ပတ်ခေါက်နေစဉ် ရဲခနဲပေါ်လာသဖြင့် 'ဟာ' ဟူသောအသံနှင့်အတူ လျင်မြန်စွာကောက်၍ ပါးစပ်ထဲထည့်လိုက်လေ၏။ ပြီးလျှင် ပါးစောင့်၌ငုံထားလိုက်၏။

ဦးစောမောင်က အပြုံးများဝေဆာလျက် ဒေါ်အေးကို မော့ကြည့်လေ၏။ ဒေါ်အေးကား ခပ်တည်တည်ပင်ဖြစ်သည်။ ဝမ်းသာရီပန်းနည်းမှမပြပေ။ ထို့ကြောင့် မနေနိုင်သော ဦးစောမောင်ကပြော၏။

"မအေး ငါတို့ပွဲပြီဟဲ့"

"မြင်သားပဲ၊ ကျုပ်သဲချကတည်းကမြင်လိုက်တယ်"

"ဒါမျှားဟာပြောတော့မပြောဘူး"

ဒေါ်အေးဆိုသည့်အတိုင်း အေးချက်မှာ လက်လန်လောက်ပါသည်။ သူ့မျက်နှာတွင် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း အလျှင်းမပြပါ။ ဆင်းရဲခြင်းဟူသည် သူ၏အဖော်ဖြစ်နေရာ ထူး၍ဝမ်းနည်းနေ ခြင်းမရှိသလို ချမ်းသာခြင်းအတွက်လည်း ဝမ်းမြောက်ဝမ်းသာမခံစားပါ။ ရှိတာလေးနှင့်ရောင့်ရဲကာ အေးအေးလူလူနေတတ်သူဖြစ်သည်။ ငယ်စဉ်မှစ၍ ဘာသာကို ကိုင်းရှိုင်းအောင်၊ ဗုဒ္ဓ၏တရားများနှင့်နေထိုင်တတ်အောင် မိဘဇာတိရှမ်းများက ပုံစံသွင်းထားပြီးဖြစ်သည်။ ကျောက်ဖျာ၌ ဇာတိရှမ်းမျိုးနွယ်သူတစ်ယောက်သာရှိသည်။ ဇာတိရှမ်းတို့သည် ဘာသာတရား၌စံထားလောက်သောလူမျိုးဖြစ်သည်။ အလွန်ပင် ယဉ်ကျေးသိမ်မွေ့ကာ အေးအေးလူလူနေတတ်ကြလေ၏။

သဲကျူး၍ပြီးသည်နှင့် ဦးစောမောင်သည် ကျောက်ပေါက်ကို စလုတ်ဦးမှနုတ်ယူကာ သဲဖတ်ပုံကြီးအလယ်၌စိုက်လိုက်ကာ ပါးစပ်ထဲမှကျောက်ကိုထွေးထုတ်၍ကြည့်လိုက်ပါသည်။ ကျောက်ကား နေပဒ္ဓာအောက်၌ ရဲရဲတောက်ကာ အလွန်ပင်လှပါသည်။ ပြီးနောက် နေပဒ္ဓာနှင့် ထောင်ကြည့်လိုက်ပြန်၏။ ဖန်သားမှန်သားအပြစ်ဟူ၍ မြူမျှပင်မရှိဘဲ ရှင်းလင်း၍နေပါသည်။ အရွယ်မှာ (၁၀) ကာရက်ကျော်ကျော်ရှိပြီး ပေါက်စီပုံဖြစ်ရာ အရွယ်၊ အရည်၊ အသား၊ ပုံစံဘာမှပြောစရာမလိုအောင် ပြီးပြည့်စုံသော ဇကျောက်ကြီးကျောက်ကောင်းဖြစ်ပါသည်။

"လှလိုက်တာဟာ၊ ဘာမှကိုပြောစရာမရှိဘူး။ ကြည့်စမ်းပါဦး မအေးရာ"

ဟု ပြောပြီး ဒေါ်အေးလက်ထဲထည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်အေးသည် တာဝန်ဝတ္တရား အရ ခေတ္တထောင်ကြည့်ကာ ဦးစောမောင် လက်ထဲပြန်ထည့်လိုက်ပါသည်။ ဦးစော မောင်က ပလတ်စတစ်လေးနှင့် တရိုတ သေထုပ်ကာ အိတ်ကပ်ထဲထည့်ပြီး သေချာမှု ရှိ၊ မရှိပြန်စမ်းကြည့်ပါသည်။ လက်ထဲငြိခနဲနေမှ ကျေနပ်ပြီး သဲဖတ် ပုံကြီးမှ သဲဖတ်တို့ကို စတင်ရွေးပါသည်။ ဝါးလက်ခတ်ကိုယ်စီဖြင့် ဖြည်းဖြည်းချင်း အသေအချာကြည့်၍ ကျောက်ကိုရွေး ယူရပါသည်။ ရသမျှသောကျောက်တို့ ကို ကျောက်ဝါးပေါက်ထဲကောက်ထည့် ကြရ၏။

■ မိုးကုတ်မြို့မှကုန်သည်ကြီးများ

မိုးကုတ်မြို့မှ နာမည်ကြီးကျောက် ကုန်သည်ကြီးများသည် အိမ်မှသာစောင့် ၍ဝယ်ကြပါသည်။ မြို့ပြမှ ကျေးလက် သို့ လှည့်လည်ဝယ်ကြသော ကုန်သည် ကြီးများနှင့် ကျေးလက်မှကုန်သည်ကြီး အသီးသီးတို့သည် ထိုကုန်သည်ကြီးများ ထံတွင်ရောင်းကြသလို ကျေးလက်မှ ကျောက်ကြီးရကြသောတွင်းသမားတို့က လည်း ထိုကုန်သည်ကြီးများထံတိုက်ရိုက် လာရောက်ရောင်းချသည်တို့ရှိကြသည်။ သို့ကြောင့်လည်း ထိုဝယ်လက်ကျောက် ကုန်သည်ကြီးများကို မိုးကုတ်တစ်မြို့နယ် လုံးရှိလူတို့ကသိနေကြသလို ဘယ်မှာ နေသည်ဟူသည်ကအစ တစ်ယောက် စတားတစ်ယောက်နားဖြင့်သိနေကြပါ သည်။ မိုးကုတ်မြို့ဟူသည် အလွန်ကြီး ကျယ်ဝန်းသောမြို့မဟုတ်ပေ။

ထိုခေတ်ထိုအခါသည် တော်လှန် ရေးအစိုးရလက်ထက်ဖြစ်ရာ ကျောက် တွင်းမှောင်ခိုလုပ်ကိုင်ရသောခေတ်သဖြင့် အိမ်တစ်အိမ်မှ ကျောက်ရခဲ့သော် သတင်းမပေါက်ကြားရန် လွန်စွာအရေး ကြီးသောခေတ် ဖြစ်လေ၏။ သတင်း ပေါက်ကြားခဲ့သော် ကျောက်အသိမ်းခံရ ခြင်း၊ ထောင်ကျခြင်းတို့ဖြစ်နိုင်၍ဖြစ် သည်။ သို့ကြောင့် ကျောက်ကြီးရထား သော ဦးစောမောင်သည် ရွာဦးလာဝယ် လေ့ရှိသောလက်ကြီးကျောက်ကုန်သည် တို့အားမပြရဲပေ။ တိုးတိတ်စွာ မိုးကုတ်ရှိ ဝယ်လက်ကြီးများထံသွားပြ၍ရောင်းမည် ဟု စိတ်ကူးကာ တိုင်၏သံဝတ်ဦချိတ် ထားသော မီးဦးရောင်ကျာကင်ခပ်နွမ်းနွမ်း ကို ကောက်ဝတ်ကာ ကျောက်ကြီးအား အတွင်းအိတ်၌ အသေအချာထည့်ပြီး ကျပ်ပြင်ဘက်သို့ ခြေကျင်ထွက်ခဲ့ပါ သည်။ ဝမ်းသာပီတိစိတ်ကြောင့် တောင် တက်လမ်းတို့ကိုတက်ခဲ့ရသော်လည်းမော မှန်းမသိပါ။ အတက်သည် ကျောက်ဖား၏မိုးကုတ်-မန္တလေးလမ်းမကြီးအရောက် ၌ဆုံးကာ ကျပ်ပြင်သွား အင်းကောင်း လမ်းသည် ပြန့်ချည်းသာ ဖြစ်သည်။

ကျပ်ပြင်စွေးရောက်သော် မိုးကုတ် လိုင်းကားစီး၍ (၇) မိုင်ဝေးသောမိုးကုတ် မြို့သို့ရောက်ခဲ့ပါသည်။ အလွတ်ရထား သောလိပ်စာအတိုင်း မေးမြန်းစုံစမ်းကာ ကျောက်ကုန်သည်ကြီးဦးဘသီထံရောက် ခဲ့ပါသည်။ ဦးဘသီကား လွန်စွာ ကြွယ်ဝချမ်းသာသောကျောက်ကုန်သည် ကြီးဖြစ်ရာ လက်ကြီးကုန်သည်များနှင့် ကျောက်ကြီးရသော တွင်းသမားတို့ အားထားရာဖြစ်ပါသည်။

■ ကျောက်ကုန်သည်ကြီးမဂြင်းပယ်

"ဘဘ၊ ဘာကိစ္စရှိလို့ပါလဲရှင်" အိမ်အကူဟုယူဆရသော မိန်းက လေးမှ ယဉ်ကျေးစွာမေး၏။

"ဟို. . ဟို. . ကျောက်ပြချင်လို့ပါ သမီးရယ်။ သူဌေးကြီးရှိသလား"

"ရှိပါတယ်ရှင့်၊ အိမ်ပေါ်မှာပါ။ လာ- ဘဘ သမီးလိုက်ပို့ပေးမယ်"

ဟု ပြောကာ အိမ်အပေါ်ထပ်သို့ ခေါ်သွားပါသည်။

ဦးဘသီသည် နေသာသော ပြတင်း၌ ကျောက်အတော်များများအား ထာထဲထည့်ကာ နေပဏ္ဍာရောင်ဖြင့် ကြည့်ရှုစစ်ဆေးနေခြင်းဖြစ်ရာ ထာထဲ၌ နီရဲနေသောပတ္တမြားများ၊ပြာလဲ့နေသော နီလာတို့က များပြားစွာရှိနေပါသည်။

'သြော် - သူတို့ကျတော့်လည်း ပေါများလိုက်တဲ့ကျောက်တွေပါလား။ ငါ့ လိုကျောက်တွေလည်းပါတာပဲ။ ငါတို့မှာ သာ ရဖို့ခက်ခဲတာ သူတို့ကျတော့်လည်း ကောင်းလိုက်တဲ့ကံ'

ဟု ရုတ်ခြည်းတွေးမိလိုက်ပါ သည်။

ဦးဘသီသည် ဦးစောမောင်ထက် ဆယ်နှစ်ခန့်ကြီးမည်ထင်ပါသည်။

"ကဲကဲ- ဒီကမိတ်ဆွေထိုင်ဗျာ။ ဘာကိစ္စပါလဲခင်ဗျ"

"ကျွန်တော့်တွင်းကကျောက်ကြီးရ လို့ ရောင်းပေးချင်လို့ပါ"

"ဟုတ်ကဲ့ခင်ဗျ ပြပါဦး"

ဟု ဆိုသော် ဦးစောမောင်သည် ကျောက်နွမ်းနွမ်းထဲမှ ကတုန်ကယင်ဖြင့် ကျောက်ထုပ်ကိုနှိုက်၍ ပလတ်စတစ်ကို ဖြည်၍နေလေ၏။ ဦးဘသီသည် ဦးစော မောင်အား ခြေဆုံးခေါင်းဆုံးကြည့်ကာ အကဲခတ်ကြည့်ရှုလိုက်သည်။ ညစ်နွမ်း နွမ်းဖြင့် တရုတ်ဘိန်းစားပုံပေါက်၍နေ သဖြင့် စိတ်ထဲတွင် သက်မကင်းစိတ်ဝင် မိလေ၏။

"ဆရာကြီးက ဘယ်ရွာကပါလဲ"

"ကျွန်တော် ကျောက်ဖျာကပါ"

"အနောက်ပိုင်းကကျောက်ပြဿဒ် ကျောက်ဖျာလား"

"ဟုတ်ပါတယ်ခင်ဗျ"

"ကဲဗျာ- ကျောက်ပြပါဦး"

ဟုဆိုသဖြင့် ကျောက်ကို ဦးဘသီ လက်ထဲထည့်လိုက်ပါသည်။ ဦးဘသီ၏ လက်ကား နီရဲကာနှူးညံ့လှပလွန်းသဖြင့် ဦးစောမောင်သည် သူ၏လက်နှင့်ယှဉ်၍ ကြည့်မိ၏။နေ့စဉ် ကျောက်တုံးကျောက် ခဲတို့အား ကိုင်တွယ်နေရသောသူ၏ လက်ကား မလှမပ ကြမ်းတမ်းလှပေ၏။

ကျောက်ပြဿဒ်ကျောက်ဖျာလား ဟုမေးခြင်းမှာ ရေနီကျောက်ဖျာဟူ သော ကင်းဘက်တွင်ရှိနေသောကြောင့် ဖြစ်၏။ ကျောက်ကုန်သည်တို့သည် ဒေသထွက်ကျောက်မျက်ရတနာတို့နှင့် အစဉ်သဖြင့် လက်ပွန်းတတီးရှိရာ ကျောက်ကိုကြည့်လိုက်ရုံမျှဖြင့် ဘယ်ကွက် ရပ်မှထွက်သောကျောက်ဟူ၍ အတပ် ပြောနိုင်အောင် လိမ္မာကျွမ်းကျင်ကြပါ သည်။ ပတ္တမြားတို့သည် ကွက်ရပ်ကို လိုက်၍ ခြားနားမှုလေးများရှိတတ်ကြ ပါသည်။ ထိုသည်ကို လက်တွေ့ကျောက် သွေးနေရသော ကျောက်သွေးဆရာတို့ ကလည်းသိကြလေ၏။

ဦးဘသီသည် နီရဲ၍ အလွန်လှပ လှသော အပြစ်ဂေါ်စင်ကျောက်အား နေပဏ္ဍာဖြင့် အသေအချာကြည့်ရှုစစ် ဆေးနေသဖြင့် ဦးစောမောင်အား စကား မပြောနိုင်ပါ။ အတန်ကြာသည့်တိုင် ကျောက်၏ရောင်းစွေးမမေးသေးသဖြင့် ဦးစောမောင်မှာ ရင်ထဲတဒိတ်ဒိတ်ခုန် နေမိ၏။ သိန်းတစ်ရာတောင်းရကောင်း မလား၊ သိန်းနှစ်ရာတောင်းရကောင်း မလား မတော်လို့ တောင်းစွေးများသွား ရင်ဟူသောအတွေးကလည်း တွင်းသမား ပီသစွာ အားနာစိတ်များဖြစ်ပေါ်နေလေ ၏။

ကျောက်အား အမျိုးမျိုးစစ်ဆေး ကြည့်ရှု၍နေလေရာ အချိန်သည် ဆယ် မိနစ်နီးပါးပင် ကြာမြင့်ခဲ့လေ၏။ နှစ်ဦး သား တိတ်ဆိတ်လျက်ရှိသည်။ ဦးဘသီ သည် ဦးစောမောင်အား စေ့စေ့ကြည့် ကာ -

"ဆရာကြီး၊ ဒါမျိုးလေးကျောက် ကျွန်

www.burmeseclassic.com

www.burmeseclassic.com

တော်မဝယ်ရဲပါဘူးဗျာ၊ အခြားတစ်နေရာမှာသာသွားပြကြည့်ပါ"

ဟုပြောပြီး ဦးစောမောင်လက်ထဲပြန်ထည့်လိုက်လေ၏။

ဦးစောမောင်မှာမူ စွေးမေးပြီအထင်နှင့် ဝမ်းသာမိသော်လည်း အထင်နှင့်အမြင်ပါစင်အောင်လွဲသွားသဖြင့် စိတ်မကောင်းခြင်းကြီးစွာဖြစ်လျက် ဦးဘသိအိမ်မှထွက်ခဲ့ရပါတော့၏။ ကျောက်ကြီးကျောက်ကောင်းများသာဝယ်လေ့ရှိသော ဦးဘသီသည် ဘာ့ကြောင့် ငြင်းပယ်သည်ကို ဦးစောမောင်တွေးခေါ်မရခေ။

■ သံသယစိတ်ဝင်ရပြီ

ပထမဦးဆုံးထိုးသောလက်သည် စွေးပင်မမေးရာ ဦးစောမောင်စိတ်မာတ်ကျချင်ချင်ဖြစ်သွားလေ၏။ ထို့ကြောင့် ဒုတိယသွားပြရမည့်ကုန်သည်ကြီးအိမ်ကိုမေးမြန်းစုံစမ်းကာ ရောက်သွားပြန်၏။

'အိုကွာ -- ကျောက်ဆိုတာ တစ်ဦးမကြိုက်တာနဲ့ စိတ်မာတ်ကျစရာမလိုပါဘူး။ သူမကြိုက်လည်း နောက်တစ်ဦးပေါ့'

ဟု တင်းရလေ၏။

ဒုတိယကုန်သည်ကြီးအိမ်မှလည်း လှိုက်လှဲစွာကြိုဆို လျက်နေရာချပေးကာ ကျောက်ကို အတန်ကြာကြည့်ရှုစစ်ဆေးလျက်ရှိပါသည်။ အတန်ကြာစစ်ဆေးပြီးသော် -

"ဆရာကြီးကဘယ်ရွာကလဲ"

ဟုမေးလေ၏။

"အနောက်ပိုင်းကျောက်ပြဿဒ်ရွာနားကကျောက်ဖျာရွာကပါ"

"ဘယ်ရပ်ကွက်မှာလုပ်တာလဲ"

"တောင်တွန်းလျှိုပါ"

"တွင်းကရတာကောဟုတ်ရဲ့လားဗျာ"

"ဟုတ်ပါတယ်၊မနေ့ကရခဲ့တာပါ"

"ကဲ - ဒါဆိုရင် ကျောက်ဖျာရွာကကုန်သည်တွေသိလား"

"သိတာပေါ့ဗျာ၊ တစ်ရွာတည်းပဲ။ ဒေါ်တင်ကြည်တို့၊ ဒေါ်တင်ရီတို့၊ ဒေါ်မေသန်းတို့၊ ဒေါ်မေရီတို့ နောက်ပြီးတော့ အောင်ဌေးနဲ့ အေးအေးတို့ အတော်များပါတယ်ဗျာ။ ပြောရရင် အများကြီးပါ"

"ဟုတ်ပါတယ်၊ ကျွန်တော်လည်း ကျောက်ဖျာကိုရောက်ဖူးပါတယ်။ သူတို့တွေလည်း ကျွန်တော့်ဆီကျောက်လာရောင်းဖူးပါတယ်။ ဆရာကြီးတို့ကျောက်ဖျာဆိုတာက အလွန်ရိုးသားတဲ့ရွာလေးပါဗျာ။ အလွန်ရိုးသားပြီး နာမည်ပျက်မရှိတဲ့ရွာလေးကနေ ဆရာကြီးက ဒါမျိုးကျောက်ယူလာပြီးလိုက်ပြနေတော့ကာ ရွာနာမည်ပျက်ပါတယ်ဗျာ။ ဒါမျိုးမလုပ်သင့်ပါဘူး"

"ဒီကျောက်က ဘာဖြစ်နေလို့ပါလဲခင်ဗျာ"

"ဒီမှာဆရာကြီး ဒါမျိုးကျောက်ကို အင်လို့ခေါ်ကြတယ်။ ကျောက်တုပေါ့ဗျာ"

"ဟာဗျာ - ဘယ်ကလာကျောက်တုရမှာလဲ။ မနေ့ကမှ တွင်းထဲကရခဲ့တာပါဗျာ။ ခင်ဗျားပြောတဲ့တျောက်တုဆိုတာ မြင်တောင်မမြင်ဖူးပါဘူး"

"ဒါကတော့ဒီလိုပြောကြတာထုံးစံပါ။ ဒီကျောက်သာ ကျောက်စစ်ဆိုရင်နည်းတဲ့တန်ဖိုးမဟုတ်ဘူးဗျ။ ခုခေတ်မှာ ဒါမျိုးကို အင်လို့လည်းခေါ်တယ်။ ပြင်သစ်လို့လည်းခေါ်တယ်။ ဒီကျောက်က ကျောက်စစ်နဲ့အတော့်ကိုတူပါတယ်။ ဒါမျိုးတွေက ကျောက်လောက်မှာ အတော်ပေါတာပါ။ မန္တူးမနပ်ကုန်သည်လေးတွေ ဒါမျိုးမိတတ်ကြတယ်။ မိလို့ကတော့ တစ်ခါတည်းဖင်ထိုင်သွားတတ်တဲ့ကျောက်မျိုးဗျ။ ဒါမျိုးနဲ့ဘဝပျက်ကုန်တဲ့ ကုန်သည်ပေါက်စတွေ အများကြီးရှိတယ်"

"အေးဗျာ - ကျွန်တော်ကတော့ မလိမ်တတ်မညာတတ်တဲ့တောသားပါ။ မနေ့က ကျပ်ပြင်စျေးဖိတ်ဆိုတော့ တွင်းဆေးရင်းရခဲ့တာပါ"

"ဟုတ်ကဲ့ပါဗျာ၊ ပြောသမျှလက်ခံရမှာပေါ့။ မယုံလို့ရှိရင် သံသယရှင်းသွားအောင် တခြားကုန်သည်တွေကို လိုက်ပြကြည့်ပါဦး"

ဟုပြောကာ ကျောက်ကိုထာထဲမှယူ၍ ဦးစောမောင်လက်ထဲ ပြန်ထည့်လိုက်လေ၏။ ပထမတစ်ဦးမှာ အလိမ်မှာဖြင့်ကျောက်ပြန်အပ်ခဲ့သော်လည်း ဒုတိယတစ်ဦးမှာမူ ကျောက်တုဟူ၍စွပ်စွဲပြောဆိုခဲ့လေပြီ။ ရိုးသားသောဦးစောမောင်မှာ အပြောခံရသဖြင့် ရှက်လိုက်သည်မှာ ပြောစရာမရှိပေ။

'သူပြောသလို ငါ့ကျောက်က အတုကြီးများလား'

ဟူသော သံသယဆူးကလည်း သူ့ရင်တွင် စူးနစ်စွာစိုက်ဝင်သွားခဲ့ပြီဖြစ်သည်။

'ဘာပဲဖြစ်ဖြစ် လိုက်ကိုပြဦးမယ်"

အားတင်းကာ နောက်ကုန်သည်ကြီးတစ်ဦးကို မေးမြန်းရပြန်လေ၏။ စိတ်ကောင်းနှလုံးကောင်းရှိသောမိုးကုတ်သူမိုးကုတ်သားတို့က အသေအချာပင် ညွှန်ပြကြပါသည်။

■ အိမ်အပြန် မျက်နှာပန်းမလှသူ

"ဦးစောမောင်၊ ဒီကျောက်က တွင်းကရခဲ့တာကောဟုတ်ရဲ့လား"

"အိုဗျာ - ကိုထွန်းမောင်ကလည်း တွင်းကမရလို့ ဘယ်ကရရမှာလဲဗျ"

"မသိဘူးလေ၊ ကုန်သည်တစ်ဦးဦးကများ အင်မိလို့ ဦးစောမောင်ကိုတွင်းစဆိုပြီးရောင်းခိုင်းသလားလို့"

"ကြံကြံဖန်ဖန်ဗျာ စိတ်ကူးတောင်မပေါ်မိပါဘူး။ လုပ်လည်းမလုပ်ရဲပါဘူးဗျာ"

"ဒါမှမဟုတ်လည်း ဦးစောမောင်တွင်းထဲကို ခပ်နောက်နောက်ကောင်တစ်ယောက်ကလာပြီး ပစ်ထည့်သွားသလားမှမသိတာ"

"ဟုတ်လား-မပြောတတ်တော့ပါဘူးဗျာ။ ကျွန်တော်ပြတာကုန်သည်ကြီးသုံးလက်ရှိသွားပြီ။ အားလုံးက ကျောက်တုလို့ပြောနေကြတာပါပဲဗျာ။ ပထမတစ်လက်ပဲ အတုပါလို့ထုတ်မပြောတာပါ"

"အတုနဲ့ အစစ်က ကွဲပြားပါတယ်ဗျာ။ ဒီကျောက်မှာကျောက်စစ်ရဲ့အရည်အချင်းတွေဘာမှမပါဘူး။ အဲဒီတော့ကျောက်တုဆိုတာ မြင်တာနဲ့ လူတိုင်းသိတယ်။ ဦးစောမောင်ဆိုတာက ရင်းနှီးနေတဲ့လူမို့ အခုလို ပွင့်ပွင့်လင်းလင်းပြောပြတာပါ။ ဒီကျောက်ကို ကျွန်တော်တို့ညီအစ်ကိုတွေအားလုံးကကြည့်ပြီးပြီ။ အားလုံးကပဲ အင်လို့ပြောကြတယ်။အဲဒါနောက်ထပ်လိုက်မပြပါနဲ့တော့ဗျာ။ ရှက်စရာကောင်းလို့ပါ"

"ကျေးဇူးပါပဲ ကိုထွန်းမောင်ရယ်၊ ကျွန်တော်ရွာပြန်တော့မယ်။ လိုက်မပြတော့ပါဘူး"

"ဟုတ်ကဲ့ပါ၊ ကျွန်တော်တို့အမြဲလာနေတာနော်။ ကျောက်ရရင် မမေ့နဲ့ဦး"

"စိတ်ချပါ ကိုထွန်းမောင်၊ ကဲ - သွားမယ်ဗျာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

များစွာသောကုန်သည်တို့က သူ့ကျောက်အား ပြင်သစ်ကျောက်တုဟုဆိုကြသောအခါ ဦးစောမောင်သည်လည်း သူ့ကျောက်အား ပြင်သစ်ကျောက်တုဟုလက်ခံကာ စိတ်ဆင်းရဲစွာဖြင့် ကျပ်ပြင်ကားပေါ်တက်ခဲ့ရပါသည်။

အလာတုန်းကမူ ကျောက်ရောင်း

www.burmeseclassic.com

www.burmeseclassic.com

ပြီးပါက ဇနီးနှင့် သမီးများအတွက် အမှတ်တရရွှေများဝယ်ပေးမည်၊ အိမ်ကိုလည်း ထရံကာမှသည် လျှာထိုးပျဉ်ကာလိုက်မည် စသည်ဖြင့် စိတ်ကူးများဖြင့် ပျော်ခဲ့သော်လည်း အပြန်တွင်မူ နွမ်းလျအိမ်ပြန်ဖြစ်ရပါသည်။ တော်ပါသေး၏။ အသွားအပြန်ကားခထည့်ခဲ့၍ဖြစ်သည်။ ကျောက်ရောင်းပြီးမှ တဝကြီးစားမည်ဟု ဆုံးဖြတ်ခဲ့သဖြင့် ပြန်သာပြန်ရသည် ဝမ်းဟောင်းလောင်းဖြစ်၏။ သို့သော်သောက်ကြောင့် လုံးဝမဆာပါ။

မှိုင်ကုပ်ကုပ်နှင့် အိမ်ထဲဝင်လာသောဦးစောမောင်ကိုကြည့်ကာ ဇနီးနှင့် သားသမီးတို့က အဆင်မပြေခဲ့ကြောင်း ရိပ်မိကြ၏။ သို့ကြောင့် ဘာမှမမေးကြပါ။ သို့သော် မပြောမဖြစ်၍ ပြောပြရပါသည်။

■ နားမလည်နိုင်ဖြစ်ရပြီ

ဦးစောမောင်သည် အိမ်ရှင်များသာ သို့တည်းမဟုတ် အိမ်ဦးနတ်ဟုခေါ်ဆိုရသည့် ဤအိမ်၏အကြီးအကဲဖခင်တစ်ဦးသာထိုင်၍ရသော ညည့်ခံမီးဖို၏ နံရံဘက်တွင်ထိုင်ကာ နံရံကိုမှီ၍ စိတ်မကောင်းခြင်းကြီးစွာ တွေးနေမိပါသည်။

'တစ်သက်နဲ့တစ်ကိုယ် ကျောက်ကြီးကျောက်ကောင်းဆိုလို့ ဒီတစ်ခါပဲရဖူးလို့ပျော်မိပါတယ်။ ရတဲ့ကျောက်က အတုတဲ့။ ဘယ်လိုကောင်မျိုးကများ ဒီလောက်ချောင်ကျတဲ့ ငါတွင်းထဲကို လာပစ်ထည့်သွားပါလိမ့်။ ငါမှာဖြင့် စိတ်ကူးနဲ့ပျော်လိုက်ရတာ။ ခုတော့ ဒီကျောက်က ငါ့ကို ကားခကုန်အောင်၊ အရှက်ရအောင်၊ ထမင်းငတ်အောင်လုပ်တဲ့ကျောက်ပဲ။ မျှော်လင့်တကြီးစောင့်နေကြတဲ့သမီးလေးတွေကိုသနားလိုက်တာ။ မိုးကုတ်မြို့က ကုန်သည်ကြီးတွေရှေ့မှာ ငါနာမည်ပျက်ခဲ့ပြီ၊ အရှက်ရခဲ့ပြီ။ အထင်ကြီးခဲ့လေသမျှ သဲထဲရေသွန်ဖြစ်ခဲ့ရပြီ။ အေးလေ- ငါ့ကံကိုကလည်းဆိုးတာပါ။ ကျောက်လေးတစ်ခါရပါတယ် အတုတဲ့၊ အင်း-ဖြစ်မှဖြစ်ရလေကွာ"

အမှန်သော် ဖြူစင်ရိုးသားသောတောသူတောင်သားအများစုတို့သည် ကျောက်တုဟုကြားသာကြားဖူးနေသော်လည်း ကုန်သည်များမှလွဲ၍ ကျန်လူတို့မြင်ပင်မမြင်ဘူးကြပါ။ တွင်းဆေးရာမှ ရိုးသားစွာရလာခဲ့သော ကျောက်သည် အတုဖြစ်သည်ဟု ဆိုကြသောအခါ ကျောက်တုသည် လက်ဟမချချင်လောက်အောင်လှသောကျောက်မျိုးပေပဲဟု ဦးစောမောင်အသိအမှတ်ပြုမိ၏။

သူ၏အဖြစ်သည် အိပ်မက်ဆန်လှပါသည်။ အိပ်မက်ဟူသည် နှိုးလိုက်သည်နှင့် ဘာမှမဟုတ်တော့ပေ။ သူ၏စိတ်ကူးဖြစ်သော အိမ်ပြင်မည်၊ ရွှေဝယ်မည်၊ စျေးဝယ်သွားရန် ဂျစ်ကားဝယ်မည် စသော စိတ်ကူးတို့သည် လက်တွေ့တွင် ဘာမှအရာမထင်တော့ပေ။

"အဖေကျင်ခေါက်"

အိမ်အောက်မီးဖိုတွင် ထမင်းခူးပြီး၍ ထမင်းစားရန် သမီးငယ်မှလာခေါ်ရာ -

"ငါမိုးကုတ်ကစားခဲ့ပြီ"

ဟု လိမ်လည်ပြောဆိုလိုက်လေ၏။ မနက်စာ ထမင်းစားပြီး မြို့တက်၏။ မြို့တွင် နေ့လယ်စာဘာမှမစားခဲ့ရပါ။ စားရန်လည်း ငွေအပိုပါမသွားပါ။ လိုရမည်ရ ကားခသာထည့်သွားခဲ့ခြင်းဖြစ်ရာ ကားခအသွားအပြန်သာထည့်မသွားပါက အပြန်ခြေကျင်ပြန်ရမည့်ကိန်းဖြစ်သည်။ ဇတော်သေး၏ဟုဆိုရပါမည်။

သို့သော် ရင်တွင် ပြင်းထန်စွာခံစားနေရသောအခါ သောကကြောင့် ရင်တွင်တင်းနေပြီး ထမင်းစားချင်စိတ်လုံးဝမရှိပါ။ စားလျှင်လည်းဝင်မည်မထင်ပါ။ ဆာလောင်ခြင်းလည်း အလျှင်းမရှိပါ။ မျှော်လင့်ချက်တွေ ရေစုန်မျောကုန်သောအခါ လောကကြီးသည် ငြိုးငွေ့စဖွယ်ကြီးဖြစ်၍နေလေ၏။ ကံမကောင်းသောကိုယ့်ကိုယ်ကိုယ်လည်းခါးသီးလျက်ရှိလေ၏။ သို့ဖြင့် အိပ်ရာဝင်ခဲ့ပါသည်။ အစာမရှိသောပိုက်က တဂိုဂိုအော်လျက်ရှိသလို အိပ်၍မပျော်သဖြင့်လည်း တလူးလူးတလိမ့်လိမ့်ရှိနေချေ၏။

ဇနီးဖြစ်သူဒေါ်အေးကမူ သူ့ဘေးတွင်အေးချမ်းစွာအိပ်ပျော်လျက်ရှိသည်။ ဇောတိရှ်မ်းမျိုးနွယ်ပီသစွာပင် လောဘသက္ကာယနည်းလွန်းလှ၏။ ကျောက်ရစဉ်ကလည်း ကျောက်ကိုကြည့်ကာတုန်လှုပ်ခြင်း၊ ဝမ်းသာခြင်း၊ ပြုံးရယ်ခြင်း အလျှင်းမရှိခဲ့သလို ထိုကျောက်သည် အတုဖြစ်သွားခဲ့သည်ဟုပြောပြစဉ်၌လည်း အံ့သြခြင်း၊ တုန်လှုပ်ခြင်း၊ ဝမ်းနည်းခြင်း သင်္ကေတစိုးစဉ်းမျှမပြခဲ့ပေ။ ခံစားချက်မဲ့သောစက်ရုပ်တစ်ရုပ်သဖွယ် သို့မဟုတ် သူနှင့်လုံးဝမဆိုင်သည့်အလား မျက်နှာတစ်ချက်ပင်မပျက်ခဲ့ပေ။ ရှုံ့လည်း ထူးပြီးဝမ်းမသာသလို မရှုံ့လည်း ထူးပြီး ဝမ်းမနည်းတတ်သော ဆန်းကြယ်သည့် အမျိုးသမီးပါပေ။ ဒေါ်အေးဆိုသည့် အတိုင်း တကယ့်ရေခဲတုံးဖြစ်လေ၏။ လင်နှင့်မယားဟူက အေးအတူပူအမျှခံစားရမည်မဟုတ်ပါလား။ ယခုတော့ နေနိုင်လွန်းလှ၏။ ဦးစောမောင်သည် သက်ပြင်းကိုအကြိမ်ကြိမ်ချနေမိပါသည်။

ဒေါ်အေးနှင့် ဆင်းရဲခြင်း၊ ဆင်းရဲခြင်းနှင့် ဒေါ်အေးကား အမြဲလုံးထွေးရစ်ပတ်နေရရာ ကြာတော့ ဆင်းရဲခြင်းနှင့် ထုသားပေသားကျလျက် မိတ်ဆွေဖြစ်နေပုံရပါသည်။ သို့တည်းမဟုတ်ပါမူ လာဘ်ရခြင်း၊ မရခြင်းတည်းဟူသော လောကဓံတရားအပေါ်၌ ကြုံကြုံခံနိုင်စွမ်းရှိနေပုံရပါသည်။ သူနှင့်ဘာမှမဆိုင်သလိုနေနိုင်ခြင်းအပေါ် ဦးစောမောင် အူပွလျက်ရှိသည်။

အစိုးရအလုပ်လုပ်ကိုင်သူတို့သည် တစ်လလျှင် (၈)ရက်နားပိုင်ခွင့်ရကြ၏။ မိုးကုတ်တွင်းသမားတို့မှာမူ တစ်လလျှင်လပြည့်၊ လကွယ်နှစ်ရက်သာနားခွင့်ရသလို အလုပ်ကိုလည်း နေဝင်မိုးချုပ်သည်အထိ ပင်ပန်းကြီးစွာ ကျောက်ကြီးရရန် ဟူသောမျှော်လင့်ချက်ဖြင့်လုပ်ကြရသည်။ အချို့မှာ ဥပုသ်နေ့ပင်မနားသူတို့ရှိကြပါသည်။

ကျောက်ကြီးကျောက်ကောင်းဟူသည် ကံကောင်းသူတို့အတွက် လွယ်ကူသော်လည်း ကံမကောင်းသူတို့မှာမူ သေသည့်တိုင် ကျောက်ကြီးကျောက်ကောင်းရမသွားသူတို့ရှိကြ၏။ ကျောက်ကြီးကျောက်ကောင်းရပါမှ လှူနိုင်တန်းနိုင် စားနိုင်သောက်နိုင် ဝတ်နိုင်ဆင်နိုင်ရှိကြပါသည်။

မိမိ၏ဘဝမှာမူ ဆင်းရဲတွင်းနက်လွန်းလှချေ၏။ တစ်သက်တွင် တစ်ခါသာရသောကျောက်ကလည်း ကျောက်အတုဖြစ်နေသည့်အတွက် မဖြေနိုင်အောင်ရှိနေရပါသည်။ အိပ်မည်ဟု မျက်စိကိုဇက်မှိတ်ပါသော်လည်း အိပ်၍မပျော်နိုင်အောင် သောကတည်းဟူသောအရာက ဖိစီးလျက်ရှိရာ ရွာပြင်တောထဲမှ တောကြက်တွန်သံအကြိမ်ကြိမ်ကို ကြားနေရလေ၏။ မျက်လှည့်ဆန်သော မိမိအဖြစ်ကိုလည်း တနုံ့နုံ့တွေးကာ နားမလည်နိုင်အောင်ဖြစ်ရ၏။ အရာရာအတက်လောက် ကြက်တွန်သံကြားပြီးသော် ဦးစောမောင် မှေးခနဲအိပ်ပျော်သွားလေ၏။

■ ကျောက်ရောင်းရခြင်း

"အဖေ၊ အဖေ"

"အင်"

www.burmeseclassic.com

www.burmeseclassic.com

"ကျောက်ကုန်သည်ကိုသက်တင်ရောက်နေတယ်"

ဟူသော သမီးငယ်သန်းသန်းဝင်း၏နှုးမှုကြောင့်သာ အိပ်ရာကနိုးရသည်။ မဟုတ်ပါက ဆက်အိပ်ဦးမည်ဖြစ်သည်။ ညက လုံးဝအိပ်မပျော်ခဲ့တာကြောင့် စောစောထလေ့ရှိသော ဦးစောမောင် မနိုးခြင်းဖြစ်လေ၏။ အောက်ဆင်းရှိ မျက်နှာမြန်မြန်သစ်ကာ မျက်နှာသုတ်၍ အိမ်ပေါ် ခြေခန်းဆီပြန်တက်ခဲ့လေ၏။ ကျောက်ကုန်သည်ပေါက်စကိုသက်တင်ကို ပြုံးစစနှင့်တွေ့ရသည်။ ကိုသက်တင်သည် ဦးစောမောင်၏ဖောက်သည်ဖြစ်သည်။ ရသမျှတွင်းစတို့အား စေးသိပ်မဆစ်ဘဲ ဝယ်ပေးလေ့ရှိသဖြင့် မျက်စိပြု၍ မစေးကုပ်သောကျောက်ကုန်သည်ဟု မိသားစုကယူဆထားသောကုန်သည်ဖြစ်သည်။ သို့ကြောင့် အကျွမ်းတဝင်ရှိပါသည်။

"တွင်းစဘာရှိလဲ ဦးစောမောင်၊ ရောင်းပေးဝါဦး"

ဟု ဆိုသောအခါ အလွန်အားနာတတ်သောဦးစောမောင်သည် ကျောက်တုံးအား လိမ်မရောင်းလိုသဖြင့် ဖြစ်စဉ်ကိုပြောပြလိုက်ပါသည်။

"မနေ့က ကျွန်တော် မိုးကုတ်ကို ရောက်တယ်။ ကိုသက်တင်ကလည်း မိလာတော့ ကုန်သည်ကြီးတွေဆီ ကျွန်တော်ရတဲ့ကျောက်သွားပြတယ်ဗျ။ အဲဒါ အားလုံးက ကျောက်တုဆိုပြီးပြန်ပေးကြတယ်။ အဲဒါ ကိုသက်တင်ကိုပြရမှာတောင် အားနာတယ်ဗျာ"

"ဟာဗျာ၊ ကျွန်တော့်ဆီလည်းဝင်လာရောပေါ့"

"သူတို့ကအတုလို့ဆိုမှတော့ လာမပြချင်တော့ပါဘူး။ အဲဒါ ကိုသက်တင်ကြည့်မှာလား"

"ကြည့်မှာပေါ့ဗျာ၊ ကြည့်မှပေါ့"

ဟုဆိုသဖြင့် အိပ်ခန်းဒေါက်တန်းပေါ် တင်ထားသော ကျောက်ထုပ်ကိုယူလာကာ ကိုသက်တင်လက်ထဲထည့်လိုက်လေ၏။ ကျောက်ထုပ်ကိုဖြေကာ ကျောက်ကို နေပဏ္ဍာဖြင့်ကြည့်လိုက်၏။ ထိုသို့ကြည့်လိုက်သည်နှင့်ပင် ရဲရဲနီနေကာ လှလွန်းသဖြင့် အံ့သြတကြီးဖြစ်လျက် တစ်ကိုယ်လုံးအေးစိမ့်တက်လာကာ ကြက်သီးမွေးညှင်းများ တဖျဉ်းဖျဉ်းထလာလေ၏။ လက်များပင် တုန်ယင်၍လာရာ ဤကျောက်၏ ထူးခြားမှုကို ခံစားရလေ၏။ သို့ကြောင့် ဤကျောက်သည် မိမိနှင့်အပ်စပ်သောကျောက်ဖြစ်ရမည်ဟု အလိုလိုသိလိုက်ပါသည်။

"ဒီကျောက်က တောင်တွန်းလှိုက်ရတာလား"

"ဟုတ်တယ်၊ စေ့းအဖိတ်နဲ့ကရတာ"

ဦးစောမောင်သည် တရုတ်ဖြစ်သော်လည်း ရိုးသားသောရှမ်းတို့နေရာအလွန်ရိုးသူဖြစ်ကြောင်း ကိုသက်တင်သိပြီးဖြစ်သည်။ တွင်းမှရသောကျောက်သည် အတုမဖြစ်နိုင်။ အစစ်ဖြစ်နိုင်သည်ကိုတွေးမိလေ၏။ ထို့နောက် ကျောက်ကြီးအား အပြန်ပြန်အထပ်ထပ်ကြည့်ပြန်လေ၏။

အပြစ်ဟူ၍ မြူမျှပင်မတွေ့ရသဖြင့် ဖန်ဂေါ်လီလုံးကဲ့သို့ ကြည်လင်တောက်ပလျက်ရှိသည်။ မည်သို့လှည့်ပတ်ကြည့်ရှုပါစေ ကျောက်ရည်မှာ ဟာမသွားဘဲ ခဲပျစ်ကာ ရဲရဲတောက်လျက်ရှိ၏။ ကျောက်ဟူသည် ကျောက်ရည်လမ်းဟူ၍ရှိပြီး လမ်းကြောင်းမတည့်က ကျောက်ရည်အနည်းငယ်ဟာသွားလေ့ရှိသော်လည်း ယခုကျောက်မှာမူ ကျောက်ရည်လမ်းကြောင်းရှာမရအောင်ပင် အရည်ညီကာပြည့်လျက်ရှိလေ၏။ တကယ့်သိပ္ပံနည်းကျ ပြုလုပ်စီမံထားသော အင် (ခေါ်) ကျောက်တုနှင့်ခွဲမရအောင်တူလျက်ရှိ၏။

သို့ကြောင့်လည်း ကုန်သည်ကြီးများက အင်ဟုသုံးသပ်ကာ ဆုံးဖြတ်ကြခြင်းဖြစ်ပေမည်။ ယုတ်စွအဆုံး ကျောက်တုဖြစ်နေပါစေ အသေအချာသွေးကာ အမှတ်တရဝတ်ဆင်မည်ဟု ကိုသက်တင်ဆုံးဖြတ်လိုက်၏။

"ဦးစောမောင်၊ ဒီကျောက်ကို ဘယ်သူတွေဝယ်ဝယ်မဝယ်ဝယ် ကျွန်တော်ဝယ်မယ်ဗျာ။ ဘယ်လောက်နဲ့ရောင်းမလဲ"

ဟု စကားခေါ်လိုက်ရာ ဦးစောမောင်သည် ကျောက်အပေါ်၌ လုံးဝမျော်လင့်ချက်မထားတော့သည့်အလျောက် ဆန့်ဖိုးဆီဖိုးမှရရ ဟူသောစိတ်ဖြင့် ခပ်ပေါ့ပေါ့ပင် ပြောလိုက်ပါသည်။

"ကြည့်ပေးသွားပါ ကိုသက်တင်ရာ၊ ကျွန်တော်ဖြင့်စေ့းတောင်မတောင်းရဲတော့ပါဘူး"

"ကဲ - ဒါဆို ဒီလိုလုပ်ဗျာ၊ ငါးထောင်နဲ့ယူသွားမယ်၊ ဖြစ်မလား"

"ယူသွားပါဗျာ၊ ယူသွားပါ"

"ဒီလောက်လှတဲ့ကျောက်မရောင်းရလည်း ဘာမှမဖြစ်ဘူး။ကျွန်တော်သွေးပြီး လက်စွပ်ကွင်းထားမယ်ဗျာ။ တောင်တွန်းလှိုက်ထွက်တဲ့ ပြင်သစ်ကျောက်ပေါ့ဟုတ်ဖူးလား။ ကဲ - ရော့ဗျာ"

ဟု ပြောကာ ပိုက်ဆံထုတ်၍ချေလေ၏။ ထိုခေတ်ထိုအခါသည် ရွှေတစ်ကျပ်သား ငါးထောင်ဖြစ်ရာ နည်းသည့်တန်ဖိုးတော့မဟုတ်ပါ။ ဦးစောမောင်မှာမူ ငါးထောင်နှင့်ရောင်းလိုက်ရသဖြင့် စိတ်ထဲအနည်းငယ်သက်သာရာရသွားခဲ့ပါသည်။

■ **ပတ္တမြားအစစ်ဖြစ်ခဲ့ပြီ**

"မောင်သက်တင်ရေ. လာကွာ၊ ဘာလဲ ကျောက်ဝယ်ခဲ့ရလား"

"ဟုတ်ကဲ့ အန်ကယ်၊ ကျောက်ကသက်ဘမကင်းကျောက်ကိုဝယ်ခဲ့ရတော့ မီးစမ်းကြည့်ချင်လို့ပါ"

"ဘာလဲ ကျောက်ကအတုထင်လို့လား"

"မထင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကျောက်ရတဲ့လူက အလွန်ရိုးသားဖြောင့်မတ်တဲ့လူဗျ။ ကျောက်ဖျာကကျွန်တော်ဝယ်နေကျဖောက်သည်ပါ။ ဒါပေမယ့် မနေ့တ သူ မိုးကုတ်ကကုန်သည်ကြီးတွေကိုတက်ပြတော့ ကျောက်တုဆိုပြီး တညီတညွတ်တည်းပြောကြတယ်လို့ပြောတယ်။ ဒါနဲ့ပဲ ကျွန်တော့်အိမ်တောင်မဝင်တော့ဘဲ ရွာပြန်သွားတာလို့ပြောပြတယ်။ အဲဒါ ကျွန်တော်ဝယ်လာခဲ့တာ။ သေချာအောင် မီးလာစမ်းတာပါ။ တကယ်တော့ ဒါဟာကျောက်ကောင်းတွေထွက်တဲ့ တောင်တွန်းလှိုက်ကျောက်ဗျ။ ကျောက်ကစစ်လွန်းကောင်းလွန်းတော့ ပြင်သစ်နဲ့ခွဲမရအောင်တူနေတာလို့ထင်တာပဲ"

ထိုသို့ပြောလိုက်သည်နှင့် ကုန်သည်ကြီးဦးဘသီသည် မနေ့က သူ့ဆီလာပြသောကျောက်ကို ပြေးမြင်လိုက်မိ၏။ သို့ကြောင့် ဦးခေါင်းကိုမြွေပါက်သည့်ပမာ ဒိန်းခနဲခံစားရလိုက်သည်။ လူကို အထင်သေးခြင်း၊ ကျောက်ကို အထင်သေးခြင်းကြောင့် မိမိတွင်ပတ္တမြားအတု၊ အစစ်ခွဲခြားနိုင်သော မီးစမ်းစက်ရှိပါလျက်နှင့် မစမ်းသပ်မိလိုက်ခြေ။ ကလေကခြေလှုတစ်ယောက်က ကျောက်တုလာပြသည်ဟုထင်လျက် အလွယ်တကူပင်ပြန်ပေးမိလိုက်လေ၏။ ထိုကျောက်ပေများလားဟု တွေးထင်မိလိုက်၏။

"အေးကွာ - စမ်းကြည့်တာပေါ့။ ကျောက်စစ်မှန်ရင် ငါ့ကိုပဲရောင်းပေးခဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com

"အန်ကယ်ရယ် ကျွန်တော်ဝယ်ရရင် အန်ကယ့်ဆီရောင်းပေးနေကျပဲဗျာ။ တည့်အောင်ရောင်းပေးမှာပေါ့"

"ကောင်လေး ကတိတည်ပါစေနော်"

"စိတ်ချပါအန်ကယ်ရဲ့၊ ကျွန်တော်တို့က ကျောက်ကို လက်ထဲအောင်းထားနိုင်တဲ့အဆင့်မရှိပါဘူး။ဝယ်ရောင်းသမားဆိုတာ အန်ကယ်လည်းသိသားနဲ့။ ကဲ-ဒီမှာ အန်ကယ်"

ဟုပြောကာ ကျောက်ကို ဦးဘသီလက်ထဲထည့်ပေးလိုက်ရာ ချက်ချင်းပင် မနေ့တုန်းက သူမြင်တွေ့လိုက်ရသော ကျောက်ကြီးဖြစ်၍နေ၏။ သို့အတွက် ဦးဘသီ ရင်ခုန်မိပါသည်။ ထိုကျောက်အား မီးစမ်းစက်ဖြင့်စမ်းကြည့်ရန် အိမ်အောက်သို့ မီးစက်နှိုးခိုင်းလိုက်ပါသည်။ ထိုခေတ်၌ မိုးကုတ်မြို့အား ညတွင်းသာ မီးစက်ကြီးမှမီးဖြန့်ဝေပါသည်။ နေ့၌ မီးမပေးပါ။

"မောင်သက်တင်ရေ မနေ့က ဒီကျောက်ကြီးဟာ ငါဆီအရင်ဆုံးရောက်လာတာကွ။ မီးတောင်စမ်းစရာမလိုတဲ့ကျောက်မျိုးဆိုတော့ ခဏကြည့်ပြီးပြန်ပေးလိုက်တာကွ"

"မဟုတ်ဘူး အန်ကယ်၊ ဒါကတွင်းစအစစ်ပါ။ တောင်တွန်းလျှိုဟာကျောက်ပါးပေမယ့် ထွက်လာတဲ့ကျောက်တိုင်းက စံကျောက်တွေပဲဗျ။ ကျောက်ရောင်းပေးတဲ့ဦးစောမောင်ဆိုတာ သူများဟာဆိုရင် စိတ်နဲ့တောင်ပြစ်မှားတတ်တဲ့လူမဟုတ်ဘူး။ တကယ့်လူရိုးဗျ"

"အေးကွာ-စမ်းချင်တယ်ဆိုလည်း စမ်းပေါ့။ ကြေးကြီးမိခဲ့ရင်တော့ ကွဲရင်ကွဲနိုင်တာပေါ့ကွာ"

"ကံပေါ့ အန်ကယ်ရယ်"

ဟု ပြောကာ ကျောက်ကို မီးစမ်းစက်ပေါ် တင်လိုက်လေ၏။ ကျောက်တုဖြစ်ခဲ့သော် ခေတ္တအကြာတွင် အခြားအရောင်သို့ပြောင်းလဲတတ်သော်လည်း ကျောက်မှာ အတန်ကြာသည့်တိုင် ရဲရဲနီလျက် တောက်ပလျက်ရှိပေ၏။ ဦးဘသီနှင့် ကိုသက်တင်တို့သည် အရည်အသွေးမပြောင်းလဲသောကျောက်ကြီးကို ရင်ခုန်စွာကြည့်နေမိကြလေ၏။စိတ်တိုင်းကျစမ်းသပ်ရပါသည်။ အချို့ကျောက်တုသည် မိနစ်အတန်ကြာသည့်တိုင် အစမ်းသပ်ခံနိုင်ရည်ရှိကြ၏။ ထို့ကြောင့် မမှားရအောင် နာရီဝက်နီးပါးစမ်းသပ်ကြည့်ကြ၏။ ကျောက်ကား ရဲရဲနီကာ မည်ရည်အသွေးဖြင့် လုံချင်းတိုင်းလှလျက်ရှိရာ ဦးဘသီခလုတ်ကိုပိတ်လိုက်၏။ သက်ပြင်းကိုလည်း မသိမသာခိုး၍ချလိုက်မိလေ၏။

"မောင်သက်တင်၊ မောင်ရင့်အတွေးအခေါ်တွေအရမ်းမှန်သွားတယ်ကွာ။ တကယ်တော့ ဒီကျောက်က မောင်ရင်ရဲ့ကျောက်ကွ။ ဦးတို့ကို ပြုံပြုံသွားတဲ့ကျောက်ဆိုတော့ ပြကျောက်ဆိုတာ ဒါမျိုးပေါ့ မောင်ရင်ရာ။ ရတနာဆိုတာ ထိုက်သူထံသွားစမြဲပဲကွ။ ကဲ- ဦးကို ပေးထားတဲ့ကတိအတိုင်း တည့်အောင်ရောင်းပေးပေတော့"

ဟုဆိုရာ ဧည့်ခန်းဌာနတွင် ကျောက်အရောင်းအဝယ်ဖြစ်ကာ ဦးဘသီသည် ထိုကျောက်အား သိန်းရာကြီးဖြင့်ဝယ်ယူလိုက်ရပါတော့သည်။

ကိုသက်တင်လည်း သူဌေးထဖြစ်သွားလေတော့၏။

■ ပြကျောက်

ထို့နေ့ထိုရက်၌ မိုးကုတ်တွင် ကိုသက်တင်လောက်ဖျော်သူရှိမည်မထင်ပါ။ မပြောပလောက်သောငါးထောင်ဟူသောငွေနှင့် တန်ဖိုးအလွန်ကြီးမားသော ပြကျောက်ကြီးတစ်ပွင့်ကို ရယူနိုင်ခဲ့ပြီး သိန်းပေါင်းရာကြီးဖြင့် ပြန်လည်ရောင်းချခဲ့ရာ ချက်ချင်းပင် သူဌေးထ၍ဖြစ်သွားခဲ့လေ၏။

အရင်းစစ်သော် အမြစ်မြေကဟူသောစကားကဲ့သို့ပင် အတိတ်ကံနည်းပါးသူ ဦးစောမောင်ကား ကုန်သည်ကြီးများမှ ဝေဝါးအောင်ပြုလိုက်ကြလေ၏။ ကုန်သည်ကြီးများမှာလည်း ပေါလောပဲလဲပေါချောင်ကောင်းရနိုင်ခွင့်ရှိကြပါသော်လည်း သူတို့နှင့်ကံမထိုက်သဖြင့် ကျောက်က ပြုံပြုံကာ သူတို့အမြင်ကို ဝေဝါးစေခဲ့၏။ ကျောက်တုဟုဆိုကြ၏။ ထိုကျောက်သတင်းသည် တစ်မုဟုတ်ချင်း ကုန်သည်ကြီးလောကၦ်ပျံ့နှံ့ခဲ့ရာ ကုန်သည်ကြီးများသည် စုတ်တသပ်သပ်ဖြင့် ထိုပြကျောက်ကြီးကို မြင်ယောင်တမ်းတမိကြ၏။

ထိုပြကျောက်သည် ကုန်သည်ပေါက်စ အသက်သုံးဆယ်ဝန်းကျင်သာရှိသေးသော မောင်သက်တင်အတွက်သာဖြစ်ခဲ့ချေ၏။ မောင်သက်တင်သည် ဟွန်ဒါဆိုင်ကယ်လေးဖြင့် ကျောက်လိုက်ဝယ်သောဘဝမှ ကားအကောင်းစားဖြင့် ကျောက်လိုက်ဝယ်နိုင်သော ဝယ်လက်ကြီးဘဝကို ချက်ချင်းရောက်ခဲ့၏။ အိမ်ငယ်ဖျက်ကာ တိုက်ဆောက်နိုင်ခဲ့၏။ အမှန်သော် မောင်သက်တင်အတွက် ဦးစောမောင်က ကျောက်တူးပေးရခြင်းဖြစ်ကာ ဦးစောမောင်တို့အတွက်မှာမူ မြင်ရုံမြင်ဖူးလိုက်သော ပြကျောက်သာဖြစ်ခဲ့ပါသည်။

အလွန်အင်မတန်နစ်နာလှသော ဦးစောမောင်မိသားစုကိုလည်း မောင်သက်တင် ကျောက်ဖျာကျောက်လာဝယ်စဉ်ကာလပတ်လုံး ကြည့်ရှုစောင့်ရှောက်ပေးခဲ့ပါသည်။ မပြောပလောက်သော ငွေကြေးပမာဏနှင့် ကျောက်ကြီးကျောက်ကောင်းကိုရသွားသောသတင်းသည် လူသတင်းလူချင်းဆောင်ကာ ဟိုးလေးတကျော်ဖြစ်သွားခြင်းကြောင့် ထိုသတင်းအား ဦးစောမောင်လည်း ကြားပါသည်။ သို့သော်လည်း ပြကျောက်တို့၏သဘောကိုသိနေသောဦးစောမောင်သည် မနာလိုခြင်းမရှိခဲ့ပါ။ သူထိုက်၍သူရကြောင်းပြောပြလေ့ရှိသည်။

တန်ဖိုးကြီးမားသောကျောက်ကြီးကျောက်ကောင်းတို့သည် နတ်ပစ္စည်းဖြစ်ကာ နတ်ကပေးမှရကြ၏။ နတ်ကပြုမှမြင်ကြ၏။ သို့သော်လည်း ဆန်းကြယ်လွန်းသော ပြကျောက်တို့၏ သဘောကိုသိနေသော ဦးစောမောင်သည် အလွယ်တကူ ဖြေသိမ့်နိုင်စွမ်းရှိပါသည်။

မဉ္ဇူရည် (ခေါ်) လယ်သီးရည် စစ်စစ်နှင့်လှပသောပြကျောက်ပတ္တမြားကြီးအား ဦးစောမောင်၏ မျက်စိထဲက မထွက်တော့ပေ။

"ပြကျောက်ကို ငါကရှာရုံရှာ၊ မြင်ရုံမြင်ရတာပဲ။ တကယ်ထိုက်တဲ့လူကကျောက်ကုန်သည်လေးမောင်သက်တင်ပေပဲ"

ဟု ဖြေသိမ့်ကာ တရားသဘောနှင့် နှုတ်ဆွေးခဲ့လေ၏။

ထိုသည်ပင်လျှင် ဘဝ၏ငြိမ်းချမ်းမှုဖြစ်တော့၏။

ချမ်းမြေ့ကြူပါစေ

နေပြည်တော်ကျောက်ကျောစိုး

ကိုးကား -

၂၀၁၂ ခု၊ ဖေဖော်ဝါရီလထုတ် အမှတ် (၇၃) သိဒ္ဓိမိုးမဂ္ဂဇင်းမှ ရေပြည်စိုး မိုးကုတ်၏ 'ပတ္တမြားထိုက်သူ ဝတ္ထု'ကို ပြန်လည်မှီငြမ်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ပုံမောင်မောင်အေး

သစ်ခွပန်းသူဦးကို ရုက္ခစိုးဆုံးမ

တရုတ်စကားပုံတစ်ခုဖတ်ဖူး၏။ 'တဒင်္ဂပျော်လိုလျှင် အရက်သောက်၊ တစ်လပျော်လိုလျှင်မိန်းမယူ၊ တစ်သက်တာပျော်လိုလျှင် ဥယျာဉ်စိုက်' ဟူ၏။

တရုတ်စကားပုံလေး၏အဘော် အရမဟုတ်စေကာမူ ကျွန်တော်သည် အရက်ကိုသောက်ဖူးပါသည်။ မှန်ပါသည်။ အရက်တစ်ပက်လောက်သောက်လိုက်လျှင် စိတ်တွေလန်းဆန်းတက်ကြွလာ၏။ နှစ်ပက်၊ သုံးပက်ဆိုလျှင် ပျော်ရွှင်လာသဖြင့် ယခင်ကလို တေမိမဟုတ်တော့ပဲ အာသွက်လျှာသွက်ဖြစ်လာ၏။ လက်တွေ့ဖြစ်သောကြောင့် တရုတ်စကားပုံကို ထောက်ခံပါသည်။

ကျွန်တော်တို့မိသားစုက အားလုံးပေါင်းမှသုံးဦးတည်းပါ။ သားက ဆယ်တန်းကို (၂) ဘာသာဂုဏ်ထူးနှင့်အောင်သဖြင့် ရေကြောင်းကောလိပ်တက်ပြီး နိုင်ငံခြားသင်္ဘောကုမ္ပဏီတစ်ခုမှာအလုပ်ဝင်နေတော့ အိမ်မှာကျွန်တော်တို့ ဇနီးမောင်နှံနှစ်ဦးပဲရှိနေပါသည်။ ကျွန်တော်ကလည်း ပင်စင်စားတစ်ဦးဖြစ်သည့်အတိုင်း အခြားဘာအလုပ်မှမရှိပါ။ ဓာတ်ပုံအိမ်ဆိုင်လေးဖွင့်ထားသော်လည်း ယခင်ကလိုအလုပ်မကောင်းတော့သောကြောင့် တစ်နေကုန်လို့မှတစ်ဦးဝင်မလာချေ။

ဤသို့သော အခြေအနေများကြောင့် ဇနီးဖြစ်သူ ဘွားလေး (အဘွားကြီးမဖြစ်သေး) တင်တင်နွဲ့က ပန်းဥယျာဉ်ကလေးစိုက်၏။ ရေလောင်းရ၊ ပိုးမွှားသုတ်သင်ရ၊ အပင်အားဆေး၊ အပွင့်အားဆေးပက်ဖျန်းရနှင့် နေ့စဉ်မအားရတော့သလို ဒီအပင်လေးကဘယ်လိုအရောင်တွေပွင့်လာမလဲ၊ ဟိုအပင်မျိုးပွားသားတက်ကလေးကကြီးထွားလိုက်တာ၊ စသော စသော ပြုစုယုယမှု၊ ပျိုးထောင်မှု၊ ဖြစ်ထွန်းပွင့်လန်းလာသောပန်းလေးများကြောင့် ကျေနပ်ပီတိဖြစ်မှုများဖြင့် စိတ်ချမ်းသာနေရ၏။ ထို့ကြောင့် တရုတ်စကားပုံအရ တစ်သက်လုံးစိတ်ချမ်းသာစေလိုသော် ဥယျာဉ်စိုက်ဆိုသောအချက်မှန်လေစွ။

အဘွားလေးတင်တင်နွဲ့ စိုက်ပျိုးသော ပန်းဥယျာဉ်လေးသည် ယနေ့လူကြိုက်များနေသော ဗင်ဒါ၊ ဒင်ဒရိုဗီယန်၊ လက်စလီယာဟုခေါ်သော နိုင်ငံခြား သစ်ခွမျိုးဥယျာဉ်လေးဖြစ်၏။ ဒန့်စင်း၊ လေဒီ၊ စပိုက်ဒါဆိုသောသစ်ခွတွေလည်းပါ၏။ မြန်မာမျိုးဖြစ်သော လက်တန်ရှည် ဆင်မမျက်ကွင်း၊ ကြက်တူရွေးဂမုန်း၊ ကြောင်မြီးတူ၊ ဖယောင်းရွှေဝါစသည်တို့စုံပါသည်။ အဘွားလေးတင်တင်နွဲ့၏သစ်ခွဥယျာဉ်လေးပိုမိုလှပစေရန်အတွက် အဘိုးကြီးကျွန်တော်ကယနေ့အသုံးမျာနေသော ဟောလိုးသံခေါင်းပွလေးထောင့်ပုံက်လုံးများဖြင့် ဧတော်မီသစ်ခွစင်လေးလုပ်ပေးကာ နေပူရှိန်လျှော့သော အစီမံးအုပ်မိုးပေး၏။

သစ်ခွဥယျာဉ်လေးမှ သစ်ခွမျိုးစုံတို့ကလည်း သူ့ထက်ငါအလှပြိုင်ကြသည့်အလား ဝေဝေဆာဆာဖူးကြပွင့်ကြ၏။ မြင်ရသူတို့ 'ဟယ်-လှလိုက်တာ' ဟု ထောမနာပြုကြသည်။ ကျွန်တော်တို့ခြံသည် ဒဂုံမြို့သစ်မြောက်ပိုင်းမြေကွက်များ၏ ထုံးစံအတိုင်း ပေ (၄၀-၆၀) ဖြစ်၏။ သစ်ခွခြံလေးကို အိမ်ရှေ့ခြေရင်းဘက် အနောက်မြောက်ထောင့်မြေပိုဆယ့်ရှစ်ပေတွင်လုပ်ထားခြင်း ဖြစ်ပါသည်။

ခရမ်းတောက်အရောင်နှင့် နက်မှောင်သောဒင်ဒရိုဗီယန်တို့လှပဝင့်ထည်စွာဖြင့်ပွင့်နေကြသလို ဒင့်စင်းလေဒီတို့ကလည်း အားကျမခံအလှချင်းပြိုင်နေကြသဖြင့် ကျွန်တော်တို့ဇနီးမောင်နှံ ပီတိပြုံးလေးများဖြင့် ပြုံးပျော်နေရုံမျှမကဘဲ အိမ်နီးချင်းဖြစ်သူ ပန်းဝါသနာရှင်ပင်စင်စားကြီး ဦးလှကြည်ကိုပင်ခေါ်၍ပြသသေး၏။

အဘွားလေးတင်တင်နွဲ့၏ သစ်ခွဥယျာဉ်လေး



အဘွားလေးတင်တင်နွဲ့၏ သစ်ခွဥယျာဉ်လေး

www.burmeseclassic.com

www.burmeseclassic.com

■ **အလှလေးများ သူခိုးနောက်ပါ သွားပြီ**

သစ်ခွပန်းအလှလေးများ အရိပ်တကြည့်ကြည့်ဖြင့် ပီတိဖြစ်နေကြဆဲ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့ မနက် အိပ်ရာမှ စောစောထ၍ သူပန်းဥယျာဉ်လေးအရင်ဆုံးကြည့်လေ့ရှိသော အဘွားလေးတင်တင်နွဲ့သည် အိပ်ရာမထသေးဘဲနှပ်နေသော ကျွန်တော့်ကို လှုပ်နှိုးရင်း -

"အစ်ကိုကြီး၊ ပန်းလေးတွေမရှိတော့ဘူး"

ဟု ကြေကွဲသံဖြင့်ဆိုရင်းမျက်ရည်ကျနေပါသည်။

ကျွန်တော်လည်း လူးလဲထကာ သစ်ခွဥယျာဉ်လေးသို့ပြေးကြည့်ပါသည်။ အလှဆုံးပွင့်နေသော အဖြူတန်သစ်ခွနှင့် ဒန့်စင်းလေဒီ အပါအဝင် ပန်းအိုး (၁၅) လုံး သူခိုးနောက်ပါသွား၏။ ပန်းလေးများကို ရင်နှစ်သည်းခြာလိုပြုစုယုယရှာသော အဘွားလေးတင်တင်နွဲ့သည် စိတ်ထိခိုက်လွန်းသဖြင့် မနက်စာကော်ဖီနှင့်မုန့်ပင် မစားနိုင်တော့ပါ။ ကျွန်တော်လည်း သစ်ခွသူခိုးကို ရေရွတ်ကျိန်ဆဲသည်အထိ ခံစားရပါသည်။ ရက်သတ္တပတ်လောက်ခံစားကြရပါသည်။

ဓမ္မပဒတွင်ပါရှိသော ဇောတိကသူဌေးအလောင်းဘဝက ဘုရားကျောင်းတော်တွင် လှူဒါန်းထားသော ပတ္တမြားကြီးပင် သူခိုးနောက်ပါသွားသေးတာပဲ ဟုတွေးရင်း ဖြေသိမ့်ရပါသည်ကျွန်တော်၏ခြံပတ်လည်ကို အင်္ဂတေကျောက်တိုင်စိုက်၍ ခွိန်းလိပ်သံစကာကာထားပါသည်။ ဝင်းခြံတံခါးကို သံတံခါးတတ်ဆင်ထားပါသည်။ သူခိုးသည် သံဇကာကိုကျော်တက်၍ ခိုးခြင်းဖြစ်ပါသည်။ ပန်းအိုး (၁၅) လုံးသယ်ယူရန် ကားပင်ပါမည်ဟု ယူဆရပါသည်။

ယခုတစ်လော ဒဂုံမြို့သစ်မြောက်ပိုင်းတွင် သစ်ခွပန်းသူခိုးများသောင်းကျန်းကြောင်း မကြာခဏကြားနေရပါသည်။ အဘွားလေးတင်တင်နွဲ့၏ သစ်ခွပန်းအိုးများအခိုးခံရခြင်းနှင့်ပတ်သက်၍ အားနည်းချက်များ လေ့လာကြည့်ရာ သစ်ခွဥယျာဉ်လေးသည် အိမ်ရှေ့တွင်မဟုတ်သဖြင့် ကျည်ကွယ်မျက်ကွယ်နေရာဖြစ်နေခြင်း၊ ခွိန်းလိပ်သံဇကာကို ကျော်တက်နိုင်ခြင်း၊ အရံအတား၊ ဂုဏ်တော်ပရိတ်တော်မရှိခြင်းများကြောင့်ဟု တွေ့ရှိရပါသည်။

သို့အတွက် သစ်ခွဥယျာဉ်လေးအား အလွယ်တကူမြင်တွေ့နိုင်သော အိမ်ရှေ့တည့်တည့်သို့ပြောင်းရွှေ့လိုက်ပါသည်။ ဝင်းခြံစည်းရိုးကာထားသော ခွိန်းလိပ်သံဇကာပေါ်မှာ ထပ်ဆင့်၍ ဘလိတ်ဓားစတီးဆူးကြိုးခွေအကောင်းစားကာရံလိုက်ပါသည်။ ခြံအဝင်သံပန်းတံခါးပေါ်တွင်လည်း ဘလိတ်ဓားဆူးကြိုးခွေထပ်ဆင့်ထားပါသည်။ ဤအတိုင်းဆိုလျှင် ယခင်ကလို သူခိုးအလွယ်တကူ မဝင်နိုင်တော့ပါ။

သစ်ခွပန်းအလှလေးများအတွက် တသသဖြစ်နေသော အဘွားလေးစိတ်ပြေပျောက်စေရန် အပွင့်လှအမျိုးကောင်းသစ်ခွဖြစ်သော ဗင်ဒါ၊ ဒင်ဒရိုဗီယန်၊ ကတ်စလီယာများနောက်ထပ်လေးဆမျှဖြည့်တင်းစေပါသည်။ သစ်ခွဥယျာဉ်လေးကိုလည်း မူလထက်နှစ်ဆတိုးချဲ့လိုက်ပါသည်။ ဘလိတ်ဓားဆူးကြိုးအရံအတားထက် ကောင်းသောအရံအတားများစဉ်းစားရာ ၂၀၁၆၊ (-) လ၊ သူရဇ္ဇမဂ္ဂဇင်းတွင် ဆရာစိုးထွန်း(ဥပဒေ) ရေးသားသော ပုသိမ်မှသူခိုးမဝင်နိုင်သော အပျိုကြီးညီအစ်မအိမ်အကြောင်းသတိရသဖြင့် ဆရာစိုးထွန်း (ဥပဒေ) ထံဆက်သွယ်၍ မည်သည့်အစီအရင်ဖြစ်ကြောင်း မေတ္တာရပ်ခံမေးမြန်းရ၏။ ဆရာစိုးထွန်း (ဥပဒေ) ကလည်း စိတ်ရှည်လက်ရှည်ပြန်ကြားပါသည်။ ထို့ပြင် သူရဇ္ဇတွင် ရေးအားကောင်းသော နေပြည်တော်ကျော်ကျော်စိုးထံသို့လည်း လောကီအရံအတားအစီရင်ရှိက မစပါရန် နားပူနားဆာလုပ်ပါသည်။

ဆရာစိုးထွန်း(ဥပဒေ)ထံမှရသည့် ဒိဝါတပတိဂါထာနှင့် နေပြည်တော်ကျော်ကျော်စိုးထံမှရသည့် လောကီအစီရင်ဂါထာများကို ညစဉ်ဘုရားရှိခိုးပြီးတိုင်း မပျက်မကွက်ပြုလုပ်သည့်အပြင် ကျွန်တော်၏ကိုယ်ပိုင်သမ္မဒ္ဓေဂါထာတော်ကိုပါ အရံအတားပြုလုပ်ပါသည်။

အဘွားလေးတင်တင်နွဲ့၏ သစ်ခွဥယျာဉ်လေးသည် ယခင်ကထက်နှစ်ဆများလာသလို အရောင်အသွေးမျိုးစုံဖြင့် ဖူးပွင့်ဝေဆာနေကြသည်မှာလည်း မြင်ရသူတို့ငေးရပါသည်။ မြင်ရသူတို့အထဲတွင် သစ်ခွပန်းသူခိုးလည်း မလွဲတမ်းပါပေမည်။ ကျွန်တော်သည် ညစဉ်မပျက်မကွက်ဘုရားရှိခိုးခြင်း၊ သရဏဂုံ (၁၀၀၀) ပူဇော်ခြင်းများပြုပြီးတိုင်း အမျှဝေ၏။ ဆရာစိုးထွန်း(ဥပဒေ)ထံမှ ချီးမြှင့်သော ဒိဝါတပတိဂါထာတော်၊ သမ္မဒ္ဓေဂါထာတော်တို့ဖြင့် ခြံဝင်းကိုစည်းချ၏။ အားလုံးပြီးလျှင် ကျွန်တော်တို့ခြံဝန်းကျင်ဌာရှိကြကုန်သော ရက္ခစိုးများကို အဆွေခင်ပွန်းဖွဲ့၍ နားပူနားဆာလုပ်၏။ အမျှဝေသောအခါတိုင်းလည်း ဝန်းကျင်ရှိရက္ခစိုးနတ်များဟုပါ၏။

ပြီးလျှင်

'နေ့စဉ် ကျွန်ုပ်ကောင်းမှုကုသိုလ်ပြုတိုင်း အမျှဝေသည်ကိုသာ သာဓုခေါ်ခွင့်ရရှိကြသော ရက္ခစိုးနတ်များတို့-

ကျွန်ုပ်တို့ခြံဝိုင်း၊ အိမ်ဝိုင်းနှင့် သစ်ခွခြံလေးအား မသမာသူများနှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ခိုးယူခြင်းစသော ဘေးအန္တရာယ်များမှ ကင်းဝေးအောင် အဆွေတော်ရက္ခစိုးနတ်များက ကာကွယ်တားဆီးကာဆုံးမပေးကြပါရန် မေတ္တာရပ်ပန်ကြားအပ်ပါသည်။ ရက္ခစိုးနတ်တို့ခင်ဗျား

ဟု နေ့စဉ် နားပူနားဆာလုပ်ပါသည်။ နေ့စဉ်မပျက်မကွက် နားပူနားဆာလုပ်သောကြောင့် ရက္ခစိုးနတ်တို့ပင် နားပူလော်က်ပေပြီ။

ဤတွင် ရက္ခစိုးနတ်တို့တကယ်ရှိသလားဟု မယုံကြည်သူများက တွေးတောကြပေမည်။ ရက္ခစိုးနတ်တို့အမှန်ပင်ရှိကြပါသည်။ ယနေ့ဂမ္ဘီရစာပေတို့တွင် ကြုံဖူးသူများ ပြန်လည်ရေးသားသည်ကို အတော်များများဖတ်ဖူး၏။ လယ်တီဆရာတော်ဘုရားကြီးကိုယ်တိုင်ပင် ရက္ခစိုးနတ်နှင့်စကားပြောဖူးကြောင်း ဖတ်ရ၏။ ငါးရှဉ်းငါးဆယ်ဇာတ်တော်ကြီး ၌ ဘုရားအလောင်းတော်ကိုယ်တိုင်ပင် ရက္ခစိုးနတ်ဘဝအကြိမ်ကြိမ်ဖြစ်ခဲ့ကြောင်း တွေ့ရ၏။

ငါးရှဉ်းငါးဆယ်ဇာတ်တော် ကုဏ္ဍကမ္ဘဝဇာတ်တော်၌ ဘုရားအလောင်းတော်သည် ဗာရာဏသီပြည်၏ တစ်ခုသောအရပ်ရှိ ကြက်ဆူပင်တွင် ရက္ခစိုးနတ်ဖြစ်၏။ လူတို့သည် ထိုခေတ်ထိုကာလကပင် နတ်ကိုးကွယ်ပသမှုများရှိ၏။ ယနေ့ခေတ် ဝါဝင်၊ ဝါထွက်လတို့တွင် ရိုးရာနတ်တို့ပူဇော်သလို ထိုစဉ်ကလည်း ပူဇော်ပသကြ၏။ တစ်ခုသောနတ်ပူဇော်ပွဲသို့ရောက်သော် လူတို့သည် မိမိတို့စွမ်းနိုင်သော အတိုင်းအတာဖြင့် ခဲဖွယ်ဘောဇဉ်၊ နံ့သာပျော်ပန်းဆီမီးအသီးသီးတို့ဖြင့် ပူဇော်ပသကြ၏။

သူဆင်းရဲသားတစ်ယောက်သည် အများနည်းတူနတ်ပူဇော်လို၏။ ထို့ကြောင့် သူနေ့စဉ်စားရသောဆန်ကွဲကိုပင် မုန့်အိုးကင်းကပ်လုပ်၍ သောက်တော်ရေတစ်ခွက်ဖြင့် မိမိအိမ်အနီးရှိ ကြက်ဆူပင်တွင် ပူဇော်ပသမှုပြု၏။ ထိုအခါ ကြက်ဆူပင်၌နေသော ဘုရားအလောင်းရက္ခစိုးသည် ကိုယ်ထင်ပြ၍

"အိုယောကျ်ား၊ အဘယ်အကျိုး

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)ဖုန်းတော်သို့ ဂါရဝပြုပါသည်

ဆရာအရှင်သူမြတ်ဖြစ်တော်မူသော သာသနာ့အကျိုးဆောင် ကေလာသဆရာအောင်တည်သည့် သာသနာငါးထောင် စေတီတော် (မော်ကွန်း) စတင်တည်ခိုန်မှစ၍ ထီးတော်တင်ပြီးသည့်ထိ ညီအစ်ကိုအရင်းကဲ့သို့ သံယောဇဉ်ကြီးခဲ့ရသော အစ်ကိုကြီး။

သူရဇ္ဇမဂ္ဂဇင်းကြီးစတင်ပေါ်ထွန်းလာခဲ့ခိုန်မှစ၍ သံယောဇဉ်ကြီးစွာလက်တွဲခဲ့ပြီး ပညာ၊ ဗဟုသုတ၊ အတွေးအခေါ်များ၊ ကုသိုလ်ရရန်အကြောင်းများ အစဉ်တစိုက်ရေးသားပေးခဲ့သော အစ်ကိုကြီး။

မဟာသရဏာဂုံတော်ကြီးကို စတင်ကြည်ညိုပြီး ရွှတ်ဖတ်ပူဇော်နိုင်လာသည့်အထိ စတင်လမ်းဖွင့်ပေးခဲ့သော အစ်ကိုကြီး။

ဆရာအရှင်၏သာသနာပြုခရီးများတွင် သွားအတူလာအတူတတွဲတွဲလိုက်ပါခဲ့ကြစဉ်က ညီငယ်တစ်ယောက်အား ဆုံးမဘိသကဲ့သို့ ပြောစရာရှိလျှင် ဘွင်းဘွင်းပြော၍ပြုပြင်လမ်းပြခဲ့သော အစ်ကိုကြီး။

အစ်ကိုကြီးသည် မြန်မာနှစ် ၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၂ ရက်၊ ခရစ်နှစ် ၂၀၁၈ ခုနှစ်၊ မေလ ၂၆ ရက်၊ စနေနေ့ မွန်းလွဲ (၂) နာရီအချိန်တွင် ကျိုက်လတ်မြို့နေအိမ်၌ ကွယ်လွန်သွားရှာပြီဖြစ်ရာ မေတ္တာကြီးမားလှသောအစ်ကိုကြီးတစ်ယောက် အဖြစ် လည်းကောင်း၊ ပညာရှင်တစ်ယောက်အဖြစ် လည်းကောင်း အစားထိုးမရနိုင်သောဆုံးရှုံးမှုဖြစ်ရပါသည်။

အစ်ကိုကြီး ဆရာဦးစိန်လှိုင်(ကျိုက်လတ်)၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် စာဖတ်ပရိသတ်ကြီးအား ကုသိုလ်၊ ပညာ၊ ဗဟုသုတများစွာပေးခဲ့သော မေတ္တာတရားတို့အား အမြဲထာဝရ သတိတရနှင့် လေးစားစွာ ဂါရဝပြုပါသည်။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

ငှာ ငါ့ကိုပူဇော်ပသရသနည်း"

ဟု မေး၏။

သူဆင်းရဲကလည်း -

"အရှင်ရဟန္တာစိုးနတ်မင်းကြီးကိုမှီ၍ ဆင်းရဲခြင်းမှကင်းလိုပါသည်။ ထို့ကြောင့် အရှင်ရဟန္တာစိုးအားပူဇော်ပသပါသည်"

ဟု ဆို၏။

"အိုသူဆင်းရဲယောကျ်ား သင်မစိုးရိမ်လင့်။ သင်သည် ကျေးဇူးကိုသိတတ်သော၊ကျေးဇူးကိုဆပ်တတ်သောငါ့အား ပူဇော်ခြင်းကိုပြု၏။

ဤကြောက်ဆူပင်ကိုရံ၍ ရွှေအိုးတို့သည် လည်ချင်းထိရှကုန်၏။ သင်သည် ဗာရာဏသီမင်းအား လျှောက်ကြား၍ လှည်းတို့ဖြင့်ရွှေအိုးများသယ်ဆောင်ကာ မင်းရင်ပြင်၌ စုပုံလော့။ မင်းသည် သင့်အား သူဌေးရာထူးကိုပေးလတ္တံ့"

ဟုဆိုကာ ရဟန္တာစိုးနတ်ကွယ်လေ၏။

ဗာရာဏသီမင်းလည်း ဘုရားအလောင်းတော်ရဟန္တာစိုးဆိုသည့်အတိုင်း ဆင်းရဲသားကို သူဌေးကြီးရာထူးပေးအပ်၏။ ဤသို့အားဖြင့် သူဆင်းရဲသည် ဘုရားအလောင်း ရဟန္တာစိုးတို့မှီ၍ သူဌေးကြီးဘဝရောက်ရ၏။

■ **ပန်းသူခိုးကိုရဟန္တာစိုးဆုံးမပြီ**

အဘွားလေးတင်တင်နွဲ့၏ သစ်ခွဉ်ယျာဉ်လေးကို အိမ်ရှေ့တည့်တည့်သို့ ပြောင်းရွှေ့ထားပြီး သုံးလခန့်အကြာ မိုးဖွဲဖွဲကျနေသော နှိုဝင်ဘာလ ၆ ရက် နံနက်လေးနာရီခန့်တွင် အိမ်ရှေ့ခြံဝင်းတံခါးအပြင်ဆီမှ -

"အမယ်လေးအမေရဲ့ ကြောက်ပါပြီ"

ဆိုသော မိန်းကလေးတစ်ယောက်၏ ထိတ်လန့်တကြားအော်သံနှင့်အတူ ခြေသံပြင်းနင်းကာ ထွက်ပြေးသွားသံကို ကြားလိုက်ရပါသည်။ အိပ်ရာမှနိုးနေပြီဖြစ်သော ကျွန်တော်တို့ဇနီးမောင်နှံလည်း ချက်ချင်းပင်မီးများဖွင့်ကာ ပန်းဥယျာဉ်ကို ဆင်းကြည့်ကြ၏။ ပန်းအိုးများ စစ်ဆေး၏။ တစ်စုံတရာမျှပျောက်ဆုံးခြင်းမရှိချေ။ သို့ဖြင့် ဝင်းခြံတံခါးကြီးဖွင့်၍ အပြင်ထွက်ကြည့်ကြ၏။ ဝင်းခြံသံတံခါးကြီးနှင့် သုံးပေခန့်အကွာတွင် မိန်းမစီးရော်ဘာဖိနပ်ကလေးတစ်ဖက်တွေ့ရ၏။ ကြောက်လန့်တကြားပြေးရသဖြင့် ဖိနပ်ကျွတ်ခဲ့ဟန်တူ၏။ ဘာကိုကြောက်သည်မသိချေ။

ခြံကိုဤမျှလုံခြုံအောင် ဘလိတ်မားသွားဆူးကြိုးခွေပါ ထပ်ဆင့်ကာထားပါလျက် လာရဲသော သစ်ခွပန်းသူခိုးကို အထင်သေး၍မရချေ။ ခြံတွင်းသို့မည်သို့ဝင်မည်နည်း။ဘလိတ်မားသွားဆူးကြိုးခွေသည် ကြောင်ပင်အလွယ်နှင့်မဝင်နိုင်ပေ။ ပို၍ထူးခြားသည်က သစ်ခွပန်းသူခိုးသည် မိန်းကလေးဖြစ်၏။

သို့သော် များစွာစိုးရိမ်ပူပန်မှုတော့ မဖြစ်ပါချေ။ နေ့အချိန်ပင် ဘလိတ်မားသွားဆူးကြိုးခွေအနားမကပ်နိုင်ခြင်း။ အထပ်ထပ်စည်းချထားသောဒီဝါတပတိဂါထာ၊ သမ္မုဒ္ဓေဂါထာ၊ လောကီဂါထာအစီရင်တို့သာမက ရဟန္တာစိုးနတ်တို့အား အမျှဝေ၊ မေတ္တာပို့၊ မိတ်ဖွဲ့အကူအညီတောင်းထားသည်များကြောင့် သစ်ခွပန်းသူခိုးမဝင်နိုင်ဟု အကြွင်းမဲ့ယုံကြည်ထားသည်။

ပန်းသူခိုးမလေး အော်ပြေးပြီး သုံးရက်မြောက်ည (၂) နာရီခန့်တွင် ခြံတံခါးဝဆီမှပင် 'အား-အမယ်လေးဗျ' ဟု အော်ဟစ်ကာ ထွက်ပြေးသွားသောယောကျ်ားတစ်ယောက်၏အသံကိုကြားရပြန်၏။ အဘိုးကြီးကျွန်တော်နှင့် အဘွားလေးတင်တင်နွဲ့တို့ ဆင်းကြည့်ရပြန်ပါသည်။ ဘာတစ်ခုမှပျောက်ရှခြင်းမတွေ့ရပါ။ ဤတွင်မှ စဉ်းစားမိသည်မှာ -

ကျွန်တော် အကူအညီတောင်းထားသည့်အတိုင်း သစ်ခွပန်းခိုးရန်လာသူတို့ကို ကျွန်တော်၏မိတ်ဆွေရဟန္တာစိုးတို့ ဆုံးမလိုက်ပြီဟု။

(ဒီဝါတပတိဂါထာတော်ကိုအသုံးပြုပူဇော်လိုပါလျှင် သူရဇ္ဇမဂ္ဂဇင်းပထမဆုံးစာမျက်နှာတွင်လစဉ်ပါရှိပါကြောင်း)

ဓာတ်ပုံ-မောင်မောင်မြအေး

www.burmeseclassic.com

www.burmeseclassic.com

သား မောင်ကျော်မြင့်။

မင်းနဲ့ ကိုလှမြင့်နဲ့ကတော့ ပြောကြဆိုကြ ရယ်ကြမောကြနဲ့ ခရီးသွားအိတ်တွေကိုယ်စီလွယ်ပြီးပြန်သွားကြပေမယ့် အိမ်ပေါက်ဝကရပ်ကြည့်ပြီးကျန်ခဲ့ရတဲ့ငါ့မှာ မျက်တောင်ခတ်တာနည်းနည်းမြန်ပြီး အံတော့ကြိတ်ထားလိုက်ရတာပေါ့ကွာ။

မင်းတို့ကတော့ ဘယ်သိမလဲ။

ငါကတော့ မင်းတို့နှစ်ယောက်လုံးကိုကြည့်နေပြီး ဝေးသွားတဲ့အထိ မေတ္တာတွေပို့နေရတာပေါ့။

အေးပေါ့လေ၊ ငါအင်မတန်ချစ်တဲ့သားတွေကိုး။ ဒီလောက်တော့ ငါခံစားမိတာမဆန်းပါဘူး။

မင်းဘူးကို ငါရောက်ပြီဆိုတာနဲ့ ရှိသမျှစီးပွားရေးအလုပ်တွေခဏရပ်ထားပြီး အနားကမခွာဘဲတကောက်ကောက် လျှောက်လိုက်နေကြတဲ့ မင်းတို့ညီအစ်ကို နှစ်ယောက်ရယ်၊ ဘယ်လောက်အရေးကြီးတဲ့အလုပ်တွေရှိရှိ လှည့်ကိုမကြည့်တော့ဘဲ အနားကမခွာတော့တဲ့ ကလေးကြီးလို သားကြီးကိုခင်ရယ်၊ အလုပ်တွေရပ်ပြီး တောက်လျှောက်လိုက်နေတဲ့ သားကြီးဆရာချစ်ရယ်၊ အဖေကို မျက်စိအောက်က အပျောက်မခံဘဲ အရိပ်တကြည့်ကြည့်နဲ့ ဂရုစိုက်လွန်းတဲ့ သားကိုစိုးနဲ့ သမီးနီလာရယ် အားလုံးဟာ ငါ့ရင်ထဲမှာ ခုချက်ချင်းပေါ်လာတယ်။ ငါ့သားတွေ၊ ငါ့သမီးတွေကို ငါအချိန်ရှိသမျှကို သတိရလွန်းတယ်။ သံယောဇဉ်ဖြစ်ရလွန်းတယ်။

မင်းတို့နှစ်ယောက်လာတော့ သူတို့လေးတွေကို အရမ်းသတိရတယ်။ သားတို့ညီအစ်ကိုလည်း ပြန်သွားရော အိမ်ရှေ့ကို မျက်နှာလှည့်ပြီး ခုံမှာခြေပစ်လက်ပစ်ထိုင်ချရင်း ကျန်တဲ့သားတွေသမီးတွေကိုနာမည်တွေခေါ်ပြီး မေတ္တာပို့တော့တာပဲ။ မအားလွန်းလို့ မရောက်ရှာတဲ့ သားကြီးဘကိုးပါပါတယ်။

အေးပေါ့လေ -

သားတို့တွေဟာ ငါမင်းဘူးရောက်တိုင်းရောက်တိုင်း ဘာမှကိုလိုလေသေးမရှိအောင် ဂရုစိုက်ကြလွန်းတာကိုး၊ မေတ္တာကြီးမားကြလွန်းတာကိုး။ ဒီတော့ အဖေတစ်ယောက်အနေနဲ့ သားတွေသမီးတွေကို သံယောဇဉ်ကြီးရလွန်းတာမဆန်းပါဘူး။

သွားအတူလာအတူနေခဲ့ကြတော့ ခုလို ငါ့သားတွေကို တစ်နာရီလောက်လေးပဲစကားပြောလိုက်ရ မြင်လိုက်ရတော့ အားမရဘူး။ ရင်ထဲမှာတစ်မျိုးပဲ။

ဟိုတလောကလည်း သားကြီးဆရာချစ်လာတုန်းကလည်း ဒီလိုပဲ။ သူပြန်သွားတော့ အိမ်ဝကရပ်ကြည့်ပြီးကျန်ခဲ့ရတာတစ်မျိုးပဲ။ နေပူကြီးထဲမှာ ခေါင်းလေးငိုက်ဆိုက်နဲ့ပြန်သွားတာ။

သားတို့တစ်ယောက်စီ မကြာမကြာရောက်ရောက်လာတော့ တော်သေးတာပေါ့။ အလွမ်းပြေတာပေါ့။

ဒီလိုမှမတွေ့ရရင် ငါဘယ်လိုနည်းနဲ့ မင်းဘူးသွားရပ့်မလဲပဲတွေးနေတာ -

တကယ်ပြောတာ သား -

ခုလည်း သားတို့နဲ့စကားပြောရင်း ငါ့သားတွေနဲ့တွေ့ချိန်လေးမှာ အောက်မေ့သတိရကြောင်းလေးတွေ ပြောရင်း သားရန်ကုန်လာရင်ပေးဖို့၊ ပညာခန်းသင်ပေးလိုက်ဖို့ မေ့သွားတယ်။

ဘာဖြစ်လဲကွာ -

အခု သင်ပေးလိုက်မှာပေါ့ မဟုတ်ဘူးလား သား။

မင်းကတော့ ပညာကိုချစ်တော့ ဘယ်လိုသင်ပေးပေး ဝမ်းသာမှာ၊ ငါ့သားအကြောင်း ငါသိတယ်။

အေးအေး - သင်ပေးလိုက်မယ်။

ဘယ်သူ့ကိုသားလုပ်ခိုင်းခိုင်း၊ လုပ်ခိုင်းတဲ့လူမှန်သမျှ အကျိုးကျေးဇူးများမယ့်ပညာခန်းပဲ။ ယုံယုံကြည်ကြည်နဲ့လုပ်



ဆရာဦးမောင်မောင်သန်း
(ရန်ကုန်၊ ဒဂုံတက္ကသိုလ်)

လက်တွေ့ကောင်းကျိုးဝင်ငွေရယူတတ်ရေး

www.burmeseclassic.com

www.burmeseclassic.com

ကြတဲ့သူမှန်သမျှ အကျိုးကျေးဇူးများမယ်။ အဲဒီပညာခန်းကိုပေးမယ်။

ပေးချင်တဲ့ပညာတွေများပေမယ့် တချို့ပညာခန်းတွေက လူတိုင်းလိုက်မလုပ်တတ်တာလေးတွေရှိကောင်းရှိမယ်။ ဥပမာ အင်္ဂလိပ်အခေါ် အဝေါ်တွေနဲ့ သုံးနှုန်းရင် နားစိမ်းတဲ့သူတွေကျခက်မယ်။ လက်ာတွေနဲ့ဆို စဉ်းစားရကျပ်သွားမယ်။

ဓာတ်ရိုက်တဲ့နေရာမှာ လူအကုတွေလိုမယ်။

ဒီပညာခန်းကျတော့ လွယ်လည်းလွယ်တယ်။ ထိလည်းထိရောက်တယ်။ ဘုရားရှင်ကို ပူဇော်တာဖြစ်လို့ ကုသိုလ်ကလည်းဖြစ်ပြီးသား။ အညွှန့်ပန်းလေးတွေနဲ့ချည်းပူဇော်တာဖြစ်လို့ အကုသိုလ်လည်းမရှိဘူး။ ပေါ့ပေါ့ပါးပါးလေးနဲ့ လူတိုင်း ပူဇော်လို့ရတယ်။

အဲဒါကတော့ -

www.burmeseclassic.com

www.burmeseclassic.com

မသိဘဲ အမှိုက်ပုံမှာသွားပစ်လိုက်တယ်တဲ့။ အဲဒီနောက်ပိုင်း သူတို့မောင်နှမတွေ ဆူညံပေါက်ကွဲမဖြစ်ကြတော့တာခုထိပဲ။

အေးပေါ့ သားရယ် - ငါပြောတာ အဲဒါပဲ။

ဘာမှန်းညာမှန်းမသိဖြစ်နေတာ ဓာတ်ပန်းလည်းထိုးပြီးရော အဲဒီ ဘာမှန်း ညာမှန်းမသိဖြစ်နေရတဲ့ပြဿနာကြီးရဲ့ အကြောင်းပေါ် လာရတော့တာပဲ။ ဘာပဲဖြစ်ဖြစ်အိမ်ပူရတဲ့အကြောင်းရင်းပေါ် သွားတာပေါ့။ ဒါ အခု မင်းကိုသင်ပေးနေတဲ့ ဓာတ်ပန်းရဲ့စွမ်းအားသတ္တိပဲသား။ သူ့ကို ထိုးလျှင်ခိုင်းတဲ့ဓာတ်ပန်းကတော့ ရွက်လှု (၁၇) ညွှန့်နဲ့ မေမြို့ပန်း (၁၉) ခိုင်ပဲ။ အဲဒီတုန်းက ဦးတိုးကြီးဟာ မေမြို့ပန်းထိုးရင်း ဝယ်မရတော့လို့ ပန်းပြတ်သွားလို့ ပျဉ်းမ(၁၉)ညွှန့်နဲ့ ဓာတ်ပန်းထိုးခဲ့ရသေးတယ်။

ထိုးခိုင်းခဲ့တာကတော့ စနေနေ့ မနက် (၉)နာရီတိတိမှာပဲ။ သူဟာ ဓာတ်ပန်းထိုးပြီး တစ်လလောက်အကြာမှာ စထူးလာပေမယ့် မစွန့်ဘူး။ မစွန့်ဘူးဆိုတာ ပန်းတွေနွမ်းတာနဲ့ အသစ်တော့ချက်ချင်းလဲပေးတယ်။ ခုထိ ဒီဓာတ်ပန်းအိုးကိုမစွန့်ဘဲထိုးတာပြောတာ။ ငါသိရသလောက် ခုထိ သူ့အိမ်မှာ ဒီဓာတ်ပန်းအိုးရှိနေတုန်းပဲ။

၄		ရွက်လှု (၁၇)ညွှန့်
၁		
၅		ပျဉ်းမ (၁၉)ညွှန့်/
ဦးတိုး	၀	မေမြို့ (၁၉)ခိုင်
၃		
၆		
၂		

(မောင်ကျော်မြင့်အား သင်ကြားပြသပေးနေသော ဓာတ်ပန်းထိုးအစီအရင်ကို အင်္ဂဝိဇ္ဇာခရာစောက်တိုင်စဉ်နှင့် ပြသထားခြင်း ဖြစ်ပါသည်။ စနေသား၊ စနေနာမည်ရှင်၏ အထက်ဆောင်ပန်း ဖြစ်ပါသည်။ ရန်/မိတ် ပညာခန်းများနှင့်မဆိုင်ပါ။ ဓာတ်ပန်းလှူခြင်းသည် ဓာတ်ပန်းလှူခြင်းသီးသန့်သာဖြစ်ပါသည်။)

တစ်ယောက်လည်းရှိသေးတယ်သား။ သူကတော့ ပညာလည်းတတ်၊ အရည်အချင်းလည်းရှိ၊ အလုပ်လည်းကြိုးစားပါရက်သားနဲ့ မတက်ဘဲဆင်းနေတဲ့သူ။ ဘယ်တက်မလဲ၊ လုပ်ဖော်ကိုင်ဖက်တွေက သူ့အရည်အချင်းနဲ့ လုပ်ရည်ကိုင်ရည်သွက်လက်ပုံကို မနာလိုမြို့ကြဘူးလေ။

ဓာတ်ပန်းပူဇော်နည်းတွေထဲက တစ်နည်းပဲ။

ဟုတ်တယ် - မင်းပြောမှာငါသိတယ်။ အရင်က ညည့်ခန်းမှာ ဓာတ်ပန်းထိုးနည်းနဲ့ လာဘ်ဖွင့်ပြခဲ့တာက ဆပွတ် ဓာတ်ပန်း။

အခုပြမယ့်ဓာတ်ပန်းက ဆပွတ်နဲ့ ပဉ္စပွတ်တွဲပြီး ဘုရားပူဇော်တဲ့ဓာတ်ပန်းပဲ။ ရှေးရှေးကပညာရှင်ကြီးတွေကိုယ်တိုင် လက်တွေ့ပူဇော်ခဲ့ကြတဲ့ပညာခန်းလို့ ဆရာသခင်ကိုယ်တိုင်ပြောဖူးတယ်။ ငါ့မျက်စိရှေ့မှာလည်း ဆရာသခင်က ပူဇော်ခိုင်းလို့ အဲဒီဓာတ်ပန်းပူဇော်ပြီး အောင်မြင်သွားတဲ့အတွက် ဆရာ့ကိုလာကန်တော့ကြတာတွေ တွေ့ဖူးတယ်။ သေးသေးကွေးကွေးကိစ္စကနေ ကြီးကျယ်ခမ်းနားတဲ့ကိစ္စကြီးတွေအထိ ဆရာက အဲဒီအစီအရင်ကိုပေးတာများတယ်။

အစီအရင်က ဘယ်သူဖြစ်ဖြစ် မွေးနေ့မနက် (၉) နာရီကစတာချည်းပဲ။ ဒါပေမယ့် နွမ်းလို့လဲရင်အခြိန်တွေအခါတွေမလိုတော့ဘူး။ နွမ်းတာနဲ့ထားလို့မရတော့ဘူး။

ဓာတ်ပန်းက -

ဆိုကြပါစို့ - တနင်္ဂနွေနာမည်ရှင် တနင်္ဂနွေသားဆိုရင် မေမြို့ပန်း(၁၉)ခိုင်နဲ့ သပြေ (၂၁)ညွှန့်တင်လှူရမှာ၊ ဘုရားကို ပူဇော်လှူဒါန်းရမှာ။ အိုးတော့ကြိုးမှ ရမယ်။ သူကတော့ ဂြိုဟ်သင်္ကာအပြည့်နဲ့ ပူဇော်တာဖြစ်လို့ မေမြို့ဆို (၅) ခိုင်၊ သပြေဆို (၆) ညွှန့်မရဘူး။ အိုးကလည်း အသစ်နဲ့ပူဇော်ရမယ်။ ဘာအိုးဖြစ်ဖြစ် မြေအိုး၊ ကြေးအိုး၊ ဒန်အိုးအကုန်ရတယ်။ ဘုရားညောင်ရေအိုးမှန်သမျှ အကုန်ရတယ်။ တာအိုးတော့မရဘူး။ ပက်ပက်ကြီးထိုးလို့မရဘူး။ ညောင်ရေအိုးထိုးသလို အညွှန့်တွေဖြာနေအောင်ထိုးရမှာ။ မတ်မတ်ဖြစ်နေရမယ်။ တာအိုးဆိုဟိုယိုင်ဒီလဲဖြစ်နေတတ်လို့မရဘူး။

နွမ်းတာနဲ့ထားလို့မရတာက ဒီပန်းတွေဟာ အဆောင်ဓာတ်ပန်းဖြစ်လို့ အဆောင်ဓာတ်ပန်းဆိုတာ မနွမ်းကောင်းဘူး။ ဒါကြောင့် နွမ်းတာနဲ့လဲရတယ်။

ကိုယ်တိုင်လှူတာကတော့ အကောင်းဆုံးနဲ့ အထိရောက်ဆုံးပဲ။

မရရင်တော့ ပထမဆုံး စတင်လှူလှူခြင်း ကိုယ်တိုင်တင်လှူပူဇော်လိုက်၊ နောက်နေ့ နွမ်းတာနဲ့လဲရင် ဘယ်သူလုပ်ပေးပေးရတယ်။

ဒါကတော့ နေ့စဉ် ဓာတ်ပန်းထိုးခြင်းတွေထဲက နေ့စဉ်ဓာတ်ပန်းထိုးခြင်း တစ်နည်းပဲ။ နေ့တိုင်း ရေလဲပေးနေတော့ နေ့တိုင်း ဓာတ်ပန်းထိုးနေတာနဲ့အတူတူပဲ။

ဒီဓာတ်ပန်းထိုးပြီးဘုရားပူဇော်တာကို လွယ်လှချည်ရဲ့ဆိုပြီး လျှော့မတွက်နဲ့။

ဒီနည်းဟာ ပညာတိုက်တွေတောင် တဖြည်းဖြည်းပြေလာတယ်လို့ ဆရာသခင်ကပြောတယ်။ တကယ်လည်းဟုတ်တယ်။ ဆရာသင်ပေးပြီးတဲ့နောက်ပိုင်း အတိုက်အခိုက်ခံထားရတာတွေ တဖြည်းဖြည်းပြေလာတဲ့သူတွေတွေ့ဖူးတယ်။

သတိတရပြောပြဦးမယ်။ တစ်ခါက ဦးတိုးကြီးဆိုတဲ့လူတစ်ယောက် သူ့အိမ်မှာ ဘာဖြစ်နေမှန်းမသိဘူး၊ ပြောင်းဆန်နေတာပဲ။ဟိုလူကဒီလူကိုအကောင်းမထင်၊ ဒီလူက ဟိုလူကိုအကောင်းမထင် ဟိုလူနဲ့ဒီလူနဲ့မတည့်ဖြစ်နေကြတာ စိတ်ညစ်စရာကြီး။ ဘာမှမဟုတ်တဲ့ကိစ္စလေးကို အကြီးကြီးချဲ့ပြီး တစ်ယောက်နဲ့တစ်ယောက် အလျှော့မပေးဘဲ အနှိုင်ယူပြောနေကြတာ၊ အော်ကြီးဟစ်ကျယ်နဲ့ အပြစ်ကလည်းရှာရှာနှိုင်လွန်းတယ်။ မည်းမည်းမြင်ရာ အပြစ်ပဲ။

ဦးတိုးကြီးက ပွဲစားလုပ်စားတာ။ သူမိသားစုလည်း အဲဒါပဲလုပ်စားကြတာ။ ငါ့ဆီရောက်လာတော့ ငါကလည်း အခုမင်းကိုသင်ပေးနေတဲ့ ဓာတ်ပန်းပဲလှူခိုင်းလိုက်တော့တယ်။ ဓာတ်ပန်းလှူတဲ့နေ့ကစပြီး ခင်ဗျားဆဲရေးတိုင်းထွာပြောဆိုတာတွေမလုပ်ရဘူး။ အော်ကြီးဟစ်ကျယ်ပြောတာတွေလည်းရှောင်။ ဘာလို့လဲဆိုတော့ ဓာတ်ပန်းဆိုတာ နူးညံ့သိမ်မွေ့လှတယ်။ ဆဲရေးတိုင်းထွာနေတဲ့သူ၊ အော်ကြီးဟစ်ကျယ်လုပ်လွန်းသူ၊ ညည်းလွန်းသူ၊ ပါးစပ်က ကျက်သရေမရှိတဲ့အပျက်သဘောတွေပြောလေ့ရှိသူ ဒီလိုလူမျိုးတွေ ဓာတ်ပန်းထိုးလို့မအောင်မြင်ဘူးလို့ပြောလိုက်တယ်။ ဓာတ်ပန်းထိုးပြီး တစ်လလောက်အကြာမှာ သူတို့အိမ်လေ့ကားထိပ်ကြမ်းပြင်အတက်အဆင်းမှာ ပြောင်ပြောင်လက်လက်လေးတစ်ခုတွေ့လို့ သူ့သားသမီးတစ်ယောက်က စပ်စပ်စုစုဆွဲထုတ်ယူလိုက်တာ ကြေးအလိပ်လိုက်တစ်ထွာလောက်ထွက်လာတယ်တဲ့။ ကြမ်းပြင်ကြားထဲက အင်းတွေချထားတယ်တဲ့။ ကြည့်စမ်း- ဒီအင်းတွေပေါ်က ကျော်ကျော်ပြီး အိမ်ထဲအဝင်အထွက်လုပ်ရတာ။ အဲဒါကြီးထွက်လာတော့ သူတို့လည်း ဘာလုပ်လို့လုပ်ရမှန်း

www.burmeseclassic.com

www.burmeseclassic.com

တဲ့အားထက်နေပုံရတာကိုး။ ဒီတော့ ဆင့်ကဲတိုးတက်ဖို့အတွက် အထစ်အငေါ့လေးတွေဖြစ်လာတတ်တာမဆန်းပါဘူး။

ငါနဲ့တွေ့တော့ အုန်း (၆) လက်နဲ့ကံ့ကော် (၁၅) ညွှန့်ပေါင်းပြီး ဘုရားမှာ ပူဇော်ခိုင်းလိုက်တယ်။

အေး - မင်းသိမှာပါ။ ပုဒ္ဓဟူးဟုတ်တယ်။ ဒီတော့ ပုဒ္ဓဟူးနေ့ မနက် (၉) နာရီတိတိမှာစပြီး အိုးတစ်လုံးထဲရေထည့်ပြီး ပူဇော်ခိုင်းလိုက်တာပေါ့ကွာ။ သူက တဲက်တက်ကြွကြွနဲ့ကိုလုပ်တာ။ နေ့မဆိုင်း နာရီမဆိုင်းဘဲ ချက်ချင်းလုပ်မယ်ဆိုလို့ တားထားရတယ်။ အဲလိုတော့ မရဘူး၊ ဒီဓာတ်ပန်းပူဇော်တာက အချိန်အခါနဲ့ပူဇော်ရတာ၊ ရမ်းလုပ်လို့မရဘူးဆိုပြီး အတိအကျလုပ်ခိုင်းရတယ်။ မလုပ်ခိုင်းခင် မေးရသေးတယ်။ ဆဲတတ်လား၊ အိမ်ပူတတ်လားဆိုတာတွေပေါ့ကွာ။ ဓာတ်ပန်းလှူနည်း နှာ လိုက်နာရမယ့် စည်းမျဉ်းတွေပေါ့။ သေချာမှလုပ်ခိုင်းရတယ်။ ဘာကြောလဲကွာ၊ သုံးလကျော်ကျော်လောက်လည်းကျရော ရာထူးတက်သွားပြီး အုံးသြစရာတွေဖြစ်ကုန်တော့တာပေါ့။ အုံးသြစရာက သူ့ကိုယ်ရေးကိုယ်တာမို့ငါမပြောတော့ပါဘူး။ အဓိကသူဖြစ်ချင်တဲ့ ရာထူးတက်သွားခြင်းဖြစ်သွားတယ်။ သူ့အောင်မြင်မှုကြောင့် သူ့မိသားစုရဲ့ဝမ်းသာမှုတွေက ငါ့ဆီတောင်ကူးစက်လာတဲ့အထိ ငါခံစားရတယ်။ ဝမ်းသာလိုက်တာကွာ။ ဘယ်သူတွေတက်တက် သူကျန်ကျန်နေတဲ့သူ၊ သူ့ကိုယ်သူတောင်မထင်တော့ဘူး။ သူ့ကိုယ်သူထင်ထားတုန်းက မတက်ခဲ့တော့စိတ်လျှော့သွားတာပေါ့ကွာ။ အဲဒီမှာ ငါနဲ့တွေ့ပြီး ဘုန်းတွေကံတွေပွင့်တက်သွားတာပေါ့။

ပဉ္စပွတ်	၁	အုန်း (၆)ညွှန့်
	၅	
ဆပွတ်	၂	ကံ့ကော် (၁၅)ညွှန့်
	၇	ပုဒ္ဓဟူးသား
	၀	
	၇	
	၆	

(ပုဒ္ဓဟူးသား၊ ပုဒ္ဓဟူးနာမည်ရှင် ဦးဝင်းရွှေအား ဓာတ်ပန်းစီရင်ခဲ့ပုံဖြစ်ပါသည်။ ဘုရားရှင်အား ဤအတိုင်းလှူဒါန်းပူဇော်စေခဲ့ပါသည်။ သူ၏အခြေအနေမှာ အုံ့မှိုင်းနေသောကောင်းကင်ပြင်ကြီးဆီမှ တိမ်တိုက်များရွှေ့လျားသွားပြီး နေရောင်လင်းလက်တောက်ပသွားသည်သို့နှယ်)

အဲဒါပဲ သားရေ၊ အောင်မြင်မှုဆိုတာ အောင်မြင်ချင်ကြသူတိုင်းမှာရှိတယ်။ အရေးကြီးတာ ပွင့်အောင်ဖွင့်နိုင်တဲ့ KEY ပဲ တစ်ချက်ပဲ။

သူလည်း စောစောက ကိုတိုးကြီးလိုပဲ သား။ ခုထိကို ဓာတ်ပန်းအိုးနဲ့ဘုရားပူဇော်နေတုန်းပဲ။ သူကမှ ကိုယ်တိုင်ပန်းလဲပြီးပူဇော်တာ။ လက်တွေ့အောင်မြင်သွားတာကိုး။ သူပြောတယ်၊ ကျွန်တော် ဓာတ်ပန်းအိုးကို လက်နဲ့စုံကိုင်ပြီး ဘုရားရှင်ကို အာရုံပြုကြည်ညိုပြီး ရွတ်ဖတ်ပူဇော်နေရတဲ့အချိန်ဟာ ဘာခံစားချက်နဲ့မှမတူဘူးတဲ့။ အားတွေအင်တွေပြည့်ပြီးလျှံသွားသလိုပဲတဲ့။ သူက စုံကိုင်ပြီးတော့ကို ရွတ်ဖတ်ပူဇော်တာ။ သူမျှားကိုမလုပ်ခိုင်းချင်ဘူးတဲ့။ အုန်းညွှန့်လေးတွေများဆို အနာတောင်မပါဘူး။ စိမ်းစိုလှပနေတာပဲ။ လက်တွေ့ဆိုတော့ ကြည်ညိုတဲ့အားပိုကောင်းသွားတာပေါ့။

မင်းကို သူ့အကြောင်းပြောပြရင်း ငါခရီးထွက်ပြီး မြို့လေးတစ်မြို့ကိုရောက်သွားတုန်းကအကြောင်းလေးသတိသွားရလို့ ပြောဦးမယ်သား။

အဘွားကြီးတော့ မဟုတ်သေးဘူး။ ငါးဆယ်တော့ကျော်ပြီ။ နာမည်က ဒေါ်ကြာရိုးတဲ့။

အေး - မင်းကြားတာနဲ့ ဟာ - နာမည်က တစ်မျိုးပဲလို့ပြောမှာသေချာတယ်။ အဲဒီဒေါ်ကြာရိုးက နေမကောင်းတာကွ။ အစာမစားချင်ဘူးဆိုပြီး ကြုံသလိုလေးနဲ့စားတာ။ ကြာတော့ အားပြတ်ချင်လာတာပေါ့။ ငါနဲ့တွေ့တဲ့အချိန်မှာ ချောင်းတွေတအားဆိုးတယ်။ အစာမစားတော့ လေတွေခံပြီး ဖြစ်ချင်တိုင်းဖြစ်နေပါလိမ့်မယ်။ သူက ဟိုမေးဒီစမ်းလုပ်ထားတော့ ခေါင်းစွဲတို့ရဲ့ထုံးစံအတိုင်းပေါ့ကွာ ခန္ဓာပျက်ကိန်းရှိတယ်ဘာညာဆိုပြီးပြောလိုက်တော့ စိတ်ဖိစီးမှုကလည်းများပြီး မတ်တတ်နာပေါ့။ လူကလဲချင်နေပြီ။ အဲဒီအချိန်ကမှ ငါနဲ့တွေ့တော့တာ။ ငါ့ကံသိုလ်ကလည်းအဲလို။ မင်းသိတဲ့အတိုင်းပဲ နေမကောင်းလို့ အခြေအနေဆိုးပြီဆိုရင် တွေ့တတ်တာများတယ်။ ဘယ်ရမလဲ၊ ငါလည်း ခုမင်းကိုသင်ပေးနေတဲ့ အထက်ဆောင်ဓာတ်ပန်းပဲလှူခိုင်းလိုက်တော့တာပေါ့။

ဟုတ်တယ် မင်းတွေးတာ။ သပြေ (၂၁) ညွှန့်နဲ့ ဒန်း (၁၀) ညွှန့်ပဲ။ အဲဒါတို့စုပေါင်းပြီး တနလ်ာနေ့ မနက် (၉)နာရီ တိတိမှာအိုးတစ်လုံးသတ်သတ်နဲ့ရေထည့်ပြီး ဘုရားပူဇော်ခိုင်းလိုက်တာ။ ဒါပေမယ့် တစ်ခုတော့မှာလိုက်ရတယ်။ သူ့မြေးကိုထိန်းတာလျှော့ပြီး အိပ်ရေးဝဝအိပ်ဖို့လည်းမှာရသေးတယ်။

ဘာလို့လဲဆိုတော့ ထုံးစံအတိုင်းပေါ့ကွာ။ လူသဘာဝတွေတော်တော်များများကိုမင်းသိတယ်မို့လား။ သိအောင်လည်း ငါအမြဲလေ့လာခိုင်းနေတာပဲ။ အဲဒီအမျိုးသမီးကြီးရဲ့သားသမီးတွေက ကလေးက အမေထိန်းမှရတယ်။ အမေနဲ့မှနေတယ်။ သားတို့သမီးတို့နဲ့ဆို ဘယ်လိုဖြစ်နေမှန်းမသိဘူးဆိုပြီး ကလေးကို သူတို့အမေနဲ့ချည်းထားတယ်။

သူတို့ကတော့လား ဖုန်းပဲပွတ်နေကြတာပေါ့ကွာ၊ ဖုန်းကိုယ်စီနဲ့ပေါ့။ ဘွားအေက မြေးထိန်းရတာ ထဘီတောင်ကြိုးနဲ့ချည်ထားရမလားအောက်မေ့ရတယ်။ ကြာတော့ လူကြီးပဲကွာ ပင်ပန်းတာဘယ်ခံနိုင်တော့မလဲ။ စိတ်ကဆောင်နေပေမယ့် ခန္ဓာကြီးကမလိုက်နိုင်တော့ဘူး။ အိပ်မပျော်တာတို့၊ စားမဝင်တာတို့ဖြစ်ပြီး ခုနပြောတဲ့မတ်တတ်နာပေါ့ကွာ ဖြစ်တော့တာပေါ့။ ဒါကြောင့် ငါနဲ့တွေ့တော့ မြေးထိန်းတာကိုလျှော့ရလိမ့်မယ်လို့ပြောလိုက်တာ။ ဟော-တစ်လမပြည့်တပြည့်မှာကို အိပ်ပျော်တာစားတာဖြစ်လာတော့တာပဲ။ နားနေရပြီလေ၊ ကောင်းပြီပေါ့။ သူသားသမီးတွေကိုတော့ပြောလိုက်ရတယ်။ အစားထိုးလို့မရတဲ့မင်းတို့အမေ မဆုံးရှုံးအောင် ကလေးကို မင်းတို့ပြန်ထိန်းရလိမ့်မယ်။ မထိန်းရင် အခြေအနေက အပြောင်းအလဲတွေဖြစ်သွားမှာ ငါစိုးရိမ်လို့ဆိုပြီး ပြောတော့ နည်းနည်းလန့်သွားကြတယ်။ ဒီနောက်ပိုင်း ကျန်းမာရေးကောင်းလာတော့တာပဲ။ သူကတော့ သုံးလေးလလောက်ပဲထိုးပြီးဒေါင်ဒေါင်မြည်နေတာမို့ ဆက်မထိုးတော့ဘူး။

ပဉ္စပွတ်	၆	သပြေ(၂၁)ညွှန့်
	၃	
ဆပွတ်	၀	ဒန်း (၁၀)ညွှန့်
ဒေါ်ကြာရိုး	၂	
	၅	
	၁	
	၇	

(ဒေါ်ကြာရိုးကို ကျန်းမာသွားစေခဲ့သော ဓာတ်ပန်းအစီအရင်ဖြစ်ပါသည်။ ဒေါ်ကြာရိုးသည်လည်း တနလ်ာနေ့

www.burmeseclassic.com

www.burmeseclassic.com

မောင်မင်းကြီးသားက သူ့အလုပ်သမား လေးတွေပြောတာဘာဆဲသလဲမမြောနဲ့။ ညစ်တီးညစ်ပတ်အကုန်ဆဲတတ်တယ်။ နောက်တစ်ခါသွားကြည့်တော့ ငနဲက အရက်ကလေးတမြှုပ်မြှုပ်နဲ့။ ဒီတော့ ဘယ်ထူးမလဲ။ လူကြီးကိုက ဘုရားကိုပူဇော်ရတဲ့ဓာတ်ပန်းအစီအရင်ဆိုတော့ တခြားစီဖြစ်နေပြီလေ။ သူ့ကိုတော့ ငါလုပ်ပေးတာမထူးခဲ့ဘူး။ အဲဒီတစ်ယောက်တော့ ကြုံဖူးတယ်။

ဒါကြောင့် ငါပြောတဲ့ဆောင်ရန်၊ ရှောင်ရန်လေးတွေတော့ သတိထားသာရေ။

မင်းကတစ်ဆင့် ငါ့သားကြီးကိုခင်ကိုလည်း ပြောလိုက်ဦးနော်၊ ဆရာချစ်ကိုလည်းပြော။ ဘာလို့လဲဆိုတော့ သူတို့တွေ မင်းတို့တွေက လူတစ်ဖက်သားကို သိပ်ကျန်းမာစေချင်ကြတာ။ အခက်အခဲဖြစ်နေတဲ့သူဆိုလည်း ငါ့သားတွေက ဘယ်လိုအစီအရင်နဲ့ ဘယ်လိုကူညီရပါ့မလဲဘဲကြည့်နေကြတာ။ သားတို့စေတနာတွေက မြင့်မြတ်လွန်းကြပါတယ်။

မင်းကိုပြောနေရင်းနဲ့ လူတွေကို ကျန်းမာစေတဲ့ပညာတွေတတ်ချင်တဲ့ ငါ့သားကြီးကိုခင်ကို သတိရတယ်။ သူနဲ့ ဆရာချစ်က အဲဒီလိုင်းသန့်သန့်လေး။ ကျန်းမာစေချင်ကြတာ။

အောင်မြင်နေကြတာလည်းမပြောနဲ့။ ငါ့သားတွေရဲ့စိတ်ဓာတ်တွေက မြတ်လွန်းတယ်၊ ဖြူစင်ကြလွန်းတယ်။ ကူညီကြပြီဟော့ဆိုရင်လည်း ကိုယ်ဖိရင်ဖိ။ ဝမ်းသာတယ်။ အရမ်းပဲဝမ်းသာတယ်။ ဒီပညာခန်းကို သူတို့လည်းပြောပြဦးနော်။ ငါ့သားကြီးဘကိုးကတော့ မအားလွန်းလို့ လူတွေကိုဒီလိုလုပ်ပေးနိုင်ပါ့မလားတော့မသိဘူး။ ပြောတော့ပြလိုက်ဦးသား။

ပြောပြရင် -

ဇယားလေးနဲ့ပါဆွဲပြသလို တိုင်လေးတွေပါထူပြီးပြောလိုက်။

တနင်္ဂနွေဆိုရင် -

၅ — မေမြို့ (၁၉) ခိုင်
၂
၆ — သပြေ (၂၁)ညွှန့်
တနင်္ဂနွေ ၁
၇
၀
၇

စွန့်ရင်အနောက်အရပ်ကိုစွန့်ခိုင်း။

ပွဲခင်းထဲမှာ လူချင်းကွဲသွားလို့ရှိရင် ဟော့ဗုဒ္ဓဟူးသား မင်းအမေစောင့်နေတယ်။ ဘယ်နေရာကိုလာခဲ့လို့ ဘယ်သူမှပြောမှာမဟုတ်ဘူး။ မောင်ဘယ်သူ မင်းအမေပွဲခင်းထဲက ရုံးခန်းမှာစောင့်နေတယ်။ ဘယ်နေရာလာခဲ့ ဒါပဲပြောမှာ။

ဒါကြောင့် နာမည်ဟာ အင်အားကြီးတယ်။

အရေးကြီးတဲ့ ဘယ်နေရာမျိုးမှာမဆို နာမည်ကတ်ပြားလေးတွေဆွဲရတယ်၊ တပ်ရတယ်။ အဲဒီမှာ ဘာနဲ့သားတို့ ဘာနဲ့သမီးတို့မပါတော့ဘူး။ ဒါကြောင့် သူ့ပညာလမ်းကြောင်းနဲ့သူစီရင်ရတဲ့အခါ နာမည်ကိုစီရင်ရတာတွေရှိတယ်။ ကျွန်တော်ဗျာ ဟိုလူ့ရန်ကကင်းချင်လို့ ကျွန်တော် ဘာနဲ့သားပါဆိုရုံနဲ့ စီရင်ဖို့ မထိရောက်ဘူး။ ကျွန်တော့်နာမည်ဘယ်သူပါဆိုမှ ပြည့်ပြည့်စုံစုံစီရင်လို့ရတာ။ ဘေးကင်းရန်ကင်း အန္တရာယ်ကင်းအောင် လုပ်လို့ရတာ။

ဒါကြောင့် -

ခု ဒေါ်ကြာရိုးကိုကြည့်၊ နာမည်ပဲစီရင်ထဲ့လိုက်တာ။

သူလိုပဲ နေ့တခြားနာမည်တခြားတွေထဲက နာမည်ကိုပဲစီရင်ပြီး ရာထူးတက်သူတွေ၊ ကျန်းမာလာသူတွေ၊ မကောင်းတဲ့ပညာစက်တွေနဲ့လုပ်ထားတာပေါ်လာတဲ့သူတွေ အများကြီးပဲ။

လာဘ်လာဘပွင့်တာလောက်ကတော့ အခုလူ့ရင် နောက်နေ့ပွင့်တာပဲ။ အဲဒါ အလွယ်ဆုံးပဲ၊ အမြန်ဆုံးပဲ။ စောစောကပြောတဲ့ လိုက်နာမှုလေးတွေတော့ရှိရမှာပေါ့။

ဘာလို့ ဒီလိုပြောရလဲဆိုတော့ တစ်ခါကကွာ လူတစ်ယောက်ဟာ သူ့လက်ဖက်ရည်ဆိုင် လူမကျလို့ဆိုပြီးလာတယ်။ သူက ကြာသပတေးနာမည်ရှင်။ ငါလည်း နေ့တွေအခါတွေရွှေ့ပြီး ကံ့ကော်(၁၅) ညွှန့်နဲ့ ဒွန် (၈) ညွှန့် လှူခိုင်းလိုက်တာပေါ့။ သူလည်းလုပ်တယ်။ ဒါပေမယ့် တစ်လလည်းမထူး၊ နှစ်လလည်းမထူးတော့ မဟုတ်သေးပါဘူးဆိုပြီး ငါသွားအကဲခတ်တယ်။ လားလား - မနက် (၉)နာရီမှာ တင်လှူခဲ့ပြီး နွမ်းတိုင်းအသစ်လဲလှယ်ပူဇော်ခဲ့ပါသည်။ ဤအကျိုးဆက်သည် ဒေါ်ကြာရိုးအားဆေးကြိမ်လုံးနှင့်တိုက်သည်သို့နှယ်)

တစ်ခုတော့ပြောမယ် သား။

ဒေါ်ကြာရိုးက နံသင့်မဟုတ်ဘူး။ သူက ဗုဒ္ဓဟူးသမီး၊ နာမည်က ဒေါ်ကြာရိုး၊ ဘယ်စျေးနွေ့မှာဆိုလား မွေးတာတဲ့။ မြောက်ပိုင်းက ကျောက်ခဲနဲ့ တစ်နေ့တည်းမွေးတာတဲ့။ သူလည်း ဒါပဲသိတယ်။ ငါလည်း ဒေါ်ကြာရိုးကိုပဲကောင်းအောင် ဓာတ်ပန်းလှူခိုင်းလိုက်တာပဲ။

အဲဒီမှာ မင်းလည်းသိပြီးသား။ ဗုဒ္ဓဟူးဆိုတဲ့နံနဲ့ တနင်္လာနာမည်နဲ့ယှဉ်လာပြီဆိုရင် တနင်္လာနာမည်အတိုင်းကိုပဲစီရင်ရတာ။

ဟုတ်တယ်။

၆ သပြေ (၂၁) ညွှန့်
၇
၀ ဒန်း (၁၀)ညွှန့်
၂
၅
၁
၀
၄
၁၀
၁
၂
၅
၇
၀ ဒန်း (၁၀)ညွှန့်
၇
၆ သပြေ (၂၁)ညွှန့်

သူ့နာမည်နဲ့ အထက်ဆောင်ပန်းဟာ မွေးနံ့ရဲ့နင်းကြမ်းဖြစ်နေတာအတော့်ကို သတိထားရတယ်။

ကြည့်တတ်မှ မြင်တာပေါ့ကွာ။ မှန်တာပေါ့။

အဲဒီလို နာမည်တခြား နေ့တခြားကို အထက်ဆောင်ပန်းအောက်နင်းကြမ်းမှားလို့ ဆေးရုံရောက်သွားသူတွေ၊ ဆေးခန်းရောက်သွားသူတွေရှိတယ်။ တချို့ဆို ချက်ချင်းထိခိုက်သွားတာတွေလည်းရှိတယ်။ တော်တော်ကြောက်စရာကောင်းတယ်။ ဒီဆောင်ပန်းနင်းကြမ်းကအတော်သတိထားပြီးစီရင်ရတာ မင်းသိတယ်။ အတိမ်းအစောင်းလုံးဝမခံဘူး။ ဘာလို့လဲဆိုတော့ ပညတ်အားကိုစီရင်တာကိုး။ ငါခဏခဏပြောဖူးသလိုပေါ့။

www.burmeseclassic.com

www.burmeseclassic.com

တနလ်ာဆိုရင် -

၆ သပြေ(၂၁)ခိုင်
၃
၀ ဒန်း (၁၀)ညွှန့်
တနလ်ာ ၂
၁
၁
၄

စွန့်ရင် မြောက်အရပ်ကိုစွန့်ခိုင်း။

အင်္ဂါဆိုရင် -

၀ ဒန်း (၁၀)ညွှန့်
၄
၁ အုန်း (၆)ညွှန့်
အင်္ဂါ ၁
၆
၂
၁

စွန့်ရင် အနောက်တောင်အရပ်ကို စွန့်ခိုင်း။

ဗုဒ္ဓဟူးဆိုရင် ၁ အုန်း (၆) ညွှန့်
၁
၂ ကုံကော်(၁၅)ညွှန့်
ဗုဒ္ဓဟူး ၄
၀
၃
၆

စွန့်ရင် အရှေ့မြောက်အရပ်ကိုစွန့်ခိုင်း။

ကြာသပတေးဆိုရင် -

၂ ကုံကော်(၁၅)ညွှန့်
၆
၃ ငွေ့ (၈)ညွှန့်
ကြာသ ၅
ပတေး ၁
၄
၀

စွန့်ရင် အရှေ့အရပ်ကိုစွန့်ခိုင်း။



သောကြာဆိုရင် -

၃ ငွေ့(၈)ညွှန့်
၀
၄ ရွက်လှ(၁၇)ညွှန့်
သောကြာ ၆
၂
၁
၁

စွန့်ရင် အရှေ့တောင်အရပ်ကို စွန့်ခိုင်း။

စနေဆိုရင် -

၄ ရွက်လှ(၁၇)ညွှန့်
၁
၅ မေမြို့(၁၉)ခိုင်
စနေ ၀
၃
၆
၂

စွန့်ရင် တောင်ဘက်အရပ်မှာစွန့်ခိုင်း။

ကိုယ်စွန့်ရမယ့်အရပ်ဘက်မှာရှိတဲ့ တစ်နေရာရာလေးမှာစွန့်လိုက်ရင်ရတယ်။ ဒါလေးတော့သတိထားရမယ်။ အထက်ဆောင်ပန်းတွေဖြစ်နေလို့ ကိုယ့်ရဲ့မြတ်သောနေရာမျိုးမှာစွန့်ရတာ ဖြစ်တယ်။ ဒါလည်း သားသိပြီးသားပါ။ မဲလွဲစေနဲ့နော်။ အညွှန့်ပန်းတွေက ကုံကော်မရရင် ကြံညွှန့်ပေါ့။ သီးမရရင် သပြေပေါ့။ ဝါးမရရင် ရွက်လှပေါ့။ ငွေ့မရတော့လည်း ဇီးပေါ့။ အဆင်ပြေသလို လှူဖို့သာပြောသား။

အေး - ဟုတ်ပြီ။

နေ့စဉ် ကုသိုလ်ရနေတဲ့ ယတြာဓာတ်ပန်းအစီအရင်ကို မင်းရပြီးတဲ့အခုကစပြီး အမျှားအကျိုးအတွက် ကူညီပေးပါသား။ အဓိကကတော့ ကျန်းမာရေးတွေကောင်းအောင်ကူညီပေးပါ။ကျန်းမာမှ လာဘ်တစ်ပါးလေ။ လောကီလောကုတ်အားထုတ်နိုင်မှာ သားရဲ့။ စီးပွားရှာနိုင်မယ်၊ ကျင့်ကြံအားထုတ်ရွတ်ဖတ်နိုင်မယ်။ ဘာဝနာပွားများနိုင်မယ်။ ဒါကြောင့် ကျန်းမာအောင်ကူညီပေးပါ။ ဂြိုဟ်စီးဂြိုဟ်နင်းမကောင်းရင်တောင် အများကြီးခံသာတယ်။

တစ်ခုတော့ရှိတယ်။

ဆပွတ်၊ မဉ္ဇုပွတ်အစီအရင်ဖြစ်လို့ အတွေ့အကြုံအရ ထပ်သင်ပေးရရင် တော့ ဆပွတ်ကို အရင်ခူးခိုင်း။ ပြီးမှ ပဉ္စုပွတ်ကိုခူးခိုင်း။ တနဂ်္ဂနွေနာမည်ရှင်ဆိုရင် သပြေ (၂၁) ညွှန့်ကို အရင်ယူ၊ ပြီးမှ မေမြို့ (၁၉) ခိုင်နဲ့ပေါင်း အဲသလိုလုပ်။ ပဉ္စုပွတ်ကိုအရင်မယူနဲ့။ ဒါလည်း မင်းသိပြီးသားပါ။ ထပ်သတိပေးလိုက်တာပဲရှိတာပါ။

ဒါဖြင့် ဟုတ်ပြီကွာ။

အဖေ သားတို့ကို ပညာပေးပါဦးဆိုတဲ့မင်း။

ခုပေးလိုက်ပြီ - တတ်ပါစေ - မြတ်ပါစေ ငါ့သား။

အောင်မြင်ပါစေ။

ဒီတစ်ခါ အဖေနဲ့ညီလေးမင်းပြည့်မင်းဘူးအလည်လာရင် မန္တလေးဘယ်သွားမယ်လို့ ငါသမီးနီလာကတော့ ကြို့ပြောထားလေရဲ့။ မန္တလေးဘက်မှာ ဘုရားစုံဖူးကြမယ်ပေါ့။

ငါကတော့ ငါ့သားတွေသမီးတွေ ဘုရားဖူးပို့တဲ့ဆီလိုက်ဖူးမှာပဲ။ ငါ့သားတွေ သမီးတွေနဲ့ အဲသလိုသွားနေရရင် ငါအလုပ်ပင်ပန်းသမျှတွေပြေတယ်။ အသက်ကနှစ်ဆယ်လောက်ပြန်ငယ်သွားသလားထင်ရတယ်။ ဘယ်ကဘယ်လို ရောက်လာမှန်းမသိရတဲ့ အားမာန်တွေ ကလည်းအပြည့်ပဲ။ သားတွေသမီးတွေကိုကြည့်ပြီး ကြည်နူးရလွန်းလို့ ဝိုက်ဆာတာတောင်မရှိဘူး။

အေး - ပြောလိုက် မင်းညီအစ်ကိုတွေကို။

အဲဖေတော့ ငါ့ကို ပညာတွေလှမ်းပေးပြန်ပြီလို့။

ဒီတစ်ခါ မင်းဘူးကို ဘုရားဖူးလာရင် ဒီပညာခန်းနဲ့ဆက်နွှယ်တဲ့အောင်မြင်မှုတွေကို တစ်ယောက်ချင်းကိုမေးမယ်လို့ အဖေကပြောနေတယ်လို့။

အေးအေး - ဟုတ်ပြီ။

ငါ့သားတွေသမီးတွေ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ ဆင်းရဲနဲ့ ငရဲကင်းကြပါစေ။

ရှိပြီးရင်းရှိကြပါစေ။

ပြည့်ပြီးရင်းပြည့်ကြပါစေ။

အဖေ မေတ္တာပို့ပါတယ်။

သားတို့သမီးတို့ရဲ့မေတ္တာကိုလည်း အဖေခံယူပါတယ်။

အေးအေး -

ကောင်းပါပြီ သား။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

သူရဇ္ဇမဂ္ဂဇင်း
၂၀၁၃ခုနှစ် ဩဂုတ်လ အတွဲ(၁၇)အမှတ်(၈)

www.burmeseclassic.com

www.burmeseclassic.com

ငွေလသာ (တွံတေး)

ရာသီစုံလင် အတိတ်လွင်ပြင်

ကျွန်တော် ယခုပြောပြမည့် ဇာတ်လမ်းလေးကို မိတ်ဆွေတို့ယုံပါ့မလား မသိပေမယ့် ကိုယ်တိုင်ကြုံခဲ့ရတဲ့ ကိုယ်တွေ့ဖြစ်ရပ်လေးမို့ ဖတ်ကြည့်စေချင်ပါသည်။

အကြောင်းအရာကတော့ လွန်ခဲ့တဲ့ (၁၅)နှစ်လောက်ကကြုံခဲ့ရတဲ့အဖြစ်ကလေးပါ။ ပြောရမယ်ဆိုရင် ကျွန်တော် အသက် (၁၂)နှစ်အရွယ်လောက်က ဖြစ်မယ်ထင်ပါသည်။ အသက်အပိုင်းအခြားကို အတိအကျမမှတ်မိပေမယ့် ကြုံလိုက်ရတဲ့အဖြစ်တွေကိုတော့ အသေအချာကို မှတ်မိနေတုန်းပါပဲ။ မှတ်မိနေရခြင်းကလည်း ကြုံလိုက်ရတဲ့ အဖြစ်ကလေးက အတော်ကိုထူးဆန်းနေပြီး စဉ်းစားစရာ၊ တွေးတောစရာတွေနဲ့လည်း ပြည့်နှက်နေတဲ့အတွက်- တစ်သက်မှာတစ်ခါသာ ခဲ့ရပြီးကြက်သီးဖြန်းဖြန်းထအောင်လည်း အခုပဲဖြစ်နေသလိုမျိုးလေးခံစားရပါသည်။ ပြီးတော့ အတွေးဆုံးသွားတာနဲ့ ပြုံးရသည်ချည်းဖြစ်ပါသည်။

အဲသလို ရသမျိုးစုံပေးစွမ်းနိုင်တဲ့ အဖြစ်ကလေးတော့ -

ကျွန်တော်ငယ်စဉ်က အိပ်ရာထအမြဲနောက်ကျတတ်တာကြောင့် အမြဲတမ်း အဆူခံရသူဖြစ်လေသည်။

အမေဆူပြီဟော့ဆို -

"နင်အဲသလိုအမြဲအိပ်ရာထနောက်ကျရင် နင့်ကိုယ်စောင့်နတ်တော့ အရိုက်ခံရတော့မယ်။ သူအရိုက်ခံရတိုင်း နင့်ကို ကျိန်ဆဲလိမ့်မယ်သိရဲ့လား"

ဟု ပြောတတ်ရာ -

နတ်ကသွားလို့ရမှာ၊ သွားသွား မျက်နှာသွားသစ်ချေ"

ဟု တစ်ဖျိုး။

ညနေစောင်း မှောင်ရိပ်သန်းချိန်လေး မောင်နှမတွေ ဟိုပုန်းဒီပုန်းကစားကြရင်လည်း -

"ဟဲ့ ကလေးတွေ၊ ဘာလို့ဖျာလိပ်ထဲဝင်ပုန်းနေကြတာလဲ။ ဟဲ့ဟဲ့ ဟိုတစ်ယောက်ဘယ်အောက်ကိုဝင်ပုန်းတာလဲ။ ထွက်စမ်း ထွက်စမ်း၊ တယ်ခက်တာပဲ။ နင်တို့တော့ နတ်ဖွက်တော့မှာပဲ"

ဟု တစ်ဖုံ မရိုးနိုင်အောင်ကြားနေရသည်က နေ့စဉ်တိုင်းလိုလိုဖြစ်သည်။

အိပ်ရာထနောက်ကျလို့ အရိုက်ခံရမည့်ကိုယ်စောင့်နတ်နှင့် မှောင်တဲ့အချိန်ပုန်းတမ်းကစားကြလို့ ဖွက်မယ့်နတ်က အတူတူပဲလား၊ တခြားစီပဲလားဆိုတာ အဲဒီအချိန်တုန်းကသိချင်နေခဲ့သော်လည်း အမွေလက်သံနှင့်အပ်ကြောင်းထပ်အောင် ကြားရမည့်အမွေအသံတို့ကို ကြောက်တာနဲ့ပဲ မမေးဖြစ်ခဲ့ချေ။ သို့သော်လည်း ကျွန်တော်ကတော့ အိပ်ရာထနောက်ကျမြဲပါပဲ။

ဒီလောက် အမေဆူပူကြိမ်းမောင်းနေတဲ့ကြားက ကျွန်တော်တို့တစ်တွေ တစ်နေ့မှ ကစားတာကို ပျက်ကွက်တယ်မရှိ။ ကစားကြသည်မှ မျောက်ရှုံးလောက်၏။ ကျွန်တော်တို့တစ်တွေဆိုတာက ကျွန်တော်မှာ ဝမ်းကွဲတွေရော အရင်းတွေရော မောင်နှမတွေကများလေတော့ ကစားကြတဲ့အခါ တခြားကလေးတွေမပါဘဲ ကိုယ့်မောင်နှမတွေနှင့်ပင် တစ်ရပ်ကွက်လုံးဆူညံနေတတ်သည်။ နေကြတာကလည်း အိမ်ခွေးကပ်ရက် ကျွန်တော် ယခုပြောပြမည့် ဇာတ်လမ်းလေးကို မိတ်ဆွေတို့ယုံပါ့မလား မသိပေမယ့် ကိုယ်တိုင်ကြုံခဲ့ရတဲ့ ကိုယ်တွေ့ဖြစ်ရပ်လေးမို့ ဖတ်ကြည့်စေချင်ပါသည်။

အကြောင်းအရာကတော့ လွန်ခဲ့တဲ့ (၁၅)နှစ်လောက်ကကြုံခဲ့ရတဲ့အဖြစ်ကလေးပါ။ ပြောရမယ်ဆိုရင် ကျွန်တော် အသက် (၁၂)နှစ်အရွယ်လောက်က ဖြစ်မယ်ထင်ပါသည်။ အသက်အပိုင်းအခြားကို အတိအကျမမှတ်မိပေမယ့် ကြုံလိုက်ရတဲ့အဖြစ်တွေကိုတော့ အသေအချာကို မှတ်မိနေတုန်းပါပဲ။ မှတ်မိနေရခြင်းကလည်း ကြုံလိုက်ရတဲ့ အဖြစ်ကလေးက အတော်ကိုထူးဆန်းနေပြီး စဉ်းစားစရာ၊ တွေးတောစရာတွေနဲ့လည်း ပြည့်နှက်နေတဲ့အတွက်- တစ်သက်မှာတစ်ခါသာ

ကြုံတွေ့ခဲ့တာမို့ မေ့မရနိုင်ခြင်းဖြစ်ဟန်တူ၏။

မေ့မရဘူးဆိုပေမယ့် အရွယ်ရောက်လာတော့ လုပ်ငန်းခွင်ထဲဝင်လိုက်ကတည်းက ဒီအကြောင်းလေးကို တွေးဖို့ အချိန်မရခဲ့တာကများပါသည်။ ခုအကြောင်းတိုက်ဆိုင်လာတော့မှ ပြန်သတိရရင်းတွေးဖြစ်သွားခဲ့ရတာပါပဲ။

လူတိုင်း လူတိုင်းမှာ အတိတ်ဆိုတာရှိခဲ့ကြတာချည်းပဲမဟုတ်ပါလား။ ရှိခဲ့ကြသော်ငြားလည်း မေ့သင့်တဲ့အတိတ်၊ မမေ့သင့်တဲ့အတိတ်အကြောင်းအရာတွေကလည်း ရှိနေပြန်ပါသေးသည်။ အဲဒီထဲမှာမှ ကျွန်တော်ရဲ့အတိတ်အကြောင်းလေးကတော့ တွေးလိုက်တိုင်း ရင်ခုန်စေ

ဒါကို ကျွန်တော်က အဓိပ္ပာယ်မပေါက်တော့ -

"သားဘာသာအိပ်ရာထနောက်ကျတာနဲ့ ကိုယ်စောင့်နတ်အရိုက်ခံရတာနဲ့ဘာဆိုင်လို့လဲ အမေရဲ့"

လို့ မေးမိတဲ့အခါ -

"နင်တော်တော်စကားများပါလား။ နတ်တွေက နတ်သဘင်အစည်းအဝေးလုပ်ကြတယ်တဲ့။ အဲဒီမှာ နောက်ကျမှရောက်လာတဲ့နတ်မှန်သမျှ အရိုက်ခံရတယ်လို့ ငါ့အဘွားတွေ၊ အမေတွေပြောတာကိုမှတ်ထားတာဟဲ့ မှတ်ထားတာ။ ခု နင့်အမေငါကပြောနေတာ နင်လည်း မှတ်ထားပေါ့။ ဘာအတွန့်တက်နေတာလဲ။ ထထတော့။ နင်နိုးမှ နင့်ကိုယ်စောင့်

www.burmeseclassic.com

www.burmeseclassic.com

တစ်လမ်းထဲမှာဆိုလေတော့ ပိုဆိုးကြပြီပေါ့။ ညနေ ကျောင်းဆင်းလို့ အိမ်ပြန်ရောက်တာနှင့် လွယ်အိတ်တွေပစ်ခဲ့ကြပြီး မတိုင်ပင်ကြရဘဲ အိမ်နားကဘောလုံးကွင်းဆီကို အကုန်ရောက်လာတတ်ကြမြဲဖြစ်သည်။ အရွယ်တွေက မတိမ်းမယိမ်းနှင့်ဆိုတော့ ကစားတဲ့နေရာမှာလည်း အားလုံးတက်ညီလက်ညီဖြစ်နေတတ်ကြသည်။

မိန်းကလေးမို့ ယောကျ်ားလေးမို့ ခွဲခြားမနေကြ။ ထုပ်ဆီးတိုးကြမလား၊ သေနတ်ပစ်တမ်းကစားကြမလား။ လိပ်ဥလိပ်မဖွက်မလား၊ ဘောလုံးကန်ကြဦးမလား။ မောင်နှမတွေ ဘယ်တော့မှငြင်းတယ်ဆိုတာမရှိ ကစားမယ်ဆိုတာချည်းပဲ ဖြစ်သည်။ မိုးချုပ်လို့ အိမ်ကလူကြီးတွေလိုက်ခေါ်မှ ချွေးသံတရွဲရွဲနှင့်ဝရုန်းသုန်းကား အိမ်ကိုပြန်ပြေးတတ်ကြ၏။ ဒါတောင် အရှိန်ကမသေသေးလျှင် နီးရာအိမ်မှာဝင်ပြီး ကစားလို့ရသလောက် ကစားလိုက်ကြသေးသည်။

တစ်နေ့မှာတော့ ကျွန်တော့်ကို ရသပေါင်းစုံပေးလာတော့မယ့်နေ့လေးလို့ဆိုရမှာပါပဲ။

အိမ်ကလိုက်ခေါ်လို့ တဝုန်းဝုန်းနှင့် ပြန်ပြေးလာကြရင်း ကျွန်တော်တို့ အိမ်ကိုဝင်ပြီး တူတူပုန်းတမ်းကစားရန် ကျွန်တော်ကပြောတော့ အားလုံးသဘောတူတာနှင့် ဆက်ကစားဖြစ်ကြသည်။

ပထမတော့ အမေ့အော်သံဆူသံကို ကြားနေရသော်လည်း ကစားလို့အရှိန်ရလာတဲ့အခါမှာ ဘာသံကိုမှသတိမထားမိတော့ချေ။

ကျွန်တော်တို့အိမ်က ခြေတံရှည်ဖြစ်သည်။ နှစ်ထပ်အိမ်ဖြစ်ပြီး အိမ်အောက်တွင် ရက်ကန်းစင်များရှိ၏။ မျောက်ရှုံးအောင်ဆော့သော ကျွန်တော်တို့တစ်တွေက အဲဒီရက်ကန်းတွေကြားထဲဝင်ပုန်းသူကဝင်ပုန်း၊ အိမ်ရှေ့ကရေအိုးကြားတွေထဲပါမကျန် ဖျာလိပ်တွေပါမထား အကုန်ဝင်ပုန်းလို့ရတဲ့ထဲဝင်ပုန်းကြတော့သည်။

ကျွန်တော်တို့ မိသားစုနှင့်အတူ ဆွေမျိုးများအားလုံးသည် ရက်ကန်းခတ်သောအလုပ်ဖြင့် အသက်မွေးကြသောကြောင့် တစ်နေကုန် အလုပ်နှင့်လက်မပြတ်ကြသူများဖြစ်ကြတဲ့အတွက် အလုပ်များခိုန်ဖြစ်သော် အခုလိုညနေစောင်းဆို ကျွန်တော်တို့က အခွင့်ကောင်းယူကာ ပို၍ဆော့ဖြစ်ကြခြင်း ဖြစ်သည်။ အလုပ်မအားကြ၍ အိမ်ထဲမှာရှိပြီးရောဆိုပြီး လူကြီးတွေကငြိမ်နေကြလေ ကျွန်

www.burmeseclassic.com

www.burmeseclassic.com

တော်တို့က ဆော့တောင်းလေဖြစ်နေကြသည်။

ဆွေမျိုးတွေကလည်း ခြေရင်း၊ ခေါင်းရင်း အိမ်ရှေ့ပတ်ချာလည် တစ်စုတစ်ဝေးတည်းပင်ရှိနေကြတာဆိုတော့ ကလေးတွေ တစ်အိမ်မဟုတ်တစ်အိမ်မှာ ရှိနေမှာသိကြတဲ့အတွက် အလုပ်ပြီး အောင်သာဆက်လုပ်နေကြတော့သည်။

ကျွန်တော်တို့ကစားတာ ဘယ်လောက်တောင်ကြာသွားသလဲမသိသလို ရက်ကန်းစင်ဘေးမှာ ကျွန်တော်ထိုင်နေတာလည်း ဘယ်လောက်ကြာသွားသည်ကိုသတိမရတော့။ ကျွန်တော်သတိထားမိချိန်မှာ အားလုံးဆူဆူညံညံနှင့် ကျွန်တော့်နာမည်ကိုခေါ်ပြီး လိုက်ရှာနေကြလေသည်။ ကျွန်ဂ ကာ့်အရှေ့ကနေ အစ်မတွေ၊ အစ်ကိုတွေဖြတ်သွားကြတာတွေ့နေရပြီး သူတို့က ကျွန်တော့်ကိုမတွေ့တာ ထူးဆန်းနေရသည်။ မာတ်မီးတွေနှင့်ထိုးပြီး နေရာမလပ်ရှာနေကြသည်။ ပိုပြီးထူးဆန်းတာက ကျွန်တော်ထိုင်နေတဲ့ဘေးကရက်ကန်းစင်မှာ ရက်ကန်းစင်မတင်ရသေး။ အလွတ်ကြီးဖြစ်သည်။ နောက်ပြီး ကျွန်တော်နှင့်ခပ်လှမ်းလှမ်းမှာ ရိုက်ပြီးသားချည်တွေကို ရေအိုးထဲထည့်စိမ်နေတဲ့အဖေက ကျွန်တော့်ကို မတွေ့တာ စဉ်းစားမရဖြစ်သွားရသည်။ (ရိုက်ပြီးသားချည်ဆိုတာက ချည်ခင်အခေါင်းလိုက်ကို ပုဆိုးလျှော်သလိုမျိုး ရိုက်လျှော်ပြီးချည်ဇင်တွေကို အရောင်မျိုးစုံဆေးဆိုးရန် ရေစင်အောင် တစ်ညအိပ်နှစ်ညအိပ်စိမ်ရခြင်း ဖြစ်သည်။)

ဆွေမျိုးတွေလည်း အိမ်မှာစုံသလောက်ဖြစ်နေရပြီး ချည်စိမ်ရင်းပြောလိုက်တဲ့အဖော်စကားကြောင့် ကျွန်တော် မတ်တတ်ထရပ်လိုက်မိပါတော့သည်။ အဖေက ရဲစခန်းမှာ ကလေးပျောက်တာသွားတိုင်မယ်ဆိုပြီး လှမ်းပြောလိုက်ခြင်းဖြစ်သည်။ ကျွန်တော် မတ်တတ်ရပ်ရာကနေ ကျွန်တော် ဒီမှာလို့အော်ပြောလိုက်ပေမယ့် ဘယ်သူမှ လှည့်မကြည့်ကြ။ ခဏနေတော့ အဖေနဲ့အတူဦးလေးတို့ထွက်သွားတာကို တွေ့လိုက်ရသည်။

အဖေနဲ့ဦးလေးထွက်သွားတာကိုကြည့်ပြီး ကျွန်တော် ငိုချင်လာသည်။ သူတို့ပြောသမျှ လူပ်ရှားသမျှ ကျွန်တော်ကတွေ့နေပြီး သူတို့က ကျွန်တော်ကို ဘာကြောင့်မတွေ့ရတာလဲဆိုပြီး ဝမ်းနည်းလာတာကြောင့် မျက်ရည်တွေကျလာတော့သည်။ အမေငိုနေတာကိုတွေ့နေရတော့ ပိုပြီးငိုလို့ကောင်းနေရသည်။

အဲဒီအချိန်မှာ ကျွန်တော့်အဖေရဲ့အစ်မက -

"ဟဲ့- လက်ဖက်အသားနဲ့ အိမ်စောင့်နတ်ရော အိမ်တွင်းအဖေကြီးတို့ကိုရော တောင်းပန်လိုက်စမ်း"

ဆိုလိုက်တာနဲ့ လက်ဖက်အသားသွားဝယ်သူ၊ ပန်းကန်ရေဆေးသူတွေနဲ့ အလုပ်ရှုပ်ကုန်ပြန်သည်။

ကြီးတော်ဖြစ်သူရဲ့စကားကြောင့် ငိုနေတဲ့ကျွန်တော် အငိုတိတ်ပြီး ကြက်သီးမွေးညင်းတွေထလာကာ သူတို့ အလုပ်ရှုပ်နေပုံကိုရပ်ကြည့်နေမိသည်။ အားလုံးအိမ်ပေါ်ကို တက်သွားကြတဲ့အချိန်မှာ ကျွန်တော်လည်းဗိုက်နာလာတာကြောင့် အိမ်သာဘက်ကိုလျှောက်ခဲ့လိုက်သည်။ အိမ်သာဘက်အခြမ်းက မီးမရှိတော့ မှောင်နေသည့်အတွက် မီးခွက်တို့၊ ဖယောင်းတိုင်တို့ထွန်းရန် ကျွန်တော်စိတ်ကူးနေတုန်း ရေကြည်မှာထွန်းထားတဲ့ မီးခွက်ကိုတွေ့တာနှင့်လှမ်းယူလိုက်သည်။ ကျွန်တော့်အရပ်ထက်ခေါင်းတစ်လုံးစာမြင့်တဲ့ရေကြည်က မီးခွက်အား.အသာလေးလှမ်းယူလို့ရခဲ့တာကို အဲဒီတုန်းက ဘာလို့ကျွန်တော်သတိမထားမိခဲ့သလဲ မပြောတတ်ပေ။ သတိထားမိရင်လည်း အဲဒီကတည်းက လန့်ပြီးအသက်ထွက်သွားမလားမပြောတတ်ချေ။

မီးခွက်လေးယူပြီး အိမ်သာဘက်ကို ကျွန်တော်လျှောက်ခဲ့ရင်း ကြောက်ကြောက်နဲ့ အိမ်သာထဲထိ မီးခွက်ကိုယူလာပြီး တံခါးပိတ်လိုက်သည်။ သိပ်မကြာလိုက် အိမ်သာတံခါးကိုဆွဲဖွင့်သံနှင့်အတူ ကျွန်တော့်အစ်ကိုရဲ့အသံတို့ကို ကျယ်လောင်စွာကြားရတော့သည်။

"ဟာ - စိုးနိုင် မင်းကဒီထဲမှာရှိနေတာလား။ အဖေရေ ဒီမှာ စိုးနိုင် စိုးနိုင် ဒီမှာအမေရေ"

ဆိုတဲ့ ဒေါသသံရော ဝမ်းသာတဲ့အသံပါ ရောပြွမ်းနေတဲ့အသံတို့ကြောင့် အားလုံး အိမ်သာဘက်ကိုပြေးလာကြတော့သည်။

အမေဆို ငိုလည်းငို ကျွန်တော့်ကျောကုန်းကိုလည်းထု၊ ပြောလို့ဆူလို့လည်းမဆုံးတော့ပေ။ အိမ်သာထဲမှာရှိနေရက်သားနဲ့ မထူးရကောင်းလားဆိုပြီး အပြစ်တင်သံတွေကလည်း ဆူညံနေတော့သည်။

ဒီတော့မှ ကျွန်တော်မျက်နှာငယ်လေးနဲ့ ရက်ကန်းစင်နားကနေရပ်ပြီး အော်ခေါ်တဲ့အကြောင်း၊ အဖေ ချည်စိမ်ပြီး ကျွန်တော့်အနားကဖြတ်သွားလို့လှမ်းခေါ်ကြောင်းနဲ့ မီးခွက်ယူပြီး အိမ်သာဝင်တဲ့ထိပြောပြလိုက်သည်။

အဲဒီမှာတင် အမေ ပို၍ဒေါသူပုန်ထတော့သည်။

"အဲဒါ နတ်ဖွက်တာဟဲ့ သိရဲလား။ ငါပြောနေတဲ့ကြားက ငါ့စကားနားမထောင်လို့ အခုလိုစိတ်ဆင်းရဲကြရတယ်။ နောက်ကို ဆော့ဦး၊ ဆော့ဦး"

ဆိုပြီး ကျောပြင်ကို ပြောအမှတ်နှင့်ထုတော့တာပါပဲ။ အဒေါ်နဲ့ကြီးတော်တွေဝိုင်းဆွဲကြလို့သာ ဒီအတိုင်းသာဆက်ကြည့်နေရင် အဆုတ်ပဲကွာမလား၊ အရေခွံပဲဆုတ်မလား တစ်ခုခုတော့ဖြစ်မှာအမှန်ပင်။

အဆုတ်မကွာ အရေခွံမဆုတ်ပေမယ့် နောက်နေ့တွေကနေစပြီး ညနေဘက် တူတူပုန်းတမ်းကစားခြင်းကိုဖြင့်မည်သူမျှ မကစားရဲကြတော့။ ဘေလုံးကွင်းထဲမှာကစားဖြစ်ကြလည်း အိမ်ကလိုက်မခေါ်ကြရဘဲ မိုးမချုပ်မီ အိမ်ကိုပြန်ဖြစ်ကြတဲ့ အလေ့အထကလေးကို အားလုံး ဂရုတစိုက်ပြုကျင့်ဖြစ်ကြလေသည်။

အထုတ်ပါအဖြစ်အပျက်အကြောင်းအရာလေးက ကျွန်တော်ငယ်စဉ်ကဖြစ်ခဲ့တဲ့အဖြစ်အပျက်ကလေးပါပဲ။ စာဖတ်သူတို့ စိတ်အစဉ်မှာ ယုံသော်ရှိမယုံသော်ရှိ ကျွန်တော်ကတော့ တကယ်ကြုံခဲ့ရခြင်းဖြစ်ပါသည်။ ရသမျိုးစုံပေးခဲ့တဲ့ အဲဒီအဖြစ်အပျက်ကလေးကို မေ့သလောက်ရှိနေတဲ့အချိန်မှာ ကျွန်တော့်အမေအိမ်ကိုလာလည်ရင်း သူမြေးတွေကို ဆူပူကြိမ်းမောင်းနေသံကြားရတော့ ကျွန်တော်ပြုံးမိပြီး ငယ်ဘဝလေးကို ပြန်သတိရသွားခြင်း ဖြစ်လေသည်။

အမေက သူ့မြေးတွေ ဖျာလိပ်ထဲဝင်ပုန်းကစားကြတာကိုကြည့်ပြီး -

"ဟဲ့ - ကလေးတွေ ဘယ်တွေထဲဝင်ပုန်းကြတာလဲ။ ထွက်စမ်း၊ ထွက်စမ်းနင်တို့တော့ နတ်ဖွက်တော့မှာပဲ" တဲ့။

အမေ၏ စကားသံတွေကြောင့် လုပ်ငန်းခွင်ထဲမှာ မောပန်းလာခဲ့သော ကျွန်တော့်မှာ အပြုံးများဖြင့်လန်းဆန်းလို့ပင်သွားရတော့သည်။

စာဖတ်ပရိသတ်အပေါင်း
ကျွန်းမာရွှင်လန်း စိတ်မပင်ပန်းဘဲ
လိုရာဆန္ဒအားလုံးပြည့်စုံနိုင်ကြပါစေ

ငွေလသာ (တံတွေး)

www.burmeseclassic.com

www.burmeseclassic.com

ရဲမျိုးသူ(ဟောဓိမြို့)

မြေဆိပ်ကို ခေတ္တဟန့်တားထားနိုင်သော မရိုးပင်

■ အကြင်အိမ်၌ မရိုးပင်စိုက်ထားအံ့။ ထိုမရိုးပင်ရှိသောအိမ်၌ အသို့လျှင် ဆေးသမားများဝင်ထွက်သွားလာရအံ့နည်း။

ဟူ၍ မရိုးပင်၏ဂုဏ်ကို ချီးကျူးဖွဲ့ဆိုထားခြင်းရှိ၏။

ဆိုလိုသည်မှာ မရိုးပင်စိုက်ပျိုးထားသောအိမ်သည် ရောဂါဝေဒနာတို့ကျရောက်ခဲ့ပါက မည်သည့်ရောဂါမျိုး၊ အနာမျိုး၊ အဆိပ်မျိုးကိုဖြစ်စေကာမူ ထိုမရိုးပင်သည် ပယ်ခိုးသုတ်သင်ကယ်တင်နိုင်သောကြောင့် ဆေးသမားတော်များကို ပင့်ခေါ်ရန်မလိုဟု ဆိုလိုပါကြောင်း အရှင်နာဂသိန်ပုံပြဆေးအဘိဓာန်တွင် ဖော်ပြထားပါသည်။

မရိုးပင်ကို ငဖြူကြီးပင်၊ နွားဖြူကြီးပင်၊ ကျွဲနပေါင်းပင်၊ ဖြူကြီးပင်၊ နွားနို့ခဲပင်၊ ကျွဲပေါက်ပင် စသဖြင့် နေရာဒေသအလိုက် အခေါ်အဝေါ်များရှိပါသည်။ ဆေးအသုံးများပြား၍ မရိုးနိုင်အောင် ဆေးဖက်ဝင်လှသောကြောင့် မရိုးပင်ဟုခေါ်သလား ထင်မိဖွယ်ရာဖြစ်ပါသည်။

မရိုးပင်၌ မရိုးဖြူနှင့် မရိုးနီဟူ၍ နှစ်မျိုးရှိပါသည်။ အဖြူမျိုးနှင့် အနီမျိုးနှစ်မျိုးလုံး၏အစေးသည် ခါး၍ အနည်းငယ်ငန်သောသတ္တိရှိပါသည်။ မရိုးပင်နှင့် ပတ်သက်၍ အံ့ဖွယ်ဆေးအစွမ်းကြီးစွာ မြွေဆိပ်ကို ထိန်းချုပ်ဟန့်တားနိုင်ပုံအား လက်တွေ့ကြုံခဲ့ဖူးပါသည်။

ချင်းတွင်းမြစ်ကမ်းနံဘေးရှိ ပလူဇဝရွာလေးသည် ဝါးအလွန်ထွက်ပါသည်။ အထူးသဖြင့် မျှင်ဝါး၊ တင်းဝါးများထွက်သောကြောင့် နွေကာလတွင် သစ်ဝါးပွဲစားများရောက်ရှိလာတတ်ကြပြီး ဝါးများဝယ်ယူစုဆောင်းကာ ဖောင်ဖွဲ့၍ ချင်းတွင်းမြစ်ကြောင်းအတိုင်း မုံရွာ၊ ရေစကြိုမြို့များသို့ ပို့ဆောင်ခြင်းတို့ပြုလုပ်ကြပါသည်။ ထို့ကြောင့် ဒေသခံဝါးခုတ်သမားများ ပလူဇဝရွာမှချောင်းဆုံရွာ၊ ထိုမှတစ်ဆင့် အလွန်ဝေးကွာသော တောင်ပေါ် ဝါးတောကြီးများဆီသို့ ပူလောင်သော နွေရာသီတွင် အလုအယက် ဝါးခုတ်ထွက်ရလေသည်။ ထိုအချိန်ကာလသည်ကား ထိုအရပ်ဒေသရှိ တောနေလူတို့၏ဝမ်းရေးအတွက်သာမက မြီးမြီးမြက်မြက်အပိုဝင်ငွေလေးများရတတ်ကြ၍လည်းဖြစ်လေသည်။

တစ်နေ့ -



တောင်ပေါ် ဝါးတောမှ ချောင်းဆုံရွာလေးသို့ လူနာထမ်းပုခက်စင်နှင့် ပို့ထိုလူနာဝါးခုတ်သမား မောင်သောင်းအား ဝါးခုတ်အလုပ်သမားများထမ်း၍ ရောက်လာသည်။ မြွေပွေး ခြေချင်းဝတ်ကို ကိုက်သည်ဟုဆိုသည်။ ကိုက်သောမြွေပွေးကိုလည်း ရိုက်နှက်၍ အသေပါလာသည်။ လူနာအား ဘာလုပ်ပေးထားသနည်း။ အခုချိန်အထိသတိရနေသည်မို့လည်း အံ့သြမိစွာမေးကြည့်မိသည်။ နံနက် (၈) နာရီကျော်၌ ပို့ထိ၏။ ယခုနေ့လယ် (၂) နာရီကျော်နေပြီဖြစ်သဖြင့် နာရီပေါင်း(၆)နာရီပင်ကျော်နေပြီမဟုတ်ပါလား။ မြွေပွေးသည်ကား မြန်မာနိုင်ငံတွင် အပေါဆုံးသောမြွေဆိုး ဖြစ်၏။ ဦးခေါင်းသည် တြိဂံပုံရှိပြီး အမြီးမှာတိုတုတ်၍ အပွေးကွက်ရှိလေသည်။ အပေါက်ခံရသူသည် ခန္ဓာကိုယ်၏နှာခေါင်း၊ သွားဖုံးတို့မှ သွေးတို့ယိုစီးတတ်ပြီး ဆီးသွားလျှင်သွေးပါတတ်ပါသည်။

"ဆရာလေး၊ ကျွန်တော်တို့နယ်ဘက်မှာ ပိုးထိပြီဆိုတာနဲ့ တောထဲမှာပေါက်တဲ့ မရိုးပင်ရဲ့အရွက်နဲ့အစေးကို ဝါးဆစ်ဘူးထဲထည့်ထောင်းပြီး ဆီးကင်းလောက်လုံးကြတယ်။ ပြီးရင် အဲဒီမရိုးအရွက်နဲ့ အစေးလုံးလို့ရတဲ့ဆေးကို နာရီဝက်ခြားတစ်လုံးစီတိုက်ပြီးတော့ ဆေးရုံရောက်အောင်ပို့တာပဲ။ အခုလည်း ပလူဇဝရောက်ရင် စက်လှေရပြီလေ" ဆိုလေသည်။

အဆိပ်ပြင်းသော မြွေပွေးအဆိပ်ကို မရိုးပင်အစေးနှင့်အရွက်အဆင်ပြေသလိုဖော်စပ်သောဆေးဖြင့် ကာကွယ်ဟန့်တားထိန်းသိမ်းရင်း မစိန်ဆေးရုံသို့ပို့ကြပေမည်။ ထိုတင်မရနိုင်မှသာ ကလေးဝဆေးရုံသို့ ပို့မည်ဟုဆိုပါသည်။ ထိုမရိုးပင်၏ အစွမ်းကြောင့် ပြင်းထန်သောမြွေပွေးကိုက်ခံရသည့်လူနာသည် သတိမလစ်ပါဟု ယုံကြည်ထားပုံလည်းရကြလေသည်။ အကိုက်ခံရသော ညာဘက်ခြေထောက်မှ ပေါင်ထိပ်အထိ တင်းရောင်နေသော်လည်း အဆိပ်ကို ထိန်းချုပ်နိုင်သဖြင့် ဆေးရုံအထိပို့ဆောင်နိုင်၍ မောင်သောင်း အသက်ချမ်းသာခွင့်ရသည်ကို ကြုံခဲ့ဖူးပါသည်။

တင်ပြလိုသည်မှာ မရိုးပင်သည် တောသူတောင်သားများ မဖြစ်မနေသိသင့်သိအပ်သောအဆိပ်နိုင်သောဆေးပင်ဖြစ်လေသည်။ ယနေ့အချိန်အထိပင် မြန်မာနိုင်ငံအတွင်းရှိနေရာဒေသအချို့မှာ သိပ်ပွဆေးဝါးများဖြင့် စနစ်တကျကုသရန် ခက်ခဲနေဆဲဖြစ်ပါ၏။ ထို့ကြောင့် ပြင်းထန်သောမြွေတို့ကိုက်ခဲခြင်းခံရပါက လတ်တလောအဆိပ်ကို ပြေစေပြီး အသက်ကိုဆန့်ထားနိုင်သော မရိုးပင်အား သတိတရသိထားစေလိုပါသည်။

မြွေဆိပ်နှင့်ပတ်သက်၍ ရှင်နာဂသိန်ပုံပြဆေးအဘိဓာန်အဆိုမှာ -

(က) မရိုးမြစ်နှင့် ဝါ (ငွမ်း) မြစ်ကို ဆတူကြိတ်၍ အနည်းငယ်မျှသောက်မူ မြွေဆိပ်ကျဆင်းလိမ့်မည်။

(ခ) မရိုးရွက်ကို မရိုးစေးနှင့်ကြိတ်၍လုံးပါ။ ယင်းအလုံးကို တစ်နာရီခြားတစ်လုံးကျတိုက်ပါက ပြင်းထန်သောမြွေဆိပ်များကျဆင်း၏။ (တစ်လုံးကို ရွေးကြီးစေသာသာလုံးပါ)။

လမ်းဘေး ဝဲယာတစ်လျှောက်သဘာဝအတိုင်း ပေါများစွာပေါက်နေတတ်သောမရိုးပင်အား အရွက်ချိုးကြည့်လိုက်ပါက ဖြူဖြူပျစ်ပျစ်အစေးအနှစ်တို့ထွက်လာတတ်ပေသည်။ ထိုအပင်၏ဆေးဖက်ဝင်ပုံများ အလွန်များပြားလှပါသည်။

ရဲမျိုးသူ (ဟောဓိမြို့)

www.burmeseclassic.com

www.burmeseclassic.com

ဦးသူ၏ ညွှန်ကြားချက်အတိုင်း ကျွန်တော် (၁) နှစ်ခန့် တစ်သဝေမတိမ်း လိုက်နာခဲ့ပါသည်။ (၁) နှစ်ခန့် ဆက်ပြီး စောင့်ရှောက်လိုက်သည့်အတွက် အစာအိမ်ကလည်း အတော်ကောင်းသွားပါသည်။ အစာအိမ်သည် မူလအတိုင်းပြန်ကောင်းသွားပြီဟန်ဖြင့် ကျွန်တော့်ကို ထောင်ချောက်ဆင်ပါတော့သည်။ ထိုထောင်ချောက်ထဲ ကျွန်တော်တည့်တည့် မတ်မတ်ဝင်သွားပါသည်။

စပြီးဖောက်ပါတော့သည်။

အရှင်ဆုံးဖောက်သည်မှာ အရက်ဖြစ်ပါသည်။ ကျွန်တော် အရက်ကို အလွန်ကြိုက်ပါသည်။ ရှင်လိုင်ပြန်ပြီး (၁၆)နှစ်သားလောက်ကစ ခိုးသောက်ပါသည်။ ကျွန်တော့်အဖေ၏ အဖေ ကျွန်တော့်အဘိုးမှစပြီး ကျွန်တော့်အဖေတို့ ညီအစ်ကို(၃)ယောက်စလုံး အရက်နှင့်ဖဲကို လျှာပေါ်မတင်ဘူး၊ ကိုင်မကြည့်ဘူးသူအဖြစ် ထူထောင်ထားကြပါသည်။ အဖေတို့ညီအစ်ကို (၄) ယောက်ရှိပါသည်။ နို့ညှာဖြစ်သော ဦးမောင်ညွန့် အရက်ခိုးသောက်ပါသည်။ အခြားသူများမသိပါ။ ထို့ကြောင့် ညီအစ်ကို (၄)ယောက်စလုံးဟု ထင်ထားကြပါသည်။ ကြာတော့သိသွားကြပါသည်။ သို့သော် သိသာသိသည်၊ မမြင်ကြပါ။သူကလည်း တစ်လတစ်ခါ၊ နှစ်ခါလောက်သာသောက်ပါသည်။

ချောင်းဆုံအုန်းသွင်
အသက်ရှည်ရာ (၅)

ဖဲလည်းရိုက်တတ်ပါသည်။နာရေးပေါ်မှကစားခြင်း ဖြစ်ပါသည်။

ကျွန်တော် ရှင်ကထွက်ပြီးနောက် အပေါင်းအသင်းများ အဆွယ်ကောင်းသဖြင့်လိုက်သွားရာ သူနှင့်သွားတိုးပါသည်။ သူက နောက်သောက်ချင်လျှင် ငါနှင့်အတူသောက်၊ အခြားသူတွေနှင့် သောက်တာ အန္တရာယ်ရှိတယ်ဟု ဆိုသည်။ အစပိုင်းတော့ သူစကားနားထောင်ပါသည်။ နောက်ပိုင်းကျတော့ သူမပါဘဲသွားခိုးသောက်ပါသည်။ အဖေသိလျှင် အသေရိုက်မည်ဖြစ်၍ ခဏခဏမသောက်ဝံ့ပါ။

ကျွန်တော်တို့ဒေသလေ့ အရက်သောက်သည့် စနစ်မှာ အလွန်အန္တရာယ်များပါသည်။ အဂါသုံးရပ်နှင့်ပြည့်စုံသောအရက်မှသောက်ပါသည်။ ၎င်းမှာ အသံထွက်၊ ပုလဲစီ၊ မီးတောက် ဟူ၍ ဖြစ်ပါသည်။ ပုလင်းအလွတ်တစ်လုံးကို ခေါက်ကြည့်လျှင် အသံထွက်ပါမည်။ ရေအပြည့်ထည့်ပြီး ခေါက်ကြည့်လျှင် အလွတ်ခေါက်စဉ်က အသံမျိုး မထွက်တော့ပါ။ အကယ်၍ ဓာတ်ဆီ၊ အရက်ပြန်များထည့်ပြီးခေါက်သော် ပုလင်းလွတ်ခေါက်သလိုမျိုးအသံထွက်ပါမည်။ ထို့အတူ ပြင်းသောအရက်များထည့်ပြီး ခေါက်သော် ထိုအသံမျိုးထွက်ပါသည်။

ပုလင်းထဲ အရက်ကို သုံးလက်မခန့်လျှော့ထည့်ပြီး ပုလင်းကိုအလုံပိတ်ကာလှုပ်သော် ပုလင်းလည်ပင်းအရက်ရောက်သောနေရာတွင် အမြှုပ်ကလေးများ ပုလဲလုံးစီထားသကဲ့သို့စီနေပါမည်။

ကြမ်းပြင်ပေါ် သွန်ချပြီး မီးရှို့လျှင် မီးတောက်ပါသည်။

ခေါက်သည့်အခါတွင်လည်း



BURMESE CLASSIC .com

အရသာမှုက်မည်ဆိုပြီး သူချည်းသောက်ကြပါသည်။ မမူးမှာစိုး၍ အန်မှာစိုး၍ ဆိုပြီး အရက်မသောက်မီ မည်သည့်အစာမျှ မစားကြပါ။ အမြည်းကိုလည်း ခံတွင်းရှင်းပြီး များများသောက်နိုင်အောင် ချဉ်သီးတစ်မျိုးမျိုးကို ဆားတိုပြီး မြည်းကြပါသည်။အဝေရာဖြစ်မှ ရေချိုန်ရောက်သည်ဟုဆိုသည်။

အဝါရည်တွေအန်ထွက်ခြင်း ဖြစ်ပါသည်။ ယခုပြန်တွေးကြည့်လျှင် အလွန်ကြက်သီးထဖွယ်ဖြစ်ပါသည်။

အန်ပြီး အိပ်ပျော်ပြီး နိုးပြီး ရေမိုးချိုးပြီး လုံးဝအကောင်းပကတိပြန်ဖြစ်မှ အိမ်ကိုပြန်ပါသည်။ ဦးမောင်ညွန့်နှင့်က ဤသို့မသောက်ရပါ။ အဖေတစ်နေကုန် မရှိသည့်အခါမျိုးမှ သောက်ရပါသည်။ ဤသို့သောအခါမျိုးကလည်း ကြုံခဲပါသည်။ ထို့ကြောင့် ကျွန်တော်က အရက်သမားမဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။

ရန်ကုန်ရောက်တော့ ရမ်၊ ဘရမ်ဒီစသည်တို့ဖြစ်ပြီး သောက်ဖော်သောက်ဖက်တွေကလည်းပြောင်းသွားလေတော့ ဆိုဒါရောသောက်ခြင်း၊ အမြည်းစားခြင်းများ အကျင့်ရလာပါသည်။

ကျွန်တော်က အရက်ကိုကြိုက်သော်လည်း ဆက်သောက်လေ့မရှိပါ။ အများဆုံး တစ်ပတ်တစ်ခါလောက်သာသောက်ပါသည်။ ဆက်သောက်မိသည့်အကြိမ်တစ်ကြိမ်ရှိခဲ့ပါသေည်။ မကွေးတိုင်းသတင်းစာတိုက်တွင် အလုပ်သင်လက်ထောက်အယ်ဒီတာလုပ်စဉ်က နာဂတောင်တန်းမောင်ကြည်ဇင်နှင့် ဆုံခဲ့ပါသည်။ သူက ထိုအချိန်တွင် အရက်ကလူကိုသောက်နေသည့်အချိန်ရောက်နေပါပြီ။

သူရော ကျွန်တော်ရော ရန်ကင်းတွင်နေသည်။ ညနေအလုပ်ဆင်းတော့ တခြားစီပြန်ကြ၏။ တစ်နေ့ ကျွန်တော် သူနှင့်အတူပြန်ဖြစ်တော့ သူက ကျွန်တော် အရက်ဆိုင်သွားမှာဟုဆို၏။ ကျွန်တော်က ကျွန်တော်လည်း လိုက်မယ်ဆိုပြီး လိုက်သည်။ ပြီးတော့ အတူသောက်ကြသည်။ သူက -

"ကျွန်တော် လူတိုင်းနဲ့ အရက်အတူမသောက်ဘူး။ သွေးဆိုးသူနဲ့တွေ့ရင် စိတ်ညစ်ရတယ်။ ခင်ဗျားက အလွန်အေးတဲ့လူပဲ။ ခင်ဗျားနဲ့သောက်ရတာ စိတ်ချမ်းသာတယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုပါသည်။

နောက်တော့ သူက အိမ်အရင် ပြန်ပို့ပါသည်။ ခင်ဗျားအိမ်ကစောင့်နေ၊ ကျွန်တော်လာခေါ်မည်ဆိုသဖြင့် သူလာခေါ်မှသွားကြပါသည်။ (၁၀) ရက်ခန့် အတူသောက်ကြပြီးတော့ တစ်နေ့တွင် အကြောင်းတစ်ခုကြောင့် သူနောက်ကျနေပါသည်။ အချိန်ကျတော့ ကျွန်တော် မနေနိုင်ဖြစ်လာပါသည်။ ထို့ကြောင့် သူ့အိမ်ကိုလိုက်သွားပြီး အချိန်ကျတော့ မနေနိုင်ဖြစ်ပြီးလိုက်လာတာဟုပြောတော့ သူက နဖူးရိုက်ပြီး မေ့လိုက်တာဗျာ၊ လာသွားမယ်ဟုဆိုကာ ကျွန်တော့်ကိုလက်ဆွဲခေါ်ပါသည်။ သွားတော့ ထမင်းဆိုင်ကိုသွားပါသည်။ ကျွန်တော်က ဒီထမင်းဆိုင်မှာ အရက်ရလို့လားဟု မေးတော့ သူက 'အမဲနှပ်နဲ့တစ်ပွဲပေး' ဟု ဆိုင်ရှင်အဒေါ်ကြီးကိုပြောသည်။

ကျွန်တော်က ခင်ဗျားကောဟု မေးတော့ သူက -

"ခင်ဗျား ထမင်စား၊ ဝအောင်စား။ စားပြီးရင် ကျွန်တော်အိမ်ကိုလိုက်ပို့မယ်။ အိပ်လိုက်၊ ကျွန်တော့်နောက်ကိုလိုက်မလာနဲ့။ ကျွန်တော် အရက်ဆိုင်သွားမယ်။ နားမထောင်ရင် ကျွန်တော် ခင်ဗျားကိုရိုက်မယ်၊ မရိုက်ရဘူးမအော်က်မှေနဲ့"

ဟု မျက်နှာထားတင်းတင်းနှင့် ပြောပါသည်။ ကျွန်တော် အံ့သြပြီး ကြောင်ကြည့်နေမိပါသည်။ ထို့နောက် သူက -

"ကျွန်တော့်ကို အဲဒီလို အချိန်မီသတိပေးနိုင်မယ့်သူမရှိလို့ ကျွန်တော် ဒီဘဝရောက်ရတာ။ ကျွန်တော့်ဘဝက လမ်းဆုံးနေပြီ။ ဆေးရုံတက်ဖြတ်လည်း မရဘူး ခဏာပဲ။ ပြီးတော့ ဖြတ်လည်း မဖြတ်ချင်တော့ဘူး။ အသက်ရှည်ရှည် မနေချင်တော့ဘူး။ ဒါက ကျွန်တော့်ဘဝရဲ့ လျှို့ဝှက်နာကြည်းချက်ပဲ။

ခင်ဗျား ကျွန်တော်နဲ့ကွဲသွားပြီး နောက်ပိုင်းမှာ ကျွန်တော့်ကိုသတိရသေးတယ်၊ ခင်မင်သေးတယ်ဆိုရင်၊ ခင်ဗျားကိုယ်ကို ခင်ဗျားလည်း ချစ်တယ်ဆိုရင် ကျွန်တော့်စကားကို သတိရပြီးလိုက်နာပါ။ အရက်ကို ဘယ်တော့မှ ရက်ဆက်မသောက်ပါနဲ့။ အနည်းဆုံးသုံးရက်မခြားဘဲမသောက်ပါနဲ့။ ကျွန်တော့်လို့ မဖြစ်ပါနဲ့။ ခင်ဗျားမှာ အရည်အချင်းကောင်းတွေအများကြီးရှိပါတယ်။ အဲဒါကို အရက်နဲ့မဖျက်ပစ်ပါနဲ့"

ဟု အလေးအနက်ပြောပါသည်။

သူ့အသံမှာ လေးနက်မှုရှိသလို နာကြည်းဆွေးမြေ့သံလည်းပါနေပါသည်။ ကျွန်တော် သူ့ကို အလွန်အမင်း ကျေးဇူးတင်လေးစားသွားပါသည်။

ထို့ကြောင့် -

"ကျွန်တော် ခင်ဗျားစကားကို တစ်သဝေမတိမ်းလိုက်နာပါ့မယ်လို့ကတိပေးပါတယ်"

ဟု ဆိုပြီး ထိုင်ရှိခိုးမိပါသည်။

သူက မျက်ရည်ဖြိုင်ဖြိုင်ကျနေပါသည်။ ဝမ်းသာသောမျက်ရည်ဖြစ်ပါသည်။ ထမင်းစားနေသော အသက်(၆၀) ခန့် ဘကြီးက -

"တကယ့်ကလျာကာမိတ္တာပဲ"

ဟု မှတ်ချက်ချပါသည်။

ကျွန်တော် သူ့စကားကို တကယ်လိုက်နာခဲ့ပါသည်။ သူကား အရက်၏ကျေးကျွန်အဖြစ် (၁၀) နှစ်ကျော်ကျော် ဆင်းရဲခံပြီး ကွယ်လွန်သွားပါသည်။ ကျွန်တော့်ထက် အများကြီးတော်သော လူတော်တစ်ယောက်လည်းဖြစ်ပါသည်။ နှမြောစရာပင်။

ဦးသူ၏ အမှာကို ကျွန်တော် အရက်ဖြင့်စတင်ချိုးဖောက်လိုက်သော်လည်း လက်လွတ်စပယ်မဟုတ်ပါ။ အရက်ကို ပျော့အောင်လုပ်ပြီး အမြည်းလည်း အများကြီးစားပါသည်။

ကျွန်တော့်၏ မိသားစုများက ကျွန်တော်အရက်သောက်သည်ကိုမတားကြပါ။ ကျွန်တော်အရက်သောက်ထားချိန်မှာ ခါတိုင်းအချိန်ထက်ပိုပြီး စိတ်ရှည်သည်းခံတတ်သောကြောင့် ဖြစ်ပါသည်။

ဒုတိယကတော့ ဝက်သားဖြစ်ပါသည်။ ဝက်သားကို ကျွန်တော်အလွန်ကြိုက်ပါသည်။ ကျွန်တော်သာမက တစ်အိမ်သားလုံး ကြိုက်ကြပါသည်။ သုံးထပ်သားကိုမှကြိုက်ကြသောကြောင့် အကြိုက်ချင်းလည်းတူညီကြပါသည်။ ဦးသူက အသားချည်းသက်သက်စားဟုဆိုသော်လည်း ကျွန်တော်က အဆီတစ်ထပ်အသားတစ်ထပ်ဖြစ်သောသုံးထပ်သားကိုစားပါသည်။

ရှောင်ထားသည်မှာကြာပြီဖြစ်၍ အစာအိမ်က စိတ်ကောင်းနေပါသည်။ ထို့ကြောင့် ကျွန်တော်ထပ်ကဲပြန်ပါသည်။ တမာချဉ်နှင့် ငါးပိရည်ကျိုစားရာကြာတော့ နည်းနည်းပြန်ဖြစ်လာပါသည်။ ပြန်ဖြစ်လာတော့ ဆန်ပြုတ်ကို (၁၀) ရက်ခန့် သောက်လိုက်ပါသည်။ ပြန်ကောင်းသွားတော့ နည်းနည်းချင်းစီပြန်ပြီး သွေးတိုးစမ်းကာစားပြန်ပါသည်။

ကျွန်တော်လုံးဝရှောင်ထားသော အကြိုက်ဆုံးအစာတစ်ခုရှိပါသေးသည်။ ၎င်းမှာ မျှစ်ချဉ်နှင့်ဝက်သားချက်ဖြစ်ပါသည်။

ဘိုသော် -

ကျွန်တော် ကျောင်းသားဘဝက သူငယ်ချင်းတစ်ယောက်၏အိမ်တွင်နေပါသည်။သူငယ်ချင်းအမေက ကျွန်တော့်ကို သားရင်းလိုချစ်သဖြင့် ထမင်းလခမယူသည့်အပြင် အဝတ်အစားပါလျှော်ပေးပါသည်။ နောက် အိမ်ထောင်ကျပြီး သူငယ်ချင်းအိမ်ကိုမရောက်ဖြစ်တော့ပါ။

သူငယ်ချင်းအမေမှာ ကရင်တိုင်းရင်းသူဖြစ်ပြီး အလွန်သဘောကောင်းပါသည်။ သူငယ်ချင်းခေါ်သလို ကျွန်တော်ကလည်း သူ့ကို အမိုးဟုခေါ်ပါသည်။ သူ့အမည်က ဒေါ်မြခင် ဖြစ်ပါသည်။

(၁၀) နှစ်ကျော်မရောက်ဖြစ်ဘဲ နေပြီးမှ တစ်နေ့ ကျွန်တော်သွားကန်တော့ပါသည်။ အမိုးက ကျွန်တော့်ကို ဖက်ပြီး ဝမ်းသာဝမ်းနည်းငိုပါသည်။ ပြီးတော့ ထမင်းစားပြီးမှပြန်ဟု ဆိုကာ မီးဖိုဆောင်ထဲသို့ဝင်သွားပါလေသည်။ ကျွန်တော်ရောက်သွားချိန်မှာ နံနက် (၉) နာရီခွဲခန့် ဖြစ်ပါသည်။ အမိုးအတန်ကြာထွက်မလာသည်နှင့် သူ့သမီးကြီးမကျင်ရီကို အမိုးဘာလုပ်နေသလဲဟုမေးတော့ ဈေးသွားတယ်ဟုဖြေပါသည်။ ဈေးကနီးပါသည်။

အမိုးဈေးကပြန်လာကာ ချက်ပြုတ်ပြင်ဆင်ပြီးတော့ ထမင်းစားဖို့ခေါ်ပါသည်။

အမိုးက -

"အမိုးသားကြီးကြိုက်တတ်တဲ့ဟင်းကို အမိုးမမေ့ဘူး။ ဒါကြောင့် ဈေးထဲသွားဝယ်ပြီးချက်ထားတာ။ တဝစားရမယ်"

ဟု ဆိုပါသည်။

မည်သည့်ဟင်းဖြစ်မည်ထင်နည်း။ မျှစ်ချဉ်နှင့် သုံးထပ်သားဝက်သားဖြစ်ပါသည်။ ဤအခြေအနေတွင် သေဆေးကိုသော်မှ ကျွန်တော်ရှောင်ဖို့မသင့်ပါ။ လျှော့စား၍လည်းမရပါ။ ကိုယ်တိုင်ခပ်ထည့်ပေးနေပါသည်။ ကျွန်တော် ဘုရားတပြီးစားရပါသည်။

ဆေးရုံပြန်မတက်ရရုံတစ်မယ်ပင် ခံလိုက်ရပါသည်။ ဆန်ပြုတ်ကို တစ်လကျော်ပြန်စားလိုက်ရပါသည်။ကံကောင်းပြီး ပြန်သက်သာသွားပါသည်။ နှမြောစာ၊ မသင့်စာ၊ အားနာစာ ဟူသော မစားအပ်သည့်အစာသုံးမျိုးတွင် ကျွန်တော် အားနာစာစားလိုက်ရပါသည်။

ဆက်လက်တင်ပြပါဦးမည်

ချောင်းဆုံအုန်းသင်း

www.burmeseclassic.com

www.burmeseclassic.com

. . . ခရုအဆန်ကျွတ် . . .

အဖေ ခဏခဏပြော၊ ခဏခဏ သင်ပေးလို့ အတော်သတိထားကြည့်ခဲ့ပါတယ်။ ငယ်ငယ်ကလေးဘဝတုန်းက အဖေ့နောက်တကောက်ကောက်လျှောက်လိုက်တော့ ဘာဆရာဦးသန့်ဇင် အဖေ့ကိုပြောပြောပြီးသင်ပေးနေတုန်းထဲကလည်း အဲဒီခရုအဆန်ကျွတ်ကိုနားရည်ဝခဲ့ပါတယ်။

အခု . . . ပရိတ်သတ်တွေနဲ့ထိတွေ့ပြီး အကြံဉာဏ်တွေပေးလာရတော့ ကြားလိုက်တာနဲ့ မြင်လိုက်တာနဲ့ သတိပိုထားမိခဲ့တာပေါ့လေ။

မကြာသေးပါဘူး။

အဖေနဲ့အတူ ဘုရားဖူးခရီး အဓိဋ္ဌာန်ခရီးတွေထွက်ခဲ့တုန်းက နေရာလေးတစ်နေရာကို ရောက်ခဲ့ပါတယ်။ အဲဒီ မိသားစုလေးဟာ အင်မတန်မှစိတ်ထားဖြူစင်ပြီး ရိုးသားလွန်းရုံမက အဖေ့ကိုရော ကျွန်တော့်ကိုပါ မိသားစုအရင်းအချာလို သဘောထဉ်ကြီးကြသူတွေပါ။ သူတို့ဆီခဏခဏရောက်ခဲ့ဖူးပါတယ်။ သူတို့မိသားစုဟာ သိပ်ကျန်းမာတာပဲ။ အိမ်သားတိုင်း အလုပ်နဲ့လက်မပြတ်ကြဘူး။ သူတို့ကိုကြည့်လိုက်ရင် လေးကန်နေတာ၊ တွေဝေထိုင်းမှိုင်းနေတာမရှိဘူး။ ပျင်းတယ်ဆိုတာ သူတို့ဘာမှန်းတောင်မသိကြဘူး။ ဒီတိုင်းထိုင်နေတာမျိုးကိုမတွေ့ရလို့ နားကြပါဦးလားလို့တောင် အဖေကပြောယူရတယ်။

၁၉၈၈
သူရဉ်မဂ္ဂဇင်း၊
ဒုတိယအကြိမ်(၁၀)အမှတ်(၆)

www.burmeseclassic.com

www.burmeseclassic.com

ဟိုတစ်လောက အဲဒီမိသားစု
လေးဆီရောက်သွားတော့ ဘုရားဆောင်
မှာခရုအဆန်ကျွတ်ဆွဲထားတာသွားတွေ့
တယ်။ ဆွဲထားတဲ့ခရုအဆန်ကျွတ်က
လှမှလှ။ အဲဒီက ကလေးတွေမပြောနဲ့
ကျွန်တော်တောင်လိုချင်တယ်။ ဖြူဖြူ
ဖွေးဖွေးလေးတွေ။ လုပ်ထားတဲ့ပုံစံ
ကလေးကလည်း အိမ်လေးလိုပဲ
ချစ်စရာလေး။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့်... ကျွန်တော်က ယေဒယဆဲက နားရည်ဝလာတဲ့ကိစ္စဆိုတော့ ရောက်ရောက်ချင်းပဲ အဲဒီက အကြီးမကြီးကို မေးလိုက်မိပါတယ်။

အကြီးမကြီး၊ ဒါ ဘယ်သူ့ချိတ်ထားတာလဲ။ ဘာလို့ ချိတ်ထားတာလဲပေါ့...။

ကလေးတွေက ကျွန်တော့်ကို သူတို့အစ်ကိုအရင်းခေါက်ခေါက်လိုချစ်ကြတော့ ကျွန်တော့်မျက်နှာရိပ်မျက်နှာကဲကိုကြည့်ပြီး အကြီးမကြီးက ရယ်ရင်း ဘုရားဆောင်မှာဆွဲထားတဲ့ အဲဒီ ခရုအဆန်ကျွတ်ကိုသွားဖြုတ်ပြီး အပြင်မှာ စွန့်လိုက်ပါတယ်။ စကားသံတွေ တစ်ပြိုင်ထဲထွက်လာကြတာက တစ်အိမ်လုံးဖျားနေတယ်ဆိုတာပါပဲ။ တစ်ယောက်မကျန်ကိုဖျားတာ။ တစ်လှည့်စီဖျားလိုက်စုပေါင်းဖျားလိုက်ဖြစ်နေကြချိန်ပါ။

ကျွန်တော်ချက်ချင်းသိလိုက်တယ်။ ဒီမိသားစုလေးဟာ ဒီလို တစ်ခါမှ ဖျားသံနာသံမကြားဖူးခဲ့ဘူး။ အရမ်းကိုကျန်းမာကြတာ။ အလုပ်နဲ့လက်နဲ့မပြတ်ဘူး။အခုများ တစ်ယောက်ကြည့်လည်း မျက်နှာသနပ်ခါး မရှိ။ တစ်ယောက်ကြည့်လည်း နွေခေါင်ခေါင်ကြီးအနွေးထည်ကြီးနဲ့။ တစ်ယောက်ကြည့်တော့လည်း မျက်နှာက အဆီပြန်လို့။ လဲတဲ့လူကလဲ၊ ငိုင်နေတဲ့လူကငိုင်နဲ့။ ဘာပဲဖြစ်ဖြစ်လေ ခရုအဆံကျွတ်ချိတ်လိုက်ပြီးတဲ့နောက်ပိုင်း တောက်လျှောက်ဖြစ်လာတာလို့သိလိုက်ရတယ်။

ဒီလိုစွန့်လိုက်တဲ့ကြားက အဲဒီအိမ်က ဒေါ်လေးကောက်ခါငင်ခါလိုဖြစ်လာပြန်တာပဲ။ နေမကောင်းဖြစ်နေတဲ့ကြားက ပိုပြီးပြင်းပြင်းထန်ထန်ဖြစ်လာတာ။ အင်မတန်မှ အငြိမ်မနေတဲ့ ဒေါ်လေးဟာ ကိုယ်တွေချစ်ချစ်တောက်ပြီး ကယောင်ချောက်ချားတွေပါပြောလာတယ်။ ဆေးခန်းသွားဆေးထိုးလည်းအပူကမကျဘူး။ အစာလည်းမဝင် ရေဖတ်နဖူးပေါ်တင်ပေးလည်း ခဏပဲ။ အဖေဆို ဒီဒေါ်လေးဟာ သူညီမလိုဖြစ်နေလို့ ခပ်လှမ်းလှမ်းမှာ ငုတ်တုတ်ထိုင်ပြီး ပရိတ်တွေပဲခပ်တိုးတိုးရွတ်ပေးနေတယ်။ ကျွန်တော်က ခေါင်းရင်းနားက ရွတ်ပေးတယ်။ ကိုယ်ပူမကျဘူး။ ဘာဆေးတိုက်တိုက်မရဘူး။ ဒါနဲ့ ကျွန်တော်တို့သားအဖလည်း အလုပ်တွေကများတော့ မနက်လည်း မိုးလင်းရော ရန်ကုန်ပြန်လာခဲ့ရတယ်။ အဖေရော ကျွန်တော်ပါ မပြန်ချင်ပြန်ချင်နဲ့ ပြန်လာရတာ။ ဘာလို့လဲဆိုတော့ ဒေါ်လေးကိစ်မချလို့။ ထင်တဲ့အတိုင်းပဲ ရန်ကုန်ပြန်ရောက်တော့ ဖုန်းဝင်လာတယ်။ ဒေါ်လေးဆေးရုံတင်လိုက်ရတယ်တဲ့။ ဘာပဲဖြစ်ဖြစ် တော်သေးတယ်ပြောရမယ်။ဆေးရုံဆိုတော့ ဆေးစုံတယ်လေ။ ဆေးရုံမှာ တစ်ပတ်တောင်ကြာတယ်။ ဆရာဝန်တွေ၊ ဆရာမတွေ ဂရုတစိုက်ကြပ်မတ်ကုပေးလို့တစ်ပတ်အကြာမှာ နေကောင်းပြီးဆေးရုံကဆင်းရတယ်။

ဆေးရုံကဆင်းတဲ့နေ့မှာပဲ အဖေက ဒေါ်လေးရဲ့ယောကျ်ားကို လှမ်းဖုန်းဆက်တယ်။ မင်း ဘုရားဆောင်မှာ မီးကျွမ်းနေတဲ့အမည်းတွေကုန်သွားအောင် ကော်ဖတ်နဲ့စားလိုက်စမ်း။ နောက်ကို ဘုရားဆောင်မီးမစွဲစေနဲ့လို့ ပြောနေသံကြားတော့မှ ဟာ-ဟုတ်ပါရဲ့ဆိုပြီး သတိရလိုက်တယ်။

အဲဒီအိမ်လေးကို ရောက်တော့ အငယ်မလေးက မီးပျက်လို့ ဖယောင်းတိုင်ထွန်းတာ ဘုရားဆောင်က အလှဆင်ထားတဲ့ဘောင်ပေါ်ကို ဒီတိုင်းတင်ထွန်းလိုက်တော့ ဖယောင်းတိုင်ကုန်ပြီး ဘောင်လေးတွေကို မီးစွဲသွားတယ်။ ဘုရားဆောင်ကိုကြည့်လိုက်ရင် မီးကျွမ်းနေတယ်။ ခရုအဆန်ကျွတ်ကိုသာ သတိထားမိခဲ့တဲ့ ကျွန်တော်ဟာ အဖေ ဖုန်းဆက်နေသံကြားမှ သြော်-ဘုရားဆောင်မီးကျွမ်းနေတာကိုး၊ ဟုတ်ပါရဲ့ဆိုပြီး သတိရတော့တယ်။ ဒီကိစ္စဖြစ်ရပ်တွေဟာ ဒေါ်လေးကိုဆေးရုံပို့လိုက်တာပါပဲ။ ဘာမှအစားအသောက်လည်းမဟော့ရမ်းတဲ့ဒေါ်လေးဟာ ဖျားလိုက်တာမှ ချစ်ချစ်တောက်ပြီး လူမှန်းတောင်မသိဘူး။

ဒီလိုမျိုး တစ်ခါကြုံခဲ့တာကတော့ ကျွန်တော့်သူငယ်ချင်းရဲ့အိမ်မှာပါ။ သူငယ်ချင်းနာမည်က ဇင်မြတ်။ သူတို့အိမ်ဟာ အမြဲတမ်းအိမ်ပူတယ်။ ကလေးကလည်း ငိုလိုက်ရင် သံရှည်ဆွဲပြီးမပြီးတော့ဘူး။ လူတွေကလည်း တစ်ယောက်ပြီးတစ်ယောက်နေမကောင်းဘူး။ သူငယ်ချင်းကပြောပြတယ်။ ဒီထိပ် ဗာဒံပင်ဂိတ်က ဆိုက်ကားဆရာတွေဆို ငါတို့အိမ်က လူတွေနေမကောင်းတာ တစ်ပတ်ကို သုံးခါလောက်တစ်လှည့်စီလိုက်ပို့နေရလို့ ကြာတော့ ပိုက်ဆံတောင်ယူရတာ အားနာနေပြီပြောကြတယ်တဲ့။သူလာလာလည်ပြီးပြောတိုင်းတော့သတိမထားမိပါဘူး။ သတိထားမိလိုက်တဲ့ တစ်နေ့တော့ သူလာလည်ပြီး ပြန်လို့ သူနဲ့စကားတပြောပြောလမ်းထိပ်လိုက်ပို့ရင်း သူ့အိမ်အထိ ရောက်သွားပါတယ်။ သူတို့အိမ်ဝရောက်တာနဲ့ အဖေပြောထားသလို ဘုရားဆောင်ကို အရင်လှမ်းကြည့်ပြီး ဦးခိုက်လိုက်ပါတယ်။ တွေ့ပါပြီ။ ခရုအဆန်ကျွတ်တွေတွဲလောင်းတွဲလောင်းနဲ့ဘုရားဆောင်မှာ အလှဆင်ထားတာ။ကျွန်တော်ပြောသင့်မပြောသင့် ချိတ်ချတုံ့ချတုံ့ဖြစ်နေပါတယ်။ နောက်တော့ စဉ်းစားလိုက်တယ်။ ငါပြောလိုက်လို့ ဒီမိသားစုနေကောင်းသွားရင်ပြီးတာပဲ။ စပ်စုတယ်ထင်ထင် ဘာထင်ထင် ငါပြောတော့မယ်ဆိုပြီး အဲဒီအိမ်က ဇင်မြတ်အဖေကိုပြောပြလိုက်ပါတယ်။ ဦးလေး ဒီလိုဒီအကြောင်းပေါ့။ အဲဒီဦးလေးကပြောတယ်။

"ဟုတ်လား။ ဦးလေးလည်း အလှဆွဲထားတာပါ။ ဘာရယ်မဟုတ်ပါဘူး"

ဆိုပြီး ဇင်မြတ်ကို ထဖြုတ်ခိုင်းတယ်။ ဇင်မြတ်က ထဖြုတ်တယ်။

သူတို့တွေ ကျန်းမာနေကြပါပြီ။ ဇင်မြတ်က အမြဲလိုလိုရောက်ရောက်နေတော့ ကြားနေရတယ်။

"မင်းကို ဖားသားကြီးက အရမ်းသဘောကျနေတယ်ကွ" တဲ့။

တို့အိမ်မှာ တော်တော်ကျန်းမာလာကြပြီတဲ့။ သိပ်ပူညံပူညံမဖြစ်တော့ဘူး။ ဖြစ်ရင်တောင် အရင်လိုမပြီးနိုင်မဖြစ်တော့ဘူးတဲ့။ ခဏလေးဖြစ်လိုက်ပြီးရောတဲ့။ ကျွန်တော်ဝမ်းသာပါတယ်။ ဒါကြောင့် သူ့အဖေက ခဏခဏပြောတယ်တဲ့။ လူငယ်လေးပေမယ့် ပညာထက်တယ်တဲ့။ ဘာမှခဲခဲယဉ်းယဉ်းမဟုတ်ဘဲ ဒီခရုတွဲလောင်းလေးတွေကို ဖယ်ခိုင်းလိုက်တာ ငါတို့မိသားစုကို သူဆေးလာကုပေးသွားသလိုပဲတဲ့။

"မင်းသူငယ်ချင်းကို အိမ်ခေါ်ပါဦး။ ငါထမင်းဖိတ်ကျွေးချင်လို့ပါ"

ဆိုပြီး ခဏခဏပြောနေတယ်တဲ့။ သူငယ်ချင်းက လာတိုင်းပြောတယ်။

ကျေးဇူးတင်ပါတယ် သူငယ်ချင်း။

ဒီလိုမျိုး ၂၀၁၅ တုန်းက ကြုံတဲ့တစ်ယောက်ကတော့ မအေးသူ။ သူက သူ့အိမ်မှာ လူတွေတစ်ယောက်ပြီးတစ်ယောက် နေမကောင်းလွန်းလို့ လာမေးတာ။

သူများတိုက်ထားလား၊ ပညာနဲ့လုပ်ထားလားဆိုပြီး ပယောဂထင်လို့နဲ့တူပါတယ်။ ဖြစ်လိုက်ရင် အိမ်ထောင်ဦးစီးတွေချည်းပဲတဲ့။ အိမ်အတွက် အလုပ်လုပ်နိုင်တဲ့လူ၊ စီးပွားရှာနိုင်တဲ့လူတွေချည်း တစ်လှည့်စီဖြစ်နေကြတာတဲ့။ ဆေးနဲ့လူနဲ့မပြတ်ကြဘူးတဲ့။

ဘယ်အရွယ်တွေအဖြစ်များလဲဆို

www.burmeseclassic.com

www.burmeseclassic.com

ပြီး ကျွန်တော်စကားတောက်ကြည့်လိုက်တော့ လူကြီးတွေတဲ့။ လူကြီး(၄)ယောက်ရှိတယ်။ တစ်ယောက်ပြီးတစ်ယောက် ဖြစ်နေတယ်တဲ့။ လူငယ်နှစ်ယောက်ထဲ ပြုစုရတာနိုင်တောင်မနိုင်ဘူးတဲ့။

ဟုတ်ပြီ. . . ။ ကျွန်တော်သိချင်တာလေးတစ်ခု လင်းခနဲခေါင်းထဲပေါ်လာပြီ။ ဆက်မေးလိုက်တယ်။

"ဘုရားဆောင်မှာ အလှဆင်ထားတာတွေဘာတွေရှိလား"

ဆိုတော့ -

"ရှိတယ်"

တဲ့။

"ဘယ်လိုမျိုးလဲ"

ဆိုတော့ -

"ခရုလှလှလေးတွေကို တွဲလောင်းဆွဲပြီးထားတာ"

တဲ့။

"ပန်းပွင့်ပုံဖော်ထားတာ"

တဲ့။

"ဒါဆို ဘုရားဆောင်မှာ ချို့ယွင်းချက်တစ်ခုခုရှိလား"

ဆိုပြီး ထပ်မေးတော့ -

"ဘုရားဆောင်အခင်းတစ်ခုကဆွေးပြီး ကျိုးလို့ အဲဒီအခင်းကို ဖယ်ထားတယ်။ ပြန်မရိုက်ရသေးဘူး"

တဲ့။ ဒါပါပဲတဲ့။အထွေအထူးတော့ မရှိပါဘူးတဲ့။

"အဲဒါဆို အစ်မ ခရုလေးတွေကို သုံးလလောက်ဖြုတ်ကြည့်ပါလား"

ဆိုတော့. . . သူအမ်းတမ်းတမ်း ဖြစ်သွားတယ်။ ဘာမှပြန်မပြောဘူး။

"ကျွန်တော်၊ အစ်မတို့ အိမ်သားတွေကိုနေကောင်းစေချင်လို့ပါ"

ဆိုတော့မှ ဖြုတ်မယ်ဖြစ်တယ်။

"ဖြုတ်ရုံနဲ့မရဘူး။ ဘုရားဆောင်အခင်းကိုပါ ပြန်ဖြည့်ရိုက်ပေးပါ"

လို့ပြောလိုက်ရတယ်။ ပြန်သွားလေရဲ့။

ပြောလိုက်တာကတော့ သုံးလပဲ။ ဒါပေမယ့် နှစ်လတောင် မပြည့်ခင် လောက်ပါဘူး။ ပေါ်လာချည်ရဲ့။

"ထူးခြားလို့လာပြောတာပါ"

ပြောတယ်။

"ဘာထူးခြားတာလဲ အစ်မ"

ဆိုတော့ -

"လူတွေ တစ်ယောက်ပြီးတစ်ယောက်နေမကောင်းမဖြစ်ကြတော့ဘူး"

တဲ့။

"အသက် (၈၀) အဘွားတောင် အစာတွေဘာတွေကောင်းကောင်းပြန်

စားလာလို့ ဝလာတယ်"

တဲ့။

"ရင်ပြည့်တာလောက်ပဲဖြစ်တယ်"

တဲ့။

"ဘုရားဆောင်အခင်းလည်းပြန်ရိုက်လိုက်ပြီ" တဲ့။

ကျွန်တော် ဘယ်လိုဝမ်းသာမှန်းမသိဘူး။ ဘာဆက်လုပ်ရဦးမလဲ လာမေးတာတောင် -

"ဘာမှမလိုတော့ပါဘူး အစ်မ"

ဆိုပြီး ပါးစပ်ကထွက်သွားတာ မြန်မှမြန်။

. . . ကြဲပါတယ်။ လေးဦးငါးဦး မကကြံခဲ့ပါတယ်။ ပူပူနွေးနွေးကြံတာကတော့ ခုနပြောတဲ့ဒေါ်လေးတို့ပါပဲ။

အလှဆင်ကြတဲ့သူတွေရှိကြပါလိမ့်မယ်. . . ။

"ဒီပြင်နေရာတွေမှာ ခရုခန်းဆီးလိုက်ကာ အလှဆင်လို့ ဘာမှမဖြစ်ဘူး"

လို့အဖေက ပြောပါတယ်။

လေ့လာကြည့်တော့လည်း ဟုတ်ပါတယ်။

"ဒီလို အလှဆင်ထားကြသူတွေကျ ဘာမှမဖြစ်ကြပါဘူး။ ဘုရားဆောင်မှာအလှဆင်လိုက်ရင် အဲဒီနေမကောင်းတဲ့ကိစ္စတွေက အသံတိတ်တဖြည်းဖြည်းဝင်ဝင်လာတယ်"

လို့ အဖေခဏခဏပြောပြပါတယ်။ ဒါလည်း တကယ်ဟုတ်ပါတယ်။ လက်တွေ့တွေတွေ့နေရတာပဲ။

အဖေကတော့ပြောပါတယ်. . . ။

"လူမှာ ဓလေ့ဆိုတာရှိတယ်"တဲ့။

"သားစဉ်မြေးဆက်ဘိုးစဉ်ဘောင်ဆက်ဆွဲလာကြတဲ့အိမ်တွေကိုတော့သား သွားမပြောရဘူး"

လို့ပြောပါတယ်။

"ကျန်းမာရေးမကောင်းသူရှိနေပေမယ့်လည်း ဒါကြောင့်ဆိုတာ လက်မခံတဲ့လူတွေရှိကောင်းရှိနေမယ်"တဲ့။

"ကိုယ်က စေတနာနဲ့ပြောပေမယ့် တစ်မျိုးမြင်တတ်တယ်" တဲ့။

"မေးလာမှပြောရမယ်"

ဆိုပြီး သတိပေးထားပါတယ်။

အဖေ့ကို ကြည့်ကြည့်နေတယ်။ အဲလိုမျိုးဆွဲထားတဲ့အိမ်တစ်အိမ်နှစ်အိမ်ကို ဧည့်သည်အဖြစ် ရောက်သွားပေမယ့် မမေးရင် အဖေပြောလေ့မရှိပါဘူး။ ပကတိနဲ့ဝိကတိကို မြင်တတ်အောင်ပဲ ကြည့်ခိုင်းလေ့ရှိပါတယ်။

ကုဋ္ဌနဲ့ အနိဋ္ဌကိုမြင်တတ်အောင် ကြည့်ခိုင်းလေ့ရှိပါတယ်။

ဓလေ့ဆိုတာကတော့ သူ့အရပ်သူ့ဓလေ့နဲ့ ခရုလှလှလေးတွေ ထွက်တဲ့နေရာမျိုးမှာ ဘုရားဆောင်အလှဆင်ဖို့တွေဘာတွေရှိကောင်းရှိနေမှာပဲ။ ဒါကို ကျတော့ အဖေပြောသလို ပကတိနဲ့ဝိကတိချိန်ရပါပြီ။

"အသက်မဲ့နေတဲ့ သတ္တဝါတစ်ကောင်ရဲ့ပစ္စည်းဟာ အင်မတန်မြင့်မြတ်တဲ့ ဘုရားဆောင်မှာရောက်နေတဲ့အခါ အကြောင်းတရားလေးတွေဟာ ပြောင်းလဲသွားတတ်တယ်"

လို့ အဖေအမြဲပြောပြပါတယ်။

. . . သတ္တဝါတစ်ကောင်တောင် အဲသလောက်ဆိုရင် သတ္တဝါလေးတွေ စုပေါင်းထားတဲ့ပစ္စည်းဆိုတော့ ပိုအားပြင်းမှာပေါ့။ အဲဒီအနိဋ္ဌနဲ့ကုဋ္ဌသဘောကို မြင်အောင်ကြည့်ခိုင်းပါတယ်။

ကျွန်တော်သုတေသနတွေလုပ်ပါတယ်။ လက်တွေ့တွေလည်း လေ့လာကြည့်တယ်။ တော်တော်များများပါပဲ။ အနိဋ္ဌနဲ့ကုဋ္ဌတွေ့ပုံတွေဟာ အကြောင်းတရားပေါင်းများစွာ ပေါင်းစုံသွားသလိုပါပဲ။

တွေ့ရပါမြင်ရပါများလာတော့ ဒီသဘောလေးတွေကို လက်တွေ့သိသိလာခဲ့ရပါတယ်။

ဒီလို သိသိလာခဲ့ရတဲ့အကြောင်းလေးတွေကို စာဖတ်ပရိသတ်ကြီးဗဟုသုတရဖို့ ဝေမျှလိုက်ရပြန်ပါပြီလို့. . . ။

ကြိုးစားလျက်

မင်းပြည့်

www.burmeseclassic.com

www.burmeseclassic.com

ဝိုးကော့

ဒဂုံကွန်ရပြိုင်တော်

သ ရ ဇူ မ ဂ္ဂ ဇ င် း အ ခ န် း ဆ က် ဝ တ္ထု ရ ည်

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

အုန်းလက်ကြိုအုန်းလက်ကြားက် လရောင်ဖြာကျနေသည်။ ပင်လယ်ဘက်မှ လှိုင်းဆူသံသဲ့သဲ့ကိုကြားနေရ၏။ တိုအိမ်သည်အိမ်တို့မှ ကက်ဆက်သံတွေက ပိုကျယ်သည်။ လရိပ်ကျသောလေကာကျောက်တုံးနားထိုင်ကာ အောင်တိုင်ဝေးငိုင်နေ၏။

'ဩော်. . . သူလား။ ကျွန်မကို ကျောင်းထားပေးဖို့လည်း အမ်းကူကို သူပဲတိုက်တွန်းတာ။ မြိတ်ဘက်သွားရင် မဟီကိုလည်း ဝင်လာတတ်တယ်။ ဒီဘက်ကမ်းမှာ ကျောင်းလာနေတာ ညီမလေးတစ်ယောက်ပဲရှိတယ်။ စာကြိုးစားသင်တဲ့။ မုန့်ဖိုးလည်း ပေးပေးသွားတတ်တယ်'

ဟူသော မေသူ၏ ယင်းစကားကို ပြန်၍ကြားယောင်မိသည်။ မေသူက စိတ်ကောင်းတော်တော်ရှိတယ်ဟု သူ့ရှေ့တွင် ပြောဖူးသည်။

ယခင်က 'သူလား၊ . . . သူ' ဟု ပြောဖူးသော်လည်း သည်နှစ်တော့ အစ်ကိုကြီးဟု အခေါ်အဝေါ်ပြောင်းသွား၏။ ရွာရှိ လူငယ်တိုင်း၊ မိန်းကလေးတိုင်း အစ်ကိုကြီးခေါ်ကြသည်ကို အမှတ်ရမိသည်။ သူကိုယ်သူလည်း ကျွန်မအစား မေသူ၊ သူသူ ဟု ပြောတတ်လာသည်။ ရင်ထဲပေါ့ပေါ့ပါးပါးတော့မဖြစ်မိ။ မေသူနှင့်ပတ်သက်သော အစ်ကိုကြီး၏ စကားကို ရင်ထဲပူလောင်ချင်သည်။

"လာတာတော့ ဟုတ်တာပေါ့ ညီလေးရာ။ မေသူကို စာပြပေးနေရသေးတယ်။ စာမေးပွဲပြီးအောင်စောင့်ပါဆိုလို့ကွ။ မြိတ်ကပြန်ရောက်နေတာတစ်ပတ်မကတော့ဘူး"

ပင်လယ်မှလာသောလေကြောင့် အုန်းလက်များ လှုပ်ခတ်နေကြသည်။ ခါတိုင်းလို စိတ်ဂနာမငြိမ်။ လေကြောင့်လည်း ကိုယ်ခန္ဓာမအေး။ မေသူနှင့် အစ်ကိုကြီးတို့ ကြိုက်များနေကြပလားဟူသောအတွေးက သူ့စိတ်ကို လှုပ်ခတ်နေသည်။

လေကာကျောက်တုံးနားမှ စိတ်နှင့်ကိုယ်မကပ်ဘဲ အသိမဲ့စွာ သူခြေလှမ်းက မေသူတို့အိမ်နားရောက်လာ၏။ မေသူကို အိမ်ရှေ့တွင် စျေးထိုင်ရောင်း၍ မြင်ရ၏။ မေသူတို့အိမ်ခြံထဲ ဝင်လာ၏။ လေကာကျောက်တုံးနားအရောက်တွင် ခြံဘေးက ဖြတ်ဝင်လာကြသော မအိနှင့် မေစီတို့၏ကျောကုန်းကို မြင်

www.burmeseclassic.com

www.burmeseclassic.com

လိုက်ရသည်။

မအိနှင့် မေစိတို့ကို လှည့်ကြည့်သော မေသူက သူကိုလည်း မြင်သွားသည်။

"လာလေ ကိုအောင်တိုင်"

မေသူက လှမ်းခေါ်၏။

ပြန်လှည့်သွားလျှင် ဣန္ဒြေပျက်နေမည်ကိုသိသဖြင့် ဆိုင်ရှေ့လျှောက်လာ၏။ စကားပေါက်ပေါက်ဖောက်လာကြသော မေစိနှင့် မအိတို့က သူကိုတစ်ချက်လှမ်းကြည့်ကြ၏။ မေသူရောက်သည်ကြားသဖြင့် လာနှုတ်ဆက်ကြပုံရ၏။ သူတို့နှစ်ယောက်သည် မေသူ၏ဘေးတစ်ဖက်တစ်ချက်တွင် ဝင်ထိုင်ကြသည်။ မေသူက ရေနံဆီမီးခွက်ကို ဘေးသို့ရွှေ့၏။ မေစိနှင့်မအိကို ပဲလျော်တစ်ယောက်တစ်ထုပ်ပေးသည်။

သူကိုတော့ -

"ကိုအောင်တိုင် ဘာယူမလဲ"

မေး၏။ အောင်တိုင်၏ စိတ်ထဲတစ်မျိုးကြီးဖြစ်သွားသည်။

ပင်လယ်မှ လေရူးတစ်ချက်ဝှေ့လိုက်သည်။ ယိမ်းလှုပ်သွားသောမီးညွှန့်ကို မေစိက ကမန်းကတန်း လက်နှင့်လှမ်းကာသည်။

"ဟင်း. . . "

ဟု သက်မချမိလိုက်ပြီးမှ-

"ပဲကြီးလျော်တစ်မူးဖိုး"

ဟု နှုတ်ထွက်လိုက်ရ၏။

မေသူက ပဲလျော်တစ်ထုပ်လှမ်းပေးပြီး 'ထန်းလျက်ယူဦးမလား' ဟုဆို၏။

အောင်တိုင် မျက်လုံးပြူးသွားသည်။ အိတ်ထောင်ထဲတွင် ပိုက်ဆံဆို၍ ခြူးတစ်ပြားပင်ပါမလာ။ မေသူနှင့် အစ်ကိုကြီးအကြောင်းတွေးပြီး စိတ်ထွေနေသဖြင့် ကောက်စွပ်လာသောအကျီသည် နေ့ခင်းက အစ်ကိုကြီးတို့၊ မေသူတို့နှင့် မော်တော်ဆိပ်က ပြန်လာသောအကျီ မဟုတ်။ မေသူတို့အိမ်ရှေ့လာမိသည်မှာလည်း ပဲကြီးလျော်ဝယ်စားရန် မဟုတ်။ အစ်ကိုကြီးနှင့်ပတ်သက်သည့်ကိစ္စကို တည့်တည့်မဟုတ်တောင် ရုပ်ဖမ်းသံဖမ်းမေးလို၍သာ ဖြစ်၏။

"ဟင် - ကိုအောင်တိုင်၊ ထန်းလျက်ကောယူဦးမလား"

"မယူတော့ပါဘူး။ ပိုက်ဆံတောင် ပါမလာမိလို့ နောက်တော့မှနော်"

"အဆန်းလုပ်လို့၊ ယူသွားစမ်းပါ"

မေသူက ထန်းလျက်ထုပ်ကလေးတစ်ထုပ်လှမ်းပေးသော်လည်း သူမယူဘဲ ငြင်းလိုက်၏။

"အစ်ကိုအောင်တိုင်တို့များ ကပ်စေးနဲ့လိုက်တာ။ တစ်လ တစ်လ နှစ်ရာ၊ သုံးရာ ရနေတာတောင် ကိုယ့်ဝမ်းကိုယ် မသထာဘူး။ သားကျွေးမှုမယားကျွေးမှု ရှိတာကျနေတာပဲ"

"ခုမရှိပေမယ့် မကြာခင် ရှိတော့မှာပဲအေ"

မေစိနှင့် မအိတို့စကားကို -

"နင်တို့နော်"

ဟု ပြောပြီး မေသူမျက်နှာကို တစ်ချက်ကြည့်၏။ မေစိနှင့် မအိတို့စကားကို အကဲမရသလိုနှင့် မေသူက-

"တကယ်လားဟင်"

ဟု ဆိုသည်။

"တကယ်ပေါ့ မေသူရယ်"

"ဘယ်ကလဲဟင်"

"ကမ်းကြီးသတ်က"

အောင်တိုင်မျက်နှာကို အကဲကြည့်နှင့် မေစိက ပြော၏။

"ဘယ်လူပါလိမ့်"

"မိုးလေ၊ ဆလုံမ"

"နင် ပါက်ကရမပြောနဲ့"

မေသူရှေ့ မိုးနှင့် တုံ့စပ်ပြောရမည်လားဟု အောင်တိုင် စိတ်ဆိုးပြီး အော်ပစ်လိုက်၏။

ဒီကောင်စွာမတွေနဲ့မှ တွေ့တတ်ပလေ။ မေသူ ငါ့ကို တကယ်ထင်သွားရင်တော့ စိုးရိမ်စိတ်နှင့် မေသူမျက်နှာကိုလည်း အထိတ်တလန့်လို ကြည့်မိ၏။ မေသူမျက်နှာညှိုးသွားသလားဟု တွေး၏။ နတ်ဆိုးမ မေစီ မျက်နှာကွယ်နေသဖြင့် မေသူမျက်နှာကို အကဲမရ။ မေသူဆီက အကြည့်ကိုလွှဲလိုက်၏။

"ဘာပေါက်ကရလဲ။ မသိတာကျနေတာပဲ။ အဒေါ်နိုင်းက ပြောပါတယ်နော်"

"တော်စမ်းဟာ"

အောင်တိုင် အော်ပစ်လိုက်၏။ သို့သော် မေစိက သူကိုကြောက်သူမဟုတ်။

"မဟုတ်ဘူးလား"

"မဟုတ်လို့မဟုတ်ပြောရတာပ"

"သူ့အမေကိုယ်တိုင်ပြော. . . "

"အမေပြောတိုင်းဖြစ်ရရော့လား။ နောက်ပြောလို့နောက်မှန်းမ. . . "

"ဟုတ်ပါလိမ့်မယ် အားကြီးကြီး"

"ရွာလျှောက်ပြီး နင်တို့ပါးစပ်တွေတော်တော်ပေါက်ပေါက်ဖောက်။ ဂေါ်လာနဲ့ ကောင်းကျော်ဆီ မားပိုင်းခံရမယ်ဘာမှတ်လဲ"

နှစ်ယောက်စလုံး ဤတစ်ခါတော့ ပခုံးတွန့်ကြသည်။ တကယ်လား၊ သူကိုပြောင်တာလားတော့ မသိ။ မေသူကတော့ အောင်တိုင်မျက်နှာကိုလှမ်းကြည့်သည်။

ပို၍စိတ်ညစ်သွားသည်။ ဆိုင်နားက လှည့်ထွက်လာ၏။ ဆက်နေလျှင် နတ်ဆိုးမနှစ်ကောင်ကြောင့် မေသူ တကယ်ထင်သွားနိုင်သည်။ နတ်ဆိုးမနှစ်ကောင်ကို တော်တော်ဒေါသထွက်မိ၏။ မိုးနှင့်သူကို မေသူ တကယ်ထင်သွားမှာ စိုးရိမ်သွားသည်။ မေသူက သူကိုကြိုက်လျက်နှင့် မိုးနှင့်ဖြစ်နေပြီးထင်ကာ အစ်ကိုကြီးကိုကြိုက်သွားလျှင်. . .။

သူ ခြံအစ လေကာကျောက်တုံးနားအရောက်တွင် ကောင်မတွေဟီလာတိုက်လိုက်ကြသံကို ကြားလိုက်ရ၏။ ခြေလှမ်းတုံ့သွားသည်။ မေသူဆီ တစ်ချက်ပြန်ကြည့်၏။ ရေနံဆီမီးခွက်ရောင်က မေသူ၏မျက်နှာကို မထင်ဟပ်။ နားဦးကြားလိုက်ရသည်ကတော့ ဒေါသထွက်၍ အံကြိတ်လိုက်ရသည်။

"ဟုတ်ပါတယ်ဆို။ ရှက်လို့ပြောတာပါ။ ဟိုနှစ်ကောင်က ယောက်ဖတော်ချင်လိုက်တာမှ. . . "

"အေး - ပြောကြသံတော့ ကြားသားဟ"

"အမယ်လေးလေးလေး၊ မိုးလားကြိုက်လိုက်တာမှ"

နတ်ဆိုးမနှစ်ကောင် စကားမဆုံးမီ လေတိုက်၍ မီးခွက်ငြိမ်းသွားသဖြင့် မီးခွက်ပြန်ထွန်းကြသည်။ မီးခွက်အလင်းနှင့်အတူ ကောင်မနှစ်ကောင်ဟီလာတိုက်နေကြသံတွေကို ကြားနေရပြန်၏။

အောင်တိုင် တောက်တစ်ချက်ခေါက်ပြီး အစ်ကိုကြီးအိမ်ဘက်ထွက်လာသည်။ မေသူရှေ့မို့သာ။ နောက်တစ်နေရာရာမှ တွေ့ရင်တော့ ပိုးစိုးပက်စက် ဆဲပစ်လိုက်မည်ဟု စိတ်ငြိုးကြီးလာသည်။

■

"အစ်ကိုအောင်တိုင်"

စက်ထဲမှာစိတ်ရောက်နေသဖြင့် ရုတ်တရက်လန့်သွားသည်။ ခါးကိုမတ်လိုက်၏။ မိုးမျက်နှာကို လှည့်ကြည့်သည်။သူနောက်တွင် မိုးသည် တောင်းတစ်လုံး ခေါင်းရွက်၍ ရပ်နေ၏။ သူ့ကိုလည်း ပြုံးပြုံးကြီးကြည့်နေသည်။ သူနှင့် အကြည့်ဆုံသွားရာ ဆန်ကြိတ်မည်တို့ဟု ဆိုသည်။

ဆန်ကြိတ်ရန်လာသော မိုးမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com

ကို စေ့စေ့ကြည့်၏။ ရယ်ချင်စိတ်ပေါက်သွား၏။ ယခင်က ပိုက်ဆံကုန်မှာစိုး၍ အစ်ကိုကြီးဟာလာစက်တွင် ဆန်လာမကြိတ်တတ်။ နီးရာကြိတ်ဆုံနှင့် ကြိတ်၍ လက်ထောင်းဆုံနှင့် ဆန်ဖွပ်တတ်၏။ ယခုတော့ တခြားမိန်းကလေးတွေလို မိုးလည်း ဆန်လာကြိတ်နေတတ်ပြီ။

"ဘာရယ်တာလဲ"

"မဟုတ်ပါဘူး"

ပြောလိုက်ရ၏။

ဆန်လာကြိတ်သော မိုးမျက်နှာတွင် ပေါင်ဒါက အဖွေးသား။ ပါးနီ၊ နှုတ်ခမ်းနီလည်း မသိမသာဆိုးထား၏။ ဆံပင်က မေသူလို အတွန့်အကောက် မဟုတ်။ ကောက်ရိုးပုံခွေးတက်မွှေထားသလိုမညီမညာရှုပ်ရှုပ်ထွေးထွေး။ ဇကေ့ မေသူဆီက အတုယူပြီးလုပ်ထားသည်ကို အောင်တိုင်ရယ်ချင်သွားသည်။

မေသူ ရွာရောက်လာလျှင် မေသူအနားတွင် ကောင်မလေးတွေက ဝိုင်းနေတတ်သည်။ မြို့ပြ၏ဆင်ယင်ထုံးဖွဲ့မှုကို မေသူဆီ၌သင်ယူကြသည်။ အဟဲ ခနဲတစ်ချက် အောင်တိုင် အသံထွက်သွားပြန်၏။

"ဘာရယ်တာလဲ။ မကြိုးမငယ်နဲ့ သွားပေါက်ချင်လို့လား"

"နင်လေ တစ်နေ့တခြားကို လှလာလို့ပါ"

"တကယ်"

"ဟုတ်ပါတယ်ဆို"

ရယ်ကျဲကျဲနှင့် ပြန်ပြောလိုက်ရ၏။

"အစ်ကိုအောင်တိုင်ရဲ့မျက်စိထဲအဲဒီလို အမြဲမြင်နိုင်ပါစေတော်"

"ပေါ့"

ဟူသော နှုတ်ထွက်တစ်ခွန်းနှင့် မျက်နှာကို ပြန်တည်ပစ်လိုက်ရ၏။ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဖြစ်သွား၏။

ရွာတွင် စကားအတတ်ဆုံး၊ နှုတ်အသွက်ဆုံးဟု အများသတ်မှတ်ခြင်းခံထားရသောသူသည် ဘာကြောင့်ရယ်မသိ မိုးနှင့်တွေ့လျှင် အမြဲနှုတ်ဆွံ့ဆွံ့သွားတတ်၏။ မိုးကို စကားတစ်ခွန်းကျူးမိတိုင်း သူကိုပြန်၍ အတုပ်အနှောင်ခံရတတ်သည်။ ကိုယ့်စကားနှင့်ကိုယ် ပြန်၍အချည်ခံလိုက်ရမှန်းသိသောအခါ နောက်ထပ် အပြောင်အပြက် သူစကားမဟရဲတော့။

"စပါးတောင်းချပေးဦး"

"နင့်ဟာနင်ချဟာ"

"ဖြစ်နေလိုက်တာ။ ဒါလေးချပေးရတာ ဘယ်လောက်ပင်ပန်းသွားလို့လဲ"

မိုးက -

"ရပါတယ် အစ်ကိုကြီး၊ ကျွန်မထားခဲ့မယ်"

ဟု ပြောကာ -

"အစ်ကိုအောင်တိုင်၊ ကြိတ်ပြီးရင် ညနေကျ အိမ်လာပို့ထားနော်။ မိုးပင်လယ်နား ငါးရုပ်သွားရင် မိုးချုပ်မှ ပြန်ရောက်မယ်"

အောင်တိုင်ဘုရားတမိလိုက်သည်။ ဤတစ်ခါလည်း မိုးဆီမှာ ကိုယ့်အတတ်နှင့်ကိုယ့်ကိုပြန်စူးနေပြန်၏။ ကမန်းကတန်းပြောရ၏။

"မိုး - နေဦး၊ နေဦး။ နင့်စပါးမများပါဘူး။ ရပါတယ်၊ တစ်ခါတည်း ယူသွား"

ကမန်းကတန်းပြော၍ စက်ကိုလည်း ချက်ချင်းနှိုးလိုက်ရ၏။

ကြိတ်ပြီးသွားသော မိုး၏ ဆန်တောင်းကိုကမ်းကြီးသတ်ဘက်တစ်ခေါက်သွား၍ပို့လျှင် မေသူတို့ဘက်ကသွားရမည်ဖြစ်သဖြင့် မေသူမြင်မှာစိုးသည်။ သူစိတ်ကမေသူဆီသာရောက်နေသည်။

"အစ်ကိုအောင်တိုင်ကတော့လေ၊ မိုးကိုကျ စေတနာကိုမထားချင်ဘူး။ စက်အကောင်းကြီးကို ပျက်နေတယ်တဲ့၊ ညာတာ"

"နင်မသိဘဲ မပြောစမ်းပါနဲ့ဟာ"

"ဘာမသိတာလဲ။ စောစောက သူပဲပြောပြီး။ ကောင်းချင်တော့ ချက်ချင်း"

နှုတ်ခမ်းစူ၍ အမူလုပ်သောအပြောကို အောင်တိုင်က မမြင်ယောင်၊ မသိယောင်ဆောင်နေလိုက်သည်။ စပါးတောင်းထဲက စပါးတစ်စေ့နှစ်စေ့ကို ကောက်၍ -

"နင့်ဟာ တစ်နေလှန်းပြီးသားတော့ ဟုတ်ပါတယ်နော်"

"ဘာဖြစ်လို့လဲ"

"နေလှန်းစပါးမဟုတ်ရင်ကြေကုန်မှာစိုးလို့ပေါ့ဟ"

"စေတနာမထားရင် ကြေပါစေ။ လုပ်လိုက်"

တကယ်လုပ်လိုက်ရဟု တွေးပြီးမှ သနားသွားသဖြင့် ဆန်မကြေအောင် ပို့ဂရုစိုက်လိုက်ရသည်။

ကတော့ထဲက ကျလာသောဆန်ကို မိုးက ကောက်၍ လက်ဝါးဖြန့်ကြည့်၏။

"ငါနင့်ကိုစေတနာနဲ့လုပ်ပေးတာပါဟာ။ မကြေပါဘူး"

"ကျေးဇူးတင်ပါတယ်"

သူမျက်နှာကို အပြုံးနှင့်ကြည့်၍

"ငါ့လက် စက်ဆီတွေပေနေတာနင်မမြင်ဘူးလား"

လက်ကိုဖြန့်ပြပြီး ပြောလိုက်ရ၏။

ဤတစ်ခါတော့ မိုးက သူစကားကိုအတွန်မတက်နိုင်တော့။ စပါးတောင်းကို သူ့ဘာသာသူ ကုပ်ပျစ်ပေါ်တင်လိုက်၏။ တောင်းချရင်းက မသိလို့ပါနော်ဟု ရှက်ကိုးရှက်ကန်းဖြစ်သွားသလိုလည်းဆို၏။ ခေါင်းခုနှင့် နှုဖူး၊ မျက်နှာတို့ကို ရွရွတို့ကာ သူမျက်နှာကိုကြည့်နေပြန်သည်။

"ထားခဲ့လေဟာ"

"ဟင် - တစ်ခါတည်းကြိတ်မပေးဘူး"

"ဟုတ်တယ်"

"ဘာဖြစ်ပြန်လို့လဲ။ သူများပင်လယ်နားလည်းသွားရဦးမယ်။ ဒုက္ခပဲ၊ လုပ်ပါအစ်ကိုအောင်တိုင်ရာ"

"စက်ပျက်နေလို့ပါဟ"

မိုးကို သူတမင်ပြောလိုက်၏။

"စက်ဘာဖျက်လဲညိုလေး၊ ပင်နယ်ချော်တာလား"

သူ့အသံနည်းနည်းကျယ်သွားသဖြင့် အုန်းပင်ရင်းတွင် ပဲ့ချိတ်စက်ဆေးနေသောအစ်ကိုကြီး ကြားသွား၍ လှမ်းမေး၏။ သူတို့အနားကိုလည်း လျှောက်လာသည်။

"ပင်နယ်မဟုတ်ဘူး အစ်ကိုကြီး၊ ဖိုင်ဘာရှေ့က သားရေကြိုး နည်းနည်းချောတာပါ။ ရပါတယ်"

သူက ရပါတယ်ဆိုသဖြင့် အစ်ကိုကြီးက ခြေလှမ်းတုံ့ထားလိုက်သည်။ မိုးဘက်လှည့်ကြည့်ပြီး -

"မိုးတို့ ငါးမန်းယပ်တွေတော်တော်စုမိကြပလား"

"သိပ်မရသေးဘူး အစ်ကိုကြီး။ စုမိရင် အစ်ကိုကြီးဆီလာပို့ထားမှာပါ"

"အေးအေး - နင့်အစ်ကိုကြီးဂေါလာကို ပြောလိုက်ပါဦးဟ။ ခွေတွေ အသစ်ပါလာတယ်လို့"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ ပြောလိုက်ပါ့မယ်"

မိုးနှင့်အစ်ကိုကြီးတို့ ပြောနေကြချိန်တွင် သူက အကောင်းပကတိ ဘာမှမဖြစ်သေးသော သားရေပတ်ကြိုးကို ဟိုဆွဲသည်ဆန့်လုပ်နေ၏။

"ညီလေးမရသေးဘူးလား။ မိုးလေး တစ်ခါတည်းကြိတ်ပေးလိုက်ပါကွာ။ ပင်လယ်ဆင်းရဦးမယ်လေ၊ ဟုတ်တာပေါ့"

ပြောပြီး အစ်ကိုကြီးက တစ်စစီဖြုတ်ထားသောစက်နားပြန်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

ပြော၏။

"ကျေးဇူးတင်ရမယ်လူကိုး"

နှုတ်ဆိတ်သွားပြီး မိဇံက သူမျက်နှာကိုမော့ကြည့်၏။ အောင်တိုင် တစ်ကိုယ်လုံးသိမ့်သိမ့်ခါသွားသလိုပင်။ အပြုံးရောထားသောမိဇံ၏မျက်နှာမှာ ဤတစ်ခါ အလှဆုံးဟု သူထင်လိုက်၏။ သို့သော် မေသူ၏ မျက်နှာကိုလည်း ချက်ချင်းပြေးမြင်မိလိုက်ပြန်သည်။ မျက်နှာနှစ်ခုပေါင်းစည်းသွားသလိုပင် ခံစားမိလိုက်၏။ အလှကတော့ တစ်ယောက်တစ်မျိုးစီပင်။

"ကဲ - သွားမယ် အစ်ကိုအောင်တိုင်၊ ပင့်ပေးဦး"

ခါတိုင်းသာဆိုလျှင်တော့ နှင့်ဆန်တစ်စေ့နှစ်စေ့ကို နှင့်ဘာသာနင်ပင့်ဟု ဘုဘောက်ပြောမိမည်ဖြစ်သော်လည်း ဤတစ်ခါတော့ မငြင်းမိ။ ပင့်ပေးလိုက်၏။ သူမျက်နှာကို မိဇံ ကြည့်နေသည်ထင်၍ အကြည့်မဆုံမိအောင် လွဲလိုက်ရသည်။

"ဆန်ကြိတ်ခ ပိုက်ဆံပေးခဲ့ဦးလေဟာ"

"ပေးရမယ်လူကိုး"

တကယ်လည်း မပေးဘဲ ခြေလှမ်းရွေ့သွား၏။ ခပ်တည်တည်တပင်။ စောစောက သူပြောသောစကားကို ချေသွားမှန်းသိလိုက်၏။ မိဇံက မှတ်ထားဟူသောသဘောနှင့် တစ်ချက်ပြုံးပြပြီး ထွက်သွားသည်။

သူ့အိတ်ကို ယောင်မှားပြီး စမ်းကြည့်လိုက်၏။ မနေ့ညနေက မေသူကို ပေးရန် အကြွေးတစ်မူးနှင့် ညနေ မေသူဆီအသွားတွင် ပဲကြီးလျော်ဝယ်စားရန် မေ့မှာစိုး၍ မနက်ကပင် အိတ်ထောင်ထဲထည့်ထားသော အကြွေစေ့များကို စမ်းမိသွားသည်။ မိဇံ၏ဆန်ကြိတ်သွားသော အကြွေငါးမူးစေ့တစ်စေ့ကို ဆန်ကြိတ်ခပုံးထဲသို့အသံမြည်သွားအောင် ပစ်ထည့်လိုက်သည်။

■

ရင်ခုန်နေ၏။ မေသူမျက်နှာကို ရဲရဲမကြည့်ဝံ့။ ပဲကြီးလျော်ကို တစ်စေ့ချင်းဝါးကာ ခေါင်းငုံ့ထား၏။ မေသူမေးလိမ့်မည်ဟု သူမထင်ထားသောစကား အရေးစွဲန့်၍ နှုတ်ထွက်သွားမိသည်။

"ယုံရမှာလား"

"ယုံပါ မေသူရယ်၊ တကယ်ပါ"

ခုမှ ခေါင်းမော့ရဲ၏။

"မနေ့ညကတင် သိပြီးပါပြီနော်"

"ဘာကိုလဲဟင်"

"မိဇံနဲ့ဆိုတာ"

"မ။ ။ ။ မဟုတ်ပါဘူး။ အမေငယ်ငယ်တုန်းကပင် နောက်နောက်နေတာကို သူတို့က တကယ်ထင်လို့ပါ"

"တကယ်မဟုတ်ဘူးပေါ့"

"မကန်းကိုက်၊ မဟုတ်ဘူး"

သူကျိန်လိုက်သည်ကို မေသူကရယ်သည်။

"ပင်လယ်ထွက်ရသူမှ မတုတ်တာ။ ကျိန်ရဲတာပေါ့"

"ပင်လယ်ထွက်ရလည်း ကျိန်ဝံ့ပါတယ်"

"ပဲ့ချိတ်အတူစီးပြီး ပင်လယ်နားတော့ အပျော်ထွက်ကြတာ ဟဲဆို။ လသာညဆိုတော့ သိပ်ပျော်ကြမှာပေါ့"

နှတ်ဆိုးမနှစ်တောင် ဘယ်အထိတွန်းထားခဲ့ကြပြီးကို သိလိုက်၏။ သက်ပြင်းတစ်ချက်ကို မသိမသာရှိုက်လိုက်၏။ မေသူမျက်နှာကိုကြည့်သည်။ လေကြောင့် မီးညှွန့်အလှူပ်မှာ မေသူ၏ မျက်နှာပေါ် အရိပ်တစ်ခုဖုံးသွား၏။ အကဲမရ။ မေသူခေါင်းပေါ်တွင် တွဲလိတွဲလောင်းဆွဲချိတ်ထားသော ထွေရာကမာတွေကို မော့ကြည့်မိ၏။

"နွေလဆို တို့ဘက်ရေတက်နည်းလို့ သူတို့အုန်းခြံထဲကချောင်းမှာ အစ်ကိုကြီးက ပဲ့ချိတ်သွားထားတာ။ ပဲ့ချိတ်ကို သူတို့အိမ်သားတွေကြည့်ခိုင်းထားတာ။ မအိတို့က အဖင်လွဲပြီးပြောသွားတာကို မယုံပါနဲ့"

"မိဇံကို တကယ်မချစ်ဘူးပေါ့"

"မချစ်ပါဘူးဆို"

"မိဇံကကော"

"သူစိတ်တော့ဘယ်သိမလဲ။ ကိုယ်ကမှ သူ့ကိုမချစ်တာ"

"မိဇံကတော့ သူ့ကိုချစ်နေမှာဖါ။ မိဇံသာ မဟုတ်ပါဘူး၊ အစ်ကိုကြီးကလခပေးထားသော တစ်ရွာလုံးမိန်းကလေးတွေက သူ့ကိုကြိုက်နေကြလားမှ မသိတာ"

"တစ်ရွာလုံးကြိုက်ကြိုက်၊ တစ်ပြည်လုံးကြိုက်ကြိုက် တို့ကြိုက်တာကတော့ တစ်ယောက်တည်းပဲ"

"ဘယ်သူပါလိမ့်"

"ထပ်ပြောရဦးမလား"

မေသူက သူ့ကို ရွှန်းရွှန်းစားစားကြည့်၍ ခေါင်းညိတ်ပြ၏။

"သူ။ ။ ။ သူလေ၊ မေသူပေါ့"

"ဟင်"

မေသူ၏ ငုံ့သွားသောမျက်နှာကို စိုက်ကြည့်နေမိ၏။ ပြောလိုက်၍ ရင်ထဲပေါ့သွား၏။ ရင်ခုန်နှုန်းက ပိုမြန်လာသည်။ ငယ်စဉ်က မုန်တိုင်းထဲ ရင်ခုန်သံထက်ပင် ကျယ်လာသည်ထင်၏။

"တကယ်ပါ မေသူရယ်၊ မေသူ့ကို ချစ်မိတာ ခုကြီးမှမဟုတ်ပါဘူး။ ဟိုတုန်းက၊ အင်း။ ။ ။ ဟို တို့ငယ်ငယ် မုန်တိုင်းထဲကပင်ပါ။ မေသူ ဟိုဘက်ကမ်းမှာ ကျောင်းသွားနေတော့ မပြန်တော့ဘူးထင်လို့ နေ့တိုင်းလွမ်းမိတယ်။ အစ်ကိုကြီးကိုမေးကြည့်တော့ နွေကျောင်းပိတ်ရင် ပြန်လာပါလိမ့်မယ်ဆိုလို့ မော်တော်လာချိန်ဆို ဆိပ်ကမ်းပြေးပြီး နေ့တိုင်းမျော်ရတယ်"

"နွေကျောင်းပိတ်ရင် သူသူပြန်လာသားပဲ"

"အစ်ကိုကြီးပြောတဲ့နှစ်က မေသူမပြန်ဘူး။ နောက်တစ်နှစ်မှ၊ မေသူပြန်လာတာ။ ရွာကိုမပြန်တာ သုံးနှစ်တောင်ကြာတယ်"

"အမ်းကူ နောက်မိန်းမယူထားတယ်ဆိုလို့ မပြန်ဘဲနေတာ။ အဒေါ်ကလည်း မပြန်နဲ့ပြော်လို့"

"တို့ကိုတော့ သတိရတယ်ပေါ့"

"ရလို့ပဲ ရွာကလူတွေ မဟီလာတိုင်း မေးရတာပါနော်။ ပြန်မပြောကြဘူးလား"

"ပြောတဲ့လူတွေကပြောပါတယ်။ အဲဒါကြောင့်လည်း နေ့တိုင်းသတိရပါတယ်ဆို"

"အပြောက်တော့။ သတိရရင် မဟီလိုက်လာခဲ့ပါလား"

"အစ်ကိုကြီးကမှ မခေါ်တာ။ ဒါနဲ့ မဟီမှာ မေသူတို့အမျိုးတွေရှိလား"

"အဒေါ်တစ်ယောက် ရှိတယ်။ အမ်းကူညီမ"

"ရွာကိုမလွမ်းဘူးလား။ အမေနဲ့ ရွာကိုလွမ်းတယ်ဆိုတာ သီချင်းတောင်ရှိတယ်"

"အမေမှမရှိတော့တာ"

မေသူက သူ့အမေကို သတိရသံနှင့်ဆို၏။

"အဖေရှိသေးတာမဲ့ မေသူရယ်၊ ပြီးတော့ တို့လည်းရှိတယ်လေ"

မေသူက ဘာစကားမှမဆို။ ခေါင်းငုံ့သွား၏။

"တို့တော့လေ တကယ်ပါ၊ မေသူကို နေ့တိုင်းသတိရတယ်"

"မေသူလည်း သတိရပါတယ်။ မဟီက သူငယ်ချင်းတွေကို မုန်တိုင်းကြီးထဲ မေသူတို့ ညကြီးမောင်ကြီးတွေ့ကြပြီး ကျောက်တုံးကြီးဘေး အပူကင်ကြတာ ပြောပြတော့ သိပ်လန့်တဲ့ဖူးစာရှင်

www.burmeseclassic.com

www.burmeseclassic.com

တွေပဲတဲ့။ ပုံပြင်တွေထဲမှာတောင် ဒါမျိုး မကြားဖူးဘူးတဲ့။ အံ့သြကြတယ်။ အဲဒါကြောင့် သူကို မတီကသူငယ်ချင်းတွေလည်း သိပ်တွေ့ချင်ကြတာ။ ကျွန်တော့်ရှင် အသက်ရှင်ပဲဆိုတာ အမ်းကူလည်းပြောဖူးတာပဲလေ"

အောင်တိုင်က ဝမ်းသာလုံးဆို့သွား၏။ ရင်ထဲ ကတုန်ကယင်ဖြစ်သွား၍ ဆေးတစ်ငုံငုံပြီး မေသူမျက်နှာကို ရွှန်းရွှန်းစားကြည့်နေမိ၏။

"သူသူ ရွာကိုပြန်လာတာလေ သူ့ကိုသတိရလို့ပါ။ ဟိုဘက်ကမ်းလာတဲ့ လူတိုင်းကို မေးရတယ်။ အမ်းကူကို ဘော့ လွမ်းလည်းမလွမ်းဘူး။ ဒေါ်လေးကလည်း နောက်မိန်းမယူရမလားလို့ မုန်းတယ်ပြောတယ်။ သူသံယောဇဉ်ကြောင့် ရွာပြန်ဖြစ်တာ။ အဒေါ်ကတော့ မပြန်နဲ့အော့တဲ့။ ဒါပေမယ့် ရွာကလည်း ပြောင်းလဲနေတယ်ဆိုတော့ သူများဘယ်လိုပြောင်းလဲနေလဲဆိုတာလည်း မြင်ချင်လို့ပေါ့"

မေသူက မြို့လေသံနှင့် တစ်လုံးချင်းပြောနေသောစကားလုံးများထဲတွင် သံယောဇဉ်ဟို့ဘာတို့ အောင်တိုင်က နားလည်သည်မဟုတ်။ သို့သော် သူ့ကို ချစ်သည်၊ သတိရသည်ဆိုတာတော့ နားလည်သည်။

"ဒီပြောင်းလဲတယ်ဆိုတဲ့စကားကို မေသူခဏခဏပြောလို့မှတ်မိပါတယ်။ ဒါပေမယ့် ရွာက ဘယ်လောက်ပဲပြောင်းလဲပြောင်းလဲ၊ဘယ်သူတွေဘယ်လောက်ပြောင်းလဲပြောင်းလဲ မပြောင်းလဲတာတော့ တစ်ခုရှိတယ်"

"ဘာလဲ"

"တို့ရင်ထဲကအချစ်"

"မိုးကိုလား"

"မဟုတ်ဘူး၊ ဒီ. . . ဒီက မေသူ"

"အို- သူ. . . သူများမြင်. . ."

အောင်တိုင်က ဆီမီးခွက်ကို ဟူးခနဲ မှုတ်လည်းမှုတ်၊ မေသူကိုလည်း နမ်းပစ်လိုက်၏။ တစ်နေ့ကပင် လေတိုက်၍ ရုတ်တရက် မီးခွက်ငြိမ်းသွားသည်ကို သူမှတ်ထားသည်။ မေသူအနားတွင် ဓာတ်မီးခြစ်ရှိနေသည်ကိုလည်းစောစောကပင် မြင်ထားပြီ။

မေသူက -

"ဆေးစော်နံလိုက်တာ"

ဟုပြောပြီး သူ့ကိုတွန်းပစ်လိုက်၏။

ချက်ချင်း မီးခြစ်ကောက်ခြစ်ပြီး မီးခွက်ပြန်ထွန်းသည်။ မေသူက သူမျက်နှာကိုမကြည့်ဘဲ-

"ဘက်မှားတယ်"

ဆို၏။

"ခြစ်လိုက်ရတာ လက်ကိုနာသွားတာပဲ။ မီးခြစ်ကောင်းကောင်းတစ်လုံးဝယ်ထားပါလားဟာ။ လေပေါက်လာပြီးနော်။ တောင်ပင်လယ်က လှိုင်းဆူနေတာ တစ်ရက်၊ နှစ်ရက်ရှိပြီ။ မီးမျှားရွာမလားမသိဘူး။ ပြန်ဦးမှထင်တယ်"

စွေးဝယ်ရန်လာသည်ဟုထင်လိုက်ရသော လူတစ်ယောက်အရိပ်ကို ခဏအစတွင် မြင်လိုက်ရသဖြင့် အောင်တိုင်က အသံကိုမြှင့်၍ ဆို၏။ မေသူကလည်း ရိပ်မိသွား၍လားမသိ-

"သစ်သားမီးခြစ် (ယမ်းမီးခြစ်) ရှိသားပဲ"

ဟု သူမ မမြင်ဘဲ အရှက်ပြေပြောလိုက်၏။

လရိပ်ထဲက လူရိပ်သည် စွေးဆိုင်သို့ရောက်မလာ။ လေကာကျောက်တုံးကွယ်၍ ပျောက်သွား၏။

"လေကတိုက်လာပြန်ပြီးနော်"

အောင်တိုင်က ဆိုလိုက်သောအခါ မေသူက ဆီမီးခွက်ကို လေကွယ်ရာသို့ရွှေ့ပြီး မျက်စောင်းချိတ်၏။

"မလုပ်ပါနဲ့။ လေတိုက်လို့ မီးငြိမ်းသွားလည်း ပြန်ထွန်းရင် ရတာပဲ။ မီးခြစ်ကမှ နှစ်လုံးတောင်"

"တော်တော်တတ်။ သွားတော့၊ မိုးရွာလိမ့်မယ်။ တောင်ပင်လယ်က လှိုင်းဆူလာပြီ။ နောက်လာရင် ဆေးငုံမလာပါနဲ့၊ နံတယ်"

မေသူကမဲ့ရွဲ့ပြု၍ပြော၏။

ရေဒီယိုထဲတွင် မကြာမကြာကြားနေရသော 'မောင်ယုံအောင်ပြောစမ်းပါ မေရယ်။ ကိုကိုယုံအောင် ပြောစမ်းပါမေရယ်' ဟူသောသီချင်းကို သံပြိုင်ဆို၍ တောင်ဘက်ပိုင်းမှ ဖိုးမှိတို့၊ ထော်ကြီးတို့ လျှောက်လာကြသံကို ကြားရသည်။ သည်ကောင်တွေက မေသူဆိုင်ထဲ မုချဝင်မည့်အကောင်တွေမှန်းသိသဖြင့် ပြန်ဦးမယ်ဆိုသော သူ့စကားမဆုံးမီပင် ခြံအစရောက်လာကြသည်။ အောင်တိုင်ကလည်း အစ်ကိုကြီးအိမ်ဘက်သုတ်သုတ်လျှောက်လာ၏။ အသံမထွက်သော်လည်း စောစောက ထော်ကြီးတို့၊ ဖိုးမှိတို့ ဆိုလာသော သီချင်းကို ရင်ထဲက ဆိုလာပြီး အပျော်ကြီးပျော်လာလေသည်။

■

မိုးကို ပဲခိုတ်ပေါ် တွင်မြင်ရသည်။ အောင်တိုင် ခေါင်းကြီးသွား၏။ ချောင်းထဲက ပဲအိုတ်ထုတ်ရန် လာမှန်းသိလျှင် ဘယ်လိုမှနှင့်ချ၍ရမည်မဟုတ်။ပင်လယ်နားရှိ သူတို့ငါးတဲကိုလိုက်မည်ဟု အတင်းဖောက်နေမည်။ မိုးတိုးခြွန့်ဟိုနှတ်ဆိုးမတစ်ကောင်၏ခြေကာက်လှုက်တစ်နေ့ကလည်း မေသူကိုဘာတွန်းခဲ့ထားကြသည်မသိ။ မေသူ အစကသူ့ကို မိုးနှင့် မယုံသင်္ကာသလိုဖြစ်ခဲ့ရသည်။

ထို့ကြောင့် ချောင်းနားရောက်ခါနီးမှမသိကျိုးကျွန်ပြုကာ မိုးတို့အိမ်ဘက်ဆက်ထွက်လာသည်။

"အစ်ကိုအောင်တိုင်"

ချောင်းကို ကန့်လန့်ဖြတ်လဲကျနေသော အုန်းပင်ကြီးကို လှမ်းကိုင်ကာ မတ်တတ်ထ၍ မိုးက လှမ်းခေါ်သည်။

"ဘာလဲဟ"

"အစ်ကိုအောင်တိုင်၊ ပင်လယ်ထွက်ဖို့ပဲခိုတ်လာထုတ်တာမဟုတ်လား"

"မဟုတ်ပါဘူး၊ ငါနှင့်အမေဆီလာတာ"

"ဘာကိစ္စ"

"ငါဘယ်သိမလဲ။ အမေက မိုးတို့အမေနဲ့ တိုင်ပင်စရာရှိတယ် မှာလိုက်လို့ သွားပြောမှာ"

"ဘာတိုင်ပင်ကြမှာလဲ"

"မသိပါဘူးဆို"

"ဇီးဇီး ပြေးပြောလိုက်မယ်။ အစ်ကိုအောင်တိုင် ခဏစောင့်ဦး"

ဒုက္ခပါပဲဟု အောင်တိုင် ခေါင်းနောက်သွားရပြန်၏။ သို့သော် သူသိ၏။ အောင်တိုင်လာတုန်းက မိုးတို့အမေ ပင်လယ်နားဆင်းသွားသည်ကို လမ်းမှာတွေ့ခဲ့၏။ မိုးတို့အမေ ယခု အိမ်မှာမရှိ။

"သွား သွား၊ သိပ်အရေးကြီးတဲ့ကိစ္စဟုတ်ပုံမရပါဘူးဟာ။ နင် ပင်လယ်လိုက်ချင်ရင် အိမ်ရှေ့ချောင်းကွေ့ဝကစောင့်"

သူ့အမေကို အိမ်မှာမတွေ့လျှင် မိုး ချက်ချင်း ပြေးလိုက်လာမည်ကို သူသိသည်။ သိသည့်အတိုင်းပင် အော်ခေါ်၍ ပြေးလိုက်လာသံကို ကြားသည်။ ဟိုဘက်ခြံက နတ်ဆိုးမများ ကြားသွားပလားမသိ။ ကျိန်ဆဲကာ ပဲခိုတ်ပေါ်ကမန်းကတန်းတက်ပြီး စက်နှိုးကာ ချောင်းဝဘက်ထွက်လာသည်။

ချောင်းကွေ့ရောက်တော့ ခေါင်းနောက်သွားရပြန်သည်။ သူပါးစပ်ထဲတွေ့ရာလျှောက်ပြောထားခဲ့မိသော မိုးသည် ပဲခိုတ်ထိပ်တွင် သူ့ကိုမတွေ့သဖြင့် သူပြောထားခဲ့သလို အိမ်ရှေ့ချောင်းကွေ့

www.burmeseclassic.com

www.burmeseclassic.com

က မတ်တတ်ရပ်စောင့်နေသည်။

"ဇဇရေ၊ အစ်ကိုကြီး ကိစ္စတစ်ခု အရေးကြီးနေလို့ နှင်မလိုက်နဲ့တော့။ နှင့်အမေကိုလည်း အပြန်မှ ဧါဝင်ပြောထားခဲ့မယ်"

စက်မရပ်၊ ကမ်းမကစ်ဘဲ အောင်တိုင် အော်ပြောလိုက်၏။

"ဖြစ်ပြန်ပြီ။ အိမ်ရှေ့ကွေ့ချောင်းဝက စောင့်ပါဆို။ ချက်ချင်းပဲ ဘာအရေးကြီးလဲ။ ခဏကပ်ရင် ရတဲ့ဥစ္စာ။ အစ်ကို အောင်တိုင်၊ အစ်ကိုအောင်. . . "

သူပြန်မှားလှည့်လာခေါ်မလားဟု မိဇံကလည်း လှမ်းကြည့်ပြီး အော်ပြောနေ၏။ ဒီအသံကျယ်ပုံနဲ့တော့ ပြဿနာပဲဟုတွေးမိလိုက်သော်လည်း အောင်တိုင်က မိဇံကိုကမ်းပြန်ကပ်မခေါ်ဘဲ ချောင်းဝဘက်သာဆက်ထွက်လာ၏။

ဖြစ်ချင်ရာဖြစ်တော့ နောက်မှ မိဇံကို ချော့ပြော်သည်။ မိဇံအော်နေ၍ ကမ်းကပ်ခေါ်သွားသည်ကိုသာ နှတ်ဆိုးမတစ်ကောင်ကောင်မြင်သွားမှာ အောင်တိုင် စိုးရိမ်သည်။ မေသူကလည်း သူ့ကိုချစ်နေပြီးဖြစ်သဖြင့် မိဇံနှင့်ပတ်သက်ပြီး မေသူသဲသယဖြစ်မှာ သူကြောက်သည်။ ထို့ကြောင့်လည်း မိဇံကို မခေါ်ခဲ့ဘဲ ပဲ့ချိတ်ကို အပြင်းမောင်းလာခဲ့ခြင်း ဖြစ်၏။

■

"ထမင်းစားတာ လူလိုက်လာတာကျနေတာပဲ။ ဖြည်းဖြည်းစားစမ်းပါသားရယ်"

အမေက သူ့ကိုကြည့်၍ ဆို၏။

ပါးစပ်ထဲသွင်းခါနီး ထမင်းလုတ်ကို ပြန်မချမိ။ ပါးစပ်ထဲသာ သွင်းဖြစ်အောင်သွင်းလိုက်သည်။ သူအလောတကြီးဖြစ်နေသည်ကို အမေရိပ်မိမှာစိုး၍ အရှိန်တော့ နည်းနည်းသတ်ရ၏။ မလုံမလဲနှင့် အမေ့မျက်နှာကိုလည်း မသိမသာကြည့်၏။ အမေ၏အကြည့်နှင့်ဆုံမိသွားပြန်သည်။

"သွားစရာရှိလို့လား သား"

"ဟင့်အင်း အမေ၊ ဩော်- အစ်ကိုကြီးအိမ်ဘက်ထွက်မလို့ပါ"

"မိုးပဲချုပ်တော့မယ်။ ဒီအချိန် ဘယ်သူလာဆန်ကြိတ်တော့မလဲ သားရယ်"

ခုတစ်လော သူ့အမေကလည်း ဆီအုန်းခြဲဆင်း၊ သူကလည်း ဟာလာစက်မှာ တစ်နေကုန်ဆိုတော့ သားအမိနှစ်ယောက် ထမင်းစားချိန်သာ ခဏဆုံမိကြသည်။ ထို့ကြောင့်လည်း နားနားနေနေ သူ့အမေက သူနှင့်အောင်တိုင်ကို အိမ်မှာရှိနေစေချင်ပုံရ၏။

"ထမင်းစားပြီးလာခဲ့ပါဦး မှာထားလို့ အမေ။ သားရေကြိုးဗက်အသစ်များလဲထားချင်လို့လားမှမသိတာ။ နေ့ခင်းနေ့လယ်ဆိုတော့လည်း စက်ကရပ်ရတယ်မရှိဘူးလေ။ ဟာလာစက်နဲ့ ဆန်ကြိတ်တာက ခုမှမြင့်ဖူးကြတော့ ခုနတ်မောင်ကျွန်းနဲ့ ဌက်ရဲဘက်ကလူတွေတောင် အခုလေ့တွေနဲ့ လာကြိတ်နေကြတော့ နေ့ခင်းဆို အားမှမအားတာ"

အမေ့ကို ရှည်ရှည်လျားလျား အကြောင်းပြပြောနေရသော်လည်း စိတ်ကတော့ မလုံချင်။ သူ့စိတ်သည် မေသူဆီသာရောက်နေ၏။

မနေ့ညနေက မေသူဆီသူရောက်ခဲ့သည်။ စျေးဝယ်သူများနေသဖြင့် စကားကြာကြာမပြောခဲ့ရ။ မေသူကို ချစ်ကြောင်းကြိုက်ကြောင်းပြောခဲ့ရသော ညနေကလို မီးခွက်လည်းမမှုတ်ခဲ့ရ။ သူ့စိတ်ထဲ အာလျှတစ်ခုနှင့် အားမလို အားမရဖြစ်ခဲ့ရသည်။ တစ်မြန်နေ့က မီးခွက်မှုတ်ပြီး မေသူကို ဖက်နမ်းမိတာ အိပ်မက်လားဟုပဲ့ထင်ယောင်ထင်မှားဖြစ်နေသည်။ နောက်တစ်ခါဆိုလျှင် ထင်ယောင်ထင်မှားဖြစ်စရာမလိုတော့။ အမှန်တကယ်ဆိုတာ သူ့နှုတ်ခမ်းသားမှာ စွဲထင်မည်။

သတိထားသည့်ကြားထဲက အမေနှင့် ဟင်းခွက်နှိုက်လက်တစ်ချက်ဆုံမိသွားသည်။ ထမင်းဝသွားသည်ကိုပင် အရသာမတွေ့မိ။ သူက အလျင်ဝသော်လည်း အမေ့ပန်းကန်ကို ဆေးပေးရန် စောင့်နေသည်။ ဤသည်မှာ ဘုန်းကြီးကျောင်းနေခဲ့စဉ်က ကြီးသူမိဘပန်းကန်ကို ဆေးပေးရမည်ဟု ဘုန်းကြီးသင်ပေးထားသဖြင့် အမေ့ပန်းကန်ကိုသာမဟုတ်၊ အစ်ကိုကြီး ထမင်းလာစားလျှင်လည်း သူက အစ်ကိုကြီးပန်းကန်ကိုလည်း ဆေးပေးနေက၊ ထို့ကြောင့်လည်း အစ်ကိုကြီးက သူ့ကိုပိုချစ်သည်။ သိတတ်သည်၊ လိမ္မာသည်ဟု အမြဲ ချီးကျူးတတ်သည်။

"ဒီနေ့ ငါ့သား ထမင်းစားနည်းလိုက်တာ"

ပုလဲမြကုံး၊ ရွှေဆံထုံးသို့၊ ဦးလုံးထိပ်ပြင်၊ နေ့တိုင်းဆင်လျက်၊ မိခင်ဝမ်းမြောက် ချစ်ရောင်တောက်နေသော ဤသားတစ်ယောက်ကို အမေသည် သူ၏ဦးခေါင်းထိပ် ဆံထိုးဆံပင်ကဲ့သို့ နေ့စဉ်ဖြီးသင်နေကျအတိုင်း အောင်တိုင်ထမင်းစားသည်ကအစ သားလှုပ်ရှားမှုမှန်သမျှကို အရိပ်တကြည့်ကြည့်ရှိနေသော အမေက ထမင်းစားနည်းသည်ဟု ဆို၏။

"နေ့ခင်းက အစ်ကိုကြီးနဲ့ ပီလောပီနံဥတွေ ပြုတ်စားထားလို့ အမေ"

အမှန်စကားကိုဆိုမိသွားသည်။

"ပီလောပီနံဥစားထားရင် အချဉ်တွေဘာတွေ မစားနဲ့။ ငါးမန်းသား၊ ငါးလိပ်ကျောက်သားတွေလည်း မစားနဲ့။ တောက်တတ်တယ်။ ညနေရေနွေးကြမ်းထိုင်ကြရင် ငါးမန်းခြောက်၊ ငါးလိပ်ကျောက်ခြောက်တွေလည်း မစားနဲ့။ နှင့်အစ်ကိုကြီးက အစားသရမ်းတယ်။ တွေ့မရှောင်စားတတ်တာ။ မို့နဲ့ပင်လယ်ဂုံးစားလို့လည်း တစ်ခါတောက်ပြီးပြီ။ မတည့်တဲ့အစားအစာ၊ တောက်တတ်တဲ့အစားအစာ သိထားရတယ် သား"

အမေ့စကားကိုအပြည့်အစုံမကြားမိ။ ဂျင်းဘောင်းဘီလတ်လတ်နှင့် ယိုးဒယားတီရုပ်ကို ကောက်ဝတ်လိုက်သည်။ ပိုက်ဆံကိုသတိရသဖြင့် နေ့ခင်းကဝတ်ထားသောအင်္ကျီအိတ်ထဲတန့်ိုက်ယူလိုက်သည်။ အကြွေနှင့် ကျပ်တန်သုံးလေးရွက်ကို ဘောင်းဘီရှေ့အိတ်ထဲ ထိုးထည့်လိုက်သည်။

အစ်ကိုကြီးဝတ်သည်ကို အတုယူ၍ သူဝတ်ထား၏။ အစ်ကိုကြီးလိုပင် ဟန်နှင့်ပန်နှင့် လက်မှနာရီကိုမြှောက်ကြည့်၏။ ခြောက်နာရီကျော်သာရှိသေးသည်။ အုန်းပင်မြင့်မြင့်တွေပေါ်တွင် နေရောင်ခြည်ပင်ရှိနေသေးသည်။

ဖြစ်နိုင်မည်ဆိုလျှင် နေကိုဆွဲချချင်နေ၏။ မြန်မြန်နေဝင်မှောင်စေချင်သည်။ မမှောင်ဘဲနှင့် ဓာတ်မီးကိုင်သွားလျှင် ကြွားသည်၊ ပေါသည်ဟု ပြောတတ်ကြသည်။သည်လိုတော့ သူအထင်မခံနိုင်။ အထူးသဖြင့် မေသူ ရွာ၌ရှိစဉ် တစ်ယောက်ယောက်ပါးစပ်ပေါက်ပေါက်ဖောက်လိုက်၍ မေသူနားပေါက်သွားလျှင် မေသူ သူ့ကိုအထင်သေးသွားမှာ အောင်တိုင် အစိုးရိမ်ကြီးနေသည်။

ခြေထိုးကွင်းဖိနပ်ထဲ ခြေထိုးစွပ်၍ အိမ်ရှေ့ထွက်လာသည်။ လေကာကျောက်တုံးခြေရင်းတွင် ဖျာစုတ်တစ်ချပ်နှင့်လှန်းထားသော အုန်းဆန်ဖဲ့များကို မျက်စိရောက်သွား၏။ ခြောက်အောင်လှန်းထားသော အုန်းဆန်များကို လက်နှစ်ဖက်နှင့်ကျုံးကောက်မိပြီးသွားမှ ထည့်စရာကိုသတိရသည်။ လက်ခုပ်ထဲကအုန်းဆန်တွေကို ပြန်ချလိုက်၏။ အိမ်ထဲတစ်ခေါက်ပြန်ဝင်လာသည်။

"အမေ၊ အုန်းသားတွေထည့်တဲ့တောင်းကော"

"ဟင်-သား၊ မသွားလေးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com

ထမင်းစားပြီး၍ ပါးစပ်ထဲ ဆေးရွက်ကြီးငုံရန် ခါးစည်းဖြေနေသော အမေက အံ့သြသလို လှမ်းမေး၏။

"ကျွန်တော် အုန်းသားတွေရုပ်ပေးထားခဲ့မယ်။ တောင်းကော"

"အမေရုပ်ထားလိုက်ပမယ်သားရယ်။ မောင်ထွန်းသောင် မျှော်နေလိမ့်မယ်"

"ရပါတယ် အမေရာ"

"လာဦး သား"

ဘာပါလိမ့်ဟု အမေ့အနားကပ် သွားသည်။

"ပါးစပ်ဟလေ"

"ဟာ- အမေကလည်း၊ ပါးစပ်နံတယ်ဗျ။ ကျွန်တော် ဆေးမငုံတာကြာပြီ"

အမေက သားမျက်နှာကိုကြည့်ပြီး ရယ်သည်။

ယခင်ကဆိုလျှင် သူ့အမေက သူ့ပါးစပ်ထဲက ဆေးရွက်ကြီးမတ်တွေကို ခွဲ့ပေးတတ်၏။ ဆေးရွက်ကြီးငုံရသည်ကို သူပါးစပ်တွေ့သည်။ စပ်စပ်ခါးခါး အရသာကို သူကြိုက်သည်။ သူ့အမေ အဖေနှင့်လည်း အရွယ်ရောက်သူတိုင်း ဆေးငုံကြသည်။ ယခု သူတို့အရွယ်တွေ ဆေးမငုံကြတော့။ ဆေးငုံသူများကိုပင် ပါးစပ်နံသည်ဟု ကဲ့ရဲ့ကြ၏။ မိန်းကလေးတွေကိုလည်း ဆေးငုံလျှင် လင်ပဲ မရတော့မည့်အတိုင်း ပြောကြဆိုကြ၏။ စွဲနေသူများပင် ပုန်းလျှိုးကွယ်လျှိုးသာ ရွယ်တူတွေမမြင်အောင် ခိုးငုံတတ်ကြ၏။ ဘယ်လိုပဲငုံငုံ ပါးစပ်က ဆေးရွက်ကြီးနဲ့ နံသည်မှာတော့ သိသာသည်။

ထို့ကြောင့် ဆေးငုံမည့်အစား ဆေးသားလိပ်၊ ဆေးပေါ့လိပ်၊ စီးကရက် တစ်ခုခု လက်ကြားညှပ်ကြသည်။ ဤသည်မှာလည်း အစ်ကိုကြီးကိုတု၍လုပ်ကြခြင်း ဖြစ်သည်။ အမေပြောသလို အစ်ကိုကြီးသည် အစားအသောက် မရွေးသလို ဆေးလိပ်လည်းမရွေးပေ။ ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ်၊ စီးကရက် အကုန်သောက်၏။ အစ်ကိုကြီးကိုအတုလုပ်၍ ယခု အောင်တိုင်လည်း ဆေးပြင်းလိပ်၊ စီးကရက်သောက်တတ်နေပြီ။ ဆေးပေါ့လိပ်တော့ အရသာမတွေ့၍ သူမသောက်။ အစ်ကိုကြီးဆီမှာ ဆေးပြင်းလိပ်ကလည်း မျိုးစုံရှိသည်။ ရွှေရောင်အပတ်နှင့် လက်သန်းလောက်ပင် မရှိသော ဆေးပြင်းလိပ်သေးသေးလေးကိုတော့ အစ်ကိုကြီးက ဂိုက်ထုတ်သောက်တတ်သည်။ စီးကရက်ကိုပင် သူများစွာနှစ်ခြိုက်ပုံမရ။

"ဆေးငုံတာ သွားခိုင်တယ် သားရယ်"

"ဆေးသားလိပ်သောက်တာလည်း အစ်ကိုကြီးက သွားခိုင်တယ်ပြောတာပဲ။ ကျွန်တော် ဆေးသားလိပ်ပဲ သောက်မယ်။ အစ်ကိုကြီးပေးထားတဲ့ တစ်လိပ်၊ နှစ်လိပ်ရှိတယ်"

မေသူဆီသွားလျှင် အစ်ကိုကြီးလို ဆေးပြင်းလိပ်သေးသေးလေးကို ဂိုက်ထုတ်သွားသောက်ရန် အမေ ဆေးငုံခိုင်းမှ သတိရသည်။ အစ်ကိုကြီးပေးထားသော ဆေးပြင်းလိပ်သေးသေးလေး နှစ်လိပ် ဘယ်နားက ဝါးလုံးခေါင်းထဲ ထည့်ထားမိပါလိမ့်ဟု သူချက်ချင်းစဉ်းစားရပြန်သည်။ အမှန်ကတော့ မေသူကလည်း ပါးစပ်က နံလိုက်တာ ပြောရင်သာ ဆေးမငုံတော့သော်လည်း ဆေးပြင်းလိပ်သောက်တာက ဆေးငုံတာလောက် စပ်စပ်ခါးခါးအရသာမရှိလှ။ သူ့အမေကို အုန်းသားရုပ်ပေးထားပြီးသောအခါ ရံတန်းခေါင်းရင်းဘက်ထဲက ဝါးလုံးခေါင်းတွေကိုအောင်တိုင်လျှောက် နှိုက်နေသည်။

"ဩော် - ဇဇ၊ လာလေ"

ရုတ်တရက် လှည့်ကြည့်လိုက်၏။

ငါးနှပ်တစ်တွဲဆွဲ၍ မိဇ ဝင်လာသည်ကို မြင်လိုက်ရ၏။

"ငါးနှပ်ဟင်းစားလာပေးတာပါ အဒေါ်နိုင်း"

တစ်နေ့က ပဲ့ချိတ်ကိစ္စသတိရ၍ သူ မိဇနှင့် မျက်နှာချင်းဆိုင်ရမှာ မချွဲ့သလိုဖြစ်သွားမိသည်။ ရုတ်တရက် နှုတ်မဟမိသေး။ ဆေးလိပ်ကို ပါးစပ်ထဲထည့်၍ မီးမညှိဘဲ ရှူရှိုက်လုပ်၏။

"အဒေါ်နိုင်း၊ အစ်ကိုအောင်တိုင် တို့မျှား သိပ်ဆိုးတယ် သိလား။ တစ်နေ့က ပဲ့ချိတ်နဲ့ ပင်လယ်နားခဏလိုက်ပါရစေဖြောတာ မခေါ်ခဲ့ဘူး။ အတင်းမောင်းပြေးသွားတယ်"

"ဟုတ်လား - အေးလေ၊ ဇဇ်ကို ဘာလို့ခေါ်မသွားတာလဲ။ လမ်းကြုံး"

"တဲနားထိ ပို့ခိုင်းဦးမှာ။ ကြာနေမှာစိုးလို့"

"လိုက်မပို့ချင်ဘူး မဟုတ်လား"

"နင်ကလည်း ကြာနေမှာစိုးလို့ပါဆို"

ဆေးလိပ်လည်း ရပြီးဖြစ်သဖြင့် ဓာတ်မီးယူကာ အိမ်ရှေ့ထွက်လာသည်။

"ခု ဘယ်သွားဦးမလို့လဲ"

"အစ်ကိုကြီးခေါ်ထားလို့"

"ပဲ့ချိတ်နဲ့ အတွင်းဘက် ဌက်ပစ်သွားကြမလို့လား"

"ဘယ်သိမလဲ။ နင်ပင်လယ်နားငါးတဲ လိုက်ချင်လို့လား"

မိဇက အမှေ့မျက်နှာကို တြည့်သည်။

"ဇဇ် ပင်လယ်နားငါးတဲလိုက်သွားမလို့လား။ သွားဖြစ်မှာကော ဟုတ်ရဲ့လား သားရယ်"

"အမေကလည်း မသိပါဘူးဆို။ ဟိုရောက်မှသိမှာပေါ့"

မိဇရှေ့ ဘာလို့ နှုတ်ကျွံမိပါလိမ့်ဟု ကိုယ့်ကိုယ်ကိုယ်အပြစ်တင်မိ၏။

"သား မောင်ထွန်းသောင်ဆီသွားမှာနဲ့ ပြန်လာပြီး ပဲ့ချိတ်လာထုတ်မှာနဲ့ ဆိုတော့ မိုးများချုပ်နေမလား။ ဇဇ်အမေ ဘယ်အချိန် ပင်လယ်နားက ပြန်တတ်လဲ။ မီပါ့မလား"

ယခုထိ အမေက သူ့သား ပင်လယ်ထွက်မှာ၊ မိဇနှင့်ငြိသွားမှာ စိုးပုံရတုန်း။

"အမေက ရွာကိုစောစောမပြန်တတ်ပါဘူး အဒေါ်နိုင်းရယ်။ ကျွန်မ ထမင်းပို့ပြီး အမှေ့ကိုမစောင့်ဘဲစောစော ပြန်လာတာက အဒေါ်နိုင်းတို့ကို ငါးနှပ်ပေးချင်လို့။ ဒီနေ့ အဖေတို့ လှေဝင်လာလည်း နောက်ကျတယ်လေ။ ဇဇ်လာတော့ အမေတို့ငါးခါကျန်နေခဲ့ကြတယ်။ တော်တော်နဲ့ပြန်ဖြစ်မှာ မဟုတ်ပါဘူး။ တကယ်လို့ သွားဖြစ်ကြရင် စက်သံကြားတာနဲ့ အိမ်ရှေ့ချောင်းကွေ့ကစောင့်ရမှာလား"

မိုးချုပ်သွားလျှင် လိုက်ပို့ခိုင်းမှာ၊ လမ်းတစ်ဝက်လည်း ကြုံသဖြင့် လိုက်လာမှာစိုး၍ -

"အေးအေး"

ပြောကာ အိမ်ရှေ့ထွက်လာသည်။ ရယ်ချင်နေသော်လည်း အမှေ့ရှေ့မို့ မရယ်ရဲ။ မိဇ ရိပ်မိသွားမှာလည်းစိုးရသည်။ စိတ်ထဲကတော့ စောင့်စောင့်၊ နင်သေအောင်စောဗို့။ ကြားပါလိမ့်မယ် စက်သံ အားကြီးကြီး ဟု ပြောထားခဲ့၏။

မိဇရန်ကိုကြောက်၍ စောစောထွက်လာသော်လည်း အမှောင်မပျို့တတ်သေး။ လက်ကနာရီကိုမြှောက်ကြည့်၏။ ခုနစ်နာရီပင်မထိုးတတ်သေး။ ပေါသည်၊ ကြားသည်ဟုထင်မှာစိုး၍ ဓာတ်မီးကိုခါးထိုးပြီး တီရှပ်နှင့်ဖုံးလိုက်၏။ ဆေးပြင်းလိပ်အသေးလေးကို လက်ကြားညှပ်လိုက်သောအခါ အောင်တိုင်၏ခြေလှမ်းကဲပိုသွက်သွားသည်။

(ဆက်ရန်)

ဖိုးကျော့

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးဆက်ဝွန်းလင်း (အာဟာရဒေဝ)

ရုပ်ပွားတော်ဘေဘီပုထိုးများအပါအဝင် မာတ်တော်မွေတော်များ တစ်နေရာမှတစ်နေရာ၊ တစ်ဆူမှတစ်ဆူသို့ ပြောင်းရွှေ့ခြင်းများကြောင့် ဖြစ်ပေါ်တတ်သည့် မာတ်ခိုက်မှုများ ၂

■ ဘုန်းတော်ကြီးကျောင်းဝတ်မြေလယ်ငါးပယ်မှုကိုသိမ်းယူမိခဲ့သောဒုတ္တပေါင်မင်းကြီး

ဒဂုံ (ရန်ကုန်) မြို့ရှိ ကျိုက်ပါ (မဟာပိန်း) စေတီမှ စေတီတော်ကိုဖြိုဖျက်ပြီး ဆဲတော်ရှင်မာတ် (၄)ဆူကို သရေခေတ္တရာသို့ပင့်ဆောင်လာခဲ့သော ဒုတ္တပေါင်မင်းကြီးသည် ထိုဆဲဟောင်းကိုဌာပနာ၍ စေတီတော်တစ်ဆူဟည်ခဲ့ရာ မြသီတင်ဟု ဘွဲ့တော်သမုတ်ခဲ့၏။ နောက်ပိုင်းတွင် ထိုစေတီတော်ကို ပြည်ရွှေဆဲတော်အဖြစ်ခေါ်ဝေါ်ခဲ့ကြ၏။ ဤသို့ဖြင့် သရေခေတ္တရာပြည်ကြီးတွင် ဆဲတော်ရှင်မာတ်စေတီတော်ကြီးတစ်ဆူပေါ်ထွန်းလာခဲ့၏။

ဤတွင် မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာသမိုင်း၌ ထူးခြားပြီးအံ့သြဖွယ်ကောင်းသည့် ဆင့်ကဲဖြစ်စဉ်တစ်ရပ်သည် ဆဲတော်ရှင်မာတ်နှင့်ပတ်သက်ပြီး ပေါ်ပေါက်လာခဲ့ပါသည်။ ရွှေတိဂုံဆဲတော်ရှင်၏ မူလဒါယကာတစ်ဦးဖြစ်သော ဘလ္လိက၏ ကျိုက်ပါ (မဟာပိန်း) စေတီတော်မှဆဲတော်ကို ဒုတ္တပေါင်မင်းက အဓမ္မတူးဖော်ဖြိုဖျက်ရယူကာ ပင့်ဆောင်ခဲ့၏။

တစ်ဖန် ပြည်မြို့ပျက်သောအခါ ပဲခူးဥဿာမင်းက ပြည်ရွှေဆဲတော်ရှိ ဆဲတော်(၄)ဆူ ဖောက်ထွင်းရယူပြီး ပဲခူးမြို့သို့ ပင့်ဆောင်ခဲ့၏။ ပဲခူးမြို့သို့ရောက်သော ရွှေမောဓောဘုရားတွင် ဆဲတော် (၂) ဆူ၊ ကျိုက္ကလို့ဘုရားတွင် ဆဲတော် (၁) ဆူ၊ ကျန်ဆဲတော် (၁)ဆူကို ဥဿာမင်း၏ နန်းဦးတွင်ထားရှိကာ ကိုးကွယ်လေ၏။

ဤသို့ဖြင့် အနော်ရထာမင်းစောသည် ပုဂံနေပြည်တော်တွင် နန်းတက်သည့်အချိန်သို့ ဆိုက်ရောက်လာခဲ့၏။ အနော်ရထာမင်းသည် ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် မင်းကြီးဖြစ်သည်နှင့်အညီ နိုင်ငံတစ်ဝန်းလုံးအား တိုက်ခိုက်သိမ်းပိုက်ခြင်း၊ စည်းရုံးသိမ်းသွင်းခြင်းများပြုပြီး တစည်းတလုံးတည်းဖြစ်စေ၏။ ထိုအထဲတွင် ဥဿာပဲခူးသည်လည်း အနော်ရထာမင်းကြီး၏ လက်အောက်သို့ ကျရောက်သွားခဲ့တော့၏။

အနော်ရထာသည် မင်းဖြစ်ပြီးနောက် ပုဂံနေပြည်တော်တွင် သီဟိုဠ်ကျွန်းမှ ပင့်ဆောင်တော်မူခဲ့သော စွယ်တော်ရှင်မြတ်ကို အကြောင်းပြုပြီး စွယ်တော်ရှင်ဘုရား (၄) ဆူကို တည်တော်မူခဲ့၏။

ထိုစွယ်တော်ဘုရား (၄) ဆူမှာ-

ရွှေစည်းခုံစွယ်တော်ရှင်၊
တူရွှင်းတောင်စွယ်တော်ရှင်၊
လောကနာဂစွယ်တော်ရှင်၊
တန်ကြည့်တောင်စွယ်တော်ရှင်
တို့ဖြစ်၏။

ဤသို့စွယ်တော်ရှင်ဘုရားများကို တည်နေဆဲတွင် မင်းကြီးစိတ်တော်၌ "ငါသည် စွယ်တော်ရှင်စေတီတော်များကို တည်ထားကိုးကွယ်တော်မူနိုင်ခဲ့သည်။ သို့သော် ဆဲတော်ရှင်စေတီကိုကား တည်ထားကိုးကွယ်တော်မမူနိုင်သေးကြောင်း' ကို စဉ်းစားတော်မူပြီး ဆန္ဒတော်မပြည့်နိုင်ဖြစ်နေလေ၏။ ထို့နောက် မင်းကြီးသည် သူ၏ဆန္ဒတော်ကို မည်သို့မျှထိန်းချုပ်ခြင်းငှာမစွမ်းသာတော့သည့်အဆုံး ဆဲတော်ရှင်မာတ်ကို ပင့်ဆောင်ရန် ဒဂုံ (ရန်ကုန်) သို့ စစ်အင်္ဂါလေးပါးခြံရံလျက် ကြွချီတော်မူလေတော့၏။

မင်းကြီး၏တပ်တော်တွင် အထူးထူးသောလက်နက်ကိရိယာများ၊ ဓားမ၊ ပုဆိန်၊ ပေါက်တူး၊ စူးရှင်း၊ ပဲခွပ်၊ သံတူ၊ သံစည်း၊ လက်ရိုက်တို့ အစုံအလင်ပါလျက် ဗိုလ်ခြေတစ်သိန်းသောအင်အားနှင့်တကွ ရေကြောင်း၊ ကြည်းကြောင်း ဖြင့်ချီလာ၏။ ဒဂုံသို့ရောက်ပြီး မင်းကြီးတိုင်အရပ်တွင် တပ်တော်ကြီးသည် တဲတပ်စခန်းချကြ၏။ ဤအရပ်သည် ဆဲတော်စစ်စေတီတော်တည်ရှိရာအရပ်မှန်ကြောင်းအတည်ပြုပြီး စခန်းချကြခြင်းလည်းဖြစ်၏။ တပ်စခန်းချပြီးမကြာမီတွင်ပင် ရာသီဥတုနှင့်တကွ အခြေးသောအခြေအနေအရပ်ရပ်တို့ ရုတ်ခြည်းပြောင်းလဲသွားပြီး မိုးကြိုး၊ လောင်မီး၊ ကျောက်စရစ်ခဲ၊ အိုးခြမ်းကွဲတို့သည် ကောင်းကင်မှ တဝုန်းဝုန်းတဒိုင်းဒိုင်းပြုတ်ကျလာလေတော့၏။ နတ်ဒေဝါတို့ကလည်း နတ်တို့၏လက်နက်အပေါင်းဖြင့် ပစ်လွှတ်ကြ၏။ နတ်ရဲ၊ ဘီလူးရဲ၊ သားရဲသတ္တဝါအပေါင်းတို့ကလည်း အံသွားခဲကာကြိတ်ပြကြကုန်၏။

ပြင်းထန်သောအတိတ်နိမိတ်ဖြစ်ခြင်း

နေ့နှင့်ညဉ့်ခွဲခြားမရသိနိုင်လောက်အောင်ပင် ပြောင်းလဲသွား၏။ ထို့နောက် မှောင်ကြီးအတိကျသွား၏။ ထိုအခါ ဗိုလ်ခြေအပေါင်းတို့သည် ကြောက်ရွံ့ထိတ်လန့်ခြင်းကြီးစွာပင်ဖြစ်ကုန်ကြ၏။ လွှင့်ပါးပျောက်ပျက်ကြကုန်၏။ အစစအဆင်ထောင်လျှင် တစ်စုံမတင်ကျန်အောင်ပင် လွှင့်ပါးကြသ[illegible] မင်းကြီးသည် ဆဲတော်စစ်စေတီတော်မူ ဆဲတော်ပင့်

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရန်ဆန္ဒတော်ကို စွန့်လွှတ်ပြီး ရွှေတိဂုံဆံတော်ရှင်အား ရွှေထီး၊ ငွေထီး၊ ရွှေတံခွန် ငွေတံခွန်၊ ရွှေပန်း၊ ငွေပန်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေဆီမီးတိုင်၊ ငွေဆီမီးတိုင်၊ စိန်ဆိုင်း၊ မြဆိုင်း၊ ပတ္တမြားဆိုင်း ဟူသည့် ရတနာအပေါင်းတို့ဖြင့် လက်ဃာရစ်သုံးပတ်ပြီး အရှေ့မြောက်ခွင် တနင်္ဂနွေထောင့်မှနေပြီး ခွင့်လွှတ်တော်မူပါရန် တောင်းပန်ကန်တော့ကြ၏။

ထို့နောက် ဒဂုံမှပြန်လည်ထွက်ခွာလာကြ၏။ သို့သော် အနော်ရထာမင်းသည် ဆံတော်ရှင်ဓာတ်ကို ပင့်ဆောင်လိုသည့်ဆန္ဒတော်က ပြင်းပြလွန်းသဖြင့် ဥဿာသို့ဝင်၍ ရွှေမော်ဓောစေတီတော်နှင့် နန်းဦးတို့မှ ဆံတော်ရှင်ဓာတ်တို့ကို ရယူကာ ပုဂံနေပြည်တော်သို့ ပင့်ဆောင်ခဲ့၏။

ပုဂံသို့ရောက်သောအခါ မြို့၏အရှေ့တောင်ထောင့်အရပ်၌ ပစ္စယံငါးဆင့်ရှိသောစေတီတည်ကာ ဆံတော်ရှင်ဓာတ်တို့ကို ဌာပနာထည့်သွင်းခဲ့၏။ ထိုစေတီတော်သည် ပုဂံရွှေဆံတော်ဟုခေါ်ဝေါ်သမုတ်ကြ၏။ ယခင်က ထိုစေတီတော်ကို မဟာပိန္ဒဆံတော်ရှင်ဟုလည်း ခေါ်ဝေါ်ခဲ့ကြသေး၏။ ယခုအခါတွင် ထိုရွှေဆံတော်သည် ပုဂံမြို့၏ ညနေနေဝင်ဆည်းဆာကို ကြည့်ရှု၍ကောင်းသောနေရာအဖြစ် ကျော်ကြားလှ၏။ ပုဂံဧရိယာတစ်ခုလုံး၏ အလှကိုလည်း လွှမ်းခြုံ၍ကြည့်ရှုနိုင်သောနေရာလည်းဖြစ်၏။ အနော်ရထာမင်းကြီးသည်လည်း ရွှေတိဂုံစေတီတော်မှ ဆံတော်စစ်ကို အတင်းအဓမ္မပင့်ဆောင်ရန်ကြိုးစားအားတုတ်မှုပြုခြင်း၊ ဥဿာမှနန်းဦးနှင့်ရွှေမော်ဓောစေတီတို့မှ ကျိုက်ပါ (မဟာပိန္ဒဲ) ဆံတော်တို့ကိုဖောက်ထွင်းရယူပင့်ဆောင်ခဲ့သဖြင့် ပြဿနာများဖြစ်ခဲ့ရ၏။ ဘဝနေဝင်ချိန်တွင်လည်း ဇာတ်သိမ်းမလှဖြစ်ခဲ့ရသည်။ လူအများသိပြီးဖြစ်ပါသဖြင့် အကျယ်မဖော်ပြတော့ပါ။

အထူးသဖြင့် ဒဂုံမြို့ရှိ ရွှေတိဂုံစေတီတော်ရှိ ဆံတော်ရှင်ဓာတ်သည် ဆံတော်စစ်ဖြစ်သဖြင့် မြန်မာ့သမိုင်းအဆက်ဆက်ရှိ တက်လာသမျှသော ဘုန်းကံကြီးမားသည့်မင်းအပေါင်းတို့၏ စိတ်ဝင်စားမှုဆန္ဒတော်အဖြစ်စေဆုံးဟုဆိုရဖြစ်၏။ လက်ရောက်ရယူ ပူဇော်ခွင့်ရရန်လည်း များစွာအားထုတ်ကြ၏။ သို့အတွက်လည်း သနားကြီးစွာတက်ခဲ့ကြရ၏။

အထက်ပါမင်းကြီးများကဲ့သို့ပင် ရွှေတိဂုံဆံတော်စစ်ကို ပင့်ဆောင်ရန် နောက်မင်းကြီးတစ်ပါးလည်းရှိသေး၏။

ထိုမင်းကြီးမှာ ရတနာပူရ အဝပြည်ကြီးသခင် ဘုရင်မင်းကြီးစွာစော်ကဖြစ်၏။ မင်းကြီးသည်လည်း ဆံတော်စစ်စေတီတော်မှ ဆံတော်ကိုပင့်ဆောင်ရန် အဝနေပြည်တော်မှ စစ်သည်ဗိုလ်ပါအလုံးအရင်း၊ လက်နက်ကိရိယာတန်ဆာပလာအစုံအလင်ဖြင့် ကြွချီလာပြီး ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည့်ရှုလျှင်မြင်ရသောအရပ်၌ တပ်စခန်းချ၏။ ထိုအရပ်ကို ကြည့်မြင်တိုင်ဟုခေါ်တွင်ကြ၏။ သူတို့လည်း ယခင်ပုဂ္ဂိုလ်များနည်းတူ အတိတ်နိမိတ်ဆိုးများကျရောက်ပြီး တပ်ပျက်လေ၏။ မင်းကြီးဆောင်းသောထီးဖြူသည်လည်း လွင့်ပါး၍ ချောင်းဆုံတစ်ခုဌ်ကျ၏။ ထိုအရပ်ကို ထီးကျချောင်းဟုခေါ်တွင်၏။ ထိုထီးကျချောင်းသည် ကာလရွှေ့လျား၍ ပန်းတရော်ဟုတွင်၏။ ထိုမှတစ်ဖန် ကာလရွှေ့လျောပြီး ထိုချောင်းကို ပန်းလှိုင်ချောင်းဟုတွင်ပြန်၏။

မင်းကြီး၏ ထီးဖြူတော်သည် ကျရာအရပ်၌ပင် ထီးလက်ပျက်စီးပြီး ခရီးတစ်တိုင်မျှမက မျောလေသည်ကို မြင်လေသော် မင်းကြီးသည် ရတနာအပေါင်းတို့ဖြင့် စေတီတော်ကို လက်ယာရစ်လှည့်လည်ပူဇော်ကာ အနောက်အရပ် ကြာသပတေးထောင့်မှ ကန်တော့၏။ ပြီးလျှင် မင်းကြီးသည် ထိတ်လန့်ခြင်းပြင်းစွာဖြစ်သဖြင့် နေပြည်တော်သို့ တန်း၍ ပြန်လည်ကြွချီတော်မူခဲ့လေ၏။

မင်းတို့သည် မင်းအဖြစ်တည်ရှိနေစဉ်တွင် မိမိတို့စိတ်ထင်တိုင်း ဆန္ဒရှိတိုင်း မဖြစ်ဖြစ်အောင်လုပ်လေ့ရှိကြ၏။ မင်းတို့၏မာန်လည်းဖြစ်၏။ တစ်ခါတစ်ရထိုမာန်ကြောင့်ပင် အရေးအရာများမဖြစ်သင့်ဘဲဖြစ်ကြရ၏။ မပေါ်ပေါက်သင့်ဘဲ ပေါ်ပေါက်ကြရ၏။ ဤတွင် သတို့ပြုရမည်မှာ မင်းတို့မည်သည် မည်မျှပင် ဘုန်းတန်ခိုးကြီးစေကာမူ ဗုဒ္ဓဂိုဏ်း၊ ဓမ္မဂိုဏ်း၊ သံဃာဂိုဏ်းနှင့် ပတ်သက်လာလျှင် အထူးဂရုပြုသင့်၏။

ဤတွင် သင်ခန်းစာယူနိုင်ရန် ဒွတ္တပေါင်မင်းကြီး၏ အဖြစ်အပျက်ကို ဖော်ပြလိုပါသည်။

■ လယ်ငါးပယ်နှင့်ပြဿနာစတင်ခြင်း

ဘုန်းလက်ရုံးအာဏာနှင့် ပြည့်စုံတော်မူသော ဒွတ္တပေါင်မင်းကြီးသည် တစ်ကြိမ်တွင် လယ်မြေအချို့သိမ်းယူရာ၌ မုန့်သည်မတစ်ယောက်က သူ၏ဆရာဖြစ်သူ ရဟန်းအားလှူထားသောကျောင်းဝတ်မြေလယ်ငါးပယ်ပါဝင်သွားမိခြေ၏။ ဤသည်ပင် ဒွတ္တပေါင်မင်းကြီးသည် သံဃာဆီသံဃာသွေးကိုစားမိသကဲ့သို့ဖြစ်သွား၏။

ထိုအခါ သိကြားပေးသော လှံပျံသည် စေ့မသွားဘဲရှိတော့၏။ ခေါင်းလောင်းကြီး၊ စည်ကြီးတို့သည်လည်း တီး၍မမြည်ဘဲရှိတော့၏။ ယခင်က အစွမ်းသတ္တိရှိသောပစ္စည်းတို့သည် ရုတ်ခြည်းပင် အစွမ်းပျောက်ကွယ်သွားကြ၏။

ဒွတ္တပေါင်မင်းကြီးသည် တော်ရုံမင်းတစ်ပါးမဟုတ်။ သူခြေလှမ်းနင်းတိုင်းနင်းတိုင်း မြေကြီးတို့သည် ကျွံနစ်ကုန်၏။ ထို့ကြောင့် သိကြားမင်းသည် မိမိတန်ခိုးအာနုဘော်အားဖြင့် ခြေလှမ်းများတွင် သံမှိုခံပေးရ၏။ ဤမျှအထိ ဘုန်းကြီးခဲ့သူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဇမ္ဗူဒီပါကျွန်းအလုံးကို အခွန်ခံတော်မူ၏။

ဤသို့ဖြင့် မင်းကြီးသည် တစ်ကြိမ်တွင် ပန်ထွာပြည်သို့ရောက်တော်မူ၏။ ပန်ထွာမိဖုရားသည် နူးညံ့သိမ်မွေ့စွာသော လက်သုတ်ပဝါ (မျက်နှာသုတ်ပဝါ)ကိုစိရင်ပြီး မင်းကြီးအားဆက်ကပ်ရာ မင်းကြီးလည်း မျက်နှာတော်ကို သုံးသပ်တော်မူမိပြီး နဖူးတော်၌ရှိသည့် မဲ့ရှင်ကွယ်ပလေတော့၏။ ထိုအခါ နဂါးမင်းသမီးတော်ဘေစန္ဒီလည်း ပြန်သွားတော့၏။ မင်းကြီးလည်း စိတ်နှလုံးမသာယာစွာဖြင့် နေပြည်တော်ပြန်ခဲ့၏။ လမ်းတွင် မင်းကြီးသည် ရေလမ်းခရီးဖြင့်ပြန်စဉ် တဲတွေးထွေးလိုလာ၏။ ထွေးမြဲဖြစ်သောထွေးခံ၌မထွေးဘဲ မဟာသမုဒ္ဒရာပေါ် သို့ထွေးမိတော့၏။ ပြုတော်မူခဲ့သောကုသိုလ်တော်တို့သည် ကုန်ခြင်းသို့ရောက်၏။ ထိုအခါ နဂါးတို့သည် အမျက်ခြောင်းခြောင်းထွက်ကြသဖြင့် နဂါးကြွေးလေ့နှင့်တကွ နဂါးပြည်သို့ဆောင်ယူသဖြင့် မင်းကြီးဒွတ္တပေါင်လည်း ကံကုန်ခြင်းသို့ရောက်ခဲ့ရတော့၏။

ဤဖော်ပြပါအချက်တို့ကား လူသာမန်တို့မဆိုထား၀ဘီ ဘုန်းကံကြီးမားသောမင်းတို့သည်ပင် ရတနာသုံးပါးနှင့်စပ်သောပစ္စည်းများအပေါ် ကျူးလွန်မိခြင်းကြောင့် ကြုံတွေ့ရသောဘေးဒုက္ခဆိုးကျိုးများပင် ဖြစ်ပါသည်။ ဆက်လက်ပြီး ရတနာသုံးပါးနှင့်စပ်၍ ပြစ်မှားကျူးလွန်မိသကဲ့သို့ဖြစ်သွားသော နောက်ထပ်အဖြစ်အပျက်တစ်ခုကို ဖော်ပြလိုပါသည်။ ထိုအမှုကိုကျူးလွန်မိသူမှာ ပုဂံခေတ်နှောင်းပိုင်း မင်းတစ်ပါးဖြစ်သည့် တရုတ်ပြေးမင်း (ခေါ်) နရသီဟပတေ့ဖြစ်၏။

■ အရေးပေါ်မြို့တည်လုပ်ရန် ဘုရား၊ ဂူ၊ ကျောင်းတို့ကိုဖျက်၍ အုတ်ယူခြင်း

ပုဂံခေတ် နရသီဟပတေ့မင်းပြုခြိန်တွင် တရုတ်မင်းက ရွှေထမင်းအိုး၊ ရွှေပေါင်းချောင်၊ ငွေပေါင်းချောင်၊ ရွှေယောက်မ၊ ငွေယောက်မ၊ ရွှေဟင်းချို၊ ငွေဟင်းချိုတို့ကို အနော်ရထာမင်းလက်ထက်ဆက်ဖူးသည်ဟူသောအချက်ဖြင့် အမတ်တစ်ကိုပ်နှင့် မြင်းသည်တစ်ထောင်တို့ကိုစေ၍ တောင်းလာခဲ့၏။

ထိုတရုတ်သံတို့သည် မင်းကြီးရှေ့တော်၌ မတော်မရော်မကျစ်မလျစ်ပြုချေ၏။ ထိုအခါ မင်းကြီးလည်း အမျက်ပြင်းစွာထွက်သဖြင့် တစ်ယောက်မလွတ်သတ်စေအမိန့်ရှိ၏။

ထိုအခါ အနန္တပစ္စည်းအမတ်က -

"ဘုန်းတော်ကြီးစွာသောအရှင်မင်း၊ တရုတ်သံတို့သည် ရာဇ၀တ်တို့ကိုမလိမ္မာသဖြင့် မချေမငံကျင့်မိသော်လည်း မှတ်သား၍ တရုတ်မင်းထံစေတော်မူသင့်လျှင်လည်း စေတော်မူရမည်။ သည်းခံတော်မူ၍ ပြည်ရေးရွာမှုကို ပြေလည်အောင်မိန့်တော်မူသင့်လျှင်လည်း မိန့်တော်မူရမည်။ ရှေးမင်းအဆက်ဆက်တို့သည် သံတမန်ကိုသတ်သောထုံးစံမရှိ။ သည်းခံတော်မူမှသင့်မည်"

ဟူ၍ နားတော်လျှောက်၏။

မင်းကြီးလည်း -

"ငါသို့သောမင်းကို မခံမရည်ကျင့်သည် သတ်လေ"

ဟု မိန့်သဖြင့် သတ်လိုက်ကြ၏။ သံတို့အားသတ်သည့်သတင်းကို တရုတ်မင်းကြားလေသောအခါ ဒေါသအမျက်ပြင်းစွာထွက်ပြီး တရုတ်စစ်သည်နှစ်ကုဋေ၊ မြင်းသည်ခြောက်သန်းသောစစ်အင်ဖြင့် ချီလာ၏။

ထိုအခါ နရသီဟပတေ့လည်း အနန္တပစ္စည်း၊ ရန္တပစ္စည်းတို့အား သူရဲလေးသိန်း ဆင်လုံးမြင်းရင်းအများပေး၍ ဆီးဆိတ်စေ၏။ စစ်သူကြီးတို့လည်း ငဆောင်းချမ်းသို့ချီပြီး မြို့ပြ၊ ကျုံးမြောင်းခိုင်ခံ့အောင် တည်လုပ်ပြင်ဆင်၍ ဗန်းမော်မြစ်ကူးက ခုခံတိုက်၏။ သုံးလတိုင် ဆင်ကံကျွေး၊ မြင်းကံကျွေးမျှ မလွတ်အောင်သတ်သဖြင့် တရုတ်စစ်သည်များသေလေ၏။ တရုတ်မင်းက တစ်သိန်းကုန်သေလျှင် နောက်နှစ်သိန်း၊ နှစ်သိန်းကုန်သေလေလျှင် လေးသိန်း ဆင့်ကဲဆင့်ကဲလူအင်အားတိုးပြီး စေလွှတ်တိုက်ခိုက်သဖြင့် မြန်မာတပ်တို့လည်း လက်ပန်းကျလာ၏။ တရုတ်တပ်များ ဗန်းမော်မြစ်ကိုကူးလာသောအခါ ငဆောင်းချမ်းခံတပ်လည်းပျက်လေတော့၏။

ထိုသို့ ငဆောင်းချမ်းကျပြီးသောနေ့တွင်ပင် သရပါတံခါးစောင့်နတ်ဖြစ်သော တေပသင်နတ်သည် မင်းဆရာတော်အား ငဆော ားကူညွှန်ကြားပြသဖြင့် နရသီဟပတေ့မင်း

www.burmeseclassic.com

ထိုအခါ ဒွတ္တပေါင်မင်းကြီးထူးခြားစွာပြောင်းလဲသွားခဲ့သော သူ့အခြေအနေများကို ကိုးကွယ်တော်မူသည့် ရဟန္တာအရှင်မြတ်တို့အား လျှောက်ထားမေးမြန်းခဲ့၏။ ရဟန္တာအရှင်သုမြတ်လည်း ထိုကိစ္စနှင့်ပတ်သက်ပြီး ဆင်ခြင်တော်မူလိုက်သည့်အခါ မုန့်သည်မငယ်တစ်ဦးသည် သူ့ဆရာရဟန်းအား လှူသော ကျောင်းလယ်ငါးပယ်ကိုသိမ်းယူတော်မူသောကြောင့်ဖြစ်ရသည့်အကြောင်းမြင်တော်မူလေ၏။

ထို့ကြောင့် ရဟန္တာတို့က ဤသို့မိန့်၏။

"မင်းကြီး ခပ်သိမ်းသောလောကတွင် ရတနာသုံးပါးနှင့်စပ်သောပစ္စည်းပစ္စယတို့သည် အဆိပ်ထန်သော မြွေပွေး၊ မြွေဟောက်နှင့်တူ၏။ ထိုမြွေတို့သည်ကား ထိခိုက်မိချေသည်ရှိသော် ပြန်၍ခွပ်မြဲတည်း။ ထိုသို့ခွပ်သည်ရှိသော် ခပ်သိမ်းသောသတ္တ၀ါအပေါင်းတို့သည် ကြီးစွာသောဘေးဘယသို့ရောက်ကြလေသကဲ့သို့ ရတနာသုံးပါးနှင့်စပ်သောပစ္စည်းပစ္စယတို့ကို မအပ်သောသိမ်းဆည်းယူငင်ခြင်းဖြင့်သိမ်းယူမိချေသော် မြတ်သောစည်းစိမ်မှလည်း ရွေ့လျှောလေရာ၏။ ဘေးအန္တရာယ်တို့သည် ရောက်သည်ဖြစ်၍ အသက်သော်လည်းယုတ်လေရာ၏။ မင်းကြီးသည် မအပ်သော၀တ္ထုပစ္စည်းတို့ကိုသိမ်းယူတော်မူမိချေသောကြောင့် ဤအကြောင်းတို့သည် ဖြစ်ချေသည်"

ဟု မိန့်တော်မူကုန်၏။

ထိုအခါ မင်းကြီးလည်း သိမ်းယူမိခဲ့သော လယ်ငါးပယ်ကို မုန့်သည်မ၏ဆရာရဟန်းအား ပြန်၍လှူတော်မူလေ၏။ သို့သော်လည်း မသင့်မအပ်သောပစ္စည်းကို သိမ်းတော်မူမိသည့်အတွက် လုံ့ပျံစေသော်လည်း မသွားဘဲရှိ၏။ ခေါင်းလောင်းစည်ကြီးတို့သည် ထိုးလျှင်မမြည် မြဲအတိုင်းသာဖြစ်၏။

ပဉ္စင်းဖြူ၊ ပဉ္စင်းညို စသည့် မျူးမတ်တို့ကောက်မြဲအခွန်၊ ဆက်မြဲအခွန်တို့ကောက်မရမဆက်ဘဲနေကြသဖြင့် သွားပြီး အခွန်ခံခိုင်း၏။ သူတို့ကလည်း ခုနစ်နှစ်တိုင် အခွန်ခံ၍ဆက်၏။ သို့သော် သူတို့ခံ၍ရရှိသောအခွန်သည် နည်းလွန်းသဖြင့် ဥပါယ်တံမျဉ်ဖြင့် ကွပ်မျက်တော်မူ၏။ ထိုအခါ ဘုန်းလက်ရုံးအာဏာနှင့် အခွန်တောင်းမည့်သူမရှိသည်ဖြစ်၍ မင်းကြီးကိုယ်တော်တိုင်ပင် နဂါးမှဆက်လာသော နဂါးကြွေးလေ့ကိုစီးတော်မူပြီး

www.burmeseclassic.com

လည်းသိသွားပြီး မင်းမတ်များဖြင့်တိုင်ပင်ကာ လက်ရှိပုဂံမြို့ကို ပြန်လည်ပြုပြင်ခဲ့ထွင်ရန်အတွက် လိုအပ်သည့်အုတ်ကျောက်တို့ကို ဖုတ်ချိန်မမီ အလျင်လိုသဖြင့် အလွယ်တကူရနိုင်သော ဘုရား၊ ဂူ၊ ကျောင်းတို့ကိုဖျက်၍ယူရန် အမိန့်ပေးခဲ့၏။

ထို့ကြောင့် ပုဂံဒေသတွင် ဤအရေးအခင်းနှင့်ပတ်သက်ပြီး ဂူကြီးတစ်ထောင်၊ ဂူငယ်တစ်သောင်း၊ ကုလားကျောင်းခံဘုရားသုံးထောင် ဖျက်ဆီးခံလိုက်ရတော့၏။ ထို့ကြောင့် ယခင်ကလှည်းဝင်ရိုးသံတည်ရှိခဲ့သော ပုဂံဘုရားပေါင်းမှာ နရသီဟပတေ့ကြောင့် များစွာလျော့ပါးပျောက်ကွယ်ခဲ့ရသည်။ ဗုဒ္ဓဘာသာဝင်မင်းကိုယ်တိုင်က မိမိကိုးကွယ်သည့်ဘုရားပုထိုးများကိုပြန်ဖျက်သည့်သဘောသက်ဝင်ခြင်းဖြစ်တော့၏။

ထိုသို့ ဘုရား၊ ဂူ၊ ကျောင်းများစွာကို ဖျက်ဆီးပြီးသောအခါတွင်မှ ဂူကြီးတစ်လုံးအဖျက်တွင် ကြေးနီပုရပိုက်တွင်ရေးထားသော အနုရာဇာသိုက်ကိုရသဖြင့် ထိုသိုက်စာကိုဖတ်လေရာ -

'သားမြွာဘလက်ထက် တရုတ်ဖျက်၍ပျက်လတ္တံ့' ဟူသောစကားပါလာသဖြင့် မင်းကြီးလည်း ကိုယ်လုပ်တော်တို့ကို မေးစစ်တော်မူလေလျှင် သူ၏ ကိုယ်လုပ်တော်တစ်ဦး၌ အမြွာကလေးဖွားကြောင်းသိရသဖြင့် 'မိမိသည် ဤသိုက်စာအရ ယခုစစ်ကို မည်မျှပင် မြို့တည်လုပ်ခဲ့သော်လည်းမဖြစ်နိုင်တော့ချေ' ဟု ဆုံးဖြတ်ပြီး ရဲလေသမွန်တိုက်လေ့ကြီးတစ်ထောင်၊ ကုန်လေတစ်ထောင်၊ လော်ကားကြော့လေတစ်ထောင်၊ ရွှေလော်ကားတစ်ထောင်ဖြင့် အောက်ပြည်ပုသိမ်သို့ စုန်တော်မူ၏။

တစ်ပြိုင်နက်တည်း အထက်ဘက်တွင်ကျန်ခဲ့သော စစ်သူကြီးအနန္တပစ္စည်း၊ ရန္တပစ္စည်းတို့ကလည်း တရုတ်တပ်ကို အပြင်းအထန်ခုခံရင်းဆုတ်လာခဲ့၏။ အောက်ပြည်သို့ပင်တိုင်လာခဲ့၏။ တရုတ်တို့ကလည်း ထက်ကြပ်လိုက်လာခဲ့၏။ တရုတ်မော်သို့ရောက်လျှင် အစားအသောက်ရှားပါးခြင်း၊ ခရီးဝေးလွန်းခြင်းတို့ကြောင့် တရုတ်တပ်ပြန်ဆုတ်သွားကြတော့၏။

တရုတ်တပ်ပြန်ဆုတ်ပြီး ငါးလကြာလျှင် မင်းကြီးလည်း ပုဂံသို့ပြန်ရန်ပြင်ဆင်၏။ ထိုအခါ သားတော်ကြီးပုသိမ်စားဥဇနာအရေးကြီးသောသတင်းလျှောက်လာ၏။

"ဘုန်းတော်ကြီးလုသောအရှင်၊ ပုဂံသို့ဆန်လျှင် ပြည်စားသီဟသူသည် မကောင်းသောအစီအရင် အကြံအစည်ဖြင့်ကြံမည့်လက္ခဏာရှိကြောင်း အများဆိုကြသည်။ ယခုနောက်တော်တွင်ပါသည့်အခိုက် သူ့ကိုဖမ်းထားတော်မူမှသင့်မည်"

ဟု လျှောက်တင်သော်လည်း မင်းကြီးက ဂရုမပြုဆိတ်ဆိတ်နေ၏။

ထို့နောက် ဥဇနာက သီဟသူကို-

"သင်သည် ငါ့အရှင်ကို ပြည်သို့ရောက်သော် မကောင်းသောအကြံကိုကြံမည်မချွတ်"

ဟုဆိုကာ ဖမ်းပြီး သံခြေချင်းခတ်၍ ပုသိမ်သို့ခေါ်ဆောင်ထား၏။ သီဟသူလည်း 'ငါ့တွင်အပြစ်မရှိ' ဟု ဟစ်ကြွေးငိုမြည်လေ၏။ မင်းကြီးကြားသောအခါ သီဟသူကို ဥဇနာလက်မှ သံခြေချင်းခတ်လျက်သားလွှဲယူလိုက်ပြီး သံခြေချင်းနှင့်တကွ သူ၏ရွှေဖောင်တော်အနီးတွင် လှေတစ်စင်းဖြင့်ထားလိုက်၏။

ထိုအခါ သီဟသူ၏ကျွန်သစ္စာခံတို့က လှေငယ်ဖြင့် ကွန်ပစ်ဟန်ဆောင်ပြီး သီဟသူကိုခိုးထုတ်သွား၏။ သီဟသူလည်း ပြည်သို့အမြန်သွား၍ လူသူလက်နက်မြို့တည်လုပ်၍ အခိုင်အခံနေလေ၏။

မကြာမီ နရသီဟပတေ့မင်းကြီး ပုဂံသို့ပြန်ရန်ပြင်ဆင်ရာ မိဖုရားစောကမိမိတွင် အခွေအရံပြည်သူပြည်သားအလုံးအရင်းမပြည့်စုံဘဲ နေပြည်တော်ဝင်လျှင် ရန်သူ့လက်ချက်အခက်တွေ့နိုင်သဖြင့် တားမြစ်၏။ ပြည်မှတစ်ဆင့် စစ်အင်အားရုံးစုပြီး နေပြည်တော်ဝင်မည့်အကြံကလည်း ပြည်စားသီဟသူမသင့်သောအကြံကိုကြံမည်မချွတ်ဟု အကြံပြု၏။

ထိုအခါ မင်းကြီးက 'သီဟသူကို သံခြေချင်းနှင့်သတ်မည်ကို ငါကယ်ထားသောကြောင့်သာ သူအသက်ဘေးအန္တရာယ်လွတ်သည် အတိမ့ ငါ့ကိုဝံ့ဘဲ့နည်း' ဟုဆိုပြီး စစ်အင်အားမရုံးမစုဘဲ ကသီကရဲဖြင့် ပြည်သို့ဆန်တော်မူခဲ့၏။

■ ဘုရား၊ ဂူ၊ ကျောင်းများစွာ ဖျက်ဆီးခဲ့သော ဗုဒ္ဓဂိုဏ်းသင့်သည့် အကုသိုလ်အချိန်ကာလကျရောက်လာခြင်း

နရသီဟပတေ့မင်း ပြည်ဆိပ်ကမ်းသို့ရောက်တော်မူလာသည်နှင့် တစ်ပြိုင်နက် သီဟသူက မင်းကြီး၏ဖောင်တော်ကိုမဆန်ရဟု တားမြစ်မိန့်ထုတ်လိုက်ပြီး စားတော်ဝယ် ဆေးထည့်ပြီး -

"မင်းကြီး စားတော်ခေါ်ပါ"

ဟုဆက်၏။

မင်းကြီးလည်း စားတော်တွင် ဆေးခတ်ထားမှန်းသိသဖြင့် မစားဘဲနေတော်မူလေ၏။ ထိုသို့ စားတော်မခေါ်ဘဲနေကြောင်း သီဟသူသိလျှင် သူ့ရဲသုံးထောင်တို့ကို ဓားဖွေးဖွေးကိုင်စေ၍ဖောင်တော်ကို ဝန်းရံထားလိုက်ကြ၏။

ထိုအခါ မိဖုရားစောက -

"အလောင်းတော် မင်းကြီးသည် အကျွန်ုပ် အထက်ကလျှောက်ပါသော်လည်း စကားကိုယူတော်မမူခဲ့သဖြင့် ဤအဖြစ်မျိုးကြုံတော်မူရသည်။ ဓား၊ လှံ လက်နက်ဘေးဖြင့် သွေးသံတချင်းသေတော်မူရခြင်းထက် ဆေးထည့်သောစားတော်ကိုစားပြီး ကြမ္မာကုန်ခြင်းကမြတ်၏"

ဟုလျှောက်သဖြင့် မင်းကြီးလည်း -

'ငါသည် နိဗ္ဗာန်သို့မရောက်သေးသရွေ့ သံသရာဝယ်ကျင်လည်လေသမျှသောဘဝ၌ သားယောကျ်ားကိုမရလို'

ဟု သစ္စာပြုတော်မူပြီး ဝတ်တော်မူသောလက်စွပ်တော်ကို ရေစက်ချ၍ မိဖုရားစောကိုအပ်တော်မူ၍ စားတော်ခေါ်သောခဏ၌ အနိစ္စရောက်လေ၏။

ဤနရသီဟပတေ့မင်းကြီးသည်လည်း ပေါ့သေးသေးမင်းတစ်ပါးမဟုတ် ဘုရားဗျာဒိတ်ရပုဂ္ဂိုလ်ပင်ဖြစ်သေး၏။

ဘုရားရှင် တန့်ကြည့်တောင်ဖျားထက် ဗျာဒိတ်ထားတော်မူသောအခါ တောင်စောင့်ဘီလူးသည် အင်ဖက်သုံးချပ်ကို ထီးပြုပြီး ဘုရားရှင်အား နေကာပေးခဲ့ဖူးသဖြင့် ဘုရားရှင် ပုဂံပြည်တွင် မင်းသုံးဆက်ဖြစ်လတ္တံ့ဟု ဗျာဒိတ်ထားခဲ့သည်နှင့်အညီ ထိုတောင်စောင့်ဘီလူးသည် ပုဂံပြည်၌ စလေငခွေးမင်းအဖြစ် တစ်ကြိမ် မင်းဖြစ်ခဲ့၏။ ထို့နောက် ကုလားကျမင်း နရသူအဖြစ်တစ်ကြိမ်၊ တရုတ်ပြေးမင်း နရသီဟပတေ့အဖြစ် သုံးကြိမ်တိုင်မင်းဖြစ်ခဲ့၏။

ယခု တရုတ်ပြေးမင်းဘဝတွင် ဘုရားဂူကျောင်းများစွာဖျက်ခဲ့သည့် ဗုဒ္ဓဂိုဏ်းသင့်မှုကြောင့် သူကိုယ်တိုင်လည်း ဇာတ်သိမ်းမကောင်းဖြစ်ခဲ့ရသည့်အပြင် ပုဂံပြည်ကြီးပါ ပြိုပျက်ခဲ့ရသည့်အဖြစ်မျိုးကြုံခဲ့ရပါတော့သတည်း။

ဆရာဦးဆက်ထွန်းလင်း

(အာယုဗ္ဗေဒ)

www.burmeseclassic.com

www.burmeseclassic.com

ကိုသောင်းကြည်။

ကိုသောင်းကြည်သည် ကျွန်တော်၏မိတ်ဆွေများထဲမှ တစ်ဦးဖြစ်သည်။ လွန်ခဲ့သော တစ်နှစ်ကျော်ကျော်ခန့်လောက်မှ လက်ဖက်ရည်ဆိုင်တွင် နေ့စဉ်ကြုံတွေ့ကြရင်းဖြင့် ခင်မင်လာသောမိတ်ဆွေဖြစ်သည်။

ကျွန်တော်စာရေးကြောင်းသိထားသော ကိုသောင်းကြည်သည် လွန်ခဲ့သော (၁၀) နှစ်ခန့်လောက်တုန်းက သူ၏ ကိုယ်တွေ့အဖြစ်အပျက်လေးကို ကျွန်တော်စာရေးလျှင်လည်းရေး၍ရစေရန်အတွက် စိတ်ရှည်စွာ သေချာပြောပြခဲ့သည်။

ကိုသောင်းကြည် ပြောပြသော ကိုယ်တွေ့အဖြစ်အပျက်လေးသည် သူ့အတွက် သူကိုယ်တိုင်တကယ်လက်တွေ့ကြုံတွေ့ခဲ့ရသော်လည်း အဖြစ်အပျက်သည် ထူးခြားဆန်းကြယ်နေသဖြင့် အချို့သည် မယုံတဝက်ယုံတဝက်ဖြစ်နိုင်ချေသည်။

သို့သော် မယုံရင်ပုံပြင်မှတ် ဆိုသကဲ့သို့ ကိုသောင်းကြည်၏လက်တွေ့ကြုံတွေ့ခဲ့ရသော ထူးခြားဆန်းကြယ်သည့် တကယ့်ဖြစ်ရပ်ဆန်းလေးကိုဖြင့် ဗဟုသုတရစေခြင်းငှာ တင်ပြလိုက်ရသည်။

■

ကိုသောင်းကြည်သည် ဤအရပ်ဒေသသားမဟုတ်သော်လည်း ဤအရပ်သူနှင့် အိမ်ထောင်ကျခဲ့သဖြင့် ဤဒေသ၌ ပျော်မွေ့နေသည်။

အိမ်ထောင်ပြုပြီးသည်မှစတင်၍ ယောကျ်ာမများနှင့်အတူမနေပါ။ သို့သော် ယောကျ်ာမများနှင့်လည်း ဝေးဝေးနေ၍ မဖြစ်သဖြင့် ယောကျ်ာမများနှင့် အနီးဝန်းကျင်တွင် အိမ်ငှားဘဝဖြင့် တဝဲလည်လည်နေခဲ့ရသည်။

ကိုသောင်းကြည်၏ ဇနီးသည် စီးပွားရေးဘက်တွင် ဝိုင်းဝန်းမကူညီနိုင်သော်လည်း အိမ်မှုကိစ္စများနှင့် သားသမီးတို့ကို စီမံအုပ်ချုပ်ထိန်းသိမ်းမှုတွင် အလွန်တော်သည်။ အိမ်ထောင်ရှင်မကောင်းတစ်ယောက် ပီသသည်။

ကိုသောင်းကြည်၏အဓိကစီးပွားရေးလုပ်ငန်းမှာ ဈေးရောင်း၊ ဈေးဝယ်လုပ်ငန်းဖြစ်သည်။ ဈေးကြီးထဲတွင် ဆိုင်ခန်းတစ်ခန်းဝယ်ကာ အထည်ဆိုင်ဖွင့်၍ အရောင်းအဝယ်လုပ်သည်။ ယောကျ်ားဝတ်၊ မိန်းကလေးဝတ်နှင့် ကလေးဝတ်အသင့်ချုပ်ပြီးအထည်များကို ရောင်းသည်။

သူတို့မိသားစုသည် ချမ်းသာသည်မဟုတ်သော်လည်း အများနှင့်တန်းတူနေနိုင်စားနိုင်အဆင့်တော့ရှိလေသည်။ ကိုသောင်းကြည်တို့အိမ်ထောင်ပြုခဲ့သည်မှာ ကြာပါပြီ။ သားအကြီးဆုံးသည်ပင် (၈)တန်းဖြေပြီး၍ (၉)တန်းသို့ရောက်ပါတော့မည်။

သားသမီး (၃) ယောက်သာရှိ၏။ ကိုသောင်းကြည်သည် တစ်ယောက်တည်း စီးပွားရှာနေရသဖြင့် သားသမီး (၃)ယောက်နှင့်သာရပ်ထားခြင်းဖြစ်သည်။ နောက်ထပ်သားသမီးမမွေးလိုတော့ပါ။

ယခုဆိုလျှင် ကိုသောင်းကြည်၏ ယောကျ်ာမတို့သည် အသက်ကြီးလှပြီ။ ယခင်ကကဲ့သို့ သူတို့နှစ်ယောက်ကို အိမ်တစ်လုံးနှင့်ထား၍မဖြစ်တော့ပါ။ အထိုင်အထသွားရေးလာရေးနှင့် ညမှညတာကိစ္စတို့တွင် အဖော်ရှိမှဖြစ်ပေတော့မည်။ သို့ကြောင့် မိဘများနှင့်အတူနေရန် ဇနီးသည်မှ တောင်းဆိုလာတော့သည်။

ဇနီးသည်၏တောင်းဆိုမှုကလည်း မှန်ပါသည်။ အသက်အရွယ်ကြီးရင့်လာသော မိဘနှစ်ပါးကို ကြည့်ရှုစောင့်ရှောက်ရမည်မှာ ဤတစ်ဦးတည်းသောသမီးတာဝန်သာဖြစ်သည်။ ထို့ကြောင့် ဇနီးသည်သေသော တောင်းဆိုမှုကို ကိုသောင်းကြည်သည် မငြင်းသာပါ။

'မချစ်သော်လည်း အောင့်ကာ နှမ်း၊ မနမ်းသော်လည်း ပင့်သက်လေးတော့'ရပေဦးတော့မည်။

တကယ်တော့ ကိုသောင်းကြည်သည် ယောကျ်ာမများကို မချစ်ပါသည်၊ ခင်တွယ်ပါသည်။ မိဘအရင်းလို သဘောထားပါသည်။

သို့သော် ယောကျ်ာမများကို မှီခိုမနေချင်ပါ။ ကိုယ့်ထူးကိုယ်ခြွန်လိုသောနဂိုဗီဇကြောင့် အိမ်ထောင်ပြုပြီးသည်နှင့် ယောကျ်ာမများနှင့်ခွဲကာ သီးခြားနေထိုင်လာခဲ့ခြင်းဖြစ်သည်။

ထို့အတူပင် မိမိမွေးထားသောသားသမီးများအရွယ်ရောက်၍ အိမ်ထောင်ပြုခဲ့ပါလျှင်လည်း မိမိအိမ်တွင် အတူမထားပါ။ သီးခြားခွဲထားပေလိမ့်မည်။

မိဘနှင့်အတူနေလျှင် မိဘအားကိုးနှင့် ကိုယ့်ထူးကိုယ်ခြွန်လိုသည့်စိတ်ဓာတ်ပျက်ပြားသွားနိုင်သည်ဟု ကိုသောင်းကြည်စိတ်ထဲတွင် ငယ်စဉ်အခါတည်းက ယုံကြည်သတ်မှတ်ထားသောသဘောထား ဖြစ်သည်။

ယခုတော့ ကိုသောင်းကြည်နှင့် မိသားစုတို့သည် ယောကျ်ာမများကို ပြုစုစောင့်ရှောက်ရင်း ယောကျ်ာမအိမ်တွင်နေကြရတော့သည်။

ကိုသောင်းကြည်သည် ယောကျ်ာမများကို မိဘအရင်းသဖွယ်သဘောထား၍ လိုအပ်မှုမရှိ ပြည့်စုံစွာပြုစုစောင့်ရှောက်လာခဲ့သည်မှာ ယောကျ်ာမများသေဆုံး၍ ရိုးမြေကျသည်ထိပင်ဖြစ်သည်။ နှစ်ပေါင်းအတော်ကြာအောင် ပြုစုစောင့်ရှောက်လာခဲ့သည်။

ယောကျ်ာမများကျန်ရှိခဲ့သော အိမ်ခြံမြေနှင့်တကွပိုင်ဆိုင်မှုအားလုံးကို တစ်ဦးတည်းသောသမီးဖြစ်သူကိုသောင်းကြည်၏ဇနီးမှ ရရှိခံစားခဲ့ရပါတော့သည်။

■

ကိုသောင်းကြည်တို့၏ အိမ်သည် လမ်းကျယ်ဘက်သို့ မျက်နှာမူလျက်ရှိသော်လည်း ခြေရင်းဘက်တွင် လမ်းသွယ်(လမ်းကြား) ရှိသဖြင့် ထောင့်ဘက်ဖြစ်နေသည်။ ထိုလမ်းဆုံလမ်းခွလေးတွင် လမ်းပေါ်နေ လေလွင့်ခွေးသုံးလေး

www.burmeseclassic.com

www.burmeseclassic.com

ကောင်အမြဲရှိသည်။

အနားဝန်းကျင်အိမ်တို့မှ သနားသဖြင့် ကျွေးမွေးနေသောကြောင့် ဤလမ်းဆုံသည် သူတို့၏ဘုံသူတို့၏နေရာဖြစ် နေသည်။

ခွေးမတစ်ကောင်မှပေါက်ဖွားသောသားခွဲအရွယ်ခွေးလေးတစ်ကောင်သည် အခြားခွေးပေါက်များနှင့်အတူမနေဘဲ ခြံစည်းရိုးကိုတိုးဝင်ကာ ကိုသောင်းကြည်တို့ခြံထဲတွင် အမြဲနေသည်။ ရိုက်ထုတ်သော်လည်း ခြံစည်းရိုးအတွင်းထောင့်၌ကပ်၍ အနာခံကာ ဝပ်၍နေသည်။ နောက်ဆုံး၌ ရိုက်သူ ကိုသောင်းကြည်တို့မှ လက်လျှော့ကာ အိမ်တွင်မွေးထားရတော့သည်။

ခွေးထီးလေးဖြစ်သည်။ တစ်ကိုယ်လုံးနီးဖျော့ဖျော့အရောင်အမွေးရှိသည်။ သို့သော် ခေါင်းထိပ်တွင် ကျပ်စေ့ခန့် အရွယ် အဖြူမွေးလေးများပါရှိသဖြင့် လွယ်လွယ်ကူကူပင် ထိပ်ကွက်ဟုအမည်ပေးထားလိုက်သည်။

ကိုသောင်းကြည်တို့မိသားစုသည် ထိပ်ကွက်ကိုချစ်ကြသဖြင့် ငယ်စဉ်ကပင် လက်ပေးသင်ခြင်း၊ ထိုင်လျက် လက်နှစ်ဖက်မြှောက်ကာ ရှိခိုးသင်ခြင်း၊ ဝပ်လျက် တွားသွားသင်ခြင်း၊ ပစ္စည်းများကိုအဝေးသို့ပစ်၍ ကိုက်ချီယူလာခိုင်းခြင်းစသည့် အတတ်တို့ကိုသင်ထားသဖြင့် ထိပ်ကွက်သည် ကျွမ်းကျင်စွာလုပ်ဆောင်နိုင်နေပြီ။ ထိပ်ကွက်သည် လူစကားကိုနားလည်လွယ်သည်၊ မှတ်ဉာဏ်ကောင်းသည်။

ထိပ်ကွက်တစ်ကောင်ကြောင့်ခက်နေသည်က ကိုသောင်းကြည်ဖြစ်သည်။ မနက်အိပ်ရာမှထသည်နှင့် လက်ဖက်ရည်ဆိုင်သွားလေ့ရှိသော ကိုသောင်းကြည်ကို နေ့စဉ် တံခါးဝမှစောင့်နေသော ထိပ်ကွက်ကြောင့်ဖြစ်သည်။

ထိပ်ကွက်သည် လက်ဖက်ရည်ဆိုင်သို့ နေ့တိုင်းလိုက်သည်။ သို့သော် ဆိုင်ထဲသို့မဝင်ပါ။ ဆိုင်ပေါက်ဝတွင်ထိုင်နေလေ့ရှိသည်။ ကိုသောင်းကြည်မှ နံပြား(သို့) အီကြာကွေးကိုကိုင်ပြပြီးခေါ်လျှင် ဆိုင်ထဲသို့ဝင်၍ ကိုက်ချီယူခဲ့ပြီး အိမ်သို့တန်းပြန်တော့သည်။ လမ်းမှခွေးများက လုမယူရဲကြပေ။ ထိပ်ကွက်သည် ထောင်ထောင်မောင်းမောင်း တောင့်

ကိုချို (မြကိုင်း)

အတိတ်ဘဝ၊ ပစ္စုပ္ပန်ဖြစ်စဉ်နှင့် အနာဂတ်ဘုံ

သူရဇဉ်မဂ္ဂဇင်း
ကဘာသုန်၊ ပြဿဒါလ၊ အောက်တိုဘာ(၁၉၉၄)အယ်ဒီတာ(၁)

www.burmeseclassic.com

www.burmeseclassic.com

တောင့်တင်းတင်းဖြစ်သဖြင့် မည်သည့် ခွေးမှ အနားမကပ်ရဲကြပေ။

အိမ်သို့ရောက်လျှင် မည်သူမျှ တောင်း၍မရပါ။ အိမ်နောက်ဘက်ရှိ ကုက္ကိုပင်မြစ်ဆုံဘေးကပ်လျက် လက်နှစ်ဖက်ဖြင့် မြေကျင်းတူး၍ မုန့်ကိုမြှုပ်ကာ အပေါ်မှ မြေကြီးများပြန်ဖုံးထားတော့သည်။ သူကိုယ်တိုင်လည်းမစားသေးပါ။

ကိုသောင်းကြည် လက်ဖက်ရည်ဆိုင်မှပြန်လာသောအခါ ဝှက်ထားသော မုန့်ကိုပြန်ဖော်၍ကိုက်ခဲကာ ကိုသောင်းကြည်ကိုပေး၍ အနားတွင် ငုတ်တုတ်ထိုင်နေတော့သည်။

ကိုသောင်းကြည်မှ မုန့်ကိုနည်းနည်းချင်းဖဲ့၍ကျွေးမှ ကုန်အောင်ထိစားကာ ထွက်သွားလေ့ရှိသည်။

မနက်စာထမင်းစားသည်ဖြစ်စေ၊ ညနေစာထမင်းစားသည်ဖြစ်စေ ကိုသောင်းကြည်တို့မိသားစုစားပြီးမှ သူကိုကျွေးလျှင် လုံးဝမစားတော့ပါ။ အငတ်ခံ၍နေ၏။ ကိုသောင်းကြည်တို့မိသားစုထမင်းစားလျှင် သူကိုလည်းပြိုင်တူကျွေးမှစားသည်။

ဆောင်းတွင်း ညဘက်အေးလျှင် တစ်ညလုံးမအိပ်တော့။ တအီအီဖြင့် အော်နေတော့သည်။ ဆန်ထည့်သော ဆန်အိတ်ခွံကိုယူ၍ အပေါက်ဝဟပေးလိုက်လျှင် ထိုဆန်အိတ်ခွံထဲသို့ဝင်ခွေ၍ အိပ်လိုက်သည်မှာ မိုးလင်းသည်ပင်မနိုးတော့ချေ။ ထို့ကြောင့် ကိုသောင်းကြည်မှပြောသည်မှာ 'တော်တော်ခွေးပါးဝတဲ့ခွေး' ဟူသတည်း။

■

တစ်နေ့ -

ကိုသောင်းကြည်သည် အလုပ်အားနေသဖြင့် အိမ်ရှေ့ရှိသစ်ပင်ရိပ်အောက်တွင် ကုလားထိုင်တစ်လုံးဖြင့် ထိုင်နေစဉ် တစ်ဖက်အိမ်မှဖွင့်နေသည့် ကြာနီကန်ဆရာတော်၏ တရားသံကို ဂရုပြုမိသဖြင့် နားစွင့်၍ သေချာစွာ တရားနာသည့်အခါ တရားတော်မှာ-

မြတ်စွာဘုရားလက်ထက်တော်၌ သူဌေးကြီးတစ်ဦးသည် ပစ္စည်းဥစ္စာစွဲလမ်းခြင်းဖြင့်သေဆုံးခဲ့သော် သူသားအိမ်တွင် ခွေးဘဝရောက်ရှိနေကြောင်း၊ မြတ်စွာဘုရား၏ မိန့်ကြားမှုကြောင့် သူသားသည် မြတ်စွာဘုရားမိန့်တော်မူသည့်အတိုင်း ခွေးကြီးကို အဖေဟုခေါ်သဖြင့် ခွေးကြီးသည် သူဘဝကသိုဝှက်ထားသောပစ္စည်းဥစ္စာများကို တူးဖော်ပေးကြောင်းနှင့်. . .

ကိုသောင်းကြည်သည် တရားကိုဆုံးအောင်မနာနိုင်တော့ဘဲ စိတ်ထဲတွင် သူ့အိမ်မှခွေးကြီးထိပ်ကွက်ကို သတိရသွားသဖြင့် မျက်လုံးပြူးကာ လန့်ဖျပ်သွားတော့သည်။

'အကယ်၍များ ထိပ်ကွက်သည် ငါ့ယောကျ့မဝင်စားတာဖြစ်နေရင် အို - မဟုတ်ပါစေနဲ့' ဟု ကိုသောင်းကြည်တွေးတောစဉ်းစားကာ သက်ပြင်းတစ်ချက်ချမိပါတော့သည်။

ထိုအချိန်မှစ၍ ကိုသောင်းကြည်သည် ထိပ်ကွက်ကို ဂရုစိုက်၍လေ့လာနေတော့သည်။

ထိပ်ကွက်သည် မိသားစုနှင့်ယဉ်ပါးခြင်း၊ လူစကားကို လွယ်ကူစွာနားလည်သိရှိခြင်း၊ လိမ္မာပါးနပ်ခြင်း၊စားခြင်း၊ နေခြင်း စသည်တို့သည် လူတို့ကဲ့သို့နေချင်ခြင်း၊ တခြားခွေးများနှင့်ရောနှော ပေါင်းသင်းမနေခြင်း စသည် စသည်တို့ကို ယခုမှပင် ဂရုပြုလေ့လာကြည့်မိရာ ကိုသောင်းကြည်စိတ်ထဲတွင် သံသယဝင်နေသည်။

တစ်ခါသော် မနက်စောစောသားရန်ကိစ္စရှိသဖြင့် နေ့စဉ်သွားနေကြအချိန်ထက် တစ်နာရီခန့်စော၍ အိမ်မှထွက်ခဲ့ပြီး လက်ဖက်ရည်ဆိုင်ဝင်ကာ လက်ဖက်ရည်သောက်၍ သွားစရာကိစ္စရှိရာသို့ ဆက်သွားခဲ့ရာ ထိပ်ကွက်သည် လက်ဖက်ရည်ဆိုင်သို့ မလိုက်ရဘဲ ကျန်နေတော့သည်။

နောက်နေ့မနက်တွင် ပုံမှန်လက်ဖက်ရည်ဆိုင်သွားနေကြအချိန်ဟွင်သွားရန် အိမ်ပေါက်ဝအထွက် ဖိနပ်စီးရန်ဟန်ပြင်လိုက်စဉ် ဖိနပ်တစ်ဖက်ရှာမတွေ့ဘဲ ပျောက်နေသည်။ ထိုစဉ် ထိပ်ကွက်သည် လက်ဖက်ရည်ဆိုင်သို့လိုက်ရန် အနားတွင်ရောက်ရှိနေသည်။

ဖိနပ်တစ်ရံတွင် တစ်ဖက်တည်းရှာမတွေ့ဘဲပျောက်နေသဖြင့် ကိုသောင်းကြည်သဘောပေါက်သွားသည်။

"ဟေ့ကောင် ထိပ်ကွက်၊ မင်းကို လက်ဖက်ရည်ဆိုင်ခေါ်မှာပေါ့။ ငါ့ဖိနပ်ဝှက်မထားနဲ့၊ သွားယူလာခဲ့"

ဟု ကိုသောင်းကြည်ကပြောလိုက်သော် ထိပ်ကွက်သည် အမြီးလေးနန့်ကာ အိမ်နောက်ဘက်ရှိ ကုက္ကိုပင်ခြေရင်း၌ ဝှက်ထားသော ဖိနပ်တစ်ဖက်ကို ကိုက်ခဲယူလာပြီးပေးတော့သည်။

မနေ့က သူ့ကိုလက်ဖက်ရည်ဆိုင်ခေါ်မသွားသဖြင့် ဒီနေ့သူ့ကိုမခေါ်ဘဲ သွားမည်စိုးသောကြောင့် ဖိနပ်ဝှက်ထားခြင်းဖြစ်ပေလိမ့်မည်။

■

ကိုသောင်းကြည်သည် ထိပ်ကွက်၏အပြုအမူတို့ကို ဂရုပြုလေ့လာခဲ့သည်မှာ လေးလလောက်ပင်ကြာခဲ့သည်။ ကိုသောင်းကြည်စိတ်ထဲ၌ ထိပ်ကွက်အပေါ် သံသယရှိရုံထက်ကျော်လွန်ပြီး မှတ်ချက်ပြုခဲ့သည်။ သို့သော် သူထင်မြင်ယူဆချက်ကို ဇနီးသည်အား မည်သို့မည်ပုံပြောပြရမည်ကိုဖြင့် စဉ်းစားနေရသေးသည်။ ကျွန်မအဖေကို ခွေးဝင်စားလို့ပြောရက်လေခြင်းဟု ရန်တွေ့မည်လား၊ စိတ်ဆိုးမည်လား စသည်ဖြင့် စဉ်းစားနေရသည်။ သို့သော် မပြောမပြီး မတီးမမြည်ဆိုသကဲ့သို့ ပြောရပေတော့မည်။

တကယ်တမ်းပြောပြလိုက်သောအခါ ကိုသောင်းကြည်၏ဇနီးသည် ရှိုက်ကြီးတငင်ငိုကြွေးပါတော့သည်။သို့သော် ကိုသောင်းကြည်မှ ဖြေသိမ့်စကားဆိုရတော့၏။

"ဒီကိစ္စက တကယ်ဟုတ်ချင်မှဟုတ်မှာပါ။ ငါ့အမြင်ငါ့စိတ်ထင်ပြောတာပါ။ ဒါပေမယ့် စမ်းသပ်တော့ကြည့်ရမယ်။ မဟုတ်ရင်တော့ပြဿနာမရှိဘူး။ အကယ်၍ဟုတ်ခဲ့သည်ရှိသော် ဒီဘဝမှလွတ်မြောက်ပြီး ကောင်းသောဘဝကို ရောက်အောင် ငါတို့ဘယ်လိုကူညီဆောင်ရွက်နိုင်မလဲဆိုတာစဉ်းစားရမယ်။ ငါတို့ကသိနေရင် သူ့ကိုကူညီနိုင်တာပေါ့။ ကောင်းတဲ့ဘုံဘဝရောက်အောင်ဆောင်ရွက်နိုင်တာပေါ့"

ဟု ကိုသောင်းကြည်သည် ဇနီးသည်အားဖြေသိမ့်ကာ ရှေ့ဆက်လုပ်ရမည့်ကိစ္စများကို တိုင်ပင်ညှိနှိုင်းခဲ့ကြသည်။ ထိပ်ကွက်သည် ယခုဆိုလျှင် အသက် (၃)နှစ်ပင်ကျော်နေပါပြီ။

ကိုသောင်းကြည်သည် ထိပ်ကွက်နှင့်အတူ လက်ဖက်ရည်ဆိုင်မှပြန်လာပြီးနောက် သူ့ဇနီးနှင့် ထိပ်ကွက်ကိစ္စတိုင်ပင်ထားသည်ကို အကောင်အထည်ဖော်ရန် စတင်ပါတော့သည်။

အိမ်ရှေ့မျက်နှာစာ ခြံစည်းရိုးအတွင်းဘက်ရှိပန်းပင်များ၏အနီးတွင် ကိုသောင်းကြည်သည် သံတူးရွင်းဖြင့်တူးဆွဟန်ပြုနေသည်။ သူ့ဇနီးမှလည်း ခြံကပင်များကိုနုတ်နေသည်။ ထိုစဉ် ထိပ်ကွက်သည် သူတို့၏နောက်ဘက်တွင်ပြေးလွှားဆော့ကစားနေရင်း တစ်ခါတစ်ရံ

www.burmeseclassic.com

www.burmeseclassic.com

ကိုသောင်းကြည်တို့၏နောက်ကျောကို ခေါင်းနှင့်တိုးဝှေ့၍ ထွက်ပြေးလိုက်ကိုယ်လုံးနှင့်ပွတ်သပ်၍ ထွက်ပြေးလိုက်လုပ်နေသည်။

သို့ဖြင့် ကိုသောင်းကြည်တို့ဇနီးမောင်နှံသည် အိမ်ရှေ့ဘက် ခြေရင်းဘက်၊ ခေါင်းရင်းဘက်တို့တွင် နေရာအနှံ့မြေတူးဟန် မြက်ပင်ရှင်းဟန်ပြုလုပ်လာရာ အိမ်နောက်ဘက်သာကျန်တော့သည်။ ထိပ်ကွက်သည်လည်း နောက်မှလိုက်၍ ဆော့ကစားမြဲ ဆော့ကစားနေသည်။

အိမ်နောက်ဘက်တွင် နှစ်နေရာလောက်ဟန်ပြတူးဆွမှုပြုလုပ်ပြီးနောက် ထိပ်ကွက်မုန့်အမြဲတမ်းဝှက်လေ့ရှိသောကုက္ကိုပင်ခြေရင်းသို့ရောက်ကာ ထိပ်ကွက်မုန့်ဝှက်သည့်နေရာကို စတင်တူးဆွတော့သည်။ ဤတွင် ဟန်ပြတူးဆွခြင်းမဟုတ်ဘဲ ကိုသောင်းကြည်သည် သံတူးရွင်းဖြင့် တကယ်ပင်တူးပါတော့သည်။

ထိပ်ကွက်သည် သူမုန့်ဝှက်သည့်နေရာကိုတူးလိုက်သည်နှင့်တစ်ပြိုင်တည်း ဆော့ကစားခြင်းမပြုတော့ဘဲကိုသောင်းကြည်တို့ဇနီးမောင်နှံဘေးတွင် ပတ်လည်လှည့်ကာဟောင်နေပါတော့သည်။

ဘယ်လိုမှဟောင်၍မရသည့်အဆုံး ထိပ်ကွက်သည် ကိုသောင်းကြည်ဘေးသို့တုပ်တု မျက်လုံးအပြူးသားနှင့် ကိုသောင်းကြည်ကိုကြည့်ပြီး တအားဟောင်လိုက်ရာ ကိုသောင်းကြည်ပင်လန့်သွားပြီး 'ဟေ့ကောင်ထိပ်ကွက်' ဟုလန့်အော်အော်လိုက်မှ အနောက်သို့အနည်းငယ်ဆုတ်သွားသော်လည်းဟောင်မြဲပင် ဟောင်နေတော့သည်။

မြေကျင်းအဝတစ်ပေခန့်၊ အနက်တစ်တောင်ခန့်ရှိပြီဖြစ်သဖြင့် မောလည်းမော၊ ချွေးလည်းပြန်လာ၍ ကိုသောင်းကြည်သည် သံတူးရွင်းကိုဘေးသို့ချကာ ခေတ္တနားလိုက်သည်။ သူဇနီးအားလှမ်းကြည့်ပြီး 'ရှေ့ဆက်ဘယ်လိုလုပ်ရမလဲ' ဆိုသည့်သဘောကြည့်လိုက်သည်။

ဤတွင် ကိုသောင်းကြည်တွင်းတူးရပ်လိုက်သည်နှင့် ထိပ်ကွက်သည် ဟောင်နေမှုကိုရပ်ကာ ကုက္ကိုပင်ခြေရင်းပတ်လည်ရှိမြေကြီးများကို နှာခေါင်းတရှုပ်ရှုပ်ဖြင့် ဟိုနမ်းဒီနမ်းလုပ်ရင်း သုံးပတ်ခန့်ပတ်နေသည်။ ပြီးလျှင် ကုက္ကိုပင်ခြေရင်းဆီသို့ကြည့်ကာ ငူငူကြီးငုတ်တုတ်ထိုင်နေတော့သည်။

ကိုသောင်းကြည်တို့ဇနီးမောင်နှံသည် အမောဖြေထိုင်နေရင်းဖြင့် ထိပ်ကွက်၏အခြေအနေကို အကဲခတ်နေသည်။

ခဏကြာသော် ထိပ်ကွက်သည် လေးလံသောအမူအရာဖြင့်သွားကာ သူကြည့်နေသောကုက္ကိုပင်ခြေရင်းနေရာရှိမြေကြီးများကို လိုက်နမ်းနေပြန်သည်။ အနံ့ခံသောသဘောဖြစ်မည်။ ထို့နောက် ထိုနေရာကို လက်နှစ်ဖက်ဖြင့် လေးငါးချက်မျှယက်၍ ကိုသောင်းကြည်တို့ကို လှမ်းကြည့်ပြီး ဝပ်နေပါတော့သည်။

ကိုသောင်းကြည်သဘောပေါက်သွားပြီး ချက်ချင်းပင် သံတူးရွင်းကိုယူ၍ ထိပ်ကွက်ယက်ထားသောနေရာမှ မြေကြီးများကို စတင်တူးတော့သည်။အနက်တစ်ပေသာသာခန့်တူးမိလျှင် အုတ်ခဲနှစ်လုံးယှဉ်လျက်တွေ့ရသဖြင့် အုတ်ခဲများကိုဖယ်လိုက်ရာ သင်္ကြန်တာအိုးအရွယ်ခန့် မြေအိုးတစ်လုံးကိုတွေ့သောကြောင့် နှိုက်ယူ၍ မြေပြင်ပေါ်သို့တင်လိုက်စဉ်-

ဝပ်၍ကြည့်နေသော ထိပ်ကွက်သည် ထလာပြီး မြေအိုးကိုကြည့်ကာ ဟောင်နေတော့သည်။ ကိုသောင်းကြည်သည် လက်တစ်ဖက်ဖြင့် ထိပ်ကွက်၏လည်ပင်းကိုဖက်၍ ကျန်လက်တစ်ဖက်နှင့် ဦးခေါင်းလေးကိုပွတ်ပေးကာ -

"ဟေ့ကောင်ထိပ်ကွက် ဒါက မင်းရဲ့ပစ္စည်း မင်းရဲ့ဥစ္စာပါ ငါတို့မယူပါဘူး။ မင်းအတွက် ကုသိုလ်ကောင်းမှုလုပ်ပေးမှာပါ"

ဟုပြောပြီး ကိုသောင်းကြည်သည် ထိပ်ကွက်ပါးပြင်နှင့် သူ့ပါးပြင်တို့ထိကပ်ကာ နမ်းလိုက်ပါသည်။ လူစကားကိုနားလည်သကဲ့သို့ပင် ထိပ်ကွက်သည် ငြိမ်၍နေတော့သည်။

ကိုသောင်းကြည်တို့ ဇနီးမောင်နှံသည် မြေအိုးအတွင်းရှိအထုပ်လေးကို ဖြေကြည့်လိုက်ရာ မုန့်ကြိုးလိမ်ကဲ့သို့ ရွှေနန်းကြိုးများလိမ်ယှက်၍လုပ်ထားသောကြိုးလိမ်ဆွဲကြိုးတုတ်တုတ်ကြီးတစ်ကုံး၊ သံကွင်းဆက်ဆွဲကြိုးတုတ်တုတ်ကြီးတစ်ကုံး၊အခေါင်းပွရွှေခြေချင်းတစ်စုံ၊ မောင်းကွင်းလက်စွပ်ငါးကွင်း၊ ကျောက်နီလက်စွပ်နှစ်ကွင်းနှင့် ခြသေ့ရုပ်ပါနှစ်ထပ်ပုံတစ်ကျပ်တန်ငွေသားအကြွေစေ့တစ်ရာကျော်တို့အားတွေ့ရှိရသည်။

ကိုသောင်းကြည်သည် သံကွင်းဆက်ရွှေဆွဲကြိုးတုတ်တုတ်ကြီးကိုယူ၍ ထိပ်ကွက်လည်ပင်းတွင် စွပ်ပေးလိုက်သည်။ သူဇနီးအား ပစ္စည်းများယူစေလျက် သူကိုယ်တိုင် သံတူရွင်းကိုင်ကာ အိမ်ရှေ့ဘက်သို့ထွက်လာခဲ့သည်။

ထိပ်ကွက်သည် လည်ပင်းတွင် ဆွဲကြိုးတန်းလန်းနှင့် အပြေးနန့်ကာ ခေါင်းကိုမော့ပြီး ဘယ်ညာခါ၍ နောက်မှလိုက်လာပါတော့သည်။

ပစ္စည်းများကိုရောင်းချ၍ ရရှိသောငွေနှင့် ယောကျ်မများအတွက်ရည်စူးပြီး အလှူလုပ်ရာ တရားနာသောအခါတွင် ကိုသောင်းကြည်သည် ထိပ်ကွက်ကို သူ့ဘေးနားတွင်ဝပ်ခိုင်းပြီး တရားနာစေခဲ့သည်။

တရားပြီးဆုံး၍ ရေစက်ချအမျှဝေသောအခါ တရားနာပရိသတ်တို့မှ သာဓုခေါ်ဆိုနေသောအချိန်တွင် ထိပ်ကွက်ထံမှလည်း လူတို့ညည်းသံကဲ့သို့ တအင်းအင်းအသံကို တိုးတိုးလေးကြားနေရပါတော့သည်။

■

ကျားကြီးတစ်ကောင်သည် လက်နှစ်ဖက်ကိုရှေ့သို့တန်း၍ ခြေနှစ်ဖက်ကို နောက်သို့ဆန့်ကာ လေထဲတွင် အရှိန်ပြင်းစွာပျံနေသည်ကို ကိုသောင်းကြည် မျက်ဝါးထင်ထင်တွေ့နေရလေသည်။ သို့သော် မြင်နေရသည်က ကျားကြီးတစ်ကောင်၊ စိတ်ထဲ၌သိနေသည်က ကျားမဟုတ် ထိပ်ကွက်ဖြစ်နေသည်။

ကျားကြီးတစ်ကောင်ပျံနေသည်ကို မြင်နေရသော်လည်း စိတ်ထဲ အသိထဲမှာ ထိပ်ကွက်တစ်ကောင်ပျံနေသည်ဟုထင်နေသည် သိနေသည်။

တဖြည်းဖြည်းဝေးဝေးသွားကာ နောက်ဆုံးပျောက်လုပျောက်ခင်ဖြစ်ခါနီးတွင် လျှပ်စီးလက်သကဲ့သို့ စူးရှသောအလင်းတန်းတစ်ခုသည် မျက်စိထဲသို့တိုးဝင်လာသဖြင့် လန့်ပြီး မျက်စိကိုစုံမှိတ်လိုက်သည့်အချိန်တွင် ကိုသောင်းကြည်သည် လန့်၍နိုးလာပါတော့သည်။ မျက်စိဖွင့်၍ကြည့်လိုက်ရာ မိုးလင်းနေပြီဖြစ်၍ အိပ်ရာမှထလိုက်တော့သည်။

လက်ဖက်ရည်ဆိုင်သွားရန်အချိန်ရောက်ပြီဖြစ်သဖြင့် အိမ်ရှေ့အပေါက်သို့ထွက်လိုက်စဉ် ထုံးစံအတိုင်း အပေါက်ဝတွင် လက်ဖက်ရည်ဆိုင်သွားရန်ထိုင်စောင့်နေသောထိပ်ကွက်ကိုမတွေ့သဖြင့် 'ထိပ်ကွက်လက်ဖက်ရည်ဆိုင်သွားမယ်ဟေ့' ဟု အော်ခေါ်သော်လည်း ပေါ်မလာပါ။ ထို့ကြောင့် ထိပ်ကွက်အိပ်နေကျနေရာသို့သွားကြည့်ရာ လက်နှစ်ချောင်းနှင့် ခြေနှစ်ချောင်းကို ရှေ့သို့ဆန့်၍ ခြေပစ်လက်ပစ်အိပ်နေသောပုံသဏ္ဌာန်ဖြင့် ထိပ်ကွက်သေဆုံးနေပြီဖြစ်ကြောင်း တွေ့လိုက်ရပါတော့သည်။

ကိုချို(မြကိုင်း)

www.burmeseclassic.com

www.burmeseclassic.com

ကိုကိုလတ်

(ဆည်မြောင်း)

သင်္ကာအောင်းမှ နတ်မြွကြီး

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရပ်အား အခြားသူများကိုမေးမြန်းခဲ့လျှင် ၎င်းညီအစ်မနှစ်ဦးမှ ပြန်လည်ကြားမိသွားပါက မလိုလားအပ်သော ပြဿနာများဖြစ်လာမည်စိုး၍ အခြားသူများအား မမေးမြန်းစေရန်အတွက် အမေမှ ကျွန်တော့်ကို ပြည့်ပြည့်စုံစုံ ပြန်လည်ပြောပြသောဖြစ်ရပ်မှန်တစ်ခု ဖြစ်ပါသည်။

ဤဖြစ်ရပ်အား ယခင်က တိတိကျကျရေသားရန်အစီအစဉ်ရှိသော်လည်း ရူးသွပ်သွားသူ၏ သမီးနှစ်ဦးအနက် အငယ်ဖြစ်သူ မခင်ဦးမှာ ၁၉၉၆ ခုနှစ်၊ ၎င်း၏အသက်(၆၅)နှစ်ခန့်က ကွယ်လွန်သွားခဲ့ပြီဖြစ်သော်လည်း သမီးအကြီးဖြစ်သူ မသန်းရီမှာ မနှစ်က (၂၀၁၆) ခုနှစ်၊ အသက် (၈၅) နှစ်ကမှ ကွယ်လွန်သွားခဲ့ပါသည်။ယခင်က ကျွန်တော်တို့ရပ်ကွက်ထဲတွင် သမီးအကြီးဖြစ်သူ မသန်းရီသက်ရှိထင်ရှားရှိနေသေးသဖြင့် ၎င်းဖြစ်ရပ်ဆန်းကို ရေးသားရန်မှာ လူမှုရေးအရမသင့်တော်သဖြင့် မရေးဖြစ်ခဲ့ပါ။ ယခုအခါ ဖြစ်ရပ်မှန်တွင် ပါဝင်သော သမီးအကြီးဖြစ်သူ မနှစ်က ကွယ်လွန်သွားခဲ့ပြီဖြစ်သဖြင့် ၎င်းဖြစ်ရပ်မှန်အား အသေးစိတ်ရေးသားရန် ကျွန်တော်ဆုံးဖြတ်ခဲ့ပါသည်။ ထိုဖြစ်ရပ်ဆန်းကို သိမီးခဲ့ကြသောသူအချို့မှာလည်း ယခုထက်တိုင် ကျွန်တော်တို့ရပ်ကွက်ထဲတွင်ရှိနေကြသေးသဖြင့် ယခုဖြစ်စဉ်၌ ရူးသွပ်သွားသူ၏အမည်၊ ၎င်း၏ဇနီးအမည်နှင့် သမီး(၂)ဦး၏ အမည်များကို လူမှုရေးအရမသင့်တော်သဖြင့်လည်းကောင်း။ ထိုဖြစ်ရင်းသမီး(၂)ဦး၏ သားသမီးများမှာလည်း ကျွန်တော်နှင့်ရင်းနှီးနေကြသူများဖြစ်နေကြသောကြောင့် လည်းကောင်း ယင်းမိသားစုတစ်စု၏အမည်များကိုသာလွဲပြောင်းရေးသားသူးမည်ဖြစ်သော်လည်း ကျန်အချက်အလက်များဖြစ်သည့် ဖြစ်ပွားခဲ့သည့်အချိန်ကာလ၊ ဖြစ်ပွားခဲ့သောနေရာအတိုအကျ၊ ဖြစ်ပွားခဲ့သည့်ရပ်ကွက်၊ ဖြစ်စဉ်တွင်ပါဝင်ခဲ့သူများ၏အမည်မှန်များနှင့် ၎င်းတို့မည်သို့မည်ပုံဒုက္ခရောက်ခဲ့ကြရသည်များကို နောင်လာနောက်သားများမှတ်သားနိုင်စေရန်နှင့် ဤရပ်ကွက်ထဲတွင် ဤဖြစ်ရပ်ဆန်းကြီး အဖြစ်အပျ

www.burmeseclassic.com

တိုင် ကျွန်တော်တို့ရပ်ကွက်ထဲ၌ သက်ရှိထင်ရှားရှိနေကြသေးသည့်အတွက် ဂဠိရဟုသုတမှတ်တမ်းတစ်ခုအနေဖြင့်တင်ပြလိုက်ရခြင်းဖြစ်ပါသည်။

အခန်း (၂)

ကျွန်တော်တို့ရပ်ကွက်မှာ မန္တလေးမြို့ အနောက်တောင်မြို့နယ် သီရိမာလာအနောက်ပိုင်းရှိ အလည်တောင်ရပ်ကွက်ဖြစ်ပါသည်။ ရပ်ကွက်ကို တောင်ပိုင်းနှင့်မြောက်ပိုင်း ဟူ၍ နှစ်ပိုင်းခွဲခြားထားရာ ချမ်းသာကြီးဘုရား၊ မဟာရံတံတိုင်းမြောက်ဘက်ရှိအပိုင်းကို အလည်တောင် (မြောက်ပိုင်း) ဟု ခေါ်ပါသည်။ အကွက်နံပါတ်အနေနှင့်ပြောပါက အကွက်နံပါတ် (၂၀၈) ဖြစ်ပါသည်။ ရပ်ကွက်၏ အရှေ့ဘက်၊ မြောက်ဘက်နှင့် အနောက်ဘက်တို့ကို သင်္ဃာအင်းကြီးက ဝန်းရံပတ်ထားပါသည်။ ရှေးယခင်က ကျွန်တော်တို့ရပ်ကွက်ကို အလည်သောင်ဟုခေါ်ကြောင်း၊ သင်္ဃာအင်းကြီးအလယ်တွင် ရေများဝိုင်းရံနေသောသဲသောင်ပေါ်၌ ရပ်ကွက်တည်ထားသောကြောင့် 'အလယ်သောင်'ဟုရှေးကခေါ်ဆိုခဲ့ကြရာမှ ခေတ်ကာလရှေ့လျားပြီးနောက် 'အလည်ဘောင်'ဟု ဖြစ်လာခဲ့ကြောင်း ရပ်ကွက်ထဲမှ လူကြီးသူမများ၏ပြောစကားအရ သိရှိခဲ့ရပါသည်။ ရပ်ကွက်၏အရှေ့ဘက်ရှိ သင်္ဃာအင်းထဲတွင် သစ်သူဌေးကြီးဦးသာဌေး၏သစ်စက်ကြီးရှိပြီး ၎င်းသစ်စက်တွင်ခွဲစိတ်ရန်အတွက် သစ်လုံးများကို သင်္ဃာအင်းထဲ၌ သစ်တင်ကားကြီးများမှ လာရောက်ချထားပေးလေ့ရှိပါသည်။

(၂၂-စီ) လမ်းမှ ကျွန်တော်တို့ရပ်ကွက်သို့လာရန်အတွက် သင်္ဃာအင်းကြီးကိုဖြတ်၍ ခန့်မှန်းခြေ အလျား ပေ (၃၀၀)ခန့်ရှိသော သစ်သားတံတားကြီးတစ်စင်း တည်ဆောက်ထားပါသည်။ သင်္ဃာအင်းကြီးသည် ၎င်းတံတားအောက်မှဖြတ်စီးပြီးနောက် ရပ်ကွက်၏ အနောက်ဘက်မှပတ်သွားပါသည်။ ကျွန်တော်တို့ရပ်ကွက်အနောက်ဘက်ရှိ သင်္ဃာအင်း၏အနောက်ဘက်ကမ်းတွင် သာယာကုန်းရပ်ကွက်ရှိပါသည်။ ဤဖြစ်စဉ်ဖြစ်ပွားခဲ့သောနေရာမှာ ကျွန်တော်တို့အလည်ဘောင်ရပ်ကွက်နှင့် သာယာကုန်းရပ်ကွက်တို့အကြားရှိ သင်္ဃာအင်းရေပြင်၏အရှေ့ဘက်ခြမ်း ကျွန်တော်တို့ရပ်ကွက်ဘက်ရှိ သင်္ဃာအင်းစောင်းတွင်ဖြစ်ပါသည်။

■

လွန်ခဲ့သော နှစ်ပေါင်း (၆၅) နှစ်ခန့် ၁၉၅၂ ခုနှစ်ခန့်ကဖြစ်သည်။

ကိုလှအောင်နှင့် မခင်ရီတို့လင်မယားသည် မန္တလေးမြို့ အလည်ဘောင်(မြောက်ပိုင်း)ရပ်ကွက်ရှိ သင်္ဃာအင်းအစပ်တွင်နေထိုင်ကြပြီး ဝက်နှင့်ဘဲများမွေးမြူ၍ အသက်မွေးဝမ်းကျောင်းပြုနေကြပါသည်။ တစ်နေ့ ညနေခင်း၌ ဘဲများကိုခြံထဲသို့သွင်း၍အစာကျွေးရင်း ရေတွက်ကြည့်နေသော ဒေါ်ခင်ရီက -

"ကိုလှအောင်ရေ၊ ဘဲနှစ်ကောင် လျော့နေတယ်တော့်။ တော်နည်းနည်း လောက်အချိန်ပေးပြီး အင်းထဲသွားရှာကြည့်လိုက်ဦး။ သင်းကွဲသွားလားမသိဘူး"

ပြောလိုက်ပါသည်။

ထိုအခါ ဝက်စာကျွေးနေသော ကိုလှအောင်က -

"နင်သေသေချာချာရေရဲ့လား၊နင် ရေတာမှားနေဦးမယ်"

"ဩော် - ကိုလှအောင်ကလည်း၊ ကျွန်မသေချာကိုစစ်ပြီးသားပါတော်"

"သွား သွား၊ မမှောင်ခင် သေချာလိုက်ရှာလိုက်ဦး။ ဝက်စာကျွန်မကျွေးထားလိုက်မယ်"

ဟု ပြောလိုက်သောဒေါ်ခင်ရီ၏ စကားအဆုံး၌ ကိုလှအောင်သည် လှော်တက်ကိုကိုင်ကာ သင်္ဃာအင်းထဲရှိ လှေပေါ်သို့တက်ပြီး မြောက်အရပ်ဘက်သို့ လှော်သွားပါသည်။ နာရီဝက်ကျော်ကြာပြီးနောက် ကိုလှအောင်ပြန်ရောက်လာသောအခါ-

"မတွေ့တော့ပါဘူး ခင်ရီရာ၊ ဘဲသူခိုးတွေလက်ထဲပါသွားပြီးနဲ့တူပါတယ်"

ဟု ညည်းညည်းညူညူဖြင့် မခင်ရီအား လှမ်းပြောလိုက်သည်။

ထိုနေ့က ဘဲနှစ်ကောင်ပျောက်သွားသဖြင့် ကိုလှအောင်တက်တခေါက်ခေါက်ဖြင့် ဘဲသူခိုးအား မကျေမနပ်ဖြစ်နေပါတော့သည်။

နောက်တစ်နေ့ ညနေခင်းအချိန်တွင်ဖြစ်သည်။

"ကိုလှအောင်၊ ကိုလှအောင်"

မခင်ရီ၏ အရေးတကြီးအော်ခေါ်သံကြားရသဖြင့် ကိုလှအောင် ဝက်စာကျွေးနေရာမှပြေးလာခဲ့သည်။ ရေးကြီးသုတ်ပျာပြေးလာသောကိုလှအောင်အား ဒေါ်ခင်ရီကဆီး၍-

"ဒီနေ့လည်း နှစ်ကောင်ပျောက်ပြန်ပြီ ကိုလှအောင်ရေ။ ကျုပ်တော့စိတ်ညစ်တော့တာပါပဲ။ ဒီလိုသာနေ့တိုင်း ပျောက်နေရင် ကျုပ်တို့ဘဲအုပ်တောကုန်တော့မှာပဲ။ ဘယ်သူတောင်းစားတွေကများနေ့တိုင်းလာလာခိုးနေကြလဲမသိပါဘူး"

ဒေါ်ခင်ရီက ဒေါသဖြစ်ဖြစ်နှင့် နှုတ်သရမ်းပစ်လိုက်သည်။ ကိုလှအောင်တက်တစ်ချက်ပြင်းပြင်းခေါက်လိုက်ရင်း လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်လိုက်သည်။ ထို့နောက် သူ့အိမ်၏ တောင်ဘက်တွင်နေထိုင်သောသူငယ်ချင်းဖြစ်သူ ကိုနီ၏အိမ်သို့ထွက်လာခဲ့သည်။ ကိုနီသည် သူ့ထက် (၃) နှစ်ခန့်ကြီးသည်။ ကိုနီ့အိမ်တွင် ကိုလှအောင်က ကိုနီအား သူ့ဘဲများနေ့စဉ်ပျောက်နေကြောင်းပြောပြပြီးသည့်နောက် သူငယ်ချင်းနှစ်ဦး နောက်တစ်နေ့တွင် သင်္ဃာအင်းစပ်ရှိမိုးနှံ့ချုံများထဲမှနေ၍ ကင်းပုန်းဝပ်၍ ချောင်းမြောင်းဖမ်းရန် စီစဉ်ကြတော့သည်။

အခန်း (၃)

နောက်တစ်နေ့ နေ့လယ်ထမင်းစားပြီးချိန်လောက်မှစ၍ ကိုလှအောင်နှင့် ကိုနီတို့ သူငယ်ချင်းနှစ်ဦးသည် လောက်လေးခွနှင့် လောက်စာလုံးများယူ၍ ဘဲအုပ်နှင့် မလှမ်းမကမ်းတွင်ရှိသော မိုးနှံ့ချုံများအတွင်းမှ ချောင်းနေကြသည်။ ဇောင်းကလောအင်းရေပြင်တွင် ဘဲအုပ်မှာ ပျော်ရွှင်မြူးထူးစွာဖြင့် လူးလားကူးခပ်ရင်း ရေစီးနှင့်မျောလာသောဗေဒါပင်နုလေးများကိုစားနေကြသည်။

ဘဲအုပ်ကူးခပ်နေသောရေပြင်တွင် ဗေဒါပင်ပါးပါးသာရှိပြီး ၎င်းနေရာနှင့် (၁၀)ပေခန့်အကွာတွင်မူ ဗေဒါတောကြီးမှ အလွန်ထူထပ်စွာပေါက်နေပါသည်။ ကိုလှအောင်နှင့် ကိုနီတို့သူငယ်ချင်းသည် မိုးနှံ့ချုံများကို အကာအကွယ်ယူ၍ ရေနွေးကြမ်းသောက်ရင်း မြေပဲဆန်ကြော်အမြည်းစားရင်း ဘဲကင်းစောင့်နေကြပါသည်။ ထိုစဉ် ဘဲတစ်ကောင်၏ အလန့်တကြားဆူညံစွာအော်သံကြောင့် နှစ်ဦးသား ပျာလောင်ခတ်သွား၏။ ဒီတစ်ခါ ဘဲသူခိုးတော့မိပြီဟူသော အတွေးများဖြင့် သူငယ်ချင်းနှစ်ယောက် လောက်လေးခွကိုယ်စီကိုင်ကာ မိုးနှံ့ချုံများထဲမှ ထွက်လာရင်း ဘဲအုပ်ဆီသို့ ကြည့်လိုက်သည်။

"ဟာ - လှအောင်၊ မင်းဘဲသူခိုးက လူမဟုတ်ဘူးကွ။ ကြည့်စမ်း မင်းဘဲရေထဲမြုပ်သွားပြီ"

"ဟုတ်တယ် ကိုနီရေ၊ ရေထဲက

www.burmeseclassic.com

www.burmeseclassic.com

ဘာကောင်ဆွဲသလဲမသိဘူး"

"ဂတ် ဂတ် ဂတ် ဂတ်"

"ဟာ- နောက်တစ်ကောင်ပါသွားပြန်ပြီ"

သူတို့နှစ်ဦးပြောဆိုနေစဉ်မှာပင် နောက်ထပ်ဘဲတစ်ကောင်မှာ ရေထဲသို့ မြုပ်သွားပြန်ပါသည်။ ထိုအခါကျမှ သူတို့နှစ်ဦးသည် လေးခွဖြင့် ခြောက်လှန့်ပစ်ခတ်ပြီး ဘဲအုပ်ကိုမောင်းထုတ်လိုက်ရသည်။

"လှအောင် မင်းဘဲသူခိုးက လိပ်ကွလိပ်။ ဟိုတစ်လောက အင်းရဲ့အရှေ့ဘက်သဈိုင်းထဲမှာနေတဲ့ တဲငါသည် ကိုမောင်ကိုကြီးမိတဲ့ ကမ္ဘာလိပ်ကြီးမျိုးကွ။ ကလေးတစ်ယောက်တက်စီးလို့ရတယ်။ ဆန်ကောလောက်ကြီးတယ်ကွ"

ကိုနီကပြောလိုက်ရာ -

"သိကြရောပေါ့ကွာ၊ ဒီလောက်အတင့်ရဲတဲ့လိပ် ရအောင်ထောင်ပြီးချက်စားလိုက်ဦးမယ်"

ထိုနေ့က ကိုလှအောင်သည် လိပ်ထောင်ရန် သံညှပ်ကြီးတစ်ခု အမြန်လုပ်ဖို့ စိတ်ကူးယဉ်နေသည်။ သံညှပ်တွင် ဘဲအရှင်တစ်ကောင်ကို ကြိုးနှင့်ချည်ထားပြီး ကမ်းစပ်၌ထောင်ထားမည်။ ဘဲအော်သံကြောင့် ဘဲသူခိုးလိပ် ဘဲကိုလာဆွဲဖါက သင်းရဲ့လည်ပင်းတော့ သံညှပ်နဲ့ညှပ်ပြီးသားသာမှတ်ပေတော့။ သံညှပ်ကိုလည်း လိပ်ကြိုးရုန်းလျှင်ပါမသွားစေရန် အနီးရှိ ကုက္ကိုပင်တွင် ကြိုးဖြင့်တွဲ၍ ချည်ထားလိုက်မည် စသည် စသည်ဖြင့် စိတ်ကူးယဉ်နေသည်။

နောက်တစ်နေ့နံနက်တွင် သံညှပ်ကြီးတစ်ခုကို ပန်းပဲဖိုဌ်အမြန်လုပ်ပြီး ညနေပိုင်းမှစ၍ ချောင်းစပ်တွင်လိပ်ထောင်ရန် စီစဉ်ပါတော့သည်။ ထိုနေ့ ညဦးပိုင်းတွင် ကိုလှအောင်တစ်ယောက် ရေနွေးကြမ်းကို လက်ဖက်ခြောက်ကျကျနှင့်နှပ်ထားပြီး ဘဲသူခိုးကိုစောင့်ဆိုင်းနေသည်။ လကွယ်ညဖြစ်၍ လကမိုက်နေသည်။ ကိုလှအောင်လည်း ငိုက်နေသည်။

"ဂတ် ဂတ် ဂတ် ဂတ်"

"ချပ်"

"ဝုန်း ဝုန်း ဝုန်း"

ဘဲအော်သံ၊ သံညှပ်သံတို့နှင့် အတူ ကြီးမားသောသတ္တဝါတစ်ကောင်၏ရုန်းကန်နေသံများကို ကြားလိုက်ရသဖြင့် ကိုလှအောင် ငှက်ကြီးတောင်မားကိုင်ပြီး အင်းစပ်သို့ပြေးဆင်းလာသည်။ လက်ထဲမှ သုံးထောင့်ထိုးလက်နှိပ်ဓာတ်မီးဖြင့် သံညှပ်ဆီသို့ထိုးကြည့်လိုက်သည်။

"ဟာ"

ကိုလှအောင်အလန့်တကြားအော်လိုက်ပြီး တောင်ဘက်အိမ်မှ သူငယ်ချင်းဖြစ်သူ ကိုနီ့ဆီအမြန်ပြေးသွားပါသည်။

"ကိုနီ၊ ဗျို့ ကိုနီ ထပါဦးဗျ အရေးကြီးလို့"

"လှအောင် ဘာတုံးကွ"

"ကိုနီ အရေးကြီးလို့၊ မားကိုင်ပြီး အခုချက်ချင်း ကျွန်တော်နဲ့လိုက်ခဲ့ပါဦး။ ဟိုမှာ အကောင်ကြီးမိထားလို့ဗျ"

"အေးအေး - ငါလာပြီ လာပြီ"

ကိုနီက ငှက်ကြီးတောင်မားဆွဲပြီး ဆင်းလာသည်။ နှစ်ဦးသား အင်းစပ်သို့ပြေးဆင်းလာကြပြီး သံညှပ်ကြီးဆီသို့ မီးထိုးကြည့်လိုက်ရာ -

"ဟာ"

သည်တစ်ခါ လန့်၍အော်လိုက်သူက ကိုနီဖြစ်သည်။

"ဟော့ကောင် လှအောင် မင်းဟာက လိပ်မှမဟုတ်ဘဲ မြွေကြီးကွ မြွေကြီး။ နည်းတာကြီးမဟုတ်ဘူး။ ငါတော့ ဒီအင်းထဲမှာ ဒီလောက်ကြီးတဲ့မြွေ တစ်ခါမှမတွေ့ဖူးသေးဘူး။ မင်းဟာ နတ်မြွေကြီးများလားကွာ။ ငါတော့ မသတ်ရဲဘူး။ မင်းလည်းမသတ်နဲ့နော်"

ဟု ကိုနီကပြောလိုက်သည်။ ကိုနီပြောမည်ဆိုဇာလည်း ပြောလောက်ပေသည်။ မြွေကြီးမှာ အရှည် (၁၂)ပေခန့်ရှိပြီး လုံးပတ်မှာ လူကြီးပေါင်လုံးနီးပါးရှိကာ အညိုရောင်အက္ကက်အက္ကက်ကြီးများဖြင့် ကျောက်စရာကောင်းလှသည်။ ကိုနီက နတ်မြွေကြီးများလားဟုပြောသဖြင့် ကိုလှအောင်လည်းလန့်သွားကာ-

"ဒါဖြင့် ဘယ်နှယ့်လုပ်မလဲ ကိုနီ"

ဟု မေးလိုက်သည်။

"ဘယ့်နှယ်မှလုပ်မနေနဲ့၊ သံညှပ်ဖြုတ်ပြီး ပြန်လွှတ်လိုက်ပေါ့ကွာ"

"ဟာ - ကျွန်တော်မကိုင်ရဲဘူးဗျ"

ကိုလှအောင်ကပြောသည်။

"ငါလည်းမကိုင်ရဲဘူး လှအောင်ရ၊ ဒီလိုလုပ်ကွာ"

ဟု ကိုနီက အကြံပေးသည်။

"သွား- သင်္ဂြိုဟ်အင်းအရှေ့ဘက်အင်းစပ်မှာနေတဲ့ ဒေါ်လုံးသမက် ကိုထူးကိုသွားခေါ်ခေါ်။ သူက မြွေနိုင်တယ်လို့နာမည်ကြီးတယ်။ သူ့ကို အကူအညီတောင်းပြီး ဒီမြွေကြီးကိုညှပ်ကနေဖြုတ်ခိုင်းရအောင်"

ကိုထူး ဆိုသည်မှာ မွေးကတည်းက လျှာတွင် အနက်အစက်အပြောက်များပါသဖြင့် မြွေကိုကိုင်တွယ်ရာတွင် ကျွမ်းကျင်သည်။ မြွေကိုနိုင်သည်ဟု အလွန်နာမည်ကြီးပါသည်။

"အေး - ဒါဖြင့် ငါ ကိုထူးကိုသွားခေါ်မယ်။ မင်းဒီမှာခဏစောင့်ပေး"

ဟုဆိုကာ ကိုလှအောင်ထွက်သွားသည်။ ခဏအကြာတွင် ကိုလှအောင်သည် ကိုထူးနှင့်အတူပြန်လာသည်။ ထို့နောက် သုံးဦးသား အင်းစပ်သို့ဆင်းလာကြသည်။ ကိုထူးက မြွေကြီး၏ခေါင်းပေါ်သို့ တံတွေးဖြင့်ထွေးချလိုက်ပြီး သံညှပ်ကြီးကို မ,လိုက်သည်။ မြွေကြီးမှာ သံညှပ်ကြီးနှင့်လည်ပင်းကိုတင်းကျပ်စွာညှပ်ခံထားရသဖြင့် အသက်ရှူသံမှာ တရှူးရှူးမြည်နေပြီးတွန့်လိမ်နေပါသည်။ ကိုထူးက ခေါင်းမှကိုင်ပြီး ကိုလှအောင်က ခါးမှကိုင်ကာ ကိုနီက အမြီးပိုင်းမှကိုင်၍ ကုန်းပေါ်သို့ပွေ့တင်လာကြ၏။

ထိုစဉ် ရုတ်တရက် -

"ကဲကွာ ကဲကွာ ကဲကွာ"

"ဒုတ် ဒုတ် ဒုတ်"

ကိုလှအောင်က ရုတ်တရက် ငှက်ကြီးကောင်ခားဖြင့် မြွေကြီး၏ ခါးပိုင်းအားဆက်တိုက်ခုတ်လိုက်သည်။ မမျှော်လင့်သောလှုပ်ရှားမှုကြောင့် ကိုထူးနှင့် ကိုနီမှာ ကြက်သေသေနေကြပြီး -

"ဟာ - လှအောင် မင်းဘယ့်နှယ်လုပ်လိုက်တာလဲကွ။ မသတ်ပါနဲ့လို့ပြောထားရဲ့သားနဲ့ကွာ"

ဟု ကိုနီမှ အပြစ်တင်လိုက်သည်။

ကိုလှအောင်က -

"ငါ့ဘဲတွေအတွက် ငါစိတ်မထိန်းနိုင်တော့လို့ပါကွာ"

ထိုအခါ ကိုနီက စိတ်မကောင်းစွာဖြင့် -

"ငါတော့ပြန်တော့မယ်ကွာ၊ မင်းတို့ဘာသာလုပ်ကြတော့"

ဟုပြောဆိုပြီး အိမ်ပြန်သွားသည်။

ကိုလှအောင်က မြွေကြီး၏ဦးခေါင်းအား ဓားဖြင့်ဆစ်၍ခုတ်ချလိုက်ပြန်သည်။ သေသွားသောမြွေကြီးအား ကိုထူးနှင့် ကိုလှအောင်တို့မှ ရင်ကိုခွဲကြသည်။ ထို့နောက် ချက်စားလျှင် သွေးညှီနံ့ကင်းစေရန်အတွက် ခေါင်းကိုဖြတ်ပြီး နေအိမ်ဘေးရှိသရက်ပင်ကြီးတွင် ခွေကာထိုးဆွဲထားလိုက်သည်။ အားလုံးပြီးစီးသောအခါ -

"ကဲ- လှအောင်ငါပြန်တော့မယ်။ မနက်ဖြန်ကျမှပဲ ငါလာပြီးချက်ပြုတ်ပေးတော့မယ်"

"ဟုတ်ကဲ့ - ကျေးဇူးပဲ အစ်ကို"

ကိုထူးထွက်သွားပြီးနောက် ကိုလှ

www.burmeseclassic.com

www.burmeseclassic.com

အောင်သည် ခြေလက်များဆေးကြော သန့်စင်ပြီး အိမ်အောက်ထပ်အခန်းထဲရှိ ခုတင်ပေါ်တွင် မှေးခနဲအိပ်ပျော်သွားပါသည်။ အချိန်မည်မျှအိပ်ပျော်သွားသည် မသိ ကိုလှအောင်နားထဲသို့ အသံများကြားလာမှ နိုးလာသည်။ ကိုလှအောင် နားစွင့်လိုက်သည်။

"ရဲ့... ရဲ့... ရဲ့... ရဲ့..."

"ဟ - ဘာသံလဲဟ"

ကိုလှအောင် အိပ်ရာမှထ၍ ထရံကြားမှ အပြင်သို့ချောင်းကြည့်လိုက်သည်။

"ဟာ"

ကိုလှအောင်ဆံပင်များထောင်သွားသည်။ မှောင်ထဲတွင် သူတွေ့လိုက်သည်မှာ သူသတ်လိုက်သော မြွေကြီးနှင့် ရွယ်တူနီးပါးရှိသည့်မြွေကြီးတစ်ကောင်သည် သူအိပ်နေသည့် အခန်းထဲသို့ဝင်ရန် အခန်းအားပတ်၍ အပေါက်ရှာနေသည်ကိုတွေ့လိုက်ရသဖြင့် ကိုလှအောင် တစ်ယောက် ဇောချွေးများပြန်လာပါသည်။

ပိတ်ထားသည့်တံခါးကိုလည်းပို၍ စိတ်ချစေရန် သစ်သားမင်းတုပ်ဖြင့်ထပ်၍ထိုးသည်။ ကြောက်လန့်၍ ငုတ်တုတ်ထိုင်နေရာ နံနက်ပိုင်းဝေလီဝေလင်းကျမှ အသံစဲသွားသည်။ နံနက်လင်းတော့ သူအခန်းပတ်ပတ်လည်တွင် မြွေရာများထပ်နေသည်။ နောက်နေ့နံနက်တွင် မြွေဆရာကိုထူးရောက်လာရာ ကိုလှအောင်မှ ညက သူတွေ့ကြုံရပုံများကို ပြောပြသည်။ ကိုနီကတော့ မလာတော့ချေ။ မြွေကြီးကိုသတ်လိုက်သဖြင့် စိတ်ဆိုးသွားသည်။ မြွေဆရာကိုထူးက ကြောက်ရန်မလိုကြောင်း၊ ယခုမိသည့်မြွေမှာ မြွေအထီးဖြစ်ကြောင်း၊ ကျန်သည့်အကောင်မှာ မြွေမဖြစ်ကြောင်း ယနေ့ည ၎င်းမြွေမကိုဖမ်းပေးမည်ဖြစ်ကြောင်းကိုပြောပါသည်။ ထို့နောက် နှစ်ယောက်သား မြွေသားအချို့ကို ချက်ပြုတ်စားသောက်ကြပြီး အချို့ကို အခြောက်လှန်း၍ ညနေတွင် အရက်ဖြင့်မြည်းကြပါသည်။

နှစ်ယောက်သား သောက်စားပြီး နောက် ကိုထူးပြန်သွားပြီး ည (၉)နာရီခန့်တွင် ပြန်လာပါသည်။ ထို့နောက် ကိုထူးနှင့် ကိုလှအောင်တို့ သံညှပ်ဖြင့် မြွေထောင်ကြပြန်ရာ မိုးလင်းသွားသည်၊ မြွေကမလာတော့ပါ။ ၎င်းတို့နှစ်ဦး သုံးရက်ဆက်တိုက်ထောင်သော်လည်း မြွေကြီးမှာ လုံးဝမလာတော့သဖြင့် ၎င်းတို့နှစ်ဦး မြွေဖမ်းရန် လက်လျှော့လိုက်ကြသည်။

အခန်း (၄)

ထိုဖြစ်ရပ်များဖြစ်ပြီး နှစ်ပတ်ခန့် အကြာ -

"မြွေဆရာ ကိုထူးဆုံးလို့တဲ့"

"မြွေ ကိုက်ခံရလို့တဲ့"

ရပ်ကွက်ထဲတွင် အုတ်အော်သောင်းနင်းဖြစ်သွားသည်။

"ဘယ်လိုဖြစ်တာလဲ လှခင်ရယ်"

ကိုထူးမိန်းမလှခင်အား မေးကြမြန်းကြသည်။

"အမယ်လေး မပြောချင်ပါဘူးတော်။ ဒီနေ့လယ် အိပ်ရာထ ဥက်ပျော သီးစားချင်တယ်ဆိုပြီး ဟိုးအခန်းထောင့်ကစဉ့်အိုးထဲ အုပ်ထားတဲ့ ဖီးကြမ်းဥက်ပျောသီးကိုသွားနှိက်တာ ဘယ်အချိန်ကဝင်ခွေနေမှန်းမသိတဲ့မြွေပွေးကကိုက်လိုက်တာပါတော့။ လက်ကောက်ဝတ်လောက်ရှိလို့ ဆေးတောင်ကုချိန်မရလိုက်ပါဘူး။ အဆိပ်တက်ပြီး လူတစ်ကိုယ်လုံးပြာနှမ်းသွားတော့တာပါပဲ အီး ဟီး ဟီး"

ဒေါ်လှခင်၏ နတ်သံနှော၍ ငိုသံများက တစ်အိမ်လုံးကို ဖုံးလွှမ်းသွားပါသည်။

ကိုထူးရက်လည်သည့်နေ့ ညနေ (၄)နာရီခွဲအချိန်။

ရပ်ကွက်အနီးရှိ သူဌေးကြီးဦးသာဌေး၏ (သစ်ခွဲ) စက်ရုံမှ ညနေအလုပ်ဆင်းအချက်ပေးဥသြဆွဲလိုက်သည်။

"တူ... တူ... တူ... တူ"

"အောင်မယ်လေး ကြောက်ပါပြီဗျ၊ ကြောက်ပါပြီဗျ။ အောင်မယ်လေး ကယ်တော်မူကြပါဗျ"

ဥသြသံနှင့်အတူ ကိုလှအောင်၏ အော်သံနက်ကြီးကြားလိုက်ရလေသည်။ ကိုလှအောင်တစ်ယောက် သူအိမ်သို့ပတ်၍ ပြေးနေပါတော့သည်။

"ကိုလှအောင် ကိုလှအောင် ဘာဖြစ်တာလဲ"

"အဖေ၊ အဖေဘာဖြစ်လို့လဲ"

ဇနီးဒေါ်ခင်ရီနှင့် သမီးနှစ်ဦးဖြစ်သော မခင်ဦးနှင့် မသန်းရီတို့ပြေးလာပြီး သူ့အဖေကိုဆွဲထားကြ၏။ ကိုလှအောင်မှာ စကားမပြောဘဲ မျက်လုံးကြီးပြူး၍ ကြည့်နေပြီး -

"ဟိုဟို - အောင်မလေး ကြောက်ပါပြီ အမေတို့ရဲ့၊ ကြောက်ပါပြီဗျ"

ဟု ငယ်သံပါအောင်အော်ဟစ်ပြီး သတိလစ်သွားပါသည်။ အိမ်နီးချင်းများလည်း လာ၍ဝိုင်းကူရင်း ပရိတ်ရွတ်သူရွတ်၊ ပရိတ်ရေမန်းဖြင့်တောက်သူကတောက်ဖြင့် ပြုစုကြပါသည်။ မရတော့ပါ။ နောက်တစ်နေ့မှစ၍ ကိုလှအောင်သည် စကားမပြောတော့ဘဲ ပြူးကြောင်ကြောင်ကြီးဖြစ်နေပါတော့သည်။ ကိုလှအောင်သည် နောက်နေ့များတွင် ဦးသာဌေးသစ်စက်မှ အလုပ်ဆင်းဥသြဆွဲသံကြားတိုင်းအော်ဟစ်ပြီး ရပ်ကွက်အတွင်းသို့ အဝတ်အစားမပါဘဲ ကိုယ်လုံးတီးဖြင့်ပတ်၍ပြေးသည်အထိ သွက်သွက်ခါအောင် ရူးသွပ်သွားပါသည်။

နောက်ပိုင်းတွင် ကိုလှအောင်အား ဝိုင်း၍ချုပ်ပြီး အစားအစာများနှင့် အပေါ့အပါးသွားရန် အိုးတစ်ခုကိုသာလျှင် အခန်းထဲ၌ထည့်ပေးထားပြီး အခန်းတံခါးကိုပိတ်ကာ အပြင်မှ သစ်သားတန်းဖြင့် အသေရိုက်ထားလိုက်ရပါသည်။ ငါးရက်ခန့်အကြာတွင် ကိုလှအောင် ဆုံးသွားပါသည်။

ဤဖြစ်စဉ်ကိုပြန်လည်သုံးသပ်ပါက -

ကိုလှအောင်သည် ကိုနီ၏စကားကို နားမထောင်ဘဲ သင်္ဇာအင်းထဲမှ နတ်မြွေကြီးကိုသတ်မိသဖြင့် ရူးသွပ်သွားပြီးသေရသည်ဟု ရပ်ကွက်ထဲတွင်တီးတိုးဝေဖန်ကြပါသည်။ ထို့အတူ မြွေဆရာကိုထူးမှာ နတ်မြွေကို သံညှပ်ကြီးမှထုတ်ပေးပြီး ၎င်းအသားကိုချက်စားရာတွင်ပါဝင်စားသောက်ခဲ့မိသဖြင့် မြွေပွေးအကိုက်ခံရပြီး သေဆုံးခဲ့ရသည်။ နတ်မြွေကြီးကိုမသတ်ဘဲ သူ့အသားကိုလည်း မစားခဲ့သောကိုနီမှာမူ အသက်အန္တရာယ်မှလွတ်ကင်းခဲ့သည်ဟု ရပ်ကွက်အတွင်းတွင် ယနေ့တိုင်ဝေဖန်ပြောဆိုနေကြဆဲဖြစ်ပါသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ကျွန်တော်သိလိုသည်မှာ -

(၁) နတ်မြွေဆိုသည်မှာ အမှန်တကယ်ရှိပါသလော။

(၂) မြွေကိုဖမ်းဆီးစဉ်က သုံးဦးဖြစ်သော်လည်း မြွေကိုသတ်၍ချက်စားသူနှစ်ဦးသာ မကြာမီကာလအတွင်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို မြွေကိုက်သေခြင်းနှင့် ရူးသွပ်ခြင်းဖြစ်ပြီးမှ သေခြင်းတို့ဖြစ်ပွားရခြင်းသည်မည်သည့်အကြောင်းကြောင့်ပါနည်း။

သင်္ဇာအင်း၏ လျှို့ဝှက်ချက်များကား အမှန်တကယ်ရှိနေဆဲဖြစ်ပါသည်။

ဖော်ထုတ်ပေးနိုင်သူများရှိပါက ဖော်ထုတ်ပေးကြပါကုန်လေ။

ကိုကိုလတ် (မည်မြောင်း)

www.burmeseclassic.com

www.burmeseclassic.com



လူမိုး(ပညာရေး)

အဏ္ဏဝါရေနောက်ကွယ်ပျောက်သွားသော ဂမ္ဘီရနိုင်ငံတော်

(အခန်းဆက်ဒဏ္ဍာရီစီးနှင့်)

(၁)

တက်သစ်စနေသည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်းရှိ အာဇိုးရပ်(စ်)ကျွန်း၏ တောင်ပူစာထက်မှ တငြိမ့်ငြိမ့်တက်လာသည်။ အတ္တလန္တိတ်သမုဒ္ဒရာရေပြင်သည် ရွှေပိုးမျှင်များဖြန့်ကြက်ထားသကဲ့သို့ ရွှန်းမြဲလျက်ရှိနေသည်။ ပင်လယ်ထန်းပင်ပျိုများထိပ်ဖျားများပေါ် သို့တိုက်ခတ်နေသောလေတွင် စိမ်းလန်းသောငှက်ပျောပင်အုပ်များ၊ ကြံခင်းများ၏ရနံ့ကလှိုင်လျက်ရှိနေသည်။ သမုဒ္ဒရာဘက်မှရိုက်ခတ်လာသော ဖြူဖွေးသောလှိုင်းလုံးကြီးများသည် ကမ်းစပ်ကို ကျော်ဖြတ်၍ ကုန်းပေါ်သို့ရောက်ရှိလာပြီး ကျောက်တုံးကျောက်ဆောင်များအကြားတွင် ပြိုကွဲသွားကြ၏။ သို့ဖြင့် ကျောက်တုံးကျောက်ခဲများကို ရေလှိုင်းများပုတ်သောအသံသည် ငြိမ်သက်သွားပြန်သည်။ သမုဒ္ဒရာရေပြင်သို့ လှိုင်းလုံးများပြန်ကျဆင်းသွားတော့၏။ သို့သော် နောက်တစ်ကြိမ်ပြန်တိုက်ခတ်ရန် အားယူနေခဲ့ပြန်သည်။

အမေရိကန်ပြည်ထောင်စု ဖီလာဒီဖယ်ရာပြည်နယ် မီယာမီတက္ကသိုလ်ကျောင်းတိုက်ကြီးမှ ဘူမိဗေဒပညာရှင်ကျောက်ဖြစ်ရုပ်ကြွင်းသုတေသီနှင့် ရေအောက်ရှေးဟောင်းယဉ်ကျေးမှုပညာရှင် ဒေါက်တာမစ်ဆင်ဗလင်တိုင်သည် လွန်မြောတသဖွယ်ဖြစ်သော အဏ္ဏဝါပြင်ကြီးကိုငေးမောကြည့်ရှုနေရင်း စိတ်ကူးနယ်ခဲ့နေမိသည်။ သမိုင်းအဆက်ဆက် ဤအာဇိုးရပ်(စ်)ကျွန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တွင် သဘာဝလွန် ဇလာကီလွန်ထူးခြားဖြစ်စဉ်များဖြစ်လေ့ရှိသည်ဟုဆိုကြသည်။

ဒေါက်တာဗလင်တိုင်သည် ရေအောက်ရှေးဟောင်းယဉ်ကျေးမှုနှင့် ရေအောက်ဘူမိဗေဒသုတေသနလုပ်ငန်းကို တစိုက်မတ်မတ်လေ့လာခဲ့သည်သာမက အာဇိုးရပ်(စ်)ကျွန်း၊ ဘဟားမားကျွန်းအဏ္ဏဝါပြင်အောက်တွင် ပျောက်ဆုံးသွားသော အတ္တလန္တိ(စ်)နိုင်ငံတော်ကြီးရှိနေသည်ဟူသော သူပြောကိုယ်ပြောပါးစပ်ပြောသမိုင်းများ၊ ဒဏ္ဍာရီများ၊ ရှေးသူဟောင်းတို့၏ ပုံပြင်များအပေါ် စိတ်ဝင်စားခဲ့သည်။ အဏ္ဏဝါပြင်အောက်သို့ နစ်မြုပ်သွားသည်ဟုဆိုကာ အတ္တလန္တိ(စ်)နိုင်ငံတော်ကြီးအကြောင်း ရေးသားဖော်ပြသည့်စာအုပ်စာတမ်းများကို လက်လှမ်းမီသလောက် စုဆောင်းဖတ်ရှုခဲ့သူဖြစ်သည်။ သူမိတ်ဆွေများကမူ သူ့အား အတ္တလန္တိ(စ်)နိုင်ငံတော်ကြီးကို ထာဝစဉ်စွဲလမ်းနေသူဟု ယူဆထား၏။

သူသည် ၁၉၅၈ ခုနှစ်ခန့်ကပင် အာဇိုးရပ်(စ်)ကျွန်းစုနှင့် ဘဟားမားကျွန်းသို့ရောက်ရှိလာခဲ့ပြီး ရေအောက်ရှေးဟောင်းယဉ်ကျေးမှုနှင့် ဘူမိဗေဒဆိုင်ရာအချက်အလက်များကို ထမင်းမေ့ဟင်းမေ့ ရှာဖွေလေ့လာနေပြီး ထိုဘာသာရပ်များနှင့်ဆိုင်သော စာတမ်းအချို့ကိုလည်း ရေးသားပြုစုပြီး သက်ဆိုင်ရာသို့ တင်ပြထားပြီးဖြစ်သည်။ ပထမတွင် ကျွန်းသူကျွန်းသားများသည် သူ့အား စိတ်ပါလက်ပါ အားပေးကူညီခြင်းမရှိခဲ့ပေ။

ဒေါက်တာဗလင်တိုင်ကမူ ထို့ကျွန်းများနှင့် ကမ်းလွန်ပင်လယ်ပြင်ဒေသအား လေ့လာလေလေ လှို့ဝှက်နက်နဲဆန်းကြယ်လာလေဖြစ်သည်။ သူ့အား မလိုမုန်းထားကြသူအချို့တို့ကမူ ဒေါက်တာဗလင်တိုင်သည် ပျောက်ဆုံးနေသော အတ္တလန္တိ(စ်)မြို့တော်ကြီးထက် ရှေးပဝေသဏီက ပင်လယ်ဓားပြများ၏ပျောက်ဆုံးနေသောရတနာသိုက်များသည် ဤဒေသနှင့်ကျွန်းများပေါ်တွင်ရှိနိုင်သည်ဟုထင်မှတ်သဖြင့် ရတနာသိုက်ရှာဖွေရေးကို လှို့ဝှက်စွာလုပ်ဆောင်နေသည်ဟု စွပ်စွဲခဲ့ကြသည်။

ဒေါက်တာဗလင်တိုင်ကမူ မည်သူတွေက မည်သို့စွပ်စွဲခဲ့သည်ဖြစ်စေ သူယုံကြည်ထားသော ပျောက်ဆုံးနေသော အတ္တလန္တိ(စ်)တိုက်ကြီးနှင့်ပတ်သက်သော အထောက်အထားအချက်အလက်များကို တွေ့ရလိမ့်မည်ဟု ယုံကြည်ထားသည်။ နှစ်ပေါင်းများစွာကြာမြင့်လာသောအခါ တိုင်းရင်းသားအများက သူ့အပေါ် ယုံကြည်လာကြပြီး ရှေးပဝေသဏီက သက်ကြီးစကားသက်ငယ်ကြားပုံပြင်များ၊ မှတ်တမ်းများ၊ ဒဏ္ဍာရီများကို အသေး

www.burmeseclassic.com

www.burmeseclassic.com

ကျက်စားတတ်ကြသော ဖျံနွယ်မျိုးကို အာဖရိ(စ်)ကျွန်း၏ ကမ်းခြေများတွင် သီးသီးခြားခြား တွေ့ရသည်မှာ ထူးခြားသည်။ တွေ့ရသော ဖျံတစ်မျိုးအနက် တစ်မျိုးမှာ မြေထဲပင်လယ်ကမ်းရိုးတန်းနှင့်ကရစ်ဘီယန်းကမ်းခြေများတွင် ကျက်စားသော ဖျံတစ်မျိုးဖြစ်၏။ ကျန်တစ်မျိုးမှာအနောက်အာဖရိကနှင့်တောင်အမေရိကတိုက်အရှေ့မြောက်ကမ်းရိုးတန်းများတွင်တွေ့ရသော ဖျံတစ်မျိုးဖြစ်သည်။

ခရစ်နှစ် ၃၀၀ ခန့်က ထုတ်ဝေခဲ့သော The Nature of Animals (တိရစ္ဆာန်များ၏သဘာဝများ) စာအုပ်တွင် အတ္တလန္တိ(စ်)နှိုင်ငံတော်ကြီးလှုပ်ယမ်းတောက်ကျော်ကြားခဲ့စဉ်က ဖီဖုရားများသည် ဖျံများ၏ဦးခေါင်းပိုင်းတွင်ရှိသော အပြူရစ်များကို ဦးခေါင်းစည်းများအဖြစ် အသုံးပြုခဲ့သည်ဟုဆိုသည်။

သတ္တဗေဒပညာရှင်များ၏ အယူအဆအရ ငှက်များ၊ လိပ်ပြာများ၊ ပိုးမွှားများတွင် ထူးခြားသော ဇာတိစိတ်ရှိကြသည်ဟုဆိုသည်။ သူတို့သည် ဘိုးစဉ်ဘောင်ဆက်မွေးဖွားရာဒေသ သို့မဟုတ် ဖိတ်လိုက်ပေါက်ဖွားရာ ဒေသများကို အချိန်မှန်သွားရောက်လေ့ရှိပြီး ထိုအသိစိတ်ကို Nostophilia ဟု ပညာရှင်များက ကင်ပွန်းတပ်ထားသည်။ သာဓကအားဖြင့် အတ္တလန္တိ(စ်)သုတေသီ လူတိ(စ်)စပန်းကမ္ပည ဥရောပတိုက်၊ အာဖရိကတိုက်နှင့် အမေရိကတိုက်များတွင် တွေ့ရသော လိပ်ပြာများသည် နှစ်စဉ်နှစ်တိုင်း အထက်ဖော်ပြပါ အာဖရိ(စ်)ကျွန်းရှိသော အဏ္ဏဝါပြင်ရှိရာသို့ ပျံသန်းလာကြပြီး အသက်ဆုံးရှုံးသည်အထိ မိမိတို့မွေးဖွားရာဒေသကို ရှာဖွေခဲ့သည်ဟုဆိုကြသည်။ ရှေးပဝေသဏီက ဤဒေသတစ်နံတစ်လျားတွင် အစာရေစာများသော ကုန်းမြေကြီးရှိခဲ့သည်ဟုသော ဒိဇစိတ်

www.burmeseclassic.com

ဖြင့် မိမိတို့အသက်သေဆုံးသည်အထိ လူးလာခေါက်တုံ့ပျံဝဲခြင်းဖြစ်သည်ဟုဆို ရပေမည်။ မှန်ပါသည်။ သူတို့သည် အဘယ်ကြောင့် မိမိတို့ပျံလာသည့် မူလ ကမ်းခြေဘက်သို့ ပြန်လည်ကူးခပ်ခြင်း ကိုမပြုလုပ်ကြသနည်း။ အံ့ဖွယ်သရဲဖြစ် ပေသည်ဟု လိပ်ပြာများ၊ ငှက်များ၊ ပိုးမွှား များကို စောင့်ကြည့်လေ့လာအကဲခတ် သူများက တညီတညွတ်တည်းဆိုပါ သည်။

ဥရောပတိုက်နိုင်ငံအသီးသီးနှင့် အင်္ဂလန်နိုင်ငံတို့မှ ပျံလွှားငှက်များအပါ အဝင် အခြားငှက်များသည် နှစ်စဉ်နှစ် တိုင်း ဆောင်းရာသီအချိန်၌ တောင် အမေရိကတိုက်ဆီသို့ အုပ်စုဖွဲ့၍ပျံသန်း သွားလေ့ရှိပြီး နွေရာသီရောက်လာသည် နှင့် မိမိတို့ ဇာတိနိုင်ငံများသို့ ပျံသန်းလာ ခဲ့လေ့ရှိ၏။ ထိုငှက်များ၏ သဘာဝကို စောင့်ကြည့်သော သုတေသီများကမူ ငှက်အုပ်ကြီးများသည် ငှက်ပေါင်း ထောင်သောင်းပါဝင်သည်ဟု ဆိုသည်။ ဤကဲ့သို့ပျံသန်းလာရာတွင် တစ်ချိန်က အတ္တလန္တိ(စ်)တိုက်ကြီးရှိနိုင်သည်ဟု ယုံ ကြည်ထင်မှတ်ရသော အထက်ဖော်ပြပါ ကျွန်းစုများ၊ အဏ္ဏဝါပြင်များသို့ရောက် သည်နှင့် ငှက်အုပ်ကြီးများသည် ရုတ်တ ရက် ရှေ့သို့ပျံသန်းခြင်းမပြုတော့ဘဲ စက်ဝိုင်းပုံနာရီပေါင်းများစွာပျံဝဲကာ မိမိ တို့ ဆင်းသက်ရမည့်နယ်မြေကို ရှာဖွေ နေသကဲ့သို့ ရှာဖွေနေတတ်၏။ ငှက်များ ကို စောင့်ကြည့်အကဲခတ်လေ့လာသူ များကမူ ယင်းငှက်အုပ်ကြီးများမှာ ရာပေါင်းများစွာသော ငှက်များသည် အတောင်ညောင်း၍ အဏ္ဏဝါအတွင်း ပြုတ်ကျသေဆုံးကုန်သည်ကိုတွေ့ရသည် ဟုဆိုသည်။ ဤကဲ့သို့ မိမိတို့အသက်စွန့် ၍ အဘယ်ကြောင့်ဝဲပျံနေကြသနည်း။ သူတို့၏ဇာတိစိတ်လှုံ့ဆော်သောကြောင့် တိုက်ကြီးရှိခဲ့သည်ဟု အယူအဆကို တစ်နည်းအားဖြင့် ထောက်ခံနေသည်ဟု ယူဆဖွယ်ဖြစ်သည်ဟဲ့ အတ္တလန္တိ(စ်) သုတေသီများက ပြောဆိုခဲ့ကြသည်။ ပို၍ ထူးဆန်းသည်မှာ ဆောင်းရာသီ ကုန်ဆုံး၍ နွေဦးရောက်လာသည်နှင့် ဌာနေသို့ ပြန်ကြသောငှက်အုပ်ကြီးများ သည် အလာခရီးအတိုင်း အထက်ဖော်ပြ ပါ အာဇုံးရပ်(စ်)ကျွန်းနှင့် ဘဟားမား ကျွန်းများရှိရာ အတ္တလန္တိ(တ်)သမုဒ္ဒရာ ရေပြင်တွင် အချိန်အတော်အသင့်ကြာ အောင်ဝဲပျံ၍ ရှာဖွေနေတတ်၏ ။ဤအံ့ ဖွယ်အလေ့အကျင့်သည် အကြောင်းမဲ့ ဖြစ်ခြင်းမဟုတ်ဟု တိရစ္ဆာန်များ၏ ထူးခြားအာရုံကို သုတေသနပြုကြသော မနောသုတေသီများကလည်း ထုတ်ဖော် ပြောဆိုခဲ့ကြ၏။

ရှေးပဝေသဏီက အတ္တလန္တိ(စ်) တိုက်ကြီးရှိခဲ့သည်ဟူသော အသိစိတ်ကို ငှက်များ၊ ပိုးမွှားများ၊ လိပ်ပြာများ၊ လင်း ပိုင်များသာရှိခဲ့သည်မဟုတ်ပေ။ ဥရောပ တိုက်နိုင်ငံအချို့ ကနေဒါနိုင်ငံနှင့် အမေ ရိကတိုက် (တောင်အမေရိကတိုက်နှင့် မြောက်အမေရိကတိုက်) ဒေသအချို့ရှိ မြစ်များ၊ ချောင်းများမှ ငါးရှဉ့်များသည် လည်း အတ္တလန္တိ(တ်)သမုဒ္ဒရာအတွင်းရှိ ထူးဆန်းသော ဆာဂတ်ဆိုပင်လယ် ဆီသို့ နှစ်နှစ်လျှင်တစ်ကြိမ် အုပ်စုလိုက် သွားရောက်လေ့ရှိသည်ဟုဆိုကြသည်။ အဘယ်ကြောင့် ဤငါးရှဉ့်အုပ်ကြီးသည် ထိုပင်လယ်ဆီသို့သွားကြသနည်း။ ယင်း ပင်လယ်မှာ အထက်ဖော်ပြခဲ့သောကျွန်း များနှင့်နီးကပ်နေပါသည်။ အဏ္ဏဝါပေဒ ပညာရှင်အများကမူ အတ္တလန္တိတ်သမုဒ္ဒ ရာကြီး၏ကြမ်းပြင်တွင် ထူးဆန်းသော မြစ်ကြီးတစ်မြစ်ရှိသည်ဟု ယူဆထားကြ သည်။ ဤမြစ်ကြီးသည် တစ်ချိန်က နစ်မြုပ်သွားခဲ့သော အတ္တလန္တိ(စ်)တိုက် ကြီးဆီသို့ စီးဆင်းသွားသည့်မြစ်ကြီးဖြစ် နိုင်သည်ဟုလည်း ယုံကြည်ကြ၏။

ထောင်ပေါင်း၊ ရာပေါင်းများစွာ သောငါးရှဉ့်များသည် မိတ်လိုက်ချိန်ကျ ရောက်သည်နှင့် သဘာဝအလျောက် တွေ့ဆုံကြပြီး အုပ်စုဖွဲ့ကာ သမုဒ္ဒရာရေ အောက်စီးဆင်းနေသော ရေစီးကြောင်း ကြီး(မြစ်ကြီး)အလိုက် မိုင်ပေါင်းရာပေါင်း များစွာဝေးကွာသောခရီးကို လေးလံ ကြာမြင့်စွာစုန်ဆင်း၍ အထက်ဖော်ပြပါ ဆာဂတ်ဆိုပင်လယ်ဆီသို့သွားကာ မိတ် လိုက် ဥချကြသည်။ ထို့နောက် သေဆုံး သွားကြပါသည်။ ဆာဂတ်ဆိုပင်လယ်ရှိ ထူးထပ်စွာ ပေါက်ရောက်လျက်ရှိသော ရေမှော်ပင်များသည် ငါးရှဉ့်တို့၏ဥများ ကို သဘာဝအလျောက် ထိန်းသိမ်း စောင့်ရှောက်ပေးခဲ့ကြသည်။ ရက်လ ကြာမြင့်၍ ထိုဥများမှပေါက်ဖွားလာ သော ငါးရှဉ့်ငယ်လေးများသည် သူတို့ တွင်ပါလာသော ပင်ကိုဇာတိစိတ်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com

သူတို့မိဘများ၏ လာရာလမ်းအတိုင်း ဥရောပနှင့်အမေရိကန်တိုက်များရှိ မြစ်ချောင်းများကို ပြန်လာလေ့ရှိသည်ဟု သတ္တဗေဒပညာရှင်များ၊ အင်္ဂါဝါဗေဒပညာရှင်များကဆိုသည်။ ဤကဲ့သို့ ထူးခြားဖြစ်စဉ်ကို စနစ်တကျ စူးစမ်းလေ့လာသုတေသနပြုပြီးမှ သုတေသီများက တင်ပြခြင်း ဖြစ်၏။

အတ္တလန္တိ(စ်)တိုက်ကြီး တစ်ချိန်က ရှိသည်ဟု ယုံကြည်ထားကြသော သုတေသီဒေါက်တာဗလင်တိုင်အပါအဝင် ပညာရှင်အများကမူ ဆာဂတ်ဆိုပင်လယ်ပြင်အောက်၌ ထူထပ်စွာပေါက်နေသော ရေမှော်ပင်များ(ဤပင်လယ်ပြင်နှင့်ဆက်စပ်နေသောအတ္တလန္တိ(တ်)သမုဒ္ဒရာရေပြင်အောက်တွင် ရေမှော်ပင်များကိုမတွေ့ရဟု အင်္ဂါဝါဗေဒသုတေသီများကဆိုကြ၏။) ထူထပ်စွာရှိနေခြင်းသည် ရှေးပဝေသဏီက အတ္တလန္တိ(စ်)တိုက်ကြီး ရေအောက်နစ်မြုပ်ခဲ့စဉ်က ကျန်ရစ်ခဲ့သော ဟင်းသီးဟင်းရွက်ပင်များ၊ စိုက်ပျိုးခင်းများမှ သီးပင်စားပင်များသည် ပတ်ဝန်းကျင်အလိုက် သင့်တော်သလို ရေမှော်ပင်များအဖြစ် ပြောင်းလဲသွားခြင်းဖြစ်နိုင်သည်ဟု ဆိုကြ၏။

ဥရောပနှင့်အမေရိကတိုက်ဒေသအများရှိ ငါးရှဉ့်များတို့၏ မိတ်လိုက်၍ မွေးဖွားရာဒေသသို့ပြန်လာသောသဘာဝအလေ့အထသည် တစ်ချိန်က အတ္တလန္တိ(စ်)တိုက်ကြီးရှိခဲ့သည်ကို ညွှန်ပြနေသကဲ့သို့ဖြစ်သည်ဟုဆိုကြသည်။ ဤငါးရှဉ့်တို့၏အလေ့အကျင့်ကို စတင်ဂုဏ်ပြုသူမှာ နာမည်ကျော် ခေါမအသုပညာရှင်ကြီး ပလေတို၏ တပည့်ဖြစ်သူ အေသင်မြို့သားပညာရှင် အာရစ်စတိုတယ် ဖြစ်ပါသည်။ နှောင်းခေတ်ပညာရှင်များ၊ သတ္တဗေဒသုတေသီများသည် ဂရိအမျိုးသားဒဿနပညာရှင် အာရစ်စတိုတယ်၏တွေ့ရှိချက်အပေါ် သံသယရှိခဲ့ကြသည်။ စနစ်တကျလေ့လာစူးစမ်းကြခဲ့မှပင် အာရစ်စတိုတယ်၏လေ့လာတွေ့ရှိချက်သည် မှန်ကန်သည်ဟုလက်ခံခဲ့ကြ၏။

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ပင် တည်ရှိသော အာဇိုးရပ်(စ်)ကျွန်းအပါအဝင် ကာနေရီကျွန်း၊ တာနီရစ်(စ်)ကျွန်း၊ ကော(ပ်)ဗာဒီကျွန်း စသည့်ကျွန်းများသည် သမုဒ္ဒရာအောက်နစ်မြုပ်သွားသော ရှေးဟောင်းအတ္တလန္တိ(စ်)ကျွန်းကြီး၏ အစအနကျွန်းများဖြစ်သည်ဟူသောအယူအဆကို လက်ခံသူများရှိ



သကဲ့သို့ ထိုအချက်အလက်များသည် ဒဏ္ဍာရီများ၊ ယုံတမ်းစကားများသာဖြစ်သည်ဟု ယုံကြည်ထားသော ပညာရှင်အများလည်းရှိသည်။

မှန်ပါသည်။ အတ္တလန္တိ(စ်)အင်ပါယာကြီးသည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိခဲ့သည်ဟူသောအယူအဆသည် တစ်ချိန်က ကုန်းမြေအများအပြားမှ ယခုအခါ ရေအောက်ဒေသများအဖြစ် ပြောင်းလဲသွားကြသည်ဟူသောအယူအဆအပေါ် အခြေခံဖြစ်၏။ အာဖရိကတိုက်မြောက်ပိုင်းရှိ ဆာဟာရသဲကန္တာရထဲတွင်တွေ့ရသော ပင်လယ်ခရုခွံများ၊ ရေသတ္တဝါများ၏ ရုပ်ကြွင်းများအရ ဆာဟာရသဲကန္တာရသည် တစ်ချိန်က ပင်လယ်ပြင်၏ ကြမ်းပြင်ဖြစ်ခဲ့သည်ကို ဖော်ပြနေသည်ဟုဆိုသည်။ အာရှတိုက် အလယ်ပိုင်းရှိ ရိုဘီသဲကန္တာရတွင်လည်း ဆာဟာရသဲကန္တာရ၌တွေ့ရသော အထောက်အထားများ တွေ့ရသဖြင့် ယင်းသဲကန္တာရသည်လည်း တစ်ချိန်က ပင်လယ်ပြင်ကြမ်းပြင်ဖြစ်နိုင်သည်ဟု ယူဆဖွယ်ဖြစ်သည်။ ထို့အတူ အလယ်အရှေ့အာရှနိုင်ငံများရှိ တောင်ထိပ်များပေါ်တွင်လည်း ပင်လယ်သတ္တဝါများ၏ အရိုးစုများကိုတွေ့ရသဖြင့် ဤအယူအဆမှာ စဉ်းစားစရာကောင်းသောအယူအဆဖြစ်သည်ဟုဆိုရမည်ဖြစ်သည်။ အတ္တလန္တိ(စ်)တိုက်ကြီးနှင့်မြို့တော်ကြီးအကြောင်းကြောင်းကြောင့် ပင်လယ်အောက်နစ်မြုပ်သွားခဲ့သည်ဟူသော အယူအဆကို လက်ခံထားကြသော ပညာရှင်အများကမူ ယနေ့ခေတ်တွင်လည်း ဤကဲ့သို့ ရုတ်တရက် ပင်လယ်အောက်သို့နစ်မြုပ်ပျောက်ကွယ်သွားသောကျွန်းများရှိခဲ့သည့်သာဓကများရှိသည်ဟု ဆိုသည်။ ခရစ်နှစ် ၁၆၉၂ ခုနှစ်တွင် ဂျမေကာကျွန်း၌ အင်အားကြီးမားသောငလျင်ကြီးလှုပ်ခဲ့သည်။ ထို့ကြောင့် ဂျမေကာကျွန်းရှိ ပို့ရိုင်ရွယ်ဆိပ်ကမ်းမြို့ကြီးတစ်မြို့လုံး မြို့သူမြို့သားများနှင့်တကွ ရေအောက်သို့နစ်မြုပ်သွားခဲ့ရသည်။ ခရစ်နှစ် ၁၇၅၅ ခုနှစ်ကလည်း စပိန်နိုင်ငံ လစ္စဘွန်မြို့တော်အား (၃၃) ပေမြင့်သော ပင်လယ်လှိုင်းကြီးများတက်လာခဲ့သဖြင့် မြို့တော်အစိတ်အပိုင်းအချို့မှာ မြို့သူမြို့သားများနှင့်အတူ ရေအောက်နစ်မြုပ်သွားခဲ့ရ၏။

ခရစ်နှစ် ၁၈၅၀ ခန့်ကလည်း ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကွတ်ကျွန်းစုတွင်ပါဝင်သော တူနာကီကျွန်းကလေးမှာ ကျွန်းသူကျွန်းသား (၁၃၀၀) ကျော်နှင့်အတူ ရေအောက်ရုတ်တရက်နစ်မြုပ်သွားခဲ့၏။ မှတ်တမ်းများအရ ထိုကျွန်းမှ ပစိဖိတ်သမုဒ္ဒရာအင်္ဂါဝါပြင်သို့ ငါးဖမ်းထွက်ခဲ့သော ရေလုပ်သားအချို့မှာ လုပ်ငန်းပြီးဆုံး၍ မိမိတို့ကျွန်းသို့ပြန်လာသည့်အခါမှပင် မိမိတို့ဇာတိကျွန်းကြီးမှာ ကျွန်းသူကျွန်းသားများနှင့်အတူ ပျောက်ဆုံးသွားသည်ကို အံ့သြဖွယ်တွေ့ရသည်ဟု ဆိုသည်။

ခရစ်နှစ် ၁၈၈၃ ခုနှစ်တွင် အထက်ဖော်ပြပါ ဖြစ်ရပ်ဆန်းကဲ့သို့ ဖြစ်စဉ်တစ်ခု အရှေ့အိန္ဒိယကျွန်းစု (ယနေ့ အင်ဒိုနီးရှား) တွင် ဖြစ်ပွားခဲ့၏။ ကာရာကာတူအားကျွန်းမှ မီးတောင်ကြီး ရုတ်တရက်ပေါက်ကွဲခဲ့ရာ ထိုကျွန်းကြီး တစ်ကျွန်းလုံး ကျွန်းသူကျွန်းသားများပါ ရေအောက်ရောက်ရှိသွားခဲ့၏။ ကာရာကာတူအားကျွန်းသည် စမတ္တရာကျွန်းနှင့် ဂျာဗားကျွန်းတို့အနီးတွင် တည်ရှိ၏။ ထိုမီးတောင်ကြီးပေါက်ကွဲသဖြင့် ပေ (၁၀၀) အမြင့်ရှိသော ရေလှိုင်းများတက်လာပြီး ထိုစဉ်က အရှေ့အိန္ဒိယကျွန်းစု (ယနေ့ အင်ဒိုနီးရှား) ရှိကျွန်းငယ်အချို့မှာ ရေမြုပ်ခဲ့ရသည်။ ထိုမီးတောင်ကြီးပေါက်ကွဲသည့်အသံကို သြစတြေးလျနိုင်ငံမှပင်ကြားရပြီး ကမ္ဘာ့လေထုတစ်ရပ်လုံး ထူးထူးခြားခြား အပြောင်းအလဲဖြစ်သွားခဲ့သည်ဟု မှတ်တမ်းများက ဖော်ပြခဲ့သည်။

ပထဝီဗေဒပညာရှင်များ၏ အယူအဆနှင့် ဘူမိဗေဒပညာရှင်များ၏အယူအဆအရ အထက်ဖော်ပြပါကျွန်းများကဲ့သို့ပင် ယနေ့ကမ္ဘာတိုက်ကြီးအချို့သည် တဖြည်းဖြည်းနစ်မြုပ်လာသကဲ့သို့ ရုတ်တရက်အနည်းငယ်မြင့်တက်လာလေ့ရှိသည်ဟုဆိုသည်။ သာဓကအားဖြင့် ဥရောပတိုက်မှ ပြင်သစ်နိုင်ငံသည် တစ်နှစ်တစ်နှစ်လျှင် စင်တီမီတာ (၃၉)မှ မြေအနေအထားနိမ့်ကျလာသည်ကဲ့သို့သိရ၏။ အိန္ဒိယနိုင်ငံမှ ဂဂီမြစ်ဝှမ်းနှင့်ဟိမဝန္တာဒေသတစ်ဝိုက်သည် ဘူမိဗေဒပညာ

www.burmeseclassic.com

www.burmeseclassic.com

ရှင်များ၏ လေ့လာစောင့်ကြည့်ချက်အရ တစ်နှစ်တစ်နှစ်လျှင် မြေပြင်သည် (၁၈. ၁) မီလီမီတာနိမ့်ကျသွားသည်ဟု သိရသည်။

အာရှတိုက်နှင့် ဥရောပတိုက်ကြီးများမှ ကုန်းမြေအချို့သည် ပထဝီဝင်သဘောတရားအရ တဖြည်းဖြည်းနိမ့်ကျသွားသည်ကို တွေ့ကြရသော်လည်း အမေရိကတိုက်ရှိ အင်ဒီး(စ်)တောင်တန်းဒေသတွင်မူ ယင်းတိုက်များအား မဟာခရီးသည်ကြီး ကိုလံဗတ်စတင်းတွေ့ရှိရသည့်အချိန်တွင်တည်ရှိခဲ့သောမြေအနေအထားထက် ပေ(၂၀၀)မှ (၃၀၀)ထိမြင့်တက်လာသည်ကိုအံ့သြဖွယ်တွေ့ရသည်ဟု သတင်းများက ဖော်ပြခဲ့၏။

အမေရိကန်ပြည်ထောင်စု ဖို့(ဒ်)ဟမ်တက္ကသိုလ်ကျောင်းတိုက်ကြီးမှ ခရစ်ယာန်ဘုန်းတော်ကြီး သိက္ခာတော်ရဂျိုးဇက်လန့်(ချ်)ကမူ ပစိဖိတ်သမုဒ္ဒရာကြမ်းပြင်သည် ယနေ့တိုင်းတာချက်များအရ တဖြည်းဖြည်းမြင့်တက်လာနေသည်ဟုဆိုသည်။ အထူးသဖြင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အလူရှင်ကျွန်းများအနီးရှိ သမုဒ္ဒရာကြမ်းပြင်မှာ သိသိသာသာပင် နှစ်စဉ်မြင့်တက်လာလျက်ရှိရာ မကြာမီကာလအတွင်း သမုဒ္ဒရာကြီးအတွင်းမှ တိုက်သစ်ကြီးတစ်ခုပေါ်လာကောင်းပေါ်လာပေလိမ့်မည်ဟုယူဆထားသည်။ ဤသို့မြင့်တက်လာသော တိုက်ကြီးသည် ဒဏ္ဍာရီဟုယူဆထားသော သမုဒ္ဒရာအောက်နစ်မြုပ်သွားသည့်အတ္တလန္တိ(စ်) တိုက်ကြီး ဖြစ်ကောင်းဖြစ်မည်ဟူ၍လည်း ထုတ်ဖော်ပြောခဲ့သည်ဟုသိရသည်။

၁၉၂၃ ခုနှစ်ကလည်း ဤသမုဒ္ဒရာကြမ်းပြင်များတဖြည်းဖြည်းမြင့်တက်လာနေသည်ဟူသော သဘောတရားအယူအဆသစ်ကိုထောက်ခံသောဖြစ်စဉ်တစ်ရပ် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဖြစ်ပွားခဲ့သည်ဟု မှတ်တမ်းများအရသိရ၏။ အမေရိကတိုက်နှင့် ဥရောပတိုက်ဆက်သွယ်ထားသော ကြေးနန်းကြိုးများပြတ်တောက်သွားမှုကိုပြင်ဆင်ရန် အမေရိကန်ပြည်ထောင်စုဆက်သွယ်ရေးဌာနမှ အင်ဂျင်နီယာများသည် သမုဒ္ဒရာကြမ်းပြင်ရှိ ကြေးနန်းကြိုးများကိုပြင်ဆင်ကြရာ အံ့သြဖွယ်သမုဒ္ဒရာကြမ်းပြင် မြင့်တက်လာမှုကိုတွေ့ကြရသည်။ အင်ဂျင်နီယာများ၏ မှတ်တမ်းအရ ကြေးနန်းကြိုးများချထားသော အတ္တလန္တိတ်သမုဒ္ဒရာကြမ်းပြင်သည် (၂၃)နှစ်အတွင်း နှစ်မိုင်နှင့် နှစ်ဖာလုံခန့်မြင့်တက်လာခဲ့သည်ကိုတွေ့ရသည်။ ဤသို့မြင့်တက်နေသောဒေသမှာ အထက်တွင်ဖော်ပြခဲ့သော အာဇိုးရပ်(စ်)ကျွန်းအနီးတွင်ဖြစ်သဖြင့် ထိုဒေသတစ်ဝိုက်သည် ဒဏ္ဍာရီဟု လည်းကောင်း၊ ယုံတမ်းပုံပြင်များဟု ယူဆထားသော အတ္တလန္တိ(စ်)နိုင်ငံတော်ကြီးတစ်ချိန်ကတည်ရှိခဲ့ဖူးသည်ဟူသောနေရာ ဖြစ်နိုင်သည်ဟု လည်းကောင်း ဆိုကြ၏။

၁၉၄၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ကိုလံဗီယာတက္ကသိုလ်မှ ပါမောက္ခမစ္စတာအီဝင် ခေါင်းဆောင်သော အဏ္ဏဝါပေဒသုတေသီအဖွဲ့သည် အတ္တလန္တိတ်သမုဒ္ဒရာအလယ်ပိုင်းရေအနက် သုံးမိုင်ခွဲခန့်ရှိသောကြမ်းပြင်တွင် ကမ္ဘာဦးကာလကမြေပြင်ဟုယူဆရသော မြေသားများကိုတွေ့ရသည်ဟုဆိုသည်။ ဘူမိဗေဒပညာရှင်အများကလည်း ယင်းမြေသားတို့၏သက်တမ်းသည် နှစ်ပေါင်းသန်းခြီရှိနိုင်သည်ဟုလည်း အဆုံးအဖြတ်ပေးခဲ့သဖြင့် တစ်ချိန်က ကမ္ဘာ့တိုက်ကြီးများသမုဒ္ဒရာအောက်သို့နစ်မြုပ်သွားခဲ့သည်ဟူသော ရှေးပဝေသဏီကယုံကြည်ချက်ကို အတည်ပြုခဲ့သည်ဟု သတင်းစာများ၊ ဂျာနယ်များက ရေးသားဖော်ပြခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေကာမူ ရှေးနှစ်ပေါင်းများစွာက အတ္တလန္တိ(စ်)တိုက်ကြီးနှင့် မြို့ကော်ကြီးတစ်မြို့ အဏ္ဏဝါပြင်အောက်သို့ စုန်းစုန်းမြုပ်ခဲ့သွားခဲ့သည်ဟူသော အယူအဆသဘောတရားကို ယုံကြည်ထောက်ခံသူ ဒုနှင့်ဒေးရှိခဲ့သလို မယုံကြည်သူများလည်းရှိခဲ့သည်။ အချို့သောသိပ္ပံပညာရှင်များနှင့်ရှေးဟောင်းသုတေသနပညာရှင်အချို့တို့ကမူ အတ္တလန္တိ(စ်)တိုက်ကြီးနှင့် အင်ပါယာကြီးရှိခဲ့သည်ဆိုသည်ကို လက်မခံလိုကြပေ။ အတ္တလန္တိ(စ်)ဒဏ္ဍာရီပုံပြင်မှာလည်း မယုံကြည်နိုင်စရာအချက်အလက်များပါဝင်နေသည်ဟုလည်း၊ အကြောင်းဖြခဲ့ကြ၏။ အတ္တလန္တိ(စ်)ရှိခဲ့သည်ဟူသောအယူအဆကို လက်ခံသူများကိုလည်း စိတ်ကူးယဉ်သမားများဟု သဘောထားကြသည်။ အကယ်၍ ရှေးပဝေသဏီက အတ္တလန္တိ(စ်)နိုင်ငံတော်ကြီးနှင့် အင်ပါယာကြီးရှိခဲ့သည်ဟုဆိုပါက သမိုင်းကိုပြန်လည်ရေးသားပြုစုကြရမည်ဖြစ်၏။ ကမ္ဘာယဉ်ကျေးမှုအစကို ယနေ့ကျောင်းသုံးသမိုင်းစာအုပ်များတွင် ရေးသားဖော်ပြသကဲ့သို့ အီဂျစ်နိုင်ငံတော်မှ အီဂျစ်အမျိုးသားများဆူမာရီယန်လူမျိုးများ ဘေဘီလိုနီယန်များနှင့် မြေထဲပင်လယ်ဒေသမှ ပင်လယ်ခရီးသွားလူမျိုးများထက် နှစ်ထောင်ပေါင်းများစွာကာလကို ပြန်ညွှန်ကြရမည်ဖြစ်တော့သည်။

(ဆက်ရန်)

လှမိုး (ပညာရေး)

Ref;

၁။ Book of Damned
By. Charles Forth.

၂။ The Search for Lost World
By. James Wallard.

၃။ Atlantis
By. Frof Arysio Santo.

၄။ Wakipedia
(အင့်တာနက်)

၅။ Finger Prints of The Gods
By. G-Hancock

၆။ Lost Cities And Vanished Civilization
By. R- Silverbeans.

၇။ The Shadow of Atlantis.
By Colonal- A Bragine

၈။ Edgar Cayce on Atlantis.
By- Edgar Cayce.

www.burmeseclassic.com

www.burmeseclassic.com



မင်းချမ်းငြိမ်
(ဂုဏ်တော်)

ကိုယ်တွေ့ ကြားခြင်းသုတ ပြုစုခဲ့ရသော အင်္ဂရိတ်လေးကမ္ဘာ ၌ ထူးထွေဆန်းပြား ဟာတ်လမ်းများ

သူစိမ်းနေသော ဓာတ်လမ်းသည် လမ်းမှန်ဖြစ်တော့သည်ဟု တထစ်ချမှတ်ယူနိုင်ပါတော့သည်။ ဓာတ်လမ်းကိုလည်း အားကြိုးမာန်တက်လုပ်ကိုင်ချင်စိတ်ပို၍ ရှိလာလေပြီ။

ဒီလိုနဲ့ မူရင်းဓာတ်လုံးကို အသာထားပြီး ကြေးဖလားမည်းနက်ကြိတ်ကြေ ဓာတ်သားများကို ဘယ်လိုများစမ်းသပ်ကြည့်ရလျှင်ကောင်းမလဲဟု တွေးကြံနေပါသည်။ ဆရာတော်မိန့်လိုက်တဲ့စကားထဲတွင် ငွေဒင်္ဂါးမှာ ကြေးနီဓာတ်အနည်းငယ်ပါလို့ ကိတ်မျိုးစေ့ကို ယူပေးနိုင်တယ်ဆိုတဲ့အချက်ကိုသွားပြီး သတိထားမိလိုက်တော့ -

ဟုတ်လေပြီ၊ ယခုဟာက ကြေးဖလားလေးကနေပြီး မင်းလေးပါး၏အခိုးအရှိန်ကြောင့် မည်းနက်၍ ဓာတ်သေသဘော သက်ရောက်သွားတာဆိုတော့ သူမှာ ကျိန်းသေပေါက် ကိတ်မျိုးစေ့ရှိကိုရှိရမည်ဟု တွေးထင်ထားလိုက်ပြီး -

ၵင်းမှ အနည်းငယ်ဖဲ့ယူပြီး အမှုန့်ညက်အောင်ထောင်းပြီး ငရဲမီးနှင့်စိမ်ကြည့်လိုက်တော့ အမှုန့်အလုံးကို စားမသွားဆဲ ကွမ်းဖတ် (၅) ရွက် (၁) ပုံခန့်

မိတ်ဆွေကြီး ဦးထွန်းဇံဖသည် သူမျှော်လင့်မထားသော ဓာတ်ပြာထည့်၍ ချက်သောကြေးဖလားလေးမည်းနက်၍ ကြိတ်ကြေဖြစ်ပြီး နှစ်ပိုင်းပြတ်သွားစေသည့်အကြောင်းတရားကို အထူးသိချင်နေမိ၍ ဆရာတော်ကို အကျိုးအကြောင်း လျှောက်ထားလိုက်သော အခါ -

"အေး- အဲဒါလက်ျာကန့်ရဲ့အစွမ်းအာနိသင်ကို လက်တွေ့မောင်ရင်တွေ့လိုက်ရတာပဲ။ ဒီလို အစွမ်းသတ္တိတွေနဲ့ပြည့်စုံနေလို့ မင်းလေးပါးနဲ့စီမံရတဲ့ဓာတ်ကြီးလမ်းတွေ့မှာ လက်ျာကန့်က အဓိကအခန်းကနေ ပါဝင်နေရတာပေါ့ကွာ"

ဟု မိန့်ကြားလေသည်။

"လက်ျာကန့်ရဲ့အာနိသင်က အခိုးအရှိန်ကြီးမားလှတယ်။ အချို့ရှေးဆရာကြီးများက လက်ျာကန့်စစ်၊ မစစ်ကို ငွေဒင်္ဂါးရဲ့တစ်ဖက်မျက်နှာမှာ လက်ျာကန့်ကို အုန်းစိမ်းရည်နဲ့ သွေးပြီး လိမ်းပြီး အခြားတစ်ဖက်ကနေ မီးသွေးမီးမှာကင်လိုက်ရင် လက်ျာကန့်သွေးလိမ်းထားတဲ့ဘက်မှာ ရွှေရောင်ဝင်းပြောင်နေတာကိုတွေ့ရတယ်။ အဲဒါ သူရဲ့အခိုးအရှိန်သတ္တိပေါ့ကွာ။ ငွေဒင်္ဂါးမှာက ကြေးနီဓာတ် အနည်းငယ်ပါဝင်နေတော့ ကိတ်မျိုးစေ့ရဲ့ပဋိသန္ဓေကိုယူပေးနိုင်လို့ အရောင်ဝါဝင်းပြီးတော့လာတာပေါ့"

ဟု ဂဃနဏာပြောပြလေသည်။

ထိုအခါမှ ဦးထွန်းဖေသည် ယခု

www.burmeseclassic.com

www.burmeseclassic.com

ကျန်နေသည်ကိုတွေ့ရ၍ ၎င်းကိုလက္ခဏာမီးပေါက်နှင့် ထိုးကြည့်လိုက်တဲ့အခါမှာတော့ အဝါရောင်မှတ်စွဲ၍ ငရဲမီးအစားခံနေသော်လည်း ဓာတ်သားမှာကြွပ်ဆတ်၍နေပါသည်။

ဒါနှင့် နောက်တစ်နည်း ၎င်းမည်းနက်ကြိတ်ကြေအသား (၁)ကျပ်သားခန့် ထပ်၍ ဖုံယူလိုက်ပြီး ထုခြေ၍ နာနှင့် ချက်ကြည့်တဲ့အခါ ဓာတ်သားများအားလုံးကြွပ်ဆတ်၍သွားပြန်တော့သည်။

ဒါပေသည့် သူစိတ်မကျေနပ်သေး၍ ဟိုးယခင်က ရန်ကုန် ကြည့်မြင်တိုင်ဘက်တွင် မည်သည့်ဓာတ်သားကိုမဆို အနှစ်ချ(ဘိုင်လှည့်နာလှည့်)ပေးသည့် ကုလားများရှိ၍ ၎င်းကြေးဖလားမည်းနက်ကြိတ်ကြေအသား(၅)ကျပ်သားခန့်အကုန်လုံးကိုယူသွားပြီး ဘိုင်လှည့်ခိုင်းလိုက်ပြီးတဲ့အခါမှာတော့ ထူးဆန်းမှုကို သေချာမျက်ဝါးထင်ထင်တွေ့မြင်လိုက်ရပါတော့သည်။

ထိုမည်းနက်ကြိတ်ကြေဓာတ်သား (၅) ကျပ်သားဟာ ဘိုင်လှည့်ပြီးသွားတဲ့အခါမှာတော့ ကိတ်ဓာတ်မီးလင်းအခေါက် (၁) ကျပ်သားတိတိကိုရရှိလိုက်ပါတော့သည်။

ဒါဟာ သူ၏ အဂ္ဂိရတ်သက်တမ်းတစ်လျှောက်မှာ အဂ္ဂိရတ်ဓာတ်ပညာနှင့် ကိုယ်တိုင်လုပ်၍ ရရှိခဲ့သော ပထမဦးဆုံး ကိတ်ဓာတ်ရွှေဖြစ်ပေသည်။ ပြောရမည်ဆိုလျှင် သူမှာစီးပွားရေးပြည့်စုံနေသူမို့ ရွှေဆိုတာက ပိဿာနှင့်ကိုချီပြီးရှိနေတာမို့ ထိုရွှေ (၁) ပိဿာနှင့် ယခုကိတ်ဓာတ် (၁) သားနှင့်ယှဉ်လျှင် ယခုကိတ်ဓာတ်သားရွှေ (၁) ကျပ်သားကို ပို၍ တန်ဖိုးထားပြီး ဝမ်းသာပီတိဖြစ်မိပေသည်။

ရောင်းပါလားဟုသွားမေးမိခဲ့လျှင် ရန်သူဖြစ်သွားပေလိမ့်မည်။ဒါဟာ သူ၏ ဂုဏ်ထူးဆောင်ဆာဘွဲ့ဖြစ်သော ကိတ်ဓာတ်လေးဟု ဆိုနိုင်ပါသည်။

ယခုတစ်ဖန် မူလဓာတ်လုံး၏ အခြေအနေကိုအစပြန်၍ကောက်ရသော်သံသေပြဒါးဓာတ်လုံးကိုသန့်စင်ထားတဲ့နာ(ခဲ)ဖြင့် ဓာတ်လေးတူတွဲ၍ချက်လာခဲ့ရာ (၇) ပြန်လောက်ရောက်လာတဲ့အချိန်တွင် စာညွှန်းအတိုင်းပင် -

နာကို အရည်ကျို၍ နာပျော်ရည်ထဲသို့ ၎င်းလုံးကိုအအေးခံ၍ လုံခွံကိုမှောက်၍ ခေါက်ချလိုက်လျှင် နာချောများကစကွဲကျ၍ထွက်ကျလာပြီး ဓာတ်လုံးက လုံကိုမခွဲရဲဘဲ အပြင်သို့ထွက်၍လာပါသည်။

ဤအဆင့်ကိုချောမောစွာရောက်လာပြီဆိုတော့ ဓာတ်လမ်းစဉ်စာညွှန်းပါအတိုင်း ဓာတ်လုံးထိုးထားသည့်လုံခွံနှင့် ကြေးနီဓာတ်(၁)ကျပ်ကိုထည့်၍ ကျင်းလိုက်လျှင် ၎င်းကြေးနီသည်ကြိတ်ကြေကျ၍ မည်းနက်ကြွပ်ဆတ်၍သွားပြီး ၎င်းကို ကိတ်ဓာတ်နှင့်လေးတူတွဲထိုးလိုက်လျှင် မိတူဖတူဖြစ်၍သွားမည်ဟုထားသည်ကို -

သူက တစ်ဆင့်ကျော်၍ တွေးဆလိုက်ပြီး တွင်းထွက်အခေါက်ရွှေ(၁)ကျပ်ကို လုံခွံဖြင့် ထည့်ကျင်းကြည့်လိုက်တဲ့အခါ တစ်ခါတည်း ၎င်းကိတ်ဓာတ်ဟာကြိတ်ကြေကျသွားသည်ကို ထူးဆန်းစွာတွေ့လိုက်ပါတော့သည်။

ဒါဆို ရွှေကိုဘာဆက်လုပ်ရမည်ဆိုတာကို သူကောင်းကောင်းသဘောပေါက်၍သွားပါတော့သည်။

(အဂ္ဂိရတ်ချီးကျနေသူများအတွက် ဘာဟင်းများချက်ရလျှင်ကောင်းမလဲဟု တွေးနေစရာမလိုပါ) တစ်ခါတည်း ကိုယ်လိုရာလမ်းကို လက်တင်စား အလိုက်သင့်လုပ်သွားရုံသာရှိပါတော့သည်။

စာရေးသူအနေနှင့် သည့်ထက်အသေးစိတ်ပြောချင်ပေမယ့် စောင့်စည်းရမည့် စည်းကမ်းချက်လေးများကို မဖြစ်မနေ လိုက်နာနေရပေသည်မို့ ဤမျှနှင့်သာ ကျေနပ်ကြပါ။

တစ်ဆက်တည်း ဆောင်းပါးအစပိုင်းမှာတင်ပြခဲ့သော ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော စာရေးသူ၏ နှောင်းနောင်တလေးမှာ ဤဖြစ်စဉ်ကို ကြားနာကြုံတွေ့မှု မဖြစ်ပေါ်သေးမီ ရှေ့ (၁၀) နှစ်ခန့်လောက်က စာရေးသူ၏မိတ်ဆွေ လုံနှင့် ဓာတ်ဆေးပစ္စည်းများရောင်းသည့်ဆိုင်ရှင်တစ်ဦးက စာရေးသူကို တစ်နေ့မှာထူးဆန်းသည့် ဓာတ်သတ္တုပစ္စည်းလေးကို နမူနာပေး၍ ဘာပစ္စည်းလဲဆိုတာကို အဂ္ဂိရတ်နည်းစမ်းသပ်ခိုင်းပါသည်။

အလေးချိန်က (၃) ကျပ်သားလောက်ရှိပြီး ရွှေရောင်လိုဝါဝင်းနေ၍ သယံများတလက်လက်ထပြီး ထုရိုက်လိုက်တဲ့အခါမှာ ကြွေမွှလွယ်တဲ့သတ္တုဓာတ်သားလေးပါ။

ဒါနဲ့ သူကို အပြင်ပိုင်းအနေနှင့် အသေချာစစ်ဆေးကြည့်ခဲ့သော်လည်း ဘာဓာတ်ပစ္စည်းမှန်းမသိရလို့ (၁) ကျပ်သားလောက်ဖဲ့၍ယူပြီး လုံထဲထည့်၍ မီးသွေး (၃) အုပ်ခန့်ထိုးကြည့်လိုက်တဲ့အခါ ကန့်ဓာတ်ကို မီးရှို့လိုက်တဲ့အနံ့ပြင်းပြင်းကိုရပါသည်။ ဒါပေမယ့် လုံထဲမှာတော့ ဘာမျှမရှိတော့အောင် အကုန်လုံးမီးလောင်ကျွမ်းသွားပါတော့သည်။

ဒါနှင့် ဒုတိယ (၁) ကျပ်သားကိုလက္ခဏာချော်နှင့်အုပ်၍ထိုးပြန်တော့လည်း ချော်ထဲမှ မီးခိုးအပြာရောင်မီးတောက်များထွက်၍လာပြီး နောက်ဆုံးမတော့ လုံခွဲလိုက်တော့ မည်းနက်နက်ချော်ခဲကိုသာတွေ့လိုက်ရပြီး ဘာဓာတ်သားကိုမျှ မတွေ့ရပါ။

တတိယ (၁) ကျပ်သားကိုတော့ လုံခြောက်ဇော်သေချာစွာမံပြီး ဖွဲမီးနှင့် တစ်နေကုန်မီးပေးလိုက်ပြီး လုံခွဲကြည့်လိုက်တော့ လုံထဲမှာဘာမှမရှိတော့တဲ့အဖြစ်နှင့်သာကြုံခဲ့ရပါသည်။

ဤလိုဖြင့် ဘာမှန်းမသိတဲ့သတ္တုဓာတ်သားနမူနာ (၃) ကျပ်သားဟာ မသေချာမရေရာနှင့်ဘဲ အဆုံးသတ်သွားပါတော့သည်။

ဒီလောက်တောင် အကဲဆတ်နေတဲ့ပစ္စည်း ကုန်လည်းအေးတာပဆိုပြီး အသမြှောမရှိတဲ့စိတ်ထားနှင့် သဘောထားပြီးတာတာပြုလိုက်ပါသည်။

စာရေးသူ၏မိတ်ဆွေကိုလည်း-

"အေးဗျာ၊ ခင်ဗျားပေးလိုက်တဲ့သတ္တုဓာတ်သားလေးကို စမ်းသပ်ကြည့်တာ ဘာမှန်းကိုမသိရပါဘူးဗျာ"

ဟုသာ ပြောလိုက်ရပါသည်။

ဒီလိုနှင့် အချိန်တွေ့(၁၀)နှစ်လောက်ကြာပြီးတဲ့အခါမှာတော့ မြင်ဘာဟုတောင်ဆရာတော်၏ လက်ျာကန့်အစစ်ကို ပြသမိန့်ကြားလိုက်တော့မှ -

"ဟာ-သွားပါပြီ။ ငါဟိုတစ်ချိန်ကရခဲ့တဲ့ ဝင်းဝင်းဝါဝါရွှေရောင်လို သတ္တုဓာတ်သားလေးဟာ တကယ်တော့ အလွန်အဖိုးတန်ရှားပါးလှတဲ့လက်ျာကန့်စစ်စစ်လေးဖြစ်နေပါပေါ့လား"

ဟု စိတ်ထဲတွေးတွေးပြီး -

အလွန်နှမြောတသနောင်တရလို့ မဆုံးဖြစ်ရပါတော့သည်။

ဤဆောင်းပါးကို ရေးနေတဲ့ယခုအချိန်ထိအကယ်၍သာ ငါ့မှာ အဲဒီလက်ျာကန့်အစစ်သတ္တုဓာတ်သား (၃) ကျပ်သားလေးသာ ယခုလက်ဝယ်ပိုင်ပိုင်ရှိခဲ့ရင်ဆိုတဲ့အတွေးဟာ အမြဲဖြစ်နေရပေသည်။

သုတေသီဝါသနာရှင်များ တန်ဖိုးသိ၍ အမှန်အကျိုးရှိအောင် သုံးနိုင်ကြပါစေ။

မင်းချမ်းမြေ(ပုသိမ်)

www.burmeseclassic.com

www.burmeseclassic.com

(ရိုးကုတ်) ရွှေပြည်စိုး

ကျွန်ုပ်နှင့်အတ်တော်ဘုရားကုန်း

သူ ဂု ဒ္ဓ မ ဝဏ္ဏ ဝ ဝင် : အာ ခန် : ဆ က် ဝ တ္ထု ၊ ရှု ည်

(ယခင်လမ္ဘအဆက်)

■ **အဓိဋ္ဌာန်ဝင်သူ**

ဓာတ်တော်ကုန်း၏ ထူးခြားမှု သတင်းအချို့သည် အတူနေလူတို့ကြောင့် ပျံ့လွင့်မှုတို့ရှိပါသည်။ ဓာတ်တော်ကုန်းသည် သစ်ဆိမ့်ကုန်းရွာ၏ အနောက်ဘက်မလှမ်းမကမ်း ကားလမ်းကွေ့ထိပ်တောင်ကုန်းပေါ် တွင်တည်ရှိရာ ဓာတ်တော်စေတီတော်ကြီးကို ထင်ထင်ရှားရှား မြင်တွေ့နေရလေ၏။ ကြားရသောသတင်းတို့ကို စိတ်ဝင်စားမှုနည်းပါးကြသဖြင့် ဓာတ်တော်စေတီတော်သို့သွားရကောင်းမှန်းမသိကြပေ။ လမ်းကူလီဦးရွှေမန်း ဒုလွှဘရဟန်းဝတ်ကာ ဓာတ်တော်ကုန်း၌တက်နေသည်ဟုသာသဘောထားလျက် အလေးထားရကောင်းမှန်းမသိကြပါ။

ပြောင်းပြင်ရွာမှ သစ်ဆိမ့်ကုန်းရွာရေသီတာလုပ်ကွက်တွင် တွင်းလာလုပ်နေသော ဦးအောင်သိန်းမှာမူ ဓာတ်တော်ကုန်း၌ သတင်းအစအနများအား စိတ်ဝင်စားသဖြင့် ဓာတ်တော်ဘုန်းကြီးထူးခြားမှုရှိမရှိသိရန် အားလပ်သောတစ်နေ့တွင် ဓာတ်တော်ကုန်းဘုန်းကြီးဦးရွှေမန်းထံ ရောက်လာခဲ့ပါသည်။

ဦးအောင်သိန်းကား ကျပ်ပြင်အထက်နားရှိ ပြောင်းပြင်ရွာသား ပလောင်တိုင်းရင်းသားဖြစ်သော်လည်း အသားညိုသူဖြစ်ကာ ဝဝတုတ်တုတ်ကြီးဖြစ်ပြီး နှစ်လိုဖွယ်သောအပြုံးပိုင်ရှင် ဖြစ်သည်။ ဦးရွှေမန်းသည် မွန်ပြည်နယ် ဘီးလင်းသားဖြစ်ကာ ညီမည်းမည်းနှင့် ပိန်ရှည်ရှည်ဖြစ်သည်။ ဦးရွှေမန်း၏ ကြန်အင်လက္ခဏာကိုကြည့်ကာ ဦးအောင်သိန်းသည် ရှိခိုးဝတ်ပြုကာ မိတ်ဆက်စကားလျှောက်ထားလေ၏။

"တပည့်တော် ပြောင်းပြင်ရွာက အောင်သိန်းပါဘုရား။ အခု သစ်ဆိမ့်ကုန်းမှာတည်းပြီး တွင်းသားတွေနဲ့ ရေသီတာရပ်ကွက်မှာ တွင်းလုပ်နေပါတယ်ဘုရား"

"ဩော် - ဟုတ်ပြီဗျာ၊ ဟုတ်ပြီ။ တွင်းလုပ်တာ ဘယ်လောက်ကြာပြီလဲ"

"မှန်ပါ၊ နှစ်လကျော်သုံးလနီးပါးရှိပါပြီ။ ကျောက်ကပါးလိုက်တာ စရိတ်တောင်မပြန်နိုင်အောင်ရှိရပါတယ်ဘုရား"

"ကျောက်ပါးတာ မဟုတ်ပါဘူး၊ ကံပါးတာပါဗျာ။ ကံအားကောင်းအောင် အရင်လုပ်လိုက်ပါဦး"

"ကံအားကောင်းအောင်ဘယ်လိုလုပ်ရမှာလဲ ဘုရား"

"ကံအားကောင်းအောင် ဒီကုန်းတော်ကြီးပေါ်မှာ ကိုးပါးသီလကို ကိုးရက်တိတိဆောက်တည်ပြီး ပုတီးအဓိဋ္ဌာန်စိပ်ပါ ဒကာကြီး။ ထူးခြားလာပါလိမ့်မယ်။ ဒါထက် ဒကာမကြီးရဲ့နာမည်က ဘယ်လိုခေါ်သလဲ"

"ဒေါ်အေးပါ ဘုရား"

"ဟုတ်ပြီ၊ ဒါဆိုရင် ဒကာကြီး အဓိဋ္ဌာန်ဝင်ဖြစ်အောင်ဝင်ပါ"

"မှန်ပါ ဝင်ပါ့မယ်ဘုရား"

"အေး - ဒါဆိုဝင်ပြီးတာနဲ့ ဒကာကြီးရဲ့နာမည်အတိုင်း လက်တွေ့အောင်ပါလိမ့်မယ်။ ဘဝလည်းအေးချမ်းပါလိမ့်မယ်ဗျာ"

"မှန်ပါ တပည့်တော်နက်ဖြန်ကစပြီး အဓိဋ္ဌာန်ဝင်ပါ့မယ်ဘုရား"

"ကောင်းပြီ၊ ဒါဆို ဒကာကြီးလို အပ်တာလေးတွေယူပြီးလာခဲ့ပေတော့။ စားရေးတော့မပူနဲ့ ဘုန်းကြီးဆွမ်းခံကျွေးမယ်"

"မှန်ပါ၊ တပည့်တော်နေ့စဉ်ဆွမ်းချိုင့်စီစဉ်မှာပါဘုရား။ ရွာနဲ့ဘုရားကုန်းဘာဝေးတာမှတ်လို့။ တပည့်တော်အတွက် ဒုက္ခမရှာပါနဲ့ဘုရား"

"ဩော်- ဒကာကြီး နေ့စဉ်ဆွမ်းခံတာ ဘုန်းကြီးတစ်ပါးစာထက်နိုင်တော့ ပင်

www.burmeseclassic.com

www.burmeseclassic.com

ပန်းမကြီးပါဘူးဗျာ။ ဒီလိုပဲ ကုန်းပေါ်နေသတ္တဝါလေးတွေကျွေးပြီး ကုသိုလ်ယူနေကျပါ"

ဟု အမိန့်ရှိလေ၏။

နောက်နေ့တွင်မူ ဦးအောင်သိန်းသည် အိပ်ရာလိပ်ယူလာကာ ဘုန်းတော်ကြီး၏ခြေရင်း၌ နေရာယူလေ၏။ မိမိအလွန်နှစ်ခြိုက်သော ခြူးဆေးပေါ့လိပ်ကိုလည်း အပြည့်အဝထည့်လာခဲ့လေ၏။ နေ့စဉ် နံနက်စာနှင့် နေ့လယ်စာအတွက် တွင်းသားတို့မှ ချက်ပြုတ်ပို့ပေးရန် စီစဉ်ခဲ့၏။ တွင်းကိုမူ လက်ထောက်တွင်းဆရာနှင့်လွှဲထားခဲ့ပါသည်။

ဦးအောင်သိန်းသည် ကိုးပါးသီလအား ဆောက်တည်ကာ နေ့စဉ် အရဟံဂုဏ်တော်ပုတီးအား (၉၉)ပတ်စီပ်ရလေ၏။ မြတ်စွာဘုရားအားကြည်ညိုခြင်း၊ တရားဂုဏ်တော်တို့အားကြည်ညိုခြင်း၊ သံဃာဂုဏ်တော်တို့အားကြည်ညိုခြင်း စိတ်တို့ တဖွားဖွားဖြစ်ရ၏။ ထိုအခါ ဘုရားရင်ပြင်တော်၌ မွေးပျံ့သောရနံ့တို့ကိုရတတ်လေ၏။ ငြိမ်းအေးသောပီတိသုခတို့ရတတ်၏။ ထိုအခါဝယ် သြော်-ငြိမ်းအေးလေစွဟု ငြိမ်းအေးသောအရသာကို ခံစားရတတ်ပါသည်။

သို့နှင့်ပင် ကိုးပါးသီလအားကိုးရက်တိတိအဓိဋ္ဌာန်ဝင်၍ပြီးဆုံးသွားခဲ့ပါသည်။ အဓိဋ္ဌာန်ပြည့်၍ ဘုန်းတော်ကြီးအားကန်တော့သောအခါ ဘုန်းတော်ကြီးက -

"ဒကာကြီး၊ ကျောက်ကြီးအောင်ပါလိမ့်မယ်။ သိန်းကြီးကျောက်ဖြစ်ပါလိမ့်မယ်။ ဒကာကြီးတို့မိသားစု မကြာမီအေးချမ်းတဲ့ဘဝရောက်ပါလိမ့်မယ်"

ဟုဆိုရာ -

"ပေးတဲ့ဆုနဲ့ပြည့်ပါစေဘုရား"

ဟုလျှောက်တင်ကာ ဝမ်းမြောက်ဝမ်းသာအိပ်ရာလိပ်ပွေ့၍ပြန်ခဲ့လေတော့၏။

■ ကျောင်းဒကာဦးအောင်သိန်း

ဘုန်းတော်ကြီးဦးရွှေမန်းပြောလိုက်သည့်အတိုင်းပင် မကြာမီပင် ဦးအောင်သိန်း ကျောက်ကြီးကျောက်ကောင်းနိလာကြီးတစ်ပွင့်ရကာ ထိုကျောက်အားရောင်းရာတွင် သိန်းကြီးငွေပမာဏရလိုက်ပေ၏။ တစ်သက်လုံးတွင်းလုပ်လာခဲ့သော ဦးအောင်သိန်းသည် အသက်လေးဆယ်ကျော်ပါမှ ထိုသို့သော

www.burmeseclassic.com

www.burmeseclassic.com

ကျောက်ကြီးကျောက်ကောင်းကိုရဖူးခြင်း ဖြစ်သည်။

ထိုခေတ်သည် ရွှေတစ်ကျပ်သား (၄၀၀၀) ကျပ်အထိတက်နေပြီဖြစ်သော ခေတ်ဖြစ်ပေ၏။ ရွှေတန်ဖိုးလွန်စွာမကြီးသေးရာ ငွေတန်ဖိုးအတော်ကြီးသော ခေတ်ဖြစ်နေသေး၏။ ရွှေနှင့်တွက်သော် ရွှေနှစ်ပိဿာကျော်ကျော်မျှ တန်ဖိုးရသောကျောက်ဖြစ်သည်။

ထိုသို့ရသော် ဦးစွာ ဓာတ်တော်ဘုန်းတော်ကြီးထံအသိပေးလျှောက်ထားလျက် ကုန်းတော်၌ ကျောင်းဆောက်လုပ်လျှဒါန်းခွင့်ပြုပါရန် လျှောက်ထားရာ ကျောင်းဟူ၍ သီးခြားဆောက်မနေဘဲ စေတီတော်ကြီး၏ အနောက်မျက်နှာတွင် ဂူငယ်တစ်လုံးဆောက်လုပ်လျှဒါန်းရန် ခွင့်ပြုလိုက်လေ၏။

ဦးအောင်သိန်းသည် စေတီတော်ကြီး၏အနောက်မျက်နှာနှင့်ဆက်လျက် ဂူငယ်တစ်လုံးနှင့် လမ်းလျှောက်အုတ်စင်္ကြံကို ဆောက်လုပ် လျှဒါန်းပါသည်။ အုတ်စင်္ကြံသည် ပြန့်အဆုံးအထိယူထားပါသည်။ အနောက်ဘက်တွင် ဆင်ခြေလျှောပြန့်တည်ရှိပါသည်။ စင်္ကြံမှာ ဂူအထွက်မှ အနောက်အထိ ပေသုံးဆယ်ကျော်ခန့် ရှည်လျားပါသည်။

ဦးအောင်သိန်းသည် ငွေများမပျောက်ပျက်စေခြင်းငှာ မိုးကုတ်မြို့အရှေ့ပိုင်းရပ်ကွက်၌ နှစ်ထပ်တိုက်အိမ်တစ်လုံးဝယ်ယူကာ မိသားစုများ မြို့သို့ပြောင်းရွှေ့နေထိုင်စေပါသည်။ ပြောင်းပြင်မှအိမ်ကိုမူ ရသည့်ဈေးနှင့် ရောင်းချလိုက်ပါသည်။

ထို့ပြင် ဘုန်းတော်ကြီးဦးရွှေမန်းအား ဆွမ်းမခံစေဘဲ နေ့စဉ် ဦးအောင်သိန်းမှ ဆွမ်းချက်ကာ ဆက်ကပ်လျှဒါန်းပါတော့သည်။ ဦးအောင်သိန်းနှင့်အတူ ကျောင်းအမ ဒေါ်အေးပါယခင် ဦးရွှေမန်းနေထိုင်ခဲ့ရာ ထရံကျောင်းငယ်လေးဌာနေလျက် နေ့စဉ်ချက်ပြုတ်လျှဒါန်းပါသည်။

ထို့နောက်တွင်မူ စေတီတော်ကြီး၏ အရံစေတီတော်တစ်ဆူတည်ခွင့်ပြုရန်လျှောက်ထားရာ စေတီတော်ကြီး၏ ရာဟုထောင့်တွင် စေတီတည်ရန်ခွင့်ပြုသဖြင့် စေတီငယ်တစ်ဆူတည်ပါသည်။ ထိုအချိန်တွင် ဆရာတော်၏ဂုဏ်သတင်းသည် အတော်လေးပင် လွင့်ပျံ့လာပြီဖြစ်သည်။

သို့ကြောင့် မူရင်းဆွမ်းခံရာရွာကျောက်ပြဿဒ်မှ လည်းကောင်း၊ အနီးနားရှိ စေတီတော်အထက်ဘက် သစ်ဆိမ့်ကုန်း၊ စေတီတော်အောက်စခန်းကြီး၊ ကပိုင်ရွာတို့မှလည်းကောင်း၊ အတန်ငယ်အလှမ်းဝေးသော ကျောက်ပြဿဒ် မြောက်ဘက်ရှိ ဆင်ခွာရွာမှလည်းကောင်း လာရောက်ဆည်းကပ်ကြည်ညိုသူ အနည်းအပါးရှိနေပြီ ဖြစ်သည်။

ထိုသို့ လူသူထူထပ်လာသော အခါ ကိုညီနှင့်ကိုညွန့်တင်တို့သည်လည်း ဘုရားကုန်းတော်ပေါ်၌နေရန် မသင့်သဖြင့် ရွာသို့ ပြန်လည်ပြောင်းရွှေ့လာကြပါသည်။ ကိုညွန့်တင်မှာမူ ကျောက်ဖျာဘောလုံးအသင်းနည်းပြလုပ်လျက်ရှိ၏။ ကိုညွန့်တင်သည် ဘောလုံးသမားဟောင်းဖြစ်ရာ ကျွမ်းကျင်သောနည်းပြဖြစ်သည်။ ထိုစဉ်က ကျောက်ဖျာဘောလုံးအသင်းနာမည်ကြီးခဲ့၏။

ချစ်ရွှေမှာမူ ကုန်းတော်၌ ဘုန်းတော်ကြီး၏ဝေယျာဝစ္စအတွက် ကပ်ပါယလုပ်ကာကျန်ခဲ့ပြီး ထိုကုန်းမှပင် တွင်းလိုက်ဆင်းလေ၏။ ထိုအကြောင်းတို့အား ချစ်ရွှေမှ လည်းကောင်း၊ ဖိုးခင်မှ လည်းကောင်း၊ ကိုညီမှ လည်းကောင်း ပြောပြသော်လည်း အကြောင်းမသင့်သဖြင့် ကုန်းတော်ပေါ်သို့ မရောက်ဖြစ်ခဲ့ပါ။

■ လျှပ်စစ်မီးလျှဒါန်းခြင်း

အထက်၌ ကျွန်ုပ်ပြောသကဲ့သို့ ဓာတ်တော်စေတီတော်ကြီး၏ တန်ခိုးကြီးခြင်း၊ ဘုန်းကြီး ဦးရွှေမန်း၏ ထူးခြားမှုရှိခြင်း၊ ကုန်းတော်ပေါ်ရှိ ပရလောကသားများအား မြင်တွေ့ရခြင်း ဟူသော အကြောင်းတို့ ကြားနေရပါသော်လည်း အကြောင်းမသင့်၍ လုံးဝမရောက်ဖြစ်ပါ။ ထိုကုန်းတော်သို့ရောက်လည်း မရောက်ဘူးပါ။

ထိုကုန်းတော်စည်ကားစပြုသော အခါ ကျွန်ုပ်နှင့်ရင်းနှီးပြီးသား မိုးကုတ်မြို့ ရှမ်းတောရပ်မှ ဦးကံလှ၊ ဒေါ်လုံးတင်မိသားစုများသည် ရေအားလျှပ်စစ်တည်ဆောက်လျှဒါန်းရာ ကုန်းတော်ကြီးသည် မီးတထိန်ထိန်ဖြစ်သွားလေတော့၏။

ထိုအကြောင်းအား သူရဇ္ဈမဂ္ဂဇင်း (-) ပြည့်အထူးထုတ်၌ 'အထင်မသေးသင့်သော စွန့်ပစ်ပစ္စည်းများ' ဝတ္ထုဖြင့် ဦးကံလှ၏ အားအင်ကောင်းမွန်ပုံကို ဝိသေသအနေဖြင့် ရေးပြထားခဲ့ပြီးဖြစ်သည်။

ဦးကံလှသည် ကျွန်ုပ်ကို သားလို ချစ်ပါသည်။ သူ့သားကြီး ကိုခင်မောင်ဌေးသည် ကျွန်ုပ်ထက် အနည်းငယ်ကြီးသော်လည်း ရုပ်ရည်တင်၍ ကျန်းမာသည်။ (မိုင်းရှုရတနာမြေတွင်းဝန်းအနီးဌာနေကာ သူတို့ဇနီးမောင်နှံ ကျောက်ကုန်သည်လုပ်ပါသည်။ သို့ကြောင့် ရင်းရင်းနှီးနှီး နီးနီးကပ်ကပ်ပြန်ဆုံရသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်၏) ဦးကံလှသည် တရုတ်လူမျိုးဖြစ်ကာ ဦးနုလိုင်စင်ခေတ် ကျောက်ပြဿဒ်အနီးရှိ လုပ်ခက်အင်းကြီးအား သူဌေးဦးချစ်လှမှ စက်တွင်းလုပ်စဉ် ဦးကံလှသည် စက်ဆရာကြီးဖြစ်သည်။ သို့ကြောင့် ကျောက်ပြဿဒ်၏ အမျိုးအနွယ်လည်းဖြစ်သည်။ ဦးကံလှသည် တရုတ်ဖြစ်သော်လည်း ဘာသာသာသနာကို လွန်စွာကြည်ညိုသူဖြစ်ပြီး စဉ်ဆက်မပြတ် လျှဒါန်းနေသူဖြစ်သည်။ ဦးကံလှသည် ဝပ်ရှော့ထောင်ထားသလို ခဲတင်သောကားများလည်းထောင်ထားရာ စီးပွားရေးအဆင်ပြေသဖြင့် လှူနိုင်တန်းနိုင်ခြင်းဖြစ်သည်။ မိသားစုအားလုံးဖခင်၊ မိခင်တို့နှင့် လိုက်လျောညီထွေစွာပင် အတူတူပူးပေါင်းကူသိုလ်ယူသည်မှာလည်း ဂုဏ်ယူဖွယ်တစ်ရပ် ဖြစ်သည်။ ထိုအချိန်တိုင်အောင်ပင် ကျွန်ုပ်ကုန်းတော်သို့မရောက်ဖြစ်သေးပါ။ ဓာတ်တော်စေတီတော်ကြီးအနီးမှဖြတ်၍ သွားနေရသော်လည်း ကပ်၍ကျော်သွားနေရသဖြင့် ကျွန်ုပ်အဖို့ ကပ်ကျော်စေတီဖြစ်နေခဲ့လေ၏။

■ ညောင်ကိုင်းကြီးကျိုးကျခြင်း

ဓာတ်တော်ကုန်း၏အောက်ခြေရှိကိုအောင်စည်တို့သိုက်တူးခဲ့ရာ ညောင်ပင်ကြီးမြောက်ဘက်၌ သစ်ဆိမ့်ကုန်းရွာနှင့် စခန်းကြီးရွာကူးသော လူသွားလမ်းကလေးရှိ၏။ ထိုလူကူးလမ်းအထက်၌ လူသုံးဖက်စာမျှကြီးသော ညောင်ကိုင်းကြီးသည် အုပ်မိုးလျက်ရှိချေ၏။ လူသုံးရပ်စာမျှအမြင့်တွင် ဖြောင့်တန်းစွာအုပ်မိုးလျက်ရှိသော ထိုညောင်ကိုင်းကြီးသည် တစ်ညတွင်ကျိုးကျကာ လမ်းပိတ်သွားလေ၏။ ထိုလမ်းမှသွားသူတို့သည် ယာယီအားဖြင့် ထိုညောင်ကိုင်းကြီးပေါ်မှ ကျော်ခွသွားကြရ၏။

ဘုန်းတော်ကြီးသည် ဖြောင့်တန်းရှည်လျား၍ ကြီးမားသော ထိုညောင်ကိုင်းကြီးအား ပျဉ်တိုက်၍ ကျောင်းဆောက်မည်ဟုအမိန့်ရှိရာ ကျောင်းဒကာဦးအောင်သိန်းသည် လွှသမားများဌား၍ လွှစင်တင်ကာ ပေပျဉ်များသုံးနှစ်လေးနှစ်ပျဉ်များကို တိုက်ခိုင်းပါသည်။ သုံးဖြတ်ဖြတ်၍ တိုက်ရာ ပျဉ်ချိုးစုံများစွာရလေ၏။

ထိုပျဉ်တို့သည် ညောင်သားများ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည့်အားလျော်စွာ အသားယှက်၍ ရုန်းကန်သဖြင့် ပျဉ်များမတွန့်လိမ် မကောက်ကွေ့စေရန် ကိုညီနှင့်ကိုညွန့်တို့ ထားခဲ့သော သက်ကယ်မိုးတဲထဲ၌စီထပ်၍ထားပါသည်။ ပျဉ်ထမ်းတင်ရန်လူကိုလည်း ဦးအောင်သိန်းမှ ငှားပါသည်။ ထို့နောက် ကိုင်းဖျားကိုင်းနားများအား ထင်းအဖြစ်သုံးရန် ပိုင်းဖြတ်၍ လူငှားဖြင့်ထမ်းတင်လေ၏။

ထိုသို့ ပျဉ်တိုက်ရာတွင် တိုင်အတွက်မပါပါ။ ညောင်သားသည် ပဲ့သဖြင့် ဆွေးလွယ်မည်ဖြစ်ရာ အပေါ်ပျဉ်များသာတိုက်ခြင်းဖြစ်လေ၏။ညောင်ပင်ကြီးကား တစ်ကိုင်းကျိုးကျရုံမျှဖြင့် အလှပျက်မသွားပါ။ စည်ဝေမြေစည်ဝေလျက် လှပဆက်ရှိချေ၏။ အချို့လူတွေကမူ ကျောင်းဆောက်ရန်အတွက် ရုက္ခစိုးကြီးကပေးသည်ဟုဆိုကြ၏။ ထိုညောင်တို့သည် အကိုင်းဖြောင့်မတ်စွာထွက်တတ်ကြပြီး အောက်သို့ မုတ်ဆိတ် (ခေါ်) ညောင်မြစ်များဆင်းကာ မြေမှာကုပ်တွယ်၍ ရေသောက်ကာ ထိုညောင်ကိုင်းကြီးအားထောက်ထားပြီး တဖြည်းဖြည်းကြီးထွားလာ၏။ ထိုသည်ကို ညောင်ခြေထောက်ဟုခေါ်ကြ၏။ ထိုသို့ထောက်ထားခြင်းဖြင့် ညောင်ကိုင်းကြီးများကို ထိန်းခြင်း ဖြစ်သည်။

ထိုညောင်ခြေထောက်စနစ်ဖြင့် ညောင်ကိုင်းများ၊ညောင်ခြေထောက်များ တဖြည်းဖြည်းပွားသွားခြင်းဖြင့် တောင်ကုန်းငယ်တစ်ခုလုံးကို ညောင်ပင်တစ်ပင်တည်းဖြင့်ဖုံးလွှမ်းထားသောတောင်ကုန်းသည် အိန္ဒိယနိုင်ငံ၌ရှိသည်။ ထိုသို့ရှိသည်မှာ ညောင်မုတ်ဆိတ်(ခေါ်)ညောင်မြစ်များအား မဖျက်ဆီး၍ဖြစ်သည်။ မဖျက်ဆီးသော် ခြေထောက်ထောက်၍ သွားသောစနစ်ဖြင့် အကိုင်းများဆင့်ပွားထွက်နိုင်သည်။

ယခုသော် လူသွားလမ်းပေါ် အုပ်မိုးနေသောညောင်ကိုင်းမှ အမြစ်များကျလာသမျှ လမ်းသွားလမ်းလာတို့သည် ဓားဖြင့်အမြဲတောက်ရာ ညောင်မြစ်များသည်မြေသို့မရောက်နိုင်ဘဲ အစဉ်သဖြင့် လေထဲတွင်သာ တိုးလို့တွဲလဲနေရရှာ၏။ ထိုသည်မှာ ကာလရှည်လျားစွာဖြစ်သဖြင့် ခြေထောက်ထောက်ခွင့်မရသော ညောင်ကိုင်းကြီးမှာ ကြာလေကြီးလေကြီးလာပြီး နောင်သော် ဝိတ်မနိုင်တော့သဖြင့် အရင်းမှပဲ့ကျခြင်း ဖြစ်သည်။ သဘာဝအလျောက် ထောက်ခွင့်ရသော် ကျိုးကျစရာအကြောင်းမရှိပေ။

■ ဓာတ်တော်ကုန်းသို့စတင်ရောက်ခဲ့ပြီ

ကျွန်ုပ်တို့ ကျောက်ဖျာရွာလေးဌာ ပြည်ကံမဒေသမှ လာရောက်ကာ တွင်းသားလုပ်၍ ကျောက်ဖျာသူ ဒေါ်ထွေးနှင့် အိမ်ထောင်ကျသော ဦးမြင့်နိုင်ဟူသည်ရှိ၏။ ဦးမြင့်နိုင်သည် ခပ်ညှိညှိခပ်ပုပုဖြစ်ကာ လမ်းသွားသော် ဆောင့်ကြွားဆောင့်ကြွားနှင့်သွား၏။

သူ့ကို ရွာက ဓမ္မတမန်တော်ဟု ခေါ်၏။ အဘယ်ကြောင့်ဆိုသော် သူသည် ရန်ကုန် စမ်းချောင်း ဓမ္မဗျူဟာစာပေတိုက်မှ ထုတ်ဝေသည့် ဓမ္မဗျူဟာစာစောင်အားဖတ်လိုသူ ကျောက်ဖျာ၊ ငွေးပင်၊ သစ်ဆိမ့်ကုန်း၊ စခန်းကြီး၊ ကျောက်ကြမ်းကြီးရွာမှလူတို့အတွက် လစဉ်နှစ်စဉ်မှာကာ အိမ်တိုင်ရာရောက်လိုက်၍ ဝေငှလေ့ရှိသောကြောင့်ဖြစ်ပေ၏။

ဖတ်လိုသူတို့အား တစ်နှစ်စာ ပိုက်ဆံကောက်၍ ဓမ္မဗျူဟာသို့ပို့၏။ ဓမ္မဗျူဟာတိုက်မှ လစဉ်ဂစ်လတစ်ကြိမ် စာအုပ်ထုပ်ကြီးရောက်၏။ ထိုသည်ကို ကျပ်ပြင်စာတိုက်သို့သွားယူ၍ မှာထားသူများထံ ဂမ်းသာအားရလိုက်ပို့ပေး၏။ ဤအလုပ်အား သာမန်လူတို့လုပ်နိုင်ခဲပါသည်။ ထိုသည်မှာ တစ်ရွာနှင့်တစ်ရွာ မနီး၍ဖြစ်သည်။ သို့သော် ဦးမြင့်နိုင်သည် စာအုပ်ထုပ်ကြီးထမ်းကာ ရွာစဉ်လှည့်၍ ပို့ပေးလေ့ရှိ၏။ ဤသည်မှာ ကျေးဇူးတင်ခံချင်၍မဟုတ်ပါ။ဓမ္မစာများဖတ်စေလိုသောစေတနာကြောင့် တရားအသိရှိကြစေရန် ထိုသို့ပြုမူဆောင်ရွက်ခြင်းဖြစ်သည်။ သို့ကြောင့် လူတွေက ဓမ္မတမန်တော်ကြီး ဦးမြင့်နိုင်ဟုခေါ်ကြခြင်းဖြစ်ပေ၏။ အဖြောင့်ဆိုသော် နိဗ္ဗာန်ဆော်ဟုခေါ်ရပေမည်။

ကျွန်ုပ်နေသော ကိုကျော်တင်၏ မိခင် ဖွားငြိမ်းသည် လစဉ် ဓမ္မဗျူဟာစာစောင်ယူရာ စာတည်း ဒေါ်သူဇာမြင့်ထုတ်ဝေသော ဓမ္မဗျူဟာစာစောင်ကို လစဉ်ဖတ်ခွင့်ရခဲ့ပါသည်။ စာသမားကျွန်ုပ်သည် ဦးမြင့်နိုင်၏ စေတနာကို လွန်စွာလေးစား၍ လိုက်လဲ့စွာကျေးဇူးတင်ပါသည်။ တစ်ရာတစ်ယောက်လုပ်နိုင်ခဲသောအလုပ်ကို နှစ်ရှည်လများလုပ်ကိုင်နေပေရာ မချီးကျူးဘဲမနေနိုင်ပေ။ ကျွန်ုပ်သည် နှုတ်ဖွင့်၍ အကြိမ်ကြိမ် ချီးကျူးခဲ့ဖူး၏။

တစ်နေ့၌ ဦးမြင့်နိုင်နှင့် ရွာလယ်၌ ဆုံသော် စကားစမြည်ပြောဖြစ်၏။

"မောင်ကျော်စိုး၊ မင်းဓာတ်တော် ဘုန်းကြီးဦးရွှေမန်းအကြောင်းကြားတယ် မဟုတ်လား"

"ကြားတာပေါ့ဗျာ။ ကိုညီတို့၊ ချစ်ရွှေတို့၊ ဖိုးခင်တို့ပြောပြကြတယ်လေ"

"မင်းကမသွားဘူးလား"

"ဟင့်အင်း၊ ကျွန်တော် တစ်ခါမှ မရောက်ဖူးဘူး ဦးမြင့်နိုင်ရေ။ အနားကသာဖြတ်ဖြတ်သွားနေတာ ကုန်းပေါ် တစ်ခါမှမရောက်ဖြစ်ဘူး"

"မင်းကွာ လမ်းကြုံပါလျက်နဲ့အံ့သြပါတယ်။ ငါကျတော့ တကူးတကသွားရမှာမို့ မရောက်တာကွ။ အဲဒီ ဘုန်းကြီးကို သိုက်နန်းရှင်တွေက ညှာလာပြီး ကန်တော့တယ်လို့ပြောကြတယ်။ ငါ အဲဒါ စိတ်ဝင်စားနေတာ။ မင်းနဲ့ငါသွားကြစို့လား"

"ကောင်းသားပဲ၊ သွားကြတာပေါ့။ ကြားနေတာကြာပြီ။ အဖော်မရှိတာနဲ့ မရောက်တာ။ ဘယ်အချိန်သွားမလဲ"

"မိုးချုပ်တာနဲ့သွားကြတာပေါ့ကွာ။ ဗဟုသုတပေါ့ ဟုတ်ဖူးလား"

"ဟုတ်ပါတယ်ဗျာ ဟုတ်ပါတယ်၊ သွားကြတာပေါ့"

ဟု ဝန်ခံကတိပြုလိုက်ပါသည်။

ညနေသည် တောင်တန်းဒေသဖြစ်ရာ ဆောင်းရာသီမို့ နေဝင်စောပါသည်။ ည (၇) နာရီခန့်တွင်မှ ကျွန်ုပ်နှင့် ဦးမြင့်နိုင်တို့ ဓာတ်မီးကိုယ်စီဖြင့် လာခဲ့ကြသည်။ လမ်းသည် လူသွားလမ်းမျှသာရှိပြီး တောအတိပြီးသဖြင့် လမိုက်ရက်၏သတ္တိကြောင့် မှောင်ပိတ်၍နေ၏။ ဤလမ်းကလေးသည် တွင်းသွားလမ်းလည်းဟုတ်၏။ သစ်ဆိမ့်ကုန်း၊ ဓာတ်တော်၊ စခန်းကြီးသို့သွားရာလည်းဟုတ်၏။ နာရီဝက်ကျော်ကျော်သွားသော် လျှပ်စစ်မီးတို့ဖြင့်ထိန်နေသော ဓာတ်တော်ကုန်းသို့ရောက်ပါသည်။ ဤသည်မှာ ကုန်းတော်ပေါ်သို့ ပထမဆုံးအကြိမ်ခြေချမိခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ဦးစွာ ဓာတ်တော်စေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုန်းတော်ကြီးဦးရွှေမန်း သီတင်းသုံးရာဂူဆီသို့လာကြပါသည်။ အထဲ၌ယောက်ျားသုံးဦးကို တွေ့ရပါသည်။ ဘုန်းတော်ကြီးနှင့် စကားစမြည်ပြောဆိုနေခြင်းဖြစ်သည်။

ကျွန်ုပ်တို့ကိုမြင်သော် -

"လာကြဗျာ၊ လာကြ"

ဟု ခရီးဦးကြိုပြုပါသည်။

ဝတ်ပြုပြီးသော် ဘုန်းတော်ကြီး

က -

www.burmeseclassic.com

www.burmeseclassic.com

"ဒကာတို့ဘယ်ရွာကတုံး"

ဟုမေးသဖြင့် ကျွန်ုပ်က -

"ကျောက်ဖျာရွာကပါ ဘုရား၊ တပည့်တော်က ကျော်စိုးပါဘုရား။ ဟောဒါက ဦးမြင့်နိုင်ပါဘုရား"

ဟု လျှောက်ထား၍ မိတ်ဆက်ရ၏။

ထိုအခါတွင် -

"ကျုပ်က သစ်ဆီမှ်ကုန်းက ကြည်အောင်ပါ။ ဟောဒါက ကျောင်းဒကာ ဦးအောင်သိန်းပါ။ ဟောဒါက ဆင်ခွာရွာက ကိုမျိုးပါ"

ဟူ၍ မိတ်ဆက်၍ စကားစမြည်ပြောကြရင်း ခင်မင်ရင်းနှီးသွားကြပါသည်။ ဘဝရေစက်ဟုဆိုရလေမလား မသိ။ ထိုပုဂ္ဂိုလ်တို့အား မြင်မြင်ချင်းပင် ရင်းရင်းနှီးနှီး ခင်မင်စိတ်ဝင်သွားခဲ့ပါသည်။

"ဒါထက် ဦးကြည်အောင် ချစ်ရွှေကြီးကောမမြင်ပါလား"

"ရှိပါတယ်ဗျာ၊ ဟိုဘက်ကျောင်းလေးပေါ်မှာပါ။ ကျောင်းအမနဲ့ စကားပြောနေတာနေမှာပေါ့။ ဒီမှာကလက်တိုလက်တောင်းဆိုရင် သူပဲအားကိုးနေရတာ။ လျှပ်စစ်မီးက ည (၉) နာရီမှာပိတ်တယ်လေ။ အဲဒါ လျှပ်စစ်ရေကန်ကဟိုးမြောက်ဘက်ကုန်းစောင်းမှာဆိုတော့ အတော်ဝေးတယ်။ အဲဒါ သူပဲအမြဲဖွင့်ခိုင်းပိတ်ခိုင်းလုပ်နေရတာ။ လူငယ်ဆိုတော့ ပေါ့ပေါ့ပါးပါးနဲ့ သွားနိုင်လာနိုင်တာပေါ့ဗျာ"

ဟု ပြောပြပါသည်။

ထိုသို့ စကားစမြည်ထိုင်ပြောကြရင်း အချိန်သည် ည (၉) နာရီတိုင်ပြီဖြစ်၍ ကုန်းတော်တစ်ခုလုံး မှောင်အတိကျသွားခဲ့လေ၏။ ကျွန်ုပ်တို့သည်လည်း ဘုန်းတော်ကြီးထံမှ အလိုက်တသိ ဦးချကာထွက်ခဲ့ကြတော့၏။ ဂူထဲရှိ ရုပ်ပွားတော်တွင် ဖယောင်းတိုင်ထွန်းညှိပူဇော်ထားကာ ဂူတံခါးလည်းပိတ်သွားခဲ့ပြီဖြစ်သည်။

ဆင်ခွာမှ ကိုမျိုးသည် ဆိုင်ကယ်ဖြင့် ဆင်ခွာသို့ပြန်သွားခဲ့သည်။ ဦးကြည်အောင်ကား ခဏသွားရုံဖြင့် သစ်ဆီမှ်ကုန်းသို့ ရောက်နိုင်ပါသည်။ ကျွန်ုပ်နှင့် ဦးမြင့်နိုင်ကိုမူ ကျောင်းဒကာဦးအောင်သိန်းက ကျောင်းလေးထဲခေါ်၍ ရေနွေးကြမ်းဖြင့်ဧည့်ခံကာ စကားပြောသည်။ ကျွန်ုပ်ကား ဓာတ်တော်ကုန်းသို့ စတင်ခြေချမိပြီ ဖြစ်သည်။

■ **သိုက်နန်းရှင်ကို စတင်မြင်ရခြင်း**

ကျောင်းအမ ဒေါ်အေးအား ကျောင်းလေးထဲ၌ စတင်မြင်ဖူးခြင်း ဖြစ်သည်။ အသားနည်းနည်းညိုဇင်။ မျက်လုံးနည်းနည်းပြူး၏။ သွားအနည်းငယ်ခေါ်သယောင်ရှိကာ သွားအနည်းငယ်ပေါ်နေ၏။ အရုပ်ဆိုးသူမဟုတ်သလို လှသည်ဟုလည်းမဆိုနိုင်ပါ။ မျက်နှာဝိုင်းဝိုင်းနှင့် သဘောမနောတော့ကောင်းဟန်ရှိပါသည်။

ဤတွင် ဦးမြင့်နိုင်က သူ၏လာရင်းကိစ္စကို ပြောပြပါသည်။

"ဒီလို ဦးအောင်သိန်းရဲ့၊ ဘုန်းကြီးကိုတော့ တွေ့ဖူးမြင်ဖူးတာကြာပါပြီ။ ခုလည်း ဖူးတွေ့ခဲ့ရပါပြီ။ ကျုပ်တို့တွေ့ချင်မြင်ချင်တာက ဒီကုန်းတော်ကြီးမှာသွားလာနေထိုင်ကြတဲ့ ရုက္ခစိုးတွေ၊ သိုက်နန်းရှင်တွေကိုပါပဲ။ ဦးအောင်သိန်းတို့ကတော့ မြင်တွေ့နေကျရမှာပါ"

ဤတွင် ကျောင်းအမဒေါ်အေးက ဝင်ပြော၏။

"ဟုတ်ကဲ့ - ကျွန်မတို့မြင်နေတွေ့နေကျမို့ အဆန်းမဟုတ်တော့ပါဘူး။ သို့သော်လည်း ကျွန်မတို့နဲ့ အနေဝေးပါတယ်။ ခုလိုညတွေမှာ ဘုန်းတော်ကြီးကို လာကန်တော့တာတွေ ကြုံဖူးပါတယ်။ စောင့်နိုင်မယ်ဆိုရင် သူတို့လာတာတွေ့ရင်တွေ့နိုင်ပါတယ်။ ဟောဒီတည်လက်စရာဟူထောင့်စေတီတော်အောက်ဌာပနာတိုက်နေရာက စောင့်ကြည့်ရင်တော့ နီးနီးကပ်ကပ် မြင်တွေ့နိုင်ပါတယ်။ ဆေးလိပ်မသောက်၊ စကားမပြောဘဲ ငြိမ်ငြိမ်လေးစောင့်ကြည့်နေပါ။ ကဲကောင်းရင်တော့ မြင်တွေ့ရမှာပါ"

ဟု ညွှန်သဖြင့် ကျွန်ုပ်နှင့်ဦးမြင့်နိုင်တို့သည် ကျောင်းလေး၏အနောက်ဘက်ရှိ မပြီးသေးသောစေတီတော်လေးပေါ်တက်ခဲ့ကြ၏။ စေတီတော်မှာ ရင်စို့သာသာမျှသာပြီးသေးပြီး အလယ်၌အောက်ဌာပနာများထည့်သွင်းရန် အုတ်ကန်ငယ်လေးထောင့်ပုံလေးပြုလုပ်ထား၏။ ထိုလေးထောင့်ကန်လေးထဲသို့ ကျွန်ုပ်တို့နှစ်ယောက်ဝင်၍ထိုင်ကာ သုံးလမျှသာဝေးသော ဂူဝစကြံသို့ကြည့်နေကြလေ၏။ ညမိုက်ရက်မို့ ညသည် မှောင်ပိန်းလျက်ရှိကာ ကြယ်ရောင်မျှသာပျပျအလင်းရှိလေ၏။ ကြားတွင် အတားအဆီးမရှိဟာလာဟင်းလင်းဖြစ်ရာအုတ်စကြံလမ်းကို မြင်နေရပါသည်။

ရံဖန်ရံခါ ညတွင်မောင်းသောကုန်ကားတို့၏ မီးရောင်သည် အတန်ကြာမျှ ကုန်းပေါ်၌ ထိန်လင်းသွားတတ်ပြီး သဲသဲကွဲကွဲမြင်ရတတ်သည်။ အတက်ကားကြီးများသည် တရွေ့ရွေ့သာတက်နိုင်ကြ၍ဖြစ်သည်။ ကုန်းတော်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

ကျွန်ုပ်တို့၏မျက်စိသည် ဂူဝရှေ့ရှိစကြံလမ်းမှလုံးဝမခွာကြပါ။ ပရလောကသားဖြစ်သော သိုက်နန်းရှင်သည် အချိန်မရွေးရောက်လာနိုင်ပေရာ ငေးမောနေ၍မရပါ။ တော်ပေသေး၏။ ဆောင်းရာသီမို့ခြင်မကိုက်ခြင်းဖြစ်သည်။ စောင့်ရသည်မှာ နာရီဝက်ပင်ကျော်လာခဲ့ပြီဖြစ်သည်။

ထိုသို့ စကြံသို့ အာရုံစိုက်နေစဉ်မှာပင် စကြံအနောက်ဖျား ဖြူဖွေးသောအရာဝတ္ထုတစ်ခုသည် အမှောင်ကိုခွင်းလျှက်ပေါ်ထွက်လာလေ၏။ ဦးမြင့်နိုင်သည် ချက်ချင်း ကျွန်ုပ်ကိုလက်ကုတ်၍သင်္ကေတပြုသည်။ အဖြူနှင့်အမည်းကားဆန့်ကျင်ဘက်ဖြစ်ရာ အမှောင်အတွင်းထင်လင်းစွာမြင်နေရလေ၏။ ထိုဖြူဖြူသဏ္ဌာန်သည် မတ်တတ်ရပ်လူပုံဖြစ်ကာ သူ၏ဖြူဖြူဝတ်ရုံထည်သည် လေ၌တဖျတ်ဖျတ်ခတ်နေ၏။ အလွန်ပါးလျသောဝတ်ရုံဟု မှတ်ယူရပါသည်။

မတ်တတ်ရပ်ရှိခိုးနေပုံအနေအထားမှ သိမ်မွေ့စွာ ရှေ့သို့ငိုက်၍ရှိခိုးကာ စကြံအတိုင်း ရှေ့သို့တရွေ့ရွေ့လျှောက်လာပါသည်။ သူ၏ဝတ်ရုံဖြူအစသည် လေတွင် တဖျတ်ဖျတ်လွင့်နေသည်မှာ အတော်လေးပင်ကြည့်ကောင်းလှပေ၏။ ကျွန်ုပ်တို့သည် မျက်တောင်မခတ်ကြည့်နေကြပါသည်။ အရုပ်အမောင်းခပ်မြင့်မြင့်ဖြစ်ရာ မားမားကြီးဖြစ်သည်။ ဂူဝရောက်သော် ရှေ့တိုးနောက်ဆုတ်ဦးသုံးကြိမ်သိမ်မွေ့စွာတိုက်လျက် ဂူတံခါးတွန်းဖွင့်ကာ အထဲသို့ဝင်သွားပါတော့သည်။ အတန်ကြာစောင့်ကြည့်၍ ပြန်ပေါ်မလာသောအခါ ကျွန်ုပ်တို့သည် စေတီဌာပနာခွက်ကလေးထဲမှထွက်၍ ခြေသံမကြားအောင် ဂူအနားသွားကာ အထဲသို့ချောင်းကြည့်ကြပါသည်။ တံခါးမှာ အနည်းငယ်ဟနေသဖြင့် အထဲကို မြင်ရပါသည်။

တွင်းသုံးဖယောင်းတိုင်အတုတ်ကြီး ဘုရားမီးထွန်းထားရာ နှစ်နာရီကြာခံသဖြင့် အထဲတွင်လင်းရှင်းနေပါသည်။ ဘုန်းတော်ကြီးကား ဘုရားကိုမျက်နှာမူလျက် တရားထိုင်နေ၏။ တံခါးဘေးနှင့်တွင်မူ ကျိုကျိုထိုင်နေသော ဝတ်ရုံဖြူဝတ်မိန်းကလေးက ထိုင်နေလေ၏။ မလှုပ်မယှက်ငြိမ်သက်စွာထိုင်နေကြရာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှင့် ဦးမြင့်နိုင်သည် မြင်လို သည်ကိုမြင်ရပြီးဖြစ်ရာ ဦးအောင်သိန်း တို့ကိုနှုတ်ဆက်၍ ပြန်ခဲ့ကြလေ၏။ လမ်းရောက်သော် ဦးမြင့်နိုင်က ပုဆိုးကို စလွယ်သိုင်းလိုက်ပါသည်။ ထိုအခါတွင်မှ အအေးဒဏ်ခံနိုင်ရန် အထဲ၌ တက် ထရက်ဘောင်းဘီရှည်ဝတ်လာခဲ့မှန်းသိ ရလေ၏။ ကျွန်ုပ်သည် သူ့ကိုကြည့်၍ သဘောကျကာ ပြုံးမိပါတော့သည်။

■ ဘုန်းတော်ကြီး၏တပည့်များ

ရဟန်းတစ်ပါးအား လူတို့ကြည် ညိုသည်ထက် ရဟန်းအချင်းချင်းကြည် ညိုသည်ကမြတ်၏။ ရဟန်းအချင်းချင်း ကြည်ညိုသည်ထက် နတ်တို့ကြည်ညို သော် ပို၍မြတ်၏။ ရဟန်းတစ်ပါးအား နတ်တို့ဆည်းကပ်ကိုးကွယ်ရန်မှာ လွန်စွာ ခက်ခဲလှပါသည်။ နတ်တို့ဆည်းကပ် ကိုးကွယ်သည်ဟူ၍ သတင်းကြီးလျက်ရှိ သော ဓာတ်တော်ဘုန်းကြီးဦးရွှေမန်းကား ကျွန်ုပ်ရောက်သွားခိုန်ဝယ် ဆည်းကပ် ကိုးကွယ်သူတို့နှင့် ပြည့်လျက်ရှိသည်။

နာနာဘာဝ (ခေါ်) သိုက်နန်းရှင် တို့ကိုတွေ့လိုမြင်လို၍ ညတွင်လာ ရောက်စောင့်ဆိုင်းကြသူတို့လည်း အများအပြားရှိသည်။ သို့သော် အခါခါ လာ၍ကြည့်ပါသော်လည်း မမြင်တွေ့ရ သဖြင့် လက်လန်သွားသူတို့မှာလည်း အများအပြားရှိကြသည်။ ဘုန်းတော်ကြီး ကိုကြည်ညိုသူ အနည်းစုသာအမာခံ ကျန်ရစ်ပါသည်။

ထိုအမာခံတို့အထဲတွင် ကျောက် ပြဿဒ်မှ ဦးထွန်းဝင်း၊ ဒေါ်ခင်ကြည်တို့ မိသားစုလည်းပါ၏။ ဦးထွန်းဝင်းသည် ဦးနုလိုင်စင်ခေတ်တွင် (၆) သိန်းတန် ကျောက်ကြောကြီးအား သူရိန်တောင် ပေါ်တော်မူလုပ်ကွက်မှပေါက်ခဲ့ဖူးသူဖြစ် သည်။ ထိုခေတ် ရန်ကုန်သတင်းစာ၌ ကြွားကြွားဝံ့ဝံ့ပါခဲ့ဖူး၏။ သူတို့သည် ကိုညီတို့၏ တဲဟောင်းမျဉ်ပုံပေါ်တွင် စတည်းချကာ ညဉ့်အိပ်ညနေလာတတ် ကြ၏။

ချစ်ရွှေသည်လည်း ထိုတဲ၌ပင်နေ ထိုင်လျက်ရှိရာ အဆင်ပြေပါဘည်။ ချစ်ရွှေသည် ညတိုင်း စေတီတော်ကြီး၌ အရှေ့ဘက်ရင်ပြင်၌ အဓိဋ္ဌာန်ပုတီးစိပ် လျက်ရှိသည်။ ညတိုင်သော် စေတီတော် ကြီး၏ရင်ပြင်၌ ပုတီးစိပ်သူတို့ရှိနေကြပါ သည်။ သစ်ဆိမ့်ကုန်း၊ စခန်းကြီး၊ ကပိုင်၊ ကျောက်ပြဿဒ်တို့မှ အစဉ်အမြဲလာ ရောက် ဆည်းကပ်သူတို့ရှိရာ ကုန်းတော်၌ အမြဲဆုံးပုဂ္ဂိုလ်ကား သစ်ဆိမ့်ကုန်းမှ ကိုကြည်အောင်ဖြစ်သည်။

ကျွန်ုပ်သည်ကား ထိုအချိန်ဝယ် ကိုဘစိုးနှင့် တွင်းအတူတူလုပ်နေရာ ကိုဘစိုး၏ ဘုန်းကံကိုမှီ၍ သွားလေရာ အဆင်ပြေနေချိန်ဖြစ်၍ လှူနိုင်တန်းနိုင် သောအခြေအနေ၌ရှိလေ၏။ ကိုဘစိုး နှင့်မတင်ကြည်တို့သည် ရှေးက ကျောက် ဖျာရွာကျောင်း၌ ဇရပ်လှူခဲ့သော ဘိုးဇရပ် ဘွားဇရပ်ဖြစ်ခဲ့ရာ ဇနီးမောင်နှံနှစ်ဦးစလုံး သွားလေရာ အဆင်ပြေကြလေ၏။ မတင်ကြည်ကား နာမည်ကြီး ကျောက် ကုန်သည်ဖြစ်သည်။ သို့ကြောင့် ပေး မကုန်လှူမခန်းဖြစ်ကာ ကျောက်ဖျာတွင် အကြွယ်ဝဆုံးဟု ဆိုနိုင်ပေ၏။

များမကြာမီပင် ကျွန်ုပ်သည် သီးခြားတွင်းတစ်တွင်းထောင်ရန် ချစ်ရွှေ အား တွင်းဆရာအဖြစ် စရိတ်ထောက်ပံ့ ကာ ကျွန်ုပ်၏တွင်းသား မောင်ခင် မောင်ဝင်းနှင့် မျိုးဇော်တို့ကိုထည့်ပေး လိုက်ပါသည်။ ချစ်ရွှေသည် ဓာတ်တော် ၌နေကာ သရက်ပင်ပြန့်အထက်ဘက် ကွက်ရပ်၌ ဖောက်တွင်းလုပ်ကြပါသည်။

ညနေစာစားပြီးသည်နှင့် ကျွန်ုပ် သည် ကျွန်ုပ်၏တပည့်ခင်မောင်ဝင်းကို ခေါ်ကာ ဓာတ်တော်သို့သွား၍ ပုတီးစိပ် လေ့ရှိပါသည်။ ပုတီးစိပ်ပြီးသော် ဘုန်း တော်ကြီးအားဝင်ဖူးကာ ပြန်လေ့ရှိ၏။ ထိုခရီးသည် နီးနီးမဟုတ်ပါ။ အတက် အဆင်းတို့ဖြင့်ပြီးသောတောလမ်းဖြစ်ရာ အတော်အတန်စေတနာသဒ္ဓါတဲ့ရား ဖြင့် သွားနိုင်ရန်မလွယ်ကူသောညခရီးဖြစ်ပေ ၏။

■ ဦးအောင်သိန်းမှချီးကျူးခြင်း

"ကိုကျော်စိုးရေ၊ ကျုပ်က ဒီဘုန်း တော်ကြီးနဲ့မတွေ့ခင်အထိ အမြဲအရက် သောက်တတ်တယ်။ ခုမှပြတ်သွားတာ။ ကဲကျုပ်တို့က အရက်ကြိုက်၊ ဖဲကြိုက်နဲ့ အစုံကြိုက်ကြတဲ့လူတွေထဲမှာပါတယ်။ ခင်ဗျားကျတော့ဗျာ လူတကာကြိုက်၊ ကျုပ်လည်း လက်ကမချနိုင်အောင် ကြိုက်တဲ့ဆေးလိပ်တောင်မကြိုက်တဲ့လူ ဆိုတော့ တကယ်ဆို ခင်ဗျားက လူဘုန်း ကြီးပဲဗျ။ သက်နံ့ဝတ်မထားတာဘဲရှိ တယ်"

ဟု ချီးကျူးပါသည်။

ထိုအခါ ကျွန်ုပ်က -

"ဒီလိုရှိတယ် ဦးအောင်သိန်းရဲ့၊ ကျွန်တော်ကဖျင်းမနားသားပါ။ကျောက် တူးချင်လွန်းလို့ မိုးကုတ်ကိုစွန့်စားပြီး ရောက်လာရတာပါ။ မိုးကုတ်မြို့မှာရော ကျောက်ဖျာမှာပါ ဆွေမျိုးဆိုတာမရှိပါ ဘူး။ ဖွားငြိမ်းရဲ့သားတွေဖြစ်တဲ့ ကိုကျော် တင်တို့၊ ကိုဘစိုးတို့ကို ဆွေမျိုးလုပ်ပြီး တွယ်ကပ်နေရတာပါ။ တကယ်တော့ ကျွန်တော်က တစ်ကောင်ကြွက်လေ ဦးအောင်သိန်းရဲ့။ တစ်ကောင်ကြွက်ဆို တော့ ကိုယ့်ကိုယ်ကိုယ်အရာရာကိုသတိ နဲ့ထိန်းချုပ်ရတယ်ဗျ။ အရက်ကြိုက်ပါပြီ တဲ့။ အလုပ်အဆင်မပြေရင် ဘယ်သူက အရက်တိုက်မလဲ။ ဘယ်သူက ဆေးလိပ် တို့ကွမ်းတို့ကူညီမလဲ။ရှိနေရင်အကြောင်း မဟုတ်ပေမယ့် မရှိတဲ့အခါ ဘယ်လိုလုပ် မလဲ။ လူဆိုတာ အဲဒီအပိုအလုပ်တွေကို အကူအညီတောင်းရင် တစ်ခါတော့ရ မယ်။ နှစ်ခါဆိုရင်တော့ လက်လန်သွား မှာပဲ။ အဲဒါကြောင့် ဆေးလိပ်၊ ကွမ်း၊ အရက်၊ လောင်းကစား စတာတွေကို ကျွန်တော့်အသိနဲ့ ထိန်းချုပ်ထားတယ်။ ကျွန်တော့်ဘဝက ထမင်းနဲ့ရေရှိရင်ပြည့်စုံ တယ်။ ဘာမှကိုမတောင့်တတာ။ ရဟန်း အပြောနဲ့ပြောရရင် ပလိဟေဓငြိမ်းတော့ ချမ်းသာတယ်ပေါ့ဗျာ။ အခုဆို ကျွန်တော် တို့ ကျောက်ဖျာမှာ ဘောလုံးအသင်း ထောင်ပြီး ဘောလုံးရွှေးရွှေးနေကြတယ်။ သူကြီးနဲ့ရွာလူကြီးတွေကလည်း နောက် ကနေ ပံ့ပိုးပေးနေကြတယ်။ အဲဒီမှာ ဒီဓာတ်တော်ကုန်းမှာနေသွားတဲ့ ကိုညွန့် တင်က နည်းပြဆိုတော့ ကျွန်တော့် အရွယ်၊ ကျွန်တော့်အရပ်အမောင်းကို ကြိုက်တယ်။ အဲဒီတော့ ဘောလုံးကန်ဖို့ မကြာခဏပြောတယ်။ ခက်တာက ကျွန် တော်ရဲ့ဗီဇကိုက ဝါသနာမပါတာရယ် နောက်ပြီးတော့ တစ်ကိုယ်တော် ကျွန် တော်ဘောလုံးကန်လို့ ခြေကျိုးသွားပါပြီ တဲ့၊ ဒဏ်ရာအနာတရဖြစ်သွားပါပြီတဲ့ ဘယ်သူကဆေးလာကုပေးမှာလဲ၊ ဘယ် သူကပြုစုယုယမှာလဲ။ ဘယ်သူက အကူ အညီပေးမှာလဲ။ ကိုယ်ဖြစ်ကိုယ်ခံရမှာ လေ။ တွင်းသမားဆိုတာ တွင်းဆင်း နေနိုင်မှ တော်ရုံကျတာ။ အဲဒါကြောင့် ဘယ်လောက်ဘဲခေါ်ခေါ် ကျွန်တော် ဘောလုံးမကန်ပါဘူး။ကန်လည်းအဖြစ် ရှိမယ်မထင်ပါဘူး။ အဲဒီတော့ ဘောလုံး ကန်တဲ့အခါ နောက်ကလိုက်ပြီး ကိုယ် တတ်နိုင်တဲ့ သံပရာသီးစိပ်တို့၊ ရေတို့ကို လိုက်အကူအညီပေးတယ်။ ဆေးလိပ်၊ ကွမ်း၊ အရက်၊ ဘိန်း၊ လောင်းကစား စတဲ့ မကောင်းမှုဆိုတာတွေဟာ အကျင့်လုပ် ရင် ဘယ်သူမဆိုကြိုက်သွားကြတာပါ။ ဒါကို အသိသတိနဲ့ကိုယ့်ကိုယ်ကိုယ်ဆုံးမ

www.burmeseclassic.com

www.burmeseclassic.com

ကုန်းတော်ပေါ်၌ သစ်ပင်ဝါးပင်၊ ချုပင်၊ မြက်ပင်၊ သီးပင်၊ စားပင်၊ စိုက်ပျိုးစရွက်လှုပန်းပင်များမှလွဲ၍ ဘာပန်းပင်မှ မရှိပါ။ ထို့ပြင် ရာသီပန်းအဖြစ် မြတ်လေးနှင့် စွယ်တော်ကား တပေါင်းလတွင်မှပွင့်ပါသည်။ စွယ်တော်ကား အရွက်နှစ်ခွနှင့် နှစ်လွှာပေါင်းမှ တစ်ရွက်ဟူသော စွယ်တော်မဟုတ်ပါ။ ကျောက်တောင်ကျောက်ဆောင်ပေါများရာအရပ်၌သာပေါက်လေ့ရှိသောနွယ်ပင်ဖြစ်ပြီး သူ၏အပွင့်သည် ဆင်စွယ်သဏ္ဌာန်အပွင့်ဖြူဖြူရှည်ရှည်နှစ်ပွင့်ဆိုင်ပွင့်လေ့ရှိပြီး လှပ၍မွှေးပျံ့ပါသည်။ ထို့အတူပင် မြတ်လေးပန်းပင်သည်လည်း နွယ်ပင်မျိုးဖြစ်ကာ အပွင့်ဖြူဖြူများအဆုပ်လိုက်ပွင့်ကြရာ အလွန်ပင်လှပမွှေးကြိုင်သောပန်း ဖြစ်သည်။ မြတ်လေးနှင့်စွယ်တော်တို့၏ရနံ့ကားမရှိင်းပါ။ နှစ်လိုဖွယ်သောရနံ့တို့ ဖြစ်သည်။

ထိုမြတ်လေးပန်းရုံကြီးပွင့်တိုင်း ဘုရားလှူရန်တက်ခူးနေကျမို့ ကျွန်ုပ်နှင့် မြတ်လေးရနံ့ကား ယဉ်ပါးနေခြင်းဖြစ်၏။ ထိုယဉ်ပါးနေသော မြတ်လေးပန်းရနံ့သည် ပုတီးစိပ်စဉ်ကာလအတန်ကြာမွှေးထုံ၍နေ၏။

ထိုအခါတွင် သိုက်နန်းရှင်မှ သိုက်နန်းရှင်အစ်မတစ်ဦးဦး စေတီတော်ရင်ပြင်၌ရောက်နေ၍ သာမွှေးခြင်းဖြစ်မည်ဟုယူလျက် ပီတိဆောမနဿစိတ်ဖြစ်ကာဝမ်းသာကြည်နူးရပါသည်။သို့မဟုတ်ပါကလည်း စိတ်ကြည်နူးစေရန် ရနံ့ပေးခြင်းလည်းဖြစ်နိုင်၏။ မည်သို့ဆိုစေ ပန်းထူးပန်းမြတ်၏ရနံ့ကား ရင်ကိုအေးစေသည်မှာ အမှန်ဖြစ်ပါသည်။

တစ်ခါတွင်မူ စေတီတော်ရင်ပြင်၌ လူများသဖြင့် ဆိတ်ကွယ်၍ မှောင်မည်းနေသောကုန်းတော်ရှိ ညောင်ပင်ကြီး၏ အမြစ်ပါးပျဉ်းကြားတွင်ဝင်ကာ စောင်ခေါင်းမြီးခြုံ၍ အရဟံဂုဏ်တော်ပွားများနေပါသည်။ မြောက်ဘက်မျက်နှာစာကား လူမြင်ကွင်းဖြစ်ပြီး ကားထားရာကွင်းဖြစ်သည်။ တောင်ဘက်မျက်နှာစာမှာမူ တောနှင့်စပ်လျက်မှောင်အတိပြီးသဖြင့် လူသူကင်းဆိတ်လေ၏။

ထိုအချိန်သည် ကုန်းတော်ရှိပရလောကသားများအား စိုးစဉ်းမျှ မကြောက်ပါ။ ဘုန်းတော်ကြီး၏လုပ်သည့် သာဝကသားအချင်းချင်းဟု ယောယှဉ်ကြည်လျက်ရှိသောကြောင့်ဖြစ်ပေ၏။

ထိုသို့ အရဟံဂုဏ်တော်ပွားများ လိုရှိ၍၊ ကျောက်ကြီးကျောက်ကောင်းရလို၍စိပ်ခြင်းမဟုတ်ပါ။ ဘုရားတရားသံဃာတော်အပေါ်၌ ကြည်ညိုရှိ၍လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနှင့် ဂုဏ်တော်ပွားများသင့်သည်ဟု ယူဆ၍လည်းကောင်း ယူဆ၍စိပ်ခြင်းဖြစ်သည်။ ချမ်းသာခြင်း၊ ဆင်းရဲခြင်း ဟူသည် မိမိအတိတ်ကပြုခဲ့သော ဒါန၏အကြောင်းဖြစ်ပါသည်။ ဒါနပါရမီမပါသော် မည်မျှသမထ၊ ဘာဝနာလုပ်လုပ် ကိုယ်နှင့်စိတ်သာချမ်းသာပါမည်။ စီးပွားဥစ္စာကားချမ်းသာရန်မလွယ်ပါ။ ဘာသာသဘောသိနေသောကျွန်ုပ်သည် စီးပွားအတွက် ဟူ၍လုံးဝမရည်ရွယ်ပါ။ သမထကုသိုလ်ပြုခြင်းဟုသာမှတ်ယူပါသည်။ ထို့ကြောင့် ငယ်စဉ်မှသည် ယခုအထိတိုင် တစ်နေ့တာအတွက် သမထကုသိုလ်ယူသောအားဖြင့် ပရိတ်ပဌာန်းစသည်များရွတ်နေဆဲ ဖြစ်သည်။ စိတ်ကား အလွန်ချမ်းသာ၏။ ဒါနပါရမီနည်းသဖြင့် ပစ္စည်းဥစ္စာကား မချမ်းသာပါ။

ဝါတွင်းကာလ၌ ကျွန်ုပ်အရှေ့ဘက်မျက်နှာ၌ ပုတီးစိပ်လျက်ရှိစဉ် အလွန်သင်းပျံ့သော မြတ်လေးပန်းရနံ့တို့ မွှေးကြိုင်လျက်ရှိပါသည်။ ပန်းတို့သည် တစ်မျိုးနှင့်တစ်မျိုး မတူကြသလို ရနံ့လည်းမတူကြပါ။ ပန်းပေါင်းအတော်များများ၏ရနံ့တို့ကို ကျွန်ုပ်တို့ခွဲခြားသိကြပါသည်။ နှင်းဆီနံ့၊ စံပယ်နံ့၊ ခရေနံ့၊ ကြာပန်းနံ့၊ မြတ်လေးပန်းနံ့၊ ဇွန်ပန်းနံ့၊ ဆိတ်ဖလူးပန်းနံ့ စသည်ဖြင့် အလွယ်တကူသိကြပါသည်။

မြတ်လေးပန်းသည် ကျွန်ုပ်နေထိုင်ရာ ကိုကျော်တင်၏အိမ်အင်္ဂါထောင့်၌ သရက်ပင်ပေါ်တက်နေသော ပန်းရုံကြီးရှိသည်။ မြတ်လေးကား နွယ်ပန်းဖြစ်ရာ မလ်ဖြစ်သည်။ သစ်သီးဝလံ၊ ပန်းနှင့်မလ်ဟူရာဝယ် သစ်သီးသည် အပင်မှသီး၏။ ဝလံသည် စပျစ်ကဲ့သို့သော နွယ်မှသီးသောအသီး ဖြစ်၏။ ပန်းဟူသည် နှင်းဆီ၊ စံပယ် စသော အပင်မှပွင့်သောပန်းကို ဆို၏။ မလ်(မန်) ကား မြတ်လေးစသော နွယ်ပင်မှပွင့်သောပန်းကို ဆိုလိုပါသည်။

မြတ်လေးပင်သည် တပေါင်းတွင်ပွင့်၏။ အပွင့်ဖြူဖြူများအခိုင်လိုက်ပွင့်ရာ လှလည်းလှ၊ မွှေးလည်းမွှေးသောတော်ဝင်ပန်းဖြစ်သည်။ ထိုမြတ်လေးပန်းရနံ့ကား ကျွန်ုပ်နှင့် နှစ်ပေါင်းအတော်ကြာ အတူနေခဲ့ရ၍ အလွတ်ရနေသောရနံ့ဖြစ်ပေ၏။

ပြီး ရှောင်ရတာပါ။ ကျွန်တော် သူများဆီကကပ်ရပ်နေပြီး ဆွေမရှိမျိုးမရှိတဲ့ ဒီဒေသမှာ လိမ္မာချင်လို့လိမ္မာတာမဟုတ်ပါဘူး။ဘဝပေးအခြေအနေအရ မလိမ္မာရင်မဖြစ်လို့လိမ္မာရတာပါ။ ခိုးကျူးစရာမဟုတ်ပါဘူး ဦးအောင်သိန်းရယ်၊ ဦးအောင်သိန်းလည်း ကျွန်တော့်လို ဆွေမဲ့မျိုးမဲ့ သူများဆီမှီခိုနေရရင် ကျွန်တော့်လိုပဲ ဘာမှကြိုက်ရဲမယ်မထင်ပါဘူး"

ဟုပြောပြရာ ဦးအောင်သိန်းခေါင်းတခါခါဖြင့် -

"မဟုတ်ဘူး ကိုကျော်စိုး၊ မဟုတ်ဘူး။ ခင်ဗျားလိုနေရာမှာနေရလည်း ကျုပ်လိုကောင်ကတော့ ဒေါင်ကျကျ ပြားကျကျ တုံးတိုက်တိုက် ကျားကိုက်ကိုက် ထင်ရာလုပ်မယ့်ကောင်ပဲ။ ကျုပ်က နည်းနည်းမူးတာနဲ့ သွေးဆူလာပြီး ရိုက်ချင်ပုတ်ချင် သတ်ချင်ဖြတ်ချင်တဲ့ အကောင်ဗျ။ စရိုက်ကလည်း မကောင်းဘူး။ ကျုပ် အခုလိုတည်တည်ငြိမ်ငြိမ်နဲ့ သိမ်မွေ့သွားတာ ဓာတ်တော်ဘုန်းကြီးကျေးဇူးတွေပါဗျာ။ ကိုကျော်စိုးကျတော့ ပကတိကိုက သိမ်မွေ့နေလို့ ခိုးကျူးတာပါ"

ဟု သူ့အယူအဆနှင့် စရိုက်ကို ရှင်းပြပါသည်။ လက်တစ်ဖက်နှင့် ပါးမှဒဏ်ရာက သက်သေပြနေသဖြင့် မပြောသော်လည်းရိပ်မိပါသည်။ဦးအောင်သိန်းသည် ကျွန်ုပ်အား လွန်စွာလေးစားပါသည်။ညီရင်းတစ်ယောက်ပမာ ခင်တွယ်ရှာပါသည်။ ကျွန်ုပ်နှင့် ဓမ္မမိတ်ဆွေဖြစ်ရသဖြင့်လည်း ကျေနပ်နေဟန်ရှိလေ၏။

■ ပုတီးစိပ်ရာမှထူးခြားမှုများ

တနလ်ာသားဖြစ်သောကျွန်ုပ်သည် အရှေ့အရပ်ဖြစ်သော တနလ်ာအရပ် မျက်နှာအားအစွဲရှိရာ တနလ်ာနံ့သင့်အရှေ့မျက်နှာ၌သာ စေတီတော်ကြီးအားမျက်နှာမူ၍ ပုတီးစိပ်လေ့ရှိ၏။ စိပ်သောပုတီးမှာ ဂုဏ်တော်(၉)ပါးသာဖြစ်ပါသည်။ ဂုဏ်တော်(၉)ပါးအား တစ်ပါးလျှင် တစ်ပတ်ကျဖြင့် (၉)ပတ်စိပ်ကာ အရဟံဂုဏ်တော်မူ သီးသန့် (၁၀) ပတ် အရဟံဂုဏ်တစ်ထောင်စိပ်လေ့ရှိပါသည်။

ပရိတ်ပဌာန်းစသည်တို့ရွတ်ဖတ်ခြင်း၊ ပုတီးစိပ်ခြင်းတို့၏ ဂုဏ်ကျေးဇူးကား မိမိ၏တစ်နေ့တာကုသိုလ်ကိစ္စပြီးစီးခဲ့သော် လူသည် စိတ်လက်ကြည်နူးလန်းဆန်းပေါ့ပါးကာ နေရထိုင်ရအိပ်ရသည်မှာ ချမ်းသာလှပါသည်။ ဤသည်မှာ လက်ငင်းအကျိုးဖြစ်သည်။ ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com

နေစဉ်ဝယ် မှောင်ခြင်း၊ တိတ်ဆိတ်ခြင်း ကြောင့်ထင်၏။ ပုတီးကိုင်လျက် အိပ် ပျော်သွားခဲ့ပါသည်။ မည်မျှကြာသွား သည်မသိပါ။ တင်ပျဉ်ခွေထားသော ဒူး အား လျှပ်တစ်ပြက်မ,လိုက်သဖြင့် ဒူးမှာ ကိုယ်နှင့်တိုက်လျက် ရုတ်တရက်နိုးလာ ပါသည်။ ထိုအခါကျမှ 'ဩော် - ငါအိပ် ပျော်သွားခဲ့တာကိုး' ဟုတွေးကာ အရဟံ ဂုဏ်တော်ဆက်၍ပွားများပါသည်။

ထိုင်လျက်ညောင်မြစ်ပါးပျဉ်းကြား တွင့်အိပ်ပျော်နေသောကျွန်ုပ်အား လူတို့ မတွေ့နိုင်ပါ။ အိပ်ပျော်စဉ်ဟောက်တတ် သောအကျင့်လည်းမရှိပါ။ သို့ကြောင့် ကျွန်ုပ်အား ဒူးကိုမ,၍နိုးပေးသူမှာ ညောင်ပင်မှ ရက္ခစိုးဘိုးဘိုးကြီးသာ ဖြစ်မည်ဟုတွေးမိလျက် ဝမ်းသာကြည်နူး ရပါသည်။ ထိုနေ့ဝယ် ညဉ့်အတော်နက် မှ ကျောင်းငယ်လေးထဲဝင်အိပ်ဖြစ်ပါ သည်။

■ သရက္ခန်ရန့်

အထက်နတ်ပြည်ခြောက်ထပ်ရှိ နတ်တို့၏ ရန့်ကား မည်သို့ရှိမည်မသိ သော်လည်း လူပြည်၌ရှိသော နတ်တို့၏ ရန့်ကား သရက္ခန်ရန့်ဟု သတ်မှတ်၍ရ ပေ၏။ အဘယ်ကြောင့်ဆိုသော် သရက္ခန် ရန့်အား သူတော်ကောင်းသူမြတ်လောင်း တို့အစဉ်ရရှိမည်ဖြစ်သလို ကျွန်ုပ်မှာမူ အကြောင်းကြောင့်ကြောင့် သုံးလေး ကြိမ်သာ ရရှိဖူးပါသည်။ ရရှိသည်မှာ ခဏမဟုတ်ပါ။ အတန်ကြာမျှ နှာခေါင်း ထဲစွဲနေအောင်ရရှိခြင်းဖြစ်သည်။

ပထမဆုံးအကြိမ် ရရှိသည်မှာ ဓာတ်တော်စေတီတော်ကြီး၏ အရှေ့ ဘက်ရင်ပြင်တွင် အရဟံဂုဏ်တော်တစ် ထောင်ပွားများနေစဉ်ဖြစ်သည်။ ထိုသို့ ပွားများနေစဉ် တစ်သက်တွင် တစ်ခါမျှ မရဘူးသော ရင်ထဲတွင်အေးမြစေသည့် အလွန်မွှေးပျံ့သောရန့်သည် နှာခေါင်းထဲ သို့ဝင်လာပါသည်။

ပန်းမျိုးစုံတို့၏ ရန့်တို့အားလည်း ကောင်း၊ နံ့သာဖြူ၊ ကရမက် စသော လူတို့လိမ်းကျံခြယ်လှယ်သောရန့်တို့အား လည်းကောင်း၊ ခန္ဓာနှင့်ဆံပင်တို့အား ဆွတ်ဖျန်းရသည့် ရေမွှေးစသည့်ရန့်တို့ အား လည်းကောင်း စုံစုံစေ့စေ့မဟုတ် သော်လည်း လူတို့ထံမှ ရဖူးပါသည်။ ထိုရန့်တို့သည် ရင်ကိုမအေးမြစေပါ။ ယခုရသောရန့်ကား ရင်ထဲတွင်အေးမြ၍ နေလေ၏။ ထိုရန့်အား ကြာရှည်ရှုရှိုက်ရ သော် အတော်အတန်ရောဂါပင်လျှင် ပျောက်ကင်းနိုင်မည်ဟု အထင်ရှိမိလေ ၏။ သို့သော် ထိုရန့်ကား တစ်သက်တွင် ဤတစ်ကြိမ်သာစတင်ရဖူးခြင်းဖြစ်သည်။

တောင် ကျင့်ကြံကြိုးကုတ်အား ထုတ်နေကြသော သူတော်စင်တို့သည် လည်းကောင်း၊ ပုတီးစိပ်၍ဂုဏ်တော်ပွား နေကြသောပုဂ္ဂိုလ်တို့သည်လည်းကောင်း ရအံ့ထင်ပါသည်။ ထိုတစ်ကြိမ်သာရ၍ နောင်တွင်မရတော့ပါ။ ရန့်ကိုမူ မှတ်မိ နေလေ၏။

နောက်တစ်ကြိမ် ထိုရန့်ရသည်မှာ ရေငုတ်ကြီးလုပ်ကွက်၌ တွင်းလုပ်နေစဉ် တွင်းနားချိန်၌ရခြင်းဖြစ်ပေ၏။ ပုတီးစိပ် ရာမှ့ရခြင်းမဟုတ်ရာ ဆန်းကြယ်လှပါ သည်။

အရေးအခင်းဖြစ်ပြီးနောက် နဝတ အစိုးရမှ ဒီမိုကရေစီစတင်ဖော်ဆောင် သည့်အနေဖြင့် မိုးကုတ်ပတ္တမြားမြေအား ပုဂ္ဂလိကလုပ်ပိုင် ဖက်စပ်များချပေးရာ မိုးကုတ်အနောက်ပိုင်း ကျောက်ပြဿဒ်နှင့် ကပိုင်ရွာလူသွားလမ်း၌ တည်ရှိသော ရေငုတ်ကြီးလုပ်ကွက်အား မန္တလေး ရွှေလင်းယုန်ကုမ္ပဏီမှ သူဌေးဦးမြင့်ခိုင်မှ ဖက်စပ်ဆွဲကာလုပ်ကိုင်ပါသည်။

ထိုဖက်စပ်ရေမြေးကိုကိုင်၍ရေငုတ် ကြီးရွာဟောင်းအား မျှောတိုက်ကြရာ ထမင်းစားကျောက် (ခေါ်) အောက် ကျောက်များလုပ်သူတိုင်းရကြသဖြင့် ကျွန်ုပ်သည် အတူလုပ်ဖူးသူ မောင်အောင် မင်းနှင့်အဖော်စပ်ကာ မျှောတိုက်ရန် နေရာသွားကြည့်ကြ၏။ ထိုသတင်းကြား သော် ဦးအောင်ဝင်းကလည်း သူတွင်း သား မောင်သန်းဝင်းကိုထည့်၏။ သို့နှင့် ရေငုတ်ကြီး၌ လုပ်ဖြစ်ကြပါသည်။

ကျွန်ုပ်တို့သည် နောက်ဆုံးမှ ရောက်၍ နောက်ဆုံးအောက်ဆုံးနေရာ တွင်ဖြစ်ရာ ကျွန်ုပ်တို့၏အောက်၌ တောင်စောင်းလျှိုကြီးသာရှိတော့သည်။ မျှောတိုက်ချသောရေနံနီတို့လည်း တဝုန်း ဝုန်းပြေးဆင်းလျက်ရှိသည်။ မိုးရာသီဖြစ် သဖြင့် မိုးခိုတဲကလေးဆောက်ထားရပါ သည်။ ထိုတဲ၌ပင် ထမင်းချိုင့်၊ အဝတ် များထားကြရ၏။

တစ်နေ့တွင် နေ့လယ်စာစားပြီး ရေနွေးသောက်နေကြစဉ် ကျွန်ုပ်တို့သည် ဘာရယ်မဟုတ် စကားဖျင်းများကိုပြော နေမိကြပါသည်။ ယောကျ်ားများစုမိ သော် အဖျင်း၊ မိန်းမများစုမိသော် အတင်းဟုဆိုသည်မဟုတ်ပါလား။

ထိုသို့ပြော၍မကြာမီပင် အလွန် သင်းပျံ့သောရန့်ကို ရကြပါသည်။ ထို အခါ မောင်အောင်မင်းက -

"ဟာ-မွှေးလိုက်တာအရမ်းပဲဗျော့၊ မီးထဲမှာဘာထင်းများထည့်မိတယ်မသိ ပါဘူး"

ဟု ပြောကာ စကားကြောပြတ် လျက် ရေနွေးအိုးတည်သည့် မီးဖိုထဲ တုတ်တစ်ချောင်းဖြင့်ဖြိုရဲရဲနေလေ၏။ ရန့်သည် မာတ်တော်ကုန်းတွင်ရသော ရန့်ဖြစ်ရာ ကျွန်ုပ်သည် ချက်ချင်းပင် -

"အောင်မင်း၊ အဲဒါ မီးထဲက မဟုတ်ဘူးကွ။ ငါတို့အနား ဒီဝန်းကျင်က သိုက်နန်းရှင်တွေလာတာနေမှာ။ အဲဒါ နတ်တွေရဲ့ရန့်ကွ"

ဟုပြောပြလေမှ 'ဩော် - ဟုတ် လား' ဟု ပြန်ပြောလေ၏။ ရန့်သည် တစ်မိနစ်ခန့်ကြာမွှေးပြီးသည့်နောက် ပျောက်ကွယ်သွားလေတော့၏။ သဘော မှာ ဤရေငုတ်ကြီးရွာဟောင်းရှိ ဘုရား သိုက်စောင့်နတ်များသည် စကားဖျင်း ပြောသည်ကိုမကြိုက်၍ ရန့်ဖြင့်သတိ ပေးခြင်းဖြစ်မည်ဟု ယူဆရလေ၏။ ထို့နောက်တွင်မူ ကျွန်ုပ်တို့စကားဖျင်း လုံးဝမပြောတော့ပါ။ ဤသည်မှာ ဒုတိယ အကြိမ် ရန့်အားရှုရှိုက်ခွင့်ရလိုက်ခြင်းဖြစ် ပေ၏။

နောက်တစ်ကြိမ်ကား အိမ်၌ပင် ဖြစ်သည်။ ထင်းထမ်းရာသီတွင် တွင်း သားများထင်းထမ်းရသဖြင့် တစ်ဆောင်း လုံး ကျွန်ုပ်က ထမင်းချက်ကျွေးရ၏။ မနက်လေးနာရီကျော်ကျော်တွင် တွင်း သားတို့သည် တောထဲသို့ ဓားကိုယ်စီ ဖြင့် ထင်းခုတ်ထင်းထမ်းသွားကြရသည်။ နံနက်ရှစ်နာရီလောက်မှ ပြန်ရောက်ကြ ၏။ ကျွန်ုပ်က ထမင်းချက်ထားပေးရ၏။ ပြန်လာ ရေချိုး၊ ထမင်းစားပြီးချိန်ဝယ် ကိုးနာရီတွင်းသွားချိန်ရောက်ပြီဖြစ်ရာ တစ်ဆောင်းလုံး ထမင်းချက်တာဝန်ယူရ ၏။

နွေနှင့် မိုးတွင်မူ တွင်းသားများ အလှည့်ကျထမင်းချက်ကြရာ နံနက်အား နေသောကျွန်ုပ်သည် ခုတင်ပေါ်၌ပင် ပရိတ်ပဌာန်းစသည်တို့ရွတ်ဖတ်ပူဇော် ၏။ ပြီးလျှင် ပုတီးစိပ်၏။ ပြီးသော် စာဖတ်ပါသည်။ ထိုစဉ်က စာမရေးသေး သဖြင့် အားလပ်ချိန်ရှိ၏။

ဘုရားဝတ်တက်၊ ပုတီးစိပ်ပြီး၍ ဣရိယာပုတ်မပျက်ထိုင်လျက် ဘေးရှိ စာအုပ်စင်မှ ဓမ္မစာစောင်တစ်ခုကိုယူ ကာဖတ်ပါသည်။ ဖတ်မိသည်မှာ ပခုက္ကူဘက်တွင် အပူဇော်ခံနေသော သရက္ခန်ရုပ်ပွားတော်မှ ရံဖန်ရံခါ သရ က္ခန်ရန့်ထုတ်လွှတ်၍ တန်ခိုးတော်ပြ ကြောင်း ဖြစ်သည်။

ပုံတော်ကို ကြည်ညိုစွာဖူးမြော်

www.burmeseclassic.com

www.burmeseclassic.com

ရင်း ငါလည်း သရက္ခန်နဲ့ရသော်ကောင်း လေးစားဟူသော ချဉ်ခြင်းသည် စိတ်ထဲ၌ အလိုလိုဖြစ်မိလေ၏။ ထိုသည်ခရာမှာပင် နှစ်ကြိမ်တိုင်တိုင်မွေးဖူးသောရန် သည် ကျွန်ုပ်၏နှာခေါင်းထဲသို့ဝင်လာ၏။ စက္ကန့်မျှဘာပါလိမ့်ဟုကြောင် သွားသော်လည်း သရက္ခန်ရှပ်ပွားတော်ပုံမှရန်ထုတ်လွှတ်၍ တန်ခိုးတော်ပြကြောင်းသဘောပေါက်ရလေ၏။

ထိုအခါ ကျွန်ုပ်သည် ဓမ္မစာစောင်ပါပုံတော်အား အကြိမ်ကြိမ်ရှိုးထန်တော့မိလေ၏။ ဤသည်မှာ ပုံနှိပ်ထားသော ပုံတော်သာဖြစ်ပါသည်။ ရှပ်ပွားတော်အစစ်မဟုတ်ပါ။ သို့သော် ရန်တော် ထုတ်လွှတ်၍ တန်ခိုးပြခြင်းကား အံ့ဖွယ်ပင်ဖြစ်ပါသည်။ အမှန်သော် ဆန္ဒပြည့်ဝခြင်း ဖြစ်ပါသည်။

ထိုစဉ်က ကျွန်ုပ်သည် အရဟံဂုဏ်တော်တစ်ထောင်ကို နေ့စဉ်စိပ်ရာ အရဟံဂုဏ်တော်၏ တန်ခိုးဟုလည်း ယူဆမိပါသည်။ ထို့အပြင် သရက္ခန်ရန်ဟူသည် နတ်တို့ပေးသောရန်နှင့်အတူတူဖြစ်ရာ နတ်တို့၏ရန်ကား သရက္ခန်ရန်ဟူ၍ သဘောပေါက်ရလေတော့၏။ ထိုရန်ကား အလွန်နှစ်လိုဖွယ်သောရန် ဖြစ်ပါသည်။

ထမင်းသည် တစ်ဦးသာချက်ရာ ကျန်နှစ်ဦးက တုံးလုံးပက်လက် ကျွန်ုပ်၏ အနောက်ဘက်ကပ်လျက် ကွပ်ပျစ်အိပ်ရာပေါ်တွင် စာဖတ်နေကြလေ၏။ သရက္ခန်ရန် သူတို့ပါရမည်ထင်၍ မေးကြည့်မိ၏။

"မောင်ဝင်းထိန်၊ ခုနက သိပ်မွှေးတဲ့အနံ့တစ်ခုမရဘူးလား"

"မရပါဘူး ဆရာ၊ ဘာပြုလို့လဲ"

"ဘာမှမဟုတ်ပါဘူးကွာ"

ဟူ၍ စကားကိုဖြတ်လိုက်ရလေ၏။ သရက္ခန်ရန်ကား တောင့်တမိသူ ကျွန်ုပ်တစ်ဦးသာလျှင် ရလိုက်ကြောင်း သဘောပေါက်လိုက်ရလေ၏။ ရေငုတ်ကြီးတွင်မူ သုံးဦးစလုံး သရက္ခန်ရန်ရလိုက်ကြခြင်းဖြစ်သည်။ ကျန်နှစ်ယောက်မှာမူ သရက္ခန်ရန်ဟူ၍ သိခွင့်မရကြပါ။

■ ဒေါ်ပု၏အတွေးအကြုံ

"ဟဲ့- ကျော်စိုး၊ နင်တို့ဓာတ်တော်ဘုရားက ကျောင်းအမ ဒေါ်အေးက ဖြူဖြူထောင်ထောင်မောင်းမောင်း ချောချောလှလှ ဆံပင်အရှည်ကြီးနဲ့လား"

"ဩော် - ဖွားပုကလည်း ကြံကြံဖန်ဖန်ဗျာ။ ဒေါ်အေးက ပြောင်းပြင်ပလောင်မဗျ။ အသားညိုတယ်၊ မျက်လုံးပြူးပြူး၊ သွားခေါ်ခေါ်။ အရပ်ခပ်ပုပုဗျ။ လှလည်းမလှဘူး၊ အရှိန်လည်းမဆိုးဘူး။ ဝိန်းမတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ အလှတော့ ဦးအောင်သိန်းမျက်စိထဲဝင်ကြည့်ရင်ရှိမှာပေါ့တော့"

"ကျော်စိုးရယ်၊ နင်ကလည်း သူများသားသမီးကို ပို့ချီးမွှစ်ချီးပြောမပြောရက်တယ်။ ချေးခြင်းတောင်းဆွဲပြီး ဓာတ်တော်မှာဆင်းသွားတဲ့မိန်းမကတော့ လှချက်ကမ်းကုန်ပါတယ်ဟယ်။ အသားကလည်း ဖြူဖွေးပြီး နုဖတ်နေတာပဲ။ မျက်ခုံး၊ မျက်လုံး၊ ပါးစပ်၊ နှာခေါင်း ဘာမှ အပြစ်ပြောစရာမလိုအောင်လှတာဟဲ့။ ဟီးနိုးကားပေါ်ကို ကျပ်ပြင်စေးကတက်လာတာ။ ငါကတော့ မိုးကုတ်က ဦးလှံတို့အိမ်မှာအိပ်ပြီး သပိတ်ကျင်းကိုသွားမလို့ ဟီးနိုးစီးခဲ့တာ။ သူတက်လာတော့ လူတွေ သူ့အလှမှာ မျက်စိဝဲနေကြတာလေ။ မိန်းမချင်းတောင်ငေးရလောက်အောင်လှတာ။ ဆံပင်စုစည်းထားတာများ ကျောပေါ်မှာတစ်အုံကြီးဟဲ့။ ရှုမ်းမဖြစ်ပုံရတယ်။ လက်ဝတ်ရတနာတွေ ဘာတွေတော့ဘာမှဝတ်ထားတာမတွေ့ရဘူး။ ရိုးရိုးနဲ့ ယဉ်ယဉ်လေးရယ်။ ဓာတ်တော်မှာဆင်းမယ်ဆိုတော့မှ ဓာတ်တော်ကျောင်းအမဒေါ်အေးပဲလို့ထင်လိုက်တာ။ မဟုတ်ဘူးလား"

"မဟုတ်ပါဘူးဗျာ၊ သူတို့က ပလောင်ငချိပ်တွေပါ။ ဖွားပုပြောတာတွေနဲ့ အားလုံးဆန့်ကျင်ဘက်ပါပဲ"

"သိပါဘူးဟယ်၊ ကျောင်းအမဒေါ်အေးက လှလိုက်တာလို့ပဲ ငါကမှတ်ယူထားတာ။ ဒါဆို ဓာတ်တော်မှာဆင်းတာ ဘယ်သူဖြစ်နိုင်လဲ"

"ကျွန်တော့်အထင်တော့ သိုက်နန်းကအစ်မကြီးဖြစ်နိုင်တယ်။ ဒေါ်အေးဆိုတာက သူ့မှာ ကလေးပုစုခရုတွေရှိသေးတော့ ကျောင်းမှာအမြဲမနေနိုင်ဘူး။ ကွာကွာမားမားသွားသွားလာလာလုပ်နေရတာ။ဦးအောင်သိန်းဆိုတာကလည်း အလုပ်ရှိသေးတယ်လေ။ အမြဲလိုဘုန်းတော်ကြီးကို ချက်ပြုတ်ကပ်နေတာက ချစ်ရွှေပဲရှိတာ။ ဒါပေမယ့် သိုက်က သိုက်နန်းရှင်တွေကလည်း ခဲဖွယ်ဘောဇဉ်တွေ ဘုန်းတော်ကြီးကိုလာကပ်လေ့ရှိတယ်လို့ပြောတယ်။ ချစ်ရွှေတော့မမြင်ရဘူး။ တွင်းကပြန်လာရင် စားပွဲပေါ်မှာ မလိုင်မုန့်မျိုးစုံနဲ့ မုန့်ခြောက်တွေ စားပွဲအပြည့်ရောက်ရောက်နေတယ်လို့ပြောတယ်"

"အေးဟယ် - ငါက ဓာတ်တော်ကို အရောက်အပေါက်မရှိတော့ကာ အာမုံမသိဘူးဟဲ့"

ဟု ပြောလေ၏။

ဒေါ်ပုကား ဦးရွှေလှိုင်၏ ဝန်းပြန်သည်။ မြေထောက်ပွေပေါက်ကာ ရွှေဘို့ပုံရွာ၊ မန္တလေးစသည် မကြာမကြာသွားလည်တတ်လေ၏။ ရွှေဘို့သွားသော်လည်း သပိတ်ကျင်းဟီးနိုးကားစီးရှိရောတိမြစ်ကြောင်းသဘောပြင့်စွန့်ဆင်းကာ ကျောက်မြောင်းဌာဆင်း၍ ရွှေဘို့ကို ကားစီးရ၏။ ထိုသို့သွားသောအခါ ထိုဒေသထွက်ကုန်တို့သယ်လာပြီး ရွာဌာပြန်ရောင်းကာ ခရီးစရိတ်ကာမိအောင် ပြန်၍ရောင်းချလေ့ရှိ၏။ ဒေါ်ပုကား လမ်းဌာပျော်သော လမ်းပျော်ဖြစ်လျှက် ဦးရွှေလှိုင်နှင့် တကျက်ကျက်စကားများနေကျဖြစ်သည်။ သူတို့၏ တစ်ဦးတည်းသောသား စိုးမြင့်သည်ကား ကျွန်ုပ်၏ သူငယ်ချင်းဖြစ်သည်။

"ဖွားပု ကံကောင်းတာပေါ့။ ဥစ္စာစောင့်ကို သေသေချာချာမြင်ဖူးလိုက်တာပေါ့"

"အေးဟယ်- ဥစ္စာစောင့်မှန်းသိရင် မိတ်ဖွဲ့စကားပြောပြီး အသေအချာကိုင်ကြည့်လိုက်ပါတယ်။ နူးညံ့လိုက်မယ့်ဖြစ်ခြင်းဟယ်"

"ဖွားပုရေ အခွင့်အရေးဆိုတာ နှစ်ခါမရဘူးဗျ။ နောက်တစ်ခါဆိုတာ အတော်ခက်သွားပြီ။ ဒါထက် အဲဒီအမျိုးသမီးက ခေတ်ဆန်ဆန်လား၊ ရှေးဆန်ဆန်လား ဘာအရောင်ဝတ်ထားတာလဲ"

"ခေတ်လည်းမဆန်ဘူး၊ ရှေးလည်းမဆန်ဘူး။ နံ့သာရောင်ဝမ်းဆက်ကို မြန်မာဆန်ဆန်လေးဝတ်ထားတာ သိပ်လှတာပဲဟာ။ ငါဖြင့် ခုထိမျက်စိထဲကမထွက်သေးဘူး။ သူလိုကိုယ်လိုဆိုတော့ ဘယ်ဥစ္စာစောင့်လို့ထင်မှာလဲဟာ"

"ဟုတ်တာပေါ့ဗျာ၊ စျေးခြင်းတောင်းဆွဲလို့ဆိုတော့ သူလိုကိုယ်လိုပဲ ထင်မှာပေါ့"

ဟု ပြောဖြစ်ကြလေ၏။

ဤသည်မှာ ဖွားပု၏အတွေးအကြုံဖြစ်သည်။

ဦးရွှေလှိုင်၊ ဒေါ်ပုတို့သည် ဘာသာရေးလိုက်စားမှုအားနည်းသူများဖြစ်သဖြင့် ဘုရားတန်ဆောင်းကျောင်းကန်တို့သို့ ရောက်ခဲကြပါသည်။ သားအမိသားအဖ သုံးယောက်စလုံး ကွယ်လွန်ကုန်ကြပေပြီ။

(ဆက်ရန်)

ရွှေပြည်စိုး(မိုးကုတ်)

www.burmeseclassic.com

www.burmeseclassic.com



အုံကြွယ်

အောင်ဘာလေထီ ပေါက်စေမည့်အကြောင်း နှည်းလမ်းကောင်း

ကောင်းမှုဆောင် စိတ်ကိုဖြူအောင်ထား ပေမဲ့ အတိတ်ကံမကောင်းခဲ့လေတော့ ဖြစ်လာတဲ့ပုံက အသားမည်းမည်း၊ ပြိတ္တာကြီးလိုဗိုက်ပူပူဖြစ်လေရဂျာတယ်လေ။ စိတ်ကိုဖြူအောင်ထားတဲ့အတွက် ခင်ဗျားမှာဖြူတာဆိုလို့ သွားပဲရှိတာမဟုတ်လား

အခွင့်ရတုန်း ကျောင်းအုပ်ကြီး (ငြိမ်း) ဦးထွန်းရွှေက ကောင်းကောင်းနှိပ်ကွပ်ခဲ့သည်။

"ဟော -- ဆရာကျောင်းကတော့ အုပ်ထည့်လိုက်ပြန်ပြီဗျာ။ အေးပါဗျာ-ကံရဲ့အကျိုးပေးကိုတော့ ယုံရမှာပေါ့။ ဆရာကျောင်းလည်း အတိတ်ကံလ ကျောင်းဆရာဘဝက တပည့်တွေကို အစစအရာရာဆရာလုပ်ခိုင်းခဲ့လေတော့ ဟော အခုဘဝလက်ငင်းအကျိုးပေးပြီး ပင်စင်စားဘဝမှာတောင် အငြိမ်းစားမရ၊ မနားရဘဲ မြို့ရွာအကျိုးအတွက် အိမ်ကမိန်းမအငြူစူခံပြီး မြို့ရွာလူထုရဲ့ခိုင်းဖတ်မြို့မိမြို့ဖလုပ်နေတာမဟုတ်လား"

ကချင်ကြီးကလည်း အကြောမပေး၊ လက်တင်မခံဘဲပြန်ခွပ်ခဲ့သည်။ ဤကား ဆိုက်ကလုံရပ်ဝန်းအဖွဲ့သားများ ဆုံရာစကားဝိုင်းမှအသံများ ဖြစ်သည်။ ယနေ့လည်း ကျန်းမာရေးကြောင့် ဘယ်မှမထွက်နိုင်သေးသူ မောင်အုံရှိရာ အိမ်ဂေဟာ (ကချင်ကြီးဦးမရမ်ဝမ်ခေါ်သည့် ဆိုက်ကလုံရပ်ဝန်း) တွင် ငါးယောက်သားဆုံဖြစ်ခဲ့ကြခြင်းဖြစ်သည်။

"ခင်ဗျားတို့နှစ်ယောက်ကလည်း တွေ့တာနဲ့ စကားနိုင်လုနေကြတာပဲကိုး။ ဟုတ်တယ်ဗျ ချမ်းသာခြင်း၊ ဆင်းရဲခြင်း ဆိုတာက အတိတ်ကံနဲ့ဆိုင်သလို အခုပစ္စုပ္ပန်ပြုမူအားထုတ်မှုတွေနဲ့လည်းဆိုင်တာပဲလေ။ စည်းစိမ်ဥစ္စာချမ်းသာကြွယ်ဝဖို့ထက် စိတ်ချမ်းသာဖို့က ပိုအရေးကြီးတာမို့ ဘဝကူးကောင်းအောင်အတွက် ဘာသာတရားဖြစ်တဲ့ဒါန၊သီလ၊ဘာဝနာများကိုအားထုတ်ဖို့က ကျွန်တော်တို့လို သက်ကြီးရွယ်အိုများအတွက် အရေးကြီးဆုံးပဲလို့ဆိုချင်တယ်ဗျာ"

ပေါက်တာထက် တစ်လတစ်လဆိုနှစ်ဆခွဲလောက်ပိုနေတာပဲဗျ။ အားကျတယ်ဗျာ၊ ကျွန်တော်တို့မှာ တစ်လသုံးလေးသိန်းရဖို့မနည်းရုန်းကန်နေရတာကလား။ အောင်ဘာလေထီသိန်းတစ်သောင်းဆုကြီးတော့ ပေါက်ချင်စမ်းလှပါသဗျာ"

၁-၂-၂၀၁၈ နေ့ထုတ် First Eleven အားကစားဂျာနယ်ကိုဖတ်ရင်း အားကျသည့်အသံ၊ ဘဝကိုမကျေနပ်သည့်လေသံမျှားရောစပ်ကာပြောလာသူကတော့ ကချင်တိုင်းရင်းသားကြီး ဦးမရမ်ဝမ်ဖြစ်သည်။

"ဒါကတော့ သူကကံကောင်းပြီး ခင်ဗျားက ကံမကောင်းတာလို့မှတ်ယူပြီး ကိုယ့်ကိုယ်ကိုယ်ဖြေသိမ့်ရမှာပေါ့ဗျာ။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များရဲ့အားထားရာက ရတနာမြတ်သုံးပါးနဲ့ ယုံကြည်ရာက ကံနဲ့ကံရဲ့အကျိုးပေးလို့ဆိုထားတယ်မဟုတ်လား။ တရားနဲ့သာဖြေပါဗျာ။ ခင်ဗျားကိုယ်ကိုပဲပြန်ကြည့်။ အခုဘဝမှာ ဆရာကဲ့ဆောက်တည်၊ ငါးပါးသီလလုံခြုံပြီး မကောင်းမှုရှောင်

"အလားလား-ကြည့်စမ်းပါဦးဗျာ၊ ခ်ီလီတောင်ပံတိုက်စစ်ကစားသမားအလက်ဆစ်ဆန်းချက်(၉)တစ်ယောက်အာဆင်နယ်ကနေ မန်ယူအသင်းကိုပြောင်းရွှေ့လာတော့ သူ့ရဲ့တစ်ပတ်လစာ ပေါင် (၄) သိန်းခွဲလောက်ပေးရမယ်တဲ့ဗျာ။ တစ်ပေါင်ကို မြန်မာငွေ (၁၅၀၀) ကျပ်နဲ့တွက်ရင် သူ့တစ်ပတ်ဝင်ငွေက မြန်မာကျပ် သိန်း (၆၀၀၀) ကျော်၊ တစ်လဆိုရင် ကျပ်သိန်း(၂၅၀၀၀) လောက်ရနေတာပေါ့နော်။ မြန်မာအောင်ဘာလေထီသိန်းတစ်သောင်းဆု

www.burmeseclassic.com

www.burmeseclassic.com

ဦးလှသောင်းက အငြိမ်းစား သာသနာရေးမှူးကြီးပီပီ တရားစကားနှင့် အသိတရားရကြဖို့ဆိုလာခဲ့သည်။

"ဦးလှသောင်းပြောတာတော့မှန်ပါတယ်။ ဒါပေမယ့် ပုထုဇဉ်ပီပီ မသေခင် ချမ်းချမ်းသာသာလေးတော့ နေချင်သေးတာပေါ့ဗျာ။ အခုနက ဦးမရမ်ဝမ်ပြောတဲ့စကားထဲမှာ ချမ်းသာစွာနေနိုင်ဖို့ အောင်ဘာလေထီသိန်းတစ်သောင်းဆုပေါက်ချင်ကြောင်းပါတာမို့ ဒီကနေ့တော့ ထီပေါက်စေမယ့်နည်းလမ်းကောင်းများအကြောင်း ဆွေးနွေးပြောဆိုကြတာပေါ့နော်"

အဖွဲ့တွင် အသက်အငယ်ဆုံးဖြစ်သည့် နယ်မြေခံတပ်ရင်းရဲ့အရာခံဗိုလ် ကိုဝင်းလှိုင်မြင့်က စကားလမ်းကြောင်းပေးခဲ့သည်။

"လုပ်လိုက်လေ ကြာသလားလို့။ ခင်ဗျားက ထီပေါက်ဖူးတဲ့သူဆိုတော့ ထီအကြောင်းကို ခင်ဗျားကပဲစလိုက်ဗျာ"

ဟု ဦးမရမ်ဝမ်ကဆိုခဲ့သည်။

"အင်း - ပြောဆိုလည်း စရတော့မှာပေါ့ဗျာ။ ကျွန်တော်ပေါက်ဖူးခဲ့တဲ့ထီက ဆုကြီးတစ်ဆုကို အကွာရာရောဂဏန်းပါ အားလုံးတူ (ထည့်ဝင်) တဲ့ထီတော့မဟုတ်ဘူး။ အကွာရာတူနောက်ဆုံးဂဏန်းလွဲတဲ့ မဂ်လာစုံတွဲထီဗျ။ ခေတ်စကားနဲ့ဆို ထွက်ဝင်တယ်လို့ဆိုရမလားမသိဘူး။ ပေါက်တာက ၁၉၉၉ ခုနှစ်၊ ဇွန်လမှာဖွင့်တဲ့ထီဗျ။ အဲဒီနေ့မှာ အိမ်ကအမျိုးသမီး မသန္တာအောင်က ထီပေါက်တယ်လို့ ထီဆိုင်ကအကြောင်းကြားလာကြောင်း ဖုန်းဆက်ပြောလာတယ်လေ။ ကျွန်တော်လည်း ရုံးစားပွဲအံဆွဲထဲမှာထည့်ထားတဲ့ထီလက်မှတ်ကို တိုက်ကြည့်တော့ ဟုတ်တယ်ဗျို့၊ အကွာရာတူ နောက်ဆုံးဂဏန်းတစ်လုံးလွဲနှစ်လုံးလွဲနဲ့ သိန်းတစ်ရာဆုကြီးမှာ (၂၆) စောင်အတွက် ကျပ် (၁၁) သိန်းကျော်ပေါက်ခဲ့တာအမှန်ပဲဗျ။ ဒါကြောင့် ဆုငွေထုတ်ပြီး ဘုရားအနေကဇာတင်ရောအန္တရာယ်ကင်းဆွမ်းကပ်အလှူကိုပါကောင်းကောင်းလုပ်နိုင်ခဲ့တာပေါ့ဗျာ"

"အေးဗျ - ငွေ (၁၀)သိန်းဆိုတာအဲဒီအချိန်မှာ အလွန်တန်ဖိုးရှိတာပါကလား။ ဟုတ်ပါပြီ၊ ထီပေါက်ဖို့အဆောင်ကောင်းလေးများရှိရင်လည်း ချီးမြှင့်ပေးပါဦးဗျ"

ဟု ဦးမရမ်ဝမ်က တောင်းဆိုပြန်သည်။

"အဆောင်ကောင်းရယ်လို့တော့ မဟုတ်ပါဘူးဗျာ။ အခုအခါ သာသနာ့ဘောင်ဝင်သွားတဲ့ ကျွန်တော်ရဲ့ဖခမည်းတော်ကြီး လက်ဆင့်ကမ်းခဲ့တဲ့ ထီပေါက်ကိန်းရှိ၊ မရှိတွက်နည်းလက်ာလေးအရတွက်ချက်ထိုးခဲ့တာပဲဗျ။ ရှေးဟောင်းတေးထပ်လေးတစ်ပုဒ်ပါ။

ကဲ - ကျွန်တော်ရွတ်ဆိုပြပါမယ်။

ထီပေါက်ကိန်းတေးထပ်

■ *ဖွားကောဇာတည်ထောင်လစ်၊*
နှစ်ဆယ့်တစ်နှောပါ။
လေးဆယ့်သုံးစားချေကိုင်ယ်၊
ထားပါလေတည်လော့။
ရောက်သက်နှင့်ရောစွက်ပြန်လျှင်၊
နောက်ဆက်စားသတ္တာနော့။
ကြွင်းသုည်ကြဲသည့်အခါ၊
ဂုဏ်ရှိမှာမှန်ပေါ့။
နှံချည့်စွာ မာန်မလျော့လေနဲ့၊
မြန်အသော့စပ်တူငယ်လေ၊
ချစ်မိတ်ဆွေသူငယ်ချင်းရယ်နဲ့၊
မှန်မယွင်းထိုးသင့်လှပေ။
ငါးပဉ္စတြင်းကာနေလျှင်၊
ယွင်းမှာလေဟုတ်ပါဘူးမို့၊
တစ်ဦးတည်းကိုယ်ချည်းသာ၊
ထိုးလိုက်ဖို့ပါ။
ရွှေငွေမိုးစည်းစိမ်တွေဟာလေ၊
အပြီးချိန်မကြာရွာကိန်းမို့လေး။ ။

အဓိပ္ပာယ်ကတော့ဗျာ ကိုယ်ရဲ့မွေးနေ့ကောဇာသက္ကရာဇ်ကိုတည်၊ (၂၁) နဲ့ပေါင်း၊ ရတဲ့ဂဏန်းကို (၄၃)နဲ့စားရမယ်လို့ဆိုတယ်လေ။ ဒဲလိုစားပြီးရတဲ့အကြွင်းဂဏန်းကို အခုရောက်ရှိနေတဲ့အသက်ကိုထပ်ပေါင်းပြီး ရတဲ့ပေါင်းဂဏန်းကို (၇) နဲ့စားရမယ်။ အကြွင်းဂဏန်းဟာ သုည (၀) ဖြစ်ရင် ထီကိုစပ်တူထိုးတဲ့ဗျ။ အကယ်၍ အကြွင်းဂဏန်းက ငါး(၅)ဖြစ်နေလို့ကတော့ ကိုယ်တိုင်တစ်ဦးတည်းထိုးလို့ဆိုတာပေါ့ဗျာ။

အဲဒီနှစ်က အခုတေးထပ်ပါလမ်းညွှန်ချက်အတိုင်း (၅)ကြွင်းတဲ့နှစ်မို့ တစ်ဦးတည်းထိုးခဲ့တာလေ။ ထီကဆုကြီးမဟုတ်ပေမယ့် ပေါက်တဲ့တန်ဖိုးကတော်တော်အဆင်ပြေခဲ့တာပဲဗျ။ ကဲ - ကျွန်တော်ရဲ့ထီအတွေ့အကြုံကတော့ ဒါပါပဲဗျာ။ နောင်တော်ကြီးများက ဆက်ကြပါဦးလေ"

ကိုဝင်းလှိုင်မြင့်က သူ့အတွေ့အကြုံကိုဖောက်သည်ချပြီး ကျန်လူများကို တိုက်တွန်းရင်း ရှေ့ဘက်မှရေနွေးကြမ်းခွက်ကိုယူကာ မော့လိုက်သည်။

"အေးဗျ - ခင်ဗျားတို့ပြောမှပဲ ကျွပ်လည်းကြွားချင်တဲ့ဆန္ဒဖော်ရတော့တယ်။ ကျွပ်လည်း ထီပေါက်ဖူးတယ်ဗျ။ ကျွပ်တင်မကဘူး၊ သားဇင်ကြီးရော၊ ဇနီးသည် မေဦးရော ယောကျ္ဍမ (အဘ) ကြီးနဲ့ ယောက်ဖလေးဇုံပါ တစ်အိမ်လုံးနီးနီးပေါက်ဖူးခဲ့တာဗျ။ မဂ်လာစုံတွဲဂဏန်းလွဲတွေပေါ့။ လေးယောက်က်တော့ တစ်စောင်ချင်းမို့ တစ်သောင်းစီပဲပေါက်တာပါ။ ဇနီးသည်ကတော့ သုံးသိန်းပေါက်တာလေ။ ကိုဝင်းလှိုင်မြင့်လောက်တော့ ကံမကောင်းဘူးပေါ့ဗျာ"

ဟု မောင်အံ့ကကြွားခဲ့သည်။

"အမယ် - ဘယ်ဆိုးလို့လဲ၊ ထီပေါက်စေတဲ့နည်းလေးများရှိရင်လည်း ပေး စမ်းပါဦးဗျ"

လို့ ဗေဒင်လက္ခဏာပါသနာအိုးဦးမရမ်ဝမ်ကဆိုခဲ့သည်။

"ကျွပ်မှာလည်း လက်စွဲနည်းလေးတစ်ခုတော့ရှိတာပဲဗျ။ ဟိုရှေးရှေး မင်းတုန်းမင်းကြီးခေတ်လောက်ကတည်းက အဆုက်ဆက်သုံးခဲ့တဲ့နည်းလို့ ဆိုတယ်လေ။ ဒီဘက်မှာတော့ သက္ကရာဇ်နဲ့အညီပြင်တာလေးတော့ရှိပါတယ်။ ဒီနည်းမှာလည်း လက်ာလေးနဲ့စီရင်ထားခဲ့ကြတယ်။ တွက်နည်းကတော့ ခက်ခက်ခဲခဲမဟုတ်ပါဘူး။ ကျွပ်ရွတ်ဆိုပြမယ်နော် နားထောင်ကြ။

ထီပေါက်မည့်နှစ်တွက်နည်း

■ *မူလကောဇာ၊ သက္ကရာကို၊ နှစ်ဖြာပေါင်း၍ရော။*
မွေးနံ့ဂြိုဟ်သက်၊ ကိုယ့်အသက်ပါ။ ရောစွက်တစိဖန်နှောဗျာ။
ဗျည်းတဆဒ္ဒါ ကျခဲ့ပါမူ ထီသာပေါက်မည်မှော။ ။

အဓိပ္ပာယ်ကတော့ဗျာ ထီထိုးမယ့်သူရဲ့မွေးသက္ကရာဇ်နဲ့ ရောက်ဆဲကောဇာသက္ကရာဇ်ကိုပေါင်းလိုက်ပါ။ ပေါင်းလို့ရတဲ့ဂဏန်းထဲကို အဲဒီလူရဲ့မွေးနံ့ဂြိုဟ်သက်နဲ့ရောက်ရှိနေတဲ့အသက်တို့ကိုထပ်ပေါင်းရမယ်ဗျ။ အားလုံးပေါင်းရတဲ့ ဂဏန်းဟာ ဗျည်းတဆဒ္ဒါဆိုတဲ့အတွက် (၅၊ ၇၊ ၆၊ ၂) ဂဏန်းလေးလုံးပါတဲ့နှစ်ဆိုရင် သေချာပေါက်ထီပေါက်စေနိုင် တယ်ဆိုထားတာပဲလေ။ ဥပမာဗျာ ပေါင်းရတဲ့ဂဏန်းက (၂၆၇၅)(၂၇၅၆)ဆိုတဲ့ဂဏန်းတွေဖြစ်နေမယ်ဆိုရင် ထီပေါက်နိုင်မှာပေါ့ဗျာ။ ဒါကတော့ ကျွပ်ရဲ့ထီပေါက်စေနိုင်တဲ့နှစ်တွက်ချက်ပုံပါပဲ"

ဒီတစ်ခါအလှည့်ကျသူကတော့

www.burmeseclassic.com

ကျောင်းအုပ်ကြီး(ငြိမ်း) ဦးထွန်းရွှေဖြစ်သည်။ သူကလည်း မရိုးရအောင်တစ်မျိုးဆိုပြန်သည်။

"ကျွန်တော်ကတော့ ထီတစ်ခါသာပေါက်ဖူးတာပါ။ ထီလက်မှတ်တစ်စောင်ကို နှစ်ကျပ်ခေတ်။ အမြင့်ဆုံးဆုကြေးမှ ကျပ်တစ်သိန်းဖြစ်ခဲ့ကာလကပေါ့ဗျာ။ ပေါက်ခဲ့တဲ့ဆုငွေက ကျပ်ငါးထောင်ဆုပါ။ အံမယ် - ငါးထောင်ကျပ်ဆိုလို့ အထင်မသေးနဲ့နော်။ အဲဒီခေတ်ငွေငါးထောင်က အခုခေတ်နဲ့ဆို သိန်းနှစ်ဆယ်လောက်တန်မယ်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အဲဒီတုန်းက ဆန်တစ်ပြည်တန်ဖိုးက နှစ်ကျပ်ပြားငါးဆယ်ရယ်လေ။ အခုခေတ်မှာ ဆန်တစ်ပြည်ကို အနည်းဆုံး တစ်ထောင်ကျပ်မို့ အဆကလေးရာကျော်ဖြစ်နေပြီလေ။ ဒါကြောင့် အဆလေးရာနဲ့တွက်ပြီးသိန်းနှစ်ဆယ်လောက်ရှိမယ်လို့ပြောတာပါဗျာ။ ကဲ - ထီပေါက်ကိန်းနည်းလေးအကြောင်းဆက်ပါမယ်လေ။ ဒီနည်းလေးမှာလည်း လက််လေးနဲ့ဗျ။

အတိုဆုံးထီပေါက်ကိန်းတွက်နည်း

- *သက္ကရာဇ်မွေးရာ ရောက်ကောဇာ နှင့် သက်ပါဂဏန်း၊*
  ရောပြွမ်းမွှေပစ်၊ ဆယ့်နှစ်နှင့်စား၊
  ရငြားအကြွင်း
  သုံးစွန်းလေးဖြစ်၊ ခြောက်နှင့်ရှစ်သာ၊ ကိုးပါမယွင်း၊
  ကြွင်းလေခြင်းကား အလျဉ်းထီပေါက် သေချာပေါက်တည်း။ ။

လက််လေးရဲ့ ဆိုလိုရင်းကတော့ ရှင်းပါတယ်ဗျာ။ မွေးသက္ကရာဇ်ရယ်၊ ရောက်ရှိနေတဲ့ ကောဇာသက္ကရာဇ်ရယ်၊ ရောက်ရှိအသက်ရယ်၊ သုံးခုစလုံးစုပေါင်းရမယ်။ ဒီလိုပေါင်းရတဲ့ရလဒ်ကို (၁၂)နဲ့စားတဲ့အခါ အကြွင်းက (၃၊ ၄၊ ၆၊ ၈၊ ၉) တစ်မျိုးမျိုးရရင်တော့ အဲဒီနှစ်ထဲမှာ အောင်ဘာလေထီ သေချာပေါက်စေမယ်လို့ဆိုထားတာပဲဗျာ။

ပိုပြီးရှင်းရှင်းလင်းလင်းသိရအောင် နမူနာတွက်ကြည့်ကြစို့။ ကဲ - ဦးကချင်ကြီး၊ ခင်ဗျားရဲ့မွေးသက္ကရာဇ်အခုရောက်နေတဲ့သက္ကရာဇ်နဲ့အသက်ဘယ်လောက်ဆိုတာပြောဗျာ။ သက္ကရာဇ်ဆိုတာ ကောဇာနှစ် ဗမာနှစ်ကိုပြောတာနော်"

ဦးမရမ်ဝမ်ကို အပိုင်ချည်လိုက်သည်။

"ကျုပ်သိပါတယ်လေ။ မွေးသက္ကရာဇ်က ၁၃၁၈ ခု၊ နယုန်လဆိုတော့ အခု ၁၃၇၉ ခု၊ တပို့တွဲလဆိုရင် အသက်က (၆၁) နှစ်နဲ့ (၈) လပေါ့ဗျာ"

ဟု ကချင်ကြီးကဖြေခဲ့သည်။

"ဒါဆို (၆၂)နဲ့တွက်ရမယ်။ သတ်မှတ်တဲ့သုံးမျိုးကိုပေါင်းရင် (၂၇၅၉) ဆိုတော့ (၁၂) နဲ့စားရင် (၁၁) ကြွင်းလို့ ခင်ဗျားမှာ ထီမပေါက်နိုင်သေးဘူး။ (၃) တွေ၊ (၄)တွေကြွင်းဖို့ နောက်ထပ် (၂) နှစ် စောင့်လိုက်ပါဦးနော်"

ဦးထွန်းရွှေက တွက်ချက်ပြတော့ ဦးမရမ်ဝမ်မျက်နှာရှုံ့မဲ့သွားသည်။

"နဂိုကမလှရတဲ့အထဲ မဲ့မနေစမ်းပါနဲ့ဗျာ။ တွက်နည်းတွေအရ ထီပေါက်ကိန်းမရှိပေမယ့် ဂါထာမန္တန်တန်ခိုးတွေနဲ့ ကံကောင်းစေ၊ ထီပေါက်စေနိုင်တဲ့နည်းလမ်းတွေရှိပါသေးတယ်လေ။ အားမငယ်စမ်းပါနဲ့ဗျ"

ဦးလှသောင်းက အားပေးစကားဆိုတော့ ကချင်ကြီးမျက်နှာမှာအရောင်ပြောင်း၍ ဝင်းလက်သွားသည်ကိုတွေ့မြင်ရသည်။

"လုပ်စမ်းပါဦးဗျ၊ ခင်ဗျားက သာသနာရေးမှူးလုပ်ခဲ့သူဆိုတော့ ဂါထာမန္တန်အစီအရင်တွေရှိမှာမို့ လိုချင်စမ်းလှပါသဗျာ"

ဟု အားတက်သရောဆိုခဲ့သည်။

"ဘုရားဟောဂါထာတော်တွေတော့ မဟုတ်ဘူးပေါ့ဗျာ။ ရှေးသူတော်ကောင်းသူမြတ်လောင်းတွေစီရင်ခဲ့တဲ့ ဂါထာနှစ်ပုဒ်တော့ရထားတာရှိတယ်လေ။ ယုံယုံကြည်ကြည်နဲ့ ထိထိုးပြီးတဲ့နေ့ကစပြီး ထီမဖွင့်မချင်း နေ့စဉ်သီလဆောက်တည်ဂုဏ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်လို့ ဒီဂါထာနှစ်ပုဒ်ကို အနည်းဆုံး(၇)ခေါက် စီရွတ်ဆိုပြီး ထီလက်မှတ်တွေကို သိဒ္ဓိတင်ပေးမယ်ဆိုရင် တစ်ချိန်ချိန်မှာတော့ အကျိုးပေးမှာ သေချာပါတယ်ဗျာ"

ဦးလှသောင်းက ရဲရဲကြီးအာမခံခဲ့သည်။ စကားကြောရှည်နေသဖြင့် ဦးမရမ်ဝမ် စိတ်မရှည်တော့။

"ဟုတ်ပါပြီ၊ ကဲ - ဂါထာနှစ်ပုဒ်ကို သာချီးမြှင့်ပါတော့ ဆရာတော်ဘုရားရဲ့"

အငေါ့ထူးကာပြောလိုက်ရာ သာသနာရေးမှူးဟောင်းကြီးက တဟားဟားရယ်လျက် အောက်ပါဂါထာနှစ်ပုဒ်ကို ရွတ်ဆိုပေးလိုက်ပါတော့သည်။

တန်ခိုးထက်ကံကောင်းစေမည့်ဂါထာ

- ကြွစ္ဆန္တော သာသပဂတ္တော၊
  စက်္ကတိ ကြတောစိတော။
  စက္ကဝါဠံ သကလမ္ပိ၊
  အတ္တာဘာဝေ နာ ဆာဒယိ။
  ဧဝံ ကြွစ္ဆေန သမ္မန္ဒ၊
  လောကဇေ့္ဌ နမာမဟံ။
  တေနပုညေန သစ္စေန၊
  ကြစ္ဆာပူရေတု မေ သဒါ။

ထီအကျိုးပေးစေသည့်ဂါထာ

- ပုဒ္ဓဇေယျံ ပုဒ္ဓသုခံ ပုဒ္ဓလာဘံ ပုဒ္ဓံ ဓနံ။
  ဓမ္မံ ဇေယျံ ဓမ္မံသုခံ ဓမ္မံလာဘံ ဓမ္မံဓနံ။
  သံယံဇေယျံ သံယံသုခံ သံယံ လာဘံ သံယံဓနံ။
  ကြဝံဇေယျံ ကြဝံသုခံ ကြဝံလာဘံ ကြဝံဓနံ။ ။

ဂါထာလေးတွေက မနှစ်ကမှရထားတာပါ။ ဒီဂါထာတွေကို ချီးမြှင့်တဲ့ပုဂ္ဂိုလ်ကတော့ သိမ်ကျောင်းဆရာတော်ဦးအာဒိစ္စ (သဒ္ဓမ္မဇောတိကဓဇ) ပါပဲ။ ထီပေါက်ရင်ပေါက်၊ထီမပေါက်ရင်လည်း ဥစ္စာပစ္စည်း၊ စိန်ရွှေရတနာများ အစုအပုံလိုက်ရတတ်စေတာမို့ အလွန်ထူးခြားထက်မြက်တဲ့ဂါထာတော်တွေလို့ ဆိုပါတယ်။ပထမဂါထာကို နေ့စဉ် (၇)ခေါက်၊ ဒုတိယဂါထာကို နေ့စဉ် သက်စေ့ခေါက် ရေရွတ်ပွားပူဇော်နိုင်မယ်ဆိုရင်တော့ ပိုပြီးအကျိုးပေးထူးကြောင်းလည်း အမိန့်ရှိခဲ့တယ်ဗျ။ ကဲ - ဒါဆိုရင် မရမ်ဝမ်ကြီးလည်း ကျေနပ်မယ်ထင်ပါရဲ့ နော်"

"အေးဗျာ - ဂါထာတော်တွေ ချီးမြှင့်ပေးတဲ့ ဦးသာသနာကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ကဲ - နေလည်းညို့ပြီမို့ ဤဖေကိုယ်တို့ နေအိမ်ဌာနီ ရွှေပြည်ဆီကိုပြန်ကြပါစို့။ ဦးအံ့လည်း ဒီထက်ကျန်းမာပြီး ဘာသာသာသနာအကျိုး၊ တိုင်းကျိုးပြည်ရွာအကျိုးသယ်ပိုးနိုင်ပါစေလို့ ဆုတောင်းပါတယ်ခင်ဗျာ"

ကိုဝင်းလှိုင်မြင့်က နှုတ်ဆက်စကားဆိုကာ ပြန်ဖို့ပြင်ကာ ကုလားထိုင်မှထလိုက်သဖြင့် ကျန်ပုဂ္ဂိုလ်များမှာလည်း ကိုယ်စီထကာ လက်ဆွဲနှုတ်ဆက်ကြသည်။ မောင်အံ့လည်း မနေသာတော့။ လာရာလမ်းကိုပြန်ကြရှာတော့မည့်ပုဂ္ဂိုလ်များ၏လက်ကိုကိုင်ကာ နှုတ်ဆက်စကားပြန်ကြားခဲ့ရပါတော့သည်။

"ရတနာတော်မြတ်သုံးပါးရဲ့တန်ခိုးဂါထာတော်များရဲ့အကျိုးထူးတို့ကြောင့် အောင်ဘာလေထီတန်ဖိုးကြီးကြီးပေါက်ကြပါစေဗျား"

အံ့ကြွယ်

www.burmeseclassic.com

www.burmeseclassic.com

မဟာပထမံပညာ၏မြေပြင်ဂိုဏ်းချုပ် ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

ပထမံဆရာဦးနော်ရှေ

■ ကောင်းကင်ခရီးသွားသူများထံမှ ရရှိသော ဝိဇ္ဇာဓရမန္တန်ပညာ

ကိုထွန်းမြိုင်သည် ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာကို တစ်ပါးစီသပ်သပ်စီဖြစ်အောင်ကျင့်ရသောပညာရပ်ကို ဆရာဦးအောင်ပြည့်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကောင်းစွာ ကျင့်ကြံနိုင်ခဲ့လေ၏။ ထိုသို့ကျင့်ပြီးနောက်ပိုင်းတွင်လည်း သီးခြား ရပ်တည်လာနိုင်သောနာမ်ခန္ဓာအား မိမိလိုအပ်သလိုစေခိုင်း၍ ရနိုင်အောင်ကျင့်ရပြန်၏။ ထိုသို့ နာမ်ခန္ဓာကို လိုအပ်သလို စေခိုင်း၍ ရနိုင်ပြီးနောက်တွင်လည်း ထိုနာမ်ခန္ဓာကို လိုသလိုအသုံးချ၍ရနိုင်အောင် ကျင့်ရပြန်ပါသည်။

ထိုသို့ အဆင့်ဆင့်သော ဘူတရုပ် ပညာများကို ဆရာဦးအောင်ပြည့်ထံမှ အပတ်တကုတ်နှင့် ကြိုးစားသင်ယူရင်း ကိုထွန်းမြိုင်၏ အတွေးအာရုံထဲတွင် ဆရာဦးအောင်ပြည့်၏ဘဝဇာတ်ကြောင်းကို ပြင်းပြင်းပြပြသိလိုသည့်စိတ်ဖြစ်ပေါ်လာခဲ့၏။ ထို့ကြောင့် ဆရာအားသည့် အချိန်တစ်ချိန်တွင် ဆရာ့အနား အသာချဉ်းကပ်ပြီး သိလိုသည်များမေးမြန်းရာ ဆရာကလည်း ရှောရှောရှူရှူ ပြန်လည်ဖြေကြားပေးသဖြင့် ဆရာဦးအောင်ပြည့်၏ အတိတ်ဘဝဇာတ်ကြောင်းကို ကောင်းစွာသိရှိခဲ့ပါတော့၏။ဆရာဦးအောင်ပြည့်သည် လွန်စွာ ထူးဆန်းသည့် ဝိဇ္ဇာဓိရုပ္ပဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည့်အားလျော်စွာ သူ၏ဘဝဖြစ်စဉ်အရပ်ရပ်တို့သည်လည်း လွန်စွာပင် ထူးဆန်းလှသလို အံ့သြဖွယ်လည်းကောင်း၏။ အတွေ့အကြုံများလည်းရ၏။သင်ခန်းစာများသဖွယ်လည်း ပေးစွမ်း၏။ ထိုမျှသာမက မိမိကိုယ်တိုင် အတွက်လည်း မတူခြားနားသောအတွေ့အခေါ်ပုံစံများကိုရရှိစေခဲ့၏။ သို့ပါသောကြောင့် ဆရာကြီးဦးအောင်ပြည့်ပြောပြသမျှသော မြောက်မြားလှစွာသောဘဝဇာတ်ကြောင်းများထဲမှ ထူးခြားပြီးအများပြည်သူသိသင့်ထိုက်ရာများကို ရွေးနုတ်၍ ဆရာကြီး၏ဘဝဇာတ်ကြောင်းအတ္ထုပ္ပတ္တိတစ်စိတ်တစ်ဒေသတို့ကို ဖတ်ရှု၍ကောင်းအောင်ပုံလောင်း၍ဝတ္ထုကြောင်းသဖွယ်ရေးသား၍ဖော်ပြလိုက်ရပါသည်။

ဆရာကြီးဦးအောင်ပြည့်ကို ဂန္ဓဂေါခရိုင် (ယခင် ပခုက္ကူခရိုင်) ထီးလင်းမြို့နယ်ရှိ ပုံတောင်ပုံညာအကြားရှိ ဒန္ဒီအမည်ရသော ကျေးရွာတစ်ရွာ၌မွေးဖွားခဲ့၏။

ဆရာကြီးသည် ထိုဒေသမှာပင် ပညာသင်ကြားရင်း တောင်ယာလုပ်ကိုင်ရင်း ကြီးပြင်းလာခဲ့၏။ ဦးအောင်ပြည့်၏ တောင်ယာသည် ရွာနှင့်အတော်လှမ်းလှမ်းတွင် တည်ရှိနေ၏။ ထို့ကြောင့် နေ့စဉ်တောင်ယာသို့ အသွားအပြန်လုပ်ရသောအလုပ်အတွက် အတော်ပင် အချိန်ပေးရသဖြင့် နောက်ပိုင်းတွင် အကြောင်းကိစ္စကြီးငယ်မရှိလျှင် ရွာသို့ မပြန်တော့ဘဲ တောင်ယာလုပ်တဲ့နေရာမှာ တဲလေးတစ်လုံးဆောက်ပြီးနေထိုင်ခဲ့၏။ ထိုနေရာတွင်ပင်ချက်ပြုတ်စားသောက်ခဲ့ရာ အသွားအပြန်ခရီးအချိန်များစွာသက်သာသဖြင့် အချိန်ပိုများစွာရခဲ့၏။ သို့သော် ထိုအချိန်ပိုများတွင် အခြားလုပ်စရာမရှိသဖြင့် အားလပ်နေပြန်၏။ ထိုသို့နေထိုင်လာခဲ့ရင်း တစ်နေ့တွင် ဦးအောင်ပြည့်သည် ဤသို့စဉ်းစားလာမိ၏။

ငါသည် တစ်နေ့တစ်နေ့ တောင်ယာလုပ်၊ ပြန်လာ၊ ချက်ပြုတ်စားသောက်၊ အိပ်နှင့် ကျန်သောအချိန်များတွင် အခြားလုပ်စရာမရှိဘဲ အချိန်များစွာကုန်ခဲ့သည်။ နှမြောဖို့ကောင်းလေစွ။ ထို့ကြောင့် အလကားအားလပ်နေသည့် အတူတူ ထိုအချိန်တွင် ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်းများပြုလျှင်ကောင်းမည်ဟု ယူဆပြီး အချိန်ကိုအကျိုးရှိစွာဖြစ်စေရန် အားလပ်သည့်အချိန်တိုင်း ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်းအမှုတို့ကိုသာပြုလျှက်နေလေတော့၏။

ထိုသို့ ပြုဖန်များလာလေသော်

www.burmeseclassic.com

www.burmeseclassic.com

တစ်စထက်တစ်စ စိတ်ငြိမ်သက်လာ၏။ ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်း၏အရသာကိုသာ တွေ့သိလာသဖြင့် တိုး၍သာ လုပ်ကိုင်ဖြစ်လေတော့၏။ ထိုသို့ ဘုရားရှိခိုးချိန်ရှိခိုး၊ ပုတီးစိပ်ချိန်စိပ်၊ တောင်ယာလုပ်ချိန်သွားလုပ်၊ ချက်ပြုတ်စားချိန်စား၊ အိပ်ချိန်အိပ်နှင့် ပုံမှန်နေသားတကျလည်ပတ်နေသောဘဝထဲ၌ အပြောင်းအလဲဖြစ်စေမည့် အခြေအနေတစ်ရပ်သည် ပေါ်ပေါက်လာခဲ့လေတော့၏။

တစ်နေ့သော နေ့တစ်နေ့၏ ညနေ နေဝင်ရီတရောအချိန်ခန့်တွင် မောင်အောင်ပြည့်တစ်ဦးတည်းနေလျက်ရှိသော တောင်ယာစောင့်တဲလေးဆီသို့ အသက်အရွယ်အားဖြင့် လွန်စွာကြီးရင့်နေသည့်အရွယ်ရှိသော အဘိုးအိုတစ်ဦးနှင့် အဘွားအိုတစ်ဦးတို့ရောက်ရှိလာခဲ့ကြ၏။ ထိုသူတို့သည် တဲဝတွင် ခေတ္တာမျှရပ်နေကြပြီး-

"ဗျို့တဲရှင်တို့ တဲရှင်တို့၊ တဲထဲမှာ ဘယ်သူများရှိသလဲကွယ်၊ ရှိရင် ခဏထွက်ခဲ့ပါ"

ဟု အသံပြုနေသဖြင့် တဲလေး၏ ဘုရားဆောင်ရှေ့တွင် ချက်ပြုတ်စားသောက်ပြီး ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်း အမှုကိုပြုနေသည့် မောင်အောင်ပြည့်ကြားလေ၏။ ထိုအချိန်တွင် သူသည် အတန်ငယ်ထူးခြားသည်ဟု စဉ်းစားမိ၏။ အဘယ်ကြောင့်ဆိုသော် ဤတဲငယ်တွင် နေထိုင်အလုပ်လုပ်ခဲ့သည်မှာ နှစ်ပင် အတန်ငယ်ကြာခဲ့ပြီဖြစ်၏။ သူယာသူတဲသည် ရွာနှင့်အတော်ပင် လှမ်းသဖြင့် ယခုကဲ့သို့လာသူ ခေါ်သူဟူ၍ တစ်ကြိမ် တစ်ခါမျှမရှိခဲ့ဘူးပေ။ ထို့ကြောင့် ထူးထူးခြားခြား သူတဲရှိရာသို့လာ၍ခေါ်နေခြင်းသည် ပုံမှန်မဟုတ်ကြောင်းကိုလည်း စဉ်းစားမိ၏။ သို့သော် အဘယ်သူများက အဘယ်ကိစ္စကြောင့်များ လာပါသနည်း။ အကြောင်းကိစ္စတစ်ခုခုတော့ ရှိရပေမည်ဟူသည့်အတွေးကတစ်ဖန် ဝင်ရောက်လာသဖြင့် ဘုရားဆောင်ရှေ့မှထပြီး တဲအဝသို့ ထွက်လာခဲ့လေ၏။

တဲအဝသို့ရောက်သောအခါတွင် အဘိုးအို၊ အဘွားအိုနှစ်ဦးကို မမျှော်လင့်ဘဲ ရုတ်တရက်တွေ့လိုက်ရသဖြင့် အံ့သြပြီး မှင်တက်မိသွားပြီး ရုတ်ခြည်း စကားမဆိုနိုင်အောင်ဖြစ်နေလေ၏။

ထိုစဉ် အဘိုးအို ကစတင်ပြီး -

"ဒီယာတဲရဲ့ ပိုင်ရှင်က သူငယ်လားကွယ်"

"ဟုတ်..ဟုတ်..ပါတယ် အဘိုး ကျွန်တော်ပါပဲ။ ဘာအရေးအကြောင်း ကိစ္စများရှိလို့ပါလဲ"

ဟု ပြောလိုက်သောအခါ အဘွားအိုကဝင်ပြီး -

"ဒီလိုပါ သူငယ်၊ အဘိုးတို့အဘွားတို့က ခရီးသွားတွေပါ။ ခရီးသွားရင်း ဒီနားရောက်တော့ မိုးကလည်းချုပ်စပြုနေ ပြီ။ ခရီးဆက်သွားဖို့ကလည်း အခက်အခဲရှိနေတော့ တည်းစရာခိုစရာလေးများဒီနားတစ်ဝိုက်မှာရှိမလားလို့ရှာကြည့်တော့ သူငယ်တဲကိုတွေ့တာနဲ့ တည်းလို့ခိုလို့များရနိုင်မလားဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ဝင်လာတာပါကွယ်"

ဟု ပြောလိုက်ရာ မောင်အောင်ပြည့်သည် ချက်ချင်းသဘောပေါက်လိုက်၏။ သူ့ကို တည်းခိုခွင့်တောင်းနေခြင်း ဖြစ်သည်။ သူတို့ကို တည်းခိုခွင့်ပေးလိုက်လျှင် သူတို့ရဲ့ဝေယျာဝစ္စကိစ္စတွေကြောင့် သူ၏ ပုံမှန်ဘာသာရေးအလုပ်များတွင် အနှောင့်အယှက်များဖြစ်သွားမည်လားဟူသည့်အတွေးကဝင်လာ၏။ ထိုသို့စဉ်းစားနေစဉ် အဘိုးအိုကဝင်ပြီး -

"သူငယ်ရယ်၊ ဒီနားတစ်ဝိုက်မှာလည်း တခြားနေရာမှာ တည်းဖို့ခိုဖို့ဆိုတာ ဘယ်မှာရှိလို့လဲ သူငယ်လည်းသိပါတယ်။ ဖြစ်နိုင်ရင်တော့ ခွင့်ပြုပေးစေချင်တယ်ကွယ်"

ဟု ထပ်ဆင့်
မေတ္တာရပ်ခံလိုက်
သောအခါတွင်

www.burmeseclassic.com

www.burmeseclassic.com

မောင်အောင်ပြည့်လည်း မနေသာတော့ဘဲ -

"ဩော် - ဟုတ်ကဲ့ ဟုတ်ကဲ့၊ တည်းလို့ရပါတယ်ခင်ဗျ။ ကျွန်တော်က ခုလိုအချိန်ကြီး မမျှော်လင့်ဘဲ အဘိုးတို့အဘွားတို့ကို ရုတ်တရက်တွေ့လိုက်ရလို့ အံ့ဩသွားပြီး ဘာပြောရမှန်းမသိ အောင်ဖြစ်သွားလို့ပါ"

"ဟာ - ဒါဆိုဝမ်းသာလိုက်တာ ကွယ်၊ ကျေးဇူးလည်းတင်ပါတယ်"

ဟု အဘွားအိုက ဆိုလာ၏။

ထိုအခါ မောင်အောင်ပြည့်က -

"အဘိုးတို့အဘွားတို့ အထဲဝင်ကြပါ။ ဟို. . ခေါင်းရင်းဘက်ကြွပါခင်ဗျ"

ဟု ပြောလိုက်လျှင် အဘိုးကြီး၊ အဘွားကြီးတို့သည် တဲထဲဝင်ကြပြီး ပါလာသည့် သူတို့၏အထုပ်လေးများကို ချလိုက်ကြ၏။

ထို့နောက် မောင်အောင်ပြည့်က-

"ဩော် - အဘိုးတို့ အဘွားတို့ ညစာများရောစားသောက်ပြီးပါရဲ့လားခင်ဗျ"

ဟု ဆိုရာ အဘိုးကြီးက -

"အေးကွယ်၊ အားမနာတော့ပါဘူး။ လာရတဲ့ခရီးကလည်းဝေးပြီး ဒီနားတစ်ဝိုက်မှာ စားဖို့သောက်ဖို့ဆိုတာကလည်း ဘာတစ်ခုမှမတွေ့ရလေတော့ မစားသောက်ရသေးပါဘူးကွယ်"

"ဟုတ်လား ခင်ဗျ၊ ဒါဆို ခဏထိုင်ပြီး အပန်းဖြေလိုက်ပါဦး။ ကျွန်တော့်ဆီမှာ ဖွယ်ဖွယ်ရာရာတော့မရှိဘူး။ ဒါပေမယ့်ရှိတာလေးနဲ့ ချက်ကျွေးပါမယ်။ ခဏလေးတော့စောင့်ပါနော်"

"ဩော်- ရပါတယ်ကွယ်"

ဟုဆိုကြပြီးနောက် မောင်အောင်ပြည့်လည်း သူ့ဆန်အိုးထဲတွင်ထည့်ထားသော ငါးခြောက်ငါးခြိမ်းများနှင့် အာလူးတို့ကိုထုတ်ကာ အာလူးငါးခြောက်ဟင်းကို မန်ကျည်းနှစ်နှိုင်နှိုင်နှင့်ချက်ရန်ပြင်ဆင်လေ၏။ ထိုသို့ပြင်ဆင်ချိန်အတွင်း ထမင်းအိုးထဲသို့ လူနှစ်ယောက်စာဆန်များထည့်ပြီး တည်ထားလိုက်၏။

နာရီဝက်ခန့်ကြာသောအခါ အားလုံးချက်ပြုတ်ပြီးသဖြင့် ထမင်းပူပူ၊ ငါးခြောက်အာလူးချဉ်ဟင်းပူ၊ ငရုတ်သီးဆားထောင်း၊ တို့စရာဖြင့် တတ်နိုင်သမျှ ဖွယ်ဖွယ်ရာရာပြင်ဆင်ကာ ခူးခပ်ကျွေးမွေးလေ၏။ ခရီးသည်အဘိုးအဘွားတို့လည်း မောင်အောင်ပြည့်ချက်ပြုတ်ကျွေးမွေးသည့် ထမင်းဟင်းများကို မြိန်ရှက်စွာအားပါးတရစားသောက်ကြပြီးနောက် ခရီးပန်းပန်းဖြင့် နှစ်ခြိုက်စွာအိပ်ကြလေ၏။

နောက်တစ်နေ့နံနက်တွင် မောင်အောင်ပြည့်လည်း ထုံးစံအတိုင်း နံနက်ငါးနာရီလောက်တွင် အဘိုးအဘွားနှစ်ယောက်တို့လည်း နှစ်ခြိုက်စွာပင်အိပ်မောကျနေသည်ကိုတွေ့ရသဖြင့် တောင်ယာမသွားမီ အဘိုးအဘွားတို့နှစ်ယောက်စာစားရန် နံနက်စာအပြင် နေ့လယ်စာတို့ကိုပါစားရန် စီစဉ်ချက်ပြုတ်ပြီးထားခဲ့လေ၏။

ထို့နောက် မောင်အောင်ပြည့်လည်း နွားနှစ်ကောင်နှင့်ထယ်များကိုယူကာ သူ၏လုပ်ငန်းခွင်သို့ထွက်လာခဲ့၏။ တောင်ယာသို့ရောက်လျှင် နိစ္စဓူဝလုပ်ငန်းများကို အမြန်ပြီးစီးအောင်လုပ်ကိုင်လေ၏။ ထိုသို့လုပ်ကိုင်ရင်း နေသည် တဖြည်းဖြည်းမြင့်လာရာ နေမွန်းတည့်လုနီးသို့တိုင်ခဲ့၏။ ထို့ကြောင့် နေ့လယ်စာစားပြီး ခေတ္တမျှနားရန် လယ်တဲသို့ပြန်လာခဲ့၏။

သူလယ်တဲသို့ပြန်ရောက်လာသောအခါ မမျှော်လင့်သောမြင်ကွင်းကြောင့် မောင်အောင်ပြည့်၏စိတ်ထဲတွင် မကျေမချမ်းဖြစ်သွားခဲ့ရ၏။

ထိုမြင်တွေ့လိုက်ရသောမြင်ကွင်းမှာ လယ်တဲ၏ ဘုရားဆောင်အောက်တွင် ဧည့်သည်အဘိုးအဘွားတို့သည် ရင်ချင်းဟပ်ပြီး တစ်ဦးကိုတစ်ဦးဖက်အိပ်နေသည်ကိုတွေ့လိုက်ရသောကြောင့်ဖြစ်၏။

ထို့ကြောင့် မောင်အောင်ပြည့်၏စိတ်ထဲတွင် 'ဩော် - ဒီအဘိုးကြီးနဲ့အဘွားကြီးတွေဟာ ဒီလောက်အသက်ကြီးနေတာတောင် နေမှုထိုင်မှုကလည်း မတတ်ဘဝင်မကျစရာဘဲ' ဟု အတွေးဖြစ်ပေါ်ခဲ့၏။ သို့သော် မည်သို့မျှမပြောဘဲ ခပ်မဆိတ်သာနေလိုက်လေ၏။

ထို့နောက် ဧည့်သည်အဘိုးအဘွားတို့က မောင်အောင်ပြည့်အား ဤနေ့အတွက်လည်း ဤနေရာမှာပင်ဆက်လက်တည်းခိုခွင့်ပြုပါရန် ထပ်မံခွင့်တောင်းလာသဖြင့် ဆက်ပြီးခွင့်ပြုခဲ့ပါသည်။ ပြီးလျှင် မောင်အောင်ပြည့်လည်း နေ့လယ်ပိုင်းအလုပ်လုပ်ရန်ပြန်လာပြီး လုပ်စရာတို့ကိုဆက်လုပ်ခဲ့၏။ ညနေစောင်းသောအခါ အလုပ်သိမ်းပြီး လယ်တဲအိမ်သို့ပြန်ရန် ပြင်ဆင်လေ၏။

ထိုအခါတွင် သူ့လယ်တဲအိမ်၌ တည်းခိုနေကြသော အဘိုးအဘွားတို့အား သွား၍သတိရမိ၏။ တစ်ဆက်တည်း သူတို့၏ စားသောက်ရေးအတွက်ပါ ခေါင်းထဲရောက်လာသဖြင့် ယာအနီးအနားရှိ ရနိုင်သမျှ ဟင်းသီးဟင်းရွက်များကိုခူး၍ပြန်လာခဲ့၏။

သူ၏ယာတဲသို့ရောက်သောအခါ အဘိုးအဘွားတို့သည် နေ့လယ်အချိန်တွေ့တုန်းကကဲ့သို့ပင် ထမ်မနေထိုင်နေကြသည်ကိုတွေ့ရပြန်၏။ ဤတစ်ကြိမ်တွင်လည်း မောင်အောင်ပြည့်သည် ဘာမှမပြောဘဲ သူဝတ်တရားများကို ပြုမြဲအတိုင်းသာ ဆက်လက်ဆောင်ရွက်သည့်အနေဖြင့် မီးဖိုခန်းထဲဝင်ပြီး လူသုံးယောက်စာအတွက် ချက်ပြုတ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်လေ၏။

ထို့အတွက် သူမီးဖိုချောင်ထဲတွင် စဉ့်အိုးဖြင့်ထည့်သိပ်ထားသော ငါးဖယ်အောင်းငါးပိကောင်များကိုထုတ်၍ ရေစင်အောင်ဆေးပြီး ဆီပူထိုးလိုက်၏။ ထို့ပြင် သီးစုံချဉ်ရည်ဟင်းတစ်ခွက်ကိုလည်းချက်လိုက်၏။ ထိုမျှမက အညာဒေသ၏ထုံးစံအတိုင်း ချဉ်ပေါင်ဖူးထောင်းဟင်းတစ်ခွက်ပါစီမံပြီး ချက်ပြုတ်ကျွေးမွေးလေ၏။အဘိုးအဘွားတို့လည်း မောင်အောင်ပြည့်ချက်ပြုတ်ကျွေးမွေးသည့်အစားအသောက်တို့ကို မြိန်ရှက်စွာစားသောက်ကြလေ၏။ ထို့နောက် နှစ်ခြိုက်စွာအိပ်စက်ကြပြန်လေ၏။

နောက်တစ်နေ့နံနက်စောစောတွင်လည်း မောင်အောင်ပြည့်သည်ထပြီး အဘိုးအဘွားတို့အတွက် ယမန်နေ့ကကဲ့သို့ပင် နံနက်စာရော နေ့လယ်စာပါချက်ပြုတ်ပြင်ဆင်ပြီး တောင်ယာလုပ်ငန်းခွင်သို့ထွက်လာခဲ့၏။ အလုပ်လုပ်ရင်း နေမွန်းတည့်သောအခါ သူ၏ယာတဲသို့ နားရန်ပြန်လာခဲ့၏။

သူ့ယာတဲသို့ပြန်ရောက်သောအခါ အဘိုးအဘွားတို့သည် ယမန်နေ့ကမြင်ကွင်းအတိုင်းပင် မြင်ရပြန်လေသဖြင့် အတော်ပင် စိတ်ပျက်မိသွားသဖြင့် ဖက်အိပ်နေကြသောအဘိုးကြီးအဘွားကြီးများအား နှိုးလိုက်ပြီး မောင်အောင်ပြည့်က-

"အဘိုးအဘွားတို့ဟာ နေ့လယ်နေ့ခင်းကြီးကြောင်တောင်တောင်မရောင်ဘဲ ဒီလိုနေတာထိုင်တာမသင့်တော်ပါဘူး။ လူမြင်လို့လည်းမကောင်းပါဘူး။ အဲဒါကြောင့် အဘိုးတို့အဘွားတို့အနေနဲ့ မနက်ဖြန်မနက်ကျရင်တော့ သွားလိုရာခရီးကိုဆက်ပြီးသွားကြပါတော့။ ကျွန်တော့်အနေနဲ့ ဒီမှာဆက်ပြီး နေထိုင်ခွင့်မပေးနိုင်တော့ပါဘူး"

ဟုပြောလိုက်သောအခါ အဘိုးကြီးက -

"မောင်ရင့်အနေနဲ့ လက်မခံတော့

www.burmeseclassic.com

www.burmeseclassic.com

ဘူးဆိုရင် အဘိုးတို့အဘွားတို့ မနက်ကျ ရင်သွားပါတော့မယ်။ ဒီတစ်ညတော့ ဒီမှာပဲဆက်တည်းခွင့်ပြုပါကွယ်"

ဟုပြောလာလေ၏။

ထို့ကြောင့် မောင်အောင်ပြည့်လည်း ဘာမှဆက်မပြောတော့ဘဲ ဦးညီသည်တို့၏ညစာအတွက် စဉ်းစားပြီး တောင်ယာလုပ်ငန်းခွင်သို့ပြန်လာခဲ့၏။ ယာလုပ်ငန်းခွင်ပြီး၍ ညနေစောင်းအိမ်ပြန်မည်ရှိသောအခါ ယာအနီးရှိ ခရမ်းချဉ်သီးခင်းထဲမှ ခရမ်းချဉ်သီးအနေတော်များကိုဆွတ်ခဲ့၏။ ငရုတ်သီးစိမ်းနှင့် ချဉ်ပေါင်ခါးရွက်များကိုပါခူးခဲ့၏။

အိမ်ပြန်ရောက်သောအခါ ချက်ပြုတ်ရန်အတွက်ပြင်ဆင်လေ၏။ ပုစွန်ခြောက်၊ ငရုတ်သီးစိမ်းများကိုထောင်း၍ ခရမ်းချဉ်သီးငါးပိချက်တစ်ခွက်ချက်၏။ နှမ်းဖတ်ချဉ်ကိုလည်း ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်သီးစိမ်းများဖြင့်သုပ်လေ၏။ ချဉ်ပေါင်ခါးရွက်ပုစွန်ခြောက်ဖြင့် ဟင်းချိုတစ်ခွက်ချက်ပြီး ကျွေးမွေးဧည့်ခံလေ၏။

မောင်အောင်ပြည့်ချက်ပြုတ်ကျွေးမွေးသည်များကို အဘိုးအဘွားတို့က မြိန်ရှက်စွာစားသောက်ပြီး အိပ်ရာဝင်ခဲ့ကြ၏။

စတုတ္ထနေ့ဖြစ်သော နောက်တစ်နေ့နံနက်စောစောတွင် မောင်အောင်ပြည့်လည်း အိပ်ရာမှထပြီး အဘိုးအဘွားတို့ နံနက်စာစားသောက်ရန်ပြင်ဆင်ပြီးကောင်းမွန်စွာဧည့်ခံကျွေးမွေးလေ၏။ အဘိုးအဘွားတို့လည်း နံနက်စာကို အားပါးတရစားကြ၏။ စားသောက်ပြီးစီးသောအခါ ခရီးဆက်ရန် သူတို့၏အထုပ်အပိုးများကိုပြင်ဆင်ကြပြီးနောက် သူတို့သည် မောင်အောင်ပြည့်ကို စေ့စေ့ကြည့်ပြီးနောက် အဘိုးကြီးဖြစ်သူက -

"မောင်ရင်ဟာ အဘိုးတို့အဘွားတို့ကိုမရှိရှိတဲ့ကြားက ဧည့်ဝတ်ကျေပွန်အောင် ဘယ်လိုအခြေအနေကိုပဲကြုံတွေ့နေပါစေ သဒ္ဓါမပျက်ဘဲ ဧည့်ခံခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ကွယ်"

"ဟုတ်ကဲ့ပါ - ရပါတယ်"

ဟု ပဋိသန္ဓာရစကားများပြောကြ၏။

နောက်ဆုံးတွင် အဘိုးဖြစ်သူက-

"ကဲ - မောင်ရင်၊ ဟိုးလယ်ကန်သင်းရိုးပေါ်မှာ ပုစွန်ကျစ်စာခဲလေးတွေရှိတယ်။ အဲဒီထဲက လက်ကိုင်ပစ်လို့ကောင်းမယ့်အရွယ်ရှိတဲ့ခဲနှစ်ခဲကောက်လာပေးပါလား"

ဟုပြောသဖြင့် မောင်အောင်ပြည့်လည်း အဘိုးကြိုးမှာလိုက်တဲ့အတိုင်း ပုစွန်ကျစ်စာခဲနှစ်ခဲကို သွားကောက်ယူလာပေးလိုက်၏။

■ မိုးကောင်းကင်၌လမ်းဖောက်သူများ

မောင်အောင်ပြည့်ယူလာပေးသော ပုစွန်ကျစ်စာခဲနှစ်ခု လက်ထဲရောက်လာသောအခါ အဘိုးကြီးက တစ်ခဲကိုကိုင်ထားပြီး ကျန်တစ်ခဲကို အဘွားကြီးကိုပေးပြီး ရှေ့ကနေသွားဖို့ပြောလိုက်၏။ နောက်မှ အဘိုးကလိုက်၏။

သူတို့နှစ်ယောက် လမ်းလျှောက်သွားပြီး ယာတဲရှေ့ပေ(၅၀)ခန့်အရောက်တွင် အဘိုးကြီးက -

"ကဲ - ရှင်မရေ၊ မင်းလက်ထဲမှာရှိတဲ့ခဲကို အရင်ပစ်လိုက်"

လို့ပြောသောအခါ အဘွားကြီးသည် ခဲကိုကောင်းကင်ပေါ်သို့လေးကိုင်းသဖွယ် လမ်းကြောင်းအတိုင်းပစ်လွှင့်လိုက်၏။

ထိုအခါ ထူးဆန်းစွာပင် ခဲပစ်လိုက်သည့်လမ်းကြောင်းတစ်လျှောက်တွင် သက်တံကြီးတစ်ခုပေါ်လာလေတော့၏။

ထို့နောက် အဘိုးကြီးကလည်း သူလက်ထဲတွင်ရှိသောခဲလုံးကို အဘွားကြီးပစ်လွှင့်လိုက်၍ ဖြစ်ပေါ်လာသော သက်တံတန်းကြီးဘေးမှယှဉ်ပြီးပစ်လွှင့်လိုက်ပြန်၏။ ထိုသို့ အဘိုးကြီးပစ်လိုက်သောခဲလမ်းကြောင်းတစ်လျှောက်တွင် သက်တံတန်းကြီးတစ်ခုပေါ်လာပြန်လေ၏။ ထိုသက်တံတန်းကြီးနှစ်ခုသည် မိုးကောင်းကင်ပေါ်သို့ထောင်တက်သွားလေ၏။

ထိုအချိန်တွင် မောင်အောင်ပြည့်သည် အဘိုးကြီး၊ အဘွားကြီးနှစ်ဦး၏ လုပ်ကိုင်နေမှုကို တအံ့တသြကြည့်နေရင်း အဘိုးကြီး၊ အဘွားကြီးတို့ရှိသောနေရာသို့ ခပ်ဖြည်းဖြည်းလျှောက်လိုက်သွားခဲ့၏။

ခဏကြာလျှင် အဘိုးကြီးက အဘွားကြီးအား -

"ရှင်မရေ၊ မင်းအရင်တက်ကွာ"

ဟုပြောလိုက်သောအခါ အဘွားကြီးလည်း ပေါ်ပေါက်လာခဲ့သော သက်တံကြီးပေါ်သို့ တစ်လှမ်းချင်းလှမ်းပြီးတက်သွားခဲ့၏။ အဘွားကြီးတက်သွားပြီးသောအခါ အဘိုးကြီးကလည်း အဘွားကြီးနည်းတူ ဘေးမှသက်တံကြီးပေါ်သို့တက်သွားပြန်၏။

ထိုအခါတွင်မှ အခြေအနေအရပ်ရပ်ကို မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရသော မောင်အောင်ပြည့်က မိမိထံလာသွားသောအဘိုးအဘွားတို့သည် သာမန်လူများမဟုတ်ဘဲ ပုဂ္ဂိုလ်ထူးများဖြစ်ကြောင်း သဘောပေါက်သွားပြီး သူအိမ်၌ ဆက်လက်တည်းခိုခွင့်မပြုနိုင်တော့ကြောင်းငြင်းလိုက်မိသည့်ကိုလည်း ပြန်တွေးမိပြီး စိတ်မကောင်းခြင်းကြီးစွာဖြစ်ရလေတော့၏။

ထိုအချိန်တွင် အဘိုးအဘွားတို့တက်ရောက်သွားကြသည့် သက်တံတို့သည် ဝါးတစ်ပြန်စာလောက်အထိရောက်သွားချိန်တွင် အဘိုးကြီးသည် သက်တံပေါ်တွင်ရပ်လျက် -

"ဟော့ - မောင်ရင်၊ မင်းကော တို့လိုမဖြစ်ချင်ဘူးလား"

လှမ်းမေးလိုက်ရာ မောင်အောင်ပြည့်လည်း မဆိုင်းမတွပင် သူပြောမိအထင်အမြင်လွဲမိသည်များကို ခွင့်လွှတ်ပါရန် တောင်းပန်ပြီး -

"ကျွန်တော်လည်း အဘိုးတို့အဘွားတို့လိုဖြစ်ချင်ပါတယ်"

လှမ်းအော်ပြောလိုက်ရာ အဘိုးကြီးက အဘွားကြီးဘက်သို့လှည့်ပြီး -

"ကဲ- ရှင်မရေ၊ ငါ မင်းကိုပေးထားတဲ့ပုရပိုက်ကို ဟိုမောင်ရင်လေးကိုပေးလိုက်ပါကွာ"

ပြောလိုက်လျှင် အဘွားကြီးသည် သူလွယ်ထားသောအိတ်ထဲမှ ပုရပိုက်တစ်ခုကိုထုတ်ယူလိုက်ပြီး မောင်အောင်ပြည့်ရှိရာဘက်သို့ ပစ်ချပေးလိုက်၏။

ထိုအခါ အဘိုးကြီးက -

"ဒီမယ် မောင်ရင်လေး၊ အခုချပေးလိုက်တဲ့ပုရပိုက်ထဲမှာပါတဲ့အတိုင်းကျင့်ကြံအားထုတ်မယ်ဆိုရင် မင်းလည်း ငါတို့လိုဖြစ်ပါတယ်ကွာ"

ဟုပြောပြီး သက်တံပေါ်တွင် တစ်လှမ်းချင်းလျှောက်သွားကြလေတော့၏။

ထိုအခါ မောင်အောင်ပြည့်လည်း ပုရပိုက်အားသွား၍ကောက်ယူလိုက်ပြီး အဘိုးအဘွားတို့ တက်ရောက်သွားရာသက်တံကြီးနှစ်ခုအား ကြည့်လိုက်ရာ အဆိုပါသက်တံကြီးများသည် သူ၏မြင်ကွင်းမှ တဖြည်းဖြည်းဝေး၍ဝေး၍ကွယ်ပျောက်သွားလေတော့၏။

သူတို့အပေါ်မကောင်းထင်မိသမျှ၊ ပြောမိသမျှတို့ကိုလည်း ခွင့်လွှတ်ပေးပါရန် ရင်ထဲမှ အကြိမ်ကြိမ်အထပ်ထပ်တောင်းပန်နေမိပါတော့သတည်း။

ရွှေလဆက်ဖတ်ပါရန်

ပထမံဆရာဦးအေးရှိ

www.burmeseclassic.com

www.burmeseclassic.com

မင်းဟိန်းထိုင်

ကာတွန်းပုံဖြင့် ဝတ္ထုတိုများ

ရခိုင်ရိုးမ မင်းဘူး-အမ်းလမ်း ငပြယ်စခန်းတွင်ဖြစ်သည်။

သီတင်းကျွတ်တော့မည်။ မိုးပါး၍ ဆောင်းဘက်ဆီသို့နီးလာသောကြောင့် မြေမာစပြုနေပြီ။ လမ်းမြေမာလျှင် ဤဆောင်းဦးပေါက်ရာသီ၌ မင်းဘူး-အမ်းလမ်း ရခိုင်ရိုးမထဲကို ကျောက်စခင်းကြတော့မည်။

မောင်အေးချမ်းမှာ မိုးနှောင်းရာသီကပင် စခန်းခွဲအားလုံးမှာ တဲရုံတန်းကြီးများကို လိုသလောက်ဆောက်လုပ်ထားသည်။ တောင်ကျရေများကိုလည်း သွယ်တန်းထားသည်။ ယုတ်စွအဆုံးအိမ်သာများကိုပါ လိုသလောက်ဆောက်လုပ်ထားပြီ။

စခန်းတိုင်းအတွက် လုပ်ငန်းဇယားကိုလည်း လိုသလောက်ဆွဲထားပြီးပြီ။ ထို့ကြောင့် ကျောက်ခင်းလုပ်ငန်းကို စတင်ချိန်၌ စခန်းနှင့်ပတ်သက်သော မည်သည့်လုပ်ငန်းကိုမျှ လိုက်လုပ်ရန် မလိုတော့ပေ။ အလုပ်ကို စူးစိုက်ဇောက်ချပြီးလုပ်ကိုင်ရန် သာရှိတော့သည်။

"မောင်အေးချမ်း . . . "

ကိုထင်ကျော်ဦးက အသံကျယ်ကျယ်ဖြင့်လှမ်းခေါ်ကာ အဆောင်ထဲသို့ပြေးဝင်လာ၍ မောင်အေးချမ်းလန့်သွားသည်။ အတွေးအာရုံလည်းပြတ်သွားသည်။ ကိုထင်ကျော်ဦးကို အသေအချာကြည့်သည်။ အလွန်အမင်း စိတ်လှုပ်ရှားနေပုံရသည်။ သူ၏မျက်လုံးများ သိသိသာသာပြူးကျယ်နေသည်။

"ခင်ဗျားဘာဖြစ်များဖြစ်လာလို့လဲ"

သူဘာမှမပြောပေ။ ဖောင်းပိန်ဖြစ်နေသော သူ့ဗိုက်ကိုတစ်ချက်ငုံ့ကြည့်ကာ သက်မချသည်။ ပတ်ဝန်းကျင်များကိုလည်း ဂနာမငြိမ်သောမျက်လုံးများဖြင့် ကြည့်နေသည်။

"မှားပြီကွာ၊ တကယ်မှားသွားပြီ။ ပြင်လို့မရအောင်ကိုမှ ငါမှားခဲ့ပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားဘာဖြစ်လာတာလဲ ပြောလေ၊ ပြောပြမှ ကျွန်တော် သိမှာပေါ့"

သူခေါင်းကိုတွင်တွင်ခါယမ်း လိုက်ပြီး ထိုင်နေရာမှ ဖျတ်ခနဲ ထကာ အပြေးတစ်ပိုင်း ဝရန်တာ သို့ထွက်သွားသည်။ ထို့နောက် ပြတင်းပေါက်နားမှာကပ်ရပ်ပြီး နောက် တံတွေးတစ်ချက်ထွေး ကာ အဝေးဆီလှမ်းကြည့် နေသည်။ ထို့နောက် ဖျတ်ခနဲပြန်လှည့်လာ ပြီး -

"မအေးမြသေပြီကွ"

"ဗျာ. . .

"ငါ မူဒိမ်းကျင့်လိုက်လို့ မအေးမြ သေသွားပြီ"

မောင်အေးချမ်း ဘာမှမပြောဘဲ ကိုထင်ကျော်ဦး၏မျက်နှာကို စိုက်ကြည့် နေသည်။ ကိုထင်ကျော်ဦး မျက်ရည်များ စို့ဝိုင်းနေသည်။ မျက်နှာတစ်ပြင်လုံးရဲရဲ နီနေသည်။ ထို့နောက် တုန်နေသည်။

မောင်အေးချမ်း ကိုထင်ကျော်ဦး အား မသက်သလိုတွေ့လာ၍ အံ့ဆွဲထဲမှ လက်လုပ်လေးတောင့်ထွက်ခြောက် လုံးပြူးကို မသိမသာ အံ့ဆွဲထဲမှထုတ် လိုက်သည်။ ထို့နောက် စားပွဲအောက်မှာ ပင် ဖွက်ကိုင်ထားလိုက်သည်။

မောင်အေးချမ်းမှာ တပည့် (၆) ယောက်ရှိသည်။ ခြောက်ယောက်စလုံး မောင်အေးချမ်းထက် အသက်ကြီးပြီး လူမိုက်များချည်းလည်း ဖြစ်ကြသည်။ ဓားပြ၊ သူခိုး၊ မုဒိမ်းကောင်များ မဟုတ်ကြ။ မဟုတ်မခံ၊ တန်ပြစိတ်ကြီး၍ လူသတ်မှုကို တစ်ကြိမ်မကကျူးလွန်ထားဖူး၍ အိမ်မပြန်ကြနိုင်သောလူများချည်း သာဖြစ်သည်။

တပည့်ခြောက်ယောက်တွင် ဤကိုထင်ကျော်ဦးသည် အအေးဆုံး၊ အချောဆုံး၊ အလှဆုံး၊ ခေတ်ပညာဆယ်တန်းကျ။ လုပ်ငန်းတာဝန်များကို အလွန်လေးစားပြီး တိကျတည်ငြိမ်သည်။ မည်သည့်အလုပ်အကိုင်ကိုမျှ ကတ်ခြင်းခိုခြင်းမရှိပေ။ မိသားစုဝင်ထဲက လူတစ်ယောက်ကဲ့သို့ ချက်ရေးပြုတ်ရေးမှ

မောင်အေးချမ်းအလွန် အမင်းဒေါသထွက်ပြီး ကိုထင်ကျော်ဦးကိုစိုက်ကြည့်နေသည်။ ကိုထင်ကျော်ဦးက မောင်အေးချမ်းကို ကြည့်လိုက် ငိုင်နေလိုက် အဝေးကိုကြည့်လိုက်နှင့် အတော်လေးပင် စိတ်လှုပ်ရှား နေပုံရသည်။

မအေးမြက အလွန်အေးဆေး တည်ငြိမ်သောမိန်းကလေးဖြစ်သည်။ ရုပ်ရည်ရူပကာယမှာ ဖြူဖွေးချောမောလှပသည်။ စကားနည်းပြီး ဘာသာရေးကိုင်း ရှိုင်းသည့် ပုတီးသမလေး ဖြစ်သည်။ အလွန်လေးစား ချစ်ခင်ဖွယ်ကောင်းသည်။

မအေးမြက မောင်အေးချမ်း ထက် အသက်နှစ်နှစ်ကျော်ကြီးသည်။ မအေးမြနှင့် ကိုထင်ကျော်ဦးတို့က အသက်ချင်းရွယ်တူဟု ဆိုရသော်လည်း ကိုထင်ကျော်ဦးက မအေးမြထက် အသက်တစ်လကျော်ကြီးသည်ဟု သိရ သည်။

"ခင်ဗျားနဲ့ မအေးမြက သမီးရည်းစားပဲ။ သီတင်းကျွတ်ပြီးရင်ယူကြမယ်ဆိုပြီးတောင် လူသိရှင်ကြားဖြစ်နေကြတာလေ။ အဲတာများ ဘာလို့မူဒိမ်းကျင့်ပြီး သတ်လိုက်ရတာလဲ"

သူ ခေါင်းခါသည်။ ထို့နောက် ပြောသည်။

"ငါမသတ်ဘူး"

"ဟ - ခုနပဲ ခင်ဗျားမုဒိမ်းကျင့်လိုက်လို့ မအေးမြသေပြီဆို"

"ဟုတ်တယ်၊ ဒါပေမယ့် ငါမသတ်ဘူး"

"ဒုက္ခပဲ၊ ခင်ဗျာဥစ္စာ ရှုပ်ကုန်ပြီ။ အသေအချာပဲပြောပြပါ။ ဘယ်သူမှ လည်း မရှိပါဘူး"

"ပြောပြရင် မင်းငါသတ်မှာလား"

"ဘာဖြစ်လို့လဲ"

"မင်း ငါကိုသတ်မသတ် ဒါပဲပြော၊ ပြီးမှ ငါပြောမယ်"

"ဟ - ခင်ဗျားအဲလိုတော့အကျပ်ကိုင်သလိုကြီးမမေးနဲ့လေ။ ဒီနေရာက အဖြူအမည်းမရှင်းသေးဘူး။ အတတ်နိုင်ဆုံး ကိုယ့်ကိုယ်ကိုယ်ပဲဖြူအောင်နေကြရတာ။ ကိုယ်တိုင်ဖြူအောင်နေမှဖြူတာ။ ကိုယ်တိုင်ဖြူအောင်မနေရင် မည်းသွားတတ်တယ်ဆိုတာ ခင်ဗျားသိပါတယ်။ ကျွန်တော်တို့ရပ်တည်ပြီး တည်တည်ငြိမ်ငြိမ်နဲ့နေထိုင်နိုင်တာလည်း ကိုယ်တိုင်ဖြူ

စ၍ အောက်ခြေသိမ်းလုပ်ကိုင်ပေးလေ့ရှိသည်။

သူသည် ဇာတိရွာ၌ အစ်မဖြစ်သူတို့ မိသားစု၏ ကျွဲများကို နှစ်ကြိမ်တိုင်တိုင် (အုပ်လိုက်) ခိုးရောင်းသော လူတစ်ယောက်နှင့် ပဋိပက္ခဖြစ်ပြီး ဓားထိုးမှုဖြစ်ခဲ့ဖူးသည်။ ဓားထိုးမှုဖြစ်နေဆဲတွင် ဦးလေးဖြစ်သူရောက်လာပြီး နောက်က အတင်းဝင်ဆွဲသည်ကို ရန်သူအထင်ဖြင့် ထိုးလိုက်မိ၍ နှစ်လောင်းပြိုင်လူသတ်မှုကြောင့် ဝရမ်းပြေးရင်း မောင်အေးချမ်းတို့ မင်းဘူး-အမ်းလမ်းရခိုင်ရိုးမကြီးထဲသို့ ရောက်လာခဲ့သည်။

ထို့နောက် မောင်အေးချမ်း၏ ဆိုက်ထဲတွင် အလုပ်ဝင်လုပ်သည်။ မောင်အေးချမ်း ကိုထင်ကျော်ဦးကို အကဲခတ်သည်။ ကိုထင်ကျော်ဦးမှာ လူသတ်မှုဖြစ်ခဲ့ဖူးသော်လည်း တည်ငြိမ်ပြီး ရိုးရှင်းသည်။ ဖော်ရွေသည်။ ထို့ကြောင့် ပင် မောင်အေးချမ်းက အနီးကပ်လူယုံအဖြစ်ထားလာခဲ့သည်။ သို့သော်လည်း ယခုတော့ မောင်အေးချမ်း ယုံကြည်နေသည့်လူတစ်ယောက်က မုဒိမ်းမှု/လူသတ်မှုဖြစ်လာခဲ့ပြီတဲ့။

www.burmeseclassic.com

www.burmeseclassic.com

အောင်ဖွေးအောင်နေထိုင်ကြလိုပါပဲ။ အဲဒီအဖြူကိုတော့ ဘယ်တော့မှ ကျွန်တော် အမည်းမသုတ်ဘူး။ ဒီနေရာမှာ ကျွန်တော် အလုပ်အတော်များများကို အုပ်ထိန်းဦးဆောင်ပြီး နေထိုင်နိုင်တာဟာလည်း အဖြူထည်သက်သက်ကိုထိန်းထားနိုင်လို့ပါပဲ။ ဒီတော့ ခင်ဗျားက ကျွန်တော့် လူဖြစ်နေတဲ့အတွက် မအေးမြနဲ့ဖြစ်ခဲ့တဲ့ ကိစ္စကိုလည်း အမှန်အတိုင်းပဲပြောပြပါ"

ကိုထင်ကျော်ဦးသက်မတစ်ချက် ကိုချလိုက်ပြီးပြောသည်။

"မင်းသတ်ချင်လည်းသတ်။ ငါ အမှန်အတိုင်းကိုပြောပြဖို့ ဆုံးဖြတ်လိုက်ပါပြီ။ မအေးမြမရှိတဲ့ ဒီလောကကြီးဟာလည်း ငါ့အတွက် အသုံးမဝင်တော့ပါဘူး။ အခြောက်တောအဆိပ်တောကြီးလိုဖြစ်နေပါပြီ"

"ဟ-ကိုထင်ကျော်ဦး၊ ကျွန်တော်က ခင်ဗျားကိုသတ်ရလောက်အောင် ကျွန်တော် လူမိုက်မဟုတ်ဘူး၊ ခင်ဗျားတို့ သာလူမိုက်တွေပဲမဟုတ်လား"

"ငါတို့မိုက်တာက စည်းမဲ့ကမ်းမဲ့ မိုက်ခဲ့တာလေ။ ဖြစ်ချင်တာကိုရွေ့တန်းတင်ပြီး မိုက်ချလိုက်တဲ့လူမိုက်ပါ။ မင်းကမိုက်သင့်ရင် ဘာဆိုဘာမှမထောက်တော့ဘဲ ပြတ်ပြတ်ကြီးမိုက်ရဲတဲ့လူ။ ဒါကြောင့် ငါ ကျန်တဲ့လူတွေကိုမကြောက်ဘူး။ ပုဆိုးကွင်းထဲအတူဝင်ပြီး ဓားနဲ့ယှဉ်ထိုးရဲတယ်။ ဒါပေမယ့် မင်းတော့ ငါကြောက်တယ်"

မောင်အေးချမ်း သက်မတစ်ချက် ကိုချလိုက်သည်။ ထို့နောက် ကိုထင်ကျော်ဦးအားကြည့်ကာပြောလိုက်သည်။

"ကိုထင်ကျော်ဦး လိုရင်းကိုပဲပြောပါဗျာ။ ခင်ဗျားက ကျွန်တော်နဲ့အနီးနေတဲ့လူပါ။ ထွက်ပေါက်တွေအများကြီးရှိပါသေးတယ်။အခုကိစ္စကိုလည်း ခင်ဗျားပြောလို့သာသိနေရပြီး ဘယ်သူမှလည်း တိုင်တာတောတာမရှိသေးပါဘူး။ တိုင်တာတောတာမရှိဘဲ ပြီးသွားရင်လည်း ခင်ဗျားဘာသာပဲ အလုပ်ထဲကထွက်သွားပေါ့။ အပြစ်ရှိနေတဲ့လူတစ်ယောက်ကိုတော့ ကျွန်တော် ဆက်ပြီးထားမှာ မဟုတ်ပါဘူး။ တိုင်တာတောတာသာရှိလာရင်လည်း ခင်ဗျား ဝရမ်းပြေးလိုက်တော့ပေါ့။ အဲလိုမဟုတ်ဘဲ အာခံတာတို့ ခုခံတာတို့ ဒီပတ်ဝန်းကျင်မှာ တဝဲဝဲလည်လည်လုပ်နေတာတို့သာဆိုရင် အဆင်ပြေမှာမဟုတ်ပါဘူး။ အဖြူထည်သက်သက် ကျွန်တော့်ပတ်ဝန်းကျင်ကိုလည်း အမည်းကွက်ခံလို့မရပါဘူး"

"စိတ်ချ ညီလေး၊ အစ်ကို မင်းအပါအဝင် ဘယ်သူ့ကိုမှ စိတ်ဒုက္ခကိုယ်ဒုက္ခပေးနေမှာလည်းမဟုတ်ပါဘူး။ အစကပြောခဲ့သလို မအေးမြမရှိတော့တဲ့ ဒီလောကကြီးဟာ ငါ့အတွက် ဘာတန်ဖိုးမှလည်းမရှိတော့တဲ့အတွက် ငါကိုယ်ငါ သတ်သေပြီး မအေးမြရှိနေမယ့်ဘုံဘဝကိုပဲလိုက်သွားတော့မှာပါ"

ကိုထင်ကျော်ဦး မျက်ရည်ကျ၏။ ထို့နောက် လည်ချောင်းရှင်းပြီးမှ သူနှင့် မအေးမြတို့၏ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလေသည်။

"ငါနဲ့မအေးမြဟာ ဒီရိုးမကြီးထဲမှာ သာတွေ့မြင်ပြီးချစ်လာကြပေမယ့် ငါ့အနေနဲ့ မအေးမြဟာ အချစ်ဦးအချစ်သန့်ဖြစ်သလို သူကြီးကြီး သီလရှင်ကျောင်းမှာသာနေ ကြီးလာရတဲ့ မအေးမြမှာလည်း ငါသည်သာ သူ့ရဲ့အချစ်ဦးအချစ်သန့်ဆိုတာ ငါကိုယ်တိုင်သိပါတယ်။ ဒါကြောင့်လည်း ဒီသီတင်းကျွတ်ရင် လက်ထပ်ပြီး သင့်တော်ရာအရပ်တစ်ခုမှာ ဘဝနှစ်ခုကို တစ်ပေါင်းတည်းပြုပြီး အိမ်ထောင်သည်တို့ခရီးကို ဆက်လျှောက်ကြမလို့ပါပဲ။ ဒါပေမယ့် ဒီနေ့ခင်းမှာ ငါဟာ မင်းခိုင်းထားတဲ့ရေတံလျှောက်သွယ်တန်းတဲ့အလုပ်တွေကိုလုပ်ကိုင်နေရင်း ဘာကြောင့်မှန်းမသိ အရမ်းပဲ မအေးမြနဲ့တွေ့ဆုံပြီး စကားပြောဆိုချင်လာတယ်။ သီတင်းကျွတ်ဖို့ရက်နီးလာလို့ လက်ထပ်ကြမယ့်ကိစ္စတွေနဲ့ အခြေတကျနေထိုင်ကြမယ့်အကြောင်းတွေကို တိုင်ပင်ချင်တာလည်းပါတယ်ပေါ့"

"ခင်ဗျားအလုပ်ထဲကထွက်သွားပြီး အဲဒီကိစ္စဖြစ်ခဲ့တာလား"

ကိုထင်ကျော်ဦး ဆတ်ခနဲ ခေါင်းညိတ်သည်။ ထို့နောက် ဆက်ပြောသည်။

"ငါ မအေးမြဆီကိုရောက်သွားချိန်မှာ သူမိဘတွေမရှိကြဘူး။ သူမောင်လေးနဲ့ ညီမလေးလည်း သူမိဘတွေနဲ့တဲအိမ်ကြီးအောက်ဘက်တောင်ခြေကပဲခင်း၊ ချဉ်ပေါင်ခင်းတွေထဲရောက်နေကြတာ လှမ်းမြင်နေရတယ်။ မအေးမြကမြတ်သလွန်ဘုရားပွဲကဝယ်လာတဲ့ ကြောင်ရုပ်ကြီးကိုပိုက်ပြီး တစ်ယောက်တည်း အိမ်ထဲမှာရှိနေတယ်။ ငါက မကြာခင် လက်ထပ်ကြတော့မယ့်အကြောင်းနဲ့ ရှေ့ခရီးဆက်ကြရမယ့် အကြောင်းတွေကို ဝေဝေဆာဆာကြီးပြောနေပေမယ့် ငါ့ရဲ့မူလစိတ်တွေပျောက်ပြီး နွားစိတ်(အရိုင်းစိတ်)တွေဝင်လာနေမိတယ်။အရင့်အရင်က မအေးမြနဲ့ အကြိမ်ကြိမ်တွေ့ဖူးဆုံဖူးပြောနေဖူးပေမယ့် ဒီလောက်အထိ တစ်ခါမှတောင် နွားစိတ်မဖြစ်ခဲ့ဖူးတာ အမှန်ပါ။ ဒါကြောင့် တို့နှစ်ယောက်ရဲ့ချစ်ခရီးကို ဖြူဖြူသန့်သန့်လေးဆက်လျှောက်လာနိုင်ခဲ့ကြတာကို မင်းလည်း အသိပါပဲ။ ဒီနေ့ကျမှ ဘာကြောင့် အဲဒီစိတ်တွေလွှမ်းမိုးလာတာကို ငါကိုယ်တိုင် နားမလည်နိုင်ဘူး။ ဒါကြောင့်လည်း မအေးမြကိုပြောင်ပဲဖွင့်ပြောလိုက်တယ်။ မအေးမြက လုံးဝလက်သင့်မခံဘူး။ ချက်ချင်းပဲ အမှုအရာပြောင်းလဲသွားပြီး အကျောက်အကန်ငြင်းတယ်။ အသက်သာအသေခံမယ်လို့လည်း အာခေါင်ကိုခြစ်ပြီးပြောတယ်။ သူက ဘယ်လောက်ပဲ ငြင်းဆန်တွန်းထုတ်ပေမယ့် ယောကျ်ားလေးနဲ့မိန်းကလေးပဲ အားချင်းမှမတူကြတာ။ ဒီအခြေအနေကိုရောက်နေပြီးမှ လွှတ်ပေးလိုက်ရင်လည်း မအေးမြဟာ ဘယ်နည်းနဲ့မှ ငါ့ကိုပြန်ချစ်မှာမဟုတ်တော့ဘူးဆိုတဲ့ အရိုင်းစိတ်ကြောင့်လည်း ငါက စွတ်မိုက်တိုးလိုက်မိတယ်။ မအေးမြဟာ မကျေမနပ် ခွင့်မလွှတ်နိုင်ဘူးဆိုတဲ့စကားတွေကို ဟိန်းဟောက်ပြောဆိုငြင်းဆန်ရင်းနဲ့ပဲ အသက်ပျောက်သွားရှာတယ်"

တစ်အောင့်ကြာအောင် အသံတိတ်နေမိကြသည်။ မိန်းကလေးတို့၏သဘောကို နားလည်ရန်ခက်သည်။ သူတို့ချစ်ခင်ညွှတ်နှူးလျှင် ကလေးတစ်ဒါဇင်မွေးပေးနိုင်ကြသော်လည်း အလိုမတူမကြည်ဖြူသော အကြမ်းဖက်ခြင်းကိစ္စမျိုးကိုမူ ခွင့်မလွှတ်နိုင်ကြပေ။

အကြမ်းဖက်ခံရခြင်းနှင့်ပတ်သက်၍ ခွင့်မလွှတ်အလျှော့လည်းမပေးဘဲ အသေခံသွားကြသောမိန်းကလေးပေါင်းများစွာပင်ရှိကြသည်။ ယခုတော့သည်အထဲတွင် မအေးမြတစ်ယောက်လည်း ပါဝင်သွားလေပြီ။

"ခင်ဗျားလွန်တယ် ကိုထင်ကျော်ဦး"

"ဟုတ်တယ် ညီလေး၊ အစ်ကိုလွန်ပါတယ်။ သိပ်ကိုမှလွန်သွားပြီဆိုတာလည်း သူသေဆုံးသွားမှ အစ်ကိုသိတာပါ။ အစကတော့ သူဒီလောက်အထိဖြစ်သွားလိမ့်မယ်လို့ မထင်ခဲ့ဘူး။ အဲဒါကြောင့်လည်း မကြာခင်ယူတော့မယ့်ချစ်သူတစ်ယောက်ပါဆိုပြီး ဇွတ်မိုက်လိုက်မိတာပဲ"

"မအေးမြဟာ ခင်ဗျားကို မုန်းတီးရွံရှာစိတ်ကြောင့် ဒေါသအာဃာတတွေ

www.burmeseclassic.com

www.burmeseclassic.com

လွန်ကဲပြီးသေဆုံးသွားတာပဲဖြစ်မယ်"

"ဟုတ်မယ်ညီလေး အဲဒီစကားကို အစ်ကိုယုံပါတယ်။ သူမျက်နှာမှာ တစ်ခါမှမမြင်ဘူးတဲ့ ဒေါသအာယာတွေကို မြင်လိုက်ရတယ်။ သူသေသွားပြီးမှတောင် သူမျက်လုံးတွေပြူးကျယ်ပြီး အစ်ကိုကိုစိုက်ကြည့်နေတာ အခုထိကိုယ့်မျက်စိထဲကမထွက်ဘူးကွ"

"မအေးမြ တကယ်သေဆုံးသွားတာတော့ မှန်တယ်နော်"

"မှန်ပါတယ်ကွာ၊ သေနေတဲ့လူနဲ့ သတိလစ်နေတဲ့သူ မတူကြပါဘူး။ ငြိမ်သက်တာချင်းကွာပါတယ်။ ကိုယ်တတ်သလောက်မှတ်သလောက်စမ်းသပ်ကြည့်ခဲ့ပါသေးတယ်။ သွေးခုန်နှုန်း၊ နှလုံးခုန်နှုန်းတွေလည်း တစ်ခုမှမရှိတော့ဘူးလေ"

တစ်အောင့်ကြာ တိတ်ဆိတ်သွားကြပြန်သည်။ ထို့နောက် မောင်အေးချမ်းက -

"ကိုထင်ကျော်ဦး၊ ကျွန်တော့် အလုပ်ထဲမှာ ခင်ဗျားကိုလက်ခံတော့ဘူး။ လူတစ်ယောက်သေဆုံးသွားတဲ့အထိ ယုတ်မာရက်စက်တဲ့ခင်ဗျားကိုလည်း ကျွန်တော့်အလုပ်ထဲမှာ လက်ခံထားဖို့မသင့်တော့ဘူး"

ကိုထင်ကျော်ဦး သက်မတစ်ချက်ကိုချသည်။ မောင်အေးချမ်း၏လက်ထဲမှာ ခြောက်လုံးပြူးဖွက်ကိုင်ထားသည်ကိုလည်း သူသိနေပုံရသည်။

"မင်း ငါ့ကို အခုသတ်တော့မှာလား"

"မသတ်ပါဘူး။ ခင်ဗျားကို ကျွန်တော်သတ်စရာအကြောင်းမှာမရှိတာ။ ကျွန်တော်နဲ့ မအေးမြလည်း ဘာမှမတော်ဘူး။ သူ့မိဘတွေ ကျွန်တော့်ဆီမှာ နေ့စား စခန်းစောင့်လုပ်ကိုင်နေကြလောက်ပါပဲရှိကြတာပါ။ ဒါပေမယ့် မြေပြန့်က ဘယ်သူဘာကြီးပဲဖြစ်လာဖြစ်လာ ဘယ်လိုမှုခင်းမျိုးပဲဖြစ်ခဲ့ဖြစ်ခဲ့ ကျွန်တော် လက်ခံပါတယ်။ ဒီမှာ မှုခင်းထပ်ဖြစ်ရင် သာလက်မခံတာပါ။လက်မခံလို့ အလုပ်ထဲကနှင်ထုတ်တာကို မကျေမနပ်ဖြစ်ပြီး အာခံတာတို့ ရန်ထောင်ပြီးပြန်ပက်လာရင်တော့ တစ်မျိုးပေါ့။ ဒီနေရာမှာက ရဲ့အချုပ်၊ ထောင်ဆိုတာတွေ တစ်ဒုံမှမရှိဘူးလေ"

ကိုထင်ကျော်ဦး မောင်အေးချမ်းအား စိုက်ကြည့်နေသည်။ မောင်အေးချမ်းလည်း သူ့ကိုမဖြတ်အကဲခတ်နေသည်။ လူနှစ်ယောက် တစ်ပြိုင်တည်း သတ်ဖြတ်ပြီး ဝရမ်းပြေးနေသောလူ။ ယခုလည်း သူပယောဂကြောင့် ရည်းစားဖြစ်သူသေဆုံးသွားပြီ စသည်ဖြင့် စိတ်နှလုံးများ ရှုပ်ထွေးပူလောင်ကာ စခန်းကနေ နှင်ထုတ်မည်ဟုပြောလိုက်သော မောင်အေးချမ်းအား ဝင်မကျုံးဟုမပြောနိုင်။

"ဒီတော့ အစက ကျွန်တော်ပြောခဲ့တာတွေကိုပဲပြန်ပြောပါမယ်။ မအေးမြရဲ့မိဘတွေက သူတို့သမီး ဘာဖြစ်လို့သေဆုံးသွားမှန်းမသိလို့ မတိုင်ကြားဘူးဆိုရင်လည်း ခင်ဗျားဘာသာပဲ အလုပ်ထဲကထွက်သွားလိုက်ပါ။ တိုင်တယ်ဆိုရင်တော့ ခင်ဗျားသဘောအတိုင်း ဝရမ်းပြေးရင်ပြေး၊ မပြေးရင် အဖမ်းခံလိုက်တော့ပေါ့"

ထိုအခိုက်မှာပင် မအေးမြ၏ဖခင်ဖြစ်သူ ဦးစိန်မောင် တန်းလာနေသည်ကို လှမ်းမြင်ရလေသည်။

"ကိုင်း - ကိုထင်ကျော်ဦး ခင်ဗျားတစ်နေ့ရာကိုရှောင်နေလိုက်ပါ။ ဟိုမှာ မအေးမြရဲ့အဖေလာနေပြီ"

မောင်အေးချမ်း၏စကားအဆုံးမှာပင် ကိုထင်ကျော်ဦး သည် ဘဲရုံကြီးပေါ်မှ ဖျတ်ခနဲခုန်ဆင်းဂ တောထဲသို့ဝင်ပြေးသွားလေသည်။

မောင်အေးချမ်းသက်မတစ်ချက်ကိုချပြီးမေးလိုက်သည်။

"ဒီတော့ ကျွန်တော်ဘာများကူညီပေးရမှာလဲ ဦးစိန်မောင်"

"မပြောတတ်ဘူးကွာ၊ ငါဘာမှကိုမပြောတတ်တော့ဘူး။သမီးတစ်ယောက်လုံးဆုံးရှုံးသွားတဲ့ဟာ ငါဘာပြောတတ်တော့မှာလဲ"

ဟုဆိုကာ ဦးစိန်မောင်အသံထွက်အောင်ငိုလေသည်။

"ကျွန်တော် အခုပဲလိုက်ခဲ့ပါမယ် ဦးစိန်မောင်"

ဟုဆိုကာ မောင်အေးချမ်းလည်း လမ်းမဟိုဖက်သစ်ရိပ်တွင် ထမင်းချက်ကောင်လေးဝါးခွဲနေသည့်နေရာသို့သွားကာ တိုးတိုးပြောလိုက်သည်။

"ငတက် ငါ မအေးမြဆုံးသွားလို့ တောင်စောက်စခန်းကိုလိုက်သွားမယ်။ ရေတံလျှောက်သွယ်တန်းနေကြတဲ့လူတွေအားလုံး ခုချက်ချင်းလိုက်လာခဲ့ကြပါလို့ ငါးလုံးစခန်းကိုသွားပြောခဲ့ချေ။ အဓိကကိုထင်ကျော်ဦးကိုမလာဘဲမနေနဲ့လို့လည်း အသေချာပြောပြလိုက်"

ထို့နောက် မောင်အေးချမ်း ဦးစိန်မောင်၏နောက်မှ လိုက်ပါလာခဲ့သည်။ မောင်အေးချမ်းတို့နေကြသည်က ငပြယ်စခန်းဖြစ်ပြီး ဦးစိန်မောင်တို့မိသားစုနေကြသည်က တောင်စောက်စခန်းဖြစ်သည်။ ငပြယ်စခန်းနှင့် တောင်စောက်စခန်း၏အကြားတွင် ခရီးနှစ်မိုင်သာရှိသည်။

ဦးစိန်မောင်တို့မိသားစုမှာ အညာကျေးလက်ဒေသကဖြစ်သည်။ ကုန်ခဲ့သည့်နွေရာသီကပင် ရခိုင်ရိုးမကြီးသို့ မိသားစုလုံးလာပြီး လမ်းလုပ်ငန်းများကိုလုပ်ကိုင်ကြသည်။ အလွန်ရိုးအေးတည်ငြိမ်သောမိသားစုဖြစ်သည်။ မောင်အေးချမ်းတို့ နေ့စားသမားများနှင့်လည်း ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်ရှိကြသည်။ ထို့ကြောင့်လည်း မိုးဦးကျ၍ ပုတ်ဖြတ်အလုပ်သမားများအိမ်ပြန်ကြရာ၌ သူက ဦးစိန်မောင်တို့မိသားစုအားခေါ်ထားကာ တောင်စောက်စခန်းတွင် စခန်းစောင့်တာဝန်ကိုပေးထားခဲ့သည်။

■

မောင်အေးချမ်းနှင့် ဦးစိန်မောင်တို့ တောင်စောက်စခန်းကိုမရောက်မီ တစ်ကွေ့အလိုမှာပင် နောက်မှ ဆူဆူညံညံကြား၍လှည့်ကြည့်လိုက်ရာ ကိုထင်ကျော်ဦးနှင့် ရေတံလျှောက်သွယ်နေကြသည့်

www.burmeseclassic.com

www.burmeseclassic.com

အလုပ်သမားများပြေးလိုက်လာကြသည်ကို တွေ့လိုက်ရသည်။

ငတက်က အပြေးအလွှားသွားပြောလိုက်၍ သူတို့လည်းအပြေးအလွှားပင် လိုက်လာကြဟန်ရှိသည်။ ကိုထင်ကျော်ဦးကိုမူ နောက်ဆုံးက မျက်နှာမသာမယာနှင့်လိုက်ပါလာသည်ကိုသာတွေ့နေရသည်။

ခပ်လှမ်းလှမ်းကပင် မိခင်ဖြစ်သူဒေါ်အေးကြည် မအေးမြ၏အလောင်းနားတွင်ထိုင်ကာ ငိုရှိုက်နေသည်ကိုတွေ့ရသည်။

မောင်အေးချမ်း မအေးမြ၏အလောင်းနားသို့ရောက်လျှင် တတ်သလောက် မှတ်သလောက် ကြားဖူးနားဝရှိသလောက်ဖြင့် မအေးမြ၏အလောင်းကို ဂရုတစိုက်အကဲခတ်ကြည့်သည်။ ကိုထင်ကျော်ဦးက သူမုဒိမ်းကျင့်လိုက်ရုံဖြင့် မအေးမြသေဆုံးသွားဟုပြောသည်ကို အသေချာမယုံသေး၍ဖြစ်သည်။

လည်ပင်းကိုတအားညှစ်သတ်လျှင် လည်ပင်းရောင်ရမ်းနေနိုင်သည်။အသက်မရှူနိုင်အောင်နှာခေါင်းကိုပိတ်သတ်လျှင် မျက်လုံးများပြူးကျယ်ပြီး မျက်နှာများပါညိုမည်းနေနိုင်သည်။ ဆီးခုံ၊ ရင်ညွှန့်စသည့်နေရာများကိုထိုးကြိတ်သတ်လျှင်လည်း နှာခေါင်း၊ ပါးစပ်များမှ သွေးလျှံနိုင်သည် စသည်ဖြင့် ကြားဖူးသည်။ ယခုထိုထိုရိပ်လက္ခဏာများကို တစ်ခုမျှမတွေ့ရပေ။

ထို့ကြောင့် မအေးမြသည် ကိုထင်ကျော်ဦး ကာမဖြင့်အကြမ်းဖက်သည်ကို ခွင့်မလွှတ်နိုင်သည့် (မခံမရပ်နိုင်သည့်) စိတ်တွန်းအားဖိအားကြောင့်ပင် နှလုံးအိမ်ပေါက်ကွဲ သို့တည်းမဟုတ် နှလုံးခုန် ရပ်တန့်ရပ်စဲသွားခြင်းမျိုးသာဖြစ်နိုင်သည်ဟု (ကြားဖူးနားဝနှင့်ယှဉ်စပ်ပြီး) မောင်အေးချမ်း နားလည်လိုက်သည်။

"ဒီတော့ ဦးစိန်မောင်က မအေးမြသေဆုံးသွားရတာနဲ့ပတ်သက်လို့ ပြီးတော့ မအေးမြ အသုဘကိစ္စနဲ့ပတ်သက်လို့ ဘယ်လိုများဖြစ်ချင်ပါသလဲ။ ကျွန်တော်က ဘာများအကူအညီပေးရမလဲပြောပါ။ တတ်နိုင်တဲ့ဘက်က စွမ်းနိုင်သမျှကို ကျွန်တော်ကူညီပါ့မယ်"

ဦးစိန်မောင်တို့လင်မယားသည် တရှိုက်ရှိုက်ဖြင့်ငိုနေကြ၍ တော်တော်နှင့် မပြောနိုင်ကြပေ။ အငယ်ကလေးနှစ်ယောက်တို့မှာလည်း မျက်ရည်များစို့ဝိုင်းကာ သူတို့အစ်မ၏ အလောင်းကိုသာစိုက်ကြည့်နေကြသည်။

ဦးစိန်မောင်က မျက်ရည်ကိုသုတ်လိုက်ပြီး သူ့မိန်းမအား တိုးတိုးတိုင်ပင်လိုက်ပြီးနောက် လည်ချောင်းရှင်းကာ ပြောသည်။

"ဘာထူးတော့မှာလဲကွာ၊ ငါ့သမီးကြီး အသက်ပြန်ရှင်လာမယ့်နည်းလမ်းလည်း တစ်ခုမှမရှိတော့ပါဘူး။ ဂါတ်တိုင်နေရင်လည်း ရုံးသွားရပါသွားနဲ့ ဒုက္ခများတာပဲအဖတ်တင်မယ်"

ဟုဆိုသည်။

"ဒါဆိုရင် မအေးမြအလောင်းကို ဒီအတိုင်းပဲမြေမြှုပ်ပြီး သင်္ဂြိဟ်လိုက်ကြရအောင်။ နောက်တော့မှ မြေပြန်မှာအလှူသွားလုပ်ကြတာပေါ့"

ဦးစိန်မောင် ခေါင်းညိတ်သည်။

ထို့နောက် မအေးမြ၏အလောင်းကိုသယ်မကာ တဲရုံလေးမှ မိုင်ဝက်ခန့်လှမ်းသော တောင်ကမူတွင် တွင်းတူးပြီး မြေမြှုပ်သင်္ဂြိဟ်လိုက်ကြသည်။တောပန်းကလေးများကို ရသလောက်ရှာဖွေခူးယူပြီး မြေပုံပေါ်မှာ ကြဖြန့်ကြသည်။ ပန်းစည်း၊ ပန်းခွေလေးများပြုလုပ်ပြီးလည်း မြေပုံခေါင်းရင်းကတိုင်လေးမှာ ထောင်ထားပေးခဲ့ကြသည်။

မောင်အေးချမ်း ကိုထင်ကျော်ဦးကိုကြည့်သည်။ ကိုထင်ကျော်ဦး သိသိသာသာကြီးပင် မျက်နှာပျက်နေသည်။ မအေးမြ၏ အလောင်းနားသို့ သိပ်ပြီးမကပ်ဘဲ ခပ်လှမ်းလှမ်းမှာသာနေသည်။ မအေးမြမိဘများလည်း သူနှင့်မအေးမြတို့ချစ်ကြိုက်နေကြသည်ကိုသိကြသည်။ သည်ဝါကျွတ်လျှင်ယူကြမည့်အကြောင်းကိုလည်း အလုပ်ထဲမှ လူကြီးသုံးလေးယောက်နှင့် မောင်အေးချမ်းကိုယ်တိုင် သွားရောက် နားဖောက်(ဧစ္စစပ်ကြောင်းလမ်း) ထား ဖူးသည်။

သို့သော်လည်း ယခုအချိန်တွင် မအေးမြသေဆုံးသွားခြင်းနှင့်ပတ်သက်ပြီး ကိုထင်ကျော်ဦးအား တစ်စုံတစ်ခုသောစကားကိုမျှမပြောကြပေ။ ထို့ကြောင့် ယခု မအေးမြသေဆုံးသွားရခြင်းနှင့်ပတ်သက်ပြီး မိဘများက တစ်စုံတစ်ရာအားဖြင့် ကိုထင်ကျော်ဦး၏အပေါ်တွင် သံသယမရှိဟု နားလည်မိသည်။

"ကိုင်း - ဦးစိန်မောင်၊ကျွန်တော်တို့ပြန်မယ်။ နောက်ရက်တွေမှာလည်း ကျွန်တော်လာကြည့်ပါဦးမယ်။ သိပ်မကြာခင်လည်း အလုပ်တွေဖွံ့ဖြိုးလာတော့မှာဖြစ်လို့ ဦးစိန်မောင်လည်း လက်ရှိ ဒီစခန်းစောင့်အလုပ်ကို ဆက်လုပ်ချင်လုပ်၊ အခြားပုတ်ဖြတ်အလုပ်တွေကိုလုပ်ချင်လည်းပြောင်းလုပ်ပေါ့။ ကျွန်တော် နောက်ရက်တွေလာဖြစ်ရင်လည်း ဒီအကြောင်းတွေကိုပြောပြပါဦးမယ်"

ဦးစိန်မောင် ဆတ်ခနဲခေါင်းညိတ်သည်။ ထို့နောက် ဦးစိန်မောင်တို့လင်မယား သူတို့သမီးမြေပုံနားမှ သူတို့၏တဲရုံဆီကို လှည့်ပြန်သွားကြသည်။

မောင်အေးချမ်းတို့လူတစ်စုလည်း တောင်ခြေလျှောလမ်းမအတိုင်း ကွေ့ဆင်းလာကြသည်။ မအေးမြ သေဆုံးသွားခြင်းနှင့်ပတ်သက်ပြီးလည်း စိတ်မကောင်းစွာဖြင့် တစ်ယောက်တစ်ပေါက်ပြောဆိုကြသည်။

"ဝေါင်း. . . ဝုန်း"

လမ်းကွေ့ချိုးပုတ်ထဲမှ အမှတ်မထင် ရိုးကျားကြီးတစ်ကောင် ဟိန်းဟောက်ပြေးထွက်လာပြီး မောင်အေးချမ်းတို့လူအုပ်ထဲက ကိုထင်ကျော်ဦးအားဝင်ခဲလေသည်။ထို့နောက် ကိုထင်ကျော်ဦး၏ လည်ပင်းကိုကိုက်ဆွဲလျှက် ကြောင်ကြီးက ကြွက်ကလေးအားဆွဲသကဲ့သို့ ကိုက်ဆွဲခြိမ့်ပြီး လွှားခနဲ ချောက်ထဲသို့ခုန်ဆင်းသွားလေသည်။

မောင်အေးချမ်းတို့လူစုမှာလည်း ခြောက်လုံးပြူး၊ နှစ်လုံးပြူးနှင့် ဓားတိုဓားရှည်များ ကိုယ်စီပါလာကြသော်လည်း ဘာမှလုပ်ခွင့်မရလိုက်ကြပေ။ အမှတ်တမဲ့ကြောင့် အလန့်တကြားအော်ဟစ်ကာ ပြုံလဲသူကလဲပြီး ဖရိုဖရဲနှင့် ထွက်ပြေးသူကပြေးကြသည်။

သို့သော်လည်း အခိုက်အတန့်မျှသာ။ ထို့နောက် ချက်ချင်းပင် ကမ်းပါးထိပ်သို့ပြေးရပ်ပြီး နှစ်လုံးပြူးနှင့် ခြောက်လုံးပြူးများကိုမောင်းတင်ကာ ကျားကြီးခုန်ဆင်းသွားသောနေရာကို ထိုးချိန်ထားပြီး ကြည့်ကြသည်။

သို့သော်လည်း ကျားကြီးကို မတွေ့ရတော့ပေ။ ကိုထင်ကျော်ဦး၏အလောင်းကိုသာပက်လက်ဖြစ်နေသည်ကို တွေ့နေရလေသည်။ ထို့ကြောင့် မောင်အေးချမ်းတို့လူစုမှာ အံ့သြ၍မဆုံးဖြစ်သွားကြသည်။

ကျားကြီးဘယ်ဆီကိုရောက်သွားပါလိမ့်။

ထိုနေရာသည် ကမ်းပါးထိပ်နှင့်ဆယ်လံကျော်မျှသာလှမ်းသည်။ စက်ကြီးနှင့်လမ်းထိုးရာတွင် ထိုနေရာ၌ မြေပြိုမှုများလေးငါးလံပတ်လည်မျှအုံနေ၍ တံမြက်စည်းပင်ဟုခေါ်ရမော ဘွတ်ပင်ကလေးများ ကျိုးကျိုးကျဲကျဲမျှသာရှိ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ထို့ပတ်ဝန်းကျင်၏အတော်လှမ်းလှမ်းတိုင်အောင်လည်း မြေပြိုများသာရှိ၍ ပြောင်ရှင်းနေသည်။

မောင်အေးချမ်းတို့လူစု လန့်ဖျပ်ပြီး အလဲလဲအပြိုပြိုဖြစ်နေကြသည်မှာလည်း မိနစ်ပိုင်းမျှသာ။ ထို့နောက် ကမ်းပါးထိပ်သို့ ချက်ချင်းပြေးလာပြီး ရပ်ကြည့်နိုင်ကြသဖြင့် ကျားကြီးထွက်ပြေးသွားလျှင်ပင် တစ်ယောက်မကျန်မြင်နိုင်လေသည်။

ယခုမူ ကျားကြီးကိုလုံးဝမတွေ့ရတော့ဘဲ ကိုထင်ကျော်ဦး၏ အလောင်းကိုမျှသာတွေ့ရတော့သည်။ ကျားများကိုမူ အင်မတန်မြင်ခဲသောကြောင့် ထိုနေရာ၌ခိုကပ်၍ရှိကောင်းရှိနေလေသလား ဟုလည်း သေနတ်များကို ပစ်ဖောက်ခြောက်လှန့်ပြီး ကြည့်ကြသေးသည်။ ခဲများဖြင့်လည်း ပစ်ခတ်ကြည့်ကြသေးသည်။ သို့သော်လည်း ကျားကြီးကိုမူ အရိပ်အယောင်မျှပင်မတွေ့ရတော့ပေ။

မောင်အေးချမ်းတို့လူစုသည် ဓား၊ သေနတ်၊ ဝါးခွန်များကိုစွဲကိုင်ပြီး သတိကြီးစွာဖြင့် ထိုနေရာကို ဆင်းကြည့်ကြသည်။ ကိုထင်ကျော်ဦး၏အလောင်းကိုလည်း စစ်ဆေးကြည့်ကြသည်။ ထိုအခါသာ၍ပင် တအံ့တသြဖြစ်ကြရလေ၏။ ကိုထင်ကျော်ဦးမှာ မျက်လုံးများပြူးထွက်ပြီး လျှာသည်ပင် အပြင်သို့ပြူထွက်ကာ အသက်ကင်းနေသော်လည်း ချောက်ထဲသို့ပြုတ်ကျရာ၌ ထိခိုက်ပွတ်တိုက်မိသောမဆိုစလောက် အပွန်းအပဲ့များသာရှိပြီး လုံးဝ ကျားကိုက်သောဒဏ်ရာမရှိပေ။

ကိုအောင်ဖေက ' လည်ပင်းကြီးရောင်ရမ်းနေတယ်' ဟု ဆိုကာ ကိုထင်ကျော်ဦး၏လည်ပင်းကို လည်ညှိုးထိုးပြသည်။ ဟုတ်သည်။ ကိုထင်ကျော်ဦး၏လည်ပင်းသည် သိသိသာသာကြီးပင် ရောင်ရမ်းပြီး ညှိမည်းနေသည်။

မောင်အေးချမ်းတို့ ကိုထင်ကျော်ဦး၏အလောင်းကို ချောက်ထဲမှသယ်မပြီးတင်လာကြရာ မအေးမြ၏မိဘများလည်း ကမ်းပါးထိပ်မှာ ရောက်နေကြသည်ကို တွေ့ရသည်။ ကမ်းပါးထိပ်သို့ ရောက်လာကြပြီးနောက် ကိုထင်ကျော်ဦး၏အလောင်းကို မြေပြင်မှာခင်းမျှဖြန့်ထားပြီးလည်း တအံ့တသြပြောကြဆိုကြသည်။ ကိုထင်ကျော်ဦးမှာ ကျားကိုက်၍သေဆုံးသွားသည်ဟုဆိုရမည်ဖြစ်သော်လည်း ဒဏ်ရာမရှိ စသည်ဖြင့်။

ထူးဆန်းအံ့သြသည့်စကားများကို တစ်အောင့်ပြောဆိုနေကြ၏။ထို့နောက် နေဝင်တော့မည်ဖြစ်၍ ကဗျာကယာပင် ကိုထင်ကျော်ဦး၏အလောင်းကိုလည်း မအေးမြကို သင်္ဂြိဟ်သော တောင်ကမူလေးမှာပင် မြေမြှုပ်ပြီး သင်္ဂြိဟ်လိုက်ကြသည်။ ထို့နောက် မိုးလည်းချုပ်သွားလေသည်။

သည်နေရာမှ မောင်အေးချမ်းတို့ ငပြိယ်စခန်းကို နှစ်မိုင်မျှသွားရဦးမည်ဖြစ်၍ ဗိုက်ဆာနေကြသော အလုပ်သမားများလည်း ခပ်သုတ်သုတ်ပင် စခန်းသို့ပြေးကြသည်။ အလုပ်သမားခေါင်းဆောင်ဖြစ်သော မောင်အေးချမ်းမှာသာ ထမင်းချက်ကောင်လေးတစ်ယောက်ခေါ်ထား၍ ရောက်လျှင် လက်လျှိုစားရမည်။ အခြားလူများမှာမူ အလုပ်သိမ်းမှ ကိုယ်တိုင်ချက်ပြုတ်စားသောက်ကြရသည်။

ကိုအောင်ဖေ အနားသို့ကပ်လာပြီး-

"ဆရာလေး ထင်ကျော်ဦးသေတာဟာ ကျားကိုက်တာမဟုတ်ဘူးဗျ၊ မအေးမြရယ် သတ်လိုက်တာ"

"ဘာ. . ."

မောင်အေးချမ်း အော်လိုက်သည်။ အခြားအလုပ်သမားများလည်း ခပ်သုတ်သုတ် စခန်းသို့လျှောက်သွားကြပြီဖြစ်၍ မောင်အေးချမ်း၏အနားတွင် ကိုအောင်ဖေတစ်ယောက်တည်းသာရှိတော့သည်။

"တကယ်ပါဗျ၊ ထင်ကျော်ဦးကို ကျားကြီးဝင်ခဲတော့ လန့်ဖျပ်ပြီးထွက်ပြေးပြိုလဲဖြစ်သွားကြတုန်းက ကျွန်တော်ဟာ အဲဒီကမ်းပါးထိပ်ရဲ့ ဆင်ဦးကင်းလေးမှာပဲလေ။ အဲတော့ အဖြစ်အပျက်ကို တိတိကျကျကြီးမြင်လိုက်ရတာပဲ"

မောင်အေးချမ်း သက်မချလိုက်သည်။ စိတ်ဝင်စားစရာလည်းဖြစ်လာလေပြီ။

"ကိုင်း - ခင်ဗျားက ဘယ်လိုများမြင်လိုက်ရလို့လဲ ဆိုစမ်းပါဦး"

"ကျွန်တော် တိတိကျကျမြင်လိုက်ရတယ်လေ။ ကျားကြီးတစ်ကောင်က ထင်ကျော်ဦးကိုကိုက်ချီပြီးဆွဲချသွားတာကိုမြင်လိုက်ရပေမယ့် ချောက်ထဲကျသွားတဲ့အခါ မအေးမြက ထင်ကျော်ဦးရဲ့ လည်ပင်းကိုညှစ်ထားတာကိုပဲတွေ့နေရတာ။ မအေးမြဟာလည်း နဂိုကလို မဟုတ်တော့ဘူး။ သာမန်လူတို့ထက် လေးငါးဆလောက်ကြီးတဲ့ခန္ဓာကိုယ်ကြီးနဲ့ ဘီလူးမကြီးဖြစ်နေတာ။ မအေးမြလည်း ကျွန်တော့်ကိုမြင်သွားတော့ နှစ်ကြိမ်တိတိ ကျွန်တော့်ကို ဆက်ကြည့်လိုက်ပြီး လွှားခနဲ ချောက်နက်ကြီးထဲခုန်ပျံဆင်းသွားတာ ငှက်ထက်အောင်မြန်သေးတယ်"

"ဒါဆို အဲဒီအချိန်က ခင်ဗျားကျွန်တော့်ကိုဘာလို့မပြောတာလဲ"

"မအေးမြရဲ့မိဘတွေရှိလို့မပြောတာပေါ့။ သူတို့သမီး ဘီလူးမကြီးဖြစ်သွားပြီဆိုတာပြောလို့ဘယ်ကောင်းပါ့မလဲ"

မောင်အေးချမ်း ခေါင်းတဆက်ဆက်ညိတ်လိုက်မိသည်။ စဉ်းစားစရာမြောက်မြားစွာလည်း ခေါင်းထဲသို့ဝင်လာလေသည်။

(မောင်အေးချမ်း ဤရခိုင်ရိုးမကြီး၌ ဘီလူးတို့၏အကြောင်းကို တွေ့ဖူးကြုံဖူးကြားဖူးသည်မှာ ယခုနှင့်ဆိုလျှင် လေးငါးကြိမ်မျှရှိခဲ့ပြီ။)

မအေးမြသည် ကိုထင်ကျော်ဦးအား ခွင့်မလွှတ်နိုင်သော အဖြစ်ဆိုးကြီးကြောင့်ပင် ဒေါသလောင်ကျွမ်းပြီးသေဆုံးသွားခြင်းဖြစ်နိုင်သည်။ ထိုအစွဲဒေါသအာဃာတကြောင့်လည်း ချက်ချင်းပင် သရဲဘီလူးမကြီးဖြစ်သွား၍ လက်စားချေလိုက်လေသလား။

ဤနေရာသည် ရခိုင်ရိုးမကြီး၏တောနက်ကြီးဖြစ်နေ၍ သရဲဘီလူးတို့၏ ကျက်စားရာဒေသကြီးတစ်ခုလိုဖြစ်နေပြန်သည်။ ထို့ကြောင့်လည်း မအေးမြအသက်ကုန်သည်နှင့် ချက်ချင်းဆိုသလိုပင် အယူတိမ်းကာ ဘီလူးမကြီးဖြစ်သွားပြီး ချက်ချင်းကြီး ကိုထင်ကျော်ဦးအား လက်စားချေလိုက်လေသလား။

ကိုအောင်ဖေက ဘီလူးမကြီးဖြစ်သွားသော မအေးမြအား မြင်လိုက်ရသည်ဟုဆိုရာ၌လည်း မျက်လှည့်ပြနေသည်ကိုဖြစ်စေ သရဲဘီလူးတို့ကိုဖြစ်စေ ၎င်းတို့၏လုပ်ဆောင်ချက် ကျင်လည်ကျက်စားခြင်း စသည်များကို (အမှတ်တမဲ့လေလော)အမြင့်တစ်နေရာကကြည့်လျှင်မြင်တတ်သည်ဟုလည်း အဆိုရှိပြန်သည်။

ထိုထိုအကြောင်းများတို့ကိုလည်း မောင်အေးချမ်း လက်တွေ့ကျကျလေ့လာထားဖူးခြင်းမရှိပေ။ ထို့ကြောင့် ကိုထင်ကျော်ဦးနှင့် မအေးမြတို့၏အကြောင်းကိုလည်း ယနေ့အချိန်ထိပင် နားမလည်နိုင်သော ဖြစ်ရပ်ဆန်းကြီးတစ်ခုဟူ၍သာ မှတ်ယူနေမိလေသည်။

မင်းဟိန်းထိပ်

www.burmeseclassic.com

www.burmeseclassic.com

ယောဂီတိုးဒေဘင်

အမ္ဗပါလီဂါဝင်ဒုက္ခ



လူဘဝ၌ လိုချင်မှု တဏှာ၊ လောဘကြောင့် စွဲလမ်းမှုဖြစ်ကြရ၏။ အာရုံတစ်ခုကို ဥပါဒါန်တို့နှင့် အာရုံပြုတိုင်း မိမိစိတ်မှာပေါ်လာခြင်း ဖြစ်၏။

တဏှာ၊ လောဘသည် စိတ်ကို ဖျက်ဆီး၍ အကျိုးမဲ့ကိုဖြစ်စေ၏။ ကောင်းတဲ့သဘောမမြင်၊ အကျိုးအပြစ်ကိုမသိတော့ စွဲလမ်းမှုဖြစ်လျက် အမှောင်တိုက်လွှမ်းကာ အကန်းကဲ့သို့ ဖြစ်စေပါ၏။

တစ်ဖက်သားထိခိုက်သွားအောင် ဆဲရေးခြင်း၊ ကျိန်ဆဲခြင်း ဖရုသဝါစာသည် သူတော်ကောင်းတို့ မနှစ်သက်။ အရိယာတို့အား ဝစီဒုစရိုက်ကျူးလွန်ကငရဲသို့ကျရပြီး ခန္ဓာရတိုင်း ဝဋ်ကြွေးဆပ်ကြရ၏။

လောကဌ ဥပါဒါန်၏ ဖြစ်ခြင်းကိုလည်းကောင်း၊ ချုပ်ခြင်း၊ တွယ်တာခြင်း၊ အပြစ်နှင့် လွတ်မြောက်ခြင်းများကို ဉာဏ်နှင့်မသိသမျှ အာရုံမှာသေအောင် စွဲတတ်ပါသည်။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်တတ်ပါ၏။

မြတ်စွာဘုရားရှင်သည် ထေရီအပါဒါန် အမ္ဗပါလီထေရီဝတ္ထုတွင် အရိယာများပင် တဏှာစေရာဖွေရှာရင်း အချစ်တုဖြင့် အစွဲကြီးစွဲခဲ့ဖူးကြောင်း နောင်လာနောက်သားများအတွက်ဟောထားခဲ့ပါသည်။

■

ဝေသာလီပြည်သည် အပရိဟာနိယတရားခုနစ်ပါးနှင့် အုပ်ချုပ်သည့် ညီညွတ်သော ဂဏာနိုင်ငံဖြစ်၏။ ပြည်သူကရွေးချယ်ထားသည့် လွတ်တော်လူကြီးများဖြင့် အုပ်ချုပ်ပါ၏။ ယခုအခေါ် ဒီမိုကရေစီနိုင်ငံ ဖြစ်ပါသည်။

မဟာလီသည် လစ္ဆဝီမင်းသားများ၏အကြီးအကဲဖြစ်၏။ မင်းသားတို့ရဲ့ စိတ်ဓာတ်ကို သံဃာစိတ်ဓာတ်လိုကြံခိုင်သန်မာအောင်၊ အသွေးမာအောင် ရဲရဲနိုအောင်၊ စွန့်လွှတ်စွန့်စားရှိအောင်

www.burmeseclassic.com

JGJ
သူရဋ္ဌမဂ္ဂဇင်း၊
ကဝဲဂဒုနှစ်၊ ပြဂုတ်လ၊ အတွဲ(၁၀)အမှတ်(၇)

www.burmeseclassic.com

သင်ကြားပေးထား၏။ အထူးသဖြင့် ဗိမိတို့နိုင်ငံကို လာမထိနဲ့ မီးပွင့်သွားမယ်၊ စော်ကားလျှင် ချက်ချင်းလက်တုံ့ပြန်သူများဖြစ်၏။ သူတို့စိတ်ဓာတ်က မြွေပွေးလိုပဲ။ မဟုတ်မခံ ထိရဲရင်လာထိကြည့်၊ ပြန်တွယ်မည့်စိတ်မျိုး။ ခေါင်းဆောင် မဟာလိသည် လိစ္ဆဝီမင်းသားတို့၏ ယုံကြည်မှုကိုရနေပါသည်။

■

ဝေသာလိသူဌေးမဟာနာမ်သည် သူပိုင်ဥယျာဉ်ထဲရှိ သရက်ပင်မှာ သန္ဓေတည်သည့် (သံသေဒဂ) ဖွားသူလေးကို လိုလိုချင်ချင် သမီးအဖြစ် ကောက်ယူမွေးစားကာ အမွှပါလီဟု နာမည်ပေးထားပါ၏။

"ကံကောင်းတဲ့မိန်းကလေးပါ"

"လှလှပပနဲ့ ချစ်စရာကလေးပါ"

"ပါရမီရှင် ဘုန်းရှင် ကံရှင်လေးပါ"

စသဖြင့် ဝေသာလီတစ်နိုင်ငံလုံး ပျံ့နှံ့သွားခဲ့ရပါသည်။

မဟာနာမ်သူဌေးမှာ အမွှပါလီထက် သုံးနှစ်ကြီးသောသားတစ်ယောက် ရှိပါ၏။ သားကလည်း အမွှပါလီကို အလွန်ချစ်ရှာပါ၏။ အမွှပါလီရောက်ရှိခဲ့၍ သူဌေးမိသားစုတို့ စိတ်ချမ်းမြေ့ခဲ့ကြသလို စီးပွားလာဘ်လာဘများလည်း တိုးတက်ခဲ့ပါသည်။

အမွှပါလီဟာ သိမ်လမြဲ၊ ဘုရားရှိခိုး၊ ပုတီးစိပ်ကာ မေတ္တာနှင့်နေသူဖြစ်၍ စိတ်သဘောထားနူးညံ့သိမ်မွေ့သလို ပါရမီအရ အမွှားနှင့်မတူ လှချင်တိုင်းလှနေတာကြောင့် မြင်ရသူတိုင်း မချစ်ဘဲ မနေနိုင်။ အမွှပါလီ၏ အလှဂုဏ်ဟာ ဝေသာလီတွင်မက အတိုင်းတိုင်းအပြည်ပြည်သို့ ပျံ့နှံ့လျက် ဝေသာလီပြည်၏ အလှဘုရင်မဟု ကျော်ကြားခဲ့ပါသည်။

အချစ်ကိုမြတ်နိုးတွယ်တာတတ်တဲ့ ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရကတော့ အမွှပါလီဟာ သူနဲ့ပဲထိုက်တန်သတဲ့။

ဗိမ္ဗိသာရဟာ အသားက ရွှေလိုဝင်း၊ ရုပ်ချော၊ အပြောကောင်းသူဖြစ်၏။ ကာမဲ့ပါဒါန်ရှိနေသေးတဲ့ သောတပန်မင်းဟာ တဏှာနှင့် ချစ်သင်းဖွဲ့တာ အဆန်းတော့မဟုတ်။

အမွှပါလီကို ရအောင်ယူပြမယ်တဲ့။

နှစ်သက်တဲ့အာရုံနဲ့ ပြင်းထန်လွန်ကဲတဲ့တဏှာ၊ ခင်မင်တွယ်တာတတ်တဲ့ တဏှာဟာ ရာဂကိုမှီကာ မကောင်းတဲ့အကြံအစည်ဖြင့် လမ်းမှားကိုညွှန်ခဲ့တော့ ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရသည် ဘုရားရှင်ကိုယ်တိုင် ဟောကြားပေးသော ဒါန်ဖြင့် ပါလီကို အစွဲကြီးစွဲခဲ့ပါသည်။ ဘုရင်ဟာ သူတတ်ထားတဲ့ရုပ်သေးအဖွဲ့ကို သူ့ရဲ့အမတ်ကြီးများနှင့်ဖွဲ့စည်းပြီး ပါလီဆီအရောက်သွားရောက်ကပြရန် မှတ်ဆိတ်အတုတပ် ရုပ်ဖျက်လျှက် ဝေသာလီသို့ ခရီးဆက်ခဲ့ကြပါသည်။

တဏှာအလိုက္ခ အသံကောင်းကောင်းနှင့် ဗိမ္ဗိသာရ ကပြအသုံးတော်ခံခဲ့သလို ဝင့်ကြီးတဲ့ ပါလီကလည်း (၁၅၀၀) ကိုလေသာနှင့် တဏှာအစစ်ရဲ့ ကျော့ကွင်းအတွင်း ကာမုပါဒါန်ဖြင့် ပွဲကြည့်ခဲ့ပါ၏။

'ချစ်ခြင်းအစ မျက်စိက' ဆိုသလို ပါလီဟာ ရုပ်သေးကြိုးဆွဲကိုလူချောကို မြင်ပြီးတော့ ချစ်ခင်စိတ်တွေဝင်လာလျက် တကြည့်တည်းကြည့်နေပေမယ့် ရုပ်သေးပွဲ ၏ကိုတော့ စိတ်မဝင်စား။

တစ်ဦးကိုတစ်ဦးတဏှာရာဂအစွမ်းပြကြကာ ချစ်စိတ်က လွှမ်းခြုံထားပြီး လွှမ်းဆွတ်တသ စွဲငြိကြလျက် မမြင်ရလျှင် မနေနိုင်။ တဏှာကခိုင်းတော့ အမွှပါလီဟာ ရုပ်သေးအဖွဲ့ကို သူမရဲ့စံအိမ်တွင်း သီးသန့်ဌားရမ်းဖျော်ဖြေစေခဲ့ပါပြီ။

မဆွတ်ခင်ကညွတ်ချင်ဖြစ်ကြလျက် ဗိမ္ဗိသာရနှင့် အမွှပါလီတို့နှစ်ဦးသား ပါလီရဲ့စံအိမ်အတွင်း အချစ်နယ်ကျူးကြကာ တဏှာအလိုက္ခသားခဲ့ကြပါသည်။

အချစ် အချစ် ချစ်တိုင်းချစ်ကာ ပေမအရာ တဏှာစွဲရစ် ထိုအချစ်ကို အပြစ်အမြင် မဆင်ခြင်ဘဲ ချစ်လျှင်ပျော်နိုး ချစ်စပျိုးခဲ့ကြတဲ့ ထိုနှစ်ယောက် ကာမုပါဒါန်ဖြင့် ရုပ်ကိုစွဲခဲ့ကြပါသည်။

ကြိုးဆွဲဟာ ဘုရင်ဗိမ္ဗိသာရဖြစ်ကြောင်းသိခဲ့တဲ့အခါမှာတော့ အဖေ့အမေ့အစ်ကိုတို့ကမရိုက်ဘဲ ရာဂတဏှာအစွမ်းဖြင့် ပါလီတစ်ယောက် မျက်ရည်မိုးရွာခဲ့ရပါပြီ။

'သောတာပန် တဏှာရူး' တဲ့။

အချောအလှအားဖြင့် လောကမှာ ပြောစရာမရှိတဲ့ မိဖုရားတွေရှိပါလျက် သူ့ကိုမှ ကြဲစည်ဖျက်ဆီးလေသလော။ တဏှာရဲ့ချစ်သင်းဖွဲ့မှုကိုခံခဲ့ရတဲ့ ပါလီအခုတော့ ပိုက်ကွန်မှာမိတဲ့ယုန်သူငယ်လို ကြောက်ရွံ့ရပြီ။ သံယောဇဉ်ကြောင့် အဖန်တလဲလဲဒုက္ခရောက်ခဲ့ရပါသည်။

■

အရေးထဲ လူပျိုလိစ္ဆဝီမင်းသားတွေကတစ်မျှောင့်။

မဇ္ဈိမတစ်ဝှမ်းမှာ အလှတရားနှင့် လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့တဲ့ အမွှပါလီကို သူတို့ပဲဆိုင်သတဲ့။ အပရဟာနိယတရားနဲ့အညီ အမြဲညီညွတ်ကြတဲ့ ဝေသာလီနိုင်ငံရဲ့အလှဘုရင်မကို သူတို့လည်း ချစ်ခွင့်ရှိကြသတဲ့။ ဒီတော့လည်း ပါလီ၏အိမ်တော်အနီးမှာချဉ်းကပ်လျက် ပါလီထံမှအချစ်ရရှိဖို့အရေး အချင်းချင်းလည်း သွေးကွဲခဲ့ကြပါပြီ။

မင်းသားငယ်တွေရဲ့စိတ်က ကျွတ်ဆတ်ဆတ်ဆိုတော့ -

"ပါလီလေးရဲ့အချစ်ကိုရဖို့လူတိုင်းကြိုးစားခွင့်ရှိတယ်"

"ပါလီကိုယ်တိုင် သူ့ချစ်သူပါလို့ ဝန်မခံသမျှ လူတိုင်းတူညီတဲ့အခွင့်အရေးပဲ။ ကာမပိုင်မရှိသေးတဲ့သူကို ကျုပ်တို့ဥပဒေက ကြိုးစားခွင့်ပြုထားတယ်"

တချို့ကလည်း -

"ပါလီဟာ ငါ့ချစ်သူကွ။ ပါလို့ အချစ်ကိုရဖို့ အသက်နဲ့လဲရဲတယ်။ ပါလို့ အနားကပ်တဲ့သူ ငါရန်သူပဲ"

ဟု တစ်ယောက်တစ်မျိုးဆိုလာခဲ့ပါပြီ။

တစ်ဦးနဲ့တစ်ဦး ရန်စောင်ကြ၊ စိန်ခေါ်ကြနှင့် အခြေအနေဆိုးလာ၏။

လိစ္ဆဝီမင်းသားများရဲ့စိန်ခေါ်သံဟာ ဝေသာလီနိုင်ငံအနှံ့ပြန့်ခဲ့သလို လွှတ်တော်အထိ ရိုက်ခတ်ခဲ့ပါ၏။

မင်းသားတို့ရဲ့အကြီးအကဲမဟာလိပင် ထိန်းမနိုင်။ လူငယ်တွေ၏အချစ်ရဲ့တုန်ခါမှုကြောင့် ဝေသာလီပျက်ကိန်းကြုံနေရပါသည်။

■

ဝဋ်ကြီးလှတဲ့အမွှပါလီ အခုတော့ ဒုက္ခတွေ့ခဲ့ပါပြီ။

လိစ္ဆဝီမင်းသားတို့ရဲ့အကြီးအကဲဟာ နိုင်ငံနဲ့ လူမျိုးအတွက် ခေါင်းအေးအေးထားစဉ်းစားကာ လွှတ်တော်ရဲ့အကြံဉာဏ်ယူခဲ့ရပါ၏။

"ပါလီဟာ အလွန်ကျက်သရေရှိလှပါတယ်။ ဒါကြောင့်လည်း မည်သူနှင့်မျှ လက်ထပ်ထိမ်းမြားပေးလို့မဖြစ်။ တစ်ဦးတစ်ယောက်နှင့်လက်ထပ်ပေးရင်လည်း အဲဒီလူကို သေလမ်းပို့တာပဲ။ မဖြစ်လှတဲ့အဆုံး ပါလီရဲ့ဖခင် မဟာနာမ်နှင့်ပြေလည်နားဝင်အောင် ဆွေးနွေးညှိနှိုင်းလျက် ဝေသာလီဥပဒေဖြင့် အမွှပါလီကို အများပိုင်ကြစေ"

အမွှပါလီဟာ ဝေသာလီရဲ့နိုင်ငံပိုင် ပြည့်တန်ဆာဖြစ်ကြောင်း ကြေညာ

www.burmeseclassic.com

www.burmeseclassic.com

လိုက်ပါတော့သည်။

ပါလီရဲ့အချစ်ကာမဂုဏ်ကို တစ်ည တာပျော်ပါးခွင့်အဖြစ် ငွေ (၁၀၀၀) သတ်မှတ်ကာ ဝန်ကြီးရာထူးနှင့်ညီတဲ့ အထောက်အပံ့ပေးထားပါ၏။ တစ်ည တာအဖိုးအခငွေဟာ လူတစ်ဦးရဲ့တစ်နှစ် စာဆိုတော့ လူတိုင်းမတတ်နိုင်။

မဟာလီနှင့် လွတ်တော်ရဲ့အစီ အစဉ်ကို လီစ္ဆဝီမင်းသားများသာမက အများက သဘောကျနှစ်ခြိုက်ကြကာ ဝေသာလီနိုင်ငံရဲ့ ပျက်သုဉ်းမယ့်ဘေးမှ ကင်းဝေးခဲ့ရပါသည်။

■

"အခုတော့ကောင်းကြသေးရဲ့လား အရပ်ကတို့ရေ။ကျုပ်အသက်ထက်ချစ်ရတဲ့ ချစ်သမီးပါလီကို ဘေးပယောဂကို အကြောင်းပြုလို့ အများပိုင်ပြည့်တန်ဆာတဲ့"

ဟု ညည်းတွားလျက် ဖခင်ကြီးဟာ သောကမီးလောင်ပြီး သေဆုံးခဲ့ရသလို အစ်ကိုဖြစ်သူ အာနန္ဒာကလည်း သံဝေဂတရားဖြင့် မြတ်စွာဘုရားထံ ရဟန်းပြုခဲ့ပါသည်။

အခုတော့ ပါလီဟာ ဗိမ္ဗိသာရနှင့် ရခဲ့တဲ့ကိုယ်ဝန်အပြင် အပျိုစင်ဘဝပါ ပျက်ခဲ့ရပါ၏။ ကိုယ်ဝန်ရင့်လာခဲ့တော့ ပုတာဂါရကို ပြောင်းရွှေ့နေခဲ့ရပါပြီ။

ပုတာဂါရမှာ ဗိမ္ဗိသာရနှင့်ခွဲတ်စွပ်တူတဲ့သားကလေးမွေးခဲ့ပါ၏။ ဝဋ်ကြီးတဲ့ ပါလီဟာ သားတော်လေးကိုလည်း ငုံထားမတတ်ချစ်ရှာပါ၏။ အချစ်ဖြင့် သားလေးကို လိုလေသေးမရှိပြုစုစောင့်ရှောက်ရင်း ဗိမ္ဗိသာရကိုလည်း သတိရရှာကာ တဏှာအဟုန်ဖြင့် စုံမက်နှစ်သက်ခဲ့ပါ၏။

အာနန္ဒာသည် မြတ်ဗုဒ္ဓ၏လမ်းပြမှုဖြင့် ရဟန္တာမြတ်ကြီးဖြစ်ခဲ့ကာ ညီမတော်ပါလီရဲ့ဝဋ်ဒုက္ခအပေါင်းကို မြင်သိလျက် ပါလီကို ကယ်တင်ရန်အတွက် ပါလီချစ်တဲ့ သားငယ်လေးအား ဇွတ်အတင်းခေါ်ယူ၍ မြတ်ဗုဒ္ဓထံ ရှင်ပြုလျက် ဝိမလဟု ဘွဲ့အမည်ပေးခဲ့ပါသည်။

ကိုရင်ဝိမလ၏ ပါရမီနှင့် ဝိရိယ၊ ပညာအစွမ်းကြောင့် (၇) နှစ်မှာပင် အနာဂါမ်မိမက်ရရှိခဲ့ပါသည်။ ပါလီကို ချွတ်ရန် ကိုရင်ဝိမလအား ပါလီထံ ဆွမ်းခံစေပါသည်။

ပါလီဟာ အသားအရောင်းဝါပြီး ကျက်သရေရှိလှတဲ့ ကိုရင်လေးကိုတွေ့

ရင်ပဲ-

"အလိုလေး ငါ့သားလေးနဲ့တူလှပါလား။ အိမ်ပေါ် သို့ကြွတော်မူပါ"

သားကိုချစ်တဲ့တဏှာလောဘဖြင့် ကိုရင်ဝိမလကို တစိမ့်စိမ့်ကြည့်ရင်း ကြည့်မဝကြည်နူးမဆုံး။

သားဇောကပ်နေရှာတဲ့ပါလီဟာ ကိုရင်လေးအား ကာမဂုဏ်အာရုံနှောက်လျက် ဝတ္ထုငွေများပေးလျှပေမယ့် 'ကျုပ်နဲ့ ငွေမအပ်စပ်' ဟုဆိုကာ လွှင့်ပစ်ခဲ့ပါသည်။

နောက်နေ့ သာမဏေငယ်ဆွမ်းခံကြွလာပြီး-

"မယ်တော်၊ မယ်တော်"

မယ်တော်လို့ခေါ်လိုက်တဲ့ကိုရင်လေးရဲ့အသံကို ပါလီကြားရင်ပဲ ကိလေသာနှောတဲ့မိခင်မေတ္တာဖြင့် ကြည်နူးမဆုံးဖြစ်ကာ စံအိမ်ပေါ် သို့ပင့်ခဲ့ပါသည်။

ပုထုဇဉ်တို့သဘာဝအရ သားကို မိခင်မေတ္တာအပြည့်နဲ့ ကာမဂုဏ်အာရုံတွေကို အလျှံပယ်ခံစားစေချင်တာလည်း သဘာဝပဲ။

"ကိုရင်၊ သင်္ကန်းဝတ်ပြီး ရဟန်းဘောင်တက်လို့ ဘာအကျိုးရှိမှာလဲ။ လူထွက်ပြီး ကာမဂုဏ်အာရုံတွေခံစားလှည့်ပါ။ ငါ့သား လောကီချမ်းသာတွေကို ကြိုက်သလောက်ခံစားစမ်းပါ။ရာဂအာရုံကာမဂုဏ်အတွက် မိန်းမချောမိန်းမလှတွေကို ငါ့သားလိုသမျှ အမေကရှာပေးပါ့မယ်။ သားသမီးတွေမွေးရင်လည်း အမေပျော်ပါတယ်။ လိုလေသေးမရှိအမေထားမေးပါ့မယ်"

စသဖြင့် တဏှာရာဂမကင်းတဲ့စကားများနဲ့ ပုထုဇဉ်တို့သဘာဝအတိုင်း ကိုရင်လေးအား ပြောခဲ့ပါသည်။

တကယ်တော့ အမွပါလီဟာ ရာဂအစုံတဏှာဟုန်၌ အာရုံငြိကာ မူမမှန်တဲ့အယူဆန်းများကြောင့် ဒုက္ခကို သုခဟုထင်ခဲ့ပါ၏။ ခြောက်ဒွါရမှ အခြေတည်နေတဲ့သဒ္ဒါရတရားများကို မဂ်မားထက်ထက်နှင့် ဖြတ်သင့်တာကို နားမလည်။

ကိုရင်လေးက မိခင်ကြီးအား သနားကရုဏာဖြင့်

"ဒကာမကြီး၊ လောကီအာရုံကာမဂုဏ်တွေခံစားတာက အရိယာတို့အလုပ်မဟုတ်။ မွေ့လျော်ပျော်ပါးမှုကြောင့် စိုးရိမ်မှုသောကဖြစ်ရ၏။ သောကကြောင့် ကြောက်ရွံ့ခြင်းဖြစ်ရပါတယ်။ မွေ့လျော်ပျော်ပါးမှုမှ လွတ်မြောက်သူအား စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်းတို့မရှိ။ တကယ်တော့ ရုပ်ဆိုသည် ဘာမှမလုပ်တတ်။ စိတ်ကခိုင်းမှသာလုပ်ရပါတယ်။ စွဲတာကနာမ်၊ မစွဲတာကရုပ်လို့သိရမယ်။ ရုပ်မှာ အာသဝမရှိ။ အာဝသရှိသူတွေကသာ အာရုံပြုပါတယ်။ လူနတ်ဗြဟ္မာဖြစ်လိုတာက တဏှာပဲ။ ခန္ဓာရသူတိုင်းအိုကြ၊ နာကြ၊ သေကြရတယ်။ တဏှာရာဂကိုလွန်နိုင်မှ (၁၁)ပါးသောမီးတွေငြိမ်းတယ် ဒကာမကြီး။

တဏှာဥပါဒါန်က ဘဝအနှောင်အဖွဲ့တွေကိုပယ်၊ ကာမဂုဏ်အာရုံများကို မတွယ်တာခြင်းသာ အဆိပ်ကို အဆိပ်မှန်းသိ၍ ရှောင်သလို သေခြင်းတရားကိုရှောင်၍ ခန္ဓာတွင်းမြုပ်ခိုတည်ရှိနေတဲ့ မသေခြင်းတရား (သန္တိသုခ) ချမ်းသာခြင်းကိုရမှာဖြစ်တယ်"

ဟု တရားပြခဲ့ပါသည်။

သာမဏေဟာ မိခင်ကြီးတရားရခြိုးဟုသိရှိလျက် အာနန္ဒာအရှင်မြတ်မှ တစ်ဆင့် မြတ်ဗုဒ္ဓထံပို့ပေးခဲ့ပါသည်။

အမွပါလီသည် ဘဝအတော်များများကာ ကုသိုလ်အမှုများစုဆောင်းထားနိုင်ခဲ့ပေမယ့် ကဿပဘုရားရှင်လက်ထက်တွင် ဘုရားရင်ပြင်တော်ပေါ်၌ ကုသိုလ်ပြုရင်း အမှတ်တမဲ့ ရဟန္တာမကြီးတစ်ဦး ကျန်းမာရေးအရ အမြင်မတော်သလိပ်စွန့်ပစ်ခဲ့ခြင်းအား ပြည့်တန်ဆာမသာဒီလိုအမှုပြုတယ်ဟု ဆဲရေးမိခဲ့၍ ဝစီကံထိုက်ကာ နောက်ဆုံးခန္ဓာဖြင့် ဝဋ်ကံကြွေးအဖြစ် ဒုက္ခဖြင့်ပေးဆပ်ခဲ့ရခြင်းဖြစ်ပါသည်။

စစီကံကိုထိန်းသိမ်းနိုင်ကြပါစေ

ယောဂီတိုးဝေးမောင်

မှီငြမ်း -

အမွပါလိထေရီဂါထာ

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းခေါင်ဂန္ဓာရုံလမ်းပေါ်က ၂ အိုဖွယ်ထူးဆန်းများ

ကျွန်ုပ်သွားရမည့် ဘုရားစေတီသည် သီရိမဓမ္မာအာသောကရာဇာမင်းမြတ်တည်ထားခဲ့သော ရွှေမုဋ္ဌောစေတီ ဖြစ်ပါသည်။

လေအနည်းငယ်ငြိမ်သက်သွားသလို မိုးကြိုးနေရာမှ မိုးဖွဲကလေးများကျနေသည်နှင့် နေအိမ်မှ ထွက်လာခဲ့ပါတော့သည်။ ကျွန်ုပ်၏ နေအိမ်နှင့် ရွှေမုဋ္ဌောစေတီတည်ရာဌာနနှင့်ဆိုလျှင် အရှေ့တောင်ယွန်းယွန်းဆီမှာတည်ရှိပြီး တစ်မိုင်ခန့်အဝေးတွင် တည်ရှိနေပါသည်။

ကျွန်ုပ်နေအိမ်မှထွက်လာခဲ့သည်နှင့် မြို့လယ်မှဖြတ်ထားသော အဝေးပြေးလမ်းမကြီးပေါ် ရောက်ပြီဆိုလျှင် ပြို့ကင်တစ်ပြင်လုံး ကြည်လင်နေပါလေတော့သည်။ ထူးဆန်းမှုတစ်ခုဖြစ်နေပါသည်။

ကျွန်ုပ်၏အလေ့အထတစ်ခုတင်ပြမည်ဆိုလျှင် ရွှေမုဋ္ဌောစေတီကိုသွားရောက်ဖူးမြော်တိုင်း တံတိုင်း (၂)ထပ်နှင့် မုခ်လေးဖက်ရှိရာတွင် အနောက်ဘက်မုခ်မှာ ရွှေမုဋ္ဌောကျောင်းဟု အမည်ရှိသည့်ဘုန်းတော်ကြီးကျောင်းရှိပါသည်။ အခြားအရပ်သုံးဖက်ဖြစ်သော အရှေ့ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တို့တွင် မုခ်တစ်ခုစီရှိနေပါသည်။

ထိုမုခ် (၃)ခုတို့တွင် ဧရာဝတီမြစ်ဘက်ကမ်းနဖူးမှ ဘုရားကိုဝင်လိုလျှင် တောင်ဘက်မုခ်မှဝင်ရပါသည်။ အရှေ့ဘက်တရပ်နှင့် မြောက်ဘက်မုခ်တို့မှာလည်း အလျဉ်းသင့်သလိုဝင်နိုင်ကြပါသည်။ ကျွန်ုပ်မှာ အရှေ့စူးစူးတွင်ရှိသော မုခ်မှ ဝင်မြဲဖြစ်ပါတော့သည်။

ကျွန်ုပ်သည် အာရုံခံတန်ဆောင်းတော်လေးခုတွင် အရှေ့ဘက်အာရုံခံတန်ဆောင်းအတွင်း ဝင်ရောက်လိုက်ပါသည်။ အလင်းရောင်မှာ တန်ဆောင်းတော်အတွင်းမှ လေးပေမီးချောင်း၏ အလင်းရောင်ဖြင့် မြင်သာထင်သာရှိနေပါသည်။

ဂန္ဓကုဋိတိုက်အတွင်းမှာ တည်ရှိနေသော မူလရွှေမုဋ္ဌောစေတီတော်၏ ရွှေရောင်ဝင်းနေသည့်အရောင်ဖြင့် ရောင်ပြန်တော်ဖြင့်ဝင်းလက်နေပါတော့သည်။

ထိုဂန္ဓကုဋိတိုက်အတွင်းဘက်မှ ဒေါက်ခြာဆောင်းထားသောအညိုရောင်သင်္ကန်းဖြင့် ရသေ့တစ်ပါးကို တွေ့မြင်ရ

ထဲကျိုးပြတ်နေသောသစ်ပင်ကြီးများ၊ အကိုင်းကြီးများကို ကျော်ဖြတ်ရှောင်ရှားပြီးသွားနေရပါသည်။ ကျွန်ုပ်သွားနေစဉ် ရွှေမုဋ္ဌောစေတီအနီးရောက်လာသည်နှင့် တစ်မိုးလုံးညိုနေသောမျက်နှာမည်းကြီး မိုးသားများမှာ ဘယ်အရပ်ဌာနေကိုပြေးသွားကြသည်မသိလိုက်ရပါ။ မိုးကောင်း

www.burmeseclassic.com

www.burmeseclassic.com

လိုက်ရပါသည်။ စေတီတော်၏တနင်္ဂနွေထောင့်နေရာတွင် တင်ပျဉ်ခွေထိုင်ပြီး တရားအားထုတ်နေဟန်တူပါသည်။

ကျွန်ုပ်သည် ဂန္ဓာကုဋီတော်၏ အပြင်ဘက်မှာထားရှိသော ပန်းအိုးများနှင့် အလင်းတိုင်၊ နံ့သာတိုင်များ သင်္ခါရှိသလို လှူဒါန်းပူဇော်ရန်စီမံထားသည်။ သတ်မှတ်နေရာတွင် အလင်းတိုင်းများနှင့် နံ့သာတိုင်များကိုထွန်းညှိပြီး မိမိပြုလုပ်ဖွယ်ရာကိစ္စကိုသာ အနားမနေဘဲ ဆက်တိုက်လုပ်ဆောင်နေလိုက်ပါတော့သည်။

ထို့နောက် ပုဂ္ဂိုလ်အားလုံးကို အတူတကွ လာရောက်ပူဇော်ကြရန် ဖိတ်ကြားလိုက်ပါသည်။ ပြီးလျှင် ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်းတို့ ပြုလုပ်လိုက်ပါသည်။ မေတ္တာပို့သပါသည်။ ပုတီးစိပ်သည်။ နောက်-အာနာပါနကမ္မဋ္ဌာန်းရှုမှတ်လိုက်ပါသည်။ ကိစ္စများပြီးသွားသည်နှင့် သစ္စာပြုပြီး ဆုမွန်တောင်းခံပါသည်။ ထပ်မံပြီးမေတ္တာပို့သခြင်း၊ ကုသိုလ်အမျှပေးဝေခြင်းတို့ ပြုလုပ်ပါသည်။ မူလက ဖိတ်ထားသည့် ပုဂ္ဂိုလ်များအားလုံးကို နေရပ်ဌာနပြန်ပို့ပါသည်။

နေ့ခင်းက ပုဂ္ဂိုလ်ကြီးမှာကြားထားသည့်အတိုင်း မြီးပြတ်အောင် ဆောင်ရွက်ပြီး နေရာမှထလိုက်ပါပြီ။ ထိုစဉ်တွင် ကျွန်ုပ်ရောက်စအချိန်ကမြင်တွေ့ရသောရသေ့ကို သတိရသဖြင့် ဂန္ဓကုဋီတိုက်ထဲကြည့်မိပါသည်။ ထိုစဉ်ကရသေ့မရှိတော့ပါ။ ကျွန်ုပ်၏စိတ်ထဲတွင် ငါ့ကိုတာဝန်ပေးထားတာ အဟုတ်တကယ်လာရောက်လုပ်မလုပ်ကြည့်ရှုဖို့ တာဝန်ပေးခြင်းခံရတဲ့ရသေ့ဖြစ်လောက်တယ်ဟု ဖြစ်နေခဲ့ပါသည်။

ထိုနေ့၏ ပြုဖွယ်ကိစ္စအဝဝကို ချောမောစွာ အောင်မြင်ပြီးမြောက်သွားခဲ့ပြီဖြစ်ပါတော့သည်။

မှတ်မှတ်ရရ သောကြာနေ့ညကဖြစ်ပါသည်။ ကျွန်ုပ် ပြုမြဲကိစ္စများ၊ နိစ္စဓုဝကျင့်ဝတ်များနှင့် အဓိဋ္ဌာန်တို့ကို ပြီးပြတ်အောင် ဆောင်ရွက်နိုင်ပါပြီ။ ကျွန်ုပ်အိမ်၏ဘုရားခန်းတွင် ထိုညက အာဏာပါနကမ္မဋ္ဌာန်းကို ရှုမှတ်နေခြိန်ဖြစ်သည်။

ကျွန်ုပ်၏စိတ်ထဲတွင် လွန်စွာကြည်လင်ပြီး ခံစားမှုဝေဒနာတစ်စုံတစ်ရာဖြစ်ပေါ်ခြင်းမရှိပါ။ အေးငြိမ်းနေပါသည်။ ထိုစဉ်တွင် အာရုံထဲတွင် ပုဂ္ဂိုလ်တစ်ယောက် ကျွန်ုပ်၏ညာဘက်ရှေ့နားမှာရောက်လာခဲ့ပါတော့သည်။ ယခင်တင်ပြထားခဲ့သည့်အတိုင်း နဝင်းစေတီပါသုံးကွက်ပတ်လည်၊ ကိုးကွက်အင်းကိုဘိုးဝိဇ္ဇာအမည်ရသော ဦးနရိန္ဒာဘိဝံသ၏တပည့် ကျွန်ုပ်၏ ဓမ္မမိတ်ဆွေကြီးအဘိုးဦးအေးမှ ကျွန်ုပ်သုံးလိုလျှင်သုံးရန် ဟုပြောပြီးပေးခဲ့သောအင်းဖြစ်ပါသည်။

ထိုအင်း ကျွန်ုပ်လက်ဝယ်ရောက်နေခဲ့သည်မှာလည်း (၉) လလောက်တော့ကြာပြီထင်ပါသည်။ ယခု ကျွန်ုပ်ထံရောက်လာသောပုဂ္ဂိုလ်မှ ထိုအင်းကို သက်ဆိုင်သူထံပေးရန်အတွက်လာရောက်ပြောပြခြင်း ဖြစ်ပါသည်။

"လူကလေး၊ မင်းဆီမှာရောက်နေတဲ့အင်းကို မင်းလည်းဘာမှသုံးတာမဟုတ်ပါဘူး။ လိုချင်တဲ့သူ၊လိုအပ်နေတဲ့သူကိုသွားပေးလိုက်ပါ"

နောက်နေ့ နေ့ခင်းမှာ ရွှေမုဋ္ဌောဘုရားကိုသွားပါ။ အရှေ့ဘက်အာရုံခံထဲမှာ အသက်အရွယ်(၇၀)လောက်ရှိမည့် လူတစ်ယောက်တွေ့ရလိမ့်မည်။ထိုအာရုံထဲမှလူကို မင်းလက်ထဲမှာရောက်ရှိနေတဲ့အင်းကိုပေးဖြစ်အောင်သွားပေးလိုက်ပါဟု ပြောပြပါတော့သည်။

ထိုစဉ်ကာလက ရုံးဌာနများသည် စနေနေ့ဆိုလျှင် နေ့တစ်ဝက်ကိုသာ တက်ကြရပါသည်။ မနက် (၉)နာရီခွဲမှာ တက်ကြပြီး နေ့ (၁၂) နာရီခွဲမှာဆင်းကြရမြဲဖြစ်ပါသည်။ ထို့နေ့က ကျွန်ုပ်အနေဖြင့် အလုပ်တာဝန်မရှိခဲ့ပါ။ သို့နှင့်ပင် သူငယ်ချင်းတစ်ယောက်ကို အကူအညီတောင်းပြီး တစ်နာရီလောက်စောပြီး ရုံးမှဆင်းခဲ့ပါသည်။ ဘုရားဆီကိုတန်းသွားခဲ့ပါတော့သည်။

ကျွန်ုပ်သည် ဘုရားကိုသွားရာတွင် အဝေးပြေးလမ်းမကြီးအတိုင်းသွားပြီး ဘုရားဘက်ချိုးဝင်ရသောလမ်းမှတောင်ဘက်ကို ချိုးဝင်လိုက်ပါသည်။ မြောက်ဘက်အရပ်မှာရှိသောမုခ်ပေါက်မှ စေတီ၏ မြောက်ဘက်အာရုံခံအတွင်းဘက်တွင် ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်တစ်ဦးထိုင်နေသည်ကို မြင်တွေ့လိုက်ပါသည်။

ကျွန်ုပ်၏ ထုံးစံအတိုင်း အရှေ့ဘက်မုခ်မှဝင်ခဲ့ပါသည်။ တန်ဆောင်းထဲရောက်သည်နှင့် အသက်(၇၀)လောက် အရွယ်ရှိသော လူတစ်ယောက် ငုငုငေါင်ငေါင်ဖြင့်ထိုင်နေတာကို တွေ့ရပါသည်။ ထိုစဉ်တွင် မြောက်ဘက်အာရုံခံအတွင်းမှ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထိုင်နေရာမှထသည့်အတွက် အခင်းဖျာရွှေ့လျားသွားသံကို ကောင်းစွာကြားလိုက်ရလေတော့သည်။

ကျွန်ုပ်သည် အရှေ့ဘက်အာရုံခံအတွင်းမှာရှိနေသောအဘိုးကို လက်ဟန်ခြေဟန်ပြပြီး မြောက်ဘက်အာရုံခံအတွင်းခပ်သွက်သွက်သွားလိုက်ပါသည်။ဘာကိုမှမမြင်တွေ့ရခြင်းမရှိတော့ပါ။ သို့နှင့် ထိုမှဤမှ ဘုရားစေတီ၏ အပြင်ဘက်အရပ်များကို ခပ်သုတ်သုတ်ထွက်ပြီး လိုက်လံရှာဖွေကာကြည့်မိပါသေးသည်။ လူရိပ်လူယောင်ဟူ၍ လုံးဝမတွေ့ရမြင်ရတော့ပါ။ သာမန်လူသားဆိုလျှင် ကျွန်ုပ်၏ခြေလှမ်းနှင့် အပြင်ဘက်လွတ်ထွက်သွားနိုင်စရာအကြောင်းမရှိပါ။

ကျွန်ုပ်သည် စေတီနှင့် အာရုံခံအကြား အနောက်ဘက်အရပ်မှာရှိသောဆုတောင်းပြည့်ဘုရားဟုအသိအမှတ်ပြုကြသည့် လောဟာရုပ်ပွားဆင်းတုတော်ကိန်းဝပ်ရာတွင် ပြုဖွယ်ကိစ္စပြီးမြောက်အောင် ဆောင်ရွက်လိုက်ပါတော့သည်။

ကျွန်ုပ်သည် အရှေ့ဘက်အာရုံခံအတွင်း ပြန်ဇရောက်ခဲ့ပါပြီ။ အဘိုးမှာထိုင်ရာမှမထသေးပါ။ကျွန်ုပ်နှင့်အဘိုးအိုမှလွဲပြီး ဘုရားထဲနှင့် ပြင်ပတွင် လူသူလေးပါးဟူ၍ မြင်တွေ့ရခြင်းမရှိပါ။ ကျွန်ုပ်ကို တာဝန်ပေးလိုက်သည့်ကိစ္စအတွက် စတင်လိုက်ပါသည်။

"အဘ ကျွန်တော့်အနေနဲ့ ပစ္စည်းတစ်ခုပေးချင်တယ်။ အဘနှစ်သက်ရင်ပေါ့"

ဟု စကားစသည်နှင့် အောက်ပါအတိုင်းမေးလေ၏။

"ဘာပစ္စည်းလဲကွယ်၊ မင်းပေးရင်လက်ခံပါတယ်"

ဟု ပြောလေတော့သည်။

ကျွန်ုပ်သည် အသင့်ပါလာခဲ့သောအင်းတစ်ကွက်ကိုထုတ်ယူပြီး အဘိုး၏လက်ထဲသို့ ပေးအပ်လိုက်ပါသည်။

အဘိုးသည် ကျွန်ုပ်ပေးလိုက်သောအင်းကိုကြည့်ပြီး အောက်ပါအတိုင်းရှည်လျားစွာပြောပါတော့သည်။

"လူကလေး၊ မင်းဘယ်ကရတာလဲကွယ်။ အဘဒီအင်းပျောက်သွားခဲ့တာ(၆)လကျော်သွားပြီကွ။ စာရွက်မြင်တိုင်းလိုက်ကောက်ပြီးကြည့်ရတဲ့ယ်။ သမီးကဆိုရင် ဘုရားကပြန်လာကတည်းကအဖေတော့ စိတ်ဖောက်သွားတာဆိုပြီး ဘုရားမသွားဖို့ အတန်တန်တားမြစ်နေခဲ့တယ်ကွ။ ရွာထဲကလည်း အဘတော့ရူးပြီလို့ သတ်မှတ်ထားတာလေ။ ငွေးသာလိုက်တာ၊ ဝမ်းသာလိုက်တာ"

ဟု တဖွဖွပြောပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com

တင်နိုင်ဝင်း(ထမင်းစော်မြို့)
ဆီးရောဂါအတွက် သဘော်ရွက်

ဆီးနည်းခြင်း၊ ဆီးအောင့်ခြင်း စသည့် ဆီးရောဂါများဖြစ်ပေါ်လာလျှင် အလွန်နေထိုင်ရခက်လှ၏။ 'မိန်းမမှာမီး၊ ယောကျ်ားမှာဆီး' ဆိုသလို အမျိုးသမီးများမီးယပ်ရောဂါဖြစ်ပွားလာလျှင် မိန်းမမပီသတော့သလို အမျိုးသားများ ဆီးရောဂါဖြစ်ပေါ်လာပြီဆိုလျှင်လည်း ယောကျ်ားသားဘဝကို ပီပြင်အောင်စွမ်းဆောင်နိုင်တော့မည်မဟုတ်ပေ။ အမျိုးသားများ ဆီးရောဂါဖြစ်လျှင် နေပူထဲလည်းမသွားနိုင်။ အလုပ်လုပ်ရာတွင်လည်း သာမန်ထက် လွန်စွာပင်ပင်းနွမ်းနယ်နေတတ်သည်။

ဗဟုသုတနည်းပါးသူအချို့သည် မိမိတို့၏ပတ်ဝန်းကျင်ရှိ အသိုးအရွက်တို့၏ဆေးစွမ်းအာနိသင်များကို မေ့လျော့နေတတ်ကြသည်။ ထို့အပြင် ရောဂါဖြစ်ပေါ်လာပြီဆိုလျှင် ဓာတုဆေးဝါးများ၊ ခေတ်ပေါ် ပဋိဇီဝဆေးဝါးများကိုအလွယ်တကူဝယ်ယူသောက်သုံးကြသဖြင့် ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်လာပြီး အခြားရောဂါများ ထပ်မံဖြစ်ပွားခြင်းဖြင့် ရောဂါသံသရာလည်နေကြပါသည်။

အသိုးအရွက်၊ အမြစ်အခေါက် စသည့်အပင်ထွက်ပစ္စည်းများဖြင့်ဖော်စပ်သုံးဆောင်ရသော တိုင်းရင်းဆေးနည်းတို့သည်ကား ဘေးထွက်ဆိုးကျိုးများမဖြစ်ပေါ်နိုင်သည့်အပြင် ကျန်းမာရေးအတွက် အာဟာရမျိုးစုံကိုလည်း ဆေးဖော်စပ်ရာ ၎င်းအပင်ထွက်ပစ္စည်းများမှ ရရှိနိုင်မည် ဖြစ်သည်။ ထို့ကြောင့် မိမိတို့အနေဖြင့် ရောဂါတစ်စုံတစ်ခုဖြစ်ပေါ်လာတိုင်း ဆေးဖက်ဝင်အပင်များကို သတိပြုထိုက်၏။ ဆေးစွမ်းထက်သည့် အပင်များကိုလည်း မြေလွတ်ရှိက စိုက်ပျိုးသင့်ကြ၏။

ဆေးစွမ်းထက်သည့်အပင်များတွင် အလွယ်တကူစိုက်ပျိုးနိုင်သော သဘော်ပင်လည်းပါဝင်သည်။ ၎င်းသဘော်ပင်မှ သဘော်ရွက်သည် အလွန်ဆေးစွမ်းထက်လှ၏။ ရောဂါမျိုးစုံအတွက် ဆေးနည်းမျိုးစုံဖော်စပ်၍ အသုံးပြုနိုင်၏။

ထိုအထဲမှ အထက်တွင်ဖော်ပြခဲ့သော ဆီးရောဂါများအတွက် သဘော်ရွက်ကို ဆေးအဖြစ်အသုံးပြုပုံအား ဖော်ပြပေးသွားပါမည်။

၁။ သဘော်ရွက်ကို မီးကျွမ်းအောင်ကင်၍ အမှုန့်ဖြစ်အောင်ခြေကာရေကို ပွက်ပွက်ဆူအောင်ကျို၍ ၎င်းသဘော်ရွက်မှုန့်ကိုထည့်ပါ။ လက်ဖက်ခြောက်ခတ်သော ရေနွေးကြမ်းထဲသို့ ခပ်နွေးနွေး တစ်နေ့သုံးကြိမ်မျှသောက်ပါ။

၂။ သဘော်ရွက်ကိုပြုတ်၍ ၎င်းပြုတ်ရည်ကို လက်ဖက်ရည်ပန်းကန်လုံးဖြင့် တစ်ခါသောက်တစ်လုံး တစ်နေ့သုံးကြိမ်သောက်ပါ။

၃။ ၎င်းသဘော်ရွက်ကို ရေနွေးဖြော၍သော် လည်းကောင်း၊ မီးကင်၍သော် လည်းကောင်း တို့စရာအဖြစ်ပြုလုပ်၍ ထမင်းစားတိုင်း တို့မြုပ်စားသုံးနိုင်ပါသည်။

ဤဆေးနည်းသုံးမျိုးထဲမှတစ်နည်းနည်းကို နေ့စဉ်အသုံးပြုခြင်းအားဖြင့် ဆီးမှန်မှန်သွား၍ ဆီးနည်းဆီးအောင့်ရောဂါများ သက်သာပျောက်ကင်းသွားမည်ဖြစ်သည်။

တင်နိုင်ဝင်း (ထမင်းစော်မြို့)

ဘုန်းခေါင်

ကျွန်ုပ်မှာလည်း အဘပျောက်သွားသောအင်းမဟုတ်ကြောင်း ပုံစံတူအင်းတော့ဖြစ်နိုင်ကြောင်း အကြိုးစုံလင်အောင် ပြောပြလိုက်ရလေတော့သည်။

သို့နှင့် အဘသည် လွန်ခဲ့သော ဒုတိယကမ္ဘာစစ်အတွင်းကအတွေ့အကြုံကို အောက်ပါအတိုင်း အေးဆေးစွာ ပြောပြနေပါတော့သည်။

"အဘက အရွယ်ငယ်တုန်းသန်မြန်တုန်းပေါ့ကွာ။ ဒီဘုရားကို နေ့စဉ်ပဲပန်း၊ ရေချမ်းလဲ၊ သန့်ရှင်းရေးလုပ်နဲ့ အမြဲဆိုပါတော့။ တစ်နေ့ နေ့ခင်းမှာ အဘနေ့စဉ်ဝတ်အနေနဲ့ ဘုရားကိုလာပြီး လုပ်ကိုင်နေစဉ်မှာ ဂန္ဓကုဋိထဲမှာ ရသေ့တစ်ပါးတရားအားထုတ်နေတာတွေ့ရဖူးလိုက်ရတယ်ကွာ။

အဘလည်း အသံမထွက်အောင် ညင်ညင်သာသာနဲ့ ကိုယ်လုပ်စရာတွေ အပြီးလုပ်လိုက်တယ်။ ဒီလိုနဲ့ပဲ (၃) ရက်လုံး အဘအနေနဲ့ ရသေ့ကြီးကိုတွေ့မြင်နေခဲ့တယ်လေ။ အဲဒီအချိန်မှာဆိုရင် အခြားလူဆို တစ်ဦးမှမလာကြမရှိကြဘူးကွယ့်။

သုံးရက်မြောက်နေ့မှာ ရသေ့ကြီးက အဘကို အင်းတစ်ကွက်ချီးမြှင့်ခဲ့တယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ်မှာရှိသေတဲ့သူမို့ပေးတာ။ မင်းဆန္ဒရှိသလို သောက်ချင်သောက်၊ ဆောင်ချင်ဆောင်လို့ပြောပြီးပေးသွားခဲ့တာကွ အဲဒီအင်းပဲ။ အခုအဘပျောက်သွားခဲ့တာဆိုတော့ ရှုးမတတ်ခံရတာပေါ့ကွာ"

ဟု ပြောပါလေတော့သည်။

ခဏမျှအမောဖြေသလိုနားနေပြီးတော့ ဆက်ပြောသည်မှာ -

"စစ်အတွင်းက ဘာအန္တရာယ်မှမကြုံခဲ့ရသလို အစားအသောက်လည်း မကျပ်တည်းခဲ့ဘူးကွယ့်။ အဘ ဒီဘုရားမှာလာပြီး နေ့စဉ်ဝတ်မပျက်ဆောင်ရွက်ခဲ့တဲ့ကျေးဇူးပဲဖြစ်မှာပေါ့နော်။

အခုတော့ ကံကောင်းလို့ ပျောက်သွားတဲ့အင်းပြန်ရလိုက်ပြီမို့ နောက်ထပ်အပျောက်မခံနိုင်တော့ဘူး"

ဟု ပြောပြောဆိုဆိုလျှင် ဘုရားကိုကပ်လျှူထားသော သောက်တော်ရေခွက်တစ်ခွက်ကိုယူပြီး ကျွန်ုပ်ပေးလိုက်သောအင်းကို သောက်ပစ်လိုက်ပါတော့သည်။

"ဘယ်တော့မှမပျောက်တော့ဘူး၊ တစ်ခါတည်း လုံခြုံစိတ်ချရအောင်သိမ်းလိုက်ပြီ"

ဟု လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြင့် ပြောပြလိုက်ပါတော့သည်။

ကျွန်ုပ်မှာလည်း မည်သူမည်ဝါမှန်းမသိရသောပုဂ္ဂိုလ်၏တာဝန်ပေးချက်ကို ကျေပွန်အောင် ဆောင်ရွက်ပေးခဲ့ပြီးနေအိမ်သို့ ပြန်လာခဲ့ပါတော့သည်။

ကျွန်ုပ်သည် ဝိဇ္ဇာရဂမ္ဘီရလမ်းကြောင်းပေါ်ကို(၁၇)နှစ်လုံးလုံးလျှောက်လှမ်းခဲ့ပါတော့သည်။ထိုသို့လျှောက်လှမ်းစဉ်တွင် အမြင်အာရုံ၊ အကြားအာရုံတို့မှာ အံ့ဩမကုန်နိုင်အောင် မှန်ကန်လှပါသည်။ နောက်ဆက်တွဲ အံ့ဖွယ်ထူးဆန်းမှုများကို နောက်လတွင် ဆက်လက်တင်ပြပါဦးမည်။

ပညာတိုးပွား၍ အကျိုးများကြပါစေ

ဘုန်းခေါင်

www.burmeseclassic.com

www.burmeseclassic.com

ကိုဇော်ဝင်း
(ဇော်တော)

အားပြု လူမိုက် ဝိုက်ပြဲရဲမောင်
လူကြမ်းကြီးကျတဲ့မျက်ရည်

များက ဝေစုမရ၍ ရက်စက်စွာသတ် ဖြတ်ခဲ့ကြသည်။

လပြည့်ညတစ်ည၌ ဝိုက်ပြဲအိမ်ကို တပည့်ခံအားပြမျာဝိုင်းခဲ့ကြ၏။ ဝိုက်ပြဲရဲမောင်က လွတ်မြောက်သွားပြီး ဝေဝေကိုမိသည်။

မောင်းမကြီးသခ္ဓိုင်း တောရကျောင်းလမ်းကြားတွင် ဝေဝေကိုဝိုင်းပြီး သားမယားပြုကျင့်ကြလျက် ရက်စက်စွာသတ်ဖြတ်သွားကြသည်။ ထိုသို့သတ်ဖြတ်ရာတွင် ဝေဝေ၏ဝဲဘက်နို့အုံကို လှီးဖြတ်ယူသွားခဲ့ကြသည်။

မောင်းမကြီးရွာလေးသည် စစ်ကိုင်းရွှေဘိုကားလမ်း၏ အရှေ့ဘက်ကပ်လျက် တည်ရှိသည်။

ရွာ၏မြောက်ဘက်၌ တစ်ရွာလုံးသုံးသောရေကန်ရှိပြီး အရှေ့မြောက်ထောင့်တွင် 'ဘောင်းတော်ကျ' ရှေးဘုရားရှိသည်။ နှစ်စဉ် စည်ကားသိုက်မြိုက်စွာကျင်းပသည်။ ဘုရားပွဲကို အရှေ့ဘက်မှ ကျေးသီးကုန်း၊ ရင်းတော၊ စင်းပါရွာများက လည်းကောင်း၊ မြောက်ဘက်မှ စိုင်နိုင်ကြီး၊ စိုင်နိုင်လေး၊ ကျွဲဇင်ရွာများက လည်းကောင်း၊ အနောက်ဘက်မှ အေးကုန်း၊ ထိန်ကန်၊ သစ်ခေါင်းခွရွာများက လည်းကောင်း၊ တောင်ဘက်မှ ရေတွက်၊ ရွှေကျင်၊ ဥယျာဉ်မ၊ လှတောရွာများက လည်းကောင်း လှည်းများဖြင့်ရောက်လာခဲ့ကြ၍ လှည်းထုကလွန်စွာကြီးမားသည်။ မြေဝိုင်းကအပြည့်ဖြစ်သည်။

မောင်းမကြီးရွာတွင် ရဲမောင်လေးမောင်ရှိသည်။ ခြေတံရှည်ရဲမောင်၊ အုံရဲမောင်၊ ကုလားရဲမောင်နှင့် ဝိုက်ပြဲရဲမောင်တို့ ဖြစ်သည်။

ဝိုက်ပြဲရဲမောင်က အသားအလွန်မည်း၍ အလွန်ဝငြား ပေါ့ပါးသွက်လက်သည်။ တရားဝင်မိန်းမလေးယောက်ရှိသည်။ အချစ်ဆုံးမိန်းမ ဝေဝေကို တပည့်သို့ဖြစ်၍ အမှောင်ညများတွင် တောရကျောင်းလှည်းလမ်းကိုရောက်လာကြသမျှကို ခြောက်လှန့်နေရာ ကြုံခဲ့ကြသူများ၏ပြောကြားသမျှ ရဲမောင်ကြားနေရသည်။

ဝိုက်ပြဲရဲမောင် စိတ်မကောင်း။

ဝေဝေကို အနှိုင်ကျင့်သတ်ဖြတ်သွားပါသောတပည့်များကို ဝိုက်ပြဲ ကမ္ဘာမကျေ။ ဝိုက်ပြဲက သွေးအေးသည်။ လက်စောင်းထက်သည်။ တစ်ကိုယ်တော်သတ်ရဲဖြတ်ရဲ မိုက်ရဲတိုက်ရဲသူလည်းဖြစ်သည်။ လက်တုံ့ပြန်လက်စားချေရန် အခွင့်အခါကို ဝိုက်ပြဲစောင့်သည်။

သို့သော် -

အရာတော်မြို့နယ်မှ ရွာကြီးတစ်ရွာတွင် လွန်စွာချမ်းသာသောသူဌေးတစ်ဦးရှိ၏။ ထိုသူဌေးကို တစ်ရွာလုံးက ချစ်ကြောက်ရိုသေကြ၏။ လွန်စွာပါးနပ်လိမ္မာသောသူဌေး ဖြစ်၏။

ထိုသူဌေးနှင့် ဝိုက်ပြဲက လွန်စွာရင်းနှီးမှုရှိသည်။ ထိုသူဌေး၏အိမ်ကို တပည့်များက မည်မျှတိုက်ခိုက်စီးနင်းလို ကြပြား ဝိုက်ပြဲက မတိုက်မဝင် သဘောမတူ။

ဝိုက်ပြဲလိုအပ်သမျှ ငွေကြေးကို သူဌေးကထုတ်ပေးနေသည်။ ထိုကိစ္စကို တပည့်များက မကျေနပ်။ ခေါင်းဆောင်ကို ကြောက်၍သာနေကြရ၏။

ခေါင်းဆောင်မိန်းမကိုသတ်ခဲ့ကြ၏။ ခေါင်းဆောင်နှင့်ကွဲကြပြကြပြီဆိုသောအခါ တပည့်များက သူဌေးအိမ်ကို ဝင်စီးကြသည်။

သူဌေးက ကြိုတင်သတင်းရထား၏။

စစ်တပ်ကို အကူအညီတောင်းပြီး ရွာသူရွာသားများ တုတ်၊ ဓား၊ လုံကိုယ်စီဖြင့် ညီညီညွတ်ညွတ်စောင့်သည်။ ညသန်းခေါင်ကျော်တွင် ဓားပြများဝင်လာ၏။

သူဌေးကလည်းအဝင်ခံ၏။

အိမ်ဝိုင်းထဲ ဓားပြများအားလုံးရောက်ပြီဝင်ပြီဆိုသည်နှင့် အိမ်ဝင်းတံခါးကိုဆွဲပိတ်သည်။ သော့ခတ်သည်။ သူဌေးအိမ်ဝိုင်းဝင်းထရံများက အသားမာနှစ်တစ်လက်မများကိုစီရိုက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

အဖျားကိုချွန်ထားသည်။ လက်ခုတ်တစ်ဖောင်အမြင့်ရှိ၏။ လုံခြုံသည်။ အိမ်ဝိုင်းထဲကိုရောက်ပြီး ပြန်ထွက်ရန်မလွယ်။ ဓားပြဆယ်ယောက်ဝင်၏။

အသင့်စောင့်နေသောစစ်တပ်က စပြီးပစ်သည်။ ဓားပြသုံးယောက်ကျသွားသည်။

ထင်မှတ်ထားခြင်းမရှိ။ မျှော်လင့်မထား၍ ဓားပြများက အံ့အားသင့်နေသည်။ အကာအကွယ်ယူခွင့်မရလိုက်။ နောက်ထပ်နှစ်ယောက်ဆက်ကျသည်။

ရွာသူရွာသားများ အားလုံးက ငြာသံပေး၏။

အိမ်မထဲရောက်သွား သောဓားပြများက အိမ်မတံခါးကိုဆွဲပိတ်ပြီး ခုခံပြန်လည် ပစ်ခတ်သည်။ ဓားပြများကိုင်သော သေနတ်က လုပ်သေနတ်ဖြစ်သည်။ ဓားပြများထဲမှ လက်ပစ်ဗုံးတစ်လုံး ရွာလူအုပ်ထဲကျလာ၏။ ထိုဗုံးမကွဲမီ ရဲရင့်သော ရွာသားတစ်ယောက်က လျင်မြန်စွာ ကောက်ယူပြီး အိမ်မထဲပစ်သွင်း၏။ ဗုံးကွဲသည်။

နာရီဝက်နီးပါး အပြန်အလှန်ပစ်ခတ်ပြီးနောက် အိမ်မထဲကငြိမ်သက်သွားသည်။ ပြန်ပြီးပစ်ခတ်ခြင်းမရှိတော့။

ရွာသူရွာသားများ ငြာသံပေးပြီး ဝင်းတံခါးသော့ဖွင့်ဝင်သည်။ အိမ်မတံခါးကို ရိုက်ချိုးဝင်ပြီး တွေ့သမျှဓားများလုံမျှားဖြင့်ထိုးခုတ်သည်။

စစ်တပ်ခေါင်းဆောင်အရာရှိက ရွာသူရွာသားများကို တားသေး၏။ သို့သော် မမီတော့။ ဓားပြအားလုံးကျဆုံးသွားခဲ့ပြီဖြစ်၏။

ဓားပြများအလောင်းများထဲတွင် ဗိုက်ပြုပါ၊ မပါ သူဌေးကကြည့်သည်။ မိတ်ရင်းဆွေရင်း ညီရင်းအစ်ကိုပမာ ခင်မင်ခဲ့ကြ၍ မတိုက်သင့်ယူဆလျက် စိတ်ဆိုးခဲ့၏။

ဗိုက်ပြုအလောင်းမတွေ့ရသော အခါ သူဌေးအံ့ဩသွားသည်။

နောက်သုံးရက်ခန့်ကြာသွား၏။

နံနက်ခင်း ဆယ်နာရီခန့်အချိန် ဗိုက်ပြုတစ်ယောက်တည်း မြင်းစီးလျက် သူဌေးအိမ်ဝိုင်းဝင်လာသည်။ သူဌေးကောင်းစွာကြိုဆိုသည်။

ရွာသူရွာသားများက ဗိုက်ပြုဝင်လာကြောင်းသိကြ၍ ငြာသံပေးပြီးဝိုင်း၏။ သူဌေး

www.burmeseclassic.com

www.burmeseclassic.com

ထွက်ပြီးတားသည်။

ဗိုက်ပြကို ထမင်းကျွေးကောင်းစွာ ကျေးဇူးတင်ခဲ့၏။

အချစ်ဆုံးမယား ဝေဝေကို သတ်ဖြတ်သွားကြကြောင်း ဗိုက်ပြက သူငွေးကိုပြောပြ၏။ ထို့ထက် ပစ္စည်းတစ်စုံတစ်ရာမပါ လူအထီအခိုက်မရှိ၍ ဝမ်းသာကြောင်းစကားဆို၏။ အချိန်မီမစောင့်ရှောက်လိုက်နိုင်၍ စိတ်မကောင်းကြောင်းပြော၏။

ညနေစာပါစားပြီး ညနေငါးနာရီတွင် ဗိုက်ပြပြန်ထွက်သည်။ မြင်းကိုမှန်မှန်သွက်သွက်စီးလာ၏။

တပည့်များကို ကိုယ်တိုင်လက်တုံ့ပြန်လက်စားချေခွင့်မရလိုက်ငြား ဗိုက်ပြကျေနပ်သည်။

■

ဗိုက်ပြ၏ပထမမိန်းမက သဘောထားပြည့်သည်။ သဘောထားကောင်း၏။

နောက်မိန်းမမည်မျှရှိရှိ ဗိုက်ပြက ပထမမယားကိုမပစ်။ ပထမမိန်းမအိမ်မှာပင် ထမင်းစားသည်။ အနေများသည်။

"ကိုရဲမောင်၊ တော့်လုပ်စာ ကျုပ်မစားချင်ဘူးတော်။ ဓားပြအလုပ်မလုပ်ပါနဲ့တော့"

ဟုလည်း မကြာခဏပြောသူဖြစ်၏။

လင့်အလိုလိုက်သူ လင့်အကြိုက်ဆောင်လည်းဖြစ်၏။

ဗိုက်ပြက ဝက်သားဟင်းကို လွန်စွာကြိုက်သည်။ ရွာမှာဝက်ပေါ်လျှင် သုံးလေးတွဲဆွဲ၏။ တစ်တွဲတွင် တစ်ပိဿာပါ၏။

ဗိုက်ပြက ဝက်သားကို ကိုယ်တိုင်ချက်ပြုတ်စားသည်။ ပထမမယားကြီးလိုအပ်သမျှ ကူညီလုပ်ကိုင်ပေးသည်။ ကျန်ဗိုက်ပြမယားများနှင့်လည်းတည့်၏။ သင့်တင့်အောင် ပြောဆိုနေထိုင်တတ်သူဖြစ်၏။

ထို့ကြောင့် ပထမမယားကြီးကို ဗိုကပြ ပိုသံယောဇဉ်ရှိ၏။

စတုတ္ထမယားဝေဝေကို အချစ်ဆုံးဖြစ်ခဲ့သည်မှန်၏။

ဝေဝေကငယ်ဂုဏ်ရှိ၏။လှသည်။ ဝေဝေမရှိတော့သောအချိန် ဝေဝေ့ကိုနှမြော၏။ လွမ်း၏။ ဝေဝေကလည်း ဗိုက်ပြအကြိုက် ဝက်သားဟင်းကောင်းကောင်းချက်တတ်သူဖြစ်၏။

ဝက်သားဟင်းနှစ်တွဲချက်၏။ တစ်ပွက်ဆူချိန်စ၍ ငွေနှီးတစ်ချောင်းဖြင့် ဗိုက်ပြဟင်းမြည်း၏။ စား၏။ ကောင်းစွာကျက်ချိန် ငါးဆယ်သားချက်ခန့်မျှသာအိုးထဲတွင်ကျန်တော့၏။

ထိုမျှ ဝက်သားကို ဗိုက်ပြကြိုက်နှစ်သက်သည်ဖြစ်၏။

ပထမမယားကြီးက ငြန်းငြန်းကွဲအလုပ်လုပ်သူလည်းဖြစ်၏။ တောင်သူလုပ်ငန်းကို ယောကျ်ားသားတစ်ဦးနှယ်လုပ်ကိုင်နိုင်၏။ ဈေးလည်းရောင်းလိုက်သေး၏။

အိမ်မှာ ကြက်များ၊ ဝက်များ၊ နွားများလည်းမွေးသည်။

သို့ဖြင့် ဗိုက်ပြကပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ငြူစူခြင်းမရှိ။

ရွာရပ်ဆိုသည် ခေါင်းရွက်ဈေးသည်များလာမှစားစရာရှိ၏။ ခေါင်းရွက်ဈေးသည်မလာသောရက်များမှာ စားစရာမရှိ။ ထိုအခါ အိမ်မွေးကြက်များ၊ ကြက်ဥများ၊ နွားနို့များသည် အိမ်အတွက်ဟင်းလျာဖြစ်ရ၏။

အိမ်ဝက်အုပ်ထဲမှ ဝက်သားအုပ်မတစ်ကောင် သားပေါက်၏။ ပေါက်သည်မှာ ထူးထူးဆန်းဆန်းတစ်ကောင်တည်းဖြစ်၏။ ဝက်မလေးဖြစ်၏။

ထိုဝက်မလေးမွေး၍ မောင်းမကြီးတစ်ရွာလုံးပိုင်းကြည့်ခဲ့ရ၏။ အံ့သြခဲ့ရ၏။

ဗိုက်ပြတစ်ယောက် အချိန်ကြာကြာ ငေးငိုင်သွားခဲ့ရ၏။

ထိုဝက်မလေး၏ဘယ်ဘက်ရင်အုံမှာ နို့များပါလာခဲ့ခြင်းမရှိ။ ဗိုက်ပြမိန်းမက စတင်တွေ့ရှိခြင်းဖြစ်၏။ ဗိုက်ပြကိုပြ၏။

ဗိုက်ပြ မျက်စိမျက်နှာပျက်ခဲ့ရ၏။

ဝက်မလေးကို ဝက်မကြီးသားခွဲပြီးနောက်ပိုင်း ပို၍အံ့သြစရာဖြစ်ခဲ့ပါ၏။

ဝက်မလေးသည် ဗိုက်ပြသွားလေရာကိုလိုက်၏။ ဗိုက်ပြထိုင်သောနေရာအိပ်သောနေရာအနီးအပါးတွင်ဝပ်နေလေ့ရှိ၏။ ဗိုက်ပြခြေထောက်များကိုလည်းဝင်ပြီး ကိုယ်နှင့်ပွတ်တိုက်နေတတ်ပါသောကြောင့် ဗိုက်ပြအတွေးနက်ခဲ့ရ၏။

တိုက်ဆိုင်တာ ဖြစ်ချင်ဖြစ်မည်။ ဟုတ်ချင်လည်းဟုတ်မည်။ ဗိုက်ပြဝေခွဲ၍မရ။

■

ဗိုက်ပြစိတ်လေနေသည်။

လူမိုက်တချို့ ဗိုက်ပြထံလာပြီး တပည့်ခံကြသည်။ လုပ်ငန်းလုပ်ရန်၊ ဗိုက်ပြဦးဆောင်ပါရန် ပြောဆိုတိုက်တွန်းခဲ့ကြငြား ဗိုက်ပြတစ်ယောက် ငြိမ်ချက်သားကောင်းနေသည်။

တိုက်ချင်ခိုက်ချင်သောစိတ်မရှိသည်မှာလည်း အမှန်ဖြစ်၏။

ဗိုက်ပြက တပည့်လက်သားအဖော်မပါဘဲ တိုက်ရဲခိုက်ရဲ၏။ အသေအချာအကွက်ချပြီးမှ လုပ်တတ်ကိုင်တတ်၏။

ဗိုက်ပြဝင်မည့်ရွာ၊ တိုက်မည့်အိမ်ကို တစ်လနီးပါးလေ့လာစောင့်ကြည့်ပြီး အပိုင်ချသည်။ ဓားပြလူမိုက်ဖြစ်ငြား လူမသတ်ချင်။မတတ်သာမရှောင်မတိမ်းနိုင်ပါမှသတ်သည်။

ပစ္စည်းဥစ္စာ လိုချင်၍ ရချင်၍ ဗိုက်ပြ ဓားပြတိုက်သည်ဟု အမြဲပြောလေ့ရှိ၏။

နေ့စဉ် ဝက်မလေးကိုကြည့်ပြီး ဝေဝေကို သတိရနေသည်။

သို့ဖြစ်ငြား -

ဘောင်းတော်ကျဘုရားပွဲတော်ရက်ရောက်ခဲ့၏။

မန္တလေးဇာတ် (၂) ည၊ မန္တလေးအငြိမ့် (၂) ည တစ်ရက်ချိတ်ကပြမည်။ ဇာတ်ရော အငြိမ့်ပါ မန္တလေးမှနာမည်ကြီးများဖြစ်၏။ အမြင့်ဆုံးကြေးပေးပြီးငှားခဲ့ရ၏။

ပွဲရက် (၃)ရက် အခါတိုင်းနှစ်များထက်ပိုစည်သည်။

မောင်းမကြီးရွာအိမ်တိုင်းလာသမျှဆွေမျိုးမိသင်္ဂဟများကို ဧည့်ခံကျွေးမွေးရန်၊ ဘုရားဆွမ်းတော်ပွဲတင်ရန် ဆွမ်းလောင်းပွဲပါဝင်နိုင်ရန် ပြင်ဆင်လုပ်ကိုင်ကြရသည်။

သူငယ်ချင်းမိတ်ဆွေပေါများသူများက ဟင်းပိဿာကျော် (၄၀) အထိ ချက်ပြုတ်ကြရသည်။ အနည်းဆုံး ပိဿာ (၂၀)ချက်ကြသည်။ မုန့်ပဲသရေစာများကျွေးမွေးကြ၏။

တောင်ပိုင်း၊ မြောက်ပိုင်း ဟင်းကိုင်ခဲ့ကြ၏။ ကြိုတင်၍ လိုအပ်သမျှမှာကြားထားခဲ့ရ၏။

မိမိအိမ်ရောက်လာသမျှ မိမိတာဝန်။

နေ့ခင်းပိုင်း လက်ဖက်ရည်ဖြင့်ဧည့်ခံ၊ ညနေစာထမင်းကျွေးပြီး အတူပွဲဝိုင်းကိုထွက်ကြပွဲကြည့်ကြသည်။

ရပ်ဝေးကျေးရွာများက ပွဲကြိုးမှပြန်ကြသောမိတ်ဆွေများရှိပါ၏။

ပွဲပြီးချိန် ဟင်းပိဿာချိန် မည်သူက မည်မျှကုန်သည်၊ အများဆုံးကျွေး

www.burmeseclassic.com

www.burmeseclassic.com

မွေးနိုင်သူက ဂုဏ်ယူသည်။

ဝိုက်ပြဲမယားကြီးမွေးထားသော ဝက်အုပ်၊ ကြက်အုပ်ကုန်သွား၏။နောက်ဆုံး ဝက်မလေးတစ်ကောင်သာရှိတော့၏။

ဝိုက်ပြဲအိမ်လည်း ပရိသတ်စည်၏။

သောက်တတ်စားတတ်သူများကို အရက်ဖြင့်ညှဉ်ခံတာဝန်ကျေစေရသည်။ လူမိုက်မားပြဖြစ်ငြား ဝိုက်ပြဲ အရက်ကို နှစ်ခြိုက်သူမဟုတ်၊ ကြိုက်သူမဟုတ်။

တပည့်တပန်းများကိုလည်း အလုပ်ပြီးမှ အောင်ပွဲအဖြစ်ကြိုက်သမျှသောက်စေသည်။ ခွင့်ပြုသည်။

ပွဲနောက်ဆုံးညမှာ ဟင်းကောင်းရှာမရ၍ တင်းပြတ်ပြီ။ ဟင်းကောင်ကို အခြားရှာမှ ထွက်၍ရှာကြရ၏။ ပြည့်စုံအောင်မရဖြစ်သွား၏။

မြစ်ရိုးဘက်မှ လုပ်ဖော်ကိုင်ဖက်များရောက်ရှိနေသည်။အစားအသောက်အကျွေးအမွေး လိုလေသေးမရှိ ဝိုက်ပြဲ ပြုစုသည်။

အသောက်သမားများသည်။ဝိုက်ပြဲပင်သောက်ဖြစ်ခဲ့၏။

ပွဲပြီး အလုပ်လုပ်ရန် ပြောဆိုနေခဲ့ကြသည်။ သောက်ဝိုင်းစားဝိုင်းမှာ တိုင်ပင်နေကြသည်။

ထိုစဉ် ဝိုက်ပြဲမယားကြီးက ညနေအတွက် ဟင်းမရကြောင်း ပြောလာ၏။

ဝိုက်ပြဲ ဒုတိယမယား၊ တတိယမယား မိသားစုများကလည်း ဟင်းလိုကြောင်း လူလွှတ်ပြောလာသည်။

ဟင်းကိုင်သူများက ဟင်းကောင်ရှာမရ၍ မကိုင်နိုင်။ ရှာရသမျှကလည်း ဆင့်ပါးစပ်နှမ်းပက်သည်သို့ဖြစ်၏။

တစ်နှစ်တစ်ခါ ခြိမ့်ခြိမ့်သဲသဲ ကျင်းပသည့်ပွဲပေမယ့် -

ရုတ်တရက် ဝိုက်ပြဲ သောက်ဝိုင်းမာထ၏။ အိမ်ထရံမှာထောင်ထားသော လုံ့ရှည်ကိုယူ၏။ အနီးမှာဝပ်နေသော ဝက်မလေးကို တစ်ချက်တည်းဆောင့်ထိုးချလိုက်သည်။

'အင့်' ခနဲ တစ်ချက်မျှသာအော်နိုင်ပြီး ဝက်မလေးငြိမ်သွားသည်။

တပည့်နှစ်ယောက်က ဝက်မလေးကို အိမ်မြောက်ဘက်ဆွဲယူသွားကြသည်။ ဟင်းဖျက်ကြပြီ။ တစ်နာရီမျှသာကြာမည်။

ဝိုက်ပြဲတို့ဝိုင်းကို အသည်းအမြစ်ကလီစာဟင်းတစ်ပန်းကန်ရောက်လာသည်။

ပွဲဝိုင်းမှ ညည့်ခံဆိုင်းစတီးချိန် ဝိုက်ပြဲ အိမ်ဝိုင်းသောက်ဝိုင်းပြီးပြီ။ မထနိုင်အောင်မူးကြပြီ။

မိသားစုက ပွဲဝိုင်းထဲတွင်ရောက်နေသည်။

မြစ်ရိုးလူမိုက်များကို ခုတင်ပေါ်တွင် နေသားတကျ ဝိုက်ပြဲပွဲတင်ပေးပြီးအိပ်စေ၏။ ဝိုက်ပြဲမမူးပါ။ ဆက်မသောက်ပါ။

ဟင်းပန်းကန်ဟင်းအပြည့်ထည့်လျက် ဇွန်းနှင့်ခပ်ပြီး တစ်ပန်းကန်ပြီးတစ်ပန်းကန်စားသည်။

မောင်မကြိုတစ်ရွာလုံး ပွဲခင်းမှ အသံများလွင့်ပျံ့လာသည်မှအပ တိတ်ဆိတ်နေသည်။ တစ်ညလုံး ဝိုက်ပြဲ အိမ်စောင့်၏။

နံနက်လင်းအားကြီး မိသားစုများ အိမ်ပြန်ရောက်မှ ဝိုက်ပြဲအိပ်ရာဝင်သည်။ စအိပ်သည်။

■

ပွဲပြီးသွားခဲ့ပြီ။

တစ်ရွာလုံး ခြောင်ခြောက်သွေ့သွေ့ဖြစ်သွား၏။

ဝိုက်ပြဲအနီးမှာ အမြဲဝပ်လျက်နေသောဝက်မလေး၊ ဝိုက်ပြဲခြေထောက်နှစ်ဖက်ကို သူကိုယ်ဖြင့်အမြဲပွတ်သပ်နေသောဝက်မလေး။

ဝက်မလေးကို ဝိုက်ပြဲ မြင်ယောင်နေ၏။

ဝိုက်ပြဲကို မမိသဖြင့် ဝိုက်ပြဲနှင့်အတူအိပ်နေသော စတုတ္ထမယား အချစ်ဆုံးဝေဝေကိုမိသွားခဲ့ကြသည်။ အနိုင်အထက်ပြုကျင့်ပြီး ရက်စက်စွာသတ်သွားခဲ့ကြ၏။ ဘယ်ဘက်နို့အုံကိုလည်း လှီးဖြတ်ယူသွားခဲ့ကြသေး၏။

ဆန်းကြယ်စွာ ဘယ်ဘက်နို့အုံမပါသောဝက်မလေးကို ဝိုက်ပြဲကိုယ်တိုင် လုံ့ဖြင့်သတ်ခဲ့မိသည်။

ဝိုက်ပြဲ နေမရထိုင်မရ ဆောက်တည်ရာမရဖြစ်ခဲ့၏။

ပွဲပြီးသုံးရက်မြောက်မှာ ဝိုက်ပြဲရွာမှပျောက်သွားသည်။ ဝိုက်ပြဲ ဘယ်ကို သွားသည်၊ ဘယ်ကိုရောက်နေသည်ကို ပထမမယားလည်းမသိ၊ ထို့အတူ ဒုတိယမယား၊ တတိယလည်းမသိ။

ခြောက်လကျော်ကြာပြီး ဝိုက်ပြဲရွာကိုပြန်ရောက်လာခဲ့၏။

မယားများကို ငွေကြေးများခေါ်ပြီးပေး၏၊ ထောက်ပံ့၏။ အထုပ်ကိုတော့ ပထမမယားထံမှာ အပ်သည်။

ဝိုက်ပြဲ အချိုကြီးအောင်ပွဲခံခဲ့ပုံရ၏။ အပ်သောအထုပ်ကကြီးသည်။

ဝိုက်ပြဲ ဘယ်ကိုမှမသွား အိမ်တွင်းအောင်းနေ၏။

ဒုတိယမယား၊ တတိယမယား အိမ်များဘက်သို့ပင်မကူး။ မရောက်မပြောင်း။

ထိုအချိန် ပထမမယားက စတုတ္ထမြောက်ကလေးမွေးသည်။ သမီးကလေးဖြစ်၏။

လက်သည်မိန်းမကြီးက ဟောတော်ဟု ကလေးကို ရေချိုးသန့်စင်ပေးရင်း အသံထွက်၏။

ဝိုက်ပြဲကိုချီပြီးရှေ့မှပြလာ၏။

သမီးလေး၏ဘယ်ဘက်ရင်သားပါမလာ။ ချိုင့်ကြီးသာပါလာ၏။ ပြီးနောက် သမီးလေး၏ ညာဘက်လက်အောက်ရင်ဘတ်ပေါ်မည်းမည်းအပေါက်သဏ္ဌာန်အမှတ်ကလေးကို ဝိုက်ပြဲမြင်လိုက်ရ၏။ အသေအချာကြည့်၏။

ဟင်ခနဲဖြစ်သွား၏။ လုံ့သွားရာကလေးနှိုးပါးအပေါက်ဖြစ်သည်။ အမှတ်ဖြစ်သည်။

ဝိုက်ပြဲ မျက်နှာပျက်သွားပါ၏။

ထိုအကြောင်းများကို မည်သူမျှမပြောရန် လက်သည်ကြီးကို ဝိုက်ပြဲနှုတ်ပိတ်သည်။ ရွှေနှစ်ကျပ်သား လက်သည်ကြီးရသွား၏။

သို့ဖြစ်ငြား -

တစ်လမကြာပါ။ ဝိုက်ပြဲ၏ပထမမယားမှ စတုတ္ထမြောက်သမီးလေးမွေးခဲ့ကြောင်း၊ ထိုသမီးလေးသည် ဘယ်ဘက်နို့အုံမပါကြောင်း၊ ညာဘက်လက်အောက်ရင်ဘတ်ပေါ်မှာ မည်းမည်းအမှတ်ဝိုင်းတစ်ခုရတွေ့ရကြောင်း၊ လုံ့သွားရာဖြစ်ကြောင်း အမျိုးမျိုးအဖုံဖုံတွေးဆချက်၊ ထင်မြင်ချက်များဖြင့် မောင်းမကြိုတစ်ရွာလုံး ပြောဆိုနေခဲ့ကြသည်။

■

သမီးလေးကို ဝိုက်ပြဲ အရိပ်တကြည့်ကြည့်ရှိ၏။

ပထမမယားနှင့် သားနှစ်ယောက် သမီးတစ်ယောက်မွေးခဲ့၏။ ဒုတိယမယားမှာ သမီးနှစ်ယောက်ရှိ၏။တတိယမယားမှာ သားတစ်ယောက်ရ၏။

ထိုကလေးများကို ဝိုက်ပြဲငဲ့မကြည့်ခဲ့၊ မချီခဲ့မပိုးခဲ့။

ယခုသမီးကလေးကိုမှ ဝိုက်ပြဲချီချင်ပိုးချင်သည်။ တယုတယရှိချင်နေ

www.burmeseclassic.com

www.burmeseclassic.com

ရာမည-သွေးမွန်
မင်းတုန်းမင်းတရားလက်ထက် နန်းတွင်းသုံး မြန်မာ့ရိုးရာ ရေးဟောင်းရပ်ပုံဟောဗေဒင်ပညာမှ
နွားလားဥသဘေဒင်

ယနေ့ခေတ်ကာလတွင် အနာဂတ်ဝါဒီ(Futurists)များ ခေတ်စားနေသည်မှာ အံ့သြစရာတော့မဟုတ်။ လူတိုင်းသည် မိမိတို့ရှေ့ရေး၊ အနာဂတ်တွင် ဘာများဖြစ်လာမည်လဲကြိုတင်သိလိုကြသည်။ တတ်နိုင်သမျှ အတိအကျမဟုတ်သည့်တိုင် ယေဘုယျမျှတော့မှန်းဆသိလိုကြသည်။ သို့မှလည်း ကြိုတင်သိရသဖြင့် ပြင်ဆင်ကြရမည်လည်းဖြစ်သည်။

ဤသည်ကား လူသဘာဝသာပင်ဖြစ်၏။ သဘာဝကျသော အာသီသပင်ဖြစ်၏။ ယင်းသို့သော လူသဘာဝနှင့်လိုက်လျောညီစွာဗေဒင်ဟူသောအတတ်ပညာသည် လူသားတို့တတ်အပ်သော အဋ္ဌာရသသိပ္ပအတတ်ပညာတစ်ခုတွင် အပါအဝင်ဖြစ်နေခြင်းကို မိမိတို့သတိပြုမိကြမည် ဖြစ်သည်။ လူတို့၏ ဖြစ်ပေါ်တိုးတက်မှုသမိုင်းစဉ်နှင့်ယှဉ်ကာ ထွန်းကားလာသောပညာရပ် ဖြစ်သည်။

ဗေဒင် မည်သော ဝေါဟာရသည်ပင် 'မာဂဓပါဠိဝေဒ' (သင်္ကရိုက်ဘာသာ၊ သက္ကတဘာသာ၊ ဟိန္ဒူနာရီဗေဒ) သိခြင်းနှင့် အဂ်. - အဂ်ီဖြစ်ခြင်းတို့ ပေါင်းစပ်ကာ ဖြစ်ပေါ်လာသော ဝေဒင်္ဂမှ ဆင်းသက်လာသည်။ ဝေဒင်္ဂသဒ္ဒါသည် ဗေဒ၏အင်္ဂါကျမ်းကို ဆိုလိုသည်ဖြစ်ရာ ယင်းသည် သိက္ခာ၊ ကပ္ပ၊ ဗျာကရဏ၊ ဆန္ဒ၊ ဇောတိသတ္ထ၊ နိရုတ္တိကျမ်းများ ပါဝင်သည်။

ဝေဒင်္ဂမှ သင်္ကရိုက်ဘာသာသို့ ရွှေ့လျော၍ဗေဒင်္ဂဖြစ်လာသည်။ ဗေဒင်္ဂမှ မြန်မာဘာသာဖြင့် ဗေဒင်ဟူသော ဝေါဟာရဖြစ်လာခြင်း ဖြစ်သည်။ ဝေဒင်္ဂတွင်ပါဝင်သော ဇောတိသတ္ထကား ဗေဒင်ပညာပင်ဖြစ်သည်။ ဝေဒ - ဗေဒသဒ္ဒါသည် သိခြင်းမည်သော်အနက်ကိုဆိုသောကြောင့် ဗေဒင်ပညာဖြင့် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊အကျိုးအဖြစ်အဆိုးအကောင်းတို့ကို သိနိုင်သည်ဟု ရှေးအခါကပင် ယုံကြည်ရင်းစွဲရှိခဲ့ကြောင်းတွေ့ရသည်။ သာမ၊ ယဇု၊ ကွရု ဟူ၍ ဗေဒင်(၃)ပုံရှိသည်တွင် အာတပွနကိုထည့်သွင်းလျက် ဗေဒ (၄) ပုံဟု ရေးသားပြောဆိုလေ့ရှိခဲ့သည်။ အမှန်စင်စစ်အားဖြင့် ဗေဒ(၄)ပုံမှာ ဟိန္ဒူလူမျိုးတို့၏ ဘာသာစာပေများသာဖြစ်ပါ၏။

ဗေဒင်ပညာသည် အထက်ကဆိုခဲ့သကဲ့သို့ လူသမိုင်းနှင့်ယှဉ်ကာ ဖြစ်ထွန်းပေါ်ပေါက်လာသည့်နည်းတူ သက္ကြန်သမိုင်းနှင့်ဆက်စပ်နေသည့် ကဝိလမိုင်းဆရာသည်လည်း ဗေဒင်အတတ်ပညာ၏သမိုင်းဦးဖြစ်စဉ်များဖြစ်သည်ကို မိမိတို့အမှတ်ရကြမည်ထင်ပါသည်။ ပစ္စက္ခကာလတွင်မူ ကယ်လီဒီးယား၊ ဗက်ဗီလိုးနီးယား၊ အီဂျစ်၊ အိန္ဒိယနှင့် တရုတ်နိုင်ငံများတွင် အလွန်ရှေးကျသောကာလကပင် ထွန်းကားခဲ့ကြောင်း အထောက်အထားများတွေ့ရသည်ဖြစ်ရာ နှစ်ပရိစ္ဆေဒကြာခဲ့ပြီဟုသာ ဆိုနိုင်ခြေရှိပါသည်။ မည်သည့်နိုင်ငံက စတင်ပေါ်ပေါက်လာသည်ကိုပင် ဧကန်ဧကမပြောနိုင်တော့ပါ။ ကောင်းကင်ရှိ ကြိုးဟ်နက္ခတ်တာရာတို့ကို အခြေပြု၍ စူးစမ်းကြံဆသည်။

'ကိုရဲမောင်၊ တော့်လုပ်စာ ကျုပ်မစားချင်ဘူးတော်၊ ဓားပြမလုပ်ပါနဲ့တော့'

ဟူသော မယား၏စကားကိုသတိရ၏။

"ငါကောင်းရောင်းကောင်းဝယ်အေးအေးချမ်းချမ်းနေတော့မယ်"

ဟု ညနေထမင်းဝိုင်းသိမ်းချိန် ဗိုက်ပြက စကားအဆက်အစပ်မရှိပြော၏။

သို့ဖြစ်ငြား ပထမယားကနားလည်၏။

သိမ်းလက်စပန်းဂန်များလွတ်ကျမတတ်ဝမ်းသာသွား၏။

ထိုအချိန် ပုခက်ထဲမှ သမီးလေးငိုသံထွက်လာ၏။

ဗိုက်ပြက မ,ချိရန်ပြင်၏။

"နေ နေ ကျွန်မခေါ်လိုက်ပါ့မယ်တော်"

သမီးလေးက မယ်သည့်အပြင် မျက်နှာကို မိခင်ရင်ခွင်မှာဝှက်ထား၏။ ဗိုက်ပြကိုမကြည့်။ ဗိုက်ပြရှေ့ရောက်လာသည်နှင့် သမီးလေးအမြဲလုပ်နေကျဖြစ်၏။

"ဖေဖေပေးနေတာယူလေသမီး" ဟုပြော၏။

သမီးလေးက မျက်နှာကိုဝှက်ထားမြဲ အနေအထားဖြင့် အမေကိုပြန်ပြောသည်။

"လူကြီးကိုမုန်းတယ်၊ မကြည့်ချင်ဘူး။ လူကြီးက သမီးကို လှဲကြီးနဲ့ထိုးခဲ့တယ်"

ဟု ဖြစ်၏။

သို့ဖြစ်၍ လူမိုက်ဓားပြ ဗိုက်ပြရဲမောင် လူကြမ်းကြီး မျက်ရည်များပိုးပိုးပေါက်ပေါက်ကျခဲ့ရသည်။ ရိုက်ကြိုးတင်ငိုချလိုက်ရသည်။

ကိုဇော်ဝင်း (လှတော)

ဟု ဆိုလျက် ပန်းကန်များချပြီး သမီးလေးကိုခေါ်၏။ ဤသည်ကလည်း အကြောင်းရှိ၍ဖြစ်၏။

သမီးလေးသည် မည်သည့်လက်ပေါ်မှမဆို ငြိမ်ငြိမ်နေ၏။

ဗိုက်ပြရဲမောင်အဖေဖြစ်သူလက်ပေါ်ရောက်သည်နှင့် စူးစူးဝါးဝါးအော်ငိုတတ်သောကြောင့်ဖြစ်၏။

သို့ဖြစ်၍ ဗိုက်ပြရဲမောင်ချီချင်ပါလျက် ချီခွင့်မရ။

သမီးလေး မတ်တတ်ပြေးချိန်၊ စကားကောင်းစွာပြောတတ်ချိန်။

လူမိုက်ဓားပြ ဗိုက်ပြရဲမောင် လူကြမ်းကြီး မျက်ရည်များပိုးပိုးပေါက်ပေါက်ကျခဲ့ရ၏။

သမီးလေးက သူ့အမေပေါ်ထိုင်လျက် တီတီတာတာစကားဆိုနေ၏။ ဗိုက်ပြကအပြင်မှပြန်လာပြီးပါလာသောမုန့်များပေး၏။

www.burmeseclassic.com

www.burmeseclassic.com

ပေါ်ပေါက်လာသောပညာရပ်ဟုယုံကြည်ခဲ့ကြသည်။

ပညာလက်ဆင့်ကမ်းခဲ့သူများကရှေးဟောင်း အိန္ဒိယနိုင်ငံ၏ အာရီယန်လူမျိုးတို့မှ ပေါက်ပွားဆင်းသက်လာသည်ဟု ဆိုကြသည်။ ဘီစီ ၃၅၆ ခုနှစ် အယ်လက်ဇန္ဒားသဂရိတ်လက်ထက်တွင် ကယ်လဒီးယန်းလူမျိုးတို့၏ကြေညာချက်အရ မိမိတို့ဗေဒင်ပညာသည် အတိတ်နှစ်ပေါင်း (၄၇၃၀၀၀)ကပင်ရှိခဲ့သည်ဟုဆိုသည်။ မည်သို့ပင်ဆိုစေ နှစ်ပရိစ္ဆေဒကို အတိအကျမမှန်းနိုင်သောကာလဟုသာ ဆိုရပါမည်။ ဆေးပညာနှင့် အခြားသော လောကီပညာများနည်းတူ ဗေဒင်ပညာသည်လည်း ရှေးမဆွကပင်ပေါ်ပေါက်လာသောပညာဖြစ်ရာ မိမိတို့မြန်မာနိုင်ငံသို့လည်း အိန္ဒိယမှဆင်းသက်လာကြောင်း သမိုင်းများအရသိရပြီးဖြစ်သည်။

မိမိတို့ မြန်မာအဘိဓာန်ကမူ ဗေဒင်ဟူသော ဝေါဟာရအတွက် -

၁။ ဗေဒ၏ အစိတ်အပိုင်းဖြစ်သော ကျမ်းခြောက်မျိုး၊

၂။ မွေးသက္ကရာဇ် စသည်ကို အခြေခံ၍ ကောင်းကျိုးဆိုးပြစ်ကို တွက်ချက်ဟောပြောသောပညာ

ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

သို့ဖြစ်ရာ လူတစ်ယောက်၏ သိလိုအင်ဆန္ဒပြင်းပြနေကြသော ရှေ့ဘာဖြစ်မလဲ (အနာဂတ်) ဘဝကို နည်းအမျိုးမျိုးဖြင့်စိတ်ကူးပုံဖော်ဟောပြောနေကြသည့် ပညာရပ်များထဲတွင် နက္ခတ်နှင့်ပြောဟောသူ၊ ကိန်းဂဏန်းများဖြင့်တွက်ချက်ဟောပြောသူ။ ဖဲချပ်၊ သစ်ရွက်၊ ကြွေစေ့ စသည်ဖြင့် နည်းစနစ်မျိုးစုံလူတစ်ဦးတစ်ယောက်၏ ကံနိမိတ်များကို ဖွင့်ပြပေးကြရလေ့ရှိသည်။

မိမိတို့ မြန်မာမှုတွင် ဗေဒင်ပညာဖြင့် မင်းပေါက်စိုးပေါက်ဂုဏ်တင်ထင်ရှားခဲ့သော စာဆိုစလေဦးပုညသည် စာဆိုပီသောဉာဏ်ရည်ဖြင့် ထွန်းလင်းတောက်ပခဲ့သည့်နည်းတူ ဗေဒင်ပညာအကျော်ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ခဲ့ဖူးသည်။ ငယ်ရွယ်စဉ်ကပင် မုံရွေးဆရာတော်၊ ကြက်သွန်ခင်းဆရာတော်တို့က ဦးပုည၏ ဇာတာကိုတွက်စစ်ကာ နံဂြိုဟ်ပေါ်တွင် နိစ်ပြတို့စီးနင်းသောကြောင့် ကျော်စောထင်ရှားသော်ငြားလည်း သူဇာတ်ပါးပယောဂဖြင့် အသက်ခန္ဓာအန္တရာယ်ရှိကြောင်း ဗေဒင်အဟောရှိခဲ့သည်။

ယင်းနောက် ဦးပုညသဘာဝဘဝဖြင့် ပုဂံမြို့၊ ရွှေကျောင်း၊ ဒလခင်ကြီးတို့ထံတွင် ဗေဒင်ပညာကို သုံးနှစ်တိုင်သင်ယူဆည်းပူခဲ့သည်။ ထို့ကြောင့် ငယ်စဉ်ကပင် ဗေဒင်ပညာနှင့်အကျွမ်းတဝင်ရှိပြီးဟုဆိုရပါမည်။ ဦးပုညသည် မြင်ကွန်း၊ မြင်းခုန်တိုင်အရေးတွင်လည်း ဗေဒင်နှင့်အခါပေးခဲ့မိသဖြင့် မင်းတရားကြီး၏အမျက်ရှခံခဲ့ရဖူးသည်။ မြို့ဝန်ဦးသာအိုး၏ မယားငယ် ခင်သုံးအား ဗေဒင်လက္ခဏာဖတ်ပေးမိသောသံသယအငြိုးအရင်းခံဖြင့် ဦးပုညကို သူပုန်သူကန်အားပေးသူဖြစ်ရကာ ဖမ်းဆီး၍ မင်းတရားထံပို့ဆက်ခံရသည်။ သို့ဖြင့် ဦးပုညဘဝရေတိမ်နစ်ရသောအခြေသို့ ဆိုက်ခဲ့သည်။

စင်စစ် ဦးပုညသည် မိမိ၏ဇာတာစန်းလင်းကို အထက်တွင်ဆိုခဲ့သည့်အတိုင်းသိပြီး ဖြစ်သည်။ ထို့ကြောင့်လည်း ကွပ်မျက်လုဆဲဆဲမှာပင် -

'သိလျက်နှင့်ပင်၊ ဝိပါက် တကယ်ထင်လို့၊ ရွှေဘုံရှင်မဝေခွဲနိုင်ဘု၊ ပွဲတွေ့အမှား' ဟုပင် ရေးသားခဲ့သည် မဟုတ်ပါလား။

မိမိတို့မြန်မာများသည် ဗုဒ္ဓဘာဆာဝင်များပီပီ ဘုရားသွားကျောင်းတက်သွားရင်းလာရင်း စကြံလျှောက်လမ်းနံဘေးများ၊ ဘုရားစေတီအဆင်းအတက် တန်ဆောင်းဆိုင်ခန်းများတွင် နက္ခတ်ဗေဒင်၊ ကြွေဗေဒင်၊ စာကလေးဗေဒင်၊ လက်ထောက်ဗေဒင်၊ သစ်ရွက်ဗေဒင် စသည်ဖြင့် တွေ့ဖူးကြပါမည်။ ကြီးကျယ်ခမ်းနားသော တိုက်ခန်းများတွင်ဟောပြောနေသော ဗေဒင်ပညာရှင်အမည်ခံများလည်း ရှိကြသည်ပင်ဖြစ်သည်။ ယင်းသို့သော ဗေဒင်ပညာအရပ်ရပ်ကိုကိုင်စွဲကာ တတ်မြောက်အသုံးချ ဝမ်းကျောင်းနေကြသူများတွင် လျှို့ဝှက်ချက်တစ်ခုခုပါရှိသည်ဟု ဆိုသည်။ ထိုလျှို့ဝှက်ချက်ကို တွေ့မြင်တတ်သိသွားသောသူသည် အောင်မြင်သွားသောသူဟု ဆရာဒဂုန်က ပြောဖူးသည်။ မည်သည့်အရပ်၌မဆို၊ ကြောင်လက်သည်းဝှက် ပညာသားများပါရှိနေသည်ဟုဆိုသည်။ ပညာသည် မိုးပျံအောင်တတ်ပြီး ပညာ၏အထာကိုမသိလျှင် ချောင်ထဲကုပ်နေရမည်မှာ အမှန်ဖြစ်သည်။

ဗေဒင်တွင် မည်သည့်ဗေဒင်ကိုဟောဟော အရေးကြီးလိုအပ်ချက်မှာ ကိုယ်ကျင့်တရားဖြစ်သည်။ ကျင့်စဉ်ပေါ်မူတည်ပါသည်။ သစ္စာပေါ်မူတည်ပါသည်။ ဗေဒင်ပညာရပ်မှာ သိပ္ပံနည်းကျသော်လည်း တရားထိုင်ခြင်း၊ ပုထိုးစိပ်ခြင်းတို့သည် စိတ်စွမ်းအားကိုကြီးမားစေသောအကြောင်း ဖြစ်သည်။ ယင်းသို့မပြုက၊ ကျင့်ကြံအားထုတ်မှုမရှိက မှန်သင့်သလောက်မမှန်ပေ။ ထို့ကြောင့် ဗေဒင်ဟောတော့မည်ဟု ဆုံးဖြတ်လျှင် တစ်နေ့ ပုတီး (၁၀) ပတ် မှန်မှန်စိပ်သင့်ပါသည်။ ဥပုသ်မှန်မှန်စောင့်သင့်သည်။ တတ်နိုင်က တစ်နေ့တစ်နာရီထက်မနည်း တရားထိုင်သင့်ပါသည်။ ယင်းသို့

www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်နေထိုင်လျှင် မိမိတို့၏ စိတ်စွမ်းအားတစ်စုံတစ်ရာလွှမ်းမိုးလာ၍ မိမိဟောပြောသမျှ ရာခိုင်နှုန်းပြည့်မှန်ကန်နေသည်ကို တွေ့ကြုံရမည်ဟု အကြံပြုထားသည်။

မိမိသည် ကိုယ်တိုင်ကိုယ်ကျ နက္ခတ်ဗေဒင်ပညာဖြင့် ဟောပြောနေသူ မဟုတ်သော်လည်း ဝါသနာအရင်းခံရှိသည်ဖြစ်၍ ဤဆောင်းပါးခေါင်းစဉ်ပေးထားသည့်အတိုင်း တိမ်မြုပ်ပျောက်ကွယ်လုလုဟုဆိုရမည့် ရှေးဟောင်းဗေဒင်ပညာတစ်ရပ်ဖြစ်သော ရုပ်ပုံဟောအတတ်ဖြစ်သည့်ဗေဒင်ပညာတစ်ရပ်ကို ထုတ်ဖော်ပြသလိုပါသည်။

အကြင် ခုနစ်ရက်အမျိုးကောင်းသား၊ အမျိုးကောင်းသမီး၊ ရဟန်းရှင်လူမှစ၍ မူလမွေးဖွား ကောဇာသက္ကရာဇ်ကိုသိရုံမျှဖြင့် ထိုလူ၏ စိတ်နေသဘောသဘာဝသတ္တိ၊ မွေးဇာတိလက္ခဏာ၊ အင်္ဂါရုပ်၊ ဆန္ဒ၊ စိတ်ကူးအကြံစည်မည်သို့၊ အသားအရောင်ဘယ်ပုံ၊ အကျိုးပေးဘယ်သို့၊ အခြွေအရံအနည်းအများ၊ ဆင်းရဲချမ်းသာ၊ အဆင့်အတန်းအနိမ့်အမြင့်စသည်တို့ကို ဒိဋ္ဌအမှန် ကံနိမိတ်ဖန်လာပုံကို အဘိညာဉ်ဇောမွေ့သည့် တောရရသေ့သူမြတ်ပုဂ္ဂိုလ်တို့ ပုရပိုက်ပေတင်ရေးသားစီရင်ခဲ့သည့် ရှေးဟောင်းဗေဒင်ကို ငြမ်းပမာအခြေပြုသောအတတ်ကား 'မြန်မာ့ရိုးရာ ရှေးဟောင်းရုပ်ပုံဟောဗေဒင်ပညာ' ဟု ဆိုချင်ပါသည်။

ယခုအခါ တိမ်မြုပ်ပျောက်ကွယ်လုလုဖြစ်နေသော ယင်း 'ရုပ်ပုံဟောဗေဒင်ပညာ' ပါရှိသော 'လောကဟိတဂမ္ဘီရကျမ်း' ကို ရေးသားစီရင်ခဲ့သောဗေဒင်ပညာရှင်ကို ကနဦးဖော်ပြလိုပါသည်။

ကျမ်းပြုပုဂ္ဂိုလ်မှာ မန္တလေးမြို့ပြည်ကြီးတံခွန်ရပ်တွင် မွေးဖွားခဲ့ပြီး ငယ်မည် မောင်ရွှေဖြစ်ကာ အရွယ်ရောက်သော် 'ဆရာဦးဘသင်း' ဟု တွင်သည်။ မင်းတုန်းမင်းတရားကြီး အပါးတော်၌ 'စာရေးတော်မင်း' အဖြစ်ဖြင့် မင်းမှုထမ်းခဲ့ကာ မင်းပြောင်းမင်းလွဲကာလ သီပေါမင်းလက်ထက်တွင် မင်းကြီး၏ထံပါးတွင် 'အကောက်အုပ်မင်း' အဖြစ် အမှုတော်ထမ်းခဲ့ရပြန်ပါသည်။ ထို့နောက် သီပေါမင်းပါတော်မူပြီးနောက် မြန်မာလူမျိုးများ ထီးသုဉ်းနန်းသုဉ်းဖြစ်လျက် နယ်ချဲ့တို့၏ ကျွန်သပေါက်ဘဝသို့ကျရောက်ရသည့်အချိန် မန္တလေးမြို့မှထွက်ခွာ၍ အောက်ပြည်အောက်ရွာ ရန်ကုန်မြို့တစ်နေရာတွင် မထင်မရှား နေထိုင်ခဲ့တော့သည်။

ဆရာကြီး၏ ပညာဂုဏ်ရည်ကို သူ၏စာအုပ်များဖြင့် နှိုင်းခြိန်တိုင်းတာရပါမည်။ ဆရာကြီးရေးသားစီရင်ခဲ့သောကျမ်းစာများကို လေ့လာရသော် -

ဆရာကြီးသည် မဂဓ၊ ဟိန္ဒီ၊ သက္ကတဘာသာများကို ကျွမ်းကျင်စွာတတ်မြောက်၍ ဗေဒင်ပညာ၊ ဆေးပညာတို့ကို တစ်ဖက်ကမ်းခတ်ပါရဂူမြောက်တတ်ကျွမ်းကြောင်းသိရသည်။ ဆရာကြီးသည် ထေရဝါဒဗုဒ္ဓဘာသာကို လေးလေးနက်နက်ယုံကြည်ကိုးကွယ်သူဖြစ်၍ သူတတ်သိနားလည်ထားသောပညာရပ်များကို သိုသိပ်လျှို့ဝှက်ထားခြင်းမရှိဘဲ စေတနာအပြည့်အဝဖြင့် ဖြန့်ဖြူးဝေငှလေ့ရှိသူဖြစ်ရာ တိုင်းကျိုးပြည်ပြုပရဟိတသမားကြီးဟု ဆိုရပါမည်။

သို့ဖြစ်၍ ဆရာကြီးရေးသားစီရင်ခဲ့သောကျမ်းမှာ -

၁။ ဝတ်တက်စဉ်ကျမ်း၊
၂။ ဗေဒင်ဓာရကျမ်း၊
၃။ လောကသိပ္ပလက်ခဏာရကျမ်း၊
၄။ လောကသာရရာသီကျမ်း၊
၅။ လောကဟိတဂမ္ဘီရကျမ်း

တို့ဖြစ်ကြောင်း သိရသည်။

သို့ဖြင့် နောက်ဆုံး ရေးသားစီရင်ရေးသားခဲ့သော ယင်း 'လောကဟိတဂမ္ဘီရကျမ်း' တွင် ဆရာကြီး၏ မိဘအမည်၊ မွေးသက္ကရာဇ်နှင့် ဘဝဖြစ်စဉ်၊ ဘဝနိဂုံးတို့ကို စုံစုံစေ့စေ့ဖော်ပြထားခြင်းမရှိသဖြင့် ဖော်ပြနိုင်ခြင်းမရှိဖြစ်ရသည်ကို ဝမ်းနည်းဖွယ်တွေ့ရပါသည်။

ယခုဖော်ပြမည့်ဗေဒင်မှာ ဖော်ပြပါကျမ်းမှ 'နွားလားဥသဘဗေဒင်' ကို ကြည့်လိုသူသည် မိမိဆိုခဲ့သည့်အတိုင်း မိမိ၏မွေးသက္ကရာဇ်ကို သိရုံမျှနှင့် မိမိတို့နှင့် ပတ်သက်သော ဟောကိန်းကို အလွယ်တကူသိနိုင်သည့်နည်းဖြစ်သည်။ ဤနည်းသည် ဗေဒင်ပညာကို မိမိကဲ့သို့လုံးဝအခြေခံမရှိသူများကပါ အလွယ်တကူ ဖတ်ရှုတွက်ချက်နိုင်၊ သဘောပေါက်နိုင်သည့်နည်းများကိုသာ ဖော်ပြထားသည်ဖြစ်ရာ -

ရှေးဦးစွာ မွေးသက္ကရာဇ်အရ ရောက်ရှိအသက်ကိုတည်ပါ။ ထို့နောက် (၇) ဂဏန်းနှင့်စားပါ။ အဲကြွင်းကိန်းအတိုင်းကျရာဂြိုဟ်တွင် အဟောမှာ ကြည့်ရမည်ဖြစ်သည်။

■ တစ်ခုကြွင်းအဟော

နွားဥသဘရုပ်တွင် ဖော်ပြသည့်အတိုင်း 'ဦးခေါင်း' သို့ ကျရောက်သော သူတို့အတွက် အခါလေးမြင့်မရှိစေရ။ မှီခိုကပ်ကြသော် ရာထူးတိုးတက်အံ့။ ကုန်သည်ဖြစ်မူကား ယခုနှစ် မြတ်စွန်းအံ့။ ကြွယ်ဝချမ်းသာအံ့။ အနာရောဂါရှိမူကား သေစစ်ပျောက်စစ်မရှိ။ ရှေ့ခုနစ်ရက်အတွင်း ချမ်းသာအံ့။ အရှေ့အရပ်မှလာဘ်ရောက်အံ့။ တနလ်္ဂာသားကို အမှီပြုသော် အမှုပြီးအံ့။ တရားဆောင်သော် အောင်အံ့။

■ နှစ်ခုကြွင်းအဟော

နွားလားဥသဘ၏ 'ကျော' သို့ ကျရောက်သောသူတို့သည် စိတ်ပူရင်

www.burmeseclassic.com

www.burmeseclassic.com

ဆာမရှိ။ မိမိတို့၏မိဘဘိုးဘွားအရိပ်အရောဖြစ်သောအမွေအနှစ်ရအံ့။ ကြွေးဟောင်းမြေဟောင်းတောင်အရပ်မြောက်အရပ်မှပို့လာရအံ့။ မင်းမှုစိုးမှုဆောင်သော်အောင်အံ့။ ကုန်ကူးစားသော်သူဌေးဖြစ်အံ့။ ဆရာတစ်ဆူပြုသော်ဩဇာသတင်း ထွန်းလင်းတောက်ပအံ့။ ခရီးသွားလိုသော်ကောင်းအံ့။ တရားဆင်သော် အရှင်လူကြီးမစအံ့။

■ **သုံးကွင်းအဟော**

သုံးခုကွင်း 'ဒွါရ'သို့ ကျရောက်သောသူတို့သည် တစ်စုံတစ်ရာငွေရှာကြေးရှာမတဲ့။ အိုးပဲ့အိုးကွဲနှင့်ရေယူရသကဲ့သို့ တစ်နေ့တခြားစီးပွားကုန်ခန်းအံ့။ ရာထူးဌာနန္တရတိုးတက်စည်ပင်ပါမူကား တစ်နေ့တခြား မင်း၏ဒဏ်သင့်၍ တစ်ဆင့်ထက်တစ်ဆင့်နိမ့်လျော်အံ့။ ရောဂါအနာတို့ကပ်ရောက်လျှင်မူလည်း ဆေးသုဉ်းမော်သုဉ်းကြံဘိသကဲ့သို့ အစားအစာမသင့်။ ချည့်နဲ့နွမ်းနယ်ရာသောအခွင့်သာရှိချေသည်။ ခရီးအသွားအလာ ယတြာအရွေ့အပြောင်းမှာမူကားမကောင်း။ တရားတဘောင်ဆောင်သော် တွေ့သော် မကောင်းရှိတတ်၏။ ထို့ကြောင့် သုက်စေ့ရေချမ်း၊ သက်စေ့ဆွမ်းနှင့် တစ်ခန်း ယပ်မီး ထီးနှင့် ကြက်လျှာ နဂါးစိုးစောင့် စနေထောင့်ကဖြောင့်ဖြောင့်တင်လျှ။ ကြည်ဖြူလေးစားမြတ်ဘုရားကို ဝတ်တွားဆည်းကပ်ရမည်။

■ **လေးခုကွင်းအဟော**

လေးခုကွင်း 'ခြေထောက်' သို့ ကျရောက်သောသူတို့သည် အိမ်ခြေရာမြေမတည်၊ လှည့်လည်ပြောင်းရွှေ့ရအံ့။ ငွေကုန်ကြေးကျ ဓနစီးပွား ရှားပါးပြတ်လပ် မင်းကပ်စိုးထိုးဝင်သော်လည်း မသင့်ဖြစ်တတ်၏။ ဤကဲ့သို့သော ခရီးပြောင်းခရီးလှာအရာ၌ ပြောင်းသော်ရွှေ့သော် အတော်အတန်ကောင်း၏။ရပ်တည်ငြိမ်သက်ဆက်ဆက်မကွဲ အမြဲအစွဲနေထိုင်သော် ရောဂါအနာ ကပ်ဝင်လာငြို့ မချည့်ညှဉ်းပန်းရှိတတ်၏။ ကိုယ့်ထက်အောက်နိမ့်ငယ်ရွယ်သောသူတို့က တော်လှန်အံ့။ ခိုက်ရန်ဒေါသဖြစ်ပွားအံ့။ မှုခင်းတပေါင်ရောင်လေ။ ။ ယတြာဆက်ဆက်၊ အသက်ဆုံဖျား၊ စိုးရိမ်ငြားရှိ၊ ဘုရားရင်ပြင်ဆွမ်းတင် ရေချမ်း၊ ပန်းမီး သက်စေ့၊ မမွေ့စအပ်၊ ကြိမ်းသေမှတ်လော့ ဟူ၍ အဟောစာတမ်းလာရှိသည်နှင့်အညီ သီလသီတင်းများကိုသာ အားထုတ်စောင့်ထိန်းရာသောအခါတည်း။

■ **ငါးခုကွင်းအဟော**

ငါးခုကွင်း 'ဝမ်းဗိုက်' သို့ကျရောက်သောသူတို့သည် ဆိုးကောင်းနှစ်ဝ မျှတညီညွတ်သောအခါဖြစ်သည်။ မင်းမှိုစိုးကပ် မှူးမတ်သေနာပတိဟူဆိုအပ်သောရာထူးဌာနန္တရတို့မှာမူကား အဂ်ိသား၊ တနလ်ာသားတို့ကို အမှီပြု၍ကြံလေ။ ကုန်သည်ဖြစ်မူကား အရင်းအနှီး၏ အလျောက် သုံးဆမျှသာတိုးတက်မြတ်စွန်းပေအံ့။ မြေရအံ့။ မိန်းမရတနာရောက်အံ့။ အနာရောဂါမှာမူကား ဝမ်း၌ ဥပါဒ်ရှိ၏။ တစ်ပါးသောအရပ်က ပညာပို့ရောက်လာအံ့။ ခရီးသွားမူကား အဆုံးသို့မရောက်။ ခုလတ်တွင်ပြန်၍ အကြံကိုအသစ်အားထုတ်တတ်အံ့။

■ **ခြောက်ခုကွင်းအဟော**

ခြောက်ခုကွင်း 'လက်'သို့ကျရောက်သောသူတို့သည် မင်းမှိုစိုးကပ်ပြုသော်အောင်အံ့။ ရာထူးတိုးတက်အံ့။ သို့သော်လည်း သောကြာသူဖျက်စနက်မကင်း၊ အတွင်းရန်ကလေး အနည်းငယ်ရှိသောကြောင့် -

တနင်္ဂနွေသားဖြစ်လျှင် လေးညှင်းပွင့်ကို အဆောင်ပြုလေ။
တနလ်ာသားဖြစ်လျှင် ဖက်သန်းသားကို အဆောင်ပြုလေ။
အဂ်ိသားဖြစ်လျှင် သီးသားကို အဆောင်ပြုလေ။
ဗုဒ္ဓဟူးသားဖြစ်လျှင် သဒ္ဒတ်သားကို အဆောင်ပြုလေ။
ကြာသပတေးသားဖြစ်လျှင် ဓာင်တိုင်းသားကို အဆောင်ပြုလေ။
သောကြာသားဖြစ်လျှင် ဧကရာဇ်သားကို အဆောင်ပြုလေ။
စနေသားဖြစ်လျှင် ခွေးသားကို အဆောင်ပြုလေ။

သို့မှ အတွင်းရန်ကို ပြေစေနိုင်ပါသည်။ စီးပွားလည်းတိုးတက်မည်။ အနာရောဂါလည်းကင်းမည်။ ခရီးယတြာတို့မှာမူကားအလိုရှိရာ သွားလာကြံစည်လေ။ အကျိုးပေးရာ၏။

■ **သုညကွင်းအဟော**

သုညကွင်း 'စလုတ်'သို့ကျရောက်သောသူတို့သည် ယခုမေးနေသောနေ့က နှစ်ဆယ့်ခုနစ်ရက်လွန်မှ အကြံအစည်တို့ကိုပြုရာ၏။ မင်းမှိုစိုးနွယ် ကုန်သွယ်ပွဲပြတ်စသောအခွင့်တို့သည် ကြိုက်ကြိမ်အခါ လာဘပြည့်ဖြိုး အကျိုးကျေးဇူးထူးခြားတိုးတက်တစ်ချက်မရိမ်း အတိမ်းအပါးမရှိ ဇောတိကသူဌေးကဲ့သို့ နေ့ည်တိုးပွားစည်ကားချမ်းသာပေရာ၏။ မိန်းမရတနာ မကွာအိမ်ရောက် ပြီးမြောက်ချမ်းငြိမ် ဂုဏ်သိန်မယုတ် လူပ်ချောက်မရှိပကတိ တင့်တယ်ပေရာ၏။ ခိုးကြိမ်းမီးကြိမ်း မငြိမ်းနည်းငယ် ငြိတွယ်ကပ်ရောက် တက်သည့်အလျောက် ထရံအမိုးပုဆိုး အဖျားအနားကို မီးရှို့၍ထားလေ။

အဘိဉာဏ်ဇောမွေ့တော့ရရသဲ့မြတ်တို့ နှုတ်ထွက်ဟောပြောသကဲ့သို့ ဟု အထက်မှာဆိုသကဲ့သို့ တစ်မုဟုတ်ချင်း ထင်လင်းတိပ ဟောပြနိုင်သော ဤရုပ်ပုံဟောဗေဒင်ပညာကို အကြင်ခုနစ်ရက်သား အမျိုးသား၊ အမျိုးသမီးတို့သည် လောကီသင်္ကေတ ဗေဒင်အလို အားဖြင့် မိမိတို့ကိုယ်တိုင်သိလိုသည်ဖြစ်စေ၊ သူတစ်ပါးတို့ကသိလို၍ မေးမြန်းသည်ဖြစ်စေ ရုပ်လက္ခဏာနှင့်တကွ စိတ်နေစိတ်များပင် တစ်ခဏချင်းပင် ကိန်းဂဏန်းနှင့် စိတ်တွက်ရုံမျှဖြင့် ရုပ်ပုံပါဂဏန်းသင်္ချာကိုကြည့်ကာ အဟောမြင်သည့်အတိုင်း အတည်ကျဟောဆိုရန်ဖြစ်ရာ ရှင်းလင်းလွယ်ကူသောပညာရပ် ဖြစ်သည်။

သို့ဖြစ်ရာ လောကီပညာရပ်ဟူသည် လောကဝစနံ၊ သစ္စံ - နသစ္စံဟူသည့်အတိုင်း ကိန်းခန်းအရကောင်းကျိုးဆိုးကျိုးကို ဖော်ပြနိုင်သော ပညာဖြစ်သော်လည်း ကမ္မသတ္တိစွမ်းအားများကိုမူ ဆုံးခန်းတိုင်အောင် တစ်နည်းအားဖြင့် ရာနှုန်းပြည့် မဖော်ပြနိုင်ပါ။ ထို့ကြောင့် အစွဲအလမ်းလွန်ကဲခြင်းမဖြစ်မူ၍ အသုံးချပညာရပ်အဖြစ် နိမိတ်အနေရွတ်ဆောင်ကြရန်သာဖြစ်ကြောင်း မူလကျမ်းရင်းကို ကိုးကားပြုရေးသားလိုက်ရပါသည်။

ရာမည-သွေးမွန်

ကိုးကား -

၁။ လောကဟိတဂမ္ဘီရကျမ်း
၂။ မြန်မာရိုးရာ ရှေးဟောင်းရုပ်ပုံဟော ဗေဒင်ပညာနှင့် ရုပ်တုယတြာ
၃။ မြန်မာ့စွယ်စုံကျမ်း အတွဲ-ဈ (ဗီး-မဟော)
၄။ မြန်မာအဘိဓာန် (ရည်-ဘိ)

www.burmeseclassic.com

www.burmeseclassic.com

မကွေးဝင်းမြင့်

မိုးကြိုးပစ်၍
စက်ကွင်းမိကြလေသောအခါ

တိမ်တောက်ချိန်

■ နေဝင်လျှင် တိမ်တောက်ပျိုကြောက်တဲ့ဒီအချိန်၊ ဆီမီးဖန်မှန်အိမ်နှင့် ပြန်ချိန်ကို ဆံတိုလေးရယ် ဆီးကြိုလှည့်လေး။

အမည်မဲ့သီ
ရှေးခေတ်စာဆိုတစ်ဦး

"မနေ့ညက ကြာကန်ရွာ ယာတဲမှာ မိုးကြိုးပစ်ခံရသတဲ့။ အမျိုးသမီးနှစ်ယောက်သေပြီး ခုနစ်ယောက်စက်ကွင်းမိခံရသတဲ့"

ဟူသော သတင်းစကားကြားလိုက်ရသောကြောင့် ကျွန်တော်သည် အဆင်သင့်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့မှပြုစုသော မြန်မာအဘိဓာန်စာအုပ်ကြီးကို မိုးကြိုးပစ်ခြင်းနှင့်ပတ်သက်၍ လှန်လှောရှာဖွေကြည့်ရှုရာ၊ စာမျက်နှာ (၂၇၃) ၌ ဖော်ပြထားသည်မှာ မိုးကြိုးပစ်ခြင်း-မိုးကြိုးလျှပ်စစ်ဓာတ်ကျရောက်ထိမှုန်သည်ဟုအဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ စက်ကွင်းမိခြင်းနှင့်ပတ်သက်၍ စာမျက်နှာ(၁၀၂)၌ စက်ကွင်းမိကောင်းကင်မှကျဆင်းသော မိုးကြိုးလျှပ်စီး၏အင်အား ပုံ့နှံ့ရာ နယ်နိမိတ်ဟုအဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ကြာကန်ရွာသည် မကွေးမှ(၂၄)မိုင်ကွာဝေးပါသည်။ မကွေး - နတ်မောက်-ကားလမ်းဘေးဌိတည်ရှိ၍ အိမ်ခြေ(၅၀၀) ကျော်ရှိသော ကျေးရွာကြီးတစ်ရွာဖြစ်ပါသည်။ ကြာကန်ရွာသည် စာဖတ်သူ၊ စာပေမြတ်နိုးသူအင်အားကောင်းလှ၏။ ထို့ကြောင့် ၂၀၀၅ခုနှစ် စာဆိုတော်ရာသီက ကြာကန်မတ်တစ်ထောင်ကျောင်းမှ စာရေးဆရာမောင်ဆုရှင်၊ ညွှန့်ပန်းကြူ(တော)၊ စာရေးဆရာမ ဖြစ်နွှာနှင့် ဆရာမကြူကြူသင်းတို့ ပါဝင်ပါသည်။

www.burmeseclassic.com

စာပေဟောပြောပွဲကို စည်ကားစွာ ကျင်းပနိုင်ခဲ့၏။

ထို့အပြင် ကြာကန်ရွာ၌ အခြေချ နေထိုင်ကြသော စာရေးဆရာများက တော့ ဝတ္ထုတိုတွေအရေးကောင်းလှသော ဦးဆွေ(ဒဿနိက)၊ စာရေးဆရာ ဒေါင်း နေမင်းနှင့်အတူ အမေ့နို့ဖိုးရုပ်ရှင်ဇာတ် လမ်းကြီးကိုဖန်တီးခဲ့သော စာရေးဆရာ ကိုလှိုင်ကြည်ဝင်းနှင့် ဈေးကွက်သတင်း ထောက် မကွေးဝင်းမောင်တို့နေထိုင်ကြ ပါသည်။

မကွေးမှစာသမားပေသမားများ ကလည်း မကြာခဏဆိုသလို ကြာကန် ရွာသို့သွား၍ မကွေးဝင်းမောင်၏ထန်း တောညိုညိုအောက်ရှိ တဲကလေးထဲ၌ ကဗျာဝိုင်းစာဝိုင်းဖွဲ့ကာ ကျေးလက် ထမင်းကျေးလက်ဟင်းနှင့် ရာသီပေါ် အသီးအနှံကလေးများကို မြိန်ရေရှက် ရေစားကြလေ့ရှိ၏။

ယခု ကြာကန်ရွာမှာ မိုးကြိုးပစ် လို့ဟူသော သတင်းကြားရတော့ ကိုယ့် လူစာပေသမားတွေ ပြေးအမှတ်ရ၏။ မတ်တစ်ထောင်ကျောင်းက ဆရာတော် ကိုလည်း ပြေးမြင်ယောင်မိသလို မကွေး ဝင်းမောင်ကိုလည်း သတိရလိုက်မိပါ သည်။

မကြာပါပေ။ ကြာကန်ရွာနေ ကျေးလက်မှ ဈေးကွက်သတင်းထောက် မကွေးဝင်းမောင်တစ်ယောက်ကွမ်းတမြှုံ့ မြှုံ့နှင့်အူယားဖားယားရောက်ရှိလာပါ သည်။ ကိုဝင်းမောင်သည် အသက်(၅၉) နှစ်ရှိပါပြီ။ လူက ပုပုဝဝ၊ စကားပြောလျှင် ပွင့်ပွင့်လင်းလင်းအားရပါးရကွမ်းတမြှုံ့မြှုံ့ နှင့်ပြောတတ်၏။

ကိုဝင်းမောင်က -

"ကိုဝင်းမြင့်ရေ၊ကျုပ်တို့ရွာယာခင်း ထဲ ပဲဆွတ်နေတဲ့အမျိုးသမီးတွေ မိုးကြိုး ပစ်ခံရလို့ဗျ"

"အေး-ကြားတယ်၊ ဘယ်လိုဖြစ် တာလဲကွ ပြောစမ်းပါဦး"

"၁၄-၁၀-၂၀၀၅ နေ့ကပေါ့ဗျာ။ ညနေ (၄) နာရီခွဲ (၅)နာရီလောက် မိုး တွေညို့လာတယ်ဗျ။ လျှပ်စီးတွေလည်း လက်လာတယ်။ မိုးချုန်းသံတွေလည်း ညံနေတာပေါ့ဗျာ။ အဲဒီအချိန်မှာ ကျုပ် တို့ရွာမြောက်ဘက် ဒေါ်ကြီးညိုယာထဲ မှာ အမျိုးသမီးတစ်သိုက်မြေပဲဆွတ်နေ ကြတယ်ဗျ။ မိုးတွေချုန်း၊ လျှပ်စီးတွေ လက်တော့ ကလေးမတွေလည်း မြေပဲ ဆွတ်ရာကနေ ယာထဲက တဲကလေးထဲ အပြေးမိုးခိုဖို့သွားကြတာပေါ့။ အဲ - သုံး လေးမိနစ်လောက်လည်းကြာရော မိုးကြိုး ပစ်ခံကြရတော့တာပဲ"

"အဲဒီအချိန်မှာ မိုးတွေမရွာသေး ဘူးပေါ့"

"ဟင့်အင်း-မရွာသေးဘူးဗျ။ ရွာ တော့မယ်ဟန်ပြင်နေတုန်းအချိန်ပေါ့ဗျာ။ မိုးကြိုးပစ်ချလိုက်တဲ့အချိန်မှာ သူတို့နား ထဲ ဘာသံမှမကြားလိုက်ဘူးတဲ့။ မြေကြီး ကပူပြီး မြေမြိုတယ်မှတ်နေတာတဲ့။ အဲဒီ တဲကလေးထဲမှာရှိတဲ့သောက်ရေအိုးနှစ် လုံးလည်း အစိတ်စိတ်အမွှာမွှာကွဲသွား သတဲ့။ ပြီးတော့ သူတို့စတီးထမင်းချိုင့် ကလေးတွေလည်း လွင့်စဉ်ကုန်သတဲ့။ မိုးကြိုးတိုက်ရိုက်မှန်လို့ အသက် (၂၀) အရွယ်အပျိုမလေးတစ်ယောက်နဲ့အသက် (၃၅)နှစ် ကလေးနှစ်ယောက်မိခင် မဝိုင်း တင်တဲ့ သူတို့နှစ်ယောက်သေသွားတယ်။ သေဆုံးသူ နှစ်ဦးစလုံးဟာ ဆံပင်တွေ မီးလောင်ပြီး တစ်ကိုယ်လုံးမည်းသွား တယ်ဗျ"

"ဟင်-ဖြစ်မှဖြစ်ရလေ။ ဒါနဲ့တျန် တဲ့အမျိုးသမီးတွေကတော့"

"အဲ-သူတို့လည်း မိုးကြိုးစက်ကွင်း မိကြတယ်။ တစ်မိနစ်လောက် သတိမေ့ သွားတယ်။ ပါးတွေရွဲ့၊ အကြောတွေ လည်းဆိုင်းသွားတဲ့ယ်။ မိုးကြိုးစက်ကွင်း လွတ်သူတွေက သူတို့ကို ထူမတော့ လမ်းမလျှောက်နိုင်ကြတော့ဘူး။ အကြော တွေထုံနေပြီး စကားတွေလည်းမပီကြ တော့ဘူး။ ရွာထဲကလူကြီးတွေက မိုးကြိုး ပစ်ခံရသူတွေ၊ စက်ကွင်းမိခံရသူတွေကို နွားလှည်းနဲ့တင်ပြီး မိုးထဲလေထဲ ရွာထဲ မောင်းခဲ့ကြရတယ်။ ကျေးရွာဆေးမှူးနဲ့ လူကြီးတွေက မိုးကြိုးစက်ကွင်းမိ၊ အကြော ဆွဲနေသူတွေကိုဆေးကုပေးတယ်။ ဆေး ကုပုံက ကျုပ်တို့ရွာတွေမှာ နွားစာကျွေး တဲ့နွားစားခေါင်းရှိတယ်။ နွားစားခေါင်း ကိုပြောင်အောင်ဆေးကြောပြီး အဲဒီနွား စားခေါင်းထဲကို ကျောက်ဖရုံသီးသုံးလေး လုံးထုခွဲပြီးထည့်ရတယ်ဗျ။ရေသင့်ရုံထည့် ပြီး မိုးကြိုးစက်ကွင်းမိခံရတဲ့ ကလေးမ တွေကို တစ်ယောက်ပြီးတစ်ယောက် အဲဒီ နွားစားခေါင်းထဲလှဲအိပ်စေပြီး နေရာအနှံ့ ကျောက်ဖရုံသီးအရည်ဆွတ်ပေးရတယ်။ လူနာကို ဝတ်လစ်စားလစ်ထား၊ တစ်ကိုယ် လုံး နေရာအနှံ့လူးမေး၊ ဆွတ်ပေးရတာ ပေါ့။ နွားတင်းကုပ်ထဲမှာ စောင်ပိုင်းကြီး ကာရံထားပြီး ဆေးကုသသူမှအပအခြား မည်သူမျှ မလာရဘူးလေ။ အဲဒါခန္ဓာ ကိုယ်တစ်ဟတ်လှည့်ပြီး နောက်ထပ် ကျောက်ဖရုံသီးအသစ် ထုထောင်းထည့် ရတာပေါ့။ တစ်ဦးပြီးတစ်ဦး ကျောက်ဖရုံ ရည်ဆွတ်ပေးလိုက်တဲ့အခါ ခန္ဓာကိုယ် ပေါ်မှာ မန်ကျည်းစေ့လောက်ရှိတဲ့အပိမ့် ကလေးတွေထွက်လာတယ်ဗျ။ အကြော ဆိုင်းတာတွေထုံနေတာတွေ၊ ပါးရွဲ့နေ တာတွေ ချက်ချင်းသက်သာလာတယ်။ လမ်းလည်းလျှောက်နိုင်လာတယ်။

"တယ်ဟုတ်ပါလား မိုးကြိုးစက် ကွင်းမိရင် ကျောက်ဖရုံသီးရည်နဲ့ဆွတ် ပေးရတယ်ဆိုတော့ ဘယ်လိုလုပ်သိကြ တုံး"

"ကျုပ်တို့ရွာထဲက လူကြီးသူမတွေ သိကြသဗျ။တစ်လောက မြို့သစ်မြို့နယ် ငကျောက်ကုန်းဆိုတဲ့ရွာမှာ အခုလိုပဲ မိုးကြိုးပစ်ခံရတယ်။ သူတို့လည်း ဒီနည်း အတိုင်းလုပ်ကြတယ်တဲ့။ ဒီလို ကျောက် ဖရုံသီးရည်ဆွတ်ပေးပြီးတဲ့အခါ နှမ်းဆီ အကြမ်းပန်းကန်လုံးတစ်ဝက်လောက်ကို ကွမ်းစားထုံးသင့်ရုံထည့်၊ ရောမွှေပြီး ခန္ဓာ ကိုယ်အနှံ့လိမ်းပေးရသေးတယ်။ အဲဒီ နည်းနဲ့ကုကြတဲ့ကျုပ်တို့ ကြာကန်ရွာက ကလေးမလေးတွေ မင္ဂဒေသိန်း၊ သန်းသန်း အေး၊ မစန်းရီ၊ မခင်နွဲ့၊ မာမာဝေ၊ မရီ သန်းတို့တစ်တွေ သွားနိုင်လာနိုင်အလုပ် လုပ်နိုင်ကြပြီဗျ။ မိုးကြိုးပစ်လို့ စက်ကွင်း မိခံရရင် ကျောက်ဖုရုံသီးရည်နဲ့ဆွတ်ပေး ရင် ပျောက်ကင်းတဲ့ ကျေးလက်ကဆေး နည်းကလေးတစ်လက်ကို ခင်ဗျားက ဆေးဆရာဆိုတော့ လက်ငင်းပျောက် ကြောင်း သတင်းလာပို့တာဗျ"

"အေးကွာ-ကျေးဇူးတင်ပါတယ်။ မင်းလည်း စျေးကွက်ကျနယ်ထဲကို မိုးကြိုး ပစ်ခံရတဲ့သတင်းလေးရေးကွာ။ ပြီးတော့ စက်ကွင်းမိခံရသူတွေ ကျောက်ဖရုံသီး ရည်နဲ့ ခန္ဓာကိုယ်အနှံ့ဆွတ်ပေးကုသရ တဲ့အကြောင်းဆေးနည်းကလေးပါထည့် ရေးကွ။ ဒါမှ မှတ်တမ်းမှတ်ရာကျန်ရစ် မှာ။ ကိုလည်း အသက် (၆၀) ကျော် (၇၀) နီးနေပါပြီ။ မိုးကြိုးစက်ကွင်းမိလို့ ပါးတွေရွဲ့၊ အကြောဆိုင်းနေသူတွေကို ကျောက်ဖရုံသီးရည်ဆွတ်ပေးရင်ပျောက် ကင်းကြောင်း အခုမှပဲသိတော့တယ်။ အေး - ကျေးလက်ကဆေးတစ်လက် ကို အများသိအောင် သူရင်္ဒမဂ္ဂဇင်းက ဗျိုးတစ်လိုက်ပါဦးမယ်"

"ကောင်းတာပေါ့ဗျာ၊ ဒါနဲ့ ကျုပ် ကို လက်ဖက်ရည်နဲ့မုန့်ကျွေးဦးလေ"

"အေးပါကွာ"

မကွေးဝင်းမြင့်

www.burmeseclassic.com

www.burmeseclassic.com

လှမြင့် (ရန်ကုန်တက္ကသိုလ်)

ပုဂံခေတ် ကျန်စစ်သားမင်းလက်ထက် ထင်ရှားသော လူဝင်စားပုဂ္ဂိုလ်များ

တို့သည် မြတ်စွာဘုရားထံသို့ သွားရောက် ဝတ်ပြုကြသတည်း။

ထိုအခါ မြေးတော်အလောင်းစည်သူမင်း ဖြစ်လာမည့် မင်းသားသည် ဘုရားရှင်မျက်မှောက်တွင် လာလတ္တံ့သောဘဝ၌ ဘုန်းကြီးသောမင်းဖြစ်စေသော်ဟု ဆုတောင်း၏။ ရှင်အရဟံမထေရ်မြတ်ဖြစ်လာမည့် ပုဏ္ဏားသားက မင်းတို့ကိုးကွယ်သောရဟန်းဖြစ်စေသော်ဟု ဆုတောင်းခဲ့သည်။ မင်းမဟာဂီရိနတ်မင်းဖြစ်လာမည့် သူဌေးသားက မင်းတို့ပူဇော်သောနတ်ဖြစ်စေသော်ဟု ဆုတောင်းခဲ့သည်။ သက်မင်းကတုံဖြစ်လာမည့် စစ်သူကြီးသည် ပြည်ထောင်ဘက်ချင်း မင်းဖြစ်စေသော်ဟု ဆုတောင်းသည်။ ထီးလိုင်ရှင်(ကျန်စစ်မင်း)ဖြစ်လာမည့် မင်းကြီးသည် ဤလူလေးယောက်တို့ဖြစ်ရာတွင် အကြီးအမှူးဖြစ်၍ အုပ်ချုပ်ရစေသော်ဟူ၍ အသီးသီးဆုတောင်းခဲ့ကြသည်။

ထိုသူငါးယောက်တို့ ဆုတောင်းသည့်အတိုင်း ပုဂံနေပြည်တော်ဝယ် မင်းကြီးသည် ထီးလိုင်ရှင် (ကျန်စစ်မင်း) ဖြစ်လာခဲ့ပြီး မင်းသားသည် အလောင်းစည်သူမင်းဖြစ်လာခဲ့သည်။ ပုဏ္ဏားသားသည် ရှင်အရဟံမထေရ်မြတ်ဖြစ်လာခဲ့သည်။ သူဌေးသားသည် မင်းမဟာဂီရိနတ်မင်း ဖြစ်လာခဲ့သည်။ စစ်သူကြီးသည် သက်မင်းတုံဖြစ်လာခဲ့သည်။

ထီးလိုင်ရှင် (ကျန်စစ်မင်း) သည် သက္ကရာဇ် ၄၂၆ ခုနှစ်တွင် ပုဂံနေပြည်တော်၌ မင်းဖြစ်တော်မူ၏။ မင်းဖြစ်တော်မူလျှင် အရှေ့ကား အနော်ရထာမင်းစောနန်းတော်ရာ၊ မြောက်ကား ပျူစောထီးမင်းလက်ထက် ငှက်ကြီးဦးခေါင်းခွဲမြုပ်ရာနေရာ၊ အနောက်ကား မုဒ္ဒော။ ဤအရပ်သည် မြတ်သောအရပ်ဟု ကြံတော်မူပြီးသော် ထိုအရပ်၌ နန်းတည်၍ နေတော်မူ၏။ ထိုမင်း၏မိဖုရားတို့ကား အပယ်ရတနာလည်းတစ်ပါး၊ ဥဿာမင်းသမီးခင်ဦးလည်းတစ်ပါး၊ ထီးလိုင်ရှာ ကုန်းဘောင်ခေတ် အလယ်ပိုင်း ဘကြီးတော်ဘုရားလက်ထက်တွင် ဘကြီးတော်ဘုရားကိုယ်တော်တိုင် ကြီးကြပ်၍ မှန်နန်းတော်ဦး၌ ကျမ်းဂန်ပါဠိအထွက်အရှိ ကျောက်စာ၊ စာတမ်းစာဟောင်း၊ ရတု၊ ရကန်၊ ဓမ္မစိုး၊ မော်ကွန်းသမိုင်းများနှင့်ညီနှိုင်းကာ ပညာရှင်များပြုစုရေးသားခဲ့သော မှန်နန်းရာဇဝင်တော်ကြီး (ပထမအုပ်) တွင် ပုဂံခေတ် ကျန်စစ်သားမင်း (ထီးလိုင်ရှင်) လက်ထက် ထင်ရှားသော လူဝင်စားပုဂ္ဂိုလ်များနှင့် သမိုင်းဖြစ်စဉ်အချို့ကို ဤကဲ့သို့ ရေးသားမှတ်တမ်းတင်ခဲ့သည်။

ရှေးဘဝ၌ ထီးလိုင်ရှင်မင်း (ကျန်စစ်သားမင်း) သည် မင်းဖြစ်သတည်း။ မြေးတော် အလောင်းစည်သူမင်း (သီရိဇေယျသူရ) ကား မင်းသားဖြစ်သတည်း။ ရှင်အရဟံ မထေရ်အလောင်းကား ပုဏ္ဏားဖြစ်သတည်း။ မဟာဂီရိနတ်မင်းအလောင်းကား သူဌေးသားဖြစ်သတည်း။ သက်မင်းကတုံအလောင်းကား စစ်သူကြီးဖြစ်သတည်း။ ထီးလိုင်ရှင်မင်း (ကျန်စစ်သားမင်း) အလောင်းတော်မင်း ဖြစ်တော်မူသောအခါ ထိုသူငါးယောက်

www.burmeseclassic.com

www.burmeseclassic.com

သူကြီးသမီး ခင်တန်လည်းတစ်ပါး၊ မထီးတူမ သမ္မာလကိုကား နောက်မှရောက်လာ၍ ဦးဆောက်ပန်းဟူသောအမည်ဖြင့် မိဖုရားမြောက်၏။ ထိုမိဖုရားလေးပါးတို့တွင် မိဖုရားကြီးဖြစ်သော အပယ်ရတနာ၌ သမီးတော်ရွှေသည်ကိုမြင်၏။ မိဖုရားဦးဆောက်ပန်းတွင်လည်း သားတော်တစ်ပါး မြင်သည်။

မင်းကြီးကား သမီးတော်ရွှေအိမ်သည်ကို ချစ်မြတ်နိုးတော်မူသည်ဖြစ်၍ တစ်ပင်တိုင်နန်းနှင့်ထားတော်မူ၏။

ထိုအကြောင်းကို ပဋိဂ္ဂရာမင်းသားကြားလေသော် မျက်ရှင်ငုံ၍ ကောင်းကင်ဖြင့်လာ၏။ ရောက်လျှင် ရွှေအိမ်သည်၏ အထိန်းတော်ဖြစ်သော အမတ်ကြဲသိုင်းတို့အား ငွေဆယ်တင်းတံစိုးပေး၍ ရွှေအိမ်သည်နှင့် အရည်အင်ရှိလေ၏။ ထိုအကြောင်းကို ထီးလှိုင်ရှင် (ကျန်စစ်မင်းကြီး) ကြားတော်မူသော် အမတ်တို့ နှင့် တိုင်ပင်၍ စောလူးမင်း၏ သား စောယွမ်းနှင့် ရွှေအိမ်သည်ကို စုံဖက်ပေးတော် မူ၏။

ထိုအခါ ရှင်အရဟံသည် မဟာဗောဓိသို့ ဝတ်ပြုမည်ဟူ၍ ကြွတော်မူလေသော် ပဋိဂ္ဂရာမင်းသားလည်း မျက်ရှင်ကိုငုံ၍ ကောင်းကင်မှလာလတ်သည်ကို တွေ့တော်မူသော် -

"မင်းသား၊ မသွားသင့်ပြီ။ ရွှေအိမ်သည်ကို စောယွမ်းနှင့်စုံဖက်လေပြီ"

ဟူ၍ ပြောတော်မူလေသော် 'ဟာ' ဟူ၍ ခံတွင်းကိုလှစ်ဖွင့်ရာတွင် မျက်ရှင်သည် ခံတွင်းမှလွတ်၍ မင်းသား ကောင်းကင်မှကျကာ အနီစွရောက်လေ၏။

ရှင်အရဟံမထေရ်မြတ်သည် ပဋိဂ္ဂရာမင်းသားမှာ ရှေးဘဝ၌ မိမိတို့ဆုတောင်းဖက် ငါးဦးအနက် မင်းသားဖြစ်ခဲ့ဖူးသူဖြစ်ကြောင်း သိမြင်တော်မူသည့် အတွက် ပဋိဂ္ဂရာမင်းသား၏ အရိုးကို ဝါးဟူသောအရပ်၌စု၍ ထားတော်မူလေ၏။ ပဋိဂ္ဂရာမင်းသား အနီစွရောက်၍ မကြာမြင့်ခင်တွင် ရွှေအိမ်သည်ဝမ်း၌ ပဋိသန္ဓေနေလေ၏။

နေ့လစေ့၍ မင်းသားကို ဖွားမြင်သည့်အခါ ဖွားမြင်သည့်နေ့မှစ၍ ပြင်းပြစွာအမြဲမပြတ်ငို၏။ မြေးတော် ငိုသောအကြောင်းကို ပုဏ္ဏားပညာရှိများနှင့် ရှင်အရဟံမထေရ်မြတ်တို့၏ လမ်းညွှန်ချက်အရ ဝါးဟူသောရပ်မှာ ပဋိဂ္ဂရာမင်းသား၏အရိုးစုကို ဖယ်ရှားမှအငိုတိတ်ခဲ့၏။ ထီးလှိုင်ရှင် (ကျန်စစ်မင်းကြီး)သည် ထိုမင်းသားငယ်ဖြစ်သော မြေးတော်ကို သီရိလေယျသူရဟူသောဘွဲ့ဖြင့် ရင်ခွင်ပိုက်အရွယ်၌ပင် အိမ်ရှေ့မင်းအဖြစ်ပေးတော်မူ၏။နောင်တွင် အလောင်းစည်သူမင်း ဟူ၍ ထင်ရှားခဲ့သည်။

တစ်ချိန်တွင် သက်မင်းကတုံသည် ကျန်စစ်သားမင်းကြီး၏ ပိုင်ဆိုင်သော ကျေးစွန်ရွာနားတို့ကို ထိပါးတိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် ကျန်စစ်သားမင်းကြီးက သက်မင်းကတုံကိုအမိဖမ်းရန် ရဲမက်ပိုလ်ပါများဆင်လုံးမြင်းလုံးတို့ဖြင့်စေလွှတ်ဖမ်းဆီးစေခဲ့သည်။

ဖမ်းဆီးရမိသောအခါတွင်မတော့ ရှင်အရဟံမထေရ်မြတ်က ကျန်စစ်မင်းကြီးအား -

"မင်းကြီး၊ သက်မင်းကတုံသည် ရှေးဘဝ၌ မင်းကြီးနှင့်ဆုတောင်းဖက်ဖြစ်ခဲ့သည်။ ခင်ပွန်းကိုမပြစ်မှားလင့်"

ဟူ၍ ရှေးအကြောင်းကို ဖော်ထုတ်ဟောကြားခဲ့သည်။

ထိုအချိန်တွင် တစ်ချိန်ကကျန်စစ်မင်းကြီးနှင့် ဆုတောင်းဖက်ဖြစ်သော မင်းမဟာဂီရိနတ်ကလည်း ကိုယ်ထင်ပြုလျှက် ကျန်စစ်မင်းကြီးအား သက်မင်းကတုံသည် မင်းကြီးနှင့်ဆုတောင်းဖက်ဖြစ်၍ အပြစ်မယူသင့်ကြောင်း တားမြစ်ခဲ့သည်။

ကျန်စစ်မင်းကြီး (ထီးလှိုင်ရှင်) က မင်းမဟာဂီရိနတ်မင်းအား :-

"မဟာဂီရိနတ်သည် ငါနှင့် ဆုတောင်းဖက်ဖြစ်လျက် ငါဆင်းရဲသောအခါတွင် အဘယ်ကြောင့်မ,စကာကွယ်မှုမပြုခဲ့သနည်း"

ဟု မိန့်တော်မူ၏။

မဟာဂီရိနတ်လည်း -

"မင်းကြီးကို အနော်ရထာမင်းစောက ကြိုးဖြင့်နှောင်၍ လှံနှင့်ထိုးလေသောအခါ ငါကူညီစောင်မ၍ ကြိုးကိုသာထိုးမိပြီး ချည်နှောင်ထားသောကြိုးပြတ်၍ မင်းကြီး အသက်ဘေးမှလွတ်မြောက်သွားခြင်းသည် ငါကူညီစောင်မသည်မဟုတ်တုံလော"

ဟူ၍ဆို၏။

ကျန်စစ်မင်း (ထီးလှိုင်ရှင်) က -

"ဟုတ်ပေ၏။ ထိုအချိန်က ငါသည် မဟာဂီရိနတ်မ,သည်ဟုမသိခဲ့ပါ"

ဟု ဝန်ခံမိန့်တော်မူသည်။

မဟာဂီရိနတ်က -

"ကျန်စစ်မင်းသည် တောင်ခွင်တွင်စစ်ပျက်၍ ညဉ့်မှောင်မိုက်၌ပြေးရသောအချိန်တွင် ဖွတ်ရောတ်လုံကိုဝတ်၍ မြင်းကျားစီးလျက် မင်းကြီး၏ရှေ့မှ ခရီးဦးဆွန်ခဲ့သည်ကား ငါမဟုတ်တုံလော"

ဟု ဆို၏။

မင်းကြီးလည်း -

"ဟုတ်ပေ၏။ ထိုအချိန်က ငါသည် မဟာဂီရိနတ်မှန်းမသိခဲ့"

မိန့်တော်မူ၏။

မဟာဂီရိနတ်က -

"မင်းကြီးသည် စောလူးမင်းကိုခိုးသောအခါ ရန်သူများလိုက်လံလာသည့်အချိန်တွင် ရေတွင်ပင်ပန်းလျက် ကောင်းစွာ မကူးခပ်နိုင်သည့်အချိန်၌ ကျွန်းငယ်တစ်ခုကို ဖန်ဆင်းပြီးလျှင် မြစ်တွေးငှက်အယောင်အဆောင်ကာ အသံမြည်ကယ်ဆယ်ခဲ့သောသူသည် ငါမဟုတ်တုံလော"

ဟုဆို ၏။

"တံငါသားအယောင်ဆောင်လျက် တံခွက်လှေငယ်နှင့်အောင်သာတစ်ဖက်သို့ ပို့ဆောင်ခဲ့သည်ကား ငါမဟုတ်တုံလော"

ဟုဆို၏။

မင်းကြီးသည် -

"ဟုတ်ပေ၏။ ယင်းသို့ကူညီစောင့်ရှောက်ခဲ့သူသည် မဟာဂီရိနတ်မှန်းမသိခဲ့ပါ"

ဟု မိန့်တော်မူ၏။

ထို့နောက် ကျန်စစ်သားမင်းကြီး (ထီးလှိုင်ရှင်)သည် ရှင်အရဟံမထေရ်၏ မိန့်ကြား လမ်းညွှန်ချက်၊ မင်းမဟာဂီရိနတ်မင်း၏ ပြောဆိုချက်များအရ -

မိမိကျန်စစ်သားမင်းကြီး(ထီးလှိုင်ရှင်) နှင့် မြေးတော် အလောင်းစည်သူမင်း၊ ရှင်အရဟံမထေရ်မြတ်၊ မင်းမဟာဂီရိနတ်မင်းနှင့် သက်မင်းကတုံတို့သည် တစ်ချိန်က မြတ်စွာဘုရားရှင်ထံတွင် အတူဆုတောင်းဖက်များဖြစ်ခဲ့သည်ကို သိရှိခဲ့ပြီး ယခုအချိန်တွင် ပုဂံနေပြည်တော်၌ ထင်ရှားသော လူဝင်စား ပုဂ္ဂိုလ်များအဖြစ် ဘဝသံသရာတစ်လျှောက်ပြန်လည်ဆုံတွေ့ရသည့်ဖြစ်ရပ်ကိုသိရှိခွင့်ရခဲ့သဖြင့် သက်မင်းကတုံကို ဆုတောင်းဖက်အဖြစ် ခွင့်လွှတ်ကြည်ဖြူခဲ့သည်။ ရှင်အရဟံမထေရ်မြတ်ကလည်း သက်မင်းကတုံကို ဆုံးမ၍ ရန်စစ်အေးငြိမ်းစေပြီး ဆုတောင်းဖက်အချင်းချင်း မေတ္တာမုဒိတာတရားများဟားများစေခဲ့သည်။

လှမြင့်(ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

မှန်နန်းမဟာရာဇဝင်တော်ကြီး (ပထမအုပ်)

www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျောက်စိုး

ယပ်တောင်လေးတစ်ချောင်း

၂၀၁၆ ရဲ့ မိုးရာသီဟာ နေပြည်တော်မှာ စံချိန်မီရွာတယ်လို့ ဆိုရပါမယ်။ သစ်တောတွေထိန်းသိမ်းလိုက်တာကြောင့် သစ်တောတွေအပြင်းပြင်းထလာတဲ့အခါ ရာသီဥတုကောင်းမွန်လာခြင်းပါ။

သို့သော်လည်း တော်သလင်းလပြည့်ကျော်ရဲ့နေကအတော်ကိုပူပါတယ်။ မုတ်သုံရာသီ စတင်ဆုတ်ခွာပြီဖြစ်တဲ့အတွက် မိုးကပါးသွားခဲ့ပါပြီ။ ရာသီဥတုလည်း အတန်အသင့်ပွင့်လင်းခဲ့ပါပြီ။ အပြင်ကပြန်လာတဲ့ ကျွန်တော်ဟာ အိပ်ရာမှာလဲလျောင်းပြီး အပူကို ယပ်တောင်တစ်ချောင်းဆွဲကာ တဖျတ်ဖျတ် ယပ်ထုတ်မိပါတယ်။ ကြီးမားပြီးကျယ်ပြန့်တဲ့ယပ်တောင်ဟာ လေအတော်ရတာကြောင့် ချွေးတိတ်ပြီး အမောပြေပါတယ်။ ဝါးနဲ့စက္ကူနဲ့လုပ်တဲ့ယပ်တောင်မျိုးပါ။

အမောပြေမှ ယပ်တောင်ကို အသေအချာကြည့်မိတယ်။ဒီယပ်တောင်ဟာ နာရေးယပ်တောင်ဖြစ်နေပါတယ်။ နေပြည်တော် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ်ကွက်နယ်မြေ (၄) နေ (ဦးထွန်း+ဒေါ်အေး) တို့၏ သမီး ဦးတင်ထွန်း (မြို့မစဈး၊ မိဘမေတ္တာမုန့်ဆိုင်) ၏ဇနီး၊ မောင်ဇေယျမင်းထွန်း + မပန်းနုရွယ်၊ မစန္ဒီမင်းထွန်းတို့၏ကျေးဇူးရှင်မိခင်ကြီး မသဒ္ဓါလျမ်းထက်၊ မောင်စွမ်းဓနထက်တို့၏အဘွား အသက် (၅၉) နှစ်ရှိကွယ်လွန်သူ ဘုန်းကြီးအမေ (ဒေါ်မြင့်မြင့်စန်း) အား ရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှုလို့ ယပ်တောင်ကြီးမှာ ရိုက်နှိပ်ထားပါတယ်။ အောက်နားမှာ နာရေးသံဝေဂလက်ာကလေးပါပါသေးတယ်။

သံဝေဂလက်ာ

သစ်သီးတစ်လုံး၊ ပန်းတစ်ကိုင်းနှယ်
ကြွေလွယ်ညှိုးလွယ်၊ဖြစ်ပျက်လွယ်မို့
ခန္ဓာလှည့်ကွက်၊ ဒုက္ခစက်ကို
ဖြစ်ပျက်အသိ မြဲသတိနှင့်
ဉာဏ်သိယှဉ်မှူ နေ့စဉ်ပြုလော့

ဆိုတဲ့ကဗျာလေးပါ။

ပြီးတော့ အောက်မှာ သေဆုံးတဲ့ရက် ၆-၂-၂၀၁၆ လို့ ပါပါတယ်။ ယပ်တောင်ရဲ့တစ်ဖက်မှာတော့ ပဋ္ဌာန်းဒေသနာတော် ၂၄-ပစ္စည်းစက်ဝိုင်းပုံပါ။

ယပ်တောင်ကိုကြည့်ပြီး ကျွန်တော်ဟာ ကွယ်လွန်သွားတဲ့ ဒေါ်မြင့်မြင့်စန်းကိုပြေးပြီးမြင်ယောင်မိပါတယ်။

၆ ရက်နေ့မနက်ပိုင်းမှာ ကျွန်တော် စာထိုင်ရေးနေချိန် စာရေးလို့ကောင်းနေတုန်း မနက် (၁၀) နာရီလောက်မှာ ကျွန်တော်တို့ရဲ့ဓမ္မမိတ်ဆွေ ကိုမြအောင် စက်ဘီးနဲ့ပေါက်ချလာပါတယ်။

"ဗျို့ . . . စာရေးဆရာ"

"သြော် - လာလေ ကိုမြအောင်"

"မလာတော့ဘူး အရေးကြီးလို့"

"ဘာများတုံးဗျာ"

"မြင့်မြင့်စန်းဆုံးသွားပြီဗျ။ အဲဒါဒီနေ့မျှားချမလားမသိဘူး။ အဲဒါကျွပ်တို့သွားကြရအောင်"

"ဟာဗျာ - မမြင့်မြင့်စန်းဖြင့် ဖျားတယ်တောင်မကြားပါဘူး၊ ဘယ်လိုဖြစ်တာပါလိမ့်"

"အိပ်ပျော်ရင်း သေသွားတယ်ကြားတာပဲ"

"ကဲ - ဒါဆိုသွားကြရအောင် အဝတ်တော့လဲမနေတော့ပါဘူး"

ဆိုပြီး ကိုတင်ထွန်းတို့အိမ်ဘက် နှစ်ဦးသား စက်ဘီးကိုယ်စီနဲ့ထွက်ခဲ့ကြပါတယ်။ကျွန်တော့်အိမ်နဲ့ကိုမြအောင်အိမ်ကနီးပါတယ်။ ကိုမြအောင်နဲ့ကိုတင်ထွန်းအိမ်လည်း သိပ်မဝေးတော့ကာ ခဏနဲ့ရောက်ကြပါတယ်။

တိုက်အိမ်ရဲ့ အောက်ထပ်မှာ မမြင့်မြင့်စန်းရဲ့ရုပ်ကလာပ်ကို ခုတင်နဲ့ခင်းကျင်းထားပါတယ်။ ပကတိအိပ်ပျော်နေတဲ့ပုံစံပါပဲ။ မျက်နှာမှာ စိုးရိမ်မှု၊ သောကမှု၊ ဝေဒနာဖိစီးမှုရဲ့အရိပ်အယောင် လုံးဝမတွေ့ရတဲ့ မျက်နှာကကြည်ကြည်လင်လင်ပါ။ သနပ်ခါးလိမ်းပေးထားတာတွေ့ရပါတယ်။ သေသူရဲ့မျက်နှာကိုဖတ်ကြည့်ခြင်းအားဖြင့် တော်ပါသေးရဲ့လို့တွေးရပါတယ်။

လူတွေသေရာမှာ ပြုံးပြီးသေတာရှိတယ်။ ကြည်ကြည်လင်လင်နဲ့သေတာရှိတယ်။ မဲ့ပြီးကြောက်ရွံ့ထိတ်လန့်တဲ့သဏ္ဌာန်နဲ့သေတာရှိတယ်။ သေသူတွေရဲ့မျက်နှာကိုဖတ်ကြည့်ရင် အတိအကျမဟုတ်ပေမယ့် အကြမ်းဖျဉ်းအားဖြင့်တော့ သူ့ရဲ့လားရာကို အကဲခတ်လို့ရနိုင်ပါတယ်။ မမြင့်မြင့်စန်းက အိပ်ပျော်ရင်း သေဆုံးသွားတော့ကာ မျက်နှာကကြည်ကြည်လင်လင်နဲ့အိပ်ပျော်နေတဲ့ပုံစံပါပဲ။ စိုးရိမ်သောကရဲ့အရိပ်အယောင်မတွေ့ရပါဘူး။

မြတ်စွာဘုရားက အသက်၊အနာ၊ချိန်အခါနှင့် စွန့်ရာသုဿာန် လားရန်

www.burmeseclassic.com

www.burmeseclassic.com

ဂတိမသိအပ်ငြား ထိုငါးပါးလို့ ဟောထားပါတယ်။ လူတွေဟာ ပဋိသန္ဓေတည်ပြီဆိုကတည်းက အသက်ဘယ်လောက်နေရမလဲဆိုတာ မသိကြပါဘူး။ အချို့ဆိုအသက်ရာကျော်နေရတယ်။ အချို့ကျပြန်တော့လည်း ပဋိသန္ဓေတည်နေစဉ်မှာပဲ ကိုယ်ဝန်ပျက်ကျပြီး သေရတာတွေအများကြီးရှိတယ်။လူရယ်လို့မွေးဖွားလာပြန်လာတော့လည်း ကြီးငယ်မရွေးအကြောင်းအမျိုးမျိုးနဲ့ သေကြရတယ်။ အဲဒါကြောင့် လူတွေဟာဘယ်အသက်အရွယ်မှာသေရမလဲဆိုတာ မသိပါဘူးတဲ့။ လောကမှာ အခုခေတ် အခုကာလ ဆိုင်ကယ်အက်ဆီးဒင့်နဲ့ သေကြရတဲ့လူတွေဟာ ရေတွက်လို့တောင် ခဲယဉ်းပါလိမ့်မယ်။ တကယ့်နေ့မြင်ညပျောက်ဆိုတာလို အကောင်းကြီးကနေဖြုတ်ခနဲ မျက်စိအောက်ကပျောက်သွားကြရတာတွေကိုကြည့်ရင် ဒါတစ်မျိုးတည်းနဲ့ကို သိသာထင်ရှားလှပါတယ်။ ဆိုင်ကယ်စီးတာဟာ အားကောင်းမောင်းသန်လူငယ်တွေ များပါတယ်။ သေသင့်တဲ့အရွယ်တွေမဟုတ်ကြပါဘူး။ အဲဒါကြောင့် ဘယ်အရွယ်မှာသေရမယ်ဆိုတာ မသိအပ်တာပါဘဲ။

ပြီးတော့ အခုခေတ်ခုကာလမှာအစားအစာတွေမှာ ပဋိဇီဝအဆိပ်တွေမကင်းတာကြောင့် ရောဂါဘယတွေကလည်းအလွန်ထူပြောလှပါတယ်။ အနာဆိုတာရောဂါမို့ ကြီးငယ်မရွေးခံစားကြုံတွေ့နေရပါတယ်။ လူတွေမှန်ရင် အဲဒီလူတွေသေမယ့် အနာရောဂါတစ်ခုခုနှိပ်စက်လာကာ အဲဒီအနာရောဂါနဲ့သေကြရပါတယ်။ ဒါပေမယ့် ဒီလူဟာ အနာနဲ့သေမယ်ဆိုတာလည်း ခန့်မှန်းဖို့

www.burmeseclassic.com

www.burmeseclassic.com

ခက်လှပါတယ်။ သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကင်ဆာ စတဲ့ သေလောက်တဲ့ဝေဒနာတွေစွဲကပ်လာရင် အဲဒီဝေဒနာက အဲဒီလူကိုသတ်တော့တာပါ။ဒီလိုသေလောက်တဲ့ဝေဒနာစွဲကပ်လာမယ်ဆိုတာလည်း ကြိုတင်ပြီး မသိအပ်ပါဘူးတဲ့။ ဖြစ်လာမှ သာသိကြတာကိုး။

အချိန်အခါဆိုတာက သေမယ့် အချိန်အခါပါ။ ဘယ်နေ့ဘယ်ရက် ဘယ်နှနာရီ ဘယ်မိနစ် ဘယ်စက္ကန့်မှာ သေရမယ်ဆိုတာလည်း မသိအပ်ဘူးတဲ့။ မသိနိုင်ဘူးပေါ့ဗျာ။

တစ်ခါက ကျွန်တော်တို့မိုးကုတ် အနောက်ပိုင်း ကျောက်ဖျာရွာလေးမှာ ဦးရွှေလှိုင်ဆိုတဲ့အဘိုးကြီးဟာမြောနေပါတယ်။ အသက်ကမျှဉ်းမျှဉ်းကလေးသာရှူနေတာပါ။ ကျွန်တော်လည်း နာရေးကိစ္စဆိုတော့သွားကြည့်ရတာပေါ့။ အိုနာဆိုတော့ သက်တမ်းကုန်နေတဲ့အတွက် မရတော့ဘူးဆိုတာ လူတိုင်းသိကြပါတယ်။ အဲဒီမှာ သူ့ယောက်ဖတော်သူကိုလှဖေက ထပြောပါတယ်။

"ကဲကဲ - ဟော့ကောင်တွေ ဘိုးရွှေလှိုင်တော့မရတော့ဘူးကွ။ ခဏနေကြတော့မှာ။ အဲဒါကြိုကြိုတင်တင်ရေနွေးအိုးတည်ကြကွာ။ ပြီးတော့ ဖဲထုပ်တွေလည်းရှာခဲ့ကြ"

လို့ လူငယ်တွေကိုခိုင်းပါတယ်။

ကိုလှဖေကလည်း ရွာမှာအရေးပါတဲ့လူကြီးစာရင်းမှာပါပါတယ်။ ဒီတော့ လူငယ်တွေက ရေနွေးအိုးတည်ကြ၊ ရှမ်းဖဲလို့ခေါ်ပြီး ပိုက်ကြူးရိုက်ကြတဲ့ သစ်သားဖဲထုပ်တွေရှာကြလုပ်ကြတာပေါ့။ ဘိုးရွှေလှိုင်ကတော့ အိမ်ရှေ့ခန်းမှာ ပက်လက်ကလေးပါပဲ။ လူတွေကခဏနေရင်အသက်ထွက်တော့မှာလို့ထင်ထားတာပါ။ အဲဒါကြောင့် ရှမ်းထုံးစံအတိုင်း လူသေရင် စည်ကားအောင်ဖဲရိုက်ကြတဲ့ဓလေ့ရှိတော့ကာ လူစုပြီး ပိုက်ကြူးစရိုက်နေပါပြီ။ ဖဲရိုက်ပြီဆိုတော့ လူတိုင်းက ဖဲဆီအာရုံရောက်တော့တာပါ။ ငွေကလည်း ပလူပျံနေတတ်တာကိုး။ အဲဒီတော့ ဘိုးရွှေလှိုင်ဆီ အာရုံသိပ်မရောက်ကြတော့ဘူး။

"ဟော့ကောင်တွေ၊ မင်းတို့ရေနွေးပွက်ရင် ငါ့ကိုတိုက်ကြပါဦးကွ"

ဆိုတဲ့ ဘိုးရွှေလှိုင်အသံကိုကြားမှ ဘိုးရွှေလှိုင်ကိုလှည့်ကြည့်မိကြတယ်။ ဘိုးရွှေလှိုင်ဟာ လဲလျောင်းရာကနေထထိုင်ပြီး စကားတောင်ပြောနေတဲ့အခါမှာတော့ လူတွေအံ့သြတကြီးဖြစ်ကာ ဖဲဝိုင်းကိုဖျက်သိမ်းလိုက်ရပါတယ်။ အဲဒီကျတော့မှ ပျာပျာသလဲ ဘိုးရွှေလှိုင်ဆီဝိုင်းအုံကုန်ကြပြန်ပါတယ်။

တကယ်တော့ ဘိုးရွှေလှိုင်ဟာ ဝေဒနာကိုခံစားရင်းက မှိန်းနေခြင်းပါ။ သူတို့ပြောတာတွေ အကုန်ကြားနေရပုံရပါတယ်။ ဦးရွှေလှိုင်ဆိုတာ လူနောက်လူပြောင်တစ်ဦးပါ။ တစ်သက်လုံးနောက်ပြောင်ကျီစယ်ရယ်မောနေတတ်တဲ့ လူပျော်တစ်ဦးပါ။ ခုလည်း သူသေရင် ဧည့်ခံဖို့တည်တဲ့ရေနွေးကို ဟာသလုပ်ပြီးတောင်းသောက်ခြင်းပါပဲ။ သူ့စိတ်ကျေနပ်အောင် ရေနွေးခပ်တိုက်လိုက်ရပါတယ်။ အဲဒီနေ့ညဉ့်နက်ပိုင်းကျမှ ဆုံးသွားတာပါ။ အဲဒါကြောင့် သေမယ့်အချိန်အခါဟာလည်း မခန့်မှန်းအပ်တဲ့အရာလို့ ဘုရားဟောခဲ့ခြင်းပါ။

လူတွေသေရင် မတင့်တယ်တဲ့ ရုပ်ကလာပ်ကို သင်္ဂြိဟ်ဖို့ သုသာန်ဆိုတဲ့ သချိုင်းဆိုတာရှိတယ်။ မြို့တွေရွာတွေမှာတော့ သချိုင်းဆိုတာသတ်မှတ်ထားတာတွေရှိပါတယ်။ အဲဒီသချိုင်းမှာ အုတ်ဂူသွင်းရင်သွင်းမယ်။ မြေမြှုပ်ရင်မြှုပ်ကြမယ်။ မြို့ပြတွေက မီးရှို့ကြမယ်ပေါ့။

ဒါပေမယ့် ဒါဟာပုံသေတွက်လို့ လုံးဝမရပါဘူး။ လူဆိုတာ ကိုယ့်ရပ်မြေမှာသေချင်မှသေတာပါ။ ခရီးသွားရာကနေ ရုတ်တရက်အကြောင်းတစ်ခုခုနဲ့သေမယ်။ ဒါဆို ကြံ့ရာမှာသင်္ဂြိဟ်ရတာပါ။ ပြီးတော့ နေမကောင်းလို့ ဆေးရုံသွားတက်မယ်။ ဆေးရုံမှာ သေမယ်ဆိုရင် အဲဒီဆေးရုံကပို့တဲ့သချိုင်းမှာ သင်္ဂြိဟ်ရတာပါ။ ရှေ့တန်းတစ်နေရာမှာတိုင်းပြည်အတွက် အသက်ပေးလှူလိုက်ရတဲ့ စစ်သည်တော်တွေ အဲဒီရှေ့တန်းတစ်နေရာတောထဲမှာပဲ သင်္ဂြိဟ်လိုက်ရတာပါ။

ကျွန်တော်တို့ ကျောက်ဖျာရွာက ဒေါ်စောရဲ့ယောကျ်ား ဦးသင်းဆိုရင် ရွှေဘိုစိုင်ပြင်ကြီးမှာမွေးတယ်။ အရွယ်ရောက်တော့ ကျောက်ဖျာမှာ တွင်းသားလာလုပ်ရင်း ဒေါ်စောနဲ့အိမ်ထောင်ကျတယ်။ နေမကောင်းတော့ မိုးကုတ်ပြည်သူ့ဆေးရုံတင်တော့ ဆေးရုံမှာ သေတယ်။ သေတော့ မိုးကုတ်ဗမာမွန်သချိုင်းမှာသင်္ဂြိဟ်ခဲ့ရတယ်။ မွေးတာတစ်နေရာ၊ နေတာတစ်နေရာ၊ သေတာတစ်နေရာပါ။ အဲဒီတော့ လူဆိုတာ သူ့သချိုင်းရှိရာကိုသွားတတ်ပါတယ်။ ဒီမှာနေလို့ ဒီမှာသေရမယ်မထင်လိုက်ပါနဲ့။ အဲဒါကြောင့် စွန့်ရာသုသန်ကလည်း မသိအပ်တဲ့အထဲမှာပါကြောင်း ဘုရားဟောခြင်းပါ။

ဂတိဆိုတာ လားရာဘုံဘဝကိုပြောခြင်းပါ။ ကျွန်တော်တို့တွေ နီဗွာန်ကို မျက်မှောက်မပြုနိုင်သေးသမျှကာလပတ်လုံး (၃၁) ဘုံမှာ သံသရာလည်နေကြရဦးမှာပါ။ ဒီတော့ကာ သတ္တဝါမှန်သမျှ (၃၁)ဘုံမရောက်ဖူးတဲ့ဘုံမရှိဘူးလို့ဆိုရမှာပါ။ ထက်အောက်စုန်ဆန်ဖြစ်ချည်ပျက်ချည်နဲ့ ဘဝတွေတစ်ဘဝပြီးတစ်ဘဝပြောင်းလဲနေရမှာအမှန်ပါပဲ။

ဒီတော့ကာ ဒီဘဝသေပြီးနောက် ဘဝဘာဖြစ်မယ်ဆိုတာ ဘယ်သူမှမသိကြပါဘူး။ မြတ်စွာဘုရားနဲ့အဘိညာဉ်ရရဟန္တာတွေရယ်၊ အဘိညာဉ်ရ ရသေ့တွေရယ် ဒါလောက်ပဲ သေသူတို့ရဲ့လားရာဂတိကိုသိနိုင်မှာပါ။ သာမန်လူတွေဖြစ်တဲ့ကျွန်တော်တို့ကတော့ လုံးဝမသိနိုင်ကြပါဘူး။ အဲဒါကြောင့် မသိအပ်တဲ့ တရား (၅) ပါးကို မြတ်စွာဘုရားဟောကြားခဲ့ခြင်းပါ။

ဒါပေမယ့်ပေါ့လေ ငယ်စဉ်အဖို့ ဘဝကတည်းကနေပြီး ဇ သဆုံးအချိန်အထိ ကုသိုလ်ရေစက်လက်နဲ့မကွာ မမြင့်မြင့်စန်းရော သူ့ရဲ့ညီမ မစန်းစန်းထွေးပါပြုခဲ့ကြသူတွေပါ။ ဦးထွန်း၊ ဒေါ်အေးတို့မှာ ဒီသမီးနှစ်ယောက်ပဲမွေးခဲ့တာပါ။ မိဘတွေဟာ စီးပွားဥစ္စာပြည့်စုံပြီး အလှူအတန်းရက်ရောကြတယ်။ ဒါကြောင့် ရှေ့သွားကောင်းတဲ့အခါ နောက်လိုက်ကောင်းခြင်းပါ။ မစန်းစန်းထွေးက (၄၀)ကျော် ငယ်ငယ်နဲ့နှလုံးသွေးရပ်ကာ သေဆုံးသွားတဲ့နှလုံးဝေဒနာသည်ပါ။ သူတို့မှာ ကုသိုလ်မျိုးစုံဒါနထုပ်တွေ အသီးသီးပါသွားကြတာကြောင့်လည်း တော်သေးတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ကိုတင်ထွန်းတို့ဟာ အတိတ်ဒါနကြောင့် ဒီဘဝမှာမြေကြီးခြေမကျအဆင့်မြင့်မြင့်သွားလာနိုင်ကြတယ်။ သားအမိသားအဖ (၃)ယောက်စလုံး ကိုယ့်ကားနဲ့ကိုယ်သွားလာနေထိုင်ကြတာပါ။ နေပြည်တော် မြို့မစျေးမှာ မမြင့်မြင့်စန်းက မိဘမေတ္တာ (၁)၊ သားဇေယျာမင်းထွန်းက မိဘမေတ္တာ(၂)၊ ခင်ပွန်း ကိုတင်ထွန်းက မိဘမေတ္တာ (၃) ဆိုပြီး ဆိုင်ကြီး (၃) ဆိုင်ဖွင့်ကာ စီးပွားရှာနေကြတာပါ။ အလွန်အောင်မြင်ပါတယ်။အတိတ်ဒါနအောင်သူတွေလို့ခေါ်ရပါမယ်။

သို့သော်လည်း လူဆိုတာ မြဲပြည့်စုံမှုဆိုတာမရှိတတ်ပါဘူး။ အဲဒါကဘာလဲဆိုတော့ မမြင့်မြင့်စန်းဟာ နေပြည်

www.burmeseclassic.com

www.burmeseclassic.com

တော်တစ်ခွင်မှာ အဝဆုံးပုဂ္ဂိုလ်ဖြစ်လာလို့ပါပဲ။ နေပြည်တော်ကြီးတည်တော့ သူတို့မူရင်းလုပ်တဲ့ စပါးကြိတ်ခွဲတဲ့ ဆန်စက်လုပ်ငန်းကို ရပ်နားလိုက်ပြီး ဈေးဆိုင်ဖွင့်တော့တာပါ။ ဈေးဆိုင်ဖွင့်တော့ ငြိမ်သွားပီလေ။ တစ်နေကုန်ထိုင်တဲ့အလုပ်လုပ်ရင်း လူက လေထိုးလိုက်သလို သိသိသာသာကြီးကိုဝလာတော့တာပါပဲ။ ဝတာက အဝလွန်သွားတော့ကာ ထိုင်ခက်၊ ထခက်၊ သွားခက်၊ လာခက်ဖြစ်လာပါစာယ်။ ဒီတော့ ကြမ်းပြင်မှာ မထိုင်တော့ပါဘူး။ လှူဒါန်းမှုတွေ ပြုတိုင်း ကုလားထိုင်မှာထိုင်ပြီး တရားနာရေစက်ချရတယ်။

၂၀၁၃ ခုနှစ်က သင်္ကြန်အလုပ်နားချိန်မှာ သူတို့မိသားစုနဲ့ သူတို့အလုပ်သမားတွေ ငပလီကို အပျော်ခရီးထွက်ကြပါတယ်။ သူတို့မှာ ဆိုင်က (၃) ဆိုင်ဆိုတော့ ဆိုင်အလုပ်သမားကောင်လေး၊ ကောင်မလေးတွေ များပြားလှပါတယ်။ တစ်နှစ်တစ်ခါ သင်္ကြန်မှာအပန်းပြေခရီးပို့ပေးခြင်းပါ။ ရန်ကုန်ဟိုတယ်တစ်ခုမှာ ခရီးတစ်ထောက်နားကြပါတယ်။ အဲဒီမှာ ကိုတင်ထွန်းတို့ယောကျ်ားအဖွဲ့က တစ်ခွက်တစ်ဖလားမော့ဖို့ အပြင်ကို ထွက်သွားကြပါတယ်။

ဖြစ်ချင်တော့ ကိုတင်ထွန်းတို့ ထွက်သွားပြီး မကြာမီမှာပဲ အလျဉ်းမသင့်တော့ကာ မမြင့်မြင့်စန်း ခုတင်ပေါ် ကလိမ့်ကျပါတယ်။ ကြီးမားတဲ့ခန္ဓာအတွက်ကြောင့်ဆိုတော့ ကျတာမမြင့်ပေမယ့် အကျနာပြီးလုံးဝပြန်မထနိုင်တော့ပါဘူး။ အဲဒီမှာကျန်နေတဲ့ မိန်းကလေး (၁၀) ယောက်လောက်ဟာ ဘယ်လိုမမ လုံးဝမလို့မရကြပါဘူး။ ဝချက်က ကမ်းကုန်တဲ့အဝပါ။

အဲဒါနဲ့ ကိုတင်ထွန်း ယောကျ်ားအဖွဲ့ကို ဖြစ်ကြောင်းကုန်စင်ပြောပြပြီး အမြန်ပြန်ခဲ့ဖို့ခေါ် ရပါတယ်။ ဆရာတွေ တစ်ခွက်တစ်ဖလား မော့ခွင့်မကြုံလိုက်ဘဲ နောက်ကြောင်းပြန်လှည့်ခဲ့ရတာပါပဲ။ ယောကျ်ားတွေပြန်ရောက်မှ ယောကျ်ားတွေရောမိန်းမတွေပါဝိုင်းမ,မှ ခုတင်ပေါ် ပြန်ရောက်ပါတယ်။

ဘယ်လောက်ဝလဲဆိုရင် ဆက်တီခုံတွေမှာ နှစ်ယောက်တွဲထိုင်နိုင်တဲ့ နှစ်ယောက်ခုံပါတယ်။ အဲဒီနှစ်ယောက်ခုံမှာ မမြင့်မြင့်စန်းထိုင်လိုက်ရင် ပြည့်သွားတယ်။ သူ့ဆိုင်မှာ အဲဒီထိုင်ခုံအကြီးကြီးပေါ် ပုံပုံကြီးထိုင်နေလေ့ရှိတယ်။ သူများတွေလို သန့်စင်ခန်းဘာတွေမသွားနိုင်ဘူး။ ဆိုင်နဲ့သန့်စင်ခန်းဘာမှမဝေးပေမယ့် ထိုင်ခက်ထခက်တဲ့ ခန္ဓာအတွက်ကြောင့် အခင်းကိစ္စကိုဂန်ဖလားနဲ့ပဲဆိုင်ထဲမှာသွားတယ်။ ဒီအထိဝတာပါ။

သူက ခုမှဝတာမဟုတ်ပါဘူး ဟိုးကလေးလေးထဲကဝတာပါ။ ကျွန်တော် တို့ပြန်ကပြေးမှာ ဝါတွင်းကာလ (၈)ရက်၊ ဥပုသ်(၁၅)ရက် ဥပုသ်လို့ခေါ် တဲ့ ဥပုသ်နေ့တွေတိုင်းမှာ အရှေ့ပိုင်းအလယ်ပိုင်း၊ အနောက်ပိုင်းဆိုပြီးတော့ကာ ဆွမ်းကြီးလောင်းကြပါတယ်။ တစ်လှည့်စီဆိုပါတော့။ ဝါကျွတ်လို့ ဆွမ်းလောင်းပွဲသိမ်းရင် ဆွမ်းသိမ်းပွဲဆိုပြီး သံဃာတွေကို မဲဖောက်လှူဒါန်းကြပါတယ်။ အဲဒီမှာ ကလေးရှိတဲ့ လူတွေက ပိုက်ဆံလို့ခေါ် တဲ့ နဝကမ္မကို ဒီအတိုင်းမလှူဘူး။ ကလေးမဲဆိုပြီးဆွဲကြတယ်။ ကလေးအန္တရာယ်ကင်းအောင်ပေါ့လေ။ ကလေးကိုချိတ်ဆွဲထားတာမဟုတ်ပါဘူး။ နာမည်ကို စာနဲ့ရေးပြီးဆွဲထားတာပါ။ ပေါက်တဲ့သံဃာက ကလေးကို စတိသဘောချီပွေ့ပေးရပါတယ်။ မချီပွေ့လည်း ဆုပေးပေါ့လေ။ အဲဒီကျမှ နဝကမ္မအလှူတော်ငွေ (၅) ကျပ်ကို သံဃာကိုလှူပြီး ကိုယ့်ကလေးကို ပြန်စွန့်ခိုင်းတဲ့သဘောပါ။

အဲဒီတုန်းက မမြင့်မြင့်စန်းကလေးမဲကိုပေါက်တာက မှန်ကျောင်းက ကိုရင်မွတ်တားပါ။ မမြင့်မြင့်စန်းကို ကိုရင်မွတ်တားပေါက်သတဲ့ဆိုတော့ လူတွေက စိတ်ဝင်တစားဝိုင်းကြည့်ကြတာပေါ့။ အဲဒီမှာ ဦးထွန်းက 'ကိုရင်မွတ်တား ကလေးအန္တရာယ်ကင်းအောင် ပွေ့ချီပေးပါဦး' ဆိုပြီး ကိုရင်မွတ်တားလက်ထဲထည့်လိုက်ပါတယ်။ ကလေးလည်းပွေ့လိုက်ကရော ကိုရင်မွတ်တား ဗုန်းခနဲ ဖင်ထိုင်လဲကျသွားပါတယ်။ ကလေးပွေ့လျက်ကြီးနဲ့ဖင်ထိုင်လဲနေတဲ့ ကိုရင်မွတ်တားကိုကြည့်ပြီးလူတွေရယ်မောနေကြတာပေါ့ဗျာ။ ကလေးကဝတော့ကာပွေ့လို့မနိုင်ဘဲ ဖင်ထိုင်လဲခြင်းပါ။ ဦးထွန်းလည်း ရယ်ရယ်မောမော သူ့ကလေးကိုပြန်ဆွဲချီယူပါတယ်။ အဲဒီကျမှ ကိုရင်ပြန်ထနိုင်ပါတယ်။ ပြီးတော့မှ စာအိတ်နဲ့ထည့်ထားတဲ့ နဝကမ္မ(×××)ကျပ်ကိုလှူလိုက်တာပါ။

ကလေးမဲက ကျွန်တော်တို့ငယ်ငယ်ကရှိခဲ့တဲ့ဓလေ့ပါ။ ခုခေတ်မှာမရှိတော့ပါဘူး။ နဝကမ္မ (×××)ကျပ်ဆိုလို့ အထင်မသေးလိုက်ပါနဲ့။ ယောကျ်ားရင့်မာကြီးတစ်နေကုန်အလုပ်လုပ်ပါမှ (၂) ကျပ်သာရတဲ့ ဦးနုရဲ့ပါလီမန်ဒီမိုကရေစီခေတ်ပါ။ ရွှေတစ်ကျပ်သားမှ (၁၈၀) (၂၀၀) လောက်သာရှိတဲ့ခေတ်ဆိုတော့ မြန်မာ့ငွေဟာ အမေရိကန်တစ်ဒေါ်လာနဲ့လဲပိုင်ခွင့်ရှိခဲ့ခေတ်ပါ။ ကမ္ဘာမှာ ဘောင်ဝင်တဲ့ငွေဆိုပါတော့။

ကျွန်တော့်သူငယ်ချင်း မွတ်တားဆိုရင် မြင့်မြင့်စန်းဆိုတဲ့ကလေးကို ပွေ့တာမနိုင်လို့ ဖင်ထိုင်လဲပြီး အရှက်ကွဲခဲ့ရတာကို ခုထိပြောနေဆဲပါ။ မမြင့်မြင့်စန်းဟာ ကလေးဘဝကတည်းကဝတာပါ။ အပျိုဖြစ်လာတော့လည်း ခပ်ဝဝ၊ ခပ်တောင့်တောင့် လုံးကြီးပေါက်လှဖြစ်လာပါတယ်။ သူတို့မှာဆန်စက်ရှိတော့ကာ မိဘမေတ္တာဆန်စက်မှာ အားကောင်းမောင်းသန် ယောကျ်ားတစ်ယောက်လို ဆန်စက်ကို ဦးစီးလုပ်ကိုင်ခဲ့တာပါ။ ဆန်စက်ကို ကိုယ်တိုင်လှည့်နိုင်တယ်။ ဆန်အိတ်တွေသယ်နိုင်တယ်။ စပါးတွေဝယ်တတ်တယ်။ စပါးကိုကိုင်ကြည့်လိုက်တာနဲ့ လှည်းတစ်စီး ဆန်ဘယ်နှတင်းထွက်မယ်ဆိုတာ အတပ်ပြောနိုင်တယ်။အဲဒါကြောင့် စပါးကိုဒေါင်တွေနဲ့သိုလှောင်ပြီးကြိတ်ခွဲကာ တစ်နေ့တခြားစီးပွားတိုးတက်ခဲ့ပါတယ်။ မမြင့်မြင့်စန်းက လယ်ဝေးမြို့နယ် သဲကောလေးရွာက ကိုတင်ထွန်းနဲ့ အိမ်ထောင်ကျကာ မစန်းစန်းထွေးက ကိုတင်မောင်နဲ့အိမ်ထောင်ကျပါတယ်။

ကျွန်တော်နဲ့ကတော့ မမြင့်မြင့်စန်းတို့ကို လုံးဝမသိတာပါ။ ဒါတွေက မွတ်တား ပြောပြစာတွေပါ။ ကျွန်တော် နေပြည်တော်ရောက်ပြီး လမ်းလျှောက်ရာကနေ ကျွန်တော့်သူငယ်ချင်းမွတ်တားနဲ့တွဲနေတဲ့ ကိုတင်ထွန်းကို ခင်မင်သိကျွမ်းရခြင်းပါ။နောင်ဘုရားသွားကျောင်းတက်အလှူဒါနပြုကြတဲ့နေရာတွေမှာ ကျွန်တော်က သူနဲ့အတူတူပါလာပြီး ဝေယျာဝစ္စကုသိုလ်ယူတဲ့သဘောပါပဲ။ ခုလည်း ကျွန်တော်နဲ့ ကိုတင်ထွန်းဟာ နေ့စဉ် ကုသိုလ်တွေပြုနေဆဲပါပဲ။

ကိုတင်ထွန်းနဲ့ မမြင့်မြင့်စန်းတို့ နှစ်စဉ်ကထိန်ခင်းခဲ့ကာ ၂၀၁၅ အထိ (၂၄) ကြိမ်ရှိခဲ့ပါပြီ။ ကျော်ငြားပေါင်းလည်းအတော်စုံပါပြီ။ ကထိန်ခင်းတိုင်း ဗုဒ္ဓရုပ်ပွားတော်များကို တရားနာပရိသတ်ကိုမဲဖောက်ပြီး လှူဒါန်းပါတယ်။ မဲပေါက်သူတွေဟာ ဗုဒ္ဓရုပ်ပွားတော်ကို ဝမ်းမြောက်ဝမ်းသာပင့်ပြီး ပြန်လေ့ရှိပါတယ်။ အလွန်ကြည်နူးဖွယ်ကောင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com

မြင်ကွင်းကသိုလ်ပုံရိပ်ပါ။ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ မြတ်စွာဘုရားဟာ အထွတ်မြတ်ဆုံးမို့ အိမ်ကိုဘုရားကြွလာတယ်ဆိုတာ အတော်အတန်ကံမှတ်လို့ အလွန်ထူးမြတ်တဲ့ကံပါ။

ကျွန်တော်တို့တွေဟာ အိမ်တိုင်း ဗုဒ္ဓရုပ်ပွားတော် မပူဇော်နိုင်ကြပါဘူး။ ပြီးတော့ ဘုရားကိုရည်စူးပြီးလှူဖို့ ညောင်ရေအိုး၊ ပန်းအိုးကလေးသာရှိကြတဲ့ အိမ်တွေရှိတယ်။ အချို့လည်း ရုပ်ပွားတော်ပုံ၊ စေတီတော်ပုံချိတ်ဆွဲကိုးကွယ်ကြတယ်။ ဘုရားကျောင်းဆောင် ခမ်းခမ်းနားနားပြုလုပ်ထားတဲ့အိမ်တွေကျတော့ ဗုဒ္ဓရုပ်ပွားတော်ရှိကြတာများပါတယ်။ အဲဒီတော့ ကိုတင်ထွန်းတို့ရဲ့ နှစ်စဉ်ပြုနေကျ ကထိန်အလှူမှာ ဗုဒ္ဓရုပ်ပွားတော်တွေ မဲဖောက်လှူဒါန်းတာဟာလည်း အတော်ကောင်းပါတယ်။

၂၀၁၆ထဲ မှာ မမြင့်မြင့်စန်းနဲ့ စကားဆုံမိတော့ -

"စာရေးဆရာရေ ကျွန်မတို့ ကထိန်ခင်းခဲ့တာ နောက်နှစ်ဆို(၂၅)ကြိမ်ပြည့်ပြီ။ ဒီတော့ ကျွန်မအနေနဲ့ ကထိန်ခင်းတာကို ခေတ္တရပ်နားထားပြီး ကိုယ်ပိုင်ကျောင်းတစ်ကျောင်းဆောက်လုပ်လှူဒါန်းနိုင်ဖို့ကြိုးစားမယ်။ ကျွန်မတို့အနေနဲ့က ဘုရားတည်ကျောင်းဆောက်တွေမှာထည့်ဝင်လှူဒါန်းခဲ့တာတွေမနည်းပါဘူး။ ဒါပေမယ့် ကျွန်မတို့ သတ်သတ် ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ကျောင်းဆိုတာ မရှိသေးပါဘူး။ အဲဒါ ကျွန်မ ကျောင်းဆောက်လှူဒါန်းချင်ပါတယ်"

လို့ ပြောပြပါတယ်။

ကျွန်တော်လည်း အဲဒီအစီအစဉ်ကောင်းမွန်ပါကြောင်းထောက်ခံအားပေးပါတယ်။ သဒ္ဓါအားလည်းကောင်း၊ ရှာအားလည်းကောင်းတော့ကာ သူတို့အဖို့မဖြစ်နိုင်တာမရှိဘူးလေ။ ဖြစ်ကို ဖြစ်မှာပါ။

ကျွန်တော် မရောက်ခင်ဆိုတာ ကျွန်တော်မမြင်ရပေမယ့် သူတို့ရဲ့ ကောင်းမှုကုသိုလ်တွေက သက်သေထူနေကြပါတယ်။ ကျွန်တော်နဲ့ကိုတင်ထွန်းတွဲမိပြီးနောက်ပိုင်း နေ့စဉ်လှူနေတဲ့ အလှူတွေတာ ဘုရားတည်၊ ကျောင်းဆောက်၊ ပရဟိတ စသည်ဖြင့် မမှတ်မိလောက်အောင်ကို များပြားလှပါတယ်။ မလှူဘူးတဲ့အလှူဆိုတာမရှိသလောက်ပါပဲ။ လင်နဲ့မယားသဒ္ဓါအားတူညီကြတာကလည်း ကံတစ်မျိုးလို့ဆိုရပါမယ်။

လယ်ဝေးမြို့နယ် သဲကောလေးမှာ ကိုတင်ထွန်းရဲ့မိဘတွေရှိနေကြပါသေးတယ်။ (၈၀) ကျော်တွေပါ။ အဲဒီကို တစ်လတစ်ကြိမ် ဆန်တစ်အိတ်နဲ့ ဆီ၊ ကုန်ခြောက်မျိုးစုံ၊ မုန့်မျိုးစုံ၊ ဆေးမျိုးစုံနဲ့ ပိုက်ဆံကို အစဉ်သွားကန်တော့လေ့ရှိပါတယ်။ ကျွန်တော်ရှိနေရင် ကျွန်တော် အမြဲတမ်းပါတော့ကာ ဦးရွှေနီ၊ ဒေါ်အုန်းတင်တို့က ကျွန်တော့်ကို ဆရာလေး၊ ဆရာလေးနဲ့ အလွန်ခင်ကြပါတယ်။ (၆၀)ဝန်းကျင်ရောက်နေတဲ့ ကိုတင်ထွန်းဟာ မိစုံဖစုံရှိနေသေးတာ မိဘကို ကျေးမွေးခွင့်ရတာ အလွန်ကံကောင်းကြောင်း ကျွန်တော်က အမြဲပြောပြရတယ်။ တကယ်လည်း ကံထူးတာပါ။ မိဘတွေလည်းရှိတယ်။ ကျေးမွေးနိုင်တဲ့အဆင့်လည်းရှိတယ်။ ကျေးမွေးချင်တဲ့သဒ္ဓါလည်းရှိတယ်။ ကျေးလည်းကျေးမွေးတယ်။ ကိုတင်ထွန်းရဲ့ကား အိမ်ဝိုင်းထဲဝင်လာရင် မိဘတွေဟာ လဲလျောင်းရာကထကာ ဝမ်းသာကြည်နူးနေကြတယ်။ တနလ်ာနေ့တိုင်း မြို့မစျေးထဲပိတ်တော့ကာ တနလ်ာတစ်နေ့နေ့မှာသွားကြတာပါ။ မိဘတွေဟာ တနလ်ာနေ့ရောက်ရင် ငါတို့သားကြီးများလာလေမလားဆိုတဲ့စိတ်နဲ့ မျှော်နေကြမှာအမှန်ပါပဲ။

၂၀၁၆ ထဲမှ ကျွန်တော် မန္တလေးမှာ တစ်လလောက်ကြာသွားတယ်။ ကိုတင်ထွန်းနဲ့ဖုန်းအဆက်အသွယ်တော့ မပြတ်ပါဘူး။ ဒီနေ့ ဘယ်ဘုရား၊ ဘယ်ကျောင်းရောက်တယ်၊ ဘာတွေလှူတယ် စသည်ဖြင့်ပြောနေကျပါ။ သူရဇမဂ္ဂင်းနဲ့ စာမူခရောက်ချိန်မှာတော့ ကျွန်တော် နေပြည်တော်ပြန်ရပါတယ်။ စာအုပ်စာမူခတွေထုတ်ဖို့ပါ။

မန္တလေးကရောက်ပြီး စာမူခကို ဇမ္ဗူသီရိမြို့ရဲ့ဗဟိုစာတိုက်ကြီးကထုတ်ပြီးတာနဲ့ မဝေးလှတဲ့မြို့မစျေးကိုခြေကျင်သွားပါတယ်။ အဲဒီမှာ မမြင့်မြင့်စန်းဆိုင်ကို အရင်ဆုံးဝင်နှုတ်ဆက်ဖြစ်ပါတယ်။

အဲဒီမှာ မမြင့်မြင့်စန်းက -

"စာရေးဆရာရေ၊ ကျွန်မဖြင့် ကောင်းကောင်းနေမကောင်းချင်ဘူး"

လို့ ပြောပါတယ်။

ဒါနဲ့ ကျွန်တော်က -

"အဝလွန်တော့ ဒီလိုပဲနေထိုင်ခက်တာပေါ့။ အဆီအဆိမ့်တွေလျှော့စားပါ။ ဟင်းသီးဟင်းရွက်များများစားပေးပါ။ ညစာကိုထမင်းမစားဘဲ သစ်သီးဖျော်ရည်တစ်ခုခုလုပ်သောက်ပါ။ ဒါဆို ဝိတ်ကျသွားမယ်"

လို့ပြောပြပါတယ်။

အဲဒီမှာ -

"ခက်တာပဲ၊ ကျွန်မကလည်း အဆီအဆိမ့်ဆိုအရမ်းကြိုက်တာ။ မြေပဲစေ့ဆိုကြိုက်သလားမမေးနဲ့။ မစားဘဲ မနေနိုင်တာကခက်တယ်"

လို့ ဆိုပါတယ်။

ဝတ္တရားအရသာပြောရတာပါ။ ပြောလို့မရဘူးဆိုတာ သိပြီးသားပါ။ လူဆိုတာ အကြိုက်ကိုစွန့်နိုင်ခဲတယ်။ အဲဒီအကြိုက်ကို အသေခံပြီး ကြိုက်ကြတာပါ။ အရက်ကြိုက်သူတွေဟာ အရက်သောက်ကြာလာရင် ဖောရွှေဖြစ်မယ်ဆိုတာသိသားပဲ။ ဒါပေမယ့် အသေခံပြီး သောက်ကြတာ လူတွေမရေတွက်နိုင်အောင်ရှိတယ်။ အပျော်အပါးမက်လို့ ပိုးကိုက်ပြီးသေမှုတွေ၊ ဆေးလိပ်နဲ့ကွမ်းကိုမက်လို့ ကင်ဆာဖြစ်ပြီးသေမှုတွေ၊ မူးယစ်ဆေးနဲ့ စိတ်ကြွဆေးတွေမက်လို့ ရာဇဝတ်မှုတွေ၊ ရှော့ခ်ဖြစ်ပြီးသေရမှုတွေကြုံရမယ်ဆိုတာ သူတို့သိကြပါတယ်။ ဒါပေမယ့် အကြိုက်ကိုအသက်ပေးပြီးတော့လုပ်သွားကြလေ့ရှိပါတယ်။ အသက်နဲ့လဲပြီး ကြိုက်တယ်လို့ဆိုရင်လည်းရပါတယ်။ မမြင့်မြင့်စန်းကျတော့ သူ့ရဲ့အဝလွန်ရောဂါနဲ့လုံးဝမတည့်တဲ့ အဆီအဆိမ့်ကို မက်မောတွယ်တာခြင်းပါပဲ။

အဲဒီလိုပြောရာမှာ အတန်အသင့်ဝသူဆိုရင် လမ်းလေးပုံမှန်လျှောက်ပေးပါဆိုတဲ့စကားထည့်ပြောမိမှာပါ။ မမြင့်မြင့်စန်းကျတော့ ပုတ်ကြီးလိုဝနေတာကြောင့် သူ့ခန္ဓာအတွင်းဘောကြီးကို သယ်နိုင်စွမ်းမရှိတော့ပါဘူး။ ဆယ်ကိုက်လောက်လျှောက်ရင်ပဲ ဟောဟဲဟောဟဲခတ်နေပါပြီ။ သူအများဆုံးလျှောက်တာက အိမ်နဲ့အိမ်ရှေ့ကားပေါ်၊ ပြီးတော့ အိမ်နဲ့အိမ်သာ ဒါလောက်ပဲတစ်နေ့တာလျှောက်နိုင်တော့တာ။ အိမ်သာတက်၊ ရေချိုး၊ မျက်နှာသစ်၊ သနပ်ခါးလိမ်းတာကအစ သူ့ရဲ့ကောင်မလေးတွေက ဝိုင်းလုပ်ပေးနေကြရတာပါ။ ဒါဟာအထိုင်များခြင်း၊ ငြိမ်ခြင်းရဲ့ရလာဘ်တွေပါ။

အံ့သြစရာကောင်းတာကတော့ ဒီလောက်ကြီးသာဝနေတာ ဇမ္ဗူသီရီအထူးကုဆေးရုံမှာစစ်လိုက်တော့ ဆီးချိုနှလုံး၊ သွေးတိုး စတဲ့သူဌေးရောဂါလက္ခဏာမှမရှိဘူး။ ကိုတင်ထွန်းကမှသွေးတိုးရှိပါသေးတယ်။ အဲဒီမှာ လမ်းလျှောက်ပေးပါလို့ညွှန်တာကြောင့် လမ်းလျှောက်စက်ဝယ်ပါတယ်။ သူလည်းတက်လိုက်

www.burmeseclassic.com

www.burmeseclassic.com

ရော စက်ကမရှုန်းနိုင်တော့ပါဘူး။ ဒါနဲ့ပဲ ပိုက်ဆံသာကုန်သွားတယ် လမ်းက မလျှောက်ဖြစ်တော့ပါဘူး။နောက်တော့ စီရာဂျင်တစ်လုံးတယ်ပါတယ်။ သိန်း (၃၀) ကျော်ကျပါတယ်။ တစ်ခါမှတောင်မသုံးလိုက်ရသေးဘူး။ အိပ်မျော်ရာကနေ သေဆုံးသွားခဲ့ခြင်းပါပဲ။

အကြိုက်ကိုအသက်ပေးပြီးကြိုက်တယ်ဆိုရာမှာ မမြင့်မြင့်စန်းကလည်း သက်သေပြုပါတယ်။ ဘာလို့လဲဆိုတော့ မမြင့်မြင့်စန်းက အဆိမ့်သိပ်ကြိုက်ပါတယ်။ အဆိမ့်ကြိုက်တော့ကာ ပဲမြစ်တစ်ပိဿာဝယ်ပြုတ်ပြီး တစိမ့်စိမ့်စားတော့တာပါ။ ပဲမြစ်က အဆိမ့်ပေကိုး။ အဲဒီလို သရေစာပဲမြစ်ကိုတစ်ပိဿာစားပြီးတော့ကာ ဘာဆိုဘာမှမစားချင်တော့ပါဘူး။ အဲဒီကစပြီးတန့်နဲ့နဲ့နေမကောင်းချင်သလိုဖြစ်တာပါ။ ဒါကို စိုးရိမ်လို့ ကိုတင်ထွန်းက ဇလွန်သီရိဆေးရုံကြီးကို သွားရအောင်ဆိုတော့ ငါဘာမှမဖြစ်ပါဘူးဆိုပြီးငြင်းခဲ့ပါတယ်။ သူ့ကို လူတွေတွဲပြီးသွားရတာ သူက အင်မတန်ရှက်တာကြောင့်ငြင်းဆန်ခြင်းပါပဲ။ ဒီနေ့ကစ မမြင့်မြင့်စန်း စျေးမထွက်ပါဘူး။ ကိုတင်ထွန်းနဲ့ သူသားပဲထွက်တာပါ။ ဆန်ပြုတ်နည်းနည်းသောက်ပြီး ငါအိပ်လိုက်ဦးမယ်ဆိုပြီး ဘယ်ဘက်ကို စောင်းပြီးအိပ်လိုက်တာပါ။ ခဏနဲ့အိပ်ပျော်တာပါပဲ။ ဒါပေမယ့် သူ့ကိုမြုစုတဲ့မီးမီးက အစ်မအိပ်ပျော်ရင် ဟောက်နေကျပဲ။ ခုဟာကမဟောက်ဘူးဘဲဆိုပြီး ကြည့်လိုက်တော့ မမြင့်မြင့်စန်းဟာအိပ်ပျော်လျက်သေဆုံးနေခြင်းပါပဲ။ နှလုံးအိမ်ကို ဖိမိပြီး နှလုံးခုန်ရပ်ကာ ဆုံးပါးသွားရခြင်းပါ။

ကျွန်တော်ကတော့ မမြင့်မြင့်စန်းရဲ့အလွန်ကြီးမားတဲ့ရုပ်ကြွင်းအတွက်ကြီးကိုကြည့်ကာ သေခြင်းတရားကို ဆင်ခြင်သုံးသပ်နေမိပါတယ်။ သြော်-လူဆိုတာ သေချင်ရင်ခဏလေးပဲလို့တွေးနေမိပါတယ်။ အသက် (၅၉) ဆိုတာ အားကောင်းမောင်းသန်အရွယ်ကောင်းပါ။ သူတို့ညီအစ်မဘုန်းကြီးကြသော်လည်းအသက်မရှည်ကြပါလား လို့လည်းတွေးနေမိပါရဲ့။ လူဆိုတာ စည်းစိမ်ဥစ္စာပြည့်စုံနေရုံနဲ့လည်းမပြီးပါဘူး။ ကျန်းမာရေးကလည်းပြည့်စုံမှသာ စည်းစိမ်ကို ခံစားနိုင်တာပါ။ ဒါနဲ့ ကိုတင်ထွန်းကို ဘယ်နေ့သြို့ဟ်မလဲလို့ မေးမိပါတယ်။ သူတို့ရဟန်းခံထားတဲ့ ဦးပဉ္စင်းကိုစောင့်ရဦးမှာမို့ (၃) ရက်ထားမြို့မှသြို့ဟ်မယ်လို့ပြောပါတယ်။ ဒီလိုရက်ထားတာ ကျွန်တော်တို့ဆီမှာအလွန်ရှားသွားပါပြီ။ ဒီနေ့သေဒီနေ့ချ၊ မိုးချုပ်မှ သေရင်တော့ နောက်နေ့ချစနစ်နဲ့ စည်ပင်နာရေးကားက ကွင်းကြီးသုသာန်ကိုပို့ပေးခြင်းပါ။

မကြာလိုက်ပါဘူး၊ရုပ်ကလာပ်ကို မပုပ်အောင်ဆေးထိုးဖို့ ဆရာရောက်လာပါတယ်။ မျက်နှာမှာလိမ်းထားတဲ့ သနပ်ခါးတွေပြောင်စင်အောင်ရေနဲ့သုတ်ခိုင်းပါတယ်။ အဲဒါကြောင့် အဝတ်ရေဆွတ်ပြီးသုတ်ပေးရပါတယ်။ ဒီရဲ့မပုပ်တဲ့ဆေးက မွေးနံ့နဲ့လုံးဝမတည့်ဘူးဆိုဘဲ။ သနပ်ခါး၊ ရေမွေး၊ အမွေးနံ့ပါတဲ့ စံပယ်ပန်း၊ နှင်းဆီပန်း၊ ခရေပန်း၊ ရွှေပန်း၊ ငွေပန်းဆိုတဲ့ရနံ့ပန်းတွေနဲ့လည်း မတည့်ဘူးတဲ့။ ပြီးတော့ ခြင်ဆေးခွေတွေဘာတွေနဲ့လည်းမတည့်ဘူးဆိုဘဲ။ အဲဒီရနံ့တွေရရင် ဆေးအာနိသင်ပြယ်ပြီး ချက်ချင်းပုပ်တော့တာဆိုကိုး။ မပုပ်ဆေးဆာရာပြန်သွားပြီး ခဏနေတော့ အဲယားကွန်းအခေါင်းက ရောက်လာပါတယ်။ အဲယားကွန်းအခေါင်းထဲကို ယောကျ်ားရင့်မာအားကောင်းမောင်းသန်(၈)ယောက်မမှနိုင်ပါတယ်။ မမြင့်မြင့်စန်းကတော့ အဲယားကွန်းအခေါင်းထဲမှာ ထာဝရအိပ်စက်အနားယူသွားပြီ ဖြစ်ပါတယ်။

ကျန်ရစ်သူတွေမှာတော့ အံ့ဩလုံးကြွကာ လူလုံးမလှဖြစ်ရတာပေါ့လေ။ မမြင့်မြင့်စန်းဆိုတာက ဒုက္ခရောက်သူလူတကာကို ကူညီလေ့ရှိတာကြောင့် ချစ်သူခင်သူမိတ်ဆွေတွေပေါများလှပါတယ်။ အဲဒါကြောင့် သုံးရက်လုံးလုံး ဟိုလူကလာလိုက်၊ ပြောလိုက်ဆိုလိုက်၊ အော်ငိုလိုက်၊ ဒီလူကလာလိုက် ပြောလိုက်ဆိုလိုက် အော်ငိုလိုက်နဲ့ မျက်နှာကြီးအသုဘဖြစ်တော့ကာ ငိုချင်းသည်တွေပေါလှပါတယ်။ ဒီအခါ ကိုတင်ထွန်းနဲ့ သူသမီးစန္ဒီမင်းထွန်းတို့မှာ ငိုချင်ရက်လက်တို့ဆိုတာလို မျက်ရည်ကျကြရပါတယ်။ ဒါတွေမြင်နေရတော့ စိတ်မကောင်းတာ အမှန်ပါ။

ဟုတ်တယ်လေ၊ အိပ်ရာထဲလဲနေတာမျိုး၊ ရက်ရှည်လများဖျားနာနေတာမျိုးမဟုတ်ဘဲ ရုတ်တရက်ကြီးသေဆုံးသွားတော့ကာ ခံစားကြရပေမပေါ့။ လူဆိုတာ ဒီလိုပဲသေဆုံးတတ်တာမျိုးလေ။ သားဖြစ်တဲ့ ဇေယျာမင်းထွန်းဆိုရင် ဘယ်လိုမှ မျှော်လင့်မထားတာကြောင့် ဘာမှမစားနိုင်တော့သလို ဘယ်သူ့ကိုမှလည်း ဘာမှမပြောတော့ပါဘူး။ ဖွဲ့မီးလို တဝွေ့ဝွေ့လောင်ကျွမ်းကာခံစားနေရခြင်းပါပဲ။ ဒီကြားထဲ ကိုတင်ထွန်းကလည်း ခါးကြောလွဲကာ အကြောပါရဂူနဲ့ ကုသနေရတာပါ။

အသုဘချတဲ့နေ့မှာ မျက်နှာကြီးအသုဘဆိုတော့ စည်သလားမမေးနဲ့။ ကားအစီးရေ (၆၀) ကျော်လောက်ရှိမယ်ထင်ပါရဲ့။ နည်းတဲ့ကားတန်းကြီးမဟုတ်ဘူး။ ကျွန်တော်နဲ့မွတ်တားတို့ဟာလည်း မမြင့်မြင့်စန်းရဲ့နောက်ဆုံးခရီးကိုလိုက်ပို့ပေးကြပါတယ်။ သံယာစင်ရှေ့ အုတ်ခုံပေါ်တင်ထားတဲ့ကြီးမားတဲ့ရုပ်အလောင်းကို နောက်ဆုံးကြည့်ခြင်းနဲ့ကြည့်ကြပါတယ်။ ပြင်ပလေထုနဲ့ထိတွေ့ရတဲ့အခါရုပ်ကလာပ်ဟာ စိမ်းဖန့်ဖန့်ဖြစ်လာပါပြီ။ အပုပ်ကောင်ဖြစ်တဲ့အတွက် အပုပ်နံ့တောင်စတင်ထွက်ခဲ့ပါပြီ။ အပုပ်ကောင်ရုပ်ဆောင်ထားတယ်ဆိုတာ တကယ်ပါပဲ။

မသေခင်ဟုတ်၊ သေရင်ပုပ်စက်ဆုပ်ဖွယ်ရာ တို့ခန္ဓာ။ မသေခင်ချစ်၊ သေရင်ပစ်၊ အနှစ်မပါတို့ခန္ဓာ။ မသေခင်သုံး၊ သေရင်မုန်း၊ ရွံမုန်းဖွယ်ရာ တို့ခန္ဓာ ဆိုပြီးတော့ကာ တဒင်္ဂတော့သံဝေဂတွေဖြစ်နေမိတာပေါ့။ ထာဝရဖြစ်ဖို့ဆိုတာကျတော့ တယ်မလွယ်ပါဘူး။ အသုဘကြုံမှသာ စက်ဆုပ်ဖွယ်သော အသုဘကို အသုဘကမွဲဌာန်းစီးဖြန်းမိတာကိုး။ ပုထုဇဉ်ပေကိုးဗျ။

ဒီလိုနဲ့ ရက်လည်နေ့ရောက်ပါတယ်။ အသံပေးခြင်း၊ အနှံ့ပေးခြင်း အိုပ်မက်ပေးခြင်း စတာတွေကင်းရှင်းပါတယ်။ အသုဘကုဋေလုံးဝလက်မခံပါဘူး။ လစဉ် မမြင့်မြင့်စန်းဆုံးတဲ့ (၆) ရက်နေ့ရောက်တိုင်း တစ်လပြည့်၊ နှစ်လပြည့်စသည် ဘုန်းတော်ကြီးကျောင်းတွေမှာ မမြင့်မြင့်စန်းကို ရည်စူးပြီး ဆွမ်းလှူကာ လူတွေဖိတ်ကြားပြီး တရားနာ ရေစက်ချအမျှဝေလေ့ရှိပါတယ်။ မမြင့်မြင့်စန်းကို ရည်စူးကာ ကိုတင်ထွန်းဟာ ဘုရားတည်ကျောင်းဆောက်နေရာမှန်သမျှ အကုန်လုံးဝင်ကာ ယနေ့ထိလှူပေးနေဆဲပါပဲ။ (၂၅) ကြိမ်မြောက်ငွေရတုကထိန်တောင်မှ သူမျှော်မှန်းသလိုခင်းမသွားနိုင်ရှာပါဘူး။ ကျွန်တော်ကတော့ သူ့ရဲ့နာရေးယပ်တောင်လေးကိုင်ကာ သတိတရရှိနေမိပါရဲ့။

ကိုဓာတ်ထွန်းမိသားစုသို့အမှတ်တရ
ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး

www.burmeseclassic.com

www.burmeseclassic.com



မောင်သန်းဆွေ
(တေးဝယ်)

ဒေဒင်နှင့်ယတြာ

ယခင်လ 'မြန်မာတို့၏ လောကီပညာ' ဆိုသည့်ဆောင်းပါးကို ရေးသားခဲ့သည်။ ဗေဒင်နှင့်ယတြာသည် ဒွန်တွဲနေသည့် မြန်မာ့လောကီပညာပင်ဖြစ်သည်။ သို့ကြောင့် ထိုဆောင်းပါးတွင် ဗေဒင်နှင့်ယတြာအကြောင်းကို အကျဉ်းမျှဖော်ပြခဲ့ဖူးသည်။

■ ဗေဒင်

ဤစာလုံးသည် ဟိန္ဒူဝေဒမှ ဆင်းသက်သော ဝေဒင်္ဂပညာကိုဆိုလိုသည်။ ဝေဒင်္ဂပညာနှင့် ပတ်သက်၍ အိန္ဒိယမှ ကျမ်းများစွာကို လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံမှ ကျမ်းများစွာကို လည်းကောင်း မြန်မာမှုပြုခဲ့သည်။ ဗေဒင်ပညာကို အသုံးချ၍ ဟောပြောသော ဗေဒင်ဆရာသည် ပုဂ္ဂိုလ်တစ်ဦး၏အတိတ်ကိုလည်း၊ မှန်အောင်ဟောပြောနိုင်ပြီး အနာဂတ်ကိုလည်း ကြိုတင်တွက်ဆဟောပြောနိုင်သည်ဟု အဆိုရှိသည်။ ယနေ့တိုင် ဒေတ်စားထင်ရှားလျက်ရှိသောပညာရပ်ဖြစ်ပါသည်။

■ ယတြာ

ဗေဒင်ပညာနှင့်ဆက်စပ်နေသော အလုပ်ဖြစ်သည်။ ဗေဒင်အလိုရ ဒုက္ခတွေ့ရမည့်ဘေးကို ယတြာပြုလုပ်ခြင်းဖြင့်လုပ်ပေးနိုင်သည်။ သို့မဟုတ် ပေါ်လျော့သွားစေသည်။ 'ယတြာကောင်း မင်းလောင်းပျောက်သည်' ဆိုသည့် စကားပင်ရှိခဲ့ပါသည်။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းတွင်

ပုဂံဝန်ထောက်ဦးတင်က -

'ယတြာကျမ်း ဟူသည် မည်သည့်အကြောင်းဖြစ်လာပေါ် လာလျှင် မည်ကဲ့သို့ပြုလုပ်မှ ထိုသူ၏ရည်ရွယ်ရာ ဣဋ္ဌ၊ အနိဋ္ဌဖြစ်သော မဖြစ်မြောက်အောင် ပျောက်ပြေကိန်းကျေသည်ဟူသောအယူမျိုးပင်တည်း။ ထိုအယူမျိုးသည် ပုဂံအရည်းကြီးများက စသည်ဟူ၍ ဆရာကြီးများပြောကြားလေ့ရှိသည်။ အရည်းကြီးများ၏ကျမ်းမှလည်း ပုဒ္ဓဘာသာဝိနည်းလာ အာပတ်ဖြေနည်း၊ ဟိန္ဒူကျမ်းဂန်၊ သက္ကတဘာသာလာအာပတ်ဖြေ၍ ရေငုပ်နည်း၊ ရေချိုးနည်းများကို အံတုယူ၍ ဆင်ယူယိုးမှားရေးသားထားသော ကျမ်းမျိုးပင်တည်း။ ထိုယတြာကျမ်းမျိုးကို ရှေးအခါက မြန်မာ၊ မွန်၊ ထိုင်း၊ ရခိုင်၊ ကသည်း၊ ရှမ်း၊ ယွန်း (လာအို) များသည် အားကြီးယုံကြည်လိုက်နာကြသည်။'

ဟု ရေးသားခဲ့ကြောင်း၊ အိန္ဒိယမှ ဟိန္ဒူအယူအဆနှင့် တိဗက်တို့၏အယူအဆပြုမူပုံတို့ကို ကျန်အရှေ့တောင်အာရှနိုင်ငံများက လိုက်နာကျင့်သုံးကြခြင်းဖြစ်ပြီး ယတြာနှင့်ပတ်သက်၍ ရှေးက ဆိုရိုးစကားမှာ 'ကောင်းစာလိုသော် ကိုယ့်နာမ်ကိုဘုရားထု'၊ 'ယုတ်စေလိုသော် နာမ်ကို တံတားမြှ' ဟူ၍ဖြစ်သည်ဟု ရေးသားဖော်ပြခဲ့ပါသည်။

အိန္ဒိယနိုင်ငံ ရှေးပဝေသဏီက လောကီစာန်အဘိညာဉ်ရရှိသည့် ရသေ့ကြီးများသည် လောကလူတို့အကျိုးငှာ ဗေဒင်ကျမ်းများကိုဟောကြားခဲ့သည်ဟု ဗြာဟ္မဏဝါဒီ(ဟိန္ဒူဘာသာ)ကဆိုသည်။ ထိုပညာများသည် မြန်မာနိုင်ငံဘက်သို့ ပျံ့နှံ့လာခဲ့ခြင်းဖြစ်သည်။ ယင်းပညာရပ်တို့သည် ကံ၏အရိပ်နိမိတ်ကိုဆွဲလာအကဲခတ်၍ အကောင်း၊ အဆိုး၊ အကြောင်းအကျိုးကိုဟောပြောခြင်းသာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ လှေနံဘေးထစ်မယူဆနိုင်။ ကမ္မသကာ(ကံတရား)ကြောင့်ဖြစ်သည်ဟု ယူဆခြင်းသည်သာ မှန်ကန်သော အယူအဆဖြစ်သည်။

သို့ရာတွင် ရှေးမြန်မာမင်းများလက်ထက်က အဆိုပါပညာရှင်များကို အလေးထားသည်။ ပွဲကျောင်းဆရာတော်များကို လောကီအတွက်ကိုးကွယ်သည်။ ထေရဝါဒရဟန်းတော်များကို သံသရာအကျိုးအတွက် ကိုးကွယ်သည်။ ထေရဝါဒရဟန်းတော်များ၊ ဗေဒင်ဟောခြင်း၊ ယတြာပြုလုပ်စေခြင်းများပြုလုပ်ပါက ဝိနည်းဒေသနာနှင့်မကိုက်ညီဟုဆိုသည်။ ထို့ကြောင့် တစ်ခါတစ်ရံရှေးကပင် ထိုကဲ့သို့သောရဟန်းများကို သာသနာသန့်ရှင်းရေးပြုလုပ်သည်ကိုတွေ့ရပါသည်။ ဟံသာဝတီဘုရင့်နောင်မင်းတရားကြီး၏ သားတော် ငါးဆူဒါယကာနန္ဒဘုရင်လက်ထက်တော်တွင် သာသနာသန့်ရှင်းရေးပြုလုပ်ခဲ့သောကြောင့် ဗားမဲ့ဆရာတော်သည် အညာသို့ထွက်သွားခဲ့ရာ ညောင်ရမ်းမင်းသားကြီးမောင်သစ္စာက ပင့်ဆောင်ကိုးကွယ်ထားသည်ဟု ဆိုသည်။ ၎င်း၏တပည့်ရှင်မုံယိုသည်လည်း ဟံသာဝတီမှတောင်ငူ (ကေတုမတီ) သို့ သွားရောက်ခိုအောင်းနေရသည်ဟုဆိုသည်။

နန္ဒဘုရင်လက်ထက်တွင် ဟံသာဝတီပျက်၍ မြန်မာနိုင်ငံကြီး ဝါးအစည်းပြေသွားသို့ဖြစ်ခဲ့ရသည်။ ဤတွင် ဘုရင့်နောင်၏သားတော် ညောင်ရမ်းမင်းသားကြီးမောင်သစ္စာသည် မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်ထူထောင်ရန်ကြိုးပမ်းရင်း ရှမ်းသိန်ဖိုသို့ချီတက်စဉ် မကျန်းမာ၍ကံတော်ကုန်ရသည်။ သားတော်ကြီး သခင်လတ်ကဆက်၍ဆောင်ရွက်သည်။ သခင်လတ်သည် အထက်မြန်မာနိုင်ငံတစ်လွှားကိုစည်းရုံးပြီးနောက် ပြည်မြို့ကိုလုပ်ကြံသည်။ ပြည်မြို့ကို အောင်မြင်သောအခါ ရှင်တစ်ဆူလူတစ်ယောက်သာရသည်ဟုပြောသည်။ ရှင်တစ်ဆူကား တောင်ဖီလာဆရာတော်ဖြစ်သည်။ လူတစ်ယောက်ကား အမတ်ငထင်ငယ်ဖြစ်သည်ဟု ရာဇဝင်၌ဖော်ပြထားသည်။

ပြည်မြို့ကိုရပြီးနောက် တောင်ငူ (ကေတုမတီ) ကို ဆက်လက်လုပ်ကြံရမည်။ တောင်ငူဘုရင်နတ်ရှင်နောင်သည် စစ်ရေး၌ထက်မြက်သည်။ အယုဒ္ဓယကို ချီတော်မူရာတွင် နန္ဒဘုရင်နှင့်အတူ လိုက်ပါခဲ့ဖူးသည်။ နောက်တစ်ကြိမ် အိမ်ရှေ့စံမင်းကြီးစွာနှင့်အတူချီရာတွင် လည်းလိုက်ပါခဲ့သည်။ မင်းကြီးစွာစိန်ပြောင်းသင့်၍ ဆင်ထက်ကကျသည်။ နတ်ရှင်နောင်သည် ဥပေါသထဆင်ကိုစီး၍ ရန်သူများကို အပြင်းတိုက်ကာ အိမ်ရှေ့မင်း၏အလောင်းကိုကောက်၍ပြန်ခဲ့လေသည်။ ထို့ကြောင့် သခင်လတ်သည် နတ်ရှင်နောင်နှင့် စီးချင်းထိုးရန် ဝန်လေးနေသည်။ တောင်ငူကိုဝိုင်း၍သာထားသည်။ ဤတွင် ဗားမဲ့ဆရာတော်၏ အစီရင်ကိုပြောရန်လိုသည်။ ဗားမဲ့ဆရာတော်က တောင်ငူမြို့၏ဂဟပတိအရပ်ဖြစ်သော အရှေ့မြောက်အရပ်ရှိခတက်ပင်ကို ရှုအောင်ရှာခိုင်းသည်။ တောင်ငူသားများကလဲ့သည်း ခတက်ပင်များကိုခုတ်ပစ်သည်။ ထင်းပုံတစ်ပုံတွင် ခတက်သားတစ်ချောင်းမှာ အတက်ထွက်၍နေသည်ကိုတွေ့ရသောကြောင့် ယူ၍မြေမှာစိုက်ပြီးလျှင် ရွှေရည်ငွေရည်လောင်းကာ ဆေးဝါးဂါထာမန္တန်တို့ဖြင့် စီရင်ပေးသည်။ တောင်ငူနှင့်ခတက်ကက်ကင်းမာတ်ကိုယူ၍စီရင်ခြင်း ဖြစ်သည်။ ပြီးလျှင် ဆရာတော်က အခန်းတွင်းမှ ဦးထုပ်ကိုဆောင်း၍ထွက်လာကာ အပြင်ရောက်သောအခါ ဦးထုပ်ကို ချွတ်ပြီး ကြမ်းပေါ် သို့ပစ်ချလိုက်သည်။ ရဟန်းဖြစ်နေ၍ ဥပါယ်တံမျဉ်ဖြင့်ပြောခြင်း ဖြစ်သည်။ တောင်ငူမြို့တော်စောညီနောင်ဘုရားထီးတော်ကိုချခိုင်းဖြစ်သည်ဟု နားလည်ကြသဖြင့် ထီးတော်ကိုချသည်။

ဤတွင် နတ်ရှင်နောင်၌ အနာရောဂါဖြစ်နေသဖြင့်မတိုက်နိုင်။ညီတော်သုံးပါးက ထွက်တိုက်မည်ဟုပြင်ဆင်နေကြသည်။ဆရာတော်ကြီးများက မေတ္တာရပ်ခံကြ၏။ စေ့စပ်ပေးကြသည်။ သို့နှင့် သဘောတူညီချက်ရကာ နတ်ရှင်နောင်နှင့် သခင်လတ်တို့ တွေ့ဆုံကြသည်။ နတ်ရှင်နောင်ကို ဝေါနှင့်ထမ်းလာသည်။ ယာယီစံနန်းအတွင်းသို့ရောက်သောအခါ သလွန်ထက်၌ လျောင်း၍နေစေသည်။ တစ်မောင်းခန့်အကြာတွင် သခင်လတ်သည် ရွက်ရှင်တံခါးကိုတွန်းဖွင့်ကာ ဝင်လာ၍ပြောသည်။

"ဘယ့်နယ်လဲ နောင်တော်ဘုရား၊ ဆင်စီးချင်းတိုက်ဖို့လာပါသည်။ ယခုမတိုက်ရပါ"

ထိုအခါ နတ်ရှင်နောင်က ပြန်ပြောသည်။

"ဆင်စီးချင်းတိုက်ဖို့ဆန္ဒရှိပါသည်။ ကိုယ့်မှာ ရောဂါဝေဒနာရောက်နေ၍ ဆင်မဆိုနှင့်၊ မြင်းမျှပင်မစီးနိုင်ဖြစ်ရသည်။ သည်ဟာလည်း ညီတော်၏ဘုန်းကံကြောင့်ဖြစ်ပါသည်။ ညီတော်ကောင်းမည်ထင်လို့သာ စီမံပါတော့"

သခင်လတ်က နတ်ရှင်နောင်၏ဝေဒနာကိုကြည့်ရှုကာ -

"နောင်တော်ကို ချမ်းသာစွာနေပါစေ"

ဟု ဆိုသဖြင့် ပြန်ခေါ်သွားကြသည်။

ကေတုမတီထီးနန်းမှ ထီးကိုချ၍ မှန်ကင်းကိုတင်စေသည်။ နတ်ရှင်နောင်လက်အောက်ခံဘုရင်ဖြစ်သွားရသည်။

ဤတွင် ဗားမဲ့ဆရာတော်၏အစီရင် (ယတြာ) ကြောင့်ဟုဆိုသော်ဆိုနိုင်ပါမည်။ နတ်ရှင်နောင်တွင်လည်း ဧကရာဇ်ဖြစ်ရန် ဘုန်းကံမပါသောကြောင့်ဟုယူသော်ရနိုင်ပါမည်။ နှစ်ခုစလုံးပင်မှန်သည်ဟုပြောလိုကလည်းရပါသည်။

ညောင်ရမ်းမင်းဆက်နောက်ဆုံးမဟာဓမ္မရာဇဓိပတိ ဟံသာဝတီရောက်မင်းအကြောင်းကို ဆက်၍ဖော်ပြပါမည်။

ခမည်းတော် တနင်္ဂနွေမင်းက ညီတော်ကို ထီးနန်းမပေးစေသဖြင့် ပုဂံသို့လွှတ်ကာ ဘုရင်ခံအဖြစ်နေစေသည်။ အသက် (၂၀) သာရှိသေးသော်သား တော်လေးအား မှူးမတ်များဆန္ဒကိုယူကာ အိမ်ရှေ့ခန့်သည်။ ထီးနန်းရလာသောအခါ အတွေ့အကြုံနည်း၍ ငယ်ရွယ်သူဖြစ်ရကား အမှားများပြုလုပ်လာသည်။ ၎င်း၏ စာသင်ဆရာ ငရွှေဖြိုးကို အလွန်အကျွံယုံကြည်ကာ ခိုးမြောက်သည်။

ညီတော် ပုဂံဘုရင်ခံ၏ ကိစ္စနှင့် ပတ်သက်၍ မကျေနပ်သူများသည် အောက်ပြည်သို့ထွက်ပြေးသွားရာ မွန်တို့နှင့်ပေါင်း၍ တစ်နေ့နေ့တွင် အင်းဝသို့လာရောက်တိုက်ခိုက်လေမည်ကို ဝန်ကြီးဦးပုကကြိုတင်သိ၏။ သို့နှင့် ကာကွယ်ရေးအတွက် 'ရဲဘော်တစ်ထောင်၊ နောင်တစ်ရာ' စီမံကိန်းကိုစီစဉ်ကာ အမြဲတမ်းစစ်တပ်ကိုဖွဲ့စည်းလေ့ကျင့်နေစေသည်။ ဤသည်ကို စာသင်ဆရာ ငရွှေဖြိုးကကဲ့နှန်းချောစကားပြောသည်ကိုယုံကြည်ကာ ဦးပုနှင့် အရာရှိကြီး (၅) ဦးကို ကွပ်မျက်ခြင်းဖြစ်သည်။

ဦးပုက -

"ငါနှင့် အရာရှိ (၅)ယောက်သေရသည်ထက် ငါတိုင်းပြည်ပျက်မှာကို သနားလိုက်ပါဘိသတဲ့"

ဟု ဆိုကာ ဖျဉ်လက်ဖုံး၍ငိုသည်။

www.burmeseclassic.com

www.burmeseclassic.com

ဟုဆို၏။

ဟံသာဝတီမင်းသည် အဆင်းနှင့် လည်းပြည့်စုံပါ၏။ စာပေပညာလည်း တတ်ပါ၏။ အနုပညာကိုလည်းလိုက်စား ပါ၏။ သို့ရာတွင် အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အမှားအမှန်ကိုဝေဖန် ပိုင်းခြားနိုင်သည့်ဉာဏ်ကနည်းပါးသော ကြောင့် အမှားကိုသာပြုမိသည်ကများ ကြောင်း ရာဇဝင်ဆရာတို့ကဆိုသည်။

ထို့ပြင် -

'ဝေဒင်လက်ရိုးပညာရှင်များကို အလေးဂရုမပြု၊ လက်ဆန်းပညာရှင် နဝင်း ကသစ်တတ်သူများကို အရေးပေး သဖြင့်လည်း အမှားအယွင်းဖြစ်ရသည်'

ဟုဆိုထားသည်။

ဝေဒင်္ဂပညာရှင်များက -

"စစ်တောင်းသို့ ကိုယ်တော်ပါရ မည့်ကိန်းရှိသည်"

ဟုထွက်ဆိုသဖြင့် စစ်တောင်းမှ မြေနှင့်ရေကိုယူခိုင်းသည်။ ဆင်တဲအရပ်ကို သာယာစွာ ရှင်းလင်း၍ နန်းတော်ငယ်ဆောက်ကာ အောင်ကျော်စံနန်း သမုတ်သည်။ စစ်တောင်းက မြေနှင့်ရေကို ဘိသိက်သွန်းရာတွင် ကြဖြန့်သည်။ ဝေဒင်္ဂပညာတွင် ယတြာပြုခြင်းဆိုသည်မှာ အတုပြုလုပ်ခြင်း (Imitation) ဖြစ်သည်။ စစ်တောင်းသို့ပါရမည်ကို မပါရအောင် စစ်တောင်းနှင့် မာတ်တူနံတူဆင်တဲ(အင်္ဂါ+စနေ)နံနေရာကို နန်းတော်အတုဆောက်၍ ခေတ္တစံတော်မူသည်။ စစ်တောင်းသို့ပါပြီဆိုသည့်သဘော အတုလုပ်ပြခြင်း ဖြစ်သည်။

'မာတ်ရိုက်မာတ်ဆင်ယတြာပြုခြင်းသည် ပညာရပ်တစ်ခုဖြစ်သည်။ မှန်မည်၊ မှားမည်ကို ဧကန်မပြောနိုင်။ လောကသစ်၊ နံသစ်ဆိုသည့်အတိုင်း ပညတ်ဖြစ်သောကြောင့် မှန်တုန်မမှန်တုန်ရှိမည်'

ဟု ရှေးဆရာကြီးများဆိုကြသည်။

၁၁၀၁ ခုနှစ်တွင် အောက်ရပ်မှ မွန်တပ်ကြီးခီလာ၍ အင်းဝကိုတိုက်လေရာ ကြိုးကြိုးပမ်းပမ်းတိုက်မည့်လူမရှိသောကြောင့် စစ်ရေးနိမ့်ရလေသည်။ မဟာဓမ္မရာဇာဓိပတိမင်း ဟံသာဝတီသို့ပါတော်မူရသည်။ မင်းနှင့်တကွလူပေါင်းခြောက်ကျိပ်ကို ပဲခူး၊ စည်တီးချောင်း၊ စည်တီးရွာ မြစ်ဆိပ်တွင် ကတ္တီပါအိတ်နှင့် ရေချကွပ်မျက်ခြင်းခံရသည်။ စစ်တောင်းနှင့် မာတ်တူနံတူ (အင်္ဂါ+စနေ) ပင် ဖြစ်သည်။ စစ်တောင်းမှမလွန်ရာဘဲ စည်တီးမှာလွန်တော်မူရရှာသည်။

ဤသည့်သာဓကများကိုကြည့်သည့်အခါ ယတြာက မည်သို့ပင်စွမ်းသည်ဆိုစေကာမူ လူကလည်း ကြိုးစားသမှု လုံ့လဝီရိယလိုသေးသည်။ မြတ်စောညီနောင်ဘုရား၏ ထီးတော်ကိုချလိုက်ခြင်းအားဖြင့် ကေတုမတီနန်းတော်မှ ထီးတော်ကိုချလိုက်ရသည်မဟုတ်။ နဂို ကတည်းက သခင်လတ်သည် နတ်ရှင်နောင်နှင့် စီးချင်းထိုးရန် ဝန်လေးနေသည်။ နတ်ရှင်နောင်မကျန်းမာ၍ စီးချင်းမထိုးနိုင်စေကာမူ သူ၏ ညီတော်သုံးပါးကထွက်တိုက်ရမည်ဖြစ်သည်။ ဤသို့ပြုက နိုင်ချင်လည်းနိုင်မည်၊ ရှုံးချင်လည်းရှုံးမည်။ မျှော်လင့်ချက်ဆိုသည်မှာရှိသေးသည်။

မဟာဓမ္မရာဇာဓိပတိ ဟံသာဝတီသို့ပါတော်မူရခြင်းမှာလည်း ယတြာအားကိုးနေခြင်းဖြင့် မွန်တို့၏ ရန်ကိုတွန်းလှန်နိုင်မည်မဟုတ်။ ဝန်ကြီးဦးပု၏ စီမံကိန်းအတိုင်း အမြစ်တပ်ကိုဖွဲ့စည်းလှေကျင့်၍ စစ်အင်အားဖြည့်တင်းထားပါက မွန်တို့ကိုတွန်းလှန်နိုင်ကောင်းတွန်းလှန် နိုင်ပေမည်။

ပထမအင်းဝခေတ် ဘုရင်မင်းခေါင်နှင့် သားဓတာ ရွှေနန်းကျောရှင်တို့လက်ထက်တွင် ကန်တော်မင်းကျောင်းဆရာတော်သည် ထင်ရှားသည်။ 'ကန်တော်မင်းကျောင်းမေတ္တာစာ' နှင့် 'လောကသာရဆုံးမစာ' ရေးသားခဲ့သည်။

'ဂြဟသျန္တိ၊ ကျမ်းနှင့်ညှိ၍၊ ဗလိပူဇော်၊ ဂြိုဟ်ခေါ်ဂြိုဟ်နှင်၊ ဗေဒင်္ဂကိန်းခန်း၊ မန္တန်မန္တန်းလျက်၊ ကျယ်ဝန်းစက္ကာ၊ မဏ္ဍာလဟု၊ တစ်ရာ့ရှစ်ကွင်း၊ အင်းလည်းစီရင်၊ ဆင်တားဗိတာန်၊ တံခွန်အလျောက်၊ ဖြူနီဆောက်၍၊' ပယ်ဖျောက်ရန်ဘေး၊ ဆေးပေဉ္စကျောင်း၊ ဘိသိက်လောင်းလျက်၊ သူကောင်းသူမြတ်၊ လွတ်စေအနှာ၊ ဥပဒ်စွာလော့'

ဟု ဆရာတော်ကဆိုထားသည်။ ပြည်သူသတ္တဝါအပေါင်းတို့ မကောင်းသောဘေးဒဏ် အန္တရာယ်မကျရောက်စေရန် ဟူးရားကျမ်းတို့၏ အဆိုအမိန့်အတိုင်း ဂြိုဟ်ကြီးကိုးလုံးပူဇော်ခြင်း၊ အင်း၊ အိုင်၊ ဂါထာ၊ မန္တရားတို့ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်၍ ကျိန်းကျေစေခြင်း၊ ဦးခေါင်းဆေးလျှော်ခြင်း စသည်တို့ကိုပြုလုပ်ပါဟု ညွှန်ပြထားသည်။

မင်းကိုဆုံးမခန်းတွင် -

'ပြည်ထဲအရေး၊ ပေါက်နှင့်ကျေးသို့၊ ကြံတွေးလှည့်ကာ၊ မသိသာလည်း၊ ရေးရာမြော်မြင်၊ မဖြစ်ခင်က၊ တိုင်ပင်မပြတ်၊ မင်းမှူးမတ်နှင့်၊ ကျမ်းတတ်ဟူးရား၊ တတ်မြောက်မြားသား၊ ပုဏ္ဏားရဟန်းရှေ့တွင်ဝန်းလျက်၊ ကိန်းခန်းဒဿ၊ အခါမေးမြန်းကောင်း၏ဟူလည်း၊ ကျင့်မူမမှေ၊ အဓလေ့ဖြင့်၊ စောင့်စည်းရံတား၊ ကင်းသေထား၍၊ မြေခြားသူ၊ မလွန်စေနှင့်မင်း'

ဟုရေးထားသည်။

ဤစာအရ ကန်တော်မင်းကျောင်းဆရာတော်သည် လောကီပညာကိုအားပေးပုံရလေသည်။ ရှေးမင်းများကလည်း ဝေဒင်္ဂပညာရှင်များထားရှိ၍ အစစအရာရာတိုင်ပင်ကာ ဤရောက်မည့်ဘေးဥပါဒ်အန္တရာယ်ကို ကြိုတင်ကာကွယ်မှုပြုကြကြောင်းသိရသည်။ ဤကား လောကီအလို လောကပညတ်အရဆောင်ရွက်သည့်အစီရင်များဖြစ်သည်ဟု မှတ်ယူရမည်။

ထိုခေတ်မှာပင် ထင်ရှားကျော်ကြားသည့် ရှင်မဟာရဋ္ဌသာရဆရာတော်ကမူ ထေရဝါဒပေတံနှင့်တိုင်းဖြတ်၍ အဆိုပါ လောကီကိစ္စများကို အစွဲမထားရန် စတုဓမ္မသာရပ္ပိုဒ် -

'ယာယီယတြာ၊ ဇာတာအိပ်မက်၊ မပျက်မပြု၊ ထိုတစ်ခုကား၊ သိမှုတွေးဆ၊ ပညတ်မျှသာ၊ ကြောင်းရင်းစွာမှု၊ ကြမ်းဖြင့်ချည်း၊ ဖြစ်သတည်းဟု၊ ခမည်းယုံစေစိတ်မသွေလင့်၊ သတ္တေသတ္တာသတ္တဝါဟု၊ နာနာလောကအနန္တကို၊ ကမ္မသကာမှတ်ထင်ရာသည်၊ ယင်းသာဘူတဝါဒီတည်း'

ဟူ၍ ရေးသားထားသည်။

မဟာဓမ္မရာဇာဓိပတိသည် ရှင်မဟာရဋ္ဌသာရ၏အဆုံးအမကိုသာလိုက်ခဲ့ပါက မြန်မာရာဇဝင်တွင် ဟံသာဝတီပါမင်းဟူ၍ဖြစ်ခဲ့မည်မဟုတ်။ မြန်မာကိုသည်လည်း မည်သည့်အခါကမျှ မွန်တို့၏လက်အောက်သို့ ကျရောက်ခဲ့ဖူးမည်မဟုတ်ပေ။

မောင်သန်းဆွေ (ထားဝယ်)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သိသော ဗေဒင်ပညာ

မြန်မာလူမျိုးအတော်များများသည် ဗေဒင်ဆရာနှင့် အနည်းဆုံး တစ်ကြိမ် တစ်ခါတော့ ကြုံခဲ့ဖူးကြပါလိမ့်မယ်။ စာရေးသူကတော့ အကြိမ်ကြိမ်ကြုံခဲ့ဖူးရုံမက ကိုယ်တိုင်လည်း မတော်တဆခေါက်တွက်ကြည့်လေ့ရှိတတ်ပါတယ်။ ဘကြီးဖြစ်သူက တိုင်းရင်းမြန်မာဆေးဆရာတစ်ဦးဖြစ်တာမို့ အချို့လူနာများအား မွေးနေ့သင်္ကြာရာဇာမေးပြီး ဇာတာတွက်ပြီး ဆေးကုသပေးလေ့ရှိတာကို ငယ်စဉ်က တွေ့မြင်ခဲ့ရပါတယ်။ စပ်စုတတ်တဲ့ဝါသနာရှိတဲ့အလျောက် ထိုစဉ်ကတည်းက ဗေဒင်ပညာနဲ့ ရင်းနှီးခဲ့ပါတယ်။ စနစ်တကျ သင်ယူခဲ့ခြင်းမရှိတဲ့အတွက် ကောင်းစွာမတတ်မြောက်ခဲ့သော်လည်း ကြားဖူးနားဝရှိတဲ့အတွက် ဗေဒင်ပညာအပေါ်မှာ အထိုက်အလျောက် လက်ခံခဲ့ပါတယ်။

တိုင်းရင်းဆေးပညာအခြေခံသင်တန်းဘက်ရောက်စဉ်က ဗေဒနက္ခတ္တနယတွင် လူသားတို့ ရောဂါရခြင်းအကြောင်းနဲ့ပတ်သက်ပြီး နေလ (၂) ပါး၊ ဂြိုဟ်ကြီး (၉)လုံး၊ နက္ခတ် (၂၇) လုံးတို့ လှည့်ပတ်သွားလာမှုကြောင့် ဖြစ်ပေါ်လာရတဲ့ အယှာဉ် (၂) ပါး၊ ဥတု (၃) ပါး၊ ရတု (၆) ပါး၊ ရာသီ(၁၂)လီတို့ကို အကြောင်းခံပြီး သတ္တလောကအပေါ် အခံရခက်မှု အမျိုးမျိုး အဖုံဖုံ ဖြစ်ပေါ်လာခြင်းကို ရောဂါဟုခေါ်ဆိုကြောင်း သင်ယူမှတ်သားခဲ့ရပါတယ်။

မြန်မာလူမျိုးများသည် မိခင်ဝမ်းမှ ကံလေးတစ်ဦးမွေးဖွားလာသည်နှင့် ခုနှစ်၊ လ၊ ရက်၊ နေ့၊ နာရီ၊ မိနစ်တို့ကို သေချာစွာမှတ်သားပြီး ဇာတာရက်ချပ်ပြုလုပ်သော အစဉ်အလာရှိခဲ့ပါတယ်။ အမည်ပေးတင်ပွန်းတပ်ကစပြီး လော်ကီကီစွအမျိုးမျိုးဆောင်ရွက်ရာ၌ ဗေဒင်ကိန်းခန်းအရ တွက်ချက်ဆောင်ရွက်လေ့ရှိကြပါတယ်။

ဗေဒင်ပညာရပ်ဟာ မြတ်ဗုဒ္ဓ မပွင့်ထွန်းမီ ဗြာဟ္မဏဝါဒကြီးစိုးစဉ်က တည်းက မဇ္ဈိမဒေသမှာ ဝေဒပညာရပ်အဖြစ် အခိုင်အမာရှိခဲ့ပါတယ်။ ဗေဒင်ပညာရဲ့ မူလအစ ဝေဒပညာရပ်ဟာ လူယဉ်ကျေးမှုနှင့်အတူ ပေါ်ပေါက်လာခဲ့တယ်လို့ပင်ဆိုနိုင်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀) ကျော်ကတည်းက ဝေဒကျမ်းများကို ကောင်းစွာတတ်မြောက်တဲ့ ဗေဒင်ပညာရှင်အမြောက်အမြားပေါ်ထွက်နေကြောင်း ကပ္ပိလဝတ်ပြည့်ရှင်သုဒ္ဓါဒနမင်းကြီးရဲ့ နန်းတော်အတွင်းအငယ်ဆုံးပုဏ္ဏားပညာရှိ ကောဏ္ဍညက သိဒ္ဓတ္ထမင်းသားလေးကို ဘုရားစင်စစ်ကောန်ဖြစ်မယ်လို့ အတတ်ဟောခဲ့သည်ကိုထောက်ပြီးသိသာထင်ရှားလှပါတယ်။

မြတ်ဗုဒ္ဓအနေဖြင့် ဗေဒင်ပညာနဲ့ပတ်သက်ပြီး လက်ခံသင့်မသင့်ကို တိုက်ရိုက်ဟောကြားထားခြင်း မရှိပါ။ အကြောင်းကတော့ သံသရာမှ မလွတ်မြောက်နိုင်ဘဲ မဂ်ဖိုလ်ရကြောင်း အထောက်အပံ့မဖြစ်သည့်ပြင် အရိယာစခန်း၊



ချစ်ဝိုဂ် (မော်ကျွန်း)

www.burmeseclassic.com

အရိယာလမ်းမှလဲ့ခြင်း သွားစေနိုင်တဲ့အတွက် ဗေဒင်ပညာကို အံ့လေးထားပြီး မဟောကြားခဲ့ခြင်းဖြစ်တယ်လို့ယူဆပါတယ်။ ထိုကဲ့သို့ မဟောကြားခဲ့သော်လည်း ဗေဒင်ပညာကို ပြစ်တင်ရှုတ်ချခြင်းမပြုခဲ့ပါ။ လူသားတွေအနေနဲ့ မိမိတို့ရဲ့အသိဉာဏ်ကို မိမိတို့ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လွတ်လပ်စွာ အသုံးပြုခွင့်ရှိကြောင်း သိမြင်တော်မူခဲ့ပါတယ်။ သို့သော်လည်း လူသားတွေဟာ ဒီစွမ်းအားစုများရဲ့ကျေးကျွန်သဖွယ်မဖြစ်သင့်ကြောင်း၊ မိမိတို့ကြုံတွေ့ရတဲ့အခက်အခဲပြဿနာတွေကို မိမိတို့ကံ၊ ဥာဏ်၊ ဝီရိယစိုက်ထုတ်ပြီး ဖြေရှင်းရမှာဖြစ်ကြောင်း၊ လူမိုက်တို့သည် ကံကောင်းမည့်နေ့ကို အမြဲမျှော်လင့်သော်လည်း ထိုကံကောင်းခြင်းကို အမြဲလက်လွှတ်ရကြောင်း၊ လုံ့လဝီရိယသည်သာ ကံကောင်းခြင်းကိုဖြစ်စေသော နက္ခတ်ဖြစ်ကြောင်း ဇာတ်ကဝတ္ထုမှာ သတိပေး ဟောကြားခဲ့ပါတယ်။

လူတို့ရဲ့ရုပ်ခန္ဓာဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းလေးပါး အပေါ်မှာ တည်မှီနေပါတယ်။ ရောဂါဝေဒနာများဟာ ဥတု၊ အာဟာရဟူသော ရုပ်နှင့်စိတ်တို့၏ ဖောက်ပြန်မှုသဘောတွေဖြစ်ပါတယ်။ တစ်ခါတစ်ရံကံကြောင့်ဖြစ်တဲ့ရောဂါလည်းရှိတတ်ပါတယ်။ ကံဆိုတဲ့နေရာမှာ ပစ္စုပ္ပန်ကံတွေအပြင် အတိတ်ကဖြဲခဲ့ဖူးတဲ့ အကုသိုလ်ကံတွေက အကျိုးပေးတဲ့အခါ ဝဋ်နာကံနာအဖြစ်ခံကြရတာကို ကံကြွေးဆပ်တယ်လို့ နားလည်ယေးရမှာ ဖြစ်ပါတယ်။ အချို့ရောဂါတွေကတော့ တရားအလုပ်အားထုတ်လို့ သမာဓိတွေအားကောင်းလာပြီးတော့ ကိလေသာအပူမာတ်တွေ အထိုက်အလျောက် ကင်းပျောက်ကာ စိတ်အစဉ်ကြည်လင်လာတဲ့အခါ ရုပ်ခန္ဓာလည်း ကြည်လင်သန့်ရှင်းလာပြီး ရောဂါဝေဒနာသက်သာပျောက်ကင်းတဲ့သာဓကအမြောက်အမြားရှိကြပါတယ်။ဒါကြောင့် ဗုဒ္ဓအဆုံးအမဒေသနာတွေကို ဓမ္မသြဿဓမဟာဆေးတော်ကြီးအဖြစ် ခိုင်းနှိုင်းခြင်းဖြစ်ပါတယ်။

တစ်ခါတစ်ရံမှာတော့ အဖျားတွေ့ပယောဂကြောင့်မဟုတ်ဘဲ ဗဟိဒ္ဓပယောဂကြောင့် ရောဂါဝေဒနာဖြစ်စေတတ်တဲ့ အနှောင့်အယှက် တစ်စုံတစ်ရာကြုံရခြင်းမျိုးလည်းရှိတတ်ပါတယ်။ ဒီလိုအခါမှာ ဗေဒင်ပညာကို သင့်တင့်လျောက်ပတ်စွာ ပညာသားပါပါနားလည်ပါက အသုံးဝင်တဲ့ပညာတစ်ရပ်အဖြစ် လက်ခံနိုင်ပါလိမ့်မယ်။

ဗုဒ္ဓဘာသာအနေဖြင့် ကြီးမားကျယ်ပြန့်လွန်းတဲ့ စကြဝဠာကြီးမှာ စွမ်းအားတွေရှိတယ်။ ဒီစွမ်းအားကြီးက သက်ရှိ၊ သက်မဲ့အရာအားလုံးအပေါ်မှာ သက်ရောက်နေတယ်။ ဒီစွမ်းအားကြီးနဲ့ အတူ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ကံစွမ်းအားကလည်း သူ့ဘဝဖြစ်စဉ်ကို အဆုံးအဖြတ်ပေးတယ်လို့ လက်ခံပါတယ်။

ဗေဒင်ပညာရယ်လို့မပေါ်ပေါက်ခင် ရှေးခေတ်ဥူသားများ စတင်တွေ့ခေါ်လာတတ်တဲ့အချိန်ကတည်းက လူသားနဲ့ စကြဝဠာလောကကြီး ဘယ်ပုံဘယ်နည်း ဆက်စပ်ဖြစ်တည်နေပါလဲဆိုတာကို နက်နက်နဲနဲ စဉ်းစားဆင်ခြင်ခဲ့ကြပါတယ်။ လူအဖွဲ့အစည်းထဲမှာ အမဲလိုက်စားဘဝကနေ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လာတဲ့အခါမှာ နှစ်တစ်နှစ်အတွင်း နေရဲ့အနေအထားပြောင်းလဲမှုကြောင့် ရာသီဥတုမြောင်းလဲဖြစ်ပေါ်လာပုံကို သတိပြုမိလာပါတယ်။ အသိဉာဏ် ပိုမိုနက်ရှိုင်းလာတဲ့အခါမှာ နေသွားနေလာကို ကြိုတင်ဟောကိန်းထုတ်လာနိုင်ပါတယ်။ ဒီအခါမှာ အချိန်ကို တိုင်းတာနိုင်တဲ့ နာရီဟူသော ကိရိယာကို တီထွင်ပြီး အချိန်ကာလကို နှစ်၊ လ၊ ရက်၊ နာရီ၊ မိနစ်၊ စက္ကန့် စသည်ဖြင့် ပိုင်းခြားသတ်မှတ်လာနိုင်ပါတယ်။

ဒီလိုနဲ့ တစ်နှစ်တာအတွင်း နေနှင့် ဂြိုဟ်နက္ခတ်များလှည့်လည်နေပုံ၊ မိမိတို့ရဲ့ဘဝများဖြစ်တည်နေပုံတို့ကိုဆက်စပ်ပြီး ရာသီခွင်နှင့် လူသားတို့ရဲ့ဘဝဆက်စပ်နေတဲ့သဘောကိုဖော်ပြတဲ့ဇာတာခွင်ကို ဝေဒပညာရှင်များက ရေးဖွဲ့ခဲ့ကြပါတယ်။ ဗေဒင်ပညာရပ်ထဲမှာ လူဘဝနှင့်စပ်ဆိုင်တဲ့ အသိပညာတွေ၊ နားလည်မှုတွေ များစွာပါဝင်ပါတယ်။ ဂြိုဟ်နက္ခတ်များရဲ့လှည့်လည်နေပုံကို အတိအကျ တွက်ချက်လာနိုင်တဲ့အတွက် လူတစ်ဦးရဲ့အနာဂတ်ကံကြမ္မာအဆိုးအကောင်းကို အတိုင်းအတာတစ်ရပ်အထိ မှန်ကန်အောင် ခန့်မှန်းတွက်ချက်နိုင်ပါတယ်။ အလွန်ထက်မြက်ကျော်ကြားပြီး အမှန်တကယ်တတ်ကျွမ်းတဲ့ ဗေဒင်ပညာရှင်ကြီးတွေဟာ ရှေးခေတ်ကတည်းက အများအပြားပေါ်ပေါက်ခဲ့ကြသလို ယနေ့ခေတ်တိုင်ရှိနေကြဆဲဖြစ်ပါတယ်။ သို့သော်လည်း ဝမ်းနည်းစရာကောင်းတာက တတ်ယောင်ကားပေဒင်ဆရာတချို့ကြောင့် ဗေဒင်ပညာဟာ မျက်နှာပန်းမလှဖြစ်ရသလို လူအချို့ရဲ့အထင်သေးမှုကိုခံနေရခြင်းဖြစ်ပါတယ်။ ဒီလို ဆရာတုဆရာယောင်တွေဟာ လူတွေရဲ့မသိနားမလည်မှုနှင့် ကြောက်စိတ်အပေါ် အခွင့်အရေးယူ လိမ်ညာနေကြလို့ဆွမ်းဆန်ထဲကြွက်ချေးရောသည့်ပမာဖြစ်နေရပါတယ်။

ဆေးဆရာဝန်တစ်ဦးဟာ လူ့ရဲ့ခန္ဓာကိုယ်အတွင်းပိုင်းရုပ်အခြေအနေကို သိမြင်စေဖို့ ဓာတ်မှန်ရိုက်ပြီးကြည့်ရသလို ဇာတာကိုဖတ်ပြီး လူတစ်ဦးရဲ့စိတ်နေသဘောထားနဲ့ အနာဂတ်ကံကြမ္မာကို မှန်းဆပုံဖော်ကြည့်တာ ဗေဒင်ပညာရဲ့အဓိကရည်ရွယ်ချက်ဖြစ်ပါတယ်။ မိမိတို့ရဲ့အတွင်းစိတ်နှင့် အနာဂတ်ဘဝကို တစ်ကြိမ်တစ်ခါလောက် ထောက်ပြလိုက်ခြင်းဖြင့် ကိုယ့်ဘဝမှာ ပြုပြင်ဖို့ လိုအပ်ချက်တွေ၊ လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ဆောင်နိုင်တဲ့အတွက် ပိုမိုကောင်းမွန်တဲ့ဘဝကို ပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။ မိမိစိတ်ကို မိမိအမှန်အတိုင်း သိမြင်ခြင်းဟာ လူတော်လူကောင်းတစ်ယောက်ဖြစ်လာစေဖို့လမ်းစဖြစ်သလို ဗုဒ္ဓရဲ့အဆုံးအမအတိုင်း ကျင့်သုံးမယ်ဆိုရင် မြင့်မြတ်တဲ့ဘုံဘဝသို့ ရောက်စေမှာဖြစ်ပါတယ်။

လူသားတစ်ယောက်မွေးဖွားလာတဲ့အချိန်မှာ စကြဝဠာစွမ်းအင်နှင့် သူ့ရဲ့ကံစွမ်းအင်တွေက ကြိုတင်ပြီးပြဋ္ဌာန်းထားတယ်လို့ ဝေဒပညာရှင်တွေက လက်ခံထားကြပါတယ်။ ဒီအထဲမှာ ကံသတ္တိက ပြုပြင်ပေးလိုက်တဲ့ ရုပ်ဆင်းအဂီနှင့် လက်ဖဝါးပြင်အရေးအကြောင်းတွေလည်း ပါဝင်ပါတယ်။ လူတစ်ယောက် မွေးဖွားလာခြင်းဟာ ဘဝကို စတင်ဖြစ်ပေါ်လာတာမဟုတ်ဖျါ။ သူဖြစ်လာခဲ့တဲ့ဘဝပေါင်းများစွာအပေါ် အခြေခံပြီး ဆက်လက်ဖြစ်နေတဲ့ ကွင်းဆက်တစ်ခုသာ ဖြစ်ပါတယ်။ နောင်တွင်လည်း ကံသတ္တိတွေရှိနေသမျှ ဘဝတွေဆက်ကာဆက်ကာဖြစ်နေဦးမှာပါ။ ဒါကြောင့် ဘဝဆိုတာ မတော်တဆဖြစ်လာတာမဟုတ်သလို အကြောင်းမဲ့ဖြစ်လာတာလည်းမဟုတ်ပါ။ ဘဝဖြစ်တည်ပုံနှင့်ပတ်သက်လို့ မြတ်ဗုဒ္ဓက ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှာ ရှင်းလင်းပေါကြားထားပြီးဖြစ်ပါတယ်။

လူသားတစ်ဦးအနေဖြင့် အတိတ်ကာလများစွာက ပြုလုပ်ခဲ့တဲ့ကံသတ္တိစွမ်းအားများနှင့်အတူ ယခုပြုလုပ်ဆဲ

www.burmeseclassic.com

www.burmeseclassic.com

ကံသတ္တိနှင့် စကြဝဠာစွမ်းအားများက မည်သို့ပင်အုပ်စိုးနေပါစေ ယင်းတို့၏ နယ်ပယ်မှလွတ်မြောက်စေသောနည်းလမ်းကို လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀) ကျော်က မြတ်ဗုဒ္ဓကိုယ်တော်တိုင် ကျင့်ကြံအားထုတ်လို့ ထိုးထွင်းသိမြင်ပြီး ဟောကြားတော်မူခဲ့ပါတယ်။

သတ္တဝါများဟာ မိမိတို့ရဲ့ကံသတ္တိ၊ ကံစွမ်းအင်တွေကို ဘဝင်စိတ်မှာ သိုမှီးထားတဲ့သဘောရှိပါတယ်။ ဒီအထဲမှာ ကောင်းကံ၊ ဆိုးကံနှစ်မျိုးစလုံးပါဝင်ပါတယ်။ မကောင်းတဲ့ အကုသိုလ်တရားဆိုးတွေ ဆိုးညစ်တဲ့စိတ်တွေကို ဝိဇ္ဇာဟူသောအသိနှင့်စရဏဟူသောအကျင့်တို့ဖြင့် ဆန့်ကျင်ဖယ်ထုတ်ပြီး စိတ်ကို သန့်ရှင်းစင်ကြယ်အောင် လေ့ကျင့်ကြရပါတယ်။ ဒါကို မဂ္ဂင်လမ်းပေါ် လျှောက်လှမ်းနေတယ်လို့ဆိုပါတယ်။ စိတ်အစဉ်မှာ အကျိုးပေးဖွယ်ရှိတဲ့ ကံသတ္တိတွေကို လေးကြိမ်လေးခါ ဖယ်ရှားသုတ်သင်ပြီးပါက နောင်တစ်ဖန် ပဋိသန္ဓေနေရခြင်းကင်းသွားပြီဖြစ်ပါတယ်။ ပဋိသန္ဓေမနေရတော့တဲ့အတွက် ဘဝဖြစ်တည်မှုလည်း ပေါ်ပေါက်ရန် အကြောင်းမရှိတော့ပါ။ ဘဝဖြစ်တည်မှုမရှိတော့တဲ့အတွက် ဘဝမှာကြုံတွေ့ရမယ့် စိုးရိမ်သောကတွေ၊ မနှစ်သက်ဖွယ် ချို့ယွင်းချက်တွေ၊ ဒုက္ခဆင်းရဲတွေလည်း ပယ်ရှင်းပြီးဖြစ်သွားပါပြီ။ ကောင်းကံဆိုးကံများပြတ်သွားပြီဖြစ်လို့ ဘဝရှေ့ရေးနှင့်ကံကြမ္မာအဆိုးအကောင်းကိုဖော်ပြထားတဲ့ဇာတာဟောစာတမ်းလည်း မလိုအပ်တော့ပါပေ။ အကယ်၍ ဝဋ်ကြွေးတစ်စုံတစ်ရာကြောင့် လက်ရှိဘဝမှာ မနှစ်သက်ဖွယ် ဒုက္ခဆင်းရဲများကို ကြုံတွေ့ခြားသော်လည်း သစ္စာတရားကိုကောင်းစွာသိမြင်ပြီးသောကြောင့် ကိုယ်သာနာ၍ စိတ်မှာထိခိုက်မှုမရှိသည့်အတွက် ဘဝမှလွတ်မြောက်နေသူဟုဆိုရမှာ ဖြစ်ပါတယ်။ ယင်းကဲ့သို့ ဘဝမှလွတ်မြောက်နည်းကို မသိသေးသူ၊ မကျင့်သုံးသေးသူ၊ ကျင့်သုံးပါသော်လည်း မလွတ်မြောက်နိုင်သေးသူများအတွက် လောကမှာ ကြုံတွေ့ရတဲ့ အခက်အခဲများကိုဖြေရှင်းရာတွင် ပေဒင်ပညာရှင်များရဲ့အကူအညီကို ရယူနေကြရဦးမှာ ဖြစ်ပါတယ်။

လူတစ်ဦးနှင့်တစ်ဦး မွေးဖွားတဲ့အချိန်၊ နေရာ၊ အခြေအနေကွာခြားခြင်းကြောင့် စိတ်နေစိတ်ထားနဲ့ ဘဝအခြေအနေ မတူညီနိုင်သလို အချိန်နေရာ၊ အခြေအနေ အတူတကွမွေးဖွားခဲ့သော်လည်း ကံသတ္တိကွဲပြားတဲ့အတွက် ဘဝအခြေအနေလည်းခြားနားခဲ့ကြပါတယ်။ မည်သို့ပင်ဖြစ်စေ မိမိတို့လက်ရှိဘဝရဲ့အားနည်းချက်၊ ချို့ယွင်းချက်တွေကိုပြုပြင်ပြီး ပိုကောင်းအောင် ကြိုးစားအားထုတ်ခြင်းဖြင့် လူ့အဖွဲ့အစည်းထဲမှာ အသုံးကျသူတစ်ဦးအဖြစ်သို့ ရောက်ရှိနိုင်ပါတယ်။ တစ်ခါတစ်ရံမှာ မိမိခံစားနေရတဲ့ စိတ်ဆင်းရဲမှု၊ စိတ်အားငယ်မှု၊ စိုးရိမ်ကြောင့်ကြမှုတွေကို ရှင်းလင်းတဲ့အနေနဲ့ အရပ်ဒေသတစ်ခုခုဆီ ယာယီခရီးထွက်ခြင်း၊ ကောင်းမှုကုသိုလ်များပြုခြင်းဖြင့် ယတြာချေခြင်းအမှုကို ဆောင်ရွက်လေ့ရှိကြပါတယ်။

ဗုဒ္ဓအလိုတော်အရ မကောင်းမှုအပြစ်ဆိုတာ ဂြိုဟ်နက္ခတ်တွေထဲမှာရှိနေတာမဟုတ်ပါ။ ပေဒင်ပညာရှင်ကလည်း မိမိရဲ့ဘဝပြဿနာများကို အလိုအလျောက် ကင်းရှင်းသွားအောင် ဆောင်ရွက်မပေးနိုင်ပါ။ ဆေးဆရာဝန်တစ်ဦးဟာ လူနာရဲ့ရောဂါကို စမ်းသပ်ရှာဖွေဖော်ထုတ်ပြီး သင့်တော်တဲ့ဆေးဝါးဓာတ်စာကို ညွှန်ပြပေးရုံသာတတ်နိုင်ပါတယ်။ ရောဂါပျောက်ကင်းဖို့အတွက် ဆေးညွှန်းအတိုင်း ကိုယ်တိုင်သောက်သုံးရမှာဖြစ်ပါတယ်။ အလားတူစွာ ပေဒင်ပညာရှင်ဟာ ဂြိုဟ်နက္ခတ်တို့ရဲ့ အသွားအလာ၊ အနေအထား၊ လက်ဝါးပြင်အရေးအကြောင်းတွေနဲ့ချိန်ဆပြီး လူတစ်ဦးရဲ့ ကံဇာတာကို ဖော်ထုတ်ဟောကြားပေးရုံသာတတ်နိုင်ပါတယ်။ မိမိဘဝအဆင်ပြေအောင် မိမိရဲ့အပြောအဆို၊ အလုပ်အကိုင်၊ အမူအကျင့်တို့ကို အပြစ်ကင်းပြီး ကုသိုလ်စိတ်ဖြစ်အောင် ကြိုးစားခြင်းဖြင့် ကံကြမ္မာမြင့်တက်လာမှာဖြစ်ပါတယ်။ အခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် ယုံကြည်အားကိုးမှုလွန်ကဲပါက အမှားနှင့်ကြုံတွေ့ရတတ်တာကို သတိပြုကြရမှာဖြစ်ပါတယ်။ ပေဒင်ပညာရပ်ဆိုတာ လောကီပညာဖြစ်ပြီး ပညတ်တရားအပေါ် အခြေတည်ဟောပြောရခြင်းဖြစ်လို့ ရာခိုင်နှုန်းပြည့် တိကျသေချာမှုမရှိနိုင်ပါ။

အချို့သူများသည် ပေဒင်မေးခြင်းသာမက နတ်မေးမြင်းအမှုကိုလည်း ပြုကြလေ့ရှိပါတယ်။ မိမိတို့ကြုံတွေ့ရတဲ့ ပြဿနာအတွက် အကြံဉာဏ်ရဖို့၊ ဘာလုပ်ရမယ်ဆိုတာ သိဖို့အတွက် မိမိတို့နားလည်နိုင်စွမ်းထက်သာလွန်တဲ့ နတ်မေးခြင်းအမှုကိုပြုကြပါတယ်။ အချို့က ကျန်းမာရေးအတွက် မေးတာရှိသလို အချို့က စီးပွားဥစ္စာတိုးစေဖို့ နတ်တို့ရဲ့စောင့်ရှောက်မစမှုကိုလိုချင်လို့ မေးကြတယ်။ အချို့ကတော့ ပစ္စည်းပျောက်၊ လူပျောက်တာကို သိချင်လို့ မေးကြတာလည်းရှိပါတယ်။

မိမိတို့မမြင်တွေ့နိုင်တဲ့ နတ်တစ်ပါးပါးက နတ်ဝင်သည်ထံ ဝင်ပူးကပ်ပြီး မိမိတို့ကို အကြံဉာဏ်ပေးတယ်။ အကူအညီပေးတယ်လို့ ယုံကြည်ကြပါတယ်။ နတ်ပူးနေတဲ့အခါ သိစိတ်ပျောက်ပြီး ဘဝင်စိတ်နဲ့ လူပ်ရှားဆောင်ရွက်နေတယ်လို့ ယုံကြည်ကြပါတယ်။ ဘယ်သူ ဘယ်ဝါက ဘယ်လိုပူးကပ်ပြီးပြောနေတာဖြစ်ကြောင်းသိရန်စိစစ်ဖို့တော့ခက်ပါလိမ့်မယ်။ ဗုဒ္ဓဘာသာရဲ့ လုပ်ထုံးလုပ်နည်းများမဟုတ်ဘဲ ရိုးရာအစဉ်အလာယုံကြည်ကိုးကွယ်မှုဖြစ်တဲ့အတွက် ဝေဖန်ပြစ်တင်ရန် အကြောင်းမရှိပေ။ လောကီနယ်က လောကလူသားများရဲ့ လောကီကိစ္စများသာဖြစ်ကြပါတယ်။

မြတ်ဗုဒ္ဓရဲ့ အဆုံးအမကတော့ လောကမှ လွတ်မြောက်စေဖို့သာဖြစ်ပါတယ်။ အကယ်၍ နတ်တို့ပူးကပ်ပြီး ဟောပြောတဲ့အတိုင်း မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ဗုဒ္ဓဘာသာအနေဖြင့် ကန့်ကွက်ရန် အကြောင်းမရှိပါ။ အကြောင်းမူကား ကုသိုလ်ကံအမှုဖြစ်စေ၊ အကုသိုလ်ကံအမှုဖြစ်စေ ပြုလုပ်သူနဲ့သာ သက်ဆိုင်လို့ဖြစ်ပါတယ်။

ယင်းကဲ့သို့ ကံနှင့်ကံ၏အကျိုးကို ယုံကြည်လက်ခံခြင်းသည်ပင် ဗုဒ္ဓအဆုံးအမရဲ့အခြေခံကျင့်စဉ်အစဖြစ်ပါတယ်။ ဤယုံကြည်မှုကို အကြောင်းခံပြီးတော့ ဆက်လက်ကြိုးစားအားထုတ်ခြင်းဖြင့် ဉာဏ်စဉ်အဆင့်ဆင့် မြင့်တက်လာပြီး နောက်ဆုံးအဆင့်မှာ လောကမှလွတ်မြောက်တဲ့ဉာဏ်ပိုင်ရှင်အဖြစ်သို့ရောက်ရှိမှာ ဖြစ်ပါတယ်။ လောကမှလွတ်မြောက်သူဟာ ကံနဲ့ ကံစွမ်းအင်တို့ရဲ့ စိုးမိုးခြယ်လှယ်မှုမှ လွတ်မြောက်သူပင်ဖြစ်ပါတယ်။

သို့အတွက် လောကမှမလွတ်မြောက်သေးသူ စာရေးသူနှင့်တကွ လူပုဂ္ဂိုလ်အပေါင်းတို့ဟာ ဗုဒ္ဓအဆုံးအမဖြစ်တဲ့ မဂ္ဂင်ရှစ်တန် အကျင့်မှန်လမ်းအတိုင်း လျှောက်လှမ်းခြင်းဖြင့် ကံနှင့်ကံစွမ်းအင်တို့ရဲ့ လွှမ်းမိုးချုပ်ကိုင်မှုမှ ရုန်းထွက်ကြပါစို့လို့ ဆန္ဒပြုတိုက်တွန်းလိုက်ရပါတယ်။

ချစ်ဖို့ (မော်ကွန်း)

www.burmeseclassic.com

www.burmeseclassic.com

နိဒါန်း၏နိဒါန်း

စာရေးသူ ကျွန်ုပ်သည် ၂၀၁၈၊ မတ်လထုတ် သူရဋ္ဌမဂ္ဂဇင်း အတွဲ (၁၈)၊ အမှတ် (၃) တွင် ကျွန်ုပ်နှင့် သူယောင်မယ်ကျတ်ရွာသူအမည်ဖြင့် ဝတ္ထုအနေနှင့် ဖော်ပြခွင့်ရခဲ့လေ၏။ ထိုဝတ္ထုမှာ အခန်းဆက်အဖြစ် ဆက်ရန်အဖြစ်ပါခဲ့လေ၏။

ဤတွင် စာရေးသူ၏ အဓိကဇာတ်ကောင် အဘမိုးခေါ် ဦးကျော်မိုး အကြောင်းနှင့် ပတ်သက်၍ မိမိတွင် ပြောစရာရှိလာပါသည်။

အဘမိုးအကြောင်းကို သရုပ်ဖော်မိမှတော့ သူပါဝင်လှုပ်ရှားခဲ့သည့် ဆိုက်ခေါင် - ရွှေညောင်ရထားလမ်း ဖောက်စဉ် ကြုံခဲ့ရသည့် ထိတ်လန့်တုန်လှုပ်ဖွယ်ဇာတ်လမ်းကို မတင်ပြ၍မဖြစ်ချေတော့ပြီ။ ထိုဆန်းကြယ်သည့်ဇာတ်လမ်းတွင်လည်း အဘမိုးသည် ဇော်ထူးနှင့်အပြိုင် ဒုတိယဇာတ်ကောင်အဖြစ် ပါဝင်လှုပ်ရှားခဲ့ပါသေးသည်။

စာရေးသူဆိုလိုသည်မှာ အဘမိုး၏ ကျွန်ုပ်နှင့်သူယောင်မယ်ကျတ်ရွာသူကို သူရဋ္ဌမဂ္ဂဇင်းစာဖတ်ပရိသတ်ထံ တင်ပြမိမှတော့ သူနှင့်တွဲလျက် ယခုဇာတ်လမ်းကိုတင်ပြမှသာ တစ်စုံတစ်ရာသောအတိုင်းအတာအထိပြီးပြည့်စုံမည့် ဇာတ်လမ်းတစ်ပုဒ်ဖြစ်တော့မည်မဟုတ်ပါလော။

အခြားစကားနှင့်ဆိုရလျှင် စာရေးသူအစဖော်မိလိုက်သည့် အဓိကဇာတ်ကောင် ဇော်ထူးသည် ချစ်စွာသောစာဖတ်ပရိသတ်အဖို့ မျက်စိလည်ချင်စရာဖြစ်နေပါသည်။ ကျွန်ုပ်နှင့်သူယောင်မယ်ကျတ်ရွာသူဇာတ်လမ်းတွင် ဇော်ထူးမပါ။ မွေးတောင်မမွေးသေးဟု ကျွန်ုပ်

ညီရောင်

အမှန်သဘွေးစုပ်ဖုတ်ကောင်နှင့် ကိုယ်ယောင်ဖျောက်လှုသတ်သမားး

www.burmeseclassic.com

www.burmeseclassic.com

လားမသိ။ မည်သို့ပင်ဖြစ်စေကာမူ ဇာတ်ကောင်တို့မည်သည် ကျရာအခန်းကဏ္ဍတွင် ဘဝဇာတ်ဆရာအလိုကျကပြအသုံးတော်ခံခဲ့ရသည် မဟုတ်တုံလော။

သို့ဖြင့် စာရေးသူ ကျားပြီးဆွဲမိသလိုဖြစ်သွားရသည့်အတွက် တိုကျားပြီး

သည် ဇော်ထူးနှင့်အဘမိုးတို့၏ကိုယ်တွေ့ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ကို သူရဇာဖတ်ပရိသတ်သီးသန့်အတွက်ရည်ရွယ်လျက် ရေးဖွဲ့ဖြစ်ပါတော့သည်။ စာရေးသူဖော်ပြသည့်ဇာတ်လမ်းက ကိုးရိုးယားဇာတ်လမ်းတွဲတွေထဲမှာလို တချို့အဓိကဇာတ်ကောင်က နောက်ဇာတ်လမ်းတစ်ခုမှာ အရန်ဇာတ်ကောင်လိုဖြစ်နေမည်

ယူဆမိသည်။

ဇော်ထူးတို့တစ်တွေ ဘယ်လို သွေးစုပ်ဖတ်ကောင်မျိုးနဲ့တွေ့ခဲ့လဲ။ အဲဒီဇာတ်လမ်းထဲမှ သူယောင်မယ်ကျတ်ရွာသူ၏ အဓိကဇာတ်ကောင် မောင်မိုးကကော ဘယ်လိုအခန်းကဏ္ဍမှာ ပါဝင်ခဲ့သလဲ စသည့်အတွေးများက စာရေးသူ၏ ဝတ္ထုကိုဖတ်ဖူးလိုက်သည့် စာဖတ်ပရိသတ်များအနေနှင့် တွေးကောင်းတွေးမိကြမှာအမှန်ဖြစ်သည်။

သို့အတွက်ကြောင့် စာရေးသူ

www.burmeseclassic.com

ကိုမလွတ်ရဲဘဲ ဆွဲလက်စဖြင့်ပင် ယခု ဇာတ်လမ်းဖြစ်သည့် 'အမနုဿသွေးစုပ် ဖုတ်ကောင်နှင့် ကိုယ်ယောင်ဖျောက်လူ သတ်သမား' ဝတ္ထုကို ကြိုးစားရေးဖွဲ့ကာ တင်ဆက်လိုက်ရပေတော့၏။

■ ဇာတ်လမ်းတစ်ပုဒ်ရရှိခြင်း

တစ်နေ့သ၌ ကျွန်ုပ်သည် အလည် သွားနေကျ မူဂျာခေါ် မူဂျာဟိန်းအိမ်သို့ ရောက်ရှိလေ၏။ ဂမ္ဘီရမုဆိုးသို့တည်း မဟုတ် ထိုမူဂျာဆိုသူသည် ဂမ္ဘီရဆိုင်ရာ အစီအမံ၊ အမြုတေပစ္စည်းများနှင့်အတူ ထူးဆန်းအံ့ဖွယ် ဆန်းကြယ်ပေသည့် ဇာတ်လမ်းများကို ပိုင်ဆိုင်ထားသူဖြစ်လေရကား ကျွန်ုပ်သည် အခါအခွင့်သင့်တိုင်း မူဂျာအိမ်သို့ ရောက်နေလေ့ရှိ၏။ မူဂျာဇာတ်လမ်းများကလည်း ဂမ္ဘီရဇာတ်လမ်းပီပီ ပြောမဆုံးပေါင်တောသုံးတောင်လို့ပင် တင်စားလောက်သည်။

ထိုနေ့က ကျွန်ုပ်ရောက်ရှိပြီး မကြာမီမှာပင် မူဂျာအိမ်သို့ ဇော်ထူးဆိုသူပေါက်ချလာ၏။

အိမ်ပေါက်ဝသို့ဝင်ဝင်ချင်းမှာပင် ဇော်ထူးသည် ကျွန်ုပ်ကိုမြင်သည်နှင့် အလေးပြုဟန်ဆယ်ပေးပြီး ကျွန်ုပ်တို့ဝိုင်းတွင် ဝင်ထိုင်လိုက်လေ၏။

ထိုအချိန်က မူဂျာသည် ကျွန်ုပ်လာလျှင် ည့ဉ်ခံနေကျဇေယျဝတီရမ်တစ်လုံးနှင့် ရာသီအသီးအနှံများဖြစ်သည့် ရုံးပတီသီးမီးအုံးတစ်ပန်းကန်၊ ဝါဆိုမှိုအစိမ်းသုပ်နှင့် လွယ်ဆိုင်သီး (သဘာဝနောက်ချေးမြေဩဇာဖြင့်စိုက်ထား၍ အလွန်ချိုသည့်) နာနတ်သီးတစ်ပန်းကန်ကို ပကာသနမဖက်ဘဲ အမြည်းအဖြစ် ဖန်တီးထားလေ၏။

သီးနှံကြိုက်သည့်ကျွန်ုပ်အတွက် တမင်ဖန်တီးထားခြင်းသည်လည်းဖြစ်ပုံရသည်။ ကျွန်ုပ်လည်း ဓာတ်ပုံမိတ်ဟောင်းတစ်ဦးဖြစ်သည့် ဇော်ထူးကို အလျှူလက်ဖက်နှင့်မျက်နှာလုပ်ဆိုသလို လောကွတ်ပြုရင်း သောက်လက်စဖန်ခွက်ထဲသို့အရက်ကိုငဲ့ပြီး သူ့ရှေ့သို့ချပေးလိုက်သည်။

"ဟာ - ဆရာညိုမြင့်ကလည်း ကျွန်တော်အရက်မသောက်တတ်ဘူးဗျ။ အဲ- အမြည်းတော့စားတတ်တယ်ဟဲဟဲ"

ဇော်ထူးသည် အရက်ခွက်အား ကျွန်တော့်ရှေ့သို့ တွန်းပို့ပေးပြီး နာနတ်သီးပန်းကန်ထဲရှိ နာနတ်သီးတစ်စိတ်ကို အသင့်စိုက်ထားသည့် သွားကြားထိုးတံဖြင့် ထိုးကလော်စားလိုက်၏။

"ဒါထက် စာရေးဆရာ မူဂျာဆီလာတာဘာကိစ္စတဲ့"

"အင်း - မူဂျာဆီလာမှတော့ ရေးစရာကုန်ကြမ်းရှာရင်း အလည်သဘောလည်းပါတာပေါ့ကွာ"

"အဲ - ပြီးတော့ မင်းတို့အမှတ် (၆)ရွာက လေတပ်ထွက်(အငြိမ်းစားပင်စင်စား) လေကြောင်းဌာနက အရာခံဗိုလ်ဇော်မြင့်ရဲ့ဇနီး အန်တီချိုဆီလည်း သူပြောပြမယ့် သွေးစုပ်ဖုတ်ကောင်ဇာတ်လမ်းကို နားထောင်ရင်းဆိုပါတော့"

"တစ်ခါကပေါ့။ ငါလည်း ကင်းစောင့်ဖက် တပ်ကြပ်ဆရာတစ်ဦးဆီက သွေးစုပ်ဖုတ်ကောင် ဖြစ်ရပ်မှန်ဇာတ်လမ်းကို နားထောင်ပြီး စကားတိုက်ဆိုင်လို့ သူ့ကိုပြောပြမိတယ်။ လေတပ်ထွက်ချင်းဆိုတော့ အရင်ကတည်းက စားအိမ်သောက်အိမ်အနေနဲ့ ခင်ကြတာကိုး။ အဲဒီမှာ သူကလည်း သူ့အဖေအမေတွေတပ်ထဲမှာ ကြုံလိုက်ရတဲ့ တကယ့်သွေး စုပ်ဖုတ်ကောင်နဲ့ မျက်ဝါးထင်ထင်မြင်လိုက်ရတဲ့ သူ့ဇာတ်လမ်းကို ပြောပြတယ်။ အချက်အလက်တွေ အထောက်အထား အကိုးအကားတွေ စုနေရတာနဲ့ရေးတော့ မရေးဖြစ်သေးဘူး။ အခုကြုံတုန်းသွားမေးလိုက်ဦးမယ်လို့တော့ စိတ်ကူးထားတယ်။ အင်း- ငါဆိုတဲ့ကောင်ကလည်း သွားလေရာရာဒီသွေးစုပ်ဖုတ်ကောင်နဲ့ချည်းအကျိုးပေးနေလို့လားမသိပါဘူးကွာ။

ငါ့ကလောင်နာမည်ရဲ့နောက်မှာ ညိုရောင် (သွေးစုပ်ဖုတ်ကောင်) ဆိုပြီး ကွင်းစကွင်းပိတ်နဲ့ ညွှန်းရမလိုဖြစ်နေပြီ။ မင်းတို့ခေတ်မှာ မီမလားတော့မသိဘူး။ ဟိုးတုန်းက ရုပ်ရှင်မင်းသားဆိုရင် ယနေ့ကျော်ဆွေ၊ ယနေ့ကျော်ဟိန်းလို့ နာမည်တပ်သလို ဇော်ခင် (ချိန်းမိလေသောည/ရေပွက်ပမာ) လို့ နာမည်တပ်ပြသေးတာပဲ"

"ဟင် - ဒါဆို ညိုရောင် (သွေးစုပ်ဖုတ်ကောင်) လို့ နာမည်တပ်ရင်တော့ ဆရာဝတ္ထုဖတ်တဲ့သူတွေ တော်တော်တုန်လှုပ်ကြမှာပဲပေါ့နော်။ မသိတဲ့သူဆိုရင်တော့ စာရေးဆရာ ညိုရောင်ဟာ သွေးစုပ်ဖုတ်ကောင်အဖြစ်နဲ့ ဝတ္ထုရေးနေတာလားဆိုပြီးတော့ပေါ့ ဟဲဟဲ"

ဇော်ထူး၏ မှတ်ချက်ကြောင့် ကျွန်ုပ်ပြုံးလိုက်မိသည်။

"အေး-ဟုတ်သားပဲကွ၊ ဒါတော့ မတတ်နိုင်ဘူးကွာ။ ငါရထားတဲ့သွေးစုပ်ဖုတ်ကောင်ဇာတ်လမ်းတွေကလည်းပြောပြသူတွေက ကျမ်းကျိန်လုမတတ်ပြောပြကြတယ်ဆိုတော့ ခံစားပြီးရေးဖွဲ့လိုက်တာပဲ။ ပွင့်ပွင့်လင်းလင်းဝန်ခံရရင် ငါကိုယ်၌ကတောင် သွေးစုပ်ဖုတ်ကောင်ကိုကိုယ်တိုင်ကိုယ်ကျမမြင်ဖူးပါဘူးကွာ။

ဟိုတစ်လောက ငါရေးလိုက်တဲ့ အမနုဿသွေးစုပ်ဖုတ်ကောင်နှင့်မျိုးဆက်သွေးဝတ္ထုလိုတောင် ငါကိုယ်တိုင်ယုံရမှာခက်နေလို့ နှစ်ပေါင်း (၃၅) နှစ်၊ (၄၀) လုံးလုံးချမရေးရဲဘဲ ချီတုံချတုံဖြစ်ခဲ့သေးတာပဲကွာ"

"အဲ - ဒါလည်းဟုတ်မှာပါပဲလေ။ ကျွန်တော်တောင် ဆရာ့လို စာမရေးတတ်ပေမယ့် ထူးပေ့ဆန်းပေ့ဝတ္ထုတွေကိုတော့ မဂ္ဂဇင်းတွေထဲမှာ ရွေးပြီးရှာဖတ်တတ်တယ် ဆရာ။ အဲ - နောက်ပြီး ဆရာ့စိတ်ကအနုပညာထဲမှာချည်းစျာန်ဝင်နေလို့လား မသိဘူးပေါ့ဗျာ။ ဆရာဆိုရင် ဟိုးကျွန်တော်တို့ငယ်ငယ်လေးကတည်းက ဓာတ်ပုံရိုက်လာတာနော်။ နောက်တော့ ကျွန်တော်အိမ်ထောင်တွေဘာတွေကျ၊ သားသမီးတွေရ။ အင်း - သားသမီးတွေလက်ထက်ရောက်လာပြန်တော့လည်း ဆရာပဲ ရွာမှာဓာတ်ပုံလာရိုက်ပြန်ရော။ အခု မြေးတွေရလာတာတောင် ဆရာ့လက်ရာနဲ့မကင်းပြန်ဘူး။ ဆရာ့ရုပ်ကိုကြည့်တော့လည်း အိုသွားတယ်မရှိဘူး။ကျွန်တော်တို့ငယ်ငယ်တုန်းကတွေ့ရတဲ့ရုပ်အတိုင်းပဲ။ သိပ်မပြောင်းလဲသေးဘူး။ ဆရာမအိုတတ်တော့ဘူးလာဟင်"

နှစ်ပေါင်း (၄၀) နီးပါးအဆက် မပြတ်ဓာတ်ပုံရိုက်လာတာကိုကြည့်ပြီး ဇော်ထူးမှတ်ချက်ချလိုက်ပုံရ၏။ ကျွန်ုပ်မျက်နှာကို အခါအားလျော်စွာ မြင်နေကျမို့လည်း ဤသို့ဆုံးဖြတ်လိုက်ဟန်ရှိ၏။

"အေး- မင်းပြောမှ ငါ့ကိုယ်ငါသတိထားမိတော့တယ်။ စိတ်ပျိုကိုယ်နုစကားရှိတယ်မို့လား။မင်းမနက်စောစောအိပ်ရာကထရင် ကိုယ့်မျက်နှာကိုယ် မှန်ထဲမှာကြည့်မိတယ်နော်။

ဒီနေ့ ငါ့မျက်နှာနဲ့ မနက်ဖြန်မြင်ရမယ့် ငါ့ရုပ်ရည်ဟာ ဘာမှမပြောင်းလဲပါလားလို့စိတ်သာဆောင်ကြည့်။ အင်း- စိတ်ဆောင်ထားရင် အိုမင်းရင့်ရော်ခြင်းကိုရုပ်တန့်နိုင်တယ်လို့ ငါတော့ တထစ်ချယုံကြည်ထားလို့ကွ။ အဲ - ငါကဝတ္ထုမရေးတဲ့သူဆိုတော့ ကိုယ့်ဇာတ်လောင်ဟာကိုယ်ပဲလို့ ဝင်ပူးထားမှတော့ အမြဲနုပျိုနေမှာပေါ့ကွာ။

www.burmeseclassic.com

www.burmeseclassic.com

စိတ်ပျိုကိုယ်နဲ့၊ စိတ်တစ်ခု ယုတ်ကိုးဆယ်တဲ့ကွ မှတ်ထား။ နောက်တစ်ခုက မင်းမနက်စောစောအိပ်ရာကအထရေအေးအေးတစ်ခွက် မျက်နှာမသစ်ခင် သောက်တတ်တဲ့အကျင့်ရှိလား။ ငါဆိုရင် ငယ်ငယ်လေးကတည်းက စာအတော်ဖတ်တယ်။ နောက်တော့ ကဗျာ၊ ဆောင်းပါး၊ စာညွှန်းနဲ့ အစမ်းစာတွေ၊ ကုံကော်မြို့ငှာစာတမ်းလိုစာတမ်းတွေလည်း ရေးကျင့်တာပေါ့ကွာ။ ဥပမာ ဆရာဇော်ဂျီတို့၊ တင်မိုးတို့၊ အောင်သင်းတို့၊ တက္ကသိုလ်ဝင်မွန်တို့ ခေတ်စမ်းစာပေအဖြစ်ရေးကြတဲ့ ကုံကော်မြို့ငှာစာတမ်းလိုပေါ့ကွာ။ စာရေးဆရာဟာ စာဖတ်နေရရေးနေရတွေးနေရရင် အသက်ရှည်တယ်ကွ။ ငါ့စကားတောင်ဘယ်ရောက်သွားပါလိမ့်။ အဲ-ရေသောက်တဲ့အကျိုးနော်။ ဟုတ်ပြီ။ ငါဟာ (၁၃၊ ၁၄) နှစ်သားလောက်ကတည်းက စာစုံဖတ်တယ်။ ဒိုင်ယာရီရေးတဲ့အကျင့်လုပ်တယ်။ ငါ့ဒိုင်ယာရီထဲမှာ ခုချိန်ထိ ရေသောက်ပျက်တဲ့နေ့တစ်နေ့မှမရှိဘူး။ အဲဒီကတည်းက ရေရဲ့အစွမ်း၊ ရေရဲ့တန်ဖိုးကို ငါလက်ခံယုံကြည်လို့ မနက်အိပ်ရာထတိုင်း မျက်နှာမသစ်၊ ပါးလုတ်မကျင်းခင်မှာ ရေသောက်တဲ့အလေ့ရခဲ့တယ်။ အဲလိုအကျင့်ဖြစ်လာတော့ ရေမသောက်ရရင် တစ်ခုခုလိုနေသလိုပဲ။ ရှေးသမားတော်တွေကတောင်ဆိုထားတာပဲ။ ဘာတဲ့ ရေကုထုံးဆိုတာလေ။ ရေသောက်တဲ့အကျင့်သာလုပ်ကြည့်။ ဘာကုထုံးမှမလိုဘူး။ ရေကုထုံးနဲ့တင်ပြီးတယ်။ ဂျပန်ကလည်း ဒါကို အလေးအနက်ထားပြီး ကုထုံးတစ်ခုအဖြစ် တန်ဖိုးထားနေကြပြီ။ ပြီးတော့ တရုတ်ပြည်မှာ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ထောင်လောက်ကတည်းက တွေ့ခဲ့တဲ့ နတ်သစ်ရွက်လေ။ အဲဒါက လက်ဖက်ခြောက်ရွက်ကိုခေါ်တာ။

ငါလည်း စာရေး၊ စာဖတ်တိုင်း အလှူ။ မင်္ဂလာဆောင်တွေသွားတိုင်း ရေနွေးကြမ်းကိုပဲ စွဲစွဲမြဲမြဲသောက်တယ်။ တစ်နေ့တစ်နေ့ ငါသောက်တဲ့ရေနွေးကြမ်းဟာ ဓာတ်ဘူးနဲ့ (၃၊ ၄) လုံးကုန်တယ်ဆိုရင် မင်းယုံမလား။ ဒါလက်တွေ့နော်။ ဒါကြောင့် ငါ့အတွက် ဘာကုထုံးမှမလိုဘူး။ ရေကုထုံးပဲ။ လူပြိန်းစဉ်းစားနည်းနဲ့တွေးကြည့်ရင်တောင် ရေဟာ အူလမ်းကြောင်းတစ်လျှောက်ဒါမှမဟုတ် အူနရံရံတွေမှာရှိတဲ့ အညစ်အကြေး၊ အပုပ်အစပ်၊ အဆိပ်အတောက်တွေကို ရေလောင်းချလိုက်သလို ဟောခနဲရှောခနဲမျှောချလိုက်တယ်မဟုတ်လား။ ရေလောင်းအိမ်သာလိုပေါ့။ ရေမလောင်းရင် အနံ့အသက်ကကောင်းပါ့မလား။ ဒီနေ့ရောဂါဖြစ်တာလည်းမပြောနဲ့။ မနက်စောစောထရင် လူများများဟာ ရေသောက်ပျင်းကြတယ်။ အဲ-ရေသောက်ဖို့မေ့နေတတ်ကြတယ်။

ပြီးတော့ အသီးအရွက်၊ အနှံ့အပွင့်တွေကို များများစားရတယ်။ ဒါကလည်း ငါကိုယ်တိုင် အသားငါးတွေထက်ကြိုက်လို့ ကျန်းမာရေးနဲ့အလိုက်သင့်ဖြစ်သွားတာပေါ့ကွာ။ အင်း - အသီးအနှံဘယ်လောက်ကြိုက်လဲဆိုရင်ဟိုး ၁၉၇၄ ခုနှစ်တုန်းက အခုလိုလေကြောင်းထိန်းစစ်သည် ရေဒီယိုဖစ်စာ (ဆရာဖြစ်သင့်) အဖြစ်နဲ့နေလာကတည်းက တို့ထရန့်စမစ်တာနောက်မှာ တောကြီးကဟည်းနေတာပဲ။ အဲဒီမှာ ငါ့စိတ်ကြိုက်တောကြီးဖြစ်နေလို့ ဗတ်တောင်စုံတဲ့အသီးအရွက်တွေကို ခူးလာခဲ့တယ်။

တချို့ အစိမ်းတို့စားသလို၊ တချို့ ပြုတ်စားတာပေါ့။ ဟင်းချိုချက်ဖို့သင့်တဲ့အရွက်တွေကိုတော့ ဟင်းချိုချက်တန်ချက်၊ ကြော်စားကောင်းတဲ့အရွက်ကိုလည်း ကြော်စားတာပေါ့။ ငါ့အသီးအရွက်ကြိုက်လွန်းလို့ လုပ်ဖော်ကိုင်ဖက်တွေကတောင် ငါ့ကို ဆိတ်မင်းသား၊ ဆိတ်လူသားလို့နာမည်ပြောင်ပေးခဲ့သေးတာပဲ။ အဲ-ငါဆိုလိုတာက ကျန်းမာနုပျိုအသက်ရှည်ချင်ရင်ရေများများသောက်၊ အသီးအနှံများများစား"

ဇော်ထူးသည် ကျွန်ုပ်မျက်နှာအား စေ့စေ့ကြည့်ရင်း ကျွန်ုပ်၏ငယ်ရွယ်စဉ်နှင့် ယခုဘဝအပေါ် ထုံဆစ်နေဟန်ရှိသည်။ အတန်ကြာလေမှ -

"ဒါထက် ဆရာ့ကို မေးမယ် မေးမယ်နဲ့မမေးဖြစ်ခဲ့ဘူး။ ဆရာ့ကို လေတပ်သား တပ်ကြပ်ကြီးတစ်ယောက်အနေနဲ့ သိခဲ့ရာက ဟော - ပြည်ထောင်စုနေ့မှာ လေတပ်ဇာတ်အဖွဲ့က တင်ဆက်တဲ့ ဇာတ်ပွဲမှာ အဆိုတော်အနေနဲ့ရောခေါင်းဆောင်ပြဇာတ်မင်းသားအနေနဲ့ပါတွေ့ရပြန်တယ်။

နောက်တော့ ဓာတ်ပုံဆရာဖြစ်လာပြန်ရော။ ဟော - အခုတော့လည်း စာရေးဆရာဖြစ်နေပြန်ပြီ။

ဓာတ်ပုံဆရာဘယ်လိုဖြစ်ခဲ့တယ်၊ နောက်စာရေးဆရာဖြစ်လာပုံတွေပေါ့ သိခွင့်ရရင်သိချင်..."

"ဟေ့ကောင်၊ အမြည်းစားမှာဖြင့် စား။ မင်းက အရက်မသောက်ဘဲနဲ့ အမြည်းကပ်စားချင်တိုင်း ဖောရှောလုပ်မနေနဲ့။ ဆရာ့ကို အားနာစရာ"

ကျွန်ုပ်တို့စကားဝိုင်းထဲသို့ မဝင်သေးဘဲ တစ်ချိန်လုံးငြိမ်ပြီးနားထောင်နေသည့် မူကျာက ဝင်ဟန့်လိုက်၏။

"ရပါတယ် မူကျာရယ်၊ ဦးကိုအားမနာပါနဲ့။ ဇော်ထူးကသိချင်လို့မေးတာပဲဟဲ့ဟဲ့။ ဘုရားတောင်အမေးရှိမှပဲ ငါးရှဉ့်ငါးဆယ်နိပါတ်တော်တို့ကို အကြောင်းတိုက်ဆိုင်မှဟောတာပဲ။ ဘုရားနဲ့နှိုင်းတာတော့မဟုတ်ဘူးနော်။ လောလောဆယ် နှိုင်းစရာရှာမရလို့ခုလိုပြောလိုက်ရတာ။ ကန်တော့် ကန်တော့် ပုဒ္ဓရှင်တော်ဘုရား။ အင်း-ဇော်ထူးမေးတာကို တစ်ခုချင်းရှင်းပြရရင် ဓာတ်ပုံရိုက်ဖြစ်တာက ဟိုးလွန်ခဲ့တဲ့နှစ် (၄၀) (၄၅) နှစ်လောက်ကတည်းက ဦးအသိ အဖော်မွန်ဆံပင်ညှပ်ဆိုင်မှာ ဆံပင်ညှပ်တဲ့ မင်းမင်းဆိုတဲ့လူငယ်လေးတစ်ယောက်က အပျော်တမ်းကင်မရာတစ်လုံးရောင်းဖို့ လာပြရင်း အဲဒီကင်မရာနဲ့ပဲ နံ့ာမည်ကျော် ရှေ့ပြလိုက်ဂူနဲ့ ဂျပန်သချိုင်းတောင်ကုန်းတောင်တန်းတွေဘက် ခရီးဆက်ရင်း အစမ်းရိုက်လိုက်ကြတယ်။ ပြောရရင် ခုချိန်ထိ စစ်စိမ်းရောင်ဝတ်ထားတဲ့ အဖြူအမည်းဓာတ်ပုံတွေ ဦးဆီမှာရှိနေသေးတယ်။ ကင်မရာမှာက နေပူရင်နေပုံပြထားတဲ့ခလုတ်ကတစ်ခု၊ မိုးအုံ့ရင် တိမ်ဆိုင်တွေပြထားတဲ့ခလုတ်တစ်ခု။ နေမထွက်ဘဲ ပတ်ဝန်းကျင်အားလုံးလင်းကျင်းနေတဲ့ အလင်းရောင်ရှိတဲ့ခလုတ်တစ်ခု ဒါပဲရှိတယ်။ ဒါကို လိုသလိုသုံးပြီးရိုက်ရတယ်။ ကြေးစား ကော်မာရှယ်၊ ပရော်ဖက်ရှင်နယ်ကင်မရာကြီးတွေလိုတော့ Focus ချိန်လို့ညှိလိုမရဘူးပေါ့ကွယ်။ ပြောရရင် မင်းတို့ယုံမှာတောင်မဟုတ်ဘူး။ မင်းမင်းက သူ့ကင်မရာကိုထိုးရောင်းလိုက်တော့ ဘာရမလဲ ဦးကလည်း ကင်မရာဖိုးကြေအောင် အဲဒီအပျော်တမ်းကင်မရာနဲ့ပဲ ကြေးစားသမားတွေကိုတောင်ကျော်ပြီး ကြေးစားပုံမ်းစားရိုက်လာလိုက်တာ ခုမောင်ရင်တို့မြင်တဲ့အတိုင်းပဲမဟုတ်လား။ အဲဒီတုန်းက စံကားဝါဓာတ်ပုံဆိုင်က ကိုမြင့်သိန်း (မြဝတီဓာတ်ပုံပြိုင်ပွဲဆု၅) ကလည်း ဦးနဲ့ခင်တော့ အကောင်းဆုံးကူးပေးတာလည်း ဖြစ်မယ်။ ကင်မရာရောင်းပြီးနာကန်းတစ်လုံးမှမသိတဲ့ဦးကိုပြပေးတဲ့ သူကျေးဇူးလည်းပါတာပေါ့။ နောက်တော့ ကိုယ့်ဘာသာကိုယ်လေ့လာတယ်။ ဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com

ပညာစာအုပ်တွေဖတ်တယ်။ (ဦးသိမ်းမောင်တို့ရေးတဲ့စာအုပ်တွေလိုပေါ့)

ပိုက်ဆံလေးစုမိလာတော့ ကြေးစားကင်မရာတွေဖြစ်တဲ့ NIKON FM, FM2တွေ တစ်လုံးပြီးတစ်လုံးဝယ်တယ်လေ။ တကယ်ဖြစ်ချင် တကယ်လုပ်အဟုတ်ဖြစ်ရမယ်လို့ ဆိုထားတယ် မဟုတ်လား"

ကျွန်ုပ်သည် ဇော်ထူးကို ဦးတည် (ရည်ရွယ်) လျက် ရှင်းပြပြီး အိမ်ရှင်မူကျောင့်ပေးသည့်အရက်ခွက်ကိုကိုင်ကာ တစ်ကျိုက်မျှမော့လိုက်လေ၏။

ပြီး မို့အစိမ်းသုပ်အမြည်းတစ်ဇွန်းကိုခပ်စားလိုက်သည်။ ပြီးမှ ခံတွင်းရှင်းလိုက်ပြီး စကားကိုဆက်လိုက်ပြန်၏။

"အဲ-မဂ္ဂဇင်းမှာ စာစရေးဖြစ်တာက ကြီးမှဝက်သက်ပေါက်ဆိုသလို၊ အင်းပြောရရင် စာရေးဆရာ မြတ်ထန်လိုပဲ တပ်မတော်က ဗိုလ်မှူးကြီးနဲ့ အငြိမ်းစားရပြီးမှ သူလည်း စာရေးဖြစ်တော့တယ်။

ဦးလည်း ဘာထူးသေးလဲ၊ ငယ်ငယ်ကကျောင်းနံရံကပ်စာစောင်တွေမှာ မြို့နယ်ပြုင်ပွဲတွေမှာသာ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးတွေရေးပြီး ပြိုင်ခဲ့၊ ဆုရခဲ့ပေမယ့် စာပေပိုးကဒီလောက်အထိမထကြွ၊ မပြင်းထန်သေးဘူး။ ဒီတစ်သက် ငါစာရေးဆရာဖြစ်မယ်လို့လည်း အိပ်မက်တောင်မက်မထားမိဘူး။

အဲ - ဂမ္ဘီရဆန်တယ်လို့ပဲပြောရမလား။ ဂြိုဟ်နက္ခတ်စန်းလင်္ကာနဲ့တိုက်ဆိုင်သွားတော့လည်း သူ့အလိုလိုဖြစ်သွားတာပဲ။ အဲ - ဦးကတော့ မလုပ်ရင်မလုပ်ဘူး။ လုပ်မိလို့ကတော့လား ဧုပ်မိသဲတိုင် တက်နိုင်ဖျားရောက်မဲ့ဟေ့။

ဒီလိုနဲ့ တစ်ခုသောမဂ္ဂဇင်းကို အစမ်းပို့ကြည့်တာ တာဝန်ခံအယ်ဒီတာက ကြိုက်လို့တဲ့ ဖုန်းဆက်လာတယ်။ ဒီလောက်ဆိုလတ်စကိုသိပြီ။ ဆက်သာပို့ပါ။ ကျွန်တော်ရှိနေသရွေ့အပယ်မရှိစေရဘူးဆိုတော့ အားတက်လိုက်တဲ့ဖြစ်ခြင်း။ ဓာတ်ပုံအလုပ်တောင်သိပ်မလုပ်ဖြစ်တော့ဘူး။ စာချည်းဖိရေးနေတာ အိမ်က အိမ်ရှင်မတောင် ငြူစူလာတယ်ဟဲဟဲ"

ကျွန်ုပ်၏ရှည်လျားထွေပြားသည့် ရှင်းပြချက်စကားကြောင့် ဇော်ထူးသည် စိတ်ဝင်တစားနားထောင်ရင်း သူမျက်နှာတစ်စုံတစ်ရာကို ပြောပြချင်နေမှန်း အထင်းသားပေါ်လွင်နေပါသည်။

"အင်း- ဆရာ့ပြောစကားနဲ့ ဆရာ့သွေးစုတ်ဖုတ်ကောင်ဇာတ်လမ်းကိုကြား ရတာနဲ့ပဲ ကျွန်တော်မီးရထားလမ်းဖောက်တုန်းက ချောက်ချောက်ချားချားဟဲဟဲကြောက်ခမန်းလိလိကြဲလိုက်ရတဲ့သွေးစုပ်ဖုတ်ကောင်ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြချင်စိတ်တွေ တဖွားဖွားပေါ်လာတယ် ဆရာ။ ဆရာ့အချိန်ပေးနိုင်မလား"

"ဟင့် - ဘယ်လို၊ သွေးစုပ်ဖုတ်ကောင်ဇာတ်လမ်း ဟုတ်စ။ အင်း-ကြဲပဲကြဲတတ်ပလေတယ် ဇော်ထူးရာ။ ငါအမှတ်(၆) ရွာ ရှင်လောင်းပွဲ (နမ့်စန်မြို့အထွက်တောင်ဘက်ခြောက်မိုင်ခန့်အကွာ) လာတုန်းကလည်း အန်တီချိုပြောလို့ သွေးစုပ်ဖုပ်ကောင်ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ရလိုက်တယ်။ ဟော-အခုလည်း သွေးစုပ်ဖုတ်ကောင်ဇာတ်လမ်းဆိုပါလား"

"ဟုတ်တယ်လေ ဦးရဲ့၊ အဲ-ဆရာရဲ့။ ဇာတ်လမ်းချင်းတော့တူမယ်မဲထင်ပါဘူးဗျာ။ သွေးစုပ်ဖုတ်ကောင်တကယ်ရှိတယ်ဆိုတာ ဘယ်သူတွေယုံချင်ယုံ မယုံချင်နေ ကျွန်တော့်ကိုယ်တွေ့ ဘွားခနဲကို မျက်ဝါးထင်ထင်မြင်လိုက်ရသူမို့ မယုံလို့လည်းမရတော့ဘူး။ အဟုတ်ကို ယုံလိုက်ရတယ် ဆရာရေ"

"ဟင် - တယ်စာတဲ့ဆိုပါလား အဲလေ တယ်ဆိုတဲ့စာပါလားဟေ့။ ဘယ်တုံးက ဘယ်မှာ ဘယ်လိုဆိုတာ ဇာတ်လမ်းအဖြစ်နဲ့ ပြောပြတော့ကွာ။ ပြီးတော့ မင်းပြောတယ်မဟုတ်လား။ မင်းထို့ နမ့်စန်-မိုင်းစိတ်၊ မိုင်းစိတ်-ဆိုက်ခေါင်၊ ဆိုက်ခေါင်-ရွှေညောင်လမ်း ဖောက်တုန်းကဆိုတော့ ငါပိုပြီး စိတ်ဝင်စားမိတယ်။ မိုင်းစိတ်တို့၊ နောင်စန့်တို့ဆိုတာ ရှင်လောင်းပွဲတွေမှာ ငါတို့ဓာတ်ပုံသွားရိုက်နေကျကွ။ အဲဒီကတည်းက ရှေးဟောင်းဘုရားစေတီကြီး၊ စေတီမြတ်တွေပေါ်တဲ့မိုင်းစိတ်ရွာ စော်ဘွားမြို့ဟောင်းကြီးဟာ ငါ့ကိုညို့နေသလိုပဲ။ အဲဒီမှာ မွေတော်ရှေးဟောင်းစေတီပျက်တွေရှိတယ်မဟုတ်လား။ အဲဒီအကြောင်းနဲ့ပတ်သက်ပြီး မိုင်းစိတ်က မုဆိုးတစ်ယောက်ဆီမှာ သူယောင်သီးအစစ်တွေရှိကြောင်း ငါသိလိုက်ရတယ်။ ဓာတ်ပုံနဲ့တကွ ငါ့ဆီမှာရှိနေတယ်။ ဇာတ်လမ်းလည်းရထားတယ် ရေဦးမယ်"

ကျွန်ုပ် ထိုစကားဝိုင်းထဲတွင် ဘေးရောက်နေသည့် မူဂျာမှာ သည်တစ်ခါ ဂမ္ဘီရဘုရင်မဟုတ်ချေတော့။ အဓိကဇာတ်ကောင် ဇော်ထူးကြောင့် စကားဝိုင်းထဲမှသွေဖည်ကာ အရက်ချည်းဖိသောက်နေတော့၏။ သည်တစ်ခေါက် ဂမ္ဘီရဇာတ်ကောင်မှာ အလိုလိုနေရင်း အဓိကဇာတ်ကောင်အဖြစ် ဇော်ထူးရာထူးတက်သွားပြီတည်း။

သို့ဖြင့် ဇော်ထူးသည် ကျွန်ုပ်အားတက်သရောပြောလိုက်သည့်ဒေသနာအပေါ် နာဗျော်စွာ နားထောင်ရင်း သူ့စကားကိုဆက်လိုက်ပြန်၏။

"ပြောပြမှာပေါ့ ဆရာ။ ဆရာကဝတ္ထုရေးတယ်ဆိုတော့ အခုကျွန်တော်ပြောပြမယ့် ဇာတ်လမ်းက ဂမ္ဘီရဆန်ဆန် သည်းထိတ်ရင်ဖိုလည်းပါတဲ့ တုန်လှုပ်ချောက်ချားစရာဇာတ်လမ်းလို့ပဲ မှတ်လိုက်ပါဆရာ။ အဲဒီတုန်းက နမ့်စန်-မိုးနဲ့၊ အဲဒီကမှ မိုင်းစိတ်-ဆိုက်ခေါင်၊ ပြီးတော့ ဆိုက်ခေါင်-ရွှေညောင်လမ်း ဖောက်စဉ်တူးဖော်ဖောက်လုပ်ရေးစီမံကိန်းမှာ မြေတူး၊ မြေကော်စက်ဘူဒိုဇာမောင်းနေတဲ့ အချိန်တုန်းကပေါ့ ဆရာရယ်"

■ တောနက်နံဘေးချောင်းကလေးထဲမှ ကလေးငိုသံ

ကျွန်တော် မောင်ဇော်ထူးသည် သူ့ဆန်စားရဲမှဆိုသည့် လက်သုံးစကားနှင့်အညီ စေသည့်ကျွန် ထွန်သည့်နွား၊ မင်းခယောက်ျားဖြစ်ပေ၍ နမ့်စန်-မိုးနဲ့ရထားလမ်းပိုင်းခရီးစဉ်အပြီး မိုင်းစိတ်-ရွှေညောင်ခရီးစဉ်အဖြစ် တောကြီးမျက်မည်းခရီးသို့ခရီးဆက်ရပြန်လေ၏။ သွားရမည့်ခရီးက ဘဲရိုးဆောရိုးတောကြီးမြိုင်လယ်ဟု ဆိုရလော်က်အောင် မိမိကိုယ်မိမိ မသနားတတ်သူတို့သာသွားသည့်ခရီးကြီးဖြစ်နေပါ၏။

တောတကာ့တောတွင်း မိုင်းစိတ်နှင့်ဆက်နွယ်လျက်ရှိသည့် ကောင်းဆိုင်၊ ဆိုက်ခေါင်၊ ပြင်သာရွာမှသည် ရွှေညောင်အထိလမ်းကြောမှာ လူမရောက် မြင်းမိုရ်တောင်ဟု တင်စားလောက်အောင် တောမြိုင်ဂနိုင်ကြီးတို့ဖြင့် ပိတ်ဆီးနေသည့်တောနက်ကြီးပင် ဖြစ်ချေ၏။

သည်လမ်းသည်ခရီးကိုမှ နမ့်စန်-ရွှေညောင်ရထားလမ်းဖောက်လုပ်ရမည်တဲ့။

စေသည့်ကျွန် ထွန်သည့်နွားပေမင်းခယောက်ျား ကမ်းနားသစ်ပင်ဖြစ်လာမှတော့ ကျောပိုးအိတ်ကလေးလွယ်ကာမျှဖြင့် မိုင်းစိတ်မြေသို့ရောက်ခဲ့ရပြန်သည်။ တောလမ်းအကြောင်းတစ်လျှောက် ဘူဒိုဇာမောင်းသည့်ကျွန်တော့်မှာ ရထားလမ်းဖောက်ကာယရသိသားများစွာဖြင့် နေပြောက်ပင်မတုံးနိုင်သည့် သစ်ပင်ကြီးငယ်ချွန်ယဉ်ပိတ်ပေါင်းတို့ကို

www.burmeseclassic.com

www.burmeseclassic.com

ရှင်းထား တစ္ဆေမကြောက်၊မြွေမကြောက် ဘဝဖြင့် တောကြီးမျက်မည်းထဲဝယ် သက်ကယ်(သက်ငယ်)တဲတစ်လုံးဖြင့် အခြေချနေထိုင်လိုက်ကြတော့၏။

နွေအခါများတွင် သည်းကြီးမည်း ကြီးလှမ်းဟောက်ခြင်းအမှုကို ပြုကြသော်လည်း ညရောက်လာသည့်အခါတွင်မူ ကျွန်တော်တို့၏ ကိုယ်ပိုင်အချိန်ပေမို့ ချောင်းရိုးတစ်လျှောက်ဆင်းကာ ဖားငါးအရှာထွက်ဖြစ်ကြ၏။

တစ်ညတွင်ဖြစ်သည်။ ကျွန်တော်နှင့် ဦးကျော်မိုးခေါ် အဘမိုးတို့သည် ပလိုင်းကိုယ်စီလွယ်ကာ ဆိုက်ခေါင်တောထဲသို့ ငါးရှာရန်အလို့ငှာထွက်လာဖြစ်ကြ၏။ အနီ အဘမိုးဆိုသူမှာ ကျွန်တော့် အဆက်အသွယ်ဖြင့် အမှတ်(၆) ရွာမှ ခေါ်လာခဲ့သည့် ကူလီခေါင်းခေါ် အလုပ်သမားခေါင်း ဖြစ်သည်။ တောအကြောင်းတောင်အကြောင်းနှင့် လောကီရေးရာ၊ ဂမ္ဘီရလိုင်းတို့တွင် နှံ့စပ်သူလည်း ဖြစ်၏။

ထိုစဉ်က သူပြောပြ၍ ဂမ္ဘီရဆန်ဆန်သူ၏ အချစ်ဇာတ်လမ်းကိုလည်း ကျွန်တော်ကြားဖူးထားပြီး ဖြစ်သည်။ ဆိုက်ခေါင်ချောင်းထဲရှိ ချောင်းရိုင်းကြီးတစ်ချောင်းမှာ ဂငယ်အက္ခရာသဏ္ဌာန်ကွေ့ပြီးကာမှ 'လ' ပုံသဏ္ဌာန်သို့ပြောင်းကာ ကွေ့ဝိုက်စီးဆင်းနေသည့်လူမရောက် ချောင်းတစ်ချောင်းအဖြစ် ထူးဆန်းစွာ ဖြစ်တည်လျက်ရှိ၏။

ကျွန်တော်တို့သည် ရိုးချောင်းကမ်းစပ်တစ်လျှောက် မေးတင်ပြီး အိပ်စက်နေတတ်သည့်ငါးတို့ကို ဓားရှည်ကိုယ်စီဖြင့် ဓာတ်မီးထိုးကာ လိုက်ခုတ်နေကြသည်။ ချောင်းရိုးကမ်းစပ်နံဘေးရှိ ရှဉ့်နွံများနှင့် မည်းညစ်ညစ်သဲသောင်ခုံပေါ်မှာတော့ မည်သူတစ်စုံတစ်ယောက်မှ လာရောက်ဖမ်းဆီးခြင်းမရှိသေးသည့် ငါးရဲ၊ ငါးခူ၊ ငါးဖိန်း၊ ငါးကြင်းဖြူ၊ ငါးကြင်းရွှေဝါ၊ ကျောက်ငါးကြင်းနှင့် ငါးမွှေထိုး၊ ကဏန်းလုံးတို့မှာ အလျှံပယ်ဖောခြင်းသောခြင်း ပေါချင်တိုင်းပေါမျောချင်တိုင်းမျောနေကြလေ၏။

ထိုညက ကျွန်တော်တို့သည် အနီငါးမျိုးစုံနှင့် ကဏန်းကောင်တို့ကိုအတော် ရလိုက်ကြသည်။

ထိုစဉ် တစ်ဖက်ချောင်းကမ်းစပ်မှ ကလေးငိုသံလိုလို အသံတစ်ခုသည် တိတ်ဆိတ်နေသောညဉ့်ယံတွင် ကျွန်တော်တို့နှစ်ဦးသား၏နားစည်ထဲသို့ချောက်ချား တုန်လှုပ်စွာ ထိခတ်တိုးဝင်လာသည်။

"အွတဲ့... အွတဲ့... အဲ့... အဲ့ ဲ့... ဲ့"

ထိုအသံကြောင့် ကျွန်တော်သည် တဒင်္ဂခဏတွင် ကျွန်ခဲ့သည့် စိတ်အလှည့်ကို ဟန့်တားခြင်းငှာ မစွမ်းသာတော့ဘဲ အဘမိုးအိန္ဒားသို့ တိုးကပ်လိုက်ရသည်။ ကျွန်တော့်ဦးခေါင်းတစ်ခုလုံးသည်လည်း စပါးပုတ်လောက်နီးနီး ကြီးလာသလို ကြက်သီးမွေးညင်းတို့တဖျဉ်းဖျဉ်းထလာပါသည်။

"အဘမိုး ဒါ ဒါ ဘာသံကြီးလဲဗျ။ ကလေးငိုနေသလိုငိုနေတဲ့အသံပဲ။ ကန္တာတောကြီးခေါင်ခေါင်မှာ ကျွန်တော်တို့သရဲအခြောက်ခံလိုက်ရပြီ ထင်တယ်ဗျ"

အဘမိုးသည် ချက်ချင်းဆိုသလို အသံလာရာ ချောင်းတစ်ဖက်ကမ်းဆီသို့ သူငါးတောင့်ထိုးဓာတ်မီးဖြင့် ဟိုဟိုသည်သည်ရှာထိုးပြီးမှ တစ်စုံတစ်ရာကိုတွေ့သွားသည့်အလား ကျွန်တော့်ပခုံးကိုပုတ်ကာ လက်ညှိုးထိုးပြလိုက်သည်။

"မောင်ဇော်ထူး အဘမိုးထိုးပြတဲ့နေရာကိုကြည့်လိုက်စမ်း။ ဟော - တွေ့တယ်တယ်မို့လား။ ရှည်ရှည်ပြားပြားသတ္တဝါနှစ်ကောင်လေ။ အဲဒါငါးလင်ပန်းလို့ခေါ်တယ်။ သူတို့နှစ်ကောင်သားမိတ်လိုက်နေကြတာဖြစ်မယ်"

အဘညွှန်ရာသို့ ကျွန်တော့်မျက်စိအကြည့်ရောက်သွားသည်။

အလို၊ ဟုတ်လိုက်လေခြင်း။ အနီငါးကြီးနှစ်ကောင်သည် သူတို့ခန္ဓာပြားချပ်ချပ်အား ဘယ်လူးညာလိုမ့်ဖြင့်ရေစပ်တစ်လျှောက် တဗွမ်းဗွမ်းမြည်သံပေးကာ မြူးထူးပျော်ပါးနေသည်ကို အံ့သြတကြီး တွေ့လိုက်ရသည်။

"မောင်ဇော်ထူး၊ သေသေချာချာနားထောင်ကြည့်စမ်း။ အဲဒီငါးအော်သံဟာ အင်မတန်ကိုထူးဆန်းတယ်ကွယ်။ သူတို့ မ-ဖို ပျော်ပါးတဲ့အချိန် ရန်သူနဲ့တွေ့လို့ အလန့်တကြားဖြစ်တဲ့အချိန်ဆိုရင် ခုလိုပဲ ကလေးငိုသလိုအသံအမျိုးမျိုးပြောင်းပြီးအော်ကြတယ်။ အဲဒီငါးကပေါ့သေးသေးမဟုတ်ဘူး။ ဂမ္ဘီရဆန်တဲ့မိစ္ဆာငါးတစ်မျိုးပဲ။ အင်း-ချောင်းကဘယ်လောက်နက်မှန်းမသိ၊ ညဉ့်ကလည်းနက်လေတော့ တို့ဟိုဘက်ကူးပြီး ဒီငါးကောင်တွေကို သွားမခုတ်တော့ပါဘူးကွာ။ အိမ်း - ငါးတွေလည်း အများကြီးရထားတော့ ပြန်ကြရအောင်။ လမ်းကျမှပဲ မင်းကိုပြောပြရတော့မယ်"

သို့ဖြင့်ကျွန်တော်တို့သည် ပလိုင်းကိုယ်စီဓားကိုယ်စီဖြင့် လာရာလမ်းဆီသို့ ဓာတ်မီးတထိုးထိုးဖြင့် လှည့်ပြန်လိုက်ကြတော့၏။

"အေး-မင်းကိုသတိပေးရဦးမယ်။ အဲဒီလို ကလေးငိုသံမျိုးနဲ့ အုံ့အုံ့ဝိုင်နေသံကြားရင် နိမိတ်မကောင်းဘူးကွ။ နောက်ဆက်တွဲအောက်ချားစရာအန္တရာယ်တွေ ကပ်ပါလာတတ်တယ် စောင့်သာကြည့်ပေတော့။ ငါတောင် ကြားခါစက ဖိန်းခနဲ ရှိန်းခနဲ ကြက်သီးမွေးညင်းတွေတဖြန်းဖြန်းတောင်ထသွားသေးတယ်။ မင်းကြောက်နေမှာစိုးတာနဲ့မပြောဘဲနေတာ"

ထိုညက ကျွန်တော်သည် တုန်လှုပ်ခြင်းကြီးစွာဖြစ်မိသော်လည်း ထူးခြားသည့်အတွေ့အကြုံတစ်ခုတော့ မိမိရရဆုပ်ကိုင်နိုင်ခဲ့သည်။

သြော် - တောကြီးမာယာဝင်ပါ၏အစပင်ဖြစ်တော့သည်တကား။

■ ရွှေဆင်းတုတစ်ဆူကြောင့် အခြောက်ခံလိုက်ရသူ

ပန်းခင်းသည့်လမ်းမဟုတ်ချေဘဲ ဆူးငြောင့်ခလုတ်တံဆိပ်တို့ ထူပြောသည့်လမ်းကြောကို ဖောက်နေရသည်မို့ ကျွန်တော်တို့သည် ပင်ပန်းဆင်းရဲလှစွာရထားလမ်းဖြစ်မြောက်ဖို့ နေ့စဉ်ရက်ဆက်ဆိုသလို ဖောက်လုပ်နေကြဆဲ။

ဟိုတစ်ချိန်က ဤမိုင်းစိတ်တစ်ကြော မွေတော်ဘုရားနှင့် ရွာပျက်ကြီးသည် ရှေးစော်ဘွားအကြီးအကဲနှင့်ခြွေရံသင်းပင်းတို့နေခဲ့သည့် နေပြည်တော်ဖြစ်ခဲ့ဖူးလေ၍လည်း ရှေးဟောင်းအိုးခြမ်းပဲ့များနှင့် မြေရေတာကောင်း၊ မြေပန်းကန်ခွက်ယောက်များ၊ ဘုရားဆင်းတုတော်အချို့တို့ကိုတော့ တူးဖော်တွေ့ရှိကြပါသည်။

မြေအောက်စပ်နက်နက်ဆီသို့ ဥမင်ပမာလိုဏ်တူးလိုဏ်လိုက်ရ၍ မြေကြီး၏အရောင်မှာ နီညိုရောင်အဖြစ်ဖြင့် မြေပေါ်သို့ မွစိတက်ရောက်လာကြပါ၏။ ထိုမြေစာကျစ်ခဲထဲမှ ကံကောင်းသူအချို့ဆိုလျှင် ရှေးဟောင်းရွှေဆွဲကြိုး၊ ရွှေလက်ကောက်၊ ရွှေဘယက် (ဒေါင်းဘယက်)တို့ကိုပင် ရရှိလိုက်ကြကြောင်း နောင်အခါမှ တိုးတိုးတိတ်တိတ်သိခွင့်ရလိုက်သည်။ ကံကောင်းထောက်မစွာရရှိလိုက်သူတို့သည် လူတို့၏စရိုက်နှင့်အညီလျှို့လျှို့ဝှက်ဝှက်သတင်းကွယ်ပျောက်ကာ ဝှက်ထားလျှိုထားလိုက်ကြလေသည်။ မိုးမှောင်ကျသည့်တစ်ညသားမှာတော့ မြန်မာပြည်အောက်ပိုင်းဘက်မှ အလုပ်

www.burmeseclassic.com

www.burmeseclassic.com

လာလုပ်သည့်ဝိုးဟန်ဆိုသူသည် အိပ်မောကျနေရာမှ အသံနက်အသံအောက်ကြီးဖြင့် ကြောက်ကြီးတွင်ထအော်လိုက်ပါသည်။

"အား. . .မ. . . . မလုပ်ကြပါနဲ့။ ကြောက်. . . ကြောက်ပါပြီ။ ပြန် . . . ပြန်ထားပေးပါမယ်ဗျ။ ဟီး ဟီး အဲ့ . . . အဲ့ဒီကြိမ်လုံးကြီးနဲ့ မရိုက်ပါနဲ့တော့ဗျာ"

အလုံးစုံသော အလုပ်သမား အပေါင်းတို့ အိပ်ကောင်းခြင်းဖြင့် အိပ်မောကျချိန်မှာ စိုးဟန်၏ငယ်သံပါသည့် အသံနက်နက်အော်သံကြောင့် မီးရထား အလုပ်သမားတို့သည် အထိတ်တလန့်ဖြင့် လန့်နိုးလာကြသည်။

"ဟဲ့ဟဲ့ကောင်စိုးဟန် ဘာဖြစ်တာလဲကွ။ အလန့်တကြားနဲ့ကွာ"

ထိုညက စိုးဟန်နံဘေးတွင် အိပ်မောကျနေသည့် ကျွန်တော်သည် ၎င်းအော်သံကြောင့် အိပ်ရာမှနိုးကာ ငေါက်ခနဲ ထထိုင်မိလျက်သားဖြစ်သွားသည်။ သူကိုလည်း ခပ်ကြမ်းကြမ်းလှုပ်နှိုးလိုက်ရသည်။ သည်တော့မှ စိုးဟန်သည် ပျာယီးပျာယာအသိမဲ့ခန္ဓာဖြင့် ထထိုင်ကာ စိတ်နှင့်ကိုယ်ပူးဝင်သွားသည့်ပုံဖြင့် ကျွန်တော်တို့အား ကြောင်စီစီကြည့်နေမိသေးသည်။

နောက်တော့မှ -

"ဟို ဟိုလေ အိပ် အိပ်မက်ထဲမှာ ပိတ်ဖြူဝတ်ထားတဲ့ သျှောင်ထုံးနဲ့အတိုးကြီးနှစ်ယောက်ပေါ့။ သူတို့ရှေ့ဆင်းတုကို ပြန်မပေးလို့ဆိုပြီး တစ်ယောက်က သူ့ဆေးကြိမ်လုံးကြီးနဲ့ ရိုက်. . . ရိုက်တယ်ဗျ။ အား. . . နာလိုက်တာ"

"ဟင် - ရှေ့ဆင်းတုဟုတ်လား၊ ဘယ်မလဲ ဒီရှေ့ဆင်းတု မင်းရထားလို့လား"

"ဟုတ်. . . ဟုတ်ပါတယ်ဗျာ။ နေ့လယ်တုန်းကပေါ့။ အစ်ကို့မြေတူးစက်ကထွက်လာတဲ့မြေစာတွေကို တစ်ယောက်ထဲသယ်နေချိန်မှာပဲ ဟိုးညောင်မှတ်ဆိတ်ပင်အောက်မှစာထဲက ရ. . ရလာတာပါဗျာ။ အဲ-ဘုရားဆင်းတုကို ပွတ်ကြည့်မှ ရှေ့ရောင်တဝင်းဝင်းနဲ့ဆိုတော့ ကျွန်တော်လည်း ဘယ်သူ့ကိုမှမပြတော့ဘဲ ခါးပုံစံထဲ ဝှက်ယူလာခဲ့တယ်"

စိုးဟန်အား ကျွန်တော်စစ်မေးနေစဉ် -

"ဟဲ့ မောင်စိုးဟန်၊ ကျိုက်ထော်စန်း(ဘုရား၏) ဘုရားဆင်းတုတို့ဆိုတာ ယူမလာကောင်းဘူးကွယ့်။ ရတဲ့နေရာမှာပဲပြန်ထားခဲ့ရတယ်။ ဘုမသိဘမသိနဲ့ကွာ။ မင်းတော့ ကပ်ကြီးသုံးပါးဘေးသင့်တော့မှာပဲ။ ဘယ်မလဲ အဲဒီဆင်းတုတော်"

အဘမိုးဆိုသူသည် သူကျတ်ရွာသို့ရောက်စဉ် ယောကျမတော်ခဲ့သည့် နှိုင်ပန်းစိန်ပြောပြောနေသည့်မွန်စကားကို မတောက်တခေါက်မျှတတ်ထားလေရကား မွန်စကားဖြင့် ဘုရားတရင်းစိုးဟန်အား ထိတ်ထိတ်ပျာပျာမေးလိုက်သည်။

အဘမိုး မေးလိုက်တော့မှ စိုးဟန်သည် ကတုန်ကယင်ဖြင့် အဝတ်ထည့်ထားသည့်သူရှမ်းလွယ်အိတ်ထဲမှ ဆင်းတုတော်တစ်ဆူအား အဘစိုးထံထုတ်ပေးပါတော့သည်။

"အင်း-လောဘသားတွေဆိုတော့ မလိမ္မာတစ်ခါမိုက်ဆိုသလိုမသိလို့ မှားတတ်ကြတာပဲပေါ့ကွာ။ ကဲ - မောင်စိုးဟန် မင်းလည်း အဘတို့နဲ့လိုက်ခဲ့။ အဘတို့ ညတွင်းချင်းပဲ အဲဒီညောင်ပင်ဆီသွားကြမယ်။ ညောင်မြစ်ပျဉ်းတွေကြား ဒီဘုရားဆင်းတုကောက်ထားပြီး နောင်မယူတော့ပါဘူး၊ မသိလို့မှားမိတဲ့အမှိုက်အမဲလေးမို့ ခွင့်လွှတ်ပေးပါလို့ ရှက္ခစိုးဘိုးဘိုးကြီးကို တောင်းပန်လိုက်ကြားလား"

"ဟုတ် မှုတ်ကဲ့ပါ အဘာ"

ကျွန်တော်တို့လူတစ်စု စိုးဟန်နှင့်အတူ ညကြီးမှောင်မည်းထဲတွင် မာတ်မီးကိုယ်စီထိုးပြီး ညောင်မှတ်ဆိတ်ပင်ရှိရာသို့ကြောက်ကြောက်နှင့်ထွက်ခွာလာကြ၏။ အဘညွှန်ကြားသည့်အတိုင်း စိုးဟန်သည် ညောင်ပင်၏ခွဆုံ၊ ညောင်ထောက်မြစ်ပျဉ်းများကြားတွင် သူယူလာသည့်ဆင်းတုတော်ကို တရိုတသေထားပြီး ဒူးထောက်ရှိခိုးလိုက်၏။ ထိုစဉ် အင်္ဂေ့အခိုးအလျှံသဏ္ဌာန်အဖြူထည် လွင်ပြင်ယောင်တစ်ခုသည် ညောင်ပင်တစ်လျှောက် ဝဲဝိုက်စွာလေကတော့ထိုးပြီးလျှင် မကြာမတင်မှာပင် ပျောက်ကွယ်လေတော့၏။

"ဟူး -၊ ဘုရားဆင်းတုနဲ့ ရတနာစောင့်သိုက်ဘိုးဘိုးရက္ခစိုးကြီးတော့ကျေနပ်သွားပြီ။ ကဲ - ခုချိန်ကစပြီးတော့ ဘာအန္တရာယ်မှမပေးတော့ဘူး။

အားလုံးကိုပြောထားမယ် နောက်ဆိုဆင်ခြင်ကြ။ ဒီနေရာ ဒီဒေသဟာ ရေကြမ်းမြေကြမ်းတဲ့ ကျတ်တီးကုန်းမြေကွ။ ဒါဟာ ဘုရားပစ္စည်းတွေဖြစ်သွားဖြီ။ တုရားနဲ့ဆိုင်တာဘာတွေ့တွေ့ယူမပြန်ကြနဲ့"

အပြန်ခရီးတွင် အဘမိုး၏ဩဝါဒစကားကြောင့် မည်သူမျှ စကားဟတမပြောတော့ဘဲ ချောက်ချားဖွယ်သည်တစ်ညတွင် မိမိတို့တဲကုပ်ဆီသို့ အသီးသီးပြန်ကြရင်း အဆုံးသတ်လိုက်ကြ၏။

■ သချိုင်းဟောင်းကိုရွှေ့ကြပြီ

'တောင်ကိုမြင် လမ်းဖောက်၊ ချောင်းကိုမြင် တံတားဆောက်' ဆိုသည့်ထုံးနှုံးမူထားသည့် ကျွန်တော်တို့မီးရထားအလုပ်သမားများအဖို့ တောင်ကမူချောင်းရိုးအနှံ့ မြေတူးမြေကော်စက်ဖြင့် တူးတန်တူး၊ ကော်တန်ကော်၊ လမ်းအူကြောင်းနှင့်မလွတ်ကင်းသည့်အစိတ်အပိုင်းတို့ ဖယ်ရှားသုတ်သင်ရင်းဖြင့် အချိန်မျှားစွာတို့သည် မိုးစက်ပေါက်တွေလို တဖြောက်ဖြောက်နှင့်ကုန်ဆုံးလာခဲ့ပေ၏။ ယနေ့ဆိုလျှင် ပြင်သာရွာရထားလမ်းအူမကြီးနှင့် မလွတ်ကင်းသည့် ရွာသချိုင်းကို အထက်အမိန့်ဖြင့် အမိန့်ပြန်တမ်းထုတ်ထားပြီးဖြစ်၍ ဖြိုဖျက်ရပေတော့အံ့'

ထိုနေရာတွင် မီးရထားဘူတာတစ်ခု တည်ဆောက်သည်မဟုတ်ပါလား။ အထက်အမိန့်ဟုသာ စကားအဖြစ်ဆိုရသော်လည်း တကယ့်တကယ် ဖျက်ပေးရမည်သူများကတော့ ကျွန်တော်တို့ မီးရထားဝန်ထမ်းများပင် ဖြစ်သည်။

ကျွန်တော်တို့ အောက်ခြေသိမ်းလူတစ်စုသည် တစ်ယောက်မျက်တစ်ယောက်ကြည့်ရင်း သချိုင်းကုန်းဖျက်ရမည့်အရေး စိတ်လေးနေမိသလို ချောက်ချောက်ချားချားလည်းဖြစ်နေကြသည်။

အထက်လူကြီးတွေ့လာကြည့်ဖော်တောင်မရဘဲ မျက်နှာလွှဲခဲပစ်လုပ်သွားပြီ။

သည်တွင် အဘမိုးသည် ကူလီခေါင်းပင်ဖြစ်လင့်ကစား အသက်အကြီးဆုံးဖြစ်၍ တာဝန်ရှိလာပါသည်။

"ဟယ် - အထက်အမိန့်အရပဲတို့တစ်တွေနဲ့ ဘာဆိုင်တာမှတ်လို့။ ခိုက်ချင်းခိုက်သူတို့ပဲခိုက်မယ်။ တို့အဖို့တော့နေ သာသပလေညာကပဲဟေ့"

အဘမိုးဟစ်ကြွေးအပြီး သည်သို့သည်နှယ် စိတ်တုံးတုံးချလိုက်သည့် ကျွန်တော်တို့သည် ရထားလမ်းအရှေ့ဘက်ရှိ ပြင်သာသချိုင်းကုန်းတစ်ပြင်ရှိရာသို့ နွေးကန်သည့်ခြေလှမ်းများဖြင့် ခေါင်းငိုက်စိုက်ချကာ စိတ်မသက်မသာထွက်ခွာလာခဲ့ကြ၏။ ထိုစဉ်က ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

သည် ဘုဒ္ဓိဇာစက်မောင်းသမားဖြစ်၍ ကံကားစက်ကို စိတ်မပါတပါနှိုးပြီးထွက်ခွာလာသလို ကျန်သည့်အလုပ်သမားများမှာလည်း အုတ်ဂူထုရန်အတွက် တူ၊ ပေါက်ချွန်း၊ ပေါက်ပြားစသည့်လက်နက်ကိရိယာတို့ကို လေးတွဲစွာ ကိုင်ဆောင်လာကြရင်း တရွေ့ရွေ့ဖြင့်ထွက်ခွာလာကြ၏။

အချိန်မှာ နံနက်စာစားပြီး မွန်းတည့်ချိန်ဖြစ်၍ နေလုံးကြီးသည် အပြင်းရဆုံး သူရိယရောင်စဉ်တန်းကို မနှုံသလူသားများဦးခေါင်းပေါ် သို့အငြိုးတကြီး အားပါးတရသွန်ချနေချိန်ဖြစ်၏။

"အင်း - နေကလည်းပြင်းလိုက်တာလွန်ပါရော။ အဟဲ-တို့တစ်တွေဟာ မောင်မင်းကြီးသား၊ မယ်မင်းကြီးမတို့ရဲ့ ခေါင်းချလျှောင်းစက်တဲ့ အိပ်ရာပြင်အသိုက်အမြုံအစုစုတို့ကို မဖျက်ဆီးချင်ပါဘဲ အထက်အမိန့်အရ ဖြိုဖျက်ရပါတော့အံ့။ ငါနဲ့တကွ ငါ့လူတွေကို နားလည်ခွင့်လွှတ်စာနာပေးကြပါကုန်။ ကဲကဲ - မင်းတို့လည်း ငါအခုပြောသလို ဆုတောင်း ပေးလိုက်ကြ"

အဘမိုးသည် ရှေးလူကြီးပီပီ အာရုံပြုဆုတောင်းပြီး သူ့အဖွဲ့သားတို့ကိုလည်း ဆုတောင်းစေကာ မသာမယာမျက်နှာဖြင့် သူ့ရှေ့ရှိ အုတ်ဂူဟောင်းကို စတင်ထုနှက်ဖျက်ဆီးလိုက်လေ၏။

"ဟေး ဟေး ဟား ဟား တစ္ဆေသရဲတို့ ပတ်တကိုးကျောင်း ကျောင်းဆိုကျောင်း ငြောင်း ပြေးကြလွှားကြ အဲ အဲ ရွှေထုပ်တွေတော့ထားခဲ့ကြ။ မင်းတို့ထက် တန်ဖိုးထွားတဲ့လူသား အာဠာဝကလာပြီဟေ့"

ရွက်တတ်နောက်တတ်သူများက ဝေးဟေးဟေးငြာသံပေးကာ အဘမိုး ထုလိုက်သည်နှင့် မရွေးမနှောင်းမှာပင် စတင်ထုနှက်လိုက်ကြတော့၏။ နှစ်ပရိစ္ဆေဒများစွာသက်တမ်းရင့်နေပြီဖြစ်သည့် သချိုင်းကြီးကြောင့် အုတ်ဂူအချို့တို့သည် ဟောင်းအိုယွင်းယိုနေပေပြီ။ တစ်ယောက်တစ်လက်လုပ်သားလက်ဖြင့်ထုနှက်လိုက်သည့် ပအို့ဝ်ရွာကလေးမှသချိုင်းသည် ဒုတိယမြို့သခိါရတရားနှင့်ညားရလေတော့၏။ ရွာခံပအို့ဝ်တို့သည် ချမ်းသာသူတချို့သာ အုတ်ဂူဖြင့်အတိပြီးစေလျက် လက်လုပ်လက်စားခပ်များများကတော့ မြေပုံမို့မို့တိုင်စို့စို့လောက် သာ သေလွန်သူတို့ကိုမြှုပ်ပြီး အထိမ်းအမှတ်တိုင်စိုက်ထားနိုင်ကြသည်။ တချို့များကျတော့ စိန်နဘံ (စိန်နားပန်) လို ဆူးကိုင်းတို့ခြံရံကာ မြေပုံပေါ်မှာ ခြံရံအုပ်မိုးထားကြသည်။ သည်သို့ဖြင့် မြေစာပုံအောက်ရှိ သေလွန်သူတို့သည် ဆူးခက်တို့ခြံရံကာ ဆူးနန်းစံလျက်ပင်ရှိနေချေသေး၏။

ကျွန်တော့်တာဝန်ကတော့ အုတ်ဂူနှင့်လွတ်ကင်းသည့် မြေစာပုံတမွှမွှဖြင့် မြှုပ်နှံထားသည့် အလောင်းကောင်တို့ကို စက်လက်အားကိုးဖြင့် ထိုးကလော်ထုတ်ရန်ပင်မဟုတ်ပါလား။

ကျွန်တော်နှင့်အတူ ကူဖော်လောင်ဖက်အဖြစ် အမှုတ် (၆) ရွာသားစိန်ကြီးဆိုသူအား လိုရမည်ရ (သရဲခြောက်ဖော် သေဖော်သေဖက်အဖြစ်) စက်ပေါ် ခေါ်တင်လာခဲ့၏။ ကျွန်တော်သည် ပေးအပ်သည့်တာဝန်ကိုမလစ်ဟင်းစေဘဲ အုတ်ဂူအစပ်မှစတင်ကာ ဘုဒ္ဓိဇာ၏ မြေကော်လက်မောင်းကြီးကို ဝန်ချီစက်အားဖြင့် မ,တင်ပြီးသကာလ မြေပုံများရှိရာသို့တည့်တည့်ချိန်ကာ ထိုးစိုက်ချလိုက်၏။

နှစ်ကာလမည်၍မည်မျှဟု မခန့်မှန်းနိုင်သည့် အလောင်းကောင်အရိုးစုတို့သည် စက်လက်ဂေါ်ပြားထဲသို့ ကူကယ်သူမရှိလေဘဲ ပြိုခနဲပြိုခနဲအသံနှင့်အတူ ဦးခေါင်း၊ ခြေ၊ လက်တို့နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းတို့သည် ဆုတ်ဖြဲခံထားရသည့်စက္ကူစုတ်ပမာ လေမှာတချို့၊ မြေမှာတချို့၊ စက်လက်ပေါ်တချို့ သံဝေဂရဖွယ် ကစဉ့်ကလျားဖြစ်သွားကြလေကုန်၏။

ရှည်လျားစွာသောဆယ်ပင်တို့ကိုပိုင်ဆိုင်ထားပေသည့် ပအို့ဝ်မအလောင်းကောင်တို့သည် ဆယ်ပင်ဖားလျားခေါင်းပြတ်ကြီးအတိဖြင့် စက်လက်ပေါ်တွင် မျက်လုံးမှိတ်လျက် တိုးလို့တွဲလောင်းကြီးချိတ်ပါလာကြသည်။ စက်လက်၏ခုတ်အားထိုးစိုက်အားကြောင့် အကောင်းပကတိရှိလျက်ခန္ဓာဖြင့်သေရာသူတို့သည် ယခုတော့လည်း သေပြီးခါမှ ခြေလက်ခန္ဓာမကိုခေါင်းခွံတို့ အိုးစားခွဲဖြာ အစိတ်စိတ်အမြွာမြွာဖြစ်ရလေတော့၏။ အို. . . ဒီမြင်ကွင်းကိုမြင်လိုက်ရသည့် ကာယကံရှင်တွေအဖို့ ဘယ်လောက်များကြေကွဲဆို့နင့်ကြမှာပါလိမ့်။

အထက်အမိန့်အလို့ငှာ လုပ်သာလုပ်လိုက်ရပေမယ့် သည်မြင်ကွင်းအဖုံဖုံကိုအာရုံပြုရင်း ကျွန်တော့်မှာ ကြီးစွာသော သောကတို့ဖြစ်နေမိသည်။

အဘမိုးပြောသလို -

ဟယ် - အထက်အမိန့်အရပဲ။ တို့တစ်တွေနဲ့ဘာဆိုင်တာမှတ်လို့ဟုသာ ကျွန်ရစ်သူ ကာယကံရှင်တို့အတွက် မျက်နှာပူ၊ အားနာစိတ်ဖြင့် မျက်စိစုံမှိတ်ပြီး ဆက်လုပ်လိုက်ရသည်။

တချို့တချို့သော အလောင်းကောင်တို့သည် မည်းနက်ညစ်ထေးဆွေးမြည့်နေသည့်ဘောင်းဘီ၊ အင်္ကျီစများ အောက်မှခြေကားရားလက်ကားရားနှင့် စက်လက်အတွင်းကပ်ငြိကြလေကုန်၏။ ပြတ်လုပြတ်ခင်အလောင်းကောင်တချို့သည် နှုတ်ခမ်းသားပင်မရှိတော့သည့် ပါးစောင်နှစ်ဖက်အောက်မှ သွားတို့ကို ဖြဲပြနေသည့် လှုပ်လှိုလှုပ်လဲ့လိုက်ပါရင်း အခိုက်အတန့်မျှ မော်ယိမ်းကနေသလို လေအဝှေ့တွင် ဒန်းလွဲနေပေသေး၏။ တာဝန်အရသာလုပ်နေရပေမယ့် အမှန်ကိုဝန်ခံရသော် ကျွန်တော့်ကိုအပထား စက်ပေါ်တွင် အဖော်အဖြစ်လိုက်ပါလာသည့်စိန်ကြီးမှာလည်း ဆိုဖွယ်ရာမရှိလောက်အောင် သွေးလေချောက်ချားနေပါပြီ။

"ကိုဇော်ထူးရေ၊ ကျွန်. . . ကျွန်တော်စိတ်မထိန်းနိုင်တော့ဘူး။ ကယောင်ချောက်ချားတောင်ဖြစ်ချင်နေပြီ။ စက်. . . စက်ရပ်ပေးပါတော့ဗျာ။ ကျွန်တော် အောက်. . . . အောက်ဆင်းချင်"

"ဟကောင်ရ ဆင်းလို့မဖြစ်ဘူး၊ တစ်ပိုင်းတစ်စနဲ့ဆိုရံင် မြေပုံအောက်ကသရဲလက်မည်းကြီးနဲ့မင်းကိုဆွဲချမှာပေါ့။ မင်းမကြောက်ဘူးလား"

စက်ကိုရပ်ပြီးမှပြန်နှိုးပါက နာနာဘာဝတို့၏ကမ္မဇဒွိတန်ခိုးဖြင့် စက်မနိုးမှာစိုးသည်နှင့် ကျွန်တော့်မှာ သူ့ကိုခြောက်လှန့်ပြီးတားလိုက်ရသည်။

ကျွန်တော်တို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း သချိုင်းကုန်းကို ဆက်ဖျက်မည့်အရေးစိတ်လေးနေကြသည်။

"ဟယ် - တော်နိုင်ပေဘူး၊ အထက်အမိန့်အရပဲ တို့တစ်တွေနဲ့ဘာဆိုင်တာမှတ်လို့"

ဤသို့ဖြင့် ဒုတိယမြို့ စိတ်တုံးတုံးချအပြီးမှာ ကျွန်တော်တို့သည် ရထားလမ်းအရှေ့ဘက်ရှိ ထိုသချိုင်းကုန်းမြေအားဆက်လက်တူးဆွကြပါသည်။

ရှေ့မြေပုံများကို တူးဆွပြီးဖြစ်ချေ၍ နောက်တစ်ဆင့်အနေနှင့် ဆက်လက်တူးဖော်ရဦးမည့်တာဝန်က ကျန်ရှိနေသေးသည်မဟုတ်ပါလား။

ကျွန်တော်သည် ပိုးစိုးပက်စက်ခန္ဓာရုပ်ပျက်ကာ ပြန့်ကျဲနေသည့် အလောင်းကောင်အပိုင်းအစတို့ကို မြင်တာ

www.burmeseclassic.com

www.burmeseclassic.com

ကျော်နင်းလိုက်သည်။ တစ်ချိန်မှာတော့ မြေမြှုပ်ထားခါစ မြေပုံတစ်ခုနှင့် ကျွန်တော်သည် ထိပ်တိုက်တိုးလေတော့၏။ အဆိုပါ မြေပုံအား စက်လက်ဖြင့် နှိုက်ထုတ်အပြီးမှာတော့ မဆိုစလောက်ပုပ်ပွနေသည့်မိန်းမအလောင်းကောင်တစ်ကောင်သည် ထဘီစွန်တောင်ဆွဲထားသည့်အလား ခြေကားရာလက်ကားရားဖြင့် သွားကြိုးဖြားကာ လေတွင်ဝဲလျက် စောက်ထိုးကြီးချိတ်ပါလာပါတော့၏။

"အလိုလေး ဝတ်လစ်စလစ်နဲ့ မိန်းမပျိုကြီးပါလား"

ရှက်စိတ်ဖြင့် မျက်စိများတောင် ကျွန်တော်မှိတ်လိုက်ပါသေးသည်။ သက်ရှိမိန်းမသားပင် မဟုတ်လင့်ကစား ကျွန်တော်သည် သက်မဲ့အလောင်းကောင်ကိုပင် အဟုတ်တကယ် ကြုတ္တိယအလား ရှက်များတောင်ရှက်မိပါသေးသည်။

အမြှုပ်ခံထားရသည်မှာ မကြာသေးဟုထင်၏။ အလောင်းကောင်သည် ရုပ်ပျက်ဆင်းပျက်စော့မဖြစ်ချေသေး။ မြေကော်စက်၏ ဘယ်ညာယမ်းခါမှုနှင့်အတူ အလောင်းကောင်မှအန်ထွက်လာသည့်အပုပ်နံ့တို့သည် လေအသင့်ဝယ် ထောင်းခနဲထလာသည်။ ထို့အတူ အဝတ်အစားမကပ်နိုင်တော့ပြီဖြစ်သည့် ကိုယ်လုံးတီးမိန်းမအလောင်းကောင်ကြီး ဆီမှ အပုပ်ရည်နှင့်အရိအရွဲ၊ သားနံရည်တို့သည် ဝါပုပ်ပုပ်အဆင်းကိုဆောင်လျက် ကျွန်တော်တို့နှစ်ဦးသားပေါ်သို့ ဖွဲ့ပုပ်ရည်နှင့် အပက်ခံလိုက်ရသလို နေရာအနှံ့ကြဲပက်ခံလိုက်ရ၏။ ဒါရက်ိုးပေါက်သော ကျွန်တော်တို့ခန္ဓာပေါ်သို့ အဝတ်ဝတ်ထားသည့်နေရာမှလွဲ၍ နံစော်ညစ်ပတ်ခြင်းအဖြစ် လိမ်းကျံစီးဝင်ခြင်းခံလိုက်ရပြီတကား။

"အား-အမလေး ပုပ်စော်နံလိုက်တာ၊ ဟင်-အရိအရွဲတွေလည်း ကျွန်. . ကျွန်တော့်ရင်ဘတ်မှာကပ်နေပြီ အစ်ကို ရဲ့။ ကြောက် ကြောက်တယ်။ ရွံလည်း ရွံတယ် မဖြစ်တော့ဘူး။ ကျွန်. . . ကျွန်တော်ဆင်းပြေးတော့မယ်။ အစ်ကို့စက် . . . စက်ရပ်ပေး"

စိန်ကြီးသည် စကားပင်ဆုံးအောင်မဆိုနိုင်တော့။ ကျွန်တော့်စက်အရပ်ကို မစောင့်နိုင်တော့ဘဲ စက်ပေါ်မှ ခုန်ဆင်းကာ လူစုလူဝေးရှိရာသို့ တစ်ချိုးတည်းပြေးလေတော့၏။

ကျွန်တော့်မှာသာ တွဲလောင်းကြီးချိတ်နေသည့် ကိုယ်တုံးလုံးမိန်းမအလောင်းကောင်ကြီးနှင့်အတူ ထိတ်လန့်ရွံရှာစွာကျန်ခဲ့ရသည်။

■ **အုတ်ဂူတွင်းမှ အရက်ပုလင်း**

သို့နှင့် ကျွန်တော်လည်း မြေကော်စက်ကို ခဏမျှရပ်တန့်ပြီး ထိုလူအုပ်ရှိရာသို့ နောက်ကျောမလုံမလဲဖြင့် လျှောက်လာမိသည်။

မီးရထားအလုပ်သမားတစ်စုတို့သည် အုတ်ဂူအကျိုးအပဲ့ပုံများရှေ့တွင် ခြေပစ်လက်ပစ်ထိုင်လျက် အရက်ပုလင်းတုကိုင်ကိုင်နှင့် အလှည့်ကျလက်ပြောင်းလက်လွဲမော့နေလိုက်ကြ၏။

"ဟင်-ခင်ဗျားတို့ ဘယ်ကအရက်ပုလင်းရလို့ နွားတော်ရေကျမော့နေကြတာလဲဗျ။ ခုတစ်လော ရိက္ခာပို့တဲ့ကားတောင်ရောက်မလာလို့ အရက်ပုလင်းနေနေသာသာ စားစရာ ဟင်းချက်စရာတောင်ပြတ်နေတာကော"

ကျွန်တော်က အမေးရှိသည်နှင့် ထိုအုတ်ဂူဖျက်လူအုပ်ထဲမှ စိုးဟန်က အလှည့်ကျ အရက်ပုလင်းကို မော့ရင်း အာလေးလျှာလေးကြီးနှင့် အဖြေပေးလေ၏။

"ဟဲဟဲ-ဘယ်ကရရမှာလဲ ကိုဇော်ထူးရာ။ ဟောဒီအုတ်ဂူဖြိုရင်း အရက်တစ်လုံးက အကောင်းအတိုင်းရှိနေလို့ ကျုပ်တို့ရဲ့ဂုရုသေနာပဲတိကြီး ဟင်း ဟင်း အဘမိုးခွင့်ပြုချက်နဲ့ယူသောက်တာလေ"

"အေး - မောင်စိုးဟန်ပြောတာဟုတ်တယ်။ ငါကရှေ့မီနောက်မီဆိုတော့ အဲ-မင်းတို့ခေတ်ကာလသားတွေတော့ မီမယ်မထင်ပါဘူးကွာ။ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း (၃၀) ကျော်မလောက်ကတည်းက နမ့်စန်မြို့မှာချက်တဲ့ လိမ္မော်ရောင်၊ ရွှေလိမ္မော်အရက်ကွ ဘာများမှတ်လဲ။ အင်း-မင်းတို့လည်းကြုံဖူးကြားဖူးမှာပေါ့။ အရက်ဆိုတာမျိုးကပုပ်သွားသိုးသွားတာမရှိဘူး။ နှစ်ချို့လေ အရက်တန်ဖိုးအရက်တန်ခိုးကမြင့်လေပဲ မဟုတ်ဘူးလား။ နှိုင်ငံခြားမှာနှစ်ထောင်ချီတဲ့အရက်တောင် မြေအောက်သချိုင်းဂူထဲမှာဆိုလား ရှေးဟောင်းရတနာသိုက်ကို တူးမိရာကရခဲ့တယ်ဆိုလား ငါကြားဖူးသေးတာပဲ။ ဟော-အခုဆိုရင် ဒီအုတ်ဂူထဲက အလောင်းကောင်ဟာ အသားစမပြောနဲ့ လောက်ကောင်ထွေတောင် ဘယ်နေမှန်းမသိတော့ဘူး။ ဟိုမှာတွေ့လား အရိုးစုပဲကျန်တော့တယ်။ အဲ-အရက်ပုလင်းကတော့ အကောင်းအတိုင်းပဲဆရာရေ။

အရိုးခေါင်းကြီးက သူ့အရက်ယူသောက်လို့ ဆိုနေတဲ့အတိုင်း စေတနာဝရပ္ပန်နဲ့ သွားကိုဖြီးပြလို့ ဟားဟား၊ ဒါထက် မောင်ဇော်ထူးလည်း ဒီနှစ်ချို့ရဲ့ အရသာကို ကြုံတောင်ကြုံခဲမို့ မြည်းစမ်းကြည့်ပါလားဟေ"

"ထို အဘမိုး ကျွန်တော့်ကို ရန်စတာလား။ ကျွန်တော်အရက်မသောက်တတ်တာ အဘမိုးသိရဲ့သားနဲ့ဗျာ။ ဟွန့်-အုတ်ဂူထဲကရတဲ့အရက်ဆိုဝေးသေး"

မူးရီနေသည့်အဘမိုး၏ သရော်တော်တော်ဖိတ်ခေါ်စကားကြောင့် နဂို ကမ္ဘ ရွံရှာစက်ဆုပ်နေသည့် အပုပ်နံ့ကြောင့် ကျွန်တော့်မှာ အော်ဂလီဆန်ကာ ပျို့ချင်အန်ချင်လာသည်။ စောစောပိုင်းက လူသေကောင်မှ အပုပ်နံ့နှင့်အရိအရွဲတို့ကလည်း တစ်ကိုယ်လုံးရွံနစ်သဏ္ဌာန်စေပြီမို့ ရေချောင်းသို့ပြေးကာ ရေမြင်းကလေးတွေလို ရေစိမ်လိုက်ချင်စိတ်သာပေါက်နေပါပြီ။

"ဒါနဲ့စကားမစပ် နေပါဦး အဘမိုးရဲ့၊ ဒီအုတ်ဂူကိုဖျက်တော့ ဒီအရက်ပုလင်းက ဘယ်လိုကဘယ်လိုခြေထောက်ပေါက်ပြီး ဂန္ဓမရဆန်ဆန်အထဲကိုရောက်နေရတာလဲဗျ"

"အဲ-မင်းအမေးက အမေးကောင်းပဲ။ ဒီလိုရှိတယ်ကွ။ ရှမ်းတို့၊ ပအို့ဝ်တို့ဟာ အို-တို့ဗမာတွေမှာလည်း အယူရှိကြပါတယ်။ သေသူဟာ အရက်သမားဆိုရင် စားမြိန်စာအထုပ်နဲ့အတူ အရက်ပုလင်းပါ နောင်တမလွန်မှာ သောက်ဖို့ဆိုပြီး စေတနာရေစီးကမ်းပြုနဲ့ ထည့်ပေးတတ်ကြတယ် ဟဲဟဲ။ လူသေကောင်သောက်မသောက်တော့မသိဘူး ခု ငါတို့တော့ မောမောနဲ့ ဟောဟဲလိုက်ရင်း ဒီနှစ်ချို့အရက်ကို ကံထူးလို့တစ်ခွက်တစ်ဖလား။ အဲ - ဟုတ်ပါဘူး။ တစ်လုံးတစ်ပုလင်းလိုက်မော့လိုက်ရတာပေါ့ကွာ။ အင်း - ငမိုး မင်းကသိုလ်က ကံ ကံငယ်ကောင်းချေတော့ တူနယ်တွဲနယ် ဟား ဟား"

"ဟာ - အဘကလည်း ကလေးတွေရှေ့ထားပြီး မကိုးမကားတွေပြောနေပြန်ပြီ။ သောက်သောက်အမြန်သောက်။ ပြီးတာနဲ့ အလောင်းကောင်အပိုင်းအစနတွေကို တစ်စစီလိုက်ကောက်ဖို့ရှိသေးတယ် မဟုတ်လား"

ကျွန်တော်သည် လူငယ်တွေနှင့်ရောကာ အာလေးလျှာလေးကြီးနှင့် ကြိုးမိုက်လုပ်နေသည့် အဘမိုးအား စိတ်အနှေးချဉ်ပေါက်လာသည်။ သို့ဖြင့် အမြင်အတတ်နှင့် ဆော်သြလိုက်ရသည်။

"အင်းပါဟာ၊ အသိုက်ရှိပါသေးတယ်။ နောက်ဆုံး လက်ကျန်ဖင်ကပ်

www.burmeseclassic.com

www.burmeseclassic.com

ဝေစည်(ရွှေဘို)
သခွတ်ရယ်တဲ့ ပွင့်ချိန်တန်



အလွန်ကောင်းမွန်သော အရိပ်အာဝါသ များရရှိအောင် သစ်ပင်ကြီးများစိုက်ထား ခဲ့ကြပါသည်။ မုန်ကျည်းပင်၊ သီးပင်၊ သပြေပင်၊ ခရေပင်၊ ဆီးဖြူပင်၊ လှက်ခုပ် ပင်၊ လက်ပံပင်၊ သခွတ်ပင်များစိုက်ထား ကြပေရာ ထိုအထဲမှ စိတ်ဝင်စားဖွယ်ဖြစ် သော သခွတ်ပင်အကြောင်း တင်ပြ လိုက်ပါ၏။

သခွတ်ပင်သည် ရုက္ခဗေဒအမည် အားဖြင့် DOLICHANDRONE CRISPA SEEM ဖြစ်ပါ၏။ သခွတ်ဖို (အဖို) နှင့် သခွတ်မ (အမ) ပင် ဟူ၍ရှိရာ -

သခွတ်ဖို - D.CRISPA; STE-

အလောင်းအပိုင်းအစတို့အား ရွာသားတို့ အကူအညီကိုယူကာ နှာခေါင်းတရုံ့ရုံ့၊ မျက်နှာတမဲ့မဲ့ဖြင့် အမြန်ပင် သယ်ပိုး လိုက်ကြသည်။ ရရှိလာသည့် အလောင်း ကောင်အပိုင်းအပြတ်တို့အား ဝါးတောင်း ကြီးထဲသို့ထည့်ကာ တောင်ကမူတောစပ် ဘေးရှိ အသူတစ်ရာနက်သည့်ချောက် ကြီးထဲသို့ပစ်ချပြီး အပေါ်ယံကျောက်ခဲ တုံးတို့ဖြင့် ဖြစ်ကတက်ဆန်ဖို့လိုက်ကြ သည်။ အလောင်းကောက်ခြင်း၊ မြေဖို့ ခြင်းကိစ္စပြီးသည်နှင့် ကျွန်တော်တို့လည်း အနောက်ဘက် တစ်ခေါ်လောက်ရှိ စမ်းပေါက် စမ်းချောင်းရှိရာသို့ သူထက် ငါဦးအောင် အပြေးအလွှားရေမိုးသန့် စင်လိုက်ကြသည်။

အလိုက်သိသော သူကြီးလုံးတို၏ စီစဉ်ပေးမှုဖြင့် ကျွန်တော်တို့ ထမင်း ဟင်း၊ ရေနွေးကြမ်း၊ လက်ဖက်၊ ချင်းသုပ်၊ ထန်းလျက်ခဲတို့ဖြင့် ဆာလောင်မွတ်သိပ် နေသည့်ဝမ်းမီးကိုငြိမ်းစေလိုက်၏။

(ဆက်ရန်)

ညီမရွှေ

ကျွန်တော်တို့ ကျင်းထုတ်ရဦးမယ်။ ပြီးမှနောက် တစ်ခေါက် ရေထပ်ချိုးကြတာပေါ့”

ကျွန်တော်သည် ရထားအဖွဲ့သား တို့ကို ညွှန်ပြ၍ ရှေ့ဆက်ရမည့်လုပ်ငန်း ဆောင်တာအတွက် ရှင်းပြလိုက်သည်။ ဟုတ်ပါသည်။ ဤသချိုင်းကုန်းမြေပရိ ဝုဏ်အတွင်း ရထားဘူတာတစ်လုံး ဆောက်ပေးရမည်ဖြစ်၍ ထိုသချိုင်း၏ စက်ကွင်းနှင့် ချိန်နွယ်ပိတ်ပေါင်းတို့မှာ မလွတ်မကင်းစွာ နေရာယူထားချေ၍ ခုတ်ထွင်ရှင်းလင်းမှဖြစ်တော့မည်။

ထိုစဉ်က အလောင်းကောက်ရန် အတွက် ပြင်သာ ပအို့ဝ်ရွာမှ သူကြီး၏ ခိုင်းစေချက်ဖြင့် အလောင်းဖော်ပြီးသည် နှင့် မရွေးမနှောင်းမှာပင် ရွာသားတို့ သည် စပါးပုတ်တမျှကြီးသည့်ဝါးတောင်း ကြီးများဖြင့် ရောက်လာကြပြီ ဖြစ်သည်။ ပအို့ဝ်ရွာသားများနှင့်အတူ သူကြီးဖြစ်သူ လုံးတီလည်းရောက်နေခိုက်ဖြစ်လေ၏။

မီးရထားလုပ်သားတို့သည် ရေ အမြန်ချိုးချင်လှပြီဖြစ်ရကား အရာမယွင်း သေးဘဲ အကောင်းအတိုင်းရှိနေသေး သည့် အလောင်းကောင်နှင့်အတူ မြေ တူးစက်ကြောင့် ပြတ်သတ်သွားသည့် အလောင်းအပိုင်းအစတို့အား ရွာသားတို့ အကူအညီကိုယူကာ နှာခေါင်းတရုံ့ရုံ့၊ မျက်နှာတမဲ့မဲ့ဖြင့် အမြန်ပင် သယ်ပိုး လိုက်ကြသည်။ ရရှိလာသည့် အလောင်း ကောင်အပိုင်းအပြတ်တို့အား ဝါးတောင်း ကြီးထဲသို့ထည့်ကာ တောင်ကမူတောစပ် ဘေးရှိ အသူတစ်ရာနက်သည့်ချောက် ကြီးထဲသို့ပစ်ချပြီး အပေါ်ယံကျောက်ခဲ တုံးတို့ဖြင့် ဖြစ်ကတက်ဆန်ဖို့လိုက်ကြ သည်။ အလောင်းကောက်ခြင်း၊ မြေဖို့ ခြင်းကိစ္စပြီးသည်နှင့် ကျွန်တော်တို့လည်း အနောက်ဘက် တစ်ခေါ်လောက်ရှိ စမ်းပေါက် စမ်းချောင်းရှိရာသို့ သူထက် ငါဦးအောင် အပြေးအလွှားရေမိုးသန့် စင်လိုက်ကြသည်။

အလိုက်သိသော သူကြီးလုံးတို၏ စီစဉ်ပေးမှုဖြင့် ကျွန်တော်တို့ ထမင်း ဟင်း၊ ရေနွေးကြမ်း၊ လက်ဖက်၊ ချင်းသုပ်၊ ထန်းလျက်ခဲတို့ဖြင့် ဆာလောင်မွတ်သိပ် နေသည့်ဝမ်းမီးကိုငြိမ်းစေလိုက်၏။

(ဆက်ရန်)

ညီမရွှေ

ကလေးကိုမော့ပါရစေဦး မောင်ဇော်ထူး ရယ် ဟဲ ဟဲ ဟီ ဟီ”

ကျွန်ုပ်ပြောအပြီးမှာ အဘမိုး သည် သူရယ်နေကျလေသံအတိုင်း လေပြေထိုးရယ်ရင်း နောက်ဆုံးလက်ကျန် အရက်ကို အရသာခံမော့ရင်း သူလျှာ နှင့် သွားတစ်ခမ်းကိုသပ်ကာ လူကြီးရှက် တော့ရယ်ဆိုသလို တဟားဟားနှင့်ရယ်ပွဲ ကျနေတော့၏။

“အချိန်ရှိသေးတယ်လုပ်မနေနဲ့ အဘမိုး။ မိုးပေါ်လည်းမော့ကြည့်လိုက် ဦး၊ နေလုံးကြီးက ဟိုးရှမ်းတောင်တန်း တွေဘက်ကို မဟားဒရားပြေးဝင်နေပြီ။ နေဝင်တော့မယ်။ကဲကဲ-ငါလူတို့အချိန်ရှိ တုန်း လူသေကောင်အစအနတွေကို လိုက်ကောက်လိုက်စုကြဦး။ ပြီးတော့မှ ဟိုရွှေနားကစမ်းပေါက်မှာ ရေမိုးချိုးကြ တာပေါ့။

ပြီးရင် တို့လုပ်ရမယ့်အလုပ်တာ ဝန်ကရှိသေးတယ်မို့လား။ ဟိုမှာတွေ့ တယ်နော်။ သချိုင်းကုန်းနားက ရှေ့ခပ် လှမ်းလှမ်းမှာ စိန်နဘချုပုတ်တွေ၊ ထိက ရုံးကိုင်းတွေနဲ့ ကုလားပင်စိမ်းရိုင်းချု အုပ်အုပ်တွေရှိနေသေးတယ်။ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com

REO-SPERMUM CHELONIOIDES သခွတ်မ - D. SPATHACEA; SPATHODEA RHEEDIT D. RHEEDIT SEEM ဟူ၍ဖြစ်ပါ၏။

ပါဠိဘာသာအားဖြင့် ကုဝေရကို့ဟုခေါ်ကြောင်း မှတ်သားရပါ၏။

သခွတ်ပင်သည် အပင်ကြီးမျိုးဖြစ်သဖြင့် ပေ (၄၀)မှ (၆၀)အထိရှိတတ်၏။ အရွက်စိပ်စိပ်ဖြစ်၏။ နှစ်ရှည်ပင်ဖြစ်၏။ ရွှေဘိုအောင်မြေကျောင်းအတွင်းမှသခွတ်ပင်များသည် နှစ် (၁၀၀) နီးနီးသက်တမ်းရှိနေပါပြီ။

ဥတုဘောဇနကျမ်းအလိုအားဖြင့် သခွတ်ပင်သည် အပွင့်ဖြူ။ အပွင့်နီ ဟူ၍ ရှိရာ အပွင့်နီမျိုးက အလွန်ရှားပါး၏။ အပွင့်ဖြူတွင်လည်း ခါးသောသခွတ်ပွင့်နှင့် ချိုသောသခွပ်ပွင့်ဟု ရှိပြန်သေး၏။ သခွတ်ပွင့်များသည် ချို၊ ဖန်၊ ခါး အရသာရှိ၏။ အေး၍ အစာကိုပွစေတတ်၏။ သွေး၊ သလိပ်ကိုနှိုင်၏။

သဘာဝဓမ္မဆေးကျမ်းအလိုအားဖြင့် သခွတ်ပွင့်သည် အကြောင်းဥဏှာငြိမ်းရန် သီတတေဇောမာတ်စာ ဖြစ်၏။ အေး၊ ခါး၊ သီတဝါယောမာတ်စာ၊ အရသာခါး အကျိုးသွားသက်။

သုံးနည်း ။ ။ သခွတ်ပွင့်ကိုပြုတ်သုပ်စားလေ့ရှိ၏။ ငါးပိရည်၊ အငန်တို့ဖြင့် တို့မြှုပ်စားကြ၏။

သခွတ်ပွင့်သည် အသံပျက်သူများအတွက်သင့်၏ဟု မှတ်သားရပါ၏။ ထို့ထက်ပို၍ကား သခွတ်ပင်၏ အပွင့်၊ အဖူး၊ အသီး၊ အရွက်၊ အခေါက်တို့သည် ယားယံခြင်းကို ပျောက်ကင်းစေ၏။ မြွေဆိပ်၊ ကင်းဆိပ်ကိုနှိုင်၏ဟု ဖတ်ရပါ၏။ မြွေဆိပ်၊ ကင်းဆိပ်နှိုင်သည်ဟု ဆိုရာ၌ သခွတ်ပင်ရှိလျှင် ထိုအနီးတစ်ဝိုက် မြွေဆိုးများမနေနိုင်ကြဟုဆိုပါ၏။

စာရေးသူအဘိုး၏ လယ်ချောကြီးခေါ် လယ်ကွက်ကြီးအလယ်တွင် သခွတ်ပင်ကြီးရှိပါ၏။ နှစ်ပေါင်းမည်မျှသက်တမ်းရှိမည်မသိရ။ အဘိုး၏သားဖြစ်သူက လယ်ကွင်းအလယ်ကောင်တွင် သခွတ်ပင်ရှိနေသဖြင့် ခုတ်ပစ်ရန် ပြောရာ အဘိုးက စိတ်ဆိုးမာန်ဆိုးဖြင့် သားဖြစ်သူအား -

"ဟ အဲဒီအပင်က မြွေဆိပ်၊ကင်းဆိပ်နှိုင်သကွ ငါ့လက်တွေ့။ ငါခြေမဖိုးထိတာ အဖေက သခွတ်ခေါက်ထုပြီး ခြေမကသွေးတွေညစ်လိုက်၊ သခွတ်ခေါက်တွေနဲ့စည်းလိုက်လုပ်ပေးတာ မြွေဆိပ်လုံးဝမတက်တော့ဘူး။ ကိုက်တဲ့မြွေပါရဲလို့သာ မြွေ(မြွေပွေး) မှန်းကို သိရတာ။ သခွတ်ပင်က တစ်နှစ်လုံးနီးနီးပဲပွင့်တာကွ။ တို့တစ်ရွာလုံးရဲ့ဟင်းတစ်ခွက်ပဲ။ ရွက်ဟောင်းကြွေပြီး ရွက်သစ်မစုံသေးဘဲနဲ့ အဖူးဖူးပြီးပွင့်တော့တာပဲ။ သခွတ်ပင်က တစ်ပင်လုံး ဆေးအသုံးဝင်တယ်ကွ။ သူသက်တမ်းကုန်မှ သူသေပါစေ။ နောက် ခုတ်ဖို့ စကားမပြောစမ်းနဲ့"

ဟု ငေါက်ငမ်းပါလေ၏။

'သခွတ်ပင်က တို့တစ်ရွာလုံးရဲ့ဟင်းတစ်ခွက်' ဆိုတာကို စာရေးသူသဘောကျလှပါ၏။ တောရွာများတွင် သခွတ်ပွင့်ကိုမည်သူလာကောက်ကောက် ကောက်ယူခွင့်ပေး၏။ ကောက်ပြီးနေလှန်းထားကြ၏။ စားချင်သူအား ဝေငှပေးကြ၏။

စာရေးသူတို့၏ရွှေဘိုမဏိရတနာပုံကျောင်းတွင် အလွန်ကြီးမားလှသော သခွတ်ပင်ကြီးရှိပါ၏။ အပွင့်များတဖွဖွကြွေကျ၏။ ကျောင်းထိုင်ဆရာတော်ကြီး၏ မွေးနေ့ဆွမ်းကျွေးတွင် အခြားဟင်းများနှင့်အတူ သခွတ်ပွင့်ချက်ပြီး လာလှာသမျှ ရဟန်းရှင်လူပရိသတ်များကိုကျွေးပါ၏။ နှစ်စဉ်ကျွေးလေ့ရှိပါ၏။

အောင်မြေကျောင်းတိုက်ကြီးတွင် သခွတ်ပင်များက သက်တမ်းရင့်လှပေပြီ။ သို့သော် ပွင့်ကြဆဲဖြစ်ပါ၏။ နံနက်လေးနာရီဆိုလျှင် သခွတ်ပွင့်ကောက်သူများ ဆိုင်ကယ်များဖြင့်ရောက်လာပြီး ကောက်ကြ၏။ လာရောက်ကောက်ကြသူများသဖြင့် အပင်အောက်မှာ ဖျာခင်းထားသကဲ့သို့သော သခွတ်ပွင့်များခင်းနှင့်ကုန်သွား၏။ သို့သော် ကြွေကျပြန်ပြီ နောက်တစ်ပွင့်။

သူတို့ကတော့ ရောင်းဖို့ကောက်ကြခြင်းပါ။

တစ်နှစ်လုံး ဟင်းတစ်ခွက်ရမ်းသော သခွတ်ပါပေ။



ဝေစည်(ရွှေဘို)

www.burmeseclassic.com

www.burmeseclassic.com

ကာဒ စုဒ္ဓိ သီဟိုဠ်ကြောင်း

ပဉ္စင်္ဂိနီးဟောတာပေါက်ဆိုနီး

(၁၃-ဇ-ကာဒ) နှင့် (၁၆-ဋ-ကာဒ) အထိ

မင်းဂိုန်အောင်







၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နံနက် (၇း၄၄း၄၅) နာရီတွင် တနင်္ဂနွေကြိုတ်သည် ကရကဋ်ရာသီမှ သိဟ်ရာသီသို့စတင်ကူးပြောင်းချိန်၌ ဥဒယလဂ်သည် ကန်ရာသီ (၂၀) ဒီဂရီ (၃၄) မိနစ်တွင် ပေါက်ထွက်လာသည်။ ဤသည်ကို သိဟ်ရာသီ စူဠသင်္ကြန်ဇာတာဟုလည်း ခေါ်သည်။

ဤဇာတာ၏ထူးခြားချက်မှာကြာသပတေးကြိုတ်နှင့် (၃) ဒီဂရီအတွင်း ပူးယှဉ်နေသော တနလ်ကြိုတ်သည် လည်းကောင်း၊ ဗုဒ္ဓဟူးကြိုတ်သည် လည်းကောင်း ရာဟုကြိုတ်နှင့် (၇) ဒီဂရီအတွင်း ယှဉ်နေကြသည်။ တနင်္ဂနွေကြိုတ်နှင့် ကံကြမ္မာကြိုတ်တို့သည် (၁) ဒီဂရီအတွင်း ပူးထပ်နေကြသည်။ ယူရေနပ်ကြိုတ်နှင့် ရာဟုကြိုတ်၊ ဗုဒ္ဓဟူးကြိုတ်နှင့် ကြာသပတေးကြိုတ်၊ သောကြာကြိုတ်နှင့် စနေကြိုတ်၊ ကိတ်ကြိုတ်နှင့် ယူရေနပ်ကြိုတ်တို့သည် (၉၀) ဒီဂရီအတွင်း မြင်နေကြပြီး သောကြာကြိုတ်နှင့် ကိတ်ကြိုတ်၊ ကြာသပတေးကြိုတ်နှင့် နက်ပကျွန်း၊ အင်္ဂါကြိုတ်နှင့် ယူရေနပ်ကြိုတ်တို့သည် (၁၂၀) ဒီဂရီအတွင်း မြင်ကြသည်။

ယင်းတို့ကိုခြုံ၍ ကောက်ချက်ချရလျှင် ငွေကြေးစီမံခန့်ခွဲရေး၊ ငွေကြေးဈေးကွက်၊ ချေးငွေ၊ ထောက်ပံ့ငွေ၊ အခွန်အကောက်၊ ဘဏ်လုပ်ငန်း စသောငွေကြေးဆိုင်ရာတို့နှင့်ပတ်သက်၍ အပိတ်အဆို့အဟန့်အတားစိန်ခေါ်မှုများကို ကြုံရတတ် (၀၆) ဂုဏ်တို့ကို လက်နက်သဖွယ်အသုံးပြုတိပါးခြင်းခံရတတ်မည်။ အများအားဖြင့် နိုင်ငံတကာနှင့်ဆက်နွယ်နေတတ်မည်။ ယင်းအပြင် အဆိုပါကိစ္စများနှင့် စပ်လျဉ်း၍ လွှတ်တော်နှင့် အစိုးရတို့အဖို့ ငြင်းခုံရမှုများရှိမည်။ သို့သော် အစိုးရသည် ပိုမိုတင်းမာလာလိမ့်မည်။ စစ်မက်ရေးရာဆန်လာလိမ့်မည်။

နယ်စပ်ရေးရာနှင့်လုံခြုံရေး၊ တိုင်းရင်းသားအရေး၊ ရွှေ့ပြောင်းနေထိုင်သူများအရေး၊ ဒုက္ခသည်များအရေးတို့နှင့် နှီးနွယ်လျက် ပရဟိတအဖွဲ့၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ NGO၊ NGO၊ အဖွဲ့အစည်း မီဒီယာအဖွဲ့တို့၏ လှုပ်ရှားမှုကကောင်းကျိုးသက်ရောက်မှုထက်ဆိုးကျိုးသက်ရောက်မှုက ပိုများနေမည်။ နိုင်ငံတကာနှင့်ဆက်နွယ်နေလျှင် မလိုလားအပ်သောပြဿနာများပိုကြီးတတ်မည်။ သို့သော် မျှော်လင့်မထားသော အကျိုးကျေးဇူးကောင်းတချို့ ရနိုင်သေးသည်။ ၎င်းပြင် ယင်းတို့နှင့်ပတ်သက်၍ ဆန့်ကျင်တက်ကြွလှုပ်ရှားမှုများ ဆန္ဒဖော်ထုတ်တောင်းဆိုမှုများ ကဲ့ရဲ့သရော်ပြုပြုမှုများ ပေါ်ပေါက်တတ်မည်။

ဖြေဖျော်ရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ ခရီးသွားလာရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ မီဒီယာဆိုင်ရာနေရာဌာနတချို့တွင် မတော်တဆဖြစ်ပွားမှု၊ ပေါက်ကွဲမှု၊ မီးလောင်မှုတို့ဖြစ်ပေါ်တတ်မည်။ ကလေးသူငယ်နှင့် အမျိုးသမီးတို့နှင့် နှီးနွယ်နေသော ရာဇဝတ်မှုခင်းများကြောင့် တောင်းဆိုမှုများ၊ တင်းမာမှုများ ပိုပြင်းထန်လာမည်။

အလုပ်သမား၊ လယ်သမားအပါအဝင် အခြေခံလူတန်းစားတို့၏စားဝတ်နေရေးတောင်းဆိုရေး၊ တိုင်းရေးပြည်ရေးတောင့်ဆိုင်းမှုများ ပိုခက်ထန်လာမည်။ စာနယ်ဇင်း၊ မီဒီယာအနုပညာနှင့်နှီးနွယ်နေသော ထင်ရှားသူတစ်ဦးအတွက် စိတ်မကောင်းဖြစ်ရတတ်မည်။ နိုင်ငံတော်ထိပ်သီးပုဂ္ဂိုလ်တစ်ဦးအတွက်လည်း စိတ်မချမ်းမြေ့ဖြစ်ရတတ်မည်။ ကပ်ဘေးဆန်သော ကျန်းမာရေးပြဿနာဖြေရှင်းရတတ်မည်။ အစိုးရအပေါ်၌ပြည်သူတို့အမြင်ကြည်လင်မှုတချို့ရလာမည်။ မိုးကြိုးတတ်မည်။ ရေကြီးတတ်မည်။ မြေပြိုတောင်ပြိုဖြစ်တတ်မည်။ မြေလျင်လှုပ်တတ်မည်။

မင်းဂိုန်အောင်

www.burmeseclassic.com

www.burmeseclassic.com

အလုံမြို့ (မုံရွာ)၊ လှည်းတန်းရပ် ကွက်၌ မောင်လူလေး (ယခု ဦးလူလေး) ကို မသိသူမရှိ အလုံတစ်မြို့လုံးက သိကြသည်။

မသိဘဲရှိပါ့မလား။

အမေတစ်ခုသားတစ်ခုသာရှိသည့် မိခင်မုဆိုးမကြီးအား လုပ်ကျွေးနေသူ၊ မိခင်ကြီးအား ရိုသေသူ၊ လိမ္မာသူ အစရှိသည့် ဂုဏ်ပုဒ်များနှင့်လည်းပြည့်စုံသူဖြစ်သည်။

ထိုထက် ထင်ရှားသည်ကား မောင်လူလေး၏ မျက်နှာနှင့် ခန္ဓာကိုယ် တစ်ခုလုံးတွင် ဆီးဖြူသီးခန့်ရှိသည့် ကြွက်နို့များက နေရာအနှံ့ နေရာလပ်မရှိ ပေါက်နေသည်။

မောင်လူလေး၏ နေ့စဉ်အလုပ်ကား နံနက်လေးနာရီ အိပ်ရာထ၏။ အကြော်သည်မိခင်ကြီးအတွက် လိုအပ်သောမုန့်နှစ်များကို ကြိတ်ဆုံဖြင့်ကြိတ်၏။ ငါးနာရီခန့်တွင် မိခင်အကြော်ကြော်သည့်အိမ်ရှေ့ ရေဦး - မုံရွာကားလမ်းနံဘေးရှိ ကုက္ကိုပင်ကြီးအောက် အကြော်တဲသို့ ပစ္စည်းများရွှေ့သည်။

မိခင်ကြီးအကြော်ကြော်သည့်အခါ အသင့်ဖြစ်စေရန် မီးမွှေးခြင်း၊ ရေနွေးအိုးတည်ခြင်း အစရှိသည့်လုပ်သင့်လုပ်ထိုက်သည်များကို ပြုလုပ်ထား၏။

တစ်နေ့တစ်ရက်မဟုတ်၊ နေ့စဉ်အလုပ်ပင်။

ထို့နောက် မိခင်ကြီးနှင့် အကြော်ကူကြော်၊ အကြော်နှင့် ထမင်းကြမ်းစား၊ အကြော်ရောင်းထွက်မည့်မိခင်ကြီးအား ပြင်ဆင်ပေးပြီး ပစ္စည်းများသိမ်းဆည်းသည်။ မိခင်ကြီးအကြော်ရောင်းထွက်လျှင် မောင်လူလေးသည် အိမ်မှုကိစ္စဟာဟီရများ နာရီဝက်ခန့်လုပ်သည်။

ထို့နောက် ရာသီအလိုက် ပဲရိတ်၊ နှမ်းရိတ်၊ စပါးရိတ်၊ ပျိုးနုတ်အပြင် အိမ်သာကျင်းတူး စသည်စသည် ရရာအလုပ်များကိုရှာလုပ်သည်။ ရသမျှငွေကြေးတစ်ပြားမကျန် မိခင်ကြီးထံအပ်နှံသည်။ ကွမ်းမစား၊ ဆေးလိပ်မသောက်၊ လက်ဖက်ရည်ဆိုင်မထိုင်။ ဒါက မောင်လူလေး၏အကျင့်စရိုက်ဖြစ်သည်။

သို့ဖြစ်၍ လိမ္မာရေးခြားရှိသော မောင်လူလေး၊ ကြွက်နို့များဖြင့် အရုပ်ဆိုးရှာသည့်မောင်လူလေးကို တစ်မြို့လုံးက သနားချစ်ချစ်ကြသည်။

တစ်နေ့ -

ထိုနေ့သည်ကား မောင်လူလေး၏ဘဝကြီးကို အပြောင်းအလဲကြီး ပြောင်းလဲစေမည့်နေ့ဖြစ်လေသည်။

မောင်လူလေးသည် နေ့စဉ်လုပ်နေကျလုပ်ငန်းများလုပ်ဆောင်ရန် နံနက်လေးနာရီအိပ်ရာမှထသည်။ ဦးစွာပထမလုပ်ရမည့် မုန့်ကြိတ်ခြင်းလုပ်ငန်းများလုပ်ဆောင်ရန် ကြိတ်ဆုံအပေါ်ဖုံးထားသည့် တာလပတ်စကို လက်ဖြင့်မ,၍ ဖယ်လိုက်သည်။

"ဒုတ်"

"အား"

မြွေပွေးကြီး။ ဟုတ်သည်၊ လူကြီးလက်ကောက်ဝတ်ခန့်ရှိသည်။

လူလေး၏ ညာလက်ဖမိုးအား မိမိရရကိုက်လိုက်သည်။ မောင်လူလေးမျက်လုံးများမီးပွင့်သွားသည်ထင်မှတ်ရ၏။ မောင်လူလေးသည် မြွေကြီးအား အနီးရှိ တုတ်ပိုင်းနှင့် ရိုက်သတ်လိုက်သည်။ မြွေပွေးကြီးလည်းသေပြီ။ မုန့်ကြိတ်ဆုံအနီးတွင်ပင် မြွေပွေးသေကြီးကိုထားလိုက်သည်။ မုန့်မကြိတ်ဖြစ်တော့။

မောင်လူလေးသည် -

'ငါမြွေပွေးအကိုက်ခံရပြီ၊ မကြာမီသေရတော့မည်'

ဤသို့တွေးပြီး ၎င်း၏အိပ်ရာသို့ပြန်ကာ စောင်ခြုံ၍ အိပ်နေလိုက်တော့သည်။ မိခင်ကြီးကိုပင် စိတ်ပူမည်စိုး၍ အသိမပေးတော့။

နံနက်ငါးနာရီတွင် မောင်လူလေး၏မိခင် ဒေါ်စိန်ဥ အိပ်ရာမှထ၏။ ဤသည်ကား နေ့စဉ်ပုံမှန်ဖြစ်သည်။

အကြော်တဲတွင်လည်း မီးရောင်မမြင်၊ သားဖြစ်သူ၏အရိပ်အခြည်လည်းမတွေ့။ ဘယ်များသွားပါလိမ့်။

"လူလေးရေ၊ သားဘယ်ရောက်နေသလဲကွယ်"

ဒေါ်စိန်ဥ ခေါ်ကြည့်သည်။ ဘာသံမှမကြား။ မုန့်ကြိတ်ဆုံဘက်သို့သွားကြည့်သည်။

အောင်ခြိမ့်မိုး

သို့ပေမယ့်...သေနိုင်ရိုးလား

www.burmeseclassic.com

www.burmeseclassic.com

"အမလေး"

ဒေါ်စိန်ဥလန့်အော်သံ။

လန့်မည်ဆိုလည်း လန့်လောက်ပေသည်။ မောင်လူလေးရိုက်သတ်ခဲ့သည့် မြွေပွေးအသေကောင်ကြီးအား တက်နင်းမိပြီကိုး။ ဒါဆိုလျှင် ဒေါ်စိန်ဥ စိုးရိမ်သွားပြီ။

"လာကြပါဦး၊ လူလေးပိုးထိ (မြွေကိုက်) လို့"

အိမ်နီးနားချင်းများအပြေးရောက်လာကြသည်။ အလင်းရောင်ကလည်း ကောင်းကောင်းရနေပြီ။ ဒေါ်စိန်ဥနှင့်အတူ အိမ်နီးချင်းများလည်း မောင်လူလေးအိပ်သည့်ခုတင်ဘေးသို့ ရောက်သွားကြသည်။

ဒေါ်စိန်ဥ ဟာဟာသလဲဖြင့် မောင်လူလေးကို လှုပ်၍ -

"သား ဘာဖြစ်တာလဲ အမေ့ကိုပြောပါဦး။ မထိတ်သာမလန့်သာရှိလိုက်တာသားရယ်"

တဲ့ ဦးသံပါကြီးဖြင့်မေးရသည်။

"အင်း"

မောင်လူလေးလှုပ်လာသည်။

လူအများကမောင်လူလေးကို စိုးရိမ်စိတ်ဖြင့် ဝိုင်းဖုံးကြည့်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ရဲမျိုးသူ(တောဒိုမြို့)
စပါးကြိုး၏သည်းခြေဓာတ်



စပါးကြိုးမွေးနှင့် ပတ်သက်ပြီး ညှို့ယူတတ်သော သဘောသဘာဝ၊ အစွမ်းထက်သောသည်းခြေအကြောင်း ငယ်စဉ်ကပင် စိတ်ဝင်တစားကြားဖူး၏။ ငယ်စဉ် ကလေးဘဝတွင် မိဘများထံသို့ စပါးကြိုးသည်းခြေလာရောက်ရောင်းချခဲ့သည်ဖြစ်စဉ်ကို ယနေ့တိုင်မှတ်မိနေ၏။

"ခင်ဗျားပြောတာတော့ဟုတ်ပါရဲ့၊ ကျုပ်က စပါးကြိုးသည်းခြေစစ်၊ မစစ်မှ မသိတာ ဘယ်လိုဝယ်ရမလဲဗျာ"

သို့ဖြင့် စပါးကြိုးသည်းခြေရောင်းချသူက -

"ဆရာ၊ စပါးကြိုးသည်းခြေစစ်ရင် အသက်ဝင်ပါတယ်။ ဘယ်လိုအသက်ဝင်လဲဆိုတာ ဆရာလည်း ဗဟုသုတရအောင် ကျွန်တော်လက်တွေ့ပြခဲ့ပါမယ်"

ဆိုလေသည်။

ဦးစွာ စပါးကြိုးသည်းခြေအခြောက် (တွန့်ရှုံ့နေသောသည်းခြေအိတ်) လေးအား အလွန်သေးငယ်သောနှီးစလေးဖြင့် ထိုးဖောက်လိုက်လေရာ သည်းခြေအိတ်လေးမှာပေါက်သွားပြီး အတွင်းထဲမှ သည်းခြေရည်စေးစေးနီနီလေးများကပ်၍အနည်းငယ်ပါလာလေသည်။စပါးကြိုးသည်းခြေရောင်းသူဦးလေးက -

"ဆရာ၊ ရေခွက်လေးတစ်ခွက်နဲ့ ရေခပ်ပေးပါ"

ဒန်ရေဖလားလေးထဲ ရေတစ်ဝက်မျှခပ်ပေးလိုက်လေရာ ရေမျက်နှာပြင်ငြိမ်အောင် ခေတ္တမျှစောင့်ဆိုင်းလိုက်ပြီး-

"ဆရာကြည့်ပါ၊ စပါးကြိုးသည်းခြေစစ်က ရေကူးတယ်ဆိုတာလက်တွေ့မြင်ရပါတော့မယ်"

ဟု ဆိုလေသည်။

သည်းခြေအစေးအနည်းငယ်ကပ်တွယ်နေသော နှီးစသေးသေးလေးအား ရေဖလားအတွင်းသို့ချလိုက်ပါတော့၏။ အမှန်ပင်ဖြစ်ပါသည်။ နှီးစလေးမှာ ရေခွက်အတွင်းတွင် စက်တပ်ထားသော မော်တော်ဘုတ်ငယ်ပမာအစေးမျှင်တန်းများထွက်၍ အသက်ဝင်စွာ ပြေးလွှားလန်းဆန်းနေသည်။ မြွေကိုက်ခံရသည်မှာ ဟုတ်မှဟုတ်ပါလေစ။

မောင်လူလေး ခုတင်ပေါ်မှထလိုက်သည်နှင့် အိပ်ရာခင်းပေါ်တွင် ဆီးဖြူသီးခန့် ကြွက်နို့ဖုများပြည့်နှင့်နေသည်။ ပုဆိုးကိုခါလိုက်ရာတွင်လည်း ကြွက်နို့အဖုများကျလာသည်။

ဒေါ်စိန်ဥသည် သားဖြစ်သူကို ကြည့်၍ မျက်ရည်လည်လျက် ဝမ်းသာ၊ ဝမ်းနည်းစွာကြည့်နေသည်။ လူအများတဖြည်းဖြည်းများလာသည်။ မောင်လူလေးသည် အိမ်တိုင်တွင်ခိုတ်ထားသောမှန်တွင်ကြည့်ရှု၍ ဝမ်းသာနေသည်။ လာရောက် ကြည့်ရှုသည့်လူအုပ်ထဲမှ လူတစ်ဦးက -

"ကဲကဲ- ဘာဖြစ်ဖြစ် မုန္လာဆေးရုံကိုသွားပြ၊ မြွေပွေးသေပါ့ယူသွား"

ဟု အကြံပြုလာသည်။

သို့နှင့် မောင်လူလေးအား ဆိုင်ကယ်ပေါ်တင်၍ (၇) မိုင်ခန့်ဝေးသည့် မုန္လာဆေးရုံကြီးသို့ပို့ပေးကြသည်။ ဆေးရုံတွင်စစ်ဆေးသည့်အခါ မောင်လူလေးမှာ ဘာမျှမဖြစ်ပဲ ကျန်းမာနေပါတော့သည်။ ဤသည်ကား မျက်မြင်ကိုယ်တွေ့ကြုံခဲ့ဖူးသော စပါးကြိုးသည်းခြေအတွေ့အကြုံသာ။ စပါးကြိုးသည်းခြေရောင်းသူကပင် စပါးကြိုးသည်းခြေရဲ့ အသက်ဝင်ကြောင်း လျှို့ဝှက်အပ်တဲ့စမ်းသပ်ချက်ဟုဆိုလေသည်။ အချို့ကလည်း စပါးကြိုးသည်းခြေ ထူးခြားစွာအသက်ဝင်၍ရေကူးသည်ကိုပင် ဘယ်လိုကူးတာလဲ၊ တည့်တည့်ကူးတာလား၊ ကွေ့ပတ်ကူးတာလား စသည်ဖြင့် ပြောကြသည်။ အမှန်တော့ စပါးကြိုးသည်းခြေစစ်မှသာအောင်မှသာ ရေကိုကူးခြင်းလေ့၌ မည်သည့်အဆိပ်မျှမရှိကြောင်း သိရသည်။

ယခုသော်ကား မောင်လူလေး၏ခန္ဓာကိုယ်တွင် ကြွက်နို့များလုံးဝမရှိတော့ပေ။ အမေပေးသည့်မျက်နှာပိုင်ရှင်ဖြစ်သွားပြီ။

ဤဖြစ်စဉ်အရ ကြွက်နို့များသည် မြွေပွေးကိုက်၍ ပျောက်သွားလေသည်လား။ သို့မဟုတ် မောင်လူလေးသည် မိခင်ကို ရိုသေစွာလုပ်ကျွေးနေသည့် သားလိမ္မာဖြစ်၍ သူတော်ကောင်းနတ်ကောင်းမလေသည်လား ဝေခွဲရန်ခက်လှပေသည်။

(အထက်ပါဖြစ်ရပ်သည် ဖြစ်ရပ်မှန်ဖြစ်သော်လည်း 'ကြွက်နို့ပေါက်သူ မြွေပွေးကိုက်လျှင် အသက်မသေ၊ ကြွက်နို့များပင်ပျောက်သည်' ဟု အာမမခံရဲပါ။ တိုက်ဆိုင်မှု၊ ကံကောင်းထောက်ပံ့မှုလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ဖြစ်နိုင်မှန်အား အမည်များ၊ နေရပ်များမပြောင်းလွဲရေးသားထားခြင်း ဖြစ်ပါသည်။)

မောင်လူလေး ခေါင်းမြီးခြုံကိုလှပ်လိုက်သည်။

မောင်လူလေးမျက်နှာကိုကြည့်၍ ဒေါ်စိန်ဥနှင့် အိမ်နီးချင်းများ အံ့သြနေသည်။

"အမေ သား မုန့်ကြိတ်ဆုံနားမှာ ပိုးထိ (မြွေကိုက်) ခံခဲ့ရတယ်။ ညာဘက်လက်ခုံကို မိမိရရအကိုက်ခံလိုက်ရတာ။ ထိစကတော့ နည်းနည်းမူးသလိုလိုရှိတာနဲ့ အိပ်ရာထဲဝင်နေလိုက်တာ၊ မှုးခနဲ အိပ်ပျော်သွားတယ်။ အခုတော့ ဘာမှမဖြစ်တော့ဘူး။ သားခန္ဓာကိုယ်လည်းပေါ့နေသလိုပဲ"

မောင်လူလေးသည် အစစကားအဆုံးသတ်လိုက်ပြီး ခြုံစောင်ကိုခွာလိုက်သည်။

"ဟာ"

ဝိုင်းအုံကြည့်ရှုနေကြသူများအံ့သြသွားကြသည်။

ဟုတ်သည်။ မောင်လူလေး၏ မျက်နှာနှင့် ခန္ဓာကိုယ်ရှိ ကြွက်နို့များတစ်လုံးမှမရှိတော့ပေ။ လူကလည်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်ဟု ဆိုပါသည်။

ဖခင်ဖြစ်သူမှာ စပါးကြီးသည်းခြေအစစ်ကို လိုချင်လှသူ ဖြစ်ပါသည်။ အကြောင်းမှာ ဖခင်၏ကြီးတော်လည်း ဖြစ်၊ မွေးစားအမေလည်းဖြစ်သူမှာ လေငန်းဖြစ်ပြီး ပါးစပ်တစ်ခြမ်းရွဲ့နေသည်ကို အလွန်ပင်ကုသပေးချင်၍ဖြစ်လေသည်။ ထိုကြောင့် ဖခင်သည် စပါးကြီးသည်းခြေအစစ်တစ်လုံးအား ညို့ကြိုးစုံအပါမဆစ်စေ့ဖြင့်ဝယ်ယူ၍ ဝမ်းသာအားရဖြစ်နေတော့သည်။

တစ်ဖန် အကြောင်းတိုက်ဆိုင်စွာ မဟာမြိုင်တောကြီးသို့ တာဝန်ခရီးဖြင့် ရောက်ပြန်သည်။ ယခင် ယာကြီးလမ်း မဲပေါက်သေး၍ မုံရွာမှ အောင်ချမ်းသာ၊ သက္ကယ်ကျင်းရွာမှတစ်ဆင့် သွားရပါသည်။ စီးနင်းလာသောမော်တော်ယာဉ်သည် သက္ကယ်ကျင်းရွာ မဟာလောက မာရဇိန်စေတီတော်ရှေ့အရောက် စပါးကြီးသည်းခြေရောင်းချသူတစ်ဦးနှင့်ဆုံပြန်သည်။ သို့ဖြင့် ရေကူးမကူးစမ်းသပ်ကြည့်ရာ အောင်မြင်မှုရ၍ သည်းခြေတစ်စုံကို တစ်သောင်းငါးထောင်ကျပ်ဖြင့် ဝယ်ယူလိုက်လေသည်။

မဟာမြိုင်တောသည်ကား တန်ခူးရေကုန်၊ ကဆုန်ရေခန်း စကားနှင့်အညီ တောတွင်းရှိ အချို့သစ်ပင်ကြီးငယ်တို့ ပင်စည်ထီးထီးဖြင့်အလွန်ခြောက်သွေ့နေသော်လည်း အချို့သစ်ပင်ကြီးများမှာ အုပ်အုပ်မှိုင်းမှိုင်းညို့ဆိုင်းဆိုင်းမြင်ရ၍ တောကြီး၏အလှ၊ တော၏သဘာဝကို ပီပြင်နေစေပြန်သည်။ သို့သော် ဒီချိန် ဒီကာလ၌ အလွန်ပူသောနွေကဆုန်၏ နေက ပူပူလောင်လောင်ရှိသော်လည်း သူတော်စင်တို့အရိပ်က အေးအေးမြမြရှိလှပါ၏။

မိတ်ဆွေတစ်ဦး အသိထူးစွာ ချက်မရေရှင်စခန်း၏ အနီးဘ်ရှိသော ရသေ့ကြီးတစ်ပါး၏ကျောင်းသခ်မ်းလေးသို့ခေါ်သွား၏။ ထိုရသေ့ရှင်ကြီးမှာ ပါရမီစခန်းဝိဇ္ဇာလမ်းသို့လိုက်နေသည်ဟု ဆိုသည်။ လောကီဗဟုသုတကပြည့်စုံလှသည်ဟုလည်းဆို၏။ ကြည်လင်ရွင်ပျသော မျက်နှာတော်ရှိပြီး ဖူးမြော်မိသူတို့အတွက် သူတော်စင်သူတော်ကောင်းတို့၏ အေးချမ်းသောအရိပ်ကို စိတ်ဘ်ခံစားရ၍ ကြည်နူးမိ၏၊ ဝမ်းမြောက်မိ၏။

"ဒကာကြီးတို့ ဘာများလျှောက်ထားဖို့ရှိလဲဗျာ"

"တပည့်တော်တို့ သစ်တောကြီးဝိုင်းတွေကို လာကြည့်တာပါဘုရား။ ဘရဏ္ဍေဆီမရောက်တာကြာလို့ လာပြီး ဖူးကြတာပါဘုရား။ ဘရဏ္ဍေနေကောင်းကျန်းမာပါရဲ့လားဘုရား"

"ကျန်းမာပါ၏ ဒကာတို့ သာဓု သာဓု သာဓု"

သို့ဖြင့် လမ်းတွင်ဝယ်ယူခဲ့သော စပါးကြီးမြွေ၏သည်းခြေဘာကြောင့်များ အသက်ဝင်သည်ကို ငယ်စဉ်ကပင် စိတ်ဝင်စားခဲ့သည်မို့ ထူးခြားဆန်းပြားဂမ္ဘီရဆန်သော စပါးကြီးမြွေအကြောင်းဗဟုသုတမေးမြန်းလျှောက်ထားခဲ့လေသည်။

■ ထုံကျင့်သောစပါးကြီးမြွေ

စပါးကြီးမြွေသည် သဘာဝတရားက ထူးကဲစွာပေးသော နှာကိုးပေါက်မှ အသက်ရှူ၏။ ဝမ်းဗိုက်၏ချက်ဘေးဦ့ကြက်၏အတက်နှင့်တူသော အငေ့ကြောထုံးနှစ်ခုရှိ၏။ ထိုအကြောထုံးနှစ်ခုကို စွန့်ကုပ်ဟုခေါ်လေသည်။ စပါးကြီးမြွေတို့သည် ထုံအကျင့်ရှိသောမြွေဖြစ်သည်ဟု ဆိုလေသည်။ ထုံကျင့်သည်ဆိုသည်မှာ သည်းခြေ၊ ဝမ်းဗိုက်၊ ချက်ကြေး၊ မျက်စိအာရုံတို့စုစည်း၍ ငြိမ်သက်စွာဖြင့် အလင်းရောင်ကို အာရုံပြု၍နေခြင်းသည် ဖြစ်လေသည်။

■ ဘာကြောင့် စပါးကြီးမြွေများ ထုံကျင့်သနည်း

စပါးကြီးထုံဝင်ရသည်ကား စပါးကြီးတို့သည် သားကောင်းအား ညှို့အားဖြင့် ညှို့ယူစွဲငင်၍ ဖမ်းစားကြရ၏။ ထို့အတွက် မြွေ၏စိတ်ညှို့အားကောင်းမွန်စေရန် အာရုံစူစည်းပြီး ညှို့စွမ်းအားလေ့ကျင့်ခြင်းသာ ဖြစ်လေသည်။ ထိုကြောင့်လည်း အချို့က စပါးကြီးမြွေများကိုတွေ့ပါလျှင် သူတော်ကောင်းမြွေဟုဆို၍ အသက်အန္တရာယ်မပြုကြခြင်းလည်းရှိလေသည်။ ဆိုရပါသော် စပါးကြီးမြွေ၏သဘာဝဖြစ်သောညှို့အားဖြင့် သားကောင်များအား လွယ်လင့်တကူဖမ်းယူမှိုနှိုင်ရန်လေ့ကျင့်ခြင်းသာဖြစ်လေသည်။

■ ထုံကျင့်နေစဉ် ဘာအဟာရပြုသနည်း

ထုံဝင်မည့် စပါးကြီးမြွေတို့သည် ထုံကျင့်စဉ်ကာလ ငြိမ်သက်စွာ ညှို့စွမ်းအားလေ့ကျင့်နိုင်ရန် ထုံမဝင်မီ သားကောင်ကို ရအောင်ရှာဖွေပြီး မျိုပြီးသည့်နှင့် အချိန်ကာလများစွာ နေထိုင်နိုင်ခြင်းဖြစ်လေသည်။ ထိုအတွက် လူသူနည်းပါးသားကောင်ကြီးများ၏ ဘေးအန္တရာယ်မှလွတ်ရာနေရာအနှောင့်အယှက်နည်းပါး၍ အလင်းရောင်ရှိသောနေရာဆီသို့ ဦးခေါင်းပြုပြီး ငြိမ်သက်စွာ တစ်ကောင်တည်းနေထိုင်ခြင်းဖြစ်လေသည်။

■ အကျင့်အကြံနှင့် သည်းခြေအိတ်

ဆန်းပြားစွာဆိုရပါလျှင် စိတ်စွမ်းအင်တိုးတက်အောင်မြင်ရန် ဝိဇ္ဇာလမ်းစဉ်ကသို့ကျင့်သုနှင့်ဆင်လှပေသည်။ သို့သော် ကွဲပြားသည်မှာ လူနှင့်တိရစ္ဆာန်တို့၏ အသိမတူညီသော ဉာဏ်ကွဲပြားမှုဖြစ်လေသည်။ စပါးကြီးမြွေများသည်လည်း နိမိတ်ထင်ခြင်းရှိသည်။ ဆက်စပ်နေသည်မှာ စပါးကြီး၏ မျက်စိ၊ ညှို့ကြိုး၊ သည်းခြေတို့မှာ စိတ်စက်ယန္တရားသဖွယ် အံ့ဖွယ်လည်ပတ်နေခြင်း ဖြစ်လေသည်။ ထို့ကြောင့် စပါးကြီးသည်းခြေသည် နေမင်းတည်ရာအရပ်ပေါ်မူတည်၍ ပြောင်းလဲတည်ရှိနေတတ်သည်ဟုဆိုကြခြင်း ဖြစ်၏။ အမှန်မှာ စပါးကြီး

www.burmeseclassic.com

www.burmeseclassic.com

၏သည်းခြေသည် စပါးကြီးမြွေ၏ ခန္ဓာကိုယ်တွင်း မူလသည်းခြေအိတ်တည်သောနေရာတွင်သာ မပြောင်းမရွေ့တည်နေခြင်း ဖြစ်လေသည်။

■ နိမိတ်ထင်မြင် နဂါးအသွင်

နေ၏အလင်းအား အာရုံထားခြိန်ကြာမြင့်လာသည်နှင့်အမျှ စပါးကြီးမွေ၏ အာရုံမျက်စိ၌ နိမိတ်ထင်လာ၍ ပုံရိပ်မြင်လာခြင်းဖြစ်လေသည်။ ထိုပုံရိပ်သည်ကား အံ့ဖွယ်ဆန်းကြယ်နဂါးရိပ်သာဖြစ်နေတော့သည်။ အကြောင်းကား စပါးကြီးမွေသည် အာရုံပုံရိပ်ထင်ကာ စကြဝဠာအတွင်း အသက်ဝင်၍ ခန္ဓာအရွယ်ကြီးချင်သလိုကြီး၊ သေးချင်သလိုသေးစေနိုင်သော တန်ခိုးရှင်နဂါးကြီးကဲ့သို့ မိမိပုံရိပ်ယောင်ကို အမှန်မြင်ခြင်းပင်ဖြစ်လေသည်။ထိုသည်ကား ငြိမ်သက်စွာနေထိုင်ရင် စပါးကြီးမွေ၏စိတ်အာရုံမှ စွမ်းအင်ထူးများရရှိနေခြင်းသာ ဖြစ်လေသည်။ ထို့ကြောင့် မွေနှင့်နဂါးဆက်စပ်နေသလား ဆိုသည်ကား စဉ်းစားဖွယ်သာဖြစ်နေ၏။ ထို့ကြောင့်လည်း ထူးထူးဆန်းဆန်း ဝိဇ္ဇာလမ်းတို့တွင် ဝိဇ္ဇာ၊ နဂါး၊ မွေတို့သည်က အကြောင်းတိုက်ဆိုင်စွာပတ်သက်ဆက်စပ်နေခြင်းသာဖြစ်တန်ရာ၏။

■ ထူးဆန်းသော စပါးကြီးသည်းခြေမှ ပရမာအဏုမြူမောတ်

ထုံဝင်သော စပါးကြီးမွေတို့သည် နေ့တွင် နေ၊ ည တွင် လတို့၏ အလင်းရောင်တို့ကို စွဲမြဲသောအာရုံပြု၍ သည်းခြေမောတ်လည်ပတ်ခြင်းနှင့်အတူ အာရုံမျက်စိလည်ခြင်းသည် နဝင်းကိုက်နေသော နှာကိုးပေါက်မှ လေအဝင်အထွက်အတိုင်း စွမ်းအင်ထူးကို သိုလှောင်စုပ်ယူမိတော့သည်။ ထိုသည်ကား ဓာတ်ကြီးလေးပါးကို အခြေခံထား၍ အလင်းကြောင့်ရရှိသော ပရမာအဏုမြူပြဒါးရှင်ဓာတ်သာဖြစ်လေသည်။ ထို့ကြောင့် သိသူတို့က လွန်စွာတန်ဖိုးထား၍ စပါးကြီးသည်းခြေကို မွေပြဒါးရှင်ဟုတင်စားသည်လည်းမှတ်သားဖူးသည်။ထိုကြောင့် သိပ်ပံအမြင်ဖြင့် လက်တွေ့ရေကူးပြိုင်သော စပါးကြီးသည်းခြေသည် ဝိဇ္ဇာအသိအမြင်ဖြင့်မြင်ကြည့်ပါမူ လည်ပတ်နေတတ်သော ထုံကျင့်စဉ်ကြောင့် အနုလောမာပြဒါးဓာတ်တို့ ကိန်းစက်နေခြင်းသာဖြစ်၏။

■ ထုံကထွက်ပါလျှင်

စပါးကြီးမွေသည် တိရစ္ဆာန်ဖြစ်၍ အသိမရှိသောအကြောင်းကြောင့် အကျိုးမဲ့ခြင်းကိုပြုတတ်လေသည်။ အကြောင်းမှာ ထုံမှထွက်သော စပါးကြီးမွေသည် ဆာလောင်မွတ်သိပ်သောစိတ်နှင့် ကာမစိတ်လွန်စွာပြင်းထန်ခြင်းကို ဖြစ်လေသည်။ ထို့ကြောင့်လည်း အသိဉာဏ်နည်းမိုက်မဲစွာ သေဘေးဖြင့်ရင်ဆိုင်ကြရတတ်သည်။ မိမိကိုယ်အထင်ရောက်၏။ ညို့အတက်ကိုအသုံးချလျက် အစာနှင့် ကာမအတွက် သားကောင်ညို့ယူဖမ်းဆီးခြင်းပြုလေသည်။ အထူးသဖြင့် မသတ္တဝါများအား ညို့ယူတတ်သည်။ ထို့ကြောင့် စပါးကြီးညို့ခြင်းကို မသတ္တဝါတို့ ပိုမိုများပြားခံစားရခြင်းသာ ဖြစ်လေသည်။

■ ညို့ခြင်းခံရသူ

သက်ရှိ လူ၊ တိရစ္ဆာန်များ၏ အရိပ်၊ ခြေရာ၊ တိုယ်ခန္ဓာအစိတ်အပိုင်းအား ညို့သည်ဆိုသော်လည်း အဓိက ညို့ခြင်းခံရသည်က မျက်စိနှင့် သက်ရှိတို့၏ အဂီတန်ဆာသာဖြစ်၏။ ညို့ခံရသူ၏စိတ်တွင် စပါးကြီးမွေ၏ပုံရိပ်ထင်သည်က မည်သည့်အရပ်မျက်နှာဘက်လှည့်၍ သွားစေကာမူ ကြီးမားသောမွေကြီးကိုမြင်နေရခြင်းဖြစ်လေသည်။ လွတ်မြောက်ရန်ကြိုးစားရင်း မောပန်းတုန်ယင်လျက် အားအင်ကုန်ခန်းသောအဖြစ်သို့ရောက်တော့သည်။ထိုမှသာ စပါးကြီးမွေသည် အညို့ခံရသောသားကောင်အား မွေ၏ရှည်လျားသောခန္ဓာဖြင့်ရစ်ပတ်ညှစ်ချခြင်းပြုလေတော့သည်။ သားကောင်မှာ စပါးကြီး၏ကြီးမားသောညှစ်အားကြောင့် ကိုယ်ခန္ဓာဆွဲဆန့်ခြင်းခံရ၍ ရှည်မျောမျောဖြစ်လေသည်။ ထို့နောက် သားကောင်အား လွယ်လင့်တကူ မျိုနိုင်ရေး မွေ၏ပါးစပ်မှအချဲ့အကျိများမှတ်ထုတ်ပြီး ဦးခေါင်းမှ စတင်မျိုပါတော့သည်။

■ အရိုးခါချစပါးကြီးအလေ့အထ

မျိုပြီးသောသားကောင်ကြီးငယ်တို့၏ အစာမခြေဖျက်နိုင်သော အရိုး၊ အသွား၊ အစွယ်၊ ခွာတို့အား ကိုယ်ခန္ဓာအတွင်းရှိ အစာအိမ်လမ်းကြောင်းမှ ခါချစွန့်ထုတ်နိုင်ရန်အတွက် ကြီးမားသောသစ်ပင်၏ ခိုင်မြဲသောသစ်ကိုင်း၌ အမြီးကိုပတ်လျက် ဦးခေါင်းဇောက်ထိုးပြု၍ မွေခန္ဓာကိုလှုပ်ယမ်းပြီး ခါချ၍ ပါးစပ်မှစွန့်ထုတ်စေသောအလေ့အထလည်းရှိပြန်သည်။ အချို့တောတောင်ကြီးများတွင် စပါးကြီးခန္ဓာမှစွန့်လွှတ်လိုက်သောအရိုး၊ အစွယ်၊ ခွာတို့ အစုလိုက်အပုံလိုက်တွေ့ရတတ်လေသည်။

■ အစာမျိုပြီးသော စပါးကြီးမွေ

အစာမျိုထားသည့် စပါးကြီးမွေ၏ နှလုံးနှင့် အခြားအတွင်းပိုင်းအင်္ဂါများသည် (၁) ရက်အတွင်း အရွယ်ပမာဏ (၂)ဆ ကြီးမားလာလေသည်။ စပါးကြီးမွေသည် သမင်၊ ဒရယ်၊ တောင်ဆိတ်၊ တောဝက်၊ အိမ်မွေးတိရစ္ဆာန် စသည့် အရွယ်ပမာဏရှိ သားကောင်ကိုမျိုထားနိုင်သည်။ အစာမျိုပြီး ရက်အနည်းငယ်အကြာတွင် ၎င်း၏နှလုံးနှင့် အခြားကိုယ်တွင်းအင်္ဂါများပုံမှန်အတိုင်းပြန်ဖြစ်သွားပြန်သည်။ အစာတစ်ကြိမ်မျိုပြီးသည့် စပါးကြီးမွေသည် ခန္ဓာကိုယ်ကြွက်သားများ လျော့ရဲသွားစေခြင်းမရှိဘဲ ကျန်းကျန်းမာမာဖြင့် တစ်နှစ်အထိ ထပ်မံစားသောက်ခြင်းမပြုဘဲ ရှင်သန်နေထိုင်နိုင်ခြင်းရှိလေသည်။

■ မှတ်ဉာဏ်ကောင်းသောစပါးကြီးမွေ

စပါးကြီးမွေတို့သည် မှတ်ဉာဏ်ကောင်းလှ၏။ မဟာမြိုင်တောကြီးအတွင်း လူကြီးခြေသလုံးအရွယ်ရှိ ရှည်လျားသောစပါးကြီးမွေတစ်ကောင်အား မုဆိုးများဖမ်းမိရာ မဟာမြိုင်တောဘုရားဖူးလာသူတို့က မုဆိုးတို့အားငွေပေး၍ မွေကိုအလှူခံပြီး ကားဖြင့်သယ်ယူလာကာ မုံရွာမြို့အနီး တောစပ်တွင် အမှတ်အသားပြုလွှတ်ပေးခဲ့သည်။ ထိုစပါးကြီးမွေကြီးမှာ မဟာမြိုင်တော မူလနေထိုင်ရာနေရပ်သို့ ရက်ပိုင်းအတွင်းပြန်ရောက်လာသည်ဟု မှတ်သားဖူးပါသည်။ စပါးကြီးမွေတို့သည် မိုင်ပေါင်းသုံးလေးရာဝေးကွာသောနေရာမှ မိမိနေရပ်သို့ပြန်လည်လာရောက်နိုင်သောမှတ်ဉာဏ်နှင့် အာရုံခံမှုကောင်းကြလေသည်။

■ သည်းခြေထုတ်ယူပုံ

စပါးကြီး၏ သည်းခြေသည် မူလသည်းခြေနေရာ၌ အတည်မနေဟုဆိုသည်။ ထိုသဘောသည်ကား စပါးကြီးမွေ၏ဦးခေါင်းသည် အလင်းကို အကြောင်းပြု၍ မျက်စိ၊ နှာ ကိုးပေါက်မှ နေမင်းတည်ရာ အလင်းလာရာဘက်သို့ အဓိကအာရုံပြု၏။ အကြောင်းကား သည်းခြေအစွမ်းထက်၍ ညို့မှုအားကောင်းစေရန် နေမှအလင်းနှင့်အပူကို မှတစ်ဆင့်ရယူခြင်းဖြစ်၏။ ထိုအချိန်သည် မွန်းလွဲမတိုင်မီဆိုဝါ မူလသည်းခြေ

www.burmeseclassic.com

www.burmeseclassic.com

ဝင်နေသော သည်းခြေတတ်ကြောင့် တည်း။ များသောအားဖြင့် မြွေသတ္တဝါတို့၏ဘ၀မှာ အချင်းချင်းကိုက်ခဲရန်မှု တတ်ကြပြီး ဗိဗိသန့်ရာ အဆိပ်ဓာတ်၊ ညှစ်အားတို့ဖြင့် သူ့နိုင်ကိုယ်နိုင် အသက်လုတိုက်ခိုက်တတ်သည်ကားများ၏။

■ မြွေတို့သွားလာတတ်သောလမ်းကြောင်း

တောမုဆိုးတို့သည် မြွေသွားလမ်းကို လူးကြောင်းဟု ခေါ်ကြ၏။ မြွေလူးကြောင်းကိုကြည့်၍ မည်သည့်မြွေဖြတ်သန်းသွားသည်ကို ခန့်မှန်းအကဲဖြတ်တတ်ကြသည်။ မြွေတို့သည် ခြေလက်အင်္ဂါမပါကြ၍ လူး၍တွန့်၍သွားတတ်ကြ၏။ မြွေပွေး၏လူးကြောင်းက ကကြီးယပက်လက်အကြောင်းများဆက်၍ဆက်တိုက်ဆွဲထားဘိသို့ဖြစ်၏။ မြွေဟောက်၏လူးကြောင်းက အတွန့်ပါသော်လည်း မြွေပွေးလူးကြောင်းကဲ့သို့မစိပ်။ အလယ်အလတ်မျှသာတွန့်၏။ လင်းမြွေလူးကြောင်းက သိသာစွာကျဲ၏။ စပါးကြီးမြွေ၏လူးကြောင်းက ကျဲတောက်ကျဲတောက်ရှိ၏။ ပုံမှန်မရှိဖြစ်၏။ ထို့ပြင် အစာမျိုထားသောမြွေ၏ လူးကြောင်းသည် သားကောင်မျိုထား၍ ဖုထွက်နေသဖြင့် လူးကြောင်းလည်းကျယ်နေတတ်သည်။ မြွေတို့သွားသော လမ်းကိုကြည့်၍ အဟောင်းအသစ်ခွဲခြားကြပြန်သည်။ မြွေလူးကြောင်းပေါ်တွင် ဖုန်တင်ခြင်း၊ သစ်ကိုင်းသစ်ခက်နှင့် ရွက်ကြွေတို့တင်ရှိနေ ကျန်ရှိနေက လူးကြောင်းဟောင်းဟု သတ်မှတ်ခြင်းဖြစ်သည်။

■ ရုတ်ခြည်းကြုံကြရသော စပါးကြီးမြွေ၏ အသက်အန္တရာယ်

စပါးကြီးမြွေသည် ညှို့သည်။ အံညှို့ခံရသူသည် အသိနည်း၍ သတိမဝင်က လွတ်လမ်းမရှိဟု ဆိုသည်။ သို့သော် စပါးကြီးသည် ရုတ်တရက်ကြုံရတတ်သောအန္တရာယ်အတွက် ညှို့ချိန်မရှိ ကိုယ်ခန္ဓာ၏ သန်မာသော ညှစ်အားဖြင့်သာ ရင်ဆိုင်ကြရသည်။ ဆိုလိုသည်မှာ ညှို့သည်ဆိုသောစွမ်းအားသည် ရုတ်တရက် ချက်ချင်းပေါ်ထွက်လာခြင်းမျိုးမရှိ အချိန်ယူရသည်။ အချိန်ပေးရသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့်လည်း တောတွင်းသားကောင်အချင်းချင်း၏အန္တရာယ်၊ လူသားတို့၏အန္တရာယ်ကြောင့် စပါးကြီးမြွေများအသက်ဆုံးပါးရသည်ကများလေသည်။ အကြောင်းမှာ ညှို့၍ရသည်လည်းရှိ၏။ မရသည်ကလည်းရှိခြင်းပင်။

■ မှားယွင်းတတ်သော စပါးကြီးနှင့် စပါးအုံး

သာမန်အမြင်ဖြင့် အစင်းအကွက်ကိုကြည့်၍ အချို့စပါးကြီးနှင့် စပါးအုံးလွဲမှားပြောဆိုခြင်းရှိကြ၏။ အသေအချာကြည့်ပါမူ စပါးကြီးသည် နှာခေါင်းနဝင်းကိုးပေါက်ရှိ၍ ကိုးနဝင်းသက်စွာ လေဝင်လေထွက်ပြု၏။ စပါးအုံးက နှာကိုးပေါက်မပါချေ။ စပါးကြီးအရေခွံသည် အကွက်စိပ်၍ တစ်ဆက်တည်းရှိသည်။ စပါးအုံးသည် အကွက်ကျဲ၍ တစ်ဆက်တည်းမရှိတတ်ပေ။ စပါးကြီးက အမြီးသွယ်လျလျရှိ၏။ စပါးအုံးက အမြီးအနည်းငယ်မျှတုတ်၏။ စပါးကြီးမြွေသည် ကုန်းတွင်နေထိုင်သော်လည်း အချို့မှာ အင်း၊ အိုင်၊ ချောင်းမြောင်းများတွင်အနေများ၍ သားပေါက်လျှင် ကုန်း၌ပေါက်တတ်သည်။ စပါးအုံးက ကုန်းပျော်၏။

■ စပါးကြီး၏ သူမျိုက်ယ်မျိုစေတတ်သောသတ္တိ

ဝိဇ္ဇာပညာအရ နက်နဲသောအသိဖြင့်ကြည့်တတ်ပါမူ နာမ်ဓာတ်ကူးပြောင်းသည့်နှယ် အဓိပ္ပာယ်ကြီး၏။ အကြောင်းမှာ စပါးကြီးသည် ထုံကူးတတ်သော အလေ့အထရှိ၍ဖြစ်၏။ ထို့အတူ မြွေတို့ဘ၀ အားကြီးသူက အားနည်းသူကိုမျိုတတ်ကြသည်မှန်၏။ သို့သော် စပါးကြီး၏သည်းခြေစွမ်းသည် ထူးဆန်းစွာအသက်ဝင်၏။ ထိုအသက်ဝင်ခြင်းသည် ထုံကျင့်ခြင်းကြောင့်ဖြစ်သည်။ စပါးကြီး၏ ဆန်းပြားသော ကျင့်စဉ်ဟု ဆိုရမည်။ ထိုအကျင့်ဖြင့် နာမ်ထုံကူးလိုသောစပါးကြီးမြွေတို့သည် ထူးဆန်းသောနာမ်စိတ်ဝင်လျက် အားကြီးသော တောကြီးမြွေဟောက်၊ ငန်းတော်ကျား၊ ငန်းပုပ် စသောမြွေကြီးများဆီသို့ အပြေးသွားရောက်၍ အံ့ဖွယ်အမျိုးခံပြီး ထုံကူးတတ်သော သဘောကားရှိပြန်သည်။ ထို့အတူ အခြားမြွေများကိုမျိုခြင်းလည်းကောင်း၊ မြွေတစ်ကောင်၏ အမြီးကို တစ်ကောင်က မျိုခြင်းလည်းကောင်း၊ မိမိအမြီးကို မိမိကိုယ်တိုင်မျိုခြင်းလည်းကောင်း ထုံကူးတတ်ကြသည်။ မှတ်သားသင့်သည်က စပါးကြီးမြွေသာမက အချို့သောမြွေများ၌ပင် ညှို့စွမ်းအားများရှိနေခြင်းပင်။ ထို့ကြောင့် စပါးကြီးမြွေသည် ရုပ်သေသော်လည်း နာမ်မသေသောမြွေလည်းဖြစ်၏။ အကြောင်းကား အသက်ဝင်နေသော သည်းခြေတတ်ကြောင့်ပင်တည်။

■ ကြီးသည်းခြေတိုင်း အစွမ်းကြီးမကြီး

စပါးကြီးမြွေချင်းတူပါသော်လည်း အချို့စပါးကြီးမြွေများ၏သည်းခြေသည် စပါးကြီးမြွေစစ်မှန်သော်လည်း အသက်မဝင်၍ ဆေးစွမ်းနည်းပါးသည်လည်းရှိတတ်ပါသည်။ အချို့လူသားများသည် စပါးကြီးမြွေကြီးများကို အကြောင်းအမျိုးမျိုးကြောင့် မွေးမြူထားတတ်ပြီး အစာကျွေးခြင်းနှံ့တိုက်ခြင်းပြုလုပ်ကြပါသည်။ ထိုစပါးကြီးမြွေကြီးများမှာ လူနှင့်အလွန်နီးစပ်၍ စပါးကြီးမြွေ၏သဘောသဘာဝထုံကျင့်သောအကျင့်ကို ထိထိရောက်ရောက်မကျင့်ကြံနိုင်တော့ပါ။ ထို့ကြောင့် စပါးကြီးမြွေချင်းတူသော်လည်း ညှို့အားအစွမ်းထက်မှုနည်းပါး၍ သည်းခြေအသက်ဝင်မှုနည်းပါးသလို ဆေးစွမ်းထက်မှုနည်းနေတတ်သည်။ လူနှင့်နီးစပ်သော စပါးကြီးတို့သည် သားကောင်၏အလစ်အငိုက်တွင်သာ မြွေတို့၏ဓလေ့အတိုင်း သားကောင်ကိုမျိုကြခြင်းရှိတတ်၍ ယုံကြည်၍မရနိုင်။ အကြောင်းမှာ အသိမဲ့သော တိရစ္ဆာန်ဖြစ်ခြင်းပင်။ ထို့ကြောင့် စပါးကြီးချင်းတူသော်လည်း သည်းခြေ၏အစွမ်းထက်မှု၊ ဆေးအစွမ်းထက်မှု၊ အသက်ဝင်မှုမှာ မတူညီပါဟု ဆိုရခြင်း ဖြစ်လေသည်။

■ စပါးကြီးမြွေ၏ဦးခေါင်းရိုး

မေးရိုးတို့သည် အနောက်ဘက်တွင်ရှိသောအရိုးတို့နှင့် လှုပ်ရှားမှုလွယ်ကူစေရန် ချိတ်ဆက်ထား၍ မေးရိုးသည် အထက်၊ အောက်၊ ဘယ်၊ ညာ လွယ်ကူစွာရွေ့လျားနိုင်သည်။ ထိုသဘောကိုမူ၍လည်း အရိုးအဆစ်လွဲသူများ စပါးကြီးဦးခေါင်းရိုးကို ဆေးဖြင့်ရောသွေး၍ အိတ်၌ သည်းခြေရည်နှစ်ပါးပြီး နေမင်းတည်ရာ ဦးခေါင်းထားတတ်သော မြွေခန္ဓာ၏အရှေ့ဦးခေါင်းဖိုင်းနှင့် ချက်ကြားသည်းခြေရည်မာတို့ ပို့နှံ့နေခြင်းသဘောသာဖြစ်သည်။ စပါးကြီးသည်းခြေအမှန်သည် သတ္တ၀ါတို့မူလပြစ်တည်နေတတ်သော အရိုး၊ အကြောသွေးသား သဘာ၀အရ သည်းခြေအိတ်တည်ရာနေရာတွင်သာဖြစ်၏။ ထို့ကြောင့် အသက်ဝင်သောသည်းခြေမာတ်အပြည့်အ၀ရစေရန် မူလသည်းခြေအိတ်နေရာ၌ ဝမ်းဗိုက်ကိုခွဲပြီး ပြန်မစေ့စေရန် ကန့်လန့်ခံဒေါက်ထောက်၍ ရှာဖွေယူကရရှိနိုင်ပါ၏။ ထို့အတူ လသာခိုန်၊ လပြည့်ရက်များ၌ ထိုသို့ပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

■ စပါးကြီးသည်းခြေနှင့်ကမ္ဘီရအစီအရင်

အချို့လူတို့က စပါးကြီးသည်းခြေနှင့် ညိုကြီး၊ ညိုတံတို့သည် လာဘ်လာဘကို ညှိုယူဆွဲငင်နိုင်သည်ဟု ယုံကြည်ကြသည်။ စျေးရောင်းကောင်းလို သူတို့က သည်းခြေ၏အဖိုအမအား ချိန်ခွင်တွင်ချိတ်ခြင်း၊ ငွေသေတ္တာတွင်ထည့်ခြင်း၊ စျေးဝန်းတွင်ထည့်၍ စျေးရောင်းခြင်းများရှိလေသည်။ အချို့ကလည်း လူပျိုအပျိုစကားပြောဆိုရာတွင် လက်ကိုင်ပဝါဖြင့်ထုပ်ပိုး၍လည်းကောင်း၊ ပုဆိုးခါးပေါင်းစအတွင်း ထည့်သိုခြင်းဖြင့် လည်း ညှိစွမ်းအားကိုရရှိစေသည်ဟု ယုံကြည်ကြသည်။ အချို့မှာ လုပ်ငန်းကိုင်ငန်းအတွက် စကားပြောရခြင်း၊ အလုပ်အင်တာဗျူး စာမေးပွဲလူတွေ့ဖြေဆိုရာတို့တွင် ဖိုမညှိုတံကို အဆောင်အဖြစ် ဆောင်ယူခြင်းလည်းရှိပြန်သည်။ အချို့ရှေးလူကြီးတို့ယုံကြည်သည်မှာ ကံလေးမွေးရခက်သော် သည်းခြေ၏ဖိုမညှိုကြီးစုံလိုက် ရင်သားပေါ်ကန့်လန့်ဖြတ်တင်ပေးလျှင်သားဖွားလွယ်သည်ဟုဆိုသည်။ အချို့ကလည်း ပယောဂအပင်းမိသူတို့အား အပင်းကျစေရန် ညှိုကြီးတစ်ချောင်းကိုဖြတ်တောက်ပြီး သေးသေးနုပ်နုပ်စဉ်း၍ အစားထဲ၌ထည့်ကျွေးပေးပါက အပင်းများအန်ထွက်သည်။ အပင်းကျသည်ဟုဆိုကြသည်။ လူပျောက်ခြင်း၊ စိတ်ဆိုး၍ ဇနီးသားမယား အိမ်ကထွက်သွားက စပါးကြီးသည်းခြေညှိုကြီးစုံကို လိုသူ၏အင်္ကျီအဝတ်အစားပေါ်တင်၍ ပြန်လည်ခေါ်ယူရသည်ဟုဆိုသည်လည်း ရှိသည်။

■ သိဒ္ဓိဝင်သောသွပ်ဓာတ်လုံး

အချို့အင်္ဂါရုတ်သမားအပွင့်ဓာတ်ဆောင်သွပ်ဓာတ်အောင်စေရန်အတွက်လည်း စပါးကြီးသည်းခြေ၌ သွပ်ဓာတ်ကို ခံရည်အဖြစ်လောင်း၍ အပွင့်ဓာတ်အစွမ်းထက်ရေး ညှိုအားကူကာ စီရင်စိမ်ကြသည်လည်းရှိလေသည်။

■ စပါးကြီးသည်းခြေစစ်၊ မစစ်

စပါးကြီးသည်းခြေအစစ်သည် မည်မျှနှစ်ကာလကြာမြင့်သည်ဖြစ်စေ သည်းခြေရည်အစေးရှိနေသေးပါက ရေကူး၏။သို့သော် အချို့စပါကြီးသည်း ခြေထို့က ရေမကူးပြန်။ စပါးကြီးသည်းခြေစေးအနည်းငယ်ကို လျှာပေါ်တင်ကြည့်ပါက ခါးသောအရသာနှင့် အနည်းငယ်ချို၍ ညှိစို့သော်သည်းခြေဓာတ်အရသာကိုရပါသည်။ သည်းခြေရည်ကို လက်ဖဝါးတွင်သုတ်လူးပြီး ရေစက်တစ်စက်နှစ်စက်မျှထည့်၍ တစ်မိနစ်မျှပွတ်ခြေလိုက်ပါလျှင် လက်ဖမိုးတွင် လျှာဖြင့် အရသာခံကြည့်က ခါးသောအရသာ ဖောက်ထွက်ပါသည်။

■ စပါးကြီးသည်းခြေအတု

နည်းမျိုးမျိုးဖြင့် အတုအပပြုလုပ်ရောင်းချကြပါသည်။ သည်းခြေအိတ်ကို အခြားသောသည်းခြေအိတ်ဖြင့် အစားထိုးပြုလုပ်ကြပြီး သည်းခြေရည်အဖြစ် ထန်းလျက်ရည်၊ မန်ကျည်းနှစ်၊ တမာနှစ်၊ ပျားရည်တို့နှင့်အတူ သည်းခြေအစစ်၏ သည်းခြေရည်အနှစ်အနည်းငယ်ရောစပ်ထည့်၍ ပြုလုပ်ကြပါသည်။ ထို့ပြင် ညှိုချက်ကြိုးတို့ပါ ထည့်သွင်းရောင်းချ လိမ်လည်ကြသည်လည်းရှိသည်။ အချို့ကအစစ်ဖြင့် စမ်းသပ်မှုကိုအောင်မြင်စေပြီး အတုကိုလိမ်လည်ရောင်းတတ်ပြန်သည်။ စပါးကြီးသည်းခြေတို့သည် ရေတက်ရက်မျာ်း၌ အစိုပြန်နေတတ်ပြီး ရေသေရက်တို့တွင် ခြောက်သွေ့နေတတ်ပြန်ပါသည်။

■ စပါးကြီးသည်းခြေ၏ ဆေးစွမ်းကောင်းများ

စပါးကြီးသည်းခြေသည် လူသားတို့၏ ကျန်းမာရေးအတွက် ထိရောက်စွာအကျိုးပေးပါသည်။ ထို့ကြောင့်လည်း အစွမ်းကြီးမြတ်သော ဆေးဖက်ဝင်ပစ္စည်းများဖြင့် တွဲဖက်၍ သုံးစွဲသောဆေးနည်းတို့ လွန်စွာမှ များပြားလှပါသည်။ သိမှီမှတ်သားဖူးသော စပါးကြီးသည်းခြေဆေးအသုံးများမှာ -

၁။ လျှာတိုပြီး လေငန်းဖြစ်သူတို့ လျှာကိုလိမ်းပြီး ဆွဲရသည်။

၂။ တိုနာအတက်သမားများ သည်းခြေအနည်းငယ်ကို လျှာပေါ်တင်၍ဆွဲပေးခြင်း၊ ဆီးခုံတွင်ပွတ်လူးခြင်းပြုလုပ်ကြသည်။

၃။ မေးခိုင်သူများ လျှာတွင်ပွတ်၍ မျိုချရသည်။

၄။ အမောဖောက်၍ အံသက်စောင့်နေရသော်လူနာ၏ လျှာပေါ်တင်ပေးခြင်းဖြင့် အသက်ကိုဆွဲဆန့်ထားနိုင်၏။

၅။ အဆစ်အမြစ်အလွန်ကိုက်ခဲသူတို့ ရှောက်ရည်ဖြင့်သည်းခြေအနည်းငယ်စပ်၍ စုတ်ဖြင့်ပေါက်ရသည်။

၆။ လေးဖက်နာသမားများ ဆေးပန်းဥ၊ ငွေပန်းဥတို့ဖြင့် သွေး၍လိမ်းပေးရသည်။

၇။ ကိုယ်ဖောရောင်က မုန်ညင်းဆီနှင့် သည်းခြေရောစပ်ပြီး ရောင်ရမ်းသောနေရာအား အပေါ်မှအောက်သို့ ဖိဆွဲလိမ်းပေးရသည်။

၈။ ကလေးသူငယ်နာဖြစ်လျှင် မီးခြစ်ဆံခေါင်းမှ သည်းခြေရည်ကို လျှာပေါ်တင်ပေးရသည်။

၉။ မျက်စိနာလျှင် သည်းခြေရည်၊ ကွမ်းရွက်သတ္တုရည်နှင့် သည်းခြေရည်ကိုသွေး၍ မျက်စိတွင်ကွင်းပေးရသည်။

၁၀။ ကျောက်တည်သူတို့ ဆန်ဆေးရည်ဖြင့် သွေး၍သောက်ရသည်။

၁၁။ မျက်စိတွင်းကျောက်ပေါက်ခြင်း၊ တိမ်စွဲခြင်းအတွက် စပါးကြီးသည်းခြေအနည်းငယ်ကို လူနှံ့ရည်ဖြင့်သွေးပြီး နေ့စဉ် (၃) ကြိမ်မျှ အနည်းငယ်မျှခပ်ပေးခြင်းဖြင့် သက်သာ ပျောက်ကင်းစေသည်။

ယခုအခါတွင် စပါးကြီးသည်းခြေကို ကော်လိုရာဒိုတက္ကသိုလ်မှ သိပ္ပံပညာရှင်များက လူသား၏ နှလုံးရောဂါကုသရေးကို အထောက်အကူပြုနိုင်သည့် စပါးကြီးမြွေအဖြစ် လျှို့ဝှက်ဆန်းကြယ်နေသည့် ဇီဝဗေဒဆိုင်ရာပဟေဠိကို တစ်စိတ်တစ်ပိုင်း လေ့လာသိရှိထားပြီဟု ဆိုလေသည်။ အဆိအက်စစ် (၃) မျိုးပေါင်းစပ်ပြီး စပါးကြီး၏နှလုံးနှင့် ကိုယ်တွင်းအင်္ဂါများကို ကြီးထွားစေနိုင်ခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက တင်ပြခဲ့သည်ဟုဆိုပါသည်။

ယခုဖော်ပြပါ စပါးကြီးမြွေ၏ထူးဆန်းသောအလေ့အထများနှင့် သည်းခြေဓာတ်အစွမ်းထက်ပုံတို့မှာ မိမိသိလို၍ မေးမြန်းလျှောက်ထားသည်များအား ရသေ့ကြီး ဦးကောဝိဒမှ ဗဟုသုတရစေရန် ရည်ရွယ်ချက်ဖြင့် ပြန်လည်မိန့်ကြားနားလည်စေရန် ညွှန်ပြခဲ့ခြင်းသာ ဖြစ်ပါသည်။ သို့ပါ၍ ထူးခြားဆန်းပြားကမ္ဘီရဆန်ရုံမျှမက လူသားတို့၏ ကျန်းမာရေးအတွက် အလွန်အသုံးဝင်သော စပါးကြီးမြွေနှင့် သည်းခြေဓာတ်အကြောင်း ပြန်လည် တင်ပြမျှဝေမိပါ၏။

ကျေးဇူးတော်ရှင်
မဟာဗောဓိမြို့ဆရာတော်ကြီးဘုရား
အာရုံဖြင့်ဦးခိုသူ

ရဲမျိုးဦး (ဗောဓိမြို့)

www.burmeseclassic.com

www.burmeseclassic.com

ပုဂံခေတ်ရေးထိုး မြင်းမူမြို့က ကျောက်စာများ

ရေနံမြေ-လွှမ်းစု

ကျောက်စာဟူသည် ခိုင်မာသော သမိုင်းမှတ်တိုင်ဖြစ်သည်။ အချို့သော ရာဇဝင်၊ သမိုင်းအချက်အလက်တို့သည် သက္ကရာဇ်သော်လည်းကောင်း၊ နေရာဒေသသော်လည်းကောင်း၊ အချိန်ကာလသော်လည်းကောင်း၊ တစ်ခုမဟုတ်တစ်ခု ဆိုသလို လွဲမှားနေတာတွေကို တွေ့နေရပါသည်။ထိုသို့ဖြစ်ရခြင်းမှာ အထောက်အထားမခိုင်လုံသောကြောင့် ဖြစ်သည်။

ကျောက်စာ၊ ခေါင်းလောင်းစာ၊ အုတ်ခွက်စာတို့ကား သူတို့ခေတ်သူတို့ အခါက ကာယကံရှင်များကိုယ်တိုင် စီမံရေးထိုးခဲ့ခြင်းကြောင့် တိကျမှန်ကန်သောသမိုင်းမှတ်တမ်းများဖြစ်ပေသည်။ ယခု စာရေးသူ ရေးသားတင်ပြမည်မှာ ပုဂံခေတ်တွင် ရေးထိုးခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ပေါ်ရှိ လက်လှမ်းမီရာကျောက်စာများအကြောင်းဖြစ်သည်။

(နောင်အလျဉ်းသင့်ပါက မြင်းမူဝန်းကျင်မှ ကျောက်စာများအကြောင်း ရေးသားတင်ပြပါဦးမည်။ စကားချပ်)

အဆိုပါ ရေးထိုးခဲ့သောကျောက်စာများကို ရှာဖွေလေ့လာသည့်အခါ အောက်ပါကျောက်စာများကို တွေ့ရှိရသည်။

၁။ သူကြွယ်ဥတ္တမရေးထိုး ရွှေပေါင်လောင်းကျောက်စာ၊
၂။ မင်းသတ္တာဘုရားကျောက်စာ၊
၃။ ကင်းသူကြီးကျောက်စာ၊
၄။ ကဿပရဟန်းကြီးရေးထိုး ရွှေပေါင်လောင်းကျောက်စာ၊
၅။ ကန်သာအောက်ကျောင်းရှိ ကျောက်စာ၊
၆။ ကန်သာအထက်ကျောင်းရှိ ကျောက်စာ၊
၇။ ခဲ့သာပတေ့ကျောက်စာ၊
၈။ သျှင်ပင်ရွှေစောလူး (တေဇော်လူး) ကျောက်စာ

ချမ်းသာကြီးဘုရား



ချမ်းသာကြီးဘုရားမှခွင်း



သျှင်ပင်ရွှေစောလူး(တေဇောလူး)ဘုရားစေတီ

www.burmeseclassic.com

www.burmeseclassic.com



မင်းသတ္တာဘုရား

ရွှေပေါင်လောင်ဘုရား

■ **ရွှေပေါင်လောင်ကျောက်စာ**

မြင်းမူမြို့ အောင်ဇေယျရပ်ကွက်ရှိ ရွှေပေါင်လောင်ဘုရား (သက္ကရာဇ် ၅၈၇ ခုနှစ်တွင် တည်သည်) ပရိဝုဏ်အတွင်းတွင် ကျောက်စာနှစ်ချပ်ရှိပါသည်။ ယင်းတို့မှာ သူကြွယ်ဥတ္တမရေးထိုး ရွှေပေါင်လောင်ကျောက်စာနှင့် ကဿပရဟန်းကြီးရေးထိုး ရွှေပေါင်လောင်ကျောက်စာတို့ ဖြစ်ပါသည်။

■ **ဥတ္တမရေးထိုးကျောက်စာ**

သူကြွယ်ဥတ္တမသည် သက္ကရာဇ် ၅၅၄ ခုနှစ်၊ တန်ခူးလ၊ ပုဒ္ဓဟူးနေ့တွင် ဘုရားအား မြေတပယ်နှင့်ကျွန်များ၊ နွားများလှူခဲ့ကြောင်း၊ ၎င်းအလှူနှင့်ပတ်သက်၍ ဆုတောင်းစာနှင့်တကွ အလှူအား ဖျက်ဆီးသူတို့သည် ငရဲကျပါစေ၊ ပြိတ္တာဖြစ်ပါစေဟု ကျိန်စာရေးထိုးထားသည်ကို တွေ့ရသည်။

■ **ကဿပရဟန်းကြီးရေးထိုးကျောက်စာ**

ကဿပရဟန်းကြီးသည် သက္ကရာဇ် ၅၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ စနေနေ့တွင် ဘုရားအား မြေလှူခဲ့ကြောင်း၊ ၎င်းလှူခဲ့သောကုသိုလ်ကောင်းမှုနှင့်ပတ်သက်၍ နိဗ္ဗာန်သို့ရောက်ရလိုကြောင်း ဆုတောင်းစာနှင့်တကွ အလှူအား ဖျက်ဆီးသူတို့သည် သေလွန်ပါက ဒေဝဒတ်မြေမျိုသကဲ့သို့ ဖြစ်၍ အပါယ်ဝရဲကျရောက်ကြစေလို ကြောင်း ကျိန်စာရေးထိုးထားလေသည်။

■ **မင်းသတ္တာဘုရားကျောက်စာ**

မင်းသတ္တာဘုရားသည် မြင်းမူမြို့ ဗန္ဓုလရပ်ကွက် ဗိုလ်ချုပ်ပန်းခြံ၏အရှေ့ဘက်ကပ်လျက် တည်ရှိပါသည်။ ထိုဘုရား၌ ကျောက်စာတစ်ချပ်ရှိပေရာ မင်းသတ္တာဘုရားကျောက်စာဟုတွင်ပါသည်။ အဆိုပါ ကျောက်စာတွင် မင်းသတ္တာဆိုသူသည် ကော်ဇာသက္ကရာဇ် ၅၅၅ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်၊ အင်္ဂါနေ့တွင် ဘုရားကိုမြေလှူခဲ့ကြောင်း၊ အလောင်းစည်သူမင်းကြီးသည် ပုဂံမင်းနေပြည်မှ မြစ်ကြောင်းအတိုင်းဆန်တက်လာစဉ် ရေစက်ချတော်မူကြောင်း ရေးထိုးထားသည်ကို တွေ့ရသည်။ ကမ္ဘည်းစာအချို့မှာ ဖတ်၍မရအောင်ပင်ပျက်စီးနေသဖြင့် အခြို့ကို အဓိပ္ပာယ်ဖော်ဆိုရန်ခက်ခဲခြင်းကြောင့် မင်းသတ္တာဘုရားကို မည်သူတည်ထားခဲ့ကြောင်းမသိရပါပေ။ သို့ရာတွင် မင်းသတ္တာဘုရားဟူသော ဘွဲ့နာမံတော်ကိုထောက်ရှု၍ မင်းသတ္တာတည်ခဲ့သည်ဟု ယူဆရပြီး အလောင်းစည်သူမင်းကြီး ရေစက်ချခဲ့သည်ဆိုသဖြင့် မင်းသတ္တာဆိုသူကား အလောင်းစည်သူမင်းကြီး၏အမတ်တစ်ဦးဖြစ်မည်ဟု ယူဆရပေသည်။

■ **ကန်သာအောက်ကျောင်းရှိကျောက်စာ**

ကန်သာအောက်ကျောင်းတွင် ကျောက်စာတစ်ချပ်ရှိကြောင်း၊ ထိုကျောက်စာမှာ မြင်းမူမြို့ ရဲစခန်းအနောက်မြောက်ဘက်ကုန်းမှ တူးဖော်ရရှိကြောင်းသိရသည်။ ထို့ကြောင့် စာရေးသူနှင့်မြို့ခံသန်းနိုင်ဦး(ချစ်ကောင်း)တို့ ၂၂- ၃- ၂၀၁၈ ကြာသပတေးနေ့တွင် အဆိုပါကျောင်းသို့သွားခဲ့ကြသည်။

စာရေးသူတို့သည် ကျောက်စာကို ကျောင်းပရိဝုဏ်အနှံ့ရှာဖွေကြသည်။ သို့သော်လည်း ရှာ၍မတွေ့ခဲ့။ နောက်တော့ ထိုကျောင်းမှ ဦးပဉ္စင်းတစ်ပါး၏အကူအညီဖြင့်ရှာဖွေကြရာ ရေတွင်းပျက်တစ်ခုဘေးတွင် မြေကြီးထဲမြုပ်ဝင်ကာ ကျောက်သားအနည်းငယ်ပေါ်နေသည့် ကျောက်စာချပ်ကို တွေ့ရသဖြင့် တူးဖော်ယူကြသည်။ ပုံ (၁)ရှု။ ထို့နောက် ကျောက်စာချပ်ကို ဆေးနှင့်ဆေးကြောပြီး ပုံ (၂) တွင် မြင်ရသည့်အတိုင်း ရေတွင်း၌မှီ၍ထောင်ကာ ကမ္ဘည်းစာလွှာကို လေ့လာကြည့်သည်။

ကျောက်စာမှာ မြန်မာလိုလည်းမဟုတ်၊ ပျူလိုလည်းမဟုတ်၊ ပါဠိလို

www.burmeseclassic.com

www.burmeseclassic.com

လည်းမဟုတ်၊ တရုတ်စာလိုလိုဘာလိုလို တွေ့ရသဖြင့် စာရေးသူအဖို့ အဓိပ္ပာယ် ဖော်ရန် ဉာဏ်မမီပါပေ။ နောက်တော့ လက်လှမ်းမီသလောက် ရှာဖွေလေ့လာသည့်အခါ 'သက္ကရာဇ် ၆၀၈ ခုနှစ်တွင် ရေးထိုးသော ကျောက်စာတစ်ချပ်ကို မြင်းမူမြို့ ရဲဌာနအနောက်မြောက်ဘက် ကုန်းမှတူးဖော်ရရှိ၍ ကန်သာအောက် ကျောင်းတွင်ထားသောကျောက်စာတွင် မင်းအမတ် ကစ္စမဂ်လာ၏ သားသည် ကျောင်းဆောက်၍ မြေလှူသော အကြောင်းအရာကို ရေးထိုးထားသည်' ဟူသော ကျောက်စာမှတ်တမ်းတစ်ခုကို တွေ့ရသည်။ ထို့ကြောင့် ဖော်ပြပါ ကျောက်စာချပ်သည် မင်းအမတ်ကစ္စနာ၏သားရေးထိုးသော ကျောက်စာချပ်ဖြစ်မည်လားဟု တွေးဆမိသည်။ မည်သို့ဖြစ်စေ ကျောက်စာဌာနမှ လာရောက်ကြည့်ရှုလေ့လာ၍ အဓိပ္ပာယ်ဖော်ထုတ်မည် ဆိုပါက တန်ဖိုးကြီးသော မှတ်တမ်းတစ်ခုရှိမည် ဖြစ်ပါသည်။

■ ကန်သာအထက်ကျောင်းရှိကျောက်စာ

ကန်သာအထက်ကျောင်းတွင် ကျောက်စာတစ်ချပ်ရှိသည်။ ထိုကျောက်စာသည်လည်း မြင်းမူမြို့ ရဲစခန်းအနောက်မြောက်ဘက်ကုန်းမှ တူးဖော်ရရှိကြောင်းသိရသည်။

ငဖွယ်၊ ငလျှောင်တို့သည် တရားပြုံင်တွင် အနိုင်ရရှိခဲ့သဖြင့် သက္ကရာဇ် ၆၁၄ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရေးထိုးခဲ့ကြောင်း တွေ့ရသည်။

(ငဖွယ်၊ငလျှောင်ရေးထိုးကျောက်စာနှင့်မနီးမဝေးတွင် ကျောက်စာတစ်ခု တွေ့ရသည်။ ထိုကျောက်စာမှာ နှစ်တောင်ခန့်မြင့်၍ ခပ်လုံးလုံးပုံသဏ္ဌာန်ဖြစ်သည်။ ထို့ကြောင့် ကျောက်စာတိုင်ဟု ခေါ်ရမည် ဖြစ်သည်။ ပုံ (၃)၌။ ကမ္ဘည်းစာများမှာ ပီပီသသမရှိတော့ပေ။ ပေါင်လောင် ဟူသော ခပ်ဝါးဝါးစာလုံးနှစ်လုံးတွေ့ရသဖြင့် ရွှေပေါင်လောင် ဘုရားကျောက်စာတစ်ခု ရောက်ရှိနေသလားဟုပင် ထင်မြင်စရာရှိလေသည်။ စာရေးသူ)

■ ကင်းသူကြီးကျောက်စာနှင့်ချံသာပတော့ကျောက်စာ

မြင်းမူမြို့ ကျန်စစ်သားရပ်ကွက်တွင် တည်ရှိတော်မူသော ချမ်းသာကြီးဘုရား (သက္ကရာဇ် ၄၄၈ ခုနှစ်တွင်တည်ထားခဲ့သည်) တွင် ကျောက်စာနှစ်ချပ် တွေ့ရသည်။ တစ်ချပ်မှာ ကင်းသူကြီး ရေးထိုးသောကျောက်စာဖြစ်၍ ကျန်တစ်ချပ်မှာ ချံသာပတော့ရေးထိုးသော ကျောက်စာ ဖြစ်သည်။

သက္ကရာဇ် ၅၅၇ ခုနှစ်တွင် ရေးထိုးခဲ့သော ကင်းသူကြီးကျောက်စာတွင်



သူကြွယ်ဥတ္တမရေထိုးရွှေပေါင်လောင်ကျောက်စာ



ကဿပရဟန်းရေထိုးရွှေပေါင်လောင်ကျောက်စာ



ကန်သာအထက်ကျောင်းရှိ ကျောက်စာ



သူကြွယ်ဥတ္တမရေထိုး ရွှေပေါင်လောင်ကျောက်စာ (အနီးမြင်)

ကဿပရဟန်းကြီးရေထိုး ရွှေပေါင်လောင်ကျောက်စာ (အနီးမြင်)

ကန်သာအထက်ကျောင်းရှိ ကျောက်စာ (အနီးကပ်မြင်ရုပ်)

www.burmeseclassic.com

www.burmeseclassic.com



ရွှေစောလူးကျောက်စာ

ရွှေစောလူးကျောက်စာ (အနီးကပ်မြင်ရုပ်)



ကန်သာအောက်ကျောင်းရှိ ကျောက်စာ



ကင်းသူကြီးကျောက်စာ
(ကျောဘက်အနီးမြင်)

ကန်သာအထက်ကျောင်းတွင်တွေ့ရသော
ရွှေပေါင်လောင်အမည်ပါကျောက်စာတိုင်

ကန်သာအောက်ကျောင်းရှိ ကျောက်စာ
(အနီးကပ်မြင်တွေ့ရပုံ)

ကင်းသူကြီးသည် ဘုရားအား မြေလှူကြောင်းနှင့် ဆုတောင်းစာများ ရေးထိုးထားသည်ကို တွေ့ရသည်။

သက္ကရာဇ် ၆၆၈ ခုနှစ် ကဆုန်လဆုတ် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၌ ခံ့သာပတေ့လင်မယားရေးထိုးခဲ့သောကျောက်စာတွင် ဘုရားတည်ခြင်း၊ မြေလှူခြင်းများဖော်ပြထားသလို သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်စေကြောင်း ဆုတောင်းစာနှင့်တကွ မိမိတို့ပြုခဲ့သောအလှူအားဖျက်ဆီးပါက ဘေးတွေ့ပါစေ၊ အဝီစိဇရဲဒဏ်ကျရောက်ပါစေဟူသော ပုဂံခေတ်ရေးထိုးကျိန်စာများမူအတိုင်း ကျိန်စာရေးထိုးထားသည်ကိုတွေ့ရသည်။

■ ရွှေစောလူးဘုရားကျောက်စာ

သာသနာနှစ် ၂၁၈ ခုနှစ်တွင် တည်ထားတော်မူခဲ့သော အလောင်းစည်သူမင်းကြီး၏ကောင်းမှု သျှင်ပင်ရွှေစောလူးဘုရားစေတီသည် မြင်းမူမြို့မှ သမိုင်းဝင်စေတီတစ်ဆူဖြစ်သည်။ သီပေါမင်းပါတော်မူပြီးနောက် ကောဇာနှစ် ၁၂၄၉ ခုနှစ်တွင် မသမာသူတို့၏ဖျက်ဆီးခြင်း၊ မီးရှို့ခြင်းကိုခံခဲ့ရပါသည်။ စေတီတန်ဆောင်းတို့ မီးသင့်ပျက်စီးရကြောင်းကို ရွှေစောလူးဘုရား၏ အနောက်ဘက်အနီးရှိ ရွှေစောလူးဘုရားကျောက်စာတွင် -

'အိန္ဒိယတိုင်းတက်လက်ရောက်ရှိပါ၍၊ မြန်မာအားလုံး ပျက်ပြုန်းကြေဆူးခိုးသူဓါးပြ ထကြွသောင်းကျန်းကြသဖြင့်၊ မီးသင့်နှိပ်စက်၊ ကွဲအက်ပျက်ပြိုသည်ကို' ဟု မှတ်တမ်းတင်ခဲ့သည်။

ကျောက်စာရေးထိုးသောနှစ်မှာ သက္ကရာဇ် ၁၂၅၀ ပြည့်နှစ် ဖြစ်သည်။ ထို့သို့ဖြစ်ကြောင်း ကျောက်စာနိဂုံးပိုင်းတွင်-

'မြန်မာ့ဝေါဟာ၊ ကောဇာသက္ကရာဇ်ထောင့်နှစ်ရာငါးဆယ်ပြည့် နှစ်သစ်ယူလိမ်းကျံ၊ မွန်းမံထပ်ဝင် ပြင်ဆင်လုပ်ဆောင်ကြောင်းကို၊ သောင်းဇမ္ဗူဘောင်၊ နောင်လာရှင်လူ၊ သိယူမှတ်သားစိမ့်ဌာ' ဟု ရေးသားဖော်ပြထားသည်။

အဆိုပါကျောက်စာသည် စေတီတန်ဆောင်းတို့ပျက်စီးသဖြင့် ပြုပြင်ခြင်းအကြောင်းဖော်ပြရုံသာမဟုတ်ဘဲ ဘုရားသမိုင်းကိုပါ ဖော်ပြထားသည်ကိုတွေ့ရသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ဘုရင်အဇာတသတ်နှင့် ရှင်မဟာကဿပတို့ညီညွတ်လျက် ဒီသာပါမောက္ခဆရာကြီးဖြစ်သော ဒေါနပုဏ္ဏားကြီးဝေငှခဲ့သည့် အတိုင်းတိုင်းအပြည်ပြည်မှ ဓာတ်တော်များကို ပြန်လည်စုစည်းပြီး မြေအောက်လိုဏ်ခေါင်းပြုလုပ်ကာ ဓာတုစေတီတော်တည်ထားခဲ့ကြောင်းဖော်ပြခဲ့သည်။

အာသောကမင်းကြီးသည် သာသ

www.burmeseclassic.com

www.burmeseclassic.com

ကန်သာဆောက်ကျောင်းရှိ ကျောက်စာ

မင်းသတ္တာဘုရားကျောက်စာ

မင်းသတ္တာဘုရားစောင်းတန်းထိပ်မှမှန်



ချံသာပတေ့ကျောက်စာ



ကင်းသူကြီးကျောက်စာ (ရှေ့မျက်နှာ)



ကင်းသူကြီးကျောက်စာ (ကျောဘက်)

နာပြုရန်အတွက်ရည်သန်လျက် ဓာတ်တော်တိုက်ကို ရှာဖွေခဲ့ပါသည်။ ထိုသို့ ရှာဖွေခဲ့ပုံအား ကျောက်စာတွင် -

'မင်းခေါင်အထွဋ်ဖြစ်သော သီရိမဓမ္မာသောကမင်းကြီးသည် ကြားသိစွဲစမ်း၊ ထောက်လှမ်းရရှာက၊ ဗျူဟာသေနင်၊ စစင်အင်စည်းရုံး၊ ဗိုလ်လုံးအထု၊ ခင်းပြုကျင်းပလျက်၊ ခြီတက်တောအုပ်၊ ခုတ်ထွင်ရှာကြံရာ'

ဟု ဖော်ပြထားသည်။

အာသောကမင်းကြီးသည် သိကြားမင်း၏အကူအညီဖြင့် ဓာတ်တော်တိုက်ကို တွေ့ရှိဖွင့်လှစ်နိုင်သည့်အခါ မြတ်စွာဘုရား၏ဓာတ်တော်များကို ဇမ္ဗူဒီပါအနှံ့ဖြန့်ဖြူးကာ စေတီများတည်ထားရာတွင် တေဇောလူး (ရွှေစောလူး) စေတီလည်း တစ်ဆူအပါအဝင်ဖြစ်ကြောင်း ကျောက်စာတွင် -

'ရှစ်သောင်းလေးထောင်စေတီထူပါ၊ မဟာကုသိုလ်တော်များတွင် တစ်ပါး အဝင်အပါ၊ မဟာစေတီတော်၊ တေဇော်လူမြတ်စွာဘုရားကို'

ဟု ရေးသားဖော်ပြထားပါသည်။

ကျောက်စာများတွင် ဘုရားတည်ရာတွင် လည်းကောင်း၊ ပြုပြင်ရာတွင် လည်းကောင်း ဆောင်ရွက်သည့် ပန်းရန်အလုပ်သမားတို့ကို ဖော်ပြလေ့မရှိပါပေ။ သို့ရာတွင် ရွှေစောလူးဘုရားကျောက်စာတွင် အသေးစိတ်ဖော်ပြထားသည်ကို တွေ့ရသည်။

'ညောင်ရင်းရွာနေ၊ ဆရာပန်းရဲ့အရာ လိမ္မာလွန်ထူးသော ဦးစံညိန်းဆိုသူတို့နှင့် ညီမှုစည်းဝေး၊ မေးမြန်းစီစစ်၊ ကျစ်လစ်ကောင်းမွန်စွာ သေချာအပြီး'

ဟု မှတ်တမ်းတင်ခဲ့သည်မှာ အဆိုပါကျောက်စာ၏ထူးခြားချက်ဟု ပြောရမည်ဖြစ်သည်။

ပြိုပျက်ခဲ့သော စေတီတန်ဆောင်းတို့ကို ရာဇဝတ်အုပ်မင်း ဦးစံပေါ်၊ ဇနီးဖြစ်သူ မမင်းကဲနှင့် သားဖြစ်သူတို့က ပြုပြင်ခဲ့ကြသည်။ ထိုသို့ပြုပြင်ခဲ့ပုံကို ကျောက်စာတွင် -

'ကံသဘော၊ မနောဒ္ဓသက်တည်၊ ယုံကြည်ခြင်း လွန်မင်းသဖြင့် မြင်းမူမြို့သူကြီး ရာဇဝတ်အုပ်မင်း ဦးစံပေါ်၊ သဘောမကွဲ မမင်းကဲကတော် ကြင်ဖော်ပိယာ၊ ပီတာပုတ္တာ၊ တလုံးတဘဝတို့'

ဟု ရေးထိုးထားသည်ကိုတွေ့ရပါသည်။

ရေနံမြေ-လွှမ်းစု

မှီငြမ်း -

(၁) သျှင်ပင်ရွှေစောလူးသမိုင်းစာပြုအဖွဲ့ (မြင်းမူမြို့နယ် စာရေးဆရာအသင်း)

(၂) မြင်းမူသမိုင်းထဲက ရွှေစောလူး (ဒေါက်တာ ထွေးထွေးကျော်)

(၃) စာရေးသူမှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com

အောင်ပြော အရှင်သုဓမ္မသာရ

မြတ်စွာဘုရားရုပ်ပွားတော်နှင့် ဝိဿနိုးနတ်ရုပ်တို့ တန်ခိုးပြုင်ပွဲကြီး

လင်္ကာဒီပကျွန်း (ခေါ်) သီဟိုဠ် ကျွန်းတွင် ဗုဒ္ဓဘတ္တိဿရိယမည်သော မင်းသည် မင်းပြုလျက်ရှိ၏။

လင်္ကာဒီပကျွန်းတွင် တိရစ္ဆာန်မြစ် တစ်မြစ်ရှိ၏။ ထိုမြစ်အနီး၌ တိရစ္ဆာန်မည်သောရွာတစ်ရွာရှိ၏။

ထိုရွာတွင် ဗုဒ္ဓကိုးကွယ်သော ဆည်းကပ်ယုံကြည်ကြသောဗုဒ္ဓဘာသာဝင်များနှင့် ဝိဿနိုးနတ်ကို ကိုးကွယ်ကြသော မိစ္ဆာဒိဋ္ဌိဘာသာဝင်များ အတူတကွ နေထိုင်လျက်ရှိ၏။

တစ်နေ့သ၌ ရွာတံခါးအနီး၌ ကြီးမားလှသောမဏ္ဍပ်ကြီးကိုထိုးလျက် ထိုမဏ္ဍပ်ကြီးအတွင်း ရတနာတို့ဖြင့် မွမ်းမံထားသော ဝိဿနိုးနတ်ရုပ်ကြီးကိုထား၏။

ဝိဿနိုးနတ်ရုပ်ကြီးအား ပန်း၊ ဆီမီး၊ နံ့သာတို့ဖြင့် ဝိဿနိုးဘာသာဝင်တို့က ပူဇော်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေကြ၏။

ဝိဿနိုးနတ်ပွဲကြီးကား ခြိမ့်ခြိမ့်သဲမျှစည်ကားလှ၏။ အုတ်အုတ်ကျက်ကျက်ကြွေးကြော်သာဓုခေါ်သံများ၊ ပဉ္စင်္ဂတူရိယာဖြစ်သော စည်ဗြောဟ၊ စည်ဝန်း၊ ခွက်ခွင်း၊ မောင်း၊ ကြေးနင်း၊ တံပိုး၊ ခရာသံများကိုလည်း တီးခတ်ကြ၏။

အံ့ဖွယ်သရဲ ပဲ့တင်ထပ်မျှဖြစ်ကုန်၏။ ဝိဿနိုးနတ်ပွဲကြီးတွင် လူဝင်လူထွက်စည်ကားနေပါတော့၏။

ထိုအချိန်တွင် တိဂုဏ္ဍာသာရ ဥပါသကာသည် မိမိအိမ်မှ ရေချိုးရန် ထွက်လာခဲ့၏။ မြစ်ဆိပ်သို့ မရောက်မီ လမ်းခရီးတွင် ဆူဆူညံညံ အသံများကြားရပါသဖြင့် ခေတ္တရပ်နားပြီး နားစွင့်မိ၏။ အုတ်အုတ်ကျက်ကျက် တစ်ခဲနက်အသံများ၊ ကောင်းချီးနုမော်ဓာဓုခေါ်သောအသံများကို ကြားလိုက်ရပါသဖြင့် သိလိုသောဆန္ဒများတဖွားဖွားဖြစ်ပေါ်လာပါတော့၏။

ယင်းကြောင့် ထိုအသံများကြားရသည့်မဏ္ဍပ်သို့သွားပါတော့၏။ မဏ္ဍပ်ဝတွင် အဝင်အထွက်ပရိသတ်များရှုပ်ယှက်ခတ်နေသည်ကို တွေ့ရှိရ၏။

တိဂုဏ္ဍာသာရ ဥပါသကာသည် မယောင်မလည် လူအများနှင့်ရောပြီး မဏ္ဍပ်ထဲသို့ဝင်သွားပါတော့၏။

တွေ့ရပါပြီ။ ဝိဿနိုးနတ်ရုပ်ကြီး၏ခြေရင်းတွင် ဂေါတမမြတ်စွာဘုရားရှင်၏ ရုပ်တုတော်ကို ချထား၏။ သူတို့၏လုပ်ပုံကတော့ ဝိဿနိုးနတ်မင်းကြီးအား ဂေါတမမြတ်စွာဘုရားရှင်၏ ရုပ်တုတော်က ပူဇော်နေဟန်ပြုလုပ်ထား၏။

ထိုမြင်ကွင်းကို မြင်တွေ့ရသော တိဂုဏ္ဍာသာရဥပါသကာသည် ဗုဒ္ဓဘာသာဝင်ဖြစ်ပါသဖြင့် များစွာစိတ်ထိခိုက်ပြီး နမောဗုဒ္ဓါယဟု မြည်တမ်းလျက် ငိုပါတော့၏။

မဏ္ဍပ်ကြီးအတွင်းမှာ ရင်ဘတ်စည်တီးရှိုက်ကြီးတငင် ငိုကြွေးသံကြောင့် မဏ္ဍပ်တွင်းရှိ ပရိသတ်များ အုတ်အုတ်ကျက်ကျက်ဖြစ်ကုန်ကြ၏။

"ငိုနေတာ ဘယ်သူလဲ။ ဘာကြောင့်လဲ"

စသည်ဖြင့် တစ်ယောက်တစ်ပေါက်ပြောနေကြ၏။ ငိုယိုသံကြောင့် နတ်ပွဲကျင်းပသူခေါင်းဆောင်သူကြီးများ ရောက်လာကြပြီး ဒေါသအမျက်ခြောင်းခြောင်းထွက်ကြကုန်၏။

"ငါတို့၏ ဝိဿနိုးနတ်မင်းကြီး ပူဇော်ပွဲကြီးလာဖျက်ဆီးတဲ့ကောင်၊နှောင့်ယှက်တဲ့ကောင်ဆွဲထုတ်ကြ၊ မောင်းထုတ်ကြ"

ဟု အမိန့်ပေးသောအခါ မိစ္ဆာဒိဋ္ဌိလူငယ်များသည် တိဂုဏ္ဍာသာရဥပါသကာ၏ လည်ကိုဆွဲ၍ ရိုက်နှက်ထိုးကြိတ်ပြီး မဏ္ဍပ်ပြင်ဘက်သို့ဆွဲထုတ်သွားကြပါတော့၏။

တိဂုဏ္ဍာသာရဥပါသကာသည် မဏ္ဍပ်ပြင်ဘက်သို့ ယက်ကန်ယက်ကန်ဖြင့် ပါသွားရ၏။ မဏ္ဍပ်ပြင်ပသို့ရောက်သောအခါ မိစ္ဆာဒိဋ္ဌိလူငယ်တစ်စုက ခြေထောက်ဖြင့်ဝိုင်းကန်ကြပြီး -

"သွားတော့ လူမိုက်
ဟု လွှတ်ကြကုန်၏။

သို့သော်လည်း တိဂုဏ္ဍာသာရဥပါသကာသည် လူအုပ်ကြီးထဲမှပင် မဏ္ဍပ်ကြီးထဲသို့ ရုတ်တရက် ဒုတိယအကြိမ်ပြန်ဝင်လာပြန်၏။

မဏ္ဍပ်အတွင်းရှိ ဂေါတမမြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်ကြီးအား အားရပါးရပြေးဖက်ပြီး -

"နမော ဗုဒ္ဓါယ၊ နမော ဗုဒ္ဓါယ"

ဟူ၍ အထပ်ထပ်အခါခါအော်ဟစ်လျက် ပူဇော်နေပါတော့၏။

ဥပါသကာ၏ နှလုံသားမှ ယိုစီးလာသော မျက်ရည်များလည်း ပါးပြင်နှစ်ဖက်ပေါ်သို့စီးကျလာပါ၏။ ငိုကြွေး၏။ ရှိုက်ငင်ပါ၏။ မြည်တမ်းပါ၏။

ထိုအခါ မိစ္ဆာဒိဋ္ဌိလူငယ်တစ်စုက-

"ဟယ်လူမိုက် လာပြန်ပြီလား"

ဟုဆိုပြီး ခဲနှင့်ပေါက်သူကပေါက်၊ ရိုက်သူကရိုက်၊ လက်သီးနှင့် ထိုးသူကထိုး၊ ခြေနှင့်ကန်သူကကန်ကြပြီး မဏ္ဍပ်ပြင်ဘက်သို့ ဆွဲထုတ်သွားကြပြန်၏။

ဥပါသကာကတော့ အသားတွေနာနေသော်လည်း သူ့နှုတ်က -

"နမော ဗုဒ္ဓါယ နမော ဗုဒ္ဓါယ
နမော ဗုဒ္ဓါယ"

ဟူ၍ ရွတ်ဖတ်မှုမပျက်သွား၊ မပျောက်သွားပါ ဆိုမြဲဆိုလျက်။

ထိုသတင်းသည် ပရိသတ်ထဲတွင် ပျံနှံ့သွား၏။ ဥပါသကာအား ငိုင်းရိုက်ကြသည်၊ ကန်ကြသည်၊ ခဲ၍ပေါက်ကြသည်ဆိုသောသတင်းသည် တစ်ရွာလုံးလိုလိုသိသွားကြပါတော့၏။

တိရစ္ဆာန်ရွာတွင် နေထိုင်ကြသော ဗုဒ္ဓဘာသာဝင်များတို့သည် လူစုကြ၏။ ဗုဒ္ဓဘာသာဝင်များ လူစုကြသောအခါ မိစ္ဆာဒိဋ္ဌိဘာသာဝင်များကလည်း လူစုကြ၏။

www.burmeseclassic.com

www.burmeseclassic.com

သည်မှာ အာသာရေးစောက်ကာကြီးပြစ်ပါသည်ဟု တင်ပြပါတော့၏။

နှစ်ဖက်သောအုပ်စုခေါင်းဆောင်များ၏ တင်ပြချက်ကို နားထောင်ပြီး သောအခါ ဘုရင်မင်းမြတ်က -

"ယခင် သင်တို့ ကိုးကွယ်နေကြသည်မှာ တစ်ဖက်က ဗိသနိုးနတ်မျိုးတို့ အခြားတစ်ဖက်က ဗုဒ္ဓရုပ်ပွားတော်မျိုးတူ။ နှစ်ဖက်စလုံးကိုးကွယ်နေကြသည်မှာ သက်မဲ့ဖြစ်သော ရုပ်တုကြီးများဖြစ်၏။ သင်တို့သည် ဗိုဝိတို့ကိုးကွယ်သည့် အလျောက် ဗိုဝိတို့ကိုးကွယ်သော ဆည်းကပ်သော ရုပ်တုတွင် ဂုဏ်တူးဝိသေသ တန်ခိုးကျက်စွမ်းပါဒ်များရှိကြပါ၏လား။ ရှိကြပါသည်ဆိုလျှင် လူအများလက်ခံနိုင်သော တန်ခိုးများကို ပြသနိုင်ကြပါမည်လော။

ဗိသနိုးရုပ်ပွားတော်ကပဲ ဖြစ်ဖြစ်၊ ဗုဒ္ဓရုပ်ပွားတော်ကပဲဖြစ်ဖြစ် သင်တို့၏ ရုပ်တုများက တန်ခိုးပြနိုင်မည်ဆိုလျှင် ငါနှင့်တကွ လူအများတို့ကိုးကွယ်ပါမည်၊ ပူဇော်ပါမည်။ မပြနိုင်ပါက ပူဇော်မည် မဟုတ်ကြောင်း ပြောကြား၏။

ဗုဒ္ဓဘာသာဝင်ခေါင်းဆောင်များ ကလည်း ဂေါတမဗုဒ္ဓ၏ရုပ်တုတော်ကို သူတို့၏ ဗိသနိုးနတ်ရုပ်တုကြီး၏ ခြေရင်းမှာထား၍ ဤသို့ ဆုတောင်းပြု ကြ၏။

"ဗုဒ္ဓဘုရားရှင်ကြီး၊ ကျွန်ုပ်တို့ ကိုးကွယ်ရသော ဗိသနိုးနတ်ကြီးသည် ကျွန်ုပ်တို့ကို ကယ်တင်ခြင်းငှာ ကြီးစွာသော တန်ခိုးတန်ခိုးကို ပြသတော်မူပါ။

www.burmeseclassic.com

မဟုတ်ပါ။ သင်တို့၏ရုပ်တုများတန်ခိုးပြနိုင်ပါရဲ့လား"

ဟု ဘုရင်မင်းမြတ်က မေးလေ၏။

ဘုရင်မင်းမြတ်၏စကားကို ကြားရသောအခါ ဗိဿနိုးနတ်ကို ကိုးကွယ်ကြသော မိစ္ဆာဒိဋ္ဌဘာသာဝင်တို့သည် ဝမ်းမြောက်ဝမ်းသာဖြစ်ကုန်ကြ၏။

သူတို့၏ ဗိဿနိုးနတ်ကြီး၏ တန်ခိုးကိုပြသမည်ဟု ခေါင်းဆောင်များက ဘုရင်မင်းမြတ်ကို လျှောက်ထားကြ၏။

ဘုရင်မင်းမြတ်သည် အမတ်တစ်ယောက်ကို ခေါ်ဆို၍ အကဲခတ်ကြည့်စေပါတော့၏။ ထိုအမတ်ကိုပါ ဒိုင်လူကြီးတာဝန်ပေးပါတော့၏။

ဗိဿနိုးနတ်မင်းကြီးပူဇော်ကြရန် တူရိယာငါးပါးကို တီးမှုတ်ကြ၏။ ခဏအတွင်းမှာပင် မဏ္ဍပ်ကြီးအတွင်း၌ ငြိမ့်ညောင်းသာယာလှသော တူရိယာသံများ ထွက်ပေါ်လာပါတော့၏။ ပရိသတ်များကလည်း ငြိမ်သက်စွာနားထောင်ကြရင်း ဗိဿနိုးနတ်ရုပ်ကြီးကို အကဲခတ်ကြည့်နေကြ၏။

သို့သော် ဗိဿနိုးနတ်ရုပ်ကြီးက လှုပ်တောင်မလှုပ်ပါ။

ရှိမြဲနေရာမှာ ရှိလျက်ပါပဲ။ ဘာတန်းမျှမပြသပါ။

ဗိဿနိုးနတ်မင်းကြီးပူဇော်ပွဲကြီးကို ကျင်းပပြုလုပ်ကြသော မိစ္ဆာဒိဋ္ဌခေါင်းဆောင်ဆရာကြီးများက -

"အချင်းတို့၊ ယခုအချိန်ကစပြီး ငါတို့ကိုးကွယ်သော အရှင်ဗိဿနိုးနတ်မင်းကြီး၏ ဂုဏ်ကျေးဇူးများကို သင်တို့ကို သင်ကြားပေးထားသည့်အတိုင်း ညီညီညာညာ သံပြိုင်ရွတ်ဖတ်ကြပါ။ ချီးကျူးကြပါ၊ ပူဇော်ကြပါ"

ဟု တိုက်တွန်းပါတော့၏။

မဏ္ဍပ်တွင်းမှာ ဗိဿနိုးနတ်မင်းကြီး၏ ဂုဏ်ကျေးဇူးများကို ရွတ်ဖတ်နေကြသည်မှာ သာယာနာပျော်ဖွယ်ရှိပါ၏။ ကောင်းလှပါ၏။ ဘုရင်မင်းမြတ်၌တက္ကလူအပေါင်းတို့သည် ဗိဿနိုးနတ်ရုပ်ကြီးမှ မည်သည့်တန်ခိုးပြမည်ကို စိတ်ဝင်စားနေကြ၏။

နားကထောင်နေကြသော်လည်း မျက်စိများက ဗိဿနိုးရုပ်ထုကြီးကိုသာ အကဲခတ်စိုက်ကြည့်နေကြ၏။

အချိန်သာကြာသွားရင်း ဗိဿနိုးနတ်ရုပ်ကြီးက လှုပ်တောင်မလှုပ်ပါ။ ထို့ကြောင့် ဒိုင်လူကြီးအမတ်လုပ်သူက ဗိဿနိုးနတ်ကိုးကွယ်ကြသည့်အဖွဲ့ကိုရပ်ခိုင်းလိုက်ရ၏။

ထိုအခါ ဘုရင်မင်းမြတ်က -

"ဗိဿနိုးအဖွဲ့ကတော့ ပြီးပါပြီ။ ဘာတန်ခိုးမှပြတာကိုလဲမတွေ့ရပါ။

ဗုဒ္ဓဘာသာဝင်အဖွဲ့က သင်တို့ကိုးကွယ်တဲ့ ဂေါတမဗုဒ္ဓရုပ်တုတော်ရဲ့တန်ခိုးရှိပုံကို ပြနိုင်ရင်ပြပါ။

အကယ်၍ ဗုဒ္ဓရုပ်ပွားတော်က တန်ခိုးပြနိုင်ပါက ငါနှင့်တကွ ပရိသတ်များ ဦးတိုက်ပါမည်၊ ရှိခိုးပါမည်၊ ပူဇော်ပါမည်။ သင်တို့ဗုဒ္ဓဘာသာဝင်များအလှည့် ရောက်ပါပြီ"

ဟု ဘုရင်မင်းမြတ်က အမိန့်ချပါတော့၏။

ထိုအခါ ဘုရင်မင်းမြတ်က -

"ဗိဿနိုးအဖွဲ့ကတော့ ပြီးပါပြီ။ ဘာတန်ခိုးမှပြတာကိုလဲမတွေ့ရပါ။

ဗုဒ္ဓဘာသာဝင်အဖွဲ့က သင်တို့ကိုးကွယ်တဲ့ ဂေါတမဗုဒ္ဓရုပ်တုတော်ရဲ့တန်ခိုးရှိပုံကို ပြနိုင်ရင်ပြပါ။

အကယ်၍ ဗုဒ္ဓရုပ်ပွားတော်က တန်ခိုးပြနိုင်ပါက ငါနှင့်တကွ ပရိသတ်များ ဦးတိုက်ပါမည်၊ ရှိခိုးပါမည်၊ ပူဇော်ပါမည်။ သင်တို့ဗုဒ္ဓဘာသာဝင်များအလှည့် ရောက်ပါပြီ"

ဟု ဘုရင်မင်းမြတ်က အမိန့်ချပါတော့၏။

ထိုအခါ ဗုဒ္ဓဘာသာဝင် ဥပါသကာတိဂုဏာသာရသည် နှစ်သက်ရွှင်လန်းဝမ်းမြောက်စွာဖြင့် ဗုဒ္ဓဘာသာဝင်တို့အား -

"အသင်တို့ ငါတို့ ဦးထိပ်ထား၍ ကိုးကွယ်အပ်သော ဂေါတမဗုဒ္ဓရုပ်တုကို ပူဇော်ကြကုန်လော၊ ရိုရိုသေသေ ရှိခိုးဦးတိုက်ကြကုန်လော"

ဟူ၍ ဆော်သြလိုက်ပါ၏။

ဗုဒ္ဓဘာသာဝင် ပရိသတ်တို့သည် လက်အုပ်များလျက် ဂေါတမဗုဒ္ဓရုပ်တုကြီးထံသို့ အာရုံပြုပြီး နမော ဗုဒ္ဓါယဟူသော အသံသည် ညီညီညာညာပေါ်ထွက်လာ၏။

ထို့နောက် -

ဗုဒ္ဓေါ မေ နာထောဟူသောအသံသည်လည်း ပြိုင်တူပေါ်ထွက်လာပါတော့၏။ အသံများတို့သည် ဘဝင်လျှံမျှပေါ်ထွက်နေပါ၏။

ပရိသတ်တို့သည် ဂေါတမရုပ်ပွားတော်ကြီးကို အာရုံပြုနေကြပါ၏။ မည်သည့်တန်ခိုးများပြသမည်ကို မြင်ချင်နေကြပါ၏။

သို့သော် ဂေါတမဗုဒ္ဓရုပ်တုကမလှုပ်မရှားပါ။

တိဂုဏာသာရ ဥပါသကာသည် မြတ်စွာဘုရား၌၏ ဂုဏ်တော်များကို တစ်ဦးတည်း ရွတ်ဖတ်ပူဇော်ပါတော့၏။

ဂါထာပုဒ်ပေါင်း (၂၅) ပုဒ်ဖြစ်၏။ ပရိသတ်များငြိမ်သက်စွာ နားထောင်နေကြ၏။

ပါဠိဂါထာတော် (၂၅) ပုဒ်ကို မရေးပြတော့ပါ။ သို့သော် အဓိပ္ပာယ်များကိုတော့ အကျဉ်းဖော်ပြသွားပါမည်။

၁။ ဘုန်းတော်နေလ၊ ထိန်ထိန်ပသည့်၊ လူနတ်ဗြဟ္မာ ပူဇော်အထူးကိုခံတော်မူထိုက်သော မြတ်စွာဘုရား၌၏ ရှိခိုးပါ၏။

စကြဝဠာလောကဓာတ်ကြီးအတွင်း၌ သတ္တဝါတရားအပေါင်းတို့ကို မှန်မှန်စုံသော တရားအပေါင်းတို့ကို ကန်ကန်မဖောက်မပြန်ဘဲသိတော်မူသော ဉာဏ်တော်ကြီးကို ရှိခိုးပါ၏။ ဘုရား။

ဗုဒ္ဓရုပ်တုကြီးနှင့် ဗိဿနိုးရုပ်တုကြီးတို့ တန်ခိုးပြိုင်ရာတွင် ဘုရားတပည့်တော်သည် ဗုဒ္ဓ၏သာဝကတစ်ဦးဖြစ်ပါ၏။ ဘုရား။

ဘုရားတပည့်တော်သည် သံယာတော်မြတ်များကိုလည်း ကိုးကွယ်ပါ၏။ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် အမြတ်ဆယ်ပါးတရားတော်ကိုလည်း ကိုးကွယ်ပါ၏ ဘုရား။

ရတနာမြတ်သုံးပါးတို့သည် ဘုရားတပည့်တော်၏ အားထားရာအမှန်ဖြစ်ပါ၏ ဘုရား။

၂။ ဘုန်းတော်ရှိန်ရှိန် ထိန်ထိန်လင်းလင်း မင်းထက်မင်းဖြစ်တော်မူသော မြတ်စွာဘုရား။

ဘုရားရှင်တို့သည် လူ၊ နတ်၊ ဗြဟ္မာတို့၏အကျိုးစီးပွားကို အလိုရှိတော်မူပါပေ၏။

ဘုရားဖြစ်တော်မူရန် ဘဝအဆက်ဆက် လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းပါရမီ (၁၀) ပါးကိုလည်း ဖြည့်ကျင့်တော်မူခဲ့၏။

အရှင်ဘုရားသည် ဘုရားလောင်းဘဝက အသွေးအသားများကိုလည်း လှူဒါန်းခဲ့ပါ၏ ဘုရား။

သစ္စာလေးပါး မြတ်တရားကြီးကိုလည်း မိမိ၏ဉာဏ်တော်ကြီးဖြင့် ဦးစွာရရှိတော်မူခဲ့၏။ မည်သူတစ်ဦးတစ်ယောက်မျှ မရရှိနိုင်သော အနှိုင်းမဲ့သတ္တဝါဉာဏ်တော်ကြီးကိုလည်း ရရှိတော်မူ၍ လူသားစင်စစ် ဘုရားဖြစ်တော်မူခဲ့ပါ၏ ဘုရား။

၃။ အရှင်ဘုရားသည် ဘုရားလောင်းဘဝက တစ်ကိုယ်လုံးကိုလည်းကောင်း၊ ကိုယ်တစ်ပိုင်းကိုလည်းကောင်း အကြွင်းမဲ့အားဖြင့် ပေးလှူခဲ့ပါ၏။ ဘုရားဖြစ်ရန် ပါရမီများကို ပြုကျင့်ခဲ့ပါ၏။ ယင်းကြောင့် သတ္တဝါဘုရားဖြစ်တော်မူလာပါ၏ ဘုရား။

၄။ အရှင်ဘုရားသည် ဘုရင်မင်းမြတ်ဘဝက ဒါနစသော အလှူကြီးကို အကြီးအကျယ် ပြုလုပ်လှူဒါန်းခဲ့ပါ၏ ဘုရား။

သိဝိမင်းကြီးဘဝက မျက်လုံးတော်အစုံကို သန်လျက်ဖြင့်ဖော်ထုတ်၍

www.burmeseclassic.com

လှူဒါန်းခဲ့ပါ၏ ဘုရား။

ဤသို့အားဖြင့် ဗောဓိယာသပ္ပညူတဉာဏ်တော်ကြီးကို ရတော်မူ၍ ဘုရားဖြစ်တော်မူပါ၏ ဘုရား။

၅။ အရှင်ဘုရားသည် ဘုရားဖြစ်တော်မမူခင် ယုန်မင်းဘဝကို ရောက်ခဲ့ရပါ၏။

ပုဏ္ဏားယောင်ဆောင်ထားသော သိကြားမင်းအား ယုန်သားကိုစားလိုပါသည်ဟု ဆိုပါသဖြင့် မိမိကိုယ်ကို မီးဖိုထဲခုန်ချပြီး ဖုတ်ကင်ကိုစားလိုက စားနိုင်ကြောင်း လှူဒါန်းခဲ့ဖူးပါ၏ ဘုရား။

မိမိအသက်ကိုမငဲ့ကွက်ဘဲပေးလှူခဲ့သည့် ပုဒ္ဓဘုရားရှင် ဖြစ်တော်မူပါ၏ ဘုရား။

၆။ ဆဒ္ဒန်ဆင်မင်းဘဝကလည်း ပုဏ္ဏားလိုချင်သော ဆင်စွယ်ကို အသက်ကိုမငဲ့ကွက်ဘဲလှူဒါန်းပေးခဲ့ပါ၏ ဘုရား။

ဤဒါနကြောင့် ဘုရားဖြစ်တော်မူလာရပါ၏။

၇။ အရှင်ဘုရားသည် ခန္တီရသေ့ကြီးဘဝက ခြေ၊လက်၊နှာခေါင်းအပြတ်ခံခဲ့ရပါ၏။ ကလာဗုရောဇ ကာလာဗုမင်း၏ ဒေါသမာန် မောဟမာန်ကြောင့် ခန္တီပါရမီကို လက်ဇတွေ့ကျင့်သုံးခဲ့ပါ၏ ဘုရား။

၈။ အရှင်ဘုရားသည် ဓမ္မပါလမင်းသားဘဝ သန့်စင်ဖွားမြင်သည်မှာ (၇)လ သာရှိပါသေး၏။

ထို (၇) သား သားငယ်ကို သန်လျက်ဝန်းကစားလျက် လက်၊ ခြေ၊ နှာခေါင်းများကို ဖြတ်မွန်းစေခဲ့၏။ သို့သော် သားတော်လေးသည် မိမိကိုမွေးဖွားသည့်ဖခင်ကို မပြစ်မှား၊ မယ်တော်အားလည်း မပြစ်မှားခဲ့ပါ။

၉။ အရှင်ဘုရားသည် ဘုရားလောင်း၏ဘဝက မျောက်မင်းဖြစ်ခဲ့ရ၏။

ချောက်နက်ကြီးထဲသို့ ကျရောက်နေသော ပုဏ္ဏားမုဆိုးကို ကယ်တင်ခဲ့ပါ၏။

ပုဏ္ဏားမုဆိုးသည် ကျေးဇူးရှင် မျောက်မင်းကို ကုန်းပေါ်ရောက်သော အခါ မျောက်သားစားလိုစိတ်ဖြင့် ခဲဖြင့် ထု၍သတ်ပါ၏။

မျောက်မင်းဦးခေါင်းမှ သွေးတွင်တွင်ကျဆင်းလာရ၏။ ပုဏ္ဏားမုဆိုးရွာပြန်ရာတွင် လမ်းမှားနေပြန်၏။ မျောက်မင်းသည် သွေးများဆက်လက်ကျပြီး ပုဏ္ဏား မုဆိုးယုတ်ကို လမ်းပြပေးခဲ့ပါ၏။

၁၀။ ဘုရားမဖြစ်မီ ဘုရားလောင်းဘဝက ဗာရဏသီသူဋ္ဌေးဖြစ်ခဲ့ဖူး၏။

သူဋ္ဌေးသည် ရှင်ပစ္စေကဗုဒ္ဓဘုရားငယ်အား ဆွမ်းလှူဒါန်းရန် ပြင်ဆင်နေ၏။

ထိုအခါ မာရ်နတ်မင်းသည် အလှူဒါနကို ဖျက်ဆီးကိုပါသဖြင့် မီးကျီးတွင်းကို ဖန်ဆင်းပါတော့၏။

ဗာရဏသီသူဋ္ဌေးသည် မိမိအသက်ကို မငဲ့ကွက်ပဲ မီးကျီးတွင်းသို့ဆင်းပြီး ရှင်ပစ္စေကဗုဒ္ဓါဘုရားငယ်ကို ဆွမ်းလှူတော်မူခဲ့ပါ၏။

မီးကျီးတွင်းသည် သစ္စာအဓိဋ္ဌာန်ပြုပါသဖြင့် ကြာပွင့်ချပ်တွေဖြစ်ရကုန်ပါ၏။

၁၁။ ဘုရားမဖြစ်မီ ဘုရားလောင်းဘဝက နိဂြောဓသမင်ဖြစ်ခဲ့ပါ၏။

သမင်များကို ဖမ်းဆီးပြီး သမင်သားကိုကြိုက်သော ဘုရင်အတွက် စားတော်ကဲက တစ်နေ့တစ်ကောင်သတ်၍ ချက်ကျွေးရ၏။

ယနေ့သည် ဆတ်သမင်မကို သတ်ရန်အလှည့်ဖြစ်နေ၏။ ထိုအခါ ဘုရားလောင်းနိဂြောဓသမင်သည် သူ့အသက်ကိုသာသတ်ရန် စဉ့်တီတုံးပေါ်၌ ခေါင်းတင်ပေးခဲ့၏။

ထိုနေ့မှစ၍ ဘုရားလောင်းနိဂြောဓသမင်ကြောင့် သတ်မည်ဟုလှောင်ထားသောသမင်အပေါင်းတို့လည်း သေဘေးမှလွတ်ကုန်ကြရ၏။

၁၂။ ဘုရားလောင်းဘဝက သမ္ဘဝမင်းသားဖြစ်ခဲ့ရ၏။

ထိုမင်းသားလေးသည် ဖုန်မှုန့်၊ မြေမှုန့်တို့ဖြင့် ကစားခြင်းကို အထူးအမြတ်ပြု၏။

တစ်နေ့သ၌ သုဓိရကမည်သော ပုဏ္ဏားသည် ထိုကလေးကစားသည့်နေရာသို့ရောက်လာ၏။ ကလေးအားဓက်ခဲသော ပုစ္ဆာကို မေး၏။ သမ္ဘဝမင်းသားသည် သတ္တဝါဘုရားသဖွယ်ထိုင်လိုက်၏။ တင့်တယ်စွာနေပြီးမှပုဏ္ဏား၏ခက်ခဲသော အမေးကိုဖြေလေ၏။

၁၃။ ဘုရားလောင်းသည် မျောက်မင်းဘဝသို့ ရောက်ခဲ့ပါ၏။ မျောက်တို့အား ဗာရာဏသီတိုင်းပြည်မှ ရဲမက်များက ဖမ်းဆီးသတ်ဖြတ်နေပါ၏။

ထိုအခါ မျောက်အပေါင်းတို့သည် မြစ်တစ်ဖက်ကမ်းသို့ ခုန်ကူးပြေးကြရပါ၏။ မျောက်အိုတစ်ကောင်သည် မြစ်တစ်ဖက်ကမ်းသို့ မကူးနိုင်ဖြစ်နေရ၏။ ရန်သူတွေ့လည်း နီးလာ၏။

ထိုအခါ ဘုရားလောင်းမျောက်မင်းသည် နွယ်တန်းဆင်လျက် သူ၏ကျောကုန်းပေါ်မှ ချောင်းတစ်ဖက်သို့ ခုန်ကူးခိုင်းပါ၏။

၁၄။ ဘုရားမဖြစ်မီ ဘုရားလောင်းဘဝက ဝက်မင်းဖြစ်ခဲ့ရသေး၏။

ဝက်မင်းဘဝက ဆရာပဏ္ဍိတ်၊ ပုရောဟိတ်ပုဏ္ဏားများကို တတ်စေရန် ဓမ္မသတ်၊ ရာဇသတ် စသော ကျမ်းဂန်များကို သင်ကြားပေးခဲ့၏။

ကာလကြာမြင့်စွာ ထိုဓမ္မသတ်၊ ရာဇသတ်များကို နန်းတွင်းမှာ အသုံးပြုကြ၏။

၁၅။ ဘုရားလောင်းဘဝက ကော့ရဗျမင်းကြီး၏ ပညာရှိ (ဝိဓူရ)အမတ်ကြီးဖြစ်ခဲ့ပါ၏။ လူပြည် နတ်ပြည် နဂါးပြည်အထိ ပညာရှိအမတ်ကြီး၏ ဉာဏ်ပညာသည် ကျော်ကြားလှ၏။

ထိုဝိဓူရအမတ်ကြီးသည် ကာမဘီလူးနတ်ဘီလူးကို မိမိအားတောင်စဉ်အထပ်ထပ် တိုက်သတ်သော်လည်း သည်းခံ၏။

၁၆။ ဘုရားလောင်းသည် နုစဉ်ဘဝက ငုံမင်းလေးဖြစ်ခဲ့ဖူး၏။

တောမီးတွေ့လောင်၏။ မွေးကင်းစ ငုံးမင်းလေးအား မိဘ(၂)ပါးကပစ်ပြေးခဲ့ရလေ၏။ ငုံမင်းလေး သစ္စာဆိုရလေပြီ။ တောမီးတွေ့လောင်နေပါပြီ။ ငါ့မိဘများငါ့ကိုထားခဲ့လေပြီ။ ငါမှာ အတောင်ရှိသည် မပျံနိုင်သေး။ ငါမှာ ခြေထောက်ရှိသည် မသွားနိုင်သေး။

ယင်းသစ္စာစကားကြောင့်(၁၆)ပေပတ်လည် တောမီးများ ငြိမ်းအေးသွားရ၏။

၁၇။ ငါးရံ့မင်းဘဝ နုစဉ်ကာလကား ဖြစ်ခဲ့ရသေး၏။ မိုးမရွာ မိုးခေါင်ပါသဖြင့် အစာရေစာများရှားပါးပြီး ငါး အပေါင်းတို့ ဒုက္ခရောက်ကုန်ကြ၏။

ထိုအခါ ငါးရံ့မင်းသည် သစ္စာစကားဆို၏။ မိုးတို့သည် ရေလျှံပြည့်လျှံအောင်ရွာချပါတော့၏။

၁၈။ ဘုရားလောင်းဘဝက ဝေဿန္တရာမင်းကြီးဖြစ်ခဲ့ပါ၏။

အဖိုးရတနာထိုက်သော ဆင်မင်းကိုလှူခဲ့၏။ သားနှင့်သမီးကိုလှူဒါန်းခဲ့၏။ ဆင်မင်းလှူသဖြင့် တိုင်းပြည်မှနှင်ထုတ်ခံခဲ့ရခဲ့၏။

ဘုရားဖြစ်စေရန် အရှင်ဘုရားသည် ဒါနအမျိုးမျိုးကို ပြုတော်မူခဲ့၏ ဘုရား။

၁၉။ ကဲ့ရဲ့သူများကို သည်းခံတတ်သော မြတ်စွာဘုရား။

အရှင်ဘုရားသည် သည်းခံတတ်သော စိတ်ဓာတ်ရှိရုံတွင်မကပါ။ နိဂြောဓသမာပတ်မှထလျှင် လောကအကျိုးကိုပြည့်တော်မူ၏။ လောကဟိတံ လှူသို့

www.burmeseclassic.com

www.burmeseclassic.com

ပါးတို့၏ အကျိုးစီးပွားကိုပြုတော်မူပါပေ၏ဘုရား။

၂၀။ ဘုရားဖြစ်တော်မူသောအခါ အလွန်ဆိုးဝါးကြမ်းတမ်းလှသော အာဠဝကဘီလူးမိုက်ကို ယဉ်ကျေးလာအောင် ဆုံးမတော်မူခဲ့ပါသည် ဘုရား။

၂၁။ အရှင်ဘုရားသည် ဘုရားဖြစ်တော်မူလာသောအခါ အယူလွဲများနေသော ဗကဗြဟ္မာမင်းကြီးအား အယူမှန်အောင်ဆုံးမတော်မူခဲ့ပါ၏ဘုရား။

၂၂။ အရှင်ဘုရားသည် ဘုရားဖြစ်တော်မူလာသောအခါ လူမိုက်ကြီးလူသတ်သမားကြီးအင်္ဂုလိမာလကို ယဉ်ကျေးလာအောင် ဆုံးမတော်မူခဲ့ပါ၏ဘုရား။

၂၃။ အရှင်ဘုရားသည် ဘုရားဖြစ်တော်မူလာသောအခါ အရက်မူးနေသော ဆိုးသွမ်းလှသော နာဠာဂီရိဆင်မိုက်ကြီးကို ယဉ်ကျေးအောင်ဆုံးမတော်မူခဲ့ပါ၏ဘုရား။

၂၄။ လူအပေါင်းတို့ ဂေါတမရှင်တော်မြတ်၏ရုပ်ပွားတော်သည် အနန္တ ဇ - တန်ခိုးတေဇော် အတိုင်းမသိ ကြီးတော်မူလှပါ၏။

ဂုဏ်အပေါင်းတို့ ကိန်းအောင်းမှီတွယ် စံပယ်တော်မူနေပါ၏။

လူအရပ်ရပ်၊ နတ်အဖြာဖြာ၊ ဗြဟ္မာအဆူဆူ၊ သုံးဘုံလူတို့၏ အကျိုးကို ဆောင်ရွက်တော်မူပါ၏။

သဗ္ဗေဟိ၊ လောကေဟိ။

လောကသားအားလုံးတို့က နမဿနိယံ - ရှိခိုးအပ်ပါ၏။ အနိန္ဒိနိယံ-မကဲ့ရဲ့အပ်၊ မရှုတ်ချအပ်။ မထေမဲ့မြင်မပြုအပ်ပါ။

သံဝဒါဝကံ - လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ ညီးညီးပြောင်ပြောင်အယူမီးလောင်နေကြကုန်သော အပူကောင်များအား အပူငြိမ်းဆေးကို တိုက်ကျွေးတော်မူပါပေသတည်း။

၂၅။ သစ္စာဓိဋ္ဌာန်ပြုပြီ။ ဘန္တေ ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား။ ဘုရားတပည့်တော်သည် ဤမှန်သောသစ္စာစကားကိုဆိုခြင်းကြောင့် ဗုဒ္ဓနှင့် ဗိဿနိုး တန်ခိုးတေဇာပြာဋိဟာပြုင်ပွဲကြီး သဲသဲရွှတ်ရွှတ် အုတ်အုတ်ကျက်ကျက် တစ်ခဲနက် ကျင်းပလျက်ရှိသောအခါ၌။

မင်းနှင့်တကွသောပရိသတ်အပေါင်းတို့၏စိတ်တွင် ယုံမှားသံသယစိတ်များ ပပျောက်စေရန် အံ့ဖွယ်သရဲအဖြစ် အရှင်ဘုရား၏ တန်ခိုးပြာဋိဟာကို ပြုတော်မူပါဘုရား။

ရဟန်းရှင်လူ အဆူဆူသောပညာရှိတို့၏စိတ်နှလုံးကို ငြိမ်းဆေးစေသည့် အရှင်ဘုရား၏ ကြီးမားလှသော မေတ္တာကရုဏာတော်သည်ရှိတော်မူပါ၏ဘုရား။

ဤသစ္စာစကားသည် မှန်ကန်ပါ၏ဘုရား။ ဤသစ္စာစကားမှန်ကန်ပါသဖြင့် ဤဟာသည်ပင် တန်ခိုးရှင်ဟု မျက်မြင်သိရအောင်၊ တွေ့ရအောင် တန်ခိုးပြတော်မူပါဘုရား။

ရွှေဘုန်းတော်သခင်အရှင်သူမြတ်ကြီးဘုရား၊ ဘုရားတပည့်တော်တိဂုဏ်သာရသည် အရှင်မြတ်ဘုရား၏ ကျေးဇူးတော်၊ ဂုဏ်တော်များကို ဖော်ထုတ်ခွီးကျူးပူဇော်ခဲ့ပါ၏။

ဤမှန်သော သစ္စာစကားကို ဆိုရခြင်းကြောင့် အယူမှားနေကြသော မိစ္ဆာဒိဋ္ဌများကိုဖျက်ဆီး၍ သမ္မာဒိဋ္ဌအယူဋ္ဌိတည်စေရန် တန်ခိုးပြာဋိဟာကို ပြတော်မူပါဘုရား။

မြတ်ဗုဒ္ဓရုပ်ပွားတော်က တန်ခိုးပြဋိဟာပြတော်မူလေပြီ။

ကောင်းကင်ထက်ဝန်းကျင်တစ်ဝိုက်တွင် ဗုဒ္ဓ၏ဘုန်းတော်ဘွဲ့ကို ခွီးကျူးပူဇော်သောအသံများရွှေ့ဦးစွာပေါ်ထွက်လာပါ၏။

မည်သူတစ်ဦးတစ်ယောက်ကမျှ သိဆိုကြသည်မဟုတ်ပါ။

ထက်ကောင်းကင်ယံတွင်အလိုလိုပေါ်လာသောအသံများ ဖြစ်၏။

ထို့နောက် သာယာငြိမ့်ညောင်းလှသော တူရိယအသံများပေါ်လာပြန်၏။

ရှင်ဘုရင်နှင့်တကွ ကြားရသူများ တအံ့တသြဖြစ်ကုန်ကြရ၏။ ဗုဒ္ဓရုပ်ပွားတော်ကြီးကိုလည်း ဝိုင်းကြည့်နေကြ၏။

ဗုဒ္ဓရုပ်ပွားတော်ကြီးသည် မူလစံနေရာမှ အထက်တစ်ခွင် ကောင်းကင်ပြင်သို့ တဖြည်းဖြည်းကြွတက်တော်မူလာ၏။

ထန်းတစ်ဖျာခန့် မြင့်သောအရပ်တွင် ဗုဒ္ဓရုပ်ပွားတော်ကြီးသည် ရပ်တန့်တော်မူနေ၏။

မူလရုပ်ပုံကြီးမျိုးမဟုတ်၊ သက်ရှိထင်ရှားဘုရားရှင်၏ ပုံသဏ္ဌာန်အတိုင်းဖော်ပြပါတော့၏။

ထိုအခိုက်မှာပင် မြတ်စွာဘုရားရှင်ထံမှ ရောင်ခြည်တော် (၆) သွယ်ပေါ်ထွက်လာပါတော့၏။

ရောင်ခြည်တော် (၆) သွယ်သည် မဏ္ဍပ်ကြီးအတွင်း ကွန့်မြူးတင့်တယ်နေရုံမက ထက်အောက်ဝန်းကျင်တင့်တယ်နေပါတော့၏။

ထိုအခါ မင်းနှင့်တကွ ပရိသတ်များသည် အံ့သြလျက် ဘုရားရှင်အားလက်အုပ်ချီလျက် ရှိခိုးကြပါတော့၏။

ဗိဿနိုးနတ်ကိုကိုးကွယ်ကြသော ပရိသတ်များကပင် ဘုရားရှင်အားလက်အုပ်ချီလျက် ရှိခိုးကြပါ၏။

မင်းကြီးသည် ကောင်းကင်တွင် ရပ်တည်တော်မူနေသော မြတ်စွာဘုရားသခင်ကို ကြည်ညိုလှစွာဖြင့် ဖူးမြော်ကန်တော့နေပါတော့၏။

အမတ်တစ်ဦးအား တိဂုဏ်သာရဉပါသကာကို သူထံသို့ခေါ်ခိုင်း၏။

ဘုရင်မင်းမြတ်သည် ဉပါသကာအား ပွေ့ဖက်၍ ဦးခေါင်းကိုနမ်းလေ၏။

ထိုခဏ၌ပင် သက်တော်ထင်ရှားဘုရားရှင်နှင့်တကွ ရောင်ခြည်တော်များကွယ်၍ ကောင်းကင်တွင် ပထမရုပ်ပွားတော်ကိုသာ မြင်တွေ့ရတော့၏။

ထိုဗုဒ္ဓရုပ်ပွားတော်သည် တဖြည်းဖြည်းနှင့် အောက်သို့ဆင်းလာပြီး မင်းကြီးဦးခေါင်းထိပ်၌ ရပ်တော်မူလေ၏။

ထိုအခါ မင်းသည် -

"ဘုရားရှင်သည် ငါ၏ပူဇော်လိုခြင်းကို ခံယူတော်မူလိုသည်"

ဟူ၍ စိတ်တွင်ဖြစ်ပေါ်လာပြီး ရုပ်ပွားတော်ကို မင်း၏လက်၌တည်စေ၏။

မင်းကြီးသည် ဗုဒ္ဓရုပ်ပွားတော်ကို ရတနာရောင်ဖြင့် တလျှပ်လျှပ်တောက်ပြောင်သော ရွှေထမ်းစင်ပေါ်တင်၍ နန်းတော်သို့ ပင့်ဆောင်ပါတော့၏။

ဘုရင်မင်းမြတ်၏နန်းတော်ဦးတွင် ကိုးကွယ်ထား၏။

ထိုအခါမှစ၍ တိုင်းသူပြည်သားများတို့သည် ရတနာမြတ်သုံးပါးကို ဆည်းပူးကပ်ကြ၏။ ဒါနမှု၊သီလမှုစသည်တို့ကိုလည်း မင်းနှင့်တကွ တစ်နိုင်ငံလုံးပြုလုပ်လာကြပါတော့၏။

တိဂုဏ်သာရဉပါသကာကိုလည်း ရွှေငွေ စသော ရတနာများခွီးမြှင့်၍ နန်းတော်ကြီးထဲတွင် အမတ်ရာထူးကို ပေးထားလေ၏။

ဗိဿနိုးနတ်ရုပ်က တန်ခိုးမပြနိုင်ကြပါသဖြင့် ဗိဿနိုးနတ်ကိုးကွယ်ကြသောမိစ္ဆာဒိဋ္ဌဝင်များတို့သည်လည်း ဗုဒ္ဓသာစင်များဖြစ်လာကြကုန်ပါသတည်း။

အောင်စကြာ-အရှင်သုမင်္ဂလာရ

မီး -

လင်္ကာဒီပဝတ္ထု ဆရာကြီး ဒဂုန်ဦးစန်းငွေ၏ဝတ္ထုများကိုမှီးပါ၏

www.burmeseclassic.com

www.burmeseclassic.com

ကိုတိုး(ရန်ကင်း)
စစ်ကြီးခေတ်မြန်မာ့ရုပ်ရှင်ဇာတ်ကားတစ်ကား
သိုဟုတ်
အောမ်းဒါရိုက်တာဦးလွန်းဖေ၏
မင်းမဟာဂီရီဇာတ်တော်ကြီး

■ မြန်မာပြည်နှင့်နတ်ပြဿနာ

သံသရာစီးပွားအလို့ငှာ ရတနာသုံးရပ်ကို ဆည်းကပ်နေလျက်က ကျွန်ုပ်တို့မြန်မာပြည်၌ လောကီစီးပွားရေး၊ အန္တရာယ်ကင်းရှင်းရေးစသည်တို့အတွက် နတ်များကိုလည်း တစ်ဖက်မှနေ၍ ကိုးကွယ်ပသမှုများ ထွန်းကားလျက်ရှိပေသည်။ အပြင် (၃၇) မင်း၊ အတွင်း (၃၇) မင်းဟူ၍ပင် နတ်စာရင်းဖွင့်ထားချက်များ အထင်အရှားရှိနေပေသည်။

တစ်ချိန်က နတ်တကယ်ရှိမရှိ၊ ရှိလျှင် သူတို့အား ကိုးကွယ်ထိုက်၊ မကိုးကွယ်ထိုက်နတ်ပြဿနာပေါ် ပေါက်ခဲ့သည်တွင် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏အဆုံးအဖြတ်မှာ များစွာမှတ်သားထိုက်သဖြင့်ကောက်နုတ်ဖော်ပြရသော်-

၁။ မဟာဂီရိ အစရှိသော မိရိုးဖလာကိုးကွယ်ကြသောနတ်များကို အရိုးအစဉ်မပျက် ကိုးကွယ်ခြင်းအကျိုးသည် လူတို့၌ ကောင်းကျိုးစီးပွားဖြစ်ထွန်းရန် အမှုတစ်ခုဖြစ်ကြောင်းကို မုဏ္ဍာရဇဝင်၊ ပဉ္စကနိပါတ်၊ အင်္ဂုတ္တိရ်ပါဠိတော်တွင် ဟောတော်မူသည်တစ်ချက်။

၂။ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ တိုင်းစောင့်နတ်၊ ပြည်စောင့်နတ်တို့ကို အစဉ်အလာမပျက်ရအောင် ကိုးကွယ်ကြသော မြို့ရွာတိုင်းပြည်များသည် အကျိုးစီးပွားမဆုတ်ယုတ်နိုင်သော (အပရိဟာနိယ) ဓမ္မတစ်ပါးဖြစ်ကြောင်းကို (သုတ်မဟာဝါပါဠိတော်) မဟာပရိနိဗ္ဗာန်သုတ်၌ ဟော်တော်မူသည်တစ်ချက်။

၃။ နေ့နေ့ညည ပူဇော်သက္ကာရများကို ဆောင်ယူပူဇော်ကြပေကုန်သော လူတို့အား နတ်အပေါင်းတို့သည် ချစ်ခြင်းမေတ္တာကိုပြုကြပေကုန်လော့ဟု ရတနသုတ်တွင် ဟောတော်မူသည် တစ်ချက်။

၄။ လူတို့သည် အိမ်သစ်တက်သောအခါ ရဟန်းသံဃာတော်များကို လှူဒါန်းကျွေးမွေးရာ မဟာဂီရိအစရှိသော နတ်များကိုလည်း အမျှဝေရမည်။ 'ငါတို့ကို အမျှဝေသည်' ဟူ၍ အိမ်ရှင်တို့ကို အိမ်စောင့်နတ်တို့က ဘေးကင်းအောင် စောင့်ရှောက်ခြင်းဖြင့် ထိုအိမ်ရှင်တို့ကို တစ်ဖန်ပူဇော်ကြပြန်ကုန်သည်။ မြတ်နိုးတမ္မပြုပြုကုန်သည်။ ထိုနတ်တို့သည် ချစ်ခင်သနား၍ စောင့်ရှောက်ကုန်သည် ရှိသော် ထိုအိမ်ရှင်တို့သည် အခါခပ်သိမ်းကောင်းမြတ်သောမင်္ဂလာကျက်သရေတို့ကိုသာ မြင်ရတွေ့ရကြုံရကုန်သည်ဟု ဟောတော်မူသည်တစ်ချက်။

ဤသို့လျှင် လူတို့၏ကောင်းကျိုးစီးပွားများဖြစ်ရာသော်ဘာရားတို့ကို ဟောတော်မူသော မြတ်စွာဘုရားသည် မဟာဂီရိစသော မိရိုးဖလာကိုးကွယ်ကြသောနတ်များကို အစဉ်အလာမပျက်ရ

www.burmeseclassic.com

www.burmeseclassic.com





လျက်ရှိနေသဖြင့် ဆက်ဆံမှုအရာတွင် အကျိုးရှိသောဆက်ဆံမှုမျိုးဖြင့် ဆက်ဆံနိုင်ကြဖို့လိုပေသည်။

မြန်မာပြည်တစ်လွှားတွင် ဒေသအလိုက် မိဘရိုးရာယုံကြည်ကြသောနတ်အများရှိမြဲရှိ၏။ ရွာတိုင်း ရွာတော်ရှင်ရှိ၍ အချို့က မြင်းဖြူရှင်နတ်ကို မြို့စောင့် ရွာစောင့်နတ်ဟု သဘောထားကြသည်။

စာရေးဆရာကြီးမောင်သန်းဆွေ (ထားဝယ်)က သူပြုစုသော မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့ (ပုထမတွဲ) စာအုပ်နိဒါန်းအဖွင့်၌-

လူမျိုးတိုင်း ရိုးရာဓလေ့ရှိသည်။ ရိုးရာဓလေ့ကိုလေ့လာ၍ ဒေသအလိုက် လူ့သမိုင်းနှင့် လူ့ယဉ်ကျေးမှုများကို ထောက်ထားကြဆရပါသည်။

အချို့သည် ခေတ်စနစ်မှုန်သော အခါများတွင် ရိုးရာဓလေ့များကိုစွန့်ခဲ့ကြ၏။ သို့သော် ရိုးရာဓလေ့များသည်

(လယ်တီပဉ္စာပေါင်းချုပ်ဒုတိယတွဲ)

ဤအဆုံးအဖြတ်ကိုထောက်သဖြင့် နတ်သည် တကယ်ရှိ၍ ၎င်းတို့အား ပူဇော်ကိုးကွယ်ပသလျှင် အကျိုးရှိစေကြောင်းသိရပေပြီ။ သို့ဖြစ်လျှင် လူနှင့်နတ်သည် အချင်းချင်းပေါင်းကူးဆက်စပ်

အောင် ကိုးကွယ်ပူဇော်ကြသောအမှုကို သုတ္တန်အရပ်ရပ်တို့၌ ချီးမွမ်းတော်မူသည်။ အစဉ်အလာကိုးကွယ်မြဲအတိုင်း မကိုးကွယ်ကြသောသူတို့အား အကျိုးစီးပွားဆုတ်ယုတ်ရန် အကြောင်းတစ်ခုဖြစ်ကြောင်းကိုလည်း မဟာပရိနိဗ္ဗာန သုတ်၌ ဟောတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com











ကျန်ရှိသည်သာဖြစ်၏။

မြန်မာတို့တွင် ရှေးရိုးရာပသမ္ဘမျာ်း ရှိ၏။ ထေရဝါဒပုဒ္ဓဘာသာကို လက်ခံ ကာသည့်တိုင် ရိုးရာဓလေ့များကို မစွန့် လွှတ်ခဲ့ကြပေ။ နိုင်ငံခြားသားသုတေသီ များသည် မြန်မာ့ရိုးရာဓလေ့များကို အတွင်းကျကျ လက်ကုန်နှိုက်၍လေ့လာ မှတ်တမ်းပြုစုကာ စာအုပ်များရေးသား ကြသည်။

ဆာရစ်ချ(ဒ်)တင်ပယ်၏ (၃၇)မင်း နတ်စာအုပ်သည် ရုပ်ပုံပေါင်းများစွာနှင့် ရှာမှရှားသောစာအုပ်ဖြစ်သည်။ အမေ ရိကန်လူမျိုး စပိုင်ရိုကလည်း မြန်မာတို့ ၏ရုပ်ဝါဒကိုးကွယ်မှုအကြောင်းစာအုပ် ရေးသည်။ ယခုထိပင် နိုင်ငံခြားသားများ မြန်မာ့မနုဿဗေဒယဉ်ကျေးမှုကို လာ ရောက်လေ့လာရှာဖွေနေကြဆဲဖြစ်သည် ဟု ဆိုထားပါသည်။

ဆာရစ်ချ(ဒ်)တင်ပယ်က '(၃၇)မင်း မြန်မာနိုင်ငံ၌ ကျင့်သုံးသော နတ်ပူဇော် သောဓလေ့များ' ဟုအမည်ပေးပြုစုထား သော်စာအုပ်ကို မြန်မာဘာသာပြန် ဦးထွေးဟန်နှင့် သုတေသီဦးဘညွန့်တို့က 'မြန်မာ့မိရိုးဖလာဓလေ့နတ်သမိုင်း' ဟု အမည်ပေးကာ ဘာသာပြန်ဆိုထားလေ သည်။ ဖတ်ကောင်း၍ ရှားပါးသော သုတေသနစာအုပ်ဖြစ်နေလေပြီ။ မှန်ပါ သည်။

မြန်မာပြည်အတွင်း အိုးအိမ်နှင့် မီတင်းနေထိုင်ကြသူမှန်သမျှ သိအပ်သိ သင့်သိထားထိုက်လှသော အိမ်တွင်းမင်း မဟာဂီရိနတ် အတ္ထုပ္ပတ္တိဇာတ်ကားကြီး ကို အောင်မင်းကုမ္ပဏီမှ ဒါရိုက်တာ ဦးလွန်းဖေက တူရိယာသံစုံသွင်းဖြင့် မင်းသား ညွန့်မောင်၊ မင်းသမီး မေမြင့်၊ မေညွန့် တို့ဖြင့် ရိုက်ကူးပုံဖော်ထားပေသည်။

'မင်းပရိယာယ်
ငတင့်တယ်
နားဝယ်မလည်ရှာ'

ဆိုသည့် ဆောင်ပုဒ်ကလေးကို အကျယ်ချဲ့ပြီး ပန်းပဲမောင်တင့်တယ် ဇာတ်လမ်းကို လွှမ်းဆွတ်ကြေကွဲစရာ ရိုက်ကူးပြသထားပါသည်။ ဘယ်လိုခေတ် မျိုးနဲ့တိုးတိုး အိမ်ရှိသရွေ့ မရိုးနိုင်တဲ့အိမ် နတ်ရာဇဝင်ကြီးမို့ သိထားကြည့်ထားကြ ဖို့ အချိန်မီကြွခဲ့ကြပါဟု ထိုဇာတ်ကား ပြသချိန်၌ လက်ကမ်းကြော်ငြာမှာထည့် သွင်းကြော်ငြာခဲ့လေသည်။

မင်းမဟာဂီရိဇာတ်တော်ကြီးရိုက် ကူးရခြင်းအကြောင်းကို ဒါရိုက်တာ ဦးလွန်းဖေက ရိုးရာအစဉ်အဆက်မပျက် အိမ်တွင်းမင်းမဟာဂီရိနတ်အုန်းမှုန်းဆွဲခြင်း လေ့ပြုကြသော်လည်း အတ္ထုပ္ပတ္တိအမှန် နှင့် အကျိုးထူးကိုသိသူနည်းပါးကြသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ရာဇဝင်အတ္ထုပ္ပတ္တိအစစ်အမှန်ကို ဘိန်တွင်းမင်းမဟာဂီရိကိုယ်တိုင်ပိန်ပြွမ်က်တိုက်တွန်းချက်အရ ရိုက်ကူးရခြင်း ဖြစ်ပါကြောင်း ရဲရဲရင့်ရင့်ဝန်ခံထားသည်။

■ **မဟာဂီရိကဘယ်လိုပြောသလဲ**

တစ်နေ့သ၌ ဒါရိုက်တာဦးလွန်းဖေသည် မဟာဂီရိရာဇဝင်အရှုပ်အထွေးကို မေးလိုသောကြောင့် မဟာဂီရိနှတ်အား ပင့်ခေါ်လေသည်။ ရောက်လျှင် သိလိုသောအကြောင်းများကို နှတ်အားမေးမြန်းသည်တွင် မဟာဂီရိက ဘယ်လိုပြောသလဲ၊ မဟာဂီရိ (ခေါ်) မောင်တင့်တယ် နှတ်ကား ဆင်းရဲသားလား၊ မင်းသားလား၊ ဘယ်အမျိုးဘယ်အနွယ်လဲ၊ မဟာဂီရိနှတ်ကိုယ်တိုင် အတိတ်ဆောင်ပြလာသောအခါ -

■ **မဟာမျိုးမဟာနွယ်**

ကျွန်ုပ်ကား ပန်းပဲမျိုးရိုးစစ်မဟုတ်ပါ။ ကျွန်ုပ်၏ ဘိုးတော်မှာ သက္ကပြည်ရှင် ရာဇသူရဘုရင်ဖြစ်၍ ဘွားတော်မှာ မွန်တလိုင်းမျိုးနွယ် ဗလစန္ဒာဒေဝီတွင်ပါသည်။ ကျွန်ုပ်မှာ ၎င်းဘိုးတော် ဘွားတော်တို့မှ ဆင်းသက်လာခဲ့၍ မဟာမျိုးမဟာနွယ်အစစ်ဖြစ်ပါကြောင်း။

■ **ခမည်းတော်မှာ**

တိုင်းတစ်ပါးနှင့် ရန်စစ်ပွားလျက်ရှိနေခိုက်တွင် ဘွားတော်ဘုရားမှ ကျွန်ုပ်၏ ခမည်းတော် ကံရာဇာကြီးကို ဖွားမြင်ပါသည်။ ကံရာဇာကြီးတွင်သည်မှာလည်း ၎င်းဖွားမြောက်လာလျှင် ဖြစ်နေဆဲစစ်ကြီးပြီးငြိမ်းသွားလေရာ သားတော်ဘုန်းကံကြီးမားသောကြောင့်ဟု အယူရှိသဖြင့် ကံရာဇာဟု.မှည့်ခေါ်ခြင်းဖြစ်ပါသည်။

■ **မောင်နမသုံးဖော်**

ဘိုးတော်ဘုရားနှတ်ရွာလားတော်မူလေသော်လည်း ကျွန်ုပ်၏ခမည်းတော် ကံရာဇာဘုရင်သည် သင်္ဃဒေဝီကို မဟေသီတင်မြောက်၍ ထီးနန်းကို ဆက်ခံစိုးစံတော်သည်တွင် ကျွန်ုပ်နှင့်တကွ နှမတော်နှစ်ပါး ဖွားမြင်လာပါတော့သည်။ ကျွန်ုပ်အမည်မှာ မင်းရန်အောင်၊ နှမတော်ကြီးဒေဝီဖြူ။ နှမတော်ငယ်ဒေဝီလှဏ္ဍိသို့အသီးသီးမှည့်ခေါ်ကြပါသည်။

■ **စစ်မက်အရေး**

ကျွန်ုပ်(၁၈)နှစ်အရွယ်သို့ရောက်သောအခါ ဘာရဏီဒွမည်သောဘုရင်တစ်ပါးနှင့် ခမည်းတော်ဘုရားတို့စစ်မက်ကြီးဖြစ်ပွားကြရာ၌ ကျွန်ုပ်၏ခမည်းတော်နှင့် မယ်တော်ဘုရား မင်းနှစ်ပါးတို့မှာ မင်းယုတ်မာ၏ လက်ချက်ဖြင့် နတ်သင်္ဃဝင်တော်မူကြရရှာသောကြောင့် ကျွန်ုပ်တို့မောင်နှမသုံးယောက်မှာ ရာဇဝတ်ဘေးမှ ထွက်ပြေးတိမ်းရှောင်လာခဲ့ရပါ၏။ ဒေဝီဖြူကိုလက်ကဆွဲ၊ ဒေဝီလှအား



www.burmeseclassic.com

www.burmeseclassic.com





ပခုံးမှာထမ်း၍ နက်ဖန်မ်းသောတောတောင် အထပ်ထပ်တို့ကိုကျော်ဖြတ်၍လာခဲ့ရာ တကောင်းနယ်စပ်သို့ရောက်လာတော့သည်။

■ နာမည်ပြောင်းကြခြင်း

ကျွန်ုပ်တို့မင်းသုံးဖော်မှာ ရာဇတ်ကောင်များဖြစ်ပြီးလျှင် ကျွန်ုပ်တို့မှန်းသိလေက ဒုက္ခပေးကြမည်မှာမလွဲပါ။ တည်းခိုနေထိုင်ရန် လက်ခံဝံ့ကြရှာမည်လည်းမဟုတ်ပါ။ သို့အတွက် ကျွန်ုပ်တို့မှာ မင်းရောင်စိုးရောင်ကိုဖျောက်၊ ဆင်းရဲသားအသွင်ရောက်စေကြပြီးလျှင် နာမည်များကိုလည်း ကျွန်ုပ်ကို မင်းရန်အောင်ဖျောက် မောင်တင့်တယ်ရောက်၊ နှမကလေးများအား ဒေဝီဖြူဖျောက် ဒွေးဖြူရောက်၊ ဒေဝီလှဖျောက် ဒွေးလှရောက် သုံးယောက်စလုံးနာမည်ရင်းများမသုံးကြတော့ပါ။

■ ပန်းပဲဝန်ဦးတင့်တော်

နောက်ဆုံးတွင် ကျွန်ုပ်တို့မောင်နှမ ဒုက္ခသည်သုံးဦးသားတို့ ကျေးဇူးရှင်ကြီး ပန်းပဲဝန်ဦးတင့်တော်နှင့် ကံအားလျော်စွာဆုံတွေ့ကြရပါတော့၏။ ဦးတင့်တော်ကား ကျွန်ုပ်တို့အား သားရင်းသမီးရင်းများနှင့်မခြား သနားကရုဏာကြီးစွာဖြင့် မွေးစားထားပါသည်။

■ နံ့သာတောင်ဆွယ် ရွှေနပေနှင့်ချစ်ကြိုးသွယ်

ဖခင်ကြီးမှာ ပန်းပဲဝန်ဖြစ်၍ ကျွန်ုပ်မှာလည်း ဖခင်လုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်ခဲ့ရာ ရံခါရံခါ နံ့သာတောင်သို့ မီးသွေးဖုတ်ရန်ကိစ္စဖြင့်သွားရောက်ရပါသည်။ တစ်နေ့သောအခါတွင် နံ့သာတောင်ဆွယ်ဝယ် ရွှေနပေနာဂါးမနှင့် ချစ်ကြိုက်မေတ္တာမျှမိကြပါတော့၏။

■ မယားချစ်နှင့်နမချစ်

ကျွန်ုပ်မှာ ထိုအခါမှစ၍ အချစ်သံယောဇဉ်ကြိုးတစ်မျိုးဖြင့် ရစ်ပတ်တုပ်နှောင်ခြင်းခံရပြီးလျှင် အချစ်ဝန်ထုပ်ကြီးတိုးလာပါတော့၏။ ကျေးဇူးရှင်မင်းနှစ်ပါးနတ်ရွာလားတော်မူပြီးသည့်နောက် နှမလေးများမှာ ကျွန်ုပ်သာလျှင်အဖ၊ ကျွန်ုပ်သာလျှင်အမိဖြစ်နေပြီးလျှင် အရိပ်တကြည့်ကြည့်နှင့် ချစ်ခင်ကြင်နာခြင်းပြင်းစွာနှင့် နေရာတကာစောင့်ရှောက်လာခဲ့ရာ သူကလေးများအပေါ် ချစ်တော်မူရသည်မှ တစ်ဆင့်ပွား၍ နာဂါးမ ရွှေနပေကိုလည်း အသေအလဲ အသည်းစွဲဖြစ်နေပြန်သောကြောင့် ကျွန်ုပ်မှာ သစ်နှစ်ပင်အကြားပေါက်ရသည့်ဝါးပမာ မယားချစ်၊နှမချစ်တည်းဟူသော အချစ်ပင်ကြီးတို့၏စပ်ကြားတွင် ဗျာများခဲ့ရပါကြောင်း၊ နံ့သာတောင်သွားလိုက်၊ အိမ်ပြန်လိုက်၊ ပြန်လိုက်သွားလိုက်၊ သွားလိုက်ပြန်လိုက်နှင့် ကျွန်ုပ်၏ ဘဝတစ်သက်တာတွင် ပျော်ပိုက်ရမလိုရွှင်ရမလိုငိုရမလိုနှင့် ထိုထို ဤဤ ဖြစ်ခဲ့ရဖူးလှလေပြီ။

■ ဒွေးဖြူတစ်ယောက် တော်ကောက်၍ အသွား

တစ်နေ့သောအခါ ကျွန်ုပ် နံ့သာတောင်ယံသွားနေခိုက်တွင် တကောင်းဘုရင်သည် ကျွန်ုပ်၏ ကျေးဇူးရှင်ကြီးဦးတင့်တော်နှင့် နှမကလေးများနေရာအရပ်သို့ တိုင်းခန်းလှည့်လည်ရင်းရောက်လာ၍ ကျွန်ုပ်၏နှမတော်အကြီး ဒွေးဖြူကို ဘုရင်ကတော်မြောက်ရန်အတွက် တော်ကောက်သွားကြောင်း ကျွန်ုပ်တောမှ ပြန်အလာ ခရီးရောက်မဆိုက်တွင် နှမငယ် ဒွေးလှက ရှိုက်ကြီးတငင် ငိုပွဲဆင်ကာ ကျွန်ုပ်အား မျက်ရည်စက်လက်နှင့် တိုင်ရှာလေတော့၏။

ထိုစဉ်အခါတွင် ကျွန်ုပ်အသည်းနှလုံးများသည် မီးအုံသောကြိမ်ညွန့်ပမာ လွန်စွာဆူလှိုက်ကျမ်းခဲ့လောင်ခဲ့ရလေပြီတကား။ ကျွန်ုပ်သည် ဒေါသအလျောက် အားခွန်ဗလသန်စွမ်းသူတစ်ဦးဖြစ်သည့်နှင့်အညီ ငါ့အကြောင်းသိစေမည်ဟူ၍ ကြုံးဝါးမာန်တင်းကာ တူကို ခပ်ပြင်းပြင်းထုရိုက်လိုက်တော့ ကြောင်း။

■ စိုးရိမ်မကင်း တကောင်းမင်း

ကျွန်ုပ်၏တူချက်ကိုကြားလေလျှင်

www.burmeseclassic.com

www.burmeseclassic.com





တကောင်းဘုရင် စိတ်မရှင်နိုင်တော့ပါ။ ကျန်ပ်အား တစ်နံ့ပါတ်ရန်သူကြီးဟူ၍ မှတ်ယူလေတော့သည်။ ငတင့်တယ် အားကောင်းလှသည်၊ ဆင်ပြောင်စွယ်ကို ပင်ကိုင်ခိုးနိုင်သည်။ မားနှင့်ထိုး မားကျိုး၊ လှံနှင့်ထိုးလှံခွေ၊ ကြာလျှင် ငါးစည်းစိမ်သင်းလုယူလိမ့်မည်ဟူ၍ ကျွန်ုပ်အပေါ်တွင် မရေရာသောစွဲချက်များတင်ပြီးလျှင် ကျွန်ုပ်အား တွေ့ရာသချိုင်း မားမဆိုင်း ဖမ်းဆီးသတ်ရန် အမိန့်တော်များထုတ်တော့ပါကြောင်း။ အမှန်မှာ ကျွန်ုပ်၌သူ၏ ထီးနန်းစည်းစိမ်ကို ပိုင်စိုးလိုစိတ် အရိပ်အမြွက်မျှမထားရှိခဲ့ဖူးပါ။ သို့ပါလျက်လည်း တကောင်းရှင်ဘုရင်ကား ကြောက်ဒူးတုန်နေပါတော့သည်။ ကျွန်ုပ်တစ်သက် မကျေနပ်ဆုံးအချက်မှာ ကျွန်ုပ်မရှိခိုက် ကျွန်ုပ်နှမအား မျှစ်ချိုးမှုံချိုးနှိုင်ထက်စီးနင်းသိမ်းပိုက်သွားခြင်းအတွက် ကမ္ဘာတုံးသော်လည်း တကောင်းမင်းအား နှလုံးနာ၍ ဆုံးမည်မဟုတ်ပါ။ နောက်ဆုံးတွင် တကောင်းမင်းယုတ်မာလိုက်ပုံကား ကျွန်ုပ်နှမကြီးကိုလည်း သူမတရားယူလေသေး၏။ ကျွန်ုပ်အားလည်း နန်းလုသူဟုစွပ်စွဲ၍ ဖမ်းဆီးသတ်စေလေ၏။ တရားပါရဲ့လား။ ထို့ကြောင့် ကျွန်ုပ်မှာ သူ့ရာဇဝတ်ကောင်ဖြစ်ရပြီးလျှင် တိမ်းရှောင်နေခဲ့ရပါပြီ။ ဟယ်-ယုတ်မာသောမင်း ကမ္ဘာကြေသော်ငြားလည်း သင့်အား ငါကျေနပ်အံ့ထင်သလော။

■ **မင်းပရိယာယ်နားမလည်**

ထို့နောက် ကျွန်ုပ်မှာ မြို့ရွာမကပ်ရဲရှာတော့ပါ။ နံ့သာတော်ငယ်တွင် ရွှေနပေနှင့် မောင်နှံစုံပုန်းအောင်းနေခဲ့လေသည်တွင် တစ်နေ့သောအခါ အမိန့်တော်ဖြင့် အခေါ်တော်များရောက်လာပါတော့၏။ အမိန့်တော်မှာလည်း အဲလွန်ပိရိလှပါတော့၏။ ကျွန်ုပ်၏နှမ ဒွေးဖြူ (မိဖုရား) က အခေါ်လွှတ်လေဟန်ဖြင့် မာယာဉာဏ်ကျယ်ကျယ်ချဲ့ထားသော အမိန့်တော်ကို နာခံရသောအခါ ဘုရင့်အပေါ်တွင် အခဲမကျေသော်လည်း ဒွေးဖြူမျက်နှာကလေးကို ပြေးပြေးသတိရလိုက်မြင်လိုက်သောအခါများတွင် 'ငါ့နှမဟာ ငါ့ကို တကယ့်စေတနာနဲ့ခေါ်တာပဲ။ နှမကောင်းစား မောင်အိမ်ရှေ့ဘုရားဆိုတဲ့အတိုင်း ငါဆင်းရဲနွမ်းပါးနေတာ ဒွေးဖြူမရှစိမ့်နိုင်လို့ခေါ်စေတာပဲ' ဆိုပြီးတော့ အသည်းစွဲယုံကြည်မိပါသည်။ သူတို့၏ ပရိယာယ်ထောင်ချောက်ကို လုံးလုံးမရိပ်မိခဲ့ပါ။ ဤသို့မရိပ်မိခြင်းမှာလည်း နှမဒွေးဖြူအပေါ်မှာ မေတ္တာတော်ထက်သန်လွန်းသည့်အတွက် ယုံစားမိခဲ့ခြင်းဖြစ်ပါကြောင်း။

■ **စံကားပင်ကားတင်၍**

ကျွန်ုပ်အား မြို့စားခန့်မည်၊ မြို့ဝန်ခန့်ဟု ရာထူးပန်းပြ၍ ခေါ်ဆောင်လာသဖြင့် လိုက်ပါမိသည်တိုင်အောင် ကျွန်ုပ်၏လိုက်ပါခဲ့ခြင်းမှာ နှမမျက်နှာ ကြည့်မဝရှမဆုံးက်လေးကို ကြည့်လိုလှမြင်ချင်လှသောကြောင့်သာလျှင်ဖြစ်၍ ရာထူးအတွက်ကို စိတ်ထဲမှာမတွက်မိပါသော်လည်း သူတို့စိတ်တွင်မူကား အိမ်ရှေ့မင်းသားကြီးလုပ်ချင်လို့ဟု ဝမ်းတွင်းပြုံးပြုံးလေကြမည်လား မပြောတတ်ပါ။

သို့နှင့်ပင် တကောင်းပြည်ရောက်သွားပါတော့သည်။ ရောက်လျှင် ကျွန်ုပ်မှာ မြို့ကွပ်ရာထူးမဟုတ်၊ မားကွပ်လှံကွပ်ခံရတော့ပါကြောင်း။ ထိုအခါတွင်မှ ကျွန်ုပ်အချစ်ဆုံးနှမက ခေါ်လေဟန်များလှသောရာဇဝရိယာယ်အသွယ်သွယ်တို့ကို အံ့သြမဆုံးဖြစ်မိပါ၏။

ကျွန်ုပ်ကား အားခွန်ဗလကောင်းသူ၊ မားပြီးလှံပြီးသူဖြစ်သဖြင့် ကျွန်ုပ်အားသတ်ရာတွင် အလွန်ရက်စက်လှပါ၏။ စံကားပင်မှာ လက်ပြန်ကြိုးတုပ်၊ ကားစင်တင်ပြီးလျှင် ဖိုကျင်ထိုး၍ မသေမချင်း မီးပြင်းတိုက်၍ သတ်လိုက်တော့ပါကြောင်း။ ထိုအခါ ကျွန်ုပ်နှမလည်း ကျွန်ုပ်ကိုသတ်ရာ မီးပုံတွင်းသို့ ခုန်ဆင်းချလိုက်ပြီးလျှင် ကျွန်ုပ်နောက်သို့လိုက်လာရှာပါကြောင်း။ ထိုအခါ ကျွန်ုပ်အသက်မှာ (၂၅) နှစ်ရှိပေပြီ။

■ **စံကားပင်နတ်စိမ်း**

ကျွန်ုပ်တို့မောင်နှမနှစ်ဦး နတ်စိမ်းဖြစ်ကြပြီးလျှင် တကောင်းဘုရင်နှင့်တကွ

www.burmeseclassic.com

www.burmeseclassic.com

တကောင်းပြည်သားမှန်သမျှအား အခဲမကျွေနိုင်ကြပါ။ ထိုစံကားပင်ကြီးကို ခံတပ်သဖွယ် မှီတွယ်နေထိုင်ကြပြီးလျှင် လူကျွဲနွား တိရစ္ဆာန်မငြွေး တကောင်းမြေနှင်းခြင် တကောင်းပြည်တွင်းသားမှန်သမျှတို့အား ကျွန်ုပ်တို့စံကားရိပ်နန်းဖြတ်သန်းလာသည်နှင့်တစ်ပြိုင်နက် လက်စားချေကာ ဖမ်းစားကြလေလျှင် နတ်ကြမ်းသည်၊ နတ်ဖမ်းစားသည်ဟူ၍ ကျွန်ုပ်တို့ စံကားပင်လမ်းမှ ဖြတ်သန်းသွားလာခြင်းမပြုရဲကြတော့ပါ။ တစ်ပြည်လုံးတုန်နေကြရာပါပြီ။

■ ပုဂံပြည်သို့ရောက်လတ်သော်

သို့ဖြင့် နတ်ကြမ်းလှသည်ဟူ၍ တကောင်းဘုရင်သည် ကျွန်ုပ်တို့စံကားပင်ကိုခုတ်ချိုင်စေ၍ ရောဝတီနံဒီမြစ်ကြောတွင်းမျောလိုက်ပါသည်။ ပုဂံပြည်သစ္စရန်ကာမြစ်ဆိပ်သို့ရောက်သောအခါ ကျွန်တော်တို့မောင်နှမမှာ နတ်ဘုံနတ်နန်းမရှိတော့သဖြင့် ပုဂံပြည်ရှိ သေဉ်လည်ကြောင်မင်း (အေဒီ ၃၄၄ - ၃၇၈) ထံ နတ်နန်းများပေးသနားပါရန်ဖြင့် တောင်းပန်ကြရပါ၏။ ဗိမာန်သစ်ဘုံသစ်တောင်းရပါတော့သည်။

■ သေဉ်လည်ကြောင်မင်း၏ကရုဏာတော်

သေဉ်လည်ကြောင်မင်းသည် ပုဂံမင်း (၇)ဆက်မြောက်ဖြစ်သည်။သူသည် သူတော်ကောင်းဘုရင်ကြီးတစ်ပါး ဖြစ်သည်။ ကျွန်ုပ်တို့အား မဟာဂီရိတောင်ကို အပိုင်စားအဖြစ် ဆုနှင်းပါတော့၏။ (မင်းမဟာဂီရိတောင်ကား ယခုအခါတွင် ပုပ္ပားတောင်ဟုတွင်လျက်ရှိ၏။) ထိုအခါမှစ၍ ကျွန်ုပ်တို့မှာ မဟာဂီရိတောင်ကို အစွဲပြု၍ မဟာဂီရိဟုတွင်ပါကြောင်း။

သေဉ်လည်ကြောင်မင်းသည် နတ်မောင်နှမရုပ်တု ထုလုပ်စေသည်။ နှမတော်၏မျက်နှာကိုရွှေချသည်။ တစ်နှစ်တစ်ကြိမ် နတ်ပွဲကျင်းပပေးသည်။

■ ကျန်ရစ်မင်းလက်ထက်တွင်

ကျန်ရစ်မင်းကြီးလက်ထက်သို့ရောက်သောအခါ ဘဝကမဟာမိတ်များဖြစ်ခဲ့ဖူးသည်နှင့်အညီ ကျန်ရစ်မင်းအား စောင်မခဲ့ပုံများကို ပြောကြားလေသည်တွင် ကျန်ရစ်ဘုရင်သည် ကျွန်ုပ်အားကျေးဇူးတင်မဆုံးရှာပါ။ သူ့ကို စောင်မသလို သူ၏နိုင်ငံအားလည်း စောင်မရန် တောင်းပန်ရှာပါသည်။ ထိုစဉ်အခါက ကျွန်ုပ်ကလည်း 'ကျွန်ုပ်အား အိမ်တစ်အိမ် အုန်းတစ်လုံးကျစီဖြင့် နတ်ကွန်းပေးကာ ပူဇော်ပသကြပါလျှင် စောင်မပါမည်' ဟု ဝန်ခံခဲ့၍ ယနေ့တိုင်အောင် အိမ်တိုင်းအိမ်တိုင်းအား ကျွန်ုပ် စောင်မလျက်ရှိပါသည်။ ထိုအခါမှစ၍ ကျွန်ုပ်မှာ အိမ်တိုင်းအိမ်တိုင်း၏မင်းဖြစ်သောကြောင့် အိမ်တွင်းမင်းမဟာဂီရိဟုတွင်လာပါတော့သည်။ (မဟာဂီရိနတ်ကားမိုးပြိုက်သတ်၍သေရာသောနတ်ပူတစ်ဆူဖြစ်သောကြောင့် အပူမှသက်သာခြင်းကို လိုလားသဖြင့် အုန်းသီးဖြင့် ပူဇော်ခံခြင်းဖြစ်၏။)

■ ကျန်ရစ်မင်း-ကျန်စစ်သားမင်း။

သုံးပန်လှနှင့် မနဲကလေး

ကျွန်ုပ်တို့မောင်နှမမှာ အစိမ်းဘဝတွင် ပေါင်းဆုံမိစေကာမူ နှမတော်အထွေး မြလှအတွက် စိတ်ရတက်မအေးနိုင်သေး။ မြလှမှာ ရခိုင်ဘုရင်၏ကြင်ရာတော်ဖြစ်နေသည်ကို တွေ့ရပါသည်။ သူမှာ မနဲလေး (ခေါ်) ရင်သွေးတော်တစ်ဦးပင် ရရှိနေပါပြီ။ သို့ကလေးအတွက် တစ်ရက်မှ စိတ်မချနိုင်သဖြင့် အိပ်မက်ပေးကာ ခေါ်ယူ၍ လမ်းခရီးအကြားတွင် သားအမိနှစ်ယောက်လုံး၏လိပ်ပြာကိုနုတ်လိုက်ခြင်းဖြင့် ကျွန်ုပ်တို့မောင်နှမတစ်စုမှာ အစိမ်းဘဝတွင် ပြန်လည်ဆုံမိကြရပြန်ပါသည်။ ဒွေးလှမှာ သုံးပန်လှနတ်၊ မနဲလေးမှာ မနဲလေးနတ်ဟူ၍ ယနေ့တိုင်တွင်လျက်ရှိကြပါ၏။

■ မဟာမိတ်များ

လွန်ခဲ့သောအတိတ်ကာလက -
၁။ ကျွန်ုပ် (မဟာဂီရိ)
၂။ ရှင်အရဟံ
၃။ သက်မင်းကတုံ
၄။ သီရိဇေယျသူရ
၅။ ကျန်ရစ်မင်း

ဤငါးဦးတို့ မိတ်ထူးဆွေထူးကြီးများဖြစ်ခဲ့ကြပုံကို ရှင်အရဟံရဟန္တာအရှင်မြတ်၏ မိန့်ခွန်းတော်ဖြင့် သိရှိရပါသည်။

ကျွန်ုပ်တို့ငါးဦးအနက် -
၁။ ဇေယျသူက ဘုန်းကြီးသောဘုရင်ဆု။
၂။ ရှင်အရဟံက မင်းဆရာဆု။
၃။ ကျွန်ုပ်က မင်းပူဇော်ခံနတ်ဆု။
၄။ သက်မင်းကတုံက ထိုမင်းများနှင့် ထီးနန်းပြိုင်မင်းဆု။
၅။ ကျန်ရစ်မင်းက အားလုံးတို့၏ အကြီးအကဲဘုရင်ဆု။

ဤသို့ ဆုအသီးသီးတောင်းခဲ့ကြရာ ဆုတောင်းပြည့်ညီကြသဖြင့် ပုဂံပြည်မှာ လာရောက်ကာ တွေ့ဆုံကြပါသည်။ အထက်ပါအတိုင်း ကျွန်ုပ်ပြောသမျှ ရာဇဝင်သည် အမှန်အတိုင်းဖြစ်၍ ကျွန်ုပ်ပြောပြချက်အတိုင်း ဇာတ်ကားယခုရိုက်ဖြစ်အောင်ရိုက်ကူးပြသရန် ကျွန်ုပ်အထူးတောင်းပန်မှုပြုခဲ့ပါကြောင်း။

■ မင်းမဟာဂီရိတတ်တော်ကြီးရိုက်ကူးခြင်း

အေဝမ်းဒါရိုက်တာဦးလွန်းဖေသည် မဟာဂီရိနတ်မင်း၏ ပိန့်ဆိုချက်များ ရာဇဝင်ထွက်စကားတို့နှင့်တစ်သားတည်း ကိုက်ညီအောင် တည်းဖြတ်သုတ်သင်စိရင်လျက်ရိုက်ကူးခဲ့ရာ မဟာဂီရိ၏ကူညီစောင့်ရှောက်ခြင်းဟုဆိုရလောက်အောင် ယခုအခါတွင် ချောမောစွာပြီးဆုံးခြင်းသို့ရောက်လာတော့၍ ဤဇာတ်ကားကြီးမှာ မဟာဂီရိ၏ ဘာသာနှင့် တိုင်းပြည်၏ကောင်းကျိုးမင်္ဂလာကို ကောင်းစွာဆောင်ရွက်ပြီးလျှင် ကျက်သရေနေဝန်းထွန်းလင်းစေလိမ့်မည်ဖြစ်ပါသတည်း။

မြန်မာအဆွေ အေဝမ်းရုပ်ရှင်မှ ဒါရိုက်တာဦးလွန်းဖေက သရုပ်ဆောင်များဖြစ်ကြသော မောင်ညွန့်မောင်၊ ဓမမြင့်၊ မေညွန့်နှင့် မေနုတို့ဖြင့် အိမ်တွင်းမင်းမဟာဂီရိနတ်မောင်နှမရာဇဝင်ကို ၁၉၂၃ ခုနှစ်က ရိုက်ကူးတင်ဆက်ပြသခဲ့ရာ အထူးပင်အောင်မြင်ခဲ့ပါကြောင်း။

အနှီ မင်းမဟာဂီရိဇာတ်တော်ကြီးနှင့်ပတ်သက်၍ ဒါရိုက်တာဖြစ်သူက ရာဇဝင်စကား၊ ရပ်စကား၊ ရွာစကား၊ ဇာတ်စကားအားဖြင့်ဝါဒအမျိုးမျိုးကွဲပြားရှိနေသည့် မဟာဂီရိဇာတ်ကြောင်းကို မူအမျိုးမျိုးနှင့် တိုက်ဆိုင်သည့်အပြင် မဟာဂီရိနတ်မင်းကိုယ်တိုင် ကျွန်ုပ်အားပူးဝင်ပြောပြချက်များကို အခြေထား၍ ခမ်းနားစွာ ရိုက်ကူးပြထားကြောင်း ဝန်ခံထားပုံမှာ မင်းမဟာဂီရိဇာတ်ကားကြီး၏ ထူးခြားချက်ပင် ဖြစ်ပါတော့သည်။

ပထမမြန်မာ့ရုပ်ရှင် 'မေတ္တာနှင့်သူရာ' ကို ၁၉၂၀ပြည့်နှစ်တွင် စတင်ပြသပြီး (၃)နှစ်ခန့်အကြာတွင်ပေါ်ထွက်လာသောသမိုင်းဝင်ဇာတ်ကားတစ်ကားဖြစ်ပါကြောင်း။

ကိုတိုး(ရန်ကင်း)

စာညွှန်း -

ဒေါက်တာအေဝမ်းရုပ်စုံ (အမည်မသိ)

www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရလောကသည် အလွန်ပင်
ဆန်းကြယ်လှ၏။ မမြင်အပ်သောပုဂ္ဂိုလ်
များစုံတို့ကျင်လည်ရာလောကဟုလည်း
ဆိုနိုင်ပါ၏။ သူတို့သည် ယေဘူယျဆိုရ
လျှင် ကောင်းကျိုးမပေးသောပုဂ္ဂိုလ်တို့
များပါသည်။ ဆိုးကျိုးများတို့ဖြင့်သာ
လူသားတို့ခံစားကြရလေကုန်၏။ ကံနိမ့်
သူခံရစမြဲပါ။ ကံမြင့်နေကြသူတို့ကား
သူတို့၏စက်ကွင်းမှလွတ်ကြလေသည်
တကား။ အမြဲတမ်းကံမမြင့်ကြလေကုန်။
အတက်အကျရှိကြလေကုန်၏။ မမြဲ
သောလောကခံတရားဖြစ်တော့သည်။

မိမိ၏ကံမိမိမြင့်နိုင်ပါမှ ဒုတ္ထနှင့်
ကင်းလွတ်ကြရပေလိမ့်မည်။ ကံမြင့်စေ
ရန် ဘာပြုလုပ်သင့်ပါသနည်း။ ပြုလုပ်
နိုင်တာရှိပေ၏။ အကုသိုလ်ဖြစ်စေမည့်
အလုပ်များကိုရှောင်၊ ကုသိုလ်ဖြစ်မည့်
အလုပ်များကို လုပ်ဆောင်ကြရမည်ဖြစ်
ပါသည်။ ဤစကားသည် မှန်ပါ၏။
အဘယ့်ကြောင့်ဆိုသော် ဆရာတော်
ကြီးများက မကောင်းမှုရှောင်၊ ကောင်းမှု
ဆောင်၊ ဖြူအောင်စိတ်ကိုထားဟု ဆုံးမ
လေ့ရှိပါသည်။

ပရလောကသားမမြင်အပ်သော
ပုဂ္ဂိုလ်တို့သည် ရန်စွယ်နှင့်ငေါငေါဟုဆို
ရလေမလား။ တစ်ခါက ရွှေတိဂုံဘုရား
ညစောင့်တစ်ဦးသည် ညအမှောင်ရိပ်ခို
ကာ ဘုရားဝင်းအတွင်း ချွေကွယ်တစ်ခုသို့
အပေါ့စွန့်လေ၏။ ပထမတော့ ဘာကြောင့်
မှန်းမသိ ထိုသူ၏ကပ်ပယ်အိတ်ရောင်
ရမ်းလာ၏။ ရက်အနည်းငယ်အတွင်း
နာကျင်ကိုက်ခဲမှုများ ကြီးစိုးလာ၏။ မခံ
မရပ်နိုင်အောင် ခံစားရသည်ဟုဆိုသည်။
ကံကောင်းထောက်မစွာဖြင့် ပယောဂကု
ဆရာကြီးတစ်ဦးနှင့် ကုသလိုက်မှ သူ
ခံစားနေရသောဝေဒနာ လုံးဝပျောက်
ကင်းသွားလေသည်။ ညစောင့်အပေါ့
သွားခဲ့သည့်နေရာတွင် သိုက်ရှိသည်ဟု
ဆိုသည်။ သိုက်စောင့်မိသားစုတို့၏
ဦးခေါင်းများပေါ်သို့ အပေါ့သွားခဲ့သည်
တို့ စိုရွဲကြလေကုန်၏။ ထိုအခါ သိုက်
စောင့်ကြီးကလည်း မခံနိုင်လေရကား
ညစောင့်ကိုဒဏ်ပေးလိုက်ခြင်းဖြစ်ကြောင်း
သိရတော့၏။

တချို့လည်း ရွာထိပ်ရှိရေကန်ကြီး
အနီးတွင် မစင်စွန့်မိ၍ ခေါင်းကိုက်ဝေ
ဒနာစွဲကပ်လာကြောင်း အချို့သောသူတို့
လည်း တောစပ်အနီး ညောင်ပင်အုံကြီး
အောက်တွင် မဖွယ်မရာပြုလုပ်မှုကြောင့်
ညောင်ပင်စောင့်ရက္ခစိုးကြီး၏ ဖမ်းစား
ခြင်းကိုခံခဲ့ရကြောင်း အထူးအထူးအပြား
ပြားသောပရလောကသားတို့၏ ဒဏ်ခတ်နည်း စုံလင်
လှချေ၏။

ထို့ကြောင့် ရှေးလူကြီး
များက ဒေသစိမ်းအရပ်တို့တွင် ခရီး
သွားဟန်လွဲ အပေါ့စွန့်ချင်လာပါက
ထိုနေရာဒေသတွင် နေထိုင်ကြသည့်
မြင်အပ်မမြင်အပ်ပုဂ္ဂိုလ်တို့ကို မေတ္တာ
ပို့သပြီး တောင်းပန်တိုးလျှိုးပြီးမှ အညစ်
အကြေးစွန့်နိုင်ကြောင်း ပြောပြထားပါ
သည်။ မတ်တတ်အပေါ့မစွန့်ကြရန်၊
ထိုင်ပြီးမှ အပေါ့စွန့်ရန်ကိုလည်း မှာကြား
ထားကြကုန်၏။ အများအားဖြင့် လူယေ
တို့ပေါ့ဆမှုများရှိတတ်ကြသည်။

မမြင်အပ်သောပုဂ္ဂိုလ်တို့က ဒဏ်
ခတ်လွယ်၍ မလေးမစားမပြုလုပ်ကြ
ရန် အထူးသတိချပ်သင့်ပါ၏။ လူကြီး
သူမတို့၏ ဆိုဆုံးမစကားကို လိုက်နာသူ
တို့ ဘေးအန္တရာယ်ဝေးကုန်၏။ ပေါ့ပေါ့
ဆဆဖြင့် ယုံကြည်သလိုလို မယုံကြည်
သလိုလို သရော်စော်ကား လူသရမ်း
ကားတို့အဖို့ ဘေးတွေ့ကြရမည်မှာ
မလွဲကောန်ဖြစ်တော့သည်။

ပရလောကသားတို့၏ပညာအစွမ်း
ကား ထိရောက်လေစွတကား။

အသိဉာဏ်ပြည့်ဝသည့် လူကြီး
အရွယ်ကို ဒဏ်ခတ်အပြစ်ပေးခြင်းအား
ဘာမှမပြောသာချေ။ လူကြီးအရွယ်ဆို
သည်မှာ အသိဉာဏ်ရင့်သန်လေရာ
လုပ်သင့်မလုပ်သင့် ခွဲခြားတတ်သော
အရွယ်ဖြစ်ပါသည်။ မသိနားမလည်သေး
သည့် ကလေးအရွယ်ကား ဘာမှန်းကို

www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျိုး

(မည်သူရေး)

ခေတ်မီဆေးသိပ္ပံနည်းပညာရပ်နှင့်
ရှေးရိုးလောကဓာတ်ထုံးပူးပေါင်းစစ်ဆေးရေး

www.burmeseclassic.com

www.burmeseclassic.com

မသိလိုက်ရဘဲနှင့် အပြစ်ပေးခံလိုက်ရသည်ကား ဒီလိုမျိုးမဖြစ်သင့်ဟု ဆိုချင်ပါသည်။ သို့သော်လည်း အသက်အန္တရာယ်ထိခိုက်လုလုမှာ အသက်ဘေးမှ လွတ်မြောက်ခဲ့သူ (၁၂) နှစ်အရွယ် ကလေးငယ်တစ်ယောက် ဘေးကင်းလာခဲ့ပုံကား အံ့ဖွယ်အတိဖြစ်ခဲ့ရတော့သည်။

ထိုကလေးငယ်ဆေးရုံတက်နေစဉ် လူနာလာမေးသူတို့ စုတ်တသပ်သပ်ဖြင့် ကြင်နာစိတ်လိုပြုကြကုန်၏။ လူနာရှင်တို့နောက်ကွယ်တွင် ဒီကလေးမလွယ်တော့ဟု မှတ်ချက်ပြုကြကုန်၏။ အမှန်တကယ်ဖြစ်ရပ်မှန်ကို တင်ပြရမည်ဖြစ်၍ ကာယကံရှင်တို့၏နေရပ်၊ အမည်နာမတို့ကို လွှဲပြောင်းလျက် လူမှုရေးသိက္ခာကိုထိန်းသိမ်းကာ တင်ဆက်လိုက်ရပါ၏။

ဖြစ်ရပ်မှန်မှ သင်ခန်းစာယူနိုင်ကြပါစေကုန်။

■

လွန်ခဲ့သော နှစ်ပေါင်း (၂၄) နှစ်က ခေတ်မီဆေးသိပ္ပံပညာရပ်နှင့် ဂမ္ဘီရလောကကုထုံးတို့ ပူးပေါင်းစစ်ဆင်ရေးတိုက်ပွဲဝင်ခဲ့ရသည့်အဲသက် (၁၂) နှစ်အရွယ် ကလေးငယ်တစ်ယောက် ရှိခဲ့သည်။

ဦးထက်အောင်သည် သူ၏ဇာတိမြို့ဖြစ်သော(×××)မြို့တွင် ဒု-တိုင်းသစ်တော်ဦးစီးဌာနမှူး(ယခုခရိုင်သစ်တောရုံး) ၌ အောက်တန်းစာရေးတာဝန်ထမ်းဆောင်နေသောဝန်ထမ်းငယ်တစ်ဦး ဖြစ်သည်။ သူ၏မိဘတို့သည်လည်းကောင်း၊ သူ၏ယောကျ်ားမဖြစ်လာမည့်သူတို့သည်လည်းကောင်း၊ ထိုမြို့တွင် တစ်မြို့တည်း နေထိုင်ကြလေကုန်၏။ ရပ်ကွက်ချင်းတော့မတူသောတစ်မြို့တည်းသားများဟု ဆိုရမည်။ ဦးထက်အောင်သည် ဘွဲ့ရသည်အထိ စာမသင်ဖြစ်ခဲ့ပါ။ အခြေခံပညာအထက်တန်းစာမေးပွဲကို(ခ)စာရင်းမှအောင်မြင်ခဲ့သည်။ ရုံးတစ်ရုံးတွင် အလုပ်လျှောက်ထားနိုင်သည့် အခြေအနေဖြစ်သည်။

သူသည် သစ်တောရုံးတွင် အောက်တန်းစာရေးအလုပ်ရ၏။ လစာ (၁၅၀) ကျပ်ရရှိလေ၏။ သူသည် အိမ်ထောင်မကျမီ မိဘတို့ကိုတစ်လလျှင် (၁၀၀) ကျပ် ထောက်ပံ့ခဲ့သည်။ ထို့အတိုင်း မိဘကျေးဇူးကို (၅) နှစ်တိတိ ပေးဆပ်နိုင်ခဲ့ပါ၏။ သူသည် လူသားတို့၏သဘာဝအတိုင်း အိမ်ထောင်သားမွေးပြုရန် အချိန်ကျလာခဲ့၏။ အလုပ်လုပ်သောဌာနမှအထက်လူကြီးများက သူနှင့် တစ်မြို့တည်းနေထိုင်သူ မခိုင်ခိုင်ဝင်းဆိုသူနှင့် စေ့စပ်ကာ ပေးစားကြလေသည်။ ကိုယ်ပိုင်မိသားစုမျိုးဆက်သစ် လူမှုရေးတာဝန်ကြီး သူ၏ပခုံးထက်ဆီသို့ ရောက်လာ၏။

အိမ်ထောင်ကျပြီး တစ်နှစ်ခန့် အကြာတွင် သားဦးယောကျ်ားလေးတစ်ယောက်တိုးလာ၏။

၁၉၈၃ ခုနှစ်တွင် သစ်တောဦးစီးဌာနဖွဲ့စည်းပုံအသစ်အရ ဦးထက်အောင်သည် ပိုလျှံဝန်ထမ်းစာရင်းတွင် ပါဝင်သည်။ အခြားမြို့တစ်မြို့ပြောင်းရွှေ့ရမည်ဖြစ်လေသည်။ မူရင်းရာထူးအတိုင်း ပြောင်းရပေလိမ့်မည်။ မကြာခင် ကာလအတွင်း ပြောင်းရွှေ့မိန့်ကျလာတော့သည်။ သူ့ဆန်စားရဲမှဆိုသည့် အတိုင်း ထားရာနေစေရာသွား ဝန်ထမ်းဘဝဖြစ်လေရကား သူလည်း အိုးရပိုင်နှစ်ထပ်ရေယာဉ်ကြီးစီးကာ ပြောင်းရွှေ့ထွက်ခွာသွားပါတော့သည်။ သားရတနာလေးနှင့် သုံးဦးသားမိသားစုတို့ တာဝန်ရာမြို့နယ်လေးတွင် ပျော်ရွှင်စွာနေထိုင်ကြလေ၏။

ထိုမြို့ရှိ သစ်တောရုံးခြံဝင်းသည် ကျယ်ဝန်းလေ၏။ ယူကလစ်၊ မန်ကျန်ရှား၊ သြဇီရှားပင်တို့အစီအရီစိုက်ပျိုးထားသည်။ ရေတွင်းနှစ်တွင်းရှိသည်။ ခြံစပ်တွင် ကုက္ကိုပင်ကြီးတစ်ပင်ပေါက်ရောက်နေ၏။ ရုံးအနောက်ဘက်ရှိလွတ်နေသော မြေနေရာ၌ တဲသာသာအိမ်လေးတစ်လုံး ဆောက်လုပ်နေထိုင်ကြခြင်း ဖြစ်သည်။ ဓနိမိုးထရံကာအိမ်လေးမှာ သပ်သပ်ရပ်ရပ်ဖြင့် နေချင်စဖွယ်ကောင်းလေ၏။ စာရေးအိမ်အနီးတွင် နဂိုမူလရှိထားသည့်အိမ်လေးတစ်လုံးမှာ ဦးတင်ထွေးဆိုသော ရုံးပြာတာရုံးလုလင်မိသားစုတို့နေထိုင်ကြသည်။ အိမ်နီးချင်းကောင်းများဖြစ်ကြသည်။

တစ်ခုသော နေ့လယ်ခင်းအချိန် သစ်တောဝန်းလေးသည် ဆိတ်ငြိမ်လျက်ရှိနေ၏။ ဇနီးသည် ခိုင်ခိုင်ဝင်းက သားလေးကိုပုခက်ထဲထည့်သိပ်ကာလွဲပေးနေပါ၏။ ထိုနေ့သည် ရုံးပိတ်ရက်ဖြစ်သည်။ ဦးထက်အောင်သည် ပက်လက်ကုလားထိုင်မှာထိုင်လျက် သတင်းစာတစ်စောင်ကို စိတ်ပါဝင်စားစွာ ဖတ်ရှုနေ၏။ သားလေးအိပ်ပျော်စေရန် မိခင်က သားချော့တေးဆိုကာ ချော့သိပ်နေပါသည်။

ထိုအချိန်တွင် မထင်မှတ်သော ဖြစ်ရပ်ပေါ်လာသည်။

မိခင်၏သံစဉ်တေးမှာ နှစ်မျှော်ကာ အိပ်ပျော်တော့မည့်ကလေးငယ်သည် အငြိမ်မနေတော့ဘဲ ရုတ်တရက် လွန့်လူးကာ-

"ဝါး"

ပုခက်ထဲမှ ကလေးငယ်သည် စူးစူးဝါးဝါးထအော်ကာငိုလေတော့၏။

"ညီမ၊ ကလေးဘာဖြစ်တာလဲ"

"မသီဘူး ကိုကို၊ သားလေး သားလေး ဘာဖြစ်လို့လဲကွယ်။ အေးအေး အိုအိပ်ပါ သားရယ်"

ခိုင်ခိုင်ဝင်းသည် ကလေးငယ်ကို ချော့၍သိပ်ပေးသော်လည်း ကလေးမှာ မအိပ်နိုင်ရှာတော့ပေ။ ပြင်းထန်စွာငိုကြွေးလျက်ရှိ၏။ တစ်ခုခုကိုကြောက်လန့်နေပုံလည်းပေါ်နေသည်။ ဆက်၍ချော့သိပ်ရန် မဖြစ်နိုင်တော့ချေ။ ခိုင်ခိုင်ဝင်းသည် ကလေးငယ်ကို ပုခက်ထဲမှပွေ့ချီလိုက်၏။ ကလေးအငိုတိတ်စေရန် ချော့မြူလိုက်သည်။ ခဏကြာသော အခါ ကလေးငယ်သည် မငိုတော့ဘဲ အိမ်ခေါင်ကိုမော့ကြည့်ကာ ဟိုကြည့်သည်ကြည့်ဖြင့် ဂနာမငြိမ်ဖြစ်နေ၏။ ကလေး၏ ထူးခြားသောအမူအရာကြောင့် ခိုင်ခိုင်ဝင်းခမျာ စိတ်မအေးနိုင်ရှာဘဲ -

"သားလေး၊ ဘာဖြစ်လို့လဲကွယ်၊ မေကြီးကိုပြောပါဦး"

ကလေးငယ်သည် စကားပြောတတ်စအရွယ်ဖြစ်၏။

မိခင်၏အမေးကို သားလေးဖြေကြားလိုက်သည်ကား -

"မေကြီး၊ ဟိုးခေါင်မိုးပေါ်က တန်းကိုဆွဲခိုထားတဲ့လူကြီးက သားကို သူ့ရဲ့ခြေထောက်တွေ လှုပ်လှုပ်ပြတယ်၊ သားကြောက်တယ်"

ဟု ပခုံးလေးတွန့်၍ ကြောက်ရွံ့တန်ဖြင့်ပြောပြနေ၏။ ထူးဆန်းသော စကားကိုကြားလိုက်ကြရာ ခိုင်ခိုင်ဝင်းစိတ်ထဲ ဘယ်လိုနေမည်မသိ ဦးထက်အောင်အဖို့ ကြက်သီးတဖြန်းဖြန်းထမိပါ၏။ ခေါင်မိုးဆီသို့ မဝံ့မရဲဖြင့် စွန့်စားကာကြည့်လိုက်ပါသည်။ သားလေးပြောသောခြေထောက်လှုပ်ပြသည့်လူကြီးဆိုသူကို မတွေ့ရချေ။ မတွေ့ရလေကြောက်လေဖြစ်လာကာ သူ၏နှုတ်မှရရှိထားသည့် ဘုရားစာတို့ကို ကပေါက်တိကပေါက်ချာရွတ်လိုက်ပါတော့သည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် ကြောက်ရွံ့စိတ်ပေါ်လာတိုင်း ဗုဒ္ဓမြတ်စွာဘုရားကိုတမ်းတမြဲ။

ဘယ်မှာလဲသားလေးရဲ့

"မတွေ့တော့ဘူး မေကြီး"

ကလေးငယ်ကပထမတော့ တွေ့

www.burmeseclassic.com

www.burmeseclassic.com

သည်ဟုဆိုထားသည်။ မိခင်က ထပ်မေး သောအခါ မတွေ့တော့ဟုဆိုပါသည်။ သားလေးတွေ့လိုက်သော ထိုလူကြီး ဘယ်ရောက်သွားပြီလဲ။ ဦးထက်အောင် ကျောထဲစိမ့်လာ၏။ ဇနီးသည် ခိုင်ခိုင်ဝင်း ကိုကြည့်လိုက်တော့ သူမမျက်နှာ ဆီးရွက်ခန့်သာရှိတော့သည်။ မျက်နှာ ပေါ်မှာ စိုးရိမ်ကြောက်လန့်မှုလက္ခဏာက အထင်းသားပေါ်လွင်လျက်ရှိသည်။ သူမ၏နှုတ်ခမ်းနှစ်လွှာလည်းတလှုပ်လှုပ်နှင့်။ သူမသည်လည်း ဘုရားစာရွတ်နေရာရောမည်။ သားလေးတွေ့လိုက်သော ပုဂ္ဂိုလ်ကို မိခင်ဖခင်တို့မမြင်လိုက်ကြချေ။

"ဘာမှမဟုတ်ပါဘူး သားလေးရယ်၊ မကြောက်နဲ့တော့နော်"

မိခင်မေတ္တာဖြင့် ကလေးငယ်ကို အားပေးနှစ်သိမ့်လိုက်ရ၏။ သို့သော်လည်း ကလေးငယ်ခမျာ မျက်လုံးအိုင်းသားဖြင့် မိခင်ရဲရင်ခွင်ထဲကို ခေါင်းကလေးပုလျက် သူမိခင်ကို ဖက်ထားလိုက်ပါတော့သည်။ကလေးငယ်သည် ကြောက်ရွံ့စိတ်မပျောက်သေးချေ။

ထိုကဲ့သို့ဖြစ်ရပ်ဆန်းမှာ ရက်ပိုင်းအားဖြင့် သိပ်မကွာလှဘဲ နောက်ထပ်သုံးလေးကြိမ်ခန့် မကြာခဏဆိုသလိုဖြစ်တတ်လာပါတော့သည်။ ဖြစ်ရပ်တိုင်းမှာ ကလေးကိုသာလျှင် ထိုပုဂ္ဂိုလ်ကပြ၏။ မိဘတို့ခမျာ ထိုပုဂ္ဂိုလ်ကိုမမြင်တွေ့ရပါဘဲလျက် ကြောက်ရွံ့နေကြကုန်၏။ ဦးထက်အောင်နှင့် မခိုင်ခိုင်ဝင်းတို့ပင် ဘုရားစာမျိုးစုံစုံလင်လင်ရရှိလာကြပြီဖြစ်တော့၏။ ဘုရား၏ ဘုန်းတန်ခိုးတော်ကား လွန်စွာကြီးမြတ်တော်မူပါပေ၏။ သာမန်သီလလေးမျှလောက်သာ ထိန်းသိမ်းနိုင်စွမ်းရှိသေးသည့် ဦးထက်အောင်တို့အရွယ်မှာ ရွတ်ဖတ်လိုက်သော ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့၏ အစွမ်းကြောင့် သားလေးတစ်ယောက် သာမြင်တွေ့ခဲ့ရသော ခြေထောက်လှုပ်လှုပ်ပြနေသည့် ပရလောကသားမှာ လည်း စုံးစုံးမြုပ်ပျောက်ကွယ်သွားပါတော့၏။ ထိုနေ့ထိုအချိန်ကစ၍ သားလေးကို ဒုက္ခမပေးနိုင်တော့ပြီ။

■

ဦးထက်အောင်သည် ယခုလက်ရှိတာဝန်ထမ်းဆောင်နေရာမှ အထက်တန်းစာရေးရာထူးတိုးကာ အခြားမြို့နယ်လေးတစ်ခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသော ထိုမြို့နယ်တွင် မပျော်ပိုက်ချေ။ ဦးထက်အောင်သည် မိဘများရှိရာ မွေးရပ်ဌာနီဖြစ်သော မိမိ၏မူလဇာတိမြို့သို့ ပြောင်းရွှေ့လျှောက်လှမ်းတင်လိုက်၏။ တိုင်းရုံးမှပြောင်းရွှေ့မိန့်ထွက်လာ၏။ ဦးထက်အောင်တို့ မိသားစုဇာတိမြို့သို့ရောက်ကြ၏။ မူလဇာတိမြို့တွင် ကြာကြာနေထိုင်ရန်မဖြစ်နိုင်သော အကြောင်းတစ်ရပ်ပေါ်လာသည်။ ဦးထက်အောင်ဌာနခွဲစာရေးကြီးရာထူးတိုးပြန်ပေါ့။

ယခင်(သားလေးသရဲခြောက်ခံရသော) မြို့သို့ပင် ဖြစ်၏။ သူတို့ပြောင်းရွှေ့ချိန်က မှတ်မှတ်ရရ ၁၉၉၃ ခုနှစ်ကွင်း ဒုတိယအကြိမ်ရောက်ရှိခြင်းပါ။

ဦးထက်အောင် မခိုင်ခိုင်ဝင်းတို့တွင် သမီးတစ်ယောက်၊ သားတစ်ယောက်ကို ထပ်မံတိုးပွားခဲ့ပါသည်။ နေထိုင်ခဲ့ဖူးသော သစ်တောဝင်း၌ပင် ဝန်ထမ်းတန်းလျားတစ်ခုပင် ထပ်မံတည်ဆောက်ထားသည်ကို တွေ့ရသည်။ အခန်းလွတ်တစ်ခုရ၍သာ အဆင်ပြေသွားလေ၏။ ယခင်နေထိုင်ခဲ့သည့် အိမ်ဟောင်းကိုမူ ဒုတောအုပ်မိသားစုတို့ နေရာဦးထားကြပြီဖြစ်ပါ၏။ ထိုအိမ်ဟောင်းကို သံယောဇဉ်ဖြတ်လိုက်ကြရသည်။

ထိုမြို့သို့ ဒုတိယအကြိမ်ပြန်လည် ရောက်ရှိချိန်တွင် အကြီးဆုံးသားအသက် (၁၂) နှစ်အရွယ်တိုင်ခဲ့ပြီ ဖြစ်သည်။

တစ်နှစ်ခန့်ကြာပြီးနောက် -

သားအကြီး ကံနိမ့်လေပြီလော။ သားအကြီး၏ ကျန်းမာရေးချို့တဲ့လာသည်။ ငယ်စဉ်ကတည်းက အသားဖြူဖြူချောချောလေးနှင့် မွေးရာပါ ကလေးတီဘီပါလာခဲ့သည်။ မွေးစကပင် ရောဂါကိုပင် ငြင်းဆန်ခဲ့သည်။ ကလေးဆိုသည်မှာ မုန့်ပဲသရေစာဆိုလျှင် ငမ်းငမ်းတက်နှစ်ခြိုက်စွာစားသုံးကြသည်။ သားကြီးကား ထိုသို့မဟုတ်ချေ။ တစ်ပါးသူစားသောက်နေသည်ကို သူက စိတ်မဝင်စားပါ။ သူ့ကိုယ်၌ကပင် စားသောက်ချင်စိတ် လုံးဝ(လုံးဝ)မရှိ။ အစားအသောက်မပူဆာ၍ မိဘများ လွန်စွာစိတ်ဆင်းရဲကြရကုန်၏။

ငယ်ငယ်ကတည်းက ကျန်းမာရေးမကောင်း။ အလွန်သနားစရာကောင်းသောကလေးဖြစ်ပါသည်။ သို့ပေမယ့် ငယ်စဉ်ကဖြစ်ပွားခဲ့သည့် ကလေးတီဘီရောဂါကို (၅) နှစ်သားအရွယ်လောက်တွင် မြို့နယ်ဆရာဝန်ကြီးဆေးခန်းတွင် အမြစ်ပြတ် ဘုသနိုင်ခဲ့ပါ၏။ အစားအသောက်စားနိုင်လာခဲ့ပါသည်။

ဆယ်ကျော်သက်(၁၂) နှစ်အရွယ် သို့ရောက်လာခဲ့ပြီး တစ်နေ့မှာ-

"ကိုကို၊ သားအကြီးကိုယ်တွေပူနေတယ်"

မကြားချင်ဆုံးစကားကိုကြားရပြန်၏။ ဦးထက်အောင် ထိတ်ထိတ်ပျာပျာဖြင့် သူ၏တစ်ကိုယ်လုံးထူပူသွားရလေ၏။ သူတို့ချစ်ရတဲ့သားကြီးဖျားပြန်လေပြီတော့။

"ဖျားပြန်ပြီလားကွာ၊ ဒါဆိုလည်း ဒီအတိုင်းနေလို့မဖြစ်ဘူး။ သားအကြီးကို အဝတ်အစားလဲပေးလိုက်၊ လက်ရှည်ဝတ်ပေး၊ ဆေးခန်းသွားကြရအောင်"

မြို့ထဲမှနာမည်ကြီးဆေးခန်းတစ်ခုတွင် (၅) ရက်ဆက် ဆေးထိုးကုသသော်လည်း အပူလုံးဝမကျချေ။ ဆရာဝန်က ဆေးရုံကြီးသို့သွားရောက်ပြသကုသပေးရန်လိုအပ်ကြောင်းပြောလာသည်။ တိုင်းဆေးရုံးသို့လွှဲသောဆေးစာရေးသားပေးပါ၏။ ရိုးရိုးအပူဖျားဟုသာ ဦးထက်အောင် ထင်မြင်ယူဆထား၏။ ထို့ကြောင့် သူတို့သားအမိကိုသာ နောက်တစ်နေ့တွင် လွှတ်လိုက်မိ၏။ သားအမိနှစ်ယောက် အစိုးရပိုင်နှစ်ထပ်ရေယာဉ်စီးကာ တိုင်းဆေးရုံကြီးသို့သွားကြလေ၏။

ဆေးရုံကြီးတွင် နှစ်ရက်ကြာပြီးနောက် -

"ကလင် ကလင် ကလင်"

ရုံးမှ တယ်လီဖုန်းသံမြည်လာ၏။ ဦးထက်အောင်သည် သူ၏အလုပ်စားပွဲမှထကာ တယ်လီဖုန်းကိုကောက်ကိုင်လိုက်သည်။ ထိုစဉ်က အခြေခံလူတန်းစားဆိုလျှင် ဟမ်းဖုန်းလည်းမကိုင်နိုင်၊ ယခုလိုနယ်ရုံးကလေးမှာ အော်တိုဖုန်းဆိုတာ ဝေလာဝေး၊ လက်လှည့်ဖုန်းအများလေးကိုသာ အားကိုးနေရသောအချိန်ဖြစ်လေ၏။ ဦးထက်အောင်ဖုန်းကိုင်လျက် ပဋိသန္ဓာရစကားဆို၏။

"ဟဲလို-အမိန့်ရှိပါခင်ဗျာ"

"မောင်ထက်အောင်လားဟေ့"

"သြော်-ကိုမောင်မြင့်လား၊ ဟုတ်ပါတယ် ပြောပါ"

"ငါတိုင်းဆေးရုံကြီးကိုရောက်ခဲ့တယ်။ မင်းရဲ့သား ရောဂါဝေဒနာအတော်ဆိုးနေတယ်။ အဲဒါမင်းအမြန်လိုက်သွားမှဖြစ်မယ်"

ဦးထက်အောင်၏ယောက်ဖတော်စပ်သူ ဦးမောင်မြင့်ထံမှ ဖုန်းလာနေခြင်းဖြစ်သည်။ သူရဲ့တူလေး၏အခြေအနေကို ဆေးရုံကြီးသို့လိုက်လံကြည့်ရှုကာ ရောဂါအခြေအနေ ပြင်းထန်သည်ကို

www.burmeseclassic.com

www.burmeseclassic.com

တွေ့ခဲ့ရသည်။ ပူပန်စွာဖြင့် ဦးထက်အောင်ထံ အကြောင်းကြားလာ၏။

"ဟုတ်ကဲ့ - မနက်ဖြန် သင်္ဘော ပတ်ရှိတယ်။ အဲဒီသင်္ဘောနဲ့ ကျွန်တော် လိုက်သွားမယ်"

ထိုအချိန်က သင်္ဘောလိုင်းများမှာ နေ့စဉ်မရှိ။ ရက်သတ္တတစ်ပတ်လျှင် (၃)ရက်သာပြေးဆွဲပေးနေသည်။ အဝေးပြေးကားလမ်းများလည်း မဖော်ထုတ်နိုင်သေးပါ။ ရေကြောင်းခရီးသာရှိပါသည်။

နောက်နေ့တွင် အိမ်ခန်းသော့ပိတ်၊ သမီးနှင့်သားကိုပါ ခေါ်ကာ သင်္ဘောခရီးထွက်ခွာလာခဲ့ကြပါသည်။ လမ်းခရီးတွင် ဦးထက်အောင်၏ဇာတိမြို့ရှိ၏။ ထိုမြို့တွင် သင်္ဘောခေတ္တရပ်နား၏။ ထိုအခိုက်မှာ ကလေးနှစ်ယောက်ကို ယောကျ်ားအိမ်သို့ဝင်ပို့ခဲ့သည်။ ပြီးနောက် ထိုသင်္ဘောဖြင့်ဆက်လက်လိုက်ပါလာခဲ့၏။ ညနေ(၆)နာရီတွင် တိုင်းမြို့ကြီးသို့ ဆိုက်ရောက်လေ၏။ ဦးထက်အောင်သည် ဆိုက်ကားငှားကာ ဆေးရုံကြီးသို့ အမြန်နင်းစေလိုက်၏။

ဆေးရုံကြီးတွင် ညှိုးငယ်နေသော ဇနီးသည် ခိုင်ခိုင်ဝင်းကိုတွေ့ရသည်။ သူမသည် လူပင်ပန်းစိတ်ပင်ပန်းမြစ်နေရှာသည်။

"ကိုကိုရယ်၊ သားအကြီးကိုယ်ပူကလည်း ကျကိုမကျတော့ဘူး။ ဘာမှလဲမစားနိုင်တော့ဘူး။ ဒီလာတုန်းက သင်္ဘောပေါ်မှာ သတိလစ်သွားသေးတယ်"

ကြားလိုက်ရသည့်စကားလုံးများက ရင်ဆို့စရာဖြစ်လာ၏။ စိုးရိမ်စိတ်တို့ငယ်ထိပ်သို့ တက်ဆောင့်လေ၏။ သားကြီး၏ဝေဒနာမှာပြင်းထန်လွန်းလှချေတကား။ သားကြီးသည် အရွယ်နှင့်မမျှရောဂါဒဏ်ကို လူးလှိမ့်ခံစားနေရရှာသည်။ မြင်ရသူတို့စိတ်မသက်သာဖွယ်။ ကလေးသည် ယနေ့အထိဆိုလျှင် ဖျားနာသည့်ရက်ပေါင်း (၁၀) ရက်ခန့်ရှိခဲ့ပြီဖြစ်ရာ ဘာကိုမှမစားနိုင်ရှာတော့ဘဲ အရိုးပေါ် အရေတင်ကာ ဖြူဖပ်ဖြူရော်ပိန်မြောင်းမြောင်းလေးသာရှိတော့သည်။ ဦးထက်အောင်ရင်ထဲမီးတောက် နေ၏။ မြန်မြန်နေပြန်ကောင်းပါတော့လားသားကြီးရယ်ဟု စိတ်ထဲမှာ တိုးတိုးရေရွတ်နေမိပါတော့သည်။

ခုတင်ပေါ်မှ သားကြီး မျက်လုံးပိတ်မှိန်းနေရာမှ ဖြည်းဖြည်းချင်း သူ၏မျက်ခွံလေးများဖွင့်ဟလာချိန် ဦးထက်အောင်ကလည်း သားကြီးကိုမျက်နှာချင်းဆိုင်စိုက်အကြည့် -

"ကုလားကြီး၊ ကုလားကြီး"

သားကြီးခမျာ သူ၏ဖခင်ကို ကုလားကြီးဟုအော်ပြီး ကြောက်ရွံ့တုန်လှုပ်နေပါသည်။ ဦးထက်အောင်သည် သားကြီးကို ပွေ့ပွေ့ဖက်ဖက်ပြုစုလိုပါသော်လည်း ထင်သလိုဖြစ်မလာခဲ့ပေ။ ဇနီးသည် ခိုင်ခိုင်ဝင်းက ဟိုဘက်ခန်းတွင် ခေတ္တရှောင်နေပါရန် ဦးထက်အောင်ကိုပြောလိုက်သည်။ ဇနီးသည်၏စကားအတိုင်း သားကြီးအနားမှခွာကာ တစ်ဖက်ခန်းသို့သွားကာရှောင်နေလိုက်သည်။ ဘာကြောင့် သားအကြီး ဤသို့အော်ဟစ်လိုက်သည်လည်း စဉ်းစားကြည့်မိ၏။ မိမိအပူတပြင်းလိုက်လာခဲ့ရာ မိမိ၏မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့ကို မရှင်းမိခဲ့ပါ။ သို့အတွက်ကြောင့် လားဝေခွဲမရ။ သည်လိုအခြေအနေနှင့် တော့မဖြစ်ချေပြီ။ မိမိ၏အိတ်ထဲမှ မုဆိတ်ရိတ်ကိရိယာထုတ်ကာ မျက်နှာပေါ်မှအမွေးအမှင်တို့ကို ရှင်းပစ်လိုက်၏။

■

တိုင်းရင်းဆေးရုံကြီးတွင် ရက်ပေါင်း (၂၀) ခန့် ကြာလာသည်။ သားကြီး၏ဝေဒနာအခြေအနေအကောင်းဘက်သို့ ရွေ့မလာသေးပါ။ အထူးကုဆရာဝန်ကြီးတို့ ဦးထက်အောင်၏ သားကြီးရောဂါအမည်ကိုဖော်ထုတ်ခြင်းမပြုနိုင်သေးပေ။ ဆရာဝန်ကြီးများအနေဖြင့် ကြပ်ကြပ်မတ်မတ် အလှည့်ကျကြည့်ရှုကာ ဂရုတစိုက်စောင့်ရှောက်ကုသပေးကြကုန်၏။ ရောဂါပျောက်ရေးအားထုတ်ကြီးပမ်းကြကုန်၏။ နည်းမျိုးစုံဖြင့် စဉ်းစဉ်းစားစားကုသနေရသောဝေဒနာရောဂါအမည် မတပ်နိုင်ကြသေးပါ။

သားကြီးသည် နေ့လည်းမအိပ်နိုင်၊ ညလည်းမအိပ်နိုင်ဖြစ်လာသည်။ အလွန်ပြင်းထန်သောဝေဒနာကိုခါးစည်းခံနေရရှာသည်။ ကိုယ်အပူချိန်ကမြင့်၊ နှာခေါင်းပိတ်၊ ဆီးပိတ်သွင်းထားခြင်းလည်းခံရရှာ၏။ တစ်ခါတစ်ရံ ခေတ္တအိပ်ရသည်ဟု ယူဆရသည်။ အိပ်သည်ဆိုသော်လည်း မျက်လုံးပွင့်နေ၏။ ပါးစပ်လည်း ပွင့်နေကာ သွားများပေါ်နေ၏။ နှုတ်ခမ်းများခြောက်သွေ့လျက်ရှိသည်။

ညတိုင်းထူးဆန်းသောစကားများကို အကျယ်ကြီးပြောလာတော့သည်။ လူအများနားမလည်သည့် စကားလုံးများဖြစ်နေပါ၏။ ဘာစကားလဲ၊ ဘာအဓိပ္ပာယ်လဲ မည်သူမျှမသိ။ ညပိုင်း လူနာများ အိပ်စက်ချိန်မှာ သားအကြီး၏အသံကို တစ်ဆောင်လုံးကြားနေရသည်။

ထူးခြားသောလူနာအဖြစ် ထင်ပေါ်လာ၏။ လာရောက်ကြည့်ရှုသူများပြားလာသည်။ မြို့နယ်များမှာလည်းကောင်း၊ မြို့ထဲမှလည်းကောင်း အသိမိတ်ဆွေများက လာရောက်သတင်းမေးကြသည်။ လူနာလာမေးသူတို့ သားကြီးအခြေအနေကို အားမရကြ။ ဦးထက်အောင်တို့နောက်ကွယ်တွင် ပြောဆိုနေကြသည်မှာ ဒီကလေးအခြေအနေမလွယ်တော့ဘူး။ အသက်ဆက်လက်ရှင်သန်ရာလမ်းမမြင်ဟု ထင်မြင်ယူဆချက်ပေးကြလေကုန်၏။

လူနာသတင်းလာမေးသူများထဲဝယ် ဦးထက်အောင်နှင့် အလွန်ခင်မင်သော မြို့ခံဖြစ်သူ ဒေါ်ဘေဘီလည်းပါ၏။ သားကြီးကိုကြည့်ကာ စိတ်မကောင်းဖြစ်ရရှာပါသည်။ ဦးထက်အောင်ကို သူမပြောသင့်၊ ပြောသင့် စဉ်းစားတွေဝေကာ ချီတုံချတုံဖြစ်နေ၏။ ဒီကလေးကို သူမသနားသည်။ ဘယ်လိုနည်းနှင့်ကယ်တင်ရမည်လဲ။ သူမ၏ယူဆချက်မှန်ကောင်းမှန်နိုင်၏။ ကံကောင်းထောက်မပါက လူနာပြန်ကောင်းနိုင်ချေရှိ၏။ လုပ်သင့်တာလုပ်ရမှာပဲဟု သူမ၏စိတ်ကို ယတိပြတ်ဆုံးဖြတ်လိုက်ပါတော့၏။

"မောင်ထက်အောင်"

"ခင်ဗျာ"

"မောင်ထက်အောင်၊ မင်းလက်ခံမယ်ဆိုရင် အဒေါ်တစ်ခုလောက်အကြံပြုချင်တယ်ကွယ်"

ဒေါ်ဘေဘီက လူနာရှင်ကို မဝံ့မရဲဆိုလာ၏။ သူမ၏စကားကိုလူနာရှင်က လက်ခံနိုင်ခြေရှိပါမည်လောဟုလည်း ချိန်ချိန်ဆဆပြောနေသည်။ ဒေါ်ဘေဘီဆိုသည်မှာ ဦးထက်အောင်လေးစားခင်မင်ရသောသူဖြစ်သည့်အလျောက် အကြံပြုစကားကြားလိုကြောင်း ဦးထက်အောင်က -

"ပြောပါဒေါ်ဒေါ်၊ ကျွန်တော် လက်ခံပါတယ်"

"ဒီမြို့မှာ အဒေါ်တို့ရဲ့လက်စွဲအမြဲအသုံးပြုနေတဲ့ ဘိုးတော်တစ်ယောက်ရှိတယ်ကွယ်။ အဲဒီဘိုးတော်က အကြားအမြင်အဟောသိပ်မှန်တယ်။ ဝေဒနာသည်အများစုကို ဘိုးတော်က ကောင်းကောင်းကယ်တင်နိုင်ခဲ့ပါတယ်။ လူနာရဲ့ကုသိုလ်ကံနဲ့လည်းဆိုင်သလို လူနာရှင်ရဲ့လုံလဝီရိယကြီးပမ်းအားထုတ်မှုကြောင့် လူနာကံမြင့်သွားတာတွေလည်းရှိတာပေါ့ကွယ်။ အခုဆို ဆေးရုံကြီးမှာ မင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com

သားဝေနာပျောက်ကင်းဖို့ မင်းဘယ်လောက်အပင်ပန်းခံကြိုးစားတယ်ဆိုတာ ဒေါ်ဒေါ့်အမြင်ပါ။ ရက်တွေလည်းကြာခဲ့ပြီ။ အဲဒါ ဒေါ်ဒေါ်က မင်းကို ပြောချင်တာက ဘိုးတော်နဲ့ကုကြည့်စေချင်တယ်ကွယ်။ မမှားနိုင်ဘူးကွယ်၊ ယတြာချေပေးရုံပါပဲ။ ဘာဆေးဝါးမှမတိုက်ဘူး၊ ကုန်ကျစရိတ်နှုန်းထားလည်း အလွန်သက်သာ လုပ်သင့်လုပ်ထိုက်တာမို့ မင်းကိုအကြံပြုရတာ မောင်ထက်အောင်"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်၊ ဒေါ်ဒေါ့်ကို အားကိုးပါတယ်ဗျာ။ ကျွန်တော်လည်း ထူပူပြီးဘာလုပ်လို့ဘာကိုင်ရမှန်း မသိနိုင်တော့တဲ့အခြေအနေမှာ အလင်းရောင်တစ်ခုပေါ်လာသလို ခံစားလိုက်ရတယ်။ ကျွန်တော့်ကိုကူညီပါနော်"

"မင်းရဲ့သားမွေးတဲ့ခုနဲ့မွေးနေ့ကို သာပြောလိုက်ပါ"

■

နောက်တစ်နေ့ နေ့လယ်ပိုင်းတွင် ဆေးရုံကြီးသို့ ဒေါ်ဘေဘီမပျက်မကွက် ရောက်လာခဲ့ပါ၏။ ဘိုးတော်နှင့်တွေ့လာခဲ့ပြီဖြစ်ပါကြောင်း၊ လူနာ၏ဝေဒနာအခြေအနေနှင့် မွေးသောခုနစ်၊ မွေးနေ့ပြောပြလိုက်ရုံမျှဖြင့် လူနာပြုမူခဲ့သည့် လုပ်ရပ်တို့ကြောင့် ဒဏ်ခတ်ခံရခြင်း ဖြစ်ကြောင်း ဒေါ်ဘေဘီကပြောပြလေ၏။

"မင်းရဲ့သားဟာ မင်းတို့နေတဲ့အိမ်နားက သစ်ပင်ကြီးတစ်ပင်အောက်မှာ မီးရှို့ခဲ့တယ်လို့ ဘိုးတော်ကပြောတယ်။ အဲဒါဟုတ်ဆလား မောင်ထက်အောင်"

ဦးထက်အောင်က ရုံးအလုပ်ကိစ္စ၊ အိမ်အတွက် ဘဟိရအလုပ်ကိစ္စတို့ဖြင့် အပြင်သွားနေရသည်ကများ၏။ ညပိုင်းမှသာ မိသားစုဆုံကြရသည်။ဒေါ်ဘေဘီမေးသည်ကို ဦးထက်အောင်အနေဖြင့် မဖြေကြားနိုင်ခဲ့ချေ။ ဒီကိစ္စကို ဇနီးသည် ခိုင်ခိုင်ဝင်းသာလျှင် ဖြေရှင်းလိုက်နိုင်၏။

"ဟုတ်တယ် ဒေါ်ဒေါ်၊ ကျွန်မတို့နေတဲ့ခြံစပ်မှာ ကုက္ကိုပင်ကြီးတစ်ပင်ရှိတယ်။ သစ်တောခြံဝင်းမဆောက်ခင်ကတည်းကရှိနှင့်ကဲ့အပင်ကြီးလို့ပြောသံကြားဖူးတယ်။ အဲဒီအပင်ကြီးအောက်မှာ သူတို့ညီအစ်ကိုနှစ်ယောက်ဆော့ကြတာတယ်။ ဧည့်ခန်းထဲက စားပွဲခုံပေါ်တင်ထားတဲ့မီးခြစ်ကို သားကြီးတက်ယူသွားတာတွေ့လိုက်ရလို့ ဘာလုပ်မလို့လဲ မဆက်ာတာနဲ့ လှမ်းကြည့်လိုက်တော့ အဖင်အောက်မှာ အမှိုက်တွေပုံပြီး မီးရှို့နေကြတာကိုတွေ့တယ်။ သားကြီးက ကျွန်မကိုပြေးခြစ်လာပေးရင်း မီးတကိုကူညီတာလို့ပြောသွားသေးတယ်"

"သြော် မီးတကိုကူညီတာတဲ့လား ကလေးရယ် လိမ္မာလိုက်တာကွယ်။ ကိုင်း - မောင်ထက်အောင် ဘိုးတော်ပြောလိုက်တာမှန်နေပြီပဲ"

"အဲဒါဆိုရင် ဘယ်လိုလုပ်ရမလဲ ဒေါ်ဒေါ်"

"ဒီလိုကွယ်၊ ဒီအပင်ကြီးက သရဲဖမ်းစားထားတာတဲ့"

"အို - ကြောက်စရာကြီးပါလား၊ ဘုရား ဘုရား ကျွန်တော့်သားလေးကို ကယ်ပါဦး ဒေါ်ဒေါ်"

"ဘိုးတော်မိန့်တဲ့ယတြာချေလိုက်ရင်ကောင်းသွားမှာကွယ်။ မောင်ထက်အောင် ဘာမှမပူနဲ့တော့။ အဒေါ်လုပ်ပေးမှာပေါ့ကွယ်။ ကဲ-မင်းတို့လင်မယားနှစ်ယောက်သောကတွေကင်းဝေးကြပါစေ"

သားကြီးဝေဒနာကို ဆရာဝန်ကြီးများက နည်းမျိုးစုံစမ်းသပ်စစ်ဆေးပြီးပြီ။ သူတို့သည်လည်း အဖြေရခါနီးပြီဖြစ်သည်။ ဆေးသိပ္ပံနည်းပညာရပ်ဖြင့် နောက်ဆုံးအဆင့်ကို စဉ်းစားထားပြီးဖြစ်ကြ၏။ သေလျှင်မေ့ကြီး ရှင်လျှင်ရွှေထီးဟူဆိုရမလောက် သည်းထိတ်ရင်ဖိုနိုင်လှ၏။ ထို့နောက် နောက်ဆုံးကုထုံးနည်းကား လူနာ၏ အသက်အန္တရာယ်နှင့်နီးလေ၏။လူနာရှင်က သဘောတူကြောင်း လက်မှတ်ရေးထိုးပေးရမည် ဖြစ်၏။

ဘာမျှားတတ်နိုင်ဦးမည်နည်း။ သားကြီး၏အသက်ကို ဆရာဝန်လက်ထဲဝက္ကာအပ်ရပေတော့မည်။ ဦးထက်အောင်က ဆရာဝန်တို့၏ ကုသမှုကို သဘောတူပါကြောင်း လက်မှတ်ထိုးပေးလိုက်ပါတော့သည်။ ဖခင်၏သဘောတူညီချက်ဖြင့် ကလေးအသက်ရှင်ရေး ဆရာဝန်ကြီးတို့ မှန်ကန်သောဆုံးဖြတ်ချက်ဖြင့် ကြိုးစားကြလေကုန်၏။ သူတို့ကုသပေးကြမည့်နောက်ဆုံးအဆင့်ကား လူနာ၏ခါးဆစ်ရိုးကိုဖောက်၍ ခါးဆစ်ရိုးမှ ရိုးတွင်းချဉ်ဆီကို ထုတ်ယူစစ်ဆေးရမည်ဖြစ်သည်။ သို့မှသာမည်သည့်ရောဂါဆိုသည်ကို ရှာဖွေဖော်ထုတ်နိုင်ပါမည်။

အလွန်မှအသက်အန္တရာယ်နီးလေ၏။

ထူးခြားစွာတိုက်ဆိုင်မှုဟူဆိုရလေမလား။ သားကြီး၏ခါးဆစ်ရိုးဖောက်မည့်နေ့နှင့် သားကြီးအတွက် ယတြာချေပေးရမည့်နေ့ရက်သည် တစ်ထပ်တည်းတူညီနေ၏။ တိုက်ဆိုင်လေစ။ ထိုကဲ့သို့တိုက်တိုက်ဆိုင်ဆိုင်အဖြစ်မျိုးဖြင့် ထူးခြားမှုက်မှာ အံ့ဖွယ်တစ်ရက်တည်းဖြစ်လာကြောင်း ဦးထက်အောင်၊ မခိုင်ခိုင်ဝင်းတို့နောက်ပိုင်းတွင် သိလိုက်ကြရပါတော့သည်။

ဆေးရုံတက်ရသည့်မြို့တွင်ပြုလုပ်ရမည့်ယတြာကို ပြို့ခံဒေါ်ဘေဘီက ဆောင်ရွက်ပေးမည်။ ကျွမ်းကျင်ပြင် လူရုပ်ကလေးပြုလုပ်၍ လူနာ၏ ဆီပင်၊ ခြေသည်းလက်သည်း၊ အဝတ်အစားတစ်စုံတို့ကိုမြေအိုးအသစ်တွင်ထည့်ရ၏။ ထို့ယတြာပစ္စည်းမြေအိုးကို မြစ်အတွင်းသို့ မျှောလိုက်ရန် ဖြစ်ပါသတည်း။

ဘိုးတော်၏ညွှန်ကြားချက်များကို ဒေါ်ဘေဘီပြောပြနေစဉ်မှာ ဦးထက်အောင်၏မိခင်နှင့် မခိုင်ခိုင်ဝင်း၏ ဒေါ်လေးတို့အနီးတွင် ရှိနေကြ၏ အမှိုက်မီးရှို့ခဲ့သောသစ်ဧကဝင်းတွင် ပြုလုပ်မည့်ယတြာကို သိလျှင်သိချင်း ဦးထက်အောင်မိခင်က ဒေါ်ဘေဘီကို နှုတ်ဆက်ကာ သဘော်စီးပြီးထွက်ခွာလာပါတော့သည်။လမ်းခရီးတစ်ထောက်တွင်ရှိသောမြို့တွင်ရောက်နေကြသည့် သူမ၏မြေးမောင်နှမနှစ်ယောက်ကို ဝင်ခေါ်ကာ ခရီးဆက်၏။ မြေးအဘွားသုံးယောက်သစ်တောဝင်းအိမ်ရာသို့ရောက်လာကြပေပြီ။

ဦးထက်အောင်နှင့် ခင်မင်သောကိုကြည်ဝင်းအား ယတြာအတွက် လို အပ်သောပစ္စည်းဝယ်ပေးပါရန် အကူအညီတောင်းရ၏။ အရက်နှင့်အမဲသားအစိမ်းဝယ်ပေးပါရန် အားနာနာနှင့် ခိုင်းရ၏။ အဘယ်ကြောင့်ဆိုသော် ထိုအရာများကား ကိုကြည်ဝင်းဝေ့ဝေ့ကရှောင်သောပစ္စည်းများဖြစ်ကြ၏။ သို့သော် မိတ်ဆွေကောင်းပီသစွာ မရရအောင် ဝယ်ပေး၍ ကျေးဇူးတင်ရလေ၏။ သားကြီးမီးရှို့ခဲ့သော ကုက္ကိုပင်ကြီးအောက်တွင် တစ္ဆေစာကျွေးရမည်ဖြစ်သည်။ ယတြာချေပြီးသည်နှင့် ထူးခြားစွာ လူနာတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း ဘိုးတော်က အမိန့်ရှိလိုက်သည်။

■

ယနေ့ သားကြီး၏ ခါးဆစ်ရိုးကို ဖောက်မည်။ ရိုးတွင်းခြင်ဆီကို ဆေးထိုးအပ်ဖြင့် စုပ်ယူကာ ပင့်နှိုဆလင်ပုလင်းတွင်စုဆောင်းမည်။ သားကြီး၏ခြေလက်တို့ကို မိဘနှင့် ကျန်းမာရေးလုပ်သားတို့က ကိုင်တွယ်ချုပ်နှောင်ပေးထားကြ၏။ ခါးဆစ်ရိုးထဲသို့ ဆေးထိုးအပ်ထိုးသွင်းလိုက်ပါတော့သည်။

"အား"

www.burmeseclassic.com

www.burmeseclassic.com

သောအသံရှရှလေးဖြင့် -

"သားဘာသားသောက်မယ်"

ဟု ပြောလာ၏။

"အေးအေး - သောက်လေ သား"

မခိုင်နိုင်ဝင်းကပြောလည်းပြော စတီးဇွန်းကို သားကြီးလက်ထဲသို့ထည့် ပေးလိုက်ပါသည်။ သားကြီးကဇွန်းကို သေချာစွာကိုင်မိသော်လည်း ဟင်းရည် ကိုတော့ဖြင့် မခပ်ယူနိုင်ရှာ။ သူ၏လက်ထဲမှဇွန်းလွတ်ကျလေ၏။ (၁၂) နှစ် အရွယ်ယောကျ်ားလေးက ဟင်းခပ်ဇွန်း တစ်ချောင်းကို မနိုင်လောက်အောင် အားပြတ်နေလေပြီကော။

■

ကလေးက ကျန်းမာလာပြီဖြစ်သည်။ လူနာကလေးကို မအိပ်မနေရက် ရှည်စောင့်ပေးရသော မိခင် မခိုင်ခိုင်ဝင်း ခမျာ အိပ်ရာထဲလဲ၍ သူမကိုဆက်၍ကု ပေးရပြီး သူမထူထူထောင်ထောင်ဖြစ် လာ၏။ ကလေးရော မိခင်ပါ ကျန်းမာလာ၍တော်တော့သည်။ ထိုအချိန်တွင် ကျေးရွာအချို့မှ ဝမ်းလျှောသူများများစားတက်ရောက်လာကြရာ ဝရန်တာနေရာပါမကျန်ဝမ်းလျှောလူနာများပြည့်ကျပ်သွားသည်။ အားနည်းနေသော ကလေးတွေအတွက် စိုးရိမ်ဖွယ်ဖြစ်လေ ဆရာဝန်ကြီးက အမြန်ဆုံးဆေးရုံမှဆင်းနိုင်ရန် ဆေးရုံဆင်းခွင့်လက်မှတ်ထုတ်ပေးလာတော့သည်။

သားကြီးဆေးရုံမှဆင်းတော့မည်ဖြစ်၍ အနီးအနားလူနာများ၊ လူနာစောင့်များက ဝိုင်းဝန်းနှုတ်ဆက်လာကြသည်။ လူနာအချင်းချင်း နေကောင်းသွားသူကို ဝမ်းသာအယ်လည်း မုဒိတာပွားကြကုန်၏။ ဆေးရုံဆင်းမည့်သားကြီးကို ဦးထက်အောင် ပွေ့ချီလိုက်ပါသည်။ ဝမ်းထည့်ထားသော ပိန်အိတ်တစ်လုံးပွေ့လိုက်ရသည့်အလား ပေါ့ရွတ်နေလေသည်။

"သား နေကောင်းပြီ ဖေကြီး"

သားကြီး၏စကားကိုကြားလိုက်ရသောအခါ ဦးထက်အောင်နှင့် မခိုင်ခိုင်ဝင်းတို့ပျော်ရသည်။ ဆေးရုံဆင်းလူနာကို ဆေးရုံပေါက်ဝမှ လာကြိုနေကြသူများကား ကျေးဇူးရှင်ဒေါ်ဘေဘီနှင့် သူမ၏သမီးများဖြစ်ကြလေသတည်း။

ကာယသုခစိတ္တာသုခနှစ်ပါးစေ

ချမ်းသာပြီပါစေ

ခင်မျိုး(ပညာရေး)

အလွန်ပင်နာကျင်လှရာ သားကြီးလည်းအသံနက်ကြီးဖြင့်အော်ရှာပါတော့သည်။

ထိုနေ့၌ပင် ဘိုးတော်ညွန်ကြားထားသည့်အတိုင်း အတိအကျလိုက်နာကာ မြို့ခံဖြစ်သူ ဒေါ်ဘေဘီက ပါဝင်ပစ္စည်းအပြည့်အစုံနှင့် ယတြာမြေအိုးလေးကို မြစ်ထဲသို့မျှောချလိုက်ပါတော့သည်။

သစ်တောင်းရှိ ဦးထက်အောင်၏အိမ်သို့ ရောက်ရှိနေသော ဦးထက်အောင်မိခင်ကြီးကလည်း ထိုနေ့ နေဝင်ရီသရော နွားရိုင်းသွင်းချိန်မှာ ကုက္ကိုပင်ကြီးအောက်သို့ ကြောက်ကြောက်ရွံ့ရွံ့ဖြင့်သွား၏။ တစ္ဆေစာအရက်နှင့်အမဲသားစိမ်းချက်ကျွေးလိုက်၏။

နှုတ်မှ ဆည်း -

"တစ္ဆေစာကျွေးပါတယ်သုံးဆောင်ပါ။ သားကြီးအား ဖမ်းစားထားသည်ကို ခွင့်လွှတ်ပေးပါ။ မသိနားမလည်သေးတဲ့အရွယ်ကို အသက်အန္တရာယ်မပြုပါနှင့်၊ ခွင့်လွှတ်ပေးစေလိုပါတယ်။ နောင်ကို ဤကဲ့သို့အဖြစ်မျိုးမပြုလုပ်စေတော့ပါ။ ကတိပေးပါတယ် ကတိပေးပါတယ်"

ဝေဒနာတစ်ရပ်ကို ကုထုံးနည်းနှစ်မျိုးပေါင်းစပ်ကာ တိုက်ထုတ်လိုက်ကြပါတော့သည်။ ရှေ့ဘာဆက်ဖြစ်လာမလဲ။ ရင်တမမဖြင့် စောင့်ကြည့်ရပါတော့မည်။

သားကြီး၏ ဝေဒနာကို ခေတ်မီဆေးသိပ္ပံပညာရပ်နှင့် ဂမ္ဘီရကုထုံးနည်းတို့ဖြင့် ပူးပေါင်းကာ စစ်ဆင်ရေးအရှိန်အဟုန်မြင့်တင်လိုက်ခြင်း ဖြစ်ပါသည်။ ထိရောက်မှုရှိသည်ကို နောက်ပိုင်းသိလာကြကုန်၏။

အင်မတန် ထူးခြားလာသည်ကို လက်တွေ့သိမြင်လိုက်ကြရသည်။

ထိုနေ့ညတွင် -

သားကြီးသည် ညတိုင်းပြောနေကျ လူအများနားမလည်နိုင်သောဘာသာစကားကိုလုံးဝ(လုံးဝ)ပြောကြားခြင်းမရှိတော့။ တစ်ညလုံး ကောင်းစွာ အိပ်စက်လေလေ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသောအနေအထားကိုတွေ့မြင်နေရသည်မှာ မိဘများအတွက် ဝမ်းသာစရာပါ။ နံနက်ခင်းချိန်အခါနေရောင်ခြည်သန်းလာချိန်မှာ သားကြီးလန်းလန်းဆန်းဆန်းနိုးထလာခဲ့ပါ၏။ ဆာယာလွန်းသော၊ မဂ်လာရှိလွန်းသော နံနက်ခင်းချိန်ခါလေးရယ်ပါ။ သားကြီး၏မျက်နှာ ကြည်လင်နေ၏။ အားအင်ကတော့ချည့်နဲ့ဆဲပင်။

နံနက်(၁၀)နာရီတိတိမှာ တာဝန်ကျဆရာဝန်ကြီး ကျူတီလှည့်ချိန်ရောက်ရှိလာသည်။ အခြားလူနာစောင့်တို့တစ်ယောက်တည်းသာခွင့်ရှိ၏။ လူနာသားကြီးအတွက် လူနာစောင့်၊ ဦးထက်အောင်နှင့် မခိုင်ခိုင်ဝင်းတို့နှစ်ဦးစလုံးကို အထူးအခွင့်အရေးပေးထား၏။ အဘယ်မျှလောက်အရေးကြီးသောလူနာဖြစ်မည်လည်း စဉ်းစားကြည့်ကြပါတော့။

တာဝန်ကျဆရာဝန်ကြီးက လူနာမှတ်တမ်းကို စစ်ဆေးကြည့်ရှုပြီးနောက် နှာခေါင်းပိုက်တို့ကိုဖြုတ်စေလိုက်ပါတော့သည်။ ထိုအခါ ဆေးသိပ္ပံလောက၏ ဝေဒနာအမည်တစ်ရပ်ကို ဖော်ထုတ် ရရှိသွားကြသည်။

သားကြီး၏ ရောဂါဝေဒနာအမည်ကား ဦးနှောက်အမှေးရောင်ရောဂါဟူသတည်း။

ဒီကနေ့ လူနာကိုလည်း ကြက်ပြုတ်ရည်တိုက်ပေးရန်ကိုလည်းညွှန်ကြားခဲ့ပါသေးသည်။ သားကြီးကို ကြက်ပြုတ်ရည်တိုက်ကာ အားမွေးပေးရမည်။ မခိုင်ခိုင်ဝင်းက ကမ်းနားစေ့းကိုသွားရန်ပြင်ဆင်နေသည်။ သားကြီးကို ဂရုတစိုက်စောင့်ကြည့်ထားရန် သူမ၏ လင်တော်မောင်ကို သေချာမှာကြားနေ၏။ ပြီးနောက် မခိုင်ခိုင်ဝင်း စျေးသို့သွားလေသည်။

အသားလတ်လတ်ဆတ်ဆတ်ကြက်တစ်ခြမ်းအမြန်ဝယ်ပြီး မခိုင်ခိုင်ဝင်း စျေးမှပြန်လာသည်။ ဆေးရုံဝင်းတွင် ရေနွေးရောင်းသူ၊ ထမင်းဟင်းအငှားချက်ပေးသူရှိသည်။ ဒီလိုနေရာမျိုးမှာ ဒေါ်ဘုမတို့က စိတ်ချရ၏။ သူမကို ကြက်သားပြုတ်စေလိုက်သည်။ ဒေါ်ဘုမက ကောင်းစွာပြုတ်ထားသော ကြက်ပြုတ်ရည်ကို စတီးချိုင့်ဖြင့်ထည့်လာပြီးနောက် မခိုင်ခိုင်ဝင်းထံအပ်သည်။ သားကြီးဆာနေရှာရော့မည်။

"သားကြီးရေ၊ ကြက်ပြုတ်ရည်လေးသောက်ရအောင်"

သားကြီးက မိခင်ရင်ခွင်ကိုမှီ၍ ထိုင်ထား၏။ မိခင်က ဟင်းခပ်စတီးဇွန်းလေးဖြင့် ကြက်ပြုတ်ရည်ခပ်ယူကာ မပူအောင်မှုတ်၍ သားကြီးကိုတိုက်၏။ သားကြီးက ကြက်ပြုတ်ရည်တစ်ဇွန်းပြီး တစ်ဇွန်း နှစ်ခြိုက်စွာသောက်နေသည်။ ဦးထက်အောင်၊ မခိုင်ခိုင်ဝင်းတို့က သားကြီးကိုကြည့်၍ ဝမ်းသာအယ်လည်းဖြင့် ပြုံးနိုင်လာကြပါသည်။ မိခင်ကိုမှီ၍ ထိုင်ရင်းသောက်နေရာမှ အားရဟန်မတူ။ ယခုအချိန်မှစတင်ပြီး လူအများနားလည်သောစကားလုံးသုံး၍ အားနည်း

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ် သြဂုတ်လအတွက်
စီးပွားရေးပေဒင်ဟောကိန်း

မင်းဂိုန်အောင်



၁-ဂ-၂၀၁၈ နေ့
သာယနဇာတာခွင်



၁၁-ဂ-၂၀၁၈ နေ့
သာယနဇာတာခွင်



၂၁-ဂ-၂၀၁၈ နေ့
သာယနဇာတာခွင်

ပထမဆယ်ရက်ကာလတွင် ရွှေစျေးကွက်အတက်အကျပုံမှန်မဟုတ်။ ကျစျေးမိတတ်မည်။ ငွေကြေးစျေးကွက်တက်ရိပ်ရှိနေသော်လည်း ထုံထိုင်းနေမည်။ ကျောက်မျက်စျေးကွက် တက်ရိပ်ကျရိပ် နှေးကွေးနေမည်။ စတော့ရှယ်ယာစျေးကွက် ငြိမ်သက်နေသော်လည်း ကျစျေးမိတတ်မည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း စျေးကွက်မငြိမ်မသက်နှင့် အကျဘက်ယိုင်တတ်မည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ မီဒီယာနှင့် စာနယ်ဇင်းဆိုင်ရာ စျေးကွက်အပြောင်းအလဲမတည်မငြိမ် အနိမ့်စျေးဘက်သို့ယိမ်းတတ်မည်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးဆိုင်ရာ၊ ယာဉ်ကားဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ စျေးကွက်အတက်နှေးအကျနှေးနေမည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ အိုင်တီဆိုင်ရာစျေးကွက် ဆိတ်ငြိမ်နေသော်လည်း ရုတ်တရက်ပြုတ်ကျတတ်မည်။ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာစျေးကွက်လှုပ်ခတ်မှုများသော်လည်း ကျစျေးရှိသော်လည်း တက်စျေးရှိသည်။ အိမ်ခြံမြေစျေးကွက် တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ ရေလုပ်ငန်းထုတ်ကုန်ပစ္စည်းစျေးကွက်ဆိတ်ငြိမ်နေမည်။ စိုက်ပျိုးမွေးမြူစျေးကွက်လည်းပြောင်းလဲမှုအားနည်းနေမည်။

ဒုတိယဆယ်ရက်ကာလတွင် ရွှေစျေးကွက်လှုပ်ရှားမှုရှိပါသော်လည်း ထုံထိုင်းမှုဘက်သို့ရောက်လာမည်။ငွေကြေးစျေးကွက်တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ ကျောက်မျက်စျေးကွက်မတည်ငြိမ်သော်လည်း တက်စျေးရုတ်တရက်ထိုးတက်တတ်မည်။ စတော့ရှယ်ယာစျေးကွက် တည်ငြိမ်နေသော်လည်း ဖြုန်းခနဲထိုးကျတတ်မည်။သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း စျေးကွက်အစပိုင်းတွင် လှုပ်ခတ်မှုများသော်လည်း နောက်ပိုင်းတွင် နှေးကွေးလာမည်။ ဖုန်းနှင့် ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာနှင့်ဆက်သွယ်ရေးဆိုင်ရာစျေးကွက်တက်ရိပ်ကျရိပ် ရှုပ်ထွေးနေမည်။ ကျစျေးမိတတ်မည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်ခရီး၊ ယာဉ်ကားဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာစျေးကွက် အပြောင်းအလဲမြန်ဆန်ပြီး ဖြုန်းခနဲ တက်စျေးမိတတ်မည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ အိုင်တီပစ္စည်းစျေးကွက် ပုံမှန်မဟုတ်ဘဲ ကျစျေးကြီးမည်။ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာစျေးကွက် အပြောင်းအလဲကြီးသလို ကျစျေးပိုကြီးသည်။ အိမ်ခြံမြေစျေးကွက်တက်ရိပ်ကျရိပ် ရှုပ်ထွေးနေပြီး အမြင့်စျေးမျှော်၍မရ။ရေလုပ်ငန်းဆိုင်ရာစျေးကွက်မတည်မငြိမ်။ စိုက်ပျိုးမွေးမြူစျေးကွက် တည်ငြိမ်သလိုလိုနှင့် ဖောက်ပြန်တတ်မည်။

ဒုတိယဆယ်ရက်တာကာလတွင် ရွှေစျေးကွက်လှုပ်ရှားမှုရှိပါသော်လည်း ထုံထိုင်းမှုဘက်သို့ရောက်လာမည်။ငွေကြေးစျေးကွက်တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ ကျောက်မျက်စျေးကွက်မတည်ငြိမ်သော်လည်း တက်စျေးရုတ်တရက်ထိုးတက်တတ်မည်။ စတော့ရှယ်ယာစျေးကွက် တည်ငြိမ်နေသော်လည်း ဖြုန်းခနဲထိုးကျတတ်မည်။သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း စျေးကွက်အစပိုင်းတွင် လှုပ်ခတ်မှုများသော်လည်း နောက်ပိုင်းတွင် နှေးကွေးလာမည်။ ဖုန်းနှင့် ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာနှင့်ဆက်သွယ်ရေးဆိုင်ရာစျေးကွက်တက်ရိပ်ကျရိပ် ရှုပ်ထွေးနေမည်။ ကျစျေးမိတတ်မည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်ခရီး၊ ယာဉ်ကားဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာစျေးကွက် အပြောင်းအလဲမြန်ဆန်ပြီး ဖြုန်းခနဲ တက်စျေးမိတတ်မည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ အိုင်တီပစ္စည်းစျေးကွက် ပုံမှန်မဟုတ်ဘဲ ကျစျေးကြီးမည်။ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာစျေးကွက် အပြောင်းအလဲကြီးသလို ကျစျေးပိုကြီးသည်။ အိမ်ခြံမြေစျေးကွက်တက်ရိပ်ကျရိပ် ရှုပ်ထွေးနေပြီး အမြင့်စျေးမျှော်၍မရ။ရေလုပ်ငန်းဆိုင်ရာစျေးကွက်မတည်မငြိမ်။ စိုက်ပျိုးမွေးမြူစျေးကွက် တည်ငြိမ်သလိုလိုနှင့် ဖောက်ပြန်တတ်မည်။

မင်းဂိုန်အောင်

www.burmeseclassic.com

www.burmeseclassic.com

စွာန်လင်းထက်

(စာပေဗိမာန်ဝတ္ထုရှည်စာမူဆု၅)

ပြေးတမ်းလိုက်တမ်း

အချိန်က ၁၉၉၄ ခုနှစ်။

နေရာက စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္ဓီးမြို့နယ်အတွင်း မြို့၏အရှေ့ယွန်းယွန်း ဆယ့်ငါးမိုင်ခန့်အလွန် တောတွင်း တစ်နေရာ။

တောအတွင်း ဝါးရုံပင်ကြီးများ အောက် ယာယီတဲလေးတစ်လုံးအတွင်း မှာ ဖြစ်သည်။

လူနှစ်ယောက် ခေါင်းချင်းဆိုင်နေကြ၏။ ထိုနှစ်ယောက်၏ အလယ်တွင် အုတ်နီခဲထက်ပိုင်းကျိုးအရွယ်ခန့်ကျောက်တစ်လုံးက အသက်မဲ့စွာဖြင့်တည်ရှိနေ၏။ကျောက်ခဲသည် မြေစာများကပ်လျက် ညိုညစ်ညစ်အရောင်ရှိ၏။ သို့သော် ထိပ်စလေးကနည်းနည်းပဲ့နေ၏။ ထိုအပဲ့နေရာလေးအား နေရောင်မှာထောင်းကြည့်လိုက်လျှင်ဖြင့် အစိမ်းရောင်ကရင်ဆော်ဒါရည်များ ကြည့်သူ၏မျက်နှာပေါ် သို့ယိုစီးကျလာသည့်အလား တွေ့မြင်ရမည် ဖြစ်ပါသည်။

သူတို့နှစ်ယောက် ခန္ဓီးတောထဲမှာ ကျောက်ဦးတူးလာတာ မနှစ်က ဆောင်းဦးပေါက်ကတည်းကဖြစ်၏။ ကေအိုင်အေလက်နက်ကိုင်များလာလျှင်ပြေးပုန်းလိုက်၊ တပ်မတော်စစ်ကြောင်းများဝင်လာလျှင် ရှောင်တိမ်းလိုက်ဖြင့် တောထဲမှာလိုက်တမ်းပြေးတမ်းကစားရင်းရသည့်ကျောက်လေးများအား ဝယ်လက်လာလျှင်ရောင်းစားရင်း အသက်ဆက်ပြီး ကျောက်တူးနေကြခြင်း ဖြစ်သည်။ ကံဟုပြောရမည်လားမသိ။ ရလာသည့်ကျောက်လေးတွေကလည်း ထမင်းဖိုးစရိတ်တော့ အဆင်ပြေသည်။ ဒါပေသိ ကြီးပွားလောက်အောင် ကျောက်ကြီးကျောက်ကောင်းက တစ်လုံးတလေမှမရ။ စိတ်ပျက်ပြီး မိုးကျတော့မည်ဖြစ်၍ ပြန်မည် အလုပ် ဥရုမြစ်ထဲစီးဝင်သည့် နာမ့်ပထုံချောင်းထဲငါးဆင်းအရှာမှာ ဤကျောက်ကြီးကို တွေ့ခဲ့ရခြင်း ဖြစ်သည်။ အစွန်းလေးအား တူနှင့်ထု၍ ချိုးချလိုက်ရာမှ ကျောက်သည် အရည်အသွေးပထမတန်းကျောက်စိမ်းအရည်ကျောက်ဖြစ်နေ၏။ နှစ်ယောက်သား အသက်ပင်မရှူနိုင်ဘဲ ကျောက်ကြီးအား လက်ပေါ်တင်၍ငေးကြည့်နေမိကြသည်။

သူတို့နှစ်ယောက်ဆိုသည်က - သက်နိုင်နှင့် အိုက်မြင့်။

"သက်နိုင်၊ ကျောက်ကတော့ တကယ့်အရည်ကျောက်ပဲကွ။ငါတို့တော့ ထောပြီ။ ဝယ်လက်လာရင် ထုလိုက်မယ်ကွာ"

"ဒီမှာအိုက်မြင့်၊ ဒီကျောက်က ဘယ်လောက်တန်မယ်ထင်လဲ"

"ငါတော့ သိန်းသုံးဆယ်လောက်ရမယ်ထင်တယ်"

"ဟုတ်ပြီ၊ သိန်းသုံးဆယ်ရရင် မင်း

www.burmeseclassic.com

www.burmeseclassic.com

ဆယ့်ငါးသိန်း၊ ငါဆယ့်ငါးသိန်း။ ကဲ-ဆယ်ငါးသိန်းနဲ့ ဘာလုပ်စားမလဲ"

"မင်းကလည်းကွာ၊ မန္တလေးမြို့သစ်ဘက်မှာ အိမ်ကလေးတစ်လုံးဝယ်ပြီး ဈေးဆိုင်လေးဖွင့်မှာပေါ့"

"မင်းရည်ရွယ်ချက်ကဒါပဲလား။ ဒီမှာ အိုက်မြင့်၊ ဒီကျောက်ဟာ မန္တလေးရောက် ရာကျောက်၊ ရန်ကုန်ရောက်ရင် ထောင်ကျောက်ဖြစ်ပြီ။ ဒီတော့ မင်းစဉ်းစား"

အိုက်မြင့်သည် လူရိုးလူကောင်း၊ မအပေမယ့်မလည်ဝယ်ပါ။ သက်နိုင်က လူရည်လည်သူဖြစ်သည်။ ပါးနပ်၏။ မျက်စိရှင်၏။ကွက်ကျော်မြင်တတ်သည်။ လောတမမှတာအတိုင်း လည်သူနှင့်

မလည်သူတွဲနေမိခြင်းတည်း။ ကိုးကန့်လူမျိုး အိုက်မြင့်က အရေးအခင်းအပြီး မန္တလေးသို့ဆင်းလာသည်။ ရေကြည်ရာမြက်နုရာပြောင်းရွှေ့လာခြင်းဖြစ်သလို သက်နိုင်က မြင်းခြံဆီမီးခုံရှာသား။ ရှာမှာ အလုပ်အကိုင်အဆင်မပြေ၍ မန္တလေးတက်လာခြင်းဖြစ်သည်။ သူတို့နှစ်ယောက် မန္တလေးကျောက်ဝိုင်းမှာ ဆုံမိကြသည်။ နှစ်ယောက်စလုံး အာဝါ

www.burmeseclassic.com

www.burmeseclassic.com

လားအဆင့်ဖြင့် ကျောက်ဝိုင်းမှာ လက်တိုလက်တောင်းဝင်လုပ်ကြရင်း နေ့စဉ်ထမင်းဖိုး၊ အရက်ဖိုးရှာရသည်။ အိုက်မြင့်က ရှမ်းတရုတ်ကျောက်ပွဲစားတစ်ဦးအိမ်မှာဖြစ်သလိုခိုကပ်နေရသလို သက်နိုင်က ရွာမှ ဘုန်းကြီးစာရေးပေးလိုက်၍ ဘုရားကြီးနားက ကျောင်းတိုက်တစ်ခုမှာ ခိုနားခွင့်ရသည်။ ဒီတော့ တစ်ခါတလေ နှစ်ယောက်လုံး အလုပ်မဖြစ်သည့်နေ့တွင် ဘုန်းကြီးကျောင်း၏ဟင်းပေါင်းသည် သူတို့အတွက်ရိက္ခာဖြစ်၏။

မန္တလေးမြို့၏သင်္ခါတရားကလည်း ဘုန်းကြီးကျောင်းများအပေါ် ယိုဖိတ်လွန်းလှသည်။ သံဃာဆယ်ပါးရှိလျှင် လူနှစ်ဆယ်စာခန့် ဆွမ်း၊ ဆွမ်းဟင်းရနေပြီး ကျောင်းနေသံယာ၊ ကပ်ဖယလူတို့အပြင် ကျောင်းခွေးများပါ ထမင်းဝကြ၍ သူတို့နှစ်ယောက်အတွက် အဆင်ပြေပါသည်။ အိုက်မြင့်က ကျောင်းမှာထမင်းစားလျှင် အလကားမစား။ အမြင်မတော်တာမှန်သမျှ ဝင်လုပ်သည်။ သန့်ရှင်းရေးလုပ်၊ ထင်းခွဲ၊ အရက်ဆွမ်းချက်၊ ကုဋီဆေးအားလုံးဝင်လုပ်သဖြင့် ကျောင်းထိုင်ဆရာတော်က သဘောကျသည်။

နောက်ဆုံးတော့ အိုက်မြင့်ကို ကျောင်းထိုင်ဆရာတော်က ကျောင်းမှာနေခွင့်ပေးလိုက်ပါတော့၏။နှစ်ယောက်စလုံး အိမ်ထောင်မရှိလူပျိုတွေဖြစ်သည်။

■

၁၉၉၄ ခုနှစ်နောက်ပိုင်း စစ်အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်များအပစ်အခတ်ရပ်စဲ၍ ငြိမ်းချမ်းရေးယူကြသည်။ တစ်နိုင်ငံလုံး သေနတ်သံများတိတ်သွား၏။ တိုင်းရင်းသားအဖွဲ့အစည်းတွေ မြို့ပေါ်တက်လာကြသည်။ အထူးဒေသများပေါ်လာ၏။ တချို့အဖွဲ့တွေက လက်နက်ကို အပြီးတိုင်စွန့်လွှတ်၍ ငြိမ်းချမ်းရေးယူကြသည်။ တချို့က လက်နက်မစွန့်ဘဲ အပစ်ရပ်၍ ငြိမ်းချမ်းရေးယူသည်။ နိုင်ငံအနှံ့ လွတ်လွတ်လပ်လပ်သွားလာလို့ရလာ၏။အဖွဲ့တွေလည်း မြို့ပေါ်တက်လာကြပြီး ကုမ္ပဏီထောင်ကြ၊ ကိုယ်စားလှယ်ရုံးဖွင့် အစိုးရကချပေးသော စီးပွားရေးခွင့်အတွင်းမှာ လှုပ်ရှားကြတော့သည်။

မန္တလေးကျောက်ဝိုင်းအနီးတွင် ရှိသော လက်ဖက်ရည်ဆိုင်လေးမှာဖြစ်၏။

"အိုက်မြင့်၊ငါတို့ဘာဆက်လုပ်ကြမလဲ"

"ဘာလုပ်ရမှာလဲ သက်နိုင်ရာ။ ကျောင်းမှာအိပ်၊ ကျောင်းမှာစား၊ ကျောက်ဝိုင်းမှာပွဲစားခလေးအဆင်ပြေရင် ငွေနည်းနည်းစု၊ ငါတို့သောက်ချင်တဲ့ တရုတ်ဘီယာလေးစုပ်လို့ရနေပြီပဲအဆင်မပြေဘူးလား"

"ဒီမှာ အိုက်မြင့်၊ ငှက်ဆိုတာ ပျံရင်းသေတယ်။ လူဆိုတာ ကြံရင်းသေတယ်။လူဘဝဆိုတာ ဒီအတိုင်း ရေလိုက်ငါးလိုက်နေသွားရင် သူလိုကိုယ်လိုနဲ့ဘဝဟာပြီးသွားလိမ့်မယ်"

သက်နိုင်က စကားပြောရပ်ပြီး ရေနွေးကြမ်းတစ်ခွက်ငဲ့လိုက်လေသည်။ ညှိရင့်ရင့်လက်ဖက်ခြောက်အရောင်သည် အငွေ့တလူလူထွက်နေသော အကြမ်းခွက်အတွင်းမှာ လှုပ်လီလှုပ်လဲ့ဖြစ်နေ၏။ အိုက်မြင့် မီးသေနေသောဆေးပေါ့လိပ်အား မီးညှိပြီး ဆေးလိပ်မီးခိုးတို့အားမှုတ်ထုတ်လိုက်သည်။

"ငါကတော့ ဘဝဆိုတာရပ်တည်မှုအတွက် ဝမ်းစာကို ဒီလိုပဲရှာရမယ်ဆိုတာပဲသိတယ်"

"အဲဒါကြောင့် ငါပြောတာပေါ့။ မင်းကြည့်၊ တစ်နေ့လာလည်း ဟိုလူပို့ခိုင်းတဲ့ကျောက်လေး ဒီလူဆီကိုပို့၊ သူများဆီကကျောက်ကိုတောင်းပြီး လူတကာဝယ်လက်ကိုလိုက်ပြ။ ရတဲ့ပွဲဝက ငါတို့တွေလူဖြစ်ပါ့မလား"

"လူမဖြစ်လို့ အခုငါတို့ကဘာတွေဖြစ်နေပါလိမ့်"

သက်နိုင်သည် အိတ်ကပ်ထဲမှ တွန့်လိမ်နေသော တရုတ်စီးကရက်တစ်လိပ်အားထုတ်ပြီး မီးညှိလိုက်သည်။ မီးခိုးငွေ့အကွင်းအကွင်းများကြားမှ ရိုးအသော အိုက်မြင့်၏မျက်နှာက မျက်စိသူငယ်နားသူငယ်။

"လူဖြစ်ပြီဆိုကတည်းက သူများထက်သာအောင်နေချင်တာ လူသဘောသဘာဝပဲ။ ငါတို့ဘုန်းကြီးကျောင်းကဖြူကြီးကိုပဲကြည့်"

ဖြူကြီးဆိုသည်မှာ ကျောင်းခွေးခြောက်ကောင်ထဲမှ အလုံးအထည်ကြီးသောခွေးကြီးကိုခေါ်ခြင်းဖြစ်သည်။

"ခွေးတောင်မှ ခွေးအချင်းချင်းဝိုလ်မထားဘူး။ သူစားပြီးဝတော့မှ အခြားခွေးတွေစားရတယ်။ အိပ်တော့ ကျောင်းလှေကားဝမှာ။ ဒီပြင်ခွေးတွေက ကျောင်းအောက်မှာပဲ အိပ်ရတယ်။ လှေကားပေါ်တက်လို့ရသလား"

အိုက်မြင့် ဖြူကြီးကိုပြေးမြင်လာသည်။ ကိုရင်ကြီးက ခွေးစာခွက်တွေထဲ ဆွမ်းကျန်များထည့်သည်နှင့် ခွေးများသည် သူတို့၏သစ္စာအဓိဋ္ဌာန်ချက်ကို တစ်ပြိုင်နက်အူကြရင်းဖြင့် သီဆိုကြသည်။ ပြီးတော့ ဖြူကြီးအားဝိုင်းကြည့်၍ အမြီးနှဲ့ပြီးအချက်ပြကြ၏။ သဘောကတော့ ဆရာအရင်စားပါဖြစ်၏။ ဖြူကြီးက ဆရာကြီးအထာဖြင့် ခွေးစာခွက်များအား တစ်ခွက်ချင်းလိုက်နမ်း၏။ သူကြိုက်သည့်ခွက်တွေ့လျှင် ပြောင်အောင်စားပြီး ကျောင်းလေ့ကားပေါ် တက်သွားသည်။ ရှေ့လက်နှစ်ချောင်းရှေ့ချ၊ ခေါင်းဝပ်ပြီး နားရွက်နှစ်ဖက်ထောင်၍ အခြားခွေးများကိုကြည့်နေ၏။ သည်တော့မှ ကျန်ခွေးများ နီးစပ်ရာခွက်တွေမှာဝင်စားရသည်။ ခွေးတွေအစာစားရင်း စားခွက်လှုံကြသောအခါ ဖြူကြီးက ခြေစုံရပ်ပြီး ဂီး ဟမ်း ဟမ်းဟုအော်လိုက်သောအခါ ရန်ဖြစ်နေကြသောခွေးများ အမြီးကုပ်ပြီး အစာပြန်စားကြသည်။

ဖြူကြီးသည် တကယ်တော့ ခွေးဝိုလ်ကြီးသာတည်း။

'အင်း- ဖြူကြီးတောင် ဒီအဆင့်ရှိနေရင် ငါကဘာကောင်လဲ'

အိုက်မြင့် စဉ်းစားရင်း ခေါင်းခြောက်လာ၏။

"ဒါဆိုရင် ငါတို့ဘာလုပ်ကြမလဲ သက်နိုင်"

"စွန့်စားရမှာပေါ့ကွ၊ အခုဆို ငါသတင်းတစ်ခုကျောက်ဝိုင်းမှာကြားလာရတယ်။ ငြိမ်းချမ်းရေးယူထားတဲ့လက်နက်ကိုင်အဖွဲ့တွေကို ဖားကန့်မှာကျောက်ကွက်တွေ လိုင်စင်ချပေးတော့မယ်တဲ့။ ခန္တီးမှာတော့ သတင်းမကြားသေးဘူး။ လူတွေက ဖားကန့်ပဲစိတ်ဝင်စားကြတာ။ ကျောက်စိမ်းထွက်တဲ့ ဥရုမြစ်ကလည်း ချင်းတွင်းမြစ်ထဲ ဟူမွလင်းနားမှာစီးဝင်တာပဲ။ နာမ့်လောင်ချောင်းလည်း တနိုင်းခဲစီးဝင်တာပဲ။ ရေမြေကတစ်ကြောတည်း။ ငါတို့ခန္တီးကိုတက်ကြရင်ကောင်းမယ်။ ငါ့မိတ်ဆွေရှမ်းတစ်ယောက်ပြောတာကြားဖူးတယ်။ ဖားကန့်ကကျောက်စိမ်းပဲထွက်တာ။ ငါတို့ခန္တီးက ကျောက်စိမ်းအပြင် ရွှေပါထွက်တယ်ကွလို့ပြောတယ်။ ငါတော့ ခန္တီးကိုသွားချင်ပြီ။ စွန့်စားရအောင်ကွာ"

"သက်နိုင်၊ မင်းမှာစုထားတဲ့ငွေဘယ်လောက်ရှိလဲ။ ငါ့မှာတော့ ဆရာတော်ထံအပ်ထားတာ နှစ်သောင်းလောက်ရှိတယ်။ ငါကျောက်ဝိုင်းထဲမှာကွမ်းယာဆိုင်လေးဖွင့်မလားလို့ စဉ်းစားနေတာ"

"ငါ့မှာ တစ်သောင်းလောက်အတော့ရှိတယ်။ ငွေသုံးသောင်းဆိုရင် လမ်းစရိတ်အပြင် ဟိုမှာပစ္စည်းဝယ်တွေဝယ်ဖို့

www.burmeseclassic.com

www.burmeseclassic.com

လောက်ပါတယ်"

"ဒါဆို ခန္ဓီးကိုဘယ်လိုသွားမလဲ၊ ငါ့တော့်မသွားတတ်ဘူး"

"ပုံမှန်ကတော့ လေယာဉ်နဲ့သွားကြတာကွ။ ပိုက်ဆံမတတ်နိုင်တဲ့သူတွေက ကားနဲ့သွားကြတယ်။ တချို့က ဟုမ္မလင်းအထိ စက်လှေနဲ့သွားပြီး နောင်ပို့အောင်ကတစ်ဆင့် ကားနဲ့သွားကြတယ်။ လမ်းကတော့ကြမ်းတယ်။ ကုန်ကားကြီးတွေ စောင့်စီးကြတာလေ"

(ထိုအချိန်က ရေဦး-ကလေး၀-ဟုမ္မလင်း-ခန္ဓီးကားလမ်းကောင်းကောင်း မပေါက်သေးပါ။) ဖားကန့်ကနေ စောလမ်းအတိုင်းဖြတ်ဆင်းတဲ့လမ်းလည်းရှိတယ်"

"မင်းဘယ်လိုလုပ်သိနေတာလဲ သက်နိုင်ရာ"

"ငါစိတ်ကူးနေတာကြာပြီကွ။ ဒါနဲ့ ကျောက်ပိုင်းထဲကိုလာတဲ့ ခန္ဓီးဘက်ကလူတွေကိုမေးထားရတာ"

အိုက်မြင့် စဉ်းစားနေပါသည်။ သူဘ၀သည် ယခုပုံစံအတိုင်းသွားလျှင် နောက်ဆုံး မန္တလေးမှာ ကွမ်းယာသည်ပဲဖြစ်နိုင်သည်။ (၂၈) လမ်းနှင့် (၈၂)လမ်းထောင့်က ကွမ်းယာရောင်းသည့်ညီအစ်ကိုမောင်နှမတွေလို နှစ်ဆယ့်လေးနာရီပတ်လုံး အလှည့်နှင့်ရောင်းပြီး တစ်နေ့ကွမ်းအခြိန်တစ်ရာလောက်ကုန်လျှင်တော့ ဘယ်သောအခါမှ ရွှေတော၊ ကျောက်စိမ်းတော သို့သွားမည်မဟုတ်။ သည်လိုနာမည်ကြီးကွမ်းယာဆိုင်ဖြစ်ဖို့ကလည်း နှစ်ပေါင်းများစွာရောင်းသည့် တိုင်ဖြစ်မည်မဟုတ်။ မန္တလေးမှာ ကွမ်းယာဆိုင်ထောင်နှင့်ချီရှိပါသည်။ သို့သော် သည်ဆိုင်လိုနာမည်ကြီးသည်က တစ်ဆိုင်တည်းရှိသည်။ ကွမ်းယာရောင်းပြီး တိုက်နှင့်ကားနှင့်နေနိုင်သည်ဆိုတော့ စဉ်းစားသာကြည့်။ တစ်နေ့ ဘယ်နှသိန်းလောက်မြတ်နေသည်လဲဆိုတာကိုဖြင့်။ မန္တလေးမှာ မုန့်တီရောင်းပြီး ချမ်းသာနေသော သူတွေရှိသည်။ အမြင်နဲ့ပေမည့် လူမသိဘဲချမ်းသာနေသူတွေ မန္တလေးမှာရှိကြ၏။

နောက်ဆုံးတော့ သူငယ်ချင်းနှစ်ယောက် ဆုံးဖြတ်ချက်ခိုင်ခိုင်မာမာချလိုက်ကြသည်။ ခန္ဓီးကို သူတို့နှစ်ယောက်သွားကြတော့မည်။

■

"အိမ်းအိမ်း - လမ်းခရီးမှာ ဘေးဥပဒ်အန္တရာယ်တွေ ကင်းဝေးပါစေ။ နှစ်ယောက်စလုံး တစ်ယောက်အပေါ် တစ်ယောက်သစ္စာမဖောက်နဲ့။ အလုပ်ကို ကြိုးစားလုပ်။ ဖားကန့်မှော်ဆိုတာ အရက်၊ ဖဲ၊ မူးယစ်ဆေး၀ါး၊ မကောင်းတဲ့ မိန်းမ အကုန်ရှိတယ်။ ဘုန်းကြီးလည်း ဗဟုသုတမနည်းပါဘူး။ ကြီးပွားချင်လို့ စွန့်စားသွားတာ။ အပျော်ရွာချင်ရင် မန္တလေးမြို့ပေါ်မှာတင်ပျော်လို့ရတယ်။ ဒါပေမယ့် ဘုရားမကြိုက်တဲ့အလုပ်တွေကိုလုပ်ဖို့မစဉ်းစားနဲ့ ကြားလား"

သူတို့နှစ်ယောက် ဆရာတော်ကြီးအား ကန်တော့ကြသည်။ ဆရာတော်ကြီးက ဆုပေးပြီးနောက် ခဏနေကြဦးဟုပြောပြီး ကျက်သရေခန်းထဲ၀င်သွားသည်။ ပြန်ထွက်လာတော့ ငါးရာတန်ငွေစက္ကူအသစ်တွေ အရွက်နှစ်ဆယ်တိတိ။ ပင်အပ်ရာလေးတွေပင်တွေ့ရသည်။ ငွေပဲဒေသာပင်မှဖြုတ်လာဟန်ရှိသည်။ တစ်ယောက်ငါးထောင်လမ်းစရိတ်သုံးဖို့စွန့်သည်။ သူတို့နှစ်ယောက် ဘုန်းကြီးကျောင်း၀ရောက်တော့ ငဖြူကြီးနှင့် ကျောင်းခွေးများသည် ထူးထူးခြားခြား အူကြသည်။ အိုက်မြင့် ငဖြူကြီးကိုလှည့်ကြည့်၏။ ငဖြူကြီးက အမြီးနှဲ့ပြပြီး ရှေ့လက်တစ်ချောင်းဖြင့် အိုက်မြင့်ပုဆိုးစကို လှမ်းပုတ်၏။

"အာ. . . အ. . အီး. . . အူး အူး. . .

"အေးပါ ငဖြူကြီးရယ်၊ ငါလည်း နင့်ကိုနှုတ်ဆက်ပါတယ်။ သွားမယ် ဘော်ဒါတို့ရေ"

ခွေးများက ပြိုင်တူထပ်အူကြပြန်သည်။ သူတို့နှင့်ကျောင်းခွေးများသည် လူနှင့်တိရစ္ဆာန်သာကွဲပြားသည်။တကယ်တမ်းမှာဖြင့် ကျောင်းမှာခိုကပ်နေရသော ဘ၀တူတွေပါလား။

■

စျေးချိုထဲမှ ဘေထုပ်ဆိုင်တွင် တစ်ယောက်ကို ဂျင်းဘောင်းဘီသုံးထည် စီ၀ယ်ကြသည်။ အင်္ကျီပ်အကိုက်အခဲပျောက်ဆေး၊ ဗမာငန်းဆေး၊ အဖျားဖြတ်ဆေး၊ လိမ်းဆေးနှင့် ဂွမ်း၊ ပတ်တီး၊ ပလတ်စတာကအစ၀ယ်ရသည်။ တောထဲမှာ တစ်စုံတစ်ခုထိခိုက်ဒဏ်ရာရလျှင် ဆေးခန်းမရှိ။ ကွမ်းရွက်ပုံအခိုးပွင့်ဆေးကအစ ၀ယ်သွားရသည်။ ဆရာတော်ကြီး ချီးမြှင့်လိုက်သော ငွေတစ်သောင်းသည် ဆေး၀ါးများ၊ အ၀တ်အစား၊ စစ်ကျောပိုးအိတ်နှစ်အိတ်အပြင် ဟုမ္မလင်းအထိ လမ်းစရိတ်ရနေပါတော့သည်။

မန္တလေးမှ မုံရွာအထိလိုင်းကားရှိ၍ ကားစီးသွားပြီး မုံရွာကားဂိတ်ရောက်တော့ ဆိပ်ကမ်းဘက်လျှောက်လာခဲ့ကြသည်။

သီတင်းကျွတ်လရောက်ပြီဖြစ်၍ ချင်းတွင်းမြစ်ရေသည် အပေါ်ရေအီလာရာမှ ရေကျစပြုလာ၏။ ကမ်းနားလမ်းမှ တမာပင်အုပ်အုပ်ကြီးများသည် မြစ်ပြင်အား တိုက်ခတ်လာသော လေနှင်အားကြောင့် ရွက်ဝါလေးများအား ခြွေချနေကြ၏။ မစိန်မှော်သို့သွားမည့် မော်တော်များ ဒီဇယ်ဆီပေပါများအားတင်နေကြသည်။ ရေကျပြီဆိုသည်နှင့် ချင်းတွင်းမြစ်အထက်ပိုင်း ရွှေထွက်သည့်မှော်တွေမှာ ပြုန်းစုပ်မည့်မော်တော်များ အိပ်ရာမှနိုး၍ လှုပ်ရှားစပြုလာကြ၏။ ဝီရိယကောင်းသည့်မော်တော်တချို့ထွက်သွားနှင့်ကြပြီဖြစ်၏။ ထို့ကြောင့် ချင်းတွင်းမြစ်ရေသည် ပို၍နောက်ကျိလာ၏။

မြစ်ကြမ်းပြင်အောက်မှ ရွှေပါသည့်သဲနုန်းများအား ပန့်နှင့်စုပ်၍ ရွှေမှုန်တွေက မျှောစင်ထက် သက္ကလတ်စမှာကပ်ကျန်နေ၊ နုန်းသဲရေတွေက မြစ်ထဲပြန်ကျဆိုတော့ မြစ်ရေသည် ကြည်လင်မှုမရှိတော့။ ချင်းတွင်းမြစ်အထက်ပိုင်းမှာကလည်း သူ့အကွက်နှင့်သူ ရွှေထွက်သည့်နေရာများတွင် မော်တော်များကရာနှင့်ချီ၍ ရှိနေကြသည်။ သေနေသော အာဖရိကဆင်ကြီးအား တောခွေးအုပ်တွေ၀ိုင်းဆွဲနေသကဲ့သို့တည်း။ အ၀ေးမှကြေးစင်တောင်ကြီးကတော့ သူ့အနီးရှိဖြတ်စီးသွားသော ချင်းတွင်းမြစ်အားသံ၀ေဂကထာကို တိုးတိုးလေးရွတ်ပြနေ၏။

မုံရွာဆိပ်ကမ်းတွင် မော်တော်တွေတန်းစီပြီးဆိုက်ကပ်ထားကြ၏။ဆိပ်ကမ်းကုန်တင်ကုန်ချရုံးကြီးအနီး ထမင်းဆိုင်လေး၌ သူတို့နှစ်ယောက်ထမင်းစားသည်။

"အစ်မ၊ ထမင်းကအ၀စားလား"

"ငါးခေါင်းနဲ့အ၀စား ငါးကျပ်၊ ဝက်သား၊ ကြက်သားနဲ့က ခုနစ်ကျပ်"

"ငါးခေါင်းနဲ့နှစ်ပွဲပေးပါ"

"မဖြူတုတ်၊ ငှက်ကိုလည်း ငါးခေါင်းနဲ့တစ်ပွဲ"

ထမင်းရောင်းသည့်မိန်းမကြီးသည် ပန်းကန်လုံးထဲ ဟင်းထည့်နေရာမှ မော့ကြည့်၏။

"ရှင်လာပြန်ပြီလား၊ ဒီနေ့အကြွေးမရဘူး။ ဘယ်နှယ့်တော် အရင်စားထားတဲ့အကြွေးတွေလည်း မပေးသေးဘဲ နေ့တိုင်း အကြွေးစားလို့ဘယ်ဖြစ်မလဲ။ မရဘူး တခြားဆိုင်သွား"

အိုက်မြင့် ထမင်းမှာသည့်လူကြီးကိုကြည့်လိုက်၏။ ဇင်ပြာလက်တို့အင်္ကျီ

www.burmeseclassic.com

www.burmeseclassic.com

သည် ကော်လာ၌ စုတ်ပြတ်သတ်နေ၏။ ပခုံးနေရာတွင်အဖာရာတွေကအပြည့်။ ကျောမှာနည်းနည်းပင်စုတ်နေချေပြီ။ ရွှေဝဲဘက်အိတ်အထက်ကုန်တင်ကုန်ချကော်မဲတီဆိုသည့်စာသားပင်ပျက်နေပါလေ၏။ ညီမောင်းသောအသားအရေမှာ လောကဓံ၏အထုအထောင်းအဘယ်မျှခံနေရကြောင်း၊ မျက်နှာမှအရေးအကြောင်းများက ဖော်ပြနေပါသည်။ သူမျက်နှာက ထမင်းဆိုင်ရှင်အမျိုးသမီးကြီးအားတောင်းပန်နေဟန်ပေါက်နေလေသည်။ မွန်းတိမ်းတစ်နာရီသည် သူအစာအိမ်နှိုးစက်အား အချိန်ကျလာသည်ထင့် တဂွင်ဂွင်မြည်သံများက အိုက်မြင့်နှင့်သက်နိုင်တို့နှစ်ယောက်ကြားလိုက်ရသည်။

"ဦးလေး ဒီမှာထိုင်၊ ကျွန်တော်တို့ကျွေးမယ်"

နှစ်ယောက်စလုံး နှုတ်မှသံပြိုင်ထွက်သွားကြသည်။ ထို့ကြောင့် ထိုလူကြီးသည် ဒုံအားသင့်စွာဖြင့် သူတို့နှစ်ယောက်အားကြည့်သည်။ သူတို့နှစ်ယောက်က စားပွဲတွင်ဝင်ထိုင်ရန် ခေါင်းညိတ်ပြီးအချက်ပြသောအခါ ထိုလူကြီးဝင်ထိုင်သည်။

"ရှင် ကုန်းဆင်းကိုပဲလိုက်ချောင်းနေ သိလား"

ထမင်းသည်မိန်းမကြီး၏ စူးစူးဝါးဝါးအသံကထွက်လာပြန်သည်။

အိုက်မြင့်က ငါးခေါင်းဟင်းနှင့်နောက်တစ်ပွဲထပ်မှာသည်။

"မဖြူတုတ်ကလည်းဟာ ငါက သူတို့စေတနာကိုမငြင်းချင်လို့ပါ"

စားပွဲပေါ် သို့ ထမင်းသုံးပန်းကန်၊ ငါးခေါင်းတစ်ခေါင်းလျှင် ဟင်းတစ်ခွက်ကျ ဟင်းသုံးခွက်က ပူပူနွေးနွေး။ ငါးပိရည်၊ တို့စရာများနှင့် ရေနွေးကြမ်းအိုးပါရောက်လာသည်။ စားကောင်းသောက်ကောင်းအရွယ်များဖြစ်၍ ထမင်းလိုက်ပွဲဇလုံကြီးဝါပြောင်သွားသည်။

■

မုံရွာဆိပ်ကမ်း ကုက္ကိုပင်ကြီးအောက် ခုံတန်းလေးမှာ သူတို့သုံးယောက်ထိုင်နေကြသည်။

"သီတင်းမကျွတ်ခင် ဒီရာသီဆိုရင် ဟုမ္မလင်းအထိ စက်လှေတွေသွားတယ်။ အစိုးရပိုင်စီပီဘီနှစ်ထပ်သင်္ဘောကြီးတွေလည်းရှိတယ်။ အညာကြီးဆန်သင်္ဘောနဲ့လိုက်သွားကြပါလား ငါညီတို့"

"အညာကြီးဆန်ဆိုတာ ဘာကိုခေါ်တာလဲ ဦးလေး"

"ဒီလိုလေကွာ ပဲ့ထောင်တွေ၊ အမြှောင်ရှော်တယ်တွေ၊ အစိုးရသင်္ဘောကြီးတွေကဟုမ္မလင်းအထိပဲရောက်တာ။ မင်းတို့က ခန္ဓီးအထိသွားမှာဆိုတော့ ချင်းတွင်းအဖျားအထိ ဒီဇယ်နဲ့စားကုန်တွေကိုလိုက်ပို့ပေးတဲ့ မော်တော်ကြီးတွေရှိတယ်။ အဲဒီမော်တော်ကို အညာကြီးဆန်မော်တော်လို့ခေါ်တယ်။ မော်တော်မောင်းတဲ့ဆလင်ကြီးတစ်ယောက်ကို ငါသိတယ်။ ငါ့ညီတို့ လမ်းစရိတ်မကုန်အောင် မော်တော်မှာ အလုပ်သမားအဖြစ်လိုက်သွားကြပါလား"

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ ဦးလေးကြီးသည် သူတို့အား ထမင်းကျေးဇူးဆပ်လေပြီတည်း။ လမ်းစဉ်ပါတီခေတ်မှသည် ၁၉၈၈ ခုနှစ် အရေးအခင်းပြီးသည့်နောက်ပိုင်းနှစ်များအထိ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းသည် ကားလမ်းများမပေါက်သေးပါ။ မုံရွာ - ရွှေဘို - ရေဦး-တန့်ဆည်-ကလေးဝလမ်းကတော့ အရင်ကတည်းကရှိသည်။ လမ်းကတော့ ထုံးစံအတိုင်းမကောင်း။ မဟာမြိုင်တောကြီးအားဖြတ်သန်းသွားရသည်။ စစ်ကိုင်းတိုင်းအထက်ပိုင်း ချင်းတွင်းမြစ်ကမ်းရှိမြို့ကြီးများဖြစ်သော မော်လိုက်၊ ဖောင်ပြင်၊ ဟုမ္မလင်းနှင့် ခန္ဓီးမြို့များသို့သွားလိုသော် ချင်းတွင်းရေလမ်းခရီးကိုသာ အားကိုးအားထားပြုခဲ့ကြရံသည်။ ဟုမ္မလင်းနှင့် ခန္ဓီးမြို့များမှာက လေယာဉ်ကွင်းလေးတွေရှိသည်။ မြန်မာ့လေကြောင်းမှတွင်အော်တာလေယာဉ်ငယ်များ တစ်ပတ်သုံးကြိမ်ခန့်အတက်အဆင်းပြုလေ၏။ ချမ်းသာသည့်သူများနှင့်အရေးကြီးပုဂ္ဂိုလ်များသာ အသုံးပြုကြသည်။ အခြေခံပြည်သူလူထုကတော့ မြစ်ကိုစုန်ဆန်နေသည့် ပဲ့ထောင်၊ မော်တော်နှင့် ပြည်တွင်းရေကြောင်းမှ စီပီဘီနှစ်ထပ်သင်္ဘောကြီးတွေကိုပဲ အားကိုးနေရသည်။ ဒါတောင် ဆောင်းဥတု၊ နွေကာလ မြစ်ရေပါးလာသောအခါ ရေကြောင်းကျပ်ပြီး သင်္ဘောကြီးတွေထွက်မရဖြစ်တတ်သည်။

"ကျွန်တော်တို့က မော်တော်ပေါ်မှာ ဘာလုပ်ရမှာလဲ"

သက်နိုင်က ဦးလေးကြီးကို မေး၏။ အိုက်မြင့်မှာ လမ်းစရိတ်သက်သာသွားလျှင် တောထဲမှာ လိုအပ်သည့် ပစ္စည်းတွေပိုဝယ်နိုင်မည်မို့ ဝမ်းသာနေသည်။

"နေဦးလေ၊ ငါဆလင်ကြီးကိုမေးပါဦးမယ်။ရမှာကတော့ သေချာပါတယ်။ စိန်ဌေးလှိုင်မော်တော်ဆိုတာ ခန္ဓီးအထိဆန်တက်တဲ့အညာကြီးဆန်မော်တော်ပဲ။ ဟိုးမှာတွေ့လား၊ ဒီဇယ်ဆီပီပါတွေကိုတင်နေတဲ့မော်တော်"

သူတို့လှမ်းကြည့်လိုက်ကြတော့ အရှည်ပေခုနစ်ဆယ်ခန့်၊ အကျယ်ပေနှစ်ဆယ်ခန့်ရှိ ဝန်းခပ်ပြားပြားမော်တော်ကြီးတစ်စင်းကိုတွေ့ရသည်။ ကမ်းနားမှကုန်တင်ကုန်ချအလုပ်သမားတွေ ကမ်းပေါ်မှ ဒီဇယ်ဆီပီပါကြိမ်များအား မော်တော်ပေါ်သို့ ကုန်းဘောင်သစ်သားပြားကြီးမှတစ်ဆင့်လှိမ့်တင်နေကြသည်။

"ကျွန်တော်တို့က ဒီဆီပီပါတွေကိုတင်ပေးရမှာလား"

"မဟုတ်ဘူးကွ၊ ဒီဆိပ်ကမ်းမှာက အလုပ်သမားတွေပဲလုပ်ရတာ။ သင်္ဘောက လူကနေရာချပေးရုံပဲ။ သင်္ဘောထွက်ပြီးနောက် ဆိပ်ကမ်းတွေရောက်မှ သင်္ဘောကလူကကုန်တွေကိုချပေးရမှာ။ မင်းတို့ဝိုင်းလုပ်ဝိုင်းစားနဲ့လိုက်သွားပါလား ငါ့ညီတို့ရာ။ ခန္ဓီးဆိုတာ အဝေးကြီးကွ၊ မိုင်သုံးရာလောက်ရှိမယ်။ တစ်ဆင့်တစ်ဆင့်စီးသွားရရင် လမ်းစရိတ်စားစရိတ် အရမ်းကုန်တယ်"

"လာ - ဦးလေး၊ မော်တော်ဆီကိုသွားရအောင်"

သက်နိုင်က စိတ်မြန်သူပီပီ မော်တော်ဆီသို့သွားဖို့ပြင်၏။ အိုက်မြင့်စစ်ကျောပိုးအိတ်ကိုလွယ်လိုက်သည်။

သူတို့သုံးယောက် စိန်ဌေးလှိုင် မော်တော်ပေါ် သို့ ရောက်သွားသည်။ မော်တော်ဝမ်းအတွင်းကုန်လှောင်သည့်နေရာတွင် ဒီဇယ်ဆီပီပါများက ပြည့်လုပြည့်ခင်ဖြစ်နေ၏။ ခေါက်ဆွဲဖာလိုမျိုးစားသောက်စရာဝန်ပေါ့များက မော်တော်ကုန်းပတ်စက်ခန်းဘေးမှာစီလျက်ထပ်တင်ထားသည်ကိုတွေ့ရ၏။ မော်တော်ကြီးသည် လူသုံးကုန်၊ စားကုန်သောက်ကုန်နှင့် လောင်စာဆီအား အဓိကထားတင်ပြီး ချင်းတွင်းမြစ်ရိုးတစ်လျှောက် အမှာစာရှိသည့်မြို့ရွာများသို့ကုန်စည်ပို့ဆောင်ပေးနေသော ပုဂ္ဂလိကပိုင်မော်တော်ဖြစ်၏။

"ဆလင်ကြီးဦးစိုး၊ဆလင်ကြီးဦးစိုး"

ထိုလူကြီးအော်ခေါ်သဖြင့် ဆိပ်တမ်းအလုပ်သမားတွေက သူ့ကိုလှည့်ကြည့်ကြသည်။

"ဦးမြင့်၊ ဒီနေ့အလုပ်မရှိဘူးလား"

"အေးကွာ၊ ပါမင်းနိတ်တွေက ဒီနေ့မှအကုန်ဆင်းကြတယ်လေ။ ဒီကော့ငါတို့ဂမ်ဘားတွေ ထမင်းငတ်တာပေါ့။ မင်းတို့ဂိုဏ်းကတော့ အဆင်ပြေမှာပါ"

"ဦးမြင့် ဘာလဲဗျ၊ ဆဲဗျားဘယ်ပျောက်နေတာပဲ။ မော်တော်ဘက်ကို

www.burmeseclassic.com

www.burmeseclassic.com

တောင်လှည့်မလာဘူး"

"ကျွန်တော်လည်း လာချင်ပါတယ် ဆလင်ကြီးရာ၊ အလုပ်မရှိလို့ အိမ်အပြန်အိမ်စရိတ်မပါရင် ထမင်းငတ်မှာက ကျွန်တော့်မိသားစုလေ။ ဒီတော့ ဆိပ်ကမ်းတစ်လျှောက် ခြေတိုအောင်လျှောက်ပြီး အလုပ်ရှာရတာပေါ့။ အဲဒါကြောင့် မတွေ့ဖြစ်တာပါ"

"ဒါနဲ့ ဘာကိစ္စလဲ ဦးမြင့်"

"ဒီညီလေးနှစ်ယောက်ပါ။ ခန္ဓီးကို လိုက်ချင်လို့။ မော်တော်ပေါ်မှာ ဘောက်အလုပ်ခိုင်းချင်တာခိုင်းပြီး ခေါ်သွားပေးစမ်းပါဗျာ"

ဆလင်ကြီးက သူတို့နှစ်ယောက်အားသေချာစွာကြည့်သည်။ နှစ်ယောက်လုံးက သန်စွမ်းသောလူလတ်ပိုင်းများဖြစ်၍ သဘောကျသွားသည်ထင့် ခေါင်းညိတ်ပြသည်။

"ငါတို့မော်တော်မှာတာ ဝိုင်းလုပ်ဝိုင်းစားပဲ။ ရွာတွေရဲ့ဆိပ်ကမ်းရောက်ရင် ပစ္စည်းအတင်အကျလုပ်ရမယ်။ စီးပါးသောင်တိမ်မှာ ရေစူးထောက်ချင်လည်း ထောက်ရမယ်။ သန့်ရှင်းရေးကအစ ထမင်းချက်သည်အထိလုပ်ရမှာပဲ။ ဒါနဲ့ မင်းတို့ကြိုးချည်တတ်လား"

သက်နိုင်က ခေါင်းခါ၏။

အိုက်မြင့်ကတော့ မိန်းမချည်ချည် တတ်ကြောင်းပြောသော် ဆလင်ကြီးက ရယ်လေသည်။

"ကဲပါလေ၊ ဦးမြင့်က အာမခံနေပြီပဲ လိုက်ခဲ့ပေါ့။ ဒါနဲ့ နေပါဦး၊ မင်းတို့နှစ်ယောက်က ခန္ဓီးကိုဘာသွားလုပ်ကြမှာလဲ။ မှတ်ပုံတင်ကောပါကြရဲ့လား"

"ပါပါတယ်ဆလင်ကြီး၊ ကျွန်တော်တို့က တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုသလို ခန္ဓီးဘက်မှာ ကျောက်သွားတူးမလို့ပါ"

"ဟေ - ငါကြားဖူးတာက ဖားကန့်တို့၊ မိုင်းရူး၊ မိုးကုတ် ဒီလောက်ပဲကြားဖူးတာ။ မင်းတို့ကျမှ ခန္ဓီးကိုထွက်ကြမလို့ ဆိုတော့"

"အဲဒီဘက်မှာ လူတွေကစုပြုံတိုးနေကြပြီ။ ခန္ဓီးမှာက ရွှေရှာသူနည်းနည်းပါးပါးပဲရှိသေးတယ်။ ငှက်ဖျားကြမ်းတာလည်းပါမှာပေါ့။ ကျောက်စိမ်းက ခန္ဓီးမှာလည်းထွက်တယ်လေ"

"ဩော်- ကျောက်သွားတူးမယ့်သူတွေပဲ။ ကောင်းတယ်ကွာ၊ လူဆိုတာ စွန့်စားရတယ်ကွ။ ဥရောပတိုက်က ဗတ်စကိုဒဂါးမားတို့က ပင်လယ်သမုဒ္ဒရာကြီးကိုစွန့်စားပြီးထွက်တော့ အမေရိကတိုက်ကြီးကိုတွေ့သွားပြီး ချမ်းသာသွားကြတယ်လေ။ ငါ့မှာတော့ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် စီးပါးသောင်တွေ၊ ကျောက်ဆောင်၊ တံစူးနဲ့ ဝဲတွေကြားမှာပဲ စွန့်စားနေရတာ။ ဘာမှဖြစ်မလာပါဘူးကွာ"

"မော်လိုက်ဆိပ်ကမ်းထမင်းဆိုင်က ဖြူဖြူချောချောလေးကကော ဘာမှဖြစ်မလာဘူးလား ဆလင်ကြီး"

"ဟာ-ဦးမြင့်ကလည်း၊ သူဖြစ်လာတာက တစ်မျိုးလေ။ သံယောဇဉ်က ထမင်းစားမယ့်နောက်ပါးစပ်တစ်ပေါက်တောင်တိုးပြီ။ မရင်မွေးပြီးတာ ခြောက်လလောက်တောင်ရှိပြီ။ ဦးမြင့်ကိုတောင် နေကောင်းရဲ့လားမေးနေတယ်။ အဆင်မပြေရင် မော်လိုက်ပြောင်းခဲ့တဲ့"

"ကျေးဇူးတင်ပါတယ်ဗျာ။ ကဲကဲ-ညီလေးတို့ မော်တော်ပေါ်မှာပဲနေခဲ့ကြတော့။ အလုပ်ကြိုးစားလုပ်ပြီး ခန္ဓီးကိုရောက်အောင်သွား။ ကျောက်အောင်ခဲ့ရင် ငါ့ကိုလည်းမမေ့ပါနဲ့ကွာ။ အစ်ကိုကြီးသွားပြီ။ ဆလင်ကြီးသွားမယ်ဗျို့"

ထိုလူကြီးက သူတို့ကိုနှုတ်ဆက်ပြီး မော်တော်ကုန်းဘောင်ပေါ်မှဆင်းသွားသည်။

ထိုအချိန်မှစ၍ သူတို့နှစ်ယောက် ဘဝသည် မန္တလေးကျောက်ဝိုင်းမှာပွဲစားဘဝမှ ချင်းတွင်းအညာကြီးဆန်မော်တော်ပေါ်မှ မော်တော်သားဖြစ်သွားပါတော့သည်။

■

မော်တော်အင်ဂျင်သံတဒုန်းဒုန်းက မြစ်ကမ်းပါးယံအားရိုက်ခတ်ပြီးပဲ့တင်သံဖြစ်ပေါ်လာသည်။ မုတ်သုံလေသည် မြန်မာပြည်မှ စွန့်ခွာသွားလေပြီ ဖြစ်၏။ အပေါ်ရေဆင်းမှုနည်းလာ၍ ချင်းတွင်းမြစ်သည် အကွေ့များ၌ သောင်ပြင်များဖြစ်ပေါ်လာသည်။ သူတို့မော်တော်က ရွှေစာရေးဝဲကြီးအနီး ရွှေစာရေးရွာမှာကပ်၍ ဒီဇယ်နှုစ်ပီပါ။ စာရုတ်နီအင်ဂျင်နှစ်လုံးချသည်။ မောင်ကြီးက မော်တော်မှာ လူဟောင်းဖြစ်သည်။ လုပ်ငန်းကျွမ်းကျင်ပြီး သူတို့နှစ်ယောက်အား ကြိုးချည်နည်းကိုပြပေး၏။ ကုန်းဘောင်ပျဉ်ပြားနှစ်ချောင်းခင်း၍ ဆီပီပါအား ကမ်းပေါ်သို့လှိမ့်တင်ရသည်။ လုပ်စမရှိတော့ အနည်းငယ်ပင်ပန်းသည်။ သို့သော် နှစ်ယောက်စလုံး အလုပ်ကြိုးစားသဖြင့် ဆလင်ကြီးဦးစိုးမှအစ စက်ဆရာနှင့် ကျန်မော်တော်သားသုံးယောက်က ခင်မင်ကြ၏။ ဆလင်ကြီးဦးစိုးက အိုက်မြင့်အား သံယောဇဉ်ရှိပုံရ၏။ နေ့ဘက်မော်တော်မောင်းနေစဉ် အလုပ်မရှိလျှင် မော်တော်ဦးပိုင်းရှိမောင်းနှင်ခန်းမှာခေါ်ထားသည်။ တက်မထိန်းချုပ်သည့် လက်ကိုင်ဘီးကြီးကိုကိုင်စေပြီးဘေးမှပြပေး၏။

"ဆရာ၊ရွှေစာရေးဝဲကတော်တော်ဆိုးလား"

"ဆိုးပြီလား ကိုယ့်လူရယ်၊ စာဆိုတောင်ရှိသေးတယ်။ အထက်မှာပေါ့၊ အောက်မှာရွှေ့ အလယ်ဝက်သိုက်မျက်ဖြူဆိုက်တဲ့။ ပြီးတော့ ပေဝဲနားက မစိန်ဝဲကလည်း တော်တော်ဒုက္ခပေးတာပဲ။ ဝါဆို၊ဝါခေါင် အပေါ်ရေတအားဆင်းပြီး ချင်းတွင်းမြစ်ရေပေါင်းလန်လာရင် ဒီဝဲတွေလည်းဒုက္ခပေးတော့တာပဲ"

"ကျွန်တော်တို့မော်တော်အင်ဂျင်အား နဲ့ ဖြတ်မောင်းလို့မရဘူးလား"

"ဘယ်သူမှစွန့်စားပြီးဖြတ်မမောင်းကြဘူး။ တစ်ခါတုန်းက ဝဲနားကပ်သွားမိတာ ဝဲဆွဲလို့ စက်ကိုအစွမ်းကုန်မြှင့်ပြီးမောင်းတာတောင် နာရီဝက်လောက်ကြာတယ်။ အင်ဂျင်ကြီးကို ရေတွေဆူတက်လာတာပဲ။ဒီတော့ ဝဲတည့်တည့်ကို ဖြတ်မောင်းရင် အင်ဂျင်ထိုးရပ်သွားနိုင်တယ်။ငါတို့မော်တော်မှာက ကုန်အပြည့်ပါတာလေ"

စိန်ဌေးလို့ခေါ်မော်တော်သည်ကား ချင်းတွင်းမြစ်ယံထက် တဒုတ်ဒုတ်နှင့် ခုတ်မောင်းလျက်။ သူတို့ ရေဘုတလင်ရွာမှာကုန်ချရဦးမည်။ ညာဘက်ကမ်းမှာ နတ်ရဲတောင်ကြီးအား လှမ်းမြင်နေရသည်။ ဝဲဘက်ကမ်းထက် အဝေးမှာကုပ်တောင်၊ ပုံညာတောင်တန်းကြီးသည် မြူတို့လွှမ်းလျက် စိမ်းညို့နေ၏။ ဆလင်ကြီးက ရေစူးကိုကြည့်ပြီး မော်တော်အားကျွမ်းကျင်စွာ ပဲ့ကိုင်လျက်မောင်းနေသည်။ လက်ယာဘက်သောင်ပြင်မှာ မည်းမည်းအပြားတွေတုတ်ချောင်းစိုက်ပြီးထောင်ထားသလိုမြင်ရ၏။

"ဆရာ ဟိုသောင်ပြင်ကြီးမှာ ငါးခြောက်ပြားတွေတုတ်နဲ့ထိုးပြီးလှန်းထားပါလား။ တော်တော်များတယ်နော်"

"ဟား ဟား ဟား အိုက်မြင့်ရယ်၊ အေးလေ၊ မင်းက ရေနဲ့မနီးတဲ့ဒေသကလာတာဆိုတော့ ဘယ်သိပါ့မလဲ။ အဲဒါငါးခြောက်ပြားမဟုတ်ဘူးကွ။ တင်ကျီးငှက်တွေ နေပူစာလှံနေကြတာ။ မင်းသေသေချာချာမြင်ရအောင် ငါသောင်နဲ့အနီးဆုံးနေရာကနေမောင်းပြမယ်"

မြစ်၏လက်ယာဘက်ကမ်းသောင်ပြင်ကြီးအနီး ရေပြင်သည် ရေပွက်များထနေပြီး ရေပွက်တွေကတစ်ခုနှင့်တစ်ခု စိပ်လွန်းလှသည်။ ထိုရေပွက်များ

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်ကွ၊ ကိုသက်နိုင်ထက် စာရင် မင်းက ရေကြောင်းကိုပိုစိတ်ဝင်စားပုံရတယ်။ ငါတို့နဲ့ပျော်ပျော်နေပြီးလုပ်ပါလား။ ဆလင်ကြီးသင်ပေးရင် မင်းတစ်နေ့ ဆလင်ဖြစ်လာမှာပေါ့"

မောင်ကြီးစကားကြောင့် သူတွေသွားပြန်ပါသည်။စတ်ဆရာကြီးကလည်း စက်အကြောင်းကိုသင်ပေးမည်ဟုဆိုလာသည်။ သက်နိုင် အရက်ဝိုင်းမှစကားတွေကိုနားထောင်ရင်း သူတို့နှစ်ယောက်၏ ရည်ရွယ်ချက်ပျက်မည်ကို စိုးရိမ်လာ၏။

"ဆလင်ကြီးရယ်၊ ကျွန်တော်တို့ကလူပျိုလူလွတ်တွေပါ။ ဘဝကို တုံးတိုက်တိုက် ကျားကိုက်ကိုက်စွန့်စားချင်တယ်။ ပြီးတော့ ချမ်းသာချင်တယ်။ ဒါကြောင့် စွန့်စားပြီးထွက်လာတာပါ။ ကျွန်တော်တို့ ဇွဲမလျော့ရင် အောင်မြင်မယ်လို့ယုံကြည်တယ်လေ"

အိုက်မြင့်သည် သက်နိုင်စကားသံကိုကြားလိုက်ရ၍ လည်နေသောစိတ်တို့ ပြန်မတ်သွားသည်။

ဆလင်ကြီးကခေါင်းတညိတ်ညိတ်ဖြင့် ဘာမှဆက်မပြောတော့။ အရက်ဝိုင်းပြီး၍ ထမင်းစားကြပြီး အသီးသီးခြင်ထောင်ထောင်ကာ အိပ်ရာဝင်ကြ၏။ မြောက်လေက တရှိုးရှိုးအံသံပေးကာ မြစ်ပြင်ထက်မှာ တိုက်ခတ်နေဆဲပါလား။

■

အရှေ့ဘက်ကမ်းမှ နေမင်းကြီးသည် ထန်းတစ်ဖျားခန့်ရောက်လာ၏။ မြစ်ပြင်မှာ မြူတို့ဖွေးဖွေးလှုပ် အုပ်ဆိုင်းလျက်ရှိ၏။ ရေစပ်၌ ရေဝလုံငှက်လေးနှစ်ကောင်ရေစီးနှင့်မျောလိုက်ရင်းကနေတဂစ်ဂစ်အသံပေးနေကြ၏။ မောင်ကြီး၊ အိုက်မြင့်နှင့် သက်နိုင်တို့သုံးယောက် မော်တော်ခေါင်းမိုးပေါ်မှပစ္စည်းတွေကို အောက်သို့ချနေကြ၏။ နီးသည့်ဆိပ်ကမ်းတွေမှာချရမည့်ပစ္စည်းတွေကို ခေါင်းမိုးပေါ် တင်လာခြင်း ဖြစ်သည်။ ဝန်လေးတွေကို မော်တော်ဝမ်းထဲနှင့် ကုန်းပတ်ပေါ်မှာတင်ထား၏။ ဆိပ်ကမ်းမှ အလုပ်သမားတွေက သူတို့ချပေးသောပစ္စည်းများကို ထမ်းပိုးပြီး ကမ်းပါးစောက်အတိုင်း တရွေ့ရွေ့တက်သွားကြသည်။ ကမ်းပါးစောက်ကြီးသည် နွေရောက်လျှင် ပေတစ်ရာခန့်များမြင့်သွားမည်လားမသိပါ။ နံနက် ကိုးနာရီခန့်တွင် ဂုန်များချပြီးသွား၍ မော်တော်စက်နှိုးကြီးဖြုတ်ပြီး ချင်းတွင်းအထက်သို့ဆန်တက်ခဲ့ကြသည်။ ခန့်ရောက်ပို့ မိုင် (၃၅၀)ခန့်လိုပါသေးလား။ မြစ်ယာဘက်ပေငါးဆယ်ခန့်အလွန်တွင် ရေပွက်များကဲ့သွားသည်ကိုတွေ့ရ၏။

"တွေ့လားအိုက်မြင့်၊ ရေပွက်တွေသောင်အနားမှာစိပ်နေတာ။ အဲဒီနေရာမှာ ရေတိမ်တယ်။ အလွန်ဆုံးနှစ်တောင်ခွဲသုံးတောင်ပဲ။ ဖြတ်မောင်းလို့ကတော့ မော်တော်သောင်တင်ပြီ။ဒီဘက်အလယ်နားလောက်မှာရေပွက်တွေကဲ့သွားတယ်။ အဲဒီနေရာတွေကရေနက်တယ်။ဆယ်ပေကနေ ပေနှစ်ဆယ်လောက်နက်တယ်။ မင်းသောင်နဲ့နီးတုန်း တင်ကျီးငှက်အုပ်ကိုလန့်သွားအောင်အော်လိုက်"

အိုက်မြင့် မော်တော်ဦးထိပ်သို့ထွက်ပြီးအသံကုန်ဟစ်အော်လိုက်သည်။

"ဟေး. . . ဟေး. . . ဟေး"

သောင်ပြင်ထက်၌ တောင်ပံနှစ်ဖက်ဖြန့်ပြီး လည်တံရှည်အား မိုးကောင်းကင်သို့မျှော်လျက်နေပူစာလှုံနေကြသော တင်ကျီးငှက်များသည် အိုက်မြင့်၏ အသံကြောင့်လန့်သွားပြီး ထောင်မတ်နေသောလည်တံအားငုံ့လိုက်၍ ဖြန့်ထားသောတောင်ပံကိုရုပ်လိုက်ကြသည်။ ပြီးနောက် ကုန်းပေါ်မှ ရေစပ်သို့ပုံကြပြီး ခြေထောက်များကို ရေနှင့်ထိ၏။ ခေါင်းအား ရေထဲသို့ရုတ်တရက်နှစ်လိုက်ပြီးတောင်ပံ၊ ခြေထောက်၊ အမြီးတို့အား ရေပြင်နှင့်တဖျပ်ဖျပ်ထိကာ ပေနှစ်ဆယ်ခန့်အရောက်တွင် ရေပြင်အား ရှုပ်ပြီး တစ်ဟုန်ထိုးပျံသန်းသွားကြပါတော့၏။

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသသား အိုက်မြင့်သည် ချင်းတွင်းမြစ်၏ ရေပျော်ငှက်တို့၏ သဘာဝကို မျက်ဝါးထင်ထင် တွေ့မြင်ရသောအခါ အံ့သြခြင်းဖြစ်မိ၏။ ဟိုးအဝေးသောင်ပြင်တွင် ဟင်္သာတငှက်တို့ နေစာလှုံနေကြ၏။ မြစ်၏ ဝဲယာနှစ်ဖက်မှာတော့ သစ်တောဝါးတောကြီးတို့က စိမ်းစိုအုပ်မှိုင်းနေပါတော့သည်။

■

နေညိုပေပြီ။

မြစ်အနောက်ဘက်ရှိ ရွှေသမင်တောင်တန်းကြီးထိပ်၌ နေလုံးကြီးမေးတင်လျက်ရှိ၏။ မင်းကင်းဆိပ်ကမ်းသည် မြစ်ရေကျသွားသဖြင့် ကမ်းပါးစောက်က ပေငါးဆယ်ခန့်မြင့်လျက်ရှိသည်။မြစ်ဆိပ်၌ ရေချိုးအဝတ်လျှော်နေသည့် လုံမပျိုတချို့အား တွေ့ရသည်။ မောင်ကြီးတို့က မော်တော်ဦးကြိုးပဲ့ကြိုးများ ဆိပ်ကမ်းနှင့်ချည်တုပ်ပြီးသောအခါ အိုက်မြင့်တို့နှစ်ယောက်က သစ်သားကုန်းဘောင်အား ကမ်းပေါ်သို့ထိုးလိုက်သည်။ စက်ဆရာကြီးက အင်ဂျင်စက်ကြိုးအား ရပ်သည်။ မြောက်လေသည် စစ်ကိုင်းတိုင်းဒေသကြီးအား အုပ်စီးလာ၍လားမသိ ချမ်းစိမ့်စိမ့်ဖြစ်လာကြသည်။

မင်းကင်းဆိပ်ကမ်းပြည်တွင်းရေကြောင်းရုံးမှ စာရေးကြီး ဦးသာမြတ်မော်တော်ပေါ် သို့တက်လာ၏။ လက်ထဲမှာဘောက်ချာစာရွက်လေးတွေကိုင်လာ၏။ မုံရွာပွဲရုံများမှ မင်းကင်းဆိပ်ကမ်းမှာကုန်ချရန်စာရင်း ဖြစ်သည်။ ဆလင်ကြီးက စာရင်းများကိုကြည့်ပြီး မနက်ကျမှ ကုန်ချမည်။ ယခုတော့ အချိန်မရှိဟုဆို၏။ စာရေးကြီးအတွက် မန္တလေးရမ်တစ်လုံးလက်ဆောင်ပေးလိုက်ရာ ပြုံးပြီး 'အေးအေးဆေးဆေးပေါ့ ဆလင်ကြီးရယ်' ဟုပြောပြီး ပြန်တက်သွားသည်။

သက်နိုင် အောက်လင်းဓာတ်မီးအား လေထိုးပြီး မီးစာကို မီးညှိသည်။ အောက်လင်းမီးအလင်းရောင်ကြောင့် မော်တော်ပေါ်မှာ ဝင်းထိန်လာ၏။ အိုက်မြင့် ထမင်းအိုးတည်အပြီး ရေစိမ်ထားသော ငါးခြောက်များအား ခွာတ်ထစ်ပြီး ငရုတ်သီးအမြန်ထောင်းသည်။ ခရမ်းချဉ်သီးလေးများအား လေးစိတ်ခွဲ၍ ငါးခြောက်နှင့်ခရမ်းချဉ်သီးရေစပ်စပ်ချက်မည်။ ငါးပိရည်က မနက်ကကျိုထားသည်။ တို့စရာအား အရက်သွားဝယ်သော မောင်ကြီးယူလာမည်ဟုဆိုသည်။ မင်းကင်းမှာ ထန်းလျက်အရက်ကောင်းကောင်းရသည်။ လမ်းမှာသောက်ဖို့အတွက်ပါ နှစ်ဂါလန်ပုံးနှင့်ဆွဲခဲ့မည်ဟုဆို၏။ ဆလင်ကြီးက မော်တော်ညအိပ်လို့ အလုပ်ပြီးလျှင် သောက်စားတာကို ခွင့်လွှတ်ထားသည်။ ရေထဲမိုးထဲမှာ အလုပ်ကြမ်းလုပ်နေရသော သူတို့ဘဝအား နားလည်ပေးရသည်။

မင်းကင်းဆိပ်ကမ်းသည် မီးရောင်လက်လက်အောက်မှာ အမှောင်ထုကို အန်တုနေပါသည်။ ရေစီးနှင့်မြောက်လေအရှိန်ကြောင့် လှိုင်းကြက်ခွပ်တို့က မော်တော်ဦးအား တဖျတ်ဖျတ်ရိုက်နေ၏။ ဆလင်ကြီးက အရက်ခွက်ကိုမော့သောက်လိုက်ပြီး လက်ဖက်တစ်ဇွန်းခပ်စားလိုက်သည်။

"အိုက်မြင့်၊ မင်းခန္တီးကိုမသွားပါနဲ့လား။ ငါတို့နဲ့ မော်တော်လိုက်ပေါ့။ မတော်ကျောက်မရဘဲ ငှက်ဖျားမိနေရင် ဒုက္ခတွေ့မယ်လေ"

သက်နိုင်က အိုက်မြင့်အား မသိမသာငဲ့စောင်း၍ကြည့်သည်။ ဆလင်ကြီး၏စကားကြောင့် အိုက်မြင့် တွေဝေသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ကမ်းမှ နာမည်ကျော် မဟာမြိုင်တောကြီးက ထူထပ်အုပ်မိုင်းနေပါ၏။ ဆလင်ကြီးက မြစ်ကြောင်းတစ်လျှောက် ရေကြောင်းပြများအား စေ့စေ့ကြည့်ရင်း လက်ကိုင်ဘီးကို ကျွမ်းကျင်စွာလှည့်၍ မောင်းနေသည်။ တချို့ ရေကြောင်းပြအမှတ်အသားများက မြစ်ကြောင်းတစ်လျှောက် အလှူးလိုက်မသွားဘဲ ထောင့်ဖြတ်သွားရန်ပြနေကြ၏။ မြစ်ရေပြင်သည် တညီတညာတည်းရှိသော်လည်း ရေအနက်ကမတူညီပါ။ ရေလမ်းထိန်းသိမ်းရေးက မြစ်ကြောင်းတစ်လျှောက် တိုင်းတာပြီး ရေစူးနက်သည့်နေရာများမှ သင်္ကေတမောင်းနှင်ကြရန်ပြထားခြင်းဖြစ်၏။ အန္တရာယ်ကင်းသည့်မြစ်ကြောင်းတွင် ဆက်သွားရန် ဗော့လုံးများချထား၏။ တချို့နေရာများတွင် သတ်မှတ်ထားသောရေကြောင်းအတွင်းမှသွားရန် စိုက်ထူထားသောဝါးလုံးများရှိ၏။ အဖြူအနက်ကျားဝါးလုံးများ၊ ဆေးနီသုတ်ထားသောဝါးလုံးများဖြစ်၏။ တံစူးငုတ်ရှိသောနေရာများ၌ ဝါးလုံးကို အနီနှင့် အနက်ဆေးခြယ်ထားပြီး ဝါးအတွဲလိုက်စိုက်ထူထား၏။ သည့်ပြင် အန္တရာယ်ပြဗော့လုံးအနီရောင်များပါထားလိုက်သေးသည်။

နေရောင်အောက်မှလိုင်းကြက်ခွပ်တို့ကြောင့် မြစ်ပြင်သည် စိန်မှုန်တို့ကြဲထားသကဲ့သို့ရှိ၏။ စိန်ဌေးလှိုင်အညာဆန်မော်တော်ကြီးသည် မြင်းကောင်ရေ (၁၅၀) အား ဟီးနိုးအင်ဂျင်၏ စွမ်းအားဖြင့် တဒီးဒီးမြည်လျက် ချင်းတွင်းကိုဆန်တက်လျက်ရှိသည်။ ဥယျာဉ်မရွာကိုဖြတ်သန်းစဉ် ပြည်တွင်းရေကြောင်းမှ စီပီဘီသင်္ဘောကြီးတစ်စင်းဆိုက်ကပ်ထားသည်ကိုတွေ့ရ၏။ ခရီးသည်အနည်းငယ် အတက်အဆင်းလုပ်နေကြသည်။

"ဆလင်ကြီး ထမင်းစားတော့မလား၊ ဆယ့်တစ်နာရီခွဲပြီလေ"

"နေဦး၊ ရှေ့မှာ ဝက်သိုက်ဝကြီးရှိတယ်။ ရေကျချိန်ဆိုပေမယ့် ဒီဝကစိတ်ချရတာမဟုတ်ဘူး။ ကြွေရွာဆိပ်ကမ်းမှာဆီပုပါတွေချမှ ငါထမင်းစားမယ်။ မင်းတို့စားထားနှင့်။ အိုက်မြင့် မင်းထမင်းစားနဲ့ဦး။ ဝက်သိုက်ဝကို ငါဘယ်လိုရှောင်သလဲဆိုတာ ဗဟုသုတဖြစ်အောင်ကြည့်ထား"

ချင်းတွင်း ဧရာဝတီမြစ်ကြီးများတွင် နာမည်ကျော်ဝကြီးများဖြစ်ပေါ်လာရခြင်းသည် ရေအောက်ကျောက်ဆွယ်ကျောက်တန်းများ၊ ကမ်းပါးတောင်ဆွယ်များမှ မြစ်အတွင်းအထိ ကျောက်ဆွယ်တန်းကြီးများတည်ရှိနေမှုကြောင့် ရေစီးသည် ၎င်းကျောက်တန်းအားတိုးဝင်ရာမှ ဝဲကြီးများဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ရေစီးနည်းသော ဆောင်းနှင့်နွေကာလများ၌မသိသာသော်လည်း ရေစီးနှုန်းပြင်းထန်သည့်မိုးကာလ၌မူ ဝဲကြီးများအရှိန်အဟုန်ပြင်းထန်လာပြီး ဖြတ်သန်းသွားလာနေသည့် လှေ၊ မော်တော်၊ သင်္ဘောများ၊ သစ်ဖောင်ဝါးဖောင်များအား ဒုက္ခပေးကြပါတော့သည်။

ဝက်သိုက်ဝသည်လည်း ကျိုက္ခဲ့သို့ကျောက်ဆွယ်တန်းများကြောင့်ဖြစ်ပေါ်လာရခြင်းဖြစ်၏။ ယခုအချိန်၌မူ မိုးရာသီကုန်ဆုံးပြီဖြစ်၍ ဝဲသည် သူမသိသလိုနေပါ၏။ သို့သော်လည်း သင်္ဘောမောင်းနှင်နေသူဆလင်တွေက ပမာမခန့်မလုပ်ကြ။ ရှောင်ကွင်း၍သွားကြသည်။ ဝဲကြီးက မိုးကာလကလို အရှိန်အဟုန်နှင့်ဝဲလှည့်ခြင်းမရှိသော်လည်း ရေဂယက်တို့ထလျက်ရှိနေသည်။ ဆလင်ကြီးဦးစီးမြစ်အနောက်ဘက်မှ ကပ်မောင်းကာ ဝဲကြီးနှင့်လွတ်သွားမှ ကြွေရွာရှိရာအရှေ့ဘက်ဆိပ်ကမ်းသို့ ကန့်လန့်ဖြတ်မောင်းသည်။ ကြွေရွာဆိပ်ကမ်းကား သစ်ဖောင်များဖြင့် ရှုပ်ထွေးနေ၏။ မဟာမြိုင်တောကြီးမှာသစ်ခုတ်ကြပြီး ကြွေရွာအရောက် သစ်တင်ကား၊ ချောင်းများမှမျောချသစ်တိုက်ကြပြီး ထိုရွာမှတစ်ဆင့် ချင်းတွင်းမြစ်အတိုင်း စုန်ဆင်းဖောင်မျှောကြမည် ဖြစ်သည်။

မော်တော်ခေါင်မိုးပေါ်မှ ရိက္ခာခြောက်များ၊ မော်တော်ဝမ်းအတွင်းမှ ဆန်အိတ်အချို့နှင့် ဒီဇယ်ဆီပီပါဆယ်လုံးချပြီးသော် နေမွန်းတိမ်းနေပြီဖြစ်သည်။

"ကလင်. . . ကလင်. . . ကလင်"

ဆလင်ကြီးက စက်ခန်းသို့ အင်ဂျင်နှိုးပြီးပြီဖြစ်၍ ဂီယာသွင်းရန်အချက်ပေးလိုက်သည်။ စိန်ဌေးလှိုင်မော်တော်သည် ရေကြောင်းပြတော်ယာများအတိုင်း ချင်းတွင်းအား ဆန်တက်လာပါသည်။

"နေမဝင်ခင် ကလေးဝကိုရောက်မှဖြစ်မယ်။ စက်ဆရာကိုသွားပြောအိုက်မြင့်၊ စက်ကို ရသလောက်အထိ အရှိန်မြှင့်ပါလို့"

အိုက်မြင့် စက်ခန်းဝမှနေပြီး စက်သံများကြားမှ စက်ဆရာကြီးကြားအောင်အော်ပြောရ၏။

စက်ဆရာကြီးကလည်း အင်ဂျင်ရေလည်အုံအပူချိန်၊ အင်ဂျင်ဝိုင်အပူချိန်များကိုကြည့်ပြီး ရသလောက်အထိ အမြင့်ဆုံးတင်၏။ သူလည်း ကလေးဝကို မိုးမချုပ်ခင်ရောက်ချင်နေသည်။ အဘယ့်ကြောင့်ဆိုသော် ဆိပ်ကမ်းမှာ ကွမ်းယာရောင်းသည့်ကောင်မလေးက သူ့အငယ်လေးဖြစ်နေသောကြောင့်တည်း။

■

နေမင်းကြီးသည် ရွှေသမင်တောင်တန်းကြီး၌ မေးတင်နေပြီး ကလေးဝဆိပ်ကမ်းထက် တောင်ကုန်းပေါ်ရှိ ရွှေမုဋ္ဌောစေတီအား တစ်နေ့တာ၏ နောက်ဆုံးအချိန်အဖြစ် ပူဇော်နေပါသည်။ မြစ်ကမ်းအနောက်ဘက်တွင် မြစ်သာမြစ်သည် ချင်းတွင်းမြစ်ကြီးအတွင်းသို့ လေးဖင့်စွာစီးဝင်နေ၏။ မြန်မာနိုင်ငံအတွင်း ပြောင်းပြန်စီးသောမြစ်များထဲမှ နာမည်ကျော်မြစ်တစ်မြစ်ပါတည်း။

ချင်းတွင်းအဝင်မှာ မြို့မုံရွာ၊ ချင်းတွင်းအထက်ကျ ကလေးဝ ဟူသော ဒေသိယစာချိုးလေးရှိ၏။ ချင်းတွင်းမြစ်အတွင်း စည်ကားလှသောမြို့နှစ်မြို့အား စာဖွဲ့ထားခြင်း ဖြစ်၏။

ကလေးဝမြို့သည် ချင်းတွင်းမြစ်နှင့်မြစ်သာမြစ်ဆုံတွင်တည်ရှိပြီး ကလေးမြို့မှတစ်ဆင့် အိန္ဒိယနယ်စပ် တမူးအထိ ကားလမ်းပေါက်၍ အချက်အချာကျသောမြို့ဖြစ်သည်။ ချင်းပြည်နယ်၏ တံခါးဝဟုလည်းဆိုနိုင်ပါသည်။ ရေဦး၊ တန့်ဆည်၊ ရွှေဘိုမှ မဟာမြိုင်တောကြီးအားဖြတ်ပြီး ကလေးဝမှစတစ်ဆင့်အိန္ဒိယနယ်စပ်သို့ ကုန်စည်စီးဆင်းနေသောမြို့လည်းဖြစ်၏။ ချင်းတွင်းမြစ်ကြီးက ကလေးဝဆိပ်ကမ်းအားဦးတိုက်ပြီး ကွေ့ဝိုက်စီးဆင်းနေပါသည်။

တောင်ဆွယ်မှာ နေကွယ်ချေပြီ။ ကလေးဝဆိပ်ကမ်းမှာ မီးရောင်တို့ဖျိုးဖျိုးဖျဖျ လင်းလက်လာ၏။ ဆိပ်ကမ်းအလွန် တောင်ကုန်းထိပ်မှ ရွှေမုဋ္ဌောစေတီသည် ပူဇော်ထားသောလျှပ်စစ်မီးရောင်ကြောင့် သပ္ပာယ်လှပါပေစွ။

ဆလင်ကြီးက သင်္ဘောစောင့်ရင်းကျန်ရစ်သည်။ စက်ဆရာကား အငယ်လေးရှိရာ ဆိပ်ကမ်းထက် ကွမ်းယာဆိုင်သို့ပြေးလေ၏။ နောက်နေ့မနက်မှ ပြန်လာမည်ဖြစ်၏။ မောင်ကြီးခေါင်းဆောင်ပြီး ဆိပ်ကမ်းမှ တရုတ်ခေါက်ဆွဲဆိုင်သို့ ချီတက်ကြသည်။ ဆလင်ကြီးက ကမ်းပေါ်တက်ပြီးသောက်ခွင့်ပြုသည်။ မော်တော်သားတွေ တစ်နေ့ပြီးတစ်နေ့ မော်တော်ပေါ်မှာပဲ အချိန်ကုန်ကြရရာ တစ်ခါတလေကမ်းပေါ်တက်ပြီးသောက်စားခွင့်ပေးလိုက်တော့ သူတို့လည်း စိတ်လက်ပေါ့ပါးသွားကြမည်ဖြစ်သည်။ ညဉ့်

www.burmeseclassic.com

www.burmeseclassic.com

နက်အောင်မနေဖို့နှင့် ရန်မဖြစ်ဖို့တော့ မှာရသည်။

နောက်နေ့မနက်မှာ မော်တော်အမိုးပေါ်မှ ကုန်တွေကိုအရင်ချသည်။ မုံရွာမှတင်လာသည်က စုံစီနဖာဖြစ်၏။ ဆလင်ကြီးက စာရင်းစာရွက်ကိုင်ပြီးချရမည့်ကုန်တွေကိုပြသည်။ မောင်ကြီးခေါင်းဆောင်၍ချသည်။ ကလေးဝဆိပ်ကမ်းမှ အလုပ်သမားတွေက မော်တော်မှတစ်ဆင့် ကမ်းပေါ်သို့ထမ်းသွားကြသည်မှာ ပုရွက်ဆိတ်လေးတွေ အစာခွံသွားသကဲ့သို့မြင်ရ၏။ ရေစပ်နှင့် ကမ်းပါးအပေါ်ကလည်း တော်တော်မြင့်၏။ ချင်းတွင်းမြစ်သည် မိုးကာလရေတက်လာလျှင်လည်း လျင်မြန်သလို မိုးကုန်၍ ရေကျပြီဆိုလျှင်လည်း မြန်လေ၏။ ဟိုတစ်ကွက်သည်တစ်ကွက်သောင်ပြင်ကြီးတွေပင်ပေါ်လာတော့သည်။

"မောင်ကြီး၊ ခေါင်မိုးပေါ်ကကျန်တဲ့ပစ္စည်းတွေကိုနေရာပြန်ချဦး။ပြီးတော့ မစိန်ရွာမှာဆီပီပါအလုံးငါးဆယ်ချမယ်။ ဆန်အိတ်တစ်ရာချမယ်။ မစိန်မှာပဲညအိပ်မယ်"

"ဟုတ်ကဲ့ ဆလင်ကြီး၊ ဒီဇယ်ဆီပီပါတွေနဲ့ ဆန်အိတ်တွေချပြီးသွားရင် အမိုးပေါ်ကပစ္စည်းတွေ ကုန်းပတ်ပေါ်ကိုရွှေ့မယ်လေ"

ကလေးဝနှင့် ဟုမ္မလင်းအားရက်တစ်ပတ်ခန့် မောင်းရဦးမည်ဖြစ်သည်။ ကလေးဝနှင့် မစိန်မြို့လေးက (၁၈) မိုင်ခန့်သာဝေး၏။ မစိန်မြို့အနီးချင်းတွင်းမြစ်ကြမ်းပြင်မှာ ရွှေတွေ့သောကြောင့် ငြိန်းသဲ (ရွှေပါသောသဲနုန်း) စုပ်သည့်မော်တော်တွေရာနှင့်ချီ၍ရှိနေကြသည်။ ရွှေမုဆိုးတွေ ချင်းတွင်းမြစ်အားအရေခွာနေကြပြီဖြစ်သည်။ လိုအပ်သည့်လောင်စာဆီအား အညာဆန်မော်တော်များမှတစ်ဆင့်မှာကြသည်။ ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်များ စသည့်ရိက္ခာကိုလည်းမှာကြ၏။ မစိန်ရောက်လျှင် မော်တော်ပေါ်တင်လာသော ကုန်တစ်ဝက်လောက်ပေါ့သွားမည်ဖြစ်သည်။ ကလေးဝမှ မော်တော်ထွက်တော့ စက်ဆရာက စက်နှိုးပြီးသည်နှင့် မော်တော်ဘေးလက်တန်းမှာရပ်၍ ဆီပ်ကမ်းဆီသို့လက်ပြနေသည်။ ကမ်းပါးစောက်ထက်မှ ကောင်မလေးတစ်ယောက် ရပ်ပြီးလက်ပြနေ၏။ စက်ဆရာ၏ ကိန္နရီကိန္နရာခဲ့ချောင်းခြားသည့်ဇာတ်လမ်းကိုကြည့်ပြီး မောင်ကြီးတို့အုပ်စုရယ်ကြ၏။ ဧရာဝတီ၊ ချင်းတွင်းမြစ်တွေမှ သဘော်သားတို့၏တစ်ရွာတစ်ကျိဆောက်သည့်အလေ့အကျင့်ပဲဖြစ်ပါ၏။

ဆလင်ကြီးက ရေကြောင်းပြအမှတ်အသားများအား သေသေချာချာကြည့်ပြီးမောင်းနေသည်။ မြစ်သည် ရေကျသွားလေ စီးပါး၊ သောင်တိမ်၊ တံစူးများဖြင့် အန္တရာယ်များလာ၏။

"ရှေ့မှာလောင်းဂရိတ်ဝဲ၊ ပေဝဲနဲ့ မစိန်ဝဲကြီးတွေရှိတယ်။ ဂရုမစိုက်လို့တော့မရဘူးကွ"

ဆလင်ကြီးပြောပြနေသည်များကိုနားထောင်ရင်း အိုက်မြင့် မြစ်ကမ်းဝဲယာနှစ်ဖက်သို့ ငေးမောကြည့်နေမိသည်။ တောင်ကုန်းတောင်တန်းတို့ကပြေလျော်သွားလိုက်မတ်စောက်သွားလိုက်မြင်ရ၏။ သစ်တောဝါးတောကြီးတွေက ထူထပ်လွန်းသည်။ မြစ်အကွေ့နေရာများတွင် သောင်ပြင်ကျယ်ကြီးများထွန်းလာ၏။ စစ္စလီ၊ ရောဲ၊ ဟင်္သာ စသည့် ရေပျော်ငှက်များက သောင်ပြင်ထက်၌ နားခိုနေကြသည်။ မယ်ညိုငှက်တစ်အုပ် ရေပြင်ထက် ရှုပ်ပျံသွားကြသည်။

"ဆရာ ကျွန်တော်တို့ခန္ဓီးကို ဘယ်တော့မှရောက်မှာလဲ"

"နှစ်ပတ်လောက်လိုသေးတယ်။ ငါတို့မော်တော်ကကုန်မှာထားတဲ့ဆီပ်ကမ်းတွေမှာ ကုန်ဝင်ချရတဲ့အပြင် နေမဝင်မီ ညအိပ်ဖို့ ဆီပ်ကမ်းရွာကိုအရောက်မောင်းရတယ်လေ။ ဒါတောင် မစိန်မြို့အထက်ဘက် သငါရေဆင်းလို့ခေါ်တဲ့ နတ်သမီးဆင်းမှာ အဆင်ပြေပါမှ ခရီးတွင်တာ။ အဲဒီနေရာမှာ မော်တော်တွေ မကြာခဏဆိုသလို သောင်တင်လိုက်၊ တံစူးထိုးမိလိုက်နဲ့ ပျက်ကြတယ်။ ရေကြောင်းကအရမ်းကြပ်တာကိုး"

ဆလင်ကြီးပြောပြမှ ချင်းတွင်းမြစ်မှာ စုန်ဆန်သွားလာနေကြသော အစိုးရပိုင် စီပီဘီနှစ်ထပ်သင်္ဘောကြီးများ၊ ဟုမ္မလင်းနှင့် ခန္ဓီးအစုန်အဆန်ခရီးသည်ပို့ပေးနေသော အစိုးရတစ်ထပ်ရေယာဉ်များ၊ ပုဂ္ဂလိကပိုင် ပဲ့ထောင်၊ မော်တော်၊ အမြန်ရေယာဉ်များ၏ အခက်အခဲကို သိလာခဲ့ရသည်။ ဘယ်လောက်ပင် ရေကြောင်းကျွမ်းပါစေ တစ်ချက်သတိလစ်သွားသည်နှင့် ဒုက္ခတွေ့ကြရသည့်ဇာတ်လမ်းတွေကိုလည်း ဆလင်ကြီးက သင်္ဘောမောင်းရင်း ရှင်းပြ၏။

ဤသို့ဖြင့် လောင်းဂရိတ်ဝဲ၊ ချင်းတွင်းမြစ်အထက်ပိုင်းတွင် နာမည်ကြီးပေဝဲကြီးအားကျော်ဖြတ်ပြီး မစိန်မြို့လေးနားသို့ရောက်လာ၏။ ငြိန်းစုပ်နေသော မော်တော်များကိုလည်း ရှောင်ရသေးသည်။ မစိန်မြို့လေးသည် မြစ်အရှေ့ဘက်ကမ်းခွံရှိပြီး မြစ်အနောက်ဘက်တွင် ကျောက်ဆွယ်တန်းကြီးတစ်ခုကမြစ်ထဲသို့ထိုးထွက်နေသည်။ ထိုကျောက်ဆွယ်တန်းကြီးအား ရေဦးထိုးသောအခါဝဲကြီးဖြစ်လာပါတော့၏။ မိုးအကုန်ဆောင်းအကူးမို့ ဝဲတွေက ဒုက္ခသိပ်မပေးသော်လည်း မိုးကာလ၌ ကြောက်စရာဝဲကြီးများဖြစ်သည်။ နေမဝင်မီ မစိန်မြို့လေးသို့ရောက်သည်။ မြို့လေးသည် ရွှေထွက်သည့်ချင်းတွင်းမြစ်လယ်ရှိ မစိန်မှော်ကြောင့် ရွှေမုဆိုးများ ခြေချင်းလိမ်နေပြီး စည်ကားနေပါသည်။ ရေပျော်ငှက်တို့ မြစ်အရှေ့သို့လည်းကောင်း၊ မြစ်အနောက်ဘက်သို့ လည်းကောင်း အုပ်လိုက်အိပ်တန်းတက်ရန် ပျံသန်းကြလေပြီတည်း။

■

ဤသို့ဖြင့် ရေကြောင်းကျပ်သောနတ်သမီးဆင်းအား အခက်အခဲမရှိဖြတ်ကျော်လာပြီး တစ်ရွာဝင်တစ်ရွာထွက် မော်လိုက်၊ ဖောင်းပြင် အစရှိသောမြို့များကိုဖြတ်ကျော်ပြီး ရက်သတ္တတစ်ပတ်ခန့်မှာတော့ ဟုမ္မလင်းမြို့သို့ရောက်လာကြပါသည်။ ဟုမ္မလင်းမှာ တစ်ရက်နှစ်ပြီး စက်ဆရာက အင်ဂျင်၏ဆီစစ်ဘူးများ၊ ရေလယ်အုံဖစ်တာများဖြုတ်ဆေးသည်။ မော်တော်ပေါ်တွင်လည်း ဒီဇယ်ဆီပီပါနှစ်ဆယ့်ငါးလုံးနှင့် စားသောက်ကုန်များ၊ တရုတ်နိုင်ငံထွက် လူသုံးကုန်ပစ္စည်းအချို့သာ ကျန်တော့သည်။ ဟုမ္မလင်းမှ ခန္ဓီးခရီးတွင် ထမသီရွာ၌ ကုန်ချရာ အနည်းငယ်သာပါ၏။ ကျန်သည့်ကုန်များက ခန္ဓီးမှာချရမည်ဖြစ်သည်။

စက်ဆရာမှ အင်ဂျင်အား ပြုပြင်စစ်ဆေးပြီးသွားသောအခါ သူတို့မော်တော်ဆက်ထွက်လာခဲ့၏။ ကွေ့ကောက်လွန်းသော ချင်းတွင်းသည် သောင်ပြင်ကြီးများဖြစ်ပေါ်လာသည့်နည်းတူ ရေကပါးသည်ထက်ပါးလာ၏။ စဲယာနှစ်ဖက်ကမ်း၌ တော့အုပ်ကြီးတွေကလည်းထူသည်ထက်ထူလာသည်။ သောင်ပြင်မှာ ချင်းတွင်းအောက်အရပ်မှ ကြိမ်၊ သင်လုပ်ငန်းလာရောက်လုပ်ကိုင်သည့် တဲတန်းစုများအား တွေ့ရသည်။ ကမ္ဘာမြောက်ဖျားမှ ဆောင်းခိုသည့် ငန်းရိုင်းတချို့အုပ်လိုက်ဖွဲ့ပြီး ချင်းတွင်းမြစ် သဲသောင်များပေါ်တွင် ဆောင်းလာခိုသည်ကိုတွေ့ရ၏။ အော့ အော့ အဲ အော့ အော့ အဟူ အော်မြည်ကြရင်း သဲသောင်တစ်ဖက်လျှောက် အစာရှာနေကြသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com

ထမံသီဟုခေါ်သော လူက ကျား ဖြစ်သည့်ဒေသသို့ရောက်ခဲ့၏။ ယခု အချိန်မှာ ထိုအတတ်ပညာသံသည် ကွယ်ခဲ့ပြီဖြစ်သော်လည်း ဒေသသမိုင်းမှာ စာတင် ခြင်းခံရသည့် 'တိုတမ်အယူအဆပညာရပ်' သည် တစ်ချိန်က ထမံသီမှာရှိခဲ့ဖူးပါ၏။ ထမံသီရွာမှာ ကုန်ချပြီးဆက်ထွက်လာသော် သက်နိုင်အထုပ်အပိုးပြင်လေသည်။ ဆလင်ကြီးက မျက်နှာမကောင်းပါ။ မောင်ကြီးတို့အုပ်စုက သက်နိုင်ထက် စာလျှင် အိုက်မြင့်ကို ပို၍ သံယောဇဉ်ရှိကြသည်။ နောက်ဆုံးအကြိမ် အဆွယ် တရားဟောကြသည်။သို့သော် အိုက်မြင့် စိတ်ကိုတုံးတုံးချထားလိုက်သည်မှာ ခန္ဓီး မော်ထဲမှာ ကျောက်အောင်မှ မန္တလေး ကိုပြန်မည်ဟူ၍တည်း။ အကယ်၍မျှား မပြောကောင်းပြောကောင်းအဆင်မပြေခဲ့လျှင် မုံရွာမှလာစောင့်နေဖို့ ဒါမှမဟုတ် ခန္ဓီးမှာပဲ စိန်ဌေးလှိုင်မော်တော်ကိုစောင့်ဖို့မှာကြသည်။

ခန္ဓီးမြို့ကိုဝင်တော့ ညနေစောင်းပြီဖြစ်၏။ မော်တော်မှာပဲ ညအိပ်ပြီး မနက်ကျမှသွားကြရန် ဆလင်ကြီးက ပြောသည်။ နံနက်လင်းသောအခါ ဆိပ်ကမ်းရှိစျေးလေးသည် စျေးဝယ်သူများဖြင့် သက်ဝင်လှုပ်ရှားနေပါသည်။ သူတို့နှစ်ယောက် ဆလင်ကြီးနှင့် စက်ဆရာအား ကန်တော့သည်။

"အေးကွယ်၊ ယောကျ်ားတို့မည်သည် ဆုံးဖြတ်ချက်တစ်ခုချပြီးရင် မဆုတ်မနစ်သော ဇွဲလုံ့လဝီရိယနဲ့ ကြီးစားအောင်မြင်မှာပါ။ ရတနာသုံးပါးမမေ့နဲ့၊ ခန္ဓီးတောထဲက ငှက်ဖျားထူတယ်။ အနေအထိုင်သတိထား။ ရော့-မင်းတို့အတွက် လမ်းစရိတ်ပေးလိုက်မယ်"

သံယောဇဉ်ကြောင့် ဆလင်ကြီး အသံအနည်းငယ်တုန်နေ၏။ ငွေငါး ထောင်ထုတ်ပေးသည်။ မောင်ကြီးတို့ လူစု ဘယ်တုံးကဝယ်ထားသည်မသိပါ။ ဒန်အိုးအကြီးအသေးနှစ်လုံး၊ ဒယ်အိုးတစ်လုံး၊ ထမင်းစားပန်းကန်ပြားနှစ်ချပ်၊ ဟင်းထည့်သည့်ပန်းကန်လုံးနှင့်ဇွန်းအချို့ အားမွေ့အရေခွံအိတ်ထဲထည့်ထားသည်။ အိတ်ထဲမှာ ဆန်၊ ဆီ၊ ငါးပိ၊ ငါးခြောက်နှင့် ကုလားပဲအနည်းငယ်ပါ၏။

"အိုက်မြင့်၊ သက်နိုင် သူငယ်ချင်းတို့ ငါတို့ရဲ့လက်ဆောင်ပါ ယူပါကွာ။ ငါတို့တစ်ခုပဲပြောချင်တယ်။ 'တကယ်လို့' များ မင်းတို့ကျောက်အောင်လို့ သူဌေးကြီးတွေဖြစ်သွားရင် ငါတို့မုံရွာဆိပ်ကမ်းကို တစ်ခေါက်လောက်လာခဲ့ပါ။ လာပြီး နှုတ်ဆက်ပါဆိုတာပဲ"

အသံတုန်တုန်ဖြင့်ပြောနေသော မောင်ကြီးကိုကြည့်ပြီး အိုက်မြင့် ဘာမှ မပြောနိုင်ပါ။ မျက်ရည်ဝဲပြီးကြည့်နေမိသည်။

သက်နိုင်က -

"စိတ်ချ သူငယ်ချင်း၊ ငါတို့ကြီးစားမယ်။ အောင်မြင်လာရင် ဘဝမမေ့ဘူး။ မင်းတို့ မုံရွာကိုပြန်လာခဲ့မယ်။ မော်တော်တစ်စင်းဝယ်ပြီး အတူတူလုပ်စားကြမယ်လေ"

သက်နိုင်စကားကြောင့် သူတို့တွေ ပြုံးသွားကြပြီး သူတို့နှစ်ယောက်၏လက်များအား တင်းကျပ်စွာဆုပ်ကိုင်ထားကြ၏။ သူတို့နှစ်ယောက် ကုန်းဘောင်ပျဉ်ပြားပေါ်မှ ဆင်းသွားကြသောအခါ ဆလင်ကြီးမှစ၍ မော်တော်ပေါ်မှလူများငေးကြည့်နေကြပါသည်။ ကမ်းပါးစောင်းထိပ်ရောက်တော့ အိုက်မြင့်တို့ မော်တော်ဘက်ဆီသို့ လှည့်ကြည့်ပြီး လက်ပြန့်တ်ဆက်သည်။ မော်တော်ပေါ်မှသူတွေကလည်း တစ်ပြိုင်နက်လက်ပြကြ၏။သူတို့နှစ်ယောက် ခန္ဓီးမြို့ကမ်းနားစျေးတန်းလူအုပ်ထဲဝင်ပြီး ပျောက်ကွယ်သွားပါတော့သည်။

■

"အိုက်မြင့်၊ ဒီကျောက်ကို ငါတို့အသက်နဲ့လဲပြီးသယ်မယ်"

"မင်းဘယ်လမ်းကနေဆင်းမှာလဲ သက်နိုင်"

"တောထဲဖြတ်ဝင်မယ်။ တစ်ရက်ခရီးဆိုရင် လုံးခင်း၊ ဖားကန့်ကိုရောက်မှာ။ အဲဒီကမှ ကာမိုင်း-မိုးကောင်းလမ်းအတိုင်းဆင်းပြီး ရထားနဲ့မန္တလေးကိုဆင်းမယ်"

"ငါကတော့ ခန္ဓီးပြန်ပြီး စိန်ဌေးလှိုင်မော်တော်ကိုစောင့်ချင်တယ်"

"ဒီမှာ အိုက်မြင့်၊ ရေလမ်းကအရမ်းကြာတယ်။ ကားလမ်းအတိုင်းဆိုရင် သုံး၊ လေးရက်နဲ့ ရန်ကုန်ကိုရောက်သွားနိုင်တယ်"

"ဒါဆိုရင် မင်းကျောက်ကို ဘယ်လိုသယ်မလဲ သက်နိုင်"

"ငါစဉ်းစားပြီးပြီ။ အနောက်ဘက်ရှမ်းရွာမှာ တို့စျေးဝယ်နေကျဆိုင်ရှိတယ်။ ဆတ်သားရရင် တစ်ကောင်လုံးလိုချင်တယ်လို့ ငါမှာပြီးပြီ။ အမဲချဉ်လည်းရသလောက်ယူမယ်လို့ပြောပြီးပြီ။မင်းရယ် ငါရယ်ရှမ်းလိုဝတ်ပြီး အဝတ်အစားနှစ်စုံလောက်ကို ကျောပိုးအိတ်ထဲထည့်၊ ဝါးထမ်းပိုးရွေ့နောက်မှာ ဆတ်သားခြောက်ခြင်းနဲ့ အမဲချဉ်ခြင်းဆွဲပြီး ဖားကန့်မော်ထဲကို ဆတ်သားခြောက်သွားရောင်းတဲ့မုဆိုးတွေလို ဟန်ဆောင်ကြမယ်။ အမဲချဉ်တောင်းထဲမှာ ကျောက်ကိုလုံအောင်ဖွက်ပြီးယူမယ်ကွာ"

"မင်းကတော့ အကြံထွက်ပါကွာ၊ ငါ မင်းကို ဆရာတင်ပါတယ်"

သူတို့နှစ်ယောက် ရှမ်းရွာလေးရောက်တော့ မှာထားသည့် ဆတ်သားခြောက်နှင့် အမဲချဉ်များက အဆင်သင့်ရှိနေ၏။ စျေးဝယ်နေကျဖြစ်၍ ထိုရွာသားတို့က သူတို့နှစ်ယောက်အား ခင်နေကြသည်။ တောထဲမှာ ဒုက္ခလာခံနေသူများဟုသတ်မှတ်ပြီး သနားနေကြသည်။ ရှမ်းဘောင်းဘီ၊ တိုက်ပုံအနက်ကိုယ်စီနှင့် ခေါင်းမှာအဝတ်စည်း၍ ထမ်းပိုးကိုယ်စီလွယ်လိုက်သော်အခါ ရှမ်းမုဆိုးများဖြစ်သွားကြတော့၏။ အိုက်မြင့်က ရှမ်းနှင့်ပိုတူသည်။အမဲချဉ်ခြင်းထဲမှာက ပလတ်စတစ်စနှင့် အထပ်ထပ်ထုပ်ထားသော ကျောက်စိမ်းတုံးရှိနေ၏။ ကျောက်တူးသည့်ပစ္စည်းများ၊ ရွှေကျင်သည့်ပစ္စည်းတွေအား တဲမှာပဲထားခဲ့ကြသည်။ သူတို့နှစ်ယောက် တဲလေးအား နောက်ဆုံးအကြိမ်ကြည့်ပြီး တောလမ်းအတိုင်းစမ်းချောင်းနံဘေးကပ်လျက် တက်သုတ်နှင်ကြပါတော့သည်။ စမ်းချောင်းလေးသည် အရှေ့စူးစူးသို့ စီးဆင်းနေပြီး ဥရုမြစ်အတွင်း ချောင်းတစ်ချောင်းအဖြစ် စီးဝင်သည်။

"သက်နိုင်၊ မင်းလမ်းကိုသေသေချာချာသိပါတယ်နော်"

"ငါ အဘလုံကိုမေးပြီးပြီ။ ဒီစမ်းချောင်းအတိုင်းသာလိုက်သွား၊ ဥရုမြစ်ကိုရောက်တယ်။ ဥရုမြစ်ရောက်ရင် ဖားကန့်ကိုရောက်ပြီ"

"အေးပါကွာ၊ ရွေ့က ဘိုင်ပင်ကြီးအောက်မှာ ခဏနားပြီး ထမင်းစားကြမယ်။ ငါဗိုက်ဆာပြီ"

သစ်ပင်ကြီးအောက်ရောက်သော် အထမ်းများချ၍ ထုပ်ယူလာသော ကောက်ညှင်းပေါင်းများနှင့် ဆတ်သားခြောက်ဖုတ်အားစားကြသည်။ ဘိုင်ပင်ကြီးကအရွက်တွေတဖြောင်းဖြောင်းကြွေနေ၏။ မကြာမီ မိုးကျတော့မှာပါလား။ သူတို့နှစ်ယောက် မိုးမကျမီ ဖားကန့်မှရအောင်ထွက်ရမည်မဟုတ်ပါလား။

"မလှုပ်နဲ့၊ မင်းတို့ဘယ်ကလဲ"

သေနတ်တွေဖြင့် ချိန်ထားသော အစိမ်းရောင်ယူနီဖောင်းဝတ်များကိုတွေ့လိုက်ရ၏။ အိုက်မြင့် စားနေသည့် ကောက်ညှင်းပေါင်းပင် ပြုတ်ကျသွားသည်။ ယူနီဖောင်းကိုကြည့်ပြီး ကေအိုင်

www.burmeseclassic.com

www.burmeseclassic.com

အေမှန်းသိလိုက်ရသည်။

"ငါတို့နန်ချောရွာက မုဆိုးတွေပါ ဗိုလ်ကြီးတို့။ ဖားကန့်ကို ဆတ်သားခြောက်သွားရောင်းမလို့ပါ"

"မင်းတို့ရွာမှာ ဘာလို့မရောင်းတာလဲ"

"တို့ရွာက အိမ်ခြေနှစ်ဆယ်ပဲရှိတယ်လေ။ ဖားကန့်မှော်ထဲမှာရောင်းရင် စျေးကောင်းရလို့ပါ"

တစ်ယောက်က ခြင်းကိုဖွင့်ကြည့်၏။ ငှက်ပျောဖက်များဖြင့်ထုပ်ထားသော ဆတ်သားခြောက်များကို တွေ့ရသည်။ နောက်တစ်ခြင်းမှ ငှက်ပျောရွက်များကိုဖယ်လိုက်သော် ချဉ်စုတ်စုတ်အနံ့နှင့်အတူ အမဲချဉ်အတုံးများအားတွေ့ကြသည်။

"အေး- ငါတို့စားဖို့နည်းနည်းပေး၊ ပြီးတော့ ဒီချောင်းအတိုင်းလိုက်သွား၊ ဥရုရောက်ရင်လှေကြုံလိုက်သွား၊ ဖားကန့်ရောက်ပြီ။ တော်တော်လောဘကြီးတဲ့ မုဆိုးတွေပဲ"

အိုက်မြင့် သွက်လက်စွာ ငှက်ပျောဖက်ဖြင့် ဆတ်သားခြောက်တစ်တွဲထုပ်ပေးလိုက်သည်။

ကေအိုင်အေစစ်သားတွေက သူတို့ပုံစံကိုကြည့်ပြီးရယ်ကြ၏။ သူတို့ စမ်းချောင်းအတိုင်း ခပ်သုတ်သုတ်လျှောက်ကြသည်။ တောသည် စွတ်စိုတောဖြစ်သော်လည်း နွေနှောင်းကာလဖြစ်သောကြောင့် သစ်ရွက်ဝါးရွက်ကြွေတို့က ထူထပ်လှသည်။ မြင့်မားလှသော ကျွန်းပင်ကြီးများ၊ အင်၊ ကညင်ပင်ကြီးများ၊ ထောက်ကြုံနှင့် ဘိုင်ပင်များကြားတွင် ကြက်ဥကြိမ်၊ ရေကြိမ်၊ တောင်ကြိမ်၊ ကြိမ်နီနှင့် ယမထာကြိမ်ပင်တို့က အုံနှင့်ကျင်းနှင့်ပေါက်နေကြ၏။ တင်းဝါးနှင့် ဝါးနီဝါးများကအရွက်တွေတသောသောဆွေခြနေကြသည်။ ချောင်းအစပ်မှ ကုန်းလျှောလေးအတိုင်း အမြင့်ပိုင်းမှာ အပင်ငယ်အချို့ကို သက်နိုင်မြင်သွား၍ အိုက်မြင့်အား ချောင်းစပ်မှာခဏနားနေရန်ပြောပြီး တောခုတ်ဓားခါးကြားထိုးပြီး တက်သွားသည်။ အပင်တချို့နှင့် အသီးတွေ တပွေ့ကြီးသယ်ချလာ၏။

"သက်နိုင် ဘာတွေလဲကွ၊ ဘာပင်တွေလဲ"

"ဘုမ္မရာဇာ၊ ကန့်ချုပ်နီနဲ့ ပိတ်ချင်းသီးတွေလေ။ အသီးတွေကို ဖက်နဲ့ထုပ်ပြီး ဆတ်သားခြောက်ခြင်းထဲထည့်လိုက်၊ အပင်တွေကို တံပိုးမှာစုချည်။ ဒါတွေက ငါတို့တွေကို လွတ်အောင်လုပ်လိမ့်မယ်။ မုဆိုးဆိုတာ တောထဲမှာ ပရဆေးပင်တွေ့ရင်လည်း ခူးရောင်းတာပဲမဟုတ်လား"

သက်နိုင်အကြံကို သူသဘောကျသွားသည်။ တော်တော်အကြံကောင်းသည့်ကောင်ဖြစ်၏။ ချောင်းလေးနှင့် ဥရုမြစ်ဆုံရောက်တော့ ကတူရွာလေးကို တွေ့ရသည်။ အိမ်ခြေသုံးဆယ်ခန့်တဲ့ရွာလေးဖြစ်သည်။ ရွာထိပ် လှေဆိပ်တဲလေးတွင် သူတို့စခန်းချကြ၏။ မိုးချုပ်နေပြီဖြစ်သည်။ ထင်းခြောက်များလိုက်ကောက်၍ မီးဖိုလိုက်သည်။ တောကနက်သေးတော့ သားကောင်ရန်ကရှိသေးသည်။ ဘာပဲဖြစ်ဖြစ် မနက်လင်းလျှင် လှေကြုံရှိနိုင်သည်။ ဥရုမြစ်ကြီးကတော့ တောင်ဘက်ချင်းတွင်းရှိရာသို့ တသွင်သွင်စီးဆင်းလျက်။

■

နံနက်လင်းပြီ။

နေလုံးကြီး၏ စူးရဲသောအလင်းတန်းများက ဥရုမြစ်ပြင်ထက် ကျရောက်လျက်ရှိသည်။ တံငါလှေတစ်စီး မြစ်အထက်ပိုင်းမှ စုန်ဆင်းလာသည်ကို တွေ့ရသည်။ စောင်ကျားတစ်ထည်အားရွက်လုပ်၍ မြောက်လေနှင့်အတူ ရေစုန်ဆင်းလာခြင်း ဖြစ်၏။

"ဟေ့ကောင် အိုက်မြင့်၊ ထထ ဟိုမှာ လှေတစ်စင်းစုန်လာတယ်။ ငါ့အထင် ဖားကန့်ကိုငါးသွားပို့တဲ့လှေဖြစ်မယ်"

"ဟေးဟေး"

သက်နိုင်က လှေကို အသံကုန်ထစ်၍ခေါ်သည်။ အိုက်မြင့် ရေစပ်မှာမျက်နှာသစ်ရင်း လှေကိုလက်ယပ်ပြ၏။ လှေက စောင်ကျားကြီးအားဖြုတ်လိုက်ပြီး လှေဆိပ်တဲအနီးဆိုက်ကပ်လာ၏။

"လှေက ဘယ်သွားမှာလဲ၊ လှေကြုံလိုက်ချင်လို့ပါ"

"ငါတို့လှေက ဖားကန့်ကိုငါးသွားပို့မလို့၊ နင်တို့ကဘာတွေလဲ"

"ငါတို့က မုဆိုးတွေပါ။ ဖားကန့်မှာ ဆတ်သားခြောက်သွားရောင်းမလို့"

"ငါတို့ကို ဆတ်သားခြောက်နည်းနည်းပေးရင် ခေါ်သွားမယ်"

"ပေးပါ့မယ် ခေါ်တင်သွားပါ"

"အေးအေး - တက်တက်၊ မုဆိုးတွေ တောထဲမှာ တောကောင်တင်မကဘူး၊ ဆေးပင်တွေပါနုတ်လာတယ်။ ပျားအုံတွေ့ရင် ပျားပါဖွတ်မှာလား"

"တွေ့ရင်တော့ ဖွတ်မှာပေါ့"

"မုဆိုး နင်စကားမကျယ်နဲ့။ ငါတို့ရွာမြောက်ဘက်က တောင်ကမ်းပါးယံမှာ ဂူကြီးတစ်လုံးရှိတယ်။ ပျားအုံကြီးတွေ လှည်းဘီးလောက်ရှိတယ်။ ငါတို့မဖွတ်ရဲဘူး။ ပျားက အဆိပ်အရမ်းပြင်းတယ်။ နောက်အော်နာဂတွေပဲလာဖွတ်ရဲကြတယ်။ဒီကောင်တွေလည်း ပျားဖွတ်ပြီးသွားရင် ပျားတုပ်ထားတာ ဖူးရောင်နေတာပဲ။ သူတို့တွေက ဘာသစ်ရွက်တွေလဲမသိဘူး ဝါးစားကြတယ်။ ဆေးမြစ်လည်းလိမ်းရော ပျားတုပ်တာပျောက်သွားရော့ ငါတို့က ဘာဆေးပင်လဲမေးတာ မပြောပြဘူးကွ"

သက်နိုင်က လှော်တက်တစ်ချောင်းယူပြီး ကူလှော်၏။

"ဘယ်ပြောမလဲ ဦးလေးရ၊ ပြောရင် ဦးလေးတို့ရွာသားတွေ ပျားအုံကိုဖွတ်ကြမှာပေါ့။ ဆေးဖက်ဝင်တဲ့အဆိပ်ပြေတဲ့သစ်ရွက်သစ်မြစ်နေမှာပေါ့"

မြောက်လေအရှိန် ရေစုန်မှာ လူသုံးယောက်လှော်အားဖြင့် နေ့လယ်ခင်းမှာပင် ဖားကန့်သို့ရောက်သည်။

"သက်နိုင် ငါတို့ဘယ်မှာတည်းမှာလဲ"

"မင်းကလည်း ဘယ်မြို့မဆို ဘုန်းကြီးကျောင်းရှိတယ်။ ဘုန်းကြီးကျောင်းမှာတည်းမှာပေါ့"

ဟုတ်သားပဲ၊ သူမေ့နေ၍ဖြစ်၏။ နှစ်ယောက်စလုံး ဘုန်းကြီးကျောင်းသားတွေပဲ။ ဘုန်းတော်ကြီးကို ဘယ်လိုလျှောက်ရမည်ကိုသိ၏။

ဤသို့ဖြင့် ဖားကန့်မှာ နှစ်ရက်ခန့်ခိုနေကြပြီး ဆေးပင်များကို ဝါးဆွဲခြင်းတစ်လုံးမှာထည့်၊ ဆတ်သားခြောက်ခြင်း၊ အမဲချဉ်ခြင်းများထမ်းပြီး ဟိုင်းလတ်လိုင်းကားဖြင့် မိုးကောင်းသို့ခရီးဆက်ကြသည်။ လမ်းမှာ စစ်တပ်ဂိတ်များအားဖြတ်သော် အစစ်ခံကြရ၏။ သူတို့နှစ်ယောက်ပုံက ဆေးပင်တွေ၊ အသားခြောက်တွေနှင့် တကယ့်ရှမ်းမုဆိုးများပုံပေါက်နေ၍ ခြင်းတွေထဲ အပေါ်ယံမွှေးနှောက်ရှာသော် အသားခြောက်တွေနှင့် ချဉ်စုတ်စုတ်အမဲချဉ်သားများကိုတွေ့ပြီး အေးအေးဆေးဆေးလွတ်လာကြ၏။ မိုးကောင်းမှာ မြစ်ကြီးနားအစုန်ရထားအား ခုံမဲ့လက်မှတ်ဝယ်ပြီး အိမ်သာထောင့်မှာခြင်းများချ၍ အိပ်ပြီးလိုက်လာခဲ့ကြသည်။ လက်မှတ်စစ်နှင့် ရှာဖွေရေးများက တန်ဆာခဆောင်ခိုင်း၍ ဆောင်ကြရသေးသည်။ ရှာဖွေရေးတွေကလည်း မုဆိုးတွေ အသားခြောက်များအား မန္တလေးပို့မည်ဆိုသောကြောင့် နည်းနည်းတောင်း၍ တစ်ပိဿာခွဲတစ်တွဲပေးလိုက်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

မန္တလေးဘူတာကြီးသို့ ရထားကြီးဆိုက်တော့ သက်နိုင်မျက်နှာသည် ပြုံးနေလေပြီဖြစ်သတည်း။ တည်းခိုခန်းရောက်၍ ရေချိုးပြီးသောအခါ -

"သက်နိုင်၊ ငါတို့ ဘဘုန်းကြီးကျောင်းကိုသွားတည်းရင်ကောင်းမယ်။ ငါ ဒီတည်းခိုခန်းကိုမကြိုက်ဘူး။ အခန်းသော့ဝဲတွေက မလုံခြုံဘူး။ မင်းရယ် ငါရယ် နှစ်ယောက်စလုံးအပြင်ထွက်ရင် မတော်လို့ဝင်ခိုးရင် ဘယ်လိုလုပ်မလဲ။ ဘဘုန်းကြီးလည်း ငါတို့ပြန်လာတာတွေ့ရင် ဝမ်းသာနေမှာ"

သက်နိုင် ခဏစဉ်းစားနေ၏။

"အေး- ကောင်းတယ်။ ဘဘုန်းကြီးကျောင်းကိုသွားတဲ့ည်းမယ်"

သူတို့နှစ်ယောက် ခြင်းကြီးတွေထမ်းပြီးပြန်ထွက်လာတော့ တည်းခိုခန်းမန်နေဂျာက အံ့အားသင့်နေ၏။ ခုပဲရောက် ဘာမှမကြာဘဲ ပြန်ထွက်ကြ၍ ဖြစ်သည်။

ဘုန်းကြီးကျောင်းသို့ရောက်သော ခွေးကြီးငဖြူက သူတို့နှစ်ယောက်အားတွေ့သွားသည်။ ပြေးလာပြီး မတ်တတ်ရပ်၍ အိုက်မြင့်ခါးကိုဖက်သည်။ အမြီးကို အဆက်မပြတ်နန့်ပြီးအူလိုက်သေး၏။ ငဖြူကြီးအူသံကြောင့် အခြားခွေးများပါ လိုက်အူကြ၏။ ခွေးအူသံတွေဆူညံနေသဖြင့် ဆရာတော်ကြီးကပြတင်းဝမှကြည့်သည်။ ဆံပင်တွေရှည်နေပြီး မုတ်ဆိတ်ကျင်စွယ်များနှင့် ဗရုတ်သုတ်ခဖြစ်နေသော အိုက်မြင့်နှင့်သက်နိုင်တို့ကိုမြင်သွားသည်။

"ဟဲ့ကောင်တွေ အိုက်မြင့် သက်နိုင်၊ ဘုရား ဘုရား လူတွေကလည်း စုတ်ပြတ်ပြီး တောတွင်းသားတွေကြနေပါလား။ လာ လာ ကျောင်းပေါ်တက်"

သူတို့နှစ်ယောက် ဆရာတော်ကြီးအား ဦးချကန်တော့၏။ ဆရာတော်ကြီးကား တပည့်နှစ်ဦးကိုကြည့်ပြီး စိတ်မကောင်းခြင်းကြီးစွာဖြစ်နေရှာသည်။ အိုက်မြင့်တို့က ဘာမှမလျှောက်ဘဲ ပြုံးစိစိလုပ်နေကြ၏။ သူတို့နှစ်ယောက်မျက်နှာကိုကြည့်ပြီး ဆရာတော် ဇဝေဇဝါဖြစ်လာ၏။

"ကဲကဲ- နင်တို့တွေ တောထဲမှာ ဘာတွေဖြစ်လာလဲ။ ဘုန်းကြီးကို အမှန်အတိုင်းလျှောက်တင်စမ်း"

"မှန်ပါ ဘုရား၊ တပည့်တော်တို့နှစ်ယောက် အဆင်ပြေလာကြပါတယ် ဘုရာ့"

"ဟေ - အဆင်ပြေလာကြတယ်သာဆိုတယ် မင်းတို့ပုံတွေကိုလည်း ကြည့်ပါဦးကွယ်။ လူတွေက ညှင်းသိုးသိုးနဲ့ ဆံပင်တွေ၊ မုတ်ဆိတ်တွေကလည်း အရှည်ကြီး"

သူတို့နှစ်ယောက် ဆရာတော်ကြီးအား ပါလာသည့် ဆတ်သားခြောက်များဖြင့် လှူဒါန်းကန်တော့ကြပြီး အိုက်မြင့်က အမဲချဉ်ခြင်းထဲမှ ကျောက်စိမ်းတုံးကိုထုတ်သည်။ ပလတ်စတစ်များကိုခွာပြီးသောအခါ အုတ်နီခဲထက်ပိုင်းကျိုးခန့် ကျောက်စိမ်းတုံးထွက်ပေါ်လာ၏။

"တပည့်တော်တို့နှစ်ယောက် ဒီကျောက်စိမ်းတုံးရခဲ့တယ်ဘုရ့"

"ဟေ - မင်းတို့ဟာက ကျောက်စိမ်းတုံးသာဆိုတယ်၊ စိမ်းလည်းမစိမ်းပါလား ညိုမွဲမွဲနဲ့"

"ဒါက မသွေးရသေးပါဘူးဘုရာ့၊ ဘုန်းဘုန်း ဒီမှာ ပြတင်းပေါက်ကနေ ရောင်မှာကြည့်ပါဘုရာ့"

သက်နိုင်သည် ကျောက်စိမ်းတုံး၏ပွဲနေသောအစွန်းလေးအား နေရောင်မှာခ၍ပြလိုက်သည်။ စိမ်းဖန့်နေသော အရည်ကျောက်သည် နေရောင်အောက်၌ မီးပွိုင့်မှာမီးစိမ့်းထွန်းသည့်အလား လင်းလက်တောက်ပနေ၏။

"ဩော်- ကျောက်စိမ်းဆိုတာ ဒီလိုမျိုးကိုး၊ ဘုန်းကြီးမသိပါဘူးကွယ်။ ဒါနဲ့ ဒီကျောက်က ဘယ်လောက်တန်လဲကွယ့်"

"မန္တလေးမှာရောင်းရင် အနည်းဆုံး သိန်းငါးရာပါဘုရာ့။ တပည့်တော်တို့ ရန်ကုန်ကိုဆင်းပြီးရောင်းမှာပါ။ ဒီထက်ပိုရမယ်ဘုရာ့။ ဒီကျောက်က သိန်းထောင်ချီတန်တဲ့ကျောက်ပါ"

"ဟေ- အဲလောက်တောင်တန်လား။ အေး- မင်းတို့ရဲ့ကုသိုလ်ကံအကျိုးပေးက စန်းထလာပြီပဲ။ အင်း- သူငယ်ချင်းနှစ်ယောက် စိတ်ဝမ်းမကွဲစေနဲ့နော်။ ကျောက်ရောင်းပြီးရင်လည်း ဒီကျောင်းတိုက်က ကုဋီတွေမကောင်းတာ မင်းတို့လည်းအသိပဲ။ လှူဒါန်းဖို့စဉ်းစား၊ ကိုယ့်ဆရာတော်ကိုမမေ့နဲ့ ကြားလား"

"တင်ပါဘုရား၊ တပည့်တော်တို့မမေ့ပါဘူးဘုရား"

ဆရာတော်ကြီးမှာ တပည့်နှစ်ဦးကောင်းစားတော့မည်ကိုတွေးပြီး ကြည်နူးနေရှာပါသည်။ ငဖြူကြီးက ကျောင်းအောက်မှနေ၍ ကျောင်းပေါ်ကိုမော့ပြီး အူနေရှာသည်။ တိရစ္ဆာန်ပေမယ့် သူလည်း ဝမ်းသာနေရှာမည်ထင်ပါသည်။

■

ဗိုလ်ချုပ်စွေးကျောက်ဝိုင်းအတွင်း လက်ဖက်ရည်ဆိုင်သံစကာနှင့်ကပ်လျက်စားပွဲမှာ လူလေးဦးထိုင်နေကြ၏။ ပွဲစားတချို့က ဒီကပစ္စည်းတို့ကိုပြ၊ ဟိုကပစ္စည်း ဒီကိုပြဖြင့် လူးလားတံ့ခေါက်သွားလာ လှုပ်ရှားနေကြ၏။ တချို့ကလည်း ပါလာသည့်ပစ္စည်းလေးများအား အိတ်ထဲမှာ လုံခြုံစွာသိမ်းဆည်းရင်း ကွန်ဖြေကြိုးတစ်ခွဲသားဖြစ်နေကြသည်။ ကျောက်ဆရာကြီးတစ်ဦးကတော့ လက်မှာဝတ်ထားသော ပတ္တမြားလက်စွပ်အား တပြုပြုဖြင့်ဟန်ရေးပြနေ၏။ အတူထိုင်နေသည့်သူများက ထိုအဘိုးကြီး၏ပတ္တမြားလက်စွပ်အား သားရေတမြားဖြင့် ကြည့်နေကြသည်။ အမျိုးသမီးနှစ်ဦးမှာ ကတ္တီပါဘူးလေးအားဖွင့်ပြီး ငွေနှင့်ကွင်းထားသည့် ကျောက်စိမ်းလက်စွပ်များကို တရုတ်နှစ်ယောက်အားပြနေသည်။ ဗိုလ်ချုပ်စွေးကျောက်ပွဲသည် ရွှေဘုံသာလမ်းအောက် ကျောက်ပွဲအပြီး နေ့ခင်းနှစ်နာရီ သုံးနာရီခန့်တွင် စတင်၍ စည်ကားနေပါသည်။

■

အိုက်မြင့်နှင့်သက်နိုင်တို့နှစ်ယောက် ခေါင်းငိုက်စိုက်ကျနေ၏။ သူတို့နှစ်ယောက် စကားပင်မပြောနိုင်ကြပါ။ သူတို့နှင့် ထိုင်နေသူ နောက်နှစ်ဦးကဦးကျော်စိုးလိုင်နှင့် သူ့သား မင်းမင်းဖြစ်သည်။

"အိုက်မြင့်ငါကိုအကျိုးအကြောင်းပြည့်ပြည့်စုံစုံပြောပါဦး"

ဦးကျော်စိုးလိုင်နှင့်အိုက်မြင့်သည် မန္တလေးကျောက်ပွဲစားတန်းမှာ ခင်မင်ခဲ့ကြခြင်း ဖြစ်သည်။ ဦးကျော်စိုးလိုင်သည် မိုးကုတ် - သပိတ်ကျင်းတစ်ကြောမှ ကျောက်ဆရာကြီးတစ်ဦး ဖြစ်သည်။ မိုးကုတ်မှ ပတ္တမြားနှင့် သပိတ်ကျင်းအရွှေ့ဘက်တောထဲမှ နီလာ၊ ပတ္တမြားများရလာခဲ့လျှင် မန္တလေးမြို့အပြင် ရန်ကုန်အထိဆင်း၍ အရောင်းအဝယ်လုပ်နေသော နှစ်ပေါင်းသုံးဆယ်ကျော်အတွေ့အကြုံရှိသည့် ကျောက်လောကမှာ မသိသူမရှိဆရာတစ်ဆူကဲ့သို့နေလာသူဖြစ်သည်။ ပွဲစားတွေအကုန်လုံးအား ဦးကျော်စိုးလိုင် မသိသူမရှိ။ မန္တလေး၊ ရန်ကုန် ဗိုလ်ချုပ်စွေးမှ ရတနာဆိုင်တွေကလည်း ဦးကျော်စိုးလိုင်ကိုသိသည်။ မိုးကုတ်ထာပွဲကလည်း သူ့ကိုသိသည်။ ကျောက်လောက၏ ကျားတစ်ကောင်ဖြစ်သည်။

"သက်နိုင်၊ မင်းပဲပြောလိုက်တော့"

အိုက်မြင့်အသံက သက်နိုင်

www.burmeseclassic.com

www.burmeseclassic.com

"အိုက်မြင့်ရ၊ ငါတို့ကျောက်လောကဆိုတာ တရားဝင်ဝယ်ရောင်းလုပ်နေကြတာမဟုတ်ဘူး။ မတော်လို့ သက်ဆိုင်ရာကသိသွားပြီးလာဖမ်းရင် ဘယ်လိုလုပ်မလဲ။ မင်းတို့လည်းကြိုးစားပြီးတူးလာတဲ့ကျောက် အသိမ်းခံရရုံပဲအဖတ်တင်မယ်။ ပြီးတော့ ကျောက်ခိုးတူးလို့အဖမ်းတောင်ခံရဦးမယ်။ ကျောက်ပဲဖြစ်ဖြစ်၊ စိန်ထည်ပဲဖြစ်ဖြစ် ပွဲစားကို ယုံယုံကြည်ကြည်အပ်ရတာပဲ။ အဲဒါမှ စျေးကောင်းရမှာ။ အဲသေးအမွှားအစလေးတွေဆိုရင်တော့ ဒီဗိုလ်ချုပ်စျေးမှာပဲခင်းပြပြီးရောင်းလို့ရတာပေါ့။ မင်းတို့ဟာက အတုံးကြီး၊ လူမြင်လို့မသင့်တော်ဘူး။ ကဲပါလေ မင်းတို့စဉ်းစားကြပေါ့။ ငါ ဒီမိုင်းရှုးတွေကိုမီးဖုတ်ရဦးမယ်"

ကိုအောင်မြင့် သူပတ္တမြားအရိုင်းစတွေကိုသိမ်းပြီးထရန်ပြင်သည်။ သက်နိုင် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

"နေပါဦးလေ ကိုအောင်မြင့်ကလည်း၊ အိုက်မြင့်ကလည်း မသိလို့ပြောတာပါ။ ဒီလိုလုပ် ခင်ဗျား အာမခံရင်ယူသွား။ ခင်ဗျားနဲ့ကျုပ်တို့ ဒီဗိုလ်ချုပ်စျေးမှာ နေ့လယ်ဘက်တိုင်းဆုံကြတာပေါ့"

အိုက်မြင့် ဘာမှမပြောတော့ဘဲ သူတို့နှစ်ယောက်အား မသက်မသာကြည့်နေပါတော့သည်။

■

"အဲဒါနဲ့ အရောင်းအဝယ်ဖြစ်ကြရောလား"

ဦးကျော်စိုးလှိုင်က လက်ဖက်ရည်ခွက်ကိုယူ၍ တစ်ငုံမော့သောက်လိုက်ပြီးမေး၏။ ကိုမင်းမင်းကတော့ သက်နိုင်အား စေ့စေ့စပ်စပ် အကဲခတ်နေပါသည်။ ဒီလူ ပွဲစားအောင်မြင့်နှင့်ပေါင်းပြီး သူငယ်ချင်းကိုသစ္စာဖောက်ခဲ့သလားဟု စဉ်းစားနေပါသည်။

"တစ်ပတ်လောက်အထိကတော့ ဗိုလ်ချုပ်စျေးမှာ နေ့တိုင်းတွေ့ဖြစ်ပါတယ်။ နောက်ပိုင်း သူမလာတော့ဘူး။ ကိုအောင်မြင့်နဲ့အတူလုပ်ကြတဲ့ပွဲစားတွေကိုမေးကြည့်တော့လည်း သူနေတာက ဟိုမှာလို့လိုဒီမှာလို့လိုနဲ့ မရေရာဘူး"

"အင်း - မင်းတို့တော့ထိပြီထင်တယ်။ ခြေခြေမြစ်မြစ်မသိဘဲ ပွဲစားကိုသွားအပ်လိုက်တာက မင်းတို့အမှား"

"ငါပြောသားပဲ သက်နိုင်၊ မင်းကကိုအောင်မြင့်ကို သိပ်ယုံနေတာကိုး။ ငါ့စိတ်ထဲမှာ မထင်ချင်ပါဘူး။ ငါဟာ မင့်ထက်စာရင် ရိုးအပါတယ်။ ဒါပေမယ့် ငါသစ္စာရှိတယ်၊ ဘယ်သူကိုမှ မသစ္စာအကျော်အခွမလုပ်ခဲ့ဘူး"

လိုက်ပြီး ပုံနေသော အစွန်းလေးအား ကျောက်ပွဲစားကိုအောင်မြင့် မြင်လိုက်ရသောအခါ မျက်လုံးများဝင်းဝင်းတောက်လာ၏။ စားပွဲပေါ်ရှိ သူ့မိုင်းရှူးပတ္တမြားမည်းမည်းလေးများအား စိတ်ဝင်စားခြင်းမရှိတော့ပါ။

"ဒါ ဒါ မင်းတို့တူးလာတာလား"

"ဟုတ်တယ်၊ ချောင်းထဲကအာလူးကျောက်တွေကြားထဲကရလာတာ"

ကိုအောင်မြင့် သူ့ဘေးလွယ်အိတ်ထဲမှ ကျောက်ကြည့်လက်နှိပ်မာတ်မီးလေးအားထုတ်လိုက်သည်။ ပုံနေသော အစွန်းလေးအား မာတ်မီးနှင့်ထိုးကြည့်သည်။ မာတ်မီးရောင်အောက်မှာ ကျောက်စိမ်းတုံးက ကရင်ဆော်ဒါရည်သည် စားပွဲပေါ်သို့ ယိုစီးကျလာမတတ်ရှိ၏။

"ဟာ - အရည်ကျောက်ကြီးပဲကွ။ မင်းတို့နှစ်ယောက်တော့ထောပြီ။ ဒါသိန်းထောင်ချီတန်တယ်ကွ။ မင်းတို့ဘယ်လိုလုပ်မှာလဲ"

"အဲဒါကြောင့် ခင်ဗျားကိုပြောပြနေတာပေါ့။ ခင်ဗျားမှာ ဝယ်လက်ကောင်းကောင်းရှိလား"

"ရှိတာပေါ့ သက်နိုင်ရာ၊ နိုင်ငံခြားဝယ်လက်၊ တရုတ်၊ ဟောင်ကောင်ဝယ်လက်အထိ ငါ့မှာအဆက်အသွယ်ရှိတယ်"

"ဒါဆိုရင် ခင်ဗျား ဘယ်လိုလုပ်မလဲ၊ ကျုပ်တို့ကို ဝယ်လက်နဲ့တွေ့ပေးမလား။ ခင်ဗျားပွဲခကောင်းကောင်းရမှာပါ"

"ဒီလိုလုပ်လေ၊ ငါ့ကိုယုံတယ်မဟုတ်လား။ ယုံရင် ငါ့ကိုပေးလိုက်၊ ဝယ်လက်နိုင်ငံခြားသားတရုတ်ကကြိုက်ပြီဆိုရင် ငါမင်းတို့ကို ဒီဗိုလ်ချုပ်စျေးမှာပဲဆက်သွယ်မယ်။ ကျောက်က ကျိန်းသေကြိုက်မှာ။ စျေးသာစကားပြောရမှာ။ မင်းတို့နဲ့စကားပြောပေါ့"

ကိုအောင်မြင့်က ကျောက်စိမ်းတုံးကို လှည့်မကြည့်တော့ဘဲ သူ့မိုင်းရှူးကျောက်များကို အိတ်ရှဲ့ထဲပြန်ထည့်နေ၏။ သူ့ရင်ခုန်သံတွေအရမ်းမြန်နေသည်ကိုတော့ ဟိုနှစ်ယောက်မသိပါ။ အိုက်မြင့် စဉ်းစားနေပါသည်။ ဒီလူကို မန္တလေးကျောက်ဝိုင်းမှာတုန်းက သိပ်မရင်းနှီး။ သက်နိုင်နှင့်သာ အခေါ်အပြောရှိခဲ့သည်။ မရင်းနှီးသည့်သူကို သူတို့ကျောက်ကြီးထည့်ပေးလိုက်လို့ဖြစ်ပါ့မလား။ စိတ်ထဲမှာ သိပ်မယုံချင်။

"သက်နိုင်၊ ဖြစ်ပါ့မလား၊ ငါကတော့ ဝယ်လက်နဲ့တွေ့တွေ့ဆိုင်ဆိုင်တွေ့မှပြချင်တယ်"

အပေါ် မသက်သာသလိုဖြစ်နေ၏။ ဒါကိုလည်း သက်နိုင်ရိပ်မိသည်။ သက်နိုင်အဖြစ်က မပြေးသော် ကန်ရာရှိဖြစ်နေသည်မဟုတ်လား။

"ဒီလိုပါ ဦးကျော်စိုးလှိုင်ရယ်"

■

သူတို့နှစ်ယောက် ရန်ကုန်သို့ရထားဖြင့်ဆင်းလာကြသည်။ ဆိပ်ကမ်းသာလမ်း တည်းခိုခန်းမှာတည်းပြီး ဗိုလ်ချုပ်စျေး ကျောက်ပွဲစားတန်းသို့ကွင်းဆင်းပြီး စျေးကွက်ကို စနည်းနာကြ၏။ ဤမှာပင် မန္တလေးမှာ ကျောက်လာဝယ်ရင်း သိကျွမ်းခဲ့ရသော ရန်ကုန်ပွဲစားတစ်ဦးနှင့်ဆုံမိကြသည်။

"သက်နိုင်တို့နှစ်ယောက် ရန်ကုန်ကို ဘာလာလုပ်ကြတာလဲကွ။ မန္တလေးမှာ အခြေအနေမကောင်းဘူးလား။ လာလာ - ငါ လက်ဖက်ရည်တိုက်မယ်"

သူတို့တွေ ဗိုလ်ချုပ်စျေးကျောက်ပွဲစားတန်း၏ လက်ဖက်ရည်ဆိုင်မှ လူရှင်းသည့်နေရာလေးမှာ ထိုင်လိုက်ကြသည်။ သက်နိုင် စီးကရက်တစ်လိပ်ကိုမီးညှိလိုက်ရင်း ကျောက်ပွဲစား ကိုအောင်မြင့်ကို စူးစူးစိုက်စိုက်ကြည့်သည်။ ကျောက်ပွဲစားကိုအောင်မြင့်က အိတ်ရှဲ့လေးထဲမှ မိုင်းရှူးကျောက်မည်းမည်းလေးတွေကို စက္ကူဖြူပေါ်ဖြန့်ခင်းပြီးကြည့်နေသည်။

"ဒီမိုင်းရှူးတွေက မီးဖုတ်လိုက်ရင်လှသွားပြီ။ ငါလည်း ပွဲခရော ပွဲညွှန့်ပါမြတ်မြတ်လေးရမယ်။ ရောင်းမယ့်သူက မိုင်းရှူးပတ္တမြားကို မီးဖုတ်ပြုပြင်ရတယ်ဆိုတာ သိပ်နားမလည်ဘူးကွာ။ ကဲ - မင်းတို့လည်း ရန်ကုန်ကို ဘာဆင်းလုပ်ကြတာလဲ"

"ကျွန်တော်တို့ အစိမ်းတစ်တုံးပြချင်လို့၊ ဝယ်လက်ကောင်းကောင်းရှိရင်ပြချင်တယ်"

"ဟေ- အစိမ်းတုံးဆိုတာ အသားကျောက်ကြီးလား။ အသားကျောက်က သိပ်အလုပ်မဖြစ်ဘူးကွ။ မင်းတို့မန္တလေးက ဝယ်လာကြတာလား"

"မဟုတ်ဘူးဗျ၊ကျုပ်တို့နှစ်ယောက် ခန္ဓီးမော်ထဲမှာသွားတူးလာတာ"

"အင်း - မင်းတို့နှစ်ယောက် ခန္ဓီးမော်အထိတက်သွားကြတယ်။ စွန့်စားပါ့ငါ့လူတို့ရယ်။ ကဲကဲ - ပြစမ်းပါဦး"

သက်နိုင် သူ့ကျောပိုးအိတ်ထဲမှ ဆီစိမ်စက္ကူနှင့်ပတ်ထားသော ကျောက်စိမ်းတုံးအား စားပွဲပေါ်တင်လိုက်သည်။ အိုက်မြင့်က ဘေးဘီးအား အကဲခတ်ကြည့်နေသည်။ စက္ကူပတ်အားခွာချ

www.burmeseclassic.com

www.burmeseclassic.com

အိုက်မြင့်စကားသံတွေက နည်းနည်းမာသည်။ ထိုအခါ သက်နိုင်သည် အိုက်မြင့်အား စေ့စေ့ကြည့်၏။ မျက်လုံးတွေက အံ့ရောင်တောက်လာသည်။

"မင်းစကားက ငါ သစ္စာမရှိဘဲ ပွဲစားကိုအောင်မြင့်နဲ့ပေါင်းပြီးလုပ်တယ်ပေါ့။ ဒီလိုဆိုလိုချင်တာလား"

"ဒီသဘောမျိုးနဲ့တော့ တပ်အပ် မစွပ်စွဲပါဘူး။ ဒါပေမယ့် ငါ ကိုအောင်မြင့်နဲ့မရင်းနှီးဘူး၊ မင်းနဲ့သာရင်းနှီးတာ။ အစကတည်းက ဒီပစ္စည်းကို ယုံပြီးပုံမအပ်လိုက်ဖို့ငါပြောခဲ့တယ်။ အခုတော့ မြွေပါလည်းဆုံး သားလည်းဆုံးပြီ။ ဒီကောင့်ကို ဘယ်မှာလိုက်ရှာရမလဲ"

"အိုက်မြင့် မင်းနဲ့ငါဟာ တောထဲမှာ အငတ်ငတ်အပြတ်ပြတ်ခံပြီး ကြိုးစားရှာဖွေလာခဲ့ရတဲ့ ငါတို့နှစ်ယောက်ပိုင် ပစ္စည်း ငါမဟုတ်တာမလုပ်ဘူး။ အခု ငါ ပြတ်ပြတ်သားသားပဲပြောမယ်။ ငါက မင်းထက်စာရင် လည်ဝယ်တယ်။ဒီတော့ ငါ ကိုအောင်မြင့်ကို မရရအောင်လိုက်ရှာမယ်။ နောက်ဆုံး ကုန်ကုန်ပြောမယ် ကွာ၊ သူဘတ်သွားပြီးလစ်ပြေးရင် တွေ့အောင်ရှာပြီးသတ်မယ်။ ပြီးမှ ငါထောင်ထဲဝင်မယ်။ သူမြန်မာပြည်အနှံ့ပြေးချင်ရာပြေးပါစေ။ နောက်ဆုံး ထိုင်းဘက်ကိုပြေးလည်း ငါလိုက်မှာပဲ။ မင်း ငါ့ကိုယုံပါ။ ငါတို့ပစ္စည်းကို ရအောင်ပြန်ယူပြီး ငါပြန်လာခဲ့မယ်"

သက်နိုင်သည် စကားအရှည်ကြီးပြော၍ လက်ဖက်ရည်ဆိုင်မှထသွားပါတော့သည်။ အိုက်မြင့်ကား ခေါင်းငိုက်စိုက်ချလျက် စိတ်ပျက်အားငယ်နေပါသည်။

"အိုက်မြင့် ငါမင်းကိုခင်ပါတယ်။ မင်းရိုးသားတယ်ဆိုတာလည်း ငါသိတယ်။ ဒီပွဲမှာ သက်နိုင်ကိုသံသယမရှိနဲ့။ ငါကြည့်ရသလောက် ပွဲစားအောင်မြင့် သက်နိုင်ကိုတစ်ပတ်ရိုက်သွားတာ။ မင်းကိုထော့ အောင်မြင့်က ငစနှူလိုသဘောထားသွားတာ သိလား"

"ကျွန်တော် ဘာဆက်လုပ်ရမလဲ ကိုကျော်စိုးလှိုင်ရယ်၊ ကျွန်တော့်မှာ နေစရာမရှိ စားစရာမရှိနဲ့ ရန်ကုန်မှာ ဒုက္ခရောက်နေရပြီ"

"ငါမင်းကိုကူညီမယ်။လောလောဆယ် ငါ့အိမ်မှာလိုက်နေ။ ငါတို့စားသလိုစားပေါ့။ ငါ ပွဲစားအောင်မြင့်အကြောင်းစုံစမ်းဦးမယ်။ ငါ့မှာ ဗိုလ်ချုပ်စွေး၊ မဂိုလမ်း၊ မန္တလေးကျောက်ပွဲစားတန်းမှာ လူယုံဂျိတ်တွေရှိပါတယ်။ ဒီကောင် ပြေးမလွတ်ပါဘူး။ ငါ မင်းကိုကူညီတာနော်။ ကျောက်ပြန်ရခဲ့ရင် အကျိုးအမြတ်ကိုမမျှော်ကိုးဘူး။ ဒီလူယေက ငါသားမင်းမင်းလေ။ ကျောက်လောကရဲ့အထာက တစ်ခါတလေ လူမိုက်ဆန်ဆန် လုပ်ရဲကိုင်ရဲမှကွ။ ဒီပြင်ဆို ကျောသွားရင့်သွားခံရတဲ့အခါ တို့သားအဖက ကချင်ဓားရှည်ကိုင်ပြီး ပွဲကြမ်းခဲ့ရတာ ပွဲပေါင်းများနေပြီ။ လူတွေကလည်း သည်လိုလုပ်မှကြောက်တာကွ"

အိုက်မြင့်သည် ကိုကျော်စိုးလှိုင်တို့သားအဖ ကူညီမည်ဆိုသောကြောင့် အားတက်လာမိ၏။ လောလောဆယ် သူတို့အိမ်မှာပဲ ကပ်နေရဦးမည်မဟုတ်ပါလား။

■

ဗိုလ်ချုပ်စွေးမှာ စကားအချေအတင်ပြောကြပြီးနောက် သက်နိုင်တစ်ယောက် ရန်ကုန်မှပျောက်သွားပါတော့သည်။ ကိုကျော်စိုးလှိုင်တို့သားအဖက ရွှေဘုံသာလမ်းနှင့်ဗိုလ်ချုပ်စွေးကျောက်ဝိုင်းသို့သွားလျှင် အိုက်မြင့်ကိုခေါ်သွားကြ၏။ သူတို့သားအဖက သပိတ်ကျင်းအရှေ့တောထဲမှ နီလာစမျှား၊ ပတ္တမြားအပွင့်လေးများပါလာကြပြီး ရန်ကုန်မှာ အရောင်းအဝယ်လုပ်သည်။ မိုးကုတ်မြို့က ပတ္တမြားနှင့် နီလာထွက်သည်ဟုနာမည်ကျော်သော်လည်း သပိတ်ကျင်းအရှေ့ဘက်တောင်တန်းတွေမှာ ၎င်းကျောက်များထွက်သည်ကို လူတွေသိပ်မသိကြ။ တကယ်တမ်းမှာ မိုးကုတ်နှင့် သပိတ်ကျင်းနယ်သည် ရေမြေတစ်ကြောထဲဖြစ်၏။ တစ်ခါတစ်ရံ နီလာအပွင့်ကြီးများ၊ ပတ္တမြား၊ စကျင်စွဲများ သိန်းထောင်ချီတန်သည့်ကျောက်များ ပင်ထွက်ရှိသည်။

ဗိုလ်ချုပ်စွေးကျောက်လောကမှာ ကိုကျော်စိုးလှိုင်ကိုမသိသူမရှိ။ စွေးရုံထဲမှ ကျောက်မျက်ရတနာအရောင်းဆိုင်တွေကအစ ပစ္စည်းလိုချင်လျှင် ကိုကျော်စိုးလှိုင်ထံမှာကြသည်။

ဤသို့ဖြင့် တစ်လခန့်အကြာမှာ-

"အိုက်မြင့်၊ မင်း ငါ့အိမ်မှာပဲနေခဲ့၊ မင်းဟာမင်းချက်စား။ ငါပြည့်ပြည့်စုံစုံထားခဲ့တယ်။ ပျင်းရင် ဗိုလ်ချုပ်စွေးကျောက်ပွဲစားတန်းကိုသွားပေါ့ကွာ။ ငါတို့သားအဖ မြဝတီဘက်ခရီးသွားရမယ်"

"အစ်ကို မြဝတီကိုကျောက်သွားပို့မှာလား"

"မဟုတ်ဘူးကွ၊ မနေ့က ငါ့ဝယ်လက်တစ်ယောက် သတင်းတစ်ခုပေးတယ်။ အောင်မြင့်ကို မြဝတီမှာတွေ့ခဲ့တယ်ဆိုပဲ။ မဲဆောက်က ကျောက်ကုန်သည်တွေနဲ့ အရောင်းအဝယ်ကိစ္စစကားပြောနေတာတွေ့ခဲ့တယ်တဲ့"

"အစ်ကို ကျွန်တော်လည်းလိုက်ချင်တယ်"

"မလိုက်ပါနဲ့၊ မင်း ဒီမှာပဲ အေးအေးဆေးဆေးနေ။ တစ်ခါတလေ လှုပ်လှုပ်ရှားရှားရှိရင် မင်းကိုငဲ့နေရတာနဲ့ ငါတို့လှုပ်ရှားရခက်သွားမယ်"

"အဖေ၊ ဒီကောင်အေက အဖေ့အသိရှိသေးလား"

"ရှိတယ်လေ၊ သူတို့ ငြိမ်းချမ်းရေးယူပြီး မြဝတီမှာ ရုံးခန်းဖွင့်ထားတယ်။ အဲဒီမှာ အထိုင်ချပြီး သူတို့အကုအညီယူရမယ်"

"အဆင်ပြေပါစေအစ်ကိုရာ၊ တွေ့ရင် အဲဒီကောင်ကို မှုတ်လောက်သားလောက်အောင် ဆုံးမလိုက်စမ်းပါ"

"စိတ်ချ၊ ကဲကဲ - ငါတို့သွားမယ်"

ကျောပိုးအိတ်ကိုယ်စီလွယ်၍ အိမ်ပေါ်မှဆင်းသွားသော ကိုကျော်စိုးလှိုင်တို့သားအဖကို အိုက်မြင့်ငေးကြည့်နေမိပါသည်။

ရိုးရိုးလေးခရီးသည်တင်ကားကြီးက ဘားအံ-ကော့ကရိတ်-မြဝတီကားလမ်းမကြီးထက် တရိပ်ရိပ်မောင်းနှင်နေပါသည်။ကော့ကရိတ်ရောက်လျှင် ဒေါနဖောင်အဆင်းကားများကိုစောင့်ရဦးမည်။ အဆင်းကားတွေဆင်းပြီးမှ အတက်ကားတွေတက်ရမည်ဖြစ်သည်။ ကားတန်းကြီးက တောင်ခြေ၌ တန်းစီပြီးစောင့်နေကြ၏။ အဆင်းကားတွေတန်းစီပြီး တစ်စီးပြီးတစ်စီးဆင်းလာနေကြသည်။ သူတို့သားအဖဆင်းလာသောကားတွေကိုကြည့်နေကြ၏။ ရန်ကုန်သို့ ခရီးဆက်မည့်ကားတစ်စီးပေါ်မှ လူတစ်ယောက် သူတို့ကိုပြုံးပြသွားသည်ကို အမှတ်မထင်တွေ့လိုက်ရ သည်။

"သား၊ ကားပေါ်ကပြုံးပြသွားတဲ့သူကိုမှတ်မိလား။ အဖေဇဝေဇဝါဖြစ်နေလို့"

"ဂျင်လှမြင့်လေ အဖေရဲ့ အဖေ့ဆီမှာ ကျောက်လိမ်သွားတဲ့ကောင်"

ကိုကျော်စိုးလှိုင် ပြန်မှတ်မိလာ၏။ သူ့ဆီမှ နီလာဂေါ်ကြီးတစ်စအားရောင်းပေးမည်ပြောပြီးလိမ်သွားသည့် ဂျင်လှမြင့်။ နောက်ဆုံး တောင်ဒဂုံမြို့နယ်ထဲမှာ ဝပ်ကျင်းဝပ်နေသည်ကို မရအရလိုက်ရှာပြီး လည်ပင်းပေါ်မားတင်ပြီး အတင်းအကျပ်တောင်းတော့မှ ကျောက်စိမ်းအရည်နည်းနည်းပဲပါသည့် အကာစလေးတွေတစ်ထုပ်ပေးပြီး ပိုက်ဆံတွေတော့မရှိတော့ပါဟု တောင်းပန်သည်။ သူကျောက်စိမ်းတွေက ရောင်းလျှင်လား

www.burmeseclassic.com

www.burmeseclassic.com

စိုးမင်း(မြောက်စည်း-ရွာသစ်)

ဆီပူ၊ ရေနွေးပူ၊ ထမင်းရည်ပူလောင်ခဲ့လျှင်

ဒီဇင်ဘာလထဲ တစ်နေ့ စာရေးသူသည် မိတ်ဆွေကြီး ဖိုးစိုးမင်းထံသို့ အလည်ရောက်ခဲ့ပြန်ပါသည်။ စာရေးသူနှင့် နာမည်ချင်းတူဆော်လည်း ဖိုးစိုးမင်း၏အသက်သည် (၇၀)ကျော်၏။ စာရေးသူက သူ့အား ဘိုးတော်တပ်၍ ခေါ်လေ့ရှိပါသည်။

စာရေးသူ ရွာထဲအလည်သွားလျှင် သူ့အိမ်သို့သာအဓိကသွားတတ်၏။ ဘိုးတော်သည် ငယ်စဉ်အခါ ဦးပဉ္စင်းဘဝနှင့် တိုင်းရင်းဆေးအောင်လက်မှတ်ပင်ရထားသူဖြစ်၍ တွေ့ခါစတွင် သူ့အကြောင်းကောင်းကောင်းမသိ။ အနေကြာမှသိလာရခြင်းဖြစ်ပါသည်။ စာရေးသူမသိသော အပင်၊ အရွက်၊ အခေါက်များ သူ့ထံပြ၍မေးမှသာ အဖြေရှင်းပါသည်။

ဤနေ့ သူ့ထံရောက်သောအခါ ခရီးဦးကြိုပြု၍ နှစ်ဦးသား စကားလက်ဆုံပြောကြရင်း ဘိုးတော်မှ စာရေးသူအား-

"ဒီနေ့ ဆေးမြီးတိုတစ်ခု ခင်ဗျားကို ကျွန်တော်ပေးမယ်။ စာရေးရင်လည်းရေးပေါ့။ လက်တွေ့ပျောက်တဲ့နည်းပဲ"

ဘိုးတော်၏စကားကြား၍ စာရေးသူ ဝမ်းသာသွားပါသည်။ သူ့ထက်အသက် (၂၀)ကျော်ငယ်သော စာရေးသူအား ခင်ဗျား၊ ကျွန်တော်နှင့်သာပြောတတ်သောရှေ့မီနောက်မီလူကြီးအတော်များများ၏ စကားအသုံးအနှုန်းသည်ပင် မင်္ဂလာရှိလှပါသည်။ စာရေးသူလည်း ဤသို့ပင် ဘိုးတော်နှင့်တစ်ထပ်တည်းတူ၏။ ငယ်စဉ်အခါ မင်္ဂလာအကြောင်း၊ ဘုန်းကြီးကျောင်းများမှ ဆရာတော်များ၏ သင်ကြားဆုံးမမှုသည် သေသည်အထိစွဲနေမည်သာဖြစ်၏။ ဘိုးတော်၏စကားအား ကျေနပ်စွာပြုံး၍-

"ဟုတ်ကဲ့ ပြောပြပါ၊ ကျွန်တော် စာရေးပါ့မယ်"

ကိုစိုး၏စကားအပြီးတွင် ဘိုးတော်စကားဆက်ပါ၏။

"ကျွန်တော် ဘုန်းကြီးကျောင်းသားဘဝကဗျ။ အဲဒီနေ့က ကျောင်းမှာ ဆွမ်းကျွေးရှိတယ်။ ညပိုင်းရောက်တော့ ချက်ရေးပြုတ်ရေးတာဝန်ကို ရွာထဲကလူကြီးလူငယ်တွေရော၊ ကျွန်တော်တို့ကျောင်းသားတွေရော ကူရတာပေါ့ဗျာ။ အဲဒီမှာ ဟင်းချက်ဖို့ ဆီချက်ထားတဲ့ မိုးပြဒယ်အိုးကြီးကို လူငယ်တစ်ယောက်ကတစ်ယောက်တည်းမ,ချတယ်ထင်ပါရဲ့ဗျာ။ သူ့ခြေဖမိုးနှစ်ခုစလုံးရွဲနေအောင် ဆီပူတွေလောင်ပါလေရော။ ဆီဒယ်အိုးမှောက်တော့ ဆူဆူညံညံဖြစ်ကုန်တာပေါ့။ အဲဒီအချိန်မှာ ဘာလုပ်ရမှန်းမသိကြဘူး။ ကျွန်တော်လည်း ကျောင်းပေါ်ပြေးတက်ပြီး ဆီပူလောင်တဲ့အကြောင်း ဆရာတော်ကို လျှောက်လိုက်တယ်။ ဆရာတော်က အောက်ဆင်းပြီး အဲဒီသူငယ်ဒဏ်ကို ကျောင်းပေါ်ခေါ်ခဲ့ဆိုပြီး ကျောင်းပေါ်ရောက်တော့ သူ့အခန်းထဲက ဆေးပုလင်းထုတ်ပြီး သူ့ခြေဖမိုးတွေအကုန်လုံးရွဲနေအောင်သုတ်ပေးလိုက်တယ်။ ဘာမှလုပ်စရာမလိုဘူး။ ဒါနဲ့ပျောက်တယ်လို့ပြောတယ်။ သူနာကို သက်သောင့်သက်သာနေစေခိုင်းတယ်။ ကျွန်တော်ကတော့ ဘယ်အချိန်ပူဖောင်းတွေထမလဲလို့ စောင့်ကြည့်နေတယ်။ တစ်နာရီလောက်ကြာတော့ စောစောကလူငယ် ကျောင်းအောင်ဆင်းလာတယ်။ ကျွန်တော်တို့အဖွဲ့သားတွေ သူ့ခြေထောက်ကို ငုံ့ကြည့်ကြတယ်။ ဘာအဖုမှမထဘူး။ သိပ်မပူတော့ဘူးတဲ့။ ညဆိုပေမယ့် မီးကလင်းထိန်လို့ ဟိုတုန်းက အောက်လင်းဓာတ်မီးကြီးတွေသုံးတဲ့ခေတ်လေ။ မနက်လည်းရောက်ရော အကောင်းဗျား ဘာအဖုအပိမ့်မှမရှိဘူး။ အကုန်လုံးအံ့သြရတယ်။

အဲဒီတော့ ကျွန်တော်က စပ်စပ်စုစုသမားလေ။ ဆရာတော်ကိုမေးတာပေါ့။ ဆရာတော်က နှမ်းဆီစစ်စစ်ထဲကိုကင်းခြေမျှားအသေတစ်ကောင်ထည့်ထားတဲ့ဆီလိမ်းပေးလိုက်တာလို့ပြောတယ်ဗျ။ အဲဒါ ကျွန်တော်တို့ဆရာတော်ရဲ့နည်းပဲ။ ကင်းခြေမျှားရရင် နှမ်းဆီထဲမှာထည့်စိမ်။ တစ်ပတ်ဆယ်ရက်ကြာရင် အကောင်ဆယ်ပစ်လိုက်၊ အဲဒီဆီလိမ်း။ ဆီပူ၊ ရေနွေးပူ၊ ထမင်းရည်ပူအကုန်နှိုင်သဗျား"

ဘိုးတော်၏ စကားအား ပါးစပ်အဟောင်းသားနှင့် ငေးရ၍နားထောင်မှင်သက်မိရင်း ဝမ်းသာစကားပြန်ပြောရပါသည်။

"ကောင်းလိုက်တာ ဘိုးတော်ရယ်၊ ကျွန်တော်စာရေးပါ့မယ်"

ဆေးနည်းပြောသော ဘိုးတော်ဖိုးစိုးမင်းအား ကျေးဇူးတင်စွာဖြင့်-

စိုးမင်း(မြောက်စည်း-ရွာသစ်)

သောင်းတောင်ရမည်မဟုတ်ပါ။ နီလာကေါ်ကြိုးစက ငါးသိန်းမကတန်သည်။ သားဖြစ်သူမင်းမင်းက စိတ်မထိန်းနိုင်ဘဲ ပါးနှစ်ဖက်ဆင့်ရိုက်ပြီး ပါးကို ခဲတံချွန်သည့်ဓားလေးဖြင့် ဖြတ်ဆွဲခဲ့သည်။ ဒီကောင့်ပါးမှာ ယနေ့အချိန်အထိ ဓားဒဏ်ရာအဖြူအစင်းကမပျောက်ပါ။

သားအဖနှစ်ယောက် မြဝတီမြို့ကို ရောက်တော့ အသိဒီကေဘီအေက ဗိုလ်ကြီးအိမ်ကိုသွားသည်။ ဦးကျော်စိုးလှိုင် ၁၉၈၈ခုနှစ် အရေးအခင်းအပြီး နယ်စပ်ဘက်ထွက်ပြေးရင်း ထိုဗိုလ်ကြီးနှင့် ခင်မင်ခဲ့ရခြင်းဖြစ်သည်။

"ဗိုလ်ကျော်၊ ခင်ဗျား မြဝတီကိုလာတာ ကျောက်အရောင်းအဝယ်ကိစ္စလား၊ တခြားဘာကိစ္စရှိသေးလဲ။ ကျုပ်ဘာကူညီရမလဲပြော"

"ဒီလိုပါဗိုလ်ကြီး၊ မြဝတီကို ရန်ကုန်ကကျောက်ပွဲစားတစ်ယောက်ရောက်လာပြီး ကျောက်အရောင်းအဝယ်လုပ်မယ် သတင်းရလို့ပါ"

"ခင်ဗျားနဲ့ပတ်သက်နေလား"

"အင်း - ပတ်သတ်နေတယ်လို့လည်းပြောလို့ရတယ်"

"ဒါဆို အေးအေးဆေးဆေးနေကြဦး။ ကျုပ်လူတွေ မယ်ဆိုင်ဘက်မှာရှိတယ်။ အမြန်ဆုံးစုံစမ်းပေးမယ်။ ကဲကဲ-နားကြ၊ နားပြီးရင် ထမင်းစားကြမယ်။ ဒီမှာတော့ မယ်ခေါင်အရက်ပဲရှိတယ်နော်"

"ရပါတယ် ဗိုလ်ကြီးရာ၊ မယ်ခေါင်အရက်လည်းကောင်းပါတယ်"

(ဆက်ရန်)

ဈာန်မင်းထက်

(စာပေဗိမာန်ဝတ္ထုရှည်ပထမဆုရ)

www.burmeseclassic.com

www.burmeseclassic.com

နေနေအောင်လင်း
(စာဆေး)

ပဉ္စဂဒါယကာနှင့်
ဦးဦးဖျားဖျား ထူးခြားတဲ့အလှူ

မြန်မာနိုင်ငံ၏ သုံပုံနှစ်ပုံသော လူဦးရေမှာ လယ်ယာစိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းသူကများသည်။ တောင်ယာလယ်ယာကိုင်းကျွန်းမြေတို့တွင် ကောက်ပဲသီးနှံ၊ ဆန်စပါးတို့အား အဓိကထား စိုက်ပျိုးကြသည်။ တောင်ယာပဲလုပ်လုပ်၊ လယ်ယာပဲလုပ်လုပ်၊ ကိုင်းမြေနုကျွန်းမှာ စိုက်ပျိုးလုပ်ကိုင်သူများအဖို့ မိမိတို့စိုက်ပျိုးသည့်သီးနှံတို့ အောင်မြင်အထွက်တိုးဖို့ဆိုလျှင် သီးနှံဖျက်ပိုးမွှားအန္တရာယ်ကင်းဝေးစေလိုလျှင် ရှေးထုံးလည်း မပျက် ရိုးရာအစဉ်အလာ ပြုလုပ်ရမည်မှာ သူများထက်ထူးအောင် အဦးဖျားကို လှူရမည်။

အရပ်ဒေသအလိုက် တောင်ယာ၊ လယ်ယာကိုင်ကျွန်းလုပ်ကိုင်သူတိုင်း မိမိတို့ပိုင်ဆိုင်သည့်လုပ်ကွင်းနေရာအလိုက် ပိုင်ဆိုင်သည့် စောင့်ရှောက်သည့် တောပိုင်၊ တောင်ပိုင်၊ ကွင်းပိုင်တို့အား မမေ့မလျော့ဘဲ ဗလိနတ်စာ၊ ဘုမ္မိယမြေစာ၊ ခေါစာ၊ ပုန်းမကျိမတင်ခြင်းတို့အား သီးနှံစိုက်ကြသည့်အခါတိုင်း တင်မြောက်ပူဇော်ရမည်။ ထိုသို့ တင်မြောက်သည့်အခါ အရပ်ဒေသအလိုက် ထမင်း၊ ဟင်း၊ မုန့်ဖြူ၊ မုန့်နီ၊ ငါးကြော်တို့နှင့် တင်မြောက်လေ့ရှိသည်။ ပုန်းမကျိမ တင်ရာတွင် အမဲနွားသားလုံးဝတင်လေ့မရှိပါ။

စိုက်ပျိုးခြိန်တွင် ကွင်းပိုင် တောင်ပိုင်တို့အား တင်ပသသကဲ့သို့ ယာမြေသီးနှံများ ရိတ်သိမ်းချိန်တွင်လည်း ဦးဦးဖျားဖျား အလှူဦးအား မြတ်စွာဘုရားရှင်အား လှူဒါန်းရမည်။ ထိုသို့လှူဒါန်းရာတွင် ဘုရားရှင်နှင့်တကွ ရဟန်းရှင်လူပရိသတ်တို့အား သင်္ခါတတ်စွမ်းသမျှ ပေးကမ်းလှူဒါန်းနိုင်လျှင်အကောင်းဆုံးဖြစ်သည်။ စာရေးသူကိုယ်တိုင်လည်း လှူဖြစ်သည်။

တစ်နေ့ အိမ်သို့ အလည်ရောက်လာသည့် သူငယ်ချင်း ကိုမြင့်မောင်က ဘုရားခန်းတွင် လှူဒါန်းထားသည့်မြေပဲတို့အား မြင်တွေ့ရလျှင်-

"သူငယ်ချင်းမြေပဲတွေက ဘုရားလှူထားတာလား"

"ဟုတ်တယ်။ ငါက မြေပဲစိုက်ရင် မြေပဲ၊ စပါးစိုက်ရင် စပါး၊ ပြောင်းဖူးစိုက်ရင် ပြောင်းဖူး အဦးပေါ်လာရင် လူမစားခင် ဘုရားရှင်ကို ဦးဦးဖျားဖျား လှူဒါန်းလေ့ရှိတယ်"

ဘုရားရှင်ကို အဦးဖျား လှူတော့ ရလာတဲ့အကျိုးကိုယ်လည်း ပြောပြပေးပါဦးဟု သူကဆိုလာသည်။

"ယာလုပ်ရင် ယာနတ်၊ လယ်လုပ်ရင် လယ်နတ်၊ ကွင်းပိုင်နယ်ပိုင်တွေမမေ့မလျော့ဘဲ တင်မြောက်ပသရတယ်။ ဦးဦးဖျားဖျား လက်ဖက်ကွမ်းယာကအစ ယာလုပ်ခြိန်မှာ အခင်းထဲသွားတိုင်းတင်ပေးရမယ်။ ကွင်းပိုင်နယ်ပိုင်တွေ မမေ့မလျော့

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နေနေနိုင်(တိုင်းရင်းဆေးပညာ)
တည်းသီးနှင့်တိုင်းရင်းဆေးပညာအကြောင်း
သိကောင်းစရာ

"ဒီတစ်ပတ် သုတအဖြာဖြာ တိုင်းရင်းဆေးအစီအစဉ်မှာ ဆွေးနွေးတင်ပြမယ့်သူကတော့ တိုင်းရင်းဆေးပညာဦးစီးဌာန သုတေသနနှင့်ပွဲဖြိုးရေးဌာနမှ ဦးစီးအရာရှိ ဆရာမဒေါ်နေနေနိုင်ရည် (ပွဲဖြိုးရေး) ဖြစ်ပါတယ်ရှင်။

ဆရာမ၊ မင်္ဂလာပါရှင်"

"မင်္ဂလာပါ"

"ဆရာမ၊ ဒီတစ်ပတ်မှာ တင်ပြဆွေးနွေးမယ့်အကြောင်းအရာကိုလည်း ပြောပြပေးပါဦးရှင်"

"ဟုတ်ကဲ့ပါ။ ဆရာမဆွေးနွေးမယ့်အကြောင်းအရာကတော့ တည်းသီးနဲ့ တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာဖြစ်ပါတယ်"

"ဟုတ်ကဲ့ပါ။ ပြောပြပေးပါဦးရှင်"

"တည်းသီးကို စားသုံးသူတော်တော်များများ စားသုံးကြိုက်နှစ်သက်တဲ့ အစားအစာတစ်ခုအဖြစ်တွေ့ရပါတယ်။ တည်းသီးအုန်းနို့ဆမ်း၊ တည်းဝက်၊ တည်းသီးနဲ့ ဝက်သားချက်စားတာတို့၊ တည်းသီးပြုတ်ဆီဆမ်းဆားဖြူးစားတာတို့၊ တည်းသီးမီးဖုတ်ငါးပိရည်အဖျော်နဲ့တို့စားတာတို့၊ တည်းသီးဆားရည်စိမ်နဲ့ ဒီအတိုင်းအစိမ်းစားတာတွေကို တွေ့ရှိရပါတယ်။ ဒါပေမယ့် တည်းသီးကို စားကောင်းလို့ နှုတ်မြိန်လို့သာစားကြတယ်။ တည်းသီးနဲ့ပတ်သက်တဲ့ အကြောင်းကိုတော့ သိထားသင့်တယ် ထင်လို့ တန်ဆေးလွန်ဘေးဆိုတဲ့အတိုင်း မဖြစ်အောင်တင်ပြရခြင်း ဖြစ်ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာမ"

"တည်းသီးအကြောင်းကိုတော့ Internet မှာ စာစောင်တွေမှာပါ သတင်းစာတွေမှာပါ တော်တော်များများဖော်ပြနေတာတွေ့ရပါတယ်။ တိုင်းရင်းဆေးပညာအရ သိရှိအောင် ကြိုတင်ကာကွယ်မှုလေးတွေသိရှိအောင် ဆရာမကပြောပြပေးတာ ဖြစ်ပါတယ်။ (ဟုတ်ကဲ့ပါ) တည်းသီးကလည်း အပင်မို့ ရုက္ခဗေဒအမည်ကတော့ Pithecolobium Lobatum လို့ခေါ်ပြီး အင်္ဂလိပ်လိုကတော့ Djenkol Bean ဖြစ်ပါတယ်။ ပေါက်ရောက်တဲ့ဒေသတွေကတော့ ပြည်တွင်းမှာက ရခိုင်၊ ကရင်၊ ပဲခူး၊ ရွှေကျင်၊ သံတောင်ကြီး၊ မော်လမြိုင်မှာ အများဆုံးပေါက်ရောက်ပါတယ်။ စိုက်ပျိုးပင်အဖြစ် တွေ့ရပါတယ်။ တိုင်းရင်းဆေးပညာအလိုအရတော့ တည်းသီးမှာ ကြေကျက်ခဲတဲ့ဓာတ်တွေပါဝင်ပါတယ်။ အာယုဗွေဒအရ လေသလိပ်အားကြီးပါတယ်။ ဒေသနာအရတော့ အာပေါအာဗန္ဓနစာဖြစ်ပါတယ်။ စေးထန်းပျစ်ချဲ့တဲ့အတွက် အပေါက်အခေါင်းတို့ကိုပိတ်စေပြီး အာကာသဓာတ်ပိတ်စေပါတယ်။ အပွင့်ဓာတ်မရတဲ့အစားအစာ ဖြစ်ပါတယ်။ ဒါကြောင့် တည်းသီးစားရင် အစာမကြေသလိုဖြစ်ပါတယ်။ကြေကျက်ခဲတယ်။ လေးတယ်။ သွေးလေစီးဆင်းမှုကို တားမြစ်စေးတယ်။ အဲဒါကြောင့် အကျိုးပြုခြင်းထက် အပြစ်ပြုခြင်းကပိုများပါတယ်။ တည်းသီးဟာ လေးတဲ့ဂုဏ်၊ အစာမကြေတဲ့ဂုဏ်ရှိတဲ့အတွက် အထက်ကိုတက်စေပါတယ်။ ဒါကြောင့် သမ်းဝေခြင်း၊ ခေါင်းဇက်လေးခြင်း၊ ထိုင်းမှိုင်းလေးလံခြင်းကို ဖြစ်စေတဲ့အတွက် တင်ပသပေးရင် သီးနှံဖျက်တဲ့ အဖျက်အန္တရာယ်တွေလည်း ကာကွယ်ပေးသလို သူဦးသူဝှက်ရန်ကလည်းကာကွယ်ပေးတယ်။

လူတွေကို အန္တရာယ်ပေးတတ်တဲ့ အဆိပ်ရှိသတ္တဝါတွေရဲ့ရန်က ကင်းဝေးတယ်။ မြွေမတွေ့၊ တွေ့လည်းဝေးဝေးကရှောင်တယ်။ အခင်းထဲကွင်းထဲမတွေ့ရဘူး။

မြတ်စွာဘုရားရှင်ကိုလည်း မကြာခဏလှူဒါန်းပေးရမယ်ဟုဆိုကာ စာရေးသူက မြတ်စွာဘုရားရှင်လက်ထက် ပဉ္စဂဒါယကာပုဏ္ဏားကြီးအကြောင်း ပြောပြလိုက်သည်။

ဘုရားရှင်လက်ထက် ပုဏ္ဏားကြီးမှာ ပဉ္စဂဒါယကာအမည်တွင်ရခြင်းမှာ လယ်ယာမြေတွင် စပါးစိုက်ကြသည့်အခါတိုင်း အလှူဦးအလှူငါးမျိုးအား ဦးဦးဖျားဖျား လှူဒါန်းလေ့ရှိသောကြောင့်လည်း ပဉ္စဂဒါယကာအမည်တွင်နေခြင်းဖြစ်သည်။

အလှူငါးမျိုးကား ဤသို့တည်း။

စပါးပင်တို့လယ်ယာမြေတွင် စတင်စိုက်ပျိုးချိန် ကောက်ဦးအလှူ။

ကောက်ပင်တို့ အောင်မြင်ရိတ်သိမ်းပြီး တလင်းထဲရောက်ချိန်တွင် တလင်းဦးအလှူ။

စပါးပင်တို့အား ရိုက်ပုတ်နယ်လှေ့ပြီး ပုတ်၊ ကျိကျတို့နှင့်ထည့်သွင်းချိန် ကျီဦးအလှူ။

စပါးတို့အားကြိတ်ခွဲကာ ဆန်ဖြစ်၍ အိုးခွက်တို့တွင်ထည့်သည့်အခါ ခွက်တင်ဦးအလှူ။

ချက်ပြုတ်စားသည့်အချိန် ဆန်ထမင်းတို့အား ဘုရားရှင်အား ဦးဦးဖျားလှူဒါန်းသည့် စားဦးအလှူတို့ပင်ဖြစ်သည်။

မြတ်စွာဘုရားရှင်လက်ထက်က ပဉ္စဂဒါယကာအမည်တွင်သည့် ပုဏ္ဏားကြီးကား ဖော်ပြပါ အလှူငါးမျိုးအား နှစ်စဉ်မပျက်လှူဒါန်းလေ့ရှိသောကြောင့် စပါးစိုက်ပျိုးသည်အခါ မရတဲ့နှစ်မရှိသလို သီးနှံပျက်ပိုးမွှားအန္တရာယ်လည်း ကင်းရှင်းကာ အလှူဦးအလှူဖျားအားပေးလှူနိုင်ခဲ့သူဖြစ်သည်။

တောင်သူလယ်သမားများအနေနှင့်လည်း ပဉ္စဂဒါယကာပုဏ္ဏားကြီးကဲ့သို့ အလှူငါးဦးအား အကုန်မပြုလုပ်နိုင်သော်လည်း ပေါ်ဦးပေါ်စဲသီးနှံတို့အား ဘုရားရှင်အား လှူဒါန်းပူဇော်ဆုတောင်းခြင်းဖြင့် သူများထက် အလျင်ဦး၍ထူးကြပါစေ။

(သီးနှံတို့အား ဘုရားရှင်အား ရည်မှန်းလှူဒါန်းသည့်အခါ နေအိမ်ဘုရားခန်းမှမဟုတ် တခြားစေတီဘုရားများတွင် သွားရောက်လှူဒါန်းကာ နိဗ္ဗာန်ပစ္စယောဟောတု ထိုက်သူများရရှိနိုင်စေရန် လှူဒါန်းထားရပါမည်။)

နေအောင်လင်း(စလေ)

www.burmeseclassic.com

www.burmeseclassic.com



ယ်ရွယ်သူ ဝမ်းမီးဓာတ်ကောင်းသူမှလွဲ ပြီး အသက်ကြီးသူတွေမစားသင့်ပါဘူး။ အနောက်တိုင်းဆေးသိပ္ပံအမြင်အရတော့ တည်ငါးမှာ အဆိပ်ဓာတ်တစ်မျိုးပါ. တယ်လို့ တွေ့ရှိထားပါတယ်။ ဒီအဆိပ် ဓာတ်ကြောင့် စားသုံးတဲ့သူတွေကို Toxic ဖြစ်စေပါတယ်။ အဓိကအားဖြင့် ကျောက်ကပ်ပျက်စီးစေနိုင်တဲ့အဆိပ်မျိုး ပါ။ တည်ငါးကို စားသောက်လိုက်တဲ့ အခါ မတည့်သူတွေအနေနဲ့ ရုတ်တရက် ခံစားမှုတွေ ဖြစ်ပေါ် စေပါတယ်။ ဒါတွေ ကတော့ ဆီးထဲသွေးပါမယ်။ ဆီးသွားရ ခက်ခဲမယ်၊ ဝမ်းပိုက်ထိုးအောင့်မယ်၊ ခါး ကိုက်ခါးနာမယ်၊ အန်မယ်၊ ဝမ်းသွားမယ်၊ နာတာရှည်ရောဂါအနေနဲ့ကတော့ ဆီး သွားရင် ဆီးပျစ်ပြီးအနည်ပါမယ်။ ဆီး ထဲမှာ အသားဓာတ်တွေပါလာမယ်။ ကျောက်ကမ်လုပ်ငန်းတွေ ပျက်စီးလာ မယ်။ ဆီးလမ်းကြောင်းမှာ ကျောက် တည်မယ်။ ဆီးလမ်းကြောင်းပိတ်ခြင်း၊ ဆီးလမ်းကြောင်းရောင်ခြင်း၊ သွေးတိုး ခြင်း၊ ရောဂါလက္ခဏာတွေဟာ ရှုပ်ထွေး လာပါမယ်။အဓိကကတော့ သွေးကြော၊ လေကြောတွေပိတ်ပြီးတော့ အကြောတင်း၊ အကြောတက်.သွေးပျစ်လာမယ်။ ကျောက်ကပ်လုပ်ငန်းပျက်စီးတဲ့အတွက် အသက်ကို အန္တရာယ်ပေးနိုင်ပါတယ်။ မစားရင်တော့ အကောင်းဆုံးပါ"

"ဆရာမရှင့်၊ စောစောက ဆရာမ က 'တန်ဆေး လွန်ဘေး' လို့ပြောသွားပါ တယ်။ အဲဒါ တည်သီးက တိုင်းရင်း ဆေးပညာအရ ဘယ်လိုဆေးဖက်ဝင် တယ်ဆိုတာကိုလည်း ပြောပြပေးပါဦး ရှင့်"

"ဟုတ်ကဲ့ပါ- နွယ်မြက်သစ်ပင်မှန် သမျှ သုံးတတ်ရင် ဆေးဖက်ဝင်ပါတယ်။ တည်သီးမှာလည်း သူ့နေရာနဲ့သူ အသုံးဝင်ပါတယ်။ တည်သီးကို ဆား ရည်စိမ်ပြီးစားရင် ဆီးချိုရောဂါအတွက် ကောင်းပါတယ်။ဘာကြောင့်လဲဆိုတော့ တည်သီးအဆိပ်ဟာ ဆားရည်မှာ အ လွယ်တကူပျော်ဝင်နိုင်တယ်လို့ သိရှိရလို့ ပါ။ သို့သော် ဆီးချိုရောဂါတွေဟာ အမျိုးများတဲ့အတွက် ဆီးလွန်ပြီး ဆီးနဲ့ မရှိတဲ့ ရေတိတ်တဲ့ဆီးချိုရောဂါမှသာ အသုံးပြုပါတယ်။ ဒါတောင် အသီးထက် အခွံပါးက ပိုပြီးဆေးဖက်ဝင်ပါတယ်။ ဒါ အပြင် တည်သီးမှာ အာဟာရဓာတ် ပါဝင်မှုကတော့ ရေငွေ့ဓာတ်၊ အသား ဓာတ်၊ ကစီဓာတ်၊ သတ္တုဓာတ်၊ ထုံး ဓာတ်၊ မီးစုန်းဓာတ်၊ သံဓာတ်၊ ဗီတာမင် ဘီဓာတ်နှင့် ဗီတာမင်ဘီဝမ်း၊ ဘီတူးစတဲ့ သဘာဝ အာဟာရဓာတ်များစွာပါဝင် နေပါတယ်။ တည်သီးဟာ ကြိုက်နှစ် သက်သူများအတွက် ခံတွင်းကိုမြိန်စေပါ တယ်။ အစာစားလိုစိတ်ဖြစ်စေပါတယ်။ တည်သီးဟာ ကုန်ခန်းသွားတဲ့အား တွေ ပြန်လည်ပြည့်ဝစေတဲ့ ရေငွေ့ဓာတ် နဲ့ခွန်အားကိုများများတိုးတက်ဖြစ်ထွန်း စေနိုင်တဲ့ ကစီဓာတ်များစွာလည်း ပါဝင် ပါတယ်။ မီးစုန်းဓာတ်လည်း အများဆုံး ပါဝင်ပါတယ်။ ဒီဓာတ်တွေဟာ သွားနဲ့ အရိုးတွေကို သန်မာတောင့်တင်းစေပါ တယ်။ခန္ဓာကိုယ်မှာ ပျက်စီးသွားတဲ့ဓာတ် အမျိုးမျိုး၊ သတ္တုဓာတ်အမျိုးမျိုးကို ပြန် လည်ဖြည့်တင်းရတယ်။ တည်သီးမှာ သတ္တုဓာတ်နဲ့ အာဟာရဓာတ်တွေပါဝင် နေပေမယ့် အစားများရင် ရုတ်တရက် ကျောက်ကပ်ရောင်ခြင်း၊ ကျောက်ကပ် ပျက်စီးခြင်းကို ဖြစ်ပွားနိုင်ပါတယ်။ တချို့ ဆိုရင့် တည်သီးပြုတ်အလုံး (၂၀၊ ၃၀) လောက်ကို တစ်ထိုင်တည်းစားလိုက်မိသူ တွေ ဆီးမသွားနိုင်ဖြစ်ကြတယ်။ ဒီအခါ မှာ သွေးပေါင်ချိန်တွေတက်ပြီး စိတ်ဖိစီး မှုများ၊ ပိုက်အောင့်၊ ခါးကိုက်ပြီး ဆီး မထွက်တဲ့ဒဏ်ကို ပြင်းထန်စွာခံစားရ တတ်ပါတယ်။ သွေးတိုးရောဂါအခံရှိသူ ဆိုရင် ဦးနှောက်သွေးကြောပြတ်ပြီး လေ ဖြတ်နိုင်ပါတယ်။ ဒါ့အပြင် တည်သီးရဲ့ အနှံ့အသက်ဟာ အစာစားထားတဲ့သူရဲ့ ခံတွင်းမှာ အနှံ့နံ့စေသလို ဆီးရောဝမ်း မှာပါ အနံ့စွဲစေပါတယ်။ တည်သီးကို အလွန်အကျွံမစားဖို့နဲ့ ဖြစ်နိုင်ရင် မစား တာက ပိုကောင်းပါတယ်။ ဒါကြောင့် တန်ဆေးလွန်ဘေးလို့ပြောတာပါ"

"အကယ်၍ တည်သီးစားပြီးရင် ဘယ်လိုပြန်ပြီးတော့ကာကွယ်နိုင်ပါသလဲ ဆရာမရှင့်"

"တည်သီးစားပြီးရင် ရေများ များသောက်ပါ။ အဆိပ်အက်စစ်ဓာတ် တွေပြယ်သွားပြီ။ ဆီးများများသွား လိုက်ရင်ကောင်းပါတယ်။ နောက်ဆက် တွဲရောဂါတွေလည်း မဖြစ်တော့ပါဘူး။ ဒါ့ပြင် အဆိပ်အတောက်ရှိတဲ့ တည်သီးကို ရေဖြင့်သုံး၊လေးကြိမ်အထိပြုတ်ပြီး သွန်ပစ်ကာ နောက်ဆုံးပြုတ်ချိန်မှာ ထန်းလျက်နဲ့ဆား သင့်ရုံထည့်ပြီးပြုတ်ပါ က အဆိပ်အတောက်ကင်းရှင်းသွားပါ တယ်။ အချို့ထန်းလျက်မရနိုင်တဲ့ နေရာ တွေမှာ ဆားဖိုလယ်ပြာကိုထည့်ပြုတ်ပြီး အဆိပ်အတောက်ကိုဖယ်ရှားစေနိုင်ပါ တယ်။ အစိမ်းတော့ လုံးဝမစားသင့်ပါ ဘူး။ ဒါ့ပြင် တည်သီးစားရင် တည်သီးရဲ့အညှာအညောက်ပိုင်းက ကျောက် ကပ်ကို အန္တရာယ်ဖြစ်စေပါတယ်။ ဒါကို ဖယ်ထုတ်ပြီးစားရပါ့မယ်။ သို့ပေမယ့် တည်သီးဟာ အကျိုးထက် အပြစ်ကို ပိုဖြစ်စေတဲ့အတွက်ကြောင့် တည်သီးကြိုက်သူတွေရော မကြိုက်သူတွေပါ မစားလို့ရရင် မစားသင့်တဲ့အစာပါလို့ ပြောကြားဆွေးနွေးရင်း ဒီမှာတင် ရပ်နားပါဦးမယ်ကွယ်"

"ဟုတ်ကဲ့ပါ။ အခုလို မိုးရာသီမှာ လှိုင်လှိုင်ပေါတဲ့ တည်သီးအကြောင်းနဲ့ အဆိုးအပြစ်တွေကိုခွဲခြားပြီး ပြည့်ပြည့်စုံစုံ ဆွေးနွေးတင်ပြသွားတဲ့ဆရာမကို မြန်မာ့ အသံက အထူးပင်ကျေးဇူးတင်ရှိပါတယ် ရှင့်"

"ဆရာမကလည်း ကျေးဇူးတင်ပါ တယ်"

ဒေါ်နေနေနိုင်ညွှန့်

(တိုင်းရင်းဆေးပညာ)

www.burmeseclassic.com

www.burmeseclassic.com

လေတင်၍ပစ်လွှတ်လိုက်သော
မြှားမှန်နသည်
ပစ်လွှတ်သူတို့ထံသို့သာ
ပြန်လည်၍ကျရောက်သကဲ့သို့
မပြစ်မှားထိုက်သူကို
ပြစ်မှားသောသူသာလျှင်
မကောင်းမှုတို့သည်
ပြန်လည်သက်ရောက်၏။ ။

ယော အပ္ပဒုဋ္ဌဿ အစရှိသော ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကောကခွေးမုဆိုးကို အကြောင်းပြု၍ ဟောတော်မူ၏။

■ **ဝတ္ထုကြောင်းကားကျသို့တည်း**

မုဆိုးတစ်ယောက်သည် တစ်နေ့နံနက် လေးကိုယူ၍ နောက်ပါခွေးတို့နှင့် တောသို့သွား၏။ လမ်းခရီး၌ ဆွမ်းခံရန် ကြွတော်မူလာသော ရဟန်းတစ်ပါးကိုတွေ့မြင်၍ ဤသူယုတ်မာကိုတွေ့မြင်ရသဖြင့် ယနေ့ တစ်စုံတစ်ရာမျှရမည်မဟုတ်ဟု ဒေါသထွက်မိ၏။

မထေရ်သည် ရွာမှ ဆွမ်းခံပြန်လာရာ လမ်းတွင် တောမှပြန်လာပြီး သားကောင်မရ၍ စိတ်ပျက်လာသော ခွေးမုဆိုးနှင့်ဆုံမိပြန်သော် ဤသူယုတ်ကိုမြင်ရသောကြောင့် တစ်စုံတစ်ခုသောသားကောင်ကိုမျှမရဟု ခွေးတို့ကိုလွှတ်၍ ကိုက်စေ၏။ မထေရ်သည် တောင်းပန်၏။ မုဆိုးသည် ခွေးတို့ကိုလွှတ်၏။ မထေရ်သည် သစ်ပင်ပေါ်သို့ လျှင်စွာတက်၍ ခွကြား၌ထိုင်နေ၏။ခွေးတို့သည် သစ်ပင်ကိုဝိုင်းကိုက်၏။ မုဆိုးသည် မထေရ်၏ခြေဖဝါးကို မြားသွားဖြင့်ထိုး၏။ မထေရ်သည် မပြတ်တောင်းပန်၏။

■ **မုဆိုးခွေးစာဖြစ်ခြင်း**

မုဆိုးသည် ထပ်ကာထပ်ကာ မြားသွားဖြင့်ထိုး၏။ မထေရ်၏ကိုယ်သည် မီးဖြင့်မြို့က်သကဲ့သို့ဖြစ်၏။ ပြင်းထန်သောဝေဒနာကိုခံစားရသဖြင့် သတိလက်လွှတ်ဖြစ်ပြီး ရုံထားသော သင်္ကန်းပျက်စီး၍ ကျွတ်ကျ၏။ သင်္ကန်းသည် ကောကမုဆိုး၏ဦးခေါင်းမှ စုတ်၍ လွှမ်းခြုံပြီးကျလာလေ၏။

ခွေးတို့သည် မထေရ်ကျလာပြီဟူသောအမှတ်ဖြင့် သင်္ကန်း၏အတွင်းသို့ဝင်၍ မုဆိုးကိုကိုက်ခဲကြ၏။ မုဆိုးသည် သေလေ၏။ မထေရ်သည် သစ်ကိုင်းခြောက်တို့ကိုချိုး၍ ခွေးတို့ကိုပစ်၏။ ခွေးတို့သည် မထေရ်ကိုမြင်၍ သခင်ကိုကိုက်ခဲမိပြီဟုသိရသောကြောင့် တောထဲသို့ပြေးဝင်ကုန်၏။

■ **ဘုရားသခင်ထံ လျှောက်ထားခြင်း**

မထေရ်သည် မိမိသင်္ကန်းကြောင့် မုဆိုး သေကျေပျက်စီးရသည်ဖြစ်၍ မိမိ၌ သီလစင်ကြယ်၏၊ မစင်ကြယ်၏ကို သံသယဖြစ်မိ၏။ ထို့ကြောင့် မြတ်စွာဘုရားထံ သွားရောက်၍ အကြောင်းစုံကိုလျှောက်ထား၏။

မြတ်စွာဘုရားသခင်သည် -

(ကျောက်စို့)

သော်တာအောင်

သူများမကောင်းကြံ ကိုယ်သာခံ

"ချစ်သားရဟန်း၊ သင်၏သီလသည် ညစ်နွမ်းကျိုးပေါက် ပျက်စီးခြင်းမရှိ။ ထိုမုဆိုး မပြစ်မှားထိုက်သူအား ပြစ်မှားမိ၍ ပျက်စီးခြင်းသို့ရောက်ရ၏။ ထိုမုဆိုးသည် ယခုဘဝမှာသာမဟုတ်သေး၊ ရှေးလွန်လေပြီးသော ဘဝကလည်း ဤသို့ပင် ဖျက်ဆီးခြင်းကြောင့် ပျက်စီးရဖူးလေပြီ"

ဟု အတိတ်ဇာတ်ကို ဟောတော်မူ၏။

■ **ခွေးမုဆိုး၏အတိတ်ဇာတ်**

ရှေးလွန်လေပြီးသောအခါကာလ၌ ဆေးဆရာတစ်ယောက်သည် ဆေးကုရန် ရွာသို့လှည့်လည်သော် ဆေးကုစရာတစ်စုံတစ်ယောက်မျှမရခဲ့။ ရွာတံခါး၌ကစားနေကြသော သူငယ်တို့ကိုတွေ့၍ ဤသူငယ်တို့ကို မြွေကိုက်စေပြီး ဆေးကုခယူတော့မည်ဟု သစ်ခေါင်း၌ဦးခေါင်းကိုဖော်၍ အိပ်နေသော မြွေဆိုး

www.burmeseclassic.com

www.burmeseclassic.com

ဆလိုင်းဌေးသိန်း(ရမည်းသင်း)

ကျွန်တော်နဲ့ခံတက်ရွက်

ကျွန်တော် ယေ်ငယ်ကတည်းက ကြားဖူးတာရှိပါတယ်။ ယောကျ်ားမှာ ဆီး၊ မိန်းမ မှာမီး တဲ့။ ဆိုလိုတာကတော့ ယောကျ်ားတွေမှာ ဆီးရောဂါအဖြစ်များပြီး အသက်အန္တရာယ်စိုးရိမ်ရကြောင်း၊ မိန်းမတွေမှာလည်း မီးယပ်ရောဂါအဖြစ်များပြီးအသက်အန္တရာယ်စိုးရိမ်ရကြောင်းကို တိုတိုနဲ့လိုရင်းပြောတာပဲဖြစ်ပါတယ်။

မှန်လည်းမှန်ပါတယ်။ ကျွန်တော်က တိရစ္ဆာန်ဆေးကုဆရာဝန်ကိုတော့ နေ့တိုင်း ရွာတွေကိုသွားနေရတာပါပဲ။ နေ့စဉ် လူတွေရော တိရစ္ဆာန်တွေကိုပါ ဆက်ဆံနေရတာပါ။ ဆီးနဲ့ပတ်သက်တဲ့ ရောဂါတွေကလည်း များပါတယ်။

အထူးသဖြင့် ယောကျ်ားတွေ အသက်(၅၀)ကျော်လာရင် ဆီးကျိတ်ရောင်တဲ့ရောဂါအဖြစ်များတာတွေ့ရပါတယ်။ ရောဂါဖြစ်ရတဲ့အကြောင်းရင်းတစ်ခုကတော့ လူတွေဟာ ဆီးသွားချင်ရင်ထိုင်ပြီးတော့သွားကြတာများပါတယ်။ အထူးသဖြင့် ကျွန်တော်တို့မြန်မာပြည်မှာ လမ်းသွားရင်း ဆီးသွားချင်ရင်၊ ခရီးသွားရင်း လမ်းဘေးမှာဆီးသွားချင်ရင် ထိုင်ပြီးတော့သွားကြတာများပါတယ်။ မတ်တတ်ရပ်ပြီး ဆီးသွားရင်ရိုင်းတယ်လို့ မြင်တတ်ကြပါတယ်။ ထိုင်လျက်ဆီးသွားရင် ဆီးအိမ်ထဲမှာဆီးကျန်ပါတယ်။ မတ်တတ်ရပ်လျက် ဆီးသွားရင်တော့ ဆီးကုန်ပါတယ်။ ဆီးကျန်တာကနေ အဆိပ်ဖြစ်ပြီး ဆီးကျိတ်ရောင်တတ်ပါတယ်။ အပူအစပ်တွေအမြဲစားရင်လည်း ဖြစ်တတ်ပါတယ်။ အခြားအကြောင်းများကြောင့်လည်း ဆီးကျိတ်ရောင်တတ်ပါတယ်။ ဒီရောဂါဖြစ်ပြီဆိုရင် အထူးခြားဆုံးလက္ခဏာတွေကတော့ ည အချိန်မှာ ဆီးသွားတဲ့အကြိမ်များပါတယ်။ ဆီးသွားရင်လည်း အားမရဘဲဖြစ်တတ်ပါတယ်။ ဆီးသွားရင်အရှိန်မပါဘဲ မကြာခဏရပ်သွားတတ်ပါတယ်။ အဲဒါကြောင့် ဆီးသွားချိန်ကြာပါတယ်။ ကြာလာရင် ဆီးစပ်ကနာလာပါတယ်။ ဆီးသွားရခက်ခဲပါတယ်။နောက်ဆုံး ဆီးချုပ်သွားရပါတယ်။

ကျွန်တော်တို့ရဲ့မိတ်ဆွေတောင်သူကြီး ဦးတင်မောင် ဆီးကျိရောင်တဲ့ရောဂါဖြစ်လို့ မြို့ပေါ်ကဆေးရုံမှာ တက်ရောက် ကုသပါတယ်။ ဆရာဝန်က ခွဲစိတ်ကုသမှ ရမယ်ဆိုပြီး ရက်ချိန်းပေးလိုက်ပါတယ်။ ဆေးရုံကဆင်းတဲ့နေ့မှာပဲ ကျွန်တော်နဲ့ ကားဂိတ်မှာတွေ့ပါတယ်။ ဘာဖြစ်လို့လဲမေးတော့ ဆီးကျိတ်ရောင်လို့ ဆေးရုံတက်ရတဲ့အကြောင်းနဲ့ ခွဲစိတ်ကုသဖို့ ရက်ချိန်းလိုက်တဲ့အကြောင်း ပြောပြပါတယ်။

ဒါနဲ့ကျွန်တော်လည်း ဒီရောဂါကို လက်တွေ့ပျောက်ဖူးတဲ့ဆေးနည်းလေး ပြောပြလိုက်ပါတယ်။ ကျွန်တော့်ကို မြန်မာဆေးဆရာကြီးဦးမောင်ပြောပြတဲ့နည်းလေးပါ။ လွယ်လွယ်ကူကူ ရရှိနိုင်တဲ့ဆေးနည်းလေးပါဗျ။ အရပ်ဒေသတိုင်းမှာရှိပါတယ်။ ခံတက်ပင်လို့ခေါ်ပါတယ်။ ကျွန်တော်တို့အညာဒေသမှာတော့ ခံတက်ချဉ်ဆိုတာ နာမည်ကြီးအတို့အမြုပ်ပေါ့။ ခံတက်ရွက်ကို ထမင်းနဲ့ အချဉ်တည်ထားတာပါပဲ။ ခံတက်ပင်က ခံတက်ရွက်အရင့်(၅)ရွက်ကို ရေဖန်ခွက် (၃) ခွက်နဲ့ သုံးခွက်တစ်ခွက်တင်ကျိုပြီးတော့ သောက်ရမှာဖြစ်ပါတယ်။ တစ်နေ့တစ်ခွက် ငါးရက်သောက်ရင် ဆီးကျိတ်ရောင်ရောဂါပျောက်ပါတယ်။

ဦးတင်မောင်တစ်ယောက် ကျွန်တော်ပြောတဲ့ ဆေးနည်းအတိုင်း သောက်ပြီး (၆) ရက်မြောက်နေ့မှာ ကျွန်တော့်ဆီရောက်လာပါတယ်။ ဆေးသောက်ပြီး ဆီးပေါလာတဲ့အကြောင်းနဲ့ ဆီးထဲမှာ အနည်တွေပါပြီးကျောက်ခဲသေးသေးလေးတွေပါပြီးကောင်းသွားပြီလို့ပြောပါတယ်။ ကျွန်တော်ကတော့ ဆရာဝန်ကိုပြန်ပြဖို့ပြောလိုက် ပါတယ်။ သူတို့လည်းသွားပြပါတယ်။

ဆေးရုံက ဆရာဝန်ကခွဲစိတ်စရာမလိုတော့တဲ့အကြောင်းပြောလိုက်တယ်လို့ သိရပါတယ်။ သူတို့လည်း ဝမ်းသာသွားကြတာပေါ့။ မြန်မာဆေးနည်းတို့တွေကို အထင်မသေးပါနဲ့။ ယုံယုံကြည်ကြည်သောက်ကြပါလို့ မေတ္တာနဲ့တိုက်တွန်းရေးသားလိုက်ပါတယ်။

ဆလိုင်းဌေန်သိန်း(ရမည်းသင်း)

တစ်ကောင်ကိုပြပြီး သူငယ်တို့အားထိုဆက်ရက်ဌက်ကိုဖမ်းပါတော့လားဟုပြော၏။

သူငယ်တစ်ဦးသည် ဆက်ရက်ဌက်မှတ်ထင်၍ မြွေ၏လည်ပင်းကို ဆုပ်ကိုင်မိလေသော် မြွေမှန်းသိသဖြင့် ကြောက်အားလန့်အားနှင့် တအားလွှဲ၍ ပစ်လိုက်ရာ မြွေသည် ဆေးဆရာကို ထိမှန်၍ ကျောကုန်းရိုးကို ခဲအပ်သည်ဖြစ်ရာ ဆေးဆရာသည် ထိုနေရာ၌သေလေ၏။

မြတ်စွာဘုရားသည် အတိတ်ဇာတ်ကိုဟောတော်မူပြီး အနုသန္ဓေကို စပ်တော်မူ၍ တရားတော်ကို ဟောတော်မူ၏။

(၁၂၅) ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊
သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ
တမေဝ ဗာလံ ပစ္စေတိ ပါပံ၊
သုခုမော ရဇော ပဋိဝါတံ ဝ
ခိတ္တော။

အကြင်လူမိုက်သည် မပြစ်မှားထိုက်သော၊ စင်ကြယ်သော၊ ကိလေသာအညစ်အကြေးမရှိထသောပုဂ္ဂိုလ်သူမြတ်အား ပြစ်မှား၏။ လေတင်သို့ပစ်လွှတ်သောမြူမှုန်သည် ထိုပစ်လွှတ်သောထိုသူသို့သာလျှင် မကောင်းမှုအကျိုးသည် ရှေးရှုလာ၏”

(မကောင်းသောကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ဒုစရိုက်ဟုခေါ်သည်။)

(ကောင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို သုစရိုက်ဟုခေါ်သည်။)

ကံသုံးပါး

ကာယကံ - ကိုယ်ဖြင့်ပြစ်မှားမှု၊
ဝစီကံ - နှုတ်ဖြင့်ပြစ်မှားမှု၊
မနောကံ - စိတ်ဖြင့်ပြစ်မှားမှု
အပေါင်းမှ ကင်းလွတ်ကြပါစေသော်။

သော်တာအောင်(ကျောက်တောင်)

ကျမ်းကိုး -

ဓမ္မပဒ (တတိယတွဲ)

www.burmeseclassic.com

www.burmeseclassic.com

(မသိုးလုံး)

ဒေါင်မြင့်ထွန်း

လိုတာကိုရမည် သို့သော်...တန်ဖိုးကိုပေးပါ

တစ်ခါက -

မြစ်ဝကျွန်းပေါ် နယ်ရှိ မြို့ဟောင်း ကျေးရွာလေးတွင် ချမ်းသာကြွယ်ဝသော ဦးပန်းမွှေးဆိုသူကြေးရတတ်ရွာမျက်နှာဖုံး၊ ဘာသာရေးလိုက်စားသူလူကြီးတစ်ဦးရှိလေ၏။

လယ်ကေနှင့် ဓနိုခြံမြောက်များစွာ ပိုင်ဆိုင်ထားသူဖြစ်သည်။သူသည် မူဆိုးဖိုတစ်ဦးဖြစ်ကာ သမီးပျိုသုံးဦးရှိလေ၏။ သမီးအကြီးမ ကြေးမုံ၊ သမီးလတ် မနှင်းမုံနှင့်သမီးထွေး မကြာဖြူတို့ဖြစ်ကြကုန်၏။ ဦးပန်းမွှေးသည် အသက်(၇၀) အရွယ်သို့တိုင်ခဲ့ပြီ။ သမီး(၃)ယောက်တို့ အရွယ်ရောက်ပြီဖြစ်ကြသော်လည်း ဖခင်ကိုချစ်သည့်သံယောဇဉ်ကြောင့် အိမ်ထောင်မပြုကြပေ။ သူစိမ်းဝင်လာလျှင် မိသားစုတို့မှာ စည်းလုံးမှုမရှိကြတော့သည်ကို ကြိုတင်တွေးဆထားကြ၏။

မိဘကိုအသက်ထက်ဆုံးလုပ်ကျွေးသမှုပြုကြကုန်၏။

သမီးအကြီးမကြေးမုံက လယ်ယာလုပ်ငန်းကို ဦးစီးလုပ်ကိုင်၏။ သမီးလတ် မနှင်းမုံက ဓနိုခြံလုပ်ငန်းကိုတာဝန်ယူသည်။ သမီးထွေးမကြာဖြူက အိမ်ထောင်တစ်စုလုံး၏ ဘဏ္ဍာစိုးဖြစ်လေ၏။ မကြာဖြူသည် စာရင်းဇယားနိုင်နင်း၏။ ငွေကြေးအဝင်အထွက်ထိန်းသိမ်းနိုင်၏။

ဖခင်ကြီး၏သွန်သင်ထားမှုကြောင့် သမီး(၃)ယောက်လုံး စည်းကမ်းရှိပြီးဖြစ်ကြ၏။ သမီးထွေး၏စွမ်းရည်မှာ အသက်အရွယ်အိုမင်းသောဖခင်ကြီးဦးပန်းမွှေးအတွက် သင့်တင့်မျှတသောဟင်းကျွေးဟင်းလျာနှင့် စားသောက်ဖွယ်ရာတို့ကို စီမံပေးနိုင်၏။ ရာသီဥတုနှင့်လိုက်လျောညီထွေစွာ စားသုံးနိုင်သော အစားအသောက်အာဟာရကို ဖခင်ကြီးအား ကျွေးမွေးပြုစုပေးလေ၏။

ထို့ကြောင့် မကြာဖြူသည် မီးဖိုဆောင်ကိုလည်း သူမသာလျှင် စီမံဦးစီးရပါသည်။

"ဖေကြီး၊ဒီနေ့ဘာဟင်းစားချင်လဲ"

"အေး - သမီးလေးရယ် မြင်းခွာရွက်ကိုမြေပဲဆန်မှုန့်နေအောင်ထောင်းပြီး သုပ်ပေးပါလား သမီး"

မကြာဖြူသည် ဖခင်ကြီးနှစ်သက်စွာစားသုံးလိုသောအစားအသောက်ကို ဦးစားပေး၍ စီမံဆောင်ရွက်သည်။ ပြီးသည်နှင့် ဖခင်ကြီးနှုတ်ခံတွင်းမြိန်စေရန် ကန်စွန်းရွက်ချဉ်ဟင်းအချဉ်ပေါ့ပေါ့ချက်၏။ ငါးသလဲထိုးငရုတ်သီးစပ်စပ် အိုးကပ်ချက်လေးကို ဖခင်ကြီးအကြိုက်ချက်ထားလေရာ ယနေ့ထမင်းမြိန်သည်ဟု ဖခင်ကြီးကဆို၏။ ဦးပန်းမွှေးသည် သားကြီးငါးကြီးရှောင်သည်။ သိတတ်စအရွယ်မှစ၍ အမဲဝက်တို့ကိုရှောင်ကြဉ်ခဲ့သူတည်း။ ဝါတွင်းဝါပဉ်ပုသ်နေ့တိုင်း သက်သတ်လွတ်စားသုံး၏။ လက်ဖက်ရှိလျှင် လက်ဖက်နှင့်ပြီး၏။ ငှက်ပျောသီးဖီးကြမ်းရှိလျှင် ဖီးကြမ်းနှင့် ထမင်းစားတတ်သူပါ။

ဇီဇာမကြောင်၊ ပစိပစပ်မများ၊ ဒေါသမရှိ၊ ပကတိငြိမ်းအေးစွာ နေထိုင်လေ့ရှိရာ သမီးတို့လည်း စိတ်ချမ်းမြေ့ကြကုန်၏။ ဦးစီးဟူသည် အိမ်တစ်အိမ်တွင် မေတ္တာဖြင့်အုပ်ချုပ်လေရာ သားသမီးတို့ပျော်ရွှင်ကြရလေပြီတည်း။

သမီးများက စီးပွားလေးလုပ်ငန်းများကို ပိုင်ပိုင်နိုင်နိုင်ဦးစီးနိုင်လေရာ ဖခင်ဦးပန်းမွှေးက မျက်နှာပွင့်နိုင်ခဲ့ပါသည်။

www.burmeseclassic.com

ဦးပန်းမွှေးသည် ဘုရားတရားရှိသေကိုင်းရှိုင်းသူဖြစ်လေရာ ယခုအခါ ဘုရားရှိခိုးဥပုသ်စောင့်နိုင်ရုံသာမက အချိန်ပိုင်းတရားအားထုတ်နိုင်သည်အထိ အချိန်ရလာပါသည်။

သမီး(၃)ယောက်တို့သည် ကျန်ခြေသိက္ခာစောင့်စည်းသူများဖြစ်ကြကုန်၏။

မျက်လုံးမကစား၍ တည်ငြိမ်၏။

မကြေးမုံ၏ လယ်ယာလုပ်ငန်းခွင်တွင် သူရင်းငှားကောက်စိုက်သမမျိုးစုံရှိ၏။ မတစ်ရာသားများဖြစ်ကြကုန်သောကြောင့် ထောင့်မကျိုးသူဖြစ်နေပါသော်လည်း မကြေးမုံ၏လုပ်ငန်းခွင်၌ အပိုးကျိုးသွားသည်သာဖြစ်လေတော့၏။

မကြေးမုံ၏ စူးရှထက်မြက်သော မျက်လုံးတစ်စုံနှင့် စိုက်ကြည့်ခံရသူသည် မဟုတ်တာမလုပ်ဝံ့တော့ချေ။ ဤမည်

www.burmeseclassic.com

www.burmeseclassic.com

သော အာအမူအရာကို အတုခိုးထားသူမှာ မနှင်းမှုံဖြစ်သည်။ ခနိခုတ်လုပ်သားများ ဆိုလျှင် တုတ်တုတ်မျှမလှုပ်ရဲချေ။ ခနိ ဗျစ်ထိုးလုံမလေးများကလည်း မမလတ် ဟုခေါ်ကာ မနှင်းမှုံကိုလေးစားသမှုရှိကြပါသည်။ သူမတို့သည် အိမ်နေလျှင် ဖျင်ထူထူရင်ဖုံးအင်္ကျီကိုဝတ်ဆင်ကြလေ၏။ လယ်ထဲသို့အလုပ်ဆင်းလျှင်သော်လည်းကောင်း၊ ခနိခြုံလုပ်ငန်းခွင်ဆင်းကြသူ လုံမတို့သည်လည်းကောင်း၊ ရင်ဖုံးအင်္ကျီထက်လုံခြုံသော အညာဖျင်ကြမ်းထည်ဖားဖားကြီးများကို အတွင်းသားမပေါ်အောင်ဝတ်ဆင်လေ့ရှိကြကုန်၏။

လူ၏လက္ခဏာသိက္ခာတည်ကြည်ခြင်း၊ မမြင်အပ်သောအရာမပေါ် စေဘဲ လုံခြုံမှုရှိခြင်းတို့က တစ်ပါးသူမစရဲ၊ မနောက်ရဲစေသောအချက်များပင်ဖြစ်တော့သည်။ အာဂသတ္တိနှင့်ပို၍ပြည့်စုံသူကား

သမီးအကြီးဆုံး မကြေးမုံ ဖြစ်လေ၏။ သမီးများအနေဖြင့် ဖခင်ကို အနားပေးကာ လုပ်ငန်းခွင်ဝင်နေကြချိန်က ဖြစ်ပါ၏။

■

ထိုအချိန်ကား မြန်မာ့မျိုးချစ်သူရဲကောင်းများဖက်ဆစ်ဂျပန်တို့ကို အပြီးအပိုင်မောင်းထုတ်တော်လှန်နေကြချိန်ဖြစ်လေ၏။

တောအုပ်အလွန်ထူထပ်သော မဟာဗောဓိမြို့ဘုန်းတော်ကြီးကျောင်းအနီး တပ်စွဲထားသော ဂျပန်တပ်မကြီးရှိလေ၏။ အောက်ပြည်အောက်ရွာတွင် တပ်စွဲထားသော ထိုဂျပန်တပ်ရင်းသည် အဆိုးရွားဆုံးတပ်မကြီးဟုလည်း နာမည်ကြီးနေ၏။ ထိုနေ့သည် ဂျပန်တပ်အတွက် ရိက္ခာစုဆောင်းရမည့်နေ့ ဖြစ်သည်။ ရိက္ခာရှာရန် ဂျပန်တပ်ဖွဲ့ခေါင်းဆောင်ဗိုလ်မှူးကြီးစိစဉ်ရလေ၏။ မြို့ဟောင်းကျေးရွာသည် စားရေရိက္ခာဖလုံသောကျေးရွာဖြစ်ကြောင်း ဗိုလ်မှူးကြီး သိရှိထားလေသည်။ ဂျပန်မာစတာဗိုလ်မှူးကြီးက ဂျပန်စစ်သားလူငယ်(၃)ယောက်ကို ရိက္ခာရှာရန်တာဝန်ပေးသည်။

ဂျပန်စစ်သား(၃)ယောက်တို့ မြို့ဟောင်းကျေးရွာဘက်သို့ ထွက်လာခဲ့ကြ၏။

မကြေးမုံသည်လည်း လယ်ထဲဆင်းရမည်။ သူမသည် အညာဖျင်ကြမ်းထူထူ၊ သနပ်ခါးပါးကွက်ထူထူနှင့် ရွာထဲမှထွက်လာခဲ့သည်။ သူမဖြတ်သန်းလာသော တောတန်းလေးမှ သခွတ်ပင်ကြီးသည် အချိန်အခါမဟုတ် စောစီးစွာပွင့်လျက်ရှိသည်။ လယ်ကွင်းစပ်တောတန်းလေးမှ ချိုးကူသံတကူကူကူးသည် တောသဘာဝတေးသံသာလေးအဖြစ်သာယာလိုက်ပါဘိခြင်း။

သာယာသောတေးသံကိုဖျက်ဆီးလိုက်သည်က -

"ကယ်ကြပါဦးရှင်၊ ကယ်ကြပါဦး"

ကြောက်လန့်တကြား အော်ဟစ်အကူအညီတောင်းခံသံကို မကြေးမုံကြားလိုက်ရလေ၏။ အသံလာရာတောအုပ်ချုံကြားဆီသို့ အလျင်အမြန်ပြေးသွားလိုက်၏။ ခေတ္တအသံပျောက်သွားပြန်၏။ မကြေးမုံမျက်လုံးများက ကျီးကန်းတောင်းမှောက်ရှာဖွေဆဲ။

"ဝူး. . . ဝါး. . . လုပ်. . . လုပ် ကြပါဦးတော်။ ကျွန်မကိုကျပန်တွေနှိပ်စက်နေပါတယ်"

မကြေးမုံ တွေ့လိုက်ရပါပြီ။ မဖွယ်မရာမြင်ကွင်းပေါ်လာ၏။ ရွာထဲက မိန်းကလေးမိလှယဉ်ကို မြက်ခင်းပြင်မှာ ပက်လက်အနေအထားနှင့်တွေ့လိုက်ရသည်။ သူမအင်္ကျီစုတ်ပြဲနေပြီဖြစ်သည်။ ကျားသုံးကောင်က ဝန်းရံထားသည့် သားသမင်ငယ်သည် ကျားစာဖြစ်ရရှာတော့မည်။ ဤမြင်ကွင်းကို တွေ့လိုက်ရသော မကြေးမုံမျက်လုံးထဲဝယ် မီးဝင်းဝင်းတောက်လျက်။

မြန်မာအမျိုးသမီးလေးကို တိုင်းတစ်ပါးသားစော်ကားမည်ကို မကြေးမုံ လုံးဝမလိုလားချေ။ ဂျပန်ဘယ်နှယောက်ဖြစ်နေပါစေ မကြေးမုံ၏ဒေါသအပြင်းအထန် ပေါက်ကွဲလေပြီတည်း။ အနီးစပ်ဆုံးဂျပန်၏ပါးပြင်ထက်သို့ သူမ၏မိုးကြိုးလက်ဝါးဖြင့် တအားလွှဲရိုက်ပစ်လိုက်၏။

"ဖြန်း"

"အားရိ. . . ရို. . ဘာကဲရို. . . ဘိရှမာ"

မကြေးမုံ၏ အရိုက်ခံရသူ ဂျပန်ခမျာ ကြယ်တွေလတွေတဝင်းတလက်လက်ဖြင့် လက်နှစ်ဖက်ဆန့်တန်းကာ ဟိုစမ်းစမ်းဒီစမ်းစမ်းဖြင့် ရန်သူကိုဝှေ့ဝဲလိုက်ရှာနေ၏။ မကြေးမုံကိုမြင်လိုက်ရသောအခါ စူးစူးဝါးဝါးကြည့်ပါတော့သည်။ မကြေးမုံ၏စူးရှထက်မြက်သော မီးဝင်းဝင်းတောက်သောအကြည့်ဒဏ်ကို ထိုဂျပန်မခံစားနိုင်ရှာပါ။ မြန်မာ့သတ္တိသွေးဆူဆူဝေနေသော မကြေးမုံကို မယှဉ်နိုင်တော့ပြီကို ထိုဂျပန်သိလိုက်ပါပြီ။ ကြက်သေသေကာ ကြည့်နေသော သူ့အဖော်ဂျပန်နှစ်ယောက်ကို အမြန်ဆုံးခေါ်ယူကာ ထိုနေရာမှ ထွက်ပြေးကုန်ကြလေသတည်း။

ဂျပန်တွေ ကြောက်ရွံ့သွားပုံကို မိလှယဉ်ပင်အံ့သြရလေ၏။ မကြေးမုံ၏ကျေးဇူးကြောင့် ဂျပန်တွေရန်က သူမလွတ်မြောက်ခဲ့ရလေ၏။ ကျေးဇူးအလွန်တင်မိပါ၏။ မိလှယဉ်စဉ်းစားရသည်မှာ မကြေးမုံတွင် မည်သည့်တန်ခိုးမျှမပိုင်ဆိုင်ထားပါ။ သူမ၏လူတစ်ဖက်သားကို ကူညီချင်စိတ်ပြင်းထန်လာပုံ၊ မြန်မာအမျိုးသမီးကို ဂျပန်တို့စော်ကားတော့မည်ကို လုံးဝမလိုလားပါ။ မြန်မာ့သတ္တိသွေးများဆူဝေတက်ကြွလာခဲ့ရပါ၏။ ကြောက်ရွံ့စိတ်လုံးဝကင်းမဲ့သွားသော မကြေးမုံ အောင်မြင်မှုကိုရရှိလိုက်ပါ၏။

"မိလှယဉ် ညီမလေးမကြောက်နဲ့တော့နော်။ အန္တရာယ်ကလွတ်ပါပြီကွယ်"

"ကံသီပေလို့ပဲ မမရေ၊ ကျေးဇူးတင်လိုက်တာ မမရယ်။ ဒီဂျပန်ကောင်တွေကို မကျေဘူး သိလား။ သူတို့ကို သတ်မယ် မရရတဲ့နည်းနဲ့သတ်မယ်"

"သည်းခံပါ ညီမလေးရယ်။ ကိုယ်က ကာယကံမြောက်ကျူးလွန်စရာမလိုပါဘူး။ သူ့အကုသိုလ်ကိုယ့်အကုသိုလ်မဖြစ်ပါစေနဲ့။ သူတို့ကာယကံသူတို့ဆိပြန်ပါလိမ့်မယ်ကွယ်"

မကြေးမုံက မိလှယဉ်ကိုချော့မော့ရလေ၏။

"ကဲကဲ လာ ညီမလေး၊ မမလိုက်ပို့ပေးမယ်"

"ဟုတ်ကဲ့ မမ"

မကြေးမုံက သူ၏အပေါ်ဝတ်အင်္ကျီရှည်ကြီးကို မိလှယဉ်အားခြုံပေးလိုက်၏။ မိလှယဉ်ကို ဖေးမတွဲယူကာ အိမ်တိုင်ရာရောက်လိုက်ပို့ပေးလေ၏။

ထိုအချိန်မှစတင်၍ မကြေးမုံကို မြို့ဟောင်းကျေးရွာထဲမှာ ရဲရဲတောက်မကြေးမုံဟု တင်စားခေါ်ဝေါ်ကြကုန်၏။ ဘုရားဂုဏ်တော်သည် အန္တရာယ်ကင်းစေပါသည်။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်လုံခြုံနေသူအဖို့ အန္တရာယ်မကျရောက်နိုင်ကြောင်း၊ သမီး၏အောင်ပွဲသည် ဘုရားတရားမမေ့သူ၊ (၃၁) ဘုံသားတို့အား မေတ္တာပို့သနေသူဖြစ်ခြင်းကြောင့် တောစောင့်နတ်တောင်စောင့်နတ်တို့၏အကူအညီမကင်းနိုင်ကြောင်း သမီးမကြေးမုံနားလည်စေရန်နှင့် ဘုရားတရားအလုပ်ကို ဆက်လက်ကြိုးစားပါဟု ဖခင်ကြီးက ဆုံးမ၏။

■

www.burmeseclassic.com

www.burmeseclassic.com

ဦးပန်းမွေးသည် ညနေဆည်းဆာချိန် ရွှေဘုံသာစေတီကြီးသို့ သွားကာ နေ့စဉ်တရားထိုင်ပါသည်။ ရွှေဘုံသာစေတီကြီးသည် ပရိဝုဏ်ကျယ်ဝန်းသည်။ တိတ်ဆိတ်အေးချမ်းသည်။ ရွှေဘုံသာစေတီတော်သည် မြောင်းမြ-မြစိမ်းရောင်ကားလမ်းဘေးတွင်ရှိသည်။ ညနေချမ်းချိန်ခါတွင်ကား လူသွားလူလာတိတ်ဆိတ်ပြီ ဖြစ်လေ၏။ ကမ္မဋ္ဌာန်းဘာဝနာအားထုတ်ခြင်းကို စိတ်အေးချမ်းသာစွာ ဆောင်ရွက်နိုင်သောအေးချမ်းနယ်မြေတစ်ခုဟုဆိုက မှားအံ့မထင်။

■

ဦးပန်းမွေးသည် သမီးများနှင့်ဖော်ရွှင်စွာ (စိတ်အေးချမ်းသာစွာ) မိသားစုစည်းစည်းလုံးလုံးနေထိုင်ရပါ၏။ နံနက်မိုးသောက်အရုဏ်ကျင်းသည်နှင့် မျက်စိနှစ်လုံးပွင့်သည်မှအစပြု၍ သတ္တဝါအပေါင်းတို့ကို မေတ္တာပို့သသည်။ အရုဏ်တက်ချိန်ဘုရားရှိခိုး၊ အရုဏ်ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်၏။ ယနေ့ယခုပြုပြုသမျှ ကုသိုလ်အားလုံးကို အမျှဝေသည်။ မေတ္တာပို့သည်။ မိမိအိမ်ဘုရားခန်းရှေ့၌ပင် တစ်နာရီခန့်တရားထိုင်သည်။

တစ်နေ့ခင်းလုံးမှာ အိမ်ခြံဝင်းရှိပေါင်းမြောက်ပင်လေးများကို သူနိုင်သလောက် ရှင်းလင်း၏။ လေးလံပင်ပန်းသည့်အလုပ်ကြမ်းများကိုတော့ မလုပ်နိုင်တော့ပါ။ ကျန်းမာရေးအတွက် လှုပ်ရှားမှုတစ်ခုအဖြစ် ပြုလုပ်ခြင်းသာဖြစ်လေ၏။ ဦးပန်းမွေးသည် လက်က အလုပ်လုပ်နေသလို နှုတ်မှလည်း ဘုရားစာမပြတ်ရွတ်လျက်ရှိပါ၏။ ဤသို့ဖြင့် တစ်နေကုန်လေ၏။ ညနေချမ်း ရွှေဘုံသာစေတီကြီးတွင် တရားထိုင်လေ၏။ ညအိပ်ရာဝင်သည်နှင့် ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေပြီးမှ အိပ်ရာဝင်လေသည်။

တစ်နေ့သ၌ ဦးပန်းမွေးသည် အပြင်းဖျားလေ၏။ ဦးပန်းမွေးသည် ကျန်းမာရေးဂရုစိုက်ရင်းမှ ရုတ်တရက် ကျန်းမာရေးဖောက်ပြန်ခြင်း ဖြစ်သည်။ သူ၏ နေ့စဉ်အလုပ်ပင်ပန်းသွား၍လည်း မဟုတ်ပါ။ သူ့အလုပ်က မြေပြင်မှမြက်ပင်လေးများကိုသာ လက်နှင့်နုတ်ယူဖယ်ရှားနေခြင်း ဖြစ်သည်။ မြက်နုတ်ရင်း ခွေးစို့လာသည်။ ဝတ်ထားသောအင်္ကျီခွေးစို့နေပြီ။ ထိုခွေးကြောင့်အအေးပတ်မည်စိုး၍ အင်္ကျီကိုချွတ်လိုက်သည်။ သူ၏လုပ်လက်စအလုပ်ကိုတော့ ဆက်လုပ်နေ၏။ ညနေခင်းလေပြည်လေညင်းလေးများသည် သူ၏ခန္ဓာကိုယ်ကို ကလူကျီစယ်နေကြကုန်၏။ ခန္ဓာကိုယ်ပေါ်မှ ချွေးခြောက်လေပြီတည်း။ ဦးပန်းမွေး၏ခန္ဓာကိုယ်မှာ အပြင်ပန်းခံနိုင်ရည်ရှိသော်လည်း အတွင်းဓာတ်သဘောဖောက်ပြန်မှုကို သူမသိလိုက်ချေ။

သူ၏ခန္ဓာကိုယ်ချွေးအအေးပက်လေ၏။ ထို့ကြောင့် အသက်အရွယ်အရ အပြင်းဖျားပါတော့သည်။ သူသည် သက်ရွယ်အိုမင်းရင့်ရော်ချိန် အဖျားအပူချိန်ပြင်းထန်သောကြောင့် စကားလုံးများမဲ့မမှန်ကယောင်ကတမ်းပြောလာ၏။

"နတ်သမီးတွေ၊ နတ်သမီးတွေ၊ နတ်ဗိမာန်နတ်နန်းတွေ လှလိုက်တာ ကြည့်လို့မဝနိုင်ဘူး"

"ဖေဖေကြီး. . . သတိထားပါဦး ဖေကြီးရဲ့"

"ကိုယ်တွေ့လည်း ချစ်ချစ်တော်က်ပူနေတာပဲ။ ရွာထဲက ဗိန္ဓောဆရာကြီး ပင့်ရအောင်"

"ဖယ်ကြစမ်း၊ ဖယ်ကြစမ်းဟယ်။ နတ်ဘုံနတ်နန်းဆိုတာ ဒါတွေလားကွယ်"

"ဖေဖေကြီးကယောင်ကတမ်းတွေ ပြောနေပြီ ဒုက္ခပါပဲ။ ဒီတစ်ခါတော့ ကိုယ်ကျိုးနည်းပါပြီထင်ပါရဲ့ မမကြီးတို့ရယ်။ ဖေဖေကြီး သမီးတို့ခေါ်နေတယ်လေ ဖေကြီးရဲ့"

"နတ်ပြည်က ဘယ်လောက်လှလဲဆိုတာ ငါလျှောက်ကြည့်ဦးမယ်"

အသက်အရွယ်အိုမင်းရင့်ရော်နေသော ဦးပန်းမွေးသည် ကိုယ်ခံအားနည်းနေသောအချိန်ဖြစ်၍ အဖျားဒဏ်ကိုခံနိုင်စွမ်းရည်မရှိတော့ချေ။ ဦးပန်းမွေးသတိလွတ်ကာမြောသွားလေ၏။

■

ဦးပန်းမွေးလမ်းလျှောက်နေသည်။ သူလျှောက်နေသောလမ်းသည် ရွာလမ်းမကြီးလည်းမဟုတ်။ တောတန်းလေးများလည်းမရှိ။ လယ်ကွင်းများကိုလည်း မတွေ့ရချေ။

သူခြေချနင်းခဲ့ရသည်မှာ မြေကြီးမြေသားမဟုတ်ပါ။ ပကတိဖန်မြေအတိပြီးလေ၏။ ချောမွေ့၏။ ပျော့ပျောင်း၏။ အမှိုက်သရိုက်၊ ဖုန်၊ သဲ အလျင်းမရှိချေတကား။ အကျင်းချို့ငဲ့များလုံးဝမရှိ။ တစ်ပြေးညီပင် ညီညာပြန့်ပြူးနေပါ၏။ ဦးပန်းမွေးလမ်းလျှောက်နေရသည်မှာ ပေါ့ပါးနေ၏။ ယခုသူအသက်ရှူနေရသည်မှာ လတ်ဆတ်သောလေရှူနေရခြင်းကြောင့် လန်းလန်းဆန်းဆန်းရှိလှ၏။

သူမြင်နေသည့် အဆောက်အအုံတို့မှာ အချွန်အတက်များ၊ ဘုံအဆင့်ဆင့်၊ အဆောင်ဆောင်အခန်းခန်းတို့ဖြင့် တောက်ပပြောင်လက်ကာနေကြကုန်၏။ များစွာသောအဆောက်အအုံတို့တောက်ပပြောင်လက်နေကြသော်လည်း မျက်စိကျိန်းစပ်ခြင်းမရှိပါ။ လှုပစွာကြည့်၍ကောင်းနေသည်။ သူသည် လှုပသောအဆောက်အအုံတို့ကိုကြည့်ရှု၍မဝနိုင်ချေ။ ဦးပန်းမွေးတစ်ယောက်စိတ်လက်ရှင်လန်းတက်ကြွလျက်ရှိ၏။

သူ၏အသက်အရွယ်နှင့်စာလျှင်မောပန်းနွမ်းနယ်ကာ ဆက်လျှောက်လှမ်းနိုင်တော့မည်မဟုတ်ပေ။ ရပ်၍သော်လည်းကောင်း၊ ထိုင်၍သော်လည်းကောင်း အနားယူသင့်နေပြီ။ သူ၏လျှောက်လှမ်းခဲ့သောခရီးကို ဆန့်တန်းကြည့်မည်ဆိုပါက မိုင်ပေါင်းမြောက်မြားစွာ ခြေဆန့်ခဲ့ပြီးဖြစ်ပါ၏။ သူမမောပန်းပါ။ပင်ပန်းခြင်းအလျှင်းမရှိချေတကား။ သူကြည့်လာသောအဆောက်အအုံတိုင်း ရတနာမျိုးစုံတို့ဖြင့်စီခြယ်ကာ ရွှေဖြင့်ပြီးသည့် ဗိမာန်များ၊ တစ်ခုနှင့်တစ်ခုမတူဘဲ တစ်မျိုးစီလှပကာကြည့်၍မကုန်။

ယခုမှ ဦးပန်းမွေးသတိထားမိသည်။ သူနှင့်ယှဉ်၍လျှောက်လှမ်းလိုက်ပါလာသူမှာ နတ်မင်းတစ်ပါးဖြစ်နေသည်။ အစဦးက ဦးပန်းမွေးသည် အဆောက်အအုံနတ်ဗိမာန်တို့၏ အလှအပတို့ကိုသာ ငေးမောနေလေရာ သူ၏ဘေးမှ နတ်တစ်ပါးပါလာသည်ကိုပင် သတိမပြုမိချေ။ ဦးပန်းမွေးသည် ယခုမှ သူရောက်ရှိနေသောနေရာသည် နတ်ပြည်ဖြစ်ကြောင်း သိလာရသည်။

ထိုအခါ ဦးပန်းမွေးသည် ထိုနတ်ဗိမာန်တို့၏အကြောင်းကို သိလိုသောဆန္ဒပြင်းပြလာလေ၏။ သူသိလိုသည်တို့ကို အတူပါလာသောနတ်မင်းအား ဤသို့မေးလေ၏။

"အသင်နတ်မင်း၊ နတ်သားတို့သည် ရတနာခုနှစ်ပါးဖြင့် ဆန်းကြယ်သောရွှေဗိမာန်တို့ကိုရကြကုန်သည်မှာ အဘယ်ကုသိုလ်ကောင်းမှုတို့ကြောင့်ပါနည်း"

ထိုအခါ ဦးပန်းမွေးဘေးမှလိုက်ပါလာသောနတ်မင်းသည် နတ်တို့၏ရှေးကောင်းမှုကုသိုလ်အကြောင်းကို အောက်ပါအတိုင်း ရှင်းပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"အသင်လူသား၊ ဤနှုတ်တို့သည်ကောင်း၊ စေတီ၊ ဘေဝိယင်တို့ကိုလှူဒါန်းခဲ့သောကြောင့် လည်းကောင်း၊ ဇရပ်၊ တံတားတို့ကိုဆောက်လုပ်လှူဒါန်းခဲ့ဖူးသောကြောင့်သော် လည်းကောင်း၊ စားစရာသောက်စရာတို့ကို လှူဒါန်း၍သော် လည်းကောင်း၊ တံခွန်၊ ကုက္ကား၊ ထီး၊ တောင်ဝှေးတို့ကိုပေးလှူခဲ့ဖူးသောကြောင့်သော် လည်းကောင်း၊ တံပို့၊ ရေဆီမီး၊ အမွှေးတိုင်၊ ပန်း၊ နံ့သာတို့ကိုပေးလှူခဲ့ဖူးသောကြောင့်သော်လည်းကောင်း၊ ပရိတ်ဌရာဇ်ပါး သပိုးစေတီတို့ကို ပေးလှူခဲ့ဖူးသောကြောင့်သော် လည်းကောင်း၊ ဤရတနာဝိမာန်တို့ကို အံ့သီးသီးရရှိခဲ့ကြခြင်း ဖြစ်ပါ၏"

"ဩော် - ကုသိုလ်ကောင်းမှုများဆောင်ရွက်နေသူတွေအတွက်ပါလား"

ဦးပန်းမွှေးသဘောပေါက်ရပါ၏။

နတ်မင်းနှင့် ဦးပန်းမွှေးတို့သည် (ဦးပန်းမွှေးကငေးမောရင်း) ဆက်လက်လျှောက်လှမ်းနေကြသည်။ ငေးမောနေသောဦးပန်းမွှေး ခလုတ်တိုက်ချော်လဲစရာမရှိချေ။ သူ၏ခြေလှမ်းမျှားကမှန်ပြင်ပေါ် ဝယ်လျှောက်လှမ်းနေရသည့်ပုံနှယ်။ ဦးပန်းမွှေး လမ်းလျှောက်၍ အားလွန်ကောင်းနေတော့သည်။ ကြည့်ရှုစရာများကလည်း ရင်သပ်ရှုမောစရာတွေချည်းသာ။

■

သူတို့ တစ်နေရာသို့ရောက်သောအခါ အလွန်လှပဆန်းကြယ်သည့်နတ်ဗိမာန်တစ်ခုကို ဦးပန်းမွှေးတွေ့မြင်လိုက်ရသည်။ ထိုဗိမာန်ကြီးကား ကြီးကျယ်ခမ်းနားလှပါ၏။ လှပဆန်းကြယ်ပါ၏။ သို့သော်လည်း ထိုနတ်ဗိမာန်ကြီး၏ထူးခြားချက်ကို ဦးပန်းမွှေးအထင်အရှားသတိပြု မိချေ၏။

ဦးပန်းမွှေးက နတ်မင်းအားအမေးပုစ္ဆာထုတ်ရပြန်သည်။

"အသင်နတ်မင်း၊ ထိုဗိမာန်ကြီးကား ကြီးကျယ်ခမ်းနားလှပါဘိ။ လှပဆန်းကြယ်ပါ၏။ သို့ရာတွင် ထိုဗိမာန်ကြီး၌နေထိုင်သူ၊ နတ်သားနတ်သမီးတစ်ယောက်တလေမျှ မတွေ့ရလေကုန်။ ကျွန်ုပ်၏စိတ်၌ ဤသို့တွေးမိပါ၏။ နတ်ပြည်၌မနေထိုင်သောဗိမာန်ဟူသည်ရှိပါ၏လော"

"နတ်မနေသော ဗိမာန်ဟူ၍မရှိပါ။ ဗိမာန်တိုင်းမှာ နတ်သားနတ်သမီးတို့နေထိုင်ကြပါကုန်၏။ အသင်သိထားရန်မှာ နတ်ပြည်သို့ ရောက်လာမည့် ပုဂ္ဂိုလ်ကို ကျွန်ုပ်တို့ကြိုတင်သိရှိကြကုန်သည်ဖြစ်၍ ယခုကဲ့သို့ ကြိုတင်စီမံထားရခြင်းဖြစ်ပေ၏"

"ဒါဆို အသင်နတ်မင်း၊ ကျွန်ုပ်တို့ပြောကြားပါဦးလော့။ ဤဗိမာန်ကြီးကို အသင်တို့ကြိုတင်ဆောက်လုပ်ထားကြကုန်ဘဲ့။ ဤဗိမာန်ကြီး၏ပိုင်ရှင်သည် မည်သူဖြစ်လာလေမည်နည်း"

ဦးပန်းမွှေး၏မေးခွန်းကို နတ်မင်းက ဖြေကြားပါ၏။ အံ့သြသွားရသူမှာ ဦးပန်းမွှေးဖြစ်ပါတော့သည်။ နတ်မင်းဖြေကြားလိုက်သည်က ဤသို့ဖြစ်လေ၏။

"လူပြည်က ဦးပန်းမွှေးဆိုတဲ့သင့်အတွက်သာ ဖြစ်ချေ၏"

"အလို - ကျွန်ုပ်အတွက်ဆိုပါကလား။ ကျွန်ုပ်က လူသားပဲရှိသေးတာ၊ ကျွန်ုပ်အတွက် ဘယ်လိုဖြစ်လိမ့်မတုံး"

"အသင်၏သက်တမ်းဘယ်အချိန်ကုန်ဆုံးမည်ကို ဘုရားမှတစ်ပါး မည်သူမျှမသိရှိကြလေကုန်။ သို့ရာတွင် သင်၏လူပြည်မှကောင်းမှုကုသိုလ်များ၏တန်ဖိုးဆည် ဤနတ်ပြည်နှင့်သာထိုက်တန်မဲ့နေသည်ကို သိကြားမင်း၏စစ်တမ်းအရဖော်ပြလျက်ရှိနေပါ၏။ သို့ကြောင့်သာလျှင် ကြိုတင်စီမံထားရှိနိုင်ခြင်းဖြစ်တော့သည်"

ဦးပန်းမွှေးက သူသေလျှင် ဤနတ်ပြည်သို့လားရမည်ကိုသိလိုက်ရပါတော့သည်။ ဦးပန်းမွှေးသည် နတ်မင်း၏စကားကိုနားထောင်ရင်း သူ၏ခြေလှမ်းများဆက်လက်လှုပ်ရှားနေ၏။ တစ်နေရာသို့ထပ်မံရောက်ရှိလာကြပြန်၏။ ဦးပန်းမွှေးတွေ့လိုက်ရသောနတ်ဗိမာန်ကြီးကား အံ့မခန်းကြီးကျယ်ပါကုန်၏။ သူ၏ဗိမာန်ထက်ကြီးမားသည်။ ပိုမို၍လည်း လှပတောက်ပြောင်နေတော့၏။ ဤမျှခမ်းနားကြီးကျယ်သော နတ်ဗိမာန်ကြီးတွင်လည်း နေထိုင်သူနတ်သားနတ်သမီးမရှိချေ။ အဆောက်အအုံဗိမာန်ကြီးကားမိုးထိမြင့်မားလောက်ပေ၏။ ရင်သပ်ရှုမောလောက်ပါ၏။ ဦးပန်းမွှေးကား ဗိမာန်ကြီးကိုကြည့်ကာ မျက်စိမလွဲနိုင်တော့ပါ။ ပါးစပ်အဟောင်းသားဖြင့် ငေးနေရသည်အထိ ဖြစ်ပါတော့၏။

သူသည် ထုံးစံအတိုင်း နတ်မင်းကိုပင် မေးရပြန်ချေ၏။

"အသင်နတ်မင်း၊ ဒါလည်း ကြိုတင်ဆောက်လုပ်ထားတာပါလား။ နတ်ပြည်ကိုလာဖို့ရှိနေပြန်ပြီလား"

"ဟုတ်ပါတယ် အသင်လူသား ရှိနေပါတယ်"

နတ်မင်းတာ တိုတိုနှင့်လိုရင်းကိုပင် ဖြေကြားလိုက်ပါ၏။ ဒီအဖြေကို ဦးပန်းမွှေးကျေနပ်မှုမရှိချေ။ ရှေ့ဆက်သိချင်သည့်ဆန္ဒရှိနေပါ၏။ သူသိလိုသည်ကိုပင် တိတိပပမေးမြန်းလိုက်ပုံမှာ-

"ဘယ်သူများတုံး အသင်နတ်မင်း၊ အကျွန်ုပ်သိချင်စမ်းပါဘိတော့။ ကျေးလူးပြု၍ အသင်နတ်မင်းဖြေကြားပါဦးလော့"

"သင်တို့ရွာက သွားအမိန့်ယောက်အတွက် ဖြစ်ပေတယ်"

"ဟုတ်လား အသင်နတ်မင်း။ ဒါဖြင့်ရင် ကျွန်ုပ်တို့တစ်ရွာတည်းသားချင်း အတူတူ ဒါနဲ့ ဒီဗိမာန်က ဘာကြောင့်များပိုမိုကြီးမားနေရပါသတုံး"

ဦးပန်းမွှေးအတွက် ထူးဆန်းနေပါ၏။ နတ်ပြည်ရောက်ကြမည့်သူချင်းအတူတူ နတ်ဗိမာန်ချင်းဘာကြောင့်မတူညီရသနည်း။ ပုထုဇဉ်အဆင့်မျှသာရှိသော လူသား၏ စိတ်အကြံအစည် ဤတွင် လွဲချော်နေပြီဖြစ်ပါသည်။ ဦးပန်းမွှေး၏စိတ်အတွေးကို နတ်မင်းခန့်မှန်းမိချေ၏။ ထို့နတ်မင်းက ဤလူသားကိုရှင်းပြမဲ့သဘောပေါက်ရမည့်အခြေသို့ဆိုက်ရောက်လာပါ၏။ နတ်မင်းက ရှင်းပြရန်လိုအပ်နေပြီဖြစ်ပါ၏။

"နတ်ပြည်ရောက်ကြမယ့် သူချင်းအတူတူဆိုလော သင့်စကားဤအထိမှန်လေ၏။ သို့သော် ဗိမာန်ချင်းတော့မတူညီနိုင်ပေဘူး။ အသင်လူသား အသင်တို့လူပြည်မှာ ဆင်းရဲချမ်းသာရှိပါသလား"

"ရှိပါတယ် အသင်နတ်မင်း"

"ဒါဖြင့်ရင် ဆင်းရဲ၊ ချမ်းသာ ဘာကြောင့်ကွာခြားနေရလေသနည်း"

"သူတို့ကုသိုလ်ကံ ပြုလုပ်ကြတဲ့အပေါ်မှာမူတည်နေပါတယ်။ ကုသိုလ်ကံနည်းသူက ဆင်းရဲပါတယ်။ ကုသိုလ်ကံအားကောင်းသူက ချမ်းသာမှုနဲ့ပြည့်စုံပါတယ် အသင်နတ်မင်း"

"အသင်သဘောပေါက်လာပြီပဲ။ ထိုသားအမိတို့၏ကုသိုလ်ပြုမှုပုံက မြင့်မြတ်ထူးခြားလှပေတယ်။ အဲဒီသားအမိက သင့်လိုပဲဘုရားတရားကြည်ညိုကြတယ်။ ဥပုသ်သီလစောင့်ထိန်းကြကုန်တယ်။ သို့သော် တူပင်တူငြားမသော်လည်းပဲ သူတို့သားအမိဘုရားကြည်ညိုပုံက သင့်ထက်သာလွန်နေပါတယ်။ ဘုရားကိုရိုသေတဲ့နေရာမှာ ဘယ်သူမှလိုက်မမီနိုင်ပေဘူး။ သူတို့က ဘုရားပန်း၊ ရေချမ်း၊ ဆီမီးတို့ကို နေ့စဉ်မပြတ်လှူလျှဒေး

www.burmeseclassic.com

www.burmeseclassic.com

ကြတယ်။ ဘုရားခန်းကိုလည်း နေ့စဉ် သန့်ရှင်းသုတ်သင်ပေးတယ်။ သူတို့ဆွမ်းကပ်ပုံ၊ ဘုရားကြည်ညိုပုံက သာမန်အဆင့်မဟုတ်ပေဘူး။ မြင့်မြတ်တဲ့စေတနာသဒ္ဓါတရားထက်သန်ကြပေတယ်"

"ဘယ်လို မျှားဆွမ်းကပ်လို့တုံး အသင်နတ်မင်း၊ အသင်နတ်မင်းစကားက ကျွန်ုပ်အတွက် ထူးဆန်းနေပါပကော ဆွမ်း၊ ဆွမ်းဟင်း၊ သောက်တော်ရေပါရင်ပြီးပြီးရောပေါ့"

"အသင်လူသားရဲ့စကားထဲမှာပဲ ဇာတိပြနေပါပေါ့လား။ လူသားတွေ ဘုရားဆွမ်းတော်ကပ်ပုံက အသင်ပြောသလို ပြီးပြီးရောလုပ်နေကြတာကလား။ သူတို့သားအမိရဲ့ ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ဆွမ်းကပ်လှူပုံပြောပြပေးမယ်။ သင်သေသေချာချာနားစိုက်ထောင်လော့"

"ကောင်းပါပြီ အသင်နတ်မင်း"

နတ်မင်း၏စကားကို ဦးပန်းမွှေးစိတ်ဝင်စားသွားပြီးဖြစ်လေ၏။ ထူးခြားသောစကားကိုကြားရတော့မည်ဖြစ်၍ ဂရုတစိုက်နားထောင်ရန် အဆင်သင့်ပြင်ဆင်လိုက်၏။

"သူတို့သားအမိဟာ ဆွမ်းတော်ကပ်ချိန်မှာ ဘုရားရှေ့တွင် စားပွဲဝိုင်းခုံလေးကိုချ၊ သန့်စင်တဲ့စားပွဲခင်းကိုခင်းတယ်။ ပုံမှန်ထမင်းစားပန်းကန်အရွယ်ထဲမှာ ဆွမ်းတော်အပြည့်ထည့်တယ်။ ဆွမ်းဟင်းလည်း ဒီအတိုင်းပဲ။ သူတို့စားတဲ့အဝိုင်းပဲ ဘုရားဆွမ်းတော်ပွဲကိုပြင်ဆင်တယ်။ ရေပူ(ရေနွေးကြမ်းကိုဆိုလိုသည်) ရေအေး(သောက်တော်ရေနှင့်လက်ဆေးရေ) လက်သုတ်ပုဝါထားပေးတယ်။ မြတ်စွာဘုရားကိုပင့်လျှောက်တယ်။ ရှိခိုးပူဇော်ပြီး ဆွမ်းတော်ကိုကပ်လှူကြတယ်။

ဘုရားရှင်တော်မြတ်ကြီးဆွမ်းဘဉ်းပေးနေစဉ်ခိုက်မှာ ခြင်၊ ယင်မလာရအောင်၊ ဖုန်သဲမဝင်ရလေအောင် ဘေးကနေ ကျုံ့ကျုံ့ထိုင်ပြီး ယပ်တောင်တစ်ချောင်းနဲ့ခပ်ပေးနေတယ်။ ဘုရားဆွမ်းဘဉ်းပေးချိန်ပြီးလောက်မှ ဆွမ်းဝိုင်းကို သိမ်းဆည်းကြတယ်။ ဘုရားဝေယျာဝစ္စအားလုံးပြီးစီးသွားမှ သူတို့သားအမိထမင်းစားကြတယ်။ အဲဒါ သူတို့နေ့စဉ်ဝတ်မပျက်ဆောင်ရွက်နေကြတာကလား။ ဒါကြောင့် သူတို့သားအမိရဲ့ကုသိုလ်ကပိုမိုမြင့်မြတ်နေလို့ သူတို့ရဲ့ဗိမာန်က ပိုမိုကြီးမားနေရခြင်းဖြစ်ပေတယ်"

■

ဦးပန်းမွှေးသည်ရောဂါပြင်းထန်လှ၍ အိပ်ရာထက်မှာလဲလျောင်းကာ ငြိမ်သက်နေ၏။ ညီအစ်မသုံးယောက်တို့သည် ဖခင်ကြီးသတိပြန်လည်လာမည့်အချိန် စိုးရိမ်ပူပန်စွာဖြင့် မျှော်လင့်စောင့်စားရင်း ဖခင်ကြီး၏မျက်နှာကိုသာစိုက်ကြည့်နေကြရှာသည်။ ဘယ်လိုလုပ်ရင် ကောင်းမလဲအတွေးကိုယ်စီနှင့် စကားမပြောဖြစ်ကြတော့ပါ။ တစ်အိမ်လုံးအပ်ကျသံကြားရလောက်အောင် ခေတ္တတိတ်ဆိတ်နေကြ၏။

ထိုစဉ် -

"အိုး ကျွတ်ကျွတ် ကိုယ်လက်တွေညောင်းလိုက်တာ"

"အဖေ. . . အဖေ သတိရလာပြီ။ အဖေညောင်းနေလား သမီးနှိပ်ပေးမယ်နော်"

မကြာဖျူဝမ်းလည်းသာ၏။ ဖခင်ကြီးသတိရလာပြီဖြစ်၍ ခြေမကိုင်မိလက်မကိုင်မိဖြစ်နေ၏။ ပျာပျာသလဲဖြင့် ဖခင်ကြီး၏ခြေသလုံးကို သူမ၏လက်ကလေးများဖြင့် ဆုပ်နယ်ပေးရှာသည်။ သူမ၏မျက်ဝန်းမှာ မျက်ရည်များပင်စို့လာ၏။ မကြေးမုံနှင့် မနှင်းမှုံတို့က ဦးပန်းမွှေး၏လက်မောင်းတို့ကို နှိပ်နယ်ပေးကြ၏။ ညီအစ်မတို့စကားမပြောဖြစ်ကြဘဲ ဖခင်ဦးပန်းမွှေး၏ ဆန္ဒကိုသာ အလျင်စလိုဖြည့်ဆည်းပေးလျက်ရှိကြကုန်၏။

"ဖေဖေ နည်းနည်းမောသလိုပဲ။ ရေတစ်ခွက်လောက်ပေးကြစမ်း သမီးထို့ရယ်"

မနှင်းမှုံက သောက်ရေတစ်ခွက်ပြေးခပ်၏။ မကြေးမုံက ဦးပန်းမွှေးကို ရေသောက်ရလွယ်ကူစေရန် ညင်သာစွာထွေးပွေ့ပေးထား၏။ မကြာဖျူက သောက်ရေအေးအေးဖြင့် ဦးပန်းမွှေးကို ယုယကြင်နာစွာတိုက်ပေးပါ၏။ ရေအေးအေးတစ်ခွက်သောက်ပြီး ဦးပန်းမွှေး အမောပြေသွားရလေသည်။

ဦးပန်းမွှေးခေတ္တအားနည်းခြင်းသာဖြစ်ပါ၏။ သူကောင်းစွာစကားပြောနိုင်ပါသည်။

ဦးပန်းမွှေးသည် သူမြောသွားစဉ်က နတ်ပြည်ရောက်ခဲ့ရသည်ကို အစအဆုံးမှတ်မိနေသည်။ သူ့အတွက် စိတ်ပူနေကြသောသမီးတို့ကို သူ၏အကြောင်းကို ပြန်လည်ပြောပြပါသည်။ သူသည် နတ်ပြည်သို့ရောက်ခဲ့ရသည်။ နတ်ပြည်၏တင့်တယ်ပုံ၊ လှပပုံ၊ နတ်သားနတ်သမီးတို့လှပချောမောကြပုံ၊ နတ်ပြည်တွင် အညစ်အကြေးမြူတစ်မှုန်မရှိသန့်ရှင်းပုံ၊ နတ်တို့၏တူရိယာသံ၊ နတ်စောင်းသံတို့သာယာပုံ စသည့် သာယာနာပျော်ဖွယ်တို့ကိုပြောပြလေရာ မကြေးမုံ၊ မနှင်းမှုံ၊ မကြာဖျူတို့ စိတ်ဝင်တစား နားထောင်ကြရလေ၏။

နတ်ပြည်တွင် ထူးခြားသော နတ်ဗိမာန်တို့၏အကြောင်းကိုလည်း ဆက်လက်ပြောပြပါသည်။

"ဖေဖေရယ်၊ နတ်မင်းတစ်ပါးရယ် လျှောက်သွားနေရင်း ဗိမာန်ကြီးတစ်ခုကို တွေ့ရတာ နတ်သားနတ်သမီးတွေလည်းမနေကြဘူး။ ဘယ်သူနေဖို့လဲ မေးကြည့်တော့ ဖေဖေနေဖို့တဲ့"

"ဟယ် - ထူးဆန်းလိုက်တာ"

"အို - ဖေဖေ အခုသွားနေရမှာလား"

"အခုမဟုတ်ပါဘူး။ ဖေဖေလူ့ပြည်မှာ ကံကုန်ရင်ပေါ့"

"ဒါဆို ဘယ်တော့လဲဖေဖေ။ နတ်မင်းက ဘာပြောလိုက်လဲ"

"ဒါကတော့ ဘယ်သူမှမဖြေနိုင်တဲ့မေးခွန်းပါသမီးတို့ရယ်။ ဖေဖေက လူ့ပြည်မှာ ဘုရားတရားတွေလုပ်ရဦးမှာပါကွယ်။ သြော် - ဒါနဲ့နောက်ဗိမာန်ကြီးတစ်ခု ထပ်တွေ့ရသေးတယ်။ ပိုကြီးတဲ့ဗိမာန်ကြီးပေါ့။ ဒါကိုလည်း ဖေဖေမေးကြည့်တော့ ဒီရွာကသားအမိနှစ်ယောက်အတွက်လို့ပြောတယ်။ ဒီရွာမှာသားအမိနှစ်ယောက်ထဲနေတာ ဘယ်သူတွေလဲ သမီးတို့သိကြလား"

မကြေးမုံက သူသိကြောင်း ဖခင်ကြီးဦးပန်းမွှေးအား ဤသို့ပြောပြလေ၏။

"ဟုတ်တယ် ဖေကြီး၊ ရိုးသားတဲ့သားအမိနှစ်ယောက်ပဲ။ မိခင်ကြီးကပဲပြုတ်ရောင်းတယ်။ သူသားကတော့ ရွာထဲမှာ သက်ကြီးရွယ်အိုတွေမနိုင်မနင်းလုပ်ကိုင်နေရတာတွေကို ဝိုင်းကူလုပ်ပေးတယ်။ သူက လူပျိုကြီးအရွယ်ဖြစ်နေပေမယ့် အားရင်ကလေးတွေနဲ့ဆော့ကစားတတ်တယ်။ ကျပ်မပြည့်ဘူး ဖေကြီးရဲ့။ သားအမိနှစ်ယောက်စလုံးဘုရားတရားအလွန်ကြည်ညိုကြတယ် ဖေကြီး"

သားအမိနှစ်ယောက်အကြောင်းကို ဦးပန်းမွှေးအကြမ်းဖျင်းသိလိုက်ရပါ၏။ သားအမိတို့နေပုံထိုင်ပုံကို ဦးပန်းမွှေးသိလို၏။ အထူးသဖြင့် ထူးထူးခြားခြားဘုရားကြည်ညိုပုံက အံ့လောက်စရာဖြစ်နေ၏။ ဘုရားတည်ညိုကြပုံအတုယူစရာဖြစ်နေ၍ ဦးပန်းမွှေးက သားအမိနှစ်ယောက်၏ ဓလေ့စရိုက်ကို အောက်ပါအတိုင်း စုံစမ်းသိရှိလိုက်ရပါတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

မြို့ဟောင်းကျေးရွာကလေးသည် လယ်ယာမြေစိုက်ပျိုးခြင်းလုပ်ငန်းတို့က အဓိကစီးပွားရေးလုပ်ငန်းများဖြစ်ချေ၏။ ဟင်းသီးဟင်းရွက်စိုက်ပျိုးသူ၊ မုန့်ပဲသရေစာ ပြုလုပ်ရောင်းချသူ၊ ကောက်စိုက်နုတ်၊ သူရင်းငှားလုပ်ကိုင်ဆောင်ရွက်သူများလည်းရှိပါ၏။ နှီးထိုး၊ တောင်း၊ ပလုံး၊ စကာရက်လုပ်သူများလည်းရှိကြလေ၏။ ထိုလုပ်ငန်းများထဲမှ တစ်ဘာသာခွဲထွက်သွားသူမှာ ဒေါ်မင်းယုံဖြစ်လေသည်။

သူမသည် မြို့ဟောင်းကျေးရွာ၊ ရွာအစွန်၌ တဲသာသာအိမ်လေးတစ်လုံးတွင် သားအမိနှစ်ယောက်တည်း အေးချမ်းစွာ နေထိုင်ကြလေ၏။ ဒေါ်မင်းယုံက ပဲပြုတ်၍ ရွာထဲလှည့်လည်ရောင်းချခြင်းဖြင့် သားအမိနှစ်ယောက်တစ်ဝမ်းတစ်ခါးဖူလုံပါ၏။ ဒေါ်မင်းယုံ၏သားအမည်မှာ ကိုဆယ်ပြားဟုခေါ်တွင်လေ၏။ ကိုဆယ်ပြားသည် ဦးနှောက်အတန်ငယ်ချို့ယွင်းရှာ၏။ မသိမသာပေါကြောင်ကြောင်နိုင်လေသည်။ သူသည် ပေါတောတောရှိသည်မှလွဲ၍ လူကောင်းတစ်ယောက်ဖြစ်ပါ၏။

သူ၏အရွယ်မှာ လူပျိုကြီးဖြစ်နေသော်လည်း ရွာရှိကာလသားတို့နှင့်တွဲသည်မရှိခဲ့။ ရွာထဲရှိ ပုဆိုးစလွယ်သိုင်းကလေးများနှင့်သာ အပေါင်းအသင်းလုပ်၏။ ကလေးများနှင့်တူတူပုန်းတမ်း၊ ခွေလှိမ့်တန်းကစား၏။ လောက်လေးခွကိုင်သူကလေးငယ်တို့နှင့် ကိုဆယ်ပြားမပေါင်းချေ။ လေးခွကိုင်သူ ကလေးငယ်တို့သည် ဆက်ရက်၊ စာကလေး၊ တောကြက်မပစ်သူမရှိချေ။ သူတစ်ပါးအသက်သတ်သူများကိုရှောင်ကွင်းက အပျော်ကစားသူများနှင့်သာ ပေါင်းသင်းလေ၏။

သားအမိနှစ်ယောက်တို့သည် ဘာသာရေးရှိသေကိုင်းရှိုင်းကြလေကုန်၏။ သူတို့သည် ဆင်းရဲ၍အနေစုတ်၏။ သို့သော် မနောဖြူ၏။ စိတ်ထားမြင့်မြတ်ကြကုန်လေသည်။ သူတို့၏ဘုရားခန်းမကျောက်ဆင်းတုကိုယ်တော်သည် ဖုန်မှုန့်၊ ပင့်ကူမျှမရှိ ဖြူစင်လျက် အမြဲသန့်ရှင်းနေ၏။ ကြည်ညိုဖွယ်အဆင်းရှိလေသည်။ ညောင်ရေအိုးမှဘုရားပန်း ဘယ်သောအခါမှ အညှိုးမခံ။ ကိုဆယ်ပြားသည် တောပန်းတောင်ပန်းများခူးဆွတ်၏။ ဘုရားပန်းကပ်လှူသည်။ ဘုရားခန်းမသန့်ရှင်းသည်ကို မြင်တွေ့နေကြရမည်ဖြစ်၏။

ရွာဦးဘုန်းတော်ကြီးကျောင်းသည် နံနက် (၄) နာရီအချိန် ဘုန်းမောင်းခေါက်ပါသည်။ ရွာဦးကျောင်းမှ ဘုန်းမောင်းခေါက်လျှင် ဒေါ်မင်းယုံ အိပ်ရာထသည်။ အရုဏ်ဆွမ်းချက်ပါသည်။ ဈေးရောင်းချရန် တစ်ပါတည်း ပဲပြုတ်တော့သည်။ ပြီးလျှင် အိမ်ဦးခန်းဘုရားခန်းမှ ပုဒ္ဓမြတ်စွာဘုရားရှင်ကို အရုဏ်ဆွမ်းကပ်လှူပူဇော်ပါသည်။

ဒေါ်မင်းယုံသည် သူမ၏သားကို နှိုးသည်။ ဘုရားအာရုံပြုစေသည်။ သားဖြစ်သူ နံနက်အဆာပြေစားရန် ပဲပြုတ်အနည်းငယ်ချန်ထားခဲ့သည်။ လုပ်စရာရှိသည့်ကိစ္စဝိစ္စလုပ်ကိုင်ပြီးစီးသောအခါ ဒေါ်မင်းယုံသည် ရွာထဲလှည့်လည်ကာ ပဲပြုတ်ရောင်းချလေ၏။

ကိုဆယ်ပြားသည် ယမန်နေ့က ကျန်ရှိသည့်ထမင်းကျန်နှင့်မိခင်ထားခဲ့သော ပဲပြုတ်တို့ကို ဆီဆားရောနယ်ကာ အဆာပြေစား၏။ ဗြေကရားအိုးထဲမှ ရေနွေးကြမ်းခါးခါးကို တရှူးရှူးမှုတ်၍ သောက်လေ၏။ ပဲထမင်းစား၊ ရေနွေးကြမ်းသောက်ပို့က်တင်းသွားပြီဖြစ်သဖြင့် အလုပ်လုပ်ရန် ခွန်အားပြည့်သွားပါတော့သည်။

ယနေ့အတွက် မည်သူ့ကိုကူညီရမည်နည်း။

ဒေါ်ဖွားခင်အိမ်သို့ ထွက်လာခဲ့သည်။ ဒေါ်ဖွားခင်က သူမ၏အိမ်ဖိနပ်ချွတ်ပြင်ပေးရန် ကိုဆယ်ပြားကို အကူအညီတောင်းထားသည်။ ဒေါ်ဖွားခင်၏ဖိနပ်ချွတ်ကြမ်းတစ်ချောင်းဆွေးနေသည်။ အစားထိုးရန် ပျဉ်ချပ်ရှိသော်လည်း ကူညီပေးမည့်သူမရှိချေ။ အကူအညီလိုသူတို့ ကိုဆယ်ပြားကိုသာတမ်းတကြရလေကုန်၏။ ကိုဆယ်ပြားကူညီပေးသည်ကို ဒေါ်ဖွားခင်ကျေးဇူးတင်နေသည်။ သူတစ်ပါးကို စိတ်ချမ်းသာစေသော ကိုဆယ်ပြားရယ်ပါ။

ကိုဆယ်ပြားသည် ကူညီပေးသူသာဖြစ်၏။ အခကြေးငွေလုံးဝမယူချေ။

ကိုဆယ်ပြားသည် ဒေါ်ဖွားခင်ကို နှုတ်ဆက်၍ သူ၏အပေါင်းအသင်းများထံထွက်လာခဲ့သည်။ အဘယ်နေရာတွင် ခိုနှုးထားလေသနည်း။ မြရာပင်တို့ပတ်လည်ဝိုင်းနေသောရွာအရှေ့ပိုင်းက မြေတလင်းပြင်သည် သူတို့၏အားကစားကွင်းဖြစ်ချေ၏။ ထိုနေရာတွင် မျက်ပြူးတို့နှင့် ခွေလှိမ့်ကြရန် ခိုနှုးဆိုထားကြလေကုန်၏။ အပေါင်းအသင်းတို့ဆုံကြသည်နှင့် မမောနိုင်မပန်းနိုင်ကစားကြလေကုန်သတည်း။

■

ဒေါ်မင်းယုံသည် အမြတ်အစွန်းကို ဦးစားမပေး။ စေတနာပါပါရောင်းချ၏။ ပစ္စည်းကောင်းစေ့ကြိုးပေးဝယ်ရသော စားတော်ပဲလတ်လတ်ဆတ်ဆတ် အသုံးလှပြီး နူးညံ့သည့်အမျိုးအစားကို သာ ရွေးချယ်၏။ သူမ၏ပဲပြုတ်သည် လျှာပေါ်တွင် အီစက်ညက်ညောက်ဆိမ့်နေ၏။ ထို့ကြောင့် ဒေါ်မင်းယုံ၏ပဲပြုတ်လူကြိုက်များလေသည်။ အလေးမှန်တောင်းမှန်ရောင်းချသည်။ အဆစ်မပေးရန် လက်မနှေးပေ။

ဈေးသည် အဆစ်ထည့်ပေးလျှင် မကြိုက်သောဈေးဝယ်သူဟူ၍မရှိချေ။

"ညည်းရဲ့ပဲပြုတ်က လျှာခံတွင်းတွေ့တယ်။ နင်ဈေးရောင်းပုံက ချစ်စရာလေး စေတနာပါတယ်။ နင်တော့ နတ်သမီးလေးဖြစ်ပါစေဟယ်"

ရွာထဲက အဘွားဒေါ်မယ်သင်က ပဲပြုတ်ဝယ်ရင်း ဆုတောင်းပေးလေ၏။ တစ်ပါးသူစကားပြောနေလျှင်ပြုံး၍သာ နားထောင်နေလေ့ရှိသူ ဒေါ်မင်းယုံ။

"ဟောဒီက ပဲပြုတ်"

အဘွားဒေါ်မယ်သင်ကြိုးတို့အိမ်မှအပြန်တွင် ပဲပြုတ်အနည်းငယ်သာ ကျန်ရှိတော့သည်။ နောက်တစ်လမ်းသို့ ဆက်လျှောက်လိုက်သောအခါတုန်သော ဟူ၏။ ဒေါ်မင်းယုံ၏ ပဲပြုတ်လူကြိုက်များလေသည်။ နှုတ်ချို့ချို့ဖြင့်စေတနာပါသော ဒေါ်မင်းယုံ၏ပဲပြုတ် နေမမြင့်မီတစ်နေ့တာပြီးဆုံးခြင်းသို့ ရောက်လေသည်။

ဒေါ်မင်းယုံသည် ပဲပြုတ်ကုန်ပြီဖြစ်၍ ရွာစျေးတန်းသို့လှည့်ကာ ဟင်းကျေးဟင်းလျာလေးများဝယ်ယူအိမ်ပြန်လေ၏။ အိမ်တွင် စားဖိုဆောင်သို့ဝင်ကာ ချက်ပြုတ်၏။ ကိုဆယ်ပြားသည် သူငယ်ချင်းတစ်သိုက်နှင့်ဆော့ကစားပြီးလူ၏အမေချက်ပြုတ်ချိန်အမီ အိမ်ပြန်လာခဲ့သည်။ ရေမိုးချိုးကိုယ်လက်သန့်စင်သည်။ အမေဟင်းချက်ပြီးလျှင် ဘုရားဆွမ်းတော်ကပ်ရန် ပြင်ဆင်လိုက်သည်။

ဒေါ်မင်းယုံဟင်းလျာချက်ပြုတ်ပြီးသည်နှင့် သားအမိနှစ်ယောက်ဆွမ်းတော်ပွဲကို မလစ်ဟင်းစေရန် ပြည့်စုံစွာစီမံကြ၏။

ဒေါ်မင်းယုံနှင့် ကိုဆယ်ပြားတို့သည် ဗုဒ္ဓရှင်တော်မြတ်ကြီးကို နေ့ဆွမ်း

www.burmeseclassic.com

www.burmeseclassic.com

ကပ်လှူပူဇော်ကြလေသည်။ ဘုရားဆွမ်းတော်ကပ်လှူသောအခါဝယ် အထက်ပါတင်ပြခဲ့သည့်အတိုင်း သူတို့စားသည့်အနေအထားနှင့်မခြားကပ်လှူခြင်းဖြစ်ပါသည်။ ဆွမ်းတော်မကပ်မီ ကြိုတင်ဝမ်းမြောက်လျက်ရှိသည်။ ဆွမ်းတော်ကပ်လှူနေစဉ် ဘုရားရှင်တော်မြတ်ကိုယပ်လေအေးဖြင့် ပူဇော်ပေးနေရင်း ကြည်နူးနေကြကုန်၏။ ဆွမ်းတော်ပွဲသိမ်းနေစဉ်မှာလည်း သူတို့သားအမိပီတိဝေဖြာလျက်ရှိကြလေကုန်သတည်း။

ဘုရားဆွမ်းတော်စွန့်ပြီးမှ သားအမိနှစ်ယောက်ထမင်းစားသောက်ကြပါသည်။

■

မွန်းလွဲပိုင်းတွင် အိမ်နီးချင်းမျက်ပြူးသည် ကိုဆယ်ပြားထံသို့ရောက်လာခဲ့ပါသည်။ အဖော်များနှင့်ကစားကြရန် ဖြစ်သည်။

"ဆယ်ပြားလို၊ ကစားကြမယ်လေ လာသွားမယ်။ သူငယ်ချင်းတွေစောင့်နေတယ်"

"သွားတော့ သူငယ်ချင်းရာ၊ ငါ အမေ့ကို ဝိုင်းကူရဦးမယ်ကွ"

မိဘနှင့် ပတ်သက်လာလျှင် ကိုဆယ်ပြားကို ခေါ်မရမှန်း မျက်ပြူးသိပြီးဖြစ်၏။ ထို့ကြောင့် အဖော်များစုဝေးရာသို့ မျက်ပြူးတစ်ကိုယ်တည်းလစ်ခဲ့ရသည်။ မိဘကို မပင်ပန်းစေလိုသော ကိုဆယ်ပြား၏မေတ္တာစေတနာရယ်ပါ။

ဒေါ်မင်းယုံက ပဲဆန်ရွေး၊ အိမ်မှုကိစ္စများ တကုပ်ကုပ်လုပ်နေ၏။ အလုပ်လုပ်နေရင်း ဘုရားစာတရားစာများ တတွတ်တွတ်ရွတ်နေသည်။ ကိုဆယ်ပြားက ထင်းခွဲရေခပ်ခြင်းဖြင့် မိဘကို ကူညီလေ၏။ ကိုဆယ်ပြားသည်လည်း အားလျှင်အားသလို ဘုရားစာရွတ်နေတတ်ပါသည်။ အမေသင်ပေးထားသဖြင့် သတ္တဝါများကိုလည်း မေတ္တာပို့တတ်နေပြီဖြစ်၏။

ဒေါ်မင်းယုံနှင့် ကိုဆယ်ပြားတို့ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့မြဲကြလေ၏။

ညအိပ်ရာဝင်ခါနီးတွင် ကိုဆယ်ပြားသည် အမေ့ကိုခြေဆုပ်လက်နယ်ပြု၏။

"အမေ၊ သားကိုလေ မျက်ပြူးတို့က ဆယ်ပြားလိုလို့ခေါ်ကြတယ် အမေ။ သားနာမည်က ဆယ်ပြားပါနော်။ ဘာဖြစ်လို့ သားကို ဆယ်ပြားလိုလို့ အမည်ပေးခဲ့တာလဲ"

"သားလေးယေ်ငယ်က ချူချာတယ်တွယ်။ ဗေဒင်အလိုအရ သားရဲ့အဘွားပိုင်တဲ့ ပစ္စည်းထဲကတစ်ခုကို ခမည်းပေးရမယ်တဲ့။ ဘွားဘွားပိုင်တာကလည်း ဆယ်ပြားစေ့တစ်စေ့သာရှိတာကလား။ အဲဒီဆယ်ပြားစေ့ကိုဖောက်ပြီး သားရဲ့လည်ပင်းမှာ ဘန်ကျိကြိုးနဲ့ဆွဲထားပေးရတယ် သားရဲ့။ အဲဒီတော့မှ သားလည်းကောင်းကောင်းကျန်းမာလာတော့တယ်"

"ဩော်-အပေါက်ပါတဲ့ဆယ်ပြားစေ့ အမေသိမ်းထားတာ ဒါကြောင့်ကိုး။ အခုမဆွဲရတော့ဘူး၊ ဘာဖြစ်လို့လဲဟင် အမေ"

"သားလည်း နေကောင်းသွားပြီး ကလေးလည်းမဟုတ်တော့ဘူးလေသားရဲ့"

"ဩော် - ဒါနဲ့ အမေ သားကို ညှာစိတ်ကို ပေါတောတောကြီးလို့ပြောကြတယ်။ သားကမပေါပါဘူးအမေရယ် နော် အမေနော်"

"သားက မပေါပါဘူးကွယ်။ သဘောကောင်းလွန်းတာပါ။ သည်းခံတတ်တယ်။ရန်မဖြစ်တတ်ဘူး။ အလျှော့ပေးတယ်။ ဘုရားအဆုံးအမတွေကိုနားထောင်ပြီး ရိုးရိုးလေးနေတာကို သူတို့ကပေါတယ်လို့ယူဆကြတာပါ"

"အမေ ပဲပြုတ်ရောင်းတာပင်ပန်းမှာပဲနော်။ အမေနားပြီး သားရောင်းမယ်လေ"

"မိဘကျေးဇူးကိုသိတတ်လိုက်တဲ့ သားလေးရယ် လိမ္မာလိုက်တာ။ သားပြောတာနဲ့တင် အမေကျေနပ်လှပါပြီသားရယ်။ သာဓုပါကွယ် သာဓုပါ"

ကိုဆယ်ပြားအနေဖြင့် ငွေရေးကြေးရေးအလုပ်လုပ်ရန်မဖြစ်နိုင်ပါပေ။ ညှပ်စိတို့သူငယ်ချင်းအုပ်စုပြောသလို ဦးနှောက်အနည်းငယ်ချို့ယွင်းနေရှာပါသည်။ ကိုဆယ်ပြားအနေဖြင့် ဘာသာရေးကိုင်းရှိုင်းပြီး လူကြီးသူမကို ရိုသေသည်။ မိဘကျေးဇူးကိုသိတတ်သူ သားလိမ္မာလေးအတွက် ဒေါ်မင်းယုံက ဂုဏ်ယူဝမ်းမြောက်ရပါ၏။

ကြည်နူးစရာမိသားစုစကားဝိုင်းသိမ်းပါပြီ။

"ကဲ-သားလေး၊ အမေ့ကိုနှိပ်ပေးရတာ ညောင်းနေရော့မယ်ကွယ်။ အမေလည်း တစ်နေကုန်လှုပ်ရှားထားသမျှ ငါ့သားလေးရဲ့အလိုက်သိတတ်တာကြောင့် အမေအညောင်းပြေသွားပြီ။ သားလေး သွားအိပ်တော့နော်"

"အမေ့ကိုနှိပ်ပေးရတာ သားဘယ်တော့မှမညောင်းပါဘူး အမေ။ သားကို ဘာခိုင်းစရာရှိသေးလဲဟင်"

"မရှိပါဘူးကွယ်။ ကိုင်း-သားလေးကျန်းမာချမ်းသာပါစေကွယ်"

"အမေ ခိုင်းစရာမရှိရင် သားသွားအိပ်တော့မယ်။ အမေ့ကိုသားကန်တော့ပါတယ်"

"သာဓုပါကွယ် သာဓု သာဓု"

ဤတစ်နေ့တာလုပ်ငန်းသည်ကား ဒေါ်မင်းယုံ၊ ကိုဆယ်ပြားတို့ နေ့စဉ်ပြုနေကျဝတ္တရားဖြစ်တော့၏။ အရာခပ်သိမ်းတိတ်ဆိတ်သွားတော့မှ ဒေါ်မင်းယုံတရားထိုင်သည်ကို မည်သူမျှမသိနိုင်ပါချေ။ သတ္တဝါများအပေါ် မေတ္တာထားကြသူများအဖို့ အပူအပင်မရှိကြလေကုန်။ လောဘ၊ ဒေါသ၊ မောဟများကင်းကြကုန်၏။ မေတ္တာထားလျှင် အေးချမ်းမှုကို ခံစားကြရပါလိမ့်မည်။ အကုသိုလ်ကင်းကြပါလိမ့်မည်။

သူတို့အတွက် နတ်ပြည်က အသင့်စောင့်ကြိုနေပြီဖြစ်လေသတည်း။

■

လူသားတို့သည် မိမိအလိုရှိရာကို ရယူနိုင်ကြကုန်သည်ဖြစ်၏။ မည်သည့်အရာမဆို ရယူပိုင်ဆိုင်နိုင်ကြပါသည်။ မိမိအလိုရှိရာကို ရယူနိုင်ပါသည်။

ချမ်းသာခြင်းကို အလိုရှိလျှင် ချမ်းသာခြင်းကိုရယူနိုင်ပါသည်။ သိဒ္ဓတ္ထမင်းသားသည် သဗ္ဗညုဘုရားအဖြစ်ကို အလိုရှိ၏။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်ကျင့်ရ၏။ တစ်နည်းအားဖြင့် တန်ဖိုးပေးဆပ်ခြင်း ဖြစ်ပါ၏။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသားသည် သဗ္ဗညုဘုရားအဖြစ်ကို ရရှိပါသည်။ လူသားတို့သည် နတ်ပြည်သို့ရောက်လိုပါက နတ်ပြည်ရောက်အောင်ပြုနိုင်စွမ်း၏။ နတ်ဗိမာန်လို လှပသော ပိုမိုကြီးမားသောဗိမာန်ကြီးတို့ လိုချင်ပါကလည်း ရယူနိုင်မည်ဖြစ်ပါ၏။

ရရှိနိုင်သည်ဆိုသည်ထက် မုချရရှိမှာ သေချာ၏။ လောကတွင် မည်သည့်အရာမျှ အလကားမရရှိပါ။ လိုတာကိုရမည်။ သို့သော် တန်ဖိုးကိုပေးပါ။

ဘဝတူသဗ္ဗမင်္ဂလာ

အောင်မြင့်ထွန်း(မသုံးလုံး)

www.burmeseclassic.com

www.burmeseclassic.com

အောင်ဆန်းလင်း
(ဘီ-အော)

မြေကြီးမိုးအန္တရာယ်ဆိုးနှင့်တိုးတဲ့ ဇနီးမောင်နှံ

ဦးသောင်းကြည်သည် ကားဒရိုင်ဘာအလုပ်ဖြင့် ဘဝတစ်လျှောက်လုံး မိသားစုဝမ်းစာရေးကို ဖြေရှင်းပေးခဲ့သည်။ အသက် (၆၀) နှစ်ကျော်တွင် မျက်စိအမြင်မကောင်း၍ မင်းသားကျော်သူ ဒါနပြုသော ဆေးခန်းတွင် သွားရောက်ပြသပြီး ခွဲစိတ်ကုသခံခဲ့ရသည်။ ထို့နောက်ပိုင်းတွင် ကားမောင်းခြင်းမှ အနားယူလိုက်တော့ဖို့ ဆုံးဖြတ်ခဲ့သည်။

သို့သော် ဦးသောင်းကြည်၏ နေအိမ်နှင့် ဘေးချင်းကပ်ဖြစ်သောနေရာတွင် (×××) ကုမ္ပဏီ၏ အလုပ်ရုံရှိ၏။ ထိုအလုပ်ရုံမှ မန်နေဂျာက သူ့ကားမောင်းပေးရန် လာခေါ်သည်။ ကားမမောင်းတော့ဘူးဟု ငြင်းသော်လည်း အတင်းအပူကပ်နေပြန်ရာ တစ်ခါတစ်ရံသာမောင်းပေးမည်၊ အမြဲမမောင်းနိုင်ဟူသော ခြွင်းချက်ဖြင့် မောင်းနေရပြန်လေသည်။ ခရီးတိုဆိုလျှင် မန်နေဂျာက သူ့ကားကို ကိုယ်တိုင်မောင်းသည်။

ဦးသောင်းကြည် ယနေ့တော့ အနားရသဖြင့် နံနက်စာစားရင်း ဘောလုံးပွဲကြည့်ရန် လက်ဖက်ရည်ဆိုင်များရှိရာ နွယ်နီလမ်းမဘက်သို့ထွက်လာခဲ့လိုက်သည်။ နွယ်နီ (၁၁)၊ (၁၂)၊ (၃၃) လမ်းများမှာ ကရင်တိုင်းရင်းသားအများစု နေထိုင်ကြသည်။ ဤ (၃) လမ်းအနီး အနားအနားမှာပင် လမ်းနဘေး ကျူးကျော်စျေးတစ်ခု ပေါ်ပေါက်လာသည်။ ထို့ကြောင့် လူတချို့က ကရင်စျေးဟု နာမည်ပေးပြီး ခေါ်ဝေါ်ကြပြန်သည်။ ထိုစျေးကိုလွန်မှ ဦးသောင်းကြည် သောက်မည့် ဒေါ်စန်းလက်ဖက်ရည်ဆိုင်ကိုရောက်သည်။

နေအိမ်မှာ တီဗွီစက်ရှိသော်လည်း နို့ငံခြားဘောလုံးပွဲမလွှင့်ပေးသဖြင့် ဦးသောင်းကြည်တို့က လက်ဖက်ရည်ဆိုင်ကိုသာ အားကိုးရခြင်းဖြစ်လေသည်။ လက်ဖက်ရည်ကို ကျဆိမ့်မှာလိုက်ပြီးနောက် မိမိထိုင်သောစားပွဲမှာ အသင့်တွေ့ရသော မှူခင်းဂျာနယ်ကို ကောက်ကိုင်ပြီး ဖတ်ကြည့်နေလိုက်မိသည်။ ဤအချိန်မှာပင် ကြမ္မဆိုးတဲ့ဇနီးမောင်နှံအကြောင်း သိလိုက်ရလေသည်။

မှူခင်းသတင်းထဲ၌ 'ကိုယ့်မယားကို လူမှုရေးဖောက်ပြန်သည်ထင်ပြီး ဓားနှင့်ခုတ်သတ်မိ' ဟူသော သတင်းကို အစအဆုံးဖတ်လိုက်ပြီးနောက် ဦးသောင်းကြည် အလွန်အံ့သြတုန်လှုပ်သွားခဲ့သည်။ မှူခင်းသတင်းထဲတွင် လူသတ်မှုသတင်းပါသည်က မထူးဆန်းလှသော်လည်း ယခုသတင်းထဲမှ သေသူနှင့်သတ်သူက ဦးသောင်းကြည်နှင့် ဆွေမျိုးလိုရင်းနှီးခင်မင်သူများဖြစ်နေသည်။ မှူခင်းဖြစ်ပွားရာနေရာကလည်း ဦးသောင်းကြည်တို့ ဇာတိရပ်ရွာဘက်မှာဖြစ်သည်။

အလွန်ချစ်ကြသည့် ကြင်စဉ်ဇနီးမောင်နှံနှင့် ဦးသောင်းကြည်စကား ပြောခဲ့ကြသည်ပင် (၆) လလောက်မျှ သာကြာသေးသည်။ ဘယ်လိုအကြောင်းမည်ညွှတ်ခဲ့ကြသလဲ နားလည်ရန်ခက်ခဲလှပေသည်။

■

တစ်နေ့တွင် မန်နေဂျာ၏ ပရာဒိုကားကို ရန်ကုန်မှ ပဲခူးခရီးအား နေ့ချင်းပြန်ဦးသောင်းကြည်မောင်းပို့ပေးခဲ့ရသည်။ ပြန်ရောက်ပြီး ညနေစောင်းအချိန် ကားရေဆေးပေးနေစဉ်တွင် ဦးသောင်းကြည်အနီးသို့ သန်းမြင့် ရောက်လာသည်။

"ဦးလေး၊ ပဲခူးကိုသွားလိုက်ရတာ တစ်နေကုန်သွားတာပဲနော်"

စကားသံကြောင့် ဦးသောင်းကြည်က မော့ကြည့်ရင်း -

"သြော်-သန်းမြင့်ရာ ပဲခူးခရီးက လမ်းကောင်းတော့ မောင်းလိုက်ရင် (၁)နာရီလောက်ပေါ့။ ဒါပေမယ့် ဆရာက ဟိုမှာသူ့အလုပ်ပြီးစီးအောင်စောင့်ရသေးတာကိုး"

ဦးသောင်းကြည်နှင့် သန်းမြင့်တို့သည် နှစ်ဦးစလုံး ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်ဇာတိများ ဖြစ်ကြသည်။ ဦးသောင်းကြည်နေသော တိုမွမ်ဗိုးရွာနှင့်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သန်းမြင့်နေ သော သပ္ပတ်ချောင်းရွာက နှစ်ရွာတစ်ရွာ အလွန်နီးကပ်စွာတည်ရှိကြ သည်။ ရွာချင်းနီးတော့ လူချင်းလည်း ရင်းနှီးခင်မင်ကြသည်။ သူတို့နှစ်ဦးစလုံး မွေးရပ်မြေကိုစွန့်ခွာပြီး ရန်ကုန်မှာ အလုပ်လာလုပ်ကြရင်း တွေ့ဆုံမိကြခြင်း ဖြစ်လေသည်။ ပညာအခြေခံမပါကြ သဖြင့် တစ်ဦးက အလုပ်ကြမ်းသမား၊ တစ်ဦးက ကားဒရိုင်ဘာဖြစ်လေသည်။ အလုပ်သဘောသဘာဝမတူကြ၍ တစ်ခါ တစ်ရံ ခဏတွေ့ဆုံနှုတ်ဆက်စကားဆိုရုံ သာ ယခုလိုအခွင့်အရေးရတတ်သည်။

သန်းမြင့်သည် မကြာသေးမီက ပင် အလုပ်အတူလုပ်ကိုင်သော ခင်မြတ် ဌေးဆိုသူ မိန်းကလေးတစ်ယောက်နှင့် အိမ်ထောင်ကျသည်။ သို့သော် သူတို့ မင်္ဂလာပွဲကို ဦးသောင်းကြည့်က သွား ရောက်ဖို့ ပျက်ကွက်ထားသည်။ ထို့ကြောင့် ယခုသန်းမြင့်က လာရောက် နှုတ်ဆက်စကားပြောသောအခါ မျက်နှာ ပူပြီး အားနာနေမိသည်။

"မင်းရဲ့မင်္ဂလာဆောင်ချိန်တုန်းက ငါ့မျက်စိခွဲထားပြီး အညှော်ရှောင်နေရ ချိန်ဖြစ်နေလို့ မလာနိုင်ခဲ့တာကို ခွင့် လွှတ်ပါကွာ"

"ဟာ - ရပါတယ် ဦးလေးရာ။ ကိုယ့်ရပ်ကိုယ့်ရွာလည်းမဟုတ်။ ငွေ ကြေးဥစ္စာကလည်း မပြည့်စုံဆိုတော့ ဘုန်းကြီးကျောင်းမှာ မင်္ဂလာဆွမ်းကျွေး တာတောင် အကျဉ်းချုံးလုပ်လိုက်ရတာ ပါ"

ဟု သန်းမြင့်ကဆိုသည်။

"ငါတတ်နိုင်တာလေးကို ကူညီ တာကို မင်းလက်ခံပါကွာ"

ဟု ပြောရင်း ဦးသောင်းကြည်က ငွေသုံးထောင်ကျပ်ကို ထုတ်ပေးသည်။ သန်းမြင့်က လက်မခံဘဲငြင်းပယ်သည်။

"မင်းသိပါတယ်။ အိမ်ထောင်ကျ ပြီဆိုရင် အရေးအကြီးဆုံးလိုအပ်တာက ငွေပဲကွ။ အဲဒါကြောင့် မငြင်းပါနဲ့ကွာ၊ လက်ခံပါ"

ဆိုမှ သန်းမြင့်က လက်ခံလေ သည်။

"ဟုတ်ပါတယ် ဦးလေး။ ကျွန် တော်တို့ မင်္ဂလာကိစ္စကို နှစ်ဖက်မိဘ တွေမလာရောက်နိုင်ကြပါဘူး။ မြတ်ဌေး မိဘတွေက မကွေးတိုင်း မြို့သစ်မြို့ နယ်ကဆိုတော့ မိဘတွေရောက်လာရင် တည်းခိုခန်းလည်း မတည်းခိုနိုင်ဘူး။ တည်းခိုစရာအိမ်လည်းမရှိဘူး။ ပြီးတော့ ကျွန်တော်နဲ့ မြတ်ဌေးက ဘဝတူတွေပါ။ ကျွန်တော့်မှာမိထွေးရှိနေသလို မြတ်ဌေး မှာက ပထွေးရှိတယ်လေ ဟဲဟဲ"

နာကြည်းဖွယ်ရာ ခံစားချက်ကို သန်းမြင့်သည် ရယ်သံနှောရှာ ပြောလေ သည်။

ထိုနောက် တစ်လကျော်လောက် ရှိသောအခါ သန်းမြင့်ထံမှ ထူးဆန်း သောစကားကို ကြားရလေသည်။

"ဦးလေး လကုန်ရင် ကျွန်တော်တို့ အလုပ်ကထွက်ပြီး တောကိုပြန်ကြတော့ မယ်။ ရန်ကုန်မြို့မှာ အလုပ်အကိုင်မရွေး ရင် လုပ်စရာအလုပ်ကပေါပါတယ်။ ဒါပေမယ့် ဦးလေးသိတဲ့အတိုင်းပဲ နေ ရေးထိုင်ရေးက ခက်ခဲတယ်။ ကျွန်တော် တို့လင်မယား နေစရာအိမ်မရှိဘူး။ ကျွန် တော်တို့ဒေသက စပါးစိုက်ဒေသဆို တော့ မြတ်ဌေးကလည်း ကောက်စိုက် ပျိုးနုတ်အလုပ်ကိုလုပ်မယ်။ ကျွန်တော် ကတော့ ပျံကျအလုပ် လုပ်ရမှာပေါ့ဗျာ။ တောမှာက နေစရာအိမ် သိပ်မခက်ခဲ ဘူး"

ဤသို့ဖြင့် ဦးသောင်းကြည်နှင့် သန်းမြင့်တို့ လူချင်းကွဲသွားခဲ့ကြတာ (၆) လလောက်ရှိသွားခဲ့ပြီ။ ယခုတော့ မှုခင်းဂျာနယ်ထဲတွင် သန်းမြင့်က သူ့ မယား ခင်မြတ်ဌေးကို ဓားနှင့်ခုတ်သတ် လိုက်သောသတင်းဆိုးကို အံ့ဩထိတ် လန့်ဖွယ်ရာ ဖတ်ရှုရလေသည်။ မည်သို့ သော အကြောင်းတိုက်ဆိုင်မှုကဖန်လာ သနည်း။

■

တန်ဆောင်မုန်းလတွင် ရွာမှာ ဘုရားပွဲရှိသည်။ ထိုအချိန်ကာလတွင် ဦးသောင်းကြည်သည် ဘုံမွှေးရွာသို့ ပြန် လေ့ရှိသည်။ နှစ်စဉ်မဟုတ်သော်လည်း (၂) နှစ်၊ (၃) နှစ် တစ်ကြိမ်လောက် ပြန် ရောက်တတ်သည်။ မိဘများကသက်ရှိ ထင်ရှားမရှိကြတော့သော်လည်း ညီ (၅) ယောက်နှင့် ညီမ (၁) ယောက်ရွာမှာရှိ လေသည်။ ဦးသောင်းကြည်၏ ညီ အငယ်ဆုံး သောင်းကျော်နှင့် တွေ့သော အခါ သန်းမြင့်၏ ဖြစ်ရပ်ကို သိရတော့ သည်။ သောင်းကျော်နှင့် သန်းမြင့်က ကျောင်းနေဖက် သူငယ်ချင်းများလည်း ဖြစ်ကြသည်။

"သန်းမြင့်တို့ဖြစ်ပုံက အတော် ဝမ်းနည်းဖွယ်ကွဲစရာပါ အစ်ကိုကြီးရာ။ သူတို့လင်မယားရောက်လာတော့ ပဲခူး ကားပေါ်ကဆင်းကတည်းကကျွန်တော် နဲ့တွေ့တယ်။ သူငယ်ချင်းဆိုတော့ ဝမ်း သာအားရ ကျွန်တော်က နှုတ်ဆက်တာ ပေါ့။ အဲဒီမှာ သန်းမြင့်ကပြောတယ်။ ရွာကိုပြန်လာနေမှာမှန်ပေမယ့် မိထွေးကို မျက်နှာချင်းမဆိုင်ချင်တဲ့ အကြောင်း၊ နေထိုင်ဖို့ အိမ်လိုအပ်ကြောင်းပြော တယ်။ အဲဒီမှာ ကျွန်တော်အကြံပေးမိ သွားတယ်"

"သူငယ်ချင်း မင်းနေချင်ရင်တော့ လူမနေတော့တဲ့ အသင့်ဆောက်ထားပြီး သောအိမ်ရှိတယ်။ တဲအိမ်ပေါ့ကွာ"

သန်းမြင့်က စိတ်ဝင်စားစွာဖြင့်-

"ဘယ်လိုအိမ်လဲကွာ နည်းနည်း ပြောပါဦး"

"တို့ရွာကပဲ။ မိစံဆိုတဲ့ကောင်မလေး အိမ်ထောင်ကျပြီး သူတို့လင်မယား ဆောက်ပြီးနေခဲ့တာ။ စပါးရိတ်ချိန်မှာ သူ့ယောကျ်ား ပိုးထိပြီးဆုံးသွားတော့ သူလည်းမနေတော့ဘူး"

"ဟုတ်ပြီကွာ။ မိစံဆီခွင့်တောင်း ပြီး ခဏနေရာတာဖြစ်ဖြစ် ကြိုးစား ကြည့်မယ်"

"ခဏမဟုတ်ဘူး၊ တစ်သက်လုံး သာနေတော့သန်းမြင့်။ မိစံက ဖားကန့် ကို ကျောက်တူးတက်တဲ့အဖွဲ့နဲ့လိုက် သွားတာ (၃) လလောက်ရှိပြီ။ ဘယ်သူ့ ဆီမှ ခွင့်ပေတောင်းနေစရာမလိုပါဘူး။ မင်း လည်း တစိမ်းလူမှမဟုတ်တာ၊ ဒီရွာသား ပဲ"

"ဒီလိုဆိုရင်လည်း အဲဒီအိမ်ရှိတဲ့ နေရာကိုလိုက်ပို့ကွာ။ သူငယ်ချင်း မင်း ကိုကျေးဇူးတင်တယ်"

အိမ်ကလေးမှာ ရွာသချိုင်းနှင့် အနည်းငယ်နီးသည်မှအပ အဆင်ပြေ ၏။ လူမနေသဖြင့် ခေါင်မိုးမလုံတော့ပေ။ သန်းမြင့်တို့ဇနီး ပြန်မိုးလိုက်ရုံဖြင့် အဆင် ပြေသွားလေသည်။ နေစရာအိမ်ရသွား ပြီဖြစ်၍ ဇနီးမောင်နှံနှစ်ယောက် အလွန် ပျော်ရွှင်နေကြသည်။

သန်းမြင့်မှာ ကြံရာကျပန်း သမ္မာ အာဇီဝအလုပ်ဖွန်သမျှ ငွေရမည်ဆိုလျှင် အကုန်လုပ်သည်။ မည်သူကမျှ လူငှား မခေါ်လျှင် ရေအိုင်ပက် ငါးရှာဖားရှာ လည်းလုပ်လေသည်။ ကိုယ်ပိုင်လယ်မြေ၊ ကျွဲနွားမရှိသေးတော့ အငှားလိုက်ဖို့ကို အားကိုးရလေသည်။ ခင်မြတ်ဌေးက တော့ အိမ်အလုပ်သာလုပ်ရသေးသည်။ ကောက်စိုက်ပျိုးနုတ်ဖို့က သူ့အနှိမ်ခံ မရောက်လာသေးပေ။

ဤအိမ်ကို ရောက်ရှိနေထိုင်ခဲ့ပြီး မကြာမီ ညတစ်ညတွင် သန်းမြင့်အိပ် မက်မက်သည်။ အရပ်မြင့်ပြီး အသား

www.burmeseclassic.com

www.burmeseclassic.com

အရေမည်းနက်နေသော လူကြီးတစ်ယောက်က သူ့နေရာနှင့်မလွတ်သဖြင့် အိမ်ကိုဖျက်ပြီး နေရာရွှေ့ပေးရန်ပြောဆိုသည်။ အိပ်ရာကနိုးသော် သန်းမြင့်က မှေးမှေးမျောက်မျောက်ပင်ဖြစ်သွားသည်။ နောက်ထပ် တစ်လလောက်ကြာသွားသောအခါ ထိုအိပ်မက်ကိုမက်ပြန်သည်။ ခင်မြတ်ဌေးကိုပြောပြရန် စိတ်ကူးသော်လည်း သိပ်ကြောက်ရွံ့သွားမှာစိုးရိမ်ပြီး မပြောဖြစ်ပြန်ပေ။

အိမ်ကိုဖျက်ပြီး နေရာရွှေ့ပြန်ဆောက်ရန် သန်းမြင့်တစ်ယောက်တည်းဆိုက သိပ်မလွယ်လှပေ။ သူငယ်ချင်းနှစ်ယောက်လောက်ကို ခေါ်ရဦးမည်။ ဘဝက တစ်နေ့လုပ်မှ တစ်နေ့စားရသော အခြေအနေကမတက်ပေ။ ရင်ထဲက စိတ်ကူးကို နေ့ရွှေ့ရက်ရွှေ့နှင့် ကြာလာတော့ အာရုံထဲမှာ ပျောက်ကွယ်သွားပြန်လေသည်။

ဤသို့ဖြင့် ဂြိုဟ်ဆိုးဝင်မည့်နေ့တစ်နေ့သို့ ရောက်ရှိလာလေသည်။

သန်းမြင့်ကို သစ်ပင်ခုတ်ရန် လူငှားသဖြင့်လိုက်သွားသည်။ ညနေစောင်းတော့ ပြန်လာခဲ့သည်။ အလုပ်ကမပြတ်သဖြင့် နောက်တစ်နေ့ဆက်သွားလုပ်ရဦးမည်။ နံနက်ခင်းအိမ်ကထွက်လျှင် အဆင်သင့်ဖြစ်အောင် ကိုင်းခုတ်စားကိုသွေးထားရန် သတိရလေသည်။ အချိန်ကာလကလည်း ညအမှောင်လွှမ်းလာနေပြီ။ အလုပ်ရှင်ကတိုက်လိုက်သဖြင့် သန်းမြင့် မငြင်းသာ၍ အရက်သောက်ခဲ့ရသည်။ သောက်ခဲ့တာမများဘူးထင်နေပေမယ့် နည်းနည်းမူးနေတာကို သတိထားမိသည်။

ဓားသွေးပြီးသော်လည်း မိန်းမဖြစ်သူ ခင်မြတ်ဌေး၏အသံကို မကြားရ။ လူကိုလည်း မမြင်ပေ။ အိမ်ထဲမှာ မီးခွက်ထွန်းထားခြင်းလည်းမရှိပေ။ အိမ်ဝန်းကျင်သည် အလွန်ငြိမ်ချက်သားကောင်းပြီး တိတ်ဆိတ်နေလေသည်။

ထို့ကြောင့် အခြေအနေကိုသိရအောင် အသံမပေးဘဲ ခြေဖွနင်းကာ အိမ်တံခါးဝမှ သန်းမြင့်ဝင်သွားလိုက်မိသည်။ လုံးဝမမျှော်လင့်ထားသောမြင်ကွင်းကြောင့် ကြက်သေသေပြီးငိုင်သွားလေသည်။ မြင်ကွင်းထဲတွင် ဘယ်ကမှန်းမသိတဲ့လူတစ်ယောက်နှင့် ခင်မြတ်ဌေးက မိုးမမြင်လေမမြင် လောကကြီးကိုမေ့လျော့နေသောဖြစ်အင်ကိုတည့်တည့်ဝင်တိုးမိနေခြင်း ဖြစ်လေသည်။ လုံးဝမျှော်လင့်မထားသော မြင်ကွင်းကြောင့် သန်းမြင့်သည် တစ်ကိုယ်လုံးရှိသွေးများဆူပွက်ထလာသလားထင်မိသည်။ မျက်လုံးထဲမှာလည်း ပြာဝေသွားသည်။ 'မျက်စပ်ပိုးဝင် ဆဲတစ်ပင်တင်း၊ ချစ်ခြင်းမယား' ဟု ဆိုရိုးရှိ၏။

ထို့နောက်တွင် မိမိလုပ်ရပ်ကို ကောင်းစွာမမှတ်မိတော့ပေ။ လက်ထဲမှာ အသင့်ပါလာပြီးသား ကိုင်းခုတ်ဓား သေချာသွေးပြီးထက်မထက်သိရအောင် မိမိခြေသလုံးမွေးကိုပင် ရိတ်ကြည့်လိုက်သေးသောဓား၌ သွေးများမြင်မကောင်းအောင်ပေကျံသွားသည်ကိုလက်နှင့်သပ်ချနေမိသည်။

ထိုအချိန်တွင် ဓားဒဏ်ရာများစွာဖြင့် သွေးအိုင်ထဲတွင် မရှုမလှသေဆုံးနေသော ခင်မြတ်ဌေး၏ သက်မဲ့ခန္ဓာကိုယ်မှအပတခြားမတွေ့ရပေ။စောစောက ခင်မြတ်ဌေးနှင့်အတူရှိနေခဲ့သောယောကျ်ားသည် လုံးဝပျောက်ခြင်းမလှ ပျောက်နေပုံက အလွန်ထူးခြားဆန်းကြယ်လှသည်။ ဖြစ်ရပ်အစအဆုံး အချိန်ကာလကလည်း မြန်ဆန်လွန်းသည်။

မမြင်ရသော ပြင်ပအမှောင်ပယောဂတစ်စုံတစ်ရာကြောင့်ပေလား၊ မသောက်စဖူးနှင့် သောက်လာမိသော အရက်ကြောင့်လား နားမလည်နိုင်တော့ပေ။ ပြင်လို့မရနိုင်တဲ့ အမှားကြီးတစ်ခုကိုတော့ ကျူးလွန်မိသွားလေပြီ။ နေမကောင်း၍ အိပ်ရာတွင်လဲ့ရင်း အိပ်ပျော်နေဟန်တူသော ကိုယ့်မိန်းမကို ဓားနှင့်ခုတ်သတ်မိလိုက်တာ ဖြစ်နေလေသည်။

လူသတ်မှုဖြစ်၍ ရဲတပ်ဖွဲ့ဝင်များရောက်ရှိလာကြသည်။ ရဲလုပ်ငန်းများကိုဆောင်ရွက်နေကြစဉ် ရွာသူကြီးလည်းဖြစ်၊ သန်းမြင့်၏ဘကြီး (အဖေ၏အစ်ကို) လည်း ဆွေမျိုးတော်စပ်သောဦးမျိုးဝင်း၏ပြောစကားများကို သန်းမြင့်သည် လက်ထိတ်တန်းလန်းနှင့် ဆောင့်ကြောင့်ထိုင်ရင်း နားထောင်နေမိသည်။

"တို့ သပွတ်ချောင်းရွာက တဖြည်းဖြည်းလူဦးရေတိုးလာနေသလို အိမ်ခြေလည်းများလာနေပြီ။ တိုးပွားလာတဲ့ အိမ်ခြေကြောင့် သချိုင်းနားရောက်လာနေပြီ။ မင့်အိမ်နေရာဆိုရင် သချိုင်းနဲ့က ခဲတစ်ပစ်လောက်ပဲကွာဝေးတော့တယ်။ လင်သေထားတဲ့ မိစ်အိမ်ကိုဝင်နေတယ် ကြားကတည်းက မင်းကို စကားပြောချင်နေတာရှိတယ်။ အိမ်ကို သံယာတော်တွေပင့်ပြီး ပရိတ်ရွတ်၊ ဆွမ်းကျွေးလုပ်လိုက်ဦးလို့ပြောချင်နေတာ။ အဲဒီအခါ အမျှအတန်းဝေလိုက်ရင် သန့်ရှင်းသွားမှာ သေချာတယ်။ ကိုယ့်အလုပ်နဲ့ကို အနားမရလို့မလာနိုင်ဘူး။ မင်းကလည်း ကိုယ့်ဘကြီးရယ်လို့ လာနှုတ်ဆက်တာလောက်တောင်မလုပ်ဘူး။ လူကသာဘာမှမဟုတ်ပေမယ့် မာနကအတော်ကြီးတယ်။

မင်းရှေ့ကနေသွားတဲ့ မိစ်လင်သေကတည်းက မြေကြီးတယ်လို့ ငါသံသယရှိနေခဲ့တာ။ မင်းရဲ့အိမ်မှာကြည့်လိုက်စမ်း။ ဘုရားကျောင်းဆောင်တောင် မရှိဘူး။ မမြင်ရတာနဲ့ ပရလောကဆိုတာမရှိဘူးလို့ထင်မိရင် အမှားကြီးမှားရုံပဲရှိတော့မှာပေါ့။ ဘုရားဟောတာနဲ့လည်း ဆန့်ကျင်သွားတော့မှာပဲ။ ခုတော့မှားမှန်းသိလည်း လူမိုက်နောင်တဖြစ်သွားပြီ။ အခြေအနေတွေက အားလုံးလွန်ကုန်ကြပြီ။ မင့်အမှုကိစ္စပြီးရင် ဒီအိမ်ကို နောက်တစ်ဦးဝင်နေလို့မရနိုင်တော့အောင် ဖျက်ပစ်လိုက်ရတော့မယ်"

သန်းမြင့်ကတော့ ဘာစကားတစ်ခွန်းမှမပြောနိုင်ဘဲ ကျောက်ရုပ်လိုဖြစ်နေသည်။ ရဲလုပ်ငန်းပြီးစီးသောအခါ ရဲကားနှင့်လိုက်ပါသွားလေသည်။

■

ရွာကိုဦးသောင်းကြည်ပြန်ရောက်ဟာ တစ်ပတ်လောက်ရှိပြီ။ ယနေ့နံနက်ပင် မိမိမိသားစုရှိရာ ရန်ကုန်ကို ပြန်ရတော့မည်ဖြစ်၍ ညီ၊ ညီမများက ကားလမ်းကို လိုက်ပို့ကြသည်။ လမ်းနံဘေးရှိသန်းမြင့်တို့နေထိုင်သွားခဲ့သော အိမ်နေရာကို လှမ်းကြည့်ရင်း ဦးသောင်းကြည် သက်ပြင်းချမိသည်။ ရွာသူကြီးဦးမျိုးဝင်းသည် သူပြောခဲ့သည့်အတိုင်း အိမ်ကိုဖျက်သွားခဲ့သဖြင့် အိမ်နေရာတွင် တလင်းပြောင်ဖြစ်နေလေပြီ။ သန်းမြင့်တို့ဇနီးမောင်နှံ နောင်ဘဝများတွင် ယခုဘဝလို အဖြစ်ဆိုးကြီးမှရှောင်လွှဲနိုင်ပါစေဟုသာ ဆုတောင်းနေမိတော့လေသည်။

အောင်ဆန်းလင်း(ဘီအေ)

စာကြွင်း

ဦးသောင်းကြည် ပြန်လည်ပြောပြသောဖြစ်ရပ်ကို နာမည်များလွှဲပြီး သီကုံးရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။ မဂ္ဂဇင်းတွင် ရေးသားခွင့်ပြုသော ဦးသောင်းကြည်ကို ကျေးဇူးတင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အပါယ်ငရဲ ဟူသည် ပါဠိအနက် အပါယ - ချမ်းသာမှုသုခအပေါင်းမှ ကင်းဆိတ်ရာမည်၏။ အပါယ်လေးဘုံတွင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဟူ၍ ရှိ၏။ ငရဲရှစ်မျိုးရှိသည်။ သိရိုးငရဲ၊ ဘေဠုသုတ်ငရဲ၊ သံယာတာငရဲ၊ ရောရုဝငရဲ၊ မဟာရောရုဝငရဲ၊ တာပနငရဲ၊ မဟာတာပနငရဲ၊ အဝီစိငရဲတို့ဖြစ်ကြသည်။ သိရိုးငရဲ ဟူသည် ကား ထပ်တလဲလဲ မလွတ်မြောက်ဘဲ ခံစားရသောငရဲဖြစ်သည်။ ဘေဠုသုတ်ငရဲ ဟူသည် မည်းနက်သောကြိုးငရဲဟု အဓိပ္ပာယ်ရ၏။ သံယာတ ငရဲဟူသည် သံတောင်ကြိတ် ငရဲဖြစ်သည်။ ရောရုဝငရဲ ဟူသည် ငရဲမီးလျှံများနှိပ်စက်၍ ငရဲသားအပေါင်း အော်ဟစ် ငိုယိုမြည်တမ်းနေရခြင်းဟု အဓိပ္ပာယ်ရသည်။ မဟာရောရုဝ ငရဲ ဟူသည် ငရဲ မီးလျှံမီးခိုးများနှိပ်စက်ခြင်း ခံရ၍ ငရဲသူငရဲသားအပေါင်း အော်ဟစ် ငိုယိုနေကြရခြင်း ဟူသော အဓိပ္ပာယ်ရ၏။ တာပနငရဲဟူသည် အပူလောင်ခြင်းဟူသော အဓိပ္ပာယ်ရသည်။ မဟာတာပနငရဲဟူသည် သာ၍ပူလောင်ခြင်းဟူသော အဓိပ္ပာယ်ဖြစ်သည်။ အဝီစိငရဲ ဟူသည် ငရဲဆင်းရဲဒုက္ခ ဟူသမျှ လစ်လျှပ်မှုမရှိ တရစပ်ခံစားရခြင်း ဟူသော အဓိပ္ပာယ် ဖြစ်လေသည်။

ငရဲငယ်ရှစ်ဌာန ဆိုသည်မှာ မီးပူငရဲ၊ သံပူငရဲ၊ ပြာပူငရဲ၊ ရေပူငရဲ၊ ကြေးနီအိုးငရဲ၊ ဘင်ပုတ်ငရဲ၊ လက်ပံတောငရဲ၊ ကြိမ်ပိုက်ငရဲတို့ ဖြစ်သည်။ ငရဲသားတို့သည် ပြုသောအကုသိုလ်ကံမကုန်သေးသရွေ့ သေဆုံးလွန်မြောက်ခြင်းဟူ၍ မရှိ။

■

အနောက်တောင်အရပ်မှ တလိမ့်လိမ့်လွှင့်တက်လာသော တိမ်မည်းညိုများကိုကြည့်၍ ဒေါ်ဖွားနှစ်တစ်ယောက် သက်မမောတွေအကြိမ်ကြိမ်ချနေ၏။ မကြာမီ အငြိုးတကြီးသည်းသည်းထန်ထန်မိုးရွာချတော့မည့်ဟန်ပင်။ လျှပ်စီးများ မရပ်မနားလင်းလက်အချက်ပြ၍ ကျယ်ကျယ်လောင်လောင် မိုးထစ်ချုန်းသံများ အရပ်လေးမျက်နှာတစ်ခွင်ကြားရလေပြီ။

စိပ်လက်စပုတီးကို လက်မှာပတ်၍ ဒေါ်ဖွားနှစ် အိမ်ရှေ့ဆီသို့လှမ်းမျှော်ကြည့်သည်။ သားဖြစ်သူ ထွန်းအောင်၏ အရိပ်အယောင်ကို မျှော်ရခြင်းပင် ဖြစ်သည်။ မိုးရိပ်ကလေးသဲ့သဲ့မမြင်လိုက်နှင့် ထွန်းအောင်က ပလိုင်းတစ်လုံးလွယ် မိုနှ်းတစ်ချောင်းထမ်းကာ ကွင်းထဲဆင်းပြီဖြစ်သည်။

အမေတစ်ခုသားတစ်ခု ဖတဆိုးကလေးမို့ ဒေါ်ဖွားနှစ် သားဖြစ်သူကို မပြောရက်မဆိုရက် ပိုးမွေးသလိုမွေးလာခဲ့ရသည်။ လူသားတိုင်း ကုသိုလ်နှင့်အကုသိုလ်မွေးကကြောင်း ဒွန်တွဲပါလာခဲ့ကြမည်ပင်။ ထွန်းအောင်သည် လူမှုန်းသိတတ်စအရွယ်ကပင်တိမ်းပါးသွားသော ဒေါ်ဖွားနှစ်ခင်ပွန်း၊ ဖခင်၏ခြေရာနင်းကာ အကုသိုလ်အလုပ်များ ခုံမင်မွေ့လျော်ခဲ့သူပင်။

ဒေါ်ဖွားနှစ်ခင်ပွန်း၊ ထွန်းအောင်၏ဖခင် ဦးထွန်းမောင်ရှိစဉ်က အင်းလုပ်ငန်းဖြင့် အသက်မွေးခဲ့ကြသည်။သို့သော် ဒေါ်ဖွားနှစ်သည် ထိုအင်းအလုပ်တံငါအလုပ်တွင် မွေ့လျော်သူတစ်ယောက်မဟုတ်ခဲ့။ မောင်တစ်ထမ်းမယ်တစ်ရွက်ဆိုသော်လည်း ဒေါ်ဖွားနှစ်သည် ခင်ပွန်းဖြစ်သူ ဦးထွန်းမောင်၏ အင်းလုပ်ငန်းနှင့် ဆန့်ကျင်ဘက် မိမိ မိဘများ၏ အမွေဆက်ခံကာ ခြံလုပ်ငန်းကိုင်းလုပ်ငန်းဖြင့်သာ မွေ့လျော်နေထိုင်ခဲ့သူပင်။

ဦးထွန်းမောင်ရဲ့ တံငါအကုသိုလ်အလုပ် ခုံမင်မှုမျိုးကလည်းရှားသည်။ အကုသိုလ်ကံအပေါ် အမှီပြု၍ အကျိုးပေးအားကလည်းကောင်းလှသည်။ ဤ

နယ်တစ်ကြောတွင်ရှိသောအင်းပိုင်စာရင်းအားပြန်လှန်ကြည့်ပါလျှင် ဦးထွန်းမောင် နာမည်သာအတွင်ခဲ့သာတည့်။

နှစ်စဉ် အင်းလေလံဆွဲတိုင်း ဦးထွန်းမောင်ကို ကျော်လွှားနိုင်ခဲ့သူမရှိသလောက်ရှားပါးသည်။ တစ်လနေလို့ ကုန်းပေါ်ကိုတစ်ခေါက်ပြန်တက်လာဖို့ခဲယဉ်းသော ဦးထွန်းမောင်သည် ဘဝကို အင်းထဲမြုပ်ထားတတ်သူပင်။ အင်းထဲနေ အင်းရေသောက် ပိုက်ချငါးထိုး၊ အင်းပေါ်ချိန် အင်းပတ်ရေထဲရှဲ့ထဲက မတက်ချင်သူပင်ဖြစ်သည်။

ဇနီးသည် ဒေါ်ဖွားနှစ်ပင်လျှင် နားချ၍ တစ်ကြိမ်တစ်ခါကမျှမရခဲ့သောကြောင့် အရှုံးပေးလက်မြှောက်ထားခဲ့ရသည်သာပင်။ ဦးထွန်းမောင်ကိုယ်တိုင်ကလည်း ဇနီးဖြစ်သူနှင့်လားရာမတူ၊ ရည်ရွယ်ချက်ချင်းမတူသောအလုပ်မှာ အသားကျပျော်ဝင်သလို မိမိအင်းသူကြီးဘဝထဲ ဇနီးသည်ကိုဆွဲခေါ်ယူရန် ကြိုးစားခဲ့သူမျိုးမဟုတ်ပေ။ ကိုယ့်အလုပ် ကိုယ်လုပ်ရင်းသာ လင်မယားအရာမြောက်လက်တွဲလျှောက်ခဲ့ကြသူများသာဖြစ်သည်။

သားဖြစ်သူ ထွန်းအောင်ကလေးမွေးလာတော့မှသာပင် လင်မယားနှစ်ယောက်အကြား အတင်အချပြောစရာစကားကလေးတွေကရှိလာရတော့သည်သာ။ ထွန်းအောင်ကလည်း ထွန်းအောင်သာပင်ဖြစ်သည်။ လူမှုန်းသိတတ်စကတည်းက မိခင်နှင့်မပျော်မွေ့သူတည်း။

ကလေးပီပီ ဂျီကျစရာရှိလာလျှင်ပင် ဖခင်ကိုတသူဖြစ်သည်။အင်းထဲဆင်း၍ ဖခင်ဖြစ်သူနှင့်လှေစီးကာ ပိုက်ချငါးထိုးလိုက်နေချင်သောကလေးပင်တည့်။ မွေးသန္ဓေကို ကြိုတင်သိမြင်နားလည်သော်လည်း ဒေါ်ဖွားနှစ်ခမျာ တစ်ဦးတည်းသောသားကလေးကို ခင်ပွန်းသည်လို တံငါအကုသိုလ်အလုပ်တွေမှာ

အနောက်တောင်အရပ်မှ တလိမ့်လိမ့်လွှင့်တက်လာသော တိမ်မည်းညိုများကိုကြည့်၍ ဒေါ်ဖွားနှစ်တစ်ယောက် သက်မမောတွေအကြိမ်ကြိမ်ချနေ၏။

www.burmeseclassic.com

www.burmeseclassic.com

(မဇ္ဈပင်)
အိုအောစ်
အရိပ်ပမာ

မမွေ့လျော် မထိတွေ့စေလိုခဲ့ပေ။

သို့သော် ထွန်းအောင်က အဖေ သွေးပါခဲ့သည်။ အသက်လေး ဆယ်နှစ် ကျော်လာသောအခါ ပီဇကတားမရတော့ပေ။ လေးတန်းကလေးအောင်၍ မြို့ကျောင်းဆက်ပို့ရန်ကြိုးစားကြသော်လည်း အင်းထဲကပြန်မတက်တော့ပေ။

ဒေါ်ဖွားနှစ်နှင့် ဦးထွန်းမောင် အကြီးအကျယ်အချင်း ပွားစရာများကြုံ၏။ နောက်ဆုံး ဦးထွန်းမောင်ကိုယ်တိုင် ရာဇသံပြင်းပြင်းကိုင်၍ သားဖြစ်သူကို မြို့ကျောင်းဆက်ပို့နိုင်ရေးပါဝင်ကြိုးစားသည်။ နည်းလမ်းမျိုးစုံအောင်မြင်ခြင်းမရှိ ကျရှုံးခဲ့ရပြီးနောက် လင်မယားနှစ်ယောက်စလုံး သားဖြစ်သူကို အရှုံးပေး လက်မြှောက်ခဲ့ရပြန်တော့၏။

သို့ဖြင့် ထွန်းအောင် အရွယ်မတိုင်ခင်ကပင် ဖခင်ခြေရာနင်းတော့၏။ ဖခင်တတ်ကျွမ်းသော အင်းအလုပ် တံငါအကုသိုလ်အလုပ် ပညာကုန်လက်ဆင့်ကမ်းယူတော့၏။ ထွန်းအောင် အင်းအလုပ်မှာ ငယ်ငယ်ရွယ်ရွယ်နှင့် ဆရာတစ်ဆူဖြစ်လာသည်။

ထွန်းအောင်သည် ဖခင်သွေးအပြည့်ပါသူပီပီ အကုသိုလ်အလုပ်များတွင် အကျိုးလည်းပေး၏။ ကံလည်း အင်မတန်ကောင်းသူတည်း။ မိမိမျက်စိရှေ့မမြင်ရသောရေအောက်မှ ငါးပွက်ရေလှုပ်လျှင်ပင် ထိုငါးအမျိုးအစားကို အတိအကျခွဲခြားပြနိုင်သူတစ်ယောက်ဖြစ်ခဲ့သည်။

တားဆီး၍မရသော မိခင်ခမျာ လက်မှိုင်ချခဲ့ရသော်လည်း ဖခင်ဖြစ်သူကတော့ သားကို ပစားပေး၍ အားကိုးလာရသည်။ တော်တန်ရုံအသက်အရွယ်အရ ဖခင်ဖြစ်သူမလုပ်နိုင်တော့သည့် အလုပ်များ ထွန်းအောင်ကိုမျက်ကွယ်ပြု

www.burmeseclassic.com

www.burmeseclassic.com

ထား၍ရလာသည်။ ထွန်းအောင်က အရိပ်ပြလျှင် အကောင်ပါတွဲမြင်သည်။

တစ်ခါတစ်ရံ ဖခင်ထက်ပင် လက်စောင်းပိုထက်သည်။ အင်းလောကမှာ ဖခင်နှင့်ဒွန်တွဲကာ ထွန်းအောင်ကို သတိထားမိလာကြသည်။ ထွန်းအောင်က မိခင်ကိုလည်းချစ်ရှာပါသည်။

မိမိဝါသနာသည် မိခင်မကြိုက်သောဝါသနာဟူ၍လည်း သိပါသည်။ နားလည်မှုရှိပါသည်။ မိခင်ရှေ့ရောက်သည့်အခါ မည်သို့ဆိုဆုံးမ ဟုတ်ကဲ့ တစ်လုံးသုံး ခေါင်းတွင်တွင်ညိတ်နားထောင်ပေးရှာပါသည်။

သို့သော် မိခင်ကွယ်ရာတွင်တော့ ထွန်းအောင်သည် ဖခင်ဦးထွန်းမောင်၏ လက်ရုံးကိုယ်ပွား အားကိုးအားထားရသူ တစ်ယောက်ပင်တည်း။ ဖျောက်ဖျက်ပစ်၍မရသော မွေးသန္ဓေအမြစ်တွယ်ခိုင်မာလေလေ ဖခင်၏လက်ဆင့်ကမ်းအမွေနှင့် အသားကျလေလေပင်။ သို့ဖြင့် ထွန်းအောင်၏ဘဝအပြောင်းအလဲအချို့ နိဒါန်းစခဲ့၏။

ထွန်းအောင်တစ်ယောက်တည်းမှ မဟုတ်၊ ထွန်းအောင်တို့မိသားစုဘဝတစ်ခုလုံး၏ အပြောင်းအလဲတစ်ခုစာ ဖြစ်သည်။ မမျှော်လင့်ဘဲ ဦးထွန်းမောင် တစ်ယောက် ညဘက်ပိုက်တန်းလိုက်ရင်း ပိုးထိကာတိမ်းပါးလေသည်။ အကုသိုလ်ကံတရား၏ အကျိုးပေးမှု အကောင်း၊ အဆိုးမှာလည်း ဆန်းကြယ်၏။

ညပိုင်း သားဖြစ်သူ ထွန်းအောင်နှင့် အင်းထဲကရေပေါ်တဲတွင်စကားဖောင်ဖွဲ့၍အတူရှိနေခဲ့သော ဦးထွန်းမောင် တစ်ယောက် သန်းခေါင်ယံ ပိုက်တန်းအလိုက် လှေတစ်စင်းဖြင့် တဲပေါ်မှဆင်းသွားသည်။ ထွန်းအောင်က မိမိဆင်းမည်ဆိုသော်လည်း ဖခင်က တားမြစ်သဖြင့်တဲပေါ်ကျန်ရစ်ခဲ့သည်။အချိန်တန်သည့်အထိ ဖခင်ပြန်ရောက်မလာတော့သည့်အခါ ထွန်းအောင် လှေတစ်စင်းဖြင့်လိုက်၍ ဖခင်ကို အင်းထဲပတ်ရှာတော့သည်။

ထွန်းအောင်ရောက်သွားချိန်မှာ ဖခင်ဖြစ်သူ အသက်မမီတော့ပေ။ လှေဝင်းထဲမှောက်လျက်လဲကျနေသောဖခင်၏ အလောင်းနှင့်အတူ လိုက်လက်စ ပိုက်တန်းတွင် ဒေါသမာန်ဟုန်တောက်လောင်နေသော ပိုက်တန်းထဲလုံးထွေးမိနေသည့် မြွေပွေးတစ်ကောင်ကိုမြင်တွေ့ခွင့်ရခဲ့သည်။ ယူကျုံးမရဖြစ်စရာအခြေအနေအရပ်ရပ်သည် ထွန်းအောင်ရင်ကို စူးနစ်သွားခဲ့စေသည်။

မိမိဖခင်သည် မိမိအသက်ကို ကယ်တင်၍ သူ့အသက်ကို သူချစ်သောအင်းထဲမှာပင် အဆုံးသတ်သွားခဲ့သည်။ လူငယ်ပီပီ တရားဖြင့်နှလုံးမသွင်းနိုင်သော ထွန်းအောင်စိတ်မှာ တစ်စုံတစ်ရာ အရှိုးစွဲသည်အထိ ခိုတွယ်သွားခဲ့သည်။ မိခင်ဖြစ်သူဒေါ်ဖွားနှစ်ကတော့ တရားကို တတ်နိုင်သမျှ နှလုံးသွင်းခဲ့နိုင်သည်။

အသေဆိုးလှသောခင်ပွန်းဖြစ်သူကို စံနမူနာယူ၍ သားဖြစ်သူတွင် ခိုကပ်ပျော်ဝင်နေသောအကုသိုလ်အစွဲကိုချွတ်ရန် ကြိုးစားပေးရှာသည်။ ထွန်းအောင်သည် တစ်ပါးတည်းကျန်ရစ်သောမိခင်ကို ပိုမိုအားကိုးချစ်ခင်ပါသည်။ သို့သော် အစွဲသည်က ကျွတ်ရန်ခက်ခဲခဲ့လေပြီ။

"သားထွန်းအောင် လူလေး သိပ်ငယ်ပါသေးတယ် ငါ့သားရယ်၊ ဒီအလုပ်မလုပ်ကြလည်းဘဲ အမေတို့ဆင်းရဲမွဲတေမသွားကြပါဘူး ငါ့သားရယ်။ သားလေးလုပ်ချင်ရင်လေ အမေ့အလုပ်တွေဦးစီးစမ်းပါလားကွယ်။ မင်းအရွေ့မှာ မင်းအဖေ ဘယ်လိုအဖြစ်ဆိုးနဲ့သေခဲ့ရသလဲ မင်းသိသားပဲ။ ဘာလို့မို့က်တွင်းနက်ချင်ရတာလဲသားရယ်ဟင်။ဒီအကုသိုလ်တွေ စွန့်ပြီး အမေတို့ အေးအေးချမ်းချမ်းနေရအောင်သားရယ်နော်"

"အမေရယ် ခက်တော့တာပဲ။ အကုသိုလ်ဆိုတာ ခုဘဝလုပ်၊ နောက်ဘဝခံရတာမျိုးလို့ပဲ ကျုပ်ယုံတယ်အမေ။ အဖေသေတာလည်း ဒီအကုသိုလ်ကြီးသတ်လို့ဆိုတာကြီးမပြောပါနဲ့။ အဖေက ကျုပ်အစားသေရတာ။ ပြီးတော့ ဒီအင်းကြီးထဲမှာ အဖေ အမြဲတမ်း ကျွန်တော်နဲ့အတူရှိနေမှာ ဒါပဲကျုပ်ယုံကြည်တယ်"

"အမေနဲ့ပြန်လိုက်ခဲ့ပါ ကလေးရယ်၊ မင်းကိုလေ အမေ မင်းအဖေလို ထပ် မဆုံးရှုံးပါရစေနဲ့ အမေ့သားရယ်နော်"

ဒေါ်ဖွားနှစ် ငိုယိုတောင်းပန်သော်လည်း ထွန်းအောင်ကတော့ ခေါင်းမာမြဲမာဆဲပင်။ မိမိယုံကြည်သည့်အတိုင်း မိမိဖခင်ခေါင်းချရာအင်းထဲမှာပြန်လိုက်ရန်အစီအစဉ်လည်းရှိပုံမရပေ။ လင်ယောကျ်ားက အကုသိုလ်ကံကြောင့် ဘဝမကူးခင် အသေဆိုးနှင့်သေခဲ့ရတာမို့ ပူဆွေးဝမ်းနည်းမှုတစ်ဝက်၊ သားဖြစ်သူ၏ ပြုပြင်မရသော သန္ဓေဗီဇကြောင့် ခံစားနေရသော ပူပင်သောကတစ်ဝက် ဖြင့် ဗျာများရချေပြီ။

"အမေ့ကိုကျုပ်ချစ်ပါတယ်အမေ၊ ဒါပေမယ့်လို့ အမေ ကျုပ်နားလည်ပေးစမ်းပါ။ အမေ့ကိုကျုပ်ပစ်မထားဘူး၊ အမေနဲ့ပဲအတူနေမှာ။ တစ်ခုတော့ရှိတယ်၊ အဖေခေါင်းချခဲ့တဲ့ အဖေသိပ်ချစ်ခဲ့တဲ့ဒီနေရာကိုတော့ ကျုပ်ဘယ်သူ့လက်ထဲမှထည့်မပေးနိုင်ဘူး။ အဖေ့အစား ကျုပ်ဆက်ပြီးရှိနေရမှာပဲ။ နှစ်တိုင်း ကျုပ်ရအောင်လေလံဆွဲမယ်။ ဒီအလုပ်ဆက်လုပ်မယ်။ ဘယ်ကောင်မှ အဖေ့နေရာမဝင်ရဘူး။ စိတ်ချပါအမေရယ်၊ အင်းထဲမှာလည်း အဖေ့တပည့်တွေအများကြီး။ ကျုပ်ကလည်း အမြဲမနေပါဘူး။ အမေ့ဆီမှာလည်းတစ်လှည့်လာနေမယ်။အမေ့ကိုစောင့်ရှောက်မယ်။ ပြီးတော့ အဖေချစ်တဲ့ ဟောဒီအင်းထဲမှာလည်းတစ်လှည့်ပေါ့ အမေရဲ့နော်။ အမေ့ကို ကျုပ်အရမ်းချစ်ပါတယ်ဗျ အမေရနော်"

ဒေါ်ဖွားနှစ်ခမျာ ရင်ခွင်ထဲတိုးခွေ့ပြီး ဆုံးဖြတ်ချက်ပြင် လမ်းမမြင်တဲ့သားဖြစ်သူရဲ့စကားတွေကို မျက်ရည်အဝိုင်းသားနားထောင်ပေးရရှာသည်။ ဖတဆိုးလေးဖြစ်ရရှာတဲ့သားလေးခမျာ ငယ်ရွယ်လွန်းလှပြီး ဒေါ်ဖွားနှစ်မျက်စိရှေ့မှာလည်း ကလေးလေးသာမြင်နေသေး၏။ သွားလေသူ့ခင်ပွန်းအပေါ် အပြစ်တင်ရန်လည်း ခက်ခက်ခဲခဲ၏။

နောက်ဆုံးတော့ သားသဘောသည်သာ အမေ့သဘောဖြစ်ခဲ့၏။ မိမိဆန္ဒသဘောအမှန်သည်က ရေစုန်မျောရတော့သည်။ ဒီအမေနှင့်ဒီသားဘဝဘာများတတ်နိုင်ရမည်နည်းဟုသာဖြေရ၏။

"အမေရယ် အမေသိလားဗျ၊ ဟောဒီအင်းကြီးထဲမှာလေ အဖေရှိကိုရှိနေသေးတယ်ဗျ သိလား"

"ဟယ် - ဒီကောင်လေး၊ မပြောကောင်းဘူးကွယ့် သားရယ်။ မင်းအဖေသွားလေသူ အနှောင့်အယှက်မဖြစ်အောင် အမေတို့ကုသိုလ်များများလုပ်အမျှဝေရမယ်။ ဒါမှ မင်းအဖေကောင်းရာမွန်ရာရောက်မှာလေသားရဲ့ လူလေးရဲ့"

"ကျုပ်မခံစားနိုင်ဘူး အမေရာ"

ဒေါ်ဖွားနှစ် မျက်ရည်တွင်တွင်ကျသော်လည်း တရားနှင့်ဖြေမျိုသိပ်ကာ သားဖြစ်သူကို ပွေ့ဖက်ချော့မြူးရသည်။ ယခုလည်းပင် ဒေါ်ဖွားနှစ်ခမျာ မျိုသိပ်ခံစားရဆဲသာပင်တည်း။ လေနှင့်မိုးအပြိုင် ဝေါခနဲသွန်ချလိုက်ချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဖွားနှစ်၏ အတွေးစတွေပျက်ကာ အိမ်ရှေ့ဆီထွက်မျှော်ကြည့်ရပြန်ပါသည်။

■

အကုသိုလ် ဆိုသည်မှာလည်း အစဉ်သဖြင့်အကျိုးပေးကံအကောင်းသာ ချည်းပင်မဟုတ်တန်ရာ။ အချိန်အခါ အလှည့်ကြမ္မာသည် အကောင်း၊ အဆိုး အလှည့်ကျလည်းလာတတ်ပြန်သည်။ ဖခင်ရှိစဉ်ကအတိုင်း ယမန်နှစ်အင်းလေးတင်ချိန်တွင် ထွန်းအောင်ဝင်ရောက်၍ လေလံဆွဲလေသည်။ မထင်မှတ်မျှော်လင့်မထားသော အလှည့်အပြောင်းတစ်ခုပမာပင် လေလံဆွဲရာတွင် ထွန်းအောင်လွဲချော်သွားရသည်။

အစဉ်အလာမကျ၍ လက်ခံလောက်ဖွယ်ရာ အခြေအနေမရှိသော အပြောင်းအလဲတစ်ခုသာတည်း။ လေလံတင်ဆွဲရာတွင် ထွန်းအောင်နည်းတူ လက်လျှော့ခဲ့ရသောသူအတော်များများပင်လျှင် မယုံကြည်နိုင်စရာ အပြောင်းအလဲသစ်တစ်ခုဖြစ်ခဲ့ရချေ၏။ လေလံပွဲတွင် အနိုင်ယူဆွဲသွားသူသည် လက်ခံနိုင်စရာမရှိသော ပမာဏအင်အားတစ်ရပ်အား အဆုံးအစွန်အထိလိုက်ကာ သိမ်းပိုက်သွားခဲ့သည်သာ။

ထိုသူကား သူစိမ်းသာဖြစ်သည်။ ထွန်းအောင်တို့နယ်မြေခံတစ်ယောက်လည်းမဟုတ်ချေ။ အရာရာအင်ပြည့်အားပြည့်ဖြင့် နယ်မြေချဲ့ထွင်ကာ စီးပွားရေးလမ်းကြောင်းသစ်ထိုးဖောက်ခြေကုပ်ယူလာသူတည်း။

ထွန်းအောင်က အင်းကိုချစ်သည်။ စီးပွားရေးလုပ်ငန်းအသက်မွေးလုပ်ငန်းဆိုတာတွေထက်ပိုကာ ဘဝကို မြှုပ်နှံထားမတတ်မက်မောသည်။ အင်းထဲတွင် ထွန်းအောင်ရဲ့အဖွဲ့ဘဝရှိသည်။ ထွန်းအောင်၏ ယုံကြည်မှုတွေလည်းရှိသည်။

တောက်တစ်ချက်ပြင်းပြင်းခတ်ကာ လက်လျှော့အရှုံးပေးလိုက်ရသော်လည်း လက်လျှော့အရှုံးမပေးသင့်သောအရာဟု ထွန်းအောင် ကြိတ်မနိုင်ခဲမရအမျက်ဒေါသနောင်တတွေရနေသည်။ ဖခင်လက်ထက်၌ မဖြစ်ပေါ်ခဲ့ဘူးသော ရာဇဝင်တစ်ခုအဖြစ် ထွန်းအောင်ကို လူတွေမျက်မှန်းသင့်စရာဖြစ်ခဲ့ရလေပြီ။ သူရှက်လည်းရှက်ခဲ့ရသည်။

"ဒီတစ်နှစ်မရတော့လည်း တစ်နှစ်စာအကုသိုလ်ပိုကင်းသွားတာပေါ့လူလေးရယ် ဘာပူစရာရှိလဲ။ ငါ့သားလုပ်ချင်သပဆို အမေနဲ့ခြံလုပ်မလား၊ ကိုင်းလုပ်မလား၊ ဟော - မလုပ်ချင်လည်းထိုင်နေအမေတို့ထမင်းမငတ်ပါဘူး"

ဒေါ်ဖွားနှစ်ကတော့ ဝမ်းပင်သာနေသေးသည်။ သားဖြစ်သူကို နားချရသည်မှာလည်း အမောသာပင်။ သို့သော် အခြေအနေအပြောင်းအလဲအပေါ် တွင်လက်ခံ၍မရခဲ့သည်က ထွန်းအောင်သာပင်တည်း။

"အမေမသိဘူး၊ အမေမသိဘူးဗျ။ ဒါ သက်သက်လူပါးဝတာ၊ စည်းကျော်လာတာ၊ လူကိုလူမထင်တာ။ ကျုပ်လုံးဝလက်မခံနိုင်ဘူးအမေရာ"

"သားရယ် လူလေး၊ မင်းဘာလို့အစွဲအမှတ်တွေထားနေရတာလဲ။ မင်းမှာ အကုသိုလ်အပြင် အကုသိုလ်စိတ်ရဲ့နှိပ်စက်မှုတွေပါမြင်နေရတာ အမေစိတ်မချမ်းသာဘူး ထွန်းအောင်ရယ်"

"ကျုပ်မင့်ကျနပ်တာ ဒီတစ်ခုတည်းကြောင့်မဟုတ်ဘူးအမေ။ ဒီကောင်တွေက အကြံသမားတွေ၊ ဒီအင်းတစ်ခုတည်းသိမ်းချင်တာမျိုးမဟုတ်ဘူး။ အခုလည်း အင်းနဲ့ဆက်နေတဲ့မြေလွတ်တွေကြိုက်စေးပေးလေလံလုပြီးဝယ်နေတယ်ကြားတယ်။ ကန်တွေထပ်တူးပြီး ငါးပါမွေးဖို့ မြို့ပေါ်ကစက်တွေတောင်ဆင်းလာကြပြီ။ အဆောက်အအုံတွေပါအခိုင်အမာဆောက်နေကြပြီဗျ။ ဒီနှစ်လေလံရုံးတာမပြောနဲ့။ နောင်နှစ်ဆို လေလံတောင်တင်ချိန်ရှိတော့မှာမဟုတ်ဘူး။ ဒီကောင်တွေကွာ..."

မကျေမနပ် တရစပ်မရပ်မနား ဒေါသဖြင့်ပြောဆိုပြီး အိမ်ပေါ်မှ ကြိတ်မနိုင်ခဲမရဆင်းသွားသောသားဖြစ်သူ ထွန်းအောင်ကို ဒေါ်ဖွားနှစ် တားဆီးချိန်ပင်မရခဲ့ပေ။ နေ့စဉ်နှင့်အမျှ စိတ်ညစ်သည်အကြောင်းပြ၍ ဘုံဆိုင်ဘက် ရောက်ရောက်နေသော သားဖြစ်သူကိုလည်း ဒေါ်ဖွားနှစ် အတင်းအကျပ်မတားသာပေ။ ဖခင်နှင့်ပတ်သက်၍ သားဖြစ်သူ၏ယုံကြည်မှုအစွဲအလွဲအမှားကိုလည်း ဖြတ်ရခက်နေသည်သာ။

ဒေါ်ဖွားနှစ်ယခုတလောအိပ်မက်တွေမကောင်းလှပေ။ စိတ်မစွဲဘဲမက်နေသောအိပ်မက်ဆိုးတွေချည်းမို့ သားဖြစ်သူအတွက်လည်း စိုးရိမ်ပူပင်မှုများနေရသည်။ ထွန်းအောင်သည် တစ်ခါတစ်ရံ တစ်ဇွတ်ထိုးတဇောက်ကန်းနိုင်လွန်းလှသူမို့ မိခင်ပီပီ ရင်တမမရှိနေရသည်သာ။

"အမေ ကျုပ် ဒီညအင်းထဲငါးထိုးဆင်းမလို့"

"ဟဲ့- ထွန်းအောင် လူလေး၊ သားအို - ဘယ်ဖြစ်မလဲသားရယ်၊ အခုအင်းဟာ ငါ့သားပိုင်တဲ့ ငါ့သားလက်အောက်ကမဟုတ်ဘူးလေ။ သူစိမ်းတွေနဲ့မဖြစ်နိုင်ပါဘူး သားရယ်။ သူတစ်ပါးခွင့်မပြုတဲ့အလုပ်ကိုလုပ်တာလည်း အကုသိုလ်တစ်ခုပဲသား မင်းနော် လူလေး"

"ဘာဆိုင်လဲအမေရာ။ အမေကအကုသိုလ်ဆိုတာချည်းပဲ၊ ကျုပ်ဘာလုပ်လုပ် ရွာထဲကငမောက်တို့ လှဆောင်တို့လည်း ညတိုင်းဆင်းပြီးခိုးထိုးနေကြတာ"

"မမိသေးလို့ပေါ့ငါ့သားရယ်၊ ကိုယ့်နယ်ကိုယ့်ရွာသားချင်းကဘာအကြောင်းလဲ။ အခုဟာက သူစိမ်းတွေနော်။ ပြဿနာတစ်ခုတက်ရင် ဘယ်မျက်နှာမှကြည့်မှာမဟုတ်ဘူးနော်။ ငါ့သား မင်းအေးအေးနေပါလားထွန်းအောင်ရယ်၊ သားငါးမှစားချင်ရင် အမေ မင်းစိတ်ကြိုက်ဝယ်ကျွေးနိုင်ပါတယ် သားရယ်"

"အမေကလည်းဗျာ လုပ်ပြန်ပြီ။ ကျုပ်မနေတတ်ဘူးဗျ။ ကျုပ် အဖေ့ကိုလည်း ဒီအချိန်ဆို သိပ်သတိရတယ်။ အမေမသိပါဘူးဗျာ။ ဟုတ်ပြီဗျာ၊ ကဲ - အမေမကြိုက်တာ ကျုပ်မလုပ်ဘူး။ ဒါပေမယ့် ဒီညတော့ ကျုပ်အင်းထဲခရာဆင်းမယ်။ အဖေ့ကိုသတိရလို့ ဟုတ်ပြီလား"

ပြောမယ့်သာပြောတာရယ်... ဒေါ်ဖွားနှစ် သက်ပြင်းသက်မကောင်းကောင်းမချနိုင်လှချေပေ။ ကတိပေးစကားတာလွယ်လွယ်ပြောနေပေမယ့် ထွန်းအောင်က အဖေ့အမွေခံ မှိန်းနဲ့လုံတွေ တသသသွေးပင်မဟုတ်ပေ။ မိခင်ဖြစ်သူခမျာ သက်ပြင်းသက်မတွေအစားရင်ထဲပြည့်တက်လာတဲ့အပူလုံးကြီးသာတမမနှင့်ရှိရပြန်သည်သာ။

တားနေသည့်ကြားမှ ထွန်းအောင်သည် ညမှောင်ရီဖျိုးဖျ မိခင်အလစ်ဘယ်အချိန်အင်းထဲဆင်းသွားသည်မသိလိုက်။ သေရည်အရက်ကလေးကလည်း သောက်ထားစားထားပြန်သေးသည်။ ပြန်လာနိုးပြန်လာနိုး တစ်ညလုံးစောင့်စားရသည်မှာလည်း ဒေါ်ဖွားနှစ်တစ်ယောက် လည်ပင်းညောင်ရေအိုးဖြစ်ကာ ကောင်းကောင်းလည်းအိပ်မပျော်နိုင်ရှာခဲ့။

မနက်အရုဏ်မှကျင်း၍မလင်းသေး ဒေါ်ဖွားနှစ်အတွက် မကြားချင်သော သတင်းဆိုးက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ကာလာ၏။ ထွန်းအောင်ကို

www.burmeseclassic.com

www.burmeseclassic.com

အင်းထဲမှာ ရဲတွေလာဖမ်းသွားပြီဆိုတဲ့ သတင်းပင်။ဒေါ်ဖွားနှစ် သတင်းလာပေးသူကို စကားမေးထပ်ပြန်ချိန်ပင်မရ မိုက်ခနဲလဲသွားသည်။

အရပ်ထဲက ဆွေမင်းမျိုးမင်း အိမ်နီးချင်းများအပြုအစုကောင်းမှ သတိပြန်ရသည်။ နားမနေအားဘဲ အဖော်နှစ်ယောက်အကူအတွဲဖြင့် သားဖြစ်သူ နောက်လိုက်ရချေ၏။ ဒီအမေ၊ ဒီသား ဒေါ်ဖွားနှစ်မခံစားဘဲ နေနိုင်ရိုးမရှိရှာပေ။

ညက အင်းထဲဆင်းကာ ငါးခိုးထိုးသော ထွန်းအောင်တစ်ယောက် အင်းသူကြီးများဖမ်းမိ၍ အဖမ်းခံရခြင်းပင်။ ဒေါ်ဖွားနှစ် တစ်သက်နှင့်တစ်ကိုယ် မိမိဘဝ၌ မတွေ့ကြုံမခံစားရဖူးသော အပြောင်းအလဲကို သားဖြစ်သူလက်ထက်မှ တွေ့ကြုံခံစားရချေပြီ။ သားဖြစ်သူအတွက် လတ်တလော့အာမခံရရေးကိုသာ သွေးပူ၍အပြင်းတိုက်ရင်ဆိုင်ရလေ၏။

မိမိမျက်စိရှေ့မှောက်မှာ နို့နံ့ပင်မပျောက်သေးသောကလေးတစ်ယောက် အဖြစ်သာထင်မှတ်ထားသော သားဖြစ်သူအတွက် သောကသည် အထွတ်အထိပ်ရောက်နေ၏။ သားဖြစ်သူတွင် အမည်းစက်တစ်စက် အရိပ်ဆိုးတစ်ခု စွန်းထင်လိုက်ပါသွားရသည်အတွက်လည်း ရင်နှင့်မဆံ့ခံစားရလေ၏။ အမှုမှကွင်းလုံးကျွတ်လွတ်မြောက်ဖို့အရေးသာတွေး၍ ဒေါ်ဖွားနှစ်တစ်ယောက် သားဖြစ်သူအတွက် မိမိပိုင်ဆိုင်ရာစည်းစိမ်ဥစ္စာဖြင့် ပုံအောတာ လှဲလှယ်ပစ်ဖို့အထိတွေးနှင့်ထားသည်ပင်။

နောက်ဆုံးတော့ ဒေါ်ဖွားနှစ် တစ်မျက်နှာဖြင့်သာ ကာယကံရှင်များဘက်မှ အမှုကို အပြီးသတ်ရုပ်သိမ်းပေးခဲ့၏။ ထွန်းအောင်သည် အချုပ်မှ မိခင်ကြောင့် ပြန်လွတ်လာသော်လည်း အပြောင်းအလဲမှာထူးပြီးရှိမလာသည့် အပြင် ပို၍သိသာခိုင်မာလာသော ရှိရင်းစွဲစိတ်၏ လွှမ်းခက်ထန်မာကျောမှုများ ပြင်းထန်လာခဲ့၏။ ဒေါ်ဖွားနှစ်ခမျာ သားဇော သားသောကဖြင့် အသက်ရကာမှ အပူမီးကြီးရပြန်သည်သာပင်။

နေ့စဉ်နှင့်အမျှ စိတ်အလိုလိုက်ရင်း အသောက်အစားလွန်ကျူးလာသော ထွန်းအောင်စိတ်ဓာတ်များ ရိုင်းစိုင်းခက်ထန်၍သာလာသည်။ ဘေးလူစကားမပြောနှင့် မိမိချစ်ပါသည်ဟူသော မိမိအပေါ် အံကောင်းဆုံးသူဟူသော မိခင်ဖြစ်သူ ဒေါ်ဖွားနှစ်အပေါ်၌ပင် ဥပေက္ခာဆန်ဆန် ဆက်ဆံပြုမူခြင်းများ ရှိလာသည်။ အထူးသဖြင့် လူစိတ်သူစိတ်ပျောက်ဆုံးနေချိန်များပြီး ထွန်းအောင်မဟုတ်တော့သလိုဖြစ်လာခဲ့သည်။

ထွန်းအောင်သည် မူးရူးခက်ထန်လာတိုင်း အင်းသူကြီးဆိုသူနှင့် အင်းထဲရောက်ရှိနေကြသောသူစိမ်းများအပေါ် ဆဲရေးတိုင်းထွာကြိမ်းဝါးခြင်းများပြုလေ၏။ ဒေါ်ဖွားနှစ်ခမျာ သားဖြစ်သူ၏အပူမီးကူးစက်ခံစားနေခဲ့ရလေ၏။ အချိန်ရှိသရွေ့ မနောက်သင့်နေရသော သားဖြစ်သူအား ဖျောင်းဖျနှစ်သိမ့်လမ်းမှန်ချပြမရအောင်လည်းဖြစ်နေရလေ၏။

"ကျုပ်ကျေနပ်လိမ့်မယ်လို့များ အမေထင်နေလား။ သွားစမ်းပါဗျာ၊ ဘာတရားသဘောမှလက်မခံဘူး။ ကျုပ် ဒီကောင်တွေကို တုံ့ပြန်ရမှကျေနပ်မှာ။ ဘယ်လိုနည်းလမ်းနဲ့ပဲဖြစ်ဖြစ် ဒီကောင်တွေ ဒုက္ခရောက်အောင်လုပ်မှာ။ ဒါမှ ကျုပ် ဒီအင်းကြီးပြန်ရမှာ။ ဒါမှ အေးလည်း ကျေနပ်မှာ တွေ့ကြသေးတာပေါ့ကွာ"

"ဟဲ့သား ထွန်းအောင်၊ မင်း မင်းမကြဲကောင်းမစည်ရာတွေမတွေးပါနဲ့ မလုပ်မိပါနဲ့ သားလေးရယ်။ အမေပြောတာနားထောင်စမ်း သားလေး။ အမေ့သားလေးဝဋ်လိုက်မယ်။ ငရဲကျနေပါ့မယ်သားရယ် မလုပ်ပါနဲ့နော်"

ဒေါ်ဖွားနှစ်စကားအချည်းနှီးဖြစ်ခဲ့ရသည်သာတည့်။ ထွန်းအောင်သည် မိမိစိတ်အား မိမိပဲပြင်ထိန်းချုပ်နိုင်စွမ်းကင်းမဲ့ခဲ့ရရှာသည်ပင်။ အမှားပေါ် အမှားထပ်ဆင့် မပြုအပ်မပြုသင့်သော လုပ်ရပ်ကို ပြုလုပ်မိုက်မှားခဲ့လေ၏။

တစ်ညသား နေအိမ်မှ ထွန်းအောင် ပျောက်ဆုံးသွားလေ၏။ မိခင်ဒေါ်ဖွားနှစ် ဒုက္ခဆင်းရဲခံစောင့်ကြည့်ထိန်းချုပ်တားဆီးနေသည့်ကြားမှ အလစ်အငိုက်ဖြင့် ထွက်သွားခြင်းဖြစ်လေ၏။ မနက်မိုးစင်စင်လင်းချိန်တိုင် အိမ်ခြေပြန်မကပ်သော သားဖြစ်သူအား ပတ်ဝန်းကျင်၏ အကူအညီယူ၍ အိုကြီးအိုမမိခင်ခမျာ ရှာပုံတော်ဖွင့်ရပြန်လေ၏။

ဒေါ်ဖွားနှစ်သည် သားဇောဖြင့် ပူလောင်ပြင်းပြသောမီးကူးစက်ခံစားနေခဲ့ရရုံမက သားဖြစ်သူပေးသောဒုက္ခမျိုးစုံအတွက် ရင်နှင့်မဆံ့လွယ်ပိုးထားခဲ့ရသူ မိခင်မျိုးသာတည်း။ သားပျောက်ရှာရင်း ဖွေရင်း အပူသောကမီးသယ်ပိုးခံစားနေရဆဲ နောက်ထပ်မျှော်လင့်မထားသော အပူမီးစက ဒေါ်ဖွားနှစ်ရင်ဝသို့ တည့်တည်တိုးဆွရပြန်လေ၏။ သားဖြစ်သူထွန်းအောင်တစ်ယောက် အင်းကြီးစပ်တစ်နေရာတွင် ဘာဖြစ်နေမှန်းမသိဟူသောသတင်းစကား ကြားရချိန်မှာပင် အပူသည်ဒေါ်ဖွားနှစ်ရင်ကို လောင်မြိုက်၍ပြာကျမတတ်ဖြစ်ခဲ့ရလေပြီဖြစ်သည်။

အင်းကြီးနှင့် ဆက်စပ်နေသောကန်သင်းတစ်နေရာတွင် ထွန်းအောင်ကိုပြန်တွေ့ကြရ၏။ လူတွေအတော်များများ ထွန်းအောင်အနားဝိုင်းအုံလျက်ရှိနေပြီ။ ထွန်းအောင်တစ်ယောက်ကတော့ မြေပြင်မြက်တောထဲ အရှင်လတ်လတ် လူးလှိမ့်နေရရှာ၏။ သားဖြစ်သူ၏မြင်ကွင်းဆိုးအား ဒေါ်ဖွားနှစ်ကိုယ်တိုင် နားမလည်နိုင်အောင်ဖြစ်ရသော်လည်း မိခင်ဟူသောစိတ်ကြောင့် ဒေါ်ဖွားနှစ်ခမျာ သားဖြစ်သူကိုပြေးကာပွေ့ထူ၏။

ထွန်းအောင်၏ မထင်မှတ်သော ရုန်းကန်တွန်းထုတ်မှုကြောင့် မိခင်ဖြစ်သူမြေပေါ်လဲကျသွားလေ၏။ ဒေါ်ဖွားနှစ်အား လူအချို့မှပြေးကာပွေ့ထူယူလိုက်ရပြီး အနားမကပ်မိစေရန် တားထားကြရလေသည်။ ထွန်းအောင်သည် နှုတ်မှလည်း ဝူးဝူးဝါးဝါးအော်ဟစ်ပြောဆိုလျက် ခန္ဓာကိုယ်တစ်ခုလုံး မြင်ရက်စရာမရှိ ဒဏ်ရာဗရပွဖြင့် လူးလှိမ့်လှုပ်ရှားလျက်ရှိလေသည်။

"ဟား ဟား ဟား ဘာတတ်နိုင်သေးလဲ၊ ဘာတတ်နိုင်ကြသေးလဲကွ။ ဒီအင်းက ငါအဖေပိုင်တာ၊ ငါ့အဖေမသေသေးဘူး ရှိတယ်။ ဒီအင်းကြီးထဲမှာရှိသေးတယ်ကွ။ မင်းတို့လုယူချင်တိုင်းလုယူလို့မရဘူး ဟား ဟား ဟား"

"သား သားလေး စိတ်ထိန်းပါဦး သားလေးရယ်၊ ထွန်းအောင်ရေ အမေ့သား"

"အမေရေ အမေ ကျုပ်ကိုကယ်ပါဦး အမေရေ။ ကျုပ်လည်ပင်းတွေပူတယ် မခံနိုင်တော့ဘူးအမေရယ်၊ အား အား အမေကယ်ပါ၊ ကျုပ်ဗိုက်တွေလည်းအရမ်းပူနေပြီ ကယ်ကြပါ"

ထွန်းအောင်သည် အသံနက်ကြီးဖြင့် မျိုးစုံအော်ဟစ်လူးလှိမ့်နေရှာ၏။ အားလုံးထူးထူးခြားခြား သတိထားခံစားနေမိကြသည်။ အင်းကြီးထဲမှ လွှင့်ပါလာသော အပုပ်နံ့များဖြစ်လေသည်။ အနံ့များသည်က တစ်စထက်တစ်စ ပိုမိုစူးရှလျက် လေနှင့်အတူလွှင့်ပါလာလေသည်။

"အင်းထဲမှာ တစ်အင်းလုံး ငါးသေပုပ်ကောင်တွေ မြင်မကောင်းဘူးဟေ့။ ဆေးချခံလိုက်ရတယ်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

မဟာနွယ်(မန်းတက္ကသိုလ်)

နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

ကတိသစ္စာတည်သောအခါ ဩဇာလေးနက်ပေါ် ဆီတက်၍ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်၏။

မှန်ကန်သော သစ္စာစကားတစ်ခု ဖြစ်ပါ၏။

ဤကမ္ဘာမြေပေါ် တွင်ပေါက်ရောက်နေကြသော နွယ်မြက်သစ်ပင်တို့သည် ကား ဆေးပင်များသာဖြစ်ပါ၏။ မှန်ပါ၏။ ယင်းဆေးပင်တို့ကို အသုံးပြုနိုင်သော ဆေးပင်တို့ကား အပုံ (၁၀၀၀)ပုံ၌ တစ်ပုံမျှပင် လူတို့အသုံးမပြုနိုင်ကြပါချေ။ လေ့လာမှုအင်အားနည်းပါးသေး၏။

ဆေးပင်တို့ကို တစ်ပင်ချင်း သုတေသန (ဓာတ်ခွဲ) ကြည့်ပါက -

ဤဆေးပင်သည် ဤရောဂါနှင့် သင့်မြတ်လျော်ကန်သည်တို့ကို သိရှိကြပေလိမ့်မည်။ ယနေ့ သူကငါက ရှေးသမားတော်ကြီးများ၏ လက်ကသုံးဆေးပင်တို့ကိုသာ ထပ်ကာထပ်ကာ အသုံးပြုနိုင်ကြပါ၏။

သို့သော် တစ်ခုတော့ကောင်းပါ၏။ ဤဆေးပင်၏ အသုံးအနှုန်းသည် ယခင်ကလည်း မှန်တန်ခဲ့၏။ နောင်ကိုလည်း ဆက်လက် မှန်ကန်စွာ စိတ်ချလက်ချအသုံးပြုနိုင်ကြပေလိမ့်မည်။

ဤနေရာတွင် အစွမ်းထက်မြက်သော ဆေးတစ်ပင်အကြောင်းကို တင်ပြပါမည်။

ဆေးပင်အမည်ကတော့ -
ဆေးဂန္ဓမာ ဖြစ်ပါ၏။

ဆေးပင်၏ပုံသဏ္ဌာန်

အပင်။ ။ နှစ်ရှည်ခံပင်ဖြစ်၍ (၁၅) လက်မမှ (၄၀) လက်မအထိ မြင့်၏။ ပင်စည်ပျော့၏။ အပင်ရင်းမှ အကိုင်းပွားသည်။ အပင်တုံ့ (၁၂) လက်မမှ (၁၅) လက်မထိကျယ်၏။ သက်တမ်း (၃) နှစ်မှ (၆) နှစ်ထိ ရှည်ပါ၏။

အရွက်။ ။ ကြီး၏။ ရွက်ရိုးတံများရှည်သည်။ အရွက်များအောက်ဘက်၌ ငွေရောင်ရှိသည်။ ရွက်နားတစ်ဝိုက်အတွန့်များစွာရှိ၍ ရွက်ပြားကြီးလာသည်နှင့်အမျှ ရွက်ရင်းပိုင်းကျယ်လာပြီး ထိပ်သို့ကျဉ်းမြောင်းသွား၏။

အပွင့်။ ။ ပွင့်တံများပေါ်၌ အမွှေးတိုကလေးများရှိသည်။ အပွင့်အပြာနုရောင်ရှိသည်။ သေးငယ်သော ပန်းပွင့်ကလေးများ ပန်းခိုင်ထိပ်တွင်စုပေါင်း၍ ပန်းပွင့်တစ်ပွင့်တည်းကဲ့သို့ပွင့်၏။

ပေါက်ရောက်ပုံ။ ။ စိုက်ပျိုးပင်အဖြစ် ပေါက်ရောက်၏။

ထိန်းသိမ်းပြုစုခြင်း။ ။ ပေါင်းရှင်းပေးခြင်း၊ မြေဆွေးပေးခြင်း၊ ရေလောင်းပေးခြင်းနှင့် လိုအပ်ပါက မြေဩဇာကျွေးပေးခြင်းတို့ကို ပြုလုပ်ရ၏။ ရေမဝပ်စေရန် ရေထုတ်မြောင်းများကိုလည်း ပြုလုပ်ပေးရ၏။

ရိတ်သိမ်းဆွတ်ခူးခြင်း။ ။ အပွင့်များအားလုံးပွင့်အောင်မစောင့်ဘဲ (၃)ပုံ(၂)ပုံပွင့်လျှင် ဆွတ်ခူးရ၏။ ပွင့်ခါစပန်းပွင့်သည် ပိုမို၍ အာနိသင်ထက်မြက်သဖြင့် အစေ့များမရင့်မီ အပွင့်များကို ဆွတ်ခူးရသည်။ အပွင့်များဆွတ်ခူးရာ၌ (၂) ပတ် (၃) ပတ်ခြား၍ ခူးပေးရသည်။ ဆောင်းနှင့် နွေမျိုးစေ့များသည် မိုးရာသီတွင်ရသည့်မျိုးစေ့ထက် ပို၍ကောင်း၏။

ထုတ်လုပ်ခြင်း။ ။ ဆွတ်ခူးပြီးအပွင့်များကို နေရောင်ခြည်ရသောဒေသများ၌ အုရိပ်ထဲတွင် နေ့အခါ၌ဖြည့်၍ လေဖြင့်အခြောက်ခံပြီး နေရောင်ခြည်မရသောဒေသများ၌ ဆေးပေါင်းအိုးကဲ့သို့ အပူပေး၍ ခြောက်သွေ့စေသော နည်းကိုသုံးကာ အခြောက်ခံထုတ်လုပ်သည်။ အပွင့်များကိုခြောက်၍ ကျွတ်သွားသည်အထိ အခြောက်မခံသင့်ပေ။ လက်နှင့်ဆုပ်ကြည့်လျှင် ကျိုးမသွားဘဲ စေးကပ်ကပ်နေသော အခြေအနေတွင် ပလပ်စတစ်အိတ်ထဲသို့ထည့်၍ ခြောက်သွေ့သောနေရာ၌ သိုလှောင်ထားရမည်။

အသုံးပြုသည့်အစိတ်အပိုင်း။ ။ အရွက်၊ အပွင့်နှင့် ပဉ္စငါးပါး။

အာနိသင်သတ္တိ။ ။ မြန်မာဆေးကျမ်းတို့အလိုအရ စပ်သောအရသာရှိ၍ အေးသောသတ္တိရှိ၏။ ထက်မြက်၏။ သွေးလေသည်းခြေတို့ကိုနှိုင်၏။ ဝမ်းမီးကိုတောက်စေ၏။ ဝဖြိုးစေ၏။ ချုပ်၏။ နှလုံးကိုအကျိုးပြု၏။

အသုံးပြုပုံ။ အရွက်။ ။ အရွက်ကို ငရုတ်ကောင်းနှင့် ရောကြိတ်သောက်သော် ဆီးအောင့်ရောဂါပျောက်ပါ၏။

ပါးစပ်ကွဲ၊ သွားကျ၊ သွေးအန်သွေးကျရောဂါတို့ကို ကုသရာ၌ အသုံးပြုပါ၏။

အပွင့်။ ။ ခြင်ဆေး၊ ပိုးသတ်ဆေးအဖြစ်အသုံးပြု၏။

ပဉ္စငါးပါး။ ။ အပွင့်မှ ထုတ်ယူရရှိသောဆေးရည်သည် သွေးလွန်တုပ်ကွေးရောဂါကိုဖြစ်စေတတ်သော ခြင်များကို အထိရောက်ဆုံးနှိမ်နင်းနိုင်ပါသည်။

တိုင်းရင်းဆေးပညာကို သေရွာသို့ မယူလိုပါ။ လေ့လာမှတ်သားအကျိုးများပါလိမ့်မည်။

တိုင်းရင်းဆေးဗဟုသုတ ပြည့်ဝကုံလုံပြည့်စုံနိုင်ကြပါစေ။

သန့်ရှင်းသောစေတနာမေတ္တာမှန်ဖြင့်
ကျန်းမာချမ်းသာကြပါစေ

မဟာနွယ်(မန်းတက္ကသိုလ်)

ဟူသော တစ်စုံတစ်ယောက်၏ အသိပေးစကားကို အားလုံးကြားလိုက်ရချိန်မှ နားလည်သဘောပေါက်သွားကြရလေ၏။ မျက်မြင်ကိုယ်တွေ့ လက်ငင်းအကျိုးပေးထူးဆန်းလှသောထွန်းအောင်ခံစားနေရသောငရဲကိုလည်း အထိတ်တလန့်လက်ခံလိုက်ကြရပြီ။ ထွန်းအောင်အတွက် စုတ်သပ်သံဝေဂယူကြရဲလေ၏။

မိခင်ဖြစ်သူ ဒေါ်ဖွားနှစ်ခမျာသားဖြစ်သူ၏ဝေဒနာကို မမြင်ရက်တော့သူပမာ မျက်နှာလွှဲထားရရှာတော့သည်။

အဖြစ်ဆိုးလှသောသားဖြစ်သူ၏ မိုက်ဇာတ်သိမ်းကို တရားဖြင့်နှလုံးသွင်းရင်း ရင်နင့်စွာလက်ခံရတော့၏။ ငရဲ၏ လက်ငင်းအကျိုးပေးသည် သားဖြစ်သူထွန်းအောင်အတွက် သက်ညှာကင်းမဲ့ရက်စက်ခဲ့လေသည်။ နောင်တရခွင့်ပင်မပေးသော သားဖြစ်သူအတွက် ဖြေမဆည်ခံစားရသော်လည်း ဒေါ်ဖွားနှစ်မစွမ်းသာ မတားနိုင်ပေးရှာတော့ပါပေ။

ကြမ်းတမ်းစွာ လှုပ်ရှားရုန်းကန်လျက် အမျိုးအမည်မသိ ဝေဒနာခံစားရသောထွန်းအောင်၏ခန္ဓာကိုယ်ကြီးမှာ တဖြည်းဖြည်း ငြိမ်သက်သွားလေ၏။ အင်းကြီးတစ်ခုလုံး ရေပြင်ထက် ငါးမျိုးစုံသေကျေပျံကိစီးလျက်ပုပ်ပွ၍ပေါလောပေါ နေကြ၏။ လေလာသည့်အခါတိုင်း ငါးမျိုးစုံ၏ အပုပ်နံ့မျိုးစုံကိုလည်းရနေ၏။ ငရဲဟူသည်ကား တူသောအကျိုးလက်ငင်းပေးတတ်သည့်ဝဋ်ကြွမှာတစ်မျိုးသာတည့်. . . ။

အိုအေစစ် (မအူပင်)

www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းဇင်(ရွှေနဝင်း)

နှလုံးမြင်းသရိုက် အတွင်းအပြင်လိပ်ခေါင်းရောဂါ သတိပြုဆင်ခြင်ဖွယ်ရာများ (အပိုင်း-၅)

'ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းမခဲ' ဟုဆိုသော ကျန်းမာရေးဆိုရိုးစကား ရပ်သည် လွန်စွာအဓိပ္ပာယ်သက်ရောက်လှပါသည်။ လူသားတို့အသက်ရှင်ရပ်တည်နိုင်စေရေးအတွက် လျှာ၏အလိုကို လိုက်ပြီး စားသောက်လိုက်သမျှသော အစာအာဟာရတို့ကို ဝမ်းပိုက်အတွင်းရှိ အစာအိမ်မှဝင်လာသမျှကို ဒိုင်ခံခြေချက်ပေးနေရသည့်ပါစကဝမ်းမီးက အားကောင်းနေသမျှ အစာအိမ်အူလမ်းကြောင်းတစ်လျှောက် အဆင်ပြေချောမွေ့နေပြီး ပြဿနာမရှိလှသော်လည်း-

ပါစကဝမ်းကအကြောင်းကြောင်းကြောင့် အားနည်းလာပြီဆိုပါက လာပါပြီ။ စားခဲ့သမျှ အဝင်နဲ့အထွက်မမျှ ဝမ်းကျွန်ဝမ်းချုပ်စမြင်းခံလေမသက် အနေခက်ရချေပြီ။

ဤသို့ ကြိမ်ဖန်များစွာဖြစ်လာသည့်အခါမှာတော့ 'ပါးစပ်ကမျိုသမျှ စအိုကမခံနိုင်' ဆိုသကဲ့သို့ အပူအစပ်အပုပ်အချုပ်စာတွေက ပါစကဝမ်းမီးကို 'ပျက်စီးအားနည်း' စေသည်ကြောင့် အစာအိမ်အူလမ်းကြောင်းတစ်လျှောက် ဇီဝယန္တရားက လည်ပတ်မှုမမှန်တော့ဘဲ အစာဟောင်းအိမ် စအိုဝတစ်ဝိုက်မှာ အပူအပုပ်တို့ဒဏ်ကြောင့် ရောင်ရမ်းခြင်းစတင်ဖြစ်ပေါ်လာပြီး စအိုဝပတ်လည်မှာ သွေးပြန်ကြောတွေစုဝေးပြီး ဖောင်းကြွတက်လာကာ ထိုသွေးပြန်ကြောအစုအဝေးနှင့် အရွတ်မျှင်များတစ်စအိုဝကိုပိတ်ဆို့ထားခြင်းကြောင့် ဝမ်းကျန်၊ ဝမ်းချုပ်၊ စမြင်းခံခြင်းတို့ဖြစ်ပေါ်လာပြီး ဝမ်းကိုညှစ်ပြီးသွားလာရတဲ့အခါမှာ စအိုဝ၏အောက်ဘက်ကိုကျွံဆင်းလာတဲ့အခြေအနေကို မြင်းသရိုက် (လိပ်ခေါင်း) ရောဂါလို့ ခေါ်ဆိုကြပါသည်။

ဤဖြစ်စဉ်မှာ ရောင်ရမ်းဖောင်းကြွနေတဲ့ သွေးကြောအရွတ်အစိုင်အခဲတာ အရေပြားဖုံးအုပ်နေပြီး စအိုဝ၏အပြင်ဘက်ကိုထွက်လာသည့်အပိုင်းကို 'အပြင်လိပ်ခေါင်းရောဂါ' လို့ခေါ်ကြပြီး စအိုဝ၏အတွင်းပိုင်း စအိုအမြှေးပါးအတွင်းမှ ရောင်ရမ်းဖောင်းကြွနေတဲ့ သွေးကြောအထုံးအစိုင်အခဲကိုတော့ဖြင့် 'အတွင်းလိပ်ခေါင်းရောဂါ' ဟုခေါ်ကြပါသည်။

လူ (၁၀၀) မှာ (၄၀) ရာခိုင်နှုန်းလောက်အတွင်း လိပ်ခေါင်းအခြေအနေမျိုးဖြစ်နိုင်ခြေရှိတတ်ကြပါသည်။ အပြင်လိပ်အနေနှင့်ကထော့ (၁၅) ရာခိုင်နှုန်းအောက်သာရှိကြပါသည်။

အတွင်းနဲ့အပြင်လိပ်ခေါင်းရောဂါ (၂) မျိုးမှာ အတွင်းလိပ်ခေါင်းအခြေခံရောဂါဖြစ်ကြသည်က ပိုများသည်ကို တွေ့ရပါသည်။ ဤသို့အတွင်းလိပ်ခေါင်းရောဂါဖြစ်ခြင်း၏ အခြေခံအကြောင်းများမှာ-

၁။ အညောင်းထိုင်များခြင်း၊ လှုပ်ရှားမှုနည်းပါးခြင်း။
၂။ အပူအစပ်စာများအစားများခြင်း။
၃။ ဝမ်းချုပ်စေတတ်သည့်ကောက်ညှင်းစသောအစာများ အစားများခြင်း။
၄။ ရေသောက်နည်းပါး၍ အရည်ဓာတ်ပါဝင်သော သီးနှံနှင့် အသီးအရွက်များကို စားသုံးမှုမရှိခြင်း၊ နည်းခြင်း။
၅။ ပင်ကိုမျိုးရိုးဗီဇမှာကိုက လိပ်ခေါင်းရောဂါအခြေခံမျိုးဗီဇပါနေခြင်း။
၆။ လိင်တူဆက်ဆံသူ (သို့) စအိုနှင့် လိင်ဆက်ဆံတတ်ကြသူများတွင် အဖြစ်များသည်ကိုတွေ့ရတတ်၏။

အတွင်းလိပ်ခေါင်းရောဂါကို ဆေးပညာအရ အဆင့် (၄) ဆင့်ခွဲခြားသတ်မှတ်နိုင်ပါသည်။

အဆင့် (၁) (1st Degree) မှာ -

အတွင်းလိပ်ခေါင်းဖြစ်ခါစအချိန်မှာ ဝမ်းသွားရာတွင် ဝမ်းကျန်ခြင်း၊ အားမရခြင်းမှစပြီး ဝမ်းချုပ်ခြင်း၊ လွန်ကဲလာပြီး စမြင်းတုံးအဖြစ်တည်လာပြီး ဝမ်းကိုညှစ်ပြီးသွားတဲ့အခါမှာ မာကျောသည့် စမြင်းတုံး၏ ပွတ်တိုက်မှုဒဏ်ကြောင့် စအိုတွင်းမြှေးပါးကွဲအက်၍ သွေးယိုစီးပြီး ဝမ်းသွားလျှင် သွေးပါလာခြင်းကို တွေ့မြင်ရခြင်းမှာ ပထမအဆင့်အတွင်းလိပ်ခေါင်းရောဂါ (1st Degree) ဟု ခေါ်ပါသည်။

အဆင့် (၂) (2nd Degree) မှာ -

ဝမ်းသွားတဲ့အခါတွင် လိပ်ခေါင်းသွေးကြောထုံးက စအိုအဝကနေပြူထွက်လာ၍ ဆို့တို့တို့ခံစားရပြီး စအိုကြွက်သားကိုပြန်ရုန့်သွင်းလိုက်လျှင် သူ့အလိုလိုပြန်ဝင်သွားသည့် အနေထားမျိုးကို အဆင့် (၂) (2nd Degree) ဟု ခေါ်ပါသည်။

အဆင့် (၃) (3rd Degree) မှာ -

ဝမ်းသွားတဲ့အခါတိုင်း လိပ်ခေါင်းဟာ စအိုဝမှအပြင်သို့သိသိသာသာကျွံထွက်လာပြီး လက်နှင့်ပြန်ဖိသွင်းမှသာ အထဲသို့ပြန်ဝင်သည့်အခြေအနေမျိုးကို တတိယအဆင့် (3rd Degree) ဟု သတ်မှတ်ပါသည်။

အဆင့် (၄) (4th Degree) မှာ

လိပ်ခေါင်းကို လက်နဲ့ပြန်သွင်းထားလို့ဝင်သွားပေမယ့် နှာချေ၊ ချောင်းဆိုး၊ လေလည်လိုက်သည့်အခါများတွင် အမြဲအပြင်သို့ပြန်ထွက်လာတတ်သည့် အခြေအနေမျိုးကို အဆင့် (၄) (4th Degree & Prolapsed piles) ဟု ခေါ်ဆိုသတ်မှတ်ပါသည်။

ဤအဆင့်တွင် လိပ်ခေါင်းသည် နာကျင်ကိုက်ခဲပြီး ပိုးဝင်ရောင်ရမ်းတတ်ကြပြီး အထဲသို့ပြန်သွင်းမရတဲ့ အနေရထိုင်ရအလွန်ခက်တတ်သည်ကို တွေ့ကြုံခံစားတတ်ကြပါသည်။

အချို့သောသူများတွင် အတွင်းလိပ်ခေါင်းရော အပြင်လိပ်ခေါင်းပါ (၂) မျိုးလုံး ရှိနေတတ်ပါသည်။

အထူးသဖြင့် လိပ်ခေါင်းရောဂါနှင့် စအိုတစ်ဝိုက်မှာဖြစ်တတ်သော အခြားရောဂါလက္ခဏာများကိုခွဲခြား၍ သိထားရန်လိုအပ်ပါသည်။

ခြားနားချက်များမှာ လိပ်ခေါင်းရောဂါရှင်များသည် အများအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ဝမ်းချုပ်နေတတ်ပြီး ဝမ်းကိုညှစ်နေတဲ့အခါမှာ သွေးပါတဲ့အခါ သွေးအရောင်ဟာ ဓားခုတ်သွေး သွေးစိမ်းရှင်ရှင်ဖြစ်ပြီး အစက်လိုက် (သို့) ပန်းပြီးထွက်ကြတတ်ပါသည်။ ဝမ်းသွားရာမှာ နာကျင်မှုမရှိကြပါ။

ဤအချက်များသည် လိပ်ခေါင်းသွေးပါရောဂါနှင့် ဆင်တူသော စအိုကွဲရောဂါနှင့် ခွဲခြားရာတွင် အဓိကခြားနားချက်ဖြစ်ပါသည်။

စအိုကွဲရောဂါက ဝမ်းသွားလျှင် အလွန်နာကျင်စပ်ဖျဉ်းပြီး ဝမ်းနဲ့ရောကာ သွေးပါလာတတ်သည်။

တခြားလိပ်ခေါင်းရောဂါနှင့်လက္ခဏာဆင်တူပြတတ်သည့်ရောဂါတွေကတော့ -

(၁) စအိုအမြှေးပါးကျွံထွက်တဲ့ရောဂါ (Mucosal Prolapse)
(၂) စအိုအစာဟောင်းအိမ်အသားပိုရောဂါ (Polyp)
(၃) စအိုကင်ဆာ၊
(၄) ဝမ်းကိုက်သွေးပါရောဂါ။
(၅) ဂရင်ဂျီရောဂါများ ဖြစ်ကြပါသည်။

- ဝမ်းကိုက်ရောဂါမှာက ဝမ်းမှာသွေးနှင့်အရိအဲရွဲတွေရောနှောပြီး ပါလာတတ်ကာ ဝမ်းသွားရာတွင်လည်း ပိုက်ရစ်နာတတ်ပါသည်။
- စအိုနှင့်အူမကြီးကင်ဆာရောဂါတွေမှာကတော့ အလားတူ ဝမ်းနဲ့သွေးရောပြီး ပါလာရာမှ သွေးအရောင်ဟာ ညိုမည်းပြီး အနံ့ပြင်းထန်လှပါသည်။
  ကတ္တရာစေးအရောင်ကဲ့သို့ဖြစ်ပြီး ပုပ်ညှီဟောင်စပ်နေပါသည်။
- စအိုအတွင်းသား အသားပိုအလုံးရောဂါမှာက နီနီရဲရဲအသားလုံးလေးလိုထွက်လာတတ်ပြီး သွေးပါကျတတ်ပါသည်။
- စအိုအမြှေးပါးကျွံကျတဲ့ရောဂါကတော့ ဝမ်းသွားရတာ အားမရဝမ်းထပ်ထပ်ပြီးသွားနေရသလိုဖြစ်ပြီး စူထွက်လာရာမှာလည်း အကွင်းလိုက်စူထွက်လာတတ်ပါသည်။
- ဂရင်ဂျီရောဂါမှာက ပြည်တည်နာလိုဖြစ်ပြီး အဖုပေါက်လာ၍ ပြည်နဲ့သွေး၊ သားနံ့ရည်များယိုစီးထွက်ကြတတ်သည်မို့ လိပ်ခေါင်းရောဂါနဲ့ကွဲပြားပါသည်။

လိပ်ခေါင်းရောဂါကို အံ့နောက်တိုင်းနည်းစနစ်မှာတော့ -

-ခွဲစိတ်၍ဖြတ်ထုတ်ခြင်း၊
-သားရေကွင်းပစ်ခြင်း။
-စားဆေး၊ သောက်ဆေးဖြင့် အရောင်လျော့ချပြီး ကုသပေးသည့် နည်းစနစ်များရှိကြသည်။

စာရေးသူတို့၏တိုင်းရင်းဆေးပညာအမြင်ဖြင့် ညွှန်ကြားကုသမှုပြုကြမည်ဆိုလျှင် ထိုလိပ်ခေါင်းရောဂါသည် ပါးစပ်ခံတွင်းအဝမှစပြီး စအိုဝအထိ ဆက်စပ်ပတ်သက်မှုရှိနေသောကြောင့် အစားအသောက်မှစပြီး အလေ့အကျင့်နဲ့ပြုမူနေထိုင်မှုများကိုပါ ပြုပြင်တည့်မတ်ပေးရန် လိုအပ်ပြီး ၎င်းလိပ်ခေါင်းရောဂါနှင့် တွဲဖက်ပတ်သက်ဖြစ်ပေါ်စေတတ်သည့်ရောဂါများကိုပါတစ်ပါတည်း ကုသပေးရသည့် နည်းစနစ်ပြည့်စုံစွာရှိပါသည်။

ဤနေရာတွင် အထူးအသိပေးချင်သည်မှာ အထက်မှာတင်ပြခဲ့သည့် လိပ်ခေါင်း အဆင့် (၄) (4th Degree) အဆင့်ဖြစ်နေသော စအိုအထဲသို့ပြန်မဝင်ဘဲ အပြင်သို့အမြဲထွက်နေသည့် လိပ်ခေါင်းအဆင့်မျိုး ခံစားနေရသော ပုဂ္ဂိုလ်များသည့် အပြင်မှ တတ်ယောင်ကား လိပ်ခေါင်းအထူးကုအမည်ခံ ဆရာအမည်ခံ ရမ်းကုများနှင့်ယုံကြည်ပြီး မိမိကိုယ်ကိုအပ်နှံ၍ လိပ်ခေါင်းကို အနာစားဆေးနှင့်ဖြတ်၍ ကုသခြင်းမပြုကြရန် အထူးသတိပေးလိုပါသည်။

ဤအဆင့်သည် ပိုးဝင်၍အသက်အန္တရာယ်အမြန်ဝေးတတ်ပါသောကြောင့် စနစ်တကျဆေးရုံတွင် တက်ရောက်ကုသမှုကိုခံယူပါဟု တိုက်တွန်းလိုက်ပါသည်။

အပြင်ဆရာရမ်းကုများ၏ အာပေါင်အာရင်းသန်သန်ကြော်အောင်ညာထားတဲ့စကားလုံးများကို ယုံစားလို့ပုံအပ်ခဲ့တဲ့လိပ်ခေါင်း ဝေဒနာရှင်များ မရှုမလှခံစားကြရသည်ကို နားနဲ့မဆံ့အောင် ကြားနေမြင်နေရသောကြောင့် စေတနာအရင်းခံဖြင့် သတိပေးရခြင်းဖြစ်ပါသည်။

တိုင်းရင်းဆေးပညာ အမြင်အားဖြင့် လိပ်ခေါင်းရောဂါ၏ အစသည် ပါးစပ်ခံတွင်းမှစတင်ပြီး အစာအိမ်သည် အလယ်ဖြစ်၍ စအိုဝသည် လိပ်ခေါင်းရောဂါ၏နောက်ဆုံးရောဂါ အကောင်အထည်ဖြစ်တည်ရာအရပ်ဖြစ်ပေသည်။

အကြောင်းမှာ လူသားတို့၏လျှာအလိုလိုက်မှုများကြောင့် အပူ၊ အစပ်လွန်ကဲသောအစားအစာများ၊ လွန်စွာစားသောက်ခြင်း၊ ဝမ်းတွင်းတွင်အပူ၊ အပုပ်ကိုအားပေးစေသော အစားအစာများကို အစားများခြင်း၊ ငရုတ်သီးအပူအစပ်များ၊ အာဝဲသီးကဲ့သို့သော လွန်စွာပူပြင်းသောအစာများ၊ မျှစ်ချဉ်၊ ပုစွန်ချဉ်၊ ငါးချဉ်၊ ဆူးပုပ်ရွက်၊ တညင်းသီးကဲ့သို့သော ပါးစပ်မှစ၍ ပူစပ်နံ့ဟောင်စွာဖြင့် ဝင်လာပြီး စအိုဝမှစွန့်ထုတ်လိုက်သည်အထိ ပူစပ်နံ့ဟောင်ပြီး ပြန်ထွက်လာသောအစားအစာများကို နှစ်သက်ခုံမင်စွာ စားသောက်မှုများသောသူများတွင် လိပ်ခေါင်းရောဂါအဖြစ်များသည်ကိုတွေ့ရပါသည်။

ဝမ်းကိုချုပ်စေသောကောက်ညှင်း၊ ရေဓာတ်နည်းသော၊ အမျှင်ဓာတ်နည်းသော အစားအစာများကို စားသောက်မှုလွန်ကဲခြင်းကြောင့် အစာအိမ်နဲ့အူလမ်းကြောင်းတစ်လျှောက် အရည်ဓာတ်အားနည်း၍ အပူဓာတ်လွန်ကဲပြီး ဝမ်းကျစ်၊ ဝမ်းချုပ်မှုများဖြစ်လာပြီး လိပ်ခေါင်းရောဂါကိုဖြစ်စေပါသည်။

ဤသို့ ပါးစပ်ခံတွင်းမှစပြီး လွဲမှားစွာ စားသောက်လာခဲ့သည်တို့မှာ အစာအိမ်ထဲသို့ရောက်လာသောအခါ ၎င်းအစားအစာများကို အစာအိမ်အတွင်းမှပါစကဝမ်းမီးဓာတ်က ကောင်းမွန်နိုင်နင်းစွာခြေဖျက်နိုင်ခြင်းမပြုလုပ်နိုင်တဲ့အတွက် ထိုအစားအစာများ၏ ပင်ကိုမူလသတ္တိပူစပ်ခြင်း၊ နံဟောင်ခြင်းသတ္တိဆိုးတို့သည် အစာအိမ်မှအောက်ဘက်အူလမ်းကြောင်းမှတစ်ဆင့် စအိုအစာဟောင်းအိမ်သို့ရောက်လာသောအခါ အပူအပုပ်ဓာတ်သတ္တိများပိုမိုဖြစ်ပေါ်လာပြီး စအိုနဲ့အစာဟောင်းအိမ်တစ်ဝိုက်မှာ အမြှေးပါးနှင့်သွေးကြောလေးရောင်ရမ်းမှုဖြစ်ပေါ်လာပြီး လိပ်ခေါင်းကိုဖြစ်ပေါ်စေသည်ဟု တိုင်းရင်းဆေးပညာအရ သုံးသပ်ပါသည်။ ဒါကြောင့် လိပ်ခေါင်းရောဂါကို ကြိုတင်ကာကွယ်မှုပြုလုပ်ကြမည်ဆိုလျှင် ပါးစပ်အစ အစာအိမ်အလယ် စအိုဝအဆုံး အားလုံးဆက်စပ်ပတ်သက်နေပါသောကြောင့် အထက်ဖော်ပြပါ အပူ၊ အစပ်၊ အပုပ်စာနှင့် ရေဓာတ်နည်းပါးသောအစားအစာများကို သတိပြုဆင်ခြင်စားသုံးမည်ဆိုလျှင် လိပ်ခေါင်းရောဂါကို ထိရောက်အောင် ကာကွယ်မှုပြုနိုင်ပါသည်။

ထို့ကြောင့် အပူ၊ အစပ်နှင့် အပုပ်ဓာတ်ကို အားပေးသောအစားအစာများကိုလျှော့ပြီး လတ်ဆတ်အေးမြပြီး အရည်ဓာတ်ပြည့်ဝ၍ အမျှင်ဓာတ်ပေါကြွယ်ဝသော သီးနှံအစားအစာများကို

www.burmeseclassic.com

www.burmeseclassic.com

8 ဆရာဦးမောင်မောင်သန်း

(ရန်ကိုးဆား မြို့ဖေဆရာ)

ထီဆိုင်နှင့် အကွရာများ၊ ၅၊ ၇၊ ၆၊ ၂ ဂဏန်းများ ကံစမ်းနေပါသည်။

ဗုဒ္ဓဟူးသားသမီးများ

ဇူလိုင်လ ၆၊ ၇၊ ၁၃၊ ၂၁၊ ၂၄၊ ၃၀ ရက်များမှာ ထီထိုးပါ။

အိမ်ရဲ့အရှေ့အရပ်ဘက်ကိုသွားပါ။ အဲဒီအရပ်မှာရှိတဲ့ ဘုရားစေတီတစ်ဆူဆူ တနလ်ာထောင့်က ရုပ်ပွားတော်မြတ်ကို ပန်းပေါင်းစုံ (၇) မျိုးနဲ့ ဝေဝေစည်စည် ပူဇော်ပါ။ အပြန်မှာထီထိုးပါ။

သြဂုတ်လမှာ ၇၊ ၅၊ ၃၊ ၄ ဂဏန်းများ၊ စနေနံ့အကွရာများ၊ ထီဆိုင်များကံစမ်းနေပါသည်။

ကြာသပတေးသားသမီးများ

ဇူလိုင်လ ၄၊ ၇၊ ၁၃၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀ ရက်များမှာထီထိုးပါ။

ဘုရားရှင်ကို ကျောက်ကျောဆွမ်းကပ်လှူပါ။ (၉) ရက်ပြည့်အောင် မပျက်မကွက်ကပ်လှူပါ။ လှူတိုင်း ဂုဏ်တော် (၉)ပါးကို မိနစ် (၂၀)ကြာအောင်ရွတ်ပါ။ (၉)ရက်ပူဇော်ပြီးမှ ထီထိုးပါ။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ပေါက်သည်နှင့် ရတနာ (၃) ပါးကို ဦးထိပ်ထားပြီး ဦးဆုံးလှူပါ။

သြဂုတ်လတွင် ၅၊ ၇၊ ၁၊ ၂ ဂဏန်းများနှင့် ကြာသပတေး၊ စနေ၊ တနင်္ဂနွေအကွရာများ၊ ထီဆိုင်များကံစမ်းနေပါသည်။

သောကြာသားသမီးများ

ဇူလိုင်လ ၅၊ ၉၊ ၁၃၊ ၁၉၊ ၂၃၊ ၂၉၊ ၃၀ ရက်များမှာထီထိုးပါ။

ဘုရားစေတီတစ်ဆူဆူသို့သွားပါ။ စနေထောင့်တွင် ပန်းပေါင်းစုံ (၇)မျိုးနှင့် ဖယောင်းတိုင် (၇)တိုင် ထွန်းညှိပူဇော်ပါ။ တစ်ပတ်ပြည့်ရင် တစ်ကြိမ်ထပ်သွားပြီး ဤအတိုင်း ပူဇော်ပါ။ အပြန်မှာထီထိုးပါ။

သြဂုတ်လတွင် ၇၊ ၆၊ ၅၊ ၃ ဂဏန်းများ၊ စနေနံ့၊ အင်္ဂါနံ့၊ သောကြာနံ့ထီဆိုင်ကြီးများ ၎င်းအကွရာများ ကံစမ်းနေပါသည်။

စနေသားသမီးများ

ဇူလိုင်လ ၃၊ ၆၊ ၉၊ ၁၃၊ ၂၀၊ ၂၆၊ ၂၇၊ ၃၀ ရက်များမှာ ထီထိုးပါ။

ကန်တစ်ခုခုနှင့်နီးသော နဂါးရုံဘုရားတစ်ဆူဆူကိုသွားပါ။ ဖယောင်းတိုင် (၇) တိုင်ထွန်းညှိပူဇော်ပါ။ ဘုရားဂုဏ်တော် (၉) ပါးကို အချိန်ကြာကြာ ရွတ်၍ပူဇော်ပါ။ အပြန်မှာထီထိုးပါ။ ပေါက်သည်နှင့် ၎င်းဘုရားကိုထပ်သွားပြီး လိုအပ်သောပူဇော်မှုများပြုလုပ်ပါ။ ဥပမာ - ကျောက်ပြားခင်း၊ လျှပ်စစ်မီး၊ ရွှေသင်္ကန်း။

သြဂုတ်လတွင် ၅၊ ၄၊ ၁၊ ၇ ဂဏန်းများနှင့် ၎င်းနံသင့်အကွရာများ၊ ၎င်းနံထီဆိုင်ကြီးများ ကံစမ်းနေပါသည်။

၁၃-၇-၂၀၁၈ သောကြာနေ့နှင့်-

၃၀-၇-၂၀၁၈ တနလ်ာနေ့တို့တွင် (၇)ရက်သားသမီးများ မည်သူမဆို ထီထိုးကြသင့်ပါသည်။ ထီထိုးရန်စဉ်းစားလိုက်ချိန်နှင့် ခပ်လှမ်းလှမ်းမှာ ကလေးနှစ်ယောက်ရန်ဖြစ်သံကြားချိန် တစ်ထပ်တည်းဖြစ်နေပါက မည်သည့်ဂဏန်းအကွရာမျှမရွေးဘဲထိုးပါ။ ပေါက်သည်နှင့် မိဘများကို ဦးဆုံးကန်တော့ပါ။

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)

(၁၇) ကြိမ်မြောက် -
ထီဖွင့်ပွဲကြိုးနိုးပါပြီ။

တနင်္ဂနွေသားသမီးများ

ဇူလိုင်လ ၃၊ ၄၊ ၇၊ ၁၃၊ ၁၇၊ ၂၁၊ ၂၇၊ ၃၀ ရက်များမှာ ထီထိုးပါ။

ဓာတ်ကြီး(၄)ပါးဆွမ်းတော်ကပ်လှူပူဇော်ပါ။ မလှူဖြစ်ရင် တန်ခိုးကြီးဘုရား (၇) ဆူကို တစ်နေ့တည်းသွားပြီး ဘုရားတိုင်းမှာရှိတဲ့ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၇) တိုင်စီထွန်းပူဇော်ပါ။

သြဂုတ်လမှာ ၆၊ ၅၊ ၃၊ ၂ ဂဏန်းများနှင့် ကြာသပတေးနံထီဆိုင်များ၊ အကွရာများ ကံစမ်းနေပါသည်။

တနလ်ာသားသမီးများ

ဇူလိုင်လ ၅၊ ၉၊ ၁၃၊ ၂၂၊ ၂၆၊ ၃၀ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား တနလ်ာနေ့မနက် (၉)နာရီမှစ၍ နေ့တိုင်း နှင်းဆီပန်း (၇) ပွင့်နှင့် ကပ်လှူပူဇော်ပါ။ စတင်သည့်နေ့မှလွဲပြီး ကျန်နေ့များ မည်သည့်အချိန်မဆိုလှူပါ။ (၇) ရက်ပြည့်ပြီးမှ ထီထိုးပါ။

သြဂုတ်လမှာ ၇၊ ၅၊ ၁၊ ၄ ဂဏန်းများနှင့် စနေနံ့ထီဆိုင်ကြီးများ၊ အကွရာများ ကံစမ်းနေပါသည်။

အင်္ဂါသားသမီးများ

ဇူလိုင်လ ၅၊ ၆၊ ၉၊ ၁၃၊ ၂၀၊ ၂၇၊ ၃၀ ရက်များမှာ ထီထိုးပါ။

တစ်နေ့တည်း မနက် (၁၂) နာရီ မကျော်ခင် နဂါးရုံဘုရား (၃) ဆူပြည့်အောင်သွားပါ။ နဂါးရုံဘုရားတိုင်းမှာ ပန်းအဖြူများနှင့်ပူဇော်ပြီး ဖယောင်းတိုင် (၇)တိုင်စီထွန်းလှူပါ။ အပြန်မှထီထိုးပါ။ ပေါက်ပြီဆိုသည်နှင့် သွားခဲ့သောနဂါးရုံဘုရား(၃)ဆူကိုပြန်သွားပါ။ ထိထိရောက်ရောက်လှူလိုက်ပါ။ ဥပမာ - ပွဲများ၊ လျှပ်စစ်မီးများ၊ ရွှေသင်္ကန်းများ။

သြဂုတ်လတွင် ကြာသပတေးနံ

www.burmeseclassic.com

	နှိုင်းယှဉ်ချက်ဖြင့် ဆုံးဖြတ်ခြင်း		နှိုင်းယှဉ်ချက်ဖြင့် ဆုံးဖြတ်ခြင်း	
	ကြယ်ပွင့်ဆယ်ခုတိုင်	ကြယ်ပွင့်ဆယ်ခုတိုင်	ကြယ်ပွင့်ဆယ်ခုတိုင်	ကြယ်ပွင့်ဆယ်ခုတိုင်
၁။	၁၉ : ၂၈ : ၁၆	၁၆ : ၁၇ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀
၂။	၁၉ : ၂၆ : ၁၆	၁၆ : ၁၆ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀
၃။	၁၉ : ၂၅ : ၁၆	၁၆ : ၁၅ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀
၄။	၁၉ : ၂၄ : ၁၆	၁၆ : ၁၄ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀
၅။	၁၉ : ၂၃ : ၁၆	၁၆ : ၁၃ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀
၆။	၁၉ : ၂၂ : ၁၆	၁၆ : ၁၂ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀
၇။	၁၉ : ၂၁ : ၁၆	၁၆ : ၁၁ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀
၈။	၁၉ : ၂၀ : ၁၆	၁၆ : ၁၀ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀
၉။	၁၉ : ၁၉ : ၁၆	၁၆ : ၀၉ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀
၁၀။	၁၉ : ၁၈ : ၁၆	၁၆ : ၀၈ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀
၁၁။	၁၉ : ၁၇ : ၁၆	၁၆ : ၀၇ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀
၁၂။	၁၉ : ၁၆ : ၁၆	၁၆ : ၀၆ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀
၁၃။	၁၉ : ၁၅ : ၁၆	၁၆ : ၀၅ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀
၁၄။	၁၉ : ၁၄ : ၁၆	၁၆ : ၀၄ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀
၁၅။	၁၉ : ၁၃ : ၁၆	၁၆ : ၀၃ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀
၁၆။	၁၉ : ၁၂ : ၁၆	၁၆ : ၀၂ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀
၁၇။	၁၉ : ၁၁ : ၁၆	၁၆ : ၀၁ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀
၁၈။	၁၉ : ၁၀ : ၁၆	၁၆ : ၀၀ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀
၁၉။	၁၉ : ၀၉ : ၁၆	၁၅ : ၁၉ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀
၂၀။	၁၉ : ၀၈ : ၁၆	၁၅ : ၁၈ : ၁၀	၁၀ : ၁၀ : ၀	၀ : ၀ : ၀

ကြယ်ဆယ်ခုတိုင်းတွင် ဂဏန်းတစ်ခုစီ ရေးသားထားသည်။ ဂဏန်းများသည် ကြယ်ဆယ်ခုတိုင်းတွင် ပါဝင်သော ကြယ်ပွင့်အရေအတွက်ကို ဖော်ပြသည်။ ဥပမာ - ၁၉ : ၂၈ : ၁၆ ဆိုသည်မှာ ပထမတိုင်တွင် ၁၉ ပွင့်၊ ဒုတိယတိုင်တွင် ၂၈ ပွင့်၊ တတိယတိုင်တွင် ၁၆ ပွင့် ရှိသည်ဟု ဆိုလိုသည်။ ကြယ်ပွင့်အရေအတွက် ဖော်ပြသည့် ဂဏန်းများသည် ကြယ်ဆယ်ခုတိုင်းတွင် ပါဝင်သော ကြယ်ပွင့်အရေအတွက်ကို ဖော်ပြသည်။ ဥပမာ - ၁၉ : ၂၈ : ၁၆ ဆိုသည်မှာ ပထမတိုင်တွင် ၁၉ ပွင့်၊ ဒုတိယတိုင်တွင် ၂၈ ပွင့်၊ တတိယတိုင်တွင် ၁၆ ပွင့် ရှိသည်ဟု ဆိုလိုသည်။ ကြယ်ပွင့်အရေအတွက် နှိုင်းယှဉ်ဖော်ပြသည့် ဂဏန်းများသည် ကြယ်ဆယ်ခုတိုင်းတွင် ပါဝင်သော ကြယ်ပွင့်အရေအတွက်ကို နှိုင်းယှဉ်ဖော်ပြသည်။ ဥပမာ - ၁၀ : ၀ : ၀ ဆိုသည်မှာ ပထမတိုင်တွင် ၁၀ ပွင့်၊ ဒုတိယတိုင်တွင် ၀ ပွင့်၊ တတိယတိုင်တွင် ၀ ပွင့် ရှိသည်ဟု ဆိုလိုသည်။

ကြယ်ဆယ်ခုတိုင်းတွင် ကြယ်ပွင့်အရေအတွက်ကို နှိုင်းယှဉ်ဖော်ပြခြင်း

(ဘုရားဖွဲ့ပုံ)

ကျောင်းဆရာ ဦးမြတ်ဦး ပြုစုသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေနယ်ရိုး ပဿပူတော် အနောက်ကတော်

ဦးရွှေစိုးနှင့် ဒေါ်ညွှန့်တင်တို့မှာ အသက်အစိတ်ခန့်လောက်ကပင် အိမ်ထောင်ကျခဲ့ကြားသော်လည်း အသက် (၄၀) ပြည့်သည့်တိုင် သားသမီးရတနာ မထွန်းကားခဲ့ကြပါ။ ယခုအသက် (၄၀) ကျော်မှသာ သားဦးရတနာရလာကြသဖြင့် သူတို့ဇနီးမောင်နှံမှာ ဟော်မဆုံး မော်မဆုံးတပြုံးပြုံးနှင့် နှလုံးစိတ်ဝမ်းအေးချမ်းကြည်နူးနေကြပါသည်။

သားဦးကလေးမှာ ခြေလက်အင်္ဂါစုံလင်စွာဖြင့် ကျန်းမာဝဖြိုးပြီး ရုပ်ရည်မှာ အမေတူမို့ ချောမောလှပပါသည်။ သို့သော် အမေလိုကား အသားမညိုပါ။ အဖေလို ဖြူပါသည်။ ထို့ကြောင့် သူတို့ဇနီးမောင်နှံက သားဦးလေးကို ဖြူတုံးဟု ချစ်စနိုးခေါ်ကြပါသည်။ သူတို့မှာ ဖြူတုံးလေးကိုကြည့်၍ မဝရှရမဆုံး တပြုံးပြုံးနှင့် ပီတိဖုံးနေကြပါသည်။

သို့ရာတွင် မီးကျွတ်သောနေ့မှောင်ရီပျိုးစအချိန်မှစ၍ ဖြူတုံးလေးမှာ အော်ဝဲချင်းထပ်အောင် အဆက်မပြတ် ကျယ်လောင်စွာ ငိုကြွေးနေပါသည်။ နို့တိုက်သော်လည်း မစို့၊ အမေချော့သော် လည်းမရ၊ အဖေချော့သော်လည်း မတိတ်။ ဧည့်ခန်းရောက်သော်လည်း အငိုမရပ်၊ ဘုရားခန်းထဲရောက်လည်း ငိုဆဲ၊ အိမ်ရှေ့တလင်းပြင်မှာ လမ်းလျှောက်ရင်းချော့သော်လည်း တအော်ဝဲဝဲနှင့် ငိုမြဲတိုင်းငိုနေရာ မိဘနှစ်ပါးမှာ ခြေမကိုင်မိလက်မကိုင်မိ နေမထိထိုင်မသာနှင့် သောကဝေဒနာကို ကြီးစွာခံစားနေရပါသည်။

သူငယ်အိပ်ဆိတ်အချိန်လောက် ရောက်မှ ဖြူတုံးကလေးမှာ ငိုရလွန်း၍ မောပန်းပြီး အငိုရပ်ကာ အိပ်ပျော်သွားပါတော့သည်။ ထိုအခါမှသာလျှင် ဦးရွှေစိုးတို့ဇနီးမောင်နှံမှာ စိတ်သက်သာရာရသွားကြပါသည်။

နောက်တစ်နေ့နံနက်တွင် သားဖွားဆရာမကို ပင့်ခေါ်ကာ ပြသရပါသည်။ဆရာမက ကလေးကို အသေအချာကြည့်ရှုအကဲခတ်ပါသည်။ အာခံတွင်း၌ နားတွင်းကို လက်နှိပ်မီးနှင့်ထိုးကာ ကြည့်ရှုပါသည်။ ဗိုက်ကိုလည်း အသာအယာပုတ်ကြည့်ပါသည်။ ခြေဖျားလက်ဖျားကလေးများကိုလည်း ညင်သာစွာကိုင်တွယ်ကြည့်ရှုပါသည်။ စအိုဝကိုလည်း စစ်ဆေးပါသည်။ ကလေး၏အန်းအဝတ်တို့ကိုလည်း နမ်းကြည့်ပါသည်။

ကလေးဆီး၊ ဝမ်း၊ လေမှန်မမှန်ကိုလည်းမေးပါသည်။ အိပ်ရာကိုလည်း သန့်မသန့်စစ်ဆေးပါသည်။ ခြင်ထောင်ကိုလည်းနမ်းကြည့်ပါသည်။ ပတ်ဝန်းကျင်၌ အနံ့၊ အသက်ဆိုးနှင့် ညှော်နံ့နံ့မန်ကိုလည်း လေ့လာပါသည်။ ဆူညံမှုရှိမရှိကိုလည်းစူးစမ်းပါသည်။ ထို့နောက်-

"စိတ်မပူကြပါနဲ့။ ကလေး ဘာမှမဖြစ်ပါဘူး။ ကျန်းမာပါတယ်။ ကလေးငိုတိုင်း ရောဂါလို့စွဲမထားကြပါနဲ့။ ကလေးဆိုတာ ကျန်းမာမှငိုနိုင်၊ ဆော့နိုင်တော့မပေါ့။ မကျန်းမာရင် အိပ်ရာထဲမှာ ပက်လက်ကလေးငြိမ်ကုပ်နေမှာပေါ့"

ဟု နှစ်သိမ့်စကားဆိုပါသည်။

ဦးရွှေစိုးတို့ဇနီးမောင်နှံမှာ ဆရာမစကားကို ဟုတ်လိမ့်နိုးနိုးမှန်လိမ့်နိုးနိုးဖြင့် မျှော်ကိုးကာ စိတ်သက်သာရာအနည်းငယ်ရကြပါသည်။

သို့သော် ညနေနေဝင်ဖျိုးဖျမှောင်စပျိုးသည်နှင့် ဖြူတုံးလေးမှာ ယခင်နေ့ညနေကလိုပင် အဆက်မပြတ်အော်ကြီးဟစ်ကျယ်ပိုပြန်ပါသည်။ ဦးရွှေစိုးတို့ဇနီးမောင်နှံကလည်း အမျိုးမျိုးအဖုံဖုံနည်းမျိုးစုံဖြင့် တတ်သမျှမှတ်သမျှ ကြိုးစားချော့မော့ကြပါသည်မရပါ။ နောက်ဆုံး၌ စိတ်လက်မကြည်မသာနှင့်လက်မခံချင်ကာ နေရပါတော့သည်။

ဤသို့ဖြင့် (၅) ရက်ခန့်ကြာသော

www.burmeseclassic.com

www.burmeseclassic.com

နံနက်တွင်ကား ဦးရွှေစိုး၏အမေရောက်လာပါသည်။ ဖြစ်ကြောင်းကုန်စင်ကို အမေ့အား ပြောပြသောအခါ -

"ဒါဆို မရိုးဘူး"

ဟု အမေကဆိုပါသည်။

ထို့ နောက် အမေသည် သူ့မြေးကလေးကို အတန်ကြာအကဲခတ်ပြီး နောက်လှည့်ပြန်သွားပါသည်။

နေ့လယ်ဘက်တွင် ဦးရွှေစိုး၏အမေနောက်တစ်ခေါက်ရောက်လာပြန်ပါသည်။

"ဒီညတော့ ကလေးမငိုလောက်တော့ပါဘူးကွယ်။ ရွာထိပ်က နတ်စင်ကို အမေသွားပြီး ရွာတော့်ရင်(ရှင်)ကို ပန်း၊ ရေချမ်းတင်သပြီး ရှိခိုးပူဇော်ခဲ့တယ်။ ဖြူတုံးကလေးကိုလည်း အငိုမတိုက်ဖို့ စောင့်ရှောက်ကယ်မဖို့၊ အပြစ်ရှိရင်လည်း အမိုက်အမဲကျေးတော်မျိုးကျွန်တော်မျိုးတွေကို သနားသဖြင့် ခွင့်လွှတ်ပါအရှင်လို့ အမေတောင်းပန်ခဲ့တယ်။ စိတ်မပူနဲ့တော့ "

ဟု နှစ်သိမ့်အားပေးပြီး ပြန်သွားပါသည်။

သို့သော် အခါတိုင်းအချိန်ရောက်သည်နှင့် ဖြူတုံးကလေးမှာ ငိုမြဲတိုင်းငိုပြန်ပါသည်။ ချော့မရမော့မရ ဒုက္ခကြီးလှပါသည်။ ဦးရွှေစိုးတို့ဇနီးမောင်နှံမှာလည်း စိတ်အိုက်လူအိုက်နှင့် အကျပ်ဆိုက်နေကြပါသည်။ ရွာတော့်ရင်(ရှင်)ကလည်း ကယ်နိုင်ပုံမပေါ်ပါ။

ဦးရွှေစိုးတို့ဇနီးမောင်နှံကလည်း ရွာတော့်ရင်(ရှင်)ကို အားမကိုးပါ။ နတ်ကို ယုံကြည်ကိုးကွယ်မှုလည်းမရှိကြပါ။ ဗုဒ္ဓဘာသာဝင်များပီပီ ကံကံ၏အကျိုးနှင့် ရတနာသုံးပါးကိုသာ ယုံကြည်ကိုးကွယ်ကြပါသည်။ ငါးပါးပဉ္စသီကိုခါးဝတ်ချည်လို ခိုင်မြဲအောင်ကြိုးစားထိန်းသိမ်းကြပါသည်။ ဥပုသ်နေ့တိုင်း ဥပုသ်မပျက်မကွက်စောင့်လေ့ရှိကြပါသည်။ အခါအခွင့်သင့်တိုင်း တရားနာကြပါသည်။ တတ်နိုင်သမျှလည်း ပေးကမ်းလှူဒါန်းကြပါ သည်။

ဦးရွှေစိုးတို့အိမ်တွင် အိမ်တွင်းမင်းမဟာဂီရိနတ်ကိုပင် နေရာပေးမထားပါ။ မကိုးကွယ် မဆည်းကပ်ပါ။ နတ်တို့ယုံကြည်ကိုးကွယ်လျှင် သရဏဂုံပျက်တတ်သည်ဟု အခိုင်အမာစွဲမြဲယုံကြည်ကြပါသည်။

နောက်တစ်နေ့နံနက်တွင် ဦးရွှေစိုး၏အမေသည် ချိုင့်ကလေးတစ်လုံးကို ဆွဲကာ ရောက်လာပါသည်။

"ကလေးအိပ်နေလား"

ဟု တိုးတိုးကလေးမေးသဖြင့် ဦးရွှေစိုးက အသာအယာခေါင်းညိတ်ပြလိုက်ပါသည်။ ထို့နောက် အမေသည် သူ့ချွေးမကို လက်တို့ခေါ်ကာ အနောက်ခန်းထဲသို့ အသာအယာဝင်သွားကြပါသည်။ ဦးရွှေစိုးမလိုက်ရပါ။ အိမ်ဦးခန်းမှာသာ ထိုင်နေရစ်ရပါသည်။

"အနောက်ကတော်ကို ဆီးသီးဆန်ဟင်း တင်သဆက်ကပ်ပါတယ်။ ကျေးတော်မျိုး၊ ကျွန်တော်မျိုးအမိုက်အမဲတို့ကို သည်းခံခွင့်လွှတ်ပါ။ စောင့်ရှောက်ကယ်မတော်မူပါအရှင်မ"

ဟု ဦးရွှေစိုး၏ အမေကတိုင်ပေးပြီး သူ့ချွေးမက နောက်မှလိုက်ဆိုသံကို ဦးရွှေစိုးခပ်တိုးတိုးကြားလိုက်ရပါသည်။ ထို့နောက်တော့ သားသမီးနှစ်ယောက် အနောက်ခန်းထဲမှ ညင်ညင်သာသာ ထွက်လာကာ-

"ကဲ - ဒီညတော့ ဖြူတုံးလေးမငိုလောက်တော့ပါဘူးကွာ"

ဟု တိုးတိုးပြောပြီး ဦးရွှေစိုး၏ အမေပြန်သွားပါသည်။

မှန်ပါသည်။ ထိုညမှာ ဖြူတုံးကလေးမငိုတော့ပါ။ စောစောစီးစီးအိပ်ပျော်သွားပါသည်။ ထို့ကြောင့် ဦးရွှေစိုးတို့ဇနီးမောင်နှံမှာလည်း စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာရှိနေကြပါသည်။

ထိုစဉ်တွင် ဦးရွှေစိုး၏ အမေရောက်လာပြီး တစ်နေ့ညက သူအိပ်မက်မက်ပုံကိုပြောပြပါသည်။

အိပ်မက်ထဲတွင် နတ်ကနားပွဲမှ နတ်ကတော်လို ဝတ်စားဆင်ယင်ထားသူအမျိုးသမီးကြီးက တင်းမာသောမျက်နှာထားဖြင့် -

"... အနောက်ခန်းကိုစောင့်တဲ့ အနောက်ကတော်ဆိုတာ ငါပဲ။ နင့်ချွေးမက ငါနဲ့ပဋ္ဌာန်းဆက်ရှိတယ်။ ငါ ကျေးတော်မျိုး၊ ကျွန်တော်မျိုးမို့ ကလေးမျက်နှာမြင်ရင် ငါ့ကိုပူဇော်ပသရမယ်ဆိုတာ နင်တို့မသိဘူးလား။ နင်တို့ငါ့ကို မေ့နေကြတယ်၊ ပစ်ထားကြတယ်။ ဒါကြောင့် ကလေးကိုငါအငိုတိုက်ထားတာ မငိုစေချင်ရင် ငါ့ကို ဆီးသီးဆန်ဟင်း ဆက်ရမယ်"

ဟု ပြတ်သားခက်ထန်စွာ ပြောပြီး ပျောက်ကွယ်သွားသည်ဟုဆိုပါသည်။

"အခု သူ့လက်ချက်မှန်တော့ ဆီးသီးဆန်ဟင်းဆက်လိုက်တာနဲ့ ကလေးမငိုတော့ဘူး။ အငိုရပ်သွားပြီ"

ဟု ဦးရွှေရိုးအမေက ဝမ်းမြောက်ဝမ်းသာဆိုပါသည်။

ထို့နောက် ဦးရွှေရိုး၏ အမေက စာအုပ်တစ်အုပ်ကို ဦးရွှေစိုးအားပေးပြီး-

"မင်းဖတ်ရအောင် မင်းအဖေကပေးလိုက်တာ။ စာမျက်နှာ (၄၁) ကို အသေ အချာဖတ်တဲ့"

ဟုပြောကာ ထပြန်သွားပါသည်။

စာအုပ်မှာ သရဏဂုံဝိနိစ္ဆယကျမ်းသစ် ဖြစ်ပါသည်။ စာမျက်နှာ (၄၁) တွင်-

အရှင်ဂေါတမဘုရားကို ဘုရားမဟုတ်၊ အရှင်ဂေါတမ၏ တရားကို တရားကောင်းမဟုတ်၊ အရှင်ဂေါတမ၏ အရိယာသံဃာတော်ကို သံဃာကောင်းမဟုတ်ဟု စိတ်ဆုံးဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုသူမှာ သရဏဂုံပျက်၏။

ထိုသို့သောစိတ်မျိုးမရှိမူ၍ ဘုရားကိုလည်းကောင်း၊ မဂ်လေးတန်ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်တရားတော်မြတ်ကိုလည်းကောင်း၊ ရှစ်ပါးသောအရိယာသံဃာတော်မြတ်ကို လည်းကောင်း၊ ယုံကြည်မြဲကိုးကွယ်မြဲတိုင်းသောစိတ်ကို မစွန့်မူ၍ ကုသိုလ်ဟူး၊ ပညာဟူး၊ ဘေးကင်းရန်ကင်းအားဖြင့် တစ်ပါးသော ပုဂ္ဂိုလ်၊ တစ်ပါးသောဆရာ၊ မင်းစိုးရာဇာ မိဘ၊ စုန်း၊ နတ်အစရှိသည်ကို ရှိခိုးဝတ်တွားခစား ရိုသေကိုးကွယ်သော်လည်း သရဏဂုံမပျက်ပါမှတ် စသဖြင့်ပါရှိပါသည်။

ထိုစာပိုဒ်ကို ဦးရွှေရိုးတို့ဇနီးမောင်နှံဖတ်ပြီးသောအခါ၌ကား နတ်တို့ကိုးကွယ်ဆည်းကပ်သော်လည်း သရဏဂုံမပျက်နိုင်ကြောင်းနှင့် သဘောပေါက်လက်ခံသွားကြပါသည်။ နတ်ကိုးကွယ်မှုယုံကြည်မှုနှင့်ပတ်သက်၍လည်း အမြင်မှန်ရသွားကြပါတော့သည်။

ထိုအခါ ဦးရွှေစိုးက -

"အနောက်ကတော်က ကယ်တင်စောင့်ရှောက်လို့ သားလေး ချမ်းသာရာရပေတယ်"

ဟု ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့်လိုက်ပါသည်။

သူ့ဇနီးဒေါ်ညွှန့်တင်ကလည်း -

"ကယ်တင်ရှင်၊ ကျေးဇူးရှင်၊ အနောက်ကတော်သခင်မကို ရှိခိုးပူဇော်ပါတယ်ရှင်"

ဆိုကာ အကြိမ်ကြိမ်ဦးချကန်တော့နေပါတော့သည်။

ရွှေနယ်ရိုး

www.burmeseclassic.com

www.burmeseclassic.com

ထောင်မျိုးကြီးသိန်းဝင်း

သူကြီးဦးဘိုးသင်း

ဦးဘိုးသင်းက ရွာသူကြီးပါ။ ဇာတိက မင်္ဂလာဒုံမြို့နယ် သယ်နီးကျွန်းကြီးရွာကပါ။ စစ်ဘေးစစ်ဒဏ်ရှောင်ရှားရင်း မြို့တက်လာကြတာပါ။ ရွာသားတွေစုပြီးနေကြတဲ့ အစုကလေးက ရွာဖြစ်လာတာပေါ့။ မြို့ပေါ်ရောက်တော့ ရွာလို့ မခေါ်ကြတော့ဘဲ ရပ်ကွက်ဖြစ်လာတာပေါ့။ အဲဒီအချိန်တုန်းက သမိုင်းရပ်ကွက်၊ အုတ်ကျင်းရပ်ကွက်ဆိုတာက ခြံကျယ်ကြီးတွေကိုယ်စီနဲ့ သီးနှံစိုက်ပျိုးရေးလုပ်ကြတာ။ ခြံစည်းရိုးအနေနဲ့ ထီးရိုးဝါးပင်တွေကိုစိုက်ကြတယ်။ ခြံတွင်းမှာတော့ အိမ်ကိစ္စတွေအတွက် အသုံးပြုဖို့ ဝါးနက်၊ ဝါး၊ ဝါးပိုးဝါး၊ နှီးဝါးပင်တွေကိုစိုက်ကြတယ်။ မျှင်ဝါးနဲ့ ကြသောင်းဝါးတွေကို အမိုးအတွက်ဆင်တန်းလုပ်ပြီး အခင်းအကာတွေကလည်း ဝါးတွေပါပဲ။ ကြသောင်းဝါးကို ထက်ခြမ်းကွဲပြီး ကြမ်းခင်းတယ်။ လွှာပြီးတော့လည်း ဝါးထရံယက်တယ်။ ချည်နှောင်တာကတော့ ကြိမ်နဲ့ဝါးနက်ဝါးကိုဖြာပြီးသုံးကြတာပါ။ အမိုးကတော့ မနိပါပဲ။ မြေတွေကပေါတော့ နေချင်တဲ့သူကို စျေးပေါပေါနဲ့ ရောင်းတယ်။ မဝယ်နိုင်ရင် အလကားပေးတဲ့အပြင် တဲအိမ်ကိုပါ ဝိုင်းဆောက်ပေးကြသေးတယ်။ ရပ်ကွက်စည်ကားပြီး လူများရန်အတွက်ပါပဲ။

ဦးဇာကျယ်က နွားမွေးတယ်။ ဦးစံကြူးကလည်း နွားမွေးပြီး နွားနို့ညှစ်ရောင်းကြတာ၊ ကျွန်တော်တို့အဖေဦးစံကြိုင်နဲ့ ဘကြီးဦးစံမြိုင်တို့ကတော့ ရာသီသီးနှံတွေစိုက်ကြတော့ မြေသြဇာအတွက် နွားချေးတွေကို ဦးဇာကျယ်နဲ့ ဦးစံကြူးတို့ဆီက အလကားရတယ်။ နောက်ပိုင်း ခြံတွေချဲ့ထွင်စိုက်ပျိုးလာတော့ လှည်းတစ်စီးဘယ်လောက်ဆိုပြီးရောင်းကြတယ်။ အဲဒီအုပ်စုထဲမှာ ဦးကျော်သိန်းနဲ့ ဦးကုလားကြီး ဆိုသူတွေကတော့ အမြင်ကျယ်ကြတယ်။

လောက်ဝင်ရတာ။ မြေနီလမ်းကလေးပဲ။ စက်ရုံကြီးတွေပေါ်လာတော့ ဘာဖြစ်သလဲ။ အလုပ်သမားတွေအများကြီးလိုလာတာပေါ့။ အလုပ်သမားတွေက ဘယ်ကလာသလဲ။ နယ်က တစ်ဆင့်စကားတစ်ဆင့်ကြားပြီးတက်လာကြတာပေါ့။ အဲဒီအချိန်တုန်းက ကျွန်ုပ်ဆိုတာမရှိသေးဘူး။ ကြုံရာမှာတဲထိုးနေကြရင်း ကိုယ်ပိုင်ခြံဝိုင်းကလေးတွေဖြစ်လာတာ။ မူလပိုင်ဆိုင်သူတွေဆီကတော့ တောင်းဝယ်၊ ငှားနေကြတာပေါ့။

အထက်ကတင်ပြခဲ့သလို ခေတ်အမြင်ကျယ်တဲ့ဦးကျော်သိန်းနဲ့ဦးကုလားကြီးတို့က တဲအိမ်တွေဆောက်ပြီး စက်ရုံအလုပ်သမားတွေကို အိမ်တန်းလျားအဖြစ်ငှားစားကြတာ။ တရုတ်စကားပုံတစ်ခုလို 'လူများတော့ ချေးများလာတယ်'။ လူမျိုးစုံဆိုတော့ စရိုက်ကလည်း မျိုးစုံပေါ့။ အရက်ဆိုင်၊ ကြက်ဝိုင်း၊ ဖဲဝိုင်းတွေလည်းပေါ်လာတယ်။ ကုန်စုံဆိုင်နဲ့ လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်တွေလည်း အလျှိုလျှိုပေါ်လာတော့တယ်။ ကုန်စုံဆိုင်နဲ့ ခေါက်ဆွဲဆိုင်၊ အရက်ဆိုင်ကို တရုတ်တွေကရောင်းတယ်။ လက်ဖက်ရည်ဆိုင်နဲ့ကွမ်းယာဆိုင်တွေကိုတော့

www.burmeseclassic.com

www.burmeseclassic.com

ကုလားတွေကရောင်းတာ။ အုတ်ကျင်းဘူတာရုံနဲ့ အင်းစိန်လမ်းမထိပ်က ကားကား ဆိုတဲ့ ကုလားကြီးရောင်းတဲ့ လက်ဖက်ရည်ဆိုင်က နာမည်ကြီးသလို အန်းကွတ်ခေါက်ဆွဲနဲ့အရက်ဆိုင်ကလည်း နာမည်ကြီးပဲ။ အဲဒီအနားက ဒေါ်ငွေမြဆိုတဲ့ အဒေါ်ကြီးကတော့ ဘယ်ကပြောင်းလာသလဲမသိဘူး။ အလွန်ခေတ်ဆန်တယ်။ ဖဲဝိုင်းထောင်တယ်။အရက်လည်းရောင်းတယ်။ အိမ်ဌားတွေ လည်းထားတယ်။ ပစ္စည်းအပေါင်ခံတယ်။ ငွေတိုးချေးစားတယ်။ သူတို့အိမ်အနားက တရော်ပင်ကြီးအောက်မှာတော့ ကြက်ဝိုင်းကအမြဲတမ်းစည်ကားနေတယ်။

ပြောစရာကတော့ -

ညွန့်မောင်စစ်စစ်ဆိုတဲ့ ဒေါ်ငွေမြသားပဲ။ ခြေသလုံးပုလွေရိုးနဲ့ ဘာအလုပ်မှမလုပ်ဘူး။ မိဘဆီကရတဲ့ဝိုက်ဆံနဲ့ အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်တယ်။ နေ့စဉ်မူးနေပြီး ရွာရိုးလျှောက် ခေါင်းကျိုက်ပြီး -

"ညွန့်မောင်စစ်စစ်ကွ။ ဘယ်ခွေးမှလူမထင်ဘူး။ မိုက်တဲ့ခွေးထွက်ခဲ့ ချမယ်"

ဒါက သူ့ရဲ့နေ့စဉ်အပြော။ လူလူချင်းကို စိန်ခေါ်တာမဟုတ်တော့လည်း ဘယ်သူကမှ သူ့ကိုဂရုမစိုက်ကြပါဘူး။ ရယ်ပြီးပြုံးပြီးရှောင်သွားကြတော့တာပါပဲ။ ရပ်ကွက်သားချင်းဆိုတော့လည်း ရန်မဖြစ်အောင်ရှောင်ကြပါတယ်။ ညွန့်မောင်ဘက်က အဆဲအဆိုကလေးနဲ့လွန်လာရင်တော့ သူကြီးဦးဘိုးသင်းရဲ့အိမ်ရှေ့မြေတလင်းပြောင်ပြောင်မှာ ဆင်ထားတဲ့ ကျွန်းလုံးတိုင်ထိတ်တုံးစာမိတော့တာပါပဲ။

သူကြီးမှာလည်း ရာအိမ်ခေါင်း၊ ဆယ်အိမ်ခေါင်းနဲ့ တပည့်တပန်းတွေရှိတော့ ရဲခေါ်စရာတောင်မလိုပါဘူး။ သူကြီး ဦးဘိုးသင်းရဲ့ အဆုံးအဖြတ်နဲ့ တင်ပြီးပါတယ်။ အဲဒီတုန်းကလည်း အနီးဆုံးက ကမာရွတ် (လှည်းတန်း) ဂါတ်တဲတစ်ခုသာရှိတာ။ မားပြမှု၊ လူသတ်မှု၊ မားခုတ်မှုတွေ ထောက်ထားကိုင်တွယ်ရတာပါ။ ကျန်တာလောက်ကတော့ ရပ်ကွက်သူကြီးတွေလောက်နဲ့ပြီးပါတယ်။

ကြီးတဲ့အမှုငယ်စေ၊ ငယ်တဲ့အမှု ပပျောက်စေပေါ့။

အဲဒီတုန်းကလည်း ရန်ဖြစ်တာ၊ ထိုးတာကြိတ်တာ အရက်မူးပြီးရမ်းကားဆဲဆိုတာလောက်ပါပဲ။ အမှုအခင်း ကြီးကြီးမားမား ရယ်လို့တောင်မရှိပါဘူး။ ခိုးမှုဆိုတာတောင် မရှိသလောက်ပါဘဲ။ ကြက်ခိုးမှု၊ ဘူးသီးခိုးမှု စတဲ့ ကာလသားတွေ

www.burmeseclassic.com

www.burmeseclassic.com

စည်ကားလာတော့ မာလာမြို့ဆိုတဲ့ အုတ်ကျင်းဘူတာရုံနားက ရပ်ကွက်က ခွဲထွက်တယ်။ သူကြီးအသစ်တစ် ယောက်ခန့်ပြီး အုပ်ချုပ်တယ်။ တစ်ခါ ကျွန်တော်တို့အဖေနဲ့ ဦးကျော်သိန်း၊ ဦးကုလားကြီးတို့က သီရိမြို့ဆိုတဲ့ ရပ်ကွက်သစ်ကို ထူထောင်ပြီး သီရိမြို့ဘူတာကိုတောင် မီးရထားဌာနမှာ လျှောက်လွှာတင်ပြီး ဘူတာရုံအသစ် ဆောက်တယ်။ အုတ်ကျင်းရပ်ကွက်ကြီး ဟာ ကြီးမားကျယ်ပြန့်လာပြီး ရပ်ကွက် (၃) ခု ကွဲသွားတာပေါ့။ ယခင်က မြို့ဆင်ခြေဖုံး၊ အခုတော့ တိုက်တာအိမ် ခြေအမြင့်ကြီးတွေနဲ့ အလွန်စည်ကား ကျယ်ပြန့်သပ်ရပ်တဲ့ရပ်ကွက်ကြီးတွေဖြစ် နေပါပြီ။ ယခင်က ရာဂဏန်းတောင် မပေးရတဲ့အိမ်တစ်လုံးစာမြေဟာ အခု ဆိုရင် သိန်းရာဂဏန်း၊ ထောင်ဂဏန်း စျေးပေါက်နေပါပြီ။

ကျွန်တော်တို့အဖေရော၊ သူကြီး ဦးဘိုးသင်းရော၊ ဦးကျော်သိန်း၊ ဦးကုလားကြီးတို့ရောမရှိကြတော့ပါဘူး။ သားသမီးမြေးတွေသာ ကျန်ရှိကြပါ တော့တယ်။ ယခင်က ခြံကွက်ကျယ်ကြီး တွေလည်း မြေစျေးကောင်းလာလို့ အပိုင်းပိုင်းဖြတ်ရောင်းကြလို့ အိမ်တစ် ကွက်စာစီလောက်ပဲ မနည်းကျန်နေကြ ပါတယ်။ အမွေခွဲရောင်းစားကြတော့ လူ သစ်တွေဝင်လာကြတာပေါ့။ တစ်ခု ကောင်းတာက ကျွန်တော်တို့အဖေနဲ့ ယခင်က ရပ်ရွာလူကြီးများ စုပေါင်းပြီး တည်ဆောက်ထားတဲ့ ရပ်ကွက်ဓမ္မာရုံ လေးကလေးက နှစ်ထပ်တိုက်ဓမ္မာရုံကြီး ဖြစ်သွားပြီး နောက်လူတွေက ပြုပြင် ထိန်းသိမ်းကြလို့ အသောကဓမ္မာရုံဆိုပြီး သက်တမ်း (၆၀) ကျော်ခဲ့ပြီး နှစ်စဉ်ဝါ တွင်းကာလမှာ အဖိတ်ဥပုသ်နေ့တိုင်း ဆွမ်းလောင်းနိုင်ရုံသာမက ကြားဆွမ်း ပတ်တွေကလည်းမပြတ်အလွန်တိုးတက် စည်ကားနေပါတယ်။ အပတ်စဉ် သံဃာ တော်အပါး (၄၀၀) ကျော် အရှေ့ဆွမ်း လောင်းနိုင်ရုံတင်မက ဥပုသ်နေ့တိုင်း ဥပုသ်သည် (၁၀၀) လောက်ကိုလည်း ကျွေးမွေးလှူဒါန်းနိုင်တယ်။ ပဌာန်းရွတ် ပွဲ၊ တရားပွဲ၊ ဆွမ်းသိမ်းပွဲ၊ နိဗ္ဗာန်စျေး ပွဲတော်တွေနဲ့လည်း အလွန်စည်ကားပါ တယ်။ အပတ်စဉ် ပင်တိုင်ဆွမ်းအလှူ ရှင်တွေရှိရာသာမက တနင်္ဂနွေနေ့တိုင်း အလှူခံထွက်ရင်း မနက်၊ ညနေစုစုပေါင်း (၉) သိန်းကျပ်လောက် အလှူငွေရပါ တယ်။ ပင်တိုင်အဆိုတော်ကြီးကိုအောင် မြို့ပင်။ တို့တေးသိန်းကန်သီချင်းတွေ

မှာ သူကြီးဦးဘိုးသင်းက သူသေနတ်ကြီး ကို အခန်းထဲသွင်းပြီး ခွေးတွေ၊ မျောက် တွေအားကိုးနဲ့ နှစ်နှစ်မြို့မြို့အိပ် ပျော်သွားသတဲ့။ နောက်တစ်နေ့မနက် လင်းတော့ သူခွေးကြီးရော၊ ကြက်ဖကြီး ရော၊ မျောက်ရော ပျောက်ဆုံးသွားသ တဲ့။ အပြင်မှာ ယာယီတဲထိုးနေကြတဲ့ သားသမီးတွေကလည်း မသိကြဘူးတဲ့။ သူကြီးအလွန်စိတ်ဆိုးတာပေါ့။ ရာအိမ် ခေါင်းနဲ့ ဆယ်အိမ်ခေါင်းကိုခေါ်ပြီး တိုးတိုးတိတ်တိတ်ကျိတ်ရှာခိုင်းသတဲ့။ သတင်းအစအနတောင် မရကြဘူး။ နောက်တစ်နေ့မနက်မှာတော့ မြန်မာ အလင်း သတင်းစာခေါင်းကြီးပိုင်းမှာ သူကြီးဦးဘိုးသင်းအိမ် သူခိုးခိုးခံရခြင်း ဆိုပြီး ခေါင်းစဉ်အမည်းကြီးနဲ့သတင်းပါ လာသတဲ့။ သတင်းထည့်သူက သတင်း ထောက်ဘသန်းတဲ့။ သူကြီးရဲ့တူအရင်း ပဲ။အမှန်တော့ နောက်ပြောင်လိုက်တာ။ ကြက်ဖကြီးနဲ့မျောက်ကို ခိုးပြီးချက်စား တာက ကာလသားအဖွဲ့ပဲ။ သတင်း ထောက်ကလည်း ဓာတ်သိချင်းပဲ တမင် ပညာပေးတာ။

အနောက်အပြောင်လွန်သွားတယ် ထင်ပါရဲ့။ သူကြီးခမျာ သတင်းစာထဲ မှာပါသွားလို့ ဌာနာအုပ်ကသိသွားပြီး ဆူပူကြိမ်းမောင်း၊ ရိုင်ဖယ်သေနတ်ကြီး ပါအသိမ်းခံလိုက်ရတယ်။ သူကြီးဦးဘိုး သင်း အလွန်ဒေါပွရှာတာပေါ့။ ရာအိမ် မှူးနဲ့ ဆယ်အိမ်ခေါင်းတွေကိုခေါ်ဆဲပြီး သူကြီးအလုပ်ကနေထွက်စာတင်သတဲ့။ အဲဒီတော့မှ ဌာနာအုပ်ကပြန်ချော့ပြီး ရိုင်ဖယ်သေနတ်ကြီးကို ပြန်ပေးတယ်။ အဲဒီခေတ်က သူကြီးလုပ်ပေမယ့် အာဏာပဲရှိတာ၊ဘာမှတံစိုးလက်ဆောင် ရတာ မဟုတ်ဘူး။ စိတ်ညစ်ခံပြီး အမှု တွေကိုပဲရှင်းနေရတာ။ သူကြီးလုပ်ချင် တဲ့သူက အလွန်ရှားတာ။ သူ့အိမ်က တိရစ္ဆာန်တွေကို ခိုးစားတာကတော့ ကာလသားအဖွဲ့က အမြင်ကတ်လို့လုပ် တာ။ သူကြီးအိမ်သွားရင် အဲဒီအကောင် တွေက အမြဲတမ်း ရှေ့ကနေကာဆီးပြီး အနှောင့်အယှက်ပေးလို့ပဲ။ သူကြီးကို ပညာပေးတာလည်း ပါတာပေါ့လေ။ သူကြီးကလည်း ရိပ်မိဟန်တူပါရဲ့။ နောက်ပိုင်း သူ့အိမ်မှာဘာကောင်မှ မမွေးတော့ဘူး။ အနှောင့်အယှက်မရှိ သူကြီးအိမ်ကိုဝင်ထွက်သွားလာလို့ရသွား တော့တာပေါ့။

■

ရပ်ကွက်ကြီးက လူများပြီးတော့

နောက်ကြ ပြောင်ကြတာလောက်ပဲ ရှိပါ တယ်။

အဲ - တစ်နေ့တော့ သူကြီးဦးဘိုး သင်းက သူပိုင်မြေကွက်ကြီးတစ်ကွက် ကို ထောင်ဂဏန်းနဲ့ ဦးပေါ်ဆိုတဲ့ သူဌေး ကြီးကို ရောင်းလိုက်တယ်။ အဲဒီခေတ်က ထောင်ဂဏန်းက အခုခေတ်သိန်းရာ ဂဏန်းနဲ့ညီလောက်တယ်။ ဒါကြောင့် သူကြီးက သူ့အိမ်တဲအဟောင်းကြီးကို ဖျက်ပြီး ပျဉ်ထောင်အိမ်အသစ်ဆောက် တယ်။ အဲဒီတုန်းက နှစ်ထပ်အဆောက် အအုံတောင် မဆောက်ကြပါဘူး။ မြေ ကကျယ်ဝန်းတော့အခန်းတွေဖွဲ့ပြီး မြေ ညီအိမ်ကျယ်ကြီးတွေ ဆောက်ကြတာ။ အဲဒါနဲ့ဆိုပါတော့ သူကြီးဦးဘိုးသင်းက သူတို့လင်မယားအိပ်ခန်းတစ်ခန်းစာသာ ချန်ထားပြီး တစ်အိမ်လုံးကိုစိမ်ပြေနပြေ ဆောက်ခိုင်းတာ သစ်ဝါးပေါတဲ့အချိန် သွပ်မိုးပျဉ်ထောင်အိမ်ကြီးဆိုတော့ ကြာ တာပေါ့။

လက်သမားခေါင်းဆောင်ကတော့ ကျွန်တော်တို့ရဲ့ဦးလေးအငယ်ဆုံးဦးမြတ် ထွေး။ သူက လက်သမားမျိုးရိုးမဟုတ် ပေမယ့် လက်မှုပညာမှာ အလွန်တော် ပြီးစိတ်ရှည်တယ်။ စရွှေးကိုက် ပရိဘောဂ ပစ္စည်းတွေကိုလုပ်တတ်ကိုင်တတ်တော့ နာမည်ကျော် လက်သမားဆရာပေါ့။ အသက်ကလည်း ငယ်သေးတယ်။ (၃၀) နှစ်တောင်မပြည့်သေးဘူး။ ဒါပေမယ့် လက်သမားအဖွဲ့မှာ ခေါင်းဆောင်တစ် ဦးပဲ။ အဲဒါနဲ့ သူကြီးအိမ်ကြီးကို အခန်း တစ်ခန်းသာချန်ထားပြီး ဖျက်ဆောက် ကြတယ်။ ဝါးအိမ်ကို ပျဉ်ထောင်သွပ်မိုး အိမ်ပြန်ဆောက်တော့ အကုန်ဖျက်ရ တာပေါ့။ အဲဒီမှာ သူကြီးက ကိုးလိုးကန့် လန့် သူ့အခန်းကလေးကိုချန်ထားပြီး အိမ်ကြီးကိုငုံဆောက်ခိုင်းတာ။ အဲဒါနဲ့ သူကြီးအခန်းကလွဲပြီး တစ်အိမ်လုံးဖျက် ချလိုက်တာ သူကြီးမှာ ရိုင်ဖယ်သေနတ် ကြီး (ဒသမ ၃၀၃ အင်္ဂလိပ်ခေါင်းတို) တစ်လက်ရှိတယ်။ သားသမီးတွေလည်း ရှိတာပေါ့။ ခွေးဆိုးအင်းခွေးကြီးတစ် ကောင်နဲ့ အလွန်ဆော့တဲ့မျောက်တစ် ကောင်၊ ငွေနားကြက်ဖကြီး (စစ်တ ကောင်းကြက်ဖကြီး) တစ်ကောင်လည်း ရှိတယ်။ သူမွေးထားတဲ့မျောက်ကလိမ္မာ တယ်ဆိုပြီး လူတောသူတောထဲကျရင် မတော်တရော်လုပ်ပြတတ်လို့ ဘိုးသင်း မျောက်လို့လည်း နာမည်ကြီးတယ်။

■

ဆိုပါတော့ အဲဒီအိမ်ဖျက်ပြီးတဲ့ည

www.burmeseclassic.com

www.burmeseclassic.com

အဆိုကောင်းလို့ သူနာမည်ကို တွံတေးကိုအောင်မြိုင်လို့ လူသိများပါတယ်။

တွံတေး ကိုအောင်မြိုင်ကတော့ ဦးကျော်ဒင် - ဒေါ်ဘုတ်ဆုံတို့ရဲ့သားပါ။ သူကြီးဦးဘိုးသင်းရဲ့မြေးပေါ့။ ဖခင် ဦးကျော်ဒင်က သမိုင်းချည်မျှင်နဲ့အထည် စက်ရုံကြီးက အလုပ်သမားတစ်ဦးပါ။ ဂီတဝါသနာပါတော့ ဒုံမင်းနဲ့မယ်ဒလင်တီးတာ အလွန်တော်တယ်။ မိခင်ကတော့ အဆိုအကအလွန်ဝါသနာပါတယ်။ ဖြူဖြူချောချောကလေး။ ညနေတိုင်းသူတို့အိမ်မှာအနားယူရင်း တီးမှုတ်တခုန်ကြတယ်။ ကျွန်တော်တို့ကတော့ ဓမ္မာရုံအဆိုတော်တွံတေးကိုအောင်မြိုင်ပေါ့။ တွံတေးသိန်းတန်သီချင်းတွေကို အကုန်ရတယ်။ စည်းဝါးကျကျလည်းဆိုနိုင်တယ်။ ငယ်စဉ်ကတည်းက သူကြီးအိမ်ရဲ့အနောက်ဘက်မှာပေါက်နေတဲ့ ထိမ်ပင်(မအူပင်) ကြီးအပေါ်မှာ ဒုတိယကမ္ဘာစစ်အတွင်းက လေယာဉ်ပျံပေါ်က ကျဲချခဲ့တဲ့ပေါက်ကွဲပြီးသားဗုံးခွံကြီးကို ခွံတ်ဆွဲပြီး အော်လံ(လော်စပီကာ)သီချင်းမျိုးစုံဟစ်ပြီးဆိုနေကျအနုပညာပီးပါသူပါ။

ဦးလေးဖြစ်သူ ဦးနီတွတ်(ကိုတင်ရွှေ) ကတော့ အသံခွဲစုက်ဖွင့်တဲ့ ဝါသနာပါတယ်။ လက်လှည့်သံပတ်ပေးပြီးဖွင့်ရတဲ့ အိုလံပီယာဓာတ်စက်အဟောင်းကြီးကို ခွေးတံဆိပ်ဓာတ်ပြားကြီးတွေထည့်ပြီးဖွင့်ရတာ တရဲရဲနဲ့အပ်သွားက ဓာတ်ပြားပေါ် တင်လိုက်တာနဲ့ သီချင်းသံတိုးတိုးလေးကြားရတာ။ ဓာတ်စက်အဟောင်းကြီးဆိုတော့ အော်လံလည်းမပါလို့ အသံကျယ်ကြီးမကြားရပြီး နားကပ်ပြီးထောင်ရတာ။ နောက်ပိုင်းတော့ ကားတွေမှာသုံးတဲ့ဘက်ထရီအိုးဟောင်းကြီးတွေကိုပြုပြင်ပြီး အော်လံနဲ့ခေတ်ကို ရောက်လာတယ်။ အလှူတွေ၊ မင်္ဂလာဆောင်တွေမှာ အခဲယဉ်ပြီး ဖွင့်တာပေါ့။ လျှပ်စစ်မီးကလည်း ကျွန်တော်တို့ရပ်ကွက်မှာမရသေးဘူးလေ။

လျှပ်စစ်မီးက ဦးနေဝင်းခေတ်ကျမှရတာ။ ဒါတောင် အိမ်တိုင်းမရသေးပါဘူး။ ပေါက်ရောက်တဲ့အိမ်လောက်ပဲရသေးတာ။ အများစုကတော့ ရေနံဆီမီးခွက်နဲ့ ဖယောင်းတိုင်ပဲ အသုံးများကြပါတယ်။ ကျွန်တော်တို့ငယ်စဉ်က အဲသည်လိုခေတ်ပါ။ ညအချိန်ရောက်တာနဲ့ ရေနံဆီမီးခွက်နဲ့ အလုပ်လုပ်ကြရတာ။ စာကြည့်ရင် မျက်နှာကို မှိုင်းကစွဲစေးတယ်။ ၁၉၆၂ခုနှစ် တော်လှန်ရေးအစိုးရတက်လာတော့ အလုပ်သမားအရေးအခင်းဖြစ်တယ်။ ကျွန်တော်တို့ရပ်ကွက်အနောက်ဘက်မှာ အုတ်ကျင်းဂုန်နီစက်ရုံကြီးရှိပြီး အရှေ့ဘက်မှာတော့ ချည်မျှင်နဲ့အထည်စက်ရုံကြီးရှိပါတယ်။ အလုပ်သမားတွေက ချည်မျှင်နဲ့အထည်စက်ရုံကြီးရှေ့ ရုန်ကုန်အင်းစိန်လမ်းမကြီးအပေါ်မှာစုဝေးပြီး ဆန္ဒပြကြတာ အလုပ်သမားရော ရပ်ကွက်လူထုရော အတော်အင်အားများတယ်။

ပထမတော့ စစ်တပ်က မျက်ရည်ယိုဗုံးတွေနဲ့ပစ်ပြီး လူစုခွဲတာ။ အဲဒီဗုံးတွေက ကျပ်လုံးလောက်တုတ်ပြီး (၈)လက်မလောက်ရှည်တယ်။ အဝေးကြီးကိုပစ်နိုင်တယ်။ ကျတဲ့နေရာမှာ အငွေ့တွေထွက်ပြီး အဲဒီအငွေ့ရှူမိရင် မျက်စိထဲဝင်ရင် ပူစပ်ပူလောင်နဲ့အတော်အခံရခက်တယ်။ နောက်ပိုင်းမှ ရေစိုအဝတ်ကို မျက်နှာမှာဖုံးထားရင် ခံနိုင်ရည်ရှိကြောင်းသိလာရတော့ ဆန္ဒပြလူအုပ်ကြီးက မကြောက်မရွံ့ဆက်ပြီးဆန္ဒပြကြတယ်။ အဲဒီတော့မှ စစ်တပ်က သေနတ်နဲ့ပစ်တော့တာပဲ။ ပထမပိုင်းက မိုးပေါ်ထောင်ပစ်တယ်။ နောက်ပိုင်းကျတော့ လူအုပ်အထဲကို တည့်တည့်ပစ်တော့တာပဲ။ ဆန္ဒပြအလုပ်သမားတွေနဲ့ ရပ်ကွက်လူထုလည်း ခြေဦးတည့်ရာပြေးကြရတော့တာပေါ့။ သေနတ်မှန်ပြီး လဲကျနေသူတွေကို စစ်ကားကြီးတွေပေါ်ပစ်တင်တယ်။ အဲဒီမှာ ဆန္ဒပြသူတွေအထဲမှာ မပါပေမယ့် ဘေးကရပ်ကြည့်နေကြတဲ့ အရပ်သားတွေအတော်များများသေနတ်အမှန်ခံရတယ်။

ကံဆိုးတော့ သူကြီးသား ကိုနီတွတ်လည်း သေနတ်အမှန်ခံရပြီး စစ်ကားပေါ် ပါသွားရှာတယ်။ အလောင်းတောင်ပြန်မပေးပါဘူး။ ကျွန်တော်တို့ကလေးတွေလည်း ကြောက်လွန်းလို့ အိမ်ထဲပုန်းအောင်းနေလို့ လွတ်တာ။ ကျည်ဆန်တွေက ပလူပျံပြီး ရပ်ကွက်ထဲတောင်ဝင်လာလို့ လမ်းမတန်းအိမ်ထဲမှာပုန်းအောင်းနေသူတွေတောင်ထိကြတယ်။ ကျည်ဆန်အမှန်ခံရတဲ့သူတွေကိုတော့ ရပ်ကွက်ထဲမှာ တစ်အိမ်တက်ဆင်းလိုက်ရှာပြီး စစ်တပ်က ဖမ်းဆီးသွားတယ်။ သေနတ်မှန်ခံရရင် တရားခံပဲ။ အုတ်ကျင်းဘူတာရုံလမ်းထိပ်က အုတ်ကျင်းဂုန်နီစက်ရုံဆိုင်းဘုတ်ကြီးကို သေနတ်မှန်ပြီး နှစ်ထပ်အိမ်အပေါ်ထပ်မှာနေတဲ့ တရုတ်လေးတစ်ယောက်လည်း သေနတ်အမှန်ခံရတယ်။ စစ်တပ်က ဖမ်းခေါ်သွားတာပဲ။ အတော်လည်း ကြောက်စရာကောင်းတယ်။ ဒါကြောင့် အရေးအခင်းဖြစ်ပြီဆိုတာနဲ့ ကျွန်တော်တို့အိမ်ထဲကမထွက်ရဲဘူး။ စပ်စုပြီးထွက်ကြည့်သူတွေကတော့ သေရင်သေ၊ မသေရင် အဖမ်းခံရတော့တာပါပဲ။ အဓိကရုဏ်းဖြစ်ရင်၊ လူစုလူဝေးများရင် ဝင်မပါတာ၊ ထွက်မကြည့်တာဟာ အကောင်းဆုံးပဲလို့ ခံယူထားမိပါတယ်။

စစ်တပ်ထောက်လှမ်းရေးကကောင်းတော့ သေနတ်မှန်ပြီး ဆေးဆုံးသွားသူကိုနီတွတ်ခေါ် ကိုတင်ရွှေဟာ သူကြီးဦးဘိုးသင်းသားမှန်းသိသွားတယ်။ အဲဒါကြောင့် သူကြီးဦးဘိုးသင်းကို သူကြီးအရာကဖြုတ်၊ ပေးထားတဲ့ရိုင်ဖယ်သေနတ်ကြီးကိုလည်းသိမ်းသွားပြီးတော့ ဦးအောင်ရှိန်ဆိုသူကို အုပ်ချုပ်ရေးမှူးခန့်တယ်။ သူကြီးဦးဘိုးသင်းလည်း သားဖြစ်သူက မဆီမဆိုင်သေနတ်မှန်သေဆုံးပြီး အလောင်းတောင်ပြန်မရတာမို့ အတော်ပဲဖြစ်သွားဟန်တူပါတယ်။ စိတ်အလွန်နာသွားရှာတယ်။

နာပေမပေါ့ဗျာ။ အင်္ဂလိပ်ခေတ်၊ ပါလီမန်ခေတ်တွေအဆက်ဆက် သူကြီးမျိုးရိုး အုပ်ချုပ်သူလူတန်းစားဖြစ်ခဲ့တာကိုး။ စစ်အစိုးရလက်ထက်ကျခါမှ သားဆုံးပြီး သူကြီးအလုပ်က အဖြုတ်ခံရမှာတာ လုပ်ခဲ့တဲ့လုပ်သက်နဲ့အတွေ့အကြုံကိုတော့ မထောက်ထားခဲ့ပါဘူး။ အတော်ကံဆိုးရှာပါတယ်။ ဒါပေမယ့် သယ်နှံးကျွန်းကြီးရွာသား သူကြီးမျိုးရိုးဖြစ်ပေမယ့် ကိုယ်လုပ်မှကိုယ်စားရတာ လယ်ယာသမားဖြစ်တာမို့ စိုက်ပျိုးရေးလုပ်ကိုင်စားသောက်ရင်း ဇနီးဖြစ်သူ ဒေါ်စောနဲ့ သေတစ်ပန်သက်တစ်ဆုံးနေသွားကြတာ အသက် (၈၀) ကျော်မှဆုံးပါးသွားကြတာပါ။

သူကြီးဦးဘိုးသင်းဟာ ချမ်းသာသူမဟုတ်ပေမယ့် ရပ်ကွက်အထဲမှာ မြေအတော်များများပိုင်ဆိုင်ခဲ့တာမို့ တဖြည်းဖြည်း ခြံ၊ မြေ၊ အိမ်ယာစျေးတွေတက်လာတာနဲ့အမျှ သားသမီးမြေးမြစ်တွေအမွေခံစားကြရပါတယ်။ အဲခုဆိုရင် အုတ်ကျင်းရပ်ကွက်ကြီးဟာ အမှတ် (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ်အထဲမှာပါတာကြောင့် ရန်ကုန်မြို့စွန်မြို့ဖျား ဇနပုဒ်မဟုတ်တော့ပါဘူး။ အလွန်မြေစျေး၊ အိမ်စျေးကောင်းတဲ့ရပ်ကွက်ထွေအထဲမှာ ပါဝင်နေပါပြီ။ အင်းစိန်နဲ့ ရန်ကုန်ကြား မနီးမဝေးအသွားအလာကောင်းတဲ့နေရာ သန့်ပြန့်တဲ့ရပ်ကွက်ကြီးတစ်ခုအဖြစ် တိုက်တာအိမ်ခြေ၊ ကတ္တရာလမ်းတွေနဲ့ ဖွံ့ဖြိုးတိုးတက်စည်ကားနေပြီ ဖြစ်ပါတော့တယ်။

ဆောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com

သုသုသ

တမလွန်မှ
ပစ်တိုးရိုးယားဘုရင်မကြီးနှင့်
တွေ့ဆုံခြင်း

ကိုသက်ဦး နာရီကိုကြည့်လိုက်ရာ ည (၈) နာရီထိုးပြီဆိုတာသိလိုက်သဖြင့် မထွေးခင်ကိုပြောပြီး အိမ်ရှေ့သို့ထွက်ခဲ့၏။

"မထွေးခင်ရေ၊ ငါသွားတော့မယ်"

"ဟုတ်ကဲ့ - ကိုသက်ဦး၊ ည၌နက် အောင်မနေနဲ့နော်"

"အေးပါကွာ"

ဆိုက်ကားကိုတွန်းပြီး ခြံရှေ့သို့ ထွက်ခဲ့ပါသည်။ လမ်းသွယ်လေးအတိုင်း ဆိုက်ကားကိုနင်းပြီး ရန်ကုန်-ပြည်ကားလမ်းမကြီးပေါ်သို့ ကွေ့တက်လိုက်၏။ ကိုသက်ဦးတို့အိမ်နှင့် ထန်းတပင်တာဆုံက မဝေးပါ။ ရန်ကုန်-ပြည်ကားလမ်းမကြီးအတိုင်း ဆိုက်ကားကိုနင်းလာရာ (၅) မိနစ်မကြာခင် တာဆုံသို့ရောက်ပါသည်။ ထန်းတပင်တာဆုံဂိတ်မှာ ဂိတ်ထိုးပြီး အထည်ချုပ်စက်ရုံမှ ဖယ်ရီကားကို စောင့်နေလိုက်ပါသည်။

ထန်းတပင်တာဆုံမှ အနောက်ဘက်သို့ ကားလမ်းအတိုင်းဆက်သွားလျှင် လှပဒါး၊ ညောင်ကုန်း၊ မင်းရွာ၊ တလိုင်းကုန်း၊ စံပြကုန်း၊ ဘေကုန်း၊ ရွှေလှေကြီးစသောရွာများကို အစဉ်အတိုင်းတွေ့ရှိရပါမည်။ ရွှေလှေကြီးအနောက်ဘက်တွင် လှိုင်မြစ်ရှိပြီး မြစ်ကိုဖြတ်ကူးလိုက်ပါက ထန်းတပင်မြို့ကို ရောက်မှာဖြစ်ပါသည်။ ထို့ကြောင့် ရွှေလှေကြီးများ ကားလမ်းနှင့် ရန်ကုန်-ပြည်ကားလမ်းမကြီးတွေ့ဆုံသည့် နေရာကို ထန်းတပင်တာဆုံဟုခေါ်ခြင်း ဖြစ်ပါသည်။

ရွှေလှေကြီးကားလမ်းက အင်္ဂလိပ်အစိုးရလက်ထက်က ဖောက်ထားသည့် ကားလမ်းဖြစ်ပြီး ဘေးနှစ်ဖက်တွင် ကုက္ကိုပင်ကြီးများ အုပ်ဆိုင်းစွာပေါက်ရောက်နေပါသည်။ လျှပ်စစ်မီးမရှိသဖြင့် ထိုကားလမ်းသည် ညဘက်တွင်မှောင်မိုက်နေပြီး လူသွားလူလာမရှိသလောက်ပင် ဖြစ်ပါသည်။

နဝတအစိုးရတက်လာပြီးနောက် ပိုင်းတွင် နိုင်ငံခြားကုမ္ပဏီများနှင့်ဖက်စပ်ဆောင်ရွက်သော စက်ရုံများ၊ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်အစိုးရပေါ်ပေါက်လာပါသည်။ ကိုသက်ဦးနေသောမြို့နှင့် မဓဝးလှသော ထောက်ကြန့်အနီးတွင်လည်း ဒဝူးအထည်ချုပ်စက်ရုံနှင့် ဆေးဂဲလ်အထည်ချုပ်စက်ရုံနှစ်ရုံပေါ်ပေါက်လာပြီး ည (၈) နာရီတွင်ပြန်လာမည့် ဒဝူးဖယ်ရီကားအား ကိုသက်ဦး စောင့်နေခြင်းဖြစ်ပါသည်။ ထိုကားတွင် ညစဉ် ကိုသက်ဦးဆိုက်ကားဖြင့် ကြိုက်ပို့ရမည့် မိန်းကလေးနှစ်ဦးလိုက်ပါလာမည် ဖြစ်ပါသည်။

ကိုသက်ဦးက နေ့ဘက်တွင်လည်း

www.burmeseclassic.com

ဆိုက်ကားနင်းရသဖြင့် ဒေဝူးဖယ်ရီကား ကိုစောင့်နေစဉ် အိပ်ငိုက်လာပါသည်။ မနက် (၅) နာရီတွင် နေ့စဉ်အိပ်ရာမှထပြီး စျေးထဲတွင် ဟင်းသီးဟင်းရွက်ရောင်းသည့် မထေးခင်ကို ဆိုက်ကားဖြင့်လိုက်ပို့ရပါသည်။ နေ့လယ် (၁၂) နာရီခန့်တွင် ဘူတာသို့သွား၍ ပြည်မှလာသောပါဆယ်ရထားကိုစောင့်ရ၏။ ထိုရထားကို အိမ်လုပ်ပြီး အတက်အဆင်းလိုက်ပါ၍ ကုန်စိမ်းသယ်ယူသောစျေးသည်များရှိ ပါသည်။ ထိုစျေးသည်များကို လိုချင်သည့်ကုန်စိမ်းများ ကြိုတင်မှာထားရပြီး မှာသည့်အတိုင်း ရထားဆိုက်လာသည့် အခါ ရွေးယူရခြင်းဖြစ်ပါသည်။ ညနေ စျေးသိမ်းချိန်တွင် မထွေးခင်ကို စျေးသိမ်းသွားကြိုရပြန်ပါသည်။

တစ်နေ့လုံး ပင်ပန်းထားသဖြင့် ဆိုက်ကားပေါ်တွင်ထိုင်နေစဉ် အိပ်ပျော်သွားပါတော့သည်။ ဆူဆူညံညံအသံများကြားရသောကြောင့် လန့်နိုးသွားပြီး မျက်လုံးဖွင့်၍ ဘေးဘီကိုကြည့်လိုက်ရာ ဖယ်ရီကားဆိုက်နေပြီဖြစ်ကြောင်းသိလိုက်ရ၏။ ကိုသက်ဦးစောင့်နေသော ဒေဝူးဖယ်ရီကားဖြစ်ပြီး ကားပေါ်မှ ဝန်ထမ်းမိန်းကလေးများဆင်းလာသဖြင့် ကားနောက်သို့ ဆိုက်ကားကိုနင်းသွားလိုက်၏။ ကိုသက်ဦးပို့ပေးရမည့်မိန်းကလေး နှစ်ဦး ကားပေါ်မှဆင်းလာပြီး ဆိုက်ကားပေါ်တက်ထိုင်ကြသဖြင့် ရွှေလှေကြီးလမ်းထဲသို့ ဆိုက်ကားကိုကွေ့ဝင်ပြီးနင်းလိုက်ပါသည်။

"ဦးလေး၊ စောင့်နေတာကြာပြီလား"

"နာရီဝက်လောက်တော့ရှိနေပြီ။ ညည်းတို့ကိုစောင့်ရင်း အိပ်တောင်ပျော်သွားသေးတယ်"

"ဟုတ်လား ဦးလေး၊ အိပ်မက်ကောမက်လိုက်သေးလား"

"အိပ်မက်မက်ချိန်မရလိုက်ပါဘူးဟာ။ ညည်းတို့ကားဆိုက်လာလို့ လန့်နိုးသွားတာ"

ရွှေလှေကြီးလမ်း၏ညာဘက်တွင်

www.burmeseclassic.com

လယ်/ဆည်ဝန်ကြီးဌာနမှ စိုက်ပျိုးရေး ခြံရှိပြီး ဘယ်ဘက်တွင် စပါးကိုဒေါင်ကြီး များရှိပါသည်။

"ညည်းတို့က အလုပ်ကြိုးစား တယ်နော်။ တစ်ရက်မှပျက်တာမရှိဘူး"

"အလုပ်ပျက်လို့မရဘူး ဦးလေးရေ။ တစ်ရက်ပျက်တာနဲ့ ဘောပြုတ်ရော"

"ဟဲ့-ဘယ်ကဘောပြုတ်သွားတာ လဲ"

"ဟာ-ဦးလေးကလည်း နားဝေး လိုက်တာ။ ဘောပြုတ်တယ်ဆိုတာ ဘောနပ်ကိုပြောတာ၊ ဆုကြေးပြုတ်တာ ကိုပြောတာ"

"မသိပါဘူးဟာ၊ ညည်းတို့စကား တွေက အထူးအဆန်းတွေပဲ"

"ဒါနဲ့ ဦးလေး ဘောစိဆိုတာရော သိလား"

"ဘောစိတော့ သိတာပေါ့ဟာ၊ ငါ တို့ကဆိုက်ကားနင်းနေတာပဲ။ ဆိုက် ကားတို့ စက်ဘီးတို့မှာသုံးတဲ့ သံလုံးသေး သေးလေးတွေပေါ့"

"ဟား ဟား ဟား ဟား အဲဒီ ဘောစိကိုပြောတာမဟုတ်ဘူး ဦးလေး ရေ၊ အလုပ်ရှင်သူဌေးကို ဘောစိကိုခေါ် တာ"

"နင်တို့စကားတွေကို ငါလိုက်မမီ ပါဘူးဟာ"

စပါးကိုဒေါင်ကြီးများအလွန်တွင် ညာဘက်သို့ချိုးကွေ့ဝင်သောလမ်းတစ် လမ်းရှိပြီး ထိုလမ်းသည် တိုးချဲ့(၂)ရပ်ကွက် သို့အဝင်လမ်းဖြစ်ပါသည်။ ထိုလမ်းထဲသို့ ဆိုက်ကားကိုကွေ့ဝင်လိုက်ပြီး ဇူးဇွန်ဇာ ဆေးတိုက်ကို ကျော်လွန်သည့်အခါ အထက(၁)၏ နောက်ကျောဘက်ရှိ လမ်းထဲသို့ရောက်လာ၏။ ထိုလမ်းထဲ တွင် မိန်းကလေး (၂) ဦး၏အိမ်ရှိပြီး ထိုအိမ်ရှေ့တွင် ဆိုက်ကားရပ်လိုက်ပါ သည်။

"ဦးလေး၊ ကျွန်မတို့သွားတော့ မယ်"

"အေးအေး-အိပ်မက်လှလှမက်ပါ စေ"

"ဟာ - ဦးလေးကလည်း နောက် နေပြန်ပါပြီ"

လာလမ်းအတိုင်းပင် ပြန်လာပြီး ရွှေလှေကြိုးလမ်းဝေါ်သို့ ဆိုက်ကားကို ကွေ့တက်လိုက်၏။ ရွှေလှေကြိုးလမ်း သည် မူလက ကတ္တရာလမ်းဖြစ်ပုံရပြီး ယခုအခါ အောက်ခံကျောက်သားမျှား ပေါ်နေပြီး ချိုင့်မျှားဖြင့်ပြည့်နှက်နေပါပြီ။ ထန်းတပင်တာဆုံသို့ရောက်သည့်အခါ ညာဘက်သို့ကွေ့ပြီး ရန်ကုန်-ပြည်ကား လမ်းမကြီးပေါ် သို့တက်လိုက်ပါသည်။ အိမ်သို့ပြန်ပြီး ဆိုက်ကားသိမ်းပါတော့ မည်။ ထိုစဉ် ညာဘက်ဘေးမှ အသံ တစ်ခု ထွက်ပေါ်လာပါသည်။

"ဆိုက်ကားအားလား"

ညာဘက်သို့လှည့်ပြီး ကုက္ကိုလ်ပင် အောက်သို့ကြည့်လိုက်ရာ ဖြူဖြူရှင်း ရှင်းကြီးကိုတွေ့လိုက်ရသဖြင့် ကိုသက်ဦး လန့်သွားပါသည်။ လမ်းမီးတိုင်နှင့်အလှမ်း ဝေးသည့်အပြင် သစ်ပင်အရိပ်ထိုးထား သဖြင့် ထိုနေရာတွင် အလင်းရောင် အားနည်းပါသည်။သေသေချာချာကြည့် လိုက်မှ အသားမည်းမည်းလူတစ်ယောက် ကို တွေ့လိုက်ရ၏။ အကျီအဖြူလက် ရှည်နှင့် ပုဆိုးအညိုကွက်ကိုဝတ်ဆင် ထားပါသည်။ အသားမည်းရသည့်အထဲ ပုဆိုးအညိုကိုဝတ်ထားသဖြင့် အမှတ် တမဲ့ကြည့်လိုက်ရာ အကျီအဖြူကိုသာ မြင်လိုက်ရခြင်းဖြစ်ပါသည်။ ထိုလူထံမှ အသံ ထပ်မံထွက်လာပါသည်။

"ဆိုက်ကားဌားချင်လို့ပါ"

မြို့ထဲဘက်ဆိုလျှင် လိုက်ပို့မည် ဟုစဉ်းစားပြီး ပြန်မေးလိုက်၏။

"ဘယ်ကိုသွားမှာလဲ"

"လှပဒါးကိုပါ"

"ဟာ - အဲဒီဘက်ဆိုရင်တော့မရ ဘူး။ ကျွန်တော်က ဆိုက်ကားသိမ်းပြီး ပြန်လာတာဗျ"

"ကျွန်တော့်ကို ကူညီပါဗျာ၊ မသွားမဖြစ်လို့ပါ ခင်ဗျားတောင်းသ လောက်ပေးပါ့မယ်"

တောင်းသလောက်ပေးမည်ဟုပြော သဖြင့် ကိုသက်ဦး စိတ်ဝင်စားသွားပါ သည်။ (၅၃)ဒိုင်နာလိုင်းကားများ မင်္ဂလာဒုံ ဈေးသို့ ပြေးဆွဲစဉ်ကာလဖြစ်ပြီး (၁၀) မိုင်ဝေးသည့် ထောက်ကြန့်ကိုသွားလျှင် (၅၀) ကျပ်သာပေးရပါသည်။ ယခုအခါ ညအချိန်ကလည်းဖြစ် သူကလည်း မသွားမဖြစ်ဆိုတော့ (၁) မိုင်သာသာ ဝေးသော လှပဒါးရွာအထိ (၁၀၀၀) တောင်းမည်ဟု စဉ်းစားလိုက်ပါသည်။

ကိုယ့်ကို အန္တရာယ်ပေးမည့်သူ ဟုတ်၊ မဟုတ် ထိုသူကို သေသေချာချာ ကြည့်လိုက်ပါသည်။ အသက်အရွယ်က ကိုသက်ဦးကဲ့သို့ အသက် (၄၀) ခန့် အရပ်ကလည်း ကိုသက်ဦးလောက်မမြင့် သည့်အပြင် ကျန်းမာရေးမကောင်းဟု ထင်ပါသည်။ လူကပိန်ကပ်နေပြီး အသား အရောင် မဲခြောက်ခြောက်ဖြစ်နေ၏။ လွယ်အိတ်လွယ်ထားခြင်းလည်းမရှိဘဲ လက်ထဲတွင်လည်း မည်သည့်လက်နက် မျှ ကိုင်ဆောင်ထားခြင်းမရှိပါ။

ကိုယ့်ကို အန္တရာယ်ပြုလာမည်ဆို လျှင်လည်း ထိုပိန်ကပ်ကပ်လူကို မိမိ အနိုင်ယူနိုင်မည်ဟု တွေးလိုက်ပါသည်။ ထို့ကြောင့် ထိုသူကို စကားပြန်လိုက်ပါ သည်။

"တစ်ထောင်တော့ပေးဗျာ၊ ညဉ့် လည်းနက်နေပြီ။ ပြီးတော့ အပြန်ကျခရီး သည်မပါဘဲပြန်ရမှာ"

"ရပါတယ်ဗျာ ကျွန်တော်ပေးပါ့ မယ်။ အခုလိုလိုက်ပို့ပေးတာကိုပဲ ကျွန်တော်က ကျေးဇူးတင်လှပါပြီ"

"ကဲ - ဒါဆို အပေါ်တက်သွားကြ မယ်။ အိမ်ကမိန်းမက အခုလောက်ဆို ကျွန်တော့်ကိုမျှော်နေပြီ"

ဆိုက်ကားကိုနောက်ပြန်လှည့်ပြီး ရွှေလှေကြိုးလမ်းထဲသို့ ကွေ့ဝင်လိုက်ပါ သည်။ ည (၁၀) နာရီခန့်ရှိပြီဖြစ်သဖြင့် လမ်းပေါ်တွင် လူသွားလူလာမရှိတော့ ပါ။ စပါးကိုဒေါင်ကြီးရှေ့ရောက်သည့် အခါ ထိုသူက စကားစပါသည်။

"မိတ်ဆွေဘယ်မှာနေတာလဲ"

"ဘုရားသုံးဆူလမ်းထဲမှာနေတာ"

"မိတ်ဆွေက ညဘက်မှာပဲ ဆိုက်ကားနင်းတာလား"

"မဟုတ်ဘူးဗျ နေ့ဘက်လည်းနင်း တယ်။ ကျောင်းသားနှစ်ယောက်ရှိနေ တော့ သူတို့ကျောင်းစရိတ်၊ သူတို့မုန့်ဖိုး တွေနဲ့ဆိုတော့ ညဘက်မှာပါထွက်ရှာ နေရတာ။ ကျွန်တော့်မိန်းမတလည်း စျေး ထဲမှာ ကုန်စိမ်းရောင်းတယ်။ ကျွန်တော် တို့က ပညာကို ထွန်းထွန်းပေါက်ပေါက် မသင်ခဲ့ရတော့ သူတို့တွေကို ပညာ တတ်တွေဖြစ်အောင် ကျွန်တော်တို့က အားခဲပြီးလုပ်နေရတာ"

"ကလေးတွေက ဘယ်နှတန်း ရောက်နေပြီလဲ"

"အကြီးမက (၉) တန်း၊ အငယ် ကောင်က (၆) တန်းရောက်နေပြီ။ ရှေ့နှစ် ဆိုရင် အကြီးမက (၁၀)တန်းရောက်မှာ။ အမှတ်ကောင်းအောင် ကျူရှင်တွေဘာ တွေထားပေးရတော့မှာ"

လမ်းမီးမရှိသည့်အပြင် လမိုက် ရက်ဖြစ်သဖြင့် မှောင်မည်းနေပြီး ဆိုက်ကားမှ ဒိုင်နာမိုမီးကိုသာ အားကိုး ပြီးနင်းနေရပါသည်။ တိုးချဲ့ (၂) ရပ်ကွက် လွန်သည့်အခါ ဘေးဝဲယာတွင် လယ် ကွင်းများသာရှိပါသည်။ ထို့ခဏ အပေါ်မှ ဂီး. . . ဂီးဟူသော ငှက်ဆိုးထိုးသံကြား လိုက်ရသဖြင့် ကိုယက်ဦးလန့်သွားပါ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ငါ့မှာ အဖော်ပါတယ် ငါတစ်ယောက်တည်းမဟုတ်ဘူးဆိုသည့်အတွေးဖြင့် ကြောက်စိတ်ကိုဖယ်ထုတ်ရပါသည်။

ယေစဉ်က ယခုလမ်းတွင့် သူယေ ချင်းကိုရဲညွှန့်နှင့်အတူ လရောင်အောက်တွင် စက်ဘီးဖြင့် မြို့မှ (၅) မိုင်ဝေးသော ဘေကုန်းသို့ပြန်ခဲ့သည်ကို ပြန်ပြီးအမှတ်ရမိပါသည်။ အချိန်ကလည်း ယခုကဲ့သို့ (၁၀) နာရီဝန်းကျင်ခန့် ဖြစ်ပါသည်။ ကိုသက်ဦးက စက်ဘီးနင်းပြီး ကိုရဲညွှန့်ကနောက်မှထိုင်ပါသည်။ လှပဒါးရွာအလွန် ညောင်ကုန်းရွာရှိ ညောင်ပင်ကြီးအောက်ရောက်သည့်အခါ နောက်မှထိုင်နေသော ကိုရဲညွှန့်ကပြောပါသည်။

"ဟေ့ကောင် နောက်က ကြောင်တစ်ကောင်လိုက်လာတယ်ဟ"

"လရောင်အောက်မှာ ချစ်သူထွက်ရှာတာဖြစ်မှာပေါ့ကွာ"

"ဟေ့ကောင်ရ အကောင်ကကြီးလာတယ်ကွ"

"မင်းမျက်စိမှားတာဖြစ်ပါလိမ့်မယ်ကွာ"

"ဟာ - ခွေး ခွေး ခွေးနက်ကြီးဖြစ်သွားပြီဟေ့။ နောက်ကလိုက်လာတယ်"

"မင်း စက်ဘီးကို သေသေချာချာကိုင်ထား၊ ငါအသားကုန်နင်းတော့မယ်ဟေ့"

စက်ဘီးကိုအမြန်နင်းသော်လည်း ခွေးနက်ကြီးက စက်ဘီးကိုကျော်တက်သွားသည်ကို ကိုသက်ဦးတွေ့လိုက်ရသဖြင့် ကြက်သီးမွေးညင်းထပြီး ဆံပင်များထောင်သွားပါသည်။ ခဏအကြာတွင် ခွေးနက်ကြီးကပျောက်သွားပါသည်။ ကိုသက်ဦးငယ်စဉ်က, ပျော်ပျော်ပါးပါးသောက်သောက်စားစားဖြင့် ညအချိန်မတော် ဤလမ်းမှမကြာခဏသွားလာဖူးပြီး ယခုလိုအဖြစ်မျိုးလည်း တစ်ကြိမ်မက ကြုံတွေ့ဖူးပါသည်။ ကိုသက်ဦးအတွေးများကို ဖြတ်ပြီးစကားစလိုက်ပါသည်။

"နောင်ကြီးက အခုအချိန်ကျမှ လှပဒါးကို ဘာသွားလုပ်မှာလဲ"

"ကျုပ်က လှပဒါးမှာနေတာဗျ။ အလုပ်များသွားလို့ အခုလိုမှောင်သွားတာ ညဘက်ဆိုတော့ မြို့မှာ ကျွန်တော့်အတွက် နေစရာမရှိဘူးဗျ"

"ဟုတ်တာပေါ့ဗျာ၊ မြို့ပေါ်မှာ ဆွေမျိုးအသိမိတ်ဆွေမရှိရင် နေစရာခဲယဉ်းတာပေါ့ဗျာ"

"အဲဒီသဘောမျိုးတော့ မဟုတ်ဘူးဗျ။ ဒါနဲ့ မိတ်ဆွေက ဒီလမ်းကိုအရင်ကသွားဖူးလား"

"သွားဖူးတာပေါ့ဗျာ။ ဒီလမ်းမှာ ကျွန်တော့်ခြေရာတွေထပ်နေတာပေါ့"

"ဟုတ်လား ဘယ်လိုကြောင့်လဲ"

"ကျွန်တော်က ဘေကုန်းသားဗျ။ ကျွန်တော်က ဘေကုန်းမှာမွေးတာ ကျွန်တော့်အဘိုးအဘွားတွေက ဘေကုန်းမှာအခြေချတာ"

"မိတ်ဆွေရဲ့အဘိုးအဘွားတွေက ဘယ်သူတွေလဲ"

"ဦးဖိုးမန်းနဲ့ ဒေါ်မယ်ခပေါ့"

"ဟုတ်လား၊ သူတို့ကို ကျွန်တော်သိပါတယ်"

"နောင်ကြီးက အဘိုးတို့ကို ဘယ်လိုသိတာလဲ"

"သူတို့က ဆန်စက်ထောင်ထားတယ်မဟုတ်လား"

"ဟုတ်တယ် ဇမ္ဗူထွန်းဆန်စက်က အဘိုးတည်ထားတာ။ နောင်ကြီးက အဲဒါတွေကိုသိလား"

ကိုသက်ဦးအံ့သြစွာဖြင့် ခရီးသည်ကို မေးလိုက်ပါသည်။

"သိတာပေါ့ဗျာ၊ ဇမ္ဗူထွန်းဆန်စက်က ကျွန်တော်တို့နယ်မှာ နာမည်ကြီးတယ်ဗျ။ ဆန်ထွက်ကောင်းလို့လေ။ ပြီးတော့ စျေးနှုန်းလည်းမှန်တော့ အဲဒီဆန်စက်မှာ ဆန်ကြိတ်တဲ့သူများတယ်၊ ကျွန်တော်လည်း အဲဒီမှာပဲ ဆန်ကြိတ်တာ။ မနက်စောစောရောင်နီမလာခင် ကျွန်တော်တို့ရွာက လှည်းတွေတန်းစီပြီးထွက်လာကြတာပဲ။ မိုးလင်းရင် ဘေကုန်းရောက်ပြီ။ ခင်ဗျားအဘိုးအဘွားတွေက ဆက်ဆံရေးလည်းကောင်းကြတယ်ဗျာ။ ကျွန်တော်တို့လိုရပ်ဝေးကလာတဲ့သူတွေကို ရေနွေးကြမ်းနဲ့လက်ဖက်သုပ်ကတော့ အမြဲတမ်းစီစဉ်ပေးထားတာပဲ။ တစ်ခါတလေ ထမင်းတောင်စားရသေးတယ်"

ထိုသူပြောစကားကိုကြားရသဖြင့် ကိုသက်ဦးနားရွပ်သွားပြီး ဇဝေဇဝါဖြစ်သွား၏။ အဘိုးအဘွားတို့က ကိုသက်ဦးငယ်စဉ်ကပင် ဆုံးပါးသွားကြပြီး အဘိုးအဘွားတို့ကို ကောင်းကောင်းမမှတ်မိတော့ပါ။ ယခု သူ့အသက်အရွယ်ခန့်သာရှိသော ခရီးသည်က အဘိုးအဘွားဆန်စက်တွင် ဆန်ကြိတ်ဖူးသည်ပြော၍ နားရွပ်သွားခြင်းဖြစ်ပါသည်။ တဖြည်းဖြည်း လှပဒါးရွာအနီးသို့ရောက်လာပါပြီ။ ကိုသက်ဦးဆင်းမည့်နေရာကို မေးလိုက်ပါသည်။

"နောင်ကြီးက ရွာလယ်မှာဆင်းမှာလား"

"မဟုတ်ဘူးဗျ။ ကျုပ်က ရွာပြင်မှာနေတာ"

စပါးရိတ်သိမ်းချိန်ဆိုတော့ ရွာပြင်မှ လယ်တဲတွင်နေတာဖြစ်မှာပေါ့ဟု ကိုသက်ဦး စဉ်းစားလိုက်ပါသည်။ ထိုစဉ် ခရီးသည်ထံမှ စကားသံထွက်ပေါ်လာ၏။

"ဒီမှာ မိတ်ဆွေကြီး၊ ခင်ဗျားနဲ့ကျွန်တော်က တစ်နယ်သားချင်းလည်းဖြစ်တယ်။ ပြီးတော့ မိတ်ဆွေက သားသမီးတွေပညာရေးအတွက် ကြိုးစားအားထုတ်နေတာသိရတော့ ကျုပ်လေးစားတယ်ဗျာ။ ဒါကြောင့် မိတ်ဆွေတောင်းတဲ့ ဆိုက်ကားခအပြင် အပိုဆုကျွန်တော်ထပ်ပေးပါဦးမယ်ဗျာ"

"ရပါတယ်ဗျာ"

ရွာပြင်မှာနေတယ်ဟု ဆိုခဲ့သော်လည်း ရွာလယ်ရောက်သည်အထိ ဆိုက်ကားကို မရပ်ခိုင်းသေးပါ။ ရွာ၏တစ်ဖက်အစွန်းရောက်သည်အထိ မရပ်ခိုင်းသေးဘဲ ရွာအပြင်သို့ထွက်လာပါပြီ။ ကိုသက်ဦး ခေါင်းထဲသို့ စိုးရိမ်စိတ်များဝင်ရောက်လာပါပြီ။

"မိတ်ဆွေကြီး၊ မရောက်သေးဘူးလား"

"ရောက်တော့မယ်။ ဟိုးရှေ့ကကုက္ကိုပင်အောက်မှာရပ်လိုက်ပါ"

ကိုသက်ဦးထိတ်လန့်သွားပါသည်။ ထိုနေရာတွင် အိမ်တစ်လုံးမျှမရှိဘဲ အုတ်ဂူများသာရှိပါသည်။ ထိုနေရာသည် ရွာသချိုင်းမြေဖြစ်၏။ ဤသူသည် လူသားယောင်ဆောင်ထားသော ပရလောကသားဖြစ်မည်ဟု စဉ်းစားမိလိုက်ပါပြီ။ ကုက္ကိုပင်အောက်တွင် ထိုသူဆင်းပြီးသည်နှင့်တစ်ပြိုက်နက် ဆိုက်ကားကိုတွေ့ပြီး ထိုနေရာမှ အမြန်ပြန်ထွက်ခဲ့ရပါသည်။ ထိုသူက အန္တရာယ်ပေးမည့်ပုံမပေါ်ဘူးဟူ၍ စိတ်ကိုတင်းထားရပါသည်။ ထိုသူက နောက်မှလှမ်းပြောပါသည်။

"မိတ်ဆွေကြီး၊ ဆိုက်ကားခယ်ူသွားဦးလေ"

နောက်သို့လုံးဝပြန်လှည့်မကြည့်ဘဲ ဆိုက်ကားကိုဒုန်းစိုင်း၍နင်းလာပါသည်။ လမ်းမှာလည်း ကျင်းများချို့များပြည့်နှက်နေသဖြင့် ဆိုက်ကားအောက်မှအသံမျိုးစုံဆူညံစွာထွက်ပေါ်နေပါသည်။ ဆူညံနေသောအသံများကို ဂရုမစိုက်နိုင်ဘဲ အိမ်သို့အမြန်ပြန်ရောက်ရေးအတွက် အားသွန်ခွန်စိုက်နင်းနေရပါသည်။

သူပြောခဲ့သော စကားများကို

www.burmeseclassic.com

www.burmeseclassic.com

မောင်ပွင့်ဘွားလှ(မောရ)

မြန်မာစာပေကျေးဇူးရှင်ကြီးများ

Dr. Hla Pe (1913-2007)

ဖေါက်တာလှဘေ

မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူတွေကို မြန်မာစာပေဆိုင်ရာ ဗဟုသုတတွေဟောပြောပေးဖို့ မော်လမြိုင် တက္ကသိုလ် မြန်မာစာဌာနရဲ့ဖိတ်ကြား ချက်အရ ၂၀၁၈၊ ဇန်နဝါရီ ၂၃ မှာ သွား ပြောပေးခဲ့တယ်။ 'မြန်မာစာပေ ကျေးဇူး ရှင်ကြီးများ' ဆိုတဲ့ခေါင်းစဉ်နဲ့ပါ။ ပထမ နှစ်ကနေ စတုတ္ထနှစ်အထိ ကျောင်းသား (၄၀၀) လောက် ခန်းမကြီးတစ်ခုအပြည့် တက်ရောက် နားထောင်ကြတယ်။

ကျွန်တော်တို့လူမျိုးမှာ ဘုရား တရားနဲ့စပ်လျဉ်းတဲ့ စာပေကျမ်းဂန်၊ ကဗျာလင်္ကာ၊ ဝတ္ထု၊ ဆောင်းပါးတွေသာမက အနုပညာ၊ ဆေးပညာ၊ ဝိဇ္ဇာ၊ သိပ္ပံ ဆိုင်ရာစတဲ့ဘာသာရပ်အမျိုးမျိုးဆိုင်ရာ စာအုပ်စာတမ်းပေါင်းများစွာအခိုင်အမာ ရှိနေပါတယ်။ ဒါဟာ ရှေးယခင်ခေတ် အဆက်ဆက်ကတည်းက စာပေပညာရှင်ကြီးများ အပတ်တကုတ်ရေးသားပြုစုခဲ့ကြလို့ဖြစ်ပါတယ်။ အဲဒီစာပေပညာရှင်ကြီးတွေရဲ့စာပေကို တန်ဖိုးထားပုံ၊ လေ့လာဆည်းပူးရေးသားပြုစုခဲ့ပုံတွေကို ကျောင်းသားကျောင်းသူတွေဗဟုသုတ ရရုံမဟုတ်ဘဲ အတုယူအားကျစေဖို့ ဆလိုက်ကားချပ်တွေနဲ့ အတတ်နိုင်ဆုံး ကြိုးစားဟောပြောခဲ့တယ်။ အဲဒီဟော ပြောချက်မှာ လိုအပ်တာတွေပြင်ဆင်လို့ ထပ်ပြောချင်တာတွေ ဖြည့်စွက်ပြီး ဆောင်းပါးအဖြစ် ပြန်လည်ရေးသားပါ တယ်။

■

"အားလုံးပဲ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ခြင်းဖြင့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။

ကျွန်တော့်အနေနဲ့ အခုလိုမြန်မာစာအထူးပြုကျောင်းသူကျောင်းသားများကို လာပြီးဟောပြောခွင့်ရအောင်ဖိတ်ကြားခဲ့တဲ့မြန်မာစာဌာနမှ ဆရာမကြီးနဲ့တကွ ဆရာ၊ ဆရာမများအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ တက်ရောက် အားပေးနားထောင်ကြတဲ့ သားတို့သမီး တို့ကိုလည်း တကယ်ပဲ ကျေးဇူးတင်ပါ တယ်။ ဘာကြောင့်လဲဆိုတော့ ဆရာတို့က ဟောချင်ပြောချင်တာတောင် နားထောင်မယ့်လူကရှိဦးမှလေ။

အရင်ဆုံးတောင်းပန်ထားချင်တာ တစ်ခုလည်းရှိပါတယ်။ ကျွန်တော်အထူးပြုလေ့လာပြီး ဘွဲ့ရခဲ့တာက ရုပ္ပဗေဒ ဘာသာပါ။ အခုလို မြန်မာစာဌာနက ဆရာ ဆရာမများ၊ မြန်မာစာအထူးပြု လည်း အခုမှပဲင သဘောပေါက်ပါတော့သည်။ 'ညဘက်ဆိုတော့ မြို့မှာ ကျွန်တော့်အတွက် နေစရာမရှိဘူးဗျ' ဟူသောစကားနှင့် 'ကျွန်တော်လည်း အဲဒီမှာလည်း ဆန်ကြိတ်တာ' ဟူသော စကားများဖြစ်ပါသည်။

ထန်းတပင်တာဆုံသို့ရောက်သည့် အချိန်တွင် ကိုသက်ဦးတစ်ကိုယ်လုံး ချွေးများဖြင့်ရွှဲနစ်နေပါပြီ။ ရန်ကုန်-ပြည်ကားလမ်းမကြီးပေါ် သို့ ဆိုက်ကားကိုကွေ့ပြီး သည်နှင့်အချိန်ရောက်မှ သက်ပြင်းချနိုင်ပါတော့သည်။ ဆိုက်ကားကိုမှန်မှန်နင်းပြီး အိမ်သို့ပြန်ခဲ့ပါသည်။

"ကိုသက်ဦး၊ ဒီနေ့ပြန်တာ ညဉ့်နက်လိုက်တာ။ ဟာ-တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနေပါလား"

မထွေးခင်ကို ဘာမှပြန်မပြောနိုင်ဘဲ ကြမ်းပြင်ပေါ်၌ ခြေပစ်လက်ပစ်ထိုင်ချလိုက်ပါသည်။ ပြီးမှ ရေတစ်ခွက် တောင်းပါသည်။

"မထွေးခင်၊ ငါ့ကို သောက်ရေ တစ်ခွက်ခပ်ပေးပါ"

ရေသောက်နေစဉ် ဖြစ်ပျက်ခဲ့သောအကြောင်းအရာများကို ပြန်စဉ်းစားနေပါသည်။ ကိုသက်ဦးအဖြစ်ကဲ့ရဲ့ရမလိုရယ်ရမလိုဖြစ်နေပါသည်။ ခရီးသည်ပေးမည့်အပိုဆုကို ရဖို့နေနေသာသာ ဆိုက်ကားခပင်မတောင်းခဲ့ရသည့် အဖြစ်က ရယ်စရာကောင်းနေပါသည်။ ထိုစဉ် ကိုသက်ဦးတစ်စုံတစ်ခုကို စဉ်းစားမိလိုက်ပါသည်။ ခရီးသည်ထိုင်ခုံအောက်တွင် ပစ္စည်းများထားရန် အံဝှက်ရှိပါသည်။ ထိုအံဝှက်ထဲတွင် မည်သည့် ပစ္စည်းမျှမထားခဲ့ပါ။ သို့သော် အပြန် ခရီးတွင် ထိုအံဝှက်ထဲမှနေ ဂလောက် ဂလောက်ဟူသောအသံထွက်နေသည်။ ကိုသက်ဦးက ကြောက်စိတ်များလွန်းမို့ နေသဖြင့် ထိုအသံကို ဂရုမထားမိခဲ့ပါ။

ကိုသက်ဦး အိမ်အောက်ဆင်းပြီး ခရီးသည်ထိုင်သည့်ဆိုဖာကိုဖယ်လိုက်ပါသည်။ ထို့နောက် အံဝှက်သစ်သားအဖုံးကိုဖွင့်၍ အထဲသို့ကြည့်လိုက်ရာ ဒန်ဘူးတစ်ခုတွေ့လိုက်ရပါသည်။ သံဃာများ ဆွမ်းခံထွက်ရာတွင် အသုံးပြုသော ဆွမ်းဟင်းဘူးဖြစ်ပါသည်။ ထိုဘူးကိုယူပြီး အိမ်ပေါ် သို့တက်ခဲ့ပါသည်။ ဘူးကို ဖွင့်ကြည့်ပြီး အထဲတွင်တွေ့လိုက်ရသည့် အရာကြောင့် ကိုသက်ဦးမှာ အံ့သြပြီး မှင်တက်မိသွားပါသည်။ အထဲတွင် တွေ့လိုက်ရသည်က ငွေဒင်္ဂါးပြားများဖြစ်ပါသည်။ ရေတွက်ကြည့်ရာ ငါးပြားတိတိရှိပါသည်။ ဘုရင်မပုံပါသည့်ငွေဒင်္ဂါးပြားများဖြစ်ပြီး ခေါင်းဘက်တွင် ဘုရင်မပုံနှင့် VICTORIA QUEEN ဟုရေးထားပြီး ကျောဘက်တွင် ONE RUPEE INDIA 1862 ဟုရေးထားပါသည်။

"မထွေးခင်ရေ၊ ဒီမှာလာကြည့်ပါဦး"

မထွေးခင်နှင့် ကလေးများ ကိုသက်ဦး ဘေးသို့ရောက်လာပါသည်။

"ဟယ် - ငွေဒင်္ဂါးတွေဘယ်ကရတာလဲ"

"ငါမိတ်ဆွေလက်ဆောင်ပေးတာပေါ့ဟာ"

သုခမိုသ

www.burmeseclassic.com

www.burmeseclassic.com

ဇနီးသည်ဇော်သန်းပြန့်အတူမော်လမြိုင်မြို့တွင်
(၁၉၉၂)

ဒေါက်တာလှအေး
၁၉၄၄ ခုနှစ် လန်ဒန်တက္ကသိုလ်၌
ဘွဲ့လွန်ယူအပြီး တွေ့ရစဉ်

Hway Nyan
With the Compliments.
of
the author
Hla Pe
21 July 2003

ဆရာကြီးဒေါက်တာလှအေး၏
လက်ရေးနှင့်လက်မှတ်

ကျောင်းသူကျောင်းသားများရဲ့ ရှေ့မှာ မြန်မာစာပေနဲ့ပတ်သက်လို့ပြောရမှာကို နည်းနည်းတော့စိုးရွံ့မိပါတယ်။ကျွန်တော် ပြောတဲ့ဆီမှာ လိုအပ်ချက်တွေရှိရင် ထောက်ပြပါ။ မှားနေတာရှိရင် ပြင်ပေးကြစေချင်ပါတယ်။

အဓိကအားဖြင့်တော့ ကျွန်တော် ဟာ မြန်မာစာပေ၊ မြန်မာစကားကို အလွန်မှတန်ဖိုးထားနှစ်သက်မြတ်နိုးလို့ ကျွန်တော်ဖတ်မှတ်လေ့လာခဲ့တဲ့စာအုပ်တွေနဲ့ သားတို့သမီးတို့ကို မိတ်ဆက်ပေးချင်ပါတယ်။ နောက်ပြီးအဲဒီစာအုပ်တွေကရတဲ့ဗဟုသုတအတွေးအမြင်တွေကိုလည်း ဝေငှပေးချင်ပါတယ်။

ဟောပြောချက်မစခင် သားတို့သမီးတို့ကို မေးခွန်းနှစ်ခုလောက် မေးချင်ပါတယ်။ မင်းတို့ကို ဆရာက အခုမှတွေ့ရပေမယ့် ဆရာ့တပည့်အရင်းအချာတွေလိုသဘောထားတဲ့အတွက် မင်းတို့ကလည်း စိတ်ပါလက်ပါဖြေကြလိမ့်မယ်လို့ ထင်ပါတယ်။

မင်းတို့ထဲမှာ ဆယ်တန်းအောင်တန်းက ဆေးအမှတ်မိရက်သားနဲ့ ဆရာဝန်လိုင်းမလိုက်ဘဲ မြန်မာစာလာယူတဲ့သူဘယ်နှယောက်ရှိသလဲ”

“တစ်ယောက်မှမရှိပါဘူး”

(ရယ်သံတွေနဲ့ပြန်ဖြေကြတယ်)

“တစ်ယောက်မှမရှိဘူးဟုတ်လား။ တော်တော်ဆန်းတယ်နော်။

“နောက်မေးခွန်းတစ်ခု မင်းတို့မြန်မာစာနဲ့ဘွဲ့ရပြီးရင် နိုင်ငံခြားတက္ကသိုလ်တွေမှာ ဆရာအလုပ်ရနိုင်သလား။

(ဒီမေးခွန်းကိုတော့ ရနိုင်တယ်လို့လည်း ဖြေကြတယ်။ မရနိုင်ဘူးလို့လည်း ဖြေကြတယ်။)

အဲဒီမေးခွန်းတွေနဲ့ပတ်သက်တာကို ဆရာပြောရင်းနဲ့ဖြေပြသွားပါမယ်။

အရင်ဆုံးပြောချင်တာက စာပေဟာ လူမျိုးတစ်မျိုးအတွက် အင်မတန်မှအရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ စာပေမရှိတဲ့လူမျိုးတွေဟာ ယဉ်ကျေးမှုအဆင့်အတန်း နိမ့်ကျပြီးတော့ နောက်ဆုံးကမ္ဘာပေါ်ကနေပျောက်ကွယ်မျိုးတုံးသွားတဲ့သာဓကတွေအများကြီးရှိတယ်။ စာပေရှိတဲ့အတွက် ယဉ်ကျေးမှုအဆင့်အတန်းမြင့်လာတယ်။ အသိဉာဏ်ဗဟုသုတတွေကြွယ်လာပြီးတော့ လူ့ဘောင်လောကဟာ တိုးတက်မြင့်မားလာတယ်။

ဒီကနေ့ ဆရာတို့မြန်မာစာပေဟာ ကမ္ဘာပေါ်က ဘယ်စာပေနဲ့မဆိုရင်ပေါင်တန်းနိုင်တဲ့အနေအထားမှာရှိပါတယ်။ ဆရာတို့ပီယက်နမ်ရောက်တုန်းက ဘာသွားတွေ့သလဲဆိုတော့ ပီယက်နမ်စာဟာ အေဘီစီလိုမျိုးလက်တင်အက္ခရာတွေနဲ့ရေးထားပေမယ့် ဆရာတို့မဖတ်တတ်ဘူး။ ချင်းစာကို အင်္ဂလိပ်သာသနာပြုတွေက တီထွင်ပေးသွားသလိုမျိုး ပီယက်နမ်စာကိုလည်း ပြင်သစ်သာသနာပြုတွေက တီထွင်ပေးသွားတာဖြစ်တယ်။

အခုဆိုရင် ဆရာတို့ရဲ့မြန်မာစာပေဟာ ကမ္ဘာ့နိုင်ငံအသီးသီးက တလေးတစားလေ့လာနေကြတဲ့ဘာသာရပ်ဖြစ်နေပြီဆိုတဲ့ကိုယ်စားလှယ်ကို ဆရာကိုယ်တိုင်ကြုံတွေ့ခဲ့ရတယ်။ ဆရာ့ကိုယ်ဆရာ ဒေါက်တာလှအေးဟာ ဗြိတိန်နိုင်ငံ လန်ဒန်တက္ကသိုလ်ကို ဘွဲ့လွန်ယူအပြီး တွေ့ရစဉ်ကပေါ့။ ဆရာ့ကိုယ်ဆရာ

www.burmeseclassic.com







ပါတယ်တဲ့။ မင်းတို့တတွေ ဟိုဟိုဒီဒီ တောင်တောင်ကျိကျိစဉ်းစားနေမယ့် အစား ဘဝမှာ ကိုယ်ဖြစ်ချင်တဲ့၊ ရောက်ချင်တဲ့နေရာကို ထပ်ခါတလဲလဲ စဉ်းစားပါ။ ဖြစ်လာပါလိမ့်မယ်။ ဒါဟာ စိတ်ပညာသဘောတရားတစ်ရပ်ပါ။ ခုပမာတစ်ခု ပြောပြမယ်။

ကုမ္ပဏီဝန်ထမ်းအမျိုးသမီးငယ် တစ်ယောက်ဟာ နောက်ဆုံးအပေါ် ကားတစ်စီးကို သဘောကျလွန်းလို့ အဲဒီကားမာတ်ပုံကို သူ့အခန်းနံရံမှာကပ်ထားပြီး နေ့တိုင်းကြည့်တယ်။ နောက်တော့ အဲဒီကားမျိုးစီးတဲ့သူဌေးတစ်ယောက်နဲ့ အိမ်ထောင်ကျသွားတယ်။ လိုချင်စိတ်က ပြင်းပြလာတာကြောင့် ကားသာမက လင်ပါအဆစ်ရသွားတယ်။

(ရယ်သံများ)

ဒေါက်တာလှဒေအကြောင်းဆက်ပြောမယ်။ သူဟာ အသက် (၁၀) နှစ်သားမှာ မော်လမြိုင်ကိုပြောင်းလာမှဖိနပ်စီးဖူးတယ်။ သူနေတဲ့ကျောင်းက အင်္ဂလိပ်ခေတ်ကတည်းက မြန်မာနိုင်ငံမှာ ပထမဦးဆုံးဖွင့်ခဲ့တဲ့ အစိုးရအထက်တန်းကျောင်းဖြစ်တယ်။ အခု အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းပေါ့။ အခုထိ ကျောင်းမျက်နှာစာမှာ အင်္ဂလိပ်လို Government High School လို့ရေးထားတာ တွေ့နိုင်သေးတယ်။ ရွာမှာ ငါးနှစ်ကျောင်းနေခဲ့ပေမယ့် အင်္ဂလိပ်စာအခြေခံမရှိတာကြောင့် နှစ်တန်းကစနေရတယ်။ နောက်တော့ စာလိုက်နိုင်တာနဲ့ လေးတန်းကိုတင်ပေးလိုက်တယ်။ အတန်းထဲမှာ A cat is on the mat ဆိုတာကို 'အောက်အစ် အုန်းသီးမက်' လို့ ဆိုခဲ့တဲ့အတွက် အတန်းဖော်တွေက လှောင်ပြောင်ပြီး သူ့ကို အုန်းသီးလို့ခေါ်ကြတယ်။

သူဟာ ဆယ်တန်းကို ရှားရှားပါးပါး ဂုဏ်ထူးငါးခုနဲ့အောင်တယ်။ သူ့ကို မွေးစားတဲ့ အဒေါ်အပျိုကြီးတွေက ပိုက်ဆံမတတ်နိုင်လို့ အခက်အခဲဖြစ်တယ်။ နောက် စကောလားရှစ်ရတော့မှ ရန်ကုန်တက္ကသိုလ်ဆက်တက်နိုင်တယ်။ စကောလားရှစ်ဆိုတာကော သိလား။ ဘာတဲ့လဲ"

"ပညာသင်ဆုပါ"

"မှန်ပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ ဘီအေဘွဲ့ရပြီး မြန်မာစာဂုဏ်ထူးတန်းဆက်တက်တော့ အတန်းထဲမှာ သူပါမှ ကျောင်းသားနှစ်ယောက်ပဲရှိတယ်။ ဦးလှဘေနဲ့ ဦးဝန်။ ဦးဝန်ဆိုတာ ရောသိသလား"

"သိပါတယ်"

"ဦးဝန်ဟာ ကဗျာတွေ၊ စာတွေရေးတော့ ဘာနာမည်နဲ့ရေးသလဲ"

"မင်းသုဝဏ်နာမည်နဲ့ပါ"

"ဟာ-တော်လိုက်တာ မြန်မာစာအထူးပြုကျောင်းသားတွေပဲ။ ဒီလောက်တော့ရှိမှာပေါ့။

ဒေါက်တာလှဒေတို့၊ ဆရာကြီးမင်းသုဝဏ်တို့ခေတ်က တက္ကသိုလ်ဘွဲ့ရပြီးရင် မြို့ပိုင်၊ မြို့အုပ်၊ ဝန်ထောက်စတဲ့ရာထူးတွေရနိုင်တယ်။ မျက်နှာအင်မတန်ရှိပြီး ဝင်ငွေလည်းအင်မတန်ကောင်းတဲ့ရာထူးတွေဖြစ်တယ်။ သမက်ဖမ်းချင်တဲ့ သမီးရှင်တွေကလည်း အလွန်များတယ်။ ဒါမေမယ့် ဒီဆရာကြီးတွေဟာ ရာထူးအာဏာကိုမမက်ဘဲ ကိုယ်ဝါသနာပါရာ မြန်မာစာကိုသာတစိုက်မတ်မတ်လေ့လာလိုက်စားခဲ့ကြလို့ မြန်မာစာပေကို ကမ္ဘာကသိလာအောင် စွမ်းဆောင်နိုင်ခဲ့ကြတယ်။

ဆရာကြီးဒေါက်တာလှဒေဟာ ရန်ကုန်တက္ကသိုလ်ကနေ အမ်အေဘွဲ့ကို မြန်မာစာနဲ့ရပြီး အင်္ဂလန်နိုင်ငံကို ပညာတော်သင်သွားရတယ်။ လန်ဒန်တက္ကသိုလ်မှာ မြန်မာစာနဲ့ပတ်သက်တဲ့စာတမ်းတင်ပြီးတော့ ဒေါက်တာဘွဲ့ရတယ်။ ဆရာကြီးဟာ လန်ဒန်တက္ကသိုလ်မှာ ကထိက၊ တွဲဖက်ပါမောက္ခရာထူးအဆင့်ဆင့်နဲ့စာသင်ခဲ့ပြီး အငြိမ်းစားယူတော့ မြန်မာစာပါမောက္ခဘဝနဲ့ အငြိမ်းစားယူတယ်။ အင်္ဂလန်မှာ အနှစ်(၄၀)လောက် နေခဲ့တယ်။

ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ကြီးဖြစ်တဲ့ လန်ဒန်တက္ကသိုလ်မှာ ပါမောက္ခရာထူးဆိုတာ တော်ရုံအရည်အချင်းနဲ့ ရနိုင်တာမျိုးမဟုတ်ဘူး။ အင်္ဂလိပ်ဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com

ဘာသာရပ်ကို ဒိုးလိုမွှေရေလိုနှောက်ပြီး အဘက်ဘက်က ကျွမ်းကျင်မှုရတယ်။ ကမ္ဘာ့ပညာရှင်အသိုင်းအဝိုင်းက အသိအမှတ်ပြုပြီး နိုင်ငံတကာက တက္ကသိုလ်တွေက လာရောက်ဟောပြောပေးဖို့ဖိတ်ကြတယ်။

ဆရာကြီးဒေါက်တာလှဘေရဲ့နိုင်ငံခြားမှာ မြန်မာစာနဲ့ပတ်သက်လို့ဆောင်ရွက်ချက်တစ်ချို့ဖော်ပြရရင် -

1.(1941-1981) Myanmar-English Dictionary:Part 1 to 6.

၁၉၄၁ကနေ ၁၉၈၁အထိ နှစ်ဘယ်လောက်ကြာသလဲ"

"(၄၀) ပါ"

"မြန်မာ-အင်္ဂလိပ်အဘိဓာန်အတွဲ (၁)ကနေ (၆) အထိကို နှစ်(၄၀)လောက်ကြာအောင် ဆရာကြီးပြုစုခဲ့တယ်။ ဒီအဘိဓာန်ကိုပြုစုဖို့ ဆရာကြီးဟာ မြန်မာ၊ အင်္ဂလိပ်စာအုပ်တွေအပြင် ပါဠိ၊ မွန်၊ သက္ကတ၊ ဟိန္ဒီ၊ တိဗက်၊ တရုတ် စတဲ့ စာအုပ်ပေါင်းများစွာကို ဖတ်ရှုကိုးကားခဲ့တယ်။ ပညာရှင်တစ်ယောက်ရဲ့ပညာရပ်နဲ့ပတ်သက်လို့ လုံလဝီရိယကြီးမားပုံကို တွေ့နိုင်တယ်။ ဒါကြောင့် ဆရာကြီးကို အဘိဓာန်ကျမ်းပြုဆရာလို့ခေါ်နိုင်တယ်။

အင်္ဂလိပ်အက္ခရာအဘိဓိဓိစတာတွေကို စကားလုံးပေါ်အောင်ဆက်ပြီး ကစားတဲ့နည်းကို ဘယ်လိုခေါ်သလဲ"

"လက်စီကွန် (Lexicon)"

"Lexicon ဆိုတာ အဘိဓာန်လို့လည်း အဓိပ္ပာယ်ရတယ်။ ဒါကြောင့် အဘိဓာန်ကျမ်းပြုဆရာကို Lexicographer လို့ခေါ်တယ်။ သားတို့သမီးတို့ အင်္ဂလိပ်စာဝေါဟာရကြွယ်ချင်ရင် လက်စီကွန်ကစားပါ။ အခုခေတ် ကလေးတွေကစားတာ သိပ်မတွေ့ရတော့ဘူး။ တစ်ယောက်က အဓိပ္ပာယ်မသိတာကို တစ်ယောက်ကပြောပြ၊ မသေချာရင် အနားမှာ Dictionary ထားပြီးရှာကြည့်နဲ့ပျော်ဖို့ကောင်းပါတယ်။

2. (1953): Denmark, Copenhagen University, The Royal Denish Library. To examine and make Catalogue of Myanmar palm-leaf manuscripts and Parabaiks.

၁၉၅၃ ခုနှစ်မှာ ဆရာကြီးဟာ ဒင်းမတ်နိုင်ငံကို ကိုပင့်ဖေါင်းတက္ကသိုလ်ပါမောက္ခတစ်ယောက်ကဖိတ်လို့သွားတယ်။ ဘာအတွက်ဖိတ်သလဲဆိုတော့ အဲဒီနိုင်ငံက ဘုရင့်စာကြည့်တိုက်မှာရှိတဲ့ ဒီစာလုံး Parabaik ကိုဘယ်လိုဖတ်သလဲ"

"ပုရပိုက်"

"palm-leaf ဆိုတာကကော။ ဒီ palm ဆိုတဲ့စကားဟာ စီတ်ဝင်စားဖို့ကောင်းတယ်။ palm ဟာ လက်ဝါးလို့လည်းအဓိပ္ပာယ်ရတယ်။ Palmist ဆိုရင် လက္ခဏာဆရာ။ မင်းတို့လက်ဝါးတစ်ဖက်ကို လက်ချောင်းလေးတွေဖြန့်ပြီး ထောင်ထားရင် ထန်းပင်၊ ပေဗင်အရွက်တွေနဲ့မတူဘူးလား"

"တူပါတယ်"

"ဒါကြောင့် palm-tree ဆိုတာ ထန်းပင်၊ ပေပင်တွေကိုပြောတာ။ ဒါဆိုရင် palm-leaf ဆိုတာ ဘာဖြစ်မလဲ"

"ပေရွက်"

"manuscripts ဆိုတာက လက်ရေး။ ဒါဆိုရင် palm-leaf manuscript ဆိုတာကကော"

"ပေစာပါ"

"ဒါပဲပေါ့။ ပေရွက်ပေါ်မှာရေးတဲ့လက်ရေးစာ'ပေစာ'။ ဆရာကြီးဟာ အဲဒီက မြန်မာစာ ပေစာ ပုရပိုက်တွေကိုသွားစစ်ဆေးပြီး ကတ်တလောက်စာရင်းလုပ်ပေးခဲ့တယ်။ အဲဒီလိုလုပ်ပေးဖို့ ဆရာကြီးကို လေယာဉ်ခအသွားအပြန်၊ ဟိုတယ်တည်းခိုနေထိုင်စားသောက်စရိတ်နဲ့ဥာဏ်ပူဇော်ခပါပေးတဲ့အပြင် အဲဒီနိုင်ငံမှာ လည်ပတ်ချင်တဲ့နေရာတွေကို စရိတ်ငြိမ်းလိုက်ပို့ပေးသေးတယ်။ မင်းတို့ကော အဲသလိုမျိုးမသွားချင်ကြဘူးလား"

"သွားချင်ပါတယ်"

"ဒါကြောင့်မို့ မြတ်စွာဘုရားကဟောထားတယ်။ လောကမှာ ပညာနဲ့အသက်မွေးခြင်းဟာ အမြတ်ဆုံးပဲတဲ့။

ဒင်းမတ်နိုင်ငံဆိုတာ ဥရောပကနိုင်ငံတစ်ခု။ ဂျာမနီနိုင်ငံရဲ့မြောက်ဘက်မှာရှိတယ်။ မြန်မာပြည်နဲ့ဆို အဝေးကြီး။ အဲဒီလောက်ဝေးတဲ့နိုင်ငံရဲ့စာကြည့်တိုက်တစ်ခုမှာ မြန်မာနိုင်ငံကျောင်းကြီးကျောင်းကြားက ရွေးဟောင်းပေစာ၊ ပုရပိုက်စာတွေ စုဆောင်းထားတာ ဘယ်လောက်အံ့ဩဖို့ကောင်းသလဲ။ ဒါကြောင့် တန်ဖိုးသိမှတန်ဖိုးရှိတယ်ဆိုတဲ့စကားရှိတယ်။

3.(1962 Dec): Belgium, Brussels University. A Talk on Creating of Myanmar New Words-titled "Pearls in the Oyster of Myanmar Language"

၁၉၆၂ ဒီဇင်ဘာမှာ ဘယ်လ်ဂျီယမ်နိုင်ငံ ဘရပ်ဆဲလ်တက္ကသိုလ်က ဖိတ်လို့ သွားဟောပြောခဲ့တယ်။ Pearlဆိုတာ ဘာလဲ"

"ပုလဲ"

"ပုလဲကိုဘယ်ကရသလဲ"

"ကမာကောင်က"

"ကမာကောင်ကို အင်္ဂလိပ်လို့ဘယ်လိုခေါ်မလဲ"

"Oyster"

"အင်္ဂလိပ်စာကို ဖတ်ပါများရင် တချို့စကားလုံးတွေကိုမှန်းဆပြီးသိလာနိုင်တယ်။ သားတို့သမီးတို့ အင်္ဂလိပ်လို့ ဝတ္ထုတွေ၊ ကဗျာတွေ၊ စာတွေဖတ်သလား"

"မဖတ်ပါဘူး"

"ဘာလို့မဖတ်သလဲ"

"မဖတ်မတတ်လို့ပါ"

"မတတ်လို့မဖတ်၊မဖတ်လို့မတတ်နဲ့ လုံးလည်ချာလည်လိုက်နေတာပေါ့။

ဆရာ့စာအုပ်စင်မှာ အင်္ဂလိပ်လိုစာအုပ်တွေရှိတယ်။ သူငယ်ချင်းတွေကပြောတယ်။ ခင်ဗျားက ဖတ်တတ်တာကိုးတဲ့။ ဆရာကပြောတယ်။ တတ်လို့ဖတ်နေတာမဟုတ်ဘူး။ တတ်ချင်လို့ဖတ်နေတာပါလို့။ မင်းတို့လည်း ကိုယ်မတတ်တာကို မတတ်မှန်းသိပြီးတော့ကြိုးစားပြီးဖတ်ပါ။ ဖတ်ရင်းဖတ်ရင်းနဲ့ပိုပိုပြီးတတ်လာပါလိမ့်မယ်။

ဆရာကြီးရဲ့ ဟောပြောချက်က 'မြန်မာဝေါဟာရအသစ်များတီထွင်ခြင်းနှင့်ပတ်သက်၍ မြန်မာစာပေကမာကောင်အတွင်းမှပုလဲလုံးလေးများ' ဆိုတဲ့ခေါင်းစဉ်နဲ့ပါ။ ခေါင်းစဉ်ပေးထားတာ ဘယ်လောက်လှသလဲ။

4.(1964-1980):India, Germany, French.

(၁၉၆၄ - ၁၉၈၀) အတွင်းမှာ ဆရာကြီးဟာ အိန္ဒိယ၊ ဂျာမနီနဲ့ ပြင်သစ်နိုင်ငံတွေကို သွားရောက် ဟောပြောခဲ့တယ်။

5.(1984):Paris,The College de France, "Life of a Myanmar Buddhist from the cradle to the Grave"

၁၉၈၄မှာ ပဲရစ်က ပြင်သစ်ကောလိပ်မှာ 'မြန်မာပုဒ္ဓဘာသာတစ်ယောက်၏ဘဝ၊ ပုခက်တွင်းမှသည် ဂူတွင်းအထိ' ဆိုတဲ့ခေါင်းစဉ်နဲ့ဟောပြောခဲ့ရာမှာ အဲဒီကောလိပ်ပညာရှင်အသိုင်းအဝိုင်းက ပုဂ္ဂိုလ်တွေ အင်မတန်မှသဘောကျခဲ့ကြတယ်။ ဟောဒီမှာ ဆရာကြီးရဲ့ဟောပြောချက်စာအုပ်။ အင်္ဂလိပ်လိုရေးထားတာ မင်းတို့ဖတ်လို့နားလည်နိုင်ပါ့မလား။

www.burmeseclassic.com

www.burmeseclassic.com

"နားမလည်နိုင်ပါတူး"

"နားလည်နိုင်ပါတယ်။ အင်္ဂလိပ်လိုနားမလည်ရင် အနောက်ကမြန်မာလို ဘာသာပြန်ကိုဖတ်လိုက်ပေါ့။ ပြီးရင် အင်္ဂလိပ်လို ပြန်ဖတ်တဲ့အခါ ဩော် - ဒါပြောတာကိုးလို့ နားလည်သွားလိမ့်မယ်။ တစ်ခန်းချင်းကို အင်္ဂလိပ်လိုရောမြန်မာလိုပါပါတယ်။ ဘာသာပြန်တာက ဆရာကြီးဒေါက်တာတင်လှိုင်ပါ။ ခေတ်နဲ့အညီ ရင်ပေါင်တန်းလိုက်ချင်ရင် သားတို့သမီးတို့အင်္ဂလိပ်စာမတတ်လို့ ဖြစ်ပါ့မလား"

"မဖြစ်ပါဘူး"

"ကိုယ်မတတ်ရင် တတ်တဲ့သူပါသွားလိမ့်မယ်။ တတ်ကောတတ်ချင်သလား"

"တတ်ချင်ပါတယ်"

"တတ်ချင်လည်း ပွတ်လည်းပွတ်၊ ဖတ်လည်းဖတ်ပါ"

(ရယ်သံများ)

ပွတ်တာကိုနည်းနည်းလျှော့လိုက်။ အင်္ဂလိပ်-မြန်မာနှစ်ဘာသာနဲ့ထုတ်တဲ့လစဉ်ထုတ်မဂ္ဂဇင်းတွေရှိတယ်။ စာအုပ်မှ (၁၂၀၀) (၁၅၀၀)လောက်ပေးရတယ်။ များများမဟုတ်ဘူး။ တစ်လတစ်အုပ်လောက် ကျေကျေညက်ညက်ဖတ်သွားရင် တစ်နှစ်လောက်ကြာရင်ပဲ မင်းတို့အင်္ဂလိပ်စာသိသိသာသာကြီးတိုးတက်လာမှာ သေချာတယ်။

6.(1989):Beijing University

ဆရာကြီးဟာ ၁၉၈၀မှာ အငြိမ်းစားယူပြီး မြန်မာပြည်ပြန်လာတယ်။ (မော်လမြိုင်) တောင်ဝိုင်းလမ်း အိမ်အမှတ် (၁၂) မှာနေတယ်။ ၁၉၈၉ မှာ တရုတ်ပြည်သွားလည်ချင်လို့ တရုတ်သံရုံးမှာဗီဇာသွားလျှောက်တယ်။

တရုတ်သံရုံးက သံအမတ်က -

"ဆရာကြီး၊ဒီအချိန်မသွားပါနဲ့ဦး။ တက္ကသိုလ်တွေပိတ်ထားတဲ့အချိန်ဖြစ်လို့ပါ။ အဆင်ပြေတာနဲ့ ဆရာကြီးကို ကျွန်တော်တို့အကြောင်းကြားပါမယ်"

လို့ ပြန်ပြောတယ်။

ဒါနဲ့ ဆရာကြီးတို့လည်း အင်္ဂလန်ကို ဆေးစစ်သွားရင်း ခဏသွားပြန်လည်လိုက်တယ်။

သုံးလေးလလောက်အကြာမှာတော့ တရုတ်သံရုံးက တရုတ်ပြည်သွားဖို့ အဆင်ပြေပါပြီလို့အကြောင်းကြားလာတယ်။ ဆရာကြီးတို့ဇနီးမောင်နှံကို လာကြိုတဲ့ ဘိုးအင်း ၇၃၇ဂျက်လေယာဉ်ကြီးမှာ ခရီးသည်ဆိုလို့ ဆရာကြီးတို့နှစ်ယောက်ပဲပါတယ်။ ကြည့်စမ်း-တရုတ်ပြည်ကြီး ပညာရှင်ကိုဘယ်လောက်တန်ဖိုးထားသလဲ။ နိုင်ငံတကာက တက္ကသိုလ်တွေမှာလှည့်ပြီးဟောပြောခဲ့တဲ့ လန်ဒန်တက္ကသိုလ် အငြိမ်းစားပါမောက္ခကြီးကို ဂျက်လေယာဉ်ပျံကြီးစင်းလုံးလွှတ်ပြီးလာကြိုခဲ့တယ်။ ပညာရှင်ကိုတန်ဖိုးထားလို့ တိုင်းပြည်တိုးတက်တာ ဘာဆန်းသလဲ။

ဆရာကြီးဟာ တရုတ်နိုင်ငံတက္ကသိုလ်တွေမှာ လှည့်လည်ဟောပြောရင်း မြို့ကြီးတွေကိုစရိတ်ငြိမ်းလည်ပတ်ခဲ့တယ်။ အပြန်မှာ ဟောင်ကောင်၊ ဗန်ကောက်၊ စင်ကာပူကနေ လှည့်ပြန်ခဲ့တာ ခရီးစဉ်အစအဆုံး စုစုပေါင်း (၂) လနဲ့ (၉) ရက်ကြာခဲ့တယ်။ ဆရာကြီးဟာ သူ့ခရီးစဉ်ဇာတ်လျှောက်လုံး အတွေ့အကြုံတွေကို 'တရုတ်နိုင်ငံသွားနေ့စဉ်မှတ်တမ်း' ဆိုပြီး စာအုပ်ရေးခဲ့တယ်။ ဟောဒီစာအုပ်ပဲ။ (စာအုပ်ကိုပြတယ်) ဖတ်လို့ အင်မတန်ကောင်းပါတယ်။

ဒါကြောင့် သားတို့သမီးတို့ကို ကိုယ်သင်ယူနေတဲ့ဘာသာရပ်ရဲ့အဖိုးတန်တာကိုသိပြီးတော့ စာမေးပွဲအောင်ရုံတင်မဟုတ်ဘဲ ထူးထူးချွန်ချွန်ပေါက်ပေါက်မြောက်မြောက်တတ်ကျွမ်းအောင် သင်ယူဖို့ တိုက်တွန်းချင်ပါတယ်။ ခုနေခါမှာ ကျွန်တော်တက္ကသိုလ်ပြန်တက်ခွင့်ရခဲ့လို့ ဘယ်ဘာသာယူမလဲလို့မေးလာရင် မြန်မာစာယူမယ်လို့ ဖြေမိမှာပါ။ ကျွန်တော့်အဖို့ မြန်မာစာဟာအင်မတန်မှစိတ်ဝင်စားဖို့ကောင်းတယ်။ ဖတ်မှတ်လေ့လာလို့ကိုမကုန်နိုင်ဘူး။ ဆရာကြီးဒေါက်တာလှဘေရေးခဲ့တဲ့စာအုပ်တွေအကြောင်းထပ်ပြောပြပါမယ်။

ဆရာကြီးဟာ အသက် (၂၀) ကျော်လေးမှာ မြန်မာစာကို ဂုဏ်ထူးနဲ့အောင်ပြီး မဟာဝိဇ္ဇာအတန်းတက်ရင်းနည်းပြဆရာလုပ်ခဲ့တယ်။ အဲဒီအချိန်က ဆရာကြီးရေးခဲ့တဲ့စာအုပ်တစ်အုပ်ရှိတယ်။ မြန်မာစာဌာနက ဆရာဆရာမတွေအားလုံး ဒီစာအုပ်ကိုသိကြမှာပါ။ မြန်မာစာပေမှာ အင်မတန်နာမည်ကြီးတဲ့ 'မြန်မာစာသည်ခံစာတမ်း' စာအုပ်ပဲ။ ဆရာကြီးဒီစာအုပ်ကိုဘာကြောင့်ရေးသလဲဆိုတာ အခုလိုပြောပြခဲ့တယ်။

'ကျွန်တော်တို့မြန်မာစာဂုဏ်ထူးတန်းတက်နေစဉ် မြန်မာစာပေသမိုင်းလည်းမရှိ၊ အကဲဖြတ်စာတမ်းစာအုပ်လည်းမရှိ၊ ကဗျာအမျိုးအစားများကို တစ်ခုစီလိပ်ပတ်လည်အောင်ရှင်းပြထားတဲ့ဆောင်းပါးစာတမ်းစာအုပ်များလည်း မရှိ။ ပြဌာန်းထားသည့် တတ္တာလက်စာအုပ်များကို အတန်းထဲ၌ ပို့ချသည့်အခါများ၌လည်း လုံးကောက်အစိပ်ပွာယ်နှင့် စကားပြေပြန်နည်းများသာ သင်ပြခဲ့။ ထိုကတ္တာလက်စာတို့နှင့်စာပေသဘောသွားအဆင့်အတန်း စသည်များကိုကား အကျယ်ချဲ့.ကာ မပြောပြပါ။ ထို့ကြောင့် စာပေဥယျခံစာတမ်းရေးရန်ကြံခဲ့ပါ၏'

ကျွန်တော်လက်ထဲမှာရှိတဲ့စာအုပ်က စတုတ္ထအကြိမ်ရိုက် နောက်ဆုံးထုတ်စာအုပ်ဖြစ်ပါတယ်။ အရင်အကြိမ်က စာအုပ်လည်း ကျွန်တော့်မှာရှိပါတယ်။ ဒီစာအုပ်မှာဘာပိုလာသလဲဆိုတော့ ဆရာကြီးဘီဘီစီအသံလွှင့်ဌာနကနေဟောပြောခဲ့တဲ့ မြန်မာစာပေနှင့် အနောက်နိုင်ငံခေါင်းစဉ်နဲ့ အသံလွှင့်ဆောင်းပါး (၆)ပုဒ်ထပ်တိုးလာတယ်။ ဒီဆောင်းပါးတွေကို ဖတ်ကြည့်လိုက်တော့မှ အနောက်နိုင်ငံသားတွေ မြန်မာစာပေကို ဘယ်လောက်အထိ စိတ်ဝင်စားနေသလဲ၊ လေ့လာနေသလဲ၊ တန်ဖိုးထားနေသလဲဆိုတာသိရတယ်။

ဆရာကြီးဒေါက်တာလှဘေရဲ့ နောက်စာအုပ်တစ်အုပ်က မြန်မာစကားပုံများအကြောင်းကို အင်္ဂလိပ်လိုရေးထားတဲ့စာအုပ်ပါ။ Myanmar (Burmese) Proverbs ပါ။ ဒီစာအုပ်ကိုလည်း နိုင်ငံခြားသားတွေအင်မတန်သဘောကျတယ်။ ဒီစာအုပ်ကိုဖတ်လိုက်တာနဲ့ မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေးမှု၊ စရိုက်လက္ခဏာနဲ့ ဟာသဉာဏ်တွေကိုပါ ရိပ်စားမိသွားကြတယ်လို့ဆိုတယ်။ ဒီစာအုပ်ကိုလည်း မင်းတို့ဖတ်ရင်နားလည်နိုင်ပါတယ်။ ဘာဖြစ်လို့လဲ"

"မြန်မာလိုပါရေးထားလို့ပါ"

"ဟားဟား-မင်းတို့တော်သွားပြီ။ ဆရာမကြီးတို့ မြန်မာစာဌာနစာကြည့်တိုက်မှာ ဆရာကြီးဒေါက်တာလှဘေရဲ့ စာအုပ်တွေ အကုန်ရှိစေချင်ပါတယ်။ ဆရာဆရာမတွေရော ကျောင်းသားကျောင်းသူတွေပါ ဆရာကြီးစာအုပ်တွေဖတ်ကြည့်ရင် စာပေဗဟုသုတသာမက အင်္ဂလိပ်စိတ်ဝင်စားစရာကောင်းတဲ့နိုင်ငံရပ်ခြားက တက္ကသိုလ်တွေနဲ့ ပညာရှင်တွေအကြောင်းရော ဒေသန္တရဗဟုသုတတွေပါ အများကြီးသိရမှာပါ"

မောင်ပွင့်ဥာဏ်(မော်မဓ)

www.burmeseclassic.com

www.burmeseclassic.com

ဦးကိုကိုကြီး

(စစ်ဆေးရေး)ကစစ(၁၂)ထုံးဘို

ကိုယ်တွေ့သော်ပိုအရှက်ဆေး

၂၀၀၂ ခုနှစ်၏ နွေတစ်နေ့တွင် နံနက် (၈) နာရီလောက်၌ မိမိ၏ အိမ်ခြံဝင်းအတွင်းတွင် လမ်းလျှောက်နေမိပါသည်။

ထိုစဉ် လျှပ်စစ်နှင့်ပြင်ဆင်ထိန်းသိမ်းရေးဌာနမှ လူရွယ်တစ်ဦး စာရေးသူထံသို့ တန်းတန်းမတ်မတ်ကြီးရောက်လာပြီး -

"ဆရာ၊ ဆရာအိမ်ရှေ့က လျှပ်စစ်မီးကြိုးက ဒီသစ်ပင်နဲ့မလွတ်လို့ခုတ်ပေးဖို့လာပြောတာပါ"

ဟု ပြောလာပါသည်။

စာရေးသူမှလည်း ထိုသူ့ဉယ်၏ ပြောဆိုသည့်အတိုင်း ဟုတ်၊ မဟုတ် ကြည့်လိုက်မိရာ လျှပ်စစ်မီးကြိုးသည် သစ်ပင်နှင့်ထိနေသည်ကိုတွေ့ရပါသည်။

သို့ဖြစ်၍ ထိုလူရွယ်အား -

"အေးပါ မောင်ရင်ရယ်၊ ဓာတ်ကြိုးနဲ့သစ်ပင်လွတ်သွားအောင် သစ်ပင်ကိုခုတ်ပေးပါ့မယ်ကွယ်"

ဟု ပြောဆိုလိုက်ရာ -

ထိုလူရွယ်မှလည်း ပြုံးချီသောမျက်နှာနှင့် စာရေးသူအား ဦးခေါင်းညိတ်ပြုံးပြပြီးထွက်သွားလေသည်။

စာရေးသူလည်း ဒီသစ်ပင်လောက်တော့ လူငှားနှင့်လုပ်မနေတော့ဘဲ အိမ်ပေါ်ရှိမားမအားသွားယူကာ ခုတ်ဖို့လုပ်ပါတော့သည်။

မားမယူပြီး၍ သစ်ပင်အားခုတ်လှဲရာ ပထမတစ်ချက်ခုတ်သည်။ ဒုတိယတစ်ခုတ်သည်။ တတိယတစ်ချက်ထုပ်ခုတ်လိုက်ရာ လက်ထဲမှမားမလွတ်ထွက်သွားပြီး မားမဦးသည် စာရေးသူ၏ခြေခုံပေါ်သို့တန်းကျသွားလေသည်။

မားကျချက်ကြောင့် ခြေခုံကွဲသွားပြီး သွေးများပန်းထွက်လေတော့သည်။

သို့ဖြင့် ဇနီးဖြစ်သူအားလှမ်းခေါ်ပြီးပြရာ ဇနီးမှ -

"ရှင့်ဟာများတယ်။သိန်းအောင်ကိုခေါ်ပြီး ဆေးခန်းသွားပေတော့"

ဆိုသဖြင့် တပည့်ဖြစ်သူအား သိန်းအောင်အားခေါ်ယူ၍ စက်ဘီးဖြင့် ဆေးခန်းသို့ပို့ခိုင်းရလေသည်။

စက်ရုံဆေးခန်းရောက်သောအခါ လူနာနည်းယင်မျှရှိသဖြင့် ခဏစောင့်ရပြီးမှ စာရေးသူအလှည့်ရောက်လေသည်။

ဆရာဝန်မှ စာရေးသူ၏ အနာကိုသေချာစစ်ဆေးပြီး သူနာပြုအားချုပ်ရန် အမိန့်ပေးလိုက်လေသည်။

သူနာပြုဆရာမသည် ဓားဒဏ်ရာအား အရက်ပြန်နှင့် ဆေးကြောပြီး ချုပ်ခြင်းလုပ်ငန်းကိုစပါလေသည်။

အစိမ်းချုပ်တာဖြစ်သဖြင့် အသည်းခိုက်အောင်နာကျင်ရပါသည်။ (၅) ချက်တိတိ ချုပ်ရပါလေ၏။

ချုပ်ပြီးသည်နှင့် ဆေးထိုးပြီး သောက်ဆေးများတစ်ပတ်စာပေးပြီး အိမ်သို့ပြန်ခဲ့ရပါလေသည်။

စာရေးသူ၏ ဒဏ်ရာသည် ခြေထောက်မှာဖြစ်နေသဖြင့် သွားသွားလာလာရှိ၍လားတော့မသိ။ (၁)ပတ်ပြည့်၍ ချုပ်ရိုးသွားဖြေသောအခါ အနာသည် မကျက်ဘဲရောင်ကိုင်းနေလေသည်။

သို့ဖြစ်၍ ဆေးခန်းမှလည်း အရောင်ကျဆေးများပေးလိုက်ပါသော်လည်း (၃) ရက်မြောက်သောနေ့တွင် ဆေးတွေသောက်နေရသည့်ကြားထဲက စာရေးသူခြေခုံဟာ ရောင်ကိုင်း၍လာပါလေသည်။

စက်ရုံလုပ်ငန်းကလည်း တာဝန်ရှိနေသဖြင့် စက်ရုံထဲသို့ ဝင်ရောက်တာဝန်ထမ်းဆောင်ရပါလေသည်။

စက်ရုံအတွင်း သွားမှု၊ ပြန်မှုတို့ကိုတော့ တပည့်သိန်းအောင်မှ အကူအညီပေးရှာပါသည်။

စက်ရုံလုပ်ငန်းများကိုတော့ စာရေးသူ၏စားပွဲမှပင် စီစဉ်ညွှန်ကြားမှုမျိုးပြုလုပ်၍နေရပါသည်။

ထိုသို့ဖြစ်နေစဉ် စာရေးသူ၏ဓမ္မမိတ်ဆွေကြီးဦးကိုကိုမြင့်သည် စာရေးသူစားပွဲရှိရာသို့ ရောက်ရှိလာလေသည်။

ဦးကိုကိုမြင့်က -

"ဦးကိုကိုကြီး၊ မနက်က ယူတွဲနဲ့လာတာတွေ့လို့ ဘာဖြစ်တာလဲလာမေးတာပါ"

ဟုစတင်ဆိုလေသည်။

စာရေးသူမှလည်း ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်လေသည်။

ထိုအခါ ဦးကိုကိုမြင့်မှ -

"ဒါများ ဦးကိုကိုကြီးရယ် မပူပါနဲ့။ သင်္ဘောအဖိုရွက်မနုမရင့်ကိုခူးပြီးမီးကင်၊ မီးကင်လို့နွမ်းလာပြီဆိုရင် ခင်ဗျားရောင်နေတဲ့ခြေခုံပေါ်ကိုအုပ်၊ ပြီးရင် အပေါ်က အဝတ်သန့်သန့်နဲ့ ပတ်တီးစည်းသလိုမတင်းမလျော့စည်းပြီး ညအိပ်။ မနက်မိုးလင်းရင် ပတ်တီးကိုဖြေကြည့်လိုက်။ ခင်ဗျားရောင်နေတဲ့ခြေခုံကြီးအရောင်ကျမသွားရင် ကျွန်တော့်ကိုကြိုက်သလိုသာပြော"

ဟု ဆိုလာသဖြင့် စာရေးသူ အိမ်ပြန်ရောက်သည်နှင့် ညအိပ်ရာဝင်ခါနီးတွင် လုပ်ကြည့်လိုက်ပါသည်။

မနက်မိုးလင်း၍ ပတ်တီးဖြေကြည့်လိုက်သောအခါ စာဖတ်ပရိသတ်တို့ရေ 'နင်နှင်ငါသွား' ဆိုသည့်စကားလိုသိသိသာသာကြီးကို အရောင်ကျဆင်းသွားပါလေသည်။

(၃) ရက်တိတိဆက်လုပ်ရာလုံးဝကို နဂိုမူလအတိုင်းဖြစ်သွားလေသည်။

ယခုခေတ်အခါတွင် နိုင်ငံခြားဆေးများ လွန်စွာများပြားနေချိန်တွင် မြန်မာတို့၏ဆေးမြီးတိုတို့သည် ငွေကြေးကုန်ကျစရာမလိုဘဲ အနာရောဂါတို့ပျောက်ကင်းသွားခြင်းတို့သည် အင်မတန်မှ လှိုက်လှိုက်လှဲလှဲဂုဏ်ယူဝမ်းသာစရာကောင်းလွန်းလှပါပေသည်။

သို့ဖြစ်ပါသောကြောင့် ပြည်သူပြည်သားအပေါင်းတို့သည် စာရေးသူကဲ့သို့သော ဝေဒနာဖြစ်ပေါ်လာခဲ့ပါလျှင် ဆေးထိုး၊ ဆေးသောက်စရာမလိုသည့်အပြင် ငွေတစ်ပြားတစ်ချပ်မှမကုန်ဘဲ ရောဂါပျောက်ကင်းပါသဖြင့် ဤဆေးနည်းအား သူရဇနဂုဏ်ကြီးမှတစ်ဆင့် ရေးသား တင်ပြလိုက်ရပါပေသည်။

သတ္တဝါအားလုံး
ကျန်းမာချမ်းသာကြပါစေ

ဦးကိုကိုကြီး(စစ်ဆေးရေး)
ကစစ(၁၂)၊ ထုံးဘို

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လိုင်(သုဝဏ္ဏ)

လက်တွေ့အသုံးကျ လက္ခဏာပညာ



လက္ခဏာပါအရေးအကြောင်းများကိုဖတ်ကြားအဖြေရှာခြင်း

လက္ခဏာပါစာရေးအကြောင်းများကို စတင်ဖတ်ကြားအဖြေရှာရာ၌ လက်ဝါးပြင် (ဝဲယာ) နှစ်ဖက်စလုံးရှိ လက်ဝါးပြင်တည်ဆောက်ပုံပြန့်ကားခြင်း (သို့) ကျဉ်းမြောင်းခြင်း၊ လက်ဝါးပြင်တိုခြင်း၊ ရှည်ခြင်း လက်ဝါးပြင်အသားကြမ်းတမ်းခြင်း၊ နူးညံ့ခြင်း၊ အသားဆူဖြိုးပျော့အိခြင်း (သို့) တင်းမာခြင်း၊ စိုထိုင်းခြင်း (သို့) ခြောက်သွေ့ခြင်း စသည့်ဆန့်ကျင်ဘက်သဘောများပါဝင်နေတတ်ခြင်းကို ဦးစွာလေ့လာ၍ ဖတ်ကြားရပါမည်။ ၎င်းပြင်လက်ဝါးပြင်အား ဖြန့်ထားရာ၌ အရှေ့ဘက်သို့ကွေးညွတ်နေခြင်းရှိ၊ မရှိ (သို့) အနောက်ဘက်သို့ခွက်နေခြင်း၊ နိမ့်ဆင်းနေဆင်းရှိ၊ မရှိကိုပါ အသေးစိတ်လေ့လာရန်လိုပါသည်။

လက်ဝါးပြင်အနေအထားတို့အား ပဏာမလေ့လာပြီးသည်နှင့် လက်ချောင်းတစ်ချောင်းချင်းစီအား ခွဲခြားလေ့လာရပါမည်။

လက်ချောင်းများကို လေ့လာရာတွင် လက်မတစ်ချောင်းတည်းအား သီးခြားလေ့လာ၍ ကျန်ရှိလက်ချောင်း (၄) ချောင်းအား ၎င်းတို့၏တည်ဆောက်ပုံ၊ အရွယ်အစား၊ အတိုအရှည်နှင့် တစ်ချောင်းချင်းစီတွင် ပါရှိသော လက်ချောင်းရိုးအဆင့် (၃) ဆင့်ကိုပါ ထည့်သွင်းလေ့လာရပါမည်။ လက္ခဏာဖတ်ကြားရာ၌ လက်ဝါးပြင်ပါ အရေးအကြောင်းများသာမက လက်ချောင်းများ၏ ပင်ကိုအရည်အသွေးတစ်ခုချင်းစီအလိုက်နှင့် လက်ဝါးပြင်ပေါ်ရှိ ဂြိုဟ်ခုံအသီးသီး၏နေရာယူထားမှုအခြေအနေအမျိုးမျိုးအလိုက် သူ့နေရာနှင့်သူအရေးပါနေကြောင်း လေ့လာတွေ့ရှိရမည်။

လက်ချောင်းများကို လေ့လာခြင်း

လက်ချောင်းများကိုလေ့လာရာ၌ အောက်ပါအင်္ဂါရပ် (၃) ခုကို တွေ့ရှိရမည်။

၁။ လက်သည်းခွံပါထိပ်ဆုံးလက်ချောင်းရိုးများ၏ အနေအထားသည် ကတော့ပုံစံရှိနေခြင်း (သို့) ချွန်နေခြင်း (သို့) လေးထောင့်ကျခြင်း (သို့) ထိပ်ကားခြင်းရှိမရှိလေ့လာရမည်။

၂။ လက်ချောင်းတစ်ချောင်းချင်းစီရှိ အရိုးဆစ်များ၏ဖွံ့ဖြိုးမှုအနေအထား (အရိုးဆစ်ထွားခြင်း (သို့) ပိန်သွယ်ခြင်း) ကို လေ့လာရမည်။

၃။ သက်ဆိုင်ရာလက်ချောင်းတစ်ချောင်းချင်းစီအလိုက် ပါဝင်နေသော လက်ချောင်း(အရိုးဆစ်)တစ်ခုချင်းစီနှင့် လက်ချောင်းတစ်ခုလုံး၏ အရှည်ကအခြားလက်ချောင်းများနှင့်သင့်တင့်လိုက်ဖက်ခြင်းရှိမရှိကိုလေ့လာရမည်။

အထက်ပါအင်္ဂါရပ် (၃) မျိုးဖြင့် လေ့လာခြင်းပုံစံသည် လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်နှင့် လက်သန်းစသည့်လက်ချောင်း (၄)ချောင်းအတွက် အဓိကကျသည့်လေ့လာမှုပုံစံဖြစ်သည်။

လက်မလက်ချောင်းအား သီးခြားလေ့လာရာ၌ အရိုးဆစ် (၂) ခုသာပါရှိကြောင်း တွေ့ရှိရမည်။ လက်သည်းခွံပါလက်ချောင်းထိပ်ဆုံးအရိုးဆစ်ပိုင်းနှင့် ၎င်း၏အောက်ရှိကပ်လျက် အရိုးဆစ်ပင်ဖြစ်သည်။ လက်မသည် သက်ဆိုင်ရာလက်ဝါးပိုင်ရှင်၏ပင်ကိုစရိုက်လက္ခဏာကို ကိုယ်စားပြုဖော်ပြသည်။

ဂြိုဟ်ခုံများ

လက်ချောင်းတစ်ချောင်းချင်းစီရှိ အောက်ဆုံးလက်ဆစ်ရိုးနှင့် လက်ဝါးပြင်အပေါ်ပိုင်းအစနေရာတို့ ထိစပ်နေသည့်နေရာ၌ အနည်းငယ်မောက်နေတတ်သော(သို့) တစ်ခါတစ်ရံသိသာထင်ရှားစွာမောက်နေသောနေရာများအားဂြိုဟ်ခုံများ (Mounts) ဟုခေါ်သည်။

ဂြိုဟ်ခုံစုစုပေါင်း (၈)ခုရှိပြီး နေရာတစ်မျိုးချင်းစီအလိုက် အမည်တစ်ခုစီပိုင်ဆိုင်ထားသည်။

ကြာသပတေးဂြိုဟ်ခုံ

လက်ညှိုး၏အောက်ဆုံးပိုင်းတွင်တည် ရှိသည်။

စနေဂြိုဟ်ခုံ

လက်ခလယ်အောက်ဆုံးပိုင်းတွင် နေရာယူထားသည်။

www.burmeseclassic.com

www.burmeseclassic.com

တနုဂ်နွေပြုဟ်ခုံ

လက်သူကြွယ်အောက်ဆုံးပိုင်းတွင် နေရာယူထားသည်။

ဗုဒ္ဓဟူးပြုဟ်ခုံ

လက်သန်းအောက်ဆုံးပိုင်းတွင် တည်ရှိသည်။

သောကြာပြုဟ်ခုံ

လက်မ၏အောက်ဆုံးလက်ဆစ်ရိုး နေရာတစ်ခုလုံး၌ မို့မောက်ကျယ်ပြန့်စွာ တည်ရှိသည်။

အင်္ဂါပြုဟ်ခုံ(၂-မျိုး)

လက်ဝါးပြင် အစွန်း(၂)ဖက်ဆန့် ကျင်ဘက်တစ်ဖက်တစ်ချက်စီ၌ တည်ရှိသည်။

ဗုဒ္ဓဟူးပြုဟ်ခုံ၏ အောက်ဘက်တွင်ရှိ အင်္ဂါပြုဟ်ခုံ (ပထမအင်္ဂါပြုဟ်ခုံ)။

ကြာသပတေးပြုဟ်ခုံ၏အောက်ဖက်တွင်ရှိ အင်္ဂါပြုဟ်ခုံ (ဒုတိယအင်္ဂါပြုဟ်ခုံ)။

တနလ်ာပြုဟ်ခုံ

လက်သန်းအောက်ဘက် ဗုဒ္ဓဟူးပြုဟ်ခုံနှင့် အင်္ဂါပြုဟ်ခုံတို့၏ အောက်တည့်တည့် (လက်ကောက်ဝတ်အထက်နေရာ) ၌ မို့မောက်စွာ နေရာယူထားသည်။ မို့မောက်မှုမထင်ရှားသောပြုဟ်ခုံတွင်ဖြစ်စေ၊ မို့မောက်မှုအားကောင်းထင်ရှားသောပြုဟ်ခုံပေါ်တွင်ဖြစ်စေ အမျိုးမျိုးသော အရေးအကြောင်း (Lines) များအစပြုနေခြင်း (သို့) အဆုံးသတ်ခြင်း (သို့) ကန့်လန့်ဖြန်နေခြင်းကိုတွေ့ရမည်။ အဆိုပါ Lines များအား လက္ခဏာဖတ်ကြားရာတွင် အဓိကအရေးပါသောလမ်းကြောင်းများအဖြစ် လေ့လာတွေ့ရှိရပါမည်။

လက္ခဏာပါ လမ်းကြောင်းများအား ပထမ (၇) မျိုးတစ်စုနှင့် ဒုတိယ (၇) မျိုးတစ်စုအဖြစ် အုပ်စု (၂) ခုခွဲခြားသတ်မှတ်ထားသည်။

ပထမ(၇)မျိုးတွင်ပါဝင်သောလမ်းကြောင်းများ

၁။ အသက်လမ်းကြောင်း
(The Line of Life)

၂။ နှလုံးလမ်းကြောင်း
(The Line of Heart)

၃။ ဦးခေါင်းလမ်းကြောင်း
(The Line of Head)

၄။ ကံလမ်းကြောင်း
(The Line of Fate)

၅။ တနင်္ဂနွေလမ်းကြောင်း
(The Line of the sun)

၆။ ကျန်းမာရေးဆိုင်ရာလမ်းကြောင်း
(The Line of Liver)

၇။ အိမ်ထောင်ရေးလမ်းကြောင်း
(The Line of Marriage)

ဒုတိယ (၇) မျိုးတွင် ပါဝင်သောလမ်းကြောင်းများ

၁။ လက်ကောက်ဝတ်ပေါ်ရှိ အရေးအကြောင်း(လမ်းကြောင်းများ)

၂။ လက်ကောက်ဝတ်ပေါ်ရှိ အရေးအကြောင်း(လမ်းကြောင်းများ)

၃။ လက်ကောက်ဝတ်ပေါ်ရှိ အရေးအကြောင်း(လမ်းကြောင်းများ)

၄။ အင်္ဂါပြုဟ်လမ်းကြောင်း
(The Line of Mars)

၅။ သောကြာခါးပတ်
(The Girdle of Venus)

၆။ လိင်ဆွဲဆောင်မှုအားကောင်းခြင်းနှင့်ထူးချွန်ထက်မြက်ခြင်းကိုယ်စားပြုလမ်းကြောင်း
(The Vialasciva)

၇။ ဝိဇ္ဇာစိတ်ဖြင့်သိနားလည်ခြင်းသဘောဖော်ပြသည့်လမ်းကြောင်း (The Line of intuition)

လက်၊ လက်ဝါးပြင်၊ လက်ချောင်းများနှင့် လက်ချောင်းထိပ်ဖျားများ

လက်အရွယ်အစားကြီးမားသူများသည် အများအားဖြင့် အနုစိတ်လုပ်ရသောအလုပ်များကို နှစ်သက်ခြင်း (သို့) အရေးမကြီးသသော (အသေးဖွဲ့) ကိစ္စများကို စိတ်ဝင်စားခြင်းရှိတတ်သည်။

လက်အရွယ်အစားကြီးငယ်ဟူသမျှ သက်ဆိုင်ရာပုဂ္ဂိုလ်၏ ခန္ဓာကိုယ်နှင့် လိုက်ဖက်သူရှိသလို မလိုက်ဖက်သူလည်းရှိတတ်သည်။ အချို့က ခန္ဓာကိုယ်သေးသွယ်ပြီး လက်အရွယ်အစားကြီးနေသလို အချို့က ခန္ဓာကိုယ်သေးသွယ်ပြီး လက်အရွယ်အစားကြီးနေသလို အချို့က ခန္ဓာကိုယ်ထွားကျိုင်းသော်လည်း လက်အရွယ်စားက သေးသွယ်နေတတ်သည်။

လက်အား လက္ခဏာပညာရပ်အရ အသေးစိတ် လေ့လာနိုင်ရန်အတွက် လက်ဝါးပြင်နှင့် လက်ချောင်းများ ဟူ၍ အစိတ်အပိုင်း (၂) ရပ် ခွဲခြားလေ့လာနိုင်သည်။

လက်ချောင်းများဖြစ်စေ၊ လက်ဝါးပြင်ဖြစ်စေ ၎င်းတို့၏အသားကြမ်းခြင်း၊ နုခြင်း၊ ဆူဖြိုးခြင်း၊ အသားနည်းခြင်း၊ တောင့်တင်းခြင်း၊ ကွေးညွှတ်လွယ်ခြင်း စသည့် ဆန့်ကျင်ဘက်သဘောတရားများသာပေါ် အခြေခံ၍ သက်ဆိုင်ရာလက္ခဏာရှင်၏ပင်ကိုစရိုက်သဘာဝကို ခွဲခြားလေ့လာနိုင်ပါမည်။ လက်ဝါးပြင်နှင့် ပတ်သက်၍ အောက်ပါအတိုင်း လေ့လာနိုင်သည်။

နူးညံ့သော လက်ဝါးပိုင်ရှင်များသည် စိတ်နူးညံ့ခြင်း၊ စိတ်ကူးယဉ်တတ်ခြင်း၊ ကဗျာဆန်ခြင်းရှိတတ်ပြီး အဆိုပါ စရိုက်လက္ခဏာအား အများအားဖြင့် အမျိုးသမီးများလက်၌တွေ့ရှိရသည်။

အကယ်၍ အသားနူးညံ့ပြီးဆူဖြိုးနေပါက ကာမဂုဏ်လိုက်စားခြင်း၊ ပျင်းရိခြင်း၊ တစ်ကိုယ်ကောင်းဆန်တတ်ခြင်း၊ အသနားကြင်နာမဲ့ခြင်းတို့အပြင် (ပိုမို ဆိုးရွားသောအခြေအနေဖြစ်ပါက)ခိုးဝှက်လုယက်သူ သစ္စာဖောက်ဖျက်သူအထိပင် ဖြစ်နိုင်ပါသည်။ အဆိုပါ လက္ခဏာရှင်များသည် မင်းမဲ့ဝါဒီဆန်သူများပီပီတွေးတောပြောဆိုမှုမှန်သမျှ၌ မကောင်းသောနည်းလမ်းဖြင့်သာ စဉ်းစားပြုမူရှင်သန်တတ်ကြသည်။

ကြမ်းတမ်းသောလက်ဝါးပိုင်ရှင်များသည် အများအားဖြင့် စိတ်ကူးယဉ်တတ်ခြင်းမရှိဘဲ အရာရာလက်တွေ့အကောင်အထည်ဖော်လုပ်ကိုင်တတ်ကြသည်။ ၎င်းလက်ဝါးပိုင်ရှင်အားလုံးလိုလို ကြမ်းတမ်းသောအလုပ်ဟူသမျှ အားတက်တက်ကြွကြွ (နှစ်သက်စွာ)လုပ်ကိုင်တတ်ကြသည်။ အားသာချက်အနေဖြင့် အရာရာသတ္တိရှိရှိရင်ဆိုင်ရဲခြင်း၊ ဇွဲခံနိုင်ရည်ပြည့်ဝစွာ ကြံ့ကြံ့ခံနိုင်ခြင်းရှိတတ်သည်။

အကယ်၍ ကြမ်းတမ်းမှုလွန်ကဲသော လက်ဝါးပြင်ဖြစ်ပါက ဉာဏ်ရည်ဉာဏ်သွေးနည်းပါးနိမ့်ကျခြင်း၊ ကြမ်းတမ်းရက်စက်ခြင်း၊ တစ်ဖက်သားအပေါ် ထိခိုက်နာကျင်စေတတ်ခြင်း၊ သူတစ်ပါးအကျိုးစီးပွားပျက်စီးစေတတ်ခြင်းစသည့် မကောင်းသောစရိုက်လက္ခဏာများပါဝင်နေပါမည်။

လက်ဝါးပြင်တစ်ခုတည်းအားသီးခြားလေ့လာ၍ လက်ဝါးပြင်အသား(အရေပြား)ပါးလွှာနေပါက အသိဉာဏ်ပညာခေါင်းပါးခြင်း၊ အရာရာကြောက်ရွံ့တွန့်ဆုတ်တတ်ခြင်း၊ အရှက်ကြီး၍ လူတောမတိုးခြင်း၊ စိတ်ဓာတ်ခွန်အား လျော့နည်းခြင်းသဘောများကို ဖော်ပြနေပါသည်။

လက်ဝါးပြင်အသားထူထဲပြီး နူးညံ့နေပါက မိမိကိုယ်မိမိယုံကြည်မှုလွန်ကဲ

www.burmeseclassic.com

www.burmeseclassic.com

နေခြင်း၊ ပင်ကိုဓာတ်ခံကြွမ်းတမ်းခြင်းနှင့် တစ်ကိုယ်ကောင်းဆန်တတ်သူဖြစ်ပါမည်။

လက်ဝါးပြင်အသားထူထဲ၍ကြွမ်းတမ်းနေရုံမက လက်ချောင်းများတို့တောင်းစွာပါရှိနေပါက အတတ်ပညာမဲ့သူ၊ လုပ်ငန်းကျွမ်းကျင်မှုမရှိသူနှင့် အလုပ်ကြမ်းသမားများအဖြစ် တွေ့ရတတ်သည်။ ၎င်းလက်ဝါးပိုင်ရှင်များ၏ လက်ချောင်းများကို လေ့လာပါက လက်မတည်ဆောက်ပုံတိုတောင်းနေခြင်းကြောင့် တိုးတက်မှုမရှိနိုင်သူ၊ တိုးတက်အောင်မြင်အောင်ကြိုးစားခွင့်မရသူနှင့် ကြွမ်းတမ်းရက်စက်သောဒုစရိုက်လောကသားများအဖြစ် တွေ့ရှိရသည်။

လက်ဝါးပြင်အသားချိုင့်ဝင်ခွက်ဝင်ခြင်းရှိနေပါက ငွေကြေးကိစ္စများ၌ အမြဲတစေကျရှုံးခြင်းနှင့် ဘဝတစ်သက်တာအတွင်းအရေးကြီးသောအခြေအနေအမျိုးမျိုး၌အောင်မြင်မှုမရတတ်ခြင်းသဘောများကို ရည်ညွှန်းပါသည်။

ခေတ်သစ်လက္ခဏာရှင်များ၏လေ့လာမှုအရ

လက်ဝါးပြင်ရှိခွက်နေသာနေရာသည် အသက်လမ်းကြောင်းရှိရာဘက်သို့ဦးတည်၍ ခွက်ဝင်နေပါက မိသားစုအတွင်းဒုက္ခများတတ်သည်။

အတယ်၍ ခွက်နေသောနေရာသည် ကံလမ်းကြောင်းရှိရာသို့ တိမ်းညွတ်နေပါက စီးပွားရေးလုပ်ငန်း၌ပြဿနာဖြစ်ခြင်း၊ ငွေကြေးဆုံးရှုံးမှုများခြင်းတို့နှင့်ကြုံတွေ့ရတတ်သည်။

အကယ်၍ ခွက်နေသောနေရာသည် ဦးခေါင်းလမ်းကြောင်းဆီသို့ ယိမ်းယိုင်နေပါက ဦးခေါင်းနှင့်ပတ်သက်သောရောဂါများဖြစ်သည့် ဦးနှောက်သွေးကြောပြတ်ခြင်း၊ လေသင်တုန်းဖြတ်ခြင်းတို့နှင့် ကြုံတွေ့ခံစားရတတ်ပါသည်။

လက်ချောင်းများကို လေ့လာရာ၌ ဝဲ၊ ယာလက်တစ်ဖက်ချင်းစီရှိ လက်ချောင်း (၄) ချောင်းနှင့် လက်မအားသီးခြားစီ (အုပ်စု (၂) ခုခွဲ၍) လေ့လာရပါမည်။

လက်ချောင်း (၄)ချောင်းနှင့်ပတ်သက်သော လေ့လာမှုများ

ရှည်သောလက်ချောင်းများ

အသေးစိတ်လုပ်ကိုင်ရသောကိစ္စများ၌ စိတ်ဝင်စားတတ်သည်။ အသေးအဖွဲကိစ္စများကို အလေးထားခြင်း၊ စိုးရိမ်ပူပန်မှုသာမန်ထက်လွန်ကဲခြင်းရှိတတ်သည်။ ၎င်းလက်ချောင်းပိုင်ရှင်တို့၏ အပြောအဆိုအပြုအမူ၌ ယုံကြည်နစ်မြောမိသူအား လုံး ဒုက္ခရောက်တတ်၏။ တစ်နည်းအားဖြင့် လိမ်ညာလှည့်စားတတ်သော၊ သရဲဘောနည်းသောလက်ချောင်းပိုင်ရှင်များပင်ဖြစ်သည်။

ဇိုသောလက်ချောင်းများ

အသေးအဖွဲကိစ္စများအား ထည့်သွင်းမစဉ်းစားတတ်သူ၊ မိမိကိုယ်ကို စိတ်လွတ်ကိုယ်လွတ်ဝတ်စား၍ လွတ်လပ်ပေါ်ပါးစွာနေထိုင်တတ်သူများဖြစ်သည်။ ၎င်းပြင် အရာရာအား အချိန်ယူ၍ အလေးအနက်စဉ်းစားခြင်းမရှိဘဲဆုံးဖြတ်ပြောဆိုလုပ်ကိုင်တတ်သူများဖြစ်သည်။

တို၍တုတ်သောလက်ချောင်းများ

အများအားဖြင့် အလုပ်ကြမ်းလုပ်ကိုင်ရသူများအဖြစ် တွေ့ရတတ်သည်။ စိတ်ကြမ်းလူကြမ်း၍ တစ်ကိုယ်ကောင်းဆန်တတ်ပြီး တစ်ခါတရံကြမ်းတမ်းရက်စက်တတ်ကြသည်။

လက်ချောင်းအရွယ်တုတ်ခိုင်ပြီး အောက်ခြေဥဖောင်းမို့နေသော လက်ချောင်းများ

တစ်ကိုယ်ကောင်းဆန်ခြင်း၊ ဘဝ၌ အကောင်းဆုံးမှန်သမျှအား ခံစားလိုခြင်း၊ အသောက်အစားကြူးခြင်းစသည့် မကောင်းသောစရိုက်လက္ခဏာများအား ပိုင်ဆိုင်ထားသည်။

လက်ချောင်းအောက်ခြေ၌ 'wasp-shaped'(နကျယ်ကောင်ပုံသဏ္ဌာန်)ရှိနေသော လက်ချောင်းများ

လက်ချောင်း၏ ဒုတိယမြောက်လက်ချောင်းရိုးနှင့်လက်ချောင်းအောက်ခြေတို့ကြားနေရာ၌ ပုံစံရှိနေပါက တစ်ကိုယ်ကောင်းမဆန်တတ်သူ၊ အစားအသောက်များသန့်ရှင်းစွာရှိစေရန် အထူးအာရုံစိုက်စီမံတတ်သူဖြစ်ပါသည်။

အတွင်းဘက်ဆီကွေးဝင်နေသောလက်ချောင်းများ

ဆင်ခြင်မြော်တွေးမှုတို့လွန်ကဲသူ၊ သတ္တိနည်း၍ အကြောက်လွန်တတ်သူ၊ မတော်လောဘရှိသူ တစ်ခါတစ်ရံခေါင်းမာတတ်သူများအဖြစ်တွေ့ရတတ်သည်။

ကျောဘက်သို့ကွေ့နေသောလက်ချောင်းများ

နှစ်လိုဖွယ်ကောင်းအောင် ပျူငှာစွာပြောဆိုဆက်ဆံတတ်ခြင်း။ သို့သော်လည်း အတင်းအဖျင်းပြော၍ စပ်စုတတ်ခြင်း၊ ငွေကြေးသုံးစွဲမှု၌ လက်ဖွာခြင်းရှိသည့်လက်ချောင်းပိုင်ရှင်များဖြစ်သည်။

ပုံသဏ္ဌာန်မမှန်သည့်တွန့်လိမ်နေသောလက်ချောင်းများ

ပင်ကိုသဘာဝအရ ရက်စက်ကြမ်းကြုတ်သောစရိုက်လက္ခဏာရှိသည်။ အဆိုးရွားဆုံးအခြေအနေအဖြစ်လူသတ်ရန် ဝန်မလေးတတ်သူများပင်ဖြစ်သည်။

ချောမွေ့၍ သိသာထင်ရှားသောလက်ချောင်းများ

ဆင်ခြင်တုံတရားကင်းမဲ့တတ်သူ၊ အဓိပ္ပာယ်မဲ့စကားပြောရခြင်းကိုနှစ်သက်သူ၊ လေပန်းသူတို့ဥ တွေ့ရတတ်သော လက်ချောင်းမျိုးဖြစ်သည်။

လက်ချောင်းများတစ်ချောင်းနှင့်တစ်ချောင်းနီးကပ်စွာရှိနေခြင်း

လက်ချောင်းများတည်ဆောက်ပုံတစ်ချောင်းနှင့်တစ်ချောင်း အလွန်နီးကပ်စွာရှိနေပါက မတော်လောဘစိတ်အားကြီးသူ၊ စရိုက်လက္ခဏာမကောင်းသူဖြစ်သည်။

လက်ချောင်းတစ်ချောင်းနှင့်တစ်ချောင်းကြား အပေါက်အကြားရှိနေခြင်း

နှုတ်စည်းမစောင့်သူ၊ စပ်စုတတ်သူဖြစ်သည်။ လက်ချောင်းများတည်ဆောက်ပုံအနေအထားကိုလေ့လာပြီးနောက် လက်ချောင်းတစ်ချောင်းချင်းစီအလိုက် (သီးခြားစီ) ဆက်လက်လေ့လာပါမည်။

လက်ညှိုး (Index Finger)

လက်ညှိုးတိုတောင်းပါက နှီးကြားတက်ကြွစွာ လှုပ်ရှားလုပ်ကိုင်တတ်သူ၊ ရုတ်တရက်ဆုံးဖြတ်ချက်ချတတ်သူဖြစ်သည်။

ထူးထူးကဲကဲရှည်လျားသောလက်ညှိုးဖြစ်ပါက သူတစ်ပါးအပေါ် နှိုင်လိုမင်းထက်ပြုတတ်ခြင်း၊ လွှမ်းမိုး-အုပ်စီးလိုခြင်း၊ မာနထောင်လွှားခြင်း၊ ဘဝင်မြင့်တတ်ခြင်းရှိသော လက်ချောင်းပိုင်ရှင်များပင်ဖြစ်သည်။

ရှည်လျား၍ ထိပ်ဖျားချွန်သောလက်ညှိုးဖြစ်ပါက ဘာသာရေး၌အယူသီးလွန်းသူ၊ တစ်ဖက်စွန်းကျောက်တတ်သူဖြစ်သည်။

သာမန်အရှည်နှင့် ထိပ်ဖျား၌

www.burmeseclassic.com

www.burmeseclassic.com

လေးထောင့်ကျသော လက်ညိုးဖြစ်ပါက အမှန်တရားဘက်မှရပ်တည်တတ်သော်လည်း သည်းမခံတတ်သူဖြစ်သည်။

သာမန်အရှည်ရှိပြီး ထိပ်ကားသောလက်ညိုးဖြစ်ပါက ဘာသာအယူဝါဒကိုးကွယ်ယုံကြည်မှုဌ မှက်စိမှိတ်ယုံတတ်သူ၊ အယူသီးတတ်သူဖြစ်သည်။

လက်ညိုး၏ပထမဆုံးလက်ဆစ်ရိုးရှည်လျားပါက ပီဇစိတ်ပြင်းထိုးထွင်းသိမြင်နိုင်မှု အထုံပါရမီအားကောင်းသူဖြစ်သည်။

လက်ညိုး၏ ဒုတိယလက်ဆစ်ရိုးရှည်လျားပါက ရည်မှန်းချက်ခိုင်မာသူဖြစ်သည်။

လက်ညိုး၏တတိယ(အောက်ဆုံး)လက်ဆစ်ရိုးရှည်လျားပါက သူတစ်ပါးအပေါ် ဇိုလ်ကျစိုးမိုးတတ်သူဖြစ်သည်။

လက်ခလယ်ထက် ပိုမိုရှည်လျားနေသော (သို့) လက်ခလယ်၏ အရှည်နှင့် တစ်ထပ်တည်း (ညီတူညီမျှ) ဖြစ်နေသော လက်ညိုးဖြစ်ပါက ဘဝတစ်သက်တာရည်မှန်းချက်အတိုင်း မဖြစ်ဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်တတ်သူဖြစ်သည်။

နပိုလီယံ-၁၏ လက်ညိုးနှင့်လက်ခလယ်အရွယ်အစား (အရှည်) တစ်ရွယ်တည်းရှိခဲ့ကြောင်း လက္ခဏာပညာဆိုင်ရာမှတ်တမ်းများအရ လေ့လာတွေ့ရှိရသည်။

လက်ခလယ် (Middle Finger)

ရှည်လျား၍ ပြန့်ပြားသောလက်ခလယ်ဖြစ်ပါက စိတ်အားငယ်တတ်သူ၊ ဥပါဒါန်အစွဲအလမ်းကြီးမားသူဖြစ်သည်။

ရှည်လျား၍ တွန့်လိမ်နေသောလက်ခလယ်ဖြစ်ပါက လူသတ်ရန်ဝန်မလေးတတ်သူ၊ ရက်စက်ကြမ်းကြုတ်သူဖြစ်သည်။

ရှည်လျား၍ ထိပ်ချွန်သောလက်ခလယ်ဖြစ်ပါက တစ်ကိုယ်ကောင်းဆန်တတ်သူ၊ ကြံရည်ဖန်ရည်နည်းသူ၊ ညံ့ဖျင်းသူဖြစ်သည်။

ရှည်လျား၍ လေးထောင့်ကျသော လက်ခလယ်ဖြစ်ပါက စိုးရိမ်ဖွယ်အခြေအနေများကို ဖန်တီးတတ်သူ၊ ခက်ထန်ကြမ်းတမ်းတတ်သူဖြစ်သည်။

ရှည်လျား၍ ထိပ်ကားသောလယ်ခလယ်ဖြစ်ပါက အနုပညာရပ်၌သိမြင်နားလည်နိုင်စွမ်းရှိသူ၊ စာပေ-ဂီတဘက်၌စိတ်ပါဝင်စားသူဖြစ်သည့်အပြင် တိရစ္ဆာန်များအား သနားကြင်နာချစ်ခင်တတ်သူ (အထူးသဖြင့် မြင်းသတ္တဝါကို ချစ်ခင်ယုယတတ်သူ) များအဖြစ် တွေ့ရပါမည်။

ပထမလက်ဆစ်ရိုးရှည်လျားသောလက်ခလယ်

ဝမ်းနည်းကြေကွဲလွယ်ခြင်း၊ အယူသည်းခြင်းရှိတတ်ပြီး အဆိုပါလက်ဆစ်ရိုး လွန်စွာရှည်လျားခဲ့ပါက မိမိကိုယ်မိမိအဆုံးစီရင်တတ်သည်အထိ စိတ်နုတတ်ပါသည်။

ဒုတိယလက်ဆစ်ရိုးရှည်လျားသောလက်ခလယ်

စိတ်ပျိုးရေးနှင့်ဆိုင်သောလုပ်ငန်းများ(သို့) စက်မှုလက်မှုနှင့်ဆိုင်သောလုပ်ငန်းများအား စိတ်ဝင်စားတတ်သည်။

တတိယလက်ဆစ်ရိုးရှည်လျားကျယ်ပြန့်နေသောလက်ခလယ်

မတော်လောဘစိတ်ရှိသူဖြစ်သည်။

လက်ညိုးရှိရာဘက်သို့ ထိပ်ဖျားတိမ်းညွတ်နေသောလက်ခလယ်

မိမိကိုယ်မိမိ ယုံကြည်စိတ်ဖြင့် ကံသာအမိ ကံသာအဖဝါဒကို ပြုပြင်ပြောင်းလဲပေးနိုင်သူ ဖြစ်သည်။

လက်သူကြွယ်ရိုရာဘက်သို့ ထိပ်ဖျားညွတ်နေသောလက်ခလယ်

အနုပညာအပေါ် ချစ်မြတ်နိုးစိတ်ရှိသူ၊ ချစ်ခြင်းမေတ္တာ၏လွှမ်းမိုးမှုခံရသူဖြစ်သည်။

လက်သူကြွယ် (Ring Finger)

ထိပ်ဖျားပေါ်လွင်ထင်ရှားမှုမရှိဘဲတိုတောင်းနေသော လက်သူကြွယ်

အနုပညာပစ္စည်းများထုတ်လုပ်မှု၌ ကြေးစားအဖြစ် လုပ်ကိုင်နိုင်စွမ်းရှိသူဖြစ်သည်။

ထိပ်ဖျားချွန်သောလက်သူကြွယ်

အနုပညာနှင့်ပတ်သက်သောပညာရပ်အားလုံးအား ပီဇစိတ်ဖြင့် ထိုးထွင်းသိမြင်နားလည်နိုင်စွမ်းရှိသူဖြစ်သည်။

ကျန်ရှိလက်ချောင်းများနှင့် မတူညီဘဲ တစ်ချောင်းတည်းထိပ်ဖျားချွန်နေသောလက်သူကြွယ်

အရာရာအလေးအနက်မထားဘဲ ပြက်ချော်ချော် ပေါ့ပျက်ပျက်နေတတ်သူ၊ အချိန်ဖြုန်းတတ်သူ၊ အရွှတ်အနောက်သန်သူ၊ ကလေးကလားဆန်သူ ဖြစ်သည်။

လက်ချောင်းထိပ်ဖျားလေးထောင့်ကျသောလက်သူကြွယ်

အနုပညာကို ချစ်မြတ်နိုးသူဖြစ်သော်လည်း ငွေကြေးရရှိရေးကို အစိကထားသူဖြစ်သည်။

လက်ချောင်းထိပ်ကားသော လက်သူကြွယ်

အနုပညာဘက်၌ထူးချွန်သူသိုင်းဝင်ပန်းချီကားများကို တီတီကျကျရေးဆွဲနိုင်သူ၊ ပန်းပုပညာတတ်မြောက်သူ (အထူးသဖြင့်) ရုပ်ရှင်သရုပ်ဆောင်များအဖြစ်ထင်ပေါ်ကျော်ကြားတတ်သူများဖြစ်သည်။

ပထမလက်ဆစ်ရိုးရှည်လျားသောလက်သူကြွယ်

အနုပညာရပ်နှင့် ပတ်သက်၍ စိတ်ကူးစိတ်သန်းအားကောင်းသူ ဖြစ်သည်။

ဒုတိယလက်ဆစ်ရိုးရှည်လျားသောလက်သူကြွယ်

အနုပညာရပ်အပေါ် စိတ်ပါဝင်စားမှုနှင့် ပင်ကိုပါရမီတို့ပေါင်းစပ်လျက် အနုပညာဆိုင်ရာလုပ်ငန်းအားလုံးတွင် ကျွမ်းကျင်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်သူဖြစ်သည်။

တတိယလက်ဆစ်ရိုးကျယ်ပြန့်ရှည်လျားသောလက်သူကြွယ်

တစ်ဦးတစ်ယောက်၏အနုပညာရပ်အား ငွေကြေးဖြင့် တန်ဖိုးဖြတ်သူ(သို့) ငွေကြေးဖြစ်လာအောင် ပြောင်းလဲပေးတတ်သူ၊ ဘဝင်မြင့်သူဖြစ်သည်။

လက်ညိုး၏အရှည်၊အရွယ်အစားနှင့်တန်းတူဖြစ်နေသောလက်သူကြွယ်

အနုပညာရပ်ဖြင့် အောင်မြင်ကျော်ကြား၍ ချမ်းသာကြွယ်ဝလိုစိတ်ရှိသူဖြစ်သည်။

လက်ခလယ်၏အရှည်နှင့်တန်းတူဖြစ်နေသော လက်သူကြွယ်

လောင်းကစားသမားတို့၏လက်ချောင်းပုံစံပင်ဖြစ်သည်။ အမြဲတစေ မဟုတ်သော်လည်း အခြေအနေပေး (အခွင့်အရေးရသည်နှင့်) လောင်းကစားလုပ်တတ်သူ၊ အများ၏အောင်မြင်မှုဌ ရောနှောပါဝင်နိုင်အောင် ကြိုးစားတတ်သူ ဖြစ်သည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)

Ref;

Practical Palmistry

ဆရာဇုန်၊ ဩဂုတ်လ အတွဲ(၁၈)အမှတ်(၇)

www.burmeseclassic.com

www.burmeseclassic.com

ညဉ့်နက်ညကား မှောင်မည်းတိတ်ဆိတ်လျက်။ ပတ်ဝန်းကျင်တွင် ညဉ့်ဌက်အော်သံပင်မကြားလိုက်။ အိပ်ပျက်ညများစွာကိုဖြတ်ကျော်ခဲ့ရသည်မို့လား၊ တစ်ယောက်တည်းထိုင်စောင့်နေသည်မို့လားမသိတော့။ မည်သည့်အချိန်က အိပ်ပျော်သွားခဲ့ပါလိမ့်။ ရုတ်တရက် လန့်နိုးလာသည့်အခိုက် မျက်လုံးက သမီးအိပ်နေသည့်နေရာသို့ ဖျတ်ခနဲ ရောက်သွားမိခိုက် -

"ဟင် - သမီး သမီး ဘယ်ထသွားပါလိမ့်"

အိပ်မှုဝိုးဝါးနှင့် စုံစည်းမရသေးသောအတွေးတို့ဖြင့် လျှပ်တစ်ပြက်တွေးလိုက်မိသည့်အတွေး။ မျက်လုံးကို သေချာပွတ်သပ်ပြီးထပ်ကြည့်ပြန်လေရာ အိပ်ရာထဲမှာ သမီးမရှိတော့တာသေချာပြီ။ သမီးလေးက ဘယ်ကိုများထသွားစရာအကြောင်းရှိပါမည်လဲ။ ရောဂါဝေဒနာကြောင့် ပိန်လှီဖျော့ဖျော့အားအင်လုံးဝမရှိရှာသည့် ဒီကလေးက အိပ်ရာမှတစ်လက်မမျှပင် ရွေ့နိုင်စရာအကြောင်းမရှိနိုင်ပါ။ အိမ်ပေါ်မှာအိပ်ပျော်နေကြသူငါးဦးစလုံး ကိုယ်စီအိပ်မောကျနေကြဆဲ။

အမှန်ဆိုရလျှင် မိသားစုတွေ အားလုံး အိပ်ပျက်ညတွေများခဲ့ကြပြီ။ ဇနီးသည် ဒေါ်စိန်သော်၊ သမက် အောင်ဌေးနှင့် မြေးယောကျ်ားလေးနှစ်ဦး၊ အစ်မကြီးဒေါ်ပေါက် တို့ကို အလှည့်ပေးအိပ်ခိုင်းထားခဲ့သည်။ ကိုယ်တိုင်တော့ သမီးမိုးမိုးအနားမှာ ရေနွေးကြမ်းတစ်အိုးနှင့် အဖော်ပြုထိုင်စောင့်နေခဲ့သည်။ ဦးလှသောင်း အပါအဝင် မိသားစုတွေမှာ နေ့နေ့ည လူမမာကြည့်ရှုနေရသည်က တစ်ဖက်၊ စားဝတ်နေရေး ရုန်းကန်ရှာဖွေနေရသည်ကတစ်ကြောင်းမို့ ပင်ပန်းနွမ်းရိနေကြရှာပြီပေါ့။ ဦးလှသောင်းကိုယ်တိုင်ပင်လျှင် သမီးကိုစောင့်ရှောက်ဖို့ဖွင့်ထားသောမျက်လုံးတို့ အခိုက်အတန့်မျှမှိတ်သွားမိသည့်ခဏမှာပင် သမီးလေးပျောက်သွားခဲ့ပါပကောလား။

"ဟဲ့ မစိန်၊ မစိန် ထ ထစမ်းပါဦးဟ"

"ရှင်. . . ရှင် ကိုလှသောင်း ဘာဖြစ်. . .

ဦးလှသောင်း ခပ်ကြမ်းကြမ်းလှုပ်နှိုးသည်ကြောင့် ဒေါ်စိန်သော် အိပ်ရာမှလူးလဲထလာသည်။ အိပ်ရာကအထဦးလှသောင်းကိုမေးရင်း စကားစပြတ်သွားသည်။ မေးရင်းပြောရင်းက သမီးမိုးမိုးအိပ်ရာကိုလှမ်းကြည့်မိသည်။

"ဟင်- သမီး သမီး ဘယ်ရောက်သွားတာလဲ သမီး သမီး"

သမီးမိုးမိုးကို မတွေ့သည်နှင့် ဒေါ်စိန်သော် ထိုင်နေရာမှ ဝုန်းခနဲထရပ်ကာ အလန့်တကြားအော်ခေါ်သံကြောင့် အိမ်သားအားလုံးနိုးထလာကြသည်။

အိမ်ပေါ်အိမ်အောက် ခြံဝင်းထဲနေရာအနှံ့ ရှာဖွေကြသည်။ လက်နှိပ်ခတ်မီးကိုယ်စီနှင့် နှံ့နှံ့စပ်စပ်ရှာကြည့်ကြသော်လည်း ရိုးတိုးရိပ်တိတ်တောင် မမြင်ကြရ။ အားလုံးကလည်း မည်သို့ဖြစ်လျှောထားရပြီမို့ အိမ်မှာပင် သူဘဝနောက်ဆုံးအချိန်ကို စောင့်စားနေရသူ ဖြစ်သည်။ အစားမဝင်တရှောင်ရှောင်နှင့် အိပ်ရာထဲလဲလျောင်းနေရသည်ပင် တစ်လပြည့်လုပြီ။ သမီးလေးဘဝကူးကောင်းရလေအောင် တစ်နေ့ကမှ သံယောတော်ငါးပါးပင့်ဖိတ်၍ ဆွမ်းကပ်အလှူဒါနပြုခဲ့သည်။ သမီးလေးကိုယ်တိုင် အမျှဝေ သာဓုခေါ်ခဲ့ သေးသည်။ ယခုတော့ မယုံနိုင်စရာ ဘယ်ကိုမျှထမသွားနိုင်သည့် သမီးလေးက အိမ်ပေါ်မှာမရှိ၊ ဘယ်ရောက်သွားရပါသနည်း။

ရှာဖွေကြသူအားလုံး ဦးလှသောင်းနေအိမ်မှာ ပြန်စုမိကြသည်။ ဘယ်နေရာမှ ရှာမတွေ့။

"အဖေ၊ သမီးထွက်ရှာဦးမယ်"

ဦးလှသောင်း၏ချွေးမ မသိန်းအေးတစ်ယောက် လက်နှိပ်မောတ်မီးတစ်လက်ကို ဘယ်လက်ကကိုင်၊ ညာလက်ဘက်ဝါးကျစ်တုတ်ချောင်းကိုကိုင်ရင်း မတ်တတ်ရပ်သည်။ မသိန်းအေးနှင့် သမီး မိုးမိုးတို့ ဝေးဝေးလံလံမသွားနိုင်သူက အစအနပင် ရှာမတွေ့ရသည့်အခြေအနေကို သူတို့အားလုံး လက်မခံချင်စရာဖြစ်နေကြရသည်။

"အဖေ၊ သမီးထွက်ရှာဦးမယ်"

ဦးလှသောင်း၏ချွေးမ မသိန်းအေးတစ်ယောက် လက်နှိပ်မောတ်မီးတစ်လက်ကို ဘယ်လက်ကကိုင်၊ ညာလက်ဘက်ဝါးကျစ်တုတ်ချောင်းကိုကိုင်ရင်း မတ်တတ်ရပ်သည်။ မသိန်းအေးနှင့် သမီး မိုးမိုးတို့

www.burmeseclassic.com

www.burmeseclassic.com



က သမီးယောက်မဆိုပေမယ့် ညီအစ်မ ရင်းတွေလို ချစ်ကြခင်ကြသည်။ ညီမ လေး၊ အစ်မနှင့် တပူးတွဲတွဲနေထိုင်သူ တွေမို့ သံယောဇဉ်လည်းကြီးမားကြသည်။

"ဒါဆို ငါလည်းလိုက်ခဲ့မယ်"

မသိန်းအေး၏ဘေးမှာရှိနေသည့် မခင်စန်းက သူလည်းလိုက်မည်ဟုပြောလာသည်မို့ သူမတို့နှစ်ဦး အိမ်၏တောင်ဘက်လမ်းအတိုင်း ထွက်လာခဲ့ကြသည်။ အိမ်ရှေ့လမ်းမှ လမ်းမကြီးသို့သွားသည့် လမ်းပေါ် အရောက်တွင် တစ်စုံတစ်ဦးက မသိန်းအေးနားနားကပ်ပြောသံကိုကြားလိုက်မိသည်။ အဖော်ပါလာသည့် မခင်စန်းအသံမဟုတ်တာတော့သေချာသည်။ ဘေးပတ်ဝန်းကျင်အိမ်တွေကမျှားလား ဟု ထင်မိသေးသည်။ ဒီအနီးအနားမှာက အိမ်ဆက်ပြတ်သည်။ မြေကွက်အလွတ်တွေလည်းများသည်။ လူမနေကြသေး။ မသိန်းအေးကြားလိုက်သည့်အသံက -

"အစ်မရေ၊ ငါတ ရေကန်ထဲမှာဟဲ့"

ဟု မှတ်မိလိုက်သည်။ ပြန်တွေးကြည့်လိုက်တော့ ညီမလေးမိုးမိုးအသံပါလား။ သည်အတွေးကိုတွေးမိလိုက်သည့်နှင့် ခေါင်းတစ်ခေါင်းလုံးမှာ မူလထက် ဆယ်ဆမကကြီးသွားရော့သလားဟုထင်မိသည်။ တစ်ကိုယ်လုံးလည်း ကြက်သီးတွေတဖြန်းဖြန်းဖြစ်သွားရအောင်ပင်လန့်ဖျပ်သွားပါသည်။ ကြောက်လန့်စိတ်ဖြစ်မိပေမယ့် လက်ထဲကဝါးကျစ်တုတ်ကိုမူ တင်းတင်းဆုပ်ထားမိသည်။

"ခင်စန်းရေ လာဟာ၊ တို့တွေ နင့်တို့ခြံနောက်ကရေကန်ထဲသွားကြည့်ရအောင်"

"မသိန်းအေးကလည်း ရေကန်နဲ့ မိုးမိုးရှာတာ ဘာဆိုင်လို့လဲ"

"ခုနက ငါ့နားထဲမှာ မိုးမိုးက သူ့ရေကန်ထဲမှာလို့ပြောတာ ကြားလိုက်မိတယ်"

"ဟယ်, . . တော်"

မသိန်းအေးအပြောကြောင့် မခင်စန်းပါ အံ့သြကြောက်ရွံ့ကာ မသိန်းအေးလက်မောင်းကို ဖမ်းဆုပ်ကိုင်ထားတော့သည်။ နှစ်ယောက်သား ပူးပူးကပ်ကပ်နှင့်လက်နှိပ်ဓာတ်မီးကိုတောက်လျှောက်ဖွင့်ကာ ရေကန်ဆီသို့ ဦးတည်လာခဲ့ကြသည်။

ရေကန်ဆိုသည်မှာ ဦးလှသောင်းတို့အိမ်ရှေ့နှစ်တန်းကျော် လယ်ကွင်းစပ်မှာရှိသည်။ သူတို့ရပ်ကွက်မှာ ရေကန်ကြီ

www.burmeseclassic.com

www.burmeseclassic.com

၍ သည်တစ်ကန်တည်းသာရှိသည်။ ရေကန်ဟုဆိုရသော်လည်း ယခုလိုဆောင်းဦးကာလမျိုးတွင် ရေက ခြေချင်းဝတ်သာသာပဲရှိသည်။ မိုးရာသီဆိုလျှင်တော့ ရေပင်လယ်ဖြစ်နေတတ်သည်။ ကန်ဆိုသည်ထက် အနိမ့်ပိုင်းရေနေကွင်းမျိုးဖြစ်သည်။

မသိန်းအေးနှင့် မခင်စန်းတို့ ဦးလှသောင်းအိမ်ရှေ့ပြန်ရောက်လာကြသည်။ အိမ်ထဲက ဦးလှသောင်းတို့အိမ်နှင့်ရေကန်က ဝေးကွာလှသည်မဟုတ်ပေမယ့် ဆယ်မိနစ်ခန့်လမ်းလျှောက်ရသေးသည်။ ရေကန်အစပ်ရောက်တော့ ရေကန်ပတ်ပတ်လည်ကို ဓာတ်မီးဖြင့်ဝိုင်းထိုးရှာကြသည်။ ခပ်လှမ်းလှမ်း ရေကန်အလယ်လောက်မှာ အကျီစလိုလိုမို့မောက်နေသောအရာကို လှမ်းမြင်လိုက်ကြသည်။ မသိန်းအေးက လုံချည်ကိုတိုတိုပြင်ဝတ်ကာ ရေကန်ထဲဆင်းလိုက်တာကိုမြင်သည်နှင့် ဦးလှသောင်းတို့အားလုံးဆင်းလိုက်ကြသည်။ စောစောက မထင်မရှားမို့မောက်နေသည့်အရာကို သေချာမြင်လိုက်ရပါပြီ။

"ဟယ်- ညီမလေး မိုးမိုး မိုးမိုး"

"သမီး. . . သမီး"

မိုးမိုးက ရေကန်ထဲမှာ ဝမ်းလျားမှောက်လဲကျနေသည်။မျက်နှာမှာလည်း ရွှံ့နှစ်တွေပေကျံနေသည်။ လူတစ်ကိုယ်လုံးလည်း အေးစက်တောင့်တင်းနေလေပြီ။ မသိန်းအေးက အသက်မဲ့နေပြီဖြစ်သော မိုးမိုးကိုယ်ခန္ဓာကို ပွေ့ချီဖက်ထားရင်းက အော်ငိုနေမိသည်။

"အဖြစ်ဆိုးလှချေလား ညီမလေးရဲ့၊ ရောဂါနဲ့သေရမှာကို ခုတော့ ရေတိမ်မှာနစ်ပြီးသေရတာလားဟဲ့ ညီမလေးရဲ့ ဟီး ဟီး ဟီး ဟီး"

■

အိမ်အပေါ်ထက် သမီးမိုးမိုးနားတွင်ထိုင်ရင်း ရေစွတ်ထားသောဝမ်းစလေးဖြင့် သမီးပါးစပ်ထဲ အသာလေးညှစ်ထည့်ပေးနေစဉ် တိုင်းရင်းဆေးဆရာဦးကျော်ခေါင်ရောက်လာသည်။ သမီးက အစားမဝင်တော့။ အရည်တစ်မျိုးတည်းသာ နည်းနည်းစီတိုက်ကျွေးနေရသည်။ နဂိုကသွယ်လျသည့်ကိုယ်ခန္ဓာလေးက ခုတော့ဖြင့် ပိန်လှီသေးကွေးနေပြီ။ လက်ခြေတွေပင် မသယ်နိုင်မ,မနိုင်သည်အထိ ဆုတ်ယုတ်နေရရှာသည်။

"ဦးကျော်ခေါင်၊ ရေနွေးကြမ်းသောက်ပါဦးခင်ဗျာ"

ဦးလှသောင်းက ဆရာကြီးဦးကျော်ခေါင်ကို လောကွတ်ပြုကာ နေရာထိုင်ခင်းစီစဉ်ပေးလိုက်ပါသည်။ ရေနွေးကြမ်းတစ်ခွက်ငဲ့ကာကမ်းပေးလိုက်သည်။

"ခင်ဗျားသမီး ရောဂါဖြစ်တာကြာပြီလား"

"ဟုတ်ကဲ့ ကြာပါပြီ၊ ဆရာဝန်ကြီးတွေ လက်လျှော့ထားကြလို့ အိမ်ပြန်ခေါ်ပြီးနေတာတော်ရောင် တစ်လလောက်ရှိပါပြီ။ ဗမာဆေးနည်းတွေနဲ့ကုနေတာပါ။ အခု ဆရာကြီးရောက်လာတာ ဝမ်းသာပါတယ်၊ ကြည့်ရှုပေးပါဦးခင်ဗျာ"

ဦးလှသောင်းပြောပြသည်များကို နားထောင်ရင်း ဆရာကြီးဦးကျော်ခေါင်က မိုးမိုးကိုလှမ်းကြည့်ကာအကဲခတ်နေသည်။

"အကဲခတ်ရတာတော့ မခိုးဘူးဗျ။ သွေးသားရောဂါအပြင် ပြုစားခံရတာတို့ အပမှီတာတို့ အစွဲထို့ဆိုတာမျိုးလည်းရှိနေလိမ့်မယ်"

မိုးမိုးကို ကြည့်ရှုစူးစမ်းနေရင်း ဆရာကြီး ဦးကျော်ခေါင်က ပြောပြနေစဉ်မှာပင် မိုးမိုးက လှဲနေရာမှ မထင်မှတ်စွာငေါက်ခနဲထထိုင်လိုက်သည်။ လုံချည်ကို တင်းတင်းပြင်ဝတ်ရင်း ဆရာကြီးဦးကျော်ခေါင်ကို လစ်ညှိုးငေါက်ငေါက်ထိုးကာ ယောကျ်ားရင့်မာကြီးတစ်ဦး၏အောင်မြင် ခံ့ညားသောအသံမျိုးဖြင့် ကောက်ကာငင်ကာပြောချလိုက်သည်။

"ငါ့သမီးကို မင်းတို့ဆီမှာနေခိုင်းထားတာ နှစ်ပြည့်ပြီကွ။ ငါပြန်ခေါ်မှာ။ ဘာမှကုစရာမလိုဘူး။ မင်းတို့နဲ့ငါ့သမီး အကြောင်းဆက်က ဒီလောက်ပဲကွ မှတ်ထားကြ"

ဦးလှသောင်းရော ဆရာကြီးရော အနီးအနားရှိ မိသားစုအားလုံးပါ ပါးစပ်အဟောင်းသားနှင့် အံ့သြထိတ်လန့်သွားကြသည်။ ဦးလှသောင်း အသက်ပင် ခြောက်ဆယ်ကျော်ခဲ့ပြီ။ သည်လိုအဖြစ်မျိုးမကြုံဘူးခဲ့။ သမီးနှုတ်ကထွက်လာသောအသံ၊ စကားလုံးတို့သည် သမီးမိုးမိုးအသံမဟုတ်။ ပီဘိ ယောကျ်ားကြီးတစ်ယောက်၏ သြဇာပြည့်ဝသောအသံဖြစ်သည်။ အသံချည်း ကြားရသည်မို့သာ ရုပ်လုံးဖော်မြင်ရမည်ဆိုပါမူ မတွေးဝံ့စရာပါ။

"သ. . မီး. . မိုး. . မိုး. . သမီး"

ဦးလှသောင်း စကားမပြောနိုင်အောင် ထစ်အနေမိသည်။ မျက်ထောင့်နီနီကြီးနှင့် စိတ်ဆိုးမာန်ဆိုးကြည့်လိုက်သည်ကိုက အလွန်ကြောက်စရာကောင်းနေပြီ။ ပြောလိုရာပြောပြီးသည့်နှင့် မိုးမိုးက အိပ်ရာပေါ် ငြိမ်သက်စွာပြန်လှဲနေတော့သည်။ မျက်လွှာပိတ်ကာ ငြိမ်နေသည်မို့ အိပ်ပျော်သွားသည်လားမပြောတတ်ချေ။

"ကိုလှသောင်းရေ သမီးပြောသွားတာတွေ ကြားရဲ့လား။ သမီးလေးအတွက် ဒုက္ခပါပဲတော်ရှဲ့ ဟီးဟီး ဟီးဟီး"

ဒေါ်စိန်သော်က ပြောပြောဆိုဆို ပင် ချုံးပွဲချင်နေသည်။ မိသားစုအားလုံးနားနှင့်ဆတ်ဆတ်ကြားရသည်မို့ မိုးမိုးအတွက် ဝမ်းနည်းပက်လက် ငိုကြွေးကြရသည်။

ဒီအဖြစ်အပျက်ကြောင့် ယနေ့အဖို့ သမီးမိုးမိုးကို မိသားစုအားလုံး အထူးပင်စိုးရိမ်ပူပန်စွာ ဝိုင်းဝန်းစောင့်ရှောက်ကြရပေမည်။ မိသားစုအားလုံး သမီးမိုးမိုးအနားမှာဝိုင်းနေကြသည်။ ဖေးမထူမတ်ကာ ဟောလစ်၊ အိုဇာတင်းတို့ကိုဖျော်စပ်အခိုးခံပြီး ကော်ဖီဇွန်းသေးလေးနှင့် တိုက်ရသည်။ သောက်ရေ၊ အချိုရည်၊ ဆန်ပြုတ်အရည်ကြည်လေးတွေလည်း တိုက်ပေးရသည်။ နည်းနည်းလေး ဝမ်းထဲရောက်သွားလျှင်ပင် လက်ကာပြုတ်တတ်သည်။ သို့ကြောင့် မကြာခဏတိုက်ကျွေးပေးရသည်။ အစာအဖတ်ကိုတော့ လုံးဝကိုမစားနိုင်မမျိုနိုင်တော့ပါချေ။ သေခြင်းတရားလည်း နီးကပ်လွန်းနေသည့်အနေအထားလည်းဖြစ်သည်။

ညဉ့်သန်းခေါင်ကျော်လာတော့ လူနာစောင့်အားလုံးပဲ အိပ်ပျော်ကုန်ကြပြီ။ဦးလှသောင်းတစ်ယောက်သာ အနားမှာ ရှေနွေးဓာတ်ဘူးကြီးတစ်လုံးချကာ ရေနွေးတစ်ခွက်ပြီးတစ်ခွက်သောက်လိုက်၊ ပြောင်းဖူးဖတ်ဆေးပေါ့လိပ်ကြီးထဖွာလိုက်၊ ပဌာန်းပစ္စယုဒ္ဒေသနိဒ္ဒေသ၊ ဓမ္မစကြာ၊ ဗောဇ္ဈင်္သုတ်၊ ရတနသုတ်၊ မေတ္တာသုတ်တို့ကို မပြတ်မလပ် ရွတ်ဖတ်လိုက်နှင့် မနားရအောင်ရှိနေသည်။ ရပ်ကွက်ထိပ် မီးကင်းထဲကသံချောင်းခေါက်သံနှစ်ချက်ကြားမိလိုတ်သေးသည်။ သို့သော်လည်း သတိကြီးစွာထားနေရင်းကပင် သည်မျက်လုံးများသည် ဘယ်အချိန်ကများ ရုတ်တရက်မှိတ်သွားကြရပါလိမ့်။ ငုတ်တုတ်ထိုင်နေရင်းက မှိတ်သွားသည့် မျက်လုံးများသည် အမျိုးမည်မျှကြာကြာမှိတ်သွားခဲ့ပါလိမ့်။ လန့်နိုးမျက်လုံးဖွင့်လာသည့်အခါကြမ်မာတော့ သမီးမိုးမိုးက သူမအိပ်ရာပေါ်မှာရှိမနေ

www.burmeseclassic.com

www.burmeseclassic.com

တော့ပြီ။ သမီးလေး ဘယ်များပျောက်သွားပါလိမ့်။

■

အဖတ်မပါ အရည်မျှလောက်နှင့် အသက်ဆက်နေရရှာသူ၊ အထိုင်အထကိုပင် လူတွဲနှင့်နေရရှာသူ သမီးမိုးမိုးက နေအိမ်အပေါ်ထပ်မှ ပေ(၁၀၀၀)ကျော်မျှကွာဝေးသည့် ရေကန်ထဲရောက်ရှိသေဆုံးနေရသည့်အဖြစ်ကို မယုံကြည်နိုင်အောင်ဖြစ်နေကြရသည်။ မလိုမုန်းထားသူတစ်ဦးဦးကပင် လုပ်ကြံသတ်ဖြတ်ကြရော့သလား။ ငွေကြေးဥစ္စာတစ်စုံတစ်ရာရလိုမှုကြောင့်လား။ သည်လိုလည်းမဖြစ်နိုင်ပါချေ။ မိုးမိုးက အသားဖြူဖြူ။ သွယ်သွယ်လျလျနှင့် ချစ်ခင်စရာလှပသူ၊ မြင်သူတိုင်းက ချစ်ခင်ကြသောသဘောမနောကောင်းသူလေးဖြစ်သည်။

မိသားစုအားလုံး တွက်ဆမိသည်ကတော့ နေ့လယ်က အသက်ကြီးကြီးယောကျ်ားကြီးတစ်ဦးအသံဖြင့်ပြောဆိုခဲ့သောစကားတို့ကို သက်ာမကင်းဖြစ်မိကြသည်။ ထိုအဖြစ်နောက်ပိုင်း သမီးမိုးမိုးပျောက်သွားကာ ရေကန်ထဲမှာသေဆုံးနေသည့် ရုပ်အလောင်းကိုသာ တွေ့မြင်ကြရတော့သည်။

ထို့ကြောင့်ပင် မသိန်းအေး၊ မိုးမိုး၏ အစ်ကိုဖြစ်သူ မောင်မျိုးဦး၊ မိုးမိုး၏ခင်ပွန်းဖြစ်သူမောင်အောင်ဌေးတို့သုံးဦးစက်ဘီးကိုယ်စီဖြင့် ညောင်ကုန်းရွာသို့ထွက်လာခဲ့ကြသည်။ ညောင်ကုန်းရွာက ဒေါ်ဝိုင်းစိန်က ဗေဒင်လက္ခဏာအဟောကောင်းသည်။ ပူးတာခွာတာတွေလည်းကောင်းသည်။ ကွယ်လွန်သူများ၏ဝိညာဉ်ကိုလည်း ခေါ်ယူမေးမြန်းနိုင်သည်ဆိုသော သတင်းစကားဖြင့် သွားကြတာလည်းဖြစ်ပါသည်။ အားလုံး၏စိတ်ဘဝင်တွင် မိုးမိုးသေဆုံးခဲ့ရခြင်းအပေါ် မတင်မကျနှင့် သံသယတွေများနေရသည်။ ကွယ်လွန်သူအတွက် ကောင်းမှု ကုသိုလ်တွေလည်း ထိရောက်အောင် ပြုပေးချင်သည်။

ဒေါ်ဝိုင်းစိန်နေအိမ်ရောက်လျှင် လာရင်းကိစ္စပြောပြကြသည်။အကြောင်းကိစ္စသိရသည်နှင့် ဒေါ်ဝိုင်းစိန်က ဘုရားဆောင်ညာဘက်ထောင့်ရှိ ဂိုဏ်းပညာပွဲကို ဦးတိုက်ပူဇော်နေပါသည်။ ခဏအကြာမှာ ဒေါ်ဝိုင်းစိန်က သူတို့သုံးဦးဘက်လှည့်လာသည်။

"ဟင် - ကိုကြီး၊ ကိုမျိုး၊ မမအေးတို့ပါလား။ ကျွန်မ မိုးလေးလေ"

ဒေါ်ဝိုင်းစိန်က သည်သို့ပြောလာတော့ သူတို့သုံးဦး အံ့သြမှင်တက်မိနေကြသည်။ မိုးမိုးအသံမှန်း သူတို့သိကြသည်။အခေါ် အဝေါ်တွေကလည်း မိုးမိုးအသက်ထင်ရှားရှိစဉ်တုန်းကခေါ်နေကျအတိုင်းပင်။ မအေးသိန်း နေရာမှထကာ ဒေါ်ဝိုင်းစိန် တစ်ဖြစ်လဲ မိုးမိုးကိုဖက်ကာ ချိုးပွဲချိုလေသည်။ မောင်မျိုးဦး၊ မောင်အောင်ဌေးတို့လည်း မျက်ရည်မဆည်နိုင်ဖြစ်ကြရသည်။

"ငိုတာလည်းငိုပေါ့။ မေးစရာရှိတာလည်းမေးကြဦး"

ဒေါ်ဝိုင်းစိန် တပည့်မတစ်ဦးက မသိန်းအေးကို လက်တို့သတိပေးလာသည်။ သည်အခါ အဓိကသိချင်တာကို မိုးမိုးအစ်ကို မောင်မျိုးဦးက မေးလေသည်။

"အိပ်ရာထဲကမထနိုင်တဲ့မိုးလေးက ဘယ်လိုကြောင့် ရေကန်ထဲရောက်နေရတာလဲ ပြောစမ်းပါဦး မိုးလေးရယ်"

"အဲဒီညက မိုးလေး အိပ်ရာပေါ်မှာရှိနေတုန်း အသားမည်းမည်း ထောင်ထောင်မောင်းမောင်း သျှောင်ထုံးကြီးတွေနဲ့ ဆေးမင်ကြောင်ထိုးထားတဲ့လူကြီးနှစ်ယောက်ရောက်လာပြီး တစ်ယောက်တစ်ဖက်မ,ပြီးခေါ်သွားကြတာ။ အော်လို့လည်းမရ၊ ရုန်းလို့လည်းမရဘူး။ ရေကန်အလယ်လည်းရောက်ရော ပစ်ချလိုက်တာ။ မိုးလေးလည်း ဝမ်းလျှားမှောက်ကျသွားတယ်။ နောက်တော့ နှာခေါင်းထဲရေတွေဝင်ရှဲ့,နှစ်တွေဝင်ပြီး သတိလစ်သွားခဲ့တာ"

"မမအေးတို့လိုက်ရှာနေတုန်း ရေကန်ထဲမှာလို့ပြောလိုက်တာ ညီမလေးလား"

"ဟုတ်တယ်လေ၊ မမအေးတို့လိုက်ရှာနေတာသိလို့ လိုက်ပြောတာပါ"

"အဖြစ်ဆိုးလိုက်တာ ညီမလေးရယ် ဟီး ဟီး ဟီး ဟီး"

မအေးသိန်းသည် ပြောနေရင်းက တစ်ခါငိုပြန်သည်။

"မိုးလေးဟာ ပြန်ရမယ့်အချိန်တန်နေတာပါ။ လောကသယ်မျှဆုတောင်းပြည့်ဘုရားမှာ မိုးလေးတို့သိုက်ရှိတယ်။ အဲဒီဘုရားသိုက်ကို အဘရယ်၊ အစ်မကြီးရယ်၊ မိုးလေးရယ် သုံးဦးကစောင့်ရှောက်ကြရတာ။ သူတို့ခွင့်ပြုချက်နဲ့ လူပြည်မှာ (၃၅)နှစ်ပဲနေခွင့်ရတယ်။ခုတော့ ဘဝဟောင်းကိုပြန်ရတာပါ။ အဖေ၊ အမေနဲ့ မိသားစုအားလုံး သားလေးနှစ်ယောက်ကိုပါ သတိရနေမှာပါ။ သားလေးတွေကို ပညာတတ်အောင်သင်ပေးပါ။ လာမယ့် တန်ခူးလကျရင် ရှင်ပြုပေးပါ။ မိုးလေးစုထားတဲ့ ရွှေငွေတွေရှိပါတယ်။ မမအေးတို့ရော ကိုဌေးပါကောင်းသလိုစီစဉ်ပါ။ အစစအရာရာစိတ်ချပါရစေနော်"

"စိတ်ချပါကွာ၊ ငါလည်း နောက်အိမ်ထောင်မပြုဘဲ သားတွေကို မိုးလေးပြောသလို လုပ်ပေးမယ်နော်။အလှူလုပ်တဲ့အခါလည်း မိုးလေးဆက်ဆက်လာပါနော်"

"ဝမ်းသာပါတယ် ကိုဌေးရယ်၊ မိုးလေးဝတ္တရားမကျေပွန်တာတွေရှိခဲ့တာလည်း ခွင့်လွှတ်ပါ"

"ခွင့်လွှတ်ပါတယ်ကွာ၊ မိုးလေးအပေါ် အပြစ်မမြင်ခဲ့ပါဘူး"

မောင်အောင်ဌေးက ပြောနေရင်းက ဝမ်းနည်းစွာရှိုက်ငိုတော့သည်။

"ရက်လည်ဆွမ်းသွတ်ကျ သေချာဖိတ်မယ် လာခဲ့နော်"

"လာခဲ့မယ် မမအေး၊ မိုးလေးလည်း သံယောဇဉ်ကြီးတန်းတွေကြောင့် ရင်ထုမနာကြေကွဲရပါတယ်။ ကဲ - မိုးလေး ကြာကြာနေလို့မရဘူး၊ သွားပြီနော်။ သားလေးတွေကို တန်ခူးလမှာ ရှင်ပြုဖြစ်အောင်ပြုပေးပါ"

"အေးပါ - ညီမလေးရယ် စိတ်ချ၊ ညီမလေးမှာတဲ့အတိုင်းလုပ်မယ်။ တို့တွေဒီဘဝဒီမျှနဲ့ သေကွဲကွဲကြရပြီပေါ့ ဟီး ဟီး ဟီး ဟီး"

သူတို့သုံးဦးသား မျက်ရည်မဆည်နိုင်အောင် ဝမ်းနည်းငိုကြွေးကျန်ရစ်ခဲ့ကြသည်။

မိုးမိုးကား သူမ၏ဘဝဟောင်းရှိရာသို့ ပြန်သွားခဲ့ပါပြီ။

■

ယခုနှစ် တန်ခူးလဆန်း ၂ ရက်နေ့တွင် မိုးမိုး၏ သားနှစ်ယောက်ကို သာသနာ့ဘောင်သွတ်သွင်းပြီး သာသနာ့အမွေခံယူ အလှူပွဲကြီးလည်း အောင်အောင်မြင်မြင် ပြီးစီးခဲ့ပါပြီ။ ဘဝဟောင်းကိုပြန်သွားရရှာသော မိုးမိုးတစ်ယောက် ကျေနပ်အားရစွာ သာဓုခေါ်ဆိုနိုင်ပါစေ။

တွေ့ကြုံဆုံကွဲ မမြဲသော ဘဝတစ်လျှောက် ပြုသမျှကုသိုလ်ကောင်းမှုအကြောင်းပြုသည် မလွဲကောန် အကျိုးပေးသန်ပါစေသတည်း။

နေဝင်းဝင်း (လွှန်ဆွေ)

www.burmeseclassic.com

www.burmeseclassic.com

အောင်ဆန်းလင်း(ဘီ-အေ)

ခွေးရူးပြန်ရောဂါနှင့်မရော့ပင်၏အစွမ်း

တစ်နေ့ည နေစောင်းအချိန်မှာဖြစ်သည်။ စာရေးသူ၏ ဇနီးဒေါ်အေးအေးသည် ဘုန်းကြီးကျောင်းသို့ ဥပုသ်စောင့်သွားပြီး အိမ်သို့ပြန်ရောက်ရှိလာခဲ့သည်။ ထူးခြားသည်မှာ သူမ၏လက်ထဲတွင် တစ်ပေခန့်အပင်တစ်ပင်ကိုကိုင်ထား၏။

စာရေးသူနှင့်တွေ့ဆုံလျှင် -

"ရော့-ကိုဖိုးအောင်၊ တစ်နေရာမှာ မြေကြီးကိုတူးပြီး စိုက်ထားလိုက်ပေးပါ။ စိုက်ပြီးရင်ရေတစ်ခွက်လောက်လောင်းထားပေးပါ။ အချိန်မဆွဲဘဲချက်ချင်းလုပ်ပါ"

"အိုး - အလောတကြီးနဲ့ ညည်းအပင်ကဘာပင်လဲပြောပါဦး။ ပြီးတော့ မိုးရာသီမဟုတ်ဘဲနဲ့ဒီလိုစိုက်လို့ရရိုးလားကွယ်၊ စဉ်းစဉ်းစားစားလည်းလုပ်မှပေါ့မအေးရဲ့"

"မရော့ပင်လေ၊ တော်လည်းကချင်ပြည်နယ်မှာနေခဲ့တာပဲ မသိဘူးလား။ စိုက်မှာသာစိုက်စမ်းပါ၊ ဒီအပင်မျိုးက အသက်သိပ်ပြင်းတယ်။ ဘယ်အချိန်စိုက်စိုက်ရှင်တယ်၊ ဒီအပင်အကြောင်းကျုပ်ကကောင်းကောင်းသိတယ်"

"ကောင်းပါပြီဗျာ စိုက်ပေးပါ့မယ်။ ဒီအပင်မျိုးက ဘာတွေဘယ်နေရာမျိုးအသုံးချသလဲပြောပါဦး"

"အဆိပ်မှန်သမျှကို ကောင်းကောင်းနိုင်တယ်လေ။ တော်လည်းကချင်ပြည်နယ်မှာနေခဲ့တာ မကြားဖူးဘူးလား။ မြွေဆိုးအဆိပ်၊ ခွေးရူးပြန်အဆိပ်အကုန်ပျောက်တယ်။ ဒီအပင်ကိုပဲ အဆီထုတ်ပြီးမရော့ဆီနဲ့ဆေးကုသတယ်တဲ့။ ကြီးပွားတဲ့ဆေးဆရာကြီးပွားနေပြီ"

ကချင်ပြည်နယ်သူဒေါ်အေးအေးနှင့် ငယ်ရွယ်စဉ်တုန်းက ကချင်ပြည်နယ်မှာ စစ်မှုထမ်းဘဝဖြင့် ကျင်လည်ခဲ့သူ စာရေးသူကသာ မရော့ပင်ဟု ဤအပင်ကို ခေါ်ဝေါ်ပြီး ရန်ကုန်တွင် ဤအပင်မျိုးရှိသော်လည်း နှတ်ပန်းပင်၊ နှတ်ပန်းရွက်ခေါ်ဝေါ်သည်ဟု ထင်ပါသည်။ ထို့ပြင် အဆိပ်ဖြေစေကြောင်း၊ ဆေးဖက်ဝင်ကြောင်းလူများမသိရှိကြပေ။

ပေ (၄၀-၆၀) မြေကွက်ထဲတွင် နေရောင်ခြည်နည်းသဖြင့် အိမ်အပြင်တွင် ဝင်းထရံကိုကပ်လျက်စိုက်ထားရာ ပွေးကိုင်းပင်၊ မရိုးပင်ကိုသာ လူများလာတောင်းတက်၏။ မရော့ပင်ကိုမူ လုံးဝမတောင်းကြပေ။

မရော့ပင်သည် အရွက်စိမ်းကာရည်မျောမျောသဏ္ဌာန်ရှိပြီး အပင်အမြင့် နှစ်ပေသုံးပေထက်မကြီးပေ။ အရွက်ကြွေသည်ကို မတွေ့မြင်ရဘူးပေ။ အပွင့်မပွင့်၊ အသီးမသီးဘဲ အမြစ်မှသာ အပင်ပွားများထွက်ရှိသည်။ အလွန်ပွားများသဖြင့် မကြာမီ ခြုံဖြစ်ပြီး နေရာယူလွန်းသဖြင့် နှုတ်ပစ်နေရသည်။ စိုက်ပျိုးထားသည်မှာ (၅) နှစ်ခန့်ရှိပြီဖြစ်သော်လည်း လက်တွေ့အသုံးပြုရသောဘဝသို့ တစ်ကြိမ်တစ်ခါမျှမရောက်ရှိသေးပါ။

တစ်ခါတုန်းက အိမ်နီးချင်းကပ်လျက်နှစ်အိမ်မှကလေးနှစ်ယောက် လမ်းပေါ်မှာကစားနေကြ၏။ ထိုအချိန် လမ်းအတိုင်းဖြတ်ပြေးလာသောခွေးတစ်ကောင်က ကလေးနှစ်ယောက်စလုံးကိုကိုက်ပြီး ထွက်ပြေးသွားသည်။ နေဝင်ဖျိုးဖျအချိန်ဖြစ်၍ ခွေးကိုမိဘများတွေ့မြင်လိုက်ရခြင်းမရှိတော့ပေ။

ဒဏ်ရာက သွေးထွက်ရုံဖြစ်ပြီး မပြင်းထန်၍ ဆေးခန်းသို့မပြကြဘဲ မိဘများကနေအိမ်မှာပင် သင့်လျော်ရာဆေးလိမ်းပါတ်တီးစည်းထားပေး၏။ တစ်အိမ်ကမိဘသည် မရော့ရွက်ထုထောင်းရသောအရည်ကိုကလေးအား တိုက်ပေးခြင်း၊ ဒဏ်ရာတွင် အရွက်ဖတ်အုံပေးခြင်းလုပ်၏။ အခြားအိမ်က ကလေးအား အလားတူပင်လုပ်ပေးခြင်းမရှိပေ။

တစ်လကျော်ခန့်လောက်အကြာ မရော့ရွက်အသုံးပြုပြီး ဆေးကုသခဲ့သူ ကလေးက ကျန်းမာသော်လည်း အခြားကလေးကား ခွေးရူးပြန်ရောဂါဖြစ်ပွားပြီး အသက်ဆုံးရှုံးခဲ့ရသည်ဟုဆို၏။

ဤအဖြစ်အပျက်ကို စာရေးသူသည် လစဉ်ထုတ်မဂ္ဂဇင်းတစ်အုပ်တွင် ဖတ်ရှုခဲ့ခြင်း ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း (၂၀) ခန့်က ဖတ်ရှုခဲ့ခြင်းဖြစ်၍ မဂ္ဂဇင်းအမည်နှင့် စာရေးသူကိုကား မမှတ်မိတော့ပါ။ မဂ္ဂဇင်းပါဖြစ်ရပ်ကြောင့် မရော့ပင်၏အစွမ်းက ခွေးရူးဆိပ်ကို ကောင်းစွာ ချေဖျက်နိုင်ကြောင်း ခန့်မှန်းသိရှိနိုင်ပါသည်။

ခွေးကိုက်ခံရပြီး ခွေးရူးဆိပ်သင့်ကာ သေဆုံးတိုင်း ကျန်ရစ်သူကို 'အဘယ်ကြောင့် ကြိုတင်ဆေးဝါးကုသမှုမပြုခဲ့သနည်း' ဟု မေးမြန်းလျှင် ကိုက်သောခွေးသည် ခွေးရူးမှန်းမသိ၍ဖြစ်ကြောင်း ဖြေကြပေလိမ့်မည်။ ခွေးကိုက်ခံရတိုင်း ပေါ်ဆန နေဘဲ ခွေးရူးပြန်ကာ ကွယ်ဆေးကိုသာ ညွှန်းရုံရှိပါသည်။

မရော့ပင်ကိုညွှန်းရန်အတွက်တော့ စာရေးသူမှာ လုံလောက်သော အတွေ့အကြုံမရှိသေးပါ။ (ဆေးဝါးပညာရှင်များသုတေသနဆောင်ရွက်သင့်သော ကိစ္စတစ်ခုလည်းဖြစ်ပါသည်)။

မြွေဆိုး၏အဆိပ်ဖြစ်စေ၊ ခွေးရူး၏အဆိပ်ဖြစ်စေ လူကိုအသက်သေစေနိုင်စွမ်းရှိကြသည်သာ ဖြစ်ကြ၏။ မြွေပွေး၊ မြွေဟောက်ဟူသော မြွေနှစ်မျိုးသာ လူ့အသက်ကို ဒုက္ခအပေးဆုံးဖြစ်ကြ၏။ ထိုမြွေဆိုးများ၏အဆိပ်သည် အကိုက်ခံရပြီး လူ့ခန္ဓာကိုယ်ရှိသွေးကြောမှတစ်ဆင့် ချက်ချင်းပျံ့နှံ့နိုင်၍ နာရီအနည်းငယ်အတွင်း လူတို့အသက်သေနိုင်စွမ်းရှိပါသည်။

ခွေးရူးဆိပ်ကား ထိုသို့မဟုတ်ပေ။ ခွေးရူးအကိုက်ခံရပြီးနောက် တစ်လကျော်ခန့်ကြာနောက်ပိုင်းမှသာ လူကိုသေစေနိုင်စေ၍ ခွေးရူးဆိပ်သည် လူ၏ခန္ဓာကိုယ်အတွင်း ရောဂါပိုးပျံ့နှံ့ပုံနှုန်းကွေးကြောင်း သိရှိနိုင်လေသည်။ ဤသို့ပိုးပျံ့နှံ့ပုံနှုန်းကွေးမှုကပင် ဆေးကုသရန်အချိန်ပေးသလိုလည်းဖြစ်နေ၏။

ခွေးရူးပြန်ရောဂါကာကွယ်ဆေးသုံးစွဲရန် ဆေးဝါတန်ဖိုးကြီးမား၍ မတတ်နိုင်ခြင်း၊ အခြေအနေအကြောင်းကြောင်းကြောင့် ဆေးဝါးလက်လှမ်းမမီလျှင် ဆေးမကုသဘဲမနေသင့်ပေ။ မည်သည့်ခွေးက အကိုက်ခံရသည်ဖြစ်စေ မရော့ရွက်ဖြင့် အမြန်ဆေးကုသလိုက်ခြင်းပြုပါက မမှားနိုင်ပေ။

မရော့ပင်ကို အလျင်အမြန်သုံးစွဲနိုင်အောင် မိမိတို့အိမ်များမှာ အသင့်စိုက်ပျိုးထားနိုင်လျှင် ကောင်းပါသည်။ အိုး နှင့်စိုက်လျှင်လည်း ရနိုင်သောအပင်မျိုးဖြစ်ပါသည်။ မရော့ပင်မျိုးရလို၍ဖြစ်စေ အရေးပေါ်သုံးစွဲရန်ရှိ၍ဖြစ်စေ အလိုရှိလျှင် -

စာရေးသူ၏ ဖုန်းနံပါတ်ဖြစ်သော ၀၉-၃၉၅၁၂၇၂၀ သို့ ဆက်သွယ်ရယူနိုင်ပါသည်။

စာရေးသူက ရန်ကုန်မြောက်ဥက္ကလာပတွင်နေထိုင်ပါသည်။

နွယ်မြက်သစ်ပင်ဆေးဖက်ဝင်ကြောင်း၊ အနာသိကဆေးရှိကြောင်းလည်း ဖြည့်စွက်ပြောကြားလိုပါသည်။

အောင်ဆန်းလင်း (ဘီအေ)

www.burmeseclassic.com

www.burmeseclassic.com

(တစ်)

"စုန်း ကိုးဆယ့်ကိုးကျော်ရင် ဝိဇ္ဇာဘက်ကူးလို့ရတယ်ကွ၊ အကျင့်သီလနဲ့ စရဏအား ကျင့်ကြံကြိုးကုတ်မှုကောင်းဖို့တော့လိုတာပေါ့"

"မှန်လှပါ၊ ကိုးဆယ့်ကိုးဆိုတာ အဆင့်ကိုပြောတာလားဘုရား"

"အေး - သူတို့ပညာခွင်ပြောတာပေါ့ကွာ၊ ကြိုးလို့လည်းပြောလို့ရတယ်"

"အဲဒီ ကိုးဆယ့်ကိုးမျိုးက ဘာတွေလဲဘုရား"

"ဘုရားဟောတဲ့ အဂ်ံတ္တိရိပါဠိတော်မှာပြတာက ခြေစုန်း၊ ခေါင်းစုန်း၊ ကိုယ်စုန်း၊ မောက်လုံးစုန်း၊ မောက်ပြားစုန်း၊ အိန္ဒ်တလိန့်စုန်း၊ ကဝေမြောက်စုန်းဆိုပြီး ခုနစ်မျိုးရှိတယ်"

"ခြေစုန်း၊ ခေါင်းစုန်း၊ ကိုယ်စုန်းတို့ က လူကိုသေအောင်မဖမ်းစား မကြံစည်နိုင်ကြဘူး။ မောက်လုံး၊ မောက်ပြား၊ အိန္ဒ်တလိန့်၊ ကဝေမြောက်စုန်းတွေကတော့ လူကိုသေအောင်ဖမ်းစားကြံစည်နိုင်တဲ့တန်ခိုးသတ္တိရှိကြတယ်။

အကျယ်ကိုပြောရမယ်ဆိုရင် စမည်းတိုင်စုန်း (၆) မျိုး၊ ရူပဝိပရိစုန်း (၆) မျိုး၊ ကုဋ္ဌဒီပပွစုန်း (၁၂) မျိုး၊ စက်စုန်း (၄)မျိုး၊ နာနာရုပ်စုန်း (၉) မျိုး၊ ကုလဝံသစုန်း (၇) မျိုး၊ ဗာလိန်စုန်း (၇) မျိုး၊ ကဝေဗျှစုန်း (၉) မျိုး၊ တေဇစုန်း (၆) မျိုး၊ ဂန္ဓဗ္ဗစုန်း (၇) မျိုး၊ သက္ခစုန်း (၇) မျိုး၊ နာဂဝံသစုန်း (၄) မျိုး၊ တိရိစ္ဆာန်စုန်း (၉)မျိုး၊ စက္ကာလစုန်း (၆) မျိုး၊ စုစုပေါင်း စုန်း (၉၉) မျိုးဖြစ်တယ်။

ဝိဇ္ဇာလောကမှာ 'သံဒေဝီမယ်တော်ကြီး' ဆိုတာရှိတယ်။ သူက အဲဒီပညာတွေကို တစ်ဖက်ကမ်းခပ်တတ်မြောက်ပြီး ဝိဇ္ဇာဘက်ကူးလာတာ၊ သံသနာပြုနေကြတဲ့သူတွေကို အတိုက်အခိုက် အနှောင့်အယှက်တွေ့မရှိအောင် ကာကွယ်စောင့်ရှောက်ပေးနေတယ်လေ"

ကျွန်တော်၏ဆရာတစ်ဆူဖြစ်သည့် ဆရာတော်မှ မိန့်ကြားချက်ဖြစ်ပါသည်။

ထိုနေ့က ထိုအကြောင်းများကို ပြောဖြစ်ကြခြင်းမှာလည်း အကြောင်း

တိုက်ဆိုင်မှုတစ်ခုရှိခဲ့ပါသည်။ ကျွန်တော် ကျောင်းသို့ရောက်သွားသည့်အချိန်တွင် အသက်ငါးဆယ်ပတ်ဝန်းကျင်ခန့် ဖြူဖြူခန့်ခန့်နှင့်လူရည်သန့်သန့်အမျိုးသမီးကြီး တစ်ဦးရောက်နေပါသည်။

ထိုအမျိုးသမီးကြီးက -

"မှန်လှပါဘုရား၊ ခုတစ်လောတပည့်တော်ဘယ်လိုဖြစ်နေတယ်မသိပါဘူး။ ပါးစပ်ကပြောလိုက်သမျှ လိုက်ဖြစ်နေတယ်ဘုရား။ ဟိုတစ်လောက တပည့်တော်အိမ်ရှေ့မှာ လည်းကွဲအော်ဟစ်ပြီး ရူးမူးဆဲဆိုကြိမ်းမောင်းနေတဲ့အုံးမောင်ကို တပည့်တော်က ဒီကောင်တော်တော်ဆိုးနေပါလား။ သင်းတော့-ဒီပုစဉ်းနဲ့ဆို အသက်တိုတော့မှာဘဲလို့ပြောလိုက်မိတာ ညလည်းကျရော အုံးမောင်သေတယ်လို့ ကြားရတော့တယ်ဘုရား။

ဒါတင်မကပါဘူး။ ဟိုတစ်နေ့က ရွာထဲကလူမိုက်လိုလိုလူဆိုးလိုလိုကောင် တင်မြက အိမ်ကခွေးလေး သူ့ကို ဟောင်ရပါမို့လားဆိုပြီး လက်ထဲမှာပါတဲ့ တုတ်နဲ့ပစ်သွားတာ ခွေးလေးခြေထောက်နာသွားခဲ့ပါတယ်။ ဒါနဲ့ တပည့်တော်က ဟဲ့ - တင်မြရဲ့ နင်တော်တော်မိုက်ပါလား၊ အေး - နင်တော့ ငါခွေးခံရသလိုခံရတော့မယ်လို့ပြောလိုက်မိတယ်ဘုရား။ အဲဒါ နောက်နေ့မှာ တင်မြတစ်ယောက် နွားနင်းခံရလို့ ပေါင်ကျိုးသွားတယ်ကြားရတော့တာပဲ။

ဟိုတုန်းက အဲသလိုမဟုတ်ဘူး။ တပည့်တော်ပြောလိုက်ရင် ဖြစ်တော့ဖြစ်တတ်တယ်။ ဒါပေမယ့် ခုလောက်ချက်ချင်းကြီးမမြန်ဘူး၊ ခုတော့ ပြောလိုက်တာနဲ့ဖြစ်ဖြစ်နေတော့ လူတွေက တပည့်တော်ကိုကြောက်ပြီး ရှောင်ကုန်ကြပြီဘုရား။ အဲဒါ တပည့်တော်ဘာဖြစ်မှန်းမသိလို့ တပည့်တော်ကို ကယ်မစောင့်ရှောက်ပေးတော်မူပါဦးဘုရား"

ထိုအမျိုးသမီးကြီးက သူ၏ဖြစ်စဉ်ကို ဆက်တိုက်ပြောပြနေဝါသည်။ သူ၏ ပုံသဏ္ဌာန်မှာလည်း စိတ်မကောင်းခြင်းများစွာဖြစ်နေပြီး အလွန် ဝမ်းနည်းကြေကွဲနေပုံ ရပါသည်။ သူ့စကားဆုံးသည်နှင့် ဆရာတော်မှ သူ့အား စူးစိုက်ကြည့်နေပါသည်။ ထို့နောက်မှ ကောက်ခါငင်ကာ မိန့်ဟလိုက်ပါသည်။

"ဒကာမကြီး ဒီပညာကို မြှုတ်နှိုးလို့ ယူထားတာလား"

ဟာသာတမင်းခန့်ဟိန်း

စုန်းကိုးဆယ့်ကိုး ဘယ်လိုမျိုးရှိပါစေ

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ မိန်းမကြီးသည် ဘုမသိဘမသိ ဘူးကြောင်ကြောင်ဖြစ်နေပြီး လျှောက်ထင်လိုက်ပါသည်။

"ဘုရား၊ ဘယ်ဘယ်ပညာကိုပြောတာလဲဘုရား"

"အင်း- ဒကာမကြီးကမသိဘဲကိုး။ ဆို့နေပါဦး၊ ဒကာမကြီးတို့ ဆွေမျိုးသားချင်းတွေထဲမှာ စုန်းတို့၊ ကဝေတို့တတ်တဲ့ ပညာသည်များရှိဖူးသလား"

"မှန်လှပါဘုရား၊ တပည့်တော်ကို အချစ်ဆုံး အဒေါ်တစ်ယောက်ကတော့ တတ်တယ်လို့ကြားဖူးပါတယ်"

"အေး- ဒါကြောင့်ဒီလိုဖြစ်တာကိုး။ ဒီလို ဒကာမကြီးရေ အဲဒီအဒေါ်က သူ့အချစ်ဆုံးတူမလေးကို လူစော်ကားမခံရအောင် သူသေဆုံးခါနီးမှာ ဒီပညာကို လက်ဆင့်ကမ်းခဲ့တာပဲ။ ဒါပေမယ့် တူမဖြစ်တဲ့ဒကာမကြီးကမသိဘူး။ ပြီးတော့ သာသနာပြုတဲ့ဘက်၊ တရားဘာဝနာပွားများအားထုတ်တဲ့ဘက်မှာ ဝါသနာပါလေတော့ သာသနာပြု၊ တရားထိုင်၊ ပုတီးစိပ်အလုပ်တွေမပြတ်လုပ်ရင်း နဲ့ ဒကာမကြီးရဲ့ပညာက ပိုမိုပြီးရေမြင့်တော့ကြာတင့်ဆိုသလိုဖြစ်ခဲ့ရတာ"

"ဒီလိုဆို့ရင်ဘုရား၊ ဒီပညာကို တပည့်တော်မလိုချင်ပါဘူး လျှူပါရစေဘုရား"

"ဒကာမကြီး တကယ်မြတ်နိုးတွယ်တာမှုမရှိမှပြောနော်၊ တော်ကြာမပစ်ရက်ရက်ပစ်ရက်ရက်နဲ့ လျှူလိုက်ရင် ဘုန်းကြီးအာပါတ်သင့်တယ်"

"မှန်လှပါ။ တပည့်တော်မှာ ဒီပညာတွေတတ်နေတာလည်း မသိပါဘူးဘုရား။ လိုလည်းမလိုချင်ပါဘူးဘုရား။ တပည့်တော် ဘုရားတရားအလုပ်နဲ့ သာသနာပြုအလုပ်တွေကို အေးအေးချမ်းချမ်းလုပ်လိုလှပါတယ်ဘုရား"

"ကဲ - ကောင်းပြီလေ ဒါဆိုလည်း ကျုပ်အလှူခံလိုက်ပါမယ်"

ဆရာတော်သည် ထိုမိန်းမကြီးကို ငါးပါးသီလခံစေပြီး ဆုံးမသြဝါဒပေးပြီးနောက် သူ၏ပညာများကို အလှူခံယူပြီး၍ အမျှဝေသာဓုခေါ် စေခဲ့ပါသည်။

"ကဲကဲ - ဒကာမကြီး၊ စိတ်ချမ်းသာစွာပြန်ပေတော့။ အရင်ကလို မဖြစ်တော့တူး"

ဟု မိန့်ဆိုလိုက်ရာ ဝမ်းသာအားရဖြင့် ဦးချ၍ ပြန်သွားပါတော့သည်။

ထိုအခါ ကျွန်တော်က ဆရာတော်အား လျှောက်ထားရာ -

"အရှင်ဘုရား၊ အဲဒါအမှန်လားဘုရား"

"ဟကောင်ရ အမှန်တွေပေါ့ကွ၊ မထူးဆန်းဘူးလား"

"နေပါဦး အရှင်ဘုရားက အဲဒီပညာတွေ အလှူခံလိုက်တော့ အရှင်ဘုရားရတာပေါ့"

"ဟေ့ - ဘုန်းကြီးက ဒီပညာကို ဘယ်ဆောင်ကောင်းမှာလဲ၊ အလှူခံပြီး ပညာသိုက်ထဲကိုပို့လိုက်တာပေါ့ကွာ။ ဒီဒကာမကြီးပညာကမသေးဘူး။ သူ့ကြောင့် ဆိုပြီး ဆရာနဲ့ ပွဲမထိုးနဲ့။ အဲဒီပွဲပေါ် သူကတက်ထိုင်လို့ရတဲ့အဆင့်မောင်ရဲ့"

"အဲဒီလောက်မြင့်သလားဘုရား"

"ဟကောင်ရ စုန်းဆယ့်နှစ်ကြိုးလောက်တတ်ရင်တောင် သတ်ပြောင်းသတ်ခွာ ရုပ်ပြောင်းရုပ်လွှဲလုပ်လို့ရတယ်၊ အရမ်းထက်မြက်ကြတယ်၊ သူတို့ကိုသိပ်ပြီးမနိုင်နိုင်ဘူး"

■

ထိုစဉ်က ကျွန်တော်သည် မယုံတစ်ဝက်ယုံတစ်ဝက်ဖြင့် စိတ်ထဲတွင် ဘဝင်မကျလှပါ။ သည်လိုနှင့် မှေမှေပျော်ပျော်နေလာခဲ့ရာမှ တစ်နှစ်တွင် ကျွန်တော်၏သမီးမှမွေးသည့် မြေးမလေး (၄) လအရွယ်မှာ အူစွတ်သည့်ရောဂါဖြင့် ဆေးရုံတက်ဝိုက်ခွဲရပါတော့သည်။

ကျွန်တော်တို့ ဟင်္သာတမှကလေးအထူးကုဆရာဝန်၏ ညွှန်ကြားချက်အရ ရန်ကုန်မြို့ ရန်ကင်းကလေးဆေးရုံကြီးသို့ ချက်ချင်းသွားရောက်ခဲ့ရပါသည်။ ရန်ကင်းဆေးရုံကြီးမှာ ကလေးအထူးကုဆေးရုံကြီးဖြစ်ပြီး ဆရာဝန်၊ ဆရာမ၊ ဆေးဝါးအလွန်ပြည့်စုံလှပါသည်။ လူနာကလေးများကိုလည်း အထူးဂရုစိုက်ကုသပေးသည့်အပြင် ဆင်းရဲချမ်းသာမရွေးတက်ရောက်ကုသနိုင်စေရန် စေတနာအပြည့်အဝပေးသည်ကိုလည်း တွေ့ရပါသည်။ ငွေကြေးမတတ်နိုင်သူများကို အခမဲ့ကုသပေးသည်။ ဆေးဖိုးဝါးခမှာလည်း စျေးနှုန်းအလွန်ချိုသာလှပါသည်။ ဆေးရုံအဆောင်အဆုံကလည်း ခေတ်မီအဆောက်အအုံဖြစ်ပြီး ခွဲစိတ်စမ်းသပ်ကိရိယာအစုံရှိပါသည်။ တစ်နေ့လျှင် ကလေးနှစ်ဆယ်မှ ငါးဆယ်အထိ ခွဲစိတ်ကုသပေးလျက်ရှိပါသည်။ ဤဆေးရုံကြီးသို့ ကျွန်တော့်မြေးမလေးတက်ရောက်ကုသခွင့်ရသည်မှာ အလွန်ကံထူးလှသည်ဟု ခံစားရပါသည်။ ဤဆေးရုံကြီးကို လမ်းညွှန်ပေးသော ဟင်္သာတမြို့မှ ကလေးအထူးကုဆရာဝန်ကြီးကိုလည်း ကျေးဇူးအထူးတင်နေမိပါသည်။

ကျွန်တော့်မြေးမလေးမှာ ယနေ့လို ညဘက်ဆေးရုံတက်ပြီး နောက်နေ့ခွဲခန်းဝင်ရပါသည်။ ခွဲစိတ်မှုကလည်း ကျွမ်းကျင်၊ ဆေးဝါးကလည်းကောင်းလှသဖြင့် မြေးမလေးအား အောင်မြင်စွာခွဲစိတ်နိုင်ခဲ့ပါသည်။ ကျွန်တော်တို့လည်း ကလေးခွဲစိတ်ပြီးမှ 'ဟင်း' ချနိုင်ကြပါသည်။ ထိုအခါမှဘဲ ဆေးရုံကိုလှည့်ပတ်လေ့လာနိုင်ပါတော့သည်။ မြေးမလေးတို့အခန်းမှာ အခန်းရှည်ကြီးဖြစ်ပြီး ကလေးကုတင် (၁၈) လုံး၊ (၂၀) ခန့်ဆံ့ပါသည်။

မြေးမလေးကအလယ်ဗဟိုလောက်မှာရှိပြီး သူနှင့်တစ်တန်းတည်း လက်ယာဘက်အစွန်ဆုံးတွင်ဆေးရုံတက်နေသောကလေးမှာ ထူးခြားလှပါသည်။

သူ၏ဝိုက်ကြီးမှာ ဖျဉ်းစွဲနေသလို ရှိပြီး ဖျဉ်းလည်းမဟုတ်၊ ဓာတ်မှန်ရိုက်ကြည့်သည့်အခါ၌လည်းဘာမှမရှိရောဂါလည်းရှာမတွေ့၊ တစ်ခါလည်း ဝိုက်ခွဲပြီးပြီ ဘာမှမရှိ။ သို့သော်လည်း ကလေးလေးမှာ မချိမဆံ့ခံစားနေရသည်။ အော်ဟစ်နေရသည်။ တစ်ခါတစ်ရံတွင် စုန်းပူးသလိုလိုသရဲပူးသလိုလိုဖြစ်ပြီး ကလေးပါးစပ်မှ ပြောဆိုနေတတ်သည်။ သူပြောသည့်စကားများမှာ ထူးခြားသည်-

"အေး-ဘယ်နှယ်လဲဟင် နင်တို့မှတ်ပြီလား။ သူ့ကိုဒီနေ့ငါအပါခေါ်တော့မှာ ဟား ဟား ဟား။ နင်တို့ဘာနဲ့တားတားမရဘူးဟဲ့။

နင်တို့ကိုယ်နင်တို့ ဟုတ်လှပြီထင်နေတာ ဘယ့်နှယ်လဲ နင်တို့မာနကြီးကြဦးလေ။

နင်တို့ကိုယ်နင်တို့ ပိုက်ဆံရှိတယ်ဟုတ်လား။ ဒီကလေးက အကျိုးပေးတယ်ဟုတ်လား၊ ကဲ-ခုဘာတတ်နိုင်သေးလည်း ဟင်း ဟင်း ဟင်း"

စသည်ဖြင့် ကလေး၏ရုပ်အဆင်းအဂီါမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင်ပြောင်းလဲပြီး အသံမှာလည်း ကလေးသံမဟုတ် ကြောက်စရာအသံအကြီးဖြင့်ပြောနေခြင်း ဖြစ်ပါသည်။ အနီးဝန်းကျင်ရှိ ကလေးမိဘများမှာ ထိုကလေးထံသာ အာရုံရောက်နေကြပြီး စိတ်ဝင်တစားဖြင့် ငိုင်းဝန်းမေးမြန်းကြပါသည်။

ထိုအခါ ကလေး၏မိခင်လျှ-

"ကျွန်မတို့က အခင်ကြီးရဲပါတယ်။ သားတွေလည်း မှုန်းကျောင်း

www.burmeseclassic.com

www.burmeseclassic.com

ထားရတယ်။ ကျွန်မအိမ်မှာ အိမ်ဆိုင်လေးဖွင့်ထားတယ်။ ယောကျ်ားလုပ်တဲ့သူက ရရာကျပန်းလုပ်ကိုင်နေရတယ်၊ အိမ်ဆိုင်လေးကလည်း ပစ္စည်းစုံအောင်မတင်နိုင်တော့ ဝယ်သူနည်းလှပါတယ်။ ကျွန်မလည်း သားသမီးမရတော့ဘူးလို့ ထင်နေတာ ခုလက်ရှိအလတ်ကောင်နဲ့ ဆယ်နှစ်ကျော်ကျော်လောက်ကွာပြီးမှ ဒီကလေးကို ကိုယ်ဝန်ထပ်ရတာ အကျိုးပေးတယ်လို့ ပြောရမှာပါဘဲ့။ သူ့ကိုမွေးကတည်းက ကျွန်မသားအကြီးကောင်ကကျောင်းပြီးပြီးချင်း စင်ကာပူမှာအလုပ်ရပါထယ်။

သူကပြန်လည်ထောက်ပံ့ပေးတော့ ကျွန်မတို့ချောင်လည်လာတယ်၊ အိမ်ကကုန်စုံဆိုင်ကိုလည်း တိုးချဲ့ပြီးရောင်းတယ်။ ဩော် - ကျွန်မပြောဖို့တစ်ခုမေ့နေတယ်။ ကျွန်မလိုဘဲ ကုန်စုံဆိုင်အိမ်ဆိုင်ပေါ့။ ကျွန်မတို့နဲ့တစ်လမ်းထဲက မျက်နှာချင်းဆိုင်ခြောက်အိမ်ခုနစ်အိမ်ကျော်လောက်မှာ တစ်ဆိုင်ရှိတယ်၊ ကျွန်မဆင်းရဲနေတုန်းကတော့ သူတို့ဆိုင်က အရမ်းရောင်းရတယ်။ ကျွန်မငွေကြေးချောင်လည်လာတော့ ဆိုင်လေးကိုတိုးချဲ့ပြီး ပစ္စည်းမျိုးစုံတင်လိုက်တဲ့အခါ ဆက်ဆံရေးနဲ့ စျေးနှုန်းကအစ ကွာခြားတော့ ကျွန်မဆိုင်မှာပဲဝယ်ကြတယ်။အဲဒါကို သူတို့ကမကျေနပ်ကြဘူး။ တစ်နေ့မှာ နယ်ကဖောက်သည်တစ်ဦးက ကျွန်မထံလာစျေးဝယ်တော့ကျွန်မကရောင်းတယ်။ အဲဒီဖောက်သည်က သူတို့ဖောက်သည်ဖြစ်နေတယ်။ အဲဒီမှာ သူတို့နဲ့စကားများတယ်။ ကျွန်မက မသိလို့ ရောင်းမိတာပါလို့ပြောလည်းမရဘူး။ တစ်နေ့နေ့ ငါ့အကြောင်းသိစေရမယ်ဆိုပြီးကြိမ်းတယ်။

ကျွန်မတို့လူကြီးချင်းသာမတည့်တာ ကျွန်မသားငယ်နဲ့ သူတို့ကလေးနဲ့က ကျောင်းနေဖက် သိပ်ခင်တဲ့သူငယ်ချင်းတွေဖြစ်နေတယ်။ လူကြီးတွေက ကျွန်မသားလေးကို အမျိုးမျိုးရန်ရှာတယ်။ ဒါပေမယ့် ကျွန်မသားလေးက ရည်ရည်မွန်မွန်နဲ့ပြောတတ်ဆိုတတ်ပြီး သူတို့ကလေးနဲ့ သူငယ်ချင်းဆိုတော့ ကလေးကိုလုပ်ဖို့ခက်နေတယ်။ နောက်တော့ သူတို့ကလေးဆီမှာ မုန့်ကိုပေးလိုက်ပြီး ကျွန်မသားလေးကိုကျွေးခိုင်းတယ်။သားကလည်း သူငယ်ချင်းကျွေးတာပဲဆိုပြီး စားလိုက်မိတယ်။ အဲဒီကစပြီး ဒီရောဂါဖြစ်တော့တာပါပဲရှင်”

ထိုစဉ် ကလေးမှာ တအားထ၍ အော်လိုက်ရာ ဆရာ့ ဆရာမများ ရောက်လာကြပြီး ဆေးထိုးဆေးသွင်းလုပ်ပါသည်။ ပြီးတော့ ဆရာမတစ်ယောက်က -

“ကဲ - အဒေါ် ကျွန်မတို့ဘက်ကတော့ လုပ်သင့်လုပ်ထိုက်တာမှန်သမျှ အကုန်လုပ်ပေးပြီးပြီ။ အခြားနည်းလမ်းရှိရင်လည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့လုပ်ကြည့်ပါဦး”

ဟု ပြောလိုက်ရာ အားလုံးကလည်း-

“ဟုတ်သားပဲ ပယောဂဆရာတွေနဲ့ရောမကုဘူးလား၊ ကုကြည့်ပါလား”

ဟု အမျိုးမျိုးပြောကြသည်။

ကလေးမိခင်မှ -

“ဒီနေ့ရင်းနှီးတဲ့ဆရာတစ်ယောက်ကို ပင့်ဖိတ်ထားပါတယ်။ ဒီနေ့ညလာမယ်ပြောပါတယ်။ ကျွန်မလည်း ပယောဂဆရာတွေစုံနေပြီကုလို့မရပါဘူး။ အခြားနည်းလမ်းတွေကလည်းစုံနေအောင်လုပ်ပြီးပါပြီ မရပါဘူး”

ဟူ၍ ယူကျုံးမရပြောပြပါသည်။

ဤသို့ဖြင့် ညမိုးချုပ်သွားပါပြီ၊ ကလေးမိခင်ပြောသည့် ပယောဂဆရာလည်းရောက်နေပြီး ဂါထာမန္တန်များကို အသံအနေအသံထားဖြင့် ရွတ်ဖတ်မန်းမှုတ်နေပါသည်။ ထိုသို့ ရွတ်ဖတ်နေစဉ်ထိုကလေးမှာ မခန့်လေးစားပုံဖြင့် ဒူးကိုချိတ်၍နှုန့်နေပြီး မျက်နှာအမူအရာမှာ မထိလေးစားအမူအရာပြက်ာ : တစ်ခါတစ်ရံ ဟားတိုက်၍ရယ်နေပါသည်။ ပယောဂဆရာလည်း လုပ်စရာရှိသည်များအားလုံးလုပ်ပြီး ပြန်သွားပါသည်။ ကလေးက မသက်သာသည့်အပြင် အခြေအနေပိုဆိုးလာပါသည်။ ည သန်းခေါင်ယံအချိန်တွင် ကလေးလေးသေဆုံးသွားပါသည်။ ထိုကလေးသေသည်နှင့် ထူးခြားသည်မှာ အခန်းထဲရှိကလေးအားလုံး တစ်ပြိုင်တည်းထ၍ငိုကြပါသည်။ ကလေးအလောင်းကိုထုတ်ပိုးပြီး ဆေးရုံမှထုတ်သွားသည့်အချိန်မှသာ ကလေးများအငိုတိတ်သွားကြပါသည်။

■

ကျွန်တော်လည်း စိတ်မကောင်းခြင်းများစွာဖြစ်ပြီး သြော် - ဆရာဘုန်းဘုန်းပြောခဲ့ဘူးသည့် စုန်းကိုးဆယ့်ကိုးထဲက ပညာတစ်ခွင်ခွင်နှင့်လုပ်တာများဖြစ်နိုင်လိမ့်မည်လား၊ ငါမြေးမလေးတစ်ခုခုဖြစ်လေမည်လား စသည်ဖြင့်တွေးမိပြီး စိုးရိမ်ပူပန်နေမိပါသည်။ တစ်ဆက်တည်းမှာဘဲ ဆရာတော်၏ မိန့်ကြားချက်ကို မိန့်ကြားချက်ကို ဆက်လက်ပြီးကြားမိပြန်ပါသည်။

“ဒါဆို သူတို့လုပ်သမျှခံရတော့မှာလားဘုရား”

“အေးကွ - တစ်ခုတော့ရှိတယ်။ ဘယ်လောက်ပဲအစွမ်းထက်တဲ့ ပညာရှင်တွေရဲ့ အတိုက်အခိုက်တွေဘဲဖြစ်ဖြစ် နတ်မင်းကြီးလေးပါးဘုရားရှိခိုးကို ယုံယုံကြည်ကြည်လေးလေးစားစားနဲ့ရွတ်ဖတ်ပူဇော်မယ်ဆိုရင် အဲဒီအတိုက်အခိုက်တွေရဲ့ အန္တရာယ်တို့ကို ကာကွယ်နိုင်တယ်။ နတ်မင်းကြီးလေးပါးဘုရားရှိခိုးဆိုတာ ဒီလိုကွယ်”

နတ်မင်းကြီးလေးပါးဘုရားရှိခိုး

■ ဇိန် ဝန္ဒထဂေါတမံ၊
ဇိန် ဝန္ဒမဂေါတမံ၊
ဝိဇ္ဇာစရဏသမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမဂေါတမံ။ ။

အဓိပ္ပာယ်က -

ဇိနံဝန္ဒထဂေါတမံ-မာန်ငါးပါးကိုအောင်မြင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ပူဇော်ကန်တော့ကြပါကုန်လော့။ ဇိနံဝန္ဒမဂေါတမံ - မာန်ငါးပါးကိုအောင်မြင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ပူဇော်ကန်တော့ပါ၏။ ဝိဇ္ဇာစရဏသမ္ပန္နံ - ရန်အပေါင်းကို အောင်မြင်တော်မူသော ဝိဇ္ဇာသုံးပါး၊ဝိဇ္ဇာရှစ်ပါး၊ စရဏတရားတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓံဝန္ဒာမဂေါတမံ -သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင်သိမြင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။ ။

“အဲဒီ နတ်မင်းကြီးလေးပါးဘုရားရှိခိုးကို မိမိမှာအန္တရာယ်တစ်ခုခု၊ အတိုက်အခိုက်တစ်ခုခု အကြောင်းကြုံကြိုက်တဲ့အခါ ဂေါတမမြတ်စွာဘုရားကို စိတ်ထဲကရည်မှန်းပြီး အနည်းဆုံးပုတီးတစ်ပတ် (၁၀၈) ခေါက်၊ တတ်နိုင်ရင်တော့ တတ်နိုင်သလောက် ရွတ်ဖတ်ပူဇော်မယ်ဆိုရင် အတိုက်အခိုက်ရန်တွေကို ကျော်လွှားနိုင်တယ်။ နေ့စဉ်ဘုရားရှိခိုးတိုင်း ရွတ်ဖတ်ပူဇော်သွားမယ်ဆိုရင်တော့ ကြိုတင်ကာကွယ်မှုအကောင်းဆုံးပဲကွ”

ကျွန်တော်လည်း ဆရာတော်၏ မိန့်ကြားချက်အတိုင်း နတ်မင်းကြီးလေးပါးဘုရားရှိခိုးကို ဆေးရုံပေါ်တွင် အကြိမ်ပေါင်းများစွာ ရွတ်ဖတ်နေမိပါတော့သည်။

ဟသ်ာတမင်းခန့်ယုဒ်နိုး

www.burmeseclassic.com

www.burmeseclassic.com

ပြတ္ဟစိုရ်တရားလေးပါး ဟူသည်မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားတို့ကို ပါဠိဘာသာအားဖြင့် 'ပြဟ္မဝိဟာရ' ဟု ခေါ်၏။ ပြဟ္မ-မြတ်သော + ဝိဟာရ = နေခြင်း' သတ္တဝါတို့အပေါင်းတို့အပေါ်၌ မေတ္တာပွား၍ဖြစ်စေ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့တွင် တစ်ပါးပါးပွားများနေခြင်းဖြင့် မြင့်မြတ်သောနေခြင်းဖြစ်သည်ဟု ဆိုလိုသည်။ ထိုကဲ့သို့ ပွားများ၍နေထိုင်ခြင်းသည် ဒေါသစိတ်၊ အဘိဇ္ဈာ၊ ဣဿာစိတ်တို့ဖြင့်နေခြင်းကဲ့သို့ ခြောက်ခြောက်သွေ့သွေ့မဟုတ်ဘဲ စိုစိုပြည်ပြည်ရှိနေသောကြောင့် 'ပြဟ္မစိုရ်' ဟု ခေါ်ဟန်တူသည်ဟု ဆရာတော်ကြီးက ယူဆထားသည်။ (အချို့က ပြဟ္မစရိယ ဟူသော ပါဠိကို ပြဟ္မစိုရ်ဟု မြန်မာပြန်ဆိုထားသည်ဟု ဆိုကြ၏။)

■ မေတ္တာပွားနည်း

မေတ္တာစိတ်ကို မိမိသန္တာန်၌ အထပ်ထပ်ဖြစ်စေနိုင်လျှင် မိမိမှာမေတ္တာစိတ်တွေတိုးပွားများပြားနေ၏။ ဤသို့မေတ္တာစိတ်တွေ တိုးစေ၊ ပွားစေ၊ များလာစေခြင်းကို မေတ္တာပွားသည်ဟုခေါ်၏။

■ မေတ္တာပို့နည်း

တစ်စုံတစ်ယောက်ကိုရည်မှန်း၍ချမ်းသာပါစေဟု အာရုံပြုနေသောအခါ မိမိ၏မေတ္တာဓာတ်သည် ထိုသူနှင့်ဆက်သွယ်လျက်ရှိ၏။ ထိုအခါ မိမိမေတ္တာကို ထိုသူထံသို့ရောက်အောင်ပို့နေသကဲ့သို့ဖြစ်သောကြောင့် မေတ္တာပွားစေခြင်းကိုပင် မေတ္တာပို့သည်ဟု ယခုကာလသုံးစွဲနေကြ၏။

■ အများသုံးနေသော မေတ္တာပို့နည်း

ပါဠို -

သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု ဟူ၍ ဖြစ်သည်။

အဓိပ္ပာယ်မှာ -

၁။ သတ္တဝါအားလုံး ဘေးရန်ကင်းကြပါစေ။

၂။ ဒေါမနဿကင်းကွာ စိတ်ချမ်းသာကြပါစေ။

၃။ ဒုက္ခကင်းကွာ ကိုယ်ချမ်းသာကြပါစေ။

၄။ ချမ်းသာခြင်းရှိ၍ မိမိကိုယ်တို့အသက်ရှည်အောင် ဆောင်ရွက်နိုင်ကြပါစေ

ဟူ၍ ဖြစ်သည်။

■ အမှန်မေတ္တာပို့နည်း

တစ်ယောက်ယောက်ကိုဖြစ်စေ၊

(ဟာသဆောင်စာ)

ရဲရဲဝွန်းဝ

အာရှင်ဇနကာဘိဝံသဆရာတော်ဘုရားကြီး၏ ပြဟ္မစိုရ်တရားလေးပါးမေတ္တာပို့နည်း

www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါအများကိုဖြစ်စေ ရည်စူး၍ ထိုသူ၏ စိုးပွားချမ်းသာကို လိုလားမှသာ ထိုသူ၏အထံသို့ မေတ္တာပို့ရာရောက်၏။ တွေးချင်ရာတွေး၊ ကြံချင်ရာကြံပြီးလျှင် မိမိနှုတ်တက်ရသော 'အဝေရာဟောန္တု' စသည်တို့ကို ရွတ်ဆိုနေရသော်လည်း အမှန်မေတ္တာပို့ရာမရောက်။ ထို့ကြောင့် မိမိနားလည်သော (ဆိုလိုရင်းအဓိပ္ပာယ် မိမိစိတ်မှာပေါ်လာသော) ပါဠိဘာသာဖြင့် 'အဝေရာဟောန္တု' ဆို၍ပို့ခြင်းထက် မြန်မာလိုအနက်အဓိပ္ပာယ်ဖြင့်ပို့ခြင်းက ပို၍ လိုရင်းကျဖွယ်ရှိသည်။ ထို့ကြောင့် မိမိမေတ္တာပို့လိုသူ၏နာမည်ကိုထည့်သွင်း ရွတ်ဆိုပြီးလျှင် -

ဥပမာ ငါ၏မိခင်သည် ဘေးရန်ကင်းကာ စိတ်ချမ်းသာ၍ ကိုယ်ပါခံကျန်းလွန်ရွင်လန်းလျက် ချမ်းမြေ့သာချို့။ မိမိကိုယ်ကျင့် အသက်ရှည်အောင်ရွက် ဆောင်နိုင်ပါစေ ဟူ၍ စိတ်ပါလက်ပါ ရွတ်ဆို၍ပို့သင့်သည်။ ဖခင်တို့ပို့ရာ၌ 'ငါ၏ဖခင်သည်၊ ဆရာကိုပို့ရာ၌ 'ငါ၏ဆရာသည်' စသည်ဖြင့် အခြားနာမည်များကိုလည်း ထည့်သွင်း၍ ရွတ်ဆိုပါ။ သတ္တဝါအားလုံးကို သိမ်းကျုံး၍ပို့ရာ၌ 'သတ္တဝါဟူသမျှ' ဟု ရွတ်ဆိုပါ။ ဤနည်းကား ပါဠိအတိုင်း တိုက်ရိုက်ပြန်ဆိုထားခြင်းဖြစ်သည်။ ဤမေတ္တာပို့နည်းရှည်သည်ထင်ပါက အောက်ပါအတိုင်း 'ငါ၏မိခင်သည် ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာပါစေ'၊ 'ငါ၏ဆရာသမားများသည်...'၊ 'ငါ၏ ဆွေမျိုးအပေါင်းတို့သည်...' စသည်ဖြင့် ရွတ်ဆို၍ လေးနက်တည်ကြည်စွာဖြင့် မေတ္တာပို့ကြရမည် ဖြစ်ပါသည်။

■ ကရဏာမေတ္တာပို့နည်း

ကရုဏာ၏သဘောကား ဆင်းရဲဒုက္ခရောက်နေကြရသူများကို မြင်ရ၊ ကြားရသောအခါ ထိုဆင်းရဲဒုက္ခမှလွတ်မြောက်စေလိုခြင်း၊ ကယ်တင်လိုခြင်း စိတ်ဆန္ဒသဘောဖြစ်၏။ ထို့ကြောင့် ကရုဏာပို့ရာ၌ ပါဠိဘာသာဖြင့် 'ဒုက္ခာ မုစ္စန္တု'၊ မြန်မာလို ယခုရောက်ရှိနေသော ဒုက္ခဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေ ဟူ၍ပို့ရသည်။ ဆင်းရဲဒုက္ခအပေါင်းမှ ချမ်းသာခြင်းသို့ရောက်ရှိလိုခြင်းသာ ကရုဏာအစစ်ဖြစ်သည်။ အချို့သောသူများမှာ တစ်ပါးသူအား 'ဆင်းရဲအချိန်တိုးပါစေ'၊ 'မြန်မြန်ဒုက္ခတွေ့ပါစေ' ဟူ၍ ဆုတောင်းခြင်းကား ကရုဏာပို့ရာမရောက်သည့်အပြင် ထိုသူအတွက် 'ဗျာပါဒဒုစရိုက်' ပင် ဖြစ်ပေါ်စေသည်။

အဓိကအချက်မှာ ဤကရုဏာသည် ဆင်းရဲဒုက္ခရောက်နေသူကို စိတ်မှန်း၍ စေတနာအပြည့်ဖြင့် ပို့လွှတ်မှသာ ကရုဏာအစစ်ဖြစ်သည်။ နှုတ်မှရွတ်၍ 'ဒုက္ခာ မုစ္စန္တု' ဟု ရွတ်ဆိုနေမျှဖြင့် ကရုဏာမေတ္တာပို့ခြင်းမဖြစ်သည်ကို ဆင်ခြင်သတိပြုကြရမည် ဖြစ်ပါသည်။

■ မုဒိတာမေတ္တာပို့နည်း

မုဒိတာ ဟူသည် ချမ်းသာကြွယ်ဝနေသူကို မြင်ရ၊ ကြားရသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း၊ ထိုချမ်းသာခြင်းကို ရရှိနေခြင်းမှ လက်မလွှတ်လို၊ မဆုံးရှုံးစေလိုခြင်းတို့ ဖြစ်သည်။ ထို့ကြောင့် မုဒိတာပို့လွှတ်ရာ၌ ပါဠိကို 'ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု' မြန်မာလို 'ရရှိနေသော စည်းစိမ်းဥစ္စာမှ လက်မလွှတ်ပါစေသတည်း' ဟူ၍ပို့ရသည်။ ဤမုဒိတာလည်း ချမ်းသာသူတို့ မြင်ရကြားရ၍ ဝမ်းမြောက်ဝမ်းသာပို့လွှတ်မှသာ မုဒိတာအစစ်ဖြစ်သည်။ နှုတ်လွှတ်ရသော ပါဠိဘာသာဖြင့် 'ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု' ဆိုရုံမျှဖြင့် ဝမ်းမြောက်သော မုဒိတာမဖြစ်ကြောင်း ဆင်ခြင်သတိပြုကြရမည် ဖြစ်ပါသည်။

■ ဥပေက္ခာမေတ္တာပို့နည်း

ဥပေက္ခာမေတ္တာပို့ရာ၌ ပါဠိလို 'ကမ္မဿကာ'၊ မြန်မာလို 'ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိသည်၊ ကောင်းလည်းသူ့ကံ၊ ဆိုးလည်းသူ့ကံ' ဟု စိတ်ထား၍ပို့ရသည်။ ဆိုလိုရင်းမှာ ငါက ချမ်းသာစေရန် မေတ္တာပို့သော်လည်း သူ့ကံရှိမှ ချမ်းသာမည်၊ ငါက သနားနေလည်း သူ့ကံရှိမှ ဆင်းရဲဒုက္ခကလွတ်မည်။ သူ့ချမ်းသာနေသည်ကို ငါက ဝမ်းမြောက်၍ ဤစည်းစိမ်ချမ်းသာမှ မလွတ်စေလိုသော်လည်း သူ့ကံရှိမှသာ ဤစည်းစိမ်ချမ်းသာနှင့် ဤအသက်မြဲနိုင်မည်။ သို့ဖြစ်၍ ငါပူပင်ကြောင့်ကြစိုက်ဖွယ်မလို။ ကမ္မဿကာပဲဖြစ်သည်ဟူ၍ ဆင်ခြင်မှတ်ယူကြရမည် ဖြစ်ပါသည်။

ဤကဲ့သို့ မေတ္တာစသော ဗြဟ္မစိုရ်တရားလေးပါးသည် တစ်ပါးနှင့်တစ်ပါး သတ္တဝါတို့အပေါ် ဝယ် အာရုံပြုပုံချင်းမတူကြချေ။ မေတ္တာဓာတ်သည် သတ္တဝါတို့ကို စာနာထောက်ထား ချစ်စရာအနေအားဖြင့်အာရုံပြု၏။ ကရုဏာက သနားစရာအနေအားဖြင့် အာရုံပြု၏။ မုဒိတာကား ဝမ်းမြောက်စရာအနေအားဖြင့် အာရုံပြု၏။ ဥပေက္ခာမှာ လျစ်လျူရှုစရာအနေအားဖြင့် အာရုံပြု၏။ ထို့ကြောင့် သတ္တဝါအများကိုဖြစ်စေ၊ တစ်ဦးတစ်ယောက်ကိုဖြစ်စေ တစ်ချိန်တည်း၌ ဗြဟ္မစိုရ်တရားလေးပါးစလုံးကို အာရုံပြု၍မဖြစ်နိုင်။ သို့ဖြစ်၍ တကယ်ထိရောက်စွာရှုအောင်ပို့လွှတ်ရာ၌ မေတ္တာပို့ဖြစ်လျှင် မေတ္တာသဲ့ပါအောင် 'အဝေရာဟောန္တု' မှစ၍ 'သုခီအတ္တာနံ ပရိဟရန္တု' တိုင်အောင် လေးမျိုးစလုံးကို (ပါဠိလိုဖြစ်စေ၊ မြန်မာအနက်လိုဖြစ်စေ) ရွတ်ဆိုကြရပါသည်။

ထို့အတူ ကရုဏာ စသည်ကိုလည်း သူနှင့်ဆိုင်ရာပါဠိကို သို့မဟုတ် မြန်မာအနက်လိုဆို၍ပို့ရသည်။ တကယ်ထက်မြက်စွာရှုအောင်ပို့ခြင်းမဟုတ်ဘဲ မိမိရနေသည်ကို ရွတ်ဆိုနေခြင်းဖြစ်မူ 'သဗ္ဗေ သတ္တာ' ကစ၍ 'ကမ္မဿကာ' တိုင်အောင် ရွတ်ဆိုသော်လည်း အထူးစိစစ်ဖွယ်မလိုတော့ပါ။ သို့ရာတွင် ယခုအခါ ဗုဒ္ဓဘာသာဝင်ဆိုသူတို့၏ ဘာသာရေးအလုပ်များ၍ဝတ်ကျေတန်းကျေလုပ်နေသူတွေများရကား ဘာသာရေးရိုသေလေးစားသော နောင်လာနောက်သားတို့ကို စနစ်တကျဖြစ်စေရန် ပြုပြင်ထိုက်ကြပေသည် ဟူ၍ တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီးအရှင်ဇနကာဘိဝံသအရှင်မြတ်သည် ၎င်း၏ကိုယ်ကျင့်အာဘိဓမ္မာကျမ်းတွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်တို့သည် မိရိုးဖလာ ဗုဒ္ဓဘာသာမဟုတ်ဘဲ ထေရဝါဒဗုဒ္ဓဘာသာ၏ အနှစ်သာရကို စနစ်တကျ သင်ယူမှတ်သားကြရန် လိုအပ်ပါသည်။ မိမိတို့၏ရင်သွေးငယ်များကိုလည်း ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းများသို့ တက်ရောက်စေပြီး အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်သော အနာဂတ်၏သားကောင်းသမီးကောင်းများဖြစ်စေရန် ပံ့ပြင်ဆုံးမသွန်သင်ကြရန် လိုအပ်ပါသည်။ ယခုဖော်ပြပါ ဆရာတော်ကြီး၏ ဗြဟ္မစိုရ်တရားလေးပါးမေတ္တာပို့နည်းနှင့် အညီ သတ္တဝါတို့အပေါ် ကြင်နာသနားထောက်ထားစာနာစွာဖြင့် မေတ္တာဓာတ်တွေပို့လွှတ်နိုင်ကြပြီး ဒေါသတရား၊ ဓာန်မာနစကားများ ငြိမ်းချမ်းနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ရဲရဲဝင့်နိုး (ဟသ်ာတ)

ကျမ်းကိုး -

အရှင်ဇနကာဘိဝံသ၏
ကိုယ်ကျင့်အာဘိဓမ္မာကျမ်း

www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး

မျက်နှာတွင်တင်းတိပ်များကျခဲ့ပါက

'လှတစ်မျက်နှာယဉ်တစ်ကိုယ်လုံး' ဆိုတဲ့အတိုင်း လူတွေဟာ တွေ့ပြီဆိုရင် လူတစ်ယောက်ရဲ့မျက်နှာကို အရင်ဆုံးကြည့်တတ်ကြတာပါ။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပဲ လှရင်လှတယ်၊ မလှရင်မလှဘူးပေါ့လေ။ သို့မဟုတ် ကြည့်ဖြစ်ရဲ့ ရွက်ကြမ်းရည်ကျိုလှတယ် စသဖြင့်ပေါ့လေ သုံးသပ်ဆုံးဖြတ်လိုက်ကြတော့တာပါ။ ဒီတော့ လူတွေလှဖို့လိုအပ်ပါတယ်။မလှရင်တောင်မှ လှအောင်ပြင်ဆင်နေတတ်ကြဖို့လိုပါတယ်။ တချို့ဆို အလွန်ကြီးမလှပေမယ့် ပြင်ဆင်နေတတ်တော့ကာ ကြည့်ကောင်းတာပါပဲ။

လူတစ်ယောက်မှာ လှတစ်မျက်နှာက အရေးအကြီးဆုံးပါ။ ဖိုနဲ့မတစ်ဦးနှင့်တစ်ဦး ဆွဲဆောင်ကြရာမှာ အဓိကမျက်နှာက အရေးကြီးလှပါတယ်။ ယောကျ်ားလေးချောရင် မိန်းကလေးတွေ မျက်စိကျကြသလို မိန်းကလေးလှရင်လည်း ယောကျ်ားလေးတွေ မျက်စိကျကြပါတယ်။ အလှအပကို မမက်မောသူဆိုတာရှိနိုင်မယ်မထင်ပါဘူး။ ပုထုဇဉ်တွေဆိုတော့ကာ မက်မောကြလေ့ရှိပါတယ်။

သို့သော်လည်း မိန်းကလေးအချို့မှာရယ်၊ ပြီးတော့အရွယ်လေးနည်းနည်းရလာတဲ့အခါမှာရယ်၊ အချို့နေလောင် ဒဏ်ခံရဖန်များတဲ့အခါမှာရယ်၊ သွေးဆုံးကိုင်ပြီဆိုတဲ့အခါမှာရယ် မျက်နှာမှာ တင်းတိပ်များကျကာ အလှကိုလျော့နည်းစေပါတယ်။ တင်းတိပ်ကျပြီဆိုလို့ကတော့ လှပတဲ့မျက်နှာမှာ အကျည်းတန်တဲ့အမည်းစက်တွေက နေရာယူလာတာကြောင့် လှသည်ဆိုစေဦးတော့ တင်းပြည့်ကျပ်ပြည့်မလှနိုင်တော့ပါဘူး။ အဲဒီ တင်းတိပ်မည်းမည်းစက်တွေဟာ ဘယ်လိုသနပ်ခါး၊ ဘယ်လိုမိတ်ကပ်နဲ့မှ ဖုံးကွယ်လို့မရနိုင်တော့ပါဘူး။ ရုပ်ရည်ရဲ့အလှကို တစ်ဝက်လောက်ဖျက်ဆီးလိုက်ပါပြီ။ အဲဒီအခါမှာ မိမိရဲ့ပတ်ဝန်းကျင်၊ မိမိရဲ့ခင်ပွန်းဆီက အမှတ်ပြည့်မရနိုင်တော့တာသေချာပါတယ်။ ဒါဟာ မိန်းကလေးဘဝရဲ့ ဆူးငြောင့်ခလုတ်ပါ။

တင်းတိပ်တွေကျတော့ သက်သာလိုသက်သာငြား၊ ပျောက်ကင်းလိုပျောက်ကင်းငြား၊ ဟိုဟာဝယ်လိမ်း၊ ဒီဟာဝယ်လိမ်း၊ ဟိုဆေးလုပ်၊ ဒီဆေးလုပ်နဲ့ မသက်သာမပျောက်ကင်းတဲ့အပြင် တစ်နေ့တခြား တိုးပွားလာလို့ စိတ်ညစ်နေရတဲ့မိန်းကလေးတွေလည်း အများအပြားရှိကြရပါတယ်။

တင်းတိပ်အမည်းစက်တွေဟာ အရေပြားထဲမှာနေတဲ့ မှိုပိုးလေးတွေရဲ့စွန့်ပစ်တဲ့အညစ်အကြေးတွေပါ။ ကြည်လင်တဲ့ အရေပြားလွှာထဲမှာနေတာမို့ အညစ်အကြေးအမည်းစက်တွေကို ပြင်ပမှ မြင်ရခြင်းဖြစ်ကြောင်း သိရပါတယ်။ ဆိုရရင်တော့ တင်းတိပ်လည်း မျက်နှာမှိုတက်တဲ့ရောဂါပါ။ တင်းတိပ်ကျတဲ့အမျိုးသမီးတွေကို အများအပြားတွေ့ကြရပါတယ်။ သေနိုင်တဲ့ရောဂါမဟုတ်ပေမယ့် မျက်နှာရဲ့အလှကို ဖျက်ဆီးတဲ့ရောဂါမို့ အထူးသတိထားသင့်တဲ့ရောဂါဖြစ်ပါတယ်။

လူတိုင်းဟာ လှချင်ကြကာဓမ္မတာပါ။ ဘယ်သူမှတင်းတိပ်မကျချင်ပါဘူး။ ဒါပေမယ့် အလျဉ်းမသင့်တဲ့အခါ မမျှော်ပဲပေါ်လာတတ်တဲ့ရောဂါပါ။ လူတွေအမြဲတစ်နိုးဆုံးက မိမိကိုယ်မိမိ ကျန်းကျန်းမာမာနဲ့ လှပချင်ကြတာပါ။ အဘိုးကြီးအဘွားကြီးတွေတောင်လှချင်စိတ်မကုန်ပါဘူး။ ဒီအခါမှာ မျက်နှာမှာတင်းတိပ်မည်းမည်းတွေမကျအောင်၊ ကျနေပြီဆိုရင်လည်း သက်သာပျောက်ကင်းအောင် လက်တွေ့ လုပ်ဆောင်ကျင့်သုံးနေတဲ့နေပြည်တော် မြို့မစျေး ရွှေရည်ဝင်းစာပေကဒေါ်ညိုညိုသောင်းနဲ့ စကားစပ်မိလို့ပြောပြတာလေး ကြားယောင်မြင်ယောင်နေမိပါတယ်။

"ဆရာရေ၊ မိန်းကလေးဆိုတာ အမှတ်တမဲ့နေရင် မျက်နှာမှာတင်းတိပ်တွေကျလာတတ်တယ်ဆရာရဲ့။ မျက်နှာသစ်ပြီး ရေချိုးပြီးလို့မှန်ထဲကြည့်လိုက်ရင် တင်းတိပ်အစက်အပြောက်လေးတွေကျလာတာမြင်ရတတ်တယ်။ အရွယ်လေးရလာတဲ့အခါရယ်၊ ကျွန်မတို့လို သွေးဆုံးကိုင်တဲ့အရွယ်တွေမှာ အများအားဖြင့် ကျတတ်တယ်။ အဲဒီလိုကျစပြုတာနဲ့ တစ်ပြိုင်နက် ကျွန်မကတော့ လက်ချားလေးနည်းနည်း ကြေးဇွန်းထဲထည့်ပြီး မီးကင်လိုက်တာပဲ။ ပူတာနဲ့ လက်ချားက ရွှတက်လာပါတယ်။ ရွှပြီး အမှုန့်ဖြစ်သွားတာပေါ့။ အဲဒီလက်ချားမှုန့်နည်းနည်း ကျောက်ပျဉ်မှာတင်ပြီး သနပ်ခါးနဲ့ရောသွေးပြီးလိမ်းလိုက်တာပဲ။ ဆရာရေ တင်းတိပ်လောက်ကတော့ နှင်နေငါသွားပဲ။ ခုဆို ကျွန်မကသွေးဆုံးကိုင်တော့ကာ တင်းတိပ်ပိုကျတဲ့အချိန်လေ။ ဒါကြောင့် ကြိုတင်ကာကွယ်တဲ့အနေနဲ့ သနပ်ခါးသွေးတိုင်း လက်ချားမှုန့်ထည့်တယ်။ အခုချိန်က အရမ်းကိုဂရုစိုက်ရမယ့်အချိန်ဆရာရဲ့။ ကျွန်မက နဂိုကမ္မအသားညိုပါတယ်ဆို တင်းတိပ်ကျလို့ကတော့ ကြည့်ဖြစ်တော့မှာ မဟုတ်ဘူး။ လက်ချားမီးဖုတ်ဖို့ရာ ကြေးဇွန်းကရှားတော့ကာ ရရာဝွန်းနဲ့ဖုတ်လည်းရပါတယ် ဆရာ"

လို့ ပြောပြဖူးပါတယ်။

အဲဒီလိုပြောတော့ သူမျက်နှာအသေအချာကြည့်မိပါတယ်။ ဟုတ်တယ်ဗျာ မျက်နှာမှာ အစက်အပြောက်ဘာဆို ဘာမှမရှိဘဲ သနပ်ခါးပါးပါးလေးနဲ့လှနေသဗျ။ အင်း-သူပြောတာဟုတ်သားပဲလို့ စိတ်ထဲက ထောက်ခံလိုက်ပါတယ်။ ပျိုမေတို့ရဲ့အလှကို ဖျက်ဆီးတတ်တဲ့ တင်းတိပ်ကို၊ ဘယ်လိုနှိမ်နင်းရမယ်ဆိုတာလေးလည်း သိခဲ့ရပါတယ်။

မြန်မာမလေးတွေတိုင်း သနပ်ခါးလိမ်းကြပါတယ်။ သနပ်ခါးလေးတွေနဲ့လည်း အလွန်လှကြပါတယ်။ ဒီလိုသနပ်ခါးလိမ်းတိုင်း လက်ချားမီးဖုတ်မှုန့်လေးနည်းနည်းထည့်လိမ်းလိုက်မယ်ဆိုရင်တော့ မျက်နှာမှာ အကျည်းတန်စေတဲ့တင်းတိပ်များ ကာကွယ်ပျောက်ကင်းနိုင်ကြောင်း အသိပေးလိုက်ရပါတယ်။

ချမ်းမြေ့ကြည်ပါစေ

နေပြည်တော်ကျော်ကျော်စိုး

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးသိန်ဟ

(စိုင်းဇာနည်ဝေဒနီ)

ကောင်းကျိုးဝေဖြာ နာဂမိန်းထက်သော သမ္မတ်တံဝက်ဂါထာတော်ကြီးနာဂမိန်းနဲ့ဗခန်း



၁၉၉၅ ခုနှစ်တွင် အငယ်တန်း စက်မှုလက်မှုကျောင်းဒုတိယနှစ်တက်ရင်း မိဘများ၏တိုင်းရင်းဆေးပညာအမွေယူ ဆက်ခံကာ ကျန်းမာပါစေတိုင်းရင်းဆေး ကုခန်းတွင် ဝင်ရောက် ကူညီခဲ့ပါသည်။ ၂၀၀၂ ခုနှစ်တွင် တိုင်းရင်းဆေးတစ်နှစ်သင်တန်းအမှတ်စဉ် (၂) ကို စာရေးသူ တက်ရောက်အောင်မြင်ခဲ့ပါသည်။ ၂၀၀၆ ခုနှစ်တွင် နှစ်ဖက်မိဘများ၏ သဘောတူညီချက်ဖြင့် မမြမြဝင်းနှင့် ထိမ်းမြားမင်္ဂလာဆောင်နှင်းခဲ့ပါသည်။ မင်္ဂလာဆောင်ခဲ့ပွဲသို့ နှစ်ဖက်မိဘအသိုင်းအဝန်းများ၊ စာရေးဆရာ၊ ဆေးဆရာများ၊ ဌာနဆိုင်ရာအသီးသီးမှပုဂ္ဂိုလ်များတက်ရောက်ချီးမြှင့်ကြပါသည်။

မင်္ဂလာဆောင်ပြီး တစ်ပတ်ခန့်အကြာတွင် စာရေးဆရာ တိုင်းရင်းဆေးဆရာကြီး ဦးသိန်းမောင် စာရေးသူတို့အိမ်ဧဟာသို့ရောက်ရှိလာပြီး စာရေးသူအား -

"မောင်သီဟရေ၊ မင်းရဲ့ မင်္ဂလာဆောင်ပွဲစံပွဲကို ဆရာကြီးမအားတာနဲ့ သားသမီးတွေကို လွှတ်လိုက်ရတယ်။ ဒီနေ့တော့ မင်္ဂလာလက်ဆောင်အဖြစ် ပေးစရာရှိလို့ ဆရာကြီးကိုယ်တိုင်လာခဲ့တာပဲ"

"ဟုတ်ကဲ့-ဆရာကြီး၊ ကျွန်တော့် မင်္ဂလာပွဲခံပွဲကို ဆရာကြီးသားနဲ့ချွေးမလာရောက်ချီးမြှင့်တာ ကျွန်တော်နဲ့တွေ့ပြီး နှုတ်ဆက်စကားပြောကြပါတယ်။ ဆရာကြီးအနေနဲ့ ထပ်ပြီးမင်္ဂလာလက်ဆောင်ပေးမယ်ဆိုတော့. . . "

စာရေးသူ၏စကားမဆုံးမီ ဆရာကြီးဦးသိန်းမောင်က -

"ဆရာကြီးပေးမယ့်မင်္ဂလာလက်ဆောင်က ငွေကြေးပစ္စည်းတော့မဟုတ်ဘူး။ ဒါပေမယ့် ငွေကြေးပစ္စည်းထက်အဖိုးတန်ပြီး သားစဉ်မြေးဆက်သုံးလို့ရတဲ့ ဂါထာတော်ကြီးတစ်ပုဒ်ပဲ။ ဆရာကြီးကိုလည်း ကျေးဇူးရှင်ဆရာသမားတစ်ယောက်က ချီးမြှင့်လက်ဆင့်ကမ်းခဲ့တဲ့ ဂါထာတော်ကြီးတစ်ပုဒ်ပါ။ ကျေးဇူးရှင်ဆရာသခင်နဲ့ ဆရာကြီးတို့မိသားစုတို့ သေတပန်သက်တစ်ဆုံးရွတ်ဆိုပွားများ

www.burmeseclassic.com

www.burmeseclassic.com

ကျင့်သုံးခဲ့ပြီး ထက်မြက်ထူးခြားတဲ့ သမ္မတ္တိစက်ဂါထာတော်ကြီးကို ကံငါးပါးလုံခြုံပြီး ရိုးသားတဲ့မင်းတို့မိသားစုအတွက်လာပြီး လက်ဆင့်ကမ်းခံခြင့်တာပဲ။ ဒါထက်လက်ရှိ မင်းဘယ်ပရိတ်၊ ဂါထာတော်တွေရွတ်ဆိုပူဇော်နေတယ်ဆိုတာပြောပြပါဦး"

"ကျွန်တော် ညစဉ် မင်္ဂလသုတ်၊ မေတ္တာသုတ်၊ ဓာရဏာပရိတ်တော်၊ (၂၄) ပစ္စည်းပဋ္ဌာန်းဒေသနာတော်၊ သမ္မဒ္ဓေ ဂါထာတော်တွေကို ညစဉ်မပျက် ရွတ်ဆိုပူဇော်နေပါတယ် ဆရာကြီး"

"အေး-ရွတ်ဆိုပူဇော်နေတဲ့ပရိတ်၊ ပဋ္ဌာန်းဂါထာတော်တွေဟာ အစွမ်းထက်မြက်တာ ဆရာကြီးယုံကြည်သလို ဆရာကြီးလည်း ရွတ်ဆိုပူဇော်လျက်ပါပဲ။ အခု မင်းကိုခြိုးမြွင့်ပေးမယ့် သမ္မတ္တိစက်ဂါထာတော်ကြီးကိုလည်း ဖြည့်စွက်ပြီး ရွတ်ဆိုပူဇော်ပါ။ မင်းရဲ့ဘဝမှာ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်ပြီး လိုရာဆန္ဒအားလုံးပြည့်ဝစေမယ့် ဂါထာတော်ပဲ။ မင်းမိဘတွေဖြစ်ကြတဲ့ ဆရာကြီးဦးဝင်းလေးနဲ့ ဆရာမကြီးဒေါ်လှသိန်းတို့က ဆရာကြီးရဲ့မိတ်ဆွေရင်းတွေမို့ မင်းကို ဒီဂါထာတော် လက်ဆင့်ကမ်းခြိုးမြွင့်ပေးခဲ့တာပဲ။ ဂါထာပေးတေးဖြစ်မှာစိုးလို့ ငါ ဘယ်သူ့ကိုမှ လက်ဆင့်ကမ်းမပေးခဲ့ဘူး။ မင်းကိုတော့ ရိုးသားပြီး စိတ်ထားဖြူစင်တဲ့သူမို့ ငါလာပြီး လက်ဆင့်ကမ်းပေးတာပဲ။ သေတစ်ပန်သက်တစ်ဆုံး ရွတ်ဆိုပူဇော်ချင်တဲ့စိတ်ရှိရဲ့လား"

"ပရိတ်၊ ပဋ္ဌာန်း၊ ဂါထာတော်တွေဟာ အစွမ်းထက်မြက်ပြီး အန္တရာယ်ရန်စွယ်အမျိုးမျိုးကာကွယ်တာ ကျွန်တော်ကိုယ်တွေ့မို့ ဆရာကြီးခြိုးမြွင့်မယ့် သမ္မတ္တိစက်ဂါထာတော်ကြီးကိုလည်း သေတစ်ပန်သက်တစ်ဆုံး ရွတ်ဆိုပူဇော်ပါမယ်လို့ ကတိပေးပါတယ်"

"အေး - ဒါကြောင့် ဒီဂါထာတော်ကြီးကို မင်းကိုလာပေးတာပဲ။ ဆရာကြီးရဲ့ ဆရာသခင်နဲ့ ဆရာကြီးရဲ့ မိသားစုများဟာ ရွတ်ဆိုပွားများနေတဲ့ ပရိတ်၊ ပဋ္ဌာန်းဂါထာတန်ခိုးတော်တွေ၊ သမ္မတ္တိစက်ဂါထာတော်ကြီးတွေရဲ့ အကျိုးကျေးဇူးတွေကြောင့် ဆရာကြီးတို့မိသားစုဘဝတွေမှာ မပူမပင်မကြောင့်မကြနေခဲ့ရပြီး တစ်နေ့တခြား ဥစ္စာစီးပွားတွေ ဒီရေအလားတိုးတက်ခဲ့တယ်။ မင်းကို ဂါထာပါဦးနဲ့ အနက်အဓိပ္ပာယ် သေသေချာချာပေးခဲ့တယ်။ ဒီသမ္မတ္တိစက်ဂါထာတော်ကြီးကို တစ်နေ့ ကိုးကြိမ်ရွတ်ဆိုပူဇော်ပါ။ ရွတ်ဆိုနေကျ ပရိတ်၊ ပဋ္ဌာန်းဂါထာတော်တွေနဲ့အတူ ဆက်ပြီး ရွတ်ဆိုပူဇော်ပေတော့"

စာရေးဆရာ တိုင်းရင်းဆေးဆရာကြီး ဦးသိန်းမောင်က စာရေးသူအား သမ္မတ္တိစက်ဂါထာတော်ကြီး ပါဠိ၊အနက်အဓိပ္ပာယ်ပေးပြီး ပြန်သွားပါသည်။

စာရေးသူလည်း ရွတ်ဆိုပွားများနေကျ ပရိတ်၊ ပဋ္ဌာန်း၊ ဂါထာများနှင့်အတူ သမ္မတ္တိစက်ဂါထာတော်ကြီးကို ၂၀၀၆ ခုနှစ်မှစတင်၍ ယနေ့ထက်တိုင် မပျက်မကွက် ရွတ်ဆိုပူဇော်ခဲ့ပါသည်။

၂၀၀၆ ခုနှစ်တွင် မမြမြဝင်းနှင့် လက်ထပ်ခဲ့ပြီး တိုင်းရင်းဆေးဝါးထုတ်လုပ်မှုနှင့်တိုင်းရင်းဆေးကုခန်းလုပ်ငန်းများလုပ်ဆောင်ခဲ့ပါသည်။ စာရေးဆရာတိုင်းရင်းဆေးဆရာကြီး ဦးသိန်းမောင်ပြောဆိုခဲ့သည့်အတိုင်း ရွတ်ဆိုပူဇော်လျက်ရှိသည့် ပရိတ်ပဋ္ဌာန်းဂါထာတော်ကြီးများ၏ တန်ခိုးထက်မြက်အကျိုးပေးမှုကြောင့် တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်ကာ လုပ်ငန်းဆောင်ရွက်မှုများအောင်မြင်ခြင်း၊ ကူညီမစေစောင့်ရှောက်သူများနှင့်တွေ့ကြုံခြင်း စသည့် အကျိုးကျေးဇူးများ ခံစားရရှိခဲ့ပါသည်။ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းနှင့် ဆေးကုခန်းမှ စင်ကြယ်စွာရရှိသည့်ဝင်ငွေများဖြင့် ၂၀၀၈ ခုနှစ်တွင် နှစ်ထပ်တိုက်တစ်လုံး ဝယ်ယူနိုင်ခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ တန်ခူးလတွင် ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာကြီးကို လှူဒါန်းနိုင်ခဲ့ပါသည်။ စာရေးသူနည်းတူ စိတ်ထားဖြူစင် ဓမ္မမိတ်ဆွေ သူတော်စင် သူရဇ္ဈမဂ္ဂဇင်းစာဖတ်ပရိသတ်များလည်း အကျိုးပေးထက်သန်သော သမ္မတ္တိစက်ဂါထာတော်ကြီး ရွတ်ဆိုပွားများလျက် အခက်အခဲများ ကျော်လွှားကာ ကောင်းကျိုးဝေဖြာ လိုရာဆန္ဒပြည့်ဝစေချင်သော ဆန္ဒဖြင့် အစွမ်းထက်ပြီး လိုရာဆန္ဒကိစ္စအဝဝပြည့်ဝစေသော သမ္မတ္တိစက်ဂါထာတော်ကြီးအား သူရဇ္ဈမဂ္ဂဇင်းမှနေ၍ ဓမ္မလက်ဆောင် ရေးသား တင်ပြလိုက်ရပေသည်။

သမ္မတ္တိစက်ဂါထာတော်ကြီး

■ တုံပိသေဋ္ဌောလောကသို့၊
တုံပိလောကောမဟိဒ္ဓိကော၊
လောကေဟိမင်္ဂလံသေဋ္ဌံ၊
လောကပါပံ ဘဝါဟန်၊
ဇယန္တသ မယံ ဘန္တေ၊
ပုညကမ္မံကရောမဟံ၊
ရတနံတွေဝ ယာစာမိ၊
ဒုက္ခပတ္တံ ပမောစယ်၊
ရာဇာပိ မိတ္တာန်၊
ယထာ ယတိမေတ္တံ ဥပဂူတိ၊
ဧဝံသတိ မမသဒ္ဓိ၊
ဘဝတိ သဗ္ဗပိယာန်။ ။

အနက်အဓိပ္ပါယ်

တုံပိ - ဘုရားရှင်သည်လည်း၊ **လောကသို့** - လောကကြီးထဲ၌၊ **သေဋ္ဌော ဥတ္တမော** - မြတ်တော်မူပါ၏၊ **တုံပိ** - ဘုရားရှင်သည်လည်း၊ **လောကေ** - ဖြစ်ပျက်မစဲ လောကကြီးထဲ၌၊ **မဟိဒ္ဓိကာ** - ကြီးမားသောတန်ခိုးရှိပါပေ၏၊ **ဟိသစ္စံ** - ထို့စကားသည် မမှားဧကန် မှန်လှပေ၏၊ **လောကေ** - လောကသုံးထပ် ဘုံသုံးရပ်၌၊ **မင်္ဂလံ** - မင်္ဂလာရှိပေသောသူတို့ထက်၊ **သေဋ္ဌော** - မြတ်၏ဟူ၍၊ **သမတံ** - သမုတ်အပ်ပါပေ၏၊ **လောကပါပံ** - လူအပေါင်းတို့၏ မကောင်းမှုကို ပယ်ဖျောက်ရန်အလို့ငှာ၊ **ဘဝါဟိ** - ဖြစ်တော်မူပါလော့၊ **ဘန္တေ** - အရှင်ဘုရား၊ **ဇယန္တသ** - ရန်အပေါင်းတို့ကို အောင်စွာအောင်မြင်ပြီးအပ်သော မြတ်စွာဘုရား၊ **မယံ** - တပည့်တော်တို့သည်၊ **ပုညကမ္မံ** - ကောင်းမှုတည်းဟူသော ကုသိုလ်ကံကို၊ **ကရောမ**-ပြုအပ်ပါသည်၊ **အဟံ**-တပည့်တော်သည်၊ **ရတနံတွေဝ**- ဘုရားစသော လောကုတ္တရာ၊ ရွှေငွေစသောလောကီရတနာအပေါင်းကိုသာလျှင်၊ **ယာစာမိ** - တောင့်တပါ၏၊ **ဒုက္ခပတ္တံ** - ဆင်းရဲခြင်း၏အဖြစ်ကိုလည်း၊ **ပမောစယ်** - လွတ်မြောက်ရပါလို၏၊ **ရာဇာပိ** - လူတို့သေင့်နင်းပြည့်ရှင်မင်းသည်လည်း၊ **ယတိမေတ္တံ** - ချစ်ခင်နှစ်သက်ခြင်းမေတ္တာသည်၊ **ဥပဂူ တိယထာ** - ဖြစ်သလို၊ **ဧဝံသတိ** - ဤသို့ဖြစ်သည်ရှိသော်၊ **မမ** - တပည့်တော်အား၊ **သဗ္ဗပိယာန်** - အလုံးစုံ ချစ်ခင်မေတ္တာသက်ဝင်ပါကုန်သော၊ **မိတ္တာန်** - အဆွေခင်ပွန်း ချစ်ကျွမ်းဝင်ကုန်သော သူတို့နှင့်၊ **သဒ္ဓိံ** - အတူတကွ၊ **ဘဝတု** - ယနေ့မှစ၍ ဆက်တိုင်းမကွာဖြစ်ပါစေသော်၊ ဖြစ်ပါစေဟု တောင်းဆိုပြုပါ၏၊ ဘုရား။

ဂါထာတော်ကြီးချီးမြှင့်ပေးခဲ့သော
စာရေးဆရာ၊ တိုင်းရင်းဆေးဆရာကြီး
ဦးသိန်းမောင်အား ကျေးဇူးတင်
ဂါရဝပြုအပ်ပါကြောင်း

ဆရာဦးသိဟ (တိုင်းရင်းဆေး)

www.burmeseclassic.com

www.burmeseclassic.com

ပခန်းအောင်ကိုသန့်
(M.C.R.A စာသေးစာစု)

မိဘကိုရှင်ပြုပေးပါ

မိဘကို သားသမီးတို့က ရှင်ပြုပေးသည်ဆိုခြင်းမှာ မကြားဘူး၊ မမြင်ဘူးခဲ့ကြသလို ရှင်ပြုပေးခြင်းထုံးစံလည်းမရှိခဲ့ပါ။ မိဘကသာ သားသမီးတို့ကို ရှင်ပြုပေးခြင်းအပါအဝင် မင်္ဂလာတရားတော်နှင့်ညီညွတ်စွာ မင်္ဂလာအမျိုးမျိုးဖြင့် ဆောင်ရွက်ပေးခဲ့သည်ကတော့ ကြားလည်း ကြားဖူး၊ မြင်လည်းမြင်ဖူး ထုံးစံလည်းရှိခဲ့ပါသည်။ ယခုလည်းရှိနေပါသည်။

■ မိဘတို့က သားသမီးအပေါ်ရှင်ပြုပေးပုံ

မင်္ဂလာတရားတော်နှင့်ညီညွတ်သည့်အပြင် ကိုယ့်ရင်သွေး ကိုယ့်၊ သားသမီးလေးတို့အပေါ် လောက၏ တင့်တယ်မှု၊ အဆင်ပြေမှုလည်းရှိကြစေရန် လောကကို တန်ဆာဆင်လျက် နာမည်ကြီးဆိုင်း၊ နာမည်ကြီးမင်းသမီး၊ နာမည်ကြီးဘိသိက်ဆရာများဖြင့် ဧည့်ခံဖျော်ဖြေကာ သားသမီးတို့၏ရှင်ပြုပွဲကြီး ခြိမ့်ခြိမ့်သဲမျှ ကျင်းပပြုလုပ်ပေးကြပါသည်။

သို့သော် တစ်ခါတလေ အလှူကြီး (သို့) ရှင်ပြုပွဲကြီးဖြစ်သော်ငြားလည်း ဘုန်းကြီးလှူဝတ် (သို့) အလှူငွေကျတော့ နည်းတတ်ပါသည်။ ဘုန်းကြီးလှူဝတ်နည်းခြင်းမှာလည်း အခြားကိစ္စများများသွားသည့်အတွက် စွေးဆစ်ရသည့် ဘုန်းကြီးလှူဝတ်ကို နည်းလိုက်ခြင်း ဖြစ်သည်။ သဒ္ဓါမရှိလို့တော့မဟုတ်ပါ။

မည်သို့ပင်ဆိုစေ မိဘတို့က သားသမီးတို့အပေါ် မင်္ဂလာတရားတော်နှင့် ညီညွတ်စွာ ရှင်ပြုပေးခြင်း၊ လောကကြောင်းအရ တန်ဆာဆင်ကာ စေတနာကောင်းဖြင့် ရှင်ပြုပေးခြင်းတို့မှာ မိဘတို့က သားသမီးတို့အပေါ် လွန်ကဲစွာချစ်မြတ်နိုးသောကြောင့်ဖြစ်ကြောင်းထင်ရှားစေပါသည်။

မိဘတို့က သားသမီးတို့အပေါ် နည်းမျိုးစုံဖြင့်ရှင်ပြုပေးသလို သားသမီးတို့ကလည်း မိဘတို့အပေါ် ဆိုင်း၊ ဘိသိက်၊ မင်းသမီး အစရှိသည့်နည်းမျိုးစုံနှင့် မတော်နိုင်သော်လည်း (သို့) မသင့်တော်သော်လည်း ရှင်ပြုပေးရိုးထုံးစံမရှိသော်လည်း အတတ်နိုင်ဆုံး တစ်လှည့်တစ်ဖန် ပြန်၍ရှင်ပြုပေးရမည်မှာ ရှိသင့်ရှိထိုက်သောရှိအပ်သောတာဝန်ဝတ္တရားကြီး ဖြစ်ပေသည်။

■ မိဘကို ရှင်ပြုပေးခြင်း (သို့) ရှင်ပြုပေးပုံ

မိဘတို့သည် သားသမီးများမွေးစကပင် မှက်၊ ခြင်၊ ယင်မသန်းရအောင် ပင်ပန်းကြီးစွာဖြင့် ယုယခဲ့ကြသလို မွေးဖွားမီ အမိဝမ်းတွင်းတွင်ရှိစဉ်ကတည်းကလည်း ပဋိသန္ဓေ၏ ကြီးပွားရာ ကြီးပွားကြောင်းကို အကြိမ်ကြိမ် ဆုတောင်းခဲ့ရပြုလုပ်ခဲ့ကြသည်။

မွေးဖွားပြီး၍ လူ့ဘဝထဲတွင် အူဝဲဟုဖြစ်လာချိန်မှ ဘဝတစ်ခုလုံးအတွက် မိဘတို့ကတာဝန်ယူဆောင်ရွက်ပေးခဲ့သည်ကတော့ မိဘတိုင်း ဖြစ်ပါသည်။ ဤကဲ့သို့ သားသမီးတို့အပေါ် တာဝန်ယူကာ ရဲရဲကြီးဆောင်ရွက်ပေးနေကြရှင်း အသက်ကိုဓာဇင်းရင့်ရော်လာကြပြီး မျက်စိကမှိုင်း၊ နားကထိုင်း၊ ခါးကကိုင်း၊ ပါးစပ်ကပြိုင်းဖြစ်လာပြီး စိတ်သွားရာ ကိုယ်မရောက် ထင်ကြေးမပေါက်တော့ အားကိုးစရာ အားကိုးရာရှာကြရသည့်အချိန်ဖြစ်လာပါတော့သည်။

ထိုအချိန်တွင် သားသမီးတို့က မိဘကျေးလူးအထူးသိတတ်စွာ ကိုယ့်အပေါ် အသွေးနှင့်အသက်နှင့်ဘဝနှင့် ရင်း၍မွေးဖွားပေးလိုက်သော မိခင်၊ဖခင်ကျေးလူးရှင်မိဘတို့ စိတ်ချမ်းသာအောင် စိတ်ကြည်လင်အောင် ဝဝလင်လင်စားရအောင်၊ ကောင်းမှုကုသိုလ်တရားဘာဝနာများလိုက်စားနိုင်အောင် ကျန်းမာရေးကောင်းအောင် နေရေးကိစ္စတွင်လည်း အကောင်းကြီး မလိုအပ်ဘော်လည်း အသင့်အတင့်အဆောက်အအုံဖြင့်နေနိုင်အောင် မိဘတို့အသက်ရှိတုန်း ဘဝရှင်သန်အောင်ပြုစုပေးခြင်းကို မိဘကိုရှင်ပြုပေးခြင်းမည်ပါပေသည်။

ထို့ကြောင့် မိခင်၊ဖခင်ကျေးလူးရှင်တို့ မသေမီကာလအတွင်း အသက်ရှိနေတုန်းမှသာလျှင် မိဘကျေးလူးကို ကိုယ်တိုင်ကိုယ်ကျဆပ်လို့ရမည်ဖြစ်ကြောင်းကိုလည်း ကျွန်တော်၏ မူပိုင်ကဗျာတစ်ပုဒ်ထဲတွင်-

■ အမိရှိတုန်း ပျော်တပြုံးပြုံးနှင့်
သင့်ဘဝမှာ မိမေတ္တာကို
ရဖို့အရေး ချင့်မျှော်တွေးပြီး
ပေးသည့်မေတ္တာ ရယူပါ။
အဖရှိတုန်း ပျော်တပြုံးပြုံးနှင့်
သင့်ဘဝမှာ ဖမေတ္တာကို
ရဖို့အရေး ချင့်မျှော်တွေးပြီး
ပေးသည့်မေတ္တာ ရယူပါ။

ဟူ၍ ရေးသား တင်ပြထားပါသည်။

အမိရှိတုန်းမှအမိမေတ္တာကိုရမည်ဖြစ်သလို အဖရှိတုန်းမှ ဖမေတ္တာကိုရမည်ဖြစ်ပြီး မိခင်၊ ဖခင်တို့ အသက်ရှိနေမှ မိဘကျေးလူးကိုဆပ်လို့ရမည်ဖြစ်ပါသောကြောင့် မိဘတို့အသက်ရှိနေတုန်း အသက်ရှင်သန်နေတုန်း မိဘတို့၏ဘဝ ရှင်သန်အောင်ပြုစုပေးကြပါဟု စေတနာထား၍ ဤဆောင်းပါးအား တင်ဆက်လိုက်ပါသည်။

(ကွယ်လွန်သွားပြီဖြစ်သော မိဘများဖြစ်ကြသည့် အဖ ဦးသန်း၊ အမိ ဒေါ်ချောတို့ကို ဤဆောင်းပါးဖြင့် ပူဇော်ကန်တော့လိုက်ပါသည်။)

ပခန်းအောင်ကိုသန့်
(M.C.R.A) စာသေးစာစု

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှိခိုးခန်း၊ သုတ်လ

ကောင်းကျိုးဝေမြှာ တစ်နေ့တာလှမ်းသွန်

ဒေါင်စံသူ (B.Sc)

သြဂုတ်လ ၁ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၇၊ ဝ)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား အဂီ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရပ် (၉)ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၂ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေ့အရပ်က မြောက်။ လာဘ်အရောင်ကအစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေနှင့် တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉)ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၃ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်သို့လှည့်၍ အရပ် ဇနော (၉)ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၄ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၄၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အဂီ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉)ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၅ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၇၊ ဝ)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က ရွှေရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉)ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၆ ရက်၊ တနလ်ာနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၄၊ ၉)။ လာဘ်နေ့အရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉)ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၇ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉)ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၈ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၉၊ ဝ)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉)ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၉ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က လိမ္မော်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉)ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၁၀ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၄၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနလ်ာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉)ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၁၁ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၇၊ ဝ)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အနက်ရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ အရဟံ (၉)ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၁၂ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၅၊ ၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတွင် အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉)ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၁၃ ရက်၊ တနလ်ာနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၈၊ ဝ)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် နီညိုရောင်။ အကျိုးပေးနေ့သား တနလ်ာ၊ သောကြာ။ တစ်နေ့တာ

www.burmeseclassic.com

www.burmeseclassic.com

အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉)ခါရွတ်ဆိုပါ။

သြဂုတ်လ ၁၄ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနလ်၊ ပုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉)ခါရွတ်ဆိုပါ။

သြဂုတ်လ ၁၅ ရက်၊ ပုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၉၊ ဝ)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား ပုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉)ခါရွတ်ဆိုပါ။

သြဂုတ်လ ၁၆ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၆)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနလ်၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ သုဂတော (၉) ခါရွတ်ဆိုပါ။

သြဂုတ်လ ၁၇ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၉၊ ဝ)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ပုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ပုဒ္ဒါဇိနော (၉)ခါ ရွတ်ဆိုပါ။

သြဂုတ်လ ၁၈ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၅၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉)ခါရွတ်ဆိုပါ။

သြဂုတ်လ ၁၉ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၈၊ ဝ)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနလ်၊သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉)ခါရွတ်ဆိုပါ။

သြဂုတ်လ ၂၀ ရက်၊ တနလ်နေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓါ (၉)ခါရွတ်ဆိုပါ။

သြဂုတ်လ ၂၁ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနလ်၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ လောကဝိဒူ (၉)ခါရွတ်ဆိုပါ။

သြဂုတ်လ ၂၂ ရက်၊ ပုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ပုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉)ခါရွတ်ဆိုပါ။

သြဂုတ်လ ၂၃ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း (၉၊ ဝ)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ပုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအရှေ့ဘက်လှည့်၍ သံယာပူဇေမိ (၉)ခါရွတ်ဆိုပါ။

သြဂုတ်လ ၂၄ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနလ်၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ လောကဝိဒူ (၉)ခါရွတ်ဆိုပါ။

သြဂုတ်လ ၂၅ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၅၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ပုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉)ခါရွတ်ဆိုပါ။

သြဂုတ်လ ၂၆ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနလ်။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ပုဒ္ဓံ ပူဇေမိ (၉)ခါရွတ်ဆိုပါ။

သြဂုတ်လ ၂၇ ရက်၊ တနလ်နေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၈၊ ၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနလ်၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉)ခါရွတ်ဆိုပါ။

သြဂုတ်လ ၂၈ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၅၊ ဝ)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနလ်၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉)ခါရွတ်ဆိုပါ။

သြဂုတ်လ ၂၉ ရက်၊ ပုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၄၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနလ်၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအရှေ့မြောက်ဘက်လှည့်၍ အရဟံအောင်သီဒွိ (၉)ခါရွတ်ဆိုပါ။

သြဂုတ်လ ၃၀ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၅၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနလ်၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓါ (၉)ခါရွတ်ဆိုပါ။

သြဂုတ်လ ၃၁ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၇၊ ဝ)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ပုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ပုဒ္ဒါဇိနော (၉)ခါရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)

www.burmeseclassic.com

www.burmeseclassic.com

မဟာနွယ်(မန်းတက္ကသိုလ်)
နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

ကတိသစ္စာတည်သောအခါ ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်၏။

မှန်ကန်သောသစ္စာစကားတစ်ခုဖြစ်ပါသည်။ ယခုခေတ်သည် အမျိုးမျိုးသောဆီ၊ အချိုမုန့်၊ မုန့်ပဲသရေစာ အစရှိသော အစားအသောက်အဆန်းတို့ကို စားသောက်ရကြသဖြင့် စားသုံးသော ပြည်သူများသည် ရောဂါဆန်းဖြစ်ကြရ၏။

အထူးသဖြင့် ဆီးချို၊ သွေးချို၊ သွေးတိုး၊ ကင်ဆာရောဂါအမျိုးမျိုး၊ အသည်းကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အသားကင်ဆာ၊သွေးကင်ဆာ၊ကျောက်ကပ်ရောဂါနှင့်အဖျားရောဂါအမျိုးမျိုးတို့ ဖြစ်ကြ၏။

ဤရောဂါသိလျှင် ဆေးရှိပါ၏။ ရောဂါမသိပါက ဆေးမရှိပါ။ ဆေးပင်တို့သည် မိမိ၏ပတ်ဝန်းကျင်မှာ ပေါက်ရောက်လျက်ရှိကြ၏။ ပေါက်ရောက်နေသောဆေးပင်ကို ဆေးပင်ဟူ၍ သဘောမထားကြပါ။

သာကေပြုရလျှင် လူတစ်ဦးကို ကင်းကိုက်သည်ဆိုကြပါစို့။ ယင်းကင်းဆိပ်ကျစေရန် မိမိတို့နေအိမ်ပတ်ဝန်းကျင်၌ ဆေးပင်ရှိပါ၏။ ထိုဆေးပင်ကား ဖောက်ဖီးကြောင်ခြေရာ သို့မဟုတ် ဖောက်ဖီးခွေးခြေရာဟူ၍လည်း ခေါ်ကြပါ၏။ ထိုအပင်၏အရွက်ကို လက်နှင့်ခြေ၍ သတ္တုရည် သို့မဟုတ် အရည်ထွက်လာလျှင် ယင်းအရည်ဖြင့်ကိုက်သောနေရာကို လိမ်းပေးပါ။ ချက်ချင်းအဆိပ်ကျ၏။

တစ်ဖန် ရွှေလာင်ငွေလာဂမုန်းအရွက်ကိုခြေ၍ သတ္တုရည်ဖြင့် လိမ်းပေးပါက ကင်းဆိပ်၊ မြွေဆိပ်၊ ပင့်ကူဆိပ်စတဲ့ အဆိပ်မှန်သမျှကျပါ၏။

အဲလားတူပင် စံပါးကြီးသည်းခြေပင်ကို တူးယူ၍ ရေစင်အောင်ဆေးပါ။ ရေဆေးပြီးပါက အမြစ်ကိုစားလည်းစားပါ။ သွေးပြီးကိုက်သောနေရာ၌လိမ်းပေးပါ။ ကင်းဆိပ်၊ မြွေဆိပ် ပင့်ကူဆိပ်တို့ကျပါ၏။

ဤနေရာတွင် ကျောက်ကပ်ရောဂါပျောက်ကင်းစေသော ဆေးတစ်လက်ကိုတင်ပြပါမည်။

ကျောက်ကပ်ရောဂါကိုခံစားနေရသောသူတို့အားလေ့လာခဲ့ပါ၏။ အချို့လူနာတို့သည် ကျောက်ကပ်ရောဂါဖြစ်လာသောအခါ ကျောက်ကပ်ကအောင့်ပြီး မည်သည့်အလုပ်ကိုမျှမလုပ်နိုင်တော့ပါ။

ကျောက်ကပ်ရောင်လာပြီး မလှုပ်မရှားနိုင်ဖြစ်လာပါ၏။ ဆီးကလည်း ပုံမှန်သွားလာခြင်းမပြုဘဲနေ၏။ ဆီးကနေ ကျိကျိနောက်နောက်ဆင်းလာ၏။ တစ်ခါတစ်ရံမှာ ဆန်ဆေးရည်ကဲ့သို့လည်း ဆင်းလာသည်ဟုဆိုပါ၏။ ဆီးအိမ်အမြဲတမ်းနာကျင်ကိုက်ခဲခြင်းဝေဒနာကို ခံစားနေရ၏။

ဤရောဂါဖြစ်လာလျှင် ကြောက်လန့်စရာမလိုပါ။ အနာရှိုလျှင် ဆေးရှိ၏။ ရခိုင်အမျိုးသားများက ဂြုံနီပင်ဟုခေါ်ကြ၏။ အထူးသဖြင့် ရေချိုရေငန်စပ်နေရာတို့၌ ပေါက်လေ့ရှိ၏။ တချို့ဒေသတို့တွင် ထိုအပင်ကို ပြုံးနီပင်ဟု ခေါ်ကြ၏။

■ အပင်ပုံသဏ္ဌာန်

ဂြုံနီပင်သည် မြေမှာကပ်၍ပေါက်တတ်၏။ အပင်၏အရောင်မှာ အစိမ်းရောင်ရှိ၏။ အပင်အမြင့်မှာ (၆) လက်မခန့် အားကောင်းသောနေရာ၌ (၈)လက်မခန့်ရှိ၏။ အရွက်မှာ မန်ကျည်းရွက်ကဲ့သို့ တစ်ပင်ချင်းထွက်တတ်၏။ တစ်ပင်မှာ အညွှန့်အားဖြင့် လေးငါးခြောက်ညွှန့်ထွက်တတ်၏။ အပင်သည် မြေကြီးနှင့်နီးတပ်စွာပေါက်လေ့ရှိ၏။ မိုးရာသီ၌ အပင်ဖြစ်ထွန်း၏။

■ ဆေးပင်၏အရသာ

ဂြုံနီပင်၏အရွက်သည် ခါး၏။ အနည်းငယ်ဖန်၏။ အခါးက တစ်ပင်လုံးကို လွှမ်းထားသဖြင့် အခါးသာ အရသာထင်၏။ ဆေးပင်သည် မိုးတွင်းအချိန်၌ အခါအရသာမှာ ပေါ့ပါ၏။ နွေရာသီတို့တွင် အခါးအရသာပိုမိုခါးလာ၏။

■ အသုံးပြုပုံ

ဂြုံနီပင် အရွက်အကိုင်အခက်တို့ကို တို့စရာဟင်းအဖြစ် ထမင်းနှင့်စားကြ၏။ တချို့လည်း ဂြုံနီပင်ကို ဟင်းချို၌ချက်၍ ထမင်းနှင့်စားကြ၏။

■ ရောဂါအတွက် အသုံးပြုပုံ

ကျောက်ကပ်ရောဂါဖြစ်လာပါက အဆိုပါဆေးပင်ကို နုတ်ယူပြီး ရေစင်ကြယ်အောင်ဆေးပါ။ ရေဆေးပြီးနောက် အစိမ်းဝါးစားပါ။ တစ်ခါစား ငါးကျပ်သား သို့မဟုတ် တစ်ဆယ်သားခန့်စားပေးပါ။ နေ့ချင်းညချင်း ကျောက်ကပ်ရောဂါပျောက်ကင်းချမ်းသာပါလိမ့်မည်။ လက်တွေ့ပါ။

■ တစ်နည်း

ကျောက်ကပ်ရောဂါဖြစ်လာလျှင် ရခိုင်အမျိုးသားအခေါ် ဆောင်းရမ်းသီးအသီးမှာ (၄) မြောင့်ပါရှိ၏။ အလွန်ချဉ်ပါ၏။ ဆောင်းရမ်းသီးနှင့်ရေချိုငါးပြေမတို့ကို ဟင်းချက်စားပါက ကျောက်ကပ်ရောဂါပျောက်ကင်းသည့်အပြင် ကျောက်ကပ်၌ ကျောက်တည်နေပါက ကျောက်များကွဲကျသွားပါလိမ့်မည်။ လက်တွေ့။

လေ့လာမှတ်သား အကျိုးများပါလိမ့်မည်။သန့်ရှင်းသောစေတနာ၊မေတ္တာများဖြင့် ကျန်းမာချမ်းသာကြပါစေ။

မဟာနွယ်(မန်းတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)

နေအိမ်မှ လွဲ၍
တစ်ခြားမည်သည့်နေရာတွင်မှ
အကြံပြုခြင်း၊ အခါပေးခြင်း လုံးဝ မပြုလုပ်ပါ။

အမှတ်(၀၅၂)၊ ကုန်းဘောင်(၁၀) လမ်း
(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။

၄၀၅
သူရဇွန်မဂ္ဂဇင်း
၂၀၁၃ခုနှစ်၊ ဩဂုတ်လ အတွဲ(၁၀)အမှတ်(၆)

www.burmeseclassic.com

www.burmeseclassic.com



“ဆရာခိုင်းတဲ့အတိုင်း ဘုရားပူဇော်တာရယ်ဟုတ် ပြီးတော့ ဟုတ် ပထဝီဇယမန္တန် မနက် (၉) ကြိမ်၊ ည (၉) ကြိမ် မပြတ်ရွတ်တာရယ် ခုတော့ အိမ်လေးတစ်လုံးဝယ်လိုက်နိုင်ပြီ ဆရာ ဟုတ်။ တကယ်မထင်ပါဘူး။ ထင်မထား ဖြစ်သွားတာမို့ ကျွန်တော်ဘာပြောရမှန်း တောင်မသိတော့ဘူး။ (၂) နှစ်အတွင်းပဲ ဆရာ ဟုတ်။ ဆရာက ခင်ဗျား (၂)နှစ် ကျော်တာနဲ့ အိုးပိုင်အိမ်ပိုင်ဖြစ်ပြီးဆိုပြီး ပြောခဲ့တာ ကျွန်တော်မှတ်ထားတယ်။ ခု (၂) နှစ်မကျော်ဘူးဆရာ။ကျေးဇူးတွေ တင်လွန်းလို့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူးဆရာ ဟုတ် တကယ်ပါ”

■

“ဦးလေးပြောသလို သမီးမပျက် မကွက်လိုက်နာပြီး ဘုရားပူဇော်တယ်။ ပထဝီဇယမန္တန်ကိုလည်း မနက်(၉)ခေါက်၊ ည (၉) ခေါက်ကို မဖြစ်မနေရအောင် ဓိဋ္ဌာန်ထားပြီးရွတ်တယ်။ ခုတစ်နှစ် လောက်မှာပဲ အမွေကိစ္စပြီးသွားပြီ ဆရာ။ သမီးဝေစုအတွက် တိုက်ခန်းတစ် ခန်းရလိုက်ပြီ။ ပိုက်ဆံတော့မပေးဘူး အိမ်ပေးတယ်။ အိမ်အဖတ်တင်သွားပြီ။ ပထမထပ်ရလိုက်တယ်။ ဦးလေးကို ကျေးဇူးပါရှင်”

■

“ကျွန်တော်က ကားအငှားမောင်း တာဆိုတော့ ဆရာခိုင်းတဲ့အတိုင်း ဘုရားပူဇော်ပြီး ပထဝီဇယမန္တန်ရွတ် တာတော့ရွတ်တာပဲ။ မနက် (၉) ခေါက် ည (၉) ခေါက်မှန်တာလည်းရှိတယ်။ သိတယ်မို့လား တစ်ခါတစ်ခါ ညဘက်ညဉ့်နက်လို့မရွတ်နိုင်တော့တာတွေလည်းရှိတယ်။ ပင်ပန်းတော့လေသိတယ်မို့လား။ ဆရာက မင်းအိုးပိုင်အိမ်ပိုင်ဖြစ်ချင် ဒီလိုလုပ်ဆိုပြီးခိုင်းလို့သာလုပ်ရတယ်။ ဒီကားမောင်းတဲ့လူ ဘယ်လာအိုးပိုင်အိမ်ပိုင်နိုးစပ်ပါ့မလဲ သိတယ်မို့လား။ တစ်လကို တစ်သိန်းလောက် နှစ်ရှည်လများသွင်းရင်ရမယ်ဆိုရင်တော့ တစ်မျိုးပေါ့။ ဟော - ခု သူငယ်ချင်းက တိုက်ခန်းတစ်ခန်းဝယ်လိုက်တယ်။ သူလည်း မစောင့်ရှောက်နိုင်ဘူး။ သူမှာလည်း အခြားအလုပ်တွေကများသား။ ကျွန်တော်တို့မိသားစုကို အဲဒီမှာသွားနေကွာဆိုပြီး ထားလိုက်ပြီ။ သိတယ်မို့လား သူက ငွေတွေအသင့်ရှိနေလို့ဝယ်တာဆိုတော့ ဒီအခန်းက ငါပြန်ရောင်းမှာမဟုတ်ဘူး။ မင်းတို့ အဆင်မပြေတုန်းနေကြကွာတဲ့။ သူ့အလုပ်တွေကို ဝိုင်းလုပ်ရမယ်တဲ့။ လစာပေးမယ်တဲ့။ သူက ကားရေဆေးဆီထိုးတွေထောင်ထားတာသုံးခုတောင်။ နောက်ပိုင်း မင်းလုပ်နိုင်တဲ့အပေါ် ငါကြည့်ပြီး တစ်ခုခုစီစဉ်ပေးမယ်တဲ့။ သိတယ်မို့လား အဲဒါ ကျွန်တော်ထိပေါက်တာလားဟင် ဆရာ”

■

ကြည်နူးစရာအသံများကို ယခုနောက်ပိုင်း မကြာမကြာကြားလာရပါသည်။

ထိုအသံကိုသယ်ဆောင်လာပြီဆို လျှင် ထိုသူနှင့်ပတ်သက်၍ ဝမ်းသာမှုမှာ ဘာနှင့်မှမလဲနိုင်။ ပီတိဖြစ်ရလွန်း၏။ မုဒိတာပွားရလွန်း၏။ တခို့ဆိုလျှင် မျက်ရည်ပင်ဝဲမိသည့်အထိ ကြည်နူးရ၏။

အလွန်အခက်အခဲဖြစ်နေကြသူများကိုသာ ကျွန်ုပ်ကူညီခဲ့ခြင်းဖြစ်ပါသည်။ အိုးပိုင်အိမ်ပိုင်ရှိကြသူများက မလိုအပ်ပါ။

နေစရာအခက်အခဲကြုံတွေ့နေကြသူများထဲမှ ကျွန်ုပ်ပြောသည်ကို တိတိကျကျလိုက်နာနိုင်မည့်သူများအား ရွေး၍ကူညီခဲ့ခြင်းဖြစ်ပါသည်။

ကျွန်ုပ်သည် -

လူကဲခတ်အလွန်တော်၏။

တိတိကျကျ လိုက်နာပါမည်ဟုပြောသူတစ်ဦးနှင့်ဆုံစဉ်က သူ၏အခက်အခဲများကို သနားကရုဏာဖြစ်ပြီး ကူညီခဲ့ပါသည်။ ကျွန်ုပ်က အားကြိုးမာန်တက် သူကလည်း ဟုတ်တိပတ်တိ။

သို့သော် တစ်လလောက်အကြာတွင် ထိုသူမူးပြီးဆဲဆိုရမ်းကားနေသည်နှင့် သွားရင်းလာရင်းကြုံတော့မှ သည်ဒီလူက အသောက်သမားကိုးဟု သိခဲ့ရပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးမောင်မောင်သန်း
(ဂုဏ်ထူးဆောင်ဘွဲ့ဝေဆာ)
လက်ဝယ်ပိုင်ပိုင်ရစေဖို့ သူရဇဉ်လက်ဆောင်

တစ်ဦးဆိုလျှင် ဘာသာရေးစကားအလွန်ပြော၏။ တော်တော်များများပြောနိုင်၏။ ပုံတိုပတ်စနှင့်ပြောနိုင်၏။ ကျွန်ုပ်မှာ ထိုသူပြောသမျှကို မျက်ခဲတောင်မခတ်စတမ်းငေး၍သဘောကျစွာနားထောင်နေရ၏။ စကားများစွာလက်ဆုံကျပြီး သူ၏အခက်အခဲများကိုပြောပြလေရာ ကျွန်ုပ်လည်း အလွန်စိတ်မကောင်းဖြစ်ပြီး ကူညီလိုက်ပါသည်။ တစ်နေ့ သူ၏မိခင် ကျွန်ုပ်ထံရောက်လာ၏။ ထိုသူ၏နာမည်ကိုပြောပြီး သူ၏မိခင်ပါဟု မိတ်ဆက်စကားဆိုမှ ကျွန်ုပ်လည်းသိ၏။

သူ၏သားသည် လောင်းကစားအလွန်ဝါသနာပါ၍ လောင်းကစားလုပ်ရင်း ရှိတာတဖြည်းဖြည်းကုန်ပြီး မိဘနှစ်ပါးနေသောအိမ်ကိုတောင် ရောင်းခိုင်း၍ ကြွေးဆပ်ခိုင်းခဲ့ရာ ယခုမိဘများနေစရာပင်မရှိတော့ကြောင်း၊ တူမလုပ်သူကသနားသဖြင့်ခေါ်ထား၍သာ နေနေရကြောင်း၊ ယခုလည်း သူကိုဖျက်ဆီးခဲ့သော သူငယ်ချင်းနှင့်သာတွဲနေကြောင်းပြောပြမှ ကျွန်ုပ်လူကဲခတ်အလွန်တော်ကြောင်း ကိုယ့်ကိုယ်ကိုယ်ပြန်စဉ်းစားရင်းရှက်မိတော့၏။

တစ်ဦးက သပ်သပ်ရပ်ရပ်။

ရုပ်ရည်က အသင့်အတင့်။ သူမှာအလုပ်လုပ်ရင်း မထင်မှတ်သောကြွေးများတင်ခဲ့ရ၍ အိမ်ရောင်းခဲ့ရပြီး သူများပိုက်ဆံကို မလိမ်တတ်၍ ကြွေးထိုးဆပ်ခဲ့ရကြောင်း၊ လက်ရှိမှာသားထောက်သမီးခံမရှိ၍ အသိအိမ်တွင် အိမ်အလုပ်ဝိုင်းလုပ်ရင်း မိသားစုသဖွယ်နေနေရကြောင်းမှန်သေသေနှင့်ပြောရာ ကျွန်ုပ်ကလည်း ပူဇော်ရန် ရွတ်ဖတ်ရန်များဖြစ်နိုင်ပါမည်လားမေးလိုက်၏။ ရအောင်ဖြစ်အောင် ပူဇော်မည်ရွတ်မည်ဆို၍ ကူညီလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

လေးငါးခြောက်လလောက်အရောက်တွင် သူနေသောနေရာအနီးသို့ ပစ္စည်းတစ်ခု ဝယ်ရန်အသွား သူနှင့်တွေ့ပြီး သူကနှုတ်ဆက်၍ပြန်စကားပြောဖြစ်၏။ နှုတ်ဆက်ပြီးသူပြန်လှည့်သွားသောအခါ ပစ္စည်းရောင်းသောဆိုင်ရှင်က -

"ဒီပုဂ္ဂိုလ်နဲ့ခင်လား"

ဟုမေး၏။

ကျွန်ုပ်က -

"အင်း - ခင်ပါတယ်"

ဟု ပြောသောအခါ-

"ပိုက်ဆံများလာချေးရင် မချေးနဲ့နော်။ ကျုပ်တို့ရပ်ကွက်မှာ သူကနာမည်ကြီး။ ဘယ်မှာ ဖဲဝိုင်းရှိပါ့မလဲဆိုပြီးရှာရိုက်တာ။ သူတို့က အုပ်စုလိုက်ရိုက်ကြတာ။ သူ့ကိုကြွေးတောင်းကြသူတွေဆိုနည်းတာမှတ်လို့"

ဟုပြောတော့မှ ကျွန်ုပ်မှာ အံ့အားသင့်သွားရပါသည်။ လုံးဝထင်မထားသောစကားများကို ကြားလိုက်ရသောကြောင့် မျက်နှာမှာ ထူအမ်းအမ်းနှင့် ပုရွက်ဆိတ်များတက်လာသလိုခံစားရပြီး ရှက်လာ၏။

ဟာ-တယ်တော်တဲ့ငါပါလား။ လူတစ်ယောက်ကိုအကဲခတ်ရင် အဲသလိုလွဲတာဟာ ကိုယ့်ကိုယ်ကိုယ်ပြန်သရော်ရင်းဆိုင်ရှင်ကိုပင် မကြည့်ရဲလောက်အောင် ရှက်သွား၏။

ထို့ကြောင့် ကျွန်ုပ်သည် လူကဲခတ်အလွန်တော်သည်ဟု ကိုယ့်ကိုယ်ကိုယ် ချီးကျူးရခြင်းဖြစ်ပါသည်။

ဤသို့ လိပ်ပြာလုံစွာ တင်ပြပြီးမှ သာ -

ယခုလပေးချင်သော သူရဇ လက်ဆောင်ကို ဗဟုသုတမျှဝေ၍ဖြစ်တော့မည်ဖြစ်၏။

■

ဘုရားရှင်အား ဆွမ်းတော်ကပ်လှူပူဇော်ခြင်း

ဘုရားရှင်ကို ဆွမ်းတော်ကပ်လှူပူဇော်ကြလေ့ရှိသည်မှာ မဆန်းပါ။ လူတိုင်းလိုလို ကြည်ညိုပူဇော်ကြလေ့ရှိပါသည်။

စားနိုင်သောက်နိုင်သည်ဖြစ်စေ၊ လက္ခဏာရှုးပါးကြသည်ဖြစ်စေ ဆွမ်းတော်ကိုကပ်ဖြစ်အောင်ကပ်ကြလေ့ရှိ၏။

အလွန် ကြည်နူးပီတိဖြစ်စရာကောင်းလှပါ၏။

ယခုလည်း ဆွမ်းတော်ကပ်လှူပူဇော်ရန်ဖြစ်ပါသည်။

သို့သော် -

ခါတိုင်းကပ်လှူပူဇော်နေကြသည့်နှင့်တူချင်မှတူပါလိမ့်မည်။ တူချင်လည်းတူနေပါလိမ့်မည်။

တူနေလျှင် ဆက်၍ကပ်လှူခြင်းမှတစ်ပါးအခြားမရှိပါ။

မတူခဲ့လျှင် ယခုပြသတော့မည့်အတိုင်းကပ်လှူပါ။

ဘုရားဆောင်ရှေ့တွင် စားပွဲတစ်လုံးခင်းပါ။ စားပွဲခင်းခင်းပါ။ ထမင်းပွဲ (ဆွမ်းပွဲ) ဆွမ်းဟင်းပွဲများပြင်ပါ။ ဇွန်းများသေချာတပ်ပါ။ ခေါင်းရင်းဘက်ဆီတွင် သံဃာတော်အရှင်သူမြတ်များခင်း၍ထိုင်သော နေကထိုင်ကိုခင်းထားပါ။ လက်ဆေးရေခွက်ထားပါ။ လက်သုတ်ပဝါကို ပန်းကန်ပြားတစ်ချပ်နှင့်ထည့်၍ထားပါ။ သောက်တော်ရေဖန်ခွက်ကို ပန်းကန်ပြားခံ၍ထားပါ။

အားလုံးပြီးပြီဆိုလျှင် ဘုရားရှင်ကိုရှိသေစွာ ရှိခိုးပဉ်လျှာက်၍ ဆွမ်းတော်ကပ်လှူပူဇော်ပါ။

မ,၍ အဆင်ပြေသောစားပွဲဖြစ်ပါက ရှိသေစွာ မ,၍ကပ်ပါ။ စားပွဲကြီးနေလျှင် တစ်ပန်းကန်ချင်း ရှိရှိသေသေကပ်လှူပူဇော်ပါ။ ပြီးရင် ယပ်တောင်အသစ်တစ်ချောင်းနှင့် ဖြေးညင်းစွာအပြန်အလှန်ခတ်နေပြီး ဂုဏ်တော်များကို အာရုံပြုကြည်ညိုနေပါ။ ယပ်ခတ်လျှင် အကြမ်းပတမ်းမြန်မြန်ဆန်ဆန်မခတ်ပါနှင့်။ ဆရာတော်ဘုရားကြီးများကို ဆွမ်းကပ်ကြသည့်အခါ အနီးအပါးမှာထိုင်ပြီးဖြည်းညင်းစွာ ရှိရှိသေသေယပ်ခတ်ပေးသည်သို့နှယ် ယပ်တောင်သွင်းပူဇော်ပါ။ ရှိရှိသေသေပူဇော်ပါ။

(၁၅) မိနစ်၊ မိနစ် (၂၀) ခန့်ကြာလျှင် ဘုရားရှင်အား ဆွမ်းတော်ကပ်လှူခြင်း ပြီးမြောက်ပြီဟု ရှိသေစွာ ယုံကြည်စွာနှင့် ပန်းကန်များကို ညင်သာစွာရှိသေစွာ တစ်ခုချင်းသိမ်းပါ။

ဤဆွမ်း၊ ဤသောက်တော်ရေတို့သည် မိသားစု၏ အလွန်ကျန်းမာခြင်း သောကကင်းဝေးခြင်းနှင့် ပြည့်စုံခြင်းကို ဆွမ်းတော်စွန့်၍စားရင်းစားရင်း ကိုယ်တွေ့ကြုံလာကြရပါလိမ့်မည်။

နေ့စဉ်ကပ်လှူနိုင်ကာ အကောင်းဆုံး ဖြစ်၏။

မလှူအားပါက လှူရန်အဆင်ပြေသည့်နေ့တိုင်းလှူပါ။ မိဘနှစ်ပါး မွေးနေ့နှင့် ကိုယ့်မွေးနေ့တိုင်းလှူ၍လည်း ရပါသည်။

စားပွဲခင်းလျှော်ဖွပ်ပါ(သို့)အသစ်လဲ၍ ကပ်လှူပါ။

ဤသို့ဆွမ်းတော်တောက်လျှောက် ကပ်လှူပူဇော်နေသည့်အတွက် ဘုရားပူဇော်ထားသောဘုရားပန်းများကို မည်သူမျှ အနှောင့်အယှက်ခံခြောက်ခံကြတော့မည်မဟုတ်ပါ။ ဘုရားပန်းများအမြဲတမ်းလှပဝေစည်နေတော့မည်သာဖြစ်၏။ ဘုရားရှင်ကို နေ့စဉ်နှင့်အမျှပင့်၍ဆွမ်းတော်ကပ်လှူပူဇော်နေခြင်းကြောင့် ဘုရားဆောင်သည်လည်း အလွန်ပင်သန့်ပြန့်ပြီး ဖုန်အမှိုက်ကင်းဝေးနေတော့မည်ဖြစ်၏။ ဤသို့ ဘုရားဆောင်ရှင်းသန့်ကြည်လင်နေခြင်း၊ ဘုရားပန်းများလှပဝေစည်နေခြင်းကြောင့် မိသားစုများစိတ်ဖိစီးနေကြရခြင်းများ၊ စိတ်ကစဉ့်ကလျားဖြစ်နေကြရခြင်းများ၊ တစ်ဦးနှင့်တစ်ဦးရန်လိုမုန်းတီးနေကြခြင်းများ၊ အိမ်ပူနေခြင်းများ၊ မလိုလားအပ်သော အပူကူးစက်နေခြင်းများ တဖြည်းဖြည်းလွင့်ပျက်၍ ကင်းစင်သွားတော့မည်ဖြစ်၏။

ဆုတောင်းစရာပင်မလိုပါ။

ဤကောင်းမှုကုသိုလ်ကြီး၏အကျိုးပေးပုံကို လက်တွေ့မျက်ဝါးထင်ထင်ကြုံတွေ့ရမည်ဖြစ်ပါသည်။

ဤကောင်းမှုကုသိုလ်ကြီးသည် သူတော့ထူးသည်၊ ငါတော့မထူးပါလားဟူသောအသံများထွက်လာမည်မဟုတ်ပါ။

ပူဇော်ကြသူတိုင်း ထူးကြသည်ချည်းဖြစ်၍ ဆုတောင်းစရာပင်မလိုပါဟုဆိုရခြင်း ဖြစ်ပါသည်။

ဤနေရာတွင်ပြောစရာရှိပါသည်။

တစ်နေရာတွင် ပါဠိလို 'နိသီဒိုင်' ဟုပြထားသော နေကထိုင်အခင်းအရေးကြီးပါသည်။ နေကထိုင်ကို သေသေချာချာခင်းလှူပါ။ ဖြစ်သလိုမလှူသင့်ပါ။ အချို့ကိုယ့်ပုဆိုးကိုခင်းလှူသည်ကိုတွေ့ဖူးပါသည်။ သပ်ရပ်ကောင်းမွန်လှပသောနေကထိုင်များရှိပါသည်။ ရှိသေစွာလှူပါ။

ဆွမ်းတော်ကပ်လှူပြီးသည်နှင့် အားလုံးကိုသိမ်း၍ ခေါင်းရင်းတစ်နေရာတွင် ရှိရှိသေသေထားပါ။ ပန်းကန်များဆေးကြောမှောက်ထားလျှင်လည်း ခေါင်းရင်းအမြင့်တစ်နေရာတွင်သာ သန့်ပြန့်စွာ ရှိသေစွာထားပါ။

နောက်နေ့ ဆွမ်းတော်ကပ်လှူပူဇော်တော့မည်ဆိုမှ တစ်ခုချင်းကို ရှိရှိသေသေယူ၍ သန့်ပြန့်စွာ ဆေးကြောပြီးမှ ဆွမ်း၊ ဆွမ်းဟင်းများထည့်၍ ရှိသေစွာကပ်လှူပါ။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်စိတ်ထဲတွင် ကိုယ်ပူဇော်ချင်သည့်သဒ္ဓါအတိုင်းဆွမ်းဟင်းများကပ်လှူပူဇော်ပါ။ ကြည်ညိုခြင်းသည်သာ အရေးကြီးပါသည်။ ရင်ထဲတွင်ထိသွားအောင် ကြည်ညိုသဒ္ဓါပွားကာ ကပ်လှူပူဇော်ဖို့သာလိုပါသည်။

အစပထမတွင် ခက်ခဲမည်ထင်ရသော်လည်း အလွန်လွယ်ကူပါသည်။

အချို့ဆိုလျှင် နှစ်ချီနေပါပြီ။ ဘုရားဖူးခရီးထွက်သည့်နေရာဒေသများတွင်ပင် ရအောင်ပူဇော်ကပ်လှူကြသူများရှိ၏။ အလွန်အကျိုးပေးကြပါသည်။

ဤသို့ဆွမ်းတော်ကပ်လှူခြင်းစတင်ပြီးသည့်နောက်ပိုင်း သံဃာတော်အရှင်သူမြတ်များကိုလည်း နေကထိုင်လှူပါ။ သင်္ကန်းလှူသည်ဖြစ်စေ၊ သင်္ကန်းပရိက္ခရာစုံလင်စွာ လှူသည်ဖြစ်စေ နေကထိုင်မပါမဖြစ်၊ မလှူမဖြစ်လှူပါ။

တခါသော် -

အမျိုးသမီးတစ်ဦးသည် မထင်မှတ်ထားသောအိမ်ကိစ္စတစ်ခုမမျှော်လင့်ဘဲကြုံ၏။

ထိုအမျိုးသမီးသည် စိတ်သောကများကြုံနေရသည့်ရက်များတွင် သံဃာတော်အရှင်သူမြတ်တစ်ပါးအား နေကထိုင်တစ်ခုခင်းလှူ၍ကန်တော့၏။ ငြိမ်သက်စွာ လက်အုပ်ချီမိုးရှိခိုး၍ လှူဒါန်းနေသော ထိုအမျိုးသမီးအား သံဃာတော်အရှင်သူမြတ်က အေးချမ်းလှစွာ မေတ္တာပို့၏။

အလွန်အံ့ဩဖွယ်ကောင်းလှပါသည်။

ထိုအမျိုးသမီးသည် 'သူမ'ထင်မှတ်မထားသော အိမ်ကိစ္စကြောင့် စိတ်သောကကြီးစွာခံစားနေရာမှ 'သူမ' မထင်မှတ်ထားသော အပြောင်းအလဲတစ်ခုဖြစ်သွားပါတော့သည်။ စိတ်သောကရောက်နေရသည့်ကိစ္စလုံးဝရှင်းသွားခြင်း ဖြစ်၏။ ယခု ပျော်ရွှင်ချမ်းမြေ့စွာ ဆက်လက်နေထိုင်နေပြီဖြစ်ပါသည်။

ဤအဖြစ်အပျက်သည် မကြာသေးပါ။

သံဃာတော်အရှင်သူမြတ်များကို နေကထိုင်လှူဒါန်းပြီးသည့်နောက်ပိုင်း ကြုံတွေ့ကြရသော အံ့ဖွယ်များမှာမနည်းတော့ပြီ။

လှူကြသူများသည် ဤသည်ကို သိ၍လှူကြခြင်း မဟုတ်ပါ။

အလွန်သဒ္ဓါကြည်ညိုစိတ်ဖြင့်သာ လှူခဲ့ကြခြင်း ဖြစ်ပါသည်။

ယခု သူရဇ္ဈလက်ဆောင်တွင် ဘုရားအရှင်အား မွန်မြတ်သောအခင်းခင်း၍ ကြည်ညိုသဒ္ဓါပွားကာ ဆွမ်းတော်ကပ်လှူရခြင်း၊ သံဃာတော်ရှင်သူမြတ်များကို နေကထိုင်ခင်း၍ လှူဒါန်းခြင်းသည် အဓိကဖြစ်ပါသည်။

ဤအလှူများနှင့်အတူ ကျင့်ကြံရွတ်ဖတ်ရမည်မှာ ပထဝီဇယမန္တန် မနက် (၉) ကြိမ်၊ ည (၉) ကြိမ်ဖြစ်ပါသည်။

စတင်သောနေ့ရွေးရန်မလိုပါ။

နေ့စဉ်ပူဇော်ခြင်းသာမှန်ရမည်ဖြစ်ပါသည်။

သံဃာတော်အရှင်သူမြတ်များကို လှူသည့်အခါ အဆင်ပြေသလိုလှူပါ။ တစ်ပတ်တစ်ကြိမ် (သို့) တစ်လတစ်ကြိမ် လှူပါ။ အဆင်ပြေသလိုလှူပါ။ ရှိသေစွာလှူပါ။ ဖြစ်အောင်လှူပါ။

ပထဝီဇယမန္တန်ကို ပျက်ကွက်၍မရပါ။

သေချာကြည့်လျှင် မည်သည့်ကိစ္စမျှ အချိန်အကြာကြီးပေးရသည်မရှိပါ။

သို့သော် အချိန်အကြာကြီးကြုံတွေ့ခဲ့ရသော အိုးခြေအိမ်ခြေမဲ့ရသည့်ကိစ္စများ၊ အိမ်အခက်အခဲများလက်တွေ့ထူးခြားအောင်မြင်သွားပါလိမ့်မည်။

စိတ်ထဲတွင် ဤကုသိုလ်များရှင်သန်နေဖို့သာ အချိန်ပြည့်ရှိနေဖို့သာ အရေးကြီးပါသည်။

သံဃာတော်အရှင်သူမြတ်များကို လှူလျှင် အလွန်ရိုသေစွာလှူပါ။ ဖြစ်သလိုမပြောပါနှင့်။

တစ်နေရာတွင် -

အလွန်ပြည့်စုံစွာဝတ်ဆင်ထားပြီး အလွန်တန်ဖိုးကြီးသော ကားကြီးထဲမှဆင်းလာသူတစ်ဦးသည် ဆရာတော်တစ်ပါးကို ဖူးမြော်ရန်သွား၏။ ဆရာတော်၏တပည့် ခန်းနေသံဃာတော်ကိုမြင်သည်နှင့် ဆရာတော်ရှိလားဟုမေး၏။ ဆရာတော်တစ်ညအိပ်ဘုရားဖူးခရီးကြွသွားတယ်ဟုပြောသောအခါ ဟာ - ဒါပါဆို ကျွန်တော်လာတာ သုံးခါရှိပြီဟုပြော၏။ သံဃာတော်က ဒကာကြီး သန်ဘက်ခါလောတ်လာခဲ့ပါလားတဲ့ ဆိုသောအခါ ဟုတ်ကဲ့ ဟုတ်ကဲ့ အင်းပေါ့လေ - လာရမှာပေါ့ဟု ဆို၏။

သံဃာတော်အရှင်သူမြတ်များနှင့် စကားပြောလျှင် ဟုတ်ကဲ့၊ ဟုတ်ကဲ့ရှင့်ဟူ၍ပြောကြသည်များ၊ အသံနေအသံထားနှင့် ဆွဲဆွဲငင်ငင် ဟုတ်ကဲ့ပါဟုပြောကြသူများ၊ ကျွန်မက၊ ကျွန်တော်ကဟုပြောကြသူများ မကြာမကြာတွေ့တွေ့နေရပါသည်။ တင်ပါ့ဘုရား၊ မှန်ပါ့ဘုရား၊ တပည့်တော်ဟူသော ရိုရိုသေသေဂါရဝအသုံးအနှုန်းများကို ထိုသူများမပြောတတ်လေရော့သလား။ သိလျက်နှင့် ခပ်လွယ်လွယ်များပြောဖြစ်နေတာလား။ တစ်ခါတစ်ခါ တွေးကြည့်မိပါသည်။

ဆိုချင်သည်မှာ ယခုပြသခဲ့သောကုသိုလ်ကံပွင့်ဆွမ်းတော်ကပ်လှူပူဇော်ခြင်း၊ နေကထိုင်လှူခြင်း၊ ပထဝီဇယမန္တန်ရွတ်ခြင်းများကို ယုံကြည်စွာနှင့်လှူတော့မည်ရွတ်တော့မည်ဆိုလျှင် အစစအရာရာ သတိထားရန်အတွက် တင်ပြနေရခြင်း ဖြစ်ပါသည်။ ထောင့်စေ့အောင်ထင်ပြနေရခြင်း ဖြစ်ပါသည်။

သူများအကြောင်းထူး၍ ကိုယ့်အကြောင်းမထူးသည့်အခါ ဘာလိုနေပါလိမ့်ဟု စဉ်းစားမရဖြစ်မှာစိုး၍ လိုအပ်သောကွက်လပ်မှန်သမျှကို ဖြည့်ပေးနေခြင်းဖြစ်ပါသည်။

သံဃာတော်အရှင်သူမြတ်များကို လှူဒါန်းတော့မည်ဆိုလျှင် ရိုသေခြင်းများစွာဖြင့် ပူဇော်လှူဒါန်းပါလေ။ 'အဂါရဝ' မဖြစ်အောင် အထူးသတိထားပါ။ ကိုယ်အမူအရာ၊ နှုတ်အမူအရာများကို အထူးသတိထားပါ။

■

ဤသူရဇ္ဈလက်ဆောင်ကို အစမှအဆုံးတိုင် ဖတ်ရှုပြီးပြီဆိုလျှင် ဤသူရဇ္ဈလက်ဆောင်၏ အောင်မြင်ရာအောင်မြင်ကြောင်းအတွက် ဆောင်ရန်၊ ရှောင်ရန်များကို ပြည့်စုံစွာသိသွားလောက်ပါပြီ။ မရှင်းသေးလျှင် နှစ်ကြိမ်၊ သုံးကြိမ်ပြန်ဖတ်ပါ။

ဤသူရဇ္ဈလက်ဆောင်သည် ရိုသေခြင်းများစွာ၊ နူးညံ့သိမ်မွေ့ခြင်းများစွာနှင့်သာ ကုသိုလ်ဆက်ရမည့် သူရဇ္ဈလက်ဆောင်ဖြစ်ပါသည်။ ဤသို့ကြောင်းကျိုးပြည့်စုံမှသာ အောင်မြင်ခြင်းများစွာကိုဖြစ်လာစေပါသည်။

ဖတ်ပါ။

လေ့လာပါ။

ကုသိုလ်ပြုပါ။

ထင်မှတ်မထားသော အောင်မြင်မှုများစွာကို ရရှိပိုင်ဆိုင်လာပါလိမ့်မည်ဟု မေတ္တာစကားဆိုရင်း -

လက်ဝယ်ပိုင်ပိုင်ရစေဖို့ သူရဇ္ဈလက်ဆောင်နှင့် အောင်မြင်ကြီးပွားချမ်းသာများကြပါစေသတည်း။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ့ အသီး၊ အညွှန့်ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီးတစ်ပတ်နှေ့စဉ်စိပ်ပါ။

ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နှိုင်ငံခြားသွားလိုသူများ - တစ်နေ့တည်း ဘုရား (၃) ဆူလှည့်၍ ပန်း (၃) မျိုးကပ်လှူပူဇော်ပြီး ပဌာန်းရွတ်ပါ။

အိမ်ရောင်းလိုသူများ - အိမ်ကိုမာတ်မရိုက်ရ။ တောင်အရပ်က အကျိုးဆောင်နှင့်စပ်၍ရောင်းပါ။

ကားရောင်းလိုသူများ - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်၍ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'အင်္ဂါ' နံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပဌာန်းနှင့်ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - မွေးနံ့မှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး ရေသပ္ပာယ်ပါ။ မွေးနံ့ပြန်ရောက်လျှင် ၂၄-ပစ္စည်းကို ရွတ်ဖတ်ပူဇော်ပါ။

လူမှုရေးအတိုက်အခံများသူများ - အိမ်မှလမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီတစ်ဆူဆူသို့ ခြေကျင်လျှောက်သွားပြီး ရင်ပြင်တော်တံမြက်စည်းလှည်းပါ။

နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျိုအမည်းရောင်မဝတ်ပါနှင့်။

ကျန်းမာရေး - ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။

ထီကံကောင်းလိုသူများ - ကြာသပတေးနံ့ထီဆိုင်ကြီးများတွင် (၅၊ ၇၊ ၆၊ ၉) ဂဏန်းများကို ကြာသပတေးနံ့အက္ခရာတွင် ပါအောင်ရွေးချယ်ကံစမ်းထားပါ။

တနလ်ာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ့ အသီး၊ အညွှန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီး (၃) ပတ် နှေ့စဉ်စိပ်ပါ။

ကြွေးတောင်းလိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နှိုင်ငံခြားသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်း၊ ဆေးလှူပါ။

အိမ်ရောင်းလိုသူများ - အိမ်ကို ဒန်းညွှန့်လက်တစ်ဆုပ်ဖြင့် မကြာခဏစတိရိုက်ပါ။

ကားရောင်းလိုသူများ - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့်စပ်၍ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - စနေနံ့ဘွဲ့အမည်ရှိသော ဘုရားစေတီသို့မကြာမကြာသွား၍ ပဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ အသုံးမပြုတော့သည့်စက်ပစ္စည်းအဟောင်းများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။

လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်က တံမြက်စည်းလှည်းပါ။ အမှိုက်များ ကောက်ပါ။

နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူကိုစကားဖြင့် အနိုင်မယူပါနှင့်။ ကိုယ်ကလျှော့ပေးပါ။ ခိုလေးများကို မကြာမကြာအစာကျွေးပါ။

ကျန်းမာရေး - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသော ဒုက္ခိတများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။

ထီကံကောင်းလိုသူများ - တနင်္ဂနွေနံထီဆိုင်တွင် (၁၊ ၇၊ ၄၊ ၅) ဂဏန်းများပါသော ထီလက်မှတ်လေးများနှိုင်းသလောက်ကံစမ်းထားပါ။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ့ အသီး၊ အညွှန့်၊ ပန်းများဖြင့် ပူဇော်ထားပြီး ဒီဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နှိပ်ဆွံ့ခြောသွားလိုသူများ - နံနက်စောစော ဆွမ်းခံကြွသော သံဃာတော်များကို တန်းဆွမ်းလောင်းပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
ကားရောင်းလိုသူများ - ကားကို အနောက်အရပ်က အကျိုးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - သောကြာနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပန်းပေါင်းစုံဝေဝေဆာဆာကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုန်းတော်ကြီးကျောင်းများသို့ မကြာမကြာသွား၍ ဘုန်းကြီးကုဋီများကို သန့်ရှင်းရေးပြုလုပ်ပါ။
နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူကို အနက်ရောင်အိတ်လက်ဆောင်မပေးပါနှင့်။ ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအမည်းရောင်မဝတ်ပါနှင့်။
ကျန်းမာရေး - ရေသတ္တဝါလေးများကို အစာကျွေးပါ။ တစ်နိုင်ဘေးမဲ့လွှတ်ပေးပါ။
ထီကံကောင်းလိုသူများ - ကြာသပတေးနံထီဆိုင်တွင် ကြာသပတေးနံ့အက္ခရာများဖြင့် (၅၊ ၆၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းပါ။

ဗုဒ္ဓဟူးသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ့အသီး၊ အညွှန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီး (၃) ပတ်နှေ့စဉ်စိပ်ပါ။
ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
နှိပ်ဆွံ့ခြောသွားလိုသူများ - တဟိတဟိ အစချီသောဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို စနေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
ကားရောင်းလိုသူများ - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒီဝါတပတိဂါထာမကြာမကြာရွတ်ပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - စနေနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပဋ္ဌာန်းနှင့်ဓမ္မစကြာရွတ်ဖတ်သူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - မွေးနံ့မှစ၍ ငြိုဟ်ရှစ်ခွင်လှည့်ပြီး ရေသပွာယ်ပါ။ မွေးနံ့ပြန်ရောက်လျှင် ၂၄-ပစ္စည်းကို ရွတ်ဖတ်ပူဇော်ပါ။
လူမှုရေးအတိုက်အခံများသူများ - အိမ်မှလမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီတစ်ဆူဆူသို့ ခြေကျင်လျှောက်သွားပြီး ရင်ပြင်တော်တံမြက်စည်းလှည်းပါ။
နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
ကျန်းမာရေး- ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသော ဒုက္ခိတများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။
ထီကံကောင်းလိုသူများ - ဗုဒ္ဓဟူးနံ့၊ ထီဆိုင်များတွင် စနေနံ့အက္ခရာဖြင့် (၇၊ ၃၊ ၄၊ ၈) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားပါ။

ကြာသပတေးသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ့ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို အဓိဋ္ဌာန်ဝုတီးစိပ်ပါ။
ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နှိပ်ဆွံ့ခြောသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ကံကောင်းညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို တနလ်ာနာမည်ရှင် အကျိုးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီတို့မကြာမကြာသွား၍ ပန်း၊ ရေချမ်းများကပ်လှူပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ အသုံးမပြုတော့သည့် စက်ပစ္စည်းအဟောင်းအပျက်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကောက်ခြင်းပြုလုပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူကိုစကားဖြင့်အနိုင်မယူပါနှင့်။
ကျန်းမာရေး- ရေသတ္တဝါလေးများကို အစာကျွေးပါ။
ထီကံကောင်းလိုသူများ - ခရီးသွားရင်း လမ်းမှာတွေ့သော ထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီကံကောင်းတတ်ပါသည်။

သောကြာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံးစနေနံ့အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို အဓိဋ္ဌာန်ပုံတိုးစိပ်ပါ။
ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နှိုင်ငံခြားသွားလိုသူများ - တဟိတဟိအစချီသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ဒန်းညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - စနေနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပဌာန်းနှင့်ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း အမှိုက်များကောင်းခြင်းကုသိုလ်များပြုပါ။
နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကြိုအနီရောင်ဝတ်မသွားပါနှင့်။ အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
ကျန်းမာရေး - ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။ တစ်နှိုင်ဝယ်၍ ဘေးမဲ့လွှတ်ပေးပါ။
ထီကံကောင်းလိုသူများ - သောကြာသားသမီးများနှင့် ထီစပ်တူထိုးပါ (၇၇၊ ၆၆၊ ၃၃) တို့နှင့်စသော ဂဏန်းများနှင့်ကံစပ်နေပါသည်။

စနေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ့အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီးစိပ်ပါ။
ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နှိုင်ငံခြားသွားလိုသူများ - သီလရှင်ဆရာကြီးများကို ဝတ္ထုငွေများစွာလောင်းလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ပျဉ်းမည်ွန်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို အနောက်အရပ်ကအကျိုးဆောင်နှင့်စပ်၍ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'အောင်'ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပန်းပေါင်းစုံဝေဝေဆာဆာကပ်လှူပူဇော်ပြီး ပဌာန်းရွတ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - မေတ္တာသုတ်ကို နေ့စဉ်ကြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
လူမှုရေးအတိုက်အခံများသူများ - သမ္မဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်၍ရွတ်ပါ။
နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများမပြောပါနှင့်။ ကိုယ်ကလျှော့ပေးပါ။
ထီကံကောင်းလိုသူများ - ဘုရားဖူးသွားရင်း ဘုရားစောင်းတန်းများတွင် ထီဆိုင်တွေ့ပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီပေါက်တတ်ပါသည်။

ယခုလတွင်-
တနလ်ာစ-တနင်္ဂနွေပိတ်မှည့်ထားသောနာမည်ရှင်များအနေနှင့် အခြားသူများထက်ပိုပြီးရွတ်ဖတ်ခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။
ကြာအိုး-ချစ်အိမ်-ကြူအိ

မိမိကောင်းမှုအကြောင်းပြု
ဆုမတောင်းဘဲပြည့်ပါစေ

ပြည့်ဦးကိုးကျော်

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၈ ခုနှစ်၊ ဩဂုတ်လ အတွက်

ဆရာဦးမောင်မောင်သန်း

(ရုံးကိုယ်စားပြုဝေယျာဝစ္စ)

ခွန်စရက်သားသမီး

ဟောစာတမ်း

တန်ဂ်နွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသော ကိစ္စများအတွက် ကြာသပတေးနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကူအညီများရရှိပါလိမ့်မည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အထူးသတိထားရမည့်ကိစ္စများမှာ လောဘ်းကစားနှင့်ကြွားဝါမောက်မာခြင်း၊ အမှုအခင်းဖြစ်နေသည့်ကိစ္စများကို အာမခံပေးရမည့်ကိစ္စများဖြစ်ပါသည်။ ရှောင်ရပါလိမ့်မည်။ ရွှေရောင်ပစ္စည်းအကျိုးအပဲ၊ အင်း၊ လက်ဖွဲ့အပျက်များ အိမ်မှာမထားပါနှင့်။ စွန့်ပစ်လိုက်ပါ။ လူမှုရေးအတိုက်အခံများနှိုင်သည့်ကာလဖြစ်၍ စကားကိုထိန်းပြောပါ။ ပြဿနာမှန်သမျှ ရှောင်နေသည့်ကြားမှဖြစ်လာပါက နီးရာဘုရားသို့ ခြေလျင်လျှောက်သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်း၊ အမှိုက်များကောက်ပါ။ ပြီးလျှင် လက်ဆေး (၂၄) ပစ္စည်းကို (၂၄) ခေါက်ရွက်ပါ။ အိမ်တွင်းရေးများသာယာစေနေရန် စကားပြောဆင်ခြင်လိုက်ပါ။ မိသားစုထဲတွင် တစ်ယောက်တစ်ပေါက်ဖြစ်နေတတ်ပါသည်။ ကျန်းမာရေးအတွက် စားချိန်၊ အိပ်ချိန်များအချိန်မလွန်ပါစေနှင့်။ ခေါင်းမူးစာများ ရှောင်ပါ။ ပညာရေးကံများကောင်းနေပါသည်။ စာမေးပွဲများဖြေဆိုပါက အောင်မြင်မည်။ သင်တန်းများတက်ရတတ်ပါသည်။ ငယ်ရွယ်သူတို့၏ခွစ်ရေးချစ်ရာများ တစ်ယောက်နှင့်တစ်ယောက် စကားနှိုင်မလုပါနှင့်။ စလွန်းနောက်လွန်းပါက နှိမ်သည်ထင်ပြီး ပြဿနာတက်သွားတတ်ပါသည်။ ထီထိုးမည်ဆိုပါက ကြာသပတေးနံအက္ခရာများနှင့် (၅၊ ၇၊ ၆၊ ၉၊ ၂) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းနိုင်ပါသည်။

ယတြာ ။ ။ ငါးအရောင်များကို ရေအရောင်မှာ ဘေးမဲ့လွှတ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

တနလ်ာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသော ကိစ္စများအတွက် စနေနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့်တိုင်ပင်ဆောင်ရွက်ပါ။ ကူညီပံ့ပိုးမှုများရရှိပါလိမ့်မည်။ (၂) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ စပ်တူရွယ်ယာကိစ္စများ အကျိုးမပေး၍ လုံးဝမလုပ်ပါနှင့်။ သူတစ်ပါးအတွက် ဖြစ်သွားတတ်ပါသည်။ အမွေကိစ္စများဆောင်ရွက်ရန် ရှိနေပါလျှင် အကျိုးပေးသောနံသင့်သူများနှင့်တိုင်ပင်ပြုလုပ်ပါ။ မိသားစုအတွင်း စိတ်အခန့်မသင့်မှုလေးများရှိနေတတ်ပါသည်။ တစ်ယောက်နှင့်တစ်ယောက် စကားအမှားမခံဖြစ်နေတတ်ပါသည်။ မည်သူကိုမှ ကိုယ့်အပူကိုရင်မဖွင့်ပါနှင့်။ ကိုယ်အားကိုးရမည်ထင်သော သူတွေ့မှာလည်း သူကိစ္စနှင့်မအားဖြစ်နေတတ်ပါသည်။ အကောင်းဆုံးအကြံပြုရလျှင် ရတနာမြတ် (၃) ပါး၊ ဂုဏ်ကျေးဇူးတော်ကို ဦးထိပ်ထား၍ ဂုဏ်တော်များရွတ်ဖတ်ပွားများနေခြင်း အကောင်းဆုံးဖြစ်ပါလိမ့်မည်။ ကျန်းမာရေးအတွက် ဆီး၊ ဝမ်း၊ လေ အချုပ်မခံပါနှင့်။ လွန်ကဲစွာ အဆာမခံပါနှင့်။ ပညာသင်နေသောလူငယ်ပိုင်းများ ပညာရေးထူးချွန်နေပါသည်။ ပညာသင်ဆု၊ ထူးချွန်ဆုများရပါလိမ့်မည်။ အိပ်ရေးပျက်မခံပါနှင့်။ ချစ်ရေးချစ်ရာကိစ္စများ၊ ဖုန်းအကြာကြီးပြောလျှင် ခဏခဏပြဿနာဖြစ်တတ်ပါသည်။ စကားပြောဆင်ခြင်ပါ။ ငှက်ကလေးများ လွှတ်ပါ။ မကြာခဏ ခိုစာကျွေးပါ။ ထီထိုးမည်ဆိုပါက စနေနံအကွဲရာများနှင့် (၇၊ ၅၊ ၁၊ ၃) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ ငှက်ကလေးများကို ဘေးမဲ့လွှတ်ပေးပါ။ (ကြက်အရှင်ရသည်)

အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် ကြာသပတေးနာမည်ရှင်များ၊ သောကြာနာမည်ရှင်များနှင့်တိုင်ပင်ပြုလုပ်ပါ။ အကူအညီများရရှိပါလိမ့်မည်။ (၃) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အထူးသတိထားရမည့်ကိစ္စများမှာ ဗုဒ္ဓဟူးနံ၊ အင်္ဂါနံလုပ်ငန်းများဖြစ်ပါသည်။ လူမျိုးခြားနှင့်စပ်တူလုပ်ငန်းများ အကျိုးမပေးသေးပါ။ အများနှင့်စပ်တူလုပ်ရန်ရှိပါက အချိန်ယူစဉ်းစားပါ။ ကိုယ့်ကျေးဇူးမကင်းခဲ့သောသူက ကိုယ့်စီးပွားကိုပြန်ပြီး ဒုက္ခပေးတတ်ပါသည်။ ခါတိုင်းနှင့်မတူဘဲ လုပ်ငန်းများထစ်ငေါ့နေတတ်၍ စိတ်ရှည်ပါ။ ရွှတ်ဖတ်ကျင့်ကြံမှုကိုမပြတ်ပါစေနှင့်။ အတိုက်အခံများနေပါက (၂၄) ပစ္စည်းကို (၂၄) ခေါက်အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ အိမ်ထောင်ရေး၊ အိမ်တွင်းရေးများကောင်းစေရန် ကိုယ်က အလျော့ပေးပါ။ စကားမများအောင်နေပါ။ ကျန်းမာရေးအတွက် အာရုံကြောများ မကြာခဏအနားပေးပါ။ လုံးဝအဆာမခံပါနှင့်။ ဆေးခဏခဏလှူပေးပါ။ ပညာရေးကံများကောင်းပါသည်။ မိဘ၊ ဆရာများကို ရိုသေပါ။ ပြောစကားနားထောင်ပါ။ ပို၍အောင်မြင်လာပါလိမ့်မည်။ ချစ်တတ်သူတွေအတွက် အခက်အခဲများစွာကြုံရတတ်ပါသည်။ ယုံကြည်ချက်နှင့်လက်ကို ခိုင်ခိုင်တွဲထားပါ။ စကားမကျွံပါစေနှင့်။ စကားကြောင့်မုန်းတတ်ပါသည်။ ငှက်ကလေးတွေကြုံတိုင်း အစာကျွေးပါ။ ထီထိုးမည်ဆိုပါက စနေနံ၊ ကြာသပတေးနံအကွဲရာများနှင့် (၇၊ ၆၊ ၅၊ ၁) ဂဏန်းများပါအောင်ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ။ ။ စိတ်ကျန်းမာရေးမကောင်းသူများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။

ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသောစီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများအတွက် စနေနာမည်ရှင်များ၊ အင်္ဂါနာမည်ရှင်များနှင့်တိုင်ပင်ပါ။ ကူညီပံ့ပိုးမှုများရရှိပါလိမ့်မည်။ (၀) ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ အထူးသတိထားရမည့်ကိစ္စများမှာ ငွေရေးကြေးရေးကိစ္စများဖြစ်ပါသည်။ ငွေချေးငှားခြင်းမျိုးရှောင်ပါ။ ပြန်မဆပ်သည့်သူကိုမှ ချေးမိရက်သားဖြစ်သွားတတ်ပါသည်။ ကိုယ်မဲကျွမ်းကျင်သောအလုပ်များလုပ်ရန်အတွက် ငွေချေးတာမျိုးလုံးဝမဖြစ်ပါစေနှင့်။ ကိုယ်ပြန်ဆပ်နိုင်ဖို့ အတော်ကြိုးစားရပါလိမ့်မည်။ ယခုလအတွင်း ငွေကြေးကိစ္စများနှင့်အလုပ်ကိစ္စများကို သတိထားဆောင်ရွက်ပါ။ ရွှတ်ဖတ်သရဇ္ဈာယ်ကျင့်ကြံအားထုတ်ခြင်းများဖြင့် အခက်အခဲများကို ကျော်လွှားနိုင်လာပါလိမ့်မည်။ မိသားစုအတွင်း အေးချမ်းအောင်နေပါ။ အိမ်ပူ၊ အိမ်ဆူဖြစ်မနေပါစေနှင့်။ ရတာနှင့်ကုန်တာ မကာမိသည့်အတွက် စိတ်ခဏခဏတိုနေတတ်ပါသည်။ ကျန်းမာရေးကောင်းနေစေရန် လွန်ကဲစွာ အဆာမခံပါနှင့်။ အိပ်ရေးဝအောင် အိပ်ပါ။ ဆေးခဏခဏလှူပေးပါ။ ဓာရဏာပရိတ်တော်ကို အမြဲရွတ်ပေးပါ။ ပညာရေးကံများကောင်းပါသည်။ သင်တန်းများ တက်ရတတ်ပါသည်။ မရဘူးသေးသောပညာများ ရပါလိမ့်မည်။ ချစ်တတ်သူများ စကားဟောင်း၊ ပြဿနာဟောင်းများအစ မဖော်ပါနှင့်။ အကြောင်းမရှိဘဲ ဖုန်းအကြာကြီးမပြောပါနှင့်။ ထီထိုးရန်အတွက် (၇၊ ၅၊ ၃၊ ၆) ဂဏန်းများနှင့်စနေနံအကွဲရာများ ကံစမ်နေပါသည်။

ယတြာ ။ ။ ဦးခေါင်းဝေဒနာရှိသူများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။

www.burmeseclassic.com

www.burmeseclassic.com

ကြာသပတေးသားသမီးများ

အောင်မြင်လိုသောစီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် ကြာသပတေးနာမှည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ အကူအညီများရရှိပါလိမ့်မည်။ (၆) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အထူးသတိထားရမည့်ကိစ္စများမှာ လုပ်ငန်းခွင်အတွင်းမှာဖြစ်စေ၊ မိသားစုအတွင်းမှာဖြစ်စေ စကားဧကြောင့်မိတ်ပျက်၊ စိတ်ဝမ်းကွဲ၊ ခွဲခွာတာမျိုးများမမျှော်လင့်ဘဲ ကြုံရတတ်ပါသည်။ စကားပြောမလောပါနှင့်။ ကြမ်းတမ်းသောစကားများမပြောမိအောင် ဆင်ခြင်ရမါမည်။ သူများစကားများကို မယုံပါနှင့်။ ပွင့်ပွင့်လင်းလင်းပြောဆိုတိုင်ပင်မေးမြန်းခြင်းများပြုပါ။ အတိုက်အခံများနေလျှင် ဘုရားစေတီတစ်ဆူဆူကိုသွားပါ။ ဘုရားမှာ တံမြက်စည်းလှည်း အမှိုက်များကောက်ပါ။ ညလုံးပေါက်လျှပ်စစ်မီးပူဇော်ပါ။ ကျန်းမာရေးကောင်းနေမည်။ အစာကိုလေပွလာသည့်အထိ အဆာမခံပါနှင့်။ ရင်၊ ဝမ်း၊ ကျန်းမာရေးအထူးဂရုစိုက်ပါ။ ဆေးခဏခဏလှူပေးပါ။ မာရဏပရိတ်၊ ဗောဇ္ဈင်သုတ်တို့ကို နေ့စဉ်မရရအောင်ရွတ်ပါ။ ပညာရေးကဲများအထူးကောင်းပါသည်။ ချစ်တတ်သူများ၏နှလုံးသားရေးရာကိစ္စများ စကားအငြင်းအခုံမပြုပါနှင့်။ သံသယစိတ်တွေမများပါနှင့်။ ငှက်လေးများကို အစာကျွေးပါ။ စိတ်ချမ်းသာမှုရရှိလာပါမည်။ ဘာမဆိုကျင့်ကြံအားထုတ်မှုများဖြင့် အောင်မြင်မှုရရှိလာပါလိမ့်မည်။ ထီထိုးမည်ဆိုပါက စနေနံ့၊ ကြာသပတေးနံ့ထီဆိုင်များတွင် (၇၊ ၅၊ ၁၊ ၄၊ ၈) ဂဏန်းများနှင့်ပြည့်နေအောင်ရွေးထိုးပါ။

ယတြာ ။ ။ *အိမ်ထဲမှ သစ်ဆွေးများဖယ်ထုတ်ပစ်ပါ။*

သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် စနေနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့်တိုင်ပင်ပါ။ ကူညီပံ့ပိုးမှုများရရှိပါလိမ့်မည်။ (၈) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အထူးသတိထားရမည့်ကိစ္စများမှာ ငွေကြေးကိစ္စနှင့်လူဝင်လူထွက်ကိစ္စများဖြစ်ပါသည်။ ယုံလာအောင်လာပြောကြသည့် သူများကိုအမှန်ထင်ပြီး ငွေချေးမိပါက ဆုံးတတ်ပါသည်။ စပ်တူရွယ်ယာများလည်း နားမယောင်ပါနှင့်။ ဘာမဆို စဉ်းစားပါ။ ကြားကနေ အာမခံရမည့်ကိစ္စများလည်း ရှောင်ပါ။ လုပ်ငန်းခွင်အတွင်း စာရင်းဇယားများ၊ အများပိုင်ငွေကိုင်တွယ်ရသူများ (စာရင်းကွာ၊ ငွေကွာမှုများဖြစ်တတ်၍ အထူးသတိထားပါ။ အတိုက်အခံများနေပါက ဘုရားစေတီများသို့မကြွာခဏသွား၍ တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများသာယာစေရန် လက္ခဏာရှားပါးသူများကို စားသောက်စရာလေးများမျှဝေကူညီပေးပါ။ ကျန်းမာရေး၊ ရင်၊ ဝမ်းရောဂါများမဖြစ်အောင် ဂရုစိုက်ရပါမည်။ အဆာလုံးဝမခံပါနှင့်။ လေရောဂါရှိသူများကို တွေ့တိုင်းဆေး၊ ငွေ၊ အာဟာရလှူပေးပါ။ အချိန်ရတိုင်း အာနာပါနရှုမှတ်ပါ။ ပညာရေးကဲများကောင်းပါမည်။ အောင်မြင်ပြီးရင်း အောင်မြင်ရင်းဖြစ်နေပါလိမ့်မည်။ ချစ်တတ်သူတွေအတွက် စကားတွေအများကြီးပြောလျှင် ခဏခဏအမှားပါသွားပြီး ပြဿနာတွေဖြစ်တတ်ပါသည်။ ငှက်လေးများကို အစာကျွေးပါ။ ထီးထိုးရန်အတွက် ကြာသပတေးနံ့ထီစမ်းထားလိုက်ပါ။ မထင်မှတ်ဘဲထီပေါက်ဟတ်ပါသည်။

ယတြာ ။ ။ *ပဋ္ဌာန်းဒေသနာတော်ကို အဓိဋ္ဌာန်ဝင်ရွတ်ရွတ်ဖတ်ပူဇော်ပါ။*

စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် ကြာသပတေးနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်ယူပါ။ အကူအညီများရရှိပါလိမ့်မည်။ (၂) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အထူးသတိထားရမည့်ကိစ္စများမှာ စကားအပြောအဆိုမမှားစေရန်၊ ငွေကြေးစာရင်းဇယားများကိုင်တွယ်ရသူဖြစ်ပါက သတိထားရန် စိတ်ရှည်သည်းခံရန်တို့ဖြစ်ပါသည်။ မိသားစုအတွင်း၊ လုပ်ငန်းခွင်အတွင်း ကိုယ်ကအကောင်းပြောလည်း အကောင်းမထင်တာ၊ မခေါ်နိုင်၊ မပြောနိုင်တာတွေဖြစ်တတ်သဖြင့် ဒေါသမဖြစ်စေပါနှင့်။ စိတ်ကိုထိန်းပါ။ အာနာပါနရှုမှတ်ခြင်းသည် အကောင်းဆုံးထိန်းချုပ်ခြင်းဖြစ်ပါသည်။ ကျန်းမာရေးကောင်းနေပါမည်။ စားချိန်၊ အိပ်ချိန်နောက်မကျပါစေနှင့်။ ရင်၊ ဝမ်းဥပါဒ်မဖြစ်အောင်ဂရုစိုက်ပါ။ ပညာရေးကဲများကောင်းမည်။ အောင်မြင်မှုအပြည့်ရှိပါသည်။ အသွားအလာများသော သူငယ်ချင်းနှင့် ခပ်ခွာခွာလေးနေပါ။ အိပ်ရေးလွန်စွာအပျက်မခံပါနှင့်။ ချစ်တတ်သူများ ခဏခဏစိတ်အခန့်မသင့်ဖြစ်တတ်ပါသည်။ မလိုအပ်လျှင် ဖုန်းအကြာကြီးမပြောပါနှင့်။ ပြောရင်းကနေ ပြဿနာဖြစ်တတ်ပါသည်။ ငှက်လေး၊ ငါးလေးများကို အမြဲအစာကျွေးပါ။ ထီကံကောင်းစေရန်အတွက် စနေနံ့၊ ကြာသပတေးနံ့ထီဆိုင်များတွင် ကြာသပတေးနံ့အကွက်ဖြင့် (၇၊ ၅၊ ၁၊ ၄၊ ၈) ဂဏန်းများပါအောင်ရွေးချယ်ကံစမ်းနိုင်ပါသည်။

ယတြာ ။ ။ *ခြေထောက်မကောင်းသူများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*

ရင်ကို ဇေအေးမြဝေ၏

ဆရာဦးမောင်မောင်သန်း

အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

သူရဇ္ဇမဂ္ဂဇင်းစာရေးသူနှင့်စာဖတ်သူများသို့ -

သူရဇ္ဇမဂ္ဂဇင်းရုံးခန်းနှင့်ဖြန့်ချိရာနေရာပြောင်းရွှေ့ခြင်း

သူရဇ္ဇမဂ္ဂဇင်းရုံးခန်းနှင့် ဖြန့်ချိရာနေရာအား ၁ ဇူလိုင်လ ၂၀၁၈ မှ စတင်၍

အမှတ်(၁၁၄)၊ စိန်ရတီလမ်း၊ ရတနာကျွန်းရိပ်သာ၊
(၄)ရပ်ကွက်၊ မြောက်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်မြို့

သို့ ပြောင်းရွှေ့မည် ဖြစ်ပါသည်။
စာမူကိစ္စများနှင့်ပတ်သက်၍
အထက်ဖော်ပြပါလိပ်စာ (သို့မဟုတ်)
သူရဇ္ဇမဂ္ဂဇင်း စာတိုက်သေတ္တာအမှတ် (၁၀၄၃) (သို့မဟုတ်)
အီးမေးလိပ်စာ thurizza2001@gmail.com
Viber ဖုန်း ၀၉- ၄၂၀၅၀၇၉၅၆ / ၀၉- ၇၆၉၁၃၄၄၀၀
သို့
ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း
အသိပေး အကြောင်းကြားအပ်ပါသည်။

စာမူခခြီးမြှင့်ငွေများအား နယ်မှစာရေးသူများသို့ ယခင်အတိုင်း စာတိုက်ငွေပို့လွှာဖြင့် လည်းကောင်း၊ ရန်ကုန်စာရေးသူများအား ဖော်ပြပါလိပ်စာ (သို့မဟုတ်) Online Banking စနစ်ဖြင့် ဆက်သွယ် ဆောင်ရွက်နိုင်ပါကြောင်း။

စာတည်းချုပ်
ဦးအောင်မြတ်

၄၁၆
သူရဇ္ဇမဂ္ဂဇင်း
စာအုပ်နှစ် ပြုကိန်း အတွဲ(၁၀)အမှတ်(၇)

www.burmeseclassic.com

www.burmeseclassic.com

Multi-function Hand Pallet Truck

xilin®

Authorized Distributer

B&H Co.,Ltd.

Showroom

H- ၃၆၊ သီရိရတနာစျေး၊ သုဓမ္မာလမ်းမကြီး
အဝေးပြေးကားဂိတ်အရှေ့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၁၇၃၀၈၁၊ ၀၉-၉၇၂၁၇၇၁၊ ၀၉၂၅၉၅၇၆ ၂၀၈

Model: BF3500

3500KG

330,000 K

Heavy Duty Truck

1KG=2.205LB 1INCH=25.40MM

Model		BF3500
Capacity	(kg)	3500
Lowered fork height	(mm)	85/75
Total lift height	(mm)	200/190
H. of handleless	(mm)	443/433
Fork length	(mm)	1150/1220
Width overall forks	(mm)	550/685
Steering wheel	(mm)	ф 200/ ф 180
Fork wheel	(mm)	ф 80/ ф 74
Truck weight	(kg)	100

BURMESE CLASSIC .com

1500KG

500,000 K

1KG=2.205LB 1INCH=25.40MM

Model		BFW	BFWL
Capacity	(kg)	1500	1500
Lowered fork height	(mm)	85/75	52
Total lift height	(mm)	200/190	142
H. of handleless	(mm)	431.5/421.5	421.5
Fork length	(mm)	1150/1220	1150/1220
Width overall forks	(mm)	740/830/965/1000/1200/1400	
Steering wheel	(mm)	ф 200/ ф 180	ф150
Fork wheel	(mm)	ф 80/ ф74	ф150
Truck weight	(kg)	100	100



Model: BFW BFWL

www.burmeseclassic.com

www.burmeseclassic.com

Engine Powered Forklift Truck

Conforms to EN 1726-1:1999, EN1175-2:1998
Machinery Directive 2006/42/EC

Conforms to EN 12895:2000
Electromagnetic compatibility Directive 2004/108/EC

Diesel forklift

Model:

FD25/30/35

xilin®

Authorized Distributer

B&H Co.,Ltd.

Showroom

H-၃၆၊ သီရိရတနာစျေး၊ သုဓမ္မာလမ်းမကြီး
အဝေးပြေးကားဂိတ်အရှေ့.
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၁၇၃၀၁၁၊ ၀၉-၉၇၂၁၇၂၇၅
၀၉၂၅၉၅၇၆ ၂၀၀

BURMESE CLASSIC .com

DIESEL FORKLIFT
3000KG, 6M

345,00,000 K

Wide view mast with best visibility.

Engine cover with gas-filled cylinders and sound absorbing material.

Cowl mounted hydraulic lever offers large operation space.



Electric F/R control lever with natural starting system.



Low heigh access step with wide non slip plate for easy entry and exit.

The optional of semi or full suspension seat with safety belt and arm rest.

www.burmeseclassic.com